www.burmeseclassic.com

အတွဲ (၁၄) အမှတ် (၆)
၂၀၁၄ ခုနှစ် ဇွန်လ

# ဆရာကြီး

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ





(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သမ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

24 APR 2014

BURMESE CLASSIC

# သူရဿတီ

မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၆)
၂၀၁၄ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com














## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဘာသာရေးဆောင်းပါးများ


၅ ဝါဒဖြန့်ကောင်းသောထိုအတ္တ
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၆ လူတစ်ထမ်း၊ ရဟန်းတစ်ရွက်(၆)
(မာနဘိက္ခုနုပဿနာကထာ)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥဒေယျမေဓာဝီထေရ်)

၁၅ တမလွန်ဘဝသို့ရောက်ရှိနေသော
မိဘဆွေမျိုးတို့အား လာရောက်
သာဓုခေါ်ဆိုနိုင်ရန်ဖိတ်ခေါ်ခြင်း
ဆွေမြင့်(ကျောက်ဆည်)

၁၇ ရွှေခေတ်ပဟောင်း
အင်းခေါင်းကျောင်းတိုက်ကြီး
ဒေါက်တာဒေါ်နု(တောင်ကြီး)

၂၉ အံ့ဖွယ်တစ်မူ
အင်ကြင်းတောင်လိုဏ်ဂူ
ညီညီထွန်း(မုံရွာ)

၃၇ "ရှစ်သောင်းကျော်ဝိဇ္ဇာထွက်ပါလိမ့်၊
လိုချင်သူ ဖို့ခွင်သက်ကြတော့"
တဘောင်ကို ရှင်းပြတော်မူခဲ့သော
ရဟန္တာဦးကဝိ ဦးစွာပထမ
ရဟန်းဘိသိက်သွန်းတော်မူရာ
မိတ္ထီလာရေလည်သိမ်ကျောင်းသို့
တစ်ခေါက်
ကံဝင်း

၄၅ ပေးတဲ့ဆုနဲ့ပြည့်ပါစေ
ချောင်းဆုံအုန်းသွင်

၄၈ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော်
မြတ်၏ ပခုက္ကူမြို့နှင့် အရာတော်၊
ကျောက်ခွက်၊ လက်ပံတိုရေနံမြေဒေသ
များဒေသစာရီခရီးစဉ်
ဘိုဘို(ရွှေကံကူ)

၇၄ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၉)
ထုံးတောင်-အရှင်မေဓာဝီယ(မြောင်)

၇၈ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၈၂ ပထမံဝိဇ္ဇာဓရ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင် စစ်ကွင်းဆရာတော်
ဦးစန္ဒောဘာသ (၁၈)
ပထမံဆရာဦးအေးရွှေ

၈၉ သိဒ္ဓိရှင်ဆရာတော် လုံဖော့ထွင့်
ရွှေစိုး

၁၀၂ ပိုက်ဆံပေး၍တရားဟောသူ(၂)
မေတ္တာရှင်(ရွှေပြည်သာ)

၃၈၆ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရှင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၄)
ကံဝင်း


### သုတရသဆောင်းပါး


၂၅ ပုဂံကျောက်စာများနှင့်ငရဲ
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၂၇ တည်ကိန်း၊ စားကိန်းနှင့် အကြွ...
မောင်ကျော်

၆၅ ခိုင်းနွားအတွင်းချိနပုပ်ရောဂါ
ဒီလိုကုပါ
ဘဟိန်းဦး(မိုးသည်းမြေ)

၆၆ အဘအောင်မင်းခေါင်နှင့်
ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၂)
အဏ္ဏဝါလှိုင်း

၈၇ အမေ့စကား မိုးကြိုးသွား
အောင်ထက်
(ရောအနောက်မြို့တော်)

၁၀၇ ပိုးနှင့်မေတ္တာ
ချောင်းဆုံအုန်းသွင်

၁၂၂ မိန္နာမာတာအဆိပ်သင့်ခြင်း
သို့မဟုတ် ပြဒါးအဆိပ်သင့်ခြင်း
စွမ်းထက်နောင်

၁၂၆ မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့...
မောင်သန်းဆွေ(ထားဝယ်)

၁၄၁ အစွမ်းထက်တဲ့အဆောင်
ဖွန်းကျော်လှ

၁၅၇ ဒေဿည်၏နောက်ဝယ်
လှမိုး(ပညာရေး)

၁၆၇ နေကောင်းရက်သာ ရက်ရာဇာ
တက္ကသိုလ်ဝင်းမြင့်

၁၈၅ ကျွဲနွားများထိခိုက်ဒဏ်ရာရရှိသော...
ဆလိုင်းငွန်သိန်း(ရမည်းသင်း)

၂၁၁ ကျွန်တော်"လူပြက်"လုပ်ခဲ့စဉ်က...
မောင်ပွင့်ဉာဏ်(မောရ)

၂၇၆ အဘဘိုးသံအမှတ်တရ
တင်အောင်
(စက်မှုတက္ကသိုလ်)

၂၈၆ လူဝင်စားပြဿနာ
တိုးထက်

၃၂၆ မမေ့နိုင်သော လူဆိုး၊ လူမိုက်၊
လူရမ်းကားသူရဲကောင်းများ
လျှမ်းထက်

၃၆၇ မင်းတုန်းမင်းလက်ထက်
ဆောက်လုပ်ရေးဥပဒေ(၁)
ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

၃၆၉ ရှုရှားပြန်လှိုင်ထိပ်ခေါင်တင်၏
သားတော်
တင်နိုင်တိုး

၃၇၃ အပျိုဖော်ဝင်အဆင့်သို့ပြောင်းလဲ...
ရီရီဌေး


www.burmeseclassic.com

www.burmeseclassic.com








## သုရဿတိုင်းရင်းဆေး


...ဝဲခြောက်အမြန်ပျောက်
...အောင်(ကျောက်ပုံ)
...င်တော်သံယာ့နာယကအဖွဲ့ဥက္ကဋ္ဌ
...ရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ
...ဝံသ ဗန်းမော်ဆရာတော်ကြီး
...မြိုတော်မူသော ဆံပင်နက်ဆေး
...ည်(ရွှေဘို)
...လက်ဖြင့်မျက်စိအပူထုတ်နည်း
...က်အဏ္ဏဝါ(ရောဝတီ)
...က်အသုံးဝင် ဆူးပန်းပင်
...(ဥပဒေ)
...ကျိုး အရိုးအက်၊
...နာများအတွက်
...ဆက်ဆေးတစ်လက်
...ရာ(ရောဝတီ)ကသာ
...ရောဂါအတွက်
...ဆေးအကျိုး ဤ(၉)မျိုး
...မြ-ကျော်ဝေ
...သမီးများ
...ဆက်တိုက်ဆင်းလျှင်
...င်း(မြောက်စည်း)
...ဆေး
...အောင်မှုသိန်း
...နှင့်သွားကျန်းမာရေး
...င့်(ညောင်လေးပင်)
...ပျောက်ဆေးတစ်လက်
...ရာ(ရောဝတီ)ကသာ
...ဆေးမြင်းခွာနှင့်
...တွေ့အကျိုးများ
...င့်(ညောင်လေးပင်)
... အပာတ်ကွာကျရမည်
...အောင်(ကျောက်ပုံ)


## သုရဿဗဟုသုတ


၁၁၀ ဘဝတစ်ပါးမှသာစုခေါ်သံ
မြေဦး
၁၁၄ သူလိုပုဂ္ဂိုလ်ကြီး
နေဝန်းနီ
၁၃၀ ကျောက်ပြဿဒ်က ပလောင်ကျော်
နေပြည်တော်ကျော်ကျော်စိုး
၁၅၂ ခြံထောင့်ကကုက္ကိုပင်
မင်းနန္ဒီရှိန်
၁၆၂ စည်း
ကိုစနေ
၁၇၀ လုပ်ရဲသည်၊ ခံရဲသည်
မောင်လုယဉ်(မော်လမြိုင်)
၁၇၄ သုံးတန်စေတနာနှင့်လှူပေးခဲ့သော
ထမင်းတစ်ထုပ်
တင့်ထူး(ဧရာဝတီ)
၁၈၀ လမ်းနှစ်သွယ်အလွယ်မလိုက်ပါနဲ့
ပန်းမြိုင်လသယ်-စိန်ဝင်း
၁၈၆ အုတ်စေတီပျက်တစ်ဆူနှင့်
လပြည့်ညမှာတွေ့ရသူ
မောင်မောင်မိုးအောင်
၁၉၂ ဘိုးသြဘာနှင့်အလမ္ပာယ်ဆရာကြီးများ
မင်းဟိန်းထိဝ်
၁၉၈ ဣတ္ထိယာသိုက်နှင့်
ထိုက်သူထံသွားသောပတ္တမြား
ရွှေပြည်စိုး(မိုးကုတ်)
၂၁၈ အမုန်းပြေကျေပါတော့ အဖေနဲ့အမေ
အရှင်ဥတ္တမ
၂၃၈ အကုသိုလ်ကင်းတဲ့ရွာကလေး
အောင်မြင့်တွန်း(မသုံးလုံး)
၂၅၈ မာယာရှင်၏သန်းခေါင်ယံများ
နန္ဒာစိုး(ဆင်ဖြူကျွန်း)
၂၇၀ ငါးရွေးနှင့်ဂမ္ဘီရဆန်ဖြစ်ရပ်များ
နေအောင်လင်း(စလေ)


၂၈၁ မြန်တောင်းသွားတဲ့အကြွေး(၁)
မြောင်းမြ-မြင့်လှိုင်
၃၀၂ ရဲသော်မသေ၊ သေသော်အပါယ်မလား
မဟာနွယ်(မန်းတက္ကသိုလ်)
၃၁၀ အကျိုးပေးနှင့်အကြောင်းကံ
ညွန့်ဝင်း(နတ်တလင်း)
၃၁၄ မြေချစ်သူတို့အောင်ပွဲ
မောင်အောင်မြင့်(ညောင်ဦး)
၃၃၄ နဂါးလည်ရွှံ့တမန်တော်
သာဝက(စေတော်ဝင်)
၃၄၆ ကျတ်ကုန်းမှအမြန် ဝိညာဉ်ခေါ်သံ
မောင်စိန်ဝင်း(ရွှေမိုးညို)
၃၅၈ ကျွန်တော်နှင့်ရွာတော်ရှင်မ
ထောင်မှူးကြီးသိန်းဝင်း
၃၇၈ အကယ်၍များ
ပြည်သိန်းကျော်


www.burmeseclassic.com

www.burmeseclassic.com



## သုရဿ ပညာရပ်


၁၃၇ နက္ခတ်တို့၏ထူးခြားချက်၊
နက္ခတ်တို့၏လျှို့ဝှက်ချက်
**ဖုန်းရှီအောင်**

၁၄၉ ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး(၃)
**မောင်ကျောက်တိုင်**

၂၁၄ သင့်စွမ်းအင်၊သင့်ကိုယ်ခံအား
ကောင်းစေမည့် ဖုန်းရွှေဗျူဟာ (၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၃၂ အလွယ်လေ့လာ လက္ခဏာပညာ
**ဆရာမော်**

၂၃၅ ဆယ့်နှစ်ထွေမြန်မာတစ်သွားမှန်
ရွှေပြာသံရောက်အာယုပေါက်လိမ့်
**သူရိန်ထွန်း(ဗိဇ္ဇာစရဏ၊ ပြည်)**

၂၄၆ ပညာသင်ကာလအတွေ့အကြုံများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၈၄ စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်
၏ ဂျာမန်မုဒိမ်းကောင်အရိုးစုကိစ္စ
ဖော်ထုတ်ခြင်း
**မနေရာသုတေသီ**

၂၉၂ တားရော့ကားချပ်များအတွက်
မိတ်ဆက်၊ နိဒါန်းနှင့် ကားချပ်
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)မိုးကောင်း**

၂၉၇ မဟာဘုတ်ဒသာအဟောပညာ(၂)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၃၃၀ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း(၁)
**တြိရတနာ-ဆရာဇေယျာလင်း**

၃၄၂ ကိန်းဂဏန်းများနှင့်သင်
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၅၁ အင်္ဂါရတ်ပညာရပ်၏
ကျဆုံးခြင်းနှင့် ပြန်လည်ပေါ်ပေါက်ခြင်း
(၄၄)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၃၇၀ မြင်ပုံဆန်းသည့်တန်းကပ်
**မင်းပြည့်**


## သုရဿလက်တွေ့အသုံးချ


၆၄ ပြည်မြန်မာ၏မေထုန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၁၂၁ ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်
နေ့ကောင်းရက်သာရွေးချယ်ပါ
**သုခစုစ်**

၁၇၉ ၂၀၁၄ ခုနှစ်၊ ဇွန်လ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၂၅၆ အလုံးစုံသောဘေးဘယာတို့မှကင်းဝေး
ချမ်းသာအစစ်ကိုပေးသောအမိဋ္ဌာန်
**ဘုန်းခေါင်**

၂၇၀ ၂၀၁၄ ခုနှစ်၊ ဇွန်လ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၃၀၀ (၇)ရက်သားသမီးများအတွက်
ဣတိပိသောဘဂဝါအရဟံ
ဂုဏ်တော်ကိုးပါးအဓိဋ္ဌာန်ပုတီးစိပ်
**ကိုလင်း(T.M.E)**

၃၆၄ ပြည်မြို့ ရတနာမာရ်အောင်တောရ
ကျောင်းထိုင်ဆရာတော်ရှင် ကမ္ဘာ့ရွှေရင်အေး
ဆရာတော်ဘုရားကြီး၏
သတ္တဂွာနအဓိဋ္ဌာန်ပုတီးစိပ်နည်း
**ဘဦး(ရွှေတောင်)**

၃၇၆ ၂၀၁၄ ခုနှစ်၊ ဇွန်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၃၈၄ ထိ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၂ ၂၀၁၄ ခုနှစ်၊ ဇွန်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၅ ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၈ အိမ်ပြင်-အိမ်ဆောက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလွှဲလုံထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
**B.A (Law);L.L.B**
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)


မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းအလင်း
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ ဝင်းမြ
ပုံအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစုမံ၊
ကြူကြူ၊ တင်မိုးနိုင်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မျှဝေ၊
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကြီး-ဂါနေဒီ၊ မိလုံမျှော
ပဲခူး- သဇင်စာပေ
ပအိုဝ်-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှုတုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



## ဝါဒမြန့်ကောင်းသော ဆိုအစ္စာ

- သူပြောတော့ သူ့အကြောင်း
  သူ့ကောင်းချည်း ဝေဝေလျှံ။
- ပိုင်ကွက်ကို အသာချောင်း
  ငါ ပေါင်းဖော်တော့ ကောင်းစော်မနံ။
- လူတို့ရဲ့ဓာတ်အခံ
  ပတ်ရံရှိနေသည်က အတ္တတရား။
- ညဉ့်စရိုက်
  ယှဉ်ခိုက် သွေးတစောင်းပေမို့
  အဝေးပေါင်း အကောင်းဘယ်လိုမြင်သော်
  လည်း
  ယောက်ပေါင်းတွင် နောက်ကြောင်းကိုယ်ထင်
  ပြပြီကွယ်
  လိုချင်သမျှ သူတွက်ချည်းပါကလား
  အိုကွယ်...ငြိုငြင်ပုံကလည်း
  သူတစ်ဖက် မီးပွား...။

*(၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊
ညှိပတ်မိတ်တောစခန်း)*



www.burmeseclassic.com

www.burmeseclassic.com



### မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# လူတစ်ထမ်း၊ ရဟန်းတစ်ရှက် (မာနဘိက္ခုနုပဿနာကထာ) ၆

**သတိသည် ပညတ်မြှုပ်၍ ပရမတ်ဖော်ထုတ်ပေးမည်**

*သတ္တိယာဝိယ ဩမဋ္ဌော ဍယှနောဝ မတ္ထကေ၊*
*သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ။*

ရင်ဝသို့ လှံစိုက်ခံရသူ ထိုလှံကို မြန်မြန်ကြီး နုတ်ချွတ်ပစ်ဘိသို့ လည်းကောင်း၊ ဦးခေါင်းမီးလောင်ခံရသူ ထိုမီးကို မြန်မြန်ကြီးငြိမ်းပစ်ဘိသို့ လည်းကောင်း အနတ္တကွယ်ဝှက် အတ္တဘက် မိတ်ဆက်ပေးနေသော ဒိဋ္ဌိကိုလည်း ရဟန်းသည် သတိထားဓာတ်လက်ယှက်ဖြင့် သွက်သွက်ကြီးဖြတ်ခြားပစ်ရမည်။

သတိသည် သူ့အောက်သို့ စင်းစင်းမှောက်ရောက်နေသော ဒုစရိုက်တို့၏ ခေါင်းဆောင် မောဟ၏ ဦးခေါင်းကို ခြေနှစ်ဖက်တို့ဖြင့် နင်းဖိထားပြီး တိုက်ခိုက်ရေးသမားများ ဖြစ်ကြသော လောဘ၊ ဒေါသနှစ်ပါးတို့ကိုကား လက်တွင်းပါ မှတ်ချက်ဓားဖြင့် မနားတမ်း ယမ်းတွက်လျက်က ဗောဓိသွားလမ်း ဖုံးဆိုးတောကို ရှင်းလင်းပေးနေပါသည်။

ထိုသို့ ရှင်းလင်းပေးလျက်ကပင် ဒုစရိုက်သမားများ ဝိုင်းအကျဉ်ချခံထား ရရှာသော စိတ်ကလေးအား မိဘများထံ ပြန်လည်ပို့ပေးပါမည်။ ထိုနေရာကား ဗောဓိ၊ ထိုနေရာကား မရှိရာမှလာသူအား မရှိရာသို့ ပြန်ပို့ပေးသော နေရာ။

ယခု ထိုစိတ်ကလေး မရှိရာမှလာ၍ မရှိရာသို့ ပြန်ရင်းကပင် ရှိရာဘက်ကိုချည်း ပြန်လှည့်ထွက်လာနေရခြင်းကား ဒုစရိုက်သမားများ အားမရကြသေးသဖြင့် လက်လွှဲအပို့ခံနေရခြင်းမျှသာ။

ဤ၌ သတိက စိတ်ကယ်တင်ရေး ကြိုးစားပေးရာ၌ -

(က) စေ့စေ့စပ်စပ်မှတ်ခြင်းနည်းကိုလည်း အသုံးချမည်။

(ခ) စူးစူးစိုက်စိုက်မှတ်ခြင်းနည်းကိုလည်း အသုံးချမည်။

စေ့စပ်မှတ်ကား ခံစစ်လုံခြုံရန်အတွက်ပင်။ စူးစိုက်မှတ်ကား တန်ပြန်ထိုးစစ်ဆင်ရန်အတွက်ပင်။

တစ်ဖန် ထိုမှတ်နည်းသုံး နှစ်မျိုးစလုံးတို့၌ပင် -

(က) ပွားပို့အားကို တာဝန်ပေးထားခြင်း၊

(ခ) အောက်မေ့အားကို တာဝန်ပေးထားခြင်း နှစ်မျိုးထားရဦးမည်။

ထိုစဉ် ဝင်-ဝင်သည်၊ ထွက်-ထွက်သည် စသည့် မှတ်ချက်ယူ ပွားပို့အားကား ပေါ်နေသောပညတ်ကို မြှုပ်သတ်ပစ်ခဲ့ရန် ဖြစ်သည်။ အဝင်ကျ ဘယ်လို၊ အထွက်ကျ ဘယ်သို့ဆိုသော အသိပေး အောက်မေ့အားကား မြှုပ်ဝင်နေသော ပရမတ်ကို ဖော်ထုတ်ပေးရန် ဖြစ်ပါသည်။

ထိုသို့ သတိကမြှုပ် ဖော်လုပ်ပေးနေရာတွင် အများမှတ်နေကျအတိုင်း ပြောရပါမူ နှာဖျားနှာဝသို့ လေများ အဆက်မပြတ် ဝင်ထွက်နေကြလေတိုင်း စေ့စေ့စပ်စပ်မှတ်၏။ မပြတ်မလပ် တရစပ် တာဝန်ထမ်းပေးမှုကြောင့် ငါ၊ သူ အတွေးအမြင်များ မည်သို့မျှ မဝင်သာကြပါ။ ဤသည်မှာ ဒိဋ္ဌိဖြုတ်ထုတ် သတ်လုပ်နေခြင်း၏ ရှေ့ပြေးနမူနာပြ ဖြစ်ပါသည်။

ငါ၊ သူ မဝင်သာသဖြင့် ချစ်၊ မုန်း နှစ်ပါးတို့ အနားမသီရဲကြတော့ပါ။ ဤသည်မှာ ကာမ၊ ရာဂ၊ ဗျာပါဒ ဖြုတ်ထုတ်သတ်လုပ်နေခြင်း၏လမ်းစပင် ဖြစ်ပါသည်။


တစ်ဖန် ဝင်-ဝင်မှန်းသိ၊ ထွက်-ထွက်မှန်းသိ အသိရှိနေသောကြောင့်ကား မသိခြင်း၊ တွေးငေးငေးခြင်း၊ ပျံကျပြေးပြေးခြင်း၊ ဝေဝါးခြင်းများနှင့်တကွ ဒုစရိုက်လက်ကျန်၊ လက်ကပ်အားလုံးတို့ပါ ပုန်းရှောင်နေကြရပါသည်။

ဤသည်မှာ မောဟ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာတို့နှင့်တကွ သူ့အပေါင်းပါအား



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါသေးသည်။ ပွားပို့အားတို့ ခြေချင်းထပ် တရစပ်မှတ်အား စိပ်ပြည့် ရိပ်ဆင်လာသောအခါ ဝင်အေး - အေးသိ၊ ထွက်နွေး-နွေးသိအထိ အသိတိုး ပေးနိုင်ပါသည်။

တစ်ဖန် ပွားပို့အားတို့ မှတ်ရည် တက် မှတ်ချက်များထက်မြက်လာသော အခါတွင်ကား ဝင်ရာ၌ အေးလှုပ်လှုပ် သိအထိ အမြင်ပေါက်လာရာ ဖြစ်ပျက်

လုံး ကိစ္စတုံးရန် သတိကလုံးပန်းနေခြင်း ဝင် ဖြစ်ပါသည်။ ဤသည်မှာ သတိမှတ် ချက်တစ်ချက်က ယူပေးသော ရဟန်း အခွင့်အရေးများပင်။ ပွားပို့အားကို အကူယူ၍ အောက်မေ့ ဆင်ခြင်ပေးနေ သော ထိုသတိသည် အစသော် ဝင်-ဝင်မှန်းသိ၊ ထွက်-ထွက်မှန်းသိမျှ အသိ



www.burmeseclassic.com

www.burmeseclassic.com

မြင်စပြုလာပါတော့သည်။ အထွက်၌လည်း နွေးလှုပ်လှုပ်သိအထိမြင်က ဖြစ်ပျက်မြင်သို့ ဝင်ရောက်လာပါတော့သည်။

ထိုသည့်နောက် ပွားပို့အားတို့ အထူးသွက်လက် အမှတ်များရင့်ကျက်လာသောအခါ ဒုစရိုက်တို့ ခွာရှဲ စိတ်မည်းတူ အနည်းငယ်ဖြူလာနေသောကြောင့် အဝင်၏ အေးလှုပ်လှုပ်တို့ကလည်း သရုပ်ထုတ်ပြ နိမိတ်စဉ်အမြင်ပြလျက်က ပေါ်ထင်နိမိတ် (ဥဂ္ဂဟနိမိတ်) အဖြစ် လှစ်ပြနေပါတော့သည်။ အထွက်၏ နွေးလှုပ်လှုပ်တို့ကလည်း လှုပ်ပုံစံထုတ်ပြ၊ နိမိတ်အသွင်အမြင်ပြလျက်ကပင် ပေါ်ထင်နိမိတ်အဖြစ် လှစ်ပြနေပါတော့သည်။

ဤသည်မှာ သတိသည် သတိကိုလျှင် အပွားထား၊ သတိသမ္မောဇ္ဈင်အမည် ခံယူထားလိုက်ခြင်းပင်။


**သတိကြား မောဟသားဖွား နေဆဲကာလများ**

သတိသည် ဤနေရာအထိ စေ့စပ်အားကိုသာ အတွင်ထုတ်သုံး၏။ စူးစိုက်အားကိုကား သုံးလိုက်လျှင် စိတ်နူးညက် အနေပျက်ဦးမည် ဖြစ်သဖြင့် ထုတ်မသုံးသေး။

ထိုသို့ စေ့စပ်အား ထုတ်သုံးပေးနေရာ၌ပင် သတိထားကွက် ဓားချက်မမှန်သေးသည်ကတစ်ကြောင်း၊ သတိအား ဖြစ်ပျက်မြင်အကြား မျှောလိုက်သွားသည်ကတစ်ကြောင်း၊ ဝီရိယနောက်ကူအား (ကြောင့်ကြစိုက်အား) အထားမမှန်သေးသည်ကတစ်ကြောင်း။

ဤအကြောင်းများကြောင့် မောဟထား အားပြနေဆဲပင်ဖြစ်ရာ ရံတစ်ခါ ပေါ်ထင်နိမိတ်သည် မီးခိုးဖျော့အရောင်ဖြစ်လာတတ်ပြီး ရံတစ်ခါ ထိုပေါ်ထင်နိမိတ်သည် မီးခိုးရင့်အရောင်ဖြစ်သွားတတ်ပါသေးသည်။သည့်အတူ ပေါ်ထင်နိမိတ်၏ လုံးရပ်သဏ္ဌာန်များကလည်း တိုသွားလိုက်၊ ရှည်လာလိုက်၊ အထက်အောက် ယမ်းခါပြလိုက်၊ ဝဲ-ယာယမ်းခါပြလိုက်တို့ဖြင့် တစ်ခဏအတွင်းမှာပင် အမျိုးမျိုးပြောင်းလဲပြနေတတ်ပါသည်။

သည်အထဲ သတိသွေးအေးဖြစ်စဉ်ဘေး မေ့လိုက်နေမိရာမှ အကွက်ကောင်း စောင့်ချောင်းချောင်းနေသော ပျံ့တွေးမောဟက ကိုယ်စောင်းဝင်တိုက်လိုက်သောအခါ သူတောင်းစားခွက်ပျောက်၊ လှေမှောက်လှူမြုပ်ပမာ။ ပေါ်ထင်နိမိတ်လည်းပျောက်၊ သတိလည်း



ဘယ်ရောက်သွားမှန်းပင် မသိရတော့ပါ။ သည်အခါ ကြောင့်ကြအားအကူယူ စေ့စပ်သတိပြန်လည် အားထွက်ယူပေးရပါမည်။

သည်အခါမျိုး ဖြစ်တတ်သော ကမ္မဋ္ဌာန်းသမား၏ ရောဂါမှာ ပျောက်သွားလျှင် ရလိုစိတ်၊ မခံချင်စိတ်တို့ဖြင့် ပွဲဝင်ခြင်းများပင် ဖြစ်ပါသည်။ ပေါ်လာသော် ဝမ်းသာစိတ်၊ အမြဲမြင်လိုစိတ်ဖြင့် ဘိသိက်ဝင်ခံနေခြင်းများပင် ဖြစ်ပါသည်။

ယင်းတို့သည် ဗျာပါဒအတားနှင့် ကာမစ္ဆန္ဒအတားများ ဟူ၍ သဘောပေါက်ထားရပါမည်။ ဖြစ်စဉ်နိမိတ်နှင့် တကွ တရားအေးရိပ်ခိုဝင်ခွင့်ရလာနေခြင်းအား သတိကြောင့် သတိ၏ပွားပို့မှုက ပညတ်နှင့် ကိလေသာကို အကာအကွယ်ပေး၊ သတိ၏ အောက်မေ့မှုက ပရမတ်နှင့် ဉာဏ်ကို ဖော်ထုတ်နိုက်ယူ။ ယင်းတို့အစွမ်းကြောင့် မြင်ခွင့်ရသည်ကို မမေ့အပ်ပါ။ ကျောင်းအလုပ်၊ ရွာအလုပ်တို့ကဲ့သို့ ငါဝင်ရှုပ်၍ မရသည်ကိုလည်း အထူးမမေ့အပ်ပါ။

သို့ကြောင့် ကမ္မဋ္ဌာန်းလက်သင်တရားဝင် အရှင်ရဟန်းမြတ်သည် သတိရှေ့တန်းတင် ကြောင့်ကြအား နောက်ကူထားပွားပါ။ ငါစွဲနောက်ဆုတ် ရလိုမှုဒေါက်ဖြုတ်ထားပေးလိုက်ပါ။ ဤဥပဒေသနှစ်ပါး စိတ်ထဲမြဲမြဲသွင်းထားရန် မမေ့သင့်ပါ။ တရား၏ သဒ္ဓါသဘာဝသည် မလိုချင်မှုရ၊ မကြည့်တော့မှုပြ ဆိုသည်ကိုလည်း မမေ့သင့်ပါ။ သတိမြဲလျှင် အသိတိုး လိုချင်မှု အပိုးကျိုးသလောက်လည်း အသိတိုး အသိမြဲလျှင် ပညာတိုး မောဟအပိုးကျိုးသလောက်လည်း ဉာဏ်အမြင်တိုး။ ဤသဘာဝနိယာမတရားကိုလည်း ကျေနပ်စွာ လက်ခံထားပေးသင့်၏။

သည်မျှမကသေး တရားအားထုတ်ဆဲ၏အတွင်းထဲသို့ တရားသောကတခြားသောက ဘာသောကမှ မသွင်းပေးရပါ။ တရားလိုချင်မှု၊ တခြားလိုချင်မှုဘာလိုချင်မှုမှလဲ သွင်းမပေးရပါ။ သွင်းပေးမိမှားပါသော် ဘဝင်လေအခုတ်ကြမ်းလာခြင်း၊ နှလုံးအိမ်ပူကျက်လာခြင်းကြောင့် နှလုံးသွေးဆူပွက်လာစေပြီး မနောအကြည်ဓာတ်ခွက်ပါ ပျက်ယွင်းသွားစေပါမည်။

မှတ်မှ မြင်ခွင့်ရတရားကို သောကဖြင့် အစားထိုးမခိုင်းစေသင့်ပါ။ မှတ်မှရမည့်တရားကို လောဘဖြင့် အစားထိုးမခိုင်းစေသင့်ပါ။ အမှတ်နောက် အမှတ်မြဲ ရှုကွက်နှင့်မှတ်စိတ်တို့ ထိတိုက်တွေ့ပမာ။ တွဲခနဲ၊ စီးခနဲ အပေးအယူညီမျှလာပါသော် အတွေးများ မတို့မစနိုင်သောကြောင့် ဘဝင်လေငြိမ်သက်လာခြင်း၊ နှလုံးအိမ်မပူကျက်တော့ခြင်း၊ နှလုံးသွေးအေးစက်လာခြင်းများ ဖြစ်ပေါ်လာစေပြီး မနောအကြည်ဓာတ်ခွက်ပါ ကြည်လင်လာပါမည်။

ဖြစ်ပျက်မြင်သည် မှန်ကြည်နှင့် မျက်ခွက်တည့်ရာမှ မှန်ထက် မျက်နှာအရိပ်ထွက်စေသည်ပမာ။ ရှုကွက်နှင့် မှတ်စိတ်တည့်ရာမှ မနောအကြည်ထက် ပေါ်ထင်နိမိတ် (သမာဓိနိမိတ်) ပြချက်ပေါ်လာခြင်းများကိုပါ မမေ့သင့်ပါ။

သို့ကြောင့် ဝိဇ္ဇာနိုင်ငံတွင်း ခရီးသွားလိုလျှင် အဝိဇ္ဇာနိုင်ငံသုံး လောဘ၊ သောကဖိနပ်တစ်ရန် ခြံဝမှာပင် ချွတ်ထားခဲ့ပါလေ။ ဝိဇ္ဇာနိုင်ငံတွင်း ခရီးသွားလိုလျှင် ဝိဇ္ဇာနိုင်ငံသုံး ပွားသတိ၊ အောက်မေ့သတိ ဤဖိနပ်တစ်ရန်ကိုလည်း ပြောင်းလဲစီးပါလေ။

ဤဥပဒေသကိုပါ ကျေနပ်စွာ လက်ခံကျင့်သုံးသင့်ပါသေးသည်။ ထိုသို့ပွားပို့သတိက ဝင်-ဝင်သည်၊ ထွက်-ထွက်သည်ဖြင့် အပြင်ကနေ အတွင်လုပ် အောက်မေ့သတိကလည်း ဝင်ဘယ်လို၊ ထွက်ဘယ်သို့ဖြင့် အတွင်းကနေ အတွင်ဆင်ခြင် နှစ်ဖက်ခွင်မိနေပါသော် အမှတ်ကြားမှ ပွားလာနေသောမောဟများ ခုခံစစ်အဖြစ် သူမတားသာတော့ပါ။ ပေါ်ထင်နိမိတ်လည်း ပေါ်မြဲအတိုင်း ပေါ်ပြနေပါတော့မည်သာ။ နိမိတ်ပေါ်ရာ၌မည်သို့သောနိမိတ်မျိုးမှ အမှန် ဟူ၍ မဆုံးဖြတ်သင့်ပါ။

ပေါ်ထင်နိမိတ်၊ ဥဂ္ဂဟနိမိတ်၊ သမာဓိနိမိတ် သုံးမည်ရ ထိုရုပ်နိမိတ်သည် မှတ်အားကြောင့်ပွင့်ပေါ်လာ

www.burmeseclassic.com

သော သတိသမ္မောဇ္ဈင်အထူးပြုပင် ဖြစ်ရာ စိတ်ကစားသလောက် နိမိတ်လည်း အမျိုးမျိုးကစားပြနေတတ်ပါသည်။ စိတ်ငြိမ်သလောက် နိမိတ်လည်း အမျိုးမျိုး လှုပ်ခါပြနေတတ်ပါသည်။

ကမ္မဋ္ဌာန်းရှုသူ၏တာဝန်ကား ပွဲကြည့်သမား ပွဲက,တို့ ကပြသောအတိုင်း ထိုင်ကြည့်ပေးနေဖို့သာ ဖြစ်ပါသည်။ ရှုကွက်တွင်းက ဘာပေါ်ပေါ် သူပေါ်ရာ အတိုင်း အစအဆုံးအသိပါနေဖို့သာ ဖြစ်ပါသည်။

**ရေရလျှင် ပျိုးထောင်၊ ပျိုးအောင်အထိ စောင့်ရှောက်ပေးပါ။**

စာတို့၌ စကြာမင်းလောင်းမွေးဖွားပေးရမည့် မိခင်သည် ထိုသန္ဓေသားကို အထူးယုယပေးနေရပုံမျိုးဖြင့် ဤနေရာ၌ ဥပမာပေးကြပါသည်။

ဤနိမိတ်သည်လည်း ဓမ္မစကြာမင်း၏သစ္စာများ ပွင့်ထွန်းပေါ်ပေါက်စေမည့် ဇကန္တဖြစ်စဉ်ကြီးပင်ဖြစ်ရာ ဓမ္မစကြာမင်းလောင်းအရာ ဝင်ပါသည်။

သို့ဖြစ်ရာ ဤနိမိတ်ပေါ်ထင်ရေး၊ သည့်ထက်သည်ပေါ်ထင်ရေး၊ သည့်ထက်သည် တာရှည်ခိုင်မြဲရေး၊ သည့်ထက်သည် ဖြူစင်တောက်ပရေး စသည်အရေးပေါင်းများစွာအတွက် သင် အရှင်မြတ်သည် အပြင်ပွားအားများလည်း စပ်ဆက်စပ်၊ ထပ်ထက်ထပ်နေစေရပါမည်။ အတွင်းအောက်မေ့အားကလည်း တိုးဝင်တိုးဆင်ခြင်ပေးနေရပါမည်။

ရပ်လျက်ကလည်း အပွားမပျက်၊ အပွားချင်း လက်ဆက်ပေးနေရပါသည်။ သွားလျက်ကလည်း အပွားမပျက်၊ အပွားချင်းလက်ဆက်ပေးနေရပါသည်။ ထိုင်လျက်ကလည်း အပွားမပျက်၊ အပွားချင်းချင်း လက်ဆက်ပေးနေရပါသည်။ လျောင်းရင်းကလည်း အပွားမပျက်၊ အပွားချင်း လက်ဆက်ပေးနေရပါသည်။

သည်နေရာ ကာလသားစကားဖြင့်ပြောရပါမူ ရည်းစားဦးရခါစကထားသော စိတ်ထားမျိုး၊ စာသင်သားစကားဖြင့် ပြောရပါမူ စာမေးပွဲအောင်ခါစက ထားသောစိတ်ထားမျိုး၊ ထိုစိတ်ထားမျိုးပေးနေမှ အခြေကျကျပြပါသည်။

လယ်သမားများ လယ်လုပ်ငန်းဆိုင်ရာ၌ မိုးဦးကျစ ရေရမြက်တင်ပါလာနေလျှင် ဦးစွာမျိုးချမည့် လယ်ကွက်ကို လေးသွားတပ်ထွန်ကျဲဖြင့်လည်း ထယ်သက်ဖော်လုပ်ကွက်ချအနေတော်ဖော်ပေးရပါသည်။ ခုနစ်သွားတပ်ထွန်စိပ်ဖြင့်လည်း မြေညက်အဆီပေါ် တမန်းရည်ပေါ်သည်အထိ ထွန်ယက်ပေးနေရပါသည်။

သည်မျှနဲ့လည်း မပြီးသေးပါ။ မြေညက်ပြီး တမန်းရည်တက် မြေဆီများပါ ထွက်လာနေပြီ။ ထိုအချိန်မျိုးများကို ဖုံးဖိမြှုပ်ပစ်စေမည့် လယ်တွင်းနေ တုတ်တိုတုတ်စမှအစ အမှိုက်အားလုံး ကောက်ပစ်ဖယ်ရှားပေးရပါသေးသည်။ သည့်နောက် ပျိုးကြဲချလိုက်ပြီ။

သည်မျှနဲ့လည်း မပြီးသေးပါ။ ထိုမျိုးချစပါးများ ပုပ်မြုပ်မသွားစေရန် မျိုးစေ့များ တမန်းညက်နှင့် တွဲမိခိုမိသည်နှင့် လက်ကျန်ရေများကိုပါ ဖောက်ထုတ်ပေးရပါသေးသည်။

သည်မျှနဲ့လည်း မပြီးသေးပါ။ ထိုမျိုးချစပါးများကို ချိုးငှက် စသည်များ ကောက်ယူခိုးစားခြင်း၊ ဘေးကင်းဝေးစေရန် ထိုပျိုးခင်းလေးအနီးမှာပင် တဲထိုး၍ နေထွက်မှနေဝင်အထိ အမြဲစောင့်ရှောက်ပေးနေရပါသေးသည်။

သည်မျှနဲ့လည်း မပြီးသေးပါ။ မျိုးစေ့လေးများ အညှောက်ထိုး အပင်ပေါက် တစ်ဆစ်တစ်ညှို၊ တစ်မိုက်၊ တစ်ထွာသို့ ရောက်ကာလ ညညများတွင် တောသမင်စသည်များ ဆင်း၍ ခိုးမစားစေရန် ကောက်ရိုးရုပ်ကို လူဝတ်ဆင်သည့် ပိတ်ဖြူအင်္ကျီများ ဝတ်ဆင်ပေးကာ ပျိုးခင်းပတ်လည်တွင် စိုက်ထူချိတ်ဆွဲပေးထားရပါသေးသည်ပမာ။

တရားလိုက်စား အရှင်ကောင်းများသည်လည်း ကမ္မဋ္ဌာန်းနှင့်ဆန့်ကျင်သော ဝိသဘာဂအာရုံများ ဖယ်ရှားထားရပါမည်။ မသင့်တင်သောနေရာနှင့် ပုဂ္ဂိုလ်စသည်များနှင့်လည်း ဝေးစေရပါမည်။ ထိုင်ချိန်မျိုးများ၌ စိတ်ကစားလာခြင်းကို သတိဖြင့်ပင် ကာကွယ်ပေးနိုင်ရပါမည်။ စိတ်ကစားခြင်းသည် တရားနှင့်ဆန့်ကျင်ဘက်ဆိုသည်ကို မဂ်လာဆောင်လူသားများအပိုင်းကပင် ဖော်ပြထားပြီး ရှိပါသည်။ ထိုင်ချိန်မဟုတ်သော အချိန်မျိုးများ၌ကား မျက်စိကစားခြင်း၊ ပါးစပ်ကစားခြင်း စသည်များကို အထူးသတိထား ကာကွယ်ရပါမည်။ ယင်းတို့သည်လည်း သတိပေးခဲ့ပြီး ရှိပါသည်။ တစ်ဖန် စေ့စေ့စပ်စပ် မပြတ်မှတ်ချက်ယူခြင်း ထွန်သွားစိပ်ဖြင့်လည်း နိမိတ်ရင့်ကျက်လာသည့်အထိ အစောင့်အရှောက်များ ပေးနေရပါဦးမည်။

ဤ၌ နိမိတ်သည် အာရုံမှန်နိုင်လွန်းမှ ပေါ်ထွန်းတတ်သောကြောင့် မှန်နိမိတ်မည်ပါသည်။ စိတ်တည်ကြည်မှုပြတတ်သောကြောင့် သမာဓိနိမိတ်အမည်လည်း ခံပါသည်။ အမှတ်တက်ရာမှ ဖြစ်ပေါ်လာသောကြောင့် သညာဇနိမိတ်အမည်လည်း ခံပါသည်။

ထိုနိမိတ် စိတ်အထိုင်ကျလေ ပြချက်မြဲလေ ဖြစ်ပါမည်။ နှလုံးသွေးကြည်လေ ပီပြင်လေလည်း ဖြစ်ပါသည်။ ထိုနိမိတ် -

(က) ဤ ပျိုးထောင်ဆဲ ကာလများ၌ အရောင်မှာ မီးခိုးအနု၊ အရင့်နှစ်မျိုးမျှ ဖြစ်ပါမည်။

(ခ) ဥဒယဗ္ဗယဉာဏ်လောက်ရောက်မှ နွားနို့ရောင် ပြပါမည်။

(ဂ) မုဉ္စိတုကမျတာ ပဋိသင်္ခါတို့လောက်ရောက်မှ ကြက်ဥနှစ်ရောင် ပေါ်ပါမည်။

(ဃ) သင်္ခါရုပေက္ခာ အရင့်ပိုင်းလောက်ကျလေမှ ဆွတ်ဆွတ်ဖြူလက် အကြည်ရောင်တက်ပေါ်ပါမည်။

ထိုစဉ် သမာဓိနိမိတ်အသွင်ဖြင့် နာမ်ဝနေ လေနှင့်ကာယတို့၏ ဖြစ်စဉ်ကို ဤ၌မြင်သိခွင့်ရခြင်းသည် သမာဓိဉာဏ်အရာ၌ စိတ်ဝင်စားမှုသည်သာ အခရာဖြစ်ပါသည်။ စိတ်ဝင်စားမှ ပျိုးသက်ရင့်လာမည် ဖြစ်သောကြောင့်ပင်။

လာမည့် ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိ စသည်များကိုကား ပညာဉာဏ်ဆိုရပါမည်။ ပညာဉာဏ်အရာ၌ကား အကင်းပါးမှုသည် အညာဖြစ်ပါမည်။ အကင်းပါးမှ အရိပ်ပြ၊ အကောင်မြင်တတ်သောကြောင့်ပင်။ ဝိပဿနာသည် စိတ်လုပ်ငန်း၊ ဉာဏ်လုပ်ငန်းဆိုသော စကားအရာ ဖြစ်ပါသည်။ စိုက်ခင်းမှနေ လယ်စပါးများ ရေအောင်မိုးအောင်ဖြစ်လာရခြင်းသည် ပျိုးခင်းမပါဘဲနှင့် မဖြစ်နိုင်ပါ။

သည့်အတူ ဝိပဿနာဉာဏ်မှနေ မဂ်ရိပ်ဖိုရိပ် ဘိသိက်ခံနိုင်ခွင့်များသည်လည်း ဤသမာဓိဉာဏ်အခြေမခံဘဲနှင့် မရနိုင်ပါ။ သို့ဖြစ်ရာ မဂ်ဖိုလ်တို့ဖြင့် မေတ္တာရှင်ဘွဲ့ခံယူလိုသောအရှင်ကောင်းများသည်လည်း ဤသမာဓိဉာဏ် ရင့်သန်ရေး အလေးပေးကြရမည်သာ။

**ပျိုးသက်ရင့် တစ်ဖက်လယ်ထဲ စိုက်ရန်သင့်ပြီ**

သတိသည် မိမိကိုယ်မိမိ ကိုယ့်အားကိုယ်ကိုး ထိုလမ်းရိုးအတိုင်း အားမွေးပြီး သတိအမျိုးမျိုးပွားပေးကာ သတိအားပေါင်းများပြားစွာ တိုးပွားလာချေရာ သည်နေရာ စစ်တပ်ဖွဲ့ကြီးတစ်ခု ထူထောင်ဖွဲ့စည်းနိုင်ခဲ့ပြီ။

သည်မျှမက စစ်ရုံးချုပ်ကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ပါ ထုထောင်ပြီး သူကိုယ်တိုင် ဗိုလ်ချုပ်အရာဖြင့် ရုံးထိုင်နိုင်ခဲ့ပြီ။ ယင်းကား ရိုးရိုးသတိမှ သတိသမ္ဗောဇ္ဈင်အမည်ခံခွင့်ရလာခြင်းပင်။

ဤ၌ သမ္ဗောဇ္ဈင် ဆိုသော ထိုစကားသည် သမ္မာသမ္ဗောဓိဉာဏ်၊ သမ္ဗောဓိဉာဏ်၊ ဗောဓိဉာဏ်တို့၏ အခြေခံအစိတ်အပိုင်းများအဖြစ် တစ်ချက်မှတ်၊ တစ်ချက်တည်၊ တစ်ချက်သိဖြင့်လည်း ဗောဓိများဆင့်ပေးနေ၏။ တစ်ချက်မှတ်၊ တစ်ချက်ဖြေ၊ တစ်ချက်လွှဲဖြင့်လည်း ဗောဓိများဆင့်ပေးနေ၏။ တစ်ချက်မှတ် ခွင်လုံးချည်၊ ခွင်လုံးသတ်ဖြင့်လည်း ဗောဓိများပွင့်စေဦးမည်။

သို့ဖြစ်ရာ သတိနောက်မှနေ အာဏာကုန်လွှဲပေးထားသော ထိုသမ္ဗောဇ္ဈင်ထဲ၌ သတိပဓာန်၊ သမ္မပဓာန်၊ ဣဒ္ဓိပါဒ်၊ ဗိုလ်၊ ဣန္ဒြေ၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဗောဓိသုံး ထိုဗောဓိပက္ခိယအားလုံးတို့ ဤ၌ စုရုံးပါနေသည်ကို သတိပြုဖို့ပင်။ သို့ကြောင့် ထိုသတိသည် ဗိုလ်ချုပ်နေရာမှနေကာ သဒ္ဓါ၊ ဝီရိယရှေ့ထွက်နှင့် သမာဓိ၊ ပညာ ဤနောက်လက်ပါတို့ကိုလည်း ဗိုလ်များအဖြစ် လေ့ကျင့်ပေး မွေးစားနိုင်ခွင့် ရှိလာပြီ။

တစ်ဖန် ယင်းတို့ကိုပင် အပိုင်ကိုင်အသုံးချခွင့်အထိ တန်ခိုးပါဝါအာဏာများလည်း သုံးပိုင်ခွင့် ထိုသတိ၌ အပြည့်ရှိလာပြီ။ သည့်အတူ မဂ္ဂင်ယာဉ်ကြားတပ်ဆင်ခြင်း၊ ဗောဇ္ဈင်စခန်းဖွင့်ခြင်းစသည် အမိန့်အရပ်ရပ်ကိုလည်း ထုတ်ပြန်နိုင်ပြီ။ အာဏာများပေးအပ်နိုင်သည်အထိပါ သူ့၌ အာဏာအပြည့်ရှိလာပြီ။

သို့ကြောင့် ထိုသတိသည် ရုံးချုပ်မှာပင် အထိုင်ချလျက်က သတိအောက်လက်ပွားငယ်သားများကို အစိုးတရအုပ်ချုပ်ခြင်း၊ စစ်ရေးကိစ္စများကို ကွပ်ကဲစီမံပေးခြင်းတို့ဖြင့် အမိန့်ပါဝါအာဏာများသုံးကာ ယခုပင် မဂ္ဂင်ယာဉ်စီးနင်းစေ၍ ဗောဇ္ဈင်စခန်းများကိုလည်း တစ်ခုချင်းတစ်ခုချင်းဖွင့်စေ၍ ဗောဓိပေါက်မရောက်မချင်း ထိုသတိငယ်သားများကို ထိုးစစ်ခင်း အပြင်းချီတက်စေပါတော့မည်။

ယင်းသည် ပွားသတိ၊ အောက်မေ့သတိ အခြံအရံပါသော စူးစိုက်အားအသုံးချခြင်းကို ဆိုပါသည်။ ဇွဲစပ်အားလည်း ခံစစ်အဖြစ် နောက်ကူပါစေပါမည်။

ဇွဲစပ်ခြင်းကား မိမိသန္တာန်တွင်းရန်သူကိလေသာ မချင်းနင်းရန်အတွက်ကို စူးစိုက်ခြင်းကား သူ့ပိုင်နက်နယ်မြေရှာဖွေရှင်းလင်းဖျက်သိမ်းပစ်ရန်အတွက်ကို မိမိတပ်မပြုရန်အတွက် ဇွဲစပ်အားဖြင့် ခံစစ်ကိုသုံး၊ မိမိအောင်ပွဲခံရန်အတွက်ကိုကား စူးစိုက်အားကို ထိုးစစ်အဖြစ်သုံး ဆိုလိုပါသည်။

ဤ၌ မြင်နေကျ ပေါ်ထင်ရှုကွက်အကြား သတိစူးစိုက်အား ထိုးနှစ်ချပေးလိုက်လျှင်ပင် အသိလည်း အတွင်းခွင်ဝင်သိအားကောင်း ဝီရိယလည်း အတွင်းနေ အပြင်ထား နှစ်ပါးစလုံး ပွားအားကောင်းလာတော့ရာ သတိဆိုလိုက်သည်နှင့် အသိရော ဝီရိယတို့ပါ မကွေအကွာ လိုက်ပါနေပါသည်ကို လက်ခံအတည်ပြုရပါမည်။

သည်နေရာ၌ သတိကိုင် ဆရာမြတ်တို့က စိုက်အားသုံးလိုက်ဆိုကာ အမိန့်ပေးကြပါမည်။ အသိကိုင်ဆရာမြတ်တို့က အသိကပ်ထားလိုက်ဆိုကာ အမိန့်ပေးကြပါမည်။

မည်သို့ အမိန့်ပေးပေးတစ်ခုကိုင်အပိုင်သုံးမျိုးရချည်း ဖြစ်ပါမည်။ တစ်ခုသုံး ကိစ္စအားလုံးပင် ပြီးဆုံးစေပါမည်။ ကိစ္စကား သိမှုတစ်ခုတည်းပင်ဖြစ်ရာ ထိုသုံးနည်း ဘယ်နည်းသုံးသုံး ကိစ္စပြီးစီးရာ၌ကား အတူတူပင် ဖြစ်ပါသည်။

သတိကား သီလသိက္ခာအတွက် သီးသန့်တာဝန်ယူပေးသေး၏။ ဝီရိယကား သမာဓိသိက္ခာအတွက် သီးသန့်တာဝန်ယူပေးသေး၏။ အသိကား ပညာသိက္ခာအတွက် သီးသန့်တာဝန်ယူပေးသေး၏။ တာဝန်၌ကား ဤသို့ သုံးမျိုးကွဲတွက်လျက်ပင်ရှိနေကြပါမည်။

ဤတွင် နောက်ကြောင်းပြန်ကောက် စစ်ကြောင်းထိုးဖောက်ရန် လိုလာပါသည်။ နောက်ကြောင်းကား သမာဓိအမြင်ဉာဏ်၊ ဖြစ်ပျက်မြင်ရင့်သန်လာနေခြင်းပင်။ သို့ကြောင့် ယင်းသမာဓိအမီ ဝီရိယလည်း ပြင်းတည်ပေးရပါတော့မည်။ ဝီရိယစိုက်မလိုက်ပါကတည်ပြီး သမာဓိဆွံ့အသွားပါတော့မည်။ ဤ၌

(က) သမာဓိလွန်တော့ ဆွံ့တတ်သည်။
ဝီရိယလွန်တော့ ပျံ့တတ်သည်။
ဤကား ရှေ့နောက်တစ်တွဲ။

(ခ) သဒ္ဓါလွန်တော့ ကွန့်တတ်သည်။
ပညာလွန်တော့ ပျံ့တတ်သည်။
ဤလည်း ရှေ့နောက်တစ်တွဲ။

ထိုစဉ် ရှေ့ကင်းက သဒ္ဓါနှင့် ဝီရိယ နောက်ကူအားကား သမာဓိနှင့် ပညာပင်။ တစ်ဖန် ဆွံ့အခြင်းသည် စကားမပီ ခြေလက်အချိုးမကျ ဘာကိုမှအကျိုးပြုလုပ်ခွင့်မရတော့ခြင်းပင်ဖြစ်ရာ ထိုင်လိုက်တိုင်း သည်အချိုးမျိုးချည်းချိုး၊ ရှေ့အမြင်မတိုးဖြင့် ပညာတန်ခိုးမပြနိုင်ခြင်းပင်။

ပျံ့ခြင်းသည် နိမိတ်သက်တံပင်ပျောက်၊ ခရီးသွားရင်း လေ့မှောက်ခြင်းပင်။ ကွန့်ခြင်းသည် ဉာဏ်လမ်းရိုး ထိုးမဝင် အပြင်ကိစ္စရပ်များဘက် ခရီးဆွဲဆန့်နေခြင်းပင်။ တွန့်ခြင်းသည် အယုံမတက်တော့သဖြင့် မာန်ထွက်လာခြင်းပင်။

သို့ကြောင့် 'သတိဆို ပိုသည်မရှိ အလိုသာရှိ၏' ဆိုရိုးပမာ ထိုသတိက ထိုဗိုလ်တို့ကိုဖိ ဗိုလ်ဗိုလ်ချင်းညှိ၍ အားဖြည့်ပေးရမြဲ ဖြစ်ပါသည်။

ဤနေရာ သတိစိုက်ချအားကြီးကို အထူးကိုင်သုံးလိုက်တိုင်း သမာဓိနှင့် ဝီရိယ ဘယ်သူဘယ်သူမှ တွက်ကပ်ခွင့်မရဘဲ သတိနောက်သို့ တစ်ထပ်တည်းကျစေသော ဖဝါးချများဖြင့်သာ လိုက်ပါကြရပါတော့မည်။ သဒ္ဓါနှင့် ပညာတို့လည်း ဘယ်သူဘယ်သူမှ မေးငေ့ချိန်မရကြဘဲ သတိနောက်ပါးကပင် အသော့ခြေကြွလိုက်ပါကြရပါတော့သည်။

စူးစိုက်အားကောင်းမှ သဲကွဲသည်။ မှတ်ချက်တင်းမှ အမြင်ရှင်းမည်။ ထိုစကား ဤနေရာမှ စတင်သုံးစွဲပြရပါတော့မည်။ အသိဉာဏ်ပညာများ အဝေးမြင်မှ အနီးကပ်မြင်သို့ ထုတ်ချင်းထိုးဝင်သာရန် ဖြစ်ပါသည်။ အသိဉာဏ်ပညာများ အပြင်သိမှနေ အတွင်းသိအထိ အရှိဖော်သာရန် ဖြစ်ပါသည်။

ဤ၌ ဓားလှံကိုင်သမားကို ဆရာတင်ရပါမည်။ ထိုစဉ် သူ့၌ လက်မှန်းလက်ဆပါ ပညာဝင်လက် အရင်းအနှီးထားပါသည်။ လှံ၌ကား ရှေ့မှာအသွား နောက်ကအရိုး နှစ်မျိုးတို့ ဖြစ်ပါမည်။

ထိုလူသား ထိုလှံသွားကို အသုံးပြုသောအခါ ပစ်မှတ်ဖြစ်သော သားကောင်နှင့် နီးနိုင်သမျှနီးရာအတွင်း ဝင်ခဲ့ပြီး ထိုပစ်မှတ်ကို အတည့်ချိန်ရွယ်ကာ မိမိလက်မှန်းလက်ဆတို့ဖြင့် အားကုန်ထိုးပစ် ပစ်လွှတ်လိုက်ရာ အလွှတ်တာဝန်ကား လက်ပင် ဖြစ်ပါသည်။ အသွားထိန်းတာဝန်ကာ လှံရိုးပင် ဖြစ်ပါသည်။ သားကောင်ထိုးစိုက်ရာကျ လှံသွားကသာ ဖြစ်နေပါသည်ပမာ။

ဤ၌လည်း ရှုကွက်တွင်းပြ နိမိတ်အချက်ပြကို ပစ်မှတ်အရာထားလျက်က လက်နှင့်တူသော ဝီရိယ၊ လှံရိုးနှင့်တူသော သတိ၊ လှံသွားပမာသော အသိသည် အလုံးမှကွဲ နိမိတ်ပြမှ ရုပ်၊ နာမ် နှစ်ပါး ခွဲထွက်လာသည်ထိ အထူးရှုသိ

www.burmeseclassic.com

ပေးနေကြပါမည်။

ဤ အထူးရှုသိပေးခြင်းအပေါ် တစ်ဖန်ပမာပြုရပါသော် ကြက်ဥထဲမှ ကြက်ကောင် ပေါက်ဖွားလာစေသော ကြက်မကြီးသည် သူ၏ရင်ငွေ့ဖြင့် အပူငွေ့ပေးခြင်း၊ ရင်အုပ်ဖြင့်ပါးအောင်ပွတ်ပေးနေခြင်း၊ ကွတ်ကွတ်မြည်ကြက်သံပေးခြင်း ထိုသုံးမျိုးတို့ပမာ ဆင်ပါသည်။

ယင်းကိုလျှင် ဝိပဿနာအထူးပွဲ ရှုကြည့်ပေးခြင်းဆိုချေရာ 'ဝိ' ကားပေါ်တော့တော့ ရော့ရဲရဲမဟုတ်သော အထူးထူးစိုက်အား 'ပဿနာ' က တင်းတင်းကြည့် ရှင်းရှင်းသိ သိစေခြင်းများပင်။

ထိုသို့ အထူးမှတ်ချက်ပြု ရှုကြည့်ရာ၌ ရှုကွက်ပြဖြစ်စဉ်နိမိတ်သည် စစ်တက်ရာ၌ အသုံးပြုလေ့ရှိသော တောင်မြောက် အချက်ပြကိရိယာပမာ ဆင်ပါသည်။ နိမိတ်ကိုစိုက်၍ အသိလိုက်ပေးနေရသောကြောင့် ဖြစ်ပါသည်။ တောရှင်စခန်းခေါ် စစ်လမ်းတစ်လျှောက်လုံး ထိုနိမိတ်သည်ပင် အချက်ပြနေရာဝင်ပေးနေပါမည်။

ဤ၌လည်း အသီးများ ရင့်၊ မရင့် သတ်သည်းဖြင့် ဆိတ်ကြည့်ပမာ။ နိမိတ်ရင့်၊ မရင့် (စိတ်ရင့်မရင့်)ကိုလည်း ဤသတိစိုက်ချအားကြီးဖြင့် နှိပ်ကြည့်ကြည့်ပေးရပါမည်။ ထိုစဉ် နိမိတ်မရင့်ကျက်သေးက ထိုနိမိတ်သို့ သတိစိုက်ချပေးလိုက်သည်နှင့် မှိန်၍မှိန်၍လည်းပျောက်ကွယ်သွားတတ်ပါသည်။ ဝေး၍ဝေး၍လည်း ပုန်းကွယ်သွားတတ်ပါသည်။ ချက်တရက် ပြန့်ကျဲပျက်စီး၍လည်းသွားတတ်ပါသေးသည်။

ထိုအခါ မှတ်မြဲစေ့စပ်အားကိုလျှင် အသုံးချ၍ ပျောက်ပုန်းပျက်ကျသွားသော ထိုနိမိတ်ဖြစ်စဉ်တန်းကို ပြန်လည် စီတန်းပေးရပါမည်။ ထိုအခါ ပေါ်မြဲအတိုင်း ပြန်လည်ပေါ် လာတတ်ပါသည်။ သို့ဖြင့်ပင် စိုက်အားသုံးလိုက် ပျက်ကျလိုက်၊ ပျက်ကျသွားလိုက် ပြန်စုဆောင်းလိုက်တို့ဖြင့် အကဲပါပါ ဖွဲ့ရှိရှိ အမှတ်သတိကသာ ထိထိမိမိ အုပ်ချုပ်တတ်ပါလျှင် ကြာသော် တစ်ခါမရ၊ တစ်ခါရ အောင်ပွဲဝင်ခွင့်ရ ဖြစ်လာရမြဲ ဖြစ်ပါသည်။ အကဲပါခြင်းသည် အကင်းပါးဉာဏ် ဟန်ချက်ကောင်းလာခြင်းပင်။ ဖွဲ့ရှိခြင်းသည် ကြောင့်ကြဝင် အတွင်းဝီရိယအထားလှုပလာခြင်းပင်။

အကယ်တိတိ နိမိတ်နှင့် သတိထိပ်တိုက် ဘယ်လောက်ပင်စိုက်စိုက် ထိုနိမိတ်က ဣန္ဒြေမပျက် သတိအားလည်း ထက်မြက်လာပါမူ ခင်ရမင်ရသူချင်း လက်တွဲလမ်းလျှောက်ပြခြင်းပမာ။ ရှုကွက်နိမိတ်နှင့်သတိ တွဲခနဲ၊ စီးခနဲကပ်မိချဉ်းမိလာစေပါမည်။

ထိုစဉ် ထိုင်ခါစ မိနစ်ပိုင်းအတွင်း နိမိတ်တန်းကြီးဆင်းလာနေပြီ။ အာရုံများ၍ ပျောက်သော်မှ ချက်ချင်းသတိကောက် ချက်ချင်းပင် နိမိတ်ရောက်ချလာနေပြီ။ ထိုင်တိုင်းလည်းမိ အချိန်တိုင်းလည်း ထိနိမိတ်က ရှိနေပါပြီဆိုပါက နိမိတ်ရင့်ပြီ၊ စိတ်ရင့်ပြီဆိုရပါတော့သည်။

စိုက်သာစိုက် အားမနာနှင့်၊ သူလိုက်လာလိမ့်မည်။ နှိုက်သာနှိုက်၊ အပျော့မဆက်ဆံနှင့် သူအနှိုက်ခံနေပါမည်။ ဤအထိ သတိသမ္ပောဇဉ်တစ်ခုတည်း၏ စစ်စွမ်းရည်ပင် ဖြစ်ပါသည်။

သည်မှနောက် ဝီရိယ၏အတွင်းကြောင့်ကြစိုက်အားနှင့် အပြင်ကိုယ်ချီအားများကြောင့် သတိ၏ အပြင်ပွားပို့အားနှင့်အတွင်းဆင်ခြင်အားများကြောင့် အသိက အတွင်းဝင်နှိုက် ရုပ်နာမ်တို့၏ သဘောအထိ လိုက်မိလေသောအခါ အချက်ပြနိမိတ်ဖြစ်စဉ်တန်းကြီးနှင့်အတူပင် ရုပ်၊ နာမ်များလည်း အထိကလည်း အထိအတိုင်း လိုက်ပါပြသလာတော့ရာ အသိကလည်း အသိအတိုင်း နဂိုဇပြသနေတော့ရာ ရုပ်တခြား၊ နာမ်တခြားတို့၏ သွားလာနေပုံသဘာဝ။

လင်မယားနှစ်ယောက်အတူတွဲ၍ လမ်းလျှောက်ထွက်လာကြရာ ဟိုဟာက ယောကျ်ား၊ ဟိုဟိုဟာက မိန်းမ ကွဲသိလာပါပြီပမာ။ ဤ၌လည်း ရုပ်၊ နာမ်တို့သဘာဝများ ခွဲခွဲခြားခြား အတွင်းကြည့်ကြည့် အတွင်းသိသိဖြင့်ပင် သိနိုင်လာပါတော့သည်။

သည့်နောက် သည့်ထက် မျက်စိလျှင်လာသောအခါတို့တွင်ကား သူက ဘယ်ရပ်ကွက်၊ ဘယ်ရွာက ကိုဘယ်သူ၊ သူက ဘယ်မြို့သူ၊ ဘယ်ရွာသူ၊ မဘယ်ဝါ သည်အထိ သိလာပါဦးမည်။ သည့်နောက်လည်း သူတို့ကိစ္စက ဘာ၊ သူတို့ပြုကျင့်နေပုံက ဘယ်လို၊ သူတို့ သွားလာနေပုံက ဘယ်အထိ စသည်များကိုပါ အစင်းသိ သိလာပါဦးမည်။

ဤနေရာ၏ ဤပညာဉာဏ်အထိ စစ်ခရီးပေါက်လာပါမူ သတိသည် သတိထားကြီးအားပွား၊ ကြည့်အားကြီးပါအားများလာခြင်းကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုလည်း ပွားလာစေပါသည်။

ထိုဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုလည်း တပ်မတစ်ခုဖွဲ့၍ ဤပိုင်နက်မှနေ အထက်စစ်ခရီး မပြီးဆုံးမချင်းအထိ သတိက တာဝန်ပေးပါတော့မည်။

ဓမ္မက ရုပ်သဘော၊ နာမ်သဘော ဝိစယက အတွင်းခိုလှုံ ပွားထုံပေးနေတော့ခြင်း သတိသမ္ဗောဇ္ဈင်သည် သတိအလုံးအရင်းဖြင့် စစ်ချီရင်းက ဓမ္မဝိစယသမ္ဗောဇ္ဈင်အား နေရာချထားပေးကာ ရှေ့ဆက်စစ်ခရီးထွက်လေရာ ထိုဓမ္မဝိစယသည် သတိတပ်မကြီး၏ နောက်မှပင် လိုက်ပါနေပါသည်။

ထိုစဉ် ရုပ်ကွဲ၊ နာမ်ကွဲသိဖြင့် ငါစွဲဒိဋ္ဌိကို လက်ရဖမ်းစေပါသည်။ ရုပ်၊ နာမ်တို့၏ ကြောင်းကျိုးဆက်သိဖြင့် ဝိစိကိစ္ဆာကိုပါ လက်ရမိစေခဲ့ပါသည်။ ရုပ်၊ နာမ်တို့၏ သဘာဝလက္ခဏာ မြင်သိဖြင့် မြဲမမြဲ၊ ကောင်း မကောင်း၊ ပိုင် မပိုင်ဆိုသော အတ္တ၊ အနတ္တနယ်မြေ အငြင်းပွားမှုလည်း အဆုံးသတ်စေခဲ့ပါသည်။ သည်အထိ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ တာဝန်ကျရာနယ်မြေ ဖြစ်ပါသည်။

သည်မှနောက် ထိုသတိ ရှေ့သို့ပင် စစ်ချီထိုးဖောက်ပြန်ရာ ရုပ်၊ နာမ်တို့၏ သဘာဝလက္ခဏာများ လျင်မြန်စွာပို့၍ပင် ထင်ရှားလာကြတော့ကာ ငုတ်တုတ်ပေါ် ငုတ်တုတ်ပျောက် ဖြောခေါက်အထိပင် မစောင့်ဆိုင်းကြတော့ပါ။ ရိပ်ခနဲရိပ်ခနဲပျောက် စာရင်းကောက်ချိန်ပင် မရလိုက်တော့ပါ။

သတိဦးစီးသောတပ်မကြီး ခန္ဓာပြင်၏အတွင်းနေ အထက်ပိုင်းအထိ ထိုးဖောက်မိရာမှ ပြသလာကြသော ဤပြချက်များသည် မနိုးစိတ် (ဘဝင်စိတ်)ကို အသက်သွင်းပေးကြကာ ရုပ်၊ နာမ် အဖြစ်ပုံစံ ထုတ်လုပ်ပေးနေကြသည့် နှလုံး၊ ကျောက်ကပ်၊ အဆုတ်၊ အသည်း၊ သည်းခြေ စသည်များ၏ အလုပ်လုပ်နေကြပုံကို ထိုးထွင်းသိက မြင်သိလာရခြင်းပင် ဖြစ်ပါသည်။

ထိုအခါ တစ်ခါဖူးမှ မြင်ခွင့်မရသည်ကို မြင်သိလာရခြင်း၊ တစ်ခါဖူးမှ မပေါ်ဘူးခဲ့သော အလင်းရောင်များပေါ်ထွန်းလာခြင်းကြောင့် အသိဉာဏ် (စိတ်) သည် တကယ်လုပ် အဟုတ်ဖြစ်သည်ဆိုသော ဤမှတ်ချက်ချများနှင့်အတူ မိရိုးဖလာသဒ္ဓါဘက်သို့ ခုန်တက်လာချေရာ ယုံမှုရဲလေ့ရှိသော ဝီရိယသည်လည်း မိမိတာဝန်ကျရာ စစ်တလင်းအတွင်း ရဲတင်းစွာ စစ်ခင်းလာပါတော့သည်။

ဤသည်မှာ သတိဦးစီးသော သမ္ဗောဇ္ဈင်တပ်မကြီးက ဝီရိယကို ကိုယ်ပွားအဖြစ် အရာထားပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ သည်မျှမကသေးပါ။ ဝီရိယအား အပွားကြီးပွား၍ များပြားလာစေ



www.burmeseclassic.com

www.burmeseclassic.com

ကာ ဝီရိယကိုလည်း တပ်မကြီးတစ်ခု အဖြစ် နယ်စားပေးလိုက်ပါတော့သည်။ သို့ကြောင့် ဝီရိယလည်း ရိုးရိုးမှ သမ္ဗောဇ္ဈင်အမည်ရလာပါတော့သည်။

ယင်းဝီရိယသမ္ဗောဇ္ဈင်နှင့် မရှေးမနှောင်းမှာပင် -

(က) မိမိ၏ ကမ္မဋ္ဌာန်းအလုပ်၌ နှစ်သက်အားရ သဘောကျလာခြင်း ပီတိ။

(ခ) မိမိ၏ ကမ္မဋ္ဌာန်းအလုပ်၌ ကိုယ်အေး၊ စိတ်အေး ငြိမ်းချမ်းစွာ လုပ်ခွင့်ရလာခြင်း ပဿဒ္ဓိ။

ထိုအင်အားများကပါ သတိပွားအားများလာရာမှပင် ပွားစီးလာချေတော့ရာ -

(က) ပီတိကိုလည်း သမ္ဗောဇ္ဈင်အမည်တပ်၍ တပ်မကြီးတစ်ခုအဖြစ် အသိအမှတ်ပြုပေးလိုက်ပါတော့သည်။

(ခ) ပဿဒ္ဓိကိုလည်း သမ္ဗောဇ္ဈင်အမည်တပ်ကာ တပ်မဟာကြီးတစ်ခုအဖြစ် အသိမှတ်ပြုပေးလိုက်ပါတော့သည်။

သို့ကြောင့် -

၁။ သတိသည် သူကိုယ်တိုင် သမ္ဗောဇ္ဈင်အမည်ခံ၍ ပ ထမတပ်မကြီးထူထောင်၊

၂။ ဒုတိယမြောက်အဖြစ် ဓမ္မဝိစယကိုလည်း သမ္ဗောဇ္ဈင်အမည်ပေး၍ တပ်မဖွဲ့၊

၃။ တတိယမြောက်အဖြစ် ဝီရိယကိုလည်း သမ္ဗောဇ္ဈင်အမည်ပေး၍ တပ်မဖွဲ့၊

၄-၅။ စတုတ္ထမြောက်၊ ပဉ္စမြောက်အဖြစ် ဤပီတိ၊ ပဿဒ္ဓိနှစ်ပါးကိုလည်း ဗောဇ္ဈင်ဘွဲ့ပေး၍ တပ်မဖွဲ့ဖွဲ့စည်းပေးလိုက်ရာ သတိမှပွားသောဗောဇ္ဈင်ကား ငါးဖွဲ့ထပ်ကျ ငါးတပ်မ ဖြစ်လာပြီ။

ဤဉာဏ်သည် ဥဒယဗ္ဗဉာဏ်အမည်တွင်စေပါသည်။ ရုပ်၊ နာမ် ဖြစ်ပျက်တို့ အပီပြင်ဆုံးနေရာဖြစ်၍ ဖြစ်ပါသည်။ ဤဉာဏ်အဆင့် ရှင်ယောဂီများ မိမိခန္ဓာတွင်းမှ မိမိပိုင်ပင်ကိုစိတ်ဖြင့်ပင် မိမိ၌ တကယ်ရှိသော ဓမ္မရသာရှိတင်းပြည့် ခံစားခွင့်ရလာနေတော့ရာ ကြက်သားစားချင်လိုက်တာ။ ဝက်သားပါမှ ထမင်းစားဖြစ်တာ။ ဤ ကြက်၊ ဝက် စသည့် သူတစ်ပါးအပေါ် ကာမရာဂစိတ်ဖြင့် 'စော်ကားလိုခြင်းများ ငြိမ်ဝပ်ပိပြားသွားပါတော့မည်။

သည့်အတူ ကြမ်းပိုးများထိုးလွှန်းလို့ ရှင်းပစ်ချင်နေတာ၊ ခြင်များသောင်းကျန်းလွန်းလို့ နှိမ်နင်းပစ်ချင်နေတာ ဤကြမ်းပိုး၊ ခြင် စသည် သူတစ်ပါးများ အပေါ်သို့ ဗျာပါဒဒေါသဖြင့် မုန်းငြိုးပြစ်မှားခြင်းများလည်း ငြိမ်ပိသွားကြပါတော့မည်။

သို့ဖြစ်ရာ ထိုရဟန်းယောဂီ၌ ကျောက်ထပ်၊ မြေနုတို့အကြား မိုးရေစင်များခိုအောင်းနေကြရာ အထက်စိမ်းစိုညို့ဆိုင်း တောအုပ်ကြီးတစ်ခု ညွတ်ကိုင်းကျလာပါသည်ပမာ မေတ္တာစိမ့်စမ်းများ မိမိသန္တာန်ကြားမှစီးဆင်းလာရန်အတွက် ရှေ့ပြေးသစ်ညွန့်များ တိုးတက်လာစေပါတော့သည်။

ပါးစပ်ဖျားမှ ကစားရင်းထွက်လာသော အဝေရာဟောန္တုမျိုးမဟုတ်။ မိမိရင်တွင်းမှ စေတနာ၊ သဒ္ဓါအားများနှင့် အတူ ကိုယ်ချင်းစာတန်းတူထားအကြားမှ စီးဆင်းလာကြမည့် တကယ့်မေတ္တာဓာတ်များ ဖြစ်ပါသည်။

ထိုမှနောက် သတိသည် ရှေ့ကိုချည်း အတွင်ထိုးဖောက်နေချေရာ ဤဉာဏ်၏ အနုပိုင်းနယ်ပင်အတွင်းမှပင် မြားပြထားသော လမ်းနှစ်လမ်းတို့နှင့် သတိတပ်မကြီး ကြုံရတော့ရာ -

(က) တစ်လမ်းကား စိတ်အစိုးရခြင်း အဓိမောက္ခ၊ အလုပ်ချိုးမြောက်ပေးနေခြင်းပဂ္ဂဟ၊ ဘဝထမ်း အချမ်းသာပေးဝေနေသောသုခ၊ ဘာမဆိုအကုန်သိပေးနေသောဉာဏ်၊ ဓမ္မအစဉ်အကုန်မြင်နေသောဒဿန (ယင်းသည် မြင်းမိုရ်တောင်ပမာ မိမိကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာ တည်တံ့စေသော သတိ၏ အမည်ဖြစ်ပါသည်။ ယင်းကို စာတို့၌ ဥပဋ္ဌာနဟုဆိုပါသည်)သည့်နောက် ရှုကွက်တွင်းရှိ ဖြစ်ပျက်မှုတို့အပေါ် ကြောင့်ကြမစိုက်ရဘဲ ရှုနိုင်ခြင်း ဥပေက္ခာ၊ အလင်းမှအစ ယင်းတို့အားလုံးအပေါ် သာယာနှစ်သက်နေသော တဏှာ။ ဤကား ဝဲဘက်မြား လမ်းပြထားသောလမ်း။

(ခ) နောက်တစ်လမ်းကား ရှုနေကျအတိုင်း ရှုခွင့်ရဖြစ်ပျက်မြင်လမ်း။ ဤကား ယာဘက်မြားပြထားသောလမ်း။ ဤသို့ ရှေ့သွားလမ်းမျိုး ရိုးနှစ်ရိုးပေါ်နေတော့ရာ ဝဲလမ်းကား စစ်မြားလမ်းဖြစ်နေသဖြင့် လိုက်သူလည်း ရှိ၏။ မလိုက်သူလည်း ရှိ၏။

ထိုစဉ်၏ မလိုက်သူကား ရှုနေကျဖြစ်ပျက်တွင် သတိတင်၍ ကျင့်စဉ်အတိုင်း မမှိတ်မသုန်လိုက်ပါလာတော့ရာ ဉာဏ်အရင့်ပိုင်းထဲသို့ ခြေချမိလာပါသည်။

ယင်းမှာ လျင်မြန်လွန်းသော ဖြစ်ပျက်မြင်တို့အပေါ် မီသမျှကိုသာ မှတ်နေတော့ခြင်း၊ လျင်မြန်လွန်းသော ဖြစ်ပျက်မြင်တို့အပေါ် သိရုံလေးမျှ သိသိပေးနေတော့ခြင်း။ ဤကျင့်နည်း တစ်နည်းနည်းဖြင့် ပွဲဝင်နေပါတော့သည်။

သည်ကရှေ့ မှားစရာလမ်းခွဲမတွေ့နိုင်တော့ပါ။ သည်ကရှေ့ ဖြစ်ပျက်ပေါ်တွင် သတိတင်ခြင်းမှတစ်ပါး အခြားနည်းဖြင့် အစားထိုးမကျင့်တော့ပါ။ တစ်ကြောင်းတည်းလမ်းသည် ဤနေရာပင်ဖြစ်ပါသည်။

ဤအထိ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်များ၏ အဝန်းအဝိုင်းဖြစ်ပါသည်။ သူတို့အင်အားပွားချင်သလို ပွားခွင့်ရနေရာများ ဖြစ်ကြပါသည်။

သတိမှဖြစ်သော ဇေ့စပ်အား၊ စူးစိုက်အား၊ ပွားအားနှင့် ဆင်ခြင်အားအားလေးပါးကို မှီခို၍သာ ပွားစေ၊ များစေခွင့်ရကြပါမည်။ သတိမှဖြစ်သော မှတ်ချက်ပြင်းအား၊ တည်အား၊ သိအား ဤအားသုံးပါးကို မှီခို၍သာပွားစေ၊ များစေခွင့်ရကြပါမည်။ သူတို့ချည်းသက်သက် နံဘေးထွက်၍ အားမတက်နိုင်ကြပါ။

သည်မှနောက် ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိအပွားများ၏ ထောက်ခံအားကြောင့်လည်းကောင်း၊ သတိအပွားများစွာတို့၏ လျှမ်းလျှမ်းတောက် ချက်စွမ်းပြအားများကြောင့် လည်းကောင်း ဥဒယဗ္ဗ(ဖြစ်ပျက်ထင်လျင်သောဉာဏ်) အဆင့်ရင့်ကျက်လာပြီး အဖြစ်များ မြုပ်ထွေးသွားတော့ကာ အပျက်သက်သက်ချည်း ပတ်လည် လှည့်ပြနေပါတော့သည်။

ယင်းမှာ ခန္ဓာ့မာန်ကို ဖြစ်ပေါ်စေတတ်သော ဘဝင်လေနှင့်တကွ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့၏ အတားကိုထိုးခွဲဖျက်ပစ်ခဲ့၍လည်းကောင်း၊ လိုစိတ်၊ မခံချင်စိတ်(အားမလိုအားမရစိတ်) ထိုင်းမှိုင်းပျင်းရိစိတ်၊ ပူပုံ့စိတ်၊ သံသယဝင်စိတ်တို့၏ အတားများကိုလည်း ကျော်လွှားခဲ့၍ လည်းကောင်း၊ ဦးစီးချုပ်သတိ ခန္ဓာ၏အတွင်းနေ လေဟာနယ်အောက်ပိုင်းဝမ်းဗိုက်အတွင်းထိ ထိုးဖောက်ချင်းနင်းမိရာမှ ပေါ်ထွက်လာသော ပျက်စုများချည်း ဖြစ်ပါသည်။

ဤ၌ အချို့ယောဂီများကျ ရှုကွက်ပြ၊ နိမိတ်ထွက်၊ အပျက်မှအပျက်ချည်း မြင်သိခွင့်ရခြင်း၊ အချို့ယောဂီများက အပျက်ပေါ်စီးပိုးဘေးဆိုးကြီးအဖြစ် မြင်သိခွင့်ရကြ၏။ ဘင်သိ၊ ဘယသိ ဤ



www.burmeseclassic.com

www.burmeseclassic.com

အသိနှစ်သိ တစ်ခုမျှသိခွင့်ရကြပြီး လေဟာနယ် ခန္ဓာတွင်းပြဲ အပျက်နောက် အပျက်သဘာဝများထဲ ဉာဏ်တပ်စွဲခွင့်ရကြ၏။

ဤဘင်္ဂဉာဏ်များအတွင်း စစချင်း သတိအသိချင်းနင်းမိချိန်တွင် ရှုတိုင်း၊ ရှိုက်တိုင်း စီးစီးတွဲတွဲမရှိ ပေါ့ပါဟာဟာ ဖွာကျဲကျဲချည်း ရှုသိခွင့်ရနေတော့ရာ မှတ်၍ မကောင်းတော့ပါ။

ခန္ဓာခွင်ကို ရှုကွက်တွင်းမှနေ ကြည့်မိပါကလည်း သဏ္ဌာန်နိမိတ်မထင်ရှား အပျက်အပျက်တို့ လက်ယှက်သွားနေကြသည်ကိုသာ တွေ့သိနေရပါမည်။ ပြင်ပတစ်ခွင် သက်မဲ့ (သက်ရှိ) ဘာကိုပဲကြည့်မိ၊ ကြည့်မိ အတ္တကိုယ်ထည် မှိန်မှိန် အပျက်အပျက်တို့၏ ရိပ်ရိပ်ချည်းသာတွေ့သိနေရပါမည်။ မိမိခန္ဓာခွင်ထိုင်ရင်းက တွေးကြည့်ပါကလည်း ခြေ၊ လက်အင်္ဂါစသည်များသော်မှ စေ့စေ့တွေးမှ ရေးရေးမျှပေါ်နေတတ်ပါသည်။

သည်မျှမကသေးပါ။ စင်္ကြံကမ္မဋ္ဌာန်းစသည်သွားလျက်က ရှုကြည့်ပါကလည်း ဖဝါးများ မြေကြီးထဲဝင်ဝင်သွားနေသလိုလည်း တွေ့သိရတတ်ပါသည်။ မြေကြီးကပင် ခွက်ဝင်သွားလေရော့သလားလည်း ထင်ရတတ်ပါသည်။

ထိုင်သောအခါတွင်လည်း တင်ပါးကပင် ကြမ်းခင်းထဲနစ်ဝင်သွားသလိုလို၊ ကြမ်းခင်းကပင် တင်ပါးဝန်မခံနိုင်တော့သဖြင့် အတွင်းကျွံဝင်သွားသလိုလို။ သည့်အတူ နံရံသို့ ကျောမှီလိုက်သောအခါများတွင်လည်း ကျောနှင့်နံရံသူ့ဒဏ်ကိုယ်မခံနိုင်၊ ကိုယ့်ဒဏ်မခံနိုင်ဝေမာ မြုပ်ဝင်ကျွံကျတို့ဖြင့် အပျက်တို့အား နေရာတိုင်းမှာ သူ့မျက်နှာဖြစ်နေတော့ရာ လက်ခံထားမိသော ဘဝသနစ်အပြစ်ချည်း မြင်တွေ့နေရပါတော့မည်။ အပျက်ပြီးအပျက်တွေ့ချည်း ဖြစ်နေတော့သဖြင့် ငြီးငွေ့၍ပင်လာပါတော့မည်။

သည်အခါ ထိုးဇာတ်ကလေးအဖြစ် အတွေးသစ်လေးများ ပေါ်လာတတ်ပါသေးသည်။ ဟိုးယခင့်ယခင်ဘဝများစွာ ရလာခဲ့စဉ်တုန်းကလည်းပဲဒါသည် အပျက်ပေါ် အပျက်လဲ၊ အပျက်အပျက်တို့နှင့်ချည်း ပွဲဆက်ခဲ့ရပြီး အပျက်ဆုံးသည်နှင့် အသေဆုံးခြင်းဖြင့် ဘဝများလဲခဲ့ရပြီးပြီ။ ထိုငါ နောက်နောင်ဘဝများစွာရလာဦးမည်ဆိုတာလည်း သည်လိုပဲ အပျက်ပေါ် အပျက်လဲ ပျက်ပွဲကြီးနွှဲရပြီး အပျက်များ အားသေ၊ အပျက်တွေ ကျေပြုန်းက အသေဆုံးပေးပြီးနောက် တစ်ဘဝအသစ်ထဲ ပျက်စဖြင့်ပင် အသစ်လဲခံရပေဦးတော့မည်။

သည်သို့ပင် ခရီးသွားလာရင်း အမှိုက်ပုံကြီးအထက် တက်ရပ်မိလေသူ နောက်ကလာရာလမ်း လှမ်းကြည့်ပါကလည်း ဆူးမှိုက်တို့အကြားမှပင် ဖြတ်သန်းလာခဲ့ရသည်ကို အတိုင်းသား မြင်နေရ၏။

ရှေ့ဆက်ရမည့်လမ်း လှမ်းကြည့်ပါကလည်း မြေထား၊ ရေထား၊ တစ်သားတည်းဖြစ်နေသော ရေလယ်ကျွန်းမျှောပမာ မြင်နေရပြန်၏။ ထိုဆူးမှိုက်များ ရေလယ်ကျွန်းမျှောများအကြားမှာပင် ဖြတ်သန်းသွားလာရဦးမည်ကို အမှိုက်ပုံထက်မှနေကာ အထင်းသားမြင်နေရတော့သည့်ပမာ။

ယခုရောက်ရှိနေသော ဉာဏ်ဘင်္ဂ၏ အပျက်ပုံကြီးပေါ်မှနေ၍ပင် ကာလသုံးပါး အခြားမရှိအလပ်မရှိ တစ်စပ်တည်း၊ တစ်ပြင်တည်းစဉ်လျက် တန်းပြီးသားကို ဒိဋ္ဌမျက်မြင် ဉာဏ်ဝင် ထင်ရှားလာတော့ရာ နောက်ဆို နက်ဖြန်ခါကိုပင် မရောက်လိုစိတ်များ ထွန်းကားလာပါမည်။ နောင်ဆို သန်းခေါင်ကိုပင် ရှောင်လိုစိတ်များလည်း ပေါက်ဖွားလာပါမည်။ ဤသည်မှာ မရှိရာမှလာသူတစ်ဦး မရှိရာသို့ ပြန်ခွင့်ရရန် တာစူလိုက်ခြင်းပင်။

ဤဘင်္ဂရှေ့ထွက် အပျက်အုပ်စုသည် သတိရင့်ကျက် အသိများပါ ငြိမ်သက်စပြုလာနေသော ဉာဏ်နေရာပင်ဖြစ်ရာ သတိက အသိကို သမာဓိသမ္မောဖျှင်ဘွဲ့ပေးအပ်ကာ ကိုယ်ပွားထားပေးသောနေရာလည်း ဖြစ်ပါသည်။

ဤအုပ်စုရောက်သူယောဂီသည် အချိန်၊ နေရာဘယ်လောက်ပင် ပြောင်းလဲထိုင်ထိုင် ဣရိယာပုတ်များ ဘယ်လောက်ပင် ပြောင်းလဲပေးပေး အပျက်နောက် အပျက်ကိုချည်း အချိန်ပြည့်မြင်တွေ့နေရခြင်းကြောင့် ထိုနေရာတိုင်းမှာ သူ့မျက်နှာကို မကြည့်ပါလို၊ မမြင်လိုဖြင့် ရှေ့စိတ်က ရှောင်လွှဲကြည့်၏။ နောက်စိတ်များက မကြည့်ချင်၊ မမြင်ချင်လျက်သားချည်း ဖြစ်နေပြန်၏။

ဤ၌ သတိ၏ တစ်ခဲနက်သိပ်သည်းမှုကြောင့် ရှုကွက်နှင့် စိတ်ချိတ်လျက်သားမိနေချေရာ ခွာမရ၊ ခွဲမလွတ်၊ စွပ်ပြီးသားချည်း ဖြစ်နေတော့၏။ သို့ကြောင့် သည်နေရာ သမာဓိသမ္မောဖျှင်နှင့်ထိုက်တန်သောနေရာပင်ဖြစ်ပါသည်။

တစ်ဖန် ဤဘင်္ဂအုပ်စုတွင်း ဉာဏ်သွင်းမိသူ၏ စိတ်အစဉ်များသည် ယခင် ဥဒယဗ္ဗဉာဏ်ဝင်စဉ်တုန်းက ကြက်၊ ဝက်စသည် သူတစ်ပါးအပေါ် အာရုံပေါ်ခင်မင်မှုအား ကြီးမားလွန်းရာမှ ထဖြစ်သော ကာမရာဂ၊ ဗျာပါဒတို့ လက်စွမ်းပြ၊ ရမ္မက်ကြီးခြင်း၊ အမျက်ကြီးခြင်း လောက်မျှ မျက်နှာလွှဲမှုဖြစ်ပေါ်စေခဲ့ပြီး ဤ၌ကား ငါကိုယ်ငါပင် အထင်ကြီးခြင်း၊ မြတ်နိုးခြင်းများလည်း မရှိ။ ယင်းတို့အားကြီးလွန်းရာ ထဖြစ်လေ့ရှိသော ကိုယ့်ကိုကိုယ်ခင်မင်မှုအားကြီးလွန်းခြင်းပေမ၊ သိမ်းပိုက်ထားလိုခြင်း ဆန္ဒ၊ ပြုစုယုယလိုခြင်းရာဂများပါ နောက်ဖင်ထိုင်ကျသွားကြပါပြီ။

သို့ကြောင့် ကျောက်ထပ်ကျောက်ချပ်များအပူနှင့်ဝေးလာရာမှ ထိုကျောက်တို့၏ အတွင်းနေမြေနုများ၌ ရေစိုအားများ ဖွားစပြုလာပြီပမာ။ ဤနေရာ သူ့၌ မမင် ငါခင်မထား စိတ်စဉ်နှင့် အခင်ထားတခြားစီဖြစ်လာနေပါတော့သည်။

ဘင်္ဂသည် ရင်ဝစူးနေသော လှံ၊ အမြန်နုတ်ချွတ်ပေးမည့် လက်၊ လာမည့်သခါရုပေက္ခာစုသည် ခေါင်းမီးကို အမြန်လှိုးလွှဲပေးမည့်လက်။

သည့်နောက် မီးရှိန်မီးညွန့်ကြီးများ စားမတတ်ဝါးမတတ် ပတ်ပတ်လည် ဝိုင်းရံထိုးဖောက်ခံရခြင်းကြောင့် အကြောက်ကြီး ကြောက်ရွံ့နေလေသူတစ်ဦးကို သူ့အား ဝင်လည်းမကယ်နိုင်၊ မကယ်လျှင်လည်း အလကားသက်သက် သူအသက်ဆုံးရှုံးမည်ကို သိနေသော ဝန်းကျင်ဆွေမျိုး မိတ်ကောင်းပျိုးတို့က ပြင်ပမှနေ ဟော့လူကြောင်မနေနဲ့၊ ကြောက်မနေနဲ့။ ကြောက်လည်း အရဲစွန့်။ မီးညွန့်ကြားမှ တအားပြေးထွက်လာခဲ့ပါ။

မီးကြားမှ တအားပြေးထွက်ခဲ့လျှင် မီးအဟပ်ကြောင့် အရေပြားကျိန်းစပ်ရုံရယ်။ မီးဒဏ်သင်ခေါင်းငုံ့ခံနေခဲ့လျှင် သေရာပြန်ဟန်မရ မရှုမလှဖြစ်လိမ့်မည်။ အရဲစွန့်။ ဤသို့ ဝိုင်းအော်ဟစ်ကြွေး ရဲတင်းရန် အသံပေးကြောင့် ကြောက်လျက်က မျက်စိမှိတ်တိုး မီးလွတ်ဘက်ထိုးထွက်လာခဲ့သူပမာ။

အပျက်မှ လွတ်လိုစိတ်အားကြီးမားလာနေခြင်း၊ သခါရမှ လွတ်လိုစိတ်များ အင်အားကြီးထွားလာနေခြင်း၊ ဤအင်အားများ၏ ဝိုင်းဝန်းအားပေးခြင်းကို ခံခွင့်ရလာသောကြောင့် စိတ်သည် ကြောက်ကြောက်နှင့်ပင် မြင်လက်စအပျက်မြင်ကို ဖိနင်းရှုကြည့်လေတော့ရာ အပျက်များကား တဖြည်းဖြည်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

မှိန်ကျပြနေ၏။ ဖြစ်ပျက်မြင်လည်း တဖြည်းဖြည်းချင်း လင်းပြလာနေ၏။

အသိကလေးသည် ထိုအတော အတွင်း မှတ်လက်စရှုကွက်မှတ်ရင်းက တခြားသို့ ရုန်းထွက်နေသလို ဖြစ်လာ နေတတ်ပါသည်။ တခြားတစ်ဖက်သို့ ရုန်းထွက်မည်ဟန်ပြင်တိုင်းလည်း သတိ က ပြန်ဆွဲသွင်းပေးနေသလိုလည်း ဖြစ် နေတတ်ပါသည်။ ဤသည်မှာ သင်္ခါရမှ လွတ်လိုမှုစိတ်၏ သဘာဝသတ္တိပင် ဖြစ် ပါသည်။

သည်မှနောက် ဖြစ်ပျက်မြင်များ အားကောင်းလာပြီး လက္ခဏာမြင်အ ချက်ဘက် အကွက်လှည့်လာနေချေရာ နေရာပြောင်းချင်စိတ်များ ထူးကဲစွာ ဖြစ် ပေါ်လာတတ်ပါသည်။

ထိုင်မှတ်ရသည်ကိုပင် အားမရလှ သဖြင့် ထမှတ်လိုခြင်း၊ တစ်ဖန်ထ၍ စင်္ကြံဖြင့် မှတ်ကြည့်ပြန်ကလည်း အား မရလှသဖြင့် ထိုင်မှတ်ရသည်ကမှ ဟုတ် သလိုရှိသေးဆိုကာ ထိုင်မှတ်လိုခြင်း စသည်ဖြင့် ခွေးနာလောက်ထိုး ယောက် ယက်မျိုးပမာ ဂနာမငြိမ် စိတ်ဏ္ဍေမရ ဖြစ်လာတတ်လှပါသည်။

ယင်းမှာ ပဋိသင်္ခါဉာဏ်ကူးစ၏ လက္ခဏာအမြင် ထင်ရှားစွာ မြင်တွေ့လို မှုအားကြီးနေခြင်း၏ သင်္ကေတများပင် ဖြစ်ပါသည်။

သို့တစေလည်း စိက်အလို ကိုယ် မပါစေသင့်၊ စိတ်အကြံ သတိလက်မခံ သင့်၊ သတိသွင်း တင်းတင်းရင်းရင်းဖြိ ရှု မြဲတိုင်းရှုကြည့်စေသင့်ပါသည်။

ထိုစဉ် ဤဂနာမငြိမ်စိတ်၏ ဆိတ် ဆွဲအဆွဲခံနေရခြင်းကြောင့် မှိုင်းသွင်း၍ မပြည့်ခင်ရှိ မီးပုံးပျံကြီး ယိမ်းယိုင်လှုပ် ရှားတတ်တော့မလို ယွန်းတော့မလို ကစားပြနေပါသည်ပမာ။ ကိုယ်ကာယ သည်လည်း ယိမ်းယိုင်လှုပ်ရှား ကစားပြ နေတော့ရာ ရံတစ်ခါ ရှေ့ထိုးနောက်ငင် လည်း ဖြစ်နေတတ်ပါသည်။ ရံတစ်ခါ ဘယ်ယိမ်း၊ ညာန္တဲ့လည်း ဖြစ်နေတတ်ပါ သည်။

အင်အားကြီးမားလွန်းပါက ရွှေ့ဝပ်ကျသွားလိုက်၊ နောက်လန်ကျသွား လိုက်အထိပင် ဖြစ်လာတတ်ပါသည်။ လက္ခဏာများ ပီပီထင်ထင်မြင်ခွင့်ရလာ လျှင်ကား ငြိမ်ငြိမ်သက်သက် ပြန်ဖြစ် လာပါမည်။ သည်နေရာမြင်ခွင့်ရလက္ခဏာအမြင်များ အခြားဉာဏ်များက ထက် အဆများစွာ ပိုထင်ရှားနေပါမည်။

လက္ခဏာစဉ် ပြန်လည်ဆင်ခြင် သော ဤပဋိသင်္ခါဉာဏ်သည် အတန်း ကျောင်းများ၏ ကိုးတန်းအောင်အဆင့် တွင် အတန်းမြှင့်အဆင့်ရွေးလိုင်းကိုပါ ရွေးပေးသည်ပမာ။

မိမိတို့၏ ဉာဏ် ထက်၊ လတ်၊ နုံ့ သို့ လိုက်၍ နုံ့သူက နိစ္စလက္ခဏာအမြင် ဖြင့် ရွေ့ပွဲဝင်ခွင့်ရစေပါသည်။ အလတ် က ဒုက္ခလက္ခဏာအမြင်ဖြင့် ရွှေ့ပွဲဝင် ခွင့်ရစေခဲ့ပါသည်။ သတိ၏ စေ့စပ်ခြင်း၊ စူးစိုက်ခြင်း အသိ၏ပါးလျင်ခြင်းဆိုသော ကျင့်၊ တည်၊ သိ၊ သီလ၊ သမာဓိ၊ ပညာ သုံးခုတို့၏ ခြားနားချက် ဤသို့သော ဉာဏ်တွဲများကျ အထူးစကားပြောပါ သည်။

ထိုစဉ် စေ့စပ်ခြင်း အထွတ်တင် ရှုသူကား အတည်ရှိ အသိမိရုံမျှသာရှိ၍ ဖြစ်ပါသည်။ စူးစိုက်အထွတ်တင်ကား အတည်အသိ နှစ်ခုမိရုံမျှသာရှိ၍ ဖြစ် ပါသည်။ ဉာဏ်ပါးသမားကား ကျင့် တည်သိ အားလုံးမိနေ၍ ဖြစ်ပါသည်။

ယောဂီသည် လက္ခဏာအမြင် ဤသုံးချက်အားသန်ရာအချက် ဆွဲကိုင် လျက်ကပင် သင်္ခါရုပေက္ခာဉာဏ်ဘက် ကူးဆက်ကြရမြဲ ဖြစ်ပါသည်။ သင်္ခါရ - ကိုယ်ပြုပြင်ပေးနေရမှုကို ဥပေက္ခာ လက်လွှတ်လိုက်တော့ခြင်း။

ထိုစဉ် ဤဉာဏ်၌ အတ္တ၏ ကိုယ် ထည်ရိုးပြု ဘာတစ်ခုမှမတွေ့ရတော့ဘဲ ဓာတ်၊ သဘော၊ အငွေ့အရှိန်တို့၏ အသက်ဝင် အသက်ထွက် သဘောမျှ သက်သက်ကိုသာ တွေ့သိခွင့်ရနေတော့ ရာ မိမိမှမဟုတ်၊ အခြားပြင်ပအာရုံများ ကိုပါ အကောင်းချည်းပဲဆိုလည်း မမှု၊ အာရုံပင်မပြုမိတော့ပါ။ အဆိုးကြီးပါဆို လည်း မတုန်ဖြုံဘဝင်မခုန်တော့ပါ။

သုခ၊ ဒုက္ခဝေဒနာနှင့် ဘာညာ မှတ်သားထားမှု ပြင်ပမှတ်ချက်ယူ တာ ဝန်ခံသညာများ အလွှာလိုက်ကွာကျ သွားခြင်း၏ သင်္ကေတများ ဖြစ်ပါသည်။ အတားငါးချက် ပုံပျက်ပန်းပျက် အသက် မဝင်တော့ခြင်း၏ သင်္ကေတလည်း ဖြစ် ပါသည်။

သည့်အတူ သဘောမျှအသိက အတွင်းထားအရှိကို ထိထိမိမိကြီး အသိ ကြီးစိုးနေခြင်းကြောင့် ကြောက်ခြင်းနှင့် နှစ်သက်ခြင်း နှစ်ပါးလည်း ကွာကျသွား ပါမည်။ ကမ္မဋ္ဌာန်း၌ အားပေးအား မြှောက်အလုပ်လည်း နောက်ဆုတ်ပေး လိုက်ရပါသည်။

သို့ကြောင့် ဤဉာဏ်နေရာတွင် တစ်ဖက်အာရုံစဉ်၌လည်း အခင်မဝင်၊ အမင်ကင်း။ မိမိကိုယ်၌လည်း အခင် မဝင်၊ အမင်ကင်း။ ဥပေက္ခာဝေဒနာ၏ လေဟာနယ်တွင်း၌သာ ဉာဏ်စားကျက် သွင်းထားတော့ရာ ကိုယ်ကာယအား ထွက်သက်၊ ဝင်သက်များဖြင့် ပြုစုလုပ် ကျွေးမွေးမြူပေးနေရခြင်း ကာယသင်္ခါရ အမှု ဤ၌ ကြောင့်ကြစိုက်၍ မပြုကျင့် တော့ပါ။ နှုတ်ဝစီအား ဝေဒနာ၊ သညာ များဖြင့် ပြုစုယုယပေးကာ စကားစုံပိုံစံ ချပေးနေခြင်းဝစီသင်္ခါရမှုလည်း အလွတ် ကြီးလွတ်နေပါမည်။ စိတ်ကို ကြံစည် ပေး၊ သုံးသပ်ပေး ဝိတက်၊ ဝိစာရတို့ဖြင့် အလှဆင်ပေးနေရခြင်းများမှာမူကား သတိဉာဏ် (သမာဓိဉာဏ်) အဝင်သန် လာချိန်ဖြစ်သော စျာန်စိတ်တို့၏ ဒုတိယစျာန်စိတ်နှင့် ညီမျှသည့် ဥဒယဗ္ဗ ယဉာဏ်လောက်မှစတင်ကာ ထိုမနော သင်္ခါရမှုများလည်း အလုပ်နားခွင့်ရခဲ့ကြ ပါသည်။ သို့ကြောင့် ဤနေရာ သင်္ခါရု ပေက္ခာအမည်တွင်စေပါသည်။

ကာယ၊ ဝစီ၊ မနော သုံးပါးစလုံး သဘောမျှ အတွင်းထဲ စင်းစင်းလဲနေ သောကြောင့် ဖြစ်ပါသည်။ ဤသင်္ခါရု ပေက္ခာဉာဏ်အုပ်စုကြီးအတွင်း ဉာဏ် ဝင်စိတ် ချင်းနင်းမိသည်နှင့် ကြက်၊ ဝက် စသည် အသားလည်းမရှိ၊ အာရုံခံစားလို ခြင်းလည်းမရှိကြောင့် သူမှဖြစ်သော ကာမရာဂ၊ ဗျာပါဒများလည်း ခေတ္တအ နားယူနေကြရာ ငါ၊ သူ စသည် အမှတ် အသားလည်းမရှိ ငါ့ဖို့ သူ့ဖို့ ဖို့ထွက်ခြင်း လည်း မရှိကြောင့် ငါမှဖြစ်သော ကာမ ရာဂ၊ ဗျာပါဒများလည်း အနားမသိရဲကြ တော့ရာ ရာသီပူ၊ ဥတုပူဝေးသွားသဖြင့် ကျောက်ထပ်လည်း အေး၊ ကျောက်ချပ် အေးဖြစ်လာတော့ကာ ကျောက်တွင်း နေ မြေစုနှင့်ရေစုများလည်း အရည်လိုမ့် စိမ့်ထွက်၊ လိမ့်လက်သဘာဝပြသစ အချိန်ပင် ဖြစ်ပါသည်။

ကာမရာဂ၊ ဗျာပါဒနှစ်ပါး အပြန် အလှန် မကစားတော့ခြင်းကြောင့် ငါ၊ သူနှစ်ပါးအမျှထားလာသော မေတ္တာ၏ ဥပစာပင် ဖြစ်ပါသည်။ တွေ့ထိသိခွင့် အာရုံများသော်မှ ချို၊ ချဉ်၊ ငန် စသည် အရသာ မိမိသဘောမျှ သိသိနေခြင်းပင် ပြေလျော့ပျောက်စဲသွားပါတော့သည်။

သို့ကြောင့် မဟာစည်ဆရာတော် ဘုရားကြီးက ဤဉာဏ်အဆင့်ရောက် သူများသည် ရဟန္တာအရှင်များ၏ စိတ် နှင့် တစ်စိတ်တစ်ဒေသအားဖြင့် တူညီ နေကြောင်း မှတ်ချက်ပြုသွားခြင်း ဖြစ်ပါ သည်။

(ဆက်ရန်)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဧည့်ယျမွေသာမိထေရ်)

www.burmeseclassic.com

စာရေးသူသည် လွန်ခဲ့သော (၁၀) နှစ်ခန့်က သူငယ်ချင်းတစ်ဦး၏ ခေါ်ဆိုမှုအရ အကျွတ်အလွတ်ပွဲကျင်းပသည့် သချိုင်းဇရပ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ဘုန်းတော်ကြီးတစ်ပါး (ဘွဲ့အမည် မမှတ်မိတော့ပါ။) ၏ မိန့်ဆိုမှုကို မှတ်သားမိခဲ့ပါသည်။ မိမိ၏မိဘ၊ ဆွေမျိုးဉာတိများ သေဆုံးသွားပါက ၎င်းတို့အတွက်ရည်စူးပြီး ကုသိုလ်ဒါနပြုလုပ်ရာတွင် တမလွန်ရောက်သူများကို ကုသိုလ်အကျိုး၊ သာဓုခေါ်ဆိုနိုင်ရန် မည်သို့ဖိတ်ကြားခေါ်ဆောင်ရမည်ကို စာရွက်များဝေ၍ ရှင်းလင်း မိန့်ကြားခဲ့ပါသည်။ စာရေးသူ၏ ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးနှင့် အိမ်သူသက်ထားအတွက် ရည်စူးကုသိုလ်ကောင်းမှုပြုတိုင်း ဘုန်းဘုန်းမိန့်ကြားသည့်အတိုင်း ဖိတ်ခေါ်မှု၊ အကူအညီတောင်းခံမှုပြုပြီးမှ ရည်စူးကုသိုလ်ပြုလုပ်ခဲ့ရာ ထိရောက်မှုရှိကြောင်း တွေ့ကြုံရပါသည်။

တမလွန်ရောက်နေသူများသည် ၎င်းတို့သေခါနီးဆဲဆဲတွင် ဖြစ်ပေါ်လာသောဇောကြောင့် ဘဝကူးကောင်းသူရှိသလို ဘဝကူးမကောင်းသူများရှိကြပါသည်။ ကွယ်လွန်သူများ လားရာဘုံဘဝ (၅) ဘုံရှိရာ ရည်စူးကုသိုလ်ရရှိနိုင်သည့် ဘုံဘဝသည် ပြိတ္တာဘုံဘဝသာ ဖြစ်သည်။ ဤဘုံဘဝသည် စိတ်စွဲလမ်းမှု မမှန်ကန်၍ ရောက်ရှိရခြင်း ဖြစ်သည်။ လူသည် သံယောဇဉ်များသောသူ ဖြစ်ပါသည်။ မိမိနှင့် အနီးစပ်ဆုံးနေကြသူများအပေါ်၌ လည်းကောင်း၊ ပစ္စည်းဝတ္ထုများအပေါ်၌လည်းကောင်း၊ စွဲလမ်းမှုအားကြီးသူများပီပီ သေခါနီးဆဲဆဲ၌ စွဲလမ်းမှုမမှန်မကန်မှုအပေါ် နိမ့်ကျဆင်းရဲသောဘုံဘဝသို့ သက်ဆင်းရသူများ များပြားမည် ဖြစ်ပါသည်။ သို့ပါ၍ နိမ့်ကျဆင်းရဲသောဘုံဘဝမှ မြင့်မား

(ကျောက်ဆည်)

## ဆွေမြင့်

## တမလွန်ဘဝသို့ရောက်ရှိနေသော မိဘ၊ဆွေမျိုးတို့အား လာရောက်သာဓုခေါ်ဆိုနိုင်ရန် ဖိတ်ခေါ်ခြင်း



ချမ်းသာသောဘုံဘဝသို့ ကူးပြောင်းစေရန် ကျန်ရစ်သောမိသားစု၏ တမလွန်ရောက်သူကို ဖိတ်ကြားခေါ်ဆိုမှု မှန်ကန်ရန် လိုအပ်ပါသည်။

ကွယ်လွန်သူများအတွက် ရည်စူးအလှူဒါနပြုရာတွင် ကွယ်လွန်သူအားကုသိုလ်သာဓုခေါ်နိုင်ရန် ဖိတ်ခေါ်မှုများအမျိုးမျိုးကွဲပြားနေသော်လည်း ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ရမှုမှာ အံ့တူတူပင် ဖြစ်သည်။ သေဆုံးသူများအား အိမ်တွင် (၃) ရက်၊ (၅) ရက် စသည်ဖြင့်ထားပြီးမှ သဂြိုဟ်ခြင်းသည် မိမိတို့၏မိသားစုအခြေအနေအရ ထားကြခြင်း ဖြစ်သည်။ သို့သော် ရက်လည်ဆွမ်းကပ်၍ သေဆုံးသူအတွက် အလှူဒါနပြုခြင်းသည် သေဆုံးသူ၏ မိသားစုဝင်တိုင်း ပြုလုပ်ကြမြဲ ဖြစ်ပါသည်။ လပတ်လည်၊ နှစ်ပတ်လည် စသည့်ကုသိုလ်ဒါနပြုမှုတို့သည် ကျန်ရစ်သူမိသားစုဝင်တိုင်း ပြုလုပ်နိုင်ကြမည် မဟုတ်ပါ။ ၎င်းတို့ စီးပွားရေးအခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် သေဆုံးသူ၏ ရက်လည်တွင်ပြုလုပ်သည့် အလှူဒါနသည် ဒေသတိုင်းရှိ ဗုဒ္ဓဘာသာဝင်တိုင်း ပြုလုပ်သည့် ဓလေ့ထုံးစံဖြစ်သဖြင့် ဤရက်လည်တွင် သေဆုံးသူအား ဖိဖိစီးစီးဖိတ်ခေါ်မှု မှန်ကန်ပါက ထိရောက်အကျိုးရှိမည် ဖြစ်ပါသဖြင့် ဤစာစုကို ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူးအလှူဒါနပြုလုပ်မည့် နေ့ရက်မတိုင်မီ အနီးဆုံးရက်နေ့ ညနေ နေဝါခါနီးနှင့် ဆွမ်းကပ်အလှူဒါနပွဲပြုလုပ်မည့်နေ့နံနက်စောစောတွင် ရည်စူးအလှူဒါနပွဲပြုလုပ်မည့် အိမ်ရှေ့လမ်းပေါ်မှ ကွယ်လွန်သူ၏ အမည်တပ်၍ (၃) ကြိမ်တိုင်တိုင် ဖိတ်ခေါ်ရပါမည်။ ဤသို့ဖိတ်ခေါ်ရာတွင် ကွယ်လွန်သွားသူများ၏ နယ်ပယ်၌ အနှောင့်အယှက်အဟန့်အတားများရှိနေကြပါသည်။ လူ့ဘဝလောကမှာကဲ့သို့ ကြီးသူက ငယ်သူကို အနိုင်ကျင့်ခြင်း၊ မတရားထိန်းချုပ်ထားခြင်းများ ပြုလုပ်ကြပါသည်။ ထိုသို့ အနှောင့်အယှက်အဟန့်အတားများမပြုလုပ်နိုင်ရန် တမလွန်ရောက်နေသူများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဒေသဆိုင်ရာပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များကို အမျှပေးဝေ၍ တစ်ဆက်တည်း အကူအညီတောင်းခံပန်ကြားထားရန် လိုအပ်ပါသည်။ ထို့ကြောင့် တမလွန်ရောက်သူကို လာရောက် သာဓုအနုမောဒနာခေါ် ဆိုနိုင်ရန် ဖိတ်ခေါ်မှုနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို အကူအညီတောင်းခံနည်းများကို တစ်ဆက်တည်း တင်ပြအပ်ပါသည်။

အောက်ပါဖော်ပြချက်မှ ကွက်လပ်ချန်ထားမှုများသည် ကွယ်လွန်သူနှင့် သက်ဆိုင်သည့် အကြောင်းအရာများ ဖြည့်စွက်ရန် ဖြစ်သည်။ ဖိတ်ကြားရာ၌ ကွယ်လွန်သူ၏ ဆွေမျိုးအနီးစပ်ဆုံးပုဂ္ဂိုလ်မှ (၃) ကြိမ် အသံထွက်၍ (စိတ်ထဲမှ မဟုတ်ပါ) ဖိတ်ခေါ်ရပါမည်။

"××× ရက်နေ့ကနေအိမ်/ လမ်း/ ဆေးရုံ/နိုင်ငံခြားမှာသေဆုံးသွားတဲ့ ××× နေ့သား/သမီး ဦး/ ဒေါ်×××ကို သား/သမီး/လင်သား/ဇနီးဖြစ်တဲ့ ဦး/ ဒေါ်/မ/မောင် ××× က ဖိတ်ခေါ်ပါတယ်။ ××× ခု၊ ××× နေ့ နံနက် (×××) နာရီမှာ ရက် လည်/××× လပြည့်/××× နှစ်ပြည့် ရည်စူးပြီး အလှူဒါနပြု အမျှပေးဝေမှာဖြစ်တဲ့အတွက် ××× ရပ်နေအိမ်ကို လာရောက်ပြီး အတူတကွအလှူဒါနပြုသာဓုခေါ် ဖို့ရာလာပါလို့ ဖိတ်ခေါ်အပ်ပါတယ်"

ကွယ်လွန်သူကို ဖိတ်ခေါ်ပြီးတဲ့နောက် ဆက်လက်၍ ကိုယ်နေထိုင်ရာအရပ်၊ ဒေသအလိုက် စောင့်ရှောက်ကြတဲ့ ဘိုးဘိုးကြီးတွေ၊ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှဝေပြီး အကူအညီတောင်းခံရန် ဖြစ်ပါတယ်။

"×××ဘိုးဘိုးကြီးနဲ့တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့တော်ရှင်၊ ရွာတော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင်၊ ဒေသပိုင်များအားလုံးကို ကျွန်တော်/ကျွန်မတို့ ယခင်-ယခုပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးပို့ပါတယ်။ အမျှ၊ အမျှ၊ အမျှယူတော်မူကြပါ။ သာဓုခေါ်တော်မူကြပါ။ သာဓုခေါ် ရန် ခေတ္တစောင့်၍ ဆက်လက် အကူအညီတောင်းခံရပါမည်။

ကျွန်တော်/ကျွန်မတို့ ပေးပို့တဲ့ အမျှမေတ္တာကုသိုလ်ရဲ့အဖို့ဘာဂတွေကို ဝမ်းမြောက်ဝမ်းသာသာဓုအနုမောဒနာခေါ် ဆိုကြပြီးလျှင် ×××ရက်နေ့က ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော်/ ကျွန်မတို့ရဲ့ အဖေ/အမေ/ဇနီး/ခင်ပွန်းဖြစ်တဲ့ ဦး/ဒေါ်××× ကို ××× ရက်နေ့ နံနက် (---)နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ ဒေါ်×××အတွက် ရည်စူးပြီးပြုလုပ်သော ရက်လည်/××× လပြည့်/××× နှစ်ပြည့် အလှူဒါနပွဲကို ကွယ်လွန်သူ ဦး/ဒေါ် ရောက်ရှိနေတဲ့ဘဝ၊ ရောက်ရှိနေတဲ့နေရာကနေ အလှူဒါနပွဲပြုလုပ်မယ့် ××× ရပ် နေအိမ်ကို လာနိုင်အောင် ကူညီပြီး အကြောင်းကြားပေးကြပါ။ စေလွှတ်ပေးတော်မူကြပါ။ သူလာရာလမ်းခရီးမှာလည်း အနှောင့်အယှက်၊ အဟန့်အတားများရှိနေပါက ကူညီပြီး ဖယ်ရှားရှင်းလင်းပေးတော်မူကြပါ။ နေအိမ်အတွင်း ဝင်ခွင့်ပေးတော်မူကြပါလို့ အနူးအညွတ် ပန်ကြားအပ်ပါတယ် ခင်ဗျား/ရှင့်"

(၃) ကြိမ်တိတိ အသံထွက် (စိတ်ထဲမှ မဟုတ်ပါ)၍ အကူအညီတောင်းခံပြီးနောက် အထက်ပါပုဂ္ဂိုလ်ထက် အဆင့်မြင့်ပုဂ္ဂိုလ်များထံကိုလည်း ဆက်လက် အကူအညီတောင်းခံရပါမည်။

"ကျွန်တော်/ကျွန်မတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်အပေါင်းတို့နှင့်တကွ နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့အား ရည်မှန်း၍ ကျွန်တော်/ကျွန်မတို့ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှမေတ္တာပေးပို့ပါတယ်။ အမျှ၊ အမျှ၊ အမျှယူတော်မူကြပါ။ သာဓုခေါ်တော်မူကြပါ။ သာဓုခေါ်နိုင်ရန် ခေတ္တစောင့်ပြီး ဆက်လက်ပန်ကြားအကူအညီတောင်းခံရန် ဖြစ်ပါသည်။

ကျွန်တော်/ကျွန်မတို့ ပေးပို့သော အမျှမေတ္တာကုသိုလ်၏ အဖို့ဘာဂတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ် ဆိုတော်မူကြပြီးလျှင် ကွယ်လွန်သွားလေပြီဖြစ်သော ကျွန်တော်/ကျွန်မတို့၏ ဖခင်/မိခင်/ဇနီး/ခင်ပွန်းဖြစ်သူ ဦး/ဒေါ်××× ကို ××× ရက်နေ့ နံနက် (×××) နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ဒေါ် အတွက် ရည်စူးပြီး ပြုလုပ်မယ့် ရက်လည်/လပြည့်/နှစ်ပြည့် အလှူဒါနပွဲ ပြုလုပ်သော (×××)ရပ်နေ အိမ်ကို ရောက်အောင် စေလွှတ်ပေးတော်မူကြပါ။ အနှောင့်အယှက်၊ အဟန့်အတားများကိုလည်း ဖယ်ရှားရှင်းလင်းပေတော်မူကြပါရန် အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ် ခင်ဗျား/ရှင့်"


(၃) ကြိမ်တိတိ သေသေချာချာ ပန်ကြားရန် ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူးပြီး ရက်လည်ဆွမ်းကပ်ရာ၌ မိမိတို့၏ အင်အားအလျောက် လှူဖွယ်ပစ္စည်းထည့်ဝင်လှူဒါန်းပါက ပိုမိုဖြစ်ထွန်းအောင်မြင်ပါသည်။ လှူဖွယ်ပစ္စည်းမှာ သင်္ကန်း အဓိကထား လှူဒါန်း၍ ထီး၊ ဖိနပ်၊ ယပ်ပါဝင်နိုင်အောင်လှူဒါန်းပါက ပို၍ကောင်းမွန်ပါသည်။


တမလွန်ဘဝသို့ ရောက်နေသူတိုင်း သုဂတိဘုံသို့ ရောက်ရှိစေကြောင်း မေတ္တာဆန္ဒမွန်ဖြင့် -

ခွေမြင့်(ကျောက်ဆည်)


www.burmeseclassic.com



အင်းခေါင်းကျောင်း
မြသိန်းတန်စေတီတော်ဝင်းအတွင်းရှိ
ရုစ်မျက်နှာဘုရား



အင်းခေါင်းကျောင်း
မြသိန်းတန်စေတီတော်၏အရှေ့တောင်ထောင့်ရှိ
ဆုတောင်းပြည့်စေတီတော်




ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ပုံ
လေးမျက်နှာဘုရား


# ရေးခေတ်ဟောင်း အင်းခေါင်းကျောင်းတိုက်ကြီး

## ဒေါက်တာဒေါ်နု(တောင်ကြီး)

ဆရာတော် ဦးကောဝိဒ (ကြောင်မြူဆရာတော်) သည် အင်းခေါင်းကျောင်းတိုက်အား ကောဇာနှစ် ၁၁၉၇ ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့ပါသည်။ ဦးကောဝိဒ ၁၂၄၀ ပြည့်နှစ်တွင် ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးသုန္ဒရ (၁၂၄၀ - ၁၂၈၇)၊ ၎င်းနောက် ဆရာတော် ဦးမုနိန္ဒ (၁၂၈၇ - ၁၃၁၈)၊ ၎င်းနောက် ဆရာတော် ဦးအဂ္ဂညာဏ (၁၃၁၈-၁၃၃၇)၊ ၎င်းနောက် ဆရာတော် ဦးနန္ဒိယ (၁၃၃၈ ခုနှစ်မှ ယခုထိ) မဟာထေရ်မြတ်ငါးပါးတို့က နှစ်ပေါင်း (၁၇၈) နှစ်တိုင်တိုင် သာသနာ့အမွေကို ပေးဝေနေခဲ့သော ထေရဝါဒဗုဒ္ဓကျောင်းတော်



အင်းခေါင်းကျောင်း မြသိန်းတန်စေတီတော်
ထီးတော်၏အနီးကပ်မြင်ကွင်း




အင်းခေါင်းကျောင်းထိုင်ဆရာတော်
ဦးနန္ဒိယနှင့် လ/ထ ဦးပဥ္စင်းများ



အင်းခေါင်းပင်မကျောင်းဆောင်ကြီး
(၁၂၄၇ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ရေစက်ချ)

www.burmeseclassic.com



အင်းခေါင်းကျောင်းရှိ လျောင်းတော်မူရုပ်ပွားတော်နှင့် အာရုံခံတန်ဆောင်း (၁၃၅၆ ခု)

ကြီးတစ်ကျောင်းဖြစ်နေပါတော့သည်။

အဆိုပါ အင်းခေါင်းကျောင်းကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့၏ အနောက်တောင်ဘက်ရှိ အင်းခေါင်းကန်ကြီးကို စီးမိုးနေသော တောင်ကုန်းကြီး၏ထိပ်ပေါ်တွင် တည်ရှိနေပါသည်။ ကျောင်းတော်ကြီး၏အရှေ့ဘက်တွင် လှိုင်ကိုးရွာ၊ တောင်ဘက်တွင် လှည်းတိုးနှင့် နောင်တဖန်ရွာ၊ အနောက်ဘက်တွင် ကန်ဒလက်ရွာတို့ တည်ရှိပြီး အဆိုပါရွာလေးရွာတို့၏ ရွာဦးကျောင်းလည်း ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ခန့်က အင်းခေါင်းရွာနေ မောင်အိပ် ဆိုသူက ယခုလက်ရှိ အင်းခေါင်းကျောင်းနေရာတွင် တရားကျင့်နေသော ရသေ့သူတော်စင်တစ်ပါးအား အုတ်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းရာမှ



အင်းခေါင်းကျောင်းတိုက်ဘုရားခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းဟသာ်မင်းအား
တံခွန်တိုင်ဖြင့် ပူဇော်ထားပုံ




မြသိန်းတန်စေတီတော်နှင့် အာရုံခံတန်ဆောင်း၊ ဝဲနှင့်ယာတွင် မူလကျောင်းဟောင်းမှ
သံဃာဆောင်နှစ်ဆောင်ကို ရှေးမူမပျက် ထိန်းသိမ်းထားပုံ



အင်းချောင်းကျောင်းတိုက်ဘုရားခန်းအတွင်းမှ
ကြည်ညိုဖွယ်ရာ ဘူမိဖဿမုဒြာရုပ်ပွားတော်



အင်းခေါင်းကျောင်းမှနဂါးရုံဘုရား
(ရာဇာအောင်မိသားစုဒါန)



အင်းခေါင်းကျောင်းတိုက်
မြောက်ဘက်ဘုရားဆောင်



သားတော် သီဟဗာဟုမင်းသားရုပ်တု
(အရှေ့မြောက်ထောင့်)



သီဟဗာဟုမင်းသား၏မယ်တော်ပုံရုပ်တု
(အနောက်တောင်ထောင့်)



ဖခင် သီဟဘုရင်ပုံ
(အရှေ့တောင်ထောင့်အရပ်)




www.burmeseclassic.com

www.burmeseclassic.com



အင်းခေါင်းကျောင်း၏ရှေးဟောင်းသိမ် (၁၂၉၇၊ တန်ခူးလဆန်း ၁၃ ရက်၊ ရေစက်ချ)



ရာဇာအောင်မိသားစုမှလှူဒါန်းသော
မဟာဗောဓိညောင်ပင်ရင်းရှိ
အာရုံခံတန်ဆောင်းနှင့်
အပရာဇိတမာရ်အောင်မြင်ရုပ်ပွားတော်



အင်းခေါင်းကျောင်း ရှင်သာမဏေကျောင်းဆောင်



အင်းခေါင်းကျောင်းရှိ ဥပုသ်သည်ဇရပ်

အင်းခေါင်းကျောင်းသမိုင်း စတင်ခဲ့ပါသည်။

တစ်နေ့သောအခါ တမွဲကုန်း (ယခုမြို့ကုန်းရပ်ကွက်)ရွာမှ မောင်ပေါက်ကြိုင်း ဆိုသူက အဖိုးတစ်သိန်းတန်သော မြကျောက်တစ်လုံးကို အဆိုပါ ရသေ့သူတော်စင်ထံ လာရောက် လှူဒါန်းရာ-

ဤရတနာပစ္စည်းတို့သည် ငါတို့ရသေ့ရဟန်းများအတွက် အကျိုးမပြီး အချည်းနှီးသာဟု နှလုံးသွင်းကာ ကောဇာနှစ် ၁၁၉၇ ခုနှစ်တွင် အဖိုးတစ်သိန်းတန်မြကို ဌာပနာသွင်းကာ စေတီပုထိုးတစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်ဟု ဆိုပါသည်။ ဘုရားဒကာမှာ အင်းခေါင်းရွာမှ မောင်အိပ် ဖြစ်ပါသည်။ ထီးတော်ဒကာမှာ ဦးကျောက်လုံး၊ ဒေါ်စောမေ ဖြစ်သည်ဟု ကျောင်းထိုင်ဆရာတော်၏ ဒိုင်ယာရီမှတ်တမ်း၌ တွေ့ရှိရသည်ဟု ဆိုသည်။ ရပ်စောက်မြို့ ဥတ္တံတားရပ်အဘိုး ဦးလှကျော်၊ ဦးမေ၊ ဒေါ်မှုံ၊ ဒေါ်ဖွားစုတို့၏မိဘများ ဖြစ်ကြသည်ဟု ဆိုပါသည်။

ရသေ့သူတော်စင်သည် အင်းခေါင်းရွာဇာတိ ရဟန်းတော်ငယ် ဦးကောဝိဒကို မြသိန်းတန်စေတီတော်ကြီးအားစောင့်ရှောက်ရန်နှင့် အင်းခေါင်းရွာသူရွာသားများ ကုသိုလ်တရားတိုးပွားရန် ရွာဦးကျောင်းအနေဖြင့် အပ်နှင်းလှူဒါန်းကာ ယခု အင်းခေါင်းကျောင်းမြောက်ဘက် ကုန်းတော်မြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား တပည့်သာဝကတစ်ဦးက လက်သည်းညှပ်ပေးနေစဉ်

သို့ ပြောင်းရွှေ့ကာ ကမ္မဋ္ဌာန်းခွင် ဘာဝနာလုပ်ငန်းဖြင့် သီတင်းသုံးနေထိုင်ရင်း ရဟန်းကိစ္စ ပြီးမြောက်ခဲ့သည်ဟု ဆိုပါသည်။

ရသေ့သူတော်စင် ပြောင်းရွှေ့သီတင်းသုံးသောကြောင့် ယနေ့တိုင်အောင် ရသေ့ကုန်းဟု ခေါ်ဝေါ်နေကြပါသေးသည်။

ပထမအစတိုက်တည်ဆရာတော် ဦးကောဝိဒသည် ဒါယကာများ ဆောက်လုပ်လှူဒါန်းသော အုပ်တိုက်ကျောင်းငယ်၌ သီတင်းသုံးကာ ကမ္မဋ္ဌာန်းဘာဝ



အင်းခေါင်းကျောင်းဆင်ဝင်လှေကားထိပ်မှ ကြေးခေါင်းလောင်း



အင်းခေါင်းကျောင်းရှိ ကိုရင်များ စာဝါလိုက်နေစဉ်



အင်းခေါင်းကျောင်းဗောဓိပင်နှင့် အာရုံခံတန်ဆောင်း (ဗောဓိပင်အား ဗုဒ္ဓဂယာမှ ရစ်စောက်စော်ဘွားကြီး စောစောဆိတ်က ၁၂၉၅ ခုနှစ်တွင် ပင့်ဆောင်လာခဲ့သည်)



အင်းခေါင်းကျောင်းမုခ်ဦး



အင်းခေါင်းကျောင်း စတင်ဆောက်လုပ်စဉ်ကပင် တူးဖော်ခဲ့သော ရေတွင်းဟောင်း



www.burmeseclassic.com

www.burmeseclassic.com

နာအလုပ်ကို အားထုတ်တော်မူခဲ့သည်ဟု ဆိုပါသည်။

ပထမဆရာတော်ပျံလွန်တော်မူပြီးနောက် နှစ်ဆက်မြောက် ကျောင်းထိုင်သာသနာပြုဆရာတော် ဦးသုန္ဒရသည် ၁၂၄၀ ပြည့်နှစ်မှ ၁၂၈၇ ခုနှစ်ထိ သာသနာပြုခဲ့ပါသည်။ ၁၂၇၇ ခုနှစ်တွင် အများတကာပေါင်းစု မြတ်ကောင်းမှုဖြင့် လေးဆောင်ပြိုင်ဘုံပြာသာဒ်အဆင့်ဆင့်ပါရှိသောကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြပါသည်။

တတိယမြောက် ဆရာတော် ဦးမုနိန္ဒိမထေရ်မြတ်သည် ၁၂၈၇ ခုနှစ်မှ ၁၃၁၈ ထိ ဆက်လက် သာသနာပြုခဲ့ပါ


မိုင်းပန်မြို့နေ ဦးအောင်သိန်း+ဒေါ်မြဦးတို့လှူဒါန်းထားသော ဗုဒ္ဓမြတ်စွာ၏အတိတ်ဘဝများပန်းချီကားချပ်


အင်းခေါင်းကျောင်းထိုင်ဆရာတော် ဦးနန္ဒိယ (သက်တော် ၉၆)


ရသေ့တောင်ရှိရာအရပ်ကိုညွှန်ပြနေသော ဦးပဥ္စင်း ဦးကောလာသ


ဆရာတော်အား မေမြန်းလျှောက်ထားရန် ဘိုးတော်ဦးထွန်းမြင့်မှ ပင့်ဆောင်လာစဉ်


အင်းခေါင်းကျောင်းတိုက်၏ တတိယဆရာတော် ဦးမုနိန္ဒ (လွန်တော်မူ ၁၃၁၈)


ဆရာတော်မှ ဘိုးတော်ထွန်းမြင့်အား ဩဝါဒချီးမြှင့်နေပုံ




www.burmeseclassic.com


www.burmeseclassic.com

သည်။ ၁၂၉၅ ခုနှစ်တွင် ရပ်စောက်စော်ဘွားကြီး စောစောဆိတ်နှင့်အဖွဲ့ ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွရောက်ပြီး အပြန်ခရီးတွင် ဗောဓိပင်ငယ်ကို ပင့်ဆောင်၍ အင်းခေါင်းကျောင်းတွင် စိုက်ပျိုးပူဇော်ထားပြီး ကဆုန်လ၌ ညောင်ရေသွန်းပွဲ ကျင်းပပါသည်။

သီဟိုဠ်(သီရိလင်္ကာ)မှ စွယ်တော်ပွားကို ပင့်ဆောင်ကာ အင်းခေါင်းကျောင်းတိုက်၌ပူဇော်ထားခြင်း၊ ၁၂၈၈



အင်းခေါင်းကျောင်းတိုက်ဘုရားငါးဆူကျောင်းဆောင် (၁၃၁၅ ခု)



အင်းခေါင်းကန်သို့အဆင်းစောင်းတန်း



အင်းခေါင်းကျောင်း၏ရှိ ရှေးဟောင်းဥပုသ်သည်ဇရပ်များ



အင်းခေါင်းကန်အဆင်းစောင်းတန်း နောက်ခံဖြင့် တရားထိုင်ဂူငယ်



အင်းခေါင်းကျောင်းအရှေ့အရပ်ရှိ အဓိကရညောင်ပင်ကြီး



အင်းခေါင်းကျောင်းရှေ့သစ်ပြင်နောက်ခံဖြင့် ဘိုးတော်ထွန်းမြင့်နှင့် စာရေးသူတို့အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



အင်းခေါင်းကျောင်း၏သာသနာ့စင်



ကျောင်း၏အနောက်ဘက်ရှိ အဓိကရညောင်ပင်ကြီး



အင်းခေါင်းကျောင်းရှိ Sunday School ခေါ် ယဉ်ကျေးလိမ္မာသင်တန်း



အင်းခေါင်းကျောင်းမှ ဦးပဉ္စင်း ဦးဩဘာသအား တူမဖြစ်သူ ဒေါက်တာနန်းကေရီကျော်က ကျန်းမာရေးစစ်ဆေးပေးနေစဉ်

ခုနှစ်တွင် မြသပိတ်စာရေးတံဆွမ်းတော်ကြီးကို စတင်ကျင်းပခဲ့ခြင်း၊ ၁၃၀၆ခုတွင် ရပ် ဓောက်မြို့နယ်လုံးဆိုင်ရာ ဝိနယသဘာစာပြန်ပွဲကို ကျင်းပပေးတော်မူခဲ့ပါသည်။

၁၂၉၇ ခုနှစ်၊ ပြာသိုလပြည့်နေ့၌ အင်းခေါင်းသိမ်ကို သမုတ်တော်မူပြီး တပို့တွဲလဆန်း ၁၅ ရက် နေ့တက်ငါးဖဝါးအချိန်တွင် တိုင်ထူ၍ တပေါင်းလပြည့်ကျော် ၁၅ ရက်နေ့တွင် ထီးတော်တင်လှူပူဇော်နိုင်ခဲ့ပါသည်။ ၁၃၁၅ ခုတွင် ဘုရားငါးဆူကျောင်းဆောင်တော်နှင့်ကိုယ်စားတော်များကို တည်ထား ကိုးကွယ်ခဲ့ပါသည်။

စတုတ္ထဆရာတော် ဦးအဂ္ဂဉာဏသည် ၁၃၁၈ တွင် ကျောင်းထိုင်ဆရာတော်ဖြစ်လာပြီး ၁၃၃၇ ခုတွင် လူပြန်တော်မူခဲ့ပါသည်။

ပဉ္စမမြောက်ဆရာတော် ဦးနန္ဒိယသည် ၁၃၃၇ ခုနှစ်မှ ယနေ့တိုင်အောင် သက်တော် (၉၇) အရွယ်တွင် သတိတရားကောင်းမွန်စွာဖြင့် ဗုဒ္ဓ၏ အဆုံးအမများကို ပို့ချနေဆဲ ဖြစ်ပါသည်။

နှစ်ပေါင်း (၇၀) နီးပါး သက်တမ်းရှိသော မူလကျောင်းဟောင်းအား ၁၃၄၅ ခုနှစ်တွင် ဖျက်သိမ်းကာ နယုန်လပြည့်ကျော် ၈ ရက်နေ့ တိုင်ထူပြီး ၁၃၄၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့ အများဒါယကာပေါင်းစုမြတ်ကောင်းမှုဖြင့် ရေစက်သွန်းချလှူဒါန်းခဲ့ပါသည်။

လက်ရှိအချိန်တွင် အင်းခေါင်းကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော် သက်တော်ရှည် ဦးနန္ဒိယနှင့် ဦးပဉ္စင်း (၉) ပါး၊ ကိုရင် အပါး (၃၀)တို့ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြပြီး ယဉ်ကျေးလိမ္မာသင်တန်းခေါ် Sunday School ကိုလည်း အပတ်စဉ်ဖွင့်လှစ်ပို့ချနေဆဲ ဖြစ်ပါသည်။

ကျောင်းတော်ပေါ်တွင် ၁၉-၉-၂၀၁၃ နေ့စွဲဖြင့် မြို့ကုန်းရပ်ကွက်ကကြီးမှူးကျင်းပသော (၆၇) ကြိမ်မြောက် စုပေါင်းမဟာမြသပိတ်ပွဲတော်၏ ပိတ်စကြော်ငြာကိုလည်း ဖတ်ရှုခဲ့ရပါသည်။ အင်းခေါင်းကျောင်းတိုက် သာသနာပြုလုပ်ငန်းစဉ်များ သာသနာငါးထောင်ထိ အဓွန့်ရှည်တည်တံ့ပါစေသတည်း။

ဒေါက်တာဒေါ်နု (တောင်ကြီး)

www.burmeseclassic.com

ငရဲ ဟူသည် မကောင်းမှုပြုလုပ်သူများ နောင်တမလွန်ဘဝ၌ ဆင်းရဲကြီးစွာခံရရာအရပ်ဟူ၍ မြန်မာအဘိဓာန်ကျမ်းတွင် အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထား၏။ ငရဲ ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား 'နိရယ' ကို မြန်မာမှုပြု လက်ခံသုံးစွဲမှု ဖြစ်၏။ ထို့ကြောင့်ပင် 'အထက်ဘဝဂ် အောက်နရက်' ဟူ၍ ဆိုရိုးစကားပြုခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများတွင် ငရဲကို ဆိုဝ်ငြယ် (ဆိုးငရဲ) ဟူ၍ လည်းကောင်း၊ ငြယ်(ငရဲ)ဟူ၍ လည်းကောင်း ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ ဆိုဝ်ငြယ်၏ ဆိုလိုရင်းမှာ 'ဆိုဝ်+ငြယ်= ဆိုး+နိရယ' ဟူ၍ ဖြစ်သည်။ ဆိုဝ် (ဆိုး) ဟူသည် မြန်မာဘာသာစကားဖြစ်ပြီး 'မကောင်းမှု၊ ဆိုးဝါးခြင်း' ဟု အဓိပ္ပာယ်ရှိသည်။ 'ငြယ်' ဟူသည် ပါဠိဘာသာစကား 'နိရယ' ကို မြန်မာမှုပြုထားခြင်းဖြစ်ပြီး 'ချမ်းသာကင်းသောငရဲ' ဟူ၍ အဓိပ္ပာယ်ရှိသည်။

ပုဂံခေတ် ကျောက်စာများသည် အလှူမှတ်တမ်းများ ဖြစ်သောကြောင့် ကျောက်စာအများစုတွင် 'အလှူပြုသောနှစ်၊ အလှူရှင်အလှူမှတ်တမ်း၊ အမျှဝေမှု ဆုတောင်းမှု၊ ကျိန်စာ' တို့ကို ရေးထိုးမှတ်တမ်းတင်လေ့ရှိသည်။ ယင်းသို့ ရေးထိုးမှတ်တမ်းတင်မှုများအနက် ငရဲနှင့် ပတ်သက်သော အကြောင်းအရာကို 'ကျိန်စာ' များရေးထိုးရာ၌ အလေးထား မှတ်တမ်းတင်ခဲ့ကြသည်။

ပုဂံခေတ်ရေးထိုးခဲ့သောကျောက်စာအမြောက်အမြားအနက် မြန်မာနှစ် ၅၆၉ ခုနှစ် (ခရစ်နှစ်- ၁၂၀၇ ခုနှစ်) နားတောင်းများမင်းကြီး (ဇေယျသိခ်မင်း၊ နန်းတောင်းများမင်း၊ ထီးလိုမင်းလိုမင်း) လက်ထက် ဂြိတြိဘဝနာဒိတျာပဝရဓမ္မရာဇာဘွဲ့ခံ နားတောင်းများမင်းကြီးကိုယ်တိုင် ရေးသားစိုက်ထူခဲ့သည့် ခေမာဝရဘုရားကျောက်စာ၏ ကျိန်စာအဖြစ်ရေးထိုးခဲ့သော ကျိန်စာမှတ်တမ်းတွင် ငရဲနှင့် ပတ်သက်သောအကြောင်းအရာများကို အပြည့်အစုံ ဖော်ထုတ်ရေးထိုးမှတ်တမ်းတင်ထားခဲ့သည်။

ခေမာဝရဘုရားကျောက်စာတွင် အလှူရှင် နားတောင်းများမင်းကြီးသည် မိမိ၏အလှူပစ္စည်းများ၊ အလှူဒါနများကို ဖျက်ဆီးသူတို့အား ကျိန်ဆိုရာတွင် ငရဲကြီးရှစ်ထပ်၌ ကျခံစားစေရန်နှင့် ငရဲကြီးရှစ်ထပ်၏ သက်တမ်းကြာမြင့်ပုံ၊ သူတစ်ပါး၏ အလှူဒါနကို ဖျက်ဆီးခဲ့သောသူတို့၏ ငရဲတွင်အပြစ်ကျခံစားရပုံတို့ကို ငရဲသက်တမ်းများနှင့် လူ့သက်တမ်းတို့ဖြင့် နှိုင်းယှဉ်ဖော်ပြကာ တစိမ့်စိမ့်ကြောက်ရွံ့လာစေရန် ရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ကျိန်စာများရေးထိုးခြင်း၏ အဓိကဦးတည်ချက်နှင့် ရည်ရွယ်ချက်မှာ 'ဓမ္မအန္တရာယ် (ဓမ္မန္တရာယ်)' များကို ကာကွယ် ပပျောက်စေလိုရေးပင် ဖြစ်သည်။

ခေမာဝရဘုရားကျောက်စာတွင် အလှူဖျက်ဆီးသောသူတို့ကို ကျိန်ဆိုရာ၌ ငရဲကြီးရှစ်ထပ်ဖြစ်သော -

'သဉ္ဇိုးဝ်ငရဲကြီး၊ ကာဠသုတ်ငရဲကြီး၊ သဃ်ာတငရဲကြီး၊ ရောရုဝငရဲကြီး၊ မဟာရောရုဝငရဲကြီး၊ တာပနငရဲကြီး၊ မဟာတာပနငရဲကြီး၊ မဟာအဝီစိငရဲကြီး' တို့၏ သက်တမ်းကြာမြင့်ပုံကို လူ့သက်တမ်းနှင့် နှိုင်းယှဉ်၍ တစိမ့်စိမ့် ကြောက်ရွံ့ထိတ်လန့်စေရန် ဤသို့ ရေးထိုးမှတ်တမ်းတင်ခဲ့သည်။

(ရန်ကုန်တက္ကသိုလ်)

လှမြင့်

# ပုဂံကျောက်စာများနှင့်ငရဲ





www.burmeseclassic.com

www.burmeseclassic.com

ငါလျှူသောမြေကို အစိုးရသတေး ဟု ဖျက်ဆီးသော မင်း လည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည် လည်းကောင်း၊ အမတ်ဗိုလ်ပါတို့သည် လည်းကောင်း၊ စားလို၍ ယူသော် လည်းကောင်း၊ ဖျက်ဆီးသော် လည်းကောင်း ဤလှူလက်ထက် အပြစ်ရှစ်ပါးရောက်စေသတေး။ ခန္တာပျက်သောကား -

လူနှစ်တွက်သော အနှစ် (၉) သန်းမှ တစ်နေ့ရှိသော သဉ္ဇိုးဝ်ငရဲ၊ လူနှစ် (၃) ကုဋေ (၆) သန်းမှ တစ်နေ့ရှိသော ကာလသုတ်ငရဲ၊ လူနှစ် (၁၄) ကုဋေအမြွတ် အနှစ် (၄) သန်းမှ တစ်နေ့ရှိသော တာပနငရဲ၊ လူနှစ်တွက်သော အကုဋေ (၂၃၀) အနှစ် (၄)သန်းမှ တစ်နေ့ရှိသော သဃ်ာတငရဲ၊ လူနှစ်တွက်သော အကုဋေ (၉၂၁) ကုဋေအမြွတ် အနှစ် (၆) သန်းမှ တစ်နေ့ရှိသော ရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ (၃၆၈၆) ကုဋေအမြွတ်အနှစ် (၄) သန်းမှ တစ်နေ့ရှိသော မဟာရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ (၁၄, ၇၄၅) ကုဋေအမြွတ်အနှစ် (၆) သန်းမှ တစ်နေ့ရှိသော အဝီစိငရဲ။ ဤငရဲတို့၌ လေးကျက်စေသတေး။

ခေမာဝရဘုရားကျောက်စာတွင် ရေးထိုးခဲ့သော ငရဲကြီးရှစ်ထပ်၏ သက်တမ်းကာလကြာမြင့်ပုံနှင့် လူ့သက်တမ်း နှိုင်းယှဉ်ရေးထိုးခဲ့မှုအရ ငရဲကြီးရှစ်ထပ်၏ သက်တမ်းအဖြစ် -

* လူတို့၏ အနှစ်ကိုးသန်းသည် သဉ္ဇိုးဝ်ငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့၏ အနှစ်သုံးကုဋေခြောက်သန်းသည် ကာလသုတ်ငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့၏ အနှစ်တစ်ဆယ့်လေးကုဋေလေးသန်းသည် တာပနငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့၏ အနှစ်ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းသည် ပတာပနငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့နှစ် အနှစ်နှစ်ရာ့သုံးဆယ်ကုဋေလေးသန်းသည် သဃ်ာတငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့နှစ် အနှစ်ကိုးရာ့နှစ်ဆယ့်တစ်ကုဋေ ခြောက်သန်းသည် ရောရုဝငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့နှစ် အနှစ်သုံးထောင်ခြောက်ရာရှစ်ဆယ့်ခြောက်ကုဋေလေးသန်းသည် မဟာရောရုဝငရဲတွင် တစ်ရက်သက်တမ်းရှိ၏။
* လူတို့နှစ် အနှစ်တစ်သောင်းလေးထောင် ခုနစ်ရာလေးဆယ့်ငါးကုဋေခြောက်သန်းသည် အဝီစိငရဲတွင် တစ်ရက်ရှိ၏

ဟူ၍ ဖော်ပြကာ ဒေဝဒူတသုတ် ဇိနလင်္ကာရကျမ်းတို့၏ အဆိုအမိန့်များနှင့်အညီ အတိအကျ ကိုးကားဖော်ထုတ် မှတ်တမ်းတင်ခဲ့သည်။ ပုဂံသားတို့၏ ဘာသာရေးခံယူချက် အသိတရားပြည့်ဝမှု၊ ကျမ်းဂန်နှံ့စပ်ကျွမ်းကျင်မှု ဝိသေသများပင် ဖြစ်သည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြားသော စိတ်စေတနာအရင်းခံသဘောကိုလည်း ထင်ဟပ်ဖော်ပြနေသည်။

ခေမာဝရဘုရားကျောက်စာ၌ပင် သူတစ်ပါး၏ အလှူဒါနကို လိုချင်စိတ်ဖြင့် ဖျက်ဆီးပြစ်မှားခဲ့သောသူတို့၏ ငရဲကြီးများ၌အပြစ်များကျခံရပုံကိုလည်း -

** ကကုသန်ဘုရားသခင် သာသနာနှိုက် သဒ္ဓါသောသူတော်သည် လှူသော ဝတ်လယ်ကိုလိုချင်၍ အခြားနှိုက်ဆောက်သောကျောက်ကို နုတ်ဘိ၍ ဝတ်လယ်ကို ယုတ်စေဘိသောကြောင့် ကျောက်တိုင်နုတ်၍ လယ်ကိုယူသော ထိုယောကျ်ားကား သေခဲ့သောအခါ အထုလေးရက်ခြောက်ဆယ်သွား၊ အလျား၊ အနံ လေးရက်ခြောက်ဆယ်သွားရှိသော ကျောက်ဖျာတွင် ခါးတိုင်နစ်လျက် ဘုရားသုံးယောက်လွန်ပြီး ငါတို့ဘုရား ဂေါတမလွန်အောင်, မလွန်အောင် မလွတ်တတ်သော ပြိတ္တာသို့သောပြိတ္တာလေးဖြစ်စေသတေး။ နောင်လာလတ္တံ့သော ဘုရားတို့ကိုလည်း မဖူးရစေသတေး*

ဟူ၍ ရေးထိုး မှတ်တမ်းတင်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

စုစန္ဒာအောင် (ကျောက်ပုံ)

## ဝဲစိုး၊ ဝဲခြောက်အမြန်ပျောက်

တပည့်ဒါယကာ၊ ဒါယိကာမများ၏ လေးစားကြည်ညိုအားကိုးခြင်းကိုခံရသည့် ဆရာတော် ဦးလက္ခဏသည် သက်တော် (၇၀)၊ သိက္ခာတော် (၅၀)ဝါရှိပြီး ကျောက်ပုံတောင်ပေါ်ကျောင်း၊ နတ်မောက်မြို့နယ်ကပါ။ ဆရာတော်သည် ကိုယ်ကျင့်သီလ၊ သမာဓိနှင့်ပြည့်စုံသည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်ပါသည်။

တစ်နေ့ ဆရာတော်ထံသို့ သဒ္ဓါဆွမ်းချက်၍အလှူသွားရင်း ဆရာတော်၏ ကျောင်းမှ ကိုရင်ငယ်လေးများ၏ ဝဲစို၊ ဝဲခြောက်များ ကုသပျောက်ကင်းသွားသည့် ဆေးနည်းကို ချီးမြှင့်ခဲ့ပါသည်။

ဝဲရောဂါသည် အစိုနှင့်အခြောက် နှစ်မျိုးရှိရာ ဝဲခြောက်သည် အပျောက်မြန်ပေမယ့် ဝဲစိုကတော့ ပြည်များတည်ပြီး တစိုစိုတရွှဲရွှဲဖြစ်ကာ တော်ရုံဆေးနှင့် မပျောက်နိုင်ပါ။

ယခုတင်ပြမည့်ဆေးနှင့် ကုသလိုက်လျှင် ဝဲစိုများ ရက်ပိုင်းအတွင်း သက်သာသွားပါလိမ့်မည်။

ဆေးနည်းမှာ -

သဘော်သီးအစိမ်းရင့်ရင့်တစ်လုံးကို ထက်ခြမ်းခွဲပါ။ အပေါ်မှ အစေးဖြူဖြူများ ထွက်လာပါလိမ့်မည်။ ၎င်းအစေးများကို နှီးဖျားနှင့် ခြစ်ယူပြီး အခြောက်လှန်းပါ။ ကောင်းစွာ ခြောက်သွားလျှင် အမှုန့်ထောင်းပြီး အုန်းဆီနှင့်ရောမွှေပြီး ဝဲနာများပေါ်တွင် သုတ်လိမ်းပါ။ တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်အထိ လိမ်းပါ။

လက်တွေ့ပျောက်ကင်း၍ပေးတာပါလို့ ဆရာတော်မှ မိန့်ကြားခဲ့ပါသည်။ အခြားဆေးဝါးများရှာဖွေရအခက်ကြုံနေလျှင် အလွယ်တကူ ပြုလုပ်သုံးနိုင်အောင် သူရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် တင်ပြလိုက်ရသည်။

စုစန္ဒာအောင် (ကျောက်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကျော်

## တည်ကိန်း၊စားကိန်းနှင့်အကြွင်း

တကယ်တမ်း လူဖြစ်လာခြင်းမှာ အတိတ်ကုသိုလ်ကံကောင်း၍သာ ဖြစ်ပါသည်။ လူသည် ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံးလုပ်ခွင့်ရှိစေကာမူ သိမှုအားပြည့်ဝသည်နှင့်အမျှ ကုသိုလ်ကိုလုပ်ပေမည်။ ကုသိုလ်ကိုလုပ်နိုင်ပါသည်။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိနိုင်ပြီး ကုသိုလ်ကိုသာလုပ်မိခြင်းသည် လူဖြစ်ပါသည်။

အကယ်၍ အတိတ်ကံမကောင်း၍ တိရစ္ဆာန်ဖြစ်ခဲ့သော် ကုသိုလ်၊ အကုသိုလ်ကို နားမလည်နိုင်တော့ချေ။ ထို့အတူ အကုသိုလ်အလုပ်များဖြင့်သာ အချိန်ရှိသမျှနေပေမည်။ အိပ်၊ စား၊ ကာမ ဤသုံးဝသာ မှတ်ပါ တိရစ္ဆာန်ဟုဆိုလေရာ အချိန်တန်၍ အိပ်လိုလျှင် အိပ်မည်။ ဝမ်းဆာသည်၊ မဆာသည် မသိ စားစရာတွေ့လျှင်စားမည်။ ကာမရာဂစိတ်ပေါ်လျှင် မေထုန်မှီဝဲမည်။ ဤသာသိခြင်းသည် တိရစ္ဆာန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် အရပ်ထဲတွင် ထိုသုံးမျိုးသာလုပ်သောသူကို လူ့တိရစ္ဆာန်ဟု၍ ပြောကြပါသည်။ လူ့တိရစ္ဆာန်သည် အဆင့်မြင့်အသိဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ်စသောဝေလာဝေး၊ ကုသိုလ်၊အကုသိုလ်ကိုပင် တွေးလည်းမတွေးမိ၊ နားလည်းမလည်။ နားလည်အောင်လည်း မလေ့လာ မသင်ယူတတ်ချေ။

တကယ်တမ်းတွင် ကျွန်တော်တို့အားလုံး ရထားသောကိုယ်ခန္ဓာ(Body) မှာ အတိတ်ကုသိုလ်ကံအလျောက် ရထားခြင်း ဖြစ်ပါသည်။ အတိတ်ကံမတူခဲ့၍ တစ်ဦးနှင့်တစ်ဦး၏ (Body) ကိုယ်ခန္ဓာမှာလည်း မတူကွဲပြားရပါသည်။ ပုသည့်သူက ပုသည်။ ရှည်သည့်သူက ရှည်သည်။ တချို့ဆို အတော်ကြည့်ကောင်းပါသည်။ မည်းသည့်သူက မည်းသည်။ ဖြူသည့်သူက ဖြူပါသည်။ တချို့ မဖြူမမည်း ညိုတိုတိုအလှက အတော်ကြည့်ကောင်းပါသည်။ သွားကောင်းခြင်း၊ မကောင်းခြင်း၊ ဆံပင်ကောင်းခြင်း၊ မကောင်းခြင်း၊ မျက်ခုံးလှခြင်း၊ မလှခြင်း၊ အသားရေကောင်းခြင်း၊ မကောင်းခြင်း၊ ရုပ်ရည်လှခြင်း၊ မလှခြင်း၊ အသံသာခြင်း၊ မသာခြင်းစသည်များမှာ အတိတ်ကပေးထားသော အနေအထားအတိုင်းသာ ဖြစ်ပါသည်။

စဉ်းစားကြည့်နိုင်ပါသည်။ ခန္ဓာကိုယ်ပုတာကို ရှည်လို့မရပါ။ ရှည်တာကို တိုအောင် မလုပ်နိုင်ပါ။ နဂိုမည်းတဲ့ အသားကို ဖွေးဖြူနေအောင်မတတ်နိုင်။ သွားမကောင်းတာကို ကောင်းအောင် ညီအောင်မလုပ်နိုင်ကြပါ။ လုပ်ကောင်းလုပ်နိုင်ပါမည်။ အတုတွေသာ ဖြစ်ပါမည်။ ဤသည်မှာ အတိတ်ကပေးလိုက်သောခန္ဓာသာဖြစ်၍ တကယ်တမ်းအားဖြင့်ဆိုလျှင် ဤခန္ဓာသည် တည်ကိန်းသဘောသာ ဖြစ်ပါသည်။

သင်္ချာတွက်ရာတွင် တည်ကိန်းကိုတည်၍ စားကိန်းဖြင့် စားရသည်။ အကြွင်းရှိလျှင်ရှိပါမည်။ အကြွင်းမရှိလျှင် ပြတ်ပါမည်။ ပြတ်အောင်မစားနိုင်လျှင် အကြွင်း ဆိုတာ ရှိနေနိုင်ပါသည်။

ဓမ္မသဘောအရကြည့်လျှင် ရုပ်နှင့်နာမ်သာရှိပါသည်။ ရုပ်သည် ဖောက်ပြန်ခြင်းရှိသည်။နာမ်သည် သိမှုသဘောဖြစ်ပါသည်။ ကျွန်တော်ပါဟု လက်ညှိုးထိုးပြနိုင်သော ခန္ဓာကိုယ် (body) သည် အတိတ်ကပေးထားသော (တစ်နည်း) ကံအလျောက် အခြေတည်ပေးထားသော တည်ကိန်းသာ ဖြစ်ပါသည်။ ထိုတည်ကိန်းကို အခြေခံ၍ စားကိန်းတစ်ခုဖြင့် စားရပါလိမ့်မည်။

ဤသို့ဆိုလျှင် ဘာနှင့်စားပါမည်နည်း။ စားကိန်းမှာ အခြားမဟုတ်ပါ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဟူသော စားကိန်းများဖြင့် စားရပါလိမ့်မည်။ ဤသည်မှာ ဓမ္မသဘောအရ လိုအပ်သော စားကိန်းများ ဖြစ်ကြပါသည်။ ရရှိပြီးခန္ဓာကို အကြောင်းခံ၍ ဖော်ပြပါ စားကိန်းတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ နှစ်မျိုး၊ သုံးမျိုးစလုံးဖြင့်သော် လည်းကောင်း စားတတ်ဖို့လိုအပ်ပါသည်။ သို့မှသာ ဤဘဝလူဖြစ်ရကျိုးနပ်မည်။

ခန္ဓာရှိသောကြောင့် ကျွန်တော်တို့ခန္ဓာဝန်ကိုထမ်းနေကြရပါသည်။ ဤခန္ဓာကြီးအတွက် အစားတွေစားပေးနေရပါသည်။ ရေတွေသောက်ပေးနေရပါသည်။ ဆေးတွေကုသပေးနေရပါသည်။ လှအောင် ကြည့်ကောင်းအောင် ပြင်ဆင်ဝတ်ဆင်ပေးနေရပါသည်။ အနံ့တွေပျောက်အောင် အမွှေးအကြိုင်တွေဖျန်းပေးနေရပါသည်။ အကြောတွေထောင်လာပြီး ရာဂတွေကြွလာသဖြင့် မေထုန်ဆက်ဆံမှုလုပ်ပေးနေရပါသည်။ ငယ်စဉ် အသိမကြွယ်ခင် ချမ်းသာမှုဟု ခံစားနေကြပါသည်။

ဓမ္မအသိဖြင့် ဆန်းစစ်သော် အဖြေမှန်ထွက်လာသည်မှာ ဒုက္ခသစ္စာဖြစ်နေပါသည်။ ကာယိကဒုက္ခပင် ဖြစ်ပါသည်။

ထိုကဲ့သို့ ခန္ဓာကိုယ်ကို ပြုစုယုယစားသောက် ဆေးပေး အစာကျွေးနေနိုင်အောင် ရှာရဖွေရပြန်ပါသည်။ ဤခန္ဓာ (body) ကြီးမှာ မပါမဖြစ် လှုပ်ရှားရမြန်သည်။ မောသော်လည်း မောရမှန်းမသိပါ။ တည်ကိန်းခန္ဓာကြီးသဘော ပေါ်လွင်လောက်ပြီထင်ပါသည်။ စီးပွားရှာပြန်သည့်အခါ တရားမျှတမှုရှိမှသာ ခန္ဓာမှ အကျိုးကောင်းဖြစ်ပေမည်။ မတော်မတရားသဖြင့် ရှာဖွေမိပါ



www.burmeseclassic.com

www.burmeseclassic.com

မကောင်းကျိုးများ ဤခန္ဓာခံရပေဦးမည်။ ရှေ့ဆက်လို့သာ တွေးကြည့်ပါလေ။

သို့ဖြစ်လေရာ ထိုခန္ဓာကို တည်ကိန်းသဘော အကြောင်းပြု၍ ဒါနခန်းဖွင့်သင့်ပါသည်။ ဒါနဆိုသည်မှာ ဒီယတိဇစေတနာတိဒါနံဟု ဆိုသောကြောင့် စေတနာကို ဒါနခေါ်သည်ဟု ဆိုရပါမည်။ သို့ဖြစ်လေရာ စေတနာကောင်းကောင်းဖြင့် ဒါနအမှုကို များများလုပ်ဆောင်သင့်ပါသည်။ ဒါနသည် ဒုဂ္ဂတိဘုံဘဝသို့မရောက်ရလေအောင် စောင့်ရှောက်တတ်ပါသည်။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောအကျိုးကို ရလေအောင်လည်း စွမ်းဆောင်နိုင်ပါသည်။ ဒါနငါးမျိုးရှိကြောင်း အင်္ဂုတ္တိုရ် ပဥ္စကနိပါတ်တွင် တွေ့ရပါသည်။

* ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံယုံကြည်ကြည်ဖြင့် ပေးလှူခြင်း (သဒ္ဓဒါန)

* အလှူခံပုဂ္ဂိုလ်နှင့် အလှူဝတ္ထုတို့အပေါ် ရိုသေလေးစားသော စိတ်ထားဖြင့်ပေးလှူခြင်း (သက္ကစ္စဒါန)

* လိုအပ်သောအချိန်တွင် လိုအပ်သောပစ္စည်းကိုပေးလှူခြင်း (ကာလဒါန)

* အလှူဝတ္ထုအပေါ် မကပ်ငြိသောစိတ်ဖြင့် ပေးလှူခြင်း (အနုဂ္ဂဟိတဒါန)

*မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့အား မထိပါးစေမှု၍ ပေးလှူခြင်း (အတ္တပရအနုပဟစ္စဒါန) ဟူ၍ ဖြစ်ပါသည်။

ဖော်ပြပါအတိုင်း ပေးလှူနိုင်ပါက ဖြစ်လေရာဘဝတိုင်းတွင် ပစ္စည်းဥစ္စာပေါများခြင်း၊ ရုပ်ဆင်းအင်္ဂါပြည့်စုံလှပခြင်း၊ သားသမီးမျာ ။ တပည့်များနှင့် လက်အောက်ငယ်သားများတို့အပေါ် သြဇာတည်ခြင်း၊ လိုအပ်သောအချိန်မှာ လိုအပ်သော အသုံးအဆောင်ပစ္စည်းများရခြင်း၊ ကာမဂုဏ်ငါးပါးပြည့်ဝ၍ လိုလိုလားလားသုံးစွဲရခြင်း စသောအကျိုးပေးနိုင်ပါသည်။

ရရှိပိုင်ဆိုင်လာသော မျက်မှောက်ဘဝတွင် မျက်မြင်ခန္ဓာဖြင့် ရှာမှီး၍ ခန္ဓာကို တည်ကိန်းထားက ဒါနကုသိုလ်ဖြင့် စားကိန်းပြုလိုက်ခြင်းပင် ဖြစ်ပါသည်။ နောင်ဘဝဘဝတို့တွင် ဒါနကောင်းကျိုးပေးသောကြောင့် လက်ရှိခန္ဓာကို အရင်းပြုကာ အမြတ်ထုတ်နိုင်ခြင်းပင် ဖြစ်ပါသည်။

နောက်ထပ် စားကိန်းမှာ သီလဖြစ်ပါသည်။ လူတို့အတွက် ငါးပါးသီလပင် ဖြစ်ပါသည်။ သီလတရားသည် ဒါနပြုသည်ဖြစ်စေ၊ ဘာဝနာကျင့်ပွားသည်ဖြစ်စေ အရေးပါလှပါသည်။ လူတို့စောင့်ထိန်းအပ်သော ငါးပါးသီလမှာ ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ အကျိုးများရပါသည်။ မည်သည့် အမွှေးရနံ့မဆို လေအောက်သာ မွှေးကြိုင်သင်းပျံ့နိုင်သော်လည်း သီလရနံ့မှာ လေအောက်၊ လေညာ သင်းပျံ့မွှေးကြိုင်နိုင်ပါသည်။ သီလရှိသူကို လူ၊ နတ်ချစ်ခင်ကြပါသည်။ အလုပ်အကိုင်တွင် ယုံကြည်မှုခံရသဖြင့် ကြည်ညိုလေးစားခြင်းကို ရပါသည်။ သီလကြောင့် အသက်ရှည်စေသည်။ နေရာတကာရဲရင့်သည်။ သီလရှိခြင်းကြောင့် ပွဲလယ်တင့်သည်။ အတ္တနုဝါဒဘေးဟုဆိုသော မိမိကိုယ်ကိုစွပ်စွဲခြင်းခံရသောဘေး၊ ပရာနုဝါဒဘေးဟု ဆိုသော အများတကာ စွပ်စွဲခြင်းခံရသောဘေး၊ ဒဏ္ဍဘေးဆိုသော ဒဏ်ပေးမှုခံရသော မင်းဘေးနှင့် ဒုဂ္ဂတိဘေးတို့မှလည်း ကင်းလွတ်နိုင်ပါသည်။ သီလနှင့်ပြည့်စုံပါက အလိုဆန္ဒရှိတိုင်း ပြည့်စုံနိုင်ကြောင်း မြတ်စွာဘုရားရှင် ဟောဆိုမိန့်မြွက်ခဲ့ဖူးပါသည်။ သီလကုသိုလ်ကြောင့် ခုရောနောင်ပါ အကျိုးကောင်းခံစားရရုံမက ဒုဂ္ဂတိဘေးမှ ကင်းဝေးခွင့်ရခြင်းသည် လက်ရှိဘဝခန္ဓာကို တည်ကိန်းထားလျက် အရင်းပြုကာ အဆင့်မြင့်အမြတ်ထုတ်နိုင်ခြင်းပင် ဖြစ်ပါသည်။

ဤဘဝထဲ အတိတ်ကံကြောင့် ရရှိထားသော ဤခန္ဓာကိုယ်ကို ဘာမှမခိုင်းဘဲ ဤနဂိုအတိုင်းသာထားပါက ခုရောနောင်ပါ အကျိုးမရှိနိုင်ပေ။ ခန္ဓာကိုယ်တောင်းသမျှသာ စိတ်အလိုလိုက်ပြီး ဖြည့်စွမ်းပေးနေရပေမည်။ စားချင်လျှင် ကျွေးပေးနေမည်။ ဆေးလိပ်သောက်ချင်လာလျှင် ဆေးလိပ်တိုက်မည်။ ဘီယာလိုလာလျှင် ဘီယာတိုက်မည်။ ကောင်မလေးလိုအပ်သော် ကောင်မလေးနှင့် ဖြည့်စွမ်းမည်။ ခန္ဓာကိုယ် ရထားသဖြင့် အနုတ်လက္ခဏာဆောင်သော အကုသိုလ်တရားများသာ ဖြစ်ပါသည်။ ဤသို့ဆိုလျှင် သမာဓိစားကိန်းဖြင့် စားကြည့်သင့်ပါသည်။

သမာဓိ ဆိုသည်မှာ စိတ်ကိုအာရုံတစ်ခုမှ ပျံ့လွင့်မသွားအောင် ထိုအာရုံ၌ တည်နေအောင်၊ အာရုံ၌တည်နေအောင် အားထုတ်၍ ရရှိထားသော စွမ်းအားတစ်ခု ဖြစ်ပါသည်။ သမာဓိဖြစ်တည်လာပါက ပညာသည် နောက်ကကပ်ပါလာပါသည်။ သမာဓိကြောင့် အမှန်၊ အမှားကို သိလာရသည်။ ယခင်က အမှန်ဟုထင်နေသောအမှားများကို အမှန်ဘက်ရောက်အောင် ပို့ဆောင်ပေးနိုင်သည်။ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရကို ပါရမီအလျောက် အဝေးမြင်မှ တဖြည်းဖြည်း အနီးမြင်ဘက်သို့ ကူးပြောင်းလာစေသည်။ တရားအားထုတ်လျှင်လည်း အလင်း၊ အမှောင်၊ အမှန်အမှား၊ ကြွကြွရွရွစသော အထင်အမြင်ခံစားမှုများကို ခန္ဓာမှသိမြင်ခံစားတတ်လာသည်။ သမာဓိအစွမ်းဖြင့် ရုပ်ပရမတ်ကောက်တတ်သောဉာဏ် ဖြစ်ပေါ်လာသည်။ ရုပ်၊နာမ်နှစ်ပါးကို သမာဓိစွမ်းအားဖြင့် သိမြင်လာနိုင်သောဉာဏ်သည် ဖြစ်ပေါ်လာရလေသည်။ သမာဓိသည် အထက်ဘုံသို့သာရောက်စေပြီး ဒုဂ္ဂတိဘုံဘေးမှ လွတ်ကင်းရလေသည်။

ခန္ဓာကို တည်ကိန်းပြု၍ ဒါန၊ သီလ၊ သမာဓိတို့ဖြင့် စားခဲ့ပါသည်။ ထိုအခါ ရင်းစားကျေရုံမက အမြတ်ပင်ထွက်ခဲ့ရပါသည်။ ဖြစ်လေရာဘဝတိုင်း အောက်တန်းမကျနိုင်သော အကျိုးပေးရုံမက ဒုဂ္ဂတိဘေးမှလည်း ကင်းဝေးရပါသည်။ ထိုအခါ ဤဘဝရရုံပိုင်ဆိုင်ထားသောခန္ဓာသည် အကျိုးမဲ့မဖြစ်တော့ပါ။ သို့သော် ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ပြတ်အောင်မစားနိုင်သေးချေ။ အကြွင်းရှိနေပါသေးသည်။ တစ်နည်းပြောရလျှင် ရုပ်၊ နာမ်ခန္ဓာ မချုပ်ငြိမ်းသေးပေ။ ဤသည်မှာ တည်ကိန်းကို စားလဒ်ဖြင့်စားရာ အကြွင်းကျန်နေသေးသည့်သဘောပင် ဖြစ်ပါသည်။ မီးကြွင်းမီးစကျန်နေသေး၍ အပူမငြိမ်းသေးသလို အချိန်မရွေး ထလောင်နိုင်သေးပါသည်။ (၅)ကို (၂) ဖြင့်စားလျှင် (၁) ကြွင်းနေသကဲ့သို့ပင် ပြတ်အောင် ဒသမထိုး၍ သုညယူကာ စားနိုင်ဖို့၊ စားတတ်ဖို့လိုပါသည်။ ထို့ကြောင့် ဘဝခန္ဓာချုပ်ငြိမ်း၍ ရုပ်ခန္ဓာသိမ်းအောင် ဝိပဿနာဖြင့် စားဖို့လိုအပ်ပါသည်။ ဝိပဿနာသည်သာ အကြွင်းမရှိအောင် စားနိုင်ပါလိမ့်မည်။

သို့ဖြစ်လေရာ ကျွန်တော်တို့ ဤဘဝရရှိထားသော ခန္ဓာကြီးကို တစ်နေ့တွင် သယ်၍မရဘဲ ထားခဲ့ရမည့်အတူတူ သက်သောင့်သက်သာမထားဘဲ ခန္ဓာမှာ ဉာဏ်စိုက်ကာ ဝိပဿနာတရားထူးကို အသေမဦးခင် ဉာဏ်ဦးပြီး အားထုတ်၍ တည်ကိန်းသဘောပြုလျက် ရွက်ဆောင်ကြိုးပမ်း ရှေ့သို့လှမ်းနိုင်ဖို့ စေတနာအစုကို စာစီပြု၍ တင်ပြပေးလိုက်ရပါသည်။

ဖေဝင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနှစ် ၁၂၂၇ ခုနှစ် ရတနာပုံခေတ်ရက်စွဲပါ လိုဏ်ဂူတော်အတွင်းရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော် သုံးဆူ

## အံ့မှုယ်တစ်မူ

# အင်ကြွင်းတောင်လိုဏ်ဂူ

ညီညီထွန်း(မုံရွာ)

၈-၁-၂၀၁၄ ရက်နေ့က စာရေးသူနှင့် အစ်ကိုဖြစ်သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ သမိုင်းထွန်းပြောင် ဖိုလ်ဝင်တောင်သို့ ဘုရားဖူးသွားရောက်ကြပါတယ်။ စာရေးသူတို့ ဖိုလ်ဝင်တောင်ရှိ သမိုင်းဝင် အထင်ကရ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ခဲ့ကြပြီး နေ့လယ်ပိုင်းလောက်မှာ ဖိုလ်ဝင်တောင်မှ ပြန်ထွက်ခဲ့ကြတယ်။ ဖိုလ်ဝင်တောင် သစ်တောကြိုးဝိုင်းအတွင်း ဖြတ်သန်းဖောက်လုပ်ထားတဲ့ ကားလမ်းအတိုင်း စာရေးသူတို့ ဆိုင်ကယ်စီးရင်း (၃) မိုင်လောက် ခရီးနှင်လိုက်တော့ ညောင်ပင်ကြီး-ယင်းမာပင် ကားလမ်းပေါ်က ဖိုလ်ဝင်တောင်လမ်းခွဲနေရာကိုရောက်တယ်။ အဲဒီလမ်းခွဲနေရာကနေ စာရေးသူတို့ အလာတုန်းက ဖြတ်သန်းမောင်နှင်ခဲ့တဲ့ ညောင်ပင်ကြီး-ယင်းမာပင်လမ်းအတိုင်း အရှေ့ဘက်အရပ်သို့ တစ်မိုင်သာသာလောက် ဆက်သွားလိုက်တော့ မကြာခင် အင်ကြွင်းတောင့်လမ်းခွဲကို ရောက်သွားတာပါ။ အင်ကြွင်းတောင်လမ်းခွဲရှိ အဝင်မုခ်ဦးကနေ ဘယ်ဘက်အရပ်ကို ချိုးကွေ့ပြီး ဇကေ (၉၈၆) မျှ ကျယ်ဝန်းတဲ့ အင်ကြွင်းတောင် သစ်တောကြိုးဝိုင်းအတွင်းကို ဖြတ်သန်းပြီး အသစ်ဖောက်လုပ်ထားတဲ့ ကတ္တရာလမ်းအတိုင်း (၄) ဖာလုံလောက် ခရီးဆက်လိုက်ရင်တော့



မြန်မာနှစ် ၁၂၇၁ ခုနှစ်ရက်စွဲပါ ကိုလိုနီခေတ်လက်ရာ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်



www.burmeseclassic.com


www.burmeseclassic.com



သမိုင်းဝင် အင်ကြင်းတောင် လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီးအား
မျက်လုံးတော်ဖွင့်လျက် ဖူးတွေ့ရစဉ်



အင်ကြင်းတောင်လျောင်းတော်မူကြီး
ဦးခေါင်းတော်အထက်ဘက်ရှိ
ညာဘက်လိုဏ်ဂူအတွင်းမြင်ကွင်း



သမိုင်းဝင် အင်ကြင်းတောင် လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီးအား
မျက်လုံးတော်ပိတ်လျက် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဖူးတွေ့ရစဉ်



အင်ကြင်းတောင်လျောင်းတော်မူကြီးခြေတော်ရင်းရှိ
ဘယ်ဘက်လိုဏ်ဂူအတွင်းမှာ စာရေးသူ ကြည်ညိုလေ့လာနေစဉ်

သမိုင်းဝင် အင်ကြင်းတောင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့တာပါ။


အင်ကြင်းတောင်ကို ရောက်ပြီဆိုရင်ပဲ ဦးစွာ အင်ကြင်းတောင် ပုပ္ပားတောရကျောင်းကိုဝင်ပြီး ကျောင်းထိုင်ဆရာတော် ဦးသုမိတ္တအား ရှိခိုးဂါရဝပြုတွေ့ဆုံဖြစ်ပါတယ်။ အင်ကြင်းတောင် ပုပ္ပားတောရကျောင်းဆရာတော် ဦးသုမိတ္တနဲ့ တွေ့ဆုံခိုက်မှာ စာရေးသူလည်း သိလိုသမျှ အင်ကြင်းတောင်အကြောင်းကို အခုလိုပဲ လျှောက်ထား မေးမြန်းဖြစ်ပါတယ်။

"တပည့်တော် သိလိုတာကတော့ ဒီအင်ကြင်းတောင်ရဲ့သမိုင်းဖြစ်စဉ်ကို ဦးစွာ မိန့်ကြားပြောပြပေးပါဦး ဘုရား"

ဆရာတော်မှ -

"ဖိုလ်ဝင်တောင်နားမှာ မင်းစုဆိုတဲ့ရွာရှိတယ်။ အဲဒီမင်းစုရွာမှာ ပျူမင်း၊ ပြူးမင်းညီအစ်ကိုတစ်တွေရဲ့ မှူးမတ်ဗိုလ်ပါအခြံအရံတွေအားလုံး စုပေါင်းပြီး ဖိုလ်ဝင်တောင်မှာ လိုဏ်ဂူတွေထွင်း၊ ဘုရားတွေတည်တယ်။ အဲဒီပျူမင်း၊ ပြူးမင်းဆိုတဲ့ညီအစ်ကိုနှစ်ယောက်မှာ အစ်ကိုက သီလ၊ သမာဓိရှိတယ်။ မသောက်မစားဘူး။ ညီက သောက်သောက်စားစားနဲ့ အပျော်အပါးမက်တော့ ညီအစ်ကိုချင်း မတည့်လို့ဆိုပြီး အစ်ကိုဖြစ်သူက ဒီအင်းတောင်ကို ခွဲလာပြီး လိုဏ်ဂူတွေထွင်း၊ ဘုရားတွေတည်တော့တာပေါ့။ အစ်ကို


www.burmeseclassic.com




မြန်မာနှစ် ၁၁၈၁ ခုနှစ်ရက်စွဲပါ
အမရပူရခေတ်လက်ရာ
ဗုဒ္ဓတစ်ထောင်ကျောက်တိုင်



မြတ်ဗုဒ္ဓအား အဋ္ဌသာဝကနှစ်ပါး
ပူဇော်နေဟန် နံရံဆေးရေးပန်းချီအား
တွေ့မြင်ရစဉ်



အင်ကြင်းတောင်ကျောင်းတော်မှုကြီးရဲ့
အထက်ဘက်ရှိ အလယ်လိုဏ်ဂူအဝင်မုခ်ဦး
တစ်ခုအား တွေ့မြင်ရစဉ်



အကောင်းပကတိအတိုင်း ကျန်ရှိနေတဲ့
နတ်ရုပ်တုနှစ်ခုရဲ့ ကျောက်ဆစ်လက်ရာ



ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွတို့ဖြင့် တန်ဆာဆင်ထွင်းထုတည်ဆောက်ထားသော
ဂန္ဓကုဋိတိုက်ပုံစံလိုဏ်ဂူတော်

ဖြစ်သူက ဒီအင်ကြင်းတောင်မှာ ဘုရားတွေလာတည်ချိန်မှာ ဟိုဖိုလ်ဝင်တောင်မှာ ညီဖြစ်သူက ကျောင်းတော်မှုကြီးတည်နေတဲ့အချိန်တဲ့။ ညီဖြစ်သူက ဖိုလ်ဝင်တောင်မှာ ကျောင်းတော်မှုကြီးတည်တော့ အစ်ကိုဖြစ်သူကလည်း သူညီနဲ့အပြိုင် ဒီအင်ကြင်းတောင်မှာ ကျောင်းတော်မှုကြီးနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ထွင်းထုပူဇော်ခဲ့တယ်လို့ ဆိုထားတယ်"

"ပျူမင်း၊ ပြူးမင်း ညီအစ်ကိုနှစ်ယောက်က တစ်ယောက်တစ်နေရာစီမှာ ဘုရားတွေတည်ခဲ့ကြတော့ နောက်ပိုင်းမှာကော သူတို့နှစ်ယောက်ပြန်ဆုံခဲ့ကြပါသေးလား ဘုရား"

"နောက်ပိုင်းတော့ ညီဖြစ်တဲ့သူက မဖြစ်တော့ဘူးဆိုပြီး အိုးစည်ဗုံမောင်းတွေနဲ့ တခမ်းတနားပဲ အစ်ကိုဖြစ်သူကို ပြန်ခေါ်ရသတဲ့။ အဲဒီလို ညီက ပြန်ခေါ်တော့ အစ်ကိုဖြစ်သူက ဒီကအသွား၊ ဟိုကပြန်လာခေါ်တဲ့သူတွေနဲ့ ဖိုလ်ဝင်တောင်နားက တောင်လေးတစ်တောင်မှာ ပြန်ဆုံကြတယ်။ အဲဒီတောင်နားမှာပဲ အစ်ကိုဖြစ်သူက ညီကို နောင်ဒီလို ပျော်ပျော်ပါးပါး သောက်သောက်စားစားတွေမလုပ်တော့ပါဘူးလို့ ဝန်ခံကတိတောင်းခဲ့တယ်။ ညီဖြစ်သူကလည်း နောင်ဒီလိုမလုပ်တော့ပါဘူးဆိုပြီး ဝန်ခံပေးသွားလို့ အဲဒီဖိုလ်ဝင်တောင် လမ်းခွဲနားကတောင်ကို ဝန်ခံတောင်လို့ ခေါ်ခဲ့ကြတယ်"

"အဲဒီလို ညီကခေါ်လို့ အစ်ကိုဖြစ်သူပြန်သွားတဲ့အခါကျတော့ ဒီအင်ကြင်းတောင်မှာ ဘုရားတွေကို အပြီးသတ်တည်သွားခဲ့သလားဘုရား"

"အင်ကြင်းတောင်မှာ ဘုရားတွေကို အပြီးသတ်တည်မသွားရဘူးလို့ ဆိုတယ်။ တစ်ပိုင်းတစ်စနဲ့ ပစ်ထားခဲ့ရတာဆိုတော့ ဖိုလ်ဝင်တောင်လောက် ဘုရားတွေမများဘူးပေါ့"

"ဒါဆိုရင် အင်ကြင်းတောင်မှာ ဗုဒ္ဓရုပ်ပွားရုပ်တုတော်ပေါင်း ဘယ်လောက်ရှိမယ်လို့ ခန့်မှန်းရပါသလဲဘုရား"

"ဟိုဖိုလ်ဝင်တောင်မှာက 'ရွှေလသာဝါဝါဝင်း ဖိုလ်ဝင်ဘုရားပေါင်း' လို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ရဲညာဘက်လိုဏ်ဂူတန်းများမှ ကျောင်းတော်မှုဗုဒ္ဓရုပ်ပွားတော်အား ဖူးတွေ့ရစဉ်



ဘယ်ဘက်အရပ်အစွန်ဆုံးက မတ်ရပ်နတ်ရုပ်တုကြီးတည်ရှိရာ လိုဏ်ဂူတန်းများကို တွေ့မြင်ရစဉ်



သမိုင်းဝင် အင်ကြင်းတောင်အလယ်လိုဏ်ဂူတော်များ



ရတနာပုံခေတ်ရက်စွဲပါ ကမ္ပည်းမှတ်တမ်းတည်ရှိရာ လိုဏ်ဂူတော်

အဆိုရှိခဲ့သလို ဒီအင်ကြင်းတောင်မှာလည်း 'ရွှေကျားဂူအောင်း အင်ကြင်းတောင် ဘုရားပေါင်း' လို့ အဆိုရှိခဲ့တယ်လေ။ အစဉ်အဆက်ပြောခဲ့ကြတာကတော့ ဗုဒ္ဓရုပ်ပွားရုပ်တုတော်ပေါင်းက (၄၂၄၁) ဆူရှိတယ်လို့ဆိုတယ်။ အခုတော့ အဲဒီလောက်ဘုရားအဆူရေရှိတော့မှာ မဟုတ်ဘူး။ ပြိုကျပျက်စီးတာတွေ၊ သူခိုးတွေက ခေါင်းတွေဖြတ်ယူတာတွေ၊ အဆူလိုက်ပင့်ယူသွားကြတာတွေရှိခဲ့ဖူးတာဆိုတော့လေ။ ဒါပေမယ့် အကုန် ပျက်စီးကုန်တာတော့မဟုတ်ဘူးပေါ့။ ရှိသင့်သလောက်တော့ရှိသေးတယ်"

"ဒီမှာဘုရားတွေလာတည်ကြတဲ့ ပျူမင်း၊ ပြုံးမင်းတို့က ဘယ်မှာ ထီးနန်းစိုက်ကြသလဲဘုရား"

"ပျူမင်း၊ ပြုံးမင်းတို့က ဟန်လင်းကြီးအဆက်လို့ ဆိုတယ်။ ဟိုအထက်ပိုင်းက တကောင်း ကြံ့ညှပ်မှာ ထီးနန်းစိုက်တယ်လို့ ပြောတာပဲကွယ့်"

"နောက်တစ်ခု တပည့်တော် သိချင်တာက ဒီအင်ကြင်းတောင်မှာ ထူးခြားမှုတွေရှိမယ်ဆိုရင် မိန့်ကြားပြောပြပေးပါဦးဘုရား"

"အဲဒါကတော့ အခုပြောခဲ့သလိုပေါ့။ 'ရွှေကျားဂူအောင်း အင်ကြင်းတောင်ဘုရားပေါင်း' လို့ အဆိုရှိခဲ့တာနဲ့အညီ ကျောက်တောင်ကြီးတစ်ခုလုံးကို ခက်ခက်ခဲခဲနဲ့ အတန်းလိုက်ကြီး လိုဏ်ဂူတွေထွင်းထုပြီး ဗုဒ္ဓရုပ်ပွားရုပ်တုပေါင်းလေးထောင်ကျော်ကို ပူဇော်တည်ထားခဲ့တာက ထူးခြားမှုတစ်ခုပေါ့။ နောက်တစ်ခုက ဟိုမှာ လိုဏ်ဂူတွေ အတန်းလိုက်ကြီး။ အဲဒါအကုန်လုံးပဲ။ အဲဒီလိုဏ်ဂူတွေရဲ့အလယ်လောက်မှာ သစ်သားဇရပ်ရှိတယ်။ သစ်သားဇရပ်ရဲ့နောက်ဘက် လိုဏ်မုခ်ဝကနေ အတွင်းဘက်ကို ဝင်သွားရင် ကျောင်းတော်မူကြီးအကြီးကြီးတစ်ဆူရှိတယ်။ အဲဒီကျောင်းတော်မူနဲ့ ဖိုလ်ဝင်တောင်က ကျောင်းတော်မူကြီးက ဉာဏ်တော်အတူတူပဲတဲ့။ ပြောကြတာကတော့ ဟိုဖိုလ်ဝင်တောင်က ကျောင်းတော်မူကြီးရဲ့ ဉာဏ်တော်ကို အရင်တိုင်းကြည့်ရင် (၆) လက်မလောက် ပိုရှည်နေသတဲ့။ ဒီအင်ကြင်းတောင်က ကျောင်းတော်မူကြီးကို အရင်တိုင်းကြည့်တော့လည်း ဒီက (၆) လက်မလောက် ပိုရှည်နေပြန်ရောတဲ့။ ဉာဏ်တော်ချင်းကတော့ အတူတူပဲ။ အရင်တိုင်းကြည့်တဲ့ ကျောင်းတော်မူက (၆) လက်မ၊ (၆)



www.burmeseclassic.com

www.burmeseclassic.com

တ်မစီပိုပိုရှည်နေတာလေ။ ညီအစ်ကို အချင်းချင်း ဘုရားပြိုင်တယ်လို့ ဘုရားချင်းလည်းတန်ခိုးပြိုင်တယ်လို့ အဲဒီလို ပြောကြတာပဲ။ လက်တွေ့တော့ တိုင်းကြည့်ရသေးဘူးပေါ့နော်။ ဒါပေမယ့် ဘုရားချင်းက ဉာဏ်တော်တူပေမယ့်လို့ တကယ့်တကယ်အမြင်အာရုံမှာကျတော့ ဒီအင်ကြွင်းတောင်လျောင်းတော်မူက ကြီးတယ်လို့ထင်ရသတဲ့ကွယ်"

"ဒီအင်ကြွင်းတောင်မှာကော ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဘယ်အချိန်ဆောက်မှာ ကျင်းပပါသလဲ ဘုရား"

"အင်ကြွင်းတောင်ဘုရားပွဲတော်ရက်က တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ပေါ့။ အင်ကြွင်းတောင်က အစ်ကိုတည်တဲ့ဘုရားဆိုတော့ ဒီမှာ ဘုရားပွဲကို အရင်လုပ်တာလေ။ ပြီးမှ ညီဖြစ်တဲ့သူတည်တဲ့ ဖိုလ်ဝင်တောင်ဘုရားပွဲကို တန်ဆောင်မုန်းလပြည့်နေ့မှာ ကျင်းပကြတာလေ။ နဂိုက အင်ကြွင်းတောင်ဘုရားပွဲကို ဇာတ်ပွဲတွေဘာတွေထည့်ပြီး ကျင်းပခဲ့ပေမယ့်လို့ အခုတော့ အနီးအနားကျေးရွာတွေက ပင့်သံဃာ (၂၅) ပါးကို စာရေးတံမဲချပြီး ဆွမ်းလောင်းတာလောက်ပဲ ပြုလုပ်နိုင်တော့တယ်ကွယ်"

"ဆရာတော့်အနေနဲ့ ဒီအင်ကြွင်းတောင်မှာ ပုပ္ပားတောရကျောင်းတည်ဆောင်ပြီး သာသနာပြုလုပ်ငန်းတွေဆောင်ရွက်ဖြစ်ပုံကိုလည်းသိချင်ပါသေးတယ်ဘုရား"

"အရင်က အင်ကြွင်းတောင်လိုဏ်ဂူတွေနဲ့ ရှေးဟောင်းရုပ်ပွားရုပ်တုတွေကို မောက်သရက်ဆရာတော်က ထိန်းသိမ်း စောင့်ရှောက်ခဲ့တာလေ။ နောက်ပိုင်းမှာ မောက်သရက်ဆရာတော်က အသက်အရွယ်ကြီးလာတော့ မထိန်းသိမ်းမစောင့်ရှောက်နိုင်လို့ တိုင်းမှူးသူရကျော်စွာဆီသွားပြီး အကူအညီတောင်းခဲ့တယ်။ မောက်သရက်ဆရာတော်ကြီး အကူအညီတောင်းတော့ တိုင်းမှူးက ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းဆရာတော်ကို ဒီအင်ကြွင်းတောင်ထိန်းသိမ်းဖို့ လျှောက်ထားခဲ့တယ်။ ဒီလိုနဲ့ပဲ ပုပ္ပားကျောင်းဆရာတော်ကနေ ဒီမှာ ကျောင်းခွဲထားခဲ့လို့ ဘုန်းကြီးတို့ ဒီကို ရောက်ခဲ့တာပါ။ ဘုန်းကြီးတို့က ဖိုလ်ဝင်တောင်ပုပ္ပားဆက်တွေပါ။ ဘုန်းကြီးတို့ အင်ကြွင်းတောင် ပုပ္ပားတောရကျောင်းတိုက်မှာ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှာ လယ်တီဝိပဿနာ (၁၀) ရက်တရားစခန်းကျင်းပပြုလုပ်တာ ယောဂီ (၂၀၀) လောက်လာရောက်တရားအားထုတ်ကြတယ်။ တရားစခန်းပြုလုပ်ခဲ့တာ ဒီနှစ်နဲ့ပါဆိုရင် (၉) နှစ်ရှိပြီပေါ့"

"တပည့်တော်နောက်ဆုံးသိချင်တာကတော့ အင်ကြွင်းတောင်ရဲ့ဘုရားဝတ္တက နယ်မြေအကျယ်အဝန်းနဲ့ ဘာကြောင့် အင်ကြွင်းတောင်လို့ ခေါ်ဆိုခဲ့ရသလဲဆိုတာကို မိန့်ကြားပြောပြပေးပါဦးဘုရား"

"အင်ကြွင်းတောင်နဲ့ ဘုန်းကြီးတို့ ပုပ္ပားတောရကျောင်းနှစ်ရပ်ပေါင်း ဝတ္တကမြေအကျယ်အဝန်းက (၇၅) ဧကရှိပါတယ်။ အင်ကြွင်းတောင်လို့ ဘာကြောင့်ခေါ်ရသလဲဆိုတာကတော့ ဒီကိုလာတဲ့လူတိုင်းမေးကြပါတယ်။ သေချာတဲ့အထောက်အထားပြစရာမရှိပေမယ့်လို့ အစဉ်အဆက်ကပြောခဲ့ကြတာကတော့ အရင်က ဒီတောင်ပေါ်မှာ အင်ကြွင်းပင်တွေ အများကြီးပေါက်ရောက်ခဲ့လို့ အင်ကြွင်းတောင်လို့ ခေါ်ခဲ့ကြတာပေါ့ ဒကာလေး"

စာရေးသူတို့ညီအစ်ကိုလည်း သိလိုသမျှ ဖြေကြားပေးခဲ့တဲ့ အင်ကြွင်းတောင်ပုပ္ပားတောရကျောင်းဆရာတော် ဦးသုမိတ္တအား ကျေးဇူးတင်စကားဆိုရင်း ဂါရဝပြုနှုတ်ဆက်ခဲ့ပြီးနောက် တောရကျောင်းနဲ့ကပ်လျက်ရှိ အင်ကြွင်းတောင်ပေါ် သို့တက်ခဲ့ကြတယ်။ တောင်ပေါ်အတက် လှေကားအနီးမှာတော့ ဘုရားဖူးလာရောက်သူတို့ လိုက်နာကြဖို့ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကထုတ်ပြန်ထားတဲ့ တားမြစ်ချက်ဆိုင်းဘုတ်ကို အခုလို ဖတ်လိုက်ရတယ်။

၁။ ဘုရားရင်ပြင်ပေါ် သို့ ဖိနပ်မစီးရ။
၂။ ဘုရားလာအတွဲများ (၁၅) မိနစ် အချိန်ထက် ပိုမနေရ။
၃။ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ နွားလှည်းတက်ခွင့်မပြုပါ။

ပြုပြင်ထိန်းသိမ်း
စောင့်ရှောက်ရေးအဖွဲ့

အင်ကြွင်းတော်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ထုတ်ပြန်ထားမှုတွေကို ဖတ်မှတ်လေ့လာပြီးနောက် သိပ်မမြင့်လှတဲ့ လှေကားလေးအတိုင်း တက်သွားလိုက်တော့ တောင်ပေါ် ဘုရားရင်ပြင်ကို ရောက်သွားရောပေါ့။ ဦးစွာ ရင်ပြင်တော် ညာဘက်အစွန်းဆုံးရှိ တောင်ပိုင်ဘိုးဘိုးကြီးနတ်နန်းကို ဝင်ရောက်ပြီး မေတ္တာပို့ အမျှဝေဖြစ်ပါတယ်။ ဘိုးဘိုးကြီးနတ်နန်းကထွက်လာပြီးနောက် ရင်ပြင်တော်ကို လှည့်ပတ်လေ့လာကြည့်မိတယ်။ ရင်ပြင်တော်ပေါ်မှာကတော့ မြန်မာနှစ် ၁၃၄၉ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အင်ကြွင်းတောင်မင်္ဂလာသိမ်တော်၊ ရင်ပြင်တော်အောက်ဘက် ကျောက်သားထုကို ထွင်းထုထားတဲ့ရှေးလက်ရာ ကျောက်ထွင်းရေလှောင်ကန်၊ သစ်သားဇရပ်ကြီး၊ စီးတော်ကျားနဲ့ တကွ တည်ဆောက်ထားတဲ့ ဖိုလ်ဝင်တောင်သခင်မနတ်နန်းကို တွေ့မြင်ရပါတယ်။

အခု စာရေးသူ တွေ့မြင်ရသမျှ အဆောက်အအုံတွေအပြင် အင်ကြွင်းတောင်လိုဏ်ဂူတွေရဲ့ ရှေ့မျက်နှာစာရင်ပြင်တော်မှာ (၁၀၈) ကွက် စက်လက္ခဏာအစုံအလင်နဲ့ ကျောက်ပြားပေါ်မှာ ထွင်းထုထားတဲ့ မြတ်ဗုဒ္ဓရဲ့ပါဒခြေတော်ရာ၊ ဘုရားမီးထွန်းညှိပူဇော်တဲ့ ရှေးဟောင်းကျောက်မီးတိုင်များ၊ ကျောက်ကျားရုပ်တု၊ကျောက်လိပ်ရုပ်တု၊ကျောက်သပိတ်တော်တွေကို ရင်ပြင်အနှံ့တွေ့မြင်ရတာပါ။ စာရေးသူတို့ရင်ပြင်ပေါ်မှာ လေ့လာ ကြည့်ညှိပြီးနောက် အင်ကြွင်းတောင်ရဲ့ညာဘက်မှာ အတန်းလိုက်ကြီးတည်ရှိနေတဲ့ လိုဏ်ဂူတွေကို ဦးစွာလေ့လာကြည့်မိတယ်။

အင်ကြွင်းတောင်ရဲ့ ညာဘက်အရပ်ရှိ လိုဏ်ဂူတွေဟာ လိုဏ်မုခ်ပေါက်များဖြင့် ထွင်းထုတည်ဆောက်ထားတာတွေကို မြင်ရသလို လိုဏ်မုခ်ပေါက်မပါရှိဘဲ သာမန်ရိုးရိုးဂူဝင်ပေါက်သာထွင်းထုထားတဲ့ လိုဏ်ဂူတွေ့ကိုလည်း တွေ့မြင်ရပါတယ်။ အချို့လိုဏ်အဝင် မုခ်ပေါက်ရှိ အစောင့်နတ်ရုပ်တုတွေကို အကောင်းပကတိအတိုင်း တွေ့မြင်ရသလို အချို့မှာတော့ ကျိုးပဲ့ပျက်စီးနေပါတယ်။ လိုဏ်ဂူတွေရဲ့အတွင်းဘက်မှာတော့ ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တွေကို ဉာဏ်တော်အရွယ်အစားအမျိုးမျိုးဖြင့် ဖူးတွေ့ရပြီး အချို့လိုဏ်ဂူတွေထဲမှာတော့ ရုပ်တုရုပ်ပွားတွေမရှိဘဲ လိုဏ်ဂူအလွတ်တွေကိုသာ တွေ့မြင်ရတာပါ။ လိုဏ်ဂူတစ်ခုတည်းမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတည်းသာ ကိန်းဝပ်စံပယ်တဲ့ လိုဏ်ဂူတွေကို တွေ့မြင်ရသလို လိုဏ်မုခ်ပေါက်သုံးခု၊ လေးခုထားရှိပြီး အတွင်းဘက်မှာ ရုပ်ပွားတော်တွေ စီတန်းစံပယ်နေတဲ့ လိုဏ်ဂူတွေလည်း တွေ့မြင်ရပြန်ရာ

www.burmeseclassic.com

စာရေးသူတို့လို ဘုရားဖူးလာရောက်သူတွေရဲ့ အမြင်အာရုံမှာ ငြီးငွေ့မသွားရအောင် လိုဏ်ဂူတွေကို ပုံစံအမျိုးမျိုးဖြင့် အမြင်ဆန်းအောင် ထွင်းထုထည်ဆောက်ထားခဲ့ခြင်းဟာ ချီးကျူးလောက်စရာပါ။

အင်ကြင်းတောင်ရဲ့ ညာဘက်အရပ်ရှိ လိုဏ်ဂူတွေနဲ့ ဗုဒ္ဓရုပ်ပွားရုပ်တုတွေဟာ ခေတ်နောက်ပိုင်းလက်ရာတွေလို့ ခန့်မှန်းယူဆရပြီး အစောဆုံးရက်စွဲပါကမ္ပည်းမှတ်တမ်းကို အင်ကြင်းတောင်ရဲ့ညာဘက်အစွန်ဆုံးရှိ လိုဏ်ဂူနှစ်ခုအနက် ဘုရားသုံးဆူလိုဏ်ဂူအတွင်းမှာ တွေ့မြင်လေ့လာခဲ့ရတယ်။ တောင်ရဲ့အစွန်ဆုံးရှိ လိုဏ်ဂူနဲ့ကပ်လျက် ဘယ်ဘက်အရပ်က လိုဏ်ဂူအတွင်းမှာတော့ ဘူမိဖဿမုဒြာဟန်ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်သုံးဆူ စီတန်းစံပယ်လျက်ရှိရာ အလယ်ရုပ်ပွားတော်ရဲ့နောက်ကျောဘက်နံရံပေါ်မှာ မြန်မာနှစ် ၁၂၂၇ ခုနှစ်တွင် ပြီးဆည်လို့ ရေးထိုးထားတဲ့ ကမ္ပည်းမှတ်တမ်းကို တွေ့ရတယ်။ မြန်မာနှစ် ၁၂၂၇ ခုနှစ်ရက်စွဲပါ ကမ္ပည်းမှတ်တမ်းအရ မြန်မာနှစ် ၁၂၂၁ ခုနှစ်က မန္တလေးရတနာပုံနေပြည်တော်ကြီးတည်ထောင်ပြီးနောက်ပိုင်း (၆)နှစ်အကြာမှာ ထွင်းထုတည်ဆောက်ခဲ့တဲ့ လိုဏ်ဂူနဲ့ရုပ်ပွားတော်သုံးဆူဟာ ရတနာပုံခေတ်လက်ရာတွေဆိုတာကို သိရှိလေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီရုပ်ပွားတော်သုံးဆူ ကိန်းဝပ်ရာလိုဏ်ဂူအတွင်းမှာပဲ ခေတ်နောက်ပိုင်းပြုပြင်မှု ကမ္ပည်းမှတ်တမ်းတွေကိုလည်း ထပ်မံတွေ့မြင်ခဲ့ရသလို အခြားလိုဏ်ဂူများတွင်လည်း နှောင်းခေတ်ပြုပြင်မှု ကမ္ပည်းမှတ်တမ်း အတော်များများကို တွေ့မြင်လေ့လာခဲ့ရပါတော့တယ်။

စာရေးသူတို့ အင်ကြင်းတောင်ညာဘက်အစွန်ဆုံးကနေ လိုဏ်ဂူတွေကို အစဉ်အတိုင်း ဖူးမြော်လေ့လာခဲ့ကြရာ ရင်ပြင်တော်ရှိ ကျောက်တွင်းရေလှောင်ကန်အနီးက လိုဏ်ဂူတွေနဲ့ ရုပ်တုရုပ်ပွားတွေ အများအပြားရှိတဲ့အထဲက ပူဇော်တည်ထားမှုလက်ရာဟန် ထူးခြားတဲ့ ရုပ်ပွားတော်သုံးဆူကို ဖူးတွေ့ခဲ့ရတယ်။ လိုဏ်ဂူထွင်းထုစဉ်ကပင် တစ်ပါတည်းထွင်းထုထားတဲ့ ထိုင်တော်မူရုပ်ပွားတော်တစ်ဆူရဲ့ အောက်ဘက်ရှိ ပလ္လင်တော်ကို မှန်စီရွှေချထားခြင်းဟာ လက်ရာမြောက်လှသလို လိုဏ်ဂူနဲ့တစ်ဆက်တည်း ထွင်းထုထားတဲ့ ရပ်တော်မူရုပ်ပွားတော်ကြီးတစ်ဆူကလည်း သပ္ပာယ်ကြည်ညိုဖွယ် ဖူးတွေ့ရတာပါ။ ဒါ့အပြင် ညာဘက်လက်တော်ကို မိုးအုံးပေါ်မှာ ထောက်ထားပြီး အောက်ဘက်သို့ ဆန့်တန်းထားတဲ့ ခြေတော်အစုံပေါ်ကို ဘယ်ဘက်လက်တော်တင်ထားလျက် သက်သောင့်သက်သာ လျောင်းစက်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကတော့ အခု စာရေးသူ ဖူးတွေ့ခဲ့ရသမျှထဲမှာတော့ အထူးခြားဆုံးလို့ဆိုရတော့မှာပါ။ အဲဒီလျောင်းတော်မူရုပ်ပွားတော်ရဲ့ခြေရင်းဘက်မှာလည်း လိုဏ်ဂူတွေကို တွေ့မြင်ရပြီး အဲဒီလိုဏ်ဂူတွေထဲက အလယ်လိုဏ်ဂူတော်တွေနဲ့ကပ်လျက်ရှိ လိုဏ်ဂူတစ်ခုရဲ့ အဝင်မုခ်ဦးမှာ လက်ရာမြောက်စွာထွင်းထုထားတဲ့ အစောင့်နတ်ရုပ်တုတွေဟာ အင်ကြင်းတောင်မှာရှိတဲ့ နတ်ရုပ်တုတွေထဲမှာတော့ လက်ရာအမြောက်ဆုံးလို့ဆိုရမှာပါ။ အဲဒီနတ်ရုပ်တုတွေရှိတဲ့လိုဏ်ဂူကနေ ရှေ့ဘက်ကိုဆက်သွားလိုက်ရင် အင်ကြင်းတောင်အလယ်လိုဏ်ဂူတွေဆီကို ရောက်သွားပါတယ်။

အင်ကြင်းတောင်ရဲ့အလယ်လိုဏ်ဂူဝင်ပေါက်တွေမှာရှိတဲ့ ရှေးဟောင်းကျောက်တွင်းမုခ်ဦးတွေကတော့ ခမ်းနားပြီး လက်ရာမြောက်လှပါတယ်။ အင်ကြင်းတောင်အလယ် လိုဏ်ဂူတွေက လိုဏ်ဂူကြီးသုံးခုကို တစ်ဆက်တစ်စပ်တည်း ထွင်းထုတည်ဆောက်ထားခြင်းဖြစ်ရာ စာရေးသူတို့က ညာဘက်လိုဏ်ဂူတော်အတွင်းကို ဝင်ရောက် လေ့လာဖြစ်ပါတယ်။ အခု စာရေးသူတို့ ဝင်ရောက်ခဲ့တဲ့ညာဘက်လိုဏ်ဂူဟာ အင်ကြင်းတောင်လျောင်းတော်မူကြီးရဲ့ ဦးခေါင်းအထက်ဘက်မှာတည်ရှိပါတယ်။လိုဏ်ဂူအတွင်းဘက်မှာတော့ ဘူမိဖဿမုဒြာဟန် ထိုင်တော်မူရုပ်ပွားတော်ကို အလယ်မှာ မဏ္ဍိုင်ပြုလျက် ဘေးဘက်လိုဏ်နံရံပတ်လည်ကိုကပ်ပြီး ထိုင်တော်မူ၊ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေကို လိုဏ်ဂူထွင်းထုစဉ်ကပင် တစ်ပါတည်း တစ်ဆက်တည်း ထွင်းထုပူဇော်တည်ဆောက်ထားတာကို ကြည်ညိုဖွယ်ဖူးတွေ့ရပါတယ်။ ရုပ်ပွားတော်အများစုကို ရှေးလက်ရာတွေလို့ ယူဆရပြီး ဘယ်ခေတ်ကတည်ထားခဲ့ကြောင်းဖော်ပြတဲ့ ကမ္ပည်းမှတ်တမ်းကိုတော့မတွေ့ခဲ့ရပါဘူး။ နောက်ပိုင်းပြုပြင်သူတွေရဲ့ ကမ္ပည်းမှတ်တမ်းအချို့ကိုတော့တွေ့ခဲ့ရပါတယ်။

အင်ကြင်းတောင်အလယ်လိုဏ်ဂူတွေထဲက လျောင်းတော်မူကြီးဟာ ရှေးအကျဆုံးလက်ရာတစ်ခုဖြစ်ပြီး အခု စာရေးသူတို့ လေ့လာနေကြတဲ့ ညာဘက်လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်တွေရဲ့လက်ရာတွေကတော့ လျောင်းတော်မူကြီးထုလုပ်ခဲ့ချိန်ရဲ့ ခေတ်နောက်ပိုင်းလောက်မှာရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ အလယ်လိုဏ်ဂူသုံးခုအနက် ညာဘက်အရပ်ရှိ လိုဏ်ဂူအတွင်းက ဗုဒ္ဓရုပ်ပွားတော်အများစုရဲ့ သင်္ကန်းတော်တွေ ဝတ်ရုံထားပုံဟာ အမြင်ဆန်းလှသလို သပိတ်ပိုက်လျက် ရပ်တော်မူရုပ်ပွားတော်ကြီးတွေကလည်း တွေ့မြင်ရခဲလှတဲ့ လက်ရာဟန်တွေအဖြစ် ဖူးတွေ့ရပါတယ်။ အဲဒီလိုဏ်ဂူအတွင်းမှာပဲ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့အတူ ကျောက်ပြားပေါ်မှာ ထွင်းထုထားတဲ့ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာတစ်ဆူကို (၁၀၈) ကွက် စက်လက္ခဏာအပြည့်အစုံနဲ့ ဖူးတွေ့ခဲ့ရပြန်တယ်။ အလယ်လိုဏ်ဂူတွေထဲက ညာဘက်အရပ်ရှိ လိုဏ်ဂူတော်အတွင်းမှာ စာရေးသူတို့ လေ့လာကြည်ညိုပြီးနောက် လျောင်းတော်မူကြီးကိန်းဝပ်စံပယ်ရာ အလယ်လိုဏ်ဂူအတွင်းကို ဝင်ရောက်ဖြစ်ပါတယ်။

စာရေးသူတို့က ညာဘက်လိုဏ်ဂူရှိ အတွင်းဘက်လိုဏ်ဝင်ပေါက်ကနေ အလယ်ဂူဆီသို့ ဝင်ရောက်လိုက်တယ်ဆိုရင်ပဲ အင်ကြင်းတောင်လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကြီးမားသပ္ပာယ်စွာဖူးတွေ့ရပါတော့သည်။ ရှေးဟောင်းကျောက်ဆစ်ပန်းပုလက်ရာဖြင့် ပူဇော်တည်ဆောက်ထားတဲ့ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီးဟာ ဉာဏ်တော် (၃၈) တောင်ရှိတာကြောင့် လိုဏ်ဂူတော်နဲ့ ပြည့်လုနီးပါး ကိန်းဝပ်တော်မူနေတာပါ။ ကျောက်တောင်ကြီးအတွင်းဘက်မှာ ကြီးမားလှတဲ့ လိုဏ်ဂူတော်ကြီးကို ထွင်းထုလျက် လျောင်းတော်မူရုပ်ပွားတော်ကြီးကို လိုသလို ပုံဖော်ပြီး ခက်ခက်ခဲခဲ ထွင်းထုတည်ဆောက်ထားခဲ့ခြင်းဟာ အံ့သြချီးကျူးလောက်စရာပါ။ စာရေးသူလည်း အင်ကြင်းတောင်ရဲ့ ရှေးအကျဆုံး ရုပ်ပွားတော်တစ်ဆူဖြစ်တဲ့ လျောင်းတော်မူကြီးကို ရှိခိုးဝတ်ပြုပူဇော်ပြီးနောက် ရုပ်ပွားတော်ကြီးအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးဖို့ အစ်ကိုဖြစ်သူကို အကူအညီတောင်းဖြစ်ပါတယ်။ လျောင်းတော်မူကြီးက လိုဏ်ဂူနဲ့အပြည့်ကိန်းဝပ်နေတာကြောင့် ရုပ်ပွားတော်တစ်ဆူလုံးကို ဓာတ်ပုံရိုက်ယူဖို့ ခက်ခဲတဲ့အခြေအနေရှိနေပါတယ်။ အဲဒါကြောင့် အစ်ကိုဖြစ်သူက လျောင်းတော်မူကြီးရဲ့ခြေတော်ရင်းက



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ၊ အလယ်လောက်က တစ်ခါ၊ ဦးခေါင်းတော်အထက်ပိုင်းကတစ်ခါ ဆိုပြီး နေရာသုံးနေရာခွဲပြီး ရှုထောင့်အမျိုးမျိုးကနေ ဓာတ်ပုံတွေကို ရိုက်ယူခဲ့ပါတယ်။

ရိုက်ထားသမျှ ဓာတ်ပုံတွေကို တင်မရာချိန်ခွက်ကနေ ပြန်ကြည့်တဲ့အခါ လျောင်းတော်မူကြီးရဲ့ခြေတော်ရင်းနဲ့ အလယ်လောက်က ရိုက်ကူးထားတဲ့ ဓာတ်ပုံနှစ်ပုံမှာ လျောင်းတော်မူကြီးရဲ့ ပင်ကိုပကတိပုံတော်အတိုင်း မျက်လုံးတော်ဖွင့်လျက် ဖူးတွေ့ရပြီး ဦးခေါင်းတော်အထက်ပိုင်းက ရိုက်ကူးထားတဲ့ ဓာတ်ပုံထဲမှာတော့ လျောင်းတော်မူကြီးဟာ ထူးခြားစွာ မျက်လုံးတော်ပိတ်လျက် ပရိနိဗ္ဗာန်စံဝင်တော်မူနေဟန်ပုံတော်ကို အံ့ဩဖွယ်ရာ ဖူးတွေ့လိုက်ရတော့တာပါ။ စာရေးသူ့အနေနဲ့ အင်ကြင်းတောင်လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ မျက်လုံးတော်ပိတ်လျက် ပရိနိဗ္ဗာန်စံဝင်တော်မူဟန်ဓာတ်ပုံကို စာရှုသူ ဓမ္မမိတ်ဆွေ သူတော်စင်တို့ ဖူးမြော်ကြည်ညိုနိုင်ကြစေဖို့ အခု ရေးသားတဲ့ ဗုဒ္ဓပူဇာဆောင်းပါးနဲ့အတူ တစ်ပါတည်း ဖော်ပြပေးဖို့ ဆုံးဖြတ်မိပါတယ်။

စာရေးသူတို့ လျောင်းတော်မူကြီးကို ဓာတ်ပုံမှတ်တမ်းတင် ရိုက်ကူးပြီးနောက် ရုပ်ပွားတော်ကြီးရဲ့ ဦးခေါင်းအနီးကပ်လျက် အထက်ဘက်ရှိ ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ကို လေ့လာဖြစ်ပါတယ်။ ဆရာတော် ဦးသုမိတ္တနဲ့ တွေ့ဆုံစဉ်က ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ရဲ့ အောက်အခြေမှာ သမိုင်းအတွက် အထောက်အကူဖြစ်စေမယ့် ခုနှစ်သက္ကရာဇ်အထောက်အထားပါရှိတဲ့ ကမ္ပည်းမှတ်တမ်းကို သေချာလေ့လာကြည့်ဖို့ စာရေးသူတို့ကို တစ်ခုတ်တစ်ရမိန့်ဆိုမှာကြားခဲ့ပါသေးတယ်။ ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ကို လေ့လာကြည့်တဲ့အခါ ကျောက်တိုင်ရဲ့ဘေးပတ်ပတ်လည်မှာ ဗုဒ္ဓရုပ်ပွားတော်လေးပေါင်းတစ်ထောင်ကို လက်ရာမြောက်စွာ ထွင်းထုထားပြီး အထက်ဘက်မှာတော့ အထွတ်တင်ကျောက်စေတီငယ်ဖြင့် ပူဇော်တည်ဆောက်ထားပါတယ်။ ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ကို လိုဏ်ဂူတော်တွင်းထုစဉ်ကပင် တစ်ပါတည်း တစ်ဆက်တည်းထွင်းထုထားခဲ့ဟန်ရှိပါတယ်။ ကျောက်တိုင်အောက်ခြေမှာတော့ ကျောက်တိုင်တည်ဆောက်မှုကမ္ပည်းမှတ်တမ်းတစ်ခုကို တွေ့မြင်ရတယ်။ စာရေးသူဖတ်ကြည့်မိသမျှ ကမ္ပည်းမှတ်တမ်းကို မူရင်းအတိုင်းဖော်ပြရရင် -

'ဗုဒ္ဓတစ်ထောင်ကျောက်တိုင်
သက္ကရာဇ် ၁၁၈၁ ခု၊ တန်ဆောင်မုန်း
လပြည့်ကျော် ၁၂ ရက်လောက်တွင်
(၁၀၀၀) ပြည့် ဘုရားပြီးသည်'
လို့ ရေးထိုးထားပါတယ်။

မြန်မာနှစ် ၁၁၈၁ ခုနှစ်လို့ပါရှိတဲ့ ကမ္ပည်းမှတ်တမ်းအရ ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၉၄ နှစ်လောက်က ကုသိုလ်ပြုတည်ဆောက်သွားတဲ့ ရှေးဟောင်းကျောက်တိုင်တစ်ခုဖြစ်ကြောင်း သိလိုက်ရတယ်။ အတိအကျဆိုရရင် မြန်မာနှစ် ၁၁၄၃ ခုနှစ်ကနေ မြန်မာနှစ် ၁၁၈၃ ခုနှစ်အထိ အမရပူရမှာ နန်းစံသွားတဲ့ ကုန်းဘောင်မင်းဆက် (၆) ဆက်မြောက် ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက်က တည်ဆောက်သွားတဲ့ အမရပူရခေတ်လက်ရာ ကျောက်တိုင်တစ်ခုလို့ ဆိုရမှာပါ။ လျောင်းတော်မူကြီးကိန်းဝပ်ရာ လိုဏ်ဂူတော်ကြီးအတွင်းဘက်မှာက ဗုဒ္ဓရုပ်ပွားတော်လေးများဖြင့် ထွင်းထုထားတဲ့ ကျောက်တိုင်တွေ အတော်များများရှိနေကြပေမယ်လို့ အခုဗုဒ္ဓတစ်ထောင်ကျောက်တိုင်တစ်ခုတည်းသာ မြန်မာနှစ်အထောက်အထား အတိအကျပါရှိတာပါ။ အင်ကြင်းတောင်လိုဏ်ဂူအတွင်းမှာ အမရပူရခေတ်လက်ရာ ကျောက်ထွင်း ဗုဒ္ဓတစ်ထောင်ကျောက်တိုင်တည်ရှိနေတာကို ထောက်ကြည့်လေ့လာခြင်းအားဖြင့် အင်ကြင်းတောင်ဟာ အမရပူရခေတ်ကပင် ကောင်းမှုကုသိုလ်ပြုသူတို့ဖြင့် လူသိများထင်ရှား စည်ကားနေပြီဖြစ်ကြောင်း မှန်းဆသိမြင်လာရပါတယ်။

စာရေးသူတို့ ဗုဒ္ဓတစ်ထောင်ကျောက်တိုင်ကို လေ့လာပြီးနောက် အလယ်လိုဏ်ဂူနဲ့ တစ်ဆက်တည်းရှိတဲ့ ဘယ်ဘက်လိုဏ်ဂူဆီကို ဝင်ရောက်ဖို့ လျောင်းတော်မူကြီးရဲ့ခြေတော်ရင်းအနီး ဖောက်လုပ် ထွင်းထုထားတဲ့ အတွင်းဘက်လိုဏ်ဂူပေါက်ဆီကို သွားခဲ့ကြတယ်။ အဲဒီလိုဏ်ပေါက်ကနေဝင်လိုက်တယ်ဆိုရင်ပဲ အလယ်လိုဏ်ဂူရဲ့ဘယ်ဘက်အရပ်ရှိ လိုဏ်ဂူတော်အတွင်းက ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးတွေ့ရပါတော့တယ်။

အလယ်လိုဏ်ဂူနဲ့ကပ်လျက် တစ်ဆက်တည်းရှိတဲ့ ဘယ်ဘက်လိုဏ်ဂူအတွင်းဘက်မှာ ကိန်းဝပ်စံပယ်ကြတဲ့ ဗုဒ္ဓရုပ်ပွားရုပ်တုတွေကို ထွင်းထုပူဇော်ထားပုံဟာ ထူးခြားမှုရှိပြီး စိတ်ဝင်စားဖို့ကောင်းလှတာပါ။လိုဏ်ရဲ့နောက်ကျောဘက် နံရံကပ်လျက်မှာ လျောင်းတော်မူတစ်ဆူ ထွင်းထုပူဇော်ထားပြီး ဘေးပတ်လည် လိုဏ်နံရံတွေမှာလည်း ဗုဒ္ဓရုပ်ပွားတော်တွေကို လက်ရာမြောက်စွာ ထွင်းထုပူဇော်ထားပြီး ဘေးပတ်လည်လိုဏ်နံရံတွေမှာလည်း ဗုဒ္ဓရုပ်ပွားတော်တွေကို လက်ရာမြောက်စွာ ထွင်းထုပူဇော်ထားပါတယ်။ အခု စာရေးသူ လေ့လာနေတဲ့ အလယ်လိုဏ်ဂူရဲ့ ဘယ်ဘက်လိုဏ်ဂူကို ထွင်းထုတဲ့အခါ အတွင်းဘက်ကျောက်သားထုကို အကုန်လုံးထွင်းထုထားခြင်းမဟုတ်ဘဲ လိုဏ်ဂူအလယ်တည့်တည့်လောက်မှာ ရှည်မျောမျောကျောက်သားထုကို ချန်လှပ်ထားတဲ့ ကျောက်မဏ္ဍိုင်တစ်ခုရှိပါတယ်။ အဲဒီကျောက်မဏ္ဍိုင်ရဲ့အောက်ခြေပတ်လည်မှာတော့ ဘူမိဖဿမုဒြာဟန်ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေကို ထွင်းထုပူဇော်ထားတယ်။ ထိုင်တော်မူရုပ်ပွားတော်တွေရဲ့ နောက်ကျောဘက် ကျောက်မဏ္ဍိုင်နံရံပေါ်မှာ ယခင်က ဗောဓိပင်ပုံနံရံဆေးရေးပန်းချီတွေရှိခဲ့မယ်လို့ ခန့်မှန်းရပြီး ယခုအခါမှာတော့ ဆေးအရောင်တွေ လွင့်ပျောက်ပျက်ပြယ်နေပြီး ဆေးရေးအကြွင်းအကျန်အနည်းငယ်ကိုသာတွေ့မြင်ရတော့ ဘယ်ဘက်မှာ စီတန်းစံပယ်နေတဲ့ ထိုင်တော်မူရုပ်ပွားတော်တွေရဲ့ နောက်ကျောဘက်နံရံပေါ်မှာလည်း ဗောဓိပင်ပုံနံရံဆေးရေးပန်းချီတွေကို တွေ့မြင်ရပြန်တယ်။ နံရံဆေးရေးပန်းချီအများစုက ဆေးရောင်တွေ ပျက်စီးယိုယွင်းနေပြီး တစ်ခုတည်းသာ ရှားရှားပါးပါး အကောင်းပကတိအတိုင်း ကျန်ရှိတွေ့မြင်ရတော့တာပါ။. စာရေးသူလည်း အကောင်းပကတိကျန်ရှိနေတဲ့ နံရံဆေးရေးပန်းချီကို လေ့လာကြည့်မိရာ ပလ္လင်တော်ရဲ့နောက်ကျောဘက်မှာက သစ်ကိုင်းတစ်ခုနဲ့တစ်ခု ရစ်ပတ်ယှက်သန်းနေတဲ့ မဟာဗောဓိပင်ပုံကလည်း လက်ရာမြောက်လှတာပါ။ ဒါ့အပြင် ဗောဓိပင်အထက်ဘေး ဝဲ၊ ယာတစ်ဖက်တစ်ချက်စီမှာ ခိုနားနေတဲ့ ကျေးငှက်နှစ်ကောင်ရှိပြီး ဗောဓိပင်အောက်ခြေဘေး ဝဲ၊ ယာတစ်ဖက်တစ်ချက်စီမှာလည်း ပျားအုံတစ်ခုစီကိုင်လျက် မြတ်ဗုဒ္ဓအား ပူဇော်နေကြတဲ့ မျောက်နှစ်ကောင်ပုံကိုလည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဆွဲထားပါတယ်။

အလယ်လိုဏ်ဂူနဲ့ ကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဘက်လိုဏ်ဂူအတွင်းရှိ မြတ်ဗုဒ္ဓအား အဂ္ဂသာဝကနှစ်ပါး ပူဇော်ကန်တော့နေပုံနံရံဆေးရေးပန်းချီကို ဘယ်ခေတ်ဘယ်အခါကရေးဆွဲခဲ့သလဲဆိုတဲ့ ကမ္ဗည်းမှတ်တမ်းကိုတော့ မတွေ့ခဲ့ရပါဘူး။ စာရေးသူက သမိုင်းသုတေသီမဟုတ်တော့ နံရံဆေးရေးပန်းချီဟာ ဘယ်ခေတ်လက်ရာလဲဆိုတာ အတိအကျမပြောပြနိုင်ဘူးပေါ့။ သမိုင်းသုတေသီတို့အနေနဲ့ကတော့ နံရံဆေးရေးပန်းချီရဲ့လက်ရာဟန်ကိုကြည့်ပြီး ဘယ်ခေတ်လက်ရာဖြစ်သလဲဆိုတာကို အလွယ်တကူ ခွဲခြားသိမြင်နိုင်လိမ့်မယ်လို့ စာရေးသူက ယူဆမိတယ်။ အဲဒီလိုနံရံဆေးရေးပန်းချီဟာ ဘယ်ခေတ်လက်ရာဆိုတာ ခွဲခြားသိမြင်လာခဲ့မယ်ဆိုရင် အင်ကြင်းတောင်ရဲ့သမိုင်းကွင်းဆက်တစ်ခုကို အစဖော်လို့ရနိုင်ကောင်းရဲ့လို့ စာရေးသူက တွေးမိပြန်တယ်။ ဒါကြောင့် သမိုင်းသုတေသီတို့ အကဲခတ်လေ့လာနိုင်ကြစေဖို့ အစ်ကိုဖြစ်သူ မှတ်တမ်းတင်ရိုက်ကူးပေးထားတဲ့ မြတ်ဗုဒ္ဓအား အဂ္ဂသာဝကနှစ်ပါး ပူဇော်နေကြဟန် နံရံဆေးပန်းချီဓာတ်ပုံကို အခုရေးသားတဲ့ဗုဒ္ဓပူဇာဆောင်းပါးနဲ့အတူ တစ်ပါတည်း ဖော်ပြပေးဖို့ ဆုံးဖြတ်မိတယ်။ နံရံဆေးရေးပန်းချီကို လေ့လာပြီးနောက် ဘယ်ဘက်လိုဏ်ဂူတော်အတွင်းဘက်ကနေ ရင်ပြင်တော်ဘက်ထွက်နိုင်တဲ့ လိုဏ်မုခ်ပေါက်ကို ဖြတ်သန်းရင်း စာရေးသူတို့ အပြင်ဘက်ကို ထွက်ခဲ့ကြတယ်။ ရင်ပြင်တော်အပြင်ဘက်ကို ရောက်ပြီဆိုတာနဲ့ အင်ကြင်းတောင်ရဲ့ဘယ်ဘက်အခြမ်းက ကျန်ရှိနေတဲ့ လိုဏ်ဂူတန်းတွေကို ဆက်လက် လေ့လာဖြစ်တယ်။

စာရေးသူတို့ အလယ်လိုဏ်ဂူတွေကနေ ရှေ့ဆက်သွားလိုက်တော့ လျောင်းတော်မူဘုရားတစ်ဆူ ကိန်းဝပ်စံပယ်တဲ့ လိုဏ်ဂူတစ်ခုဆီ ရောက်သွားပါတယ်။ လိုဏ်ဂူအတွင်းက လျောင်းတော်မူကြီးဟာ အင်ကြင်းတောင်ရဲ့ညာဘက်လိုဏ်ဂူတန်းတွေမှာ ဖူးတွေ့ခဲ့ရတဲ့ လျောင်းတော်မူရုပ်ပွားတော်လိုပဲ မှီအုံးပေါ်ကို ဘယ်ဘက်လက်တော်တင်ထားလျက် သက်သောင့်သက်သာ လျောင်းစက်တော်မူနေဟန်ပုံစံအတိုင်း ထွင်းထုတည်ဆောက်ထားပါတယ်။ ဒီလိုဏ်ဂူထဲက လျောင်းတော်မူဟာ အင်ကြင်းတောင်ရဲ့ညာဘက်အရပ်ရှိ လိုဏ်ဂူတန်းတွေမှာ ဖူးတွေ့ရတဲ့ လျောင်းတော်မူထက် ပိုမိုသပ္ပာယ်မှုရှိပြီး ရုပ်ပွားတော်စံပယ်ရာ သလွန်တော်ကို မှန်စီရွှေချထားခြင်းဟာ လက်ရာမြောက်လှပါတယ်။ အခုဖူးတွေ့ရတဲ့ လျောင်းတော်မူကြီးရဲ့ နောက်ကျောဘက်နံရံပေါ်မှာတော့ မြန်မာနှစ် ၁၂၇၁ခုက ကုသိုလ်ပြုထွင်းထုတည်ဆောက်ခဲ့ကြောင်း ကမ္ဗည်းမှတ်တမ်းကို တွေ့မြင်ရတာကြောင့် ဒီလျောင်းတော်မူကြီးဟာ ကိုလိုနီခေတ်လက်ရာဖြစ်တယ်ဆိုတာကို လေ့လာသိရှိခဲ့ရပါတယ်။ အဲဒီလျောင်းတော်မူကြီးစံပယ်ရာလိုဏ်ဂူကနေ ရှေ့ဆက်သွားလိုက်ရင် ဂန္ဓကုဋိတိုက်ပုံစံထွင်းထုတည်ဆောက်ထားတဲ့ လိုဏ်ဂူတစ်ခုဆီရောက်သွားတယ်။ ဂန္ဓကုဋိတိုက်ပုံစံလိုဏ်ဂူရဲ့ အထက်ဘက်မှာ စေတီခြောက်ဆူ ထွင်းထုထားပြီး လိုဏ်မုခ်ပေါက် ငါးခုရှိပါတယ်။ လိုဏ်မုခ်ပေါက်ငါးခုရဲ့ဘေးဘက်တွေနဲ့ အထက်ဘက်အမိုးနံရံတစ်လျှောက်မှာ ဘုရားအလောင်းတော် တောထွက်တော်မူခန်း အပါအဝင် အခြားဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက်တွေကို ကျောက်ထွင်းပန်းပုရုပ်လုံးရုပ်ကြွတို့ဖြင့် တန်ဆာဆင်တည်ဆောက်ထားပါတယ်။

ဂန္ဓကုဋိတိုက်ပုံစံ လိုဏ်ဂူအတွင်းဘက်မှာတော့ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်တွေ စီတန်းစံပယ်နေကြတာကို ဖူးတွေ့ရတယ်။ အဲဒီဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွတွေနဲ့ ထွင်းထု တည်ဆောက်ထားတဲ့ ဂန္ဓကုဋိတိုက်ပုံစံလိုဏ်ဂူတော်ကို လေ့လာကြည့်ညိုပြီးနောက် စာရေးသူတို့ အင်ကြင်းတောင်ဘယ်ဘက်အစွန်ဆုံးရှိ လိုဏ်ဂူတန်းတွေဆီကို သွားခဲ့ကြတယ်။ တောင်တော်ဘယ်ဘက်အစွန်ဆုံးက လိုဏ်ဂူတန်းတွေရဲ့အတွင်းဘက်မှာ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်တွေ စီတန်းစံပယ်လျက်ရှိကြပြီး လိုဏ်ဂူတွေရဲ့ အလယ်လောက်မှာ ကျောက်ထွင်းမတ်ရပ်နတ်ရုပ်တုကြီးကို လက်ရာမြောက်စွာ ထွင်းထုတည်ဆောက်ထားခြင်းဟာ အမြင်ဆန်းလှပါတယ်။ စာရေးသူတို့ နတ်ရုပ်တုကြီးတည်ရှိရာ လိုဏ်ဂူတော်တွေကို လေ့လာလို့အပြီးမှာတော့ အင်ကြင်းတောင်ပူဇော်မှုခရီးစဉ်ဟာ နိဂုံးကမ္ပတ်အဆုံးသတ်သွားပါတော့တယ်။ စာရေးသူလည်း ပြုပြုသမျှ အဖို့ဘာဂကို အင်ကြင်းတောင်ရှိ မြင်အပ်၊ မမြင်အပ် ဝေနေယျသတ္တဝါတို့အတွက် မေတ္တာပို့ အမျှဝေရင်း အင်ကြင်းတောင်ပူဇော်မှုခရီးစဉ်ကို ပြန်လည်သုံးသပ်မိပါတယ်။

တန်ခိုးကြီးလှတဲ့ ဗုဒ္ဓရုပ်ပွားရုပ်တုတွေ ကိန်းဝပ်စံပယ်ရာ သမိုင်းဝင်အင်ကြင်းတောင်လိုဏ်ဂူတွေဟာ ဖိုလ်ဝင်တောင်ကဲ့သို့ပင် ရှေးခေတ်ကျောက်ဆစ်ပန်းပုဗိသုကာလက်ရာတို့ကို အံ့မခန်းတွေ့မြင်လေ့လာနိုင်တဲ့ ရှေးဟောင်းနေရာဌာနတစ်ခု ဖြစ်ပါတယ်။ ရှေးကပျူမင်း၊ ပြူးမင်းတို့ဟာ လျောင်းတော်မူကြီးနှစ်ဆူအား ကျောက်တောင်ကြီးတွေကို ထွင်းထုပြီး ဉာဏ်တော်အရွယ်အစားတူညီအောင်ပူဇော်တည်ဆောက်ခဲ့ကြောင်း အဆိုရှိထားတာနဲ့အညီ အင်ကြင်းတောင်နဲ့ ဖိုလ်ဝင်တောင်ရှိ လျောင်းတော်မူကြီးနှစ်ဆူကို ဉာဏ်တော်ချင်းရော လက်ရာဟန်ချင်းပါ တူညီစွာ ဖူးတွေ့ရတာကြောင့် သမိုင်းအဆိုနဲ့ကိုက်ညီနေတယ်လို့ ဆိုရမှာပါ။ အဲဒီလို သမိုင်းဝင်အဆိုတွေနဲ့ ကိုက်ညီနေတာတွေကို ထောက်ကြည့်လေ့လာခြင်းအားဖြင့် အများပြောဆိုနေတဲ့ ပျူမင်း၊ ပြူးမင်းတို့ဟာ ဒီနေရာဌာနတွေကို အမှန်တကယ် လာရောက် ကုသိုလ်ပြုသွားခဲ့ကြကြောင်းအဆိုစကားဟာ ဟုတ်မှန် သေချာနေခြင်းဆိုတဲ့ သမိုင်းအထောက်အထား သက်သေတစ်ခုကို လှစ်ဟထုတ်ဖော်ပြသနေသလိုရှိနေပါတော့တယ်။ ဒါ့အပြင် အင်ကြင်းတောင်မှာ ခေတ်အဆက်ဆက်က ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့ကြရာ ရက်စွဲအတိအကျမှတ်တမ်းတင်ထားတဲ့ အမရပူရခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်လက်ရာဟန်တွေနဲ့တည်ဆောက်ထားတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တစ်ခုတစ်ဝေးတည်း တွေ့မြင်လေ့လာနိုင်တာကြောင့် သမိုင်းတန်ဖိုးကြီးမားလှတဲ့ နေရာဌာနတစ်ခုဖြစ်နေခြင်းကလည်း ဂုဏ်ယူစရာကောင်းလှတာပါ။ အဲဒီလို ဂုဏ်ဒြပ်တို့နဲ့ ပြည့်ဝလွှမ်းခြုံနေတဲ့ အံ့ဖွယ်တစ်မူ အင်ကြင်းတောင်လိုဏ်ဂူတွေမှာ ကိန်းအောင်းစံပျော်မွေ့လျော်တော်မူကြကုန်သော တန်ခိုးထင်ရှားမြတ်ဘုရားအဆူဆူတို့ကို ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး လက်ဆယ်ဖြာ ဦးထိပ်မှာမိုးလို့ နှုတ်ဆက်ဂါရဝပြု ရှိခိုးကန်တော့မိပါတော့တယ်။ အဲဒီနောက်မှာတော့ စာရေးသူတို့ညီအစ်ကိုဟာ သမိုင်းဝင် အင်ကြင်းတောင်ကို နှုတ်ဆက်ထွက်ခွာခဲ့ရင်း အိမ်အပြန်လမ်းခရီးကို စတင်ဖြစ်ပါတယ်။

ညီညီထွန်း (ရုံမြို့)



www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း


# 'ရုပ်သောင်းကျော်ဝိဇ္ဇာထွက်ပါလိမ့်၊ လိုချင်သူ မိုဃ်းသက်ကြွတော့' တဘောင်ကို ရှင်းပြတော်မူခဲ့သော ရဟန္တာဦးကာဝိ ဦးကွာပထမ ရဟန်းဘဝသိက္ခာနှင်းတော်မူရာ

# မိတ္ထီလာရေလည်သိမ်ကျောင်းသို့တစ်ခေါက်


* ဘုရားငုတ်ကို ရောင်တော်လွှတ်ပါလို့၊
ပုံတော်ဝတ်တဲ့ မခွေးရယ်၊ အနားအစိမ်းရောင်ခြယ်၊
အလယ်ပြာဘောင်ကွက်နဲ့ လက်ဖော်သံ ကျွန်းပိုသား သောင်းတိုက်ကကြွား။

ရှေးခေတ်တဘောင်သီချင်း

ကိုသီရိမောင်မောင် မောင်းလာသည့် ဒူပါကားတန်ကားကလေးသည် နေပြည်တော်-မန္တလေးအမြန်လမ်းပေါ် မောင်းလာရင်းမှ 'မိတ္ထီလာမြို့သို့' ဟူသော လမ်းညွှန်ဆိုင်းဘုတ်တွေ့သောအခါ လမ်းညွှန်ထားသည့်အတိုင်း ချိုးဝင်လိုက်၏။ အချိန်အားဖြင့် ည (၁၀) နာရီထိုးရန် (၁၀) မိနစ်သာလိုတော့၏။ မိတ္ထီလာက ညမထွက်ရအမိန့် မရုပ်သိမ်းသေး။




ရေလည်သိမ်တံခါးဝမှ ဆရာတော်နှစ်ပါး



ရေလည်သိမ်အနီးမှ ရာဇမုနိ

www.burmeseclassic.com



ရေလည်ကျောင်းဆရာတော်ကြီး၊



ရဟန္တာဦးကဝိ ထွန်ထောင်ဆရာတော်



မိတ္ထီလာရေလည်ကျောင်းတိုက်



မိတ္ထီလာရေလည်ကျောင်းဆရာတော်၊ အင်္ဂလန်ဆရာတော်များနှင့် အမှတ်တရ

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ သာသနာ့ရံသီဆရာတော် ဆရာတော် ဦးဉတ္တရနှင့်အတူ နေ့ဆွမ်းစားပြီးကတည်းက ရန်ကုန်မြို့မှ ထွက်ခွာလာခဲ့ကြရာ အင်္ဂလန်ဆရာတော်၏ဇာတိ ညောင်လေးပင်သို့ ခေတ္တဝင်ရောက်ကာ ဆရာတော်ဆွေမျိုးများနှင့် တွေ့ဆုံပြီးနောက် မိတ္ထီလာမြို့သို့ ဦးတည်ထွက်ခွာလာခဲ့ကြ၏။ မိတ္ထီလာသို့ ည (၉) နာရီဝန်းကျင်ဝင်မည်ဟုမှန်းခဲ့သော်လည်း အမှန်တကယ်ရောက်လာသည်က ည (၁၀) နာရီထိုးခါပြီးမှ ဝင်ရောက်လာနိုင်၏။ မိတ္ထီလာမြို့တွင်းရောက်တော့ လမ်းပေါ်မှာ လူတွေရှင်းသကဲ့သို့ ဆိုင်များ၊ အိမ်များအားလုံး တံခါးပိတ်အိပ်ကုန်ကြပြီ ဖြစ်၏။

(၁၀) နာရီထိုးလုလုမှာပင် ခေတ္တတည်းခိုကြမည့် မိတ္ထီလာ ရတနာမာရ်အောင်ဘုရားလမ်းမပေါ်ရှိ အင်္ဂလန်ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမ ဦးဘိုအောင်၊ ဒေါ်သန်းသန်းအိမ်။ သစ်ဆန်း ရှင်လောင်းနားသဝတ်စုံနှင့် လက်ဝတ်ရတနာပစ္စည်းအငှားဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့၏။ အင်္ဂလန် လန်ဒန်ဆရာတော် ရန်ကုန်မြို့သို့ ကြွရောက်ပြီးနောက် တရားဟောတော်မူသော သာသနာရေးဝန်ကြီးဌာန ဇမ္ဗူသိရိဗိမာန်တရားပွဲအပြီးတွင် စာရေးသူအား မိတ္ထီလာမြို့ရှိ ငယ်ဆရာတော်ထံ သွားရောက် ကန်တော့ရာတွင် လိုက်ခဲ့ပါရန် မိန့်ကြားတော်မူခဲ့သဖြင့် စာရေးသူလိုက်ပါလာရခြင်း ဖြစ်ပါသည်။

လိုက်ပါလာရသော အဓိကအကြောင်းရင်းမှာ အင်္ဂလန်ဆရာတော်၏ ငယ်ဆရာတော် သီတင်းသုံးကျောင်းထိုင်တော်မူသော ကျောင်းတိုက်သည် ထွန်ထောင်ဆရာတော်ဟု ကျော်ကြားတော်မူသော ရဟန္တာဦးကဝိ ဦးစွာပထမ ရဟန်းဘိသိက်သွန်းတော်မူရာ ရေလည်သိမ် တည်ရှိတော်မူသော ရေလည်ကျောင်းတိုက်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

စာပေမတတ်သော်လည်း သဒ္ဒါတရားဦးစီး၍ အကျင့်သီလ၊ စရဏနှင့် အာနာပါနတန်ခိုးကြောင့် လောကမှ လွန်မြောက်ချမ်းသာခြင်းအစစ်ရောက်ခဲ့တော်မူသော ရဟန္တာမထေရ် ထွန်ထောင်ဆရာတော် ဦးကဝိ၏ ဘဝခရီးကြမ်းနှင့် သာသနာ့အောင်ပန်းများကို မှတ်တမ်းရေးထိုးရန် စိတ်ကူးနေခဲ့သည်မှာ ယခုအခါမှာဖြင့် အင်္ဂလန်ဆရာတော်ဘုရားကြောင့် စာပေအောင်ပန်းလို



www.burmeseclassic.com

www.burmeseclassic.com

သန်းခွင့်ကြုံခဲ့ရပါသည်။

နောက်တစ်နေ့နံနက် အရုဏ်ဆွမ်းစားပြီးစအချိန် နေမင်း၏ ရောင်ခြည်များက မိတ္ထီလာရေလည်ကျောင်းသို့ စာရေးသူတို့ ရောက်လာ၏။ ကျောင်းဝင်ဝင်ချင်း တွေ့ရသည့် ကပ္ပိယတစ်ဦးကို -

"ပဓာနနာယကဆရာတော်ဘယ်မှာ သီတင်းသုံးပါသလဲ"

မေးလိုက်တော့ -

"ရေလည်သိမ်မှာပါ" တဲ့။

"အဲဒီ ရေလည်သိမ် ဆိုတာ ထွန်ထောင်ဆရာတော် ဦးကဝိ ရဟန်းဖြစ်တော်မူတဲ့သိမ်လား"

ဟု မေးပြန်တော့ -

"ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒီသိမ်တော်မှာ ပဓာနနာယကဆရာတော်ကြီး သီတင်းသုံးနေပါတယ်"

ဝမ်းသာသွား၏။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုတာမျိုးပေါ့။ ထိုသိမ်တော်ကိုရောက်ချင်သော ဆန္ဒအာသီသပြည့်ဝသကဲ့သို့ ယခုလက်ရှိ ပဓာနနာယက ရေလည်ကျောင်းဆရာတော်နှင့် ဖူးတွေ့ခွင့်ရမည် ဖြစ်ပါသည်။ ရေလည်သိမ်ရောက်တော့ ပဓာနနာယကဆရာတော်နှင့် တပည့်ဖြစ်သူ အင်္ဂလန်သန်ဒန်ဆရာတော်တို့သည် နှစ်ပေါင်း (၁၀) နီးပါး ကွဲကွာနေရာမှ ပြန်လည်ဆုံတွေ့ကြသည်ဖြစ်၍ ရှေးဖြစ်ဟောင်းအကြောင်းစုံ ပြောမကုန်အောင် ဖြစ်နေကြပါတော့၏။ ဆရာ၊ တပည့်နှစ်ပါး စကားလက်ဆုံကျနေခိုက် စာရေးသူက မိတ္ထီလာကန်တော်ရေတွေ ဦးတိုက်ဦးခိုက်နေသည့် သိမ်လှေကားအစပ်နားသို့ သွား၍ ကန်တော်မင်္ဂလာမှ ဖြတ်သန်းလာသော လေနုအေးအေးများ ရှူသွင်းရင်း အတွေးများက -


* *အင်းခန်းတော့ လယ်တီ၊*
*လယ်တီတော့ ငှက်ကျ၊*
*ငှက်ကျတော့ ထွန်ထောင်၊*
*ထွန်ထောင်တော့ မိုးရွာ . . .*

ဟူသော ရှေးခေတ်က တဘောင်နှင့်အတူ သာသနာမှာ ထင်ရှားကျော်ကြားတော်မူခဲ့သော ထွန်ထောင်ဆရာတော် ဦးကဝိ၏ ဘဝခရီးကြမ်းနှင့် သာသနာ့အောင်ပန်း ပွင့်လန်းလာပုံများကို တွေးနေမိပါတော့၏။


**ထင်ပင်ပန်းပန်းဘဝခရီးကြမ်း**

"ငါတို့က ဆင်းရဲတော့ မလာပါရစေ"

ဖခင်လောင်း ဦးသန့် အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ရည်ရည်မွန်




ရှေးဟောင်းအကြောင်းစုံ ပြောမကုန်



ရေလယ်ဆရာတော်နှင့် အင်္ဂလန်ဆရာတော်



ဆရာတပည့်နှစ်ပါး စကားလက်ဆုံ ပြောမကုန်



မိတ္ထီလာရေလည်ကျောင်း ပဓာန နာယကဆရာတော်




www.burmeseclassic.com


www.burmeseclassic.com




သိမ်တော်ကြီးကျောက်စာ



သိမ်တော်အတွင်းမှ ဩဝါဒကြေငြာ



ရှေးဟောင်းအုန်းမောင်း



သိမ်တော်ကျောက်စာ

မွန်လူတစ်ယောက်က လာပြော၏။ 'ဤအိမ်မှာနေပါရစေ' ။ ဆင်းရဲလွန်း၍ လာမနေပါနှင့်ပြော၏။ မရသည့်အဆုံးမှာ နေခွင့်ပေးလိုက်၏။ မျှားမကြာမီ ဦးသန့်၊ ဒေါ်တုတ်တို့၏ ဆင်းရဲသောဘဝထဲသို့ မောင်ကျော်ဒင် ရောက်လာ၏။ လူငယ်ဘဝ စာသင်ပြန်တော့ စာမလိုက်နိုင်၍ ဘုန်းကြီးကျောင်းကထွက်ခဲ့ရ၏။ ကြုံရာကျပန်း ဘဝခရီးလမ်းကို ဖြတ်သန်းရ၏။ စာမတတ်ပေမတတ်ဆိုတော့ အလုပ်ကြမ်းများနှင့်သာ စခန်းသွားခဲ့ရ၏။ မင်းစေအလုပ်လုပ်ရ၏။ အရေးပိုင်ရုံးတွင် ယပ်လေကြိုးဆွဲရသောအလုပ် လုပ်ရ၏။ အသက် (၁၀) အရွယ် မင်းစေအလုပ်မှ ထွက်ခဲ့ရ၏။ ပင်ပန်းကြီးစွာ တောင်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းရပြန်၏။

တစ်ရွာတည်းနေ မရွှေရည် ဆိုသူ အမျိုးသမီးနှင့် အိမ်ထောင်ကျ၏။ အိမ်ထောင်ရေးက ကံမကောင်း။ မွေးလာတဲ့ ကလေး (၄) ယောက်က ငယ်စဉ်ကပင် တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်ကြ၏။ ကိုကံညွန့် ဟူသော သားတစ်ယောက်သာ အဖတ်တင်လေ၏။ မိန်းမ ဩဇာမလွန်ဆန်ရဲ။ မိန်းမကြောက်ရ၏။ အရွယ်ရလာ၍ တွေးတောကြည့်သော အခါ ဖြတ်သန်းရသော ဘဝခရီးကြမ်း ပင်ပန်းမှုတွေသည်သာ ဘဝမှာ စိုးမိုးခဲ့၏။ ဆင်းရဲတွင်းနက်လှ၏။ ဆင်းရဲခြင်းကို လွန်မြောက် ချမ်းသာခြင်းသို့ရောက်ချင်လှ၏။ ဦးကျော်ဒင်လိုချင်သော ချမ်းသာမှုက လူချမ်းသာခြင်းမျိုး မဟုတ်။ ပူပင်သောက ဗျာပါဒ ဒုက္ခ တည်းဟူသောအကြောင်းတရားမှ ထာဝရလွတ်မြောက်ချမ်းသာခြင်းသို့ရောက်လိုလှ၏။

**ဘုရားငုတ်ဂဒိ ရောင်တော်လွှတ်ပါလို့**

ချမ်းသာခြင်းအစစ်အမှန်ကို လိုချင်လှသော ဦးကျော်ဒင်သည် ဘုရားကို အားကိုးလာ၏။ အားလပ်သည်နှင့် ဘုရားသွားကျောင်းသွားလုပ်လာ၏။ ဘုရားသွား ကျောင်းသွားသော်လည်း တရားအားထုတ်မှုကို မသိသေး။ မိမိထက် ကျွမ်းကျင်ဝါရင့်သော တရားသမားများ တရားအကြောင်းပြောကြလျှင် အနားမှနေ၍ နားထောင် လေ့လာမှတ်သားနေလေ၏။ တရားသမားတွေက ထိ၊ သိ၊ ထိ၊ သိဟု ပြောကြလျှင် ဦးကျော်ဒင်က နှာသီးဖျားမှ ဝင်သိ၊ ထွက်သိ ဝင်တိုင်းထိ၊ ထွက်တိုင်းထိ စသဖြင့် ထွက်လေ၊ ဝင်လေတို့အား မှတ်မှတ်နေလေ၏။

တစ်နေ့ အရပ်ထဲ၌ သမာဓိမျှော် အောင်သူဟု သူပြောလူပြောများနေသော သူငယ်ချင်းဖြစ်သူ ဦးစံတင်သည် ဦးကျော်ဒင်ထံ ရောက်လာပြီးနောက် နိမိတ်တဘောင်တစ်ခုကို ရွတ်ပြလေ၏။

* တစ်လိမ် နှစ်လိမ် လိမ်လို့ရှုပ်
အမယ်ဘုတ်ကဲ့သို့ချည်ခင်၊
ဘယ်သူငင်မှ သည်ရှုပ်ထွေး
ရှင်းနိုင်ပါ့မလေး၊
ချည်ငင်ကြိုချည်ခင်ကြား၊ လူငယ်
ကလေးနဲ့သွား၊
ဘုရားငုတ်တို ရောင်တော်လွှတ်

www.burmeseclassic.com

*ပါလို့၊ ပုံတော်ဝတ်တဲ့ မခွေးရယ်၊ အနားအစိမ်းရောင်ခြယ်၊အလယ် ပြာဘောင်ကွက်နဲ့၊ လက်ခတ်ခံ ကျွန်းဖိုသား၊ သောင်းတိုက်က ကြား'*

ဦးစံတင်က နိမိတ်တဘောင်ရွတ်ပြီးနောက် အဓိပ္ပာယ်ကိုပါ ရှင်းပြနေရာ ဦးကျော်ဒင်မှာ ဘုမသိဘမသိ နားထောင်ရင်း အင်း အင်း အင်းဟု လိုက်နေရ၏။

"အမယ်ဘုတ်ရဲ့ ချည်ခင်ဟာ ဒီလောက်ပင်ရှုပ်ရှုပ် ရက်ကန်းစင်ကရှင် ရှင်းသွားတာပဲ မဟုတ်လား ကိုကျော်ဒင်ရဲ့။ အမယ်ဘုတ်လို့ခေါ်တဲ့ သည်ဘုရားရှင်လက်ထက်မှာ အဝိဇ္ဇာချည်ခင်ရှုပ်ကြီးကို သတိပဋ္ဌာန်ရက်ကန်းစင်မှာ သတိလွန်းတစ်လုံးတည်းနဲ့ပင် ကိုကျော်ဒင် ခင်ဗျား ရှင်းကိုရှင်းရလိမ့်မယ်ဗျာ။

အဲဒီအခါမှာ စွန်းလွန်းရွာတောင်ဘက်မှာ တကယ့်ရက်ကန်းစင်ပေါ်လိမ့်မယ်၊ ရက်ကန်းစင်ပေါ်တဲ့ ကျွန်းဖိုကုန်းမှာ ခင်ဗျားသာသနာပြုရလိမ့်မယ်။ သာသနာပြုတဲ့အခါမှာ ကျွန်းတိုင်နှစ်လုံးတည်း ပါလိမ့်မယ်။ ဘုရားငုတ်တို ရောင်တော်လွှတ်ဆိုတာက ပဋိပတ္တိသာသနာတော်ကြီး ငုတ်တို ငုပ်လျှိုးနေခဲ့တာပြန်ပေါ်လာတော့မယ်လို့ ဆိုလိုတာပဲဗျ။ အဲဒီတော့ဗျာ ကိုကျော်ဒင် ခင်ဗျားရဲ့ တရားလက်ခတ်သံကို တစ်နိုင်ငံလုံး၊ (၃၁) ဘုံလုံးကကြားလာရမှာဟု သမာဓိမျော်အောင်သူ ဦးစံတင်က နိမိတ်ဖတ်လေ၏။

သမာဓိမျော်အောင်သူ ဦးစံတင် နိမိတ်ဖတ်တဲ့အတိုင်း ချမ်းသာခြင်းအစစ်ကို ကြိုးစားရှာဖွေနေသော ဦးကျော်ဒင်သည် အတိတ်ထူး နိမိတ်ထူးများနှင့်အတူ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်၊ တရားထူးတွေရ၊ တရားထူးတွေကိန်းလာပါတော့၏။ အလုပ်အားသည်နှင့် မောင်ရင်ပေါ်ချောက်သို့သွား၍ ညအိပ်ညနေအားထုတ်၏။ တရားအားထုတ်ရင်း ရောင်ခြည်တော်အလင်းတွေ ဖူးတွေ့ရ၏။ ငါတရားကြိုးစားအားထုတ်လို့ ဘုရားရောင်ခြည်တော်ဖူးရတာဟု ဆိုကာ အားတက်လာပြီး ကြိုးစားအားထုတ်လေ၏။ အိမ်မှာနေရင်း ပြောင်းရိုးများကို နွားစာအတွက်စဉ်းရာ၌ သတိကပ်ပြီး ပြောင်းရိုးစဉ်းသံ ဖြောက်ခနဲဖြောက်ခနဲကို တရားသတိကပ်ပြီး မှတ်၏။ ရေခပ်ရင်း၊ နွားကျောင်းရင်း၊ ပေါင်းနုတ်ရင်း၊ ယာလုပ်ရင်းနှင့် တရားအမြဲမှတ်နေရသောအခါ တစ်ချိန်တည်းအလုပ်နှစ်ခုပြီးတယ်ဟဲ့ဆိုပြီး အားရကျေနပ်နေလေရဲ့။

ဦးကျော်ဒင်တစ်ယောက် တရားအလုပ်ဖြင့် မွေ့ပျော်၍ တရားတက်လာမှုနှင့်အတူ အိမ်သူဖြစ်သူ ဒေါ်ရွှေရည်၏ နှောင့်ယှက်မှု၊ ဒုက္ခပေးမှုများက တစ်မျိုးနှင့်တစ်မျိုး မတူရအောင်ရှိနေလေ၏။ ဥပမာ ညဘက် တရားထိုင်၍ကောင်းနေခိုက်၊ ချည်တိုင်ရှိ နွားမကို ကြိုးဖြေ၍ လွှတ်လိုက်၏။ ထိုနွားမသည် မကြာခဏ လူစိမ်းကိုခွေ့တတ်သောနွားမဖြစ်၏။

'ဟဲ့ - ကိုကျော်ဒင် လုပ်ပါဦး။ ဟိုနွားမ ချည်တိုင်ကလွှတ်သွားပြီ။ လူတွေခွေ့လို့သတ်မှုဖြင့် ဒုက္ခဖြစ်ရချည်ရဲ့'

စသည်ဖြင့် ဆူသလိုဆောင့်သလို အော်သောအခါ ဦးကျော်ဒင် တရားထိုင်ကဖျက်၍ နွားဆိုးမနောက်လိုက်ရ၏။ သီလ၊ သမာဓိတန်ခိုးကြောင့် ထင်ပါသည်။ ညမှောင်မှောင်မှာဖြင့် နွားဆိုးမကို ညင်သာစွာ ပြန်ခေါ်လာနိုင်လေ၏။ မရွှေရည်က မည်မျှပြုစုဆောင့်အောင့် ဦးကျော်ဒင် သည်းခံနိုင်၏။ မည်မျှဆိုဆို တရားအလုပ်မပျက်။ အာနာပါန



**အင်္ဂလန်ဆရာတော်နှင့် မိတ္ထီလာ ဒကာ၊ ဒကာမများ**



www.burmeseclassic.com

www.burmeseclassic.com

တည်းဟူသော ဝင်လေသိ၊ ထွက်လေသိ တရားမှတ်ရင်း ဖြစ်ခြင်းသဘောတွေ တွေ့မြင်လာရ၏။ ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသော ဝေဒနာတွေကို သေချာစွာ ရှုရင်း ဝေဒနာကျော်အောင်ရှုလာနိုင်၏။ ဝေဒနာများ ကင်းဝေးသွားသောအခါ ငြိမ်းအေးချမ်းသာမှုကြီးကို တဝကြီးခံစားရလေ၏။ ထိုငြိမ်းအေးချမ်းသာမှုပီတိကို ခံစားနေရင်း သည်လိုနေလို့မဖြစ်သေးပါဘူးဟုဆိုကာ တရားပြန်မှတ်သောအခါ ဘဝခရီးကြမ်းကြမ်းဖြတ်သန်းခဲ့ရသော ဦးကျော်ဒင်တစ်ယောက် တစ်သံသရာလုံး မခံစားသော ငြိမ်းအေးချမ်းသာမှုကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားလိုက်ရလေ၏။

ထိုကဲ့သို့ ဦးစွာပထမ ငြိမ်းအေးချမ်းသာခြင်းသို့ရောက်ခဲ့ရသောနေ့ကား ဦးကျော်ဒင်အပါယ်တံခါးပိတ်တဲ့နေ့ဖြစ်ခဲ့၏။ သောတာပန်ဖြစ်သည့်နေ့။

၁၂၈၂ ခု၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ ည (၁၀) နာရီ ဦးကျော်ဒင်တစ်ယောက် အိမ်မှူကိစ္စလုပ်ရင်းဖြင့် ပထမအဆင့်အောင်မြင်ခဲ့လေ၏။ အနီးကပ်ရန်သူဖြစ်သော ဇနီး ဒေါ်ရွှေရည်၏ ဆောင့်အောင့်ပြုစုခြင်း၊ မကြားတကြားစောင်းမြောင်းခြင်း၊ တရားထိုင်၍မရအောင်နှောင့်ယှက်ခြင်းတို့အား သည်းခံပြီး ဆက်လက်ရှုမှတ်ပွားများသောအခါ ပထမအကြိမ်တရားထားရသောကာလနှင့် တစ်လတိတိခြား၍အကြာ -

၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ည (၁၀) နာရီတွင် ဒုတိယအကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူ၏။ ဒုတိယအဆင့်ရောက်ပြီး တစ်လတိတိကြာသောအခါ ၁၂၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ ည (၁၀) နာရီတွင် တတိယအကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူပါသည်။ ကျင့်ကြံပွားများမှုပဋိပတ္တိတရားသည် ငုပ်လျှိုးရာမှ ပြန်လည်ပေါ်ထွန်းလာတော့မည်ဖြစ်ရာ နိမိတ်တဘောင်နှင့်ကိုက်ညီနေလေ၏။

## သာသနာ အညာဆန်ပြီ

'သာသနာ အညာဆန်သည်' ဆိုသောစကားရှိ၏။ သာသနာတစ်ခု မိမိသန္တာန်၌ ကိန်းအောင်းပြီ ဆိုလျှင် အောက်ကို စုန်ဆင်းသည်မျိုးမရှိတော့။ အထက်ကိုသာ ဆန်မြဲဆန်တတ်ပါသည်။ ဦးကျော်ဒင် သောတာပန်၊ သကဒါဂမ်၊ အနာဂါမ် စသည်ဖြင့် တတိယအဆင့် သာသနာ့အောင်လံလွှင့်နိုင်ပြီဖြစ်၍ ဆက်လက်ပွားများအားထုတ်မည်ဆိုပါလျှင် နောက်ဆုံးအဆင့် ရဟန္တာ။ လူဝတ်ကြောင်များ ရဟန္တာဖြစ်လျှင် ရဟန်းပြုလျှင်ပြု၊ မပြုဖြစ်သော် ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုရသည်။ (ဓမ္မာစရိယ ဦးဌေးလှိုင် ရေးသားသော 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'စာအုပ်မှ) တတိယအဆင့်အောင်လံလွှင့်နိုင်ခဲ့သော ဦးကျော်ဒင် လူတွေကြားတွင် မနေလိုတော့။ ပြဒါးသည် မီးနှင့်နီးနီးနေ၍မရသကဲ့သို့ သာသနာ့ဘောင်သို့တက်လှမ်း ဘုန်းကြီးရဟန်းဝတ်လိုစိတ်များ တဖွားဖွားပေါ်လာပါတော့၏။ အကုသိုလ်အခိုးငွေ့များကြီးစိုးရာ လူ့လောကကို စွန့်ခွာလိုသဖြင့် လူတို့နှင့်ဝေးရာ အတူမနေရာ ရဟန်းဘဝကို တမ်းတမ်းတတဖြစ်နေပါတော့၏။

## ရဟန်းပြုချင်ပါသည်ဆိုမှ ဒေါ်ရွှေရည်က တစ်စခန်းထ

"ကိုကျော်ဒင်ရယ်၊ ရှင်လည်း ဘယ်မှမသွားနဲ့၊ ရဟန်းလည်းခံမနေနဲ့။ အိမ်ဦးခန်းမှာနေ၊ မောင်ကြီးအရာထားပြီး ဝတ်ကြီးဝတ်ငယ် ပြုစုပေးပါ့မယ်။ လင်သားမရှိတဲ့အိမ် မတင့်တယ်ဘူးတော်ရဲ့။ လူလည်းမရှိသေကြတော့ဘူး။ အဲဒါကြောင့် ကိုကျော်ဒင် ရဟန်းမဝတ်ပါနဲ့တော်။ တကယ်တဲ့မှပါပဲ"

စသဖြင့် ဒေါ်ရွှေရည်က တတွတ်တွတ်ပြောနေပြန်တော့ ဦးကျော်ဒင် အခက်တွေ့နေရလေ၏။ ဘယ်သို့ပင်ဖျောင်းဖျဖျောင်းဖျမရ။ ဦးကျော်ဒင်တစ်ယောက် စိတ်ထောင်းကိုယ်ကြေဖြစ်နေလေ၏။ လင်ခန်းမယားခန်းပြတ်နေသော်လည်း အတွင်းသဘောနှင့်မကင်းသော အိမ်ထောင်သည်ဘဝကို မည်သို့ရုန်းထွက်ရမည်နည်း။ စဉ်းစားမရဖြစ်နေ၏။ စွဲနေသောအစွဲတစ်ခုက မိန်းမလုပ်သူခွင့်ပြုမှ ရဟန်းဝတ်ခွင့်ရသည်ဟု အမှတ်မှားနေပေ၏။ ရဟန်းဝတ်ပါရစေဟု အကြိမ်ကြိမ်မေတ္တာရပ်ခံသော်လည်း ဒေါ်ရွှေရည်က မရရေးချမရ။ ရဟန်းဝတ်ခွင့်မရသဖြင့် အကြီးအကျယ် စိတ်မာတ်ကျနေသော ဦးကျော်ဒင်သည် မစားနိုင်မသောက်နိုင်ဖြစ်ကာ တစ်နေ့တခြား အရိုးပေါ်အရေတင်ဖြစ်လာ၏။

ဦးကျော်ဒင်၏ဖြစ်အင်ကို ကြည့်၍ အနီးအပါး မိတ်ဆွေများက စိတ်မကောင်းကြ။ ဒေါ်ရွှေရည်အား နားချကြ၏။ လက်မခံ။ ဒေါ်ရွှေရည်တစ်ယောက် မိန်းမကြမ်းဖြစ်မှန်းမသိ ဖြစ်လာပါတော့၏။ ခါးဝတ်ခါးစား အဝတ်အစားများလဲလှယ်တော့ခြင်းမရှိ။ ခေါင်းမွေးရှည်ရှည်၊ ပါးသိုင်းမွေးရှည်ရှည်နှင့်၊ လမ်းလျှောက်သော်လည်း ဒယိမ်းဒယိုင်နှင့် ဦးကျော်ဒင်သည် အရှုးကြီးပမာဖြစ်နေပါတော့၏။ ဦးကျော်ဒင်ကို သနားကြသဖြင့် တစ်ရွာလုံးတစ်ရပ်လုံးမှ အုံနှင့်ကျင်းနှင့် ဒေါ်ရွှေရည်ကို ဝိုင်းပြောကြသောအခါ တစ်ပတ်၊ နှစ်ပတ်တန်စေ ဝတ်ချင်လည်းဝတ်ပေ့ါဟု ဆိုလာသောအခါ ဦးကျော်ဒင် ဝမ်းသာသွား၏။

"ဒေါ်ရွှေရည်ရယ်၊ ပါရမီမပါလို့ကတော့ ချက်ချင်းထွက်ခဲ့ပါမယ်။ ပျော်လည်းတပျော်ဝတ်ပါရစေ"

"ကဲပါတော်၊ ရဟန်းမဝတ်ခင် ယာထဲဆင်းပြီး ပဲကလေးကြပေးပါဦး"

အရပ်က ဝိုင်းကူ၍ပြောကြဆိုကြ၍ ရဟန်းဝတ်ခွင့်ပြုရသော်လည်း မရွှေရည်က ချက်ချင်း ကျောင်းမလွှတ်သေး၊ ယာထဲဆင်းခိုင်းလိုက်သေး၏။

## နွားနှစ်ကောင်ချိတွေမှာ အောင်သပြေပန်းတွေချိတ်၊ ကဲ - မင်းတို့ လွတ်ရာကျွတ်ရာ သွားကြပေတော့

အားပြတ်နေသောလူတစ်ယောက်ကို အားဆေးထိုးလိုက်သကဲ့သို့ ဦးကျော်ဒင် ချက်ချင်းလန်းသွား၏။ ပဲနှင့်ရောနှောချက်ထား ပဲထမင်းကို ဆားဖြူးစားရသော်လည်း ခံတွင်းတွေ့လှ၏။ ထိုနေ့ည နှစ်ခြိုက်စွာ အိပ်ပျော်လိုက်ရ၏။ နောက်တစ်နေ့ မိုးလင်းတော့ ယာထဲသို့တက်တက်ကြွကြွဆင်းလာ၏။ ထွန်ရေးပြင်လုပ်ငန်းခွင်စပြီဆိုလျှင်ဖြင့် တစ်သက်လုံး အတူတကွ ယာထဲမှာရုန်းခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက် ကျေးဇူးရှင်နွားနှစ်ကောင်က ပေကတ်ကတ်လုပ်နေလေ၏။ရှေ့မတိုးနောက်မဆုတ် ဦးကျော်ဒင်ကို ငဲ့ကြည့်ကြည့်လုပ်ပြီး တွေတွေကြီးရပ်နေလေ၏။

ယခင်က ကြိမ်တံမမြှောက် ဟဲ့လို့ မငေါက်ရတဲ့ ကျေးဇူးရှင်ကြီးနှစ်ကောင် ထုံပေပေလုပ်နေပုံကြည့်ပြီး တရားကျလာ၏။ 'အသင်သွားတော့၊ အသင်သွားတော့' ဟု မဆိုရုံတစ်မည်ပေရပ်နေကြ၏။ ဦးကျော်ဒင် စဉ်းစားခန်းဝင်သွား၏။ လူထက် အသိဉာဏ်နည်းပါးသော တိရစ္ဆာန်မှပင် မိမိကို တောထွက်ရန်နှင်နေပြီဆိုမှပင် လူဆိုသော အသိဉာဏ်ပိုင်ရှင် ဦးကျော်ဒင် ဆုံးဖြတ်ချက်ခိုင်မာစွာချလိုက်၏။ အနီးအနားမှာရှိတဲ့ သပြေ

www.burmeseclassic.com

www.burmeseclassic.com

င်မှ သပြေရွက်တွေခူး နွားနှစ်ကောင် ရဲ့ချိုတွေမှာ အောင်သပြေပန်းတွေချိတ်။

"ကဲ - မင်းတို့နဲ့ ငါ ကြွေးရှင်းကြွေး တင်း သေခန်းဖြတ် သံယောဇဉ်ပြတ်ပြီ။ မင်းတို့နှစ်ကောင်လည်း လွတ်ရာကျွတ် ရာသွားကြပေတော့။ ငါလည်း လွတ် လမ်းလွတ်စခန်းကိုမြန်းတော့မယ်"

ပြောပြောဆိုဆိုဖြင့် နွားတွေကို ထမ်းပိုးမှ ကြိုးဖြုတ်လိုက်၏။ နွားတွေ ကြိုးဖြုတ်လွှတ်လိုက်၏။ နွားတွေကြိုး ဖြုတ်လွှတ်လိုက်ပြီး ထွန်းတုံးကို ထောင် ထားလိုက်၏။ ပြီးလျှင် ဦးဝိရိယ (ခေါ်) ဘုန်းတော်ကြီး ဦးကျောက် ကျောင်းဆီ သို့ ခပ်သုတ်သုတ်လေး လျှောက်လှမ်း လာခဲ့၏။ လမ်းတွင် ဒေါ်တင်တင်နှင့် တွေ့၍ ဘယ်သွားမလို့တုံးဟု မေးရာ ဦးကျော်ဒင်က သင်္ကန်းဝတ်သွားတော့ မည်ဖြစ်ကြောင်းပြောပြလျှင် ဒေါ်တင် တင်က -

"ဟဲ့ - မောင်ကျော်ဒင်၊ အိမ်မှာ မောင်တာကိုရင်ကြီးဝတ်တုန်းက ကေသီ အဟောင်းတစ်ထည်ရှိတယ်။ လာယူ လိုက်၊ နောက်ပြီး မရွှေရည်ကိုတော့ မပြောပါနဲ့"

ဟု ဆို၍ ဦးကျော်ဒင်လည်း အား ရဝမ်းသာနှင့် ဒေါ်တင်တင်နောက်မှ ထက်ကြပ်မကွာ လိုက်ယူလေ၏။ ဒေါ်တင်တင်အိမ်မှ ဘုန်းကြီးကျောင်း သို့ဦးတည်ခဲ့ရာ ဝမ်းသာလွန်း၍ ကေသီ တယ်မှာပတ်ပြီးသွားလေ၏။ ဘုန်းတော် ကြီး ဦးကျောက် ကျောင်းပေါ်ရောက် သောအခါ ဘုန်းကြီး ဦးဝိရိယက -

"ဟဲ့ - ကျော်ဒင်၊ ဘယ်လိုဖြစ်လာ မြန်တုံး၊ သင်္ကန်းကြီးဝတ်လို့ပါလား"

ဟု မေးလေ၏။

ထိုအခါ ဦးကျော်ဒင်က -

"မှန်လှပါဘုရား၊ အခုပင် သင်္ကန်း ဝတ်တော့မှာမို့လာခဲ့တာပါဘုရား"

ဟု လျှောက်ထားလျက် ဦးဝိရိယ ၏ သင်းပိုင်တစ်ထည်နှင့်အတူ ထိုနေ့ မှာပင် ဦးကျော်ဒင်တစ်ယောက် ကိုရင် ကြီး ရှင်ကဝိဖြစ်လာပါတော့၏။

ကိုရင်ကြီး ဦးကဝိသည် သင်္ကန်း ဝတ်ခွင့်ရချိန်မှစ၍ မိမိလိုချင်သော ချမ်းသာခြင်းအစစ်ကို လွတ်လပ်ချမ်းသာ စွာ အခါမလပ် သတိချပ်၍ အာနာပါန ရှုပွား လွတ်လပ်ချမ်းသာစွာ တရားမှတ် ပါတော့၏။ ဦးကျော်ဒင် တစ်ဖြစ်လဲ ကိုရင်ကြီး သင်္ကန်းဝတ်၍ သာသနာ့ ဘောင်ဝင်သွားပြီဆိုသောသတင်းသည် ရပ်ထဲရွာထဲသို့ တောမီးပမာ ပျံ့နှံ့ကျော် ကြားသွားပါတော့သည်။

ဘာတတ်နိုင်သေးလဲ ဒေါ်ရွှေ ရည်။

ဦးကဝိ ကိုရင်ကြီးဝတ်ပြီး (၅) ရက် မြောက်တွင် သူငယ်ချင်းဖြစ်သူ ဦးရွှေ လုပ်လည်း ရှင်ဝိဇယအမည်ဖြင့် သာမ ဏေပြုလေ၏။ ပြဆိုခဲ့ပြီးသည့်အတိုင်း တတိယအကြိမ် နိဗ္ဗာန်အာရုံပြု အနာ ဂါမ်ဖြစ်ခဲ့တော်မူသော ဦးကဝိသည် အနာဂါမ်ဖြစ်ပြီး တစ်လတိတိကြာသော အချိန်ကာလ ၁၂၈၂ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၁၃ ရက်၊ ည (၁၀) နာရီ တွင် မောင်ရင်ပေါ်ချောက်၌ အာနာပါန တရားတော်ကို တစ်စွန်းတစ်စကြားသိ ရုံမျှဖြင့် ဆက်တိုက်အားထုတ်တော်မူခဲ့ ရာ အချိန်ကာလတစ်လစီတစ်လစီခြား ၍ အရိယာလေးဆင့်အောင်လံလွှင့်ကာ အသက် (၄၃) နှစ်အရွယ်တွင် ကိုရင်ကြီး ဘဝဖြင့် ရဟန်းကိစ္စပြီးမြောက် ခရီး ရောက်ကာ အတိတ်တဘောင်နှင့်အညီ ရဟန္တာဖြစ်တော်မူခဲ့ပါပေသည်။

**နတ်ဆွမ်းစားရသော ဦးကဝိ**

'ထွန်ဆင်းကိုယ်တော်၊ထွန်ထောင် ဆရာတော်' ဟု ကျော်ကြားတော်မူလာ သောသတင်းကို မြင်းခြံမြို့မှ ဦးမြို့သာ နှင့် စာရေးကြီးဦးဘစ်တို့ လျှောက်ထား သတင်းပေးမှုကြောင့် စာတတ်အကျော် အဖြစ် ထင်ရှားတော်မူသော မိတ္ထီလာ မြို့ ရေလည်ကျောင်းတိုက်ဆရာတော်မှ ပင့်ခေါ် ဆိုပါသဖြင့် ဦးကဝိနှင့် ဦးဝိဇယ တို့ မြင်းခြံမှ မိတ္ထီလာသို့ ခရီးထွက်လာ ခဲ့ကြ၏။

မိတ္ထီလာ၌ မြင်းခြံရထားဆိုက် သောအခါ မွန်းလွဲ (၁၂) နာရီထိုးရန် နာရီဝက်မျှသာလိုတော့၏။ အတူပါ ဒကာနှစ်ဦးလည်း ဆွမ်းကိစ္စအတွက် စိတ်ပူကြလေ၏။ ထိုခေတ်ထိုအခါက ဘူတာများတွင် ထမင်းဆိုင် ဟင်းဆိုင် မရှိကြ။

"ကဲကဲ- ကိုရင်ဝိဇယရေ၊ ကျောင်း သွားလည်း ဆွမ်းကမသေချာလှဘူး။ အချိန်ကလည်း နေမွန်းတည့်တော့မယ်။ အချိန်ရှိတုန်း ဆွမ်းခံကြွရအောင်"

"ဒါဖြင့် ကိုယ်တော်ရှေ့က ဆွမ်း ခံကြွ"

ဤသို့ဖြင့် ကိုရင်ကြီးနှစ်ပါး ရှေ့ ဆင့်နောက်ဆင့် ဆွမ်းခံကြွတော့၏။ ဘူတာရုံထိပ် ပထမဦးဆုံး ဆွမ်းခံရပ် သည့်အိမ်ရှေ့၌ လူတစ်ယောက် လူးလာ ခေါက်ပြန် လမ်းလျှောက်နေလေ၏။ ကိုရင်ကြီးနှစ်ပါး ဆွမ်းခံကြွလာပြီဆိုလျှင် ဖြင့် ထိုသူသည် အားရဝမ်းသာ ခရီးဦး

ကြိုလျက် အိမ်ပေါ်တန်းကြွပါရန် ပင့်ပါ တော့၏။ အိမ်ပေါ်အိမ်ဦးခန်းတွင် ဆွမ်း ပွဲဝိုင်းအသင့်ပြင်ထားသည်ကို တွေ့လိုက် ရ၏။ ဆွမ်းပွဲတွင် ဆွမ်းပန်းကန်ကလည်း နှစ်ပွဲပြင်ထားသည်ဖြစ်ရာ ဦးကဝိတို့အဖို့ ရေကန်အသင့်ကြာအသင့် ဖြစ်နေတော့ ၏။ ဆွမ်းဒကာကလည်း ဇနီး သားသမီး များကို အော်ခေါ်၍ ရောက်လာသော အခါ ဆွမ်းကပ်ကြ၏။ ဆွမ်းစားနေရင်း နှင့် အိပ်ခန်းထဲမှ စကားပြောသံကြား ၏။

"ရှင့်ဘုန်းကြီးနှစ်ပါးက ဘုန်းကြီး တွေမဟုတ်ဘူးတဲ့။ ကိုရင်ကြီးတွေလို့ဆို ပါလားဟင်"

"အိုကွာ၊ ဘာပဲဖြစ်ဖြစ် တို့အိပ် မက်ထဲကအတိုင်း နှစ်ပါးကြွလာတာကွ။ အိပ်မက်ထဲမှာလည်း ဒီကိုယ်တော်နှစ် ပါးကွ၊ ငါတော့ ဝမ်းသာကျေနပ်တယ် ကွာ"

ဆွမ်းစားပြီးသောအခါ ဦးကဝိနှင့် ရှင်ဝိဇယတို့နှစ်ပါးက တတ်သလောက် မှတ်သလောက် ဆုတွေပေးပြီးနောက် ရေလည်ကျောင်းသို့ ချီတက်ကြွတော်မူ လာကြတော့၏။ ရေလည်ကျောင်းဆရာ တော်မှလည်း ညက အိပ်မက်ထဲတွင် ကျောင်းထဲ ဆင်ဖြူနှစ်စီး ကောင်းကင် ယံမှကြွလာသည်ဟု မြင်မက်ထား၍ အမှန်တကယ်လည်း ဦးကဝိတို့နှစ်ပါး ကြွလာ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း နှင့်အတူ ကြိုဆိုတော်မူပါသည်။

ရေလည်ဆရာတော်မှခရီးရောက် မဆိုက အာလာပသလ္လာပစကားမေး မြန်း၍ အကဲခတ်တီးခေါက်ကြည့်သော အခါ စာမတတ်သော်လည်း ဣန္ဒြေနှင့် ပြောဆိုဖြေကြားသော စကားများအရ သတင်းကြားရသည့်အတိုင်း ရဟန္တာဖြစ် တော်မူသည်မှာ မှန်ပါပေတယ်ဟု ဆို ကာ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်း သာ သာဓုကျယ်ကျယ်ဖြင့်ခေါ် ဆိုတော် မူပါသည်။

အိပ်မက်အရ ဆွမ်းကပ်ခဲ့သော ဒကာကြီးသည် ကုလားလူမျိုး ဘူတာရုံ ပိုင်ကြီးဖြစ်သည်နှင့်အညီ အကဲခတ်လို ၍ နောက်မှမယောင်မလည်လိုက်ကြည့် ရာ မိတ္ထီလာမှ နာမည်ကျော် ရေလည် ကျောင်းတိုက်သို့ ဝင်သွားသည်ကို တွေ့ ၍ ကျောင်းအောက်မှ နားစိုက်ထောင် နေစဉ် ရေလည်ဆရာတော်မှ ကြားရတဲ့ သတင်းစကားအတိုင်း ရဟန္တာတော ထောက်ခံသံကြားသည်နှင့်တစ်ပြိုင်နက် မြန်မာလူမျိုး ဇနီးသည်ထံ ဒုန်းစိုင်းပြေး လွှား၍ပြန်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာရေလည်ကျောင်းဆရာတော်နှင့် ဦးကဝိနှင့် ဦးဝိဇယတို့အား ခေတ္တ အပန်းဖြေနားနေစေ၏။ ခေတ္တခဏ အနားယူ အပန်းဖြေပြီးသောအခါ စာပေကျမ်းဂန်တို့နှင့်ညှိ၍ ပိုမိုကြည်ညို နိုင်ရန် ထပ်မံ၍ စစ်ဆေးမေးမြန်းပါ၏။ စာမတတ်သူတစ်ဦးအနေဖြင့် ဖြေဆိုရန် ခက်ခဲသောမေးခွန်းများကို မေးမြန်းရာ အခက်အခဲမရှိ တစ်လုံးမကျန် ဖြေဆိုနိုင်သည်ဖြစ်ရာ ဝမ်းမြောက်ခြင်းများစွာဖြင့် သာဓု (၃) ကြိမ်ခေါ်ပြန်ပါသည်။ ရေလည်ဆရာတော်သည် ဦးကဝိအား ကြည်ညိုလွန်းလှသဖြင့် လည်းကောင်း၊ မိတ္ထီလာမှ တပည့်ဒကာ၊ ဒါယိကာမများ ဦးကဝိအား ဖူးမြော်၍ တရားနာ တရားအားထုတ်ရန် ရည်ရွယ်၍လည်းကောင်း၊ ဦးကဝိတို့ နှစ်ပါးအား ရေလည်ကျောင်းတွင် တစ်ဝါတစ်ချီ သီတင်းသုံးပေးပါရန် ပန်ကြားသောအခါ ဦးကဝတို့မှလည်း ပညာတတ် စာတတ်အကျော် ရေလည်ဆရာတော်ထံမှခိုလှုံခွင့်ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ပြန်လည်လျှောက်ထားလိုက်ကြ၏။

**ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့် လိုချင်သူ ဖိုခွင်သတ်ကြတော့**

ရေလည်ဆရာတော်ဘုရားသည် စာပေလည်း လွန်စွာတတ်၏။ ပညာတော်၏။ ဝိပဿနာအလုပ်လည်းလုပ်ဖူး၏။ ပုဂ္ဂိုလ်ထူးဟု ကျော်ကြားတော်မူသော ညောင်လွန့်ဆရာတော်နှင့်လွန်စွာ ရင်းနှီးလေ၏။ သို့သော် အတိတ်တဘောင်များကို ရွတ်ရွတ်နေ၏။ အတိတ်တဘောင်ကို မိမိလိုသလိုအဖြေကောက်ပြီး တဘောင်အတိတ်ထဲကအတိုင်း ဖိုထိုး၏။ တရားအားထုတ်ရာတွင် ဈာန်အဘိညာဉ်ရလိုစိတ်တွေများနေလေ၏။ လောကီဘက် ရောက်မှန်းမသိရောက်နေလေ၏။

တစ်နေ့သ၌ ရေလည်ဆရာတော်သည် အတိတ်တဘောင်တွေနှင့်ပတ်သက်ပြီး သိလိုသည်များ မေးလေ၏။

** နှစ်ထောင်ကျော်ဟိုး ဈေးပေါ်င်ကျိုး တိုး၍ဝယ်လိုက်ကြ၊*
*ငါးထောင်ကျော်မှ ပိတ်သောစမရလေ၏။*
*မင်းဟူသော တဘောင်၊*
*အင်းခန်းတော့ ငှက်ကျ၊*
*ငှက်ကျတော့ လယ်တည်၊*
*လယ်တည်တော့ ထွန်ဆင်း။*

စသည့် တဘောင်နှင့် အတိတ်ကောက်မေးမြန်းခြင်းများ မေးမြန်းလေ၏။ ရေလည်ဆရာတော်သည် မိမိလက်ရှိ သဘောကျ၍ ထိုတဘောင်အတိုင်း ကျင့်ကြံနေမှုများနှင့် ပတ်သက်ပြီး မေးမြန်းလေ၏။

"ဦးကဝိ၊ မိတ္ထီလာကန်ထဲမှာ အင်းလေးအင်းပေါ်နေတယ်။ တဘောင်ကလည်း 'မိတ္ထီလာနယ်အတွင်းမှာလ လေးအင်းတိုင်အောင်ပေါ်လို့ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့်၊ လိုချင်သူ ဖိုခွင်သတ်ကြတော့' လို့ ဆိုထားတယ်။ ရှင်းစမ်းပါဦး"

ဦးကဝိက သေချာစွာ နားစိုက်ထောင်ပြီးနောက် ရေလည်ဆရာတော်အား ထိုတဘောင်ကို မည်သို့အဓိပ္ပာယ်ယူဆထားပါသနည်း ပြန်မေးလျှောက်လိုက်၏။

ထိုအခါ ရေလည်ဆရာတော်က ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာလေးမျိုးနှင့် ဖားဖိုကို အဓိပ္ပာယ်ကောက်ပါကြောင်းမိန့်တော်မူရာ ဦးကဝိက -

"ဆရာတော်ဘုရား၊ ဝိဇ္ဇာက အရိယာဝိဇ္ဇာပါဘုရား၊ ဖိုက အာနာပါနဖိုပါဘုရား"

ဟု လျှောက်ထားလိုက်လေ၏။

ရေလည်ဆရာတော်ဘုရားသည် ဦးကဝိ၏ တဘောင်နိမိတ်ရှင်းလင်းမှုကို သဘောပေါက် လက်ခံကာ ခေါင်းတညိတ်ညိတ်ဖြင့် ပြောပါသည်။

"အေး၊ အေး - ဟုတ်ပေသဗျာ၊ ဒီနေရာမှာ ကျုပ်အယူဆသီသီကလေးလွဲနေတယ်"

ဟု မိန့်တော်မူပါသည်။

ထိုသီသီကလေးသည် သေးသေးမွှားမွှား သီသီကလေးမဟုတ်ပါ။ ထွက်ရပ်ပေါက်နှင့် ရဟန္တာ မည်သို့မျှဆက်စပ်၍မရသောသီသီလေးဖြစ်၏။ ထိုအချိန်မှစ၍ ရေလည်ဆရာတော်ဘုရားသည် လက်ရှိအသုံးပြုနေသော ဓာတ်လုံးနှင့် ဖားဖိုများကို အပြီးစွန့်ပစ်လိုက်တော့၏။ နောက်ပိုင်းရက်များတွင် ရေလည်ဆရာတော်သည် ဦးကဝိ ရဟန်းခံနိုင်ရေးကိစ္စ ဦးစီးဆောင်ရွက်တော်မူပါသည်။ ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့ ညနေ (၄) နာရီတွင် ရေလည်ကျောင်းသိမ်တော်၌ အာသောကာရုံ ရေလည်ကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရေလည်ကျောင်းဆရာတော်များ၊ ညောင်လွန့်ဆရာတော်စသည်ဖြင့် သံဃာတော်များမှ ဥပသမ္ပဒါဘိသေက မင်္ဂလာရဟန်းဘိသိက်သွန်းတော်မူခဲ့ပါသည်။

**မှတ်ချက်**

အာသောကာရုံ ရေလည်ကျောင်းတိုက်ဆရာတော် ဦးဂန္ဓမာ အရှင်မြတ်သည် စွန်းလွန်းထွန်ထောင်ဆရာတော် ဦးကဝိ ရဟန်းဘဝသို့ရောက်အောင် ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက် ဦးကဝိကို ရဟန်းခံပေးပြီးနောက် တပည့်ဖြစ်သူ ဦးအာဒိစ္စအား ကျောင်းကိုလွှဲအပ်၍ မိတ္ထီလာမြို့နှင့် (၂) မိုင်ကွာ ဂဠုန်ရွာ ဟင်းယန့်ကန်တောရသို့ တရားအားထုတ်ရန် တစ်ပါးတည်း တောထွက်သွားသည်ဟု ကြားသိရပါသည်။

*(ရေလည်ကျောင်းရွှေရတုစာစောင်၊ စာမျက်နှာ ၂၄၅)*

"ဒကာကြီး၊ ဒကာကြီး"

နောက်မှခေါ်သံကြား၍ လှည့်ကြည့်ရာ အင်္ဂလန် လန်ဒန်သာသနာ့ရိပ်သာဆရာတော် ဖြစ်နေ၏။

"ဒကာကြီးက ဘာတွေတွေးပြီး ဘာတွေငေးနေတာလဲ။ အင်း - စာရေးဆရာဆိုတော့လည်း ခန့်မှန်းရခက်သား"

"မှန်လှပါဘုရား၊ ဤသိမ်တော်မှာ ဦးစွာပထမ ရဟန်းပြုခွင့်ရတဲ့ ထွန်ထောင်ဆရာတော်ဘုရားကို သတိရပြီး ရဟန္တာဦးကဝိရဲ့ ဆင်းရဲစွာဖြတ်သန်းဘဝခရီးကြမ်းနဲ့ သာသနာရေးအောင်ပန်းတွေပွင့်ခဲ့ပုံတွေ ဖတ်ခဲ့သမျှ၊ မှတ်ခဲ့သမျှ ပြန်တွေးနေမိတာပါ ဘုရား"

"ဩော် - ဒါကြောင့် ဒကာကြီး ငြိမ်ချက်သားကောင်းနေတာကိုး။ မှတ်မှတ်ရရ ရေလည်သိမ်အကြောင်းပြု စာတစ်ပုဒ်လောက်တော့ရေးဗျာ ဒကာကြီး"

"ရေးပါ့မယ်ဘုရား"

"ကဲ - လာ ဒကာကြီး၊ ဆရာတော်ကြီးကန်တော့ပြီး ဆွမ်းစားပင့်ထားတဲအိမ်သွားကြရအောင်"

*မေတ္တာများစွာဖြင့်*

ကံဝင်း

**ကျမ်းကိုး -**

၁။ ဓမ္မာစရိယဦးဌေးလှိုင်ရေး - ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ
၂။ မိတ္ထီလာရေလည်ကျောင်းတိုက် ရွှေရတုစာစောင်
၃။ စွန်းလွန်းဆရာတော်ထေရုပ္ပတ္တိ



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအာနီးသွင်

## ပေးတဲ့ဆုနဲ့ပြည့်ပါစေ

"သာဓု၊ သာဓု၊ သာဓု။

ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ စိုးရိမ်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို မပြတ်ပြုနိုင်ကြပါစေ။ နိဗ္ဗာန်မရမီဘဝများတို့၌ အပါယ်လေးပါးသို့ ဘယ်အခါမှမလားရဘဲ လူ့ပြည်၊ နတ်ရွာ၊ ချမ်းသာကောင်းမွန်သောဘုံဘဝတို့၌သာ စုန်ဆန် ခံစား၊ စံစားကြရပါစေ"

ဝါဝင်၊ ဝါထွက် ရက်ကြီးအခါကြီးများတွင် လူကြီးမိဘ၊ ဘိုးဘွား၊ ဆရာ





www.burmeseclassic.com

www.burmeseclassic.com

သမား စသည့်ပူဇော်ထိုက်သူများကို ရှိခိုး ပူဇော်ကြခြင်းသည် ဗုဒ္ဓဘာသာဝင် မြန်မာသူတော်စင်တို့၏ ကောင်းမြတ်သော ဓလေ့အစဉ်အလာ ဖြစ်ပါသည်။ ကျွန်တော်သည်လည်း အသက် (၈၄) သို့ ချည်းကပ်လာပြီဖြစ်၍ သားသမီး၊ မြေး၊ မြစ်နှင့် ငယ်ရွယ်သူဆွေမျိုးညာတိများ၊ တပည့်တပည်းများ နီးစပ်ရာများ၏ ကန်တော့ခြင်းကိုခံနေရပါပြီ။

ယခု ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လမပြည့်မီတစ်ပတ်အလိုလောက်ကပင် အထက်ကဖော်ပြခဲ့သည့် ကန်တော့နေကျသူများ လာကန်တော့ကြပါသည်။ ထိုအထဲ တူမတော်သူတစ်ယောက်နှင့် သူ့သားတို့က လပြည့်ကျော်တစ်ရက် တနင်္ဂနွေနေ့တွင်မှ လာကန်တော့ကြပါသည်။ ကျွန်တော်က ကန်တော့လာသူအားလုံးကို အထက်ပါအတိုင်း လိုအပ်မည်ထင်သည့်ဆုများကို လေးလေးနက်နက် စိတ်ပါဝင်စားစွာဖြင့်ပေးပါသည်။ သတိထားမိသရွေ့တော့ ကန်တော့သူများမှာ အများအားဖြင့် ဆုပေးနေစဉ် ဂနာမငြိမ်ဖြစ်နေတတ်ပါသည်။ ဆုပေးလို့ပြီးမှ ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု ထုံးစံအတိုင်း ပြောပါသည်။ အချို့ပြီးမှန်းပင် မသိလိုက်သဖြင့် ပေးတဲ့ဆုနဲ့ပြည့်ပါစေပင် မပြောလိုက်ရ။

ယခု တူမတော်သူနှင့် သားဖော်မောင်တို့ကို ဆုပေးပြီးသောအခါ တူမက ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု ပြောပြီး သူ့သားက -

"ကိုယ်က ကျန်းမာတယ်၊ စိတ်ကချမ်းသာတယ် ဒီလိုမဟုတ်ဘူးလား ဘိုးလေး။ စိတ်က မကျန်းမမာတာရှိလို့လား"

ဟု မေးပါသည်။

ကျွန်တော်အတော်ဝမ်းသာသွားပါသည်။ ကျွန်တော် ဆုပေးသည်ကို စိတ်ဝင်တစား အာရုံစိုက်သောကြောင့် ဖြစ်ပါသည်။ ပြီးတော့ သိလိုသည်ကိုသိလိုလျက် မေးရန်ဝန်မလေးဘဲ သွက်သွက်လက်လက် မေးတတ်ခြင်းသည် ကြီးပွားတိုးတက်ခြင်း၏ အကြောင်းတစ်ရပ် ဖြစ်ပါသည်။

ကျွန်တော်က -

"မကျန်းမာသူကို ရောဂါသည်လို့ ပြောတယ်မဟုတ်လား၊ ဒီတော့ စိတ်ရောဂါသည်တွေဟာ စိတ်မကျန်းမာသူတွေပေါ့။ စိတ်ရောဂါဟာ မွေးရာပါလည်းရှိတယ်။ အသက်ကြီးပြီး သူငယ်ပြန်တယ်ဆိုတာလည်း စိတ်ရောဂါပေါ့။



ဝမ်းတွင်းပါမဟုတ်သူများ စိတ်ရောဂါ မဖြစ်အောင် စိတ်ကျမ်းမာပါစေလို့ ဆုတောင်းပေးတာပေါ့"

ဟု ရှင်းပြလိုက်တော့ သူ့သဘောကျသွားပါသည်။ သို့သော် ဤမျှဖြင့် မသွားသေးပါ။ သူက ထပ်မေးပြန်ပါသည်။ သူ့အမေးက -

"အဲဒီလို ဆုပေးတော့ ဆုပေးခံရတဲ့လူက ပေးတဲ့ဆုအတိုင်းရသလား"

ဟူ၍ ဖြစ်ပါသည်။

ကျွန်တော် တစ်ခါမှ ဤသို့အမေးမခံရဘူးသဖြင့် ရုတ်တရက် ဘာဖြေရမှန်းမသိဖြစ်သွားပါသည်။ နောက်မှ နာဖူးသောတရားမှ အချက်အချို့ကို သတိရပြီး -

"ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ဆိုရင်တော့ ပေးတဲ့ဆုအတိုင်း အပေးခံရသူရနိုင်တာပေါ့။ ဘာကြောင့်လဲဆိုတော့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ဟာ သူဆုပေးမယ့်ပုဂ္ဂိုလ်ရဲ့ အတိတ်နဲ့ အနာဂတ်ကို သိကြလို့ပဲ။ အဓိကပြုခဲ့ဖူးတဲ့ ကောင်းမှုရှိမယ်၊ ဒီကောင်းမှုကြောင့် ပါရမီကြောင့် အနာဂတ်မှာ တောင်းတဲ့ဆုနဲ့ပြည့်မယ်ဆိုတာသိတယ်။ တောင်းတဲ့ဆုက ပြုခဲ့တဲ့ကောင်းမှုနဲ့ ဆက်စပ်နေတာကိုး။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်များ၊ ဘိုးလေးတို့လို လူများက ဆုပေးတယ်ဆိုတာ မေတ္တာကို ဖော်ပြတဲ့ သဘောပါပဲ။

ဆုပေးတယ်ဆိုတာ မေတ္တာပို့တာပဲ။ အခုသားလာကန်တော့လို့ ဘိုးလေး မျက်မှောက်မှာရောက်နေလို့ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' လို့ဆိုတာ ဆုပေးတာဖြစ်တယ်၊ တကယ်လို့ သားက ဘိုးလေးရှေ့မှာမဟုတ်ဘဲ အိမ်မှာ၊ တခြားမှာရှိတုန်း 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' စသဖြင့် ဆုတောင်းပေးရင် မေတ္တာပို့တာပဲ။ ဆုပေးတာ ဆုတောင်းပေးတာ၊ မေတ္တာပို့တာတွေဟာ အများအားဖြင့်တော့ ပေးသူ၊ ပို့သူကပဲ ကောင်းကျိုးရတယ်လို့ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မေတ္တာဆိုတာ ဘာဝနာထဲပါတယ်။ သမထဘာဝနာပေါ့။ မေတ္တာပို့သူဟာ ဘာဝနာပွားများခြင်းဖြစ်တဲ့အတွက် ဘာဝနာကုသိုလ်ရတယ်။ မေတ္တာပို့သူမှာ အကျိုး ကောင်းကျိုး (၁၁) မျိုး ရရှိခံစားရတယ်။ အဲဒါတွေက -

၁။ ချမ်းသာစွာအိပ်ရခြင်း၊
၂။ ချမ်းသာစွာနိုးခြင်း၊
၃။ မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း၊
၄။ လူတို့ချစ်ခင်နှစ်သက်ခြင်း၊
၅။ နတ်တို့မြတ်နိုးခင်မင်ခြင်း၊
၆။ နတ်တို့စောင့်ရှောက်ခြင်း၊
၇။ မီး၊ အဆိပ်လက်နက်မသင့်ခြင်း၊
၈။ လျင်မြန်စွာစိတ်တည်ငြိမ်ခြင်း၊
၉။ မျက်နှာရုပ်ဆင်းကြည်လင်ရွှင်ပျခြင်း၊
၁၀။ မတွေဝေဘဲသေရခြင်း၊
၁၁။ သေပြီးတဲ့အခါ ဗြဟ္မာ့ပြည်သို့လားရောက်ရခြင်း

တို့ဖြစ်တယ်။

အဲဒါ မေတ္တာပို့သူကရတဲ့ကောင်းကျိုးပဲ။ အကြမ်းအားဖြင့်တော့ မေတ္တာနှစ်မျိုးရှိတယ်။ပထမတစ်မျိုးက အားလုံးသောသတ္တဝါတွေအပေါ်မှာ ကျန်းမာချမ်းသာစေကြောင်း ကောင်းမြတ်သောစေတနာနဲ့ အမည်ပညတ်မသတ်မှတ်ဘဲ ပို့တဲ့မေတ္တာ။ ဒုတိယတစ်မျိုးကတော့ သား၊ သမီး၊ ဆွေမျိုး စတဲ့သူတွေကို ကိလေသာသံယောဇဉ်နဲ့ပို့တဲ့ မေတ္တာ၊ ပထမမျိုးကို မေတ္တာအစစ်လို့ခေါ်ပြီး ဒုတိယတစ်မျိုးကို မေတ္တာအတုလို့ ခေါ်တယ်။

ပို့တဲ့ဘက်က ပို့တဲ့မေတ္တာ ကျန်းမာပါစေ၊ ချမ်းသာပါစေ စတာမျိုးကို ခံယူတဲ့ဘက်က ဆုတောင်းဖြစ်သွားတယ်။ ကျန်းမာရပါလို၏။ ချမ်းသာရပါလို၏။ စသဖြင့်ပေါ့ ပို့တဲ့ဆုပေါ့။ ဖြစ်ချင်တာပေါ့။

အဲဒီတောင်းတဲ့ဆုရဖို့ တောင်းတဲ့ဆုနဲ့ပြည့်ဖို့ကျတော့ ဆုတောင်းသူကိုယ်တိုင်လုပ်ရတဲ့အလုပ်ပဲ"

"ဘာတွေလုပ်ရသလဲ ဘိုးလေး"

မောင်မြင့်မြတ်ကျော်က ဖြတ်မေးပါသည်။

ကျွန်တော်က -

"ပထမဦးဆုံး လိုအပ်တဲ့အချက်



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ စိတ်ကောင်းရှိဖို့ပဲ။ စိတ်ကောင်းဆိုတာ သူတစ်ပါးကို ချမ်းသာစေလိုတဲ့စိတ်၊ မဆင်းရဲစေလိုတဲ့စိတ်ဘဲ။ စိတ်ကောင်းမရှိတဲ့သူဟာ ဘာမှကောင်းတာလုပ်လို့မရဘူး။ သူ့စိတ်က အမြဲမကောင်းတဲ့အကျင့်ပဲရှိနေတာကိုး။ ဒါက ဘိုးလေးပြောတာ၊ တောင်းတဲ့ဆုပြည့်ဖို့အတွက် တောင်းသူမှာရှိရမယ့်အချက်၊ အရည်အချင်းပေါ့။ (၅) ချက်ရှိတယ်လို့ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရဆရာတော် မိန့်တော်မူတယ်။ မြတ်မင်္ဂလာစာစောင်မှာပါရှိလို့ ဘိုးလေးမှတ်ထားတာ။ အဲဒါတွေက-

**၁။ သဒ္ဓါရှိရမယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်**

သဒ္ဓါကို များသောအားဖြင့် လှူဒါန်း ပေးကမ်း၊ စွန့်ကြဲခြင်းလို့ မှတ်ယူကြတယ် မဟုတ်လား။ သဒ္ဓါဆိုတာ ယုံကြည်တာ။ ဘာကိုယုံကြည်ရမလဲဆိုရင် ဘုရား တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးဟာ မျက်မှောက်။ သံသရာ နှစ်ကြာသောဘဝများမှာ ချမ်းသာဖို့နဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင်လမ်းညွှန်ပေးတဲ့ ဆင်းရဲအပေါင်းတို့ကိုကာကွယ်ပေးတဲ့ အားကိုးရာအစစ်အမှန် ဖြစ်တယ်။ ဆရာအစစ်အမှန်ဖြစ်တယ်လို့ ယုံကြည်လာမယ်။ ပြီးတော့ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ်ဆိုတဲ့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ရမယ်၊

**၂။ သီလလုံခြုံအောင်စောင့်ထိန်းရမယ်**

လူဆိုတာ အနည်းဆုံး ငါးပါးသီလပေါ့။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမယ်။ ဘယ်လိုစောင့်ထိန်းရမလဲဆိုရင် တို့မြန်မာတွေက ပုဆိုးဝတ်ကြတယ်၊ အမျိုးသမီးဆိုလည်း ထဘီပေါ့။ ဘောင်းဘီဝတ်ရင်လည်း ဘောင်းဘီပေါ့ကွာ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲရမယ်။ လူတောထဲသွားရင် အကြောင်းကြောင်းကြောင့် အကျႌမဝတ်ဘဲသွားလို့ရပေမယ့် ပုဆိုးမဝတ်ဘဲ သွားလို့မရဘူးမဟုတ်လား။ အဲဒီလို ငါးပါးသီလကို မစောင့်မဖြစ်၊ မလုံမဖြစ်၊ မမြဲမဖြစ် စောင့်ထိန်းပြီး လုံခြုံစေရမယ်။ ပေါက်စေရဘူးတဲ့။ ငါးပါးလုံးနော်။ တစ်ပါးမှ ကျိုးလို့ပျက်လို့မရဘူး။

**၃။ သုတရှိရမယ်၊ ဗဟုသုတရှိရမယ်**

သုတဆိုတာ ကြားနာပြီး သိတာ။ အရင်က စာအုပ်မပေါ်သေးတော့ ဖတ်သိမရဘူး၊ ကြားသိပဲရှိတယ်။ အခုတော့ ကြားသိ၊ ဖတ်သိပေါ့။ ဗဟုဆိုတာ များတာ။ ဒီတော့ မျက်မှောက်ဘဝနဲ့ သံသရာဘများအတွက် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတွေကို များနိုင်သလောက် များများသိရမယ်။ ဗဟုသုတမရှိသူဟာ လူညံ့ပဲ။ လူညံ့က ဘာဆုတောင်းလို့ရမှာလဲ။

**၄။ စာဂရှိရမယ်၊ ပေးကမ်းလှူဒါန်းမှုရှိရမယ်**

ဒါကတော့ရှင်းပါတယ်။ ပေးကမ်း၊ လှူဒါန်း၊ စွန့်ကြဲမှုမရှိဘဲ ဘယ်တော့မှ မချမ်းသာပါဘူး။ စည်းစိမ်ချမ်းသာဆိုတာ လှူဒါန်းမှ ဒါနဖြစ်တာ။

**၅။ ပညာ၊ မှား၊ မှန်၊ ဆိုး၊ ကောင်းသိရမယ်**

အမှား-အမှန်၊ အကောင်း-အဆိုးကို ခွဲခြားသိနိုင်တဲ့ ဉာဏ်ပညာဟာ အခြေခံအကျဆုံး။ အနိမ့်ဆုံးပညာပဲ။ အကောင်း-အဆိုး၊ အကျိုးအပြစ်ကိုမသိဘဲ အမှားတွေလုပ်မိရင် ချမ်းသာရာ ဘယ်တော့ရမလဲ။ ဒီတော့ ချမ်းသာဖို့ တောင်းတဲ့ဆုလည်း ဘယ်ပြည့်တော့မလဲ။ အဆိုးဖြစ်ဖို့ အပြစ်လုပ်တယ်။ အကျိုးဖြစ်ဖို့ အကောင်းလုပ်တယ်။ အပြစ်ဆိုတာဘာလဲ။ အပြစ်ဆိုတာ မိမိဖြစ်စေ၊ သူတစ်ပါးဖြစ်စေ၊ နှစ်ဦးစလုံးဖြစ်စေ၊ ဆင်းရဲခြင်းကိုဖြစ်စေတဲ့ ကံ (၃) ပါးနဲ့လုပ်တဲ့ အလုပ်မှန်သမျှ အပြစ်ပဲ။ ပြောင်းပြန်လုပ်ရင် အကျိုးပဲပေါ့။

အဲဒီအကျိုးနဲ့အပြစ်ကို ခွဲခြားသိဖို့ ဉာဏ်ပညာဆိုတာ မွေးကတည်းကပါလာတာမဟုတ်ဘူး။ စောစောက အမှတ်စဉ် (၃) မှာပြောခဲ့တဲ့ သုတကနေပြီးရတာ။ အဲဒီဗဟုသုတမှာ အဆင့် (၃) ဆင့်ရှိတယ်။ ပထမအဆင့်ကရနိုင်သမျှ ကြားနာဖတ်မှတ်ခြင်းဖြင့် အကြားအမြင် ဗဟုသုတများများရှာဖွေစုဆောင်းရမယ်၊ အဲဒီလို ကြားနာဖတ်မှတ်ပြီးသိတာကို သုတာမယဉာဏ်လို့ခေါ်တယ်။ သုတာမယဉာဏ်များလာရင် အတွေ့အကြုံပေါ် အခြေခံပြီး အမှား-အမှန်ခွဲခြားပြီး စဉ်းစားတတ်လာမယ်။ ဝေဖန်ပိုင်းခြားတတ်လာမယ်။ အဲဒါဟာ ဒုတိယအဆင့်ဖြစ်တဲ့ စိန္တာမယဉာဏ်ပဲ။ လောကီပညာမှာ ကိုယ်ပိုင်စိန္တာမယဉာဏ် ရှိနိုင်ပေမယ့် လောကုတ္တရာပညာမှာတော့ ဘုရားကလွဲပြီး ဘယ်သူ့မှာမှမရှိဘူး။

တတိယအဆင့်ကတော့ အမှား-အဆိုး၊ အပြစ်ကိုသိပြီးရှောင်ဖို့နဲ့ အမှန်၊ အကောင်းအကျိုးကိုသိပြီး ဆောင်ဖို့ပဲ။ တစ်နည်းပြောရင် လိုက်နာကျင့်ကြံဖို့ပဲ။ လိုက်နာကျင့်သုံးဖို့ပဲ။ ကျင့်ကြံအားထုတ်တယ်လို့လည်း ပြောနိုင်တာပေါ့။ အဲဒါကို ဘာဝနာမယဉာဏ်လို့လည်း ခေါ်ပါတယ်။ ဒါဟာ အနိမ့်ဆုံးအခြေခံဉာဏ်ပညာပဲ။ အမြင့်ဆုံးကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပဲ။

ဒါဟာ ဘိုးလေး ရှိသလောက် ဗဟုသုတနဲ့ ဖြည့်စွက်ပြောတာ။ မပြည့်စုံပေမယ့် မှားတော့မမှားဘူး။ ဆရာတော်ကတော့ တောင်းတဲ့ဆုနဲ့ပြည့်စုံဖို့-

၁။ သဒ္ဓါ၊

၂။ သီလ၊

၃။ စာဂ၊

၄။ ပညာနဲ့ ပြည့်စုံရမယ်လို့ပဲ မိန့်ပါတယ်။

ဘိုးလေးထပ်ပြောချင်သေးတာက ယူသွားရမယ့်ဟာနဲ့ ယူမသွားရမယ့်ဟာ ခွဲခြားသိပြီး ယူသွားရမယ့်ဟာထဲက အကောင်းချည်း ပါနိုင်သမျှပါအောင် ကြိုးစားရမယ်။ ဒါမှ အရှည်ချမ်းသာမယ်။ အခု သား B.Sc အောင်ထားတယ်။ နောက်အကျတော့ လူပဲပြန်ဖြစ်တယ်ဆိုပါစို့၊ ကျောင်းနေတဲ့ အရွယ်ရောက်လို့ ကျောင်းအပ်တော့ M.Sc ပထမနှစ်က စမတက်ဘူး။ သူငယ်တန်းကပဲစတက်ရမယ်။ ပစ္စည်းဥစ္စာစတာတွေလည်း ဒီလိုပဲပေါ့။ ထားခဲ့လို့မရတာကတော့ ကုသိုလ်နဲ့ အကုသိုလ်ပဲ။ ဒီတော့ ကုသိုလ်များများပါအောင် လုပ် ဒါပါပဲ"

"ဘိုးလေးဆီလာလိုက်တာ သားအတွက် အတိုင်းမသိ အကျိုးကြီးပါတယ်"

ဟု မောင်မြင့်မြတ်ကျော်က ပြောပါသည်။

ကျွန်တော်က-

"ဒီဝါကျွတ်မှာ ဘိုးလေးကို လာကန်တော့တာ (၁၀) ဦးထက်မနည်းဘူး။ ဘိုးလေးပဲ ဒီအတိုင်းဆုပေးတာပဲ။ ဒါပေမယ့် ပေးတဲ့ဆုကို အားလုံးကြားတာ သားတစ်ယောက်ပဲ ရှိမယ်ထင်တယ်။ အခု သားကြားရတာမှန်သမျှ သုတာမယဉာဏ်ပဲပေါ့။ အဲဒီလို သုတာမယဉာဏ်တွေ အများအပြားရရှိပါစေလို့လည်း ဘိုးလေးနိဂုံးချုပ်ဆုပေးလိုက်ပါတယ်"

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ် ၏

## ပခုက္ကူမြို့နှင့် အရာတော်၊ ကျောက်ခွက်၊ လက်ပံတိုရေနံမြေဒေသများဒေသစာရီခရီးစဉ်



လက်ပံတိုရေနံမြေတွင် ရုပ်ရှင်တော်မြတ်အား သပ္ပာယ်စွာ ဖူးမြော်ရပုံ

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ထူးခြားသော တန်ခိုးတော်များနှင့် ပြည့်စုံတော်မူ၍ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူတို့တွင် ထူးခြားမှုများကြုံတွေ့ရခြင်း၊ ဆုတောင်းအဓိဋ္ဌာန်များ ပြည့်ဝကြခြင်းစသော ဂုဏ်သတင်းတို့ ပျံ့နှံ့ကျော်စောတော်မူလျက်ရှိသောကြောင့် ဤယနေ့အချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားမှသာမက ကမ္ဘာ့နိုင်ငံများမှပါ ပင့်ဆောင်ပူဇော်သူတို့ များပြားလျက်ရှိသောကြောင့် ဒေသစာရီခရီးများ မနားတမ်းကြွမြန်းတော်မူလျက်ရှိပါသည်။

ထိုသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ၂၈-၇-၂၀၁၃ နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၄) ရပ်ကွက်၊ နေပြည်တော်လမ်း ဦးဇော်ဝင်းမောင်-ဒေါ်စန်းစန်းထူး(စည်ပင်)မိသားစုနေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။ ဤအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပထမဦးဆုံးအကြိမ် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်မှာ (၂) လပိုင်း၊ ၂၀၁၃ တွင် ပခုက္ကူမြို့သို့ ကြွမြန်းရောက်ရှိတော်မူပြီးဖြစ်၍



လက်ပံတိုရေနံမြေတွင် ရုပ်ရှင်တော်မြတ်၏တန်ခိုးဖြင့် ပလတ်စတစ်ပန်းများပွင့်လာပုံ



လက်ပံတိုရေနံမြေတွင် ပလတ်စ... ဖူးငုံများ...

www.burmeseclassic.com

ယခုကြွရောက်တော်မူခြင်းသည် ဒုတိယအကြိမ်မြောက် ကြွမြန်းရောက်တော်မူခြင်း ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင် မယ်တော်ကြီးနှင့် အန်တီအေးတို့သာလိုက်ပါလေ့ရှိသော်လည်း မယ်တော်ကြီးတို့မှာ ခရီးများဆက်တိုက်ဖြစ်နေသည့်အပြင် မယ်တော်ကြီး၏ ခြေထောက်ဒဏ်ရာမှာ အကောင်းမသေသေး၍ ရောင်ရမ်းလျက်ရှိသောကြောင့် ဤခရီးစဉ်ကို စာရေးသူလိုက်ပါခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူတစ်ယောက်တည်းဖြစ်နေ၍ ရွှေကံကူသာဝတာအရင်းလည်းဖြစ်၊ စာရေးသူ၏ တပည့်ရင်းလည်းဖြစ်သော မိုးကောင်းတင်၊ မိုးတိမ်ယံ အလျှုမီနီယမ်နှင့် မှန်စတီးအလှဆင်လုပ်ငန်းမှ မင်းမင်းထွန်းသည်းလိုက်ပါလာပါသည်။ ဒေါ်စန်းစန်းအေးတို့ မိသားစုအားလုံးသည် စာရေးသူတို့ကို ဖော်ရွေနွေးထွေးစွာဆက်ဆံကြပြီး လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးပြုစုပါသည်။

ပခုက္ကူခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်ပြီး မြင်းခြံထက်ပင် ပူပြင်းကြောင်းကြားသိထားရာ စာရေးသူတို့အား နေရာချထားပေးသော အိပ်ခန်းမှာ ခပ်နိမ့်နိမ့်ဖြစ်၍ ဤအရပ်ဒေသနှင့် ဤရာသီဥတုမျိုးတွင် ပူလောင်အိုက်စပ်လျက် အနေရခက်ပေလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း စာရေးသူတို့ နေထိုင်ခဲ့သော (၃) ရက်လုံးလုံး ရာသီဥတုအေးမြလျက်ရှိသည်မှာ ထူးခြားလှပါသည်။ ဤနေအိမ်တွင် နေ့နေ့ညည ဧည့်ပရိသတ်တို့ စည်ကားလွန်းလှပြီး အိမ်ရှင်များမှ လာရောက်သမျှသော ဧည့်သည်တို့ကို အချိုရည်၊ အချိုပွဲတို့အား မပြတ်တမ်း ဧည့်ခံကျွေးမွေးလျက်ရှိပါသည်။ ရင်းနှီးသော ရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟတို့ကိုလည်း ထမင်းဟင်းများကျွေးမွေးဧည့်ခံပါသေးသည်။ ဤနေရာတွင်လည်း ထူးခြားမှုကြုံတွေ့ကြရပြန်ပါသေးသည်။

ကြွရောက်လာသောဧည့်ပရိသတ်တို့မှာ များပြားလှသော်လည်း ကျွေးမွေးဧည့်ခံသော ထမင်း၊ ဟင်းများနှင့် အချိုပွဲတို့မှာ ကြွရောက်လာသောဧည့်ပရိသတ်တို့၏ စားသုံးနှုန်းနှင့်ဆိုလျှင် ကုန်ခန်းရမည်ဖြစ်ရာ ယခုမူ မကုန်နိုင်မခန်းနိုင်ဖြစ်နေ၍ အိမ်ရှင်မိသားစုတို့နှင့် ဝေယျာဝစ္စကူညီလုပ်ကိုင်ပေးသူ ဆောင်ရွက်ကြသူတို့မှာ




ကျောက်ခွက်ရေနံမြေသို့ ပင့်ဆောင်ပူဇော်သည့်
ဦးမင်းအောင်+ဒေါ်ကြူကြူသင်၊ မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်



ရေနံမြေ (၃) ဗွာနသို့ ပင့်ဆောင်ပူဇော်သော
ဦးခင်မောင်ဇော် (တွေ/ဂျာ) + ဒေါ်တင်မမတို့အား ဂုဏ်ပြုလွှာပေးအပ်စဉ်



အရာတော်ရေနံမြေမှ ပင့်ဆောင်ပူဇော်သည့် တာဝန်ခံအား ဂုဏ်ပြုလွှာပေးအပ်စဉ်



လက်ပံတိုရေနံမြေမှ ဝေယျာဝစ္စဆောင်ရွက်သောလူငယ်အဖွဲ့အား
ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



www.burmeseclassic.com

www.burmeseclassic.com





လက်ပံတိုရေနံမြေတွင် ရုပ်ရှင်တော်မြတ်၏တန်ခိုးဖြင့် ပလတ်စတစ်ပန်းများပွင့်လာပုံအား လာရောက်ဖူးမြော်သူ ဘုရားဖူးပရိသတ်များ



ကျောက်ခွက်ရေနံမြေသို့ ပင့်ဆောင်ပူဇော်စဉ် လာရောက်သောပရိသတ်များမှ ရုပ်ရှင်တော်မြတ်၏ပုံတော်အား ဝယ်ယူပူဇော်စဉ်



ကျောက်ခွက်ရေနံမြေသို့ ပင့်ဆောင်ပူဇော်သူ ဦးမင်းအောင်+ဒေါ်ကြူကြူသင်းမိသားစုမှ ရုပ်ရှင်တော်မြတ်အား ဖူးမြော်စဉ်

အံ့ဩမဆုံးဖြစ်ကြရပြီး ထိုအကြောင်းကို ပြောရ၍မဆုံးနိုင်အောင်ရှိကြပါသည်။ ထို့အပြင် ထူးခြားသော မိန်းကလေးတစ်ဦးရှိပါသေးသည်။ ထိုမိန်းကလေးသည် ရုပ်ရှင်တော်မြတ် ပခုက္ကူမြို့သို့ ကြွမြန်းရောက်ရှိတော်မူနေသည်ကို မသိရှိပါ။ အိပ်မက်တွင် ရုပ်ရှင်တော်မြတ်သည် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်လျက်ရှိကြောင်း မြင်မက်၍ လာရောက်ဖူးမြော်ရခြင်း ဖြစ်ကြောင်း သိရပါသည်။ နောက်မိန်းကလေးတစ်ဦးမှာ ဤနေအိမ်မှ ရုပ်ရှင်တော်မြတ်၏ပုံတော်ကို ပင့်ဆောင်၍ ၎င်း၏နေအိမ်ဘုရားခန်းတွင် ပူဇော်ထားရှိရာ ထိုပုံတော်သည် ပန်းများပေါ်သို့ တန်ခိုးတော်ဖြင့် ကြွရောက်တော်မူသည်ကို ထူးဆန်းလှစွာ ဖူးတွေ့ရကြောင်း သိရပြန်ပါသည်။ ထိုမိန်းကလေးများ၏ အမည်နှင့် နေရပ်လိပ်စာတို့ကို မေးမြန်းမှတ်သားလိုက်ရခြင်း မရှိသော်လည်း ဒေါ်စန်းစန်းထူးထံ မေးမြန်းစုံစမ်းလျှင် သိရှိရမည် ဖြစ်ပါသည်။

ဒေါ်စန်းစန်းထူး၏ နေအိမ်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားမှုများကို စာရေးသူ၏မေတ္တာရပ်ခံမှုကြောင့် ဒေါ်စန်းစန်းထူးကိုယ်တိုင် ရေးသားပေးပို့ထားပါ၍ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

**မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ အောင်တော်မူရပ်ကွက် ဘုရားဒါယကာကြီး အဖေဝင်း၊ ဘုရားအမကြီး အမေကောင်းတို့၏ နေအိမ်တွင် သီတင်းသုံးစံပယ်တော်မူလျက်ရှိသော 'ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်' ၏ ပခုက္ကူမြို့ ဒေသစာရီခရီးစဉ်မှတ်တမ်း**

ကျွန်မသည် ပခုက္ကူမြို့ အမှတ် (၄) ရပ်ကွက် နေပြည်တော်လမ်း အိမ်အမှတ် (၁၅၂) တွင် ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းအောင်၊ သားသမီးများ ဖြစ်ကြသော မောင်ဖြိုးမင်းသန့်-မနန်းစိန်ငွေး၊ မဖွေးဖွေးအိ၊ မသိမ့်သိမ့်အိ၊ မွေးမွေးအိ၊ မနှင်းဦးဝတ်ရည်၊ မြေး ခြူးမြတ်ချယ်သန့်တို့နှင့်အတူ နေထိုင်လျက်ရှိပါသည်။ ငယ်စဉ်မှစ၍ အမိဌာန်ပုတီးစိပ်ခြင်း၊ အခါအားလျော်စွာ သက်သတ်လွတ်စားခြင်းများရှိခဲ့ပြီး သကြံန်ရုံးပိတ်ရက်များတွင် ပခုက္ကူမြို့ သံခိပ်ကျောင်းဆရာတော် ဦးသုန္ဒရထံတွင် လည်းကောင်း၊ လေယာဉ်ကွင်း မမ္မသုခကျောင်းဆရာတော် ဦးဇာတိကထံတွင် သီလရှင်၊ ဒုဿ ဘဝတ်ခြင်း၊ ရွှေပြည်သာကျောင်းသပိယ်



www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ထံတွင် လည်းကောင်း တရားစခန်းများဝင်ရောက်၍ ဝိပဿနာတရားများအားထုတ်ခဲ့ပါသည်။


ကျွန်မသည် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး ကျွန်မတို့မြို့သည် ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ ယောနယ်၏ မျက်နှာဝဖြစ်ရာ နယ်မြေချင်းဆက်စပ်လျက်ရှိပါသဖြင့် ယခင်က ကျွန်မတို့နယ်ဒေသတစ်ဝိုက်တွင် စုန်းပယောဂ၊ နတ်ပယောဂများ လွန်စွာ ခေတ်စားခဲ့ပါ၍ မိမိနှင့်မိသားစုလုံခြုံရန် ပြည်လုံးချမ်းသာဆရာကျော်ကြီး၏ 'မနောမယိဒ္ဓိ' ဂိုဏ်းတွင် သုံးကံမှတစ်ဆင့်ပြီးတစ်ဆင့် ငါးကံအထိ သစ္စာဖြင့် ထိန်းသိမ်းခဲ့ပါသည်။

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်စဉ်က အဖွဲ့ဝန်ထမ်းသက်သာစက်ဘီးအပ်ဆိုင်အား ကြီးကြပ်ရသည်ဖြစ်ရာ စက်ဘီးအပ်နှံသူမှ လက်ခံသူဝန်ထမ်း အမှတ်တမဲ့ရှိချိန်တွင် အပ်နှံကတ်ပြားပြန်လည်ပေးအပ်ခဲ့ဘဲ ၎င်းတို့ စက်ဘီးယာဉ်ကိုအပ်နှံခပေး၍ ထုတ်ယူသွားပြီးနောက် လက်ခံကတ်ပြားပြ၍ ငွေလိမ်လည်တောင်းခံခဲ့ရာ မနောမယိဒ္ဓိလက်ဝဲ၊ တက်ယာဆရာကြီးများအား မိမိထိန်းအားသော ကံသစ္စာဆို၍ ကြေးစည်ရိုက်အကူအညီတောင်းခံရာ လေး၊ ငါးကြိမ်ခန့် လိမ်လည်သူမှဝန်ခံ၍ပြန်လည်အပ်နှံခဲ့ပါသဖြင့် သစ္စာဆိုခြင်းကို ထိုစဉ်ကပင်အလေ့အထတစ်ခု ဖြစ်လာခဲ့ပါသည်။

၂၀၀၅ ခုနှစ်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အောင်မြင်ရပ်ကွက်တွင် ထူးခြားသောသိဒ္ဓိများတန်ခိုးပြလျက်ရှိသော 'ရွှေကူလေပျံသစ်တော်ဘုရား'အကြောင်းဖတ်မိခဲ့စဉ်က ဖူးမြော်ရန်ဆန္ဒရှိခဲ့သော်လည်း လူနေအိမ်တွင်ဖြစ်သည်ကတစ်ကြောင်း၊ ထိုအချိန်က ပေါ်တော်မူဘုရားများ ဟိုမှသည်မှ ပွင့်ထွန်းပေါ်ပေါက်လာခဲ့သည့်အတွက် ကိုယ်တိုင်သွားရောက်ဖူးမြော်ရန် အကြောင်းအကျိုး မညီမညွတ်ခဲ့ရပါ။ ဒုတိယအကြိမ်အစောင်တစ်ခုတွင် 'ရွှေကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီး၏ဒေသစာရီခရီးစဉ်များ ကြွချီကြောင်း ဖတ်ရှုရပါ၍မိမိမှ ကျောက်ဆည်ရှိ မဟာရွှေသိမ်တော်ဘုရားကြီးတွင် အဓိဋ္ဌာန်ပြုခြင်း၊ အဓိဋ္ဌာန်အောင်၍ ကန်တော့ပွဲကပ်လှူခြင်းများ သွားရောက်သည့်အခါတိုင်း


ရုပ်ရှင်တော်မြတ်အား အရာတော်ရေနံမြေမှ ကျောက်ခွက်ရေနံမြေသို့ ဆက်လက်ပူဇော်စဉ်


ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သည့်ဌာနဖြစ်သော ကျောက်ခွက်ရေနံမြေရိပ်သာ



ကျောက်ခွက်ရေနံမြေသို့ ပင့်ဆောင်ပူဇော်သူ
ဦးမင်းအောင်+ဒေါ်ကြူကြူသင်းမိသားစုမှ ဆွမ်းများဆက်ကပ်စဉ်


အရာတော်ရေနံမြေတွင် ရုပ်ရှင်တော်မြတ်အား
(ထွေ/ဂျာ) ဦးခင်မောင်ဇော် + ဒေါ်တင်မမနှင့် တာဝန်ခံများ ဆွမ်းဆက်ကပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com




အရာတော်ရေနံမြေတွင် ပင့်ဆောင်ပူဇော်သူများမှ ကုသိုလ်ပြုအမျှဝေနေပုံ



အရာတော်ရေနံမြေတွင် ရုပ်ရှင်တော်မြတ်၏ပုံတော်များကို ပူဇော်လျက်ရှိကြပုံ



ပခုက္ကူသို့ ပင့်ဆောင်ပူဇော်သော ဒေါ်စန်းစန်းထွေးနှင့် သမီးများ မိသားစုပုံ



အရာတော်ရေနံမြေတွင် ရုပ်ရှင်တော်မြတ်အား ကျောင်းသူ/သားများ လာရောက်ဖူးမြော်ပုံ

စဥ့်ကိုင်မြို့တွင် စုံစမ်း၍ ရွှေကံကူဘုရားကြီးအား ဘုရားဒကာ၊ ဘုရားအမများ၏နေအိမ်တွင် သွားရောက် ဖူးမြော်ခဲ့ပါသော်လည်း သုံးကြိမ်ကြိမ်တိုင် ဘုရားကြီးမှာ ဒေသစာရီကြွချီတုန်းနှင့် ကြုံကြိုက်ပါ၍ ဖူးမြော်ခွင့်မရရှိခဲ့ပါ။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းက ရွှေကံကူဘုရားကြီးအား စဥ့်ကိုင်မြို့နေအိမ်တွင် သွားရောက် ဖူးမြော်ရာ ဒေသစာရီကြွချီနေပါ၍ ဘုရားဒကာ ဆရာဘိုဘိုနှင့်သာ တွေ့ဆုံခဲ့ရပြီး မိမိနေအိမ်တွင် ပူဇော်လိုပါ၍ ကြွချီခွင့်ပြုပေးနိုင်ပါရန် ရက်တောင်းလျှောက်ထားခဲ့ရာ ၂၀၁၄ ခုနှစ် နှစ်လယ်လောက်တွင်မှ ပူဇော်ရန်အလှည့်ကျမည်ဟု မိန့်ကြားခဲ့ပါသဖြင့် ပုံတော်များ၊ အခွေများကိုသာ ပူဇော်ခဲ့ရပါသည်။ ၎င်းနောက် ပုံတော်များကို ဘုရားကျောင်းဆောင်ပေါ်သို့ မပင့်ဆောင်မိဘဲ ဘုရားစာအုပ်အတွင်း ညှပ်ထားပြီး စာအုပ်စင်တွင် မေ့လျော့တင်ထားခဲ့မိပါသည်။

နေအိမ်တွင် ဘုရားဆွမ်းတော်ကပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ခြင်း၊ ဘုရားပွဲ၊ ဂိုဏ်းပွဲများ မကြာခဏကပ်လှူပူဇော်ခြင်းများ နိစ္စဓူဝဆောင်ရွက်ခဲ့သော်လည်း သေချာပေါက်ရမည်ဟု တွက်ထားသောစီးပွားများ လွဲချော်သွားခြင်း၊ ဝင်စရာငွေများ မရေမရာဖြစ်ပြီး ထွက်စရာငွေများ ဆီလိုအပေါက်ရှာထွက်ခြင်း၊ မိမိအားကူညီမည့်သူများနှင့် တွေ့လွဲလွဲနေတတ်ပြီး ဒုက္ခပေးမည့်သူများကိုရွေး၍အဖော်ပြုခြင်း၊ မိမိအထက်လူကြီးကမကြည်၊ အောက်လက်ကစော်ကား၊ အံချင်းချင်းတွန်းတိုက်ပြုခြင်း၊ မိမိရမည့်အခွင့်အရေး သူတစ်ပါးရသွားခြင်း စသော ကံနိမ့်ပါးမှုများ ကြုံတွေ့ရပါ၍ နေအိမ်အား သတိထား၍သန့်ရှင်းရေးလုပ်သောအခါ ရွှေကံကူဘုရားပုံတော်မှာ စာအုပ်စင်မှ ကြမ်းပြင်ပေါ်သို့ ထွက်ကျနေကြောင်း တွေ့ရှိရပါသဖြင့် ဘုရားကျောင်းဆောင်ပေါ်သို့ပင့်ဆောင်ပူဇော်ပြီး နေ့စဥ် ပရိတ်တရားများရွတ်ဖတ် ပူဇော်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဇွန်လဆန်းပိုင်း နံနက်ခင်းတစ်ခုတွင် ပခုက္ကူ အ-ထ-က (၁) မှ အထက်တန်းပြဆရာ ဦးစောလှိုင် မိမိနေအိမ်သို့ ရောက်ရှိလာပြီး ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ တတိယပတ်ခန့်တွင် မိမိနေအိမ်သို့ ရွှေကံကူလေပျံသစ်ငွေ ရုပ်ရှင်တော်မြတ်ကြီး ဒေသစာရီကြွချီနိုင်သည်ဟု ၎င်းမှ ဘုရားဒကာ ဆရာ

www.burmeseclassic.com

ဘိုဘို၊ ဘုရားအမကြီး အန်တီအေးနှင့် ဗယ်တော်ကြီးတို့မှ မိန့်ကြားသည်ကို ကြားသိခဲ့ရကြောင်းပြောပြပါ၍ မိမိတို့ မေ့စမ်းရာ ဆရာဘိုဘိုမှ စင်ကာပူသို့ ကြွချိန်အစီအစဉ်အပေါ် မူတည်၍ ပခုက္ကူသို့ ကြွချီနိုင်ခြင်းရှိ၊ မရှိ ဇူလိုင် ၂၆ ရက်နေ့တွင် အကြောင်းပြန်ကြားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

မိမိတို့မိသားစုအနေဖြင့် ရွှေကံကူဘုရား၏သိဒ္ဓိအမျိုးမျိုးတို့ကို ပုံတော်များ၊ စီဒီခွေများ၊ ဘုရားသမိုင်းစာအုပ်အား ဖတ်ရှုပူဇော်ခဲ့ရစဉ်ကပင် ကြက်သီးမွေးညင်းထမျှကြည်ညိုခဲ့ရသည်ဖြစ်ရာ ယခုကဲ့သို့ မမျှော်လင့်ဘဲ တစ်နှစ်စော၍ ရွှေကံကူဘုရားကြီး မိမိနေအိမ်သို့ ကြွချီ အပူဇော်ခံရန် စီစဉ်ထားရှိကြောင်း ဆရာဦးစောလှိုင်ပြောပြသည့်နေ့မှစ၍ မိသားစုတစ်စုလုံး အနှောင့်အယှက်ရှိ ဘုရား ကြွရောက် သီတင်းသုံးနိုင်စေရန် ရည်မျှော်၍ နေ့စဉ် ပဌာန်း ၂၄-ပစ္စည်း အကျဉ်းအကျယ်ကို အဓိဋ္ဌာန်ပြုရွတ်ဖတ်ပူဇော်ခဲ့ရာ ဘုရားကြွရောက်လာသည့်အချိန်အထိဖြစ်ပြီး ဘုရားပြန်လည်ကြွသွားတော်မူပြီးနောက် ယနေ့အချိန်ထိ ဆက်လက် ပူဇော်လျက်ရှိပါသည်။

ဘုရားမကြွရောက်မီကပင် မိမိတို့တစ်အိမ်သားလုံးမှာ ရပ်ဝေးသို့သွားရောက်နေသောမိဘများ မိမိထံပြန်ရောက်လာတော့မည်ကဲ့သို့ မျှော်တွေး၍ အပျော်ကြီးပျော် အကြည်နူးကြီးကြည်နူးလျက်ရှိသော်လည်း ဘုရားပင့်ဆောင်နိုင်ရေးဝေယျာဝစ္စကိစ္စရပ်များ၊ လှူဖွယ်ပစ္စည်းများဝယ်ယူနိုင်ရေး၊ ဘုရားနှင့်အတူ စောင့်ရှောက်လိုက်ပါမည့် သာဝကများအတွက် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ စသည်တို့ ဆောင်ရွက်ရမည်ဖြစ်ရာ မိမိလက်ဝယ်တွင် ငွေကြေးပြည့်စုံမှုမရှိသည့်အပြင် မိမိသည် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန် လမ်းခင်းကျောက်များ ကျောက်ခွဲစက်ဖြင့် ခွဲစိတ်ရောင်းချသည်ဖြစ်ရာ ရောင်းချပြီးသော ကျောက်ဖိုးငွေများ (၄) နေရာခန့်မှ မရရှိဘဲ မိမိမှ ကုန်ကြမ်းဝယ်ယူထားသော ကျောက်သမားများ၊ ကားသမားများ၊ ဆီရောင်းဝယ်သူများက မိမိမှပေးရန်ရှိသည်များကို တောင်းခံကြပါသဖြင့် ငွေရေးကြေးရေး အခက်တွေ့လျက်ရှိရာ ဘုရားကြွချီမည့်အစီအစဉ်အတွက် မိမိ၏ ဆွဲကြိုးများ ပေါင်နှံရောင်းချရန် မိသားစုတိုင်ပင်စီစဉ်ထားရှိခဲ့ပါသည်။

မိမိအနေဖြင့် ရွှေကံကူဘုရားကြီး၏တန်ခိုးတော်နှင့် ခုနစ်ရက်သားသမီးတို့အခက်အခဲများကို မှန်ကန်စွာသစ္စာဆိုပါက ကူညီစောင်မမည်ဟု ယုံကြည်သည့်အားလျော်စွာ ဘုရားမကြွမီ စိတ်တိုင်းကျပူဇော်ခွင့်ရရှိရေး အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ရာ ၁-၇-၂၀၁၃ နေ့ အောင်ဘာလေထီ ( ) ဂဏန်းအကွာရာတူရှေ့ (၂)လုံးတူဖြင့် (၅၀၀၀၀) ကျပ် ရရှိခဲ့ပြီး မိမိရရန်ရှိသော ကျောက်ဖိုးငွေမှာ ကျပ်သိန်း(၂၀) ဖြစ်သော်လည်း မိမိထံမှ မှာယူထားပြီး မိမိမှကုန်မပို့ရသေးဘဲ ကြိုတင်၍ ကျပ်သိန်း (၈၀) တိတိကို မိမိတို့နေအိမ်သို့ ဘုရားမကြွမီ (၁) ရက် အလိုဖြစ်သော ၂၇-၇-၂၀၁၃ရက်နေ့တွင် ထုတ်ပေးရရှိခဲ့ပါကြောင်း အံ့ဩဝမ်းမြောက်စွာရရှိခံစားခဲ့ရပါသည်။

၂၇-၇-၂၀၁၃ ရက် စနေနေ့က မိမိတို့မြို့တွင် တစ်နေကုန် မိုးရွာသွန်းလျက်ရှိရာ မိမိတို့အနေဖြင့် စနေမိုးဖြစ်သည်ကတစ်ကြောင်း၊ ဘုရားကြွမည့်ရက်မှာ ၂၈-၇-၂၀၁၃ ဖြစ်ပါ၍ လွန်စွာရက်နီးကပ်နေပါသဖြင့် ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူး လာရောက်နိုင်ရေးအကျိုးငှာ 'ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီး' ၏ တန်ခိုးတော်ဖြင့် မိုးတားပေးပါရန် လျှောက်ထားအဓိဋ္ဌာန်ခဲ့ရာ ဘုရားကြွရောက်သည့် ၂၈-၇-၂၀၁၃ မှ ၃၀-၇-၂၀၁၃ ရက်အထိ မိုးရွာသွန်းခြင်းမရှိဘဲ ရာသီဥတုမှာသာယာလျက်ရှိခဲ့ပါသည်။ ခင်ပွန်းသည်မှ မိမိတို့အညာဒေသတွင် မိုးခေါင်သဖြင့် ကောက်ပဲသီးနှံများ မိုးမျှော်နေလျက်ရှိရာ ၎င်းမှ တောရွာများဘက်တွင် မိုးရွာသွန်းပေးပါရန် လျှောက်ထားအဓိဋ္ဌာန်ခဲ့ပါသည်။

ပခုက္ကူမြို့ မိမိတို့နေအိမ်တွင် ဘုရားကြွရောက်ခဲ့သည့် ၂၈-၇-၂၀၁၃မှ ၃၀-၇-၂၀၁၃နေ့တွင် မိမိတို့ရပ်ကွက်နှင့် အနီးတစ်ဝိုက်တွင် မိုးရွာသွန်းခြင်းမရှိဘဲ မိမိတို့ရပ်ကွက်နှင့်ဝေးကွာသည့်ရပ်ကွက်များတွင် မိုးအနည်းငယ်ရွာသွန်းခဲ့ပါကြောင်း ဘုရားဖူးများပြောပြ၍သိရှိရပါသည်။ မိမိခင်ပွန်းမှ ပခုက္ကူမြို့ တောင်ဘက် (၁၄) မိုင်အကွာ ငါ့သရောက်မြို့နယ် ကန်နီကြီးရွာရှိ ၎င်း၏ ဆွေမျိုးများမည်သည့်အတွက်ဘုရားဖူးမလာရောက်နိုင်သည်ကို မေးမြန်းရာ မိုးရွာနေပါသဖြင့် လာရောက်နိုင်ခြင်းမရှိကြောင်း ပြောပြသိရှိရပါသဖြင့် ၎င်း၏ဆုတောင်းကိုပင် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

မိမိတို့နေအိမ်တွင် ရွှေကံကူရုပ်ရှင်တော်မြတ်သီတင်းသုံးနေစဉ်တစ်လျှောက် မိမိတို့အိမ်သားများမှ ပဌာန်းအကျယ်အဆက်မပြတ်ရွတ်ဆိုပူဇော်ခြင်း၊ ဘုရားဖူးများအနက် အချို့မှ ပရိတ်တရားတော်များ၊ ပဌာန်းအကျယ်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါသည်။ မိမိတို့နေအိမ်သည် အုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး အပေါ်ထပ်ကြမ်းခင်းတွင် ကျွန်းပျဉ်များခင်းကျင်းထားရှိပြီး ဘုရားကျောင်းဆောင်မှာ ကွန်ကရစ်ပြားဖြင့် ခင်းကျင်းထားသည်ဖြစ်ရာ ၂၈-၇-၂၀၁၃ နေ့လယ် (၁း၅၇) နာရီအချိန် မိမိထိုင်နေသောဘုရားကျောင်းဆောင်ရှေ့ ကွန်ကရစ်ကြမ်းခင်းမှာ ငလျင်လှုပ်သကဲ့သို့ ယိမ်းထိုးခါယမ်းလာပါသဖြင့် နီးစပ်ရာ မူလတန်းပြဆရာမ ဒေါ်လီလီသိမ်း၊ မန္တလေးမြို့နေ ကိုမင်းမင်းတို့မှလည်း ခံစားသိရှိရပါကြောင်း၊ ကျွန်းကြမ်းခင်းပေါ်တွင် ထိုင်လျက် ဘုရားအာရုံပြုနေသော ပခုက္ကူစည်ပင်မှ ဒုဦးစီးဦးဌေးဝင်းမှလည်းကောင်း ခံစားသိရှိရပါကြောင်း ပြောပြပါသည်။ အလားတူ ဘုရားဒကာဆရာဦးဘိုဘိုတည်းခိုရန်ဖေးထားသော အခန်းတွင် ၎င်းနေ့ည (၁၀း၃၀) နာရီအချိန်တွင်တစ်ကြိမ်၊ ဆရာနှင့် စကားပြောစဉ် အခန်းကွန်ကရစ်ကြမ်းပြင်မှ ငလျင်လှုပ်သကဲ့သို့ ငြိမ့်ခနဲလှုပ်ခါခဲ့ပါသည်။ ၃၀ - ၇ - ၂၀၁၃ ရက်နေ့တွင် အမှတ် (၃) ရပ်ကွက်နေ မချောစုမှ မိမိနေအိမ်တွင် ဘုရားကြည်ညိုနေစဉ် မိမိတိုက်အိမ်မှ ငြိမ့်ခနဲလှုပ်သွားကြောင်း ပြောပြသိရှိရပါသည်။

၂၈-၇-၂၀၁၃ ရက် နေ့လယ် (၂) နာရီအချိန်ခန့်တွင် ပခုက္ကူစည်ပင်မှ မိမိဌာနစိတ်မှ ဝန်ထမ်းဦးဇော်လွင်မှ ရွှေကံကူဘုရားကြီးအား လာရောက် ဖူးမြော်စဉ် ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးရာ ဘုရား၏ မကိုဋ်တော်တွင် ပူဇော်ထားသော စိန်ရတနာတို့မှာ ပကတိမျက်စိဖြင့် အဖြူရောင်ဖြစ်သော်လည်း ဓာတ်ပုံဖန်သားတွင် အပြာရောင်ရတနာများအဖြစ် ဖူးတွေ့ရခြင်း၊ ၎င်းနေ့ည (၁၀) နာရီအချိန် ပခုက္ကူမြို့ အမှတ် (၈) ရပ်ကွက် စိန့်စမ်းသံဆိုင်မှ ဆရာဦးသက်ကြူ၏ဖုန်းဖြင့် ရိုက်ကူးပူဇော်ရာ ရွှေကံကူရုပ်ရှင်တော်မြတ်မှ အားပါးတရပြုံးတော်မူခြင်း၊ မျက်လုံးတစ်ဖက်ပွင့်တော်မူခြင်းများ ဖူးတွေ့ရပါသည်။

မိမိတို့နေအိမ်သို့ ဘုရားဖူးလာရောက်ကြသူအပေါင်း၏ လက်ကိုင်ဖုန်းဖြင့် ပုံတော်များပူဇော်ကြရာ ဘုရားရှင်၏ မျက်နှာတော်မှ သွေးကြောများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

အကြောများပေါ်ခြင်း၊ ပြုံးတော်မူခြင်း၊ မျက်တောင်တော်များပေါ် ပေါက်ခြင်း၊ မျက်လုံးတော်၊ နှာခေါင်းတော်၊ နှုတ်ခမ်းတော်တို့တွင် ရွှေမှုန့်များဖြစ်ပေါ် တော်မူခြင်းစသည်များ ဖူးတွေ့ကြည်ညိုရပါသဖြင့် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီး၏ ဘုရားဒကာ ဆရာဘိုဘို၊ ဘုရားအမကြီးများ ဖြစ်ကြသော အန်တီနွဲ့၊ အန်တီအေး၊ မယ်တော်ကြီး မိသားစုတို့သည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရာထောင်ရှည်ပါစေ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့နှင့် ခုနစ်ရက်သားသမီးအပေါင်းတို့အား ကယ်တင်နိုင်ပါစေ၊ သာသနာတော်ကြီးအား နေရောင်သဖွယ် ထွန်းတောက်နိုင်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ကြပါစေရန် ဆုတောင်းမေတ္တာပို့သလျက် မိမိတို့နေအိမ်တွင် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီးအား အကြိမ်ကြိမ်အခါခါ ပင့်ဆောင်ပူဇော်ခွင့်ရပါစေကြောင်း ဆုတောင်းအဓိဋ္ဌာန်များ မကြာခဏဆောင်ရွက်သွားရန်ဆန္ဒပြုမိပါတော့သည်။

*

ဒေါ်စန်းစန်းထူးတို့၏နေအိမ်တွင် နောက်ထပ်ထူးခြားမှုတစ်ခုမှာ ရုပ်ရှင်တော်မြတ် ကြွရောက် သီတင်းသုံးစံမြန်းတော်မူသည့် (၃) ရက်တာကာလလုံး ရွှေကျိုးများ များစွာလာရောက်ခြင်း ဖြစ်ပါသည်။ ဒေါ်စန်းစန်းထူးသည် ဧည့်ဝတ်ကျေပွန်ရုံမျှမက စာရေးသူနှင့် မင်းမင်းထွန်းတို့အား ပခုက္ကူတစ်ဝိုက်ရှိ ရွှေတန့်တစ်၊ ဆင်ကြို့ရွှေဂူ၊ စည်သူရှင်၊ ရှင်မတောင်၊ အလောင်းစည်သူမင်းကြီးအား သိကြားမင်းက ဆက်သသော သရက္ခန်ဘုရားများသို့ ပို့ဆောင်ပေးသည့်အပြင် ပုဂံသို့လည်း ပို့ဆောင်ပေးပါသေးသည်။

ရုပ်ရှင်တော်မြတ်အား အရုဏ်ဆွမ်းကိုမူ ၎င်းတို့အဆင်ပြေသလို ဆက်ကပ်စေ၍ နေ့ဆွမ်းကိုမူ မယ်တော်ကြီးမှ အဝေးကနေပြီး ဖုန်းဖြင့်ဆက်ကပ်ပေးပါသည်။ စာရေးသူတို့လည်း ဤအိမ်တွင် နေထိုင်ရသည်မှာ ပေါ့ပါးလွတ်လပ်လာပါသည်။ သို့သော် ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုလွန်းလှသည်ဖြစ်၍ အလင်းပေါက် ဂုဏ်တော်များဖြင့် ပူဇော်လျက်ရှိကြရာ စာရေးသူတို့လည်း ၎င်းတို့ကဲ့သို့ အလင်းပေါက်မထိုင်နိုင်သော်လည်း ညဥ့်နက်မှ အိပ်ရာဝင်၍ နံနက်စောစောထကြရပါသည်။

၃၁-၇-၂၀၁၃ နေ့နံနက် အရုဏ်ဆွမ်းဆက်ကပ်ပြီးချိန်တွင် အရာတော်ရေနံမြေမှ ပင့်ဆောင်ပူဇော်ကြမည့်သူများ ရောက်ရှိလာကြပါသည်။ ဦးဇော်ဝင်းအောင်-ဒေါ်စန်းစန်းထူးမိသားစုတို့၏ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခြင်းနှင့် လှူဒါန်းသမှုအစုစုတို့အတွက် မယ်တော်ကြီးမှပင် ဖုန်းဖြင့် ရေစက်ချ၍ပေးခဲ့ပါသည်။

အရာတော်ရေနံမြေသည် ပခုက္ကူမြို့နယ်အတွင်းမှာပင်ရှိပါသည်။ ပခုက္ကူမြို့သည် ဧရာဝတီမြစ်၏ မြောက်ဘက်တွင်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပါသည်။ မြစ်၏ တောင်ဘက်ကမ်းမှာ မန္တလေးတိုင်းဒေသကြီး ဖြစ်ပါ၏။ ယခင်က မြစ်ကို ဇက်ဖြင့်ကူးကြရ၍ အချိန်လည်ကုန်၊ ငွေကုန်ကြေးကျလည်းများလှပြီး ပင်ပန်းလွန်းကြရသော်လည်း ယခုမူ ဧရာဝတီ (ပခုက္ကူ) တံတားကြီး ပြီးစီးသွား၍ တောင်ဘက်ကမ်းသို့ကူးပြီး အနောက်တောင်အရပ်သို့ (၁၃) မိုင်မျှ သွားရောက်လျှင် ညောင်ဦးမြို့သို့ ရောက်ရှိပြီ ဖြစ်ပါသည်။

အရာတော်ရေနံမြေသို့ပင့်ဆောင်ပူဇော်သူ ဒါယကာများမှာ အထွေထွေမန်နေဂျာ ဦးခင်မောင်ဇော်နှင့် ဇနီး ဒေါ်တင်မမတို့ဖြစ်ကြပါသည်။ ဒေါ်တင်မမသည် သုရဿမဂ္ဂဇင်းစာဖတ်ပရိသတ်တစ်ဦးဖြစ်ပြီး စာရေးသူ၏ ဆောင်းပါးများကို မပြတ်တမ်း ဖတ်ရှုရာမှ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ကြည်ညိုခဲ့သူဖြစ်ပါသည်။ ၂၀၁၃၊ ဖေဖော်ဝါရီလတွင် ဒေါ်တင်မမသည် ကျောက်ခွက်ရေနံမြေမှ ဒေါ်ကြူကြူသင်းနှင့်အတူ စဥ့်ကိုင်မြို့အောင်မြေသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်က ရုပ်ရှင်တော်မြတ်မှာ ရန်ကုန်မြို့မှာပင်ရှိနေပါသေးသည်။ စာရေးသူထံသို့ ရက်ချိန်းတောင်းခံရာ ပခုက္ကူခရီးစဥ်ရှိပါသည်။ ပခုက္ကူသို့ကြွဖြစ်လျှင် အကြောင်းကြားပေးပါမည်ဟု ပြောခဲ့ပါသည်။ ယခု ပခုက္ကူသို့ မကြွရောက်မီ ဒေါ်တင်မမထံသို့ အကြောင်းကြားလိုက်ရာ ဝမ်းသာအားရပင် လက်ခံ၍ ဒေါ်တင်မမ၏ ခင်ပွန်း ဦးခင်မောင်ဇော်အုပ်ချုပ်သော အရာတော်၊ကျောက်ခွက်၊ လက်ပံတို စသော ရေနံမြေ (၃) ဌာနသို့ တစ်ရက်တစ်ညစီပူဇော်ခွင့်ရရန် စီစဥ်ပေးပါဟု မေတ္တာရပ်ခံပါသည်။ ထို့ကြောင့် အန်တီအေး၊ မယ်တော်ကြီးတို့နှင့်တိုင်ပင်ပြီး ယခုကဲ့သို့ကြွမြန်းတော်မူလာရခြင်း ဖြစ်ပါသည်။

ပခုက္ကူမြို့တောင်ဖျားမှ အနောက်သို့ ထွက်ခဲ့ကြရခြင်း ဖြစ်ပါသည်။ ဧရာဝတီတံတားဆီသို့သွားသောလမ်းပင်ဖြစ်ပြီး တံတားအနီးသို့ ရောက်သောအခါ အနောက်သို့ဆက်၍ထွက်ခဲ့ရခြင်းဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကို မာဇဒါဂျစ်ရှေ့ခန်းမှ စာရေးသူကိုယ်တိုင် ပင့်ဆောင်ခဲ့ပါသည်။ (၁၀) မိုင်ခန့် ကွာဝေးသောအခါ ကမ္ဘလမ်းခွဲသို့ရောက်ရှိ၍ တောင်ဘက် မြစ်ခြေမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ဤနေရာမှစ၍ မြေသားကျောက်ခင်းလမ်းဖြစ်ရာ လမ်းကြမ်းလှသည်။ ထို့နောက် ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကျော်ဖြတ်ရပါသည်။ ဤနေရာမှစ၍ မြေပြန့် ဟူ၍ မတွေ့ရတော့ပါ။ အတက်၊ အဆင်းကြမ်းလှသော တောင်ကုန်းများကို ဖြတ်ရပါသည်။ ဤသို့ဖြင့် အရာတော်ရေနံမြေသို့ ရောက်ရှိခဲ့ပါတော့သည်။

ရုပ်ရှင်တော်မြတ်အား ရေနံရိပ်သာတွင် ပူဇော်ပါသည်။ ရေနံရိပ်သာသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း မြင့်မားသော ကမ်းပါးရပ်ပေါ်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ပုဂံမြို့ကို မြင်တွေ့နေရပါသည်။ ရေကြီးခါစဖြစ်၍ ရိပ်သာရှေ့ကမ်းပါးအောက်မှ မြစ်ရေစီးသံတို့ ကြားနေရပြီး ကျယ်ပြောလှသော မြစ်ရေပြင်ကြီးကို မြင်တွေ့နေရပါသည်။ မြောက်ဖျားစွန်း ဗူးဘုရားမှသည် တောင်ဖျားစွန်း စွယ်တော်ရှင် လောကနန္ဒာစေတီတော်ကြီးကို တွေ့မြင်နေရပြီး အရှေ့ဘက် ခပ်ဝေးဝေးဆီမှ တူရွင်းတောင်ထိပ်ရှိ စွယ်တော်စေတီမြတ်ကိုလည်း ဖူးတွေ့နေရပါသည်။ ပခုက္ကူမြို့အနီးတွင် အနောက်သို့စီးဆင်းလာသော ဧရာဝတီမြစ်ကြီးသည် ညောင်ဦးမြို့မြောက်ဘက်အရောက်တွင် တောင်သို့စီးဆင်းလာခြင်း ဖြစ်ပါသည်။ စာရေးသူတို့သည် မြစ်၏ တစ်ဖက်ကမ်းမှ မြစ်ကြောင်းသွားရာအထိုင်းလိုက်လာသကဲ့သို့ ဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ် အရာတော်ရိပ်သာသို့ ရောက်ရှိသောအခါ နံနက် (၁၀) နာရီခွဲမျှသာရှိပါသေးသည်။ စာသင်ကျောင်းနှင့်နီးကပ်၍ ကျောင်းသူကျောင်းသားကလေးများနှင့် ဆရာ၊ ဆရာမများ ရောက်ရှိလာကြပါသည်။ ဤနေရာသည် တောခေါင်လှပြီး ရွာငယ်ကလေးများရှိသော်လည်း လမ်းပန်းခက်ခဲလှရာ ဘုရားဖူးဧည့်ပရိသတ် များ

www.burmeseclassic.com

များစားစားလာရောက်ကြမည်မဟုတ်ဟု ထင်မှတ်ထားမိသော်လည်း တကယ်တမ်းတွင် တစ်နေကုန် ဘုရားဖူးဧည့်ပရိသတ်တို့ဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိ၍ အံ့သြမိပါသည်။ ရိပ်သာတွင် ဦးခင်မောင်ဇော်နှင့် ဒေါ်တင်မမတို့ ကြိုတင်ရောက်နှင့်နေပါသည်။ စာရေးသူသည် ဦးခင်မောင်ဇော်ကို ယခုမှ တွေ့မြင်ဖူးခြင်းဖြစ်ပါသည်။ ဦးခင်မောင်ဇော်သည် ဥပဓိရုပ်ကောင်းမွန်ပြီး အသံသြဇာနှင့် ပြည့်စုံသူဖြစ်၍ အရာရှိတစ်ဦးဖြစ်ကြောင်း မပြောဘဲနှင့် သိသာထင်ပေါ်လျက်ရှိပါသည်။ စာရေးသူတို့အားဖော်ရွေပျူငှာစွာ ဆက်ဆံပါသည်။ လိုလေသေးမရှိရအောင် စာရေးသူတို့အား ဧည့်ခံကျွေးမွေးပြုစုစေပါသည်။ စာရေးသူတို့ ယခုရောက်ရှိနေသောနေရာမှာ တန့်ကြည့်တောင်နှင့် ဧရာဝတီမြစ်အကြားတွင် တည်ရှိပါသည်။ ညနေပိုင်းတွင် ဤရေနံမြေမှ အရာရှိလူငယ်ဇနီးမောင်နှံတို့မှ စာရေးသူနှင့် မင်းမင်းထွန်းတို့ကို တန့်ကြည့်တောင် စွယ်တော်မြတ်စေတီတော်သို့ ဂျစ်ကားဖြင့် ပို့ဆောင်ပေးပါသည်။ တောင်ခြောက်များဖြစ်နေပြီး ရေနံမြေဖြစ်နေ၍ မြက်ပင်ကိုမျှမတွေ့ရ။ သစ်ပင်များလည်း သစ်ရွက်များ နွမ်းလိပ်၍နေပါသည်။ တန့်ကြည့်တောင်သည် အတော်ပင်မြင့်မားလှ၍ ဧရာဝတီမြစ်နှင့် ပုဂံဒေသကို အပေါ်စီးမှ တွေ့မြင်နေရပြီး ပခုက္ကူတံတားကြီးကိုလည်း မှုန်ပျပျခပ်ရေးရေးတွေ့မြင်နေရပါသည်။ တောင်ပေါ်မှ ပြန်အဆင်းတွင် မိုးဖွဲတလေးများ အနည်းငယ်ကျလာပါသေးသည်။

လမ်းတွင် ရုပ်ရှင်တော်မြတ်အား သွားရောက် ဖူးမြော်သူများ၊ ဖူးမြော်ပြီး ပြန်လာကြသူများကို အဆက်မပြတ် တွေ့နေရပါသည်။ စာရေးသူတို့အား ဧည့်သန့်အခန်းတွင် ခုတင်နှစ်လုံးနှင့် နေရာချထားပေးပါသည်။ ညတွင်လည်း ဘုရားဖူးဧည့်ပရိသတ်တို့ စည်ကားလျက်ရှိပြီး ဓမ္မစကြာဝတ်အသင်းများဖြင့် လည်း ပူဇော်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူလျက် သပ္ပာယ်စွာဖူးတွေ့ရသဖြင့် အရာတော်ဒေသ ရေနံဝန်ထမ်းများနှင့် အနီးအပါးကျေးရွာများမှ လာရောက်ကြသူအပေါင်းတို့သည် ဖူးမြော်ကြည်ညို၍မဝနိုင်အောင်ရှိနေကြပါသည်။

ည (၉) နာရီခွဲတွင် ပခုက္ကူမှ ဦးဇော်ဝင်းအောင်-ဒေါ်စန်းစန်းထူးနှင့် သမီး (၃) ဦး ဦးပဥ္စင်းတစ်ပါးနှင့်အတူ ရောက်ရှိလာကြပါသေးသည်။ (၃) ညတာ အိပ်ရေးပျက်ထား၍ ရောက်ရှိလာလိမ့်မည်ဟု ထင်မထားသော်လည်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည့်အတွက် ဤမိသားစုအား အံ့သြခြင်းနှင့်အတူ ထက်သန်လှသောသဒ္ဓါတရားကို လေးစားချီးကျူးမိပါသည်။

ထိုမိသားစုသည် စာရေးသူနှင့် စကားကောင်းနေသဖြင့် ည (၁၂) နာရီမှသာ အရာတော်မှ ပြန်လည်ထွက်ခွာသွားနိုင်ကြပါသည်။ စာရေးသူတို့လည်း ဧည့်သည်များကို ကားအနီးအထိ လိုက်လံပို့ဆောင်ပေးပြီး ရုပ်ရှင်တော်မြတ်ကို အပြင်မှသာ မတ်တတ်ရပ်လျက်နှင့် ကန်တော့လိုက်ရပါသည်။ ယခုအချိန်တိုင် ရိပ်သာဘုရားခန်းတွင် ဘုရားဖူးပရိသတ်များနှင့် ပြည့်လျက်ရှိနေဆဲ ဖြစ်ပါသည်။

စာရေးသူသည် အိပ်ခန်းအတွင်းသို့မဝင်မီ ပိန်းပိတ်အောင် မှောင်မည်းလျက်ရှိသော မြစ်ပြင်ကျယ်ကြီးငုံ့ကြည့်၍ မြစ်စောင့်နတ်၊ ရေစောင့်နတ်များနှင့် တကွ ကုန်းနေ၊ ရေနေ နတ်နဂါးအပေါင်းတို့အား လည်းကောင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အား လည်းကောင်း၊ (၃၁) ဘုံသားတို့အား လည်းကောင်း မေတ္တာပို့သ၍ အမျှဝေလိုက်ပါသည်။ ထို့နောက် အိပ်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီး (၂၈) အုပ်မြောက်သို့ ရောက်ရှိနေပြီဖြစ်သော ပိဋကတ်ကျမ်းတော်ကို ပူဇော်လိုက်ပါသေးသည်။ မင်းမင်းထွန်းသည် မအိပ်မီ စာရေးသူအား နှိပ်နယ်ပေးပါသေးသည်။ မင်းမင်းထွန်းသည် စာရေးသူ၏အဝတ်အစားများကို လျှော်ဖွပ်ပေးခြင်း၊ အိပ်ရာခင်းပြင်ဆင်ပေးခြင်းတို့ဖြင့် ကုသိုလ်ယူလျက်ရှိသည်မှာ အရွယ်ငယ်ငယ်နှင့် လိမ္မာရေးခြားရှိလှပါ၏။ သူ၏လုပ်ငန်းများကို တပည့်များနှင့်ထားရစ်ပြီး ရုပ်ရှင်တော်မြတ်နှင့် စာရေးသူအား စောင့်ရှောက် ကုသိုလ်ယူရန် လိုက်လာခဲ့ခြင်းဖြစ်ပါသည်။

၁-၈-၂၀၁၃ နံနက် (၇)နာရီတွင် အရာတော်ရေနံမြေမှ မြိုင်မြို့နယ် ကျောက်စွယ်ရေနံမြေသို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခဲ့ကြရာတွင် စာရေးသူမှပင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခဲ့ပါသည်။ မြစ်ခြေမြို့မှ အနောက်စူးစူးသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ လမ်းဘေးဝဲယာတွင် စိုက်ခင်းများမရှိပါ။ မြေတလင်းကဲ့သို့ မြက်များပင်သေလျက်ရှိပါသည်။ လယ်ယာမြေတို့မှာ ဖုန်တထောင်းထောင်းထလျက်ရှိပါ၏။ အပူပိုင်းသဘာဝပေါက်ပင်များ ဖြစ်သော ထနောင်း၊ တမာ၊ မန်ကျည်း၊ ရှားနှင့် ထန်းပင်များကို တွေ့ရပါ၏။ အချို့နေရာများတွင် ပြောင်းနှင့် ပဲစင်းငုံပင်တို့ စိုက်ပျိုးထားသော်လည်း ဒူးဆစ်ခန့်မျှသာမြင့်ပြီး ညှိုးရော်ခြောက်သွေ့လျက်ရှိပါသည်။

နေရာတိုင်းတွင် မိုးရေကန်များကို မကြာခဏတွေ့ မြင်နေရသော်လည်း ကန်များတွင် ရေတစ်စက်မျှမရှိ ပပ်ကြားများအက်လျက် အချို့သောကန်များမှာ ကန်အတွင်းမှ နုန်းမြေများကို တူးဆွဖယ်ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ စာရေးသူတို့ တစ်ချိန်ကနေထိုင်ခဲ့သော မြို့သာရွာတွင် မိုးဦးမကျမီ တပေါင်း၊ တန်ခူးကာလမြင်ကွင်းမျိုး ဖြစ်နေပါ၏။

"အခု မိုးလယ်တောင်ရောက်လာပြီ။ တစ်မိုးမှကောင်းကောင်းမကျသေးဘူး။ တကယ်တော့ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ပေါက်မြို့နယ်နဲ့ မြိုင်မြို့နယ်ဟာ မိုးအနည်းဆုံးဒေသပဲ။ တစ်နှစ်ကို (၉) လပိုင်းနဲ့ (၁၁) လပိုင်း (၂) လပဲ မိုးရွာတယ်"

ဟု ကျောက်ခွက်ရေနံမြေအင်ဂျင်နီယာမှူးမှ ကားမောင်းရင်း ပြောပါသည်။

ဤအရပ်ဒေသတွင် မြေယာများပေါများသော်လည်း မိုးခေါင်ရေရှားလှသဖြင့် သီးနှံများစိုက်ပျိုး၍မရပါ။ သို့သော်လည်း သဘာဝတရားသည် လူတို့ကို ပစ်မထားပါ။ လူတို့စားဝတ်နေရေးရပ်တည်မှုအတွက် သဘာဝမှ သနပ်ခါးပင်များ ပေးအပ်ထား၍ ရှေးခေတ်ကဆိုလျှင် အလေ့ကျပေါက်သောသနပ်ခါးတောများကို ခြံခတ်မွေးမြူခဲ့ကြရာမှ ယခုခေတ်တွင် သနပ်ခါးစိုက်ခင်းများပေါ်ပေါက်လာကာ သနပ်ခါးစိုက်ပျိုးခြင်းများနှင့်ပင် အသက်မွေးဝမ်းကျောင်းကြရသည်ဟု သိရပါသည်။

ထို့ကြောင့် လူတို့သည် သာမန်မိုးနည်းရေရှားခြင်းမှာ ဤအရပ်ဒေသ၏ ဓမ္မတာသဘောဖြစ်၍ မမှုပါ။ သို့သော် ယခုကဲ့သို့ အလွန်အမင်း မိုးခေါင်သောနှစ်တွင်မူ လူတို့တွင်လည်း သောက်ရေသုံးရေတို့ ရှားပါးပြတ်လပ်ကာ အခက်ကြုံကြရ၍ နွား၊ သိုး၊ ဆိတ်၊ ဝက် စသောတိရစ္ဆာန်တို့မှာ အစာရေစာပြတ်လပ်၍ သေကျေပျက်စီးကြရသည်ဟု သိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအကြောင်းအရာများကို ကြားသိရသောအခါ စာရေးသူစိတ်မကောင်းဖြစ်မိပါသည်။

မှန်ပါသည်။ ဝန်းကျင်အနှံ့ လမ်းဘေးဝဲယာမြင်တွေ့ရသော သစ်ပင်ကြီး၊ ငယ်ဟူသရွေ့တို့သည် ညိုးရော်လျက် အရွက်တို့ တွန့်လိမ်လျက်ရှိပါသည်။ အချို့လက်ကောက်ဝတ်ခန့်သာရှိသေးသော ကျွန်းပင်ပေါက်ကလေးများမှာ မတ်တတ်ခြောက်လျက် သေဆုံးနေသည်ကို တွေ့မြင်ရပါသည်။

လူတို့မွေးမြူထားသော တိရစ္ဆာန်များကို လူတို့က အစာရေစာဖန်တီးပေးကြမည်ဖြစ်သော်လည်း တောတွင်းတိရစ္ဆာန်ကလေးများအတွက်မူ (၄)၊ (၅)၊ (၁၀) မိုင်အတွင်း ရေတွေ့နိုင်မည် မဟုတ်၍ စိတ်ပူမိပါသည်။ ထို့ကြောင့် စာရေးသူ၏စိတ်တွင် ဤဒေသ၌ အမြန်ဆုံး မိုးရွာပါစေဟု ဆန္ဒပြုမိပါသည်။ မကြာမီ စာရေးသူတို့သည် ပုသိမ်-မုံရွာကားလမ်းကိုဖြတ်၍ အနောက်မြောက်ဆီသို့ ဆက်လက် ထွက်ခွာခဲ့ပါသည်။ ကားလမ်းသည်ကား ကြမ်းတမ်းလွန်းလှပါ၏။ ကျောက်တုံး၊ ကျောက်ခဲများနှင့် ချိုင့်ခွက်များပေါ်များလှပြီး မြေနီ၊ မြေဝါများနှင့် နေရာတိုင်းတွင် သဲများပေါလှပါ၏။

ပုသိမ်-မုံရွာလမ်းမကြီးဟု ခေါ်ဆိုသော်လည်း ကတ္တရာလမ်းကျဉ်းကလေးမျှသာ ဖြစ်ပါသည်။ ထိုကတ္တရာလမ်းအတိုင်း မြောက်ဘက်သို့ ဆက်လိုက်သွားလျှင် မြိုင်မြို့သို့ရောက်ရှိမည်ဟု သိရပါသည်။ ထိုကတ္တရာလမ်းကိုကျော်ပြီးသည်နှင့် လမ်းသည် ပိုကြမ်းလာပြီး မြေပြန့်လွင်ပြင်စိုက်ခင်းများနည်းပါးသွားပြီး တောင်ကုန်းကမူများနှင့် ပလပ်မြေများကိုသာ တွေ့ရပါသည်။ လမ်းကြမ်း၍ ကားဆောင့်လျက်ရှိပြီး ဘယ်၊ညာယိမ်း၍ ခါယမ်းလျက်ရှိသောကြောင့် စာရေးသူသည် ရုပ်ရှင်တော်မြတ်နှင့် ပလ္လင်တော်ကြီးကို မနည်းထိန်း၍ ပင့်ဆောင်လာရသည်မှာ ပင်ပန်းလွန်းလှပါ၏။

မကြာမီ 'ကျောက်ခွက်၊ လက်ပံတိုရေန်မြေမှ ကြိုဆိုပါ၏' ဟူသော ဆိုင်းဘုတ်ကြီးနှင့် ဂိတ်ကို ဖြတ်ကျော်ရ၍ ရောက်ရှိပြီအထင်နှင့် ပျော်ရွှင်ဝမ်းသာသွားမိပါသော်လည်း မည်သည့် အဆောက်အအုံနှင့် မည်သည့်ရေနံတူးစင်မျှ မတွေ့ရဘဲ တစ်မျှော်တစ်ခေါ် ကားလမ်းကြမ်းကြီးနှင့် တောင်ကုန်း၊ တောင်တန်းများကိုသာ တွေ့မြင်နေရ၍ စိတ်မောသွားရပါသည်။ အတက်၊ အဆင်းတို့ ပို၍ပေါများလာပါ၏။

"အရင်ကဆို ဒီလိုလမ်းမျိုးကိုမရှိဘူး။ အခုရေနံမြေပေါ်ပေါက်လာလို့ ဒီလမ်းခင်းလိုက်တာ။ ဒေသခံတွေသွားရေးလာရေးအဆင်ပြေသွားတာပေါ့"

ကားဆရာမှ ပြောပါ၏။

သို့ဖြင့် အချိန်အတော်ကြာ ပျင်းရိငြီးငွေ့ဖွယ်တရွေ့ရွေ့ခရီးဆက်ခဲ့ကြရာ 'ကျောက်ခွက်ရေနံမြေ' ဟူသော ဆိုင်းဘုတ်ကို တွေ့ရှိရပြီး လမ်းနှစ်ခွဖြစ်သွားပါသည်။ အနောက်သို့ဆက်သွားသော လမ်းမှာ 'လက်ပံတိုရေနံမြေသို့'ဟု မြားပြထားပြီး မြောက်သို့ခွဲထွက်သွားသော လမ်းကို 'ကျောက်ခွက်ရေနံမြေသို့' ဟု မြားပြထားပါသည်။ သိပ်မလိုတော့ဟု သိရပြီး ရေနံတူးစင်များကို တွေ့ရပြီဖြစ်၍ ဝေးကွာတော့မည်မဟုတ်ဟု တွေးမိပါသည်။

မှန်ပါသည်။ တစ်မိုင်ခန့် ခရီးပေါက်သွားသောအခါ ကျောက်ခွက်ရေနံမြေသို့ အမှန်တကယ်ရောက်ရှိ၍လာပါသည်။ ကျောက်ခွက်ရေနံမြေမှ ဓမ္မစကြာအဖွဲ့များသည် ဖွဲ့ကောင်းလှသည်၊ သဒ္ဓါအားကောင်းသည်ဟု ဆိုရမည် ဖြစ်ပါ၏။ ဤမျှ မိုင် (၄၀) ကွာဝေးသော ခရီးကြမ်းခရီးရှည်ကြီးတစ်လျှောက်လုံးတွင် မရပ်မနား ဝတ်ရွတ်စဉ်များဖြင့် ပူဇော်လာခဲ့ကြပါသည်။ ရပ်နားခြင်းမရှိကြောင်း သတိပြုမိပါသည်။ ကျောက်ခွက်ရေနံမြေသို့ ဝင်ရောက်လာသည်နှင့် သစ်ပင်ကြီးကြီးမားမားများကို အုပ်အုပ်ဆိုင်းဆိုင်း တွေ့မြင်ရသော်လည်း မြေပြင်မှာမူ ခြောက်သွေ့လျက်သာ ရှိပါသည်။

မကြာမီ အမိုးနိမ့်၊ အခန်းကျဉ်းဝန်ထမ်းတန်းလျားတစ်ခုရှေ့သို့အရောက်တွင် ကားရပ်လိုက်ပါသည်။ တိုက်ခန်းရှေ့တွင် မိုးကာမဏ္ဍပ်ငယ်ထိုးထားပြီး ဖျာများခင်းထားပါသည်။ လူ (၁၅) ဦးခန့် ကြိုဆို၍နေကြပြီး အမျိုးသမီးတစ်ဦး ထွက်လာပါသည်။

ထိုအမျိုးသမီးမှ -

"ဆရာ၊ ကျွန်မကို မှတ်မိရဲ့လား။ ကျွန်မ မန်နေဂျာကတော်ကြီးနဲ့ လိုက်လာတဲ့ ကြူကြူသင်းပါ"

ဟု ပြောပါသည်။

စာရေးသူလည်း ၎င်းကိုမြင်မြင်ချင်း စာရေးသူတို့နေအိမ်သို့ လာရောက်လျှောက်ထားခဲ့ကြသော အမျိုးသမီးနှစ်ယောက်ထဲက တစ်ယောက်ဖြစ်ကြောင်းရိပ်မိသည်။ ထို့နောက် အသားညိုညို၊ မျက်နှာလေးထောင့်၊ ပုပျပ်ပျပ်နှင့် ခင်မင်ဖွယ်ကောင်းလှသောလူတစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။ ၎င်းသည် မကြူကြူသင်း၏ခင်ပွန်း ဦးမင်းအောင်ဖြစ်ပြီး ထိုကျောက်ခွက်ရေနံမြေ၏တာဝန်ခံအရာရှိဖြစ်ကြောင်း သိရပါသည်။

ဤနေအိမ်တိုက်ခန်းသည် ရုပ်ရှင်တော်မြတ်အား" ကိန်းဝပ်ပူဇော်မည့်နေရာ မဟုတ်ပါ။ ဦးမင်းအောင်-မကြူကြူသင်းတို့၏လိုင်းခန်း ဖြစ်ပါသည်။ သို့သော်လည်း အန္တရာယ်ကင်းရှင်းစေရန် ခေတ္တမျှ ကြွရောက်ပေးပါဟု ဦးမင်းအောင်မှ ပြောပါသည်။ စာရေးသူတို့ နာရီဝက်ခန့် ရုပ်ရှင်တော်မြတ်ကို ထိုတိုက်ခန်းတွင် ပူဇော်မှုခံယူပြီး ရိပ်သာသို့ ဆက်လက် ထွက်ခွာခဲ့ပါသည်။ မှန်ပါသည်။ ယခုတစ်ကြိမ်တွင်တော့ တကယ်ပင် မဝေးကွာလှဘဲ ရိပ်သာသို့ ဆက်လက် ရောက်ရှိခဲ့ပါသည်။ ရိပ်သာမှာ အတော်ကြီးမားကျယ်ဝန်းသည့် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆင်ဝင်၊ ဧည့်ခန်း၊ ဘုရားခန်းကျယ်နှင့် ထမင်းစားခန်း၊ ထို့နောက် တစ်ယောက်အိပ်ခန်းများ ပါဝင်ပါသည်။ အိပ်ခန်းတိုင်းတွင် လေအေးပေးစက်နှင့် ဘိုထိုင်၊ ရေချိုးခန်း၊ စာကြည့်မီးအုပ်ဆောင်းနှင့် စာကြည့်စားပွဲတို့ ပါဝင်၍ အဆင့်အတန်းမြင့်လှပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်ကို နေ့ဆွမ်းများ ဆက်ကပ်သောအခါ မယ်တော်ကြီးအား ဖုန်းခေါ်ပြီး ဤဘက်မှ ဖုန်းခွက်အနီးတွင် အသံချဲ့စက်မှ မိုက်ချထားပြီး မယ်တော်ကြီး၏ အဝေးမှပူဇော်မှုကိုနာယူကြည်ညိုကြရပါသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကား ကြီးမားလွန်းလေစွဟု တွေးမိပါ၏။ ဤမျှ ဝေးလံခေါင်းပါးခြောက်သွေ့သောအရပ်တွင် ကောင်းမွန်လှသော ဆွမ်းဟင်းနှင့် အချိုပွဲများကို စုံလင်စွာ တွေ့မြင်ရခြင်း ဖြစ်ပါသည်။ ဒေါ်ကြူကြူသင်းမှ ဤဒေသတွင် ငှက်၊ စံပယ်၊ ရွှေပန်း၊ ငွေပန်းတို့မှာ ရှားပါးလှပါသည်။ မိုင် (၃၀) ခန့်ကွာဝေးသောနေရာတွင်မှဝယ်ယူရရှိနိုင်ကြောင်း ယခုမူ ရုပ်ရှင်တော်မြတ်ကြွမြန်းရောက်ရှိတော်မူလာသည်နှင့် ဤမျှရှားပါးသော ပန်းတို့ကို လှူဒါန်းသူတို့ ပေါများလှသည်ကို တွေ့မြင်ရကြောင်း ပြောပြပါသည်။

တစ်ခုထူးခြားသည်မှာလည်း ရုပ်ရှင်တော်မြတ် ရိပ်သာသို့ရောက်ရှိတော်



www.burmeseclassic.com

www.burmeseclassic.com

မှုပြီး ခင်းကျင်းပြင်ဆင်ထားသော ဘုရားကျောင်းဆောင်တွင် သီတင်းသုံး စံပယ်တော်မူပြီးသည်နှင့် ဤပရိသတ်အတွင်းမှ မည်သူတစ်ဦးတစ်ယောက်မျှမြင်ဖူးခြင်း မရှိသော ထူးဆန်းသော အသက် (၁၈) နှစ်ဝန်းကျင် မိန်းကလေးနှစ်ဦး ရောက်လာကာ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရပါပြီလားဟု မေးမြန်းကြရာ ရိပ်သာတွင်ရှိသောလူများမှ ဖူးတွေ့နိုင်ပါပြီဟု ပြောလိုက်သောအခါ မိန်းကလေးနှစ်ဦးသည် ရုပ်ရှင်တော်မြတ်အား လေးနက်ကြည်ညိုမိစွာ အတန်ကြာ ဖူးမြော်ကန်တော့ကြပြီး ပြန်လည် ထွက်ခွာသွားရာ ရိပ်သာတွင်ရှိကြသော ဧည့်ပရိသတ်အတွင်းမှ လူသားမဖြစ်နိုင်။ ဥစ္စာစောင့်လော၊ နတ်လော တစ်ခုခုဖြစ်ရပေမည်ဟု သံသယဖြစ်လျက်ရှိကြောင်း သိရပြန်ပါသည်။

မကြျုကြျုသင်းမှ ဤနေရာသည် အရာတော်ကဲ့သို့ ပတ်ဝန်းကျင်ကျေးရွာများ မပေါ်များပါ။ ထို့ကြောင့် လူမစည်မှာကို စိုးမိပါသည်ဟု ဆိုပါသည်။ သို့သော်လည်း ဘုရားဖူးဧည့်ပရိသတ်တို့ တစ်နေကုန် စည်ကားလျက်ရှိသည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။

ဦးမင်းအောင်သည် ဂျီအမ်ဦးခင်မောင်ဇော်၏ ညွှန်ကြားမှုဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ရေနံမြေနယ်နိမိတ်ဆိုင်းဘုတ်အပြင်ဘက်နားတွင် ရေဘောက်ဆာကြီးများဖြင့် အနီးဝန်းကျင်ကျေးရွာများကို ကြေညာဖိတ်ခေါ်၍ ရေကုသိုလ်ပြုလုပ်လေ့ရှိပါသည်။ ထို့ကြောင့် ထိုရွာသူရွာသားများမှာ ဦးမင်းအောင်တို့ကို ခင်မင်သိကျွမ်းလျက်ရှိနေပြီ ဖြစ်သောကြောင့် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာမည့်အကြောင်းနှင့် မည်သူမဆို လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း ကြိုတင်ဖိတ်ကြားထားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် အနီးဝန်းကျင်ကျေးရွာများမှ ဆိုင်ကယ်များ၊ ကားများဖြင့် ဘုရားဖူးရောက်ရှိလာကြရာ ဤကျောက်ခွက်ရေနံမြေနှင့် အနီးဆုံးတောင်ရိုးရွာမှလည်း တီအီးငါးတန်ကားကြီးနှင့်အပြည့် ရွာသူရွာသားများ ဘုရားဖူးလာရောက်ကြပါသည်။ ထိုရွာသည် ကျောက်ခွက်ရေနံမြေဆိုင်းဘုတ်အနီးရှိ မြောင်းသားတာပေါင်ကန်ကြီးမှရေကို မှီခိုအားထားသုံးစွဲနေကြရခြင်း ဖြစ်ပါသည်။ ယခုမူ ထိုရေကန်ကြီးတွင် ရေပြတ်နေသည်မှာ ကြာပြီဖြစ်၍ တောင်ရိုးရွာလူထုသည် ရေနံမြေမှ လှူဒါန်းသော ရေကိုသာ အားထားနေကြရချိန် ဖြစ်ပါသည်။

ထိုရေကန်ကြီးတွင် ရေများများသိုလှောင်နိုင်ရန် ယခုကဲ့သို့ရေပြတ်ခိုက်တွင် ဦးမင်းအောင်မှ ဦးဆောင်၍ မြေတူးစက်ကြီးများ ငှားရမ်းပြီး ထိုရေကန်ကို နက်အောင် ထပ်၍ ယခုလောဇလောဆယ် တူးဖော်ထားသည်မှာ လုပ်အားပေးလုပ်အားခများ မပါဝင်ဘဲ ဆီဖိုးသက်သက်ပင်လျှင် ငါးသိန်းခွဲကုန်ကျထားကြောင်း သိရပါသည်။

ထိုအခါ ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ကြသော တောင်ရိုးရွာသူရွာသားအားလုံးတို့သည် ရုပ်ရှင်တော်မြတ်အထံတော် မိမိတို့သည် ရွှေကိုလည်း အလိုမရှိပါ။ ငွေကိုလည်း အလိုမရှိပါ။ ရေကိုသာလျှင် လိုလားတောင့်တကြပါသည်။ သို့ပါ၍ အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ယခုတူးဖော်ထားသောရေကန်ကြီး ပြည့်လျှံသွားအောင် မိုးများရွာချပါစေဘုရားဟု အသံထွက်၍ယုံကြည်အားကိုးစွာ ဆုတောင်းကြပါသည်။ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်အား အတန်ကြာ ဖူးမြော်ကြည်ညိုပြီးကြသောအခါ ပြန်လည် ထွက်ခွာသွားကြပါသည်။

ထူးဆန်းစွာ တိုက်ဆိုင်မှုဟု ယူဆလိုက ယူဆနိုင်သော်လည်း ၎င်းတို့ကားပြန်လည်ထွက်ခွာသွားပြီး နာရီဝက်ခန့်အကြာတွင် ရုတ်တရက် မိုးများသဲသဲမဲမဲရွာချလိုက်ပါသည်။ ရေအတော်ပါ၍ မြေပြင်ပေါ်တွင် ရေများပင်စီးဆင်းသွားပါသည်။ ထိုအချိန်၌ ၎င်းတို့ကားမှာ ရွာသို့မရောက်သေးပါ။ လမ်းခုလတ်မှာသာရှိပါသေးသည်။ ဤဒေသမှ လူများသည် မိုးရွာသောအခါမှသာ ရေတွေ့ကြရသူများဖြစ်၍ အမိုးမပါသောကားပက်လက်ပေါ်တွင် မိုးရေချိုးပြီး ပျော်ရွှင်ဝမ်းသာလျက်ရှိကြကာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ပြော၍မဆုံးနိုင်အောင်ရှိကြပါသည်။

ထိုသတင်းမှာ အနီးအပါးမှ ကျေးရွာများသို့တိုင် တစ်ခဏအတွင်း ပျံ့နှံ့သွားရာ 'ကျောက်ခွက်ရေနံမြေမှာ တန်ခိုးကြီးဘုရား ကြွနေတယ်တဲ့ဟေ့' ဟု ဆိုကာ ညနေပိုင်း မိုးတိတ်ချိန်တွင် ရွာလုံးကျွတ် လိုမ့်၍လာကြသဖြင့် တောထဲတောင်ထဲမှာပင် ပွဲတော်တမျှ စည်ကားသိုက်မြိုက်ခဲ့ပါသည်။ ညပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်များပွင့်တော်မူပြီး ဆင်မြန်းဆက်ကပ်ထားသော ရတနာတို့မှ အရောင်အမျိုးမျိုးပြောင်းလဲတော်မူခြင်း၊ မျက်နှာတော်အမူအရာ အမျိုးမျိုးပြောင်းလဲတော်မူခြင်း စသည်တို့ကို ဖူးတွေ့ကြရသောအခါ ည (၁၂) နာရီတိုင် ဧည့်ပရိသတ်များ စည်ကားလျက်ရှိ၍ ကျောက်ခွက်ရေနံမြေသို့ တာဝန်ခံပင့်ဆောင်သော ဦးမင်းအောင်နှင့်မကြျုကြျုသင်းမှာ ပီတိဖြစ်၍ပျော်ရွှင်မဆုံးနိုင်အောင်ရှိနေကြပါတော့သည်။

ထိုအချိန်တွင် ဂျီအမ်ဦးခင်မောင်ဇော်နှင့် ဒေါ်တင်မမတို့လည်း ရောက်ရှိ၍နေပြီ ဖြစ်ပါသည်။ ဂျီအမ်ဦးခင်မောင်ဇော်နှင့်အတူ ဧည့်သည်လူငယ်တစ်ယောက် ပါလာသည်။ မောင်စည်သူဟု သိရပြီး စာရေးသူတို့ အရာတော်မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လာစဉ် ကမ္မမြို့မှ စောင့်ကြိုနှင့်သူဖြစ်ပြီး ရန်ကုန်မြို့မှ ရောက်ရှိလာခြင်း ဖြစ်ကြောင်း သိရပါသည်။ မောင်စည်သူသည် လက်ပံတိုရေနံမြေတွင် (၆) လခန့် တာဝန် ထမ်းဆောင်ဖူးခဲ့ပြီး ရန်ကုန်မြို့ဇာတိဖြစ်ကာ ယခု ရန်ကုန်မြို့တွင် ပြန်လည် တာဝန်ထမ်းဆောင်နေရသူ ဖြစ်ပါသည်။ ယခုရောက်ရှိလာခြင်းမှာလည်း လက်ပံတိုရေနံမြေသို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာမည့်အကြောင်း မိတ်ဆွေတစ်ဦးမှ ဖုန်းဆက်အကြောင်းကြားသဖြင့် ရန်ကုန်မြို့တွင် ဖူးတွေ့ခွင့်မကြုံရဘဲ တောထဲတောင်ထဲတွင်မှ ဖူးမြော်ခွင့်ရရှိနိုင်ခြင်းမှာလည်း ထူးဆန်းသောပဋ္ဌာန်းဆက်ဟု ဆိုရမည်ဖြစ်ပါသည်။

စာရေးသူအား တွေ့တွေ့ချင်း ခင်မင်ရင်းနှီးစွာ ဆက်ဆံပြီး စာရေးသူနှင့် မယ်တော်ကြီး၊ အန်တီအေးတို့ကို သိရှိနေပါသည်။ ၎င်းသည်လည်း ပုဂ္ဂိုလ်စောင့်ရှောက်ခံရသူဖြစ်၍ လက်ပံတိုတွင် နေထိုင်ခဲ့စဉ်က ခုနစ်ရက်သားသမီးများကို ကူညီကယ်တင်ပေးဖူးကြောင်း ဒေသခံများမှ ပြောပြကြပါသည်။ ၎င်းထံတွင် ရွှေကံကူရုပ်ရှင်တော်မြတ်၏ ပုံတော်ကို နှုတ်တော်ပွင့်တစ်ပုံတည်းသာ ဆောင်ထားသည်မှာ (၄) နှစ်ခန့်ရှိပြီဖြစ်၍ ထိုပုံတော်ရောက်ရှိချိန်မှစ၍ ၎င်းတွင် အမြင်အာရုံ၊ အကြားအာရုံတို့ ပေါ်ပေါက်လာကြောင်း၊ သို့သော် ပထမပိုင်းတွင် မိမိ၏အာရုံတို့ကို မပြောရဲကြောင်း၊ ပြောသည့်အတိုင်းမဟုတ်ခဲ့လျှင် အရှက်ရမှာစိုးရိမ်သည့်အပြင် တစ်ဖက်သားကိုလည်း ဒုက္ခပေးသလိုဖြစ်မည်စိုး၍ မပြောဘဲနှင့် မိမိ၏စိတ်ထဲမှာပင်ထားရှိခဲ့သည်။ မကြာမီ



www.burmeseclassic.com

www.burmeseclassic.com

မိမိစိတ်အာရုံတွင် မိမိအသိမိတ်ဆွေများအတွင်းမှ တစ်ဦးတစ်ယောက်နှင့် ပတ်သက်ပြီး အကြောင်းထူးတစ်စုံတစ်ရာပေါ်ပေါက်လာလျှင် ထုတ်ဖော်ပြောကြားခဲ့ရာ တိုက်ဆိုင်လှစွာ အကြောင်းတရားတို့မှန်ကန်၍နေကြောင်း အံ့သြဖွယ်တွေ့ရှိရသည်။ ထို့ကြောင့် မောင်စည်သူ၏ မိခင်နှင့် မိတ်ဆွေအချို့မှ မောင်စည်သူအား ဘိုးတော်ဟုပင် ခေါ်ဆိုနေကြကြောင်း သိရှိရပါသည်။

ဤညတွင် စာရေးသူလည်း (၁၂) နာရီခန့်တွင် အိပ်ရာဝင်ခဲ့ပါသည်။ ထိုအချိန်အထိ တိုင်းရိပ်သာအတွင်း၌ ဧည့်ပရိသတ်တို့ စည်ကားလျက်ရှိနေပါသေးသည်။

နောက်တစ်နေ့နံနက်တွင် မယ်တော်ကြီးမှ ဖုန်းဖြင့်လှမ်း၍ရေစက်ချပေးသည်ကို အသံချဲ့စက်မိုက်ဖြင့် ဖမ်းယူ၍ လူအများမှာ လိုက်ပို့ကြပါသည်။ ထို့နောက် ကျောက်ခွက်ရေနံမြေမှ လက်ပံတိုရေနံမြေသို့ ဆက်လက်ကြွမြန်းတော်မူရန် ပြင်ဆင်လျက်ရှိစဉ် မကြူကြူသင်းမှ -

"ဆရာရယ်၊ ဆန်ကိုးပြည်ပဲချက်ထားတာ လူ (၁၅၀) လောက် ကျွေးရတယ်။ နှစ်ပြည်ချက်တောင်ပိုနေသေးတယ်။ အဲဒါကတော့ တကယ့်ကိုထူးခြားတာပဲ။ ပြီးတော့ ကျွန်မတို့စခန်းကပဲ လူတစ်ယောက်ပေါ့၊ ရုပ်ရှင်တော်မြတ်ပူဇော်ပွဲကို ဝေယျာဝစ္စလုပ်ဖို့ ဦးမင်းအောင်ကခေါ်တာ မအားလို့ပါဆိုပြီး ညာပြောတာနဲ့ သူ့အိမ်နားက သစ်ပင်ကြီးမိုးကြိုးပစ်ချတာ တအားကိုကြောက်သွားတာပဲ"

ဟု ပြောပါသည်။

ထို့ကြောင့် ကျောက်ခွက်ရေနံမြေတွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ပြောဆိုကြည်ညို၍မဆုံးနိုင်အောင်ရှိကြပါသည်။

ကျောက်ခွက်နှင့် လက်ပံတိုမှာလည်း (၁၀) မိုင်ခန့် ကွာဝေးပါသည်။ လမ်းကြမ်းပင်ဖြစ်၍ အချိန်ကြာမြင့်စွာ မောင်းနှင်ရပါသည်။ ကားဆရာမှာ ကိုအောင်မိုးသိန်းဆိုသူဖြစ်ပြီး ပါဂျဲရိုးကားဖြင့် ပင့်ဆောင်ခြင်း ဖြစ်ပါသည်။ ဤကားပေါ်တွင် စာရေးသူနှင့် မင်းမင်းထွန်းတို့အပြင် ကိုစည်သူလည်း လိုက်ပါလာပါသည်။ လမ်းဘေး ဝဲ၊ ယာ မိုးရွာထားသဖြင့် သစ်ပင်များစိမ်းလန်း၍နေသည်ကို တွေ့ရပါသည်။ မိုးရေများရှိ၍ ရာသီဥတုမှာလည်း အေးမြလျက်ရှိ၏။ ရွှေပြေးနိဗ္ဗာန်ဆော်ဂျစ်ကားတစ်စီးပါရှိ၍ ထိုကားပေါ်မှ အသံချဲ့စက်ဖြင့် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာကြောင်း ကြေညာ၍ပေးပါသည်။ ဓမ္မစကြာပူဇော်သောအဖွဲ့မှလည်း မနားတမ်းပူဇော်လိုက်ပါ၍လာခဲ့ပါသည်။ အထွေထွေမန်နေဂျာကြီးလည်း ၎င်း၏မိသားစုနှင့်အတူ ကားတစ်စီးဖြင့်လိုက်ပါခဲ့သည်။ ရုပ်ရှင်တော်မြတ်အား စာရေးသူမှ ပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

မိုးရွာထား၍ အချို့သောနေရာဖို့မြေသစ်များတွင် ရွှံ့စေးပေါက်သလိုဖြစ်နေ၍ ကားများကို ဂရုစိုက်၍မောင်းနှင်ကြရပြီး တစ်နာရီကျော်ခန့်တွင် လက်ပံတိုရေနံမြေသို့ ရောက်ရှိပါသည်။ လက်ပံတိုရေနံမြေသည် တစ်နေ့လျှင် ရေနံ (၈၅၀) ပီပါခန့်ထွက်ရှိပြီး ကျောက်ခွက်နှင့် အရာတော်တို့မှာ ရေနံထွက်ရှိမှုနည်းပါးသည်ဟုသိရပါသည်။ လက်ပံတိုရေနံမြေသည် ရေနံအထွက်ဆုံးနေရာဖြစ်၍ အထွေထွေမန်နေဂျာရုံးစိုက်ရသည်ဖြစ်သောကြောင့် ဝန်ထမ်းလုပ်သားအင်အား ထောင်ဂဏန်းနီးပါးရှိကြောင်း သိရပါသည်။ လက်ပံတိုတွင် အဆင့်မြင့်ဧည့်ရိပ်သာမရှိ။ ဝန်ကြီးမှစ၍ အရာရှိကြီးများနှင့် နိုင်ငံတော်အကြီးအကဲများ လာရောက်လျှင် ကျောက်ခွက်ရေနံမြေမှာပင် တည်းခိုကြရသည်။ ကျောက်ခွက်ရေနံမြေတွင် ဟိုက်စကီးကွင်းနှင့် ဂေါက်ကွင်းတို့ကို တွေ့မြင်ခဲ့ရပါသည်။

ရုပ်ရှင်တော်မြတ်အား ဓမ္မာရုံတွင် အပူဇော်ခံ၍ ရေနံမြေလူငယ်များဖြင့် ဖွဲ့စည်းထားသော မေတ္တာရောင်ခြည်သာ သနာ့ဝေယျာဝစ္စအသင်းမှ ရုပ်ရှင်တော်မြတ် သီတင်းသုံးအပူဇော်ခံနိုင်ရေး၊ လုံခြုံရေး၊ ဧည့်ခံကြိုဆိုကျွေးမွေးရေးတို့ကို တာဝန်ယူထားကြောင်း သိရပါသည်။ ဓမ္မာရုံတွင် ပူဇော်ပေးခြင်းမှာ ရေနံမြေရှိ လူအများတို့ကို ဖူးမြော်စေလို၍ ဖြစ်သောကြောင့် ဤရေနံမြေ၏ တာဝန်ခံ ဦးမင်းအောင် (ကျောက်ခွက်ရေနံမြေ တာဝန်ခံနှင့် နာမည်တူချင်းသာဖြစ်ပြီး တစ်ဦးစီဖြစ်ပါသည်။) ဇနီး ဒေါ်ဘီတို့မှ တာဝန်ယူရခြင်းဖြစ်ကြောင်း သိရပါသည်။

ဓမ္မာရုံကြီးမှာ နံကပ်တစ်ထပ်ဖြစ်သော်လည်း အတော်ပင် ကျယ်ဝန်းလှပါသည်။ စာရေးသူတို့ နားနေအိပ်စက်ရန် ဓမ္မာရုံခန်းမကြီး၏ နံဘေးအခန်းကျယ်ကြီးတွင်နေရာချထားပေးပါသည်။ အဲယားကွန်းမပါရှိသော်လည်း ပန်ကာတပ်ဆင်ပေးထားပါသည်။ ထို့နောက် နေ့ဆွမ်းဆက်ကပ်ပါသည်။ တောထဲတောင်ထဲမှာပင် ဆွမ်းဟင်းနှင့် အချိုပွဲတို့ များပြားလှသောကြောင့် စားပွဲနှစ်ဝိုင်းနှင့် ပြင်ဆင်ရ၍ အံ့သြမိပါသည်။

ဆွမ်းကပ်ပြီးသောအခါ ဓမ္မစကြာဝတ်အသင်းမှ ဆက်လက်ပူဇော်ပြီး ဓမ္မာရုံတွင် လူရှင်းသွားပါသည်။ မန်နေဂျာကြီးတို့လည်း ၎င်းတို့၏နေအိမ်သို့ ထွက်ခွာသွားကြပြီဖြစ်ရာ ဧည့်ခံကြိုဆိုရေးအဖွဲ့များသာ ကျန်ရှိနေပါတော့သည်။ ထိုအချိန်မှာပင် မိုးသည် သဲသဲမဲမဲရွာချပါသည်။ တစ်နေကုန် မိုးသည်ရပ်သည်ဟူ၍မရှိပါ။ စဲလိုက်၊ သည်းလိုက်နှင့် တစ်နေကုန်ရွာသွန်း၍နေပါသည်။

ညနေစောင်းရောက်သောအခါမှ မိုးတိတ်သွားပါသည်။ ကိုစည်သူနှင့် ကိုအောင်မင်းသိန်းတို့က စာရေးသူတို့အား နေ့လယ်ဘက်တွင် လက်ပံတိုအနီးတောအတွင်းက တောင်ပေါ်ရှိ ရှေးဟောင်းစေတီတော်တစ်ဆူသို့ ပို့ဆောင်မည်ဟုပြောထားခဲ့သော်လည်း မိုးရွာနေ၍ မသွားဖြစ်ခဲ့ကြပါ။

လက်ပံတိုတွင်လည်း တစ်နေ့၊ တစ်ညမျှသာ အပူဇော်ခံမည်ဖြစ်ပါသည်။ နေ့လယ် (၁၂) နာရီမှ ညနေ (၆) နာရီအထိ မိုးရွာလိုက်သဖြင့် နေ့ပိုင်းအချိန်တို့ ကုန်ဆုံးသွားပြီ ဖြစ်သည်။ မိုးတိတ်သွားသောအခါ ဘုရားဖူးဧည့်သည်များ တဖွဲဖွဲလာရောက်လျက်ရှိသော်လည်း ပြီးခဲ့သောရေနံမြေများကဲ့သို့ ဧည့်ပရိသတ်တို့ စည်ကားမှုမရှိသည်ကို သတိပြုမိပါသည်။

ထိုအချက်နှင့်ပတ်သက်၍ ဂျီအမ်ကြီးမှလည်းကောင်း၊ ကိုစည်သူမှလည်းကောင်း အခုကြွရောက်ခဲ့တဲ့ ရေနံမြေ (၃) ခုအနက်တွင် ဤလက်ပံတိုမှလူများသည် လူနည်းစုခန့်မျှသာ ဘာသာတရားလိုက်စားပြီး လိမ္မာယဉ်ကျေးမှုရှိကြောင်း ကြိုတင်ပြောပြထားပါသည်။ ထို့ကြောင့် ဤလက်ပံတိုမှာ နေထိုင်သူလူဦးရေပေါများသော်လည်း ဤပူဇော်ပွဲတွင် လူစည်ကားမည်မဟုတ်ဟု မှန်းဆထားကြောင်းပြောပြရာ စာရေးသူမှ လူတွေထက် မမြင်ရတဲ့ပုဂ္ဂိုလ်တွေအတွက် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာခြင်းဟာ အကျိုးများနေကြောင်း၊ လူနှင့်သက်ရှိတိရစ္ဆာန်များအတွက်မူ ကုသိုလ်အကုသိုလ်တို့ပြုလုပ်သည်ရှိသော်လည်း

www.burmeseclassic.com

တောင်းကျိုး၊ ဆိုးကျိုး သိသိသာသာ ချက်ချင်းလက်ငင်း ဖြစ်ပေါ်ခံစားကြရသည်မဟုတ်သော်လည်း အပါယ်ဘုံသားများနှင့် စတုမဟာရာဇ်အန္တယ် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်တို့အဖို့မူ လူတို့မှ အမျှဝေ၍ သာဓုခေါ်ဆိုလိုက်ရသည်နှင့် ၎င်းတို့၏ဘဝများ ချက်ချင်းပြောင်းလဲမြင့်မားသွားရသော သာဓကတို့မှာ မြတ်စွာဘုရားဟောကြားတော်မူသော ဇာတ်တော်များစွာတွင်လည်း တွေ့ရှိနိုင်ပါသည်။

ရွှေကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ နေရာများတွင်လည်း မမြင်အပ်သော ပုဂ္ဂိုလ်တို့သည် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရ၍လည်း ပင့်ဆောင်ပူဇော်သူ အိမ်ရှင်များနှင့် မယ်တော်ကြီးတို့၏ ပေးဝေသောအမျှတို့ကို ရရှိ၍လည်းကောင်း ကျွတ်တမ်းဝင်သွားကြရသော သာဓကများစွာရှိပါသည်။ ယခု ပခုက္ကူသို့ မကြွရောက်လာမီ မန္တလေးခရီးစဉ်တွင် စက်မှု (၂) ရပ်ကွက်၊ ရတနာပုံသတင်းစာတိုက် စာတည်းမှူး ဗိုလ်မှူးစန်းဝင်း+ဒေါ်နန်းစိုးတို့မိသားစုမှ ပင့်ဆောင်စဉ် သူအများရှိနေသည့် ဘုရားခန်းအတွင်းသို့ မြွေတစ်ကောင်ဝင်ရောက်လာပြီး ခဏအကြာတွင် အလိုလိုသေဆုံးသွားခြင်း တမ္ပဝတီရပ်ကွက် ဟန်နီစတိုးမှ ပင့်ဆောင်စဉ် လမ်းနံဘေးရှိ ကြံခိုင်လှသော ဘဒ်ပင်ကြီးတစ်ပင်သည် လေမတိုက်ပါဘဲ အကြောင်းမဲ့ ခါးလယ်မှ ကျိုးကျပါသည်။ ထိုအပင်ပေါ်တွင် နေထိုင်သော ပုဂ္ဂိုလ်တစ်ဦး ကျွတ်တမ်းဝင်သွားခြင်းဖြစ်ပါသည်။ အထက်ပါ အဖြစ်အပျက်များတို့သည် ရွှေကူလေပုံသစ်တော် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင် မကြာခဏ ဖြစ်ပေါ်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ပျားများ၊ လိပ်ပြာများ အစုလိုက်အပြုံလိုက်ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ်၏အရှေ့တွင် ဖူးမြော်ကြသကဲ့သို့ပျံဝဲပြီး ခဏအကြာတွင် အားလုံးစုတေသွားကြလေ့ရှိပါသည်။

ထို့ကြောင့် ယခုလက်ပံတို့ရေနံမြေသို့ အထွေထွေမန်နေဂျာဦးခင်မောင်ဇော်-ဒေါ်တင်မမတို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာတွင် လူပရိသတ်လာရောက်မှုနည်းပါးသည့်အတွက် စိတ်မကောင်းမဖြစ်ပါနှင့်။ မမြင်ရသော နတ်ပရိသတ်တို့နှင့် နာမ်လောကသားတို့များစွာ ဘုရားဖူးရောက်ရှိလျက်နေကြပါသည်ဟု စာရေးသူမှ အားပေးစကားပြောလိုက်ကာမှ ဦးခင်မောင်ဇော်၏မျက်နှာရွှင်ပျလာပါသည်။

ဓမ္မစကြာအဖွဲ့မှ (၇) နာရီတွင် ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ပါသည်။ နေပြည်တော်မှ ဒေါ်ခင်သန်းဝင်းရောက်ရှိနေကြောင်း၊ စာရေးသူအား တွေ့ဆုံလိုကြောင်း ကိုအောင်မင်းသိန်းမှ လာရောက် ပြောကြားသဖြင့် စာရေးသူလည်း အခန်းအတွင်းမှထွက်ခဲ့ပါသည်။ စာရေးသူသည် ဒေါ်ခင်သန်းဝင်းကို ယခုမှ မြင်ဖူးခြင်းဖြစ်သော်လည်း တွေ့ဖူးမြင်ဖူးသလို ခံစားရပါသည်။ နေပြည်တော်တွင် နိုင်ငံတော်ဝန်ထမ်းအရာရှိကြီးတစ်ဦးဖြစ်သူ ခင်ပွန်းနှင့်နေထိုင်ကြောင်း၊ ၎င်းလက်ပံတိုတွင် သားအင်ဂျင်နီယာအရာရှိတစ်ဦးရှိကြောင်း၊ မိမိသည် ရွှေကူလေပုံသစ်တော် ရုပ်ရှင်တော်မြတ်ကို ကြားသိနေသည်မှာ ကြာပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ မဖူးတွေ့ရသေးပါ။ ယခုသားဖြစ်သူက ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူမည့်အကြောင်း ဖုန်းဆက်သဖြင့် ထိုအတွက် သက်သက်ပင် ယခုကဲ့သို့ ရောက်ရှိလာရကြောင်းတို့ကို ပြောပြမိတ်ဆက်ပါသည်။

ဒေါ်ခင်သန်းဝင်းသည် ရုပ်ရှင်တော်မြတ်ကို ကြားဖူးနေသည်မှာ ကြာပြီဟု ဆိုသော်လည်း တန်ခိုးတော်ကြီးမားသည်ဟုသာ သိထားပြီး မည်ကဲ့သို့ တန်ခိုးတော်များဖြစ်သည်၊ သမိုင်းကြောင်းက ဘယ်လိုရှိသည် စသည်တို့ကို မသိရှိသေး၍ အနည်းငယ်ရှင်းပြပါဟု ပြောပြပါသည်။ စာရေးသူလည်း ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်နှင့် ထူးခြားသော အကြောင်းအရာတို့ကို အကျဉ်းရုံး၍ ပြောပြလိုက်ရာ ဒေါ်ခင်သန်းဝင်းသည် နားထောင်နေရင်းမှ မျက်ရည်များဝဲလာသည်ကို သတိပြုမိပါသည်။

စာရေးသူ၏စကား ပြီးဆုံးသွားသောအခါ ၎င်း၏လက်တွင် ဝတ်ဆင်ထားသော ပုလဲလက်စွပ်ကိုချွတ်၍ လှူဒါန်းကာ မျက်ရည်များကျ၍နေပါသည်။ စာရေးသူပြောပြခဲ့သော အကြောင်းအရာများမှာ သာမန်လူတို့ သာမန်နားထောင်ပါက သာမန်သဘောမျှသာရှိမည်ဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်နှင့်သော် လည်းကောင်း၊ စာရေးသူတို့မိသားစုနှင့်သော်လည်းကောင်း ပဋ္ဌာန်းဆက်ပါရှိမည်ဆိုကပါက ထိုသူတို့တွင် ကြက်သီးမွေးညင်းထခြင်း၊ မျက်ရည်ကျခြင်းတို့ဖြစ်ပေါ်ကြသည်မှာ မရေမတွက်နိုင်အောင် တွေ့ခဲ့ရပြီး ဖြစ်ပါသည်။

ထို့နောက် ဒေါ်ခင်သန်းဝင်း ပြန်လည်ထွက်ခွာသွားရာ ကိုစည်သူရောက်ရှိလာပြီး ဦးခင်မောင်ဇော်သည် ရေနံမြေသို့ ရုပ်ရှင်တော်မြတ်အား အကုန်အကျခံ၊ အပင်ပန်းခံ၍ ပင့်ဆောင်ပူဇော်ခြင်းမှာ ရေနံမြေရှိ လူအများတို့ ဖူးတွေ့ရစေရန် ဖြစ်ပါသည်။ ငွေကြေးလှူဒါန်းမှုကို မမျှော်လင့်ပါ။ တရားဓမ္မများဖြင့် ပူဇော်နိုင်ကြလျှင် ကိစ္စမရှိပါ။ တန်ခိုးကြီးဘုရားဟုသောအသိဖြင့် လေးလေးနက်နက် ဦးသုံးကြိမ်ချလျှင်ပင် ကျေနပ်ပါသည်။ ယခုမူ လူဦးရေ၏ ငါးပုံတစ်ပုံခန့်ပင် ရောက်ရှိလာခြင်းမရှိပါ။ ထို့ကြောင့် ဦးခင်မောင်ဇော်သည် စိတ်မကောင်းဖြစ်နေပါသည်။ လူတိုင်းလူတိုင်း ဦးသုံးကြိမ်ချ၍ လာရောက် ဖူးမြော်ကန်တော့ကြမည်ဆိုလျှင် ၎င်းတို့အတွက် အကျိုးများလှမည်ဖြစ်ပြီး ပင့်ဆောင်ပူဇော်ပေးသူ ဦးခင်မောင်ဇော်လည်း အကျိုးရှိမည်ဖြစ်သည်။ထို့ကြောင့် ရုပ်ရှင်တော်မြတ်သည် ထူးခြားသိသာသော တန်ခိုးတော်တို့ ဖြစ်ပေါ်စေချင်ပါသည်။ စာရေးသူမှ ဆုတောင်းသစ္စာပြုပေးပါဟု ပြောပါသည်။

ထိုအခါ စာရေးသူတွင် အခက်တွေ့ရပါပြီ။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ချီးမြှင့်တော်မူခြင်းမှာ ဆုတောင်းသော်လည်း သေချာပေါက် ဖြစ်ပေါ်စေပါမည်ဟု တပ်အပ်အာမမခံနိုင်သော ကိစ္စဖြစ်နေပါသည်။ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကို ဖူးတွေ့ခွင့်ရရန် ပင့်ဆောင်ပူဇော်ကြသူတိုင်း၊ ဖူးမြော်ကြည်ညိုကြသူတိုင်း ဆုတောင်းခဲ့ကြသည်သာ ဖြစ်သော်လည်း အိမ်တိုင်း၊ အချိန်တိုင်းတွင် တန်ခိုးတော်ချီးမြှင့်လေ့မရှိပါ။ အကြောင်းတိုက်ဆိုင်သောအခါမှသာ ချီးမြှင့်တော်မူလေ့ရှိပါသည်။ (၈) နာရီကျော်လျှင် အရက်သောက်တဲ့သူတွေကလည်း မူးကုန်ကြမှာ။ သာမန်ဘုရားဖူးတွေကလည်း (၉) နာရီနောက်ပိုင်းဆို မိုးချုပ်လို့ လာကြမှာမဟုတ်တော့ဘူး။ စောတုန်းတန်ခိုးပြမှဖြစ်မှာလုပ်ပါဦးဟု ကိုစည်သူမှ ထပ်မံလောဆော်သောအခါ စာရေးသူလည်း ရုတ်တရက်စိတ်ကူးပေါ်လာ၍ ပလတ်စတစ်ပန်းအဖူးများချည်း ရှာဖွေပေးရန် ပြောကြားရာ ကိုအောင်မျိုးသိန်းမှ ပလတ်စတစ်ပန်းအဖူးများကို ခက်ခက်ခဲခဲ ရှာဖွေပြီး လာရောက် ပို့ဆောင်ပေးပါသည်။

ထို့နောက် စာရေးသူသည် ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်၏ရှေ့တော်မှောက်သို့ သွားရောက်ပြီး အရှင်မြတ်သည် တန်ခိုးတော်ကြီးမားပါ၏။ တပည့်တော် ယုံကြည်ပါ၏။ အရှင်မြတ်အား တပည့်တော်သည် အမှန်တကယ် ကိုးကွယ်ယုံကြည်ဆည်းကပ်ပါ၏။ ဤသစ္စာစကားများကြောင့် ယခုလှူဒါန်းမည့် ပလတ်စတစ်ပန်းအဖူးများသည် အရှင်မြတ်၏တန်ခိုးတော်ဖြင့် ယခု ချက်ချင်း လက်ငင်း ပွင့်လန်းပါစေဘုရားဟု လျှောက်ထားလိုက်ရာ အလွန်တစ်ရာမှုပင် အံ့ဩဖွယ်ကောင်းလှပါသည်။ စာရေးသူ ဆုတောင်းပြီးသည်နှင့် လက်ထဲမှာပင် ပလတ်စတစ်နှင်းဆီဖူးတစ်ပွင့်ပွင့်လာပါသည်။ ထိုအချိန်တွင် ကိုအောင်မင်းသိန်းသည် ကြေးပန်းအိုးတစ်လုံးကို ဆေးကြောသန့်စင်ပြီးဖြစ်နေ၍ ၎င်းကိုပင် ပန်းအိုးတွင်စိုက်စေပြီး လှူဒါန်းစေလိုက်ပါသည်။

ထိုအခါ ပရိသတ်ကျဲပါး၍ အားမလိုအားမရဖြစ်နေကြသော မေတ္တာရောင်ခြည်အဖွဲ့သားများသည် အသံချဲ့စက်ဖြင့် ကြေညာရာ တစ်ခဏအတွင်း ငါးခန်းဓမ္မာရုံကြီးတွင် လူများပြည့်လျှံသွားပြီး တိုးဝှေ့ဖူးမြော်ကြ၍ မေတ္တာရောင်ခြည်အဖွဲ့သားများနှင့် လုံခြုံရေးဝန်ထမ်းများသည် ရုပ်ရှင်တော်မြတ်နှင့် တကွ လှူဒါန်းထားရှိသော လှူဖွယ်ပစ္စည်းများကို လူတို့မထိခိုက်မိစေရန် ကာကွယ်ပေးထားကြရပြီး ပရိသတ်ကြီးကို မနည်းထိန်းသိမ်းကြရပါသည်။ လှူဒါန်းပူဇော်ထားရှိပြီးနောက် လူအများ၏ ရှေ့မှောက်မှာပင် ပလတ်စတစ်ပန်းအဖူးတို့ တစ်ပွင့်ပြီးတစ်ပွင့်ဆက်လက်ပွင့်လာသဖြင့် စာရေးသူပင် ဤအဖြစ်မျိုး မကြုံဘူးသောကြောင့် အံ့ဩမဆုံးဖြစ်ရကာ ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ်ဦးချကန်တော့၍ မဆုံးနိုင်အောင်ဖြစ်ရပါတော့သည်။

ဦးခင်မောင်ဇော်တို့မိသားစုလည်း တစ်ခေါက်ထပ်မံရောက်ရှိလာပြီး ဖူးမြော်ကြည်ညိုရင်း များပြားလှသော ပရိသတ်ကြီးကို ကြည့်ကာ ဝမ်းသာပီတိဖြစ်၍ မဆုံးနိုင်အောင်ဖြစ်၍နေကြပါသည်။ ပရိသတ်တို့ များပြားလှသောကြောင့် မင်းမင်းထွန်းအား ဓာတ်ပုံလည်းရိုက်ရင်း ရုပ်ရှင်တော်မြတ်အားလည်း စောင့်ရှောက်စေရင်းနှင့် ဘုရားခန်းအတွင်း နေစေ၍ စာရေးသူ၏ အခန်းအတွင်းတွင် စာရေးသူတစ်ယောက်တည်းသာ ကျန်ရှိရစ်ပါသည်။

ထိုစဉ် မိန်းကလေးတစ်ဦးနှင့် အဖော်တစ်ဦးတို့ ဝင်ခွင့်တောင်း၍ တံခါးဖွင့်ပေးလိုက်ပါသည်။ ထိုမိန်းကလေးသည် ၎င်း၏ဆွဲကြိုးမှ ပုလဲဆွဲသီးကိုဖြုတ်ပြီး စာရေးသူထံ လှူဒါန်းပါသည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့သည် ကြီးမားလွန်းလေစွတကား။ ဤတောဤတောင်ထဲမှာပင် ရွှေထည်ရတနာတို့ကို အလှူခံယူတော်မူရခြင်းမှာ အံ့ဩဖွယ်ပင်ဖြစ်ပါ၏။ ဓမ္မာရုံထဲတွင် ဧည့်ပရိသတ်ကြီးမှာ တိုးမပေါက်အောင် ကြက်ပျံမကျစည်ကားဆဲပင်ရှိပါသည်။

စာရေးသူတို့သည် နံနက်(၃)နာရီတွင် ဤဓမ္မာရုံမှ ဦးခင်မောင်ဇော် - ဒေါ်တင်မမတို့၏နေအိမ်သို့ ကူးပြောင်းကြရတော့မည်ဖြစ်၍ (၁၁) နာရီခန့်တွင် အိပ်ရာဝင်ခဲ့ကြပါသည်။ တစ်ရေးနိုးတွင် နာရီကြည့်လိုက်သောအခါ (၃) နာရီခွဲရှိပြီဖြစ်၍ မင်းမင်းထွန်းကို နှိုးလိုက်ပြီး ရေချိုးခန်းသို့ မျက်နှာသစ်သွားရောက်ရန် အိပ်ခန်းအတွင်းမှ ထွက်လာရာ ဘုရားခန်းတွင် လူအများပြည့်နှက်၍နေသေးကြောင်းသိရပြီး ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ဖွင့်တော်မူလျက်ရှိသည်ဟုဆိုကာ ဖုန်းကင်မရာများဖြင့် ဓာတ်ပုံများရိုက်ကူးနေကြသည်ကို တွေ့ရပါသည်။

မျက်နှာသစ်ပြီးသည်နှင့် ဓမ္မာရုံအတွင်းမှချိတ်ဆွဲထားသော ရွှေကက်ကူဗီနိုင်းများကို ဖြုတ်သိမ်းရန် မင်းမင်းထွန်းအား ပြောကြားနေစဉ်တွင် ကိုအောင်မင်းသိန်း ရောက်ရှိလာ၍ ဘုရားပင့်ရန် ရောက်ရှိလာသည်ဟုယူဆပြီး ပစ္စည်းများသိမ်းဆည်းတုန်းမို့ ခေတ္တစောင့်ဆိုင်းပေးပါဟု ပြောကြားရာ ဘုရားပင့်လာရောက်ခြင်း မဟုတ်သေးပါ။ စောပါသေးသည်ဟုဆို၍နာရီပြန်ကြည့်ရာ (၁)နာရီ (၄၅) သာ ရှိနေကြောင်းတွေ့ရ၍ အံ့ဩမဆုံးနိုင်အောင်ဖြစ်ရပြန်ပါသည်။ မိမိနာရီလွဲမှားသည်ထင်၍ ဖုန်းနာရီနှင့် တိုက်ကြည့်ရာ အမှန်ပင် တစ်နာရီမတ်တင်းသာရှိသေးကြောင်း သိရပါသည်။ အမှန်မှာ ရုပ်ရှင်တော်မြတ်အား မျက်လုံးတော်ဖွင့်တော်မူသည်ကို သိစေလို၍ အစောင့်အရှောက်ပုဂ္ဂိုလ်များက နှိုးလိုက်ခြင်း ဖြစ်ပါသည်။ နိုးလာသော်လည်း နာရီကြည့်၍ စောသေးလျှင် ပြန်အိပ်မည်ဖြစ်၍ အချိန်နာရီကို မျက်စိမှားအောင် ဖန်တီးလိုက်ခြင်း ဖြစ်ပါသည်။

(၄) နာရီခန့်တွင်မှ ဓမ္မာရုံမှထွက်ခွာနိုင်ခဲ့ပါသည်။ ထိုအချိန်တိုင် ဧည့်ပရိသတ်တို့ များပြားစွာရှိနေသည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။

ဦးခင်မောင်ဇော်၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ထပ်တစ်ရာသုပ်ဆွမ်းဖြင့် အရုဏ်ဆွမ်းကပ်လှူပါသည်။ ထို့နောက် စာရေးသူတို့လည်း ခေတ္တအညောင်းပြေ အခန်းတွင်း၌ လဲလျောင်းလိုက်ရာ တစ်ခဏအတွင်း အိပ်ပျော်သွားပါသည်။ ထို့နောက် (၁၁) နာရီခွဲတွင် နေ့ဆွမ်းဆက်ကပ်ပါသည်။ မယ်တော်ကြီးကပင် ဖုန်းဖြင့်တစ်ဆင့်ကပ်လှူပေးပါသည်။

ထို့နောက် ဒေါ်တင်မမ၏ အမျိုးသမီးကြီးတစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။ ယောက်မတော်စပ်သူဖြစ်၍ မန္တလေးမြို့တွင် ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ် သတင်းကြားရာအရပ်သို့ လိုက်ပါဖူးမြော်ခြင်း၊ စဉ့်ကိုင်မြို့အောင်မြေသို့ သွားရောက် ဖူးမြော်ခြင်းများ ပြုခဲ့သော်လည်း တစ်ကြိမ်မှ ဖူးတွေ့ခွင့်မရရှိခဲ့ပါ။ ယခု ယောက်မဖြစ်သူမှ ရေနံမြေသို့ ပင့်ဆောင်ပူဇော်မည်ဟု ဆိုသောကြောင့် သမီးကလေးနှင့်အတူ ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ဝေးလံခေါင်းပါးသော ဤခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရန်အတွက်နှင့် ရန်ကုန်မြို့မှ ကိုစည်သူ၊ နေပြည်တော်မှ ဒေါ်ခင်သန်းဝင်း၊ မန္တလေးမြို့မှ ဒေါ်ညွန့်ညွန့်သားအမိတို့ တကူးတက လာရောက်ကြပြီး စာရေးသူနှင့် တစ်ခဏအတွင်း ခင်မင်ရင်းနှီးသွားခဲ့ကြရပြီး ရုပ်ရှင်တော်မြတ် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းတော်မူရာတွင်လည်း ၎င်းတို့ (၄) ဦးစလုံး လိုက်ပါခဲ့ကြသည်မှာလည်း ထူးခြားမှုတစ်ခုဟု ဆိုနိုင်မည်ဖြစ်ပါသည်။

(၁၁) နာရီတွင် နေ့ဆွမ်းကပ်ပါသည်။ ထို့နောက် စာရေးသူတို့လည်း ပစ္စည်းများ သိမ်းဆည်းပြီး ထမင်းစားပါသည်။ (၁၂) နာရီထိုးသည်နှင့် ဦးခင်မောင်ဇော်၏ နေအိမ်မှ စတင်ထွက်ခွာခဲ့ပါသည်။ ကျောက်ခွက်ရေနံမြေလမ်းခွဲဂိတ်တွင် ခေတ္တကားရပ်နားပါသည်။ ရေနံမြေ (၃) နေရာတွင် တစ်နေရာထက်တစ်နေရာ ပို၍ စည်ကားသွားသည်မှာ ထူးခြားလှပါကြောင်း၊ ယခု ရေနံမြေများသို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ် ဖူးမြော်ကြသူတို့မှာ လူပေါင်း (၄)၊ (၅) ထောင်မျှရှိမည်ဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်ကိုလည်း မိမိတို့ မပင့်ဆောင်နိုင်ခဲ့ပါက ဦးလူမှုအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ဝေစည်(ရွှေဘို)

နိုင်ငံတော်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီးညွှန်ပြတော်မူသော

# ဆံပင်နက်ဆေး


ဗန်းမော်ဆရာတော်ဘုရားသည် ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်) နေ့တွင် သက်တော် (၈၃) နှစ်ပြည့်ခဲ့ပါသည်။ ဆရာတော်ကြီး၏ သက်တော် (၈၃) နှစ်ပြည့် ဝိဇာတ မွေးနေ့ အလှူမင်္ဂလာအဖြစ် ပဋ္ဌာန်း ပါဠိတော် ပစ္စယုဒ္ဒေသပစ္စယနိဒ္ဒေသ စာအုပ်ကို ဓမ္မဒါနရရှိခဲ့ပါသည်။ ဓမ္မဒါန ကုသိုလ်ရှင်များမှာ မန္တလေးမြို့ Point ဗလာစာအုပ်နှင့် အော့(ဖ်)ဆက်ပုံနှိပ် လုပ်ငန်းပိုင်ရှင် ကိုနေဝင်း၊ မဖြူစင်အေး၊ သားမောင်ချမ်းငြိမ်းကိုနှင့် မောင်သူရိန် လင်းတို့ ဖြစ်ကြပါသည်။ စာရေးသူက ထိုစာအုပ်ကြီးကို မိတ္တူပွားပြီး ဆွေမျိုး သားချင်းများကို ဝေငှပြီး ဓမ္မဒါနပြုရပါသည်။

မိတ္တူကူးခမှာ စာမျက်နှာ (၃၀) ရှိသောကြောင့် (၇၅၀) ကျပါသည်။ စာရေးသူ၏တပည့် ကျောင်းသူကျောင်းသားများကိုပါ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်စေချင်သဖြင့် မူလအလှူရှင် Point ဗလာစာအုပ်မှ ကိုနေဝင်းတို့နှင့်ဆက်သွယ်ရာ ဈေးအသက်သာဆုံးဖြင့် စီစဉ်ပေးကြပါသည်။ စာရေးသူ၏ ကိုယ်ပိုင်အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအားလုံး ပဋ္ဌာန်းစာအုပ်ကို ဝယ်ယူပူဇော်ပြီး ညစဉ် ရွတ်ဆိုပူဇော်ဖြင့် အလွန်အဆင်ပြေသည်။ ကုသိုလ်တွေ ရရှိနေကြပါသည်။

စာရေးသူသည် Sky Net မှထုတ်လွှင့်သော Buddha Channel မှ ဗန်းမော်ဆရာတော်ကြီး၏ပဋ္ဌာန်းတရားတော်ကို နေ့စဉ် နံနက်တိုင်း နာယူကြည်ညိုရပါသည်။ တစ်ခါတစ်ရံတွင် ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အလှူမှ ဓမ္မဒါနရရှိသော ပဋ္ဌာန်းတရားခွေကိုပါ နာယူကြည်ညိုလိုက်ပါသေးသည်။

ဤသို့ဖြင့် အကြိမ်ကြိမ်နာယူလျက်ရှိရာမှ ဆရာတော်ကြီး၏ တရားစကားများထဲမှ အသက်ရှည်ဆေးနှင့် ဆံပင်နက်ဆေးအကြောင်းကိုပါ အလွတ်ရနေပါတော့သည်။ ထိုအထဲမှ ဆံပင်နက်ဆေးအကြောင်းကို ပြောပြချင်ပါသည်။

တရုတ်လူမျိုးတို့၏အဆိုတစ်ခုမှာ လူတို့သည် အရွယ်လေးရလာလျှင် သွားများကျိုးကြသည် သို့မဟုတ် ဆံပင်တွေ ဖြူကြမည် သို့မဟုတ် ခန္ဓာကိုယ်၏ဝမ်းဗိုက်မှ အတွင်းကလီစာတို့ ရောဂါဖြစ်လိမ့်မည်ဟု ဆိုပါသည်။ ထိုသုံးမျိုးထဲမှ အနည်းဆုံး တစ်မျိုးခံစားကြရလိမ့်မည်ဟူ၍ ဖြစ်ပါသည်။



နိုင်ငံတော်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
ဗန်းမော်ဆရာတော်ကြီး

ထိုသုံးမျိုးထဲမှ သွားကျိုးသူသည် သွားဒုက္ခတော်တော်ကြီးခံစားရပါလိမ့်မည်။စားကောင်းခြင်းမစားရ၊ ဝါးကောင်းခြင်းမဝါးရ၊ ကိုက်ကောင်းခြင်းမကိုက်ရ သောဒုက္ခကို ရကြလေမည်။ သွားတုစိုက်၊ အံကပ်တပ်ဖြင့် ကုစားကြသော်လည်း မူလသွားကဲ့သို့ စား၍မကောင်း၊ ဝါး၍မကောင်း၊ ကိုက်၍မကောင်းပါ။ ထို့

---

ဆယ်ယောက်ပြည်အောင်ပင် စဉ့်ကိုင်သို့ သွားရောက် ဖူးမြော်နိုင်မည် မဟုတ်ကြပါ။ ယခု မိမိတို့က ပင့်ဆောင်ပူဇော်ခဲ့၍ လူအများ ဖူးတွေ့ခွင့်ရရှိသည့်အတွက် အကျိုးများလှပါသည်။ ယခုကဲ့သို့ မိမိတို့အား ပင့်ဆောင် ပူဇော်ခွင့်ရရှိရန် ရက်ချိန်း စီစဉ်ပေးသော ဆရာဘိုဘိုအားလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ဤခရီးစဉ်တစ်လျှောက်လုံးတွင် လိုအပ်ချက်များ၊ ချို့ယွင်းချက်များ ရှိခဲ့ပါက ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါကြောင်းနှင့် ယခုကဲ့သို့ ခရီးကြမ်းကြီးကို အပင်ပန်းခံ၍ မညည်းမညူလိုက်ပါကြွမြန်းပေးခဲ့သော စာရေးသူနှင့် မင်းမင်းထွန်းတို့ကို မည်သို့မည်ပုံ ကျေးဇူးဆပ်ရမည်ကိုပင် မပြောတတ်အောင်ဖြစ်ရပါကြောင်း ဦးခင်မောင်ဇော်မှ ပြောပါသည်။

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဟု ဆိုရပေမည်။ လွန်ခဲ့သော (၂) ရက်ခန့်က ဖြတ်လာစဉ် ဝန်းကျင်တစ်ခုလုံး ခြောက်သွေ့၍ သစ်ပင်တို့ ညှိုးနွမ်းလျက် ရေကန်များတွင် ရေတစ်စက်မှမရှိ ဖုန်တထောင်းထောင်းထလျက်ရှိနေခဲ့ပါ၏။ ယခုမူ ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြည်လျက်၊ သစ်ပင်တို့လည်း လန်းဆန်းလျက် ရေကန်တို့တွင် ရေများပြည့်လျှံလျက်ရှိပါ၏။

ထိုနေ့ (၃-၈-၂၀၁၃) ညဉ့် (၁၂) နာရီတွင် စဉ့်ကိုင်မြို့အောင်မြေသို့ ချောမောစွာရောက်ရှိ၍ ဦးခင်မောင်ဇော် မိသားစုနှင့် လိုက်ပါပို့ဆောင်သူတို့အား မယ်တော်ကြီးမှ ရေစက်ချ၍ပေးပါသည်။ ထို့နောက် ၎င်းတို့အားလုံး ပြန်လည် ထွက်ခွာသွားကြပါသည်။ ဤသို့ဖြင့် ခရီးစဉ်တစ်ခု ပြီးဆုံးခြင်းသို့ရောက်ရှိခဲ့ရပြီ ဖြစ်ပါ၏။

*(ပခုက္ကူဆရာတော်၊ ကျောက်ခွက်၊ လက်ပံတိုဒေသမှ တဒင်္ဂတွေ့ကြုံခဲ့ကြသော မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု အစဉ်ဆန္ဒပြုလျက်)*

ဘိုဘို (ရွှေကက္က)



www.burmeseclassic.com

www.burmeseclassic.com

ထက် ဆံပင်ဖြူသူတို့သည် ရှိရင်းအရွယ်ထက် ပိုပြီးရင့်ရော်နေပါသည်။ ဆံပင်နက်ဆေးမျိုးစုံတို့ဖြင့် ကုစားကြပါ၏။ သို့သော် အလွန်ကရိကထများရှာကြပါသည်။ ခေါင်းကိုလျှော်ပြီးမှ ဆေးဆိုးရ၏။ ပြီးလျှင် ပြန်ပြီးလျှော်ရနှင့် ရှုပ်မှရှုပ်ပါသည်။ ဆေးဆိုးပြီး ရက်များမကြာမီမှာ ဦးရေပြားထဲမှထွက်လာသောဆံပင်ရင်းလေးတွေက ဖြူဖြူလေးတွေထွက်လာကြသဖြင့် ဖြူသည့်နေရာကဖြူပြီးနက်သည့်နေရာကနက်ဖြင့် အချို့အချို့မှာလည်း အချိန်မရကြသဖြင့် မှန်မှန်မဆိုးကြရကား ပိတုန်းရောင်ကေသာမဟုတ်တော့ဘဲ နီညိုညိုဆံပင်ကြမ်းကြမ်းကြီးများ ဖြစ်လာပြန်၏။

ဆံပင်ဆိုးဆေး ဆိုတာကလည်း လူတိုင်းနှင့်မသင့်ဟု ထင်ပါသည်။ စာရေးသူတို့မြို့ပေါ်မှ အမျိုးသမီးတစ်ယောက် အလှပြင်ဆိုင်မှ ဆံပင်ဆိုးပြီးအပြန် တစ်ကိုယ်လုံးယားယံလာပြီးမျက်နှာက နှစ်ဆလောက်ကြီးလာသဖြင့် မြို့ပေါ်ဆေးခန်း၊ ဆေးရုံများမှ မကုရဲကြ၍ မန္တလေးသို့လွှတ်လိုက်ရ၏။ ရောဂါက သက်သာလာသည်ပြောရနိုင်သော်လည်း နဂိုက ဖြူသောအသားတွင် တင်းတိပ်ကွက်ကြီးများက လုံးဝမပျောက်တော့ပါချေ။


မိတ်ဆွေ အငြိမ်းစားအရာရှိကြီးတစ်ဦးသည် အမြဲတမ်း သပ်ရပ်သန့်ရှင်းစွာနေလေ့ရှိသူ ဖြစ်ပါသည်။ ဆောင်းတွင်းကာလအအေးဒဏ်ကြောင့် ရေမချိုးနိုင်သော်လည်း ဆံပင်နက်ဆေးကိုတော့ မှန်မှန်ဆိုးပါသည်။ မင်္ဂလာပွဲနေ့ပွဲထိုင်တစ်ခု သွားစရာရှိသဖြင့် နောက်နေ့နံနက် မင်္ဂလာပွဲအမီဖြစ်ရန်အတွက် ညနေ (၅) နာရီခန့်တွင် ရေမချိုးဘဲ ဆံပင်နက်ဆေးကို သူ့ System အတိုင်း ဆိုးလိုက်ပါသည်။ နောက်နေ့နံနက်တွင် သူ့မိသားစုများက သူ့အား မင်္ဂလာပွဲသို့ သွားရောက်ဧည့်ခံနေပြီဟု ယူဆကြပြီး အသီးသီး ဆိုင်ရာဆိုင်ရာအလုပ်တို့ဖြင့် ရှုပ်နေကြရကား အိပ်ရာထဲမှာ သေဆုံးနေတာကို နောက်ကျပြီးမှ သိကြရ၏။ အလွန်အန္တရာယ်များလှသော ဆံပင်နက်ဆေး ဖြစ်ပါ၏။

ဆံပင်နက်ဆေး၊ ဆံပင်ဆိုးဆေးတို့၏အန္တရာယ်ကို ကျန်းမာရေးစာစောင်များ၊ သတင်းစာများတွင် မကြာခဏရေးသားကြပါ၏။ သို့သော် ဖတ်သူ၊ လိုက်နာသူဦးရေက နည်းနေပါ၏။


ဆံပင်ဖြူရခြင်းမှာ အကြောင်း



နေလှန်းထားသော ဆေးမြင်းခွာများ



ဆေးမြင်းခွာကို ပါးပါးလှီးထားပုံ



ဆေးမြင်းခွာပက်လက်အနေအထား



www.burmeseclassic.com

www.burmeseclassic.com



**မြင်းခွာနှင့်အလွန်တူသော ဆေးမြင်းခွာ**

အမျိုးမျိုးရှိပါ၏။ 'မိဦး၊ ဖဦး၊ ဆရာဦးကို နေ၍ အလျှင်မစားစေနှင့်' ဆိုသည် နှင့် အညီ အစားအစာကို မိဘ၊ ဆရာတို့ ထက် (အနန္တောအနန္တဂိုဏ်းဝင်တို့ထက်) အလျှင်စားသောက်ခြင်းပြုသူတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူကြသည် ဟု ဆိုပါသည်။ မိမိ၏ ပတ်ဝန်းကျင်ကို လေ့လာလျှင် ထိုအဆိုမှန်ကြောင်းသိ နိုင်ပါ၏။

မြန်မာ့တိုင်းရင်းဆေးအမြင်ဖြင့်ဆို ရသော် တေဇောဓာတ်၊ ပထဝီဓာတ်များ အလွန်အကျွံစားသုံးသူများသည် ဆံပင် ဖြူကြပါသည်။ တေဇောဟုဆိုရာ၌ ဥဏှတေဇောနှင့် သီတတေဇောတို့ ပါဝင်သည်။ ပူစပ်လွန်းသော အစာ အာဟာရများစားသုံးခြင်း၊ ခေါင်းလျှော် ရာတွင် ရေမချိုးမီ ခေါင်းကိုအရင်လျှော် ခြင်းတို့မှာ ဆံပင်ဖြူစေသောအကြောင်း များ ဖြစ်ပါ၏။

ယနေ့ခေတ် အလွန်အသုံးများ သောစကားဖြစ်သည့် စိတ်ဖိစီးမှုခေါ် ဥဏှတေဇောအခိုးအငွေ့များ ဦးခေါင်း သို့တက်သဖြင့် ဆံပင်ဖြူရပါသည်။ ဆံပင် ဖြူမည့်သူသည် ခေါင်းလျှော်ပြီးလျှင် ထိုဦးခေါင်းတစ်ခုလုံး (ရေခြောက်သွား သော်လည်း) ပူနေတတ်ပါသည်။ ထိုသို့ ဖြစ်လျှင် ခေါင်းမှဆံပင်တွေ ဖြူတော့ မည်ဟု သတိပြုလိုက်ပါ။

ဆံပင်မဖြူစေရန် ပူစပ်၊ ပူခါးများ ရှောင်သင့်ပါသည်။ အနန္တောအနန္တငါး ပါးအားကပ်လှူရဦးမည်ဖြစ်သော အစား အစာများကို အရင်ဆုံးမစားမိအောင် ရှောင်ပါ။ မျက်နှာမသစ်မီ ခြေဖမိုး (ခြေ မျက်စိ) အောက်မှစပြီး ရေလောင်းပါ။ ပြီးမှ အပေါ့အလေးစွန့်ပါ။ ထို့နောက်မှ မျက်နှာသစ်ပါ။ မျက်နှာသစ်ပြီး ခဏ နေပြီးမှ သွားတိုက်ပါ။ (ဆံဖြူသက်သာ ရုံမက တစ်သက်လုံးသွားမနာတော့ပါ)

ရေချိုးလျှင် ဦးခေါင်းပေါ်မှစပြီး ရေလောင်းမချိုးပါနှင့်။ ခြေဖျားမှစတင် လောင်းပြီး တဖြည်းဖြည်းတက်၍ လည် ပင်းအထိ ရေလောင်းချိုးပါ။ ဆပ်ပြာ တိုက်ပါ။ ပြီးမှ လက်မောင်းများ ရေ လောင်းပြီး နောက်ဆုံးမှ မျက်နှာလောင်း ပါ။

အကယ်၍ ခေါင်းလျှော်ချင်လျှင် (အထက်ပါနည်းအတိုင်း ရေချိုးရန် ဖြစ် ပါသည်။) ရေ (၁၀) ပုံးချိုးမည်ဆိုလျှင် ပထမ (၅) ပုံးအထိ ရေချိုးပြီးမှ ခေါင်း ကို မြန်မြန်လျှော်ပါ။ ပြီးမှ ရေ (၅) ပုံး ဆက်ချိုးပါ။ မျက်စိနီခြင်း၊ ခေါင်းကိုက် ခြင်း လုံးဝမဖြစ်သည့်အပြင် ဆံပင်မဖြူ တော့ပါ။

(ဤအထိမှာ စာရေးသူ၏ လက် တွေ့ကျင့်သုံးနေသော မြန်မာ့တိုင်းရင်း ဆေးပညာအမြင်သာဖြစ်ပါသည်။)

ဗန်းမော်ဆရာတော်ကြီး ချီးမြှင့် သော ဆံပင်နက်ဆေးမှာ မြန်မာ့သစ် တောများတွင် တွေ့ရှိနိုင်သော ဆေးမြင်း ခွာ (ပုံတွင်ပြထားပါသည်) ကို အမှုန့် ကြိတ်ပြီး ငရုတ်ကောင်း၊ ပျားရည်တို့ ထည့်ပြီး ဖော်စပ်ရန် ဖြစ်ပါသည်။

ဆေးမြင်းခွာသည် မြင်း၏ခွာနှင့် အလွန်တူပါသည်။ ဆေးမြင်းခွာကို ပါး ပါးလှီးလိုက်လျှင် အမြစ်လေးကိုပါ လှီး ဖြတ်လိုက်သကဲ့သို့ဖြစ်ပါသည်။ ဆေး မြင်းခွာလှီးထားသော အပိုင်းအစလေး များသည် ရေမှော်နံ့ရပါသည်။ ငါးသေး သေးလေးများဆေးထားသောအနံ့နှင့် လည်း တူပါသည်။

ဆေးမြင်းခွာ လတ်လတ်ဆတ် ဆတ်မှာ အေးမြပြီး ဖန်သောအရသာ ရှိပါသည်။ ပါးပါးလေးလှွာပြီး လှန်းလျှင် ရက်သတ္တတစ်ပတ်လောက် လှန်းရပါ သည်။

ဆေးမြင်းခွာအခြောက်လွှာများ ကို အမှုန့်ပြု၍ (၁၅) ကျပ်သား၊ ငရုတ် ကောင်းအမှုန့် (၂) ကျပ်သား၊ ပျားရည် (၁၀) သားတို့ ရောသမမွှေပြီး စတီးဇွန်း (၁) ဇွန်း နေ့စဉ်မှန်မှန် စားသုံးရန် ဖြစ် ပါသည်။ ထိုသို့စားသုံးလျှင် ဆံပင်များ နက်လာသည်ဟု ဆိုပါသည်။

ဆေးမြင်းခွာအား ပါးပါးလှီးထား သော လွှာစလေးများသည် အုန်းလက် ကို လွှာထားသကဲ့သို့ အမျှင်ဖြတ်စလေး များကို တွေ့ရပါသည်။ ငရုတ်ကောင်း သည် ဆေးမြင်းခွာ၏ သီတအာပေါကို (၁၅း၂) ဖြင့် ထိန်းထားပေးခြင်း ဖြစ်ပါ သည်။

အသက်ကြီးသောကြောင့် ဆံပင် ဖြူခြင်းကိုမူ ဤဆေးက နက်မှောင်သွား အောင် စွမ်းနိုင်မည်မထင်ပါ။ အသက် (၅၀) နှစ်အတွင်းရှိသူများကိုမူ ဆံပင်ဖြူ များနက်လာစေပြီး အသက်ရှည်၍ အနာမဲ့မည် ဖြစ်ပါသည်။

ဆေးညီ (ရွှေတိုက်)



www.burmeseclassic.com

www.burmeseclassic.com

ပြည်မြန်မာ၏မေထုန်ရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

## (၁၅-၆-၂၀၁၄) နေ့မှ (၁၆-၇-၂၀၁၄) နေ့အတွင်းကာလ

၁၅-၆-၂၀၁၄ နေ့ ညနေ (၆း၃၆) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် မေထုန်ရာသီသို့ ကူးပြောင်း ဝင်ရောက်ချိန်ဝယ် ဥဒယလဂ်သည် ဓနုရာသီ (၀) ဒီဂရီ၊ (၅၄) မိနစ်တွင် ထွက်ပေါ်နေခဲ့ပါသည်။ ဤသည်ကား ၂၀၁၄ခုနှစ်၊ မေထုန်ရာသီပြောင်း မန်ဒိန်ဇာတာဖြစ်သလို ၂၀၁၄ ခုနှစ် မေထုန်ရာသီ စူဠသင်္ကြန်ဇာတာလည်း ဖြစ်ပေသည်။

ဤဇာတာ၏ ထူးခြားချက်မှာ သောကြာဂြိုဟ်နှင့်စနေဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့သည် (၁၈၀)ဒီဂရီအတွင်း ဝိသမမြင်နေကြပြီး တနင်္ဂနွေဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် (၆) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ ပြီး - ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်၊ ပလူတိုဂြိုဟ်တို့သည် ဝကြသွားနေကြသည်။ ကြာသပတေးဂြိုဟ်နှင့် ရာဟုဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် တနင်္လာဂြိုဟ်၊ ပလူတိုဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့သည် (၉၀)ဒီဂရီအတွင်းမြင်နေကြလျက် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် တနင်္လာဂြိုဟ်၊ ပလူတိုဂြိုဟ်နှင့် သောကြာဂြိုဟ်၊ တနင်္လာဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် (၁၂၀) ဒီဂရီအတွင်း မြင်နေကြသည်။ နောက်မှတ်သားစရာမှာ နက်ပကျွန်းဂြိုဟ်မှ သောကြာဂြိုဟ်ကို (၇၂)ဒီဂရီဖြင့် လည်းကောင်း၊ သောကြာဂြိုဟ်မှ ကြာသပတေးဂြိုဟ်ကို (၆၀)ဒီဂရီဖြင့် လည်းကောင်း၊ တနင်္ဂနွေဂြိုဟ်မှ စနေဂြိုဟ်ကို (၁၄၄) ဒီဂရီဖြင့် မြင်ထားပါသေးသည်။


၎င်းတို့ကို ခြုံငုံသုံးသပ် သတ္တုချရလျှင် အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်၌ တိုးတက်သောအောင်မြင်မှုများ၊ နိုင်ငံတကာ မျက်နှာစာ၌ မျက်နှာကောင်းရမှုများရှိမည်။သို့သော် ပြည်ပနှင့်နှီးနွယ်နေသော ပြဿနာတချို့ ရုတ်တရက် ပေါ်ပေါက်တတ်မည်။ နောက် ဝေဖန်ပြစ်တင်သံများ၊ ကျန်းမာရေးချို့တဲ့သံများသည် ၎င်းထိပ်ပိုင်းမှ ထွက်ပေါ်လာနိုင်သလို ဂုဏ်သိက္ခာထိပါးခံရမှုများ၊ ဝေဖန်အတိုက်အခံပြုခံရမှုများ၊ ဝန်ကြီးဌာနအပြောင်းအလဲဖြစ်မှုများလည်း ဖြစ်ပေါ်တတ်သည်။ ပြီး - ၎င်းမှ လူကြီးမင်းတစ်ဦးအတွက်လည်း စိတ်မကောင်းဖြစ်ရမည်။

ဒုတိယမဏ္ဍိုင်၌ ဝိဂ္ဂါဒကွဲပြားမှုများ၊ ဝေဖန်စောဒကတက်မှုများ၊ အတိုက်အခံပြုမှုများ၊ ဂုဏ်သိက္ခာထိပါးမှုများ၊ အနားယူမှုများ၊ နုတ်ထွက်မှုများ၊ ကွယ်လွန်မှုများ ဖြစ်ပေါ်တတ်မည်။ လူကြီးမင်းတစ်ဦးနှင့် လက်ထပ်မင်္ဂလာပွဲနှင့် ဆက်နွယ်နေမှုသတင်းလည်း ပေါ်ထွက်တတ်မည်။

နယ်စပ်ရေးရာကိစ္စနှင့် လုံခြုံရေးကိစ္စကို သတိထားဖြေရှင်းနေရလိမ့်မည်။ ပြည်ပအဖွဲ့အစည်းများကို အမြင်မကြည်လင်သော ပြည်ပအရပ်ဘက်လူ့အဖွဲ့အစည်း၊ NGO အဖွဲ့အစည်းများကို စောဒကတက်သောအယူအဆများ၊ တက်ကြွလှုပ်ရှားမှုများပိုဖြစ်လာမည်။အကျဉ်းထောင်၊ ပရဟိတဂေဟာ၊ ဒုက္ခသည်စခန်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ NGO များတို့နှင့် ဆက်နွယ်နေသော မတော်တဆဖြစ်မှုများ၊ ဥပဒေမနာခံမှုများ၊ ပြဿနာဖန်တီးမှုများ၊ မီးဘေးသင့်မှုများ ပေါ်ပေါက်နိုင်ဖွယ်ရှိသည်။

အလုပ်သမားနှင့် လယ်သမားတို့ တောင်းဆိုမှုများ၊ တက်ကြွလှုပ်ရှားခြင်းများ ပိုအားကောင်းလာမည်။ မြေယာပိုင်ဆိုင်ရေးနှင့် နှီးနွယ်နေသော အငြင်းပွားမှုများ သောင်မတင်ရေမကျဖြစ်နေဦးမည်။ ဓာတ်ငွေ့၊ လျှပ်စစ်၊ လောင်စာဆီနှင့် ပတ်သက်သော အရေးဆိုတက်ကြွမှုများ ပိုမိုပြင်းထန်လာမည်။ အမျိုးသမီးနှင့် ကလေးသူငယ်တို့နှင့် နှီးနွယ်နေသောရာဇဝင်မှုခင်းများ အတောမသတ်နိုင်သေးသဖြင့် ၎င်းတို့ကို အကာအကွယ်ပေးသော ဥပဒေများကို အကျောက်အကန် ငြင်းပွားလျက် ဖော်ဆောင်လာရလိမ့်မည်။

အပျော်အပါးနှင့်ဆိုင်သော၊ မူးယစ်ဆေးဝါးနှင့်ဆိုင်သော ဥပဒေများကို ပြန်လည်သုံးသပ်ရမှု၊ ပြင်ဆင်ရမှု၊ အသစ်ပြုလုပ်ရမှုရှိလာမည်။ လူမျိုးရေးနှင့် ဆက်နွယ်နေသော၊ ဘာသာရေးနှင့် ဆက်နွယ်နေသော၊ နိုင်ငံတော်နှင့်ဆက်နွယ်နေသော ဥပဒေများကိုလည်း သုံးသပ်ရမှု၊ ပြင်ဆင်ရမှု၊ အသစ်ပြုလုပ်ရမှုများကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရလိမ့်မည်။ ကျန်းမာရေးနှင့်ဆိုင်သော ဥပဒေများ ပေါ်ပေါက်လိမ့်မည်။




ငွေကြေးဘဏ္ဍာ၊အခွန်အကောက်နှင့်ပတ်သက်၍ လိုရာမရောက်ဖြေရှင်းမကုန်ရှိနေလိမ့်မည်။ ဓာနယ်ဇင်းလောက၊ အနုပညာလောက၌ တိုးတက်မှု၊ ဆုတ်ယုတ်မှုများ ဒွန်တွဲနေလိမ့်မည်။ ၎င်းလောကတို့မှ ထင်ရှားသောပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရလိမ့်မည်။ အောင်ခြေလူတန်းစား၌ ကျန်းမာရေးချို့တဲ့မှုများပိုများလာမည်။ အထူးသဖြင့် အမျိုးသမီးများ၌ သက်ရောက်မှုပိုများနေမည်။ မော်တော်ကား၊ မီးရထားနှင့် ဆက်နွယ်နေသော မတော်တဆမှု ဖြစ်ပေါ်တတ်မည်။ ဆက်သွယ်ရေးနှင့် ပတ်သက်၍ အသင့်အတင့်အောင်မြင်မှုရှိမည်။ ယေဘုယျအားဖြင့် နိုင်ငံတကာဆက်ဆံရေးကောင်းနေမည်။

ဆည်မြောင်းတာတမံနှင့်စပ်လျဉ်းနေသောပြဿနာတက်မှုများပိုပြင်လာမည်။ ရေကြောင့် ဒုက္ခဖြစ်မှုများပိုဖြစ်လာမည်။ လေပြင်းမုန်တိုင်းခြိမ်းခြောက်မှုရှိနေဦးမည်။ ရာသီဥတုပုံမှန်မဖြစ်နိုင်သေး။ စိုက်ပျိုးရေးထိခိုက်မှုရှိနိုင်သေးသည်။

မင်းဇိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ခိုင်းနွားအတွင်းချိနုပုပ်ရောဂါ ဒီလိုကုပါ

မြန်မာ့လယ်ယာလုပ်ငန်းနှင့် ခိုင်းနွားသတ္တဝါသည် ခွဲခြားမရပေ။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာခေတ်သို့ တရွေ့ရွေ့ပြောင်းလဲနေပြီဖြစ်သော်လည်း ယနေ့အချိန်အထိ လယ်ယာလုပ်ငန်းခွင်၌ နွားမပါလျှင်လယ်မပြီးမြောက်သေးပေ။ မြန်မာ့ခိုင်းနွားမျိုးရင်းစစ်စစ်မှာ တောင့်တင်း၏။ အသားကျစ်လျစ်၏။ ဖျတ်လတ်၏။ အကြမ်းခံနိုင်၏။ မြန်မာပြည်ရေခံမြေခံနှင့်အကြောင်းဖန်သင့်လှ၏။

ရှေးဘိုးဘေးဘီဘင်မှစတင်ကာ မြန်မာ့ခိုင်းနွားများနှင့် လယ်သမားတို့ဘဝ တစ်သားတည်းဖြစ်ခဲ့၏။ လယ်ယာခွင်ကျယ်လျှင် ကျယ်သလောက် နွားအကောင်ရေများ၏။ လယ်ရှစ်ဧကကို ခိုင်းနွားတစ်ရှဉ်းနှုန်းဖြင့် နွေအလုပ်၊ မိုးအလုပ် ထောင့်စေ့အောင် ထွန်ယက်လုပ်ကိုင်ကြရ၏။ လယ်ဧကနှစ်ဆယ်ကျော်လျှင် နွားသုံးရှဉ်းထားရမည်မှာ လုပ်ငန်းခွင် အခြေခံစံနှုန်းထားဖြစ်လေ၏။

စာရေးသူမှာလည်း ကျေးလက်တောရွာ တောင်သူလယ်သမားမိသားစုမှ ဆင်းသက်လာသည်မို့ လယ်ယာအလှူနှင့် နွားအကြောင်း အကျွမ်းတဝင်ရှိလှပေ၏။ လွန်ခဲ့သော အနှစ် (၃၀) ခန့်ကျော်က လယ်ယာမြေပိုင်ဆိုင်သူတိုင်း တင်းကုပ်ကြီးများနှင့် နွားတွေတစ်လှေကြီးမွေးတတ်ကြ၏။ ခိုင်းနွားကြီးများအပြင် နွားမများပါ တွဲဖက်မွေးတတ်ကြသည်မို့ လယ်သမားတစ်ဦးလျှင် ခွာကြီး၊ ခွာသေး နွား (၁၀) ကောင်ခန့်ကျော် လူတိုင်းပိုင်ဆိုင်ကြ၏။ နွားနို့စစ်စစ်အားလည်း လှိုင်လှိုင်သောက်ခဲ့ရသော ငယ်ဘဝကို သတိရမိသည်။

သူ့ခြံပေါက်၊ ကိုယ့်ခြံပေါက် နွားကောင်းအပြိုင်ကြွားကာ လှည်းယဉ်ကြော့ကြော့လေးများဖြင့် ပွဲသွားမော့မော့ဆိုသည့်အတိုင်း တပေါင်းလ တောဘုရားပွဲစုံ လှည့်လည်ခဲ့ကြ၏။ ဤပုံရိပ်များမှာ အတိတ်၏တစ်နေရာမှ မမေ့ရက်စရာ ကျေးလက်အလွမ်းများ ဖြစ်ပေတော့၏။

ထိုခေတ်ထိုအခါက တစ်သီးစားခေတ်ဖြစ်၏။ မိုးစပါးရိတ်သိမ်းပြီးသောအခါ လယ်ကွင်းပြင်ကြီးဝယ် သူ့နွား၊ ကိုယ့်နွား ကြီးမဲ့အလွတ်လွှတ်ကျောင်းသည့်ဓလေ့ ဖြစ်၏။ မိုးဦးကျ နွားမြိုင်ထသည့်ကာလဝယ် နွားပြေးမနောက် နွားထီးများလိုက်ကြ၍ နွားအုပ်ကြီးမှာ သူ့ခြံဝင်းတရုန်းရုန်း၊ ကိုယ့်ခြံဝင်းတရုန်းရုန်းဖြင့် တင်းကုပ်ထရံများပွင့်ထွက်ပုံ၊ ရာဝင်စဉ့်အိုးကြီးများကွဲကုန်၍ ကျွက်ကျွက်ညံကြပုံ၊ ငိုအားထက်ရယ်အားသန်ရသည့် ငယ်ဘဝကို ဆည်းဆာချိန် နေညိုချိန်ဝယ် အမှတ်ရစေမိ၏။

ဤရာသီဝယ် နွားများအဖြစ်များသည့်ရောဂါရှိ၏။ ချိနုပုပ်ရောဂါ ဖြစ်သည်။ စားကျက်တွင် လွှတ်ကျောင်းထားသော နွားသိုးများသည် အချင်းချင်းဗိုလ်လုကာ တွန်းကြဲ့ကြေရင်းရတတ်သောရောဂါ ဖြစ်၏။ တစ်ခါတစ်ရံတွင် ပြင်းထန်စွာ ဝှေ့ကြတိုက်ကြရင်း အပြင်ချိုမကြီး ကျွတ်ထွက်သွားတတ်၏။သွေးသံရဲရဲဖြင့် ချိုနုလေးငေါက်တောက်ကျန်နေတတ်၏။

ထိုအခြေအနေကား ပြဿနာမရှိသေး။ အဆိုးထဲက အကောင်းဖြစ်၏။ ဆိုးသည်ကား အပြင်ချိုမကြီး ပြင်းထန်စွာ ထိခိုက်သွားပြီး ကျွတ်မထွက်ဘဲ အတွင်းချိုနု အနာတရဖြစ်ကာ ပုပ်သွားခြင်း ဖြစ်၏။

နွားရှင်က အချိန်မီ အရိပ်အကဲခတ်မသိတတ်က ချိုနုပုပ်ရာမှတစ်ဆင့် အနာသည် ခေါင်းအတွင်းရောက်သွားပြီး အသက်ရှုကျပ် သေဆုံးတတ်၏။ နွားသည် ဤရောဂါခံစားနေရပါက ထူးခြားသောလက္ခဏာများ ပြတတ်၏။ အစာကောင်းစွာ မစားတော့ပေ။ အနာအရမ်းဆိုးဝါးသွားပါက စားမြုံ့ပြန်မခတ်တော့ဘဲ မှိန်းနေတတ်၏။ မကြာခဏ ခေါင်းတဆတ်ဆတ်ခါနေတတ်သေး၏။

ယင်းအခြေအနေကို ကုသရန်မှာ အတွင်းနာဖြစ်သည်မို့ ပကတိမျက်စိဖြင့် မမြင်ရ၊ အတွေ့အကြုံကသာ ဆရာဖြစ်၏။ နွားခေါင်းက တဆတ်ဆတ်ခါနေခြင်းမှာ ချိုအတွင်း အနာရှိသည်ကို ယင်ကောင်ကသိ၏။ နွားမှာ တစစ်စစ်ကိုက်ခဲနေသောအနာရှိန်ကြောင့် ယင်နားသည့်ဒဏ်ကိုပင် သည်းမခံနိုင်သောကြောင့် ခါထုတ်နေခြင်း ဖြစ်၏။ (၇) မိုင်၊ (၈) မိုင်အကွာအဝေးပန်းခင်းမှ ဝတ်ရည်ရနံ့ကို ပျား၊ ပိတုန်းများသိနေသကဲ့သို့ ကျစ်လျစ်မာကျောသော ဦးချိုအခွံမာအတွင်းနာကို အညီအဟောက်ကြိုက်သော ယင်သတ္တဝါက သိနေခြင်းကလည်း အဆန်းပင် ဖြစ်၏။

နွားကို ဦးစွာ ကြိုးဖြင့်လှဲရ၏။ လှဲပြီးသောအခါ ချိုများအား မယ်ဒလင်ကြိုးဖြင့်ရစ်၍ ဘယ်၊ ညာလွှတိုက်သကဲ့သို့ လွန်းထိုးဆွဲရ၏။ ခဏအကြာတွင် ချိုအဖျားပြတ်သွားပြီး သွေးပုပ်ပြည်ပုပ်များ ဒလဟောတိုးထွက်ကျလာပေမည်။ သွေးပုပ်ပြည်ပုပ်များထွက်သွားသည်နှင့် ဝေဒနာချက်ချင်းသက်သာသွားစေပြီး နွားသည်လည်း အမူအရာပြောင်းသွားပေ၏။

ဦးချိုအတွင်း ဂွမ်းများထည့်ကာ ဇာကနာဖြင့် အနာသန့်ရှင်းရေးလုပ်ပါ။ ထို့နောက် အသင့်ရှာခိုင်းထားသော ပျားရည်စစ်စစ်ကို ဦးချိုအတွင်း အပြည့်လောင်းထည့်လိုက်ပြီး သတင်းစာစက္ကူနှစ်ထပ်၊ သုံးထပ်ပတ်ကာ အပ်ချည်ကြိုးဖြင့် အထပ်ထပ်ရစ်ချည်အစသတ်ပါ။ ပျားရည်၏ဂုဏ်သတ္တိသည် သစ်ဆွေးနာကဲ့သို့ မြုံနေသော အနာဆွေးအနာဟောင်းများကို အထူးနိုင်နင်း၏။

ဦးချိုအတွင်း ကျန်နေသော သွေးပုပ်ပြည်ပုပ်တချို့ ဦးချိုဝသတင်းစာဝယ် စုခဲသွားပါလိမ့်မည်။ ပျားရည်ခံထားသောကြောင့် ယင်နိုက်၍ပိုးတွယ်မည်ကိုလည်း မကြောက်ရတော့ပေ။ မကြာမီပင် အတွင်းအနာသည် ကျက်သွားပြီး ချိုနုတဖြည်းဖြည်းရှင်လာကာ အပြင်ခွံကွဲ၍ ကျွတ်ထွက်သွားပါလိမ့်မည်။ ခိုင်းနွားများဝယ် အဖြစ်များလှသောရောဂါမို့ မြန်မာပြည်တစ်နံတစ်လျား နွားကောင်းကိုင်သူများ ဤအနာဆိုးဖြင့် ခိုင်းနွားတန်ဖိုးမဆုံးကြစေရန် သူရွှေမှ တစ်ဆင့် ဆေးအညွှန်းပေးလိုက်ရတော့၏။

ဘယ်ဒိန်းဦး (မိုးသည်းမြေ)



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပေါ်တော်မူခြင်း

ကျွန်ုပ်တို့နေထိုင်ရာကွင်းကြီးမှာ တစ်ချိန်က ဘိန်းဘုရင်ဟု နာမည်ကြီးသော ဦးလောစစ်ဟန်ပိုင်သော မြေကြီးဖြစ်သည်။ ကိုးကန့်ကာကွယ်ရေးစခန်းဖြစ်သည်။ ဦးလောစစ်ဟန် အလင်းဝင်ပြီး ၎င်းပိုင်ကာကွယ်ရေးစခန်းကို နိုင်ငံတော်သို့ ပေးလှူလိုက်သည်။ ကွင်းကြီးမှာ မြေပြန့်ဖြစ်၍ ရှမ်းတိုင်းရင်းသားများ စိုက်ပျိုးရေးလုပ်ကြသည်။ မြေအနောက်ဘက်တွင် ချုံတွေထူပြောပြီး သစ်ပင်ကြီးများပေါက်နေသော ကုန်းမြင့်တစ်ခုရှိလေသည်။ ၎င်းကုန်းမြင့်လေးကို ချန်ပြီး ကျန်ကွင်းပြင်တွင် စိုက်ပျိုးရေးလုပ်ကြသည်။

စိုက်ပျိုးရေးလုပ်သော ရှမ်းတစ်ယောက် အိပ်မက်မက်သည်။ ၎င်းတောင်ကုန်းတွင် ရွှေ(၃)ပိဿာနှင့်လုပ်ထားသော ဥတည်ဘွားရုပ်တုရှိသည်ဟု မြင်မက်သည်။ ရွှေ (၃) ပိဿာလိုချင်သောရှမ်းသည် ညဘက်တွင် လူမသိအောင် တောင်ကုန်းကို တူးဖော်လေသည်။ တစ်နေ့ နည်းနည်းတူးဖော်၍ ဥတည်ဘွားရုပ်တုကို ရှာလေသည်။

တူးဖော်ရင်း ဥတည်ဘွားရုပ်တုကိုတော့ မတွေ့ပါ။ ကျောက်ဆင်းတုဘုရား (၁) ဆူကို တွေ့ရလေသည်။ ဘုရားတော် (၁) ပေခန့်ရှိသည်။ ၎င်းဘုရားကို အိမ်ပင့်သွားသည်။ အိမ်တွင် ကိုးကွယ်လေသည်။ များမကြာမီ ၎င်းအိမ်မှ ကျွဲ (၂) ကောင် ပျောက်သွားလေသည်။ ဘယ်လိုမှရှာမတွေ့သဖြင့် သူတို့ပင့်ထားသော ဘုရားဆင်းတုကို မူလနေရာမှာပြန်ထားမှ ကျွဲပြန်တွေ့လေသည်။

နောက်ထပ်ရှမ်းတစ်ယောက်က ၎င်းဘုရားကို ပင့်သွားပြန်လေသည်။ ဘုရား အိမ်၌သီတင်းသုံးသောအခါ မီးဖိုခန်းမှ မီးထလောင်လေသည်။ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မီးမလောင်ပါ။ မီးလန့်သလိုဖြစ်သွားသည်။ ရှမ်းလူကြီးများကို မေးမြန်းကြည့်သောအခါ ဘုရားပင့်လာလို့ဖြစ်မှာပဲ သူ့နေရာသူပြန်ပို့ပါဟု ဝိုင်းဝန်းပြောကြသည်။ ထိုအချိန်မှစ၍ တူးဖော်တွေ့ရှိသော ဘုရားဆင်းတုကို မည်သူမျှမပင့်ရဲတော့ပါ။

ကုန်းမြင့်မြင့်လေးသည် ချုံတို့ဖြင့်ပြည့်နေပြီး (၃) ပေအချင်းရှိ သစ်ပင်ကြီးတစ်ပင်ပေါက်နေသည်။ ကုန်းကမ္ဘေ့ အုတ်ခဲညီညီအထပ်ပေါ်တွင် တူးဖော်တွေ့ရှိသော ဘုရားဆင်းတုကို တင်၍ထားခဲ့လေသည်။ ကျွန်ုပ်တို့၏ ဌာနအကြီးအကဲမှ နံနက်စောစော မျက်နှာသစ်ရင်း ထူးထူးခြားခြား ဘုရားဆင်းတုကို တွေ့ရှိသွားလေသည်။ တပည့်များကို သွားရောက်ပင့်စေပြီး ရေဖြင့် ဆေးကြောသုတ်သင်ခြင်း၊ နံ့သာရည်ဖျန်းခြင်းဖြင့် အိမ်ရှေ့စားပွဲတွင် ဆောင်ရွက်စီမံစေသည်။ မာန်ဆူဆရာတော်ကို ပင့်ဖိတ်၍ အကျိုးအကြောင်းလျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ ဒီနေ့နံနက် မျက်နှာသစ်ရင်း ဟိုအက်တောင်ကုန်းကမူဘေးက အုတ်ပုံပေါ်မှာတင်လျက်တွေ့ရတာပါဘုရား။ ဒီဆင်းတုကိုပင့်ပြီး ရေသပ္ပာယ်ခြင်း၊ နံ့သာရည်ဖျန်းခြင်း၊ ဆီမီးပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်ဘုရား။ တပည့်တော်တို့ ဘာဆက်လုပ်ရမယ်ဆိုတာမသိလို့ အရှင်ဘုရားတို့ကို ပင့်၍ လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား"

"ကောင်းပြီ ဒကာကြီး၊ ဘုရားဆင်းတုတွေ့တဲ့နေရာကို သွားကြည့်ရအောင်"

"တင်ပါ့ဘုရား"

# အလ္လာဝါလှိုင်း ၂





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရား (၃) ပါးနှင့် အကြီးအကဲတို့ ဘုရားတွေ့ရှိခဲ့သော ကုန်းကမူသို့ သွားရောက်ကြည့်ရှုကြလေသည်။

"ဒီနေရာမှာတွေ့ရတာပဲဘုရား"

"ဒကာကြီး ဒါဘုရားပျက်ကြီးပဲ။ ဒီဘုရားပျက်အုတ်ပုံကိုတူးရင်းနဲ့ ဌာပနာထားတဲ့ ဒီဆင်းတုကိုတွေ့ရတာ ဖြစ်မယ်"

"မှန်ပါဘုရား၊ တပည့်တော်က တောင်ကုန်းကမူပဲထင်ထားတာ"

"ဒီဆင်းတုက ဒီဘုရားပျက်က ရတာဆိုတော့ ပေါ်တော်မူလာပြီပေါ့။ ဘယ်လိုအကြောင်းနဲ့ပေါ်ပေါ် ဘုရားတန်ခိုးလို့ပြောရမှာပဲ"

"မှန်ပါဘုရား၊ တပည့်တော်တို့ ဘာဆက်လုပ်ရမှာလဲဘုရား"

"ဘာဆက်လုပ်ရမှာလဲဆိုတော့ ဘုရားမှန်းသိရင် ဘုရားပြင်ရမယ်။ ဘုရားတည်ရမှာပေါ့။ ဒကာကြီးက ဒီဌာနမှာ အကြီးဆုံး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒကာကြီးလက်ထက်မှာပေါ်လာလို့ ဒကာကြီးပဲ ဘုရားဒကာဖြစ်မယ်ထင်တယ်"

"တပည့်တော်ဘုရားမတည်တတ်





www.burmeseclassic.com

www.burmeseclassic.com

ဘူးဘုရား၊ ဘုရားတည်ရင် ခိုက်တတ်တယ်လို့ပဲ ပြောကြတယ်ဘုရား"

"ဒါကတော့ ဒကာကြီးဘာသာဆုံးဖြတ်ရမယ့်အပိုင်းပဲ။ ဦးပဉ္စင်းတို့ကလည်း ပရိယတ္တိသာသနာပဲပြုနေတာမို့ မြင်အပ်၊ မမြင်အပ် နာနာဘာဝဝိနာဘာဝတွေကိုမသိဘူး၊ နားမလည်ဘူး၊ ဒကာကြီးဌာနမှာ နားလည်တဲ့ဒကာကြီးတစ်ယောက်ရှိတယ်။ သူ့ကိုမေးကြည့်ပေါ့"

"တင်ပါ့ဘုရား"

ဆရာတော်ဘုရားလည်း လိုအပ်သည်များကို ဩဝါဒပေးပြီး ပြန်ကြွသွားလေသည်။ အကြီးအကဲ ဦးဇော်ဝင်းဆိုသူမှာ မိမိလက်အောက်ငယ်သားထဲမှ ဘုရားကိစ္စနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသောသူဆိုတာ ဘယ်သူပါလဲ။ အဆင့်ဆင့်မေးမြန်းစုံစမ်းသောအခါ ကျွန်ုပ်အား လက်ညှိုးထိုး၍ ဖော်ထုတ်ကြလေတော့သည်။

ကျွန်ုပ်မှာ ခွင့်ဖြင့် မိတ္ထီလာသို့ ရောက်နေစဉ် အထက်ပါအဖြစ်အပျက်ကို ကြေးနန်းဖြင့်အကြောင်းကြားလာသည်။ အမြန်ပြန်လာရန်လည်း ထပ်ဆင့်ညွှန်ကြားလေသည်။ ထင်ပေါ်လို့စင်တော်ကကောက်ခြင်းဖြစ်လေသည်။ သူတော်အချင်းချင်း သီတင်းလွှေ့လွှေ့ပေါင်းဖော်မွှေ့ဟု ဆိုရပါမည်။ တပည့်ကျော်ကျော်မှ ၎င်း၏ခယ်မအား ဆေးကုပုံနှင့် မာန်ဆူကျောင်းသို့ သရဲလင်မယားအားခေါ်ယူပြီး အမှုပေးပုံတို့ကို ပြောပြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ပုသိမ်မှ ဆရာစုမှာတာကို မှတ်တမ်းတင်ခဲ့သော ဒိုင်ယာရီကိုပြန်ဖွင့်၍ကြည့်မိပါတော့သည်။

၁။ ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ပြောင်း ရမည်။

၂။ ဘုရားတည်ရမည်။

၃။ ညောင်ပင်ကြီး (၂) ပင်တွင် ကိုးမြို့ရှင်နတ်နန်းလှူရမည်။

၄။ အတိတ်မှ ညီအစ်ကိုသုံးယောက် ဆုံရမည်။

၅။ ဘုရားပြီးမှ မြန်မာပြည်သို့ ပြန်ပြောင်းရမည်။

၆။ အဘအောင်မင်းခေါင်မှ အမိန့်ချခြင်း ဖြစ်သည်။

အဘအောင်မင်းခေါင် စောင့်ရှောက်သည်။ အဘအမိန့်ချ၍တာဝန်ပေးသည်။ ဝိဇ္ဇာတွေရဲ့အမိန့်တာဝန်သည် လူတွေပေးသောအမိန့်ထက် တိကျသည်။ ခိုင်မာသည်။ လေးနက်သည်။ ယခု ကျွန်ုပ်အား မမြင်ရသော အဘက စေခိုင်းသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ဘုရားတည်ရမည်။ စသည့် အချက် (၂) ချက်ကတော့ မှန်သွားလေသည်။

ခွင့်ရက်စေ့၍ လားရှိုးသို့ပြန်ရောက်လာသည်။ ဌာနတွင် ဘုရား (၁) ဆူပေါ်တော်မူသဖြင့် လူအများမှာ လှုပ်လှုပ်ရှားရှား ထူးထူးဆန်းဆန်းဖြစ်နေကြသည်။ ကျွန်ုပ်၏အထက်လူကြီးကိုတွေ့သည်။ ပြန်ရောက်ကြောင်း သတင်းပို့သည်။

"အေး- မင်းပြန်လာတာအတော်ပဲ။ ဒီမှာ ဘုရားကိစ္စဆိုတော့ ငါတို့နားမလည်ဘူး။ မာန်ဆူဆရာတော်ကြီးကို ပင့်ပြီး လျှောက်ထားပြီးပြီ။ ဘုရားတည်ဖို့ပြောတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒါနဲ့ ဒီဘုရားက ငါ့အိမ်ရှေ့မှာပဲရှိနေသေးတယ်။ ငါ အိမ်ထဲကို မပင့်ရဲဘူး"

"ဘာလို့လဲ"

"တချို့ကပြောတယ်၊ အိမ်ထိခိုက်တတ်တယ်လို့"

"ဘုရားပင့်လို့ အိမ်ထိခိုက်တာမျိုး မရှိပါဘူး ဆရာ။ ဘုရားက မဟာကရုဏာရှင်ပဲ။ ဘယ်သူ့မှဒုက္ခမပေးဘူး"

"အေးကွာ - တချို့က ခိုက်တတ်တယ်လို့ပြောတော့ ငါလည်းကြောက်တာပေါ့။ ငါဘာဆက်လုပ်ရမှန်းမသိဘူး။ မင်းလာတာနဲ့အတော်ပဲ။ မာန်ဆူဆရာတော်ကြီးကလည်း မင်းကိုမေးပါလို့ပြောတယ်"

"ဘုရားပေါ်တော်မူလာတာရယ် ဒီပေါ်တော်မူဘုရားကို ရှမ်းတွေပင့်သွားလိုက်၊ ပြန်ထားလိုက်ဖြစ်တာတွေဟာ



အဘအောင်မင်းခေါင် အိပ်မက်ပေး၍ ချီးမြှင့်ခဲ့သော ဆင်ခံမြင်းရုံဓာတ်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ဘုရားအစောင့်ကလုပ်တာပါ။ ဒီအချိန်မှာ ဘုရားပြန်တည်ခိုင်းတာ"

"ဘုရားတည်ပါဆိုတာက လွယ်တယ်။ တကယ်တည်ဖို့ကျတော့ ခက်တယ်"

"ဘာခက်တာလဲဆရာ"

"နဂိုဘုရားအရွယ်၊ နဂိုဘုရားရဲ့ ဉာဏ်တော်က ဘယ်လောက်ရှိသလဲ။ သိမှဖြစ်မယ်။ နောက်ထပ်တည်တဲ့ ဘုရားက နဂိုဘုရားထက်ကြီးရမယ်။ နဂိုဘုရားထက် မြင့်ရမယ်"

"ဘာလို့လဲဆရာ"

"နဂိုထက်သေးမယ်၊ ဉာဏ်တော်နိမ့်ဆိုရင် ဘုရားတည်တဲ့လူခိုက်တတ်တယ်လို့ပြောတယ်"

"ဆရာခိုက်တတ်တာတွေပဲပြောနေတာ။ ဘုရားတည်ရင် ခက်ခဲတာတွေပဲပြောနေတာ။ ဆရာ့စိတ်ထဲမှာ ဒီကိစ္စအကြီးကြီးလို့မြင်နေတယ်"

"အေး - ဟုတ်တယ်"

"ဒါဆိုရင် ဒီဘုရားတည်တဲ့ကိစ္စခဏထားလိုက်ပါ။ အချိန်စောင့်ရုံပေါ့။ အခုလက်ရှိဘုရားဆင်းတုကို ဘယ်လိုလုပ်မှာလဲ"

"အေး- ဒါလည်းမင်းပဲကြည့်စီစဉ်ပေါ့"

"ဟုတ်ပါပြီ ဆရာ"

ကျွန်ုပ်၏ အကြီးအကဲသည် ဘုရားမတည်ချင်ပါ။ လက်ရှိဆင်းတုကိုလည်း အိမ်ထဲမပင့်ရဲပါ။ ကျွန်ုပ်သည် ပေါ်တော်မူဘုရားဆင်းတုကို ဘုရားကုန်းမြေတွင် ယာယီမွှာရုံ (၁) ခု ဆောက်သည်။ ယာယီမွှာရုံထဲတွင် ဘုရားကျောင်းဆောင်ပြုလုပ်၍ ဘုရားအနေအထားတင်သည်။ မွှာရုံကိုရာဇမတ်ကာသည်။ သာသနာ့အလံလွှင့်ထူသည်။ ကျွန်ုပ်ကိုးကွယ်သော အဘအောင်မင်းခေါင်နှင့် အဘဘိုးဘိုးအောင် ပုံတော်များပင့်၍ကိုးကွယ်သည်။ အဘတို့ကို ရေချမ်း၊ ဆီမီး၊ ပန်းတို့ဖြင့် ပူဇော်သည်။ မွှာရုံလေးသည် ကျွန်ုပ်၏ ဓာတ်ခန်းလေးဖြစ်လေတော့သည်။

ညဘက်တွင် ဓာတ်ခန်းတွင် အိပ်သည်။ ယခု ဘုရားအစောင့်ကို ပင့်ဖိတ်၍ မေးမြန်းခဲ့သည်။

"ဘုရားကိုစောင့်တဲ့ အသင်အစောင့်အရှောက်ပေါင်းတို့။ ကျွန်ုပ် ဒီနေရာ ဒီဌာနကို ဘုရားတည်ရန် ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ သင်တို့ ကျွတ်တမ်းဝင်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါ၍ ကျွန်ုပ်၏ အလုပ်ကိစ္စများ ကူညီကာ ဝိုင်း၍ စောင့်ရှောက်ကြပါကုန်လော့။ ကျွန်ုပ်ရရှိခဲ့သော ကုသိုလ်အစုစုကိုလည်း သင်တို့ကို အမျှပေးဝေပါ၏"

မကြာမီ တပည့်ကျော်ကျော်ကို ဝင်ပူးလေသည်။

"အမိန့်ရှိပါ၊ ခုဝင်ပူးတာ ဘယ်သူပါလဲ။ နှုတ်ဖွင့်တော်မူပါ"

"အေး - ငါကဘုရားအစောင့်ပဲ"

"ဒါဆိုရင် ဘုရားပေါ်တော်မူ အောင် ဆောင်ရွက်တာ သင်လား"

"ဟုတ်တယ် ငါပဲ။ ခု ဘုရားတည်ပေးပါ"

"အစောင့်ကြီး၊ ဘုရားတည်ပေးဖို့ ရောက်လာခြင်း ဖြစ်သည်။ ငါသည် အဘအောင်မင်းခေါင်၏ တပည့်သားအရင်းဖြစ်သည်။ အဘက ပို့လို့ဒီရောက်လာတာ"

"ဆရာလာတာကို ကြိုသိပါတယ်"

"ငါ တစ်ယောက်တည်း ဘုရားတည်လို့မရသေးဘူး။ တို့ညီအစ်ကို (၃) ယောက်ဆုံမှတည်ရမှာ"

"မကြာမီ ဆုံကြမှာပါ"

"နောက်ထပ် ညီနောင် (၂) ယောက်ကို အမြန်ဆုံးပို့ပေးပါ။ ခုလောလောဆယ်တော့ ဘယ်သူမှ မနှောင့်ယှက်ပါနဲ့"

"ဆရာပြောတဲ့အတိုင်းနေပါ့မယ်။ ကျနညီနောင်(၂)ယောက်လည်း အမြန်ရောက်အောင် ဆောင်ရွက်ပါ့မယ်"

"ကောင်းပြီ အစောင့်ကြီး၊ ပြန်ကြွပါတော့"

ကျွန်ုပ်သည် နာမ်လောကနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စကို ဆောင်ရွက်နေရသည်။ အပြင်ကလူတွေ အမြင်မှာတော့ အရူးပဲဟု မြင်ချင်မြင်ပေလိမ့်မည်။ ပြောချင်ရာပြောကြပါစေ၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်ပဲ။ ဘုရား (၁) ဆူကို မဖြစ်ဖြစ်အောင်တည်မည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ (၁) လခန့် အကြာ ဘုရားတည်ဖို့ ခက်ခဲနေသော ကျွန်ုပ်၏အကြီးအကဲလည်း ရန်ကုန်သို့ အပြောင်းအရွှေ့ပါသွားသည်။ နောက်ထပ် အကြီးအကဲတစ်ယောက်ရောက်လာသည်။ ကျွန်ုပ်တို့ငယ်သားများမှာ ကြိုဆိုခြင်း၊ မိတ်ဆက်ခြင်း၊ အလွှဲအပြောင်းပြုလုပ်ခြင်းများ ဆောင်ရွက်ကြပါသည်။ လွှဲပြောင်း၊ လက်ခံဆောင်ရွက်ပြီးနောက် အကြီးအကဲအသစ်မှ ကျွန်ုပ်အား ခေါ်တွေ့သည်။

"ဆရာ၊ ကျွန်တော် အဏ္ဏဝါလှိုင်းပါ"

"ဟုတ်ပြီ၊ ဒီမှာ ဘုရားတည်ဖို့ကိစ္စ တွေရှိသလား"

"ရှိတယ်ဆရာ၊ ပေါ်တော်မူဘုရားပဲ။ ကျွန်တော်တို့ပိုင် အဝန်းအဝိုင်းထဲမှာပဲရှိတယ်"

"အခြေအနေပြောပါဦး"

"တောင်ကုန်းလေးလိုဖြစ်နေတာ သစ်ပင်ကြီးတွေတောင်ပေါက်နေပြီ။ ရှမ်းတွေက ရွှေ (၃) ပိဿာနဲ့ ထုလုပ်တဲ့ ဥတည်ဘွားဘိုးတော်ရုပ်ရှိတယ်ဆိုပြီး အိပ်မက်အရ တူးကြတာ။ ဒီကျောက်ဆင်းတုကို ဖူးတွေ့ရတာပဲ"

"ခင်ဗျားက ဘုရားကိစ္စနဲ့တော်တော်သိတယ်လို့ ပြောကြတယ်။ ကျွန်တော် ပြောင်းလာတာ ဘုရားတည်ဖို့ ပြောင်းလာတာ"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော် စောင့်နေတာ (၁) လပြည့်တော့မယ်"

"ကျွန်တော့်အစ်မက အဘအောင်မင်းခေါင်ဝင်ပူးပြီးပြောတယ်။ ငါ့သားရှမ်းပြည်နယ်ကိုပြောင်းရမယ်။ ဘုရား (၁) ဆူတည်ရမယ်။ ဘုရားမတည်မီညောင်ပင်ကြီး (၂) ပင်မှာ ကိုးမြို့ရှင်နတ်နန်းဆောက်လှူရမယ်လို့ ပြောတယ်"

"တိုက်ဆိုင်လိုက်တာ ဆရာရယ်။ ကျွန်တော် ပြောင်းလာတုန်းကလည်း အဘအောင်မင်းခေါင်က အမိန့်ချတယ်။ ဘုရား (၁) ဆူတည်ရမယ်။ ညောင်ပင် (၂) ပင်မှာ ကိုးမြို့ရှင်နတ်နန်းလှူရမယ်လို့ ပြောလိုက်တယ်"

"ဒါဆိုရင် ဘာလို့နတ်နန်းကို အရင်လုပ်ခိုင်းတာလဲ"

"ဘုရားတည်တယ်ဆိုရာ မမြင်နိုင်တဲ့ နာနာဘာဝ၊ ဝိနာဘာဝ၊ ဘုရားစောင့်တွေနဲ့ ဆက်စပ်နေတာ။ ကိုးမြို့ရှင်ဆိုတာ ဒီနယ်မြေရဲ့နယ်မြေမျှူးပဲ။ သူ့ကို အပေါင်းအသင်းလုပ်မှ ဘုရားတည်တဲ့ကိစ္စ အဆင်ပြေချောမွေ့အောင် အကူအညီရမယ်ထင်တယ်"

"အင်း - ကျွန်တော်ကတော့ ဘာမှနားမလည်ဘူး။ ဆရာအဏ္ဏဝါလှိုင်းသာဦးဆောင်လုပ်ပါ။ လိုတဲ့ငွေကြေး ကျွန်တော်ရှာပေးပါ့မယ်"

"ဟုတ်ကဲ့ဆရာ၊ ဒါနဲ့ဘုရားတည်ဖို့ နောက်တစ်ယောက်စောင့်ရဦးမှာ"

"(၃) ယောက်ပြည့်အောင် စောင့်ရမှာလား"

"ဟုတ်တယ် ဆရာ"

"အဘတို့ခိုင်းတာက သေချာတယ်။ ပြောရင်မှန်တယ်။ ခဏစောင့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တာပေါ့"

များမကြာမီ မြစ်ငယ်မှ ဘိုးတော်အောင်ဝင်း ပြောင်းရွှေ့ရောက်ရှိလာသည်။ မြစ်ငယ်တွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများကို ဆောင်ရွက်နေသူ ဖြစ်သည်။ ဘိုးတော် အောင်ဝင်းပြောင်းရွှေ့ပုံမှာ များစွာထူးဆန်း၏။

ဝန်းထမ်းများ ။ ပြောင်းရွှေ့ပါက အမိန့်စာရရှိသည့်ရက်မှ (၇) ရက်အတွင်း ပြောင်းရသည်။ ပြင်ဆင်ချိန် (၇) ရက် သတ်မှတ်ပါသည်။ မိမိတာဝန်ဝတ္တရားများ၊ စာရင်းဇယားများကို လွှဲပြောင်းလက်ခံမည့်တာဝန်ခံအား လွှဲပြောင်းပေးရသည်။ အထက်လူကြီးမှ လွှဲပြောင်းလက်ခံအား အတည်ပြုပြီးမှ ပြောင်းရွှေ့ရပါသည်။

ဘိုးတော်အောင်ဝင်းက သည်လိုမဟုတ်ပါ။ ယခုအမိန့်စာရလျှင်ရချင်း အမြန်ပြောင်းရန်ပါလာသည်။ ဌာနဆိုင်ရာအကြီးအကဲကလည်း ဒီလိုအမိန့်မျိုး မတွေ့ဘူးကြောင်း၊ ဌာနဆိုင်ရာကားဖြင့် ချက်ချင်းခေါ်ဆောင်ပြီး မန္တလေးဘူတာသို့ လိုက်ပို့ပေးလေသည်။ မန္တလေး-လားရှိုးရထားပေါ်သို့ တင်ပေးလိုက်လေသည်။

ဘိုးတော်အောင်ဝင်း လားရှိုး ရောက်ပါပြီ။ ကျွန်ုပ် ဘူတာသို့ သွားကြိုသည်။ လားရှိုးမြို့အနေအထား၊ ရုံးဌာနအနေအထားတို့ကို ကြိုတင်ပြောပြလေသည်။

"ကိုလှိုင်းရေ၊ ကျွန်ုပ် ဒီကိုပြောင်းလာတာ ဘုရားတည်ဖို့ ပြောင်းလာတာဗျ"

"ဘုရားတည်ဖို့ ကျုပ်စောင့်နေတာ။ ဘုရားစောင့်ကိုလည်း အမြန်ခေါ်ပေးဖို့ ပြောလိုက်တာ"

"အေး - ခင်ဗျားလက်ချက်နဲ့တူတယ်။ ကျုပ်ပြောင်းရတာ သူများနဲ့မတူဘူး"

"နည်းနည်းပါးပါးလေးပါ"

"ဘုရားတည်ဖို့ ဘာတွေလုပ်ထားလဲ"

"ဘာမှမလုပ်ရသေးဘူး။ ခင်ဗျားစောင့်နေတာ"

"ခင်ဗျားက ကျွန်တော့်စောင့်နေတာဆိုတော့ ဘာဆိုင်လို့လဲ"

"ကျုပ်တို့ညီအစ်ကို (၃) ယောက်ပြည့်မှ ဘုရားတည်လို့ရမယ်လို့သိရတာ။ ခု (၂) ယောက်က ရောက်ပြီး ခင်ဗျား (၁) ယောက်ပဲ စောင့်နေရတာ"

"အဏ္ဏဝါလှိုင်းကတော့လုပ်ပြီ"

ကျွန်ုပ်ပြောသောစကားများကို ဘိုးတော်အောင်ဝင်းက ယုံကြည်ပုံမပေါ်ပေ။ ကျွန်ုပ်ကလည်း ပြောသာပြောရတယ်။ ဘာသက်သေမှပြလို့မရ။ အထောက်အထားမရှိဆိုတော့ အရူးစကားလိုဖြစ်နေတာပေါ့။ ယုံကြည်လျှင်တော့ ပြဿနာမဟုတ်။

ည ဘိုးတော်အောင်မင်းခေါင်ကို ပင့်ဖိတ်သည်။ ဘုရားတည်သည့်ကိစ္စ၊ ညီအစ်ကို (၃) ယောက်ပေါင်းမှ ဘုရားတည်ရမည့်ကိစ္စများကို တိုင်တည်၍ ပြောလိုက်သည်။ ယုံကြည်အောင် အတိတ်ဘဝဇာတ်ကြောင်းတို့ကို သိချင်ကြောင်း လျှောက်ထားလိုက်ပါသည်။

ညအိပ်ရာဝင်သောအခါ အိပ်မက်မက်လေသည်။ သိစိတ်၊ မသိစိတ် (၂)ခုကြားမှာ ရှိနေလေသည်။ သိတာက ခုဘဝ၊ ခုအခြေအနေ၊ ခုနာမည်နှင့် အိပ်နေတာ။ အိပ်ပျော်သွားသည့်အခါ အဘအောင်မင်းခေါင်က လာခေါ်သည်။ အပေါ်မှာ တိုက်ပုံအင်္ကျီနှင့် အောက်က လုံချည်က အပြာရောင်အကွက်နှင့်ဖြစ်၏။ ဇရပ်တစ်ခုကိုရောက်၏။ အဘက ဘာစကားမှမပြောပါ။ လက်ညှိုးညွှန်ရာသို့သွားရန် ပြော၏။ ကျွန်ုပ်လည်း အဘက လက်ညှိုးညွှန်သည့် အဆောက်အအုံထဲသို့သွားပါသည်။ ရှေးဟောင်းအဆောက်အအုံ ဖြစ်၏။ ဘုရင်နန်းတော်လောက် ကြီးကျယ်ခမ်းနားလေသည်။ ခေါင်မိုးတွင်လည်း စုလစ်မွမ်းချွန်ယိုးဒယားပန်းများဖြင့် ပြုလုပ်ထားသောပန်းထောင်၊ ပန်းဆွဲတွေနှင့် တန်ဆာဆင်ထားသည်။

အခန်းထဲသို့ ဝင်သွားသောအခါ ရှမ်းအိုးစည်တွေ အစီအရီချိတ်ဆွဲထား၏။ စောင်းတွေလည်း အစီအရီချိတ်ဆွဲထားသည်။ ဓားအကြီး၊ အသေးတွေလည်း နံရံတွင် အစီအရီချိတ်ဆွဲထားသည်။ အခန်းတစ်ခုထဲသို့ဝင်လိုက်သောအခါ ကိုယ်လုံးပေါ်မှန်ကြီးကို တွေ့လိုက်ရသည်။

"ဟာ - မှန်ကြီးပါလား၊ ကြည့်ဦးမှ"

ကိုယ်လုံးပေါ်မှန်ကြီးကို သေသေချာချာကြည့်လိုက်သောအခါ ကိုယ့်ကိုယ်ကိုယ်မြင်လိုက်သောခဏ အံ့သြသွားလေသည်။

နှုတ်ခမ်းမွေးကားကားနှင့် ခေါင်းပေါင်းစတွေနှင့်။ ဟော-အင်္ကျီကိုကြည့်တော့ ရှမ်းအင်္ကျီ။ အောက်မှာ လုံချည်မရှိ၊ ရှမ်းဘောင်းဘီကြီးဖြစ်နေသည်။

"ဟား ဟား ဟား"

ကျွန်ုပ်ဘဝပုံရိပ်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရလေသည်။ ငါက ရှမ်းမင်းသားပဲဟု အသိတစ်ချက်သည် နောက်ဆုံးဖြစ်ပြီး ယခုဘဝ တစ်တိုတစ်စမှ မကျန်တော့ပါ။

ကျွန်ုပ်၏အတွေးအခေါ် အသိတို့သည် ယခင်အတိတ်ဘဝကို ရောက်သွားလေတော့သည်။ ကျွန်ုပ်တို့ညီအစ်ကို (၃) ယောက်သည် ရှမ်းစော်ဘွား၏ သားများ ဖြစ်သည်။ စောမွန်လှသည် ကျွန်ုပ်တို့၏ညီမလေး ဖြစ်သည်။ အနော်ရထာဘုရင်မှ တော်ကောက်သဖြင့် ဘုရင်ကတော်ဖြစ်နေလေသည်။ ညီမလေး စောမွန်လှ ပြန်ရောက်လာသည်။ ရတနာ(၃)ပါးကို ရှိသေကိုင်းရှိုင်းသော ညီမလေးကို ကျွန်ုပ်တို့ညီအစ်ကို (၃) ယောက်က အလွန်ချစ်၏။ ညီမလေးဆန္ဒအရ လွမ်းစေတီတည်ကြလေသည်။ (၉) တောင်ပြည့်လွမ်းစေတီကို ရတနာ (၉) ပါးကို ဌာပနာ၍ တည်ထားကြလေသည်။ ဌာပနာတွင် စိန်ဘုရား (၁) ဆူ၊ ရွှေဘုရား (၁) ဆူ၊ မြဘုရား (၁) ဆူ ဌာပနာခဲ့ကြသည်။ နောက် ရွှေထီးတော်တင်လှူ၍ ပျော်ပွဲရွှင်ပွဲကို (၄၉) ရက် တိုင်တိုင်ကျင်းပ၍ ဘုရားပွဲကျင်းပပေးခဲ့သည်။

ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ ထူးဆန်းသောအိပ်မက်ကို ပြန်လည်စဉ်းစားနေပါတော့သည်။ ဪ - ငါတို့က ရှမ်းမျိုးတွေပဲ။ စော်ဘွားမျိုးနွယ်တွေပဲ။ ဒါကြောင့် ညီအစ်ကို (၃) ယောက်ပေါင်းမှ ဘုရားပြင်လို့ရမည်ဆိုတာ သိလိုက်ရသည်။

ကျွန်ုပ်တို့ညီအစ်ကို (၃) ယောက်ပေါင်းဆုံမိသောအခါ ဘုရားတည်ခြင်းအမှုကို ဆောင်ရွက်ကြသည်။ ဘုရားပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်သည်။ ပတ်ဝန်းကျင်ကို မြေကြီးတူးဖော်လိုက်သောအခါ ဌာပနာပစ္စည်းများ အများအပြားရလေသည်။

"ဘိုးတော်အောင်ဝင်း၊ ဌာပနာပစ္စည်းတွေထဲမှာ စိန်ဘုရား၊ မြဘုရား၊ ရွှေဘုရားတွေရှိလိမ့်ဦးမယ် ရှာပါဦး"

ဘုရားကျောက်ဆင်းတု (၄) ဆူ၊ သတ္တုဌာနပစ္စည်းများ၊ ကြေးဆင်းတုများ၊ ရတနာပစ္စည်းနှင့် စိန်ဘုရား (၁) ဆူကို တူးဖော်တွေ့ရှိပါသည်။ မြို့နယ်သံဃာနာယကဆရာတော်များကို ပင့်ဖိတ်၍ ဌာပနာပစ္စည်းများကိုပြသသည်။ ဘုရားပြန်လည် တည်ခွင့်တောင်းခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတည်ခြင်း

လားရှိုးမြို့ မြို့နယ်သံဃာ့နာယကဆရာတော်များ ကြွချီလာသည်။ ဘုရားအဟောင်းကြီး တူးဖော်ပြီးစီးမှု၊ တူးဖော်ရာမှတွေ့ရှိသော ရှေးဟောင်းရုပ်ပွားတော်များ၊ ဌာပနာပစ္စည်းများကို ကြည့်ရှုလေသည်။

အောက်ခြေ လေးထောင့်ခုံတုံး တူးဖော်ရာ (၁၂)ပေပတ်လည်ရှိကြောင်း ထောမပစ္စယံသာကျန်ရှိပြီး ဒုတိယပစ္စယံနှင့် အပေါ်ပိုင်းတစ်ခုလုံး မြေခသွားပုံများကို ကြည့်ရှုကြလေသည်။

"ဒကာကြီးတို့၊ ဒါဘုရားပျက်ပဲ။ ဘုရားပျက်ကို ပြန်လည်ပြုပြင်ဖို့ ခွင့်ပြုတယ်။ ရဲရဲတင်းတင်းသာ ဘုရားပြန်တည်တည်ကြပေတော့"

ဟု ခွင့်ပြုချက်ပေးတော်မူလေသည်။ ဘုရားတည်နေသည်ဟူသော သတင်းသည် လားရှိုးမြို့သို့ ပျံ့နှံ့သွားလေသည်။ ဌာပနာပစ္စည်းများထဲသို့ စိန်ဘုရား (၁) ဆူ ပါလာလေသည်။ စိန်ဘုရားသတင်းကြောင့် လူတိုင်းလာရောက် ဖူးမြော်ကြလေသည်။ အလှူငွေလည်း အတော်ရလေသည်။

ထူးဆန်းမှုတစ်ခု ဖြစ်ပေါ်ပါသည်။ လားရှိုးမြို့ ရေကြီးခြင်း ဖြစ်သည်။ ဟူးနမ်ချောင်းကလည်း ဆည်ရေကျော်ပြီး လယ်ကွင်းထဲသို့ ရေများ ဒလဟောကျလာပြီး အင်းကြီးလိုဖြစ်သွားသည်။ ချောင်းတောင်ထဲမှ သဲများသည် ဘုရားတည်မည့်ဘေးမှ မြောင်းထဲတွင် စုပုံနေလေသည်။ အဆောက်အအုံဆောက်လုပ်သူများထံသို့ သဲတိုက်ရောင်းစားလေသည်။ သဲရောင်းသူတို့က ဘုရားတည်မည့်တောင်ကုန်းဘေးမှ တိုက်ရသဖြင့် သဲလှူကြလေသည်။ သဲလိုသလောက်လျှောင်းသဖြင့် သဲမဝယ်ရတော့ပါ။

အုတ်ဖုတ်ရောင်းသောသူတို့ကလည်း သဲပေါ်သောချောင်းဘေးတွင် အုတ်ထုတ်လုပ်ကြသည်။ ထွက်သောအုတ်တို့ကို လားရှိုးမြို့သို့ တိုက်ရောင်းသောအခါ အုတ်ကို ဘုရားတည်ဖို့ လှူကြပြန်သည်။ အလှူငွေကလည်း ရပြီ၊ သဲနှင့် အုတ်ကလည်း ရောက်ပြီ။ ဘုရားတည်ဖို့စတင်ရလေတော့သည်။

"ဘိုးတော်အောင်ဝင်း၊ ကျုပ်တို့ ဘုရားတည်ရအောင်"

"အေး - ဟုတ်ပြီ၊ ဘာပုံစံနဲ့တည်မှာလဲ။ ဘယ်မှာလဲပုံစံ"

"ဘုရားပုံစံကို ကျွန်တော်တောင်းပေးမယ်"

"ခင်ဗျားအဘကိုတောင်းပေးဗျာ"

"ညကျရင် အဘအောင်မင်းခေါင်ကို လျှောက်မယ်"

ည ကျွန်ုပ်တို့ဓာတ်ခန်းတွင် အမွှေးတိုင်များထွန်းသည်။ ပွဲများကို ပြင်ဆင်ထားသည်။ အဘအောင်မင်းခေါင်ကို လျှောက်ထားကြသည်။ ထူးဆန်းသည်မှာ ဆေးပြင်းလိပ်အနံ့ရခြင်း ဖြစ်သည်။

"ဆရာအဏ္ဏဝါလှိုင်း"

"ခင်ဗျားအဘ ရောက်နေပါပြီဗျာ။ ဆေးပြင်းလိပ်အနံ့ရတယ်။ ဘုရားတည်ဖို့ကိစ္စလျှောက်ပေးပါ"

"ဟုတ်ပါပြီ၊ အဘကို ကန်တော့ပါတယ်။ အဘကြွလာတာလည်းသားတို့သိပါတယ်။ သားတို့ဘုရားတည်ဖို့ကိစ္စအခက်အခဲဖြစ်နေပါတယ်။ ပုံစံတစ်ခုလောက်ချပေးပါခင်ဗျာ"

"ဆရာအဏ္ဏဝါလှိုင်း၊ အဘကဘာပြန်ပြောလဲ"

"ဘာပြောတာလဲမသိဘူး။ ငါတော့မကြားရဘူး။ လျှောက်တော့လျှောက်လိုက်တာပဲ"

"အေးကွာ၊ အချိန်စောင့်ရမှာပေါ့"

ကျွန်ုပ်တို့နှစ်ယောက် မာန်ဆူဘုရားတွင် အဓိဋ္ဌာန်ဝင်ကြသည်။ (၇) ရက်အဓိဋ္ဌာန်ပုတီးစိပ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့(၂)ယောက် ဓိဋ္ဌာန်ပြည့်သောနေ့ ပုတီးစိပ်ပြီး ပြန်အထတွင် ကျွန်ုပ်တို့ (၂) ယောက်ရှေ့တွင် သစ်သားဖြင့် ပွတ်ထိုးနေသော (၁) လက်မခန့်ဉာဏ်တော်ရှိ စေတီတစ်ဆူကို တွေ့ရသည်။ စေတီရှေ့တွင် သစ်သားဖြင့်ထုထားသော ခြင်္သေ့ရုပ် (၂) ခုကိုလည်း တွေ့ရသည်။

"ဆရာအဏ္ဏဝါလှိုင်း၊ ဒီမှာကြည့်ပါဦး။ စေတီ (၁) ဆူနဲ့ ခြင်္သေ့ (၂) ကောင်"

(၁) ပေခန့်ရှိသော သစ်သားပွတ်ထိုးစေတီ (၁) ဆူနှင့် ခြင်္သေ့ရုပ်ကို ကျွန်ုပ်အား ပြလေသည်။

"အေး - ဟုတ်ပြီ၊ ခင်ဗျားပုံစံနမူနာလိုချင်တယ်ဆို ခုချပေးပြီ"

"ဟုတ်ပြီ ဟုတ်ပြီ၊ အဘအောင်မင်းခေါင်က ခင်ဗျားနဲ့အဆက်အသွယ်ရှိတယ်ဆိုတာ ယုံပါပြီဗျာ"

"ဒီနမူနာပုံစံဟာ သဘော်ဘဆေးအဖြူသုတ်ထားတာ။ တကယ်ကြည်ညိုစရာပါပဲ"

ဤသို့ဖြင့် ဘုရားတည်ရန် ပန်းရန်ငှားသည်။ ဘုရားတည်ဖူးသော ပန်းရန်ဖြစ်သဖြင့် များစွာအထောက်အကူရပါသည်။ ထိုအချိန်က နိုင်ငံတော်ကလည်း ကိုးကန့်ဒေသတွင် ငြိမ်းချမ်းရေးလုပ်ပြီး ချင်းရွှေဟော်မြို့တွင် မြို့ဦးစေတီတည်ပါသည်။ ကျွန်ုပ်တို့ဌာနအကြီးအကဲလည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရသည်။ ချင်းရွှေဟော်မြို့ သစ်တည်ခြင်း၊ မြို့ဦးစေတီတည်ခြင်းတွင် ပါဝင်ဆောင်ရွက်ရသည်။ ပန္နက်တင်မင်္ဂလာ၊ အုတ်မြစ်ချမင်္ဂလာ၊ မြေနုတ်မင်္ဂလာ၊ ဌာနနာသွင်းမင်္ဂလာ၊ ရွှေထီးတော်တင်မင်္ဂလာတို့သည် ကျွန်ုပ်တို့ မတွေ့ဘူး၊ မမြင်ဘူး၊ မကြုံဘူးသော အတွေ့အကြုံများ၊ သင်ခန်းစာရလေသည်။ ထိုသင်ခန်းစာများကြောင့် ကျွန်ုပ်တို့ လားရှိုးမြို့ဘုရားတွင် များစွာအထောက်အကူရလေသည်။ အဘက ဘုရားမတည်တတ်သောတပည့်များကို နမူနာလမ်းပြခြင်း ဖြစ်၏။ မြို့လူထု၏ လှူဒါန်းမှု၊ ဌာနဆိုင်ရာ၏ လှူဒါန်းမှုတို့ကြောင့် ဘုရားတည်ရေးကိစ္စမှာ များစွာလွယ်ကူသွားလေသည်။ (၁) လအတွင်း ဘုရားတည်ခြင်းကိစ္စ ပြီးစီးသွားလေသည်။

ထူးထူးခြားခြား ပန္နက်တင်မင်္ဂလာပြုလုပ်ချိန်တွင် ဖြစ်သည်။ ဘုရားပန္နက်ရိုက်ရန် အဘအောင်မင်းခေါင်ကို ပင့်ဖိတ်သည်။ အဘကြွလာသည်။ ဘိုးတော် အောင်ဝင်းသည် ကျွန်တော့်အား များစွာယုံကြည်သည်။ ကျွန်ုပ်ပြောသမျှ သေသေချာချာ မှတ်သား၍ ဂရုတစိုက် လိုက်လုပ်လေသည်။ အဘအောင်မင်းခေါင်က ကျွန်တော့်အား ဝင်ပူး၍ ပြောဆိုခြင်း ဖြစ်သည်။

"ဟော့ကောင် ပန္နက်ရိုက်မယ်။ ငါပြောတာ ကြားလား"

"ဟုတ်ကဲ့ အဘ"

"အလင်းတိုင်မီးမငြိမ်းစေနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

"မလိုလားအပ်တဲ့ မကောင်းဆိုးဝါးတွေ ဒီပန္နက်ထဲ မဝင်စေရ။ ငါ ဆန်မန်းပေးမယ်။ ဆန် နို့ဆီ (၁) ဘူးပေး"

"ဟုတ်ကဲ့၊ ဒီမှာပါအဘ"

ဘိုးတော်အောင်ဝင်း အဘကို ရှိသေ၏။ ကြောက်ရွံ့၏။ အဘအမိန့်ကို လုံးဝမလွန်ဆန်ဝံ့ပါ။

"ငါ့ကိုကြိမ်တစ်ချောင်းပေး"

ဘိုးတော်အောင်ဝင်း မျက်လုံးပြူးသွား၏။ ကြိမ်ကို ကြိုတင်ဆောင်မထားပါ။ ကြိမ်နှင့်တူတာ ဘာမှမရှိ။ ဘာမှပေးစရာမရှိ။ ဘုရားပျက်ချာလည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းဖူးပင်တွေ၊ အရိုးရင့်ရင့်အပင်ခြောက်တွေသာရှိသည်။

"အဘ၊ သားတို့ပေးစရာမရှိဘူး"

"ဟာ - ဒီကောင်၊ နာတော့မှာပဲ"

ကျွန်ုပ်သည် အဘအောင်မင်းခေါင်ဝင်စီးပြီး ဘိုးတော်အောင်ဝင်းကို ဝေါက်နေလေသည်။ ဘိုးတော်အောင်ဝင်းမှာ ဘာမှမလုပ်တတ်ပါ။ ပတ်ဝန်းကျင်အမြင်မှာတော့ အဏ္ဏဝါလှိုင်းနှင့် အောင်ဝင်းတို့ ဘုရားပန္နက်ရိုက်နေခြင်းဖြစ်သည်။

အဘအောင်မင်းခေါင်သည် သူတောင်းသော ကြိမ်တုတ်ကို မပေးသဖြင့် နီးစပ်ရာပြောင်းဖူးပင်ကို ဆွဲနုတ်လိုက်သည်။ မြေကြီးတွေပါလာသည်။ မြေကြီးတွေကို ခါချလိုက်သောအခါ အရင်းကျကျ အဆစ်ညီညီ ထီးကောက်လေးလို ကြိမ်တုတ်အရင်းလေး ဖြစ်သွား၏။ ပြောင်းဖူးပင်အရွက်များကို အဖျားမှတစ်ဖက်ကိုင်ပြီး ကျန်တစ်ဖက်က အရင်းဖက်ကိုသပ်ချလိုက်သောအခါ ပြောင်းဖူးရိုးဘဝမှ ကြိမ်တုတ်ဘဝသို့ ချက်ချင်းပြောင်းသွားလေတော့သည်။

လိုချင်သောအရှည်ကို ညာဘက်လက်ဖြင့် ဓားခုတ်သလို လေထဲတွင် ဖြတ်ချလိုက်သောအခါ တိခနဲပြတ်ကျသွားလေသည်။ ပြောင်းဖူးရိုးအခြောက်မှာ သာမန်ဓားဖြင့်ခုတ်ပါက မပြတ်ပါ။ အမျှင်ကြီးပြီး ပျဉ်းတွဲတွဲကြီးဖြစ်၏။ အရိုးမှာ ခေါင်းပွ၍ အလွယ်တကူကျိုးကြေနိုင်သည်။

အခု အဘလက်ထဲမှာ ပြောင်းဖူးရိုးမှာ ကြိမ်ဘဝသို့ချက်ချင်းပြောင်းသွားလေတော့သည်။ ၎င်းကြိမ်တုတ်ဖြင့် ပန္နက်ရိုက်ပြီး အဘပြန်ကြွသွားလေသည်။ ဘိုးတော်အောင်ဝင်း မျက်လုံးပြူးပြီး ကျွန်ုပ်အား ကြည့်နေလေသည်။ ကျွန်ုပ်လက်ထဲမှ ကြိတ်တုတ်ကြီးကို ကြည့်ပြီး အံ့သြနေလေသည်။

"ဆရာအဏ္ဏဝါလှိုင်း၊ ခင်ဗျား အဘ တကယ်ကြွလာတာဗျ။ ခုပြောင်းဖူးရိုးက ကြိမ်တုတ်ဖြစ်သွားတာ၊ ခင်ဗျားလက်ထဲက တုတ်ကိုကြည့်ပါဦး"

ကျွန်ုပ်လက်ထဲမှ ပြောင်းဖူးရိုးချောင်းကြီးသည် အဘ၏အစွမ်းကြောင့် ကြိမ်တုတ် ဖြစ်သွားလေတော့သည်။ အဆစ်တွေပါသည်။ အရင်းက ထီးချိတ်လေးလည်းပါသည်။ အဆစ်တွေကလည်း စိပ်စိပ်နဲ့။ ကြိမ်ချောင်းနှင့် တစ်ပုံစံတည်းဖြစ်နေသည်။ ပြောင်းဖူးရိုးမှာ အခေါင်းပွဖြစ်၍ အရိုက်မခံပါ။ ယခုတုတ်မှာ လူရိုက်လို့ရသည်။ မကျိုးပါ။

"အေးဗျ - ဟုတ်တယ်။ ကြိမ်နဲ့ တစ်ပုံစံတည်းဖြစ်တယ်။ ဒါကို ပြောင်းဖူးရိုးလို့ပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး"

"ဆရာလှိုင်း၊ ဒီဆေးကြိမ်လုံးဟာ အဘကပေးခဲ့တာ။ အစွမ်းထက်မယ့်သဘောရှိတယ်။ ကျွန်တော့်ကို ပေးဗျာ။ ဒါလေးတော့ ကျွန်တော့်ပေးပါ"

ဘိုးတော်အောင်ဝင်း ခခယယ ကြိမ်လုံးကို တောင်းနေလေသည်။ သူ့မျက်စိအောက်မှာတင် ပုံစံပြောင်းသွားသော ဒီကြိမ်ချောင်းကို သူယုံယုံကြည်ကြည်ဆောင်ထားချင်သည်။

"ခင်ဗျား သာသနာပြုနေတာ ညီအစ်ကိုတွေပဲ ကျွန်တော်ပေးပါ့မယ်။ ယူပါ"

ကျွန်ုပ်သည် လက်ထဲမှ ပန္နက်ရိုက်သောကြိမ်ချောင်းကို ဘိုးတော်အောင်ဝင်းအား ပေးလိုက်လေသည်။ အဘပေးခဲ့သော ကြိမ်ချောင်းဖြင့် ဘိုးတော်အောင်ဝင်းတစ်ယောက် ဉာဏ်ရှိသလို အသုံးချလေတော့သည်။

ဘုရားတည်ပြီး၍ ကျွန်တော်တို့ ညီအစ်ကို (၃) ယောက် ဘုရားထီးတင်ပွဲကျင်းပသည်။ ဘုရားပွဲ (၃) ရက်လုပ်ပေးသည်။ ကျွန်တော်တို့ရည်ရွယ်ချက် အောင်မြင် အထမြောက်လေသည်။

**ဘုရားတည်ပြီး အဘအောင်မင်းခေါင်မှ ချီးမြှင့်ခြင်း**

ကျွန်ုပ်တို့သည် ဘုရားတည်ပြီး၍ စိတ်ချမ်းသာမှုအပြည့်ဖြင့် ပီတိဖြစ်နေလေသည်။ ကျွန်ုပ်တို့၏ အကြီးအကဲလည်း ရန်ကုန်ပြောင်းရမည်။ ကျွန်ုပ်လည်း မိတ္ထီလာပြောင်းရမည်။ ဘိုးတော်အောင်ဝင်းက လှိုင်ကော်ပြောင်းရမည်။ မပြောင်းမီ ညတစ်ညတွင် ကျွန်ုပ်တို့ ဓာတ်ခန်းထဲတွင် အဘကိုပင့်ဖိတ်သည်။ အဘကြွရောက်လာသောအခါ ကျွန်ုပ်က ကလေးဆိုးကြီးလို တောင်းဆိုလေသည်။

"အဘ အောင်မင်းခေါင်၊ သားတို့ညီအစ်ကို အဘခိုင်းတဲ့အတိုင်း ဘုရားတည်ပြီးပြီ။ သားတို့တာဝန်ကျေပြီ။ အခုသားကလည်း မိတ္ထီလာပြောင်းရမယ်။ မိတ္ထီလာမှာ အိမ်ထောင်ပြုမယ်။ သားတို့အိမ်ကဘုရားကျောင်းဆောင်မှာ ဘုရားကိုးကွယ်ချင်တယ်။ လူတွေထုတဲ့ဘုရားကို သားမကိုးကွယ်ချင်ဘူး။ ကျောက်ဆင်းတုလည်း မကိုးကွယ်ချင်ဘူး။ အဘကိုယ်တိုင်ပေးတဲ့ ဝိဇ္ဇာပေးတဲ့ ဘုရားကိုသာ ကိုးကွယ်ချင်တယ်။ သားကိုပေးပါ"

နာမ်လောကမှ အဘနှင့် ကျွန်ုပ်စကားပြော၏။ တောင်းဆိုတာလည်း ကလေးလိုတောင်းဆိုလိုက်၏။ အဘက ဘာမှမပြော။ ပြောတော့လည်း ကျွန်ုပ်က မကြားပါ။

ထိုညအိပ်ရာဝင်သောအခါ အဘက ကျွန်တော့်အားလာခေါ်၏။

"သားရေ ငါ့နောက်လိုက်ခဲ့။ ငါပြစရာရှိတယ်"

ဟု ပြော၏။

ကျွန်တော်လည်း အဘနောက်က လိုက်သွား၏။ ဇရပ်တစ်ခုရောက်သောအခါ ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်လိုက်၏။ ကျွန်တော်လည်း အဘကို လက်အုပ်ချီ၍ အဘညွှန်ကြားသမျှ နားထောင်နေ၏။ အဘလုပ်တာကိုင်တာကို စောင့်ကြည့်နေသည်။

အဘသည် ပါးစပ်ဟ၍ ပါးစပ်ထဲမှ မည်းမည်းရော်ဘာလုံးကြီးကို ထွေးအန်နေ၏။ ရော်ဘာလုံးကြီးသည် ပါးစပ်အပြင်ရောက်သောအခါ ငါးတစ်ကောင်ဖြစ်နေ၏။ နောက် ပါးစပ်ဟ အန်ပြန်သည်။ မည်းမည်းရော်ဘာလုံးကြီးကို ထွေးအန်နေပြန်သည်။ ပါးစပ်အပြင်ရောက်သောအခါ ငါးရုပ်ကြီးဖြစ်သွား၏။ ငါးနှစ်ကောင်ကို ပေါင်းစပ်လိုက်သောအခါ ငါးခံဘုရားပလ္လင် ဖြစ်သွားလေသည်။ နောက် အဘကပါးစပ်ထဲက အန်ထုတ်ပြန်သည်။ ဒီတစ်ခါ ရော်ဘာလုံးကြီးသည် ပါးစပ်ထဲမှ ထွက်လာသောအခါ ဘုရားတစ်ဆူဖြစ်သွားလေသည်။ ငါးခံဘုရားပလ္လင်ပေါ်တွင် တင်လိုက်သောအခါ အလွန်ကြည်ညိုစရာကောင်းသော ဘုရားတစ်ဆူကို ဖူးမြော်လိုက်ရလေသည်။ ကျွန်တော်သည် အိပ်မက်ထဲတွင်ပင် ဘုရားကို ကြည်ညိုပြီး အဘထံမှတောင်းယူလေတော့သည်။

"ဒီဘုရားက သားလေးအတွက် မဟုတ်ဘူး။ မင်းအစ်ကိုလတ်ကို ပေးလိုက်"

"ဟုတ်ကဲ့အဘ"

အဘသည် ရင်ထဲအသည်းထဲမှ ဖြစ်ပေါ်လာသော ရတနာကို ထုတ်ပေးခြင်း ဖြစ်ပါသည်။

"အဘ သားအတွက်ကော"

"ဒီတစ်ခါ သားအတွက်ပဲ"

"ဟုတ်ကဲ့ အဘ"

အဘအောင်မင်းခေါင်သည် ပါး
စပ်ထဲမှ မည်းမည်းရာဘာလုံးကြီးကို



www.burmeseclassic.com

www.burmeseclassic.com

အန်ပြန်သည်။ ပါးစပ်မှအပြင်ရောက်သောအခါ ဆင် (၁) ကောင်ဖြစ်သွားသည်။ နောက်တစ်ခါ အန်သောအခါ မြင်း (၂) ကောင်ဖြစ်သွားသည်။ ထို (၂) ပေါင်းစပ်လိုက်သောအခါ ဆင်ကအလယ်တွင်ရှိပြီး မြင်း (၂) ကောင်က ဘေးကခံပြီး ဘုရားပလ္လင်ဖြစ်သွားပါတော့သည်။ နောက်တစ်ခါ ထပ်အန်သောအခါ အလွန်ကြည်ညိုဖွယ် ဘုရား (၁) ဆူ ဖြစ်သွားပါတော့သည်။

အဘက ကျွန်တော့်အား ဆင်စီးပြီး မြင်းရံသော ဘုရား (၁) ဆူကို ပေးလိုက်လေသည်။

"အဘ သားတို့ညီအစ်ကို (၃) ယောက်ရှိတယ်။ ခုဘုရားက (၂) ဆူပဲ။ အစ်ကိုအကြီးကို ဘာပေးမှာလဲ"

"သူက သာသနာကျိုးတက်ပေးဖို့ မရသေးဘူး။ လောကသာရကျိုးအဆင့်ပဲရှိသေးတယ်။ သူ့ကို ငါဒါပေးလိုက်မယ်"

အဘသည် ဘုရားကျောင်းဆောင်ဘေးမှ လေးထောင့်သံပုံးတစ်လုံးကိုယူပြီး ကျွန်တော့်အား ပေးလိုက်သည်။ ဖွင့်ကြည့်သောအခါ ကျောက်သံပတ္တမြားတွေအပြည့်ဖြစ်နေလေသည်။

မကြာမီ ကျွန်ုပ် အိပ်ရာမှနိုးသောအခါ ထူးဆန်းသောအိပ်မက်ကို မြင်ယောင်မိပါတော့သည်။ ခုပူပူနွေးနွေး ပေးခဲ့သော ဘုရား (၂) ဆူ၊ ရတနာသံပုံး (၁) ပုံးဘယ်မှာလဲ။ အိပ်မက်ထဲမှာ ထားခဲ့တော့မှာလား။ အပြင်မှာကော ရနိုင်ပါမလား စသည့်လားပေါင်းများစွာနှင့် အိပ်ရာမှနိုးထခဲ့ရပါသည်။

နံနက် ဘိုးတော်အောင်ဝင်းတွေ့သောအခါ ညက အိပ်မက်အကြောင်းကို ပြန်ပြောပြလိုက်သည်။

"ဟော့ - ဆရာအဏ္ဏဝါလှိုင်း၊ ခင်ဗျားက နာမ်လောကနဲ့ တကယ် အဆက်အသွယ်ရှိတယ်ဗျာ။ လုံးဝမမြင်ရတာနဲ့ ပြောတိုင်းဆိုတိုင်းရနေတာ အံ့သြစရာပဲ"

"ကျွန်တော်က လူပျိုဘဝက အိမ်ထောင်ကျမှာဆိုတော့ အိမ်မှာကိုးကွယ်ဖို့ ဘုရားလိုတယ်။ သူများတွေလို လူတွေထုလုပ်တဲ့ဘုရားကို မကိုးကွယ်ချင်ဘူး ဝိဇ္ဇာပေးတဲ့ဘုရားကို ကိုးကွယ်ချင်တယ်ဆိုပြီး ပူဆာတာ၊ တောင်းဆိုတာ။ ခုတောင်းဆိုတဲ့အတိုင်း အိပ်မက်မက်တယ်၊ ဖွဲ့လို့မက်တာလား။ အပြင်မှာ တကယ်ရမှာလား။ ဒါ စဉ်းစားနေတာ"

"ဆရာ အဏ္ဏဝါလှိုင်းကလည်း မယုံသလိုလို သံသယဝင်သလိုလို မလုပ်ပါနဲ့ဗျ။ အဘအောင်မင်းခေါင်က သူခိုင်းတဲ့အတိုင်းလုပ်ပေးလို့ သူမ,စမှာ အမှန်ပဲဗျ"

"ဒါဆိုရင် ခင်ဗျားကို မေးမယ်။ ခင်ဗျားအိမ်မှာ ငါးခံတဲ့ဘုရား (၁) ဆူရှိသလား"

"အေး - ရှိတယ်"

"ဘယ်ကရတာလဲ"

"မြစ်ငယ်မှာ ဘုရားတည်စဉ်က ဘုရားပေါ်ကရတာ။ ဘယ်သူထားသွားမှန်းမသိဘူး"

"အေး - အဲဒါအဘအောင်မင်းခေါင်က ဆုချီးမြှင့်တာ။ သူ့ရင်ထဲက အန်ထုတ်ပေးတာဆိုတာ ပေါ့ပေါ့ဆဆလုပ်လို့မရဘူး"

"အေးဗျာ၊ ဘာအဓိပ္ပာယ်လဲ"

"သိဒ္ဓိတွေအပြည့်ရှိတယ်။ သူ့ရင်ထဲအသည်းထဲက ရတနာ (၁) ပါးကို ထုတ်ပေးတယ်ဆိုတာ သားအရင်းတွေမို့ အန်ပေးတာပေါ့"

"ဝိဇ္ဇာကပေးတဲ့ဘုရားပဲ၊ သိဒ္ဓိရှိတာပေါ့"

"ခင်ဗျားက အပြင်မှာ ငါးခံဘုရား (၁)ဆူ တကယ်ရတယ်ဆိုရင် ကျွန်တော့်အတွက်နဲ့ ကျွန်တော်တို့အကြီးအကဲပဲ ရဖို့ ကျန်တော့တာ"

"ငါတို့အကြီးအကဲ ဆရာသမားမိန်းမက ရှမ်းမကွ။ သူက ရွှေတွေရတနာတွေစုဆောင်းတာ ဝါသနာပါတယ်။ အပြင်မှာ မရှိဟန်ဆင်းရဲဟန်ဆောင်ပေမယ့် ရတနာပစ္စည်းတွေ မိသားစုမုန့်ပုံးနဲ့ အပြည့်ရှိတယ်"

"မင်းဘယ်လိုလုပ်သိသလဲ"

"ငါ့မိန်းမက ရှမ်းဆိုတော့ သူတို့ချင်း ရင်းနှီးပြီးသိတာပေါ့ကွာ"

"အဲဒါဆိုရင် ကျွန်တော်တစ်ယောက်ပဲ ဆင်စီးပြီး မြင်းရံတဲ့ဘုရား (၁) ဆူရဖို့ကျန်တော့တာ"

"အေး အေး - မင်းက အဓိကဆိုတော့ အပြင်မှာ တကယ်ရမှာပါ"

ဘိုးတော်အောင်ဝင်းတစ်ယောက် ကျွန်ုပ်အား နှစ်သိမ့်၍ နှစ်ယောက်သား မာန်ဆူဘုရားသို့ သွားကြလေသည်။ ညနေတိုင်း မာန်ဆူဘုရားတွင် ပုတီးစိပ်ကြသည်။ မိဌာန်ဝင်သည်။ မိဌာန် (၇) ရက်ပြည့်သောနေ့တွင် ကျွန်ုပ်ထိုင်နေသော ရှေ့တည့်တည့်တွင် ဆင်စီးပြီး မြင်းရံသော ဘုရား (၁) ဆူကို ထူးထူးခြားခြား တွေ့မြင်လိုက်ရ၏။ မယုံတစ်ဝက်ယုံတစ်ဝက် မျက်စိကိုပွတ်ကြည့်သောအခါ တကယ့်ဘုရား (၁) ဆူဖြစ်နေလေတော့သည်။ အိပ်မက်ထဲတွင် အဘရင်ထဲမှ အန်ထုတ်ချပေးသောဘုရားနှင့် တစ်ပုံစံတည်း ဖြစ်နေလေသည်။ ဘုရားကို သေသေချာချာဖူးတွေ့ပြီး လက်ဖြင့် သေသေချာချာ ပင့်လိုက်သောအခါ ဘုရားရှင်၏ ပြုံးယောင်သန်းနေသော မျက်နှာတော်သည် ဖူးမဝကြည့်မဝ လွန်စွာပီတိဖြစ်ပြီး မျက်ရည်များကျလာလေတော့သည်။

အဘအောင်မင်းခေါင်၏ သားသမီးများအပေါ်ထားသော မေတ္တာတို့သည် တုနှိုင်းမရပါလား။ အဘ၏ မေတ္တာကို လေးစားမိ၊ ယုံကြည်မိ၊ ကိုးကွယ်မိပါတော့သည်။ လက်ထဲမှ ဘုရား (၁) ဆူနှင့် မျက်ရည်တွေကျနေသော ကျွန်ုပ်ကို ဘိုးတော်အောင်ဝင်းငေးကြည့်နေလေတော့သည်။

"ဆရာအဏ္ဏဝါလှိုင်း"

ကျွန်ုပ်ကို လှုပ်နှိုးနေလေသည်။ ကျွန်ုပ်က ခေါ်သံမကြား။ မျက်ရည်တွေ တွေတွေကျပြီး ရင်ထဲက ပီတိလှိုင်းတို့က လှိုက်ခနဲ လှိုက်ခနဲ ဖြစ်ပေါ်နေလေသည်။

"ဆရာအဏ္ဏဝါလှိုင်း၊ သတိထားပါ။ ခု အဘက အိပ်မက်ထဲမှာပေးသလို အပြင်မှာလည်း တကယ်ပေးတာပဲ။ ဒါ ဝမ်းသာစရာပဲ"

"ဘိုးတော်အောင်ဝင်း၊ ကျွန်တော် တောင်းတာ အဘက ခုပေးပြီဗျ။ အဘကို ကျေးဇူးတင်လွန်းလို့ အဘကို ကန်တော့ပါရစေ"

ကျွန်ုပ်သည် ဘုရားကိုရှေ့မှာချပြီး ဘုရားကိုရှိခိုးသည်။ အဘကို ကန်တော့သည်။ ပြီးနောက် အဘပေးသော ဘုရား (၁) ဆူအား ပင့်ပြီး ပြန်လာခဲ့ကြပါတော့သည်။

လောကတွင် ဗုဒ္ဓဘာသာဝင်တိုင်း လူတွေထုလုပ်ဖန်တီးသော ဘုရားများကိုသာ ကိုးကွယ်ကြလေသည်။ ဝိဇ္ဇာပေးသော ဓာတ်ဘုရားကို ကျွန်ုပ်တို့ညီအစ်ကို (၂) ယောက်သာ ကိုးကွယ်ခွင့်ရကြောင်း မည်သူမျှမသိနိုင်ကြပေ။ အဘအောင်မင်းခေါင်၏ တပည့်သားသမီးများ၊ ပဋ္ဌာန်းဆက်ရှိသူများ အဘပေးသော ဆင်စီးပြီးမြင်းရံသောဓာတ်ဘုရားကို ဖူးမြော်လိုပါက ဆရာအဏ္ဏဝါလှိုင်း၏အိမ်သို့ ကြွရောက် ဖူးမြော်နိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com



(ကြောင်)

# ထုံးတောင်-အရှင်ဝမ္မပိယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း - ၉

အနှစ်ပလား၊ အကာကိုချစ်

အရှင်ဝိဝေက ရဟန်းဘောင်မတက်မီက ရန်ကုန်မြို့လယ် ဆေးရုံကြီးတစ်ရုံ၏ နောက်ကျောဘက် ဝန်ထမ်းအိမ်ရာတစ်ခုတွင် နေခဲ့ဖူးသည်။ ထိုဆေးရုံ၏ရင်ခွဲရုံမှာ ဝန်ထမ်းအိမ်ရာနှင့် မီးရထားသံလမ်းတစ်ခု၊ ကားလမ်းမတစ်ခုသာခြား၏။ နေ့စဉ် အလုပ်သွား၊ အလုပ်ပြန်မှာ ရင်ခွဲရုံရှေ့ ကားလမ်းပေါ်မှဖြတ်ပြီးသွားရလာရ၏။ ရင်ခွဲရုံကို သံစကာကွက်များဖြင့် ကာထားသော်လည်း ကားလမ်းပေါ်မှကြည့်ပါက အတွင်းမှအခြေအနေကို အထင်းသားမြင်တွေ့ရသည်။

ရင်ခွဲရုံမှာ ကွန်ကရစ်ဘလောက်ပုံဆန်းများဖြင့် သပ်သပ်ရပ်ရပ် ပုံဖော်ထား၏။ ပန်းအလှပင်များဝန်းရံစိုက်ပျိုးထားသည့်အတွက် မသိသူများအဖို့ လှပခံ့ညားသည့် အဆောက်အအုံကြီးတစ်ခုဟု မှတ်ယူမိပေလိမ့်မည်။ အလောင်းများထားသော ရေခဲတိုက်ရှေ့မှာ သံတိုင်၊ သံပန်းများဖြင့် မိုးကာထား၏။ ဆေးရုံမှ ရင်ခွဲရုံသို့သွားရာ လမ်းတစ်လျှောက်မှာ ကွန်ကရစ်အလှကျောက်လေးများဖြင့်ပုံဖော်၍ ညီညီညာညာ စီခင်းထား၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှာလည်း ပန်းရုံလေးများစိုက်ပျိုးထားသည့်အတွက် ပန်းဥယျာဉ်တစ်ခုလို အနားယူချင်စရာပင်ကောင်းလှတော့၏။


ရင်ခွဲရုံအခန်းဝတွင် သရဏဂုံတင်ရန်အတွက် ရဟန်းတော်များ ကြွရောက်သီတင်းသုံးရန် သံဃာစင်တစ်ခု ရှိ၏။ သံဃာစင်ရှေ့မှာ အလောင်းတင်ရန်နှင့် လူပရိသတ်တစ်ရာခန့် တရားနာယူနိုင်သည့်နေရာရှိသည်။ တရားနာယူပြီးနော နေထိုင်ကြရန်အတွက်လည်း၊ ဖိုက်အာထိုင်ခုံများ စီစဉ်ပေးထားသည်။ ရင်ခွဲရုံ သို့လာသောကားများ ဝင်ရန်၊ ထွက်ရန် အတွက်လည်း၊ ကျယ်ဝန်းသောလမ်းများ ဖောက်ပေးထား၏။

ရင်ခွဲရုံရှေ့မှာ နေ့စဉ်လိုလို နေ့လယ် (၁၂) နာရီကျော်သည်နှင့် လူ အများစည်းကားပြီး ရှာမနအခမ်းအနား များ ကျင်းပလေ့ရှိသည်။ တစ်ခါတစ် တစ်နေ့တည်းမှာပင် နှစ်လောင်း၊ သုံး လောင်း သရဏဂုံတင် တရားနာကြ သည်။ ဝန်ထမ်းအိမ်ရာမှာနေသူများ အဖို့ ကြေးစည်သံ၊ ဓမ်းနည်းကြွေ ငိုယိုသံ၊ တရားဓမ္မရွတ်ဖတ်သံတို့ နေ့ လိုလိုကြားနေကြရ၏။ ဓမ္မသံဝေဂမျ တတ်သူများအဖို့ နေ့စဉ်ကုသိုလ်တိုး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း၊ ကလေး၊ လူကြီးအချို့မှာ တော့ ရင်ခွဲရုံရှေ့မှာ ပျော်ရွှင်စွာ ဆော့ ကစားနေကြသည်။

လူ့အဝေ၏ နောက်ဆုံးခရီးမှာ နေ့စဉ် နိဗ္ဗာန်ယာဉ်ပေါ် ပါသွားကြသည့် သူတွေ ရန်ကုန်မြို့ကြီးမှာ နည်းနည်း နောနောမဟုတ်ပေ။ ထိုသူအားလုံး အသွင်မိတ်သင်္ဂဟ၊ စည်းစိမ်ဥစ္စာအပြော အပြနှင့် ရာထူးဂုဏ်သိန်တွေကိုထားခဲ့ပြီး နိဗ္ဗာန်ယာဉ်ပေါ်မှာ သေသူတစ်ဦး အဖြစ် ပါသွားရ၏။ စည်ကားခမ်းနား လှသည်ဖြစ်စေ၊ အသုဘကျောပန်တွေ နှင့်ဖြစ်စေ၊ နယ်မြို့လေးတွေမှ ဆေးရုံ အတက်ရင်း ချို့ချို့တဲ့တဲ့ကွယ်လွန်ကြရှာ သောသူတွေဖြစ်စေ ရင်ခွဲရုံမှာ သရေကို တင်ပေးပြီး နိုးစပ်ရာ သုသာန်သို့ ပို့ကြရ၏။ သုသာန်ရောက်ပြီဆိုက မီးသင်္ဂြိုဟ် စက်ထဲမှာ မီးကျွမ်းဖို့နှင့် မြေကြီးထဲမှာ မြေကျွမ်းဖို့ပင် ဖြစ်သည်။ ရန်ကုန်ဆေးရုံ ကြီးတစ်ခုတည်းမှာ အပတ်စဉ်ပိုင်ရှင်မဲ့ အလောင်း(၂၀)ခန့်ကို တာဝန်ယူသင်္ဂြိုဟ် ပေးနေရသေးသည်။

လောကသဘာဝမှာ ဆင်းရဲ ချမ်းသာ၊ ဂုဏ်ရှိ ဂုဏ်မဲ့ဆန့်ကျင်ဘက် သဘောတရားတွေ ရှိနေသော်လည်း ရင်ခွဲရုံရှေ့မှာ တွေ့မြင်ရလေ့ရှိသော မျက်နှာများမှာတော့ စိတ်မချမ်းမြေ့မှုကို ခံစားနေရသောမျက်နှာများကို တွေ့ရ၏။ မာန်မာနကင်းနေသော ကရုဏာ မျက်နှာများကိုသာ တွေ့ရလေ့ရှိသည်။

ထိုသို့ ရင်ခွဲရုံရှေ့က ကိုယ်နှင့် မပတ်သက်သည့် အသုဘကျောပန်အခမ်း အနားများမှာ တရားနာအသုဘရှုကြည့် ပါက အထူးသံဝေဂရ၏။ ကိုယ်နှင့်သက် ဆိုင်သည့်ကိစ္စများမှာတော့ အားလုံး ကိုယ့်အပူနှင့်ကိုယ် အလုပ်ရှုပ်ပြီး သတိ တရားမကပ်နိုင်ပါက အပူမီးအလွန်ဟပ် တတ်၏။ ရဟန်းတော်များ ရွတ်ဆိုသော တရားဓမ္မသံတွေကပင် ဝမ်းနည်းကြေကွဲ စရာကောင်းနေ၏။ တရားနာယူပြီး သေ သူအတွက် အမျှပေးဝေရေစက်ချကာမှ အပူလုံးဆို့ပြီး အသံဆို့နစ်ပျောက်ကွယ် သွားကာ ပရိဒေဝမီးအလွန်တောက် လောင်လျက် သတိမေ့မြောသွားတတ် သော အပူမီးကြီးသူတွေကိုလည်း တွေ့ ရတတ်လေသည်။

အရှင်ဝိဝေက ရဟန်းဖြစ်ပြီး တရားအားထုတ်တော့ တောင်ပေါ်မြို့ ကြီးတစ်ခုက ရိပ်သာကြီးတစ်ခုမှာ အား ထုတ်ဖြစ်ခဲ့သည်။ ရိပ်သာက မြို့အစွန်

www.burmeseclassic.com

မှာရှိပြီး သုသာန်နှင့် ခြံစည်းရိုးတစ်ခုသာ ခြား၏။ နေ့စဉ်ရက်ဆက်အသုဘချနေတာကို အရှင်ဝိဝေက သီတင်းသုံးရာ ကျောင်းဆိပ်မှမြင်နေရသည်။

ထိုအခါကမူ အရှင်ဝိဝေကအဖို့ ခုလို သုသာန်ခုံတင်ဆောက်တည်ဖို့ ဝေးစွ၊ မသာချသည့်ကြေးစည်သံကြားရတာပင် စိတ်ထဲမှာ ကသိကအောက်ခံစားရ၏။ ညအခါမှာ သုသာန်ဘက်မှ လင်းလက်နေသည့် မီးရောင်မှိန်ပျပျလေးကိုပင် လှမ်းကြည့်ဖို့မဝံ့မရဲဖြစ်၏။ နေ့အခါမှာလည်း သုသာန်ဘက်က ပြတင်းပေါက်ကို ဘယ်တော့မှမဖွင့်ပေ။ အသုဘအလောင်းများကို ကိုယ်နှင့်မသက်ဆိုင်သလို သုသာန်သင်္ချိုင်းဆိုတာလည်း ကိုယ်နှင့်မပတ်သက်သေးဟု ယုံကြည်နေမိ၏။

တစ်နေ့တော့ မွန်းလွဲတစ်နာရီခန့်မှာ အလွန်ဘုန်းကံကြီးမားသော ဆရာတော်ကြီးတစ်ပါး၏ ဈာပနအခမ်းအနားချလာသည်။ ဆရာတော်ကြီးမှာ တပည့်ပရိသတ်ခြွေရံသင်းပင်းများစွာရှိ၍ ဘွဲ့တံဆိပ်များ ဆက်ကပ်ခံထားရသော ဆရာတော်ကြီးတစ်ပါး ဖြစ်၏။ အရှင်ဝိဝေက အတူနေရဟန်းတစ်ပါး၏ ခေါ်ဆောင်မှုကြောင့် ဆရာတော်ကြီး၏ ဈာပနကို သွားရောက် ဖူးမြော်ရန် သုသာန်သို့ လိုက်ပါလာခဲ့သည်။ သုသာန်အတွင်းမှာ တရားနာရန် ဇရပ်ကြီးတစ်ခုရှိ၏။ မီးသွေးဖြင့် အလောင်းပြာချပေးသော မီးသဂြိုဟ်ရုံရှိ၏။ အလောင်းတစ်လောင်းကို အရိုးပြာချရန်အတွက် မီးသွေးသုံး၊ လေးအိတ်ခန့်ကုန်ပြီး သုံးနာရီလောက်ကြာအောင် မီးရှို့ရသည်။ သုသာန်မှာ သရဏဂုံတင်၊ တရားနာပြီးသည်နှင့် အလောင်းကို မီးသဂြိုဟ်မည့်စက်အတွင်း ထည့်သွင်းပြီးပါက အသုဘပို့သူများ ပြန်ကြသည်။ အရိုးပြာကို ကောက်ယူပြီး အုတ်ဂူလုပ်ကြမည့် ဆွေမျိုးရင်းချာအနည်းငယ်လောက်သာ အလောင်းပြာကျသည်အထိ စောင့်ဆိုင်းနေတတ်ကြသည်။

ယခု ဈာပနအခမ်းအနားကမူ မြို့၏ အထင်ကရဆရာတော်ကြီးတစ်ပါး၏အသုဘမို့ ရဟန်းရှင်လူပရိသတ် အထူးစည်ကားများပြားနေလေသည်။ ဆရာတော်ကြီး၏ ရုပ်အလောင်းတင်သော အသုဘကားမရောက်ခင်ကပင် သုသာန်ဝင်းတစ်ခုလုံး ခြေချစရာမရှိလောက်အောင် လူတွေပြည့်နှက်နေ၏။ အချို့က သုသာန်အတွင်း၊ အပြင်မှာရှိသော သစ်ပင်ကြီးတွေပေါ်ကနေ တက်ကြည့်နေကြ၏။ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ သုသာန်အပြင်ဘက် ခပ်ဝေးဝေးမှာ သွားရပ်ထားရ၏။ ဘုန်းကြီးပျံချလာသည့် ကားတန်းကြီးတစ်လျှောက် လမ်းမများမှာလည်း လူပရိသတ်တွေ တိုးဝှေ့ကြည့်ပြီး ရှိခိုးဦးချကန်တော့ကြသည်။

ကားတန်းကြီးမှာ အလွန်ရှည်လျားပြီး သစ်လွင်တောက်ပသော နောက်ဖွင့်ကားတစ်စီးကို အလောင်းတင်ယာဉ်အဖြစ် အသုံးပြုကာ ဆရာတော်ကြီး၏ရုပ်အလောင်းနှင့် အခေါင်းကိုတင်ထား၏။ မော်တော်ကားပတ်ပတ်လည်မှာတော့ ပန်းအလှ၊ ပန်းခွေတွေ၊ ကနုတ်ပန်းတွေ၊ ပိုးလိုက်ကာတွေ၊ ပြာသာဒ်ဘုံမြင့်တွေဖြင့် နတ်ဗိမာန်တစ်ခုအလား ပြင်ဆင်ထား၏။ အသံကောင်းသော အဆိုတော်တို့၏ဓမ္မတေးသံတို့ကလည်း ပရိသတ်ကို ဘုန်းကြီးပျံပွဲကြည့်အောင် စွမ်းဆောင်နိုင်စွမ်းရှိကြပါပေသည်။ အတူတူလာသော ဦးပဥ္စင်းကတော့ -

"ဆရာတော်ကြီးက စာလည်းတတ်တယ်။ တရားဟောတရားပြဓမ္မကထိကလည်းဖြစ်လေတော့ တပည့်ဒါယကာ၊ ဒါယိကာမတွေသိပ်ပေါတာ။ လူကြီးပိုင်းကလည်း ကိုးကွယ်ကြတော့ ဒီလောက်စည်ကားတာပေါ့ကိုယ်တော်" တဲ့။

ဆရာတော်ကြီး၏ ရုပ်အလောင်းကို သုသာန်၏ကွက်လပ်တစ်နေရာမှာ မီးသဂြိုဟ်ဖို့ ပြင်ဆင်ထား၏။ အများသူငါသဂြိုဟ်သော မီးသဂြိုဟ်စက်မှာ မသဂြိုဟ်ပါ။ ရုပ်အလောင်းကိုလည်း သုသာန်ဇရပ်ပေါ်မှာမထား။ သရဏဂုံတင်တရားဟောမည့် သံဃာတော်များကလည်း သုသာန်သို့မကြွ။ ကျောင်းမှာကတည်းက သံဃာများနှင့် အပြီးအစီး သရဏဂုံတင် တရားနာ၊ အမျှဝေခဲ့ကြပြီထင်ပါ၏။ သို့မဟုတ် သီလ၊ သမာဓိနှင့်ပြည့်စုံသော ဆရာတော်ကြီးမို့ အမျှဝေစရာမလိုဟူသော အယူအဆများကြောင့်လားတော့ အရှင်ဝိဝေက မသိနိုင်ပေ။

မကြာမီ ဘုန်းကြီးပျံတင်လာသောကားက မီးသဂြိုဟ်မည့်နေရာသို့ ရောက်လာ၏။ မီးသဂြိုဟ်မည့်နေရာတွင် အုတ်ခုံတစ်ခုဆောက်လုပ်ထား၏။ အုတ်ခုံကို ရေကန်လေးလိုလုပ်ထားပြီး ထိုအပေါ်ကမှ သံလုံး၊ သံစကာများခင်းထားသည်။ အုတ်များ ထောင်စီထားသော မီးဖိုအကြီးစားပုံစံဖြစ်၏။ မီးရှို့မည့်နေရာမှာ သနပ်ခါးတုံး၊ အမွှေးနံ့သာတုံးများစွာစီ၍ထည့်ထားသည်။ ဘုန်းကံကြီးမားသော ဆရာတော်ကြီးတစ်ပါး၏ အန္တိမဈာပနပွဲကို အမွှေးနံ့သာပါသော ထင်းတုံးများဖြင့် မီးရှို့ပူဇော်ချင်ကြသည့် တပည့်ပရိသတ်အပေါင်း၏ နောက်ဆုံးပူဇော်ပွဲပေတည်း။

တပည့်ပရိသတ်များဖြင့် ဆရာတော်ကြီး၏ ရုပ်အလောင်းပါသော အခေါင်းကို ကားပေါ်မှ ထမ်းချကြ၏။ ထို့နောက် မှန်ခေါင်းကို သံစကာများစီထားသော မီးသဂြိုဟ်ခုံပေါ်သို့ မှောက်ချလိုက်ကြသည်။ ပြီးတော့မှ မှန်ခေါင်းကို ပြန်လည်မ,ယူပြီး ကားမှာ အလှဆင်ထားသော ပန်းခွေများ၊ ပန်းကုံးများဖြင့် ဆရာတော်ကြီး၏ ရုပ်အလောင်းကို ဖုံးလွှမ်းလိုက်သည်။ ထို့နောက် အားလုံးပြင်ဆင်ပြီးစီးကြောင်း ရဟန်းတစ်ပါးက အချက်ပြလိုက်သည်နှင့် မီးရှို့မည့်သူက အမွှေးနံ့သာတုံးများကို မီးတုတ်နှင့် မီးတင်၍ရှို့လိုက်တော့သည်။

ဘုန်းကြီးပျံလာကြည့်သူများမှာ မီးအပူကြောင့် အနောက်ကိုရှဲသွားကြသည်။ မီးညွန့်မီးရှိန်မီးခိုးလုံးများ ကောင်းကင်သို့တက်သွာ၏။ ပြာမှုန်ပြာမှုန့်၊ မီးသွေးများ အုတ်ခုံအောက်ခြေသို့ ကျကုန်၏။ ဆရာတော်ကြီး၏ ဘဝတစ်သက်တာမှာပြုခဲ့သော ကုသိုလ်၊ အကုသိုလ်တို့အားလျော်စွာ ကုသိုလ်ကံအရှိန်တို့ကတော့ အထက်ကိုတစ်ဆင့်ထက်တစ်ဆင့် မြင့်တက်ပေတော့မည်။ အကုသိုလ်ကံမည်း ကံညံ့တို့ကလည်း ကိုယ်လုပ်ခဲ့သော စေတနာအလျောက် အောက်သို့ ဆွဲချပေလိမ့်မည်။

ယခုတော့ မြို့၏ အထင်အရှားအကြီးကျယ်ဆုံး ကျောင်းတော်ကြီးမှ ဥစ္စာစည်းစိမ် ခြွေရံသင်းပင်းများလှစွာသော ဆရာတော်ကြီးမှာ မီးကျီးတရဲရဲ မီးခိုးတလူလူဖြင့် ဘဝနတ်ထံကြွသွားလေတော့သည်။

ပရိသတ်ကမူ ဘုန်းကြီးပျံဈာပနမို့ အသုဘရှုသံဝေဂယူကြရင်း လောဘ၊ ဒေါသ၊ မာန်မာနတရားများ အခိုက်အတန့် လျော့ပါးနေကြသည်လား မပြောတတ်ပေ။ ဝမ်းနည်းပူဆွေးစွာငိုယိုတမ်းတနေကြသူများကို မတွေ့ရ။ ဆွေမျိုးသားချင်းမရှိသော ဆရာတော်ကြီးတစ်ပါးလားမသိ။ ထူးခြားနိုးသောကြောင့် မြို့ခံဖြစ်သော ဦးပဥ္စင်းကို -



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းရွက်ဖြင့် မျက်စိအပူထုတ်နည်း

ခန္ဓာကိုယ်တွင်း အပူများလွန်း၍ လည်းကောင်း၊ ငရုတ်သီးကဲ့သို့သော အပူအစပ်လွန်ကဲသည့် အစားအစာများစားသုံးခြင်းကြောင့် လည်းကောင်း ခန္ဓာကိုယ်အထက်ပိုင်းတွင်ရှိသော မျက်လုံးသို့ အပူများပြန်တက်၍ မျက်လုံးကို များစွာ ထိခိုက်စေနိုင်ပါသည်။ အပူအစပ် လွန်ကဲစွာ စားသုံးသူများသည် သာမန်လူများထက်စောပြီး မျက်စိမှုန်ခြင်း မျက်စိကွယ်ခြင်း စသော မျက်စိဝေဒနာများကို ပိုမိုခံစားရလေ့ရှိပါသည်၊ သို့အတွက်ကြောင့် မျက်စိကို အပူမထိခိုက်စေရန် အောက်ဖော်ပြပါ နည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

၁။ မျက်နှာသစ်သည့်အခါ ဒူးဆစ်အထက်ပိုင်းမှ ရေလှိုင်လှိုင်လောင်းပြီးမှ မျက်နှာသစ်ပါ။ ခန္ဓာကိုယ်အောက်ပိုင်းသို့ ခန္ဓာကိုယ်အနှံ့အပြားမှ အပူများထွက်သွားသည့်အတွက် မျက်လုံးကို အပူထိခိုက်မှု လျော့နည်းစေပါသည်။

၂။ ငရုတ်သီးကဲ့သို့သော အပူအစပ် လွန်ကဲသည့် အစားအစာများကို လွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၃။ ကွမ်းရွက်ပျော့ပျော့အား ညအိပ်ရာဝင်ချိန်တွင် နွမ်းသွားအောင် အပူပေးပြီး လက်မပြားခန့် အပိုင်းလေးများဖြတ်၍ မျက်လုံး၏ ရှေ့နောက်ထောင့်များတွင်ကပ်၍ အိပ်ပါ။ နွမ်းသွားလျှင်စွန့်ပစ်ပြီးအသစ်ကို လဲသုံးပါ။ ထိုကွမ်းရွက်အပိုင်းလေးများသည် မျက်လုံးအတွင်းမှ အပူများကို တစစ်စစ်နှင့် စုပ်ယူဖယ်ရှားပေးပါလိမ့်မည်။

၄။ နေပူထဲမှသော် လည်းကောင်း၊ ပင်ပင်ပန်းပန်း အလုပ်လုပ်ရာ၊ ခရီးသွားရာမှလည်းကောင်း ပြန်လာခဲ့လျှင် ကွမ်းရွက်ပြုတ်ရည်ဖြစ်စေ၊ ရေနွေးပူပူလေးထဲမှ ကွမ်းရွက်ထည့်စိမ်ထားတဲ့ ကွမ်းရွက်ရေနွေးဖျောလေးပဲဖြစ်ဖြစ် သောက်ပေးပါ။ အပူကြောင့်ဖြစ်တတ်တဲ့ လည်ချောင်းနာခြင်း၊ အပူပြန်ခြင်း၊ မျက်စိအပူရိုက်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါကြောင်း ရေးသားဖော်ပြပေးလိုက်ရပါသည်။

*(ဤဆောင်းပါးဖြင့် ဆေးနည်းပြောကြားပေးခဲ့သော မွန်ပြည်နယ် ရေးမြို့နယ်၊ အစင်စံပြကျေးရွာ ဓမ္မယောသက စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းမှ အရှင်မာယိန္ဒအား ဤစာမူဖြင့် အမှတ်တရ။)*

လောကုတ်၊ လောကီ နှစ်လီ အကျိုး ပွားတိုးစည်ပင်နိုင်ကြပါစေဟု ထာဝစဉ်ဆန္ဒပြုလျက်။

မိုးစက်အဏ္ဏဝါ (ရောဝတီ)

---

"ဆရာတော်ကြီးမှာ ဆွမ်းမျိုးရင်းငှာ တပည့်သံဃာရင်းတွေ မရှိဘူးလား ကိုယ်တော်"

ဟု မေးကြည့်မိသည်။

မြို့ခံဦးပဥ္စင်းက -

"ရှိတာပေါ့ ကိုယ်တော်။ ပျံလွန်တော်မမူခင်ကတည်းက ဆွမ်းမျိုးတွေ ကျောင်းမှာ လာထိုင်စားပြီး ခြယ်လှယ်နေကြလို့ ကျောင်းက တပည့်သံဃာတွေနဲ့ သိပ်သင့်မြတ်ကြတာမဟုတ်ဘူး။ ခုတာလည်း ဆရာတော်ကြီးက အိပ်ရာထဲ လဲနေရာက ပျံလွန်တာမဟုတ်ဘူး၊ အကောင်းကြီးကနေပျံလွန်တာ"

"ဘယ်လိုဖြစ်တာလဲ"

"တရားပွဲတစ်ပွဲကနေ တရားဟောပြီးပြန်ကြွလာတာ။ ကျောင်းရောက်တော့ ပါလာတဲ့ ဓမ္မပူဇာငွေတွေကို တူမဖြစ်သူကို သိမ်းခိုင်းတယ်။ ပြီးတော့ ညီမဖြစ်သူကတိုင်လို့ ကျောင်းသားသံဃာတွေကို ဆူပူနေသေးတယ်။ ပြီးတော့ ရေချိုးမယ်ဆိုပြီး ရေချိုးခန်းထဲ ဝင်ရေချိုးရင်း ဦးနှောက်သွေးကြောပြတ်ပြီး ပျံလွန်တော်မူသွားတာလို့ ပြောနေကြတာပဲ ဘုရား။

ခုတော့ ဆရာတော်ပျံလွန်ပြီးချိန်မှာ ငွေတွေသိန်းရာချီပြီးကျန်ခဲ့တယ်။ အဲဒီငွေကိစ္စတွေ အဝေမတည့်ကြရာကနေ ဆွမ်းမျိုးအချင်းချင်းဖြစ်ကုန်ကြပြီး အသုဘပို့တောင်လိုက်မလာနိုင်ကြဘူး ထင်ပါရဲ့ ကိုယ်တော်"

ဟု ရှည်ရှည်ဝေးဝေးရှင်းပြနေသည်။

အရှင်ဝိဝေက၏စိတ်ထဲမှာတော့ တော်တော်မကောင်းဖြစ်သွား၏။ မြတ်ဗုဒ္ဓသာသနာမှာ လောဘ၊ သောကတွေငြိမ်းပြီး ထာဝရအနှစ်သာရရှိသော ချမ်းသာကိုရှာဖို့ အခွင့်အလမ်းတွေရကြပါလျက် လာဘ်လာဘ ကျော်စောတိက္ကမရှိမှုတွေအပေါ်မှာ နှစ်သက်သာယာပြီး တစ်ဘဝစာငြိမ်းကာ အမျောကြီးမျောရရှာလေပြီ။ အကာကိုချစ်နေသရွေ့တော့ အနှစ်ကိုရှာဖို့ဝေးနေဦးတော့မည်။

ယခုတော့ သေသူကသေပြီ။ ဓမ္မတေးသံတွေမှာ နတ်ပြည်ကို ကြွသွား၊ ကြွသွားဟု အမွှမ်းတင်သီဆိုနေကြလေ၏။ သည်လိုပုံစံနှင့် ပျံလွန်တော်မူသူကတော့ ဘယ်ဘဝဘယ်အခြေဆိုက်နေသည်ကို မသိရ။ ကျန်ရစ်သူတပည့်ပရိသတ်နှင့် ဆွမ်းမျိုးတစ်စုမှာတော့ သောကပရိဒေဝတွေတောက်လောင်ပြီး ကျန်ရစ်ပေါ့။ သို့သော် သူတို့တွေတောက်လောင်နေသည့်မီးကတော့ ဆရာအရှင်ဘုန်းကြီးပျံလွန်တော်မူလို့တော့ မဟုတ်တန်ရာ။ ကျန်ရစ်သည့်ဥစ္စာဓနစည်းစိမ်အဖြာဖြာတို့ကို ရလိုဇောနှင့် တောက်လောင်နေကြသည့် လောဘ၊ပရိဒေဝမီးတွေဖြစ်ပေလိမ့်မည်ဟု အရှင်ဝိဝေကတွေးတောရင်း ကျောင်းရှိရာကို ဖြည်းညင်းစွာ ပြန်လျှောက်လာခဲ့တော့သည်။

* သဗ္ဗေ သင်္ခါရ အနိစ္စာ၊
ယဒါ ပညာယ ပဿတိ၊
* အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(ဓမ္မပဒ၊ မဂ္ဂဝဂ်၊
အနိစ္စလက္ခဏာဝတ္ထု)

*ခပ်သိမ်းကုန်သော သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်။ ဤသို့အကြင်အခါ၌ ဝိပဿနာပညာဖြင့် မြင်သည်ရှိသော် သံသရာဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် စင်ကြယ်သော နိဗ္ဗာန်သွားရာလမ်းကြောင်း ဖြစ်၏၊*

*(ဆက်ရန်)*

ထုံးဘောင်-အရှင်ခေမာဘိဝံသ (ချောင်း)

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် နဝနိပါတ် ဟာရိတစဇာတ်တော်၌ ပြဟ္မဒတ်မင်းဖြစ်၍ မိမိ၏မိဖုရားနှင့် ဖောက်ပြားကျူးလွန်ခဲ့သော ဘုရားအလောင်းတော် ဟာရိတစ ရှင်ရသေ့အား အကြည်ညိုမပျက်အောင် မိမိစိတ်ကို ထိန်းချုပ်၍ထားနိုင်ခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် တောရွာကြီးတစ်ရွာ၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားသူဌေး၏ သားတစ်ယောက် ဖြစ်ခဲ့၏။ သူ၏အရေအဆင်းမှာ ရွှေရောင်ဝင်း၍နေသဖြင့် 'ဟာရိတစသတို့သား' ဟူ၍ အမည်တွင်လေသည်။

ဟာရိတစသတို့သား အရွယ်ရောက်သောအခါ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ ယောက်ျားသားတို့ တတ်မြောက်သင့်သော အတတ်ပညာကို သင်ယူ၏။ ပညာစုံတတ်မြောက်၍ ဇာတိရပ်ထံ ပြန်လာသောအခါ တတ်မြောက်လာခဲ့သော အတတ်ပညာများကို အသုံးပြု၍ စီးပွားရှာဖွေလေရာ မကြာမီမှာပင် ထင်ရှားကျော်ကြားသည့် သူဌေးကြီးတစ်ယောက် ဖြစ်လာလေသည်။

ဟာရိတစသူဌေးသည် စီးပွားဥစ္စာကို ကြိုးစားပမ်းစားရှာဖွေလုပ်ကိုင်ပါသော်လည်း အိမ်ထောင်ဖက်ကိုကား မရှာခဲ့ပါချေ။ သူဌေးလူပျိုကြီးအဖြစ်ဖြင့် အခြေမပျက်နေထိုင်ကာ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေး၍နေလာခဲ့၏။

ဤသို့နေလာကြ၍ နှစ်တွေတော်တော်ကြာလာသောအခါ မိဘနှစ်ပါးမှာ လူကြီးရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၏။ဤတွင်မှ ဟာရိတစသူဌေး အိမ်ထောင်ဖက်မရှာဘဲနေခဲ့ရခြင်းအကြောင်းရင်းကို သိလာကြရပေတော့သည်။ ကွယ်လွန်လေပြီးသော မိဘနှစ်ပါးတို့အတွက် ဈာပနကိစ္စများ စီမံခြင်း၊ ရက်လည်သပိတ်သွတ်ခြင်းကိစ္စများ ပြီးသွားသောအခါ ဟာရိတစသူဌေးသည် မိဘနှစ်ပါးတို့ ထားရစ်ခဲ့သော စည်းစိမ်ချမ်းသာရွှေငွေဥစ္စာရတနာအစုအပုံကြီးကိုကြည့်၍ သံဝေဂတရားပွားများနေမိ၏။

"ငါ့မိ၊ ငါ့ဖနှစ်ပါးတို့ဟာ ဒါလောက် များပြားတဲ့ ရတနာတွေကို စုဆောင်းနိုင်ခဲ့ကြပါပေတယ်။ ဒါပေမယ့် သူတို့သေဆုံးသွားတဲ့အခါမှာတော့ ဘာတစ်ခုမှ ယူမသွားနိုင်ကြပါကလား။ စုဆောင်းထားခဲ့လေသမျှ အကုန်လုံးပစ်ထားခဲ့ရတာပါကလား။ ဒီအပေါ်မှာ ငါ့လက်ထက်ကျမှ တိုးပွားလာတွေကလည်း အမြောက်အမြား။ ငါ့အလှည့်ကျတော့ကော ဒါတွေကိုယူသွားနိုင်ပါ့မလား။ ငါ့မိ၊ငါ့ဖများလို ရိုးရာသေနည်းနဲ့ သေရင်တော့ သူတို့လိုပဲထားခဲ့ရမှာပါ။ ဒီတော့ ငါက ငါ့နည်းနဲ့ရအောင်ယူသွားမယ်"

ဤသို့ စဉ်းစားပြီးလျှင် ရတနာတိုက်ခန်းကို ဖွင့်စေ၍ လာလာသမျှ ယောက်ျား၊ မိန်းမတို့အား သယ်နိုင်သမျှ သယ်သွားကြရန် ရက်ရက်ရောရောလှူဒါန်းလိုက်ပြီးလျှင် ဟိမဝန္တာတောကြီးသို့ဝင်၍ ရသေ့ဘဝကို ခံယူလိုက်လေသည်။

ညီတော်အာနန္ဒာ၏ပါရမီဘော်လမ်းများ

# ဝဏ္ဏသိရိ

သတိလက်လွှတ် မျက်တောင်ကျွတ်သို့





www.burmeseclassic.com

www.burmeseclassic.com



တရိုတစရှင်ရသေ့သည် ဟိမဝန္တာ
ကြီးအတွင်း၌ အလွယ်တကူ ဆွတ်
သော သစ်သီးဆွမ်းကိုသာ ဘုဉ်း
ချက် ထက်သန်လှစွာသော ယှဉ်လ
သမထကမ္မဋ္ဌာန်းများစီးဖြန်းလေရာ
မှာပင် အတိညာဉ်ငါးပါးနှင့်တကွ
တ်ရှစ်ပါးတို့ကို ရရှိ၏။ ရရှိလာ
ဈာန်သမာပတ်တို့ကို အကြိမ်ကြိမ်
ပွားများနေ၏။ လူ့ဘောင်တုန်း
ရရှိခဲ့သော စည်းစိမ်ချမ်းသာထက်
ဈာန်ချမ်းသာက အဆ
အဆတ သာလွန်၍ ချမ်းသာလှပါ
သည်။

လူသူလေးပါးအပေါက်အရောက်
သော တောကြီးထဲမှာမို့ ဈာန်သမာ
ပွားများရေးအတွက် အဆင်ပြေလှ
၏။ အနှောင့်အယှက်ကင်းလှပါ၏။
ထိုတွင် အသွေးအသားနှင့် တည်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားသော ကိုယ်ခန္ဓာကတော့ အဆင်မပြေလှပါ။ မိမိရပ်ရွာ၊ မိမိအိုးအိမ်မှာဆိုပါက စားရသမျှဟင်းလျာများထဲတွင် ဆားပါပြီးသားဖြစ်၍ ဆားအရသာကို တမင်တကာ မှီဝဲနေရန်မလိုပါ။ ကိုယ်ခန္ဓာအတွက် လိုအပ်သမျှ ဆားဓာတ်ကို ဟင်းလျာများမှနေ၍ အလုံအလောက် ရရှိနိုင်၏။ တောရပုဂ္ဂိုလ်များအတွက်မှာမူ သစ်သီးကြီးငယ်များသာ စားနေရ၍ ဆားဓာတ်ကို တမင်မှီဝဲနိုင်မှ အဆင်ပြေ၏။ကိုယ်ခန္ဓာအသွေးအသားထဲမှာ ဆားဓာတ်လျော့နည်းလာသည်နှင့်အမျှ ခြေတွေလက်တွေ မသယ်ချင်၊ မပိုးချင်၊ မလှုပ်ချင်မရှားချင်ဖြစ်လာကြ၏။

ထို့ကြောင့် ဟာရိတစရှင်ရသေ့သည် ကိုယ်ခန္ဓာကိုယ်အတွက် လိုအပ်နေသည့် အရသာရရှိနိုင်ရန် ဟိမဝန္တာတောကြီးထဲက ထွက်လာခဲ့ရပါတော့သည်။

ဟိမဝန္တာတောစပ်မှ ကျေးရွာကလေးများ၌ ဆွမ်းခံစားရင်း နားနားနေနေ ခရီးဆက်လာခဲ့သော ဟာရိတစရှင်ရသေ့သည် နောက်ဆုံးတွင် ဗာရာဏသီမြို့တော်သို့ ဆိုက်ရောက်လာပါ၏။

ထိုအချိန်၌ ညီတော်အာနန္ဒာအရှင်မြတ်ကြီးအလောင်းအလျာသည် ဗာရာဏသီမြို့တော်က ရွှေနန်းတော်၌ ဗြဟ္မဒတ်ဘွဲ့မည်ခံ မင်းတစ်ပါးဖြစ်ခဲ့၏။ ဗြဟ္မဒတ်မင်းသည် ထိုနေ့နံနက်ခင်း၌ ရွှေနန်းတော်၏ လေသာပြတင်းမှ ရွှေနန်းတော်သို့ လာရောက်ရာ လမ်းမကြီးကို လှမ်းမျှော်ကြည့်ရှုနေလေရာ စကျွန်ခြေချ၍ တည်ကြည်ငြိမ်သက်သောအသွင်အပြင်ဖြင့် ဆွမ်းခံကြွလာသည့် ဟာရိတစရသေ့ကို ဖူးမြော်လိုက်ရ၏။ ဤအရှင်မြတ်နှင့်တကွ ဘဝပေါင်းဘဝပေါင်း မြောက်မြားစွာ အတူတကွ ပါရမီဖြည့်လာခဲ့ရသော ကုသိုလ်အဟုန်ကြောင့် မြင်လျှင်မြင်ချင်း ကြည်ညိုသဒ္ဓါတရား တိုးပွားစီးလာကြရပါပေသည်။

ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် ဟာရိတစရှင်ရသေ့ကို ရွှေနန်းထက်သို့ ပင့်ဆောင်ပြီးလျှင် ထီးဖြူရှစ်လက်အုပ်မိုးထားသော ရာဇပလ္လင်ပေါ်သို့တင်၍ ပွဲတော်စာဆွမ်းခဲဖွယ်များ ဆက်ကပ်၏။ ဆွမ်းစားခြင်းကိစ္စများ ပြီးစီးသောအခါ အလောင်းတော် ရှင်ရသေ့က တရားဟော၏။ ဗြဟ္မဒတ်မင်းသည် ဟာရိတစရှင်ရသေ့ကို ဖူးမြင်ရုံနှင့်ပင် ကြည်ညိုလှ၍ ရွှေနန်းတော်သို့ပင့်လာပြီးလျှင် မိမိ၏ ရာဇပလ္လက်ထက်သို့တက်၍ မိမိ၏ ပွဲတော်စာကို ဆက်ကပ်ခဲ့၏။ ယခုတစ်ဖန် ဟောကြားသည့် တရားတော်ကို ကြားနာရပြန်၍ အတိုင်းထက်အလွန် ကြည်ညိုလာ၏။

သို့ဖြစ်၍ -

"အရှင်ဘုရား၊ အဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသလဲ"

ဟု မေးလျှောက်ရာ -

"ဒကာတော်မင်းကြီး၊ နေစရာကိုရှာနေတုန်းဖြစ်ပါတယ်"

ဟု ရှင်ရသေ့က ဖြေကြား၏။

ဗြဟ္မဒတ်မင်းကလည်း ဤသို့သော အဖြေစကားပေါ်ထွက်လာရန် လမ်းခင်းစကားလျှောက်ထားခဲ့ခြင်းဖြစ်၍ -

"ဒီလိုဆိုရင် ကောင်းပါပြီ ဘုရား။ တပည့်တော်ရဲ့ ဥယျာဉ်တော်ထဲမှာ ကျောင်းသင်္ခမ်းအမှတ်ထားပြီး သီတင်းသုံးတော်မူပါ"

ဤသို့ လျှောက်ထားပြီးလျှင် ဟာရိတစရှင်ရသေ့ကို ဥယျာဉ်တော်သို့ ပင့်ဆောင်ပြီး တစ်ပါးစာကျောင်းသင်္ခမ်း နေ့ချင်းပြီးဆောက်စေ၏။ နေ့သန့်ရာ၊ ညဉ့်သန့်ရာနေရာများကို ဖန်တီးပေး၏။ ထို့နောက် ဥယျာဉ်တော်စောင့်အမှုထမ်းမိသားစုကို ခေါ်ယူပြီးလျှင် ရှင်ရသေ့အား လိုအပ်သမျှ ပြုစုလုပ်ကျွေးရန် တာဝန်ပေးအပ်လေသည်။

နောက်နေ့မှစတင်၍ ဟာရိတစရှင်ရသေ့သည် ရွှေနန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးလာခဲ့ရာ တစ်ဆယ့်နှစ်နှစ်မျှ ကြာလာသည်တိုင်အောင် ဗြဟ္မဒတ်မင်း၏ သဒ္ဓါတရားတို့က ယုတ်လျော့မသွားကြပါပေ။ ဤသို့ဖြစ်ရခြင်းမှာ ဟာရိတစရှင်ရသေ့၏ ရုပ်ရည်ကြောင့်လည်းဖြစ်၏။ တည်ကြည်ငြိမ်သက်သော ဣန္ဒြေကြောင့်လည်းဖြစ်၏။ လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကိုပေးနိုင်စွမ်းသော တရားဒေသနာတော်များ ကြားနာရသောကြောင့်လည်း ဖြစ်၏။

တစ်နေ့သောအခါတွင် တိုင်းစွန်နယ်ဖျား၌ သူပုန်သူကန်တို့ ထကြွသောင်းကျန်းနေကြရာ သူတို့၏ အင်အားကကောင်းလှသဖြင့် ဗြဟ္မဒတ်မင်းကိုယ်တိုင် စစ်ကြီးချီ၍ တိုက်ခိုက်နှိမ်နင်းရတော့မည့်အခြေအနေသို့ဆိုက်ရောက်လာ၏။

ဤတွင် ဗြဟ္မဒတ်မင်းက မိဖုရားကို ရှေ့တော်သို့ခေါ်ယူ၍ -

"ရှင်မ၊ ဟာရိတစရှင်ရသေ့ဟာ ငါတို့ရဲ့ကုသိုလ်ကောင်းမှုဆိုတဲ့ မျိုးစေ့တွေ၊ ကောက်ပင်တွေကို စိုက်ပျိုးရာ လယ်မြေကောင်းတစ်ကွက် ဖြစ်တယ်။ ဒီတော့ မောင်ဘုရားရှိတုန်းကနဲ့မခြားဘဲ ရှင်မက တာဝန်ယူပြီး ပြုစုလုပ်ကျွေးပါ။ မမေ့မလျော့ဂရုစိုက်ပါ"

ဟု အလေးအနက် မှာကြား၏။

ဤသို့ဖြင့် ဗြဟ္မဒတ်မင်း စစ်တပ်ကြီးများကိုဦးဆောင်၍ထွက်သွားရာတွင် ရှင်ရသေ့အတွက် မိဖုရားက ဂရုတစိုက်ဆောင်ရွက်ရ၏။ရှင်ရသေ့အတွက် ဆွမ်းနှင့်တကွ ဟင်းလျာများမထပ်ရအောင် စားချင့်စဖွယ်ဖြစ်အောင် စားဖိုမှူးများကို အနီးကပ် ညွှန်ကြားပေးနေရ၏။

ထိုနေ့တွင်မူ ဟာရိတစရှင်ရသေ့သည် ခါတိုင်းလာနေကျအချိန်ထက် နောက်ကျနေ၏။ မိဖုရားသည် ရလာသမျှ ထိုအချိန်ကလေးကို လက်လွှတ်မခံဘဲ ရေချိုး၍နံ့သာများလိမ်း၏။ နံ့သာများခြောက်သွားသောအခါ ပါးလွှာ၍ နူးညံ့ပျော့ပျောင်းလှစွာသောအဝတ်တို့ကို ဝတ်ဆင်ပြီးလျှင် ရှင်ရသေ့ လာနေကျ လေသာပြတင်းအနီးရှိ ညောင်စောင်းငယ်တွင် ထိုင်၍စောင့်၏။ တစ်ခဏလောက်စောင့်နေ၍ မလာသေးသောအခါ ညောင်စောင်းငယ်ပေါ်၌ လှဲ၍မှေးမှိတ်လိုက်လေသည်။

ထိုခဏမှာပင် ဟာရိတစရှင်ရသေ့ကလည်း ကောင်းကင်ခရီးမှ ကြွလာ၏။ ဝင်နေကျလမ်းကြောင်းဖြစ်နေ၍ ခါတိုင်းလိုပင် လေသာပြတင်းပေါက်မှ ဝင်လာခဲ့၏။ မိဖုရားသည် ရှင်ရသေ့ဝတ်ရုံထားသော လျှော်တေသက်န်းကြီးများသို့ လေတိုးသည့်အသံကြားရကာမှ လှဲလျောင်းနေရာက ရုတ်တရက်ထလိုက်ရာ ကိုယ်ပေါ်မှာကပိုကရိုဝတ်ဆင်ထားသည့် အဝတ်ပါးကလေးများ လျှောကျသွားပါတော့သည်။

မိဖုရား၏ မိမွေးတိုင်းဖမွေးတိုင်း ရုပ်သွင်ကို ရှုမြင်လိုက်ရသည့် တစ်ခဏတွင် ရှင်ရသေ့၏ရင်ထဲ၌ ဒိန်းခနဲမြည်သွားသကဲ့သို့ဖြစ်၏။ တစ်သက်တာလုံး စောင့်ထိန်းလာခဲ့သောသီလနှင့် တစ်လျှောက်လုံး ပွားများလာခဲ့သော ဘာဝနာတို့ကြောင့် ဤကဲ့သို့သော မာတုဂါမတို့၏ ဝိသဘာဂအာရုံသည် မိမိတို့လို ရသေ့ရဟန်းများနှင့် လားလားမှမဆက်စပ်ပါကလားဟူသော အသိကလေးတစ်ချက်ဝင်လာ၏။ သို့ရာတွင် ရှေ့တူရူ၌ တွေ့နေရသောအာရုံ၏ ဆွဲဆောင်မှုက ထိုသတိထက် အဆများစွာ သာလွန်၍

www.burmeseclassic.com

အားကောင်းနေ၏။ လူသူလေးပါးဆိတ်သုဉ်းရာခန်းဆောင်ထဲ၌ မိမိနှင့် မိဖုရားမောင်းသားတို့ချည်းသာ ရှိနေခြင်းကလည်း ဝိသဘာဂအာရုံကို အထောက်အကူပြုနေ၏။

ထို့ကြောင့် ဟရိတစရှင်ရသေ့၏ မျက်နှာသည် ထိုအာရုံမှလွှဲဖယ်ရန် အတန်တန်ကြိုးစားပါလျက် မလှုပ်မယှက်ရှိနေဘိ၏။ မျက်နှာလွှဲမရသော်ရှိစေ မျက်စိများမှိတ်ထားလိုက်လျှင် ပြီးပါလား။ဤကိစ္စကိုလည်း ထမြောက်အောင် မစွမ်းဆောင်နိုင်ပါချေ။

လေသာပြတင်းမှ လေညင်းသုန်သုန်တိုက်ခတ်နေစဉ်တွင် မိဖုရားကလည်း အသက်မဲ့သော ပန်းပုရုပ်လုံးအသွင်၊ အရှင်ရသေ့၏ မျက်လုံးအစုံတို့ကလည်း မခွဲနိုင်မခွာရက်။ ဘယ်သူ့ဆီကမှ ဘာစကားသံမှမထွက်။ သို့သော် နှစ်စုံသော မျက်လုံးများကတော့ အတုံ့အလှယ်စကားဆို၍နေကြပါပြီ။

သို့ဖြင့် ဟရိတစရှင်ရသေ့သည် ပွေ့ပိုက်လာခဲ့သောမြေသပိတ်ကို အမြင့်တစ်နေရာ၌ တင်ထားလိုက်ပြီးလျှင် မိဖုရား၏လက်ကိုဆွဲကိုင်၍ ဆုပ်နယ်လိုက်လေရာ အဆုပ်အနယ်ခံရသော လက်ကလည်း ရှင်ရသေ့လက်ထဲသို့ အလိုက်သင့်ပါလာပါတော့သည်။

နောက်နေ့များ၌ ဟရိတစရသေ့သည် မိဖုရားနန်းဆောင်သို့ အချိန်မှန်မှန်ကြွရောက်၍ ဆွမ်းဘောဇဉ်နှင့်အတူ ခံစားဖွယ်အာရုံမှန်သမျှတို့ကို အပြည့်အဝခံစား၏။ သို့ရာတွင် ယခင်နေ့မှာလို ကောင်းကင်ခရီးမှ မလာနိုင်တော့သဖြင့် မိဖုရားနန်းဆောင်သို့ ခြေကျင်တက်လာခဲ့ရပေသည်။

သက်ဦးဆံပိုင် ရှင်ရသေ့တစ်ပါး၏ မိဖုရားဖြစ်နေ၍ နန်းဆောင်အမှုထမ်းများသည် ဤကိစ္စအတွက် မည်သို့မျှမဟာရဲကြပါ။ အခြားတစ်ဖက်ကလည်း မလွှဲသာမရှောင်သာ ထမ်းဆောင်ရမည့်တာဝန်ကရှိနေသေးသဖြင့် ဤနန်းဆောင်ကသတင်းကို နယ်ခြားကစစ်မြေပြင်သို့ သတင်းပို့ကြရပါတော့သည်။

ဗြဟ္မဒတ်မင်းကမူ ရှင်ရသေ့ကို ကြည်ညို လေးစားသော သဒ္ဓါတရားအားကြီးလှသဖြင့် ထိုသတင်းစကားကို မယုံနိုင်ပေ။ စစ်ထွက်ရာမှ ပြန်လာပြီးနောက် မိဖုရား၏ ဝန်ခံစကားကို ကြားရသည်အထိ လက်မခံနိုင်သေးပါ။ မိမိက ရှင်ရသေ့ကို ကြည်ညိုလေးစားနေသည်ကို မနာလိုကြ၍သာ လုပ်ကြံစွပ်စွဲနေကြသည်ဟု ယူဆ၏။

ထို့ကြောင့် ထိုသတင်းစကား၏ အမှား၊ အမှန်ကို ဧကန်သိဖို့ကတော့ အရှင်ရသေ့နှင့် တိုက်ရိုက်တွေ့ဆုံမေးလျှောက်ထားမှဖြစ်ပါတော့သည်။

ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော်အတွင်းမှ စံမြဲတိုင်းစံနေသော အရှင်ရသေ့ထံ ဝင်ရောက်၍ -

"အို - သူတော်သူမြတ်ကြီးဘုရား၊ အရှင်ဘုရာကို အများတကာက ကာမဂုဏ်အရသာခံစားနေတယ်လို့ ပြောကြပါတယ်။ သူတို့ပြောတဲ့အတိုင်း ဟုတ်ပါသလားဘုရား"

ဟု တိုက်ရိုက်မေးလျှောက်ရ၏။

အလောင်းတော် ဟရိတစရှင်ရသေ့သည် ဒါယကာ ဗြဟ္မဒတ်မင်း၏ မျက်နှာကို အကဲခတ်လိုက်ရာ မိမိအပေါ် ကြည်ညိုမြဲကြည်ညိုနေသေးသည်ကို သဘောပေါက်လိုက်၏။ ဤအနေတွင် မိမိက 'မခံစားပါဘူး' ဟု ငြင်းပယ်စကားဆိုလိုက်ပါက သူ့ဘက်ကလည်း ဧကန္တ လက်ခံမည်သာ။ သို့သော် နိယတဗျာဒိတ်ရရှိထားပြီးသော ဘုရားအလောင်းတော်တို့မှာ အခြားအခြားသော ဒုစရိုက်အမှုများကိုသာ အခြေအနေအရ ပြစ်မှားလာခဲ့ကြ၍ မုသာဝါဒဟူသော ဒုစရိုက်ကိုတော့ လုံးဝမကျူးလွန်ခဲ့ကြပါ။ ပါရမီဖြည့်ရာ ဘဝသံသရာတစ်လျှောက်လုံးတွင် ဤကံတစ်ပါးကိုတော့ ရာနှုန်းပြည့် လုံခြုံအောင်ထိန်းလာခဲ့၏။

ထို့ကြောင့် -

"ဒါယကာမင်းကြီး၊ အသင်မင်းကြီးကြားခဲ့တဲ့အတိုင်း မှန်ပါတယ်။ လမ်းမှားကိုလိုက်ခဲ့မိပါတယ်။ ကာမဂုဏ်အာရုံများကို မက်မောခဲ့မိပါတယ်"

ဖြေကြားလိုက်၏။

ဤသို့ဝန်ခံလိုက်သည့်တိုင်အောင်ပင် အရှင်ရသေ့အပေါ်မှာ မုန်းတီးစိတ်မဝင်လာသေးသဖြင့် ဗြဟ္မဒတ်မင်းက ဆက်လက်၍ -

"အရှင်ဘုရား၊ ဒီလိုဆိုရင် အရှင်ဘုရား လေ့လာ ပွားများထားခဲ့တဲ့ အသိပညာတွေက ဘာအသုံးကျကြပါတော့မလဲ"

ဟု လျှောက်ထားသဖြင့် -

"မှန်ပါတယ် ဒါယကာမင်းကြီး။ လောကမှာ အလွန်တရာအားကောင်းတဲ့ တရားလေးပါးရှိပါတယ်။ အဲဒါကတော့ ရာဂ၊ ဒေါသ၊ မာန်မာနနဲ့ မောဟတရားတို့ပဲဖြစ်ပါတယ်။ အဲဒီတရားတွေလွှမ်းမိုးလာပြီဆိုရင် အသိပညာက ဘာမှမစွမ်းနိုင်တော့ပါဘူး"

"ဒီလို ဝန်ခံစကားကြားလိုက်ရတော့လည်း တပည့်တော်ကတော့ ကြည်ညိုနေပါတယ်။ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ စင်ကြယ်တဲ့ပုဂ္ဂိုလ်၊ ပညာရှိပုဂ္ဂိုလ်လို့ပဲ တပည့်တော်ကတော့ ခံယူထားပါတယ်"

"ဒါယကာမင်းကြီး၊ မင်းကြီးဘက်ကကြည်ညိုတာကောင်းပါတယ်။ ကာမဝိတက်ဆိုတာ အင်မတန်ဆိုးဝါးလှပါတယ်။ တရားအကျင့်မှာမွေ့လျော်နေကြတဲ့ ရသေ့ရဟန်းများကို နှိပ်စက်တတ်ကြပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆိုရင် ဂုဏ်ကျေးဇူးတွေကိုဖျက်ဆီးတတ်တဲ့ တဏှာရာဂကို အရှင်ဘုရား ပယ်စွန့်နိုင်ဖို့ ကြိုးစားပါဘုရား"

"ကောင်းပါပြီ ဒါယကာမင်းကြီး။ ငါတို့ သတိလက်ကိုင်ခိုင်မြဲလာပါပြီ။ တဏှာရာဂ ဆိုတာ ပညာမျက်စိကို ကန်းအောင်ပြုတတ်ပါတယ်။ ဆင်းရဲဒုက္ခအမြောက်အမြားကို ပေးတတ်ပါတယ်။ အဆိပ်နဲ့လည်း တူလှပါတယ်။ အဲဒီတဏှာရာဂကို ပယ်စွန့်ပါတော့မယ်။ တဏှာရာဂတို့ရဲ့ အရင်းအမြစ်ဖြစ်တဲ့ ကာမဝိတက်ကိုပယ်ပါတော့မယ်။ တဏှာရာဂတည်းဟူသော အနှောင်အဖွဲ့ကို ပယ်ဖြတ်ပါတော့မယ်"

ဤသို့မိန့်ကြားပြီးလျှင် အလောင်းတော် ဟရိတစရသေ့သည် ဗြဟ္မဒတ်မင်းအား ခွင့်ပန်၍ ကျောင်းသင်္ခမ်းအတွင်းသို့ဝင်လာခဲ့၏။ ယခင်က အသုံးပြုခဲ့သော ကသိုဏ်းဝန်းကို စူးစူးစိုက်စိုက်ကြည့်၍ သမထကမ္မဋ္ဌာန်းစီးဖြန်းလေရာ မကြာမီမှာပင် ကွယ်သွားခဲ့သော ဈာန်သမာပတ်များစွမ်းအားဖြင့် ကျောင်းသင်္ခမ်းမှထွက်၍ အထက်ကောင်းကင်၌ ထက်ဝက်ဖွဲ့ခွေထိုင်နေလျက် -

"ဒါယကာမင်းကြီး၊ ငါတို့ဟာ မနေထိုက်တဲ့နေရာမှာနေခဲ့တဲ့အတွက် လူ့ဘုံအလယ် ကဲ့ရဲ့ဖွယ်၊ စက်ဆုပ်ဖွယ် အမှုကြီးကို ကျူးလွန်ခဲ့မိပါတယ်။ အခုတော့ အဲဒါတွေနဲ့ကင်းဝေးရာကို သွားပါတော့မယ်"

ဤသို့ နှုတ်ဆက်၍ ဟိမဝန္တာတောင်ဆီသို့ ကြွသွားလေရာ ဗြဟ္မဒတ်မင်းမှာ ဝမ်းနည်းပက်လက်ကျန်ရစ်ခဲ့ရပေသည်။

ဝဏ္ဏသိရိ



www.burmeseclassic.com

www.burmeseclassic.com

# ပထမံပဲ့ခွာဝေ

## ထွက်ရပ်ပေါက်လောကီပညာနှင့်

## ၁၈

# ကျေးရူးရှင်ဝင်ကွင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ

**အလှူခံပုံးခိုးသွားသူကိုယ်တိုင် ပြန်လာပို့ရခြင်း**

အချို့သောသူများသည် ဘာသာရေးကိစ္စ၊ သာသနာရေးကိစ္စ စသည်တို့ကို စည်းမထားဘဲ တွေ့မရှောင် ခိုးယူတတ်ကြ၏။ ပစ္စုပ္ပန်အရေး၊ သံသရာအရေးတို့ကို မတွေး၊ မပူ၊ မကြောက်ရွံ့ဘဲ လက်ရဲဇက်ရဲခိုးယူတတ်ကြ၏။ သူတို့၏ အတွေးကား နောင်အခါမှခံရလျှင် ခံရပါရော ယခုလက်ငင်း အဆင်ပြေလျှင်ပြီးရောဟု သဘောထားကြ၏။

ထို့ကြောင့် ဘုရားဌာပနာတိုက်လည်း ဖောက်လိုဖောက်ကြ၏။ ဘုရားသိုက်လည်းတူးလိုတူးကြ၏။ ဘုရားစိန်ဖူးတော်လည်းဖြုတ်လိုဖြုတ်ကြ၏။ဘုရားရွှေခွာလိုခွာကြ၏။ ရွှေဘုရား၊ ငွေဘုရားတို့ကိုရလျှင်လည်း အရည်ကျိုလိုကျို၏။ ရှေးဟောင်း ရုပ်ပွားတော်များရလျှင်လည်း နိုင်ငံခြား အိမ်နီးချင်းတိုင်းပြည်သို့ ခိုးထုတ်လိုကထုတ်၏။ သူ့အတိုင်း သယ်ယူ၍ မလွယ်ကူလျှင် ချိုးဖဲ့သယ်ယူကြ၏။ အချို့ကား ဘုရားဦး ခေါင်းတော်များကိုချည်းဖြတ်ယူပြီး ရောင်းချကြ၏။ ပြည်ပသို့ခိုးထုတ်ကြ၏။ အချို့လည်း ကြေးဆင်းတုတော်များ၊ ကြေးခေါင်းလောင်းများကို အရည်ကျို ရောင်းစားကြ၏။

ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားများလည်း စိတ်အေးလက်အေးမနေကြရတော့ပေ။ လုံခြုံရေးတင်းကျပ်ရတော့၏။ သံပန်းသံတံခါးအမျိုးမျိုး တပ်ဆင်ကြရတော့၏။ ဘုရားခိုးသူတို့ကလည်း ထိုလုံခြုံရေးအရံအတားများကို မရရအောင်ချိုးဖျက်ပြီးပင် ရအောင်ခိုးတတ်ကြ၏။ ယခုနောက်ပိုင်းတွင် ဘုရားခိုးသူတို့သည် တစ်ဦးချင်းခိုးယူခြင်းထက် ဂိုဏ်းဖွဲ့၍ပင် လုပ်ကိုင်လာကြ၏။ ထိုသို့ဂိုဏ်းဖွဲ့လုပ်ကိုင်သဖြင့် ကြီးကျယ်သောလုပ်ငန်းကြီးများအသွင်ပင်ဆောင်လာကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်အပေါင်းတို့သည် တစ်နေ့ထက်တစ်နေ့ အလျင်အမြန်ပင် ဆုံးရှုံးလာသည်မှာ အလွန်ပင် စိတ်ထိခိုက်တုန်လှုပ်ဖွယ်ကောင်းလှပါသည်။

ထို့ကြောင့် ထိုလုပ်ငန်းလုပ်ကိုင်သူများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ပြီး ပြင်းထန်သည့် အပြစ်ဒဏ်များလည်း ပြဋ္ဌာန်းပြီးစီရင်ပါမှ အချိန်မီ





www.burmeseclassic.com

www.burmeseclassic.com

…သွားနိုင်ပါလိမ့်မည်။ သို့မဟုတ်ပါက …လာနောက်သား မျိုးဆက်သစ် …များ၊ ဗုဒ္ဓဘာသာဝင်များအတွက် …ရော ယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာ၊ ရှေး …ောင်းအမွေအနှစ် ဗလာနတ္ထိ မူးလို့ …ောင်ရှာစရာမရှိသည့် အခြေအနေမျိုး …ောက်သွားနိုင်ပါသည်။

ထိုလုပ်ငန်းလုပ်သူများသည် ဗုဒ္ဓ… ဓမ္မစည်း၊ သံဃာ့စည်း ဟူ၍ …သည့်စည်းကိုမျှမစောင့်သူများဖြစ် …သည်၊ ထိုသူများထဲတွင် ငွေရလျှင်ပြီး …ဆိုသည့် ဗုဒ္ဓဘာသာဝင်အချို့လည်း …၏။ အများစုကား လူမျိုးခြား၊ ဘာသာ …များ ဖြစ်၏။ သူတို့အဖို့ကား မြန်မာ …ငံ၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ ရှေး …ောင်းပစ္စည်းများ မြန်မြန်ကုန်လေ …ောင်းလေဟုပင်သဘောထားကြလေ …သလားဟုပင် ထင်စရာရှိ၏။ မည်သည့်ထောက်ထားမှုမျိုး စိုးစဉ်းမျှမရှိသည်ကို တွေ့နေရပါသည်။ မည်သူမဆို ဤမြေမှာနေ၊ ဤရေကိုသောက်၊ ဤမှထုတ်လုပ်သော အစားအစာတို့ကို စားနေပြီး ဤနိုင်ငံ၏ အမျိုးဘာသာ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်တို့ကို ထောက်ထား ငဲ့ညှာမှုမရှိဘဲ ဖျက်ဆီးခြင်း၊ ကိုယ်ကျိုးရှာခြင်းပြုသူများသည် အရိပ်နေနေအခက်ချိုးချိုးသမား မြွေပွေးများကို ခါးပိုက်ပိုက်ထားရသည့်အဖြစ်မျိုးသာ ဖြစ်နေပါလိမ့်မည်။

ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ကိုယ့်အမျိုးချစ်သူ၊ ကိုယ့်ဘာသာချစ်သူ၊ ကိုယ့်ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်ချစ်သူများက ကိုယ့်ဘာသာကိုယ် တာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

အထက်ပါ စကားချပ်သည်ကား စစ်ကွင်းဆရာတော်ကြီး၏ ဘုရားတည်၊ ကျောင်းဆောက်ရန်ထားသော အလှူခံပုံးအားခိုးယူခဲ့သောသူခိုးနှင့် ပတ်သက်ပြီး အလျဉ်းသင့်သဖြင့် ထည့်သွင်း ရေးသားရခြင်း ဖြစ်ပါသည်။

ဤအဖြစ်အပျက် ဖြစ်ပွားသည့်ကာလမှာ ၁၉၄၉-၅၀ ပြည့်နှစ်လောက်က ဖြစ်၏။ စစ်ကွင်းဆရာတော်ကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင် သီတင်းသုံးနေစဉ် ဖြစ်၏။ ထိုအချိန်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် စစ်ကွင်းဆရာတော်ကို ကိုးကွယ်သူ ဖြစ်၏။ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆရာတော်ကို ကြည်ညိုလှသဖြင့် အာဇာနည်ကုန်းဘေးနှင့် သွေးဆေးကန်ဘက်အခြမ်းဖြေနေရာတစ်ခုလုံးကို လှူဒါန်းခဲ့ပါသည်။

ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း အဆိုပါမြေကွက်လွတ်မြေနေရာတွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများ ပြုလုပ်ရန် စီစဉ်ပါတော့၏။

ထိုကိစ္စအတွက် ဦးပဉ္ဉောဘာသခေါ် ဦးဘဟန်အား ထိုလုပ်ငန်းကို ကြီးကြပ်ရန် တာဝန်ပေးအပ်ခဲ့၏။ ထိုအခါ ဆရာကြီးဦးဘဟန်လည်း ဘုရားတည်၊ကျောင်းဆောက်ရန် လိုအပ်သောငွေရရှိရန်အတွက် အလှူခံပုံးတစ်ပုံးလုပ်ပြီးချထားခဲ့၏။ ထိုအခါ ဆရာတော်ကြီးနှင့် ဆရာကြီးတို့၏တပည့်ဒကာ၊ဒကာမများ၊ ဘုရားဖူးလာသူများတို့ကလည်း အင်တိုက်အားတိုက် ထည့်ဝင်လှူဒါန်းကြသဖြင့် ထိုအလှူခံပုံးတွင် အလှူငွေအတော်များများရရှိခဲ့၏။

တစ်နေ့တွင် အဆိုပါ အလှူခံပုံးအား အလစ်ချောင်းနေသော သူခိုးတစ်ယောက်က ခိုးယူသွားတော့၏။

ထိုအခါ ကြီးကြပ်ရသူ ဆရာကြီးဦးဘဟန်လည်း ထိုအကြောင်းကို စစ်ကွင်းဆရာတော်ကြီးအား ဖွင့်ပြောရ





www.burmeseclassic.com

www.burmeseclassic.com

တော့၏။ ထိုသတင်းကို စစ်ကွင်းဆရာတော်ကြီးကြားရသောအခါ စိတ်ဆိုးသွားပြီး -

"ဒီသူခိုးနှယ်ကွာ၊ ခိုးစရာရှားလို့ ဘာသာရေး၊ သာသနာရေးကိစ္စအတွက် လုပ်ထားတဲ့ အလှူခံပုံးမှ ခိုးရတယ်လို့ကွာ။ ဒီကောင်တော့ ဒီကိစ္စမျိုးနောက် မလုပ်ရဲတော့ဘဲ ကျောင်းမှန်းကန်မှန်း သိအောင်တော့ပြရဦးမယ်"

ဟု ဆိုပြီး အင်းတစ်ဆူကို စီမံကာ မီးထွန်းလေတော့၏။

အင်းမီးထွန်းပြီး မကြာမီတွင်ပင် အလှူခံပုံးခိုးသွားသောသူခိုးလည်း သူခိုးသွားသည့်အလှူခံပုံးကြီးကို ထမ်းလာပြီး ပြန်၍လာပို့ရတော့၏။ အလှူခံပုံး ပြန်လာပို့သည်ကို တွေ့ရသောအခါ စစ်ကွင်းဆရာတော်လည်း ကြိမ်လုံးကို ဆွဲပြီး သူခိုးကိုရိုက်လေတော့၏။ နောက်မခိုးရန်လည်း ဆုံးမပြီးနောက် ပြန်လွှတ်လိုက်တော့၏။

**ပထဝီသိဒ္ဓိသဘောတရား**

စစ်ကွင်းဆရာတော်သည် ပထဝီသိဒ္ဓိကို ကောင်းစွာ အောင်မြင် ပေါက်ရောက်ခဲ့၏။ ထို့ကြောင့်လည်း ပထဝီသိဒ္ဓိကို မကြာခဏအသုံးချသည်ကိုတွေ့ရှိပါသည်။

ပထဝီ၏သဘောမှာ ခက်မာခြင်း၊ မာကျောခြင်း၊ ကြမ်းတမ်းခြင်း၊ တောင့်တင်းခြင်းတို့ပါရှိသကဲ့သို့ မြေကြောရှုံ့ခြင်းသဘောများလည်း ပါရှိ၏။ ဆရာတော်ကြီးအနေဖြင့် အဆိုပါ ပထဝီသိဒ္ဓိကို လက်တွေ့အသုံးချခဲ့သော အဖြစ်အပျက်အချို့ကို ဖော်ပြလိုပါသည်။

ဆရာတော်ကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင် သီတင်းသုံးစဉ်ကဖြစ်၏။ ထိုအချိန်က ဆရာတော်ကြီးကို ကိုးကွယ်သည့် ဒကာ၊ ဒကာမများထဲတွင် အစ်မကြီး ဒေါ်မြတင်နှင့် သူမ၏ ခင်ပွန်းဖြစ်သူတို့လည်း ပါ၏။ သူတို့သည် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်ကြ၏။ သူတို့သည် ဆရာတော်ကြီး၏အကြိုက်ကိုလည်း သိကြ၏။ ထို့ကြောင့် မကြာခဏ ဝက်သားသုံးထပ်သားကောင်းကောင်းကိုချက်ပြီး ဆရာတော်ကြီးဆွမ်းအမီ သွားရောက်ကပ်လေ့ရှိ၏။

တစ်နေ့တွင် အစ်မကြီး ဒေါ်မြတင်တို့ဇနီးမောင်နှံသည် ဝက်သားဟင်းကို ကောင်းကောင်းချက်ကာ ဆွမ်းချိုင့်ထဲတွင်ထည့်ပြီး စစ်ကွင်းဆရာတော်ရှိရာ ရွှေတိဂုံကုန်းတော်သို့ သွားရောက်ကာ ကပ်လေ၏။

ထိုအခါ ဆရာတော်ကြီးက နာရီကိုကြည့်လိုက်ပြီး -

"ဆွမ်းစားချိန်တောင်နီးနေပြီပဲ၊ မမြတင်တို့ ဒီဆွမ်းချိုင့်ကို ငါးဆူကုန်းကျောင်းကို ယူသွားနှင့်ကြ။ ငါလိုက်ခဲ့မယ်"

ဟု မိန့်လိုက်၏။

ထို့ကြောင့် ဒေါ်မြတင်နှင့် သူမ၏ ခင်ပွန်းတို့လည်း မြောက်ဘက်စောင်းတန်းမှ ခပ်သုတ်သုတ်ဆင်းပြီး သွေးဆေးကန်ကိုပတ်ကာ ငါးဆူကုန်းကျောင်းသို့ သွားခဲ့ကြ၏။

ငါးဆူကုန်းကျောင်းပေါ်သို့တက်လိုက်သောအခါ သူတို့ဇနီးမောင်နှံသည် အံ့ဩလွန်းကြသဖြင့် ဟိုက်ခနဲပင်ဖြစ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် စစ်ကွင်းဆရာတော်ကြီးသည် ဆွမ်းဝိုင်းပြင်ပြီး စစ်ကွင်းဆရာတော်ကြီးသည် ဆွမ်းဝိုင်းပြင်ပြီး ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထိုအခိုက်တွင်ပင် စစ်ကွင်းဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးနေရာမှ အစ်မကြီး ဒေါ်တင်မြတို့ဇနီးမောင်နှံတို့အား လှမ်းကြည့်လိုက်ပြီး -

"ဟဲ့ - နင်တို့လာတာ တော်တော်နှေးတာပဲ။ ငါဆွမ်းဘုဉ်းပေးနေတာပြီးခါတောင်နီးနေပြီ။ ကဲ - မြန်မြန်လာကပ်ကြ"

ဟု မိန့်သဖြင့် သူတို့ဇနီးမောင်နှံလည်း အံ့ဩခြင်း၊ နားမလည်နိုင်ခြင်းတို့ ရောပြွမ်းရှုပ်ထွေးကာ ဆွမ်းချိုင့်ကို ကမန်းကတန်းဖြင့် ကပ်လိုက်ကြရတော့၏။

နောက်အဖြစ်အပျက်တစ်ခုမှာ အစ်မကြီး ဒေါ်မြတင်၏ ခင်ပွန်းဖြစ်သူ ကြုံခဲ့ရခြင်း ဖြစ်၏။

တစ်နေ့တွင် အစ်မကြီး၏ ခင်ပွန်းသည် စစ်ကွင်းဆရာတော်ကို သွားဖူးခဲ့၏။ ထို့နောက် သူသည် ဆရာတော်အား ဝတ်ဖြည့်နှိပ်နယ်ပေးလေ၏။ ဤတွင် ပြဿနာစပေါ်တော့၏။ သူသည် ပထမပိုင်းတွင် ဆရာတော်အား နှိပ်နယ်နေရသည်မှာ ပုံမှန်အတိုင်းဖြစ်နေသော်လည်း နှိပ်နေရင်းပင် ခြေသလုံး၊ ပေါင်တို့မှ ကြွက်သားများသည် မာကျောတင်းမာလာလေ၏။ နောက်ဆုံးတွင် နှိပ်နေသောလက်သည် တိုးမပေါက်အောင် ဖြစ်လာလေ၏။ နှိပ်နယ်ပေးသူလည်း တဖြည်းဖြည်းနှင့် အားစိုက်ရဖန်များသဖြင့် ချွေးစေးချွေးပေါက်တို့ထွက်လာတော့၏။

ထိုအခါ ဆရာတော်ကြီးက -

"ဟေ့ - ဟိုနားမှာခြောက်ပေါင်တူ ထောင်ထားတာရှိတယ်။ အဲဒါကိုသွားယူပြီးတော့သာ ထုကွာ"

ဟု မိန့်လိုက်၏။

ထိုအခါ အစ်မကြီး၏ခင်ပွန်းလည်း ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွား၏။ ဆရာတော်ကြီးကခိုင်းသဖြင့် မလုပ်ဘဲနေလို့မရသည့်အခြေအနေကို ကြုံတွေ့နေရ၏။ ထို့ကြောင့် သူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ခြောက်ပေါင်တူကို သွားယူပြီး မဝံ့မရဲဖြင့် ဆရာတော်ကြီး၏ ပေါင်၊ ခြေသလုံးရှိ ကြွက်သားများကို ထုပေးခဲ့၏။

ထိုအခါ ဆရာတော်ကြီးက -

"မင်းထုတာ ဘယ်လိုထုနေတာလဲ။ ငါ့မှာဘယ်လိုမှလည်းမနေဘူး။ ခပ်ပြင်းပြင်းထု၊ နာနာသာထုကွာ"

ဟု ခိုင်းလိုက်၏။

ထို့ကြောင့် အစ်မကြီး၏ခင်ပွန်းလည်း မတတ်သာတော့ဘဲ ခပ်ပြင်းပြင်းထုရတော့၏။ သူသည် တစ်စထက်တစ်စ ပို၍ပြင်းပြင်းထုကြည့်၏။ အထုခံရသော ဆရာတော်ကား ဘာမှမဖြစ်သလို တွေ့ရသဖြင့် ထုသူသည် အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်းတို့ ရောပြွမ်းနေသောခံစားမှုကို ခံစားရကြောင်း ကာယကံရှင်ကိုယ်တိုင်က ပြန်ပြောပြသည်ကို သိရှိမှတ်တမ်းတင်ရပါတော့သည်။

**ပညာဖြင့်နတ်များကိုဖန်ဆင်းခိုင်းခြင်း**

စစ်ကွင်းဆရာတော်ဘုရားကြီးသည် ရွှေတိဂုံဘုရားမြောက်ဘက်တွင် ငါးဆူကုန်းဘုရားနှင့် ကျောင်းကို ဆောက်ပြီးနောက် တပည့်ဖြစ်သူ ဆရာတော် ဦးပညောဘာသအား ကျောင်းထိုင်အဖြစ်ထားခဲ့၏။ စစ်ကွင်းဆရာတော်ကြီးကမူ ငါးဆူကုန်းကျောင်းတွင် ရံဖန်ရံခါသာ သီတင်းသုံးလေ၏။

ဆရာတော်ဦးပညောဘာသသည် စစ်ကွင်းဆရာတော်၏ ပညာလမ်းစဉ်ဆိုင်ရာ သွန်သင်ပြသမှုအတိုင်း နေထိုင်ကျင့်ကြံလိုက်နာ၏။ ကျင့်ကြံမှုပိုင်းဆိုင်ရာစရဏများကိုလည်း ကျင့်သုံး၏။ လမ်းစဉ်အင်းများကိုလည်း မပျက်မကွက်ဆောက်ခဲ့၏။

ထို့ကြောင့် ဆရာတော် ဦးပညောဘာသသည်လည်း ပညာဆိုင်ရာအဆင့်



www.burmeseclassic.com

www.burmeseclassic.com

လာသည်း တစ်စထက်တစ်စမြင့်မားလာ၏။ နောက်ပိုင်း တန်ခိုးသိဒ္ဓိများကိုပါပြသည့်အဆင့်သို့ ရောက်ရှိလာ၏။

ထိုအခါ ဆရာတော် ဦးပညောဘာသလည်း သူ၏ ငါးဆူကုန်းတွင်ရှိသော ကျောင်းသားများ အပျင်းပြေစေရန်အတွက်လည်းကောင်း၊ ပြင်ပသို့ထွက်လည်မပတ်ကြစေရန် လည်းကောင်း ရည်ရွယ်ပြီး ညပိုင်းတွင် ငါးဆူကုန်းကျောင်း၌ နတ်ရုပ်ရှင်ကိုပြလေ့ရှိ၏။

ဦးပညောဘာသ၏နတ်ရုပ်ရှင်ဆိုသည်မှာ ညဘက်သို့ရောက်သောအခါ မီးအားလုံးပိတ်လိုက်၏။ ထို့နောက် နတ်များကို ဖန်ဆင်းခိုင်းပြီး မြတ်စွာဘုရားဘဝတီသာနတ်ပြည်မှ လူ့ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ နောက်လိုက်နောက်ပါအပည့်သားသာဝကများနှင့်အတူ ပြန်သည်ဆင်းသက်ပုံကိုပြ၏။ ထိုပြကွက်ကို ဘုန်းကြီးကျောင်းသားများလည်း အလွန်အဘောကျ နှစ်သက်ကြည်ညိုကြသဖြင့် အပြင်သို့ထွက်မလည်ကြတော့ဘဲ ထိုနတ်ရုပ်ရှင်ကိုသာကြည့်လိုကြ၏။ မကြာမကြာပြန်ရန်လည်း တောင်းပန်ကြ၏။

ထိုကဲ့သို့ ဦးပညောဘာသသည် နတ်ရုပ်ရှင်ကို ပြဖန်များလတ်သောကြောင့် ထိုကိစ္စကို တစ်နေ့သောအခါတွင် စစ်ကွင်းဆရာတော်ကြီး သိရှိသွားတော့၏။ ထိုအခါ ဆရာတော်ကြီးလည်း အကြီးအကျယ် စိတ်ဆိုးသွားပြီး ဦးပညောဘာသကို ခေါ်ယူဆူပူကြိမ်းမောင်းပါတော့၏။

"မောင်ပညော၊ မင်းက နတ်တွေကိုခေါ်ပြီး အလုပ်မရှိအလုပ်ရှာပြီး ဘုန်းကြီးကျောင်းသားကလေးတွေကို ဖျော်ဖြေရအောင် နတ်ရုပ်ရှင်ပြခိုင်းတယ်။ ဘယ့်နှယ် - မလုပ်သင့်မလုပ်အပ်တာကိုသွားခိုင်းတယ်။ အဲဒီအလုပ်မျိုး နောင်ဘယ်တော့မှမလုပ်နဲ့။ မင်းကို နတ်တွေသတ်လို့သေသွားလိမ့်မယ်။ နတ်ဆိုတာမျိုးကို ဘာမှတ်လို့လဲ"

ဟု ဆုံးမလေ၏။

ဦးပညောဘာသသည် ထိုနေ့မှစ၍ နတ်ရုပ်ရှင်ပြသည့်အလုပ်ကို မလုပ်ပဲတော့ပေ။

အဆိုပါ ဆရာတော် ဦးပညောဘာသခေါ် ဦးဘဟန်သည်လည်း ခေသူမဟုတ်ပါ။ သူသည်လည်း ပထဝီသိဒ္ဓိကိုရရှိထားသူ ဖြစ်ပါသည်။ သို့သော် သူ၏ပထဝီသိဒ္ဓိရခြင်းသည် (၂၄) နာရီကာလပတ်လုံးရရှိသည်တော့ မဟုတ်ပေ။ ညဘက်အခြမ်းရသောသိဒ္ဓိ ဖြစ်၏။ ညနေ (၆) နာရီမှ နံနက် (၆) နာရီအတွင်း ရရှိခြင်း ဖြစ်၏။ ထိုကာလအတွင်း သူသည် သွားချင်သည့်နေရာသို့သွား၍ရ၏။

ဆရာကြီးသည် တစ်ခါတစ်ရံတွင် တပည့်နှစ်ယောက်၊ သုံးယောက်ကိုခေါ်ကာ ပေါင်ပေါ်အောင်လှန်လိုက်ပြီး 'သေသေချာချာကြည့်' ဆိုကာ ပေါင်ကို လက်ဝါးနှင့်ပွတ်လိုက်၏။ ထိုအခါ ပေါင်ပေါ်တွင် စာမများပေါ်လာလေ၏။ ထို့နောက် စာမများကို လက်ဝါးဖြင့်ပြန်ပွတ်လိုက်သောအခါ စာမများပြန်ပျောက်သွားတော့၏။ ထိုအခါ ဆရာကြီး၏နှုတ်မှလည်း -

"မင်းတို့မှတ်ထားကြ။ တို့ပထမံပညာဆိုတာ ဒါပဲကွ"

ဟု ပြောခဲ့သည်ကို ကြားခဲ့ရပါသည်။

**ရွှေတိဂုံဘိုးဘိုးကြီးက စစ်ကွင်းဆရာတော်ကို ပြည်ရွှေဆံတော်ဘုရားဖူးပို့ခြင်း**

စစ်ကွင်းဆရာတော်ကြီး ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင် သီတင်းသုံးစဉ်က ဖြစ်၏။ ဆရာတော်သည် သုတ်များထဲတွင် ဓမ္မစက္ကပဝတ္တနသုတ်ကို အထူးနှစ်ခြိုက်ပူဇော်လေ့ရှိ၏။ ထိုအချိန်က တနင်္ဂနွေထောင့်တွင် လေးထောင့်သံရေတိုင်ကီများထားရှိ၏။

ဆရာတော်ကြီး၏လုပ်လေ့လုပ်ထရှိသော အစဉ်အလာလုပ်ငန်းမှာ ထိုရေတိုင်ကီကြီးပေါ်တွင် သင်ဖြူးဖျာတစ်ချပ်ကိုခင်းပြီး သက်ဆိုင်ရာ နတ်ဒေဝတာအပေါင်းကို ပင့်ဖိတ်လိုက်၏။

ထို့နောက် (၄၅)ရက်တိုင်တိုင် ဓမ္မစကြာသုတ်ကို ပါဠိရေအနက်အဓိပ္ပာယ်ပါ ရွတ်ဖတ်ပူဇော်ပြီး နတ်ဒေဝတာများကို တရားဟောလေ၏။ သူ၏ အဓိဋ္ဌာန်သည် (၄၅)ရက်ဖြစ်၏။ အဓိဋ္ဌာန်အောင်သောနေ့တွင် သူ၏ကုသိုလ်အဖို့ကို အမျှအတန်းပေးဝေပြီး မေတ္တာပို့ပေး၏။

ဆရာတော်ကြီး ဤကဲ့သို့ ပြုလုပ်ခြင်းမှာ နတ်ဒေဝတာများအတွက် အဓိဋ္ဌာန်သီးသန့်ဝင်ပေးခြင်း ဖြစ်၏။ ထိုသို့အဓိဋ္ဌာန်ဝင်ပြီး ကောင်းမှုကုသိုလ်ပြုပေးသည့်အတွက် နတ်ဒေဝတာများကလည်း ဆရာတော်ကြီးကို ကျေးဇူးတင်ကြ၏။ ထို့ကြောင့် ဆရာတော်ကြီး သွားရောက်ဖူးမြော်လိုသည့် ဘုရားဖူးခရီးများရှိပါကလည်း နတ်ဒေဝတာများက ပို့ဆောင်ပေးလေ့ရှိ၏။

တစ်ကြိမ်တွင် ဆရာတော်ကြီးသည် (၄၅) ရက် အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်ပြီးနောက် သိကြားဘိုးဘိုးခေါ် ရွှေတိဂုံဘိုးဘိုးကြီးအား ပြည်ရွှေဆံတော်ဘုရားဖူးလိုကြောင်းပြောပြီး ပို့ခိုင်းလေ၏။

ထိုအခါ ရွှေတိဂုံဘိုးဘိုးကြီးသည် ဆရာတော်ကြီး၏ရှေ့မှောက်သို့ရောက်ရှိလာလေ၏။ ထိုအခါ ဘိုးဘိုးကြီး၏ပခုံးကို ဆရာတော်၏လက်နှင့်ထိမိလိုက်သည်နှင့်တစ်ပြိုနက် ဆရာတော်သည် ပြည်ရွှေဆံတော်ဘုရားသို့ရောက်ရှိသွားတော့၏။

စစ်ကွင်းဆရာတော်ကြီးသည် ဤနည်းအားဖြင့်လည်း ဘုရားဖူးကြွရောက်ခဲ့ပါသည်။ ဝိဇ္ဇာဓရလမ်းစဉ်လိုက်သူများနှင့် နတ်ဒေဝတာများ၏ ပတ်သက်ပုံကို ဆရာတော်ကြီးက မိန့်ကြားထားသည်မှာ -

"တို့ ဝိဇ္ဇာဓရအတတ်ကို ပြုလုပ်အားထုတ်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ နတ်တွေနဲ့ သင့်မြတ်အောင်နေရတယ်၊ ပေါင်းသင်းထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင်သိဒ္ဓိမပေါက်ခင်မှာ ဖြစ်လိုတဲ့ဆန္ဒတွေပြည့်ဝဖို့အတွက် ဒေဝသိဒ္ဓိလို့ခေါ်တဲ့နတ်ဒေဝတာတွေရဲ့ အကူအညီကို ရယူပြီး အလိုဆန္ဒတွေပြည့်အောင်၊ ကိုယ်လိုချင်တာဖြစ်အောင်လုပ်လို့ရတယ်။ ဒါကြောင့် နတ်ဒေဝတာတွေအတွက်လည်း ကုသိုလ်ကောင်းမှုပြုပေးပါ။ အမျှအတန်းပေးဝေပါ။ မေတ္တာပို့ပေးပါ။ အဲဒါဆို ကိုယ်ကဘာမှမဖြစ်သေးပေမယ့်လည်း ဒေဝသိဒ္ဓိကိုသုံးလို့ရပြီ"

ဟု ဆရာတော်ကြီးက ပြောခဲ့ဖူးကြောင်း ဆရာကြီးမှတစ်ဆင့် ပြန်ပြောပြ၍ သိရှိရပါသည်။

**ငါးဆူကုန်းကို သိမ်းပိုက်ရန် အားထုတ်ခဲ့သော မန္တန်ဝိဇ္ဇာဓိုရ် ဦးအောင်ပြည့်**

ဦးအောင်ပြည့်ကို မြစိမ်းရှင်ရသေ့ကြီးဦးအောင်ပြည့်ဟုလည်း ခေါ်ကြ၏။ ထိုပုဂ္ဂိုလ်ကြီးသည်လည်း သာမန်ပုဂ္ဂိုလ်မဟုတ်ပေ။ တန်ခိုးသိဒ္ဓိမဟိဒ္ဓိများဖြင့် ပြည့်စုံကုန်လုံသည်။ မန္တန်ဝိဇ္ဇာဓိုရ်တစ်ပါးဖြစ်၏။ သူသည် မြေလျှိုးနိုင်၏။ မိုးပျံနိုင်၏။ ရေပေါ်တွင်သွားလာနိုင်၏။ သူသည် ရန်ကုန်မြို့ကြီးပေါ်တွင်ပင် အစွမ်းသတ္တိများကို ပြသခဲ့၏။ ရန်ကုန်မြို့ရှိ အင်းလျားကန်၏ရေပြင်ပေါ်၌ လူအများကြည့်ရှုနေသည့်ရှေ့တွင် လမ်းလျှောက်ပြခဲ့၏။ လူအများဝိုင်းအုံနေသည့်ကြားမြေကြီးထဲမှ ဖောက်ထွက်ပြနိုင်၏။

www.burmeseclassic.com

ထို့အပြင် သူသည် ဝိဇ္ဇာဖြစ်ပြီး ဝိဇ္ဇာစည်းကမ်းမလိုက်နာသူ၊ ဖောက်ဖျက်သူများကို အရေးယူ အပြစ်ပေးသူ၊ သုတ်သင်သူအဖြစ်လည်း နာမည်ကြီး၏။ ဦးအောင်ပြည့်နှင့် ပတ်သက်၍ ထူးခြားသော အဖြစ်အပျက်တစ်ခု ဖော်ပြလိုပါသည်။ သူသည် ပခုက္ကူဇာတိ ဖြစ်၏။ ထိုနယ်ဧရိယာအတွင်းတွင် လောကဒီပတောင် ဟူသော တောင်တစ်လုံးရှိ၏။ ထိုတောင်သည် ထူးခြားသော တောင်တစ်လုံးဖြစ်၏။ထိုတောင်ပေါ်တွင် ကျားတက်ဟိန်းလျှင် ထိုနှစ်၌ သူ့ရှေ့ဘက်ရှိသော ရွာသည် မီးလောင်လေ့ရှိ၏။ ထိုအခြင်းအရာသည် ကာလကြာသောအခါ ထုံးတမ်းစဉ်လာတစ်ခုလိုဖြစ်နေတော့၏။ ထို့ကြောင့် အဆိုပါတောင်သည် ထူးခြားသောတောင်ဖြစ်ရမည် ဟူ၍ လောကီပညာလိုက်စားသူများက လက်ခံကြ၏။ ထို့ကြောင့် ထိုတောင်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန် လာရောက် အားထုတ်သူတိုင်းသည် ပြန်လမ်းမရှိဖြစ်ကြရသည်ချည်း ဖြစ်၏။

ဦးအောင်ပြည့်သည် ထိုအခြင်းအရာ အဖြစ်အပျက်တို့ကို ကြားသိရသောအခါ ထိုတောင်သို့ရောက်အောင် သွားလို၏။ သို့သော် လိုက်ပို့ဝံ့သူမရှိသဖြင့် တော်တော်နှင့်မရောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် သူသည် ထိုတောင်ကိုသိသူ သင်းအုပ်ဆရာတစ်ဦးနှင့်တွေ့ပြီး ထိုတောင်ရှိရာသို့ မပို့ပါနှင့်၊ တောင်ကိုမြင်ရသည့်နေရာ အဝေးမှ ဒီတောင်ပါပဲဟု ညွှန်ပြရုံပြပါ ဟုဆိုပြီး ပြစေသောအခါတွင်မှ ထိုတောင်ကိုသိရတော့သည်။

ထိုအခါ ဦးအောင်ပြည့်သည် ပေါက်သားကို ဓားမကြီးတစ်ချောင်းပုံသဏ္ဌာန်ဖြစ်အောင်ခုတ်ပြီးနောက် ထိုဓားပေါ်တွင် သူပေါက်ရောက်အောင် မြင်ခဲ့သည့်မန္တန်ကို ထိုဓားပေါ်တွင်ရေးလိုက်၏။ ထို့နောက် ဦးအောင်ပြည့်သည် ထိုဓားကိုယူပြီး ထိုတောင်ကြီး၏ မနီးမဝေးသို့ သွားရောက်ပြီး သူ့ဓားကြီးကို လက်နှစ်ဖက်ဖြင့် စုံကိုင်မြှောက်ပြီး တောင်ကြီးဆီသို့ချိန်ကာ ရွယ်ခုတ်ခုတ်သည့်ဟန် (၃) ကြိမ်ပြုလိုက်၏။

ထိုသို့ပြုသည်နှင့် တစ်ပြိုင်နက် တောင်ကြီးထက်ခြမ်းကွဲသွားပြီး တောင်ထဲမှ ဆေးရုပ်များ၊ ဆေးကြက်တက်များစသည့် ဝိဇ္ဇာမရဆိုင်ရာပစ္စည်းများ ကောင်းကင်သို့ပျံထွက်လာခဲ့၏။ ထိုပစ္စည်းအားလုံးကို ဦးအောင်ပြည့် ရခဲ့၏။ ဦးအောင်ပြည့်သည် ဤမျှအစွမ်းထက်သူ ဖြစ်၏။

ထို့အပြင် ဦးအောင်ပြည့်သည် ရန်ကုန်သို့လာသောအခါ သူ့သားဖြစ်သူကို ကြောင်လေးတစ်ကောင်အဖြစ်ပြုလုပ်ပြီး ခေါ်လာခဲ့၏။ ထိုကြောင်လေးကို အတူနေခဲ့သည့် ဆရာကြီး ဦးထွန်းမြိုင် (နောင်အခါ မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ်) က ငါးကို ကောင်းကောင်းမွန်မွန် သန့်သန့်ပြန့်ပြန့်ကြော်ပြီးကျွေးရ၏။ ဦးထွန်းမြိုင်ကလည်း ထိုကြောင်ကို သာမန်ရိုးရိုးကြောင်ဟုသာ ထင်ခဲ့၏။

တစ်နေ့တွင် ဆရာကြီး ဦးအောင်ပြည့်က ဆရာကြီး ဦးထွန်းမြိုင်အား -

"မောင်ထွန်းမြိုင်၊ ဟောဒီမှာ ငါ ရေးထားတဲ့ အတိုင်းအထွာအတိုင်း ဘောင်းဘီ၊ အင်္ကျီ၊ ခါးပတ်တွေဝယ်လာခဲ့ပါ"

ဟု ခိုင်းလိုက်၏။

ဆရာ ဦးထွန်းမြိုင်လည်း သွားရောက် ဝယ်ယူလာခဲ့ပြီး ဆရာကြီး ဦးအောင်ပြည့်ကို ပေးခဲ့၏။ ထိုအခါ ဦးအောင်ပြည့်လည်း အဝတ်အစားများကိုယူပြီး အတွင်းခန်းသို့ ဝင်သွား၏။ အခန်းတံခါးကိုလည်း ပိတ်ထားလိုက်၏။ ခေတ္တမျှကြာသောအခါ အခန်းတံခါးပွင့်သွားပြီး လူနှစ်ယောက်ထွက်လာသည်ကို တွေ့ရ၏။ တစ်ဦးမှာ ဆရာကြီး ဦးအောင်ပြည့်ဖြစ်ပြီး ကျန်တစ်ဦးမှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသည့် လူငယ်တစ်ယောက် ဖြစ်၏။ ထိုသူသည် ဦးထွန်းမြိုင် ဝယ်ယူပေးခဲ့သည့် အဝတ်အစားများ ဝတ်ထားသည်ကိုလည်း အံ့ဩဖွယ်တွေ့ရ၏။ ဦးထွန်းမြိုင်သည် စဉ်းစားရတျပ်သွား၏။

ဦးအောင်ပြည့် ဝင်သွားသော အခန်းထဲတွင် မူလက မည်သူတစ်ဦးတစ်ယောက်မျှမရှိသောအခန်းဖြစ်သည်ကို ဆရာကြီး ဦးထွန်းမြိုင်က အတိအကျသိ၏။ သက်ရှိဆို၍ ဆရာကြီးဦးအောင်ပြည့်၏ ကြောင်လေးတစ်ကောင်သာရှိ၏။ ဦးထွန်းမြိုင်သည် ထိုအခန်းသို့ဝင်၍ ကြည့်သောအခါ ကြောင်ကလေးကိုလည်း မတွေ့ရတော့ပေ။ ထို့ကြောင့် ဦးထွန်းမြိုင်က-

"ဆရာကြီး၊ သူကဘယ်သူလဲ"

"ငါ့သားလေကွာ"

*

အထက်ပါ အဖြစ်အပျက်အကြောင်းရာတို့သည် ဆရာကြီးဦးအောင်ပြည့်၏ဘဝဖြစ်စဉ်များထဲမှ တစ်စိတ်တစ်ပိုင်းမှသာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာကြီး ဦးအောင်ပြည့်သည့် ပထမံပညာနှင့် များစွာအဆက်အဆံရှိသူ ခင်မင်ရင်းစွဲရှိသူများဖြစ်ကြ၏။ သို့သော် ငါးဆူကုန်းကိစ္စနှင့်ပတ်သက်၍မူ သူ၏တပည့်ဖြစ်သူတို့၏ အားပေးအားမြှောက်ပြုခြင်းကြောင့်လော၊ မိမိကိုယ်တိုင်ကအလိုရှိ၍လော မပြောတတ်ပေ။ ဦးအောင်ပြည့်သည် ငါးဆူကုန်းကိုအပိုင်ရရှိရန် လုပ်ဆောင်တော့၏။ ဦးအောင်ပြည့် ငါးဆူကုန်းကို အလိုရှိသည်မှာ တည်နေကြောင့် ဖြစ်ပါမည်။

ငါးဆူကုန်းတည်နေရာသည် ရွှေတိဂုံဘုရားကြီးနှင့်အနီးဆုံးနေရာတွင်ရှိ၏။ ထို့အပြင် ငါးဆူကုန်းပေါ်မှ ဘုရားကြီးကို ဖူးမြော်လျှင် ကြည်ညိုဖွယ် အလွန်ကောင်း၏။ ထို့မျှမက ငါးဆူကုန်း၏ ရေခံမြေခံလည်း ပါဝင်မည် ဖြစ်ပေသည်။

ဦးအောင်ပြည့် ငါးဆူကုန်းသို့ ပညာဖြင့် လာရောက် တိုက်ခိုက်သောအချိန်သည် စစ်ကွင်းဆရာတော်ကြီးနှင့် ဦးပညောဘာသတို့ ငါးဆူကုန်းဘုရားနှင့် ကျောင်းကို တည်ဆောက်နေဆဲကာလဖြစ်၏။

တစ်နေ့တွင် ဦးအောင်ပြည့်သည် စစ်ကွင်းဆရာတော်တို့နှစ်ပါးစလုံး ငါးဆူကုန်းတွင်ရှိနေစဉ် မမျှော်လင့်ဘဲ ရောက်ရှိလာပြီး ငါးဆူကုန်းမြေကြီးပေါ်တွင် စုံရပ်ပြီး မန္တန်ကိုရွတ်ပြီးနောက် ဖနောင့်နှင့် မြေကြီးပေါက်ချလိုက်တော့၏။

ထိုအခါ ထူးဆန်းသော အဖြစ်အပျက်တစ်ရပ်သည် မမျှော်လင့်ဘဲ ဖြစ်ပွားသွားတော့၏။ ထိုအဖြစ်အပျက်ကားလုံးဝပြောင်းပြန်ပင်ဖြစ်၏။ ဦးအောင်ပြည့် အားထုတ်ခဲ့သည်ကား စစ်ကွင်းဆရာတော်နှင့် ဦးပညောဘာသတို့ကို ငါးဆူကုန်းပေါ်မှ ဖနောင့်နှင့်ပေါက်ချခဲ့ခြင်း ဖြစ်၏။ သို့သော် တကယ့်ဖြစ်ရပ်တွင်မူ ဖနောင့်ဖြင့်ပေါက်သူ ဦးအောင်ပြည့်သာ ငါးဆူကုန်းတောင်စောင်းပေါ်မှ တောင်အောက်သို့ တလိမ့်ခေါက်ခွေးပြုတ်ကျသွားတော့၏။


ဤကိစ္စနှင့်ပတ်သက်ပြီး ဆရာသမားတို့က ပထမံကို မကောင်းကြံသူ မည်သူမျှ ကျော်လွှား၍မရကြောင်း မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။

ပထမံဆရာကြီးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com



(ရောအနောက်မြို့တော်)

# အောင်ထက်

အငြိမ့်စကား မိုးကြိုးသွား

ကျွန်ုပ်အနေဖြင့် စကားနိဒါန်း ပြောလိုပါသည်။ ကျွန်ုပ်တို့လူမျိုးသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်သည် အခြားဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပါ။ ထေရဝါဒဗုဒ္ဓဘာသာဝင်များပင် ဖြစ်ပါသည်။

မိခင်၊ ဖခင်တို့ကိုလည်း မြတ်စွာဘုရား အမှူးပြုသော အနန္တငါးပါးတွင် ထည့်သွင်းထားသည့် အနန္တဂုဏ်ရှင်များလည်း ဖြစ်ပါသည်။ မိဘနှစ်ပါး ပြစ်မှားကျူးလွန်ကြသူများသည် ကံကြီးထိုက်သူများဖြစ်သည်ဟု အများစု နားရည်ဝနေကြပါသည်။

ကျွန်ုပ်ရေးသားတင်ပြလိုသည်မှာ သားသမီးများအနေဖြင့် အသိကြီးစေလိုသော ဆန္ဒမွန်ရှိသလိုပင် အမိဖြစ်သူများ၏ နှုတ်ထွက်စကားသည် မိုးကြိုးသွားထက်ပင် ကြောက်စရာအဖြစ်မျိုးတို့နှင့် ကြုံတွေ့ခဲ့ရသော ကျွန်ုပ်ကိုယ်တွေ့ဖြစ်စဉ် ဖြစ်ရပ်တစ်ခုကို အသိပေး ရေးသားလိုခြင်းပင် ဖြစ်ပါသည်။

နှုတ်ထွက်စကားကြောင့် အမှန်တကယ်ဖြစ်စေလိုသော စေတနာဆိုးတော့ မဟုတ်နိုင်ပါ။ သို့တစေ မိခင်၏ ဒေါသစကားကြောင့် မျက်မှောက်ဘဝမှာပင် အလူးအလိမ့်ခံစားရသောဖြစ်ရပ်မှန်တစ်ခုကို ရေးသားခြင်းလည်း ဖြစ်ပါသည်။

ကျွန်ုပ် ရေးသားသည့်အဖြစ်ကို စံနမူနာယူပြီး စကားဆင်ခြင်ကြစေရန် ရည်ရွယ်ရင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**စာရေးသူ**

ကျွန်ုပ် ရေးသားရာတွင် အမည်နာမအတိအကျကိုတော့ မဖော်ပြနိုင်ပါ။ ဆွေမျိုးသားချင်းများနှင့် လူမှုစည်းကမ်းများကို ငဲ့ညှာရမည် ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ဆွေမကင်းမျိုးမကင်း အနွယ်တစ်စတော်စပ်ပတ်သက်မှုရှိနေပါသေးသည်။

*



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်ကာလအလွန် နှစ်(၅၀)လောက်က ဖြစ်ပါသည်။ မြို့ကြီးတစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ရိုးသားစွာ အသက်မွေးနေထိုင်စားသောက်ကြသော မိသားစုတစ်စုရှိခဲ့ပါသည်။ ထိုမိသားစုတွင် မိဘများကိုယ်တိုင်ကလည်း မွေးချင်းသိပ်မများလှ။ မွေးချင်းမိသားစု (၄)၊ (၅)စုလောက်ပင်ရှိပါသည်။ အထက်ကရေးသားခဲ့သော မိသားစုတွင် သားတစ်ယောက်၊ သမီးတစ်ယောက်သာ ထွန်းကားပါသည်။

သမီးက အကြီးဖြစ်၍ သားက အငယ်ဖြစ်ပါသည်။ ထိုမိသားစုထံတွင် ဝမ်းကွဲမောင်များ (၃) ယောက်၊ (၄) ယောက်နှင့် တပျော်တပါး နေထိုင်ကြလေသည်။

မိဘများမှာ လွန်စွာ ရိုးသားကြလေသည်။ သို့ပေမယ့် မိဘများကိုယ်တိုင်က မိရိုးဖလာ အစဉ်အလာအရ ရဟန်းသံဃာတော်များကို ဆွမ်းလောင်းလှူခြင်း၊ ဘုရားညောင်ရေအိုးကပ်လှူခြင်းကလွဲပြီး ဥပုသ်သီတင်းစောင့်သုံးခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း ဟူ၍ မရှိကြပါ။

အထူးတလည် ဥပုသ်သီတင်း မစောင့်ကြသော်လည်း ကံငါးပါးအမှုကိုတော့ မကျူးလွန် မဖောက်ဖျက်ကြပါ။ ရိုးသားစွာ ရှာဖွေစားသောက်ခြင်းဖြင့်သာ အချိန်တို့ကုန်လွန်စေခဲ့ပါသည်။

သားတွေ၊ သမီးတွေကလည်း လောကဓမ္မတာအရ အတောင်စုံကြတော့ အိုးအိမ်ထူထောင်ကြပါတော့သည်။ ဦးကြီးနှင့် ဒေါ်ကြီးတို့ထံ ပေါင်းစပ်နေခဲ့ကြသော ဝမ်းကွဲတူသားများလည်း အိုးအိမ်ထူထောင်ပြီး အသီးသီးခွဲခွာသွားကြပြီ ဖြစ်ပါသည်။

လူကြီးမိဘများအနေဖြင့် ညီအစ်မချင်း၊ မောင်နှမအချင်းချင်း လွန်စွာချစ်ကြခင်ကြ၊ ရိုသေလေးစားကြခဲ့သော အစဉ်အလာသည် သားသမီးများလက်ထက်တွင် ဖောက်ဖျက်လာနေပြီ ဖြစ်လေသည်။ အစ်မကြီးကလည်း သူ့ဖို့သာကြည့်သည်၊ မောင်ငယ်ဟု ညာတာထောက်ထားခြင်းမရှိတော့။

မောင်ငယ်ကတော့ လွန်စွာ ရိုးသားပြီး သဘောဖြူမနောဖြူအူစင်းသောသူဖြစ်၍ အစ်မကြီးပြုသမျှကျေနပ်နေသူ ဖြစ်လေသည်။ မိခင်ဖြစ်သူက သိပါ၏။ သို့သော်လည်း သမီးကြီးကို မြောမထွက်မပြောရက်တော့ ကြည့်နေရလေသည်။

သား၏ ဇနီးဖြစ်သူ ချွေးမကဆိုလျှင် ဘေးအမြင်လွန်စွာတော်ပါသည်။ သို့ရာတွင် ထဲထဲဝင်ဝင်ကြည့်တော့ ကြောက်စရာချွေးမဖြစ်လေ၏။ ဥပမာအနေဖြင့်ပြရလျှင် အိမ်မှာကြေးတိုးမွေးသောနွားမမှ သားကျပြီးချိန်တွင် နို့ညှစ်၍ ရင်းနှီးသူများထံ နွားနို့ရောင်းရလေ၏။ထိုနွားနို့ရောင်းသောအလုပ်ကို ချွေးမကလုပ်၏။ အပြင်ထွက်သွားပြီဆိုသည်နှင့် လမ်းဘေးသောက်ရေအိုးစင်မှ ရေဖြင့် နွားနို့ထဲရေရောပြီးအပိုငွေရှာတတ်သူ ဖြစ်လေသည်။

နွားနို့သောက်သုံးသူများထံမှ နွားနို့တွေ ယခင်ကလို မကောင်းကြောင်းပြောတော့မှ ချွေးမလက်ချက်ကို သိရလေ၏။ နောက်တစ်နည်းက အိမ်တွင် မိသားစုအတွက် ဆန်အိတ်ဝယ်ပြီး သင့်တော်သလို စဉ့်အိုး၊ သံပုံး၊ သေတ္တာစသည်ဖြင့် ဆန်များကို သိုလှောင်ထားကြသည်။ ဒါလည်း ရပ်ခလေ့ရွာခလေ့ပါ။

ချွေးမက ထိုသိုလှောင်ထားသောဆန်များကို အိမ်မှမိသားစုဝင်များ မသိအောင် ဆန်ခိုးယူ၏။ ဆန်ခိုးယူပုံမှာမူ ထဘီ၊ လုံချည်ကွင်းကို ခါးပုံစလုပ်၍ ဆန်ကိုထည့်ခိုးတတ်သူ ဖြစ်သည်။ ထိုစဉ်ကာလက နေ့လယ်ပိုင်း သရေစာရောင်းချသောဈေးသည်ထံကို အိမ်မှလူများမသိအောင် ဈေးသည်ထံမှ မုန့်ပဲသရေစာကို ဆန်နှင့်လဲပြီး စားတတ်သူလည်း ဖြစ်လေသည်။ (ထိုစဉ်က ဆန်အိတ်များသည် ဂုန်နီအိတ်ဖြင့် ထည့်သည်။ ဆန်တစ်အိတ်သည် (၃) တင်းဝင်ဆန်အိတ် ဖြစ်သည်။ ယနေ့ကာလ ဆန်အိတ်လို တစ်တင်းခွဲ (၂၄)ပြည်မဟုတ်ပါ။ ဆန် (၃)တင်းဖြစ်၍ (၄၈)ပြည်ဆံ့ပါသည်။)

နာရီကို အချိန်စား၊ အချိန်ကို ရက်စား၊ လစားပြီး နှစ်ကာလတွေပြောင်းလာခဲ့ပါပြီ။ မိခင်မှာမူ မြေးများနှင့် သား၊ ချွေးမများစားရန် ပြည်ဝင်အိုး (ထမင်းအိုးကြီး)နှင့် ချက်ရသောအချိန် ဖြစ်လေသည်။ သားလုပ်သူက ကာယလုပ်သားဖြစ်၍ ပင်ပင်ပန်းပန်းအလုပ်လုပ်၍ ငွေရှာရ၏။ ချွေးမက စီးတဲ့ရေ ဆည်တဲ့ကန်သင်းမဖြစ်တော့ မိခင်ခမျာ စိတ်မကောင်းဖြစ်ရတော့သည်။

တစ်နေ့တစ်ရက်လည်း မဟုတ်တော့ စိတ်ကို ချုပ်တည်းထားသော်လည်း မထိန်းနိုင်သည့်အခါတွင် ဒေါသပေါက်ကွဲလေတော့၏။ ကရုဏာဒေါသပင် ဖြစ်လေသည်။ ချွေးမကိုလည်း သဘောမတွေ့၊ သားကိုလည်းချစ်၊ ငယ်ရွယ်သူ မြေးငါးယောက်ကို ထိန်းရစောင့်ရှောက်ရဖြစ်လေတော့ အောက်ပါအတိုင်း ပြောလိုက်လေတော့သည်။

"ငါမသေခင်တော့ အိမ်နဲ့ယာနဲ့နေရဦးမှာပါ။ ငါမရှိတဲ့နောက် ဇရပ်ပေါ်ရောက်ပြီး ဇရပ်မှာနေကြရမှာပဲ"

လို့ ပြင်းပြင်းထန်ထန် ပြောဆိုလေတော့သည်။

ကာလယန္တရားကြီးက သွားမြဲမို့ကြာမြင့်လာခဲ့ပါပြီ။ မိခင်ကြီးလည်း လူအိုနာဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ မိဘများမရှိကြတော့ အမွေခွဲကြစိတ်ကြနဲ့ အသိုက်အမြုံကွဲသွားခဲ့ပါ တော့သည်။

အတိတ်ကံအကျိုးပေးလို့ ဆိုရမလား သို့မဟုတ် အမိစကား မိုးကြိုးသွားလို့ ပြောရမလား အသိရခက်လှပါသည်။ အထက်က မိသားစုဝင် သားမိသားစုတို့မှာ ဇရပ်ပေါ်မှာပင် အိမ်လုပ်ပြီးနေခဲ့ရရှာတော့သည်။ (၂) နှစ်လောက်ကြာတော့ သင့်တော်သည့် တစ်နေရာကိုဝယ်ပြီး ကိုယ်အိုးကိုယ့်အိမ်နှင့် နေထိုင်ခဲ့ပါသေးသည်။

နှစ်များစွာမကြာလိုက်ပါ။ အိမ်ခြေရာခြေဖြုတ်ပြီး မွေးချင်းဆွေမျိုးတစ်ယောက်အိမ်တွင် ပေါင်းစည်းနေထိုင်ရပြန်ပါတော့သည်။ ထိုအခြေအနေနှင့်ပင် သားသမီးများကလည်း လောကဓမ္မတာအရ ခွဲသွားကြပါပြီ။ နောက်ဆုံး ဘဝနိဂုံးအထိ မွေးချင်းဆွေမျိုးအိမ်မှာပင် ကွယ်လွန်သွားရလေတော့သည်။

ကံစီမံရာကိုသာ ခံကြရမြဲ ဖြစ်ပါသည်။ ကျွန်ုပ်၏ မျက်မြင်ကိုယ်တွေ့အဖြစ်မှန်ပါ။ ဒီနေရာတွင် ကျွန်ုပ်အနေဖြင့် တင်ပြလိုသည်မှာ မည်သူပင်ဖြစ်စေ နှုတ်ထွက်မလွယ်ကြပါနှင့်၊ နှုတ်စောင့်စည်းကြပါဟုပင် တင်ပြလိုပါသည်။

ကျွန်ုပ်၏ရင်ထဲတွင်တော့ 'အမိစကား မိုးကြိုးသွား' ဟုပင် ပဲ့တင်ထပ်နေပါတော့သည်။

*ကောင်းမှုကိစ္စမှန်သမျှ*
*လိုလားတောင့်တတိုင်း*
*ရရှိပြည့်စုံကြပါစေ*

အောင်ကော်
(ရွာအနောက်ခြုံတော်)

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓအလိုတော်ကျဖြစ်သော သီလ၊ သမာဓိနှင့် ပြည့်စုံပါက သမထဆိုင်ရာ ပညာသည် လည်းကောင်း၊ ဝိပဿနာဆိုင်ရာပညာသည် လည်းကောင်း ဖြစ်ပေါ်လာစမြဲ ဖြစ်၏။ သမထပညာကို လည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ရယူလိုသော သူတော်ကောင်းသည် မိမိလိုသော၊ ပညာနှင့်ဆိုင်လျက်ရှိသော သီလ၊ သမာဓိနှင့် ပြည့်စုံအောင် ဖြည့်ဆည်းမိလျှင်ပညာသည် ဖြစ်ပေါ်လာစမြဲသာ ဖြစ်၏။ ဖြစ်ပေါ်လာသော သမထပညာ၊ ဝိပဿနာပညာမြတ်တို့ဖြင့် လောကအကျိုး၊ သာသနာတော်အကျိုး၊ အဆွေအမျိုး မိတ်သင်္ဂဟ စသော လူသားတို့၏အကျိုး၊ မိမိကိုယ်တိုင် ရည်မှန်းဆုပန်ထားသည့်ဗောဓိဆုကြီးပြည့်စုံရေးအကျိုးဟူသည့် စရိယလေးဖြာကို ဆောင်ရွက်ခြင်းကိုပင် သာသနာပြုခြင်းဟု ခြုံငုံ၍ ဆိုအပ်၏။

ဤသို့အားဖြင့် သာသနာပြုတော်မူလျက်ရှိသော ဗုဒ္ဓဘာသာဝင် ရဟန်းသူတော်စင်၊ ရသေ့သူတော်စင်၊ လူသူတော်စင်ပုဂ္ဂိုလ်မြတ်တို့အမြောက်အမြားရှိပါ၏။ ထင်ရှားသိအပ်သောပုဂ္ဂိုလ်မြတ်တို့လည်း အထင်အရှားရှိကြပါသည်။ မထင်မရှား သိုသိုသိပ်သိပ်ဖြင့် လိုအပ်သလို သာသနာပြုတော်မူနေကြသော သူတော်စင်ပုဂ္ဂိုလ်ထူးများလည်း မထင်မရှားသောသဘောဖြင့်ရှိနေကြပါသည်။ ရွှေစိုးတို့ မကြုံကြသဖြင့် မဆုံမစပ်မိ၍ မသိလိုက်ရခြင်း၊ ကြုံသော်လည်းအလုမ်းဝေးသဖြင့် မဆုံမစပ်လိုက်မိခြင်း စသည်တို့ဖြင့် အလွဲလွဲအချော်ချော်ဖြစ်နေကြ၍ ထိုသို့သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများနှင့် ကြုံသော်လည်း မသိ၊ သိသော်လည်းမကြုံ ဆိုသကဲ့သို့ ဖြစ်နေကြပုံရပါသည်။

ရွှေစိုးတို့ကဲ့သို့ ပါရမီစုသည့်ပုဂ္ဂိုလ်

# ရွှေစိုး
# သိဒ္ဓိရှင်အရာတော် လုံဟော့ထွင့်







www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီး၏မူလကျောင်းတော်



ဧရာဝဏ်ဆင်တော်ပေါ်မှ ဆရာတော်ကြီး၏ရုပ်တုတော်

များ၏ ဖြစ်ရိုးဖြစ်စဉ်ဟုလည်း ဆိုနိုင်ပါသည်။ ဟိုးအရှေးက မြတ်ဗုဒ္ဓရှင်တော်မြတ်ကြီးလက်ထက်တော်မှစ၍ ယနေ့တိုင်အောင် သံသရာဒုက္ခကို ငြိမ်းစေအောင် စွမ်းဆောင်တော်မူနိုင်ကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများအား ကြုံသော်လည်းမသိ၊ သိသော်လည်းမကြုံခဲ့ကြသူများရှိနေသောကြောင့် ဖြစ်၏။ ထိုအဖြစ်ဝယ် အဓိကကျသည်မှာ ကြုံမှမဟုတ်၊ သိမှအကျိုးရှိမည်ဟူ၍ ရွှေစိုးယုံကြည်ပါသည်။

အလွန်ရှင်းသော ဥပမာတစ်ခုပြလိုပါသည်။ ရွှေစိုးတို့၏ အနန္တကျေးဇူးရှင် ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ကြုံပါသော်လည်း ရှင်တော်မြတ်ကြီး၏ အနန္တဂုဏ်တော်၊ အနန္တတန်ခိုးတော်၊ အနန္တမေတ္တာတော်ကို မသိကြသဖြင့် လောကီ၊ လောကုတ္တရာ အကျိုးမြတ်နှစ်ဖြာနှင့်လွဲခဲ့ကြရသူများကား မနည်းလှ။ ထိုအထဲတွင် ရွှေစိုးလည်း တစ်ယောက်အပါအဝင်ဖြစ်မည်မှာ ဧကန်မုချပင်။ ထို့ကြောင့် အလွန်ကံကောင်းလှစွာဖြင့် လူ့ဘဝသို့ရောက်၊ လူ့ဘဝသို့ရောက်လာပြန်တော့လည်း အလွန်ပင် ကံထူးစွာ ဗုဒ္ဓသာသနာဝင်ဖြစ်နေကြရသော ရွှေစိုးတို့အဖို့ ယခုဘဝတွင် အသိရှိနေဖို့ အလွန်လိုအပ်လှပါသည်။ ထိုအသိကလည်း ဗုဒ္ဓရှင်တော်မြတ်ကြီး၏သာသနာတော် အဆုံးအမစကားဝန်းအတွင်းမှအသိမျိုးသာ ဖြစ်ရပါလိမ့်မည်။ ဤကဲ့သို့သော အသိမျိုးကသာလျှင် ရွှေစိုးတို့အတွက် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ဖြစ်စေပါလိမ့်မည်။

အထက်ပါ ခံယူချက်ဖြင့် ရွှေစိုးကိုယ်တိုင် မကြုံလိုက်ရပါသော်လည်း သိလိုက်ရပါသော လောကီ၊ လောကုတ္တရာအကျိုးကိုဖြစ်စေသည့် အကြောင်းအရာများထဲမှ အလွန်ထင်ရှားသော အကြောင်းအရာတစ်ခုကို မျှဝေလိုပါသည်။


ထိုအကြောင်းအရာကား သိဒ္ဓိရှင်ဆရာတော်ကြီးလုံဖော့ထွင်၏ထေရုပ္ပတ္တိနှင့်ဂုဏ်တော်ဖြစ်ရပ်အကျဉ်းပင်ဖြစ်၏။

သိဒ္ဓိရှင်ဆရာတော်ကြီး လုံဖော့ထွင်သည် ယိုးဒယားလူမျိုး ဗုဒ္ဓသာသနာတော်၏ သံဃာတော်အရှင်မြတ်ကြီးတစ်ပါး ဖြစ်၏။ ယိုးဒယားလူမျိုးဟုဆိုလင့်ကစား လုံဖော့ထွင်၏ ဘိုး၊ ဘွား၊ ဘိ၊ ဘင်တို့မှာ ယိုးဒယားလူမျိုးများကား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြ။ တရုတ်ပြည် ချူကင်းဒေသဘက်မှ တရုတ်လူမျိုးများဖြစ်ကြ၏။ လုံဖော့ထွင့်၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အထဲမှ အဘိုးအဘွားတို့သည် ရေကြည်ရာ မြက်နုရာ အနေအထိုင်သာရာ နယ်မြေများသို့ ရွှေ့ပြောင်းနေထိုင်ကြရင်း ယိုးဒယားနိုင်ငံ၏ ချွန်ဖွန်ဟု ခေါ်သော ဒေသလေးသို့ရောက်လာကြ၏။ ချွန်ဖွန်သည် ယိုးဒယားနိုင်ငံ၏တောင်ပိုင်းဒေသလေးတစ်ခုဖြစ်၏။ ထိုမိသားစုထဲမှ လူပျို အပျိုတို့သည်လည်း သူတို့ကဲ့သို့ရောက်လာကြပြန်၏။ ယိုးဒယားနိုင်ငံရောက်မှ လူမျိုးတူ လူပျို၊ အပျိုတို့တွေ့ကြုံဆုံဖက်ပြီး မျိုးဆက်သစ်များဖြစ်ထွန်းလာကြပြန်၏။ ယိုးဒယားနိုင်ငံရောက်မှ အိမ်ထောင်ပြုကြသူ တရုတ်မျိုးဆက်များထဲတွင် လုံဖော့ထွင့်၏ ခမည်းတော်နှင့်မယ်တော်တို့လည်း ပါဝင်ကြ၏။ ယိုးဒယားနိုင်ငံတွင် အခြေကျလာသောကြောင့် သူတို့၏ အမည်ကိုလည်း မျိုးဆက်မပျောက်ရုံတစ်မည် 'မောင်ဟူနှင့် မယ်ချန်' ဟုပင် အလွယ်ခေါ်တွင်ခဲ့ကြ၏။ မောင်ဟူနှင့် မယ်ချန်တို့မှ လုံဖော့ထွင့်ကို ဖွားမြင်ခဲ့ခြင်း ဖြစ်ပေသည်။

**ဆရာတော်၏ငယ်စဉ်ဘဝနှင့်မွေ့အမြတ်ေတာ**

မောင်ဟူနှင့် မယ်ချန်တို့သည် တိုင်းတစ်ပါးနွယ်ကြသူများလည်းဖြစ်၊ အခြေမစိုက်ရသေးသော အခြေကျခါ






www.burmeseclassic.com


www.burmeseclassic.com





ဆရာတော်ကြီး၏ သိဒ္ဓိဓာတ်ဝင်အဆောင်





စလည်းဖြစ်၍ ကြုံရာကျပန်း အလုပ်ကြမ်းများကိုသာ အဓိကထား ရွေးချယ်လုပ်ကိုင်ကြရ၏။ သို့သော်လည်း သူတို့က သူတို့လိုလူမျိုးများထဲမှ ကံကောင်းကြသူများထဲတွင် ပါဝင်သည်ဟု ဆိုရမည်။ သူတို့အလုပ်ရှာသောရွာမှ လယ်ပိုင် ယိုးဒယားလူမျိုး သူဌေးကြီးက ငယ်ရွယ်နုပျိုပြီး အားကောင်းမောင်းသန် လင်မယားနှစ်ယောက်ကိုသဘောကျ၍ လယ်လုပ်သားအဖြစ် လုပ်ခအနည်းငယ်ဖြင့် လက်ခံလိုက်၏။ မောင်ဟူနှင့် မယ်ချန်တို့ကလည်း လတ်တလောဝမ်းစာရေးအတွက် ပြေလည်နိုင်သော်လည်း နေရေးအတွက် စဉ်းစားကြရပြန်၏။ လယ်ရှင်သူဌေးကြီးကလည်း သူ၏နေအိမ်ခြံထောင့်တစ်ထောင့်တွင် လင်မယားနှစ်ယောက်နေသာရုံ တဲကုပ်လေးတစ်လုံး ဆောက်ခွင့်ပြုပြီး နေစေ၏။ ဤသို့ဖြင့် မောင်ဟူနှင့် မယ်ချန်တို့လင်မယားနှစ်ယောက် စားရေး၊ နေရေး ပြေလည်သွားခဲ့ကြ၏။ဝတ်ရေးကား မဆိုလောက်ပေ။


မောင်ဟူတို့လင်မယားသည် လယ်ကွင်းထဲတွင် မခိုမကပ်ဘဲ အလုပ်ကြိုးစားကြသလို ရပ်ထဲရွာထဲတွင်လည်း သာရေး၊ နာရေးတို့တွင် ဝန်မလေးကြ။ အများအလိုကျအောင်၊ ကြည်ဖြူအောင် နေတတ်ကြ၏။ ထို့ကြောင့် သူတို့လင်မယားကို ရွာသားများက ခင်မင်ကြ၏။ တစ်ရွာတည်းသားများအဖြစ်ပင် သဘောထားကြ၏။ ဤသို့ဖြင့် မယ်ချန်တွင် ပဋိသန္ဓေတည်ပြီး သားယောကျ်ားလေးတစ်ယောက် မွေးဖွားလာခဲ့၏။ မောင်ဟူနှင့်မယ်ချန်တို့မှာ တရုတ်နွယ်ဖွားများဖြစ်ကြပါသော်လည်း သူတို့နှစ်ဦးမှ မွေးဖွားလာခဲ့သော ထိုကလေးမှာမူ မည်းမည်းလုံးလုံးလေးဖြစ်နေ၏။ ထိုမည်းမည်းလုံးလုံးလေးကပင် သူတို့အတွက် အသည်းနှလုံးလေးပမာဖြစ်နေကြ၏။ လုပ်ဖော်ကိုင်ဖက် လယ်လုပ်သားမိတ်ဆွေများကလည်း မည်းမည်းလုံးလုံးလေးကို ချစ်ကြ၏။ မည်းမည်းလုံးလုံးလေးဖြစ်၍ ထိုကလေးငယ်ကို 'ပူလေး' ဟူ၍ အမိအဖမှစ၍ အားလုံးက ချစ်စနိုးခေါ်ခဲ့ကြ၏။ 'ပူ' ဟူသည်ကား ယိုးဒယားဝေါဟာရဖြင့် 'ကဏန်းလုံးလေး' ဟူ၍ ဖြစ်၏။

ပူလေး၏ ဖခင် မောင်ဟူသည် သားလေးတစ်ယောက် မွေးဖွားလာပြီဖြစ်၍ ပါးစပ်တစ်ပေါက်တိုးလာရုံမျှမက ပူလေး၏ရှေ့ရေးအတွက်ပါ ပြင်ဆင်ရန် အလုပ်ကို ပို၍ကြိုးစားလုပ်၏။ ပူလေး၏



www.burmeseclassic.com

www.burmeseclassic.com



မိခင်မယ်ချန်မှာလည်း ပူလေးကို မွေးပြီး ခါစ သွေးနုသားနုကာလ အချိန်တိုလေး အတွင်းမှာသာ ခေတ္တမျှ အိမ်တွင်နားပြီး မောင်ဟူတို့ရှိရာ လယ်ကွင်းထဲပြန်ဆင်း ပြီး အလုပ်စလေတော့သည်။ ထိုအခါ ပူလေးကို အိမ်တွင်စောင့်ရှောက်မည့်သူ မရှိသဖြင့် ပုဆိုးစုတ်လေးဖြင့် ထွေးကာ အလုပ်ဆင်းရာသို့ခေါ်ခဲ့ရ၏။ လယ်ထဲ မဆင်းခင် လယ်ကန်သင်းစပ်ရှိ အရိပ် ကောင်းကောင်း သစ်ပင်ကြီးတစ်ပင် အောက်တွင် ပုဆိုးစုတ်လေးတစ်ခုကို ပုခက်ပြုပြီး ပူလေးကို ပုခက်ထဲထည့် သိပ်ခဲ့ပြီး လယ်ကွင်းထဲဆင်းခဲ့ရ၏။ ထမင်းစားချိန်တွင် ပူလေးကို မိခင်နို့ တိုက်ကျွေးရ၏။


တစ်နေ့တွင် ထမင်းစားချိန် ရောက်၍ ပူလေးကို နို့တိုက်ရန် အပြေး လေးအလာတွင် ပူလေးကို သိပ်ထား သည့် ပုခက်နားအရောက်တွင် မယ်ချန် မှာ နှလုံးသားလွင့်စဉ်သွားမတတ် လန့်ဖျပ် သွားလေသည်။ အကြောင်းမှာ ပူလေး အိပ်နေသော ပုခက်ကို အလွန်ကြီးမား သော မြွေကြီးတစ်ကောင်က ရစ်ပတ် ထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ပူလေးကတော့ အေးချမ်းစွာ အိပ်မြဲအိပ်လျက်ပင်။

မယ်ချန်သည် သတိဝင်လာပြီး ပတ်ဝန်းကျင်အား အော်ဟစ် အကူအညီ တောင်းလေသည်။ ပတ်ဝန်းကျင်မှ လုပ် ဖော်ကိုင်ဖက် လယ်လုပ်သားမိတ်ဆွေ





ဆရာတော်ကြီး၊ တရားကျင့်ခဲ့ဖူးသော သဘာဝဂူတော်တစ်ခု





www.burmeseclassic.com


www.burmeseclassic.com

များကလည်း မယ်ချန်၏အော်ဟစ်အကူအညီတောင်းသံကြောင့် အပြေးအလွှားရောက်ရှိလာကြ၏။ သူတို့သည်လည်း ပူလေး၏ ပုခက်ကို ရစ်ပတ်ထားသော မြွေကြီးကို မြင်ကြရလေလျှင် လန့်ဖျပ်ကာ ပြန်ဆုတ်သွားပြီး တုတ်များ၊ ခဲများကိုင်စွဲ၍ပြန်ရောက်လာကြကာ မောင်ဟူနှင့်အတူ မြွေကြီးထွက်ပြေးသွားစေရန် ငြာသံပေး၍ခြောက်လှန့်ကြ၏။ မြွေကြီးက မကြောက်မလန့်သည့်အပြင် မောင်ဟူတို့လူစုကို ပါးပျဉ်းထောင်၊ နှာမှုတ်ပြီး ပြန်၍ခြောက်လေရာ မောင်ဟူတို့လူစုပင် ထွက်ပြေးမတတ် ကြောက်လန့်ကြကုန်၏။

ထိုစဉ် မယ်ချန်သည် သတိတစ်ခုရလာပြီး ခဲများ၊ တုတ်များဖြင့် မြွေကြီးကို ခြောက်လှန့်ရန် အားထုတ်နေကြသူများကိုတားပြီး အနီးအနားရှိ လယ်ကန်သင်းပေါ်မှ အလေ့ကျ မြက်ပန်း၊ ချုံပန်းများကိုခူးပြီး မြွေကြီးအား လက်အုပ်ချီဆက်သကာ တောစောင့်နတ်၊ လယ်စောင့်နတ်၊ ရုက္ခစိုးနတ်များကို တိုင်တည်ပြီး မြွေကြီးအား သားလေးပူအား အန္တရာယ်မပြုရန် တောင်းပန်လေတော့သည်။ မြွေကြီးလည်း ပါးပျဉ်းထောင်ခြင်း၊ နှာမှုတ်ခြင်းတို့ကို ရပ်ဆိုင်းပြီး ပုခက်အတွင်းရှိ ပူလေးကို တစ်ချက်စိုက်ကြည့်ပြီး မိမိ၏ ဦးခေါင်းပါးပျဉ်းကို နောက်သို့ယို့၍အားယူလိုက်၏။ မယ်ချန်နှင့်တကွ အနားတွင်ရောက်နေကြသူများအားလုံးက မြွေကြီးက ပူလေးကို ပေါက်သတ်ပြီဟု၍ပင်ထင်လိုက်ကာ အလန့်တကြားဖြစ်ကုန်ကြ၏။

စင်စစ်တွင် မြွေကြီးသည် ပူလေး၏ ရင်ဘတ်အနားအရောက်တွင် မိမိ၏ ဦးခေါင်းကို ရပ်တန့်ကာ လက်တစ်ဆုပ်စာခန့်အရွယ်ရှိသော အလွန်တောက်ပ ဝင်းလက်နေသည့် အမြုတေတစ်လုံးကို ပူလေး၏ ရင်ဘတ်ပေါ်သို့ အန်၍တင်ပေးလိုက်လေသည်။ ထိုအမြုတေလုံးမှာ ပူလေး၏ရင်ဘတ်ပေါ်မှ လိမ့်ဆင်းပြီး ပူလေး၏ လည်ပင်းဘေးတွင် တည်နေလေသည်။ ပူလေးကတော့ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင် ဖြစ်၏။ ထို့နောက် မြွေကြီးသည် ရစ်ပတ်ထားသည်ကိုဖြေပြီး အနီးရှိတောထဲသို့ အေးအေးဆေးဆေး ဝင်ရောက်သွားလေတော့သည်။

ပူလေး၏မိခင်၊ ဖခင်တို့မှာ ထမင်းပင်မျိုမကျအောင်ဖြစ်နေသည်။လုပ်ဖော်ကိုင်ဖက်လယ်လုပ်သားမိတ်ဆွေများကလည်း မြွေကြီးနှင့်ပူလေး၏ဖြစ်ရပ်ဆန်းကို ပြောမဆုံးဖြစ်ရင်း မြွေကြီးအန်ချပေးခဲ့သော မြွေအမြုတေလုံးလေးကို တစ်ယောက်တစ်လှည့်ကြည့်ရင်း အံ့ဩမဆုံးဖြစ်ကာ ထမင်းစားကြရန်မေ့နေကြလေသည်။





**ဆရာတော်ကြီး၏ သိဒ္ဓိဓာတ်ဝင်ရုပ်တုတော်များအတွက်**
**ကြေး၊ ရွှေ၊ ငွေဓာတ်ပေါင်းဖြင့်ကျိုကာ ပုံတော်သွင်းနေပုံ**

ထိုအချိန်တွင် ပူလေး၏အသက်မှာ (၆) လပင် ရှိသေး၏။

တောက်မည့်မီးခဲအရှိန်နှင့်ရဲသည်ဟု ဆိုရမည် ဖြစ်၏။

ပူလေး၏ရင်ဘတ်ပေါ်သို့ မြွေကြီးက အမြုတေလုံးလေး အန်ချပေးလိုက်သည့် သတင်းသည် လယ်လုပ်ဖော် ရွာသူရွာသားများမှ ရွာထဲတွင် ပြန့်သွားခဲ့သည်။ ထို့ကြောင့် မောင်ဟူ၊ မယ်ချန်တို့တဲလေးသို့ အမြုတေလုံးလေးကို ကြည့်ရှုရန်လာကြသူတွေ တစ်ဦးဝင်တစ်ဦးထွက်ဖြစ်ခဲ့ရ၏။ ယိုးဒယားလူမျိုး ဗုဒ္ဓဘာသာဝင်အများစု၏ အလေ့အထအရ နဂါးမျက်ရှင်ဆိုပြီး ပူဇော်ကန်တော့ကြသူများလည်းရှိ၏။ ထိုအမြုတေလုံးလေးကလည်း သက်တံရောင်ဖြင့် ရောင်စုံဖြာနေပြီး ညဥ့်အချိန် အမှောင်ထဲမှာပင် အရောင်ထွက်ပြီး ဝင်းလက်နေ၏။ ပူလေး၏ သက်တံရောင်အမြုတေလုံးလေးသည် မြွေကြီးက အန်ပေးခဲ့ခြင်းဖြစ်သော်လည်း လူအချို့၏ စကားအရ နဂါးမျက်ရှင် ဟူ၍ပင်ကားသွားပြန်၏။

ပူလေး၏ နဂါးမျက်ရှင်လုံးကို စိတ်ဝင်စားသူများထဲတွင် အကဲဆုံးဖြစ်နေသူက မောင်ဟူ၊ မယ်ချန်တို့၏သူဌေး လယ်ပိုင်ရှင်ကြီးပင် ဖြစ်၏။ လယ်ပိုင်ရှင်သူဌေးကြီးကပုံက လောဘကဲခြင်းပင် ဖြစ်၏။ ထိုနဂါးမျက်ရှင်လုံးလေးကို အပိုင်စီးချင်နေခြင်းပင် ဖြစ်၏။ မောင်ဟူနှင့်မယ်ချန်တို့ကလည်း သားလေးပူကို နတ်ကောင်းနတ်မြတ်တွေက ချီးမြှင့်တာဆိုပြီး အမြတ်တနိုးဖြင့် ဘုရားကျောင်းဆောင်ပေါ်တွင် တင်ထားပူဇော်ကြ၏။

တစ်နေ့တွင် အကြံသမားလယ်ပိုင်ရှင်သဌေးကြီးက မောင်ဟူတို့လင်မယားကို သူ၏အိမ်ကြီးဆီသို့ ခေါ်ပြီး စကားချိုချိုဖြင့် အနုကြမ်းစီးက ထိုနဂါးမျက်ရှင်ကို တောင်းလေတော့သည်။ မောင်ဟူတို့လင်မယားက လုံးဝမပေးချင်သော်



www.burmeseclassic.com

www.burmeseclassic.com



SOME OF THE AMULETS AND CHIDI BUILT BY L.P THUT





သည်။ သူဌေးကြီးကို မှီခိုနေကြရခြင်း၊ သူဌေးကြီး၏ အရှိန်အဝါကို စိုးရွံ့ကြရခြင်းတို့ကြောင့် သူတို့တလေးတစား အမြတ်တနိုးထားသော ထိုနဂါးမျက်ရှင်ကို သူဌေးကြီးအား ပေးလိုက်ကြရလေသည်။

လိုချင်တာကိုရလျှင် ပျော်ရွှင်လေ့ရှိကြတာ လူ့သဘာဝဖြစ်၏။ လောဘကြီးဖြင့် တတမ်းတတဖြစ်ပြီး လိုချင်နေသည့်အရာကိုရလျှင် ပို၍ပင်ပျော်ရွှင်တတ်၏။ လယ်ပိုင်ရှင်သူဌေးကြီးလည်း လောဘတကြီးဖြင့် တမ်းတနေသည့် ထိုနဂါးမျက်ရှင်ကို ရလေသည်တွင် ပျော်ခြင်းကြီးစွာဖြင့် ပျော်ရွှင်နေတော့သည်။ ထူးထူးဆန်းဆန်းရသည့် ထိုပစ္စည်းမျိုးကို ဤလောကမြေပြင်ပေါ်တွင်ပိုင်ဆိုင်သူမှာ သူမှလွဲ၍အခြားမရှိပြီ။ ထိုထူးဆန်းသည့်အရာ၏သိဒ္ဓိတန်ခိုးအစွမ်းကြောင့် စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေငွေတို့မှာလည်း အတိုင်းအဆမရှိ တိုးပေတော့မည်ဟု ရာနှုန်းပြည့် ယုံကြည်နေ၏။

သို့သော် သူဌေးကြီးမတွေးမိသည့်အချက်မှာ ထိုထူးဆန်းသော သိဒ္ဓိဝင်ပစ္စည်းသည် သူနှင့်ထိုက်၍ သူ့ထံသို့ တိုက်ရိုက်ဝင်ရောက်လာခြင်းမဟုတ်ဘဲ ထိုက်တန်သူ ဘုန်းရှင်ကံရှင်၏ပစ္စည်းကို မတရားဖိအားပေးပြီး အရယူထားခြင်းဖြစ်ကြောင်းပင်။ ဘုန်းရှင်ကံရှင်တို့နှင့်သာ ထိုက်တန်သော ထိုသိဒ္ဓိဝင်နတ်ပေးပစ္စည်းက သူ့အားအသိပေးလေတော့ပြီ။ ထိုနဂါးမျက်ရှင်သိဒ္ဓိဝင်ရတနာ လက်ထဲရောက်လာပြီး (၃) ရက်ပြည့်သည်နှင့် သူဌေးကြီး၏အိမ်ရှိ မိသားစုဝင်တို့ ကောက်ကာငင်ကာဖျားနာကြလေတော့သည်။ အကောင်းပကတိအနေအထားမှ အကြောင်းမရှိဘဲ ဖျားနာကြသောကြောင့် သူဌေးကြီးတို့မိသားစုမှာ အံ့ဩကြပြီး ဆေးဆရာအကျော်အမော်တို့နှင့် ကုကြလေသည်။ ဖျားနာကြပုံမှာလည်း ရောဂါလက္ခဏာဖြင့် ဖျားနာကြခြင်းမျိုး မဟုတ်ကြသဖြင့် ဆေးဆရာသမားတော်တို့မှာလည်း မတတ်နိုင်ဘဲဖြစ်နေကြရ၏။ ထိုအခါ အတွေ့အကြုံရှိသော မိတ်ဆွေများ၏ အကြံပေးမှုကြောင့် ရွာထဲမှ အမှန်တကယ်တတ်စွမ်းသည့် နတ်ဝင်သည်ကို ခေါ်ယူကာ စစ်ဆေးရလေတော့သည်။

ထိုအခါမှ ဖြစ်ရပ်မှန် အကြောင်းရင်း ရှင်းရှင်းကြီးပေါ်လေတော့၏။ သူတို့နှင့် လုံးဝ မပတ်သက် မစပ်ဆိုင်သော ထိုနဂါးမျက်ရှင်အား မတရားယူထားသဖြင့် နတ်ကိုင်ခြင်းဖြစ်သည်ဟု နတ်ဝင်သည်အား ဆိုင်ရာနတ်ကဝင်၍ပြောလေတော့သည်။ သူဌေးကြီးမှာလည်း မိမိ၏ မိသားစုအသက်ဖြင့် မလဲနိုင်သောကြောင့် ကြောက်လန့်ပြီး ထိုနဂါးမျက်ရှင်ကို ပိုင်ရှင်များဖြစ်သော မောင်ဟုနှင့် မယ်ချန်တို့ထံ ချက်ချင်းပင် ပြန်ပေးလိုက်လေသည်။ ထူးဆန်းလှပေ၏။ အမည်မဖော်နိုင်သော ဝေဒနာအထူးအဆန်းတွေ ခံစားနေရသူတို့မှာ ချက်ချင်းပင် မူလအတိုင်း အကောင်းပကတိဖြစ်ကုန်ကြလေတော့သည်။

မောင်ဟုနှင့် မယ်ချန်တို့မှာလည်း မိမိတို့၏သားလေးပိုင်ဆိုင်သောပစ္စည်းကို ပြန်လည်ရရှိလာသဖြင့် ဝမ်းမြောက်စွာ ယခင်အတိုင်း တလေးတစား တမြတ်တနိုးထားကြလေသည်။ထိုအချိန်မှစ၍ နဂါးမျက်ရှင်ကလည်း အစွမ်းပြ၊ မောင်ဟုတို့ဇနီးမောင်နှံကလည်း ရိုးသားစွာဖြင့် မှန်ကန်သော အလုပ်ဟူသမျှကို ကြိုးစားလုပ်ကိုင်ကြသဖြင့် သူဌေးကြီး၏ လယ်ယာအလုပ်သာမက ထိုထက်တိုးတက်ကောင်းမွန်သော အရောင်းအဝယ်အလုပ်တို့ကို ချစ်ခင်သူမိတ်ဆွေများ၏ ဆက်စပ်မှုဖြင့် လုပ်ကိုင်ခွင့်ရလာကြကာ မကြာမီမှာပင် စီးပွားရေးကောင်းမွန်တိုးတက်လာလေသည်။ မောင်ဟုတို့ဇနီးမောင်နှံသည် စီးပွားရေးလုပ်ငန်းများ အဆင်ပြေတိုးတက်လာခဲ့ပေမည့် ဝင့်ဝါခြင်း၊ မာန်တက်ခြင်းတို့မရှိဘဲ ရိုးသားစွာပင်နေထိုင်စားသောက်ကြသည့်အပြင် ရတနာသုံးပါးအပေါ် ကြည်ညိုခြင်း၊ သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းဒါနပြုခြင်း၊ မိတ်ဆွေအပေါင်းအသင်းများထဲမှ မရှိနွမ်းပါးသူတို့အား ကူညီထောက်ပံ့ခြင်းတို့ကို ဝတ်မပျက်စေတနာထက်စွာ ဆောင်ရွက်ခဲ့ကြလေသည်။ ပတ်ဝန်းကျင်တွင်လည်း မောင်ဟုတို့ဇနီးမောင်နှံတို့ စေတနာထက်သန်ခြင်းဂုဏ်သတင်းနှင့်အတူ နဂါးမျက်ရှင်၏ဂုဏ်သတင်းက လှိုင်လှိုင်ကြီး သင်းပျံ့လျက်ရှိ၏။

တစ်နေ့တွင် ရွာနီးချင်းတစ်ရွာမှ မနာလိုသူတစ်ဦးက မောင်ဟုတို့သည် နဂါးမျက်ရှင်အစွမ်းကြောင့် အဆင်ပြေစွာ တိုးတက်နေခြင်းဖြစ်သည်ဟု ယုံကြည်သည့်အပြင် ထိုနဂါးမျက်ရှင်အား ပိုင်ဆိုင်လိုသည့် လောဘဖြစ်လာသောကြောင့် မောင်ဟုတို့က ကြာကလပ်ဖြင့်

www.burmeseclassic.com

ပူဇော်ထားသည့် ထိုနဂါးမျက်ရှင်ကိုအရ ခိုးယူလေတော့သည်။ ခိုးသူ ရွာသား သည်း ထိုနဂါးမျက်ရှင်ကို မိမိ၏အကျီ အိတ်ထဲတွင်ထည့်၍ ဆောင်ထားလေ သည်။

ခိုးသူပြီးနောက် သုံးရက်မပြည့်ခင် မှာပင် ခွေကြီးတစ်ကောင်ရွာထဲဝင်လာ ပြီး ထိုခိုးယူသူအား ရှာဖွေလေသည်။ ခိုးသူအားတွေ့သောအခါ ခွေကြီးသည် မိမိ၏ပါးစပ်မှ ပြင်းထန်သော မီးညွန့်မီးတောက်တို့အား လွှတ်လေသည်။ ခွေကြီးသည် ရွာထဲရှိအခြားသူများကိုလုံးဝ ဂရုမစိုက်ဘဲ ထိုခိုးသူကိုသာ မီးညွန့်မီးတောက်လွှတ်ပြီး ပေါက်သတ်တော့မည် တကဲကဲပြုသောကြောင့် မြင်ကြရသော အခါ အံ့အားသင့်ကုန်ကြလေသည်။ ထို့ပြင် ခွေကြီးအနားသို့လည်း မကပ်ရဲကြဘဲ အခြေအနေကိုသာ စောင့်ကြည့်နေကြလေသည်။ နဂါးမျက်ရှင်အား ခိုးထားသူ ရွာသားကလည်း မိမိအကြောင်း မိမိသိသဖြင့် အသက်လုပြေးလေတော့သည်။ ခွေကြီးကလည်း ထိုခိုးသူ၏နောက်သို့ ထပ်ကြပ်မကွာလိုက်လေသည်။ ဤရွာသူရွာသားများကား အကြောင်းရင်းခံကို မသိကြ၍ အံ့သြစွာကျန်ခဲ့ကြလေသည်။

ခိုးသူကပြေး၊ ခွေကြီးကလိုက်ဖြင့် တစ်နေရာအရောက်တွင် ခိုးသူရွာသား၏အိတ်ထဲမှ နဂါးမျက်ရှင်မှာ ထွက်ကျခဲ့လေသည်။ ခိုးသူရွာသားလည်း မသိဘဲ အသက်လုကာ ဆက်ပြေးလေသည်။ ခွေကြီးကလည်း ငြိမ်းခြောက်သည့်သဘောဖြင့် ခိုးသူရွာသား၏နောက်မှ အတန်ကြာအောင်လိုက်ပြီးမှ တောစပ်တစ်ခုထဲသို့ ဝင်သွားခဲ့လေသည်။ ထိုနေ့ညမှာပင် ခွေကြီးက မောင်ဟူအား နဂါးမျက်ရှင်ကျခဲ့သောနေရာကို အိပ်မက်ဖြင့်ပြသပြီး ပြန်သွားယူခိုင်းလေသည်။

မောင်ဟူသည်လည်း အိပ်မက်ကို ယုံကြည်စွာဖြင့် ခွေကြီးပြသသောနေရာတွင်သွားရှာသောအခါ ထိုနဂါးမျက်ရှင်ကို ပြန်တွေ့လေသည်။ ဘုန်းရှင်ကံရှင်တို့၏ ပစ္စည်းဥစ္စာကို ခိုးယူ၊ လုယက်၊ ဖျက်ဆီးခြင်းမပြုနိုင်သည်မှာ ဧကန်အမှန်ဖြစ်ပေသည်။ ထိုမှုမှ မောင်ဟူ၊ မယ်ချန်တို့၏ စီးပွားဥစ္စာတို့မှာလည်း တစ်ရှိန်ထိုး တိုးတက်လာလေသည်။ မောင်ဟူ၊ မယ်ချန်တို့ကလည်း ရတနာသုံးပါးနှင့် ပဋ္ဌာန်းဆက်ကျေးဇူးရှင်များကိုမမေ့ကြဘဲ ဘုရားတည်၊ ကျောင်းဆောက်၊ ပေးကမ်းလှူဒါန်းခြင်း စသောကောင်းမှုကုသိုလ်များကိုလည်း မမေ့မလျော့ ပြုလုပ်ကြလေသည်။



ဆရာတော်ကြီး၏နဂါးအမြီးတော (ပူဇော်ထားစဉ်)



ဆရာတော်ကြီး၏ သိဒ္ဓိဝင်လက်နက်ကာအကျီ

## ပင်လယ်ရေကို ရေချိုအဖြစ်သို့ ပြောင်းစေနိုင်သော သမာဓိတန်ခိုးတော်

ပူလေးက ရှင်အဖြစ် နောက်ကျသည်ဟု ဆိုရပေမည်။ ပူလေး အသက် (၁၅) နှစ်အရွယ်ရောက်မှသာ ရှင်ဖြစ်ရ၏။ ယိုးဒယားနိုင်ငံသည်လည်း တစ်ချိန်က မြန်မာနိုင်ငံကဲ့သို့ပင် ဘုန်းတော်ကြီးသင်သည့်ပညာဖြင့် လူ့ဘဝစခဲ့ကြရသည်သာ ဖြစ်၏။ ထို့ကြောင့် ပူလေးသည် အသက် (၁၅) နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် ဘုန်းတော်ကြီးကျောင်းတွင် ပညာရေးစတင်ခဲ့ရ၏။ ပူလေး၏ သာမဏေဘွဲ့တော်မှာ 'ရာမိုတမ်မီဂိုး' (RAMOETAMMIGOE) ဟူ၍ဖြစ်၏။ သို့သော်၊ အများက 'ကျောက်စာမရာမ်' (JAOSAMEERAM) ဟူ၍သာ ခေါ်ကြ၏။ ကျောက်စာမရာမ်သည် ခဏအတွင်းမှာပင် သင်ရိုးအားလုံးကို ထူးချွန်စွာတတ်ကျွမ်းတော်မူလေသည်။

ထို့နောက် သက်တော်(၂၀)တွင် ရဟန်းအဖြစ်သို့ ကူးစက်တော်မူ၏။ ရဟန်းအဖြစ်သို့ ရောက်တော်မူလေလျှင် ပိဋကတ်သုံးပုံနှင့် စပ်လျဉ်းသမျှသော ပါဠိကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ် အလပ်မရှိအောင် ပါဠိကျမ်းတော်ပညာကျော် ဆရာအရှင်မြတ်၏များထံတွင် တစ်ဆရာပြီးတစ်ဆရာ ကူးပြောင်း၍ ကျမ်းကုန်အောင် လေ့လာဆည်းပူးတော်မူ၏။

ပူလေးဘဝမှ သံဃာတော်အရှင်မြတ်တစ်ပါးအဖြစ်သို့ ရောက်ရှိလာခဲ့သည့်ကျောက်စာမရာမ်အရှင်မြတ်သည် ရှေးကပါရမီ အရင်းခံရှိသဖြင့် နှစ်ခြိုက်စွာပျော်ပိုက်လျက် ရဟန်းတို့ ဆည်းပူးအပ်သည့် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် လေ့လာဆည်းပူးသင်ယူနေရုံမျှမက ပိဋကတ်တော်လာ ဘုရားဟောသမထ၊ဝိပဿနာ အကျင့်မြတ်နှစ်ဖြာကိုလည်း တစ်ပြိုင်တည်း အားထုတ်တော်မူလျက်ရှိ၏။ ပိဋကတ်တော်ကျမ်းများတွင်ကျွမ်းကျင်နှံ့စပ်တော်မူသလို သမထ၊ ဝိပဿနာ ကျင့်နှစ်ဖြာတွင်လည်း ထက်မြက် ထွန်းပေါက်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ အရှင်မြတ်ကြီးသည် စာပေကျမ်းဂန်ပညာ၊ သမထဝိပဿနာ အကျင့်ပညာ၌ ထက်မြက်တော်မူပြီး အစွမ်းသတ္တိထူးများရှိတော်မူနေပါသော်လည်း သိုသိုသိပ်သိပ်နေတော်မူခြင်းကြောင့် ဆရာတော်အရှင်မြတ်ကြီး၏ ကျမ်းဂန်ပညာအစွမ်း၊ သမာဓိအစွမ်း အဘိညာဏ်အစွမ်းတို့ကို ပတ်ဝန်းကျင်သိက္ခာစောင့်စည်းမှုအစွမ်း၊ သမာဓိတန်ခိုးထက်မြက်မှုအစွမ်းများရှိကြောင်း မည်သည့်ဒကာ၊ ဒကာမမျှမသိကြပေ။ မိမိ၌ ထိုအစွမ်းသတ္တိများရှိကြောင်းကိုလည်း ဆရာတော်က လှစ်၍မျှပင် မပြပေ။

ကျောက်စာမရာမ်အရှင်မြတ်သည် နခေါင်စီထမရပ် (NAKORN SRI THAMMARAT) ပြည်နယ်တွင် ပိဋကတ်သင်ရိုးကုန်သော် ပို၍စုံအောင် လေ့လာရန် ယိုးဒယားနိုင်ငံ၏မြို့တော် အယုဒ္ဓယသို့ တက်၍ ကျယ်ပြန့်သောနည်းအယူအဆတို့ကိုလေ့လာရန် ဆုံးဖြတ်ပြန်၏။ သို့ဖြင့် အရှင်မြတ်သည် ဖိုးအင် (Mr. Im) ဟု အမည်ရှိသော လှေပိုင်ရှင်တစ်ယောက် ထံခွင့်တောင်းပြီး အယုဒ္ဓယမြို့သို့ လိုက်ကြုံလိုက်ခဲ့လေသည်။

ထိုစဉ်အခါကာလက လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလာရေး



www.burmeseclassic.com

www.burmeseclassic.com


တွင် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးသာ သွားနိုင်သေး၏။ ယာဉ်ရထားအားဖြင့် လည်း မြင်း၊ နွား၊ ကျွဲ၊ ဆင်တို့ကိုသာ စီးနိုင်၏။ ဤတွင် ရေလမ်းသည် ကုန်းလမ်းထက် ပို၍ခရီးပေါက်မြန်ဆန်၏။ ကုန်ကျစရိတ်နှင့်လူ၊ တိရစ္ဆာန်တို့အတွက် အပင်အပန်းသက်သာ၏။ လှေပေါ် အိပ်၊ လှေပေါ် စားကာ မရပ်မနားဖြင့် အချိန်ပြည့် ခရီးနှင်နိုင်၍ ခရီးတွင်၏။ စွမ်းအင်အနေဖြင့်လည်း လေအကူအညီများစွာ ရသဖြင့်လည်း လူအင်အားသက်သာလှ၏။ ထို့ကြောင့် ခရီးထွက်သူတိုင်းလိုလို ရေလမ်းခရီးကိုသာ ဦးစားပေးစဉ်းစားကြလေ့ရှိ၏။ ရေလမ်းနှင့် အကြောင်းညီညွတ်မှသာ ကုန်းလမ်းကို ရွေးချယ်တတ်ကြ၏။ သို့သော် ရေလမ်းတွင် မုန်တိုင်းတစ်ခုအတွက်တော့ ထည့်စဉ်းစားကြရ၏။ မုန်တိုင်း စသော ရာသီဥတုဆိုးမျိုးနှင့် ကြုံလျှင်တော့ ရေလမ်းက အန္တရာယ်ရှိသည်။ သို့ဖြစ်၍ ရေလမ်းဖြင့် ခရီးဝေးထွက်ရန် ရည်ရွယ်လျှင် လေမိုးကင်းစင်သောရာသီကာလကို ရွေးတတ်ကြ၏။ ထို့ကြောင့် လှေပိုင်ရှင်ကို ဖိုးအင်က မိုးလေကင်းစင်သောကာလကိုရွေးပြီး အယုဒ္ဓယမြို့တော်သို့တက်လာခဲ့၏။ အရှင်မြတ်ကျောက်စာမရာမ်လည်း လှေပိုင်ရှင် ကိုဖိုးအင်၏ .သဘောတူခွင့်ပြုချက်ဖြင့် ထိုလှေပေါ်တွင် ပါလာခဲ့ပေသည်။

မိုးလေကလည်း ကင်းစင်သာယာ အထက်ဆန်လေကလည်း အားပါလေတော့ အရှင်မြတ် လိုက်ပါလာသော ထိုလှေသည် ခရီးတွင်လှပေသည်။ သို့သော် အယုဒ္ဓယမြို့တော်သို့မရောက်မီ ခရီးတစ်ဝက်ခန့်တွင် မမျှော်လင့်ဘဲ ကောင်းကင်တစ်ခွင်တစ်ပြင်လုံး တိမ်မည်းဖုံးပြီး မိုးလေဆင်လာလေသည်။ အခါရာသီ မဟုတ်ပါ။ မုန်တိုင်းရိပ်ကျလာသဖြင့် လှေပိုင်ရှင်လည်းဖြစ်၊ လှေသူကြီးလည်းဖြစ်သော ကိုဖိုးအင်နှင့်တကွ လှေထိုးသားတို့အားလုံးမှာ မတွေးတတ်ဘဲ အံ့အားသင့်နေကြရတော့သည်။သို့သော် ကြာကြာအံ့အားသင့်မနေနိုင်ဘဲ ကျလာတော့မည့်မုန်တိုင်းကို ရင်ဆိုင်ခံနိုင်ရန် ကိုယ်စီကိုယ်ငတာဝန်ယူကြရလေသည်။

လှေကြီးပေါ်မှ တစ်ပါးတည်းသော သံဃာတော်အရှင်မြတ်ကား သဘာဝကို မတားကောင်းသည့်အပြင် ဆွမ်းသံဃာဖြစ်နေ၍ လှေပေါ်ရှိ သက်ရှိအားလုံး အန္တရာယ်ကင်းရေးကိုသာ မျှော်ရှု၍ မေတ္တာပွားများနေရပေသည်။ မကြာမီ မိုးမပါလေသက်သက်မုန်တိုင်းကြီးကျလာလေတော့သည်။သံဃာတော် အရှင်မြတ် လိုက်ပါလာသော ထိုလှေသည် ပင်လယ်ကျယ်ကြီးထဲသို့ လေအားလှိုင်းအားတို့ဖြင့် ပါသွားလေတော့သည်။ အတန်ကြာအောင် လေကြီးမုန်တိုင်းတိုက်ခတ်ပြီးသည့်နောက် ပင်လယ်ကြီးသည် မှန်သားပြင်ကဲ့သို့ ပြန်လည် ငြိမ်သက်သွားလေသည်။ သို့သော်လည်း သံဃာတော် အရှင်မြတ်ကြီးလှေမှာမူ ပင်လယ်ထဲတွင် သစ်ရွက်လေးတစ်ရွက် မျောသကဲ့သို့ ဦးတည်ရာမဲ့ မျောနေလေတော့၏။ လှေပိုင်ရှင်နှင့် လှေထိုးသားတို့သည် ကြိုးစား၍ ရေကြောင်းလမ်းမှန်ကိုမှန်းဆပြီး လှေကိုထိန်းလျက်လှော်နေကြရ၏။ ရက်အတန်ကြာအောင် ပင်လယ်ထဲတွင် ကမ်းမမြင်လမ်းမမြင် မှန်းပြီး ခရီးနှင်နေကြရသည်ဖြစ်၍ ခရီးမတွင်အောင်ဖြစ်နေကြရသည် ဖြစ်၏။ ပတ်ပတ်လည်တွင် ဆားငန်ရေသာရှိ၍ သောက်ရေက ပြဿနာဖြစ်လာ၏။ ရေချိုကား ချွေတာသောက်သုံးလျှင်မှ ပြတ်လုပြတ်ခင်ဖြစ်လာလေတော့သည်။အစားအစာတို့မှာလည်း တစ်နေ့တခြားလျော့နည်းလာလေ၏။

ရေသည် သက်ရှိသတ္တဝါတို့တွင် အဓိကအသက်ရှင်ရေးအာဟာရတစ်ခုဖြစ်၏။ ထမင်းသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟူသော စကားမှန်စကားမှတ်ရှိ၏။ အစားမစားဘဲ ခုနစ်ရက်မျှကြာအောင် လူတို့အသက်ရှင်နေနိုင်ကြသော်လည်း ရေမသောက်ရဘဲနေရလျှင် တစ်မနက်သာ အသက်ရှင်နိုင်သည်ဟုဆို၏။ ပုထုဇဉ်လူသားတို့သည် မိမိကိုယ်မိမိ အချစ်ဆုံးဖြစ်ကြသဖြင့် ရေအတွက်ပူကြလေပြီ။ ဤခရီးစဉ်ကို သူတို့သွားနေလာနေကြသည်မှာ သက်တမ်းတစ်ဝက်မျှနီးပါးရှိပြီဟု ဆိုနိုင်၏။ တစ်ခါမျှ ဤသို့ လေကြီးမုန်တိုင်းမျိုး မကြုံဘူးကြ။ အချိန်ကာလကလည်း လေကြီးမုန်တိုင်း











www.burmeseclassic.com

www.burmeseclassic.com

ကျရမည့်ရာသီမျိုး မဟုတ်။ ထူးဆန်းနေသည်ဟု တွေးကြ၏။ နောက်ဆုံး သောက်ရေနှင့် အစားအစာခွဲတမ်းကပါ ဝင်စွက်လိုက်သောအခါ ဤသို့ လေမုန်တိုင်းဖြစ်ပေါ်လာပြီး သူတို့အားလုံး လှေတစ်စီးတွင် ကမ်းမမြင်လမ်းမမြင်မျောနေကြရသည်မှာ လှေပေါ်တွင်လိုက်ပါလာသော ရဟန်းကြီးအား ပင်လယ်စောင့်နတ်များက မကြိုက်ကြသောကြောင့် ဖြစ်မည်ဟု တွေးမိကြလေသည်။ ထိုအတွေးသည် သူတို့၏ဆုံးဖြတ်ချက်ဖြစ်သွားလေသည်။ ထို့ကြောင့် ပင်လယ်စောင့်နတ်များမကြိုက်ကြသောကြောင့် ဟူသော စွဲချက်ဖြင့် ရဟန်းအရှင်မြတ်အား ပင်လယ်အတွင်းရှိ လူမနေသည့် ကျွန်းတစ်ကျွန်းသို့ အရောက်တွင် လှေထဲမှဆင်းနေရန် နှင်ချကြလေတော့၏။

ကျောက်စာမရာမ်အရှင်မြတ်ကား လှေပိုင်ရှင်နှင့်လှေထိုးသားတို့၏ဆုံးဖြတ်ချက်ကို လုံးဝမငြင်းဆန်ဘဲ ကျွန်းပေါ်တွင်နေခဲ့ရန် ဝန်ခံတော်မူလေသည်။ လှေပိုင်ရှင်နှင့် လေထိုးသားတို့က လှေကြီးကို ကျွန်းနှင့်မလှမ်းမကမ်းတွင်ရပ်ပြီး သံဃာတော်အရှင်မြတ်အား လှေငယ်လေးတစ်စင်းပေါ်တင်ပြီး လှေကြီးပေါ်မှ ချပေးလေသည်။ သံဃာတော်အရှင်မြတ်က လှေကြီးမှမခွာခင် မိမိအား လှေလေးဖြင့် ကျွန်းပေါ်သို့ လှော်ခတ်ပို့ပေးမည့် လှေထိုးသားအား -

"သင်တို့လှေကြီးပေါ်မှာ သောက်ရေသုံးရေအတွက် ရေချိုကုန်ခန်းပြတ်လပ်တော့မယ်။ ဟောဒီရေကို အဝသောက်ပြီး ခပ်ယူသိုလှောင်ကာ သွားကြပေတော့။ မကြာခင်မှာ ရေလမ်းအမှန်ကို ပြန်ရောက်ကြလိမ့်မယ်"

ဟု မိန့်တော်မူလေသည်။

လှေထိုးသားကမယုံ၊ ပင်လယ်ရေကို ရေချိုဟု မိန့်နေသော သံဃာတော်ကို တစ်မျိုးတစ်မည်ထင်ကာ ပြန်လည်ကြိမ်းဝါးလေသည်။

"ဘုန်းကြီး၊ ကျွန်းပေါ်မှာ တစ်ပါးတည်းနေခဲ့ရမှာကို ကြောက်ပြီး ပေါက်ကရတွေလျှောက်ပြောမနေနဲ့"

"သင့်ကို ငါမလိမ်မညာပြောခြင်းဖြစ်တယ်။ မယုံရင် ဒီနေရာလေးက ရေကို သင်ကိုယ်တိုင်မြည်းစမ်းလေ"

ဟု မိန့်ကာ ပင်လယ်ရေကို ခြေထောက်ဖြင့် မွှေပြလေသည်။

"ကောင်းပြီ ဘုန်းကြီး၊ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်အသိပဲ"

ဟု ကြိမ်းဝါးပြီး သံဃာတော်က ခြေထောက်တော်ဖြင့်မွှေပြသောနေရာမှရေကို လက်ခုပ်ဖြင့်ယူကာ မရဲတရဲမြည်းကြည့်ရာ ပင်လယ်ရေမှာ မငန်ဘဲ ရေချိုဖြစ်နေလေသည်။ ထိုအခါ လှေထိုးသားသည် လက်ခုပ်ဖြင့် အခါပေါင်းများစွာ ခပ်သောက်လေသည်။ လှေကြီးပေါ်မှ လူများကလည်း သူ့ကိုအံ့ဩစွာကြည့်နေကြလေသည်။ ထိုလှေထိုးသားက သူ အဝသောက်ပြီးသော့အခါ လှေကြီးပေါ်မှ ကျန်ခဲ့သူများအား ထိုနေရာမှရေမှာ ရေချိုဖြစ်ကြောင်း၊ ရေပုံး၊ ရေခွက်တို့ဖြင့် ခပ်ယူပြီး ထည့်စရာတို့တွင် အပြည့်လှောင်ထားကြရန် ပြောလေသည်။ လှေကြီးပေါ်မှ လှေပိုင်ရှင်နှင့် လှေထိုးသားများက မယုံကြ။ သူတို့လူ စိတ်ဖောက်ပြန်သွားပြီဟု ထင်ကြ၏။ သို့သော် လှေပိုင်ရှင်က သံဃာတော်၏ ဟန်ပန်ကိုကြည့်ပြီး ဟုတ်၏၊ မဟုတ်၏ သူကိုယ်တိုင် လှေလေးပေါ်သို့ဆင်းပြီး သံဃာတော်ခြေထောက်ဖြင့် ယက်မွှေထားသော ပင်လယ်မျက်နှာပြင်ရေပွက်နေရာလေးမှ ရေအနည်းငယ်ကို လက်ခုပ်ဖြင့်ခပ်ယူပြီး မြည်းကြည့်ရာ ပကတိရေချိုဖြစ်နေလေသည်။

ထိုအခါ လှေပိုင်ရှင်ကလည်း လှေပေါ်မှ သူ၏လှေထိုးသားတို့ကို ထိုနေရာကွက်ကွက်လေးမှရေများကို သယ်ယူပြီး လှေပေါ်ရှိ ရေစည်၊ ရေအိုးတို့တွင် အပြည့် လှောင်စေလေသည်။ လှေထိုးသားတို့လည်း ထိုရေကို မိမိကိုယ်တိုင် အဝသောက်သုံးကြပြီး လှေပိုင်ရှင်အမိန့်အတိုင်း လှေပေါ်ရှိ စည်များ၊ အိုးများတွင် အပြည့်ခပ်ယူသိုလှောင်ကြလေသည်။ ထို့နောက် လှေပိုင်ရှင်နှင့်လှေထိုးသားတို့သည် သံဃာတော် ကျောက်စာမရာမ်၏အစွမ်းထူးကို သိရှိကြပြီး အရှင်မြတ်ကို ရှိခိုးတောင်းပန်ကြကာ အယုဒ္ဓယအရောက်လိုက်ပါရန် တောင်းပန်ပြီး လှေကြီးပေါ်သို့ ပြန်လည်ပင့်ဆောင်ကြလေသည်။

သံဃာတော် အရှင်မြတ်လည်း သည်းခံခွင့်လွှတ်တော်မူပြီး သာခုခေါ်ကာ အယုဒ္ဓယအထိ လိုက်ပါကြွမြန်းတော်မူခဲ့လေသည်။ လှေကြီးမှာလည်း မကြာမီမှာပင် ရေကြောင်းလမ်းမှန်တွေ့ပြီး အယုဒ္ဓယမြို့တော်သို့ ချောမောစွာ ဆိုက်ရောက်ခဲ့လေသည်။

သိဒ္ဓိရှင်ဆရာတော်ကြီး လုံဖော့ထွင်၏သမာဓိစွမ်း၊ မေတ္တာစွမ်းကား ဤမျှသာမဟုတ်။ အများအပြားပင်ရှိပါ၏။ ထိုအများအပြားသောသမာဓိတန်ခိုးစွမ်းတို့ထဲမှ သမိုင်းဝင်စာတင်လောက်သည့် တန်ခိုးသိဒ္ဓိထူးတစ်ခုကို ဖော်ပြပူဇော်ပါဦးမည်။ ထိုထူးခြားသော ဖြစ်ရပ်ကား ဆရာတော်အရှင်မြတ်ကြီး၏ သမာဓိသိဒ္ဓိနှင့် ဂန္ဓာရီသိဒ္ဓိစွမ်းတို့ ဖြစ်ပေသည်။ လွန်စွာကြည်ညိုဖွယ်ရာ ဖြစ်ပေသည်။

**ဆရာတော်လုံဖော့ထွင်နှင့် လျှို့ဝှက်ပိဋကတ်တော်**

သိဒ္ဓိရှင်ဆရာတော်အရှင်မြတ်ကြီးသည် ကိုဖိုးအင်၏လှေဖြင့် ခရီးကြုံအလှူခံ၍လိုက်လာပြီး ဦးတည်ရင်းဖြစ်သော အယုဒ္ဓယမြို့တော်သို့အရောက်တွင် မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့ကို ပို၍တိုးတက်ပြည့်စုံစေကြောင်းအလို့ငှာ ထပ်မံ ဖြည့်စွက်ဆည်းပူးရန် ဆင်းနေခဲ့၏။ ထို့နောက် သီတင်းသုံး နေထိုင်ခွင့်ရမည့် ကျောင်းတစ်ကျောင်းကို မျှော်မှန်း၍ မြို့တွင်းသို့ ဝင်တော်မူလေသည်။ လှေပိုင်ရှင် ကိုဖိုးအင်နှင့် လှေထိုးသားများက အရှင်မြတ်ကြီးကို ကိုးကွယ်လိုကြ၍ တောင်းပန်ကြပါသော်လည်း ဆရာတော်အရှင်မြတ်ကြီးက လက်ခံတော်မမူဘဲ မိမိ၏ ရည်ရွယ်ချက်အတိုင်း အယုဒ္ဓယမြို့တွင်းသို့သာ ကြွလှမ်းတော်မူလေသည်။

လှေဆိပ်မှသည် သုံးမိုင်ခန့်ကြွလှမ်းမိသောအခါ အလွန်ခံ့ညားတင့်တယ်သည့် ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့တော်မူလေသည်။ ထိုအခါ လုံဖော့ထွင်အရှင်မြတ်သည် ထိုကျောင်းတော်ကြီးသို့ဝင်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ကန်တော့ပြီး ခေတ္တခဏမျှ သီတင်းသုံးခွင့်ပြုရန် လျှောက်ထား တောင်းပန်တော်မူလေသည်။

ကျောင်းထိုင်ဆရာတော်ကြီးက လုံဖော့ထွင်အရှင်မြတ်ကို ခြေဆုံးခေါင်းဆုံးကြည့်၍အကဲခတ်တော်မူ၏။ လုံဖော့ထွင်အရှင်မြတ်တွင် သင်္ကန်းနှင့်သပိတ်တစ်လုံးမှလွဲ၍ ပစ္စည်းအပိုတစ်ခုမှမပါ။ ဝတ်ရုံထားသော သင်္ကန်းကလည်း ကြာမြင့်လှပြီဖြစ်သည့်ပြင် ခရီးဝေးနှင့် ကြုံတွေ့ခဲ့ရကာ မုန်တိုင်းဒဏ်ကြောင့် ဟောင်းနွမ်းရုံမျှမက စုတ်ပြတ်နေ၏။ မွေးဖွားတော်မူကတည်းက မည်းနေနည့် အသားတော်ကလည်း နေဒဏ်၊ လေဒဏ်တို့ကြောင့် အနက်ဘက်သို့ပိုနေ၏။ ဤသို့သော ရုပ်သွင်သဏ္ဌာန်ကြောင့် ကျောင်းတော်ကြီးရှင် သံဃာတော်က အခန်းလွတ်မရှိပါဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လုံဖော့ထွင်ရှအရှင်မြတ် သာခုခံ ဘာ တည်ငြိမ်စွာဖြင့် ထိုကျောင်းတော်ကြီးမှ ပြန်ထွက်တော်မူခဲ့ရလေသည်။

လုံဖော့ထွင်ရှ အရှင်မြတ်သည် ကျောင်းတော်ကြီးရှင်က တည်းခိုသုံးခွင့် မပြုဘဲ ငြင်းလိုက်သော်လည်း သောက ဒေါသမဖြစ်။ သူတော်ကောင်းတရားရှင် ပီပီ မိမိ၏ရုပ်၊နာမ်တရားနှစ်ပါးအပေါ် သက်ရောက်လာသမျှ လောကဓံဖြစ်ရပ် သမျှကို ကံအကြောင်း၊ ကံအကျိုးဟု ၍ ဆင်ခြင်တော်မူကာ နောက်ထပ် ကျောင်းတစ်ကျောင်း တွေ့လိုတွေ့ငြား သဘောထားဖြင့် ဆက်လက် လှမ်းကြွ တော်မူခဲ့လေသည်။

နောက်ထပ်ခရီးတစ်မိုင်ခန့် ကြွ လှမ်းမိသောအခါ ဘုန်းကြီးကျောင်းတစ် ကျောင်းကို ထပ်မံတွေ့ရတော်မူလေ သည်။ ထိုကျောင်းလေးကား သေးသေး ငယ်ငယ်ပင်။ ကြွားကြွားရွားရွားလည်း မရှိသလို ခံ့ခံ့ညားညား လှလှပပလည်း မဟုတ် နှစ်ပါး၊ သုံးပါးစာ ကျောင်းလေးမျှ သာဖြစ်၏။ လုံဖော့ထွင်ရှအရှင်မြတ်သည် ထိုကျောင်းငယ်လေးသို့ ချဉ်းကပ်၏။ အနီးရောက်လျှင် ကျောင်းလေး၏ တံခါးပေါက်မှ လှမ်းကြည့်လိုက်၍ ကျောင်းလေးမှာ သေးငယ်လှသဖြင့် အတွင်းသို့ တိုးလျှိုပေါက်အကုန်မြင်နေရ ၏။ ကျောင်းငယ်လေးတွင် ဗုဒ္ဓဆင်းတု တော်တစ်ဆူ သီတင်းသုံးလျက်ရှိတော် မူသော ပလ္လင်တော်တင်စင်မြင့်ကို သံဃာတော်အရှင်မြတ်ကြီးတစ်ပါးက သန့်စင် ရှင်းလင်းတော်မူနေသည်ကို လုံဖော့ထွင်ရှ အထင်းသားမြင်တော်မူရ လေသည်။

လုံဖော့ထွင်ရှအရှင်မြတ်သည်လည်း ထိုသံဃာတော်ထံ ချဉ်းကပ်ကန်တော့ ပြီးလျှင် ခေတ္တခဏမျှ တည်းခိုသီတင်း သုံးခွင့်ပြုရန် လျှောက်ထားခွင့်တောင်း တော်မူလေသည်။ ထိုအခါ ကျောင်းငယ် လေး အရှင်သံဃာတော်က ဤကျောင်း လေးတွင် မိမိတစ်ပါးတည်း သီတင်းသုံး လျက်ရှိတော်မူကြောင်းနှင့် နေနိုင်မည် ဆိုပါက နေနိုင်သလောက်ပင် လွတ်လပ် စွာ သီတင်းသုံးနိုင်ပါကြောင်း ဖော်ရွေ စွာပင် ခွင့်ပြုတော်မူလေသည်။ ယခု အချိန်တွင် ထိုကျောင်းလေးသည် အယု ဒ္ဓယမြို့တွင် သိဒ္ဓိရှင်ဆရာတော်ကြီး လုံဖော့ထွင်ရှ အယုဒ္ဓယတွင် ပထမဦးဆုံး သီတင်းသုံးတော်မူရာ ကျောင်းတော် အဖြစ် 'ဝပ်ရာချာနုဝပ်' (WATRACHA-NUWAT) အမည်ဖြင့် ခံ့ညားထည်ဝါစွာ တွေ့ရှိရပေသည်။ လုံဖော့ထွင်ရှအရှင်မြတ် ကြီး၏ ကြီးမားသော ဆင်းတုတော်ကိုပါ ကိုးကွယ်ပူဇော်ထားပြီး နေ့စဉ်ပင် ပူဇော် အဓိဋ္ဌာန်သူများဖြင့် မပြတ်အောင် စည်ကားလျက် ရှိ၏။

လုံဖော့ထွင်ရှအရှင်မြတ်သည် ပိဋ္ဌ ကတ်စာပေနှင့်ပတ်သက်၍ တောင့်တင်း ပြည့်စုံနေပြီဖြစ်ရာ အရှင်မြတ်ကြီးသည် ပဋိပတ္တိသာသနာတော်တွင် တစွမ်းတ အား ပါဝင်ထမ်းဆောင်နိုင်ရန် ကျင့်စဉ် များကို ပို၍ဖြည့်ဆည်းအားထုတ်တော် မူလေသည်။ အရှင်မြတ်ကြီးသည် ရှေး ပါရမီအခြေခံ ထက်မြက်ရုံမျှသာမက သာသနာတော်အပေါ် တွင် သက်ဝင် ယုံကြည်မှုသဒ္ဓါတရားတွင် လုံ့လ၊ ဝီရိယ အင်အားတို့ ကြီးမားလှသောကြောင့် ကျင့်လေသမျှသော သမာဓိကျင့်စဉ်တို့ သည် အောင်မြင်ခြင်းသို့သာ ဆိုက် ရောက်ပြီး သမာဓိတန်ခိုးသတ္တိထူးတို့ သည်လည်း အရှင်မြတ်ကြီးစိတ်အလိုရှိ တိုင်း ပြီးအောင် ထက်မြက်ခဲ့လေသည်။ သို့သော်လည်း အရှင်မြတ်ကြီးသည် သိပ်သည်းခြင်း၊ ရောင့်ရဲခြင်း၊ မာန်မာန ထောင်လွှားမှုမရှိခြင်း စသည့် ဂုဏ်တော် များကြောင့် သာမန် ရဟန်းတစ်ပါးအ ဖြစ်ဖြင့်သာ ဒကာ၊ ဒကာမတို့ သိထား ကြလေသည်။ ဤသို့ဖြင့် အရှင်မြတ်ကြီး သည် သမာဓိတန်ခိုး၊ သိဒ္ဓိထူးများရှိပါ သော်လည်း လူသိမခံဘဲ မထင်မရှားဖြင့် သာ မိမိကျင့်ဖွယ်များကို အားထုတ်ကျင့် ကြံတော်မူသည်။

ဤသို့ဖြင့် သာသနာတော်နှစ် ၂၁၁၆ ခုနှစ်သို့ ရောက်ခဲ့လေသည်။ ထို အချိန်တွင် ယိုးဒယားနိုင်ငံ အယုဒ္ဓယမြို့ တော်တွင် ဘုရင်မဟာဓမ္မရာဇာ (PHAR MAHA THAMMARACHA) အုပ်ချုပ် မင်းလုပ်နေသောကာလဖြစ်၏။ ထိုစဉ် က ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ အယုဒ္ဓယနှင့် သီရိလင်္ကာနိုင်ငံတို့ အခြေ အတင်ငြင်းဆိုဖွယ်ရာ ကိစ္စအနည်းငယ် ရှိခဲ့ဖူး၏။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံက အယုဒ္ဓယအပေါ် မကျေမလည်ဖြစ်နေ ၏။ သီရိလင်္ကာကလည်း အယုဒ္ဓယကို သိမ်းပိုက်လိုသောဆန္ဒလည်း ရှိ၏။ သို့သော် ဗုဒ္ဓဘာသာအဓိကဖြစ်သော နိုင်ငံချင်း သွေးထွက်သံယိုဖြစ်စေမည့် တိုက်ပွဲများကိုလည်း သီရိလင်္ကာက မဖြစ်စေလို။ ထို့ကြောင့် သီရိလင်္ကာ အရှင်က ပညာရှိအမတ်များနှင့်တိုင်ပင် တော်မူပြီး အယုဒ္ဓယဘုရင်ထံ စိန်ခေါ် မှုတစ်ခုကို ပြုလုပ်လေသည်။

သီရိလင်္ကာဘုရင်၏ စိန်ခေါ်မှုက အခြားမဟုတ်ပေ။ အယုဒ္ဓယနိုင်ငံက လည်း ဗုဒ္ဓဘာသာဝင်နိုင်ငံ၊ သီရိလင်္ကာ နိုင်ငံကလည်း ဗုဒ္ဓဘာသာဝင်နိုင်ငံ၊ ထို့ ကြောင့် ဗုဒ္ဓသာသနာတော်နှင့်ပတ်သက် သည့် စိန်ခေါ်မှုတစ်ခုပင် ဖြစ်လေသည်။

သီရိလင်္ကာဘုရင်သည် ရွှေစင် ရွှေသားရွှေပြားပေါင်း ရှစ်သောင်းလေး ထောင်ပြုစေ၍ တစ်ပြားစီပေါ်တွင် ပိဋ္ဌ ကတ်တော် အက္ခရာစာလုံးတို့ကို ထွင်း ပြီး ရှစ်သောင်းလေးထောင်သော ရွှေပြား များကို ပိဋ္ဌကတ်တော်ကျမ်း ပြည့်စုံစေ ၏။ထို့နောက် ထိုရွှေပြားရှစ်သောင်းလေး ထောင်ကို ကစဥ့်ကလျားဖြစ်အောင် ရောမွှေပြီးနောက် ရတနာသေတ္တာကြီး တွင် ထည့်ကာ ပညာရှိ ပုဏ္ဏားတော် အမတ် (၇) ဦးနှင့်အတူ အယုဒ္ဓယ ဘုရင်ထံသို့ ပေးပို့လေသည်။ ထိုအဖွဲ့နှင့် အတူ ယိုးဒယားဘုရင်အား စိန်ခေါ် သော သဝဏ်လွှာတစ်စောင်ကိုလည်း ပါးတော်မူလိုက်၏။

စာထဲတွင် ရွှေပြားပေါ်ရှိ ပိဋ္ဌ ကတ်အက္ခရာများကို အစဉ်တကျ စီစဉ် ပေးခြင်းဖြင့် ပိဋ္ဌကတ်တော်ဖြစ်အောင် ဖော်ညွှန်းရမည်။ ဆောင်ရွက်ချိန်ကာလ အနေဖြင့် (၇) ရက်ပေး၏။ထိုအစီအစဉ် ကို (၇) ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။ ဤသို့ (၇) ရက် အတွင်း အမှားအယွင်း၊ အချော်အချွတ် မရှိဘဲ ဆောင်ရွက် အောင်မြင်ခဲ့ပါလျှင် ယခုအဖွဲ့နှင့်အတူပါလာသောလှေ့လောင်း (၇)စီးစာအပြည့်တင်ထားသော ကျောက် သံပတ္တမြားရတနာပေါင်းကို အယုဒ္ဓယ ဘုရင်က ပိုင်ဆိုင်စေရမည်။ အကယ်၍ ဤအစီအစဉ်ကို (၇)ရက်အတွင်း ပြည့်စုံ အောင်မြင်အောင် မဆောင်ရွက်နိုင်ပါက အယုဒ္ဓယကို သီရိလင်္ကာလက်အောက် သို့ ဆက်သွင်းရမည်ဟူ၍ အကျဉ်းအား ဖြင့် ပါဝင်လေသည်။

အယုဒ္ဓယဘုရင်အတွက် အခြား အစားထိုးရွေးချယ်စရာမရှိတော့ပြီ။ ဤ စိန်ခေါ်မှုကို ငြင်းပယ်လိုက်ပါက စစ်ပွဲ ကို ရွေးချယ်ရတော့မည်။ စစ်ပွဲကို ရွေးချယ်လိုက်ပါက သီရိလင်္ကာနိုင်ငံက အဆမတန်အင်အားကောင်းသောကြောင့် အယုဒ္ဓယတို့သာ သွေးထွက်သံယိုဖြင့် ရှုံးနိမ့်ကြရပေမည်။ ထို့ကြောင့် ထိုစိန် ခေါ်မှုကို လက်ခံလိုက်ရလေသည်။

နန်းတွင်း၊ နန်းပြင်နှင့် မြို့တော် တွင်း နီးစပ်သမျှ ထင်ရှားသမျှသော ရဟန်းသံဃာစာသင်သားတို့ကို ပင့်ဖိတ်

www.burmeseclassic.com

၍ ထိုရွှေပြားအက္ခရာတို့ကိုစီစေပါသော်လည်း (၃) ရက်သာ ကြာသွားသည်။ စီနိုင်စဉ်နိုင်သူမရှိ ဖြစ်နေလေသည်။ လေးရက်မြောက်သောနေ့တွင် အယုဒ္ဓယဘုရင်သည် ထူးခြားသော အိပ်မက်တစ်ခုကို မက်လေသည်။ အိပ်မက်ထဲတွင် ဆင်ဖြူတော်တစ်စီးက အော်ဟစ်မြည်ကျူးရင်း ကောင်းကင်မှပျံသွားသည်ကို အယုဒ္ဓယဘုရင် မြင်ရလေသည်။ နံနက်မိုးသောက်သော် ပညာရှိအမတ်တို့အား ပြောပြတိုင်ပင်တော်မူရာ ပညာရှိမှူးမတ်တို့က နိမိတ်ကောင်းသော နတ်ပေးအိပ်မက်ဖြစ်ကြောင်း၊ အိပ်မက်၏ အဓိပ္ပာယ်မှာ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ပါးက ယခု ရွှေပြားပိဋကတ်ကိစ္စကို မကြာမီ လာရောက် ဖြေရှင်းပေးလိမ့်မည် ဖြစ်ကြောင်း ဟောကိန်း ဆက်သကြလေသည်။ ထိုအခါ အယုဒ္ဓယဘုရင်လည်း ဝမ်းသာတော်မူပြီး အယုဒ္ဓယနေပြည်တော်မှအစ ပတ်ဝန်းကျင်ရှိ ဇနပုဒ်ရွာငယ်များမှ တစ်ပါးတစ်ယောက်ပေါ်ပေါက်လေငြားအောင် မျှော်လျက်ရှိ၏။ ဤသို့ဖြင့် (၆) ရက်မြောက်သောနေ့သို့ ရောက်လာခဲ့၏။ ရွှေပြားပိဋကတ်အက္ခရာကို ဖော်စပ်စီစဉ်ပေးနိုင်သူကား ပေါ်မလာသေး။

ထို (၆) ရက်မြောက်သောနေ့၏ နံနက်ခင်း ဆွမ်းခံချိန်တွင် လုံဖော့ထွင့်ရှ အရှင်မြတ်သည် အယုဒ္ဓယဘုရင်၏ နန်းတွင်းသူနန်းတွင်းသားတို့ နေထိုင်ရာသို့ ဆွမ်းခံကြွတော်မူခဲ့လေသည်။ ထိုအချိန်တွင် နန်းတွင်းသူနန်းတွင်းသားအချို့က သီရိလင်္ကာဘုရင်၏ စိန်ခေါ်မှုပြဿနာကို ပြောဆိုကာ ပူပန်နေကြ၏။ နန်းတွင်းသူနန်းတွင်းသားတို့သည် သံဃာတော်အရှင်မြတ်တစ်ပါး ဆွမ်းခံကြွလာသည်ဟူသောအသိဖြင့် လုံဖော့ထွင့်ရှအား ဆွမ်းလောင်းကြ၏။ ဆွမ်းလောင်းရင်းသူတို့၏ စိတ်ထဲတွင် လုံဖော့ထွင့်ရှအရှင်မြတ်ကို ကြည်ညိုအားကိုးစိတ်တွေ ပေါ်လာပြီး တစ်ခုမျှမဖူးရသေးသော ရဟန်းအာဂန္တုအဖြစ်ဖြင့် မျိုးရိုးနှင့်လာရာ၊ သွားရာတို့ကို မိတ်ဆက်သဘောဖြင့် မေးမြန်းလျှောက်ထားကြလေသည်။ ထိုအထဲတွင် အယုဒ္ဓယဘုရင်ကြီး ရင်ဆိုင်နေရသော ပိဋကတ်ပြဿနာကိုလည်း လျှောက်ထားပြန်၏။ ထိုပြဿနာကို လုံဖော့ထွင့်ရှ ကြားသိရသောအခါ -

"ငါဟာ ဗုဒ္ဓရှင်တော်မြတ်၏ တပည့်သား သံဃာတော်တစ်ပါးမျှသာ ဖြစ်သော်လည်း သာသနာရေးပြဿနာအတွက် ငါ့မှာလည်း တာဝန်ရှိသည်။ ဤပြဿနာကို ငါကြိုးစားဖြေရှင်းလိုသည်"

ဟု ဆွမ်းလောင်းသူ နန်းတွင်းသားတို့အား မိန့်တော်မူလေသည်။ နန်းတွင်းသူနန်းတွင်းသားတို့လည်း ဝမ်းသာအားရ လုံဖော့ထွင့်ရှ အရှင်မြတ်ကို ချက်ချင်းပင် ဘုရင့်ထံဝင်ရန် ပင့်ကြ၏။ လုံဖော့ထွင့်ရှကလည်း တစ်ရက်အချိန်ရှိသေးသည်ဟု မိန့်ကာ နန်းတွင်းသားတို့ ပင့်ရာသို့မလိုက်ဘဲ နောက်နေ့မှ ကျောင်းသို့ လာပင့်ကြရန် မိန့်သည်။ ကျောင်းသို့သာ ပြန်ကြွလေတော့သည်။

ဤသို့ဖြင့် သတ္တမမြောက်သော ရက်သို့ ရောက်ခဲ့လေသည်။

ထိုနေ့သည် သီရိလင်္ကာဘုရင်က သတ်မှတ်ထားသော နောက်ဆုံးရက်ဖြစ်၏။ ထိုနေ့မှ ရွှေပြားအက္ခရာတို့ကို အစီအစဉ်ကျအောင်မစီနိုင်ပါက သီရိလင်္ကာ လက်အပ်ရပေတော့မည်။ နန်းတွင်းသူနန်းတွင်းသားတို့၏ တင်လျှောက်ချက်ကြောင့် အားကိုးတကြီး မျှော်လင့်နေသော အယုဒ္ဓယဘုရင်သည် နံနက်စောစောအချိန်မှာပင် မင်းစီးမြင်းရထားဖြင့် လုံဖော့ထွင့်ရှ အရှင်မြတ်ကို အပင့်လွှတ်လိုက်လေသည်။

လုံဖော့ထွင့်ရှလည်း ထိုမြင်းရထားဖြင့် လိုက်ပါရင်း သမာဓိကထူထောင်ပြီး သိဒ္ဓိစခန်းကို လှမ်းတော်မူလေရာ နန်းတော်မရောက်မီ လမ်းမှာတင် သိဒ္ဓိစခန်းကို အပြီးတိုင်တက်လှမ်းဝင်ရောက်နိုင်တော်မူခဲ့လေသည်။ မြင်းရထားကြီး နန်းဝင်းသို့ဆိုက်သော် ဘုရင်နှင့်တကွ မှူးမတ်များ၊ သီရိလင်္ကာနိုင်ငံ၏ ကိုယ်စားလှယ်အမတ် (၇) ယောက်နှင့် နန်းတွင်းသူနန်းတွင်းသားတို့က နန်းတွင်း၌ ဆီးကြိုကန်တော့နေကြလေသည်။ လုံဖော့ထွင့်ရှအရှင်မြတ်သည် မြင်းလှည်းပေါ်မှ ဆင်းသက်ပြီး နန်းတွင်းသို့ ကြွတော်မူလေသည်။ လုံဖော့ထွင့်ရှအရှင်မြတ်၏ မျက်နှာတော်မှာ အထူးတည်ကြည်နေတော်မူပြီး ခြေတော်ချလိုက်တိုင်း ခြေတော်အောက်မှ အုတ်ပြား၊ ကျောက်ပြားတို့မှာ အစိတ်စိတ်ကွဲကုန်လေသည်။ အရှင်မြတ်ကြီး၏ သမာဓိအားနှင့် သိဒ္ဓိတန်ခိုးတို့ကား ပြင်းထန်လှပေသည်။ ဖူးတွေ့လိုက်ကြရသူတို့မှာလည်း အံ့သြတုန်လှုပ်ကုန်ကြလေသည်။

လုံဖော့ထွင့်ရှအရှင်မြတ်သည် နန်းတွင်း၌ နေရာယူ သီတင်းသုံးတော်မူပြီးသောအခါတွင် နန်းတွင်းအမတ်တို့က သီရိလင်္ကာနိုင်ငံမှ စီရင်ထားသည့် ရွှေပြား ပိဋကတ်အက္ခရာများကို ရွှေလင်ပန်း (၇) ချပ်တွင်ထည့်ပြီး နန်းတွင်းအမတ်များက လုံဖော့ထွင့်ရှအရှင်မြတ်အား ဆက်ကပ်ကြလေသည်။

လုံဖော့ထွင့်ရှအရှင်မြတ်ကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ မိမိ၏ ဆရာသခင်အရှင်မြတ်များ၊ ဒေဝတာများကို အာရုံပြုကာ ဆုတောင်းပြီး ရွှေပြားပိဋကတ်အက္ခရာများကို စာစီတော်မူလေသည်။ ရွှေပြားပေါင်း ရှစ်သောင်းလေးထောင် အချပ်ရေရှိသော အက္ခရာတို့ကို နေမစောင်းခင်မှာပင် ပြီးအောင် စာစီနိုင်ပါသော်လည်း စီထားသော စာပိုဒ်များတွင် စာလုံးခုနစ်လုံး လစ်လပ်နေလေသည်။ ထိုအခါ ဆရာတော်အရှင်မြတ်က အာရုံခဏပြုလိုက်ပြီးနောက် သီရိလင်္ကာအမတ် (၇) ဦးအား ၎င်းတို့တစ်ဦးစီ၏ အိတ်ထဲတွင် တစ်လုံးစီအားဖြင့် ဝှက်သိမ်းထားသည့် ရွှေပြားအက္ခရာ (၇) လုံးအား ယခု ချက်ချင်း ထုတ်ပေးရန် မိန့်တော်မူလေသည်။ သီရိလင်္ကာအမတ် (၇) ဦးတို့လည်း လုံဖော့ထွင့်ရှအရှင်မြတ်၏ သိဒ္ဓိအစွမ်းကို အံ့သြရုံမျှမက ကြောက်ရွံ့ကုန်ကြပြီး မိမိတို့၏ အိတ်ထဲတွင် သိုဝှက်ထားသော အက္ခရာရွှေပြားတို့ကို ထုတ်ပေးကြရလေတော့သည်။

ထိုရွှေပြားအက္ခရာ (၇) လုံးတို့ကား သင်၊ ဝိ၊ ဓာ၊ ပု၊ က၊ ယ၊ ပ တို့ဖြစ်၏။ အဓိပ္ပာယ်မှာ

၁။ သင် - သင်္ဂဏီ

၂။ ဝိ - ဝိဘင်္ဂ

၃။ ဓာ - ဓာတုကထာ

၄။ ပု - ပုဂ္ဂလပညတ်

၅။ က - ကထာ

၆။ ယ - ယမိုက်

၇။ ပ - ပစ္စယ

ဟူ၍ ဖြစ်၏။

ယင်းစာလုံးတို့ကိုပင် ဂါထာအဖြစ်လည်းကောင်း၊ အင်းဆန်အဖြစ် လည်းကောင်း စီရင်ပြီးဆောင်ကြသူများရှိပေသည်။ ယိုးဒယားဗုဒ္ဓဝင်တို့က ဂါထာနှလုံးသားဟု တင်စားပူဇော်ကြ၏။ ယင်းတို့မှာ အဘိဓမ္မာ(၇)ကျမ်းပင် ဖြစ်လေသည်။

သီရိလင်္ကာအမတ်တို့သည်လည်း အရှင်မြတ်ကို ကြည်ညိုစွာ ပူဇော်ကန်တော့ကြပြီးလျှင် မိမိတို့၏ ကတိကဝတ်အတိုင်း ရတနာအပြည့်တင်ဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com

သော လေ့ (၇) စင်းကို အယုဒ္ဓယဘုရင်အား ဆက်သခဲ့ပြီး မိမိတို့၏နိုင်ငံသို့ ပြန်ကြလေသည်။ ထိုအချိန်က ဆရာတော်သည် ရဟန်းပျို့အရွယ်မျှသာ ရှိနေသေး၏။

နောင်သောအခါ ဘုရင်ဇကေဒသရောက အယုဒ္ဓယမြို့ကို နေပြည်တော်ပြုသောအခါတွင် အရှင်မြတ်ကို 'ဆုန်ဒက်ဖရာရာဇမုနိဆမ်မိရာမကုနုပမစရိယ' (SOMDEJ PHARA RAJAMUNI SA-MIRAMAGUNUPAMACARYA) ဘွဲ့တော်ဖြင့် မဟာသံဃာ့ရာဇအဖြစ် ပူဇော်တော်မူခဲ့၏။ ဆရာတော်အရှင်မြတ်သည်လည်း အယုဒ္ဓယနေပြည်တော်တွင် မင်းဆရာအဖြစ် စရိယလေးဖြာတို့ကို ဖြည့်ဆည်းတော်မူနေရာမှ သက်တော်ကြီးရင့်တော်မူလာသောအခါ မွေးရာဇာတိအရပ်ဖြစ်သော တောင်ပိုင်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့၏။ ဆရာတော်အရှင်မြတ်ကြီး မိမိဇာတိအရပ်ရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများကိုသာမက မိမိခေတ္တ သီတင်းသုံးတော်မူခဲ့ဖူးသော ကျောင်းများကိုလည်း ပြင်ဆင်ခြင်း၊ ထောက်ပံ့ခြင်းများပြုတော်မူခဲ့၏။ ဆရာတော်အရှင်မြတ် သက်တော် ကြီးရင့်တော်မူသည့်တိုင်အောင် အေးအေးနေနေမနေဘဲ အဖော်ကိုရင်ငယ်တစ်ပါးအားခေါ်ယူပြီး ယိုးဒယားတောင်ပိုင်းမှသည် ဆက်စပ်လျက်ရှိသောမလေးရှား စင်ကာပူအထိ တရားဓမ္မဟောကာ သတ္တဝါကယ်သောအလုပ်နှင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

**လုံဖော့ထွင်ဆရာတော် အရှင်ထွက်သွားခြင်း**

လုံဖော့ထွင်အရှင်မြတ်ကြီးသည် သက်တော် (၈၀)၊ (၉၀) အရွယ်တော်တွင် ယိုးဒယားတောင်ပိုင်းရှိ ဝပ်ဖရာ့ကောက် (WAT PHRA KHOK) တွင် သီတင်းသုံးတော်မူလေသည်။

တစ်နေ့တွင် သာမညကိုရင်လေးတစ်ပါးကို အမည်မသိ ထူးဆန်းသော အဘိုးအိုကြီးတစ်ယောက်က အလွန်ထူးဆန်းလှပသည့် ပန်းကြီးတစ်ပွင့်ပေးကာ ဤပန်းကြီးအမည်ကိုသိသော ရဟန်းမြတ်တစ်ပါးအားပေးပါလေဟု မှာကြားကာ ကိုရင်လေး၏ရှေ့မှာပင် ရုတ်ခြည်း ပျောက်ကွယ်လေသည်။

ကိုရင်လေးလည်း ထူးဆန်းလှသဖြင့် မဆိုင်းမတွပင် အဘိုးအိုမှာကြားသည့်အတိုင်း ပန်းပွင့်ကြီးကို ကိုင်ကာ ပေးသင့်သောရဟန်းထူးရဟန်းမြတ်အား ရှာဖွေလေတော့၏။ ကိုရင်လေးသည် အနီးဆုံးဖြစ်သော ဝပ်ဖရာ့ကောက်သို့ စတင်ဝင်ခဲ့၏။ နေ့ဝင်ဘုရားဝတ်တက်ချိန်ဖြစ်၍ ကျောင်းတော်ကြီး ဝပ်ဖရာ့ကောက်၌ သံဃာတော်တို့ ဘုရားဝတ်တက်ရန် စုရုံးရောက်ရှိနေကြ၏။ ထိုသံဃာတော်အုပ်စုထဲမှ သင့်လျော်မည့် သံဃာတော်ကို တွေ့လိုတွေ့ငြား ကိုရင်လေးက ပန်းပွင့်ကြီးပေးရန် ရှာ၏။ သံဃာတော်တို့က ကိုရင်လေးကို မမြင်ကြဘိသကဲ့သို့ပင် ရှောင်လွှဲကာ အချင်းချင်းသာလျှင် ဆက်သွယ်ပြောဆိုလျက် လုပ်စရာကိစ္စအဝဝကို ဆောင်ရွက်တော်မူလျက်ရှိကြလေသည်။ ထို့ကြောင့် ရှင်သာမဏေလေးသည်လည်း ပန်းပွင့်ကြီးကို ကိုင်လျက် ထိုကျောင်းတော်ကြီးမှထွက်ကာ ဆက်၍လျှောက်လာခဲ့လေ၏။

အတန်ဝေးဝေးသို့ ရောက်သော် ကျောင်းအိုလေးတစ်ကျောင်းကို တွေ့ရလေတော့၏။ ထိုကျောင်းအိုလေးရှေ့တွင် ဘုန်းကြီးအိုကြီးတစ်ပါးက တံမြက်စည်းလှည်းနေ၏။ သာမဏေလေးလည်း ထိုသံဃာတော်ကြီးအပါးသို့ လျှောက်လှမ်းချဉ်းကပ်တော်မူခဲ့လေသည်။ အနီးသို့ရောက်သော် ထိုရဟန်းအိုကြီးကပင် ဆီး၍ ထိုပန်းပွင့်ကြီးသည် လူ့ပြည်မှမဟုတ်။ နတ်ပြည်တွင်သာရှိသည့် နတ်ပန်းပွင့် သို့မဟုတ် နတ်တို့၏တန်ခိုးဖြင့် ပြုပြင်ဖန်ဆင်းထားသည့် ပန်းပွင့် ဖြစ်ကြောင်း မိန့်တော်မူလေသည်။

ရှင်သာမဏေလေးကလည်း ဝမ်းသာအားရဖြင့် ထိုပန်းပွင့်ကြီးကို ရဟန်းအိုကြီးအား ကပ်လှူလေသည်။ ရဟန်းအိုကြီးကလည်း ဝမ်းသာစွာ အလှူခံတော်မူပြီး သာမဏေလေး၏ လက်ကိုဆွဲကာ ကျောင်းအိုလေးထဲ ဝင်သွားတော်မူလေသည်။ ထိုအချိန်မှစ၍ ရဟန်းအိုကြီးရော သာမဏေလေးကိုပါ မဖူးရ၊ မမြင်ကြရ တော့သည်မှာ ယနေ့တိုင်ပင်ဖြစ်လေတော့သည်။

ထို့ကြောင့် တပည့်ဒကာအပေါင်းတို့ ထိုရဟန်းအိုကြီးနှင့် ရှင်သာမဏေလေးတို့ အရှင်ထွက်သွားသည်ဟု ယူဆကာ၊ တိုင်တည်တမ်းတကြကာ အားကိုးသမှုပြုကြလေသည်မှာ ယနေ့တိုင်အောင် ဖြစ်၏။ ထိုရဟန်းအိုကြီးကား ဤဆောင်းပါးဖြင့်ပူဇော်ကာ မြန်မာ့ဂမ္ဘီရပညာကို စိတ်ဝင်စားသူတို့အား မျှဝေကာသိလ်ယူလိုက်သည့် အရှင်ထွက်ပုဂ္ဂိုလ် အရှင်မြတ်ကြီး လုံဖော့ထွင် ဖြစ်တော်မူပေသည်။

လုံဖော့ထွင် အရှင်မြတ်ကြီးသည် ဗုဒ္ဓဘာသာရဟန်းတော်အရှင်မြတ်ကြီး တစ်ပါးဖြစ်တော်မူခြင်း၊ ဝိနည်းသိက္ခာတော်များနှင့်အညီ သီတင်းသုံးနေထိုင်တော်မူသည့် အရှင်မြတ်ကြီးတစ်ပါးဖြစ်တော်မူခြင်း၊ အဘိဓမ္မာတရားတော်များကို ကျွမ်းကျင်နှံ့စပ်တော်မူခြင်း၊ သမထ၊ ဝိပဿနာ ကျင့်စဉ်နှစ်ဖြာကို အတိုင်းအတာတစ်ခုအထိတိုင် ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်တော်မူနိုင်ခြင်း၊ ယနေ့ထိတိုင်အောင် ထိုဆရာတော်အရှင်မြတ်ကြီး၏ တပည့်စဉ် ဆရာအရှင်မြတ်တို့က ဆရာတော်လုံဖော့ထွင် အရှင်မြတ်ကြီး သုံးတော်မူခဲ့သည့် ပထမံကျင့်စဉ်တော်များ၊ ပထမံအင်းတော်များဟု ဆိုနိုင်သည့် ကျင့်စဉ်တော်များ၊ အင်းတော်များကို ဆက်လက်၍ ထိရောက်အောင်မြင်စွာ အသုံးပြုပြီး တပည့်သာဝကများနှင့် ယုံကြည်သူများကို ကောင်းမြတ်သော အကျိုးကျေးဇူးများဖြစ်ထွန်းစေခြင်းတို့ကြောင့် ရွှေစိုးတို့ ယုံကြည်အားထားစွာ လေ့လာကျင့်ကြံကြလျက်ရှိသည့် မြန်မာ့အထက်တန်း ဂမ္ဘီရပညာများနှင့် ဆက်စပ်နေပေသည်။ ထို့ကြောင့်ပင်လျှင် ရွှေစိုးက မြန်မာ့ဂမ္ဘီရပညာစိတ်ဝင်စားသူများထံ ဝေမျှလိုခြင်းဖြစ်၏။

လုံဖော့ထွင် အရှင်မြတ်ကြီးကို ယိုးဒယားနိုင်ငံမှာသာမက စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင် ဂမ္ဘီရဝါသနာရှင်များကလည်း အထူးယုံကြည်ကိုးကွယ်ကြ၏။ ထိုသို့ ယုံကြည်ကိုးကွယ်ကြသူများမှာလည်း ဆရာတော်ကြီး လုံဖော့ထွင်၏ မေတ္တာနှင့် အရှင်မြတ်ကြီး ချမှတ်တော်မူခဲ့သည့် အင်း၊ အိုင်၊ လက်ဖွဲ့အဆောင်တို့၏ တန်ခိုးရှိန်စော်ကြောင့် လာဘ်ရွှင်ခြင်း၊ အန္တရာယ်ကင်းခြင်းစသည့်တို့ကို ယနေ့အခါတိုင်အောင် ခံစားစံစားနေကြသူများ၏ ကိုယ်တွေ့များရှိပေသည်။

ထို့ကြောင့် အရှင်ထွက် သိဒ္ဓိရှင် ဆရာတော် လုံဖော့ထွင်အရှင်မြတ်ကြီးသည် ဗုဒ္ဓဘာသာနှင့် မဆန့်ကျင်သည့် ဂမ္ဘီရပညာတွင် စံတင်ထိုက်သည့် စံတော်ရှင် ဆရာတော်အရှင်မြတ်ကြီး တစ်ပါး ဖြစ်ပေသည်။

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

ဒီလို ဖြစ်ရပ်မျိုး ဗုဒ္ဓလက်ထက်ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ ခမ္မပဒမှာလာတဲ့ ဘာသာခြားဖြစ်တဲ့ ထင်းခုတ်သမားတစ်ဦးရဲ့ သားငယ်တစ်ယောက်အကြောင်းပါ။ သူတို့ဟာ ရာဇဂြိုဟ်မြို့မှာနေပေမယ့် ဝေဠုဝန်ကျောင်းကို တစ်ခေါက်မှ မရောက်ဖူးဘူး။ ဘယ်ရောက်ဖူးမှာလဲ။ သူတို့က ဟိန္ဒူဘာသာဝင်တွေကိုး။

တစ်ခါတော့ ဒီဘာသာခြားကလေးငယ်ဟာ တခြားဗုဒ္ဓဘာသာကလေးငယ်တစ်ယောက်နဲ့ ခုံညင်းထိုးတမ်းကစားတယ်။ ဒီခေတ်လိုပြောရင်တော့ ပေသီးပစ်တမ်းကစားတာပေါ့။ သူတို့တွေဟာ ဆယ်နှစ်ကျော်အရွယ်လေးတွေပါ။ ဒီလိုကစားတဲ့အခါ ဗုဒ္ဓဘာသာကလေးကချည်း အမြဲနိုင်လေ့ရှိတယ်။ အိမ်ပြန်ရောက်တော့ ဘာသာခြားကလေးဟာ စဉ်စားတယ်။ ကစားတိုင်း၊ ဗုဒ္ဓဘာသာကလေးလေးက ပေသီးပစ်တိုင်း နမောဗုဒ္ဓဿလို့ ဆိုတတ်တယ်။ မြန်မာလိုဆိုရင် မြတ်စွာဘုရားအား ရှိခိုးပါ၏လို့ ဖြစ်တယ်။

ဒီနမောဗုဒ္ဓဿကို ရွတ်ပြီးကစားလို့နိုင်တာဖြစ်ရမယ်။ ငါလည်းရွတ်မယ်ဆိုပြီး အမြဲရွတ်နေတယ်။ တစ်နေ့ သူ့အဖေနဲ့အတူ မြို့ပြင်တောထဲမှာ ထင်းခုတ်လိုက်သွားတယ်။ ထင်းခုတ်ပြီး ပြန်အလာ မြို့ပြင်သုသာန်အနီးမှာ လှည်းဖြုတ် ထမင်းစားပြီး ခေတ္တအပန်းဖြေကြသည်။ ဒီအချိန်မှာ ခဏဖြုတ်ထားတဲ့နွားတွေဟာ တခြားနွားတွေနဲ့ရောသွားပြီး မြို့ထဲဝင်သွားကြတယ်။

ဖခင်ဟာ နွားပျောက်ကို လိုက်ရှာရင်း မြို့ထဲအထိရောက်သွားတယ်။ သားငယ်ကတော့ နွားလှည်းအောက်မှာ တစ်ယောက်တည်းကျန်ခဲ့တယ်။ ဖခင်ဟာ နွားကို တွေ့တာနဲ့ တစ်ခါတည်း ဒုန်းစိုင်းပြီး မြို့ပြင်ဘက်ကို အပြေးလာတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ မြို့တံခါးကြီးက ပိတ်သွားပြီလေ။ အဖေနဲ့သားဟာ မြို့ထဲနဲ့ မြို့ပြင် တခြားစီဖြစ်သွားတယ်။

ဘာသာခြားကလေးငယ်လေးဟာ ညအချိန်ကျတော့ နွားလှည်းအောက်မှာပဲ ဝင်အိပ်လိုက်တယ်၊ ညသန်းခေါင်ရောက်တဲ့အခါ သမ္မာဒိဋ္ဌိ (အယူမှန်) ဘီလူးနဲ့ မိစ္ဆာဒိဋ္ဌိ (အယူမှား) ဘီလူးနှစ်ကောင်တို့ဟာ အစာရှာထွက်လာရင်း ကလေးကို တွေ့တယ်။ မိစ္ဆာဒိဋ္ဌိဘီလူးက ကလေးကို စားမယ့်အကြောင်းပြောတော့ သမ္မာဒိဋ္ဌိဘီလူးက ရမ်းမလုပ်သင့်ကြောင်း၊ ရတနာသုံးပါး ကိုးကွယ်ကြည်ညိုတဲ့ကလေးဆိုရင် အပြစ်ကြီးကြောင်း ပြောဆိုတားမြစ်တယ်။

မိစ္ဆာဒိဋ္ဌိဘီလူးဟာ မနာခံဘဲ ကလေးရဲ့ ခြေထောက်ကို စားရအောင် ဆွဲယူလိုက်တယ်။ ဒီအခါမှာ ကလေးက သူလေ့ကျင့်ကျက်ထားတဲ့အတိုင်း နမောဗုဒ္ဓဿလို့ ရွတ်လိုက်တယ်။ ဒီလိုရွတ်လိုက်တာနဲ့ ဘီလူးဟာ မီးခဲကို ကိုင်မိသလို ချက်ချင်းလွှတ်ချပစ်လိုက်တယ်။ သမ္မာဒိဋ္ဌိဘီလူးက ငါရှိပါလျက် သင်သည် မပြုသင့်သောအလုပ်ကိုပြုတယ်။ ဒါကြောင့် ဒဏ်ထမ်းရမယ်လို့ပြောပြီး ကလေးကို တစ်ညလုံး ဘေးမရောက်အောင် စောင့်ခိုင်းတယ်။

သူကိုယ်တိုင်လည်း ကူပြီးစောင့်ပေးတယ်။ သူငယ်လေး ထမင်းမစားရသေးတာကိုသိတဲ့အတွက် မိစ္ဆာဒိဋ္ဌိဘီလူးဟာ မြို့တွင်းဝင်ပြီး ရှင်ဘုရင်စားတဲ့ ရွှေခွက်နဲ့ ပွဲတော်စာတွေ ထည့်ယူလာပြီး ကလေးကို ကျွေးတယ်။ ဒီလိုကျွေးတဲ့အခါ ကလေးရဲ့ ဖခင်ပုံသဏ္ဌာန်ဖန်ဆင်းပြီး ကျွေးလို့ ကလေးက ဘီလူးမှန်းမသိဘူး။

မိုးလင်းပြီး အန္တရာယ်ကင်းလောက်ပြီဆိုတော့မှ ကလေးကိုထားပြီး သူတို့နေရာကိုပြန်ကြတယ်။ ရွှေပေလွှာမှာလည်း အကြောင်းစုံစာရေးခဲ့တယ်။ မိုးလင်းတာနဲ့ မင်းချင်းတွေဟာ ဘုရင်ပွဲတော်အုပ်အရှာထွက်ကြရတယ်။ တွေ့တယ်ဆိုတာနဲ့ ကလေးရယ်၊ ရွှေခွက်တွေရယ်၊ ရွှေပေလွှာကိုယူပြီး ဘုရင့်ထံဆက်ကြရတာပေါ့။

အကြောင်းစုံသိသွားတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ သူငယ်လေးနဲ့ မိဘတွေကိုခေါ်ပြီး ဆုတော်လာဘ်တော်တွေ ချီးမြှင့်တဲ့အတွက် ဆင်းရဲသားမိသားစုဟာ ချမ်းသာသွားကြတယ်။ နောက်တော့ မိသားစုအားလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်သွားတယ်။ ရှေးပိုင်းက ပြောခဲ့တဲ့ ခရစ်ယာန်ဘာသာဝင်တပ်ကြပ်ကြီးရဲ့ အတွေးမျိုးကို တွေးမိလို့ ဒီဟိန္ဒူဘာသာဝင်မိဘများဟာ ဗုဒ္ဓဘာသာဝင်ဖြစ်

(ရွှေပြည်သာ)

# မေတ္တာရှင် ၂

## ပိုက်ဆံပေး၍ တရားဟောသူ



www.burmeseclassic.com

www.burmeseclassic.com

...ကြတာပေါ့။

သူတို့သားလေးဟာ ဘာသာခြား ...ည်း ဖြစ်တယ်။ ပြီးတော့ နမောဗုဒ္ဓ ...ရဲ့အဓိပ္ပာယ်ကိုလည်း မသိဘူး။ ဒီလို ...လေးက ရွတ်တာတောင် အန္တရာယ် ...င်း ဘေးရှင်းသေးရင် ဗုဒ္ဓဘာသာ ...ည်းဖြစ်မယ်၊ နမောဗုဒ္ဓသရဲ့ အဓိပ္ပာယ်ကိုလည်း သိမယ်ဆိုရင် ရွတ် ...ဟာ ဘယ်လောက်များ အန္တရာယ် ...င်း ဘေးရှင်းလိုက်မလဲလို့ တွေးမိပြီး ...ဘာသာဝင်တွေဖြစ်သွားကြတာပေါ့။

သရဏဂုံကြောင့် ကင်ဆာရောဂါ ...ကာ လွတ်သွားတဲ့ သာဓကတစ်ခုကို ...ည်း ပြောပါဦးမယ်။ ၂၀၀၃ ခုနှစ် ...လောက်ကပေါ့။ ...ဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့မှာ ဦးဝင်းနိုင်လို့ ...တဲ့ ဒကာကြီးတစ်ယောက်ရှိတယ်။ သူ့အသက်ကတော့ (၄၅) နှစ်လောက်ပဲ ရှိသေးတယ်။ တစ်ခါတော့ သူလည် ...ချောင်းဟာ အစာစားလို့ဝင်တော့ဘူး ...ဖြစ်လာတယ်။

ဒါကြောင့် ရန်ကုန်ဆေးရုံကြီး သွားပြီး ဆေးစစ်ကြည့်တဲ့အခါ လည် ...ချောင်းကင်ဆာ ဆိုတာ သေချာသွားတယ်။ ဖြစ်စအချိန်မှာ ဆေးသွင်းပြီး ဓာတ်ကင်လိုက်ရင် ပျောက်သွားနိုင်တယ်။ အဲသလို ပျောက်သွားတာတွေလည်း အများကြီးရှိတယ်။ ဦးဝင်းနိုင်နဲ့ သူ့ဇနီးဟာ ကျန်းမာရေးဗဟုသုတမရှိကြတော့ ဓာတ်ကင်ရင်သေမှာပဲလို့ထင်နေတဲ့အတွက် ဓာတ်မကင်ဘဲ ဆေးရုံက ဆင်းပြေးကြတယ်။

တခြားဆေးမြီးတိုတွေနဲ့ လိုက်ကုနေလိုက်တာ ခြောက်လတောင်ကျော် သွားတယ်။ ရောဂါက မသက်သာတဲ့အပြင် ပိုတောင်ဆိုးလာတယ်။ အခြေအနေက ရက်ပိုင်းအတွင်း သေတော့မယ့် သဘောပါ။ ဘယ်လိုမှ မရတော့မှ ဓာတ်ကင်တော့မယ်ဆိုပြီး ရန်ကုန်ဆေးရုံကြီးကို ပြန်ရောက်လာတယ်။ ဆရာဝန်တွေက ဝတ္တရားအတိုင်း ဓာတ်တော့ ကင်ပေးတယ်။ ဒါပေမယ့် ပျောက်ကင်းဖို့တော့ တာဝန်မယူတော့ဘူး။

ဦးဝင်းနိုင်ကလည်း သူ့အမှားကို သူသိပါတယ်။ ခန္ဓာကိုယ်အနေအထားအရ ရက်ပိုင်းလောက်ပဲနေရတော့မယ် ဆိုတာလည်း သေချာသွားပြီ။ ဒီအချိန်မှာပဲ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အလယ်ရေကျော်ရွာက ဦးသန်းထွန်းနဲ့ ဒေါ်ခင်အေးမူတို့က ဆရာတော်ရေးသားတဲ့ 'သရဏဂုံအစွမ်း အံ့မခန်းဖြစ်ရပ်ဆန်းများ' ဆိုတဲ့ စာအုပ်လေးကို ဦးဝင်းနိုင်ထံသွားပေးကြတယ်။

ဒီစာအုပ်လေးထဲမှာ သရဏဂုံသုံးပါးအစွမ်းကြောင့် သေဘေးကလွတ်သွားတဲ့ လက်တွေ့သာဓကတွေ၊ သရဏဂုံကြောင့် အပါယ်တံခါးပိတ်ပြီး နတ်ပြည်ရောက်သွားတဲ့ လက်တွေ့သာဓကတွေကို ရေးသားတယ်၊ ဒီစာအုပ်ကို ဖတ်ပြီးတော့မှ ဦးဝင်းနိုင်ဟာ တကယ့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာရကြောင်း ဆရာတော်ကို လာလျှောက်ဖူးပါတယ်။

သူဟာ ဒီစာအုပ်ဖတ်ပြီးတဲ့အချိန်ကစပြီး ပူပင်သောကဆိုတာ ဘာမှမရှိတော့ဘူး။ စိတ်ထဲက သရဏဂုံရွတ်ဆိုရင်း ရတနာသုံးပါးကို အချိန်ပြည့်ကြည်ညိုနေတယ်။ နှစ်ပတ်လောက်အကြာမှာပဲ သူ့ရဲ့ရောဂါဟာ သုံးပုံနှစ်ပုံလောက် အထိကောင်းလာတယ်။ ဆရာဝန်တွေ





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်အံ့ဩပြီး အခုလိုမေးသတဲ့။

"ကိုဝင်းနိုင်၊ ခင်ဗျားရောဂါက တစ်ဝက်ကျော်အောင် သက်သာနေပြီ။ ကျွန်တော်တို့မသိအောင် ဘာဆေးတွေများခိုးသောက်ထားသလဲ"

အဲဒီလို မေးတဲ့အခါ ဦးဝင်းနိုင်က ဆရာတော်တို့ရေးတဲ့ သရဏဂုံအစွမ်း စာအုပ်လေးကို ထောင်ပြပြီး -

"ဒီဆေးသောက်လို့ပါ"

လို့ ပြောသတဲ့။ တစ်လကျော်လောက်အကြာမှာပဲ ဦးဝင်းနိုင် ရောဂါဟာ အရှင်းပျောက်သွားတဲ့အတွက် ဆေးရုံကဆင်းခဲ့ရတယ်။ သရဏဂုံရွတ်ဆိုကြည်ညိုနေလို့ ကင်ဆာရောဂါကြီး ပျောက်သွားတယ်ဆိုတာကို နိုင်ငံခြားသား၊ ဘာသာခြားတွေက ဒီအတိုင်း လက်ခံမှာမဟုတ်ဘူး။

ယုတ္တိရှိရှိ ရှင်းပြနိုင်မှ၊ လက်ခံမှ သူတို့က ချက်ချင်းပြန်လှန်မေးခွန်းထုတ်မှာပဲ။ သရဏဂုံရွတ်ဆိုကြည်ညိုရုံနဲ့ ဒီကင်ဆာရောဂါက ဘာဖြစ်လို့ပျောက်ရတာလဲ၊ သရဏဂုံရွတ်ဆိုကြည်ညိုမှုက ရောဂါပျောက်ဖို့ ဘယ်လိုအထောက်အပံ့ပေးသလဲ၊ ဒီလိုမျိုး နှိုက်နှိုက်ချွတ်ချွတ်မေးလာရင် ကိုယ့်ဘက်က အဖြေရှိရမယ်။

ရုပ်တရားဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်တာ အာဟာရတစ်ခုတည်းကြောင့် ဖြစ်တာမဟုတ်ဘူး။ ဒီလေးမျိုးထဲမှာ စိတ်ဟာ စွမ်းအားအကြီးမားဆုံးပဲ။ စိတ်ဆိုးဒေါသထွက်တဲ့အချိန်မှာ ကိုယ့်မျက်နှာကို မှန်ထဲပြန်ကြည့်လိုက်ပါလား။ မည်းပုပ်ပြီး ညှိုးနွမ်းသွားတာကို တွေ့ရမယ်။

နံနက် သံဃာတော်တွေကို ဆွမ်းလောင်းရင်း ကြည်နူးနေတဲ့အချိန်မှာ မှန်ထဲကြည့်လိုက်ပါလား။ မျက်နှာတစ်ပြင်လုံး ဝင်းလက်ပြီး ကြည်လင်နေတာကို တွေ့ရလိမ့်မယ်။ ဒေါသစိတ်က ပူလောင်တယ်။ ပူလောင်တဲ့ဒေါသစိတ်ကြောင့် ရုပ်တွေလည်း ပူလောင်ပြီး မည်းပုပ်လာတာပေါ့။

သဒ္ဓါစိတ်က ဖြူစင်အေးချမ်းတယ်။ ဖြူစင်အေးချမ်းတဲ့စိတ်ကြောင့် ဖြစ်လာတဲ့ ရုပ်တွေကလည်း ဖြူစင်အေးချမ်းပြီးကြည်လင်လာတာပေါ့။ ဦးဝင်းနိုင်ဟာ အရင်တုန်းက တရားအသိမရှိရှာဘူး။ ဒါကြောင့် လိုချင်တာရတော့ လောဘမီးလောင်တယ်။ လိုချင်တာမရတော့ ဒေါသ (ခေါ်) သောကမီးလောင်တယ်။

ဒီတော့ သူ့ဘဝတစ်သက်တာ နှစ်များစွာမှာ ပူလောင်တဲ့စိတ်တွေပဲဖြစ်ချိန်များတော့ ပူလောင်တဲ့ရုပ်တွေပဲ အဖြစ်များတော့တာပေါ့။ အဲဒီပူလောင်တဲ့ရုပ်တွေအဖြစ်များတဲ့အတွက်ကြောင့် လည်ချောင်းကင်ဆာရောဂါကြီး ဖြစ်လာတော့တာပဲ။ သရဏဂုံအစွမ်းကို သိတဲ့အချိန်ကပြီး ရတနာသုံးပါးကို စိတ်ထဲက ရွတ်ဆိုပူဇော်ပြီး အမြဲကြည်ညိုနေတယ်။

ကြည်ညိုတဲ့သဒ္ဓါစိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေဟာ ကြည်လင်ဖြူစင်လာပြီး ကင်ဆာရောဂါကြီး ပျောက်သွားတာပဲ။ ဝိတ္ထေန နိယျတေလောကော ဆိုတဲ့ ဓမ္မဒေသနာအတိုင်း လောကကြီးကို စိတ်က ဦးဆောင်နေတာပဲ။ သေချိန်ကျနေပါလျက် ငါ့သားသမီးတွေအားလုံးနဲ့ တွေ့ပြီးမှ သေမယ်လို့ အားတင်းတဲ့အတွက်ကြောင့် ငါးရက်၊ ခြောက်ရက်လောက်အထိ အသက်ပိုရှည်အောင်နေသွားရတဲ့ ဆုံးခါးနီး အဘိုး၊ အဘွားတွေကို တွေ့ဖူးတယ်။

ဦးဝင်းနိုင်ဟာ သူကိုယ်တိုင်အသက် (၄၆) နှစ်ကျော်မှ တကယ့်ဗုဒ္ဓဘာသာဖြစ်ခဲ့ရတာဆိုတော့ သူ့ရွာ၊ သူ့ဒေသက လူတွေကို သူ့လိုမဖြစ်စေချင်ဘူး။ ဒါ့ကြောင့် စာရေးသူကို အခက်အခဲတွေကြားထဲမှာ သူ့ရွာကို တရားပွဲရအောင်ပင့်ပြီး ကျင်းပတယ်။ အောင်မြင်တဲ့ တရားပွဲကြီးပါ။

တရားပွဲပြီးတော့ သူက ကပ္ပိယကြီးကို ပြောသေးတယ်။

"ကပ္ပိယကြီးရယ်၊ ကျွန်တော့်ရွာလေးကို ဘယ်တော့မှ မမေ့ပါနဲ့။ ဆရာတော်ကို နှစ်စဉ် တစ်ညတော့ တရားပွဲရအောင် လျှောက်ထားပေးပါ"

လို့ ပြောရှာတယ်။ ဒီတော့ ကပ္ပိယကြီးက ဘာပြန်ပြောလဲဆိုတော့ -

"ဦးဝင်းနိုင်ရွာကို ဘယ်တော့မှ မမေ့ပါဘူး။ ဒီလောက်ထူးခြားတဲ့ရွာနာမည်ကို ကြားဖူးသူတိုင်း တစ်သက်လုံး မေ့မယ်မဟုတ်ပါဘူး"

ဦးဝင်းနိုင်ရဲ့ ဇာတိရွာနာမည်က ပက်ပြဲရွာတဲ့။ ကြည့်ရတာ သူတို့အိမ်စုစုလေးတွေရှေ့မှာ အိုင်ကြီးတစ်အိုင်ရှိလိမ့်မယ်။ အဲဒီအိုင်ထဲမှာ လူတွေလာပြီး ငါးပက်ကြလိမ့်မယ်။ ငါးပက်ရင်းပက်ရင်း အိုင်ကြီးက တဖြည်းဖြည်းပြဲလာလိမ့်မယ်။ ဒါကို အကြောင်းပြုပြီး ပက်ပြဲရွာလို့ အမည်ပေးဟန်တူပါတယ်။

အခုတော့ ပက်လို့လည်းမရသလို ပြဲလို့လည်းမရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နာဂစ်ထဲကိုပါသွားတဲ့အတွက်ကြောင့်ပဲ။ ဘေးနားက ရွာနာမည်တွေလျှောက်မေးကြည့်တော့ သူ့ထက်သူ လူ့စွမ်းကောင်းရွာတွေချည်းပဲ။ ဘေးနားကရွာက ရေကမြင်းတဲ့။ ရေတောင်ကမြင်းတယ်ဆိုတော့ လူတွေဆိုရင်ပြောစရာမရှိတော့ဘူး။

အမှန်က ရေစီးကပုံမှန်မဟုတ်ဘဲ သူစီးချင်သလိုစီးနေတဲ့အတွက် အခုလို နာမည်ပေးထားတာတဲ့။ နောက်တစ်ရွာနာမည်ကို မေးကြည့်တော့ နောက်ပြန်ထိုးရွာတဲ့။ ရေက နောက်ပြန်ထိုးပြီးစီးလို့ထင်ပါတယ်။ နောက်တစ်ရွာထပ်မေးကြည့်တော့ စုံထိုးရွာတဲ့။ နောက်တစ်ရွာကျတော့ အဝပြတဲ့။ အဝတောင်ပြနေမှတော့ အဆုံးက ဘယ်ကောင်းတော့မှာတုံး။

အမှန်က ရွာထဲဝင်တဲ့ ချောင်းအဝက ပြနေတာကို ဆိုလိုဟန်တူပါတယ်။ နောင်တစ်ရွာကျတော့ ဆင်မကွဲရွာတဲ့။ ဘာအဓိပ္ပာယ်နဲ့မှည့်ထားမှန်းတောင်မသိတော့ဘူး။ နောက်တစ်ရွာက မပုကားယားတဲ့။ ဘယ်က မပုက ကားယားဖြစ်ရပြန်တယ်မသိဘူး။ သေချာမေးကြည့်တော့ သမိုင်းကြောင်းရှိတယ်တဲ့။ ပြောစမ်းပါဦးဆိုတော့ အရင်က ဒီနေရာမှာ ရွာမရှိသေးဘူး။ အိမ်စုစုအနည်းငယ်ပဲရှိသေးတယ်။ နောက်တော့ အမျိုးသမီးတစ်ဦးကို သူပုန်တွေကသတ်ပြီး ရေထဲပစ်ချလိုက်တယ်။ ဒီအမျိုးသမီးနာမည်က မပုတဲ့။ ရက်ကြာလာတဲ့အခါ မပုရဲ့ အလောင်းကြီးဟာ ပုပ်ပြီး ရေပေါ်ကို ကားရားကြီးပေါ်လာတယ်။

ဒါကြောင့် ရွာနာမည်ကိုလည်း အလွယ်တကူ မပုကားယားလို့ ပေးလိုက်ကြသတဲ့။ မော်လမြိုင်ကျွန်းမြို့နယ်ထဲ ရွာတစ်ရွာကတော့ ဖာတိုက်တဲ့။ နာမည်ကိုက အမျိုးသမီးတွေ မသွားရဲတဲ့ နာမည်မျိုး ဖြစ်နေတယ်။ ဘာလို့ ဒီလောက်ဆိုးတဲ့နာမည်မှည့်ရတာလဲဆိုတော့ သမိုင်းကြောင်းရှိလို့တဲ့။ လာပြန်ပြီ သမိုင်းကြောင်း။

အရင်က ဒီနေရာမှာ အိမ်ခြေနည်းနည်းလေးပဲရှိတယ်တဲ့။ ရွာနာမည်လည်းမရှိဘူး။ ဒီရွာမှာနေတဲ့ ဦးဖာအမည်ရှိတဲ့ အမျိုးသားတစ်ယောက်ဟာ စီးပွားတက်လာပြီး တိုက်ကြီးတစ်လုံးဆောက်လိုက်တယ်။ ဒီတော့ လွယ်လွယ်ကူကူပဲ ရွာနာမည်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘတိုက်ရွာတဲ့။ အဓိပ္ပာယ်ကတော့ ဘရဲ့တိုက်ကြီးရှိတဲ့ရွာပေါ့။

ကာလတွေရွေ့လျောလာတဲ့အခါ ပြုတ်ပြီး ဖာတိုက်ရွာလို့ ဖြစ်သွားတာ ပေါ့။

ဘုရား၊ ဘုရား - ငါ ဒီရွာမှာ လူ ဖြစ်တာ ကံကောင်းတယ်။ အကယ်၍ ဘာ ဒီရွာမှာသာမွေးခဲ့မယ်ဆိုရင် ဒီနေ့ ဒီအချိန်မှာ မေတ္တာရှင် (ရွှေပြည်သာ ဆရာတော်) လို့ နာမည်ကြီးမှာ မဟုတ် ဘူး ဖာတိုက်ဆရာတော်လို့ နာမည် ကြီးမှာ။

ဒါက ရတနာသုံးပါးကို ရွတ်ဆို ကြည်ညိုခြင်းရဲ့ကောင်းကျိုးတွေကိုပြော ပြတာ။ အခု ဘုရား၊ တရား၊ သံဃာရဲ့ အဓိပ္ပာယ်နဲ့ တစ်ပါးစီတစ်ပါးစီရဲ့ကောင်း ကျိုးတွေကိုလည်း ပြောပြဦးမယ်။

ဗုဒ္ဓေါ ဆိုတဲ့ ဝိဂြိုဟ် အရ သိတတ်သောကြောင့် ဗုဒ္ဓ-ဘုရား ရှင်လို့ အဓိပ္ပာယ်ရတယ်။ ဘာတွေသိ တတ်တာလဲဆိုတော့ ဒုက္ခသစ္စာ၊ သမု ဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာလေးပါးကို ဆရာမကူဘဲ ကိုယ်တိုင်သိမြင်တော်မူတာပဲ။ ဒုက္ခသစ္စာ ဆိုတာ ဆင်းရဲရာအမှန်၊ သမုဒယသစ္စာ ဆိုတာ ဆင်းရဲသို့ရောက်ရာအမှန်၊ နိရောဓသစ္စာ ဆိုတာ ဆင်းရဲချုပ်ရာ အမှန်၊ မဂ္ဂသစ္စာဆိုတာ ဆင်းရဲချုပ်ရာ သို့ ရောက်ကြောင်းအကျင့်မှန်လို့ အဓိပ္ပာယ်ရတယ်။ ဒုက္ခသစ္စာအရ ခန္ဓာငါးပါးဆိုတာ -

ရူပက္ခန္ဓာ - ဖောက်ပြန်သော သဘောတရားအစု၊

ဝေဒနာက္ခန္ဓာ - ခံစားတတ်သော သဘောတရားအစု၊

သညာက္ခန္ဓာ - မှတ်သားတတ် သောသဘောတရားစု၊

သင်္ခါရက္ခန္ဓာ - တိုက်တွန်းနှိုးဆော် တတ်သောသဘောတရားစု၊

ဝိညာဏက္ခန္ဓာ - အာရုံကို သိ တတ်သောသဘောတရားအစုတို့ပဲ။

ခန္ဓာရဲ့ အဓိပ္ပာယ်ကိုက အပေါင်း အစုလို့ အဓိပ္ပာယ်ရတယ်။ ဒီခန္ဓာငါးပါး ကို တူရာပေါင်းရင် ရုပ်နဲ့ နာမ်လို့ ဖြစ် လာတယ်။ ရုပ်ဆိုတာ ဖောက်ပြန်တတ် တဲ့သဘောတရား၊ နာမ်ဆိုတာ ညွတ် တတ်၊ သိတတ်တဲ့ သဘောတရား။ ဒီရုပ် ရော နာမ်ရောဟာ ဖြစ်ပြီးရင်ပျက်တတ် လို့ မမြဲတဲ့ အနိစ္စသဘောရှိတယ်။

မမြဲခြင်းနဲ့ အမြဲနှိပ်စက်လို့ ဒုက္ခ သဘောရှိတယ်။ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေလို့ အမိန့် ပေးနိုင်စွမ်းမရှိတဲ့အတွက် အနတ္တသဘော ရှိတယ်၊ သစ္စာလေးပါးကို ကျင့်စဉ်နဲ့ပါ တွဲမှတ်ချင်ရင် -

* လိုချင်လျှင် ဆင်းရဲသည်၊
မလိုချင်လျှင် ချမ်းသာသည်၊
လိုချင်တာက သမုဒယသစ္စာ၊
ဆင်းရဲတာက ဒုက္ခသစ္စာ၊
မလိုချင်တာက မဂ္ဂသစ္စာ၊
ချမ်းသာတာက နိရောဓသစ္စာ -
လို့ မှတ်ထားပေါ့။

ဓမ္မ ဆိုတာ ဆောင်တတ်တာကို ပြောတာ။ စကူသု အပါယေသုစ၊ ဝဋ္ဋ ဒုက္ခေသုစ အပတ မာနေကတ္တာ ဓာရေ တီတိ ဓမ္မော - အပါယ်လေးပါးသို့လည်း ကောင်း၊ ဝဋ်ဆင်းရဲသို့ လည်းကောင်း မကျရောက်အောင် ဆောင်တတ်သော ကြောင့် ဓမ္မတဲ့၊ သံသုဋ္ဌကိလေသေဟန တီတိသံဃော ဆိုတဲ့ အဖွင့်အရ ကိလေသာကို ကောင်းစွာ သတ်ဖြတ် တတ်သောကြောင့် သံဃာတဲ့။

ဗုဒ္ဓလက်ထက်တော်အခါက ပဋ္ဋ ကုဏ္ဍလိ အမည်ရှိတဲ့ ဘာသာခြား အမျိုးသားလေးတစ်ယောက်ရှိတယ်။ သူ ရောဂါဖြစ်ပြီး သေခါနီးအချိန်ရောက်တဲ့ အခါ သူ့အမေက အိမ်အပြင်ဘက်ကို ထုတ်ထားလိုက်တယ်။ အကြောင်းက လူနာလာကြည့်ရင်း သူ့ပစ္စည်းငွေကြေး တွေကိုမြင်ရတဲ့သူတွေက ချေးငှားမှာ ကြောက်လို့ပါတဲ့။

သူဟာ အားကိုးလောက်စရာ ဘာကုသိုလ်မှမရှိတဲ့အတွက် သေရင် အပါယ်ကျရမှာပါ။ ဒါကို သူက မသိ ပေမယ့် ဘုရားရှင်က သိပါတယ်။ ဒါ ကြောင့် သူရှိရာသို့ ရောင်ခြည်တော် ခြောက်ပါးလွှတ်ပြီး ကြွတော်မူလာပါ တယ်။ ဘုရားရှင်ကို တွေ့မြင်ရတဲ့အခါ သူငယ်လေးဟာ အလွန်ကြည်ညိုပြီး ပက်လက်ကလက်အုပ်ချီရှိခိုးလိုက်တယ်။

ဒီကုသိုလ်နဲ့တင် သေတဲ့အခါ နတ် ပြည်ရောက်သွားပါတယ်။ ဒါက ဗုဒ္ဓက ကယ်တင်ပုံပါ။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲကြီးအောက်စုရွာက ကျောင်းထိုင် ဆရာတော်ကြီး ဦးဇာဂရဟာ သက်ကြီး ရောဂါကြောင့် သတိလစ် မေ့မြောသွား တယ်။ ဒီလိုမေ့မြောနေတဲ့အချိန်မှာ နတ် ပြည်နိမိတ်အာရုံတွေဟာ ဦးဇာဂရရဲ့ စိတ်ထဲမှာထင်လာတယ်။ နတ်ပြည်မှာ ဘာတွေ့သလဲဆိုတော့ အခြွေအရံနတ် သမီးတွေသာရှိတဲ့ ရွှေဗိမာန်ကြီးတစ်ခု ကို တွေ့ရသတဲ့။

ပိုင်ရှင်ဘယ်မှာလဲလို့မေးတဲ့အခါ ဒီဗိမာန်ပိုင်ရှင်က မသေသေးဘူး။ သူ့ ကုသိုလ်တန်ခိုးကြောင့် ဗိမာန်က ကြို ပေါက်နေတာလို့ ပြောသတဲ့။ ဒါဆို ဗိမာန်ရှင်ဘယ်မှာနေသလဲလို့မေးလိုက် တဲ့အခါ ဖြူးမြို့နယ် စမ်းမြိုင်ရပ်ကွက် မှာနေတဲ့ ဒေါ်ကုလားမလို့ ဖြေလိုက် သတဲ့။ ဆရာတော်ကြီးလည်း သတိပြန် ရတဲ့အခါ လိပ်စာနဲ့ နာမည်မှတ်ထားပြီး သွားရှာခိုင်းလိုက်တယ်။

တွေ့ရင်လည်း ဘာကုသိုလ်တွေ လုပ်ထားသလဲဆိုတာ မေးခိုင်းလိုက် တယ်။ တွေ့ပါတယ်။ လုပ်ထားတဲ့ ကုသိုလ်ကတော့ အိမ်မှာပင့်ထားတဲ့ ဗုဒ္ဓ ရုပ်ပွားတော်လေးကို နေ့စဉ်၊ ဆွမ်း၊ ရေ ချမ်းကပ်တဲ့ကုသိုလ်လေးပါပဲ။ ဒါကြောင့် ဝိမာနဝတ္ထုမှာ -

*တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊*
*သမေစိတ္တံ သမံဖလံ၊*
*စေတောပဏိဓိဟေတူဟိ၊*
*သတ္တာဂစ္ဆန္တိ သုဂတိံ။ ။*

သက်တော်ထင်ရှား ဘုရားရှင်ကို ဖြစ်စေ၊ စေတီရုပ်ပွားတော်များကိုဖြစ်စေ ကြည်ညိုသောစိတ် အညီအမျှထားပြီး ပူဇော်လှူဒါန်းမယ်ဆိုရင် အကျိုးပေး လည်း တူမျှ၏။ ကြည်ညိုသောစိတ်၏ တောင့်တမှုကြောင့် သတ္တဝါတို့သည် ကောင်းသောဘုံသို့ ရောက်ကြရ၏ -

လို့ ဟော်တော်မူထားတာပေါ့။

ဒီဖြစ်ရပ်မျိုးဟာ ဗုဒ္ဓလက်ထက် ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ ဗာရာဏသီ ပြည်က နန္ဒိယ အမည်ရှိတဲ့ သူဌေးဟာ ဘုရားအမှူးရှိတဲ့သံဃာတွေကို ကျောင်း ဆောင်ကြီးတစ်ဆောင် ဆောက်လှူပါ တယ်။ ဒီကုသိုလ်ကြောင့် နန္ဒိယ မသေ ခင်မှာဘဲ တာဝတိံသာနတ်ပြည်မှာ ဗိမာန်ကြီး ကြိုတင်ပေါက်ခဲ့ဖူးပါတယ်။

ဒါက ဗုဒ္ဓကို ကိုးကွယ် ဆည်း ကပ်ရခြင်းရဲ့ လက်တွေ့ကောင်းကျိုး တွေပေါ့။ ဓမ္မကို ကိုးကွယ်ဆည်းကပ်ရ ခြင်းရဲ့ လက်တွေ့ကောင်းကျိုးတွေကို ပြောပြပါဦးမယ်။

ဗုဒ္ဓလက်ထက်က တမ္ဗဒါဌိက အမည်ရှိတဲ့ လူမိုက်လူယုတ်မာကြီးတစ် ယောက်ရှိတယ်။ သူဟာ အတုသိုလ် မှန်သမျှအကုန်လုပ်တယ်။ နောက်တော့ ဓားပြအဖွဲ့ကြီးတစ်ဖွဲ့ထဲကိုဝင်သွားတယ်။ တစ်ခါတော့ သူတို့ဓားပြအဖွဲ့ကြီးတစ်ဖွဲ့ လုံးကို စစ်တပ်က ဖမ်းမိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ဝင်ငါးရာစလုံး သေဒဏ်အချခံရတတ်တယ်။ တစ်ခုအခက်တွေ့တာက ဒီအဖွဲ့ငါးရာလုံးကို ခေါင်းဖြတ်သတ်ပေးမယ့် အာဏာသားမရှိတာဘဲ။

ဒါကြောင့် တာဝန်ကျတပ်မှူးက ဓားပြအဖွဲ့ခေါင်းဆောင်ကို အခွင့်အရေးတစ်ခုပေးတယ်။ သူ့တပည့် (၄၉၉) ယောက်ကို ခေါင်းဖြတ်သတ်ပေးရင် သေဒဏ်ကလည်းလွတ်မယ်၊ အာဏာသားရာထူးကိုလည်းပေးမယ်ပေါ့။

ခေါင်းဆောင်က လက်မခံဘူး၊ အသေခံမယ့်လမ်းကိုပဲ ရွေးတယ်။ ကျန်တဲ့ တပည့် (၄၉၈) ယောက်လုံးကို စည်းရုံးကြည့်တဲ့အခါ ဒီအတိုင်းတစ်လေတည်းထွက်တယ်။ သူတို့ဟာ မိုက်သာမိုက်ကြတာ မယုတ်မာကြဘူး။ မယုတ်မာကြဘူးဆိုတာ အချင်းချင်းအပေါ်မှာ သစ္စာရှိတယ်။ ကိုယ်လုပ်တာ ကိုယ်ခံရဲတာမျိုးကိုပြောတာ။

တမ္ဗဒါဌိကကျတော့ မိုက်လည်းမိုက်တယ်၊ ယုတ်လည်းယုတ်မာတယ်။ ဘာကြောင့်လဲဆိုတော့ သူက အချင်းချင်းပြန်သတ်ပြီး အာဏာသားရာထူးကို ယူဖို့ လက်ခံလိုက်တယ်လေ။ ယုတ်မာတယ်ဆိုတာ အချင်းချင်းအပေါ်မှာ သစ္စာမရှိတာရယ်၊ ကိုယ်လုပ်ပြီးကိုယ်မခံတာကို ပြောတာဘဲ။

သူဟာ အဲဒီတစ်ရက်တည်းမှာ သူ့အဖွဲ့သား (၄၉၉) ယောက်အပြင် အရပ်လေးမျက်နှာကမိလာတဲ့ ဓားပြအဖွဲ့လေးဖွဲ့ လူပေါင်း နှစ်ထောင်ကိုပါ တစ်ခါတည်း သတ်ပစ်ခဲ့တယ်။ သူ့ရဲ့ အာဏာသားဘဝ နှစ်ပေါင်းလေးဆယ်လောက်မှာ သတ်ခဲ့တဲ့ ရာဇဝတ်သားတွေဟာ သောင်းနဲ့ချီမှာပါ။

သူ့အသက်ခြောက်ဆယ်ကျော်တဲ့အချိန်မှာပဲ အလုပ်က ပင်စင်ပေးခံလိုက်ရတယ်။ ပြစ်ချက်ကတော့ ရာဇဝတ်သားရဲ့ လည်ပင်းကို တစ်ချက်တည်းပြတ်အောင်မခုတ်ဖြတ်နိုင်တော့တာဘဲ။

ခြောက်လစာလောက် ကရုဏာကြေးပေးပြီး အထုတ်ခံရလိုက်ရတဲ့ တမ္ဗဒါဌိကဟာ အသား၊ ငါးတွေ ကိုယ်တိုင်သွားဝယ်ပြီး ဟင်းကောင်းကောင်းချက်စားဖို့ပဲ စိတ်ကူးနေတယ်။

ဟင်း၊ ထမင်းချက်ပြီးတဲ့အခါ ဝိုင်းပြင်ပြီး စားဖို့လုပ်နေတဲ့အချိန်မှာပဲ အရှင်သာရိပုတ္တရာကြွလာပြီး ဆွမ်းရပ်တယ်။ သူဟာ မထေရ်မြတ်ကို ဆွမ်းကပ်ပြီး တရားနာတယ်။

(မှတ်ချက်။ ။ စာရေးသူ ရေးသားသော မင်္ဂလာ၊ ဖိုလ်တား အနန္တရာယ်များ စာအုပ်ကိုဖတ်လျှင် တမ္ဗဒါဌိက နာရသော တရားအကျယ်ကို သိနိုင်သည်။)

တရားအဆုံးတွင် အနုလောမဉာဏ်ထိရကြောင်း ဓမ္မပဒအဋ္ဌကထာဆရာက ဖွင့်တယ်။ အဲဒီနေ့ နေ့ခင်းမှာပဲ နွားဝှေ့ခံရပြီးသေတယ်။ လူသက်နဲ့ ငါးဆယ့်ခုနစ်ကုဋေအနှစ်ခြောက်သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်ခဲ့တယ်။

ဒါဟာ တရားတော်က အပါယ်ဆင်းရဲမကျအောင်ကယ်တင်ပုံပေါ့။

ဓမ္မရဲ့အစွမ်းကြောင့် သေဘေးက လွတ်ခဲ့ရတဲ့ ရွာတစ်ရွာအကြောင်းကိုလည်း ပြောပြပါဦးမယ်။ အဲဒီရွာကတော့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ထဲက ဇန်ဂိရေကျော်ရွာပဲ ဖြစ်ပါတယ်။

ဒီတစ်ရွာလုံးဟာ ခရစ်ယာန်ဘာသာဝင် ကရင်တိုင်းရင်းသားတွေချည်းပါပဲ။ ၁၉၉၅ ခုနှစ်လောက်က တစ်ရွာလုံးဝမ်းလျှောတဲ့ကပ်ဘေးကြီး ဆိုက်ရောက်တယ်။လူအတော်များများသေကြတယ်။ တချို့ဆို ရွာကတောင်ထွက်ပြေးကုန်ကြပြီ။ သူတို့အားကိုးတဲ့ဓမ္မဆရာကလည်း သူတို့အရင် ရန်ကုန်ကိုထွက်ပြေးသွားပြီး နောက်ဆုံး ရွာပျက်တာတော့ မခံနိုင်ဘူးဆိုပြီး ကနစိုရွာကျောင်းဆရာတော်ကို အကူအညီသွားတောင်းကြတယ်။ ဆရာတော်က သံဃာတော်တွေကိုလွှတ်ပြီး ပရိတ်ပဋ္ဌာန်းတွေ နေ့ရောညပါရွတ်ဖတ်ပေးလိုက်တာ ရောဂါဘေးကြီးပျောက်ကင်းသွားတယ်။

တစ်ရွာလုံးလည်း ဗုဒ္ဓဘာသာဝင်တွေဖြစ်သွားတယ်။ဒါဟာ ဓမ္မကအနုပစ္စက္ခဘဝမှာတင် ဘေးဆိုးတွေက ကယ်တင်လိုက်တဲ့ သာဓကပေါ့။

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်မှာ အစ္စလာမ်ဘာသာဝင် သူဌေးကြီးတစ်ယောက်ရှိတယ်။ တစ်ခါတော့ သူ့ရဲ့တစ်ဦးတည်းသောသမီးလေးဟာ ရောဂါတစ်ခုကြောင့် ရုတ်ဘရက်ကွယ်လွန်သွားတယ်။ ပြိတ္တာဖြစ်သွားတာကြောင့် ညတိုင်း အိပ်မက်ထဲမှာ ကိုယ်လုံးတီးကြီးနဲ့ ပေါ်လာလေ့ရှိတယ်။ အရိုးပေါ်အရေတင်ခန္ဓာကိုယ်နဲ့ လွင်တီးခေါင်ထဲမှာရောက်နေတယ်။ ကိုယ်လုံးတီးကြီးက ဝတ်စရာမရှိဘူး ဆိုတာကို ပြတာ၊ အရိုးပေါ်အရေတင်ခန္ဓာကိုယ်က စားစရာမရှိဘူးဆိုတာကို ပြတာ၊ လွင်တီးခေါင်က နေစရာမရှိဘူးဆိုတာကို ပြတာ။

ဗလီဆရာတွေ ပင့်ဖိတ်ပြီး အမျှပေးတယ်။ ညကျတော့ အရင်ပုံစံကြီးနဲ့ပဲ ပေါ်လာပြီး သူဘာမှမရတဲ့အကြောင်း ပြောပြတယ်။ ခရစ်ယာန်ဓမ္မဆရာတွေ ပင့်ဖိတ်ပြီး အမျှဝေတယ်။ ဟိန္ဒူဘုန်းကြီးတွေ ပင့်ဖိတ်ပြီးအမျှဝေတယ်။ အိပ်မက်ထဲမှာ ဘာမှမရကြောင်းဘဲပြနေတယ်။

ဗုဒ္ဓဘာသာဘုန်းကြီးတွေပင့်ပြီး ကုသိုလ်ပြု အမျှဝေတဲ့အခါကျတော့မှ စားစရာ၊ ဝတ်စရာ၊ နေစရာတွေရသွားတယ်။ ဘယ်လိုသိရသလဲဆိုတော့ အမျှပေးတဲ့ညမှာပဲ ရတနာမျိုးစုံ စီခြယ်ထားတဲ့ ဗိမာန်ကြီးပေါ်မှာ ဝတ်ကောင်းစားလှတွေဝတ်ထားတဲ့ပုံကို အိပ်မက်ပေးလို့ပါပဲ။

ဗုဒ္ဓဘာသာဘုန်းကြီးတွေပင့်ရင်တောင် အင်္ဂါလေးချက်နဲ့ညီအောင် အမျှပေးမှကျွတ်တာပါ။ အင်္ဂါလေးချက်က -

၁။ သိက္ခာသုံးပါးနဲ့ပြည့်စုံတဲ့သံဃာဖြစ်ခြင်း၊
၂။ အပ်စပ်သော ပစ္စည်းလေးပါးကို သာလှူရခြင်း၊
၃။ နာမည်ခေါ်၍ဖိတ်မန်ခြင်း၊
၄။ မြို့စောင့်နတ်၊ အိမ်စောင့်နတ်၊ နတ်မင်းကြီးလေးပါး စသည်တို့ကို သေသူသာဓုခေါ်ခွင့်ရအောင် အသိပေးရန် မေတ္တာရပ်ခံခြင်း တို့ပါပဲ။

ကဲ - ရာသက်ပန် သရဏဂုံတည်ပြီး တရားပွဲသိမ်းကြရအောင်။

ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အသက်ဆုံးသည့်တိုင်အောင် ဘုရားရှင်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

အသက်ဆုံးသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

အသက်ဆုံးသည့်တိုင်အောင် သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

မေတ္တာရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

ဦးစံမြသည် မြွေအလွန်ကြောက်တတ်ပါသည်။ သူတို့ မူးရစ်ကြီးရွာ၏ တစ်ခြမ်းမှာ လယ်ကွင်းနှင့်စပ်နေပါသည်။ ဦးစံမြတို့အိမ်မှာ ထိုလယ်ကွင်းဘက်အခြမ်းဖြစ်သည့်အပြင် လယ်ကွင်းဘက်အစွန်ဆုံးလည်း ဖြစ်ပါသည်။ အိမ်နောက်ဖေးကထွက်လိုက်သည်နှင့် လယ်ကွင်းထဲသို့ ရောက်သွားပါသည်။ ထို့ကြောင့် သူ့ခြံ၊ သူ့အိမ်တွင်း မြွေခဏခဏဝင်ပါသည်။ ရေမြွေ၊ မြွေပွေးနှင့် မြွေဟောက်တို့သာ ဖြစ်သည်။ တော့ဓလေ့ထုံးစံအတိုင်း ဝိုင်းရိုက်သတ်ပြီး ကြော်ချက်စားကြပါသည်။ ဦးစံမြက ဟင်းဖြစ်ပြီးတောင် မစားဝံ့။

"မောင်စံမြ၊ မင်း ဒါလောက် မြွေကြောက်တတ်တယ်ဆိုရင် မြွေကိုနိုင်တဲ့နည်းငါပေးမယ်။ နိုင်တယ်ဆိုတာ မေတ္တာနဲ့နိုင်တာ။ မြွေက ကိုယ့်စကားနားထောင်ရမယ်။ ယူမလား"

ငယ်ဆရာဖြစ်သော မူးရစ်ကြီးတောင်ပေါ်ကျောင်း ဆရာတော်က ဦးစံမြအား တစ်နေ့တွင် ဤသို့အမိန့်ရှိပါသည်။ ဦးစံမြက ဝမ်းသာအားရ တောင်းခံပါသည်။

ဆရာတော်က -

"ပထမဦးဆုံး မင်းမှတ်ထားရမှာက မြွေသားဘယ်တော့မှမစားဖို့ဘဲ"

"တပည့်တော်ဘယ်တော့မှမစားပါဘူးဘုရား။ ကြောက်လို့ပါ"

# ချောင်းဆုံအန်းသွင်

ပိုးနှင့်မေတ္တာ





www.burmeseclassic.com

www.burmeseclassic.com

ဦးစံမြကပျာပျာသလဲပြန်လျှောက်လိုက်ပါသည်။

ဆရာတော်က -

"အေး - ကြောက်လို့မစားတာမဟုတ်ဘဲ ချစ်လို့မစားတာဖြစ်ရမယ်။ စိတ်ကိုပြင်။ မြွေမသတ်နဲ့၊ မရိုက်နဲ့ဆိုတာတော့ ပြောဖို့မလိုတော့ဘူး။ မြွေမှာအင်မတန်ထက်မြက်စူးရှတဲ့ အနံ့ခံအာရုံရှိတယ်။ မြွေသားစားထားသူဆီကထွက်တဲ့မြွေနံ့ကို သူတို့ကောင်းကောင်းရတယ်။ ဒီတော့ အဲဒီလူကို ရန်သူလို့သတ်မှတ်တယ်၊ ရန်ပြုတယ်။

ပြီးတော့ မင်းပရိတ်ရွတ်ရမယ်။ ပရိတ်ရွတ်ဖို့အတွက် ပါးစပ်သန့်နေရမယ်၊ ခံတွင်းသန့်ရမယ်ပေါ့"

"ပရိတ်ရွတ်ခါနီး သွားတိုက်၊ ပလုတ်ကျင်းရမှာလား ဘုရား"

ဦးစံမြက ပြန်မေးလိုက်ပါသည်။

ဆရာတော်က-

"သွားကိုအကြိမ်တစ်ရာတိုက်ပြီးပလုတ်အကြိမ်တစ်ထောင်ကျင်းထားပါစေ (၁) လိမ်ပြောရင်၊ (၂) ရှုန့်ရင်းကြမ်းတမ်းစွာပြောရင်၊ (၃) ကုန်းတိုက်ရင်၊ (၄) အနှစ်မရှိတဲ့မဟုတ်မဟတ်လုပ်ဇာတ်တွေပြောရင် အဲဒီပါးစပ်ဟာ မသန့်တဲ့ပါးစပ်ခံတွင်းပုပ်ပဲ။ အဲဒီဝစီဒုစရိုက်လေးပါးကို ရာသက်ပန်ရှောင်ရမယ်။ အဲဒါမရှောင်ဘဲ ဘာပရိတ်၊ ဘာဂါထာ၊ ဘယ်လောက်ရွတ်ရွတ် အစွမ်းမထက်ဘူးကွ။ လူတွေမကြာခဏပြောသံကြားရတယ်။ ဘယ်ပရိတ်တော် ဘယ်လောက်အစွမ်းထက်တယ်၊ ဘယ်လိုအစွမ်းထက်တယ်ဆိုလို့ ငါရွတ်ကြည့်တယ်။ ဘာမှမထူးခြားဘူးဆိုတဲ့စကား။ သူတို့ခံတွင်းပုပ်နဲ့ရွတ်နေတာကို သူတို့မမြင်ဘူး။

ကာယဒုစရိုက်သုံးပါးလည်းရှောင်ရတယ်။ မင်းသိပြီးသား။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာမတရားယူခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်းဆိုတာ၊ မူးယစ်သောက်စားခြင်းကို ထည့်ဖို့မလိုတော့ဘူး။ သီလစောင့်ထိန်းသူမှန်သမျှရှောင်ကြတဲ့အရာပဲ။ အဲ- ပြီးတော့ မိစ္ဆာအာဇီဝဆိုတာကို ရှောင်ရမယ်။ မှားယွင်းတဲ့အသက်မွေးခြင်း၊ ယုတ်မာတဲ့အသက်မွေးခြင်းလို့ ခေါ်တယ်။ အဲဒါငါးမျိုးရှိတယ်။ အဲဒါတွေက -

(၁) အဆိပ်၊ (၂) လက်နက်၊ (၃) လူ၊ (၄) အရက် (မူးယစ်စေသောအရာမှန်သမျှ)၊ (၅) အသက် (ကြက်၊ ဝက်၊ ဘဲ စသည်) အဲဒီငါးမျိုးကို ရောင်း၊ ဝယ်ခြင်းဖြင့် အသက်မွေးတာ။

အားလုံး (၈) ပါးပေါ့။ အာဇီဝဋ္ဌမက (၈) ပါးသီလကို ခေါ်တယ်။ အိမ်ထောင်နဲ့ အလုပ်လုပ်ရင်း စောင့်ထိန်းနိုင်တဲ့ သီလမျိုးပေါ့။ အင်မတန် အကျိုးထူးတယ်။ ဒါကို တစ်သက်လုံးစောင့်ထိန်း၊ သေရင် အပါယ်မကျဘူး။

ပြီးတော့ မင်း မြွေကိုမေတ္တာထားရမယ်။ အဲဒါလွယ်တဲ့အလုပ်မလုပ်ဘူး။ မိမိကိုအန္တရာယ်ပေးမယ့်၊ နှိပ်စက်မယ့်သူကို နဖူးတွေ့ဒူးတွေ့တွေ့တဲ့အခါ မေတ္တာထားဖို့ဆိုတာ အလွန်ခက်မယ်။ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်ထက်ပိုချစ်သူမရှိဘူး။ ကိုယ့်ညှဉ်းဆဲသတ်ဖြတ်မယ့်သူဟာ ကိုယ့်ရန်သူပဲပေါ့။ ရန်သူနဲ့ ရင်ဆိုင်တွေ့တဲ့အခါ သူ့အသက်၊ ကိုယ့်အသက်ဆိုတာ ဖြစ်လာတယ်။ မြွေကလည်း သူ့အသက်သူကာကွယ်ဖို့အတွက်ကိုက်တာ။ လူကလည်း သူ့အသက်သူကာကွယ်ဖို့အတွက်ရိုက်တာ။ ဒီတော့ -

ရင်ဆိုင်တွေ့ကြတာနဲ့ မြွေကလည်း ပေါက်ဖို့ပြင်မယ်။ လူကလည်း ကာကွယ်ဖို့ပြင်မယ်။ ရှောင်လို့မရကြတော့ဘူးဆိုရင်ပေါ့၊ လက်ထဲ တုတ်စတဲ့လက်နက်အဆင်သင့်ရှိရင်ရိုက်မယ်။ မရှိရင်ရှာမယ်။ အဲဒီအချိန်မှ နှစ်ဖက်စလုံးဟာ ဒေါသစိတ်ပဲ လွှမ်းမိုးနေမယ်။ ဒီတော့ ကောင်းတဲ့အဖြေ ဘယ်လိုမှမရနိုင်ဘူး။ လူက အဟိတ်တိရစ္ဆာန်ဖြစ်တဲ့အတွက် မေတ္တာစိတ်တော့ ဘယ်လိုမှထားနိုင်မှာမဟုတ်ဘူး။ အသိရှိတဲ့လူကသာထားနိုင်မှာ။ ထားဖို့နည်းလမ်း နှစ်လမ်း ရှိတယ်။

ပထမလမ်းက -

မိမိရဲ့အသက်နဲ့သီလကို တန်ဖိုးချင်းယှဉ်လိုက်။ အသက်ကို ပဲဝက် (၂-ပြား)လို့ထားပြီး သီလ (ပါဏာတိပါတ)ကို အနဂ္ဃ(အဖိုးမဖြတ်နိုင်)လို့ထားလိုက်။ သီလကို အသက်နဲ့မလဲနိုင်ဘူးလို့ အခိုင်အမာရပ်တည်ထား၊ အလေ့အကျင့်လုပ်ထား၊ စောင့်ထိန်းထားတဲ့ သီလအားလုံးကိုလည်း အဲဒီလိုကာကွယ်ထား။

ဒုတိယလမ်းက -

ရုတ်တရက် မေတ္တာစိတ်ဖြစ်ဖို့ လေ့ကျင့်ရမယ်။ အေးအေးဆေးဆေး ထိုင်ပြီး မေတ္တာပို့ရတာ လွယ်တာပေါ့။ စိတ်ကို ကြည်နူးအေးချမ်းနေတာပဲ။ ဒါပေမယ့် ရုတ်တရက် တွေ့တွေ့ချင်း မေတ္တာပို့ဖို့ကတော့ မလွယ်ဘူး။ အထူးသဖြင့် ရန်ပြုမယ့်သူနဲ့ပေါ့။ ဒီတော့ ဘယ်လိုလေ့ကျင့်မရလဲဆိုရင် တွေ့သမျှသတ္တဝါကို ချမ်းသာပါစေ၊ ဘေးကင်းပါစေလို့ ချက်ချင်း မေတ္တာပို့။ လူတွေ့တွေ့၊ ခွေးတွေ့တွေ့၊ ကြက်တွေ့တွေ့၊ ဘဲတွေ့တွေ့ တွေ့သမျှပေါ့။ မြွေလိုကိုယ်ကြောက်သူမဟုတ်တော့ မခက်ဘူး။ ကြာတော့အကျင့်ရလာမယ်။ ဘာတွေ့တွေ့မေတ္တာပို့တဲ့အကျင့်ရလာမယ်။ အရေးကြီးတာက စိတ်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်ဖို့ပဲ။ ဝတ်ကျေတန်းကျေဆိုရင်တော့ ထိရောက်မှာမဟုတ်ဘူး။ နောက်ဒီအကျင့်ကထုံနေပြီဖြစ်တော့ မြွေတွေ့လည်း စိတ်ပါလက်ပါ မေတ္တာပို့နိုင်ပြီ။ အဲဒီအထိ လေ့ကျင့်။

ပြီးရင် မင်းအဓိဋ္ဌာန်တစ်ခုဝင်။ အဓိဋ္ဌာန်က ပရိတ်ရွတ်တဲ့အဓိဋ္ဌာန်ပဲ။ ပရိတ်ကလည်း မင်းရထားတဲ့ ပရိတ်ကြီး (၁၁) သုတ်ထဲက ခန္ဓသုတ်ပဲ။ ဒါပေမယ့် အသံတခြား၊ စိတ်တခြားနဲ့ ပေါ့ပေါ့တန်တန်ရွတ်လို့မရဘူး။ အာရုံစူးစိုက်ပြီးရွတ်ရမယ်။ အသံထွက်နဲ့ အဖြတ်အတောက်ကတော့ ကျောင်းမှာတုန်းက မင်းစနစ်တကျ သင်ကြားသွားရတဲ့အတွက် အဲဒီအတိုင်းရွတ်ပြဖို့မလိုတော့ဘူး။ အဓိဋ္ဌာန်ကတော့ ခေါက်ရေနဲ့ ရက်များလေကောင်းလေပေါ့။ သို့သော် ဝန်နဲ့အားတော့ မျှရမှာပေါ့။ ခေါက်ရေကို ငါကတစ်နေ့ (၁၀၈) ခေါက်ရွတ်စေချင်တယ်။ မြတ်စွာဘုရားရဲ့ (၁၀၈) ကွက်သောစက်လက္ခဏာနဲ့ ပြည့်စုံတဲ့ ခြေတော်အစုံကို ဦးခိုက်တဲ့ရည်ရွယ်ချက်ပေါ့။ တစ်ခါတည်း မရွတ်နိုင်ရင်၊ အချိန်မပေးနိုင်ရင် မနက်၊ နေ့လယ်၊ ည (၃၆) ခေါက်စီခွဲရွတ်။ ရက်ကတော့ (၉)၊ (၁၈)၊ (၂၇) နိုင်သလောက်အဓိဋ္ဌာန်ပြီးရွတ်။ အဲဒီရက်မှာ သတ္တဝါတွေကို အထူးမေတ္တာထားတဲ့အနေနဲ့ သက်သတ်လွတ်ပါစားနိုင်ရင်ကောင်းတယ်။ မစားနိုင်ရင်လည်းရတယ်။

အဲဒါပြီးရင်တော့ မင်းမြွေတွေ့ရင် အာရုံကိုစုစည်းပြီး ခန္ဓသုတ်ကိုပဲရွတ်။ အသံထွက်ချင်လည်းထွက်၊ မထွက်ချင်လည်းနေ။ ငါမှမဟုတ် ခန္ဓာကိုယ်ကိုအာရုံပြုပြီး မေတ္တာပို့။ စူးစိုက်တဲ့အာရုံရှိဖို့ပဲလိုတယ်။ မေတ္တာဓာတ်က သူ့ကိုထိဖို့ပဲ။ သူတို့က အာရုံသိလွယ်တဲ့အတွက် မေတ္တာအာရုံကို သိတယ်။ ဒေါသနဲ့မေတ္တာဟာ မီးနဲ့ ရေပဲ။ ဒေါသထွက်ရင်မင်းဆီက မီးလိုပူတဲ့အပူဓာတ် သူ့ဆီသွားထိတယ်။ ဒီတော့ သူလည်း ဒေါသပြန်ထွက်တယ်။ မေတ္တာပို့ရင် သူ့ကို ရေနဲ့ဖျန်းသလို အေးချမ်းစေတယ်။ သဘောကျတယ်။ ဒါကြောင့် သူလည်း မေတ္တာပြန်ထားတယ်။ ပြီးရင် သူ့ကိုအားကင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုသွားဖို့ မေတ္တာရပ်ခံ၊ မာတ်အနေနဲ့ ဘာဆိုလိုတယ်ဆိုတာသိလို့ ရှောင်သွား ကြမယ်။ ရွတ်တဲ့အခါအနက်အဓိပ္ပာယ် ကိုပါ နှလုံးသွင်း။ ရွတ်တော့ ပါဠိလိုပဲ ရွတ်။ ပါဠိဘာသာစကားက မြတ်စွာ ဘုရားပြောတဲ့ ဘာသာစကားဖြစ်လို့ အာနုဘော်ကြီးတယ်။ ပြီးတော့ ပတ်ဝန်း ကျင်မှာ နတ်တွေလည်းရှိမှာ။ သူတို့က လည်း ဘုရားစကားကို သိပ်ကြားချင် တယ်။ သဘောကျပြီးကူညီကြလိမ့်မယ်။ ဒီပရိတ်ကိုထုံနေအောင်ရွတ်ထားပြီးရင် နောက်မြွေတွေ့တဲ့အခါ ပရိတ်ကို အာရုံ ပြုပြီး မြွေကိုမေတ္တာပို့။

ဒီပရိတ်တော်ဟာ ရဟန်းတစ်ပါး မြွေကိုက်ခံရတာကိုအကြောင်းပြုပြီး မြွေ အန္တရာယ်ကင်းဝေးစေဖို့ မြတ်စွာဘုရား ရှင် ပေးသနားတော်မူတဲ့ ပရိတ်တော်ပဲ။ မြွေသာမက အခြေမရှိတဲ့သတ္တဝါမှန် သမျှ အခြေနှစ်ချောင်းရှိတဲ့သတ္တဝါ၊ အခြေလေးချောင်းရှိတဲ့သတ္တဝါ၊ အခြေ များစွာရှိတဲ့ သတ္တဝါမှန်သမျှတို့ရဲ့ အန္တရာယ်မှလည်း ကင်းလွတ်တယ်။

အရေးကြီးတာက ယုံကြည်ဖို့ပဲ။ မြတ်စွာဘုရားရဲ့ ပါရမီတော်ကိုယုံရမယ်။ ပါရမီတော်ကြောင့်ရရှိခဲ့တဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ယုံကြည်ရမယ်။ ဘုန်း တော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ် တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို ယုံကြည်ရမယ်။ အဲဒီယုံကြည်ဖွယ်နဲ့လုပ်၊ မအောင်မြင်တာမရှိရဘူး။ မအောင်မြင် ရင်လုပ်သူဘက်က ချွတ်ယွင်းချက်ရှိ သေးလို့ပဲမှတ်"

ဟု အကျယ်တဝင့် မိန့်ကြားပါ သည်။

ဦးစံမြသည် ပြင်းထန်သော ယုံ ကြည်ချက်နှင့် ဆန္ဒတို့ကြောင့် ခန္ဓသုတ် ပရိတ်တရားတော်မြတ်ကို တစ်နေ့ (၁၀၈)ခေါက်၊ (၁၀၈)ရက်အဓိဋ္ဌာန်လိုက် သည်။ သက်သတ်လွတ်လည်း (၁၀၈) ရက် အဓိဋ္ဌာန်လိုက်ပြီး အာဇီဝဋ္ဌမက (၈) ပါးသီလကို ရာသက်ပန် အဓိဋ္ဌာန် လိုက်ပါသည်။ အချိန်ကို နံနက်(၆)နာရီ၊ နေ့လယ် (၁၂)နာရီ၊ ညနေ (၆)နာရီနှင့် သန်းခေါင် (၁၂)နာရီဟူ၍ လေးချိန်ခွဲပြီး (၂၇) ခေါက်စီရွတ်ပါသည်။

ဆရာတော်ကို ပြောတော့ ဆရာ တော်က -

"ပိုကောင်းတာပေါ့။ ည(၁၂)နာရီ က မင်းအတွက်အခက်အခဲဖြစ်မှာစိုးလို့ ငါမပေးတာ"

ဟု ပြောပါသည်။



တစ်လလောက်ရတော့ ဦးစံမြတို့ ခြံထဲမြွေလုံးဝမဝင်တော့ပါ။ တစ်လ မပြည့်ခင်က တစ်ကြိမ်၊ နှစ်ကြိမ် တွေ့ သေးသည်။ ဦးစံမြက အိမ်သားများ အား မရိုက်ရန်တားပြီး ခန္ဓသုတ်ရွတ် ကာ ရှောင်ရှားရန် မေတ္တာရပ်ခံသည်။ မြွေက ပါးပျဉ်းချပြီးရှောင်ရှားသွားမှ သူ့ အိမ်သားများယုံကြပါသည်။ အိမ်သား များကို မြွေမသတ်ရန်၊ မရိုက်ရန်နှင့် မြွေ သားမစားရန်တားမြစ်ထားသည်။ ဦးစံမြ မြွေနှင်နိုင်သည်ဟူသောသတင်းဖြစ်လာ သည်။ အိမ်နားနီးပါးများက မြွေတွေ့ သော် ဦးစံမြကို ခေါ်သည်။ ဦးစံမြက ခန္ဓသုတ်အာရုံပြုရွတ်ပြီး ရှောင်ရှားရန် မေတ္တာရပ်ခံသည်။ မြွေများရှောင်ရှား သွားကြသည်ချည်း ဖြစ်သည်။ သို့ဖြင့် ဦးစံမြ၏ (၁၀၈) ရက် အဓိဋ္ဌာန်လည်း အောင်မြင်စွာ ပြီးစီးသွားသည်။ ပရိတ် တော်အပြည့်အစုံကို နောက်ပိုင်းတွင် ဖော်ပြပါမည်။

ဦးစံမြသည် အဓိဋ္ဌာန်ပြည့်ပြီး နောက်လည်း မနက်၊ နေ့လယ်၊ ည တစ်နေ့ သုံးကြိမ်သုံးခေါက် ခန္ဓသုတ်ကို ပူဇော်သည်။ မြွေတွေ့သောအခါ ခန္ဓ သုတ်ကို တစ်သုတ်လုံးမရွတ်ဘဲ -

"နတ်နဂါးမင်းကြီးလေးပါးတို့နှင့် မေတ္တာနှောင်ဖွဲ့ပါ၏။ အခြေမရှိသော မြွေစသူများနှင့်လည်း မေတ္တာနှောင်ဖွဲ့ ပါ၏။ အသင်နှင့် ကျွန်ုပ်တို့သည် ချစ်ခင် သောအဆွေခင်ပွန်းများသာ ဖြစ်ကြပါ ၏။ တစ်ဦးကိုတစ်ဦး ရန်မပြုဘဲ မေတ္တာ ဖြင့်သာ ဘေးကင်းရာသို့ ဖယ်ကြဉ်သွား ပါလော့"

ဟု အာရုံကို အတတ်နိုင်ဆုံး စု စည်းပြီး စိတ်ဖြင့်ပြောသည်။ မြွေလည်း သိသည့်အလား ပါးပျဉ်းချပြီး ဖဲကြဉ် သွားသည်ချည်း ဖြစ်သည်။

၁၉၇၃ ခုနှစ်လောက်က ဖြစ်ပါ သည်။

ကျွန်တော်သည် အိမ်နီးချင်း ဓမ္မ မိတ်ဆွေ ဦးစိန်မောင်နှင့်အတူ သူ့ကို ကွယ်ရာ သက္ကယ်ကွင်း (မနုတ်အနီး) ရှာ အနီးက ဆရာတော်ဦးစန္ဒိမာ၏ကျောင်း သို့ လိုက်သွားခဲ့ပါသည်။ ကျောင်းမှာ ကွင်းပြင်လယ်ကွက်ကိုမြေဖို့ပြီးဆောက် ထားခြင်း ဖြစ်သည်။ ဓမ္မာရုံဟုခေါ်သည့် ပတ်လည်က လယ်ကွက်များသာ ဖြစ် သည်။ စပါးစိုက်သည်။

ညဘက်တွင် မီးဖိုခန်း၌ ရေနွေး အိုးကျည်ထားသည်။

ဆရာတော်က -

"ကိုစိန်မောင်၊ ရေနွေးအိုး မီးထိုး လိုက်ဦး"

ဟု ဆိုသဖြင့် ဦးစိန်မောင်က မီးဖို ဘေးရှိထင်းပုံမှ မီးထိုးဖို့ထင်းချောင်းကို ဆွဲယူလိုက်ပါသည်။

"အား"

ဟု ဦးစိန်မောင် အလန့်တကြား အော်ပြီးထွက်လာပါသည်။

ဆရာတော်က -

"ဘာဖြစ်တာလဲ"

ဟု မေးတော့ ဦးစိန်မောင်က -

"မြွေလားမသိဘူး။ ပျော့ပျော့ကြီး ကို ဆွဲမိတယ်"

ဟု ပြန်ဖြေသည်။

ဆရာတော်က လက်နှိပ်ဓာတ်မီး ယူပြီး သွားကြည့်တော့ လားလား - တောကြီးမြွေဟောက်က ပါးပျဉ်းထောင် နေသည်။ လက်ကောက်ဝတ်ခန့်ရှိမည်။ အတော်ကြီးပါသည်။ ဆရာတော်က မေတ္တာဓာတ်ကြီးမားသူ ဖြစ်သည်။ မေတ္တာပို့ပြီးဖယ်ခိုင်းရာ ဆင်းသွားပါ သည်။

ဆရာတော်က-

"ဒီကောင်မြန်လည်းအလွန်မြန် တယ်။ အဆိပ်လည်းအလွန်ပြင်းတယ်။ ကိုစိန်မောင် ဘာအဆောင်ရှိလို့မကိုက် သလဲ မသိဘူး"

ဟု ပြောပါသည်။

ဦးစိန်မောင်က -

"တပည့်တော် ခန္ဓသုတ်ကို နေ့စဉ် မနက် တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်တာ အနှစ် (၁၀) ကျော်ပြီ၊ မပျက်ဘူးဘုရား"

ဟု ပြန်ဖြေပါသည်။

ဤကား ခန္ဓသုတ်တန်ခိုးကိုယ် တွေ့ဖြစ်ပါသည်။

ရှောင်းဆုံးအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဆီရောက်နေပြီလဲခင်ထွေး။ ရောက်လေရာမှာ ပျော်နေမှာလား။ ငါ ရယ်၊ သားလေးရယ်ကိုရော သတိမှရ သေးရဲ့လား ခင်ထွေးရယ်။ ညနေခင်း အလင်းပျောက်လို့ အမှောင်ရောက် တော့မယ်။ ညဘက်မှာ ငါတစ်ယောက် တည်းရှိနေရတော့ မနေတတ်မထိုင် တတ်နဲ့ အနေခက်တယ် ခင်ထွေး။ နွား နှစ်ကောင် အစာဝလို့ တင်းကုပ်သွင်းပြီး တာနဲ့ အိပ်ရာဝင်တယ်။ အိပ်မပျော်နိုင် ဘူး ခင်ထွေး။ ခင်ထွေးရယ်၊ သားလေး ရယ်က ငါ့ဘဝ၊ ငါ့မျှော်လင့်ချက်ပါ။ အသက်ရှင်နေခြင်းက ခင်ထွေးနဲ့ သား လေးအတွက်ပဲ။ ခုတော့ ခင်ထွေးဘယ် ဆီမှာလဲကွယ်။ သားလေးကို ရှင်ပြု တော့မယ်။ ခင်ထွေးဆန္ဒပြင်းပြခဲ့တဲ့ သားရှင်ပြုအလှူပွဲကို ရွာလုံးကျွတ် ထမင်းကျွေးပြီး သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကားလှူမှာ။ မြို့တက်ပြီး တော့ ဆန်အိတ်တွေဝယ်ပြီးပြီ။ ငါး ခြောက်တွေ၊ ကြက်သွန်တွေနဲ့ အလှူမှာ ကျွေးမွေးဖွယ်တွေ ပြည့်စုံနေပြီ။ ပရိက္ခ ရာရှစ်ပါးလည်းဝယ်ခဲ့ပြီးလို့ သားလေး က ရွာဦးကျောင်းဆရာတော်ဆီမှာ သင်္ကန်းတောင်း၊ ပုတီးစိပ်တွေ စာကျက် နေရှာတယ်။ ဆရာတော်ကိုယ်တိုင် အနားမခွာဘဲ စောင့်ရှောက်ပေးနေ တယ်။ ကျောင်းမှာအိပ်၊ ကျောင်းမှာစား တယ်။ ခုတော့ ငါတစ်ယောက်တည်း အဖော်မဲ့နေပြီ ခင်ထွေးရေ။

ခင်ထွေးရယ်၊ ဘယ်လိုမှမေ့မရ နိုင်ပါဘူး။ အဲသည်နေ့ကို ဘယ်လိုမှမေ့ မရဘူး ခင်ထွေး၊ ခင်ထွေးမျက်နှာလေး ကို မျက်စိထဲက မထွက်နိုင်အောင်ဘဲ ခင်ထွေးရယ်။ သတိရတိုင်း၊ တွေးမိတိုင်း ဝမ်းနည်းရတာ၊ အူလှိုက်အသည်းလှိုက် ကြေကွဲရတာ ဆို့ဆို့နင့်နင့် ဘယ်လိုမှ ဖြေလို့ မပြေတဲ့ခံစားမှုတွေကို ခင်ထွေး သိမှာမဟုတ်ဘူး။ ခင်ထွေးသိမှာ မဟုတ် ဘူးနော်။

*

"ကိုတင်မောင် တော်တော့၊ တော်ထွန်ချတ်တော့"

ထွေးခင်မှ ဒေါသနှင့် အော်ကာ ဟစ်ကာ ပြောလာသည်။

"ခင်ထွေး ဘာဖြစ်တာလဲဟာ၊ ဒီထွန်းရေးက ဒီမနက်ခင်းကျွတ်ထွန်ရ မှာလေ။ နှမ်းကြဲဖို့အချိန်လင့်သွားလို့ နှမ်း ထွက်လျော့သွားမှာပေါ့ဟ။ နှမ်းဆိုတာ အပင်အကြီးမြန်၊ အပွင့်လျှင်လျှင်ပွင့် အသီးမကြာရင့်တာ တစ်ရက်နောက်ကျ လို့ အထွက်ဆုတ်သွားတဲ့ သီးနှံမျိုးလေ"

ထွန်ရေးစပ်စေဖို့ အဆောတလျင် ထွန်ယက်နေသော ကိုတင်မောင်မှ ဇနီး သည် ခင်ထွေးကို တုံ့ပြန်ပြောဆို၏။

"ရှင့်လက်ထဲက နှင်တံ (နကန်) က ကျွဲသားတွေကို ရိုက်ဖို့နှက်ဖို့မဟုတ် ဘူးတော့်။ ကျွဲသားတွေက တိရစ္ဆာန် ဆိုပေမယ့် အသိရှိတယ်။ လိမ္မာယဉ် ကျေးပြီးသား။ နှင်တံလေးတို့ထိပြီး သတိ ပေးတာနဲ့ သခင်အလိုကျ ခိုင်းသမျှ တာ ဝန်ကျေရှာတယ်။ ခုတော့ ကျွဲသား တွေကျောမှာ ရှင်ရိုက်ထားတဲ့ နှင်တံရာ တွေ အရှိုးထင်လို့ ရက်စက်လိုက်တာ ကိုတင်မောင်ရယ်၊ ရွှေနီရော ချိုထောင် ပါ နူတ်သီးတွေ အမြှုပ်ထွက်နေရှာပြီ၊ မောနေပြီ၊ တစ်မနက်လုံး ရှင်ခိုင်းစေ တိုင်း ထွန်ရုန်းနေရှာတာ"

ခင်ထွေး၏သဘောထားကို တင် မောင်နားလည်သွားသည်။ နွားတစ်ရှဉ်း အမြှုပ်ထွက်သကဲ့သို့ တင်မောင့်တစ် ကိုယ်လုံးမှာလည်း ချွေးတွေနစ်နေပြီ။ ခင်ထွေးခမျာလည်း ထွန်ရေးပြင်မှာ ပေါင်းကောက်၊ မြက်ကောက်ရသည်မှာ

# ပြေဦး

## ဘဝတစ်ပါးမှသာဓုခေါ်သံ





www.burmeseclassic.com

www.burmeseclassic.com

…ဘောင်းလှုပြီ။ နက်ဖြန်တွင် နှမ်းလျှင် …မည်၊ နက်ဖြန် နှမ်းကြဲရန်အတွက် …နှ်ရေးညက်ရန် ပြင်ဆင်နေခြင်း ဖြစ်…

“အေးပါ ခင်ထွေးရယ်၊ မင့်သား …ကို မရိုက်တော့ပါဘူး။ သည်တစ် …ကြဲထွန်ပြီးတော့ လုပ်ငန်းသိမ်းကြ …ပေါ့။ ကဲကဲ - ငါ့သားနှစ်ကောင်ရေ၊ …တို့အမေ ဒေါ်ခင်ထွေးက ငါ့ကို …ပြစ်တင်နေပြီဟေ့။ သည်တစ်စပ် …ကြိုးစားလိုက်ကြပါဦးကွာ”

ကိုတင်မောင်ခမျာ ရွှေနီနှင့် ချို …ကောင်ကို ချော့ကာ ထွန်ရေးငင်ရရှာ …သည်။ ရွာဦးကျောင်းဆီမှ ဆွမ်းစားကြေး …သံကိုကြားရသည်။ ကိုတင်မောင်၊ …ခင်ထွေးနှင့် နွားတစ်ရှဉ်းတို့ နံနက်ပိုင်း …လုပ်ငန်းခွင်သိမ်းတော့၏။

*

နှမ်းပင်လေးတွေ ဝါဆိုမိုးတွင် ကြီးထွားလာကြသည်။ အကိုင်းအခက်များနှင့် နှမ်းပင်သန်စွမ်းလှသည်။ သည်နှစ်မိုးလေမှန်သောကြောင့် နှမ်းခင်းတစ်ခုလုံး စိမ်းစိမ်းလဲ့လဲ့ရှိနေ၏။ အပင်ညီ၍ သန်စွမ်းနေသော နှမ်းခင်းကို ငေးမောကာ ခင်ထွေး မျှော်လင့်ချက်နှင့် ကြည်နူးနေမိသည်။

မိုးလေမှန်၍ နှမ်းယာတစ်ကွက် သန်စွမ်းကောင်းမွန်ခဲ့သော် နှမ်းထွက်ကောင်းသဖြင့် ငွေပိုငွေလျှံ စုဆောင်းနိုင်သည်။ နှမ်းပေါ်ချိန်တွင် ပိုလျှံသောငွေကို မှန်းဆကာ စိတ်ကူးအိပ်မက်အတွေးဝင်နေပြန်သည်။ တစ်ဦးတည်းသောသားလေး ခင်မောင်သည် ဆယ်ကျော်သက်အရွယ်ရှိနေပြီ။ သည်သားလေးကို ရှင်ပြုအလှူလှူနိုင်တော့မည်။ ရှင်ပြုပွဲအတွက် သုံးရန်ငွေကို ချွေတာသည်။ နှမ်းခင်းတစ်ယာလုံး ပေါင်းထိုးခြင်းကို ခင်ထွေး ယာကူလီမငှား ကိုယ်တိုင်ပေါင်းထိုးသည်၊ နှမ်းခင်းသည်။ ကိုတင်မောင်နှင့် ခင်ထွေး နှစ်ဦးတည်း လုပ်အားနှင့် ရင်းနှီးခဲ့၏။ ကိုတင်မောင်နှင့် ခင်ထွေးတို့၏ ချွေးစက်များစွာဖြင့် နှမ်းပင်တွေ သန်စွမ်းကောင်းမွန်လာသည်ဟု ထင်နေရှာသည်။

မိုးဖွဲဖွဲလေးရွာသည်။ လင်းခနဲ နေပူပြန်သည်။ နှမ်းပင်ကြိုက်သော ရာသီဥတုပင် ဖြစ်၏။ အကျိုင်းကျိုင်းအထွားထွားနှမ်းပင်များမှာ လေယူရာယိမ်းနွဲ့နေကြသည်။ နှမ်းခင်းစပ်ယာခရိုးမှငေးကာ ခင်ထွေး ကြည့်မဝရှုမဝဖြစ်နေရှာ၏။

“ခင်ထွေး ခင်ထွေး ကောင်မ၊ နှမ်းခင်းကောင်းလို့ မာနကြီးနေပါလား အေ။ ခေါ်မကြားအော်မကြား”

ယာခင်းမှ ပေါင်းထိုးအပြန်တွင် ငွေရင်မှ နှုတ်ဆက်စကားနှင့်ထေ့သည်။

“ဟယ် - ငွေရင်ရယ်၊ ညည်းခေါ်တာ ငါတကယ်မကြားလို့ပါအေ”

ခင်ထွေးက စကားပြန်၏။

“တကယ်ပြောတာဟေ့၊ သည်ရွာသည်နယ်မှာတော့ ညည်းတို့နှမ်းခင်းကို မှီတဲ့ယာမရှိသေးဘူး။ ကောင်းလိုက်တဲ့ နှမ်းခင်း၊ သည်နှစ်တော့ ညည်းတို့ ငွေ အစုလိုက်အပုံလိုက်ရပြီ ခင်ထွေး”





www.burmeseclassic.com

www.burmeseclassic.com

ငွေရင်နှင့်အတူ ယာပြန်လာသည့် မြရီက သုံးသပ်စကားပြောပြန်သည်။

"ဟုတ်တယ် ခင်ထွေး၊ ငါတို့ ဘကြီးသာရင်နှမ်းခင်းမှာ ပေါင်းထိုးပြီး ပြန်ခဲ့တာ။ ဘကြီးသာရင်နှမ်းခင်းဆို အပင်တွေက ကျဲလွန်းလို့ မြက်တွေထူ လိုက်တာ။ နှမ်းမဖြစ်ထွန်းဘူး"

အုန်းလှမှ ထောက်ခံစကားဆိုပြန်၏။ သည်ရွာသူများဖြစ်ကြသည့် ငွေရင်၊ မြရီ၊ အုန်းလှ၊ ခင်မြ၊ မိတော၊ ခင်လှ၊ ထွေးတင်၊ ဝင်းငွေ၊ မိကြွေတို့သည် ခင်ထွေး၏ ငယ်ပေါင်းသူငယ်ချင်းတွေ ဖြစ်ကြသည်။ သူတို့အားလုံးသည် ပြောင်း ပဲနှုတ်၊ မြေပဲဆွတ်၊ ဆေးရွက်ခူး၊ ဝါကောက်၊ ပဲနောက် (ပဲတီစိမ်း) ကောက်၊ ကြက်သွန်ဖော်၊ နှမ်းရိတ်၊ နှမ်းပြာလုပ်ငန်းများကို နေ့စားလိုက်ကြသည်။ ယာကူလီလုပ်ငန်းကျွမ်းကျင်ကြသူတွေ ဖြစ်သည်။

"ဒီမယ် ခင်ထွေး၊ ညည်းနှမ်းခင်းသိမ်းတော့ တို့ပဲခေါ်နော်။ နှမ်းရိတ်၊ တလင်းပုံ၊ နှမ်းခါ၊ နှမ်းပြာတဲ့အထိ တို့လုပ်မယ်။ နှမ်းတွေရလွန်းလို့ နားထင်သွေးရောက်မနေနဲ့"

မိတောမှ ကြိုတင်လုပ်ငန်းညှိနှိုင်း၏။

"ပြောစရာလား မိတောရဲ့။ ညည်းတို့ပဲရှိတာအေ။ နောက်ပြီး ဒီနှမ်းတွေက. ငါနဲ့ ကိုတင်မောင် ပိုင်တာမဟုတ်ဘူး။ သားလေးခင်မောင်ပိုင်တာဟဲ့။ နှမ်းရသမျှအားလုံးရောင်းပြီး သားလေးကို ရှင်ပြုဖို့"

ခင်ထွေးမှ အနာဂတ်မျှော်မှန်းချက်ဖွင့်ဟသည်။

"အေး - ကောင်းတယ် ခင်ထွေး။ ညည်းသားအလှူမှာ ရှင်လောင်းလှည့်ပွဲတက်ဖို့ အကျီစတော့ ဝယ်ပေးဦး"

မိကြွေမှ တောင်းဆို၏။

"ရွာလုံးကျွတ် မီးခိုးတိတ်ပဲကောင်မ။ ငါးခြောက်ကြော်နဲ့ ထမင်းကျွေးမှာ။ ရှင်လောင်းလှည့်တော့ စည်စည်ကားကားဖြစ်စေရမယ်။ အလှူမှာ ဆိုင်းဝိုင်းလည်းထည့်မယ်အေ။ တစ်ရွာလုံး ဝိုင်းဝန်းကြရမှာပေါ့"

ခင်ထွေး၏စိတ်ကူးတွေကို ကြားရသူ သူငယ်ချင်းတစ်စု လက်ခုပ်တီး၍ အားပေးကြ၏။ လက်ခုပ်သံတွေ နှမ်းခင်းလေးတွင်ညံသွားတော့သည်။

"ဒါနဲ့ ကိုတင်မောင်ကောဟဲ့"

ဝင်းငွေက မေးသည်။

"ဪ - ဒီနှမ်းခင်းက သားလေး ခင်မောင်အတွက်ဆိုတော့ တို့စားဝတ်နေရေးက မြေပဲယာ၊ ပြောင်းယာနဲ့ ဂါနီခင်းပဲရှိတာပေါ့။ ကိုတင်မောင် မြေပဲခင်းထွန်ကြားတိုက်နေလို့ ငါစောင့်နေတာလေ။ ကိုတင်မောင် လာတော့မှာပါ။ ညည်းတို့လည်း လှည်းနဲ့လိုက်ခဲ့လို့ရတယ် ခဏစောင့်"

ခင်ထွေးမှ ခင်ပွန်းသည်ကို မျှော်ကြည့်ကာ စကားပြန်သည်။

"ညည်းပဲစောင့်နေ၊ တို့တော့ ထမင်းဆာလှပြီ။ ပြန်နှင့်မယ်ဟေ့"

ငွေရင်မှ ဦးဆောင်လျက် သူငယ်ချင်းတစ်သိုက် ရွာဆီပြန်ကြ၏။

*

အပင်ဖြစ်ရာမှ အပွင့်ဝင်ခဲ့သော နှမ်းခင်းသည် နှမ်းပွင့်တွေဖွေးခဲ့၏။ နှမ်းပင်တွေ နှမ်းပွင့်ပြီးသော် သီးကင်းတွေ ဝင်လာသည်။ နှမ်းပင်တိုင်းတွင် နှမ်းသီးတွေ ဘယ်၊ညာဆင့်ကာ ပြွတ်နေအောင် သီးကြ၏။ နှမ်းပင်တိုင်းသည် အသီးဝေနေရာမှ အသီးရင့်လာကြလေပြီ။

နံနက်ခင်း နေမင်းသည် အပူရှိန်ပြင်းစွာပူသည်။ တိမ်ဖြူတိမ်ဆုပ်လေးတွေကောင်းကင်မှာ ပြေးလွှားနေကြ၏။ နှမ်းပင်လေးများ၏ပင်ခြေ နှမ်းရွက်လေးတွေ ရင့်ရော်ကြွေနေကြသည်။ အသီးလေးတွေ ဝါရောင်သန်းနေ၏။ နှမ်းသိမ်းရတော့မည်။ နှမ်းခင်းအလွန် ရိုးဘေးချုံတန်းလေးဆီမှ ကျေးငှက်သံတွေညံနေကြသည်။ ငုံးငှက်လေးတွေ မြူးတူးပျံသန်း၍ နှမ်းခင်းထဲတိုးဝင်ကြသည်။ ယာနုတ်ခမ်း မန်ကျည်းပင်အိုပေါ်မှာ ချိုးကူသံသည် အသံရှည်ရှည်နှင့် ချွဲနွဲ့နေသေး၏။ နှမ်းခင်းကိုကြည့်ကာ အားရကျေနပ်နေသော ကိုတင်မောင် ခင်ထွေးရှိရာသို့ နှမ်းခင်းစပ်မှ လျှောက်လာခဲ့သည်။

"ဒီမြေဒီယာကိုစောင့်ရှောက်သော အရှင်သခင်၊ ဤမြေဤယာဤတောဤတောင်ဤဒေသကို ပိုင်စိုးသော အရှင်သခင်။ ရွာစောင့်အရှင်သခင်၊ နယ်ပိုင်အရှင်သခင်တို့အား လက်ဖက်ခွက်နှင့် ဆက်ပါ၏။ လက်ဖက်ဖူးနှင့်ဦးတင်ပါ၏။ အရှင်သခင်တို့၏ သားသမီးဖြစ်သော ကိုတင်မောင်၊ မခင်ထွေးတို့ နှမ်းခင်းနှမ်းယာအား မနက်ဖြန် ရိတ်သိမ်းတော့မည် ဖြစ်ပါသဖြင့် အန္တရာယ်ကင်း ဘေးရှင်းအောင် စောင်မကြည့်ရှုတော်မူကြပါ။ အမှားရှိက ခွင့်လွှတ်ပါ။ မမေ့မလျော့ မပေါ့မဆပသပါ၏။ တင်မြှောက်ပါ၏"

ရှေးထုံးကိုမပယ်သောခင်ထွေး၏ လက်ဖက်ပွဲတင်သံသည် မန်ကျည်းအောက်တွင် ပျံ့လွင့်နေသည်။ ကျုံ့ကျုံ့ထိုင်ကာ အရိုအသေပေးကာ ခင်ထွေး ပူဇော်ပသနေသည်။ မကောင်းသောဘေးအန္တရာယ်၊မကောင်းသောအနှောင့်အယှက်များကင်းဝေးရန် ရွာထုံးစံအတိုင်း ခင်ထွေး ဆောင်ရွက်ပါသည်။

*

*"xxxဟေလာလေမောင်တို့၊ ဟေလာလေမောင်တို့xxx ဝမ်းစမိုးတသောသောညံxxx ယောကျ်ားဘသား သာလှနားပန်းဆံ. . ."*

ငွေရင်တို့ သူငယ်ချင်းတစ်သိုက် ခင်ထွေးနှင့်အတူ နှမ်းရိတ်နေကြ၏။ ခင်ထွေး၏သားရှင်ပြုအလှူကို မှန်းကာ နားပန်းဆံသီချင်းကို သံပြိုင်ဟစ်နေကြသေးသည်။ နေမင်းမှာ ပူပြင်းလွန်း၍ အိုက်စပ်လာကြသည်။

"ခင်ထွေး၊ ညည်းနှမ်းခင်းသိမ်းတဲ့ အချိန် မိုးလွတ်လေလွတ်ပဲအေ။ နှမ်းရိတ်ပြီဆို မိုးကသည်းတတ်တယ်။ ခုတော့ နေသာလို့ တလင်းရောက်၊ နှမ်းခါ၊ နှမ်းသိမ်းပြီးတောင် မိုးရွာမယ်မထင်ဘူးနော်။ မတော်လို့ မိုးမိတာနဲ့ နှမ်းစေ့တွေ လေလွင့်တာရယ်၊ အညှောက်ထိုးတာရယ်၊ အရောင်ပျက်လို့ ဈေးရော့တာရယ်ရှိတတ်တာ။ ရာသီဥတုက ခင်ထွေးဘက်မှာ အသာအယာပဲဟေ့"

ငွေရင်ခမျာ ဝမ်းသာအားရ တက်တက်ကြွကြွရှိနေ၏။ ခင်ထွေးတို့ တစ်သိုက် နှမ်းရိတ်ပြီး ပုံထားသမျှနှမ်းပင်တွေကိုပွေ့ကာ လှည်းဆီသယ်ရသော ကိုတင်မောင်မှာ ခေါက်ပြန်မနား နှမ်းပင်တွေကို လှည်းပေါ်တွင် ခေါင်းချင်းဆိုင်ကာ စီတင်ရမည်။ နှမ်းတလင်းသို့ လှည်းနှင့်သယ်ပြီး ဆိုင်ပုံထိုးရမည်။ ကိုတင်မောင်လည်း မမောနိုင်မပန်းနိုင် ချွေးတရွှဲရွှဲပင်။

ခင်ထွေးသည် ငွေရင်နှင့်ရင်ပေါင် တန်းကာ ထွန်ကြောင်းအတိုင်း နှမ်းပင် များကို ငန်းတိုက်ရိတ်သိမ်းနေသည်။ ငွေရင်၊ မိတော၊ ခင်လှ၊ မိကြွေ၊ မြ အုန်းလှ၊ ဝင်းငွေတို့လည်း ခင်ထွေး နှင့်ယှဉ်ကာ နှမ်းရိတ်ကြသည်။ သီချင်း သံတအေးအေးနှင့် မောရမှန်းမသိ နှမ်းခင်းယာတစ်ဝက်ကျိုးမျှ နှမ်းရိတ် နေလေပြီ။

"အမလေး၊ အား"

ခင်ထွေးနှုတ်မှ ရုတ်ချည်းရက် အော် သည်။

www.burmeseclassic.com

"ဟဲ့ - ခင်ထွေးဘာဖြစ်တာလဲဟဲ့"

ငွေရင် ပြေးကာ ခင်ထွေးဆီ ရောက်လာသည်။ ခင်ထွေးမှာ ပုံပုံလေး လဲကျနေပြီ။ လက်မှ နှမ်းရိတ်သည့် တံစဉ်လွတ်ကျ၏။ ငွေရင်မှာ ပျာယာ ခတ်သွားမိသည်။ ခင်ထွေးကို ပွေ့ကာ အနီးဝန်းကျင်ကို ရှာဖွေဝေ့ဝိုက်ကြည့် ရှုစ်ဆေး၏။ မမျှော်လင့်ပါ။ ထွေးခင်၏ ခြေအနီးတွင် တွန့်ကာလိမ်ကာ လူးလွန့်နေသော မြွေပွေးကိုတွေ့ရတော့ သည်။

"ကိုတင်မောင်ရေ အမြန်လာဦး၊ မိတောတို့အားလုံး လာကြဦးဟေ့"

ငွေရင်မှာ အသံတွေတုန်ယင်နေ ၏။ အပြေးရောက်လာသော ကိုတင် မောင်သည် မြွေပွေးကို နှင်တံနှင့်ရိုက် သတ်လိုက်သည်။

"ခင်ထွေး ပိုးထိထားပြီ ကိုတင် မောင်။ ခြေဖနောင့်ကို ကိုက်လိုက်တာ အစွယ်ရာတွေက ထင်းလို့"

ငွေရင်က ရှင်းပြသည်။

ခင်ထွေးကို ကိုတင်မောင်ပွေ့ကာ ခုံးတွင် ထမ်းလိုက်ပြီး ရွာဆီသို့ ဒုန်း စိုင်းပြေးတော့သည်။ ငွေရင်တို့တစ် သိုက်လည်း ကိုတင်မောင်နောက်မှ ဆက်ကြပ်မခွာပါလာကြ၏။

"ပူတယ် ပူတယ် ရေပေးပါ၊ ရေ ပေးပါ"

ခင်ထွေးသည် ကိုတင်မောင် ပခုံး ထက်မှ အော်ဟစ်လိုက်ပါလာသည်။ မျက်စိမဖွင့်နိုင်ခဲ့။

"ငွေရင်၊ ဘကြီးသာရင်ဆီသွား လည်းယူခဲ့၊ ခင်ထွေးကိုမြို့ဆေးရုံပို့မယ်"

မောပန်းစွာနှင့် ကိုတင်မောင်ပြော ၏။ ခင်ထွေးခမျာ ပျော့ကာခွေကာရှိနေ ၏။ ကိုတင်မောင်၏အိမ်သို့ရောက်၍ အိမ်ရှေ့ကွပ်ပျစ်လေးပေါ်သို့ ခင်ထွေးကို ပွေ့ချလိုက်သည်။ ခင်ထွေး ဆေးရုံသို့ ရောက်တော့။ အသက်ဆုံးရှာပြီ။ ပြင်း ထန်းသည့်မြွေအဆိပ်သည် ခင်ထွေး၏ အသက်ကို သေစေလေတော့သည်။ ကိုတင်မောင်၏ ကြေကွဲဝမ်းနည်းစွာ ယူကျုံးမရအော်ငိုသံသည် တစ်ရွာလုံးသို့ လွှမ်းခဲ့လေပြီ။

"ဖြစ်ရလေ ခင်ထွေးရယ်၊ ငါနဲ့ သားကိုထားခဲ့ပြီလား ခင်ထွေး။ မသေ ပါနဲ့ ခင်ထွေးရယ်"

*

ဘယ်ဆီရောက်နေပြီလဲ ခင်ထွေး၊ ရောက်လေရာမှာ ပျော်နေပြီလား။ ခင် ထွေးဆန္ဒအတိုင်း သားလေးကို သာမ ဏေအဖြစ် သွတ်သွင်းခဲ့ပြီနော်။ သား လေးခင်မောင် ကိုရင်ဖြစ်သွားပြီ။ အလှူ ပွဲကိုလည်း ခင်ထွေးဆန္ဒအတိုင်း ရွာလုံး ကျွတ်မီးခိုးတိတ်ကျွေးမွေးဧည့်ခံပါတယ်။ ရှင်လောင်းလှည့်တော့လည်း မကိုင်မှု စလွယ်ဆင်ထားတဲ့ သားရှင်လောင်းက မြင်းပေါ်မှာပါ။ ဒိုးပတ်ဝိုင်းနဲ့တစ်မျိုး၊ ဆိုင်းဝိုင်းကတစ်မျိုး တစ်ရွာလုံး အုန်း အုန်းကျွတ်ကျွတ် စည်ကားလှတယ် ခင်ထွေး။ သည်အလှူပွဲမှာ ခင်ထွေးမရှိ တာကလွဲလို့ ဒီရွာမှာ ဒီအလှူက ခြိမ့်ခြိမ့်သဲသဲရှိခဲ့တယ် ခင်ထွေး။ ဪ- ငါမပျော်နိုင်သလို သားလေးလည်း မင့် ကို သတိရရှာတယ်။ လွမ်းရှာတယ်။ မျက်ရည်ဝဲနေတဲ့ ရှင်လောင်းသားလေး ကို မင်းမြင်လှည့်ပါ"

ကိုတင်မောင်ခမျာ သားရှင်ပြု အလှူပွဲပြီးသွားသော်လည်း မချိတင်ကဲ ခံစားရသည်။ ဆရာတော်၏ ရေစက်ချ တရားနာနေစဉ်တွင် ကုသိုလ်မပျက် သဒ္ဓါပွားနေနိုင်ခဲ့သော်လည်း အမျှဝေ သောအခါ ငိုသံရှိုက်သံတွေနှင့် အမျှဝေ ခဲ့ရသည်။

"ဘဝတစ်ပါး ကူးပြောင်းသွားရှာ သည့် အလှူ့ဒါယိကာမ ခင်ထွေးရေ အမျှ၊ အမျှ၊ အမျှ"

သားလေး ခင်မောင်အတွက် မခို မကတ်၊ ဝီရိယထားကာ မမောမပန်း အစွမ်းရှိသမျှ ကြိုးစားခဲ့ရှာသည့် မိခင် ဖြစ်သူ ခင်ထွေးတစ်ယောက် ဘဝခြားမှ အမျှဝေစုရယူနိုင်စေချင်သည်။ သာဓု ခေါ်ကာ ရောက်ရာဘဝမှ ကုသိုလ် အကျိုးနှင့် ဘဝမြင့်မားကောင်းရာသို့ လားစေချင်သည်မှာ ကိုတင်မောင့်ဆန္ဒ အမှန် ဖြစ်ပါသည်။

*

'ငွေရင်၊ ငွေရင် ညည်းပဲ ကိုတင် မောင်က သားလေးရှင်ပြုအလှူလုပ် မယ်၊ ငါ့ကို တရားနာလာခဲ့လို့ ဖိတ်တာ နဲ့ လာခဲ့တာအေ။ ငါကိုတင်မောင်အိမ် ရှေ့ရောက်ခဲ့တယ်။ ဘာအလှူမှလဲ မတွေ့ဘူး ငွေရင်'

နှမ်းရိတ်စဉ်က ဝတ်စားထား သော အင်္ကျီ၊ ထဘီနှင့် ပုဆိုးပိုင်းလေး ခေါင်းပေါင်းထားသောခင်ထွေးကို မြင် ရသော ငွေရင်ခမျာ စကားဆက်မပြတ် ပြောနေမိ၏။

'ခင်ထွေး၊ ကိုတင်မောင်အလှူ လုပ်တယ်လေဟာ။ ပြီးခဲ့တဲ့လပြည့်နေ့ က အလှူပြီးသွားတာ။ ညည်းစိတ်ကူး ထားတဲ့အတိုင်း ကျွေးမွေးဧည့်ခံတယ်။ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်စည် တယ်အေ။ ရှင်လောင်းလှည့်တော့လည်း မြင်းပေါ်မှာ ရှင်လောင်းက ရွှေထီး ဆောင်းလို့။ ရှေ့မှာ ဒိုးပတ်ဝိုင်း၊ နောက် မှာ ဆိုင်းဝိုင်းနဲ့လှည့်တာ။ အလှူပွဲပြီး တော့တောင် ငါးခြောက်ကြော်တွေ ပို လို့ ရွာထဲဝေသေးတယ်အေ့။ ညည်း လုပ်အားတွေနဲ့ရတဲ့ငွေပေါ့ ခင်ထွေး။ အမျှဝေတော့ ကိုတင်မောင်က ညည်း နာမည်ခေါ်ပြီး အမျှ၊ အမျှ၊ အမျှလို့။ နောက်ပြီး ညည်းသားလေး ကိုရင် ခင်မောင်ကလည်း ကွယ်လွန်သူ မိခင် ဒေါ်ခင်ထွေးအား ဤကုသိုလ်ကို အမျှ ပေးဝေပါတယ် အမျှ၊ အမျှ၊ အမျှလို့ အမျှဝေတာ ညည်းမကြားဘူးလား'

ငွေရင်က ရှင်းပြမေးမြန်းသည်။

'ငါက ခုမှလာနိုင်တာ ငွေရင်ရဲ့။ အလှူရက်မှာ ငါမရောက်ဘူး'

'ဟုတ်လား၊ အလှူပွဲကုသိုလ်က တော့ ဒီရွာမှာ ထူးထူးခြားခြားခမ်းခမ်း နားနားပါဟယ်။ ညည်းကိုရည်စူးပြီးလှူ တာလို့ ကိုတင်မောင်ကပြောသေးတယ်။ ကဲကဲ - ညည်း ကိုတင်မောင်အလှူပွဲရဲ့ ကုသိုလ်ကို သာဓုခေါ် ခင်ထွေး၊ သာဓု ခေါ်လေ သူငယ်ချင်း'

ငွေရင်မှ တိုက်တွန်းစကားပြော သည်။

'အေးအေး - သည်အလှူက ငါ့ အလှူပဲနော် သာဓု၊ သာဓု၊ သာဓု'

ခင်ထွေး သာဓုခေါ်ပြီး ပျောက် ကွယ်သွားသည်။

'ခင်ထွေး၊ ခင်ထွေး'

ငွေရင်မှာ ခင်ထွေးကိုခေါ်ပြီး အိပ်ရာမှနိုးခဲ့ရှာသည်။ ကိုတင်မောင် အလှူမတိုင်မီ တစ်ရက်တွင် ငွေရင်တစ် ယောက် ခင်ထွေးတို့ ယာခင်းသို့သွား ကာ ခင်ထွေးကို အလှူဖိတ်ခဲ့သည်။ တရားနာခေါ်ခဲ့သည်ကို သတိရကာ ဝမ်းသာအားရ ကျေနပ်မိတော့သည်။

ဪ- ခင်ထွေးခမျာ ငါ့ကောင်း မှုကြောင့် တစ်ဆင့်ဝေငှခဲ့သော အမျှရ ကာ ဘုံဘဝမြင့်မားလိမ့်မည်၊ သာဓုခေါ် သွားသောအိပ်မက်ကို ကိုတင်မောင် နှင့်အတူ တစ်ရွာလုံးသိအောင် အိပ်မက် သတင်းကောင်းကို ငွေရင် ကြေညာရ ပေဦးတော့မည်။




www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းနီ

## သူလိုပုဂ္ဂိုလ်ကြီး



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ရှိ မြစ်သာရွာကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာနီးပါးလောက်က ဆရာကြီးဦးတိုက်စိ ဟူသည့် ပုဂ္ဂိုလ်ထူးကြီးတစ်ဦး ထူးခြားစွာ ပေါ်ပေါက်ခဲ့ဖူးလေ၏။

ထိုထူးခြားသည့် ပုဂ္ဂိုလ်ထူးကြီးနှင့် ပတ်သက်၍ မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အံ့ဩမကုန်



www.burmeseclassic.com

www.burmeseclassic.com

နိုင်သော အဘိုးဆရာကြီး ဦးတိုက်စီ၏ အကြောင်းများကို အဆင့်ဆင့်လက်ဆင့် ကမ်း သယ်ဆောင် ပြောကြားလျက်ရှိခဲ့ ကြရာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။ ယခုတော့ ထိုဒေသတစ်ဝိုက်၌ ဆရာကြီး ဦးတိုက်စီ၏အကြောင်းများက ပုံပြင် တစ်ပုဒ်လိုပင် ဖြစ်နေခဲ့ပေသည်။



ကျွန်တော်သည် တာဝန်တစ်ခု ဖြင့် ထိုမြစ်သာရွာကြီးသို့ ရောက်ခိုက် အဘိုးဆရာကြီးဦးတိုက်စီ၏ အကြောင်း များကို ကြားရသည်နှင့် စိတ်ဝင်စားလှ သဖြင့် မေးမြန်းစုံစမ်းရာ ထိုကျေးရွာ၏ အုပ်ချုပ်မှူး ကိုမြသောင်းက ဘိုးဆရာ ကြီး၏ မြစ်တော်သူထံ လိုက်လံပို့ဆောင် ပေးခဲ့သည်။

အောက်ပါ အကြောင်းအရာများ မှာ ဘိုးဆရာကြီး၏တီတော်သူ ဦးသော ကြာ၏ ပြောပြချက်များ ဖြစ်ပါသည်။ သုရဿမဂ္ဂဇင်းစာဖတ်ပရိသတ်အတွက် တစ်ဆင့် ပြန်လည် တင်ပြလိုက်ပါ၏။

*

မြစ်သာရွာကြီးသည် မြို့နှင့် အတန်ငယ်ဝေးသော ကမ်းနားခေါ် (မြစ်ကမ်းဘေးရှိ) မြေနိမ့်ပိုင်းတွင် တည် ထားသောအိမ်ခြေ(၃၀၀)ခန့်မျှလောက် ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။

မြစ်ကမ်းဘေးတွင် တည်ထား သောရွာကြီးဖြစ်သဖြင့် စောက်ပြာချုံ၊ နဘဲချုံ၊ ခရာချုံ၊ ဆူးရစ်ချုံတို့နှင့် ကျူ တော၊ ကိုင်းတော၊ ယင်းတောကြီးများ တပြန့်တပြောနှင့် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်ရာ နုန်းတင်မြေနုအရပ် ဖြစ်၏။ သို့ကြောင့်ပင် အင်း၊ အိုင်တို့ ပေါများပြီး မိုးကာလများ၌ မြစ်ရေတို့ အမြဲလိုလိုတက်ရာ၊ ရေကြီးရေလျှံရာ အရပ် ဖြစ်၏။

မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင်ရှိ ဒေသရှိ မင်းအို၊ ကျောက်ဝ၊ ထန်းကုန်း၊ ဇောမိကုန်း အစရှိသော ကျေးရွာများနှင့် တောင်ယာတောကြီး တောင်ယာတော လေး၊ သမီးလှ၊ ရေမွှေး၊ ပုတ်သင်ကြီး အစရှိသည့် ကျေးရွာများတွင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြသူများသည် မိုးရာသီမိုးကာလများ၌ လယ်ယာလုပ်ငန်းများ မလုပ်ကိုင်ကြရဘဲ မိုးကုန်၍ ရေကြီးရေလျှံမှု လုံးဝမရှိတော့သည့် ဆောင်းရာသီနှင့် နွေဥတုတို့၌သာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲ၊ ကုလားပဲ၊ ပဲကြီး၊ မတ်ပဲ၊ ပဲစာဥ၊ ပဲထောပတ် စသည့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြရလေသည်။

မိုးကာလများ၌မူ ငါးဖမ်းခြင်း၊ ပိုက်ချခြင်း၊ ကွန်ထောင်ကွန်တိုက်ခြင်း၊ ကျားထောင်ခြင်း၊ ငါးမျှားတန်းချခြင်း၊ ကိုင်းထောက်ခြင်း၊ ပုစွန်ပုန်းထောင်ခြင်း စသော တံငါလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ကြရလေ၏။ အိမ်တိုင်းအိမ်တိုင်း၌ လှေတစ်စီးနှင့် ငါးဖမ်းရန် ပိုက်ကွန်တစ်ခုကတော့ ရှိကြမြဲဖြစ်သည်။

နယ်မြေအခြေအနေရ ထိုဒေသဝန်းကျင်တစ်ဝိုက်၌ နေထိုင်ကြသူတိုင်းသည် တံငါလုပ်ငန်းကို လုပ်ကိုင်ကြသူများလိုလိုချည်း ဖြစ်ကြသည်။

သို့သော် ဘိုးဆရာကြီးဦးတိုက်စီဖြစ်လာမည့် မောင်တိုက်စီလေးကမူ ဆင်းရဲသည့် မိဘနှစ်ပါးမှ မွေးဖွားလာသော်လည်း ငယ်စဉ်ကပင် ထိုလုပ်ငန်းများကို လုံးဝစိတ်မဝင်စားဘဲ အတတ်နိုင်ဆုံး မလွှတ်လွှတ်အောင်ရှောင်ခဲ့ပေ၏။

မောင်တိုက်စီသည် သိတတ်စအရွယ်မှစ၍ သူတစ်ပါး၏ အသက်ဖြစ်သည့် သတ္တဝါတို့၏ အသွေးအသားတို့ကို မစားဘဲရှောင်ကြဉ်ခဲ့လေသည်။ အစွန်းဆုံးဆိုရလျှင် သိလျက်နှင့် ကျွဲနို့၊ နွားနို့များကိုပင် မသောက်ခဲ့ပေ။ မိဘများကလည်း ဆင်းရဲနွမ်းပါးသူများ ဖြစ်လင့်ကစား သားလေးတစ်ယောက်ကို အလိုလိုက်ကာ အစစအရာရာ မောင်တိုက်စီလေး၏ဆန္ဒ၊ မောင်တိုက်စီလေး၏အလိုကျသာဖြစ်စေခဲ့၏။

မောင်တိုက်စီသည် ငယ်စဉ်ကပင် ကိုယ်ချင်းစာတတ်သူ၊ အသိတရားရှိသူဖြစ်သည်။ ဂရုမမူသီလဖြစ်သည့် ဝါရိတ္တသီလကို မကျိုးမပေါက်အောင် စောင့်ရှောက်ခဲ့သည်။ သူ့အသက်မသတ်ခြင်း၊ သူတစ်ပါးပစ္စည်းအား မပြစ်မှားခြင်း၊ သူတစ်ပါးအိမ်ရာမကျူးလွန်ခြင်း၊ သေရည်သေရက်မသောက်ခြင်း၊ မုသာဝါဒကို ရှောင်ကြဉ်ခြင်းတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲလေသည်။ သို့ကြောင့် မောင်တိုက်စီလေး၏ ဂုဏ်သတင်းက ငယ်စဉ်ကပင် သင်းပျံ့မွှေးကြိုင်ခဲ့ပေ၏။

မောင်တိုက်စီလေး မွေးဖွားပြီးသည့်အချိန်မှစ၍ သူတို့မိသားစုလည်း တစ်နေ့တခြား စီးပွားတိုးတက်လာခဲ့သည်။ ခြေချွတ်လက်ချွတ်ဘဝမှ ကျွဲနှင့်နွားနှင့်လယ်နှင့်ကိုင်းနှင့်ဖြစ်လာသည်။ ရွှေတိုငွေစများလည်းပိုင်ဆိုင်လာသည်။

မောင်တိုက်စီကို ပဋိသန္ဓေရှိတော့မည်ဆိုတော့ မောင်တိုက်စီ၏မိခင် သူတို့အိမ်သို့ လည်၌ ကြီးမားသော စည်ကြီးတစ်လုံးကို ဆွဲထားသည့် ဆင်ကြီးတစ်ကောင်ဝင်လာသည်ဟု အိပ်မက်သည်။ နောက် မောင်တိုက်စီကို ကိုယ်ဝန်ရှိလာသည်။ သို့ကြောင့်ပင် မောင်တိုက်စီကို မွေးပြီး မကြာမြင့်မီပင် ရွှေတိုငွေစများ ပိုင်ဆိုင်လာကြသည့် မိဘနှစ်ပါးက ထိုကလေးကို မောင်တိုက်စီဟု ကင်ပွန်းတပ်မင်္ဂလာပြုခဲ့ကြ၏။

*

မောင်တိုက်စီ (၇) နှစ်သားအရွယ်တွင် မိဘများက ရွာဦးကျောင်းဆရာတော်ထံတွင် အပ်နှံ၍ စာပေသင်ကြားစေပြီး ဆယ်နှစ်သားအရွယ်၌ ရှင်သာမဏေဝတ်ပေးခဲ့ကြသည်။ မောင်တိုက်စီက သာမဏေဘဝကို သဘောကျနှစ်ခြိုက်ခဲ့၏။ သို့ကြောင့်ပင် ရဟန်းဘောင်သို့ ဆက်လက်တက်ရန် စိတ်ပိုင်းဖြတ်ခဲ့၏။ သို့သော် ဖြစ်ချင်သလို မဖြစ်ရသည့် လောကကြီးက မောင်တိုက်စီလေးအား ရဟန်းအဖြစ် အခွင့်မပေးခဲ့။ မောင်တိုက်စီ (၁၈) နှစ်သားအရောက်၌ ဖခင်ကြီး အသည်းအသန် နာမကျန်းဖြစ်သဖြင့် ကျွဲ၊ နွားများ ထိန်းကျောင်းမည့်သူမရှိ လုပ်ငန်းကိုင်ငန်းလုပ်မည့်သူမရှိသည့်အတွက် ကိုရင်ဘဝမှ မဖြစ်မနေထွက်ခဲ့ရသည်။

ဖခင်ကြီးကိုလည်း အတော်ဆေးကုယူခဲ့ရသည်။ ဖခင်ကြီးက တစ်နှစ်ကျော်ကျော်ကြာမှ ပြန်လည်နာလန်ထလာနိုင်ခဲ့၏။ ဖခင်ကြီး ကျန်းမာလာသည့်အခါတွင်တော့ မိဘနှစ်ပါးနှင့် ဆွေမျိုးများက မောင်တိုက်စီအား ဆွေရိပ်မျိုးရိပ်မကင်းသော ကျွန်းကြီးရွာမှ မယ်လှနှင့် အိမ်ထောင်ချခဲ့ကြလေ၏။

"အဖေတို့၊ အမေတို့ စိတ်ချမ်းသာလက်ချမ်းသာ ခေါင်းချသွားနိုင်အောင် အဖေတို့၊ အမေတို့စီစဉ်တာကို နာခံပါသားရယ်။ ညီမရှိ၊ အစ်ကိုမရှိ၊ ညီမ မရှိ အစ်မမရှိနဲ့ သားအတွက် အဖေတို့မျက်စိရှေ့မှာပဲ အိုးအိမ်ထောင်ချခဲ့ချင်တယ်။ ဒါမှ အဖေတို့စိတ်ချမ်းသာကြမှာ။ တို့တွေကလည်း အသက်တွေကြီးကုန်ကြပြီ။ နေ့လားညလားအရွယ်တွေဖြစ်နေပြီ။ သားအတွက် အစစရာရာစိတ်ချသွားချင်တယ်ကွယ်။ ဒါမှလည်း အယူဖြောင့်မှာ"

ဟု အဖေနှင့် အမေက ထပ်ခါတလဲလဲ တိုက်တွန်းသဖြင့် မောင်တိုက်စီ ခေါင်းညိတ်ခဲ့ရခြင်းလည်း ဖြစ်ပေသည်။

မောင်တိုက်စီသည် နေ့စဉ် ညနံနက် ဘုရားဝတ်တက် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်လျက် မေတ္တာပို့၊ ပုတီးစိပ်၊ တရားထိုင်သည့်အလုပ်များကို ဝတ်မပျက်လုပ်ခဲ့သည်။ သမ္မာအာဇီဝဖြင့် အသက်မွေးခဲ့သည်။ သူ့အလုပ်က ဆောင်းရာသီ သီးနှံများစိုက်ခြင်း၊ ကျွဲ နွားကျောင်းခြင်း ဖြစ်သည်။

ကျွဲတွေ၊ နွားတွေကို ကိုင်းတောကြီးများ၊ ယင်းတော၊ ကျူတောကြီးများအတွင်း မောင်းလွှတ်ပြီးသည်နှင့် အရိပ်ကောင်းကောင်းသစ်ပင်ကြီးအောက်ထိုင်ကာ မေတ္တာပို့ပြီး ပုတီးစိပ်တော့သည်။ ကျွဲသွင်းချိန်၊ နွားသွင်းချိန်ရောက်မှ အလုပ်ကထသည်။ တစ်ခါတစ်ရံတော့ မေတ္တာပို့၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းပူဇော်နေတတ်သည်။ ဒါက မောင်တိုက်စီ၏ နေ့စဉ်လုပ်နေကျအလုပ် ဖြစ်၏။

သည်လိုနှင့် တစ်နေ့တွင် မောင်တိုက်စီ တရားထိုင်၊ ပုတီးစိပ်နေရာအနီးသို့ ထိုးကွင်းမင်ကြောင်များနှင့် သျှောင်တစောင်းထုံး၍ ခါးတောင်းမြှောင်အောင်ကျိုက်ထားသည့် အားကောင်းမောင်းသန်လူကြီးတစ်ဦး ကျားကြီးစီးလျက်ပေါ်လာသည်။ အင်္ကျီမပါ ဗလာကိုယ်အထက်ပိုင်းကြောင့် ဖုထစ်မို့မောက်နေကြသည့် အပြိုင်းပြိုင်းထနေသော ကြွက်သားစိုင်ကြီးများကိုလည်း အထင်းသားမြင်လိုက်ရသည်။

သူနှင့် မလှမ်းမကမ်း ဝါးတစ်ရိုက်လောက်အကွာ၌ ရပ်နေခြင်း ဖြစ်သည်။ လူကြီးက သူ့ကို ခပ်ပြုံးပြုံးကြည့်နေသည်။ သူကလည်း နားမလည်နိုင်စွာ ပြန်ကြည့်ရင်း အံ့ဩနေမိ၏။ ထိုအချိန်တွင်ပင် လူကြီးသည် သူ့ကို လက်ယပ်ခေါ်ရင်း သူရှိရာဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ကျားကြီးကတော့ ပထမရောက်သောနေရာတွင်ပင် ဝပ်ကျန်ခဲ့၏။

မောင်တိုက်စီနှင့် လက်တစ်ကမ်းလောက်အကွာအရောက်တွင် ထိုလူကြီးက ရပ်လိုက်သည်။ ထို့နောက် ခေါင်းတစ်ချက်ဟန့်လိုက်ပြီး -

"မောင်တိုက်စီ၊ မောင့်ကို အဘ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ခိုင်းလိုက်တယ်"

ဟု အဆက်အစပ်မရှိပြောလိုက်သည်။

မောင်တိုက်စီလည်း ထိုလူကြီးအား ကြောင်ငေးကြည့်ရင်း -

"ဘယ်ကအဘလဲ"

ဟု ပြန်မေးလိုက်သည်။

"ဘယ်ကအဘလဲဆိုရင်တော့ ဟိုရောက်ရင် မောင်သိပါလိမ့်မယ်"

"ကျွန်တော် ကျွဲတွေ၊ နွားတွေ ကျောင်းနေတာပါ။ လိုက်လို့မဖြစ်ပါဘူး ခင်ဗျား"

"မလိုက်လို့ကတော့ မဖြစ်ဘူးလေ။ မရ၊ ရအောင်ခေါ်ခဲ့ရမယ်လို့ အဘကို တာဝန်ပေးလိုက်တာ မောင်၊ လိုက်တော့လိုက်မှဖြစ်မှာ။ သိပ်မကြာပါဘူး ခဏပါ။ မောင့်ကျွဲတွေ၊ နွားတွေလည်း စိတ်ချပါကွယ်"

ထိုလူကြီးက မရ၊ ရအောင် ခေါ်ခဲ့သဘောဖြစ်သဖြင့် မောင်တိုက်စီ ကျားကြီးကို လှမ်းကြည့်ရင်း ကျောချမ်းသွားသည်။

လူကြီးကလည်း အကင်းပါး၏။ မောင်တိုက်စီကို -

"ဘာလဲ၊ မောင် ကျားကြီးကိုကြည့်ပြီး လန့်နေသလား။ ငါ့သားကြီးက အလွန်လိမ္မာတဲ့သားကြီးပါ။ မောင့်ကို ဘာမှမလုပ်ပါဘူး။ ကဲ - အချိန်ကြာနေပြီ၊ လာ - သွားကြစို့"

ဟု ပြောရင်း မောင်တိုက်စီ ဘာမှပြန်မပြောနိုင်ခင်ပင် မောင်တိုက်စီ၏ လက်ကိုလှမ်းဆွဲပြီး ကျားကြီးဆီ ဆွဲခေါ်ခဲ့လေသည်။ ရောက်သည်နှင့် ကျားကြီးကို ခွစီးကာ မောင်တိုက်စီကိုလည်း သူ့နောက်က ခွထိုင်စေပြီး -

"ကဲ - သားကြီးရေ၊ ယွန်းလိုက်ပေတော့"

ဟု ပြောလိုက်လေ၏။

ထိုခဏ ကျားကြီးလည်း သူတို့နှစ်ယောက်ကိုတင်ပြီး ဟီးခနဲ အထက်သို့ သစ်တန်းလွတ်အောင်ပျံတက်လိုက်ပြီး အရှေ့စူးစူးသို့ လေကိုတဝှီးဝှီးတိုးဝေ့ဖြင့်ခြင်း၍ ငှက်တစ်ကောင်ပမာ ပျံသန်းသွားလေ၏။

မကြာလိုက်ပါချေ။ မောင်တိုက်စီ တစ်ခါမျှ မမြင့်ဘူး၊ မတွေ့ဘူး၊ မရောက်ဘူးသည့် မည်သည့်အရပ် မည်သည့်ဒေသမှန်းမသိသော အရပ်ဒေသမှ သစ်ပင်ကြီးဝါးကြီးတို့ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိရာ နက်ရှိုင်းသည့် တောကြီးတစ်တောထဲသို့ ရောက်ခဲ့လေသည်။ ထိုနေရာရောက်သည်နှင့် ကျားကြီးလည်း တဖြည်းဖြည်း အောက်သို့နိမ့်ဆင်း၍ တောင်ကြီးနှစ်တောင်ကြား၌ ရပ်လိုက်လေသည်။

"လာဟေ့ မောင်တိုက်စီ၊ မောင်က ခရီးဆက်ရဦးမှာ"

လူကြီးက မောင်တိုက်စီကို တောင်ကြားလမ်းလေးအတိုင်း ခေါ်ခဲ့သည်။ သစ်တောကြိုးအနည်းငယ်ကိုဖြတ်ပြီးသည်နှင့် လှိုင်းလုံးကြီးများ အလိပ်လိပ်ထလျက် ကမ်းစပ်ဆီသို့ တဝုန်းဝုန်းလာရောက် ရိုက်ခတ်နေသည့် ကမ်းမမြင်လမ်းမမြင်နိုင်အောင်ကျယ်ပြောလှသော ကမ်းခြေတစ်နေရာသို့ သူတို့ရောက်လာကြသည်။ ပင်လယ်ကြီးတစ်ခု၏ကမ်းခြေတစ်နေရာဖြစ်မှန်း သူသိလိုက်သည်။

ပင်လယ်လေတို့ကလည်း တဝီးဝီးတိုက်နေကြ၏။ ပင်လယ်ကမ်းခြေရှိအုန်းပင်များနှင့် လမုပင်များ၊ ကျူပင်၊ ကိုင်းပင်များ ပြားခနဲပြားခနဲဖြစ်နေကြသည်။ သူတို့ရောက်ရှိရာကမ်းစပ်၌ သစ်လုံးကိုထွင်းထားသည့် လောင်းလှေလုံးလုံးလေးတစ်စီးကို တွေ့လိုက်ရ၏။ လှေပေါ်၌ အကျီဗလာ၊ သျှောင်တစောင်းနှင့် ပုဆိုးခါးတောင်းကျိုက်ထားကြသည့် ဦး၌ တစ်ယောက်၊ ပဲ့၌တစ်ယောက် ထိုင်နေကြသူနှစ်ဦးကို တွေ့လိုက်ရ၏။

ထိုနေရာ၌ လူကြီးက ရပ်လိုက်ကာ -

"မောင်တိုက်စီရေ၊ လှေပေါ်တက်ပြီး သူတို့နဲ့လိုက်သွားလေရော့။ အဲဒီမှာ အဘနဲ့တွေ့လိမ့်မယ်"

ဟု ဆိုပြီး လှေပေါ်ပါသူ လှေလှော်သားနှစ်ယောက်ထံ သူ့ကို အပ်လိုက်သည်။

မောင်တိုက်စီမှာ မြစ်နားအရပ်၌ မွေးဖွားသူဖြစ်၍ မိုးကာလတိုင်း လှေစီးနေကျ လှေနှင့်ရင်းနှီးသူဖြစ်သော်လည်း ယခုလို လှိုင်းထန်လေထန် ပင်လယ်ယံကြီးကိုဖြတ်၍ ဘယ်အရပ်၊ ဘယ်ဒေသမှန်းမသိသောအရပ်သို့ သစ်ထွင်းလှေလေးနှင့်သွားရမည်ကိုတော့ လုံးဝမဝံ့မရဲဖြစ်ကာ ကြောက်နေမိသည်။

"လာဟေ့ တက်၊ ကြောက်မနေနဲ့။ ဒီလှေလေးနဲ့ ဒီပင်လယ်ပြင်ကြီးထဲမှာ အခါပေါင်းမရေမတွက်နိုင်တော့ဘူး ငါတို့ဖြတ်နေတာ။ ကြောက်ရင် မျက်စိမှိတ်ထား"

လောင်းလှေလေး၏ ပဲ့ပိုင်းမှ လူကြီးက လှမ်းအော်ပြောလိုက်သည်။ မောင်တိုက်စီလည်း မဖြစ်မနေလိုက်ရတော့မည်မှန်းသိနေသည့်အတွက် နောက်ဆုံး ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး အာရုံပြုကာ စိတ်နှလုံးတုံးတုံးချ၍ လှေပေါ်သို့ တက်လိုက်လေ၏။

လှေလေးပေါ်ကိုရောက်သည်နှင့် လှေလေး၏အလယ် သူ့အတွက် အဆင်သင့်လုပ်ထားသောနေရာ၌ ထိုင်လိုက်သည်။ ထိုင်မိသည်နှင့် လှေလှော်သားတစ်ယောက်က -

"ကြောက်ရင် မျက်စိမှိတ်ထား"

ဟု ထပ်ပြောလိုက်ပြန်သည်။

လှေလေးက လှိုင်းလုံးကြီးများပေါ်၌ နိမ့်လိုက်၊ မြင့်လိုက်ဖြစ်၍ လူးခါနေသည်။

သူက မျက်စိမှိတ်ထားလိုက်၏။ ထိုခဏ လှေလေးနိမ့်ခနဲဖြစ်သွားသည်။ လန့်ပြီး မျက်စိဖွင့်လိုက်တော့ တစ်ဖက်ကမ်းသို့ရောက်သွားသည်ကို သူအံ့ဩစွာ တွေ့လိုက်ရ၏။

*

ကမ်းခြေကျောက်ဆောင်တစ်ခုပေါ်၌ ပိန်ပိန်ပါးပါး အသက် (၆၀) ခန့် အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။ အဘိုးအိုသည် သူတို့လှေဆိုက်လာသည်ကို တွေ့ရသည်နှင့် ထိုင်ရာမှထကာ သူတို့လှေဆီ ဆင်းလာကာ -

"လာဟေ့ - သား၊ သားကို အဘမျှော်နေတယ်"

ဟု ပြောရင်း ဆီးကြိုကာ ကမ်းထက်သို့ခေါ်ခဲ့သည်။ ကမ်းပေါ်ရောက်သည်နှင့် အတော်အတန်မြင့်သော ကုန်းမြေနှင့် တောင်ကုန်းတောင်တန်းများ၊ သစ်တော၊ ဝါးတောကြီးများကို တွေ့ရသည်။ သစ်တော၊ ဝါးတောကြီးများက ထူထပ်စွာပေါက်နေကြ၏။

ထိုတောကြီးထဲမှ ရေးရေးသာထင်သော လူသွားလမ်းကလေးအတိုင်း သူ့ကိုခေါ်ခဲ့၏။ အတန်ကြာသွားမိတော့ တစ်တောလုံး မွှေးကြိုင်နေအောင် ပွင့်နေကြသည့် ပန်းမျိုးစုံပွင့်နေကြသော တောကြီးထဲ ရောက်လာသည်။

"ဒီတောကြီးက ပန်းပေါင်းစုံ၊ ဂမုန်းပေါင်းစုံပွင့်ကြတဲ့ ဝိဇ္ဇာမိုရ်ရှိတဲ့ စံပျော်ရာ မဟာမြိုင်တောကြီးလို့ ခေါ်တယ်။ အဘက ဒီကနေသွားရင် သိပ်မဝေးတော့ဘူး။ ဟိုရှေ့က ထီးထီးကြီး မြင်နေရတဲ့ ဝိဇ္ဇာဗလတောင်ကြီးမှာရှိတဲ့ မနောမယဂူကြီးထဲမှာနေတယ်။ လာ သား၊ မကြာခင် ရောက်တော့မယ်"

လူကြီးက မောင်တိုက်စီကို ရှင်း၍



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုလူကြီးပြောသလိုပင် တောကြီးတစ်တောလုံး အမွှေးပေါင်းစုံ၊ ရနံ့ပေါင်းစုံတို့ဖြင့် သင်းပျံ့နေလေသည်။ မောင်တိုက်စီ ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်တော့ သစ်ပင်ကြီးများအောက်၌ တရားထိုင်နေကြသူအချို့နှင့် ပုတီးစိပ်နေသူအချို့တို့အပြင် ဆေးကြိတ်၊ ဆေးထောင်းသူအချို့နှင့် အင်းကစားနေသူ၊ အဂ္ဂိရတ်ထိုးနေကြသူအချို့တို့ကို တွေ့ရသည်။

"ဒီနေရာဟာ သူတော်ကောင်းသူမြတ်လောင်းတွေရဲ့နေရာ သားရဲ့။ တော်ရုံလူ ပါရမီမရှိရင်မရောက်နိုင်ဘူး"

ထိုလူကြီးရှင်းပြသမျှ နားထောင်ရင်း အံ့သြနေသည်။ အားလုံးကတော့ သူတို့နှစ်ယောက်ကို ဂရုမထားကြ။ ကိုယ့်အလုပ်ကိုယ် အာရုံယူလုပ်နေကြသည်။ သည်လိုနှင့် သူတို့နှစ်ယောက် ဝိဇ္ဇာဗလတောင်ကြီးဆီ ရောက်လာသည်။ တောင်ကြောလေးအနည်းငယ် တက်လိုက်တော့ မနောမယဂူကြီးကို တွေ့လိုက်ရ၏။

ဂူကြီး၏အပေါက်ဝ၌ စန္ဒကူးပန်းတို့က အဆုပ်အဆုပ်ပွင့်နေကြသည်။ ကျေးငှက်ပေါင်းစုံတို့၏ သာယာနာပျော်ဖွယ်ရာ ဟစ်ကြွေးနေကြသော တေးသံစုံတို့ကိုလည်း ကြားနေရသည်။ ဂူကြီးထဲလှမ်းကြည့်လိုက်တော့ ဂူကြီးတစ်ခုလုံး ရွှေရောင်ဝင်းနေသည်ကို တွေ့ရပြန်သည်။ ဂူနံရံနှင့် အမိုးနေရာတို့က အိရွှန်းနေကြသည့် ရွှေသားတွေအတိဖြင့်။ ဂူကြီးက အခန်းအခန်းတို့ ဖွဲ့စည်းမှုမရှိဘဲ အခန်းကျယ်ကြီး ဖြစ်သည်။

အခန်း၏ထိပ်၌ ရောင်ခြည်တော်ခြောက်ဖြာကွန့်မြူးနေသော ဉာဏ်တော်တစ်တောင်သာသာလောက်ရှိမည့် မြသားတင်ပျဉ်ခွေဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို လူတစ်ရပ်ခန့်ရှိ ရွှေသားပလ္လင်ကြီးတစ်ခုပေါ်၌ ကြည်ညိုစွာ ဖူးတွေ့လိုက်ရသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်၏ရှေ့တွင် အသက်ခန့်မှန်းရခက်သည့် ပိန်ပိန်သွယ်သွယ် ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုတစ်ဦး တရားထိုင်နေသည်ကို တွေ့ရသည်။ သူ့ကိုခေါ်လာသောလူကြီးက -

"သားရေ၊ အဲဒါ သားကိုအခေါ်ခိုင်းတဲ့ အဘပဲ၊ နေခဲ့ပေရော့။ ခုတော့ အဘတရားထိုင်နေတုန်း ခဏစောင့်လိုက်ဦး"

ဟု ပြောပြီး နောက်ကြောင်းပြန်လှည့်ထွက်သွားသည်။

ထိုဝတ်ဖြူဝတ်အဘိုးအိုက တရားထိုင်ပြီးနောက် မောင်တိုက်စီကို သူ့အနားသို့ ခေါ်သည်။

ထို့နောက် သူ ယခုလို ဝိဇ္ဇာနန်းစံမြန်းနိုင်အောင် ပါရမီဖြည့်ခဲ့ကြသူများကို ပြန်လည် ကျေးဇူးဆပ်ဖို့အတွက် အခေါ်ခိုင်းရခြင်းဖြစ်ကြောင်း၊ အတိတ်က သူ့အပေါ် လိုလေသေးမရှိ အစစအရာရာ ပါရမီဖြည့်ခဲ့သူနှစ်ဦးရှိကြောင်း၊ ထိုနှစ်ဦး၏ကူညီစောင့်မမှုကြောင့်လည်း သူ ယခုကဲ့သို့ ထွက်ရပ်စခန်းမြန်းခဲ့ရကြောင်း၊ ထိုသူနှစ်ဦးကို ပြန်လည်စောင့်ရှောက်ရမည့်တာဝန် သူ့မှာရှိကြောင်း၊ ထိုသူနှစ်ဦးမှာ တစ်ဦးက ယခုခေါ်လာသည့် မြစ်သာရွာမှ မောင်တိုက်စီဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ကျောင်းရွာလေးရွာမှ မောင်ညွှန့်စိန်တို့ဖြစ်ကြောင်း ရှင်းပြလေ၏။

*(မှတ်ချက် - ကျောင်းရွာလေးရွာမှ မောင်ညွှန့်စိန်၏ အကြောင်းကိုမူ အမှတ် (၁၀၈)၊ စာ (၂၉၉)၊ ၂၀၁၂ ခု၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ 'တာပွန်တိုက်နယ် ကျောင်းဝလေးရွာမှ ပုဂ္ဂိုလ်တစ်ဦး၏ ကျင့်စဉ်နှင့် ဘဝဖြစ်ရပ်ဆန်း' ဟူသော အမည်ဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)*

ထိုသို့ ရှင်းပြပြီးသည်နှင့် မောင်တိုက်စီကို -

"ငါ့သားက ပါရမီရှိပြီးသားပဲ။ ဒီနေ့ဒီအချိန်ကစပြီး အဘ ငါ့သားကို လောကကြီးမှာ ကဝိတစ်ဆူဖြစ်ပြီး အဘလိုပဲဖြစ်အောင်၊ အဘနဲ့ အတူနေနိုင်အောင် ပညာတွေသင်ကြားပေးမယ်"

ဟု ဆိုကာ ဓာတ်အတတ်၊ ဆေးအတတ်၊ နက္ခတ်အတတ်၊ အင်းအတတ်စသော ခက်ခဲနက်နဲသည့် ဂမ္ဘီရအတတ်တို့ကို စတင်သင်ကြားပေးလေ၏။

မောင်တိုက်စီလေးကလည်း 'တိုင်းရက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့် အဆင်သင့်' ဆိုသလို သူဝါသနာပါရာ သူလေ့လာလိုက်စားလိုသော ပညာရပ်များဖြစ်သဖြင့် အားကြိုးမာန်တက် သင်ယူလေသည်။

သည်လိုနှင့် ညနေဆည်းဆာ ရောက်လာသည်။ နေကို ကြည့်လိုက်တော့ နေဝင်တော့မည်မို့ မောင်တိုက်စီ သူလွှတ်ခဲ့သည့် ကျွဲတွေ၊ နွားတွေသွင်းချိန်ဖြစ်ကြောင်း သတိထားလိုက်မိ၏။ သို့ကြောင့် ဝတ်ဖြူဝတ်အဘအား အများခေါ်သလိုပင် -

"ဘ၊ နေဝင်တော့မယ်။ ကျွန်တော် ကျွဲတွေ၊ နွားတွေသွင်းရဦးမယ်"

ဟု ပြောလိုက်သည်။

ထိုအခါ ဝတ်ဖြူဝတ်အဘက -

"အေးအေး - သားပြန်ဦး၊ ပြန်ဦး။ နောက်နေ့တွေလည်း သားကိုလာခေါ်မယ်။ သားဝိဇ္ဇာဓရအတတ်တွေပေါက်မြောက်အောင် သင်ရပေမယ်"

ဟု ဆိုလေ၏။

တကယ်ပြန်ရမည်ဆိုတော့ မောင်တိုက်စီ ဘယ်အရပ်ပြန်ရမှန်းမသိ၊ ဘယ်လိုပြန်ရမှန်းမသိနှင့် စိတ်ညစ်သွားသည်။ သူလာခဲ့ရသည့်ခရီးက ခက်ခက်ခဲခဲ မဟုတ်လား။ သို့ကြောင့် မောင်တိုက်စီ ခေါင်းကို တဖြင်းဖြင်းစုံကုတ်နေမိ၏။

"ဘာလဲ - ငါ့သားဘယ်ပြန်ရမှန်း၊ ဘယ်လိုပြန်ရမှန်းမသိလို့ စိတ်ညစ်နေသလား။ မညစ်ပါနဲ့ကွာ၊ ဘရှိပါတယ်"

ဝတ်ဖြူဝတ်အဘက ပြောပြောဆိုဆို မောင်တိုက်စီအနား လျှောက်လာကာ -

"ကဲကဲ - ငါ့သား၊ သားရဲ့ရွာလေးကို အာရုံပြုလိုက်"

ဟု ဆိုလိုက်လေသည်။

မောင်တိုက်စီ ရွာလေးနှင့် သူ ပုတီးစိပ်ရာ သစ်ပင်ကြီးနှင့် တောင်ပို့ကြီးကို အာရုံပြုလိုက်စဉ်ပင် အံ့သြဖွယ်ရာ ထိုတောင်ပို့ကြီးသို့ သူချက်ချင်းပြန်ရောက်ခဲ့လေ၏။

မောင်တိုက်စီလည်း အိပ်ရာမှနိုးလာသူတစ်ယောက်လို ဖြစ်သွားသည်။ သူ့အဖြစ်တွေ၊ သူတွေ့ကြုံခဲ့ရတာတွေအားလုံးကိုလည်း ပြန်စဉ်းစားကြည့်နေမိသည်။ အိပ်မက်လား၊ တကယ့်အဖြစ်လားဆိုသည်ကိုလည်း သူမစဉ်းစားတတ်အောင်ဖြစ်သွားသည်။

*

သည်လိုနှင့် ရက်ကလေးတွေ ကြာမှန်းမသိ ကြာလာသည်။ သူ့အဖြစ်တွေကိုလည်း သူယုံရခက်ခက်၊ မယုံရခက်ခက်ဖြစ်နေသည်။ သူ့အဖြစ်က ယခင်ရက်ကလိုပင် အားကောင်းမောင်းသန်လူကြီးက နေ့စဉ် ကျားကြီးစီးပြီး လာခေါ်သည်။ ပင်လယ်ကမ်းခြေလိုက်ပို့သည်။ ကမ်းခြေ၌ လောင်းလှေလေးနှင့် လှေလှော်သားနှစ်ယောက်က လာကြိုသည်။ မျက်စိတစ်မှိတ်အတွင်း ပင်လယ်ကြီး၏ တစ်ဖက်ကမ်းရောက်သည်။ သူရောက်သည်နှင့် ကျောက်ဆောင်ကြီးပေါ်ထိုင်၍ သူ့ကိုကြိုနေ ပိန်ပိန်ပါးပါးလူကြီးတစ်ဦးက ဝတ်ဖြူဝတ်



www.burmeseclassic.com

www.burmeseclassic.com

ဆီခေါ်ခဲ့၏။ အဘက သူနှင့် တွေ့ နှင့် ဝိဇ္ဇာရေအတတ်တွေကို သင် သည်။ ညနေ ကျွဲ၊ နွားသွင်းချိန်တွေ နွားကျောင်းရာအရပ် အာရုံပြု သည်နှင့် ချက်ချင်းပြန်ရောက် ။

တကယ်တော့ သူ့အဖြစ်တွေက တ်တွေလိုလို၊ တကယ်လိုလို ယုံရ ခက်၊ မယုံရခက်ခက်။ ဒါပေမယ့် သင်ပေးသည့် ဝိဇ္ဇာရေအတတ် ကိုတော့ သူတကယ်တတ်လာ၏။

သို့ကြောင့် သူတတ်လာသည့် များကို တကယ်ဟုတ်၊ မဟုတ် စမ်း ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ ဆုံးဖြတ်ပြီးသည့်အတိုင်းလည်း ချင်းတစ်ကန့်ချင်း သူ့ပညာများကို သပ်ခဲ့လေ၏။

ဥပမာ နေသာချိန် မိုးကိုအုံ့စေ မိုးကိုရွာစေခြင်း၊ မိုးရွာနေစဉ် ချက် နေသာစေခြင်း၊ မှောင်သည့်အချိန် စေခြင်း၊ .လင်းသည့်အချိန်မှောင် မြစ်ထဲ၌ ရေပေါ်တင်ပျဉ်ခွေ၍ အရပ်သွားခြင်း၊ မြွေသတ္တဝါများကို ခြင်း၊ ပြန်စေခြင်း၊ မကျန်းမာသူ များကို (သေမည်ဟုထင်ရသူများ ) ဆေးဝါးကုသ၍ ပျောက်ကင်း သာစေခြင်း စသည်တို့အပြင် လူ ယောက်ကို မနက်ဖြန် (အနာဂတ်) ဘာဖြစ်မည်ကို အတပ်ဟော ခြင်းတို့ဖြစ်လေသည်။ မောင်တိုက်စီ သမျှ အောင်မြင်၍ မောင်တိုက်စီ ပြောသမျှလည်း အားလုံးမှန်ကန် ငယ်စဉ်ကပင် သင်းပျံ့နေသော မောင်တိုက်စီ၏ ဂုဏ်သတင်းမှာ တစ်မု ချင်း ပိုမိုကျော်စောခြင်းဖြစ်သွား တော့၏။

ပတ်ဝန်းကျင်၌ မောင်တိုက်စီ၏ သတင်းက အုတ်အော်သောင်းတင်း နေလေ၏။ သို့ကြောင့် မောင်တိုက်စီ ၌ အနာဂတ်အတွက် သိလို၍လာ မေးမြန်းသူများ၊ ဆေးဝါးကုသသူ နှင့် တိုးမပေါက်အောင်ရှိလေသည်။ ကြောင့်ပင် မောင်တိုက်စီဘဝမှ ဆရာ သို့ ချက်ချင်းရောက်ခဲ့လေ၏။

မောင်တိုက်စီကလည်း ပရအကျိုး ရွက်ရင်း တစ်ဖက်ကလည်း အတွ အတွက် ပုတီးစိပ်ခြင်း၊ မေတ္တာ ဉာန်းစီးဖြန်းခြင်း၊ တရားထိုင်ခြင်း၊ ဝမှန ရသာယနဆေးဝါးများ စီမံ ပ်မှိဝဲခြင်း၊ အင်းကစားခြင်း၊ အဂ္ဂိ ကစားခြင်း စသည့်အလုပ်များကို

အချိန်မှန်မှန် ပြုလုပ်ခဲ့ပေ၏။ သူ့လုပ်ငန်းကိုလည်း အပျက်မခံခဲ့ပေ။

သို့သော် အချို့က မောင်တိုက်စီကို မယုံကြည်ကြချေ။ မောင်တိုက်စီ၏ ဂုဏ်ပုဒ်တို့ကိုလည်း အမျိုးမျိုးပြစ်တင်ဝေဖန်ရှုတ်ချကြလေသည်။ မောင်တိုက်စီကမူ လုံးဝဂရုမထားဘဲ သူလုပ်ရမည့်လုပ်ငန်းတို့ကိုသာ အစဉ်တစိုက်လုပ်ခဲ့သည်။ မည်သူ့အပေါ် မျှလည်း မေတ္တာမပျက်ခဲ့။

တစ်နေ့တွင် သူ့ကို မယုံကြည်ဘဲ မနာလိုဝန်တိုဖြစ်နေသူတစ်စု ရောက်လာသည်။

"ဆရာရယ်၊ ကျွန်တော့်ညီလေး ပါးစပ်ထဲ (ပါးစောင်) မှာ အကျိတ်ဖုကြီးဖြစ်နေလို့ ဆရာ့ဆီ ကုရအောင်လာခဲ့တာပါ။ ဆရာ့ကို အားကိုးပါတယ်"

တစ်ယောက်က သူနှင့်အတူပါလာသည့် ပါးစောင်တွင် အဖုကြီးနှင့် လူငယ်တစ်ယောက်ကိုပြ၍ ပြောလိုက်သည်။ ထိုအချိန်က မောင်တိုက်စီအိမ်၌ လူစုံနေသဖြင့် လူအများကလည်း ထိုပါးစောင်မှအဖုကြီးနှင့်လူငယ်နှင့်ရောက်လာကြသော လူတစ်စုကို မောင်တိုက်စီ မည်သို့ ကုပေးမည်ကို သိလိုကြသဖြင့် ဝိုင်းအုံကြည့်နေကြ၏။

"ဒါက ကိစ္စမရှိပါဘူး။ ဒီကနေ ပြန်သွားလို့ လမ်းရောက်ရင် ထွေးထုတ်လိုက်၊ ပျောက်သွားမှာပါ"

မောင်တိုက်စီက ပြုံးရွှင်စွာနှင့် ထိုလူတစ်စုကိုပြောလိုက်သည်။

"ဟာ - ဆရာကလည်း၊ အဲဒီလို ထွေးထုတ်ရုံနဲ့ ပျောက်မှဖြင့် ဆရာ့ဆီ ဘယ်လာပါ့မလဲ။ နောက်ပြီး အနာလေး ဘာလေးလဲ ဘာနာဆိုတာ ပြောပြပါဦးတော့"

"အဲဒီအနာက ကိစ္စမရှိပါဘူးဗျာ"

မောင်တိုက်စီက ထပ်ပြောလိုက်သည်။

"ဒါဆို ဘာကကိစ္စရှိသလဲ၊ အနာထက် ဘာကိစ္စကပိုအရေးကြီးလို့လဲ"

"ခင်ဗျားတို့က ချောင်းတစ်တန် မြောင်းတစ်တန်နဲ့လာခဲ့ကြရတာ။နောက်နာရီဝက်လောက်ကြာရင် ခင်ဗျားတို့ ဖြတ်လာခဲ့တဲ့ ချောင်းတွေ၊ မြောင်းတွေ မိုးကြီးအကြီးအကျယ်ရွာပြီး ရေလျှံလိမ့်မယ်။ အချိန်မရဘူး၊ ခုပြန်ကြ၊ နောက်မှဆို လှေငှားပြန်နေရဦးမယ်"

မောင်တိုက်စီ၏ စကားအဆုံး၌ ထိုလူတစ်စုက -

"ဟာ - ခုလို နွေခေါင်ခေါင်ကြီး များ ချောင်းတွေ၊ မြောင်းတွေလျှံအောင် မိုးရွာမယ်၊ ရေကြီးမယ်လား။ ဒါဆိုလည်း ရွာစမ်းပါစေဗျာ"

ဟု မယုံမကြည်နှင့် ခပ်ရွဲ့ရွဲ့ပြောကာ သဘောကျစွာ ဟားတိုက်ရယ်ကြလေသည်။ လက်ခုပ်လက်ဝါးတီး၍လည်း လှောင်ကြလေသည်။

"ဟား. . . ဟား. . . ဟား. . ."

၎င်းတို့တစ်စု၏ ရယ်မောသံက ကျုန်ပရိသတ်များကိုပါ လွှမ်းသွားသည်။ ၎င်းတို့က ရယ်မောရုံမကဘဲ -

"နွေခေါင်ခေါင်ကြီးများ ရေလျှံအောင်မိုးရွာမယ်ဆိုလို့"

ဟုလည်း မကျေမနပ်နှင့် အထင်သေးအမြင်သေး ပြောကြလေသည်။ မောင်တိုက်စီကတော့ ၎င်းလူတစ်စုအား မည်သည့်စကားမျှမဆိုတော့ဘဲ သူလုပ်စရာရှိသည့် အခြားလူနာများကုသောလုပ်ငန်းကိုသာ ဆက်လက်လုပ်ဆောင်နေလေတော့၏။ ဆေးကုသည်ဆိုရာ၌လည်း 'ပျောက်စေ'ဆိုသည့် စကားမျှလွဲ၍ သူ့၌ အခြားမည်သည့်ဆေးဝါးမျှ တော့မရှိပေ။ သူ၏ လက်ကိုင်ဆေးမှာ ရေနှင့် နှုတ်သာ ဖြစ်၏။

ထိုလူစုလည်း လှောင်ပြောင်ရယ်မောရင်း ရွာထိပ်ဆီထွက်သွားကြသည်။ ၎င်းတို့ထွက်သွားပြီးမကြာမီပင် အရပ်လေးမျက်နှာမှ မိုးသားတိမ်လိပ်များ အလိပ်လိပ်ထ အုံ့မှိုင်းတက်လာပြီး မှောင်အတိဖြစ်သွားသည်။ ထိုအချိန်တွင်ပင် လျှပ်ရောင်များ တဝင်းဝင်း တလက်လက်လင်းလက်လာကာ မိုးထစ်ချုန်းသံများ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် အတူ နွေခေါင်ခေါင် နွေလယ်ကြောင်တောင်၌ မိုးကြီးက မိုးသီးမိုးပေါက်ကြီးများနှင့်အတူ တဝေါဝေါသည်းထန်စွာ ရွာချလိုက်လေသည်။

ထိုအခါ မောင်တိုက်စီသည် ရွာထိပ်ဘက်သို့ ကဲကြည့်ရင်း -

"စောစောက မိတ်ဆွေတွေကို တစ်ယောက်လောက်ကဟကယာသွားခေါ်လိုက်ကြပါဗျာ။ သူတို့ မိုးခိုနေတဲ့ ကုက္ကိုပင်ကြီး မကြာခင် မိုးကြိုးပစ်တော့မယ်"

ဟု ပြောလိုက်သည်။

မောင်တိုက်စီ၏ စကားဆုံးသည်နှင့် လူနာရှင်၏ အစ်ကိုတစ်ယောက်က ရေထဲမိုးထဲပြေးထွက်သွားပြီး ထိုလူစုကို 'ကုက္ကိုပင်ကြီး မိုးကြိုးပစ်တော့မည်ဟု မောင်တိုက်စီက ပြောကြောင်း' ပြော၍ ပြန်ခေါ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူစုလည်း နွေခေါင်ခေါင် မိုးကြီးသည်းထန်စွာရွာ၍ ချောင်းတွေ၊ မြောင်းတွေ ရေလျှံမည်ဟု မောင်တိုက်စီ ပြောသည့်အတိုင်း ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက် မိုးကြီးရွာချလိုက်သဖြင့် မောင်တိုက်စီအား အထင်မသေးရဲတော့ဘဲ အိမ်သို့ပြန်လိုက်ခဲ့ကြ၏။

၎င်းတို့ အိမ်ရောက်လောက်သော အချိန်တွင်ပင် ၎င်းတို့ မိုးခိုခဲ့ကြသော ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်ချသံ ကြားလိုက်ကြရသည်။ မိုးကြိုးပစ်သံကြီးနှင့်အတူ ရေအိုးတစ်လုံးလောက်ပမာဏရှိ ကုက္ကိုကိုင်းကြီးနှင့် ထိုအကိုင်းအောက်ဘက်ရှိပင်စည်ကြီး မြေကြီးအရောက် ပဲ့အက်ကွဲထွက်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။

ထိုအခါ မောင်တိုက်စီကို မယုံကြည်သဖြင့် ပြက်ရယ်ပြုသိက္ခာချရန် လာခဲ့ကြသူ ထိုလူစုသည် မောင်တိုက်စီကို အလွန်လေးစားသွားလေသည်။ သူတို့ကိုယ်သူတို့ မှားမှန်းလည်းသိသွားကြသည်။ သို့ကြောင့် မောင်တိုက်စီအား -

"ဆရာရယ်၊ ကျွန်တော်တို့ အမှားတွေကိုဝန်ချပါတယ်၊ ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်ကြသည်။

"အားလုံးကို ခွင့်လွှတ်ပါတယ်ဗျာ။ ဘယ်လိုမှသဘောမထားပါဘူး"

မောင်တိုက်စီကလည်း သူတော်ကောင်းပီပီ ခွင့်လွှတ်ကြောင်း ပြန်ပြောလိုက်လေ၏။

ထိုအချိန် ၎င်းတို့အထဲမှ စောစောကပြခဲ့သည့် ပါးစောင်တစ်ဖက်တွင် အကျိတ်ဖုကြီးနှင့် လူငယ်လေးက ရှေ့တိုးလာသည်။ ထို့နောက် လူတောထဲ၌ ၎င်းအကျိတ်ဖုကြီးကို ထွေးထုတ်လိုက်လေသည်။

ထိုလူငယ်လေးကိုကြည့်ပြီး အားလုံး ဟာခနဲဖြစ်သွားကြလေသည်။ အကြောင်းမှာ 'အနာက အရေးမကြီးပါဘူး။ ထွေးထုတ်လိုက်ရင် ပျောက်သွားမှာပါ' ဟု မောင်တိုက်စီပြောခဲ့သလိုပင် ၎င်းလူငယ်လေး၏ ပါးစပ်ထဲမှ လောက်စာလုံးခန့် ကွမ်းသီးလေး ထွက်ကျလာသောကြောင့် ဖြစ်လေသည်။

*

ကာလကြာလာသည်နှင့် မောင်တိုက်စီ၏ ပညာများက ပိုမိုရင့်ကျက်လာသည်။ သည်အတွင်း ဝတ်ဖြူဝတ်အဘကလည်း တစ်ခါတစ်ရံ ကိုယ်တိုင်ပေါ်ပေါ်လာတတ်ပြီး ဆုံးမဩဝါဒများနှင့် အကျင့်စရဏတို့နှင့် ပတ်သက်၍ လမ်းညွှန်မှုများပေးလေ၏။ ဝတ်ဖြူဝတ်အဘကို ကိုယ်တိုင် ထင်ရှားစွာတွေ့ရတော့ အဘနှင့်စတွေ့ခဲ့စဉ်ကာလများက အိပ်မက်ဆန်ဆန်ဖြစ်သော်လည်း အိပ်မက်မဟုတ်နိုင်ကြောင်း သူတွေးမိလာ၏။ သူက ထိုအကြောင်းများ အဘကို မေးသည်။

သို့သော် အဘကပြုံးပြီး -

"လောကကြီးက ဆန်းတယ် ငါ့သား။ တစ်ခါတစ်ရံမှာ လောကကြီးမှာ ကြုံတွေ့ကြရတဲ့ အဖြစ်အပျက်တွေက စိတ်ကူးယဉ်တာတွေထက် ဆန်းတယ်ကွယ့်"

ဟုသာ ပြန်ပြောလေသည်။

အဘအဖြေထဲ၌ တကယ်ဟုတ်၊ မဟုတ် မပါရှိခဲ့ပေ။ နောက်တော့လည်း မောင်တိုက်စီက ဘာမှမမေးတော့ဘဲ အဘညွှန်ကြားသမျှတွေကိုသာ ကျင့်လာခဲ့လေ၏။

သည်လိုနှင့် ဆရာလေး မောင်တိုက်စီဘဝမှ ဆရာကြီး ဦးတိုက်စီ၊ ဘဆရာကြီးဦးတိုက်စီ၊ ဘိုးဆရာကြီး ဦးတိုက်စီအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာခဲ့သည်။ အသက်အားဖြင့်လည်း (၉၀)အတွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်၏။

ထိုနယ်တစ်ဝိုက်၌ ဘိုးဆရာကြီး ဦးတိုက်စီသတင်းက ပို၍ပို၍ အသက်ကြီးလေသင်းလေဖြစ်သည်။ အချို့ အခက်အခဲနှင့် ရင်ဆိုင်နေရသူများ၊ မတရားသဖြင့် ကြုံတွေ့ကြရတတ်သည့် အမှုအခင်းရင်ဆိုင်နေရသူများဆိုလျှင် ဘိုးဆရာကြီးကို သွားရောက်ကန်တော့၍ အကျိုးအကြောင်းတင်ပြလိုက်သည်နှင့် အောင်မြင်ချောမောသွားကြသည်ဟုပင် ဆိုကြ၏။

အဘိုးဆရာကြီး၏ ဇနီးသည် ဘိုးဆရာကြီး ဝတ်ဖြူအဘနှင့် စတင်ဆုံတွေ့ခဲ့သောအချိန်မှစ၍ အဘိုးဆရာကြီး၏ဆန္ဒအရ အပြဟ္မာစရိယပုဒ်ကို စောင့်ရှောက်ထိန်းသိမ်းကြရင်း နောက်ပိုင်း၌ ရေခင်း၌ သီလရှင်ဝတ်သွားသဖြင့် ဘိုးဆရာကြီးတစ်ဦးတည်းသာ ရွာနောက်ဘက်ရှိ ကျခတ်ဝါးတောကြီးထဲ၌ ဇရပ်ခပ်သေးသေးတစ်ဆောင်ဆောက်၍နေသည်။

သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသော်လည်း ၎င်းတို့နှင့်အတူတူမနေ။ သူတစ်ဦးတည်းသာနေသည်။ အချိန်ရတိုင်း ပုတီးစိပ်သည်၊ တရားထိုင်သည်၊ ဖိုထိုးသည်၊ အင်းကစားသည်။

တစ်လတစ်ကြိမ် သားသမီး၊ မြေးမြစ်များအပါအဝင် ရွာသူရွာသားတို့က အဘိုးဆရာကြီး ဦးတိုက်စီကို ကန်တော့ကြသည်။ ထိုသို့ ကန်တော့ရန်သွားကြတိုင်း ဘိုးဆရာကြီးသည် ဇရပ်လေး၌ နှစ်ယောက်၊ သုံးယောက် ဖြစ်နေတတ်သည်။ မည်သူ ဘိုးဆရာကြီးမှန်း မသိအောင် ဖြစ်နေတတ်ကြသည်။ နောက်ဆုံး အားလုံးကို ကန်တော့၍ ပြန်ခဲ့ကြရသည်။

တစ်နေ့ ဘိုးဆရာကြီး ၎င်း၏ဇရပ်လေးမှပျောက်သွားသည်။ ၎င်းမည်သို့ မည်ပုံဖြစ်သွားသည်ကို မည်သူမျှ မသိလိုက်ကြသော်လည်း ဘိုးဆရာကြီး ဇရပ်မှ ထွက်သွားပြီးနောက် တစ်ရက်ကျော်၌ ထိုဇရပ်လေးသို့ ရေခင်း၊ မိုးညိုကနောင်၊ မြန်အောင်မြို့တို့နှင့် ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့များမှ ဘိုးဆရာကြီးအား ကြည်ညိုကြသူအချို့နှင့် ကျေးရွာအသီးသီးမှ ဘိုးဆရာကြီး၏ သားတပည့်၊ မြေးတပည့်တို့ ရောက်လာကြသည်။

၎င်းတို့အားလုံး ပြောစကားများ၌ ၎င်းတို့ကို ဘိုးဆရာကြီးက ၎င်းခရီးရှည်ထွက်တော့မည်ဖြစ်သည့်အတွက် လာရောက် နှုတ်ဆက်ကြောင်း၊ တစ်ရက်ကျော်၌ သူ့ဇရပ်ကလေးသို့လာ၍ ဆရာတော်သံဃာတော်များပင့်ဖိတ်ဆွမ်းကပ်လျှကာ 'ဘိုးဆရာကြီးနှင့် အလိုရှိတိုင်းတွေ့ရပါလို၏' ဟု ဆုတောင်းကြရန် မိန့်ကြားနှုတ်ဆက်ရင်း သူမရှိသည့်နောက် ငါးပါးသီလကို ခါးဝတ်ပုဆိုးသို့ မြဲဖို့ မှာကြားသွားကြောင်း ပြောကြလေ၏။

၎င်းတို့အားလုံးထံသို့ အဘိုးဆရာကြီး ရောက်ရှိနှုတ်ဆက်ခဲ့သည့်အချိန်မှာ ၁၉၇၅ ခု၊ တပေါင်းလဆန်း ၉ ရက် (၉) နာရီတိတိအချိန် ဖြစ်လေသည်။ ထိုအချိန်၌ အဘိုးဆရာကြီးသည် သားတပည့်၊မြေးတပည့်များရှိရာ အနယ်နယ် အရပ်ရပ်သို့ တစ်ပြိုင်တည်း၊ တစ်ခ[illegible]တည်း၊ တစ်နာရီတည်း၌ ရောက်[illegible]ကြောင်း ညီညီညာညာ ပြောကြားခဲ့ကြလေသည်။

*(ဘိုးဆရာကြီး ဦးတိုက်စီ[illegible] အကြောင်းပြောပြသည့် ဦးသော[illegible] အား ကျေးဇူးတင်ရှိပါ၏။)*

နေဝန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

သုခစုစ်

# နေ့ကောင်းရက်သာရွေးချယ်ပါ

## (၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်)

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 1 ၅ | 2 ၆ | 3 ၇ | 4 ၈ | 5 ၉ | 6 ၁ | 7 ၂ |
| 8 ၃ | 9 ၄ | 10 ၅ | 11 ၆ | 12 ၇ | 13 ၈ | 14 ၉ |
| 15 ၁ | 16 ၂ | 17 ၃ | 18 ၄ | 19 ၅ | 20 ၆ | 21 ၇ |
| 22 ၈ | 23 ၉ | 24 ၁ | 25 ၂ | 26 ၃ | 27 ၄ | 28 ၅ |
| 29 ၆ | 30 ၇ | | | | | |

ကျွန်ုပ်သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက်ကံကောင်းသောနေ့တစ်နေ့ ဖြစ်မည်လော၊ ဤနေ့ဤရက်သည် ငါ့အတွက် ကံမကောင်းသောနေ့တစ်နေ့ ဖြစ်မည်လော စသည်ဖြင့် မိမိတို့၏ နေ့စဉ်ကံကြမ္မာအကောင်း၊ အဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေအောင်မြင်နေမည်၊ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။ ဤနေ့ဤရက်သည် မကောင်း။ ပြဿနာများတစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသောလုပ်ငန်းတွေ ဘာမှမလုပ်မိပါစေနှင့်ဟု ထိထိရောက်ရောက် အနီးကပ်ကူညီပံ့ပိုးအကြံပေးလို၍ တစ်ဦးစီတစ်ဦးစီ၏ ကိုယ်ပိုင်ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂနသိရှိစေရန်အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

မူလ ပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ၎င်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင် ပေါင်းပါ။ ဥပမာ အင်္ဂလိပ် (၂၃) ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။

ဇွန်လ ၁၆ ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ ၁၆ ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၂) ဟု တွေ့ရပေလိမ့်မည်။ ၎င်းမွေးရက် (၂၃) နှင့်ပေါင်းလျှင် (၂၅) ရ၏။ ၎င်း (၂၅) ကို တစ်လုံးတည်းဖြစ်အောင်ပေါင်းလျှင် (၂+၅=၇) ရ၏။ ထို့ကြောင့် ထိုသူအတွက် ဇွန်လ ၁၆ ရက်နေ့တွင် (၇) ဂဏန်း ကြီးစိုးနေ၏။

(၁) ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

(၂) ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများ ရရှိခြင်း၊ မိမိက အကူအညီပေးရခြင်းများ ကြုံရတတ်၏။

(၃) ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

(၄) ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

(၅) ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများကြုံရတတ်၏။

(၆) ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

(၇) ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ မထင်မှတ်သောဖြစ်ရပ်များ ကြုံတွေ့ရတတ်၏။

(၈) ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

(၉) ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သောကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေများအနေနှင့် (၄)၊ (၈)၊ (၆) ဂဏန်းရသောရက်များကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ (၃)၊ (၅) ဂဏန်းရသောရက်များ ဖြစ်ပါသည်။ ဒုတိယအကောင်းဆုံးမှာမူ (၁)၊ (၂)၊ (၇)၊ (၉) ဂဏန်းရသောရက်များပင် ဖြစ်ပေတော့သတည်း။

*မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ၊ မြားမြောင်ကိစ္စ၊ ဆောင်ရွက်ကြလျှင်၊ ဆန္ဒပြည့်ဝ၊ လူလုံးလှကာ၊ လောကအလယ်၊ ဂုဏ်ဝင့်ကြွယ်သည်၊ လောကီပညာအကျိုးတည်း။*

*ကောင်းမှုအကြောင်းပြု*
*ကောင်းဆုပြည့်ပါစေ*

သုခစု




www.burmeseclassic.com

www.burmeseclassic.com

ဝွမ်းထက်နောင်

# မိနာမာတာအဆိပ်သင့်ခြင်း
သို့မဟုတ်
# ပြဒါးအဆိပ်သင့်ခြင်း
## The Poisoning Of Minamata

ပြဒါးဆိပ်သင့်ခြင်းအဖြစ်အပျက်များသည် ရိုးရိုးရှင်းရှင်းမဟုတ်ဘဲ ကြောင်များ လမ်းမပေါ်တွင် 'က'နေခြင်းမှ ထူးဆန်းစွာ စတင်ခဲ့ပါသည်။ တစ်ခါတစ်ရံ 'က'နေရင်း ရုတ်တရက်လဲကျ၍ သေအံ့မူးမူးဖြစ်ပြီး တချို့မှာ သေဆုံးသွားခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်၌ ဂျပန်နိုင်ငံတွင် ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ရွာလေးတစ်ရွာတွင် ထိုကဲ့သို့ ရှင်းပြရန် ခက်ခဲသော ရောဂါ ဖြစ်ပွားခဲ့သည်။ ထိုရွာမှလူများနှင့် မိသားစုဝင်များသည် မကြာခဏ အထိန်းအကွပ်မဲ့စွာ အော်ဟစ်ခြင်း၊ စကားပြောဆိုရာတွင် အရက်မူးသည့်ပုံစံဖြစ်နေခြင်း၊ မောပန်းနေပြီး စကားလုံးများကို ရှင်းလင်းစွာ အသံမထွက်နိုင်ဘဲ ဗလုံးဗထွေးဖြစ်နေခြင်းများကို တွေ့ကြုံခံစားခဲ့ရပါသည်။ ထိုကဲ့သို့ မထင်မရှားမသိမသာပြသသည့် ကနဦးရောဂါလက္ခဏာများဖြစ်သော အာရုံကြောများချို့ယွင်းခြင်းနှင့်အားနည်းခြင်းများသည် ပြဒါးဓာတ်ပါဝင်သော အစားအစာများကို စားသုံးမှုကြောင့် ဖြစ်ကြောင်း အစကနဦးက မသိရှိခဲ့ကြပါ။




မိနာမာတာမြို့တည်နေရာပုံ

လူများ၏ အပြုအမူများ ပြောင်းလဲမှုများသည် လူနည်းစုမဟုတ်တော့ဘဲ တဖြည်းဖြည်းနှင့် လူပေါင်းများစွာ ထိုရောဂါဖြစ်ပွားနေကြောင်းကို သိရှိလာခဲ့ကြပါသည်။

ထိုကဲ့သို့ နားလည်ရန်၊ ရှင်းပြရန် ခက်ခဲသော လူများ၏ အပြုအမူများ ပြောင်းလဲမှုများသည် ဂျပန်နိုင်ငံ မိနာမာတာမြို့တွင် စတင်ဖြစ်ပွားခဲ့ပါသည်။ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော ရောဂါဖြစ်ပေါ်ခဲ့ခြင်းသည် သမိုင်းတွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ပျက်စီးထိခိုက်မှုပြဿနာကြောင့် ရောဂါပါရရှိနိုင်ကြောင်းကို ပထမဦးစွာ ပြသလိုက်သည့် သက်သေအထောက်အထားတစ်ခုပင် ဖြစ်ပါသည်။

တစ်ဦးတစ်ယောက် သေဆုံး၍ ဝမ်းနည်း ပူဆွေးရသည်ထက်သာမက လူထောင်ပေါင်းများစွာ သေဆုံးရခြင်းက ကပ်ရောဂါသဖွယ် ပိုမိုထိတ်လန့်ချောက်ချား တုန်လှုပ်စေခဲ့ပါသည်။ ထိုကြေကွဲစရာ၊ အံ့ဩစရာကောင်းလောက်သည့် မိနာမာတာမြို့ရှိ လူအများအဆိပ်သင့်သေဆုံးခြင်းအကြောင်းသည် ကိန်းဂဏန်းအရ အထောက်အထားများ အမှန်တကယ် အတိအကျ အပြည့်အစုံရှိခဲ့ပါသည်။ အစားအစာတွင် ပါဝင်သော အရာဝတ္ထုများနှင့် လူအများ၏ ကျန်းမာရေး ဆက်နွယ်မှုရှိသည်ကို အထင်အရှားပြသလိုက်သည့် သက်သေဥပမာတစ်ခုပင် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် လူတို့၏ အရေးပါသော နေထိုင်မှုဘဝဖြစ်စဉ်များကို ဖျက်သုဉ်းစေနိုင်ကြောင်းကို သတိပေးနေသော သင်ခန်းစာယူသင့်သည့် အဖြစ်အပျက်များ ဖြစ်ပါသည်။ တစ်ခါတစ်ရံ အစားအစာများသာမက မမျှော်လင့်ထားသည့် လူအများနှင့် ပတ်သက်မှုမရှိသောအရာတို့ကြောင့်လည်း ကျန်းမာရေးချို့ယွင်းမှုများ ဖြစ်ပေါ်နိုင်ပါသည်။

မိနာမာတာပြဒါးအဆိပ်သင့်ခြင်းမှစတင်၍ ပြဒါးအဆိပ်သင့်ခြင်းကို မိနာမာတာရောဂါ (Minamata Disease) ဟု ခေါ်ဆိုခဲ့ပါသည်။ ထိုအဖြစ်အပျက်များကို ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်ပြည်ရှိ သတင်းစာများ၏ မျက်နှာအဖုံးတွင် အသေးစိတ် ဖော်ပြထားခဲ့ပါသည်။ ကမ္ဘာတစ်ဝန်း လူအများ သိရှိခဲ့ရာမှ အနောက်နိုင်ငံများသို့ ပျံ့နှံ့သွားခဲ့ရာ အမေရိကသို့ပင် သတင်းရောက်ရှိ ကျော်ကြားခဲ့ပါသည်။ ထိုကြေကွဲစရာကောင်းသော အဖြစ်အပျက်များ၏ အထောက်အထားများ အပြည့်အစုံကို အကျဉ်းချုပ်ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

မိနာမာတာမြို့သည် ဂျပန်နိုင်ငံ ကျူရှူးကျွန်းအရှေ့ဘက်ကမ်းရိုးတန်းတွင် တည်ရှိပါသည်။ ထိုအရပ်ဒေသမှ လူအများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ပင်လယ်ငါးဖမ်းခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာလုပ်ကိုင်ကြပါသည်။ ၁၉၃၂ ခုနှစ်တွင် ချီဆိုကော်ပိုရေးရှင်း (Chisso Corporation) သည် ပလတ်စတစ်ထုတ်လုပ်ရန် အစက်တယ်ဒီဟိုက် (Acetaldehyde) ဓာတုပစ္စည်းကို စတင်ထုတ်လုပ်ခဲ့ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသော ပြဒါးဓာတ် ပါဝင်သည့် စွန့်ပစ်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

များကို ကမ်းခြေပင်လယ်အော်၏ ရေထဲသို့ စွန့်ပစ်လိုက်၏။ ထိုသတ္တုပြဒါးသည် မီသိုင်းမာကျူရီကလိုရိုဒ် (Methyl Mercury Chloride) အဖြစ် ပယ်လယ်ရေအတွင်း ဖြစ်ပေါ်လာပါသည်။ ထိုဒေသပင်လယ်ရေထဲရှိ ငါး စသည့် ရေသတ္တဝါများက စားသုံးမိပြီး ထိုသတ္တဝါများ၏ ကိုယ်အတွင်းသို့ ရောက်ရှိသွားပါသည်။ ထိုငါးနှင့် ပင်လယ်ထွက်ပစ္စည်းများကို လူအများက အစားအစာအဖြစ် စားသုံးကြရာမှ ပြဒါးဓာတ်များသည် လူ့ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသွားပါသည်။

ထိုအချိန်က မီနာမာတာဒေသတွင် နေထိုင်သူများသည် ပင်လယ်အော်မှ ငါးနှင့်ပင်လယ်ထွက်ပစ္စည်းများကိုသာ အစာအာဟာရအဖြစ် မှီခိုစားသောက်နေရပါသည်။ ၁၉၅၀ ပြည့်နှစ်အထိ ထိုဒေသရှိ လူအများ၏ အဓိကအစားအစာမှာ ပင်လယ်ထွက်ပစ္စည်းများနှင့် ငါးများသာ ဖြစ်ခဲ့၏။ ဓာတုစက်ရုံမှ ပြဒါးဓာတ်၏ အဆိပ်အတောက်များသက်ရောက်မှုကြောင့် ဆိုးကျိုးများသည် ဒေသခံများအပေါ် လျင်မြန်စွာ ထိခိုက်စေခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် ၁၉၅၂ ခုနှစ်ခန့်တွင် အစက်ဒီဟိုက်ထုတ်လုပ်မှုသည် များစွာ တိုးတက်လာ၏။ စီးပွားရေးအရနှင့် ဒေသခံများ၏ အလုပ်အကိုင်ရရှိပြီး ဘဝနေထိုင်မှုတိုးတက်လာခဲ့၍ လူအများလက်ခံကြိုဆိုခဲ့ကြပါသည်။ ထိုအချိန်၌ပင် မီနာမာတာပင်လယ်အော်အတွင်း ငါးများရေပေါ်တွင် ပေါလောပေါ်နေကြောင်း စတင်တွေ့ရှိခဲ့ကြပါသည်။ ချီဆိုဓာတုကော်ပိုရေးရှင်းမှ ဒေသခံ ငါးဖမ်းသူများ၏ ငါးဖမ်းရေပြင်ညစ်ညမ်းပျက်စီးမှုအတွက် လျော်ကြေးငွေပေးခဲ့ကြပါသည်။ ထိုအချိန်၌ပင် ထူးခြားဆန်းကြယ်သော အပြုအမူများအဖြစ် ကြောင်များ ကခုန်နေခြင်း (Dancing Cat) ကို တွေ့မြင်ခဲ့ကြရပြီး တစ်ခါတစ်ရံ ပင်လယ်အတွင်းသို့ ကြောင်များလိမ့်ကျသေဆုံးမှုများကို မကြာခဏတွေ့ရှိရသဖြင့် ဒေသခံများက ကြောင်များ သေကြောင်းကြံစည်ခြင်း (Cat Suicides) ဟုပင် ပြောဆိုကြရပါသည်။

၁၉၅၀ ပြည့်နှစ်တွင် အထက်ပါ ကြောင်များ၏ အပြုအမူများတိုင်း လူများတွင် စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ လူအများသည် လမ်းလျှောက်နေစဉ် ယိုကျိုလုမတတ်ဖြစ်ခြင်း၊ စာရေး၍မရတော့ခြင်း၊ အကြီးကြယ်သီးများ မိမိဘာသာမတပ်နိုင်ခြင်း၊ အစာစားရန် တူများ မကိုင်နိုင်တော့ခြင်း၊ အကြားအာရုံ၊ အမြင်အာရုံချို့ယွင်းခြင်း၊ အစာကို မျိုမချနိုင်ခြင်း၊ တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ ယိမ်းယိုင်၍ မိမိကိုယ်ကိုမထိန်းနိုင်ခြင်း စသည်တို့ဖြစ်ပေါ်လာပါသည်။ ၁၉၅၆ ခုနှစ်၌ မီနာမာတာမြို့တွင် လူများစွာ ကပ်ရောဂါသကဲ့သို့ ဖြစ်ပွားလာခဲ့ပြီး ရောဂါဖြစ်ပွားသူများ၏ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကိုပါ ကမောက်ကမဖြစ်စေသောကြောင့် လူအများ ကြောက်လန့်ခြင်းများ ဖြစ်ပေါ်လာခဲ့၏။

မည်သူမျှ အဘယ့်ကြောင့် ထိုသို့ဖြစ်ပွားသည်ကို မသိရှိသဖြင့် ပယောဂလား သို့မဟုတ် ဦးနှောက်ရောဂါပိုးဝင်



မီနာမာတာ ပြဒါးအဆိပ်သင့်မှုကြောင့် ရောဂါခံစားနေရသူ၏လက်ချောင်းများ




ပြဒါးအဆိပ်သင့်နေသည့်ကြောင်



မီနာမာတာ ပြဒါးအဆိပ်သင့်သည့် ရောဂါခံစားနေရသူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ခြင်းလား၊ ဆစ်ဖလစ်ရောဂါပိုးလား၊ ရောဂါပိုးဝင်၍ ဦးနှောက်ရောင်ရမ်းခြင်းလား၊ ကူးစက်ရောဂါများလား၊ အရက်စွဲရောဂါများလား၊ မျိုးရိုးဗီဇလိုက်သည့် ရောဂါများလား သို့လောသို့လောနှင့် မည်သည့်ရောဂါဖြစ်ပွားနေကြောင်း မသိရှိကြပါ။

လူအများခေါ်ဝေါ်သုံးစွဲကြသည့် ထင်ရှားသောအမည်များမှာ ကြောင်ကခုန်ခြင်းရောဂါ (Cat's Dancing Disease) နှင့်ထူးဆန်းသောရောဂါ (Strange Disease) များ ဖြစ်ပါသည်။ ကောင်းစွာမသိရှိခြင်းနှင့် နားမလည်နိုင်ခြင်း၊ ရှင်းမပြနိုင်ခြင်းတို့ကြောင့် အထက်ပါအမည်နှစ်ခုစလုံးကို ရောဂါနာမည်အဖြစ် ခေါ်ဝေါ်နေကြပါသည်။

ဇီဝကမ္မဗေဒဖြစ်စဉ်အရ ခန္ဓာကိုယ်အစိတ်အပိုင်းလုပ်ဆောင်ချက်များကို ထိန်းသိမ်းပေးသည့်စနစ် အကြီးအကျယ် ပျက်စီးပျောက်ဆုံးကုန်သဖြင့် ရောဂါခံစားနေရသူများသည် မိမိကိုယ်ကို ဟန်ချက်ညီရန် မထိန်းနိုင်တော့ပါ။ ရောဂါစတင်ခံစားရသည့် ငါးဖမ်းပြီးအသက်မွေးသည့် ဖခင်အကြောင်းကို သားဖြစ်သူက မျက်မြင်ကိုယ်တွေ့ ပြောပြပုံမှာ ဤသို့ ဖြစ်ပါသည်။

ဖခင်ဖြစ်သူမှာ မကြာခဏယိုင်တိယိုင်တိုင်ဖြစ်နေပြီး လှေပေါ် အိပ်ပျော်နေစဉ် လက်တစ်ဖက် ရေထဲသို့ ပြုတ်ကျနေခြင်းကို မသိခြင်း၊ မိမိ၏ ခြေညှပ်ဖိနပ်ကို မိမိကိုယ်တိုင် မဝတ်နိုင်ခြင်း၊ လမ်းလျှောက်နိုင်၍ အခြားသူများဘာပြောသည်ကို နားလည်နိုင်သော်လည်း စကားပြန်ပြောစဉ် ဗလုံးဗထွေးဖြစ်နေခြင်း စသည်တို့ကို တွေ့ကြုံခံစားနေရပါသည်။

(၄) ရက်မြောက်သောနေ့၌ မိမိကိုယ်ကို ထိန်းချုပ်ရန် ကြိုးစားနေစဉ်မှာပင် အခြေအနေယိုယွင်းပြောင်းလဲသွားသဖြင့် ဆေးရုံတင်လိုက်ရပါသည်။

အိပ်ရာခုတင်ပေါ်တွင် ဖခင်အား ပတ်တီးများဖြင့် ချည်နှောင်ထားရပါသည်။ တစ်ခါတစ်ရံ ကရန် အလွန်စိတ်အားထက်သန်နေပြီး ပါးစပ်မှဘာတွေပြောနေမှန်းမသိ၊ တံတွေးများထွေးလိုက်၊ ပြင်းပြင်းထန်ထန် တစ်ကိုယ်လုံးတုန်လှုပ်လိုက်နှင့်ဖြစ်နေ၏။ သူ၏ အရေပြားများကို လက်သည်းများဖြင့် ထိုးစိုက်ပြီး တစ်ကိုယ်လုံးသွေးထွက်ရန်ကုတ်ခြစ်နေကြောင်း ပြောပြ၏။ ရောဂါစတင်ခံစားရပြီး (၇) ပတ်အတွင်း ကွယ်လွန်သွားခဲ့ပါသည်။ မိခင်သည်လည်း ထိုနည်းတူ ရောဂါခံစားခဲ့ရပြီး ဖခင်သေဆုံးပြီး (၉) နှစ်အကြာတွင် သေဆုံးခဲ့သည်ဟု ဆိုပါသည်။

၁၉၅၆ ခုနှစ်၌ လူများတွင် ရောဂါဖြစ်ပွားမှုလေ့လာသောပညာရှင်များနှင့် ဆေးဝါးပညာရှင်များမှ မီနာမာတာပင်လယ်အော်အတွင်းမှ ငါးနှင့်ရေသတ္တဝါများကို စားသုံးခြင်းကြောင့် သတ္တုဓာတ်အဆိပ်သင့်ခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများဖြင့် တင်ပြဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုဒေသရှိ မွေးဖွားလာခဲ့သည့် ကလေးများသည်လည်း ထိုရောဂါများ ပါလာခဲ့ကြပါသည်။

မီနာမာတာရောဂါ (Minamata Disease) ဆိုသည်မှာ မီသိုင်းမာကျူရီ (Me Hg) ပြဒါးအဆိပ်သင့်ခြင်း ဖြစ်ပါသည်။ ပြဒါးဓာတ်ပါသော ပင်လယ်ထွက်ငါးများနှင့် ခရု၊ ခုံးကောင်၊ ပုစွန်နှင့် ကဏန်းများကို လူအများ စားသောက်မိခြင်းကြောင့် ပြဒါးအဆိပ်သင့်သည့်ရောဂါဖြစ်ပါသည်။ ပင်လယ်ထွက်ရေသတ္တဝါများ၊ ငါးများတွင် ထိုပြဒါးဓာတ်ပါရခြင်းမှာ ဓာတုလုပ်ငန်းတစ်ခုမှ စွန့်ပစ်သောပစ္စည်းကြောင့် ဖြစ်ပါသည်။

၁၉၅၆ ခုနှစ်၊ မေလတွင် တရားဝင် ပထမအကြိမ် ပြဒါးအဆိပ်သင့်ခြင်းကို ဂျပန်နိုင်ငံ မီနာမာတာမြို့ ကျူးရှူးကျွန်း အရှေ့တောင်ဘက်တွင် စတင်တွေ့ရှိခဲ့ခြင်း ဖြစ်၏။ မီနာမာတာကမ်းခြေမှ ထုတ်လုပ်သော ရေထွက်လုပ်ငန်းထွက်ကုန်များတွင် ပြဒါးဓာတ် (၅. ၆၁)မှ (၃၅. ၇) ပီပီအမ်အထိ မြင့်မားစွာ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ပြဒါးဓာတ်ပါဝင်နေကြောင်းကို လူနာများ၏ ဆံပင်အမွေးအမှင်များ၌ တွေ့ရှိခဲ့ကြ၏။ ထိုနေရာများတွင် နေထိုင်ကြသော ရှီရာမုအီ(Shiramui) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိလူများ၊ မိသားစုများတွင်လည်း ပြဒါးဓာတ် မြင့်မားစွာ အများဆုံး (၇၀၅) ပီပီအမ်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

အဓိက ရောဂါလက္ခဏာပြသမှုများမှာ ခံစားတုံ့ပြန်နိုင်သည့် အရည်အသွေးများနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်း (Sensory Disturbances) ရောဂါကြောင့် ခြေလက်ရှိအကြောများပျက်စီးခြင်း၊ လက်နှင့် ခြေထောက်များသည် လက်အိတ်၊ ခြေအိတ်များ ဝတ်ဆင်ထားမှုကြောင့် တင်းကျပ်နေသကဲ့သို့ ခံစားနေရခြင်း (Glove and Stocking Type) ခြေ၊လက်များဆာနေခြင်း၊ ကြွက်သားများလှုပ်ရှားမှုပုံမမှန်ခြင်း၊ ရိုးဆက်မျက်ခြင်း(Ataxia)၊ အဆစ်လွဲခြင်း၊ အမြင်အာရုံတင်းကျပ်ခြင်း (Dysarthria)၊ ကျဉ်းမြောင်းခြင်း၊ ဝေဝါးခြင်း၊ နားအကြားအာရုံချို့ယွင်းခြင်း၊ အသေးစားငလျင်လှုပ်သကဲ့သို့ ခန္ဓာကိုယ်အစိတ်အပိုင်းများတုန်လှုပ်နေခြင်း၊ တုန်တုန်ယင်ယင်ဖြစ်နေခြင်းတို့ ဖြစ်ပါသည်။

မိခင်စားသုံးလိုက်သည့် ရေထွက်ပစ္စည်းတွင် ပါဝင်သော ပြဒါးဓာတ်တို့ကြောင့် သန္ဓေသားတွင်ပါ ပြဒါးဆိပ်သင့်ခြင်းဖြစ်၍ သန္ဓေသားတွင် အလွန်စိုးရိမ်စရာကောင်းသည့် ဦးနှောက်ဒဏ်ရာပမာဏကြီးစွာရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြဒါးဆိပ်ကြောင့် ရောဂါဖြစ်ပွားမှုများမှာ ဖြစ်စတွင် ရောဂါလက္ခဏာထင်ရှားစွာ မပြတတ်ပါ။ အချိန်ကြာသည်နှင့်အမျှ ရောဂါလက္ခဏာတို့မှာ တဖြည်းဖြည်း ထင်ရှားစွာ ပြသလာပြီး နာတာရှည်ရောဂါအဖြစ် ဖြစ်ပွားခံစားရပါသည်။ လွန်ခဲ့သော (၃၆) နှစ်ခန့်က စတင်ဖြစ်ပွားခဲ့သည့် လူပေါင်း (၁၀၄၃) ဦးသေဆုံးပြီးမှ (၂၂၅၂)ဦးသည် တရားဝင်ပြဒါးဆိပ်သင့်နေကြောင်း သိရှိလာခဲ့ကြပါသည်။ နှစ်ပေါင်း (၃၀) ကျော်အတွင်း မီနာမာတာပင်လယ်အော်အတွင်းသို့ စွန့်ပစ်ပစ္စည်းဖြစ်သည့် ပြဒါးဓာတ် တန် (၃၀) ကျော်ကို စွန့်ပစ်ခဲ့ပါသည်။ ထိုဓာတုစက်ရုံမှ ပြဒါးဆိပ်သင့်မှုကြောင့် လူအများပြဒါးဆိပ်သင့်ခြင်းနှင့် မွေးဖွားလာသော ကလေးများတွင်လည်း မွေးရာပါ ပြဒါးဆိပ်သင့်ရောဂါ ပါလာခဲ့ပါသည်။

ချီဆိုကော်ပိုရေးရှင်းမှ မိမိတို့စက်ရုံကစွန့်ပစ်သော ပြဒါးဓာတ်များကြောင့် ရောဂါဖြစ်ပွားခြင်းမဟုတ်ကြောင်းကို သိပ္ပံပညာရှင်များ၊ ဆရာဝန်အား သက်သေပြနိုင်ရန် ငှားရမ်းခဲ့ပါသေးသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် လက်နက်များမှ အဆိပ်အတောက်များ ပင်လယ်အော်အတွင်းသို့ ယိုစိမ့်မှုကြောင့်ဖြစ်ကြောင်း သက်သေ ထွက်ဆိုခဲ့ပါသည်။

သို့သော် ၁၉၇၃ ခုနှစ်တွင် ပထမဆုံးအကြိမ် အစီရင်ခံစာထွက်ပေါ်လာခဲ့ပါသည်။ တရားရုံးမှ တရားစွဲဆိုခဲ့သည့် အချိန်အတောအတွင်း နှစ်ပေါင်း (၂၀) ကျော်အချိန်ကြာမှ အစီရင်ခံစာထွက်ပေါ်လာခဲ့ပါသည်။ ထိုအစီအရင်



www.burmeseclassic.com

www.burmeseclassic.com

ဘာအရ ပြဒါးအဆိပ်သင့်မှုကြောင့် ရောဂါဖြစ်ပွားရခြင်းမှာ မှန်ကန်ကြောင်း သိရှိခဲ့ကြရ၏။ ၁၉၅၆ ခုနှစ်တွင် ပညာရှင်များမှ ပြဒါးအဆိပ်သင့်ခြင်းကို ဖော်ထုတ်တင်ပြခဲ့သော်လည်း ၁၉၅၉ ခုနှစ်အထိ ချီဆိုကော်ပိုရေးရှင်းမှ လက်ခံခြင်း မရှိခဲ့ပါ။ ၁၉၆၃ ခုနှစ်တွင် လူအများကျန်းမာရေး စစ်ဆေးရေးအဖွဲ့မှ (Public Health Service) သုတေသနပညာရှင်များမှ စတင် ခြေရာခံသုတေသနပြုလုပ်၍ ပြဒါးအဆိပ်သင့်သည်မှာ မှန်ကန်ကြောင်း အထောက်အထားများဖြင့် တင်ပြခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင်မှ ဓာတုပစ္စည်းများ စွန့်ပစ်ခြင်းကြောင့် ရရှိသော ရောဂါဖြစ်ကြောင်းကို လက်ခံပြီး လျော်ကြေးငွေ (၃၂) သန်းကို စတင်ပေးခဲ့ကြသည်။

မီနာမာတာအဆိပ်သင့်ခြင်း၊ ပြဒါးအဆိပ်သင့်ခြင်းသည် သိပ္ပံပညာရှင်များ၊ ဆရာဝန်နောင်လာနောက်သားများ မှီနမူနာ နည်းပညာယူရသည့် ဇီဝဗေဒဆိုင်ရာ ဒြပ်စင်များ အစားအစာတွင် ပါဝင်မှုကြောင့် အစားအစာနှင့် ပတ်သက်သော ကြီးမားသည့် အဆိပ်သင့်ခြင်း ဖြစ်ပါသည်။ မီနာမာတာပင်လယ်အော်အတွင်းမှ ရေသတ္တဝါများကို စားသုံးမှုကြောင့် အဆိပ်သင့်သေဆုံးခဲ့ရသည့် ကြောင်များနှင့် လူအများကို စမ်းသပ်စစ်ဆေးခဲ့ရာ ခန္ဓာကိုယ်အတွင်းရှိ ကျောက်ကပ်နှင့် အသည်းများတွင် ပြဒါးဓာတ်များ မြင့်မားစွာ ပါဝင်နေကြောင်း တွေ့ရှိခဲ့ရသည်။

ယနေ့တိုင်အောင် ပြဒါးအဆိပ်သင့်သည့် ရောဂါဝေဒနာကို ခံစားနေရသူများရှိနေဆဲဖြစ်၍ ဆေးဝါးကျွမ်းကျင်သည့်ပညာရှင်များမှ လူပေါင်း (၃၀၀၀၀) ခန့် ထိခိုက်ခဲ့ကြောင်း ခန့်မှန်းခဲ့ပါသည်။ အသက်ရှင်လျက် ရောဂါဝေဒနာခံစားနေရသူများ (၁၀၀၀၀) ကျော်မှ ရောဂါဖြစ်ပွားနေကြောင်း လျှောက်ထားခဲ့သော်လည်း ဂျပန်အစိုးရမှ လူပေါင်း (၂၃၀၀) သာ ရောဂါအမှန်တကယ်ဖြစ်ပွားနေကြောင်း လက်ခံအသိမှတ်ပြုခဲ့ပါသည်။

လူအများကြွက်သားများသေခြင်း၊ ခြေနှင့်လက်များလှုပ်ရှားမရဘဲ သေကုန်ခြင်း၊ သွက်ချာပါဒရောဂါများရှိခဲ့ခြင်းနှင့် သေဆုံးခဲ့သူများ အထက်ပါစာရင်းတွင် မပါရှိခြင်းအပြင် အစိုးရနှင့် တွေ့ဆုံခြင်း မပြုသည့်သူများ မည်မျှကျန်သည်ကို မသိရှိခဲ့ခြင်းကြောင့် ဂျပန်အစိုးရအပေါ် ဝေဖန်အပြစ်တင်မှုများကို များစွာကြုံတွေ့ခဲ့ရပါသည်။

ပြဒါးအဆိပ်သင့်ခြင်းသည် တစ်ဦးတစ်ယောက်တည်းဖြစ်ပွားသည့်ကိစ္စရပ်မဟုတ်ဘဲ လူအများ ကပ်ဘေးဆိုက်သည့် အကြီးအကျယ်ဖြစ်ပွားခဲ့သော အဆိပ်သင့်မှုကြီးဖြစ်၍ လူအများ၏ ကျန်းမာရေးကို ဂရုစိုက်ရန် ပျက်ကွက်သည့် အရေးကိစ္စဖြစ်ကြောင်း၊ အကယ်၍ ချီဆိုကော်ပိုရေးရှင်းနှင့် ဂျပန်အစိုးရမှ ဆောလျင်စွာ အရေးယူဆောင်ရွက်မည်ဆိုပါက အစားအစာနှင့် ငါးများတွင် ပြဒါးဓာတ်ကြောင့် အဆိပ်သင့်ခြင်းကို လူအများသိရှိစေရန် နှိုးဆော်မည်ဆိုပါက ထိုမျှလောက်အထိ ရောဂါဝေဒနာခံစားရမှုများ မရှိနိုင်ကြောင်း၊ လျော့နည်းနိုင်ကြောင်း ဝေဖန်ပြောဆိုကြပါသည်။

ထိုအရေးကိစ္စ ကပ်ဆိုက်သောကာလအား ရှောင်လွဲနိုင်သည်များကို ချီဆိုကော်ပိုရေးရှင်းနှင့် အစိုးရတို့က မိမိလုပ်ဆောင်ရမည့် ဂရုစိုက်မှုများကို ပျက်ကွက်ခြင်းကြောင့်ဖြစ်ကြောင်း၊ လူအများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဂရုစိုက်မည်ဆိုပါက ထိုကိစ္စမျိုး မဖြစ်ပေါ်လာနိုင်ကြောင်းဟု ဝေဖန်ပြောဆိုကြပါသည်။

ယနေ့အချိန်ထိ ဂျပန်အစိုးရနှင့် ချီဆိုကော်ပိုရေးရှင်းတို့သည် လူနာများ၊ သေဆုံးခဲ့သူများအတွက် ထောက်ပံ့နေရဆဲ ဖြစ်ပါသည်။ ချီဆိုကော်ပိုရေးရှင်းသည် ဒေါ်လာ သန်းပေါင်း (၈၆) သန်းကို ရောဂါခံစားထိခိုက်နေသူများနှင့် မီနာမာတာပင်လယ်အော်သန့်ရှင်းရေးအတွက် ပေးဆောင်သုံးစွဲရပြီး ဖြစ်ပါသည်။

ထိုပြဒါးအဆိပ်သင့်ရောဂါဖြစ်ပွားမှုများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုသာမက စီးပွားရေး၊ လူမှုရေးကိစ္စများအပေါ်တွင်ပါ ထိခိုက်စေခဲ့ပါသည်။ လူမှုရေးထိခိုက်မှုများအဖြစ် နှစ်စဉ် အချိန်ကြာမြင့်စွာကုသရမည့် လူနာများ၏ဝန်ထုပ်ဝန်ပိုးနှင့် မမြင်နိုင်သေးသော ခက်ခဲသည့် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်နေခြင်း၊ ထိုဓာတုစက်ရုံစွန့်ပစ်ပစ္စည်းများကြောင့် လူနာများစိတ်ခံစားရမှုများနှင့် လူအများ၏ စိတ်ထဲတွင် အမှတ်တရခံစားမှုများ ဖြစ်ပေါ်နေခြင်း၊ ထိုဒေသတွင်နေထိုင်သူများမှာ စိတ်ပိုင်းဆိုင်ရာရောဂါများ၊ စိတ်ဖိစီးမှုများနှင့် ကြုံတွေ့နေရခြင်း၊ အမြဲတစေ ကြောက်လန့်နေရမှု၊ ယုံကြည်မှုကင်းမဲ့ခြင်း ရောဂါများ၊ မိမိတွင်ဘယ်တော့ဖြစ်မလဲဟု မကြာခဏ တွေးတောနေခြင်းများ ဖြစ်နေကြပါသည်။

စီးပွားရေးအရ ထိခိုက်မှုများအဖြစ် ငါးလုပ်ငန်းစက်ရုံများ ဆုံးရှုံးပျက်စီး၍ အလုပ်လက်မဲ့ဆင်းရဲသူများတိုးလာခြင်း၊ ထိုရောဂါကြောင့် ထိခိုက်ရောဂါရရှိသူများကို အချိန်တာရှည်စွာကုသရခြင်း၊ ပြုစုစောင့်ရှောက်ရခြင်းတို့ကြောင့် ကုန်ကျစရိတ်များခြင်းတို့ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများအဖြစ် ပင်လယ်အော်ဒေသရှိ လူနှင့် တိရစ္ဆာန်များ ပြဒါးဆိပ်သင့်ခြင်းကို ကြုံတွေ့ခဲ့ရပါသည်။ ထို့ပြင် ပြဒါးအဆိပ်များကို ကုန်စင်ရန်ဖယ်ရှားနေရခြင်းတို့ကြောင့် ကုန်ကျစရိတ်များ များပြားလှပါသည်။ အထက်ပါ မီနာမာတာပြဒါးအဆိပ်သင့်ခြင်းမှ စတင်၍ ၁၉၇၀ ပြည့်နှစ်တွင် ဂျပန်အစိုးရမှ ရေထုညစ်ညမ်းမှု၊ ရေထဲတွင်အဆိပ်အတောက်ပါဝင်မှုကို ထိန်းချုပ်ရန် ဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်တိုင်အောင် နှစ်ပေါင်း (၂၀) ကြာမှ မီနာမာတာပြဒါးအဆိပ်သင့်ခြင်း ဖြေရှင်းနိုင်ခဲ့ပါသည်။ သို့သော်လည်း နာတာရှည်ရောဂါများ ခံစားသေဆုံးခဲ့သည့် လူများစွာအတွက် ဝမ်းနည်းစရာအလွန်ကောင်းပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးသည် ကမ္ဘာ့လူသားများ အဓိကရင်ဆိုင်တွေကြုံတွေ့နေရသည့်ကိစ္စများ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှု တည်တံ့ရေးနှင့် ညစ်ညမ်းမှုမဖြစ်စေရေးမှာ အလွန်အရေးကြီးပါသည်။ အထက်ပါ မီနာမာတာပြဒါးအဆိပ်သင့်သည့် အတိတ်မှဖြစ်ရပ်များသည် လူသားများ၏ အရေးပါသော နေထိုင်မှုဘဝဖြစ်စဉ်များကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ပျက်သုဉ်းစေနိုင်ကြောင်းကို သတိပေးနေသော သင်ခန်းစာယူသင့်သည့် အဖြစ်အပျက်များ ဖြစ်ပါသည်။

ထိုသင်ခန်းစာယူသင့်သည့် မီနာမာတာ ပြဒါးအဆိပ်သင့်ခြင်းသည် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်တတ်ရန် လူသားများအား တွန်းအားပေးသည့် အင်အားတစ်ခုပင် ဖြစ်ပါလိမ့်မည်ဟု ထင်မြင်မျှော်လင့်မိပါသည်။

စွမ်းထက်နောင်



www.burmeseclassic.com

www.burmeseclassic.com

**အမေဂျမ်း**

ဝန်း(၃၇)မင်းဝင် အမေဂျမ်းနတ်ကို အချို့က ဖွားချမ်းသာဟု ခေါ်ကြသည်။ မချမ်းသာ ဟူသည့်အမည်မှာ အမေဂျမ်း၏ နာမည်ရင်း ဖြစ်၏။အမေဂျမ်းသည် စီးပွားရေးသမားတို့က အလေးထား ကိုးကွယ်သည်ဟုဆိုရာမှ မှော်ဒိုစီးပွားရေးသမားများ အထူး ပ,သကိုးကွယ်သည့်အဖြစ်သို့ ရောက်ရှိရာသည်။

**နတ်သမိုင်း**

အမေဂျမ်းမှာ အင်းဝမြို့တောင်ဘက် ကျောက်ဆည်နယ်အတွင်းရှိ အေးကြည်ကုန်းရွာဇာတိ၊ အဘ သူကြီးမင်း ဦးကောင်းစံ၊ အမိ သူကြီးကတော်ဒေါ်ထားမေတို့မှဖွားမြင်၍ ငယ်မည်မှာ မချမ်းသာ ဖြစ်သည်။ ခင်ပွန်းမှာ အင်းဝ ရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက်တော်တွင် တပ်ဗိုလ်ရာထူးဖြင့် ထမ်းဆောင်ရသူ ဗိုလ်တက်ခါး ဖြစ်ပါသည်။

သူခိုးမယား မဟုတ်ပါ။ အများပြောဆိုနေကြသော သူခိုးဗိုလ် ဗိုလ်တက်ခြားမှာ အင်းဝသတိုးမင်းဖျားဖြစ်၍ နှစ်ပေါင်း (၂၁၈)နှစ်တိတိ ကွာခြားပါသည်။

ဗိုလ်တက်ခါး တာဝန်ထမ်းဆောင်နေစဉ် ဂငယ်သုံးခု ဥဿျစ်ထု (ဂ-ဂ-ဂ) ခုနှစ် ရွှေနန်းကျော့ရှင် အင်းဝဘုရင်နှင့် မိုးညှင်းသိုဟန်ဘွားတို့ စစ်ဖြစ်ကြရာ ဗိုလ်တက်ခါးမှာ ဘုရင့်တပ်မတော်မှ တာဝန်နှင့် မိုးညှင်းသို့စစ်ချီထွက်ရာတွင် မချမ်းသာမှာ မိမိ၏ လင်သားအတွက် လိုအပ်သောရိက္ခာကိုပို့ရန်အသွား ဘုရင်မင်းမြတ်ကိုယ်တိုင် ချီတော်မူလာသော တပ်ဦးမှ ဖြတ်ကျော်မိလေသည်။

ထိုအချိန်တွင် ရွှေနန်းကျော့ရှင် ဘုရင်နရပတိမှာ သိုဟန်ဘွားရန်ကြောင့် များစွာစိတ်တော်ပင်ပန်းနေသောအချိန် ဖြစ်နေ၍ -

"ဟဲ့ - တပ်ဦးက ဖြတ်သွားတာ ဘယ်ကမိန်းမလဲ"

ဟု မေးတော်မူလေ၏။

တပ်ဗိုလ်များက-

"မှန်လှပါ၊ ဗိုလ်တက်ခါးရဲ့မယား၊ အေးကြည်ကုန်းသူကြီးသမီး ဖြစ်ပါတယ်ဘုရား"

[illegible] (၆၂)

(ထားဝယ်)

# မောင်သန်းဆွေ

အမေဂျမ်း





[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ သံတော်ဦးတင်သောအခါ ဆင်းရဲသား ကျွန်တော်မျိုး သားမယား မဟုတ်ဘဲ ပိုလ်ကတော်တစ်ယောက်က မင်းရေးစိုးခွင်ကို နားမလည်ရကောင်းလားဟု ဒေါသထွက်လျက် ရှေ့တော်သို့ သွင်းစေ၏။ မချမ်းသာမှာ နဂိုက ယောင်တတ်၍ ဘုရင့်ရှေ့တော်ရောက်ခါမှ မဖွယ်မရာဆဲရေး၍ယောင်မိလေသည်။

"ငါကဲ့သို့ မင်းရှေ့တော်မှာပင် မဖွယ်မရာ ညစ်ညမ်းစွာ ပြောဆိုသည့် မိန်းမအား ၎င်း၏(ငယ်ပါ)ကိုထန်းပလပ်နှင့်ရိုက်၍ မသေမချင်းသတ်စေ"

ဟု အမိန့်ချပြီးသတ်သဖြင့် မချမ်းသာ နတ်ဖြစ်ရပါသည်။ မချမ်းသာမှာ လူ့ဘဝကပင် ထန်းရည်ခါးသောက်ခြင်း၊ ယောင်တတ်ခြင်းတို့ကြောင့် အသက်ဆုံးရပါသည်။

မချမ်းသာ ဤကဲ့သို့ ကြမ်းကြမ်းတမ်းတမ်းဆဲမိ၍ နတ်ဖြစ်ရခြင်းကြောင့် 'အမေကြမ်း' ဟု ခေါ်ရာမှ 'အမေဂျမ်း' ဟုတွင်လာသည်။ သူ့အား ရွှေနန်းကျော့ရှင်၏ အမိန့်ဖြင့် စီရင်တော်ခံရခြင်းကြောင့် အင်းဝပြည်ကြီးပျက်စီး၍ ရွှေနန်းကျော့ရှင် စစ်ရှုံးပါစေဟု ကျိန်ဆိုခဲ့သဖြင့် သိုဟန်ဘွားနှင့် ရင်ဆိုင်တိုက်သောစစ်တွင် ရွှေနန်းကျော့ရှင် ဆင်ပေါ်အသက်ဆုံး၍ အင်းဝပြည်ကြီးသည် သိုဟန်ဘွားလက်အောက်သို့ ကျရောက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေဂျမ်းပုံတော်



အမေဂျမ်းနတ်နန်းပေါ်မှပုံတော်များ






အမေဂျမ်းတောင်နှင့်ဘုရားစေတီ

ဗိုလ်တက်ခါးမှာ မိမိ၏ မယား မချမ်းသာအတွက် များစွာစိတ်ထိခိုက်ကာ ဘုရင့်တပ်တော်မှထွက်၍ သိုဟန်ဘွားထံ ခိုလှုံလိုက်သည်။ အင်းဝမြို့၏ ဝင်ပေါက်၊ ထွက်ပေါက်၊ မလွယ်တံခါး စသည်တို့ကို ပြသလိုက်သည်။ သိုဟန်ဘွား အင်းဝနန်းစံသောအခါ ဗိုလ်တက်ခါးကို မြို့သာမြို့ဝန်အဖြစ်နှင့် သူကောင်းပြုသည်။

မြန်မာတို့၏ ထုံးတမ်းစဉ်လာမှာ တပ်ဦးမှဖြတ်လျှင် ဒူးဖြတ်၍စီရင်ရသည်။ သို့ဖြစ်၍ အင်းဝရွှေနန်းကျော့ရှင် မချမ်းသာအပေါ် ရက်စက်သည်ကလည်း မဆိုသာချေ။ သိုဟန်ဘွားနှင့် ရွှေနန်းကျော့ရှင်တို့ တိုက်သောစစ်မှာ အလွန်အရေးကြီးသောစစ်ဖြစ်၍ ရာဇဝင်တွင်ရစ်ပါသည်။

ထို့နောက် ညောင်ရမ်း (၁၁) ဆက် မဟာဓမ္မရာဇာ ညောင်ရမ်းမင်းတရားကြီး အင်းဝရွှေနန်းစိုးစံတော်မူသောအခါ ရတနာပူရ အင်းဝရွှေနိုင်ငံတွင် သူမတူအောင် ဘုန်းမီးနေလထွန်းတောက်ပါသည်။ တောင်နန်းစံမိဖုရားခေါင်ကြီးက အမေဂျမ်းခေါ် ဖွားချမ်းသာအား အင်းဝမြို့ရှိ တံတားဦးချရွာတွင် နတ်ကွန်းနတ်နန်းနှင့်တကွ လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွကို အပိုင်စားပေးအပ်၍ မိုးထားလျှော်တော်ပါ ပေးအပ်ပါသည်။ မင်းမိဖုရားမြှောက်စားသောနတ်ဖြစ်သော်လည်း မင်းကိုစိတ်နာ၍ အမေဂျမ်းကို ဘယ်သောအခါမှ စည်တော်သံဖြင့် ပွဲကနားတွင် မပို့ရပါ။ လှေတော်သံဖြင့်သာ ပို့ရိုပါသည်။

အမေဂျမ်းသည် လူ့ဘဝ ဗိုလ်ကတော်ဖြစ်စဉ်ကတည်းက ထန်းရည်ခါးသောက် ခြင်း၊ ယောင်၍ဆဲတတ်ခြင်းမှ လွဲ၍ သူတော်ကောင်း ဖြစ်ပါသည်ဟု ဆို၏။ လူ့ဘဝကြိုက်သော ထန်ရည်ခါး၊ ကြက်မြစ်ကြက်သည်း၊ လက်ဖက်စသည်တို့နှင့် ဗလိနတ်စာ တင်မြှောက်ရပါသည်။ အချို့သော နတ်ထိန်းနတ်[illegible] တို့မှာ ရာဇဝင်မှတ်တမ်းအဖြစ်အပျ[illegible] ကို နားမလည်ကြ၍ 'ထန်းရည်အိုး[illegible] အမျိုးတော်၊ သူခိုးကတော်က အ[illegible] ပါပဲ' ဟု ပွဲကနားတွင် အမေဂျမ်း[illegible] တကယ့် မိန်းကြမ်းကြီးကဲ့သို့ဖြစ်အော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခရီးချုပ်ထိုး၍ပင် ချော့တတ်ကြသည်မှာ အစဉ်ရှိခဲ့ပါသည်။

ရန်ကုန် - မန္တလေးလမ်းမပေါ်မှ အမေဂျမ်းနန်းရှိရာ အေးကြည်ကုန်းရွာသို့ အဆင်းလမ်းခွဲမရှိသဖြင့် မေးကြည့်ရ ကောက်ဆည် - တံတားဦးကားလမ်းအတိုင်းသွား၍ ကားလမ်းမအရှေ့ဘက်သို့ ချိုးဝင်ပြီး (၂) မိုင်ခန့်သွားပါက အေးကြည်ကုန်းရွာ အမေဂျမ်းနတ်နန်းသို့ ရောက်သည်ဟု ညွှန်ပြပါသည်။

**အမေဂျမ်းနတ်ပွဲ**

ပွဲတော်ရက်သည် နယုန်လပြည့်ကျော် ၁၃ ရက်နှင့် ၁၄ ရက်တို့ဖြစ်သော်လည်း ထိုရက်များမတိုင်မီကပင် ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် စည်ကားနေသည်။ အမေဂျမ်းတောင်ပေါ်ရှိ အတော်ဂူတွင် နတ်ပုံတော်ထားပြီး တင်မြှောက်ပ,သခြင်းကို ဂူဖွင့်သည်ဟုခေါ်သည်။ ဥမင်ရွာမှ လပြည့်ကျော် ၇ ရက်နေ့တွင် လာရောက်ဂူဖွင့်ပြီး ရှားပင်ရွာမှ ၁၀ ရက်နေ့တွင် ဂူဖွင့်သည်။ အိမ်ကန်ရွာမှ ၁၃ ရက်နေ့တွင် လာရောက် ဂူဖွင့်သည်မှာ သမစဉ်ဖြစ်၏။

ထိုလပြည့်ကျော် ၁၃ ရက်နေ့တွင် ချိုးရေတော်သုံးပွဲကျင်းပရသည်။ ရှားပင်ရွာသူရွာသားများသည်သာ စမုံမြစ်ရေကို သယ်ယူပြီး ပုံတော်ကို ချိုးရေတော်သုံးပေးရသည်။

အေးကြည်ကုန်းရွာရှိ နတ်နန်းတွင် နယုန်လပြည့်ကျော် ၁၃ ရက်နေ့၌ ချော့ပွဲကျင်းပရာ အေးကြည်ကုန်းရွာနန်း၌ ထိုနေ့သည် အစည်ကားဆုံး ဖြစ်၏။ အမေဂျမ်းတောင်တက်ပွဲကို နယုန်လပြည့်ကျော် ၁၄ ရက်နေ့တွင် ကျင်းပသည်။ ကန်ချောကျေးရွာအုပ်စုတွင် ပါဝင်သည့် ရှားကြီးကုန်းရွာ၊ ရှားပင်ရွာ၊ အေးကြည်ကုန်းရွာ၊ ကန်ချောရွာ၊ ဥမင်ရွာတို့မှ ကျေးရွာသူကျေးရွာသားများသည် အမေဂျမ်းတောင်ပေါ်သို့ နံနက် (၅) နာရီလောက်ကတည်းက လာရောက်ကြပြီး ဆွမ်းလောင်းကြသည်။ နတ်ပွဲကျင်းပသည့်နေ့ရောက်လျှင် အေးကြည်ကုန်းရွာရှိ အမေဂျမ်းနတ်နန်းမှ ပုံတော်ကို အမေဂျမ်းတောင်ပေါ် နတ်ကွန်းသို့ သယ်ဆောင်ပ,သတင်မြှောက်ရသည်။ အနီးအနားကျေးရွာမှ သံဃာတော်များ၊ သီလရှင်များနှင့်အလှူခံများ လာရောက်ကြသည်။ နံနက် (၈) နာရီလောက်မှ ဆွမ်းလောင်းပွဲပြီးသည်။ နေ့လယ်ပိုင်းတွင် အေးကြည်ကုန်းရွာရှိ အမေဂျမ်းနတ်နန်းတွင် တစ်နေကုန် ချော့ပွဲများ ကျင်းပသည်။

**အမေဂျမ်းနတ်ချင်းများ**

*"တောင်ထိပ်ကယ်မှ ဂူတော်၊ တောင်တော်ခြေရင်း၊ တောင်ခြေရင်းက ဖွားချမ်းသာတဲ့၊ ဆန်ဖြူမနှော ကျေးတောသူ၊ နေရာဟောင်းက အင်းဝသူတဲ့၊ ထန်းရည်အိုးနှင့်ကြက်ကိုတင်လျှင်၊ ဘေးရန်ကင်းအောင် ကွခဲ့မယ်ပဲ့ါလေး"*

*"အမေဂျမ်းတောင်ခြေ၊ မြူခိုးတွေ တဝေဝေနဲ့၊ သတ္တဝါတွေ ရေလိုအေးအောင်၊ ဒိုးကလေး၊ အမေဂျမ်းရဲ့၊ ဒိုးသံကိုပေး"*

*"ကိုတက်ခါးရယ် မှီခိုစရာပ၊ ဒီကိုလာပ့ါတော်၊ ဟောဒီမြိုင်သာတဲ့ စခန်းမှာလှ၊ အခြေချပါတဲ့၊ မွေးမေဂျမ်းရဲ့ ဒေသရွာ၊ ကိုတက်ခါးရယ် မှီခိုစရာပ၊ ဒီကိုလာပ့ါတော်၊ အမေဂျမ်းရဲ့ ကျွားညီနောင်၊ ကြောင်နှစ်ကွင်းရယ်နဲ့၊ ထဘီအသာထုပ်၊ အစုတ်မကျန်၊ ဘီးနဲ့မှန်ပါတော့"*

*"မွေးမေဂျမ်းရဲ့ လိုက်ခဲ့ခေါ်၊ စားစရာစုံလင်စွာနဲ့၊ အမေဂျမ်းရယ် ထန်းရည်သုံး၊ တောင်ကိုးလုံးပေါ် ရှုလိုက်ပြန်သော်၊ ပြည်တော်နဲ့မဝေး၊ ပင်စုံညီမြိုင်ယံနားမှာ၊ ဒိုးသံကိုပေး"*

*"တောင်ခြေ၊ ရှောင်မသွေပြေးကြပါစို့ ကိုတက်ခါးရေ၊ မင်းဝံမြိုင်လမ်း (တောင်တန်း)ဟိုစခန်း၊ လှမ်းကြပါစို့ ကိုတက်ခါးရေ၊ မောတယ် ပန်းတယ်၊ သဘောကမလွယ်တယ်၊ ချောနှမသက်ရယ်၊ ဟိုတောင်ညိုရိပ်မှာ တစ်မှေးမှိတ်ပါလို့ကွယ်"*

*"ချောင်းရေကလျှံ၊ ကန်ရေကတိုး၊ ကြိုလာပါနဲ့ ကိုတက်ခါးရယ်၊ ရေနစ်မှာစိုး၊ မိုးသက်ကယ်ဆင်၊ ပြည်ခွင်နဲ့ဝေး၊ လှိုင်းတဖွေးဖွေး"*

**အိမ်များ၌သီးခြားစားတော်တိုက်ပုံ**

အိမ်များတွင် အမေကြီးလေးပါး စားတော်တိုက်သောအခါ အမေဂျမ်းကိုလည်း ထည့်၍ စားတော်တိုက်သည်။ အမေကြီးလေးပါးကို စားပွဲဝိုင်းဖြင့် စားတော်တိုက်လျှင် အနီးအနား၌ အမေဂျမ်းကို စားပွဲငယ်တစ်လုံးဖြင့် စားတော်တိုက်သည်။ အမေကြီးလေးပါးကို စားတော်တိုက်သည့် စားတော်စာအတိုင်း လက်ဖက်၊ ကွမ်းယာ စုံလင်စွာနှင့် ဆေးလိပ်ပါမကျန် ထည့်ရသည်။ ထန်းရည်သို့မဟုတ် ဘီယာဖြင့် စားတော်တိုက်သည်။ အမေကြီးလေးပါး စားတော်စာတွင် ရေသာထည့်ရသည်။

**ထူးဆန်းသည့် အတွေ့အကြုံ**

တံတားဦးတွင် လေယာဉ်ကွင်းတည်ဆောက်သောအခါ စာရေးသူ၏ အသိတစ်ယောက်သားက အင်ဂျင်နီယာအဖြစ် ဆောင်ရွက်ပါသည်။ ထိုသူငယ်သည် မြေတိုင်းထွာရန် မြေပေါ်၌ မှန်ဘီလူးဖြင့် ကြည့်လိုက်သည့်အခါတိုင်း အနက်ရောင်ရင်ရှားဖြင့် ထဘီကွဲဝတ်ထားသော အမျိုးသမီးကြီးတစ်ယောက်က ခါးထောက်၍ ပေါ်လာတတ်သည်ဟု ဆိုပါသည်။ အနက်ရောင်ခေါင်းပေါင်းလည်း ပေါင်းထားသည် ဆို၏။

မှန်ဘီလူးဖြင့် ကြည့်လိုက်တိုင်း ဤကဲ့သို့ဖြစ်နေသဖြင့် မှန်ဘီလူးပင် မကြည့်ရဲတော့ချေ။ သူ၏ ဖခင်အား ပြန်ပြောရာ သူ့ဖခင်က စာရေးသူအား ဖုန်းဆက်၍မေးပါသည်။

စာရေးသူက စဉ်းစားကြည့်ပြီး တံတားဦးနယ်သည် အမေဂျမ်းနယ် ဖြစ်သဖြင့် -

"အဲဒီနယ်မှာ အမေဂျမ်းတောင်နဲ့ အမေဂျမ်းနတ်နန်းဆိုတာရှိတယ်။ အဲဒီကို သွားပြီးတော့ ကန်တော့ပွဲပေးလိုက်ပါ။ မင်းမိန့်ကြောင့်လုပ်ရ၍ ခွင့်လွှတ်ဖို့လည်း ဆုတောင်းလိုက်ပါ။ အမှုလည်းဝေပေါ့"

ဟု ပြောပြလိုက်သည်။

ထိုသို့ ပြုလုပ်လိုက်သောအခါ မှန်ဘီလူးတွင် မပေါ်လာတော့ဟု သိရပါသည်။ ထို့ကြောင့် ဆိုင်ရာပိုင်ရာ နယ်ရှင်ပယ်ရှင်တို့သည် သူတို့၏ ပိုင်နက်အတွင်း အမှုကိစ္စဆောင်ရွက်ပါက သူတို့ကို ခွင့်တောင်းရန်၊ သူတို့အသိအမှတ်ပြုရန် လုပ်ဖို့လိုပါသည်။

တစ်နယ်တစ်ကျေးသို့ သွားကတည်းခိုသည့်အရပ်တွင် ရပ်ရွာအုပ်ချုပ်သူကို တိုင်ကြား အသိပေးရသကဲ့သို့ဖြစ်သည်။

မောင်သန်းဆွေ(ထားဝယ်)


**ကိုးကားချက် -**

၁။ ခင်မောင်သန်း (စိတ်ပညာ) ၏ ရှုရာ နတ်ယုံကြည်မှုနှင့်ဓလေ့ထုံးစံများ။
၂။ ဘိုးတော်ကျွဲသရေယ (ခေါ်) ဦးထွန်းကြည်၏ ပြောပြချက်များ။



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## ကျောက်ပြဿဒက ပလောင်ကျော်

**မိုးကုတ်ပတ္တမြားမြေသို့**

မိုးကုတ်မြို့ဆိုတာ ကမ္ဘာကျော် ပတ္တမြားတွေ ထွက်တာကြောင့် လူသိများပြီးထင်ရှားတဲ့မြို့လေး ဖြစ်ပါတယ်။ မန္တလေးကနေ မိုးကုတ်ကို (၁၂၆) မိုင်ပဲ ဝေးတာကြောင့် ဝေးလံခေါင်သီတဲ့ အရပ်လို့ မဆိုနိုင်ပါဘူး။ ခုခေတ်မှာ လမ်းတွေကောင်းတာကြောင့် နေ့ချင်းပြန် သွားကြတာတွေတောင်ရှိတယ်။

ကျွန်တော်ဟာ မန္တလေးရှိမိသားစုများထံ ဝါဆိုသင်္ကန်းကပ်အမီ နေပြည်တော်ကရောက်ခဲ့ပါတယ်။ နှစ်စဉ် ဝါဆိုကပ်ပွဲလုပ်တာကြောင့်လာခဲ့ခြင်း ဖြစ်ပါတယ်။ မိသားစုဆီ ရောက်ပြန်တော့လည်း နေပြည်တော်ကို အတော်နဲ့မပြန်ဖြစ်ပြန်ပါဘူး။ မိသားစုရဲ့မေတ္တာရိပ်မှာ ခိုလှုံနေခဲ့တာပါ။

၅-၈-၂၀၁၃ နေ့မှာ ကျွန်တော်တို့ မိသားစုထံ မိုးကုတ်မြို့ မြို့လယ်ရပ်က စိန်ဖူးတော်ဦးပိန်နဲ့ ဒေါ်အေးအေးမိုးတို့ ရောက်လာပါတယ်။ ဦးပိန်နဲ့ ဒေါ်အေးအေးမိုးမိုးတို့ ဆိုတာ အရွယ်အားဖြင့် (၄၀) ဝန်းကျင်ပဲရှိသေးတဲ့ လူငယ်လေးတွေပါ။ အေးအေးမိုးရဲ့အစ်မ မနီလာဦးက မန္တလေးမှာအခြေချနေထိုင်ပြီး စီးပွားရေးလုပ်တာပါ။ သူတို့အဲဒီမှာပဲ တည်းကြပါတယ်။ သူတို့လာရတာက တက္ကသိုလ်တက်နေတဲ့ သူတို့ရဲ့ သားကြီး ဇော်လင်းထူး နေမကောင်းလို့ မိုးကုတ်က ဆင်းလာကြတာပါ။ ကျွန်တော်တို့တွေ အာလာပသလ္လာပစကားများပြောဆိုပြီးတဲ့အခါမှာတော့ ဦးပိန်က -

"ကိုကျော်စိုး၊ ကျွန်တော် နက်ဖြန် မိုးကုတ်ပြန်မယ်။ မအေးအေးမိုးက သူ့သားကိုစောင့်ပြီးကျန်ခဲ့ဦးမှာ။ ကျွန်တော်တစ်ယောက်တည်းပြန်ရမှာ။ အဲဒါ မိုးကုတ်ကို အလည်လိုက်ခဲ့ပါလား။ ကျွန်တော်နဲ့ အဖော်ရတာပေါ့"

လို့ ပြောလာပါတယ်။

လက်ဖက်ကြိုက်သူကို ပလောင်တောင်ပို့သလိုပေါ့ဗျာ။ အရမ်းကို ဟန်ကျသွားတာပေါ့။ ကျွန်တော်လည်း ခွဲခွာခဲ့ရတာကြာပြီဖြစ်တဲ့ မိုးကုတ်ကို လူသာမရောက်တာ စိတ်ကအမြဲရောက် နေတာပါ။ ဒါနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ -

"အေးလေ - လိုက်ခဲ့မှာပေါ့"

လို့ အဖြေပေးလိုက်ပါတယ်။

"ဒါဆို ကိုကျော်စိုး နက်ဖြန် (၈) နာရီမှာ မနီလာဦးတို့အိမ်ကို လာခဲ့ပါ။ စောစောထွက်ကြရအောင်"

လို့ ပြောပါတယ်။

ဒီလိုနဲ့ အတန်ကြာစကားပြောပြီး ဦးပိန်တို့ဇနီးမောင်နှံ သူတို့ရဲ့ကားလေးနဲ့ ပြန်သွားပါတယ်။ မိုးကုတ်မှာ လေ... ငါးရက်ကြာမှာမို့ ပြင်ဆင်ထုပ်ပိုး... တယ်။ မိုးကုတ်မှာက အနေအထိုင်ပါ... အဆင်ပြေတာပါ။ ရာသီ (၃) ခုစလုံး...



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းနေလို့ပါပဲ။

ဦးပိန်ရဲ့သားကြီး ဇော်လင်းထူးကို မနီလာဦးတို့အိမ်မှာ တွေ့ရပါတယ်။ လှလှပပပြုံးပြုံးရွှင်ရွှင်နဲ့ လန်းဆန်းနေပါပြီ။ တွေ့တယ်ဆိုရင်ပဲ ကျွန်တော့်ဖုန်းနံပါတ်ကို အရင်ဆုံးတောင်းပါတယ်။ [illegible]တီးတာနဲ့ ကျွန်တော်နဲ့ ဦးပိန်တို့ [illegible] မန္တလေးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တို့ကို ဖြတ်သန်းကာ မိုးကုတ်မြို့နယ်ထဲကို ဝင်ခဲ့ပါပြီ။ မိုးကုတ်မြို့နယ်ထဲဝင်လိုက်တာနဲ့ စိမ်းလန်းတဲ့ တောတွေနဲ့ တဖွဲဖွဲရွာနေတဲ့မိုးတွေက ကြိုဆိုနေပါတယ်။ [illegible]တာကြောင့် ကားထဲက အဲယားကွန်းကို ပိတ်လိုက်ရပါတယ်။

စခန်းကြီးရွာနားရောက်တော့ မိုးတိတ်သွားပြီး မိုးမြူမှုန်တွေသာ လမ်းတစ်လျှောက် လွှမ်းခြုံထားပါတယ်။ ကျောက်ဖားထိပ်ရောက်တော့ မြူမှုန်ကင်းပြီး အောက်ဘက်က ရှုခင်းတွေကို ရှင်းရှင်းလင်းလင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

တယ်။

အဲဒီအောက်ချိုင့်ထဲမှာ ကျွန်တော် နှစ်ပေါင်း (၃၀) နေခဲ့တဲ့ ကျောက်ဖျာရွာလေးနဲ့ ကျောက်ပြဿဒ်ရွာလေးကို လွမ်းမောဖွယ်မြင်တွေ့နေရပါတယ်။ အဲဒီရွာလေးတွေမြင်ရတော့ လူ့လောကမှာမရှိကြတော့တဲ့ ရှေးလူတွေကို ပြေးပြီးမြင်ယောင်မိပြန်ပါတယ်။ အဲဒီလူတွေထဲမှာ လူထူးလူဆန်းပလောင်ကျော်ကိုလည်း ပြေးပြီးမြင်ယောင်မိပြန်ပါတယ်။ ပလောင်ကျော်ဆိုတာ လူတွေပါးစပ်ဖျားမှာ ပြောစမှတ်ဖြစ်လောက်အောင် သမိုင်းထားခဲ့သူပါ။

## လူရူးသော်လည်း ဘုန်းမရူးသူ

ရေအေးရွာ၊ ကျောက်ကြမ်းကြီးရွာ၊ ဆင်ခွာရွာ၊ ဘောလုံးကြီးရွာ၊ ဘောလုံးလေးရွာဆိုတာက ပလောင်တိုင်းရင်းသားတွေနေတာပါ။ ကျောက်ပြဿဒ်ရွာ ကျောက်ဖျာရွာ၊ ငွေးပင်ရွာ၊ သစ်ဆိမ့်ကုန်းရွာ၊ အောက်ကျောက်ကြမ်းရွာ၊ ကပိုင်ရွာဆိုတာက ရှမ်းတိုင်းရင်းသားတွေနေတာပါ။

ဦးကျော်က ရေအေးရွာသား ပလောင်တိုင်းရင်းသားပါ။ ကျောက်ပြဿဒ်သူ ရှမ်းမနဲ့ အိမ်ထောင်ကျပါတယ်။ကျောက်ပြဿဒ်မှာ နေထိုင်တော့ ပလောင်တိုင်းရင်းသားဖြစ်တဲ့ ဦးကျော်ကို လူတွေက နာမဝိသေသအနေနဲ့ ပလောင်ကျော်လို့ ခေါ်ခြင်းပါပဲ။

ပလောင်ကျော်ဟာ ခပ်ပေါ့ပေါ့နေတတ်တော့ သူ့ကို လူတွေက လူပေါလို့ သတ်မှတ်ကြတာပါ။ မဟုတ်တာမလုပ်သလို စိတ်ရင်းစေတနာလည်း ကောင်းပါတယ်။ သူ့မှာ စရိုက်တစ်ခုရှိတယ်။ အဲဒါက သူထင်ရာမြင်ရာကို တစ်ဇွတ်ထိုးလုပ်တတ်တဲ့အကျင့်ပါ။

ထူးခြားတာက သူ့ရဲ့ကံပါ။ ပလောင်ကျော် ဘယ်မှာသွားပြီး ကျောက်တူးတူး ကျောက်ရလေ့ရှိတော့ကာ သူများတွေ သူ့လောက် အဆင်ပြေသူ ရှိတော့ရှိတယ်၊ ရှားတယ်လို့ ဆိုရမှာပါ။

ကျောက်ပြဿဒ်မှာ သူကြီးဦးဘဒင်၊ ဦးဖိုးစိန်၊ ဦးထွန်းဝင်း၊ ဦးတိုးတို့လောက်သာ အဲဒီအချိန်က ချမ်းသာကြတာပါ။ သူတို့တွေကျတော့ စည်းစနစ်ရှိတော့ကာ ချမ်းသာမှုမြဲကြပါတယ်။ ပလောင်ကျော်ကတော့ ကျောက်ရတယ်ဆိုရင် 'မိုးကုတ်သားကွ၊ ပလောင်ကျော်ကွ'ဆိုပြီး ငွေကိုရေလိုသုံးပစ်လိုက်တာပါပဲ။ ဒီတော့ ဘယ်လောက်ရရ ခဏနဲ့ကုန်တာ ထုံးစံပါ။

သူကြီးက သူရိန်တောင်တန်းပေါ်က သူကြီးလူးမှာ နီလာကြောတွေပေါက်ပြီး ချမ်းသာပါတယ်။ ဦးဖိုးစိန်က ပေါ်တော်မူတောင်က နီလာကြောတွေ၊ မြိုင်ကြီးက ပတ္တမြားကြောတွေပေါက်ပြီး ချမ်းသာပါတယ်။ ဦးထွန်းဝင်းကလည်း ပေါ်တော်မူတောင်က နီလာကြောပေါက်ပြီး ချမ်းသာ။ ပလောင်ကျော်ကျတော့ အသေးပြန့်က ပတ္တမြားခေါ် ကျောက်နီကြောတွေပေါက်ပြီး ချမ်းသာပါတယ်။ အဲဒီအခါ လူတွေက ပလောင်ကျော်က လူသာရူးတာ၊ ဘုန်းမရူးဘူးလို့ ပြောစမှတ်တွင်ပါတယ်။

ကျောက်ကြောပေါက်တာနဲ့ သူဌေးတွေတောင် မသုံးရဲမဖြုန်းရဲတဲ့ ငွေကြေးပမာဏကို ပလောင်ကျော်က ခဏနဲ့သုံးဖြုန်းပစ်လေ့ရှိတယ်။ ချမ်းသာပြီဆိုလို့ကတော့ တွင်းမတူးတော့ဘဲ ရသမျှမကုန်မချင်း သုံးဖြုန်းပစ်တတ်တာ သူ့အကျင့်ပါ။

ကုန်ပြီ၊ ပလောင်ကျော်မွဲသွားပြီဆိုလို့ကတော့ ကုတ်ချိကုတ်ချနဲ့ တွင်းပြန်တူးပြန်တာပါပဲ။ ရှေးဘုန်းရှေးကံပါလာသူဖြစ်တော့ကာ ကျောက်ကြောတွေ ပေါက်ပေးပြန်တာပါပဲ။ ဒီလိုနဲ့ ပလောင်ကျော်က ချမ်းသာလိုက်၊ ဆင်းရဲလိုက်နဲ့ လုံးချာလည်နေလေ့ရှိတယ်။

ဆင်းရဲသွားလို့ နောင်တရမယ် မထင်နဲ့။ သူ့တွက် ပတ္တမြားမြေကြီးထဲမှာ အမြဲရှိတယ်လို့ ခံယူထားသူ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုးကုတ်အခေါ် လက်ဆိပ်၊ ခြေဆိပ်ရှိသူလို့ ခေါ်ပါတယ်။ ဒါမျိုးလူက ရှေးကံပါလာလေတော့ ဘယ်မှာတူးတူး နတ်တွေက ကျောက်ထည့်ပေးရတာပါ။ လူတွေ ကံကောင်း၊ မကောင်း ကျောက်တူးကြည့်ရင် အလွန်သိသာလှပါတယ်။

## ကွမ်းတစ်ယာငွေတစ်ရာ

မိုးကုတ်သားတွေမှာထုံးစံရှိတယ်။ အဲဒီထုံးစံက ကျောက်ကြီးကျောက်ကောင်းရရင် အိမ်ကောင်းကောင်းဆောက်တယ်။ အလှူလုပ်တယ်။ ဘုရားဖူးခရီးထွက်တယ်။ လက်ဝတ်ရတနာဝယ်ဟယ်။ ဒါကဓလေ့ပါ။

လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်မှာ ကျောက်တွင်းတွေ လိုင်စင်နဲ့လုပ်ကြတဲ့ခေတ် ရှိပါတယ်။ (အင်္ဂလိပ်ခေတ်ကတည်း လိုင်စင်နဲ့ လုပ်တာတွေရှိတယ်) အဲဒီပါလီမန်ဒီမိုကရေစီခေတ်မှာ သူကြီးဦးဘဒင်တို့၊ ဦးဖိုးစိန်တို့ ကျောက်ကြောတွေပေါက်သလို ပလောင်ကျော်လည်း အသေးပြန့်က ကျောက်နီကြောပေါက်ပါတယ်။

အဲဒီအချိန်မှာ လူတစ်ယောက် အိတ်ကပ်ထဲမှာ တစ်ရာတန်တစ်ရွက်ထည့်နိုင်ရင် နည်းတဲ့ပါဝါမဟုတ်ပါဘူး။ အဲဒီခေတ်က ရွှေတစ်ကျပ်သား (၁၈၀) ကျပ်၊ (၂၀၀) ကျပ်လောက်ပဲ ရှိတော့ကာ ရွှေငါးမူးသားတန်ဖိုးရှိပါတယ်။ ဆန်တစ်ပြည် ဆယ်ပြား၊ ဆယ့်ငါးပြားခေတ်ပါ။

ပလောင်ကျော်ကျတော့ ဘယ်လောက်ရရ အိမ်ကြီးအိမ်ကောင်း မဆောက်ပါဘူး။သင့်တင့်တဲ့ ပျဉ်ထောင်သွပ်မိုးနဲ့သာနေတာပါ။ အရက်သောက်တယ်။ ဘိန်းရှူတယ်။ ဖဲရိုက်တယ်။ မြန်မာနိုင်ငံထဲ လျှောက်လည်တယ်။ ဒါပဲလုပ်တာပါ။

ဒါပေမယ့် ကောင်းတာတစ်ခုရှိတယ်။ အဲဒါက သူများကို သနားတတ်ပြီး အပေးအကမ်းရက်ရောတာပါပဲ။ ပလောင်ကျော် ကျောက်ကြောပေါက်ပြီး ကျောက်ကြီးရပြီဆိုလို့ကတော့ ပြန်အမ်းငွေ ဘယ်တော့မှယူလေ့ရှိဘူး။ တကယ့်သူဌေးကြီးစတိုင်။ နေပါစေ၊ အမ်းစရာမလိုဘူးဆိုပြီး ရက်ရက်ရောရောပေးခဲ့လေ့ ရှိတယ်။

သူကျောက်ကြောပေါက်ပြီးတော့ သူ့သူငယ်ချင်းတစ်ဦးကိုခေါ်ပြီး ရန်ကုန်မြို့ကို သွားလည်ဖို့ဆိုပြီး ထွက်ခဲ့ပါတယ်။ အဲဒီအချိန်က မိုးကုတ် - မန္တလေးကားလမ်း မပေါက်သေးပါဘူး။ မန္တလေးကို ရှေးလူတွေက မွန်းအဝလို့ ခေါ်ကြပါတယ်။ အင်းဝမြို့ပေါ့လေ။ ရှေးတုန်းက အင်းဝနေပြည်တော်ခေတ်ကိုစွဲပြီး ခေါ်ဝေါ်နေကြတုန်းပါ။ ဘယ်မျှရှေးကျသလဲဆိုတာ စဉ်းစားကြည့်ကြပေါ့ဗျာ။ရတနာပုံနေပြည်တော်ခေတ်ကို သိကြဟန်မရှိပါဘူး။

မန္တလေးကို သွားချင်ရင် မိုးကုတ်နဲ့ မိုင် (၆၀) ဝေးတဲ့ သပိတ်ကျင်းမြို့လေးကို အရင်သွားရတယ်။ သပိတ်ကျင်းဆိုတာ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိတဲ့ ရွာသာသာဆိပ်ကမ်းမြို့လေးပါ။ အဲဒီသပိတ်ကျင်းကနေပြီး မန္တလေးကို သင်္ဘောစောင့်စီးကြရတာပါပဲ။ ဒီလိုနဲ့ မန္တလေးရောက်ပါတယ်။ မန္တလေးရောက်တော့ တည်းနေကျ ဘုန်းကြီးကျောင်းမှာ တည်းကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ဦးပဥ္စင်းတစ်ပါးက ဦးဆောင်ပြီး ရန်ကုန်ကိုသွားဖို့ စီစဉ်ကြပါတယ်။ ပလောင်ကျော်က လေယာဉ်မစီးဘူးတာကြောင့် လေယာဉ်ရအောင် စီစဉ်ခိုင်းပြီး လေယာဉ်လက်မှတ်ဝယ်ပါတယ်။ အဲဒီတုန်းက ဒါကိုတာလေယာဉ်ကြီးတွေပါ။ ဒုတိယကမ္ဘာစစ်မှာ တွင်တွင်ကြီးသုံးခဲ့တဲ့ လေယာဉ်မျိုးတွေပါ။

လေဆိပ်ကိုသွားမယ်အလုပ်မှာ ပလောင်ကျော်က ကွမ်းတစ်ယာလောက်စားချင်တယ်ဆိုပြီး ကွမ်းယာဆိုင်လေးမှာ ဝင်ပါတယ်။ ကွမ်းယာရောင်းနေတာက အသည်း အသက် (၂၀)လောက်ရှိတဲ့ ချောချောလှလှ ကောင်မလေးပါ။

"သမီးရေ ဦးလေးကို ကွမ်းတစ်ယာလောက် လုပ်ပေးပါကွယ်"

"ဘာနဲ့စားမလဲ ဦးလေး"

"ထုံးဗမာဆေးပါပဲ"

ဆိုတော့ ကောင်မလေးက ကွမ်းတစ်ယာ ချက်ချင်း ယာပေးပါတယ်။ ကွမ်းကိုပါးစပ်ထဲထိုးထည့်ပြီး လွယ်အိတ်ထဲက တစ်ရာတန်အသစ်တစ်အုပ်ကို ဆွဲထုတ်ကာ တစ်ရာတန်တစ်ရွက်ပေးပါတယ်။ အဲဒီမှာ ကောင်မလေး အံ့အားသင့်သွားတယ်။

"ကွမ်းတစ်ယာ ငါးပြားလောက်ပဲတာပါ ဦးလေးရယ်။ သမီးက တစ်ရာတန် ဘယ်လိုအမ်းမှာလဲ။ အဲဒီလို တစ်ရာတန်အမ်းနိုင်တဲ့အဆင့်ရှိလို့ကတော့ သမီးကွမ်းတောင်မရောင်းဘူး။ အခြားအနုပ်စွည်းလေတွေ ရောင်းမှာပေါ့ ဦးလေးရဲ့"

လို့ ပြောပါတယ်။

"အမ်းစရာမလိုပါဘူး သမီးရယ်။ အကုန်ယူထားလိုက်ပါ။ ကွမ်းတစ်ယာ ငွေတစ်ရာပေါ့။ ဟုတ်ဘူးလား"

ဆိုပြီး ထားခဲ့ပါတော့တယ်။

အမှန်တော့ ပလောင်ကျော်မှာ အနုတ်တွေပါပါတယ်။ သက်သက်ကြွားချင်လိုစိတ်နဲ့ တစ်ရာအုပ်ကိုထုတ်ပြီးကြွားလိုက်ခြင်းပါပဲ။ ပြီးတော့ ကောင်းမလေးနဲ့ နှိမ့်ချတဲ့အပြောကြောင့်လည်း တစ်ရာတန်ကို ရက်ရက်ရောရောပေးခဲ့ခြင်းပါပဲ။ ကွမ်းရောင်းတဲ့ ကောင်မလေးအနေနဲ့လည်း ဒါမျိုးလူ တစ်သက်မှာ တစ်ခါသာ ကြုံရမှာပါပဲ။ ဒါပေမယ့် ဘယ်သူလဲ၊ ဘယ်အရပ်ကလဲဆိုတာတော့ ဘယ်သောအခါမှသိနိုင်မှာမဟုတ်ပါဘူး။ ငွေတစ်ရာဆိုတာ ရွှေငါးမူးသားတန်ဖိုးရှိပါတယ်။ ခုခေတ် ငွေသုံးသိန်းခွဲကျော်ကျော်တန်ဖိုးရှိတာပါ။

**ရဟတ်ယာဉ်ဝယ်လိုသူ**

ရန်ကုန်လေဆိပ်ကို ရောက်တော့ လေဆိပ်မှာ ရဟတ်ယာဉ်တစ်စင်း ရပ်ထားတာ တွေ့ရပါတယ်။ ပလောင်ကျော်ဟာ မမြင်ဘူးတော့ ရဟတ်ယာဉ်ကို အသေအချာသွားကြည့်ပါတယ်။ အဲဒီရဟတ်ယာဉ်အနီးမှာ စစ်သားတွေ စောင့်နေတာပါ။

"ဆရာတို့၊ ကျွန်တော် ဒါမျိုးမမြင်ဘူးလို့ ကြည့်ပါရစေနော်"

ဆိုတော့ ရှိုးပုံရှိုးလက်နဲ့တောသားဆိုတာ မြင်မြင်ချင်းသိတော့ ကြည့်ခွင့်ကြုံပါတယ်။ အဲဒီမှာ စတိုင်ထုတ်တဲ့အနေနဲ့ ပိုးပုဆိုး၊ တိုက်ပုံအင်္ကျီ၊ ဘွတ်ဖိနပ်နဲ့ ဝတ်လာပြီး ခေါင်းမှာတော့ သက္ကလတ်ဦးထုပ်ဆောင်းထားပါတယ်။ လွယ်အိတ်နီနီကြီးလွယ်ထားပြီး လက်မှာလည်း ဆေးတံကို ဟန်ပါပါကိုင်ထားတာပါ။ ဆေးတံ ဆိုတာ သူတို့ခေတ်က အလွန်ခေတ်စားတာပါ။ ဆေးတံဖွာနေရင် ခေတ်မီတယ်လို့ ထင်ကြတဲ့ခေတ်ပါ။

"ဦးလေးကဘယ်အရပ်ကလဲ"

"မိုးကုတ်အနောက်ပိုင်း ကျောက်ပြဿဒ်ရွာကပါ။ ပလောင်ကျော်ဆိုရင် လူတိုင်းသိပါတယ်။ လာလည်လှည့်ပါ။ ငါ့တူတို့ကို ဦးလေးက ကြိုဆိုပါတယ်။ ဒါနဲ့ ငါ့တူ ဒါမျိုးတစ်စင်းကို ဘယ်လောက်ပေးရသလဲ"

ဆိုပြီး ဆေးတံနဲ့ခေါက်ပြီး မေးပါတယ်။

"ဦးလေးကဘာလုပ်မလို့လဲ"

"ရောင်းသူရှိရင် ဝယ်စီးချင်လို့ပါ ငါ့တူရာ"

လို့ အရင်းခံအတိုင်းပြောပြီး အဲဒီရဟတ်ယာဉ်နားက ခွာခဲ့ကြပါတယ်။ အဲဒီမှာ ခေါင်းကိုင်းတာက သူတို့ကိုခေါ်ခဲ့တဲ့ ဦးပဥ္စင်းပါ။

"ဒကာကြီး၊ ဘာတွေသွားပြောနေတာလဲ"

"အဲဒါမျိုးဝယ်လို့ရရင် ဝယ်စီးချင်တဲ့အကြောင်း ပြောနေတာပါ"

"ဒုက္ခပဲ။ အဲဒီလိုရဟတ်ယာဉ်တို့၊ လေယာဉ်တို့ဆိုတာ ဒကာကြီးတို့ ဘယ်လောက်ချမ်းသာချမ်းသာဝယ်ခွင့်မရှိဘူး ဒကာကြီးရဲ့။ ဒကာကြီးကို ဖမ်းမထားလိုက်တာ ကံကောင်းတယ်"

လို့ ဆူပါတယ်။

အဲဒီရဟတ်ယာဉ်ကို ဈေးမေးတဲ့ကိစ္စကအဲဒီမှာပြီးမသွားပါဘူး။ ပလောင်ကျော် ကျောက်ပြဿဒ်ကို ပြန်ရောက်တဲ့အခါ ကျောက်ပြဿဒ်သူကြီးဦးဘခင်ဆီကို ထောက်လှမ်းရေးတွေက လာရောက် မေးမြန်းတာကိုခံရပါတယ်။ ပလောင်ကျော်ဆိုတာ ဘယ်လောက်ချမ်းသာသလဲ၊ ဘာလို့ရဟတ်ယာဉ်ကိုဝယ်ဖို့မေးတာလဲဆိုတာတွေကိုပါ။

အဲဒီမှာ သူကြီးက ပလောင်ကျော်ဆိုတာ သူဌေးမဟုတ်ကြောင်း၊ တွင်းက အဆင်ပြေချိန်မှာ ဘုရားလှည့်လည်ဖူးတာဖြစ်ပြီး ခပ်ရှူးရှူးခပ်ပေါ်ပေါ်ဖြစ်ကြောင်း၊ ရဟတ်ယာဉ်ကို ဈေးမေးတယ်ဆိုတာလည်း ဘာမှမသိနားမလည်တာတစ်ကြောင်း၊ မမြင်ဘူးတာတစ်ကြောင်း၊ ကြွားလိုစိတ်ရှိတာတစ်ကြောင်းကြောင့် မေးတာဖြစ်ကြောင်း ကောင်းကောင်းမွန်မွန် ရေရေလည်လည် ရှင်းပြလိုက်ရပါတယ်။ အဲဒီကျမှ စိတ်မပြည့်သူကိုးဆိုပြီး ထောက်လှမ်းရေးတွေ ပြန်သွားကြပါတော့တယ်။

**မစီးသေးဘူးသောလူ**

"ဟေ့-ပေတလူ"

"ဘာလဲကွ"

"မင်းလှည်းစီးဖူးလား"

"တို့ဆီမှာ လှည်းမှမရှိတာ၊ ဘယ်စီးဘူးမှာလဲ"

"ငါကတော့ရွှေဘိုဘက်သွားလည်တုန်းက တောရွာတွေမှာ လှည်းစီးခဲ့ရတယ်။ ဒါဆို လှေကောစီးဖူးလား"

"လှေဆိုတာ ပိုဝေးတာပေါ့။ စီးဖူးဖို့မပြောနဲ့၊ မြင်တောင်မမြင်ဖူးဘူး"

"ငါ တောင်ကြီး၊ အင်းလေးမှာ လှေစီးခဲ့ဖူးတယ်။ မန္တလေးသွားတော့ သင်္ဘောစီးရတာလည်းရှိနေပြီ။ ရန်ကုန်သွားတာ လေယာဉ်ပျံနဲ့ သွားတော့ လေယာဉ်လည်းစီးဖူးပြီ။ ရန်ကုန်ကပြန်တော့ မီးရထားနဲ့ ပြန်တာ။ အဲဒါ မီးရထားလည်း စီးဖူးပြီ။ မြင်းလှည်း၊ ဆိုက်ကား အစုံစီးဖူးပါပြီကွ"

"အေးကွာ၊ မင်းကကံကောင်းတော့ကာ ကျောက်ရတိုင်း လျှောက်လည်နေတော့ အကုန်စီးဖူးတာပေါ့။ ငါကတော့ မိုးကုတ်မြို့ကလွဲရင် ဘယ်မှမရောက်ဖူးပါဘူးကွာ။ အဲဒီတော့ လိုင်းကားကလွဲရင် ဘာမှမစီးဖူးပါဘူးကွာ"

"ငါမစီးဘူးသေးတာရှိသေးတယ်ကွ"

"ဘာလဲ မသာထမ်းစင်တို့၊ မသာလှည်းတို့လား"

"ထွီ - ပါးစပ်ပုပ်ကြီးနဲ့ တော်စမ်းပါ။ ငါမစီးဘူးသေးတာက လူကွ လူ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ၊ မင်းက လူစီးချင်သေးတာလား"

"အေးလေကွာ၊ ပလောင်ကျော် မစီးဘူးသေးတာ လူပဲကျန်တာ။ ဘယ်လိုလဲ ဟော့ကောင်၊ မင်း ငါ့ကို ကျောပိုးမလား"

"မင်းကဘယ်လောက်ပေးမှာလဲ ဟော့ကောင်"

"မင်းက ငါ့ကိုနိုင်မှာလား"

"ပလောင်ကျော်ရာ၊ မင်းလို နံပိန်များ တစ်ယောက်မပြောနဲ့ နှစ်ယောက်တောင် ငါပိုးနိုင်တယ်။ ဘယ်လောက်ပေးမှာလဲသာပြော"

"ငါးဆယ်ကွာ"

"ငါးဆယ်ဆိုရင်တော့ မင်းအိမ်က နေပြီး စာသင်ကျောင်းနားအထိပဲရမယ် ကိုယ့်လူ"

"မင်းဟာက ရွာလယ်ပဲ ဆိုတော့ ပလောင်ကျော် လူစီးတာ လူတိုင်းမမြင်နိုင်ဘူးလေ။ ရွာအဆုံးဘုန်းကြီးကျောင်းအထိပိုးမှရမှာ"

"ဒါဆိုရင် တစ်ရာပေးရမယ်"

"တစ်ရာဆိုတော့ များတာပေါ့ဟ"

"အောင်မာ၊မင်းရန်ကုန်သွားတော့ ကွမ်းတစ်ယာတောင် တစ်ရာပေးပြီး စားခဲ့သေးတာ။ အခုဟာက ပေတလူ ချွေးထွက်အောင်ပိုးရမှာလေ။ ပြီးတော့ သိက္ခာဆိုတာရှိသေးတယ်ကွာ"

"ဘာသိက္ခာလဲ။ ပေတလူဘိန်းစား၊ ပလောင်ကျော် ဘိန်းစားဆိုတာ တစ်ရွာလုံး သိနေကြတာပဲကွာ"

"အေး - ငါလည်း ဘိန်းဖိုးမရှိလို့ ပိုးမှာနော်။ ကျောက်ရနေတဲ့အချိန်ဆို ဝေးပါသေးတယ်။ ဘယ်လိုလဲ၊ တစ်ရာပေးမှာလား"

"အေး - ပေးမယ်ကွာ"

"ကဲ - ဒါဆို ပိုက်ဆံအရင်ပေး"

"ကဲကဲ - ရော့ကွာ"

ဆိုပြီး ပလောင်ကျော်က အိတ်ကပ်ထဲကထုတ်ပြီး တစ်ရာတန်တစ်ရွက် ပေးလိုက်ပါတယ်။ ပေတလူ ဆိုတာက အသားနည်းနည်းညိုပြီး ဗလကောင်းသူတစ်ဦးပါ။ ပလောင်ကျော်နဲ့ ငယ်သူငယ်ချင်းတွေဖြစ်သလို အရက်သောက်ဖက်၊ ဘိန်းရှူဖက်တွေ ဖြစ်ပါတယ်။

"ကဲ - ပလောင်ကျော်၊ ငါ့ကျောပေါ်တက်"

ဆိုပြီး ထိုင်ပေးလိုက်တော့ ကလေးတွေ ကုန်းပိုးစီးသလို ပေတလူရဲ့ ကျောပေါ်တက်လိုက်ပါတယ်။ပလောင်ကျော်က ခပ်ပိန်ပိန်ဆိုတော့ ပေတလူက အလွယ်တကူပဲ ကျောပိုးပြီး သယ်သွားပါတယ်။ အဲဒီလိုလုပ်နေတာကို လူတွေက အထူးအဆန်းဝိုင်းကြည့်ကြပါတယ်။

"ပလောင်ကျော် လူစီးလာတယ်ဟေ့"

လို့ လမ်းသွားလမ်းလာတွေကို ပလောင်ကျော်က အော်ပြောပါသေးတယ်။ ရယ်စရာမို့ လူတွေဝိုင်းရယ်ကြပါတယ်။ ရွာမြောက်ဖျား သူ့အိမ်နားကနေ ရွာတောင်ဖျားဘုန်းကြီးကျောင်းနားအထိ စီးတာပါ။ ပလောင်ကျော် လူစီးတာကလည်း ပြောစမှတ်တစ်ခုတွင်ရစ်ပါတယ်။

**အရက်နဲ့ခြေဆေးခြင်း**

ပလောင်ကျော် ကျောက်ကြာတွေ ပေါက်တဲ့အခါ သူဌေးတွေနဲ့ပေါင်းဖက်တွေ့ပြီး မကြာမကြာဆိုသလို စားသောက်ဆိုင်တွေမှာ အရက်အတူသောက်ဖြစ်ကြပါတယ်။ ဒီအခါမျိုးတွေမှာ လက်ဖွာတဲ့ ပလောင်ကျော်ကသာ အများအားဖြင့် ဒကာလုပ်လေ့ရှိပါတယ်။

တော်လှန်ရေးအစိုးရတက်လာတဲ့အခါ မိုးကုတ်ကျောက်တွင်းတွေ ပြည်သူပိုင်သိမ်းတာကြောင့် လိုင်စင်တွင်းတွေ ရပ်နားကုန်ပါတယ်။ အဲဒီအခါမှာ ပလောင်ကျော်လည်း အခြေအနေမကောင်းပါဘူး။ သာမန်လက်လုပ်လက်စား ကျောက်တွင်းသမားဘဝကို ရောက်ရပြန်ပါတယ်။

လိုင်စင်ခေတ်ကလို ဒါင့်ါတွင်း၊ ဒါင့်ါရေယာလို့ သတ်မှတ်စရာမရှိတော့ဘဲ ဆင်းရဲသားတွင်းသမားတွေ ကြိုက်တဲ့နေရာမှာလုပ်တဲ့ခေတ်ကို ရောက်သွားခဲ့ပါတယ်။ ပလောင်ကျော်လည်း အများနည်းတူ လိုင်စင်တွင်းပျောက်ခဲ့ရပါပြီ။ သူများလိုပဲ ကြုံရာကျပန်းလုပ်စားရပါတယ်။ သူ့နေရာမှာက နာမည်ကြီးတော့ လူတွေ ဝက်ထိုးသလိုထိုးလှန်ပစ်ကြပါပြီ။ ကိုယ်လုပ်ချင်တဲ့နေရာမှာ လုပ်ကြရတဲ့ မှောင်ခိုခေတ်ကြီးပါပဲ။

ဥပုသ်နေ့ဆိုတာ တွင်းနားရက်ဖြစ်လေတော့ တောသားတွေ မြို့တက်တဲ့နေ့ပါ။ အဲဒီနေ့မှာ ဆံပင်ညှပ်၊ ရုပ်ရှင်ကြည့်ကြ၊ အရက်သောက်ကြ၊ ခေါက်ဆွဲစားကြ၊ အဝတ်ဝယ်ကြနဲ့ ကျပ်ပြင်မှာ အလွန်စည်ကားပါတယ်။

ပလောင်ကျော်လည်း ထုံးစံအတိုင်း လွယ်အိတ်တစ်လုံးလွယ်ပြီး ကျပ်ပြင်တက်ခဲ့ပါတယ်။ အရက်သောက်ပြီး ခေါက်ဆွဲကြော် စားချင်တာကြောင့် နာမည်ကြီး စားနေကျ ကောင်းဦးဘာရပ်ကွက်က တရုတ်ဆိုင်ကို လာခဲ့ပါတယ်။ အဲဒီဆိုင်ဟာ ကျပ်ပြင်မှာ အစားအသောက်မျိုးစုံ၊ အရက်မျိုးစုံရတဲ့ဆိုင်ပါ။ ချောင်ကျပေမယ့် အစားအသောက်ကောင်းလို့ လူအမြဲစည်တဲ့ဆိုင်ပါ။

ဆိုင်ထဲကိုဝင်လိုက်တယ်ဆိုရင်ပဲ အရင်က သူနဲ့သောက်ဖော်သောက်ဖက် သူဌေးတွေ ဝိုင်းထိုင်နေတာ တွေ့ရပါတယ်။ အရင်တုန်းက သူကျောက်ကြောတွေပေါက်ပြီး ချမ်းသာစဉ်ဘဝကဆိုရင် 'ဟာ-ကိုပလောင်ကျော်ပါလား။ လာဗျာ ကျွန်တော်တို့နဲ့ ထိုင်' ဆိုပြီး ဖက်လဲတကင်း ကြိုဆိုကြတာပါ။ ခုတော့ သူဝင်လာတာကို လှည့်ကြည့်ပြီး တစ်ဦးကမှ သူ့ကို မခေါ်ပါဘူး။ ပလောင်ကျော်ဆိုတာကလည်း မာနနဲ့ပါ။ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ အရက်ကောင်တာကို သွားပါတယ်။ ပြီးတော့ သူဌေးတွေ သောက်နေတဲ့ ရမ်အရက်မျိုးနှစ်ပုလင်း ဝယ်ယူပြီး ဖွင့်လိုက်ပါတယ်။

"မင်းတို့တစ်တွေသောက်တဲ့ ရမ်လောက်တော့ ပလောင်ကျော်တို့က ခြေဆေးနိုင်ပါတယ်ကွ"

လို့ ပြောပြီး ရမ်နှစ်ပုလင်းနဲ့ ခြေထောက်ဘယ်၊ညာဆေးပြီး ထွက်သွားပါတော့တယ်။ သူဌေးတွေ မခံချိမခံသာ ကျန်ရစ်ခဲ့ကြလေရဲ့။

**တစ်ဆိုင်လုံးဝယ်ခြင်း**

ပလောင်ကျော် ဆိုတာ ကြောင်ကြာကြာ ရေမငုပ်သလို ကံလည်း ကြာကြာ မငုပ်ပါဘူး။ ကျောက်ကြီးရလိုက်၊ သုံးလိုက်၊ ဖြုန်းလိုက်၊ ကုန်လိုက်နဲ့ သားသမီးငါးယောက်တောင် အတော်အရွယ်ရောက်ခဲ့ပါပြီ။

လူတွေရဲ့ ဖြေဖျော်ရာအဖြစ် ဦးစွာ ရေဒီယို ပေါ်ခဲ့တာပါ။ တော်လှန်ရေးအစိုးခေတ်မှာပဲ တိပ်ကြိုးခွေနဲ့ဖွင့်ရတဲ့ ကက်ဆက်ခေတ်ကို ရောက်ခဲ့ပါတယ်။ ကျောက်ကြီးကျောက်ကောင်းရလာတယ်ဆိုရင် ဦးစွာဝယ်ကြတာက ကက်ဆက်ပါ။ ဓာတ်ခဲမတတ်နိုင်တော့ ဘက်ထရီနဲ့ ဖွင့်ကြပါတယ်။ ဘက်ထရီကို ကျပ်ပြင်မှာတက်ပြီးသွင်းရတဲ့အချိန်ပါ။

အိမ်တိုင်းမှာ ကျောက်ကြီးရမှ အကဲခတ်နိုင်တာတစ်ခု ရှိတယ်။ ဆို တစ်အိမ်က ကက်ဆက်သံကြားရင် အဲဒါ ကျောက်ရလို့ပါပဲ။ ပလောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ည်း ကျောက်ရတော့ကာ အများနည်း ခေတ်မီအောင် ကက်ဆက်ဝယ်ပါ တယ်။

ကက်ဆက်ဝယ်ပြန်ပြီ ဆိုတော့ ည်း အိမ်တစ်အိမ်မှာ လူကြီးရှိတယ်၊ လေးရှိတယ်။ ဒီတော့ လူကြီးကြိုက်၊ လေးကြိုက်ဆိုပြီးတော့ ခွဲခြားရှိပြန် တယ်၊ လူကြီးက မြန်မာသံစဉ်တွေ ကြိုက်တယ်။ ခေတ်လူငယ်တွေက ခေတ်ပေါ်သံစဉ်တွေကြိုက်တယ်။

ဥပုသ်တစ်ရက်မှာ ပလောင်ကျော် တ်မြို့ဈေးကြီးထဲကို ရောက်ပါ တယ်။ သူလာရင်းကိစ္စက မြန်မာသံဖြစ် တဲ့ ကက်ဆက်ခွေတွေ ဝယ်ချင်လို့ပါ။ ဈေးအရှေ့ဘက်တိုက်တန်းက ကက်ဆက်ခွေဆိုင်ကို ရောက်ခဲ့ပါတယ်။ ဆိုင်ရှင်က တရုတ်ပါ။

"ဒီမှာ မောင်ရင်၊ ကက်ဆက်ခွေ ဝယ်ချင်လို့။ အဲဒါ မာမာအေးတို့၊ ချို့ပြုံး တို့ ခင်ညွန့်ရီတို့၊ ပြီးတော့ ယောကျ်ားထဲ ကလည်း ကိုသန်းလှိုင်၊ မောင်မောင်ကြီး၊ ကိုမင်းနောင် စတဲ့လူတွေပေါ့ကွာ။ မြန် မာသံစစ်စစ်ခွေတွေရချင်တယ်။ အဲဒါ တွေ ရွေးပေးကာ"

"မြန်မာသံစဉ်သီချင်းတွေက အ များကြီးပဲ ဦးလေးရ။ နေပါဦး၊ အဲဒီ လောက်များတော့ ဦးလေးက ဝယ်နိုင် ပါ့မလားလို့"

"ဟေ့ကောင်၊ မင်းဘာပြောတာ လဲ"

"ဟုတ်တယ်လေ။ မြန်မာသံစဉ် သီချင်းတွေ စုလိုက်ရင် ခွေပေါင်းရာချီ အောင်ရှိနိုင်တယ်။ ဦးလေးမဝယ်နိုင်မှာ စိုးလို့ပါ"

"မင်း ပလောင်ကျော် ဆိုတာ ကြားဖူးဘူးထင်တယ်"

"ဟုတ်ကဲ့၊ မကြားဖူးပါဘူး"

"ကဲ - မင်းတို့ဆိုင်ထဲမှာ ရှိသမျှ ခွေတွေ ငါအကုန်ဝယ်မယ်။ ရေတွက်ပြီး ခြင်းတောင်းထဲထည့်ပေးပေတော့"

"ဟာ - ဟုတ်ရဲ့လား ဦးလေးရာ။ တစ်ဆိုင်လုံးဆို နည်းတာ မဟုတ်ဘူး နော်"

"ဟေ့-ထည့်ဆိုထည့်ကွာ။ အသေ အချာရေတွက်ပြီးထည့်ပြီးမှ ဈေးနှုန်း ဘယ်လောက်ကျတယ်ဆိုတာ ငါ့ကို ပြော"

"ကဲ - ဒါဆို၊ ထည့်မယ်ဗျာ"

ဆိုပြီး တရုတ်က ကြိမ်ဈေးခြင်း တောင်းထဲ ရေတွက်ပြီးထည့်ပါတယ်။ ကြိမ်ခြင်းတောင်းကြီး နှစ်လုံးပြည့်မှ ကုန် ပါတယ်။ ပြီးမှ တရုတ်က ကျသင့်ငွေ တွက်ပါတယ်။ တရုတ်ကတော့ ထိ ပေါက်သလိုကို ပျော်ရွှင်နေတာပါ။ တရုတ်ပြောတဲ့ ကျသင့်ငွေကို လွယ် အိတ်ထဲက ထုတ်ပေးလိုက်တော့တာပါ ပဲ။

လူပုံက ပေစုတ်စုတ်၊ အဝတ်က ခပ်နွမ်းနွမ်း၊ မုတ်ဆိတ်ပါးမြိုင်းမွေးက ထိုးထိုးထောင်ထောင်၊ လွယ်အိတ်ကြီး လွယ်ထားလေတော့ အထင်ကြီးစရာ တစ်စက်မှမရှိပါဘူး။ အဲဒါကြောင့်လည်း တရုတ်က အထင်သေးစကားဆိုခြင်းပါ။ ဒါပေမယ့် အဲဒီအထင်သေးစကားက အဆိုကောင်းကြီးဖြစ်နေပါတယ်။ သူ့ တစ်သက် ဆိုင်လုံးကျွတ်ရောင်းလိုက်ရ တယ်ဆိုတာ ဒီတစ်ခါသာ ကြုံဖူးမှာပါ။ တရုတ်က ငွေတွေရေတွက်ပြီး ကျေနပ် စွာနဲ့ -

"ခုလို အားပေးတာ ကျေးဇူးတင် ပါတယ်"

လို့ ပြောတော့-

"မင်း ကျေးဇူးတင်စရာ မလိုဘူး။ ပလောင်ကျော်ဆိုတာ ကျောက်ပြဿဒ် မှာ နေတယ်ဆိုတာ သိရင်တော်ပြီ"

လို့ ပြောပြီး ခြင်းကြီးနှစ်လုံးကို နင့် နေအောင်ဆွဲပြီး ကျောက်ပြဿဒ်က ကားရပ်ထားတဲ့ ဈေးတောင်ဘက်ကို ထွက်သွားပါတော့တယ်။

အိမ်ရောက်တော့ ကက်ဆက်ခွေ ခြင်းကြီးနှစ်လုံးအပြည့် ဝယ်လာတာကို ကြည့်ပြီး မိသားစုတွေ အံ့ဩရပါတော့ တယ်။ အဲဒီအထဲမှာ ကြာနီကန်တရား ခွေတွေရော၊ ပရိတ်ပဋ္ဌာန်းခွေတွေရော၊ မြန်မာအသံနဲ့ ခေတ်သစ်မြန်မာသံတွေ ရော၊ တရုတ်ခွေ၊ ကုလားခွေ၊ ကိုရီးယား ခွေတွေပါ အစုံပါလာတော့ မိသားစု တွေ ပျော်ရွှင်ရယ်မောကြရပါတယ်။ ပလောင်ကျော်ဆိုတာ အဲဒီလို တစ်ဇွတ် ထိုးလုပ်တတ်လေ့ရှိတာပါ။

**စိတ်ကောင်းနှလုံးကောင်း**

သားဖြစ်သူ ဇော်ဝင်း အရွယ် ရောက်လာတော့ ကျောက်ပြဿဒ်နဲ့ ကျပ်ပြင်-မိုးကုတ်ပြေးတဲ့ ဂျစ်ကားလေး ဝယ်ပေးထားပါတယ်။ ကိုယ်ပိုင်ကားရှိ နေတော့ကာ ပလောင်ကျော်လည်း ကြာကြာတစ်ခါဆိုတာလို ကျပ်ပြင်နဲ့ မိုး ကုတ်ကို ရောက်လေ့ရှိပါတယ်။

"တောသားမြို့ရောက် ကော်ဖီ သောက်လို့ အဆိုရှိပေမယ့် မိုးကုတ်က တောလူတွေကတော့ ကော်ဖီအသောက် နည်းပြီး ခေါက်ဆွဲစားကြတဲ့ဓလေ့ရှိပါ တယ်။ ခေါက်ဆွဲက ဂျုံခေါက်ဆွဲနဲ့ ဆန် စေး၊ ဆန်ဖွယ်ဆိုပြီးရှိပါတယ်။ ဆန်စေး၊ ဆန်ဖွယ်ဆိုတာကို ရှမ်းခေါက်ဆွဲလို့ ခေါ်ကြပါတယ်။ ဆန်နဲ့လုပ်တာပါ။

ပလောင်ကျော်တို့ သားအဖက မြို့ရောက်တိုင်း ခေါက်ဆွဲစားလေ့ ရှိပါ တယ်။ အဲဒီလို ခေါက်ဆွဲစားတော့မယ် ဆိုရင် ပလောင်ကျော်က လူအရှင်းဆုံး ဆိုင်ကို သူ့သားကို ခေါ်သွားတတ်ပါ တယ်။

"အဖေရာ၊ အဲဒီဆိုင်က စားလို့ မကောင်းဘူး အဖေရဲ့ မကောင်းလို့ သူ များမစားတာပေါ့"

"မဟုတ်ပါဘူး သားရယ်၊ စားလို့ ကောင်းပါတယ်။ သူ့ခမျာ အကျိုးပေး နည်းတာပါကွာ။ ဒီလိုပဲ သားရဲ့ ကံဆို တာ ကျောက်တွင်းအလုပ်မပြောနဲ့။ စားစရာရောင်းတဲ့ဆိုင်တောင် ကံ ကောင်းတဲ့ဆိုင်မှ လူအုံတာ။ သိပ် မရောင်းရတဲ့ဆိုင်အားပေးတော့ အဖေ တို့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတာ ပေါ့ကွာ ဟုတ်ဖူးလား။ လူတွေအုံနေ တဲ့ဆိုင်လည်း ဒီခေါက်ဆွဲပါပဲကွာ"

လို့ ပြောတတ်ပါတယ်။ အမှန် တော့ မရောင်းရတဲ့ဆိုင်ကို သနားလို့ ကူ ညီခြင်းပါပဲ။ စားပြီးရင် ပါဆယ် (၁၂) ထုပ်လောက် မှာလိုက်ပါသေးတယ်။ ဒါ က ဆိုင်ကိုသက်သက်အားပေးတာပါ။

"အဖေရယ်၊ အိမ်မှာက (၆) ယောက်ပဲ ရှိတာလေ"

"တစ်ယောက် နှစ်ထုပ်နှုန်းပေါ့ ကွာ။ မစားချင်တော့လည်း သူများအိမ် လက်ဆောင်ပေးတာပေါ့ကွာ"

လို့ ပြောလေ့ရှိပါတယ်။

အမှန်တကယ်လည်း အိမ်နီးချင်း တွေကို ခေါက်ဆွဲပါဆယ်ထုပ် လက် ဆောင်ပေးရတာ မကြာခဏပါ။ လမ်း သွားရင်းလာရင်း ဖိနပ်ပြတ်တာတွေ့ရင် ဝယ်ပေးပြီးကုသိုလ်ယူတယ်။ ဖိနပ်မပါ တဲ့ ကလေးတွေမြင်ရင် လမ်းဘေးဆိုင် ကနေ ဝယ်ပေးတတ်ပါတယ်။ သူများ အခက်အခဲရှိရင်ကူညီတတ်တယ်။ ဒါက ပလောင်ကျော်ရဲ့ စိတ်ကောင်းနှလုံး ကောင်းထားတတ်မှုပါ။

**ကျောက်ကြောရှာဖွေပေးခြင်း**

တော်လှန်ရေးအစိုးရ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ တစ် တွင်းသမဝါယမကျောက်မျက်တူးဖော် ရေးဆိုပြီး သတ်ကြီးစစ်သားတွေ

www.burmeseclassic.com

www.burmeseclassic.com

အသက်ငယ်သော်လည်း ထိခိုက်ရှနာဖြစ်ထားသူတွေ မိုးကုတ်ကို ကျောက်တူးဖို့ ရောက်လာခဲ့ပါတယ်။

စစ်သားဆိုတာက စစ်တိုက်တဲ့နေရာမှာသာ ကျွမ်းတာပါ။ ကျောက်တူးဖို့ကျတော့ ဒေသခံတွေကို အားကိုးခိုင်းစေပြီး တွင်းပညာသင်ယူကြရပါတယ်။ ကျောက်ကြော၊ ဖြူန်းကြောရှိနိုင်တဲ့ နေရာတွေကို ချော့မော့ပြီး ပြခိုင်းကြပါတယ်။ သူတို့က သူစိမ်းတွေကိုး။ ဘယ်နားဘာရှိတယ်ဘာသိမှာလဲ။ မိမိတို့ဒေသအကြောင်း ရေခံမြေခံနေတဲ့လူတွေမှ သိကြတာပါ။

ကျောက်ပြဿဒ်မှာ ရှိနေတဲ့ ကျောက်မျက်တပ်ခွဲကတော့ သူရိန်တောင်တန်းကြီးပေါ်က ပေါ်တော်မူကျောက်ကြောတွေကို ရာဇဝင်အရအလွန်ပဲ စိတ်ဝင်စားကြတာကြောင့် နာမည်ကြီးတဲ့ ပလောင်ကျော်ကို တွင်းဆရာအဖြစ် ခန့်အပ်ပြီး လုပ်ကိုင်စေပါတယ်။

အပေါ်ယံထုံးပျော့ကြောတွေမှာ ကျောက်ကြောရှိသော်လည်း ခေတ်အဆက်ဆက် သူဌေးတွေလုပ်ကိုင်လာတာကြောင့် ကျောက်ကြောအတော်ရှားပါးနေပါပြီ။ အောက်ခြေစကျင်အခံကြောမှာ ကျောက်ထွက်နိုင်တယ်ဆိုပြီး နိမ့်တဲ့မြောက်ဘက်စောင်းကနေ အောက်ခြေစကျင်အခံကျောက်အထိ အင်းပြဖြဲကာ အခြေခံစကျင်ကြောကိုစတင်ခွဲပါတယ်။

ကံကောင်းချင်တော့ နီလာကြောကြီးကို စကျင်ကျောက်ထဲမှာ တွေ့ရတော့တာပါပဲ။ အရည်အသွေးနဲ့အသားကောင်းသော်လည်း အများအားဖြင့် မြင်းမြီးရိုက်လို့ခေါ်တဲ့ မြင်းမြီးသဏ္ဍာန်အမည်းမျှင်လေးတွေ ပါတတ်ကြပါတယ်။ အရွယ်အစားလည်း ကြီးကြပါတယ်။

အဲဒီမှာ ပလောင်ကျော်ကနာမည်အရမ်းကြီးသွားခဲ့ပါတယ်။ မျောတိုက်သူတွေဟာ စကျင်ကျောက်ကို အခံလုပ်သွားကြတာပါ။ ဒီလိုစကျင်ထဲမှာ နီလာကြောရှိမယ်လို့ ဘယ်သူမှမခန့်မှန်းခဲ့ပေမယ့် တွင်းလုပ်ရာမှာ ရေကြော၊ မြေကြောကို နားလည်ခန့်မှန်းတတ်တဲ့ ပလောင်ကျော်ကြောင့် တပ်ရင်းရုံးကို နီလာများ အပ်နိုင်ခဲ့ပါတယ်။ အဲဒီမှာ ပလောင်ကျော်လည်း အတော်လေးကို အဆင်ပြေပါတယ်။

လောကမှာ အဖျက်သဘောဆိုတာရှိတယ်။ ပလောင်ကျော်ကောင်းစားနေတာကို မရှုဆိတ်နိုင်ဘဲ ပလောင်ကျော်ရဲ့နေရာကို ရယူလိုသူက ပေါ်တော်မူတွင်းတာဝန်ခံကို ကုန်းချောစကားဆိုပါတယ်။ ပလောင်ကျော်က သူ့သားတွေနဲ့ပေါင်းပြီး ကျောက်ကြောကို ဘယ်လိုခိုးတယ်၊ ဘယ်မှာရောင်းတယ်၊ ဘယ်လောက်ရတယ် စသည်ဖြင့် ပေါ့လေ ကုန်းချောဖန်များတဲ့အခါ တာဝန်ခံက နားယောင်ပြီး ပလောင်ကျော်ကို တွင်းဆရာရာထူးက ဖြုတ်ချခဲ့ပါတယ်။

ဖြစ်ချင်တော့ အဲဒီလူကို ကျင်းဆရာခန့်ပြီး သိပ်မကြာလိုက်ပါဘူး။ ကျောက်ကြောကြီးပျောက်ကွယ်သွားပါတော့တယ်။ ကျောက်ကြောက စကျင်ကျောက်ကမ်းပါးကြီးကို လမ်းခွဲပြီးဝင်သွားရတာပါ။ အဲဒီမှာ တွင်းတာဝန်ခံခေါင်းကိုက်ရပါပြီ။ ဘာလို့လဲဆိုတော့ နေ့စဉ် ကာရက်ပေါင်းများစွာအပ်နိုင်တဲ့ တွင်းဟာ လုံးဝမအပ်နိုင်တော့လို့ပါဘဲ။

ရက်ပေါင်းအတော်ကြာ ရှေ့မှာခွဲပြီး ဘယ်လိုဝင်သွားပေမယ့် ကျောက်ကြောအစအနတောင် မမြင်ရတော့ပါဘူး။ တပ်ရင်းမှူးက တွင်းတာဝန်ခံကို မေးမြန်းစစ်ဆေးတဲ့အခါ အဖြစ်မှန်တွေပြောပြရပါတယ်။ အဖြစ်မှန်တွေသိတဲ့အခါ ရေကြော၊ မြေကြောနားလည်တဲ့ ပလောင်ကျော်ကိုပဲ ကျင်းဆရာပြန်ခန့်ဖို့ ညွှန်ကြားပါတယ်။

အဲဒါနဲ့ပဲ တာဝန်ခံကိုယ်တိုင် ပလောင်ကျော်အိမ်ကိုသွားပြီး အမျိုးမျိုးတောင်းပန်ကာ တွင်းဆရာပြန်လုပ်ပေးဖို့ပြောဆိုရပါတယ်။ သူ့မာနကို ပလောင်ကျော်မချလိုတာကြောင့် တော်ပြီ၊ တွင်းဆရာမလုပ်တော့ဘူးလို့ အကြိမ်ကြိမ်ပြောလွှတ်လေ့ ရှိပါတယ်။

နောက်ဆုံးကျတော့လည်း အားနာလာတာကြောင့် ကျင်းဆရာပြန်လုပ်ပေးပါ့မယ်လို့ ကတိပေးလိုက်ရပါတော့တယ်။ ဘာလို့လဲဆိုတော့ နေ့စဉ်အတူနေလာကြတာဆိုတော့ မိသားစုတွေလိုရင်းနှီးနေတာကြောင့်ပါ။ နေ့ကောင်းရက်သာရွေးပြီး ပလောင်ကျော် တွင်းစဆင်းပါတယ်။

တွင်းစဆင်းတဲ့အခါ တွင်းထဲက အခြေအနေတွေကိုဆင်းကြည့်ပါတယ်။ ပြီးတော့မှ တွင်းဝမှာထိုင်ပြီး ချိန်ကြည့်နေပြန်ပါတယ်။ ပြီးမှ ဒီနေရာခွဲဆိုပြီး တွင်းရဲ့ ခေါင်မိုးပိုင်းကို စခွဲခိုင်းပါတယ်။ ခွဲချလိုက်တယ်ဆိုရင်ပဲ စကျင်ကျောက်သားမှာ နီလာကြောပြန်ပါလာတော့တာပါပဲ။ ပလောင်ကျော်စဝင်တဲ့နေ့မှာပဲ ကျောက်မျက်တပ်ရင်းရုံးကို ကျောက်တွေအပ်နိုင်ခဲ့တာကြောင့် ပလောင်ကျော်ဟာ ပိုပြီးနာမည်ကြီးခဲ့ပါတယ်။

အမှန်တော့ သူတို့ဟာ အောက်ထဲကို စိုက်ဝင်ပြီးခွဲသွားတာကြောင့် ကျောက်ကြောက အပေါ်မှာကျန်နေခြင်းပါပဲ။ ပလောင်ကျော် ဆိုတာ သူ့အတွက်သာ မဟုတ်ပါဘူး။ ကျောက်မျက်မိသားစုတပ်ရင်းအတွက်ပါ ကျောက်ကြောတွေ ရှာဖွေပေးခဲ့သူပါ။

ခုတော့ ရှေးလူတွေ ဆုံးပါးကုန်ခဲ့ကြပါပြီ။ သူတို့ရဲ့ ပုံရိပ်တွေ မြင်ယောင်ဆဲရှိသလို သူတို့ရဲ့ ပြောစမှတ်တွေလည်း ပြန်လည်ကြားယောင်နေဆဲပါ။ ကျွန်တော်တို့ငယ်ငယ်က ပလောင်ကျော်ဆိုတော့ ကျွန်တော်တောင် (၆၇) နှစ်ရှိပြီဆိုတော့ ကွယ်လွန်ကုန်ကြတာ ကြာပါပြီ။

**လွမ်းလွမ်းဆွေးဆွေး**

၈ - ၈ - ၂၀၁၃ မှာ ကျွန်တော် ကျောက်ဖျာနဲ့ ကျောက်ပြဿဒ်ကို အလည်ရောက်ပါတယ်။ ကျောက်ဖျာက ကျွန်တော့်ကျေးဇူးရှင်ကိုဘစိုးနဲ့ ကိုကျော်တင်တို့အိမ်တွေမှာ တည်းခိုပါတယ်။

မတွေ့ရတာကြာတော့ အားလုံးဝမ်းမြောက်ဝမ်းသာရှိကြပါတယ်။ ကျွန်တော်မရှိတဲ့နောက်ပိုင်း ကျောက်ဖျာမှာ ကျောက်ဖျာကျောင်းက ရန်ပြေမာန်ပြေ ရှစ်မျက်နှာ စေတီတော်ကြီးအတွက် ရင်ပြင်တော် စသည်များ တိုးချဲ့တည်ဆောက်ထားတာကို ကျော်သန်းကလိုက်ပြပါတယ်။ ကျွန်တော်မရှိတဲ့နောက် ကျော်သန်းက ဦးဆောင်ကောင်းဖြစ်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုရပါတယ်။

မိုးတွေ မပြတ်ရွာနေတာကြောင့် ကျောက်ဖျာရွာမှာ (၂) ညအိပ်ပြီး (၃) ရက်မြောက်နေ့မှာ ကျောက်ပြဿဒ်က ပလောင်ကျော်ရဲ့သား မောင်ဇော်ဝင်း ဆိုင်ကယ်နဲ့ မိုးကုတ်ကို ပြန်ခဲ့ပါတယ်။ လမ်းမှာ ပလောင်ကျော်အကြောင်းလေးတွေ ပြောဖြစ်ကြပါတယ်။ အဲဒီအခါ မောင်ဇော်ဝင်း လွမ်းလွမ်းဆွေးဆွေး ခံစားရမှာဖြစ်သလို ကျွန်တော်လည်း လွမ်းလွမ်းဆွေးဆွေး ခံစားရပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

လွန်လေပြီးသောအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးထံသို့ စူဠသူဌေးကြီးသည် မကြာခဏဝင်ရောက်ခစားလေ့ရှိသည်။ သူသည် နက္ခတ်ပညာ၌ ဝါသနာထုံသူတစ်ဦး ဖြစ်သည်။ တစ်နေ့သ၌ စူဠသူဌေးကြီးသည် မင်းကြီးထံခစားရန် ရွှေနန်းတော်သို့သွားရောက်စဉ် လမ်းခုလတ်၌ ကြွက်သေတစ်ခုကို တွေ့သဖြင့် ဝါသနာအတိုင်း ယှဉ်ကြိုက်နေသောနက္ခတ်ကိုကြည့်ပြီး -

"အခုအချိန်မှာ တစ်စုံတစ်ယောက်သောသူဟာ ဤကြွက်သေကို အရင်းပြုပြီး အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက ကြီးပွားချမ်းသာနိုင်တယ်"

လို့ ရေရွတ်ပြောဆိုလျက် သူ့ခရီးကို သူဆက်သွားလေသည်။

ထိုစကားကို အနီးအနားရှိ ဉာဏ်အမြော်အမြင်ရှိသော ဆင်းရဲသားတစ်ဦးက ကြားသော် ထိုကြွက်သေကိုယူပြီး ကြောင်စာလိုနေသူကို နှစ်အသပြာနှင့် ရောင်းသည်။ တစ်အသပြာနှင့် တင်လဲသကာကို ဝယ်ယူပြီး ကျန်တစ်အသပြာဖြင့် ရေဝယ်ယူကာ တောမှလာသော ပန်းသည်များကို ထိုရေနှင့် တင်လဲသကာများကို ပေးကျွေး၍ ပန်းအနည်းငယ်စီ တောင်းခံသည်။ ထိုမှရသောပန်းများကို ပြန်ရောင်းသော် ရှစ်အသပြာရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လေပြင်းဒဏ်ကြောင့် ကျိုးပဲ့ကြွေကျရှုပ်ပွနေသော ဘုရင့်ဥယျာဉ်အတွင်းရှိသစ်ကိုင်းသစ်ရွက်များကို ရှင်းလင်းခွင့်ပြုရန် ဥယျာဉ်မှူးထံ တောင်းခံပြီး ကလေးများ

# ဖုန်းရှိအောင်

## နက္ခတ်တို့၏ထူးခြားချက်၊ နက္ခတ်တို့၏လျှို့ဝှက်ချက်



www.burmeseclassic.com

ကို ခေါ်ယူကာ တင်လဲသကာများပေး ကျွေးပြီး ထိုသစ်ကိုင်းသစ်ရွက်များကို ရှင်းလင်းစေပြီး အိုးထိန်းသည်များကို ၎င်းတို့အား ရောင်းချလိုက်သည်။ ယင်းမှရသော ငွေကြေးဖြင့် မြက်ရိပ်သမားများထံမှ မြက်များကို ဝယ်ယူကာ တိုင်းတစ်ပါးမှလာသော မြင်းကုန်သည်များကို ရောင်းချသည်။ ထိုဆင်းရဲသားသို့ကလိုအစပြုရင်းဖြင့် ပွဲကြို၊ ပွဲစားအလုပ်ကို ဆက်လက်လုပ်ဆောင်လာရာ လေးလအတွင်းတွင် ငွေကြေးမနေ လေးသိန်းရရှိခဲ့လေသည်။

သူသည် စူဠသူဌေးကြီး၏ စကားတစ်ခွန်းဖြင့် ဤသို့ ငွေကြေးရရှိလာသည့်အတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် သူသည် စူဠသူဌေးကြီးအား ငွေကြေးတစ်သိန်းဖြင့် သွားရောက် ပူဇော်လေသည်။ သူဌေးကြီးကလည်း သူ၏လုပ်ရည်ကြံရည်ကို သဘောကျသွားသဖြင့် သူ့သမီးနှင့် ပေးစားလိုက်လေသည်။ ဤကား ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဧကနိပါတ် စူဠသေဋ္ဌိဇာတ်တော်လာပင် ဖြစ်သည်။

တစ်ခါ ဧကနိပါတ် ဝေဒဗ္ဗဇာတ်တော်၌လည်း ဤသို့ဆိုထားပြန်သည်။

ရှေးသရောအခါ ရတနာမိုးရွာစေတတ်သော ဝေဒဗ္ဗမန္တန်ကို တတ်မြောက်သော ပုဏ္ဏားကြီးနှင့် သူ့တပည့် ဘုရားလောင်း လုလင်ပျိုတို့နှစ်ဦးတို့ တောလမ်းခရီးဖြင့် ခရီးသွားကြစဉ် လက်ခုလတ်တွင် ခိုးသားဓားပြအုပ်စုတစ်စုနှင့် တွေ့ဆုံလေသည်။ ထိုသူတို့သည် ပြန်ပေးဓားပြများဖြစ်ကြပြီး သူတို့ဖမ်းမိသော လူနှစ်ဦးမှ တစ်ဦးအား ပြန်လွှတ်ပေးပြီး ဖမ်းထားသော ကျန်တစ်ဦးကို ပြန်လွှတ်ရန်အတွက် ဥစ္စာမနေများ လာရောက်ပေးဆောင်ရန် ဥစ္စာမနေရှာဖွေစေခိုင်းလိုက်လေ့ရှိသည်။အကယ်၍ ထိုသူ့အား ဥစ္စာမနေလာပေး၍မရွေးပါက သတ်ဖြတ်ပစ်လေ့ရှိသည်။

ယခု ဘုရားလောင်းတို့ ဆရာတပည့်တွင်လည်း ဆရာအား ရွေးထုတ်ရန် ဘုရားလောင်းအား ဥစ္စာမနေရှာဖွေရန် စေလွှတ်လိုက်လေသည်။ ထိုအခါ ဘုရားလောင်းက သူ့ဆရာအား ဤသို့ တိုးတိုးစကား ပြောလေသည်။ သူဥစ္စာမနေသွားရှာလျှင် တစ်ပတ်လောက်ကြာညောင်းနိုင်ကြောင်း၊ ထိုအတွင်း ရတနာမိုးရွာစေသော နက္ခတ်နှင့်စန်းနှင့်ယှဉ်မည်ဖြစ်ရာ ဆရာကြီးသည် အဘယ်မျှလောက် ဆင်းရဲပင်ပန်းပါစေ ထိုနက္ခတ်နှင့် စန်းယှဉ်ချိန်တွင် ရတနာမိုးရွာစေသောဝေဒဗ္ဗမန္တန်ကို မရွတ်ဖတ်လိုက်ပါနှင့်။ အကယ်၍ရွတ်လိုက်ပါက ပြဿနာအကြီးကြီးနှင့် တွေ့ဆုံနိုင်ကြောင်းအကြိမ်ကြိမ် အထပ်ထပ်မှာကြားခဲ့လေသည်။

သို့တစေ ဆရာပုဏ္ဏားသည် ဖမ်းဆီးချုပ်နှောင်ခံရခြင်းဒဏ်ကို သုံး၊ လေးရက်မျှ ခံစားရသောအခါတွင် တောင့်မခံနိုင်တော့သဖြင့် ရတနာမိုးရွာစေသော နက္ခတ်နှင့် စန်းယှဉ်ချိန် ယခုညသည် ရောက်လာတော့သည့်အတွက် သူ့ကို ဖမ်းဆီးထားသော ဓားပြများနှင့် ညှိနှိုင်းယေသည်။ ညှိနှိုင်းချက်အရ ထိုညတွင် ပုဏ္ဏားကြီးသည် ရေမိုးချိုး၊ ဦးခေါင်းဆေး၊ ဝတ်ကောင်းစားလှဝတ်၊ ဆံပင်ဖြန့်ချ၊ အမွှေးနံ့သာလိမ်းကျံ၊ ပန်းပန်ကာ စန်းနှင့်ယှဉ်သော ရတနာမိုးရွာစေတတ်သည့်နက္ခတ်ကို မော့ကြည့်၍ ဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်သောအခါတွင် ရတနာခုနစ်ပါး မိုးရွာသွန်းလေသည်။ ထိုအခါ ဓားပြတို့သည် ပုဏ္ဏားကြီးကိုလွှတ်၍ ရတနာများကို သယ်ယူကာ လိုရာခရီးကိုသွားကြလေသည်။

ပုဏ္ဏားကြီးကလည်း သူတို့နောက်မှလိုက်ကာ သူ့ခရီးကိုသူဆက်လေသည်။ ထိုသို့ ခရီးသွား၍ သိပ်မကြာမီမှာပင် အင်အားပို၍ကြီးမားသော ဓားပြအုပ်စုက ရတနာသယ်လာသော ဓားပြအုပ်စုထံမှ ရတနာများကို လုယက်ရာ ရတနာသယ်လာသော ဓားပြများက နောက်မှလာသော ပုဏ္ဏားကြီးသည် ရတနာမိုးရွာစေတတ်သောမန္တန်တတ်သဖြင့် သူ့အား ဖမ်းဆီးပြီး ရတနာမိုးရွာစေတတ်သော မန္တန်ရွတ်စေခိုင်းလော့ဟု လက်ထောက်ချလေသည်။ ထိုဓားပြအုပ်စုကလည်း ပုဏ္ဏားကြီးအား ဖမ်းဆီးပြီး ထိုမန္တန်အား ရွတ်ဖတ်သရဇ္ဈာယ်စေသည်။ ထိုအခါ ပုဏ္ဏားကြီးက ရတနာမိုးရွာစေတတ်သောနက္ခတ်သည် တစ်နှစ်မှာတစ်ခါ စန်းနှင့်ယှဉ်တတ်သဖြင့် ထိုမန္တန်သည် တစ်နှစ်မှတစ်ခါ ရတနာမိုးရွာအောင် ရွတ်ဖတ်၍ရကြောင်း၊ စိတ်ရှိတိုင်းရွတ်ဖတ်၍ ရတနာမိုးရွာတတ်သည် မဟုတ်ကြောင်း အကြိမ်ကြိမ်ရှင်းပြသော်လည်း သူ့ကို ဖမ်းဆီးထားသော ဓားပြတို့က ယုံကြည်မှုမရှိဘဲ သူ့တို့စကားကို ငြင်းပယ်သည်ဟု ယူဆကာ သတ်ဖြတ်ပစ်လိုက်လေသည်။

အထက်ဖော်ပြပါ ဇာတ်တော်နှစ်ခုကို ထောက်ရှုကြည့်သော် တတ်သိလိမ္မာသော ပညာရှိတို့သည် ဆိုင်ရာဆိုင်ရာနက္ခတ်တို့ အကြံ့အကြိုက်ကိုကြည့်လျက် (ဝါ) ထိုနက္ခတ်၏စွမ်းရည်သတ္တိကို ရွေးချယ်လျက် မိမိလိုရာဖော်ဆောင်နိုင်သည်ဟု ယူဆ၍ရနေပေသည်။

စိတ်ဝင်စားစရာတစ်ခုက နက္ခတ်တိုင်း၌ မှီတင်းနေထိုင်သော နတ်ဒေဝတာများရှိကြသည်။ ထိုနက္ခတ်နေ နတ်ဒေဝတာ၏ အစွမ်းကြောင့် ထိုနက္ခတ်တို့၏ အစွမ်းသတ္တိထူးများရှိသည်ဟု ယုံကြည်ကြသည်။ တချို့က ထိုနက္ခတ်၏ ပင်ကိုအစွမ်းသတ္တိကြောင့် ထိုကဲ့သို့စွမ်းရည်သတ္တိရှိသည်ဟု ယူကြသည်။ သို့အတွက်ကြောင့် ထိုနက္ခတ်နှင့်ယှဉ်ကြိုက်၍ မွေးဖွားသောသူများသည် သူ့အကြောင်းနှင့်သူ အကျိုးသက်ရောက်ရှိသည်ဟု ယုံစွဲကြသည်။

နမူနာဆိုရသော် ရောဟဏီနက္ခတ်ကို ပြဟ္မာမင်းစောင့်သည်။ အဒြနက္ခတ်ကို ပါရမီသွာနတ်မင်းစောင့်သည်။ အသလိဿနက္ခတ်ကို ဖကိမြွေနတ်မင်းစောင့်သည်။ စိတြနက္ခတ်ကို တုဋ္ဌနတ်မင်းစောင့်သည်ဟု ယုံမှတ်ကြသည်။ ပြီး - နက္ခတ်ယှဉ်မွေးသူနှင့် ပတ်သက်၍လည်း ဖွင့်ဆိုမှုများရှိနေပြန်သေးသည်။ ဥဒါဟရဏ်ဆိုရသော် ကြတ္တိကာနက္ခတ်ယှဉ်မွေးဖွားသူများသည် ရုပ်ဆင်းအင်္ဂါလှပကြသည်။ အတတ်ပညာရှိတတ်သည်။ မယားကောင်းရတတ်သည်။ မိတ္တာရကာများတတ်သည်။ ဥစ္စာရှာရလွယ်သည်။ သူတစ်ပါးကြောင့် မသေတတ်ဟု ဆိုထားသည်။ ပုနဗ္ဗုသုနက္ခတ်ဖြင့် ယှဉ်ဖွားသူများသည် ဥစ္စာစီးပွားချမ်းသာတတ်သည်။ လုပ်ငန်းဆောင်တာ ဆောင်ရွက်ကြီးပွားတတ်သည်။ သူတစ်ပါးတို့က မှီခိုရာဖြစ်တတ်သည်။ အပေါင်းအသင်းများတတ်သည်။ ထင်ရှားပေါ်လွင်တတ်သည်ဟု ဆိုထားပေသည်။ ပို၍ထင်ရှားအောင်ဆိုရလျှင် ကျီးသဲလေးထပ်ကျောင်းဆရာတော်၏ ဇိနတ္ထပကာသနီကျမ်းထဲတွင် မဟာသက္ကရာဇ် ၆၈ ခု၊ ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ နံနက် တစ်ချက်တီးအချိန် သိဟ်လဂ်၊ ဗြိဿာစန်း၊ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်တော်မူသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

ဤနေရာမှာ တကူးတကန်ဖော်ပြချင်တာလေးတစ်ခုကတော့ စော နက္ခတ်နှင့် ယှဉ်ကြိုက်သောအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

မွေးဖွားသောသူများသည် ဘုရားလောင်းပင်ဖြစ်လင့်ကစား သူခိုး (ခိုးသား) ဖြစ်ရသည်ဟု သတပတ္တဇာတ်အဋ္ဌကထာ၌ မြွက်ဆိုထားသည်ကို တွေ့ရှိရသည်။ ဆိုချင်သည်က ဤစောရနက္ခတ်ယှဉ်ဖွားသူများသည် ဘယ်သို့သော ဂုဏ်လွှာအဆင့်အတန်းများရှိနေပါစေ လူဆိုး၊ သူခိုးလုပ်ရပ်များကို မဖြစ်မနေလုပ်တတ်သည်ဟု ဆို၏။ ထိုစောရနက္ခတ်သည် အသဝနီနက္ခတ်အစ ရေဝတီနက္ခတ်အဆုံး နက္ခတ် (၂၇) လုံးတွင် ဘယ်နက္ခတ်ဟု တိတိပပ မပြည္သွန်းကြသော်လည်း တချို့ကမူ ထိုနက္ခတ် (၂၇) လုံးတွင် ကြတ္တိကာနက္ခတ်ကို စောရနက္ခတ်ဟု ညွှန်းဆိုကြသည်။

သာစကေတစ်ခုမှာ အာယုစန်းသောကိန်းဆိုင်ရာ နက္ခတ်ကိုးခိုင်တွင် ကြတ္တိကာနက္ခတ်ကို စောရနက္ခတ်ဟု ဆိုထားသည်။ နောက်တန်ဆောင်းမုန်းလပြည့် ညသန်းခေါင်တွင် စန်းယှဉ်၍ နှံတည့်သော် ကြတ္တိကာနက္ခတ်အစွမ်းကြောင့် ထိုည၌ သူခိုးထတတ်သည်ဟု ရှေးလူကြီးတို့ ယုံစွဲခဲ့ကြလေသည်။ သို့အတွက်ကြောင့် ထိုလတွင် ကျီးမနိုးပွဲများ ကျင်းပလေ့ရှိကြသည် ဟူ၏။ အဘယ်ပဲ ကြတ္တိကာနက္ခတ်သည် စောရနက္ခတ်ပဲလား၊ စောရနက္ခတ်သည် အခြားနက္ခတ်တစ်ခုခုပဲလား။

ပသို့ပင်ဆိုစေကာမူ အင်္ဂုတ္တိုရ်ကုဏ္ဍလကကေသာထေရီဝတ္ထုမှ သတ္တုခိုးသားကြီး၊ စတုက္ကနိပါတ် ဝေရဇာတ်လာ သူကြွယ်သားခိုးသားကြီး၊ ဧကနိပါတ် သံတပစ္စာဇာတ်လာ ဆင်းရဲသားခိုးသားကြီး၊ အင်္ဂုတ္တိုရ် အင်္ဂုလိမာလသုတ်လာ အင်္ဂုလိမာလခိုးသားကြီးတို့သည် စောရနက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောကြသူများဟု ဖော်ပြထားကြသည်ကို တွေ့ရှိရသည်။ ထိုစောရနက္ခတ်များနှင့် ယှဉ်ကြိုက်မွေးဖွားကြစဉ်၌ ဓား၊ လံလက်နက်များ အရောင်တလက်လက်ပြိုးပြက်ပြက် တောက်ပတတ်သည် ဟူ၏။

နောက်စိတ်ဝင်စားစရာတစ်ခုကတော့ နက္ခတ်တို့၏ အသွားအလာ အယှဉ်အကြိုက်၊ အမှေးအမှိန်၊ အလင်းအမိန်တို့နှင့် တိုင်းရေးပြည်ရေး၊ မင်းရေးမင်းရာ၊ ထီးရေးနန်းရေးတို့ ဆက်နွှယ်နေသည်ဆိုသောအချက်ပင် ဖြစ်သည်။ ဥဝမာ ဓမ္မပဒ ဥတေနနိပါတ်ဝတ္ထုတွင် အလကပ္ပပြည့်ရှင်မင်းကြီးမှဖြစ်လာသော အလကပ္ပရှင်ရသေ့ကြီးသည် လူသူမနီး



ဝေးလံခေါင်သီသော ဟိမဝန္တာတောင်ဆွယ်တစ်ခုတွင် တောရပ်မှီ တရားအားထုတ်နေစဉ် ဟိတ္တိလင်္ဂသကုလာငှက်ဆင်ကြီးက သားတစ်နှင့်မှားယွင်း၍ ချီယူလာသော ကောသမ္ဗီပြည့်ရှင် ပူရန္တပမင်းကြီး၏ကိုယ်ဝန်အရင့်အမာနှင့်မိဖုရားကြီးကို ကယ်ဆယ်စောင့်ရှောက်ထားရလေသည်။ ထိုစဉ် မိဖုရားကြီးသည် ဥတေနမင်းသားကို မွေးဖွားခဲ့သည်။

ထိုရသေ့ကြီးသည် ဥတေနမင်းသားကို မင်းတို့တတ်အပ်သောပညာများကို သင်ပေးခဲ့သည်။ ထိုမင်းသားဆယ်ကျော်သက်အရွယ် ရောက်သောကာလ တစ်နေ့တွင် အလကပ္ပရှင်ရသေ့ကြီးသည် သူတတ်ကျွမ်းသော နက္ခတ်ပညာဖြင့် မိုးကောင်းကင်ပေါ်က နက္ခတ်များကို ဆန်းစစ်သောအခါ ကောသမ္ဗီပြည့်ရှင်၏ နက္ခတ်သည် မှေးမှိန်နေသည်ကို တွေ့မြင်သဖြင့် ကောသမ္ဗီပြည့်ရှင် ပူရန္တပမင်းကြီး နတ်ရွာစံပြီဟု မိန့်မြွက်လေသည် ဟူ၏။

ထိုအခါ မိဖုရားကြီး၏ တောင်းဆိုချက်အရ ရသေ့ကြီးအား ဥတေနမင်းသားအား ဟိပ္ပိကစောင်း၊ ဟိတ္တိကမန္တန်ကို ပေးအပ်ပြီး ဆင်အား၊ လူအားကိုသုံးကာ ဖခမည်းတော်၏ ကောသမ္ဗီပြည်ကို ပြန်လည်သိမ်းပိုက်ယူနိုင်ခဲ့သည် ဟူ၏။ ထိုဥတေနမင်းသည် တခြားမဟုတ်၊ အဂ္ဂမေတ္တာဝိဟာရဧတဒဂ်ဘွဲ့တံဆိပ်တော်ရ သမာဝတီမိဖုရား၏ ကြင်ရာတော်ပင် ဖြစ်ပါသည် ဆို၏။

တစ်ဖန် ငါးရာ့ငါးဆယ်နိပါတ်တော်လာ တိကနိပါတ်၊ နာနာဆန္ဒဇာတ်တော်ကြီးတွင် ဤသို့ဆိုထားပြန်သည်။ ထီးနန်းတက်စ မင်းဖို့မင်းလွင်ဖြစ်သော ဗာရာဏသီပြည်ရှင်မင်းကြီးသည် တစ်ခုသောညတွင် ဆင်းရဲသားယောင်ဆောင်ရုပ်ဖျက်လျက် နေပြည်တော်တွင် စနည်းနာထွက်ခဲ့လေသည်။ မြို့စွန်တစ်နေရာအရောက်တွင် မင်းကြီးသည် အမူးသမားတစ်စုနှင့်တွေ့ကာ အနိုင်ကျင့်ဖမ်းဆီးခြင်းခံရကာ သူတို့၏အရက်အိုးကို ထမ်းရွက်စေကာ သူတို့နှင့်တစ်ပါတည်းခေါ်ယူသွားလေသည်။ မင်းကြီးသည် ခုခံနိုင်စွမ်းရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် သည်းခံနေခဲ့ရလေသည်။

တစ်ခုသော တဲကုပ်အနီးကိုရောက်လျှင် အဘိုးအိုလင်မယားတို့ပြောနေကြသော ထူးဆန်းသောစကားများကို ကြားလိုက်ရလေသည်။

အဘိုးကြီးက -

"ရှင်မရယ်၊ ငါတို့ဘုရင်လေးက ရန်သူအဖမ်းအဆီးခံနေရတယ်ကွယ့်"

"ဘာဖြစ်လို့လဲ ပုဏ္ဏားကြီးရဲ့"

"ငါတို့ ပြည့်ရှင်မင်းရဲ့ နက္ခတ်အကြတ်ခံနေရတယ်ကွယ့်"

ဟူ၍ ဖြစ်၏။

မင်းကြီးက ထိုတဲကုပ်ကို စိတ်ထဲတွင် မှတ်သားလိုက်လေသည်။ သိပ်မကြာမီမှာပင် မင်းကြီးနှင့် ထိုအမူးသမားတို့ အပေးအယူပြု ညှိနှိုင်းမှုကြောင့် မင်းကြီးသည် အမူးသမားလက်မှ လွတ်မြောက်လာလေသည်။ မင်းကြီးသည် ထပ်မံစူးစမ်းလိုသဖြင့် ထိုအဘိုးအိုလင်မယားတဲကုပ်အနီးမှ ဖြတ်သန်းလာခဲ့ရာ အဘိုးကြီးက -

"ရှင်မရယ်၊ ငါတို့ဘုရင်လေး ရန်သူလက်ကလွတ်လာပြီဟဲ့။ သူ့နက္ခတ်ကြတ်နေတာလွတ်သွားပြီ"

လို့ အားရဝမ်းသာပြောစကားကို ကြားသိလိုက်ရသည်။

နောက်တစ်နေ့ ညီလာခံတွင် ပြည့်ရှင်မင်းကြီးက သူ၏ ပုဏ္ဏားပြု ပုဏ္ဏားညီတို့ကို -

"ငါသည် မနေ့ညက ဘာဖြစ်သနည်း"

ဟု မေးလေသော် သူတို့က -

"ဘုန်းတော်ကြောင့် ဘေးဘယာကင်းကွာ အပြစ်မရှိခဲ့မသင် စော်တော်ခေါ်တော်မူရလိမ့်မည်"



www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်ကြားကြလေသည်။

သူတို့ လျှောက်ပြီးသည်နှင့် မင်းကြီးက အချက်ပေးလိုက်သော် မနေ့ညက အဘိုးကြီး (ပုဏ္ဏားအိုကြီး) သည် ဝင်ရောက်လာခဲ့သည်။ ထိုပုဏ္ဏားအိုကြီးကား တခြားမဟုတ်။ ယခင် ခမည်းတော်မင်းကြီးထံတွင် အမှုတော်ထမ်းခဲ့သော ပုရောဟိတ်ကြီးပင် ဖြစ်သည်။ ထိုပုဏ္ဏားအိုကြီးသည် မသူတော်တို့ ချောက်တွန်းနေရာလုခံရသဖြင့် ဖယ်ရှားခံနေရသူ ဖြစ်သည်။

မင်းကြီးက ထိုပုဏ္ဏားအိုကြီးအား မနေ့ညက သူဘာဖြစ်ခဲ့သနည်းဟု မေးလေသော် ပုဏ္ဏားအိုကြီးက -

"ဤပြည့်ရှင်နက္ခတ်သည် မနေ့ညက ခေတ္တခဏမျှ အကြတ်ခံရသဖြင့် မင်းကြီး မနေ့ညက ခေတ္တခဏမျှ ရန်သူ၏ ဖမ်းဆီးခြင်းကိုခံရပြီးမှ လွတ်မြောက်လာလိမ့်မည်"

ဟု လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးသည် မနေ့ညက ဖြစ်ကြောင်းကုန်စင်ကို ပြောပြပြီးနောက် လက်ရှိပုဏ္ဏားတော်များကို ဖယ်ရှားပစ်ကာ ပုဏ္ဏားအိုကြီးကို မူလရာထူး ပုရောဟိတ်တာဝန်ကို ပေးနှင်းလေသည်။

ဤသည်တို့နှင့် ဆက်နွယ်လျက် ပိုမိုထင်ရှားအောင်ပြောရလျှင် အဿဝဏီနက္ခတ်သည် ဂွန်းပြည်၏ တိတ်စွဲ၊ မိဂသီနက္ခတ်သည် ဟံသာဝတီပြည်၏ တိတ်စွဲ၊ မာဃနက္ခတ်သည် ဗာရာဏသီပြည်၏ တိတ်စွဲ၊ ဘရဏီနက္ခတ်သည် ပုဂံပြည်၏ တိတ်စွဲ၊ ကြတ္တိကာနက္ခတ်သည် ခရုံဝတီပြည်၏ တိတ်စွဲ၊ ဇေဋ္ဌနက္ခတ်သည် ကလိင်္ဂပြည်၏ တိတ်စွဲ၊ မနသိဒ္ဓိနက္ခတ်သည် ကောသမ္ဗီပြည်၏ တိတ်စွဲ၊ သတ္တဘိသျှနက္ခတ်သည် ရာဇဂြိုဟ်ပြည်၏ တိတ်စွဲ စသဖြင့် တိုင်းနိုင်ငံ၏ (ဝါ) မြို့ပြနိုင်ငံ၏ အကြောင်းကြီးငယ်များကို ဖော်ညွှန်းပြနိုင်သော သင်္ကေတနိမိတ်ပုံ အဖြစ် နက္ခတ်တို့သည် ရပ်တည်နိုင်စွမ်းရှိသည်ဟူခြင်းပင် ဖြစ်၏။

တစ်နည်းပြောရလျှင် ထိုတိတ်စွဲ နက္ခတ်တို့ လင်းမှု၊ မှိန်မှု၊ ကြွတ်မှု၊ တောက်ပမှု စသည်စသည်တို့သည် ထိုတိတ်စွဲနိုင်ငံ၏ ထီးရေးနန်းရေး၊ ပြည်တွင်းရေးအရှုပ်အထွေး၊ တော်ဝင်မိသားစုအရှုပ်အထွေး၊ တိုင်းပြည်စီးပွားရေး အခြေအနေ စသည်စသည်တို့ကို ဖော်ပြနိုင်သည်ဆိုခြင်းပင် ဖြစ်၏။

တစ်ခါ နက္ခတ်တို့၏ အသွားအလာ၊ အယှဉ်အမြင်၊ အပူးအကပ်၊ အတပ်အကြတ် စသည်စသည်တို့ ထူးခြားစွာဖွဲ့တည်မှုဖြစ်လျှင် အဖြစ်အပျက်တစ်ခုခုပေါ်ပေါက်မည်ကို ဖော်ညွှန်းမှုပြနိုင်သလား။

ဥဒါဟရဏ်ဆိုရသော် လေးသချေနှင့် ကမ္ဘာတစ်သိန်းအထက် ဒီပင်္ကရာဘုရားရှင်ထံ သုမေဓာရှင်ရသေ့က ဗျာဒိတ်တော်ခံယူပွဲတွင် ကမ္ဘာတစ်သောင်းခြောက်ထောင်တိုင် အသက်ရှည်သော သုဒ္ဓါဝါသဗြဟ္မာကြီးတို့၏ ပြောစကားတို့ကိုပင် ဖြစ်၏။

၎င်းမှာ -

*'ဝိသာခါစန္ဒာမိယုတ္တာ - ဝိသာခါနက္ခတ်သည် စန်းနှင့်ယှဉ်သည်ဖြစ်၍၊ ဂဂနမဏ္ဍလေ - ကောင်းကင်အဝန်း၌၊ တာရာဂဏာ - တာရာနက္ခတ်တို့သည်လည်းကောင်း၊ နက္ခတ္တာစ - နက္ခတ်တို့သည်လည်းကောင်း၊ ဝိရောစန္တိ - တင့်တယ်ကြကုန်၏။ တွံ - သင်သည်၊ ခုဝံ-မချွတ်ဧကန်၊ ဗုဒ္ဓေါ - ဘုရားသည်၊ အဝိဿတိ - ဖြစ်လတ္တံ့'*

ဟု နိမိတ်ဖတ်ကြားမှုပင် ဖြစ်၏။

တစ်ခါ အထက်ကဆိုခဲ့သော ကြွက်သေတစ်ခုအရင်းပြု စူဠသေဋ္ဌိဇာတ်တော်နှင့် ရတနာမိုးရွာဝေဒဗ္ဗဇာတ်တော်များအလိုအရ ဆိုင်ရာဆိုင်ရာနက္ခတ်တို့၏ အကြံ့အကြိုက်ကိုလိုက်၍ ထိုနက္ခတ်တို့၏ စွမ်းရည်ဂုဏ်သတ္တိများကို သွယ်ဆောင်ရယူနိုင်သလားဟူသည့် မေးစရာ၊ တွေးစရာပင် ဖြစ်၏။ ဆိုခဲ့သလိုပင် နက္ခတ်တိုင်းတွင် ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်ဂုဏ်သတ္တိများရှိနှင့်နေခဲ့ကြသည်။

ဥပမာဆိုရသော် ရောဟဏီနက္ခတ်၌ (၁) အကျင့်ကောင်းသူ၊ (၂) ရောင်းဝယ်နှင့်အသက်မွေးသူ၊ (၃) မင်း၊ မနရှင်၊ (၄) ယောဂီ၊ (၅) လှည်းကုန်သည်၊ (၆) နွား၊ (၇) နွားလားဥသဘ၊ (၈) လယ်သမား၊ (၉) တောင်၊ (၁၀) အစိုးရ စသည်တို့။ ဖုဿနက္ခတ်၌ (၁) မုယော၊ (၂) နတ်ကောင်း (၃) သလေးစပါး၊ (၄) ကြယ်၊ (၅) တော၊ (၆) မျှားမတ်၊ (၇) မင်း၊ (၈) တံငါ၊ (၉) သူတော်ကောင်း၊ (၁၀) ယဇ်ပူဇော်ခြင်း၌ တတ်စွမ်းသောသူ (၁၁) သားမယားတို့တွင် စွဲလမ်းတတ်သူ စသည်တို့။ အဿလိဿနက္ခတ်၌ (၁) လူလုပ်သောကိတ္တိကိစ္စများ၊ (၂) သစ်ဥသစ်ဖု၊ (၃) သစ်မြစ်၊ (၄) အဆီး (၅) ပိုး၊ (၆) မြွေ၊ (၇) အဆိပ်၊ (၈) သူတစ်ပါးပစ္စည်း ခိုးဆောင်မှု၌ မွေ့လျော်သူ၊ (၉) သလေးစပါး၊ (၁၀) ဆေးသမား စသည်စသည် ကိုယ်ပိုင်စွမ်းရည်ဂုဏ်သတ္တိများ ကိုယ်စီကိုယ်ငရှိကြသည် ဆိုခြင်းကိုပင် ဖြစ်၏။

ပိုမိုပြည့်စုံသွားအောင်ဆိုရလျှင် မူလ၊ ကြတ္တိကာ၊ မာဃ၊ ဝိသာခါ၊ အဿလိဿ အစရှိသော အဓောမုခနက္ခတ်။ (အောက်ဘက်လှည့် မျက်နှာမူသောနက္ခတ်များ) တို့ ယှဉ်ကြိုက်ချိန်တွင် ရေတွင်းရေကန်တူးခြင်း၊ ရွှေအိုးငွေအိုးမြှုပ်ခြင်း၊ ဖော်ခြင်း၊ လောင်းကစားခြင်း၊ ရေတွင်းဆယ်ခြင်း၊ ဂဏန်းကျမ်းတို့ကို သင်ယူနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်ဆို၏။ ပုန္နဖုသျှ၊ အဒြ၊ သရဝဏ်၊ ဥတ္တရဖဂ္ဂုနီ၊ ဥတ္တရာသဠ်၊ သတ္တဘိသျှ စသော ဥဒ္ဓမုခနက္ခတ် (အထက်ဘက်မျက်နှာမူသောနက္ခတ်) တို့ ယှဉ်ကြိုက်ချိန်တွင် နတ်ကွန်းဆောက်ခြင်း၊ အလံထူခြင်း၊ မဏ္ဍပ်ဆောက်ခြင်း၊ အိမ်ဆောက်ခြင်း၊ ဥယျာဉ်ခြံမြေတည်ခြင်း၊ ရာဇဘိသေကခံယူနိုင်ခြင်း အစခပ်သိမ်းတို့ကို ပြုလုပ်နိုင်သည်ဆို၏။ ဇေဋ္ဌဟဿတ၊ အဿဝဏီ၊ မိဂသီ၊ ရေဝတီ၊ အနုရာဓ၊ သွာတိ အစရှိသော တိရိယမုခနက္ခတ် (ဖီလာကန့်လန့်မျက်နှာမူနက္ခတ်)တို့ ယှဉ်ကြိုက်ချိန်တွင် လှေ၊ လှည်း၊ ယာဉ်ရထားများဝယ်ခြင်း၊ မြင်း၊ ဆင်၊ နွားဝယ်ခြင်း၊ လယ်ထွန်မင်္ဂလာပြုခြင်း အစခပ်သိမ်းတို့ကို ပြုလုပ်နိုင်သည် ဟူ၏။

အထက်ဖော်ပြခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကိုဆိုရလျှင် မိုးကောင်းကင်ပေါ်၌ လင်းပနေသော နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့သည် ကမ္ဘာမြေပေါ်ရှိ လူသားအပေါ်တွင် ရိုက်ခတ်သက်ရောက်မှုများရှိနေပြီး အဆိုပါနက္ခတ်တို့၏ စွမ်းရည်ဂုဏ်သတ္တိများကို ထုတ်ယူသုံးစွဲတတ်လျှင် (ဝါ) နက္ခတ်တို့၏ ထူးခြားချက်၊ လျှို့ဝှက်ချက်များကို သွေးဆောင်ရယူတတ်လျှင် ထူးခြားသော အကျိုးကျေးဇူး ရလဒ်ကောင်းများကို ရယူနိုင်သည်ဆိုခြင်းကို ဖုံးတစ်ဝက် ဖော်တစ်ဝက် ပြညွှန်းနေသည်ကတော့ အမှန်ပင်။

ပုန်းရှိုအောင်

စာကိုး -


၁။ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်) ၏ ငါးရာငါးဆယ်နိပါတ်တော်

၂။ ဆန်းထွန်း (မန်းတက္ကသိုလ်) ၏ နက္ခတ်ဗျူဟာ

www.burmeseclassic.com



။၁။

"ခဏနားမယ်။ ပွိုင့်တပ်စု ရှေ့မှာ နေရာယူထားပါတဲ့"

နောက်မှနေ၍ တစ်ယောက်ချင်း ဆက်ပြောပေးလိုက်သော စစ်ကြောင်းမှူး၏အမိန့် ဖြစ်သည်။ ရှေ့ပြေးကင်း (ပွိုင့်) တပ်စုမှူးဖြစ်သူ ကျွန်တော်မှ တပ်စိတ်မှူးများသို့ စစ်သည်များ လမ်းဘေးဝဲယာတွင် စနစ်တကျနေရာချအနားပေးထားရန် ဆက်လက်၍ အမိန့်ပေးလိုက်သည်။

အနီးမှာရှိနေသောသစ်ပင်ကို မှီ၍ ထိုင်ချပြီး အနားယူရသည်။ လက်မှနာရီကို ကြည့်လိုက်မိသည်။ နံနက် (၃) နာရီ ရှိပါပြီ။ စစ်ဆင်ရေးထွက်လာတာ (၅) ရက် ရှိခဲ့ပြီပဲ။

# ထွန်းကျော်လှ

## အစွမ်းထက်တဲ့အဆောင်

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းမြို့ တပ်ရင်းဌာနချုပ်မှ ရထားတစ်တန်၊ ကားတစ်တန်စီးပြီး ကော့ကရိတ်မြို့သို့ ရောက်လာခဲ့ကြရသည်။ စစ်ဆင်ရေးအတွက် လိုအပ်မည့် ရိက္ခာ၊ ခဲယမ်း၊ ဆေးဝါးများ ဖြည့်တင်းပြီး ၃၁-၁-၁၉၉၁ ည (၉) နာရီခန့်တွင် တပ်ရင်းမှူး (ဒုဗိုလ်မှူးကြီးမြင့်မောင်) ဦးစီး၍ ကော့ကရိတ်မြို့မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

တောရိပ်တောင်ရိပ်များက ည၏ အမှောင်ကို အားဖြည့်ထားသည်။ ကြယ်လေးများ၏အရောင်ကို အားကိုးပြု၍ ချီတက်ကြရသည်။ လမ်းပေါ်မှရွာများကိုတွေ့ရတိုင်း နှင်းရွှဲရွှဲစိုနေသော ချုံတော၊ ဝါးတောများကို တိုးဝင်ဖောက်ထွက် ချီတက်ခဲ့ကြရသည်။

ချွေးများ၊ နှင်းစက်များဖြင့် ရွှဲနစ်နေသော ကျွန်တော်တို့ ခန္ဓာကိုယ်များသည် ဖေဖော်ဝါရီလ၏ အအေးဒဏ်ကို မမှုနိုင်ခဲ့ပါ။ ယခုတော့ နာရီဝက်ခန့် အနားယူလိုက်ရသဖြင့် စစ်သည်များ လန်းဆန်းနေကြပြီ ဖြစ်သည်။

"ဆက်ထွက်ဖို့ အသင့်ပြင်"

အမိန့်ရောက်လာပါသည်။ ပြင်ဆင်နေစဉ်မှာပင် တပ်ခွဲမှူးဗိုလ်ကြီး မျိုးဝင်း ရောက်လာသည်။ ကျွန်တော့်ထံတွင် တပ်စိတ်မှူးများကို စုစည်းစေပြီး တပ်ခွဲမှူးမှ -

"စစ်ကြောင်း(၁)က သူတာဝန်ယူရမယ့် နယ်မြေဘက်ကို အခုပဲ တပ်ရင်းမှူးဦးစီးပြီး ဆက်ထွက်သွားပြီ။ ကျွန်တော်တို့ စစ်ကြောင်း(၂)က ဒီလမ်းအတိုင်း ရှေ့ဆက်သွားမယ်။ ရှေ့တစ်မိုင်လောက်မှာ စက္ကဝပ်ရွာရှိတယ်။ သတင်းအရဆိုရင် သောင်းကျန်းသူတွေ ခိုအောင်းတဲ့ဒေသပဲ။ ရွာဘေးမှာ လယ်ကွင်းတွေပဲဆိုတော့ အခုဆက်ထွက်ရင် အမှောင်ထုကို အကာအကွယ်ယူပြီး ရွာခြေကို ရသလောက်ကပ်ထားမယ်။ အလင်းရောင်ရလို့ ရွာကိုဝင်ရှင်းတဲ့အခါ သောင်းကျန်းသူတွေနဲ့ ပစ်ခတ်မှုဖြစ်ခဲ့ရင် ရွာလူစုကို အထိအခိုက်မရှိအောင် ကိုယ့်ရဲဘော်ကိုယ်ထိန်းကြ။ စစ်ကြောင်း (၂) အဖွဲ့နဲ့ တပ်ခွဲ(၁)က လိုအပ်တဲ့ အကူအညီပေးဖို့ နောက်မှာအသင့်ရှိနေမယ်"

တပ်ခွဲမှူးမှ အခြေအနေများကို ရှင်းပြသည်။ မရှင်းသည်များ ပြန်မေးခိုင်းသည်။ တပ်စိတ်မှ စစ်သည်များအား ပြန်ရှင်းပြန်ရန် တပ်စိတ်မှူးများ ပြန်ထွက်သွားလျှင် ကျွန်တော့်ကို -

"စစ်ဆင်ရေးထွက်ခါနီးမှ ဒုတပ်ရင်းမှူး တပ်ပြောင်းသွားရတာ ဆရာကြီးအသိပဲ။ အဲဒါ ဒုတပ်ရင်းမှူးအသစ် မရောက်လာခင်မှာ တပ်ခွဲ (၁) ခွဲမှူး ဗိုလ်မှူးကျော်ဇံလှက စစ်ကြောင်း(၂)မှူး တာဝန်ကိုပါ တွဲကိုင်မယ်။ ဒါကြောင့် စစ်ကြောင်းလိုက်လှုပ်ရှားမှုရှိရင် ရှေ့ပြေးကင်း(ပွိုင့်)တာဝန်ကို ကျွန်တော်တို့တပ်ခွဲ(၄)က ယူထားရမှာပဲ။ ပင်ပန်းတာကို ဆရာကြီး သည်းခံပေးပါဗျာ" တဲ့။

ရှေ့ပြေးကင်း(ပွိုင့်) တာဝန်ဆိုသည်မှာ ချီတက်နေသော စစ်ကြောင်း၏ရှေ့ဆုံးမှ သွားလာရခြင်း ဖြစ်သည်။ ပွိုင့်တာဝန်ကျသောတပ်ခွဲ၏ ရှေ့ဆုံးမှ ချီတက်ရသောတပ်စုကို တပ်ခွဲမှူး၏ လက်အောက်ရှိ ရာထူးအမြင့်ဆုံးလူမှ ဦးစီးချီတက်ရသည်။

ယခု ကျွန်တော်တို့တပ်ခွဲ(၄)တွင် တပ်ခွဲမှူးဗိုလ်ကြီးမျိုးဝင်းသာ ပါခဲ့သည်။ ကျန်အရာရှိတပ်စုမှူးများ ပါမလာခဲ့သေးပါ။ သင်တန်း၊ ဆေးရုံခွင့် စသဖြင့်ကျန်ခဲ့ပါသည်။စစ်ကိုင်းမြို့ရှိ တပ်ရင်းဌာနချုပ်မှ အင်အားဖြည့်အဖြစ် လိုက်လာမည့် အရာရှိစစ်သည်များ မရောက်လာသေးသမျှကာလအတွင်း ပွိုင့်တပ်စုမှူးတာဝန်ကို တပ်ခွဲအရာခံဗိုလ်ဖြစ်သူ ကျွန်တော်မှ ဆက်တိုက် ထမ်းဆောင်ရမည် ဖြစ်ကြောင်းရည်ရွယ်၍ တပ်ခွဲမှူးပြောလိုက်ခြင်း ဖြစ်သည်။

စစ်ကြောင်းချီတက်နေစဉ်အတွင်း ရန်သူနှင့် ရုတ်ခြည်းတွေ့ဆုံလျှင် လက်ဦးအောင် ပစ်ခတ်နိုင်ရန်ဖြစ်စေ၊ မိမိနောက်မှပါလာသော ပင်မတပ်ဖွဲ့ကို အန္တရာယ်ကင်းစေရန်အတွက် ဖြစ်စေ ချီတက်ရာလမ်းကြောင်းဝဲ၊ ယာရှိ ရန်သူခိုအောင်းနိုင်သော ကုန်းမြေဇတာတန်းများကို ရှေ့ပြေးကင်း(ပွိုင့်)စစ်သည်များသာလျှင် ပြေးလွှားချီတက်ရှင်းလင်းရသဖြင့် အလွန်ပင်ပန်းကြသည်။

ထို့ကြောင့် စစ်ကြောင်းချီတက်လျှင် ရှေ့ပြေးကင်းတာဝန်အား တပ်စိတ်၊ တပ်စု၊ တပ်ခွဲများကို အလှည့်ကျတာဝန်ပေးရပါသည်။ ထိုစဉ်က ပွိုင့်တပ်စုမှူးအဖြစ် တစ်လနီးပါးရက်ဆက်တာဝန်ထမ်းဆောင်ရင်း ကိုယ်တွေ့ကြုံတွေ့ရသော အဖြစ်မှန်ဇာတ်လမ်းတစ်ခုကို ပြောပြလိုက်ရခြင်း ဖြစ်ပါသည်။

" ၂ "

နံနက်အရုဏ်လင်းချိန်မှာ ရွာကိုသိမ်းပြီး ဖြစ်ပါသည်။ တစ်ညလုံးချီတက်လာရသော စစ်သည်များ အပန်းပြေအောင် စစ်ကြောင်းမှူးမှ နံနက် (၁၀) နာရီထိ အနားပေးခဲ့သည်။ ထိုအချိန်အတွင်းမှာ နံနက်စာစား၊ ညစာအတွက် ပြန်ချက်ထားကြရသည်။ ကျွန်တော်တို့ ရွာမှ ပြန်ထွက်လာချိန်တွင် ရွာ၏ အနောက်ဘက်ရှိ ခပ်မြင့်မြင့်တောင်ပေါ်မှနေ၍ ရန်သူသည် ၆၀-မမစိန်ပြောင်းဗုံးများကို ခပ်ကျဲကျဲပစ်ချရင်း စစ်ကြောင်းချီတက်မှုကို နှောင့်ယှက်နေပါသည်။

ရှေ့ပြေးပွိုင့်တပ်စုအား တောထူရာသို့ တိုးဝင်ချီတက်ရင်းဖြင့် စစ်ကြောင်းကို ရန်သူမှ မျက်ခြည်ပျက်စေရပါသည်။

ဤသို့ဖြင့် တောကိုတိုး၍ ဆင်းချည်၊ တက်ချည်လာခဲ့ရာ ညနေ(၅)နာရီခန့်တွင် တောင်ကြောအစွန်းတစ်ခုသို့ ရောက်ရှိခဲ့သည်။ ခပ်လှမ်းလှမ်းအနိမ့်ဘက်မှ လှမ်းမြင်နေရသည်မှာ ပေါင်းသရောမြစ်။ ထိုမြစ်နှင့် ကျွန်တော်တို့ ရောက်ရှိနေသော တောင်စွန်းအကြားအနိမ့်ဘက်မှ ရွာတစ်ရွာ။ ရွာအမည်က 'ခုတုန်' တဲ့။

ကျွန်တော်၏ ပွိုင့်တပ်စုတစ်တည်း တောင်အစွန်းမှဆင်းလာပြီး ခုတုန်ရွာကို ရှင်းလင်းသည်။ ရွာက ငယ်ငယ်။ ရွာကိုလွန်အောင် ရှင်းလိုက်ပြီး အမြင့်တောင်စွန်းမှ ကျန်ရှိနေခဲ့သော တပ်ခွဲမှူးမှ စစ်ကြောင်းရှိရာသို့ ရန်သူမရှိကြောင်း လှမ်း၍အချက်ပေးလိုက်သည်။ အားလုံး ရွာထဲဆင်းလာကြသည်။

စစ်ကြောင်းဆင်းလာခဲ့သော အထက်ရှိ တောင်ကြောအစွန်းတွင် တပ်ဖွဲ့မရှိလျှင် ရွာထဲမှာရှိနေသော စစ်ကြောင်းမှာ အန္တရာယ်ကြီးပါမည်။ ကြောင့် ရွာအလွန်အနိမ့်ဆုံးဘက် ရောက်နေသော ကျွန်တော့်တပ်စု ရွာကို ပြန်ဖြတ်တက်၍ အမြင့်မှရှိသော စောစောက သူတို့ဆင်းလာသည့်တော ကြောအစွန်းမှာ ညအိပ်စခန်းချရန် တ ခွဲမှူးဗိုလ်ကြီးမျိုးဝင်းမှ ညွှန်ကြားလာ သည်။ ပင်ပန်းလျှင် သည်းခံထား တပ်ခွဲမှူးက ကျွန်တော့်ကို ကြိုတင် ထားတာပဲလေ။

တောင်ပေါ်ကိုပြန်ရောက် မှောင်စပြုနေပြီ။ တပ်စိတ်လိုက် နေ ချကင်းများ စနစ်တကျထုတ်စေပြီး အကြားမှာပင် -

"ဒိုင်း၊ ဒိုင်း၊ ဒိုင်း"

ဂျီ-၃သေနတ်သံ။ ကိုယ့် ပစ်တဲ့အသံ။ သေနတ်သံကြားရ

www.burmeseclassic.com

www.burmeseclassic.com

ဆပ်စိတ်ဘက်ပြေးရပြန်သည်။

"ဘာပစ်တာလဲဟေ့"

ကျွန်တော်က မေးသည်။

"ကင်းသမားပစ်တာ။ နေ့ခင်းက ကျွန်တော်တို့လာတဲ့လမ်းအတိုင်း နောက်ယောင်ခံလိုက်လာတဲ့ ရန်သူနှစ်ယောက်ကို ကင်းက အရင်မြင်လို့ ပစ်လိုက်တာတဲ့။ မှန်အောင်မပစ်လို့ ကင်းသမားကို ကျွန်တော် တစ်ချက်ထိုးခဲ့တယ်"

တပ်စိတ်မှူးဖြစ်သူ ချင်းတိုင်းရင်းသား တပ်ကြပ်ညီကပ်က ဖြေပါသည်။ ကျွန်တော်က ဆရာညီကပ်ကို ခေါ်၍ ကင်းသမား ရဲဘော်အေးမြင့်ထံသွားပြီး မေးမြန်းတော့ -

"မှောင်နေပြီ၊ သေနတ်ချိန်သီး မမြင်ရလို့ပစ်လိုက်တဲ့ကျည်လွဲသွားတာ"တဲ့။

"အင်း - ရန်သူကဆော်လို့ မင်းတို့မှန်သွားရင် ဒီညလည်း အိပ်ရေးပျက်ကြဦးမှာ။ လက်ဦးအောင်ဆော်နိုင်တာ မင်းတော်တယ်။ သတိထားစောင့်"

ကျွန်တော့်တပ်စုရုံးမှ မော်တာတိုင် ရဲဘော်အေးလင်းသည် ဝါးရုံထူထူအောက်မှ မြေညီညီနေရာတွင် ကျွန်တော်အိပ်ရန် ပလတ်စတစ်စကိုခင်းပေးထားသည်။ ရိက္ခာဆန်ထုပ်ကို ခေါင်းအုံးရန် လုပ်ပေးထားသည်။ စက္ကဝပ်ရွာမှာ မနက်က ချက်ယူခဲ့သော ထမင်းဟန်းတောကို ခူးခပ်မနေတော့ဘဲ ဒီတိုင်းပဲ နှိုက်စားလိုက်သည်။ ငါးခြောက်ကြော် ဝါးလိုက်၊ ရေဘူးမော့လိုက်ဖြင့် ညစာပြီးရသည်။

တစ်ညနှင့်တစ်နေ့လုံး ဆင်းချည်တက်ချည် ပြေးလွှားချီတက်ခဲ့ရသော ကျွန်တော်သည် ပလတ်စတစ်ခင်းထားသောမြေကမ္ဘာပေါ်တွင် ကျောဆန့်ခင်းပြီး လွှာချင်းစောင်ကို ခြုံရသည်။ အနွေးဓာတ်ပိုလာစေရန် စစ်ခြင်ထောင်ကို အပေါ်မှထပ်၍ လွှမ်းခြုံလိုက်သည်။ အရသာရှိလွန်းသဖြင့် မျက်တောင်များ မှေးစင်းသွားရသည်။

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခဲ့သဖြင့် သန်းဆန်းစွာ နိုးလာပါသည်။ နာရီကြည့်လိုက်တော့ နံနက်(၃)နာရီသာသာရှိသေးသည်။ တပ်စုအတွင်း အချက်ပေးသံပြုလိုက်သည်။ တပ်စိတ်ကင်းအသီးသီးမှ ချက်ချင်းပင် တုံ့ပြန်အသံပြုကြ၍ ကင်းစောင့်များ နိုးနိုးကြားကြားရှိနေကြောင်း သိရသည်။ ပင်ပန်းနေကြသော်လည်း တာဝန်ကျေသည့် စစ်သည်များကို လေးစားမိသည်။

သစ်ရွက်ခြောက်များပေါ်သို့ နှင်းစက်လေးများကျနေသံမှတစ်ပါး ညသည် တိတ်ဆိတ်နေသည်။ ကျွန်တော့်စိတ်အတွေးများမှာ ပွန်ခဲ့သော တစ်ပတ်မှ နေ့ရက်များသို့။

။၃။

ရက်ပိုင်းအတွင်းမှာ စစ်ဆင်ရေးထွက်တော့မည်ဖြစ်၍ လိုအပ်သည်များကို ကြပ်မတ် စစ်ဆေး အလုပ်များနေသော တပ်ခွဲမှူးကို မကူညီနိုင်ခဲ့ပါ။ တပ်တွင်းမှာ မှီခိုသူအဖြစ် ကျွန်တော်နှင့်အတူနေ အသက်(၇၀)ရှိ မိခင်ကြီးကျန်းမာရေးမကောင်း၍ဖြစ်သည်။ တပ်ရင်းဆေးမှူးအရာခံဗိုလ်သန်းဦးမှ ကျွန်တော့်မိခင်ကို မန္တလေးနန်းတွင်းစစ်ဆေးရုံသို့ သွားရောက် ပြသရန် အကြံပြုပါသည်။

စစ်ဆေးရုံ အပြင်လူနာဌာနမှ စစ်ဆေးပြီး ဆေးရုံတင်ရမည်ဟု ပြောသည်။ ထိုစစ်ဆေးရုံမှ အသက် (၄၅) ဝန်းကျင် ကျွန်တော်နှင့် အသက်ရွယ်တူ ဒုအရာခံဗိုလ်တစ်ဦးက -

လူနာမှာ စစ်သည်၏ ဇနီးသားသမီးမဟုတ်၍ စစ်ဆေးရုံမှာ တင်ခွင့်မပြုတဲ့။

ကျွန်တော့်မှာ တစ်ရက်၊ နှစ်ရက်အတွင်း စစ်ဆင်ရေးထွက်ရတော့မည်ဖြစ်၍ မိခင်ကြီးကို ဆေးရုံတင်ခွင့်ပြုပါရန် တောင်းပန်ပါသည်။ သံမဏိစည်းကမ်းရှင် ဒုအရာခံဗိုလ်က ငြင်းပယ်ပါသည်။

စစ်မှုထမ်းသက် (၃၀) ရှိနေပြီဖြစ်၍ ကျွန်တော်သည် စည်းကမ်း၏အလျော့၊ အတင်းသဘောကို သိပါသည်။ 'ဆင်ချောင်ကြောင်ကျပ်' သည့်



လောက၏သဘာဝကိုသာ နှလုံးသွင်းရပါတော့သည်။

ထို့ကြောင့် မြို့တွင်းရှိ ပြည်သူ့ဆေးရုံသို့ အမြန်သွားရသည်။ အမေ့ကို ဆေးရုံတင်ပြီး ကျောင်းတက်နေဆဲ သမီးငယ်အား လူနာစောင့်အဖြစ် စီစဉ်ထားခဲ့ရသည်။ စစ်ဆင်ရေးအတွက် ပြင်ဆင်ရသည်။ အမေ့ထံသို့ နောက်ထပ်မရောက်ခဲ့နိုင်တော့ပါ။ လကုန်၍ တပ်ရင်းမှ လစာပေးအဖွဲ့တက်လာ၍ ဇနီးသည်စာကို ဖတ်ရတော့မှ ကျွန်တော့်မိခင်ကြီး၏ ကျန်းမာရေးအခြေအနေကို သိရပါတော့မည်။

မိုးလင်းတော့မည်။ အိမ်မှာရှိစဉ်ကလိုပဲ ပြုနေကျဝတ်ဖြစ်သည့် ဘုရားဖူးခြင်း၊ မေတ္တာသုတ်ရွတ်ဆိုခြင်း၊ ဂုဏ်တော်များရွတ်ပွားခြင်း၊ လောကတစ်ခုလုံးဖြန့်ကြက်၍ မေတ္တာအကြိမ်ကြိမ်ပို့ခြင်းကိုပြုပါသည်။ ယနေ့နံနက်မှာတော့ တောပိုင်တောင်ပိုင်များကို မေတ္တာပေးပို့သည်။ လောကပါလနတ်မင်းကြီးများအား မိခင်ကြီး ကျန်းမာ၊ အသက်ရှည်အောင် စောင့်ရှောက်ပေးကြပါရန် ဆုတောင်းခြင်းအကြိမ်ကြိမ်ပြုပါသည်။

မိုးလင်းစမှာပင် တပ်ခွဲရုံးမှ ဆက်သားရဲဘော်ကျွဲကြီးတက်လာ၍ -

"ဆရာကြီးနဲ့ တပ်စုပါ ဆင်းလာဖို့ တပ်ခွဲမှူး ပြောခိုင်းလိုက်တယ်"

"အေး-အဆင်သင့်ပဲ။ ဒီနေ့လည်း တို့တပ်ခွဲပဲပွိုင့်သွားမှာလား"

"ဟုတ်တယ်၊ ပွိုင့်တပ်စုအသင့်ရှိနေပြီ။ ဆရာကြီးရောက်တာနဲ့ ဆက်ထွက်မှာ"

ဟောင်သရောမြစ်၏ ဒီဘက်ကမ်းအတိုင်း တောင်ပေါ်တက်လိုက်၊ တောတိုးလိုက်ဖြင့် စနစ်တကျ ချီတက်လာခဲ့သည်။ ခပ်ဝေးဝေးမှ လက်နက်ကြီးပုံးခွဲသံများ၊ စက်လတ်ဆွဲသံ၊ ဂျီ (၄) ပစ်သံများ ခပ်သဲ့သဲ့ကြားရသည်။ တပ်ရင်းမှူး၏စစ်ကြောင်းတော့ ရန်သူနှင့်တွေ့နေပြီ။

ကျွန်တော်တို့ စစ်ကြောင်း (၂) သည် မှောင်စပျိုးချိန်တွင် ကုန်းကြောတစ်ခုပေါ်မှ စခန်းချသည်။ ခပ်လှမ်းလှမ်းတွင် ဟောင်သရောမြစ်ကို မြင်နေရသည်။

ယနေ့ချီတက်မှုမှာ မပင်ပန်းလှပါ။ ကင်းများကိုလိုက်၍ စစ်ဆေးခဲ့ပြီး မြေကမ္ဘာလာအိပ်ရာမှာ ခဏကျောဆန့်သည်။ ညဦးပိုင်း မအိပ်မီတွင်လည်း တောင်း နံနက်အရုဏ်တက်အချိန်တွင်

www.burmeseclassic.com

လည်းကောင်း ပြုနေကျ ဘုရားဖူးဝတ်ကို စိတ်ပါလက်ပါ ဝတ်ပြုပါသည်။ မေတ္တာသုတ် ရွတ်ဆိုသည်။ နတ်၊ လူ သတ္တဝါများကို မေတ္တာပို့သည်။ မိခင်ကြီးကျန်းမာရေးအတွက် အကြိမ်ကြိမ်ဆုတောင်းသည်။ တောပိုင်၊ တောင်ပိုင်များ၊ သမ္မာဒေဝနတ်မင်းမှ ကျွန်တော်တို့ စစ်သည်အားလုံးကို စောင့်ရှောက်ဖို့ တောင်းပန်ရသည်။

။၄။

"မြစ်ရဲ့ ဟိုတစ်ဖက်ကမ်းက လှိုင်နန်းရွာမှာ ရန်သူအင်အား (၂၀၀) ဝန်းကျင်ရှိနေတယ်လို့ သတင်းရတယ်။ အရင်နေ့က စစ်ကြောင်း(၁)နဲ့တိုးတဲ့ အဖွဲ့ ဖြစ်နိုင်တယ်။ ကျွန်တော်တို့တပ်ခွဲ လှိုင်နန်းရွာကိုသိမ်းပိုက်ဖို့အမိန့်ရထားတယ်။ မြစ်တစ်ဖက်ကို လှေနဲ့ကူးနေချိန်မှာ ရန်သူပစ်ခတ်မှုရှိလာရင် ဒီဘက်ကမ်းမှာရှိတဲ့ စစ်ကြောင်း (၂)နဲ့ တပ်ခွဲ(၁)က လက်နက်ကြီးကူပစ်ပေးဖို့ အသင့်လုပ်ထားပြီးပြီ။ ပထမဆုံးကူးဖို့ ဆရာကြီး အသင့်ပြင်ပါ"

၁၉၉၁ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၊ နံနက် (၈) နာရီခန့် ဟောင်သရောမြစ်ပြင်ပေါ်ရှိ မြူနှင်းတို့လွင့်ပြယ်စ။ လှေတစ်စီးလျှင် တပ်စိတ်တစ်စိတ်ဖြင့် ရှေ့နောက်ခပ်ကွာကွာ လှေသုံးစီးကို ကျွန်တော် ဦးဆောင်၍ မြစ်ကိုဖြတ်ကူးပါသည်။ ဆောင်းရာသီဖြစ်၍ မြစ်လယ်မှာ သဲသောင်များဖြစ်ထွန်းလျက်ရှိသည်။

မြစ်တစ်ဖက်ရေစပ်နှင့် ရွာအခြေမှာ ကိုက် (၇၀) ခန့် ကွာဝေးသည်။ လှေပေါ်မှဆင်းသည်နှင့် ရွာအခြေကမ်းပါးသို့ အပြေးတက်ပြီး ခြေကုပ်ယူရသည်။ တပ်စုတစ်စုလုံးစုံလျှင် ရင်ပေါင်တန်းပြီး ရွာကိုရှင်းပါသည်။

ရွာအစပ်တွင် တူးလက်စကတုတ်ကျင်း အများအပြားတွေ့ရသည်။ ပို့င့်တပ်စုဖြင့် ရွာတစ်ဖက်အစွန်ထိ ရှင်းလင်းပါသည်။ ထိုနေရာများရှိ ဝါးရုံများ၊ သစ်ပင်ကြီးများအောက်တွင် မီးဖိုငယ်များမှာ မီးတောက်နေဆဲတွေ့ရသဖြင့် ရန်သူများသည် ချက်ပြုတ်နေဆဲ ကမန်းကတန်း ဆုတ်ခွာသွားကြခြင်း ဖြစ်ပေမည်။

ပို့င့်တပ်စုမှ ရှင်းလင်းနေစဉ် တပ်ခွဲမှူးနှင့် ကျန်တပ်စုများ ရွာအတွင်းသို့ ရောက်ရှိနေရာယူပြီးဖြစ်ပါသည်။ စစ်ကြောင်း(၂)နှင့် တပ်ခွဲ(၁)သည် ကျွန်တော်တို့ တပ်ခွဲ(၄)နှင့်အတူ လိုက်ပါလာခြင်း မရှိတော့ပါ။ မြစ်၏ ဟိုဘက်ကမ်းတစ်လျှောက် ဆက်လက် ရှင်းလင်းကြမည် ဖြစ်သည်။

ရွာထဲတွင် အိမ်တိုင်းလိုလိုမှာ ဗုံးခိုကျင်းများရှိသည်။ သက်ကြီးရွယ်အိုများ၊ သားသည်အမေများ၊ ကလေးငယ်များသည် ဗုံးခိုကျင်းထဲမှနေ၍ ကြောက်လန့်အားငယ်သော မျက်လုံးများဖြင့် ကြည့်နေကြရှာသည်။

ရွာလူကြီးပြောသည်မှာ -

"မြစ်ဒီဘက်ကမ်းကူးလာရင်တိုက်ဖို့ ရွာအစပ်မှာ ကျင်းတွေတူးထားကြတယ်။ မှန်ပြောင်းကိုင်ပြီး သစ်ပင်ပေါ်ကနေ တက်ကြည့်တဲ့သူက တပ်မတော်ဘက်မှာ သေနတ်အလုံးရှည်ကြီးတွေပါတယ်။ ရွာဘက်ကို ချိန်ထားတယ်လို့ ပြောလို့ အဲ့ဘက်ကို ထွက်သွားကြပြီ"

သူညွှန်ပြသော တောင်တန်းများက မဝေးလှပါ။ တပ်မတော် ရွာထဲရှိနေစဉ် သောင်းကျန်းသူများက အဝေးမှပစ်ခတ်ပါက ရွာကို မီးလောင်မှာစိုးရိမ်မိကြောင်း ရွာသူကြီးများက ပြောလာသည်။ ဗုံးခိုကျင်းထဲမှ လူများကလည်း ထွက်မလာကြပါ။ သပ်ရပ်သော ဘုန်းကြီးကျောင်းဖြင့် မြစ်ကမ်းဘေးမှ ရွာကလေး အေးချမ်းသာယာပါစေလို့ ဆုတောင်းပေးရသည်။

နံနက်စာ၊ ညစာချက်ယူခဲ့ပြီး ကျွန်တော်တို့တပ်ခွဲ (၄) သည် သောင်းကျန်းသူများ ဆုတ်ခွာသောလမ်းအတိုင်း လိုက်ပါခဲ့သည်။ မြစ်နှင့်အလျားလိုက် ယှဉ်လျက် ပြန့်ကျယ်သောတောင်ကြောတစ်ခုပေါ် ရောက်ချိန်တွင် တူးလက်စကတုတ်ကျင်းများ၊ သွေးစွန်းပတ်တီးများ၊ စားကြွင်းစားကျန်များကို တွေ့ရပြန်ပါသည်။

ယခု ကျွန်တော်တို့ ရောက်ရှိနေသော ကုန်းကြောသည် မြစ်၏ တစ်ဖက်ကမ်းရှိ စစ်ကြောင်း(၂)မှ လက်နက်ကြီးအလှမ်းမီအောင်ပစ်နိုင်မှန်းသိ၍ သောင်းကျန်းသူများသည် ကျွန်တော်တို့ကို ဆီးကြိုတိုက်ခိုက်ခြင်းမပြုဘဲ နေရာရွှေ့သွားဟန်တူပါသည်။ ဤကုန်းကြောမှာပင် စခန်းချရန် ခွဲမှူးမှ ညွှန်ကြားပါသည်။ ရန်သူများတူးခဲ့သော ကတုတ်ကျင်းများ အနီးမှာပဲ အခြေပြုခဲ့ရသည်။

ကျွန်တော် အိပ်သော နေရာမှ ကြည့်လျှင် ဟောင်သရောမြစ်ပြင်ကို အပေါ်စီးမှ အတိုင်းသားမြင်နေရသည်။ ကောင်းကင်မှ တောက်ပသော ကြယ်ကလေးများသည် မြစ်ရေပြင်အောက်သို့ ရေငုပ်တမ်းကစားနေကြသည်။

ဘုရားဖူး၊ မေတ္တာသုတ်ရွတ်ပြီး မေတ္တာပို့၊ အမျှအတန်းပေးဝေရတာ စိတ်ကြည်နူးလှပါသည်။ မန္တလေးပြည်သူ့ဆေးရုံမှာ ဆေးကုသနေရတဲ့ ကျွန်တော့်မိခင်ကြီး အမြန်ကျန်းမာအောင် သမ္မာဒေဝနတ်မင်းများ ကူညီစောင့်ရှောက်ပေးပါ။ တောပိုင်၊ တောင်ပိုင်နတ်မင်းများ ကျွန်တော်ပို့သတဲ့ မေတ္တာကို ခံယူကြပါ။ စစ်သည်များဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူကြပါခင်ဗျား။

။၅။

"မြစ်ကြောင်းအတိုင်း ရိက္ခာလှေတွေ တက်လာမယ်။ လှေတွေအန္တရာယ်ကင်းအောင်၊ ရန်သူမဖျက်ဆီးနိုင်အောင် မြစ်ကြောင်းလုံခြုံရေး တာဝန်ယူရမယ့် ကျွန်တော်တို့တပ်ခွဲ(၄)ရဲ့ နယ်မြေဟာ ဒီကစတယ်။ ဒီကုန်းကြောမှာ တပ်ကြပ်ကြီးကျော်ထူးနဲ့ (၂)စိတ်ထားခဲ့ပြီး ကျွန်တော်တို့ ဆက်ထွက်ကြမယ်။ ပို့င့်တပ်စု ကို ဆရာကြီးစစ်ဆေးပြီးရင်ထွက်တော့"

တပ်ခွဲမှူးအမိန့်အရ နံနက်(၆)နာရီတွင် ညအိပ်ခဲ့သည့်တောင်မှ စထွက်ခဲ့ကြသည်။ ဆောင်းနှင်းများဝေနေဆဲမို့ မြင်ကွင်းမှာ မှုန်ဝါးဝါး။ ကုန်းတန်းကြောမှ အနိမ့်ပိုင်းသို့ တဖြည်းဖြည်းဆင်းလာခဲ့ကြသည်။ သစ်ပင်ဝါးပင်များမထူမပါး ရှိသော မြေပြန့်တစ်ခုကို အတန်ကြာအောင် ဖြတ်သန်းပြီးသော် ရှေ့မှာအပေါ်သို့ ခပ်ပြေပြေမြင့်တက်သွားသော တောင်ကြောတန်းတစ်ခု ကန့်လန့်ခံနေပါသည်။

တောင်ကြော၏ အောက်ခြေမှာ ဝါးပင်များ ထူထပ်သော်လည်း အပေါ်ဘက်မှာ သစ်ပင်ကြီးများရှိနေသည်။ ထိုတောင်ကြော၏ ဘယ်ဘက်အစွန်းသည် မြစ်ကို အပေါ်စီးမှကြည့်နေသည့် အနေအထား ဖြစ်သည်။

ကန့်လန့်ရှိနေသော တောင်ကြောအောက်ခြေဝါးတောအတွင်းသို့ ပို့င့်တပ်စိတ် စတင်ဝင်ရောက်လိုက်မိချိန်မှာပင် အော်ဟစ်ငြင်းခုံကြသည့်အသံများ အားရပါးရ ရယ်မောသံများကို ကျွန်တော် ကြားလိုက်ရပါသည်။ တောင်ကြောပေါ်မှ ထိုအသံများကို ပို့င့်တပ်စိတ်ကိုကွပ်ကဲရင်း ပါလာသော ကျွန်တော်မှ ကြားလိုက်ရခြင်း ဖြစ်သည်။ အသံများက တစ်ချက်တစ်ချက် ကြားနေရဆဲ ဖြစ်သည်။

"ရှိ ရှိ"



www.burmeseclassic.com

www.burmeseclassic.com

လေချွန်သံပြု၍ ဗိုလ်တပ်စိတ်အား ခေါ်နားရန် အချက်ပြပြီး -

"အပေါ်မှာ ယောက်ျားသံတွေ ဆူညံနေတာ မင်းတို့မကြားဘူးလား"

ကျွန်တော်မှ တိုးတိုးမေးသည်ကို ဗိုလ်တပ်စိတ်မှူး လုံးချေမှ အသံတိုးတိုး ဖြင့် -

"ဘာသံမှမကြားပါဘူး ဆရာကြီး"

ဗိုလ်တပ်စိတ် ရှေ့ဆုံးမှသွားနေသော တပ်သား တင်ဒွေးကလည်း ဘာသံမှ မကြားပါဘူးတဲ့။ ခက်ပြီ။

အမှန်ဆိုလျှင် ၁၉၇၁/၇၂ တွင် ဖြစ်ပွားခဲ့သော ကွမ်လုံ ရက် (၄၀)တိုက်ပွဲများအတွင်း ဗကပများဘက်မှပစ်သည့် လက်နက်ကြီး၊ ဗုံးသီးများ ကတုတ်ကျင်းများအနီးမှာ ကျကွဲတာခံထားရသော ကျွန်တော့်နားများသည် သာမန်လူများနှင့်စာလျှင် အကြားအာရုံမကောင်းလှသည်ကို ရင်းနှီးသူများ သိကြပါသည်။ အခုဘယ်လိုဖြစ်နေပါလိမ့်။

"တပ်ခွဲမှူး ရှေ့တက်လာပေးဖို့ နောက်ဘက်ကို သတင်းဆက်ပို့ကြ"

စစ်သည်များ တစ်ဦးချင်းနောက်သို့ဆက်၍ပြောလို့မကြာမီ တပ်ခွဲမှူး ရောက်လာပြီး-

"ဘာထူးလို့လဲ ဆရာကြီး"

"ဗိုလ်ကြီး၊ ရှေ့ကတောင်ကြော ပေါ်မှာ ယောက်ျားသံတွေ အများကြီး ကြားနေရတယ် နားထောင်။ ကျွန်တော် သေကာဘူး"

တပ်ခွဲမှူး နားစွင့်စဉ်မှာပင် အသံများ ကြားရပြန်သည်။ ကျွန်တော်တို့ရှိနေသောနေရာနှင့် အသံများထွက်နေသောနေရာအကြားတွင် ဝါးရုံများ၊သစ်ပင်များရှိနေ၍ မမြင်ရခြင်း ဖြစ်သည်။ ကိုက် (၂၀၀) ခန့် ဝေးနိုင်သည်။ အနီးရှိ စစ်သည်များက ကျွန်တော်နှင့်တပ်ခွဲမှူး ကို အံ့ဩသလို ကြည့်နေကြသည်။ မြေ အနေအထားကတော့ လှန်၍တက်မှရ မည်၊ တပ်စိတ် (၂) စိတ်ထားခဲ့ပြီးဖြစ်၍ ကျွန်တော်တို့အင်အားက (၅၀) ပင် မပြည့်။ အပေါ်မှ ကျင်းတူးပြီးစောင့်နေ သည့် ရန်သူများက (၂၀၀) ခန့်။

"ဘာဆက်လုပ်ကြမလဲ ဗိုလ်ကြီး"

ကျွန်တော့်အမေးကို တပ်ခွဲမှူးမှ-

"လက်နက်ကြီး ပစ်ကူမရဘဲ ဘယ်လိုမှ တက်ရှင်းလို့မရနိုင်ဘူး။စစ်ကြောင်း (၂)ကို အဆက်အသွယ်ယူပြီးစီစဉ်မယ်။ ညက အိပ်ခဲ့တဲ့နေရာပြန်ဆုတ်"

ကျွန်တော်တို့ ပြန်လာသည်ကို မြင်သော် တပ်ကြပ်ကြီးကျော်ထူးအဖွဲ့မှ စစ်သည်များက မြစ်၏တစ်ဖက်ကမ်းကို လက်ညိုးထိုးပြကြသည်။ စစ်ကြောင်း (၁) သည် မြစ်ကမ်းဘေး သဲသောင်ပြင် အတိုင်း ချီတက်နေသ သည်။ အသားဖြူ၍ ဉပမိရုပ်ကောင်းလှသော တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးမြင့်မောင် (ဂုန်လျှော်ညွှန် မှူး-ကွယ်လွန်) ကို အဝေးမှပင် မြင်နေရ သည်။ အင်အား (၂၀၀) ကျော်ရှိမည့် စစ်သားများ ရှေ့နောက်တန်းစီသွားနေ ပုံမှာ နေရောင်အောက်တွင်ကြည့်လို့ ကောင်းနေသည်မှာ အမှန်ပင်။

"ဖောင်း ဖောင်း ဖောင်း တပ် တပ် ဒိုင်း"

လူသံများဆူညံသဖြင့် ကျွန်တော် တို့ တက်၍မရှင်းနိုင်ခဲ့သော တောင် ကြောမှ ရန်သူများသည် စစ်ကြောင်း (၁) ကို စတင်ပစ်ခတ်ပါတော့သည်။ မြစ်ကို အပေါ်စီးမှ ငုံ့ကြည့်နေသော အနေအ ထားရှိသော တောင်အစွန်းပေါ်မှ ရန်သူ သည် တစ်ဖက်ကမ်းမှပစ်မှတ်ကိုမြင်လျှင် စိတ်မထိန်းနိုင်ဘဲ လှမ်း၍ပစ်ကြခြင်းဖြစ် ပေမည်။

ရန်သူ၏ တဝေါဝေါတဒိုင်းဒိုင်း ပစ်ခတ်မှုအောက်မှပင် စစ်ကြောင်း (၁) ၏ ၆၀-မမစိန်ပြောင်းများ၊ စက်လတ် များ ချက်ချင်းပြန်လည်တုံ့ပြန်ပစ်ခတ်ပုံ၊ စစ်သည်တို့ ပြေးလွှားနေရာယူကြပုံမှာ ရုပ်ရှင်ကြည့်နေရပင်။ စစ်ကြောင်း (၁) မှ တပ်ကြပ်ကြီးခင်စိုး၊ တပ်ကြပ်ကျော်စွာ တို့ စိန်ပြောင်းအဖွဲ့သားများ လက်သံ ပြောင်၍ ရန်သူများ အခြေအနေယိုင်စ ပြုလာသည်။ ကျွန်တော်တပ်ခွဲမှူး ဇဝန ဉာဏ်ကောင်းလှသည်။ နံနက်ခင်းက ကျွန်တော်တို့ရောက်ခဲ့ပြီးသော ဝါးတော



အစပ်မှနေ၍ ပစ်အားလိုင်လိုင်သုံးစေ ကာ တောင်ကြောပေါ်ရှိ ရန်သူများကို ချေမှုန်းပါတော့သည်။ မြစ်တစ်ဖက်ကမ်း စစ်ကြောင်း(၁)၏ပစ်အား၊ တောင်ခြေ ရင်းမှကျွန်တော်တို့၏ အနီးကပ်ပစ်အား ကြောင့် ရန်သူများ တစ်ဖက်တောင် စောင်းအတိုင်း ပြေးဆင်းသွားကြပါ သည်။ စစ်ကြောင်း(၁)တွင် အထိအခိုက် မရှိကြောင်းကို နောက်မှသိရပါသည်။

ပွိုင့်တစ်ခုကိုဖြန့်ပြီး တောင်ကြော ပေါ်တွင် ကျွန်တော် တက်ရှင်းသည်။ နံနက်ခင်းက ကျွန်တော်တို့တက်မည့် လမ်းကြောင်းအတိုင်း တောင်ကြော ထက်မှာ တူးထားသော ကတုတ်ကျင်း များကို တွေ့ရသည်။ ဂငယ်ပုံစံဖြစ်၍ နေရာယူစောင့်ကြခြင်း ဖြစ်သည်။ ပေါ့ ပေါ့ဆဆတက်သွားလျှင် သူတို့၏ သတ်ကွင်း (Killing Ground) ထဲ ဝင်သွားမိပြီး အပြီးချေမှုန်းခြင်းခံရမည်မှာ သေချာ သည်။

အမှန်မှာ ကျွန်တော်တို့တပ်ခွဲ (၄) သည် ယနေ့နံနက် (၇)နာရီတွင် ယခု ရန်သူဆင်းပြေးသော တောင်ကြောအား ရှင်းလင်းနေရာယူပြီးဖြစ်ရမည်ဟု ညွှန် ကြားထားသည်။ ထို့ကြောင့် တောင်စွန်း ထိပ်မှ တပ်ခွဲ (၄) ရှိနေပြီအထင်ဖြင့် တပ်ရင်းမှူးကြီးက မြစ်တစ်ဖက်ကမ်းမှ အေးဆေးစွာ ချီတက်နေခြင်း ဖြစ်သည်။

ရန်သူများဆုတ်ခွာပြေးပြီးနောက် တွင် တပ်ရင်းမှူးသည် ဝိုင်ယာလက်စက် ဖြင့် ကျွန်တော့်တပ်ခွဲမှူးအား ကောင်း ကောင်းကြီး ကြိမ်းမောင်းပါသည်။

အင်အား(၂၀၀)ခန့်ရှိမည့် ရန်သူ ရှိနေသော တောင်ကြောကို မိမိ၏ (၅၀) ပင်မပြည့်သောတပ်ဖွဲ့ဖြင့် အထိအခိုက် မရှိအောင်မြင်စွာရလိုက်သဖြင့် တပ်ခွဲမှူး ဗိုလ်ကြီးမျိုးဝင်းက ပြုံးပြုံးကြီးပဲ ဝိုင်ယာ လက်စက်ကို ကြည့်နေပါသည်။

॥ ၆ ॥

"တပ်ရင်းမှူးကို သွားတွေ့ရမယ်။ အားလုံးအသင့်ပြင်ကြ"

တိုက်ပွဲဖြစ်ပြီး နှစ်ရက်အကြာမှာ ဖြစ်သည်။ မြစ်၏ဟိုဘက်ကမ်းရှိ 'အစွန်း' ရွာတွင်ရှိနေသော တပ်ရင်းမှူးထံမှ ဝါယာလက်စက်ဖြင့် အမိန့်ဝင်လာသည်။ ဒီဘက်ကမ်း တောင်ကြောတစ်ခုပေါ်မှ ကျွန်တော်တို့သည် တပ်ခွဲမှူးအားလိုက် ပို့ကြသည်။ တစ်နာရီခန့်ဆင်းလာပြီး မြစ်ဘေးသို့ ရောက်လာသည်။ အစွန်း ရွာဘက်မှ လှေဖြင့်လာပြီး တပ်ခွဲမှူးကို



www.burmeseclassic.com

www.burmeseclassic.com

သာ ခေါ်သွားသည်။ ကျွန်တော်နှင့်စစ်သည်များ တပ်ခွဲမှူးအပြန်ကို စောင့်နေစဉ်အတွင်း တပ်စု၏အနောက်ဘက်ဆီမှ -

"ဒိုင်း"

သေနတ်သံကြားရာသို့ ပြေးသွားရသည်။ ရန်သူတစ်ယောက် သေနတ်ဒဏ်ရာဖြင့် လဲကျနေပါသည်။ ရန်သူထံမှရသော (AK-47)သေနတ်ကို တပ်စိတ်မှူးဆရာမောင်ကိုမှ ကျွန်တော့်အား ပြရင်း-

"ကင်းသမားရဲဘော်တင်အေးက အရင်မြင်လို့ ပစ်ထားတာ။ ပခုံးကို မှန်ထားတယ်။ တိတ်တိတ်လေးချောင်းပစ်မလို့ သူဝင်လာတာ"

ကျွန်တော်က ရန်သူ့ဒဏ်ရာကို ကြည့်ပါသည်။ အခြေအနေမဆိုးပါ။

"ဒဏ်ရာကို ဆေးပတ်တီးစည်းပေးရအောင် မပြီးသယ်ခဲ့ကြ"

လူနာက ရေတောင်းသည်။ ရေသောက်လျှင် သွေးလွန်တတ်ကြောင်း၊ မြစ်တစ်ဖက်ကမ်းမှာ ဆေးမှူးကြီးနေကြောင်း၊ ပျောက်ကင်းအောင် ကုသပေးမှာဖြစ်ကြောင်း ရှင်းပြရင်း အားငယ်စိတ်မဝင်အောင် ဖော်ဖော်ရွေရွေစကားပြောရသည်။

"ကလေးတွေ ကစားသလိုပေါ့ကွာ။ အရင်မြင်တဲ့သူက ပစ်ကြေးပဲလေ။ ဟိုနေ့ကတော့ မြစ်တစ်ဖက်ကမ်းဘေးအတိုင်းလာနေတဲ့ တို့စစ်ကြောင်းကို မင်းတို့က အရင်ပစ်တာပဲ"

ကျွန်တော်က ရယ်ရယ်မောမော ပြောသဖြင့် သူက ပြန်ပြောပါသည်။

"အဲနေ့က ဟိုဘက်ကမ်းအတိုင်း စစ်ကြောင်းတစ်ခုလာမှာကို ကြိုမသိထားဘူး။ တို့ဘက်က အတွေ့အကြုံမရှိသေးတဲ့ လူသစ်လေးတွေ ဘေးကင်းအောင် တောင်အစွန်းမှာ ပို့ထားမိတယ်။ လူသစ်လေးတွေ အမိန့်မရဘဲ ရမ်းသန်းပစ်နေကြတာ"

"အဲအချိန်မှာ မင်းတို့ လူဟောင်းတွေက ဘယ်မှာလဲ"

"လှိုင်နန်းရွာက ထွက်လာတဲ့တပ်သေချာပေါက်လာမယ့်လမ်းကို ညကတည်းက ကျင်းတူးပြီး အပိုင်စောင့်နေတာ"

သူ့စကားအရ ကျွန်တော်တို့ကို စောင့်နေခြင်းဖြစ်ကြောင်း သိလိုက်ရပါသည်။

"ဟ-ယောက်ဖ၊ အပိုင်စောင့်ရင်လည်း တိတ်တိတ်လေးစောင့်မှပေါ့။ အဲနေ့မနက်က တောင်ပေါ်မှာ မင်းတို့အသံတွေ ဆူညံနေတာ"

သူက အံ့ဩဟန်ဖြင့် ကျွန်တော့်ကို မျက်လုံးပြူးကြည့်သည်။ ဒေါသသံဖြင့်-

"နင့်စကားပြင်ပြောစမ်း။ ငါတို့လည်း စည်းကမ်းရှိတဲ့စစ်သားပဲ။ စစ်တိုက်လာတာကြာပြီလေ။ တို့လည်း စစ်ပညာတတ်တယ်။ ညကတည်းက ဘာသံမှမထွက်ရဘူးလို့ ငါတို့ကိုအမိန့်ပေးထားတာပဲ။ ဘယ်သူကအသံထွက်ရဲမှာလဲ။ နင်တို့က နှစ်ဖက်ညှပ်ပစ်လို့ ဆင်းသွားရတာ"

သူ့မျက်လုံးများက အမှန်ကိုပြောနေခြင်းဖြစ်ကြောင်း သိသာပါသည်။ သူတို့တစ်ဖွဲ့လုံး ဘာသံမှမထွက်ခဲ့ကြပါဟု ဆိုနေပြန်သည်။ ဒါဆိုရင် ကျွန်တော်ကြားရသောအသံတွေကဘာလဲ။ ဘယ်ကလဲ။

။၇။

အထက်တွင် ဖော်ပြထားသော အကြောင်းအရာများကို မော်ဘီမြို့ရှိ ရွှေမော်ဝန်းသစ္စသနာ့ရိပ်သာကျောင်းတွင် ဝါတွင်းကာလက စာရေးသူ ဥပုသ်သီလ ယူရန် သွားခဲ့ရာမှ ကြားသိခဲ့ရခြင်း ဖြစ်သည်။ သီလယူရန်လာကြသူများတွင် စစ်မှုထမ်းဟောင်းအဘိုးကြီးများအချင်းချင်း သူ့တပ်ကိုယ့်တပ် အတွေ့အကြုံဟောင်းများကို စကားစပ်မိပြီး ပြောနေလျှင် ဘေးမှ စာရေးသူကဲ့သို့ လူငယ်များမှာ နားထောင်၍မဝနိုင်အောင် ဖြစ်ရသည်။

ပထမအဘကြီးပြောသလို အင်အား(၂၀၀)ခန့်ရှိမည့် သောင်းကျန်းသူများက အင်အား (၅၀) ပင်မပြည့်သော သူတို့အဖွဲ့လေးကို အပြီးပြတ်ချေမှုန်းရန် စနစ်တကျ စီစဉ်စောင့်ဆိုင်းနေသော သတ်ကွင်း (Killing Ground) သို့ ဝင်မိခါနီးမှ အသံများကြားရခြင်းကြောင့် အသက်အန္တရာယ်မှလွတ်ကင်းခဲ့ရပုံ၊ သို့သော် ထိုအသံများကို မည်သူမှုပြုလိုက်ခြင်းမသိ၍ အတွေးရကျပ်လှပုံပြောတော့ စာရေးသူကိုယ်တိုင်ပင် သူ၏စကားများကို ယုံရခက်ခက်ဖြစ်ရသည်။ သို့သော် ပြောသူမှာ ရည်မွန်တည်ကြည်သော အဘကြီးဖြစ်၍ မယုံဘဲလည်း မနေနိုင်ပါ။

ထိုအခက်အခဲကို ဒုတိယအဘကြီး၏ စကားများက လွယ်ကူရှင်းလင်းစွာ ချေဖျက်ပေးလိုက်ပါတော့သည်။

"ဒီလိုရှိတယ်ဗျ။ မြတ်စွာဘုရားရှင်လက်ထက်မှာ ရဟန်းငါးရာ တောထဲသွားပြီး တရားကျင့်တော့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက အနှောင့်အယှက်ပြုကြတယ်။ ရဟန်းငါးရာက ဘုရားရှင်ထံပြန်လာပြီး လျှောက်ကြတယ်။ ဘုရားရှင်က မေတ္တသုတ်ကို သင်ပေးပြီး တောထဲမှာ ရွတ်ဖတ်နေဖို့ ခိုင်းလိုက်တယ်။ အဲဒီမှာ နတ်တွေချစ်ခင်လာပြီး အနှောင့်အယှက်မပေးကြတော့ဘူး။ ရဟန်းငါးရာလည်း အနှောင့်အယှက်ကင်းကင်းနဲ့ ကမ္မဋ္ဌာန်းကျင့်ရလို့ ရဟန္တာတွေဖြစ်ကုန်ကြတယ်လို့ ပရိတ်တရားတော်မှာ မေတ္တသုတ်အကြောင်းကို ဆရာတော်က ဟောခဲ့တယ်လေဗျာ။

မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဗြဟ္မဝိဟာရဟောပြောချက်မှာလည်း မေတ္တသုတ်ကို ရွတ်ဆိုရုံနဲ့မပြည့်စုံ အားထုတ်ဖို့လည်း လိုတယ်လို့ ဟောထားသဗျ။ ရဟန်းငါးရာအားလုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်တဲ့အထိ အကျိုးပေးတာက မေတ္တသုတ်ကို ရွတ်ဖတ်ရုံသာမကဘဲ ဘုရားရှင်ခိုင်းစေတဲ့အတိုင်း မေတ္တာဘာဝနာ၊ မေတ္တာကမ္မဋ္ဌာန်းများပါ ကျင့်ကြံကြတယ်လို့ ဖတ်မှတ်ရဖူးတယ်။ ဆရာကြီးမှာတော့ ရဟန်းမဟုတ်လို့ မေတ္တာဘာဝနာအချိန်ပြည့်မပွားများနိုင်ခဲ့ပေမယ့် အိပ်ရာဝင် အိပ်ရာထမှာ မေတ္တသုတ်ကို ရွတ်တယ်။ တောစောင့်၊ တောင်စောင့်နတ်များ ဒေသခံများကို မေတ္တာပို့ပြီး မွေးသမိခင်ကြီးရဲ့ ကျေးဇူးကို အကြိမ်ကြိမ်အဖန်ဖန် အောက်မေ့နေတာဆိုတော့ သူတော်ကောင်းကို နတ်ကောင်းနတ်မြတ်တွေက စောင်မပြီပေါ့။ တကယ်အစွမ်းထက်တဲ့ အဆောင်က နှလုံးသားမှာ အဆောင်ထားပြီးပြီတဲ့။ အဖြေက ရှင်းရှင်းလေးပါဗျာ" တဲ့။

ဒုတိယအဘကြီး၏စကားများကို စာရေးသူအပါအဝင် အနီးမှာရှိသူအားလုံးက ကျေနပ်စွာ လက်ခံကြပါသည်။ စာရေးသူမှ ထိုအကြောင်းအရာများကို ရေးသားခွင့်ပြုပါရန် တောင်းပန်ပြီး ပထမအဘကြီးပြောစကားများကို ဝတ္ထုသဖွယ် သီကုံးရေးဖွဲ့လိုက်ခြင်း ဖြစ်ပါသည်။ အချိန်ကာလနှင့် အဖြစ်မှန်ဖြစ်၍ အမည်မှန်များကိုပင် ထည့်သွင်းရေးသားလိုက်ရပါကြောင်း။

ထွန်းကျော်ဇေ



www.burmeseclassic.com

www.burmeseclassic.com


ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - ၁၀၁၁ ၊ ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး အကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်မှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ ကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။" "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက အဘိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နှီးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမျှညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးခုကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ထိန်းနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး ဝမ်း သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ဝမ်း ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သဘောတော် ကံကောင်းလိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် " ကျန်းမာချမ်းသာပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး အစု အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက် ကြောတိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ် ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစာမကျေ၊ အဆိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော မောင်ထွန်းကျော် ကျန်းမာပြီလို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး ရှမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်း၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၀၊ ၀၉ ၄၃၀ ၃၁၀၅၄။


www.burmeseclassic.com

www.burmeseclassic.com



# HIV အတွက် ဆေးစွမ်းတစ်လက်

HIV POSITIVE လို့ သိလိုက်ရတာနဲ့ ချက်ချင်း ရွှေပြာသတ္တိ ရသာယနအားဆေးကိုသာ စားလိုက်ပါ။ (၃) လကြာလို့ CD4 Count စစ်ကြည့်ရင် တိုးတက်လာမယ်ဆိုတာ တွေ့ရပါမယ်။

HIV အဆင့်မှာ ခုခံအားတိုးတက်အောင် အရင်ဆုံး သုတေသနပြုထားပါတယ်။ ဆင့်ပွား ရောဂါဖြစ်သူများနဲ့ AIDS အဆင့်ကိုတော့ ဆက်လက် သုတေသနပြုမှာပါ။

ပထမအကြိမ် တိုင်းရင်းဆေးသမားတော်ညီလာခံမှာ HIV နဲ့ ပတ်သက်လို့ စာတမ်းတင်ပြီး (၁) နှစ်အကြာကနေ သုတေသနပြုကုသခဲ့တာဖြစ်တယ်။ ယခု (၁၀) ဦးမှာ (၉) ဦး CD4 Count တိုးတက်ခဲ့တယ်။ (၁) ဦးက NAGATIVE ဖြစ်သွားပါတယ်။ ဆက်လက် သုတေသနပြုမှာ ဖြစ်ပါတယ်။

အလွန်ရနိုင်ခဲတဲ့ ဓာတ်ပစ္စည်း၊ ခက်ခဲနက်နဲတဲ့ ဝိဇ္ဇာဓရ ဂမ္ဘီရနည်းပညာနဲ့ တန်ဖိုးကြီးစွာ ရယူထားတဲ့ ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို တိုင်းရင်းဆေးဖုံများမှာ ထည့်သွင်းထားတာမို့ လုံးဝ အပြစ်ကင်းပြီး ဘေးထွက်ဆိုးကျိုးမရှိပါဘဲ ခုခံအားကို တိုးတက်စေတာ ဖြစ်ပါတယ်။

ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို ဇီဝိတဒါန လှူဒါန်းတာဖြစ်ပြီး တိုင်းရင်းဆေးဖုံ တန်ဖိုး တစ်လ - ၃၀၀၀ဝိ/။

ရွှေပြာသတ္တိ ရသာယနသကပ်စွမ်းရည်ဆေးများဟာ HIV အတွက် ခုခံအားကို တိုးတက်စေ သလို အများပြည်သူများအတွက် ကိုယ်ခံအားကို မြင့်မားစေပြီး ကျန်းမာသက်ရှည်စေနိုင်ပါတယ်။

ဦးထွန်းလင်း - ယခင် သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏တပည့်

ရွှေပြာသတ္တိ/ စစ ဦးကျော်မြင့် (တ/ဆ ၂၇၉၂)၊ B.A, C.T.M.P ၊ ဝိဇ္ဇာဓရေဂမ္ဘီရပညာ

စစ တိုင်းရင်းအထူးကုဆေးခန်း၊ ၅၂၄/ ဂ၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့။

ဖုန်း - ၀၁ ၉၆၉၉၇၇၉၊ ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၁၆၂၈၀။

www.burmeseclassic.com

www.burmeseclassic.com



# မောင်ကျော်ကတိုင်

၃

## ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး

ယခင်လက တင်ပြခဲ့တဲ့ ချက္ကရ ...ထုံးဟာ လောလောလတ်လတ် ...နေပေါ်ရောဂါဝေဒနာတွေကို ကုတဲ့ ...ဖြစ်တယ်။ နာတာရှည်ရောဂါတွေ ...အပြင်းအထန်ခံစားနေရတဲ့ ရောဂါ ...နာတွေကို ချက္ကရကုထုံးနဲ့ ဘယ်လို ...ရတယ်ဆိုတာ ပြောမှာဖြစ်တယ်။ ...ည်းအားဖြင့် ချက္ကရကုထုံးရဲ့ပမာန ...နည်း ဖြစ်ပါတယ်။

ထပ်ပြီးသတိပေးချင်တာကတော့ ...ကုထုံးဟာ ဆေးမြီးတိုကုထုံး၊ ပျောက်စေကုထုံးလို ကုသနည်းမဟုတ်ဘူးဆိုတာပါဘဲ။ တိုင်းရင်းဆေးကုထုံး၊ အာယုဗ္ဗေဒကုထုံး၊ ဆေးသိပ္ပံကုထုံးတွေမှာ အနာသိရင် ဆေးရှိ ဆိုတဲ့ နိတိရှိတယ်။ အနာရောဂါဖြစ်ပေါ်ရခြင်းရဲ့ အကြောင်းရင်းကို ရှာဖွေတာဟာ ကုသမှုရဲ့ ကနဦးစတင်လုပ်ရမယ့်ကိစ္စ ဖြစ်တယ်။ သိပ္ပံဆေးပညာနဲ့ကုသရာ ဆေးရုံဆေးခန်းတွေမှာ ရောဂါရှာဖွေရေးကို အဝင်ပန်းခံ၊ အကုန်ခံပြီး လေ့လာနေကြပါတယ်။

ချက္ကရကုထုံးမှာလည်း ပထမဆုံး ဘယ်နေရာ၊ ဘယ်အင်္ဂါမှာ ရောဂါဖြစ်ပေါ်စေတဲ့ချွတ်ယွင်းချက်၊ မှားယွင်းချက်တွေရှိနေတယ်ဆိုတာ သိရအောင် လေ့လာ ရှာဖွေရတယ်။ အနာတွေ့တော့မှ ဆေးချက်ကို ပေးရသလို အနာရောဂါရဲ့ မူရင်းဇာစ်မြစ်ကို ရှာဖွေရတာဖြစ်တယ်။ အပေါ်ယံတွေ့မြင်ရတဲ့ ရောဂါလက္ခဏာချက်တွေကို ကုသတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘဲ ရောဂါဖြစ်ပေါ်ရာဇာစ်မြစ်ကို ကုသတာဖြစ်ပါတယ်။ ဒီလိုချက္ကရကုထုံးကို ဒေါက်တာဂျိုင်းက ကာလီဖိုးနီးယားပြည်နယ် လူဇန်းတောင်ကြားမှာရှိတဲ့ အာကာယံသုတေသနမှာ (၅) နှစ်လောက် စမ်းသပ်ကုသပြီးမှ ထုတ်ဖော်လိုက်တာ ဖြစ်ပါတယ်။

ချက္ကရကုထုံးဟာ ဆေးဝါးကိရိယာမပါဘဲ မိမိရဲ့ စေတနာရယ်၊ ဉာဏ်ပညာရယ်၊ မိမိရဲ့လက်ရယ်ကို အဓိကအသုံးပြုတာ ဖြစ်တယ်။ ရောဂါကုသမှုနဲ့ဆိုင်တဲ့ ချက္ကရတွေအကြောင်းကို ပြောခဲ့ပြီး ဖြစ်တယ်။ ချက္ကရတွေဟာ ရုပ်ခန္ဓာရှင်သန်ဖို့နဲ့ နာမ်ခန္ဓာကြံ့ခိုင်ဖို့အတွက် ခန္ဓာကိုယ်တွင်းရှိ ဂလင်းတွေကတစ်ဆင့် ရုပ်ခန္ဓာကို ပြုပြင်ထောက်ပံ့နေတာကိုလည်း ပြောခဲ့ပြီးပြီ။ ချက္ကရတွေအားလုံးဟာ တညီတည်းဖွံ့ဖြိုးနေတာ မဟုတ်ဘူး။ တချို့ချက္ကရတွေဟာ နွေးကွေးလေးလံနေတယ်။ တချို့ချက္ကရတွေက သွက်လက်လှုပ်ရှားနေတယ်။ နွေးကွေးထုံထိုင်းနေတဲ့ ချက္ကရနဲ့ဆက်ထားတဲ့ ဂလင်းတွေကလည်း အားနည်းထုံထိုင်းနေတယ်။ ဒါကြောင့် အဲဒီချက္ကရယ် ဆက်နေတဲ့ ဂလင်းတို့ကြောင့် ဇီဝကမ္မစနစ်ကြီးတစ်ခုလုံး အားနည်းချတ်ယွင်းသွားတယ်။ ဒီလို အားနည်းချတ်ယွင်းမှုကြောင့် ရောဂါဝေဒနာတွေ ဖြစ်ပေါ်လာတာဖြစ်တယ်။

ဥပမာ မဏိပူရချက္ကရခေါ် ချက်တိုင်ချက္ကရပိတ်ဆို့နေရင်၊ အားနည်းနေရင် ဒီချက္ကရနဲ့ဆက်နေတဲ့ မုန့်ချိုအိတ်ဂလင်း အားနည်းချို့ယွင်းသွားတယ်။ မုန့်ချိုအိတ်ဂလင်းဟာ အင်ဆူလင်ဟော်မုန်းတွေ ထုတ်လုပ်ပေးနေတာ ဖြစ်တယ်။ မုန့်ချိုအိတ်ဂလင်းက အင်ဆူလင်ဟော်မုန်းတွေ အလုံအလောက် ထုတ်မပေးနိုင်ရင် ခန္ဓာကိုယ်တွင်းရှိ သကြားအချိုဓာတ်တွေကို မထိန်းနိုင်တော့လို့ အချိုသကြားဓာတ်တွေ ပိုမိုလာပြီး သွေးချို၊ ဆီးချိုရောဂါတွေ ဖြစ်ပေါ်လာတာဖြစ်တယ်။ အင်ဆူလင်ထိုးဆေးနဲ့ ကုသလို့လည်း ရောဂါသက်သာရုံသာရှိတယ်။ အမြစ်ပြတ်မကုသနိုင်ဘူး။

ဥပမာ နှလုံးချက္ကရနဲ့ သိုင်းမတ်ဂလင်း ဆက်စပ်နေတယ်။ စိတ်ထားမမှန်ရင် နှလုံးချက္ကရအားနည်းတယ်။ ဒါကြောင့် သိုင်းမတ်ဂလင်းအားနည်းတယ်။ ဒါကြောင့် သွေးဖြူဥတွေ လုံလောက်အောင် ထုတ်လုပ်မပေးနိုင်တော့ဘူး။ ဒါကြောင့် ကိုယ်ခံအားနည်းတဲ့ရောဂါတွေ ဖြစ်လာရတယ်။ ကိုယ်ခံအားနည်းရင် အေအိုင်ဒီအက်စ်ရောဂါတင်မကဘူး၊ ကိုယ်ခံအားစနစ်ကြီးတစ်ခုလုံး အားနည်းရင် အေအိုင်ဒီအက်စ်ရောဂါတင်မက ကိုယ်ခံအားစနစ်ကြီးတစ်ခုလုံး အားနည်းသွားလို့ အခြားရောဂါမျိုးစုံနဲ့ ကူးစက်ရောဂါတွေကို မကာကွယ်နိုင်တော့ ကူးစက်ရောဂါတွေ ပိုခံစားရတာ ဖြစ်တယ်။

တစ်နည်းအားဖြင့် ပြောရရင် ရောဂါဝေဒနာတွေ ပေါ်ပေါက်တာဟာ လိုအပ်တဲ့ ဟော်မုန်းမရလို့ ဖြစ်တယ်။ ဟော်မုန်းတွေမရတာဟာ ဂလင်းတွေအားနည်းလို့ ဖြစ်တယ်။ ဂလင်းတွေအားနည်းရတာဟာ ပဓာနအားဖြင့် ချက္ကရတွေအားနည်းချို့ယွင်းနေလို့ ဖြစ်တယ်လို့ ချက္ကရကုထုံးက ခံယူထားတယ်။ ပဓာနချက္ကရကြီး (၇) ခုနဲ့ အရံချက္ကရငယ် (၄၉) ခုတို့ ချို့ယွင်းအားနည်းမှုကြောင့် ရောဂါမျိုးစုံပေါ်ပေါက်ရတာလို့ ခံယူတယ်။ ဒါကြောင့် ရောဂါဖြစ်ပေါ်ရခြင်းရဲ့ဇာစ်မြစ်ဖြစ်တဲ့ ချက္ကရတွေကို ပုံမှန်ဖြစ်အောင်၊ သွက်လက်အောင် ကုသပေးတဲ့ကုထုံးကို ချက္ကရကုထုံးလို့ခေါ်တာ ဖြစ်တယ်။

အားနည်း ချို့ယွင်းနေတဲ့ ချက္ကရတွေကို ကုသသူ သမားတော်ဆီမှာရှိတဲ့ အတွင်းအားခေါ် ပရာဏဓာတ်တွေကို ချက္ကရကတစ်ဆင့် ကူးပြောင်းပေးလိုက်တဲ့အခါမှာလည်း လူနာရဲ့သက်ဆိုင်ရာ ချက္ကရကတစ်ဆင့် လူနာရဲ့ ခန္ဓာကိုယ်တွင်းဝင်သွားမှာ ဖြစ်တယ်။ ချက္ကရဟာ ခန္ဓာကိုယ်ပေါ်ရှိတယ်ဆိုပေမယ့် ချက္ကရရဲ့ နေရာရင်းဟာ ခန္ဓာကိုယ်အတွင်းရှိ ကျောမြောင်းရိုးတစ်လျှောက်မှာ တန်းစီရှိနေတာဖြစ်ပြီး ဗဟိုအာရုံကြောစနစ်၊ ဆင်ပသဲတစ်အာရုံကြောစနစ်တွေနဲ့ ထိစပ်နေတာ ဖြစ်တယ်။ သမားတော်ဆီက ဝင်လာတဲ့ ပရာဏဓာတ်ရဲ့ စွမ်းအင်ကြောင့် လူနာရဲ့ ချက္ကရတွေဟာ အားကောင်းသွားတယ်။ ဒါကြောင့် ပုံမှန်လှုပ်ရှားလာနိုင်တယ်။ ဒါကြောင့် ဂလင်းနဲ့ အာရုံကြောတွေကတစ်ဆင့် ရုပ်ခန္ဓာကို ပြုပြင်ပေးနိုင်တာ၊ ကုသပေးနိုင်တာဖြစ်တယ်ဆိုတာကို လက်ခံထားမှသာ ချက္ကရကုထုံးနဲ့ ကုသပေးနိုင်မှာ ဖြစ်တယ်။

ချက္ကရကုထုံးနဲ့ ကုသနိုင်ဖို့အတွက် ချက္ကရစွမ်းအင်နည်းပညာနဲ့ ရောဂါဝေဒနာတွေကို ပထမဆုံး ရှာဖွေရမယ်။ မိမိလက်ဝါးထဲကထွက်လာတဲ့ စွမ်းအင်တွေကို သိနိုင်ဖို့အတွက် လက်ဝါးနှစ်ဖက်မျက်နှာချင်းဆိုင်ကာ ခပ်ခွာခွာကနေပြီး လက်ဝါးက ထွက်လာတဲ့ စွမ်းအင်တွေကို စမ်းသပ်ကြည့်နိုင်တယ်။ လက်ဝါးနှစ်ဖက်ရဲ့အလယ်မှာ ချက္ကရတစ်ခုရှိတယ်။ လက်ချောင်းငါးချောင်းစလုံးမှာလည်း ချက္ကရငယ်တွေရှိတယ်။ လက်ဝါးနဲ့ လက်ဖျားက ထွက်လာတဲ့ စွမ်းအင်တွေဟာ အလွန်အရှိန်ပြင်းတယ်။ လက်ဖဝါး၊ ခြေဖဝါးမှာရှိတဲ့ ချက္ကရတွေဟာ ပဓာနချက္ကရလို ချက္ကရကြီးမဟုတ်ပေမယ့် အလွန်စွမ်းတယ်။ လူသာငယ်နာမည် တုတ်ကြီးလို့ ဆိုသလိုပါပဲ။

ဒီလိုလက်ဝါးလက်ဖျားက ထွက်လာတဲ့ စွမ်းအင်တွေကို ကိုယ်တွေ့သိအောင် လေ့ကျင့်ရမယ်။ လက်ဝါးနှစ်ဖက်ကို နီးရာက ဝေး၊ ဝေးရာက နီးလာတဲ့အခါ လက်ဝါးထဲကထွက်လာတဲ့ စွမ်းအင်တွေကို ကိုယ်တိုင်သိရှိယုံကြည်လာမယ်။ တရုတ်သိုင်းကားတွေမှာပြတဲ့ ပြကွက်မျိုးပါပဲ။ ကင်မရာလှည့်စားမှု ... ပါပေမယ့် လက်ဝါးထဲကထွက်လာ... ပရာဏစွမ်းအင်တွေကတော့ တကယ့် အစစ်အမှန် ဖြစ်ပါတယ်။ ရေဆန်း... ဇာတ်ကားထဲက လူဆိုးထိန်းကြီး သံလ... ရဲ့လက်ဝါးနှစ်ဖက်က အတွင်းအား... ထွက်လာစေတဲ့ပြကွက်ဟာ တကယ့်... ရပ်နဲ့ အလွန်နီးစပ်ပါတယ်။ လက်ဝါး... က စွမ်းအင်တွေထွက်လာရင် အ... လက်ဝါးတစ်ဖက်က ခံစားသိရှိရ... ပူရှိန်ရှိန်လည်းထွက်တယ်။ အေးအေး... လည်းထွက်တယ်။ စပ်ဖျဉ်းဖျဉ်းလည်း ထွက်တယ်။ လက်ဝါးအလယ်မှာ ... ကျင်သလို၊ ဖိနှိပ်ခံရသလိုလည်း ခံ... တွေ့ရှိရတတ်တယ်။

ဒီလိုတွေ့ထားမှ ကိုယ့်စွမ်းအား... ကို ယုံကြည်လာမှာ ဖြစ်တယ်။ ချ... တစ်ခုကထွက်လာတဲ့ စွမ်းအားကို ... လက်နဲ့ ခံစားသိရှိလာရင် လူနာရဲ့ ချ... တွေကို အပေါ်က လက်ဝါးဖြန့် စမ်း... ရုံနဲ့ လူနာရဲ့ချက္ကရဆီက ထွက်လာ... စွမ်းအားကို ခံစားသိရှိနိုင်မှာ ဖြစ်တ... လူနာရဲ့ ပဓာနချက္ကရတွေအားလုံး... တစ်ခုပြီးတစ်ခု မိမိလက်ဝါးနဲ့ အာ... ယူစမ်းသပ်လိုက်ရင် ဘယ်ချက္က... အားအနည်းဆုံးဖြစ်တယ်ဆိုတာ ... မှာဖြစ်တယ်။ ချက္ကရတစ်ခုဟာ အ... ချက္ကရတွေထက် စွမ်းအင်ထွက်... နည်းပါးနေရင် အဲဒီချက္ကရမှာ အ... ချို့ယွင်းနေတယ်ဆိုတာ သိနိုင်တ... ဒီလိုချို့ယွင်းအားနည်းနေတဲ့ ချက္ကရ...



www.burmeseclassic.com

www.burmeseclassic.com

ရောဂါဝေဒနာတွေဖြစ်ပေါ်ရာ မူလဇာစ်မြစ်ဖြစ်တယ်လို့ ဆုံးဖြတ်နိုင်တယ်။

ရောဂါဝေဒနာစမ်းသပ်ဖို့ လက်ဖဝါးကို အသုံးပြုတဲ့အခါ ဖြေလျော့ထားရမယ်၊ လက်ချောင်းတွေကို ခွဲထားရမယ်။ လက်ဝါးလက်ဖျားတွေကိုတောင့်တောင့်ကြီးမထားဘဲ လက်ဝါးတစ်ခုလုံးကို ခပ်ခွက်ခွက်ကလေး ထိုက်ချိသိုင်းခွက်မှာသုံးတဲ့လက်ဝါးလိုထားရမယ်။ လူနာရော ရောဂါကုသသူ ဆရာပါ ဆရာရဲ့ လက်စွပ်စတဲ့ လက်ဝတ်လက်စားတွေကို ချွတ်ထားရမယ်။ အင်္ကျီလက်ရှည်ဝတ်ရင် အင်္ကျီလက်ကို ပင့်ထားရမယ်၊ တံတောင်ဆစ်မှာ ချက္ကရရှိတယ်။ ဒီချက္ကရက စွမ်းအင်တွေ အလွယ်တကူထွက်အောင်လို့ပါ။

လူနာရဲ့ ညာဘက်ဘေးကစပြီး စမ်းသပ်ရမယ်။ လူနာဟာ စားပွဲပေါ်၊ အိပ်ရာပေါ်မှာလှဲနေရင် အကောင်းဆုံးပဲ။ ပထမဆုံးလူနာရဲ့ညာဘက်ဒူးနဲ့ ညာဘက်ပေါင်ရင်းကို ဆရာရဲ့ လက်နှစ်ဖက်နဲ့ (၆) လက်မအကွာကနေပြီး စက္ကန့် (၃၀) လောက် စမ်းသပ်ရမယ်။ လိုအပ်ရင် (၂) မိနစ်လောက်ထိ မ်းနိုင်တယ်။ နောက်တစ်ဆင့် လူနာရဲ့ ပေါင်ရင်းကို ဆရာရဲ့ညာလက်မိုးပြီး ဘယ်လက်က ချက်တိုင်ချက္ကရအပေါ်မှာ ထားရမယ်။ နောက်ချက်တိုင်ချက္ကရပေါ်မှာ ညာလက်ထားပြီး ဘယ်လက်က ရင်ဝရှိနှလုံးချက္ကရမှာထားပြီးစမ်းသပ်ရမယ်။ နောက်ရင်ဝမှာ ညာလက်ထားပြီး ဘယ်လက်က ရင်ဝအထက်ရှိ လည်မျိုချက္ကရရဲ့အောက်နားမှာထားရမယ်။ နောက်လည်မျိုချက္ကရပေါ်မှာ ညာလက်ထားပြီး နဖူးရှိ နှာရောင်ချက္ကရအပေါ်မှာ ဘယ်လက်ထားရမယ်။ နောက်နှာရောင်ချက္ကရအပေါ်မှာ ညာလက်ထားပြီး ဘယ်လက်က ငယ်ထိပ်ချက္ကရပေါ်မှာထားရမယ်။

ဒီလို ချက္ကရတစ်ခုစီ နေရာပြောင်းရွှေ့အချိန်ဟာ စက္ကန့် (၂၀) လောက်အာရုံသင့်တယ်။ နှေးလွန်းရင် အာရုံတွေလေထွေးတတ်ပြီး မြန်လွန်းရင် အာရုံတွေ အဆက်ပြတ်သွားတတ်တယ်။ ဒီလို ချက္ကရကြီး (၇) ခုကို စမ်းသပ်တဲ့အခါ လူနာရဲ့ ညာဘက်ခြမ်းကို စမ်းသပ်ပြီး နောက် လူနာရဲ့ဘယ်ဘက်ခြမ်းကို စမ်းသပ်ရမှာ ဖြစ်တယ်။ နှစ်ဖက်စလုံးစမ်းသပ်ကြည့်တဲ့အခါ ချက္ကရတစ်ခု၊ နှစ်ခုက အားနည်းနေတာ တွေ့ရမယ်။ သေချာအောင် နောက်တစ်ကြိမ် စမ်းသပ်ကြည့်နိုင်တယ်။ ဘယ်ချက္ကရဟာ အားနည်းချို့ယွင်းနေတယ်။ စွမ်းအားထွက်တာမမှန်ဘူးဆိုတာ တွေ့ရရင် အဲဒီချက္ကရကို အားဖြည့်ပေးရမှာ ဖြစ်တယ်။ အခုအဆင့်အထိ ရောဂါရှာဖွေရေးအဆင့်သာ ဖြစ်တယ်။ ဒီအဆင့်မှာ သေချာမှကုသတဲ့အဆင့်ကို လုပ်ရမှာ ဖြစ်တယ်။

ဒီလိုစမ်းသပ်ရှာဖွေမှုရဲ့ အဓိကသော့ချက်ဟာ ချက္ကရကထွက်လာတဲ့ စွမ်းအင်တွေကို မိမိရဲ့လက်ဝါးက သိရှိဖို့ဖြစ်တယ်ဆိုတာ မမေ့ဖို့ဘဲ။

လက်ဝါးနဲ့ အာရုံခံစားသိရှိဖို့အတွက် မိမိရဲ့ ညာဘက်လက်ကောက်ဝတ်ကသွေးကြောကို စမ်းသပ်ကြည့်တဲ့နည်းကို ပထမဆုံး စမ်းသပ်ကြည့်သင့်တယ်လို့ ဒေါက်တာဂျိုင်းက အကြံပေးထားသည်။

ရောဂါဝေဒနာဖြစ်ပေါ်ရာနေရာကို သိပြီဆိုရင် ပထမဆုံး ပဓာနချက္ကရကြီး (၇) ခုရဲ့စွမ်းအင်တွေကို သမပေးရတယ်။ ပေါင်းစပ်ပေးရမယ်။ အောက်ခြေကစပြီး အထက်ချက္ကရတွေဆီ တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ချင်း ချက္ကရအားတွေကို ပေးပို့ပေါင်းစပ်ရမှာ ဖြစ်တယ်။

ဒီလိုချက္ကရတွေရဲ့စွမ်းအင်တွေကို ပေါင်းစပ်ပေးပြီးမှ အားနည်းချို့ယွင်းနေတဲ့ ချက္ကရဆီကို မိမိရဲ့ပရာဏဓာတ်တွေကို လက်ဝါးကတစ်ဆင့် ကူးပြောင်းပေးရမှာ ဖြစ်တယ်။ ချက္ကရကို မထိစေရဘဲ အပေါ် (၆) လက်မအကွာကနေပြီး ပေးရမှာ ဖြစ်တယ်။ ဒီလိုပေးရာမှာ စိတ်အာရုံစူးစိုက်မှုကို အစွမ်းကုန် အသုံးပြုရမှာ ဖြစ်တယ်။ မိမိလက်ဝါးထဲက ပရာဏစွမ်းအင်တွေဟာ မီးညွန့်မီးတောက်သဖွယ် ထွက်ပေါ်လာပြီး လူနာရဲ့ချက္ကရဆီဝင်သွားပြီလို့ စိတ်နဲ့သရုပ်ဖော်အာရုံပြုရမှာ ဖြစ်တယ်။ လက်ဝါးကထွက်တဲ့ ပရာဏဓာတ်တွေကို ကီအာလီယန်ဓာတ်ပုံရိုက်နည်းနဲ့ ရိုက်ကြည့်တဲ့အခါ ပရာဏဓာတ်တွေဟာ မီးညွန့်မီးတောက်ပုံသဏ္ဌာန် ထွက်ပေါ်လာတယ်ဆိုတာ တွေ့ရပါတယ်။

နောက်လမှာတော့ ကုဏ္ဍလိနီစွမ်းအင်နဲ့ ချက္ကရစွမ်းအင်တွေဟာ ဘယ်လိုကွာခြားသလဲ၊ ချက္ကရတွေနိုးအောင် ဘယ်လိုကျင့်ရမလဲ၊ ချက္ကရတွေနိုးလာရင် ရောဂါဝေဒနာတွေကို ပျောက်ကင်းအောင် ကုသနိုင်တယ်ဆိုတာကို ဆက်ရေးပါ့မယ်။

မောင်ကျောက်တိုင်

## ဆေးဖက်အသုံးဝင် ဆူးပန်းပင်

ဆူးပန်းရွက်ကို အိမ်ရှင်မတို့ ချဉ်ဟင်းအရည်သောက်ချက်တဲ့အခါ အရသာပိုကောင်းအောင်၊ အနံ့မွှေးအောင် ထည့်၍အသုံးပြုကြပါသည်။ ဒါကြောင့် ဈေးထဲကဟင်းသီးဟင်းရွက်ရောင်းတဲ့ဆိုင်တွေမှာ ဆူးပန်းရွက်ကို ပေါများစွာ တွေ့ရနိုင်ပါတယ်။

ဆူးပန်းပင်သည် အပွင့်၊ အမြစ်၊ အခေါက်၊ အစေ့၊ အရွက်၊ အရိုး ပဉ္စငါးပါးလုံး အသုံးဝင်ပါသည်။ အပင်မြင့်မှာ တစ်ပေမှ သုံးပေထိရှိပြီး ပင်စည်တွင် ဆူးလေးများပါရှိပါသည်။ ဆူးပန်းပွင့်မှာ လိမ္မော်ရောင်ရှိပါသည်။ ပဉ္စငါးပါးကို ဆေးအဖြစ် အသုံးပြုကြပြီး အရိုးနုနှင့် အရွက်များကို ဟင်းလျာအဖြစ် ချက်ပြုတ်စားသုံးကြပါသည်။ ဆူးပန်းပင်၏ ဆေးဖက်အသုံးဝင်ပုံများမှာ -

၁။ ဆီးကျောက်တည်နေသည့် ရောဂါရှင်များအနေနှင့် ဆူးပန်းပွင့်သုံးမတ်သားအား ရေအေးသန့်သန့်နှင့် ကြိတ်၍ သကြားသင့်ရုံရောပြီး သောက်ပါ။ တစ်ပတ်တိတိဆက်တိုက်သောက်ပါ။ ဆီးကျောက်ကွဲကျစေပါသည်။ ရောဂါအနု၊ အရင့်လိုက်ပြီး တစ်ပတ်မှ နှစ်ပတ်၊ သုံးပတ်အထိ သောက်ပါ။ လိပ်ခေါင်းရောဂါဖြစ်နေသူများလည်း ဤအတိုင်းသောက်၍ပေးပါ။

ဒါ့ပြင် အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသလို ဓာတ်စာအဖြစ် ချက်ပြုတ်စားပေးရုံနှင့်လည်း ရောဂါများကို ပျောက်ကင်းစေပါသေးသည်။

၂။ ဆီးအောင့်၊ ဆီးပူဝေဒနာခံစားနေရပါက ဆူးပန်းရွက်ကို ငါးဖယ်နှင့် ရောချက်စားပါ။

၃။ ပန်းသေ၊ ပန်းညှိုးဖြစ်နေသူများအနေနှင့် ဆူးပန်းရွက်ကို ဆိတ်သားနှင့် ရောချက်စားပေးပါ။

၄။ ဝမ်းကိုက်၊ သွေးဝမ်း၊ ပိတ်ဝမ်းဝေဒနာရှင်များအနေနှင့် ဆူးပန်းရွက်ကို ငါးရှဉ့်သားနှင့် ရောချက်စားပေးပါ။

တိုင်းရင်းဆေးဖုံများဖော်စပ်သည့်အခါ ထည့်သွင်းအသုံးပြုသည့် ကုံကုမံသည် တန်ဖိုးကြီးပြီး အစစ်အမှန်ကို ရဖို့လည်း ခက်ပါသည်။ ဒီအခါ ဆူးပန်းပွင့်ကို အစားထိုး အသုံးပြုနိုင်ပါသည်။ အကျိုးသွားအာနိသင်ချင်း အတူတူပင် ဖြစ်ပါသည်။

သန္တာ (ဥပဒေ)



www.burmeseclassic.com


www.burmeseclassic.com

သစ်ပင်ခုတ်လျှင် ဘဏ္ဍာအစား ထိုး နေရာပေးရသည်၊ အခြားသစ်ပင် တစ်ပင်စိုက်ပေးရသည်တဲ့။ လူကြီးသူမ ပြောစကားများ ကြားဖူးခဲ့ပါသည်။ သို့ သော် နှစ်ချို့သစ်ပင်ကြီးတစ်ပင်ကို ခုတ် ၍ အခြားသစ်ပင်အစားမထိုးခဲ့၍လား၊ ကံကြမ္မာကြောင့်လား။ ကျွန်တော်ကြုံ တွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ယခုနှစ်ပေါင်း (၄၀) ကျော်မှ ပြန်လည် ရေးသား တင်ပြရခြင်းမှာ ကိုယ့်လိုမဖြစ် စေချင်၍ သစ်ကြီးဝါးကြီးခုတ်မိလျှင် အထူးသတိထားမိကြရန်အတွက် ဆောင် ရန်၊ ရှောင်ရန် ရေးသားလိုက်ရပါသည်။

မှတ်မှတ်ရရ ၁၉၆၈ ခုနှစ်။

ကျွန်တော်တို့မိသားစု မြစ်ဝကျွန်း ပေါ်ဒေသ မြို့ကလေးတစ်မြို့သို့ ပြောင်း ရွှေ့လာခဲ့ကြပါသည်။ မြို့လေးအမည်က ဖျာပုံမြို့။ ထိုစဉ်က ဖျာပုံမြို့ ဆိုသည်နှင့် မြန်မာပြည်တစ်နံတစ်လျားက ဖျာပုံရာမ နှင့် ခရေပင်ဇောက်ထိုးဟု တွဲလျက်သိ ထားကြပါသည်။ (ယခု ခရေပင်ဇောက် ထိုးမရှိတော့ပါ။)

ကျွန်တော်တို့ဖခင်သည် အစိုးရ ဝန်ထမ်းဖြစ်သဖြင့်လည်း ဧရာဝတီတိုင်း






www.burmeseclassic.com

www.burmeseclassic.com

သကြီးထဲမှ မြို့တစ်မြို့ပြီးတစ်မြို့သို့ ရောက်တာဝန်ထမ်းဆောင်ရသဖြင့် တော်၏မိခင်မှ အဘိုးအဘွားများ နေသော ဖျာပုံမြို့တွင် အိမ်တစ်လုံး ယူပြီး မိသားစုပြောင်းရွှေ့လာကြပါ ည်။ ကျွန်တော်တို့အိမ်သည် (၄)ပင် ခန်း နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဖြစ် အိမ်၏အနောက်ဘက် မြေကွက်လပ် ပေ(၃၀)ကျော်ကျယ်ဝန်းပြီး သရက် တစ်ပင်၊ ကြောင်လျှာပင်၊ အုန်းပင် ပင် ရှိပါသည်။ အိမ်ကလည်းထောင့် ထွန်းသီရိရုပ်ရှင်ရုံနှင့်နီးပါသည်။ တန်းများရှိသဖြင့် စည်ကားသော ကွက်ဟု ဆိုနိုင်ပါသည်။ (ယခု ရုပ်ရှင် တော့ပါ။)

ထူးခြားသည်ကား ကျွန်တော်တို့ လိုက်သော အိမ်၏ ဘယ်ဘက်ခြံ ထောင့်တွင် လူ (၄) ယောက်ခန့် ၍ရသော ကုက္ကိုပင်ကြီးတစ်ပင်ပါရှိ ည်။ (ဖျာပုံမြို့တွင် ကုက္ကိုပင်ကြီးများ စိုက်ထားခဲ့သောလမ်း၊ ထင်းရှူးပင် ထားသောလမ်း၊ ပင်လယ်ကဗွီး များ စိုက်ထားသောလမ်းများ ရှိပါ ည်။) ဗြိတိသျှခေတ်က စိုက်ခဲ့သည်ဟု ပါသည်။

ကျွန်တော်တို့အိမ်ရှေ့တွင်ရှိသော ပင်ကြီးသည်လည်း ဗြိတိသျှခေတ် အကြွင်းအကျန်လို့ လူပြောသူပြော ပြီး ကုက္ကိုပင်၏အောက်ခြေတွင် အကျိုးအပဲ့များ၊ ပန်းအိုးများ၊ ခွန်၊ ကြက်လျှာများ၊ ဆီမီးခွက် ထီးအဖြူအနီများကိုလည်း တွေ့ရ ကျွန်တော်တို့ စပ်စုသောအခါ အိမ် အပါးချင်း ဦးတာတီးမှ ဒီအပင် -

တစ်ရပ်ကွက်လုံးမှာ အမိကရတဲ့။ သူတော်လိုလို၊ ရုက္ခစိုးလိုလို လပြည့်၊ ကျယ်ကျရင် အိမ်ဘေးက ကြောင် ပင်နဲ့ ကုက္ကိုပင်ကြီးကို ကူးနေတာ ရတယ်တဲ့။ ဒါကြောင့် ရပ်ကွက်ထဲ ကလေးတွေ၊ လူကြီးပိုင်းတွေက မာရေးကြောင့်ပဲဖြစ်ဖြစ်၊ ဘာ ကြောင့်ပဲဖြစ်ဖြစ် အမွှေးတိုင်ထွန်း၊ ဆီမီး ခေါ်စာပစ်ကြတာတွေလည်းလုပ် အပင်မို့ အထင်မသေးဝံ့ဘူးတဲ့။

ကလေးသာသာကျွန်တော် အသိ ထဲတွင် ထိုအချိန်က ကုက္ကိုပင်ကြီး သာမြင့်ပြီး နွေဘက်တွင် ကုက္ကိုသီး တဖြောင်းဖြောင်းကြွေပြီး အနန္တော နွားများက လာရောက်စားကြပြီး ခြောက်ကောက်သည့် ကလေးအ

တွက်လည်း ထင်းတစ်ပွေ့တစ်ပိုက်ပေး သည်ဟုသာ သိထားပြီး တခြားအတွေး အထူးအဆန်းများရှိမနေခဲ့။ ထိုအချိန် က ဖျာပုံမြို့ရှိအမျိုးအငွေများက အကြံ ဉာဏ်ပေးကြ၍သာ ကျွန်တော့်အမေက မဟာဗန္ဓုလလမ်း (ယခု သဘောဆိပ် လမ်း)နှင့် (၇) လမ်းထောင့်တွင် လေးပင် သုံးခန်း နှစ်ထပ်အိမ်ကို ဝယ်ယူခဲ့ခြင်း လည်း ဖြစ်ပါသည်။

ကျွန်တော်တို့ ၁၉၈၆ ခုနှစ်က ဖျာပုံမြို့သို့ ဒုတိယအကြိမ် ပြန်ရောက် ခြင်း ဖြစ်ပါသည်။ ပထမအကြိမ် ၁၉၆၂ ခုနှစ်၌ ဖျာပုံမြို့တွင် နေထိုင်ခဲ့ပြီးနောက် ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး၊ မော် ကျွန်းမြို့များသို့ ဖခင်တာဝန်ကျရာဒေသ သို့ လိုက်နေခဲ့ရပါသည်။

သို့သော် ကျွန်တော်၏ အမေ ဘက်နှင့် အဖေဘက်မှ အဘိုးအဘွား များသည် တောင်သူလယ်သမားများ ဖြစ်ကြ၍ ထိုခေတ် လယ်ပိုင်ရှင်၊ မြေပိုင် ရှင်ဟု ခေါ်လို့ရသည်။ လယ်ဧက (၄၀)၊ (၅၀) ခန့်နှင့် နွား၊ ကျွဲ (၅) ရှဉ်း၊ (၆) ရှဉ်းရှိခန့် ပိုင်ဆိုင်ကြသောကြောင့် ကိုယ့် နေရပ်ကိုယ့်ရွာကို အစွဲကြီးကြသည်။ မြို့ ပေါ်သို့ပြောင်းရန် စိတ်ကူးမရှိ။ သား သမီးများကိုသာ အနီးဆုံးမြို့ရွာများသို့ အခြေကျနေထိုင်စေခြင်းဖြင့် မိမိရင်ခွင် ထဲသို့ ပြန်လည် စုစည်းခဲ့ပါသည်။

နောက်ဆုံးတွင် ကျွန်တော့်ကြီး တော်ကြီးမှ အမေ့ကို-

"မခင်ကြည်ရယ်၊ မိဘတွေလည်း အသက်ကြီးပြီဆိုတော့ အဝေးရောက်နေ တာက ပစ်ပယ်ထားရာကျတယ်။ ဖျာပုံ မှာ အိမ်တစ်လုံး တွေ့ထားတယ်။ ငါက (၄) လမ်း၊ ညီမ မပိုင်းက (၅)လမ်း၊ (၇) လမ်းအိမ်က ကျယ်လည်းကျယ်တယ်။ အဆင်သင့်တက်နေရုံပါပဲ"

ထိုသို့ဖြင့် ကျွန်တော့်အမေသည် ကျွန်တော့်ကြီးကြီး၏ စေ့ဆော်မှုဖြင့် အစ်မကြီးသဘောပဲဆိုပြီး ယခုအိမ်ကို ဝယ်ခဲ့ရခြင်းသည် ပထမအကြောင်းရင်း ပင် ဖြစ်၏။

ထိုခေတ်က ကျွန်တော့်မိဘများ စီးပွားရေးကောင်းသောအချိန်လည်းဖြစ် ၍ အစစအရာရာ ကြီးကြီးကို လွှဲအပ် ထားပါသည်။ ကျွန်တော့်အမေကတော့ အဖေတာဝန်ကျရာသို့ မကြာခဏ လိုက်နေရပါသည်။

ကျွန်တော်တို့ ထိုအိမ်ကြီးကိုဝယ် ပြီး မကြာမီ ကျွန်တော်တို့အိမ်ရှေ့ရှိ ဦးခန့်ပိုင်သောအိမ်ကြီးအား ဦးငွေဝင်း

ဆိုသူက ဝယ်ယူပါသည်။ သူ့အမေ ဒေါ်စိမ်းခင်မှ မကြာခဏ ကျွန်တော်တို့ အိမ်ရှေ့ထောင့်ရှိ ကုက္ကိုပင်ကြီးတွင် စကောခြင်းထဲမှာ ငှက်ပျောရွက်ခင်းပြီး ထမင်းဦးပေါင်း၊ ငါးကြော်များလာထား ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်း လေ့ရှိကာ နှုတ်မှဘာတွေဆုတောင်းမှန်း မသိ။ သူတို့အလုပ်က ရေလုပ်ငန်းဖြစ် ၏။ အမေကြီး ဒေါ်စိမ်းခင် ဆုတောင်း လို့ဝသွားပြီး သူ့ခြေတံရှည်အိမ်ပေါ်သို့ တက်သွားသည်နှင့် ကျွန်တော်တို့လမ်း ထဲမှ ခွေး (လက်ဆော့ခြေဆော့ရှိ၍ ပေးထားသောအမည်) မှ ဖယောင်းတိုင် မှုတ်ပြီး ငါးကြော်များ ခိုးစားပါသည်။ နောက်နေ့တွင် သတင်းကြားရသည်မှာ ခေါ်စာပစ်သည့် ငါးကြော်ခိုးစား၍ ငတက်တစ်ယောက် ထိုင်နေစဉ် ဆိုက် ကားဝင်အောင်းရာ ခါးနာသွားပြီး လမ်း မလျှောက်နိုင်သောကြောင့် သူ့အမေ ဒေါ်ဘီက ကုက္ကိုပင်တွင် လာတောင်းပန် မှ ခါးနာတာပျောက်သွားကြောင်း ပွကြီး က သတင်းပေး၍ သိသွားရပါသည်။ (နောင်တွင် ငတက်မှာ တပ်ထဲဝင်သွား သည်ဟု သိရပါသည်။)

ကျွန်တော်တို့က ရပ်ကွက်ထဲကို ယခုမှ အသစ်ပြောင်းခါစ ထိုအိမ်ကို ဝယ်လိုက်တော့ အမျိုးမျိုးပြောကြပါ သည်။ သစ်ပင်ကြီးလျှင် ရုက္ခစိုးအစောင့် အရှောက်ကြီးသည်တဲ့။ သရဲခြောက် သလိုလို ကောလာဟလများ၊ စကား များက -

လပြည့်၊ လကွယ်ညမျိုးဆိုလျှင် အိမ်ဘေးမှ ကြောင်လျှာပင်နှင့် အိမ်ရှေ့ ကုက္ကိုပင်မှ ဖြူဖြူကြီး ဘိုးသူတော်လို ပုဂ္ဂိုလ်တစ်ပါး ကူးချည်သန်းချည်လုပ် သည်ဟုလည်းကောင်း၊ သစ်ပင်အောက် တွင် အလေးအပေါ့မသွားရဘူးတဲ့။ ပြောသူကပြောပေမယ့် ကလေးဘဝ ကျွန်တော်တို့မှာ ပျော်မယ်ပါးမယ်၊ ဆော့မယ်၊ စားမယ်ပေါ့။ ထိုသို့ဖြင့် လူ ငယ်ဘဝ လူငယ်ညများကို ဖြတ်သန်း ချိန်ကို ရောက်လာခဲ့ပါသည်။

တစ်ညမှာ ရပ်ကွက်ထဲက ကင်း သမား ကိုအောင်ညွန့်ဆိုတဲ့သူ ရပ်ကွက် လူကြီး ဦးအုန်းလှိုင်ကို ကင်းသမားစံရှင်နဲ့ ည (၁၂) နာရီလောက် အိမ်လိုက်ပို့ပြီး ကျွန်တော်တို့အိမ်ထောင့်ကုက္ကိုပင်ကြီး နားမှာ ပါးစပ်သရမ်းပြီး အပေါ့သွားနေ တုန်း -

'ဝုန်း ဗုန်း' အသံနှင့် သစ်ပင်က လေမတိုက်ဘဲ တရှိုးရှိုးတရှဲရှဲမြည်လာ

www.burmeseclassic.com

သည်။ ပြီးတော့ ဘယ်ကာမှန်းမသိ မြေကျစ်စာတစ်ခဲနှင့်အပစ်ခံရလို့ ကြောက်လန့်ပြီး အော်ပြေးလိုက်တာ ကိုစံရှင်ဆိုတဲ့ ကင်းသမားကလည်း -

"အောင်ညွန့်၊ မင်းလက်ထဲမှာ ခွနဲ့ ရှေ့ကမပြေးနဲ့။ ငါကြောက်တယ်နော်"

ဟု အနောက်ကအော်အလိုက်၊ ရပ်ကွက်ထဲမှာ ညကြီးသန်းခေါင် ဟိုအိမ်က မီးဖွင့်ထွက်ကြည့်၊ ဒီအိမ်ကထွက်ကြည့်နှင့်။ နောက်တော့မှသိရသည်မှာ လွန်ခဲ့သော (၁) လခန့်က ရုပ်ရှင်အပြီး ရန်ဖြစ်ကြရာက ဓားထိုးခံရပြီး လူတစ်ယောက် ကုက္ကိုပင်နားမှာ သေဖူးတယ်တဲ့။ သေတဲ့သူ အမည်က အောင်ကျော်မြတ်တဲ့။ မကျွတ်မလွတ်ဖြစ်ပြီး ပါးစပ်သရမ်းတဲ့ ကိုစံရှင်နဲ့ ကိုအောင်ညွန့်တို့ကို ခြောက်လွှတ်တာနေမှာပေါ့တဲ့။

အောင်ကျော်မြတ်သရဲကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ကြီးကြီးက အစာမကြေ။ စိုးရိမ်တတ်သူဖြစ်သောကြောင့် ကလေးတွေကို ခြောက်လျှင် အခက်ပဲဆိုပြီး သရဲနှင်ဖို့မစဉ်းစားဘဲ နှစ်ချို့သစ်ပင်ကို ခုတ်လှဲဖို့ ရပ်ကွက်လူကြီးတွေနှင့် သွားတိုင်ပင်ပါသည်။အမေတို့၊ အဖေတို့က ထိုကိစ္စကိုမသိ။ သိလျှင်လည်း သဘောတူမည်မဟုတ်။ ရပ်ကွက်လူကြီး ဦးအုန်းလှိုင်က သူ့ခေတ်ဆိုတော့ သူ့ကင်းသမားနှစ်ယောက်ကို ဒီကုက္ကိုပင်က သရဲခြောက်လွှတ်တာကို မယုံကြည်ချင်။ လူ့ပယောဂတစ်ခုခုပဲဟုထင်နေပြီး ကြီးကြီးကို အဆင်ပြေအောင် ပြောလွှတ်လိုက် ပါသည်။ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ကုက္ကိုပင်ကြီးကိုမှီ၍ အရိပ်လည်းရ၊ ဆော့လည်းဆော့ရ။ တစ်ခါတစ်ရံ ငတက်ယူလာသော အစားအစာများကို စားနေရ၍ မခုတ်ပွဲစေချင်ကြပေ။

ထိုသို့ဖြင့် ကျွန်တော့်အမေ ဖျာပုံသို့ ပြန်လာပါသည်။ ထိုအချိန်တွင် ဖျာပုံမြို့တွင် သူပုန်တက်မည်ဟု ကြားသောကြောင့် ကြီးကြီးနှင့်ပြောနေသံ ကြားပေမယ့် စိတ်မဝင်စားလှ။ တစ်ညနေ မိုးက တဖြောက်ဖြောက် စိမ့်စိမ့်လေးစွေနေသည်။ ကျွန်တော်တို့ အိမ်ရှေ့လမ်းထောင့်တွင် အုတ်ခုံရှိပါသည်။ အချိန်က (၆) နာရီသာသာ ရှိသေးသည်။ ပုဆိုးတိုတိုဝတ် ခမောက်ဆောင်း ပလိုင်းအိတ်များနှင့် ဖားရိုက်သူ လူတစ်စုကို ဟိုနေရာတစ်စု ဒီနေရာတစ်စု တွေ့လိုက်ရသည်။

ကျွန်တော်က -

"အမေ၊ ဖားရိုက်တယ်ဆိုတာ ညဘက်မှ မီးအုပ်ဆောင်းတွေနဲ့ ထွက်ရိုက်ကြတာ မဟုတ်လား။ အခုဟာက ဖားရိုက်ထွက်တာ စောလိုက်တာနော်"

ဟု ပြောရုံရှိသေး ခေါက်ခနဲ ကျွန်တော့်ခေါင်းပူထူသွားပါသည်။

ကြည့်လိုက်တော့ ကျွန်တော့် အမေကြီး ဒေါ်မမ။

"သူ့ဘာသာသူ ဖားရိုက်တာစောစော၊ မစောစော ကိုယ့်အလုပ်မဟုတ်ဘူး။ နင့်အလုပ်က ကိုယ့်စာကိုယ်ကျက်။ ရုပ်ရှင်ခိုးကြည့်မယ်မကြံနဲ့။ ဒီထက်ပိုနာမယ်၊ တွေ့လား"

ဟု အမေကြီးက ကြိမ်လုံးကို ထောင်ပြပါသည်။

အမေကြီးကွယ်သွားမှ -

'ဖားရိုက်တာ စောတယ်ပြောမိတာနဲ့ ခေါင်းကို ထူပူသွားတယ်။ အမေကြီးလက်သံကပြောင်လိုက်တာ။ သူပုန်တက်လာတယ်ပြောရင် ကြိမ်လုံးရေစိမ်ပြီး ဆော်ပလော်တီးမှာနော်'

ဟု မကြားတကြားလေး ညည်းမိလိုက်ပါသည်။

သို့သော် စကားနောက်ဟရားပါသည်ထင့်။ ည (၉) နာရီခွဲလောက်တွင် ရုပ်ရှင်ပြီးရုံရှိပါသေးသည်။ မြို့၏တောင်ဘက် ပန်းခြံဘက်ဆီမှ ဖောက်. . . ဖောက်. . . . ဖောက်. . . . ဖောက်နှင့် အစသော် သေနတ်သံမှန်းမသိ။

အမေကြီးက -

"သမီးရေ သူပုန်တက်လာပြီနဲ့တူတယ်။ သေနတ်သံတွေကြားတယ်"

ပြောပြီး ခြင်ထောင်ပတ်ပတ်လည်တွင် သံသေတ္တာတွေနှင့်ကာ၊ ဆန်ထည့်သည့်ပုံးတွေနှင့်ကာပြီး မီးမှိတ်ထားလိုက်ပါသည်။

နာရီဝက်ခန့်ကြာသော် အိမ်ရှေ့မှ-

"ရွှေကြည်၊ ရွှေကြည်"

ဟု ခေါ်သံကြားရ၍ -

"ဟဲ့ - ဘယ်သူတုံး"

"ကျွန်မပါ၊ မတင်ကြည်လေ။ အိမ်ကကောင် ပွကြီး ရုပ်ရှင်သွားကြည့်တာ ခုထိပြန်မလာလို့။ ဒီများလာသလားလို့ပါ"

"မလာပါဘူးကွယ်၊ သေနတ်သံတွေကြားလို့ ငြိမ်နေကြတာ။ ပြန်ကြ၊ပြန်ကြ ဘာမှန်းညာမှန်းမသိနဲ့ မတင်ကြည်ရယ်"

"သားသမီးဇော ဆိုတော့လည်း မတတ်နိုင်ဘူး၊ ရွှေကြည်ရယ်" တဲ့။

ည (၁၂) နာရီလောက်ရှိသော အခါတွင် ဖျာပုံမြို့တစ်မြို့လုံး သေနတ်သံတွေ တဒိုင်းဒိုင်းတဖြောင်းဖြောင်း ဆူညံနေပါသည်။

နှစ်ဖြူသောင်းကျန်းသူ တစ်ချက်တစ်ကောင် ခြေလင်းမောင်၊ နို့တစ်လုံးစိန် တစ်ကောင်တစ်လက် မြပုခက်တို့မြို့ကို ဝင်စီးကြတာတဲ့။ ပင်လယ်ဓားပြတင်လှဆိုတာကလည်း အရမ်းနာမည်ကြီးနေချိန်။

ကျွန်တော်တို့အိမ်ရှေ့က ကုက္ကိုပင်ကြီးက သေနတ်ကျည်ဆန်တွေကို ခံတပ်ကြီးပမာ ပင်စည်အလုံးကြီးနဲ့ ခံပေလို့သာပေါ့။ ကျွန်တော်တို့မှာ ကြောက်လို့ အသံတောင်မထွက်ရဲကြ။

မနက်မိုးလင်းတော့ ကား (၂) စီး မီးရှို့ခံရသည်။ ခြေလင်းမောင်ရဲ့ သူပုန်တွေ တပ်ဆုတ်သွားသည် ကြားမှ တစ်မြို့လုံး ဟင်းချနိုင်တော့သည်။

အိမ်ရှေ့က ကုက္ကိုပင်ကြီးကတော့ ကျည်ဆန်ရာတွေဗရပွ။ ထယ်ထိုးထားသလိုရှိ၏။ သို့သော်လည်း မပြီးသေးသည်က အိမ်ရှေ့က ကုက္ကိုပင်ကိစ္စပဲ ဖြစ်ပါသည်။ အမေခရီးသွားတုန်းမှာပင် ရပ်ကွက်လူကြီးတချို့နှင့် အကျဉ်းထောင်ဝန်ထမ်းတချို့ရောက်လာပြီး ယခင်ကပြောထားဆိုထားပြီးဖြစ်၍ ကုက္ကိုပင်ကြီးကို ခုတ်လှဲဖို့ ကြီးကြီးကို အသိလာပေးခြင်း ဖြစ်ပါသည်။

ကြီးကြီးက ခွင့်ပြုလိုက်သဖြင့် ကုက္ကိုပင်ကြီးကို နောက်တစ်နေ့ အကျဉ်းသားဘုတ်များ၊ ထောင်ဝန်ထမ်းများဖြင့် စတင်ကိုင်းချိုင်ခြင်းလုပ်နေ... မှာ သာယာသောရာသီဥတုနှင့် ကောင်းကင်သည် တိမ်ညိုညစ်များဆင်၍မိုးခြိမ်းသံ ကြားရပါသည်။ လျှပ်စီးများ နေ့ခင်းကြောင်တောင်လက်လာပါသည်။

နောက်ဆုံးတွင် အကျဉ်းဦးစီးဌာနသို့ ကျွန်တော်တို့ အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးကို ထင်းအဖြစ် ကျွန်တော်၏ ကြီးတော်ကောင်းမှုဖြင့် ဘဝပြောင်းသွား...တော့သည်။ မတတ်သာ၍သာ ကြည့်နေရသည်။ အိမ်ရှေ့မှ အမေကြီး ဒေါ်စိမ်းခင်မှာ မျက်ရည်တစမ်းစမ်း...ပြီး နောင်တွင် ကုက္ကိုပင်ငုတ်တိုလေး...၌ ခေါစာ၊ ဗလီနတ်စာလေးများ...တင်၍ ဆုတောင်းနိုင်ရှာပါတော့သည်။

ကုက္ကိုပင်ကြီး ခုတ်လှဲပြီးနော...ဘုန်းကြီးလူထွက် ဦးပဍ္ဍင်းသိန်းမ...အိပ်မက်ထဲတွင် ကုက္ကိုပင်မှ ဝတ်ဖြူ...ကြယ် ဘိုးသူတော်လိုလိုပုဂ္ဂိုလ်ကို ...ဘေး ကြောင်လျှာပင်တွင် မကြာခ...တွေ့နေ၍ လပြည့်၊လကွယ်တွင် အ...တိုင်၊ ဆီမီးတိုင်ထွန်းပေးနေရသ...ပြောသံသဲ့သဲ့ကြားရပါသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



စေးမခန်းပင်အကြီးပုံ

မဟူရာ(ရောဝတီ)ကသာ

# အရိုးကျိုး၊အရိုးအက်၊အရိုးနာများအတွက် အစွမ်းထက်ဆေးတစ်လက်

တောထဲတောင်ထဲ သစ်ခုတ်သွားဝါးခုတ်သွားရင်း အပင်ပေါ်မှကျပြီး ...ကတ်တုံးနှင့်ဖြစ်စေ၊ မြေကျစ်မြေစိုင် ...ဖြစ်စေ လက်၊ ခြေထောက်များထိ... အရိုးနာခြင်း၊ အရိုးကျိုးခြင်း၊ အရိုး ...ခြင်းတို့ကို တွေ့ကြုံရတတ်ပါသည်။

ထိုကဲ့သို့ ဒဏ်ရာဒဏ်ချက်များ ...သောအခါ ဒဏ်ရာသည် ရောင် ...တတ်ပါသည်။ တစ်ခါတစ်ရံ ခြေ ...လက်ကျိုး၍လည်း ဖြစ်လာတတ်ပါ ...။ ဤကဲ့သို့ ဖြစ်လာသောအခါ ...မီ ဆေးမကုသလျှင်၊ ဆေးမစည်း ...င် အရိုးကျိုး၊ အရိုးအက်၊ အရိုးနာ ...ည် ရောင်ရမ်း၍ နာကျင်ကိုက်ခဲနေတတ်ပါသည်။ ဤကဲ့သို့ ဖြစ်လာသောအခါ အချိန်မီ ဆေးမကုသလျှင် ဆေးမစည်းလျှင် ဒဏ်ရာသည် ကိုက်၍လာပြီး ရိုးတွင်းခြင်ဆီလိုက်၍ ခြေဖြတ်ရခြင်း၊ လက်ဖြတ်ရခြင်းတို့ ဖြစ်တတ်ပါသည်။ မဖြတ်လျှင်လည်း ရိုးတွင်းခြင်ဆီလိုက်၍ အသက်ဆုံးရှုံးရပေမည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် ငွေကုန်ကြေးကျသက်သာစေသည့် အကောင်းဆုံး ဆေးရွက်ပင်တစ်ပင်ကို တိုင်းရင်းမြန်မာသမားတော်ကြီး ဆရာဦးဉာဏ်လွင်၏ခွင့်ပြုချက်ရ၍ သုရဇ္ဇမဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ပါသည်။

ဆေးနည်းမှာ -

ဖုံးဆိုးတောနှင့် လယ်စပ်၊ ချောင်းစပ်တို့တွင်ပေါက်သော စေးမခန်းပင်မှ အရွက်ကို များများကောက်ယူ၍ ခြေ၊ လက်တို့တွင် ဒဏ်ရာဒဏ်ချက်များရရှိ၍ကျိုးသွားခြင်း၊ အက်သွားခြင်းများ ဖြစ်ခဲ့လျှင် ကောက်ယူထားသော စေမခန်းအရွက်တို့ကို ရေစင်အောင်ဆေး၍ ထုထောင်းကြိတ်ပြီး ဒဏ်ရာရနေသောနေရာတွင် အနည်းငယ် အသာလေးဆွဲဆန့်၍ ထိုအနာပေါ်တွင် ဆေးကိုအုံပြီး ပတ်တီးစည်းပေးထားပါ။ ရိုးရိုးဒဏ်ရာရ၍ ရောင်ရမ်းရောင်အမ်းနေသောဒဏ်ရာဆိုလျှင် စည်းထားသော ပတ်တီးကို (၄)၊ (၅) ရက်ကြာခန့်တွင်ဖြေလိုက်လျှင် ဒဏ်ရာမှာ အရောင်လျော့ကျပြီး သက်သာ ပျောက်ကင်းစေပါသည်။ ကျိုးသွားသော အရိုးဆိုလျှင် စေမခန်းအရွက်ကို များများကောက်၍ ထုထောင်းပြီး အနည်းငယ် ဆွဲဆန့်တည့်အောင်ပြုလုပ်ပြီး ဆေးကိုအုံထားပြီး ပတ်တီးကို မလှုပ်ရှားနိုင်အောင် ခပ်တင်းတင်း (၄)၊ (၅) ရက်ကြာ စည်းထားပေးရပါမည်။ ကျပ်စည်းထားသည့်ရက်ပြည့်လျှင် ပတ်တီးကို ဖြေလိုက်ပါ။ ကျိုးနေသောနေရာသည် ဆေး၏အစွမ်းကြောင့် ပင်ကိုမူလအတိုင်းဖြစ်ပြီး ပျောက်ကင်းသွားစေပါသည်။

ကျိုးနေသောနေရာအား ကျပ်စည်းထားသည့်အချိန်တွင် အတွင်းမန်းနိုင်ရန်အတွက် မန်းဆေးရွက်ကို ပြုတ်သောက်၊ ကျိုသောက်ရန် အရေးကြီးပါသည်။ ထို့ကြောင့် ဆင်တုံးမနွယ်ကို တစ်တောင်ကျော်ခန့်ကို ဖြတ်ယူပြီး အပေါ်မှ ...

---

...ဦးဆောင်လှဲသော အကျဉ်းဦးစီးဌာန ...ထမ်းမှာလည်း နယ်ပြောင်းမိန့် ...သွားခဲ့ပါသည်။

နှစ်ချို့ကုက္ကိုပင်ကြီးကို ခုတ်လှဲပြီး ...ကြာမီ ကျွန်တော့်ကြီးတော်၏ ခင်ပွန်း ...သူမှာ ရုတ်တရက် ဟသ်ာတမြို့သို့ ...ပြောင်းရန် အော်ဒါထွက်ပြီး လင်မယား ...ယောက် ချက်ချင်းပြောင်းရပါသည်။ ...ကျွန်တော်၏ ကြီးတော်ယောကျ်ားမှာ ...နောက်တစ်ခါ အုတ်ဖိုမြို့သို့ ထပ်မံ ...ပြောင်းရွှေ့ပြီး ကျွန်တော့်ဖခင်မှာလည်း ...အခင်းဖြစ် ငွေကြေးများစွာကုန်၍ ...ရေးကျဆင်းခဲ့ပါသည်။

နောက်ဆုံး ကြီးတော်ကြီး၏ ...နှမ်းမှာ ပင်စင်ယူပြီး ဖျာပုံမြို့တွင် ...သည်နေထိုင်စဉ် တစ်နေ့ ကုလား ...ပေါ်တွင် ထိုင်နေရင်း အကောင်းမှ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်သေဆုံးသွားပါသည်။

ကျွန်တော်တို့ မိသားစုများမှာလည်း လောကဓံအခက်အခဲမျိုးစုံ ကြုံတွေ့ရခဲ့ပြီးနောက် ကြံ့ကြံ့ခံစိတ်ဓာတ်နှင့်သာ ဒီဘဝမှာ မယိုင်မလဲရပ်တည်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအချိန်မှစ၍ သစ်ပင်ခုတ်လှဲလျှင် ဘဏ္ဍာအစားထိုးအပင်ပြန်စိုက်ပေးရသည်ဆိုသောအသိဝင်ခဲ့ပါသည်။ နှစ်တွေလည်း ကြာပါပြီ။ မမေ့နိုင်သည့်ဖြစ်ရပ်ကတော့ -

ကျွန်တော် အိမ်ရှေ့ကုက္ကိုပင်ငုတ်တိုကြီးနေရာတွင် ဖခင်ဖြစ်သူက ရှင်းလင်း၍ အစားထိုးနေရာပေးစိုက်ခဲ့သော သစ်ပင်လေးသည် ယခုအခါ လူတစ်ယောက်ဖက်လောက်သည့် ပင်စည်လုံးပတ်ခန့်ရှိပြီး ထိုကုက္ကိုပင်မစိုက်ခင် အိမ်ခြံဝင်းကို ရှင်းလင်း၍ ဖခင်ကြီးသည် သစ်ပင်စိုက်ခဲ့သည်။

သို့သော် ထိုနေ့ ညနေ (၆) နာရီ သေချာစွာပြောရလျှင် ကျန်းမာရေးကောင်းစွာ ပကတိရှိနေရဲ့။ ထိုနေ့တွင် ချောင်းဆိုးပြီး ရုတ်တရက်အမောဖောက်ကာ ကျွန်တော်၏ ဖခင်ကြီးမှာ ရုတ်တရက် ဘဝတစ်ပါးသို့ပြောင်းသွားခဲ့ရလေသည်မှာ တစ်မျိုးတော့ ထူးဆန်းနေသည်ဟု ထင်မြင်မိပါတော့သည်။

ထို့ကြောင့် သစ်ကြီးဝါးကြီးခုတ်တော့မည်ဆိုလျှင် သတိပြုဆင်ခြင်ရန် ကိုယ်တွေ့ဖြစ်ရပ်နှင့် တင်ပြလိုက်ရပါသည်။

(ကွေးဇူးရှင် ဖခင်ကြီးသို့ ဤစာမူဖြင့် ကန်တော့ပါသည်။)

မင်းသိန်း



www.burmeseclassic.com

www.burmeseclassic.com



စေးမခန်းပင်အသေးပုံ

အဖြူအကာတွေကို ပြောင်အောင်ခွာပြီး ရေစင်အောင်ဆေးပါ။ ထို့နောက် လက်တစ်ဆုပ်ရအောင် ဓားဖြင့် ပါးပါးလှီးပါ။ ရရှိသောအဖတ်ကို မတ်ခွက်တွင်ထည့်၍ ပွက်ပွက်ဆူနေသောရေနွေးကိုထည့်ပြီး အဖုံးအုပ်ထားပြီး အေးအောင်ထားပါ။ စိမ်ထားသောရေကို အကုန်သောက်ပါ။ သောက်ခါစတွင် ခါးခြင်းမရှိပါ။ မန်းကုန်လျှင် ဆင်တုံးမနွယ်အရည်သည် ခါး၍လာပါသည်။ အခါးအရသာကိုသိလျှင် မန်းကုန်သည်ဟု ယူဆရပါမည်။ အနည်းငယ် ဝမ်းချုပ်၍ ဝမ်းကို ပြုပြင်ပေးရပါမည်။ နောက်တစ်နည်းသောက်ရန်မှာ ဩဇာရွက်နှင့် သနပ်ခါးရွက် ဖြစ်ပါသည်။ ဩဇာရွက်နှင့် သနပ်ခါးရွက်ဆတူများများကောက်၍ ရေစင်အောင်ဆေးပြီး မြေအိုးသန့်တွင် နှစ်မျိုးစလုံးကိုထည့်ပြီး ရေကို အိုးတစ်ဝက်ကျော်ခန့်ထည့်၍ မီးဖြင့် ပွက်ပွက်ဆူအောင် ပြုတ်ကျိုပါ။ ရေအနည်းငယ်ခန်းသွားလျှင် ခွင်ပေါ်မှချ၍ အေးအောင်ထားပါ။ ရေဆာတိုင်း သောက်ရပါမည်။ တစ်နေ့လျှင် အိုးတစ်ဝက်ခန့်ကုန်အောင် သောက်ရပါမည်။ အနည်းငယ်ချုပ်၍ ဝမ်းကို ပြုပြင်ပေးရပါမည်။ အထက်ပါဆေးအတိုင်း မန်းရှိလျှင် ခါးမနေ၍ မန်းကုန်လျှင် ခါးမှန်းသိရပါသည်။ ဒဏ်ရာပတ်တီးဖြေမှ ဆေးသောက်ရပ်လျှင် ပို၍ကောင်းပါသည်။ ကျိုးအက်နေသောဒဏ်ရာကို ရက်ပေါင်း (၄၅) ရက်တိတိ ကျပ်စည်းထားရပါမည်။

တောတောင်တို့တွင် ပေါက်ရောက်ကြသည့် အပင်တို့သည် တချို့ဆင်တူယိုးမှားရှိပါသည်။ ထို့ကြောင့် စေမခန်းအရွက်နှင့်အပင်တို့သည်လည်း ဆင်တူယိုးမှားရှိသောကြောင့် မှားယွင်းမှုမရှိရလေအောင် စာရေးသူကိုယ်တိုင် လယ်ဘေး၌ ပေါက်ရောက်နေသော စေးမခန်းပင်ကို ခူးယူ၍ စာဖတ်သူများကို တင်ပြလိုက်ပါသည်။ စေမခန်းပင်သည် အရွက်သေးနှင့် အရွက်ကြီး ဟူ၍ နှစ်မျိုးရှိပါသည်။ အရွက်သေးမျိုး၏ အရွက်အရှည်သည် (၄) လက်မကျော်ခန့် ရှည်ပါသည်။ အရွက်၏ ဖြက်မှာ (၁) လက်မကျော်ခန့် ရှည်ပါသည်။ အရွက်အညှာသည် စပါးလုံးတစ်ထောက်ခန့် ရှည်ပါသည်။ ရွက်ညှာရင်းသေးပါသည်။ အရွက်၏ အပေါ်မျက်နှာပြင်သည် အစိမ်းရောင်ရှိသည်။ အရွက်အောက်မျက်နှာပြင်သည် စိမ်းနုရောင်ရှိပါသည်။ အရွက်အနားနှစ်ဖက်သည် ညီနေသည်။ ရွက်ဆိုင်ထွက်ကြပါသည်။ အရွက်ဖျားသည် ချွန်ပါသည်။ အရွက်၏ အောက်မျက်နှာပြင်သည် အနည်းငယ်ချော၍ အလယ်ရိုးနှင့်အကြောသေးများ ထင်ရှားစွာ မြင်တွေ့ရပါသည်။ စေးမခန်းအပင်သည် နွယ်တစ်မျိုး ဖြစ်ပါသည်။ နွယ်ကို လက်ဖြင့်ချိုးကြည့်လျှင် ထက်ပိုင်းကျိုးသွားပါသည်။ စေးမခန်းပင်သည် မြေပြင်မှအပေါ်သို့ ရှည်တက်လာပြီး အကိုင်းတို့သည် အောက်သို့ ကိုင်းညွတ်လာသောအပင်မျိုး ဖြစ်ပါသည်။ စေးမခန်းအပင်မှ အရွက်အလက်တို့သည် အဆစ်များမှထွက်ရှိလာပါသည်။ အရွက်ထွက်သော အလက်တို့သည် လက်မကျော်ခန့် ကွာဝေးကြပါသည်။ အပင်အကြီးအသေးကိုလိုက်၍ အဆစ်အကွာအဝေးမတူညီကြပါ။

စာဖတ်ပရိသတ်များ တွေ့မြင်နိုင်ရန် စေးမခန်းအသေးနှင့် အကြီးတို့ကို ဓာတ်ပုံရိုက်တင်ပြလိုက်ပါသည်။ အရွက်ကို အလယ်မှ နှစ်ပိုင်းပြတ်အောင် ဖြည်းညင်းစွာ ဖြည်းဖြည်းဆေးဆေး ဆွဲဖြတ်လျှင် အပ်ချည်မျှင်ကဲ့သို့ အစေးများပါလာသည်ကို တွေ့မြင်ရပါသည်။ ခဏအကြာတွင် အစေးများဆွဲယူမှုကြောင့် ပြတ်နေသော အရွက်နှစ်ပိုင်းသည် ပြန်လည်၍ ပူးကပ်လျက်ရှိသည်ကို စာရေးသူ ကိုယ်တိုင်မြင်တွေ့လိုက်ရပါသည်။ ထို့ကြောင့် ဆွဲအားကောင်းသည်ဟု စာရေးသူ သိရှိလေ့လာခဲ့ရပါသည်။ စေးမခန်းအရွက်ကြီးသည်လည်း နွယ်ပင်တစ်မျိုးဖြစ်ပါသည်။ ချိုးလျှင် အကိုင်းကျိုးပါသည်။ ရွက်ဆိုင်ထွက်ပါသည်။ အလယ်မျက်နှာပြင်တွင် အလယ်ရိုးနှင့်အကြောသေးတို့ကို ထင်ရှားစွာ မြင်နိုင်ပါသည်။ အရွက်အစိမ်းရောင်ရှိသည်။ အပေါ်ဘက်တွင် အစိမ်းရောင်ရှိ၍ အောက်မျက်နှာပြင်တွင် အစိမ်းဖျော့ရောင်ရှိပါသည်။ အရွတ်၏ရွက်ညှာတံသည် တစ်လက်မ၏ တစ်ဝက်ကျော်ခန့်ရှိပါသည်။ အရွက်ဖြက်သည် (၂) လက်မကျော်ခန့်ရှိသည်။ အရွက်အရှည်သည် (၅)လက်မကျော်ခန့် ရှည်ပါသည်။ အရွက်ဖျားချွန်နေပါသည်။ အရွက်ကိုထက်ပိုင်းဆွဲဖြတ်လျှင် အပ်ချည်မျှင်ကဲ့သို့ အစေးအနည်းငယ်သာပါရှိသည်ကို တွေ့မြင်ရပါသည်။ ပြတ်နေသောအရွက်နှစ်ပိုင်းသည် မိနစ်အနည်းငယ်ကြာမှ ပြန်၍ပူးကပ်သွားသည်ကိုတွေ့ရပါသည်။ အရွက်အသေးနှင့် အကြီးကွာခြားပုံမှာ အရွက်သေးသည် အစေးအများဆုံးပါရှိပြီး အရွက်အကြီးသည် အစေးအနည်းငယ်သာပါ ပါသည်။ အာနိသင်ချင်းမှာ အတူတူ ဖြစ်ပါသည်။ သို့သော် အစေးအများဆုံး ပါရှိသော အရွက်အသေးကိုသာ အသုံးပြုကြပါသည်။ စေမခန်းအရွက်သည် ခြောက်လွယ်သဖြင့် ကောက်ယူခဲ့သော ငှက်ပျောရွက်ဖြင့် ထုပ်၍ထားရှိပါသည်။ အေးသောနေရာတွင် ထားရှိရပါမည်။ စေမခန်းပင်အား ဆရာကြီးဦးညာဏ်လွင်နှင့်အတူ သွားရောက် ရှာဖွေရရှိသောကြောင့် စာဖတ်ပရိသတ်အား အပင်၏အသေးစိတ်ကို ရေးသားတင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ဤဆေးနည်းအသုံးပြုပုံကို ... ပြခဲ့သော ကသာမြို့ ရပ်ကွက် (၃) ... နေထိုင်သည့်တိုင်းရင်း မြန်မာဆေး... ကြီး ဦးညာဏ်လွင်၏ ခွင့်ပြုပေးမှုကြောင့် သုရဋ္ဌမဂ္ဂဇင်းတွင် ရေးသားတင်ပြလိုက် ပါသည်။


မဟူရာ(ရှော ... )က...

www.burmeseclassic.com

လွန်ခဲ့သော (၇) နှစ်ခန့်က သူရဇ္ဇမဂ္ဂဇင်းကြီးတွင် သေမင်းနိုင်ငံသို့ ရုတ်တရက် ရောက်ရှိသွားပြီးနောက် ပြန်လည်သတိရလာသော လူနာများနှင့် ကွယ်လွန်ခါနီးဆဲဆဲလူနာများ တွေ့ကြုံကြရသော ထူးခြားဖြစ်စဉ်များနှင့်ပတ်သက်၍ စူးစမ်းလေ့လာသုတေသနပြုထားသော ဆောင်းပါးများ ရေးသားခဲ့ပါသည်။ ယင်းဆောင်းပါးများအားလုံးကို သူရဇ္ဇမဂ္ဂဇင်းအယ်ဒီတာအဖွဲ့က အပြင်အဆင်အဖြတ်အတောက် ပြုလုပ်ခြင်းမရှိ ဖော်ပြပေးခဲ့ပါသည်။

၎င်းဆောင်းပါးများ ရေးသားခဲ့စဉ်တုန်းက အမေရိကန်ပြည်ထောင်စုမှ မနောသုတေသီ ဒေါက်တာရေမွန်မူဒီ၊ ဒေါက်တာ အယ်လီစဗက်ကူဗလာရော့(စ်)၊ ဒေါက်တာ ကာလစ်အော့ဆစ်၊ ဒေါက်တာ အာလင်ဒါဟယ်ရယ်(လ်)ဆန်တို့ ရေးသား ထုတ်ဝေသည့် သုတေသနပြုချက်များကို အလျဉ်းသင့်သလို ဘာသာပြန်ဆို၍ ဖော်ပြပေးခဲ့ခြင်းဖြစ်ပါသည်။ အလျဉ်းသင့်လျှင် အထက်ဖော်ပြပါ သေရွာပြန်များနှင့် ကွယ်လွန်ခါနီး လူနာများ (ကလေးငယ်များအပါအဝင်)၏ အာရုံထင်မှုနှင့်ပတ်သက်၍ ဖြစ်ရပ်မှန် အတွေ့အကြုံများကို ဆက်လက်ရေးသားမည်ဟု ကြံရွယ်ထားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ဆက်လက် ရေးသားနိုင်ခြင်းမရှိခဲ့ပါ။

သို့သော် လွန်ခဲ့သောလကမူ ကျွန်တော် မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် မည်သည့်ဆောင်းပါးများရေး၍ မည်သည့်စာအုပ်များ ဖတ်သည်ကိုသိသော (၃၇) လမ်း ပုဂံစာအုပ်တိုက်ပိုင်ရှင်ကိုဌေးအောင်သည် ကျွန်တော့်အား ဘီဘီစီရုပ်သံလွှင့်အစီအစဉ်ထုတ်လုပ်ရေးမှူးနှင့် နာမည်ကျော် သတင်းစာဆရာ၊ စာရေးဆရာ၊ မနောသုတေသီ ဂျက်ဖရီအိုင်ဗာဆန် ရေးသားပြုစုသော သေခြင်းတရားကိုရှာဖွေခြင်း (In Search of The Dead) စာအုပ်တစ်အုပ် ရှာဖွေပေးခဲ့ပါသည်။




ယင်းစာအုပ်ကို ပြုစုသူ ဂျက်ဖရီအိုင်ဗာဆန်မှာ နှစ်ပေါင်းများစွာပင် လူတို့ ကွယ်လွန်ပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်လာသလော။ သို့မဟုတ် လူတို့သေဆုံးသည်နှင့် ဘာမှမဖြစ်တော့ဘဲ ဘဝလုံးဝပြတ်တောက်သွားသလော ဟူသော အယူအဆအဖြေကိုရရှိနိုင်ရန် မနောသုတေသီများ၏ အကူအညီနှင့် စနစ်တကျ သိပ္ပံနည်းကျ သုတေသနပြုခဲ့သူဖြစ်ပါသည်။ သူ ၎င်းသို့ သုတေသနပြုရာတွင် နာမည်ကျော် ဗြိတိသျှ မနောသုတေသနအသင်း၊ အမေရိကန်ပြည်ထောင်စုမှ မနောသုတေသနအသင်းနှင့် မနောသုတေသနဖောင်ဒေးရှင်းအသင်းကြီးတို့၏ အကူအညီနှင့် အခြားနိုင်ငံများရှိ တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ စိတ္တဗေဒပညာရှင်များ၏ အကူအညီကိုယူကာ ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

စာရေးဆရာ သုတေသီ ဂျက်ဖရီအိုင်ဗာဆန်သည် သူလက်တစ်ဆုံးနှိုက်လေ့လာ တွေ့ရှိချက်များကို အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ လပေါင်းများစွာ ထုတ်လွှင့်ခဲ့ပါသည်။ ယင်းထုတ်လွှင့်ချက်များကိုပင် စုစည်း၍ အထက်ပါ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် In Search of The Dead အမည်ဖြင့်စာအုပ်ကို ဘီဘီစီရုပ်သံလွှင့်ဌာနကပင် ပုံနှိပ်ထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ ထိုစာအုပ်ပုံနှိပ်ထုတ်ဝေခဲ့သည့် ၁၉၉၂ ခုနှစ်မှ ယနေ့ထိ အကြိမ်ကြိမ်ပင် ပုံနှိပ်ထုတ်ဝေခဲ့ရသော အရောင်းရအသွက်ဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့၏။

ရှေးပဝေသဏီကာလကစတင်၍ ယနေ့ထိ တမလွန်ဘဝဆိုသည်မှာ အမှန်တကယ်ရှိသည်ဟုယုံကြည်ခဲ့ကြပါသည်။ သို့သော် တမလွန်ဘဝသည် မည်သို့ဘဝဖြစ်သည်ဟူသော ယုံကြည်ချက်၌သာ

## လှမိုး(ပညာရေး)

# သေသည်၏နောက်ဝယ်







www.burmeseclassic.com

www.burmeseclassic.com

ကွဲပြားခြားနားကြပါသည်။ သမိုင်းမတင်မီခေတ်နှင့် သမိုင်းဦးကာလ တွေ့ရှိချက်များတွင် လည်းကောင်း၊ ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၃၀၀၀) ကျော်ခန့်က မြှုပ်နှံထားသည်ဟု ဆိုသော အီဂျစ်ဖေရိုဘုရင်တို့၏ ဂူသင်္ချိုင်းများ၊ ခေါင်းတလားများနှင့် နံရံတွင်ရေးထားသည့် ပန်းချီမှတ်တမ်းများ၊ ကျူရိုးပုရပိုက်မှတ်တမ်းများ၊ ဂရိတွေးခေါ် ရှင် ပလေတို၏ ရေးသားချက်များအရ လူတို့ကွယ်လွန်လျှင် တမလွန်ဘဝရောက်သည် ဟူသော တမလွန်ဘဝအယူအဆရှိခဲ့သည်ကို ကျွန်တော်တို့ မှတ်သားခဲ့ရ၏။

ယနေ့ သိပ္ပံပညာ အံ့မခန်း တိုးတက်လာသောခေတ်တွင် ရုပ်ပိုင်းဆိုင်ရာကြီးပွားတိုးတက်မှု ရှေ့တန်းရောက်လာသည်နှင့် လူတို့သေဆုံးသည့်နောက်ဝယ် တမလွန်ဘဝရှိသည်ဟူသော အယူအဆကို လက်ခံယုံကြည်ရန် ခက်ခဲလာသည်။ မယုံကြည်သူ အမြောက်အမြားရှိလာသည်။ မှန်ပါသည်။ သိပ္ပံပညာကို အလွန်အထင်ကြီးသူများအဖို့ တမလွန်ဘဝဟူသော အယူအဆကို လက်ခံလိုခြင်းမရှိကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုကိစ္စမှာ သိပ္ပံနိယာမသဘောတရားများနှင့် ကိုက်ညီမှုမရှိသောကြောင့် ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ ဩဇာတိက္ကမအကြီးမားဆုံးနှင့် စောင်ရေအများဆုံး ထုတ်ဝေရသော News Week သတင်းမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့သည့် လူသေလျှင် ဘဝပြတ်သည်၊ နောင်ဘဝမရှိ ဟူသော အယူအဆအကြောင်း ရေးသား ဖော်ပြချက်ကို တင်ပြလိုပေသည်။ ထိုဆွေးနွေးတင်ပြချက်တွင် တစ်ခေတ်က လျှမ်းလျှမ်းတောက်ဟိုးဟိုးကျော်ခဲ့သော ယူဂိုစလားဗီယားသမ္မတနိုင်ငံ သမ္မတ မာရှယ်တီတို၏ အယူအဆမှာ အံ့ဖွယ်ဖြစ်၏။

သမ္မတကြီး မာရှယ်တီတိုမှာ ဘာသာတရားမရှိသူ ကွန်မြူနစ်ဝါဒီတစ်ယောက်ဟု ကြွေးကြော်ထားသူဖြစ်၏။ ဆွေးနွေးပွဲတစ်ခုတွင် ဦးဆောင်ဆွေးနွေးသော ရဲဘော်တစ်ဦးက လူတို့ကွယ်လွန်သောအခါ ဘဝပြတ်သွားသည်၊ နောက်ဘဝမရှိ၊ အချည်းနှီးဖြစ်သွားရသည်ဟု ဆိုသည်

ဤတွင် သမ္မတကြီးတီတိုက ဤသို့ မပြောသင့်ကြောင်း၊ ထိုဘာမှ သေသေချာချာမသိရသေး၊ သိလည်း မသိနိုင်သေးသော အကြောင်းအရာကို ဆင်ဆင်ခြင်ခြင် တိုင်းထွာပြောမှရမည်ဟု မိန့်ကြားခဲ့သည်။

မှန်ပါသည်။ လူတို့သေလျှင် ဘာဖြစ်သွားသနည်းဆိုသည်မှာ သဘာဝတရားကြီး၏ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်ရကား သုတေသီများ၊ သိပ္ပံပညာရှင်များအဖို့ သုတေသနပြုစူးစမ်းဆဲ ဖြစ်သည်။ လူအများ လက်ခံလာနိုင်ရန် သဘာဝကျသောအဖြေကို ပေးရမည်ဖြစ်၏။

သမိုင်းမှတ်တမ်းအရ လူတို့သေဆုံးခဲ့ပြီးသည့်နောက် မည်ကဲ့သို့ဖြစ်ခဲ့သနည်း။ တမလွန်ဘဝဆိုသည်မှာ အမှန်ရှိခဲ့သလော။ ကွယ်လွန်သူတို့ ဘဝသစ်သို့မပြောင်းမီ ဝိညာဉ်ဆိုသည်မှာ အမှန်ရှိပါသလား။ ဘဝသစ်သို့ မကူးပြောင်းမီ ထိုဝိညာဉ်ဘုံသို့ရောက်ရှိနေသောသူများသည် အခါအားလျော်စွာ ကျွန်တော်တို့လူ့ဘုံသို့ ပြန်လာခဲ့ကြပြီး ကိုယ်ထင်ပြသည်၊ ကျွန်တော်တို့ဘုံသားများနှင့် ဆက်သွယ်ရန် ကြိုးစားသည်၊ တစ်ခါတစ်ရံ ခြောက်လှန့်သည် ဆိုသည်မှာ အမှန်ဖြစ်ပါသလား စသောစသော ပြဿနာများကိုသိလိုကြသော ပညာရှင်အများသည် စနစ်တကျ စူးစမ်းလေ့လာရန် စိတ်ဝင်စားလာခဲ့ကြ၏။

ပထမဦးဆုံး ဝိညာဉ်ဘုံသားသို့မဟုတ် အများခေါ် တစ္ဆေဆိုသူအား စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ တစ္ဆေသုတေသနအသင်း (Ghost-club) ကို ဖွဲ့စည်းတည်ထောင်၍ တစ္ဆေခြောက်သည်ကို ကိုယ်တိုင်ခံစားရသည်၊ ကွယ်လွန်သူ ကိုယ်ထင်ပြသည်၊ ကွယ်လွန်သူတို့၏ အသံ၊ အနံ့ရသည် စသော လောကီလွန်ဖြစ်ရပ်များကို စနစ်တကျ သိပ္ပံနည်းကျ စူးစမ်းခဲ့ကြသည်။ ယင်းတစ္ဆေသုတေသနအသင်းအား စတင်တည်ထောင်သူများမှာ အောက်(စ်)ဖို့(ဒ်) တက္ကသိုလ်ကျောင်းတိုက်နှင့် ကင်ဘရစ်(ချ်) တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများပညာရှင်များဖြစ်ကြသည်။ ထိုအသင်း စတင်တည်ထောင်စဉ်ကမူ ပါဝင်သူအများမှာ တက်တက်ကြွကြွဖြစ်ခဲ့ကြသော်လည်း ထင်သလောက်အောင်မြင်ပေါက်ရောက်မှုမရှိသဖြင့် ထိုအသင်းကြီးအား ဖျက်သိမ်း၍ ခရစ်နှစ် ၁၈၈၂ ခုနှစ်တွင် ဗြိတိသျှမနောသုတေသနအသင်း(Society for Psychical Rescarch) ကိုတည်ထောင်ခဲ့သည်။ ထိုအသင်းကြီး၏ မူလရည်ရွယ်ချက်မှာ တမလွန်ဘဝပြဿနာကို သိပ္ပံနည်းကျ အဖြေရှာရန်သက်သက် မဟုတ်ပေ။ လူသားတို့၏ စိတ်ဝိညာဉ်ဆိုင်ရာယုံကြည်ချက်များကိုများသည်၊ မှန်သည် ဟူ၍ အစွဲဥပါဒါန်မထားဘဲ စနစ်တကျ သိပ္ပံနည်းကျ လေ့လာရန် ဖြစ်၏။

ထိုအသင်းတော်ကြီးကို စတင်တည်ထောင်သူများမှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ပါ။ နာမည်ကျော် တက္ကသိုလ်ကျောင်းတိုက်များမှပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ သုတေသီများ ဖြစ်ကြ၏။ သာဓကအားဖြင့် ထိုကာလက နိုင်ငံတကာမှလေးစားရသော ဆာဝီလျံကရု၊ ဆာအော်လီဗာလော့(စ်)၊ ဝီလျံဂျိမ်းနှင့်နိုဘယ်(လ်)ဆုရပညာရှင် ဂျေဂျေသော်မဆင်တို့ ပါဝင်ခဲ့သည်။ ထိုသူများအားလုံးမှာ လူအများ လေးစားကြည်ညိုကြသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ပါဝင်သူအများမှာလည်း တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ ဆေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ စာရေးဆရာကြီးများ၊ စာနယ်ဇင်းသမားများ၊ အင်္ဂလန်နိုင်ငံဘုရင်အစိုးရမှအဖွဲ့ဝင်များစသည့် ပုဂ္ဂိုလ်ကြီးများ ပါဝင်ခဲ့ကြသဖြင့် အင်္ဂလန်နိုင်ငံတွင်သာမက နိုင်ငံတကာမှ လေးစားခဲ့သောအသင်းကြီး ဖြစ်ခဲ့၏။

ထိုအသင်းကြီး၏ ပထမဆုံးစူးစမ်းလေ့လာမှုပြုခဲ့သောလုပ်ငန်းမှာ တမလွန်ဘဝရှိသည်ဟူသော ယုံကြည်ချက်နှင့် ဆက်စပ်နေသော တစ္ဆေအမှန်တကယ်ရှိ၊ မရှိ ဟူသော ပြဿနာပင် ဖြစ်၏။ ရှေးပဝေသဏီကပင် လူသားတို့သည် တစ္ဆေခြောက်သည်၊ တစ္ဆေကိုယ်ထင်ပြသည်၊ တစ္ဆေပူးသည် စသော တစ္ဆေနှင့် ပတ်သက်သည့် အတွေ့အကြုံရှိသူများ ရှိသည်ဟု ဆိုသည်။ ထိုယုံကြည်ချက်သည်ပင်လျှင် သေသည်၏နောက်တွင် တမလွန်ဘဝရှိသည်ဟူသော ယုံကြည်ချက်ကို ခိုင်မာစေသည်ဟု ယူဆကြ၏။

ဗြိတိသျှမနောသုတေသနအသင်း၏ပထမခြေလှမ်းမှာ တစ္ဆေအမှန်ရှိ၊ မရှိကို လူထုအတွင်း သုတေသီများကိုယ်တိုင် ကွင်းဆင်း၍ စနစ်တကျ သိပ္ပံနည်းကျ စုံစမ်းခဲ့သည်။ လူထုထံ မေးခွန်းလွှာများပေး၍ စုံစမ်းခြင်းလည်း ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းလေ့လာခဲ့သည်သာမက အင်္ဂလန်နိုင်ငံ အပါအဝင် ဥရောပတိုက်နိုင်ငံအချို့သို့ သုတေသီများသွားရောက်၍ တစ္ဆေခြောက်လှန့်လျက်ရှိသည်ဟုဆိုသောရဲတိုက်များ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများ၊ အဆောက်အအုံများ ယာတော်စံအိမ်များတွင် ခေတ္တနေထိုင်ကာ သိပ္ပံနည်းကျ သုတေသနပြုခဲ့ကြပါသည်။

ထိုလေ့လာသုတေသနပြုချက်များ



www.burmeseclassic.com

www.burmeseclassic.com

အသင်းကြီးမှ တာဝန်ရှိသူများက ...၍ လေ့လာမှုများပြုလုပ်ခဲ့ပြီး အမှု ...ဖြစ် မှတ်တမ်းတင်၍ အမှုတွဲအချို့ ...သူအများသိရှိနိုင်စေရန် သုတေသန ...ယ်တွင် ရေးသား ဖော်ပြခဲ့ပါသည်။ ...သင်းကြီး၏ ဆုံးဖြတ်ချက်မှတ်တမ်း ...အရ တစ္ဆေခြောက်သည်၊ ကွယ်လွန် ...တို့ကိုယ်ထင်ပြသည်၊ ကွယ်လွန်သူတို့ ... ဆက်သွယ်နိုင်သည်ဆိုသည်မှာ လူ ...၏ စိတ်အထင်သက်သက် မဟုတ်။ ...မှန်တကယ်ဖြစ်ရပ်များဖြစ်သည်ဟုဆို ...သည်။

ဤဖြစ်ရပ်တစ်ခုကို ဤဆောင်း ...တစ်နေရာတွင် ဖော်ပြခဲ့သော စာရေး ... သုတေသီ၊ ဂျက်ဖရီအိုင်ဗဆင်က ...ဘီစီရုပ်သံလွှင့်အစီအစဉ်မှ ဓာတ်ပုံ ...တ အထောက်အထားဝေဝေဆာ ...နှင့် ဖော်ပြခဲ့သည်။ ထိုဖြစ်ရပ်မှာ ...ဒန်မြို့တော် ကင်စင်တန်စကွဲယား ...ခြံလမ်းရှိ ဟိုတယ်တစ်ခုတွင် အမှန် ...တကယ် ကြုံတွေ့ခဲ့ရသော ကွယ်လွန်သူ ...တိုယ်ထင်ပြမှုတစ်မှုဖြစ်သည်။ (သက် ...ိုင်ရာတာဝန်ရှိသူများ၏ မေတ္တာရပ်ခံ ...ချက်အရ ဟိုတယ်အမည်နှင့် ကာယကံ ...ရှင်အမည်ကို ဖော်ပြခြင်းမပြုခဲ့။)

မစ္စတာဘီဆိုသူသည် နာမည်ကြီး ...ကုမ္ပဏီကြီးတစ်ခု၏ နယ်လှည့်အရောင်း ...ကိုယ်စားလှယ်ဖြစ်၏။ သူသည် ကင်စင် ...တန်စကွဲယားပန်းခြံလမ်းရှိ ဟိုတယ် ...အခန်းတစ်ခန်းတွင် နှစ်နှစ်ခြိုက်ခြိုက် ...အိပ်ပျော်နေစဉ် သူ့အခန်းအတွင်း လူ ...တစ်ယောက်ဝင်လာသည့်အသံကြားလာ ...သဖြင့် လန့်နိုးလာသည်။ သူ့မျက်စိဖွင့် ...၍ ကြည့်လိုက်သောအခါ အသက် (၈)... ကျော် လူငယ်တစ်ယောက် သူ ...အိပ်နေသောနေရာကို လက်ညှိုးထိုး၍ ...ညွှန်ပြနေသည်ကို သေသေချာချာမြင်ရ ...သည်။ ထိုအချိန်တွင် မစ္စတာဘီမှာ အိပ် ...ပျော်နေခြင်း၊ အိပ်ရာမှနိုးတစ်ဝက်အိပ် ...တစ်ဝက်ဖြစ်နေခြင်းမရှိဟု ဆိုသည်။

သို့ဖြစ်၍ မစ္စတာဘီသည် အိပ်ရာ ...ရန် ပြုလုပ်လိုက်သည်နှင့် ထိုလူငယ် ...သည် သော့ခတ်ပိတ်ထားသော တံခါး ...အနီးတွင် ရုတ်တရက်ပျောက်ကွယ်သွား ...ခဲ့သည်။ မစ္စတာဘီကမူ ထိုလူငယ်၏ ...မျက်နှာကို သေသေချာချာစူးစိုက်ကြည့် ...သဖြင့် မှတ်မိခဲ့သည်။ နံနက်လင်းသည် ...နှင့် ဟိုတယ်မှ တာဝန်ရှိသူများထံ ...သတင်းပေးပို့ရာ ဟိုတယ်မန်နေဂျာဖြစ် ...သူ ပြသသည့် ဓာတ်ပုံများအနက် မစ္စ ...တာဘီသည် သူမြင်ခဲ့သောပုံသဏ္ဍာန်နှင့် ...တူသောလူငယ်ကို မှန်ကန်စွာထောက်ပြ ...သဖြင့် ဟိုတယ်မှ တာဝန်ရှိသူများက

အံ့အားသင့်ခဲ့သည်။ ထိုအခန်း၌ လွန်ခဲ့သော ၁(၂) နှစ်ခန့်က အိပ်ဆေးအလွန်အကျွံသောက်၍ သေဆုံးသွားသော လူငယ်တစ်ဦးဖြစ်နေသည်။ တစ္ဆေကိုယ်ထင်ပြသည်ဆိုသောအချက်ကို အတည်ပြုနိုင်သောသာဓကဖြစ်တော့၏။

သေသည်၏နောက်ဝယ် တမလွန်ဘဝရှိသည်ကို အထင်အရှား သက်သေပြသည့် လူဝင်စားအမှုတစ်မှုကို သတင်းစာဆရာ သုတေသီဂျက်ဖရီအိုင်ဗာဆင်က ဘီဘီစီရုပ်သံလွှင့်အစီအစဉ်တွင် တင်ပြခဲ့သည်။ ထိုအမှုအား အိုင်ဗာဆင်နှင့် ဘီဘီစီရုပ်သံလွှင့်ဌာနမှ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံသို့ သွားရောက် ရိုက်ကူးခဲ့ပြီး ကာယကံရှင်များ၊ အိန္ဒိယနိုင်ငံလူဝင်စားသုတေသီ ဒေါက်တာ ဆပ်ဝမ်ပတ်(စ်)ရီချာနှင့်အတူ စူးစမ်းလေ့လာခဲ့သော အမှုတစ်မှုဖြစ်သည်။ ဒေါက်တာပတ်(စ်)ရီချာမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ အိန္ဒိယနိုင်ငံ ဘင်လိုမြို့ရှိ အမျိုးသားစိတ်ကျန်းမာရေးဌာနမှာ နေ့လိုလလို ထင်ရှားသော ပရစိတ်ပညာရှင်တစ်ဦးဖြစ်သည်။ ပရစိတ်ပညာအား လက်တစ်ဆုံးနှိုက် လေ့လာထားသူ ဖြစ်၏။

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ် ပရစိတ်ပညာဌာနမှ ပါမောက္ခ ဒေါက်တာ စတီဗင်ဆင်သည် အမေရိကန်ပြည်ထောင်စုမှ လူဝင်စားမှုများကို စိတ်ဝင်စားသူ သန်းကြွယ်သူဌေးကြီးများ၏ အားပေးကူညီမှုနှင့် ၁၉၆၀ ပြည့်နှစ်ကပင် စတင်၍ လူဝင်စားမှုများကို စူးစမ်း လေ့လာခဲ့သည်။ ဤသို့ လေ့လာရာတွင် ပါးစပ်ဝေဇက်တစ်ဆင့်စကားများကို မှတ်တမ်းတင်ခြင်း မဟုတ်ဘဲ လူဝင်စားဟု အများကယူဆသူများ နေထိုင်သည့် သက်ဆိုင်ရာနိုင်ငံများသို့ သွားရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင်မူ အထက်ဆောင်းပါးတစ်နေရာ၌ ဖော်ပြခဲ့သော အိန္ဒိယအမျိုးသား ပရစိတ်ပညာရှင် ဒေါက်တာ ဆပ်ဝမ်ပတ်(စ်)ရီချာနှင့်အတူ လပေါင်းများစွာ လူဝင်စားသုတေသနမှုများကို ပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်၍ အချို့အမှုတွဲများကိုမူ စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့၏။

ဒေါက်တာပတ်(စ်)ရီချာကိုယ်တိုင် မိမိအစီအစဉ်ဖြင့် လူဝင်စားအမှုတွဲပေါင်း (၃၀၀) ကျော်ကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ သုတေသီဂျက်ဖရီအိုင်ဗာဆန်နှင့်အဖွဲ့သည် ဒေါက်တာပတ်(စ်)ရီချာနှင့်အတူ ဘင်လိုမြို့နှင့် မိုင်အနည်းငယ်ကွာဝေးသော ကျေးရွာကလေးတစ်ရွာတွင် အများက လူဝင်စားဟု ယူဆထားသော အသက် (၅) နှစ်ရွယ်ကလေးနှင့် ကလေး၏မိဘများကို သွားရောက်တွေ့ဆုံခဲ့ကြသည်။

အံ့ဖွယ်သရဲဖြစ်ရသည်မှာ ကလေး၏လက်ယာဘက်လက် လက်(၅)ချောင်းစလုံးမှာ ထူးထူးခြားခြား တိတိရိရိပြတ်နေသည်ကို အံ့ဩဖွယ်တွေ့ကြရ၏။ လူဝင်စားဟုဆိုသော ကလေးငယ်ကမူ သူ့ဘဝဟောင်းက ဖခင်ဖြစ်သူ ကာမင်ဒယ်(လ်)သည် အရက်မူးမူးနှင့် နွားစာစဉ်းသောစက်အားဖြတ်ရာမှ ကလေးငယ်၏လက်ကို ထိခိုက်၍ လက်များပြတ်ကာ သေဆုံးခဲ့ရသည်ဟု ဆိုလေသည်။ ဒေါက်တာပတ်(စ်)ရီချာနှင့် ဂျက်ဖရီအိုင်ဗာဆန်တို့သည် ကလေးငယ်၏မိဘများနှင့်အတူ ဘဝဟောင်းက ကလေးငယ်မိဘများ နေထိုင်ခဲ့သည့် ကျေးရွာသို့ သွားရောက်ခဲ့ကြသည်။ ကလေးငယ်၏ဘဝဟောင်းကနေထိုင်ခဲ့သောကျေးရွာနှင့် ဘဝသစ်တွင်နေထိုင်သောကျေးရွာတို့မှာ မိုင်(၂၀)ကျော်ခန့် ကွာဝေးခဲ့သည်။ မိဘများမှာလည်း တစ်ဦးနှင့်တစ်ဦး မသိကြ။ လူဝင်စားဟုသောကလေးငယ်ကမူ သူ့ဘဝဟောင်းက အစ်ကိုများ၊ အစ်မများကို မှတ်မိနေသည်။ သူ့လက်အား ဒဏ်ရာရစေခဲ့သော မြက်ဖြတ်စက်ကိုလည်း ပြသပြီး သူ့လက်များပြတ်သွားစဉ် လှည်းနှင့် ဆေးရုံသို့ပို့ပုံ၊ ဆေးရုံသို့ပို့ရာတွင် မည်သူမည်ဝါ ပါဝင်ပုံစသည်များကို အသေးစိတ် ပြောပြခဲ့သည်။ ဘဝဟောင်းက မိဘများနှင့် ဆွေမျိုးသားချင်းများသည် ညီအစ်ကို၊ မောင်နှမများကမူ ကလေးငယ်၏ ပြောပြချက်များသည် တိတိကျကျ မှန်ကန်ပါသည်ဟု ပြောပြကြသည်။ ကလေးငယ်ကလည်း သူ့ဘဝဟောင်းက ကစားစရာများ၊ သူကစားခဲ့သည့် နေရာများကိုလည်း တိတိကျကျ ခိုင်ခိုင်မာမာပြောပြနိုင်ခဲ့ရာ ကလေးငယ်မှာ သူတို့သားငယ်ဖြစ်ပါသည်ဟု ဆိုကြသည်။

သုတေသီ ဂျက်ဖရီအိုင်ဗာဆန်ကမူ ယင်းဖြစ်ရပ်ကို ရုပ်ရှင်၊ ရုပ်သေရိုက်ကူး၍ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှာ 'သေသည်၏ နောက်ဝယ်' အမည်ဖြင့် တမလွန်ဘဝပြဿနာကို တင်ပြရင်းပြသခဲ့သည်ဟု သိရပါကြောင်း။

လှမိုး(ပညာရေး)

Ref -

*In Search of The Dead*
*By - J.Lverson.*



www.burmeseclassic.com

www.burmeseclassic.com

ရောင်မြ-ကျော်ဝေ

# ငှက်ဖျားရောဂါအတွက် တိုင်းရင်းဆေးအကျိုး ၅၂ (၉) မျိုး



(က)

ငှက်ဖျားအတွက် ဆေးမခက် ဟူသော ဆေးနည်းတစ်နည်းမှာ ဆေးအမယ်များကို နဝင်းဖြင့်ကုသော ဂမ္ဘီရဆေးနည်းတစ်လက်ပင် ဖြစ်ပါသည်။

၁။ မြန်မာကုက္ကိုရွက် (၉) ရွက်၊
၂။ မိဿလင်ဥအလွှာပါး (၉)လွှာ၊
၃။ ငရုတ်ကောင်း (၉) စေ့

၎င်း (၃) မျိုးကို မဖောက်ထုံးအနည်းငယ်ရော၍ထောင်းပြီး ကြိုက်ရာခြေမကို ဆေးအုပ်ပြီး ပတ်တီးစည်းထားပါ။ အဖျားတက်မည့် လက္ခဏာပြချိန်၊ အဖျားတက်ချိန်တွင် နာရီဝက်ခန့် ဆေးစည်းထားပြီး ချွေးအောင်းပေးရမည်။ (၂) ကြိမ်၊ (၃) ကြိမ်ခန့် ပြုလုပ်ပေးခြင်းဖြင့် ငှက်ဖျားရောဂါ အမြစ်ပြတ်၍ လုံးဝပျောက်ကင်းသွားပါမည်။

(ခ)

ငှက်ဖျားရောဂါအတွက် ဒုတိယဆေးတစ်နည်းမှာ -

၁။ ရှမ်းဆေးခါးကြီးရွက်၊
၂။ ငရုတ်ကောင်းစေ့၊
၃။ ကွမ်းရွက်၊
၄။ မြင်းခွာရွက်၊
၅။ တောပင်စိမ်းပင်

၎င်းဆေးအမယ် (၅) မျိုး ပဉ္စငါးပါးကို စုပေါင်းပြီး နေလှန်း၍ အမှုန့်ပြုလုပ်ပါ။ ၎င်းအမှုန့်များကို ပျားရည်နှင့်ဆော်ပြီး အလုံးကလေးများကို ဆီးကင်းခန့်လုံးပြီး တစ်နေ့လျှင် နံနက်၊ နေ့လယ်၊ ည တစ်လုံးစီစားသုံးပေးခြင်းဖြင့် ငှက်ဖျားရောဂါပျောက်၏။

(ဂ)

ငှက်ဖျားရောဂါအတွက် တတိယဆေးတစ်နည်းမှာ မြန်မာကြက်ဥစစ်စစ်တစ်လုံးကို ငရုတ်ကောင်းစေ့လောက်အပေါက်ဖောက်ပါ။ ၎င်းဖောက်ပြီးသားကြက်ဥထဲသို့ ငရုတ်ကောင်းစေ့ကို ရောဂါဖြစ်သူ၏ အသက်ထက် တစ်စေ့ပိုပြီးထည့်ပါ။ ၎င်းကြက်ဥကို ထမင်းအိုးထဲသို့ထည့်၍နှပ်ပါ။ ထမင်းနပ်သည်နှင့် ၎င်းကြက်ဥကိုဆယ်ပြီး နံနက်တစ်လုံး၊ ညတစ်လုံး (၃) ရက်ဆက်တိုက် စားပေးခြင်းဖြင့် ငှက်ဖျားရောဂါ ပျောက်ကင်းပါသည်။

(ဃ)

ငှက်ဖျားရောဂါအတွက် စတုတ္ထဆေးနည်းတစ်လက်မှာ -

၁။ ပင်စိမ်းရွက်၊
၂။ ငရုတ်ကောင်း၊
၃။ မြင်းခွာရွက်၊
၄။ ပျားရည်အနည်းငယ်

၎င်းလေးမျိုးကို ရော၍ ကြိတ်ပြီး ရွှေးစေ့ခန့် အလုံးလေးများဖြစ်အောင်လုံးပြီး နံနက်နှင့် ည တစ်နေ့ (၂) ကြိမ်တစ်ကြိမ်လျှင် (၃) လုံးခန့်စားပေးခြင်းဖြင့် ငှက်ဖျားရောဂါ ပျောက်၏။

(င)

ငှက်ဖျားရောဂါကုနည်း ပဉ္စမနည်းမှာ ဆင်တုံးမနွယ်၊ ငုံ၊ ဥနှဲ၊ ခွေးတောက်မြစ် ၎င်းတို့ကို အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ပါ။ တောင်မရိုးခေါက်အမှုန့်များနှင့်ရောပြီး ၎င်းဆတူရောထားသောအမှုန့်များကို နေ့စဉ် တစ်နေ့လျှင် နံနက်၊ နေ့လယ်၊ ည (၃) ကြိမ်ကို တစ်ကြိမ်လျှင် မန်ကျည်းစေ့နှစ်စေ့ခန့် သောက်သုံးပေးခြင်းဖြင့် ငှက်ဖျားရောဂါ ပျောက်ကင်းစေပါသည်။

(စ)

ငှက်ဖျားရောဂါကုနည်း ဆဋ္ဌမဆေးတစ်နည်းမှာ ကြက်ဟင်းခါးရွက်လက်တစ်ဆုပ်စာကို ဆုံတွင်ထောင်းပြီး အရည်ညှစ်ပါ။ ယင်းသတ္တုရည်လက်ဖက်ရည်ဇွန်းကြီးတစ်ဇွန်းစာတွင် တောအရက်စစ်စစ်တစ်ဇွန်းရောပြီး ကြေးဇွန်းထဲတွင်ထည့်ပြီး ဖယောင်းတိုင်မီးနှင့် ဆူလာသည်အထိ အပူပေးပါ။ သောက်နိုင်သောအနေအထားအထိ ရှိလာပါက ငှက်ဖျားတက်မည့်အချိန်မတိုင်ခင် ကြို တင်၍ သောက်ပေးခြင်းဖြင့် အဖျားတက်ခြင်းမှခြားလာပြီး ကင်းရှင်းစွာ ပျောက်ကင်းသွားပါမည်။

(ဆ)

ငှက်ဖျားရောဂါပျောက်ကင်းနည်း သတ္တမနည်း။ ခုံညင်းသီးတစ်လုံးကို မီး ကျွမ်းအောင်ဖုတ်ပြီး ညက်အောင်အမှုန့် ပြုလုပ်ပါ။ ၎င်းအမှုန့်ကို သုံးပုံပုံပြီး မှ ကြမ်းငှက်ပျောသီးမှည့်တစ်လုံးကို ထိပ်မှ ဖြတ်ပြီး အတွင်းသားတစ်ဝက်ခန့်ထုတ် ပြီး ခုံညင်းမှုန့်တစ်ပုံကို ငှက်ပျောသီးအ တွင်းတွင်ထည့်၍ ထုတ်ထားသော ငှက် ပျောသီးအတွင်းသားများကို ပြန်လည်၍ ထည့်ပြီး ထိပ်မှပိတ်၍မီးကင်ပါ။ မီးကင် ရာတွင် အရည်ကျသည်အထိကင်ပါ။ ငှက်ဖျားသမားများ ငှက်ဖျားတက်ခါနီး တွင် ၎င်းငှက်ပျောသီးပူပူနွေးနွေးလေး တစ်လုံးကို စားရပါမည်။ စားပြီးပါက ရေ နွေးပူပူ တဝသောက်ပြီး ချွေးထုတ်ပါ။ (၁၀) မိနစ်ခန့် ချွေးထုတ်ခြင်းဖြင့် ငှက် ဖျားချွေးပုပ်များထွက်၍လာပါမည်။ သုံး ရက်ဆက်တိုက်ဖျားလျှင် သုံးရက်ဆက် တိုက် ငှက်ပျောသီးကို စားပေးခြင်းဖြင့် ငှက်ဖျားရောဂါ အမြစ်ပြတ်၍ ပျောက် ကင်းပါမည်။

(ဇ)

ငှက်ဖျားရောဂါ ပျောက်သော အဋ္ဌမဆေးနည်းတစ်လက်မှာ ကြက် ဟင်းခါးရွက်ပဉ္စငါးပါးကို ရေစင်ကြယ် စွာဆေးပြီး သတ္တုရည်ပြုလုပ်ပါ။ ထို့ ပေါင်းဆီခေါ် ကျပ်ခိုးကို ၎င်းကြက်ဟင်း ခါးသတ္တုရည်ဖြင့် သုံးခွက်တစ်ခွက်ထ



www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးများအဖြူဆက်တိုက်ဆင်းလျှင်

စိုးမင်း (မြောက်ဥသည်း)

၂၀၁၂ ခု ကျောင်းများဖွင့်၍ မိုးဦးကာလသို့ရောက်လာ၏။ မနက်ပိုင်း၊ နေ့လည်ပိုင်းတွင် (၆) တန်း ကျောင်းသူအား စက်ဘီးနှင့် ကျောင်းပို့၊ ကျောင်းကြို နေ့စဉ်ပို့နေရ၏။

နေ့စဉ်ပို့ရင်း တစ်နေ့တွင် စာသင်ကျောင်းနှင့် မျက်နှာချင်းဆိုင်အိမ်မှ အသက် (၅၀) ကျော် ဒေါ်တင်သည် ကျောင်းပို့ပြန်သော ကိုစိုးအား သူ့အိမ်ရှေ့မှလှမ်း၍ခေါ်လိုက်၏။

"ဦးစိုး၊ ဦးစိုး"

ကိုစိုးသည် ဒေါ်တင်၏ ခေါ်သံကြား၍ အိမ်ရှေ့အနီး စက်ဘီးရပ်လိုက်၏။

"ဦးစိုးကို ကျွန်မပြောရမှာ အားနာပါတယ်၊ ရှက်လည်းရှက်ပါတယ်၊ ပြောလို့မဖြစ်လို့။ ဦးစိုးက တစ်ခါတလေ ဆေးနည်းလေးတွေ ပြောတတ်တော့ အခု ကျွန်မဖြစ်နေတဲ့ရောဂါကို ဆေးနည်းသိမလားလို့"

စက်ဘီးအား ဘယ်ခြေထောက်ဖြင့် ထောက်၍ရပ်နေသော ကိုစိုးသည် ဒေါ်တင်၏ မျက်နှာအား အကဲခတ်ရာ အသားအရေခြောက်၍ အားနည်းနေ၏။

"အခုဟာက ဘာရောဂါဖြစ်တာလဲ"

"ကျွန်မ အဖြူတွေဆင်းနေလို့၊ တစ်လလောက်ရှိပြီ။ ဟိုဟာပျောက်နိုးနိုး ဒီဟာပျောက်နိုးနိုးနဲ့ မပျောက်ဘူး။ အခု အားမရှိဘူး။ မူးမူးနေတယ်။ ညညအိပ်မပျော်ဘူး။ အဲဒါဆေးနည်းရှိရင်ပြောခဲ့ပါဦး ဦးစိုး"

ဒေါ်တင်သည် ကိုစိုးထက် (၅)နှစ်ခန့်ကြီးသော်လည်း ကိုစိုးအား ဦးစိုးဟု လေးလေးစားစား ခေါ်၏။ ဒေါ်တင်၏ ရောဂါကြားသည်နှင့် ငယ်ငယ်က အမေ့လက်သုံး ဆေးမြီးတိုအား သတိရလိုက်၏။ ဆေးနည်းသိ၍ ပြုံးရွှင်စွာဖြင့် ဒေါ်တင်အား-

"ခင်ဗျားတို့အိမ်မှာ ဆီးဖြူသီးပင်ရှိလား"

"ရှိတယ် ဦးစိုး"

"ရှိတယ်ဆိုရင် အဲဒီဆီးဖြူပင်ရဲ့ အရွက်ကြမ်း လက် (၃) ဆုပ်လောက်ခူး၊ ရေနဲ့ သုံးခွက်တစ်ခွက်ကျန်အောင်ကျို၊ အေးရင် အခါးပန်းကန်နဲ့ မနက်၊ နေ့၊ ည တစ်ခွက်စီသောက်။ (၂) ရက်ဆက်သောက်ရင် ပျောက်ပါတယ်။ အခု ကျိုသောက်လိုက်ပါ"

ဒေါ်တင်အား နှုတ်ဆက်၍ အိမ်ပြန်ခဲ့၏။

နောက်တစ်နေ့ ကျောင်းအပြန် ဒေါ်တင်အား မတွေ့။ (၃) ရက်မြောက်နေ့တွင် အိမ်ရှေ့လမ်းမမှ အိမ်ထဲရှိ ဒေါ်တင်အားတွေ့၍ ရောဂါအခြေအနေသိချင်သဖြင့် မေးကြည့်ရာ -

"ဘယ့်နှယ်လဲ၊ ရောဂါသက်သာရဲ့လား"

"ဟုတ်ကဲ့၊ သက်သာတယ် ဦးစိုး"

"သက်သာတယ်ဆိုတာက ဘယ်လိုမျိုးသက်သာတာလဲဗျ"

"စကားများသွားလို့ ဦးစိုးရဲ့၊ သက်သာတာ မဟုတ်ဘူး။ ပျောက်သွားတာ မနေ့ကတည်းက ပျောက်တာ"

"အဲလိုလုပ်စမ်းပါ။ ကျွန်တော် မနေ့က ခင်ဗျားကိုကြည့်သေးတယ်။ မတွေ့လို့ မမေးလိုက်ရတာ၊ တကယ်လို့ မပျောက်ရင် နောက်တစ်မျိုးပေးမလို့ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးစိုး။ ကျွန်မတကယ်ပျောက်သွားပါပြီ"

"ကဲ - ပျောက်သွားရင်လည်း ကျွန်တော်ဝမ်းသာတယ်၊ ပြန်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်တင်တို့အိမ်ရှေ့မှ အိမ်သို့ပြန်ခဲ့တော့၏။

ဤဆေးနည်းလေးသည် အမေ၏ လက်သုံးဆေးမြီးတို ဖြစ်၏။ ကိုစိုးတို့ ငယ်စဉ်အခါ ရပ်ထဲရွာထဲမှ မိန်းမဖော်များ ဤရောဂါဖြစ်လျှင် အမေပြောနေကျဆေးနည်းလေး ဖြစ်၏။

စိုးမင်း (မြောက်ဥသည်း)

---

စေ်ယူပြီး ဖျားနေသောသူအား တိုက်ပေးပါ။ (၃) ရက်ကို ဆေး (၃) ခွက် သောက်ခြင်းဖြင့် ရောဂါပျောက်ကင်းပါသည်။

(ဈ)

ငှက်ဖျားရောဂါ ပျောက်သော နဝမဆေးတစ်နည်းမှာ ပုတ်သင်ညိုခေါ်ရာသီအလိုက် အရောင်ပြောင်းတတ်သောပုတ်သင်ကို ခေါင်းဖြတ်၍ အရေဆုပ်ပြီး ဝမ်းတွင်းကလီစာများကိုထုတ်ပစ်ပြီး နုပ်နုပ်စဉ်း၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူဖြင့် ကြွပ်အောင်ကြော်ပါ။ ဆီနှင့်ကြော်ရာတွင် ဆားလုံးဝ၊ နနွင်းလုံးဝ မထည့်ရပါ။ အဖြူကြော်သဘောမျိုးဖြင့် ငှက်ဖျားမတက်ခင် တစ်ကောင်လုံးကြော်ပြီးသားကို ရေနွေးပူဖြင့် ကုန်အောင်စားခြင်းဖြင့်လည်း (၃) ကြိမ်မျှ စားပေးခြင်းဖြင့် ငှက်ဖျားရောဂါပျောက်ကင်းပါသည်။

၎င်းဆေးနည်းများသည် ငှက်ဖျားရောဂါရှင်ဟို့အတွက် လွယ်ကူသောဆေးနည်းများ ဖြစ်ပါသည်။ မြန်မာ့ကုထုံး ဆေးမြီးတိုများဖြစ်သလို ငွေကုန်ကြေးကျမများသောဆေးနည်းများဖြစ်သဖြင့် အထင်မသေးသင့်ပါ။ ကြိုက်နှစ်သက်ရာ ဆေးနည်းများဖြင့် ကုသကြည့်ပါက ရောဂါပျောက်ကင်းပါသည်ဟု ဆရာကြီးဦးမင်းဌေး၏ 'တိုင်းရင်းဆေးအကျိုး ဤ (၉) မျိုး'ကို ရေးသားဖော်ပြလိုက်ရပါသည်။

အာရောဂျံပရမံလာဘံ

ဒေါ်မြ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



# ကိုစနေ

## စည်း

လွန်ခဲ့သော ၁၉၈၁ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ကျွန်တော်တို့မြို့နယ် သမဝါယမအသင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သစ်ပွလုပ်ငန်းတာဝန်ခံ ဦးတင်ထွန်း ရောက်ရှိလာပြီး လက်ပံ၊ ဒီဒူး စသည့် အပွသားသစ်အမျိုးအစားမှ ခြောက်ငါးမူးပျဉ်များ ရနိုင်သလောက် ဝယ်ယူလိုကြောင်း ဆက်သွယ်လာပါသည်။ ထို့ကြောင့် ယခင်နှစ်များက သစ်ပွလွှစင်ထောင်ခဲ့ဖူးသူ တစ်ရွာတည်းနေ ကိုဖိုးအောင်၊ ရွှေလူ၊ သာညွန့်၊ ဖိုးဆေးတို့နှင့် တိုင်ပင်ခဲ့၏။ ကိုတင်ထွန်းမှ ရနိုင်သလောက်ယူမည်ဆိုသဖြင့် အလုပ်သမားများများရအောင် စုဆောင်းရပါတော့သည်။ အကြောင်းမှာ တန်ခူးလကုန်တော့မည်ဖြစ်၍ ကဆုန်လတစ်လသာလုပ်ချိန်ရှိတော့၏။ ကဆုန်လကျော်လျှင်ကား မိုးကိုစိတ်မချရတော့။

ဘဝတူ လက်ဆွဲလွှအလုပ်သမားများစုဆောင်းခဲ့ရာ လွှလေးဆိုင်းစာ (၈) ဦးအပြင် အလုပ်သမားများအတွက် ထမင်း၊ ဟင်းကိစ္စ စီမံဆောင်ရွက်ပေးရန် ဘကြီးတင်ကိုပါ မရအရ ခေါ်ရပါသည်။ အဓိကရည်ရွယ်ချက်မှာ ဘကြီးတင်သည် လွန်ခဲ့သော နှစ်များစွာကပင် လက်ဆွဲလွှစင်ထောင်ခဲ့ဖူးသကဲ့သို့ ကိုယ်တိုင်လည်း ဆွဲဖူးသူဖြစ်၍ များစွာအတွေ့အကြုံရှိသူ ဖြစ်၏။ လုပ်ငန်းအခက်အခဲရှိပါက နည်းပေးလမ်းညွှန်ပြုနိုင်ရန် ခေါ်ရခြင်း ဖြစ်၏။ ထို့ပြင် တောအကြောင်းတောင်အကြောင်း နှံ့စပ်သူဖြစ်၍ ဦးဆောင်မှုပေးနိုင်ရန်လည်း ရည်ရွယ်ပါသည်။

ကျွန်တော်နှင့် ကိုကြီးဖိုးအောင်တို့ တိုင်ပင်ထားချက်အရ လုပ်ကွက်မှာနေထိုင်ရာ ရွာအရှေ့ (၆) မိုင်ခန့်ကွာသော ရွာဆိုးကုန်းအနီးတွင် ဖြစ်၏။ ရွာဆိုးကုန်း တောင်ဘက် မလှမ်းမကမ်းတွင် ရိုးချောင်းတစ်ခုရှိပြီး အဆိုပါ ရိုးတစ်လျှောက်တွင် ပိုင်ရှင်မဲ့လက်ပံပင်ကြီးများက အစီအရီ။

“မင်းတို့ပြောတဲ့ ရွာဆိုးကုန်းရိုးမှာ လက်ပံပင်တွေပေါတာတော့ မှန်ပါရဲ့။ ဖြစ်. . . ဖြစ်ပါ့မလားဟ”

ဘကြီးတင်၏ လေးတွဲတွဲမေးခွန်းက ကျွန်တော်တို့တစ်သိုက်ကို တွေဝေသွားစေ၏။ အသက်အငယ်ဆုံးနှင့် အတက်ကြွဆုံး သာညွန့်မှ -

“ဟာ - ဘကြီးတင်ကလည်း ...
လို့မဖြစ်ရမှာလဲ။ ဒီအပင်တွေက ...
သူပိုင်တာမှမဟုတ်ဘဲဗျ”


“အဲဒါပြောတာမဟုတ်ဘူးကွ ...
ဆိုးကုန်းနဲ့နီးနေလို့ပြောတာ ဟဲ့ ...
ရဲ့”

“ရွာကုန်းထဲဝင်လုပ်တာမှ ...
တာ ဘကြီးရာ။ ကျွန်တော်တို့က ...
နတ်ခမ်းမှာလုပ်မှာဆိုတော့ တစ် ...



www.burmeseclassic.com

www.burmeseclassic.com



လောက်ဝေးပါတယ်။ ရွာဆိုးကုန်းအကြောင်း ကျွန်တော်တို့လည်း ကြားဖူးပါတယ်။ သူနဲ့ မပတ်သက်ရင် ပြီးတာပဲ ဟုတ်ဘူးလား"

"အေးလေ၊ ကင်းနိုင်ရင်တော့ ဟုတ်တာပေါ့။ မင်းတို့က လူငယ်တွေမို့ လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှားဖြစ်မှာစိုးလို့ပြောတာ"

"ရပါတယ် ဘကြီးရာ။ ကျွန်တော်တို့လုပ်ချိန်ကလည်း သိပ်ရှိတော့တာမဟုတ်ဘူး။ မိုးမကျခင်လေး လောလုပ်ရမှာဆိုတော့ ရိုးမထဲဝင်လုပ်ရင် ရေ



www.burmeseclassic.com

www.burmeseclassic.com

အခက်အခဲအပြင် တောဆင်တွေရန်က ရှိသေး"

နောက်ဆုံး မူလက စိတ်ကူးထားသည့် ရွာဆိုးကုန်းအနီး လက်ပံတောမှာ ပင်လုပ်ရန် သဘောတူခဲ့ကြသည်။ အဖွဲ့တွင် ဒုတိယအကြီးဆုံးဖြစ်သူ ကိုကြီးဖိုးအောင်မှ အလုပ်သမားအားလုံး ဘကြီးတင်၏ ဦးဆောင်မှုအောက်တွင် နေရမည်ဖြစ်ကြောင်းနှင့် ဘကြီးခွင့်မပြုသော၊ ဘကြီးမသိသော အလုပ်အသေးအဖွဲ့မှ အစ မလုပ်ကြရန် အထပ်ထပ်သတိပေးပြီး နောက်နှစ်ရက်အကြာတွင် လိုအပ်သမျှပစ္စည်းများ သယ်ဆောင်၍ လက်ပံတောသို့ ချီတက်ခဲ့ကြလေသည်။

ကိုကြီးဖိုးအောင်၏ သတိပေးချက်များကို ထောက်ဆခြင်းအားဖြင့် ရွာဆိုးကုန်း၏အခြေအနေအား စာရှုသူများ အနည်းငယ် မှန်းဆနိုင်မည်ဟု ယူဆမိပါသည်။ တကယ်တော့ ရွာဆိုးကုန်းဖြစ်နေသောနေရာတွင် ရှေးနှစ်ပေါင်း (၆၀) ကျော်ခန့်က တောင်ယာများ၊ ဥယျာဉ်ခြံမြေများဖြင့် စီးပွားရေး ကောင်းမွန်သော အိမ်ခြေ (၂၀၀) ရာခန့်ရှိ အင်တောမြိုင်အမည်ရ ရွာကြီးတစ်ရွာရှိခဲ့ဖူးပါသည်။ ရွာခံလူငယ်အချို့သည် အားလပ်ရက်များတွင် ဝါသနာအရ ရွာအရှေ့ တစ်မိုင်ကျော်မျှသာဝေးသည့် ရိုးမတောအတွင်း စုပေါင်းတောလည်လေ့ရှိသည် ဆို၏။

တစ်နေ့ ရွာခံမုဆိုးအဖွဲ့သည် ချေနှစ်ကောင် ပစ်ခတ်ရခဲ့သည်။ တစ်ခါမှ ဤကဲ့သို့ တစ်နေ့တည်း သားကောင်နှစ်ကောင်မရဘူး၍ အပျော်လွန်ကာ တောစပ်တောင်ယာထိပ်တွင် တည်ဆောက်ပ,သထားသော နတ်စင်အနီး၌ လူငယ်များပီပီ မူးမူးရူးရူးဖြင့် အမြင်မတော်အောင်နေထိုင်ခြင်း၊ နတ်ကွန်းပေါ်မှ ရေစင်ခွက်အားယူ၍ အရက်ထည့်သောက်ခြင်း၊ မချေမငံပြောဆိုမိခြင်းအပြင် နတ်ကွန်းအနီးတွင် အပေါ့အလေးသွားခြင်းများ ပြုလုပ်မိကြသည် ဆို၏။

ထိုည အင်တောမြိုင်တစ်ရွာလုံး အိပ်မောကျနေသည့် သန်းခေါင်ယံအချိန်တွင် ရိုးမတောအတွင်းမှ ဒေါသတကြီးပြေးထွက်လာကြသည့် တောဆင်ရိုင်းအုပ်သည် ရွာအတွင်းဝင်ကာ မြင်မြင်သမျှအား နင်းခြေဖျက်ဆီးလေတော့သည်။ တောဆင်ရိုင်းတို့၏ အန္တရာယ်ကြောင့် ကြောက်လန့်တကြား အော်ဟစ်ငိုယိုသံ၊ အကူအညီတောင်းသံများ၊ တစ်ဦးကိုတစ်ဦး အော်ခေါ်သံများ၊ သတိပေးသံများ၊ ကျွဲ၊ နွားများ၏ အော်ဟစ်ရုန်းကန်သံများဖြင့် ကမ္ဘာပျက်သည့်အလား ဆူညံသံများကို အတော်ဝေးဝေး ရွာများမှပင် အတိုင်းသားကြားခဲ့ရသည် ဆို၏။ ရွာသားများသည် ဦးတည်ရာ လယ်ကွင်းများဆီသို့ အသက်လု ထွက်ပြေးလွတ်မြောက်ကြသည်ဆိုသော်လည်း ကံဆိုးသူ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး (၁၀) ဦးခန့်မှာမူ မရှုမလှ သေကျေပျက်စီးခဲ့ရလေသည်။ ထို့အတူ တစ်ချိန်က အလွန်အေးချမ်းခဲ့သော တောင်ခြေရွာကြီးသည်လည်း ကမ္ဘာ့မြေပြင်ပေါ်မှ ကွယ်ပျောက်သွားခဲ့ရလေသည်။ ထိုနောက်ပိုင်းမှစ၍ အင်တောမြိုင်ရွာပျက်အား မသွားကောင်း၊ မသွားအပ်သည့်အရပ်ပမာ ရှောင်ကွင်းလာကြရာမှ အထီးကျန်ရွာဆိုးကုန်းဖြစ်ခဲ့ရ၏။ ထိုသို့ အနီးပတ်ဝန်းကျင်ရွာများမှ ထိတ်လန့်ဖွယ်ဒေသအဖြစ် ရှောင်ကွင်းနေသည့်ကြားမှ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်အချိန် ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသံများ၊ အော်ဟစ်အကူအညီတောင်းခံသံများ၊ မချိမဆံ့ညည်းညူသံများကို ရွာဆိုးကုန်းဘက်မှ မကြာမကြာကြားရတတ်သည် ဆို၏။

ဤသွေးပျက်ဖွယ်ဖြစ်ရပ်ကို မိဘများမှတစ်ဆင့် ကြားရစဉ်ကအံ့သြထိတ်လန့်ခဲ့သည်မှန်သော်လည်း ယုံကြည်ရန်ခက်ခဲ့ပါသည်။ ဒဏ္ဍာရီဆန်လှပေမယ့် ကိုယ်တိုင်သိမိသူ ဘိုးဘွားမိဘများ၏ အခိုင်အမာပြောဆိုနေမှုအပြင် ရွာဆိုးကုန်းမှာ အမှန်တကယ်ရှိနေခြင်း၊ ရွာမှာလည်း ရိုးမတောနှင့်နီးကပ်စွာရှိနေခြင်း၊ ရိုးမတောကို အမှီပြုရှာဖွေစားသောက်နေရသူများအနက်မှ တောဆင်ရိုင်းတို့၏ အန္တရာယ်ပေးမှုကြောင့် နှစ်စဉ် (၄)၊ (၅)ဦးမျှ သေဆုံးနေရသည်ကို ကိုယ်တိုင်ကြားသိနေရခြင်းကြောင့် မဖြစ်နိုင်ပါဟုလည်း ပြော၍မရ။ ယခုတော့ဖြင့် ဘယ်လိုပဲဖြစ်ဖြစ် မိုးတွင်းအတွက် လယ်စရိတ်ကလေးရလိုရငြား ဖြစ်သမျှ ရင်ဆိုင်တော့မည်ဟု စိတ်တုံးတုံးချလိုက်ပါခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် ရွာမှ နံနက် (၉) နာရီခန့်ထွက်ခဲ့ရာ ရွာဆိုးကုန်းအနီး လက်ပံတောသို့ (၁၁) နာရီကျော်ကျော်တွင် ရောက်ကြပါသည်။ အရိပ်အားကောင်းပြီး အောက်ခြေရှင်းသည့် လက်ပံပင်ကြီးတစ်ပင်အောက်တွင် နေရာယူကြ၏။ ကျွန်တော်တို့အားလုံး နေရာထိုင်ခင်းအတွက် ရှင်းလင်းနေချိန်တွင် ဘကြီးတင်တစ်ယောက် ခြေသလုံးခန့်၊ လက်မောင်းလုံးခန့် သစ်ပင်ပေါက်များအား လိုက်လံနုတ်ယူစုဆောင်းနေသည်ကို တွေ့ရ၏။ ထို့နောက် ကျွန်တော်တို့အဖွဲ့ စတည်းချမည့် ယာယီစခန်းပတ်ပတ်လည်အား စည်းရိုးသဖွယ်ကာရံလေတော့သည်။ ဘကြီးတင် စည်းရိုးကာနေသည်ကိုကြည့်ရင်း ဖိုးဆေးမှ-

"ဘကြီးတင်၊ တပ်စည်းရိုးက မစိပ်လွန်းဘူးလား။ ခြင်တောင်တိုးလို့မပေါက်နိုင်ဘူး"

ဆိုကာ ကျိုးတိုးကျဲတဲစည်းရိုးကို လက်ညှိုးထိုးလျက် တဟဲဟဲရယ်နေလေတော့သည်။

"စတိသဘောပေါ့ ဖိုးဆေးရာ၊ အခိုင်အမာတော့ မဟုတ်ဘူးပေါ့"

ထိုညက ဘကြီးတင် အတော်ညဉ့်နက်သည်အထိမအိပ်ဘဲ စည်းရိုးအတွင်းဘက်မှ ပတ်လျှောက်ရင်း ပရိတ်ရွတ်သံ၊ မေတ္တာပို့သံကို ခပ်သဲ့သဲ့ကြားနေရပါသည်။

*

လွှစင်လုပ်မည့်နေရာတွင် မြေကျင်းတူးခြင်း၊ ပျဉ်ဆွဲမည့် လက်ပံပင်များအားခုတ်လှဲခြင်း၊ ခံတုံး (သစ်ခွဲမည့်တုံးကြီးအောက်တွင် ကန့်လန့်ခံရမည့် သစ်မာသားမျောတုံး) ရှာခြင်း၊ သစ်လုံးကြီးအား လွှစင်ပေါ်သို့ လူအင်အားဖြင့် တွန်းတင်ရခြင်း စသည့်လုပ်ငန်းပြင်ဆင်မှုများကြောင့် လက်ပံတောသို့ရောက်ပြီး (၆) ရက်မြောက်နေ့လယ်ကျမှပင် သစ်ဆွဲခြင်းလုပ်ငန်းစရလေသည်။

ရောက်သည့်နေ့မှစ၍ ယူဆောင်လာသည့် ငါးခြောက်နှင့်သာ နေ့စဉ်နပန်းလုံးနေရသဖြင့် ညအချိန်အနီးအနားတွင်ကြွက်ထောင်လိုကြောင်း ဖိုးဆေးမှ အကြံပြုလာ၏။ ကိုယ်တိုင် ငါးခြောက်အား ငြီးငွေ့နေပြီဖြစ်သဖြင့် သဘောတူသလိုရှိသော်လည်း မတိုက်တွန်းရဲခဲ့၊ ထိုအကြောင်းကို ဘကြီးတင်နှင့် ကိုကြီးဖိုးအောင်တို့ သိရှိသွားရာ သဘောမတူသည့်ပြင် ညမိုးချုပ်သည်နှင့်တစ်ပြိုင်နက် စည်းရိုးအပြင်သို့ လုံးဝမထွက်ရန် တင်းကျပ်ကျပ် တားမြစ်လေသည်။ ဖိုးဆေး ဘာမှမတတ်နိုင်ခဲ့။

ကျွန်တော်တို့အဖွဲ့ လက်ပံတောသို့ရောက်ရှိသည်မှာ တစ်ပတ်ရှိပြီဖြစ်သော်လည်း အများပြောသလို ရွာဆိုးကုန်းမှ နာနာဘာဝတို့၏အရိပ်အယောင်ကိုမတွေ့ရ။ အလုပ်ပင်ပန်းခွန်းသ

www.burmeseclassic.com

www.burmeseclassic.com

…ချုပ်မှ မိုးလင်းချိန်အထိ မနိုးတမ်းအိပ်…နေ၍လား သို့မဟုတ် ရွာဆိုးကုန်းမှ …လောကသားများ နှစ်ပေါင်းကြာမြင့် …သည့်အလျောက် ကျွတ်လွတ်ကုန် …။ ဘကြီးတင် ပို့သသော မေတ္တာ …ကြောင့်လား မပြောတတ်တော့။ ထို့ …ကြောင့် မူလက စိုးတထိတ်ထိတ် စိတ် … လျော့ပါးပျောက်ကွယ်လာခဲ့လေ …သည်။

သို့သော် ကျွန်တော်၏ထင်မြင်ယူ …ချက်များမှာ မမှန်ကန်ကြောင်း၊ (၈) …မြောက်ညဦးပိုင်းတွင် စတင်တွေ့ရှိ …လသည်။ ထိုညဦး (၉) နာရီခန့် အဖွဲ့ …အားလုံး ရေနွေးကြမ်းဝိုင်းဖွဲ့ပြီး …ကောင်းနေစဉ် စည်းရိုးအပြင် …တ် မလှမ်းမကမ်း၌ တောကြက်ဖတစ် …ကောင်နှင့် ကြက်မတစ်ကောင်တို့ အစာ …နေသည်ကို တွေ့ရ၏။ ကြက်ဖမှ …ကြီးကို ယက်လိုက်၊ ကွတ်ကွတ်နှင့် …သံပေးကာ ကြက်မကို ခေါ်ကျွေး …တ်လုပ်နေသည်ကို အားလုံး ကောင်း… တွေ့နေရသည်။ ထိုအခိုက် အတူ …ပြောနေသူ သာညွှန့်မှ အနီးရှိ …ခွလွယ်အိတ်အား ကောက်ကိုင်ထ …တ်သဖြင့် ဘကြီးတင်မှ -

"သာညွှန့်၊ ဘုမသိဘမသိကောင် …သာနေစမ်း"

ဆိုကာ သာညွှန့်လက်ကို ဆက် … ဆောင့်ဆွဲထိုင်ခိုင်းလိုက်၏။

"ဟာ - ဘကြီးကလည်း၊ ဟိုမှာ ကြက်နှစ်ကောင်တွေ့တယ် ပစ်မလို့ဗျ"

"သာညွှန့်၊ မင်းနားမလည်ဘူးနော်၊ …ပြောတာနားထောင်စမ်း။ ဒါမရိုးသား …"

"မျက်လုံးနဲ့ တပ်အပ်မြင်နေတာ … ဘကြီးရာ၊ ကြက်မဟုတ်လို့ ဘာဖြစ် …မှာလဲ။ ဘာမရိုးသားရမှာလဲ"

မနေသာသော ကိုကြီးအောင်မှ-

"သာညွှန့်၊ ဘကြီးတင်အဓိပ္ပာယ် …ပြောနေတာမဟုတ်ဘူး။ မင်းတို့အတွေ့ …အကြုံမရှိတော့ ခက်တယ်ကွာ"

ဘကြီးတင် သာညွှန့်ကို စေ့စေ့ ကြည့်ရင်း -

"မင်းစဉ်းစားကြည့်။ ဒါတော ကြက်တွေအစာရှာတဲ့အချိန် မဟုတ် …။ အိပ်တန်းပေါ်မှာရှိနေရမယ့်အချိန်။ …တောကြက်က လူနဲ့မလှမ်းမကမ်းလာပြီး …အစာရှာတာ ဘယ်နှခါတွေ့ဖူးလို့လဲ။ …နောက်ပြီး တောကြက်ဖတစ်ကောင် …အားမှာ ကြက်မနှစ်ကောင် အမြဲပါလေ့ …ရှိတယ်။ ကြက်မတစ်ကောင်တည်းနဲ့ ဘယ်တော့မှမတွဲဘူး မှတ်ထား။ ဒါကြောင့် ကြက်အစစ်မဟုတ်နိုင်ဘူးလို့ ပြောတာ။ အခုနေ လေးခွနဲ့ပစ်ရင် တကယ်လို့ မမှန်တောင် တစ်ကောင်တော့ သေချာပေါက် လဲကျသွားလိမ့်မယ်။ အပိုင်ပဲဆိုပြီး စည်းအပြင်ထွက်ကောက်ရင်တော့ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီသာမှတ်ပေတော့။ ငါအတပ်ပြောရဲတယ်"

သေချာတွေးကြည့်လေ ဘကြီးတင်စကားကမှန်လေမို့ အားလုံးငြိမ်နေကြရသည်။ ထိုအချိန်ကျမှ သာညွှန့်တစ်ယောက် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့ရလေသည်။

"ကျွန်တော် သတိလက်လွတ်ဖြစ်သွားတယ် ဘကြီးရာ။ နောက်ဆိုသတိထားပါ့မယ်"

"ကဲကဲ - အိပ်ကြတော့၊ တစ်နေကုန် ပင်ပန်းနေကြတာ၊ နောက်နေ့အတွက် အားမွေးလိုက်ကြဦး"

ဆိုကာ စည်းရိုးအတွင်းမှပတ်၍ မေတ္တာပို့နေပြန်ပါသည်။

*

လက်ပံသားမှာ သစ်ပွအမျိုးအစားဖြစ်သည့်ပြင် အစိုသက်သက်ဖြစ်သဖြင့် အခြားအသားမာသားများကဲ့သို့ အားစိုက်ရခြင်းမရှိ။ ထို့ကြောင့် လုပ်ရက်အချိန်တိုအတွင်း ခြောက်ငါးမူးပျဉ်များ မှန်းထားသည်ထက်ပို၍ရရှိနေပြီ ဖြစ်၏။ လုပ်ငန်းတွင်ကျယ်သဖြင့် ကျွန်တော်တို့အားလုံးရွှင်လန်းတက်ကြွနေကြပါသည်။ ပျဉ်ပုံကြီးကိုကြည့်၍ ကျေနပ်နေကြ၏။ သို့သော် ညပိုင်းသို့ရောက်လျှင် မမြင်နိုင်သည့်အန္တရာယ်ကြောင့် စိုးတထိတ်ထိတ်ဖြစ်နေကြရသည်တော့ အမှန်ပင်။ ဆိုးဆိုးဝါးဝါးမဟုတ်သော်လည်း ညဉ့်နက်အချိန် စည်းရိုးအပြင်ကိုင်းတောများအတွင်းမှ သတ္တဝါတစ်ကောင် ပြေးလွှားနေသည့်အသံများ၊ အင်အားကြီးမားသော တိရစ္ဆာန်နှစ်ကောင်အပြင်းအထန်ကိုက်ခဲနေသည့်အသံများကို တစ်ညခြားနှစ်ညခြား၊ တစ်ခါတစ်ရံ ညဘက်ကြားရမြဲ ဖြစ်၏။ ထိုအချိန်မျိုးတွင် ဘကြီးတင်မှ ကျွန်တော်တို့အား ငြိမ်နေကြရန် သတိပေးပြီး သူကိုယ်တိုင်ကမူ စည်းရိုးအတွင်း ပတ်လျှောက်ကာ အသံကျယ်ကျယ်ဖြင့် ပရိတ်၊ ပဋ္ဌာန်းတော်များ ရွတ်ဖတ်လေ့ရှိ၏။ ထိုသို့ ပရိတ်ရွတ်ပြီး မကြာခင်မှာပင် စောစောက အသံများ အားလုံးငြိမ်သက်သွားတတ်ပြန်ပါသည်။ ကြာတော့ ထိုနှောင့်ယှက်သံများကို အလေးမထားနိုင်ကြတော့။ သို့သော် ဘကြီးတင်ကတော့ ဝတ်မပျက် ရွတ်မြဲရွတ်လျက်ပင်။

မူလက အလုပ်ချိန်တစ်လခန့်သာ ရည်မှန်းခဲ့ကြသော်လည်း မိုးလေဝသကောင်းမွန်မှုကြောင့်လည်းကောင်း၊ ထင်သည်ထက် လုပ်ငန်းတွင်ကျယ်မှုကြောင့်လည်းကောင်း၊ လုပ်ရက်တစ်လကျော်သွားခဲ့လေသည်။ အချိန်မှာ နယုန်လတွင်းဝင်ခဲ့ပြီ၊ မိုးဦးမကျမီ လုပ်ငန်းတာဝန်ခံ ကိုတင်ထွန်းအား သစ်များသယ်ယူရန် အကြောင်းကြားရမည်။ လှည်းလမ်းအတိုင်း ကားဖြင့် သယ်ယူရမည်ဖြစ်၍ အကယ်၍ မိုးကြီးကြီးတစ်ကြိမ်ရွာလိုက်လျှင် ကားသွားရန်ခက်ခဲသွားမည်ဖြစ်၏။ ထို့ကြောင့် စင်ပေါ်မှ သစ်လုံးလက်ကျန်များအား လေးရက်ခန့်ဆွဲပြီး၍ လက်စသတ်လျှင် လုပ်ငန်းသိမ်းရန် ဖြစ်သည်။

*

ယနေ့သည် အလုပ်သိမ်းသည့် နောက်ဆုံးနေ့ ဖြစ်၏။ လုပ်ကွက်မှာ ရွာနှင့် (၆) မိုင်ကျော်သာ ကွာဝေး၍ ပြန်မည်ဆိုက ပြန်နိုင်သော်လည်း အလုပ်သိမ်းချိန်နောက်ကျခြင်း၊ ပစ္စည်းပစ္စယများအား သိမ်းဆည်းနေရသည့်ပြင် ရွာသို့မရောက်မီ လမ်းတစ်ဝက်မှာပင် မိုးချုပ်သွားနိုင်သဖြင့် စိတ်အေးလက်အေး တစ်ညအိပ်ရန် အားလုံးသဘောတူညီကြသည်။

အလုပ်သိမ်းပြီဖြစ်၍ စိတ်လက်ပေါ့ပါးစွာ ရေနွေးကြမ်းဝိုင်းဖွဲ့နေကြသည်မို့ ည (၁၀) နာရီကျော်သည်အထိ မအိပ်ဖြစ်ကြသေးပါ။ ဘကြီးတင်ငယ်စဉ်က တွေ့ကြုံခဲ့ရသည့် တောတွင်းအတွေ့အကြုံများကို နားထောင်ရင်း တစ်ယောက်တစ်ပေါက် ငြင်းခုံပြောဆိုနေကြစဉ်-

"နောင်ကြီးတို့ နောင်ကြီးတို့၊ ကျွန်တော်တို့ခရီးသွားတွေပါ။ ရေငတ်လွန်းလို့ တစ်ခွက်လောက်တိုက်ပါခင်ဗျား"

အသံကြားရာသို့ တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ကြရာ ကာရံထားသော စည်းရိုးအပြင်ဘက်တွင် အသက် (၃၀) ခန့်အမျိုးသားတစ်ဦးနှင့် (၂၀) ကျော်ခန့် အမျိုးသမီးတစ်ဦးရပ်နေသည်ကို မီးရောင်ဖြင့် အတိုင်းသားမြင်လိုက်ကြရသည်။ ကျွန်တော်တို့လည်း ဘယ်လိုလဲဆိုသည့်သဘောဖြင့် ဘကြီးတင်အား

www.burmeseclassic.com

အောင်မှုသိန်း

# အပူငြိမ်းဆေး

ပုထုဇဉ်မှန်သမျှ အပူနှင့်မကင်းကြ။ အပူကို (အရိယာမှအပ) ကြောက်ကြသူချည်းဖြစ်သည်။ ဒါကြောင့် အပူကင်းချင်ကြသည်။ သို့သော် အပူနှင့်ကင်းသူမရှိချေ။ ဆိုပါစို့ - ထမင်းချက်ရာတွင် မီးပူလောင်ခြင်း၊ ထမင်းရည်ပူလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းများရှိတတ်သည်။ ထိုသို့ မတော်တဆရရှိသော အပူတွေ၊ အပူလောင်မှုတွေများစွာရှိသည်။ ထိုအပူများကို ပျောက်ကင်းသက်သာစေသော(ဖော်စပ်ဆေးမဟုတ်) ဆေးများ၊နည်းလမ်းများရှိသည်။ မဂ္ဂဇင်း၊ စာစောင်များတွင်လည်း ဖော်ပြနေသည်ကို တွေ့ရသည်။

ရင်းတို့မှာ -

**နည်း (၁)**

ကြက်ဥတစ်လုံး၏အနှစ်ကို ကွမ်းစားထုံး မန်ကျည်းစေ့တစ်စေ့ခန့်နှင့် အုန်းဆီ (၂) ကျပ်သားကို သမအောင်မွှေ၍ အပူလောင်ခံရသောနေရာကို လိမ်းပေးရပါမည်။ တစ်နေ့တာသုံး၍ မကုန်သည်ကို သွန်ပစ်ရပါမည်။ (အဟောင်းကိုမသုံးရ။)

**နည်း (၂)**

အုန်းဆီနှင့် ထုံး ရောမွှေ၍လည်း လိမ်းနိုင်သည်။

**နည်း (၃)**

ကွမ်းစားထုံးချည်းသက်သက်ကိုလည်း လိမ်းနိုင်သည်။

သူရဇ္ဇမဂ္ဂဇင်းတွင် အထက်ပါအတိုင်း ဖော်ပြခဲ့သည်ကို တွေ့ရသည်။ လွယ်ကူသက်သာသောနည်းများ ဖြစ်သည်။ ထိုနည်းများအပြင် စာရေးသူကိုယ်တွေ့ကိုလည်း ဖော်ပြပေးပါမည်။

**နည်း (၄)**

တစ်နေ့ ရေနွေးအိုးတည်စဉ်စောင်းမှောက်ပြီး ခြေဖမိုးပေါ် ရေနွေးပူလောင်ခံရသည်။ ထိုအခါ စာရေးသူသည် ကြောင်အိမ်ထဲက ငါးပိကိုယူ၍ လက်ဖက်ရည်ပန်းကန်ထဲထည့်၊ ရေအနည်းငယ်ဖြည့်၍ ပျော့အောင်လုပ်ပြီး ငါးပိကို အနာပေါ်အုံပေးလေသည်။ လောင်ခါစက အပူဒဏ်သည် တဖြည်းဖြည်းပျောက်ပြီး ရေနွေးလောင်မှန်းပင် မသိရတော့ပါ။ လုံးဝအပူပျောက်သွားသည်။ နောက်ဆုံးတွင် အပူဒဏ်မခံစားရသည့်အပြင် အရေပြားကွာခြင်းလုံးဝမရှိ။ ရေနွေးပူမလောင်မီက ပကတိလိုရှိကြောင်း တွေ့ရပါမည်။

သို့ပါ၍ ငါးပိပျော့ (သူ့ချည်းသက်သက်) ကို အပူငြိမ်းဆေးအဖြစ် ယုံယုံကြည်ကြည် သုံးစွဲကြပါရန် လက်တွေ့ပျောက်ကင်းကြောင်း အာမခံလိုက်ပါသည်။

အာရောဂျ ပရမံ လာဘံနှင့် ပြည့်စုံကြပါစေ။

အောင်မှုသိန်း

ဝိုင်းအကဲခတ်နေကြ၍ အတန်ကြာထိ မတုံ့ပြန်နိုင်ကြ။ ဘကြီးတင်မှာမူ ခေါင်းတဆက်ဆက်ညိတ်ရင်း ခရီးသွားနှစ်ဦးအား စိုက်ကြည့်နေ၏။ ကျွန်တော့်တို့ထံမှ လှုပ်ရှားမှုမတွေ့ရ၍ ခရီးသွား အမျိုးသားမှ -

"ကူညီပါဗျာ၊ ခရီးပန်းလွန်းတဲ့ပြင် ရေငတ်တဲ့ဒဏ်ကြောင့် ကျွန်တော့်ညီမလေးလမ်းကောင်းကောင်းမလျှောက်နိုင်တော့လို့ပါ"

ထိုအခိုက် ဘကြီးတင်မှ ကျွန်တော်တို့အား ထိုင်ရာမှမထကြရန် တိုးတိုးမှာကြားပြီး -

"ကောင်းပါပြီ၊ ကျုပ်ရေလာပေးပါ့မယ်"

ဆိုကာ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ပြီးထသွားလေသည်။

ကျွန်တော်တို့အားလုံး ငြိမ်ကြည့်နေကြစဉ် ဘကြီးတင်သည် စည်းရိုးအတွင်းဘက်မှနေ၍ ရေခွက်အားလှမ်းပေးသည်ကိုတွေ့ရ၏။

"အဘ၊ ရှေ့နားထွက်ပြီးပေးပါလား ခင်ဗျား"

"မထွက်နိုင်ဘူး၊ မင်းဝင်နိုင်ရင်ဝင်လာခဲ့ပါလား"

ဘကြီးတင်စကားကြောင့် ခရီးသွားမောင်နှမနှစ်ယောက်လုံး ရေခွက်ကိုမယူတော့ဘဲ စိန်းစိန်းကြီးကြည့်ကာ လမ်းမရှိသော ချုံတောအတွင်း ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ ဘကြီးတင်သည် တအံ့တသြဖြစ်နေကြသော ကျွန်တော်တို့ဝိုင်းသို့ ပြန်လှည့်လာကာ ပြုံးပြုံးကြီးကြည့်ရင်း -

"ဘယ်နှယ့်လဲဟေ့ ဖိုးဆေး၊ ခြင်ထောင်မဝင်နိုင်ဘူးလို့ မင်းခနဲ့ခဲ့တဲ့စည်းရိုးက ဘယ်လောက်လုံခြုံတယ်ဆိုတာ တွေ့ပြီမဟုတ်လား"

"ဘကြီးတင်၊ သူ. . . သူတို့က"

"သူတို့က တို့ကို ညတိုင်း အနှောင့်အယှက်ပေးနေတဲ့ ရွာဆိုးကုန်းသားတွေပေါ့ကွာ"

"ဘကြီးကဘယ်လိုသိလဲဟင်"

"ဟ - မင်းတို့စဉ်းစားကြည့်လေကွာ။ ဒီနေရာက ဘယ်ရွာနဲ့မှနီးလို့ ဘယ်ရွာကိုသွားမှာတဲ့လဲ။ ဒီအနီးတစ်ဝိုက်မှာ လူသွားလမ်းလည်းမရှိဘူး။ လမ်းမှားလာတယ်ဆိုတာတောင်မှ တို့နေရာကို ရောက်လာနိုင်စရာ အကြောင်းမရှိဘူး။ နောက်ပြီး စည်းရိုးအတွင်းမဝင်ဘဲ မလှမ်းမကမ်းမှာ ရပ်နေတာက အသိသာဆုံးပဲ။ ဝင်နိုင်ရင် ဝင်ကြည့်လို့လည်း ပြောလိုက်ရော ငါ့ကို စားမတတ်ဝါးမတတ်ကြည့်ပြီး လှည့်ထွက်သွားတာ အမြင်ပဲလေ"

ဘကြီးတင်သည် ကွမ်းတံတွေးတစ်ချက် ဗျစ်ခနဲထွေးထုတ်လိုက်ပြီး -

"စရောက်တဲ့နေ့ကတည်းက ခေတ္တခဏ တည်းခိုခွင့်ပြုပါလို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေထံခွင့်ပန်ခဲ့တယ်။ ညပိုင်း မင်းတို့အိပ်ချိန်မှာ အန္တရာယ်ကင်းအောင် ပဌာန်း၊ ရတနသုတ်နဲ့ မေတ္တသုတ်အမြဲရွတ်တယ်။ နောက်ပြီး လူ့စည်း၊ ဘီလူးစည်းဆိုသလို အရံအကာသဘော စည်းရိုးခတ်ခဲ့တာ မင်းတို့အမြင်ပဲလေ"

"သိပါပြီ ဘကြီးရယ်၊ ကျွန်တော်တို့ချည်းသာဆိုရင် ဒီလိုတွေးမိလုပ်မိမှာမဟုတ်ဘူး"

"ဒါကြောင့် ဒီကောင်တွေ တို့စည်းကို မကျော်နိုင်၊ မကျော်ရဲတာ မင်းတို့ကိုယ်တွေ့ပဲ။ အဲဒီတော့ ဘယ်အလုပ်ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် သူ့စည်း၊ ကိုယ့်စည်းဆိုတာထားရှိရသလို အသေးအဖွဲကအစ သတိရှိနေရမယ်ဆိုတာ မှတ်ထား။ စည်းမရှိရင် ပရမ်းပတာဖြစ်မယ်၊ သတိမရှိရင် သူတစ်ပါးလှည့်စားတိုင်း ခံရမယ်ဆိုတာမြဲမြဲမှတ်ကြပေရော့ ငါ့လူတို့"

ကိုစနေ



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းမြင့်

## နေ့ကောင်းရက်သာ ရက်ရာဇာ

လူမျိုးအလိုက် ရိုးရာဓလေ့ထုံးစံများနှင့်အညီ နေ့ကောင်းရက်သာရွေးချယ်ခြင်း၊ အချိန်အခါကောင်းကို တွက်ချက်ခြင်းများရှိကြပါသည်။ မြန်မာတို့တွင်လည်း သုတသန္တိစယကျမ်းလာတွက်နည်းများနှင့်အညီ ရက်ရာဇာ၊ ပြဿဒါး၊ အမြိတ္တစုတ်၊ ဝါရမိတ္တု၊ သတ်နေ၊ လာဘ်နေ၊ နဂါးလှည့် စသည်များကို တွက်ချက်ပြီး အချိန်အခါကောင်းကို ကောက်ယူပြီးမှ လုပ်ငန်းဆောင်ရွက်လေ့ရှိကြပါသည်။

စာရေးသူတို့ နိုင်ငံတော်တွင် တိုင်းရင်းသား စုံလင်စွာ နေထိုင်ကြသဖြင့် တိုင်းရင်းသားလူမျိုးအလိုက် နေ့ကောင်းရက်သာ အချိန်ကောင်းအခါကောင်းကို တွက်ချက်ပြီး လူမှုရေး၊ စီးပွားရေး၊ အလှူအတန်း၊ ရှင်ပြု၊ မင်္ဂလာဆောင်၊ ခရီးသွားလာခြင်းများကို ဆောင်ရွက်ကြပါသည်။ လူမျိုးအလိုက် ရိုးရာအစဉ်အလာ အယူအဆများ မတူညီကြသလို တစ်ဦးချင်း၊ တစ်ယောက်ချင်းတွင်လည်း မိမိတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများအရ စွဲလမ်းမှတ်သားမှုများရှိကြပါသည်။ ထို့အတွက် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မျိုးဆိုလျှင် ကံမကောင်းတတ်။ ဘယ်လိုနေ့မျိုး၊ အချိန်မျိုးဆိုလျှင် ကံကောင်းတတ်သည်။ ငါဘယ်အရောင်ဝတ်လျှင် ကံမကောင်း၊ ဘယ်အရောင်ဝတ်မှ ငါ့အတွက်ကံကောင်းသည် စသည်ဖြင့် တစ်ဦးချင်းကိုယ်စီ အယူအဆအစွဲအလမ်းများလည်းရှိကြပြန်ပါသည်။

အချို့ကလည်း ရက်ရာဇာရက်မျိုးမဟုတ်လျှင်တောင် ပြဿဒါးရက်မျိုးမဖြစ်စေရန် ရှောင်ကြသည်။ ပြဿဒါး၊ ဝါရမိတ္တု၊ ဘီလူးမြေခံ၊ မဟာရက်ကြမ်း၊



www.burmeseclassic.com

www.burmeseclassic.com

ရက်ယုတ်မာ စသော တွက်နည်းများမှာ များလှသဖြင့် အလွယ်သိနိုင်ရန် သုတသန္တိစယကျမ်းတွင် မည်သည့်နေ့ဆန်းသော မည်သည့်လအတွက် မည်သည့်ရက်များသည် အဆိုးများမှ ကင်းလွတ်ကြောင်း ကိန်းသေတွက်နည်းများလည်း ရှိပါသည်။

စာရေးသူမှတ်သားမိသည့် ပြဿဒါးလွတ်ကင်းစေသော နည်းလမ်းတစ်ခုကိုလည်း ဖြန့်ဝေလိုပါသည်။ ရှေးသူဟောင်း ပညာရှိများ၏ နည်းလမ်းကောင်းတစ်ခုပင် ဖြစ်ပါသည်။

** နွေနေ့တောင်းရာ*
*လာလျှင်အိပ်ပြီး*
*ဂါမီးလက်ကင်*
*ဟူးတွင်ကြည့်မှန်*
*ကြာပြန်ဝင်ထွက်*
*သောက်လျက်သစ်သီး*
*နေငြင်းပြီးသွား*
*ပြဿဒါးလွတ်ရာ*
*နည်းလမ်းတည်း။*

ပြက္ခဒိန်ကိုကြည့်လိုက်သည့်အခါ ယနေ့သည် ပြဿဒါးရက်ဟုတွေ့ရပြီး မိမိတွင်လည်း ယနေ့ဆောင်ရွက်ဖွယ်ရာ အရေးကြီးအလုပ်များရှိနေပါက စိတ်မပြတ်ဘဲ အထက်ပါကဗျာလေးကို သတိရလိုက်ပါ။

**နွေနေ့တောင်းရာ** - တနင်္ဂနွေနေ့ ပြဿဒါးရက်ကြုံနေလျှင် ပြဿဒါးပြေပျောက်စေရန် ကိုယ်နှင့်ရင်းနှီးသူများထံက သူပေးနိုင်သောပစ္စည်းတစ်ခုခုကို တောင်းယူသွားလိုက်ပါ။

**လာလျှင်အိပ်ပြီး** - တနင်္လာနေ့ဖြစ်လျှင် ခုတင်အိပ်ရာတစ်နေရာရာတွင် ခေတ္တလဲလျောင်း၍ အိပ်သယောင်ပြုပြီးမှထ၍သွားလိုက်ပါ။

**ဂါမီးလက်ကင်** - အင်္ဂါနေ့ဖြစ်လျှင် လက်ဖျားကို မီးကင်ပြီးသွားပါ။

**ဟူးတွင်ကြည့်မှန်** - ဗုဒ္ဓဟူးနေ့ဖြစ်လျှင် မှန်ကိုကြည့်ပြီးသွားပါ။

**ကြာပြန်ဝင်ထွက်** - ကြာသပတေးနေ့ဖြစ်လျှင် တံခါးပေါက်ကို ထွက်လိုက်၊ ဝင်လိုက်လုပ်ပြီးမှ ထွက်ပါ။

**သောက်လျက်သစ်သီး**-သောကြာတွင် သစ်သီး၊ အသီးတစ်ခုခုကို စားပြီးသွားပါ။

**နေငြင်းပြီးသွား** - စနေနေ့ဖြစ်လျှင် တစ်ဦးတစ်ယောက်နှင့် အကြောင်းအရာတစ်ခုခုကို အငြင်းအခုံပြုပြီးမှသွားပါ။

အထက်ပါတို့မှာ ပြဿဒါးလွတ်ရာလွတ်ကြောင်းနည်းလမ်းများပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗုဒ္ဓ၏ ဒေသနာတော်အရ မကောင်းမှုအကုသိုလ်ကို မည်သည့်အခါမျှ မပြုလုပ်ခြင်း၊ ကောင်းမှု အကုသိုလ်တရားကို အမြဲတမ်းပြုလုပ်ခြင်း၊ စိတ်ကိုဖြူစင်စွာထားခြင်းသည် ပြဿဒါးရက်များ ပျောက်ကွယ်ပြီး အမြဲတမ်း ရက်ကောင်းရက်မြတ်ရက်ရာဇာများသာဖြစ်စေမည့် နည်းလမ်းပင်ဖြစ်ပါသည်။ ကောင်းသောအလုပ်၊ တရားမျှတသောအလုပ်ကို နေ့ကောင်းရက်သာရွေးမနေဘဲ ယခုပင်လျှင် ချက်ချင်း ပြုလုပ်သင့်ပါသည်။ မကောင်းသောအလုပ်၊ မတရားမမျှတသောအလုပ်ဖြစ်လျှင် နေ့ကောင်းရက်သာရွေးမနေဘဲ လုံးဝမလုပ်ဘဲ ရှောင်ကြဉ်သင့်လှပါသည်။ ဗောဓိပက္ခိယတရားနှင့်အညီ စိတ်ကိုအမြဲတမ်းဖြူစင်စွာထားရှိသင့်ပါသည်။ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ဤသုံးပါးနှင့်ညီလျှင် အမြဲတမ်း နေ့ကောင်း ရက်ကောင်း အချိန်ကောင်း ရက်ရာဇာများသာ ဖြစ်ပါလိမ့်မည်။

နောက်ထပ်နည်းတစ်ခုကိုလည်း ဖြန့်ဝေပေးလိုက်ပါသည်။ ဤနည်းကတော့ စာရေးသူကိုယ်တိုင် အချိန်ယူလေ့လာပြီးမှရရှိခဲ့သောနည်းလမ်းဖြစ်ပြီး စာရေးသူကိုယ်တိုင်လည်း မြတ်မြတ်နိုးနိုး ကျင့်သုံးနေသောနည်း ဖြစ်ပါသည်။

စာရေးသူသည် နိုင်ငံ့တာဝန်များ ဆောင်ရွက်ရင်း မြို့တစ်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ထိုမြို့တွင် စာရေးသူ အလွန်ပျော်ပါသည်။ အမြဲတမ်း စည်ကားသာယာပါသည်။ ဘုရားပုထိုးများလည်း များစွာတည်ရှိပါသည်။ လက်ဖက်ရည်ဆိုင်များလည်း များစွာရှိပါသည်။

စာရေးသူက ကော်ဖီနှင့် လက်ဖက်ရည်သောက်ခြင်းကို ကြိုက်နှစ်သက်ပါသည်။ စာရေးသူ အမြဲတမ်းသောက်သည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိပါသည်။ တစ်နေ့ (၄)၊ (၅) ကြိမ်ခန့်ထိ ထိုင်လေ့ရှိပါသည်။ နံနက်အိပ်ရာထလျှင် တစ်ကြိမ်၊ ရုံးသွားလျှင် တစ်ကြိမ်၊ ညနေရုံးဆင်းလျှင်တစ်ကြိမ်၊ ညမအိပ်မီ တစ်ကြိမ်ထိုင်ပါသည်။ ဆိုင်ရှင်မိသားစုနှင့် အလွန်ရင်းနှီးနေပါတော့သည်။

ဆိုင်ရှင်မိသားစုသည် ဗုဒ္ဓဘာသာဝင်များ ပီသကြပါသည်။ ဘုရားသွားကျောင်းတက်ကာ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းကို အမြဲတမ်းပြုလုပ်ကြပါသည်။ နွေရာသီကျောင်းပိတ်ရက်ဆိုလျှင် မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားများ သွားရောက် ဖူးမြော်လေ့ရှိကြပါသည်။

ထိုဆိုင်သို့ သီလရှင်ကြီးတစ်ပါး မကြာခဏ လာရောက်လေ့ရှိသည်ကို တွေ့မြင်ရပါသည်။ သီလရှင်ကြီးသည် အသက် (၅၀) ခန့်၊ ဥပမိရုပ် အလွန်ကောင်းပါသည်။ အရပ်ပုပါသည်။ မျက်မှန်တပ်လျှင် ပို၍ခံ့ညားပါသည်။ အသံဩဇာလည်းကောင်းပြီး သာယာနာပျော်ဖွယ် ရှိပါသည်။

သီလရှင်ကြီးမှာ မြန်မာပြည်အနှံ့ သွားလာပြီး ရောက်ရာဒေသတွင် ဘုရားဖူး၊ တရားဘာဝနာလုပ်၊ ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းကာ တရားနှင့် မွေ့လျော်နေသူ ဖြစ်ပါသည်။ ကျွန်တော်လက်ဖက်ရည်သောက်နေကျ ထိုဆိုင်သည် သီလရှင်ကြီး အမြဲတမ်း တည်းခိုရာ ဖြစ်ပါသည်။ သီလရှင်ကြီးက နေ့စဉ်အလှူခံထွက်လေ့ရှိပါသည်။ သို့ သော် သူ့အတွက် မဟုတ်ပါ။ ဘာသာရေးလုပ်ငန်းများတွင် အသုံးပြုရန်၊ တစ်ဆင့် ပြန်လည် ပေးဝေနိုင်ရန်အတွက် သာ အလှူခံကြောင်း သိရှိရပါသည်။ အကြားအမြင်ရသည်၊ သိဒ္ဓိပေါက်သည် ဟုလည်း သိရှိရပါသည်။ လူတိုင်းထံက လည်း အလှူလိုက်ခံသည်မဟုတ်ဘဲ လှူချင်နေသူ၊ လှူဒါန်းနိုင်စွမ်းရှိသူတို့ထံက သာ အလှူခံသည်ဟု သိရှိရပါသည်။ ထို့ ကြောင့် စာရေးသူလည်း ထိုဆိုင်တွင် လက်ဖက်ရည်သောက်ရင်း သီလရှင်ကြီး တို့ စိတ်ဝင်စားစွာလေ့လာရင်း ကြည်ညို နေမိပါသည်။ စာရေးသူလည်း ထိုဆိုင် လေးကို နေ့စဉ်ပုံမှန်ဝင်ထွက်နေသဖြင့် ကြာသောအခါ သီလရှင်ကြီးနှင့် ရင်းနှီး ခင်မင်သွားပါတော့သည်။

တစ်နေ့တွင် သီလရှင်ကြီးက တည်းခိုရာအပေါ်ထပ်မှ ဆင်းလာပြီး ဆိုင်ရှင်မိသားစုကို မေးလိုက်ပါသည်။

"သမီးတို့ဆီမှာ ရွှေဥဒေါင်းဆ... တော်ကြီးရဲ့ ပရိတ်ရေမရှိဘူးလားကွယ်"

"မရှိဘူး အမေရဲ့။ အမေက ... ချင်လို့လား"

ဆိုင်ရှင်အမျိုးသမီးက ပြန်မေး လိုက်ပါသည်။

"အေးကွယ်၊ မြို့ထဲက ဒကာတစ် ယောက်ကို ကုသိုလ်ပြုချင်လို့"

ထိုအခါ စာရေးသူအလွန်ဝမ်းသာ သွားပါသည်။ ရွှေဥဒေါင်းတော... စာရေးသူ (၃) ကြိမ် ရောက်ခဲ့ပါသည်

www.burmeseclassic.com

# တမာပြာနှင့် သွားကျန်းမာရေး

မြန်မာနိုင်ငံအနှံ့ ကျေးရွာတိုင်းလိုလို တမာပင်များရှိတတ်ပါသည်။

တမာပြာလုပ်နည်းမှာ တမာရွက်နှင့်ရင့်ကိုင်းတက်များကို ခုတ်ချိုင်ရယူပြီး ခြောက်သွေ့အောင်ထားရသည်။ တမာရွက်များခြောက်လျှင် သန့်ရှင်းသောသွပ်ပြားပေါ်တင်၍ တမာကိုင်းအချို့ကို ထင်းလုပ်၍မီးရှို့ပါ။

နု၍ဖွေးဥနေသော ပြာများကို ရသည်။ ထိုတမာပြာ၊ တမာကိုင်းတို့မှ ရရှိသောပြာများသည် သွားအတွက် အသုံးဝင်တန်ဖိုးရှိသော တမာပြာသွားတိုက်ဆေးများ ဖြစ်ပါသည်။ တမာပြာနှင့် နေ့စဉ်သွားတိုက်လျှင် သွားများခိုင်မာသည်။ နှံ့နေ မခိုင်နေသောသွားများပင်ပြန်၍ ခိုင်ခဲ့သည်။ ဝမ်းချုပ်နေသူဖြစ်ပါက အပူကြောင့် ပါးစောင်များတွင် အနည်းငယ် ယားသလိုခံစားရသည်။ ထိုသို့ဖြစ်လျှင် ဆတ်ပျော့ဆေးသို့မဟုတ် သစ်သီးဝလံ တို့နှင့် ဟင်းရွက်စိမ်းများ မှီဝဲပေးပါ။ ထိုသို့ဖြစ်ခြင်းမှာ သင်၏ကျန်းမာရေးကို တမာပြာက အသိပေးခြင်းဖြစ်ကြောင်း ရိပ်စားမိဖို့ လိုသည်။

တမာရွက်ပြာသွားတိုက်ဆေးကို ရှေးခေတ် တောင်သူကြီးများ၊ ရဟန်းတော်ကြီးများ သုံးစွဲလေ့ရှိကြသည်။ တမာရိုးကိုသပ်၍ တစ်ဖက်ကို အပြားပြုလုပ်ထားသော တမာကိုင်းဒန်ပူ (တံပူ) ကို ရှေးအစဉ်အလာ အသုံးပြုလေ့ရှိသည်။ သွားနှင့်တမာသည် အတွဲအဖက် ဆေးတစ်လက်ပင် ဖြစ်သည်။ စာရေးသူသည် တမာပြာကိုသုံးစွဲသည်မှာ အတန်ကြာပါပြီ။ သက်ရွယ်ကြီး၍ သွားများ မကောင်းတော့ပါ။ တမာပြာသုံးပြီးနောက်တွင် နှံ့နေသောသွားများ ပြန်ခိုင်လာသည်။ မကြာခဏ ဖြစ်တတ်သော သွားကိုက်ရောဂါမှာ အဝေးသို့ထွက်ပြေးသွားသည်မှာ ကိုယ်တွေ့ပင် ဖြစ်သည်။ တမာပြာကို ကိုယ်တိုင်ပြုလုပ်၍ နေ့၊ ညမှန်မှန်သွားတိုက်ပါသည်။ မိတ်ဆွေများကိုလည်း တမာပြာကုသိုလ်ပြုဝေငှပေးပါသည်။

'ဖိုးနည်း ဝန်ပါ' ဆိုသော စကားရှိသည်။ တမာပြာမှာ အဖိုးနည်းခြင်းသာမကပါ အဖိုးအခလုံးဝမကုန်ဘဲ ဝန်ပါလှပါသည်။ ဘေးထွက်ဆိုးကျိုးလုံးဝမရှိပါ။ သုံးစွဲကြည့်၍အကျိုးရှိကြောင်းလက်တွေ့သိခဲ့၍ စေတနာကောင်းနှင့် တင်ပြပါသည်။တမာပြာ အဖိုးတန်လွန်း၍ ကဗျာကလေးတစ်ပုဒ်ပါ စပ်ကြည့်မိသည်ကို ဖော်ပြပေးလိုက်ပါသည်။

မနက်တစ်ခါ၊ ညတစ်ခါ
မှန်မှန်သွားတိုက်ပါ။
တမာပြာသုံး သွားအားလုံး
ပုလဲဖြူတစ်နှန်း။
သုံးစွဲကျန်းမာ၊ ကြံ့ခိုင်စွာ
ကြိုက်တာဝါးနိုင်တာ။
တမာပြာသုံး တစ်သက်လုံး
ရွှင်ပြုံးသွားကျန်းမာ။

မေတ္တာရည်လျက်
မျိုးတင့် (ညောင်လေးပင်)

ဆရာတော်ကြီး၏ ပရိတ်ရေကိုလည်း ဆရာတော်ကြီး ချီးမြှင့်၍ရရှိခဲ့ပြီး ဘုရားခန်းတွင် မြတ်နိုးစွာ ထားရှိပါသည်။ သီလရှင်ကြီးကို ဘာလှူလျှင်ကောင်းမလဲဟု စဉ်းစားနေခိုက်တွင် စာရေးသူထံမှာရှိသည့် ရွှေဥဒေါင်းဆရာတော်ကြီး၏ ပရိတ်ရေကို သီလရှင်ကြီးအား လှူဒါန်းရတော့မည်ဖြစ်၍ ဝမ်းသာသွားခြင်းဖြစ်ပါသည်။

"ဆရာကြီး၊ တပည့်တော်မှာ ရွှေဥဒေါင်းပရိတ်ရေစင်တော် ရှိပါတယ်။ ဆရာကြီးလိုချင်ရင် မနက်ဖြန်ပင့်ဆောင်ခဲ့ပါမယ်"

"အေးကွယ်၊ သာဓု သာဓု သာဓု"

သို့နှင့် သီလရှင်ကြီး လိုချင်သည့် ပရိတ်ရေကို စာရေးသူဝမ်းမြောက်ဝမ်းသာ လှူလိုက်ရသဖြင့် ကျေနပ်ပီတိဖြစ်နေမိပါသည်။

သီလရှင်ကြီးက သူလိုချင်တာရနိုင်တဲ့ သိဒ္ဓိမျိုးရှိနေတာပဲကိုး ဟူသောအတွေးလည်းပေါက်မိပါသည်။ စာရေးသူထံမှာရှိတာသိနေလို့လည်း စာရေးသူကြားအောင် ဆိုင်ရှင်အမျိုးသမီးကိုပြောလိုက်တာများလေလားဟုလည်း တွေးမိပါသည်။

သီလရှင်ကြီးထံမှ ပညာတစ်ခုကို ရလိုက်ပါသည်။

သီလရှင်ကြီးက နံနက်တိုင်း ဘုရားကန်တော့ပြီး၍ အောက်ထပ်သို့ ဆင်းလာပြီး ဆိုင်ရှင်မိသားစုများ ဆက်ကပ်လှူဒါန်းသော ထမင်းကြော်၊ ကော်ဖီ၊ ရေနွေးကြမ်းတို့ကို သုံးဆောင်ပါသည်။ ပြီးလျှင် အပြင်သွားတော့မည်ပြုသောအခါ ဆိုင်ရှင်ကို မေးလိုက်ပါသည်။

"ဒီနေ့ဘာနေ့လဲကွယ့်"

"တနင်္ဂနွေနေ့ပါ ဆရာကြီး"

"ဟုတ်လား၊ တနင်္ဂနွေနေ့ဆိုတော့ ဘုရားရှင် တေဇောဓာတ်လောင်တော်မူတဲ့နေ့ပေပဲ။ ဓာတ်တော်တွေအများသူငါရကြတာကောင်းတာပေါ့။ကောင်းတယ်၊ ကောင်းတယ်"

ထိုသို့ ပြောဆိုပြီး ထွက်သွားပါသည်။

နောက်တစ်နေ့တွင် -

"ဒီနေ့ဘာနေ့လဲကွယ်"

"တနင်္လာနေ့ပါ ဆရာကြီး"

"ဪ - တနင်္လာနေ့ဟာ ဘုရားအလောင်းတော် တောထွက်တော်မူတဲ့နေ့၊ ဘုရားဖြစ်ဖို့တောထွက်တာကောင်းတာပေါ့။ ကောင်းတယ်၊ ကောင်းတယ်"

အင်္ဂါနေ့တွင်လည်း ထိုသို့မေးပါသည်။

"ဪ - အင်္ဂါနေ့ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တဲ့နေ့၊ မီး (၁၁) ပါးချုပ်ငြိမ်းရာ၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာရွှေပြည်နိဗ္ဗာန်စံတဲ့နေ့။ ကောင်းတယ်၊ ကောင်းတယ်"

ဗုဒ္ဓဟူးနေ့တွင်လည်း -

"ဗုဒ္ဓဟူးနေ့ ဆိုတော့ ဘုံသုံးပါး ဘုရားစင်စစ်ဧကန်ဖြစ်တဲ့နေ့၊ သဗ္ဗညုတဉာဏ်တော်ကိုရတဲ့နေ့။ ကောင်းတယ်၊ ကောင်းတယ်"

ကြာသပတေးဆိုလျှင်လည်း -

"ကြာသပတေးနေ့ဟာ ဘုရားအလောင်းတော် သန္ဓေယူတဲ့နေ့၊ လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် မင်္ဂလာရှိတဲ့နေ့၊ ကောင်းတဲ့နေ့ပေပဲ။ ကောင်းတယ်၊ ကောင်းတယ်"

သောကြာနေ့ဆိုလျှင် -

"ဘုရားအလောင်းတော် မွေးဖွားတဲ့နေ့။ ကောင်းတယ်၊ ကောင်းတယ်"

စနေနေ့တွင်လည်း -

"ဓမ္မစကြာတရားဦးတရားထူးကို ဟောတဲ့နေ့။ ကောင်းတယ်၊ ကောင်းတယ်"

ဤသို့ဖြင့် (၇) ရက်စေ့သွားသောအခါ စာရေးသူသည် အမြဲတမ်း နေ့ကောင်းရက်သာရက်ရာဇာများကိုသာ ရရှိနိုင်သည့် သိဒ္ဓိပေါက်ပညာတစ်ခုကို ရရှိလိုက်ပါတော့သတည်း။

တက္ကသိုလ်သံဝင်းမြင့်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မဆလခေတ်ဦးအစ။

လူတစ်ဦးတစ်ယောက်သည် မကောင်းမှုဒုစရိုက်ကိုလုပ်ဖို့ လက်တွန့်ကြသည်။ တချို့ကျတော့ ပြုလုပ်ရင်းနှင့် ကြောက်ကန်ကန်တတ်ကြသည်။ တချို့ကတော့ လုပ်လည်းလုပ်ရဲသည်။ လုပ်ပြီးရင်လည်း ခံဖို့ဝန်မလေးသူလည်းရှိကြသည်။ သည်လိုလူမျိုးက ရှိတော့ရှိသည်၊ ရှားသည်။ သည်ရှားတဲ့လူထဲက လူတစ်ယောက်ရဲ့အကြောင်းပါ။

လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ခန့်လောက်က ဗိုလ်ချုပ်ကြီး နေဝင်း အာဏာသိမ်းပြီး မဆလပါတီစနစ်ကို ထူထောင်ခါစအချိန်လောက်က ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သည့်အချိန်မှာ အောငမ်းရုပ်ရှင် ...ဝမ်းသားသမီးတွေဖြစ်ကြသည့် ...ကိုးညွန့်၊ ဝင်းလှိုင်၊ စိုင်းဝဏ္ဏလို ...သည့် (မှားလျှင်ခွင့်လွှတ်ပေးပါ) တို့ ...၁ လမ်းသရဲပညာပေးဇာတ်ကား ...သည့် သမန်းကျားဇာတ်ကားကို ရိုက် ...ကြသည်။ သူတို့၏ စေတနာက ...မှုခုစရိုက်များ ပပျောက်ကွယ်စေ ...သည့်စေတနာနှင့် ရိုက်ကူးကြသည်။

သမန်းကျားရုပ်ရှင်သည် အောင် ...သလို လူငယ်ထုကလည်း တစ်ခဲ အားပေးခဲ့ကြသည်။ ဒါပေမယ့် ...တို့ ပညာပေးဇာတ်ကားက ပညာ ...ကိုမရောက်ခဲ့ဘဲ လူငယ်တွေကို ...းရောက်စေခဲ့သည်။

သည်သမန်းကျားဇာတ်ကားက ...တွေကို ပညာပေးမဖြစ်တော့ဘဲ ...က်တိုင်းမှာ၊ မြို့ကြီးတိုင်းမှာ လမ်း

BURMESE CLASSIC

သရဲဂိုဏ်းဆန်ဆန်ဂိုဏ်းများ မှိုလိုပေါက် လာပြီး အုပ်စုချင်းရိုက်ပွဲများ၊ မိန်းကလေး များအား ကာယိကခြေပျက်အောင် နှောင့်ယှက်မှုများ ဖြစ်ပေါ်လာကြဖူးပါ သည်။

သည်ဇာတ်ကားသည် ပညာပေး ဇာတ်ကားမှန်သော်လည်း လူငယ်တွေရဲ့ တစ်လွဲဆံပင်ကောင်းလွှဲခဲ့ရတာ ဝမ်း နည်းစရာကောင်းပါသည်။ (ဝင်ငွေအား ဖြင့်တော့ အောင်မြင်ခဲ့ပါသည်။)

ထိုရုပ်ရှင်ကားပေါ်လာပြီး မကြာ ခင်မှာပဲ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများ လည်း ပြန်၍အသက်ဝင်လာလေသည်။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ပြန်ရှင်သန် အောင် အသက်သွင်းပေးခဲ့သည့်သူက မန္တလေးမှ နာမည်ကျော်လက်ဝှေ့သမား ကြီး ကျားဘညိမ်းပဲ ဖြစ်ပါသည်။ ဆရာ ကြီး ကျားဘညိမ်း၏ ကျေးဇူးကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့များ ပြန်လည် ရှင် သန်လာခဲ့ပါသည်။

လက်ဝှေ့ကျော် ကျားဘညိမ်း ဦးစီး၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့ တွေမှာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွေ၊ အလံလုပွဲတွေ ကျင်းပပေးခဲ့သည်။ ယခင်က သည်လိုအလံလုပွဲတွေမရှိခဲ့ ပေမယ့် တောရွာကျေးလက်တွေမှာ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲတွေတွင် လက်ဝှေ့ ပွဲကျင်းနေကြတာ အစဉ်အလာဖြစ်နေ သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပွဲသည် ပုဂံခေတ် အရည်းကြီးရဟန်းတွေကစခဲ့ သည်။ ထိုအရည်းကြီးပွဲကျောင်းဘုန်း ကြီးတွေမှာ ကိုယ်တိုင်လည်း လက်ဝှေ့ ထိုးသတ်သလို လာသင်သည့် တပည့် များကိုလည်း စနစ်တကျသင်ပေးခဲ့ကြ သည်။

ပုဂံခေတ်စစ်သားတွေသည် ဓား ခုတ်၊ လှံထိုး၊ မြင်းစီးတို့အပြင် ကိုယ်ခံ လက်ဝှေ့၊ ဗန်တို့ ဓတာတွေပါ သင်ကြား ရသည်ဟု သိရသည်။

မော်လမြိုင်မြို့တွင် ဆရာကျား ဘညိမ်းက ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ လာ လုပ်စဉ် မော်လမြိုင်၊ ဘားအံ၊ မုဒုံ၊ သံဖြူ ဇရပ်၊ ရေး၊ မြဝတီ၊ ကော့ကရိတ် စသည့် လက်ဝှေ့သမားတွေ လာရောက် ထိုး သတ်ကြသည်။

သည်လက်ဝှေ့သမားတွေထဲတွင် သမန်းကျား (သမန်းကျားရုပ်ရှင်ကို အား ကျ၍ထင့်) နာမည်ယူထားသည့် လက် ဝှေ့သမားတစ်ဦးပေါ်ခဲ့သည်။ ထိုသမန်း ကျားအမည်ခံ လက်ဝှေ့သမားသည် သူ့ ပြိုင်ဘက်များကို ထိုးသတ်အနိုင်ယူခဲ့ပြီး ပထမအလံကို ထိုက်ထိုက်တန်တန်ရရှိ သွားခဲ့သည်။ ဟိုတုန်းကတော့ ဆုကြေး ငွေ ပထမအလံကို တစ်သိန်းလောက် သာရကြသည်။

ယခုတော့ ရွှေခါးပတ်ပိုင်ရှင်တစ် ဦးသည် သိန်းသုံး၊ လေး၊ ငါးဆယ်တွေ လောက်ရကြသည်ဟု ဂျာနယ်တွေမှာ လည်း ဖတ်ရသည်။ ယခုခေတ်နှင့် စာလျှင် အလွန်နည်းနေသော်လည်း ဟိုတုန်းက ငွေတန်ဖိုးကမြင့်သလို ကုန် ဈေးနှုန်းကလည်း သည်ခေတ်လို ခေါင် မခိုက်သေးချေ။ သည်တော့ ဟိုတုန်းက တစ်သိန်းလောက်ရတာဆိုတော့ တန် ကယ်လို့ ဆိုရပါမည်။

ဟိုခေတ်ဟိုအခါက မော်လမြိုင် မြို့တွင် လွတ်လပ်ရေးအောင်ပွဲ၊ မွန်ပြည် နယ်နေ့တွေဆိုက ပျော်ပွဲရွှင်ပွဲတွေ၊ ဌာန ဆိုင်ရာပြခန်းတွေ၊ လူထုစည်းဝေးပွဲတွေ၊ ရုပ်ရှင်၊ ဇာတ်သဘင်တွေကဖွင့် မိုင်ဒါကွင်း ဆိုသည့် ကွင်းပြင်ကြီးတစ်ခုရှိသည်။ ထို မိုင်ဒါကွင်းတွင် သည်လိုပွဲကြီးများလုပ် လေ့ရှိပါသည်။



(မော်လမြိုင်)

# မောင်လှယဉ်

## လုပ်ရဲသည်၊ ခံရဲသည်

www.burmeseclassic.com

www.burmeseclassic.com

မိုင်ဒါကွင်းကြီးကလည်း ကျယ်၊ ဌာနဆိုင်ရာပညာပေးပြခန်းတွေ၊ သမဝါယမကအရောင်းဆိုင်ခန်းတွေနှင့် စည်ကားနေပြီး လူတွေကလည်း သွားကြ၊ လည်ကြ၊ ဝယ်ကြ။ အသံချဲ့စက်သံတွေကလည်း မိုးယံကိုလွှင့်ပျံလျက်ရှိသည်။ ခုတော့ မိုင်ဒါကွင်းကြီးသည် စီးပွားရေးသမားလက်ထဲသို့ရောက်သွားပြီး လူနေတိုက်ခန်းတွေ ဆောက်နေကြပြီးဖြစ်၍ လူထုစည်းဝေးပွဲကို လုပ်စရာနေရာမရှိတော့ချေ။

ပထမနှစ်က အလံရခဲ့သည့် သမန်းကျားကို သည်နှစ် လွတ်လပ်ရေးပွဲတွင် စိန်ခေါ်သည့် လက်ဝှေ့ကျော်တစ်ဦး ထွက်ပေါ်လာသည်။ သူက မြိတ်၊ ထားဝယ်၊ ထိုင်းနိုင်ငံတို့တွင် အနိုင်ရခဲ့သည့် ပသျှူးမောင်ရှန်းဆိုသည့် လက်ဝှေ့ကျော်ပြိုင်ဘက်ပေါ်လာခဲ့သည်။ သည်နှစ် လွတ်လပ်ရေးပွဲမှာ သမန်းကျားကို စိန်ခေါ်လာသူက ပသျှူးမောင်ရှန်း ဖြစ်သည်။ လက်ဝှေ့စကားနှင့်ဆိုရလျှင် 'အသည်းကောင်းသူတို့ ပွဲတောင်း စိန်ခေါ်တဲ့ပွဲ' ဖြစ်သည်။

လွတ်လပ်ရေးနေ့မတိုင်ခင် နှစ်ရက်တွင် ကြားပွဲငယ်များ၊ စတုတ္ထ၊ တတိယပွဲ၊ ဒုတိယပွဲများအလံလုကြပြီး လွတ်လပ်ရေးနေ့တွင် စတုတ္ထ၊တတိယ၊ဒုတိယပွဲစဉ်က နောက်ဆုံး ဗိုလ်လုပွဲနှင့် ပထမအလံစိန်ခေါ်ပွဲဖြစ်သည့် သမန်းကျားနှင့် ပသျှူးမောင်ရှန်းတို့ ထိုးသတ်ကြပါလိမ့်မည်။

လက်ဝှေ့ဝါသနာအိုးတွေကတော့ ချွေးတလုံးလုံးနှင့် ရုံဝင်လက်မှတ်ဝယ်နေတာကိုကြည့်ပြီး ရင်မောနေမိပါသည်။ သူတို့ကတော့ မမှုရေးချမမှုတဲ့ ဝါသနာအိုးတွေပါ။ လက်ဝှေ့ပွဲကောင်းကြည့်ရမှာမို့ နေပူ၊ ချွေးထွက်တာကို အမှုမထားနိုင်ကြသူကျေပါ။ နောက်ဆုံး ဗိုလ်လုပွဲကြီးမို့ အစောကြီး လက်မှတ်ကုန်သွားပြီး ရုံဖွင့်လိုက်ရပါတော့သည်။

မြန်မာ့ဆိုင်းဝိုင်းရဲ့ ဗိန်းမောင်းသံက လူတွေကို အားတက်စေပါသည်။ မွန်ပြည်နယ် နာမည်ကျော် သမန်းကျားနှင့် တနင်္သာရီ၊ ထိုင်းတို့မှာနာမည်ကြီးနေတဲ့ ပသျှူးမောင်ရှန်းတို့ပွဲ စတင်ပါပြီ။

လက်ဝှေ့ကျော်နှစ်ဦး၏ သက်လုံကလည်းကောင်းလှသည်။ ထိုးသတ်ပုံတွေကလည်း နှစ်ဦးစလုံး ပညာသည်တွေမို့ ဒူး၊ တံတောင်ရိုက်ချက်၊ ကန်ချက်တွေ နှစ်ဦးစလုံးသုံးကြသော်လည်း ဘယ်သူမှ မထိကြသေးပါ။ သုံးချီသာပြီးသွားသည်၊ ဘယ်သူမှမသာသေး။

ပသျှူးမောင်ရှန်းက အချုပ်အဖမ်းကောင်းသော်လည်း သမန်းကျားရဲ့ အရှောင်အတိမ်း ရှန်းထွက်အထိုးတွေကြောင့် လူတွေရဲ့ပါးစပ်ဖျားမှာ 'ဟား၊ ဟင်၊ အို- ထိလိုက်ရင် ပွဲသိမ်းပ' ဆိုတဲ့ အသံတွေက ရုံအပြင်သို့လျှံထွက်လာသည်။ လေးချီမြောက်အထိ ပွဲအေးသလိုဖြစ်နေ၍ ကြည့်သူတွေအားမရဖြစ်လာသည်။ အော်သူအော်၊ ဆူသူဆူလာကြပြီး -

"ထိုးပါလား သမန်းကျား"

"ပသျှူးကလည်း ဘာလုပ်နေတာလဲ"

စသည်ဖြင့် ဆူလာတော့သည်။ တစ်ခါမှ ... က မောင်ရှန်း၏ အချုပ်အဖမ်းကို သမနးကျား ရှောင်ထွက်ပြီး သူ့ရဲ့ကိုယ်ပိုင် တံတောင်တွက်ပြီးထွက်လိုက်ရာတွင် ပသျှူးမောင်ရှန်းနှာနုထိပြီး မှောက်ကျသွားလေသည်။

"ပွဲသိမ်းတံတောင်ကွ"

ဟု သမန်းကျားကို ချစ်သည့်ပရိသတ်အော်ကြတော့သည်။ မောင်ရှန်းကို အမှတ်ရေပြီး (၇) အရောက်တွင် ထနိုင်ပြီး (၃) မိနစ် အနားတောင်းလေသည်။

ငါးချီမြောက်ကြလျှင် ပသျှူးမောင်ရှန်း ထိုးကွက်တွေ သိသိသာသာ ပျက်လာလေသည်။ နှေးလည်းနှေးလာပြီး မထိုးနိုင်တော့ဘဲ သမန်းကျားကို ဝင်ပူးနေတော့သည်။ ဒါကို သမန်းကျားက အခွင့်အသာတွင် သူ၏ ညာဝိုက်လက်သီးတစ်လုံးက ပသျှူးမောင်ရှန်းမေးစေ့ကို ထိထိမိမိကျရောက်သွားလေတော့သည်။

ဒါသည်ပင် သမန်းကျားပွဲသိမ်းလက်သီးဖြစ်လေ၏။

"သမန်းကျားနဲ့ သမိန်ဗရမ်း"

မွန်သူရဲကောင်း သမိန်ဗရမ်းနာမည်ခံပြီးထိုးလာသည့် လက်ဝှေ့ကျော်တစ်ဦးက မွန်တိုင်းရင်းသားလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သမိန်ဗရမ်းဆိုသည့် နာမည်ကျော်ကို မော်လမြိုင်တွင် သည်နှစ်မှ ကြားလာရသော်လည်း မြိတ်မြို့၊ ထိုင်းနိုင်ငံတို့တွင် ပသျှူးမောင်ရှန်းတို့နှင့် ထိုးဖော်ထိုးဖက် မြိတ်မြို့တစ်ခွင်နာမည်ကြီးနေသည့် မောင်ရှန်းကို အမှတ်ဖြင့်နိုင်ထားသူလည်း ဖြစ်သည်။

မော်လမြိုင်မြို့ မွန်ပြည်နယ်နေ့ လက်ဝှေ့ပြိုင်ပွဲတွင် သမိန်ဗရမ်းသည် သမန်းကျားကို ထိုးသတ်ရန် စိန်ခေါ်လာသူ ဖြစ်သည်။ သမန်းကျားထိုးကွက်တွေကို မော်လမြိုင်လက်ဝှေ့ဝါသနာအိုးတွေ တွေ့ဖူးပေမယ့် သမိန်ဗရမ်း၏ ထိုးကွက်ကို မတွေ့ဘူးသေး၍ ကောင်းပါ့မလား၊ တစ်ဖက်သတ်ပဲကျနေမလားလို့ တွေးကောင်းတွေးနေကြပါမည်။

သို့သော် သမန်းကျားကို စိန်ခေါ် ... ရဲသူဆိုတော့ သမိန်ဗရမ်းလည်း ... သေးသေးမဟုတ်ဘူးလို့ တွေးမိသူလည်း ရှိမှာပါ။ ထိုးသတ်ကြရာမှာ နှစ်ဦးစလုံး လက်ရည်ညီကြပြီး ထိုးသတ်ပုံသေသပ် ... ကာ အဝင်၊အထွက်မြန်ဆန်တာချင်း ... တူညီနေကြ၍ တစ်ဦးကိုတစ်ဦး ဘယ်သူမှ အနိုင်မထိုးနိုင်ကြဘဲ ဒိုင်တွေရဲ့ ဆုံးဖြတ်ချက်အရ (၁၂)ချီတွင် မည်သူမှမ ... မကွဲကြ၍ ပူးတွဲသရေပေးလိုက်ရသည်။

လွတ်လပ်ရေး အောင်ပွဲနေ့တွင် ... လက်ဝှေ့ကျော်လေးဦး အလံလုဖို့ စိ ... နေကြပါပြီ။ ပထမပွဲစဉ်တွင် သမန်းကျား ... နှင့် ပသျှူးမောင်ရှန်းတို့ မကျေပွဲ။ ဒုတိ ... ယပွဲစဉ်တွင် သည်နှစ်မှ နာမည်ကြီးလာ ... သည့် ပသျှူးမောင်သုန်တို့ပွဲနှစ်ပွဲ ဖြ ... သည်။ ထိုနှစ်ပွဲက နိုင်သူနှစ်ဦး ပထ ... အလံကို လုကြပေလိမ့်မည်။

သမန်းကျားနှင့် ပသျှူးမောင်ရှန်း ... တို့ ထိုးသတ်သည့်ပွဲတွင် သမန်းကျား ... သည် ငါးချီတွင် ပသျှူးမောင်ရှန်း ... အလဲထိုး အနိုင်ယူလိုက်သည်။ ဒုတိ ... စဉ်၌ သမိန်ဗရမ်းနှင့် ပသျှူးမောင်ရှန်း ... ပွဲတွင် သမိန်ဗရမ်းက လေးချီတွင် အ ... ထိုးအနိုင်ယူလိုက်၍ သမန်းကျား ... သမိန်းဗရမ်းတို့ ပထမအလံလုပွဲမှာ ... ကြတော့သည်။ သက်တူလျှင် လူမ ... ဘဲ အသည်းကောင်းသူတို့ပွဲ ဖြစ် ... သေချာသည်။

အသည်းကောင်းသူတို့ ပွဲတော ... သည့်ပွဲမို့လည်း နောက်ဆုံး ဗိုလ်လု ... ရုံပြည့်အားပေးကြသည်။ သမန်းကျား ... သမိန်ဗရမ်းတို့ ထိုးသတ်ကြသည် ... ဝါသနာအိုးတို့၏နှုတ်ဖျားမှာ 'ဟာ ... ထိတယ်ကွ' ဆိုတဲ့ အသံတွေည် ... ငွေပေးရကျိုးနပ်သည်ဟု ထင်ရသည် ...

သမိန်ဗရမ်း၏ လက်သီးတွေ ... သမန်းကျားမျက်နှာပေါ်ကို တရစ် ... ခဲ့သလို သမန်းကျား၏ တံတောင် ... လက်သီးတို့ကလည်း သမိန်ဗရမ်း ... မျက်နှာပေါ်ကို မိုးသီးမိုးပေါက်ပမာ ... ခဲ့လေသည်။ ပွဲကြည့်ပရိသတ်တွေ ... တော့ 'ကြည့်ရတာတန်တယ်ကွ' ... ပြီး နှစ်ဖက်စလုံးကို ဝက်... တွဲ...



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ (၁၂) ချီထိုးသတ်ရာမှာ သမိန်ဗရမ်းက သမန်းကျားကို အလဲ ထိုးနိုင်ဘဲ အမှတ်နှင့် ပထမအလံကို ထိုက်ထိုက်တန်တန် ရယူသွားခဲ့သည်။

ပွဲပြီးသွား၍ လက်ဝှေ့စင်ပေါ်က သမန်းကျားပြောခဲ့သည့်စကားတွေ အားကစကားသမားတို့အတွက် ပြည့်ဆေးလိုဖြစ်ခဲ့သည်။

"ဒီပွဲမှာ ကျွန်တော် သမိန်ဗရမ်း ခဲ့တာ ထိုက်ထိုက်တန်တန်ရှုံးခဲ့တာ နောင်တော်သမိန်ဗရမ်းရဲ့ ထိုးကွက် ကွက်တွေကလည်း အလွန်ပဲ ကောင်းနေတာပါ။ ကျွန်တော်ရထားတဲ့ အလံကို နောင်တော် သမိန်ဗရမ်း ယူသွားတာ ထိုက်ထိုက်တန်တန်ရ တာလို့ ပရိသတ်တွေလည်း ထင် မှာပါ။ နောက်ဆုံး သမိန်ဗရမ်းရဲ့ အောင်ပွဲကို ကျွန်တော် ဂုဏ်ယူဝမ်း မြောက်မိပါတယ် ခင်ဗျာ"

သမန်းကျား၏ စကားတို့က အား ကစားသမားကောင်းစကားတွေပင် ဖြစ် ပါသည်။

သမန်းကျားနှင့် သမိန်ဗရမ်းတို့ လက်ဝှေ့ကျော်နှစ်ဦးသည် ပြိုင်ဘက်များ သဘောမထားကြဘဲ ညီအစ်ကို ရင်းတွေလို ဖက်လဲတကင်းရှိနေတာ တွေ့ရသည့် ပွဲကြည့်ပရိသတ်တို့မှာ နည်း ဝမ်းသာဖြစ်နေကြလေသည်။

**လုပ်ရဲရင် ခံရဲသော သမိန်ဗရမ်း**

နောက်ဆုံး သမိန်ဗရမ်းနှင့်သမန်း ကျားတို့ ဗိုလ်လုပွဲတွင် သမန်းကျားရှုံးပြီး လက်ဝှေ့ထိုးသတ်တာကို အနားယူလိုက် သလို သမိန်ဗရမ်းကို စိန်ခေါ်ထိုးသတ် သူတို့လည်း မရှိတော့ချေ။ သမိန်ဗရမ်း နှင့် သမန်းကျားတို့၏ ပြိုင်ဘက်တွေ ဖြစ်ကြသည့် ပသျှူးမောင်ရှန်းနှင့် မောင် ...တို့လည်း အသက်ကြီးသွား၍ အနား ယူသွားကြသောကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်... တို့တွင် လက်ဝှေ့ကျော်များ တွေ့ကြတော့တာ အတော်ကြာခဲ့လေ သည်။

အပျော်ပွဲတွေဖြစ်ကြသည့် ဘုန်း ကြီးပျံပွဲ၊ ဘုရားပွဲတွေတွင် နောက်ပေါက် လက်ဝှေ့သမားတွေ ထိုးသတ်ခဲ့ရပေမယ့် နာမည် ကြီးများ မထွက်ပေါ်တော့ချေ။ ယခု နောက်ပိုင်းတွင် မုဒုံ အတောင်လေးရာ ရှိသည့် ကျောက်တစ်လုံးဆရာတော်ကြီး ၏ အတောင်လေးရာ လျှောင်းတော်မူ ဘုရားပွဲတွင် စိန်ခေါ်ပွဲများ ပြန်၍အ သက်ဝင်လာလေသည်။

လက်ဝှေ့ကျော်သမိန်ဗရမ်းလည်း အသက်ထောက်လာ၍ ပြိုင်ဘက်ရှာ မရတော့ဘဲ အနားယူလိုက်ရသည်။ လုပ်ရဲလျှင်ခံရဲသော လက်ဝှေ့ကျော် သမိန်ဗရမ်း၏စိတ်ဓာတ်ကို ချီးကျူးရပါ မည်။

သည်နေရာမှာ ဟိုတစ်ချိန်က ရဲ အမှုလိုက်တွေ၏ လျှော့ရဲရဲနိုင်တာကို ပြောလိုပါသေးသည်။ အမှုကြီးတွေဖြစ် ပြီးလျှင် မပေါ်တာက (၉၀) ရာနှုန်း လောက်ရှိပါသည်။ သည်အဖြစ်မျိုးက ယနေ့တိုင်ပင်ရှိနေပါသေးသည်။ မကြာ သေးသည့်နှစ်လောက်က ရန်ကုန်မြို့ တွင် သုံးလောင်းပြိုင်လူသတ်မှုဖြစ်ခဲ့သော် လည်း ယနေ့ထိ မပေါ်သေးပါ။ မှန်နေ တာမို့ စိတ်ဆိုးစရာမရှိပါ။

အခု ကျွန်ုပ် ဒီအဖြစ်အပျက်ကို ရေးသားရတာ အကြောင်းရှိပါသည်။ လက်ဝှေ့ကျော် သမိန်ဗရမ်း၏ စိတ် ဓာတ်ပါ။ သူသည် လုပ်ရဲလျှင် ခံရဲတဲ့ သူပါ။ အဖြစ်ကတော့ သည်လိုဖြစ်ပါ သည်။

သမိန်ဗရမ်း နာမည်ယူပြီး လက် ဝှေ့ထိုးလာသည့် လက်ဝှေ့ကျော်ကြီး တစ်ဦးကို မည်သူက လူဆိုးဓားပြလို့ ထင်ကြမည်လဲ။ လေး၊ ငါး၊ ဆယ်နှစ် ဥပဒေဘောင်အတွင်းဝယ် သွားလာလှုပ် ရှားပြီး လက်ဝှေ့ထိုးသတ်နေသည့်သူကို ပြစ်မှုကြီး ကျူးလွန်ထားတာလို့ ထင်ကြ မှာလဲ။

အချိန်က မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီခေတ်မှာ ဖြစ်ပါသည်။ သည် နေ့ခေတ်လိုပင် ဂျာနယ်တွေထုတ်ဝေ နေပါသေးသည်။ သည်အချိန်က ရောင်း အားကောင်းသည့် ဂျာနယ်တွေမှာ ဦးညိုမြ ထုတ်ဝေသည့် အိုးဝေဂျာနယ်၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင် ထုတ် ဝေသည့် ရွှေတူဂျာနယ်၊ အထောက် တော်လှအောင် ထုတ်ဝေသည့် သတင်း ဂျာနယ်တွေက ရောင်းအားကောင်း သည့် ဂျာနယ်တွေ ဖြစ်ပါသည်။ နောက် မျက်လုံး၊ မှန်ပြောင်း စသည့် ဂျာနယ် တွေနှင့် နာမည်မရှိသေးတဲ့ ဂျာနယ်တွေ လည်း အားယူ၍ထုတ်ဝေနေကြပါသေး သည်။

တစ်ပတ်သတင်းဂျာနယ်တွင်ပါ လာသည့် သတင်းတစ်ပုဒ်သည် လူတွေ စိတ်ဝင်စားခဲ့သလို ရဲတွေ၏အလုပ်ကို လည်း မျက်စပစ်သလိုဖြစ်သွားခဲ့လေ သည်။ သမိန်ဗရမ်းသည် သံဖြူဇရပ်မြို့ ဈေးကြီးထဲရှိ ရွှေဆိုင်တစ်ဆိုင်အား လွှန် ခဲ့သည့် ငါးနှစ်လောက်တွင် တစ်ကိုယ် တော် ဓားပြတိုက်ခဲ့သူဖြစ်ပြီး အခုမှ သူ တရားခံပါဆို၍ သွား၍အဖမ်းခံလိုက် သည့် သတင်းတစ်ပုဒ် ဖြစ်သည်။

သမိန်ဗရမ်းအဖမ်းခံပြီး ဝန်ခံချက် ပေးခဲ့သည့် စကားတွေက ဝမ်းနည်းစရာ ကောင်းသလို သတိသံဝေဂရစရာလည်း ကောင်းပါသည်။

သည်သတင်းကို သတင်းဂျာနယ် က အကျယ်တဝင့် ရေးသား ဖော်ပြခဲ့ပါ သည်။ ထိုသတင်းကို ဖတ်မိသူ လူကြီး တွေ ရှိကောင်းရှိဦးမှာ ဖြစ်ပါသည်။

ထိုသမိန်ဗရမ်း ဖြောင့်ချက်ကို ကျွန်ုပ် မှတ်မိသလောက် ပြန်၍ရေးပြပါ မည်။

သမိန်ဗရမ်းက သံဖြူဇရပ် မြို့မ ဌာနကိုသွားပြီး သူသည် လွန်ခဲ့သည့် (၇) နှစ်လောက်က သံဖြူဇရပ်ဈေးထဲရှိ ရွှေဆိုင်တစ်ဆိုင်ကို တစ်ကိုယ်တော် ဓားပြတိုက်ခဲ့သူ ဖြစ်သည်။

တိုက်ရသည့်အကြောင်းက သည် တုန်းက မိခင်ကြီးသည် သေလုမြောပါး ရောဂါဖိစီးနေသည်။ ဆေးကုသချင် သော်လည်း ကုသစရာငွေမရှိ၍ ဆေး ကုနိုင်ရန် မျက်စိစုံမှိတ်ပြီး ဓားပြတိုက် ကာ ဆေးကုသခဲ့ပေမယ့် သူ့မိခင်ကြီး၏ ရောဂါကျွမ်းနေပြီဖြစ်၍ ပြန်ကောင်း မလာဘဲ သေမင်းခေါ်ရာနောက်ကို လိုက်သွားရရှာသည်။

ကုန်ကျသွားသည့်ငွေများကို ပြန် ရဖို့ လက်ဝှေ့ထိုးသတ်ခဲ့ပြီး ငွေစုခဲ့သော် လည်း တိုက်ခဲ့သည့် တန်ဖိုးငွေမရခဲ့ သော်လည်း စုဆောင်းမိခဲ့သည့် သိန်း အစိတ်ကိုသာရရှိ၍ ထိုငွေသိန်းအစိတ် ကို ရွှေဆိုင်ကို ပြန်ပေးစေပြီး သူကတော့ ဥပဒေအတိုင်း ပေးဆပ်ချင်၍ အဖမ်းခံရ ခြင်းဖြစ်ကြောင်း ရေးသားထားပါသည်၊

ဆရာအထောက်တော်လှအောင် ၏ သတင်းဆောင်းပါး အရေးအသား ကောင်းမှုကြောင့် ထိုသမိန်ဗရမ်းသတင်း ကို ဖတ်မိသူတိုင်း မျက်ရည်စို့ခဲ့ကြရပါ သည်။

လက်ဝှေ့ကျော် သမိန်ဗရမ်းလို လူစိတ်ရှိတဲ့လူမျိုး ကျွန်ုပ်တို့ မြန်မာပြည် တွင် ရှိတော့ရှိသည်၊ ရှားသည်လို့ ဆိုပါ ရစေ။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်သုသည် (ဓော်သမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ငွေ (ဇေယျဝတီ)
# တင့်ထူး
## သုံးတန်စေတနာနှင့်လှူပေးခဲ့သော ထမင်းတစ်ထုပ်



ကိုအေးဆောင်တို့ နေထိုင်လျက်ရှိသော ရွာကလေးက တောင်ခြေနှင့် မနီးမဝေးတွင် တည်ရှိနေသည်။ ထိုရွာကလေး၏ ထူးခြားချက်မှာ တောင်ပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းတစ်ခုက သူတို့ရွာကလေးကို ပတ်ခွေ၍ စီးဆင်းနေခြင်း ဖြစ်သည်။ ထိုချောင်းက မိုးတွင်းအခါ မိုးကောင်းချိန်တွင် တောင်ပေါ်မှ ရေလုံးရေရင်းများ ဒလဟောစီးဆင်းလာခဲ့သဖြင့် ချောင်းရေလျှံတက်ပြီး ဒိုက်များ၊ အမှိုက်များ စီးမျောပါရှိလာကာ ရေမှာလည်း နောက်ကျိနေသည်။ ထိုလျှံသောရေများ လယ်မြေများထဲ စီးဝင်ကြကာ ရေပြန်၍လျော့သွားသည့်အခါ လယ်မြေများထဲ၌ နုန်းအနည်အနှစ်များ တင်ကျန်ခဲ့၏။ ထိုနုန်းမြေများ တင်ကျန်ခဲ့ခြင်းကြောင့် မြေဩဇာအလွန်ကောင်းမွန်ပြီး စပါး၊ ပဲ၊ ပြောင်းများစိုက်လျှင် ဖြစ်ထွန်းအောင်မြင်လေသည်။

ကိုအေးဆောင်၏မိဘများက မိရိုးဖလာအဆက်ဆက် တောင်သူအလုပ်ဖြင့် အသက်မွေးခဲ့ကြသူများ ဖြစ်သည်။ သူတို့တွင် ကိုအေးဆောင်၊ ကိုအောင်မောင်း၊ မပန်းရီ ဆိုသော သားသမီးသုံးယောက်ရှိ၏။ ကိုအေးဆောင်က သားအကြီးဆုံးဖြစ်သည်။

မိဘများအနေနှင့် သားသမီးများငယ်စဉ်က မူလတန်းဆင့်၌သာ ပညာသင်ယူစေခဲ့သည်။ ခိုင်းနိုင်သည့်အရွယ်ရောက်သည်နှင့် ကျောင်းဆက်မထားပေးခဲ့တော့ဘဲ မိမိတို့လယ်ယာထဲ၌သာ ဝင်လိုက်စေခဲ့လေသည်။

ကိုအေးဆောင်တို့လည်း ထယ်ထိုး၊ ထွန်မွှေ၊ ပျိုးနုတ်အတတ်များ၊ ကောက်လှိုင်းတိုက်၊ ကောက်ဆိုင်ပုံ၊ စပါးနယ်၊ စပါးလှေ့အတတ်များကို ကျွမ်း[illegible] ကျင်လာခဲ့ကြသည်။

"အဖေ၊ အဖေက အသက်ရ[illegible] ပြီဆိုတော့ လယ်ထဲမဆင်းပါနဲ့တော့[illegible] အိမ်မှာပဲ နားနားနေနေနဲ့ တလင်းထဲ[illegible] သက်သက်သာသာအလုပ်ကိုပဲလုပ်[illegible] ထယ်ထိုး၊ ထွန်မွှေစတဲ့ ပင်ပင်ပန်း[illegible] အလုပ်တွေကို သားတို့ဆင်းလုပ်ပါ့မ[illegible] အဖေရယ်"

သူ၏ သားများ လယ်ထဲတွ[illegible] ကျွမ်းကျင်ကြသည်ဆိုသော်လည်း [illegible] ဖြစ်သူက မျက်နှာလွှဲခဲပစ်မထားခဲ့[illegible] သူ့သားများ လယ်ထဲဆင်းရာသို့ လို[illegible] လာကာ နေရာကမကျလျှင် ပြုပြင်[illegible] ခဲ့သည်။ ထယ်ဘယ်နှစပ်ထိုး[illegible] ကျမ်းတုံးဘယ်နှပြန်ရိုက်ပေးရသည်[illegible]

www.burmeseclassic.com



ဘယ်လိုကြရသည် စသည်ဖြင့် လိုအပ်သမျှကို သွန်သင်လမ်းညွှန်ပေးလေသည်။

"ကဲဟေ့၊ မင်းတို့ မွန်းလတ်စာအတွက် အဖေချိုင့်နဲ့ယူလာခဲ့တယ်။ ရေနွေးကြမ်းအိုးလည်း ပါတယ်ကွ။ ထယ်နားထားပြီး စားလိုက်ကြဦးဟေ့"

ဖခင်ဖြစ်သူက သူ၏သားများ ထယ်ထိုးနေရာသို့ မွန်းလတ်စာလိုက်ပို့ရင်း လုပ်ပုံကိုင်ပုံကိုကြည့်ပြီး နေရာမကျလျှင် မည်သို့မည်ပုံလုပ်ရသည်ကို ညွှန်ကြားသွန်သင်ပေးလေသည်။

"အဖေ၊ ကျွန်တော်တို့ ရိုးပြတ်ကွက်တွေအားလုံးကို ပဲနောက်ကြဲမှာလားဗျ"

"အေးလေကွာ၊ ပဲဈေးတွေက ကောင်းနေတာဆိုတော့ ပဲနောက်တွေ



www.burmeseclassic.com

www.burmeseclassic.com

အကွက်ရှိသမျှ ကြရမှာပေါ့ကွ။ ဒါမှ ပဲများများရောင်းရပြီး ဝင်ငွေများများရ ကြမှာလေ"

"ဘာလဲ - မင်းတို့က လယ်ကွက် အားလုံးကို စိုက်ရတာများနေတယ်ထင် လို့လားကွ။ မင်းတို့ပဲ ငွေပေါ်လာတော့ ဟိုဟာဝယ်ချင် ဒီဟာဝယ်ချင်တတ်ကြ တာလေ။ များများစိုက်၊ များများရလာ တော့ ဝယ်ချင်တာဝယ်နိုင်ကြတာပေါ့ ကွာ"

လယ်သမား ဆိုတာက လယ်မြေ များတွင် စပါးချိန်စပါး၊ ပဲချိန်ပဲ အခါ မလပ် ရာသီအလိုက်စိုက်ကြရ၏။ သို့မှ သာ သီးနှံတစ်မျိုးပြီးတစ်မျိုးပေါ်လာ ကာ ဝမ်းစာနှင့် မျိုးအတွက်ချန်ပြီး အပို အလျှံများကိုရောင်းနိုင်ကာ ဝင်ငွေရလာ ကြပြီး သုံးစွဲချင်တာ သုံးစွဲနိုင်ကြမည်ပင် ဖြစ်သည်။

တကယ်တော့ ကျေးလက်နေ တောသူတောင်သားတို့ဘဝက လယ်ထဲ တွင် နဖူးမှချွေး ခြေမ ကျအောင် ပင်ပင် ပန်းပန်းလုပ်ကိုင်ရှာဖွေကြမည်။ အဝတ် အစားဆိုလည်း ထသွားလာသွားဝတ်ဖို့ တစ်စုံကိုသာထားပြီး ကျန်အချိန်များတွင် တော့ တော်သလို ဝတ်ဆင်ကြသည်။ စားသောက်ရာမှာလည်း ဟင်းမရွေးကြ။ ဖြစ်သလိုဟင်းနှင့်ပင် ဗိုက်ပြည့်အောင် စားတက်ကြသည်။ အပိုအလျှံကို စု ဆောင်းမည်။ စုမိလာလျှင် သံသရာမှာ ဘဝကူးကောင်းနိုင်အောင် ရည်သန်၍ ပေးလှူကြရန်ကိုသာ ရည်ရွယ်သည်။ လှူဒါန်းသမှုပြုကြလျှင် တွန့်တွန့်တိုတို မရှိကြဘဲ ထမင်းရည်ချောင်းစီးအောင် ပေးလှူတတ်ကြသည်။ ရပ်ရွာတွင် အလှူပွဲရှိပါက အလှူပွဲကြီးနေ့မျိုးတွင် ရွာထဲ၌ ဘယ်အိမ်ကမှ ထမင်း၊ ဟင်း မချက်ကြတော့ဘဲ အလှူသို့ အိမ်ရှိလူ ကုန်သွားကြတော့သည်။ ထိုနေ့မျိုး၌ တစ်ရွာလုံး မီးခိုးတိတ်ကာ မီးဘေး အန္တရာယ်ဖြစ်မှာကိုပင် မစိုးရိမ်ကြရပေ။

ရွာထဲ၌ အလှူလုပ်တော့မယ်ဆို ပါက တစ်ရွာလုံးက ဝိုင်းဝန်းကူညီပေး ကြသည်။ အလှူမဏ္ဍပ်အတွက် လိုအပ် သောဝါးများ၊ ထင်းများကို ရွာထဲရှိ လှည်း၊ နွားရှိသူတို့ကတော့ တောင်ပေါ် တက်ခုတ်ကြကာတိုက်လာပေးကြသည်။ ထင်းဝါးများစုံ၍ အလှူမဏ္ဍပ်ထိုးလျှင် တစ်ရွာလုံးက လက်ရှိအလုပ်များ နား ထားကြကာ ဝိုင်းထိုးပေးကြသည်။ တိုင် တွင်းတူးသူ၊ တိုင်စိုက်သူ၊ နှီးတုပ်သူ၊ အမိုးမိုးသူတို့နှင့် ဝိုင်းထိုးပေးကြသဖြင့် ကျယ်ဝန်းလှသော အလှူမဏ္ဍပ်ကြီး ပြီးမြောက်သွားခဲ့လေသည်။

"ကဲ - မဏ္ဍပ်ဆောက်ဝိုင်းဝန်းလုပ် အားပေးကြသူတိုင်း အိမ်မပြန်ကြပါနဲ့ ဦး။ အလှူရှင်က နေ့လယ်စာနဲ့ ဧည့်ခံ ကျွေးမွေးမှာဖြစ်လို့ အားလုံးစားသောက် ပြီးမှပဲ အိမ်ပြန်ကြပါ ခင်ဗျာ"

"ဟာ -အလှူရှင်ကကျွေးမွေးတဲ့ ဟင်းကတော့ရှယ်ပဲဗျာ။ သီးစုံပဲကုလား ဟင်းနဲ့ ငါးခြောက်ဗာလချောင်ကြော်က သိပ်လိုက်ဖက်တာပဲဗျာ။ ကျုပ်တို့အဖွဲ့ ကတော့ ကြိုက်လည်းကြိုက်လို့ဗိုက်ကား အောင်စားပြီးပြီဗျာ"

"စားကြပါကွာ၊ အားရပါးရစားကြ စမ်းပါ။ မင်းတို့အခုလိုအားပါးတရစား သောက်ကြတာမြင်ရတော့ ငါတို့အလှူ ရှင်အနေနဲ့လည်း ပျော်မိတယ်ဟေ့။ အလှူပွဲကြီးနေ့ကျမှပဲ ဟင်းလေးဟင်းနဲ့ အားပါးတရထပ်စားကြဦးပေါ့ကွာ"

အလှူပွဲကြီးနေ့တွင် နံနက်ခင်းမှ နေ့တစ်နာရီလောက်အထိ အလှူတရား နာကြွလာကြသည့် ဧည့်ပရိသတ်ကို လို လေသေးမရှိအောင် ဧည့်ခံကျွေးမွေးပေး ကြသည်။

"မကြာမီအချိန်မှာ အလှူတရား နာတော့မည်ဖြစ်ပါ၍ အားလုံး မဏ္ဍပ် တွင်းသို့ တရားတော်နာယူရန် ကြွ ရောက်ကြပါခင်ဗျာ"

သုံးကြိမ်မျှ အသံချဲ့စက်နှင့်တရား နာဖိတ်သဖြင့် အလှူတရားနာယူရန် စောင့်ဆိုင်းနေကြသူများ မဏ္ဍပ်တွင်းသို့ နေရာယူခဲ့ကြသည်။ ပင့်သံဃာများမှ အလှူတရားတော် ချီးမြှင့်ဟောကြားပေး ပြီး ပြုပြီးသမျှ အလှူကုသိုလ်အတွက် ရေစက်သွန်းချကာ အမျှအတန်းပေးဝေ ခဲ့ကြလေသည်။ မဏ္ဍပ်တွင်းမှ အလှူရှင် နှင့်တကွ တရားအတူတကွနာယူနေကြ သူတို့၏ အမျှပေးဝေသံများမှာ အထက် ဘဝဂ်သို့တိုင်ကြားနိုင်လောက်ပေသည်။ မြို့ကြီးများတွင် ထိုသို့ တက်ညီလက်ညီ မရှိကြပေ။ ကျွေးမွေးဧည့်ခံချိန်တွင် လက်မလည်အောင် ကျွေးမွေးကြရပြီး ပြီးသည့်အခါ တရားနာချိန်ရောက်လျှင် တရားနာရန်လူမရှိကြတော့။ တကယ် တော့ အလှူရှင်က တရားအတူတကွ နာယူနိုင်ရန် ဖိတ်ကြားခဲ့ခြင်းသာ ဖြစ် သည်။ အလှူက ကျွေးမွေးပေးသည်ကို စားသောက်ပြီး အလှူတရားမနာယူဘဲ ပြန်ကြရန်မဟုတ်ပေ။ ထိုသို့သာ ပြန်ကြ ပါလျှင် အလှူကုသိုလ်ရနိုင်ကြမည် မဟုတ်ပါပေ။

အေးဆောင်တို့၏မိဘများက ရှေ့ ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွား ခဲ့ကြပြီ ဖြစ်သည်။ ညီဖြစ်သူ အောင် မောင်းနှင့် နှမဖြစ်သူ ပန်းရီတို့မှာလည်း အရွယ်ရောက်ခဲ့ကြ၍ အိမ်ထောင်အသီး သီးပြုခဲ့ကြလေသည်။

"ကဲ - ငါ့ညီနဲ့ ငါ့နှမတို့၊ အိမ် ထောင်ပြုကြပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့ဖြစ် လာကြပြီဆိုတော့ မိဘတွေထားရစ်ခဲ့တဲ့ လယ်တွေ၊ နွားတွေကို အစ်ကိုကြီးကပဲ ခွဲဝေပေးရမှာပေါ့ကွယ်"

"အစ်ကိုကြီးကတော့ လက်ရှိနေ အိမ်မှာပဲနေမယ်။ မိဘတွေထားခဲ့တဲ့ လယ်မြေဧက သုံးဆယ်ကို ငါတို့ အညီ အမျှခွဲဝေပေးမယ်။ ငါ့ညီနဲ့ ညီမတို့က ကြိုက်တဲ့လယ်ပွဲ ဆယ်ဧကစီကို ပြော ကြပါ။ ကျန်တာကိုမှ အစ်ကိုကြီးယူပါ့ မယ်"

"ကျွန်တော်ကတော့ ရွာမြောက် ဘက်က လယ်ဆယ်ဧကကို ယူမယ် အစ်ကိုကြီး"

"ညီမလေးကကောကွယ်"

"ညီမလေးက ရွာတောင်ဘက်က လယ်ဆယ်ဧကယူမယ် အစ်ကိုကြီး"

"ဟုတ်ပြီ၊ ကျန်တဲ့ တောင်ခြေက လယ်မြေ ငါးဧကနဲ့ တောင်ဘက်က ငါး ဧကကို အစ်ကိုကြီးပဲလုပ်ပါ့မယ်ကွယ်။ နွားသုံးရှဉ်းရှိနေတော့ တစ်ဦးကို နွား တစ်ရှဉ်းစီခွဲဝေပေးမယ်။ ကျေနပ်ကြ တယ်မဟုတ်လား"

"ကျေနပ်ကြပါတယ် အစ်ကိုကြီး ရယ်"

အေးဆောင်မှာ လယ်ဆယ်ဧက ရခဲ့သော်လည်း ရွာတောင်ဘက်တွင် ငါး ဧကနှင့် တောင်ခြေနားတွင် ငါးဧက သဖြင့် ထွန်ယက်လုပ်ကိုင်ရသည် လယ်မြေဧကတစ်ကွဲစီဖြစ်၍ အနည်း ငယ် ကသီလင်တဖြစ်ရလေသည်။ သော်လည်း သူက အစ်ကိုအကြီး ဖြစ်နေသည် မဟုတ်ပါလား။ သူညီ နှမကို အကြီးပီပီ ဦးစားပေးကာ ခွဲ ပေးခဲ့လေသည်။

လယ်ဆင်းသည့်အခါ ရွာတော ဘက်ရှိ လယ်ငါးဧကကို ပထမပြီး အောင်လုပ်ရသည်။ ထိုလယ်ငါးဧ စိုက်ပျိုးသွားမှ တောင်ခြေမှ လယ် ဧကကို သွားလုပ်ရသည်။ ထိုတောင် လယ်ကို သွားလုပ်ရာတွင် တောင် ချောင်းကို ဖြတ်သန်းသွားရ၏။ နေလျှင် ရေလျော့အောင် ကြာကူး သည်အထိ စောင့်ဆိုင်းရလေသ



www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်တွင် မိုးကောင်းနေ၍ ရေမ သောကြောင့် လယ်ထဲမဆင်းနိုင် ရက်တွေလည်းရှိခဲ့လေသည်။

"မြမေရေ၊ ငါတောင်ခြေက ထဲဆင်းရင်တော့ ငါ့အတွက် နေ့ ပါ တစ်ပါတည်း ထုပ်ထည့်ပေး ကွာ"

"ဟင် - နေ့ခင်းစာကို အိမ်က ပို့ပေးမှာပဲဥစ္စာရှင်"

"ဟ - ချောင်းရေကြီးနေလို့ မကူး ဘယ်ပို့လို့ရမှာလဲကွ။ ဒီတော့ တတည်းက တစ်ခါတည်းထုပ် ပေးလိုက်ပါကွာ"

"မနက်စောစောကတည်းက ချက် ထည့်ပေးလိုက်ရင် ရှင်နေ့လယ် တော့ အေးစက်နေမှာပေါ့တော်"

"ဘယ်တတ်နိုင်ပါ့မလဲကွာ။ အဲဒီ တစ်ပါတည်းထုပ်ထည့်ပေးလိုက်တာ အသေချာဆုံးပဲကွ။ ရေကြီးနေ ပြဿနာမရှိတော့ဘူးမဟုတ်လား

အေးဆောင်တို့လည်း မိဘ၏ တ်လက်ရင်းလယ်ပွဲများကို မောင် ယောက် သင့်မြတ်စွာ ခွဲဝေလုပ် တောင်သူအလုပ်ဖြင့် အေးချမ်း လုပ်ကိုင်စားသောက်ခဲ့လေသည်။

"မြမေရေ၊ နွေစပါးပေါ်ပြီးရင် ရလာမယ့်သီးနှံတွေ ရောင်းရငွေ ငါတို့သားလေးကို သက်နှင်းဆီး တော့မယ်ထင်ပါတယ်ကွာ"

"အေးလေ၊ ဒါကြောင့် ရှင်လယ် ဂရုတစိုက်လုပ်ဖို့ တိုက်တွန်းပေး တာပေါ့ရှင်"

"အေးပါကွာ၊ အခု ရွာတောင် တ လယ်ငါးဧကစိုက်ပြီးသွားလို့ ောင်ခြေကလယ်ကိုတောင် ဆက် နေပြီပဲ"

အေးဆောင်လည်း အိမ်မှ မြမေ ပေးလိုက်သော နေ့လယ်စာထမင်း နှင့်တကွ တောင်ခြေရှိ လယ်ထဲသို့ စောထွက်လာခဲ့ရသည်။ တော်ရုံရေ နေလျှင်လည်း ဖြတ်ကူးလာရသည်။ ထဲရောက်လျှင် တစ်ဖက်ယပ် တဲထဲတွင် ထမင်းထုပ်ကို ချိတ်ထား ထယ်ကောက်ကာ လယ်ဆင်းနေရ သည်။

"ဟော- တောရကျောင်းကဆရာ တောင် ရွာထဲဆွမ်းခံကြွရာက သူ ရကျောင်းကို ပြန်ကြွလာပြီပဲ။ ဒါ နံနက်ဆယ်နာရီအချိန်လောက်ရှိ ငါလည်း တစ်မနက်လုံး ထယ်ထိုး နေခဲ့တာ ထယ်ဖြုတ်တော့မှပဲ"

အေးဆောင် ထယ်ထိုးရပ်ပြီး နွားနှစ်ကောင်ကို ထယ်မှဖြုတ်ကာ အစာစားနိုင်ရန် ကွင်းထဲလွှတ်ပေးထားလိုက်သည်။ ပြီးမှ ချောင်းထဲဆင်းလာကာ ရေချိုးလေသည်။ ပြီးလျှင် သူ့တဲသို့သွားကာ ချိတ်ထားသောထမင်းထုပ်ကို ဖြေ၍ နေ့လယ်စာစားသောက်လေသည်။ စားသောက်ပြီး ဆေးလိပ်သောက်ကာ ခဏတစ်ဖြုတ်နားနေပြီး ပေါက်တူးထမ်းကာ ထယ်ထိုးပြီးသော လယ်ကွက်များအား ကန်သင်းပေါက်နေလေသည်။

"အင်း - ငါ့လယ်ကွက်တွေက တောင်ခြေကုန်းကျတဲ့ လယ်ကွက်တွေဆိုတော့ ရေနေရေထိုင်ကောင်းအောင် နိမ့်နေတဲ့ ကန်သင်းတွေကို မြင့်မားအောင်ပေါက်ဖို့ပေးရမှာပဲ။ ဒါမှ ရေနေရေထိုင်ကောင်းပြီး စပါးပင်တွေလည်း သန်သန်ထွားထွားဖြစ်လာကြမှာပဲ"

လယ်များမှ စပါးထွက်ကောင်းသည်မှာ လယ်လုပ်ကိုင်သူအပေါ်မှာသာ အဓိကတည်လေသည်။ ဖြစ်ကတတ်ဆန်းနှင့် စိုက်ပြီးလျှင်ပြီးရောသဘောထားကာလုပ်ကိုင်ခဲ့ပါက အချိန်တန်တော့ စပါးက ရသင့်သလောက်မရနိုင်ပေ။ ထိုအခါ လယ်မြေပေါ်ကို အပြစ်ပုံချတတ်သည်။ လယ်မြေမကောင်းလို့ ကုန်းကျပြီး ရေမနေတော့ စပါးမကောင်းခြင်းဟု ဆင်ခြေပေးတတ်ကြသည်။

စပါးအထွက်ကောင်းစေလိုလျှင် မစိုက်ပျိုးမီ နွေအချိန်ကတည်းက စိုက်မည့် လယ်မြေထဲသို့ နွားချေးများ တိုက်ချပေးရသည်။ နွားချေးများသည် ကျွဲနွားများ စွန့်ပစ်သော သဘာဝမြေဩဇာဖြစ်သည်။ နွေအခါကတည်းက နွားချေးကြိုတင်ချထားလျှင် မိုးဦးကျအချိန်တွင် ထိုနွားချေးများ လယ်မြေထဲ ပျော်ဝင်သွားကာ ထယ်ထိုးထွန်မွှေလိုက်သောအခါ သဘာဝမြေဩဇာပြည့်ဝသော လယ်မြေဖြစ်လာသည်။ ထိုလယ်မြေမျိုး၌ စပါးစိုက်ပျိုးခဲ့လျှင် ပေါက်လာသော စပါးပင်များမှာလည်း သဘာဝမြေဩဇာကြောင့် မည်းမှောင်ကာထလာကြမည် ဖြစ်သည်။ အပင်သန်လျှင် အနှံအထွက်ကောင်း၍ စပါးများစွာသီးလာခြင်းကြောင့် စပါးထွက်ကောင်းလာမည်ပင် ဖြစ်သည်။

အေးဆောင်က နွေအချိန်က သူ၏တောင်ခြေရှိ လယ်ပွဲထဲသို့ နွားချေးများကို လှည်းနှင့်တိုက်ချနေလေသည်။

"ဟ - အေးဆောင်၊ မင်းနွယ်ကွာ အပင်ပန်းခံပြီး နွားချေးတွေတိုက်ချနေတာကိုးကွ။ ဒီလောက်ခေတ်မီနေတဲ့အချိန်မှာ ပုလဲဓာတ်မြေဩဇာတို့၊ ဆူပါတို့ ရှိနေတာပဲကွ၊ စပါးစိုက်ပြီးမှ အဲဒီမြေဩဇာတွေဝယ်ပြီး ပက်ပေးရင်ရတာပဲကွာ"

"အိုဗျာ၊ ဓာတ်မြေဩဇာပက်တာလည်း ပက်ပေးရမှာပေါ့ဗျာ။ ဒါပေမယ့် သဘာဝမြေဩဇာဖြစ်တဲ့ နွားချေးကိုတော့ ချပေးရမှာပဲလေဗျာ။ လယ်ထဲကို ချမပေးလည်း နွားချေးတွေက တင်းကုပ်ဘေးမှ အလဟဿဖြစ်နေတာမဟုတ်လားဗျ။ ဒီတော့ အလကားဖြစ်မယ့်အစား လယ်ထဲချပေးခဲ့တော့ စပါးထွက်ပိုရတာပေါ့ဗျာ"

"အေးပါလေ၊ မင်းက တယ်ပြီး အပင်ပန်းခံချင်တဲ့ကောင်ပဲ။ ချ၊ ချ မင်းတင်းကုပ်က နွားချေးမလောက်သေးရင် ငါ့အိမ်က တင်းကုတ်ဘေးကပါ လာတင်ယူပြီးချကွာ"

"ခင်ဗျားတကယ်ပြောတာလားဗျ"

"ဟကောင်ရာ၊ ငါကမင်းလိုအပင်ပန်းခံပြီးမှ မချတာဘဲကွာ။ ငါ့တင်းကုပ်ဘေးမှာ နွားချေးတွေတစ်ပုံကြီးရှိနေတာ မင်းကြိုက်သလောက်သာ တိုက်ချပါကွာ"

အေးဆောင်လည်း နွေဘက်၌ အားလပ်နေသဖြင့် ထိုနွားချေးများကိုပါ လှည်းနှင့်တိုက်ချပေးခဲ့လေသည်။

*

"မြမေရေ ထမင်းမြန်မြန်ထုပ်ပါဟ။ အနောက်တောင်မှာ မိုးတွေကမည်းမှောင်နေတာပဲ။ တော်ကြာ ချောင်းရေကြီးလို့ လယ်ထဲမသွားနိုင်ဘဲ ပြန်လာနေရပါဦးမယ်ဟာ"

"ပြီးပါပြီတော့်၊ ဟောဒီမှာထမင်းထုပ်"

အေးဆောင် နွားနှစ်ကောင်ကို သွက်သွက်ဒမောင်း၍ထွက်လာခဲ့သည်။ ထယ်ထိုးရက်က ပျက်၍မဖြစ်ပေ။ ရက်ပျက်များလျှင် လယ်စိုက်နောက်ကျမည်ဖြစ်၍ စပါးပင်ပွားချိန်နည်းလျှင် စပါးထွက်နည်းမည်ပင်။ တောင်ခြေ လယ်ငါးဧကတွင် နှစ်ဧကစိုက်ပြီးခဲ့ပြီ။ ကျန်သုံးဧကကို တစ်ချိန်တည်းစိုက်နိုင်ရန် သူကြိုးစားထွန်ယက်နေလေသည်။ ညနေဘက်တွင်တော့ မိုးအခြေအနေကြည့်ကာ ရွာသို့စောစောပြန်သင့်ကပြန်လေ

www.burmeseclassic.com

သည်။

"မြမေရေ့ မင်းကောက်စိုက်သုတ်သူကြီးဆီသွားပြီး နောက်လေးငါးရက်လောက်မှာ လယ်စိုက်ဖို့ ကောက်စိုက်မတို့ကို သွားချိန်းထားဦးလေ"

"ကောက်စိုက်မ ဘယ်နှယောက်လောက်ချိန်းခဲ့ရမှာလဲတော့"

"ကောက်စိုက်မ နှစ်ကျိပ်လောက်ချိန်းခဲ့ပေါ့ကွာ"

အေးဆောင်လည်း လယ်ထဲမသွားမီ ဇနီးသည်အား ကောက်စိုက်သုတ် ကြိုတင်ချိန်းရန် မှာကြားကာ လယ်ထဲထွက်လာခဲ့တော့သည်။ ချောင်းဖြတ်ကူးပြီး လယ်ထဲရောက်လာကာ ထယ်ကောက်၍ မောင်းနေတော့သည်။

'ဟာ - မိုးတွေမည်းမှောင်လာပါလား၊ ဒီနေ့တော့မိုးနေ့များလားပဲ။

ဟော - ပြောရင်းဆိုရင်းကို မိုးကြီးသည်းသည်းရွာချလာပြီပဲ'

အေးဆောင် မိုးရွာထဲတွင် ထယ်မောင်းနေရာမှ ချမ်းအေးလာသဖြင့် ထယ်မမောင်းနိုင်တော့ဘဲ ထယ်စောစောဖြုတ်ကာ နွားနှစ်ကောင်ကို အစာစားရန် ကွင်းထဲလွှတ်ပေးခဲ့ပြီး သူ့က တဲဆီသို့ လာခဲ့တော့သည်။

'မိုးတော်တော်အေးတာပဲ၊ မဖြစ်ဘူး။ ငါ တဲထဲမှာ မီးဖိုပြီးလှုံမှဖြစ်တော့မယ်။

အင်း - မီးလှုံတော့မှပဲ အအေးသက်သာသွားတော့တယ်။

ဟော၊ ချောင်းထဲမှာ ရေသံတွေကြားလာပါလား၊ ချောင်းရေကြီးလာပြီထင်တယ်။

ဟောဗျာ၊ တောရကျောင်းက ဆရာတော်ဟောင် ရွာထဲ ဆွမ်းခံကြွဖို့ မိုးရွာထဲမှာထွက်ကြွလာပါလား'

ထိုဆရာတော်လည်း လယ်ကန်သင်းအတိုင်း ကြွသွားနေလေရာ အေးဆောင် သူ့တဲထဲမှာ မီးလှုံရင်း လှမ်းမြင်နေရသည်။

'ဟင် - ဟိုတောရကျောင်းက ဆရာတော် ချောင်းရေကြီးနေလို့ ဖြတ်မကူးနိုင်တာနဲ့ ရွာထဲ ဆွမ်းခံမကြွနိုင်တော့ဘဲ သူ့ကျောင်းကို လှည့်ပြန်ကြွလာနေပါလား။

ဟာ - ဒီတောရဆရာတော်ဟာ ရွာထဲကို ဆွမ်းခံမကြွနိုင်ခဲ့ရင် နေ့ဆွမ်းဘယ်စားရပါမလဲ'

ရဟန်းသံဃာတို့မှာ ရွာမှ ဒကာ၊ ဒကာမများထံ ဆွမ်းခံကြွလေမှ ဆွမ်းနှင့် ဆွမ်းဟင်းရကြပြီး ဘုဉ်းပေးသုံးဆောင်နိုင်ကြမည် ဖြစ်သည်။ ဆွမ်းစားပြီးမှသာ မိမိတို့ ကျင့်ကြံအားထုတ်နေရသော တရားဘာဝနာများကို ရှုပွားနိုင်ကြမည်ပင် ဖြစ်သည်။

အေးဆောင် သူ့တဲထဲမှနေ၍ တောရဆရာတော် တဖြည်းဖြည်း ပြန်ကြွသွားနေသည်ကို မြင်တွေ့ရကာ ထိုဆရာတော် နေ့ဆွမ်းမရ၍ နေ့ဆွမ်းမစားရဖြစ်တော့မည်ကို တွေးပူမိလေသည်။

'ဟာ - ငါ့မှာ နေ့လယ်စာစားဖို့ ထမင်းထုပ်ပါလာခဲ့တာပဲ။ ဒီထမင်းထုပ်ကို ငါမစားဘဲ ဆွမ်းခံမကြွနိုင်တဲ့ ဆရာတော်ကို လောင်းလှူပေးရင်တော့ ဆရာတော်ဟာ နေ့ဆွမ်းပြည့်စုံနိုင်မှာပါလား။

အင်း - ဒါပေမယ့် ဒီထမင်းထုပ်က ငါ့အတွက် နေ့လယ်စာစားဖို့ယူလာခဲ့တဲ့ထမင်းထုပ်ပဲ။ တောရဆရာတော်အတွက် လောင်းလှူပေးလိုက်ရင် ငါနေ့လယ်စာစားရတော့မှာမဟုတ်ဘူး။

အို - ရဟန်းသံဃာတို့ဆိုတာ နေမွန်းမတည့်မီအချိန်မှာသာ ဆွမ်းစားကြရတာပါလား၊ မွန်းတည့်နောက်ပိုင်းမှာ စားလို့မှမရနိုင်တော့ပါလား'

အေးဆောင် သူ့အတွက် ယူလာခဲ့သော ထမင်းထုပ်ကိုကြည့်ကာ ထိုပြန်ကြွသွားနေသော ဆရာတော်အား လောင်းလှူပေးသင့်၊ မသင့် စဉ်းစားနေလေသည်။

'အို - ငါကလူပဲ၊ ထမင်းတစ်နပ်တလေမစားရလို့ သေမသွားနိုင်ပါဘူး။ ရေလျှော့သွားလို့ အိမ်ပြန်ရောက်ရင် အချိန်မရွေးစားနိုင်တာဘဲ။ ရဟန်းဝိနည်းနဲ့နေတဲ့ ရဟန်းသံဃာတွေကသာ အချိန်နဲ့စားကြရတာဆိုတော့ ငါထမင်းထုပ်ကို ငါမစားတော့ဘဲ ဆွမ်းခံမကြွနိုင်လို့ တောရကျောင်းကို သပိတ်ခွံပိုက်ပြီး ပြန်ကြွသွားတဲ့ရဟန်းအတွက် ဆွမ်းပြည့်စုံရအောင် ငါလောင်းလှူပေးလိုက်တော့မယ်'

အေးဆောင်လည်း သဒ္ဓါစိတ်ပေါက်ကာ သူ့ထမင်းထုပ်ကို လောင်းလှူပေးရန် တဲထဲမှ ပြေးထွက်၍ လိုက်လေသည်။

"ရပ်တော်မူပါဦးဘုရား။ ဟောဒီတပည့်တော်ရဲ့ထမင်းထုပ်ကလေးကို အရှင်ဘုရားနေ့ဆွမ်းအလို့ငှာ လောင်းလှူပေးပါရစေဘုရား"

အေးဆောင်မှာ ထိုရဟန်း၏ သပိတ်ထဲသို့ သူ၏ ထမင်းထုပ်ကလေးကို ရိုရိုသေသေလောင်းလှူပေးလိုက်တော့သည်။

"အိမ်း - သာဓု၊ သာဓု၊ သာဓုပါ ဒကာတော်။ ဒီဆွမ်းလောင်းလှူသောအကျိုးကြောင့် ဆွမ်းအကျိုးငါးပါးနဲ့ အမြန်ဆုံးပြည့်ဝပါစေ ဒကာတော်"

အေးဆောင်လည်း တည်ငြိမ်စွာ တောရကျောင်းသို့ ပြန်ကြွသွားနေသော ဆရာတော်အား လက်အုပ်ချီပြီး မျက်စိ တစ်ဆုံးကြည့်နေကာ ကြည်နူးပီတိဖြစ် နေခဲ့တော့သည်။

နောက်နေ့မနက် လယ်ထဲရောက် သောအခါ လယ်၏ မြောက်ဘက်ရှိ ညောင်ပင်ကြီးမှာ ညက လေတိုက်ခဲ့၍ လဲနေလေသည်။

"ဟာ - ညောင်ပင်ကြီးက ငါ့လယ် ထဲဘက်ကိုလဲကျခဲ့တာဆိုတော့ နေ့ခင်း ဘက်မှာ ခုတ်ဖြတ်ပြီး ရှင်းလင်းရဦးမှာ ပါလား။ အလုပ်တစ်ခုကပိုလာပြန်ပြီပဲ"

နေ့လယ်စာစားပြီး၍ ဓားကိုင်ကာ ညောင်ပင်ဆီသို့ လာခဲ့လေသည်။

"ဟင်"

"ညောင်မြစ်တွေကြားထဲမှာ မြေ အိုးကလေးတစ်လုံးပါလား။ ထုတ်ဆ လိုက်တာ ဖွင့်ကြည့်မှပဲ"

"ဟာ- ရွှေဒင်္ဂါးပြားတွေပါလား"

အေးဆောင်လည်း ထိုအိုးလေး ကို ပုဆိုးနှင့်ထုပ်ကာ ရွာသို့အမြန်ပြန် လာခဲ့တော့သည်။

"အဲဒီ ရွှေဒင်္ဂါးပြားတွေက မင်း ဘိုးဘေးတွေ တူးမြှုပ်သွားခဲ့တာပဲ ဖြစ် မယ်ပော့။ မင်းနဲ့ထိုက်တန်လို့ရခဲ့တာ ဆို တော့ မင်းအလှူလုပ်မှာနဲ့ အတော်ပြ သွားတာပေါ့ကွာ"

အေးဆောင်မှာ သူ့လယ်ထဲ ညောင်ပင်ကြီးမှရခဲ့သော ရွှေဒင်္ဂါး ကြောင့် နွေဘက်တွင် သူသားရှင် ပေးနိုင်တော့မည်ကို ဝမ်းသာခဲ့မိသည်။

"ဒီလိုဖြစ်လာတာဟာ ငါစား ထမင်းထုပ်ကို စေတနာရှေ့ထား လောင်းလှူပေးခဲ့တဲ့ အကျိုးကြော ဆွမ်းအကျိုးကို လက်ငင်းရခဲ့တာပဲ ဖြစ် မယ်"

နွေဘက်ရောက်လျှင် ရွှေဒင်္ဂါး ကို ထုခွဲရောင်းချပြီး အလှူကြီးပေး ဟု တွေးကာ တောရဆရာတော်ကို ထမင်းထုပ်လောင်းလှူပေးခဲ့စဉ်က ဆရာတော်မှ ဆွမ်းအကျိုးငါးပါး အမြန်ဆုံးပြည့်ဝပါစေဟူသော ဆု စကားသံကို သူပြန်လည်ကြား နေလေတော့သည်။

တင့်ထူး (...)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ် ဇွန်လ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကွင်းစဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်၊ နက္ခတ်ဇယားကို ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | နယုန်လဆန်း ၄ | ၁နွေ | ၆ | ဝဝး၂၆း၁၁ | * လာဘ |
| | | | ၇ | | * သိဒ္ဓိ |
| ၂ | ၅ | ၂လာ | ၇ | ဝ၂း၄ဝးဝဝ | △ မိတ္တူ |
| | | | ၈ | | △ ကာဏ |
| ၃ | ၆ | ၃ဂါ | ၈ | ဝ၅း၂ဝးဝဝ | * သိဒ္ဓိ |
| | | | ၉ | | □ ဝရ |
| ၄ | ၇ | ၄ဟူး | ၉ | ဝ၇း၅၁း၁၆ | △ ကာဏ |
| | | | ၁ဝ | | * အမြိတ္တ |
| ၅ | ၈ | ၅တေး | ၁ဝ | ဝ၉း၅၁း၂၆ | □ ဝရ |
| | | | ၁၁ | | △ ဥပါဒ် |
| ၆ | ၉ | ၆ကြာ | ၁၁ | ၁၂း၂၅း၄၃ | * အမြိတ္တ |
| | | | ၁၂ | | * လာဘ |
| ၇ | ၁ဝ | ၈နေ | ၁၂ | ၁၄းဝ၈း၃၄ | △ ဥပါဒ် |
| | | | ၁၃ | | △ မိတ္တူ |
| ၈ | ၁၁ | ၁နွေ | ၁၃ | ၁၅း၃၄း၄၄ | * လာဘ |
| | | | ၁၄ | | * သိဒ္ဓိ |
| ၉ | ၁၂ | ၂လာ | ၁၄ | ၁၆း၁၆း၁၆ | △ မိတ္တူ |
| | | | ၁၅ | | △ ကာဏ |
| ၁ဝ | ၁၃ | ၃ဂါ | ၁၅ | ၁၆း၂၄းဝဝ | * သိဒ္ဓိ |
| | | | ၁၆ | | ဝရ |
| ၁၁ | ၁၄ | ၄ဟူး | ၁၆ | ၁၆း၂၄းဝဝ | ကာဏ |
| | | | ၁၇ | | * အမြိတ္တ |
| ၁၂ | ○ ၁၅ | ၅တေး | ၁၇ | ၁၅း၅၂း၁၅ | □ ဝရ |
| | | | ၁၈ | | △ ဥပါဒ် |
| ၁၃ | နယုန်လဆုတ် ၁ | ၆ကြာ | ၁၈ | ၁၄း၅၁း၂၆ | * အမြိတ္တ |
| | | | ၁၉ | | * လာဘ |
| ၁၄ | ၂ | ၈နေ | ၁၉ | ၁၃း၃ဝးဝဝ | △ ဥပါဒ် |
| | | | ၂ဝ | | △ မိတ္တူ |
| ၁၅ | ၃ | ၁နွေ | ၂ဝ | ဝ၆း၂၃း၃ဝ | * လာဘ |
| | | | × | ၁၇း၃၇း၃ဝ | * သိဒ္ဓိ |
| | | | ၂၁ | | □ ဝရ |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၆ | ၄ | ၂လာ | ၂၁ | ၁ဝး၂ဝး၁၈ | △ ကာဏ |
| | | | ၂၂ | | * အမြိတ္တ |
| ၁၇ | ၅ | ၃ဂါ | ၂၂ | ဝ၈း၃၇း၃ဝ | □ ဝရ |
| | | | ၂၃ | | △ ဥပါဒ် |
| ၁၈ | ၆ | ၄ဟူး | ၂၃ | ဝ၇းဝ၇း၃ဝ | * အမြိတ္တ |
| | | | ၂၄ | | * လာဘ |
| ၁၉ | ၇ | ၅တေး | ၂၄ | ဝ၅း၃၇း၃ဝ | △ ဥပါဒ် |
| | | | ၂၅ | | △ မိတ္တူ |
| ၂ဝ | ၈ | ၆ကြာ | ၂၅ | ဝ၄း၁၅း၂၉ | * လာဘ |
| | | | ၂၆ | | * သိဒ္ဓိ |
| ၂၁ | ၉ | ၈နေ | ၂၆ | ဝ၃း၂၅း၄၃ | △ မိတ္တူ |
| | | | ဝ | | △ ကာဏ |
| ၂၂ | ၁ဝ | ၁နွေ | ဝ | ဝ၂း၂၁း၃၈ | * သိဒ္ဓိ |
| | | | ၁ | | □ ဝရ |
| ၂၃ | ၁၁ | ၂လာ | ၁ | ဝ၂းဝ၂းဝ၂ | △ ကာဏ |
| | | | ၂ | | * အမြိတ္တ |
| ၂၄ | ၁၂ | ၃ဂါ | ၂ | ဝ၂း၂၆း၂၆ | □ ဝရ |
| | | | ၃ | | △ ဥပါဒ် |
| ၂၅ | ၁၃ | ၄ဟူး | ၃ | ဝ၂း၅၃း၄၈ | * အမြိတ္တ |
| | | | ၄ | | * လာဘ |
| ၂၆ | ● ၁၄ | ၅တေး | ၄ | ဝ၃း၅၁း၂၆ | △ ဥပါဒ် |
| | | | ၅ | | △ မိတ္တူ |
| ၂၇ | ဝါဆိုလဆန်း ၁ | ၆ကြာ | ၅ | ဝ၅း၃၄း၁၇ | * လာဘ |
| | | | ၆ | | * သိဒ္ဓိ |
| ၂၈ | ၂ | ၈နေ | ၆ | ဝ၇း၃၃း၂ဝ | △ မိတ္တူ |
| | | | ၇ | | △ ကာဏ |
| ၂၉ | ၃ | ၁နွေ | ၇ | ၁ဝးဝ၂း၁၁ | * သိဒ္ဓိ |
| | | | ၈ | | □ ဝရ |
| ၃ဝ | ၄ | ၂လာ | ၈ | ၁၂း၂၆း၄ဝ | △ ကာဏ |
| | | | ၉ | | * အမြိတ္တ |

၂ဝ-နက္ခတ် = ၄၅ ယဋ္ဌိ
×- နက္ခတ် = ၃ဝ ယဋ္ဌိ
၂၁ -နက္ခတ် = ၄၅ ယဋ္ဌိ
ဖြင့် တွက်သည်

* = အဝင်နက္ခတ် ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၁၃-၆-၂ဝ၁၄ နံနက် ၁ဝး၅၄း၃၃ တွင် လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com





(၁)

စာမျက်နှာဟောင်းတွေကို နောက်ကြောင်းပြန်ပြီး ငဲ့စောင်းကြည့်မိလိုက်တော့ နှစ်လုံး၊ သုံးလုံး ဆိုတဲ့ လောင်းကစားနယ်ပယ်မှာ ရေစုန်နစ်ခဲ့သူတွေ ဒုနဲ့ဒေးပေါ့။ ဘဝပျက် အသက်ပါစတေးခံခဲ့ရသူတွေ၊ လောဘကြောင့် ဒေါသနောက်ကောက်ကောက်ပါပြီ။ ထောင်နန်းစံရသူတွေဆိုတာကလည်း အနမတဂ္ဂပါပဲ။

ဘဝပေးကုသိုလ်ကံမပါဘဲ ချမ်းသာချင်သူတွေအတွက် ဖြတ်လမ်းဟာ ပန်းခင်းလမ်းမဟုတ်ဘဲ ဆူးကြလမ်းဖြစ်သွားရတာတွေကလည်း မကြားချင်၊ မမြင်ချင်အဆုံး ဆိုပါတော့။ အတိတ် ဆိုတာကလည်း အရိပ်လိုမျိုး ကပ်ပါလာတတ်တာပါ။ ကောင်းတာလုပ်ခဲ့ရင် ကောင်းတဲ့ပုံရိပ်တွေ ထင်လာတတ်ပြီး မကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်စရိုက်ဆိုးအမျိုးမျိုးတွေနဲ့ ကြုံခဲ့ဆုံခဲ့ကျင်လည်ခဲ့ရသူတွေဖို့မှာတော့ အကုသိုလ်အရိပ်မည်းကြီးက ထက်ကြပ်မကွာ နွားခြေရာနောက်က လှည်းဘီးပမာ လိုက်ပါလာတတ်တယ် ဆိုတာကိုလည်း သိထားရပေမှာပေါ့။

ဒီတော့ကာ မြေပုံအမှားနဲ့ လျှောက်ကြုံလိုက်ပြီး ရတနာသိုက်ကို ရှာချင်လို့တော့ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဆိုတာကိုလည်း ဘာသာစဉ်းစားကြည့်ကြပါလို့။



www.burmeseclassic.com

www.burmeseclassic.com

# လမ်းနှစ်သွယ် အလွယ်မလိုက်ပါနဲ့

လမ်းနှစ်သွယ် အလွယ်မလိုက်ပါနဲ့

ပန်းမြိုင်လယ်-စိန်ဝင်း



(၂)

"ကြီးပွားချမ်းသာချင်လွန်းလို့ပါဗျာ"

ရယ်လို့ ဆိုဆိုနေတဲ့ ကျုပ်တို့ရွာသား သူငယ်ချင်းယောက်ဖ ကိုမောင်ထယ်ဆိုသူရဲ့အကြောင်းကို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပြီး ပြောပြလိုက်ချင်တာပါပဲ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းဆိုတဲ့စကားလုံးကိုသုံးလိုက်ရတာလည်းအကြောင်းရှိပါတယ်။ ဆိုခဲ့တဲ့ ကိုမောင်ထယ် ဆိုသူဟာ ကျုပ်တို့နဲ့ တစ်ချိန်ကတော့ တစ်ရွာတည်းနေ၊ တစ်မြေတည်းနင်း၊ တစ်ရေတွင်းတည်း အတူသောက်လို့ စောက်ကမ်းပါးတနေ့ ချောင်းထဲခုန်ချပြီး အတူရေကူးခဲ့ဖူးတဲ့ ယောက်ဖနှစ်ဝမ်းကွဲတော်သူဆိုတော့ နည်းနည်းပါးပါးညာညာတာတာတော့ ရေးရပေမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာချင်လွန်းလှတဲ့ယောက်ဖ မောင်ထယ်ရဲ့ သတင်းစကားကြားလိုက်ရပြီဆိုလို့ကတော့ မနိုင်ရင်ကန်လို့ဆိုရမလား၊ မချိမဆံ့ပါပဲဗျာလို့ပြောရမလား၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်တဲ့လူစားလို့ပဲ စွပ်စွဲလိုက်ရလေမလား တစ်ခုခုတော့ဖြစ်မှာ သေချာနေတာ အမှန်ပါ။

ဟိုး. . . တစ်ခေတ်တစ်ခါတုန်းကတော့ ဒီရွာထဲမှာ ဗဟုသုတအကျိုးအပဲ့နဲ့ အတန်းပညာကလည်း ခနီးခနဲ့ဆိုသလို ပညာခရီးတစ်ပေါင်ကျိုးလို့ နောက်ကြောင်းကို တပ်ခေါက်ပြန်ခဲ့ရတဲ့ သူတွေထဲမှာ ကိုမောင်ထယ်လည်း ပါခဲ့တယ်လို့ ဆိုပါတယ်။ ဒါကိုတောင် သူ့ကိုယ်သူ လူတတ်ကြီးလုပ်လို့ ရွာသားတွေကလည်း ကိုမောင်ထယ်ရဲ့ဖောထဲမှာ မျောပါတတ်ကြတာကလား။

အခုတော့ ကျုပ်တို့ရွာမှာလား၊ ဆယ်တန်းအောင်တွေ၊ ဘွဲ့ရပညာတတ်တွေဆိုတာ ဖောထေးလို့ရှိနေခဲ့ပါပြီ။

ကိုမောင်ထယ်မှာ သူ့ရဲ့မွေးရာပါဗီဇအရ အလွန်ချမ်းသာကြီးပွားချင်တဲ့စိတ်တွေဟာ ဖိဖိစီးစီးလွှမ်းမိုးလို့နေပါတယ်။ ဒါကြောင့် ချမ်းသာကြီးပွားမယ်လို့ ထင်မြင်ယူဆရင် အလုပ်မရွေးပါဘူး။ ဆူးကြမ်းတဲ့လမ်းကိုလည်း လိုက်ရဲတယ်။ ရတနာသိုက်သာရှာရမယ်ဆိုရင် ကျားရဲပေါ်တဲ့ သားရဲတောကိုလည်း တိုးရဲတယ်။ အကယ်၍များ အဏ္ဏဝါရေအောက်မှာ ကျောက်သံပတ္တမြားတွေ စိန်တွေစီခြယ်ထားမယ်ဆိုပြန်ရင်လည်း အဝီစိနယ်ရောက်အောင် ဆင်းငုပ်မယ့်လူစားပါပဲ။

ကြီးပွားချမ်းသာရေးကို ဖော်ပေးထားတဲ့ မန္တန်တွေ၊ ဂါထာ၊ မန္တရားတွေဆိုလည်း လိုချင်တပ်မက်မှု ရမ္မက်မျှော်လင့်ချက်တွေတစ်လှေကြီးနဲ့ ရွတ်လိုက်ဖတ်လိုက်ရတာကလည်း အမောပါပဲ။ သတ်ပုံတွေ၊ ဌာန်၊ ကရိုဏ်းကျတာ၊ မကျတာကိုသူသတိမထားပါဘူး။ ဘုရား တရား၊ သံဃာ ဆိုတဲ့ရတနာမြတ်သုံးပါးကို အလေးအမြတ်ထားပြီး ကြည်ညိုမှုထက် ကြီးပွားချမ်းသာချင်လွန်းလို့ပါဗျာ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွတ်ဖတ်နေတာဆိုတော့ကာ အကျိုးလိုလို့ ညောင်ရေလောင်းနေတာပဲပေါ့။

အိမ်က ကျောက်ဆင်းတုဘုရားပဲ ခေါင်းညိတ်ရလေမလား။ (၃၇) မင်း ပန်းမကိုင်ဘဲ ကျလာပြီး ဘိုးတော်တွေ၊ မယ်တော်တွေ၊ အိမ်တွင်းအုန်းတွေကိုလည်း ခတ်လိုက်ရတဲ့ယပ်ဆိုတာ အအေးပတ်လို့ နားငြီးနေလောက်ပါပြီ။ တောင်းလိုက်ရတဲ့ ဆုတွေဆိုတာလည်း တသီကြီးပါပဲ။

'နေအထွက်မှာ ရွှေခွက်နဲ့ ငွေတွေ အပြည့်ခပ်ပေးပါ' တို့၊ 'ဘယ်ဘက်က တစ်ဆုပ်ကြဲလို့ ညာဘက်က တစ်လှည်း ဝင်ပါစေ'တို့၊ 'စိန်၊ ရွှေ၊ ငွေရတနာတွေ ဒီရေအလား တိုးတက်ပွားများလို့ ကြီးပွားချမ်းသာပါစေ' တို့ ဆိုတာတွေဟာ မရိုးမအီရအောင်လို့ လှည့်ပတ်တောင်းနေတတ်တာမျိုး။ သူပြောတဲ့စကားက -

'ဆုဆိုတာတောင်းပေးရတယ်ကွ။ များများတောင်းပေးမှ တန်ရုံလောက်ရတတ်တာ။ ဟိုကွာ၊ ငိုတတ်တဲ့ကလေး နို့စို့ရတယ် ဆိုသလိုပေါ့တဲ့' မှတ်ကရော။

လက်တို့ပြီးတော့ ပြောရဦးမယ်ဆိုသလို ကိုမောင်ထယ်ရဲ့ အိမ်နံရံတွေမှာကပ်ထားတဲ့ပုံတွေကို မှတ်မိသလောက်ပြန်ပြောချင်တာပါ။ လူဝဝကြီးနဲ့ မုတ်ဆိတ်မွေးတွေ ဗရပွဖြစ်နေတဲ့ပုံမှာ ပျားအုံကြီးဖွဲ့ပြီးနေတဲ့ ပန်းချီကားကြီးက ခံ့ခံ့ထည်ထည်ပါ။ ပျားစွဲသောမုတ်ဆိတ်ဆိုတဲ့ စာတန်းကြီးက အထင်းသား။ ပြီးတော့ ဆီကိုရေချိုး၊ ဆေးရိုးမီးလှူ၊ စပါးတောင်လိုပုံဆိုတဲ့ ပန်းချီကားတွေ၊ လက်တွေအများကြီးနဲ့ ငွေဒင်္ဂါးတွေ၊ ရွှေဒင်္ဂါးတွေ ကြဲချနေတဲ့ လက္ခမီးမယ်တော်ရဲ့ ရုပ်ပုံပန်းချီကားတွေဟာ နံရံအသီးသီးမှာ နေရာယူထားကြလေရဲ့။

ဗေဒင်ယတြာတွေဆိုတာလည်း မေးလိုက်၊ ချေလိုက်။ ကြီးပွားချမ်းသာမယ်၊ တိုးတက်မှုရှိမယ်၊ အောင်မြင်မယ်၊ ငွေတွေအစုလိုက်အပုံလိုက်ဝင်မယ်လို့ များ အနံ့ပေးပြီး မြှောက်ပင့်လို့ ကိုမောင်ထယ့် အကြိုက်လိုက်ပြီး ဟောတတ်တဲ့ဗေဒင်ဆိုရင်တော့ -

'မှန်လိုက်တာဆရာရယ်၊ ဟုတ်ပ့ါ ဆရာကြီးရယ်၊ အားကိုးပါတယ် ဆရာသမားရှယ်' ဆိုပြီး ဆရာချင်းကို မိုးမွှန်နေတော့တာပါ။

အဲ - ဗေဒင်ရဲ့အမှန်အကန်အမြင်နဲ့အရှိကို အရှိအတိုင်းဟောတတ်တဲ့ ဗေဒင်ဆရာလိုတိကျတဲ့လူမျိုးနဲ့တွေ့ပြီး အမှုအခင်းတွေနဲ့ ရင်ဆိုင်ရတတ်တယ်၊ မဟာဇနက သင်္ဘောပျက်ကိန်းနဲ့ ကြုံရတတ်တယ်၊ အိုးပျက်အိမ်ပျက်ကိန်းမြင်တယ်၊ ခိုက်ရန်ဒေါသနဲ့ သွေးထွက်သံယိုဖြစ်တတ်တယ်၊ အညံ့ထဲကိုရောက်နေတယ်လို့ အရှိကိုအရှိအတိုင်း၊ အမြင်ကို အမြင်အတိုင်း ဟောတတ်တဲ့ ဗေဒင်ဆရာမျိုးဆိုရင်တော့ တယ်မကြိုက်ချင်တော့ဘူး။ ကောင်းကွက်မပါရင် စိတ်မကြည်လင်သလို ယုံကြည်ကြည်ညိုစိတ်တွေပါ ကင်းမဲ့လာတတ်တယ်။ ဖြစ်ချင်တာကတခြား၊ ဟောကိန်းကတခြားဆိုရင်တော့ အဆိုနဲ့ အတီးမကိုက်သလိုကီးမကိုက်တော့ဘူးလေ။ ဆိုရရင်တော့ ရေတောင်တိုက်ချင်စိတ်မရှိတော့ပါဘူး။ ကိုမောင်ထယ်ကိုယ်တိုင်က အင်းမလှုပ် အဲမလှုပ်နဲ့ဆိုတော့ ဗေဒင်ဆရာလည်း ခပ်ကုပ်ကုပ်ပဲပြန်သွားရတာမျိုးပါ။

ကိုမောင်ထယ်ဟာ လက်လှမ်းမီသလောက် စာတော့ဖတ်ပါတယ်။ ဂမ္ဘီရဆန်တဲ့ မဂ္ဂဇင်းတွေဆို ပိုပြီးနှစ်သက်တယ်။ စာဖတ်တော့လည်း ဗဟုသုတတွေရှိတန်သလောက်တော့ရှိနေတာပေါ့။ သူ့စကားအရ ပြန်ပြောပြရရင်တော့။

(၃)

ကျုပ်ကတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကြီးပွားချမ်းသာလာမယ်ဆိုတာကို ယုံကြည်နေတယ်ဗျာ။ ယုံကြည်မှုဟာ ဘယ်လောက်တောင်စွမ်းသလဲလို့ဆိုရင် ကျုပ်တို့မြတ်စွာဘုရားအလောင်းတော်ရဲ့မာတင်္ဂဇာတ်ကို ပြန်ကြည့်လိုက် ဒိဋ္ဌမင်္ဂလိကာဆိုတာက တကယ့်ကိုချောမောလှပလွန်းတဲ့ သူဌေးသမီးတစ်ယောက်ပါ။ အဲဒီသူဌေးသမီးနဲ့ မာတင်္ဂလို သူတောင်းစားဆိုတာ ဘယ်လိုမှမအပ်စပ်နိုင်သလို မိုးနဲ့မြေလိုကွာခြားလွန်းလှပါတယ်။ ဒါပေမယ့် မာတင်္ဂက ဒိဋ္ဌမင်္ဂလိကာကို မရ ရအောင်ယူမယ်လို့ ဆုံးဖြတ်လိုက်ပြီး သူ ရကိုရရမယ်ဆိုတာကိုလည်း ယုံကြည်နေတာပါ။ ဒီတော့ မရ ရအောင် ကြိုးစားယူခဲ့တယ်၊ အများအမြင်မှာ ဘယ်လိုမှမဖြစ်နိုင်တာကို လက်တွေ့မှာ ဖြစ်နိုင်အောင် ဇွဲနဲ့ကြိုးစားလိုက်တယ်။ နောက်ဆုံးမှာတော့ သူဌေးသမီးကို သူတောင်းစားက သိမ်းပိုက်နိုင်ခဲ့တယ်။ ဒါတွေဟာ ယုံကြည်မှုရဲ့စွမ်းအား၊ ယုံကြည်မှုရဲ့အကျိုးသက်ရောက်မှုပဲ။ ဒါ့ကြောင့် ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျုပ်ကတော့ တစ်ချိန်မှာ ချမ်းသာတဲ့လူတစ်ယောက်ဖြစ်ကို ဖြစ်စေရမယ်ဗျာတဲ့။

ကဲ - အဲဒါကိုသာကြည့်ပါတော့၊ ကိုမောင်ထယ်ဟာ တကယ့်ကို တစ်ဇွတ်ထိုးသမားပါ။ ဆန္ဒရဲ့ယုံကြည်ချက်ကို ဦးစားပေးပြီး ရှေ့တန်းတယ်တယ်။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ လုပ်သင့်၊ မလုပ်သင့် ဆိုတာတွေကို မစဉ်းစားဘူး။ ဟိုး သူ ပြောလိုတဲ့ မာတင်္ဂ ဆိုတာက ပါရမီရင့်



www.burmeseclassic.com

www.burmeseclassic.com

သန်နေတဲ့ ဘုရားအလောင်းတော် ဆိုတာကို သူသတိမထားဘူး။ စိတ်ကူးနဲ့ ရည်ရွယ်ချက်တွေကတော့ မှန်ပေတာပေါ့ဗျာ။ ဒါပေမယ့် တကယ့်လက်တွေ့ လုပ်ဆောင်ချက်တွေကတော့ အံမဝင်တော့ ခွင်မကျဘူးဖြစ်နေတော့တာပေါ့။

တစ်နေ့မှာတော့ သူ့အကြောင်းကို အတွင်းသိအစင်းသိတဲ့ ဗေဒင်ဆရာတစ်ယောက် ရောက်လာပါလေရော။ ကျောက်သင်ပုန်းတစ်ချပ်နဲ့ တဒေါက်ဒေါက်တွက်တော့တာပါပဲ။ သူ့ရဲ့ အတိတ်အကြောင်းတွေ၊ စိတ်ဓာတ်တွေကို အတော်များများလေ့လာပြီးမှ ဟောကိန်းချပြတဲ့ ဗေဒင်ဆရာဆိုတော့ကာ အတိတ်က ဖြစ်ရပ်တွေဟာ ကွက်တိကျနိတ်ချက်နဲ့ လက်ဖျားခါရလောက်အောင်ကို မှန်နေတာ ဆိုတော့ -

“မှန်လိုက်လေ ဆရာရယ်၊ ဆရာ့ကိုအကြွင်းမဲ့အားကိုးပါတယ်ဗျာ။ ဆရာ့လိုဆရာမျိုးဟာ ဇမ္ဗူမှာတစ်လူလို့ဆိုရမလို့ ရှာမှရှားပါပဲဗျာ။ ဟိုဗျာ ကျွန်တော်ဖတ်ဖူးတဲ့စာထဲကဗျာ၊ ကောဏ္ဍညပုဏ္ဏားဟာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မွေးစကာလကတည်းက ဗေဒင်တွက်ချက်ပြီး ဘုရားစင်စစ်ဧကန်ဖြစ်ရမယ်လို့ လက်ညှိုးထောင် ဟောကိန်းထုတ်ခဲ့တယ်နော်။ သူတွက်ချက်ထားတဲ့အတိုင်း အမှန်အကန် ဘုရားစင်စစ်ဧကန်ဖြစ်ရမယ်လို့လည်း ယုံကြည်နေတာတော့ အမှန်အကန်ပေါ့။ ဖခင်ဘုရင်ကြီးက ထီးမွေနန်းလျာ ဆက်ခံမယ့်ဘုရင့်သားလိုချင်တာ။ တခြားပုဏ္ဏားဖြူပုဏ္ဏားညိုတွေကတော့ စကြဝတေးမင်းဖြစ်မယ်ဘာညာဆိုတော့ အကြိုက်တွေ့ပြီး ဆုတော်လာဘ်တော်တွေတောင် ချီးမြှင့်လိုက်သေးတာ။ အခုတော့ ဖြစ်စေချင်တာနဲ့ ဖြစ်မှာတခြားစီဆိုတော့ ကောဏ္ဍညပုဏ္ဏားကို ကြိမ်းမောင်းပြီး မောင်းထုတ်တောင်ခံရတာပေါ့ဗျာ။

ဒီတော့ ကောဏ္ဍညဟာ သူ့ဟောကိန်းကို ယုံတယ်။ ဒါကြောင့် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တဲ့အခါ ပထမဦးဆုံး တရားဦးနာကြားနိုင်အောင်လို့ တောထဲမှာ တရားကျင့်ရင်းနဲ့ ကြိုတင်ပြီး နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့တယ်လေ။ ကောဏ္ဍညကိုယ်တော်ကြီး ယုံကြည်တဲ့အတိုင်းလည်း တကယ့်ကိုပဲ ဘုရားဖြစ်လာခဲ့တယ်မဟုတ်လား ဆရာရယ်။ ပြောရမယ်ဆိုရင် ဒါဟာ ယုံကြည်မှုရဲ့အာနိသင်တစ်ခုပဲပေါ့ဗျာ”

ဗေဒင်ဆရာဟာ ကိုမောင်ထယ်



ကိုကြည့်ပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေပါတယ်။ သူ့စိတ်ထဲမှတ်ချက်ချလိုက်တာကတော့ ကိုမောင်ထယ်ဆိုသူဟာ တကယ်တော့ ‘ခေသူမဟုတ်’ လို့ဆိုတဲ့ လူတစ်ယောက်အဖြစ် ထင်လိုက်မိတာတော့ အမှန်ပဲပေါ့။ တကယ်တော့ သူငွေးရှူးနဲ့ ဆရာလေ့လူး တွေ့နေကြတာပါပဲ။

(၄)

“ဆရာက အခါတွေပေးတယ်။ မကောင်းတာတွေကိုဘေးဖယ်ပြီး ကောင်းကွက်တွေကိုပဲ ရွေးချယ်လို့ဟောတယ်။ မဟာဇနကမင်း သင်္ဘောပျက်ကိန်းရှိတယ်ဆိုတာတွေက ပြီးသွားပြီ။ အခုတော့ မဏိမေခလာနတ်သမီး ကယ်ဖို့ကိန်းနဲ့ ကြုံနေပြီဆိုတော့ကာ ခင်ဗျားမြေကြီးလက်ခတ်မလွဲ ကျိန်းသေကြီးပွားချမ်းသာတော့မယ်ဗျာ။ ရေပေါ်အရုပ်ရေးရင်တောင် အရာထင်လာတော့မှာ။ တဲ့တိုးပြောရရင်တော့ဗျာ ခင်ဗျားကျိန်းသေ သူဌေးဖြစ်ကိန်းရှိနေပြီဗျာ။ မဟုတ်ရင် ခင်ဗျားကိုယ်တိုင် ကျုပ်ဇက်ကိုလာဖြတ်လှည့်”

ဒီလိုအာမခံရဲရဲနဲ့ ဟောချက်တွေကို ကြားလိုက်ရတော့ ကိုမောင်ထယ်ဟာ ဝမ်းသာလွန်းလို့ ကြွက်သီးဖြန်းဖြန်းတောင်ထသွားတယ်ဆိုပဲ။ မစားရသေးပေမယ့် ရင်ထဲမှာပြည့်ဝပြီး အလွန်ကိုသဘောကျကျေနပ်နေတော့တာပေါ့။ ဗေဒင်ဆရာအခါပေးတဲ့အတိုင်း အရင်းအနှီးရှိတာလေးတွေစုဆောင်းပြီး သုံးလုံးချဲထီကို ကော်မရှင်စားလည်းရောင်းတယ်။ ထိုးလည်းထိုးတယ်။ လောဘတတ်တဲ့ထိုးသားတွေကလည်း အိပ်မက်တွေ၊ အတိတ်စိမ်းတွေ၊ စိတ်ရောဂါသည်ပေး၊ သဘင်သည်ပေး၊ ကလေးပေးတဲ့ ဂဏန်းတွေကို ဟုတ်နိုးနိုးနဲ့ ထိုးလိုက်ကြတာ။ တစ်ထောင်မှာ ကိုးရာကိုးဆယ့်ကိုးယောက်လောက်ဟာ ဒုက္ခသုက္ခတွေရောက်တုန်ကြတယ်။

သူတို့ကို နောက်ပြောင်ပြောတဲ့ ‘တစ်လုံးနှစ်ခါတ’ ဆိုတဲ့ အတိတ်စမ်းဟာ တစ်လနှစ်ခါတုန်တဲ့ကိန်းဆိုက်နေကြပြီပဲ။ ဒီနေရာမှာ လူတွေဟာ လောဘသားတွေပါလား ဆိုတာကို သတ်သေပြစရာအခြားမှာ သွားရှာစရာမလိုပါဘူး။ ကော်မရှင်စားကနေ တစ်ဆင့်တက်ပြီး ဒိုင်ကိုင်တဲ့ ကိုမောင်ထယ်ဟာ ဗေဒင်ဆရာအားကိုးနဲ့ ကြီးပွားချမ်းသာချင်တော့ ဆင်ကန်းတောတိုးပြီး ထိုးသားတွေထိုးသမျှကို အောဗိုင်အဖြစ် လက်ခံတယ်။ ထိုးတဲ့ ထိုးသားတွေကလည်း ပေါက်လိုက်ရင် အဆင်းရာဆိုတဲ့ မြိန်မြိန်ရှက်ရှက် ငါးစာကို တပ်မက်တယ်။ ဆိုရရင်တော့ ထိုးသားတွေရော ဒိုင်ပါနှစ်ဦးစလုံးဟာ ငါးစာသာမင်ပြီး ငါးမျှားချိတ်ကို မမြင်ကြပါဘူး။ မျက်ကန်းတစ္ဆေမကြောက်သလို လောဘသလ္လာဖုံးပြီး ကိုယ့်အတွက်နှင့်ကိုယ် လေထဲတိုက်အိမ်ဆောက်နေကြသူတွေချည်းပါပဲ။

တစ်ဖက်ကမ်းပြို တစ်ဖက်သောင်ထွန်းဆိုသလို ထိုးသားတွေ မွဲပြာကျလာတာနဲ့အမျှ ကိုမောင်ထယ်တို့ကတော့ ပြောင်ပြောင်ရောင်ရောင်လေးဖြစ်လာတယ်။ ဒါပေမယ့် ပုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဆိုသလို ကြက်ကန်းဆန်အိုးတိုးလို အောထိုးတဲ့ ထိုးသားတစ်ယောက်ရဲ့ ပေါက်ချက်ဟာ ကိုမောင်ထယ်အဖို့တော့ မွဲပြာကျတဲ့ကိန်းဆိုက်တော့တာပါပဲ။ စားထားခဲ့သမျှတွေအပြင် မူလက ရှိရှိသမျှသော စည်းစိမ်အိုးအိမ်၊ ခြံမြေတွေ၊ ပိုက်ဆံတွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေအကုန်လုံး ထိုးလျော်တာတောင်မှ တစ်ဝက်လောက် ကြွေးကျန်နေသေးတာဆိုတော့ သွားပြီပေါ့။

ဒီတော့ ကိုမောင်ထယ်တို့ မိသားစုတစ်စုလုံး အိုးမဲ့အိမ်မဲ့၊ အခြေအနေမဲ့နဲ့ ဘဝပျက်ခဲ့ရပြီ။ စားတုန်းကတော့ ပြုံးပြုံးလေးနဲ့ မြိန်မြိန်ရှက်ရှက်စားခဲ့ပြီး အခုလို လျော်တဲ့အလှည့်ကျတော့ တောင်တောင်ဤဤနဲ့ဖြစ်နေတော့တာ။ သတ်မယ်ဖြတ်မယ်၊ လည်လှီးပြီး မြစ်ထဲမျှောပစ်မယ်ဆိုသူတွေကလည်း ကြိမ်းကြိမ်းမောင်းမောင်း။

ပြီးတော့လည်း လောင်းကစားမှုနဲ့ နာမည်ကြီးလို့ သက်ဆိုင်ရာက ဖမ်းဆီးဖို့ဆိုတဲ့သတင်းကိုလည်း ကြားရော ကိုယ်လွတ်လက်လွတ် ညီမတွေအားကိုးနဲ့ ရန်ကုန်ဘက် တက်ပြေးခဲ့ရပါတော့



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါတွေကြောင့် ကိုမောင်ထယ်တို့ သတင်းများ ကြားလိုက်ရပြီလားဆိုရင်တော့ မနိုင်ရင်ကန်လို့ဆိုတာ ဘာလွန်တာမှတ်လို့။

အခုတော့ ပြောင်ပြောင်ရောင်ရောင်ဘဝကနေ ပြောင်တလင်းခါခဲ့ရပြီပေါ့။ ကိုမောင်ထယ်တို့ပြေးခဲ့ရတုန်းက ဆို တန်ဖိုးရှိပစ္စည်းအားလုံးထားခဲ့ရပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အထုပ်လေးတစ်ထုပ်သာပါခဲ့တာပါ။ အဲဒီအထုပ်လေးဟာ ကိုမောင်ထယ်အဖို့တော့ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာထုပ်လို့ဆိုပါတယ်။

ကိုမောင်ထယ်ပြောတဲ့ ရတနာအထုပ်ဆိုတဲ့အထဲမှာ စိန်၊ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေ တစ်ရွေးသားမှမပါပါဘူး။ ပိုက်ဆံတွေလည်း မဟုတ်ပေဘူး။ ထူးထူးခြားခြားဖြစ်တယ်လို့ ခံယူမိပါရဲ့။ နောက်ဆုံးလက်နက်အဖြစ် အားကိုး ကူကယ်ရာဟာ ဘုရားတစ်ပါး အခြားမရှိဆို တဲ့ခံယူချက်အတွေးနဲ့ အိမ်မှာထားပြီး ကိုးကွယ်လာတဲ့ ရှင်တော်မြတ်ဘုရားရဲ့ ကိုယ်ပွားရုပ်တုတော်ကို ထုပ်ပိုးပြီး ယူသွားခြင်းပါပဲဗျာ။

(၅)

တချို့ကပြောကြတယ်။ 'သေချင်တဲ့ကျား တောပြောင်း' တဲ့။ ကျုပ်တို့ ကိုမောင်ထယ်ကတော့ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားဖို့ ကြိုးစားခဲ့တယ်။ ဂျာနယ်တွေ၊ စာအုပ်တွေကို လက်ပွေ့ပြီး လိုက်ရောင်းတယ်။ သူများမျက်ခုံးမွေးပေါ် စကြီလျှောက်ပြီးစားခဲ့တုန်းက မနက်ထမင်းတစ်နပ်၊ ညထမင်းတစ်နပ်စားနေရတာပါ။ ခုလိုကောင်းကောင်းမွန်မွန်လုပ်ကိုင်စားတော့လည်း မနက်ထမင်းတစ်နပ်၊ ညထမင်းတစ်နပ်စားနေရတာပါပဲ။ ဒါကို သူတွေးမိပြီး လျှောက်လှမ်းခဲ့ရတဲ့ လမ်းနှစ်သွယ်ကို ချိန်ထိုးကြည့်မိတယ်ပေါ့။

သမ္မာအာဇီဝ ကောင်းသောအသက်မွေးခြင်းဆိုတဲ့လမ်းပေါ်မှာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာအထုပ်ကို ဦးထိပ်ရွက်ပြီး လျှောက်လှမ်းခြင်းဟာ အေးမြသာယာ စိတ်ချမ်းသာမှု အပေးနိုင်ဆုံးဆိုတာကို သူသိလာခဲ့ပါပြီ။ တစ်ချိန်က 'ကြီးပွားချမ်းသာချင်လွန်းလို့ပါဗျာ' လို့ ဟစ်ကြွေးခဲ့တဲ့ ကိုမောင်ထယ်ဟာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အဝိဇ္ဇာတွေ လွှမ်းမိုးနေခဲ့ပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတာတွေ ကွယ်ပျောက်နေခဲ့တာအမှန်ပါ။ အခုတော့ တတ်အားသမျှ ဒါန၊ သီလ၊ ဘာဝနာပြုကျင့်ခဲ့ပါပြီ။

ကောင်းတာလုပ်ပြီဆိုတာနဲ့ သမ္မာဒေဝနတ်မြတ် နတ်ကောင်းနဲ့ သူတော်ကောင်းပုဂ္ဂိုလ်တွေစောင့်ရှောက်နေတယ်ဆိုတာကို သူယုံကြည်လာခဲ့ပုံက -

တစ်နေ့တာလုံး ဂျာနယ်တွေ၊ စာစောင်တွေလည်း ရောင်းရလို့ ညောင်းညာ ပင်ပန်းလွန်းတာကြောင့် နေ့စဉ်ပြုနေကျ စရဏအရ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး စောစီးစွာပဲ အိပ်ရာဝင်ခဲ့တော့တယ်။

အိပ်မက်ထဲမှာတော့ ဝတ်ဖြူစင်ကြယ်နဲ့ အဘသူတော်စင်က သူ့တောင်ဝှေးနဲ့ ခေါင်းကို သုံးချက်ခေါက်ပြီး နှိုးလိုက်တယ်။ ကိုမောင်ထယ်ကလည်း လူးလဲပြီးထလိုက်တော့ ဖြူစင်ဝင်းတောက်နေတဲ့အဘကို တွေ့တာနဲ့ လက်အုပ်ချီပြီးသားပါပဲ။

"လူလေး၊ မင်းကိုအဘမှာစရာရှိလို့လာတာကွယ့်"

"ဟုတ်ကဲ့ ပြောပါ အဘ"

"လူလေးက ကြီးပွားချမ်းသာချင်လွန်းအားကြီးခဲ့ဖူးတော့ လမ်းမှားပေါ်ရောက်ခဲ့ရဖူးပြီပေါ့။ မှတ်ထား လူလေး၊ များများချမ်းသာချင်လေ ဆင်းရဲလေလေပဲ။ တင်းတိမ်ရောင့်ရဲနိုင်လေ ချမ်းသာလေလေပဲကွယ့်။ အလိုကြီး အရနည်းပေါ့ကွာ။ မရှိတော့ မလှူ၊ မလှူတော့ မရှိ ဆိုတာမဖြစ်ရအောင် အလှူရေစက် လက်နဲ့မကွာရဘူးကွယ့်။ အနည်းဆုံး ငါးစာ၊ ခိုစာ၊ ငှက်စာ၊ ခွေးစာအဖြစ် စားတဲ့အထဲက ဖဲ့ပြီးလှူပေး။ လူလေးရဲ့ အိတ်ထဲမှာရှိတဲ့ အနန္တငါးပါးဟာ ခဏဝင်နေတာကွ။ အဲဒါကို ခဏရှေ့က မရှိဆိုတာကို မင်းလက်ရေးနဲ့ ဖြည့်ရေးလိုက်။ ဒါဆို မရှိခဏဖြစ်သွားရောပေါ့ကွာ။ အဲဒါကို လုံခြုံအောင်ထိန်း၊ သဘောပေါက်လား။ မရှင်းရင် ထပ်ပြောမယ်။ အနန္တငါးပါးကို ဆည်းကပ်၊ ငါးပါးပဉ္စသီကို ခါးဝတ်ပုဆိုးလို မကျိုးမပေါက်အောင်ထိန်း၊ မင်းဖြစ်စေချင်သလိုဖြစ်မယ်"

အဘသူတော်စင်က ပြောပြီး တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတော့တယ်။ ထူးထူးဆန်းဆန်း မစွဲလမ်းဘဲမက်တဲ့အိပ်မက်ပါ။ မနက်လင်းတော့ သူ့အကျႌအိတ်ထဲကို ရှာကြည့်တယ်။ ရှားရှားပါးပါးငါးရာတန်အသစ်တစ်ရွက်မှာ မြန်မာအက္ခရာ ခဏနှင့် ဂဏန်းခုနစ်လုံး။ ဂဏန်းအားလုံးပေါင်းတော့လည်း နောက်ဆုံး(၉)တစ်လုံးသာကျန်တဲ့ပိုက်ဆံအဖြစ်ကို အံ့ဩဘနန်း တွေ့လိုက်ရတယ်။ အိပ်မက်ထဲက အဘသူတော်စင်ပြောသလို ခဏ ဆိုတဲ့ အက္ခရာရှေ့က မရှိဆိုတဲ့စကား ထပ်ရေးလိုက်တယ်။ မရှိခဏဖြစ်သွားတဲ့ ငါးရာတန်ပိုက်ဆံကို မသုံးဖြစ်အောင် အသေအချာ ပလတ်စတစ်လောင်းပြီး အိတ်ထဲမှာ ဆောင်ထားလိုက်ပါတော့တယ်။

ခြေစကြာလှည့်ဖြန့်ရင်း ဂျာနယ်ရောင်းရတာမို့ ဆူးလေ၊ ဗိုလ်တထောင်ရွှေတိဂုံဘုရားတွေရောက်လေတိုင်း ခိုစာ၊ ငါးစာ ကျွေးတယ်။ ဘုရားရှိခိုးအမွေးတိုင်ကပ်လှူတဲ့ ကောင်းမှုကုသိုလ်တွေကို ပြုပေးတယ်။ အကျိုးပေးမှုကထူးလာတယ်လို့ ဆိုရပေမယ့် စာစောင်ဂျာနယ်ရောင်းသူချင်းအတူတူ ကိုမောင်ထယ်က ပိုပြီးအရောင်းသွက်လာတယ်။ အကျိုးအမြတ်ပိုရလာတယ်။ နောက်တော့ စာအုပ်အဟောင်းရောင်းတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ပေါင်းမိပြီး စာအုပ်ဟောင်းရောင်းတဲ့ ဈေးသည်ဖြစ်လာခဲ့တော့တယ်။ အကျိုးပေးချင်တော့ ရောင်းသူဆီက ရှားရှားပါးပါး စာအုပ်တွေ ဈေးချိုချိုနဲ့ရပြီး အလိုရှိတဲ့သူတွေက ဈေးကောင်းကောင်းပေးလို့ ပြန်ဝယ်သွားကြတာဆိုတော့ မြက်မြက်စက်စက် မြတ်တော့တာပေါ့။

ရိုးသားခြင်း၊ ကြိုးစားခြင်းရဲ့ဂုဏ်သိက္ခာနှင့် ဒါန၊ သီလ၊ ဘာဝနာပေါင်းစပ်လိုက်တော့ ကြီးပွားတိုးတက်လာခဲ့ပြီပေါ့။ အခါအားလျော်စွာ လှူဒါန်းပေးကမ်းခြင်းရဲ့ ကုသိုလ်ကံကြောင့်ထင်ရဲ့ ထီဆုကြီးတွေတောင်ပေါက်ခဲ့ပါတယ်။ အခုတော့ စေတနာကံတရားနှင့်အတူ လမ်းမှန်ပေါ်လျှောက်ခဲ့တဲ့ ကိုမောင်ထယ်ဟာ ထည်ထည်ဝါဝါ ဆိုင်ကြီးတ ပိုင်ဆိုင်ပြီး ခံ့ခံ့ထည်ထည်နဲ့ ကိုမောင်ထယ်အဖြစ် ရပ်တည်နိုင်ခဲ့ရပြီပဲ။

ကိုမောင်ထယ်ကတော့ သူနဲ့ခင်တဲ့သူတွေ ပြောလို့ဆိုလို့ရမယ့်သူတွေကို သူ့ဘာဝနဲ့ရင်းပြီးပြောတဲ့စကားကတော့ -

'လမ်းနှစ်သွယ်၊ အလွယ်လမ်း မလိုက်ကြပါနဲ့ဗျာ' တဲ့။

*(သူငယ်ချင်းယောက်ဖတစ်ဦး၏ အဖြစ်မှန်အား ခံစားရေးဖွဲ့ပါသည်။)*

သဒ္ဒိသံပါက်ဇနေ

ပန်းမြိုင်လယ်စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွားများ ထိခိုက်ဒဏ်ရာရရှိသော်

(ရမည်းသင်း)

## ဆလိုင်းဌွန်သိန်း



ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်မယ်လို့ ခေတ်အဆက်ဆက်မှာ ကြွေးကြော်ခဲ့သော်လည်း မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရသော် လည်းကောင်း၊ စီးပွားရေးအခြေအနေအရသော် လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လယ်ယာလုပ်ငန်းတွေမှာ အဓိကအားထားအားကိုးနေရတာကတော့ ခိုင်းကျွဲ၊ နွားများပဲဖြစ်ပါတယ်။ အဲဒါကြောင့် ခိုင်းကျွဲ၊ နွားများ အစဉ်ကျန်းမာသန်စွမ်းနေဖို့ လိုပါတယ်။ 'ကျွဲ၊ နွားများကျန်းမာ ပြည်ချမ်းသာ' လို့တောင် ဆိုချင်ပါတယ်။

သတ္တဝါတိုင်းဟာ ထိခိုက်ဒဏ်ရာ ရရှိတတ်ပါတယ်။ အသိဉာဏ်ကြီးမားတဲ့ လူတွေတောင် မတော်တဆထိခိုက်ဒဏ်ရာတွေရရှိသေးတာပဲ။ ခိုင်းကျွဲ၊ နွားတွေမှာ ထိခိုက်ဒဏ်ရာတွေ မကြာခဏဖြစ်တာတွေ တွေ့ရပါတယ်။ လုပ်ငန်းခွင်မှာ ထယ်နဲ့ခိုက်မိတာတို့၊ သစ်၊ ထင်းတွေဆွဲရင်းခိုက်မိတာတို့၊ စားကျက်ကို သွားရင်း ခိုက်မိတာတို့ စုံလို့ပါပဲ။

ကျွန်တော်ဟာ မွေးမြူရေးနဲ့ကုသရေး ဦးစီးဌာနမှာ လုပ်သက် (၃၃) နှစ် လုပ်ခဲ့ပါတယ်။ အခုလည်း အငြိမ်းစားယူပြီး တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် ဆောင်ရွက်နေပါတယ်။

ကျွန်တော်ရဲ့လက်တွေ့ အတွေ့အကြုံလေးတွေပြောပြချင်လို့ပါ။ ၁၉၈၂ ခုနှစ်ကပေါ့။ ကျွန်တော်က တပ်ကုန်းမြို့နယ် ရွှေမြို့မြို့နယ်ခွဲမှာ တာဝန်ကျပါတယ်။ တစ်နေ့မှာတော့ ရွှေမြို့ဘူတာ ကျေးရွာမှာနေတဲ့ နွားပိုင်ရှင် ဦးဘဘူတန်းရဲ့ အကောင်(၅၀)ကျော်ရှိတဲ့ နွားအုပ်ဟာ သပြေချောင်းရွာကို ဖြတ်ပြီး ရန်ကုန် - မန္တလေးကားလမ်းကြီးအကူး စားကျက်ကိုကူးစဉ် နွား(၃)ကောင် ကားတိုက်ခံရပါတယ်။ နွားမကြီးတစ်ကောင် ကတော့ ပေါင်ရိုးကျိုးပြီး အရိုးကြေမွသွားပါတယ်။ ကျန်နှစ်ကောင်ကတော့ ပေါက်ပြဲသွားတဲ့ အဆင့်လောက်ပါပဲ။ နွားကျောင်းတဲ့သူက ကိုသံချောင်းတဲ့။ ဘဘူတန်းရဲ့ညီပေါ့။ သူတို့က ဟိန္ဒူတွေပါ။ နွားတွေကို အလေးထားတဲ့ လူမျိုးတွေပါ။ တချို့ကတော့ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရပြီး ခိုင်းမရတော့ဘူးဆိုရင် ဆေးမကုတော့ပါဘူး။ အသားလိုင်းကို ပို့ကြတာများပါတယ်။ ကိုသံချောင်းကတော့ မသေရင်ပြီးရော ကုပေးဖို့ပြောပါတယ်။

ဒါနဲ့ ကျွန်တော် ဒဏ်ရာကိုကြည့်လိုက်တော့ ဖြတ်ထုတ်ပစ်ပြီးကုမှဖြစ်မယ့် အနေအထားရှိတာမို့ အရိုးကိုဖြတ်ထုတ်ဖို့ စတင်ဆောင်ရွက်ပါတယ်။ သွေးတွေ အများကြီးထွက်နေပါတယ်။ သွေးတိတ်ဖို့ ဆေးတွေထိုး၊ ပြီးတော့ သွေးထွက်တဲ့ သွေးကြောတွေကို သွေးကြောညှပ်ဇာဂနာနဲ့ ညှပ်ပိတ်ပေမယ့်လည်း သွေးကြောတွေကများတော့ မနိုင်အောင်ဖြစ်နေပါတယ်။ အနားမှာရှိတဲ့ ကိုသံချောင်းက -

"ဆရာရေ၊ ကျွန်တော်သွေးတိတ်တဲ့ အရွက်သွားခူးဦးမယ်"

ဆိုပြီး ထွက်သွားပါတယ်။

သူပြန်လာတော့ လတ်လတ်ဆတ်ဆတ် သစ်ရွက်စိမ်းတွေပါလာပါတယ်။ အဲဒီအရွက်တွေကိုထောင်းပြီး ဒဏ်ရာပေါ်တွေကို သစ်ရွက်အရည်တွေညှစ်ချပါတယ်။ တဖြည်းဖြည်းနဲ့သွေးတိတ်သွားပါတယ်။ လိုအပ်တာတွေလုပ်ပြီး -

"ကိုသံချောင်း၊ အဲဒါ ဘာရွက်တွေလဲ"

လို့ မေးတော့ သူက -

"ဇာမဏီရွက်တွေ"

လို့ ပြောပါတယ်။ သွေးတိတ်လွယ်ပြီး အနာဒဏ်ရာတွေ ကျက်လွယ်ကြောင်းနဲ့ သူတို့တောထဲမှာ နွားကျောင်းရင်း ထိခိုက်ဒဏ်ရာတွေရရင် လူရော နွားပါ ဒီအရွက်တွေကို ထောင်းပြီး အရည်ညှပ်အရွက်အုံပေးရင် ဒဏ်ရာတွေပျောက်လွယ်တယ်လို့ ပြောပါတယ်။ ကျွန်တော်ကုပေးတဲ့ နွားကြီးကို ဘေးမဲ့ပေးပြီး သူတို့ နွားခြံနားမှာ လွှတ်ထားတာ တွေ့နေရပါတယ်။

ကျွန်တော်လည်း ဝန်းထမ်းတို့ရဲ့ တာဝန်အတိုင်း မြင်းခြံမြို့နယ်၊ မတ္တရာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ သပိတ်ကျင်းမြို့နယ်တွေကို တာဝန်အဆင့်ဆင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလိုပါပဲ။ ဇာမဏီပင်ကို နာမည်အမျိုးမျိုးတပ်ပြီး ခေါ်ကြတာပါတယ်။ တချို့အရပ်က ဂျာမဏီပင်တဲ့။ တချို့အရပ်က ဆင်မြီးဆတ်တဲ့။ တချို့အရပ်က ကျားမနိုင်တဲ့။ တချို့အရပ်က ဘိစပ်(ပိစပ်)လို့ ခေါ်ကြတယ်။ ဆရာသာဂဒိုးရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘိစပ်(ပိစပ်)ပင်ဆိုရင် အားလုံးသိကြပါတယ်။ ကျွန်တော်ကတော့ ခွဲစိတ်မှုတွေ ပြုလုပ်တိုင်း သွေးထွက်များရင် သွေးတိတ်အောင် ဘိစပ်(ပိစပ်)ရွက်ကိုပဲ ယနေ့အထိ အသုံးပြုနေတုန်းပါပဲ။ ဘိစပ်(ပိစပ်) ရွက်ကို ကိုယ်လိုသလောက် ခူးပြီးထောင်းပါ။ သွေးထွက်များနေရင် ထောင်းပြီးသား ဘိစပ်(ပိစပ်)ရွက်တွေကို ဒဏ်ရာပေါ် ညှစ်ချပေးပါ။ ထိခိုက်ဒဏ်ရာအနာပေါ် ကိုလည်း ညှစ်ပြီးသားအရွက်တွေအုံပြီး ပတ်တီးစည်းပေးထားပါ။ တစ်နာရီကြာရင်တော့ ပတ်တီးကို ဖြေပေးလိုက်ပါ။ (၅) ရက်အတွင်း အနာကျက်သွားပါလိမ့်မယ်။ ဘိစပ်(ပိစပ်)နဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေကတော့ အများကြီးပါပဲ။ နောက်မှပဲ သုရဋ္ဌပရိတ်သတ်ကြီးကို အသိပေးပါဦးမယ်။

*ကျွဲ၊ နွား ကျန်းမာ၊ ပြည်ချမ်းသာ*

ဆလိုင်းဌွန်သိန်း

(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်မိုးအောင်

## အုတ်စေတီပျက်တစ်ဆူနှင့်လပြည့်ညမှာတွေ့ရသူ

"မမကို တစ်ခုလောက် မေးချင်တယ်"

"ဘာမေးမှာလဲညီမလေး"

"ညီမလေးတို့ပိုင်တဲ့ ရော်ဘာခြံအလွန်က တောအုပ်ထဲမှာရှိတဲ့ အုတ်စေတီဟောင်းနားမှာ အစောင့်တွေရှိတယ်ဆို"

"ဒီလိုပဲ အစဉ်အဆက်ပြောခဲ့ကြတာပဲ။ ရှေ့မီနောက်မီလူကြီးတွေလည်း ပြောနေကြတာပဲ"

"မမကိုယ်တိုင် ကြုံဖူးလား။ လပြည့်ညတိုင်းမှာ လှပတဲ့ မိန်းကလေးတစ်ယောက်လိုလို၊ လူရိပ်လိုလို လှုပ်ရှားသွားလာနေတာ တွေ့ရတတ်တယ်ဆို"

"အဲဒီလိုကြားနေရလို့ထင်တယ်။ အဲဒီစေတီပျက်အနား ဘယ်သူမှမသွားရဲကြဘူး။ ပြီးတော့ ပြင်ဆင်ဖို့လည်း မလုပ်ရဲကြဘူး"

"ညီမလေးတော့ မကြောက်ပါဘူး။ နေ့ခင်းဘက် ခြံထဲသွားရင်း အဲဒီစေတီပျက်အနား မကြာခဏ ရောက်လာတာပဲ။ တတ်နိုင်သလောက် သန့်ရှင်းရေးတောင်လုပ်ခဲ့သေးတယ်။ ဘာမှလဲမတွေ့ပါဘူး"

"ဒါနဲ့နေပါဦး၊ ညီမလေးက အဲဒီစေတီပျက်အကြောင်း ဘာလို့မေးရတာလဲ"

"အဲဒီစေတီပျက်က ညီမလေးတို့အိမ်နဲ့အနီးဆုံးလေ။ ရှေ့လဆို ညီမလေးလက်ထပ်ပြီး ကိုစောသန်းရိန်နဲ့ ရန်ကုန်ကို လိုက်သွားရတော့မယ်။ မမနဲ့ ဒေါ်လေးတို့သာ ကျန်ရစ်ခဲ့မှာဆိုတော့"

"ဒေါ်လေးရှိနေတာပဲ၊ မမနေရဲပါတယ်။ ညီမလေးနောင်ရေးအတွက်သာ စဉ်းစား။ ရန်ကုန်ရောက်ရင် တို့မောင်လေးနဲ့တွေ့ရမယ် ထင်တယ်"

"မောင်လေးက မကွေးဘက်မှာ တာဝန်ကျနေတယ်လို့ သိရတယ်"

"ညီမလေး ရန်ကုန်ရောက်ရင် သူရောက်လာမှာပါ။ သူ့ရုံးချုပ်က ရန်ကုန်မှာရှိတာ"

ရော်ဘာခြံပိုင်ရှင်မောင်နှမသုံးဦးသည် မိဘဘိုးဘွားလက်ထက်မှ အစဉ်အဆက်ပိုင်ဆိုင်ခဲ့သော ရော်ဘာခြံ ဖြစ်

သည်။ ထိုရော်ဘာခြံသည် မော်လမြိုင်

မြို့မှ သံဖြူဇရပ်ဘက်သို့သွားသော ကား

လမ်းဘေး၊ မုဒုံမြို့အလွန် ဂုံညင်းတန်းရွာ

အရှေ့ဘက်တွင်တည်ရှိသည်။ ကျယ်ဝန်း

သော ရော်ဘာခြံအလွန်တွင် တောအုပ်

ရှိသည်။ ထိုတောအုပ်အတွင်း ချုံနွယ်

ပိတ်ပေါင်းများ ထူထပ်စွာ ဖုံးအုပ်နေ

သော အုတ်စေတီပျက်တစ်ဆူမှာ

နှစ်ပေါင်းများစွာကတည်းက တည်ရှိနေ

ခဲ့သည်။ လပြည့်ညများတွင်အုတ်စေတီ



www.burmeseclassic.com

www.burmeseclassic.com



နီးပတ်ဝန်းကျင်ဝယ် လှပသော
နီးကလေးတစ်ဦး သွားလာလှုပ်ရှားနေ
သည်ဟု ဆိုကြသည်။ ထိုစေတီကိုစောင့်
ရှောက်နေသောအစောင့်ဟု ဆိုသူရှိ
သည်။ စေတီပျက်အနီး ဥစ္စာစောင့်
ကိုက်ရှိသည်ဟု ပြောသူကပြောနှင့်
မည်ကြီးနေသောနေရာ ဖြစ်သည်။
မောင်နှမသုံးဦး အမွေဆိုင်ဖြစ်သော
ရော်ဘာခြံအလွန်ကျယ်တည်ရှိနေသည်။
မောင်နှမသုံးဦးအနက် မောင်အငယ်ဆုံး
မှာ အင်ဂျင်နီယာဘွဲ့ရပြီး ဆောက်လုပ်
ရေးကုမ္ပဏီတစ်ခုတွင် ဝင်ရောက်အလုပ်
လုပ်နေသည်။ ညီအစ်မနှစ်ဦးက အဒေါ်
ဖြစ်သူနှင့် နေထိုင်သော အပျိုကြီးများ
ဖြစ်သည်။ အစ်မကြီးမှာ အေးအေး
ကြည်ဖြစ်ပြီး အငယ်မမှာ အေးအေးသီ
ဖြစ်သည်။ ယခု ညီမငယ် အေးအေးသီ
က အသက် (၃၀) နီးမှ အိမ်ထောင်ပြု
တော့မည် ဖြစ်သည်။ ညီမငယ်၏ နောင်
ရေးအတွက် စဉ်းစားကာ အဒေါ်နှင့်
အစ်မတို့က စီစဉ်ပေးခဲ့ကြခြင်း ဖြစ်
သည်။ သူတို့မောင်နှမတွင် မိဘများမရှိ
ကြတော့ပေ။ ညီမငယ်နှင့် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

မည့်သူမှာ စောသန်းရီ အမည်ရှိ ကရင်တိုင်းရင်းသား ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်ပြီး စီးပွားရေးလုပ်နေသူ ဖြစ်သည်။

အေးအေးသီမှာ စောသန်းရီနှင့် လက်ထပ်ပြီး တစ်ပတ်ခန့်အကြာမှာပင် ခင်ပွန်းဖြစ်သူနေထိုင်ရာ ဒဂုံမြို့သစ်တောင်ပိုင်းသို့ လိုက်ပါပြောင်းရွှေ့သွားပါတော့သည်။

*

'အစ်မ အေးသီ၊ အစ်မ အေးသီ၊ အစ်မဆီလာချင်တယ်။ လက်ခံမှာလား'

'နင်ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလို့ ငါ့ဆီလာချင်ရတာလဲ'

'ကျွန်မက အစ်မတို့ ရော်ဘာခြံတောအုပ်ထဲက စေတီပျက်နားမှာနေသူပါ။ ကျွန်မမောင်လေးတောင် အစ်မတို့ဆီရောက်နေတာ ကြာလှပြီ။ အစ်မမိဘတွေမသေခင်က ပြောမပြခဲ့ဘူးလား။ အစ်မရဲ့မောင်ဟာ ကျွန်မရဲ့မောင်လေးပါ။ အစ်မတို့ဆီမှာ မောင်လေးနဲ့ဆုံရအောင်လို့လာချင်တာပါ။ ကျွန်မ အစ်မတို့ဆီရောက်ပြီး မကြာခင် မောင်လေးက နေရာဟောင်းကို ပြန်လာရမှာ'

'နင်က ဘယ်လိုပုံစံနဲ့လာမှာလဲ'

'အစ်မသမီးအဖြစ်နဲ့ လာခဲ့မယ်လေ။ မောင်လေးနဲ့ ဆုံချင်လွန်းလို့ပါ။ ပြီးတော့ (၁၅) နှစ်လောက်ပဲနေမှာပါ။ အစ်မလက်ခံမှာလားဟင်'

'ငါက သမီးလေး လိုချင်နေတာနဲ့ အတော်ပဲ။ ဘယ်လောက်နေနေ လာခဲ့ပါ။ ငါ လက်ခံပါတယ်'

'တကယ်နော် ဝမ်းသာလိုက်တာ၊ မကြာခင်လာခဲ့မယ်'

ထူးဆန်းသော အိပ်မက်ကြောင့် အေးအေးသီ အိပ်ရာမှလန့်နိုးလာသည်။ ချွေးများဖြင့်ရွှဲနေသည်။ နံဘေးတွင် အိပ်ပျော်နေသော ခင်ပွန်းဖြစ်သူ စောသန်းရီကို နှိုးလိုက်သည်။ ပြီးနောက် မီးဖွင့်လိုက်သည်။

"အစ်ကို၊ အစ်ကို ထပါဦး"

"ဟာ-အချိန်မတော်ဘာလို့နှိုးတာလဲ။ ဟင် - မင်းမျက်နှာမှာချွေးတွေ ရွှဲနေပါလား"

"ဟုတ်တယ်၊ ထူးဆန်းတဲ့အိပ်မက် မက်လို့ပါ"

"ထူးဆန်းတဲ့အိပ်မက်ဟုတ်လား၊ ဘယ်လိုထူးဆန်းတာလဲ ပြောပါဦး"

"ကျွန်မတို့ရွာ ရော်ဘာတောအလွန်တောအုပ်ထဲမှာ အုတ်စေတီပျက်တစ်ဆူရှိတာသိတယ် မဟုတ်လား"

"သိပါတယ်၊ အိပ်မက်နဲ့ ပတ်သက်နေလို့လား"

"သိပ်ကိုပတ်သက်နေတာပေါ့။ အဲဒီစေတီအနားမှာရှိနေတဲ့ မိန်းကလေးက ကျွန်မတို့ဆီ သမီးအဖြစ်နဲ့လာချင်တယ်တဲ့။ ပြီးတော့ မောင်လေးသန်းကြည်ဟာ သူ့မောင်လေးတဲ့။ သူလာပြီးမကြာခင် သူ့မောင်လေးဖြစ်တဲ့သူက နေရာဟောင်းကို ပြန်သွားရမယ်တဲ့။ သူက သမီးအဖြစ်နဲ့ (၁၅) နှစ်လောက်ပဲနေမယ်လို့ ပြောသေးတယ်"

"ဒီတော့ မင်းကဘာပြန်ပြောလိုက်လဲ"

"သမီးမိန်းကလေးလိုချင်နေတာဆိုတော့ လာခဲ့လို့ ပြောလိုက်တယ်"

"မင်းမက်တဲ့အိပ်မက်က ထူးဆန်းလိုက်တာ။ ဒါပေမယ့် ငါမယုံပါဘူး။ မင်းရဲ့မောင်လေးနဲ့ရွာကို သတိရပြီး စွဲလမ်းနေလို့ အိပ်မက်မက်တာ ဖြစ်မယ်"

"ရွာက စေတီပျက်အကြောင်း ကျွန်မ တစ်ခါမှအိပ်မက်မမက်ဖူးဘူး။ ထူးဆန်းလိုက်တာ"

"ကဲကဲ - ပြန်အိပ်တော့ကွာ"

"မိန်းကလေးက တော်တော်ချောတာ။ (၁၅) နှစ်လောက်ပဲ နေမှာတဲ့။ အစ်ကိုကော လက်ခံမလား"

"အေးပါကွာ၊ ဘယ်လောက်ကြာကြာပဲနေနေ လက်ခံတယ် အိပ်ပါတော့။ မနက်အလုပ်သွားရဦးမယ်"

ခင်ပွန်းဖြစ်သူ စောသန်းရီ ပြန်လည် အိပ်ပျော်သွားသော်လည်း အေးအေးသီမှာ ရုတ်တရက် ပြန်၍ အိပ်မပျော်တော့ပါ။ ထူးဆန်းသောအိပ်မက်က အတွေးထဲပေါ် လာသည်။ အိပ်မက်ကိုပင် ထပ်တလဲလဲတွေးနေမိသည်။

အေးအေးသီ အိပ်မက်မက်ပြီး (၄) လခန့်တွင် ကိုယ်ဝန်ရရှိခဲ့ပါတော့သည်။ အိမ်ထောင်သက် (၃) နှစ်ခန့်ရှိမှ ကိုယ်ဝန်ရရှိခြင်း ဖြစ်သည်။ ကိုယ်ဝန်ရရှိပြီး လအနည်းငယ်တွင် ဆရာဝန်ထံမှ တိကျသောအဖြေရချိန်တွင် လင်မယားနှစ်ယောက်စလုံး ပျော်ရွှင်ဝမ်းသာခဲ့ကြသည်။ ကိုယ်ဝန်ရင့်မာလာချိန်တွင် သမီးလေးဟု ထပ်မံသိရှိရပြန်သဖြင့် အံ့ဩမှုဖြစ်ခဲ့သော်လည်း ဝမ်းသာမဆုံးဖြစ်နေတော့သည်။

"သမီးမိန်းကလေးတဲ့လား၊ မင်းကို အိပ်မက်ပေးခဲ့တဲ့မိန်းကလေးထင်တယ်"

"ဟုတ်မယ်ထင်တယ်။ သူအိပ်မက်ပေးပြီး လေးလလောက်ကြာတော့ ကျွန်မ ကိုယ်ဝန်စရှိခဲ့တယ်လေ။ ပြီးတော့ ဒီကိုယ်ဝန်က မောင်လေးနဲ့လည်း ပတ်သက်နေတယ်"

"ဘယ်လို ဘယ်လို၊ မင်းရဲ့မောင်လေးနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"အဲဒီမိန်းကလေးရောက်လာပြီးရင် မောင်လေးက နေရာဟောင်းကိုပြန်သွားရမယ်လို့ အိပ်မက်ပေးခဲ့တယ်လေ၊ မောင်လေးအတွက်စိုးရိမ်မိတယ်"

"ဒီအကြောင်းတွေ မင်းရဲ့မောင်ဆီ စာမရေးနဲ့ဦး၊ သမီးလေးမွေးဖွားပြီးတော့မှ ပြောသင့်ရင် ပြောပြရတာပေါ့"

"အင်းပါ၊ ကျွန်မ နားလည်ပါပြီ၊ ကျွန်မရဲ့မောင်လေးဟာ တကယ်ပဲ အဲဒီ စေတီပျက်နားကလာတဲ့သူလား။ အမေတို့ အမေတို့ရှိစဉ်က ဘာမှပြောမသွားကြဘူး။ ဒါဆို ခုမွေးမယ့် သမီးလေးကကော"

"သိပ်ပြီးအစွဲအလမ်းမထားပါနဲ့ကွာ။ သမီးလေး အဆင်ပြေပြေ မွေးဖွားနိုင်ဖို့အရေးကြီးတယ်။ မင်းသာ ကျန်းမာရေးဂရုစိုက်ပါကွာ"

ဤသို့ဖြင့် ကိုယ်ဝန်တဖြည်းဖြည်းရင့်လာသည်။ နောက်ဆုံး ရက်လ... ချိန်တွင် သမီးမိန်းကလေးကို မွေးဖွား... ပါသည်။ မိန်းကလေးမှာ အသားအ... ဖြူဝင်းနေပြီး မျက်လုံး၊ နှာတံပေါ် လွှ... တို့မှာကြည့်၍ကောင်းနေသည်။ သ... ရက်နီးမှ မွေးဖွားခဲ့သဖြင့် မေသ... အမည်ပေးခဲ့သည်။ တဖြည်းဖြည်း... ထွားလာသည်နှင့်အမျှ ကလေးရုပ်... မှာလည်း ပို၍ ချောမောလှပပုံပေါ် လ... လာသည်။ တောင်ဒဂုံနေအိမ်သို့ ရော... လာခြင်း ဖြစ်သည်။

"မောင်လေး၊ ရန်ကုန်ကို ပြ... ပြောင်းတာလား"

"တာဝန်နဲ့ ခဏလာတာပါ။ ... ပြည်တော်ကို သွားရမယ်။ ပြီးတော့... နယ်ကို ပြန်သွားရမယ်။ ခုလုပ်ငန်း... ပြီးရင် ရခိုင်ဘက်ကိုပြောင်းရမယ်... တယ်။ သတင်းတွေကြားနေရတယ်၊ ... သမီးလေးက ချစ်စရာလေး။ ကြီးလာ... တော့ ကောင်လေးတွေ ဝိုင်းဝိုင်းလ... နေမှာမြင်ယောင်သေးတယ်"

အစ်မဖြစ်သူ အေးအေးသီ... မမျိုသိပ်နိုင်ဘဲ အိပ်မက်အကြောင်း ... မောင်ကို ပြောပြလိုက်တော့သည်။

"ဒါဆို ခု မမသမီးလေးဟာ ... မှာရှိတဲ့စေတီပျက်နားကလာတဲ့သူ... တိုင်ဆိုင်မှုထင်ပါတယ်။ ကျွန်တော်... တွေမယုံပါဘူး"

"ယုံတာ၊ မယုံတာ မောင်... သဘောပါ။ သူလာပြီးရင် မောင်လေး... နေရာဟောင်းပြန်သွားရမယ်တဲ့။ အ...



www.burmeseclassic.com

www.burmeseclassic.com

အလာအနေအထိုင်ဆင်ခြင်ပါ မောင်လေးရယ်"

"စိတ်ချပါ မမရယ်၊ ကျွန်တော် ဘာမှမဖြစ်နိုင်ပါဘူး။ ပိုစတင်ထွက်တော့ မမတို့ဆီလာခဲ့ဦးမယ်"

မင်္ဂလာဆောင်ပွဲကုန်ဆုံးပြီးနောက် တာဝန်ထမ်းဆောင်နေသော မောင်ဖြစ်သူ သန်းကြည်မှာ (၁) နှစ်ကျော်ခန့် ကြာသည်အထိ အစ်မဖြစ်သူထံ မရောက်ဖြစ်ခဲ့တော့ပေ။ ယခုဆိုလျှင် သမီးလေး မေသကြိန်သည်ပင်လျှင် စကားပြောတတ်သောအရွယ်သို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။ ပူပြင်းသော တန်ခူးလ သောကြာနေ့တွင် မွေးဖွားခဲ့၍ မေသကြိန်ဟု ထင် အမည်ပေးခဲ့သေးသည်။ မေသကြိန်လေး (၂) နှစ်ကျော်ခန့်တွင်မှ သူ့ဦးလေးတော်စပ်သူ သန်းကြည် တောင်ဒဂုံနေအိမ်သို့ ရောက်လာခဲ့သည်။ ရောက်ရောက်ချင်းပင် သူ့တူမလေးကို ပွေ့ချီလိုက်သည်။

"ငါ့တူမလေးက တော်တော်ထွားလာပါလား၊ ချောလည်းချောလာလိုက်တာ၊ မမတို့တော့ တော်တော်ထိန်းရမှာ"

"ဘာငါ့တူမလေးလဲ၊ ကိုယ့်အစ်မကို အစ်မမှန်းမသိဘဲ တူမလေးလို့ ခေါ်ရသလား၊ နင်ဟာ ငါ့မောင်ပဲ။ ငါ့ကို အစ်မလို့ ခေါ်စမ်းပါ"

သမီးလေးမေသကြိန်၏ ထူးဆန်းလှသောအပြောအဆိုကြောင့် စောသန်းရီတို့လင်မယား အံ့ဩတုန်လှုပ်မှုများဖြင့် သမီးလေးကို ပြူးတူးကြည့်မိလျက်သားဖြစ်သွားသည်။

"မမရဲ့ သမီးလေးက ဘာတွေပြောနေတာလဲ။ ကျွန်တော်ဟာ သူ့မောင်လေးတဲ့။ သူ့ကို အစ်မလို့ ခေါ်ရမယ်တဲ့"

"အေး-ဟုတ်တယ် အေးသီ၊ သမီးလေးစကားပြောပုံက ထူးဆန်းနေတယ်။ သူတစ်နှစ်သမီးအရွယ်လောက်တုန်းက သူ့ဦးလေးနဲ့ ဆုံခဲ့သေးတယ်။ ခုစကားပြောတတ်တဲ့အရွယ်ရောက်မှ သူ့ဦးလေးနဲ့ ပထမဆုံးပြန်ဆုံတာလေ။ ငါထင်တာတော့. . .

စောသန်းရီစကားမဆက်တော့ဘဲ သူ့ယောက်ဖမျက်နှာကို လှမ်းကြည့်လိုက်သည်။ စကားမဆက်တော့ပါ။

"အစ်ကိုက ဘာထင်တာလဲ ပြောပါဦး"

"တို့သမီးလေးက သူ့အိပ်မက်ပေးတဲ့အတိုင်းဖြစ်နေပြီလား။ သူရောက်လာတော့ ငါ့ယောက်ဖက နေရာဟောင်းကို"

စောသန်းရီ ဆက်မပြောတော့ပါ။ မိသားစုအားလုံး တွေဝေစွာနှုတ်ဆိတ်နေကြသည်။ သမီးလေးက သူ့ဦးလေးကို သူ့မောင်ဟု ပြောလိုက်သော စကားကြောင့် အားလုံးမျက်နှာပျက်သွားကြသည်။ သန်းကြည်က ရိပ်မိသွားပုံရသည်။

"မမတို့၊ အစ်ကိုတို့ ဘာမှမစိုးရိမ်ကြပါနဲ့။ကလေးက စိတ်ထင်ရာလျှောက်ပြောတာနေမှာပါ။ ခုလာတာက မမတို့မိသားစုကို လာနှုတ်ဆက်တာပါ။ ကျွန်တော် ရခိုင်ဘက် ပိုစတင်ကျတယ်။ တစ်ပတ်အတွင်း သွားရတော့မယ်"

"ဟင် - ဟုတ်လား၊ ဟိုမှာ ဘယ်လောက်ကြာမှာလဲ"

"ဒါတော့ မပြောတတ်သေးဘူး။ လုပ်ငန်းအခြေအနေပေါ် မူတည်ပါတယ်။ ကျွန်တော်ကလူပျိုလူလွတ်ဆိုတော့ နယ်ဘက်သွားရမယ်ဆိုရင် လူပျိုတွေကိုပဲ ရွေးလွှတ်တာ။ ကဲ၊ မမနဲ့ အစ်ကိုတို့ကို ကန်တော့ခဲ့ရပါစေ"

စကားဆုံးသည်နှင့် သန်းကြည်က သူ့အစ်မနှင့် ယောက်ဖကို ထိုင်ကန်တော့သည်။

ထိုစဉ်မှာပင် သမီးလေး မေသကြိန်က -

"ဒီက အစ်မကိုလည်း ကန်တော့ဦးလေ၊ နောက်ဆို ငါ့မောင်နဲ့ဆုံဖို့မလွယ်တော့ဘူး"

မေသကြိန်အပြောကြောင့် သန်းကြည်က သူ့တူမကို ပွေ့ချီလိုက်သည်။ သူ့တူမမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ပြီးတော့မှ ပါးပြင်ကို မွှေးမွှေးပေးရင်း နှုတ်ဆက်လိုက်သည်။

ဦးဦးသွားတော့မယ်၊ နောက်မှ ဦးဦးလာခဲ့မယ်။ ဒီအိမ်မှာဆုံကြသေးတာပေါ့"

"ဘာဦးဦးလဲ၊ နင်နဲ့ငါနဲ့ ဒီအိမ်မှာ ဘယ်တော့မှ ဆုံဖို့မရှိတော့ဘူး"

သူ့တူမစကားကြောင့် သန်းကြည်မျက်နှာကွက်ခနဲပျက်သွားသည်။မျက်နှာကိုပြင်ရင်း -

"ကဲ - သွားပြီ မမရေ"

သန်းကြည်က သူ့အစ်မက မိသားစုကို နှုတ်ဆက်ပြီး ထွက်သွားသည်။ သမီးနှင့် သူ့ဦးလေးတို့ ဆက်ဆံရေးကို မြင်ရ၍ စောသန်းရီနှင့် အေးအေးသီတို့ စိုးရိမ်စိတ်ဝင်လာခဲ့ကြသေးသည်။ သို့သော် သန်းကြည်က ရခိုင်ပြည်နယ်ဘက်သို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ သန်းကြည် ပြောင်းရွှေ့သွားပြီး အဆက်အသွယ်မရတော့ပေ။ တောထဲတောင်ထဲ ရောက်နေပုံရသည်။ တစ်နှစ်ခန့်အကြာမှ စာတစ်စောင်ရောက်လာသည်။

သို့/

အစ်ကိုနဲ့ မမ -

ကျွန်တော် ခုမှ စာရေးဖြစ်တာ ခွင့်လွှတ်ပါ။ အလုပ်လုပ်နေတဲ့ ဆိုက်ထဲ ရောက်လို့ပါ။ မမတို့မိသားစုကိုလည်း သတိရနေပါတယ်။ ကျွန်တော့်တူမလေး မေသကြိန်လေးလည်း နေကောင်းတယ် မဟုတ်လား။ စကားတွေတော်တော် တတ်နေပြီလား။ မမတို့ကို အမှတ်ရနေခဲ့တယ်။ 'ဒီက အစ်မကိုလည်း ကန်တော့ဦးလေ၊ နင်နဲ့ငါနဲ့ ဒီမှာဆုံဖို့မရှိတော့ဘူး' ဆိုတဲ့စကားတွေကို သတိရမိတိုင်း တွေဝေနေခဲ့မိတယ်။ မမပြောပြခဲ့တဲ့ အိပ်မက်အကြောင်းကြောင့် ကျွန်တော့်ရင်ထဲ တစ်ခုခုခံစားနေရပြီး စိုးရိမ်ပူပန်နေခဲ့တယ်။ မေသကြိန်လေးကို ဂရုစိုက်ပါ။ ဆယ်သွယ်လို့ရမယ့် လိပ်စာရေးပေးလိုက်ပါတယ်။ စာပြန်ရေးပါဦး။

အားလုံးကို သတိရလျက်

ညီမောင်သန်းကြည်

ခေတ္တ-စစ်တွေမြို့

သူ့မောင် သန်းကြည်နှင့် အဆက်အသွယ်ရခဲ့ပြီဖြစ်၍ အေးအေးသီ ဝမ်းသာနေခဲ့သည်။ သမီးလေးကို သတိထား စောင့်ရှောက်နေရသဖြင့် မောင်လေးဆီသို့ပင် စာမရေးဖြစ်ခဲ့သေးပါ။ အဆက်အသွယ်ရပြီဖြစ်၍ မေ့မေ့ပျောက်ပျောက်ပင် နေခဲ့ကြသည်။ သို့သော် စာအဆက်အသွယ်ရပြီး နောက်ထပ်တစ်လခန့်အကြာတွင် မမျှော်လင့်ဘဲ ကြေးနန်းစာတစ်စောင် ရောက်လာသည်။ သို့သော် သူ့မောင်ပို့သည့် ကြေးနန်းစာမဟုတ်ပေ။

'သန်းကြည်ဆုံးပြီ၊ အမြန်လာ'

တင့်ဝေ

စစ်တွေမြို့

ရောက်လာသော ကြေးနန်းစာကြောင့် စောသန်းရီတို့လင်မယား အံ့ဩထိတ်လန့်သွားကြသည်၊ မယုံကြည်နိုင်ဖြစ်ခဲ့ကြသည်။ မိုးတွင်းကာလဖြစ်၍ အေးအေးသီနှင့်သမီးငယ်တို့မသွားနိုင်ခဲ့ပါ။ စောသန်းရီတစ်ဦးသာ ကြယ်ငါးပွင့်ရေယာဉ်ဖြင့်လိုက်သွားခဲ့သည်။ လိပ်စာအတိုင်း စစ်တွေရောက်ချိန်တွင် စောသန်းရီမှာ သူ့ယောက်ဖအလောင်းကို ပင် မတွေ့ရတော့ပါ။ သင်္ဂြိုဟ်ပြီးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ကျွန်တော် သန်းကြည်ရဲ့သူငယ်ချင်းပါ။ အရင်းအနှီးဆုံးသူတွေပါ။ ကျွန်တော့်နာမည် တင့်ဝေပါ။ သန်းကြည်ဒိုင်ယာရီထဲက အစ်ကိုတို့လိပ်စာတွေ့လို့ ကျွန်တော်ကြေးနန်းရိုက်လိုက်တာ။ လာမယ်၊ မလာဘူး အတိအကျမသိရတော့ သုံးရက်ပဲထားပြီး သင်္ဂြိုဟ်လိုက်ရတာ။ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"သေပြီးမှတော့ မထူးတော့ပါဘူးလေ။ ရုတ်တရက်ကြီး ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ"

"ငှက်ဖျားရောဂါကြောင့်ပါ။ ငှက်ဖျားပိုးက ဦးနှောက်ထဲရောက်သွားတာလို့သိရတယ်"

"လွန်ခဲ့တဲ့ တစ်လကျော်လောက်က သူ့ဆီက စာတစ်စောင် ရောက်လာသေးတယ်။ အဆက်အသွယ်ရလို့ ကျွန်တော်တို့ ဝမ်းသာနေကြတာ။ ခုတော့ မမျှော်လင့်ဘဲ"

"ကျွန်တော်တို့လည်း စိတ်မကောင်းဖြစ်ရပါတယ်။ သန်းကြည်နဲ့ ကျွန်တော်ဟာ ညီအစ်ကိုလို ချစ်ကြတဲ့ သူငယ်ချင်းတွေပါ။ သူမသေခင် သူ့တူမလေး မေသကြဲန်အကြောင်း ခဏခဏပြောတယ်။ အဲဒီလို ပြောပြောနေပြီး တစ်လလောက်အကြာမှာ ဆုံးသွားတာ"

"ဘယ်တတ်နိုင်ပါ့မလဲလေ၊ တို့က သူ့အစ်မရဲ့ယောကျ်ားပါ။ သူ့အစ်မကို ဘယ်လိုပြန်ပြောရမှန်းတောင်မသိတော့ဘူး"

"ကုမ္ပဏီကလူကြီးတွေနဲ့ • တွေ့လိုက်ပါဦးနော်"

စစ်တွေတွင် တစ်ပတ်ခန့်ကြာခဲ့သည်။ ကိစ္စများအားလုံးပြီးမှ ပြန်လာခဲ့သည်။ စစ်တွေတွင် ရောက်ရှိနေထိုင်စဉ်အတွင်း ကုမ္ပဏီမှ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန် ပြန်ရောက်ရောက်ချင်းပင် ခရီးရောက်မဆိုက် စောသန်းရီက သူ့ယောက်ဖသေဆုံးခဲ့ရပုံကို ဇနီးဖြစ်သူအား အပြည့်အစုံပြောပြလိုက်သည်။

"မောင်လေးဆုံးသွားတာ မယုံနိုင်စရာပါပဲ။ သူရခိုင်ဘက်ပြောင်းဖို့ လာကန်တော့တုန်းက သမီးလေး သူ့ဦးလေးကိုပြောတဲ့စကား အစ်ကို မှတ်မိသေးလား။ အဲဒီကတည်းက ကျွန်မရင်ထဲလေးနေခဲ့တာ"

"မှတ်မိပါတယ်။ နင်နဲ့ငါနဲ့ ဘယ်တော့မှ ဒီမှာဆုံဖို့မရှိတော့ဘူးလို့ ပြောခဲ့တယ်လေ"

"ဒါဆိုရင် သမီးလေးကို ကျွန်မတို့ ဂရုစိုက်ရတော့မယ်။ သမီးလေးဟာ အိပ်မက်ထဲကအတိုင်း မှန်နေပြီလား။ သူလာပြီးမကြာခင် သူ့မောင်လေးနေရာဟောင်းကို ပြန်ရမယ်လို့ ပြောခဲ့သေးတယ်လေ"

"အေးကွ - ထူးဆန်းတာလား၊ တိုက်ဆိုင်တာလားတော့ မပြောတတ်တော့ဘူး။ သမီးလေးကိုတော့ အသေအချာစောင့်ကြည့်ဖို့တော့လိုပြီ"

မေသကြဲန်ကလေးသည်လည်း တဖြည်းဖြည်းကြီးပြင်းလာခဲ့ရာ ကျောင်းနေသည့်အရွယ်သို့ ရောက်လာပြီ ဖြစ်သည်။ သို့သော် မေသကြဲန်လေးမှာ ကျောင်းစာကိုစိတ်ဝင်စားမှုမရှိခဲ့ပေ။ စာသင်ခန်းထဲတွင် ငေးချင်ရာငေးနေတတ်သည်။ ရှေ့က ဆရာများ သင်ပြပေးနေစဉ်မှာလည်း ဆော့ချင်ရာဆော့နေတတ်သည်။ သူငယ်တန်းစနေသည့်နှစ်မှာပင် ကျောင်းစားမလိုက်နိုင်ဘဲ ပညာရည်နိမ့်ကျနေသည်ကို သတိထားမိလာသည်။ အသက် (၇) နှစ်ကျော်မှ ပထမတန်းသို့ တက်ခွင့်ရသည်။

"သမီးတို့အတန်းထဲမှာ သမီးက အသက်အကြီးဆုံးဖြစ်နေတယ်။ သမီးမရှက်ဘူးလား၊ စာကြိုးစားပါ သမီးရယ်"

"သမီး ပညာတတ်ဖို့မလိုပါဘူး။ မေမေတို့နဲ့ တစ်သက်လုံးနေရမှာမှမဟုတ်တာ။ (၁၅) နှစ်လောက်ပဲနေရမှာလေ"

"ဟဲ့-သမီး တိတ်စမ်း။ ဘာတွေပြောနေတာလဲ၊ နောက်ဒါမျိုးမ‹ ပြာနဲ့"

"သမီးပြောခဲ့တာ မှန်တ‹ ›လေ။ မောင်လေးတောင် သူ့နေရာဟော.င်းကို ပြန်သွားခဲ့ပြီလေ"

"တော်တော့လို့ပြောနေတာ‿ မရဘူးလား။ ရိုက်မိတော့မယ်နော်"

စာကြိုးစားရန် ပြောလေတိုင်း ထူးဆန်းသော စကားများပြောကာ ဆင်ခြင်ပေးတတ်သည်။မည်သို့ပင် ချော့မော့ခြောက်လှန့်ဆုံးမစေကာမူ မေသကြဲန်လေးမှာ စာကြိုးစားမှုမရှိခဲ့ပေ။ ပညာရေးဘက်တွင် ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျနေမြဲ ဖြစ်နေသည်။

မိဘများမှာ အတန်းပိုင်ဆရာများ၏ ခေါ်ယူအသိပေးမှုများကို နှစ်စဉ်လိုလိုကြုံခဲ့ရသည်။ သမီး မေသကြဲန်မှာ အတန်းတိုင်း နှစ်ချင်းပေါက်အောင်သည့် နှစ်မရှိသလောက်ပင် ဖြစ်သည်။ ဤသို့ဖြင့် မေသကြဲန် (၆) တန်း တက်ရမည့်နှစ်တွင် ကျောင်းထွက်လိုက်ရတော့သည်။

ပညာရေးဘက်တွင် မထူးချွန်သော်လည်း မေသကြဲန်မှာ မိဘကို ကူညီသော သမီးအလိမ္မာလေး ဖြစ်နေပြီ။ ချက်ပြုတ်လျှော်ဖွပ်ရေးကိစ္စများတွင် မိခင်ဖြစ်သူကို အလိုက်သိစွာ ကူညီလုပ်ကိုင်ပေးသည်။ အိမ်မှုကိစ္စများတွင် အားထားရသူတစ်ဦးဖြစ်ခဲ့ပြီး အသက် (၁၄) နှစ်ကျော် အပျိုပေါက်အရွယ်လေးဖြစ်လာ၍ ရုပ်ရည်မှာ ပြေပြစ်ချောမောလာသည်။ ပင်ကိုအလှများ ပိုမိုပေါ်လွင်လာသည်။ စကားများများပြောလေ့မရှိ၊ အပြုံးအရယ်နည်း၍ အပေါင်းအသင်းလည်းနည်းသူ ဖြစ်သည်။ အိမ်မှုကိစ္စများတွင် မိဘကို ကူညီလုပ်ကိုင်ပေးရင်း ကြီးပြင်းလာသူလေး ဖြစ်နေတော့သည်။

ယခုနှစ် နွေရာသီသည် ယခင်နှစ်များထက် ပို၍ပူပြင်းသည့်ရာသီဖြစ်နေသည်။ တန်ခူးလဖြစ်၍ ရေတွင်းရေကန်များ ခန်းခြောက်လာသည်။ မေသကြဲန်တို့နေအိမ်နှင့် မလှမ်းမကမ်းတွင် အများသုံးသောက်ရေကန်ကြီးတစ်ကန်ရှိသည်။ ညနေစောင်းနေညိုချိန်တွင် ရေခပ်သူများဖြင့် စည်ကားနေလေ့ရှိသည်။ အနီးပတ်ဝန်းကျင်လူများ နွေရာသီတွင် ထို ရေကန်ကိုသာ အားထားနေကြရသည်။ မေသကြဲန်မှာလည်း အိမ်သုံးရန်နှင့် မိ... နှစ်ပါးရေချိုးရန် နေ့စဉ် ညနေ နေညို ချိန်တိုင်း ရေခပ်ပေးနေကျ ဖြစ်သည်။ တစ်နေ့ မေသကြဲန် ရေခပ်သွားနေခဲ့... ဖြစ်သည်။

"အေးသီရေ၊ မှောင်စပြုလာပြီ... သမီးရေခပ်သွားတာ ပြန်မလာသေးဘူးလား"

"အစ်ကို့သမီးက မှောင်စပြု... လူရှင်းတယ်ဆိုပြီး နောက်ကျမှထွက်... သွားတာ။ စောစောက တစ်ခေါက်... တောင်သယ်ခဲ့ပြီးပြီ"

ပြန်ရောက်သင့်သည့်အချိန်ကျော်... လွန်လာသည့်တိုင်အောင် သမီးသော... ပြန်ရောက်မလာသေး၍ စိတ်ပူပန်... လင်မယားနှစ်ဦးစလုံး ရေကန်ကြီးရှိ... သို့ လိုက်သွားကြသည်။

ရေကန်အရောက်တွင် လူအများ... ဝိုင်းအုံပြီး စုရုံးစုရုံးဖြစ်နေသည်ကို ... လိုက်ရသည်။ လူအများ ရေကန်ထဲ... ကြည့်ရှုနေကြသည်။ ရေကန်ထဲ... လည်း လူငယ်ယောကျ်ားလေး (၃)... လေးဦး ရေကူးရေငုပ်လျက် တစ်စုံ... ခုကိုရှာဖွေနေသည်ကို တွေ့လိုက်ရ... သည်။ စောသန်းရီက ရှေ့သို့တိုး... လူအများကြားထဲ တိုးဝင်သွားရင်း... လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တာလဲ၊ ဘာကိုစိတ်ဝင်စားကြည့်နေကြတာလဲ"

"ကောင်မလေးတစ်ယောက် ရေဆင်းခပ်ရင်း ရေကန်ထဲပြုတ်ကျသွားတာတဲ့။ တွေ့လိုက်တဲ့သူတွေက ဟိုမှာ ဒိုင်းဆယ်နေကြတာ"

"ဟင်-ဟုတ်လား၊ ဘယ်အရွယ်လဲ။ ဘယ်လိုပုံလဲ၊ ဘယ်သူပြုတ်ကျတာလဲ"

"အသားဖြူဖြူလေးနဲ့ တော်တော်ချောတဲ့ ကလေးမလေးပါ။ နေ့တိုင်းရေခပ်လာတိုင်း သူနဲ့ ဒီရေကန်မှာ ဆုံနေကြပဲ"

"ဟာ-လုပ်ပါဦး၊ အေးသီရေ၊ တို့သမီးလေး မေသကြိန်ဖြစ်မယ်ထင်တယ်"

"ဟိုမှာရေငုပ်ပြီးရှာနေကြတာ။ တော်တော်လေးတောင်ကြာသွားပြီ။ ခုအထိရှာမတွေ့သေးဘူး"

စောသန်းရီမှာ သမီးဇောဖြင့် ရေကန်သို့ ခုန်ဆင်းသွားသည်။ ထိုစဉ်မှာပင် အစောက ရေငုပ်ရှာဖွေနေသော လူရွယ်တစ်ဦး ရေပေါ်ပေါ်လာသည်။ ရေအောက်ခန့်အရောက်တွင် မတ်တတ်ရပ်လိုက်သည်။ သူ့လက်ပေါ်တွင် မိန်းကလေးတစ်ဦး ပွေ့လျက်သားပါလာသည်။

"ဒီမှာတွေ့ခဲ့ပြီ။ တော်တော်လေးရေငုပ်ပြီးရှာရတာ။ သူက ရေအောက်မှာရှိတဲ့အပင်ကို ဆုပ်ကိုင်ဆွဲထားတာ။ တွေ့တာ နောက်ကျတော့ အသက်မှီမယ်မထင်တော့ဘူး"

လူရွယ်က ရေနစ်သည့် မိန်းကလေးကို ကန်ပေါင်ပေါ် ချလိုက်သည်။ အတ်သမျှမှတ်သမျှ ဝိုင်းဝန်းပြုစုကြသည်။ စောသန်းရီတို့ လင်မယားနှစ်ဦး လူအုပ်ကြီးကို တွန်းဖယ်ရင်း အနားရောက်လာသည်။

"ဟာ - တို့သမီးလေးပဲ။ လုပ်ကြပါဦး၊ ဘုရား ဘုရား - အသက်မရှူတော့ပါလား"

"ဟုတ်တယ်၊ ဒီကောင်မလေး ရေထဲမြုပ်ကျသွားတာ တော်တော်ကြာသွားပြီ။ ဘယ်လိုလုပ် အသက်ရှင်နိုင်တော့မလဲ"

"အစ်ကိုစောသန်းရီရေ သမီးလေးကို ကြည့်ပါဦး"

ဟု ဆိုကာ အေးအေးသီမှာ လဲကျ မေ့မြောသတိလစ်သွားတော့သည်။ စောသန်းရီမှာ သမီးအနားမှ ခွာကာ နေးသည်ကို ပြုစုရပြန်သည်။ အတန်ကြာ ဝိုင်းဝန်းပြုစုနှိပ်နယ်ပေးကြမှ အေးအေးသီ သတိပြန်ရလာသည်။ မိခင်ဖြစ်သူ သတိပြန်လည်လာသော်လည်း ရေနစ်ခဲ့သည့် သမီးလေး မေသကြိန်မှာမူ အသက်မရှိတော့ပေ။

"မိဘတွေရေချိုးဖို့ ရေလာခပ်ရင်း ရေနစ်သေရတာ၊ လိမ္မာတဲ့သမီးလေးမှ ဖြစ်ရတယ်လို့ကွာ၊ ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်"

စောသန်းရီမှာ ယောကျ်ားကြီးတန်မဲ့ မျက်ရည်များကျလျက်ရှိသည်။ သမီးမေသကြိန်ကို ရင်ခွင်ထဲ ပွေ့ပိုက်ထားရင်း ငိုရှိုက်နေသည်။ တိုက်ဆိုင်လှစွာပင် မေသကြိန် ရေနစ်သေဆုံးသောနေ့သည် သူ့အသက် (၁၅) နှစ်ပြည့်မြောက်သည့် သူ့မွေးလ တန်ခူးလဖြစ်နေပါတော့သည်။

*

"ဩော်-သမီးလေးရယ်၊ မေမေတို့နဲ့ ပဋ္ဌာန်းဆက်က ဒီလောက်ပဲရှိတယ်ထင်ပါရဲ့"

"အေးသီရယ်၊ ငါလည်း ငါ့သမီးလေးကို သတိရလွမ်းနေရတာပါပဲ။ သူ့ကံကြမ္မာက ဖန်လာတာကိုး။ သေသူကသေသွားပြီလေ ဖြေမှပေါ့ကွာ၊ ငိုမနေပါနဲ့ကွာ"

"ကျွန်မဘယ်လိုဖြေရမလဲ အစ်ကိုရယ်။ သမီးလေးကိုယ်ဝန်မရခင် သူ့အိပ်မက်ပေးခဲ့တဲ့အတိုင်း အားလုံးကွက်တိဖြစ်လာပြီလေ။ သူ (၁၅) နှစ်ပဲနေမယ်လို့ပြောခဲ့တယ်။ သူသေတာ သူ့မွေးလ တန်ခူးလလေ။ (၁၅) နှစ်ပြည့်တဲ့သူ့ရဲ့မွေးလပေါ့။ ပြီးတော့ သူလာပြီးမကြာခင် သူ့မောင်လေးနေရာဟောင်းကို ပြန်ရမယ်လို့ ပြောခဲ့သေးတယ်။ သူ (၃) နှစ်သမီးအ ရွယ်လောက်မှာပင် ကျွန်မမောင်လေး ၁ နှစ်ကြည် ကွယ်လွန်ခဲ့ရတယ်"

"ကိုက်ဆိုင်မှုလည်း ဖြစ်နိုင်ပါတယ်ကွာ"

"မဟုတ်ဘူး အစ်ကို၊ ကျွန်မစေ့စေ့တွေးလို့သိခဲ့ရပြီ။ တိုက်ဆိုင်မှုလုံးဝမဖြစ်နိုင်ဘူး။ ခုတော့ ကျွန်မသမီးလေးပြောတာ ကျွန်မယုံကြည်ခဲ့ပြီ။ သူတို့ဘယ်မှာရှိနေသလဲဆိုတာလဲ ကျွန်မခန့်မှန်းလို့ရပြီ"

"ဒီလောက်အစွဲအလမ်းမကြီးပါနဲ့ကွာ"

"ကျွန်မတရားနဲ့ဖြေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုမှဖြေလို့မရခဲ့ဘူး၊ ဒီတော့ သူတို့ရှိနေတဲ့နေရာအနီးအနားမှာပဲ ကျွန်မသွားနေပါရစေ။ ကျွန်မကို ခွင့်ပြုပေးပါ အစ်ကိုရယ်၊ တားလည်းမတားပါနဲ့နော်"

*

မုဒုံမြို့မှ သံဖြူဇရပ်ဘက်သို့သွားသည့်ကားလမ်းနံဘေး မုဒုံမြို့အလွန် ဂုံညင်းတန်းရွာအနီး တောအုပ်အတွင်းဝယ် ချုံနွယ်ပိတ်ပေါင်းများဖုံးအုပ်လျက် ယိုယွင်းပျက်စီးနေသော အုတ်စေတီငယ်တစ်ဆူ မထင်မရှားတည်ရှိနေသည်။ ထိုစေတီ၏နောက်ခံသမိုင်း၊ စေတီ၏သက်တမ်း၊ တည်ထားခဲ့သူ၏အမည်ကို မည်သူမျှ အတိအကျမပြောနိုင်ကြပါ။ ယခင်ကာလများက ချုံနွယ်များဖြင့် ဖုံးအုပ်နေသော ထိုစေတီပျက်မှာ ယခုအခါ ချုံနွယ်များကင်းရှင်းပြီး သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့ရမည် ဖြစ်သည်။ ယခင်က မထင်မရှားတွေ့ခဲ့ကြသော် လည်း ယခု ထင်ထင်ရှားရှားဖြစ်လာခဲ့ပြီ ဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းများကို တစ်စုံတစ်ယောက် ခုတ်ထွင်ရှင်းလင်းထားခဲ့ပုံရသည်။ လပြည့်ညများတွင် ထိုစေတီပျက်အနီးဝယ် လူရိပ်လိုလို၊ လှပသော မိန်းကလေးတစ်ဦးပုံလိုလို လှုပ်ရှားသွားလာနေသည်ကို တွေ့သူအချို့ရှိခဲ့သည်။ ထိုအကြောင်း လူပြောများခဲ့သည်။ ထိုသတင်းများ ယခုအခါ ပို၍ပင်ပြောလာကြပြန်သည်။ သဏ္ဍာန်တစ်ခု သွားလာလှုပ်ရှားနေသည်ကို အမှန်တွေ့မြင်ခဲ့သူက တွေ့ခဲ့သည်ဟု ဆိုနေပြန်သည်။ အသေအချာစောင့်ကြည့်ခဲ့ပါမူ ပို၍ထင်ထင်ရှားရှား မြင်တွေ့ရမည် ဖြစ်သည်။

လပြည့်ညများတွင် အုတ်စေတီပျက်အနီး သွားလာလှုပ်ရှားနေသော ပုံရိပ်မှာ ယခင်ကာလများက ထင်မှတ်ထားသကဲ့သို့ ဝိညာဉ်လည်းမဟုတ်၊ နာနာဘာဝလည်းမဟုတ်။ ဥစ္စာစောင့်လည်းမဟုတ်ဘဲ သာမန်လူသားတစ်ဦးဖြစ်နေပါသည်။ ပြည့်ဝ၍ ထိန်ထိန်သာနေသော လပြည့်ဝန်းကို မော့ကြည့်ရင်း ဟိုမှသည်သို့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့ရမည် ဖြစ်သည်။ ထိုသူသည် တစ်စုံတစ်ယောက်ကို တွေ့လိုတွေ့ငြား စောင့်စားရှာဖွေမျှော်လင့်နေသည့်ပုံစံဖြင့် တွေ့ရမည် ဖြစ်သည်။

ထိုသူမှာ မောင်ဖြစ်သူနှင့် သမီးဖြစ်သူတို့ကို တွေ့လိုတွေ့ငြား လပြည့်ညတိုင်း စေတီအနီး ရောက်လာတတ်သော ဂုံညင်းတန်းရွာသူစစ်စစ် အေးအေးသီ သို့မဟုတ် အသက် (၅၀) ကျော်အရွယ် ဒေါ်အေးအေးသီကိုယ်တိုင်ပင် ဖြစ်နေပါတော့သည်။

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com


ညနေမိုးချုပ်ပြီ။ ကြက်များလည်း အိပ်တန်းတက်ကုန်ကြပြီ။ လယ်တော၊ ယာတောများတွင် လံထား၊ လွှတ်ကျောင်းထားကြသော ကျွဲ၊ နွားများကိုလည်း ပြန်သိမ်းပြီး ချည်တိုင်များတွင် ချည်ထားကြပြီ။

ထို့နောက် အိမ်တိုင်းပင် မီးလင်းဖိုလေးများ လင်းလက်လာ၏။ ဆောင်းနှောင်းရာသီသို့ရောက်လာပြီဖြစ်သော်လည်း အအေးဓာတ်လျော့မသွားသေးပေ။ မိုးချုပ်သည်နှင့် အေးစိမ့်လာ၏။ ထို့ကြောင့် စောင်၊ ခြင်ထောင် မပြည့်စုံကြသော တောရွာသူရွာသားများမှာ မီးလင်းဖိုကလေးများကိုသာ အားကိုးကြရသည်။

ရခိုင်ရိုးမကြီးသည် အအေးဓာတ်လွှမ်းကဲသောကြောင့် ရခိုင်ရိုးမကြီး၏ တောင်ခြေ၌တည်သော သူတို့ရွာသည်

# မင်းဟိန်းထိုက်

## ဘိုးဩဘာနှင့်အလမ္မာယ်ဆရာကြီးများ



လည်း အအေးဓာတ်ပိုမြဲဖြစ်သည်။ နွေရာသီ၌ အအေးဓာတ်လျော့သော်လည်း ယခုလို ဆောင်းနှောင်းရာသီ၏ ညနေချိန်များတွင် မီးလင်းဖိုကလေးများကို လက်လွှတ်၍မရနိုင်ကြပေ။

လူပျိုခေါင်းဆောင် ဖြစ်သော အောင်ကျော်ထွန်းသည် ဖက်ကြမ်းတစ်လိပ်ကို ဖွာရှိုက်ပြီး အိမ်မှထွက်လာခဲ့၏။ ရွာလယ်သရက်ပင်ကြီးဘက်ကို ဦးတည်ပြီး လျှောက်သည်။ ခပ်လှမ်းလှမ်းကပင် သရက်ပင်ကြီးအောက်ကို မျှော်ကြည့်သည်။ ကာလသားအချို့ သရက်ပင်ကြီးအောက်ကြိုရောက်နေကြသည်ကို ငုတ်တုတ်စီ၍ တွေ့နေရသည်။

"ဟိုက်ကောင်တွေလူစုံကြပြီလားကွ"

ဟု အောင်ကျော်ထွန်းက လှမ်းမေးလိုက်သည်။

"သုံး၊ လေးယောက်တော့လိုသေးတယ်ကွ။ ဒါပေမယ့် ပြောလို့ရပါပြီ။ တို့ပြောရင်းနဲ့ ကျန်တဲ့ကောင်တွေရောက်လာကြလိမ့်မယ်"

ဟု ဒုတိယလူပျိုခေါင်းဆောင်ဖြစ်သော လှကျော်သာက ပြောသည်။

သို့သော် စကားဝိုင်းမစတင်မီပင် ကျန်နေသော ကာလသားများလည်း ရောက်လာကြသည်။ ထို့ကြောင့် အောင်ကျော်ထွန်းက အောင်ကျော်ဦးက မေးလိုက်သည်။

"ဟိုက်ကောင် အောင်ကျော်ဦး၊ ကုန်ခဲ့တဲ့ညက မင်းတို့ အလမ္မာယ်ဆရာတွေကို သွားပြီးလေ့လာကြတာ အခြေအနေဘယ်လိုလဲကွ"

"ကျွန်တော်နဲ့ ကျော်ဇောဦး ည (၁၀)နာရီမထိုးခင်လေးသွားကြတော့ လူကြီးနှစ်ယောက် လုံထမ်းပြီး အလမ္မာယ်ဆရာကြီးတွေတည်းခိုနေကြတဲ့ ရွာလယ်ဇရပ်ကြီးကို လှည့်ပတ်နေကြတယ်ဗျ။ ကျွန်တော်တို့က ညဆိုတော့ သိပ်ပြီးမသဲကွဲကြဘူး။ ဒါကြောင့် အဲဒီလုံထမ်းပြီး လှည့်ပတ်နေကြတဲ့လူတွေဟာ ဘယ်သူတွေများလဲလို့သိရအောင် ခြေထောက်ကို ဖော့ဖော့နင်းပြီး ကပ်သွားကြတော့ သူတို့က ကျွန်တော်တို့ကို ကြိုမြင်သွားပြီး တက်ခေါက်လိုက်တာနဲ့ အိပ်ပျော်နေတဲ့ အလမ္မာယ်ဆရာကြီးသုံးယောက်စလုံး ဇရပ်ပေါ်ကနေ မတ်တတ်ရပ်ပြီး ကျွန်တော်တို့ဘက်ကို စိုက်ကြည့်လာကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဘာမှ လေ့လာခွင့်မရဘဲ ထွက်ပြေးလာကြတယ်"

"ဟ - အလမ္မာယ်ဆရာက (၃)ယောက်တည်းဆိုကွ။ ဘာကြောင့် လုံထမ်းတဲ့ လူနှစ်ယောက်ကပိုလာပြန်တာတုံး"

"မပြောတတ်ဘူးဗျ။ ကျွန်တော်တို့လည်း ကိုအောင်ကျော်ထွန်း တာဝန်ပေးတဲ့အတိုင်းတော့သွားကြတာပဲ။ ဒါပေမယ့် ခုတင်ကပြောသလို အဆင်မပြေလို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြေးလာကြတာပါ"

"ဒါဆိုရင် အလမ္ပာယ်ဆရာ ခြောက်နှစ်ယောက်များထပ်ရောက်လာသလား။ မင်းတို့ဘယ်လိုထင်သလဲ"

"အဲလိုလည်းဟုတ်မယ်မထင်ဘူး ... ကျွန်တော် ဒီမနက်စောစောကြီးက ... ဆွမ်းအမီ ဘုန်းကြီးကျောင်းကို ... ညွှင်းပေါင်း လှူဖို့သွားတော့ ... အလမ္ပာယ် (၃) ယောက်တည်း ... နေကြတာပဲတွေ့ခဲ့တယ်"

တစ်အောင့်ကြာအောင် စကား ... သွားကြ၏။ ထို့နောက် အောင်ကျော်ထွန်းက သူ့အထင်ကို ဆက်ပြောသည်။

"ဒါဆိုရင် လှံကိုထမ်းပြီး ဇရပ်ကို ... ပတ်နေကြတယ်ဆိုတဲ့ လူ (၂) ယောက်ဟာ သူတို့အတွက် ကင်းအဖြစ် ... အလမ္ပာယ်ဆရာတွေကငှားထားကြတဲ့ ... တွေများ ဖြစ်လေသလားကွ။ အဲလိုဆိုရင်လည်း တို့ရွာသားထဲကတော့ ... မယ်မထင်ဘူး။ ကိုယ့်ရွာကိုလာပြီး ... နှောင့်အယှက်ပေးနေတဲ့လူတွေကိုမှ ... ပြီး ကင်းစောင့်ပေးနေတယ်ဆိုရင် ... လည်း အဲဒီလူတွေကို သတ်ပစ်ဖို့ပဲရှိတယ်"

"အဲလိုလည်း ဖြစ်မယ်မထင်ဘူး ... လှံထမ်းပြီး ဇရပ်ကိုလှည့်ပတ်နေကြ ... လူတွေက သာမန်လူတွေထက်အရပ် ... ပြီးတုတ်လည်းတုတ်ခိုင်တယ်။ အရပ် ... တွေက (၇) ပေတောင် ကျော်လိမ့်မယ်ထင်တယ်"

"ဟိုက် - ဒါဆိုရင် လူစင်စစ်ကော ဟုတ်ရဲ့လားကွ။ သချိုင်းကုန်းက ဖုတ်တွေ၊ သရဲတွေကိုများ သူတို့ရဲ့ပညာဆိုးတွေနဲ့ ခေါ်ထားကြလေသလား"

"မပြောတတ်ဘူးဗျ။ လူတွေကတော့ တကယ့်ထောင့်ထောင်မောင်းမောင်း အရပ် (၇) ပေကျော်လောက်ရှိတဲ့ လူသန်ကြီးတွေချည်းပဲ"

အောင်ကျော်ထွန်း သက်ပြင်းတစ်ချက်ကချလိုက်၏။ထို့နောက် ဆက်ပြောပြန်သည်။


"လျှော့တွက်လို့တော့မရဘူးကွ။ ဒီလူတွေက ဘင်္ဂလာကနေလာကြတာဆိုတော့ ဘင်္ဂလား၊ အိန္ဒိယဘက်က လူတွေဟာ ပညာဆိုးတွေတတ်ကြတယ်။ ဒါကြောင့် ပညာဆိုးတစ်မျိုးမျိုးနဲ့ ဖန်တီးထားတာ ဖြစ်ချင်လည်းဖြစ်မယ်။ ဒါပေမယ့် ကိုယ့်ရွာလာပြီးကျူးကျော်စော်ကားနေတာတော့ အလျှော့ပေးလို့ မရဘူးကွ။ ပြီးတော့ ရွှေဥမေကိုစွကိုကော မင်းတို့ဘာတွေကြားသေးလဲ။ အဲဒီအကောင်တွေက ရွှေဥမေကို ရအောင်ယူမယ်လို့ ကြိမ်းဝါးနေကြတာလေ"

"ရအောင်ယူမယ်ချည်းပြောနေကြတာပဲ။ အသာတကြည် ကမ်းလှမ်းတုန်းကသာ လက်မခံရင် ရတဲ့နည်းနဲ့ယူမယ်တဲ့"

"တောက်"

အောင်ကျော်ထွန်း၏တက်ခေါက်သံက ကျယ်လောင်သွား၏။ အောင်ကျော်ထွန်းက ခရီးလွန်နေ၍ကုန်ခဲ့သည့် ညနေမိုးချုပ်ခါနီးမှ ရွာကို ပြန်ရောက်လာသည်။ ရွာကိုပြန်ရောက်လျှင်ပင် ရွာလယ်ဇရပ်မှာ ရောက်နေကြသော အလမ္ပာယ်ဆရာ (၃) ယောက်တို့၏ သတင်းဆိုးကို တန်းကြားလိုက်ရ၏။

အလမ္ပာယ်ဆရာ (၃) ယောက်တို့သည် ရွာစဉ်လျှောက်ပြီး မြွေလိုက်ပြရင်း သူတို့ရွာကိုရောက်လာကြရာ ခေါင်းဆောင်အလမ္ပာယ်ဆရာကြီးက ရွှေဥမေကို မြင်မြင်ချင်းအရူးအမူးကြိုက်သွားပြီး မရမနေ တောင်းဆိုနေသည်ဟု ဆို၏။ ရွာသားများကလည်း သူတို့ပညာဆိုးတတ်ကျွမ်းသည်ကိုသိ၍ ပြန်မလုပ်ရဲကြသောကြောင့် သာ၍ပင် အတင့်ရဲလာ



www.burmeseclassic.com

www.burmeseclassic.com

နေကြ၏။ ထို့ကြောင့် အောင်ကျော်ထွန်းက အောင်ကျော်ဦးအား ထိုအလမ္ပာယ်ဆရာ (၃) ယောက်တို့အား အနီးကပ်လေ့လာရန် ခိုင်းလိုက်ခြင်း ဖြစ်သည်။

ရွှေဥမေက အလှပဂေးမလေးဖြစ်သည်။ အသားရောင်လေးဖြူဖွေးပြီး အရပ်အမောင်း၊ ကိုယ်လုံးခန္ဓာဘာမှပြောစရာမရှိ။ မိန်းကလေးတစ်ယောက်၌ ရှိသင့်သော အလှအချောအင်္ဂါရပ်များနှင့် ပြည့်စုံသည်။ ထို့ကြောင့် မြို့အုပ်၊ မြို့ပိုင်များက ကမ်းလှမ်းလာနေကြသည်အထိပင် ရှိလာခဲ့၏။ မိဘများက သူတို့သမီးချောလေးကို အသက် (၂၀)ကျော်မှ ပေးစားမည်ဟု ပြောထား၍သာ။ သို့မဟုတ်ပါလျှင် ရွှေဥမေ မင်းကတော်ဖြစ်ပြီ။

"ဒီတော့ ဒီကိစ္စကို ရွာသူကြီးကကော ဘာမှမပြောကြဘူးလားကွ"

"ဒါ. . . ဒါ"

ဟု ဆိုကာ အောင်ကျော်ဦးက လက်ညှိုးနှင့်လက်မကိုဝိုင်းပြလိုက်၏။ ထို့နောက် အသံဖြင့်လည်း ပြောသည်။

"အလမ္ပာယ်ဆရာကြီးတွေက ရွာသူကြီးရဲ့ပါးစပ်ကို ဒါနဲ့ဆို့ထားကြပြီဗျ။ သိတယ်မဟုတ်လား။ တို့ရွာသူကြီးဆိုတဲ့လူက ရွာသူကြီးလုပ်ချင်လွန်းလို့ (လာဘ်စားချင်လွန်းလို့) ဟိုကပ်ဒီပေးနဲ့ဖြစ်လာတာလေ။ ဒီတော့ ဘယ်လိုလုပ်ပြီး ရွာသူကြီးစိတ်ရှိမလဲဗျ။ ရွာသူကြီးစိတ်ရှိမှ ရွာအလုပ်ကိုလုပ်မှာပေါ့"

အောင်ကျော်ထွန်း အံကိုကြိတ်လိုက်၏။ အတော်လေးလည်း ဒေါသထွက်နေလေပြီ။ အောင်ကျော်ထွန်းကလည်း မဟုတ်မခံစိတ်ဓာတ်ရှိသည်။ သည်အထဲ ယခုကဲ့သို့ သူစိမ်းများစော်ကားမော်ကားလုပ်နေကြလေရာ အောင်ကျော်ထွန်း၏ ဒေါသကို သာ၍ပင် ကဲစေလေသည်။

"ဟုတ်ပြီ၊ ဒီတော့ ရွှေဥမေရဲ့ မိဘနဲ့ အစ်ကိုတွေ၊ မောင်တွေက အဲဒီကိစ္စနဲ့ပတ်သက်လို့ ဘာတွေပြောကြသလဲ"

"မိဘတွေ တားထားကြလို့ဗျ။ အဲလိုသာမဟုတ်ရင် ရွှေဥမေရဲ့ အစ်ကိုတွေ၊မောင်တွေက သိတယ်မဟုတ်လား။ ချက်ချင်း ဇရပ်ပေါ်တက်သွားပြီး (၃) ကောင်လုံးကို ဆွဲလှီးပစ်ကြမှာ အသေအချာပဲ"

"မိဘတွေက တားထားကြတယ်ဆိုတာလည်း ဟိုလူတွေက ပညာဆိုးတတ်တယ်ဆိုတာကို ကြောက်လို့နေမှာကွ"

"အတိအကျပဲလေ။ ပညာဆိုးတတ်တဲ့လူတွေဆိုတော့လည်း စဉ်းစားရပြန်တာပေါ့"

အောင်ကျော်ထွန်း တစ်အောင့်လေး စဉ်းစားနေ၏။ ထို့နောက် သက်မတစ်ချက်ကိုချကာ ပြောသည်။

"မနေ့ညကပင် မင်းတို့နဲ့အတူ ငါကိုယ်တိုင်လိုက်ကြည့်ရကောင်းသားကွာ။ ငါလည်း အရမ်းပင်ပန်းလာလို့သာ မင်းတို့ချည်းသက်သက်လွှတ်လိုက်ရတာ။ ကဲ- ဟုတ်ပြီ၊ ဒီည မင်းနဲ့ ငါသွားမယ်။ အခြေအနေကို စောင့်ကြည့်ပြီးမှ ဘာဆက်လုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်ကြတာပေါ့"

အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့ လူစုခွဲပြီး ရွာလယ်ဇရပ်ဘက်ဆီသို့ လျှောက်လာခဲ့ကြသည်။ ခပ်လှမ်းလှမ်းကပင် ဇရပ်ပေါ်က မီးရောင်ကို မြင်ရသည်။ ထို့ကြောင့် သရက်ပင်ကြီးဘက်မှကွယ်ပြီး ခြေထောက်ကိုဖော့ဖော့နင်းကာသွားကြ၏။ ရွာလယ်ဇရပ်ကြီးနှင့် အတတ်နိုင်ဆုံးနီးအောင်လျှောက်သွားကြပြီးမှ အခြေအနေကိုစောင့်ကြည့်ကြသည်။

အောင်ကျော်ဦးက လေသံတိုးတိုးဖြင့် ဇရပ်ပေါ်က အခြင်းအရာများကို တစ်ခုချင်း လက်ညှိုးထိုးပြီးပြောပြသည်။

"ခေါင်းရင်းဘက်ကထိုင်ပြီးကွမ်းဝါးနေတာ သူတို့သုံးယောက်မှာ ဆရာကြီးပဲဗျ။မြွေပြတာရော၊ မျက်လှည့်လက်လှည့်ပြတာရော၊ ဆေးကုမှော်ချွတ်တာတွေကိုပါ အဲဒီလူကြီးကပဲ ဦးဆောင်တာ"

"ရွှေဥမေကို ကြိုက်တယ်ဆိုတာ အဲဒီလူကြီးလား"

"အင်း - ဟုတ်တယ်"

"ရာရာစစကွာ၊ ရုပ်ကိုက ဆိတ်မျက်နှာလို။ အသက်လည်း (၅၀)တောင်ကျော်လောက်ပြီထင်တယ်"

"(၅၀) တော့ မကျော်လောက်သေးဘူးဗျ။ ဆိတ်မျက်နှာနဲ့တူနေလို့ ရင့်ပုံပေါက်နေတာ။ ရှိလှရင် (၄၀) ပေါ့။ မြွေပြတာကတော့ ဘာတော်သလဲမမေးနဲ့။ ပလွေကို မှုတ်လိုက်တာနဲ့ မြွေတွေအားလုံး ထောင်ထပြီး ကကြတော့တာပဲ"

"မြွေဘယ်နှကောင်လောက်ပါတုံး"

"ဒီဘက်ကပခြုပ်ထဲမှာ(၅)ကောင်၊ ဟိုဘက်က ပခြုပ်ကြီးထဲမှာတော့ (၂) ကောင်တည်း။ ဒါပေမယ့် အဲဒီ (၂) ကောင်က တော်တော်ကြီးတယ်ဗျ။ လူနှစ်ယောက်အားထမ်းရတာ။ အဲဒီမြွေကြီးနှစ်ကောင်ကို ပခြုပ်ထဲကဆွဲထုတ်စရာမလိုဘဲ သူတို့စကားနဲ့ပြောလိုက်တာနဲ့ ထောင်ထပြီး ခုန်ထွက်လာကြတော့တာပဲ။ နှစ်ကောင်လုံး လူတစ်ရပ်နီးပါးလောက်ကိုမြင့်တယ်။ တကယ်အသည်းယားစရာကြီးတွေပဲ"

အလမ္ပာယ်ဆရာကြီးများသည် အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့ ချောင်းကြည့်နေကြသည်ကို ရိပ်မိပုံမရပေ။ သူတို့ဘာသာ ကွမ်းဝါးပြီးစကားပြောနေကြ၏။ ဘာစကားများပြောနေကြသည်ကိုလည်း အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့ နားမလည်ကြပေ။

"ဟာဟာ- ကိုအောင်ကျော်ထွန်း ဟိုမှာကြည့်။ အလမ္ပာယ်ခေါင်းဆောင်ကြီးဟာ မြွေကြီးတွေထည့်ထားတဲ့ပခြုပ်ကြီးကိုဖွင့်ပြီး ဘာတွေပြောနေသလဲမသိဘူး။ နေ့ခင်းသာဆို သူအဲလိုလုပ်လိုက်တာနဲ့ ပခြုပ်ထဲက မြွေကြီးတွေဟာ ထောင်ထပြီး ခုန်ထွက်လာတတ်တယ်ဗျ"

အလမ္ပာယ်ဆရာကြီးမှာ ဂါထာမန္တရားများစုတ်နေဟန်ရှိသည်။ ကောင်းကင်ကို လက်နှင့်ဝှေ့ယမ်းပြီး ဆုပ်ယူလာကာ ပခြုပ်ထဲပစ်ထည့်နေ၏။ ထိုကဲ့သို့ သုံး၊ လေးကြိမ်လုပ်လိုက်ပြီးနောက် ပခြုပ်ထဲမှ အရာဝတ္ထုနှစ်ခု ခုန်ထွက်သွားပြီး ပြန်အကျတွင် လုံကိုယ်စီကိုင်လျက် ဧရာမလူသန်ကြီးနှစ်ယောက်ဖြစ်သွားသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့မှာ ကြက်သီးမွေးညင်းများထောင်ထသွားကြလေသည်။ ထို့နောက် လူသန်ကြီးနှစ်ယောက်တို့သည် ဇရပ်အောက်သို့ ခုန်ဆင်းလာကြပြီး အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့အား စိုက်ကြည့်ကာ ကျယ်လောင်စွာဖြင့် တက်ခေါက်လိုက်ကြ၏။ ထို့ကြောင့် အောင်ကျော်ထွန်းနှင့် အောင်ကျော်ဦးတို့လည်း လန့်ဖျပ်ပြီး ထိုနေရာမှ တစ်ချိုးတည်းထွက်ပြေးကြလေသည်။

*

"ဖိုးရုံကျောင်းတံခါးလေးတော့ပွင့်နေတယ်ကွ။ ဖိုးစိတ်တိုကြီး ကျောင်းသာမှာ ရှိနေလောက်တယ်"

စကားကို ထိုမျှသာပြောပြီး ကျောင်း ခြံထဲကို ဝင်လိုက်ကြသည်။ ဘိုးသြဘာ ဖိုးရုံကျောင်းလေးမှာရှိနေသည်ကို ခပ်လှမ်းလှမ်းကပင် မြင်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ကြောင့် ကျောင်းပေါ်ကို တန်းတက်လိုက်ကြသည်။

"ဒီကောင်တွေဘာလာရှုပ်ကြပြန်တာတုံး"

ဘိုးသြဘာက ပါးစပ်ထဲ ကွမ်းသီးဖြင့် ကွမ်းရွက်ကို ထုံးတို့ရင်း ဟောက်လိုလေသံမျိုးဖြင့် - အော်မေးသည်။ ဘိုးသြဘာ၏ အမေးကို လူပျိုခေါင်းဆောင်ဖြစ်သော အောင်ကျော်ထွန်းက ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့ အရေးကိစ္စတစ်ခုရှိလို့ ဘိုးဆီကိုလာကြတာပါ"

"ဟင် - ဘာအရေးကြီးကိစ္စတုံး"

"အခု ကျွန်တော်တို့ရွာထဲမှာ အလမ္ပာယ်ဆရာသုံးယောက်ရောက်နေကြတယ်ဆိုတာတော့ ဘိုးလည်းကြားပြီးဖြစ်မှာပါ"

"အင်း- ကြားတယ်ကော။ မြွေပြတယ်၊ ဆေးကုတယ်၊ မျက်လှည့်ပြတယ်၊ ဗေဒင်ဟောတယ်၊ မှော်ချွတ်တယ်ဆိုလား"

"ဟုတ်ပါတယ်။ အဲဒီလူတွေပေါ့ ဘိုးရဲ့။ အခု ရွာကိုဒုက္ခပေးနေတာလေ"

"ဩော်"

ဘိုးသြဘာသည် ထိုမျှသာပြောပြီး ကွမ်းစားဆေးနှင့် ကွမ်းရွက်ကို ပါးစပ်ထဲထိုးထည့်ပြီး လက်မှာကပ်နေသော ထုံးများကို သုတ်သပ်ရင်းက ဆက်မေးသည်။

"ဒုက္ခပေးနေတယ်ဆိုတော့ ဘယ်လိုတုံး။ မင်းစကားကိုအသေအချာပြောပြစမ်းပါ"

"အမှန်ကိုပြောရရင်တော့ဘိုးရယ်၊ ကိုယ့်ရွာကို ကျူးကျော်ဝင်ရောက်လာပြီး ရွာသူရွာသားများကို မလေးမခံ့လုပ်လာကြပါတယ်။ အလမ္ပာယ်ဆရာကြီးက ရွှေဥမေကိုကြိုက်လို့ ရွှေဥမေက ပြန်ကြိုက်ကြိုက်,မကြိုက်ကြိုက်၊ မိဘတွေက သဘောတူတူ, မတူတူ ရအောင်ယူမယ်တဲ့။ အခုလို အသာတကြည်အသိပေးနေလို့မှမရရင် ရတဲ့နည်းနဲ့ယူမယ်ဆိုပြီး အောင် ကြိမ်းဝါးနေကြပါတယ်"

"ဩော်ဩော် - ဒီလိုလား။ ဒီတော့ မင်းတို့ရွာသူကြီးကကော ဒီကိစ္စကို ဘာမှဝင်မပြောဘူးလား"

"အလမ္ပာယ်ဆရာကြီးတွေက ငွေနဲ့ ရွာသူကြီးပါးစပ်ကို ပိတ်ဆို့ထားတယ် ဘိုးရဲ့။ ရွာသူကြီးဆိုတာကလည်း ဘိုးသိတဲ့အတိုင်းပဲ။ တကယ်ရပ်ရေးရွာရေးတွေကို လုပ်ကိုင်ဆောင်ရွက်ချင်လို့ ရွာသူကြီးတက်လုပ်တာမှ မဟုတ်တာ။ (မသမာသူတို့၏ လက်ချက်ဖြင့် လုပ်ကြံခံလိုက်ရသော ကွယ်လွန်သူ ရွာသူကြီးဟောင်း) ဦးထွန်းတင်နဲ့တော့ တခြားစီပဲ"

"ထွန်းတင်က လူကောင်းကွ။ လူကောင်းဖြစ်လို့လည်း ခွေးကိုက်တာကို ခံလိုက်ရတာပေါ့။ ခုကောင်ကတော့ ငွေစားချင်လို့ ရွာသူကြီးတက်လုပ်တာဖြစ်မယ်"

"အတိအကျပေါ့ဘိုးရယ်။ သူရွာသူကြီးဖြစ်ချင်လွန်းလို့ မြို့ပိုင်ကြီးကိုပေးလိုက်ရတာ ဘေးလူတွေမမြင်နိုင်တဲ့ လာဘ်ထိုးတာမျိုးအပြင် ဖျဉ်းကတိုးသစ်တောင်မှ အိမ်တစ်ဆောင်စာသွားပေးသေးတယ်လေ။ ဒါကြောင့် ဒီလူကြီး ရွာသူကြီးဖြစ်လာတဲ့နေ့ကစလို့ အကြောင်းရှိရင် ငွေရှေ့ကသွားမှအဆင်ပြေတာဗျ"

"ဩော် - အေးအေး၊ ဒီတော့ အလမ္ပာယ်တွေအကြောင်း မင်းတို့သိထားတာ ဘာတွေရှိသေးလဲ။ ဆက်ပြောကြပါဦး"

"အလမ္ပာယ်ဆရာတွေကစွမ်းတာတော့ အမှန်ပဲ ဘိုးရဲ့။ ဗေဒင်ဟောရင်လည်း တကယ်သွားကြည့်ထားတဲ့အတိုင်း ကွက်တိမှန်တာပဲ။ ဆေးကုရင်လည်းစွမ်းတာပဲ။ မှော်သာချွတ်လို့ကတော့ အထူးတောင် ပြောစရာမလိုဘူး။ အခုထွက်ဆိုရင် ထွက်ပဲ။ ပြီးတော့ နောက်တစ်ခုထူးဆန်းတာက သူတို့မှာပါလာကြတဲ့ မြွေကြီးနှစ်ကောင်ကို လူဖြစ်အောင်လုပ်လို့ရတဲ့အကြောင်းပါပဲ"

"ဟေ"

ဘိုးသြဘာ အနည်းငယ် မျက်စိကျယ်သွား၏။ ထို့ကြောင့် ကာလသားများသည်ပင် အံ့သြမလိုဖြစ်သွားကြရသည်။ ဘိုးသြဘာသာ အလမ္ပာယ်ဆရာကြီးများကို မနိုင်လျှင် ဒုက္ခလှလှကြီးရောက်ရချေရဲ့ဟု။ သို့သော် ဘိုးသြဘာက တစ်ချက်ပြုံးလိုက်ပြီး ဆက်မေးပြန်သည်။

"ဒီတော့ ရွှေဥမေရဲ့အစ်ကိုတွေ၊ မောင်တွေကကော ရွာထဲမှာ ထောင်ထောင်ထောင်ထောင်လုပ်နေကြပြီး အခုသူတို့ညီမ/အစ်မကို အလမ္ပာယ်ဆရာတွေက အပိုင်သိမ်းကြတော့မယ့်ကိစ္စကို ဘာမှဝင်မပြောရဲကြဘူးလားကွ"

"မပြောဘဲနေပါ့မလား ဘိုးရယ်၊ ဇရပ်ပေါ် တက်ပြီး လည်ပင်းကိုဆွဲလို့မလို့တောင်မှတကဲကဲလုပ်နေကြတာပါ။ မိဘတွေက အလမ္ပာယ်ဆရာကြီးတွေ ပညာဆိုးနဲ့ ပြန်လုပ်မှာကို ကြောက်ပြီး တားထားကြလို့သာပါ။ အဲလိုသာမတားရင် ပွဲကြီးပွဲကောင်းဖြစ်တာကြာပြီပေါ့"

"အေးအေး - တော်တော်လေးတော့ ဟုတ်နေကြပြီပေါ့"

တစ်အောင့်လေးကြာအောင် စကားဆက်ပြတ်နေကြ၏။ ကာလသားများကလည်း ဘိုးသြဘာ၏မျက်နှာကိုသာ ငေးကြည့်နေကြသည်။ ဘိုးသြဘာလည်း တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ တွေတွေဝေဝေဖြစ်နေသည်ကိုသာ တွေ့နေရသည်။

ထို့ကြောင့် ကာလသားများမှာ ဘိုးသြဘာကြီး အလမ္ပာယ်ဆရာကြီးတို့အား မဆုံးမရဲဖြစ်နေလေသလားဟု စိုးရိမ်စိတ်ဖြင့် သံသယဝင်လာမိကြ၏။ ဘိုးသြဘာကသာ အဆင်ပြေမည့်နည်းလမ်းတစ်ခုခုဖြင့် ဤကိစ္စကို ဖြေရှင်း၍မပေးနိုင်လျှင် အပ်နှင့်ထွင်းရမည့်အရေးကို ပုဆိန်နှင့်ပေါက်ရမည့်ကိန်းဆိုက်သွားနိုင်သည်ဟုလည်း တွေးမိကြသည်။

"ဒီတော့ ဘိုး၊ အလမ္ပာယ်ဆရာကြီးတွေက မြွေကိုတောင်မှ လူဖြစ်သွားအောင် လုပ်နိုင်ကြတယ်ဆိုရင် အတော်ကြီးပဲ ထူးဆန်းတယ်လို့ ပြောရမှာနော။ ကျွန်တော်တို့ နားမလည်နိုင်တဲ့စကားတွေနဲ့ ပြောဆိုမန်းမှုတ်ပြီး ကောင်းကင်ကို လက်နဲ့ဝှေ့ယမ်း ဆုပ်ယူကာ မြွေကြီးနှစ်ကောင်ထည့်ထားတဲ့ပချြုပ်ထဲကို သုံး၊ လေးကြိမ် ပစ်ထည့်လိုက်တာနဲ့ မြွေကြီးနှစ်ကောင်ဟာ ချက်ချင်းလူဖြစ်သွားကြပြီး လုံကြီးတွေကိုထမ်းကာ ခုန်ထွက်လာကြတော့တာပဲ။ လူမှာတောင် သာမန်လူမျိုးမဟုတ်ဘဲ ဇာတ်ထဲက ရှင်ဘုရင့်သက်တော်စောင့်ကြီးတွေအတိုင်းပါပဲ"

ဘိုးသြဘာက တစ်ချက်ပြုံးလိုက်ပြီး-

"အဲဒါဘာမှမခက်ဘူးကွ။အောက်လမ်းနည်းနဲ့ စီရင်ထားတာ"

"မြွေတွေဟာ အသက်ကြီးရင့်လာရင် လူလို၊ နတ်လို၊ ဘီလူးလို ဖန်ဆင်းလို့ရနိုင်တယ်ဆိုတာမျိုးကော မဖြစ်နိုင်ဘူးလား ဘိုး"

"မဟုတ်ဘူး။ အဲဒီလို မြွေသက်ရှည်ကြီးတွေက လူနဲ့အတူ ဘယ်နေပါ့မလဲ။ လူသူနဲ့ဝေးတဲ့ တောနက်ထဲမှာ မြေကြီးခေါင်း၊ တောင်ခေါင်းတွေထဲမှာ အဲလိုပဲနေကြတာပါ။ အခုဟာက မြွေတွေကို အောက်လမ်းနည်းနဲ့ ဖန်တီးပြီး ဖုတ်သွင်းထားကြတာကွ။ ကဲ - ဟုတ်ပြီ ဒီတော့ မင်းတို့ပြန်ကြ။ ရွာသူကြီးဆိုတဲ့ အကောင်ကို ငါဆီလွှတ်လိုက်"

www.burmeseclassic.com

"ဟာ - ဘိုး မလိုက်ဘူးလား။ ဒီကိစ္စကို ဘိုးကိုယ်တိုင်လိုက်ပြီးဖြေရှင်းပေးမှဖြစ်မှာဗျ"

"သွား၊ ငါလာခဲ့မယ်။ မင်းတို့ရွာသူကြီးဆိုတဲ့အကောင်ကိုသာ ငါ့ဆီလွှတ်လိုက်ကြ"

*

နေ့ခင်းအချိန်တွင် ဖြစ်၏။

အလမ္ပာယ်ဆရာကြီးများက မနက်ပိုင်းတွင် ဆေးလိုက်ကုကြ၏။ နေ့လယ်ပိုင်းတွင် မြွေပြပြီး ညနေပိုင်းတွင် မှော်ချွတ်ကြသည်။ ဗေဒင်ကိုမူ အလျဉ်းသင့်သလို ဟောပြောကြသည်။

ယခုအချိန်သည် နေ့ခင်းဖြစ်၍ မြွေပြနေကြ၏။ မြွေများကိုလည်း ဟိုယခင်က လာရောက် ပြသဖူးကြသော မြွေဆရာများထက် များစွာ ပိုမိုနိုင်ကြကြောင်းကို တွေ့ရသည်။ မြွေများမှာလည်း ယခင်က မြွေဆရာများပြသသွားကြသည့် မြွေများနှင့် လုံးဝ မတူပေ။

မြွေပွေး၊ မြွေဟောက်များထက် ဆယ်ဆမက အဆိပ်ပြင်းသော ဟိမဝန္တာမြွေဆိုးများသာ ဖြစ်ကြောင်းကိုလည်း ပြောပြကြသည်။ အလမ္ပာယ်ဆရာကြီးပြောသော စကားကိုလည်း လူတစ်ဦးကဲ့သို့ပင် နားလည်သည်ကို တွေ့ရသည်။

ကဆိုက၊ ခွေလိုခွေ ခိုင်းတဲ့အတိုင်းလိုက်လုပ်ကြသည်။ အလမ္ပာယ်ဆရာကြီးက ပလွေမှုတ်ပေး၍ ကပြကြရာတွင်လည်း အခြားမြွေများထက် များစွာသာသည်။ အလွန်မှ ကြည့်၍ကောင်းသည်။

မြွေပြကြရာ၌ အခကြေးငွေကို သီးသန့်မတောင်းပေ။ ငွေ/ဆန် ပေးသလောက်သာ ယူကြသည်။ တစ်ခန်းပြပြီးတိုင်း စည်းဝိုင်းအပြင်ဘက်တွင် ဝိုင်းအုံနေကြသော လူထုထဲကို ခွက်များဖြင့်လိုက်ခံကြသည်။အကြွေစေ့များကိုထည့်သူကထည့်ကြပြီး ဆန်တစ်ဘူး စသည်ဖြင့် ထည့်သူများကလည်း ထည့်ပေးကြသည်။ မထည့်ပေးလျှင် လုံးဝ မပြပေ။ အထည့်နည်းလျှင်လည်း (သူတို့သတ်မှတ်ထားကြသောစံချိန်ပြည့်/ရအောင်) လိုက်တောင်းကြသည်။ ပြီးမှ ပြပေးကြသည်။

တစ်အောင့်အကြာတွင် ရွာသူကြီးသုတ်သုတ်မြန်မြန်လျှောက်လာနေသည်ကို တွေ့လိုက်ကြရသည်။ ရွာသူကြီးအတော်လေးပင် မျက်နှာပျက်လာသည်ကို တွေ့ရ၏။ ထို့ကြောင့် ရွာသူကြီးအား ဘိုးသြဘာ ကြိမ်ဆော်လိုက်ပြီဟု အလိုလိုသိလိုက်ကြသည်။ ထို့ကြောင့်ပင်ထင်သည်။ ရွာသူကြီးသည် မြွေပြနေသည့်အနားမှ လျှောက်သွားသော်လည်း လုံးဝလှည့်မကြည့်ခဲ့ပေ။

"ဘိုးသြဘာလာနေတယ်"

ဟု တစ်ယောက်က မတိုးမကျယ်ပြောလိုက်၍ မြွေဝိုင်းကြည့်နေကြသော ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ကနေကြသော မြွေများသည်လည်း အဘယ်ကြောင့်ရယ်မသိ၊ ကြံတိုင်ကဲ့သို့ထောင်လျက် ငြိမ်သက်သွားကြ၍ မြွေဆရာကြီးက သုံး၊ လေးကြိမ်မျှ မန်းမှုတ်လိုက်မှ ပြန်လည် အသက်ဝင်လာကြသည်။

ဘိုးသြဘာလည်း မြွေပြနေသည်ကို ကြည့်နေကြသော ပရိသတ်များအထဲသို့ဝင်လာပြီး မြွေဆရာများ၏ရှေ့မှာ ရပ်လေ၏။ ထိုအခါ မြွေများသည်လည်း ကြံတိုင်များကဲ့သို့ မလှုပ်မယှက် တောင့်တောင့်ကြီးဖြစ်သွားကြပြန်လေသည်။

"ဘိုးသြဘာဆိုတာ ခင်ဗျားလား"

ဟု မြွေဆရာကြီးက မေး၏။

ထို့ကြောင့် ဘိုးသြဘာက မထီပြုံးပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။

"ဪ - ဒီလိုဆိုတော့ ခင်ဗျားကျုပ်တို့ဆီကိုလာတာ အကြောင်းကိစ္စများရှိပါသလား"

ဟု မြွေဆရာကြီးက ထပ်မေးသည်။

ဘိုးသြဘာကလည်း ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်လိုအကြောင်းများရှိပါသလဲ"

ဘိုးသြဘာက ပရိသတ်များဘက်ကိုတစ်ချက်ကြည့်ပြီး ပြုံးပြလိုက်၏။ ထို့နောက် ပြောသည်။

"မင်းတို့ ဒီရွာကိုလာပြီး ကိုယ်တတ်တဲ့ပညာနဲ့စီးပွားရှာကြတာကိုတော့ ငါမပြောလိုဘူး။ ဒါပေမယ့် ထမင်းရှင်တွေဖြစ်ကြတဲ့ ရွာသူရွာသားတွေကို စိတ်ဆင်းရဲအောင်လုပ်တာတို့၊ ဇော်ကားမော်ကားပြောတာဆိုတို့၊ ကျူးကျော်ရန်စတာတို့ကတော့ မကောင်းဘူးကွ"

"ကျွန်တော်တို့က ဘာတွေကိုများ ဇော်ကားမော်ကားပြောဆိုပြီးကျူးကျော်ရန်စနေလို့လဲ"

ဘိုးသြဘာက ပရိသတ်ဘက်ကို လှည့်ကြည့်ပြီး ပြုံးလိုက်ပြန်သည်။ ထို့နောက် ဆက်ပြောသည်။

"မင်းတို့က ပညာလေးမတောက်တခေါက်နဲ့ ကိုယ့်ကိုယ်ကိုယ်ဟုတ်လှပြီလို့ထင်နေကြတဲ့ အကြောင်းကိုတော့ ငါကြားပါတယ်။ ကုန်ကုန်ပြောရရင် ရွှေဥမေဆိုတဲ့ ကောင်မလေးကိုတောင် မိဘတွေက မင်းဆီကို လာပို့ရင်ပို့၊ မပို့ရင်တော့ အကြမ်းဖက်ပြီးတောင်မှယူရလိမ့်မယ်လို့ မင်းတို့က ကြုံးဝါးနေကြတယ်ဆိုမဟုတ်လား"

"ဟ - အဘိုးကြီး၊ ကိုယ့်လမ်းကိုသွားပါလား။ ဘာလို့ သူတစ်ပါးကိစ္စကိုဝင်ရှုပ်ရတာလဲ။ ဘာလဲ၊ ခင်ဗျားကြီးကျုပ်နဲ့ ယှဉ်ချင်ပြိုင်ချင်လို့ စိန်ခေါ်လာတဲ့သဘောလား"

ဘိုးသြဘာက ခနဲ့ပြုံးပြုံးပြီး ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်၏။

"ဟ - အဘိုးကြီး၊ မှားသွားလိမ့်မယ်နော။ ကျုပ်တို့က အိန္ဒိယ၊ တိဗက်ဘက်လား၊ အင်ဒို၊ မလေးကျွန်းဆွယ်တွေကိုအထိ နှံ့လာခဲ့ကြတာ ဒီစကားမျိုးကိုတစ်ခါမှ မကြားဖူးပါဘူး။ အခု ဒီမှာလာကြားရတယ်ဆိုတော့ ထူးဆန်းနေသလိုပါပဲလား"

ဘိုးသြဘာက ခေါင်းကို တစ်ချက်ငှဲ့ယမ်းပြလိုက်ပြီး -

"ထွက်သွားကြ၊ ရွာထဲကမိုးမချုပ်ခင်"

အလမ္ပာယ်ဆရာကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်သွားလေ၏။ မျက်နှာကြီးသည်လည်း ရဲရဲနီသွားလေသည်။ ထို့နောက် လက်နှစ်ဖက်ကို မြေပေါ် မြှောက်ပြီး တစ်ပတ်လည်ကာ မြေပြင်ကို ဖနောင့်နှင့်တစ်ချက်ပေါက်လျက်-

"မထွက်ဘူးကွ။ မထွက်ရင်ဘာလုပ်မှာလဲ"

ဟု ကျယ်လောင်စွာ အော်လိုက်လေသည်။

ထို့ကြောင့် ဝိုင်းအုံပြီးကြည့်နေကြသော ရွာသားများသည်ပင် လန့်ဖြန့်သွားကြလေသည်။

"မထွက်ရင် မင်းတို့ဒုက္ခလှလှကြုံရောက်သွားကြတော့မှာပေါ့။ ဒါဟာ ငါမင်းတို့ကို သက်သက်ညှာညှာနဲ့ ပြောနေတာနော။ ဒါကြောင့် ဒုက္ခမရောက်ချင်ရင် ခုကတည်းကထွက်သွားကြပါလို့ ငါပြောနေတယ်"

"မထွက်ဘူးဟေ့၊မထွက်ဘူး။ လုံးဝမထွက်ဘူး။ ဘာလုပ်ချင်သလဲ စိန်လိုက်ကြိုက်ရာကိုရွေး။ ဘွာမခတ်ကြေးဘဲ"

ဘိုးသြဘာသည် သဘောကျစွာဖြင့် ပြုံးလျက်က တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက်၏။

"ကိုင်း - ဒီလိုဆိုရင် ငါ့တာဝန်ကျေပြီ။ မင်းတို့လည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဟုတ်လှပြီလို့ထင်ပြီး လမ်းရွှေ ကြပြီလို့ ငါယူဆလိုက်ပြီ။ ဒါကြောင့် သားတွေ၊ မင်းတို့ကြည့်နေနှင့်ကြ"

ဟု ပြောထားခဲ့ပြီး ဘိုးသြဘာ ခနဲ လှည့်ထွက်သွားလေသည်။ ရွာ များမှာလည်း ဘုမသိဘမသိဖြစ် ငေးကြောင်ကျန်နေခဲ့ကြ၏။ ဘာ ဖြစ်လာမည်ကို မသိနိုင်၍လည်း တ်လန့်နေကြ၏။

အလမ္ဘာယ်ဆရာကြီးသည် သူ၏ ခမ်းမွေးထူလဗျစ်ကို လက်နှင့်တစ် သပ်လိုက်ပြီး ဘိုးသြဘာထွက်သွား ကို ငေးကြည့်ကာ ခပ်ထေ့ထေ့ ချက်ပြုံးလိုက်၏။ ထို့နောက် ကျယ် င်စွာဖြင့် အောက်ပြောလိုက်သည်။

"ဘာလဲ အဲဒီဟာ (ဘိုးသြဘာ) ဒါမျိုးနဲ့ ခင်ဗျားတို့ရွာကို လိမ်ညာ ပတ်ပြီး စားနေတာပဲ မဟုတ်လား။ ပ်တို့ကို ဒါမျိုးလာလုပ်လို့မရဘူး။ ပ်တို့က ကမ္ဘာကိုလှည့်နေကြတာဗျ။ ကြောင့် ဒါမျိုးလောက် တို့မတိုးဘူး။ လုတ်စာလည်းမပြည့်ဘူးလို့ ခင်ဗျား ဘာကြီးကို သွားပြောလိုက်ကြ"

ဟု ပြောပြီး အလမ္ဘာယ်ဆရာကြီး ည် ဘိုးသြဘာဘက်ကို မကျေနပ် သော အမူအရာဖြင့် လှည့်ကြည့်နေပြန် ည်။

ဘိုးသြဘာသည် ရွာဦးရောက် ည်နှင့် သစ်ရွက်တစ်ဆုပ်ကို ခူးလိုက်ပြီး ကို မြှောက်တင်လိုက်ရာ အကြီး၊ ယ်အရွယ်စုံသော ချိုးသိမ်းငှက်များ ဖြစ်သွားကြလေသည်။ ထို့နောက် သိမ်းငှက်များသည် တဂိုးဂိုးဖြင့် အော် ပြီး ရန်မူလျက် ရွာကိုတစ်ပတ်ပျံဝဲ ရွာလယ်ဇရပ်ဆီသို့ ထိုးဆင်းပြီး အလမ္ဘာယ်ဆရာကြီး၏ မြွေများကိုသာ စ်ကောင်မကျန် သုတ်ချီသွားကြလေ ည်။

ထို့ကြောင့် အလမ္ဘာယ်မြွေဆရာ ကြီးများမှာ ခေါင်းကိုမြေမှာစိုက်လျက် ား. . . ဘား' ဟု ကျယ်လောင်စွာဖြင့် ဘားဘားလျက် ဆူညံနေကြလေ၏။ ထို့နောက် မြေမှုန့်များကို ခေါင်းမှာတင် ကိုယ်မှာလည်းလူးကြလေ၏။ တစ်ခု အဖတ်ဆယ်မရတော့။ အရူးတစ်ပိုင်း ဖြစ်နေကြလေသည်။

ထို့ကြောင့် ရွာသူရွာသားများက က်သရေယုတ်လှသဖြင့် မိုးမချုပ်မီပင် အလမ္ဘာယ်ဆရာများအား ရွာထဲမှ မောင်းထုတ်လိုက်ကြလေသည်။

မင်းဟိန်းထိုက်

# နှင်းခူနာပျောက်ဆေးတစ်လက်

နှင်းခူနာသည် အရေပြားပေါ်တွင် ပေါက်လေ့ပေါက်ထရှိသည့် အနာကြီးရောဂါစာရင်းဝင်ရောဂါ ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်တတ်သည်။ နှင်းခူနာရောဂါဖြစ်လျှင် တော်တော်နှင့် ဆေးမတိုးတတ်ပါ။ တော်တော်နှင့်လည်း မပျောက်တတ်ပါ။ များသောအားဖြင့် နှင်းခူနာသည် ခြေသလုံးနှင့် လက်ခုံများတွင် ဖြစ်တတ်ကြသည်။ နှင်းခူနာသည် အဖုလေးမှစ၍ ဖြစ်ပေါ်တတ်ပါသည်။

နှင်းခူနာဖြစ်ပေါ်ခါစတွင် ထိုအဖုသေးသည် အလွန်ယားယံ၍လာသည်။ ကုတ်ခြစ်လျှင်လည်း အလွန်အရသာရှိသည်။ ယားယံသောကြောင့် ကုတ်ဖဲ့၍ မပြီးနိုင်အောင်ဖြစ်နေတတ်သည်။ ကုတ်ခြစ်ထားသောနေရာတွင် ရဲပြီး အရည်စက်များ ပြန့်ပွား၍လာပါသည်။ နောက်ဆုံး အဖုသေးသေးမှစ၍ ခြေခုံ၊ လက်ခုံ၊ ခြေသလုံးစ၍ဖြစ်သောနေရာ၌ အနာများဖြစ်နေ၍လာတတ်ပါသည်။ ဥပမာ ခြေသလုံးတွင်စ၍ဖြစ်ရာတွင် ခြေသလုံး၌ မန်ကျည်းစေ့ခန့်ရှိရာမှ နောက်တဖြည်းဖြည်းကြီးထွားလာပြီး ဆေးမတွေ့၍ ခြေသလုံးတွင် အပေါ်သို့လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်သို့ လည်းကောင်း ပြန့်ပွားလာတတ်ပါသည်။ နှင်းခူနာဖြစ်သည်ကို မသိ၍ သတိမထားမိ။ ရိုးရိုးအနာဟု ထင်မှတ်ပြီး အစားအသောက်မဆင်ခြင် အညှီအဟောက်များကိုစားမိခြင်း၊ အမဲသားကို အလွန်အမင်းစားသောက်မိ၍ နှင်းခူနာပိုးများ ပြန့်ပွားလာပြီး အနာသည် ကြီးထွားလာခြင်း ဖြစ်ပါသည်။ အမြန်မကုသလျှင် ခူနာသည် ခြေသလုံးတွင် တစ်ပတ်ပြည့်သွားတတ်ပါသည်။ ကုတ်လေယားလေ ယားလေကုတ်ဖဲ့လေဖြစ်တတ်သောကြောင့် အနာမှာကြီးလာပါသည်။ တစ်စတစ်စ မန်းရည်များထွက်ကျလာသည်။ ကြာလျှင် မန်းရည်သည် အပုပ်နံ့ထွက်လာတတ်ပါသည်။ ထိုနှင်းခူနာသည် အပြင်ဘက်တွင်ရဲနေပြီး စိုနေတတ်သည်။ အသားအတွင်း၌ လိုက်၍ စားနေတတ်ပါသည်။ ဆေးအလွန်တွေ့ခဲသော အနာတစ်မျိုး ဖြစ်သည်။ ထိုကဲ့သို့ နှင်းခူနာများဖြစ်နေလျှင် လူကြားသူကြားသို့သွားရန် အလွန်ခဲယဉ်းပါသည်။ အကြောင်းမှာ အနာပုပ်စော်နံသောကြောင့်ဖြစ်ရပါသည်။

ဤကဲ့သို့ နှင်းခူနာဖြစ်လျှင် စာရေးသူတို့၏ရွာမှ ဘကြီးဘုန်းတော်ကြီး ချီးမြှင့်ပေးခဲ့သောဆေးနည်းကို တင်ပြလိုပါသည်။ ဘကြီးဘုန်းတော်ကြီးကိုယ်တိုင် ဘယ်ဘက်ခြေသလုံးအပေါ်တွင် လက်တစ်အုပ်ခန့်ပွားနေသောနှင်းခူနာအား ဤဆေးဖြင့် ကုသ၍ ပျောက်ခဲ့ကြောင်းကိုလည်း မိန့်ဆိုခဲ့ပါသည်။

ဘကြီးဘုန်းတော်ကြီး၏ဆေးမှာ ဆူးရှိသော ကုန်းထိကရုံးပင် ဖြစ်ပါသည်။ ကုန်းထိကရုံးကို အပင်ကြီးကြီး ပဍ္ဍင်းပါးပါအောင် တူးယူ၍ ရေစင်အောင်ဆေးပါ။ ရေခြောက်သွေ့အောင် အနည်းငယ် နေပြပါ။ ခြောက်သွားလျှင် ဓားဖြင့်နုပ်နုပ်စဉ်းပါ။ အကျွမ်းလှော်ပြီး အမှုန့်ထောင်းပါ။ ထောင်း၍ရလာသော အမှုန့်ကို ဘူးတစ်ခုတွင်ထည့်၍ အုန်းဆီစစ်စစ်နှင့်ခပ်ပျစ်ပျစ်ရအောင်ဖျော်ပါ။ အနာကို ဖန်ရည်ဖြင့်စင်အောင်ဆေးပါ။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်လိမ်းပေးပါ။ အနာဆေးလိမ်းသောအခါ အနာထဲဆေးဝင်အောင် ခပ်များများလိမ်းပေးရပါမည်။ ညတွင် ဆေးကိုလိမ်းသောအခါ ဆေးလိမ်းသည့် အပေါ်သို့ ငှက်ပျောရွက်ခံပြီး ပတ်တီးစည်းပြီး အိပ်ရပါမည်။ နံနက်လင်းလျှင် ပတ်တီးကိုဖြေ၍ကြည့်လျှင် အနာခြောက်သွားသည်ကို တွေ့ရပါမည်။ ဤသို့ဖြင့် အထက်ပါတိုင်း နှစ်ပတ်ကျော်ခန့် ဆေးကိုမပြတ်လိမ်းပေးလျှင် နှင်းခူနာပျောက်ကင်းစေပါသည်။ မိမိ၏အနာကိုကြည့်၍ ထပ်လိမ်းပေးသင့်လျှင် လိမ်းပေးပါ။ ဆေးလိမ်းနေစဉ်အတွင်း အမဲသားနှင့် အညှီအဟောက်အစာများကို ရှောင်ရပါမည်။

စာရေးသူကိုယ်တိုင် လက်တွေ့ဖြစ်ခဲ့ပြီး ပျောက်ကင်းနေသော ဆေးနည်းဖြစ်ခြင်းကြောင့် ဝေဒနာရှင်များအား ထပ်ဆင့်၍ ဒါနပြုလိုက်ပါသည်။ ဤဆေးနည်းကို ပြောပြပေးခဲ့သော စာရေးသူတို့ရွာမှ ဘကြီးဘုန်းတော်ကြီး ဦးရေဝတအား လက်ဆယ်ဖြာဖြင့် ကန်တော့ပန်းဆင်၍ သုရဿမဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

မဟာရာ (ဒေါဝတီ) ကသာ

www.burmeseclassic.com

(ယခင်လမှအဆက်)

**မင်္ဂလာပွဲမှာ**

အိုက်ယသည် အစ်မတို့အိမ်ရှိရာ အောင်နန်းရပ်ကွက်သို့ ညအိပ်ကြိုတင် ရောက်ရှိပါသည်။ ညီမလေး နန်းကျော့နှင့် လက်ထပ်မည့်သူသည် လူလတ်တန်းစား ကျောက်ကုန်သည်အသိုင်းအဝိုင်းမှဖြစ်ကာ ကျောက်ကုန်သည်လုပ်သည်ဟု သိရပါသည်။

သို့သော် ညီမလေးသည် သူ၏ယောက္ခမများအိမ်တွင်လိုက်၍နေရမည်ဖြစ်ပါသည်။ သူတို့အိမ်တွင်လည်း မောင်နှမ (၃) ယောက် ရှိကြောင်း၊ အငယ် (၂)ယောက်မှာ အိမ်ထောင်မကျသေးကြောင်း သိရလေ၏။ အသစ်ဆောက်လုပ်ပြီးစဖြစ်သော မဏ်ိရတနာခန်းမကြီးတွင် ထည်ထည်ဝါဝါ မင်္ဂလာဆောင်ပေးသည်ပင် အိုက်ယ ကြည်နူးကျေနပ်ရပါသည်။

ကျောက်ကုန်သည်အသိုင်းအဝိုင်းမှဖြစ်သဖြင့် မိုးကုတ်နှင့် ကျပ်ပြင်မှ ကျောက်ကုန်သည်များ စည်ကားစွာတက်ရောက်ကြပါသည်။ အိုက်ယမှာ သတို့သမီး၏ အစ်ကိုဖြစ်သဖြင့် ဧည့်ကြိုသည့်နေရာတွင် နေရာယူရပါသည်။ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်တို့ဖြင့် မင်းသားစတိုင်မဟုတ်ပါ။ လူကြီးအရာမှီ မြန်မာဆန်ဆန် ပလေကပ်လုံချည်တက်ထရွှန်ရုပ်လည်ကတုံး၊ တက်ထရက် ပန်းနုရောင်တိုက်ပုံအကျီနှင့် တည်ကြည်သောပုံစံနှင့်ဖြစ်သည့် ဖြူဖွေးလှပသော အိုက်ယသည် မြန်မာဆန်ဆန်လှ၍နေပါသည်။






www.burmeseclassic.com

www.burmeseclassic.com

တဖွဲဖွဲလာနေသော ပရိသတ်ထဲတွင် နန်းနောင့်နောင့်နှင့် ခင်နှင်းဖြူတို့ မလာလေမလား ဟူသော အတွေးကလည်း သူ့ကိုရင်ခုန်စေပါသည်။ ဘဝအချိန်မှံ့ကျနေသော ခုလိုအချိန်တွင် သူတို့နှင့်တွေ့လိုစိတ်မရှိပါ။ အလိုလိုသိမ်ငယ်၍နေပါသည်။

ဆွဲသီးပေးသောနေ့သည် ခင်နှင်းဖြူနှင့် နောက်ဆုံးတွေ့လိုက်ရသောနေ့ဖြစ်သည်။ သည့်နောက်တွင်မှ မိုးကုတ်မြို့သို့ ခြေမချဖြစ်သည်မှာပင် ကာလအတန်ကြာခဲ့ပြီ ဖြစ်ပါသည်။ တစ်စက်ကလေးသော်မှ မေ့၍မရသော်လည်း ဘဝပေးအခြေအနေအရ မြင်ခွင့်ပင်မရနိုင်တော့သောအခြေသို့ ရောက်နေခဲ့ရပြီဖြစ်သည်။ ခင်နှင်းဖြူတို့ မလာပါစေနှင့်ဟု ဆုတောင်းနေမိ၏။

သို့သော် သူ့ဆုတောင်းမပြည့်ခဲ့ပါ။ နန်းနောင့်နောင့်နှင့် ခင်နှင်းဖြူတို့ မင်္ဂလာပွဲကို ရောက်လာပါတော့သည်။ ဆင်ပေါ်ကြော့ရှင်းသော ခင်နှင်းဖြူကို အဝေးကပင် အိုက်ယ မြင်သလို ခန်းမအဝင်ဝတွင် ဧည့်ကြိုနေသော အိုက်ယတို့လည်း ခင်နှင်းဖြူတို့က မြင်ပါသည်။

"ဩော်-ကိုအိုက်ယပါလား။ သတို့သမီးနဲ့ဘယ်လိုတော်တာလဲ"

"နန်းကျော့က ကျွန်တော့်ညီမလေးပါ"

နန်းနောင့်နောင့်က နှုတ်ဆက်စကားဆိုပါသည်။ ခင်နှင်းဖြူကတော့ ဘာမှဝင်၍မပြောပါ။ ပြုံး၍သာနှုတ်ဆက်ပါသည်။

"ဩော် - ဟုတ်လား။ ဒါထက်ကိုအိုက်ယ ထာပွဲမဝင်တာ အတော်ကြာသွားပြီနော်။ ဘာလဲ၊ အရောင်းအဝယ်မလုပ်တော့ပြန်ဘူးလား"

"ဟုတ်ကဲ့ - ကျွန်တော် အခုတွင်းထောင်ပြီး စီးပွားရေးလုပ်ကြည့်နေပါတယ်။ သူများတွေရကြတာ အားကျလို့လေ"

"ကောင်းပါတယ်ရှင်၊ ကောင်းပါတယ်။ ကျွန်မတို့က ကျွန်မတို့ကို စိတ်ဆိုးပြီးများမလာတော့တာလားလို့ ထင်လို့ပါ"

"စိတ်ဆိုးစရာအကြောင်းမရှိပါဘူးဗျာ။ ကျွန်တော် ခင်ဗျားတို့ကိုအမြဲသတိရနေတာပါ။ ကဲကဲ - အထဲကိုကြွပါဦး"

ဟု ဖိတ်ခေါ်ကာ လက်ဖက်ရည်ပွဲတွင် ဧည့်ခံပေးလေ၏။

"သတို့သား မင်းမင်းနဲ့ ကျွန်မတို့က ရင်းနှီးကြပါတယ်။ ကိုအိုက်ယရဲ့ ညီမကလည်း အတော်လေးလှတာပဲနော်"

"ဟုတ်ကဲ့ခင်ဗျ။ ဒါပေမယ့် မနောင့်တို့၊ မခင်နှင်းဖြူတို့လောက်တော့ မလှပါဘူးဗျာ"

ထိုသို့ ပဋိသန္ထာရစကားများသာ ဆိုနေရသော်လည်း စိတ်ထဲတွင်မူ ပျော်ရွှင်ခြင်းမရှိပါ။ ချစ်စိတ်များ၊ အားငယ်စိတ်များဖြင့်ပြည့်ကျပ်ကာ ပူလောင်စွာခံစားနေရလေ၏။ နုံ့သာရောင်ဝမ်းဆက်လေးဖြင့် လှချင်တိုင်းလှနေသော ခင်နှင်းဖြူ၏အလှသည် သူ့ရင်အစုံကိုအခုန်မြန်စေပါသည်။ သို့သော် သူ့အား စိတ်ဝင်စားဟန်လုံးဝမပြဘဲ သာမန်အကြည့်ဖြင့်သာကြည့်ပါသည်။

ထိုစဉ် သတို့သား၊ သတို့သမီးတို့မှ ဧည့်ခံပွဲတိုင်းကို လိုက်လံ နှုတ်ဆက်၍ ဓာတ်ပုံရိုက်နေကြရာ အနီးသို့ရောက်လာသဖြင့် အိုက်ယ ခန်းမအပြင်ဧည့်ကြိုနေရာသို့ ပြန်ထွက်ခဲ့ပါသည်။ အထွက်တွင် နန်းနောင့်နောင့်က -

"ကိုအိုက်ယ ကျောက်တွေ့ရရင် ကျွန်မတို့ကိုလာရောင်းပေးဦးနော်"

ဟု နှုတ်ဆက်ကာ ပြန်သွားကြလေ၏။

အိုက်ယသည် ခင်နှင်းဖြူကို မျက်စိအောက်မှ ပျောက်သည်အထိ ကြည့် နေမိ၏။

မကောင်းတတ်၍၊ အထင်မသေးစေလို၍ တွင်းထောင်ထားသည်ဟု လိမ်ညာပြောလိုက်ခြင်း ဖြစ်သည်။ အမှန်သော် ဦးနန္ဒိတို့ကိုမှီခို၍လိုက်လုပ်ရသော နောက်လိုက်တစ်ဦးသာ ဖြစ်ပါသည်။ ခင်နှင်းဖြူ သူ့ကို အထင်မသေးစေလိုပါ။ သို့ကြောင့် လိမ်ညာခြင်း ဖြစ်၏။

**ဖောက်တွင်းရာသီ**

ဖောက်တွင်း ဟူသည်မှာ အပေါ်မြေများဖြစ်သည့် ခေါင်မိုးမြေကို ဆေးခြင်းမပြုပါ။ ခေါင်မိုးမြေကို ဒေသအခေါ် ခေါင်းမိုးဟု ခေါ်ပါသည်။ အောက်ခြေဖြုန်းစစ်စစ်ကို ရအောင်ရှာ၍ ဆေးကြခြင်းဖြစ်ရာ မျောတိုက်ခြင်းထက်ပို၍ မျှော်လင့်ချက်ရှိပါသည်။

မျောတိုက်ခြင်းသည် အများအားဖြင့် အပေါ်ယံမြေတို့ကိုသာတိုက်၍ရပါသည်။ အောက်ခြေအထိမမီကြပါ။ ထို့ကြောင့် ပိုက်ဆံတတ်နိုင်သော အိမ်တို့သည် တွင်းသား လေး၊ ငါးဦးမွေးကာ ကိုယ်တိုင်ဦးဆောင်မှုပြု၍ တွင်းထောင်ကြပါသည်။ မည်သူနှင့်မျှအစုစပ်မလုပ်ကြပါ။

အိုက်ယမှာ ကိုယ်ပိုင်ကျင်းထောင်ထားသယောင် ကြွားလိုက်ရသဖြင့် အရှက်သက်သာရာရခဲ့သော်လည်း ဤပုံဤနည်းဖြင့် ကျောက်ကြီးရခဲ့သော်မှ လေးစုတစ်စုသာရမည်ဖြစ်ရာ ဆင်းရဲတွင်းက ရုတ်တရက်လွတ်ရန် ခက်ခဲကြောင်းတွေးမိပါသည်။ အောက်ဖြုန်းများဆေးရန် တော့ာက်အသင့်တင့်မြင်ပါသည်၊ သောင်းတော့ာက်အထိ ရပါ၏။ သို့သော် သောင်းကြီး သိန်းကြီး မရပါ။





www.burmeseclassic.com

www.burmeseclassic.com

ခွဲဝေရာတွင် မစို့မပို့သောငွေကိုသာရပါသည်။ တစ်ခါဆေးတစ်ခါရောင်းတစ်ခါခွဲလုပ်ကြသည်မှာ တွင်းသမားတို့ ထုံးစံဖြစ်ရာ ရာငွေရလိုက်၊ ထောင်ငွေရလိုက်ဖြင့်သာ အချိန်တို့တဖြည်းဖြည်းကုန်လာခဲ့၏။ တွင်းမှရသမျှ ငွေတို့မှာလည်း အိမ်စရိတ်အဖြစ်ပေးရရာ ထမင်းစားကျောက်အဆင့်သာရသည်ဟု ဆိုရပါမည်။ ကျောက်အရောင်းအဝယ်လုပ်နိုင်သောအရင်းအနှီးမရပါ။ နန်းယွန်မှာလည်း ကလေးငယ်သေးသည့်အတွက် အရောင်းအဝယ်ကို ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်သေးဘဲ ရွာအတွင်း၌သာ လှည့်လည်ရောင်းဝယ်ရရာ ထင်တိုင်းမပေါက်သောအချိန်သာ ဖြစ်ပါသည်။

သင်္ကြန်ကာလပြီးသည်နှင့် မိုးကုတ်ပတ္တမြားမြေသည် မိုးဦးကျပြီဖြစ်လေရာ အောက်ထဲ၌ထည့်ထားသော မြေထိန်းနံရံမှ သစ်ရွက်တို့သည် အပုပ်နံ့တို့ထွက်လာကြပြီဖြစ်သည်။ ထိုအခါ အောက်ထဲတွင် လေမရတော့ပါ။လေမရသောတွင်းမှာ အသက်အန္တရာယ်ရှိသဖြင့် ဖောက်တွင်းတို့ကို စွန့်လွှတ်ကြရပါသည်။ ထိုအခါ ဖောက်တွင်းရာသီကုန်ပြီ ဖြစ်ပါသည်။အိုက်ယတို့ ကျောက်ကြီးကျောက်ကောင်းမရလိုက်ကြပါ။

အိုက်ယမှာမူ ထင်တိုင်းမပေါက်သောတွင်းလုပ်ငန်းကို စိတ်ကုန်သွားပြီဖြစ်ပါသည်။ ဦးနန္ဒိတို့မှာမူ လုပ်မှကိုင်မှစားရသော တွင်းသမားဖြစ်သဖြင့် မျောတွင်းစတည်ရန် စိတ်ကူးတိုင်ပင်နေကြပြီဖြစ်သည်။

"အိုက်ယ၊ မိုးကကျစပြုနေပြီ။ တို့တွေ မျောတွင်းစလုပ်ကြတော့မယ်။ အဲဒါ နက်ဖြန် မှန်သော့ပင်ဘက် တွင်းရာသွားကြည့်မယ်စိတ်ကူးတယ်။ မင်းလိုက်ဦးမှာလား"

"လေးနန္ဒိရေ၊ တွင်းသာလုပ်နေလို့ကတော့ ဒီလိုနဲ့ အသက်ကြီးပြီး အချိန်ကုန်တော့မယ်ထင်ပါရဲ့။ တွင်းက တစ်ခါမှ ကျောက်ကြီးကျောက်ကောင်းမရဘူးသေးတော့ ကျွန်တော် စဉ်းစားဦးမယ်ဗျာ"

"ဘာလဲ၊ မင်းယောက္ခမကြီးဆီက အရင်းအနှီးထပ်တောင်းဦးမလို့လား"

"စိတ်တော့ကူးတာပဲ လေးနန္ဒိရေ။ ပထမတစ်ခါ မဖြစ်ထားတော့ ပြောရမှာတောင် ခပ်ကြောက်ကြောက်ပဲဗျ"

"ကျောက်တွေ အကြောလိုက်ပေါက်ထားတာပါကွာ။ မင်းမှ မဖြုန်းရင် ဘယ်သူလာဖြုန်းမလဲ။ အကြောပေါက်တုန်းက အကောင်းဆုံးကျောက်သာ မင်းရလို့ကတော့ ချက်ချင်းလက်ငင်း ကားဝယ်စီးနိုင်တဲ့ ကျောက်ကုန်သည်ကြီးတောင်ဖြစ်နိုင်တယ် ကိုယ့်လူ။ ခုချိန်ဆို အဲဒီကျောက်ဟာ တန်လှပြီပေါ့ကွာ"

အိုက်ယ စကားပြန်၍မပြောဖြစ်တော့ပါ။ တစ်ဆောင်း၊ တစ်နွေလုပ်ခဲ့သမျှ ရသောကျောက်တို့တွင် သူ့ယောက္ခမကြီးထုတ်ပေးခဲ့သော ကျောက်တစ်ပွင့်စာမျှပင် လှပသောကျောက်ဟူ၍ မရခဲ့ပါ။ ကျောက်စစ်ကျောက်ကောင်း ဟူသော စံကျောက်သည် ရရန်အလွန်ခက်ခဲကြောင်း ပို၍သဘောပေါက်ရပါသည်။

ယောက္ခမကြီး သိမ်းထားသော အကောင်းဆုံးကျောက်သာ သူ့လက်ထဲရောက်ခဲ့ပါမူ မည်မျှကောင်းလိုက်မည်နည်းဟု လောဘစိတ်ဖြင့်တွေးနေမိလေ၏။

**အားကိုးစရာ**

"အစ်ကို တွင်းမလုပ်ချင်ဘူးဆိုတော့ ဘာလုပ်မယ် စိတ်ကူးလဲ"

"အရောင်းအဝယ်ပဲ ပြန်လုပ်ရကောင်းမလားလို့တွေးနေမိတယ်။ အဲဒါအမေ့ဆီအပူကပ်ရင်ရနိုင်ပ့ါမလား"

"အင်း - ခက်တယ် အစ်ကိုရယ်။ အရင်တစ်ခါထုတ်ပေးထားတာ ဘာမှဖြစ်မလာတော့ ပေးမှပေးပါဦးမလား မသိဘူး"

"အစ်ကိုရော နန်းပါ ပြောကြည့်ကြတာပေါ့ကွာ။ အားကိုးစရာဆိုလို့ အမေပဲရှိတဲ့ဥစ္စာ"

"အင်းလေ - ပြောကြည့်ကြတာပေါ့"

ညဥ့်သည် တိတ်ဆိတ်၍နေပါသည်။ နန်းယွန်နှင့် သမီးလေး နန်းယမုံတို့ မကြာမီပင် အိပ်ပျော်သွားကြပါသည်။ ဘဝ၏ ဦးတည်ချက် ဟူ၍ ရေရေရာရာ မရှိသော အိုက်ယမှာမူ အတော်နှင့် အိပ်မပျော်နိုင်အောင်ရှိရပါသည်။ သန်းခေါင်ယံအချိန်လောက်တွင်မှသာ အိပ်ပျော်သွားခဲ့ပါသည်။

နောက်နေ့နံနက်တွင် နံနက်စာ ထမင်းစားအပြီး၌ ဒေါ်မေနန်းသည် မြေးကိုပွေ့ချီကာ အိမ်အောက်ထပ်ရှိ ဧည့်ခံဆက်တီခုံတွင်ထိုင်နေပါသည်။ ထိုအခါ အိုက်ယသည် ဆက်တီ၌ ဝင်ထိုင်သလို နန်းယွန်လည်း ဝင်ထိုင်လိုက်လေ၏။ ဒေါ်မေနန်းသည် မသိဟန်ဖြင့် မြေးကို ကျီ စယ်ကစား၍နေပါသည်။

"အမေ"

ခေါ်လိုက်သူမှာ အိုက်ယဖြစ်ရာ ဒေါ်မေနန်းသည် အကြောင်းမဲ့ခေါ်ခြင်း မဟုတ်ကြောင်း သဘောပေါက်သဖြင့် မျက်နှာကိုတင်းလိုက်သည်။ လူကြီးပေပဲ၊ သည်လောက်တော့ သဘောပေါက်ပါသည်။

"ကဲပြော၊ ဘာပြောမှာလဲ"

"ကျွန်တော် တစ်ဆောင်းတစ်နွေ တွင်းလုပ်တာအဆင်မပြေဘူး အမေရာ။ စရိတ်လောက်ပဲ ရတာ။ ဒီလိုပုံနဲ့တော့ သားတို့မိသားစု ကြီးပွားလမ်းမမြင်ဘူး။ အဲဒါအရောင်းအဝယ်ပြန်လုပ်ရင်ကောင်း မလားလို့"

"ဩော် - လုပ်ပေ့ါသားရယ်၊ လုပ်ပေ့ါ။ အမေအရင်းအနှီးတွေထုတ်ပေး ထားတာပဲ လုပ်ပေ့ါ"

စကားဖြင့် ရှေ့မှအလုံပိတ်လိုက်ရာ အိုက်ယ ရှေ့ဆက်မပြောရဲသဖြင့် ငြိမ်သက်၍သွားပါသည်။

ဤတွင် နန်းယွန်က ပြန်ဝင်ပါသည်။

"အမေကလည်း၊ အစ်ကိုက အရောင်းအဝယ်လုပ်ရင်း ပွင့်ကောင်း ကျောက်တုတွေမိတော့ အရင်းပြုတ် သွားတယ် အမေရဲ့။ အစ်ကိုဆိုတာ ဘာမှမဖြုန်းပါဘူး အမေ။ အရက်သေ စာမပြောနဲ့ ဆေးလိပ်တောင်မသောက် တတ်ပါဘူး။ လောင်းကစားဆိုတာ လည်း လုံးဝကင်းရှင်းပါတယ်။ ခုလိုဖြစ် ရတာက မျက်စိမနိုင်သေးလို့ဖြစ်ရတာ ပါ။ အဲဒါလေးကိုတော့ နားလည်ပေး အမေရယ်။ သမီးတို့မှာ အားကိုးစရာ လို့ အမေပဲရှိတာပါ"

"အေး - ညည်းတို့အားကိုးတာ ပဲ ငါ့မှာရှိတာလေးတွေ တတိ ပြောင်တော့မယ် ထင်ပါရဲ့။ သမီး အဖေဆိုတာ အလုပ်ကိုကြိုးစားလုပ် ရင်း အိုစာမင်းစာဆိုပြီး ဒီကျောက်လေး တွေကိုစုခဲ့တာပါ။ သားယောက်ျားလေး မပါတော့ ရှင်ပြုတဲ့ကုသိုလ်တောင် မသွားရရှာဘူး။ အဲဒါ အမေရှိတာလေး တွေနဲ့ ကုသိုလ်လုပ်ပြီး သမီးတို့အဖေ အမျှအတန်းပေးဝေချင်တယ်"

"လုပ်တာတော့လုပ်ပေ့ါ အမေ ရယ်။ ဒါပေမယ့် သမီးတို့ရဲ့ဆန္ဒကိုလည်း နည်းနည်းလောက်တော့ လိုက်လျော ပေးပါ အမေရယ်။ ဒါကလည်း သမီး မိသားစုရဲ့ ရှေ့ရေးအတွက်မို့ပါ"

"အေးပါ သမီးရယ်။ အမေ စားချင့်ချိန်ကြည့်ပါဦးမယ်။ အမေထ



www.burmeseclassic.com

www.burmeseclassic.com

…လိုက်တဲ့ အရင်းအနှီးဟာ မနည်းပါ… သမီး၊ သားအနေနဲ့ကတော့ သူ့ရဲ့ …နဲ့ချွေးနဲ့ရင်းပြီး ရထားတာ မဟုတ် …တော့ အဲဒီအရင်းအနှီးအပေါ်မှာ တွယ် …မှုအားနည်းပါလိမ့်မယ်။ နှမြောရ …ကောင်းမှန်းသိမှာမဟုတ်ပါဘူး။ အမေ …တော့ အဲဒီကျောက်လေးတွေကို …စိုက်မတ်မတ် အရိပ်တကြည့်ကြည့်နဲ့ …ခဲ့တာမို့ သိပ်နှမြောမိပါတယ်"

"ကျွန်တော်လည်း ကြိုးစားတာ… အမေရယ်။ အမေနှမြောသလို ကျွန်တော်လည်းနှမြောပါတယ်။ တကယ် …တော့ ကျွန်တော်အသုံးမကျကြောင်း …ခံပါတယ် အမေ။ ကျွန်တော်ညံ့လို့ …လို လက်မဲ့ဘဝရောက်ရတာပါ"

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့။ …နောင် ဒီလိုမဖြစ်အောင် ဂရုစိုက်ပေါ့ …သားရယ်။ ဒါဟာ သင်ခန်းစာပဲလေ။ …သားကို ရင်နဲ့လွယ်မမွေးရပေမယ့် အမေ့ …သားအရင်းလို အမေချစ်တာပါ။ အဲဒါ …ကြောင့်လည်း အမေကူညီခဲ့တာပေါ့"

"ဒီတစ်ခါလည်း ကူညီပါဦး အမေ …ယ်"

"အေးကွယ်၊ အမေစဉ်းစားပါဦး …ယ်၊ သမီး ရော့ - ကလေးကို နို့တိုက် …တိုက်ပါဦးကွယ်"

ဒေါ်မေနန်း၏မျက်နှာ ပြန်လည် …ကြည်လင်လာသည်ကို မြင်ရသဖြင့် ဇနီး …မောင်နှံနှစ်ဦးစလုံး စိတ်သက်သာရာရ …ကြလေ၏။

**ဒုတိယအကြိမ်မြောက်**

ဒုတိယအကြိမ် ထုတ်ပေးသော အရင်းအနှီးမှာ (၂) ကာရက်အရွယ် …နီးကျင် ရွေးကဲ့သို့ လုံးဝန်းပြီး ရဲရဲနီနေ …သော ကျောက် (၁၅) ပွင့် ဖြစ်သည်။ အရည်တူ၊ အရွယ်တူ၊ အပြစ်စင်၊ ဂေါ် …စင်များဖြစ်ရာ နံနက်ခင်း၏ နေပဏ္ဏာ …တွင်ကြည့်ရင်း လှလွန်းသဖြင့် အိုက်ယ …မှာ ရောင်းပြီး အရင်းအနှီးလုပ်ရမှာပင် …နှမြောစိတ်ဝင်နေမိ၏။

"လှလိုက်တာ အမေရယ်။ ဒါတွေ …သက်ဝတ်ရတနာလုပ်လိုက်လို့ကတော့ …ဘယ်လောက်လှလေမလဲ"

"အရင်တစ်ခါထုတ်ပေးလိုက်တာ (၃) ကာရက်ကျောက်ထုပ်ထဲကလေ။ ဒီ …တစ်ခါတော့ (၂) ကာရက်ထုပ်ထဲက …ထုတ်ပေးလိုက်တာ။ ဒီလိုအပြစ်စင်ဂေါ် …စင်နဲ့လုံးဝန်းပြီးလှတဲ့ကျောက်မျိုး အသေး …ပြန့်လူးကလွှဲပြီး ဘယ်မှာမှများများထွက် …လေ့မရှိဘူး။ အငှသေးပြန့်က အဲဒီဖြုန်း ကြောကုန်သွားတော့ ကိုစံဖေဆိုရင် နှမြောလွန်းလို့ အိပ်တောင်မပျော်ဘူး"

"နောက်ထပ် ဒါမျိုးဖြုန်းကြောမ တွေ့တော့ဘူးလား အမေ"

"သားတို့အဖေ အဲဒီအသေးပြန့် လူးနဲ့ပဲ သက်တမ်းကုန်သွားတာပါပဲ ကွယ်။ နောက်ထပ် အဲဒါမျိုးအကြော မတွေ့တော့ပါဘူး။ အိုးတော့တွေ့တတ် ပါတယ်။ ဒီကျောက်တွေဆိုတာက သူ စည်းစနစ်ကောင်းလို့သာ ခုလိုကျန်ရစ် တာပေါ့။ ပလောင်ကျော်တို့လည်း အဲဒီ မှာ မကြာမကြာအကြောပေါက်တာပဲ။ အနေအထိုင်မတတ်တော့ ခဏနဲ့ ကုန် တာပဲလေ။ ပြီးတော့ အဲဒီခေတ်က ဓား ပြရန်ကလည်း အရမ်းကြောက်ရတာ ထင်ထင်ပေါ်ပေါ် မနေရဲဘူး။ ခေတ် ကောင်းသွားမှသာ ဒီအိမ်ကြီးကိုဆောက် တာ။ ဒါပေမယ့် သူ့ခမျာနေမသွားရရှာ ပါဘူး။ သား ဒီတစ်ခါ အောင်မြင်အောင် လုပ်နော်။ အမေ့ဆီက နောက်ထပ် မမျှော်နဲ့တော့"

"ဟုတ်ကဲ့ပါ အမေ။ သားကြိုးစား ပြီး လုပ်ပါ့မယ်"

"သမီးက ကလေးငယ်နဲ့ဆိုတော့ အချိန်ပြည့် အရောင်းအဝယ်မထွက်နိုင် ဘူးနော်၊ အဲဒါ သားအနေနဲ့ အိမ်စရိတ် လည်းပေးနိုင်အောင်ကြိုးစား"

"ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့ပါ"

အိုက်ယသည် လှပသောကျောက် တို့အား ကျောက်ထုပ်စက္ကူဖြူဖြူထဲတွင် ထည့်ကာ ထုပ်လိုက်လေ၏။ အိုက်ယ အရမ်းဝမ်းသာနေလေ၏။ မကြာမီပင် သူမြတ်နိုးသော ခင်နှင်းဖြူနှင့် ပြန်ဆုံ ရတော့မည် မဟုတ်ပါလား။

**ကိုယ့်အကြောင်းသူ့အကြောင်း**

ပါလာသော ကျောက်တို့အား အစ်မဖြစ်သူ မနန်းဆာမှ ကုန်သည်ကြီး အိမ်အထိ အရင်တစ်ခေါက်ကကဲ့သို့ လိုက်ရောင်းပေးရာ ဈေးမှာ ထင်သည် ထက်ပင်ရပါသည်။ ကုန်သည်ကြီးသည် ထိုကျောက်တို့အား လှလွန်းသဖြင့် မသွေးဘဲထားမည်ဖြစ်ကြောင်း၊ ထို ကျောက်အားလုံးသည် စံကျောက်များ ဖြစ်ရာ ယခုကဲ့သို့ ဝယ်ရရန် မလွယ်ကူ ကြောင်း နောင်ရှိလျှင်လည်း သူ့ထံသို့ သာ လာရောင်းပေးပါ၊ သူများထက် ဈေးပိုပေးပါမည်ဟု မှာလိုက်လေ၏။

သူပထမဦးဆုံးသွားချင်သည်မှာ နန်းနောင့်နောင့်အိမ်ဖြစ်ရာ ပိတ်စွယ် ရပ်ရှိ နန်းနောင့်နောင့်တို့အိမ်သို့လာခဲ့ လေ၏။ အိမ်မှာ နားချိန်ဖြစ်ရာ နန်း နောင့်နောင့်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပါသည်။

"ကိုအိုက်ယ၊ မလာတာကြာပြီ နော်။ တွင်းထောင်တာ အဆင်ပြေရဲ့ လား"

"ပြေပါတယ်ဗျာ။ အခုအရင်းအနှီး အတော်တောင့်သွားလို့ အရောင်းအဝယ် ပြန်လုပ်တော့မယ်လေ"

"ဟုတ်လား၊ ကောင်းတာပေါ့ရှင်။ ကိုအိုက်ယ ကုန်သည်လုပ်တော့ ကျွန်မ တို့ ဝယ်ရတာပေါ့။ ဒီနေ့ကော ကျောက် ပါခဲ့သေးသလား"

"မပါခဲ့ပါဘူး။ မနောင့်တို့ ဘာ ကျောက်စပ်သလဲဆိုတာ သိချင်လို့လာ ခဲ့တာပါ"

"ဩော် - အခုလား။ ကျောက်က ဟိုဘက်ကအကြိုက်ကို လိုက်စပ်နေရ တာလေ။ ပေါ်ပင်ဆိုပါတော့၊ အဲဒါ ငါး မူး၊ သုံးမတ်နဲ့ တစ်ကိုက်အစစ်လေးတွေ စပ်တယ်။ အယဉ်လည်းကောက်တယ်။ အရိုင်းလည်းကောက်တယ်။ ကြုံရင် အယဉ်ဖြစ်ဖြစ်၊ အရိုင်းဖြစ်ဖြစ်ဆွဲခဲ့ပါ။ ချွန်းပယ်ကောင်းရင် ဈေးပိုပေးပါတယ်"

"ဟုတ်ကဲ့၊ ဒါနဲ့ မခင်နှင်းဖြူလည်း မမြင်ပါလား"

"ဩော် - မခင်နှင်းဖြူက မော်လ မြိုင်ကို ခဏပြန်သွားတယ်"

"အရောင်းအဝယ်ကိစ္စလား"

"အရောင်းအဝယ်က ကျွန်မတို့ မိုးကုတ်မှာပဲလုပ်နေတာပါ။ ဟိုဘက် သွားတာ အန္တရာယ်များလွန်းလို့မသွား ကြတော့ပါဘူး"

"ဘယ်တော့လောက်ပြန်ရောက် မှာလဲ"

"မကြာပါဘူး၊ ပြန်ရောက်တော့ မှာပါ"

"ဒီတစ်ခါ ပြန်လာရင်တော့ ကျွန် တော် မနောင့်ကိုအကူအညီတောင်းရဦး မှာပဲ။ အားတော့အရမ်းနာတယ်ဗျာ"

"ဘာအကူအညီတောင်းမှာလဲ"

"ကျွန်တော် မခင်နှင်းဖြူကို သံယောဇဉ်ရှိတယ်ဗျာ။ အဲဒါ ကျွန်တော် မပြောရဲဘူး။ သူကအနေအထိုင်တတယ် တည်တော့ ဘယ်လိုလုပ်ပြောရမှန်း တောင်မသိပါဘူး၊ အဲဒါ မနောင့်ကူညီ မှ အဆင်ပြေမယ်ထင်လို့ပါ"

"ကိုအိုက်ယ၊ သူ့ကိုလုံးဝမျှော်လင့် လို့ မရနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူ့မှာ ငယ်ငယ်လေးကတည်းက

www.burmeseclassic.com

ချစ်ခဲ့ကြတဲ့ ချစ်သူရှိတယ်။ ကိုအိုက်ယတို့လိုပဲ ယောကျ်ားပီပီသသနဲ့ ချောပါတယ်။ ပိုက်ဆံလည်းချမ်းသာပါတယ်။ လူကြီးချင်းကလည်း သဘောတူပြီးသားပါ။ မွန်တိုင်းရင်းသား ဆိုပါတော့။ အဲဒါဒီတစ်မိုးကျွတ်လို့ သီတင်းကျွတ်ပြီးရင် လက်ထပ်ကြမယ်လို့ ပြောထားပြီးသားပါ။ အခုပြန်သွားတာ အဲဒီလက်ထပ်မယ့်ကိစ္စလည်း ပါပါတယ်"

"ဟာဗျာ - မနှောင့်ကလည်း၊ လက်ထပ်ရသေးတာမှ မဟုတ်တာ မျှော်လင့်ချက်ထားလို့ရသေးတာပဲ။ ကျွန်တော်တော့ လက်မလျှော့ချင်ဘူးဗျာ"

"ရွှေစွန်ညိုဘာကိုလိုလို့ဝဲပါတယ် ဆိုတာလိုပေါ့လေ။ ကိုအိုက်ယနဲ့ စတွေ့ကတည်းက ကျွန်မတို့ သဘောပေါက်ကြပါတယ်။ ဒါပေမယ့် မခင်နှင်းဖြူဟာ သူ့ချစ်သူကလွဲလို့ ကိုအိုက်ယကို စိတ်နဲ့တောင် မပြစ်မှားပါဘူး။ ဒါကို အမြဲဆက်ဆံနေတဲ့ ကိုအိုက်ယက သဘောပေါက်မှာပါ"

"ဟုတ်တယ်၊ ကျွန်တော့်အပေါ်မှာ သာမန်ခင်မင်တဲ့အဆင့်ထက်ပိုတဲ့ အကြည့်မျိုး တစ်ခါမှမကြုံးဖူးပါဘူး။ ဆွဲသီးပေးတဲ့နေ့မှာ ပိုပြီးသိလိုက်ပါတယ်"

"ပြီးတော့ နန်းကျော့ရဲ့ မင်္ဂလာဆောင်မှာ ကိုအိုက်ယဟာ နန်းကျော့ရဲ့ အစ်ကို ဆိုတာသိရတော့ နန်းကျော့ရဲ့ ခင်ပွန်း ကိုမင်းမင်း ဆိုတာက အရောင်းအဝယ်ချင်း ရင်းနှီးသူတွေဆိုတော့ ကိုအိုက်ယအကြောင်း ကျွန်မတို့စုံစမ်းကြည့်ကြပါတယ်။ ဒီတော့မှ ကျောက်ပြသသဒ်သူ နန်းယူနဲ့ အိမ်ထောင်ကျနေကြောင်း သိကြရတာပါ။ အရင်က ကျွန်မတို့က ကိုအိုက်ယကို လူပျိုလို့ထင်နေကြတာပါ။ ဒါနဲ့ ကျွန်မတို့ ပိတ်စွယ်က ကျောက်ပြသသဒ်၊ ကျောက်ဖျာကို အရောင်းအဝယ်သွားနေတဲ့ ကိုမောင်လေး၊ မစန်းမြင့်တို့ဇနီးမောင်နှံကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ - သိပါတယ်။ အိမ်မှာ ကျောက်လာဝယ်နေကျပါ"

"သူတို့ကို မေးကြည့်တော့လည်း ဟုတ်မှန်ကြောင်းပြောကြပါတယ်။ ဒီအခါကျမှ ကျွန်မတို့ တိတိကျကျယုံလိုက်တော့တာပါပဲ။ အဲဒါကြောင့် ကိုအိုက်ယဇွဲရှိရှိနဲ့ ကြိုးစားလည်း အရာရောက်မယ်မထင်ပါဘူး။ ချစ်ကြောင်းသာဖွင့်ပြောလိုက်လို့ကတော့ မချစ်တဲ့အပြင် ခါးခါးသီးသီးမုန်းသွားမယ်လို့ ကျွန်မထင်တယ်။ မခင်နှင်းဖြူက မာနကြီးတာမဟုတ်ဘူး။ သူ့ချစ်သူအပေါ် သစ္စာစောင့်သိတာပါ။ သူက အနေအထိုင်ကျစ်လျစ်တယ်။ အဲဒါကြောင့် မခင်နှင်းဖြူကို ကိုအိုက်ယ အာရုံထဲကထုတ်ပစ်တာ အကောင်းဆုံးပါပဲ။ဒါက ကျွန်မ ကိုအိုက်ယနဲ့ မောင်နှမလိုခင်လို့ ပြောပြတာပါ။ စိတ်မရှိနဲ့နော်"

"မရှိပါဘူးဗျာ၊ မရှိပါဘူး။ ကဲ - ကျွန်တော်သွားဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်မတို့အိမ်ကို မောင်နှမတွေလို သဘောထားပြီး ဝင်နိုင်ထွက်နိုင်ပါတယ်ရှင်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ရှက်ရှက်ဖြင့် ခပ်သွက်သွက်ပင် ထွက်ခွာခဲ့၏။ အိုက်ယ၏ မျက်နှာမှာ ရှက်စိတ်ကြောင့် နီရဲနေလေ၏။ မိမိ၏ အရှုပ်ထုပ်ကို မခင်နှင်းဖြူ၏ရှေ့တွင် ဖြေမပြသည်ပင် ကံကောင်းသည်ဟု ဆိုရပါမည်။ သို့သော် မခင်နှင်းဖြူလည်း သိပြီးဖြစ်ပါသည်။ သူ့အပေါ် မည်မျှအထင်သေးသွားပါမည်လဲ။

'တောက်- တော်သေးတယ်ကွာ။ ရည်စားစကားများပြောမိလို့ကတော့ ပါးများရိုက်လွှတ်မလားမသိဘူး။ ကံဆိုးလိုက်တာ။ ငါတကယ်ကံဆိုးတာပဲ။ တကယ်ချစ်တဲ့သူတွေ့ပြန်တော့လည်း ဆက်စပ်လို့မရတဲ့ ဘဝအခြေပါလားကွာ။ ငါ့မှာဖြင့် ချစ်လိုက်ရတာ ဘယ်သူ့ကိုမှ သူ့လိုမချစ်ခဲ့ဖူးဘူး'

ဟု တွေးရင်း ရင်ထဲ တစစ်စစ် နာကျင်လျက်ရှိလေ၏။

"တော်ပြီ၊ ငါပိတ်စွယ်ဘက်ကို မလာတော့ဘူး။ ငါ့အဖြစ်က လူတွေမသိပေမယ့် ရှက်စရာကောင်းလိုက်တာ။ သူတို့နဲ့ မျက်နှာချင်းမဆိုင်ရဲတော့ဘူး"

အလာတုန်းက တက်ကြွခဲ့သလောက် အပြန်ခရီးတွင်မူ နွမ်းလျကြေကွဲစွာပြန်ခဲ့ရလေ၏။

**ကံထ၍ဟန်ကျလာပြီ**

ပတ္တမြားကျောက်နီနှင့် အကျိုးမပေးသော အိုက်ယသည် နီလာခေါ် ကျောက်ပြာများကို ဦးစားပေး၍ ဝယ်ယူ၏။ ပေါ်တော်မူလုပ်ကွက်သည် နီလာကြောများနှင့် နီလာသက်သက်ထွက်သောလုပ်ကွက်ဖြစ်ရာ ထိုကွက်ရပ်တွင် လုပ်ကိုင်သောအိမ်များသို့ အဓိကထား၍ ဝယ်ယူ၏။

အသေးပြန့်လူးမှာမူ အနီသက်သက်သာထွက်၏။ ကျန်သောလုပ်ကွက်တို့မှာမူ ကျောက်စုံထွက်ကြပါသည်။ ကျောက်နီကိုမူ မရှောင်သာမလွဲသာကြုံမှ ဝယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်နီတာပလာအစစ်တို မခင်နှင်းဖြူတို့ စပ်နေသည် မဟုတ်ပါ လား။ထို့ကြောင့် စိတ်နာ၍ ကျောက်ပြာ လိုင်းသို့ ကူးပြောင်း၍ဝယ်ခြင်း ဖြစ်၏။

ပေါ်တော်မူတွင်းစတို့မှာ အများအားဖြင့် သံချေးကိုက်များပါတတ်ရာ မည်းငုတ်ငုတ်နေတတ်၏။ ထိုသံချေး များအား ကော့စတစ်ဖြင့်စိမ်ခြင်း၊ အက် စစ်ဖြင့်စိမ်ခြင်း၊ သံပရာရည်ဖြင့်စိမ်ခြင်း ဆပ်ပြာဆီဖြင့်စိမ်ခြင်း စသည်ဖြင့် ပြု လုပ်ကာ ဆားဖြင့်ပွတ်၍ သံချေးချွတ်ရ ပါသည်။ သံချေးကျွတ်သွားသောအခါ ထိုနီလာတို့သည် ပြာလဲ့နေပြီး နဂိုအရည် အသွေးနှင့် နှိုင်းမရအောင်ပင် လှပကြ ပါသည်။ ထိုအခါ ရောင်းပန်းလှ၍ အဆ မတန် မြတ်ကြလေ၏။ ဤသည်မှာ ကုန်သည်တို့၏ပညာ ဖြစ်သည်။

ကျောက်ဟူသည် ပကတိခြောက် ပြစ်ကင်းလှပသောကျောက်တို့ရှိသလို ပြုပြင်မှလှသောကျောက်တို့လည်း အ များအပြားရှိတတ်ကြပါသည်။ တွင်းလုပ် သူတို့သည် အများအားဖြင့် ကျောက် နားမလည်ဘဲ ရမ်းတောင်း၊ရမ်းရောင်း လုပ်လေ့ရှိကြပါသည်။ သို့ကြောင့်လည်း ကျောက်ကုန်သည်တို့ ချမ်းသာခြင်း ဖြစ် လေ၏။

အိုက်ယမှာ မိုးကုတ်အား စိတ်နာ သဖြင့် မသွားတော့ဘဲ ကျပ်ပြင်ထား များ၊ ကျပ်ပြင်မှ နီလာစပ်သူများထံ သာ သွားရောက် ရောင်းချပေးခြင်းဖြ တစ်နေ့တခြား အဆင်ပြေလာပါသည် နီလာသည် သူနှင့်ကံစပ်သည်ဟု ဆို မည် ဖြစ်သည်။ နန်းယူမှာလည်း အရောင်းအဝယ်ကောင်းကောင်းပြန်လု နိုင်ပြီဖြစ်၍ အိမ်အတွက် အနည်းငယ် ထောက်ပံ့သည်မှအပ တစ်နေ့တခြား တိုးပွားလာခဲ့ပြီ ဖြစ်သည်။

သံချေးကိုက်နီလာတုံးကြီးများအား ပေါ်ချောင်ဝယ်ခဲ့ရရာမှ ညှပ်ချလိုက် သောအခါ အထဲတွင် နီလာအစစ်တုံး များပါခဲ့သဖြင့် အကြီးအကျယ်မြတ်စွန်း ကာ ဝယ်လက်ကြီးဘဝကို ရောက်ခဲ့ရ သည်။ ထိုအခါ အမှန်တကယ် လိုအ သည့် သွားရေးလာရေးအတွက် အသုံး ပြုရန် ဂျစ်ကားတစ်စီးဝယ်ယူပြီး အ မောင်းသင်ကာ အခြားသောရွာများသို့ ကားဖြင့် ကျောက်သွားဝယ်သော က သည်ကြီး ဖြစ်ခဲ့ရပါသည်။ အချိန်အ ဖြင့် နှစ်ဝက်ပင် မကြာလိုက်ပါ။ ကံထ၍ ဟန်ကျခဲ့ပြီ ဖြစ်ပါသည်။

သို့သော် မိခင်ကြီး ဒေါ်မေနန်း



www.burmeseclassic.com

www.burmeseclassic.com

အား ကျောက်အရင်းတန်ဖိုးများ ပြန်ရသည် ပေးဆပ်ခြင်းမရှိဘဲ မသိသလိုပင်နေ၏။ မိခင်ကြီးမှလည်း တစ်နေ့တခြား တက်လာသည်ကိုကြည့်၍ ပီတိသာဖြစ်၍နေပါသည်။ ရရကောင်းစေ ဟူသောစိတ်မထားပါ။

**ပွဲစားနီလာခင်**

ကျပ်ပြင်သည် မိုးကုတ်မြို့အနောက်ပိုင်းဖြစ်သည်။ ရပ်ကွက်ပေါင်းများစွာဖွဲ့စည်းလျက်တည်ရှိပြီး မြို့တစ်မြို့ကဲ့သို့ပင် စည်ကားလေ၏။ ကျပ်ပြင်မှ အထုပ်စပ်ကျောက်ကုန်သည်အများစုသည် နီလာကို ဦးစားပေးလုပ်ကိုင်လေ့ရှိသည်။ မိုးကုတ်တွင်လည်း နီလာထွက်သည့် ဧရိယာများစွာရှိသည်။ ထိုနီလာတို့သည်လည်း ဈေးကွက်ရှိရာ ကျပ်ပြင်သို့သာ လာရောင်းကြသည်က များ၏။ ထိုခေတ်ထိုအခါသည် နီလာဈေးအလွန်ကြီး မမြင့်သေးပါ။ နီလာကျောက်စစ်ကျောက်ကောင်းများသာ ဈေးရှိပါသည်။

နီလာကျောက်တို့အား အိန္ဒိယလူမျိုးများသာ အကြိုက်များရာ အိန္ဒိယလမ်းကြောင်းဖြစ်သော တမူးဘက်သို့ ကုန်သည်များက သွားရောင်းကြ၏။ (ယခုခေတ်တွင် ပတ္တမြားနှင့် နီလာသည် ဈေးတူညီမှုရှိနေပြီဖြစ်သည်။)

ကျောက်လုပ်ငန်းတွင် ပွဲစားသည်လည်း မရှိမဖြစ်လိုအပ်ပါသည်။ ပွဲစားတို့သည် ဘယ်ကုန်သည်က ဘာကျောက်ဝယ်သည်၊ ဘယ်မှာနေသည်၊ မည်သူက ဈေးပေးရဲသည်၊ မည်သူကဈေးနှိမ်တတ်သည်၊ မည်သူက ငွေကြေးလက်ခက်သည် စသည်ဖြင့် ခရေစေ့တွင်းကျသိသူများ ဖြစ်သည်။

သို့ကြောင့် အရောင်းမစွံသော ကျောက်ဖြစ်ပါက ပွဲစားလက်ထဲသို့ ထည့်ရပါသည်။ တောင်းဈေးထက်ပိုရပါက ပွဲစားက ပိုသောငွေကို ပွဲညွှန့်စား၏။ ရောင်းသူဝယ်သူတို့မှလည်း သူ့အချိုးကျရာနှုန်းနှင့် ပွဲခပေးရရာ ပွဲစားလုပ်စားသူတို့သည် အလွန်ပင်လည်သူများပင် ဖြစ်ကြပါသည်။ ထို့ကြောင့် သူတို့ကို နှစ်ဖက်လွှဟု ခေါ်ကြပါသည်။ ပွဲစားအများစုသည် မိန်းကလေးများသာ ဖြစ်ကြလေ၏။ ယောကျ်ားပွဲစားမှာရှိသော်လည်းရှား၏။ သူတို့သည် အရင်းမစိုက်ရပါဘဲနှင့် ငွေရှာနိုင်သော လူလည်လူတန်းစားများ ဖြစ်ကြပါသည်။

နီလာပွင့်ကောက်များ၊ နီလာလုံးချောဆိုက်စုံ၊ နီလာတာပလာဆိုက်စုံ အရိုင်းစပ်ထုပ်များစပ်၍ရောင်းနေသော အိုက်ယသည် လက်ထဲမှမထွက်နိုင်သော အထုပ်များအား ပွဲစားမလေး မနီလာခင်၏လက်ထဲသို့ထည့်၍ ရောင်းရ၏။ ထိုအခါ နီလာခင်နှင့် ရင်းနှီးခဲ့ရပါသည်။

နီလာခင်သည် ကျပ်ပြင်အုတ်အင်းရပ်ကွက်ဇာတိဖြစ်သော်လည်း သူ၏မိဘများမှာ ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်မှ မိုးကုတ်ကျပ်ပြင်သို့ အခြေချနေထိုင်သူများ ဖြစ်သည်။ မိုးကုတ်သူဖြစ်သော်လည်း သွေးမှာရွှေဘိုသွေးဖြစ်၏။ ထို့ကြောင့် မြန်မာဆန်ဆန် မဖြူမညိုလေးနှင့် ယဉ်ကျေးစွာလှသူ ဖြစ်သည်။ ထူးခြားမှုမှာ စကားပြောတိုင်း ပြုံးရယ်၍ ပြောခြင်း ဖြစ်သည်။

အိုက်ယမှာ မိန်းမတိုင်းကို မခင်နှင်းဖြူ၏စံဖြင့်တိုင်းတတ်ရာ သူ၏ရင်တွင် စွဲမက်လောက်သော မိန်းကလေးဟူ၍ မရှိခဲ့သော်လည်း အနေနီး၍ မနီလာနှင့် ခင်မင်လာသောအခါ မျက်စိထဲတွင် လှ၍လာခဲ့ပါသည်။ မခင်နှင်းဖြူလောက် မဖြူသည်မှအပ သူ့အလှနှင့် သူကြည့်ကောင်းသောအလှဖြစ်ပေ၏။ ကိုယ်လုံးကိုယ်ထည်မှာ မခင်နှင်းဖြူထက် ဖွံ့ဖြိုးပြီး 'ရွှေဘိုမင်းကြိုက်' ဟူသောကိုယ်လုံးမျိုး ဖြစ်ပါသည်။ အရပ်အမောင်းမှာလည်း အိုက်ယနှင့် လိုက်လျောညီထွေရှိသောကိုယ်လုံးမျိုးဖြစ်သည်။ လုံးကြီးပေါက်လှဟု ဆိုရပါမည်။

အိုက်ယနှင့် နီလာခင်တို့သည် နီလာခင်သွားလိုရာသို့ အိုက်ယမှ ကားဖြင့် သွားရာ၊ လာရာ၊ စားရာ၊ သောက်ရာတို့တွင် တတွဲတွဲရှိလာခဲ့ပါသည်။ တစ်နေ့တွင် ဒေါ်နန်းကြည့်တောင်ခြေသို့ရောက်ခဲ့၏။

"နီလာ"

"ပြောလေ ကိုအိုက်ယ"

"အဲဒီလိုကြီးမခေါ်ပါနဲ့ကွာ"

"ဟောတော် - အဲဒီလိုမခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ"

"မောင်လို့ခေါ်"

"အလို - ဘုရား၊ ဘုရား။ ဒါက ဘယ်လိုဖြစ်ရတာတုံး"

"နီလာ့ကို မောင်ကချစ်လို့လေ"

"ဩော် - ကိုအိုက်ယကလည်း၊ နောက်နေပြန်ပါပြီ"

"မနောက်ပါဘူး နီလာရယ်။ မောင်က တကယ်ချစ်လို့ပြောနေတာပါ"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို တောင်ပေါ်ရောက်အောင် မောင်းလေ။ တောင်ခြေမှာ ပျင်းစရာကြီး"

"တောင်ပေါ်ရောက်ရင်"

"ဩော် - မောင်းစမ်းပါ။ တောင်ထိပ်ကနေ ရှုခင်းကြည့်ရအောင်"

"ရှုခင်းကြည့်ဖို့သက်သက်ဆိုရင်တော့ မမောင်းချင်တော့ပါဘူး"

"ကဲ - မမောင်းချင်ရင်လည်း နောက်ပြန်လှည့်။ နောက်ပြန်မလှည့်ရင် ဒီကနေဆင်းသွားတော့မယ်။ အုတ်အင်းရပ်ကွက်ဆိုတာ ဒီတောင်ခြေမှာတင်ရှိတာ၊ ခုသွားခုရောက်တယ်"

"အဲဒီလိုကြီး မလုပ်ပါနဲ့ကွာ။ မောင်းဆိုရင် မောင်းပါ့မယ်"

ဟု ဆိုကာ စက်နှိုး၍ တောင်ပေါ်တက်သည့် ကားလမ်းအတိုင်း မောင်း၍တက်ခဲ့လေ၏။ ကားလမ်းမှာ တောင်ထိပ်အထိ ကွေ့ဝိုက်၍ဖောက်ထားသော ကားလမ်းဖြစ်ရာ ဂီယာတစိုက် မောင်းနှင်ရလေ၏။

**ဒေါ်နန်းကြည့်တောင်ရာဇဝင်**

ဒေါ်နန်းကြည့်တောင်မှာ ငမောက်၏အစ်မ ဒေါ်နန်း ရင်ကွဲနာကျ၍သေသောတောင်ဖြစ်ကာ ဒေါ်နန်းသည် နတ်ဖြစ်၍ ထိုတောင်တွင်နေသည်ဟု အယူရှိကြပါသည်။

ကျပ်ပြင်အင်းကောင်းရပ်ကွက်မှ ရခဲ့သောပတ္တမြားကြီးအား နှစ်ပိုင်းပိုင်းကာ တစ်ပိုင်းကို တရုတ်ပြည်သို့ ရောင်း၍ တစ်ပိုင်းကို မြန်မာဘုရင်ထံ ဆက်သလေ၏။ ထိုငမောက်ဆက်သသော ပတ္တမြားကြီးသည် စစ်လွှန်းသဖြင့် မီးလင်းသောကျောက်ဖြစ်ရာ ထိုကျောက်အား ပတ္တမြားငမောက်ဟု အမည်တွင်စေလျက် နန်းစဉ်ရတနာအဖြစ် အမြတ်တနိုးထားလေ၏။ ဆက်သသော ငမောက်ကိုလည်း ဆုလာဘ်များစွာ ပေးသနားလေ၏။ ငမောက်နှင့် ဆွေစုမျိုးစုတို့သည် နောင်လောင်းစင်ရွာဟု အမည်တွင်သော တောရွာလေးတစ်ရွာတွင် နေထိုင်ကြသူများဖြစ်သည်။

ပတ္တမြားတစ်ပိုင်းအား တရုတ်ပြည်သို့ ရောင်းသည်ဟု သိရသောအခါတွင်မူ တစ်လုံးလုံးမဆက်သကောင်းလား ဟူ၍ ရာဇမာန်ရှကာ ငမောက်နှင့် ဆွေစုမျိုးစုတို့အား လောင်စင်တင်၍ သတ်စေဟု အမိန့်ချမှတ်လေ၏။

ထိုအခါ စစ်သည်ဗိုလ်ပါတို့သည်

www.burmeseclassic.com

မိုးကုတ်နယ် လောင်းစင်ရွာလေးသို့ ရောက်လာကြပြီး ငမောက်နှင့် ဆွေမျိုးများအား ဆုတော်လာဘ်တော်များပေးသနားမည် လူစုကြပါဟု အမိန့်ရှိလေ၏။ ဆုလာဘ်ဟူသော လောဘစိတ်ကြောင့် မဆင်ခြင်မစူးစမ်းဘဲ စုကြလေ၏။

ထိုသည်ကို ဆင်ခြင်စူးစမ်းတတ်သော ငမောက်၏ အစ်မဖြစ်သူ မနန်းသည် သူတို့၏ အသွင်အပြင်များမှာ မရိုးသားဟု သုံးသပ်ကာ ရှိသောရတနာတို့ကို ထုပ်ပိုးလျက် တောလမ်းအတိုင်း ကျပ်ပြင်သို့ပြေးလေ၏။

ကျပ်ပြင်သို့ရောက်သော် ကျပ်ပြင်၏ အနောက်တောင်အစွန်း လောင်းစင်ရွာသို့ သွားရာလမ်း၏ အနီးဆုံးတောင်ထိပ်မှနေ၍ မိမိနေသောရွာသို့ လှမ်း၍ကြည့်မိ၏။ ရွာကို မှုန်ပျပျမြင်နေရပါသည်။

ထိုရွာမှ မီးခိုးလုံးကြီးများ တလိပ်လိပ်တက်လာနေသည်ကို မြင်တွေ့ရပါသည်။ ထိုသို့ ကြည့်နေစဉ်ပင် အခြားရွာသားအချို့လည်း ရောက်ရှိလာကြရာ ငမောက်နှင့် ဆွေစုမျိုးစုများအား လောင်စင်တင်၍ မီးရှို့သတ်ကြောင်း အတိအကျသိရတော့၏။ ထိုအခါ မနန်းသည် ပြင်းထန်စွာ ငိုယိုလျက် ရင်ကွဲနာကျကာ ထိုနေရာ၌ပင် လဲကျသေဆုံးလေ၏။

ထို့ကြောင့် ထိုတောင်အား လောင်စင်တိုက်ရာသို့ ကြည့်သဖြင့် ဒေါ်နန်းကြည့်တောင်ဟု အမည်တွင်ပြီး လောင်တင်တိုက်ရာ ရွာလေးကိုလည်း လောင်စင်ရွာ၊ နောင် လောင်းစင်ရွာဟုအမည်တွင်သည်။ နောင်တွင် ဒေါ်နန်းအတွက် အမှတ်တရ လှမ်းစေတီလေးတည်ကြလေ၏။

ကာလများစွာ ဖြတ်သန်းလာပြီးနောက် ဒေါ်နန်းကြည့်တောင်သည် သာသနာထွန်းကားလာကာ သာသနိကအဆောက်အအုံများ၊ စေတီရုပ်ပွားများ၊ ကတ္တရာလမ်းများဖြင့် စည်ကားလာခဲ့ပြီး မိုးကုတ်လာ ဧည့်သည်များ အမှတ်တရလည်ပတ်စရာတစ်ခုတိုးလာခဲ့ပါသည်။

မြောက်ဘက်တွင် ဆင်ခြေလျှောရှိသော်လည်း တောင်ဘက်တွင် တောင်ပြတ်ဖြစ်သည်။ ကျောက်နံရံတို့ဖြင့် သဘာဝအလျောက် တည်လျက်ရှိ၏။ ထိုမှ တောင်ဘက်တစ်ခွင် အနောက်တောင်တစ်ခွင်သို့ကြည့်သော် တောတောင်အထပ်ထပ်တို့ဖြင့် လွန်စွာလှပလေ၏။ ရာသီဥတုကြည်လင်ခဲ့သော် လောင်စင်တိုက်ခဲ့ရာ လောင်းစင်ရွာလေးကို တောတောင်များအကြား၌ မှုန်ပျပျမြင်ရတတ်ပါသည်။ ထိုတောတောင်ထဲတွင် လယ်မြေကလေးများအား အမှီပြုလျက် ရေဝေ၊ ပင်သပြေ၊ နောင်ဟွယ် စသော ရွာငယ်လေးများလည်းတည်ရှိပါသည်။ တစ်ရွာနှင့်တစ်ရွာ အတန်ပင်ဝေးကွာလေ၏။

လောင်းစင်ရွာဝန်းကျင်တွင်ကားဘုရင့်ကျိန်စာသင့်သဖြင့် ပတ္တမြားကျောက်မထွက်ပါ။ လယ်စိုက်ခြင်း၊ တောင်ယာစိုက်ခြင်း၊ တောလိုက်ခြင်း၊ ငါးဖမ်းခြင်း ဟူသောအလုပ်တို့ဖြင့်သာ ယခုထိတိုင် အသက်မွေးဝမ်းကျောင်းပြုကြရလေ၏။ မိုးကုတ်နယ်ဖြစ်သော်လည်း ကျောက်မထွက်သောရွာဖြစ်၏။

တောင်ပေါ်ပြန့်သည်ကား အတော်များများ ထားနိုင်အောင် ကျယ်ဝန်းပေရာ အိုက်ယသည် ကားကိုနေရာလွတ်တစ်ခုတွင် ရပ်လိုက်ပါသည်။

**သူ့ရာဇဝင်ကိုယ့်ရာဇဝင်**

အိုက်ယနှင့် နီလာခင်တို့သည် စေတီတော်ကိုဝတ်ပြုရှိခိုးပြီး စေတီတော်၏ အနောက်တောင်ဘက်တံတိုင်းဆီ လျှောက်ခဲ့ကြပါသည်။ ထိုမှကြည့်သော် တောအသွယ်သွယ်တောင်အထပ်ထပ်တို့နှင့် မြူတိမ်တို့မှာ အလွန်လှပသော သဘာဝပန်းချီကားချပ်ကြီးသဖွယ် ဖြစ်၏။ ဖြူဖွေးသောတိမ်စိုင်တို့က တရွေ့ရွေ့လွင့်မျောနေကြလေ၏။

"မောင်"

နီလာသည် အိုက်ယကို စွေကြည့်ကာ ခေါ်လိုက်လေ၏။

"ဘာရယ်၊ မောင့်ကို မောင်လို့ ခေါ်လိုက်တယ်ဟုတ်လား"

နီလာက ခေါင်းညိတ်ပြသည်။ ပြီးတော့ ရှက်ပြုံးပြုံးကာ ခေါင်းငုံ့နေ၏။

အိုက်ယက ရုတ်တရက် ပွေ့ဖက်ကာ အားပါးတရနမ်းပစ်လိုက်၏။ ရွှေဘိုသနပ်ခါးနံ့ကလေးက သင်းပျံ့၍နေပါသည်။

"အို - မောင်ကလည်း၊ ဒါဘုရားတောင်ပေါ်မှာလေ"

"ကဲ - ပြော၊ ဒါဆို မောင့်ကိုချစ်တယ်ပေါ့"

"ပြောစရာမှမလိုတာ"

"မပြောချင်ဦး၊ မပြောချင်ဦး။ ကဲ ကဲ"

ဟုပြောကာ ထပ်နမ်းပြန်လေ၏။

"အို - မလုပ်နဲ့လေ"

"မလုပ်စေချင်ရင် ပါးစပ်ကပြော"

"ကဲ-ပြောမယ်။ ဒါပေမယ့် ကျယ်ကျယ်မပြောရဲဘူး၊ တိုးတိုးလေးပြောမှာ"

ဟု ပြောပြီး အိုက်ယကိုကပ်ကာ တိုးတိုးလေးပြောလိုက်လေ၏။ အိုက်ယမှာ ပျော်လွန်းသဖြင့် 'ဝေး' ဟုအော်လိုက်လေ၏။

"မောင့်ဘဝမှာ ဒီနေ့လောက် ပျော်တဲ့နေ့မရှိခဲ့ဖူးဘူး။ ဒီနေ့ဟာ ချစ်သူရဲ့ပါးကို အမြတ်တနိုးနမ်းရတဲ့နေ့ ပြီးတော့ ချစ်တဲ့အဖြေကိုရတဲ့နေ့ပဲ တကယ်ကွာ၊ မောင်လူဖြစ်ရကျိုးနပ်ပါပြီ မောင်လေ သေမယ်ဆိုရင်တောင်သေ ပျော်ပါပြီကွာ"

"အို-မောင်ကလည်း၊ သေစကား ချည်းမပြောစမ်းပါနဲ့။ နေစကားပဲပြော စမ်းပါ။ ဒါထက် မောင့်မှာ အိမ်ထောင် ရှိတာကို နီလာသိတယ်။ ဒါပေမယ့် ဘာ ဖြစ်လို့ မောင့်ကိုချစ်နေမှန်း မသိဘူး ဘဝရေစက်ထင်ပါရဲ့။ နီလာလည်း အိမ် ထောင်ကျဖူးပါတယ်။ အပျိုမဟုတ်ပါ ဘူး။ မုဆိုးမဘဝပါ။ ဒါကို မောင်သိ တယ် မဟုတ်လား"

"သိပါတယ် နီလာရယ်။ မောင် နီလာ့အကြောင်းစုံးစမ်းပြီးသားပါ"

"နီလာ (၉) တန်းကျောင်းသူဘဝ မှာ ကျောက်သွေးတဲ့ အောင်အောင် ဆို တဲ့ကောင်လေးနဲ့ ခိုးပြေးကြတယ် အရွယ်ကငယ်သေးတဲ့အတွက် ဘဝ အရေးထက် အချစ်ရေးပဲ ဦးစားပေးခဲ့ တာပါ။ အောင်အောင်က ချောတယ် ပန်းမရပ်ကွက်ထဲမှာနေတယ်။ ကျောက် သွေးတယ်။ ဒါလောက်ပဲသိတာပါ။ သူ့ အကြောင်း ထဲထဲဝင်ဝင် မသိခဲ့ပါဘူး ခိုးရာလိုက်ပြေးပြီးမှ အောင်အောင်ဟာ သူ့မိဘတွေက ကျောက်ကုန်သည်လူ လတ်တန်းစားတွေဆိုတာ သိရတယ်။ သူ တို့ရဲ့သားကို နီလာတို့လို ရွှေဘိုသွေး တဲ့ အောက်ဗမာကို ယူရပ့်မလားဆိုပြီး သဘောမတူကြပါဘူး။ မိုးကုတ်သားတွေ က အောက်သားတွေကို ဘက်ဆန်း (အနောက်ဘက်သား) ဆိုပြီး နှိမ်ကြတာ မောင်လည်း အသိပဲလေ။ ဒါနဲ့ လွဲ ရှောင်သာတဲ့အခါ မင်္ဂလာတော့ဆောင် ပေးပါတယ်။ နီလာ့ကို သူတို့အိမ်မှာ လက်မခံဘဲ နီလာတို့အိမ်ကို သူသား ထည့်လွှတ်လိုက်တာပါပဲ။ အဲဒီအချိန်က အဖေရဲ့တွင်းလုပ်ငန်းကိုသာ မှီခိုနေရ ရတဲ့အချိန်ဆိုတော့ ချို့ငဲ့ကာပေါ့ မောင်ရယ်။ တွင်းကရတဲ့အခါ စိုပြည်



www.burmeseclassic.com

www.burmeseclassic.com

မရတဲ့အခါ ခြောက်ကပ်လိုက်နဲ့ ...တာ မတည်ငြိမ်ပါဘူး။

ချစ်လို့သာ နီလာနဲ့ လိုက်နေရ ...ယ့် သူတို့အိမ်လို မပြည့်စုံတဲ့အခါ ...ပျော်ပိုက်ပါဘူး။ ပြီးတော့ သူ့ရဲ့ ...စိတ်သီးခြားလိုနေတာပါပဲ။ အဲဒါ ... အောင်အောင်ဟာ မူးယစ်ဆေးသုံး ...သူတစ်ယောက်ပါ။ ဒါကလည်း ...ကြာမှ သိလာတော့တာပါ။ နီလာ ...ဆိုးလိုက်တာအရမ်းပါပဲ။ နောက် ... အဖေနဲ့ပြဿနာဖြစ်တယ်။ ဘာမှ ...လိုက်ပါဘူး။ တစ်လကျော်ကျော် ...ပဲ ပေါင်းလိုက်ရတယ်။ သူ့အိမ်သူ ...ဆင်းသွားတော့တာပါပဲ။ ဒါနဲ့ နီလာ ... ဆက်ပြီးမနစ်မွန်းစေချင်တာနဲ့ ...တွေက ကွာရှင်းစာချုပ်လက်မှတ် ...ထိုးခိုင်းပါတယ်"

"ကြည်ကြည်ဖြူဖြူထိုးပေးလိုက် ..."

"မူးယစ်ဆေး တကယ်စွဲပြီဆိုရင် ...စ်ဆေးက ပထမ၊ မိန်းမ ဆိုတာ ...ယနေရာ ရောက်သွားဟတ်တယ်။ ...ကြောင့် ကြည်ကြည်ဖြူဖြူ လက် ...ထိုးပေးခဲ့ပါတယ်။ ဒါနဲ့ပဲ နီလာ ...ငယ်ရွယ်ရွယ်နဲ့ အမည်းစက်စွန်းတဲ့ ...ခုလပ်မဘဝကို ရောက်ခဲ့ရတာပါ။ ...မှာ ဘဝကိုအရှုံးမပေးဘဲ အရင်းမ ...ရတဲ့ ပွဲစားဘဝကို နှစ်ပေါင်းအ ...ကြာတိုးဝင်ခဲ့ရတာပါ။ အခုတော့ အောင်အောင်လည်း မူးယစ်ဆေးကျွန် ...ပြီး ဆုံးပါးသွားခဲ့ပါပြီ။ မနှစ်ကပဲဆုံး ...တာပါ။ ငယ်စဉ်ဘဝ ရူးမူးအောင် ...ခဲ့ရပေမယ့် သူဆုံးသွားတဲ့အခါ နီလာ ... နှလုံးသားမှာ သူ့အတွက် ခံစားလို့ ...ခဲ့တော့ပါဘူး။သာမန်လူတစ်ယောက် ...သေတဲ့သတင်းလို နီလာ့ရင်ကို မတုန် ...ပ်စေခဲ့ပါဘူး။

ဒါပေမယ့် တကယ့်ရင်လှုပ်ခတ် ...တဲ့အရာ ပေါ်လာခဲ့တယ်။ အဲဒါက မောင့်ကိုတွေ့တာပါပဲ။ အဲဒါကြောင့် မောင်နဲ့ ရင်းနှီးအောင် ကြိုးစားခဲ့ပါ ...ယ်။ မောင်နဲ့တွေ့ပြီးနောက်ပိုင်း အတူ ...သွားလာနေကြတဲ့အခါ အရမ်းကို ကြည်နူးရတာပါ။ ဒါဟာ နီလာ့ရင်ထဲ ... ဒုတိယအကြိမ် ပြန်ပြီးပေါက်ဖွားခဲ့တဲ့ အချစ်ပါမောင်။ သူများယောကျ်ား အပေါ် ချစ်ခဲ့မိတဲ့ နီလာ့ကို မောင် အထင်သေးသွားမှာကိုလည်း အရမ်းစိုး ...မိပါတယ်။ ရှက်လည်းရှက်မိပါတယ်။ ...ပေမယ့် နီလာက ပွင့်လင်းသူပါ။ ဟန် ...ဆောင်တတ်ဘူး။ ပြောစရာရှိရင် ဘွင်းဘွင်းပြောရမှ ကျေနပ်တာပါ။ တကယ်ဆို နီလာက ရွှေဘိုသူပါပဲ။ နီလာ့အချစ်က သူများစည်းဘောင်ထဲ အတွင်းတိုးဝင်တဲ့ ကျူးကျော်အချစ်ဖြစ်နေပြီလေ။ အဲဒါ နီလာ့ကို အထင်မသေးဘူးလား ဟင်"

"မသေးပါဘူး၊ နီလာရယ်။ နီလာက တကယ်ချစ်တဲ့သူတွေ့ဖူးခဲ့ပြီ။ မောင်က ခုမှတွေ့ရတာပါ။ နီလာက မောင့်ရဲ့ အချစ်ဦးပါ"

"အောင်မာ၊ ဟင်း- ကလေးတစ်ယောက်တောင်ရပြီးတဲ့သူကများ"

"နေဦး နီလာ၊ မောင့်အကြောင်းကို နီလာ့ကိုပြောပြမယ်။ မောင် တစ်ယောက်ကိုမှ ပြောမပြဖူးဘူး။ ဒါပေမယ့် ရွာမှာကမပြောလည်းသိနေကြပါတယ်။ ဟိုးက မှုန်ပျပျရွာကလေးကို မြင်တယ် မဟုတ်လား"

"မြင်တယ်လေ။ အဲဒါ လောင်းစင်ရွာလေးလို့ သူများပြောလို့သိတယ်"

"အဲဒါ မောင့်ဇာတိရွာလေးပါ နီလာရယ်။ မောင်တို့က ရှမ်းတွေဆိုတော့ အသားဖြူပြီး မောင်နှမတွေ ကိုယ်စီအလှရှိကြပါတယ်"

"ဟင်- မောင်က လောင်းစင်သားလား"

"ဟုတ်တယ်"

"ဘယ်ကနေဘယ်လို ကျောက်ပြဿဒ်သူနဲ့ အိမ်ထောင်ကျတာလဲ"

"မောင်အဲဒါကိုပြောပြချင်တာပါ။ မောင်တို့ ငယ်ငယ်က အဲဒီရွာမှာရှိတဲ့ မူလတန်းကျောင်းက ကျောင်းဆရာ တစ်ယောက်ကို သူပုန်တွေက သတ်ပစ်လိုက်တယ်။ ဒါနဲ့ မောင်တို့မိသားစုဟာ အန္တရာယ်ရှိတဲ့ဒေသမှာ မနေရဲတော့ဘဲ ရှိတဲ့လယ်ယာလေးတွေရောင်းပြီး ကျပ်ပြင်ကို ပြောင်းခဲ့ကြတယ်။ ကျပ်ပြင်ရောက်ပြီး နှစ်သိပ်မကြာလိုက်ဘူး။ အဖေနဲ့ အမေတို့ ကျန်းမာရေးချို့တဲ့ပြီး ဆုံးကြတယ်။ အဲဒီမှာ အစ်မဖြစ်တဲ့ နန်းဆာက ကျောက်ကုန်သည်လောကကို တိုးဝင်တယ်။ နောက် မိုးကုတ်က ကျောက်ကုန်သည်တစ်ဦးနဲ့ အိမ်ထောင်ကျပြီး မိုးကုတ်ပါသွားတယ်။ ညီမလေး နန်းကျော့လည်း ပါသွားတာပေါ့။ မောင်ကတော့ ယောက်ဖဆီ မျက်နှာအောက်မကျို့ချင်တာနဲ့ ကျောက်ပြဿဒ်မှာ တွင်းသားလုပ်နေခဲ့တယ်။ အရွယ်ရောက်သည်အထိပေါ့။

အဲဒီမှာ ရှေးက ကျောက်ကြောတွေပေါက်ပြီးချမ်းသာနေတဲ့ ဒေါ်မေနန်းတို့သားအမိရှိတယ်။ သမီးနာမည်က နန်းယူတဲ့။ ရွာမှာတော့ အရုပ်အဆိုးဆုံး မိန်းကလေးပေါ့။ ဘယ်လိုလူတမှ သူ့ကို မချစ်ကြပါဘူး။ သူ့ကိုယူရင် ဒေါ်မေနန်းပိုင်ဆိုင်သမျှ ပိုင်ဆိုင်ရမှာမို့ မောင်ယူလိုက်မိတယ်။ အချစ်ဆိုတာ တစ်စက်ကလေးတောင် မပါခဲ့ပါဘူး။ မချစ်သော်လည်း အောင့်ကာနမ်း ဆိုတာလိုပေါ့ နီလာရယ်။ ဇနီးအဖြစ်ပေါင်းနေရတာပေါ့။ မောင့်အပေါ်မှာတော့ အရမ်းချစ်ရှာပါတယ်။ မွေးဖွားလာတဲ့ ရင်သွေးလေးကိုတော့ချစ်ပါတယ်။ ဘဝမှာ ချမ်းချမ်းသာသာနေချင်လို့ သူ့ကိုယူလိုက်ရပေမယ့် ဘဝချမ်းသာပေမယ့် စိတ်မချမ်းသာပါဘူး နီလာရယ်။ မောင်ဖြစ်ချင်တဲ့ ကျောက်ကုန်သည်ဘဝကိုလည်းရောက်အောင်ဆိုပြီး ပထမတစ်ကြိမ် အရင်းအနှီးထုတ်ပေးတယ်။ မလုပ်တတ်တော့ ပြုတ်သွားတယ်။ ဒုတိယတစ်ကြိမ်ထုတ်ပေးအပြီး စီးပွားဖြစ်လာတော့ နီလာနဲ့တွေ့ရတာပါ။ နီလာ့ဘဝနဲ့ မောင့်ဘဝက ပြစ်ချက်တွေ ကိုယ်စီရှိနေကြတဲ့ ဘဝတူတွေပါ"

"မောင်ရယ် တစ်ဦးနဲ့တစ်ဦး ချစ်ကြပြီဆိုတော့လည်း ဘဝတွေကရင်မော စရာကောင်းလိုက်တာနော်။ အချစ်နဲ့ ချောင်းဆိုးခြင်းဟာ အောင့်ထားရင် အခံရအခက်ဆုံးတဲ့မောင်ရဲ့။ မောင်နဲ့ နီလာတို့ဟာ အချစ်ကိုအောင့်မထားတော့ဘဲ ရင်ဖွင့်လိုက်ကြပြီနော်။ ဒါပေမယ့်ကွာ မောင်ရော နီလာပါ အချစ်တွေ မျိုသိပ်ထားကြရအောင်နော်။ ရှေ့ဆက်မတိုးဘဲနေကြရအောင်လား"

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ နီလာရဲ့၊ ဘယ်သူမဆို ကိုယ့်ချစ်သူနဲ့ အတူတူနေချင်ကြတာ မမှတာပဲလေ၊ နီလာက မောင်နဲ့နေရဲတဲ့သတ္တိမရှိဘူးလား။ ချစ်ရုံသက်သက်လေးနဲ့တော့ မောင်မနေနိုင်ပါဘူးကွာ"

"နီလာ့မှာက ငဲ့ညှာစရာ မိသားစုတွေရှိနေသေးတယ်၊ မောင်ရဲ့။ အဖေနဲ့ အမေတို့ရှိနေသေးတာ မောင်လည်းသိနေတာပဲ။ နီလာတို့ဘဝက မင်္ဂလာဆောင်လို့လည်းမရနဲ့ အတော်အဆင်မပြေတဲ့ဘဝနော် မောင်"

"မောင်လေ နီလာ့ကို မခွဲနိုင်ပါဘူးကွာ။ တစ်ခုခုတော့ မောင်တို့စီစဉ်ကြတာပေါ့နော်။ တဲ - လာ၊ တောင်ပေါ်ပတ်ကြည့်ပြီး ပြန်ကြရအောင်"

ချစ်သူနှစ်ဦးသည် လက်တွဲကာ လျှောက်ကြည့်ရင်း မြောက်ဘက်ရှိ ကျင့်

www.burmeseclassic.com

ပြင်မြို့ကိုလည်းကောင်း လှပသောပင့်ကူတောင်ကိုလည်းကောင်း ငေးမောကြည့်ရှုနေကြပါသည်။ ကြည်နူးလိုက်သည်မှာ ပြောစရာမရှိပေ။

**တူနှစ်ကိုယ်**

"မောင်"

"ပြောလေ"

"မောင်နဲ့ နီလာတို့ ကိုယ်ဖြစ်ချင်တာကို ဇွတ်အတင်းလုပ်ကြတာနော်။ မောင့်ပတ်ဝန်းကျင်ရော နီလာပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းကဲ့ရဲ့ကြမှာ သေချာတယ်။ တကယ်ဆို နီလာ့အပြစ်ပါ။ မောင့်ကို မြင်မြင်ချင်းစိတ်ဝင်စားပြီး ချစ်ခဲ့တာပါ။ နီလာတို့ မြန်မာတွေဆိုတာက ဆိုတာက မိန်းကလေးကစပြီး ချစ်ရေးဆိုကြတဲ့ထုံးစံမရှိဘူးလေ။မောင်သာ နီလာကို ချစ်ခွင့်မပန်ရင် မောင့်ကို နီလာချစ်ခွင့်ရမှာမဟုတ်ပါဘူး။ နီလာလေ ရှုးတယ်ပြောရမလား မသိဘူး။ မောင့်ကို စွဲစွဲနစ်နစ်ချစ်တာပါ။ အဲဒါကြောင့်လည်း မောင့်ထံပါးချဉ်းကပ်ခဲ့ပြီး ဒီအခြေအထိရောက်ခဲ့ရတာပေါ့"

"လောကမှာ သူ့အကြောင်းနဲ့သူပါ နီလာရယ်။ နီလာနဲ့မောင်က ဟိုးဘဝတွေကတည်းက ရေစက်ရှိကြလို့သာ ခုလိုချစ်သူတွေဘဝနဲ့ ဆုံကြတာပေါ့။ မောင်နဲ့ နီလာ ရေစက်ဘယ်လောက်ဆုံလဲဆိုတာ ပြောပြမယ်။ ပထမတစ်ကြိမ် ကျောက်တွေဝယ်တုန်းက အနီတွေကိုင်တယ်။ အရင်းပြုတ်တယ်။ အနီကို စိတ်နာတာနဲ့ နီလာကို ပြောင်းကိုင်တော့ အဆင်ပြေလာတယ်။ နောက်ပိုင်း နီလာနဲ့ခင်တော့ မောင့်ကျောက်ထုပ်တွေ နီလာ့ဆီထည့်ရင် အကုန်စွံတာများတယ်။ အဲဒီမှာ မောင်ဟာ နီလာနဲ့ အကျိုးပေးတယ်ဆိုတာ သိလာတယ်"

"ဘယ်နီလာကအကျိုးပေးတာလဲ ဟင်"

"လူနီလာရော ကျောက်နီလာပါ မောင်နဲ့ အကျိုးပေးတာလေ"

"မောင်က ဘယ်နီလာကို ပိုကြိုက်လဲ"

"ဟောဒီလူနီလာကိုပေါ့"

"ဟင်း-ပိုကိုပိုတယ်။ ကဲ-အိပ်ကြစို့ မောင်။ ညဥ့်နက်ပြီ"

နီလာသည် အိုက်ယ၏ရင်တွင် မှေးစက်ရင်း စကားပြောနေခြင်း ဖြစ်သည်။ သူတို့သည် အသိုင်းအဝိုင်းတို့နှင့် ဝေးရာ ကသည်းကျောက်ဆောင်ရွာလေးမှ တစ်ထပ်နံကပ်တိုက်အိမ်ကလေးအား ငှားရမ်းထားကာ ညလာအိပ်ကြခြင်း ဖြစ်သည်။ ချက်ပြုတ်စားသောက်ရန်များကိုလည်း စီစဉ်ထားကြကာ အလျဉ်းသင့်လျှင် ချက်ပြုတ်စားကြလေ၏။ တစ်ခါတစ်ရံ ဝယ်စားကြ၏။

မိုးကုတ်တွင် ကျောက်ဆောင် (၂) ရွာရှိ၏။ ကသည်းရပ်ကွက်နှင့် ဆက်နေသောရွာအား ကသည်း(ကသဲ)ကျောက်ဆောင်ဟုခေါ်ပြီး ဘော်ဗဒန်းရွာနှင့်နီးသော ကျောက်ဆောင်ရွာအား ဘော်ဗဒန်းကျောက်ဆောင်ဟု ခေါ်ပါသည်။

နီလာသည် မိုးကုတ်ရှိ အသိအိမ်တွင် ကျောက်ကိစ္စရှိ၍ ညအိပ်သွားသည်ဟု မိဘများထံလိမ်ညာပြောထားသလို အိုက်ယမှလည်း ကျောက်ကိစ္စရှိ၍ မိုးကုတ်မှအစ်မများထံတွင် အိပ်သည်ဟု အကြောင်းပြ လိမ်ညာထားကြလေ၏။

အများအားဖြင့် သူတို့နှစ်ဦးသည် ညအိပ်၍ နံနက်တွင်မူ ကိုယ့်အလုပ်ကိုယ်လုပ်ကာ ဟန်မပျက်နေထိုင်ကြပါသည်။ ချစ်သူနှင့်အတူနေထိုင်ရသောဘဝကို အိုက်ယသည် အမှန်တကယ်ရခဲ့ပြီဖြစ်၍ ဘဝအပေါ် ကျေနပ်သာယာလာခဲ့ပါသည်။ မော်လမြိုင် ကမ်းနားလမ်းသူ ခင်နှင်းဖြူအပေါ် တွယ်တာစွဲလမ်းခဲ့သောအချိန်တို့ကိုပင်လျှင် နှမြောတမ်းတနေမိလေ၏။

'အတွေ့နောက်ကျလိုက်တာ နီလာရယ်။ မောင်နဲ့စောစောကတည်းကတွေ့ပါတော့'

ဟူ၍ပင် စိတ်ထဲက တမ်းတနေမိလေ၏။

**ပူလောင်ရသူ**

"နန်းယူ၊ နင်မှာလို့ငါလာခဲ့တာ။ ဘာပြောစရာရှိတာလဲပြောလေ"

"ငါ့မှာလေ တိုင်ပင်စရာ သူငယ်ချင်းဆိုလို့ နင်ပဲရှိတာပါဟာ။ အဲဒါကြောင့် မှာလိုက်တာပါ"

"ကောင်မ၊ နင့်ကြည့်ရတာ မျက်လုံးတွေလည်းမို့လို့။ နင်ငိုထားတာလား"

"အေးဟာ၊ ငါ့စိတ်မထိန်းနိုင်လို့ ငိုမိတာပါ"

"ဘာလဲ၊ အိုက်ယကိစ္စလား"

"အေးဟာ၊ အိုက်ယလေ ခုအိမ်ကို မှန်မှန်ပြန်မလာဘူးဟ။ ကျောက်ကိစ္စတွေရှိလို့ မိုးကုတ်က သူ့အစ်မအိမ်မှာ အိပ်တယ်ပြောတာပဲ။ ဒါပေမယ့် ငါကြားတာကတော့ ကျပ်ပြင်က နီလာခင်ဆိုတဲ့ ပွဲစားကောင်မလေးနဲ့တွဲနေတယ်လို့ ကြားတယ်။ ဒါပေမယ့် ဒီကိစ္စကို ငါ မမေးရဲပါဘူးဟာ။ ငါတို့သားအမိကိုပစ်သွားမှာကိုလည်း ငါအရမ်းကြောက်နေမိတယ်။ ငါလေ သူ့ကို သေမလောက်ချစ်ရတာပါဟာ။ ဒါကို နင်လည်းသိပါတယ်"

ပြောလည်းပြော မျက်ရည်များကလည်း စီးဆင်းလာခဲ့လေ၏။

"အေး-ငါလည်း အဲဒီသတင်းတွေကြားပါတယ် နန်းယူရယ်။ ဒီသတင်းက ငါတို့နားလျှံမှ နင့်ဆီရောက်တာပါ။ ဒါပေမယ့် ဒီသတင်းကိုနင့်ဆီမပို့ရဲဘူး။ နင်အိုက်ယကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်။ နင်ပူလောင်ခံစားရမှာစိုးလို့ မပြောတာပါဟာ။ ဒါပေမယ့် အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရဘူးလေ။ တစ်နေ့တော့ ပေါ်ရတာပါပဲ။ ဒီလိုနေ့မျိုးရောက်မှာ ငါအလွန်ကြောက်ခဲ့ တာပါ။ ဘာလို့လဲဆိုတော့ နင်နဲ့ငါက ငယ်ငယ်လေးကတည်းက အတူတူနေပြီး ကြီးပြင်းခဲ့တာလေ။ နင်ပူလောင်သလို နင့်အတွက် ငါလည်း ပူလောင်ခံစားရလို့ပါ။ ငိုမနေပါနဲ့ဟာ တိတ်ပါ။ ငိုနေလို့ ဒီကိစ္စကပြီးသွားမှာမဟုတ်ဘူး"

"ဒါဆိုရင် ငါဘယ်လိုလုပ်ရမလဲ ဟင် ထွေးခင်"

မျက်ရည်သုတ်ရင်း အားကိုးသော မျက်ဝန်းဖြင့်ကြည့်ကာ မေး၏။

"ဒီကိစ္စမျိုးက ပွဲကြမ်းပြီးနပန်းလုံးလို့ရတဲ့အမျိုး မဟုတ်ဘူး နန်းယူရဲ့။ အိုက်ယဟာ နင့်အပေါ် မေတ္တာအပြည့်နဲ့ယူခဲ့တာ ဟုတ်ဟန်မတူဘူး။ ဘာလို့လဲဆိုတော့ ပထမတစ်ကြိမ် ကျောက်ကုန်သည်လုပ်ကတည်းက ပိတ်စွယ်မှာနေတဲ့ မော်လမြိုင်သူ မခင်နှင်းဖြူ ဆိုတဲ့ ကောင်မလေးကို အတင်းဝင်ကပ်နေတဲ့ အကြောင်း သတင်းရတယ်။ ကောင်မလေးကလည်း အရုပ်ကလေးလို အရမ်းလှတယ်ပြောတယ်။ နာမည်နဲ့လိုက်အောင်ကို လှတယ်ဆိုပဲ။ ဒါပေမယ့် ကောင်မလေးက အိုက်ယကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင် မအောက်မေ့ဘူး။ မာနအရမ်းကြီးတယ်လို့ ပြောကြတယ်။ ငါတော့ မမြင်ဖူးပါဘူး။ ခုတော့ မော်လမြိုင်က သူ့ချစ်သူနဲ့လက်ထပ်သွားပြီပြောတယ်။ ဒါက ပိတ်စွယ်ကလာတဲ့ ကျောက်ကုန်သည်တွေဆီကကြားရတာ။ နင်ကော ကြားလား"

"ဟင့်အင်း"

"အေး - နင့်ကိုဘယ်သူမှမပြောရက်ကြဘူး။ အဲဒါက သနားလို့



www.burmeseclassic.com

www.burmeseclassic.com

ကြီးဘာ၊ အဲဒါဟာ အိုက်ယရဲ့ ပထမ ခြေလှမ်းပဲ။ သူက ခြေလှမ်းပေမယ့် အောင်မြင်လိုက်ဘူး။ အခု နီလာခင်နဲ့ ကျတော့ ဒုတိယခြေလှမ်းလေ။ နီလာခင် ဆိုတာက ပွဲစားလောကမှာ နာမည်တစ် ရနေတာ။လှလည်းလှတယ်။ အပြော လည်း ပြုံးပြုံးလေးနဲ့ အရမ်းချို တယ်လို့ပြောတယ်။ နီလာခင်ကျတော့ ငွေကြေးဖြူလို အပျိုမဟုတ်ဘူး။ မုဆိုးမလို့ ပြောတယ်။ ဒီတော့ အိုက်ယလိုလူမျိုးကို အသွယ်တကူနဲ့ အညာကိုကိုင်နိုင်တာ ပေါ့ဟာ။ ခုချိန်မှာတော့ သူတို့တွေ ဆက်ရှိန်မြင့်နေတဲ့အချိန်ပေါ့။ ဘာမှ ပြောလို့ရမှာမဟုတ်ဘူး။ ပြောရင် လည်း ရန်ဖြစ်ပြီး ကွဲရုံပဲရှိမယ်။ နင်သာ ကလေးတစ်ကောင်၊ ပုခက်တစ်လုံးနဲ့ ချစ်ရမှာ၊ အဲဒီတော့ မသိဟန်သာ ဆောင်နေပေါ့ နန်းယုရယ်။ စကားနည်း နေပေါ့။ ငါထင်တယ်၊ တစ်နေ့ အိုက် ယဟာ နောင်တကြီးစွာနဲ့ နင့်ဆီပြန် ရောက်လာလိမ့်မယ်လို့ ပြောရဲတယ်။ နင့်ရဲ့ကြီးမားတဲ့မေတ္တာနဲ့ ခွင့်လွှတ်နိုင် ခြင်းဆိုတဲ့ ကျိန်စာဟာ သူတို့အပေါ် အချိန်တန်ရင် ကျရောက်လိမ့်မယ်လို့ ငါ ထင်တယ်။ အင်း-အိုက်ယတော့ တစ်နေ့ နေ့မှာ ဒုက္ခလှလှကြီးနဲ့ကို တွေ့ဦးမှာ။ ဘယ့်နှယ်တော် - ဒီလောက် သဘော ကောင်းပြီး ခိုက်ခိုက်တုန်အောင် ချစ် တဲ့မိန်းမကို ပစ်ထားရတယ်လို့။ ငါ့ ယောက်ျားသာ ဒါမျိုးအချိုးချိုးကြည့် ရင်၊ သေအောင်ကို ကိုင်ဆောင့်ပြီး သတ်ပစ်လိုက်မှာ"

"နင်တို့က စိတ်တူကိုယ်တူချစ်တဲ့ သူတွေပါပဲ။ ဒီလိုဘယ်ဖြစ်မလဲ"

"အေးလေ၊ ငါ့ယောက်ျားကျ တော့လည်း အချိန်တန် တွင်းသွား၊ ဆမင်းစားနဲ့ ရိုးလွန်းပါတယ်ဟာ။ အိုက်ယလို မလှပေမယ့် ငါ့စိတ်တိုင်းကျ နေတာနဲ့ကို ငါအရမ်းချစ်ရတာပါ။ ဒါနဲ့ ဒီကိစ္စတွေ နင့်အမေ သိပြီးပြီလား"

"အမေလား၊ အမေလည်း တစ် ဆင့်စကားတစ်ဆင့်နားနဲ့ ကြားပြီးရော ပေါ့။ ဒါပေမယ့် ငါ့ကိုတော့ဘာမှမပြော ပါဘူး။ လူကြီးဆိုတော့ အတော်အတန် သိဟန်ဆောင်နေမှာပေါ့ဟာ"

"နင်လည်း နင့်ကလေးကတစ် ဖက်၊ အရောင်းအဝယ်ကတစ်ဖက်ရှိ သေးတယ်။ ဒီတော့ ပူဆွေးမနေနဲ့။ မျက် ရည်ကျချင်ရင် အားကိုတင်း၊ အံကိုကြိတ် သိလား။ လောကမှာ ဘာကိုမှအရှုံးမ ပေးနဲ့။ စိတ်ဓာတ်ကို ကြံ့ကြံ့ခိုင်ခိုင်ဖြစ် အောင်နေ။ ဪ - ဒါထက်နင့်ကလေး ကော"

"သူ့အဘွားနဲ့ အိမ်အပေါ်ထပ်မှာ အိပ်နေတယ်လေ"

"ကလေးက သူ့အဖေနဲ့ ချွတ်စွပ် နော်။ နင်ကမွေးတယ်ဆိုရင်တောင် သူ များတွေ ယုံကြမယ်မထင်ဘူး။ အရမ်း ချစ်စရာကောင်းတာ"

"အေးဟာ၊ သမီးလေးရှိနေလို့သာ ငါ့ဘဝဖြေသာတာပါ။ ခုအချိန်မှာ သမီး လေးက ငါ့ဘဝ၊ ငါ့အဖော်၊ ငါ့ရဲ့တွယ် တာရာပါပဲ။ နင်ကော ကလေးရပြီလား"

"ဟဲ့ - ရပြီပေါ့ဟဲ့။ အပျိုဗိုက်မို့ မပေါ်သေးတာ"

"အို - ဝမ်းသာစရာကောင်းလိုက် တာနော်။ တို့နှစ်ယောက် ကလေးကိုယ် စီနဲ့ပျော်စရာကြီးပဲနော်"

"အေးဟာ၊ ဘဝမှာ ပျော်အောင် သာနေစမ်းပါ။ ကဲ - ငါသွားဦးမယ်"

"ငါ့ဆီ မကြာမကြာလာလည်ပါ လား"

"အေးပါဟာ၊ အားတဲ့အခါလာပါ့ မယ်။ နင်ဘုရားတောင်ဘက်ရောက် သေးလား"

"ဟင့်အင်း - မအားလို့မရောက် ဖြစ်ဘူး"

"အေးအေး - သွားမယ်နော်"

ဟု နှုတ်ဆက်ကာ ထွေးခင် ပြန် သွားလေ၏။ ထွေးခင်ကား နန်းယုကဲ့သို့ မဟုတ်ပါ။ ဖြူဖြူဖွေးဖွေးနှင့် အထိုက်အ လျောက်လှသော မိန်းကလေးဖြစ်ကာ တစ်ရွာတည်းသားဖြစ်သူ လှမောင်နှင့် အိမ်ထောင်ကျသူ ဖြစ်သည်။

**မေတ္တာနှိုသက်ခံယူသူ**

"အမေ"

"ဟယ် - သမီးလေး နန်းကျော့ပါ လား"

"ဟုတ်တယ် အမေ။ သမီးလေ အမေ့ကိုအရမ်းသတိရတာ။ အိမ်ထောင် ကျသွားတော့ ကိုယ့်စိတ်ကိုယ်မပိုင်တော့ ဘူးလေ။ အဲဒါကြောင့် မလာဖြစ်တာ"

"ဪ - ဒါပေါ့ သမီးရယ်။ ကဲ- လာ လာ၊ အမေလည်း သမီးလေးကို သတိရနေတာကွယ့်။ သမီးလေးလာ လည်တယ်လို့ အမေ ဒီနေ့မနက်စောစော အိပ်မက်မက်နေတာ။ အိပ်မက်က မှန်သားပဲ"

"သမီးက စိတ်ရောက်နေတာလေ အမေရဲ့။ အဲဒါကြောင့် မက်တာနေမှာ။ ဒီမှာ အမေ့အတွက် သမီးမုန့်တွေဝယ် လာတယ်။ အမေနေလို့ကောင်းတယ် မဟုတ်လား"

"အင်း - ကောင်းပါတယ်ကွယ်၊ ကောင်းပါတယ်။ သမီးရယ်၊ ဒုက္ခရှာလို့ အများကြီးဝယ်ခဲ့ရတယ်လို့"

"အမေရယ် သမီးမှာ အမေဆိုပြီး တွယ်တာစရာဆိုလို့ ဒီအမေပဲရှိတဲ့ ဥစ္စာ၊ သမီးအပန်းမကြီးပါဘူး အမေ ရယ်"

"သာခုပါ သမီးလေးရယ်၊ သာခု ပါ"

"ဒါထက်အမေ၊ အစ်ကိုနဲ့ အစ်မ တို့ကော"

"သမီးက အပေါ်မှာ ကလေးသိပ် နေတယ်။ သမီးအစ်ကိုကတော့ အိမ်မှာ သိပ်မကပ်ပါဘူး။ ကားတစ်စီးနဲ့ ပေါ်လာ လိုက်ပျောက်သွားလိုက်ပါပဲ။ စီးပွားရေး လုပ်နေလို့ အိမ်သိပ်မကပ်နိုင်ဘူးလို့ပြော တာပဲ။ အမေလည်း လူငယ်တွေကြားမှာ စပ်စပ်စုစု သိပ်မလုပ်ပါဘူးကွယ်။ ကဲ - သမီးလေးအစ်မ အပေါ်မှာရှိတယ်။ သွားနှုတ်ဆက်လိုက်ဦး"

"ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့"

"ဪ - ရင်နဲ့လွယ်မမွေးရပေ မယ့် ချစ်စရာကောင်းလိုက်တဲ့ သမီး လေးပါလား။ ငါ့သမီးအရင်းလေးပါပဲ။ လိမ္မာလိုက်တာ သမီးလေးရယ်"

ဟု တွေးကာ အိမ်ပေါ်တက်သွား သော နန်းကျော့ကိုကြည့်၍ မိဘမေတ္တာ ဖြင့် ပီတိတွေဖြစ်နေမိ၏။ အမှန်လည်း နန်းကျော့မှာ မိခင်မေတ္တာနှိုသက်ခံယူ ခြင်းသာ ဖြစ်ပါသည်။ ဘာမှမျှော်လင့် ချက်ထားခြင်းရှိသူမဟုတ်ပါ။ အစ်ကိုနှင့် နှယ်၍သာ ခင်မင်သိကျွမ်းရခြင်းဖြစ်ပြီး သဘောထားသိမ်မွေ့သူ ဒေါ်မေနန်းကို မိခင်လို တွယ်တာနေခြင်း ဖြစ်လေ၏။ သို့ကြောင့် မကြာမကြာရောက်လာတာ မေတ္တာအရိပ်တွင်ခိုလှုံခြင်း ဖြစ်သည်။ အိမ်ထောင်ကျပြီးသည့်နောက်ပိုင်းတွင် မူ အတော်နှင့်မလာဖြစ်တော့ပါ။ ကိုယ့် ကိုယ်ကိုယ်မပိုင်တော့၍ဖြစ်သည်။

နန်းယုမှာမူ သူ့ခင်ပွန်းအကြောင်း အား တစ်လုံးတစ်ပါဒမျှမပြောဘဲ ထိန်း ထိန်းသိမ်းသိမ်းပြောဆိုဖြစ်ပါသည်။ နန်း ကျော့မှာ သူ့အစ်ကိုနှင့်တူသော တူမ လေးအား အလွန်ချစ်ရှာပါသည်။ မိသား စုပမာ ရင်းနှီးစွာပြောဆိုနေထိုင်သဖြင့် ပျော်စရာကြီးဖြစ်ပါသည်။ သို့နှင့်ပင် နေ့ လယ်ပိုင်းသို့ ရောက်ခဲ့၏။ နန်းကျော့မှာ ဒေါ်မေနန်း၏ လက်၊ ခြေတို့ကိုကြည့်မိ ၏။



www.burmeseclassic.com

www.burmeseclassic.com

"အမေ၊ ဟင် - ကြည့်ပါဦး၊ လက်သည်း၊ခြေသည်းတွေလည်းရှည်လို့ သမီးညှပ်ပေးမယ်နော် အမေ"

"နေပါစေ သမီးလေးရယ်။ အမေ့ဟာအမေညှပ်ပါ့မယ်"

"အို - ဘာအပန်းကြီးတာမှတ်လို့။ ရောက်တုန်းရောက်ခိုက် သမီးညှပ်ပေးမယ်"

ဟုပြောကာ သော့ချိတ်သောနေရာတွင် ချိတ်ထားသော လက်သည်းညှပ်အားယူကာ စိတ်ရှည်လက်ရှည်ညှပ်ပေးနေ၏။ မြို့သူဖြစ်သော နန်းကျော့၏ခန္ဓာကိုယ်မှ တန်ဖိုးကြီး ရေမွှေးရနံ့လေးကသင်းပျံ့၍နေသည်။ ခြေသည်း၊ လက်သည်းတို့ တယုတယညှပ်ပေးနေသော နန်းကျော့၏ လက်ချောင်းလှလှလေးများကိုကြည့်ကာ ဒေါ်မေနန်း ကြည်နူးမဆုံး၊ ချစ်၍မဆုံးခဲ့ပါ။

"အမေ နေပူတယ် သိလား။ ဒါဟာ ရေချိုးဖို့အချိန်ကောင်းပဲ။ အမေ့ဆံပင်တွေ သမီးလျှော်ပေးမယ်နော်"

"ဒုက္ခရှာလို့ သမီးရယ်။ အမေ့ဟာအမေလျှော်ပါ့မယ်"

"မဟုတ်တာ အမေရယ်။ သမီးလေ သမီးရဲ့အမေကို သိပ်သတိရတာ။ အမေသေသွားတော့ သမီးကငယ်သေးတယ်။ အမေ့ကိုဘာမှမပြုစုလိုက်ရဘူး။ မျက်စိထဲမှာ ခုထိမြင်ယောင်နေပါတယ်။ အမေ့ကိုလည်း သမီးရဲ့အမေလိုသဘောထားပြီး ပြုစုတာပါ။ ကဲ - ပြီးပြီ။ အမေ ရေချိုးတော့နော်။ သမီးခေါင်းလျှော်ပေးမယ်နော်"

"အေးပါ သမီးရယ်၊ အေးပါ"

လောကတွင် ဖြူစင်သောမေတ္တာသည် စိမ့်စမ်းရေပမာ လွန်စွာအေးချမ်းလှပေ၏။ ဒေါ်မေနန်းနှင့် နန်းကျော့တို့သည် သွေးသားမတော်စပ်ကြသော်လည်း အပြန်အလှန်ထားသော မေတ္တာဓာတ်ကမူ လွန်စွာပင် အေးမြလှပါသည်။

**ဟိုဘက်သို့**

ထိုခေတ်တွင် မိုးကုတ်ထွက် ပတ္တမြားများအား ဟိုဘက်ခေါ် ယိုးဒယားသို့ သွား၍ ရောင်းချလေ့ရှိသည်။ နီလာအောက်ကျောက်များကိုမူ အိန္ဒိယဘက်သို့ အနည်းအကျဉ်းသွားရောင်းကြ၏။ အများစုမှာ ဟိုဘက်သို့သာ သွားရောင်းလေ့ရှိသည်။ ထိုအခါက ကျောက်မျက်ဈေးကွက်သည် မြန်မာနိုင်ငံ၌ မရှိသေးပါ။ မြန်မာနိုင်ငံတွင်း၌ကား လက်ဝတ်ထည်အနည်းငယ်သာရောင်းရပါသည်။ ဈေးကြီးသည့် ကျောက်မျက်ကျောက်ကောင်းများ မဝတ်ဆင်နိုင်ကြပါ။ သို့အတွက် ဈေးကွက်ရှိရာကို မှောင်ခိုစနစ်ဖြင့် သွားရောက် ရောင်းချလေ့ရှိကြသည်။

ကျောက်တို့ကို ကယ်ရီခေါ် ကျောက်သယ်သူတို့က ဟိုဘက်အရောက်သယ်ပေး၏။ ဟိုဘက်ရောက်မှ ကိုယ့်ကျောက်ကိုယ်ယူကာ ပွဲစားအိမ်တွင် တိတ်တဆိတ် တည်းခိုကာ ကုန်သည်ကြီးများအား ပြသရောင်းချရခြင်းဖြစ်ပေ၏။ ပြတိုင်းလည်း ဈေးမတည့်တတ်ကြပါ။

တစ်ခါတစ်ရံ ဟိုဘက်မှပွဲစားများထံ ကျောက်ထုပ်များထည့်လိုက်ရသည်တို့ရှိသည်။ ကံမကောင်းအကြောင်းမလှပါက ပွဲစားက ကျောက်ထုပ်တွေယူပြီး ကိုယ်ယောင်ဖျောက်သွားတတ်၏။ ထိုအခါ မှောင်ခိုတည်းခိုနေထိုင်ရသော ကုန်သည်တို့သည် ထိုပွဲစားအား လိုက်ဖမ်းရန် တိုင်တော၍ အရေးယူရန် လုံးဝအခွင့်မသာပေ။ ထိုအခါ အရင်းပြုတ်ရသည်တို့ များစွာရှိကြပါသည်။ ထိုအခါ ဘဝပျက်ကြရလေ၏။

ကံကောင်းထောက်မ၍ အဆင်ပြေလာသောလူများမှာမူ နတ်မလိုက်သည့်အလား အချိန်တိုအတွင်း သူဌေးထဖြစ်သူတို့လည်း များစွာရှိကြပါသည်။ မိုးကုတ်သားတို့မှာ ထိုဈေးကွက်မှလွဲ၍ အခြားဈေးကွက်မရှိရာ သိသိကြီးနှင့်ပင် ဘု[illegible]း,တကာသွားနေကြရပါသည်။

"မောင်"

"ဘာပြောမှာလဲ ပြောလေ"

"နီလာ ဟိုဘက်သွားချင်တယ်ကွာ"

"အို - နီလာကလည်း၊ ခုတိုင်းလည်း အလုပ်ဖြစ်နေတာပဲကွာ"

"ဖြစ်တော့ဖြစ်တယ်လေ။ ဒါပေမယ့် စီးပွားရေးအထနှေးတယ်လေ မောင်ရဲ့။ နီလာ သူငယ်ချင်းတွေနဲ့ တစ်ခေါက်လောက် လိုက်ကြည့်ချင်တယ်။ ဒီလိုကြီးလည်ပတ်နေလို့ကတော့ နီလာတို့ အတော်နဲ့ချမ်းသာစာရင်းဝင်မှာမဟုတ်ဘူး"

"မောင် နီလာနဲ့ခွဲပြီးမနေချင်ဘူး။ ဟိုဘက်ကိုသွားရင် ကျောက်မတည့်မချင်းထိုင်စောင့်နေရတာ။ မောင်နေတတ်မှာ မဟုတ်ဘူး"

"မောင်ကလည်းကွာ၊ ချစ်တာတစ်ခုတည်းနဲ့ ဘဝတည်ဆောက်လို့မရဘူးလေ။ 'လွမ်းရေးထက် ဝမ်းရေးခက်၏' လို့ ဆိုထားတယ် မဟုတ်လား။ နီလာက ခပ်ညံ့ညံ့မိန်းမတစ်ယောက်မဟုတ်ပါဘူး။ နီလာဟိုဘက်သွားရင် ဒီထက် အများကြီး အဆင်ပြေမယ်လို့ထင်တယ်။ နီလာသွားကြည့်ချင်တယ်ကွာ။ အဲဒါခွင့်ပြုနော်။ ဟိုဘက်မှာကတော့ အနီက ပိုပြီးအလုပ်ဖြစ်တယ်။ သွားမယ်ဆိုရင် အနီလုံးချောငါးကိုက်တွေကောက်သွားရင် အဆင်ပြေမယ်ထင်တယ်။ ခုလောလောဆယ် အရည်ထက် လေးကိုက်၊ ငါးကိုက်လုံးချောတွေသွက်နေတယ်။ အဲဒါ နီလာသွားမယ်ခွင့်ပြုတယ်မဟုတ်လားမောင်"

"အေးလေ၊ နီလာဆန္ဒပြင်းပြနေတော့လည်းလုပ်ကြည့်ပေါ့"

"နီလာသွားရင်း ကျောက်ထုပ်ထည့်ပေးလိုက်မယ့် အထပ်စပ်ကုန်သည်တွေရှိတယ်မောင်ရဲ့။ သူတို့ရဲ့ကျောက်ထုပ်တွေပါ ဆွဲသွားမှရမှာ"

"နီလာကလည်း သူများပစ္စည်းတွေ သယ်သွားရင် တာဝန်ကြီးလွန်း[illegible]တယ်ကွာ။ တစ်ခုခုဖြစ်ရင် လျော်လို့[illegible] ပြီးမှာမဟုတ်ဘူး။ မအေးတို့၊ မထွေး[illegible] ညီအစ်မတွေ သူများကျောက်ထုပ်[illegible] ဆွဲသွားပြီး ပွဲစားလိမ်တာခံရလို့ နာမည်[illegible] တွေပျက်ကုန်ကြလို့ မျက်နှာတောင်မ[illegible] ရဲအောင်ဖြစ်နေကြပြီလေ"

"နီလာသိပါတယ် မောင်ရယ်။ သူ[illegible] တို့က ခပ်ထုံထုံတွေမို့ ခံရတာပါ။ နီလာ[illegible] တို့အရင်းနဲ့ဆို ကျောက်ထုပ်အားနည်း[illegible] တယ်လေ။ သူများကျောက်ထုပ်တွေ[illegible] ဆွဲသွားမှ တစ်ခေါက်ဆိုတစ်ခေါက်[illegible] သိသာသာကျန်မှာ"

"ကဲ - ဒါဆိုနီလာ့သဘောပဲ။ လု[illegible] ကြည့်လေ"

သို့နှင့်ပင် ပေါ်ပင်အဝယ်လိုက်[illegible] သော ကျောက်ထုပ်တို့ ဝယ်ယူစုဆောင်း[illegible] ကာ အခြားကုန်သည်တို့ထည့်ပေးလိုက်[illegible] သော ကျောက်ထုပ်တို့နှင့်အတူ နီလာ[illegible] သည် သူငယ်ချင်းဖြစ်သူ အပျိုကြီး [illegible] မာဝေနှင့် ဟိုဘက်သို့ ထွက်သွားလေ[illegible] ၏။

အိုက်ယမှာမူ ယောင်နနဖြင့် [illegible] ရစ်ခဲ့လေ၏။ ကျောက်ဝယ်ရန် အ[illegible] အနှီးအနည်းငယ်မှအပ ရှိသမျှ[illegible] ကျောက်ဝယ်၍ အကုန်ယူသွားရာ [illegible] ရဲဇက်ရဲဝယ်တတ်သော အိုက်ယ[illegible] အခက်ကြုံရပါသည်။ သို့ကြောင့်[illegible] သေဖြင့် အိမ်ကိုပြန်ကပ်၍နေလေ[illegible]

ခင်ပွန်းအပေါ် အလွန်ချစ်ရှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...မှာမူ မသိဟန်ပြုကာ ယခင်ကဲ့သို့ ...ခင်ကြင်နာစွာပြုစုရှာပါသည်။ ...ထဲတွင်မူ အိမ်မြဲနေသဖြင့် သူ့ထံ ...ပြန်လာပြီဟု ယူဆ၍နေပါသည်။

အိုက်ယမှာရှိသည့် အရင်းအနှီး ...ကျောက်ဝယ်ခြင်း၊ အခြားကုန် ...၏ ရောင်းမစွံဈေးမကိုက်သော ...တို့အားဆွဲ၍ ကျပ်ပြင်ထာပွဲသို့ ...ငှ် လှည့်ပတ်နေလေ၏။ အချိန် ...ချွင် အိမ်သို့ပြန်လာတတ်သဖြင့် ...ကျေနပ်ကြည်နူးရလာပါသည်။

**...အနေအရအိမ်ကပ်ခြင်း**

"အစ်ကို"

"အင်. . . "

"အစ်ကို့သမီးကလေ အစ်ကို့ကို ...တွယ်တာ။ အစ်ကိုပြန်မအိပ်တဲ့ ...တွေဆိုရင် တတွတ်တွတ်နဲ့မေးနေ ...တယ်။ သမီးလေးက သနားစရာပါ ...ရယ်။ ဖအေကို ချစ်ရှာလွန်းပါ ...

"...စီးပွားရှိနေရတာဆိုတော့ ဒီလို ...နန်းရယ်။ အစ်ကို ပြည့်ပြည့်စုံစုံနဲ့ ...ပြီဆိုရင် နန်းတို့သားအမိကို ...ပစ်မထားပါဘူး။ ခုလိုပဲအမြဲနေ ...

"အင်းပါ အစ်ကိုရယ်၊ အစ်ကိုပြန် ...တဲ့ညတွေဆို နန်းတို့သားအမိ ...ကို လွမ်းနေရတာပါ။ ကလေးက ...ပြောတတ်နေပြီဆိုတော့ ပြန်မ ...ညတိုင်း မေးတတ်တယ် အစ်ကို။ ...ကြီး ပိုက်ဆံသွားရှာတာလို့ အမြဲ ...ရတယ်။ ဒါထက် အမေက ...တို့ရဲ့ သားလေးကို ရှင်ပြုပေးမယ် ...တယ်။ ဘုန်းကြီးကျောင်းကိုသွား ...ထားပြီးပြီတဲ့။ အဲဒါဆရာတော် ...ရက်ကြိုတင်ပေးလိမ့်မယ်။ အဲဒီ ...ရက်လေးတွေမှာတော့ အစ်ကို ...မှာနေပေးပါနော်။ ပြီးတော့ အလှူ ...ဖို့ချမ်းဖို့ ကားလည်း လိုတယ် ...

"အင်းပါ နန်းရယ်၊ အင်းပါ။ ဒါ ... အမေက ပိုက်ဆံဘယ်ကရတာတဲ့ ...

"အမေစုထားတဲ့ ကျောက်လေး ... ရောင်းမယ်လို့ပြောတယ်"

"ဩော် - ဟုတ်လား။ ဒါထက် ...ဆီမှာ လူးပေါက်တုန်းကရတဲ့ (၇) ...ရက်လောက်ရှိတဲ့ ကျောက်စစ်တစ် ...ဘယ်လို့ ကြားဖူးတယ်။ အဲဒါ နန်း ...သလား"

"သူများတွေပြောတာတော့ ကြားဖူးတယ်။ ဒါပေမယ့် အမေက နန်းကို တစ်ခါမှမပြောဖူးဘူး၊ ရှိရင်လည်းရှိမှာပေါ့။ နန်းတော့မပြောဝံ့တတ်ဘူး။ အမေက သူ့မှာရှိတဲ့ကျောက်ကို တစ်ခါမှထုတ်မပြဖူးဘူး။ အစ်ကိုအတွက် ထုတ်ပေးမှမြင်ဖူးတာ။ လှုလိုက်တဲ့ ကျောက်တွေ အစ်ကိုရယ်။ နန်းတော့ အခုထိ အဲဒီကျောက်တွေ မျက်စိထဲကမထွက်ဘူး။ တစ်နှစ်ဝယ်စုရင်တောင် အဲဒီလိုအရည်ညီ၊ အရွယ်တူ၊ အပြစ်စင်၊ ဂေါ်စင်ကျောက်တွေမျိုးရမှာမဟုတ်ဘူး"

"အကြောလိုက်ပေါက်ထားတာ ဆိုတော့ အများကြီးကျန်ဦးမယ်ထင်တယ်"

"အဲဒါတော့ အမေပဲသိမှာပါ။ အမေက သူ့အခန်းကိုနန်းတို့အိမ်ထောင်ကျပြီးနောက်ပိုင်း သော့ခတ်ပြီးမှ အပြင်ထွက်လေ့ရှိတာ အစ်ကိုလည်းသိတာပဲ။ အမေက စည်းကမ်းထားတယ် အစ်ကို"

"အေးလေ၊ သူစည်းကမ်းကောင်းလို့လည်း အစ်ကို့ကို အရင်းအနှီးထုတ်ပေးနိုင်တာပေါ့။ ကဲ - အိပ်ကြရအောင်နော်"

ခင်ပွန်းသည်နှင့် နွေးထွေးစွာအိပ်စက်ရသည့်ညများတွင် နန်းယုကြည်နူးရသည်ပင်။ အိုက်ယအပေါ် အပြစ်ဟူ၍ မမြင်မိပါ။ သည်မျှပင်ချစ်ခင်ရှာလေ၏။

**ယိုးဒယားပြန်**

နီလာခင်သည် တစ်လပင် မပြည့်လိုက်ပါ။ ပြန်ရောက်လာခဲ့လေ၏။ ကံကောင်းထောက်မစွာပင် ကျောက်ထုပ်တို့ အကုန်တည့်ကာ အမြတ်အစွန်းအတော်လေးရလိုက်ပါသည်။ ကြည်နူးချမ်းမြေ့ရသည်မှာ အိုက်ယ ဖြစ်သည်။ နီလာမရှိသည့်နောက်ပိုင်း အိမ်၌ ပြန်အိပ်ရသဖြင့် သူ့ဘဝသည် ပျင်းရိဖွယ်ကြီးဖြစ်နေလေ၏။ နန်းယု ဟူသည်က အရိုးခံကြီး မဟုတ်ပါလား။

"လွမ်းလိုက်ရတာ နီလာရယ်။ မောင်ဖြင့်လေ တစ်နေ့မှကို စိတ်ထဲမပျော်နိုင်ဘူး။ အချိန်တိုင်း နီလာ့ကိုပဲ တမ်းတနေရတာ"

"နီလာက မောင့်ထက်ဆိုးသေးတယ်။ လွမ်းလိုက်တာမပြောနဲ့ ချက်ချင်းကို ပြန်ပြေးလာချင်တာ။ ကျောက်ထုပ်တွေ ပါလို့သာပေါ့ မောင်ရယ်။ သာမန်အပျော်ခရီးဆိုရင် ချက်ချင်းပြန်လာမှာ သေချာတယ်"

"အံ့ဩစရာကောင်းလိုက်တာ။ မောင် နီလာ့ကို ဒီလောက်ချစ်တာမှန်းမသိဘူး။ ခွဲကြည့်မှ သိရတာ။ ဒါတောင် ခဏတာနော်။ အကြာကြီး ခွဲခွာရမယ်ဆိုရင် မောင်တွေးတောင် မတွေးရဲဘူး"

"မောင်နဲ့ နီလာ ဆိုတာက နီလာက စချစ်တာပါ မောင်။ ချစ်ခြင်းမေတ္တာဆိုတာ စည်းဘောင်မရှိဘူးမောင်ရဲ့၊ အချစ်ဆိုတဲ့ကြားမှာ ဘာမှမရှိဘူး၊ ဘာမှ ကာရံလို့မရဘူး။ အိမ်ထောင်ရှိတာ၊ မရှိတာ၊ ပျိုတာ၊ အိုတာ၊ ချမ်းသာတာ၊ ဆင်းရဲတာ၊ အဆင့်အတန်းရှိတာ၊ မရှိတာ၊ ကြီးတာ၊ ငယ်တာ ဘာဆိုဘာမှမရှိဘဲ အချစ်စိတ်က အလိုလိုထိုးဖောက်နိုင်စွမ်းရှိတယ်။ အချစ်ဆိုတာ တားဆီးလို့လည်း ရနိုင်စွမ်းမရှိဘူး။ နီလာဆိုရင် နီလာချစ်တဲ့သူကို ရဲရဲဝံ့ဝံ့အချစ်ကိုရအောင်ယူတတ်တယ်။ မောင်နဲ့ မတွေ့ခင်ကဆိုရင် နီလာရဲ့အလှ၊ နီလာရဲ့ လုပ်ရည်ကိုင်ရည်ကို မက်မောကြတဲ့ ယောကျာ်းတွေ အတော်များများတွေ့ခဲ့ပါတယ်။ နီလာလုံးဝစိတ်မဝင်စားခဲ့ဘူး။ သူတို့က နီလာရဲ့ ကျော်ကြားမှုကို မက်မောကြတာ။ မောင်ကျတော့ ဖြူဖြူဖွေးဖွေး ထောင်ထောင်မောင်းမောင်းနဲ့ ချောတယ်။ ယောကျာ်းပီသတယ်။ ရိုးပုံရိုးပန်းကြီးနဲ့ဆိုတော့ မောင့်ကိုချစ်မိတာပေါ့။ နီလာက မောင်နဲ့ကျမှ မိန်းမနောက်ပိုး ဖြစ်ရတာ"

"နီလာက ပြောတတ်လိုက်တာကွာ။ နီလာကိုတွေ့တာ အရမ်းကို နောက်ကျတာပဲကွာ"

"နီလာက ပြောတတ်တာ မဟုတ်ဘူး။ နီလာရဲ့ ဘဝအတွေ့အကြုံတွေက ပြောနေတာပါ။ ဟိုဘက်မှာ နီလာတို့တည်းခိုတဲ့ အိမ်ကပွဲစားမိသားစုတွေဆိုရင် သဘောကောင်းပြီး နီလာ့ကို သိပ်ချစ်ကြတယ်။ အချိန်တစ်လတောင် မပြည့်လိုက်ဘူး၊ မိသားစုလို ခင်မင်သွားကြတာ။ ဒီတစ်ခေါက်လည်း ရှိတဲ့အရင်းအနှီးအကုန်နဲ့ ကျောက်တွေကောက်ကြရအောင်နော်။ သုံးလေးခေါက်လောက်သာ ဒီလိုအဆင်ပြေရင် မောင်နဲ့နီလာတို့ ချမ်းချမ်းသာသာနေရပါပြီ။ ဩော် - ဒါထက် နီလာဝယ်လာခဲ့တဲ့ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်တွေကြိုက်တယ်မဟုတ်လား။ မောင်က အသားဖြူတော့ ဂျင်းနဲ့ သိပ်လိုက်တာ"

"ကြိုက်ပါတယ် နီလာရယ်၊ ကြိုက်ပါတယ်"

ယိုးဒယားပြန် နီလာက ယိုဒယားအတွေ့အကြုံတို့ကို အိုက်ယအား ပြော

www.burmeseclassic.com

ပြနေပြန်ရာ စိတ်ရှည်စွာ နားထောင်နေရလေ၏။

**ဒေါ်မေနန်း၏အလှူ**

နီလာ ဟိုဘက်သွားနေခိုက်မို့ အလှူကိစ္စတွင် အချိန်ပြည့် ပါဝင်ကူနိုင်ခဲ့၏။ မိုးကုတ်ခေါ် ပတ္တမြားမြေ၏အလှူတို့သည်ကား ပေါက်ပေါက်လည်းလှော် လေ့မရှိသလို မုန့်ဆီကြော်လည်း ကြော်လေ့မရှိကြပါ။ ထမင်းဟင်းကောင်းကောင်းများဖြင့် ကျွေးမွေးသလို လက်ဖက်ရည်ပွဲခေါ် အချိုပွဲကိုလည်း ဆန္ဒင်းမကင်း၊ ကျောက်ကျော စသော မုန့်စုံတို့ဖြင့် တည်ခင်းကျွေးမွေးလေ့ ရှိပါသည်။ ထမင်းစားပြီးသည်နှင့် လက်ဖက်ရည်ပွဲသို့ကူးကြရသည်မှာ ထုံးစံဖြစ်သည်။

သို့အတွက် အလှူဝင်ညတွင် ဟင်းစုံများ အိုးသူကြီးအဖွဲ့မှ ချက်ပြုတ်ကြရသလို လူပျိုကာလသားတို့ကလည်း ကျောက်ကျော၊ ဆန္ဒင်းမကင်းတို့ထိုးကြရသည်။ ထိုသို့ ကျောက်ပြဿဒ်၌ အလှူလုပ်ပါက ကျောက်ပြဿဒ်ဘုန်းတော်ကြီးကျောင်းတွင်သာ အမြဲပြုလုပ်လေ့ရှိပါသည်။ ကျောင်းတွင် ဟင်းချက်ရုံ၊ ထမင်းချက်ရုံအစုံရှိပြီးဖြစ်သလို ကျွေးမွေးရန်နေရာမှာလည်း ကျောင်းကြီး၏ အောက်ထပ် အနောက်ဘက်ခြမ်း၌ ထမင်းကျွေးကာ အရှေ့ဘက်ခြမ်း၌ ရေနွေးပွဲတည်ခင်းဧည့်ခံပါသည်။ ကြွရောက်လာသော ဧည့်သည်တို့အား ကျောင်းကြီးပေါ်၌ ခေတ္တ အနားယူချွေးသိပ်စေပါသည်။ ဧည့်စုဆောင်း၍ တစ်သုတ်စာ၊ တစ်သုတ်စာ စနစ်တကျ ပြင်ဆင်ကျွေးမွေးလေ့ရှိသည်။ သို့အတွက် ဧည့်ကြို၊ ဧည့်ခံ၊ ထမင်းကျွေး၊ လက်ဖက်ရည်တိုက်၊ လက်ဆေးခံစောင့် ဟူသော အဖွဲ့အသီးသီးတို့က တာဝန်ယူဆောင်ရွက်ရ၏။ ဧည့်ကြိုမိန်းမလတ်တို့သည် တစ်ရွာနှင့်တစ်ရွာ ဖိနပ်များမမှားစေရန် ဖိနပ်ကို သူ့အစုနှင့်သူချွတ်စေခြင်းတာဝန်ကိုပါ ယူရလေ၏။

အလှူဝင်ညတွင် အိုက်ယမှာ လုပ်စရာတာဝန်မရှိတော့သဖြင့် ဟင်းချက်ရာ ဟင်းချက်ရုံဘက်သို့ ထွက်လာခဲ့၏။ ဟင်းချက်အဖွဲ့တွင်ပါသော ဦးနန္ဒိနှင့် ဦးသောမတို့အား ချက်ပြုတ်နေသည် ကို တွေ့ရလေ၏။

"ဟာ - လာလာ၊ အလှူရှင်လာတယ်ဟေ့။ ဘယ်လိုလဲ၊ နည်းနည်းချမလား"

"တော်ပါပြီ ကိုပြုံးရာ။ ကျွန်တော်မှ မသောက်တတ်တာ"

"အင်း - မင်းသန်တာက ဒီလိုင်းမှ မဟုတ်တာ။ ဆောရီး အိုက်ယရေ ဆောရီး။ ယောက်ျားဆိုတဲ့အမျိုးဟာ ဘယ်လောက်ပဲကောင်းပါတယ်ဆိုတဲ့ ယောက်ျားဖြစ်ပါစေ ဥပမာကွာ အရက်မသောက်၊ ဖဲမရိုက်၊ ဘိန်းမရှူ ဆေးမသောက်၊ ကွမ်းမစား ဘယ်လောက်ကောင်းအောင်နေပါစေ။ အဲဒီလူမျိုးဟာ မိန်းမကျတော့ အလွန်ကြိုက်တတ်သကွ။ ဒီတော့ ယောက်ျားဆိုတာ တစ်လိုင်းတော့သန်လေ့ရှိတယ် ဟုတ်တယ်မဟုတ်လား အိုက်ယ"

"ကိုပြုံးက ကျွန်တော့်များစောင်းပြောနေသလား မသိဘူး"

"စောင်းပြောနေတာမဟုတ်ဘူး အိုက်ယရ။ တည့်တည့်ပြောနေတာ"

"ဟားဟားဟား- ကိုပြုံးသဘောပေါက်သားပဲ။ ကိုပြုံး ကျွန်တော့်လို စွဲလို့လား"

"ဘယ်စွဲမှာလဲမောင်ရာ။ တို့က မင်းလို ဥစ္စာပေါ်ရုပ်ချောမှမဟုတ်တာ"

"သဘောပေါက်၊ သဘောပေါက် သိလား။ ဒါမျိုးဆိုတာ စွဲချင်တိုင်းစွဲတယ် မမှတ်နဲ့။ သူ့ကံနဲ့သူလာတာ မနာလိုမရှိနဲ့"

"မရှိပါဘူးကွာ၊ မရှိပါဘူး။ ရွာမှာ မင်းအကြောင်းကလည်းခေတ်စားသကွ။ အားကျသူတွေလည်းရှိရဲ့။ အားမကျသူတွေလည်းရှိသပေါ့ကွာ"

"ကိုပြုံးကကော"

"အင်း - အိမ်ကဟာကြီးနဲ့ပဲရောင့်ရဲတင်းတိမ်တာ ကောင်းပါတယ်ကွာ။ ယောက်ျားဆိုတော့ အားကျတာပေါ့။ ဒါပေမယ့် တို့က မင်းမြင်တဲ့အတိုင်းပဲ ကံမွဲဉာဏ်မွဲ၊ လူနုံ၊ လူအ အရက်ကြိုက်တဲ့ လူ့ဗာလကြီးတွေပါကွာ။ ဖားတုလို့ ခရုပွက် အိုက်ပျက်ရုံရှိတော့မပေါ့"

ထိုသို့ ပြောဆိုနေကြသည်ကို ဦးနန္ဒိတို့ ကြားနေရပါသည်။ ယခုကဲ့သို့ လူအများဆုံးတွေ့ရန် ဟူသည်မှာ သာရေး နာရေးကိစ္စကြုံမှ ဆုံကြရခြင်း ဖြစ်သည်။ ဤအချိန်တို့တွင်မှ တွင်းလုပ်ငန်းများဖြင့်သာ အချိန်ကုန်ပြီး ဆုံစည်းဖြစ်ဖို့ မလွယ်ကူလှပါ။ ထိုစဉ်ပင် ဦးနန္ဒိ အိုက်ယဘေး၌ဝင်ထိုင်၏။ ဦးနန္ဒိကား အိုက်ယ၏ ဆရာဖြစ်ရာ အစဉ်အမြဲပင် ရှိသေလေးစား၏။ လေးစားလောက်အောင်လည်း ဦးနန္ဒိမှာ သီလ၊ သမာဓိရှိသူ ဖြစ်သည်။

"အိုက်ယ"

"ဗျာ"

"အိုက်ပြုံးပြောသလို မင်းသတင်းက ရွာမှာ လူတွေရှေ့တန်းတင်ပြီးပြောဆိုနေကြတယ်။ ငါ မင်းကို သဘောပေါက်ပါတယ်။ နန်းယူတို့အကြောင်းကို ပြောပြတာက ငါပါ။ ခရုကို ခါးတောင်းကျိုက်ဖမ်းပြီး မင်းလူစွမ်းကောင်းလုပ်နေတာ ငါ့အပြစ်မကင်းဘူးဆိုပြီး အတော်စိတ်မကောင်းဖြစ်မိပါတယ်။ ငါပြောပြတယ်ဆိုတာကလည်း မင်းအတွက်ရည်စူးပြီး ပြောတာ မဟုတ်ဘူး စကားစပ်မိလို့ပြောတာ။ ဒါကို မင်းသွားပြီး အခွင့်အရေးယူလိုက်တာ နောက်ပိုင်းမှာ မင်းရဲ့ လုပ်ဆောင်ချက် တွေသိရတော့ ငါအတော်စိတ်မကောင်း ဖြစ်ရတယ်။ နန်းယူဟာ လူသာမလှ စိတ်ရင်းအလွန်ကောင်းတဲ့ မိန်းက ကွ။ မင်းကိုဘာမှမပြောပေမယ့် ကွယ် မှာ ကျိတ်ပြီးဘယ်လောက်ငိုခဲ့ရတယ် တာ မင်းသိမှာမဟုတ်ဘူး။ အဲဒါ မ ဘက်ကနည်းနည်းတော့စဉ်းစားပေါ့ အများကြီးမဟုတ်ဘူးနော်။ နည်းန လောက်ပဲ စဉ်းစားခိုင်းတာ။ ဘာလို တော့ မေတ္တာဆိုတာ ကျိန်စာသင့်တ တယ်ကွ သိလား အိုက်ယ"

"ဟုတ်ကဲ့ပါ လေးနန္ဒိ"

"မင်းရဲ့ အောင်မြင်မှုကို လေး ပါတယ်။ အဲဒီအောင်မြင်မှုကို အ စားလုပ်ပစ်ရင်တော့ မင်းတစ်နေ့ တရလိမ့်မယ်။ အောင်မြင်မှုဆို ထာဝရမဟုတ်ဘူး။ကံကောင်းအ လှချိန်လေးမှာသာ အကျိုးပေးတ မကောင်းဘူးဆိုလို့ကတော့ လု အရာမထင်တတ်တော့ဘူး။ အဲ လည်း မင်းသဘောပေါက်ထားပါ"

"ဟုတ်ကဲ့ - သွားဦးမယ် လေး

ဟု နှုတ်ဆက်ကာ ဆက် လိပ်ပြာမလုံသဖြင့် ထွက်ခဲ့ရပါသ

'ပျင်းလို့ ဟင်းချက်ရုံဘက် လာခဲ့ပါတယ်၊ ဩဝါဒသမားတွေနဲ့ လာတွေ့နေရတယ်လို့ကွာ။ ကို မကျပါဘူး'

ဟု တွေးကာ အိမ်ဘက်သို့ လေ၏။

ကွယ်လွန်သူ ဦးစံဖေအား စူး၍ပြုသော အလှူတော်မင်္ဂ ကား သိုက်သိုက်မြိုက်မြိုက် စ စွာပင် ပြီးစီး အောင်မြင်ခဲ့ပါသ

ရွှေပြည်သိုး(မိုး



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဉာဏ်(မောရ)

# ကျွန်တော် 'လူပြက်' လုပ်ခဲ့စဉ်က

'လူပြက်'ကို 'လူပျက်'လို့ မယူဆဖို့ ...င်းပန်ပါတယ်။ အဲသလို မှားမှာ ...က်လို့ပဲ အခုတော့ လူပြက်ကို လူ ...တော်လို့ပြောင်းခေါ်ကြတယ်။ အမှန် ...ပြက်'ရဲ့အဓိပ္ပာယ်ကို အဘိဓာန်မှာ ...ရောပြောသည်' လို့လည်း ဖွင့်ထား ...ို့ လူပြက် (ဝါ) လူရွှင်တော်ဆိုတာ ... အငြိမ့်၊ ရုပ်ရှင်တွေထဲမှာ ပရိသတ် ...ပျော်အောင်ဖြေဖျော်သူ ဖြစ်ပါ၏။ ...တော် မောင်ပွင့်ဉာဏ် ဇာတ်ခုံပေါ် ...ပြီး အငြိမ့်ပွဲတစ်ခုမှာ လူပြက် (ဝါ) ...င်တော်လုပ်ခဲ့တယ်ပြောရင် မယုံ ...လို့ လွန်ခဲ့တဲ့နှစ် (၄၀) ကျော်က ...ပုံနှစ်ပုံကိုပါ ပြထားပါတယ်။

အဲဒီအချိန်က ကျွန်တော် ...လမြိုင်ကောလိပ်မှာ ကျောင်းတက်နေပါတယ်။ ကျောင်းပိတ်ရက်တစ်ခုမှာ ရွာပြန်တော့ ရွာဘုန်းကြီးကျောင်းမှာ ဘုန်းကြီးပျံပွဲနဲ့ဆုံတယ်။ ကျွန်တော်တို့ရွာက ကော်သူးလေပြည်နယ် (အခု ကရင်ပြည်နယ်) ဖာပွန်မြို့နယ်က ကမမောင်း ဆိုတဲ့ရွာလေး ဖြစ်ပါတယ်။ ဟိုတုန်းကတော့ မော်လမြိုင်ကနေ သံလွင်မြစ်ကြောင်းအတိုင်း ရွှေဂွန်းသင်္ဘောကို တစ်နေကုန်စီးပြီး ရွှေဂွန်းရွာမှာ ညအိပ်၊ နောက်တစ်နေ့မနက် ရွှေဂွန်းကနေ နေ့တစ်ဝက်လောက် မော်တော်စီးပြီးမှ ကမမောင်းရွာကို ရောက်ပါတယ်။ အခုတော့ မော်လမြိုင်-ဘားအံ-မြိုင်ကြီးငူကားလမ်းပေါက်လို့ မြိုင်ကြီးငူကနေ ပဲ့ချိတ်နဲ့ သံလွင်မြစ်ကို ကူးလိုက်တာနဲ့ ကမမောင်းကို ရောက်တယ်။ ကိုယ်ပိုင်ကားနဲ့ဆိုရင် မော်လမြိုင်ကနေ ကမမောင်းကို နေ့ချင်းပြန်သွားလို့တောင်ရနေပါပြီ။

ကမမောင်းရွာဟာ သံလွင်မြစ်အနောက်ဘက်ကမ်းမှာရှိပြီး အရှေ့ရောအနောက်ပါ တောင်ပတ်လည်ဝိုင်းနေပါတယ်။ ကမမောင်းလွန်သွားရင် မြစ်ကြောင်းဟာကျဉ်းပြီး ကျောက်ဆောင်ပေါလို့ မော်တော်တောင်ဆက်တက်လို့မရတော့ပါ။ နွေဘက်ဆိုရင် မြစ်ရေကျသွားလို့ မြစ်ထဲမှာ ကျောက်ဆောင်ကျောက်တန်းတွေပေါ်နေပြီး သဲသောင်ပြင်တွေပေါ်မှာ စိမ်းစိုနေတဲ့ သီးနှံစိုက်ခင်း (ကိုင်း) တွေနဲ့ အင်မတန် သာယာပါတယ်။ ဆောင်းတွင်းဆိုရင်လည်း တောတောင်တစ်ခို မြူနှင်းတွေဖုံးနေတဲ့ ရှုခင်းဟာလည်း လွမ်းမောစရာပါ။

ကျွန်တော်တို့မြန်မာတွေ ပွဲကြိုက်တတ်ပုံများ ဘုန်းကြီးပျံမှာလည်း ပွဲခံပါတယ်။ မသိရင် ဘုန်းကြီးသေတာကို ဝမ်းသာကြတယ်လို့ ထင်စရာပါပဲ။ တချို့ဒေသတွေမှာ ဘုန်းကြီးပျံပွဲကို အကြီးအကျယ်လုပ်လို့ 'ဘုန်းကြီးသေရင် ရွာ




မိုးဆမ်းပန်းအငြိမ့်အဖွဲ့သားများ



www.burmeseclassic.com

www.burmeseclassic.com

ကြေတယ်' လို့တောင် ပြောစမှတ်ပြု ကြတယ်။ ကိုယ့်အရပ်နဲ့ကိုယ့်ဇာတ်ဆို တဲ့စကားအတိုင်း ရွာကလူတွေ က,တဲ့ ဇာတ်ပွဲပါ။

ငါးပိရောင်းတဲ့ မိန်းမလျာ မောင် ကျော်က အနုပညာသင်တန်းကျောင်း ဆင်းဖြစ်ပြီး မင်းသမီးအကကောင်းပါ တယ်။ ကွမ်းယာရောင်းတဲ့ မောင်ပိန်က မင်းသားလုပ်ပြီး ကပါတယ်။ သူတို့နှစ် ယောက်ရဲ့နှစ်ပါးသွားခွင်မှာ ကိုယ်ခန္ဓာ ဝဖြိုးတဲ့ မောင်ကျော်က နာမည်နဲ့လိုက် အောင်ပိန်တဲ့ မောင်ပိန်ကိုယ်ပေါ်ကို ခုန် အတက် နှစ်ယောက်စလုံး ဇာတ်ခုံပေါ် လဲကျသွားတော့ ပွဲကြည့်ပရိတ်သတ်ဟာ အတောမသတ် ရယ်မောကြတယ်။ ပဲပြုတ်ရောင်းတဲ့ အပျိုကြီး မပုတို ဆိုရင် ရှုရှုးတွေပါထွက်ကျလာလို့ အိမ်ပြန်ပြေး ပြီး ထဘီလဲရတယ်။

အငြိမ့်ခန်းမှာတော့ ရွာက လူငယ် တွေပဲ လူရွှင်တော်လုပ်ကြတယ်။ သူတို့ ကတာက မင်းသမီးနား ဝိုင်းပြောဝိုင်းဆို ကြတာလောက်ပဲရှိပြီး ပြက်လုံးမည်မည် ရရ မထုတ်တတ်ကြပါ။ ဒါကိုကြည့်ပြီး ကျွန်တော်နဲ့ သူငယ်ချင်းတွေက အား မလိုအားမရဖြစ်ကြပါတယ်။ သူငယ်ချင်း တွေထဲမှာ အောင်မင်းက တိရစ္ဆာန်မွေး မြူရေးနဲ့ ကုသရေးတက္ကသိုလ်ကျောင်း သား၊ အောင်ကျော်မြင့်က စက်မှုလက်မှု သိပ္ပံကျောင်းသား၊ ကျွန်တော်က မော်လ မြိုင်ကောလိပ်ကျောင်းသား ဖြစ်ပါတယ်။ အဲဒီအချိန်က ကောလိပ်၊ တက္ကသိုလ် တွေမှာ အနုပညာအသင်းတွေ အား ကောင်းမောင်းသန်နဲ့ လှုပ်ရှားနေချိန်ဖြစ် လို့ ကျောင်းပွဲတွေမှာ အငြိမ့်ခွင်တွေနဲ့ စည်ကားလှပါတယ်။

နောင်တော် အစ်ကိုကြီးတွေရဲ့ ပြက်လုံးတွေကို နားရည်ဝနေကြလို့ နမူနာယူပြီး ကကြဖို့ တိုင်ပင်ပါတယ်။ ကျောင်းက တာဝန်ခံဘုန်းကြီးကို သွား လျှောက်တော့ ဝမ်းသာအားရလက်ခံတဲ့ အပြင် တောင်ရှည်ပုဆိုးချုပ်ဖို့ လုံချည် တွေပါထုတ်ပေးပါတယ်။ဒါနဲ့ ကျွန်တော် တို့လည်း လူသူရှင်းတဲ့ ရွာပြင်နားက မူလတန်းကျောင်းတစ်ကျောင်းမှာ နေ့ ခင်းဘက် ဇာတ်တိုက်ကြပါတယ်။

လူရွှင်တော်နာမည်ပေးဖို့ ရွေးကြ တော့ ကျွန်တော်က ဝမ်စွေ့ဖြစ်လို့ 'ပေါက်စီ' နာမည်ယူပါတယ်။ အောင် မင်းကတော့ မျက်နှာမှာ ဝက်ခြံတွေနဲ့မို့ 'ဇာ့စ်ထူ'၊ ကိုယ်လုံးအငယ်ဆုံး အောင် ကျော်မြင့်က 'ညှပ်စိ'၊ ကျောင်းသား




မိုးဆမ်းပန်းအငြိမ့်မှ လူရွှင်တော် ပေါက်စီ

မဟုတ်ဘဲ ကျွန်တော်တို့အဖွဲ့ထဲပါလာ တဲ့ ကုန်သွယ်ရေးက စာရေးကြီး ကိုသိန်း မြင့်က ပိန်ပိန်ပါးပါးမို့ 'ကောက်ရိုး' ဆိုပြီး နာမည်ပေးလိုက်ကြပါတယ်။ 'ညှပ်စိ' က နောက်တော့ ရေဒီယိုနဲ့ ရုပ်မြင်သံကြား မှာ နာမည်ရင်း 'အောင်ကျော်မြင့်' နဲ့ပဲ အဆိုတော်ဖြစ်လာပါတယ်။

အငြိမ့်နာမည်ပေးဖို့ စဉ်းစားနေ တုန်းမှာ ရေဒီယိုကနေ မိုးဆမ်းပန်း သီချင်းသံကြားလိုက်ရလို့ 'မိုးဆမ်းပန်း' နာမည်ပေးလိုက်ကြတယ်။ ဘယ်နေ့ည မှာ မိုးဆမ်းပန်းအငြိမ့်ကမယ်ဆိုပြီး ရွာ ထဲက သစ်ပင်တွေမှာ ကြော်ငြာတွေ လိုက်ကပ်ကြတယ်။ ပွဲမကခင်ကတည်း က ရွာကလူတွေက ရန်ကုန်အငြိမ့်ထင် ပြီးစိတ်ဝင်စားနေကြတယ်။ အငြိမ့်အဖွင့် နဲ့အဝိတ်သီချင်းကိုလည်း မိုးဆမ်းပန်း သီချင်းနဲ့ ဖွင့်ပိတ်နိုင်အောင် တီးဝိုင်း ဆရာနဲ့ သီချင်းတိုက်ကြရပါသေးတယ်။

*"မိုးဆမ်းပန်းလိုလန်းစေကြောင်း*
*xxx မေတ္တာရေစင် စဉ်မပျက်လောင်း*
*xxx မိတ်အပေါင်းချမ်းသာကြောင်း"*

လိုက်ကာဖွင့်လိုက်တော့ အဖွင့် သီချင်း 'မိုးဆမ်းပန်း'ကို ဆိုကြပါတယ်။ ပြီးတော့ အငြိမ့်ထုံးစံ 'မိုး-မိုး-မိုးလား မောင်ရို့၊ လေ-လေ-လေလား မောင်ရို့' နဲ့ သံချပ်ထိုးပါတယ်။ ရွာထဲက လူတွေ

ကိုပြောင်ပြီး သံချပ်ထိုးကြတော့ အာ... က တအုန်းအုန်းနဲ့ ရယ်မောအား... ကြတယ်။ နှစ် (၄၀) တောင်ကြာခဲ့ပြီ... တော့ အားလုံးကို မမှတ်မိတော့ပေ... အခုထိမမေ့သေးတဲ့ သံချပ်အခံနဲ့အ... နှစ်ပိုဒ်က ဒီလိုပါ။

"လမ်းမပေါ် မှာကလေးတွေ... တော့ xxxxx အမြင်မတော် ထိုး... ကြိတ်လိုက်"

"ဟိုအပျိုကြီးအိပ်လို့ပျော်x... အမြင်မတော်xxx"

သံချပ်တိုင်သူက ကျန်တဲ့လူ... ဆီ ပြေးပြီး ပါးစပ်လိုက်ပိတ်ရပါ... ပြီးတော့မှ -

"အမြင်မတော် ဖုံးလိုက်ဖိလို့..."

ဆိုပြီး ပြန်ဖြည်ရပါတယ်။

ကောက်ရိုးအမည်ခံ စာရေး... ကိုသိန်းမြင့်က ကျွန်တော်တို့အဖွဲ့... ချင်လွန်းလို့ အငြိမ့်သီချင်းနဲ့ ပြက်လုံး... ကို ရေခပ်ရင်း၊ ရေချိုးရင်း၊ ထင်း... တောင်အလွတ်ကျက်ပါတယ်။ ဒါ... ကရင်းတန်းလန်း မေ့နေ၊ မှားနေ... ကျွန်တော်တို့က လက်ထဲက သတ... လိပ်တွေနဲ့ သူ့ကို ဝိုင်းရိုက်ရင်း -

"ဒီကောင်ကြီး အီသွားပြီ...
ဒီကောင်ကြီး အီသွားပြီဟေ့"

လို့လည်း ဆိုလိုက်ရော သူ...

www.burmeseclassic.com

ဘာမပြောညာမပြော ထကတော့တာပါ ပဲ။ ပရိသတ်မပြောနဲ့၊ ကျွန်တော်တို့တောင် သူ့ကိုကြည့်ပြီး ရယ်ကြရတယ်။

ကျွန်တော် ပေါက်စီကို ကျန်တဲ့သူတွေက တရုတ်စကားတတ်၊ မတတ် အခုလို ပညာစမ်းကြတယ်။

"ကိုပေါက်စီ၊ ဖယောင်းတိုင်ကို တရုတ်လိုဘယ်လိုခေါ်သလဲ"

"ဖိယောင်းတိုင်ကို ဝတို့ တီရုပ်လို ရှို့လောင်တိုလို့ ခေါ်လယ်"

"ဘာဖြစ်လို့"

"မီးရှို့လိုက်ရင် လောင်ပြီးတိုသွားလို့"

"ကလေးငယ်ငယ်လေးကိုရော"

"လူရှောက်ချို"

"ဘာဖြစ်လို့"

"လူတီယောက်က လျှောက်ပြီး ချိုနေရလို့"

"စောင်ကိုရော တရုတ်လို ဘယ်လိုခေါ်သလဲ"

"ရှမ်းခြုံအိုက်ပုံ"

"ဘာဖြစ်လို့"

"ရှမ်း(ချမ်း)ရင်ခြုံပြီး အိုက်ရင်ပုံထားလို့"

အဲဒီအချိန်က ကမမောင်းမှာ တစ်ရွာလုံးသိတဲ့ မိန်းမနှစ်ယောက်ရှိပါတယ်။ မော်တော်ဆိပ်မှာ ကုန်ထမ်းတဲ့ အလုပ်သမားတစ်ယောက်ရဲ့ မယားကြီးနဲ့ မယားငယ်ပါ။ ကုန်ထမ်းအလုပ်သမားက မယားနှစ်ယောက်ကို ဘယ်လိုတွေ့ထားသလဲ ဆိုတာ ကျွန်တော်တို့ ကောလိပ်ကျောင်းသားတွေတောင်မှ ဉာဏ်မမီတဲ့ကိစ္စပါ။ တစ်နေ့ အဲဒီမိန်းမနှစ်ယောက် ရန်ဖြစ်ပြီး လုံးထွေးသတ်ပုတ်ရင်း ရိုက်ကြ၊ ကိုက်ကြတာ တစ်ယောက်က ခေါင်းပေါက်သွားပါတယ်။ ကျန်တို့တစ်ယောက်က နားရွက်ပဲ့သွားပါတယ်။ ရင်ချင်းဆက်အမြွှာ မနန်းစိုးနဲ့ မနန်းစံကို တစ်နိုင်ငံလုံးက သိနေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေလို့ သူတို့နှစ်ယောက်ကို မနန်းပေါက်နဲ့ မနန်းပဲ့ဆိုပြီး ရွာက နာမည်ပေးကြပါတယ်။ ကျွန်တော်တို့လည်း အဲဒါလေးကို ရိုးတိုးရိပ်တိပ်လေး အခုလိုထည့်ပြက်ပါတယ်။

"ကိုပေါက်စီရေ မယားငယ်ကို တရုတ်လို ဘယ်လိုခေါ်သလဲဗျ"

"မီယားငယ်ကို တီရုတ်လို လု_လို့ ခေါ်တယ်"

"ဘာဖြစ်လို့လဲဗျ"

"စူက လုလုပြီး ဝင်တယ်လေ"

"ဒါဆို လင်ငယ်တိုကောဗျာ"

"ဖြတ်ငေ_ဉ်"

"ဘာဖြစ်လို့"

"စူက ကြားဝင်ပြီး ဖြတ်ငေ_ဉ်တတ်လို့"

နည်းနည်းရိုင်းသွားရင်လည်း ခွင့်လွှတ်ပါ။ ငယ်ဘဝအမှတ်တရပြန်ရေးရင်း လူရွှင်တော်ပိုးကလေးက ခေါင်းထောင်လာလို့ပါ။ ပြက်လုံးခွင်မှာ ထိုးဇာတ်လေးတွေလည်း ထည့်ပြက်ကြပါတယ်။ ဝေသန္တရာမင်းကြီးလုပ်တဲ့ ပေါက်စီက သားနဲ့ သမီးကို အလှူခံတဲ့ စူစကာပုဏ္ဏား (ကောက်ရိုး) ကို အခုလို မေးပါတယ်။

"ဟဲ့-ပုဏ္ဏား၊ နင် ငါ့ကလေးတွေကို အလှူခံတာ Masturbation လုပ်ခိုင်းမလို့လား"

ဒီပြက်လုံးကိုလည်း ကြားလိုက်ရော ပရိသတ်နောက်ဆုံးမှာ ကုလားထိုင်နဲ့အကျအနထိုင်ကြည့်နေတဲ့ ဒေါက်တာကျော်လင်းက အားရပါးရ အော်ရယ်လိုက်ပါတယ်။ ပရိသတ်အားလုံးဟာလည်း ပြက်လုံးရဲ့အဓိပ္ပာယ်ကို မသိဘဲနဲ့ ဒေါက်တာကျော်လင်းရယ်တာကိုကြည့်ပြီး လိုက်ရယ်ကြပါတယ်။

ဒေါက်တာကျော်လင်းဟာ ကမမောင်းတိုက်နယ်ဆေးရုံရဲ့ တစ်ဦးတည်းသော ဆရာဝန်ပါ။ ရုပ်ဖြောင့်တဲ့ လူပျို ဆရာဝန်၊ ပညာလည်းတတ်၊ ဂုဏ်လည်း ရှိတော့ အပျိုတွေက လင်ဖမ်းချင်ပြီး သမီးရှင်တွေက သမက်ဖမ်းချင်ကြတာ မဆန်းပါ။ ကျွန်တော်တို့မိသားစု ကမမောင်းက ပြောင်းလာပြီးနောက် အတော်ကြီးကြာမှ ကြားရတာက ဒေါက်တာကျော်လင်းဟာ တိုက်ပွဲမှာကျသွားတဲ့ ရဲဘော်တစ်ယောက်ရဲ့ ကျန်ရစ်သူ ကလေးသုံးယောက်အမေ မုဆိုးမကို ယူလိုက်ပါတယ်တဲ့။ ထုံးစံအတိုင်း မိဘဆွေမျိုးတွေကတော့ ဘယ်သဘောတူပါ့မလဲ။ အခုတော့ မယားပါသားတစ်ယောက်ဟာ ပညာထူးချွန်ပြီး ဆရာဝန်ကြီးအဖြစ်နဲ့ နိုင်ငံခြားမှာ အလုပ်လုပ်နေပါတယ်တဲ့။ ကျန်တဲ့ ကလေးတွေလည်း သူ့အလုပ်အကိုင်နဲ့သူ ဖြစ်နေကြပြီတဲ့။ ကြားရတာ နားဝမှာချမ်းသာလိုက်တာ။ အချစ်သူရဲကောင်းကြီး ဒေါက်တာကျော်လင်းကို ရင်ထဲကနေ တလေးတစား ဦးညွှတ်လိုက်ပါ၏။

ကျွန်တော်လည်း လူပြက်လုပ်တာကောင်းလို့ ကံကောင်းလို့ ခေါင်းမပေါက်ခဲ့ပါ။ အဖြစ်က ဒီလိုပါ။

ကျွန်တော်တို့နဲ့ကတဲ့ မင်းသမီးနှစ်လက်ကို မနှင်းဆီနဲ့ မစံပယ်လို့ နာမည်ပေးထားပါတယ်။ မနှင်းဆီက အိမ်ထောင်သည်ဖြစ်ပြီး မစံပယ်က အပျိုပါ။ ထုံးစံအတိုင်း လူရွှင်တော်က မင်းသမီးကို ကာရံနဲ့ နဘေနဲ့ခေါ်တဲ့ဆီမှာ ကျွန်တော်က -

"အလှသွေးကြွယ်ပြီး အကလေးကလည်း တကယ်ထည်တဲ့ မ-စ-ပယ်လေးရေ. . ."

လို့ ခေါ်လိုက်မိပါတယ်။ ဖြစ်ချင်တော့ အဲဒီ မင်းသမီးက မျက်စိလေး နည်းနည်းပယ်နေပါတယ်။

ပွဲခင်းထဲက မင်းသမီးရဲ့ အစ်ကိုနဲ့ မောင်တွေက 'ဒီကောင် ငါတို့ညီမကို စော်ကားတယ်၊ ခေါင်းရိုက်ခွဲမယ်' လို့ ကြိမ်းကြတော့ အနားကလူတွေက ဝိုင်းဖျောင်းဖျလိုက်ရတယ်လို့ နောက်မှကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော် ကောလိပ်ကျောင်းသားအကောင်းစားလေးမှာ ခေါင်းတောင်နည်းနည်းကျိန်းသွားသလို ခံစားလိုက်ရပါ၏။

မင်းသမီး မနှင်းဆီရဲ့ နာမည်ရင်းက မတင်လှပါ။ သူ့ယောကျ်ားနာမည်ကလည်း ကိုတင်လှပါ။လင်ရော မယားပါ နာမည်တူတဲ့ သူတို့စုံတွဲကိုလည်း တစ်ရွာလုံးသိကြပါတယ်။ အထက်တန်းကျောင်းသားဘဝကတည်းက ချစ်ကြိုက်ပြီး လိုက်ပြေးလာတာပါ။ နောက် (၁၀) နှစ်ခန့်အကြာမှာ မတင်လှနဲ့ မော်လမြိုင်မှာဆုံတော့ ကျွန်တော်က -

"ကိုတင်လှတစ်ယောက် နေကောင်းရဲ့လား"

လို့ မေးလိုက်မိပါတယ်။

သူက -

"ကိုတင်လှနဲ့ ကျွန်မ တခြားစီဖြစ်သွားပြီ။ ဟောဒါ အခု ကျွန်မအမျိုးသား"

လို့ ပြန်ဖြေရင်း သူနဲ့ ပါလာတဲ့ အမျိုးသားနဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်တော့်မှာ 'ဩော်' လို့ တစ်လုံးတည်း ပြန်ပြောလိုက်နိုင်ပါတော့တယ်။

ကျွန်တော်တို့အငြိမ့်ကို ရွာလုံးကျွတ်နီးပါး လာကြည့်ကြတာဆိုတော့ နောက်တစ်နေ့မှာ ရွာကလူတွေက ကျွန်တော့်အမေကို အခုလို မေးမြန်းကြပါတယ်။

"သူတို့ကောလိပ်မှာ အခုလို အငြိမ့်ကတာရော လူပြက်လုပ်တာပါ သင်သလား" တဲ့။

မောင်ပွင့်ညွှန့် (ဆေး၁)

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗျူဟာ ၁၆၈

**၁၀၄။ မိမိကိုယ်မိမိ ယုံကြည်မှုကို မြှင့်တင်ပေးခြင်း**

မိမိကိုယ်မိမိ ယုံကြည်မှုရှိသူများသည် အရာရာအား မဆုတ်မနစ်စတမ်း၊ မကြောက်မရွံ့စတမ်း ရဲဝံ့စွာပြောဆိုလုပ်ကိုင်ရဲသည့်သတ္တိရှိတတ်ကြသည်။ ထိုသို့ မိမိကိုယ်မိမိ ယုံကြည်စိတ်ရှိလာအောင် လိုအပ်သော အထောက်အပံ့များထားရန်လိုပါသည်။ ၎င်းအထောက်အပံ့များမှာ မိမိပတ်ဝန်းကျင်ရှိ လူ့အလွှာအမျိုးမျိုး၏ ပြုမူလှုပ်ရှားဆောင်ရွက်ပုံများအား အာရုံစိုက် လေ့လာ မှတ်သား ပညာယူတတ်ခြင်း၊ မိမိအတွက် အောင်မြင်ခြင်းကိုယ်စားပြု ‘ပုဖောင်း’ များအား ထိုးဖောက် ဖျက်ဆီးနိုင်မည့်သူများကို သတိထားခြင်း၊ မိမိဘဝကို အမြင့်ဆုံးရောက် အောင်မြှင့်တင်ပေးနိုင်သူအပေါ် ဆည်းကပ်ခြင်းတို့ပင် ဖြစ်သည်။ အထက်ပါ ပံ့ပိုးမှုများ ပြည့်စုံပါက မိမိကိုယ်မိမိ ယုံကြည်မှု အလိုလိုမြှင့်တက်လာပါမည်။

**၁၀၅။ အနှစ်သာရရှိသောစွမ်းဆောင်မှုများ မြှင့်တက်စေခြင်း**



အနှစ်သာရရှိသော စွမ်းဆောင်မှုများဖြစ်စေရန် ‘ကောင်းကင်ဘုံ’ ၊ ‘မြေကြီး’ နှင့် လူသားကိုယ်စားပြု စွမ်းအင်အားလုံး ပိုင်ဆိုင်ထားရပါမည်။ ထိုစွမ်းရည် (၃) ရပ်စလုံး သဟဇာတဖြစ်နေမှသာ အနှစ်သာရရှိသော စွမ်းဆောင်မှုများ မြှင့်တင်နိုင်ပါမည်။

ဂုဏ်သိက္ခာထိန်းသိမ်းခြင်း။

မိမိအတွက် သြဇာရှိန်ဝါကြီးရန်နှင့် မိမိကိုယ်ကျိုးတစ်ခုတည်းကိုသာ ကြည့်တတ်သော စိတ်ဓာတ်ထားရှိမိပါက မိမိ၏ ဂုဏ်သိက္ခာကျဆင်းရုံသာမက ကိုယ်ပိုင်အရည်အသွေးများပါ ကျဆင်းလာနိုင်ပါသည်။ ၎င်းပြင် တစ်ပါးသူအား မလိုမုန်းတီးစိတ်ဖြင့် အတင်းဖျင်းပြောခြင်း၊ မိမိတိုးတက်မှုအတွက် သူတစ်ပါးအား ချောက်တွန်းခြင်းပြုမိပါက အောင်မြင်မှုရလာသည့်တိုင် အပြစ်အနာအဆာမကင်းသော၊ သန့်ရှင်းမှုမရှိသော အောင်မြင်မှုမျိုးသာ ဖြစ်ပါမည်။ မိမိကိုယ်ပိုင်အရည်အချင်းဖြင့် (တစ်ပါးသူအားမထိခိုက်စေဘဲ) ကြိုးစားမှသာ ကောင်းသော ချီဓာတ်များ၏ ကျေးဇူးဖြင့် ဂုဏ်သိက္ခာရှိရှိ ထိပ်တန်းရောက်ရှိလာပါမည်။

**၁၀၆။ သာယာသောသံစဉ်များဖြင့် ‘ချီဓာတ်’ ကို ရယူခြင်း**

မိမိရှိနေသည့် ရုံး၊ အိမ်အတွင်း ချီဓာတ်များ ကောင်းစွာစီးဆင်းရန် ပုံပါအတိုင်း (သံစဉ်ညှိထားသောဆည်းလည်း) ချိတ်ဆွဲပေးခြင်း၊ ဂါထာမန္တန်မန္တရားများရွတ်ဖတ်ပေးခြင်း၊ စည်တီးခြင်းလုပ်ပေးရပါမည်။ ရှေးခေတ်တရုတ်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် အထက်ပါသံစဉ်များ



ဖြင့် ကောင်းသော ချီဓာတ်များအား ဆွဲဆောင်ခဲ့ကြသည်။ မိမိအိမ်၊ ရုံးအတွင်း၌လည်းထားရှိနိုင်ပါက အထူးကောင်းမွန်ပါသည်။

**၁၀၇။ မိမိအောင်မြင်မှုအား နှုတ်ဖြင့်ဖော်ပြပြောဆို၍ ပျော်ရွှင်ဝမ်းမြောက်စွာခံစားခြင်း**

မိမိ လုပ်ကိုင် ဆောင်ရွက်သ[illegible] မည်သည့် အောင်မြင်မှုမျိုးကိုမဆို[illegible] ခဲ့ပါက နှုတ်ဖြင့် ထုတ်ဖော်ပြောပြခြင်းဖြင့် ကောင်းသောချီဓာတ်ကို ရရှိစေ[illegible] သည်။ မိမိ၏အောင်မြင်မှုသည် သာမ[illegible] အသေးအဖွဲ့မျှသာ ဖြစ်သော်လည်း အနာဂတ်ကာလ ကြီးကျယ်စွာတိုးတက် အောင်မြင်ခြင်းအတွက် အခြေခံမျိုးစေ့ပင်ဖြစ်သည်။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များမှ မိမိအပေါ် မည်သို့ပင် သဘောထားသော်လည်း မိမိအနေဖြင့် မနာလို[illegible]



www.burmeseclassic.com

[…]တိုစိတ်၊ ဘက်ပြိုင်စိတ်မထားရှိမိစေ[…] သတိပြုရပါမည်။ မိမိကြိုးစားနိုင်သ[…]သောက်ရရှိသော အောင်မြင်မှုအပေါ် […]မြောက်စွာ ခံစား၍မကောင်းသော […]တ်ခံစားမှုနှင့် မကောင်းသောချီဓာတ်[…] မဝင်ရောက်အောင် တားဆီးနိုင်မှ[…] တစ်သက်တာအတွင်း အောင်မြင်[…]အမျိုးမျိုးကို ဆွတ်ခူးနိုင်ပါမည်။

**[…]။ အလုပြင်စားပွဲပေါ်၌ မိမိဓာတ်ပုံတင်[…]ခြင်း**

အလုပြင်စားပွဲပေါ်၌ မိမိဓာတ်ပုံ[…]င်ထားခြင်းဖြင့် မိမိကိုယ်မိမိတန်ဖိုး



[…]းလေးစားခြင်းနိမိတ်ကို ဖြစ်စေပါ[…]ည်။ နေ့စဉ် နံနက်မိုးလင်းသည်နှင့် မိမိ[…]တ်ပုံကိုမိမိပြန်ကြည့်သောအလေ့အ[…]င့် ပုံမှန်လုပ်ပေးပါ။ အတိတ်နိမိတ်[…]ကောင်းနိုင်သည့် အခြားသော ရုပ်ပုံ[…]းချပ်များ ချိတ်ဆွဲထားရှိခြင်းထက်[…]မိတ်ကောင်းဆောင်မည့် မိမိဓာတ်ပုံ[…]းထားရှိခြင်း၊ ဖိုင်အတွင်းညှပ်ထား ခြင်းမရှိစေရ။ အကယ်၍ ပေါင်ခတ်ထားရှိပါက ၎င်းပေါင်များရှိ ထောင့် (၄) ထောင့်မှ မကောင်းသော ချီဓာတ်များ၏ သက်ရောက်ခြင်းခံရနိုင်ပါသည်။ အကယ်၍ ဓာတ်ပုံများကို ပေါင်ခတ်ထားလိုပါက မိမိ၊ မိသားတစ်စုလုံး ပျော်ရွှင်စွာပါဝင်သည့် (မိသားစုဓာတ်ပုံ) ကိုသာ ပေါင်ခတ်သင့်ပါသည်။ ထိုအခါ ဓာတ်ပုံအတွင်းရှိ ပျော်ရွှင်ကြည်နူးမှုများက လက်တွေ့အမှန်တကယ် ဖြစ်လာပါမည်။

**၁၀၉။ အပြင်ခန်းရှိစားပွဲအား အတိတ်နိမိတ်ကောင်းအောင်စီရင်ခြင်း**

ဖုန်းရွှေပညာအရ အလုပြင်ခန်းအတွင်းရှိစားပွဲသည် အိမ်၏ အရေးပါနေရာများ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ထိုနေရာ၌ ကောင်းသောချီဓာတ်များကို ဆွဲဆောင်ခေါ်ယူနိုင်သည့် ပစ္စည်းများ ထားရှိရပါမည်။ ၎င်းပစ္စည်းများမှာ မွှေးကြိုင်သင်းပျံ့သောအလှကုန်၊ ခရင်မ် အမျိုးမျိုး၊ ရေမွှေးတို့ပ်ပင် ဖြစ်ပါသည်။ အလှကုန်ပစ္စည်းများအပြင် အခြားသော ကံကောင်းခြင်း နိမိတ်ဆောင်သည့် အဆင်တန်ဆာများကိုလည်း ရောထွေးထားရှိနိုင်ပါသည်။ ကျောက်မျက်ရတနာစီခြယ်ထားသောပစ္စည်းများဖြစ်ပါက စီးပွားဥစ္စာပေါများခြင်း နိမိတ်ကိုဖြစ်စေ



ပြီး ပန်းအိုးထားရှိပေးပါက ကံကောင်းခြင်း နိမိတ်ကိုရစေပါသည်။ အလှပြင် (မှန်တင်ခုံပေါ်ရှိ) ပစ္စည်းများအား ရှေ့တွင်ရှိမှန်ထဲတွင် ရောင်ပြန်ဟပ်စေခြင်းဖြင့် နံနက်မိုးလင်းသည်နှင့် ကောင်းသော ချီဓာတ်များအား အခက်အခဲမရှိ ဝင်ရောက် စီးဆင်းစေပါသည်။

**၁၁၀။ အလှပြင် (မှန်တင်ခုံ) ပေါ်၌ မိမိချစ်သူ၏ ဓာတ်ပုံထားရှိခြင်း**



အိပ်ခန်းသည် မိမိချစ်သူ၏ ဓာတ်ပုံအားထားရှိရန် အကောင်းဆုံးသော နေရာ ဖြစ်သည်။ အိပ်ခန်းအတွင်း မှန်တင်ခုံပေါ်၌ မိမိချစ်သူ၏ ဓာတ်ပုံထားရှိမည်ဆိုပါက လက်ထပ်ပြီးသားဖြစ်လျှင်



မိမိရောချစ်သူပါ (၂) ဦးစလုံး ပြုံးရွှင်ရယ်မောနေသည့်ဓာတ်ပုံသာ ဖြစ်ရပါမည်။ ထိုသို့ အပြုံးပန်းဆင်နေသော ဓာတ်ပုံဖြစ်မှသာ ကောင်းသောချီဓာတ်များ၏ စွမ်းအင်ကို မြှင့်တင်နိုင်ပါမည်။ အကယ်၍ အလှပြင် (မှန်တင်ခုံ) ရှိသည့် နေရာသည် အိပ်ခန်းအတွင်းမဟုတ်ဘဲ ရေချိုးခန်းနှင့် တွဲလျက်ရှိနေပါက အဆို






www.burmeseclassic.com

ပါ စုံတွဲဓာတ်ပုံမထားရှိသင့်ပါ၊ ထားရှိမိပါက ကောင်းသော ချီဓာတ်အစား မကောင်းသောချီဓာတ်များ ဖြစ်လာစေပါသည်။

**၁၁၁။ မိမိပုံရိပ်အား မှန်အတွင်းကြည့်၍ ကတိသစ္စာပြုခြင်း**



မိမိ၏လုပ်ငန်းစွမ်းဆောင်ရည်များ နေ့စဉ်ထက်မြက်နေစေရန် နံနက်မိုးလင်းအိပ်ရာမှထသည်နှင့် မှန်ကြည့်၍ မှန်အတွင်းပေါ်လာသည့် မိမိပုံရိပ်အား ကြည့်ကာ နေ့စဉ်လုပ်ငန်းများနှင့် ပတ်သက်၍ ကတိသစ္စာပြုရပါမည်။ ကတိသစ္စာစကားဆိုနေစဉ် စိတ်ကိုတည်ငြိမ်အောင်ထား၍ မိမိအသံမိမိကိုယ်တိုင်ကြားရအောင် နားစိုက်ပေးပါ။ မှန်အားပြုံးရွှင်သော မျက်နှာပေးဖြင့်ကြည့်၍ မင်္ဂလာအောင်နိမိတ်ဓာတ်ကို ရယူပါ။ မိမိပုံရိပ်ကို မိမိပြန်ကြည့်၍ နေ့သစ်ကိုရင်ဆိုင်ရန် အတိတ်နိမိတ်ကောင်းများအား ခွန်အားသစ်တစ်ရပ်အဖြစ် ရယူနိုင်ရပါမည်။

**၁၁၂။ အမြဲ တက်ကြွ ရွှင်လန်းနေသည့် အလေ့အထဖြစ်ရန် ကြိုးစားခြင်း**

လူဦးရေထူထပ်သည့် နေရာအတွင်းရောက်နေခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စရာ လူစုလူဝေးအတွင်း အမှတ်မထင်ရောက်ရှိနေခြင်းတို့က စိတ်ကူးကောင်း၊ အကြံစည်ကောင်းများစွာအား အကောင်အထည်မဖော်နိုင်ဘဲ ပျက်စီးစေပါသည်။ သို့သော် မည်သို့ပင် စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံရသည့်တိုင် တက်ကြွရွှင်လန်းသည့် ဟန်ပန်မပျောက်ပျက်အောင် ထိန်းထား



နိုင်ရပါမည်။ စိတ်ညစ်ညူးစရာများအား တိုက်ရိုက်ထိတွေ့ခံစားမှုလွန်ကဲသွားပါက မိမိထံရှိ ကောင်းသောချီဓာတ်များ လျော့ကျပျောက်ပျက်သွားပြီး မကောင်းသောချီဓာတ်များ အစားထိုးဝင်ရောက်လာပါမည်ကို သတိပြုသင့်ပါသည်။

**၁၁၃။ တစ်သက်တာရပ်တည်မှု အနှစ်သာရရှိရန် လေ့ကျင့်ပေးခြင်း**

တစ်သက်ရပ်တည်မှု အနှစ်သာရရရှိရန် လူအများ၏ ရိုသေလေးစားမှုရရှိအောင်နေတတ်ရပါမည်။ အများ၏ ရိုသေလေးစားမှု၊ အားကျမှုနှင့် မိမိ၏ ကြိုးစားအားထုတ်မှုတို့ ပေါင်းစပ်လျက် ထိပ်တန်းရောက်ရှိအောင် စွမ်းဆောင်နိုင်ပါ




မည်။ ဖုန်းရွှေပညာရှုထောင့်အရ အထက်ပါအချက်များနှင့်အညီ နေထိုင်ရန် လေ့ကျင့်မှုသာ အတိတ်ကောင်း၊ နိမိတ်ကောင်းဆောင်သည့် (အနှစ်သာရ) ရှိသည့်ဘဝကို ပိုင်ဆိုင်နိုင်ပါမည်။

**၁၁၄။ မိမိကိုယ်မိမိ ထူးချွန်ထက်မြက်သူအဖြစ်ခံယူခြင်း**

ဘဝ၏ အောင်မြင်မှုအရပ်ရပ်အား ကြိုးစားအားထုတ်မှု တစ်ခုတည်းဖြင့် မရရှိနိုင်ပါ။ ကြိုးစားအားထုတ်မှုအပြင် မိမိအရည်အချင်းအပေါ် မိမိယုံကြည်အားကိုးရန်နှင့် မိမိကိုယ်မိမိ ထူးချွန်ထက်မြက်သူအဖြစ် ခံယူထားရန်လည်း လိုအပ်ပါသည်။ မိမိ၏ ယုံကြည်ချက်များလျော့ကျသွားသည်နှင့် ကြိုးစားသလောက် အရာမထင်ဘဲ ရှိတတ်ပါသည်။



ထူးချွန်ထက်မြက်သူ (ပါရမီရှင်) ဖြစ်လာရန် မိမိတစ်ကိုယ်တည်း ရပ်တည်စွမ်းဆောင်ခြင်းမရှိဘဲ အများနှင့် တွဲဖက်လုပ်ကိုင်၍ မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းကို ပြနိုင်ရပါမည်။ တစ်ဖက်သားအပေါ် နိုင်လိုမင်းထက် ဩဇာပေးခြင်းထက် မိမိကိုယ်မိမိ ယုံကြည်စိတ်ထား၍ ကိုယ်ရည်ကိုယ်သွေးပြခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

...အောင် စွမ်းဆောင်နိုင်ခြင်းဖြင့် ဖုန်းရွှေ ...သော ကောင်းကျိုးချမ်းသာကို ရရှိ ...ည်။

**... မိမိအနီးတစ်ဝိုက်အောင်မြင်မှုအရိုန် ...များ လွှမ်းခြုံရစ်သိုင်းလာအောင် ...ပေးခြင်း**



မိမိပတ်ဝန်းကျင်၌ 'အောင်နိမိတ် ...ဆောင်ခြင်း' များအဆက်မပြတ်စေရန် ...ပြုသဘောဖြင့်ဝေဖန်ခြင်း၊ အကောင်း ...ပါဖြင့် တွေးခေါ်စိတ်ကူးခြင်းများ ...ပါမည်။ သာမန်လူများအဖို့ အောင် ...ချိန်၌ ပျော်ရွှင်ဝမ်းမြောက်၍ ကျရှုံး ... စိတ်ဓာတ်ကျသွားတတ်သော် ...ည်း ဖုန်းရွှေပညာအရ အမြဲတစေ အောင်မြင်မှုနိမိတ်များ လွှမ်းခြုံထား ...ပါက ကျရှုံးခြင်းရှိခဲ့သည့်တိုင် ရေရှည် ...စားရဘဲ နောက်တစ်ကြိမ်အောင်မြင် ...အတွက် ပြန်လည်အစပျိုးထားနိုင်ပါ ...ည်။ မိမိအနေဖြင့် အောင်မြင်မှုအ ...တ် ခြေလှမ်းစပြင်သည်နှင့် (အောင် ...တ်ဓာတ်) ရထားသူပီပီ မိမိထံ လူအ ...များ လာရောက် ပူးပေါင်းရန် ဆက် ...ယ်လာနိုင်ပါသည်။ မိမိ၏ စိတ်စေ ...နာကောင်းခြင်း၊ အကောင်းမြင်တတ် ...ခြင်း နားလည်ခွင့်လွှတ်သည်းခံပေးနိုင် ...ခြင်းတို့က မင်္ဂလာရှိသော အတိတ်နိမိတ် ...အဖြစ် လွှမ်းခြုံပေးထားပါမည်။

**...။ သင်နေထိုင်၊ အလုပ်လုပ်ရာနေရာ ...အနီးတစ်ဝိုက် ပြုံးပျော်ရွှင်မြူးနေသည့် ...ဓာတ်ပုံများထားရှိခြင်း**





မိမိအိမ်၊ ရုံးခန်းအတွင်း အလှဆင်ပစ္စည်းများအနက် မိမိမိသားစုဝင်များနှင့် သားသမီးများ ပျော်ရွှင်စွာရှိနေသည့် ဓာတ်ပုံကားချပ်များ ချိတ်ဆွဲပေးခြင်းဖြင့် အတိတ်နိမိတ် ကောင်းသောချီဓာတ်ကို ရစေသည်။ ထို့ကြောင့် နိမိတ်မကောင်းသည့် စိတ်ညစ်ညူးဖွယ်ရှိသော ဓာတ်ပုံကားချပ်များအား ဖယ်ရှားပေးသင့်ပါသည်။

**၁၁၇။ မွှေးရနံ့များနှင့် ချီဓာတ်ကိုဆွဲဆောင်ခြင်း**



မိမိခန္ဓာကိုယ်ပေါ်၌ ဝတ်ကောင်းစားလှများ ဆင်ယင်ခြင်း (သို့) အမွှေးနံ့သာများဖြင့် ထုံမွှမ်းထားခြင်းရှိပါက မိမိတစ်ကိုယ်လုံးအား ကောင်းသောချီဓာတ်များ ရစ်ပတ်စီးဆင်းစေပြီး ကျက်သရေမင်္ဂလာတိုးနေစေပါမည်။

'စိတ်နှင့် ကိုယ်ဆက်သွယ်မှု အားကောင်းစေရန် စွမ်းအင်မြှင့်တင်ခြင်း' ခန္ဓာကိုယ်၏ အမွှေးနံ့ဖြင့် ချီဓာတ်ကိုဆွဲယူရန် အဓိကကျသောနေရာများဖြစ်သည့် လက်ကောက်ဝတ်နေရာ၊ လက်မောင်းအပေါ်ဘက်နေရာ၊ နားထင်နေရာတို့၌ ရေမွှေးဆွတ်ပေးပါ။ ထိုနေရာများက စိတ်နှင့်ကိုယ်ဆက်သွယ်မှု အားကောင်းစေသည့်နေရာများပင် ဖြစ်ပါသည်။

**၁၁၈။ နံနက်စောစောတရားထိုင်ခြင်း**

နံနက်အစောပိုင်းအချိန်ခါသည် အတိတ်နိမိတ်ကောင်းများ၊ မင်္ဂလာကျက်သရေရှိသောကိစ္စများအစပျိုးရာ ချိန်ခါဖြစ်သည့် နံနက်စောစောမှရရှိသော စွမ်းအင်များသည် တစ်နေကုန်အရှိန်ရှိသလောက် စီးဆင်းဝင်ရောက်နေတတ်သည်။ အိပ်ရာထမှ အိပ်ရာဝင် တစ်နေကုန် မင်္ဂလာရှိနေရန် ကောင်းသောချီဓာတ်များကိုသာ ဝင်ရောက်စေသင့်သည်။ နံနက်အစောပိုင်း (၇း၀၀ နာရီမှ ၉း၀၀နာရီ) အတွင်း အချိန်အပိုင်းအခြားသည် 'နဂါးနာရီ' အတွင်းကျရောက်ပြီး 'ယန်' စွမ်းအင် အပြည့်အဝ (အားကောင်းစွာ) ပါရှိသောအချိန်လည်းဖြစ်သည်။ ထိုအချိန်အပိုင်းအခြားအတွင်း အိပ်ပျော်နေမည်ဆိုပါက ယန်စွမ်းအင်အပြည့်အဝရရှိရန် အခွင့်အရေးကောင်းများ လက်လွတ်သွားပါမည်။ ယန်စွမ်းအင်အားကောင်းသည့် အချိန်ပိုင်းအတွင်း အိပ်ရာမှကြိုးစားထ၍ 'မိမိကိုယ်အတွင်း' ၎င်းဓာတ်ဝင်ရောက်စီးဆင်းစေရန် တရားထိုင်ပေးရပါမည်။ နံနက်စောစောဖြစ်သောကြောင့် နေ၏အရောင်က နူးညံ့နွေးထွေးနေပြီး 'ယင်' ဓာတ်ကြီးစိုးခဲ့သော ည၏ အအေးဓာတ် (လက်ကျန်) အရှိန်နှင့် ပေါင်းစပ်ကာ မပူလွန်း၊ မအေးလွန်းသော အနေအထားဖြင့် သက်သောင့်သက်သာ တရားထိုင်နိုင်ပါမည်။ နူပျိုသစ်လွင်၍ အားကောင်းသော ယန်ဓာတ်များ ခန္ဓာကိုယ်အတွင်းစီးဆင်းပြီးနောက် နေ့သစ်အား အစပြုရင်ဆိုင်ရန် မိမိကိုယ်မိမိ ယုံကြည်မှုရှိနေပါမည်။



တရားထိုင်ခြင်းမပြုမီ တစ်ကိုယ်ရည်သန့်ရှင်းမှုအတွက် ရေချိုးပေးပါ။ သို့သော် လက်ဝတ်ရတနာများဝတ်ဆင်ခြင်း၊ အလှကုန်ပစ္စည်းများ သုံးစွဲခြင်း မပြုသင့်ပါ။ တရားစထိုင်စဉ် မျက်လုံးကို ညင်သာစွာပိတ်၍ မိမိစိတ်အား 'ဧဒင်' ဥယျာဉ်အတွင်းသို့ ရောက်သွားသည့်ပြန် လွှတ်ပေးထားပါ။ မိမိကိုယ်အတွင်းသို့ ဘုရားသခင်၏ သန့်ရှင်းမွန်မြတ်သည့် စိတ်ဓာတ်ဝင်လာအောင် အာရုံပြုဆုတောင်းပေးပါ။ ထိုအခါ ကိုယ်ရောစိတ်ပါ ရှင်သန်ထက်မြက်စေမည့် ချီဓာတ်များ ဝင်ရောက်လာပါမည်။

ဦးအောင်သိုင်း(သုတဏ္ဍ)



www.burmeseclassic.com

www.burmeseclassic.com

# အရှင်ဥဒ္ဒေနယ

## အမုန်းပြေ ကျေပါတော့ အမေနဲ့အဖေ



မြိုင်သာကုန်းရွာဆိုတာ မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတယ်။ ရဲဘော်နီတွေအုပ်ချုပ်တဲ့ ခေတ်ကာလတုန်းက ရှိခဲ့တဲ့ အညာဒေသရွာကြီးတစ်ရွာပေါ့။

ဒီရွာမှာ ပန်းဆောင်၊ ပန်းမောင်၊ ပန်းအောင်ဆိုတဲ့ ညီအစ်ကိုသုံးယောက်ရှိတယ်။ ဒီညီအစ်ကိုသုံးယောက်က ရုပ်ချင်း၊ စိတ်ချင်းက တူညီကြတယ်။ ရုပ်ကလေးတွေက ကြည့်ပျော်ရှုပျော်ရှိပေမယ့် စိတ်တွေကတော့ မလှမပရှိခဲ့ကြတယ်။

ကျောင်းနေတဲ့အရွယ်မှာ သူတို့ရဲ့ ကစားဖော်၊ ကျောင်းနေဖက်တွေကို အနိုင်ကျင့်တယ်။ မုန့်လုစားတယ်။ ကစားစရာ လုယူတယ်။ ဒါကြောင့် ကလေးငယ်တွေဟာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ခဲ့ကြတယ်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ကြတယ်။

သူတို့ရဲ့အကျင့်ဆိုးတွေကို ဆရာတော်ကသိလို့ မကြာခဏရိုက်နှက်ဆုံးမပါတယ်။ ဆရာတော်က သူတို့ကို ဘယ်လိုပဲရိုက်ရိုက်၊ ဘယ်လိုပဲဆုံးမဆုံးမ သူတို့ရဲ့အကျင့်စရိုက်ဆိုးတွေကို မဖျောက်ခဲ့ကြ၊ တိုးလို့သာကျင့်ခဲ့ကြတယ်။

သူတို့ ညီအစ်ကိုသုံးယောက်က ဘုန်းကြီးကျောင်းပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ကြတယ်။ ကျောင်းထွက်ပြီး ရွာထဲမှာ အလုပ်ကြမ်းမျိုးစုံ လုပ်ခဲ့ကြ၏။

ညီအစ်ကိုသုံးယောက် ကာလသားအရွယ်ရှိတဲ့အချိန်မှာ မြိုင်သာကုန်းရွာကို သိုင်းဆရာကြီးဦးဒီပ ရောက်လာခဲ့တယ်။ ဆရာကြီးက ရွာသူကြီး ဦးထွန်းပေါ်အိမ်မှာ တည်းပါတယ်။

ဆရာကြီးဦးဒီပက ရွာထဲက သိုင်းသင်ချင်တဲ့လူငယ်တွေကို အခကြေးငွေယူပြီး စနစ်တကျ သင်ပေးပါတယ်။

ရွာရှိကာလသား လူပျိုလေးတွေက ဆရာကြီးဦးဒီပထံက သိုင်းပညာသင်ယူကြတယ်။ ဒီအထဲမှာ ပန်းဆောင်၊ ပန်းမောင်၊ ပန်းအောင်တို့ ညီအစ်ကိုသုံးယောက်လည်းပါတယ်။ သူတို့ညီအစ်ကိုသုံးယောက်က သိုင်းပညာကို ဆန္ဒစိတ်[illegible] ပြင်းပြစွာနဲ့ သင်ယူခဲ့ကြတယ်။ ကြိုး[illegible] ပြီးတော့လည်း လေ့လာမှတ်သား[illegible] လေ့ကျင့်တယ်။

သူတို့သုံးယောက်ရဲ့ သိုင်းပညာ[illegible] စိတ်ဝင်စားမှု၊ လေ့ကျင့်မှု၊ နားလည်[illegible] လွယ်မှုကို ဆရာကြီးဦးဒီပက ရိပ်စား[illegible] တယ်။သူတို့ရဲ့လေ့ကျင့်မှုကိုလည်း အ[illegible] အမှတ်ပြုတယ်။

မြိုင်သာကုန်းရွာသားလူငယ်[illegible] ကို သိုင်းပညာအခြေခံတွေ စနစ်တ[illegible] သင်ပြီးတာနဲ့ ဆရာကြီးဦးဒီပက ဩ[illegible] စကားဆိုပါတယ်။

"လူလေးတို့ကို အဘသင်[illegible] လိုက်တဲ့ သိုင်းပညာဟာ တစ်ပါးသူ[illegible] ကို ညှဉ်းပန်းနှိပ်စက်ဖို့၊ အနိုင်အထက်[illegible] ဖို့၊ စော်ကားမော်ကားပြုဖို့မဟုတ်ဘ[illegible]

ကိုယ့်ကိုစပြီးစော်ကားရင် ကို[illegible] အသက်ကို ကာကွယ်ဖို့၊ အမျိုး၊ ဘာ[illegible] သာသနာတော်ကို ထိပါးပုတ်ခတ်[illegible] ရင် ကာကွယ်တားဆီးပေးဖို့ သင်ပေး[illegible] ပညာရပ် ဖြစ်တယ်။

ဒီပညာရပ်ကို အသုံးချပြီး ဒုစရိုက်[illegible] မှုတွေ မကျူးလွန်ဖို့ သတိပေးပါတ[illegible]


ပညာဆိုတာ ဘာပညာပဲဖြစ်[illegible] အသုံးချသူအပေါ်မှာ မူတည်ပြီး တ[illegible] ရှိမှု၊ တန်ဖိုးမရှိမှုဆိုပြီး ကောင်းတယ်[illegible] တယ်၊ အသုံးဝင်တယ်၊ အသုံးမဝင်[illegible] အဲဒီလို ကွဲပြားသွားကြတယ်။

ဒီပညာဟာ အသုံးချသူ[illegible] ကောင်းတဲ့ဘက်မှာသုံးရင် ကောင်း[illegible] တွေက ကိုယ့်ထံကိုလာမှာပဲ။ မကော[illegible] တဲ့ဘက်မှာသုံးရင် မကောင်း[illegible] ဟာ ကိုယ့်ထံကိုမခေါ်ဘဲနဲ့ရောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ ဒီတော့ ကောင်းတဲ့ဘက်၊ ကောင်းတဲ့နေရာမှာ သုံးနိုင်အောင် ကြိုးစားကြပါ။

ဒီပညာရပ်ကို နေ့စဉ် အားလပ်တဲ့အချိန်မှာ မမေ့မပျောက်အောင်၊ လက်ညည်တက်အောင် လေ့ကျင့်ပေးကြပါ။

ဘာပညာပဲဖြစ်ဖြစ် မလေ့ကျင့်ဘဲဖြစ်ထားရင် ပညာက ကိုယ့်ကိုစွန့်ခွာသွားလိမ့်မယ်။ ပညာရဲ့ စွမ်းရည်တွေကုံးသွားလိမ့်မယ်။

ကဲ - အဘပြောချင်တဲ့ စကားတွေကတော့ ဒီလောက်ပါပဲ။ ကိုယ့်အိမ်ကို ပြန်နိုင်ကြပါပြီကွယ်”

ဆရာကြီးဦးဒီပရဲ့ စကားသံနဲ့ လူငယ်တွေဟာ ဆရာကြီးကို ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပြီး အိမ်အသီးသီးသို့ ပြန်သွားကြပါတယ်။

ဆရာကြီးဦးဒီပဟာ လူငယ်တွေက ကန်တော့တဲ့ အညာလက်ဆောင်ပစ္စည်းတွေကိုကြည့်လိုက်၊ ပြန်သွားကြတဲ့ လူငယ်တွေရဲ့ ကျောပြင်ကိုကြည့်လိုက်နဲ့ ပြုံးပြီးကျန်ရစ်ခဲ့ပါတယ်။

*

မြိုင်သာကုန်းရွာသား သိုင်းပညာတတ်တဲ့ လူငယ်တွေဟာ အစမှာတော့ သိုင်းပညာကို အားလပ်တဲ့၊ လသာတဲ့ ညအချိန်တွေမှာ ရွာလယ်မှာစုပြီး လေ့ကျင့်ကြတယ်။ ပညာအစွမ်းတွေ လက်ရည်စမ်းကြတယ်။

ပန်းဆောင်း၊ ပန်းမောင်၊ ပန်းအောင်တို့ ညီအစ်ကိုသုံးယောက်က လူငယ်အားလုံးထဲမှာ သိုင်းပညာသာတယ်။

ညီအစ်ကိုသုံးဦးဟာ သူတို့က ရွာသားလူငယ်တွေထက် သိုင်းပညာသာမှန်းသိတဲ့အတွက် လူငယ်အချင်းချင်း ဆက်ဆံတဲ့အခါ အပေါ်စီးကလေးနဲ့ ဆက်ဆံကြတယ်။ မတူသလိုမတန်သလို စကားမျိုးနဲ့ ပြောဆိုကြတယ်။ ဒါကို ရွာသားလူငယ်တွေက မကျေနပ်ကြဘူး။ ဒီလိုနဲ့ ညီအစ်ကိုသုံးယောက်နဲ့ လူငယ်အချို့က သိုင်းပညာလေ့ကျင့်ရင်းက စိတ်ဝမ်းကွဲသွားကြတယ်။ တစ်ရွာတည်းနေပေမယ့် တဖြည်းဖြည်းနဲ့ ဝေးကွာသွားခဲ့ကြတယ်။

ညီနောင်သုံးဖော်က ထန်းတောကို ဖြတ်သွားဖြတ်လာလုပ်ရင်းကနေ ဝါရင့်ထန်းရည်သောက်သမားတွေရဲ့ သွေးဆောင် တိုက်တွန်းမှုကြောင့် ထန်းရည်ကို မြည်းစမ်းသောက်ကြည့်ရင်းက စွဲသွားခဲ့ကြတယ်။

- ကောင်းတဲ့ အကျင့်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့ အကျင့်ပဲဖြစ်ဖြစ် အစမှာ သာခက်တယ်။ လုပ်မိလို့ ကြာလာရင် စွဲသွားတတ်တယ်။ ဒါကြောင့် မကောင်းတဲ့အကျင့်ကို မစမိဖို့လိုသလို ကောင်းတဲ့အကျင့်ကိုတော့ စမိဖို့၊ စွဲမြဲဖို့လိုပါတယ်။

နေဝင်ဆည်းဆာညနေချိန်ဆိုရင် သူတို့ညီအစ်ကိုသုံးယောက် ထန်းတောရောက်နေပြီ။ ကြွက်ကြော်၊ ကြောင်သားအမြည်းတွေနဲ့ ထန်းရည်အရသာဇိမ်ခံသောက်တတ်နေပြီ။ ထန်းရည်အရသာ၊ အမြည်းအရသာတွေကို သာယာတပ်မက် နှစ်သက်တဲ့စိတ်တွေဖြစ်နေပြီ။

ညနေတိုင်း ထန်းရည်သောက်ပါများတော့ အမြည်းမပါရင် မဖြစ်တော့။ တောထဲက ကြွက်တို့၊ တောကြောင်တို့၊ ချိုး၊ ခါတို့မရတဲ့အချိန်ဆိုရင် ရွာထဲမှာ မွေးထားတဲ့ ကြက်တွေကို သူတို့ မျက်စောင်းခဲနေပြီ။ ထိုးနေပြီ။

ရွာမှာ ဟိုအိမ်က ကြက်တစ်ကောင်ပျောက်၊ ဒီအိမ်က ကြက်တစ်ကောင်ပျောက်နဲ့ သေချာစုံစမ်းကြည့်တော့ ညီအစ်ကိုသုံးယောက်ရဲ့ လက်ချက်မှန်း သိသွားကြတယ်။ သိပေမယ့် လက်ပူးလက်ကြပ်မမိတော့ ရမ်းသန်းပြီး မစွပ်စွဲရဲ။

ညီအစ်ကိုသုံးယောက်ဟာ ထန်းရည်နဲ့မြည်းဖို့ ကြက်ခိုးရင်းကနေ အတင့်ရဲလာကြတယ်။ လစ်ရင်လစ်သလို ဆိတ်၊ နွားပေါက်စ၊ သိုးတွေပါ ခိုးယူသတ်ဖြတ်ပြီး သူ့အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့ကာ စားသောက်ကြတယ်။

မြိုင်သာကုန်းရွာသားတွေက ညီနောင်သုံးဖော်ကို မုန်းနေကြပြီ။ သူတို့ခိုးတာ သိပေမယ့် ဘယ်အချိန်၊ ဘယ်ကာလက ခိုးလိုက်မှန်းမသိ။ မမိလိုက်တဲ့အတွက် ရွာလူကြီးထံ တိုင်တန်းပြီး ဒဏ်ခတ်ဖို့ကလည်း အခက်တွေ့နေကြတယ်။

ညီအစ်ကိုသုံးယောက်ဟာ မြိုင်သာကုန်းရွာသူအပျိုချောတွေနဲ့ အိမ်ထောင်ကျသွားကြပြီ။ မိန်းမပျိုတွေက ညီနောင်သုံးဖော်ရဲ့ အကျင့်ဆိုးတွေကို မကြိုက်ကြပေမယ့် ရုပ်ချောမှု၊ ပစ္စည်းရှိမှုတွေကြောင့် ကြောက်တာလည်း ပါတာကြောင့် အိမ်ထောင်ဖက်အဖြစ် လက်ခံခဲ့ကြတယ်။

ရွာသားတွေက ညီအစ်ကိုသုံးယောက်ဟာ မိန်းမရရင်တော့ သူတို့အကျင့်ဆိုးတွေဖျောက်မှာပဲလို့ ထင်ကြတယ်။

ညီနောင်သုံးဖော်ဟာ အစမှာတော့ မိန်းမနားကပ်ပြီး မိန်းမတွေရဲ့ ပြောစကားနားထောင်တယ်။ ရိုးရိုးသားသားအလုပ်လုပ်ကြတယ်။ ထန်းတောဘက်သို့ ခြေဦးမလှည့်ကြ။

'ခွေးမြီးကောက်ကျည်တောက်စွပ်' ဆိုသလို ညီနောင်သုံးဖော်ဟာ ခဏပဲ ဖြောင့်ပါတယ်။ ကျည်တောက်နဲ့ဝေးတဲ့ ခွေးမြီးလို လတွေကြာလာတော့ အပေါင်းအသင်းတွေရဲ့ ဆွဲဆောင်မှုကြောင့် ထန်းတောရောက်လို့ ကောက်သွားခဲ့ပါပြီ။ လစ်ရင်လစ်သလို အမြည်းအတွက် အကြောင်းပြပြီး ကြက်၊ ဆိတ်၊ သိုးတွေ ခိုးကာသတ်နေပြန်ပြီ။

ညီအစ်ကိုသုံးယောက်ရဲ့ အကျင့်ယုတ်မှုက အတင့်ရဲလို့ တစ်ဆင့်တက်လာပြီ။ သူတို့ရွာနဲ့တစ်ရွာကျော်ဝေးတဲ့ စန်းမြေရွာကို ညအချိန်သွားပြီး ဓားပြတိုက်ကြသတဲ့။ ဓားပြတိုက်လို့ရတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချပြီး မြိုင်သာကုန်းရဲ့ မြောက်ဘက် တောနက်ထဲက သဘာဝကျောက်လိုဏ်ဂူကြီးထဲမှာ ဝါသနာတူ လူငယ်တစ်စုနဲ့ စခန်းချနေကြတယ်။ ရွာကိုတော့ သူတို့ညီအစ်ကိုတအကြောင်းကိစ္စအထူးမရှိဘဲနဲ့ မလာကြတော့။

*

သူတို့ညီအစ်ကိုသုံးယောက်ထဲက အငယ်ဆုံးဖြစ်သူ ကိုပန်းအောင်က သူ့ဇနီး မီးဖွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မြိုင်သာကုန်းရွာကို ပြန်လာခဲ့တယ်။

ညနေချိန်မှာ ထန်းရည်သောက်ပြီး ခပ်မူးမူးခပ်ထွေထွေနဲ့ ရွာထဲကနေ ကိုပန်းအောင် သူ့စခန်းရှိရာကို ပြန်ပါတယ်။ ရေခပ်လမ်းမှာ ရွာရဲ့အလှဆုံးဖြစ်သူ သဲဥဖြူနဲ့ ဆုံတွေ့ကြတယ်။

အမူးသမားလူဆိုးကိုပန်းအောင်ရဲ့ ရင်ဘတ်ထဲကအသည်းကို သဲဥဖြူဆိုတဲ့ အလှမြားလေးတစ်စင်းက မျက်လုံးကနေတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားခဲ့တယ်။ ကိုပန်းအောင်ရဲ့ ရင်ဘတ်ကြီးတစ်ခုလုံး လျှင်ငယ်လေးလှုပ်သလို တဒိတ်ဒိတ်နဲ့တုန်ခါသွားတယ်။

ကိုပန်းအောင်ဟာ သဲဥဖြူကိုကြည့်ပြီး အတွေးဆိုးတွေတွေးနေပြီ။

ဟာ - လှလိုက်တဲ့ အပျိုချောလေးပဲ။ ဆံပင်တွေက နက်မှောင်ပြီး ရှည်လျားလိုက်တာ။ တင်ပါးလေးကစွင့်ကားပြီး လှုပ်ခါနေလိုက်တာ။ ခါးကလေးက သေးပြီး ကျစ်လစ်နေလိုက်တာ။ ရင်အမြွှာနှစ်စုံက လုံးဝန်းပြီးမို့မောက်နေလိုက်တာ။ အို - ဝတ်ထားတဲ့ အင်္ကျီတောင် ဖောက်ထွက်မတတ်ပါပဲလား။

မျက်နှာလေးက ဝန်းဝိုင်းပြီး ကြည်လင်နေတာပဲ။ နှုတ်ခမ်းလေးတွေက ဆေးမဆိုးဘဲနဲ့ နှင်းဆီနီရောင်ပြေးနေတယ်။ ထူထူအိအိလေးနဲ့ နမ်းချင့်စဖွယ်ပါလား။

နှာတံလေးကပေါ်၊ မျက်ခုံးလေးက မထူမပါးနဲ့။

ဟာ - ငါ့ရင်တွေခုန်လိုက်တာနော်။ အာခံတွင်းတွေလည်းခြောက်လာပြီ။

ကိုပန်းအောင် ရေပြည့်အိုးခေါင်းပေါ်ရွက်ပြီး သူ့ကို ရှောင်ခမ်းသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com

သဲဥဖြူကို ကြည့်မြဲကြည့်နေတယ်။ သူမဆီက လွင့်ပျံ့လာတဲ့ ကိုယ်သင်းရနံ့မွှေးမွှေးကိုလည်း တရှိုက်မက်မက်နဲ့ ရှူရှိုက်နေတယ်။ သဲဥဖြူရဲ့နောက်ပိုင်းမြင်ကွင်းအလှကို ရမ္မက်ခိုးဝေတဲ့ အကြည့်စူးစူးတွေနဲ့ ကြည့်မြဲကြည့်နေတယ်။

ကိုပန်းအောင်ရဲ့ အကြည့်စူးစူးတွေကြောင့် သဲဥဖြူက နောက်ပိုင်းမလုံသလို ရေအိုးရွက်သွားရင်းက နောက်သို့ အသာလေး မျက်လုံးထောင့်ကပ်ကြည့်လိုက်တာ လမ်းလယ်မှာရှိတဲ့ ကျောက်ခဲကို သူမမမြင်။ ခလုတ်တိုက်မိသွားတယ်။ သူမရဲ့နှုတ်ဖျားက အာမေဍိတ်သံခုန်ထွက်သွားတယ်။

"အို - အမေ့"

သဲဥဖြူ ခေါင်းပေါ်ကအိုးဟာ မြေပေါ်မှာ ကျကွဲသွားတယ်။ အိုးကွဲစတွေ၊ ရေတွေ မြေပေါ်မှာပြန့်ကျဲနေတယ်။

ဒီအချိန် သံပုံးနှစ်ပုံးကို ထမ်းပိုးနဲ့ ထမ်းလာတဲ့ နေဒွန်း ရောက်လာခဲ့တယ်၊ သဲဥဖြူနဲ့ ကိုပန်းအောင်တို့ရဲ့ မြင်ကွင်းကိုကြည့်ပြီး သူ့ရင်ထဲမှာ အလိုမကျတဲ့ ဒေါသအငွေ့တွေ ဖြစ်တည်သွားခဲ့တယ်။

"ဟင် - သဲဥဖြူ နင်ဘာဖြစ်နေတာလဲ"

သဲဥဖြူက မျက်တောင်လေးတွေ ခတ်ခတ်ပုတ်ခတ်လုပ်တယ်။ နေဒွန်းမျက်နှာကို အားကိုးသလိုကြည့်တယ်။ ကိုပန်းအောင်ရဲ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး စကားဆိုတယ်။ သူမရဲ့ အသံဟာ တိုးပြီးတုန်နေတယ်။ ကိုပန်းအောင်ရဲ့ အကြည့်စူးစူးကြောင့် ရင်တုန်နေတာလေ။

"ဟို ဟိုလူကြီးကို လှည့်ကြည့်ရင်းနဲ့ ခလုတ်တိုက်ပြီး အိုးကွဲသွားတာပါဟာ"

နေဒွန်းက နှုတ်ခမ်းမွေးထိုးထိုးထောင်ထောင်၊ ဆံပင်ရှည်တွေကုပ်မှာဝဲနေတဲ့ ကိုပန်းအောင်ရဲ့မျက်နှာကို အလိုမကျဟန် ရှုသိုးသိုးခပ်တည်တည်ကြည့်လိုက်သွားတယ်။

ကိုပန်းအောင်ရဲ့ကိုယ်ပေါ်မှာ ရှပ်လက်ရှည်အကျႌနဲ့ ဘောင်းဘီရှည်အပွကြီး ဝတ်ဆင်ထားတယ်။ ကျောပေါ်မှာ ဓားရှည်တစ်ချောင်း ကြိုးနဲ့၊ ဓားအိမ်နဲ့ လွယ်သိုင်းထားတယ်။

ကိုပန်းအောင်ဟာ ခြေထောက်နှစ်ဖက် ခပ်ကျဲကျဲထားပြီး မတ်တတ်ရပ်နေဆဲပါ။လက်နှစ်ဖက်က ခါးမှာထောက်ထားတယ်။ နေဒွန်းမျက်နှာကို စူးစိုက်ပြီး ကြည့်နေတယ်။ မိုက်ကြည့်ကြည့်ပြီး စိန်ခေါ်နေတဲ့ ပုံစံမျိုးပေါ့။

ကိုပန်းအောင်နှုတ်ဖျားက အသံမာမာ ခပ်ဆတ်ဆတ်နဲ့ ထွက်လာတယ်။

"ဟေ့ဒီမှာ မင်းအကြည့်က ဘယ်လိုလဲကွ။ ပန်းအောင်တို့ကတော့ အချိန်မရွေးဘဲ"

ပြောလည်းပြော၊ သူ့လက်က ကျောမှာလွယ်ထားတဲ့ ဓားလက်ကိုင်ရိုးကို ဆုတ်ကိုင်လျက်သား ဖြစ်နေတယ်။

နေဒွန်းက ကိုပန်းအောင်ရဲ့မျက်နှာကို မချိသွားဖြဲ မဲ့ပြုံးပြုံးပြနေတယ်။

"ဟာဗျာ-ကိုပန်းအောင်ကလည်း၊ ကျုပ်က ခင်ဗျားကို ရိုးရိုးကြည့်တာပါဗျာ။ ခင်ဗျားကလည်း တစ်မျိုးမြင်နေပြန်ပြီ"

ကိုပန်းအောင်ဟာ ရပ်နေရာမှ သူတို့ကို ကျောခိုင်းပြီး ခြေလှမ်းကျဲကြီးများနဲ့ ကျောက်လိုဏ်ဂူစခန်းရှိရာဆီသို့ ထွက်ခွာသွားပါတယ်။

နေဒွန်းကတော့ သူ့ချစ်သူ သဲဥဖြူအတွက် စိုးရိမ်စိတ်တွေဖြစ်နေတယ်။ ကိုပန်းအောင်ရဲ့ကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းတွေချနေတယ်။

*

ကိုပန်းအောင် ကျောက်လိုဏ်ဂူစခန်းသို့ ပြန်ရောက်သွားခဲ့တယ်။ လူကသာ စခန်းမှာရှိနေပေမယ့် သူ့စိတ်တွေက သဲဥဖြူထံမှာ တရစ်ဝဲဝဲ။ တမှိုင်မှိုင်တတွေတွေနဲ့ စခန်းမှာနေရတာ သူမပျော်။

ညနေချိန်ဆို အစ်ကိုနှစ်ယောက်တားမြစ်တဲ့ကြားကနေ ထန်းရည်မူးမူးနဲ့ ရေခပ်ဆိပ်ကိုသူရောက်နေပြီ။ မန်ကျည်းပင်ကြီးအောက် သစ်မြစ်ဆုံပေါ်မှာထိုင်ရင်း ရေခပ်အသွားအပြန်လုပ်နေတဲ့ သဲဥဖြူရဲ့အလှကို သူတစိမ့်စိမ့်နဲ့ငေးကြည့်နေခဲ့တတယ်။ ကြည့်နေဆဲမှာ စိတ်ရိုင်းတွေလည်းပွားလာခဲ့တယ်။

ကာလသားတွေက သူ့အပြုအမူကို မနှစ်သက်ပေမယ့် လူဆိုးနဲ့လူကောင်း မပေါင်းဖက် မဆက်ဆံချင်တာနဲ့ မသိချင်မမြင်ချင်ယောင်ဆောင်နေကြတယ်။ ရေငုံနှုတ်ပိတ် အသံတိတ် နှုတ်ဆိတ်နေကြတယ်။

သဲဥဖြူဟာ ကိုပန်းအောင် ဆိုတဲ့လူဆိုးကြီးကို မြင်ကတည်းက ကြောက်နေခဲ့တယ်။ စိတ်ထဲကအလိုလိုနေရင်းမုန်းနေခဲ့တယ်။ အဲဒီလူကြီးရဲ့ မျက်နှာကိုသူ့လက်သည်းတွေနဲ့ ကုတ်ဖဲ့ပစ်ချင်စိတ်တွေ ဖြစ်နေခဲ့တယ်။

အခု ဒီလူကြီးက သူ့ကို ညနေတိုင်းလိုလို လာကြည့်နေတာ သူသိနေတယ်။ ဒီလူကြီးလာကြည့်တဲ့အချိန်၊ လာကြည့်တဲ့နေရာကို သူမလာချင်၊ မလာလို့ကလည်း မဖြစ်။ ရေခပ်ရမယ့်တာဝန်က သူ့တာဝန်။ သူဘယ်လိုလုပ်ရပါ့။ သူစိတ်ညစ်နေတယ်။

ကိုပန်းအောင် ရေခပ်ဆိပ်ကို ခြေဦးလှည့်ပြန်ပြီ။ အစ်ကိုနှစ်ယောက်ကတားတယ်။ ပြန်မပြော၊ နားမထောင် ဇွတ်ထွက်လာခဲ့တယ်။

ဒီနေ့ညနေမှာတော့ ကိုပန်းအောင် ဆုံးဖြတ်လိုက်တယ်။ ဖြစ်ချင်တာ ဖြစ်ပါစေ။ သဲဥဖြူကို ချစ်ကြောင်း၊ ကြိုက်ကြောင်းပြောလိုက်တော့မယ်။ ပြဿနာဖြစ်မှာတော့ သေချာတယ်။ သူ သိနေတယ်။ သူ့ရဲ့အပြုအမူကို မြင်သာကုန်းရွာကာလသားတွေ မကျေနပ်ကြဘူးဆိုတာ ရိပ်မိနားလည်နေတယ်။ ဖြစ်လာမယ့် ပြဿနာကို ရင်ဆိုင်လိုက်တော့မယ်။

ဟာ - သဲဥဖြူလေးက ဒီနေ့ပိုပြီး လှနေပါလား။ မျက်နှာပေါ်မှာ သနပ်ခါးပါးကွက်ဝိုင်းလေးနဲ့။ ခန္ဓာကိုယ်ကလည်း ရေဆေးငါးလေးလို တင်းတင်းရင်းရင်း ပြည့်ပြည့်ဖြိုးဖြိုးနဲ့။ သူ့တစ်ကိုယ်လုံးကို ငါ့ရင်ခွင်ထဲမှာထည့်ပြီး အားပါးတရ ဖက်ထားချင်လိုက်တာ။

နှုတ်ခမ်းလေးတွေက အရောင်စိုပြီး လေးကိုင်းလေးလို ကွေးညွတ်နေတယ်။ နမ်းချင်စဖွယ် ဆွဲဆောင်မှုရှိလိုက်တာနော်။ မျက်လုံးလေးတွေက ဖြူပြီး ကြည်လဲ့နေတာပဲ။ ဪ- လှလိုက်တဲ့ မိန်းမပျိုလေးပါလားကွယ်။

ကိုပန်းအောင်ရဲ့စိတ်တွေ မရိုးမရွဖြစ်လာတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့။ အာခံတွင်းကလည်း ရေငတ်နေသလိုကြီး။ တံတွေးတွေ မကြာခဏမျိုချနေရတယ်။ ခြေတွေ၊ လက်တွေကလည်း ကတုန်ကယင်ကြီးဖြစ်နေတယ်။

ကိုပန်းအောင်ဟာ သဲဥဖြူရှေ့ကနေ ပိတ်ရပ်လိုက်တယ်။ လူကထွားထွား၊ အရပ်ကရှည်ရှည်။ ကျားတစ်ကောင်နှယ် သတ္တိတွေကြွယ်နေတယ်။

မိန်းမပျိုလေးဟာ ကိုပန်းအောင်မျက်နှာကို မော့ကြည့်ပြီး သူ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။ ကြောက်စိတ်ကြောင့် သူ့ရင်ဘတ်ထဲက နှလုံးခုန်သံဟာ တဒိတ်ဒိတ်နဲ့ အခုန်မြန်နေတယ်။ ရင်နှစ်မွှာကလည်း အသက်ရှူသံပြင်းပြင်းကြောင့် နိမ့်တုံမြင့်တုံဖြစ်နေတယ်။

www.burmeseclassic.com

မျက်လုံးလေးကလယ်ကလယ်နဲ့ နှုတ်ခမ်းလေး ဝိုင်းစုသွားတယ်။

ကျားသခင်ရှေ့မှာ သားသမင်လေးရောက်သွားသလိုမျိုး သူမခံစားနေရပြီ။ သူမနှုတ်ဖျားက အသံတုန်တုန်လေး ခုန်ထွက်သွားခဲ့တယ်။

"တော် တော် ကျုပ်ရှေ့ကထွက်သွားပါ။ ရှေ့က ပိတ်မရပ်ပါနဲ့"

ကြောက်စိတ်ကြောင့် တစ်မျိုးလှနေတဲ့ သဲဥဖြူကို ရွှန်းရွှန်းစားစားကြည့်ပြီး သူရယ်နေတယ်။

"ဟဲ ဟဲ ဟဲ - ညီမကသိပ်လှတာပဲ။ အဲဒီအလှကြောင့် မောင်ကြီးမှာ အိပ်လို့မပျော်စားလို့မကောင်းနဲ့ ဒုက္ခပင်လယ်ဝေခဲ့တယ်ကွယ်။

ညီမရဲ့အလှကိုခံစားမိတဲ့အချိန်ကစလို့ မောင်ကြီးလေ ချစ်စိတ်တွေအားကြီးခဲ့ပါတယ်။ အဲဒါလေ မောင်ကြီးရဲ့အချစ်ကို နှမလေးလက်ခံပါကွယ်နော်"

သဲဥဖြူရဲ့ အလှမျက်နှာလေး အကျည်းတန်အရုပ်ဆိုးသွားခဲ့တယ်။ ဖြူနုတဲ့ ပါးပြင်ပေါ်မှာ ဒေါသအရိပ်တွေ တစ်မုဟုတ်ချင်း ယှက်သန်းသွားခဲ့တယ်။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေတယ်။ မျက်လုံးနှစ်ဖက်ထဲမှာ ဒေါသထွက်နေတဲ့ ကျားသစ်မရဲ့ မျက်လုံးလိုမုန်းတီးစက်ဆုတ်တဲ့အငွေ့တွေ အရောင်တွေဝေနေတယ်။

သူမရဲ့ ညာဘက်လက်က ကိုပန်းအောင်ရဲ့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပါတော့တယ်။ ခက်ထန်တဲ့ ရှက်ဒေါသစိတ်ကြောင့် သူမအသံတွေဟာ ကျယ်လောင်စူးရှစွာ အတင်းရုန်းထွက်လာတယ်။

"ဒီမှာ ကျုပ်ကို ဘယ်လိုအမျိုးအစားများမှတ်နေလို့လဲ။ တော့်မှာ မယားနဲ့သားနဲ့ပါ။ နှမချင်းကိုယ်ချင်းစာတဲ့စိတ်တောင် မရှိတော့ဘူးလား။ တော်စဉ်းစားပြီးမှ ပြောဖို့သင့်ပါတယ်။

တော့်လိုလူဆိုးကြမ်းပိုးအကုသိုလ်ကောင်ကြီးကို လင်လုပ်ဖို့မပြောနဲ့။ အိပ်မက်ထဲမှာတောင် ထည့်မမက်ချင်ဘူး။ မုန်းတယ်၊ ရွံတယ်။ ဖယ်ပါ၊ ကိုယ့်လမ်းကို သွားပါရစေ"

ကိုပန်းအောင်ရဲ့မျက်နှာဟာ သဲဥဖြူရဲ့ ဆတ်ဆတ်ထိမခံ ကက်ကက်လန်အောင် အချက်ကျကျပြောလိုက်တဲ့ စကားတွေကြောင့် သူ့ရင်မှာ အထိနာသွားခဲ့တယ်။ သွေးထွက်အောင်မှန်နေတဲ့ သဲဥဖြူစကားကြောင့် အမှန်ပြောနားမချမ်းသာ၊ နာမခံသာဆိုသလို သူ့ဒေါသတွေကြီးထွားသွားခဲ့တယ်။ ဒေါသကြောင့် သူ့မျက်နှာဟာ ကြောက်စရာကောင်းလောက်အောင် ညိုမည်းသွားခဲ့တယ်။ သူ့ရင်ထဲက နှလုံးခုန်သံဟာ တဒိန်းဒိန်းနဲ့ မြည်ဟည်းနေတယ်။ သူ့နှာခေါင်းထဲမှာ အပူငွေ့လေတွေကမြွေပွေးနှာမှုတ်သံလို တရှူးရှူးနဲ့မြည်နေတယ်။ လက်တွေက တဆတ်ဆတ်နဲ့။

သူ့လက်က ခါးမှာထိုးထည့်ထားတဲ့ သေနတ်ပေါ်ကို ကျရောက်သွားတယ်။ သူ့အသိဝင်လာခဲ့တယ်။ သေနတ်ပေါ်ရောက်နေတဲ့လက်ကို ရုပ်သိမ်းလိုက်တယ်။ ရှုံးနိမ့်သူ၊ ခွင့်လွှတ်သူရဲ့ အပြုံးမျိုး သူ့မျက်နှာပေါ်မှာ မပီဝိုးတဝါး။

ဒီအချိန် နေဒွန်း ရောက်လာခဲ့တယ်။ လမ်းမှာ ဖိုးတေရဲ့ ပြောစကားတွေကြောင့် သူ့အားလုံးသိပြီးပြီ။ ဒေါသဖြစ်နေပေမယ့် အပြင်ထွက်မလာအောင် မျိုသိပ်ထားခဲ့တယ်။

"ကိုပန်းအောင်ရာ၊ ခင်ဗျားက မြိုင်သာကုန်းရွာသားတစ်ဦးပါဗျာ။ မြိုင်သာကုန်းရွာသားတွေရဲ့ သိက္ခာကို စောင့်ထိန်းတဲ့အနေနဲ့ မိန်းမပျိုတစ်ယောက်ကို လူအိုတစ်ယောက်က ချစ်စကားကြိုက်စကားတွေ မပြောသင့်ဘူး ထင်ပါတယ်"

"ဒီကိစ္စမှာ မင်းဝင်ပြောစရာမလိုဘူး နေဒွန်း။ ငါ့ရဲ့ ရင်တွင်းပြဿနာကို ငါ့ဘာသာကြည့်ရှင်းမယ်။ မင်းကအနေသားကြီးပါကွာ"

"ကျုပ်က ဒီရွာသား ကာလသားလူပျိုတစ်ယောက်ပါ။ ခင်ဗျားသိပါတယ်။ ဒီကိစ္စကို တားမြစ်ပိုင်ခွင့်ရှိတယ်။ ဒီမှာပဲ ရပ်တန်းကရပ်ဖို့ မေတ္တာနဲ့တောင်းပန်ပါတယ်"

နေဒွန်းရဲ့မျက်နှာက ဒေါသစိတ်ကြောင့် ရဲရင့်နေတယ်။ တက်ကြွနေတယ်။ ဖျတ်လတ်နေတယ်။

"ကျုပ်ပွင့်ပွင့်လင်းလင်းပဲပြောပါတော့မယ်။ သဲဥဖြူဟာ ရပ်သိရွာသိ ကျုပ်ရဲ့ချစ်သူပါဗျာ။ ကျုပ်ချစ်သူကို လူအိုတစ်ယောက်က ချစ်စကားတွေပြောနေတော့ ကျုပ်ရင်ထဲမှာ တမြေ့မြေ့နဲ့ ခံစားရတယ်။ ဖြစ်နိုင်ရင် ကျုပ်ချစ်သူရဲ့ အလှကို ဘယ်သူမှ အကြည့်ရဲရဲနဲ့ ကြည့်တာမျိုး ကျုပ်မမြင်ချင်ဘူးဗျာ"

"ဩော် - မင်းက သဲဥဖြူရဲ့ ချစ်သူကိုး ဟား ဟား ဟား"

ကိုပန်းအောင်ဟာ ခြေတစ်လှမ်းနောက်ဆုတ်ပြီး အထက်သို့ ခုန်လိုက်ပါတယ်။ ပြီးတော့ နေဒွန်းမျက်နှာဆီသို့ ညာခြေနဲ့ ဝိုက်ပြီးကန်ပါတယ်။

နေဒွန်းက ဖျတ်ခနဲ မြေပြင်သို့ ထိုင်ချလိုက်တယ်။ ထိုင်ချရင်း သူ့ရှေ့မှာ ရှိနေတဲ့ ရေထမ်းထမ်းပိုးကို ကောက် လိုက်တယ်။ ယူပြီးတာနဲ့ မြေပြင်ပေ ခြေစုံကျလာတဲ့ ကိုပန်းအောင်ရဲ့ ခြေ သလုံးတွေကို အားနဲ့လွှဲပြီး ရိုက်ချလို တယ်။

ကိုပန်းအောင်က နေဒွန်းရဲ့ ရိုက် ချက်ကို ကိုယ်ကို အထက်သို့ကြွတ ခုန်ပြီး ရှောင်ထွက်သွားတယ်။ ပြီးတော့ ခါးကုန်းပြီး ထမ်းပိုးကိုင်ထားတဲ့ နေဒွ ရဲ့ မေးဖျားကို သူ့ခြေဖျားနဲ့ လှမ်းခ လိုက်တယ်။ ပွတ်ပြီး ထိသွားတယ်။

နေဒွန်းနှုတ်ခမ်းပေါက်သွားတယ ပါးစပ်ထဲမှ သွေးစက်တို့ယိုစိမ့်လာတ ငန်ကျိကျိဖြစ်နေတဲ့ သွေးနဲ့ တံတွေး ကို နေဒွန်း ပစ်ခနဲ ထွေးထုတ်ပစ်တ

ကိုပန်းအောင်နဲ့ နေဒွန်းတို့ရှိ ဆီသို့ ရွာထဲမှ ကာလသားလူပျို တုတ်၊ ဓားတွေကိုင်ဆောင်ပြီး ပြေး ကြတယ်။ ပြီးတော့ ကိုပန်းအောင် ရိုက်ကြ၊ ခုတ်ကြ၊ ထိုးကြတယ်။

ကိုပန်းအောင်ဟာ ကာလသ တွေရဲ့ ဓားခုတ်ချက်၊ တုတ်ရိုက်ချက် ကို လှလှပပရှောင်တိမ်းနိုင်ခဲ့တယ်။ ရဲ့ ခြေကန်ချက်၊ လက်သီးထိုးချက် ကြောင့် ကာလသားလူပျိုတွေ မရှ အထိနာသွားခဲ့တယ်။ သိုင်းပညာကို သနာပါစွာ အားလပ်ချိန်တိုင်း အမြဲ ကျင့်ခဲ့တဲ့ အကျိုးကြောင့် သူဟာ က သားလူပျိုတွေထက် တိုက်ခိုက်မှုစွမ်း တွေ သာနေပါတယ်။

ရေခပ်ဆိပ်မှာ ကာလသားတွေ သွေးစက်တို့မြေခခဲ့တယ်။ ကိုပန်းအော ကို မနိုင်မှန်းသိလို့ ရွာထဲကို ဆုတ် ကြတယ်။

ကိုပန်းအောင်ဟာ သူ့ကိုယ် ကပ်နေတဲ့ ဖုန်တွေ၊ သဲတွေကို လ ခါထုတ်ပြီး သူတို့စခန်းရှိရာ ကျေ လိုဏ်ဂူသို့ မှောင်ရီပျိုးစအချိန်လေး ပြန်သွားပါတယ်။

ရေခပ်ဆိပ်မှာ တုတ်တပြက် တပြက်ရန်ဖြစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သာကုန်းရွာရှိ လူပျိုအပျိုတွေက ကို အောင်ကို မကျေနပ်ကြဘူး။ မုန်းနေ တယ်။ အမုန်းဆုံးကတော့ နေဒွ သဲဥဖြူတို့ပေါ့။ မနိုင်မှန်းသိလို့ လျှော့ခဲ့ကြပေမယ့် ကိုပန်းအော တော့ သတ်ပစ်ချင်လောက် မုန်းနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

*

နေဒွန်းနဲ့ ညိုလုံးက ငယ်သူငယ်ချင်းတွေလေ။ အခု သူတို့နှစ်ယောက် အကြောင်းတွေပြောနေကြတယ်။

"ညိုလုံးရေ၊ မင်းကို ငါအကူအညီ တစ်ခုတောင်းချင်တယ်ကွာ"

"ဘာများလဲကွ။ တောင်းပါ၊ ကူညီသင့်ရင် ကူညီရမှာပေါ့"

"ဒါနဲ့ မင်းကျောက်လိုဏ်ဂူစခန်းမှာ နေရတာ ပျော်ရဲ့လား"

"ပျော်တယ်လို့တော့မဟုတ်ပါဘူးကွာ။ နေလက်စနဲ့ ဆက်နေမိတာပါ။ ညီအစ်ကိုသုံးယောက်ရဲ့ လက်အောက်က လွတ်ချင်နေတာကြာပါပြီ။ အခွင့်အရေးမပေးသေးတော့ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ငြိမ်နေရတာပေါ့ကွာ"

"ငါတို့ ကာလသားအဖွဲ့တွေနဲ့ ကိုပန်းအောင် ရန်ဖြစ်တဲ့ကိစ္စ မင်းသိပြီးရောပေါ့"

"ဟာ - သိတာပေါ့ကွာ။ ဟိုမှာ ကိုပန်းအောင်က သူ့အစ်ကိုတွေကို ပြန်ပြောနေတာလေ။ သူကအောင်ပန်းဆင်ခဲ့တဲ့အကြောင်းတွေ ကြွားနေလေရဲ့"

"ငါဒီညီအစ်ကိုတွေရဲ့မကောင်းမှုအရိုက်တွေကို အပြီးသတ်ချေမှုန်းချင်တယ်။ မင်းသဘောတူသလား"

"မင်းက ဒီကျောက်လိုဏ်ဂူစခန်းတစ်ခုလုံးကို အစဖျောက်ပစ်ချင်တဲ့ သဘောလား"

"ဟုတ်တယ်ကွ"

"လွယ်မယ်မထင်ဘူးသူငယ်ချင်း။ အဖွဲ့တောင့်တယ်ကွ။ ရွာပေါင်းစုံက လူငယ်တွေပါတယ်။ ရွာခံထောက်လှမ်းရေးတွေရှိတယ်နော်"

"မင်းတောင်းတဲ့အကူအညီက ဘာလဲကွ။ ပြောလေ"

"ငါ့အကြံကဒီလိုရှိတယ်ကွာ"

နေဒွန်းက စကားအပြည့်အစုံပြောပြီး ရှင်းပြလိုက်တယ်။

ညိုလုံး စဉ်းစားနေတယ်။ ခဏကြာမှ စကားဆိုတယ်။

"ငါလည်း မကောင်းတဲ့အလုပ်မျိုးတွေလုပ်ရတာ စက်ဆုပ်ငြီးငွေ့လာပြီကွာ။ မင်းတောင်းတဲ့ အကူအညီပေးမယ်ကွာ။ ကဲ - အချိန်ရှိတုန်း ငါပြန်ဦးမယ်"

ညိုလုံးက ကျောက်လိုဏ်ဂူစခန်းရှိရာသို့ ပြန်သွားပါတယ်။ သူဟာ ညီနောင်သုံးဖော်ရဲ့ အတွင်းလူမဟုတ်တော့။ နေဒွန်းရဲ့လူဖြစ်သွားခဲ့ပြီ။

*

နေဒွန်းနဲ့ ညိုလုံးတို့ မကြာခဏ ခိုးကြောင်ခိုးဝှက်နဲ့ ချိန်းတွေ့ကြတယ်။ တွေ့တဲ့အခါတိုင်း နေဒွန်းက ညိုလုံးပြောသမျှတွေကို စာအုပ်တစ်အုပ်ထဲမှာ ရေးမှတ်တယ်။

အချိန်တွေဟာ တဖြည်းဖြည်းနဲ့ ကုန်ဆုံးသွားခဲ့ပြီ။ အချိန်နှင့်အတူ လူတွေရဲ့ စိတ်အစဉ်၊ ရုပ်အစဉ်တွေဟာလည်း ပြောင်းလဲသွားခဲ့ပြီ။

နေဒွန်းရဲ့မိဘပိုင်တဲ့ စပါးခင်းဟာ ရိတ်သိမ်းခါနီးပြီ။ နက်ဖြန်သန်ဘက်ခါ ဆိုရင် လူငှားတွေရဲ့ ရိတ်ရတော့မယ်။

နေဒွန်းဟာ ခြောက်သွေ့ပြီး အဝါရောင်သန်းနေတဲ့ စပါးခင်းကို ကြည့်ကာ ဘယ်ရွေ့ဘယ်မျှ စပါးထွက်မယ်ဆိုတာ စိတ်နဲ့တွက်ချက်နေပါတယ်။အထွက်နှုန်းကို မှန်းဆပြီး သူကျေနပ်နေပါတယ်။

နေဒွန်းဟာ လူငှားတွေနဲ့ သူ့မိဘပိုင်တဲ့ စပါးခင်းကို ရိတ်သိမ်းရန် ရောက်လာခဲ့တယ်။ သူရောက်လာတဲ့အချိန် စပါးခင်းဟာ ရွှေဝါရောင်အဖြစ်မှ အမည်းရောင်အဖြစ်သို့၊ ပြာပုံအဖြစ်သို့ အသွင်ပြောင်းသွားခဲ့ပြီ။

ဒီစပါးခင်းတွေကို သူမနေ့က ကြည့်ခဲ့တယ်။ မနေကနဲ့ဒီနေ့၊ ညတစ်ည အချိန်အတွင်းမှာ ပြောင်းလဲခြင်းတွေက မယုံနိုင်စရာ။

နေဒွန်းဟာ စပါးခင်းမီးလောင်ခံရတာနဲ့ ပတ်သက်ပြီး အမျိုးမျိုးစဉ်းစားနေတယ်။

ဒီလယ်ကွင်းတွေက လူသွားလူလာမရှိတဲ့နေရာတွေပါ။ ညတောလည်တဲ့ ညမုဆိုးတွေရဲ့ ပေါ့ဆမှုကြောင့် မီးလောင်သွားတာလား။ ငါတို့ မိသားစုကို မုန်းတဲ့ လူတစ်စုကြောင့် မီးအရှို့ခံရတာလား။ ရှို့မီးကြောင့် လောင်တာလား၊ ပေါ့ဆမီးကြောင့် လောင်တာလား။

စဉ်းစားပေမယ့် အဖြေမှန် မရခဲ့။

လူငှားတွေနှင့်အတူ သူ အိမ်ပြန်လာခဲ့တယ်။ သူ့ရင်ထဲမှာ စပါးခင်းကိုနှမြောတဲ့စိတ်နဲ့ ဒေါသစိတ်တို့ တစ်လှည့်စီ ဖြစ်တည်နေခဲ့တယ်။

သူတို့ မိသားစုရဲ့ စီးပွားရေးအထိနာသွားခဲ့ပြီ။

ညိုလုံး ရွာလာခဲ့တယ်။

ညိုလုံးစကားကြောင့် သူတောက်တစ်ချက်ခေါက်လိုက်တယ်။ ရင်ထဲမှာလည်း ဒေါသတွေအုံကြွလာတယ်။

"မိုးကောင်းတုန်း ရွာထားဦးပေါ့ဗျာ။ တစ်နေ့ နေဒွန်းအစွမ်းတွေ ခင်ဗျားတို့ ကောင်းကောင်းကြီးသိသွားစေရမယ်"

"နေဒွန်း ဒီသတင်းလုံပါစေနော်၊ ငါကပေးတဲ့သတင်းမှန်း ကိုပန်းဆောင်တို့ ညီအစ်ကိုသုံးဦးသိရင် ငါ့ကိုသတ်မှာကွ"

"စိတ်ချပါကွာ၊ ငါနှုတ်လုံပါတယ်။ မင်း ငါ့ကြောင့် ဘာမှမဖြစ်စေရဘူး"

အချိန်တန်တော့လည်း သူငယ်ချင်းနှစ်ယောက် ကြာကြာမတွေ့ဝံ့တဲ့အတွက် လူချင်းခွဲလိုက်ကြတယ်။

*

နံနက် (၄း၃၀) အချိန်။

နေဒွန်းဟာ ခိုင်းနွားကြီးတစ်ရှဉ်း အစာကျွေးရန်အတွက် အိမ်ပေါ်ကနေ အိမ်အောက်သို့ဆင်းလာတယ်။ အိမ်အရှေ့ဘက်ရှိ နွားတင်းကုပ်ထဲသို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။

တင်းကုပ်ထဲမှာ နွားနှစ်ကောင် မရှိ။ ဒီနွားနှစ်ကောင်ဘယ်ရောက်နေပါလိမ့်။ ကြိုးပြတ်ပြီး အခြားအိမ်တွေများ လျှောက်သွားနေတာလား။

နွားနှစ်ကောင်ချည်တဲ့တိုင်ခြေကို သူကြည့်လိုက်တယ်။ကြိုးပြတ်ရာမတွေ့။ ကြိုးပြတ်ရင် လက်ကျန်ကြိုးစ တိုင်ခြေမှာရှိရမှာပေါ့။ အခုမရှိ။

နေဒွန်းက သူ့အဖေနဲ့ အမေကို နွားကြီးနှစ်ကောင်မရှိကြောင်း အော်ပြောလိုက်တယ်။ သူ့အော်သံကြောင့် အိမ်နီးချင်းတွေသိသွားကြတယ်။

ရွာသားတွေက ရွာထဲမှာ နေဒွန်းတို့ နွားနှစ်ကောင် ရှိ၊ မရှိ ရှာပေးကြတယ်။ မရှိ။ မတွေ့။

ရွာရဲ့မြောက်စပ်မှာ ရွာစည်းရိုးကျိုးကြေနေတာကို တွေ့ကြရတယ်။ နွားခြေရာတွေလည်းတွေ့ကြရတယ်။

ရွာသားတွေဟာ ခြေရာခံပြီး နွားကိုရှာကြတယ်။ ခြေရာတွေက ကျောက်လိုဏ်ဂူစခန်းရှိရာကိုဦးတည်နေတယ်။ စခန်းနားရောက်တဲ့အချိန် ရွာသားတွေဟာ ရှေ့ဆက်မသွားဝံ့တော့။ ရွာသို့ ပြန်လာခဲ့ကြတယ်။

ညိုလုံးရဲ့သတင်းပေးမှုကြောင့် နေဒွန်းရဲ့နွားကို ပန်းဆောင်တို့ ညီနောင်သုံးဦးက ခိုးယူသွားကြောင်း သိခဲ့ရတယ်။

နေဒွန်းဟာ အင်အားချင်းမမျှလို့ ငြိမ်ခံနေရပေမယ့် သူ့ရင်ထဲမှာတော့ အခွင့်အရေးပေးတဲ့တစ်နေ့ လက်စားချေ



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုတာ တွေးထားတယ်။ မကျေနပ်စိတ်ကို ရင်ထဲမှာ မျိုသိပ်ခဲ့တယ်။ သူတို့ကို မုန်းနေတဲ့စိတ်တွေ အင်အားများဖို့ ဆင့်ပွားလာခဲ့ပြန်ပြီ။

*

နေဒွန်း မြို့ပေါ်ကို ရောက်လာခဲ့တယ်။ မြို့ကို ယာယီစောင့်ရှောက်အုပ်ချုပ်နေတဲ့ ရဲဘော်နီတပ်ကို သူအရောက်သွားခဲ့တယ်။ တပ်ဗိုလ်နဲ့ တွေ့ဆုံ စကားပြောခဲ့တယ်။

ရဲဘော်နီတပ်မှ အကြီးဆုံးလူကြီးဖြစ်သူ ဦးဆိုးပေက နေဒွန်း ပေးအပ်တဲ့ လူဆိုးညီနောင်သုံးဖော်ရဲ့ ပြစ်မှုကျူးလွန်မှု စာရင်းမှတ်တမ်းကို သေချာဖတ်ရှုပါတယ်။

**လူဆိုးညီနောင်သုံးဖော်၏ဒုစရိုက်မှုများ**

မြိုင်သာကုန်းမှာ နွား (၁၀) ကောင်၊ ဆိတ် (၁၅) ကောင်၊ သိုး (၉) ကောင်၊ ကြက်ကောင်ရေ များစွာ ခိုးယူသတ်ဖြတ်စားဖူးသည်။

စန်းမြေရွာမှ သူဌေးဦးဝင်းနောင်အိမ်၊ သူဌေးဒေါ်သာအိအိမ်၊ သူဌေးဒေါ်မွဲအိမ် ညအချိန် ဓားပြတိုက်ဖူးသည်။ ရွှေထည်ပစ္စည်းများနှင့် ငွေများ ပါသွားခဲ့သည်။

တစ်ရွာနှင့်တစ်ရွာ ဈေးရောင်းသွားလာနေသော မုဆိုးမ ရုပ်ချောသူ မနှင်းလှကို ကျောက်ဂူစခန်းသို့ အတင်းဆွဲခေါ်လာပြီး အလိုမတူပါဘဲနှင့် သားမယားအဖြစ် ကျူးလွန်ဖူးသည်။

လက်ထုပ်ရွာမှ ခိုင်းနွား (၆) ကောင် ခိုးယူသတ်ဖြတ်စားဖူးသည်။

မြိုင်သာကုန်းရွာမှ ကိုနေဒွန်း၏ မိဘဖြစ်သူ ဦးသာလှိုင်၊ ဒေါ်ပြုံးမယ်တို့၏ ရိတ်သိမ်းတော့မည့် စပါးခင်းများကို ညအချိန် မီးရှို့ဖျက်ဆီးသည်။ ၎င်းတို့ပိုင်သော ခိုင်းနွားနှစ်ကောင်ကို ညအချိန် ခိုးယူပြီး သတ်စားပစ်သည်။

ကျောက်လိုဏ်ဂူစခန်းရှိ နောက်လိုက်တပည့်အချို့ကို ခြေကျိုးလက်ကျိုးအောင် နှိပ်စက်ဖူးသည်။

ချောင်းခြောက်ရွာမှ သူဌေးဦးလှလေးအိမ်ကို ညအချိန် ဓားပြတိုက်နေစဉ် ရွာသားတစ်ဦးကို သေနတ်ဖြင့် ခြောက်လှန့်ရာမှ ခြေလွန်လက်လွန်ဖြစ်ပြီး သေနတ်မှန်ကာ သေဆုံးသွားခဲ့သည်။

*

ရဲဘော်နီတပ်မှ ဦးဆိုးပေဟာ စာရွက်ကို စားပွဲပေါ်သို့ အသာချထားလိုက်တယ်။ နေဒွန်းမျက်နှာကို ကြည့်ပြီး စကားဆိုတယ်။

"လူဆိုးညီနောင်သုံးဖော်တို့ရဲ့ သတင်းကို အခုလို တိတိကျကျ စာရင်းမှတ်သားပြီး လာရောက်ပြောကြားတဲ့အတွက် မောင်နေဒွန်းကို တို့တပ်က ကျေးဇူးတင်ပါတယ်ကွယ်"

"ဒီနေ့ညနေပိုင်းအချိန်မှာ ငါတို့အဖွဲ့တွေ မင်းတို့ မြိုင်သာကုန်းရွာကို လာခဲ့မယ်။ ရွာခံသူကြီးနဲ့ မင်းက ရွာပြင်က စောင့်နေပါ။ မင်းတို့က ငါတို့ကို ကျောက်လိုဏ်ဂူစခန်းရှိတဲ့နေရာကို ဦးဆောင်လမ်းပြပေးပါ"

"ဟုတ်ကဲ့၊ ကျုပ်နဲ့ ရွာသူကြီးတို့ ခင်ဗျားတို့အဖွဲ့ကို ရွာကနေ စောင့်နေပါ့မယ်။ ကျုပ်ကို ရွာပြန်ဖို့ ခွင့်ပြုပါခင်ဗျာ"

"အေးအေး - ကောင်းပါပြီကွယ်"

နေဒွန်းဟာ မြို့မှရွာသို့ပြန်လာခဲ့တယ်။အပြန်လမ်းမှာ သူဒီလိုတွေးလာခဲ့တယ်။

လူဆိုးညီနောင်သုံးဖော်ရေ၊ ဒီနေ့ညနေအချိန်ဟာ ခင်ဗျားတို့ရဲ့ဘဝနေဝင်ချိန်ပဲလို့ မှတ်ယူလိုက်ပါတော့။ ရင်တထိတ်ထိတ်နဲ့ စခန်းကနေ စောင့်နေပေတော့။ ကျုပ်အပေါ်မှာ ခင်ဗျားတို့ အနိုင်ယူခဲ့သမျှ ဒီနေ့တော့ ကျုပ်က ခင်ဗျားတို့ကို အနိုင်ယူတဲ့နေ့ပေါ့ဗျာ။ ဘဝဆိုတာ သာတစ်လှည့်၊နာတစ်လှည့်ပါဗျ။ အမြဲတမ်းချည်း အပေါ်စီးက ရှိမနေပါဘူးဗျာ။

*

ညနေ နေဝင်ဆည်းဆာ အမှောင်ပျိုးစအချိန်မှာ ကျောက်လိုဏ်ဂူစခန်းကို ရဲဘော်နီတပ်တွေနဲ့ မြိုင်သာကုန်းရွာခံလူငယ်တွေက ဝိုင်းဝန်းတိုက်ခိုက်ကြတယ်။ အပြန်အလှန် ပစ်ခတ်မှုတွေရှိခဲ့ကြတယ်။

ကျောက်လိုဏ်စခန်းရှိ ညီနောင်နှစ်ယောက်နဲ့ တပည့်အဖွဲ့ကတွေ လွတ်မြောက် ထွက်ပြေးသွားခဲ့တယ်။ ညီအငယ်ဆုံး ကိုပန်းအောင်နဲ့ တပည့်အချို့ကို ဖမ်းမိခဲ့တယ်။

ရဲဘော်နီတပ်တွေက ကျောက်လိုဏ်ဂူစခန်းရှိ အဆောက်အအုံတွေကို မီးရှို့ဖျက်ဆီးပစ်တယ်။

လူဆိုးခေါင်းဆောင် ကိုပန်းအောင်နဲ့နောက်လိုက်အချို့ကို မြိုင်သာကုန်းရွာသို့ ခေါ်လာခဲ့တယ်။ ရွာရောက်တာနဲ့ ကိုပန်းအောင်ကို ကြိုးတုပ်ထားပြီး ရဲဘော်နီတပ်သားတွေက ထိုးကြကန်ကြတယ်။ စစ်ဆေးမေးမြန်းကြတယ်။

လွတ်မြောက် ထွက်ပြေးသွားတဲ့ ကိုပန်းဆောင်နဲ့ ကိုပန်းမောင်တို့ဟာ သူ တို့ညီလေး ကိုပန်းအောင်ကို ရဲဘော်နီ တပ်သားတွေက အမျိုးမျိုးထိုးကန်နှိပ် စက်ပြီး စစ်ဆေးမေးမြန်းနေကြောင်း သတင်းရသွားခဲ့တယ်။ ဒါ့ကြောင့် သူတို့ နှစ်ယောက်အတွက်နဲ့ သူတို့ညီလေးတစ် ဦးတည်း ညှဉ်းပန်းနှိပ်စက်ခံနေရတာကို အဝေးကနေ မရှုဆိတ်နိုင်အောင်ဖြစ်ခဲ့ ကြတယ်။

သေချင်းသေရင် အတူတူသေ မယ်၊ ခံချင်းခံရရင် အတူတူခံမယ်ဆိုတဲ့ ညီနောင်ချစ်စိတ်ကြောင့် ရဲဘော်နီအဖွဲ့ ရှိရာသို့ သူတို့လာရောက်ပြီးအဖမ်းခံ တယ်။

ရဲဘော်နီအဖွဲ့တွေက ခေါင်းချင်း ဆိုင်ပြီး လူဆိုးခေါင်းဆောင် ညီနောင် သုံးဖော်ကို ဘယ်လိုအပြစ်မျိုးပေးရ ကောင်းမလဲဆိုတာ ဆွေးနွေးကြတယ် တိုင်ပင်ကြတယ်။ တညီတညွတ်တည်း အရှင်လတ်လတ်မြေမြှုပ်ပြီး သတ်ပစ် ဖို့ ထွက်ဆိုကြတယ်။ တောင်းဆိုကြ တယ်။

ရဲဘော်နီအဖွဲ့ခေါင်းဆောင် ဦးဆိုး ပေက မြိုင်သာကုန်းရွာသူရွာသားတွေ ကို အခုလိုပြောပါတယ်။

"နက်ဖြန်နံနက် ရွာထိပ်က မ ကျည်းပင်ကြီးအောက်မှာ လူဆိုးခေါင်း ဆောင် ညီနောင်သုံးဦးကို အရှင်လတ် လတ် မြေမြှုပ်ပြီးသတ်မှာ ဖြစ်ပါတယ် ရွာသူရွာသားတွေ နက်ဖြန်နံနက် ရွာ ထိပ်ထွက်ပြီးလာကြည့်နိုင်ပါတယ်"

လူဆိုးခေါင်းဆောင် ညီနောင်သုံး ဦးကို အရှင်လတ်လတ် မြေမြှုပ်သတ် တော့မယ်ဆိုတော့ ရွာသူရွာသားတွေ မသနားကြပါ။ ဘယ်သူတွေမှလဲ သူ တို့ကို မသတ်ကြဖို့ မတောင်းပန်ကြ သူတို့ထိုက်နဲ့သူတို့လုပ်ခဲ့တဲ့ကံရှိစေ လို့ လျစ်လျူရှုကာ ပစ်ထားကြတယ်

*

မြိုင်သာကုန်းရွာထိပ်ရှိ မန်ကျည်း ပင်ကြီးအောက်မှာ လူသုံးယောက် လျောင်းနိုင်တဲ့ တွင်းကြီးတစ်တွင်း ထားကြတယ်။ တွင်းထိပ်မှာ ညီနောင် သုံးယောက်က မတ်တတ်ရပ်နေ တယ်။ လက်နောက်ပြန်ထားပြီး တွေနဲ့ တစ်ဦးကို တစ်ဦး ချိတ်ဆက် ချည်ထားကြတယ်။

ရဲဘော်နီအဖွဲ့သားတွေ၊ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com

တွေက ညီနောင်သုံးဦးကို ကြည့်နေတယ်။ စကားပြောသံတွေ တိုးတိုး ကျယ်ကျယ်တစ်ဖုံ ကြားနေရတယ်။

ဒီအချိန်မှာ ရွာဦးကျောင်းမှာ ကျောင်းထိုင်နေတဲ့ ဦးပဥ္စင်းဦးသော ဘိတ ရောက်လာခဲ့တယ်။ ရဲဘော်နီ ခေါင်းဆောင် ဦးဆိုးပေနဲ့ စကား ပြောပါတယ်။

"ဒကာကြီး ဦးဆိုးပေရယ်။ ဒီလူ တွေ ဆိုးခဲ့တာလည်းဆိုးခဲ့ပြီးပါပြီ။ ဖြစ်မှုတွေအတွက် ဒီနည်းနဲ့အပြစ် ဘဲ အခြားနည်းနဲ့ အသက်မသေ အောင် အပြစ်ဒဏ်ပေးလို့မရတော့ဘူး ကျုပ်ကတော့ သူတို့သုံးဦးကို သတ်စေချင်ဘူး။ အသက်ချမ်းသာခွင့် စေချင်၊ ရစေချင်တယ်"

ဦးဆိုးပေက ဦးသောဘိတကို အခုလို လျှောက်ထားပါတယ်။

"သူတို့ရဲ့ ပြစ်မှုတွေက များလှပါ တယ်ဘုရား။ သူတို့ကြောင့် အပြစ်မဲ့ သူတွေပိုင်ဆိုင်တဲ့ သက်ရှိသတ္တဝါ တွေ သေခဲ့ရပေါင်းများခဲ့ပါပြီ။ ရွှေ ငွေ ပစ္စည်းတွေ ဆုံးရှုံးပေါင်းများခဲ့ပါပြီ။ လူ သတ္တဝါတွေ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲ ဖြစ်ခဲ့တဲ့အကြိမ်များခဲ့ပါပြီ။

ဒီလိုမှ အပြစ်မပေးရင် နောင် တစ်ချိန် သူတို့ကိုအားကျပြီး လူမိုက် သတ်သစ်တွေ မွေးဖွားလာဦးမှာ၊ ပေါ် ပေါက်လာဦးမှာကို တပည့်တော်တို့ ကြို မြင်နေပါတယ်ဘုရား။

သူတို့နဲ့တန်တဲ့အပြစ်ကို အများ ဆန္ဒရယူပြီးပေးတာပါဘုရား။ ဒီလို အရှင်လတ်လတ် 'မြေမြှုပ်သတ်ပစ်တဲ့ ပြစ်ဒဏ်မှတစ်ပါး အခြားပေးစရာမရှိ တော့ပါဘုရား။ တပည့်တော်တို့ကို နား လည်ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ် ဘုရား"

ဦးသောဘိတဟာ ညီနောင်သုံး ယောက်အတွက် သူရဲ့ ကြိုးစားတောင်း ပန်မှု မအောင်မြင်တဲ့အတွက် မျက်နှာ ညှိုးငယ်သွားတယ်။ ရွာသူရွာသားတွေ ကိုတစ်လှည့်၊ ရဲဘော်နီအဖွဲ့ကိုတစ်လှည့် ကြည့်ပြီး ညီနောင်သုံးဦးဘက်သို့ မျက် နှာမူလိုက်တယ်။

"ကဲ- ကိုလူဆိုးတို့၊ ကိုယ့်မိုက်ပြစ် အတွက် အသက်စတေးပြီး ပေးဆပ်ရ တော့မယ်။ အသက်ရှင်ရမယ့်ကံ မင်းတို့ မှာ မရှိလေတော့ ဦးပဥ္စင်းလည်း ဘာမှ မတတ်နိုင်တော့ဘူး။ မသေခင်လေးမှာ ဘဝကူးကောင်းအောင် အာသန္နကံ ကုသိုလ်တွေရဖို့အတွက် ဦးပဥ္စင်းဆိုတဲ့ အတိုင်း လိုက်ဆိုကြပါ"

ဦးသောဘိတက သရဏဂုံသုံးပါး ကို ရှေ့ကဆိုတယ်။ ညီနောင်သုံးဦးက နောက်ကနေလိုက်ဆိုပါတယ်။

ညီနောင်သုံးဦး သရဏဂုံသုံးပါး ခံယူရွတ်ဆိုပြီးတဲ့အချိန် နေဒွန်းဟာ ရွာ သူရွာသားတွေထဲမှ လူအုပ်ရှေ့သို့ ထိုး ထွက်လာပါတယ်။ ဒါကို ကိုပန်းအောင် က မြင်လိုက်ပါတယ်။

ကိုပန်းအောင်ရဲ့ရင်ထဲမှာ နေဒွန်း မျက်နှာကို မြင်ပြီးပြီးချင်း ဒေါသစိတ်တို့ တစ်ခဏချင်းဖြစ်ပွားသွားခဲ့တယ်။ သရ ဏဂုံခံယူတဲ့ ကုသိုလ်စိတ်နေရာမှာ အကု သိုလ်စိတ်က တစ်မုဟုတ်ချင်း နေရာယူ သွားခဲ့တယ်။ သူ့ရုပ်နဲ့သူ့စိတ်ဟာ ပြောင်း လဲသွားခဲ့ပြီ။

နေဒွန်းမျက်နှာကို လက်ညှိုးနဲ့ထိုး ပြီး တုန်ယင်မောဟိုက်တဲ့အသံနဲ့ ရန် စကားဆိုပါတယ်။

"ဟေ့ကောင် နေဒွန်း၊ မင်းထမင်း ဝဝစားထား။ တစ်နေ့မင်းနဲ့ငါတွေ့မယ်။ မင်းကို ငါသေပေမယ့် မကျေနပ်ဘူး"

ရဲဘော်နီအဖွဲ့မှ ကိုသစ်ဆန်းက ကိုပန်းအောင်ရဲ့ အပြုအမူကြောင့် ဆတ် ခနဲဒေါသတွေထွက်သွားခဲ့တယ်။ ဒေါသ နဲ့အတူ ခါးကြားမှ သေနတ်ဆွဲထုတ်ပြီး စကားပြောရင်းပစ်ထည့်လိုက်တယ်။

"ဟာ- ဒီကောင်၊ သေခါနီးမှာစွာ လှချေလားကွ။ ကဲ - သေပေတော့"

ကိုသစ်ဆန်း လက်ထဲရှိ သေနတ် ထဲမှ ၄၅ ကျည်တစ်တောင့်ဟာ ညာဘက် အစွန်း၊ ၁ မတ်တတ်ရပ်နေတဲ့ ကိုပန်း အော ်ရဲ့ ညာဘက်ပခုံးကို ဒိုင်းခနဲနဲ့ထိ မှန်သွားခဲ့တယ်။ ပခုံးမှသွေးတို့ဖြာခနဲ စီးကျလာခဲ့တယ်။

သေနတ်ကျည်ဆန်ရဲ့ တွန်းကန် အားကြောင့် ကိုပန်းအောင်ဟာ မြေ တွင်းထဲပက်လက်လှန်ကျသွားခဲ့တယ်။ သူလဲကျရာသို့ ကိုပန်းဆောင်နဲ့ ကိုပန်း မောင်တို့ပါ တစ်ပါတည်း မြေတွင်းထဲသို့ ကျသွားခဲ့တယ်။

ဦးဆိုးပေရဲ့ အမိန့်ပေးသံထွက် ပေါ်လာတယ်။

"ကဲ - ရွာသားတွေ၊ လူဆိုးညီ နောင်ကိုမြေဖို့ပြီး အရှင်လတ်လတ် သတ်လိုက်ကြရအောင်ဗျို့"

ညီနောင်သုံးယောက်ရဲ့ မြင်ကွင်း ဆိုးကို ဦးသောဘိတမကြည့်လို။ ဒါ ကြောင့် မျက်နှာအိုအို စိတ်မကောင်းစွာ နဲ့ သူ့ကျောင်းရှိရာကို ထွက်ခွာသွားပါ တယ်။ သွားရင်းလည်းတွေးပါတယ်။

ဩော် - မကောင်းတဲ့အကုသိုလ် ကံတွေဟာ ပြုလုပ်သူကို အခုပစ္စုပ္ပန်ဘဝ မှာပဲ လက်ငင်းအကျိုးပေးနေပါလား။ သတ္တဝါတစ်ခုကံတစ်ခု။ ဘယ်သူမပြု မိမိမှု။ အင်း - သံဝေဂရစရာကောင်း လိုက်ပါဘိတော့။

ရွာသူရွာသားတွေဟာ တစ် ယောက် လက်တစ်ဆုပ်စီ မြေစာတွေ ကို ဆုပ်ကိုင်ပြီး တွင်းထဲကို ပစ်ချလိုက် ကြတယ်။

မြေစာမြေမှုန်တွေဟာ တွင်းထဲ သို့ တဖွားဖွားတဖုတ်ဖုတ်နဲ့ကျသွားကြ တယ်။

ညီနောင်သုံးဦးရဲ့ ပါးစပ်ထဲ၊ နှာခေါင်းထဲ၊ နားထဲ၊ မျက်လုံးထဲကို သဲ တွေ၊ မြေမှုန့်တွေ တရစပ်ဝင်လာနေပြီ။ သူတို့ အသက်ရှူကျပ်လာတယ်။ ဘယ် လိုမှလဲ ရုန်းလို့ကန်လို့မရတော့။

သူတို့သုံးဦးဟာ ဦးသောဘိတရဲ့ သရဏဂုံသုံးပါးရွတ်ဆိုပေးမှုကို တစ် လှည့်၊ သူတို့ရဲ့ရန်သူဖြစ်တဲ့ နေဒွန်းကို တစ်လှည့် သတိရအမှတ်ရနေကြတယ်။

သရဏဂုံသုံးပါးကို အမှတ်ရနေ စဉ်မှာ ကုသိုလ်စိတ်ဖြစ်ခဲ့ကြတယ်။ နေ ဒွန်းကို အမှတ်ရနေစဉ်မှာ ဒေါသစိတ်၊ အကုသိုလ်စိတ်ဖြစ်ခဲ့ကြ၏။ သူတို့သုံးဦး ရဲ့ရင်ထဲမှာ ကောင်းစိတ်၊ မကောင်းစိတ် တို့ တစ်လှည့်စီဖြစ်သွားခဲ့တယ်။ အဲဒီလို နဲ့ သူတို့သုံးဦးရဲ့ ရုပ်နဲ့စိတ်ဟာ မြေကြီး ထဲမှာပဲ တစ်ဘဝအတွက် နိဂုံးချုပ်သွား ခဲ့ပါတယ်။

*

မြိုင်သာကုန်းရွာမှာ မင်္ဂလာဆောင်ခဲ ပွဲရှိတယ်။ မောင်နေဒွန်းနဲ့ မသဲဥဖြူတို့ရဲ့ မင်္ဂလာဆောင်ခဲပွဲဖြစ်ပါတယ်။

မောင်နေဒွန်းရဲ့ မိဘတွေက တစ်ရွာလုံးကို မီးခိုးတိတ် ဝက်သားနဲ့ ကျွေးပါတယ်။

မင်္ဂလာမောင်နှံနှစ်ဦးတို့ ရွာဦး ကျောင်းကို အဆုံးအမခံယူရန်အတွက် ဆွမ်းချိုင့်ဆွဲကာရောက်ခဲ့ကြတယ်။

ဦးသောဘိတက သူတို့နှစ်ဦးကို ဆုံးမစကားပြောပေးပါတယ်။ သူတို့က လက်အုပ်လေးတွေချီပြီး နားထောင်နေ ကြတယ်။

"အိမ်ထောင်ပြုတယ်ဆိုတာ သူ တာဝန်တစ်ဝက်ကို ကိုယ်ကယူပြီး ကိုယ့် တာဝန်တစ်ဝက်ကို ကိုယ်ကယူကြရ တယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုလိုက်ပြီဆိုကတည်းက ကိုယ့်အမျိုးအနွယ်ကို မတိမ်ကောမပျောက်ပျက်အောင် စောင့်ရှောက်ပြီးသားလည်း ဖြစ်သွားတယ်။

အိမ်ထောင်ပြုပြီးအချိန်မှာ သမီးရည်းစားဘဝကလို အပြန်အလှန် နားလည်မှုရှိခြင်းထက် ပိုပြီးနားလည်မှုရှိရတယ်။ ဒါမှ အစစအရာရာ အဆင်ပြေချောမွေ့မှာ ဖြစ်တယ်။

ကိုယ့်မိသားစုပြဿနာဖြစ်မယ့် သတင်းတွေ၊ စိတ်ဆင်းရဲဖြစ်စေမယ့် အကြောင်းတွေကို အပြင်ကနေ အတွင်းကို သယ်မလာရဘူး။ သိပေမယ့် မပြောဘဲနေသင့်ရင် နေပေးရတယ်။

ဒီလိုပဲ ကိုယ့်မိသားစုရဲ့ အတွင်းရေးကိစ္စတွေကို အပြင်ကလူတွေ မသိသင့်တာ မသိရအောင် မပြောသင့်ရင် မပြောနဲ့ပေါ့။ ပြောသင့်ရင်ပြောပေးပေါ့။

ချစ်လို့ လက်ထပ်တာဖြစ်ပေမယ့် နှစ်ဦးအနေကြာလာတဲ့အခါမှာ တစ်ဦးအကြောင်းတစ်ဦး အသေးစိတ်သိလာပြီးတဲ့အချိန်မှာ သူ့အပြစ်၊ ကိုယ့်အပြစ်ကလေးတွေကို မြင်လာတတ်ကြတယ်။ ဒီအခါမှာ နှလုံးသွင်းကောင်းကောင်းထားပြီး အပြစ်တွေကို အချစ်နဲ့ဖုံးပြီး ကြင်နာမြဲကြင်နာရမယ်။

ဒကာလေး၊ ဒကာမလေးတို့က ဗုဒ္ဓဘာသာဝင်တွေဆိုတော့ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်သုခခံစားရေး ဒါတွေကို တစ်ဖက်ကလုပ်ရင်း တစ်ဖက်ကလည်း မြတ်စွာဘုရားအဆုံးအမအတိုင်း ကုသိုလ်အလုပ်တွေ ပြုလုပ်ပေးရမယ်။

ဘုရားဆွမ်းကပ်တာ၊သံဃာဆွမ်းကပ်တာ၊ အမေ၊ အဖေတွေကို ပစ္စည်းနဲ့ကန်တော့တာ၊ လူကြီးသူမတွေကို အင်္ကျီ၊ ပုဆိုး၊ လုံချည်၊ မုန့်တွေနဲ့ ကန်တော့တာ၊ ငါးပါးသီလမြဲအောင် စောင့်ထိန်းတာ၊ မေတ္တာပို့တာ၊ ဘုရားဂုဏ်တော်ပွားတာ၊ ပရိတ်ကြီး၊ ပဋ္ဌာန်းရွတ်တာ ဒါတွေ ပြုလုပ်ပေးရမယ်။

အနာဂတ်မှာ မွေးဖွားလာမယ့် ရင်သွေးလေးတွေကို မိဘမေတ္တာအပြည့်နဲ့ ပြုစုစောင့်ရှောက်ပေးတာ၊ ကျောင်းထားပေးတာ၊ လိမ္မာအောင် ဆိုဆုံးမပေးတာ ဒါတွေကိုလည်း ပြုလုပ်ပေးရမယ်။

ကဲ-မင်းတို့လည်း ငါ့ရှေ့မှာထိုင်ရတာ ညောင်းနေရောပေါ့။ အဆုံးအမခံယူတာ ဒီလောက်ဆို ကျေနပ်ကြပေါ့ကွာ။ ပြန်ကြဦးကွယ်"

မောင်နေဒွန်းနဲ့ မသဲဥဖြူတို့က ဦးသောဘိတကို ရှိခိုးဦးချပြီး ရွာထဲသို့ ပြန်သွားကြပါတယ်။

*

အိမ်အနောက်ခန်းထဲက အရပ်လက်သည် ဒေါ်ဖွားနှစ်ရဲ့ ဝမ်းသာအားရ အော်သံဟာ အရှေ့ခန်းထဲသို့ ပျံ့လွင့်လာတယ်။

"နေဒွန်းရေ သားယောက်ျားလေး မွေးပြီဟေ့။ ယောက်ျားလေးမှ သုံးယောက်တောင်ပဲ သုံးမြွှာပူးလေးတော့"

အိမ်ဦးခန်းမှာ သူ့ချစ်ဇနီး သဲဥဖြူမှ ယောက်ျားလေးမွေးမှာလား၊ မိန်းကလေးမွေးမှာလား သိချင်တဲ့စိတ်၊ စိုးရိမ်စိတ်နဲ့ စောင့်စားနေတဲ့ ကိုနေဒွန်းဟာ ဒေါ်ဖွားနှစ်ရဲ့ အသိပေးပြောကြားတဲ့ အသံကြောင့် မီးနေခန်းထဲ ပြေးဝင်လာတယ်။

ဖြူဖြူဖွေးဖွေး ကျားကျားလျားလျား ကျစ်ကျစ်လစ်လစ် သန်သန်မာမာ သားသုံးယောက်ကို ကိုနေဒွန်း မြင်ပြီးလိုက်တဲ့အချိန်မှာ သူ့စိတ်တွေက ဖခင်မေတ္တာဖြစ်ပွားမလာဘဲ ဒေါသစိတ်၊ မုန်းတီးစိတ်တို့ တလိပ်လိပ်နဲ့ ရင်ခေါင်းထဲကနေ ထိုးထွက်လာတယ်။ ဖျတ်ခနဲဆိုမဆီမဆိုင် အတိတ်က ရန်သူဖြစ်ခဲ့ဖူးတဲ့ ကိုပန်းဆောင်တို့ ညီနောင်သုံးယောက်ရဲ့ မျက်နှာတွေကို သူ မြင်ယောင်ခဲ့ပြန်တယ်။ သူ့စိတ်ရဲ့ ပြောင်းလဲမှုဖြစ်စဉ်ကို သူကိုယ်တိုင် အံ့ဩမှုဖြစ်ခဲ့ရပြီ။

မုန်းတီးစိတ်၊ ဒေါသစိတ်တို့ရဲ့ စေ့ဆော်၊ တိုက်တွန်း၊ ပင့်တင်ပေးမှုကြောင့် ကိုနေဒွန်းဟာ အိမ်ရှေ့ထရံမှာ ခိုဘ်ဆွဲထားတဲ့ ဓားအိမ်ထဲက ငှက်ကြီးတောင်ဓားရှည်ကို ဆွဲထုတ်ယူလိုက်တယ်

"သတ်မယ်၊ သတ်မယ် ငါရှင်မထားဘူး။ သင်းတို့မျက်နှာတွေ မမြင်ချင်ဘူး"

ကိုနေဒွန်းဟာ ဒေါသနဲ့အော်ဟစ်ပြီး မီးနေခန်းဘက်သို့ ပြေးသွားတယ်။

ကိုနေဒွန်းရဲ့ ဘီလူးသဘက် စီးဝင်နေသလို ခက်ထန်ကြမ်းတမ်းတဲ့ အပြုအမူကြောင့် မသဲဥဖြူကို ပြုစုနေကြတဲ့ မိန်းမတွေဟာ အထိတ်တလန့်နဲ့ အော်ဟစ်လိုက်ကြတယ်။

"ဟဲ့ ဟဲ့ - လုပ်ကြပါဦး။ ဒီမှာ နေဒွန်းက ကလေးတွေကိုသတ်မလို့တဲ့။ လာဆွဲကြပါဦး"

မိန်းမတစ်စုက ပြောလည်းပြော၊ မီးဖိုခန်းတံခါးကို ပိတ်ထားလိုက်ကြတယ်။

အိမ်ပေါ်သို့ အိမ်နားနီးချင်း အမျိုးသားတွေ ပြေးတက်လာတယ်။

"ဟာ- နေဒွန်း၊ အဲဒီလိုဓားကြီးနဲ့ စိတ်လိုက်မာန်ပါမလုပ်နဲ့လေကွာ။ ကိုယ့်ရင်သွေးကို သတ်ရမယ်လို့။ အရပ်ထဲမှာ အများကြားလို့တောင် မတော်ပါဘူးကွာ။ မင်းဓားကြီးကို လွှင့်ပစ်လိုက်စမ်းပါ"

ကိုနေဒွန်းက ဒေါသနဲ့ အော်ဟစ်ပြန်တယ်။

"ဒေါ်ဖွားနှစ် တံခါးဖွင့်ပေးပါ။ ဒီကောင်သုံးကောင်ကို ကျုပ်သတ်မယ်။ မုန်းတယ်။ မမြင်ချင်ဘူး"

ညီအစ်ကိုတစ်ဝမ်းကွဲ ကိုမျိုးမြင့်က ကိုနေဒွန်းကို သတိပေးစကားပြောနေတယ်။

"နေဒွန်း သတိထားလေကွာ။ ဒီကလေးတွေက မင်းသားတွေလေကွာ။ မင်းရန်သူတွေမှ မဟုတ်တာ။ မင်းသားတွေဆိုတော့ ဖခင်ဝတ္တရားရှိတဲ့အတိုင်း ပြုစုစောင့်ရှောက်ပေးရမှာ မင်းတာဝန်ကွ။ သတ်မိရင် မင်းမှားလိမ့်မယ်နော်။ နောင်မှ နောင်တတွေဖြစ်နေလိမ့်မယ်"

ကိုနေဒွန်းဟာ ဘယ်သူ့ပြောစကားမှနားမထောင်။ ကလေးငယ်သုံးယောက်ကို သတ်မယ်တာကဲကဲဖြစ်နေတယ်။ လက်ထဲမှ ငှက်ကြီးတောင်ဓားရှည်ကိုမချ။ အိမ်ရှေ့ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတယ်။ဒေါသအခိုးဝေတဲ့ မျက်ဝန်းတွေနဲ့ မီးနေခန်းဘက်ကို မကြာမကြာကြည့်နေတယ်။

ရွာသားတစ်ဦးရဲ့ သတင်းပေးမှုကြောင့် ရွာဦးကျောင်းဆရာတော် ဦးသောဘိတဟာ သက်န်းဖိုသီဖတ်သီ ဖိုးရိုးဖားရားနဲ့ နေဒွန်းအိမ်ဝိုင်းထဲသို့ ခပ်သွက်သွက် ကြွဝင်လာတယ်။

နေဒွန်းဟာ ဆရာတော်ဦးသောဘိတကို မြင်တာနဲ့ လမ်းလျှောက်နေတာကို ရပ်လိုက်တယ်။ အိမ်ရှေ့ခန်းမှာ ထိုင်ချလိုက်တယ်။ ဓားရှည်ကို ဘေးမှာ အသာချထားပြီး ဦးသောဘိတကို ရှိခိုးပါတယ်။

ဦးသောဘိတက အိမ်ရှေ့ခန်းမှာ တင်ပျဉ်ခွေထိုင်လိုက်တယ်။ နေဒွန်းရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး စကားဆိုလိုက်တယ်။

"ဒကာ၊ ဘယ်လိုဖြစ်နေတာလဲကွယ့်။ ရှေးရေစက်ကြောင့် ဒီကလေးတွေ ဒကာတို့အိမ်မှာ လူလာဖြစ်ကြတာ။ ကိုယ့်ရင်မှဖြစ်တဲ့ရင်သွေးတွေပဲ။ ဖခင်မေတ္တာထားမှပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒကာကိုယ့်ဒကာပြန်စဉ်းစားပါ။ ဒီလိုစိတ်မျိုးတွေဘာကြောင့်ဖြစ်နေရတာလဲဆိုတာတွေးပါ။

လောကမှာ လူတွေ တွေးလို့မရအောင် အံ့သြဖွယ်ဖြစ်စဉ်တွေ မကြာခဏဖြစ်လာတတ်၊တွေ့လာတတ်တယ်ကွယ့်။ အခု ဒကာရဲ့ဖြစ်စဉ်ကလည်း ငါ့အသက်ရှင်စဉ်ကာလတစ်လျှောက်မှာ တစ်ခါမှ မကြားဘူးတဲ့ အံ့သြဖွယ်ဖြစ်စဉ်ပါပဲကွယ်။

ဒီလိုဖြစ်လာရတာ အကြောင်းတော့ရှိရမှာပေါ့။ ဒီအကြောင်းကို ဒကာနဲ့ ကျုပ်တို့စဉ်းစားရမယ်။

ဒကာ စိတ်က ရှေ့ဆောင်တိုင်း ဒီကလေးတွေကို မသတ်ပါနဲ့။ ဒကာ့စိတ်ကို သေချာအကဲခတ်ပြီး ဘာဖြစ်လို့ ဒီလိုသတ်ချင်တဲ့စိတ်တွေ ဖြစ်နေရတာလဲဆိုတာ အဖြေမှန်ရအောင် တွေးပါဦး။

အပြစ်မရှိတဲ့၊ဘာမှနားမလည်တဲ့ ဒီကလေးငယ်တွေကို ဒကာကစိတ်လိုက်မာန်ပါနဲ့ သတ်မိရင်တော့ ဒကာမှားမှာသေချာတယ်။

ကဲ - ကျုပ်ကို မသတ်ပါဘူးလို့ ကတိပေးကွာ။ ဒီကတိမပေးရင်တော့ ကျုပ်လည်း ကျောင်းပြန်မကြွတော့ဘူး။ ဒကာ့ကို စောင့်ကြည့်နေရလိမ့်မယ်"

နေဒွန်း အဝေးကို ငေးကြည့်နေတယ်။ ပြီးတော့ ဟင်းခနဲ သက်ပြင်းချတယ်။

တပည့်တော် သူတို့ကိုမြင်မြင်ချင်း သတ်ချင်လို့မရတာ အမှန်ပါဘုရား။ သတ်ချင်လောက်အောင် မုန်းတဲ့စိတ်တွေ ဖြစ်ခဲ့တာအမှန်ပါဘုရား။ တပည့်တော်ရဲ့စိတ်ကို တပည့်တော် သတိနဲ့ နှိပ်ကွပ်နေပါ့မယ်ဘုရား။ မသတ်ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ကျောင်းကိုသာ ပြန်ကြွပါဘုရား။ သူတို့အတွက်နဲ့ သောကမဖြစ်ပါနဲ့ဘုရား။ တပည့်တော် သူတို့ကို မသတ်ဖို့ ကတိပေးပါတယ်ဘုရား"

ဦးသောဘိတက ကိုမျိုးမြင့်ကို လက်ရိပ်ပြလိုက်တယ်။ ဓားရှည်ကို မေးငေါ့ပြလိုက်တယ်။

ကိုမျိုးမြင့်က ကိုနေဒွန်းအနီးရှိ သတ်ကြီးတောင်ဓားရှည်ကို ကောက်ယူပြီး အိမ်ရှေ့ထရံရှိ ဓားအိမ်ထဲကို ပြန်သွင်းထိုးထားလိုက်တယ်။

ဦးသောဘိတရဲ့အသံ ထွက်ပေါ်လာတယ်။

"ဒီကလေးသုံးယောက်အတွက် စိတ်အေးပါရစေ။ ဒကာ့ရဲ့ ဆူဆူပူပူ ခြိမ်းခြောက်တဲ့အသံ မကြားချင်ဘူး။ ကတိတည်ပါစေ"

ဦးသောဘိတ အိမ်ပေါ်ကနေ ဆင်းပြီး ကျောင်းသို့ ပြန်ကြွသွားပါတယ်။

မသဲဥဖြူဟာ သူ့သားငယ်သုံးယောက်ကို စေ့စေ့ကြည့်တယ်။ ကြည့်ရင်းကြည့်ရင်း ကလေးငယ်တစ်ဦးရဲ့ ညာဘက်လက်မောင်းပေါ်က အနီစက်အမှတ်အသားတစ်ခုကို သတိပြုမိသွားတယ်။ ဖျတ်ခနဲဆို သူ့စိတ်တွေက အတိတ်ကပုံရိပ်တွေကို သတိရသွားတယ်။ ညာဘက်လက်မောင်း သေနတ်မှန်ပြီး မြေတွင်းထဲ ပက်လက်လှန်ကျသွားတဲ့ ကိုပန်းအောင်ရဲ့ပုံရိပ်နဲ့ အခု ကလေးငယ်ရဲ့ ညာဘက် လက်မောင်းပေါ်က အမှတ်အသား တိုက်ဆိုင်တာ ဖြစ်ပါစေ။ ဆက်စပ်တွေးရင်း ကလေးငယ်သုံးဦးအပေါ်ကို မိခင်မေတ္တာ ယိုစိမ့်ရမယ့်အစား အမုန်းဆူးတွေ ရှန်းကန်ထွက်ပေါ်လာခဲ့တယ်။ အမှတ်မထင် သူမနှုတ်ဖျားက ခါးသီးတဲ့ အမုန်းစကားလုံးတွေ ခုန်ထွက်ခဲ့တယ်။

"ကျုပ် ဒီကောင်သုံးကောင်ကိုရှို့ မတိုက်နိုင်ဘူး။ မြင်လည်းမမြင်ချင်ဘူး။ အခြားသင့်တော်ရာကို ခေါ်သွားကြပါတော်"

ဒေါ်ဖွားနှစ်ရဲ့ တောင်းပန်စကားတိုက်တွန်းစကားတွေဟာ မသဲဥဖြူရဲ့ နားထဲကိုမဝင်။ သူရင်သွေးတွေကို နို့ချိုလုံးဝမတိုက်ပါ။ ပွေ့ချီဖို့ဝေးစွ။ လှည့်ပင်မကြည့် တော့။

ကိုနေဒွန်းနဲ့ မသဲဥဖြူတို့ရဲ့ဆွေမျိုးတွေက သူတို့အိမ်သို့ ကလေးငယ်သုံးယောက်ကို ခေါ်သွားကြတယ်။ နို့မုန့်ဘူးဖျော်တိုက်ပြီး ပြုစုစောင့်ရှောက်ပေးကြတယ်။

ကလေးငယ်သုံးယောက် လေးနှစ်သားရှိတဲ့အချိန် ကိုနေဒွန်းစိတ်တွေ ပြောင်းလဲလာခဲ့တယ်။ ဦးသောဘိတကို ပေးထားတဲ့ကတိ မေ့လျော့သွားတယ်။

ညနေချိန်ဆိုရင် ကိုနေဒွန်းက ထန်းရည်သောက်တယ်။ မူးလာရင် ငှက်ကြီးတောင်ဓားရှည်ကို ဆွဲကိုင်ပြီး ကလေးငယ်သုံးဦးကို သတ်ဖို့ အမှောင်ထဲကနေ ချောင်းမြောင်းနေတတ်တယ်။

အစကတော့ ကိုနေဒွန်းရဲ့ အပြုအမူကို ရွာသားတွေ မသိကြ။ ကြာလာတော့ ကိုနေဒွန်းရဲ့မရိုးသားတဲ့ အပြုအမူကို ရိပ်မိသိရှိသွားကြတယ်။

ကလေးငယ်သုံးယောက်ကို ပြုစုစောင့်ရှောက်ပေးနေတဲ့ ကိုနေဒွန်း၊ မသဲဥဖြူတို့ရဲ့ ဆွေမျိုးတွေက ကလေးသုံးယောက်အတွက် စိုးရိမ်နေကြတယ်။ သူတို့က ဒီကလေးသုံးယောက်ကို အချိန်ပြည့်စောင့်မကြည့်နိုင်။ သူတို့တောထဲသို့ အလုပ်သွားလုပ်နေစဉ် နေဒွန်းက သူတို့လေးတွေကို သတ်ပစ်မှာ တွေးပူနေကြတယ်။

ကလေးငယ်သုံးယောက်ကို ရွာမှာ မထားလိုကြတော့။ မထားရဲကြတော့။ ဆွေမျိုးတွေအားလုံး ခေါင်းချင်းဆိုင်တိုင်ပင်ပြီး ဦးသောဘိတကို အပြီးအပိုင် လှူလိုက်ကြတယ်။

ကလေးငယ်သုံးယောက် ကျောင်းရောက်သွားတဲ့အချိန်ကျမှ ခေတ္တမွေးစားမိခင်၊ ဖခင်တွေရဲ့ ရင်ထဲက စိုးရိမ်ခြင်းစိတ်တွေ ပြေပျောက်သွားခဲ့တယ်။

ဦးသောဘိတက မိခင်မေတ္တာ ငတ်နေရှာတဲ့ ကလေးသုံးယောက်ကို မိဘလိုတစ်မျိုး၊ ဆရာလိုတစ်ဖုံ ပြုစုစောင့်ရှောက်ပေးခဲ့တယ်။

ကျောင်းရောက်သွားတဲ့ ကလေးငယ်သုံးယောက်ကို ကိုနေဒွန်းက ရန်မပြုဝံ့တော့။ ဦးသောဘိတရဲ့ မွေးစားသားတွေ ဖြစ်သွားတဲ့အတွက် သူ့ရဲ့သတ်မယ့်အကြံကို စွန့်လွှတ်လိုက်တယ်။

ကျောင်းကို သူတို့လင်မယား မလာကြ။ ကိစ္စရှိရင် အခြားသူများကို စေလွှတ်ပြီး ဆောင်ရွက်စေတယ်။

ဦးသောဘိတဟာ ကျောင်းကြီးအပေါ်ထပ်ကနေ သူ့မွေးစားသားသုံးယောက်ကို တစိမ့်စိမ့်နဲ့ ကြည့်နေတယ်။ ငါးနှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ကျော်သင်း၊ ကျော်လင်း၊ ကျော်ချင်းတို့ရဲ့ ပြောစကားသံတွေကို နားစွင့်နေတယ်။

ကျော်သင်းက ကျောင်းဝိုင်း အတွင်းရှိ ငှက်ပျောပင်ကို လက်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကန်တယ်။ သူညီနှစ်ယောက်ကိုကြည့်ပြီး ဒေါသနဲ့ ပြောဆိုနေတယ်။

"သတ်မယ်ကွ၊ သတ်မယ်၊ ငါတို့ကို ရဲဘော်နီလက်ထဲအပ်တဲ့အကောင်၊ နေဒွန်းဆိုတဲ့ကောင် အားမွေးထားဟေ့"

ညီအငယ်ဆုံး ကျော်ချင်းရဲ့အသံ ထွက်လာပြန်တယ်။ မြေကြီးကို ဖနောင့်နဲ့ပေါက်၊ ရွာဘက်ကိုကြည့်ပြီး ဒေါသနဲ့ အော်ပြောတယ်။

"ထမင်းဝဝစားထားပေါ့ နေဒွန်းရေ။ ဒီတစ်ကြိမ် မင်းသေရမယ့် အလှည့်ကွ။ ငါတို့ ညီအစ်ကိုသုံးဦး အသေဆိုးနဲ့ သေခဲ့ရသလို မင်းလည်း အသေဆိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

သေစေရမယ်ကွ"

ညီအလတ်ဖြစ်သူ ကျော်လင်းရဲ့ အသံ ကြားရပြန်ပြီ။ လက်သီးလက် မောင်းတန်းတယ်။ အံကြိတ်တယ်။ တောက်ခေါက်တယ်။

"ရန်ကြွေးဆပ်မယ့်ပွဲကွ။ ငါတို့ ကြီးလာတဲ့အချိန်အထိ မင်းအသက် မသေပါစေနဲ့လို့ ဆုတောင်းပါတယ်ကွာ"

ဦးသောဘိတဟာ ကလေးသုံး ယောက်ရဲ့ လူကြီးဟန်အပြည့်နဲ့ မာန် ပါပါပြောနေတဲ့ စကားတွေကြောင့် ရင် တုန်ပန်းတုန်ဖြစ်သွားတယ်။ အထိတ်တ လန့်နဲ့ မျက်လုံးပြူးကျယ်ဝိုင်းသွားတယ်။

လူဆိုးညီနောင် ပန်းဆောင်၊ ပန်း မောင်၊ ပန်းအောင်တို့ အမြွာညီနောင် လူဝင်စားလာဖြစ်တာပါလားဆိုတာ သိ ရှိသွားခဲ့ပြီ။

ကိုနေခွန်းနဲ့ မသဲဥဖြူတို့ သူတို့ရင် သွေးတွေကို မြင်မြင်ချင်း အချစ်မဝင်ဘဲ အပြစ်မြင် အမုန်းဝင်နေတဲ့ အကြောင်း တရားကို ဦးသောဘိတ မကြာမကြာ အဖြေမှန်ရအောင် အတွေးဝင်ခဲ့တယ်။ အဖြေမှန် မရခဲ့။ အခုတော့ အဖြေမှန် ရသွားခဲ့ပြီ။ အတိတ်က ရန်သူတွေဖြစ်လို့ မချစ်မကြင် အမုန်းဝင်ခဲ့တာပါလား။ အကုသိုလ်တရားတွေဟာ ကောင်းကျိုး မပေး ဆိုးကျိုးသာပေးစမြဲ။ မိဘနဲ့ သား တွေကြားမှာ အမုန်းစည်းခြားစေခဲ့တယ်။

ကျောင်းပေါ်မှဦးသောဘိတဆင်း လာခဲ့တယ်။ ကလေးငယ်ထံ လျှောက် သွားတယ်။ ကလေးတွေကို ပြုံးပြုံးလေး ကြည့်ပြီး စကားဆိုတယ်။

"ဟေ့ - မင်းတို့က နေခွန်းကို သတ်မယ်ဆိုတော့ ဘာနဲ့သတ်မှာလဲကွ"

ကျော်သင်းအသံ ထွက်ပေါ်လာ တယ်။

"ဟာ - ဘုန်းဘုန်းကလည်း၊ သေ နတ်နဲ့ သတ်မှာပေါ့ ဘုရား"

ဦးသောဘိတက ပြုံးရယ်ပြီး စကားဆိုပြန်တယ်။

"ဟ - မင်းတို့ကလည်း သူများ ကြားလို့ ရယ်နေပါဦးမယ်ကွယ်။ ဘယ် မှာလဲ သေနတ်။ မင်းတို့လက်ထဲမှာ သေနတ်နဲ့တူတာဆိုလို့ ပလတ်စတစ် သေနတ်တောင်ရှိတာမဟုတ်ဘူး"

ဦးသောဘိတရဲ့ ခနဲ့တဲ့တဲ့စကား ကြောင့် ကလေးငယ်တွေရဲ့ မျက်နှာဟာ တည်သွား၊ တင်းသွားကြတယ်။ အကြီး ဆုံးကောင် ကျော်သင်းက လူကြီးဟန်နဲ့ ပြောနေပါပြီ။

"ရွာအနောက်ဘက်သုသာန်ထဲ မှာ မြှုပ်ထားတယ် ဘုရား"

ညီလတ်ဖြစ်သူ ကျော်လင်းက လည်း ထောက်ခံတယ်။

"ဟုတ်တယ်၊ ရှိတယ် ဘုရား"

ဦးသောဘိတက ကျောင်းရှိ ကပ္ပိ ယကြီး ဦးသာကျော်ကို မြိုင်သာကုန်းရွာ ထဲရှိ ရွာသူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေ အခေါ် လွှတ်လိုက်တယ်။

ရွာသူကြီး ဦးဘကောင်းနဲ့ ဆယ် အိမ်ခေါင်းတွေ ကျောင်းရောက်လာကြ တယ်။

"ဒကာကြီးဦးဘကောင်း သုသာန် သွားရအောင်ဗျာ"

သူကြီးဦးဘကောင်း နားမလည် ပါးမလည် နားဝေတိမ်တောင်ဖြစ်နေ တယ်။

"အရှင်ဘုရား၊ သုသာန်ကြွရ အောင်။ ဟို-သုသာန်မှာအသုဘရှုစရာ ရှိတယ်လို့ မကြားမိပါ ဘုရား"

ဦးသောဘိတက ဦးဘကောင်းကို အပြစ်တင်တယ်။

"ဟာ-ဦးဘကောင်းကလည်းဗျာ၊ သုသာန်ကို အသုဘရှိမှ ကြွကောင်း သတဲ့လား။ အခုက အသုဘရှုဖို့ ကြွဖို့ မဟုတ်ဘူး။ လာဗျာ၊ ဟိုရောက်ရင် အား လုံး သိကြမှာပါ"

ဦးသောဘိတ၊ ဦးဘကောင်းနဲ့ ဆယ်အိမ်ခေါင်းတွေ၊ ကပ္ပိယကြီးနဲ့ သုံး မြွာညီနောင်တို့ သုသာန်သို့ ပေါက်ပြား၊ သံတူရွင်းတွေ ကိုင်ဆောင်ပြီး ချီတက်ကြ တယ်။

သုသာန်သို့ အားလုံးရောက်ကြ ပြီ။

သုသာန်မြေဟာ အုတ်ဂူဟောင်း တွေ၊ အုတ်ဂူအသစ်တွေ၊ မြေစာ တွေ၊ မန်ကျည်းပင်၊ ထနောင်းပင်၊ ပြောင် ကြတ်ပင်၊ ဒဟတ်ပင်တွေနဲ့ ရှုပ်ထွေးနေ ပါတယ်။

ဦးသောဘိတက အုတ်ဂူဟောင်း တွေကိုတစ်လှည့်၊ ကျော်သင်း၊ ကျော် လင်း၊ ကျော်ချင်းတို့ မျက်နှာတွေကိုတစ် လှည့်ကြည့်ပြီး အမေးစကားဆိုပါတယ်။

"ဟေ့ - ကျော်သင်းတို့၊ မင်းတို့ရဲ့ သေနတ်တွေ ဘယ်ဂူနားမှာမြေမြှုပ်ဝှက် ထားတာလဲ။ ပြဟေ့၊ ပြောဟေ့"

ကျော်သင်းက သုသာန်အလယ် အုတ်ဂူဟောင်းကြီး ရှိရာသို့ အားလုံးကို ဦးဆောင်ပြီး ခေါ် သွားတယ်။

"ဒီဂူဟောင်းကြီးရဲ့အခြေကို တူး ပါဘုရား။ သေနတ်တွေတွေ့ပါလိမ့်မယ်"

ဆယ်အိမ်ခေါင်းတွေက ကျော် လင်းပြတဲ့နေရာကို မယ်ဦးတစ်ဝက်၊ ယုံ တစ်ဝက်နဲ့ စိတ်မပါတပါ ပေါက်ပြား၊ သံ တူရွင်းနဲ့ တူးပါတယ်။ ပေါက်ပါတယ်။

တစ်တောင်ကျော်လောက် မြေ အနက်ရှိတဲ့အချိန် ပေါက်ပြားနဲ့ မာ ကျောတဲ့အရာတစ်ခုကို ထိခတ်မိသွား တယ်။ လက်ခနဲ မီးပွင့်သွားတယ်။

ဆယ်အိမ်ခေါင်းတွေ အားတက် လာပြီး မြေကြီးထဲက မာကျောတဲ့ အရာ ဝတ္ထုကို သံတူရွင်းနဲ့ကန့်လန့်ပြီးဖွင့်လိုက် တယ်။ သေတ္တာထဲမှာ အကောင်းပကတိ ရှိနေတဲ့ သေနတ်ငါးလက်နဲ့ ကျည်ဆန် တွေ။

ကြည့်နေသူတွေအားလုံး အံ့ဩ ကုန်ကြတယ်။

အမြွာညီနောင်တွေက တစ်ချိန် က လူဆိုးညီနောင်သုံးယောက်ဖြစ်ခဲ့တာ ဦးသောဘိတ ပိုပြီးယုံကြည်သွားပြီ။

ဦးသောဘိတက သေနတ်နဲ့ ကျည်ဆန်တွေကို ဦးဘကောင်းကို အပ် လိုက်တယ်။ ဦးဘကောင်းက သေနတ်နဲ့ ကျည်ဆန်တွေကို မြို့နယ်တာဝန်ရှိသူ တွေထံသို့ စာရင်းဇယား၊ သက်သေ တွေ့ပုံတွေ့နည်းတွေ သေချာပြောပြပြီး အပ်နှံလိုက်ပါတယ်။

*

မြိုင်သာကုန်းရွာထိပ်ရှိ ဘုန်းကြီး ကျောင်းဟာ အမှောင်ကမ္ဘာလာအောက် မှာ ငြိမ်သက်တိတ်ဆိတ်နေပါတယ်။

ဦးသောဘိတက အမြွာညီနောင် ရဲ့ ဝတ်ဖြည့်နှိပ်နယ်မှုကို ခံယူရင်း အတွေးစကားလုံးတွေ သီကုံးနေ တယ်။

ငါ့ရဲ့ မွေးစားသားတွေကို ဒီ ကျောင်းမှာ အတူတူဆက်ထားလို့ မဖြစ် ချေဘူး။ သူတို့က သူတို့ရဲ့ အတိတ်က ဖြစ်စဉ်တွေကို ခရေစေ့တွင်းကျ အကုန် မှတ်မိနေတယ်။ ဒီကလေးတွေ လူလား မြောက်အရွယ်ရောက်လာရင် စိတ်နိုင် တွေဝင်ပြီး နေခွန်းနဲ့ သူသေကိုယ်သေ ရန်ပွဲတွေဖြစ်လာနိုင်တယ်။ သားအဖ ချင်း လူသတ်ပွဲဖြစ်လာနိုင်တယ်။ အဲဒါ ဒီကလေးတွေအနာဂတ် တွေးလိုက်တာ နဲ့ ငါရင်လေးလိုက်တာနော်။

မဖြစ်ပါဘူး၊ ဒီကလေးတွေ မြန်မြန် ကိုရင်ဝတ်ပေးလိုက်တော့မယ်။ ကိုရင်ဝတ်ပေးပြီးတာနဲ့ ငါ့ရဲ့စာသင် ဘက် သူငယ်ချင်းတွေရှိရာ မြို့စာသင် တိုက်ကို တစ်ပါးစီပို့ပေးလိုက်မယ်။ ... နေရာတည်းမှာ သုံးပါးအတူတကွ...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါဘူး။ အတူတူနေကြရင် အတိတ်ကဖြစ်ရပ်တွေ သတိရလာနိုင်တယ်။ ဒါဆိုရင် စိတ်ရှိုင်းတွေဝင်နိုင်တယ်။

ကျော်သင်းရဲ့အသံက ဦးသောဘိတရဲ့ အတွေးတွေကို ပြတ်တောက်သွားစေတယ်။

"ဘုန်းဘုန်း၊ ကျိန်းပြီလားဘုရား"

"အေး- ဟေ၊ မကျိန်းသေးပါဘူးကွာ။ ဘာဖြစ်လို့လဲကွယ့်"

"ဘုန်းဘုန်းက အိပ်ပျော်နေသလို ငြိမ်သက်နေလို့ မေးတာပါဘုရား"

"ဟင်-ဟုတ်လား။ ကဲကဲ-မင်းတို့လည်း အိပ်ချင်နေလောက်ပြီ။ အိပ်ချေကြပါကွာ။ ဘုန်းဘုန်းလည်း အညောင်းအညာပြေပါပြီ"

အမြွာညီနောင်တွေဟာ ဦးသောဘိတကို ရှိခိုးဦးချပြီး သူတို့ အိပ်နေကျနေရာဆီသို့ သွားအိပ်ကြပါတယ်။

*

အမြွာညီနောင် သုံးယောက်ကိုရင်ဖြစ်သွားကြပြီ။ ကိုရင်ငယ်သုံးပါးဟာ တစ်ပါးကိုတစ်ပါး ကြည့်ပြီးပြုံးနေကြတယ်။

ဦးသောဘိတဟာ ကိုရင်အသစ်လေးသုံးပါးကိုကြည့်ပြီး ပီတိဖြစ်နေတယ်။ သူ့မျက်နှာဟာ ကြည်လင်ပြီး ငြိမ်းချမ်းနေတယ်။

"ဒီနေ့ဒီအချိန်ကစပြီး ရှင်ကေလာသ၊ ရှင်ကုဏ္ဍလ၊ ရှင်ကောသလ္လတို့ဟာ ဘုရားသားတော်လေးတွေ ဖြစ်သွားကြပြီ။ သူတော်ကောင်းအရေခြုံထားပြီးပြီ။ အရဟတ္တအောင်လံတွေ ကိုယ်စီကိုယ်စီ ဆင့်မြန်းထားကြပြီးပြီ။

ဒီတော့ အခုအချိန်ကစလို့ လူတွေလို မကောင်းတဲ့အပြော၊ မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အကြံတွေကို မပြော၊ မလုပ်၊ မကြံကြရဘူးနော်"

ကိုရင်သုံးပါးက သံပြိုင်ဝန်ခံစကား လျှောက်ထားကြတယ်။

"တင်ပါ့ဘုရား"

"အတိတ်တုန်းက ဘယ်သူတွေက ဘယ်လိုပဲလုပ်ခဲ့လုပ်ခဲ့ အတိတ်ကအဖြစ်ဆိုးတွေကို အတိတ်မှာပဲထားခဲ့ကြတော့။ မေ့လိုက်ကြတော့။ အခု ပစ္စုပ္ပန်ဘဝမှာ ကောင်းတာတွေကို ကောင်းသထက်ကောင်းအောင် လုပ်နေဖို့ပဲလိုတယ်"

ဦးသောဘိတရဲ့ စကားကြောင့် ကိုရင်သုံးပါးရဲ့စိတ်တွေဟာ ဖျတ်ခနဲဆိုတိုနေဒွန်းထံ ရောက်သွားခဲ့တယ်။ အသေဆိုးနဲ့သေခဲ့ရတဲ့ ဖြစ်စဉ်တွေကိုလည်း သတိရသွားခဲ့တယ်။ ဒီစိတ်ကြောင့် ကြည်လင်နေတဲ့ သူတို့ရဲ့ မျက်နှာလေးတွေဟာ မည်းညိုမှိုင်းမှုန်သွားတယ်။ မသိမသာတင်းမာသွားကြတယ်။

ကိုရင်တို့ရဲ့ မျက်နှာအမူအရာတွေကြောင့် သူတို့ရဲ့ အတွင်းစိတ်အခြေအနေကို ဦးသောဘိတက ရိပ်မိသိရှိလိုက်တယ်။ ဒါကြောင့် စကားကို လမ်းကြောင်းလွှဲပေးလိုက်တယ်။

"အရှင်ကေလာသက ရန်ကုန်မြို့ကို စာသင်သွားရမယ်။ ဟောဒီက ဦးပဥ္စင်းဥတ္တမက လိုက်ပို့ပေးလိမ့်မယ်။

ရှင်ကုဏ္ဍလက မကွေးမြို့ကို စာသင်သွားရမယ်။ ကပ္ပိယကြီးဦးသာကျော်က လိုက်ပို့ပေးလိမ့်မယ်။

ရှင်ကောသလ္လက မန္တလေးမြို့ကို စာသင်သွားရမယ်။ ဘုန်းဘုန်းကိုယ်တိုင် လိုက်ပို့ပေးမယ်။

ကိုရင်တို့သုံးပါး မြို့မှာ စာသင်နေချိန် မြိုင်သာကုန်းရွာကို ပြန်မလာရဘူး။ ဓမ္မာစရိယအောင်ပြီးတဲ့အချိန်ကျမှ ရွာပြန်လာရမယ်။ ဒီအချက်ကို လိုက်နာပါ့မယ်လို့ ဘုန်းဘုန်းကို ကတိပေးကြပါ"

ကိုရင်သုံးပါးဟာ တစ်ပါးမျက်နှာတစ်ပါးကြည့်ပြီး တွေဝေငြိမ်သက်စဉ်းစားနေကြတယ်။

သူတို့ ဇာတိမြေနဲ့ မခွဲလိုကြ။ ခွဲရင်တောင်မှ တစ်နှစ်တစ်ခေါက်ပြန်လာလိုကြတယ်။ ဓမ္မာစရိယက ဘယ်အချိန်ကျမှ အောင်မယ်ဆိုတာ သူတို့မသိ။ ရွာမပြန်ဘဲ မြို့မှာ ဘယ်နှနှစ်နေရမှာလဲ။ ရွာကိုလွမ်းတဲ့စိတ်နဲ့ မြို့မှာ အကြာကြီး မနေချင်။

အတန်ငယ်ကြာမှ ဦးသောဘိတတောင်းတဲ့ကတိကိုပေးကြတယ်။ ကိုရင်တို့ လျှောက်ထားတဲ့အသံတွေဟာ ဝမ်းနည်းသံတွေနဲ့ တုန်ခါနေတယ်။

"တပည့်တော်တို့ ဓမ္မာစရိယအောင်ပြီးတဲ့အချိန်ကျမှ ရွာပြန်လာပါ့မယ် ဘုရား"

ကိုရင်သုံးပါးဟာ ဦးသောဘိတမျက်နှာကို မကြည့်တော့။ သူတို့မျက်လုံးအိမ်ထဲမှာ မျက်ရည်ကြည်တွေဝေဝဲနေတယ်။ ခေါင်းကို ရှေ့ငိုက်ပြီး ငုံ့ထားကြတယ်။

ဦးသောဘိတရဲ့ အသံအောအောကြီးက တိတ်ဆိတ်ငြိမ်သက်နေတဲ့ ဝန်းကျင်ကို ဖြိုခွင်းလိုက်တယ်။

"ကိုရင်တို့သုံးပါး တစ်မြို့တစ်နယ်စီမှာနေပြီး စာသင်နေရပေမယ့် အရေးအကြောင်းရှိရင် စာနဲ့ဆက်သွယ်ကြပေါ့။ အရေးမကြီးရင်တော့ မဆက်မသွယ်ကြပါနဲ့။ ကိုယ့်စာကိုယ်ပဲ ကြိုးစားပြီးသင်ကြ။ မြို့ကို တစ်နှစ်တစ်ခေါက်ဖြစ်စေ၊ နှစ်ခေါက်ဖြစ်စေ အဆင်ပြေသလို ဘုန်းကြီးလာခဲ့မယ်။ ကိုရင်တို့ လိုအပ်တဲ့ သင်္ကန်း၊ ထီး၊ ဖိနပ်၊ စာအုပ်၊ ဘောလ်ပင်၊ ဝတ္ထုငွေအားလုံး ဘုန်းကြီးက လှူမယ်။ ဘာမှမပူနဲ့။ လိုအပ်တာပြော၊ ဘုန်းကြီးက ထောက်ပံ့ပေးမယ်"

ကိုရင်သုံးပါးက ကျေးဇူးတင် ဝမ်းမြောက်တဲ့ အပြုံးကိုယ်စီနဲ့ ဦးသောဘိတကို မော့ကြည့်ကြတယ်။ ပြီးတော့ ကိုယ်စီကိုယ်စီ ရှိခိုးဝတ်ချလိုက်ကြတယ်။

*

ကိုရင်သုံးပါးဟာ ရန်ကုန်၊ မကွေး၊ မန္တလေးရှိ စာသင်တိုက်ကို ရောက်သွားကြတယ်။ ဘုရားရိပ်၊ ဓမ္မရိပ်၊ ဆရာတော်၊ သံဃာတော်တွေရဲ့ အရိပ်တွေ ခိုလှုံပြီးနေခဲ့တဲ့အတွက် စိတ်ရှိုင်းတွေ ပျောက်ပြီး စိတ်ယဉ်တွေကိုယ်စီမွေးဖွားလာခဲ့ကြတယ်။

ကိုရင်ငယ်ကနေ ကိုရင်ကြီး၊ ကိုရင်ကြီးကနေ ဦးပဥ္စင်းလေးတွေအဖြစ်သို့ အသွင်ပြောင်းသွားခဲ့ကြတယ်။

ကိုရင်သုံးပါးလုံးကို ဦးသောဘိတက သူကိုယ်တိုင် ဥပဇ္ဈာယ်ပြု၊ သူကိုယ်တိုင် ပစ္စည်းလေးပါး အလှူရှင်၊ ရဟန်းဒကာခံကာ မြင့်မြတ်တဲ့ရှင်ရဟန်းအဖြစ်သို့ မြှင့်တင်ပေးခဲ့ပါတယ်။

ရဟန်းငယ်လေးသုံးပါးဟာ ဗုဒ္ဓရဲ့ ဓမ္မစာပေတွေနဲ့ သူတို့နှလုံးသားကို ထုံမွှမ်းလာခဲ့တဲ့အတွက် တောမှာရှိနေတဲ့ အမေနဲ့အဖေရဲ့ကျေးဇူးတွေကို အောက်မေ့လာတတ်ကြတယ်။

သူတို့နှလုံးသားမှာ ထင်ဟပ်နေတဲ့ အတိတ်ကပုံရိပ်ဆိုးတွေဟာ ဗုဒ္ဓရဲ့ဓမ္မအစွမ်းကြောင့် လွင့်ပျောက်သွားခဲ့ကြပြီ။

အမေနဲ့ အဖေက သူတို့ကို ဆွမ်းတစ်ဇွန်း၊ သင်္ကန်းတစ်ထည်၊ စာအုပ်တစ်အုပ်၊ ဆပ်ပြာတစ်ခဲမှ မလှူဒါန်း၊ မထောက်ပံ့ပေမယ့်၊ ရင်သွေးအဖြစ်၊ သားအဖြစ် အသိအမှတ်မပြုကြပေမယ့် အမေဟာ အမေပဲ၊ အဖေဟာ အဖေပဲဆိုတဲ့ အသိနဲ့ အဝေးကနေ ကျေးဇူးရှင်အမေနဲ့အဖေအတွက် မုန့်၊ မျက်နှာသုတ်ပဝါ၊ အကျီ၊ ပုဆိုး၊ လုံချည်၊ တရားစာအုပ်လေးတွေနဲ့ ကန်တော့ခဲ့ကြတယ်။

ကန်တော့တယ်ဆိုပေမယ့် သူတို့အနေနဲ့ ကန်တော့တာ၊ ပေးတာမျိုး

www.burmeseclassic.com

မဟုတ်ပါဘူး။

သူတို့ အမေနဲ့အဖေတို့ရဲ့ ဆွေမျိုးတွေ မြို့ကို ဘုရားဖူးလာခဲ့ကြတယ်။ သူတို့ ပြန်တဲ့အချိန် သူတို့ပေးချင်တဲ့ ပစ္စည်းလေးတွေကို အမေနဲ့ အဖေအတွက် ပေးလိုက်ကြတယ်။ တူ၊ တူမတွေ မြို့က အပြန် လက်ဆောင်ဝယ်လာပြီးပေးတဲ့ အနေမျိုးနဲ့ အသိမခံဘဲ ကန်တော့ခြင်း ပေးခြင်း ဖြစ်ပါတယ်။

သူတို့ကပေးတဲ့ပစ္စည်းမှန်းသိရင် သူတို့ရဲ့ အမေနဲ့အဖေတို့က သူတို့ပေးတဲ့ ပစ္စည်းတွေကို မသုံးကြ။ တခြားလူတွေကို ပေးပစ်ကြတယ်။ ဒါကြောင့် သားရဟန်းတွေက ပေးတာမှန်း မသိရလေအောင် ကြားလူကနေတစ်ဆင့် ကန်တော့ခြင်း ဖြစ်ပါတယ်။

မယ်တော်နဲ့ ခမည်းတော်၊ အမေနဲ့ အဖေတို့က သူတို့ရဟန်းသုံးပါးကို သားအဖြစ် အသိအမှတ်မပြုဘဲ အမုန်းတရားတွေ အားကြီးနေဆဲ ဖြစ်နေတာကို တွေးမိလေတိုင်း သူတို့သုံးပါးဟာ အတိတ်ဘဝက လုပ်ရပ်တွေအတွက် နောင်တကိုယ်စီရနေကြပါတယ်။

နောင်တ ဆိုတာ နောင်မှတရင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကြရတယ်။ နောင်အခါမှာ နောင်တမဖြစ်ရလေအောင် လူတိုင်းဟာ မကောင်းမှုဒုစရိုက်ဆိုးတွေကို မပြုမိ၊ မပြောမိ၊ မကြံမိအောင် ပစ္စုပ္ပန်အချိန်တိုင်းမှာ သတိနဲ့ ရှောင်ကြဉ်ကြရမယ်။

*

အမြွာညီနောင်ရဟန်းတော်သုံးပါးဟာ ဓမ္မာစရိယကိုယ်စီအောင်လို့ မြိုင်သာကုန်းရွာ ရွာဦးကျောင်းသို့ ပြန်လာခဲ့ကြတယ်။ ရွာရောက်တယ်ဆိုရင်ပဲ မြင်ကွင်းအသစ်တွေက သူတို့ကို ကြိုဆိုနေတယ်။

ရွာဦးကျောင်းမှာ အဆောက်အအုံတွေတိုးလာခဲ့ပြီ။ သစ်သစ်လွင်လွင် တောက်တောင်ပြောင်ပြောင်။

သူတို့ရဲ့ မွေးစားဖခင် ဦးသောဘိတကတော့ အိုစာသွားခဲ့ပြီ။ ဆရာတော်အိုကြီးဖြစ်နေပြီ။ မျက်စိမှုန်၊ သွားကျိုး၊ အရေတွန့်၊ ဆံပင်တွေဖြူနေပြီ။ ဇရာရဲ့ နှိပ်စက်ခြင်းကိုခံနေရပြီ။

ရွာထဲကို သူတို့သွားချင်ကြတယ်။ မယ်တော်၊ ခမည်းတော်တို့မျက်နှာတွေ မြင်ချင်ကြတယ်။ ဒါပေမယ့် အကြောင်းကိစ္စမရှိဘဲနဲ့ မသွားရဲကြ။ သွားရင် မယ်တော်၊ ခမည်းတော်တို့ရဲ့ အမုန်းစိတ်တွေ နိုးဆွပေးသလိုမျိုးဖြစ်နေမှာကို သူတို့ စိုးရိမ်နေကြတယ်။ သူတို့ကိုမြင်လို့ မယ်တော်၊ ခမည်းတော်တို့ အကုသိုလ်ဖြစ်မှာကို သူတို့မလိုလားကြပါ။

အမုန်းဆိုတာ ဒေါသ၊ ဒေါသဆိုတာ ကိလေသာ၊ ကိလေသာ ဆိုတာ အကုသိုလ်၊ အကုသိုလ် ဆိုတာ ကောင်းကျိုးမပေးဘူး။ ဆိုးကျိုးကိုသာ ပေးတတ်တယ်။

သူတို့ကြောင့် အမေနဲ့အဖေတို့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်သွားမှာကို တွေးပြီး အမေ့မျက်နှာ၊ အဖေ့မျက်နှာကို မြင်ချင်၊ ကြည့်ချင်စိတ်တွေ ကျိတ်မှိတ်ကာ မြိုသိပ်ထားလိုက်ကြတယ်။

သူတို့ထံမှာတော့ အမေနဲ့အဖေတို့ရဲ့ ဓာတ်ပုံရှိကြတယ်။ သူတို့မြို့မှာ နေစဉ် ရွာမှာရှိနေတဲ့ သူတို့ရဲ့နှမဝမ်းကွဲတွေက ခိုးကြောင်ခိုးဝှက်ဓာတ်ပုံရိုက်ပြီး ပေးပို့ခဲ့တဲ့အတွက် ရှိနေကြခြင်းပါ။

ဩော် အမေနဲ့အဖေတို့ဟာ စိတ်ဆင်းရဲတဲ့ဒဏ်၊ အလုပ်ပင်ပန်းတဲ့ဒဏ်တွေကြောင့် အခုအချိန်ဆိုရင် အိုစာနေလောက်ပြီ။ အိုမင်းရွတ်တွနေတဲ့ ဇရာမျက်နှာတွေကို မြင်ချင်လိုက်တာ။ အေးလေ၊ တစ်နေ့ကျတော့ ကိစ္စတစ်ခုခုနဲ့ ရွာထဲသွားရင် မြင်ရမှာပေါ့။ မြင်ရဖို့အရေး အချိန်ပေးပြီး စောင့်ရမှာပေါ့လေ။

သူတို့ဟာ ဒီအတွေးလေးနဲ့ ရွာဦးကျောင်းမှာ သီတင်းသုံးခဲ့ကြတယ်။

ဦးနေဒွန်းနဲ့ ဒေါ်သဲဥဖြူတို့က သူတို့ရင်မှ သွေးသားတော်စပ်တဲ့ သားရဟန်းသုံးပါးကို အခုအချိန်အထိ မုန်းနေဆဲပါ။ သူတို့နှလုံးသားမှာ အမုန်းက နေရာယူနေတော့ သားအဖြစ်၊ ရင်သွေးအဖြစ် မမြင်နိုင်တော့။ မိဘမေတ္တာ မယိုစိမ့်နိုင်တော့။ အမုန်းတွေပဲယိုစိမ့်ခဲ့ကြတယ်။ ချစ်စရာပုံရိပ်အသွင်အဖြစ် မရှုဆိတ်နိုင်၊ မုန်းစရာပုံရိပ်အသွင်နဲ့သာ ရှိနေဆဲပါ။

ရဟန်းတော်သုံးပါးဟာ သူတို့ အမေနဲ့ အဖေကို ချစ်လိုက်ကြတာ။ ကုသိုလ်ပြုရင် အမေ့အတွက်၊ အဖေ့အတွက်ဆိုပြီး ကုသိုလ်ပြုကြတယ်။ သူတို့ ကုသိုလ်တွေကို အမျှဝေတိုင်း အမေ၊ အဖေတို့ရဲ့အမည်ကို ခေါ်ပြီး အမျှဝေလေ့ရှိတယ်။

အမေနဲ့အဖေကျန်းမာစေဖို့၊ ချမ်းသာစေဖို့ မေတ္တာပို့ပေးကြတယ်။

သူတို့မှာရှိနေတဲ့ အမွန်အမြတ်ပစ္စည်းလေးတွေကို သူတို့နှမဝမ်းကွဲတွေကပေးတဲ့အနေနဲ့ ပေးနေဆဲ၊ ထောက်ပံ့နေဆဲပါ။ အတိတ်ကရန်တွေပြေဖို့ မေတ္တာတွေဝေနေပါပြီ။

*

ဦးနေဒွန်း ကျန်းမာရေးမကောင်းလို့ မြို့ဆေးရုံတက်ရသတဲ့။ ဒီသတင်းက ရွာဦးကျောင်းရှိ ကိုယ်တော်လေးသုံးပါးထံ ရောက်လာခဲ့တယ်။ သတင်းရရင်ရချင်း ရဟန်းတော်သုံးပါးဟာ ဝတ္ထုငွေယူဆောင်ပြီး မြို့ဆေးရုံရှိရာသို့ အရောက်သွားခဲ့ကြတယ်။ ခမည်းတော်ကြီးထံ လူမမာသတင်းမေးသွားကြတာပေါ့။

ဦးနေဒွန်းဟာ မြို့နယ်ဆေးရုံ ယောကျ်ားဆောင်မှာ နေပါတယ်။ ဆရာဝန်၊ ဆရာမတွေရဲ့ ပြုစုကုသပေးမှုကြောင့် ထူထူထောင်ထောင်ဖြစ်လာပါတယ်။ ရွာက သူ့ကို လူမမာသတင်းမေးလာသူတွေနဲ့ စကားပြောနေပါတယ်။

အဆောင်ပေါ်ကို ရဟန်းသုံးပါးတက်လာတာမြင်တယ်ဆိုရင်ပဲ ဦးနေဒွန်းရဲ့ ပြုံးရိပ်သန်းပြီး အိုစာနေတဲ့ မျက်နှာဟာ ညိုမည်းတင်းမာသွားတယ်။ အပြုံးရိပ်ပျောက်ပြီး အမုန်းရိပ်တွေ ယှက်သန်းသွားခဲ့တယ်။ သူ့မျက်နှာကို အခြားဘက်သို့ လွှဲထားလိုက်တယ်။ ရဟန်းသုံးပါး သူ့အနားရောက်နေတဲ့အချိန်အထိ မျက်နှာချင်းမဆိုင်တော့။

ရဟန်းသုံးပါးဟာ သူတို့ဖခင် ခမည်းတော်ကြီးရဲ့ လျှပ်တစ်ပြက်ပြောင်းလဲသွားတဲ့ မြင်ကွင်းကြောင့် သူတို့ခြေလှမ်းတွေ မသိမသာ တွန့်ဆုတ်သွားခဲ့ကြတယ်။ ရောက်မှရောက် မထူးတော့ပါဘူးလေဆိုတဲ့အတွေးနဲ့ ဦးနေဒွန်း လဲလျောင်းနေတဲ့ ခုတင်ရှိရာသို့ ချဉ်းကပ်လာခဲ့ကြတယ်။

အကြီးဆုံးရဟန်းဖြစ်တဲ့ အရှင်ကေလာသရဲ့အသံက ပုံမှန်လေး ထွက်လာတယ်။

"ဒကာကြီး၊ နေကောင်းသွားပြီလား"

ခဏအကြာမှာ ဦးနေဒွန်းထံက သက်ပြင်းမှုတ်ထုတ်သံ ထွက်ပေါ်လာတယ်။ ဒေါသစိတ်ကြောင့် သူ့နှုတ်က ထွက်ပေါ်လာတဲ့အသံက တုန်ခါနေပါတယ်။ ရဟန်းဆိုတဲ့ အသိကြောင့် သတိထားပြောနေဟန် ပေါ်လွင်နေတယ်။

"အရှင်ဘုရားတို့၊ တပည့်တော်ကို လူမမာသတင်း လာမေးနေစရာမလိုပါဘူး။ ကိုယ့်ရွာကိုပြန်၊ ကိုယ့်ကျောင်းမှာ သီတင်းသုံးနေကြပါ ဘုရား"

ရဟန်းသုံးပါးဟာ ခမည်းထံက



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာအသံမကြားရဘဲ ဒေါသအသံသာ ကြားခွင့်ရတဲ့အတွက် သူတို့ရင်တွင်းမှာ ဝေဒနာကိုယ်စီဖြစ်တည်သွားခဲ့ကြတယ်။ ကြည်လင်တဲ့ မျက်နှာတွေဟာ မှုန်မှိုင်းနောက်ကျုတဲ့အသွင်ဆောင်သွားကြတယ်။ ဆေးရုံပေါ်ကနေ နွေးထွေးတဲ့ ခြေလှမ်းများနဲ့ ဆင်းသွားကြတယ်။

သူတို့ရဲ့ အစ်ကိုတစ်ဝမ်းကွဲဖြစ်သူ ကိုမြင့်နောင်က သူတို့နောက်ကနေ မသိမသာကပ်လိုက်သွားတယ်။ ပြီးတော့ ဦးနေဒွန်းကိုယ်စား တောင်းပန်စကား လျှောက်ထားပါတယ်။

"ဦးပဥ္စင်းတို့ဘုရား၊ ဦးလေး နေဒွန်းရဲ့အပြုအမူနဲ့စကားတွေကို ဗွေမယူကြပါနဲ့ဘုရား။ တပည့်တော် တောင်းပန်ပါတယ်ဘုရား"

"တောင်းပန်စရာ မလိုပါဘူး။ အစကတည်းက ခွင့်လွှတ်ပြီးသားပါ။ အတိတ်ကပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် အခုလို တွေ့ကြုံရတာပဲဆိုတာ ဦးပဥ္စင်းတို့ နှလုံးသွင်းဆင်ခြင်မိပါတယ်ဗျာ"

"ဩော် - ဒကာ၊ ဒီမှာဝတ္ထုငွေတွေ။ ခမည်းတော်ကြီး ကျန်းမာရေးအတွက် သင့်တော်သလိုကြည့်သုံးလိုက်ပါ။ ဦးပဥ္စင်းတို့က ပေးခဲ့တယ်လို့ မပြောနဲ့နော်"

"တင်ပါ့ဘုရား၊ တပည့်တော်နားလည် သဘောပေါက်ပါတယ် ဘုရား"

ကိုမြင့်နောင်ဟာ ဝတ္ထုငွေကိုတစ်လှည့်၊ ရဟန်းသုံးပါးရဲ့ မျက်နှာကို တစ်လှည့်ကြည့်ကာ သက်ပြင်းအငွေ့တွေ မှုတ်ထုတ်ပြီး ဆေးရုံဝင်းထဲသို့ ပြန်ဝင်သွားပါတယ်။

*

အမြွှာညီနောင်သုံးပါးထဲက အငယ်ဆုံးဖြစ်တဲ့ အရှင်ကောသလ္လဟာ စည်မြေရွာမှာ အလှူရှိတာနဲ့ ကျောင်းသားငယ်တစ်ဦးနဲ့ ကြွသွားခဲ့တယ်။

ရှင်ပြုအလှူပြီးတာနဲ့ စည်မြေရွာကနေ ပြန်လာခဲ့တယ်။ အပြန်မှာ အသွားတုန်းကလို တောလမ်းကမဟုတ်ဘဲ မြိုင်သာကုန်းရွာလမ်းကနေ ပြန်လာခဲ့တယ်။

ရွာထဲသို့ အရှင်ကောသလ္လဖြတ်လာနေစဉ် သူ့အကြည့်က သူ့မယ်တော်ရဲ့ အိမ်ဘက်သို့ ကြည့်မိလျက်သား ဖြစ်သွားတယ်။

အိမ်ဝိုင်းထဲမှာ သူ့မယ်တော်ကြီး ဒေါ်သဲဥဖြူဟာ ဦးခေါင်းပေါ်မှာ သူ့နှမဝမ်းကွဲကနေ သူကိုယ်တိုင် အမည်မခံဘဲ လှူဒါန်းချက်နဲ့ပေးထားတဲ့ အဝါနုရောင်ပဝါလေးကို ပေါင်းထားတယ်။ ပြီးတော့ မည်ကျည်းရွက်အကြွေတွေကို တံမြက်စည်းတစ်ချောင်းနဲ့ လှည်းရှင်းနေတယ်။

အရှင်ကောသလ္လဟာ သူ့မယ်တော်ကြီးရဲ့ မျက်နှာကို မြင်ချင်စိတ်၊ စကားပြောချင်စိတ်တို့ရဲ့ စေ့ဆော်မှုကြောင့် သူ့ခြေထောက်တွေက ဒေါ်သဲဥဖြူအနားကို ခပ်သွက်သွက်နဲ့ လှမ်းမိလျက်သား ဖြစ်သွားပါတယ်။ သူ့နောက်က လိုက်လာတဲ့ ကျောင်းသားငယ်ကလည်း ကပ်ပါလာတယ်။

သူ့နှုတ်မှ အားရပါးရ နှုတ်လျှာသွက်သွက်နဲ့ အမေးစကားသံ ထွက်ပေါ်လာတယ်။

"ဒကာမကြီး၊ ကျန်းမာရေးကောင်းရဲ့လား"

သူ့စကားသံကြောင့် ဒေါ်သဲဥဖြူဟာ သူ့ဘက်ကို မျက်နှာမူပြီး ကြည့်ပါတယ်။ မျက်လုံးတွေ မှုန်နေလို့ သေချာကြည့်ပါတယ်။ ဘယ်သူဘယ်ဝါ သဲကွဲသွားတဲ့အချိန်မှာ ဒေါ်သဲဥဖြူရဲ့ မျက်နှာဟာ တင်းမာသွားပါတယ်။ မျက်နှာကို အခြားဘက်သို့ ပြောင်းလှည့်သွားပါတယ်။ တုန်ခါနေတဲ့ အသံဟာ ဒေါ်သဲဥဖြူနှုတ်ဖျားကနေ ခုန်ထွက်လာပါတယ်။

"ကျန်းမာရေးကောင်းလို့ အမှိုက်လှည်းနေတာပေါ့ ကိုယ်တော်ရဲ့။ ကျန်းမာရေးမကောင်းရင် အိမ်ပေါ်မှာပဲ နေမှာပေါ့။ ရဟန်းဆိုတာ ရွာထဲမှာ ကြာရှည်နေလို့ မသင့်ပါဘူး။ ကိုယ့်ကျောင်းကို ပြန်ကြွပါဘုရား"

အရှင်ကောသလ္လဟာ သူ့မယ်တော်ရဲ့ အပြုအမူနဲ့ စကားသံတွေကြောင့် ရွှင်မြူးကြည်လင်နေတဲ့ မျက်နှာဟာ မရွှင်မပျဖြစ်သွားပါတယ်။ တက်ကြွတဲ့အမူအရာအဖြစ်မှ နွမ်းလျတဲ့ အမူအရာအဖြစ်သို့ တစ်ခဏချင်း ပြောင်းလဲသွားပါတယ်။

ကျောင်းသားငယ် ဖိုးတုတ်က ဦးပဥ္စင်းမျက်နှာကိုကြည့်လိုက်၊ ဒေါ်သဲဥဖြူကို ကြည့်လိုက်နဲ့ နားမလည်ပါးမလည် ဖြစ်နေပါတယ်။ မျက်မှောင်တွန့်ပြီး ခေါင်းကုတ်နေပါတယ်။ ဒီလိုလည်း တွေးပါသေးတယ်။

'ဒီအမေကြီးကလည်း ဘယ်လိုကြီးမှန်းလဲမသိဘူး။ ဦးပဥ္စင်းက နှုတ်ဆက်တာတောင်မှ တင်းတင်းမာမာနဲ့ ဆက်ဆံတယ်။ ရိုလည်းမရိုဘူး။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့အတိုင်းဘဲ'

အရှင်ကောသလ္လဟာ ဒေါ်သဲဥဖြူကို ကျောခိုင်းခဲ့ပြီး ရွာထဲကနေ ထွက်လာပါတယ်။ သူ့ရှေ့အရာတွေကို ကြည့်လိုက်တိုင်း အမြင်တွေက မကြည်လင် ဝိုးတိုးဝါးတားနဲ့။ သူ့မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ရစ်ဝိုင်းဖုံးအုပ်နေတယ်။ သူ့ရင်ထဲမှာလည်း အတွေးတွေဝင်နေပြီလေ။

အမေရယ်၊ သားတို့ကို မုန်းရက်လိုက်တာ။ အတိတ်က ရန်ငြိုးတွေပြေပျောက်ဖို့ အချိန်တန်ပါပြီ။ သားတို့ဘက်က မှားခဲ့လို့ ဝန်ချနေပြီပဲ။ ကျေပါတော့။ ခွင့်လွှတ်ပါတော့။

အမေက သားကို ဘယ်လိုပဲ မုန်းမုန်း သားကတော့ အမေ့ကို ချစ်နေမှာပါပဲ။ အတိတ်ပုံရိပ်ကိုမမြင် ပစ္စုပ္ပန်ပုံရိပ်ကိုပဲ သားမြင်ပါတော့တယ်။ သားအပေါ် အမေစိတ်ဝင်ပြီး သားလို့ ခေါ်ပါတော့လား အမေရယ်။

အမေလို့ အပြင်မှာ နှုတ်ထွက်ပြီး မခေါ်ခဲ့ပေမယ့် သားရင်ထဲမှာတော့ အမေ့ဓာတ်ပုံကို ထုတ်ကြည့်မိတိုင်း အသံတိတ်နဲ့ အမေ၊ အမေ၊ အမေလို့ အကြိမ်ကြိမ်ခေါ်မိပါတယ် အမေရယ်။

အမြွှာညီနောင်ရဟန်းသုံးပါးဟာ ဘာကုသိုလ်တွေပြုပြု ဆုတောင်းမှုက တူညီနေပါတယ်။ အဲဒီ ဆုတောင်းကတော့ 'အမုန်းပြေ ကျေပါတော့ အမေနဲ့အဖေ' တဲ့။ အဲဒီ ဆုတောင်းအတိုင်း ဒီဘဝမှာ ဆုတောင်းပြည့်ခဲ့မယ်ဆိုရင် သူတို့ ရဟန်းတော်သုံးပါးဟာ သိပ်ပျော်ကြမှာပဲ။

အခုတော့ ဆုတောင်းမပြည့်တဲ့အတွက် သူတို့သုံးပါးဟာ နေရောင်ကို မြင်ပါလျက်နဲ့ နေခြည်ငွေ့ရဲ့ အတွေးကို ခံယူခွင့်မရတဲ့ ပန်းသုံးပွင့်လို၊ လရောင်ကို မြင်နေရပါလျက် အေးမြတဲ့လရောင်ရဲ့ အငွေ့အေးအေးကို ခံယူပက်ဖျန်းခွင့်မရတဲ့ပန်းလို မရွှင်မပျနဲ့ နွမ်းလျလို့နေ၊ လွမ်းတဲ့စိတ်နဲ့ တမ်းတလို့နေ၊ ဆုတွေခြွေရင်း မျက်ရည်ဝေ. . .။

*(အရှင်ဆန္ဒာဓိက - ရွှေပါရမီတောရ ဟောကြားတဲ့ 'အသေလှတဲ့သူ' အသံတရားကို နာကြားခွင့်ရခဲ့ပါတယ်။ အဲဒီတရားထဲမှာ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ပါခဲ့တယ်။ အဲဒီဖြစ်ရပ်မှန်ဇာတ်လမ်းကို စာရေးသူက အတွေးစကားလုံးများ ဖြည့်စွက်ပြီး ဒီဝတ္ထုကို ဖန်တီးဖြစ်ပါတယ်။)*

အရှင်ဥဒ္ဒယ



www.burmeseclassic.com

www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာ လက္ခဏာပညာ





**လက်သန်းအတွင်းဘက်ကွေးဝင်နေသော လက်ပုံစံ**

**တိုလွန်း၊ ရှည်လွန်းခြင်းမရှိသည့် အလယ်အလတ်အရွယ်အစားရှိသော လက်မပုံစံ**

### လက်သန်းက အတွင်းဘက်ဝင်နေပါသလား

လက်သန်းအတွင်းဘက်ကွေးဝင်နေသော လက်ပိုင်ရှင်များကို မိမိကိုယ်ကျိုးစွန့်၍ အနစ်နာခံသူများ၊ ပြဿနာအရပ်ရပ်အား ကျေအေးစေတတ်သူများအဖြစ် တွေ့ရတတ်သည်။ အဆိုပါလက္ခဏာရှင်များသည် အများအား စိတ်ကျေနပ်မှုပေးနိုင်ပြီး မိမိအတ္တကို ချိုးနှိမ်၍ သည်းခံစိတ်ထားနိုင်သူများ ဖြစ်သည်။ တည်ဆောက်ပုံကောင်းမွန်သည့် လက်ဝါးပြင်တွင် လက်သန်းက အတွင်းဘက်ကွေးဝင်နေပါက ကိုယ်ပိုင်လုပ်ငန်းများအားအောင်မြင်အောင်လုပ်နိုင်သူ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၌ ကျွမ်းကျင်သူများအဖြစ် တွေ့ရတတ်သည်။

### လက်မ

လက်မသည် အတ္တမာနရှိခြင်း၊ မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း၊ ခေါင်းမာခြင်း၊ အလွယ်တကူအလျှော့မပေးတတ်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာတွေးခေါ်ကြံဆနိုင်ခြင်း၊ အလိုဆန္ဒရှိသလို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း၊ ရည်မှန်းချက်အတိုင်းသန္နိဋ္ဌာန်ချ၍ လုပ်ကိုင်တတ်ခြင်းဟူသည့် စရိုက်လက္ခဏာများအား ကိုယ်စားပြုထားသည်။

လက္ခဏာဟောကြားမည့်သူ သင့်အနေဖြင့် လက္ခဏာရှင်၏ လက်မရှည်သည်၊ တိုသည်ကို အတိအကျသိရှိနိုင်ရန် အထူးလိုအပ်သည်။

လက်မတိုသည် (သို့) ရှည်သည်ကို ခွဲခြားရန်အတွက် လက်ဝါးပြင်ရှိ လက်ချောင်းအားလုံးအား တည့်မတ်ဖြောင့်တန်းစွာဆန့်ပြီး တစ်ချောင်းနှင့်တစ်ချောင်းအသာကပ်ထားပေးပါ။

အကယ်၍ လက်မသည် လက်ညှိုး၏ အောက်ခြေလက်ချောင်းရိုးတစ်လျှောက် တစ်ဝက်တိတိနေရာအထိ ရောက်ရှိနေပါက ရှည်သောလက်မအဖြစ် သတ်မှတ်ရသည်။

အကယ်၍ လက်မသည် လက်ညှိုး၏ အောက်ခြေအကျဆုံး လက်ချောင်းရိုးတစ်ဝက်အထိမရောက်ရှိပါက တိုသောလက်မအဖြစ် သတ်မှတ်နိုင်သည်။

လက်မသည် -

### ရှည်သောလက်မဖြစ်ပါသလား

ရှည်သော လက်မပိုင်ရှင်သည် တာဝန်သိစိတ်ရှိသူ၊ ဉာဏစွမ်းအားကောင်းသူဖြစ်ကြောင်း အခြေခံအားဖြင့် ဖော်ပြသည်။ သို့သော်လည်း ရှည်သောလက်မပိုင်ရှင်တို့၏ သဘာဝအရ လက်တွေ့ကျကျ လုပ်ကိုင်ပြောဆိုတတ်ပြီး စိတ်ကူးအိပ်မက်များအား လက်တွေ့အကောင်အထည်ဖော်နိုင်ကြသော်လည်း တစ်ခါတစ်ရံ၌ တရားသေဝါဒ စွဲကိုင်ထားတတ်ကြသည်။

အများအားဖြင့် ရည်မှန်းချက်ကြီးပြီး စိတ်ဓာတ်ခိုင်မာသူများပင် ဖြစ်သည်။

### လက်မအရွယ်အလယ်အလတ် (အနေတော်) ဖြစ်ပါသလား

လက်မအရွယ် အနေတော်ပုံစံများကို လူအများစု၌ တွေ့ရှိရသည်။ လက်မအရွယ်အစားသည် လက်တစ်[illegible] လုံးအား ခြုံကြည့်ပါက မရှည်လွန်း၊ မ[illegible] လွန်းသောပုံစံရှိနေခြင်းကြောင့် အလို ဆန္ဒနှင့်စိတ်ကူးအတွေးအခေါ်များ သာ[illegible] မန်အဆင့်တွင်သာရှိကြောင်း၊ စိတ်ခံစား မှုများနှင့် ကျိုးကြောင်းဆီလျော်စွာ တွေး ခေါ်နိုင်မှုများမျှတကြောင်း၊ အခြေခံကျ[illegible] ကျစဉ်းစား ဆုံးဖြတ်တတ်ကြောင်း ဖော် ပြနေပါသည်။

### တိုသောလက်မဖြစ်ပါသလား

တွေ့ရခဲသော လက်မပုံစံတစ်မျိုး ဖြစ်သည်။ တိုသော လက်မပိုင်ရှင်သည် အလိုဆန္ဒအားနည်းခြင်း၊ ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်းလျော့နည်းခြင်း၊ ရည်မှန်း ချက်မရှိခြင်းတို့ကို ဖော်ပြသည်။

အများအားဖြင့် တိုသောလက်မ ပိုင်ရှင်များကို စိတ်ခံစားမှုအမျိုးမျိုး[illegible] လွှမ်းမိုးထားတတ်သည်။ ထို့ကြောင့် လည်း ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းခြင်း၊ အလုပ်တစ်ခုအား မလိုအပ်ဘဲ နှေး[illegible] နှေးစွာလုပ်တတ်ခြင်း၊ ခိုင်မာသေ[illegible] ဖြတ်ချက်မချနိုင်ခြင်း၊ စိတ်သ[illegible]ထား ဆိုးယုတ်ခြင်း၊ မိမိဒေါသ[illegible] ရှေ့တန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

င်ခြင်း၊ ကိုယ်ကျိုးရှာတတ်ခြင်း ဟူသည့် မကောင်းသော အရည်အသွေးများကို ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။

**ာတောင့်တင်း၍ကွေးလွယ်ညွတ်လွယ်ရှိသောလက်ဖြစ်ပါသလား**

ကွေးလွယ်ညွတ်လွယ်မရှိသောလက်မပိုင်ရှင်များသည် ပင်ကိုသဘာဝအရ သဘောထားတင်းမာတတ်သူ၊ ရေးသေဝါဒလက်ကိုင်ထားသူ၊ အလွယ်တကူအလျှော့မပေးတတ်သူ၊ ပြဿနာအား နည်းပရိယာယ်သုံး၍ မဖြေရှင်းတတ်သူ၊ အများ၏ထင်မြင်ယူဆချက်များအား ပစ်ပယ်လျက် မိမိကိုယ်ကျိုးကိုသာကြည့်တတ်သူများဖြစ်ကြောင်းဖော်ပြသည်။


ဎင်းပြင် ကွေးလွယ်ညွတ်လွယ်မရှိဘဲ တောင့်တင်းနေသောလက်မပိုင်ရှင်များသည် ကျိုးကြောင်းဆီလျော်စွာတွေးခေါ်နိုင်ခြင်းမရှိ၊ အများအပေါ်လည်း ငနားကြင်နာစိတ်မရှိဘဲ မိမိစိတ်အလိုရှိသလို ထင်ရာစိုင်းတတ်သူများပင် ဖြစ်သည်။

**အတော်အတန်ပျော့ပျောင်းပြီးကွေးလွယ်ညွတ်လွယ်သောလက်မပုံစံ ဖြစ်ပါသလား**

ပျော့ပျောင်းပြီး ကွေးလွယ်ညွတ်လွယ်သောလက်မဖြစ်ပါက နှစ်လိုဖွယ်ဆင်ဖွယ်ကောင်းသူ၊ အကျင့်စာရိတ္တကောင်းသူ၊ နည်းပရိယာယ်ကြွယ်ဝသူဖြစ်ကြောင်း ရည်ညွှန်းသည်။ ဎင်းပြင် အဆိုပါ လက်မပိုင်ရှင်များသည် မိမိအကျိုးနှင့် အများအကျိုး မျှတအောင်ဆောင်ရွက်တတ်သူ၊ အပြန်အလှန်ကတိအတိစကားအတိုင်း တည်ဆောက်လုပ်ကိုင်တတ်သူ၊ သူတစ်ပါး၏အမြင်အပေါ် နားလည်တတ်သူများလည်းဖြစ်ကြသည်။


**လက်မထိပ်ဖျား အနောက်ဘက်ကွေးဝင်နေပါသလား**

**ကွေးဝင်နေပါသည်** - လက်မထိပ်ဖျား အနောက်ဘက်ကွေးနေသူသည် ငရှင်သန်ရပ်တည်ရေးအတွက် ကျွမ်းကျင်စွာ စွမ်းဆောင်နိုင်သူများ ဖြစ်သည်။ အဆိုပါလက်မပုံစံ၏ သဘာဝအရ အများအားဖြင့် အတတ်ပညာတစ်ခုအား အလွယ်တကူသင်ယူတတ်မြောက်နိုင်ခြင်း၊ မိမိစိတ်အလိုရှိသည့်အတိုင်း ဆောင်ရွက်နိုင်ခြင်း၊ အများအကျိုးဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုမှန်သမျှအား ရင်ဆိုင်ဖြေရှင်းနိုင်ခြင်းတို့ကို ဖော်ပြသည်။



**ကွေးကောက်ခြင်းမရှိသော လက်မထိပ်ဖျားပုံစံ**

**ကွေးဝင်နေခြင်းမရှိပါ** - လက်မထိပ်ဖျားအနောက်ဘက် ကွေးဝင်နေခြင်းမရှိသောကြောင့် လက်တွေ့ကျသူ၊ ခေါင်းမာတတ်သူ၊ ဆုံးဖြတ်ချက်ခိုင်မာသူ၊ သတိကြီးကြီးထားတတ်သူ၊ လျှို့ဝှက်သိုသိပ်သူ၊ မိမိစိတ်ဆန္ဒမှန်သမျှအား နိုင်နင်းစွာ ထိန်းချုပ်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။




**လက်ကောက်ဝတ်အနီးထိ အောက်ရောက်နေသော လက်မပုံစံ**

**လက်မတည်နေရာသည် လက်ကောက်ဝတ်အနီးအထိ အောက်ရောက်နေပါသလား**

အထက်ပါအတိုင်းတွေ့ရှိရပါက ဖန်တီးနိုင်စွမ်းရှိသူ၊ အပေးအကမ်းရက်ရောတတ်သူ၊ အသုံးအဖြုန်းကြီးသူ၊ အပေါင်းအသင်းအဖွဲ့အစည်းနှင့် နေတတ်သူ၊ လူမှုရေး၌ဝင်ဆံ့သူ၊ ဖော်ရွေပျူငှာစွာ ဆက်ဆံတတ်သူ၊ ပျော်ရွှင်ပေါ့ပါးစွာနေတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

သို့သော်လည်း အထက်ပါ လက္ခဏာရှင်သည် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းရှိခြင်းထက် စိတ်ခံစားမှုအပေါ် ဦးစားပေးတတ်သည်။

**လက်မတည်နေရာသည် လက်ချောင်းများအနီးထိ အပေါ်ရောက်နေပါသလား**



**လက်ချောင်းများအနီးအထိ အပေါ်ဘက်ရောက်နေသော လက်မပုံစံ**

ဖော်ပြပါအတိုင်း တွေ့ရှိရပါက လက္ခဏာရှင်သည် သတိကြီးကြီးထားတတ်သူ၊ ရှေးရိုးစွဲဝါဒရှိသူ၊ အလွယ်တကူအလျှော့မပေးတတ်ဘဲ ခေါင်းမာတတ်သူ ဖြစ်ကြောင်းရည်ညွှန်းသည်။ ဎင်းပြင် အဆိုပါ လက်မပိုင်ရှင်များသည် ဉာဏ်ရည်ထက်မြက်ပြီး သူတကာထက် အမြင်ပိုကျယ်ကြသည်။ စိတ်ခံစားမှုများထက် ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်ဆုံးဖြတ်ခြင်းကို ဦးစားပေးတတ်ကြသည်။

ယခုတစ်ဖန် လက်မအား သက်သောင့်သက်သာအနေအထားဖြစ်အောင် ဖြေလျှော့၍လက်ဝါးပြင်ပါ လက်ချောင်းများနှင့် မည်မျှကွာဝေးသော ထောင့်ဒီဂရီတွင်ရှိနေသည်ကိုတိုင်းတာပါမည်။

**ကျဉ်းမြောင်းသောထောင့် (၃၀ - ဒီဂရီထက်လျော့နည်းသောထောင့်) ဖြစ်ပါသလား**

လက်မသည် လက်မှ (၃၀) ဒီဂရီကွာဝေးနေပါက တစ်ဖက်သားအပေါ် အကန့်အသတ်ဖြင့် တုံ့ပြန်တတ်သူ ရည်မှန်းချက်ကြီးကြီးမားမားထားတတ်သူ မိမိကိုယ်ကျိုးကိုသာ ဦးစားပေးတတ်သူ မိမိအကျိုးအမြတ်အတွက် အများအား လှုံ့ဆော် သွေးထိုးတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

**လက်မတည်နေရာအကျယ်အဝန်းသည် (၃၀)ဒီဂရီထက်ပိုနေပါသလား**

လက်မတည်နေရာထောင့်အကျယ်အဝန်းသည် (၃၀) ဒီဂရီကျော်ရှိပါက အလိုရှိသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ၊ ဦးတည်ချက်ထား၍လုပ်ကိုင်တတ်သူ၊ ကိုယ့်အရေးထက် အများအရေးကို ဦးစွာပေးတတ်သူ၊ ပျော်ပျော်နေတတ်သူ၊ သတ္တိရှိပြီး ဦးဆောင်နိုင်သော အရည်အသွေးများအား ပိုင်ဆိုင်ထားသူ ဖြစ်ပါမည်။

**လက်မထိပ်ဖျားနေပုံသဏ္ဌာန်အရွယ်အစားကို လေ့လာပါ။**

**လက်မ၏ထိပ်ဖျားချွန်နေပါသလား**

လက်မ၏ ထိပ်ဖျားချွန်နေပါက အစွဲအလန်းကြီးတတ်သူ၊ အယူသီးတတ်သူ၊ တစ်ခါတစ်ရံ ကိစ္စတစ်ရပ်ရပ်အား ကရော်ကမည်လုပ်တတ်သူ၊ ကြောက်ရွံ့တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်မ၏ထိပ်ဖျား လေးထောင့်ကျနေပါသလား**

လက်မ၏ထိပ်ဖျား လေးထောင့်ကျနေပါက ခေါင်းမာသူ၊ လက်တွေ့ကျကျလုပ်တတ်သူ၊ သစ္စာစောင့်သိတတ်သူ၊ မှန်ကန်သော အဆုံးအဖြတ်ပေးနိုင်သူအဖြစ် ဖော်ပြသည်။

**လက်မ၏ထိပ်ဖျားဝိုင်းနေပါသလား**

လက်မ၏ထိပ်ဖျားဝိုင်းနေသူဖြစ်ပါက ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းနှင့် စိတ်ခံစားမှုတို့အကြား သင့်တင့်မျှတစွာရှိကြောင်း ဖော်ပြသည်။

**အဖျားတုတ်သောလက်မဖြစ်နေပါသလား**

လက်မထိပ်ဖျားတုတ်နေပါက စိတ်သဘောထားဆိုးယုတ်သူ၊ အကြမ်းဖက်တတ်သူဖြစ်ကြောင်းဖော်ပြသည်။ အဖျားတုတ်သောလက်မမျိုးအားတွေ့ရခဲသည်။ အကယ်၍ လက်မထိပ်ဖျားပုံစံ 'ဥလုံးပုံ' ဖြစ်နေပါက လက္ခဏာပညာရပ်၏ ထုံးစံအတိုင်း လူသတ်သမားတို့၏ လက်မပုံစံအဖြစ် သတ်မှတ်ရပါမည်။

**လက်မတည်ဆောက်ပုံပြန့်ပြူးပြီး ပါးလွှာနေပါသလား**

အကယ်၍ ညီညာပြန့်ပြူးပြီး ပါးလွှာနေသောလက်မဖြစ်ပါက လျှို့ဝှက်သိုသိပ်တတ်သူ၊ စိတ်မြန်လက်မြန်ရှိသူဖြစ်သော်လည်း ကိုယ်ကာယပိုင်း၌ အားပျော့တတ်သူ၊ မိမိအစပြုထားသည့် အလုပ်မှန်သမျှအား ပြီးဆုံးအောင် လက်စသတ်နိုင်သူ၊ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ရဲသူဖြစ်ကြောင်း ဖော်ပြသည်။

**လက်မတည်ဆောက်ပုံပြန့်ကားပြီး ထူထဲနေပါသလား**


လက်မတည်ဆောက်ပုံ ပြန့်ကား ထူထဲနေပါက ရုပ်ဝါဒီဆန်သူ၊ ကာမဂုဏ်အာရုံလိုက်စားတတ်သူ၊ ဖိမ်ကျကျနေတတ်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

**လက်မအနေအထား တိုပြီးတုတ်နေပါသလား**

တွေ့ရခဲသော လက်မပုံစံတစ်မျိုးဖြစ်သည်။

လက်မတိုတုတ်နေပါက ရက်စက်ကြမ်းတမ်းတတ်သူ၊ မျက်နှာပြောင်တိုက်ရဲသူ၊ (တစ်ခါတစ်ရံ)သစ္စာစောင့်သိတတ်သောဝန်ထမ်းကောင်းများအဖြစ် တွေ့ရတတ်သည်။


ယခုတစ်ဖန် လက်မ၏ ပထမလက်ချောင်းရိုးနှင့် ဒုတိယလက်ချောင်းတို့၏အရှည်များအား နှိုင်းယှဉ်တိုင်းတာပါမည်။




**လက်မ၏ပထမလက်ချောင်းရိုးနှင့် ဒုတိယလက်ချောင်းရိုးအား နှိုင်းယှဉ်ခြင်း**

**လက်မ၏ ပထမလက်ချောင်းရိုးသည် ဒုတိယလက်ချောင်းရိုးထက် ပိုပြီး တိုတောင်းနေပါသလား**

လက်မ၏ ပထမလက်ချောင်းရိုးသည် ဒုတိယလက်ချောင်းရိုးထက် ပို၍တိုနေပါက မိမိရည်မှန်းချက်ထက် ဖြစ်သင့်ဖြစ်ထိုက်သောအခြေအနေအား ပို၍ ဦးစားပေးတတ်သူ၊ စိတ်ခံစားမှုမှန်သမျှအား ကျိုးကြောင်းဆင်ခြင်ဉာဏ်ဖြင့်သာလက်ခံတတ်သူ၊ နှစ်လိုဖွယ်ကောင်းသူ၊ စေ့စပ်ကျေအေးမှုများကိုပေးစွမ်းနိုင်သူ၊ နည်းပရိယာယ်ကြွယ်ဝသူဖြစ်ကြောင်း ဖော်ပြသည်။



**ပထမလက်ချောင်းရိုးသည် ဒုတိယလက်ချောင်းရိုးထက် ပိုမိုတိုတောင်း**

**လက်မ၏ ပထမလက်ချောင်းရိုးသည် ဒုတိယလက်ချောင်းရိုးထက် ပိုပြီး ရှည်လျားနေပါသလား**



**ပထမလက်ချောင်းရိုးသည် ဒုတိယလက်ချောင်းရိုးထက် ပိုမိုရှည်လျား**

အကယ်၍ အထက်ပါအတိုင်း ဒုတိယလက်ချောင်းရိုးထက် ပိုပြီး ရှည်လျားနေပါက စေ့စပ်ကျေအေးမှု လက်မခံတတ်သူ၊ ခေါင်းမာတတ်သူ၊ အလိုဆန္ဒရှိသလို ဆင်ကန်းတောတိုး လုပ်ကိုင်တတ်သူဖြစ်ကြောင်း ဖော်ပြ သည်။ အကယ်၍ လက်မ၏ ပထမ လက်ချောင်းရိုးထက် အလွန်အကျွံရှည် လျားနေပါက အများနှင့်သဘောထား ကွဲလွဲတတ်သူ၊ ပဋိပက္ခများသူ၊ အငြင်း အခုံသန်သူ၊ ထင်ရှားစိုးတတ်သူ၊ အကြောင်းအကျိုး မဆင်ခြင်တတ်သူ အဖြစ် တွေ့ရမည် ဖြစ်သည်။

ဆရာဓော်

www.burmeseclassic.com

# ဆယ့်နှစ်ဇွေမြန်မာတစ်ထွားမှန် ရှေးပြောရောက်ဘာယုပေါက်လိမ့်

သူရိန်ထွန်း(ဝိဇ္ဇာဝရဏ၊ မြည်)



** ကြိုပ်ရှစ်စုံပေါ်သမျှ ဖော်ပြမှန်ပြာ သော်ကြွသည့်စန္ဒာ၊ နှစ်အံ့သာနေကျွန်း၊ ဆင်ပူးနှင့်သုပ္ပန္ဒာ၊ တမာသာမြဲဆမွန်း၊ လသုံးဆယ်ထိန်ထိန်ထွန်း ရှိန်ထွမ်းသောရီ၊ ဂုရုကြိုလ်တနှစ်ဆင်း၊ ရာဟုင်းဆယ့်နှစ်လမှီ၊ စံကြသည့် ကန်ရာသီဂာ မှန်အညီခံနိစ္စ၊ ရှေ့နောက်ခွင်လွဲခဲ့ဆလျှင်၊ နိယတနှင့် သီဟဆင်သည်၊ ဘုရှုပြင် ကျင့်ဦးမယ်ပလေး'*

ဆရာတော်ရှင်မထီး၏စာ ဖြစ်ပါသည်။ ဓာတ်တွဲမှန်သော်လည်း ရှေ့နောက်လွဲလျှင်ပင် ကျားမှ ဖားမဖြစ်နိုင်ကြောင်း ပညာရှင်များ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်ဆုံးမခဲ့ခြင်း ဖြစ်သည်။ အများလက်ခံယုံကြည်သည့် အန္တော တာလီ မဟုတ်ပါ။ ဓာတ်လေးပါးကို ထိထိကျကျ ခွဲခြားတတ်လျှင် ဂဠုန်မဖြစ်နိုင်ကြောင်းသိပါသည်။ ဖားမဖြစ်လျှင် ငါး၏အစာအာဟာရမဟုတ်ပါ။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ အာဟာရမရှိလျှင် ဖြစ်တည်ခိုင်မာရင့်ကျက်ခြင်း မဖြစ်နိုင်ပါ။ အခြားသောပြဒါးကို မီးတွင်နေစေရန် ဆေးဝါးဓာတ်များဖြင့် မီးလိမ္မာစွာ ပြုလုပ်ဆောင်ရွက်ခဲ့သော်လည်း မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးကင်း၏' ဆိုသကဲ့သို့ လိုရင်းသို့မရောက်နိုင်ပါ။ ဩဇာဓာတ်ပြည့်ဝသော အာဟာရဖြစ်ရန် အထူးလိုအပ်သည့်အတွက် ရွက်ရပ်ကျမ်းအားလုံးမှ အထပ်ထပ် ကမ္ဘာကာရကို ညွှန်ပြဆုံးမခဲ့ပါသည်။

စာရေးသူနှင့်တကွ မြန်မာပြည်တစ်ဝန်းလုံးတွင်ရှိကြသော အဂ္ဂိရတ်ပညာရှင်အားလုံး လက်စွဲပြုရသော နတ်လမ်းညွှန်ကျမ်းအား ပြုစုခဲ့သူ မြို့ဝန်ဦးဘိုးစံကိုယ်တိုင်ပင် သခါရသဘောကို မလွန်ဆန်နိုင်ခဲ့ပါ။ သီတန်ရုံအဓိပ္ပာယ်တွင် ၎င်းအယူအဆ မှန်ကန်ပါက ယနေ့တိုင် ဦးဘိုးစံကို တွေ့နိုင်ပါသည်။ ၎င်းနောက်မှထုတ်ဝေကြသော စီးပွားဖြစ်ကျမ်းများကိုမူ အထူးမဆိုပါ။ ဗုဒ္ဓဘာသာဝင်များ နေ့စဉ်၊ ညစဉ် ကန်တော့နေသည့် မြတ်ဗုဒ္ဓ ဟောကြားခဲ့သော လောကနိယာမသစ္စာတရား ဓမ္မသရဏံဖြင့် ခွဲခြားဆုံးဖြတ်လိုက်ပါက ဒဏ္ဍာရီပေါင်းများစွာ တွေ့ရှိပါလိမ့်မည်။ ဗုဒ္ဓဟောကြားခဲ့သော ရုပ်၊ နာမ်တရားတို့ချုပ်ကြောင်းမှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့တွင် အပြည့်အစုံ ပါရှိပါသည်။ သို့သော် ရောက်ရှိချိန် ကျင့်နိုင်ခဲ့ပါသည်။ ဂမ္ဘီရပညာရပ်တွင်မူ သိရန်အလွန်ခဲယဉ်းပါသည်။ သိလျှင် ပြုလုပ်အောင်မြင်ရန် မခဲယဉ်းပါ။

ထို့ကြောင့် -

'မသိလျှင်ကျယ်၊ သိလျှင်တွယ်၊ တစ်ဆယ်တွင်ခွဲ တစ်ခုထဲကို၊ ခေါ်မြဲဂဠုန်၊ သုညနဂါး ဓာတ်နှစ်ပါး၊ ချင့်ထားသိတတ်စေ။ သဝေနှစ်သွယ်၊ ဂငယ်နှစ်ခု ဥရှစ်ထုံ၊ စတုပညာ၊ နက်နဲစွာသည်၊ လောကဒေဝ၊ ကန္ဒပြမ္ဘာ၊ ယက္ခာစောင့်ထိန်း ဆေးနှစ်ကိန်း'

ဟု အာဟာရကိုပြဆိုကြပါသည်။

ဇင်းကျိုက်စာတွင်လည်း -

'မည်ဆန်းတထူး၊ နှစ်ကောင်မြူးသည့် စွယ်လူးမုံသောက်၊ ဆဒ္ဒန်ပေါက်ကို၊ ကြီးမြောက်ဗလ၊ ရဲသီဟနှင့်၊ တက္ကူလယ်၊ နှစ်ကောင်တွင်သော်၊ ဝှမ်းကြွယ်တေဇာ၊ ရဲသီဟလည်း၊ မာန်မှုမထောင်၊ တောဆင်ပြောင်လည်း၊ မဆောင်ခွန်အား၊ ထိုနှစ်ပါး၏၊ ထွားထွားညက်ကျေရှိအနေကို၊ ယုက်လေမမှား၊ အဆီသားဟု၊ နဂါးနှင့်တွဲ ဝင်စမြဲတည့်'

ဟူ၍ ညွှန်ပြခဲ့ပါသည်။

တေဇောဓာတ်နှင့် ဝါယောဓာတ်တို့၏ပြုလုပ်ဆောင်ရွက်မှုကြောင့် ပထဝီ၊ အာပေါဓာတ်သည် သုခုမရုပ်အဖြစ်ရောက်ရှိမှသာ ကမ္ဘာကာရအာဟာရဖြစ်ကြောင်း အာဟာရရှိမှသာ ရုပ်အဖြစ်တည်ရှိနိုင်သည့်အတွက် အမျိုးမျိုးသော ပညတ်တို့ဖြင့် ကျမ်းအားလုံးမှ အထူးပြဆိုကြပါသည်။

'ဥမင်သုံးဆယ် တွေ့သောစာဝယ်၊ မှတ်ရာလွယ်လွယ်၊ အစွယ်နှစ်ချောင်း ဆင်ပြူလွှင်လွှင်ကို ဝမ်းတွင်ပျော်မွေ့၊ ခြင်္သေ့အောင်းလျက်၊ ကြွက်တိုရုံကာ၊ ပြီးသောခါတွင် စားပါမြွေဖား၊ အဓိပ္ပာယ်သွားကို မှတ်သားချက်ကျို၊ ဓာတ်ထိုထိုလည်း လိုရာပြီးမြောက်'

ဟူ၍ လည်းကောင်း အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တရားတို့ကို ဝေဖန်ထောက်ဆ၍ မြတ်ဗုဒ္ဓ၏ဒေသနာတော်နှင့်အညီ ကြံစည်နိုင်မှသာလျှင် အကျိုးတရားတို့ကို ခံစားရရှိနိုင်ပါမည်။ အင်္ဂလိပ်လောက၏ ဒဏ္ဍာရီပေါင်းများထဲမှ စစ်မှန်သော အကြောင်းတရား ဂန္ဓာရီပညာရပ်များကို ဝီရိယရှင်များ သိရှိဝေဖန်ဆင်ခြင်နိုင်ပါရန် ဆောင်းပါးအသွင်ဖြင့် ရေးသား တင်ပြခြင်း ဖြစ်ပါသည်။ စာရေးသူနှင့် ဝါသနာတူဖြစ်၍ ဓာတ်ကြောင်းများကို ဆွေးနွေးဖက် ပြည်ရွှေဆံတော်ဘုရားအနီး ဆံတော်နယ်မြေ ညောင်စင်တန်းလမ်းတွင် နေထိုင် သွားခဲ့သော မှန်စီရွှေချ ဆရာကြီးဦးထွန်းရွှေ၏ ဓာတ်အတွေ့အကြုံကို တင်ပြလိုပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှလေယာဉ်များ ပြည်မြို့သို့ လာရောက်၍ ဗုံးကြဲနေသည့်အချိန် ဦးထွန်းရွှေမှာ ပြည်မြို့ ရွှေဆံတော်ဘုရားကို ညမီးလင်းရန်အတွက် ရေနံဆီအဖြူဖြင့်မောင်းရသော မီးစက်ဝန်ထမ်းအဖြစ် လုပ်ကိုင်နေစဉ် တစ်နေ့တွင် ဗုံးကြဲလေယာဉ်မှချလိုက်သော ဗုံးစထိမှန်၍ ညာဘက်ခြေခုံတွင် ဒဏ်ရာရခဲ့ပါသည်။ ကြီးကြီးမားမားတော့ မဟုတ်ပါ။ သို့ပါ၍ ရရာ မြန်မာဆေးဝါးများဖြင့် အနာပျောက်ကင်းရန် လက်လှမ်းမီသမျှ ကုသော်လည်း အနာမှာ မြဲနေပါသည်။ အလုပ်ပျက်မည်စိုးသဖြင့် ခွင့်လည်းမယူခဲ့ပါ။ သူမောင်းရသောမီးစက်မှလည်း ရေနံဆီမောင်းအင်ဂျင်ဖြစ်၍ ညော်မိသည်များကြောင့် အနာမှာ မပျောက်နိုင်ဘဲ တစ်လခန့်ကြာသောအခါ ခြေထောက်မှာ ထိ၍ထိမှန်းလည်း မသိတော့ပါ။ ထို့ကဲ့သို့ ခြေထောက်ထောက်ကြွထောက်ကြွဖြင့် ပင် တစ်ညလုံး မီးစက်နားမှမခွာ အလုပ်ဆင်းခဲ့ပါသည်။ ယခု ပြည်ရွှေဆံတော်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် တစ်ဦးမဟုတ် တစ်ဦး နေ့စဉ်၊ ညစဉ်လိုလို ဖိုလာ၍ထိုးကြပါသည်။ ဦးထွန်းရွှေမှာ အသက် (၂၅) နှစ်ဝန်းကျင် ဖြစ်သည့်အတွက် အားသောအချိန်များတွင် ဆရာကြီးများ ပြောဆိုနေကြသည်ကို နားထောင်ရင်း အပျင်းပြေ ဖိုဆွဲပေးပါသည်။ ဝါသနာတော့ မပါပါ။ ညှပ်ကိုင်၊ လုံထား၊ ဖိုဆွဲ ကျွမ်းကျင်နေပါသည်။

ထိုအချိန်တွင် ရွှေဆံတော်ဘုရားသို့ ဖူးမြော်ရန်လာသော ကုလားဆာဒူးကြီးတစ်ဦး ဖိုရုံနားသို့ ရောက်ရှိလာပါသည်။ အသက်အရွယ်ကြီးရင့်သည့် ပုဂ္ဂိုလ်ဖြစ်၍ ဦးထွန်းရွှေမှာ လူငယ်ပီပီ ဂါရဝတရားရှေ့ထားကာ နှုတ်ဆက်စကားဆိုရင်း ရေနွေးပိုင်းဖြင့် ဧည့်ခံပါသည်။ ဦးထွန်းရွှေ၏ ခြေထောက်မှ အနာကိုကြည့်ပြီး နှီးပြားတစ်ခုနှင့် အနာအတွင်းသို့ ထိုးဆွပါသည်။ နာကျင်ခြင်းမရှိသဖြင့် -

"ကောင်လေး၊ ဒီအတိုင်းဆိုရင် မင်းခြေထောက် မကြာခင် ဖြတ်ရလိမ့်မယ်"

ဟု ပြောသောကြောင့် ဦးထွန်းရွှေ အထူးကြောက်ရွံ့တုန်လှုပ်မိပါသည်။ စစ်အတွင်းဖြစ်သည့်အတိုင်း ဆေးဝါးများကလည်း အလွန်ရှားပါးနေပါသည်။ ထိုအခါ ဆာဒူးကြီးက အိမ်ကို ငါလိုက်ခဲ့မည်ဆို၍ ဘုရားခြေရင်း ညောင်စင်တန်းလမ်းအိမ်သို့ ခေါ်ဆောင်လာခဲ့ပါသည်။ အိမ်တွင် မိသားစုမှာ သုံးဦးသာရှိပါသည်။ ဦးထွန်းရွှေအမေနှင့် ဦးထွန်းရွှေတို့လင်မယားသာ ရှိပါသည်။ အိမ်မှာ လေးပင်နှစ်ထပ်ဖြစ်၍ လူဦးရေနှင့်စာလျှင် ကျယ်ဝန်းနေပါသည်။ ဆာဒူးကြီးက ဦးထွန်းရွှေမိန်းမအား -

ကောက်ညှင်းငချိပ်ဆန်၊ ကနခိုသီး၊ ကြွက်ချေး၊ အဖီးဆုံး၍ပယ်လိုက်သော ငှက်ပျောဖူးအတွင်း ငှက်ပျောဖီးသဏ္ဍာန် ပွင့်ဖတ်အဖြူ ရင်းလေးမျိုးကို ဆတူရော၍ ကျောက်ပျဉ်တွင် ညက်အောင်ကြိတ်ခိုင်းပြီး အနာကို စင်ကြယ်အောင် ရေဆေးကာ ဆေးများ အနာဝတွင်အုံ၍ အပေါ်မှ ပတ်တီးစည်းပေးပြီး နောက်နေ့ဆေးထည့်ပေးရန်လာခဲ့မည် ပြောကာ ပြန်သွားပါသည်။ ( )ကဲ့သို့ ဆေးသစ်လဲ၍ သုံးရက်ကြာသေ )လည်း နာကျင်ခြင်း လုံးဝမရှိပါ။ ( ေ )ရက်မြောက်နေ့တွင် နာကျင်ကိုက်ခဲ( )ပြုလာပြီး ငါးရက်မြောက်တွင်မူ အထိမခံနိုင်အောင် နာကျင်နေပါသည်။ သွေးပြည်ပုပ်များလည်း ပတ်တီးကြားမှ ယိုစီးကျနေ၍ ဂုနီနီအိတ်အစုတ်တွင်ခြေတင်ထားရပါသည်။ (၇) ရက်ရှိသောအခါ သွေးပုပ်ပြည်ပုပ် မဆင်းတော့ပါ။ ထိုအခါမှစ၍ ဆေးမအုံတော့ဘဲ အသားနုတက်စေသော ဆေးဖယောင်းချက်ကပ်ကာ နှစ်ပတ်လောက်အချိန်တွင် အနာပျောက်ကင်းခဲ့ပါသည်။

ဆာဒူးကြီးမှာ နဝင်းရပ်ကွက်တွင်နေသည်။ မိသားစုမရှိပါ။ တစ်ကိုယ်တည်းသမားဖြစ်၍ ကျေးဇူးဆပ်သောအားဖြင့် ဦးထွန်းရွှေ အိမ်အောက်ထပ်တွင် တစ်ခြမ်းထရံကာ၍ အခမဲ့နေခွင့်ပြုခဲ့ပါသည်။ ဆေးလိပ်မသောက်၊ ကွမ်းမစားပါ။ ချက်ပြုတ်၍လည်း မစားပါ။ တစ်ခါတစ်ရံတွင် နံနက်စောစော အိမ်မှ ထွက်ခွာသွားပြီး မိုးချုပ်မှ ပြန်လာသည်က များပါသည်။ ဦးထွန်းရွှေလည်း မမေးမိပါ။ အိမ်တွင် တစ်နေကုန်နေသည့်အချိန်တွင်မူ စကားပြောဖြစ်ပါသည်။ · တစ်ကိုယ်တည်းသမားဖြစ်၍ အိမ်ပြောင်းလာစဉ် သင်ဖြူးဖျာဖြင့် လိပ်ထားသော အိပ်ရာလိပ်တစ်ခု၊ ထင်းရှူးသေတ္တာတစ်လုံး၊ ရေအိုးသာပါပါသည်။ အခြားဘာပစ္စည်းမှမရှိပါဟု ဆာဒူးက ပြောပါသည်။ အသား၊ ငါး လုံးဝမစားပါ။ ချစ်တီးထမင်းဆိုင်မှ သက်သတ်လွတ်ပို့ပါသည်။ စီးပွားရေးလုပ်ငန်းမရှိပါ။ အိန္ဒိယမှလာသော သတင်းစာနေ့စဉ် ဖတ်ပါသည်။

တစ်နေ့တွင် ဆာဒူး၏ အိပ်ရာဘေးမှ ထင်းရှူးသေတ္တာပေါ်တွင် အင်္ဂလိပ်ထိုးသောလုံများ အစီအရီတင်ထားသည်ကိုတွေ့ရပါသည်။ ဦးထွန်းရွှေမှ လုံများနှင့်ပတ်သက်၍ စကားစကြည့်သောအခါ -

"ကောင်လေး၊ ငါ့ကို ဘာမှမေး[illegible]နဲ့။ မင်းအိမ်ကြီးကြီးနဲ့နေချင်ရင် ဖား[illegible] တစ်လုံးရှာပါ။ ငွေကို ငါပေးမယ်"

ဟု ပြောပါသည်။

စစ်အတွင်းဖြစ်နေ၍ ဖားဖို[illegible] လည်း ရှာရမလွယ်ပါ။ ရောင်းမည်[illegible] သော ဖားဖိုကိုသွားရောက်ကြည့်ရှုသော[illegible] လည်း ပြင်ဆင်ရမည်မှာ များနေ[illegible] မဝယ်ဖြစ်ပါ။

ဤကဲ့သို့ နှစ်လခန့်ရှိသောအခါ[illegible] တစ်နေ့ ဆာဒူးမှ သူနှင့်လိုက်ခဲ့ရန် ခေါ်[illegible] သောကြောင့် ပြည်မြို့ လမ်းရှည်လမ်း[illegible] ရှိ ကုလားရွှေပန်းထိမ်ဆိုင်တစ်ဆိုင်[illegible] ရောက်ရှိပါသည်။ ဆိုင်ရှင်မှ ဆာဒူးကြီး[illegible] ကို အလွန် ရိုသေစွာ ဧည့်ခံပါသည်[illegible] ခဏကြာလျှင် ရွှေထည်ပစ္စည်းများ [illegible] လုပ်နေသည့် ကုလားအလုပ်သမား[illegible] လေး၊ ငါးယောက် လုပ်လက်စအလုပ်[illegible] များကို ရပ်နား၍ အပြင်သို့ ထွက်သွား[illegible] ကြပါသည်။ ရွှေဆိုင်ဖြင့် တွဲရက်ဖိုခန်း[illegible] ထဲတွင် ဆာဒူးနှင့်အတူ ဦးထွန်းရွှေ[illegible] ဆိုင်ရှင်ပင် ရှိပါသည်။

ထိုအခါ ဆာဒူးက ကြေးနီ[illegible] ကြီးခွေတစ်ခုကို သစ်သားချောင်း[illegible] တင်၍ ပန်းထိမ်ကောက်ဖြင့်အရည်[illegible] အောင် မီးမှုတ်ပါသည်။ (ထိုအခါ[illegible] ပန်းထိမ်မီးမှုတ်သောကောက်[illegible] ဖြင့်နှိုပ်ရပါသည်။ ခြေနင်းမပေါ်[illegible] ပါ။) ကြေးနီအရည်ပျော်ချိန်တွင် [illegible]

www.burmeseclassic.com




နှလုံးရောဂါ ကင်းဝေးအောင်
မုံရွာဆရာမိုး
အမှတ်တံဆိပ်
အငမောလုံ
နှလုံးအားဆေးကိုဆောင်
- ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)
သွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမ၀ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ...ာနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် ...ှော်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။
...ိုင်း - ၅၂ - ၃၅၆၊ မေဓာဝီလမ်းမကြီး၊ ၅၂ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ / ဥက္ကလာပ
ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁


...ိုင်း ထုပ်ထားသော ပြာတစ်ပဲခန့်ကို ...ကြားရည်ပေါ်သို့ တင်လိုက်သောအခါ ...ကြားနီကို ရေတဘက်ခံရေလောင်း ...ည့်အခါ ဖြစ်ပေါ်သည့် အသံကဲ့သို့ ...အော်မြည်ပြီး မုန့်ပျားသလက်ပမာ သစ် ...အားပေါ်တွင် ပြန့်ကားသွားပါသည်။ ...နောက်တစ်ကြိမ် အရည်ပျော်ရန် မီး ...ပေး၍ အအေးခံကာ လုံပတ်တစ်လုံး ...တွင် ပြောင်းထည့်၍ လက်ချားအနည်း ...ငယ်နှင့် ရေနံမြောင်းလောင်းပါသည်။ ...လောင်းပြီးသောအခါ ရွှေဆိုင်ရှိုးကော့ ...တွင် ထိုင်နေသော ဆိုင်ရှင်အားခေါ်ပြီး ...ရေနံမြောင်းလောင်းထားသော ခွက် ...သားအား ပေးလိုက်ပါသည်။ ဆိုင်ရှင်မှ ...ရွှေချိန်ခွင်တွင် ထည့်ချိန်ပြီး ဈေးနှုန်း ...တွက်ချက်ကာ ဆာဒူးကြီးအား ငွေရှင်း ...ပေးပါသည်။ ဆာဒူးကြီးနှင့် ဦးထွန်းရွှေ ...တို့မှာ ချစ်တီးထမင်းဆိုင်သို့ သွားကာ ...ထမင်းစားသောက်ပြီး ဆာဒူးက ထမင်း ...ခနှင့် သတင်းစာဖိုးရှင်းကာ အိမ်ပြန် ...ကြပါသည်။ ဖိုရအောင်ရှာရန်သာပြော ...ပါသည်။ အခြားဘာမှမပြောပါ။ ရွှေဆံ ...တော်ဘုရားရှိ ဖိုခန်းသို့လာရောက်ဖိုထိုး ကြသော ဆရာကြီးများအား မေးသော်လည်း ဖားဖိုမှာ ရှားပါးနေပါသည်။

သို့နှင့် နှစ်လခန့်ကြာသောအခါ ဆာဒူးကြီးမှ ဦးထွန်းရွှေအား သူတို့ မျိုးနွယ်တူ ကုလားတစ်ဦး ပြည်မြို့ ကမ်းနားလမ်းမှ တရားရုံးကြီး (ယခုအခါ မြန်မာတိုင်းရင်းဆေးရုံဖွင့်လှစ်ထားပါသည်) တွင် တွေ့ရ၍ သူလည်း ထိုရုံးသို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောပါသည်။ ဦးထွန်းရွှေလည်း ကူညီသယ်ဆောင်ပြီး လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ သူ့မိတ်ဆွေမှာ ရုံးအဆောက်အအုံ၏ အခန်းတစ်ခုတွင် နေရသော ရုံးစောင့် ဒရဝမ်တစ်ကိုယ်တည်းသမား ဖြစ်သဖြင့် အဆင်ပြေပါသည်။ နောက်တစ်ပတ်ခန့်ကြာသောအခါ ရုံးတွင် အလှူလုပ်၍ ချပါတီကျွေးသဖြင့် ဦးထွန်းရွှေ သွားရောက်ခဲ့ပါသေးသည်။ ဖိုရှာ၍ရလျှင် သူ့ကိုပြောပါဟု မှာပါသည်။

ထို့နောက် တစ်လခန့်ကြာသော အခါ ဆာဒူးကြီးနှင့် မတွေ့တာကြာပြီ ဖြစ်သဖြင့် ကမ်းနားလမ်း တရားရုံးသို့ သွားသောအခါ ဆာဒူးကြီးမိတ်ဆွေ ကုလားကြီးက ဆာဒူး နင်တို့အိမ်မှာလား ဟု ဆီး၍မေးပါသည်။ အိမ်ကို မလာတာ ကြာပြီဖြစ်လို့ ယခုတွေ့လို၍လာခြင်းဖြစ်ကြောင်း ထိုအခါ ကုလားကြီးက ဆာဒူး ပြန်မလာသည်မှာ ငါးရက်ခန့်ရှိပြီ ဖြစ်သည်။ သူ၏အိပ်ရာလိပ်နှင့် သေတ္တာတို့လည်း အခန်းထဲတွင် သည်အတိုင်းရှိပါသည်။ စစ်အတွင်းဖြစ်၍ တစ်နေရာရာတွင် ဖုံးထိမှန်ပြီး သေဆုံးသွားဟန်ရှိပါသည်။ ဦးထွန်းရွှေလည်း အင်္ဂလိပ်နား မလည်သေး၍ ဆာဒူးပစ္စည်းများကို ရှာဖွေခြင်းမပြုမိခဲ့ပါကြောင်း စာရေးသူအား ပြောပါသည်။ မှတ်သားထိုက်သော ခွက်၏ဆန်းကြယ်မှုဖြစ်၍ သုရဿမဂ္ဂဇင်းမှတစ်ဆင့် ပညာရှင်များ ဝေဖန်ထောက်ဆနိုင်ပါရန် အဖြစ်မှန်ကို တင်ပြအပ်သည်။

*ဝိဇ္ဇာပညာများထွန်းကားပါစေ*

သုရိန်ထွန်း
(ဝိဇ္ဇာစရဏ ပြည်)



www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ဘာလ ပါရမီမဂ္ဂဇင်းစာအုပ်လက်ဆောင်ကို မြောင်းမြစာတိုက်မှ ၂၄ - ၁၂ - ၂၀၁၂ နေ့ နေ့လယ်ပိုင်းတွင် မိမိအိမ်လိပ်စာတည်ရှိရာ နေအိမ်သို့ စာပို့လုလင်တစ်ဦး လာရောက် ပေးပို့ပါ၏။

ကျွန်ုပ်လည်း လူမှုဝတ္တရားနှင့်အညီ ကိုယ်တိုင်မှာလည်း အားလပ်သည့်အလျောက် မိမိအိမ်နှင့်နီးသော လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် မဂ္ဂဇင်းလာရောက်ပေးပို့သူ ကိုကိုနိုင် (စာတိုက်) အား လက်ဖက်ရည်၊ ဆေးလိပ်တို့ဖြင့် ဧည့်ခံလိုက်ပါ၏။ ကျွန်ုပ်တို့ထွေရာလေးပါး ပြောဆိုကြပြီးနောက် စာအကြောင်းပေအကြောင်း ဆွေးနွေးဖြစ်ကြလေ၏။

ကျွန်ုပ်အတွက် အကျိုးထူးရလဒ်ကား ကိုကိုနိုင်မှ သူငယ်စဉ်က သူ၏အမေ ပြောပြလေ့ရှိသော အကြောင်းအရာကို ကျွန်ုပ်အား ပြောပြခြင်းဖြင့် ထူးခြားဆန်းပြားသောဇာတ်လမ်းကောင်းတစ်ပုဒ် ရရှိလိုက်ခြင်းပင်တည်း။

ကိုကိုနိုင်ပြောပြသော 'အကုသိုလ်ကင်းတဲ့ ရွာကလေး' ဟာ အေးချမ်းသာယာပြီး ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းသလို ထူးခြားဆန်းကြယ်ဖြစ်ရပ်များစွာပါဝင်နေတာကြောင့် ဒီဇာတ်လမ်းကို နားထောင်ရင်းဖြင့် ချမ်းမြေ့မှုရသကို ခံစားရလေ၏။ ရင်တွင်းအေးချမ်းမှုများကူးစက်ခံရလေပြီလော။

(မသုံးလုံး)

# အောင်မြင့်ထွန်း

## အကုသိုလ်ကင်းတဲ့ရွာကလေး



www.burmeseclassic.com

www.burmeseclassic.com

ဒီရွာလေးဟာ အေးချမ်းသည်။ …သိုလ်အလုပ်များကိုရှောင်ကြသည်။ …သာသနာတော်ကြီးကို ရိုသေကိုင်း…ကြသည်။ အထူးနှစ်သက်စရာ…င်းတဲ့အချက်ကတော့ ကျေးရွာသူ…ရွာသားတွေဟာ လောဘကင်း… သို့မဟုတ် လောဘကို ချွေတာခြင်း… အလိုရမ္မက်ကြီးကာ မက်မော…်တာတပ်မက်သည့် လောဘကင်း





www.burmeseclassic.com

www.burmeseclassic.com

ရှင်းခြင်းသည် တကယ်အစစ်အမှန်အေးချမ်းသာယာမှုကို ရရှိခံစားရကြောင်းကို သူတို့ ကောင်းစွာ သိရှိနားလည်ထားကြပါ၏။

လောဘမရှိ၍ ခိုက်ရန်ဖြစ်ပွားမှု မရှိကြပါ။ လောဘမရှိ၍ ဒေါသလည်း ကင်းပျောက်ပါလေ၏။ ဒေါသကင်းပျောက်ပြီဆိုလျှင်တော့ မောဟကို ဘယ်မှာ ရှာလို့ရနိုင်ကောင်းအံ့နည်း။

စိမ်းစိုသော သစ်ပင်ပန်းမန်တွေ ဝန်းရံနေပြီး အေးချမ်းစွာ ဝမ်းစာရှာနေကြလေတဲ့ သူတို့တစ်တွေရဲ့နေပုံထိုင်ပုံ လှုပ်ရှားမှုပြုမူနေပုံတွေက ပဒေသာပင် ပေါက်သည့်ခေတ်ကလူတွေနှင့် များစွာ တူလွန်းလှပေ၏။ ယနေ့အတွက် စားချင်သည်ကိုသာ ပဒေသာပင်မှ ဆွတ်ခူးစားသုံးကြပါ၏။ ကျန်သောအသီးများ တစ်ပါးသူ မှီဝဲစားသုံးကြပါစေ။

မိမိဝတ်ချင်သည့် အဝတ်အစားများ ပဒေသာပင်မှ ရရှိနိုင်လေ၏။ လောဘမတက်တော့ အေးချမ်းစွာ ပုံမှန်စားနိုင်၊ ဝတ်နိုင်၊ နေနိုင်ကြလေ၏။

သူတို့ရဲ့ရင်တွင်းခံစားချက်ကို ထိုးဖောက် ဝင်ရောက် ကြည့်ရှုလေ့လာမည်ဆိုပါလျှင် အပူဆိုတာ ချိုနဲ့လားဟု မေးရလောက်ပါ၏။

သူတို့ရဲ့သာယာအေးချမ်းတဲ့စိတ်ထားတွေ ယနေ့တိုင် လူသားအားလုံးရဲ့ နှလုံးအိမ်အတွင်းမှာ ကိန်းအောင်းသန္ဓေတည်နေဦးမည်ဆိုပါလျှင် ကမ္ဘာစစ် ဆိုတဲ့စကားလုံး ပေါ်ပေါက်လာစရာ အကြောင်း မရှိနိုင်ပေ။

ကမ္ဘာစစ် ဆိုတဲ့စကားလုံးကို မည်သူတစ်ဦးတစ်ယောက်ကမျှ ကြားဖူးကြရတော့မည် မဟုတ်ပါတကား။

*

\- ကိုကိုနိုင် (စာတိုက်) ၏ မိခင်ဖြစ်သူ ဒေါ်ချိုသည် လွန်ခဲ့သော (၃) နှစ်က ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်ချိန်တွင် အသက်(၈၃)နှစ်ရှိပြီဖြစ်ကြောင်း၊ ပြောပြခဲ့သည့် အဖြစ်အပျက်များက သူ၏ အမေ (၁၀) နှစ်အရွယ်ခန့်က ဖြစ်ပျက်ခဲ့သောကြောင့် ဖြစ်ပျက်ခဲ့သောအကြောင်းကိစ္စရပ်များမှာ ကြာညောင်းခဲ့သောကာလကို တွက်စစ်ကြည့်ပါက နှစ်ပေါင်း (၇၀) ခန့် ရှိ၏။

သူငယ်စဉ် သူ၏အမေက သူ့ကို ဤအကြောင်းအရာတွေကို ပြောပြခဲ့သည်။ ငယ်စဉ်က နားထောင်ခဲ့ရသည့် ဒီအကြောင်းတွေကို ယနေ့တွင် ကျွန်ုပ်နှင့် ဆုံတွေ့တော့မှ ကျွန်ုပ်အား သူမှတ်မိသမျှ ပြန်လည် ဖောက်သည်ချရလေသည်။

ပြောပြလေသောဇာတ်လမ်းလေးသည် တစ်ဆင့်စကားမျှမကတော့ဘဲ ထပ်ဆင့်ပြောပြရသော အခြေအနေသို့ တည်ရှိနေပါ၏။

ကြားခံ တစ်ဆင့်ပြောပြသည်ကို နားဆင်ရသည့်အတွက် အကြောင်းအရာအချို့ ချို့ယွင်းမှုဖြစ်ပေါ်နိုင်လေသည်။ ချို့ယွင်းအားနည်းချက်ရှိပါက ကျွန်ုပ် စာရေးသူ၏တာဝန်သာလျှင်ဖြစ်ပါကြောင်း ကြိုတင် တောင်းပန်ထားလိုပါ၏။

*

လွန်ခဲ့သော နှစ်ပေါင်း (၇၀) ခန့်က စက်ကုန်းလေးကျေးရွာသည် ပြာမလော့မြစ်ကို မှီခိုအားပြု၍ အေးချမ်းစွာ တည်ရှိနေခဲ့လေသည်။

ထိုကျေးရွာတွင် ဦးပေါလူးနှင့် ဒေါ်မယ်အေးတို့တွင် ဖြူစင်နုနယ်သည့် မချိုလေးဟု အမည်တွင်သော (၁၀) နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သည့် ကလေးမငယ်လေးတို့မိသားစု ပျော်ရွှင်စွာ နေထိုင်ခဲ့ကြလေ၏။

သူတို့မိသားစုလေးသည် တလိုင်းကရင်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဝမ်းစာရေးလုပ်ငန်းများကိုတော့ တောသူတောင်သားတို့၏ထုံးစံအတိုင်း လယ်ယာလုပ်ကိုင်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းတို့ဖြင့်သာလျှင် အသက်မွေးဝမ်းကျောင်းသမှုပြုကြလေသည်။

သူတို့သည် ဘာသာရေးကို ကိုင်းရှိုင်းညွတ်နူးကြသည့်အလျောက် ဥပုသ်သီတင်း ဆောက်တည်ကြမည်ဆိုပါက ပြာမလော့မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းကာ မိမိတို့ရွာနှင့် အတန်ငယ်ဝေးကွာသော ရွှေကုန်း-ပိတ္တာလေးကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် သီလယူလေ့ရှိကြသည်။

ပိတ္တာလေးကျေးရွာတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ကျောင်းတစ်ကျောင်းဟု ဆိုသော်လည်း ကျောင်းဝင်းခြံတစ်ခုတည်းတွင် အဆောက်အအုံကို ကြည့်သော် ကျောင်းနှစ်ကျောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ အဆောက်အအုံနှစ်ခု ဖြစ်နေရသည်ကား ဤသို့တည်း။

ပိတ္တာလေးကျေးရွာတွင် အမှန်တကယ်တော့ ဘုန်းကြီးကျောင်းတစ်ကျောင်းတည်းသာ တည်ရှိခဲ့လေသည်။ ထိုကျောင်းတွင် ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော်သုံးပါးတို့သည် ရပ်ရွာမှ ကြည်ညိုလေးစားခြင်းကိုခံကြရသော သံဃာများ ဖြစ်ကြလေသည်။

ဗုဒ္ဓသာသနာတော် ပြန့်ပွားထွန်းကားစေခြင်း၊ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့စေရန်အလို့ငှာ သံဃာတော်အပေါင်းတို့သည် တရားအားထုတ်ခြင်း မိမိ၏သလုံးခေါင်းအားကိုးလျက် ရွာအတွင်း လှည့်လည်ဆွမ်းခံ၍သာ ဘုဉ်းပေးသုံးဆောင်ခြင်း၊ ရပ်ရွာအကျိုး သာရေးနာရေးတို့ကို ဝိနည်းနှင့်အညီဆောင်ရွက်ပေးတော်မူကြလေသည်။

ပိတ္တာလေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်ကြသော ရဟန်းသံဃာတော်သုံးပါးတို့သည် ညီအစ်ကိုအရင်းများဖြစ်ကြပါ၏။ သာသနာတော်အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ကြလေသောပုဂ္ဂိုလ်များ ဖြစ်ကြပါ၏။

သို့ရာတွင် အကျင့်စရိုက်မတူညီမှုများလည်းရှိကြသည်။ ရဟန်းသံဃာသုံးပါးတို့သည် ရဟန်းဘွဲ့အမည်မကော်စောကြဘဲ အစ်ကိုအကြီးဆုံးကို အဘိုးကြီး၊ အစ်ကိုအလတ်ကို အဘိုးလတ်၊ ညီအငယ်ဆုံးလေးကို အဘိုးငယ်ဟုသာ အမည်နာမထင်ရှားကြလေသည်။

ရဟန်းသုံးပါးတို့ အကျင့်စရိုက်မတူညီမှုများကား အဘိုးကြီးနှင့် အဘိုးလတ်တို့မှာ ဆွမ်းဘုဉ်းပေးရာတွင် ကု... သတ္တဝါ၊ ရေသတ္တဝါမရှောင် ဘုဉ်းပေး... ကြလေ၏။ အဘိုးငယ်ကမူ သတ္တဝါတွေ... အပေါ် မေတ္တာထားလျက် သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးပါသည်။ အဘိုးငယ်သည် သည်းခံစိတ်ပြည့်ဝ... သတ္တဝါများအပေါ် မေတ္တာယှဉ်လျက် နေထိုင်တော်မူပါသည်။

ထိုအချက်ကြောင့် အဘိုးငယ်မှာ အကြီးနှစ်ပါးနှင့် တစ်ကျောင်းတည်း အတူတကွ သီတင်းသုံး နေထိုင်တော်မူရန် ဆန္ဒမရှိတော့ပါ။ ကျောင်းဝင်း... ၌ပင် ကျောင်းငယ်လေးတစ်ဆောင် ဆောက်လုပ်ပြီး တစ်ပါးတည်း သီတင်းသုံး နေထိုင်လေသောကြောင့် တ... ကျောင်းတည်း ဆိုသော်လည်း ကျောင်း... အဆောက်အအုံနှစ်ခုဖြစ်နေရခြင်း... အကြောင်းတစ်ရပ်ပါ။

လူတစ်ယောက်၏ မျက်စိအ... တွင် အဘိုးငယ်၏ ကျောင်းလေး... ညှိုးနွမ်းလှချေ၏။ ပရိဘောဂ...

www.burmeseclassic.com

ဆိုဘာမှမရှိ။ အပြင်အဆင်ခြယ်သ လာဝေး။ အဘိုးငယ်သည် ဆင်းရဲ ချေတကား။ ဤကဲ့သို့ အမြင်ရှိခြင်း ည် ပကာသနနှင့် လောဘကို ဖက် ယ်ထားသူများသာ ဖြစ်ပေလိမ့်မည်။

အဘိုးငယ်၏ အတွင်စိတ်သန္တာန် မှန်တကယ်ကို သေချာစွာကြည့်ရှုမြင် တ်မည်ဆိုပါက ခမ်းနားထည်ဝါစွာ သောကျောင်း၊ ဥစ္စာပစ္စည်း ပါးလျား သောကျောင်းလေးတွင် နေထိုင်တော်မူ သော အဘိုးငယ်၏ စိတ်ဆန္ဒမှာ ချမ်း နေသည်ကို အတွင်းကျကျ သိမြင်ရ လိမ့်မည်။

ကမ္ဘာပေါ်တွင် အချမ်းသာဆုံး လ်မှာ မြန်မာနိုင်ငံအတွင်းရှိ ရွှေကုန်း- ဘာလေးကျေးရွာ ဘုန်းတော်ကြီး ကျောင်းမှ အဘိုးငယ်ဖြစ်သည်ကို လော နည်းသူ လူသားများသာ မြင်နိုင်ပေ လိမ့်မည်။ ဤကား ပိတ္တာလေးကျေးရွာ ရှ ကျေးရွာသားများ၏ခံယူချက် ဖြစ် တည်း။

*

အဘိုးငယ်သည် ရှေ့ရေးကို ကြို င် တွေးဆသလို ကြိုတင်စီမံနိုင်သည် များကိုလည်း ဆောင်ရွက်ထားတတ်လေ သည်၊ အဘိုးငယ်က စိတ်ကူးပေါ်လာ သည့်အတိုင်း အခေါင်းသုံးလုံးပြုလုပ် လေတော့၏။

အခေါင်းသုံးလုံး ပြုလုပ်ပြီးနောက် အစ်ကိုများ၏ ကျောင်းဘက်ဆီသို့ အခေါင်းနှစ်လုံးကို သယ်ယူလာခဲ့လေ သည်၊ အခေါင်းနှစ်လုံးကို အစ်ကိုကြီး နှစ်ပါး သီတင်းသုံးနေထိုင်ရာ ကျောင်း သို့ လာရောက် တင်ထားလိုက်လေ၏။ အခေါင်နှစ်လုံး ကျောင်းသို့ ရောက်ရှိနေ သည်ကို အစ်ကိုကြီးနှစ်ပါးတို့မှာ အံ့အား သင့်စွာဖြင့် -

"အဘိုးငယ်၊ ဒါဘာလုပ်တာလဲ"

ဟု အဘိုးလတ်က မျက်လုံးပြူး သွက် မေးမြန်းလိုက်လေသည်။

အဘိုးငယ်က -

"အစ်ကိုကြီးနှစ်ပါးတို့ ပျံလွန်တော် မူကြရင် ထည့်ရအောင် အဆင်သင့်ပြု လုပ်ပေးထားတာပါ။ တပည့်တော် အတွက်လည်း လုပ်ထားပြီးပြီမို့ တပည့် တော်ကျောင်းမှာပဲထားခဲ့ပါတယ်။ တစ် နေ့ကျရင် ပျံလွန်တော်မူကြမှာပါပဲ မဟုတ်လား။ ရွာသူရွာသားတွေလည်း ဘာဝန်မပိုရအောင်လို့ပါ"

ဟု ရိုသေစွာ လျှောက်ထားလေ၏။

"အဘိုးငယ်၊ အဲသလို မလုပ်နဲ့လေ ကွယ်။ ကျက်သရေမရှိဘူးကွယ့်"

"ဘုရားသော်မှ မလွန်ဆန်နိုင်တဲ့ သွားရာလမ်းမို့လို့ ငြင်းလို့ရမှာလား ဘုရား"

"မလိုပါဘူးကွာ၊ ဒါတွေကို အခု ပြန်သယ်သွားလိုက်တော့"

အဘိုးငယ်လည်း ကိုယ့်ထက်ကြီး သူများကို ခွန်းတုံ့မပြန်လိုတော့ပါ၍ မိမိ နေထိုင်ရာ ကျောင်းလေးသို့သာ ရွှေ့ ပြောင်းထားလိုက်ပါတော့သည်။ အဘိုး ငယ်ကတော့ အစ်ကိုနှစ်ပါးအပေါ် ငြိုးစူ စိတ်မရှိ ပကတိ အေးအေးချမ်းချမ်းပင်။

*

မချိုလေးမိဘများက အဘိုးငယ် ကို ရိုသေမြတ်နိုးစွာကိုးကွယ်ဆည်းကပ် ကြသလို ဆံရစ်ဝိုင်းလေးနှင့် မချိုလေးက လည်း အဘိုးငယ်မှ အဘိုးငယ် တရိုတ သေရှိလေ၏။

သူတို့မိသားစုသည် ကိုယ်ပိုင် စက် လှေလေးနှင့် ကောင်းပေ့ညွန့်ပေ့ ထွား ကျိုင်းသော ရွှေဖရုံသီးကြီးကတစ်လုံး၊ ဝဝလုံးလုံးဘူးသီးကြီးကတစ်လုံး၊ ရွှေ ရည်ဝင်းသော လုံးတန်ကောင်း သရက် သီးမှည့်ငါးလုံးတို့ကို တင်ဆောင်ကာ အဘိုးငယ်အား လှူဒါန်းဒါနပြုကြရန် ပိတ္တာလေးသို့ ထွက်ခဲ့လေ၏။

လမ်းခရီးကား ဖြောင့်ဖြူးသာယာ လှပါသည်။ မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ် လာသော လေညင်းသွဲ့သွဲ့အေးအေး မြမြလေးက ခန္ဓာကိုယ်တစ်နံတစ်လျား ကို ကလူ၏သို့ မြူ၏သို့နှယ် စိမ့်အေးလှ ပါ၏။ စက်လှေကလေးက မြစ်ပြင်ကြော ဝယ် တည်ငြိမ်လျင်မြန်စွာ လှိုင်းခေါင်းဖြူ လေးများ ဖြာထွက်စေလျက် ပြေးလွှား နေလေသည်။

အဘိုးငယ်အား ဖူးမြော်ကန်တော့ ရတော့မည်မို့ ဝမ်းသာကြည်နူးနေသူ လေးက မချိုလေး။ သူမကတော့ ပျော် ရွှင်မဆုံး။

ကျောင်းသို့ရောက်ရှိကြပြီးနောက် လှူဖွယ်ပစ္စည်းများကို အဘိုးငယ်အား ရှိခိုးကန်တော့လျက် စေတနာထက်သန် စွာဖြင့် လှူဒါန်းလိုက်ကြပါသည်။ လှူ ဖွယ်ပစ္စည်းများကို လှူဒါန်းကြပြီးနောက် မိဘနှစ်ပါးမှာ ကျောင်း၏အနီး အရိပ် အာဝါသကောင်းလှသည့် ကုံ့ကော်ပင် ကြီးရဲ့အောက်မှာ သွားရောက်အနားယူ လိုက်ကြပါသည်။ အေးချမ်းစွာဖြင့် အနားယူနေကြစဉ်အခိုက် မိခင်ကြီးမှာ ခံတွင်းချဉ်လာသည့်အတွက် -

"သမီးချိုလေး"

"ရှင်"

"ဘဘုန်းဆီမှာ ဆေးပေါ့လိပ်သွား တောင်းပေးစမ်း သမီးရယ်"

"ဟုတ်ကဲ့ အစ်မ"

(မချိုလေးက အမေကို အစ်မဟု ခေါ်သည်။)

မချိုလေးသည် ဆော့ကစားနေ ရာမှ ကျောင်းဘက်သို့ ပြေးသွားလေ တော့၏။ ကျောင်းပေါ်သို့ရောက်ရှိပြီး အဘိုးငယ်အား ဆေးပေါ့လိပ်တောင်း လိုက်ပုံက -

"အဘိုးငယ်၊ အစ်မက ဆေးလိပ် သောက်ချင်လို့ နှစ်လိပ်ပေးပါ"

အဘိုးငယ်က ပြုံး၍ -

"ဆိတ်ခို့၊ နင့်အစ်မတောင်းခိုင်း တာ တစ်လိပ်တည်းမဟုတ်လား"

"အစ်မက တစ်လိပ်ယူရင် ငါ လည်း တစ်လိပ်ယူမှာပဲ"

ဟု ပြန်ပြောလေ၏။

မချိုလေးသည် နှုတ်ကျိုးနေပြီး ဘုန်းကြီးသော်မှပင် 'ငါ' ဟု ပြောနေလေ ၏။ မိဘများကလည်း ယဉ်ကျေးလိမ္မာ သမီးလေးဖြစ်လာစေရန် အခါမလပ် သင်ကြားပေးဆဲဖြစ်၍ နောင်တွင် တပည့်တော်ဟု ပြင်ဆင်ပြောင်းလဲခေါ် ဝေါ်လာကြောင်း သိရပါသည်။ အဘိုး ငယ်က 'ဆိတ်ခို့' ဟု ခေါ်ဆိုသည့် အဓိပ္ပာယ်မှာ တလိုင်းကရင်လို ကလေး ဟု ဆိုလိုပေသည်။

*

အဘိုးငယ်သည် နေ့လယ်ဆွမ်း ဘုဉ်းပေးပြီးချိန်တိုင်း တရားမှတ်လေ့ရှိ ၏။ တရားမှတ်သောပုံစံမှာ ဘုရား ကျောင်းဆောင်ရှေ့တွင် ပက်လက်အနေ အထားဖြင့် ခန္ဓာကိုယ်နှင့် တစ်ပြေးညီ လက်နှစ်ဖက်ကို တစ်ဖြောင့်တည်း ဘေး ချင်းယှဉ်ကပ်လျက်ထားကာ တရားရှု မှတ်တော့၏။

ထိုကမ္မဋ္ဌာန်းတရားရှုမှတ်နည်းကို အသုဘကမ္မဋ္ဌာန်းဟု ခေါ်သည်၊ အချိန် အခါကျရောက်လေသော် အဘိုးငယ် သည် တရားမှတ်တော့မည်ဖြစ်၍ -

"ကိုင်း - ဒကာတို့ ငါအိပ်တော့ မယ်။ ဘယ်သူမှ ငါ့ကို လာမနှိုးကြနဲ့"

"တင်ပါ့ဘုရား"

မိမိတို့ အဘိုးငယ်၏ ကျင့်စဉ်ကို သိပြီးသော လူကြီးများက အဘိုးငယ်

www.burmeseclassic.com

ဘာကိုဆိုလိုသည်ကို နားလည်ပြီး ဖြစ်၏။ သုံးနာရီခန့် ကြာပေတော့မည်။ အဘိုးငယ်အား မနှောင့်ယှက်တော့ဘဲ ကျောင်းအောက်ကပင် စောင့်ရှောက်ပေးကြလေသည်။

ကလေးမလေး မချိုလေးကတော့ ဘုန်းကြီးနှင့်မိဘတို့၏ အလိုက်အထိုက်ကို မသိနိုင်။ သူမက ကလေးပေကိုး။ သူမသိသည်ကတော့ ကျောင်းအောက်တွင် ဆော့၍ဝလျှင် အဘိုးငယ်ကို လိုက်ရှာလေတော့သည်။ ဤကျောင်းငယ်လေးမှာ မိချိုလေးအတွက် ကြာရှည်ရှာဖွေရန် အခက်အခဲ မရှိပါချေ။

မချိုလေးသည် ဘုရားခန်းအတွင်းသို့ လှစ်ခနဲ ပြေးဝင်လိုက်လေတော့သတည်း။ မိဘများကတော့ မသိရှာသေးဘဲ ကောင်းစွာ အနားယူနေကြပါသည်။

တွေ့ပါပြီ။ အဘိုးငယ်အိပ်နေလိုက်သည်မှာသိုးလို့။ တုတ်တုတ်မျှမလှုပ်။ သစ်တုံးကြီးတစ်တုံးချထားဘိသကဲ့သို့ ငြိမ်မှငြိမ်။ ဒါကို မိချိုလေးက မကျေနပ်။ အဘိုးငယ်၏ ပခုံးကို လှုပ်ခါ၍ နှိုးလေတော့သည်။ လက်တစ်ဖက်နှင့် ပုတ်၍နှိုးရာ မရသဖြင့် သူမ၏ လက်ကလေးနှစ်ဖက်ဖြင့် ကိုင်လှုပ်တော့၏။ အဘိုးငယ်ကတော့ လုံးဝမနိုးပါ။

ဒါနှင့် အားမရသေးဘဲ အဘိုးငယ်၏တင်ပါးကို သူမ၏လက်ဖဝါးလေးဖြင့် အားကုန်ထုရိုက်ပါ၏။ အဘိုးငယ်ကတော့ အချိန်မကျသေး၍ ကမ္ဘာ့ဌာန်းအာရုံကြောမှာ နစ်မြောလျက်။ မိချိုလေးက ဘယ်လောက်ပင်ကြိုးစားထုရိုက်ပါသော်လည်း အချည်းနှီးသာပင်။ မိချိုလေး ပျောက်၍လိုက်ရှာနေကြသော လူကြီးများ ရောက်ရှိလာပြီး မိချိုလေးချိုင်းနှစ်ဖက်က မြှောက်ချီကာ ခေါ်ဆောင်သွားကြလေတော့သည်။

မိချိုလေးကတော့ ဘာမှမသိရှာ။ လူကြီးများ၏လက်ထဲတွင် တွဲလောင်းကလေးဖြင့် ယက်ကန်ယက်ကန်ပါသွားရရှာလေတော့၏။

*

အဘိုးလေး၏ မေတ္တာစွမ်းအားကား ပိတ္တာလေးကျေးရွာတစ်ရွာလုံးကို လွှမ်းခြုံထားစေစားစွမ်းပကားမြင့်မားလှပါဘိ။ မိမိကိုယ်တိုင် သက်သတ်လွတ်ဘုဉ်းပေး၍ သတ္တဝါအများကို သက်ညှာထောက်ထားသလို ရွာသူရွာသားများကို မေတ္တာဓာတ် ဖြန့်လွှမ်းစေသည်။

သတ္တဝါများကို ညှဉ်းပန်းနှိပ်စက်မှု မရှိညှာတာစေလေရာ ချောင်ကြိုချောင်ကြားတို့မှ ငါးသတ္တဝါလေးများ လွတ်လပ်ပျော်မြူးနေကြသည်မှာ လူရိပ်မြင်လို့သော်မှ ထွက်မပြေးကြတော့ပေ။ သတ္တဝါချင်း မေတ္တာကူးလူးယှက်နွယ်ကြလေပြီ။ တိရစ္ဆာန်မွေးမြူခြင်းလည်း မရှိကြတော့ပါ။ သာယာသော ကျေးငှက်သာရကာတို့၏ ဆိုတေးသံကလည်း မြိုင်ယံတစ်ကြောလွှင့်မျောခဲ့လေပြီ။

မည်မျှအထိ သတ္တဝါများကင်းရှင်းသွားကြလေသည်ရှိသော် ပိတ္တာလေးကျေးရွာကို ကြက်မတွန်ရွာဟု ဆိုစမှတ်ပြုကြရသေးတော့သည် ဟူသတတ်။

အဘိုးငယ်နှင့်တကွ ရွာသူရွာသားများ၏ မေတ္တာဓာတ်က တစ်ရွာလုံး ပျံ့နှံ့စိမ့်ဝင်လေရာ တောစောင့်နတ်၊ တောင်စောင့်နတ်တို့မှ အကုသိုလ်ကင်းတဲ့ရွာလေးကို စောင့်ရှောက်ပေးလိုက်ကြပုံကိုလည်း မြင်စမ်းစေချင်ပါသည်။

တစ်နေ့သောအခါဝယ် ပိတ္တာလေးကျေးရွာပတ်ဝန်းကျင်မှ ဓားပြတစ်စုတို့ လူသူစုရုံးပြီး ပိတ္တာလေးကျေးရွာကို ဓားပြတိုက်ရန် စီစဉ်ကြလေသည်။ အင်အားတောင့်တင်းသော ဓားပြအုပ်စုသည် သေနတ်၊ ဓားကိုယ်စီကိုင်ဆောင်ထားကြပြီး လှေများကို လှော်ခတ်ကြလျက် ပိတ္တာလေးကျေးရွာသို့ ပေါက်မြောက်သည့်မြစ်ကြောအတိုင်း အားသွန်ခွန်စိုက် ထွက်လာခဲ့ကြလေသည်။

ယခင်ကဆိုလျှင် (သူတော်ကောင်းစိတ်ထားဖြင့်) ပိတ္တာလေးကျေးရွာသို့ နှစ်နာရီခန့် ပုံမှန်လှော်ခတ်ကြရလေ့ရှိလေသည်။ ယခုသော်ကား ညဉ့်ဦးယံမှ လှော်ခတ်၍လာကြရာ သန်းခေါင်ယံမျှမက မိုးသောက်ယံသို့ပင်တိုင်ခဲ့ချေပြီကော။ ပိတ္တာလေးကျေးရွာကို ရှာဖွေမတွေ့ရှိနိုင်ကြ။

လှေကို လှော်ခတ်နေကြသူများ ခြေကုန်လက်ပန်းကျရလေတော့သည်။ ဓားပြတို့သည် ဇွဲသန်သန်ဖြင့် ကြိုးစား၍ ရှာနေကြသော သူတို့အနီးတွင်ရှိနေသည့် ပိတ္တာလေးကျေးရွာကို ရှာဒဖွ မတွေ့ရှိနိုင်ကြတော့ဘဲ တပ်ခေါက်ဆုတ်ခွာပြန်ခဲ့ကြရလေတော့၏။

*

တစ်ခါတုန်းကလည်း ပိတ္တာလေးကျေးရွာကို မကောင်းကြံစည်သူများအဖို့ ကျေးရွာကလေးကို ရှာဖွေမတွေ့နိုင်ကြောင်း ဂုဏ်သတင်းကျော်စောနေခြင်းကို မယုံကြည်ကြသောဓားပြကြီးအုပ်စုတစ်စု ပေါ်ပေါက်ခဲ့လေသေးသည်။ ဗိုလ်မိုက်ခဲဦးဆောင်သည့် ဓားပြကြီးအုပ်စုပင် ဖြစ်တော့သည်။

ယနေ့ သူတို့အုပ်စု လုပ်ငန်းစကြရန် အစီအစဉ်တိုင်ပင်နေကြသည်။

"ဗိုလ်ကြီး၊ ဒီကနေ့ည ဘယ်ရွာကို တိုက်ကြမတုံး"

"ဒီညတော့လား ပိတ္တာလေးရွာကို တိုက်ကြမယ်ဟေ့"

ဗိုလ်မိုက်ခဲက ဒီလိုပြောချလိုက်တော့ တပည့်သားအားလုံး အံ့အားသင့်သွားကြသည်။ မကောင်းကြံစည်သူများအဖို့ ပိတ္တာလေးကျေးရွာကို ရှာလို့မ[...]ကြောင်း အားလုံးအသိပင် မဟုတ်ပါ[...]လား။

"ရုပ်ဆိုးတို့အဖွဲ့ ပိတ္တာလေးကျေး[...]ရွာကို ဘယ်လိုမှရှာမတွေ့ခဲ့ကြဘူး ဗိုလ်[...]ကြီး"

"အရည်အချင်းမရှိတဲ့သူတွေသာ ရှာလို့မတွေ့နိုင်တာပါ။ ဗိုလ်မိုက်ခဲပါ[...] မိုက်ခဲရဲ့အရည်အချင်းကို ယုံလိုက်စ[...]ပါ တပည့်ကြီးရာ။ ပိတ္တာလေးကို ဘယ်[...]လိုဖြိုရမလဲဆိုတာ ငါ့ရဲ့ဦးနှောက်ထဲမှာ အစီအစဉ်ချထားပြီးသား၊ ပွဲပေါက်တိုး[...]ပြီးသားပေါ့ကွာ"

"ယုံကြည်ပါတယ် ဗိုလ်ကြီး"

ထိုနေ့က လကွယ်ည ဖြစ်သည်[...] ကြယ်ကတော့ မစုံလင်နိုင်တော့။ [...] မှောင်ကလည်းကျ။ ကြည့်လေရာ [...] ကွင်းများက မည်းမှောင်နေလေသည်[...]

လုပ်ငန်းတစ်ခုကို တိကျသေ[...] စွာ အကွက်ချစီစဉ်ထားသူ၊ အရည်[...] အချင်းပြည့်ဝစွာ ဦးဆောင်နိုင်[...] ဦးနှောက်အရည်အသွေးပြည့်စုံကြွယ်[...] သူ ဓားပြဗိုလ်ကြီးမိုက်ခဲတို့ မီးရှော[...] လက်လက် အလင်းရောင်မှိန်တုတ်[...] ရယ်နှင့် ပိုးစုန်းကြူးလေးများဖျောက်[...] ဖျောက်ခြားပျံဝဲနေသော အိပ်မောကျ[...] ပိတ္တာလေးရွာလေးသို့ချဉ်းနင်းဝင်ရော[...] နိုင်ခဲ့ကြပါသည်။

အရည်အချင်းမပြည့်မီ၊ ညံ့[...] သူတို့ မရှာဖွေနိုင်သည့် ပိတ္တာလေး။ ဗို[...] မိုက်ခဲတို့က ရှာဖွေလို့တွေ့ရှိခဲ့ကြ[...] ပိတ္တာလေးကျေးရွာ မင်းဘယ်မှာပုန်း[...] လို့ရမှာလဲ။ ဗိုလ်မိုက်ခဲက ဂုဏ်ယူ[...] ကြွားသည့်အပြုံးနှင့်။ ဗိုလ်မိုက်ခဲ[...] ယောက် မော်ကြွားနိုင်ခဲ့သလော။

လူဆိုးဓားပြများ ရွာအနီး[...] သည်နှင့်တစ်ပြိုင်နက် ကောင်း[...] ကြီးမှ တဟီးဟီးနှင့်ပွဲ့တင်ဟိန်းသံကြ[...]

www.burmeseclassic.com

ကြောက်မက်ဖွယ်ရာ ကျယ်လောင်စွာ ညည်းဟည်းနေတော့သည်။ မည်းမှောင်နေသော ကောင်းကင်ပြင်ကျယ်ကြီးကို သူတို့အားလုံး မော့၍ကြည့်မိကြသည်။

ပိတ္တာလေးကျေးရွာကို ကားရားနယ်လျက် သံတင်းပုတ်ကြီးကို လက်ကောက်ပခုံးထက်တွင်ထမ်းကာ သူတို့ကို စိုက်ကြည့်နေသော ခက်ထန်ကြမ်းကြုတ်ကြီးမားတုတ်ခိုင်သည့်သတ္တဝါကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ တုန်လှုပ်ချောက်ချားစွာ ဘွားခနဲ တွေ့မြင်လိုက်ကြတော့သည်။

ထိုသတ္တဝါကြီးကို သူတို့က ရန်ပြုမည်ဆိုထားနှင့် အားလုံးတိုင်ပင်ထားသည့်နှယ် လေ့ပေါ်မှ ဝရုန်းသုန်းကားရေထဲသို့ ခုန်ချသူခုန်ချ၊ ပြုတ်ကျသူများကတော့ လွင့်စဉ်ကျသွားပြီး ခွေးလှောက်ပြေး သနားစရာ ကူးခပ်ပြေးကြရရှာလေတော့သတည်း။

သတ္တဝါကြီးကတော့ တင်းပုတ်ကြီး ထုဖို့မဆိုထားနှင့် လက်ညှိုးတစ်ချောင်းနှင့် ပုတ်ခတ်ရန်ပင် မရည်ရွယ်သော ပမာဏချင်း နှိုင်းယှဉ်ကြည့်ရုံနှင့် မည်မြင်ကွင်းက အသည်းယားစရာ ကောင်းပေတော့သည်။ မေတ္တာခတ်မိသော ရန်သူ့အန္တရာယ်မှ ကင်းလွတ်စေသည့် ပိတ္တာလေးကတော့ မေတ္တာရွာ ပေါ့ပါ။

ပိတ္တာလေးကျေးရွာသူကျေးရွာသားများကတော့ အေးချမ်းနှစ်ခြိုက်စွာ အိပ်မောကျလျက်။

*

တစ်နေ့သောအခါဝယ် မချိုလေး၊ သူ့သားအမိသားအဖသုံးယောက် ပိတ္တာလေးဘုန်းကြီးကျောင်းမှ မိမိတို့ရွာသို့ ပြန်ကြတော့မည်ဖြစ်၍ အဘိုးငယ်အား နှုတ်ဆက်ကန်တော့ကြသည်။

"အဘိုးငယ်ဘုရား၊ တပည့်တော်တို့ ပြန်ကြပါတော့မယ်ဘုရား"

မချိုလေးမိခင်က အဘိုးငယ်အား ကြည့်လျက် လျှောက်ထားလိုက်ရာ အဘိုးငယ်က ရုတ်တရက် -

"ကျုပ်လည်းလိုက်ခဲ့မယ်"

မချိုလေး အရမ်းဝမ်းသာသွားပါသည်။ ခင်မင်လေးစားရသည့်အဘိုးငယ်နှင့်အတူ ခရီးသွားရပေတော့မည်။ စောစောလေးကပင် အဘိုးငယ်အား မိမိတို့ရွာပြန်လျှင် အဘိုးငယ်လိုက်ခဲ့ပါ၊ လိုက်ခဲ့ပါနှင့် မချိုလေးက ဆွဲခေါ်ခဲ့သေးသည်။

ဒါကိုပင် အဘိုးငယ်က -

"ဆိတ်ချိုး ငါမအားဘူး။ အရေးတကြီးလုပ်စရာရှိတယ်။ နင်တို့ပြန်ကြ"

အဲဒီတုန်းက မချိုလေး စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။ ယခုတော့လည်း အဘိုးငယ်စိတ် ပြောင်းလဲသွားလေပြီ။ အဘိုးငယ်သည် အဘယ်ကဲ့သို့ စိတ်ပြောင်းလဲသွားရခြင်းအပေါ် မိချိုလေးခမျာ စဉ်းစား၍ မရပါ။

အဘိုးငယ် လိုက်ပါလာ၍ သူတို့မိသားစုအန္တရာယ်ကြားမှ ကင်းလွတ်ရသည်ကို ကြိုတင် မခန့်မှန်းမိခဲ့ကြပါ။ အဘိုးငယ်လိုက်ပါလာ၍ ပျော်ရွှင်ရသည်ကိုသာ သိထားကြလေသည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်တော်မြတ်၏ တရားတော်များကို နက်ရှိုင်းစွာ ကျင့်ကြံထားသော မေတ္တာရှင်ပုဂ္ဂိုလ်၊ အန္တရာယ်ကို ကြိုတင်သိမြင်နေသော အဘိုးငယ်ပါတကား။

အဘိုးငယ်နှင့်အတူ သူတို့မိသားစု ပိတ္တာလေးကျေးရွာဆိပ်ကမ်းမှ စတင်ထွက်ခွာလာကြလေပြီ။ ပိတ္တာလေးကျေးရွာ ညနေဆည်းဆာအလှကား နေဝင်လုဆဲ ပုစွန်ဆီရောင်သွေးတောက်ပချိန် စက်လှေကလေးက ခုတ်မောင်းပြေးလွှားနေလေသည်။ ကမ်းခြေဘက်ခြမ်း လှပသောရှုခင်းလေးများကို တရိပ်ရိပ်ကြည့်ရှုခံစားရင်းလာခဲ့ကြသည်မှာ နာရီဝက်ခန့် ခရီးပေါက်ခဲ့ကြလေပြီ။

ထိုအချိန်တွင် ကောင်းကင်ယံမှ ပုစွန်ဆီရောင်သွေး တောက်ပခြင်းများ မှေးမှိန်လာကာ ညိုပုတ်ညစ်နွမ်းမှေးမှိန်သောသောအရောင်များ ဖုံးလွှမ်းမှိုင်းမှောင်ရီဝေလျက် တိမ်မည်းကြီးများကြီးစိုးလာဝေ့သည်။ လေပြည်လေညင်းလေးမှ 'ဝေါ ဝေါ ဝိုး' မြည်သံများနှင့် လေကထန်လာသည်။

ကမ်းနားသစ်ပင်ကြီးများ အပြိုင်းအရိုင်းပြိုလဲကုန်သည်။ မိုးသက်လေပြင်းများ ကျရောက်လာပြီ။ ပြာမလော့မြစ်ကြီး ဒေါမာန်ထလေပြီ။ လှိုင်းလုံးကြီးများက ဝုန်းဝုန်းနှင့် စက်လှေကလေးရဲ့ ကံကြမ္မာ မည်သို့တိမ်းရှောင်လေမည်နည်း။

"အဘိုးငယ်၊ အဘိုးငယ် မုန်တိုင်းကျလာပြီ။ ဒုက္ခတွေတော့ရောက်ကုန်တော့မှာပဲ"

"အစ်မရေ၊ ငါကြောက်တယ်။ ဘုရား ဘုရား"

"ကမ်းကိုကပ်ပါ။ ကမ်းကိုကပ်"

မိသားစုတို့ ထိတ်တိတ်ပျာပျာ တစ်ယောက်တစ်ခွန်း ဟစ်အော်ကြတော့သည်။ မျက်တလဲဆံပျာ ခြေမကိုင်မိလက်မကိုင်မိနှင့် စက်လှေပေါ်တွင် ပြေးကြတော့မည့်ဟန်၊ အားကိုးရာမဲ့ကြလေပြီလော။ ဆောက်တည်ရာမရကြတော့ပါ။

စက်လှေလေးမှာ ဖက်ရွက်လေးသဖွယ် လွင့်မျောနေလေတော့သည်။ စက်လှေလေးကို ပြာမလော့လှိုင်းလုံးကြီးများက မညှာမတာ ရိုက်ခတ်ကြတော့သည်။

အဘိုးငယ်ရဲ့မျက်နှာကို အားကိုးတကြီး ကြည့်လိုက်တော့ အဘိုးငယ်က စိုးရိမ်စိတ်အလျဉ်းမရှိ။ မည်သည့်စကားကိုမှလည်း မပြော။ တည်ကြည်သောမျက်နှာကိုသာ တွေ့ကြရလေသည်။ အဘိုးငယ် စိုက်ကြည့်နေသည်က စက်လှေဦးပိုင်း ရှေ့တူရူဆီသို့သာ။ ပြီးတော့ ဆုံးဖြတ်ချက်ပိုင်နိုင်စွာဖြင့် -

"ဒကာကြီး၊ ကမ်းမကပ်နဲ့ မရဘူး။ ဘာမှမကြောက်နဲ့၊ စိတ်ကိုငြိမ်ငြိမ်ထား။ စက်ကိုပုံမှန်မောင်း။ ကျုပ်လက်ညှိုးညွှန်တဲ့နေရာတည့်တည့်ကိုသာမောင်းတော့"

ချိုလေးအဖေသည် အဘိုးငယ်ကို ယုံကြည်သည်။ မည်သည့်အခါမဆို အဘိုးငယ်ကိုသာ အားကိုးသည်။ အဘိုးငယ်၏ စကားကို မြေဝယ်မကျ နားထောင်သည်။ အဘိုးငယ်ညွှန်ကြားသည့်အတိုင်းသာ လိုက်နာဆောင်ရွက်သည်။

ယခုလို အသက်လုနေရသော အချိန်မျိုးတွင်ကား အဘိုးငယ်စကားအတိုင်း အဘိုးငယ်လက်ညှိုးညွှန်ရာသို့သာ လှေဦးကို ဦးတည်လိုက်သည်။ မိမိ၏စိတ်ကိုလည်း မလှုပ်ရှားစေတော့။ စိတ်ကို တည်ငြိမ်စွာ စုစည်းလိုက်တော့၏။

မိသားစုအံ့သြသွားကြတော့သည်။ ကြမ်းတမ်းသော လှိုင်းလုံးကြီးများကြားတွင် အသက်လုပြေးလွှားနေသော စက်လှေကလေး၏ ဦးတည်ရာရေမျက်နှာပြင်ကား ပြန်ပြူးချောမွေ့ ပြေပြစ်သွားလေပြီ။ လှိုင်းလုံးကြီးများ စက်လှေကို မရိုက်ခတ်တော့။

ချောမွေ့သော ရေပြင်လွှာ၊ စက်လှေပြေးလွှားရာလမ်းကြောင်းပေါ် ပေါက်လေပြီ။ အချိန်အနည်းငယ်အတွင်း လှိုင်းလေများလည်း ငြိမ်သက်လာကာ ကောင်းကင်ယံမှာ ကြည်လင်လာလေတော့သတည်း။ ချိုလေးသည် အဘိုးငယ်၏ ခြေထောက်ကို ဖက်တွယ်ကာ စက်လှေကြမ်းပြင်ပေါ်တွင် မှောက်ခုံပြုလျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတုကြည်လင်လာပြီဖြစ်၍ မိသားစုသုံးဦးတို့မှာ ယခုမှပင် စိတ်နှလုံး တုံးတုံးချဝမ်းသာနိုင်ကြလေတော့သည်။ သူတို့အားလုံး မောဟိုက်လျက် ပင်ပန်းနွမ်းနယ်နေကြလေသည်။ မိမိတို့ရွာသို့ ရောက်ရန် အလှမ်းဝေးနေသေးသည်။ စက်လှေကို ဆက်လက် မောင်းနှင်ရန် အချိန်ယူရဦးမည် ဖြစ်လေသည်။

မိသားစုသုံးဦးတို့မှာ လှေဝမ်းတွင်း၌ နုံးခွေနေကြလေသည်။ ထိုအခြေအနေကို နားလည်သော အဘိုးငယ်က သူတို့ကို သနားလာကာ -

"ဒကာတို့လည်း ပင်ပန်းနေကြပြီ။ တစ်ရေးတစ်မော အိပ်လိုက်ကြဦး"

အဘိုးငယ်စကား မဆုံးမီမှာပင် သုံးဦးသားခမျာ ခြေကုန်လက်ပန်းကျကာ တုံးခနဲအိပ်မောကျသွားကြလေသည်။ တစ်ခဏအတွင်း ပြန်လည်နိုးထလာကြပြီးနောက် မိမိတို့ရောက်ရှိနေမည့်နေရာကို စူးစမ်းကြည့်လေသော် စက်လှေကလေးက နေရင်းရွာသို့ ဆိုက်ကပ်ရောက်ရှိနေသည်ကို တအံ့တသြ တွေ့လိုက်ကြရလေတော့သတည်း။

*

မချိုလေး၏မိဘများသည် အဘိုးငယ်၏ လက်ရင်းတပည့်များ ဖြစ်သည့်အလျောက် ဆရာအဘိုးငယ် သင်ကြားဆုံးမသည်တို့ကို လိုက်နာ၏။ မိမိတို့ ဝမ်းစာဖူလုံရေးသာ့လျှင် လုပ်ကိုင်စားသောက်ရင်း ရွာသားအချင်းချင်းရိုင်းပင်းကူညီခြင်းဖြင့် အေးချမ်းစွာနေလေ့ရှိ၏။ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြလေ၏။ တိရစ္ဆာန်မွေးမြူခြင်းဖြင့် စီးပွားမရှာကြပေ။ လယ်ယာလုပ်ကိုင်ရင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြုစုကြပြီး မိမိတို့လည်း စားသုံးကာ အိမ်နီးချင်းများကိုလည်း စေတနာထက်သန်စွာ ပေးဝေကြလေ၏။

ထိုကဲ့သို့ နေထိုင်ကြခြင်းဖြင့် ဥစ္စာပစ္စည်းပါးလျားကြသဖြင့် အပူအပင်ကင်းမဲ့စွာ စိတ်၏ချမ်းသာမှုကြောင့် ပျော်ရွှင်မှုကို ပိုင်ဆိုင်ထားကြပါလေ၏။

မချိုလေး (၁၀) နှစ်ကျော်ကျော် အရွယ်တွင် ထူးထူးခြားခြား ဗိုက်အောင့်သည့် ဝေဒနာကို ခံစားရလေ၏။

"အစ်မရေ ငါဗိုက်အောင့်တယ်"

မချိုလေး ဗိုက်အောင့်သည့် ဝေဒနာကို မခံစားနိုင်တော့သဖြင့် ကုန်း၍ အော်လေတော့၏။ အမေက ဆေးနည်းတိုဖြင့် ဝမ်းဗိုက်ကို လိမ်းပေး၏။ ဝမ်းဗိုက်ကိုတော့ နှိပ်မပေးပါ။ မှားယွင်းနှိပ်ပေးမိပါက အစာအိမ်ကိုသော် လည်းကောင်း၊ အူအတက်ကိုသော်လည်းကောင်း ထိခိုက်နိုင်လေသည်။

ဖခင်ကြီးခမျာ မချိုလေးအတွက် စိတ်ပူရလေပြီ။ အိမ်ရှိဆေးနည်းတိုဖြင့် မရ၍ ရွာထဲမှဆေးဆရာပင့်၍ ကုသပေးကြလေ၏။ မချိုလေးဗိုက်အောင့်သည့် ဝေဒနာက ပို၍ဆိုးလာတော့သည်။ (၃) ရက်ခန့် ကုသသော်လည်း မပျောက်ကင်းသေးပေ။ တစ်နေ့တခြား ပိုမိုနာလာလေသည့် ဖြစ်သောကြောင့် မချိုလေးသည်းခံနိုင်စွမ်းမရှိတော့သဖြင့် မိဘများကို ပူဆာလိုက်ပါတော့သည်။ သူမအားကိုးသည့်-

"အဘိုးငယ်ဆီကို ပို့ပေးကြပါ"

"ပို့ပေးပါမယ် သမီးလေးရယ်။ အခုအမြန်ဆုံး ပို့ပေးပါ့မယ်။ ကဲ - စက်လှေထွက်ဖို့ အမြန်ဆုံးပြင်ဆင်လိုက်ကြတော့ဟေ့"

မချိုလေး ခန္ဓာကိုယ်မှ ချွေးစေးတို့သည် ရွှဲနစ်နေတော့သည်။ ပြင်းထန်သည့် ဝေဒနာကြောင့် ချွေးထွက်လွန်နေသည်။ ထို့ကြောင့် စက်လှေကို အမြန်ဆုံး မောင်းနှင်ခဲ့လေရာ ပိတ္တာလေးကျေးရွာ အဘိုးငယ်ကျောင်းတော်ဆီသို့ ရောက်ခဲ့ကြလေတော့သည်။

"အဘိုးငယ်၊ အဘိုးငယ်"

"ဆိတ်ခို့၊ ဘာဖြစ်လာတာလဲ"

"ဗိုက်အောင့်လို့ပါ ဘုရား။ ငါ့ကို ကယ်ပါဦး"

"ဒကာတို့၊ ဆိတ်ခို့ကို ဘုရားဆောင်ရှေ့မှာ ချထား။ မင်းတို့ နောက်ဆုတ်နေ"

အဘိုးငယ်က ပြောလည်းပြော၊ သူ၏ဆေးတောင်ဝှေးက သူ၏ယာလက်ထဲတွင် အသင့်ဆုပ်ကိုင်ထားပြီး ဖြစ်လေသည်။ အဘိုးငယ်က မချိုလေး၏ ခံစားနေရသောဝေဒနာကုသပေးရန် ပြင်ဆင်လိုက်ပါ၏။

အဘိုးငယ်က မချိုလေး၏ ခေါင်းရင်းဘက်တွင် နေရာယူလိုက်ပြီး မချိုလေး၏ ဦးခေါင်းကို သုံးချက်ခေါက်၏။ ပြီးတော့ ချိုလေး၏ ဗိုက်တည့်တည့်သို့ ဆေးတောင်ဝှေးနှင့်တို့လိုက်သည်နှင့် -

"အဘိုးငယ်ရေ ငါဗိုက်မအောင့်တော့ဘူး"

သမီးလေးစကားကို ကြားလိုက်ရတော့ မိဘများခမျာ ဝမ်းသာလိုက်ကြသည်မှာ သူတို့၏ မျက်လုံးအိမ်များတွင် မျက်ရည်များစို့ရွဲသွားသည်အထိ ဖြစ်တော့သည်။

"အမေ့ရဲ့သမီးလေး နေကောင်းသွားပြီနော်။ ဝမ်းသာလိုက်တာ သမီးလေးရယ်"

"အစ်မရေ ငါနေကောင်းသွားပြီ။ အဘိုးငယ် ငါနေကောင်းသွားပြီတော့"

နေကောင်းသွားပြီဆိုတော့ ပြုံး၍ကြည့်နေသော အဘိုးငယ်ကို သုံးဦးသားခမျာ ကျေးဇူးတင်လျက် ပြိုင်တူထိုင်၍ ရှိသေစွာ ကန်တော့လိုက်ကြလေတော့သည်။ ဆရာနှင့် တပည့် ဆိုသည်မှာ ဤကဲ့သို့ မဟုတ်တုံလော။ သူတို့တွေရဲ့ ဆရာရဲ့တပည့်ကြား ကြာခံဆိုသော အဟန့်အတား မရှိကြပါ။ ပစ္စည်းအဆက်အစပ်မရှိ။ မေတ္တာနှောင်ကြိုးသာလျှင် အဆက်အသွယ်မှုရှိကြလတ္တံ့။

တစ်ဦးကစေတနာ၊ တစ်ဦးက မေတ္တာတွေထက်ပိုလို့ လိုအပ်သော ရာ မရှိပါတကား။ ဆေးစွမ်းထက်မြ တယ်ဆိုတာ မေတ္တာစွမ်းအားကြော ဖြစ်ပါသည်။ အသပြာမလို စေတနာသာ လျှင် အဓိကပင်ဖြစ်တော့လေသည်။

လောဘ၊ ဒေါသ၊ မောဟ ကင်းမဲ့တဲ့ သမားဂုဏ်နဲ့ပြည့်ဝနေ ဆရာရဲ့ဆေးစွမ်း ဘယ်လောက်အ ထက်မြက်သလဲဆိုလျှင် မချိုလေ အရွယ်ရောက်ကြီးပြင်းလာကာ အိ ထောင်ကျ၊ အသက်အရွယ် အိုမင်း ရော်လာသည့်အတိုင် အသက်အ ရာယ်ပေးလောက်သော ရောဂါဝေ ဆိုးကြီးများနှင့်ကင်းဝေးခဲ့ရလေသည်။

*

အဘိုးငယ်သည် ပိတ္တာလေးကျေး ရွာသူကျေးရွာသားတွေကို နူးညံ့သိမ် သော သူတော်ကောင်းများ ဖြစ် သည်အထိ စောင့်ရှောက်ခဲ့ရင်း တစ် သောအခါဝယ် ဒကာ၊ ဒကာမအား ကို ကျောင်းသို့လာကြရန် အဘိုး စုဝေးခေါ် လိုက်လေသည်။ ဒကာ၊ ဒ မ်များ စုံသောအခါ အဘိုးငယ်က -

"သတ္တဝါတွေရဲ့အပေါ် မေ ထားကြရမယ်။ အကုသိုလ်ကင်းအော နေကြပါ။ ကိုယ့်ရဲ့လောဘကို ခြေ ကြ။ အဲဒါဆိုရင် ဒကာတို့ ချမ်းသာ မယ်။ နောက်ဆုံးမှာကြားလိုတဲ့ အ ကြီးဆုံးစကားတစ်ခွန်းပြောမယ်။ က သေရင် ငါ့ရဲ့ခန္ဓာကိုယ်ကြီးကို မသဂြိုဟ်ကြနဲ့"

ရွာသားများကို အဘိုးငယ်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးစကား မိန့်ကြားခဲ့လေပြီ။ အဘိုးငယ် ဆုံးမစကားမိန့်ကြားသည့် နောက်အနည်းငယ်အကြာမှာ ပျံလွန်တော် မူခဲ့လေသည်။

ရှိရင်းစွဲနာခံတတ်သည့်အကျင့်က ဆဲသည်အထိ အရိုးစွဲနာခံကြသော ရွာသားများ။ အရိုးခံမလေ့အတိုင်း အဘိုးငယ်ကို မှန်ခေါင်းသွင်းကြသည်။ မိမိတို့ရွာအင်အားဖြင့် တတ်နိုင်သည့် အတိုင်းအတာအလျောက် လုပ်ဆောင် ပေးကြပါသည်။

ကျေးဇူးရှင် အရင်းခေါက်ခေါက် အဘိုးငယ်၏စကားကို မြေဝယ်မကျနား ဆောင်လိုက်နာကြပါသည်။ စံကျောင်း ကို စုလစ်မွမ်းချွန်တို့ဖြင့် ဗုဒ္ဓဘာသာ အလိုင်းကရင်တို့သည် မိမိတို့ရွာ အင်အားရှိသလောက်ပုံအော၍ဆောက် ၏။

ရွာ၏အနေအထားနှင့် ကြည့်မည် ဆိုပါက နတ်ဗိမာန်ကြီးတမျှ ခမ်းနား သည်ဝါလှပါဘိ။

အဘိုးငယ်အား (၃) နှစ်ခန့် မပုပ် သိုး ပူဇော်ကန်တော့ခဲ့ကြရလေသည်။ ထိုကာလအတွင်း ဆံပင်ရိတ်ပေးရခြင်း၊ လက်သည်း၊ခြေသည်းညှပ်ပေးရခြင်းတို့ ဖြင့် ကုသိုလ်ယူခဲ့ကြရလေသည်။

*

အေးချမ်းသာယာခဲ့သော ပိတ္တာ လေး ကျေးရွာသူကျေးရွာသားများ၏ အေးချမ်းမှု ကင်းပျောက်ရတော့မည့် ခေတ်ကာလသည်ကား ကော်သူးလေ သူပုန်ကြီးများ ကြီးစိုးသည့်ကာလသို့ ရောက်ရှိလာတော့သည်။

ကောသူးလေသူပုန်များ ထကြွ သောင်းကျန်းသည့်အချိန်အခါသမယသို့ ရောက်ရှိခဲ့ရကား သူပုန်များသည် ကျေး ရွာများသို့ ဝင်ရောက်ကာ ရွာကိုမီးရှို့၊ ပစ္စည်းလု၊ လူသတ်သောင်းကျန်းကြလေ သည်။ ရွာသူရွာသားများ သူတို့ကို မော် ကြည့်ရဲလောက်အောင် ရက်စက်ကြမ်း ကြုတ်ကြလေသည်။

ကော်သူးလေသူပုန်များ ရွာပေါင်း စုံ ဝင်ရောက်သောင်းကျန်းရာတွင် ပိတ္တာ လေးကျေးရွာသည်လည်း အဝင်အပါ ဖြစ်လေ၏။ ရွာမီးရှို့၊ လူသတ် ရက်စက် ကြမ်းကားလေသော သောင်းကျန်းသူများ ပိတ္တာလေးကျေးရွာသို့ ဝင်ရောက်မွှေ နှောက်ရင်း အဘိုးငယ်၏ ရုပ်အလောင်း ကို တွေ့ရှိလေသောအခါ -

"မင်းတို့ကျက်သရေမရှိတဲ့အလုပ် တွေ လုပ်နေကြတာပဲ။ ရွာထဲမှာ လူသေ အလောင်းမထားရဘူး။ အလောင်းကို မီးရှို့ပစ်လိုက်ကြ"

ဟု ကြိမ်းဝါးကာ ရွာသားများကို နှိပ်စက်လျက် အတင်းအကျပ်စေခိုင်း တော့၏။

ရွာသားများက နှမြောတသစိတ် ဖြင့် ကျေးဇူးရှင် အဘိုးငယ်၏ ရုပ်အ လောင်းကို မီးမရှို့ရက်ကြ။ သောင်းကျန်း သူများက ပိုမို၍ ရက်စက်ကြမ်းကြုတ် လာတော့ အားမတန် မာန်လျှော့ကာ အဘိုးငယ်၏ရုပ်အလောင်းကို မီးရှို့လိုက် ကြရပါတော့သည်။

မီးရှို့၍ ရုပ်အလောင်းမီးစွဲလောင် သည်နှင့် သူပုန်များ ထိုနေရာမှ ထွက်ခွာ သွားကြလေ၏။ သူပုန်များထွက်ခွာသွား သည်နှင့် ပိတ္တာလေးကျေးရွာသားတစ်ဦး ဖြစ်သော ဦးပွင့်မောင်က အဘိုးငယ်အား ကြည်ညိုလွန်း၍ မီးစွဲရန်ကျန်ရှိနေသော အဘိုးငယ်ရုပ်အလောင်း၏ ခြေမကို ကိုက်ဖြတ်ကာ သူတစ်ပါးမသိအောင် ပါးစပ်အတွင်း၌ ငုံထားလိုက်လေ၏။

ရုပ်အလောင်းမီးသင်္ဂြိုဟ်ပွဲပြီးဆုံး သွားသောအခါဝယ် ဦးပွင့်မောင်သည် အဘိုးငယ်၏ ခြေမလေးကို မြင့်မြတ် သောနေရာတွင်ထားကာ တရိုတသေ ကိုးကွယ်ပါတော့သည်။

*

ရန်ကုန်မြို့တွင် ကြီးပွားချမ်းသာ နေသော ဦးပွင့်မောင်သည် လိုက်လိုက် လှဲလှဲ ကြည်ညိုမိသည့်အလျောက် သဒ္ဓါ ပိုမိုလာသည့်အတွက် သူကိုးကွယ်ထား သည့် အဘိုးငယ်၏ခြေမလေးကို ရွှေချ ကိုးကွယ်သည်အထိ ကြည်ညိုလေ သည်။

ပိတ္တာလေးကျေးရွာတွင် ခြေမ လေးကိုးကွယ်ရင်း စီးပွားရေးကောင်းမွန် တိုးတက်လာသည်။ ဦးပွင့်မောင်သည် ချမ်းသာသထက် ချမ်းသာလာသလို ရွာ ကလည်း အေးချမ်းမှုကင်းမဲ့လာသည်။ ကော်သူးလေသူပုန်များ၏ ဘေးရန်က လည်း စိုးရိမ်ဖွယ်ရာအပြည့်။ ဦးပွင့် မောင်သည် ခင်မင်တွယ်တာခဲ့ရသော ပိတ္တာလေးကျေးရွာကို စွန့်ခွာကာ ရန် ကုန်မြို့သို့ ပြောင်းရွှေ့သွားပြီး အခြေချ နေထိုင်လိုက်ရလေတော့၏။

ဦးပွင့်မောင်သည် ရန်ကုန်မြို့တွင် နေထိုင်သော်လည်း ကျေးဇူးရှင် အဘိုး ငယ်နှင့်ပိတ္တာလေးကျေးရွာကို မေ့မထား ပါ။ ပိတ္တာလေးကျေးရွာသတင်းကို အမြဲ နားစွင့်ထားသည်။ ပိတ္တာလေးကျေးရွာ အေးချမ်းပါစေဟု နေ့စဉ်ဆုတောင်းပေး နေပါသည်။

ဦးပွင့်မောင်၏ ဆုတောင်းပြည့်ခဲ့ ချေပြီ။ သောင်းကျန်းသူရန်အပေါင်းတို့ လုံးဝချုပ်ငြိမ်းပြီး စိတ်ချယုံကြည်ရ လောက်သည့် အေးချမ်းမှုရရှိသွားပြီဆို သည့် မင်္ဂလာသတင်းကို ကြားသိလိုက်ရ သောအခါတွင်ကား ပိတ္တာလေးကျေးရွာ သို့ သွားရန် အမြန်ဆုံးစီစဉ်လိုက်တော့ သည်။ မိမိ၏စိတ်ကို သန့်ရှင်းစင်ကြယ် ပေးလိုက်သော ပိတ္တာလေးကျေးရွာသို့ သွားရပါတော့မည်။

တစ်ခုသော နတ်တော်လတွင် ဦးပွင့်မောင်သည် အဘိုးငယ်၏ ရွှေချ ထားသော ခြေမလေးကို ရန်ကုန်မြို့မှ ပိတ္တာလေးကျေးရွာသို့ ပင့်ဆောင်လာခဲ့ ပါတော့သည်။ ပိတ္တာလေးကျေးရွာသူ ရွာသားအားလုံးကို အဘိုးငယ်၏ခြေမ ပူဇော်ပွဲလေး ကျင်းပပေးလိုက်ပါသည်။ ရွာသူရွာသားများက ဦးပွင့်မောင်ကို ကျေးဇူးတင်မဆုံးရှိကြသည်။ ဝမ်းသာ ပျော်ရွှင်ကြည်နူးမဆုံးနိုင်ကြတော့သည် တကား။

ပိတ္တာလေးကျေးရွာသားမိသားစု အသစ်များကိုလည်း တွေ့ရှိရသည်။ သူ တို့၏ မျက်နှာလေးများကလည်း ကြည် လင်အေးချမ်းမှု မျက်ဝန်းရိပ်များကို တွေ့ရှိရခြင်းဖြင့် ရွာခံကျေးရွာသားများ ၏ မေတ္တာစာတ်ခိုလှုံရသောကြောင့် မေတ္တာစာတ်လှိုင်းကူးစက်မှုရှိကြောင်း သက်သေခံပေးသည့်နှယ်။

ချမ်းမြအေးကြည်သည့် မေတ္တာ စာတ်လွှမ်းခြုံထားသော ပိတ္တာလေး ကျေးရွာသူကျေးရွာသားအပေါင်းတို့ သည် အဘိုးငယ်၏ကျေးဇူးဂုဏ်ကိုမမေ့ စေဘဲ သတိတရရှိစေသည့် ပွဲတော် သို့ မဟုတ် အဘိုးငယ်၏ ကျေးဇူးတော် အောက်မေ့ဖွယ်ပွဲတော်ကို နှစ်စဉ် နတ် တော်လတွင် ပိတ္တာလေးကျေးရွာ၌ ကျင်းပပေးခဲ့ကြပါကြောင်း။

(ဒေါ်ချိုမှ သူ၏သားဖြစ်သူ ကိုကို နိုင်ထံပေးထားခဲ့သော အဘိုးငယ်ခေါ် ဦးပညာသီဟ၏ ဓာတ်ပုံကို ပူဇော်နိုင်ကြ စေရန် ကူးယူဖော်ပြလိုသော်လည်း အခက်အခဲများကြောင့် ဝမ်းနည်းစွာဖြင့် ဖော်ပြနိုင်ခြင်းမရှိတော့ပါ။)

သုခီအဉ္စာန် ဇရိုဟရွှ

အောင်မြင့်ထွန်း (သေုံးလုံး)



www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ သကြိန်အတက်နေ့။

"ဒီကောင့်အားကပိုသန်နေတယ်။ မင်းတို့ သူ့ခြေတွေ၊ လက်တွေကို မလှုပ်အောင်ကိုင်ထား။ လွတ်သွားလို့ကတော့ ကွာ"

တစ်ကိုယ်လုံးခွေးများနစ်နေသည်ကိုတော့ ကိုယ့်ကိုယ်ကိုယ်သိနေ၏။ အံမှာကြိတ်ထားရလွန်းသောကြောင့် သွားများပင်ကျန်ပါဦးမလားထင်ရ၏။ ကိုယ်ခံပညာကစားထားသောအကျင့်ကြောင့် လက်သီးမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားရာမှ လုံး၀ မဖြေ။ မှိတ်ထားသော မျက်လုံးကို မှေး၍ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်၏ခြေရင်းတွင် ညာဘက်ဘေးမှ မားမားကြီးထိုင်ပြီး ကျွန်ုပ်ကိုကြည့်နေသော ဘကြီးမျှင်။

"ဟော့ကောင်၊ နည်းနည်းလည်း သတိလေးထား ငြိမ်စမ်း"

ပြောပြောဆိုဆိုနှင့် ညာဘက်ပေါင် ပူခနဲဖြစ်သွားပြီး ဆက်တိုက်နာလာပြန်တော့၏။ ကျွန်ုပ်လည်း အားကုန်ရုန်းလိုက်တွန့်လိမ်လိုက်နှင့်။ ကျွန်ုပ်၏ လက်များ၊ ခြေများကို ဝိုင်းဖိကိုင်ပေးထားသော သူငယ်ချင်း (၅) ယောက်လည်း မောလှရော့မည်။

'ကျားခါးပြတ်'။

ထိုးချင်လွန်းလှသော ကျားခါးပြတ်။

ထိုးချင်လွန်းလှ၍ ကျွန်ုပ်အလွန်ကြောက်ချစ်ရိုသေရသော မြန်မာ့ရိုးရာသိုင်းပညာရှင်ကြီး ဘကြီးမျှင်အား နားပူနားဆာလုပ်ခဲ့၏။ ယခု အချိန်အခါများတွက်ချက်၍ ထိုးခွင့်ရပါပြီ။

ဘကြီးမျှင်ကို ကျွန်ုပ်တို့ အလွန်ကြောက်ရ၏။ ချစ်လည်းချစ်၏။ အရပ်မှာ (၆) ပေခန့်ရှိပြီး သူ၏လက်သီးကြီးများဆုပ်လိုက်လျှင် လက်သီးလုံးကြီးများ လက်ဖျံကြီးများမှာ အလွန်ကြီးမားထွားကျိုင်းလှ၏။ မြန်မာ့လက်ဝှေ့ကို နိုင်နင်းကျွမ်းကျင်စွာ ထိုးသတ်ခဲ့သော မြန်မာ့ရိုးရာ လက်ဝှေ့ပညာရှင်ကြီးလည်း ဖြစ်၏။ ဘကြီးမျှင် ခြေစုံရပ်ပြီး ခါးနှစ်ဖက်ထောက် မတ်တတ်များရပ်နေလျှင် -

ရှေးရှေးက မျက်နှာဖြူကြီးများခေတ်တွင် ဝါးပိုးဝါးကို ဖြန်းဖြန်းကွဲအောင်ထိုးပြခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်ကြီး ဦးတိုးလုံကို မျက်လုံးထဲ မြင်ယောင်လာ၏။ ဓာတ်ပုံကိုတွေ့စဉ်က လေးစား

(ရင်ကိုအေးမြစေသား)

# ဆရာဦးမောင်မောင်သန်း

## ပညာသင်ကာလအတွေ့အကြုံများ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လွန်း၍ ကတ်ကြေးနှင့်ညှပ်ပြီး အမှတ်တရသိမ်းထားခဲ့ရပါသည်။ မျက်နှာဖြူလက်ဝှေ့သမားများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ရသည့် ရှေးရှေးက မြန်မာလက်ဝှေ့ပညာရှင်ကြီး ဦးတိုးလုံ၏ မျိုးဆက်ဟု ဘကြီးမျှင်ကိုပြလျှင် ယုံနိုင်လောက်၏။

သူ့အား ကျားခါးပြတ်ထိုးချင်လွန်း၍ နားပူနားဆာလုပ်ခဲ့သော်လည်း ယခုတကယ်ထိုးပြီဆိုသည်နှင့် အနာမခံနိုင်ဖြစ်နေသည်ကို စိတ်တိုနေပုံရ၏။ ကျွန်ုပ်အား ကြိမ်းမောင်းမာန်မဲ၍ ဆက်ထိုးနေ၏။

ကျွန်ုပ်လည်း ဆေးပေါက်လိုက်လျှင် အံကြိတ်၍တင်းတောင့်ထားလိုက်၊ စုတ်တံနှင့် စုတ်ခွက်ဆေးတို့နေချိန် အားလျှော့ချလိုက်နှင့် လူလည်း ပျော့ခွေချင်နေပြီ ဖြစ်၏။

"ဟေ့ကောင်၊ မင်းယောက်ျားမဟုတ်ဘူးလား။ အေနှယ်-ငါလည်ပင်းဆောင့်ထိုးလိုက်ရ"

ဘကြီးမျှင်သည် အလွန်အားကောင်းမောင်းသန်လှပြီး စိတ်လည်းအလွန်တို၏။ တစ်ကိုယ်လုံး ဒေါ်မင်ကြောင်များပြည့်နှက်နေသူဖြစ်ရာ အပ်ချစရာပင်မရှိသလောက်ရှား၏။ ဘကြီးမျှင်၏ ခန္ဓာကိုယ်အား ထိုင်ကြည့်လျှင် ရှေးရှေးက အင်းပညာစာအုပ်ကြီးတစ်အုပ်ကို ထိုင်ဖတ်နေရသည်နှင့်တူ၏။

သူများတကာ ဓားပြီး၊ တုတ်ပြီးသည်ဟု သူ့ရှေ့မှာပြောလျှင် လည်ပင်းက အရေပြားကိုဆွဲပြီး သင်တုန်းဓားနှင့်အလှီးခံကြစတမ်းစိန်ခေါ်သူ ဖြစ်၏။ တံတောင်ဆစ်ကွေးမှ အဆစ်များ၊ ညို့သကျည်းရိုးများ၊ လက်ချောင်းအဆစ်များမှာ မည်သည့်အခါမှမပြီး။ ရိုက်ချိုးပစ်၍ရသည်ဟု အမြဲသင်ပြ၏။ သူ၏ လည်ပင်းအား လက်နှစ်ဖက်နှင့်ညှစ်ခိုင်းလျှင် ရော်ဘာတုံးကြီးကိုညှစ်ရသည်နှင့်တူ၏။

"ဓားပြီး၊ တုတ်ပြီး မင်းတို့ရှေ့လာကြွားရင် မျက်စိအတွင်းသားကို ဘရိတ်ဓားနဲ့ခွဲကြည့်၊ ဘယ်တော့မှမပြီးဘူး"

ဟု အမြဲပြော၏။

သူ၏ လက်သီးချက်များကြောင့် မရှုမလှဖြစ်သွားရသူကိုလည်း မျက်စိနှင့်မြင်ဖူး၏။ အဘ၏ဇနီး အစ်မခင်စိန်မှာ သဘောကောင်းလှလေရာ အဘကို မပြောရဲလျှင် အစ်မခင်စိန်နှင့်သာပြောရ၏။ ထိုစဉ်က သိုင်းပြိုင်ပွဲများရှိ၏။ ကျွန်ုပ်နှင့် သူ၏ တပည့်နှစ်ယောက်ကို ကားနှင့်တင်ခေါ်သွားပြီး တကယ့်ဓားအစစ်များနှင့် ပြိုင်ပွဲဝင်ရန်သွားပြောရာ ပြိုင်ပွဲက လက်မခံ၍ ကျွန်ုပ်တို့ပြန်လာခဲ့ရဖူး၏။ အပြောမဟုတ်သောလက်တွေ့သမားကြီး ဖြစ်၏။

ဓားရေး (၃၇) ချင်းကို စသင်ပေးစဉ်က နားရင်းခဏခဏအအုပ်ခံရလွန်း၍ ကျွန်ုပ်မှာ တစ်ဝက်တစ်ပျက်နှင့်ရပ်ခဲ့ရ၏။

ဤမျှကြောက်ရလွန်းသော ဆရာဖြစ်၍ ကျွန်ုပ်မှာ မျက်ရည်များကျသည်ထိ နာကျင်လှသော်လည်း အံကိုသာကြိတ်လျက်။

ထိုအချိန် -

ရုတ်တရက် ကျွန်ုပ်၏ စိတ်များပြောင်းသွားသလိုဖြစ်သွားပြီး ဒေါသများထွက်လာသလိုခံစားလိုက်ရ၏။ ပါးစပ်မှ တောက်ခနဲ တောက်တစ်ချက်ခေါက်မိ၏။

"ဒုတ်. . . . ဒုတ်. . . ဒုတ်"

"ဟင်"

"ဒုတ်. . . ဒုတ်"

"ကဲဟာ"

"ဒုတ်. . . ဒုတ်. . . . ဒုတ်"

"ကိုင်း - မှတ်ကရော။ စမတွေ့မပြီးခင် စုတ်မဝင်တော့ဘူး။ ဟေ့ကောင် စိတ်လျှော့လိုက်၊ လျှော့လိုက်"

အမှန် အတိုင်းပြောရလျှင် စိတ်လျှော့ရမည်ကို ဘာမှန်းမသိပါ။ ဘယ်လိုလျှော့ရမည်မှန်းမသိပါ။ ကျွန်ုပ်၏အခြေအနေကိုကြည့်ပြီး ဘကြီးမျှင် ဆက်ထိုး၏။ ကျွန်ုပ်မှာ အံကြိတ်ခြင်း၊ တွန့်လိမ်ခြင်းမရှိတော့ဘဲ စုတ်ချက်ထိသည့်နေရာကိုသာ စိုက်ကြည့်နေမိ၏။

"ဟာ - စုတ်မဝင်တော့ဘူး။ ဘေးက ပေါင်သားတွေကို ဒါလောက် သုံး၊ လေးချက်ဆောင့်ထိုးတာတောင် စုတ်မဝင်တော့ဘူး၊ တန်းလန်းကြီးဖြစ်နေပြီ။ ဘယ့်နှယ်လုပ်ရပါ့"

ဘေးနား ခေါင်းရင်းကျကျတွင် ပက်လက်ကုလားထိုင်နှင့်ထိုင်နေသော ဆရာကြီး ဦးသွင်လည်း ထလာပြီး ကျွန်ုပ်အား သေချာကြည့်နေ၏။

ဆရာကြီးဦးသွင်မှာ ဘကြီးမျှင်၏ ဆရာများထဲမှတစ်ဦး ဖြစ်၏။

ကွမ်းလေးမြုံ့မြုံ့မြုံ့မြုံ့နှင့် အရပ်မှာ ပုပုလေးဖြစ်၏။

ထင်ရှား ကျော်ကြားလှသော နာမည်ကျော် သိုင်းပညာရှင်ကြီး ဆရာကြီး ဦးပြည်သိန်းနှင့် အရပ်အမောင်းတူသလိုလိုရှိသော်လည်း ဆရာကြီးဦးသွင်က ပိုပု၏။

တုတ်ကြမ်း၊ ဓားကြမ်းသင်သည့်အခါ လူငယ်များ၏လက်ထဲမှ တုတ်ကိုလွင့်ထွက်သွားအောင် သာသာလေးရိုက်နိုင်သူ ဖြစ်၏။ ဆရာကြီးထံမှာ တုတ်ကြမ်း၊ ဓားကြမ်းသင်လျှင် လက်ချောင်းများမခံနိုင်။ တုတ်ကို ဆုပ်ကိုင်ထားရသောလက်မှာ တဖြည်းဖြည်းညောင်းနာနာလာပြီး တုတ်လွတ်ထွက်သွားသည်ထိခံစားရ၏။

ဆရာကြီးသည် 'ဟိတ်' ဟု ကြိမ်းဝါးလိုက်ပြီး မြေကြီးကို ဖနောင့်နှင့်ပေါက်လျှင် မြေကြီးက လိုဏ်သံပင်ပါ၏။

သူ့ကြည့်လျှင် မထင်ရ၊ ဆံပင်လေးဆံရှည်ရှည်နှင့် နောက်လှန်ဖီးထားပြီး အမြဲတမ်းလိုလို ပြုံးနေတတ်သူ ဖြစ်၏။ တိုက်ပုံမည်သည့်အခါမျှမချွတ်။ ဓားရေး (၃၇) ချင်း ကစားပြီဆိုလျှင် လူငယ်များပင် လိုက်မမီတော့။

"ဘယ်လိုဖြစ်သွားတုံး"

"ပြီးနေပြီ ဆရာကြီး၊ စုတ်မဝင်တော့ဘူး"

"ဟေ - စမကုန်လား"

"မကုန်သေးဘူး"

"ဒီလိုဖြင့်ရင် မရသေးဘူးလေ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း. ."

ဘကြီးမျှင်သည် စကားကို ဆုံးအောင်မပြောခင် ဖျတ်ခနဲ အိမ်ရှေ့လှည့်ကြည့်လိုက်၏။

အိမ်ရှေ့ဆီတွင် ကုတ်အင်္ကျီခေါင်းကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး မ... တတ်ရပ်ကြည့်နေသောသူကို မြင်လိုက်သည်နှင့် -

"ဟာ - ဆရာလေး၊ ကြွပါ"

ဆရာကြီးမျှင် ပျာပျာသလဲဖြ... သွား၏။

ဆရာလေး။

ကျွန်ုပ်တို့သိထားသည်မှာ အလွ... မှ စိတ်တန်ခိုးစွမ်းအားကြီးမားလှသော စိတ်တန်ခိုးရှင်ဆရာလေးအဖြစ် သိထား... ၏။ သူ၏ တည်ငြိမ်မှုမှာ အလွန်ကြ... ကောင်းလွန်းလှ၏။ လက်ယူလက်သိ... စကားပြောဟန်၊ လူကိုကြည့်ဟန်များ... ကြည့်၍မဝလောက်အောင် လှပသေ... နူးညံ့လှ၏။ လူပေါင်းများစွာနှင့်ထိ... ဆက်ဆံခဲ့ဖူးသော်လည်း ဆရာလေး... တစ်ထောင်မှာ တစ်ယောက်၊ တစ်သော... မှာ တစ်ယောက်၊ တစ်သိန်းမှာ ... ယောက်၊ တစ်သန်းမှာ တစ်ယော... နိုင်ဟု ကျွန်ုပ်တို့ ခဏခဏပြော... ကြ၏။ သူလိုပုဂ္ဂိုလ်မျိုး မမြင်ဘူးခဲ့...



www.burmeseclassic.com

www.burmeseclassic.com

ယခုတွေ့ရပြန်တော့လည်း စကားမပြောရဲပါ။ ခင်ချင်လွန်းသော်လည်း အနားမကပ်ရဲပါ။ ဘာကိုကြောက်လို့ကြောက်ရမှန်းမသိ။ ဆရာလေးကိုမြင်လျှင် အလိုလိုကြောက်နေပြီး ရင်တလှပ်လှပ်တုန်နေတော့၏။ထူးခြားသည်မှာ သူ၏မျက်လုံးများ ဖြစ်၏။ စိုက်ကြည့်လိုက်လျှင် ရင်ထဲမှာရှိသော နှလုံး၊ အဆုတ်၊ အသည်းတို့သည် အထဲမှာ ဝုန်းဒိုင်းကြဲထခုန်နေသလိုမျိုး ခံစားရပြီး လူကြီးမှာ အေးခန်နွေးခန် ဖိန်းခန် ရှိန်းခန် ဘယ်လိုဖြစ်သွားမှန်းပင်မသိရ။ ကျွန်ုပ်သည် ကိုယ်ခံပညာ တစားသူဖြစ်၍ မည်သူ့ကိုမဆို စေ့စေ့ကြည့် ရင်ဆိုင်ပြီး စကားပြောသူ ဖြစ်၏။ မည်သူနှင့်ယှဉ်ယှဉ် လုံးဝခေါင်းငုံ့သူမဟုတ်။

သို့သော် ဆရာလေးနှင့် မျက်လုံးချင်းဆိုင်လိုက်သည်နှင့် ဘာဖြစ်သွားမှန်းမသိရ၊ ဆရာလေး၏ မျက်လုံးအကြည့်ဒဏ်ကိုမခံနိုင်လွန်း၍ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ရပေါင်း မနည်းတော့ပြီ။

"ဒါ မောင်ဟိုဒင်းလေးကို စုတ်ပေါက်ပေးနေတာလား"

"ဟုတ်ကဲ့ - ဆရာလေး"

"ဘာတုံး"

"ကျားခါးပြတ်ပါ"

"ပြီးပြီလား"

"စမတွေ့ပြီးခါနီး စုတ်ပေါက်လို့မဝင်တော့ဘူး ဆရာလေး"

"ဩော် - မှန်း ပြစမ်း စုတ်"

ဘကြီးမျှင်သည် ဆရာလေး၏ လက်ထဲသို့ စုတ်ကို ရိုသေစွာထည့်လိုက်၏။ ဘေးနားက ဆရာကြီးဦးသွင်က တွမ်းမြို့ရင်းကြည့်လျက်။

ဆရာလေးသည် တစ်ချက်ပြုံးလိုက်ပြီး စုတ်ကို ညာဘက်လက်နှင့် ကိုင်၍ တစ်ခုခုနှင့် လှမ်းမှုတ်လိုက်သလိုလုပ်လိုက်၏။ ချက်ချင်းဆိုသလို ဘကြီးမျှင်လက်ထဲပြန်ထည့်လိုက်ပြီး -

"ကဲ - ဆက်ထိုး၊ ရပြီ"

ဟု ပြောရင်း ခေါင်းရင်းကုလားထိုင်နားမှာ ဘုရားဝတ်ပြုနေ၏။

စုတ်ချက်များ တဒုတ်ဒုတ်ဖြစ်လာပြန်ပြီဖြစ်၍ ခေါင်းရင်းပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သော ဆရာလေးကိုပင် ခေါင်းလှည့်မော့၍ မကြည့်နိုင်တော့။

တစ်အောင့်လောက်ကြာသော် -

ကျားခါးပြတ်ထိုးခြင်း ပြီးသွားတော့၏။ ပြီးသည်နှင့် ကျွန်ုပ်သည် အိမ်ရှေ့ကို ကျောပေးပြီး ထိုင်နေလိုက်၏။

ထိုစဉ် ကျားခါးပြတ်ကို ကျွန်ုပ်ထက် စောရုံမက အတက်၊အဆင်းပါထိုးထားသော သူငယ်ချင်း တင်လှိုင်သည် ကျွန်ုပ်အား မခံချင်အောင်ပြော၏။ သူ့ပေါင်နှစ်ဖက်ကို ခါးတောင်းကျိုက်ပြ၏။ ကျွန်ုပ်မှာ ဘာဖြစ်သွားမှန်းမသိ အသားတဆက်ဆက်တုန်အောင် ဒေါသကြီးလာပြီး တင်လှိုင်ကို ခုန်အုပ်မည်အပြု-

"ဒုတ် ဂလွမ်း ဂလွမ်း ဂလွမ်း"

ကျောပြင်မှာ ပူခနဲတစ်ချက်ဖြစ်သွားသောကြောင့် ကိုယ်ရှိန်သတ်၍ လှည့်ကြည့်လိုက်၏။ တစ်လံကျော်သော လှံကြီး ဖြစ်၏။

ကျွန်ုပ် ဒေါသဖြစ်ချိန် ကျောပြင်အား လှံနှင့်ထိုးလိုက်သူမှာ ဘကြီးမျှင်ပင် ဖြစ်၏။ ဘေးတွင်ကျသွားသောလှံအား သူငယ်ချင်းအောင်ကြည်မှကောက်ယူလိုက်ပြီး အဘကို ပြန်ပေးလိုက်၏။ ကျွန်ုပ်မှာ ဘာမှမဖြစ်သည့်အပြင် လူမှာ ပျော်သွားသလိုဖြစ်သွားပြီး ဘကြီးမျှင်အိမ်ဘေးရှိ ကျွန်ုပ်တို့ သိုင်းကစားရာ ကွက်လပ်ကြီးတွင် ကျွမ်းချည်းလိုမ့်ထိုးလိုက်၊ အော်လိုက်ဖြစ်နေတော့၏။

နောက်ပိုင်းတွင် တုတ်ကြမ်း၊ ဓားကြမ်းကစားရာ၌ပင်လျှင် တကယ့်ဓားအစစ်များနှင့် ကစားချင်လာ၏။ အဘအိမ်တွင် သူကိုယ်တိုင်ထုထားသော ငှက်ကြီးတောင်ဓားကြီးများအရွယ်အစားအမျိုးမျိုးရှိ၏။

ငှက်ကြီးတောင်ဓားကြီးများအားလုံးကို အိမ်ခြေရင်းအတွင်းဘက် သစ်သားထရံကြားတွင် တစ်ကန့်လျှင် တစ်ချောင်းစီထိုးထည့်ထား၏။

တစ်ခါက သူ့ဆီပညာသင်ရန်လာသော သိုင်းဆရာတစ်ယောက်သည် ကျွန်ုပ်အား တင်တင်စီးစီးပြောရာ -

"ဟေ့ဒီမှာ၊ ငါ့တပည့်တွေကိုတော့ အပေါ်စီးကမလာလေနဲ့။ အပေါ်စီးကလာလို့ကတော့ ဟော်ဟိုထရံမှာထိုးထားတဲ့ ဓားတွေဟာ မင်းအတွက်ဖြစ်သွားမယ်"

ဟုကြိမ်းမောင်းလိုက်သောကြောင့် ထိုသူမှာ တောင်းပန်၍မဆုံး လုံးဝအပိုးကျိုးသွားတော့၏။

ကျွန်ုပ်သည် -

ကျားခါးပြတ်ထိုးပြီးချိန်မှစတင်၍ သိုင်းပညာများသင်ယူရသည်မှာ အတော်ပေါ့ပါးနေတော့၏။နယ်တွေမှာ အလည်ရောက်သွားပြီး ကစားဖြစ်လျှင်လည်း အတော့်ကို ပေါ့ပါးလှ၏။

ထိုစဉ်က ကျွန်ုပ်သည် ကရာတေးကစားနေသည်မှာ ခါးစည်းအညိုအဆင့်ရောက်နေပြီဖြစ်ပြီး မြန်မာ့လက်ဝှေ့နှင့် တုတ်ကြမ်း၊ ဓားကြမ်းပညာတို့ ဘကြီးမျှင်ထံတွင်သင်ယူနေချိန် ဖြစ်၏။ တုတ်ကြမ်း၊ ဓားကြမ်းမှာ တစ်တောင့်ထွာခန့်ရှိသော တုတ်နှစ်ချောင်းကို ဘယ်၊ ညာကိုင်၍ ကစားရသောကြောင့် အတော်လေးလုံလှ၏။ အကွက် (၄) ကွက်၊ (၆) ကွက်မှသည် (၁၂) ကွက်ထိ ရှိက်ရ၏။ နယ်ဘက်များရောက်လျှင် နယ်မှ ကျွန်ုပ်၏ မိတ်ဆွေသိုင်းအဖွဲ့များ၊ ကျွန်ုပ်၏ ကရာတေးတပည့်များ အလွန်သဘောကျသော တုတ်ကြမ်း၊ ဓားကြမ်း ဖြစ်၏။

ထိုစဉ်က ထိုး - ခုတ် - ပက် - ပိုင်း - တွက် ဟူသော ဓားရေးကိုသာ အမြဲလေ့ကျင့်နေခဲ့ဖူးရာမှ တုတ်ကြမ်း၊ ဓားကြမ်းမှာ ကြောက်စရာကောင်းလောက်အောင် ထက်မြက်ကြောင်း ကိုယ်တွေ့သင်ခဲ့ရတော့၏။

ဘကြီးမျှင်အိမ်ဘေးတွင် ညနေစောင်းပြီဆိုသည်နှင့် ဓားရောင်တလက်လက်များ၊ တဖြောင်းဖြောင်းတုတ်ရိုက်သံများ၊ ကျားဟု အော်ဟစ်ကြုံးဝါးသံများနှင့် ပြည့်နှက်နေတတ်၏။

ဆရာကြီးဦးသွင်ထံမှ ခန်းဝင်ခန်းထွက်နည်းများသင်ရပြီဆိုလျှင် အသက်ရှူဖို့ပင်မေ့နေတတ်၏။

ရေစင်ဖိုးငါးမတ်တင်၍ကန်တော့ပွဲပေးကာ သင်ရသော တုတ်ရေး၊ ဓားရေးများဖြစ်ခဲ့သော်လည်း ဘကြီးမျှင်ကတော့ သူ့အိမ်မှာ ထမင်းကျွေးပြီး သူ့ဓားများနှင့် သင်ပေး၏။ ဘကြီးမျှင် ဓားကစားလျှင် ဓားလမ်းကြောင်းများမှာ အလွန်လှပ၍ အလွန်လုံလှပြီး တဝင်းဝင်းတလက်လက်နှင့် ကြည့်ကောင်းလှ၏။ ကျွန်ုပ်တို့အား မည်မျှသင်ပေးခဲ့သော်လည်း သူ၏ လှပသော၊ အားမာန်ပြည့်ဝလှသော ကစားကွက်များကို မမီခဲ့ပါ။

အဘများ ဓားရေး၊ လှံရေးကစားနေလျှင် ရှေးရှေးမြန်မာ့သူရဲကောင်းများ သိုင်းကစားလျှင် ဒီလိုများလေလားဟု မကြာမကြာတွေးမိ၏။ အဘကို အားကျ၍ လူတစ်ရပ်အညီဝါးလုံးနှင့် အချင်းချင်းလေ့ကျင့်ရင်း ဝါးလုံးထိပ်များဖွာထွက်ကုန်သည်ထိ ဖြစ်ရ၏။

ညပိုင်းတွင် အဘထံမှ မြန်မာ့လက်ဝှေ့ သတ်လုံးသတ်ကွက် အဝင်အထွက်များ၊ လူချင်းပူးသတ်ပုံများ၊ ဓားရေး၊ တုတ်ရေးများကို အားရပါးရသင်လိုက်၊ လေ့ကျင့်လိုက်၊ နေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

ကရာတေးပညာ လိုချင်သူများအား ကရာတေးသင်တန်းဖွင့်သင်ပေးလိုက်နှင့် ကိုယ်ခံပညာများကြားတွင် ပျော်မွေ့နေတော့၏။

ရန်ကုန်အိမ်တွင် လည်းကောင်း၊ မြင်သာရှိ ဝါးရုံတောဘေးကွက်လပ်ကြီးတွင်လည်းကောင်း ကရာတေးသင်တန်းများဖွင့်ထားရုံမက ကြို့ပင်ကောက်မြို့တွင်ပါ ခြံသာယာထဲတွင် ကရာတေးသင်တန်းဖွင့်ထားသောကြောင့် ကျွန်ုပ်တွင် ကရာတေးတပည့်များ အလွန်များလှ၏။ ထိုစဉ်က အသက်မှာ (၁၆)၊ (၁၇) သာသာခန့်သာရှိ၏။

ဤလိုနှင့် တစ်နှစ်ခန့်လွန်မြောက်ပြီးကာလ။

တစ်နေ့ -

"ဟဲ့ - သားလေး၊ မင်းကို ဆရာလေးခေါ်နေတယ်"

ကျွန်ုပ်တို့နှင့် တစ်လမ်းတည်းနေထိုင်သော မြန်မာသမားတော်ကြီး ဆရာကြီး ဦးလှမြင့်၏ကတော် ဆရာမကြီး ဒေါ်ကြည် ဖြစ်၏။

"အမေကြည်၊ ကျွန်တော့်ကိုမြင်ရင် ဆရာလေးဆူမှာကြောက်တယ်။ ဒါကြီးက"

ခေါင်းမှဆံပင်မှာ ပခုံးထိနေပြီး အလွန်ရှည်လျားလှသောကြောင့် ထိုဆံပင်ကို ဆရာလေးမကြာခဏညှပ်ခိုင်း၏။ ဒါလောက် ဆံပင်ကြီးရှည်တာ မကောင်းကြောင်း၊ လမ်းသရဲလိုဖြစ်နေကြောင်း၊ သူများအထင်သေးတတ်ကြောင်း၊ ဆံပင်ကြီးကိုညှပ်ပစ်လျှင် မင်းလိုချင်သောပညာပေးမည်ဖြစ်ကြောင်း မကြာခဏပြော၏။ ကျွန်ုပ်က ဆရာလေးကို ရိုသေကြောက်ရွံ့သူဖြစ်၍ နှုတ်မှ 'ဟုတ်ကဲ့' ဟု ပြောသော်လည်း ဟိုရှောင်ဒီရှောင်နှင့်အတွေ့မခံ။ ယခု အမေကြည်ကို ဆံပင်ပြပြီး ဆင်ခြင်ပေးရပြန်၏။

"သားလေးရယ်၊ ဘုတ်သိုက်ကြီးနဲ့ကြည့်မကောင်းပါဘူး။ ဆရာလေးက မင်းကို တော်တော်ချစ်တာ။ မင်းအိမ်ရှေ့ကဖြတ်ရင် သေချာရပ်ကြည့်ပြီးမှ မောင်မောင်သန်းလေးဆိုပြီး လှမ်းလှမ်းခေါ်ပြီးမှသွားတာ။ မင်းက ရှောင်ရှောင်နေတော့ အစ်မကပဲ ထွက်နှုတ်ဆက်ရတယ်"

အမေကြည်သည် ကျွန်ုပ်၏အမေကို အစ်မရင်းလိုချစ်၏။

ဆရာလေးကို မလိမ်ရဲပါ။ မျက်နှာချင်းလည်းမဆိုင်ရဲပါ။

"လာလိုက်ပါ သားလေးရယ်။ ဒီညတော့ ဆရာလေး စောစောပြန်လာလိမ့်မယ်"

"ဟုတ်ကဲ့ အမေကြည်"

မနက်ဖြန် မိုးလင်းသည်နှင့် စာပို့ရထားစီးပြီး ကြို့ပင်ကောက်သွားရန် စီစဉ်ထားပြီးဖြစ်သောကြောင့် လုပ်စရာရှိသည်များလုပ်ရင်း မိုးချုပ်လာ၏။

"အစ်ကိုကြီး၊ အစ်ကိုကြီး ခေါ်နေတယ်"

အစ်ကိုကြီး ဆိုသည်မှာ ကျွန်ုပ်ကို ခေါ်ခြင်းဖြစ်ပြီး 'အစ်ကိုကြီးခေါ်နေတယ်' ဆိုသည်မှာ 'ဆရာလေးခေါ်နေတယ်'ဟု ပြောခြင်း ဖြစ်၏။ ဆရာကြီး ဦးလှမြင့်၏သားကြီး မောင်သိန်းတန်ဖြစ်၏။ ကျွန်ုပ်နှင့် ညီအစ်ကိုရင်းလို ချစ်ကြသော ညီလေးများဖြစ်၏။ ဆရာလေးက သူတို့အိမ်တွင် မကြာမကြာရောက်လာတတ်၏။

"အေးအေး- ညီလေး၊ အစ်ကိုကြီးလာခဲ့မယ်"

မောင်သိန်းတန် ပြန်သွားပြီး မကြာခင် -

"ဟဲ့ - လူလေး၊ သွားလိုက်ဦး။ ဆရာလေးခေါ်ခိုင်းတာ ဒါပါနဲ့ဆို နှစ်ခါရှိနေပြီ၊ ဟိုကလေးလာလာခေါ်တာ"

"ဆရာလေးက အမေကြည်တို့အိမ်မှာ ဒီညအိပ်မယ်နဲ့တူတယ်အမေရဲ့။ ညကျမှပဲသွားလိုက်မယ်လေ"

ည (၈) နာရီထိုးပြီဖြစ်၍ ကျွန်ုပ်မှာ မရဲတရဲနှင့် ဆရာကြီးဦးလှမြင့်တို့အိမ်ရှေ့နားဆီ ယောင်လည်ယောင်လည် လျှောက်သွားလိုက်၊ ဆရာလေးကိုအပြင်မှ ကဲကြည့်လိုက်၊ မဝင်ရဲမတွေ့ရဲ၍ ပြန်လာလိုက်ဖြစ်နေ၏။ ဧည့်သည် (၄)၊ (၅) ယောက်ခန့်နှင့် စကားပြောနေသည်ကို အကြောင်းပြပြီး 'ကျွန်တော်လာတော့ လာပါတယ်။ဆရာလေးဆီမှာ ဧည့်သည်တွေရှိနေလို့' ဆိုပြီး ဆင်ခြေပေးမည်ဟု ကြံထားလိုက်၏။

ည (၉) နာရီခွဲချိန်တွင် အမေကြည် ထပ်ရောက်လာ၏။

"သားလေး၊ မင်းဘာလို့မလာတာလဲ။ ဆရာလေးက မင်းကိုစောင့်နေပြီး ခုမှပဲ (၇) ရပ်ကွက်ကို ကူးသွားပြီ"

"ဩော် - ဆရာလေးသွားပြီလား"

"အေး"

"ကျွန်တော်လာတယ် အမေကြည်ရဲ့။ ဧည့်သည်တွေရှိလို့ ပြန်ပြန်လှည့်လာတာ"

"အေး - သူ့ဟာသူတော့ တစ်ယောက်တည်းပြောနေတာပဲ။ မင်းကို သုံးရက်လောက် သန်လျင်ဆာဒူးဘာဘာကြီးဂူကို ခေါ်သွားမလို့တဲ့"

"ဘယ်တော့လဲ အမေကြည်"

"မနက်ဖြန်"

"ဟာ - ကျွန်တော်ကလည်း ကြို့ပင်ကောက်ကို သုံးရက်လောက်သွားမလို့"

"အေးလေ၊ အမေကြည်ကတော့ ငါ့သားလိုက်သွားသင့်တယ်။ မင်းမလာသေးဘူးလားမေးပြီး သူ့အာရုံယူပြီးကြည့်နေတာ တော်တော်ကြာတယ်။ မျက်နှာသိပ်မကောင်းဘူး။ မဖြစ်သေးပါဘူး မောင်မောင်သန်းလေးကို သုံးရက်လောက်တော့ ခေါ်သွားဦးမှပါဆိုပြီး ပြောနေတယ်။ နင် ဒီသုံးရက်မှာ ဘာအကြံအစည်ရှိလဲ"

"ကျွန်တော် ကြို့ပင်ကောက်သွားမှာလေ အမေကြည်"

"အေး-ဘယ်လိုလဲတော့မသိဘူး ဒီကျပ်တန်လေးတော့ မင်းအတွက်ဆိုပြီး ပေးသွားတယ်။ မောင်မောင်သန်းလေး လာရင်ပေးလိုက်ပါဆိုပြီးပေးသွားတယ်။ နင်မလာနိုင်လွန်းလို့ ငါ့မှာလာပေးရတာ ရော့"

အမေကြည်ရဲ့ လက်ထဲမှ ကျပ်တန်တစ်ဝက်ခေါက်လျက်လေးကို စိုးစိုးသေသေယူလိုက်ပြီးကြည့်လိုက်ရာ နှစ်ဖက်လုံး လှလှပပဆွဲထားသော အင်းပုံများ ဖြစ်၏။ (ကျပ်တန်တွင်ချထားသည်မှာ တစ်ဖက်တွင် ရှင်သီဝလိရွှေယပ်တောင်ဖြစ်ပြီး တစ်ဖက်တွင် ရှင်ဥပဂုတ္တအင်းတော် ဖြစ်၏။ ထိုစဉ်က ဆရာလေးထံတွင် အင်းပညာမသင်ရသေး၍ ဘာမှန်းမသိခဲ့ပါ။ ပြော၍ကြားရုံသာကြားဖူးခဲ့သောအင်းများ ဖြစ်ပါသည်။)

"ဟုတ်ကဲ့ - အမေကြည်၊ ကျွန်တော်ဆောင်သွားမယ်"

"ငါးညှီနံ့တွေ၊ သားငါးအညှီတွေ သွေးတွေမထိရဘူးတဲ့နော်"

"ဟုတ်ကဲ့ပါ။ အရင်က ဆရာလေး သူများတွေကိုပေးနေတုန်းက ကြားဖူးလို့မှတ်ထားပါတယ် အမေကြည်။ သေချာဆောင်ထားပါ့မယ်"

(ထိုအင်းလေးသည် ဆရာလေးထံမှ ဦးဆုံးရရှိခဲ့သောအင်း ဖြစ်ပါသည်။ ကျွန်ုပ် အလွန်ရိုသေကြောက်ရွံ့ရလွန်းသော ဆရာအရှင်ဖြစ်၍ ဦးဆုံးရရှိသော ထိုအင်းကို ယနေ့ထိ မှတ်မှတ်ရရ စနစ်တကျ သေသေသိမ်း၍ဆောင်ထားဆဲ ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ထိုည -

ဆရာလေးနှင့်မဆုံဖြစ်တော့ပါ။

ကျွန်ုပ်၏စိတ်ထဲတွင် ဆရာလေးကို ချစ်သော်လည်း လောလောဆယ်တော့ ဆံပင်မညှပ်ရသေးဟု ဝမ်းသာပြီး မိုးလင်းသည်နှင့် ခရီးထွက်ရန် ကြိုတင်တွေးနေလိုက်တော့၏။

ကြို့ပင်ကောက်။

ရောက်သည့်နေ့ကပင်လျှင် ကျွန်ုပ်၏သူငယ်ချင်းများ၊ တပည့်များ အတော်များများ လာနှုတ်ဆက်ကြ၍ ထိုညက နာရီပြန် နှစ်ချက်ကျော်မှ အိပ်ရတော့၏။

နေခက်နေ့မိုးလင်းသည်နှင့် မုန့်အဆာပြေစားရန် လာခေါ်ကြသော ဆိုက်ကားအဖွဲ့နှင့်အတူ မုန့်ထွက်စား၏။ ဆိုက်ကားအဖွဲ့တွင် ကိုအောင်သန်း၊ ကိုအေးကြီး၊ ကိုဂျစ်သိုး၊ ကိုမောင်မောင်ကြီးတို့မှာ ကျွန်ုပ်ကို အလွန်ခင်ကြချစ်ကြသော ကရာတေးတပည့်ကြီးများဖြစ်ကြ၏။

ထိုစဉ် -

စကားတစ်ခွန်းထူးထူးဆန်းဆန်းကြားရ၏။

ကျွန်ုပ် ကရာတေးသင်ပေးထားသော တပည့်တစ်ဦးသည် လူငယ်တစ်ယောက်နှင့် လူငယ်ချင်းရန်ဖြစ်၏။ တစ်ခါက လူငယ်လေးမှာ ဓားမြှောင်ပါလာ၏။ သို့သော် ကျွန်ုပ်၏တပည့်နှင့် ရင်ဆိုင်တွေ့သည့်အခါ ထိုလူငယ်မှာ အရုပ်ကလေးတစ်ရုပ်လို မရှုမလှဖြစ်သွားရ၏။ ထိုကိစ္စကို ထိုလူငယ်လေး၏ ညီအစ်ကိုများ၊ သူငယ်ချင်းများက လုံးဝ မကျေနပ်ကြ။ ဖြစ်ထားသည်မှာ သုံးရက်ခန့်ပင်ရှိသေး၏။ ကျွန်ုပ်လာသည့်နေ့မှ လေးရက်မြောက် ဖြစ်၏။ ဓားကိုင်လူငယ်လေးမှာ ရင်ဝအရိုက်များအကန်ခံထားရသောကြောင့် အိပ်ရာမှာပင် မထနိုင်သေး။ သူနှင့်ရန်ဖြစ်ထားသည့် ကျွန်ုပ်ငယ်တပည့်မှာ ကျွန်ုပ်နှင့်အတူရှိနေ၏။

သတင်းတစ်ခုကြား၏။

ကျွန်ုပ်ရောက်နေသည်ကို ကြားသော သူတို့ဘက်မှ ဇက်ရဲလက်ရဲလူများနှင့် ကျွန်ုပ်အား ရန်စ၍ထိုးကြိတ်မည် ခုတ်မည် ဟူသောသတင်း ဖြစ်၏။ ဒီကောင် မြှောက်ပေးလို့ ဒီလိုဖြစ်တာ။ ဒီကောင်က ဘာကောင်မို့လို့လဲ။ ဒီကြို့ပင်ကောက်မှာ ဒီကောင်က ဘာလာလုပ်နေတာလဲဟူ၍ ပြောကြကြောင်း ပြန်ကြားရ၏။ အမှန်မှာ သူတို့သည် ကျွန်ုပ်အား ကြို့ပင်ကောက်တွင် ဆွေမရှိမျိုးမရှိ အသိမရှိ ရန်ကုန်မှ သက်သက်လာသင်သူဟုထင်နေကြပုံရ၏။ ကျွန်ုပ်နှင့်လည်း ဘာမှမပတ်သက်ခြင်းကို သူတို့မသိ။ ရန်ဖြစ်သူ လူငယ်ခံရ၍ ကျွန်ုပ်ကို မခြင်းသာ ဖြစ်၏။ ကြားကြားချင်း ကျွန်ုပ် အနည်းငယ်တွေသွား၏။ မြို့ပေါ်ကလူငယ်တွေဟုတ်ချင်မှဟုတ်မည်။ မြို့ပေါ်မှ လူငယ်တွေသည် ကျွန်ုပ်ကို အတော်ခင်ကြ၏။ ရန်လိုသူမရှိကြ။

"ဩော် - နင့်တပည့်ကလုပ်လိုက်လို့ ဟိုက အလူးအလဲခံလိုက်ရပြီး ဓားတွေလွှတ်ကျဘာတွေလွှတ်ကျဖြစ်သွားတော့ နင်သင်ပေးလို့သာ ဒီကောင် ဒီလိုလုပ်နိုင်တာဆိုပြီး နင့်ကို အခြောက်တိုက်မုန်းတာပေါ့"

ဟု ဆိုက်ကားအဖွဲ့မှ အေးကြီးက ရှင်းပြ၏။

ရောက်ပြီး တတိယမြောက်နေ့ -

ညနေမစောင်းတစောင်းတွင် ဈေးဘက်သို့ တစ်ယောက်တည်း ထွက်လာလိုက်ပြီး ဘူတာဘက်သို့ခဏသွားလိုက်၏။ ကိုမောင်မောင်ကို လက်မှတ်ကိစ္စပြောပြီး မနက်ဖြန်ပြန်ရန် စီစဉ်ခဲ့ပြီး တစ်ဦးတည်းပြန်လာခဲ့၏။

ရုံပွဲလမ်းထိပ်နားအရောက် ရန်ကြီးအောင်ရုပ်ရှင်ရုံနှင့် ခဲတစ်ပစ်သာသာလောက်တွင် လူ (၁၅) ယောက်ခန့် ပုဆိုးများခြုံထားသူက ခြုံထားပြီး ခေါင်းမြီးခြုံထားသူကခြုံထားကာ ကျွန်ုပ်၏ရှေ့တွင် ကာဆီးကာဆီးလုပ်နေကြသည်ကို သတိထားလိုက်မိ၏။

ရင်ထဲတွင် အနည်းငယ်ထိတ်ခနဲဖြစ်သွားပြီး သေသေချာချာ သတိထားလိုက်သောအခါ ဘေးနားတွင် လူနှစ်ဦး၊ သုံးဦးခန့်က သွားလာ၍ ဈေးဆိုင်လေးများကလည်း သူ့အလုပ်သူလုပ်နေကြ၏။ ပုဆိုးခြုံထားကြသူများသာလျှင် ကျွန်ုပ်ကို ဝိုင်းကြီးပတ်ပတ်ဒူဝေဒဝေပုံဖြစ်လာသည်အထိ မသိမသာတစ်ယောက်ချင်း၊ တစ်ယောက်ချင်း ဝိုင်းထားလိုက်သလို ဖြစ်နေပြီဟု သတိထားလိုက်မိ၏။

နောက်ပြန်လှည့်မည်ကြံလေလျှင် နောက်နားမှ နှစ်ယောက်၊ သုံးယောက်ခန့်က ပိတ်ရပ်ထားကြ၏။ ခေါင်းမြီးခြုံမထားသူများ၏ မျက်လုံးများမှာ ကျွန်ုပ်ကို တည့်တည့်မကြည့်။ ခပ်စွေစွေနှင့် အကဲခတ်နေပုံရ၏။ ခေါင်းမြီးခြုံထားသူများ၏မျက်လုံးများမှာ တည့်တည့်ကြည့်နေ၏။ ရုတ်တရက် လူနှစ်ယောက်၏ ကျောဘက်တွင် ဓားဦးချွန်နှစ်ခုတွေ့လိုက်၏။ ငှက်ကြီးတောင်ဓားများကို ပုဆိုးခြုံအတွင်း အပေါ်ထိုင်ကိုင်ထားပြီး ကျောနောက်ဖွက်လာကြမှန်း သိလိုက်ချိန်တွင် ကျွန်ုပ်၏ရင်တွေ တလှပ်လှပ်ဖြစ်လာ၏။ အရက်နံ့အချို့ ဖုံ့လွင့်လာပြန်လေရာ ကျွန်ုပ်လည်း ရုံပွဲလမ်းအဝင်ကို ကြည့်ရတော့၏။

ရုပ်ရှင်ရုံတွင်းသို့ ညပွဲကြည့်ရန် လူများဝင်ပြီးခါစအချိန်ဖြစ်၍ လူရှင်းနေပြီဖြစ်သော်လည်း ရုံပွဲလမ်းထိပ်ရှိ ရုပ်ရှင်ရုံဘေးလမ်းမှသည် ရုံပွဲလမ်းအတွင်းသို့ ဝင်ရန် ကျွန်ုပ်အတွက် အတော်ခက်ခဲနေပြီ ဖြစ်၏။ ကျွန်ုပ်သည် အမေ့ကို ချက်ချင်း သတိရသွား၏။ အမေနှင့်မိုင်ပေါင်းများစွာ ဝေးသောနေရာမှာ ငါသာ တစ်ခုခုဖြစ်သွားရင် ငါ့အမေတော့ မြင်ရမှာမဟုတ်တော့ဘူးဟု အတွေးများဆက်တိုက်ဝင်လာတော့၏။ ထိုး၊ရဲ၊ ကြိတ်ရဲ၊ မိုက်ရဲသောစိတ်ဓာတ်များ ဘယ်ရောက်ကုန်မှန်းပင် မသိတော့။

တစ်နေရာတော့ ကြည့်ထားလိုက်၏။

ကျားပျံမကောက်ဆေးလိပ်ဝယ်နေကျ ဆေးလိပ်ဆိုင်။

ထိုဆိုင်တန်းလေးမှ တစ်ဆိုင်မှာ ဈေးထိုင်ရောင်းနေသော အဒေါ်၏ နောက်ကျောဘက်ဆီတွင် လူတစ်ကိုယ်လှဲ၍ ဒိုင်ဗင်ပစ်ထွက်သွားနိုင်သော အပေါက်တွေ့လိုက်၏။ အပေါက်မှာ ကြမ်းပြင်နှင့် တစ်မိုက်ခန့်လွတ်နေပြီး အလျားမှာ ငါးပေခန့်ရှည်သောကြောင့် ဒီအပေါက်က ဒိုင်ဗင်ထိုးလိုမ့်လိုက်လျှင် ရုံပွဲလမ်းထိပ် ဒါရိုက်ဖြစ်ပြီး လမ်းထဲဝင်ပြေး၍ရပြီ။ ဒိုင်ဗင်ထိုးလျှင် ကွမ်းယာဆိုင်ကဲလားကို ဒေါက်ထောက်ထားသော ဝါးလုံးကို တစ်ခါတည်းဆွဲ၍ ဒိုင်ဗင်ထိုးလိမ့်ဝင်မှ လက်ထဲတွင် လက်နက်ပါမည်ဟု တွေးရင်း ဆိုင်ရှေ့တွင် ခြေစုံရပ်၍ စဉ်းစားနေလိုက်၏။ ကြည့်ရသည်မှာ ကျွန်ုပ်အား ကရာတေးကစားသူမှန်း သိထား၍ သူတို့လည်း အခြေအနေကြည့်ပြီးမှဝင်မည့်ပုံ ဖြစ်၏။

ကျားပျံမကောက်ဆေးလိပ်ဝယ်ရန် ဆိုင်ရှေ့မတ်တတ်ရပ်လိုက်ချိန်တွင် ကျွန်ုပ်နှင့် (၁၀)ပေခန့်အကွာသို့ တဖြည်းဖြည်းနီးလာကြပြီ ဖြစ်၏။ စိတ်ကို အငြိမ်သက်ဆုံးဖြစ်အောင် ထိန်းချုပ်၍ အံကိုတင်းထားလိုက်ပြီး ငါ့ကိုခုတ်ရင် ငါလည်း ပြန်သတ်မှာပဲ။ တစ်ယောက်ကိုတော့ ပက်ပက်စက်စက်လုပ်ပြလိုက်ရင် ဒီပြင်လူတွေ နည်းနည်းရှိန်သွားမယ်ဟု တွေးမိတွေးရာလျှောက်တွေးရင်း အိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှပိုက်ဆံကိုနှိုက်ရာ လက်မှာ အိတ်ထဲ မဝင်ချင်တော့၊ ကတုန်ကယင်ဖြစ်နေချေပြီ။

"ဟေ့ကောင် မင်းဘာကောင်လဲ။ မင်းဘာလူးပါဝတာလဲ။ ခုချိန်ထိတောင် ထမင်းပြန်စားရကောင်းမှန်း မသိလောက်အောင် မင်းဘာဖြစ်နေတာလဲ"

အလွန်ကျယ်လောင်သော အသံနှင့် ရုံပွဲလမ်းထိပ်နားဆီမှ မားမားနှင့်ဝင်လာသူမှာ ကျွန်ုပ်၏အစ်ကိုသောင်းညွန့်။

(ထိုစဉ်က သူ့ဘေးတွင် အဖော်တစ်ယောက်ပါသေးသည်။ ယခု စာရေးချိန်တွင် ဘယ်သူမှန်း မမှတ်မိတော့။)

အစ်ကိုသည် ပုဆိုးကြီးဒူးလောက်ဝတ်ထားပြီး လက်သီးနှစ်ဖက်ဆုပ်ရင်း ကျွန်ုပ်အား မာန်မဲကြိမ်းမောင်းရင်း ပုဆိုးခြုံ၊ ဓားကိုင်ထားသူများကြားမှ ဖြတ်ဝင်လျှောက်၍ ကျွန်ုပ်အနား ရောက်လာ၏။ အနားသို့ရောက်သောအခါ ကျွန်ုပ်အား နားရင်းရိုက်မည့်ဟန် သူ့လက်ဝါးကြီးကို ရွယ်လိုက်ပြီး-

"တောက် - ငါပါးပိတ်ရိုက်လိုက်ရရင်သေတော့မယ်။ သွား - ဟေ့ကောင် ရှေ့က"

ဟု အော်ငေါက်၍ ရုပ်ရှင်ရုံနှင့် ရုပ်ရှင်ရုံဈေးတန်းကြားမှ ရုံပွဲလမ်းဘက်သို့ ကျွန်ုပ်အား မောင်းထုတ်၏။ ပြီးမှ ပုဆိုးခြုံထားသူများကို လှည့်ပတ်ကြည့်နေ၏။ အစ်ကိုလှည့်ကြည့်လိုက်သောအခါ ထိုသူတို့သည် သူတို့မဟုတ်သလို ဟိုလိုလိုဒီလိုလိုနှင့်ရှဲသွားကြ၏။ အစ်ကိုမှန်း သိနေကြပုံရ၏။ အစ်ကို့ကို သိနေကြပုံရ၏။

ကျွန်ုပ်လည်း အစ်ကိုငေါက်သည်နှင့် အစ်ကိုတို့ရှေ့မှ ခပ်သွက်သွက်လျှောက်ရင်း ရုံပွဲလမ်းအိမ်သို့ပြန်လာလိုက်တော့၏။ မှောင်စလည်းပြုချေပြီ။

အိမ်ရှေ့နား မရောက်တရောက်တွင် ကျွန်ုပ်အား ပခုံးဖက်လိုက်သောကြောင့် အစ်ကို့ကို မော့ကြည့်လိုက်၏။

"ညီလေးရာ၊ စွတ်ခနဲစွတ်ခနဲ မသွားစမ်းပါနဲ့။ မင်းကိုအထင်လွဲနေကြတာ ငါကြားပြီးပြီ။ သဘောကတော့ကွာ မင်းက ဆံပင်ကြီးကလည်း ကုပ်ဝဲဆိုတော့ လမ်းသရဲပုံပေါက်နေလို့ ကြည့်မရကြတာလည်း ပါတယ်။ ပြီးတော့ သူတို့ချင်း ရန်ဖြစ်တာကို မင်းကမြှောက်ပေးလို့ဆိုပြီး ထင်နေကြတာပေါ့ကွာ"

"မဟုတ်ဘူး အစ်ကို၊ ကျွန်တော်ရန်မဖြစ်ခိုင်းဘူး ဘယ်သူ့ကိုမှ"

"အေး - ငါသိတယ်လေ။ ငါ့ညီ



အေးအေးနေတတ်တာ ငါသိတယ်။ သူတို့အထင်လွဲနေတာကို ပြောတာ။ အဲတော့ မင်းကိုမှတ်လောက်သားလောက်အောင်လုပ်မယ်ဆိုတဲ့ သတင်းကို ငါကခုနကမှရတာ။ ဟောဒီမှာကြည့်၊ ငါ့လက်တွေ ထမင်းစားနေရင်းတန်းလန်းကြီး။ ငါကြားကြားချင်းထလိုက်လာတာ။ ဆေးရုံလမ်းဘက်က ကောင်လေး လာပြောလို့ မင်းကိုထွက်မရအောင်ဝိုင်းထားပြီဆိုတာ ကြားကြားချင်း ငါခုပြေးလာတာပဲ။ မင်းမြင်တယ်မို့လား၊ ငါ့ကျတော့ ဘာမှမလုပ်ကြဘူး"

"ဟုတ်ကဲ့"

"အေး - မင်းကမျက်နှာစိမ်းနေတာကိုး။ ငါ့ညီမှန်းသိတော့မှ သူတို့ ရှဲသွားတယ်တွေ့လား"

"ဟုတ်တယ် အစ်ကို"

"အမှန်က သူတို့ဘက်ကလည်း မင်းကို အထင်လွဲနေကြတာလို့ ငါကြားတယ်။ တော်သေးတာပေါ့ကွာ"

ထိုသတင်းသည် ချက်ချင်းပြန့်သွားပြီး ကျွန်ုပ်၏ဦးလေးများ၊ အဒေါ်များ၊ ညီအစ်ကိုဝမ်းကွဲများ ရုံးစုရုံးစုဖြင့် ရောက်လာကြတော့၏။

ကျွန်ုပ်ကို ဆူလည်းဆူကြ၏။ ရန်များလွန်းသောကြောင့် ခြံသာယာထဲတွင် ကရာတေးမသင်တော့ရန်လည်း တားကြ၏။ မရှေးမနှောင်းပင် ကျွန်ုပ်၏ ကရာတေးတပည့်များ စက်ဘီး၊ ဆိုက်ကားအလျှိုအလျှိုနှင့် ရောက်လာကြပြီး တောက်ခေါက်သူကခေါက်၊ အံကြိတ်သူကကြိတ်၊ ရုပ်ရှင်ရုံဘက်သွားကြသူများကသွားနှင့် ရှုပ်ယှက်ခတ်ကုန်၏။ ထိုသူတို့ကို ကျွန်ုပ်ကပင် ဖျောင်းဖျရ၏။

"ငါ့ကိုဘာမှမလုပ်ကြပါဘူး။ သူတို့ဟာသူတို့နေတာပါ။ ငါ့အစ်ကိုလာခေါ်လို့ ငါပြန်လိုက်လာတာ"

ဟု စကားကိုမနည်းပြောင်းရ၏။

အမှန်က ဓားပေါင်းများစွာကြားမှာ ဘာလုပ်ရမှန်းမသိတော့သည့်ကျွန်ုပ်အား အစ်ကိုသောင်းညွန့် ကယ်လိုက်ခြင်းပင် ဖြစ်ပါသည်။ အစ်ကိုသောင်းညွန့်သာရောက်မလာလျှင် ကျွန်ုပ်လည်း အသက်ရှင်ဖို့မလွယ်တော့။ ကျွန်ုပ်ကလည်း အခြောက်တိုက်တော့ လည်စင်းခံမည်မဟုတ်။ ရသလောက်လူကို အပါခေါ်သွားမည်သာ ဖြစ်၏။

အစ်ကို့ကြောင့် မဖြစ်သင့်တာ မဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

အလွန်မှ အန္တရာယ်များလွန်းလှသော အတွေ့အကြုံကို စတင်ရလိုက်ခြင်း ဖြစ်ပါသည်။

ဒေါင်ကောင်းကောင်း၊ ပုဆိုးဒူးလောက်ဝတ်၍ စကားပြောမြန်လှသော အစ်ကိုသောင်းညွန့်ကို လူတိုင်းခင်ကြ၏။ ယခုထိ ရုံပွဲလမ်းတွင်နေထိုင်ဆဲပင် ဖြစ်၏။

ထိုစဉ်က -

သူ့အားရန်ပြုမှာမကြောက်။ ခုတ်မှာထစ်မှာမကြောက်။ သူ့လက်ထဲတွင်လည်း ဘာမှမပါ။ ညီကို စိတ်ပူစွာဖြင့် ဓားကိုင်သူများကြား အတင်းဝင်ရောက်လာခဲ့သောအစ်ကို ဖြစ်ပါသည်။

ဤကျေးဇူးသည် မည်သည့်အခါမှမေ့၍ မရနိုင်ပါ။

ထိုညက -

ကြုံခဲ့ရသောကိစ္စအတွက် ကျွန်ုပ်၏တပည့်များက ညဥ့်နက်သည်ထိလာထိုင်စကားပြောကြ၏။ အစ်ကိုကလည်း ကျွန်ုပ်ကို သူ့မျက်စိအောက်က အပျောက်မခံတော့၊ နောက်နေ့ စာပို့ရထားပေါ်သို့ သူကိုယ်တိုင်လိုက်တင်ပေး၏။

ရန်ကုန်မြေသို့ ပြန်ရောက်ပါပြီ၊

အမေ့ကိုဘာမှမပြောပါ။ အမေသည် စိတ်ပူတတ်လွန်း၍ ကြားရလျှင် သွေးတက်သွားနိုင်၏။

ညမိုးချုပ်မှ ဆရာလေးကို ကန်တော့ရန် သွားလိုက်၏။

ဆရာလေးသည် ဧည့်သည်တစ်ဦးနှင့်စကားပြောနေရင်းမှ ကျွန်ုပ်က တော့သည်ကို လှမ်းကြည့်နေ၏။

ထိုစဉ် မမြင်နိုင်သော အင်အား တစ်ခု ကျွန်ုပ်ထံရောက်လာသလို ခံစားရ၏။ ရင်မှာ တလှပ်လှပ်နှင့်ဖိန်းခနဲဖိန်း ခနဲဖြစ်သွား၏။ တစ်မျိုးကြီးဖြစ်နေ ခေါင်မိုးဆီမှာ အိမ်မြှောင်စုတ်ထိုးသံ ချက် ကျယ်ကျယ်ကြီးကြားလိုက်ရသော အခါ ကျွန်ုပ်မော့ကြည့်မိ၏။ ပြီးမှ ဆရာလေးကိုကြည့်လိုက်ရာ အာရုံပြု

နှစ်မိနစ်၊ သုံးမိနစ်ခန့်ကြာ ဆရာလေးမှ ဧည့်သည်ကို ထ

www.burmeseclassic.com

သွားတော့၏။ ကျွန်ုပ်လည်း ရှေ့တိုး၍ ...န်တော့လိုက်၏။

"မင်းဘယ်နေ့ကပြန်ရောက်လဲ။ ...သွားတယ်ဆို"

"ဟုတ်ကဲ့၊ ဒီနေ့ပဲရောက်ပါတယ် ဆ...ရာ"

"အေး-အေးအေး၊ မင်းခရီးမသွား ...က ငါ့အာရုံထဲမှာ မင်းကိုမြင်ရတွေ့ရ ...တာ သိပ်မကောင်းဘူး။ ဒါကြောင့် မယ် ...တော်ကြီးကို ပြောပြတော့ မင်းကိုလာ ...ခေါ်သေးတယ်ဆို"

"ဟုတ်ကဲ့ ဆရာ၊ အမေကြည်လာ ...ခေါ်ပါတယ်"

"အေး- မင်းကလည်း ငါ့ဆီမလာ။ ...တလည်း မင်းကို ဘာဘာကြီးဂူခေါ် ...သွားမလို့။ သုံးရက်ဆိုမင်းအညှိလွတ်ပြီ။ ...လွတ်တဲ့ထိ ငါခေါ်ထားမလို့။ မင်းက ...လည်းမလာဆိုတော့ မယ်တော်ကြီးကိုပဲ ...ပြောခဲ့တယ်။ မောင်မောင်သန်းလေး ...ရင် ဒီအဆောင်လေးပေးလိုက်ပါ ...ဦး"

"ဟုတ်ကဲ့ - ရပါတယ် ဆရာ"

"အေး - ငါစိတ်မချတာနဲ့ပေးခဲ့ ...။ မေတ္တာတော့ပို့ပေးနေတာပေါ့ ...ကွယ်"

"ဟုတ်ကဲ့"

"နောက်ကို ခရီးထွက်တော့မယ် ...ဆို မိဘတွေရဲ့သဘောကို ဆန့်ကျင်ပြီး ...သွားနဲ့။ လိမ်လိမ်မာမာနေ။ မင်းအမေ ...ကြီးဟာ မင်းအိမ်ကခဏခဏထွက်ထွက် ...နေလို့ စိတ်ဆင်းရဲနေရတာ မကောင်း ...ဘူး။ မိဘစိတ်မချမ်းသာရင်မကောင်း ...ဘူး"

"ဟုတ်ကဲ့-ကျွန်တော်မလုပ်တော့ ...ဘူးဆရာ"

"အေး - ပြီးခဲ့တဲ့လက ငါသင်ပေး ...ထားတဲ့ စက် (၁၀) လုံးဂါထာတော်ကို ...မှန်မှန်ရွတ်ရဲ့လား"

"ဟုတ်ကဲ့ - ရွတ်ပါတယ် ဆရာ။ ဆရာချီးမြှင့်တဲ့အဆောင်နဲ့ စက်(၁၀)လုံး ...ဂါထာတန်ခိုးတော်ကြောင့် သေဘေးက ...နေ ကယ်မယ့်သူနဲ့ကြုံခဲ့ရပါတယ်ဆရာ။ ...တွေးဝံ့စရာကြုံခဲ့ရပါတယ်"

"အေး - ငါမေတ္တာမပြတ်ပို့ပေး ...နေပါတယ် မင်းကို"

"ဟုတ်ကဲ့"

"ရန်တွေဘာတွေရှိရင်လည်း သူ့ ...ဘာသူ ပယ်ရှားသွားအောင်လို့ပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်အကြိတ်အ ...နယ်ဖြစ်တော့မယ့်ဆဲဆဲအနေအထားကြုံ ...တုန်းက ဆရာပေးလိုက်တဲ့ အဆောင် ဒီတုတ်ထဲမှာတောက်လျှောက်ပါပါတယ် ဆရာ။ ဆရာ့မေတ္တာ၊ ဒီအဆောင်ကြောင့် လည်း အန္တရာယ်ကင်းသွားတာ လက် တွေ့ပါပဲ ဆရာ။ လမ်းကြောင်းဟာ အတင်းပဲပြောင်းသွားတာပါ"

ဆရာလေး ဘာမှမပြောတော့။ ကျွန်ုပ်ပြောသည်ကိုသာ အာရုံစိုက်ကြည့် ပြီး နားထောင်နေ၏။ စက္ကန့် (၃၀) ခန့် အကြာတွင် ကျွန်ုပ်ထံမှ မျက်နှာလွှဲသွား ပြီး ခေါင်းကိုငုံ့ရင်း တစ်ခုခုကို မနေနိုင် ကြည့်နေဟန်တူ၏။ ငြိမ်သက်လွန်းလှ သောကြောင့် ကျွန်ုပ်ပင်လျှင် အသက်ရှူ ဖို့မေ့နေသလိုဖြစ်နေရင်း ဆရာ့ကိုကြည့် နေမိ၏။

ထိုစဉ် ကျွန်ုပ်၏ရင်ထဲ၌ အမျိုး အမည်မသိ ခံစားချက်တစ်ခုရောက်လာ ပြန်တော့၏။ ရင်ထဲတွင် တလှပ်လှပ်နှင့် ရင်ဖိုသလိုဖြစ်လိုက်၊ အေးခနဲဖြစ်လိုက် နှင့် အရာဝတ္ထုတစ်ခုခုက ရင်ထဲရှိ နှလုံး သားကို လာရောက်ဆုပ်ကိုင်လိုက်သလို ခံစားလိုက်ရ၏။ ဘယ်လိုကြီးမှန်းမသိ။

ခံစားရင်းခံစားရင်းမှ နှုတ်က -

"ကျွန်တော် ဆံပင်ညှပ်လိုက်ပါ့ မယ် ဆရာ"

ဟု လွှတ်ခနဲထွက်သွား၏။ ဘေး နားတွင်ထိုင်နေသော ဆရာကြီးဦးလှမြင့် နှင့် အမေကြည်ကပြုံးနေ၏။ ဆရာလေး ၏မျက်နှာမှာ ပြုံးတော့မလို၊ တည်တော့ မလိုနှင့် ပြန်မော့လာပြီး ကျွန်ုပ်ကို စိုက် ကြည့်လိုက်၏။ ကျွန်ုပ်မှာ ဆရာ့အကြည့် ကိုလုံးဝမခံနိုင်သောကြောင့် မျက်နှာလွှဲ ရင်း ခေါ းငုံ့ထားလိုက်ရ၏။

ေ ာက်နေ့ -

ေ တ်ကြမ်း၊ ဓားကြမ်းကစားရာမှ လူမှာ ၊ ပွဲပြီးသွက်လွန်းနေ၏။ ဆံပင် ညှပ်လိုက်ရ၍ ခေါင်းတော်တော်ပေါ့ သွား၏။

ဆံပင်ညှပ်လိုက်ပြီးပြီဖြစ်၍ ဆရာ လေးဆီသို့ မကြာမကြာရောက်ရောက် သွား၏။ ဆရာသည် ကျွန်ုပ်ကိုတွေ့လျှင် ပြုံး၍ကြည့်နေတတ်၏။

တစ်နေ့ -

"သားလေး၊ မင်းကို ဒီညလာပါလို့ ဆရာလေးခေါ်တယ်"

"ဟုတ်ကဲ့ - အမေကြည်"

"အေး - နင့်ကိုဘာချီးမြှင့်မလို့လဲ မသိဘူး"

"ဟုတ်ကဲ့"

ည (၈) နာရီသာသာတွင် ဆရာ လေးအား ကန်တော့ရန်ရောက်သွား၏။ (၁၅) နှစ်သား၊ (၁၆) နှစ်သားမှစ၍ သက်သတ်လွတ်ကို ရက် (၉၀) အဓိဋ္ဌာန် ဝင်လိုက်၊ (၁၀၈) ရက် မကြာမကြာ အဓိဋ္ဌာန်ဝင်လိုက်၊ ဆရာလေးရွတ်ခိုင်း သော စက် (၁၀) လုံး ဂါထာတော်ကို ရွတ်လိုက်၊ ဆရာလေးခိုင်းသည့်အတိုင်း အရဟံဗုဒ္ဓေါစိပ်လိုက်နှင့် ကြာခဲ့ပြီ ဖြစ် ၏။ သို့သော် လောကီပညာရပ်များနှင့် ပတ်သက်၍ တစ်ခုမှမချီးမြှင့်ခဲ့သေးပါ။

ယနေ့ ကျွန်ုပ် မကြာမကြာသက် သတ်လွတ်စားခြင်းများကို သေချာမေး ပြီး နားထောင်နေ၏။ မင်္ဂလသုတ်တော် လာ သူတော်ကောင်းတရားများကို ပြော ပြရင်း ဆုံးမစကားဆို၏။ အကုသိုလ် မဖြစ်အောင်၊ ရန်မဖြစ်အောင်၊ မေတ္တာ ထားတတ်အောင်များကို ကျွန်ုပ် နား လည် သဘောပေါက်သည်ထိ ပြောဆို ဆုံးမပဲ့ပြင်၏။

"အေး၊ မင်းကို ငါတစ်ခုချီးမြှင့်မလို့ ကွယ့်"

"ဟုတ်ကဲ့"

"မင်းကျားခါးပြတ်တော်တော်စွမ်း သကိုး"

ဆရာလေး ပြောလိုက်သည်နှင့် ကျွန်ုပ်လည်း ခေါင်းငုံ့၍ ပေါင်ကိုကြည့် နေလိုက်မိ၏။

"အေး - သူ့ထက်စွမ်းတာ မလို ချင်ဘူးလား"

"လိုချင်ပါတယ် ဆရာ"

"အေး - လာ၊ ရှေ့တိုး"

ဆရာလေးသည် ဘုရားဆောင် ရှေ့တွင် ဘုရားဝတ်ပြုလိုက်ပြီး ကျွန်ုပ် ဘက်လှည့်၍ ကျွန်ုပ်ခေါင်းကိုကိုင်ရင်း တစ်ခုခုရွတ်နေပုံရ၏။ လက်ထဲတွင် ရေ ထည့်ထားသောဖန်ခွက်တစ်ခွက်ကိုကိုင် ထားပြီး ညာလက်ချောင်းများနှင့် ရေကို ယူ၍ ကျွန်ုပ်၏ဦးခေါင်းကို နှစ်ချက်၊ သုံးချက်ခန့် တောက်လိုက်၏။

ကျွန်ုပ်သည် -

ကျားခါးပြတ်ထိုးပြီးချိန်မှစ၍ ထစ် ခနဲဆိုလျှင် ဒေါသထိန်း၍ မရ။ ကရာ တေးကစားသည့်အခါ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်ရသည်များရှိ၏။ ထို သို့ ယှဉ်ကစား၍ အနည်းအကျဉ်းထိလာ လျှင် ကျွန်ုပ်၏စိတ်များမှာ ထိန်းမနိုင် သိမ်းမရဖြစ်လာပြီး ပြိုင်ဘက်ကို ဘာမှ မမြင်တော့၊ ဝုန်းဒိုင်းကြဲတတ်၏။ ဒေါသ ထွက်စရာရှိလျှင် လူမှာဆိုးဆိုးဆတ်ဆတ် နှင့် အတော့မသတ်တတ်။

တစ်နေ့ အကြောင်းတစ်ခုကြောင့် ဒေါသများမှာ တားမရဆီးမရဖြစ်လာပြီး ခြေရင်းဘက်အိမ်ရှေ့တွင်ပုံထားသော



www.burmeseclassic.com

www.burmeseclassic.com

အုတ်ပုံကြီးအား ခေါင်းနှင့်ပြေးဆောင့်လိုက်၏။ ဝုန်းခနဲအသံနှင့်အတူ အပေါ်နားမှအုတ်များ ဘေးသို့ပြုတ်ကျလာပြီး လူမှာ ဖင်ထိုင်လျက်လဲသွား၏။ ဤမြင်ကွင်းကို ဆရာကြီးဦးလှမြင့် တွေ့သွားသည်ဖြစ်ရာ ဆရာလေးအား ပြောပြလိုက်ပုံရ၏။

ယခု ရေမန်းတောက်လိုက်ပြီးချိန်တွင် ကျွန်ုပ်အလွန်အိပ်ချင်သွား၏။ လူမှာ လေးလေးကန်ကန်ကြောင်တိကြောင်တောင်နှင့် ဘယ်လိုကြီးမှန်းမသိ။ ဟိုနားဒီနားရွေ့ထိုင်လျှင်ပင် လေးဖက်ကြီးတထောက်ထောက်၊ ခါးကြီးတကုန်းကုန်းဖြစ်နေတော့၏။ ဘာဖြစ်သွားမှန်းတော့မသိ။ တစ်ခုခုတော့တစ်ခုခုမှန်း ကိုယ့်ကိုယ်ကိုယ်သိနေ၏။ ညရောက်လျှင် (၁၅) မိနစ်ခန့် အရဟံဗုဒ္ဓေါကို ရှုမှတ်ရမည်ဖြစ်ကြောင်း၊ ဤသို့ ရှုမှတ်ပြီး (၉) ရက်မြောက်နေ့တွင် ကျွန်ုပ်အား ပညာစပေးမည်ဖြစ်ကြောင်းပြောရင်း ပြန်လွှတ်လိုက်တော့၏။

နောက်နေ့တွင် ဘကြီးမျှင်အိမ်သို့တုတ်ကြမ်း၊ ဓားကြမ်းကစားရန်အသွား အဘနှင့်စကားပြောဖြစ်၏။

"အဘ၊ ညက ကျွန်တော့်ကို ဆရာလေးခေါ်ပြီး ခေါင်းကိုကိုင်ရွတ်ပေးလိုက်၊ ရေမန်းနဲ့ တောက်လိုက်လုပ်လည်းပြီးရော ကျွန်တော် လေးလေးကြီးဖြစ်သွားတယ်။ စိတ်တွေပြောင်းသွားသလိုပဲ။ လူက ရန်မဖြစ်ချင်တော့သလိုဘဲ"

"သွားပြီ မင်း"

"ဗျာ"

"ကျားသိမ်းသွားပြီကွ"

"ဗျာ - အဘ၊ ဘယ်လို"

မင်းပေါင်မှာ ကျားမရှိတော့ဘူး။ ကျားဆေးတွေသိမ်းသွားပြီ။ မင်းကိုယ့်ကိုယ်ကိုယ်မနိုင်လို့ ဆရာလေးသိမ်းသွားပြီ။ မင်းရန်တွေဘာတွေထိန်းမရသိမ်းမရမဖြစ်အောင်ပေါ့ကွာ။ ပြောရရင်တော့ မင်းဒုက္ခမရောက်အောင်ပေါ့။ ဆရာသမားကောင်းပီသစွာနဲ့သိမ်းသွားပြီ။ ငါက မင်းထက်တစ်လစောတယ်"

"ဗျာ"

"မဗျာနဲ့၊ ငါ့ဆီကကျားခါးပြတ်ကိုသိမ်းသွားတာ တစ်လရှိပြီ။ မင်းထက်စောတယ်။ ငါလည်း ငေါင်တောင်တောင်ငိုင်တိုင်တိုင်နဲ့ သူများပြောရင်လည်း စိတ်မဆိုးချင်တော့ဘူး။ ငါက အရင်ခံရပြီးပြီကွ။ သိမ်းသွားတာမှ ကျားခါးပြတ်ဆေးတွေကိုတောင် မထားဘူး။ အကုန်သိမ်းသွားပြီ"

ကျွန်ုပ်၏ရင်ထဲတွင် ကျွန်ုပ်အမြတ်တနိုးထိုးခဲ့သော ကျားခါးပြတ်အသက်မရှိတော့ပြီကို စိတ်မကောင်းဖြစ်နေမိ၏။ ဘာအစွမ်းမှမရှိတော့သောကျားခါးပြတ်ပုံကို မကြာခဏကြည့်ကြည့်ပြီး စိတ်မကောင်း။

နောင်မှ ဆရာ့အား ကျေးဇူးတင်၍မဆုံးနိုင်တော့။

အကုသိုလ်များမှာကို မလိုလား၍ တပည့်အား ကယ်တင်လိုက်ပုံများမှာ ပြောမယုံ ကြုံမှသိနိုင်သော အကြောင်းများနှင့် ပြည့်နှက်နေ၏။

ကျွန်ုပ်လည်း အရဟံဗုဒ္ဓေါကို အာရုံမိသည်ဖြစ်စေ၊ မမိသည်ဖြစ်စေ နေ့စဉ် (၁၅) မိနစ်ရအောင် ထိုင်၏။

(၉) ရက်ပြည့်သောနေ့တွင် နဝင်္ဂသီလကိုစောင့်ခိုင်းပြီး ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယကံကို ရာသက်ပန်ထိန်းချုပ်ခိုင်း၏။ သစ္စာဆိုရ၏။ ပြီးမှ မဂ္ဂင်ရှစ်ပါးအင်းများကို စတင်သောက်ရ၏။ ဆရာလေးထံမှ ပညာများစတင်ရခြင်းပင် ဖြစ်ပါသည်။

ဆရာသည် မေတ္တာပို့သပုံ၊ စိတ်ထားတတ်အောင်နေရပုံ၊ ကိုယ်ချင်းစာတရားထားနိုင်အောင်ကျင့်ရပုံ၊ စိတ်ထားရပုံ၊ ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးကို နှလုံးသားဝယ် အမြဲကြည်ညိုနေအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရပုံများကို တဖြည်းဖြည်းချင်း သင်ပေး၏။

လူမိုက်ဟု တော်တော်များများသတ်မှတ်ကြသောကျွန်ုပ်အား လူကောင်းဖြစ်လာသည်အထိ နူးညံ့သိမ်မွေ့စွာ၊ ညင်သာစွာ ပြုပြင်နိုင်စွမ်း၏။ ၁စ်ခနဲဆို လက်ပါချင်လှသူအား သည်းခံနိုင်စွမ်းသောစိတ်ဓာတ်များ တဖြည်းဖြည်းဖြည့်ပေး၏။ လူတောသူတောထဲတွင် စကားပြောတတ်ဆိုတတ်အောင်၊ သွားတတ်လာတတ်အောင်၊ စားတတ်အောင် စိတ်ရှည်လက်ရှည်သင်ပေး၏။ ဆရာအရှင်၏ ဆိုဆုံးမမှုကြောင့် ကျွန်ုပ်သည် မည်သူ့ကိုမျှ ခင်ဗျားလုံး၊ ကျုပ်လုံးကြီးနှင့် ရိုင်းရိုင်းစိုင်းစိုင်းမပြောတတ်ပါ။ မည်သူနှင့်စကားပြောပြော နူးညံ့စွာသာပြောတတ်တော့၏။

တဖြည်းဖြည်း တစ်ဆင့်တက်၍ ဂါထာမန္တန်များရွတ်ဆိုပုံသင်ပြ၏။ ပုတီးစိပ်ရသည်များမှာ တော်တော်များ၏။ စိတ်အာရုံစုစည်းရပုံများ၊ စူးစိုက်ရပုံများ၊ မေတ္တာပို့လွှတ်ပုံများ၊ သမထထိုင်နည်းများ၊ ဝင်လေထွက်လေကို စနစ်တကျရှုရပုံများ၊ ထိန်းချုပ်ရပုံများ တဖြည်းဖြည်းသင်ပေးပြီး ပဋ္ဌာန်းတရားတော်ကြီးနှင့်ပတ်သက်၍ အချိန်ရတိုင်း သင်ပြ၏။ ရှင်းပြ၏။ ပဋ္ဌာန်းတရားတော်မြတ်ကြီးကို နားလည်သည့်အနေအထားတစ်ခု ရောက်အောင် သင်ကြားပေးပြီးချိန်မှ စ၍ ကျွန်ုပ်မှာ နေ့စဉ်ပဋ္ဌာန်းရွတ်ချင်လာ၏။ ရွတ်တတ်လာသည်ထိ ဆရာကိုယ်တိုင် လေ့ကျင့်ပေးပြီး ဆရာပဋ္ဌာန်းရွတ်သည့်နေရာတိုင်း လိုက်ရွတ်ရ၏။ ထို အချိန်မှစ၍ တန်ခိုးကြီးဘုရား၊ စေတီပုထိုးစုံအောင် ရောက်ဖူးတော့၏။

အသက် (၁၉) နှစ်ရောက်လာပြီ ဖြစ်သော ကျွန်ုပ်အတွက် စတင်ပြောင်းလဲခဲ့ရသောကာလများ ဖြစ်၏။

ဆရာလေးထံတွင် ပညာသင်ကြားခြင်းများ၊ နာယူမှတ်သားခြင်းများဖြင့် ဘဝကိုစခဲ့ရသည့်နှစ်တွင် ကျွန်ုပ်နှင့် အတူ သက်သတ်လွတ်စားသော ကျွန်ုပ်၏ သူငယ်ချင်း ဘိုစိန်လည်း ကျွန်ုပ်၏ နောက်မှလိုက်လာ၏။ သူက (၁၄) လမ်းတွင်နေထိုင်ပြီး သင်္ဘောသား ဖြစ်၏။ သင်္ဘောထွက်နေစဉ် သမုဒ္ဒရာထဲသွားလာနေရချိန်မှာလျှင်ပင် သက်သတ်လွတ်ကို ရအောင်စားသူ ဖြစ်၏။ ကျွန်ုပ်၏ ကရာတေးတပည့်များကို ကြိမ်တ ချောင်းနှင့် လေ့ကျင့်ပေးတတ်သူဖြစ်၏။

ထိုနှစ်တွင် တစ်နေ့ အမေသည် ကျွန်ုပ်အား ထူးထူးဆန်းဆန်းစကားပြော၏။ ကျွန်ုပ်၏ ကရာတေးဆရာဖြစ်သူသည် အင်္ဂဝိဇ္ဇာပညာများ တတ်မြောက်ထားသူဖြစ်သောကြောင့် ဗဟိုရ်စျေးအ တွင် ဓာတ်ရိုက်ခန်းဖွင့်ထား၏။ အမေ မကြာမကြာရောက်၏။ ဆရာသည် အမေ့အား မိခင်လိုသံယောဇဉ်နှ အမေဟုပင်ခေါ်၏။

ထိုဆရာထံတွင် အင်္ဂဝိဇ္ဇာပညာ များ သင်ကြားရမည်။ ကိုယ်တိုင်လို အပ်မည်ဟု ပြော၏။ ကျွန်ုပ်ဘာ မပြောပါ။ မူလကိုက ကရာတေးဆ လည်းဖြစ်နေ၍ ကြောက်ရသူဖြစ်ပြ လက်သံပြောင်လှ၏။

အမေသည် တစ်နေ့ ကျွန်ုပ်ကို လက်ဆွဲ၍ ဆရာ့ထံတွင် လိုက်အပ်၏ အင်္ဂဝိဇ္ဇာပညာရပ်များကို သင်ကြား ပါရန် သူကိုယ်တိုင် တောင်းပန်၏ ဆရာက ကျွန်ုပ်အား တစ်ချက်ကြ လိုက်ပြီး လက်ခံလိုက်ပါ၏။ ကရာတေး တပည့်ဖြစ်နေ၍ ဘာမှတော့မပြော သို့သော် အမေပြန်သွားပြီးမှ -

"ကောင်းပါတယ်။ ကိုဘိုဘယ် ချိန်မှာ ဘယ်လိုကောင်းဖယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ာယ်ဆိုတာတွေ သိရတာပေ့ါ။ ကိုယ့် ်ကိုယ်သိအောင် အရင်ကြိုးစားရ ပေါ့။ ဥပမာ မင်းဆိုပါတော့။ ဒီလို ချိန်ဟာ ခရီးမှာ၊ အစားမှာ၊ အပြော ဖြစ်ထားတဲ့အချိန်ပဲ။ ဒီလိုအချိန်မျိုး ဆိုရင် ဘယ်လိုနေရမယ်၊ဘယ်လိုထိုင် ယ်ဆိုတာ နေတတ်သွားတတ်ဖြစ် တာပေါ့။ သူများကို အခါပေး ယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သိနေဖို့ တယ်။ ကိုယ့်ကိုယ်ကိုယ်တောင်မသိ သူများအကြောင်းကို သိပါတယ်လို့ ဖို့ အင်မတန်ရှက်ဖို့ကောင်းတယ်"

စကားမှာ တိုတိုလေး ဖြစ်၏။

ဆရာ၏စကားထဲတွင် ခရီးမှားဟု သွားသည်နှင့် စေ့စေ့မျှပင် မကြည့်ရဲ ာက်အောင် ကြောက်ရလွန်းသော ရာအား ဆတ်ခနဲ မော့ကြည့်လိုက်မိ ဟာ - ငါလည်း ဆရာ့ပညာတွေရ ဒီလိုပြောနိုင်တော့မှာပါလား' ဟု ်ပြီးဝမ်းသာနေတော့၏။

အမှန်တကယ်ခရီးမှားခဲ့ပါသည်။

တံကောင်းထောက်မ၍ လူဘာမှ ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ အမေကိုသိတတ်သော၊ အား · အမြဲဝိုင်းကူပြုစုပေးတတ် ာ ဝတ်ကြီးဝတ်ငယ်ကုသိုလ် -

ကျွန်ုပ်အလွန်ရှိသေရလွန်းသော စရိယဆရာသခင် ကျေးဇူးရှင် ဖြစ် သည့် ဆရာလေး၏ မေတ္တာလွှမ်းခြုံ င့်ရှောက်မှုများကြောင့် တုတ်၊ ဓား မှ ကယ်တင်မည့်သူ ပေါ်လာရ၏။

ပညာသင်ကာလများ ဖြတ်သန်း ခဲ့က ထို (၁၉) နှစ်ကို မည်သည့် မှ မမေ့နိုင်တော့ပါ။

ဆရာလေးအား ချစ်ကြည်ညိုစွာ တိုင်း၊ ဆုံတိုင်း ကြုံသည့်နေရာတိုင်း ထိုင်၍ကန်တော့ခဲ့သည်မှာ (၁၆) နှစ် ာပင် ဖြစ်၏။ ဆရာ၏ ခင်မင်မှုကို ပါ၏။

ကျွန်ုပ်သည် ဆရာ့အား အလွန်ရို ခဲ့မက အလွန်လည်း အားကျ၏။ သဖြင့် (၇) ရက်သားသမီးများကို ဆယ်ပုံများအား၊ မေတ္တာထားပုံ အား အလွန်သဘောကျလွန်းလှပါ ဆရာကျင့်ကြံအားထုတ်ပုံများကို လွန်မှသဘောကျ၏။ (၂) နှစ်၊ (၃) နှီးပါး တွေ့လိုက်၊ ကန်တော့လိုက်၊ ပညာရှင် ဘကြီးမျှင်၏ အိမ်တွင် ခဏဆုံလိုက်၊ ဆရာလေးအား ေးမှ ကန်တော့ပြီး စိတ်ထဲမှ အတော့် ကြည်ညိုနေလိုက်နှင့် ယခု (၁၉) နှစ်

ထဲဝင်တော့မှသာ ဆရာလေး၏ အနီး ဆုံးသို့ တပည့်အဖြစ် ရောက်ရှိလာပါပြီ။ ပညာများ စတင်ရပြီဖြစ်သောကြောင့် (၁၉) နှစ်သည် အလွန်မှ ထူးခြားသော နှစ်အဖြစ် ဘဝတွင် အမှတ်တရဖြစ်ခဲ့ရ ပါတော့သည်။

(၁၉) နှစ်ရောက်ချိန်တွင် ပညာ စတင်ချီးမြှင့်ခဲ့သော ဆရာလေးမှာ ထို စဉ်က သမာဓိဆရာအောင်ဘဝဖြင့် (၇) ရက်သားသမီးများကို ကယ်ဆယ်ခြင်း၊ သာသနာပြုခြင်းများကြောင့် တပည့်များ အလွန်များပြားလွန်းလှရုံမက -

အောင်ဝရသိဒ္ဓိအောင်ရှင်ရသေ့ ဘဝနှင့်ပါ သာသနာပြု၍ သတ္တဝါများ ကို ကယ်တင်ခဲ့သော ဆရာသခင် ကျေးဇူးရှင် ဖြစ်၏။

ယခု -

ပြည်တွင်း၊ ပြည်ပသာသနာပြု ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ (ကေလာ သ) အရှင်အရိယဓမ္မသိဒ္ဓိ ဆရာတော် ဘုရားကြီးပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးအား ဖူး မြော်လိုသူတိုင်း ကျွန်းကလေးတောင် အရိယဓမ္မစခန်း တောင်ကြီးရွာ တောင် စွန်းမြို့သို့ သွားရောက် ဖူးမြော်နိုင်ကြပါ သည်။

ဓားတဝင့်ဝင့်၊ တုတ်တဝင့်ဝင့်နှင့် ကြမ်းတမ်းလွန်းလှသော အတွေ့အကြုံ များကြားတွင် ပျော်မွေ့နေသူအား နူးညံ့ သိမ်မွေ့လွန်းသူအဖြစ်သို့ တိတ်ဆိတ် ညင်သာစွာ ပြောင်းလဲနိုင်စွမ်းခဲ့သော အာစရိယ ဆရာသခင်ကျေးဇူးရှင် ဖြစ် ၏။

ငါ - ထိုးကြမယ်ကြိတ်ကြမယ်၊ ခုတ်ကြ ယ်၊ ရိုက်ကြမယ်ဟုသာ ပြော လေ့ရှိသောနှုတ်အား ဘုရားဂုဏ်တော် များ မပြတ်ရွတ်ခြင်း၊ ပရိတ်တော်များ ရွတ်နေခြင်း၊ ဂါထာမန္တန်များရွတ်နေခြင်း ဖြစ်လာအောင် ပြောင်းလဲနိုင်ခဲ့၏။

ကရာတေးကစားသည့်အခါ 'ကီ' ထိုင်သည့် အာရုံစူးစိုက်မှုမှသည် ဝင်လေ၊ ထွက်လေကို အရဟံဗုဒ္ဓေါ ရှုမှတ်တတ် အောင် ပြောင်းလဲနိုင်စွမ်းခဲ့၏။ ကုသိုလ် ဘက်သို့ လမ်းကြောင်းတည့်မတ်ပေးခဲ့ ၏။ ဘာမှမရွတ်တတ်သည့်ဘဝမှ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသတော်ကြီးကို အာဂုံ ဆောင် ရွတ်ဖတ်သရဇ္ဈာယ်နိုင်သည်ထိ လမ်းညွှန်ပြသ ဆိုဆုံးမခဲ့သော ဆရာ အရှင် ဖြစ်၏။ (ထိုအချိန်မှစ၍ ယနေ့ထိ နေ့စဉ် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး ရွတ်ဖတ်၍ ဘုရားရှင်အား ပူဇော်ခြင်းကို လုံးဝအပျက်မခံခဲ့ပါ။)

လူမြင်လျှင် 'အင်း - ခုနေသူ့ဘယ် လက်က ဘယ်လိုလာရင် ငါက ဘယ်လို လုပ်လိုက်မယ်။ သူ့ညာလက်က ဘယ် လိုလာရင် ငါဘယ်လိုတိုက်ခိုက်လိုက် မယ်' ဟု လူမြင်တိုင်း အသတ်အပုတ် သတိများနေသူအား လူမြင်လျှင် မေတ္တာ ပို့တတ်၊ မေတ္တာထားတတ်အောင်ပြော ဆိုဆုံးမလမ်းပြခဲ့သော ဆရာအရှင် ဖြစ် ၏။

ထိုသို့ ဆပ်မကုန်နိုင်သော ကျေး ဇူးများနှင့် အမြဲထာဝရ ဦးခိုက်ရှိခိုးနေရ သော အာစရိယဆရာသခင်ကျေးဇူးရှင် ထံမှ ပညာများ စတင်ယူခဲ့ရသည့် (၁၉) နှစ်အား အမြဲဂုဏ်ယူနေရပါသည်။

ဆရာစတင်ပြုပြင်ပြောင်းလဲပေး ခဲ့သည့် (၁၉) နှစ်မှာပင်လျှင် အင်္ဂလိပ်ဗိဇ္ဇာ ပညာများ စတင် သင်ကြားခဲ့ရပါ၏။

ထို့ကြောင့် -

(၁၆) နှစ်၊ (၁၇) နှစ်သားအရွယ်မှ သည် (၁၉) နှစ်ကြား ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ရပုံလေးများအား သတိတရ နှင့် အမြဲလိုလိုတွေးနေမိ၏။ ထိုနှစ်များ ကို မည်သည့်အခါမျှမမေ့ပါ။ ကိုယ်ခံ ပညာသင်ကာလများကို ဖြတ်သန်းခဲ့ရပြီး မှ (၇) ရက်သားသမီးများကို ကူညီနိုင်၊ ကယ်ဆယ်နိုင်သည့် ပညာကြီးများအား စတင်ခဲ့ရသောနှစ် ဖြစ်နေပါသည်။

ဤသတိတရများဖြင့် -

အာစရိယဆရာသခင် ကျေးဇူး ရှင်ဖြစ်တော်မူသော -

ဆရာတော် အရှင်အရိယဓမ္မသိဒ္ဓိ ဆရာတော်ဘုရားကြီးအား ခြေတော် အစုံကို ဦးခေါင်းဖြင့် ထာဝရရှိခိုးနေရပါ သည်။

အင်္ဂလိပ်ဗိဇ္ဇာပညာများ သင်ကြားပေး ခဲ့သော ဆရာဦးသန့်ဇင်နှင့် ကြားဆရာ၊ မြင်ဆရာအပေါင်းတို့ကိုလည်း ထာဝရ ရှိခိုးနေရပါသည်။

ကျွန်ုပ်သည်လည်း -

ဆရာအရှင်သူမြတ်များကဲ့သို့ပင် (၇) ရက်သားသမီးများအတွက် ကောင်း ကျိုးချမ်းသာမင်္ဂလာများပေးနိုင်စွမ်းသူ ဖြစ်ရလေအောင် ကျင့်ကြံကြိုးကုတ်အား ထုတ်နေသူဖြစ်၍ ဤအကြောင်းလေး များကို တပည့်များနှင့်ဆုံတိုင်း ပြောပြရ ဦးမည်ဟု။

ဆရာဦးမောင်မောင်သန်း
(ခိုင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံသောအားအာယာတို့မှကင်းဝေး

# ချမ်းသာအစစ်ကိုပေးသောအဓိဋ္ဌာန်

ဘုန်းခေါင်

မင်းအပေါင်းတို့ ဦးခိုက်ပူဇော်အထူးကို ခံယူတော်မူထိုက်သော ရွှေဘုန်းတော်သခင် မြတ်စွာဘုရားအား ရိုသေမြတ်နိုး ရှိခိုးကြသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ကံကိုယုံကြည်ပါသည်။ ကံ၏ အကျိုးဆက်ကိုလည်း ယုံကြည်ကြပါသည်။

ဘုန်းတော်ခြောက်စုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏ဟောပြဆုံးမခဲ့သောစကားမှ ကျွန်တော်သိခဲ့မှတ်ခဲ့ရသော တရားတော်စကားတစ်ခုကို သတိရပြီး အလေးအမြတ် ပူဇော်မိပါသည်။

သူတော်ကောင်းများသည် ကမ္မဋ္ဌာန်း (၄၀) ကို ဝါသနာစရိုက် (၆) ပါးနှင့်တိုက်ပြီး မိမိအကြိုက်အားထုတ်ရန်သာ ဖြစ်ပါသည်။ ဤနေရာတွင် ပါရမီဖြစ်ကြောင်းကို စဉ်းစားမိပြန်ပါသည်။ သာမန်အားဖြင့် နားလည်နေသည်မှာ ပါရမီခန်းဆိုသည်မှာ ပါရမီတော်ဆယ်ပါး၊ အပြားအားဖြင့်သုံးဆယ်ကို နားယဉ်ထားသည့်အတိုင်း ပါရမီသည် ဘုရားအလောင်းအလျာတို့၏အလုပ်ဟုမြင်နေကြပါသည်။

အမှန်တကယ်ကမူ ပါရမီဖြစ်ကြောင်း အလုပ်ကောင်းဟူသမျှတို့သည် သူတော်ကောင်းများ လက်စွဲလက်ကိုင်ထားရှိသောအကျင့်၊ လုပ်အပ်သောအလုပ်ဟု ဆိုချင်ပါသည်။

ကျွန်တော် ယခုစာစုကိုရေးရန်အကြောင်းပေါ်လာခဲ့ရပုံမှာ ကျွန်တော်၏ ယခု ဝေါဟာရအသက် (၇၂) နှစ်ရောက်လာနေပြီ ဖြစ်ပါသည်။ ရုပ်အင်္ဂါများအိုမင်းလာခဲ့သည်နှင့်အမျှ ရောဂါရလာမြဲဖြစ်သည့်အတိုင်း သွေးဝမ်းသွားသည့်ရောဂါနှင့် သုံးလတိုင်အောင် ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရပါသည်။

သွေးဝမ်းသွားစအခါက ငါးရက်၊ တစ်ပတ်အတွင်းမှာ သွေးဝမ်းသွားရသည့်အကြိမ်ရေ (၂၀၀) နီးပါး ရောက်သွားခဲ့ပါသည်။ မိတ်ဆွေနှင့်တပည့်များ၏ကူညီမှုကြောင့် ဆရာဝန်၏ညွှန်ကြားချက်အတိုင်း ပြည်ပဆေးဝါးများစားရပါသည်။ မဆိုးတော့မဆိုးပါ။ ထူးခြားသက်သာသည်ဟု မပြောနိုင်ပါ။ နောက်တော့ မိမိတို့၏ တိုင်းရင်းဆေးပညာနယ်မှ မြန်မာ့ရတနာတိုင်းရင်းဆေးကိုစားမှ သက်သာပျောက်ကင်းပါသွားသည်။

အသက်အရွယ်အရ သွေးဝမ်းရောဂါ၏ နှိပ်စက်မှုကြောင့် အလွန်ကို ပင်ပန်းနွမ်းနယ်သွားလေတော့သည်။ ကြုံနေရပုံကဆိုလျှင် ကျွန်တော်သွားနေသော မဟာအဓိဋ္ဌာန်ဖြစ်သည့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်၏ တတိယဝါကြီးအရောက်တွင် ဖြစ်နေပါသည်။ အခွင့်ကြုံနေ၍ ကျွန်တော် သွားနေသည့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကြီးမှာ အောက်ပါအတိုင်းသွားရပါသည်။

✱ ဝါရကြီးတစ်ဝါရအတွက် တစ်ကြိမ် (၉) ရက်ဖြင့်၊ အကြိမ်ပေါင်း (၁၈) ကြိမ်ကို အရပ်အနား အလပ်အခြားမရှိစေရဘဲသွားရပါသည်။

✱ ဝါရကြီးတစ်ဝါရပြီးသည့်တိုင်အောင် မရပ်မနားရဘဲ တစ်ဆက်တည်း နောက်ဝါရကြီးအတွက်ဆက်သွားရပါသည်။

ယခု ကျွန်တော်၏ အဓိဋ္ဌာန်ခရီးမှာ တတိယဝါရကြီးကိုရောက်ရှိနေပါပြီ။ မဖိတ်ခေါ်ရပါဘဲနှင့် သွေးဝမ်းသွားသည့် ဝေဒနာကို ခံစားနေရသဖြင့် တစ်ဖက်ကလည်း အဓိဋ္ဌာန်အပျက်မခံနိုင်ပါ။ တစ်ဖက်ကလည်း သွေးဝမ်းသွားသည့် ရောဂါကလည်း အတင်းအဓမ္မ ဝင်ရောက်တိုက်နေချိန်နှင့် ကြုံနေ ၍သဖြင့် ခေတ္တသက်သာမှုရစေရန် ဆေး ဗျားစားပြီး နေ့စဉ်ကိစ္စပြီးမြောက်အောင် ၊ ဆောင်ရွက်နိုင်ခဲ့ပါတော့သည်။

ကျွန်တော့်ဝါသနာအရ ဟဖတ်ခြင်းမှာ ဝါသနာထုံနေသည်အတွက် ရသလောက်တော့ ကြိုးစားပြီး စာဖတ်ဖြစ်ပါသည်။ ဒေသနာတော်တွင်လာသည့် ကဆုန်လဆုတ်၁၂ရက်၊ တနင်္ဂနွေနေ့သည် သုံးလောကသခင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို တေဇောကျ (ဓာတ်တေဇောကျ) သည့် လောင်ကျွမ်းသည့်ရက်နှင့် ယခု ကောဇာနှစ် ၁၃၇၆ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်သည် (၂၀၁၄ ခုနှစ်၊ မေလ ၂၅ ရက်) တနင်္ဂနွေနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံနေသဖြင့် ကျွန်တော့်အနေဖြင့် လွန်စွာဝမ်းမြောက်ခဲ့ရပါတော့သည်။

ဘာကိုဝမ်းမြောက်သလဲဆိုပါလျှင်

နှစ်ပေါင်း ၂၅၅၈ နှစ်ရောက် သာသနာ
နှစ်တွင် မြတ်သည်ထက်မြက်သော ဗုဒ္ဓ
၏ ဓာတ်တေဇောကျသည့်ရက်နှင့်ကြုံ
နေသည့်အတွက် သူရဋ္ဌမဂ္ဂဇင်းကြီး
တစ်ဆင့် ဝါသနာရှင်များ၊ စာချစ်သူ
မိတ်ဆွေများ နှစ်လိုပါက ကျင့်နိုင်ကြ
ရန် ထိုရက်မြတ်ကိုအခြေပြုပြီး အဓိဋ္ဌာန်
တစ်ခုရေးရန် ဆန္ဒပေါ်လာခဲ့ရခြင်း ဖြစ်
ပါတော့သည်။

စာချစ်သူမိတ်ဆွေတို့ သိပြီးဖြစ်
သည့်အတိုင်း ယနေ့ကာလသည် သိပ္ပံ
ပညာ အလွန်မြင့်မားနေသောအချိန်
နေ၍ ရုပ်တရားပေါ်မှာ အထင်အရှား
မြင်တွေ့နေကြရပြီ ဖြစ်ပါသည်။ ကျွန်
တော်တို့ကလည်း အလွန်ခက်ခဲသည့်
စိတ်ကို ကြီးစိုးစေလိုခြင်း ဖြစ်ပါသည်။
အလုပ်တစ်ခုလုပ်ရာတွင် စေတနာ
ရပါကုန်။ ဘယ်လိုစေတနာလဲဟု မေး
လျှင် ကောင်းသော စေတနာဟုပင်
ပါမည်။

သာသနာတော်နှစ်ကလည်း ၂၅
ကျော်လွန်လာပြီး ၂၆၀၀ ဘက် နီး
လာနေသည်နှင့်အမျှ သီလအရာ
ဖြစ်စေ၊ မေတ္တာအရာတွင်ဖြစ်စေ
လေပေ့ါလာနေချိန်လည်း ဖြစ်ပါသည်။
ကျွန်တော့်အယူအဆတစ်ခုကို တင်
ပါသည်။ ကျွန်တော့်အယူအဆမှာ
တန်းစေ့ (၃) စုကိုပင် မြင်နေရပါသည်။
ထိုလူတန်းစားသုံးမျိုးမှာ အော
အတိုင်း ဖြစ်နေပါသည်။

✱ အများလူ

✱ အလကားလူ

✱ ဘုရားလူတို့ ဖြစ်ပါသည်။

အများလူတွေကတော့ မိမိ
ဗုဒ္ဓဘာသာဆိုလို့ ဗုဒ္ဓဘာသာဖြစ်နေ
သူများပင် ဖြစ်ပါသည်။

အလကားလူ ဆိုသည်က
မြတ်စွာဘုရားရှင်၏ တားမြစ်
ဆုံးမခန်းကို ကျူးကျော်ပြီး မ
သောအသက်မွေးမှုဖြင့် ငွေရလွယ်
အလုပ်လုပ်နေကြသူများ ဖြစ်ပါသည်။
(ထိုလူများသည် မင်းအာဏာကို
ဆန့်ကျင်နေကြသည့် ရာဇဝတ်
များ ဖြစ်ပါသည်။)

ဘုရားလူမှာ အတော်ပင်
ပါးသော လူတစ်စုအဖြစ် ရောက်
ပြီ ဖြစ်ပါသည်။

လူနည်းစုဖြစ်သည့် တ
အစ်ကိုမောင်နှမများအားလုံး
မိမိတို့၏ကံကိုယုံကြည်ကြသည့်အ
သီလကို လုံသည်ထက်လုံအောင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ကောင်းမွန်သော အကျင့်မြတ်ကို အခန့်ဖန်အားထုတ်မှုဖြင့် ပါရမီမြောက် အောင်ကြိုးစားကြရမည် ဖြစ်ပါသည်။

လောကီအကျိုးစီးပွားဖြစ်သည့် ...ရားသဖြင့်ရသောငွေကြေးဖြင့် အမတ ...သော နိဗ္ဗာန်ရွှေပြည်ကို မိမိတို့ ...သနာအားလျော်စွာ လောကီအကျင့် ...မှစ၍ လောကုတ္တရာအကျင့်ရောက် အောင် လျှောက်လှမ်းကြရမည် ဖြစ်ပါ သည်။

ကျွန်တော် တင်ပြ ရေးသားမည့် အဓိဋ္ဌာန်ကျင့်စဉ်သည် ရှေးရှေးက မင်း ကောင်းမင်းမြတ်များ ရွတ်ဖတ်ပူဇော်ခဲ့ သည့် ပထဝီဇေယျမန္တန်ပင် ဖြစ်ပါသည်။ ...မန္တန်တွင် ဂါထာ (၁၄) ပုဒ်ပါရှိပြီး ...င်းတောင်သာသနာပိုင်ဆရာတော် ... စီမံသန့်ရှင်း၍သွင်းခဲ့သော မန္တန် ...လည်း ဖြစ်ပါသည်။ အမှန်တကယ် အားကိုးယုံကြည်ကြရသည့် မန္တန်လည်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်၍အားထုတ်ကြသော ...တ်ဆွေတို့ သိရှိကြပြီးသည့်အတိုင်း ...လားတောင့်တသောဆုတောင်းခြင်း ...တူညီကြသလို အရင်းအမြစ်ကိုပြောရ ...င်လည်း ဝါသနာချင်းမတူညီကြသည့် အတွက် အကျိုးပေးနှေးခြင်း၊ မြန်ခြင်း ...အပါအဝင် ကွာခြားနေကြမည် ဖြစ်ပါ သည်။ (အဘယ်ကြောင့်ဆိုသော် သမ္မာ ...ဘိဆုပန်ကြသော အလောင်းတော် ...များပင်လျှင် ဝီရိယဓိက၊ သဒ္ဓါဓိက၊ ...ညာဓိကဟူ၍ကွဲနေပုံကိုကြည့်ညိုကြည့် ...င် အမြင်မှန်ကို လွယ်လင့်တကူသိနိုင် ...မည် ဖြစ်ပါသည်။)

**အလုံးစုံသောချမ်းသာတို့ဖြင့်**
**ပြည့်စုံစေသော**
**အဓိဋ္ဌာန်ကျင့်စဉ်အပြည့်အစုံ**

**အဓိဋ္ဌာန်စတင်ဝင်ရောက်ရမည့်ရက်**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၀၁၄ ခုနှစ်၊ မေလ ၁၃ ရက်) အင်္ဂါ နေ့မှ စတင်ရပါမည်။

**အဓိဋ္ဌာန်ကာလမှာ**

၁၃၇၆ ခု၊ ကဆုန်လဆုတ် ၁၂ ရက်၊ (၂၀၁၄ ခုနှစ်၊ မေလ ၂၅ရက်) တနင်္ဂနွေထိ (၁၃) ရက် သတ်မှတ်ရ ပါမည်။

**အဓိဋ္ဌာန်ဝင်ရမည့်မန္တန်မှာ**

ပထဝီဇေယျမန္တန်-၁၄ ဂါထာ ဖြစ် ပါသည်။

**၂။ ကဆုန်လပြည့်နေ့တွင် ပြုဖွယ်ဒါနများ**

မိမိတို့သဒ္ဓါဆန္ဒအတိုင်း လှူဒါန်း ပူဇော်ပါ။

**၃။ ဦးစွာဆောင်ရွက်ရန်များ**

သာသနာတော်စောင့်နတ်မင်းကြီး များ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြားမင်းနှင့် ဗြဟ္မာများ၊ မိမိ၏ ပါရမီ ဖြည့်ဖက်ပုဂ္ဂိုလ်များကိုဖိတ်ကြားထားပါ။

ဘုရားဖူးခြင်း၊ သီလခံယူခြင်း၊ ဆု တောင်းခံခြင်း၊ မေတ္တာပို့သခြင်းပြုလုပ် ပါ။

ပထဝီဇေယျမန္တန်-၁၄ ဂါထာကို ဖြည်းဖြည်းနှင့် အသံထွက်မှန်ကန်တိကျ အောင် ရွတ်ဖတ်ပူဇော်ပါ။

သစ္စာပြုဆုတောင်းခြင်း၊ မေတ္တာ ပေးဝေခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း ပြုလုပ်ပါရန်။

ဖိတ်ကြားထားသူများ နေရပ်ဌာန ပြန်ပို့ပါ။

**မဟာပထဝီဇေယျမန္တန်ကြီး**

၁။ ဩြောင်း - ဇေယျပထဝီသဗ္ဗံ၊
အနေကအန္တရာယာယ။
ဇေယျ ပစ္စေကဗုဒ္ဓါစ၊ ဇေယျပရိ
မဟေသရော။

၂။ ဇေယျဟာရော ပရိဒေဝ၊ ဇေယျ
ဗြဟ္မာ တေရဌော။
ဇေယျံနာဂေါစ ဝိရူဋ္ဌော၊ ဝိရူ
ပက္ခော်စ စန္ဒိမာ။

၃။ ဝိက္ကန္တော ဝိနတေယျောစ၊ ကုဝေ
ရော ဝရုဏော်ပိစ။
အဂ္ဂိဝါရဏာ ပဇ္ဇုန္နော၊ ကုမာရေ
စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုခိနော
တာပသိဒ္ဓိယော။
အသီတိ အဂ္ဂသာဝကော(စ)၊
သဗ္ဗေဇေယျော ဘဝန္တုမေ။

၅။ ဇေယျော ခမ္မောစ သံယောစ၊
ဒသဗလောစ ဇေယျောကော။
ဧတေနသစ္စဝဇ္ဇေန၊ ဇေယျော
သုခီ ဘဝန္တုမေ။

၆။ နရာဒေဝါစ ဗြဟ္မနော၊ ယက္ခာ
နာဂါစ ဂရုဠာ။
တေပိ ဒိဿ ဝိယံ မယ့်၊ ပုတ္တော
မမေဝ သိနေတံ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ အရဟာ
အဂ္ဂသာဝကာ၊
သဗ္ဗေကရောန္တုမေ မေတ္တံ၊ သဗ္ဗေ
တိဋ္ဌန္တု မတ္ထကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ
ရောဂါသုခီဟောန္တု။
သဗ္ဗဘယာ ဝိနဿန္တု၊ သဗ္ဗေ
နဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊ အနန္တပါဏ
တိနော်ဗဟူ။
အနန္တစက္ကဋ္ဌေသု၊ အနန္တပါဏိ
နောမဟူ။

၁၀။ ဣမေ သတ္တာ အဝေရာစ၊ အည
မည့် ပိယံဘဝ။
ဣမေ သတ္တာ အဝေရာစ၊ အည
မည့် သုခံဘဝ။

၁၁။ အနရိယော တိရစ္ဆာနော၊ ပေ
တောအသုရကော ယမော။
ဣမေ သဗ္ဗေ ယထာသတ္တာ၊ ဒုက္ခာ
မုဉ္စန္တု တတ္တကာ။

၁၂။ ဒသကောဋိဒကဇာစ၊ နဝကော
ဋိ ထလဇာစ၊
သံသေဒဇော ပပါတိကာ၊ ဒိကာ
ယုကာ ဘဝန္တုတေ။

၁၃။ ဉဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ
အဝီစိတော။
သမန္တာစက္ကဝါဠေသု၊ ယေသတ္တာ
ပထဝီစရာ။

၁၄။ အဗျာပဇ္ဇာ နိဝေရာစ၊ နိဒုက္ခာစ
နုပဒ္ဒဝါ။
သဗ္ဗေသတ္တာ အဝေရာစ၊ သဟ
သဗ္ဗေဟိ ဉာတိဘိ။

မှတ်ချက် - ပါဠိကို အသံထွက်မှန် ကန်အောင် ဖြည်းဖြည်းနှင့်မှန်မှန်ရွတ် ဖတ်ပူဇော်ကြရန် ဖြစ်ပါသည်။

လွန်စွာမှ ကြုံကြိုက်ခဲလှသော ကဆုန်လဆုတ်၁၂ရက်၊ တနင်္ဂနွေသည် ဓာတ်တေဇောကျသော သံသရာမီးပုံ ကြီး အငြိမ်းတိုင်ငြိမ်းခဲ့သော မဟာအခါ သမယဖြစ်နေသည့်အတိုင်း ယခုကျင့် စဉ်အဓိဋ္ဌာန်သည် အကြိမ်ကြိမ်လျှော် သွန်းခဲ့ပြီးသော ရွှေစင် (၁၀) ပါးနှင့် အလားတူသည်ဖြစ်၍ အမျိုးကောင်း သား၊ အမျိုးကောင်းသမီးတို့အနေဖြင့် မိမိတို့၏ သီလစင်ကြယ်ခြင်းဖြစ်သော အဖိုးမဖြတ်နိုင်သည့် ကျောက်မျက်ရွဲကို လွန်စွာနှ၍ လှပတင့်တယ်သော ပန်း ထိမ်လက်ရာကောင်းဖြင့် စီမံပြုလုပ်အပ် သောတန်ဆာကဲ့သို့ လောကီအရာတွင် လွန်စွာ ပြည့်စုံခြင်းဂုဏ်ဟိတ်တို့ဖြင့် ပြည့်စုံ၍ မိမိ၏ပါရမီအလျောက် ခရီး ရောက်ကြမည်ဖြစ်သည်ဟုပင် တင်ပြ လိုက်ရပါတော့သည်။

ကြုံခဲသောအခွင့်အရေးကို လက် မလွတ်စေလို၍ သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရခြင်း ဖြစ်သည်။ လောကီ ရတနာချမ်းသာများစွာတို့ စုံးပိုင်ကြပြီး သာသနာတော်ကြီးအား ထောက်ပံ့နိုင် ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*
*ဘုန်းခေါင်*



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဤအဖြစ်အပျက်သည် မိမိကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းမျိုးမဟုတ်ဘဲ အခြားသူတစ်ဦးတစ်ယောက်ထံမှ တစ်ဆင့်ကြားသိခဲ့ရခြင်းမျိုးသာဖြစ်ခဲ့လျှင် ကိုမြတ်ဦးအဖို့ လုံးဝလက်ခံယုံကြည်မည်မဟုတ်။ 'အဓိပ္ပာယ်မရှိတာဘဲဗျာ'ဟုပင် ငြင်းချက်ထုတ်မိဦးမှာ သေချာလှပေတော့သည်။

ပူး၍ သောင်းကျန်းသည်၊ လိပ်ပြာလွင့်သည်၊ ပုဏ္ဏကတိုက်သည်၊ ရွာသူ (စုန်း) ပြုစားသည်၊ မြေဖုတ်ဘီလူးဖမ်းစားသည်။ မှင်စာပတ်ခြင်းခံရသည်၊ ကျတ်တွေ ရွာပြောင်းသည် အစရှိသော လောကီလွန်ကိစ္စများဖြင့် မယုံနိုင်ဖွယ်ဇာတ်လမ်းပေါင်းများစွာကို အများကြီးကြားခဲ့ဖူးသည်။ နားထောင်ခဲ့ရဖူးသည်။

သီး ငြင်းချက်ထုတ်လေ့ မရှိ။ သို့သော် မည်သို့မျှ မျှော်လင့်မထားခဲ့သည့်ကြားမ အံ့ဩတုန်လှုပ်ဖွယ်ကိစ္စရပ်ကို ကိုယ်တိုင် ရင်ဆိုင်လာခဲ့ရသောအခါတွင်တော့ ကိုမြတ်ဦး အံ့အားသင့် ချောက်ချားခဲ့ရ တာတော့ အမှန်ပင် ဖြစ်တော့၏။

ကြုံခဲ့ရသည်က ခပ်ဝေးဝေးမှာ မဟုတ်။ ကိုယ့်အိမ်ထဲမှာကို ကြုံလာခဲ့

(ဆင်ပြူကျွန်း) ဝ

# နန္ဒာစိုး

## မာယာရှင်၏သန်းခေါင်ယံများ

(ပင်ကိုရေးဖြစ်ရပ်မှန်ဝတ္ထုရှည်)



မှန်ပါသည်။ ကိုမြတ်ဦးတို့မိသားစု ကြုံခဲ့ရသောအဖြစ်သည်ကား ပြောမယုံ ကြုံဖူးမှသိမည် ဆိုသောအဖြစ်မျိုးပင်တည်း။ အံ့ဩဖွယ်ကောင်းသလို ထိတ်လန့်တုန်လှုပ်ဖွယ်အတိလည်း ဖြစ်သည်။ မိသားစုတစ်ရာတွင် ကိုးဆယ်ကျော်ကျော်က ကြုံဖူးဖွယ်မရှိလောက်အောင်လည်း ထူးခြားဆန်းကြယ်၏။ အသည်းတုန်အူတုန်ဖွယ်ထိုဖြစ်ရပ်သည် ကိုမြတ်ဦးတို့မိသားစုအဖို့ ကံဆိုးမိုးမှောင်ကျသောကြောင့်သာ ကြုံလာခဲ့ကြရခြင်း ဖြစ်မည်ဟု မှတ်ချက်ချကြရမလိုချည်း ဖြစ်၏။

လူတို့ဝန်းကျင်တွင် လိမ်ညာလှည့်စားခြင်းကို မာယာဟု ဆိုကြ၏။ အမှန်တရားမှ သွေဖည်၍ မဟုတ်မမှန် လှည့်ဖြားတတ်သူကို မာယာများသူဟု သတ်မှတ်လေ့ရှိကြသည်။ ကိုမြတ်ဦးတို့ မိသားစု ကြုံခဲ့ရသည်မှာလည်း ထိုသို့သောမာယာရှင်နှင့်ဆုံခဲ့ရခြင်းဖြစ်သည်။ သို့သော် အံ့ဩစရာကောင်းသည်က လူသားစင်စစ်တစ်ဦး၏ မာယာမဟုတ်။ လူသားတစ်ဦးအဖြစ်မှ သေဆုံးကွယ်လွန်သွားခဲ့ပြီးသူတစ်ဦး၏ ကြွင်းရစ်သော အကောင်အထည်မဲ့ ဝိညာဉ်တစ်ခု၏ မာယာဖြစ်နေသောကြောင့်ပေတည်း။

*

တစ္ဆေခြောက်ခြင်းခံရသည်၊ သရဲ

ပြောသူပြောလာ၍သာ ဘာရယ်မဟုတ် နားထောင်ခဲ့ဖူးသော်လည်း ကိုမြတ်ဦးစိတ်ထဲမှာတော့ စူးစူးနစ်နစ် ယုံကြည်သည်လည်းမဟုတ်။ ကိုယ်တိုင်မတွေ့မကြုံခဲ့ဘူးသည့်ကိစ္စတွေဆိုတော့ စိတ်မှာထိထိခိုက်ခိုက်မရှိလှ။ သို့သော် ကိုယ်မကြုံကြရပါဘဲနှင့် မည်သူကမှလုပ်ကြံဖန်တီးပြီး ချဲ့ကားပြောဆိုနေကြမည် မဟုတ်သောကြောင့် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ် ကိုးကွယ်ရာဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မိန့်မြွက်ချက်များတွင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသားတို့နှင့် စပ်လျဉ်းသော ပေတဝတ္ထုဇာတ်လမ်းများ အများအပြား ပါဝင်နေသေးသည် မဟုတ်လော။

ထို့အပြင် တိုးတက်လှပါသည်ဆိုသော အနောက်တိုင်းနိုင်ငံတို့တွင်လည်း ခေတ်သိပ္ပံပညာတိုးတက်နေမှုကတခြား။ ထိုသို့သော ဝိညာဉ်ကိစ္စရပ်များ၊ စိတ်နယ်လွန်ဇာတ်လမ်းများက တစ်ဘာသာ သူ့ကဏ္ဍနှင့်သူ သတင်းထုတ်ပြန်ကြေညာနေကြသည်ကို ကြားနေသိနေဖတ်ရှုနေရသည်မဟုတ်လား။ ထို့ကြောင့် ကိုမြတ်ဦးကတော့ ထိုကိစ္စများနှင့်ပတ်သက်လာလျှင် ကြားကျကျနေလိုက်သည်သာ ဖြ စ်တော့၏။ ဟုတ်လှချည်ဗျာဟု ဇွတ်တရွတ်မထောက်ခံသလို မဖြစ်နိုင်တာဘဲဗျာဟုလည်း ခါးခါးသီး



www.burmeseclassic.com

www.burmeseclassic.com

[ချ]ခြင်းဖြစ်သည့်အပြင် ကြုံခဲ့ရသော [ဆ]ယာရှင်ကလည်း သူစိမ်းမဟုတ်ဘဲ [ကို]ယ့်မိသားစုဝင်ထဲက ဖြစ်နေသော [ကြောင့်] ချောက်ချားခဲ့ရခြင်း ဖြစ်ပါ[သ]သည်။

*

ကိုမြတ်ဦးတို့မိသားစုမှာ စုစု[ပေါင်း] အိမ်သား (၆) ယောက် ရှိ၏။ [ကို]မြတ်ဦးဇနီးသည် မအေးဝင်းနှင့် ခင်မြတ်ငွေး၊ ခင်မြတ်အေး၊ ခင်မြတ်ထွေး ဆိုသည့် သမီး (၃) ယောက်၊ ဇနီး၏ အဒေါ် ကြီးကြီးမြတို့ ဖြစ်ကြ၏။ လုပ်ငန်းအားဖြင့် ဈေးထဲတွင် ကုန်စုံဆိုင်ဖွင့်သည်။ တစ်မိသားစုလုံး တက်ညီလက်ညီ ရှိကြသည်။

အကြီးဆုံးဖြစ်သူ ခင်မြတ်ငွေးနှင့် အလတ်မ ခင်မြတ်အေးတို့က ဘွဲ့ကိုယ်စီရပြီးကြပြီး အငယ်ဆုံးတစ်ယောက်သာ ဒုတိယနှစ်ကျောင်းသူအဖြစ် ကျောင်းတက်နေဆဲ ဖြစ်၏။ အိမ်မှာ သမီးကြီး ခင်မြတ်ငွေးနှင့်အငယ်ဆုံးခင်မြတ်ထွေး တို့က အိမ်၏ ကျောထောက်နောက်ခံများအဖြစ် တာဝန်ယူကြရသည်။

ခင်မြတ်ငွေးက ချက်ရေးပြုတ်ရေး အိုးသူကြီးတာဝန်နှင့် အဖွပ်အလျှော် ကိစ္စဟူသမျှ ဒိုင်ခံစီမံသည်။ ကျောင်းတက်ဆဲဖြစ်သော ခင်မြတ်ထွေးကတော့ အိမ်သန့်ရှင်းရေးနှင့် ဈေးမှ ဆိုင်သို့ ထမင်းချိုင့်ပို့၊ အစ်မကြီးနေ့စဉ်ချက်ပြုတ်ဖို့အတွက် ဈေးဝယ်ပေး စသည့် ဗာဟီရ





www.burmeseclassic.com

www.burmeseclassic.com

ကိစ္စတွေဆောင်ရွက်ရသည်။ ကိုမြတ်ဦးတို့လင်မယားနှင့် အလတ်မကတော့မိုးလင်းသည်နှင့် ဈေးက ဆိုင်သို့ ချီတက်ကြရတော့သည်။

ကိုမြတ်ဦးတို့ကုန်စုံဆိုင်က နာမည်နှင့်လိုက်အောင် ကုန်မျိုးစုံတင်ရောင်းသောဆိုင် ဖြစ်သည်။ လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ရယ်ဒီမိတ်စားသောက်ကုန်မျိုးစုံစသဖြင့် စုံစီနဖာအကုန်တင်ရောင်းသည်။ ဈေးမျက်နှာစာတန်းတိုက်တန်းမှ သုံးခန်းတွဲဆိုင်ကြီးဖြစ်၍ တစ်ခန်းတစ်ယောက်နှုန်း မိသားစု (၃) ယောက်ထိုင်ရောင်းမှ အဆင်ပြေသည်။ လုပ်နိုင်ကိုင်နိုင် (၅) ယောက်ရှိသည့်အနက် ဈေးမှာ (၃) ယောက်၊ အိမ်မှာ (၂) ယောက် တာဝန်ခွဲဝေထားရသည်။ ကိုမြတ်ဦးတို့လင်မယားမှာ နှစ်ဖက်စလုံးက ဈေးသည်မျိုးရိုးတွေဖြစ်ကြ၍ အရောင်းအဝယ် ကျွမ်းကျင်လိမ္မာကြသည်။ ထို့ကြောင့် စီးပွားရေးအဆင်ပြေကြသဖြင့် စိတ်ညစ်ရာမရှိ။ လုပ်ငန်းက ပုံမှန်လည်ပတ်နေသည်။

သို့သော် အဘက်ဘက်မှ လိုလေသေးမရှိ ပြည့်စုံနေရိုးမရှိသည့် လောကဓမ္မတာအတိုင်းပင် ကိုမြတ်ဦးတို့မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စတို့ဘက်မှာ စိတ်ညစ်စရာမရှိသော်လည်း ကျန်းမာရေးဘက်မှာတော့ စိတ်ပျက်ဖွယ် အားနည်းချက်ကြီးရှိနေ၏။ အခြားမဟုတ်။ မအေးဝင်း၏အဒေါ် ကြီးကြီးမြက နာတာရှည် ပန်းနာသည်ရောဂါရှင်ကြီးဖြစ်နေ၍ပင်။

ကြီးကြီးမြအသက်က (၆၀)ကျော်ပြီ။ ချောင်းတဟွတ်ဟွတ်ဖြင့် အိပ်ရာထဲအမြဲခွေနေရသူ ဖြစ်၏။ မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ မြန်မာဆရာ၊ အင်္ဂလိပ်ဆရာမျိုးစုံနှင့် ကုသနေရသည့်တိုင် အထူးတလည် သက်သာကျန်းမာလာသည်မရှိ။ မိုးအေးတော့အေးလို့၊ နေပူပြင်းတော့ပြင်းလို့ အသက်ရှူကျပ်လိုက်၊ အမောဖောက်လိုက်နှင့် ဝေဒနာနှင့်နပန်းလုံးနေရမြဲ ဖြစ်သည်။ ရောဂါနှင့်ဆေးမျိုးစုံမပြတ်ရသောသူဟု ဆိုနိုင်၏။

ကြီးကြီးမြကို ဒိုင်ခံပြုစုရသူမှာ အိမ်မှာအမြဲရှိနေရသော သမီးကြီး ခင်မြတ်ငွေး ဖြစ်သည်။ သူမ၏မိခင်ဖြစ်သူကိုယ်တိုင်ပင် ငယ်စဉ်က ကြီးကြီးမြ၏ စောင့်ရှောက်မှုအောက်မှာ နေထိုင်ကြီးပြင်းလာခဲ့ရသူဆိုတော့ ကြီးကြီးမြသည် သူတို့မိသားစု၏ ကျေးဇူးရှင်ဖြစ်သလို တစ်ဦးတည်းကျန်ရစ်တော့သော မိသားစု၏သက်ကြီးရွယ်အို လူကြီးသူမလည်း ဖြစ်၏။ ထို့ကြောင့် တစ်မိသားစုလုံးကပင် မငြိုမငြင်ပြုစုကြလေသည်။ သို့သော် နာတာရှည်ဘဝမှ ထူးခြားတိုးတက်မလာခဲ့။ ကြီးကြီးမြကိုယ်တိုင်ကလည်း စိတ်ဓာတ်ကျကာ သူ့ကိုယ်သူ သေရက်မျှော်နေသူ ဖြစ်၏။

“ငါ့ရောဂါဝေဒနာက သာမန်မဟုတ်လောက်ပါဘူးကွယ်။ ဒီလောက်ဆရာမျိုးစုံ၊ ဆေးမျိုးစုံနဲ့ ကုသလာတာတောင် မထူးခြားဘူးဆိုမှတော့ ဟိုးဘဝဘဝတွေကပါလာတဲ့ ဝဋ်နာကံနာပဲ ဖြစ်မှာပါ။ ဝဋ်ကြွေးရှိခဲ့ရင်လည်း ဒီဘဝနဲ့ကျေပါစေတော့”

ကြီးကြီးမြက ထိုသို့ပြောတိုင်း ကိုမြတ်ဦးတို့မိသားစုမှာ အပူရုပ်ကိုဟန်လုပ်ဖုံးကွယ်ကာ လူမမာစိတ်ဓာတ်မကျဖို့၊ စိတ်အားမငယ်ဖို့ အားပေးကြရ၏။ စင်စစ်တော့ ကိုမြတ်ဦးတို့သာမဟုတ်ပါ။ ကြီးကြီးမြနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေရောင်းရင်းများကလည်း ကြုံလျှင်ကြုံသလို အားပေးကြသည်သာ ဖြစ်ပါသည်။ ထိုသို့အားပေးကြသူများထဲတွင် ကြီးကြီးမြ၏ ငယ်ပေါင်းသူငယ်ချင်း ဖြစ်ခဲ့သော ဒေါ်သေးသေးတစ်ယောက်လည်း အပါအဝင် ဖြစ်၏။

ဥပုသ်နေ့ဈေးပိတ်သောတစ်ရက်တွင် ထိုဒေါ်သေးသေးတစ်ယောက် သူ၏တူတော်မောင်နှင့်အတူ ကိုမြတ်ဦးတို့အိမ်သို့ ရောက်ရှိလာ၏။ ထုံးစံအတိုင်း လူမမာမေးလာခြင်း ဖြစ်သည်။ တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြ၍ အိမ်ချင်းက သိပ်ဝေးလှသည်မဟုတ်။

“မယ်မြရေ၊ မကောင်းတဲ့သူတွေ အချင်းချင်းပဲ။ ငါက နည်းနည်းလေးကောင်းသလိုလိုရှိခိုက်အားပေးရအောင် လာခဲ့ပြန်တာပဲ။ ညည်းဟိုတစ်ပတ်က အတော်သည်းလိုက်သေးတယ်ဆို”

“ဟုတ်ပ့ါ မသေးရယ်။ ဟိုအပူလိုင်းဖြတ်တယ်ဆိုလားလေ၊ အဲဒီရက်ကပေ့ါ။ ပူလွန်းလို့ လူကနေရင်းထိုင်ရင်းကို အမောဖောက်လာတော့တာ။ ခေါင်းအုံးနှစ်လုံးဆင့်ပြီး အဲဒီအပေါ်လက်ထောက်လေးဖက်ကုန်းနေရတယ်”

“ဘာထူးလို့လဲအေ၊ ငါလည်း အဲဒီရက်က သွေးတွေတိုးပြီး ခေါင်းမထူနိုင်ဘူး။ အိမ်ကလူတွေလည်း မျက်လုံးတွေပြူးကုန်ကြတော့တာပဲ။ ခုရက်ပိုင်းကလေးကျမှ ပြန်ထူထောင်နိုင်လာတာ။ ဒါနဲ့ ငါလည်း ဟုတ်သလိုလိုရှိတုန်း သူငယ်ချင်းဆီသွားဦးမှာပဲလို့ ထလာခဲ့ရတာပဲ မယ်မြရဲ့”

“သေမင်းက မခေါ်သေးလို့ပါ မသေးရယ်။ ငါလည်း ဒီဝေဒနာကြီးနဲ့ သက်ဆိုးမရှည်ချင်တော့ပါဘူး”

ကြီးကြီးမြနှင့် ဒေါ်သေးသေးတို့ ဝေဒနာသည်အဘွားကြီးအချင်းချင်း အားပေးသံတွေကို နားထောင်ရင်း လူငယ်တွေက ဖျောင်းဖျကြရ၏။ ဒေါ်သေးသေးက သွေးတိုးသမားဖြစ်သည်။ နှစ်ဦးစလုံးက အသက် (၆၀) ကျော်၊ (၇၀)နား ကပ်လုလုတွေဆိုတော့ ရောဂါကလေးတွေကိုယ်စီနှင့်ပင်။ သို့တိုင် သူတို့နှစ်ဦးတွင် ကြီးကြီးမြက အိပ်ရာကျောကပ် သမားဖြစ်နေတော့ အခြေအနေပိုဆိုးသည်ဟု ပြောရမလိုရှိ၏။ ထိုနေ့က ဒေါ်သေးသေးက သူ့သူငယ်ချင်းကို စိတ်ဓာတ်မကျဖို့ အားပေးစကားပြောပြီး နှုတ်ဆက်သွား၏။

လူတစ်ဦးချင်းစီ၏ နောက်နောင် ဘဝများမှပါလာသောအတိတ်ကံသည် ကား အတော်ဆန်းကြယ်သည် ကိုမြတ်ဦး အောချမိသည်။ အဘယ် ကြောင့်ဆိုသော် ကြီးကြီးမြကို လာ ရောက် အားပေးသွားသော ဒေါ်သေး သေးမှာ နောက်တစ်ပတ်ခန့်အကြာမှာ ပင် ရုတ်တရက် သေဆုံးသွားခဲ့သော ကြောင့် ဖြစ်သည်။ တစ်ရပ်ကွက်တည်း အသုဘသတင်းမေးဖို့သွားကြည့်လို တော့ ဒေါ်သေးသေး၏ အလောင်း ပြင်ဆင်ပြီးဖြစ်နေသည်ကို တွေ့ရပါ တော့သည်။

‘အင်း - ဒုက္ခပဲ၊ အန်တီသေးသေး ရဲ့သတင်းသာကြားရရင်တော့ အိမ် ကြီးကြီးမြလည်း သူ့သူငယ်ချင်းကို နာထားပြီး စိတ်ဓာတ်တွေထိုးကျသွ တော့မယ်ထင်ပါရဲ့။ ဒုက္ခပါပဲကွာ’

ကိုမြတ်ဦး စိတ်ထဲက ပူပင် တိတ်တဆိတ်ညည်းမိ၏။ ကိုမြတ် ပူပင်မှုကိုလည်း အဆိုးမဆိုသာ အကြောင်းမူ နောက်တစ်နေ့မှာပင် မှ ကြီးကြီးမြရောဂါထဖောက်လာသော ကြောင့် ဖြစ်တော့၏။ ကြီးကြီးမြ သူငယ်ချင်းလည်းဖြစ်၊ အိမ်သို့လည်း ထွက်သွားလာနေခဲ့သူ ရပ်ဆွေရပ် လည်းဖြစ်၍ နောက်တစ်နေ့ အန် ဒေါ်သေးသေး၏အသုဘတွင် ကိုမြတ် က အစမှအဆုံးတိုင် လူရင်းတစ်ယော အဖြစ် ကူညီဝိုင်းဝန်းခဲ့သည်၏။ သုသ မြေချတော့ဒေါ်သေးသေး၏အလော ကိုမြှုပ်နှံရာတွင် ဂေါ်ပြားဖြင့် မြေ သည့်အထဲမှာ ကိုမြတ်ဦးလည်း ပါ ၏။ သို့ရာတွင် နှစ်ဂေါ်၊ သုံးဂေါ် လော မြေဖို့ရသေးသည်။ သမီး ခင်မြ



www.burmeseclassic.com

www.burmeseclassic.com

အေးက ပြုံးပြုံးပျာပျာဖြင့်ရောက်ချလာသည်။ အိမ်ကနေပြီး မြို့မြောက်ဘက်ဆီက သချိုင်းသို့ ဆိုင်ကယ်ဖြင့် အပြင်းလိုက်လာခြင်း ဖြစ်သည်။

"အဖေ အဖေ၊ အဲဒါထားခဲ့တော့၊ အိမ်ကို မြန်မြန်ပြန်လိုက်ခဲ့တော့"

"ဟင် - ဘာဖြစ်လို့လဲ"

"အိမ်မှာ ကြီးကြီးမြအခြေအနေ ကောင်းဘူး၊ တအားအမောဖောက်နေတယ်"

"ဟေ"

ကိုမြတ်ဦး ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ အတူမြေဖို့နေကြသူများက အရေးပေါ်နေပြီဖြစ်၍ အမြန်ပြန်လိုက်သွားရန် ဝိုင်းတိုက်တွန်းကြ၏။ ထို့ကြောင့် လက်ထဲမှာ ဂေါ်ပြားကို ပစ်ချလိုက်ရင်း အမှတ်မထင်ပြောလိုက်ညည်းလိုက်မိ၏။

"ကိုင်း-အန်တီသေးရေ၊ အိမ်မှာလည်း ခင်ဗျားသူငယ်ချင်းက ရောဂါဖောက်နေသတဲ့။ ခင်ဗျားသတင်းများ တစ်ယောက်ဆီက ကြားသွားလို့များ သားမသိဘူး။ ကျုပ်ကိုခွင့်လွှတ်တော့ဗျို့၊ မြေဆက်ဖို့ဖို့လုပ်အားမပေးနိုင်တော့ဘဲ ပြန်ပြေးရဦးမယ်။ ခင်ဗျားသူငယ်ချင်းကို အားပေးဖို့ လိုက်ချင်လိုက်ခဲ့ဦးလေ"

"အို - အဖေကလည်း၊ မပြောကောင်းမဆိုကောင်း"

ခင်မြတ်အေးက မျက်စိမျက်နှာပျက်ဖြင့် အလန့်တကြားဝင်ပြော၏။

ကိုမြတ်ဦးက ရယ်လိုက်သည်။

"သမီးရယ်၊ ဒီမှာ သေတဲ့သူက သေပြီးလို့ မြေတောင်ဖို့နေပြီပဲဟာ။ လာ၊ သွားကြစို့"

သားအဖနှစ်ယောက် ဆိုင်ကယ်ဖြင့် သချိုင်းမှအမြန်ပြန်ခဲ့ကြသည်။ အိမ်ရောက်တော့ သမီးလတ်ပြောသည့်အတိုင်းပင် ကြီးကြီးမြ၏ အခြေအနေက တယ်မကောင်းချင်တော့။ စကားမေးမရတော့သောအခြေအနေသို့ဆိုက်နေ၏။ အိမ်နီးချင်းလူကြီးတွေလည်းရောက်နေတာတွေ့ရ၏။ ကိုမြတ်ဦးက အော်မေးသည်။

"မအေးဝင်း ဘယ်သွားလဲ၊ မအေးဝင်း"

"မင်းမိန်းမ အခုပဲ ပြန်လာလိမ့်မယ်။ ကားသွားငှားတယ်ကွ မောင်မြတ်ဦးရ။ မမြအခြေအနေကြည့်ရတာမဟန်ဘူး။ စောစောက သလိပ်လျှောက်နေသလိုပဲ။ ဒါနဲ့ဆေးရုံမြန်မြန်ပို့တာကောင်းမယ်ဆိုပြီး မင်းမိန်းမကို ငါပဲမြန်မြန်ကားသွားငှားခိုင်းလိုက်တာ"

ကိုမြတ်ဦးတို့နှင့် တစ်အိမ်ကျော်က ဘကြီးဦးသြက ဝင်ပြောသည်။ ဆိုရလျှင် ဘကြီးသြက ကြီးကြီးမြထက်ပင် အသက်ကြီးသေးသည့် (၇၀) တန်းထဲက ဖြစ်သည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာ ဗဟုသုတလည်းပြည့်စုံ၍ ရပ်ကွက်ထဲမှ လူအကြည်ညိုခံ၊ အလေးစားခံ ပုဂ္ဂိုလ်လည်း ဖြစ်၏။

"ဒါဆို ပြင်စရာရှိတာပြင်ကြလေ။ သမီးတို့က ဆေးရုံကိုယူစရာပစ္စည်းတွေ ထည့်ကြသိုကြဟ"

"ပြီးပြီ အဖေ၊ သမီးအားလုံးပြင်ပြီးသား"

အိမ်ထောင်မှုကိစ္စဟူသမျှ ဒိုင်ခံတာဝန်ယူထားသည့် သမီးကြီး ခင်မြတ်ဌေးက ပလတ်စတစ်လက်ဆွဲခြင်းကြီးတစ်လုံး၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတွေ စုထုပ်ထားသည့်အထုပ်ကြီးတစ်ထုပ်ကိုပြရင်း ပြော၏။ လက်ဆွဲခြင်းထဲမှာ ရေနွေးဓာတ်ဘူး၊ ရေသန့်ပုလင်းကအစ လက်သုတ်ပဝါအဆုံး ထမင်းချိုင့်ပါမကျန် အရန်သင့် ထည့်သိုထားပြီး ဖြစ်သည်။ ခဏအကြာမှာပင် မအေးဝင်းတစ်ယောက် အငှားကားနှင့်အတူ ပြန်ရောက်လာသည်။ ကားဆရာမှာ မျက်နှာပူကြရမည့် တစ်ရပ်ကွက်တည်းသားမို့ သာလိုက်လာရသည်။ သူ့ကားအတွက် စိတ်ဖြောင့်ဟန်မတူ။

"ကိုမြတ်ဦးရယ်၊ ခင်ဗျားတို့လူနာက ဟုတ်ကောဟုတ်ရဲ့လားဗျာ။ မပြောကောင်းမဆိုကောင်း လမ်းကျမှတစ်ခုခုဖြစ်လိုက်ရင် ကျုပ်ကားတော့ ပစ်ရတော့မှာပါပဲဗျာ"

သည်တော့ ဘကြီးသြက ဝင်ဖျောင်းဖျ၏။

"မပူပါနဲ့ကွ၊ ငါသိပါတယ်။ စောစောက သလိပ်လျှောက်တာမှန်ပေမယ့် မမြမသေသေးပါဘူးကွ။ မင်းကုသိုလ်ရပါတယ်။ ကိုင်း-မောင်မြတ်ဦး၊ မင်းတို့လူနာကို ကားပေါ်မြန်မြန်သယ်ကွာ"

"ဟုတ် ဟုတ်ကဲ့ ဘကြီးသြ၊ ဟဲ့-သမီးတို့၊ ကားနောက်ခန်းမှာ သင်ဖြူးခင်း၊ အိပ်ရာခင်း"

"ဟုတ်၊ ဟုတ် အဖေ"

ခင်မြတ်ဌေးတို့ ညီအစ်မသုံးယောက်ကသွက်သည်။ ဟိုင်းလတ်ကားကလေး၏နောက်ခန်းမှာ သင်ဖြူးခင်း၊ စောင်တွေခင်း၊ ခေါင်းအုံးနှင့် အိပ်ရာအမြန်ပြင်ကြ၏။ ကိုမြတ်ဦးက ဘကြီးသြကို အားကိုးတကြီး တောင်းပန်လိုက်၏။

"ဘကြီးသြရယ်၊ ဆေးရုံကိုတော့ လိုက်ခဲ့ပေးပါဦး၊ ကျွန်တော်တို့က အရေးဟဲ့ဆို ဘာမှလုပ်တတ်ကိုင်တတ်ဆုံးဖြတ်တတ်တာမဟုတ်ဘူး။ ခဏဖြစ်ဖြစ်လိုက်ခဲ့ပေးပါဦးဗျာ"

"ရပါတယ်ကွာ၊ ငါလိုက်ခဲ့ပေးပါ့မယ်။ လူနာကလည်း အရေးကြီးနေတဲ့ ဥစ္စာ"

သို့နှင့် ကိုမြတ်ဦးတို့ ကြီးကြီးမြကို ဝိုင်းဝန်း သယ်မ၍ ကားနောက်ခန်းအိပ်ရာပေါ် တင်ကြရသည်။ ကြီးကြီးမြကား မျက်လုံးအစုံမှိတ်လျက် သတိကင်းလျက်ရှိလေပြီ။ လမ်းတစ်လျှောက်လုံး မအေးဝင်းနှင့် သမီးကြီးက သူတို့ရရာဘုရားစာတွေရွတ်လာကြသည်။ ဘကြီးသြနှင့် ကိုမြတ်ဦးတို့က ကြီးကြီးမြ၏ ခေါင်းရင်းဘက်က ထိုင်လိုက်လာခဲ့ကြရ၏။

"ဟိုးဟိုး - ကားဆရာ၊ ဟိုးထား"

ဆေးရုံရောက်လုနီးနီးတွင် ဘကြီးသြက ထအော်သဖြင့် ကားရပ်သွား၏။ အဲဒီတော့မှ ကိုမြတ်ဦးက ငုံ့ကြည့်မိ၏။ ကြီးကြီးမြ၏ ဦးခေါင်းကလေး လှုပ်လာတာမြင်ရ၏။

"ဟော-မအေးဝင်းရေ နင့်အဒေါ် သတိရလာပြီဟ"

ကိုမြတ်ဦးက ဝမ်းသာအားတက်သံကြီးနှင့် ပြောလိုက်၏။ ကားကိုရပ်ထားပြီဖြစ်၍ အားလုံးပင် ကြီးကြီးမြ၏ လှုပ်ရှားမှုကို မျှော်လင့်ကြီးစွာ ဝိုင်းငုံ့ကြည့်နေကြ၏။ ကြီးကြီးမြသည် ခေါင်းလေးလှုပ်လာ၏။ ခဏကြာတော့ နှုတ်ခမ်းကလေးတွေပါလှုပ်လာ၏။

"ရေ၊ ရေ၊ ရေပေးပါ"

အသံက တိုးတိုးသဲ့သဲ့ကလေး။ သို့သော် ကားပေါ်ပါလာသူတွေအဖို့ကတော့ ထိုအသံသဲ့သဲ့ကလေးကို ကြားရခြင်းသည်ပင် ထိပ်ဆုံးတန်းထီဆုကြီးပေါက်သည့်နှယ် ဝမ်းအသာကြီးသာသွားကြရ၏။ ခံစားကြရသည့်သောကအပူတွေ တစ်ဝက်လောက် လျော့ကျသွားသလိုပင်ရှိကြရ၏။

"ဟဲ့ဟဲ့ - ရေတဲ့၊ ရေတဲ့။ ရေစက်ချလိုက်ကြစမ်း။ ဖြည်းဖြည်းနော်၊ သီးသွားဦးမယ်"

ဘကြီးသြက သတိပေးသည်။ ခင်မြတ်ဌေးက ရေသန့်ဘူးထဲမှ ရေတစ်ခွက်ငှဲ့လိုက်ကာ ဇွန်းဖျားကလေးဖြင့် အစက်ချပေးတော့ ကြီးကြီးမြက လျှာဖျားလေးလှုပ်၍သောက်သည်။ ကောင်းရှိ၍သာသောက်သည်ဟု ဆိုရ၏။ အမှန်ကတော့ လျှာဖျားကလေးဖြင့် ရေ၏ အထိအတွေ့ ရေ၏ အာနိသင်ဩဇာကို ကူးယူခံစားနိုင်ရုံသာ။

"အောင်မယ်လေး- ဝမ်းသာလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာ ကိုမြတ်ဦးရယ်။ ကျွန်တော်ဘာဆက်လုပ်ပေးရမလဲ"

ကားပိုင်ရှင်က ဝမ်းသာသံကြီးဖြင့်မေး၏။ ဟုတ်သည်လေ။ သူကလည်း သူ့ကားပေါ်မှာ လူသေသွားမည်ကို ကြောက်နေသည်မဟုတ်လား။ အခုတော့ အဆင်ပြေသွားပြီမို့ အတော်ဝမ်းသာသွားပုံရသည်။

"ခုမှတော့မထူးပါဘူးဗျာ၊ ဆေးရုံကိုသာ ဆက်မောင်းပါ။ သူ့ကို ဆက်ကုသဖို့ ဆေးရုံတင်လိုက်တာပဲ ကောင်းမှာပါ"

"ရပြီ ကိုမြတ်ဦး၊ ဖြည်းဖြည်းပဲမောင်းတာပေါ့"

သို့နှင့် ဆေးရုံသို့ရောက်ခဲ့ကြ၏။ ဆရာဝန်ကြီးကို တင်ပြတော့ ဆရာဝန်ကြီးက ဆေးရုံတင်ခွင့်ပြု၏။ ဆေးရုံက (၅)ရက်ကြာတော့ ပြန်ဆင်းခွင့်ပြုသည်။ ကြီးကြီးမြအခြေအနေက တိုးတက်လာခြင်းမရှိ။ ဆုတ်ယုတ်သွားခြင်းလည်းမရှိဘဲ မှန်တန်း (Normal) မှာပဲ ရပ်တန့်နေတာတွေ့ရသည်ဟု ဆို၏။ မှတ်ချက်က ထိုနာတာရှည်ရောဂါကို ပုံမှန်ဆက်လက်ကုသရန်သာရှိသည် ဟူ၏။

ကိုမြတ်ဦးတို့မိသားစု အတော်ဝမ်းသာကြ၏။ ဆေးရုံမှာနေတာဆိုတော့ အတော်တာဝန်ပိုသည်။ သမီးကြီး ခင်မြတ်ငွေရော သမီးငယ်ခင်မြတ်ထွေးပါ အတော်ပင်ပန်းကြသည်။ ကိုမြတ်ဦးတို့လင်မယားနှင့် သမီးလတ်တို့လည်း ဘယ်မှာစိတ်ဖြောင့်နိုင်ပါမည်နည်း။ စီးပွားရေးအရသာ နေ့စဉ်ဆိုင်ထွက်နေကြရပေမည်၊ စိတ်မချနိုင်။ ဆေးရုံကိုနောက်ဆံငင်နေရသည်။ခုတော့ ဟန်ကျပြီ။ ဆေးရုံကဆင်းခွင့်ရပြီ။

အငှားကားဖြင့် ကြီးကြီးမြကို အိမ်သို့ ဝမ်းမြောက်စွာ ပြန်သယ်လာကြသည်။ ကြီးကြီးမြကတော့ သူ့ထုံးစံအတိုင်းပင် ရောဂါဝေဒနာ ခံစားနေရသော မျက်နှာအမူအရာခပ်နွမ်းနွမ်းဖြင့်သာ အိမ်သို့ပြန်လိုက်ပါလာ၏။ ကိစ္စမရှိ။ သမီးကြီး ခင်မြတ်ငွေက ကိုယ့်အိမ်မှာကိုယ်ကောင်းကောင်းပြုစုစောင့်ရှောက်နိုင်သည်ပဲ။ သူ့သူငယ်ချင်း ဒေါ်သေးသေး၏ အနိစ္စသတင်းကို ကြားသိကာ စိတ်ဓာတ်ကျပြီး မသေတာ ကံကောင်းဟု ကိုမြတ်ဦးက ယုံကြည်ခဲ့၏။ သို့သော် ထိုယုံကြည်မှုက တကယ်တက်စင်အောင် လွဲမှားခဲ့ပါသည်။

*

ကြီးကြီးမြ၏ အခြေအနေမှာ အိမ်သို့ပြန်ရောက်ပြီးချိန်မှာလည်း ထူးခြားပြောင်းလဲလာခြင်းမရှိ။ ဒုံရင်းဒုံရင်းအတိုင်းပဲဟုသာပြောရမည်ကဲ့သို့ အိပ်ရာထဲ တခွေခွေနှင့်သာရှိ၏။ ထူထောင်လာသည်လည်း မဟုတ်၊ ဆုတ်ယုတ်သွားသည်ဟုလည်း မဆိုသာ။ တူမကြီးဖြစ်သူ မအေးဝင်းနှင့် မြေးအကြီးဆုံးဟု ဆိုရမည့် ခင်မြတ်ငွေတို့ကတော့ ကြီးကြီးမြကို အနီးကပ်ဆုံးပြုစုကြသူများဟု ပြောရမည်။

ခင်မြတ်ငွေက ချက်ပြုတ်ရေးတာဝန်ခံအိုးသူကြီးပီပီ ကြီးကြီးမြကိုကောင်းနိုးရာရာ အာဟာရရှိနိုင်မည့်စွပ်ပြုတ်၊ ဆန်ပြုတ်၊ ဟင်းခါး၊ ခေါက်ဆွဲဖက်ထုပ် စသည်ဖြင့် စိတ်ကူးတည့်သလိုနေ့စဉ်မရိုးရအောင် ချက်ပြုတ်ကျွေးမွေးသည်။ သို့တိုင်အောင် ကြီးကြီးမြသည်အားရဖွယ် ဟက်ဟက်ပက်ပက်စားသောက်သည်မရှိ။ မည်မျှပင် ကောင်းအောင် ချက်ပြုတ်ကျွေးမွေးသည် ဖြစ်စေ ထည့်ပေးသမျှ ပန်းကန်၏တစ်ဝက်လောက်ကုန်သွားပြီးလျှင် ပန်းကန်ကိုပြန်ချထားလိုက်သည်သာ ဖြစ်တော့၏။

ကော်ဖီ၊ ကိတ်မုန့်၊ ပန်းသီး၊ စပျစ်သီး စသည့် မုန့်၊ သစ်သီးဓာတ်စာများကို ကျွေးတော့လည်း ထိုနည်းနှင်နှင်ပင်။ ခင်မြတ်ငွေက အားမလိုအားမရဖြင့် -

"စားစမ်းပါ ကြီးကြီးမြရဲ့၊ ခံတွင်းမလိုက်ဘူးလား"

မေးလျှင် -

"ဟင့်အင်း၊ ငါဒါထက်မစားနိုင်ပါဘူးကွယ်"

ဟုသာ လေသံသဲ့သဲ့လေးဖြင့်ပြန်ပြောလေ့ရှိသည် ဆို၏။ သည်လိုနှင့် ကြီးကြီးမြ အိမ်သို့ပြန်ရောက်လာပြီးရက်သတ္တနှစ်ပတ်ကျော်ကျော် တစ်ညမှာတော့ သမီးကြီးက ပြောလာသည်။

"အဖေ၊ စောစောတုန်းက ကြီးကြီးမြကို ဘာစားချင်သလဲ၊ ဘာများသွားတောင်းသလဲလို့မေးမိတော့ လက်ဖက်ရည်နဲ့ ပဲပလာတာပူပူလေးစားရရင်ကောင်းမလားမသိဘူးလို့ ပြောတယ်။ အဲဒါ သွားဝယ်မလို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို လိုက်ခဲ့ပါဦး"

ည (၈) နာရီခွဲပြီးပြီမို့ တစ်အိမ်သားလုံးပင် ညစာထမင်းစားပြီးကြပြီ ဖြစ်၏။ လမ်းထိပ်လက်ဖက်ရည်ဆိုင်ဆိုသော်လည်း အတန်ငယ် အလှမ်းဝေးသေးသောကြောင့် သမီးကြီးနှင့် အဖော်လုပ်ပေးပြီး ကိုမြတ်ဦး ထွက်လိုက်လာခဲ့ရသည်။ အစက ညဦးပိုင်းမို့ အဖော်လိုက်လုပ်ပေးရန် ခေါ်သည်ထင်ခဲ့ရာ လက်တွေ့တွင် မဟုတ်ချေ။ လက်

သတ်တော့ သမီးကြီးက အိမ်သားမျာ

ရှေ့တွင် မပြောချင်သောစကားတွေကို

ပြောဖို့ တမင်ခေါ်ထုတ်လာခဲ့ခြင်း ဖြ

ကြောင်း ဆိုင်သို့ရောက်မှ ကိုမြတ်ဦး သိ

ရ၏။

"လက်ဖက်ရည်တစ်ခွက်စီလော

မှာသောက်ကြဦးစို့ အဖေ။ သမီး အဖေ

ကို အေးအေးဆေးဆေးစကားပြောစရာ

ရှိလို့ တမင်ခေါ်ထုတ်လာခဲ့တာ"

ကိုမြတ်ဦး အတော်အံ့အားသ

သွားသည်။ စိတ်ထဲတွင်လည်း အထူးအ

ဆန်းဖြစ်သွားမိ၏။

"သမီးသဘောလေ။ ပြောစရာ

တယ်ဆိုလည်း ထိုင်ကြသေးတာပေါ့"

သမီးကြီးက လူအရှင်းဆုံးဖြ

သည့် ဆိုင်ထောင့်စားပွဲကို ရွေးခ

ထိုင်သည်။ စာပွဲထိုးကလေးကို လ

ဖက်ရည်ချိုဆိမ့်နှစ်ခွက်မှာသည်။ သမီး

ကြီးပြောလာမည့်စကားသည် တစ်ခု

တော့ ထူးခြားမှုရှိလိမ့်မည်ဟု တွေး

သော်လည်း မည်သို့သောထူးခြားမှု

မည်နည်းဟု ကိုမြတ်ဦး မခန့်မှန်းနိုင်

ဖြစ်နေသည်။ စားပွဲထိုးလေး လက်ဖ

ရည်နှစ်ခွက်လာပို့ပေးပြီးမှ ကိုမြတ်

စကားစသည်။

"ကဲ - ပြောစမ်း သမီး၊ အဖေ့

ဘာပြောစရာရှိနေသလဲ"

"ဒီလိုအဖေရဲ့။ အဖေတို့ မန

မနက် ဈေးမသွားခင် အစောကြီး

ထမင်းစားကြတော့ ဘာများထူးခြား

သလဲ သတိထားမိရဲ့လား"

ကိုမြတ်ဦး ခေါင်းခါပြလိုက်သည်

"အမှုမဲ့အမှတ်မဲ့ပဲ သမီးရဲ့။ ဘာ

များထူးခြားမှုရှိနေလို့လဲ"

"ရှိတာပေါ့အဖေရဲ့။ ကဲ - ပြန်

စားပါဦး။ အဖေတို့ မနက်အစော

စာကို ထမင်းပူတွေချည်းစားစားသွား

ကြရတာ တစ်ပတ်လောက်ရှိပြီ မဟု

လား"

"အေးလေ၊ ဟုတ်တယ်"

"ခါတိုင်းဆိုရင် မနက်စောစော

ထမင်းကြမ်းကြော်ပဲ စားစားသွားကြ

တာမဟုတ်လား"

"ဒါလည်းဟုတ်တယ်"

"အခုအဲဒီခါတိုင်းလိုမဟုတ်တော့

ဘဲ ထမင်းပူချည်းစားစားသွားကြရ

တစ်ပတ်လောက်ရှိပြီလေ"

"ဟဲ့-အဲဒါဘာဆန်းသလဲ။

ထမင်းကြမ်းမကျန်ရင် မနက်

ချက်တဲ့ ထမင်းပူပဲစားသွားရမှာ

"ဟုတ်တယ်အဖေ အဲလိုထ

www.burmeseclassic.com

ကြိမ်းမကျန်တာကိုက ဆန်းကြယ်နေတာ"

"ဟင်"

ကိုမြတ်ဦး ရုတ်တရက်နားမလည်ထိုက်။ သမီးကြီးက ထပ်ရှင်းပြ၏။

"ဒီလိုအဖေရဲ့၊ သမီးက မီးဖိုချောင်ကိုကိုင်တဲ့သူဆိုတော့ မီးဖိုချောင်ထဲက ထူးခြားမှုကို သမီးအသိဆုံးပဲ။ အဖေက ပြုတ်နဲ့ ထမင်းကြော် ကြိုက်တတ်တာရော၊ သမီးကိုယ်တိုင်လည်း အိပ်ရာထလာတာနဲ့ မနက်စောစောအတွက် ဟာမျိုးချင်ဘဲ အလွယ်ဖြစ်စေချင်တာလောကြောင့် ညစာထမင်းကို အမြဲတမ်း ပိုသာသာချက်တယ်။ နောက်နေ့မနက်စောစော ထမင်းကြမ်းကြော်ဖို့ ထမင်းကျန်အောင်ချက်တယ်။ ဒါပေမယ့် အဲဒီလိုချက်ထားတဲ့ကြားက မနက်ကျရင် ထမင်းတွေရောဟင်းကျန်တွေပါ အကုန်ပျောက်ပျောက်နေတယ်"

"ဟေ"

ကိုမြတ်ဦး မျက်လုံးပြူးသွားရသည်။

"ကြောင်တွေဘာတွေများ ဝင်ဝင်စားသလားလို့တွေးရအောင် ကြောင်မှမွေးဘဲ။ တခြားကကြောင်တွေလည်း ညဘက် အိမ်ကိုလာလေ့မရှိပါဘူး။ အစပိုင်းတစ်ရက်၊နှစ်ရက်ကတော့ ညကညစာမှာ စားကောင်းသွားကြလို့ ထမင်းကျန်တာထင်ပါရဲ့လို့ ရိုးရိုးတွေးမိတယ်။ နောက်ရက်တွေမှာကျတော့ တော်တော်လေး စိတ်ထဲမှာအံ့သြနေတယ်။ ဒါနဲ့ နေနှင့်ဦးဆိုပြီး တစ်ညကျတော့ အိပ်ရာဝင်ခင် ထမင်းအိုးကို သေသေချာချာ သွားကြည့်ပြီး စစ်ဆေးထားလိုက်တယ်။ နောက်တစ်နေ့မနက်စောစောမှာ ကြော်ပေးဖို့ အိုးတစ်ဝက်လောက် ထမင်းကျန်တယ် အဖေ။ ရောမွှေကြော်ဖို့ ခရမ်းချဉ်သီးငါးပိချက်ဟင်းလည်း တစ်ပန်းကန်ကြီးကျန်တယ်။ ဒါပေမယ့် နောက်နေ့မနက်လင်းလို့ သမီးကြည့်တော့ ထမင်းတွေရော၊ ဟင်းတွေရော တစ်စတစ်ဖွဲ့မှ မကျန်တော့ဘူး။ အိုးပြောင်ခွက်ပြောင် ဖြစ်နေတယ်"

"ဟင် - အဲဒါကြောင့် သမီးက ထမင်းအပူထပ်ထပ်ချက်ပြီး မနက်စောစောကျွေးကျွေးလွှတ်ရတာဆိုပါတော့"

ကိုမြတ်ဦး အံ့သြတကြီးမေးမိရ၏။

သမီးကြီးက ခေါင်းညိတ်ပြ၏။

"အမှန်ပဲ အဖေ၊ အဲဒါသေချာလို့ သမီးဖွင့်ပြောတာ။ ညဘက်မှာ အိမ်ကို သူခိုးဝင်ရင်လည်း ထမင်းဘယ်စားနေတော့မလဲ။ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ခိုးထုတ်သွားမှာပေါ့။ ခုတော့ သမီးတို့အိမ်မှာ ဘာပစ္စည်းမှ မပျောက်ဘူး။ အဲဒီ ထမင်းနဲ့ဟင်းတွေပဲ ပျောက်ပျောက်နေတာ တော်တော်ကြီးထူးဆန်းနေတယ်"

"နင့်ညီမတွေများ သန်းခေါင်စာ ထစားကြလေသလားဟယ်။ တီဗွီသိမ်းချိန်အဆာပြေလေ"

"ဟာ - အဖေကလည်း၊ ညီမနှစ်ယောက်စလုံး ဘယ်တုံးကများ ဒါမျိုး ထစားဖူးလို့လဲ။ သူတို့ထစားရင်လည်း ဇွန်းသံ၊ ပန်းကန်သံ၊ စကားပြောကြသံတွေ ကြားရမှာပေါ့။ သမီးလည်း သိရမှာပေါ့"

"အေးဟ-ငါတို့လင်မယားလည်း ညဘက်ကို ထမင်းထစားလေ့ရှိတာမှ မဟုတ်ဘဲ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် ထမင်းတွေ၊ ဟင်းတွေ ပျောက်ပျောက်နေတယ်ဆိုတော့ စဉ်းစားစရာပဲ။ ညဘက်ဆို နင်တို့ညီအစ်မတစ်တွေပဲ နောက်ဆုံးအိပ်ရာဝင်ကြတာဆိုတော့ နင်တို့ကိုပဲ စောင့်ကြည့်ခိုင်းရမလို ဖြစ်နေပြီ"

ကိုမြတ်ဦးက တွေးတွေးဆဆပြော၏။ ဟုတ်သည်။ ခင်မြတ်ငွေးတို့ညီအစ်မတစ်တွေက တီဗွီဇာတ်လမ်းတွဲတွေ ကြည့်လေ့ရှိ၏။ သူတို့နှစ်သက်သော ပြင်ပဇာတ်လမ်းတွေ အခွေဆိုင်မှငှားလာကာ ညဘက်မှာကြည့်ချင်လည်း ကြည့်ကြ၏။ သည်တော့ သူတို့အိပ်ရာဝင်ချိန်သည် ညဉ့် (၁၂) နာရီ၊ (၁) နာရီဖြစ်နေလေ့ရှိ၏။ ကိုမြတ်ဦးတို့ကတော့ ည (၁၀) နာရီခွဲလောက်ဆို အိပ်ပျော်နေပြီ ဖြစ်သည်။ လင်မယားနှစ်ယောက်စလုံး အိပ်ရေးပျက်ခံပြီး ဇာတ်လမ်းထိုင်ကြည့်ဖို့ ဝါသနာမပါကြ။

"အမလေး-မလုပ်ပါနဲ့အဖေရယ်၊ စောင့်မကြည့်ရဲပါဘူး။ တွေးမိတာနဲ့ ကြက်သီးတွေထလွန်းလို့ပါ။ အဲဒါပဲ အဖေရေ၊ အိမ်မှာဖြစ်ပေါ်နေတဲ့ ထူးခြားမှုကို အဖေ့ကို အသိပေးချင်လို့ ဒီကိုတမင်ခေါ်လာပြီးပြောတာပဲ။ အငယ်မနှစ်ယောက်နဲ့ အမေ့ကို သမီးလုံးဝအသိမပေးရသေးဘူး။ သူတို့သိသွားရင် ကြောက်နေမှာစိုးလို့"

"ဒါဖြင့် သမီးတို့ကြီးကြီးမြများ ထထစားနေသလားကွယ်"

"ဟာ - လုပ်ပြန်ပြီ၊ ဟိုလူမမာက ဘာများစားနိုင်လို့လဲ။ သူစားချင်ရင် သူက အိမ်မှာအကြီးဆုံးပဲဟာ။ ငါ့ကို ဒီအစားအစာစီစဉ်ပေးကြစမ်းဆိုရင် ပြီးနေတဲ့ဟာ။ အခုလည်းကြည့်၊ ဒီက အပြန်ဝယ်သွားမယ့်ပဲပလာတာနဲ့ လက်ဖက်ရည်ကို တစ်ဝက်စီကုန်အောင် စားရင်သောက်ရင်ပဲ ဟုတ်လှပြီအောက်မေ့"

ကိုမြတ်ဦး တော်တော်ဦးနှောက်ခြောက်သွားရလေသည်။ မှန်သည်။ နာတာရှည်လူမမာ ကြီးကြီးမြကတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ စားစေချင်လွန်းလို့ ကောင်းနိုးရာရာ ဒုက္ခခံချက်ပြုတ်ကျွေးမွေးနေတာကိုတောင်မှ စားနိုင်ရှာသူ မဟုတ်။

"ကဲ - ဒီလိုမှဆိုရင်တော့ ညဘက်ကို စောင့်ကြည့်ရတော့မှာပေါ့ သမီးရယ်။ စိတ်မပူပါနဲ့၊ သွေးအေးအေးထားပါ"

"အဲဒါပဲ အဲဒါပဲ။ သမီးလိုချင်တဲ့အချက်ကလည်း အဲဒါပဲ။ ဖြစ်ပုံတွေကိုတော့ အဖေ့ကိုအသိပေးပြီးပြီနော်။ ကဲ-ပြန်ကြစို့"

သမီးကြီးက ကြီးကြီးမြအတွက် လက်ဖက်ရည်ချိုဆိမ့်နှင့် ပဲပလာတာကို ပါဆယ်မှာယူလိုက်၏။

အိမ်သို့ ပြန်ရောက်သောအခါ ကြီးကြီးမြ၏အခန်းသို့ဝင်သွား၏။ ခဏအကြာ ပြန်ထွက်လာတော့ သူမလက်ဖက်ရည်ဆိုင်တုန်းကပြောခဲ့သည့်အတိုင်းပင် အာသီသရှိသည်ဟု တောင်းဆိုခဲ့သော်လည်း လက်ဖက်ရည်ရော ပဲပလာတာပါ တစ်ဝက်စီမျှပင် မကုန်။ ထို့ကြောင့် ထမင်း၊ ဟင်းများ ပျောက်ရှုရခြင်းတရားခံနေရာတွင် ကြီးကြီးမြမဖြစ်နိုင်ဟု ကိုမြတ်ဦး အောက်မေ့မိပြန်၏။ သို့ဆိုလျှင် ထိုနေရာ၌ မည်သူဝင်ရောက်လှုပ်ရှားနေသနည်း။ အဖြေမရှိသော ပဟေဠိပါပေ။

ထိုညက မှတ်မှတ်ရရပင် ညဉ့် (၁၂) နာရီ တီဗွီသိမ်းပြီး၍ သူမတို့ အိပ်ရာဝင်ခါနီးတွင် ခင်မြတ်ငွေးက လာနှိုး၏။ လက်ဖက်ရည်ဆိုင်တုန်းက ပြောထားတာကို သတိရ၍ ကိုမြတ်ဦး အိပ်ရာမှ လူးလဲထရသည်။ သမီးကြီးနှင့်အတူ မီးဖိုခန်းသို့ဝင်ရသည်။

"အဖေ ဒီမှာကြည့်နော်။ ဒါက ထမင်းအိုး၊ ဒါက ဟင်းအိုး"

သမီးကြီးက နှစ်ကိုယ်ကြား တိုးတိုးကလေးပြောကာ မီးဖိုခွင်များပေါ်တွင်တင်ထားသော ထမင်းအိုး၊ ဟင်းအိုးတွေကိုလှပ်ပြ၏။ ဟုတ်သည်။ ထမင်းကအိုးတစ်ဝက်လောက်ကျန်၏။ အမဲသားဟင်းချက်ကလည်း မနက်စာတစ်ကြိမ်တော့ စားလောက်အောင်ကျန်သည်ကိုတွေ့ရ၏။ ကိုမြတ်ဦးတို့မီးဖိုက လူ၏ခါးတစ်ဝက်လောက်အမြင့်အထိ အုတ်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂတေစီကာ အတွင်း၌ မီးသွေးဖိုများ ထည့်သွင်းထားသည့်အတွက် ချက်ပြုတ်သူက မတ်တတ်ရပ်ချက်ပြုတ်ရသော မီးဖိုမျိုး ဖြစ်သည်။ ဖိုပေါက်က လေးပေါက်ရှိ၍ အိုးလေးလုံးခန့်ကို ထိုမီးဖိုအုတ်စင်ရှည်ကြီးတစ်လျှောက် အဖုံးဖုံး၍ တန်းစီတင်ထားလိုက်ရုံပင်။

ကိုမြတ်ဦး ခေါင်းညိတ်ပြလိုက်၏။ ထမင်းကျန်ဟင်းကျန် ကျန်ရှိကြောင်း သမီးကြီးက သူ့ကိုလက်တွေ့ခေါ်ပြကာ သက်သေထူ အသိပေးလိုက်ခြင်း ဖြစ်သည်။ သမီးတွေ အိပ်ခန်းဝင်သွားကြတော့ ကိုမြတ်ဦးလည်း ကိုယ့်အိပ်ရာကိုယ်ပြန်ဝင်ခဲ့သည်။ ဇနီးသည် မအေးဝင်းကတော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေလေပြီ။ သမီးကြီးပြောသည့်ကိစ္စကို ဟိုလိုလှည့်တွေးလိုက်၊ သည်လိုလှည့်စဉ်းစားကြည့်လိုက်နှင့်ပင် ကိုမြတ်ဦးလည်း မှေးခနဲအိပ်ပျော်သွားလေသည်။ သို့သော် သိပ်ကြာလိုက်သည် မထင်လှ။ သမီးကြီးက အိပ်ခန်းတံခါးကိုခေါက်ကာ လာနှိုး၍ နိုးတော့မှ နာရီကြည့်လိုက်ရာ နံနက်စောစော (၅) နာရီထိုးနေပြီမှန်း သိရ၏။ သမီးကြီးသည် ထိုသို့နှိုးလေ့မရှိခဲ့ဖူးသောကြောင့် ကိုမြတ်ဦးလူးလဲထရသည်။ ထူးခြားမှုတစ်ခုခုပြလို၍ တမင်လာနှိုးတာဖြစ်မည်ဟု နားလည်လိုက်မိပြီ ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် သမီးကြီးက မီးဖိုခန်းထဲခေါ်သွားကာ ညကမှ သူ့ကိုပြခဲ့သော ထမင်းအိုး၊ ဟင်းအိုးတို့ကို အဖုံးလှပ်ပြလေတော့ ကိုမြတ်ဦး ဟိုက်ခနဲဖြစ်သွားရ၏။ ဘယ်အိုးမှ အကြွင်းအကျန်ပင် မရှိတော့ပါလား။ သမီးကြီးက တိုးတိုးပြောသည်။

"အဲဒါပဲအဖေ၊ ဒီနေ့လည်း မနက်အစောစာ ထမင်းအပူချက်ဖို့ သမီးဆန်စိမ်ထားပြီးပြီ"

ကိုမြတ်ဦး စိတ်ရှုပ်သွားကာ ခေါင်းကို တဗြင်းဗြင်းကုတ်လိုက်မိ၏။

"တခြားဘာတွေများပျောက်တာ ရှိတာရှိသေးလဲ သမီး"

"ဟင့်အင်း- ဘာမှမပျောက်ပါဘူး အဖေ၊ ဒါပေမယ့် အခုပြဿနာကြီးကိုတော့ အမြန်ဆုံး အဖြေရှာကြမှဖြစ်တော့မယ်"

"အေးပါ သမီးရယ်၊ အဖေကြံပါဦးမယ်"

သမီးကြီးကိုပြောရင်း ကိုမြတ်ဦး သက်ပြင်းချမိ၏။ သမီး၏ မျက်နှာက တစ်ခုခုကို အထိတ်တလန့်ဖြစ်နေသလို မျက်နှာထားဖြစ်နေ၍သာ အားပေးသည့်သဘောနှင့် ပြောလိုက်ရခြင်း ဖြစ်သော်လည်း ထိုပြဿနာကို မည်သို့ဖြေရှင်းရမည်ဆိုသည်ကို တွေး၍မရသေး။ ဘယ်နည်းလမ်းကို အသုံးချကာ ဖြေရှင်းရမည်နည်း။ ကိုမြတ်ဦး မသိတတ်နိုင်သေးပါတကား။

*

နောက်ထပ် (၂) ရက်လွန်မြောက်သွားသည်။ အခြေအနေက မထူးခြား။ ကိုမြတ်ဦးတို့ ဈေးဆိုင်ထွက်သွားကြရမည့်အဖွဲ့သည် မနက်အစောစာကို ထမင်းပူချည်းစားပြီးမှ သွားကြရသည်ချည်း။ မီးဖိုခန်းထဲကစားပွဲတွင် ထမင်းပူတွေက အငွေ့တထောင်းထောင်းနှင့် ခူးခပ်ပြင်ထားတာမြင်ရတိုင်း ကိုမြတ်ဦးကတော့ သိနေသည်။ ညကလည်း ထမင်း၊ ဟင်းတွေ ပျောက်ခဲ့ပြန်ပြီဟု။

သို့သော် သမီးကြီး ခင်မြတ်ငွေးနှင့် ကိုမြတ်ဦးတို့နှစ်ယောက်သာ ထိုကိစ္စကို သိနေကြခြင်း ဖြစ်သည်။ ကျန်သည့် မည်သည့်အိမ်သူအိမ်သားကိုမျှ အသိမပေးရန် ကိုမြတ်ဦးက သမီးကြီးကို နှုတ်ပိတ်ထားသည်။ အိမ်မှာက ခြေရာလက်ရာပျက်တာ ဘာတစ်ခုမှမရှိ။ သူခိုးဝင်ဖောက်တာမဟုတ်မှန်း အသိသာကြီးဖြစ်၏။ ထိုကိစ္စကို ဖန်တီးနေသည့်လက်သည်က ကိုယ့်အိမ်အတွင်းက၊ ကိုယ့်မိသားစုအတွင်းက တစ်စုံတစ်ယောက် ဖြစ်ရမည့်ကိန်းဆိုက်နေတော့ ကိုမြတ်ဦး ဟောင်ဖွာဟောင်ဖွာမလုပ်ရဲ။ ပွစိပွစိ မပြောသာ။ သို့ရာတွင် သမီးကြီးက မျက်စိမျက်နှာပျက်လှပြီ။ ဘာမှန်းသာ မသိသည်၊ တစ်မှိုင်မှိုင်တွေးကြောက်နေသည်မှာ အထင်အရှား။ ထို့ကြောင့် သည်တစ်ညတော့ ထိုကိစ္စကို အပြတ်အသား ကိုင်တွယ်ဖြေရှင်းမှဖြစ်မည်ဟု ကိုမြတ်ဦး ဆုံးဖြတ်ချက်ချလိုက်သည်။ သမီးကြီးကို တီးတိုးသိမ်းပြီး အိပ်ရာဝင်ခါနီးတွင် သူ့ကိုလာနှိုးရန် တိုးတိုးတိတ်တိတ်မှာထားလိုက်ပြီး ညစာထမင်းစားပြီးသည်နှင့်ပင် အိပ်ရာဝင်ပစ်လိုက်သည်။

သမီးကြီးလာနှိုးချိန်မှာ လူးလဲထပြီး နာရီကြည့်လိုက်တော့ (၁၂) နာရီခွဲနေပြီ။ ကိုမြတ်ဦး အိမ်သာသို့ဝင်၍ အပေါ့အပါးသွားကာ တစ်အိမ်လုံးက တံခါးချက်တွေထိုး၊ မထိုး၊ ကျ၊ မကျ အကုန်လိုက်စစ်သည်။ ပြီးမှ လင်းထိန်နေသော မီးချောင်းတွေကိုပိတ်၊ ညအိပ် (၅) ဝပ် မီးကလေးတွေဖွင့်ပြီး အိပ်ခန်းထဲပြန်ဝင်ခဲ့သည်။ ဇနီးသည် မအေးဝင်းကတော့ အိပ်ပျော်လိုက်သမှတော့ ဆင်အော်တောင်နိုးမည့်ပုံမပေါ်။ သည်တော့မှ မူလက ကြိုတင် ကြံရွယ်ခဲ့ အတိုင်း ညဦးပိုင်းကတည်းက ပါဆယ်ဝယ်ထားသော လက်ဖက်ရည်အခါးဂိတ်ဆုံးတစ်ခွက်ကို သောက်လိုက်သည်။ အိပ်မပျော်ဘဲ မျက်စိကြောင်နေစေရန်အတွက် ဖြစ်သည်။ ပြီးမှ အိပ်ရာထဲလှဲ အသာငြိမ်၍ နားစွင့်နေလိုက်သည်။

ညနာရီပြန် (၂) ချက်ထိုးပြီး မှာတော့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ် သက်နေလေပြီ။ တစ်အိမ်သားလုံး လည်း အိပ်မောကျကုန်ကြလေပြီ။ အ သမား ကိုမြတ်ဦးတစ်ယောက်သာ စိတ် ရှည်ရှည်နှင့် ငြိမ်ငြိမ်ကလေးလှဲစော နေခြင်း ဖြစ်သည်။ အကြံအစည် ရွယ်ချက်ရှိထားပြီးဖြစ်နေ၍ တစ်ကြော ဘယ်တုံးကမှ ညဘက်မှာ မသောက် ဘူးသည့် အခါးဂိတ်ဆုံးလက်ဖက်ရည် တန်ခိုးကြောင့်တစ်ကြောင်းဖြင့် ကိုမြ ဦး လုံးဝအိပ်မရ၊ အိပ်မပျော်ပါ။ စ မိနစ်တို့ကား မရပ်မနား ပုံမှန်ရွေ့ သွားလာနေကြပေမည်။ သည်လို နံနက် (၃) နာရီထိုးသွား၏။ ထိုအ ကျမှ ထူးခြားမှုက စတင်လာသည်။

"ကျွီ အီ အီ"

တကယ်တမ်းပြောရလျှင် အသံက ကျယ်လောင်လှသည်မဟုတ် အသံဟုဆိုနိုင်ရုံ မည်ကာမတ္တမျှသာ မည်။ သို့သော် အိမ်အတွင်းမှာက အ ကျလျှင် ကျသံကြားရမလောက် တိတ် ဆိတ်ခြင်းက မင်းမူထားသဖြင့် ကိုမြ ဦး ကြားလိုက်ရခြင်း ဖြစ်သည်။ အ မဟုတ်။ တံခါးရွက်ကို ဖွဖွကလေး အဖွင့်တွင် သဲ့သဲ့ကလေးမျှ ထွက် လာခဲ့သည့် ပတ္တာများမှ အသံက ဖြစ်၏။

ကိုမြတ်ဦး ငြိမ်ငြိမ်ကလေးဆ နေပြီး နားစွင့်ထားလိုက်သည်။ အ အာရုံတစ်ခုတည်းကိုသာ စိတ်ကို စူးစိုက်ထားလိုက်သည်မှာ ကြွက်ခ နီး ကြောင်ကလေးများ သတိကြီး နားရွက်ထောင်၍ နားစွင့်ပုံမျိုးနှင့် နေမည်ထင်မိ၏။ ဟော-ကြားရပါ နောက်ဖေးမီးဖိုခန်းဘက်ဆီသို့ ဦး ရွေ့လျားသွားသော အလွန်ရှား သည့်ခြေသံများ။

ကိုမြတ်ဦး ရင်ခုန်လာ၏။ မငယ်နှင့် ရင်တဖိုဖိုဖြစ်လာမိ၏။ တစ်ယောက်သည် မီးဖိုခန်းဆီသို့ ညင်သာသောခြေလှမ်းများဖြင့် လှမ်းသွားနေလေပြီဟု အသိဝင်

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် တထိတ်ထိတ်တဖိုဖိုဖြစ်လာမိခြင်းပင်။ ထိုသူသည် မည်သူနည်း။ ဇနီးသည် မအေးဝင်းကတော့ တခူးခူး ဟောက်သံပျော့ပျော့ပေးကာ အိပ်မောကျနေဆဲ။

ကိုမြတ်ဦး အိပ်ရာပေါ်က ခပ်ဖြည်းဖြည်းထသည်။ ခုတင်ပေါ်က ရွရွလေးဆင်းသည်။ ပြီးမှ ခြေတစ်လှမ်းချင်းကို သတိကြီးစွာဖြင့် လုံးဝခြေသံ မထွက်ရအောင် ဂရုဓမ္မပြု၍ အိပ်ခန်းထဲမှ လှမ်းထွက်လာခဲ့သည်။ ဦးတည်ရာကား နောက်ဖေးမီးဖိုခန်းဆီသို့ဖြစ်သည်။ ထိုသို့တရွေ့ရွေ့ချဉ်းကပ်လာနေစဉ်၌ပင် မီးဖိုခန်းထဲမှ တိုးသဲ့စွာထွက်ပေါ်လာနေသော ဒန်အိုးဖုံးလှုပ်သံများကို ကြားနေရသဖြင့် ခြေလှမ်းနေရသောဒူးတွေပင် တုန်ချင်သလိုလိုဖြစ်လာရသေး၏။

သည်လိုနှင့်ပင် ကိုမြတ်ဦး မီးဖိုခန်းအဝင်တံခါးအကွယ်သို့ ရောက်လာခဲ့သည်။ ဤနေရာတွင် ကိုမြတ်ဦးအဖို့ ကံကောင်းသောအချက်မှာ မီးဖိုခန်းသည် လုံးဝပိတ်ပိတ်ပိန်းအောင်မှောင်မည်းမနေခဲ့ခြင်း ဖြစ်၏။ မီးဖိုခန်းမှ မီးချောင်းကို ပိတ်ထားပြီးဖြစ်သော်လည်း မီးဖိုခန်းနောက်ဘက် နောက်ဖေးလမ်းကြားထဲ၌ တစ်ဖက်အိမ်က ထွန်းညှိထားသောမီးတစ်ပွင့်ရှိနေ၏။ ထိုမီးပွင့်၏ အလင်းရောင်မှာ မီးဖိုခန်း၏နံရံတစ်ဖက်၌ပိတ်ထားသော မှန်ကြည်တံခါးပြတင်းပေါက်မှ ထိုးဖောက်ဝင်ရောက်နေသဖြင့် မှိန်ပျပျတော့မြင်ရ၏။ ကိုမြတ်ဦးက တံခါးအကွယ်မှ ခေါင်းပြူကာ မျက်လုံးကလေးတစ်ဖက်မြင်သာရုံမျှဖြင့် မီးဖိုခန်းထဲသို့ ချောင်းကြည့်လိုက်၏။

ဒိန်းခနဲ ရင်တွေခုန်သွား၏။ ဖြန်းခနဲ ကြက်သီးတွေထသွား၏။ ဖြောခနဲ ဆံပင်တွေထောင်ထသွားသည်ဟု ထင်လိုက်ရ၏။ အရိပ်မည်းတစ်ခုသည် ထမင်းအိုးထဲသို့ ဟင်းကျန်တွေလောင်းထည့်ကာ ထမင်းတွေနယ်ဖတ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကိုမြတ်ဦးမှာ အသက်ပင်ပြင်းပြင်းမရှူဝံ့ဘဲ ငြိမ်သက်စွာ တောင့်တောင့်ကြီးရပ်၍ ငေးကြည့်နေမိရ၏။

ထိုအရိပ်မည်းသည် ထမင်းတွေ နယ်ဖတ်ပြီးသည်နှင့် ကြမ်းပြင်တွင် ဖင်ချထိုင်ကာ အိုးကို သူ၏အရှေ့ဘက် တံကောက်ကွေးနှစ်ခုအကြား တည့်တည့်ထားလျက် တစ်လုတ်ပြီးတစ်လုတ် ငုံ၍ငုံ၍ အားပါးတရကြီးစားလေတော့သည်။ အရပ်ထဲကလူတွေပြောလေ့ရှိကြသလို အိုးကိုခွစားသည်၊ ခွတုပ်သည်ဆိုရမည့်စားပုံမျိုး ဖြစ်သည်။

အစပိုင်းတွင်တော့ ရင်တလှပ်လှပ်ဖြစ်မိရုံနှင့် အံ့ဩတကြီးဆွံ့အသွားရုံမျှသာဖြစ်သော်လည်း နောက်ပိုင်းတွင်တော့ ထိုအရိပ်မည်း၏ စားပုံအရှိန်မြင့်လာသည်နှင့်အမျှ ကိုမြတ်ဦးအဖို့ ချောက်ချားဖွယ်ဖြစ်လာခဲ့လေသည်။ အကြောင်းမူ ၎င်းထံမှ တရှူးရှူးအသက်ရှူသံကြီးက ပို၍ပို၍ပြင်းထန်လာသကဲ့သို့ ထမင်းလုတ်ကို ပါးစပ်ထဲသွင်းအပြီး ခေါင်းပြန်မော့လာချိန်၌ မီးဖိုခန်းဝန်းကျင် ပတ်ချာလည်သို့ သူ့ကို ချောင်းမြောင်းနေသူ ရှိ မရှိ စူးစမ်းအကဲခတ်ရှာဖွေဟန်ဖြင့် ဦးခေါင်း၊ မျက်နှာဘယ်၊ ညာယိမ်း၍ ဝေ့ကာဝေ့ကာကြည့်လိုက်သော မျက်လုံးကြီးတွေမှာ စူးစူးဝါးဝါး အစိမ်းရောင် တဖိတ်ဖိတ်တောက်နေသောကြောင့် ဖြစ်သည်။ ညအမှောင်မည်းထဲ၌ မြင်တွေ့ရလေ့ရှိသော ကြောင်သတ္တဝါ၊ ခွေးသတ္တဝါတို့၏ မျက်လုံးများကဲ့သို့ အစိမ်းရောင်လက်လက်ထနေသော မျက်လုံးကြီးတွေ ဖြစ်၏။ လူတစ်ယောက်၏မျက်နှာပေါ်တွင် ဤမျှစိမ်းမှောင်တောက်ပသော မျက်လုံးပြူးကြီးတွေကို တစ်သက်တာတွင် ပထမဦးဆုံးအကြိမ် မျက်ဝါးထင်ထင် မြင်တွေ့ရဖူးခြင်းပင်တည်း။

ကိုမြတ်ဦးမှာ ကျောထဲကပင် စိမ့်၍စိမ့်၍ကြောက်လာ၏။ ဒူးတွေမခိုင်တော့ဘဲ ညွတ်ခွေကျချင်သလိုလို ဖြစ်လာ၍ မနည်းကြီးသတိဆွဲထားရ၏။ ထိုမျက်လုံးစိမ်းကြီးများ သူ့ဘက်သို့ လက်ခနဲ ဝေ့လာလျှင် ဦးခေါင်းကို နံရံနောက်ဘက်သို့ဆုတ်၍ကွယ်ထားမိ၏။ မျက်လုံးချင်းမဆုံဝံ့။ သတိပြုမိသည်မှာ ထိုပုဂ္ဂိုလ်သည် အစာဝင်လေလေ မျက်လုံးအရောင်တွေ တိုး၍တိုး၍လက်လက်တောက်လာလေဖြစ်လာခြင်းပင်။

ကိုမြတ်ဦးသည် ဆက်လက်ချောင်းကြည့်ရင်းပင် ဘုရားတမိ၏။ ဘာလုပ်ရမည်နည်းဟု မဆုံးဖြတ်နိုင်ဘဲရှိနေရခြင်းကား အခက်ခဲဆုံးအခက်ကြီးပေတည်း။ အဘယ့်ကြောင့်ဆိုသော် မှိန်ပျပျအလင်းရောင်ကလေးဖြင့် မြင်နေရသော ထိုအရိပ်မည်းသည် ဇနီးသည် မအေးဝင်းလည်း မဟုတ်၊ သမီးသုံးယောက်ထဲကလည်း တစ်ယောက်မှ မဟုတ်ဘဲ အိပ်ရာကျောကပ်နာတာရှည်လူမမာ ကြီးကြီးမြ၏ပုံရိပ် ဖြစ်သည်ကို သိနေရသောကြောင့် ဖြစ်တော့၏။ ညစဉ် ထမင်း၊ ဟင်းတွေ ပျောက်ဆုံးသွားရခြင်း၏မူလလက်သည်တရားခံက ဘယ်လိုမှ ထင်မှတ်မထားခဲ့သော ကြီးကြီးမြဖြစ်နေလေသည်တကား။

ထိတ်လန့်တုန်လှုပ်နေသောစိတ်ကို သတိနှင့်ထိန်းထားရင်း မီးဖိုချောင်ခန်းတံခါးအကွယ်မှ ခြေသံမကြားရအောင် တရွရွပြန်ဆုတ်ခွာခဲ့၏။ နှလုံးခုန်သံများသည်ကား ရင်ထဲတွင် တဒိန်းဒိန်းအမြောက်ပစ်နေသလားထင်မိရပေသေး၏။ သို့ရာတွင် ရေဆုံးရေဖျားရောက်အောင်တော့ ဆက်လက် စူးစမ်းရဦးမည်ဟု ကြောက်ရွံ့သည့်ကြားကအားတင်းဆုံးဖြတ်ရ၏။ ထို့ကြောင့် ကြီးကြီးမြ၏အိပ်ခန်းသို့ဝင်သည့် တံခါးပေါက်ကို လှမ်းမြင်နိုင်၊ ချောင်းကြည့်နိုင်သောနေရာကို ရွေးချယ်ရာ တံခါးပေါက်နှင့်မျက်စောင်းထိုးနံရံရှိ မတ်တတ်ဗီရိုတွေ့၏။ ထိုဗီရိုအကွယ်မှ ေ ချောင်းကြည့်လျှင် ပစ်မလွဲမြင်နိုင်သည်။ အကွာအဝေးက လွန်လှမှ ခြောက်ပေမျှသာရှိမည်။ သို့ဖြစ်၍ ထိုဗီရိုအကွယ်မှာပင် တောင့်တောင့်ကြီးရပ်၍ ကြီးကြီးမြပြန်ထွက်လာမည့် မီးဖိုဆောင်ဘက်ဆီသို့ မျက်လုံးတစ်ဖက် ခေါင်းတစ်ခြမ်းထွက်၍ ချောင်းရလေတော့၏။

သိပ်မကြာလိုက်ချေ။ မီးဖိုချောင်ဘက်ဆီမှပြန်ထွက်လာသော ကြီးကြီးမြကို မြင်ရ၏။ စိမ်းဖန့်တောက်ပနေသော မျက်လုံးတွေက မျက်တောင်ပင်ခတ်သည်မထင်ရ။ ကိုမြတ်ဦးသည် တိတ်ဆိတ်စွာ ချောင်းကြည့်နေရင်း ပါးစပ်အဟောင်းသားပင်ဖြစ်မိ၏။ အကြောင်းမူ နေ့ခင်းဘက်တွင် တပိုတပါးသွားလိုလျှင်ပင် ခါးကုန်းကုန်းကလေးနှင့် လှုပ်လှုပ်ရှားရှားမျှသွားရသော ကြီးကြီးမြသည် ယခုမူ ဒေါင်ဒေါင်မြည် ကျန်းမာသန်စွမ်းသူနှင့်မခြား ခါးမတ်မတ်၊ ရင်ကော့ကော့ဖြင့် ခပ်သုတ်သုတ်လှမ်းလာနိုင်နေသောကြောင့် ဖြစ်၏။ သို့ရာတွင် ခြေသံကတော့ ကြောင်တစ်ကောင်တမျှ လုံလှလေသည်။ ဤမျှ ပါးလျတိုးသဲ့သောခြေသံကို နှစ်မြိုက်စွာ အိပ်မောကျနေကြပြီဖြစ်သော အဘယ်မိသားစုဝင်များက ကြားသိနိုင်ကြပေမည်နည်း။

ကြီးကြီးမြလျှောက်လာပုံမှာ လေစီးကြောင်းနှင့်အတူလွင့်၍ လျှပ်တိုက်မျောပါလာသည့် သစ်ရွက်ခြောက်တစ်ခုနှင့်ပင် တူသေးတော့၏။ ခဏချင်းနှင့်ပင် သူ၏အိပ်ခန်းရှေ့ တံခါးရွက်များဆီသို့ ရောက်လာ၏။ တံခါးလက်ကိုင်ကွင်းကို ခပ်ဖြည်းဖြည်းဆွဲဖွင့်လိုက်တော့ ကျွီ အီ အီ ဆိုသော မဆိုလောက် ပတ္တာသံကလေးသာထွက်လာ၏။ သို့သော်

www.burmeseclassic.com

ချက်ချင်းလှမ်းဝင်မသွားသေးဘဲ နောက်ဘက်နှင့် နံဘေး ဝဲ၊ ယာတို့ကို ဝေ့၍ စောင့်ကြည့်လိုက်သေးသည်။ သူ့ကို ချောင်းမြောင်းကြည့်ရှုနေသူတစ်စုံတစ်ယောက်ရှိ၊ မရှိအကဲခတ်စစ်ဆေးရှာဖွေလိုက်သည့်သဘောပင်။ ကိုမြတ်ဦးမှာ ထိုအစိမ်းရောင်မျက်လုံးကြီးများ ဝေ့ခနဲလှည့်လာချိန်တွင် သူ့ကိုမြင်သွားမည်စိုးရသဖြင့် ဦးခေါင်းကို ဗိုရိုနောက်သို့ အမြန်ဆုတ်၍ကွယ်လိုက်ရသေးသည်။

*

"ဘယ်လိုလဲ အဖေ၊ ဟိုကိစ္စ အဖြေရပြီလား"

သမီးကြီးဖြစ်သူက အိမ်သားများ ကွယ်ရာတွင် တိုးတိုးတိတ်တိတ်မေးသည်။ ကိုမြတ်ဦးအဖြေရကျပ်လှသည်။ တခြားသူမဟုတ်၊ နင်တို့ကြီးကြီးမြပဲဟု ဖြေလိုက်လျှင် သမီးကြီး ထိတ်လန့်ကြောက်ရွံ့သွားပြီး ကြီးကြီးမြအနားကို မကပ်ဝံ့ဘဲရှိနေမည်ကိုလည်း စိုးရိမ်မိ၏။ သူမသာလျှင် အိမ်မှာ ဒိုင်ခံကျန်ရစ်ခဲ့ကာ ကြီးကြီးမြကို အနီးကပ်ပြုစုနေရသူ မဟုတ်လား။ ထို့ကြောင့် မယုတ်မလွန်စကားနှင့် နှစ်သိမ့်ထားလိုက်ရ၏။

"သမီးရယ်၊ အဖေလည်းကြိုးစား အဖြေရှာနေပါတယ်။ ကိုယ့်မိသားစုဝင်တွေကို အန္တရာယ်ပြုနေတာမှုမဟုတ်ဘဲ။တစ်ယောက်စာလောက်ကုန်အောင်တော့ ချက်မြဲတိုင်းချက်ပါ။ ဘယ်သူစားမှန်းမသိပေမယ့် ကုသိုလ်ပြုတယ်ပဲ သဘောထားလိုက်ပေါ့"

"ကုသိုလ်ပြုတယ်လို့သဘောထားနိုင်ပေမယ့် သမီးတစိမ့်စိမ့်ကြောက်လာတယ် အဖေရဲ့။ မဖြစ်ဘူး၊ ဒီကိစ္စကို အမေတို့ကိုပါ အသိပေးလိုက်မှနဲ့တူတယ်နော် အဖေ"

ခင်မြတ်ငွေးက တိုင်ပင်လာ၏။ သူသိထားသည့်တရားခံက ဇနီးသည်၏ အဒေါ်၊ သမီးတွေ၏အဘွားလေးဖြစ်နေလေတော့ အမှန်အတိုင်းဖွင့်ပြောဖို့ ခက်လှသေးသည်။ ဇနီးနှင့်သမီးတွေကိုလည်း မသိစေချင်ပေ။ ဖွင့်ပြောပြီး ညမအိပ်ဘဲ ချောင်းကြည့်ရန် အကြံပေးမိပါက ကိုယ့်သေတွင်းကိုယ်တူးရာရောက်မည်ဖြစ်ကြောင်း ကိုမြတ်ဦး တွေးမိ၏။ သန်းခေါင်ယံအလွန်တွင် ကြီးကြီးမြ ထမင်းထစားပုံကိုသာ မြင်ကြရပါက မျက်လုံးစိမ်းကြီးတွေကို မြင်သည်နှင့် သင်းတို့တစ်တွေ လန့်ဖျပ်ပြီး အော်သူအော်၊ တက်သူတက်၍ နှာနှပ်ယူကြရမည်မှာ သေချာနေသည်။

"မပြောပါနဲ့ သမီးရယ်၊ အဖေ အမြန်ဆုံး ကြိုးစားဖြေရှင်းပေးပါ့မယ်"

သမီးကြီးကိုသာ တိတ်တဆိတ်နှုတ်ပိတ်နေဖို့ မှာကြားထားလိုက်ရ၏။ သို့ရာတွင် တစ်ဖက်တစ်လမ်းကတော့ ကြီးကြီးမြ၏အရိပ်အကဲကို မသိမသာ စောင့်ကြည့်၏။ အံ့ဩဖွယ်ရာပင် ကြီးကြီးမြသည် တစ်စက်ကလေးမှ အမူအရာပျက်ယွင်းပြောင်းလဲသွားသည်ဟု မရှိချေ။ ယခင်ကဲ့သို့ ပိုနေမြဲကျားနေမြဲပင် ဖြစ်သည်။ ခင်မြတ်ငွေးက တစ်စုံတစ်ရာကျွေးမွေးတိုင်းလည်း -

"ဟင့်အင်း - ငါမစားနိုင်ပါဘူးကွယ်။ တော်ပြီ၊ တော်ပြီ ဒီလောက်ပဲ"

ဟု လူမမာလေသံပျော့ကလေးနှင့် ငြင်းပယ်လေ့ရှိ၏။ ဘာကျွေးကျွေး စားသည်ဆိုရုံမျှသာစား၏။ တစ်နေကုန်ပိဘိ ရောဂါသည် လူမမာကြီးဖြစ်နေ၏။ ညဘက် ထမင်းခိုးစားသည့်အချိန်ကျမှသာ ဒေါင်တည်မောင်းတည်သန်သန်မာမာကြီး ဖြစ်လာခြင်းတည်း။

သို့သော် သည်ကိစ္စကို ကြာရှည်လက်ခံထား၍တော့မဖြစ်ဟု ကိုမြတ်ဦးဆုံးဖြတ်ချက်ချရသည်။ ဘယ်နည်းဘယ်ပုံဖြင့် ဆန်းပြားနေမှန်းမသိသော်လည်း ပုံမှန်သွေးရိုးသားရိုးမဟုတ်တော့မှန်းမူ စိုးရိမ်စွာသိရှိနေမိ၏။ ထို့ကြောင့် မည်သို့ဖြေရှင်းရအံ့နည်း။ မည်သူ့ကို ဖွင့်ဟ ပြောပြအကူအညီတောင်းရအံ့နည်းဟု ခေါင်းပူအောင် စဉ်းစားသည်။ ဖြစ်နိုင်လျှင် ဘေးပတ်ဝန်းကျင်မှ အိမ်နီးချင်းတွေလည်း မသိလိုက်ကြရဘဲ တိုးတိုးတိတ်တိတ်နှင့် ဖြေရှင်းပြီးငြိမ်းသွားစေချင်၏။ သည်မှာပင် တစ်အိမ်ကျော်က ဘကြီးဩကို သွားသတိရလာ၏။

ဟုတ်ပြီ၊ ဘကြီးဩက အသက်ကလည်း (၈၀) တန်းထဲက။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော ဗဟုသုတလည်း ပြည့်စုံသည်။ အတွေ့အကြုံတွေလည်းများခဲ့လှပြီ။ လူရင်းထဲကဟုဆိုနိုင်လောက်အောင် ရင်းနှီးခင်မင်မှုလည်းရှိသူဖြစ်သည်ပဲ။ သို့ဖြင့် ဈေးကအပြန် တစ်ညနေမှာတော့ ကိုမြတ်ဦးက ဘကြီးဩထံသို့ ပြေးတော့သည်။ မိမိအိမ်တွင် ဖြစ်ပေါ်နေသောထိုကိစ္စကို အစအလယ်အဆုံး မခြွင်းမချန်ပင်ပြောပြလိုက်၏။

"ဖြစ်ပုံတွေကတော့ အခုပြောခဲ့သလိုပဲ ဘကြီးဩရာ။ ကျွန်တော်လည်း ဘယ်လိုဖြေရှင်းရမှန်းကိုမသိတော့ဘူး။ တတ်နိုင်ရင် ကျွန်တော့်တို့ကို ကူညီပါဦးဗျာ"

ဘကြီးဩက မျက်မှောင်ကြီးကြုတ်၍ အတော်ကြာအောင် စဉ်းစားနေသေး၏။

"မင်းအခုပြောခဲ့တာတွေအားလုံး အမှန်ပဲနော်"

"အမှန်ပါ ဘကြီးဩရယ်"

ဘကြီးဩ သက်ပြင်းချ၏။

"အေး - အမှန်ဆိုရင်တော့ ဒီ အတိုင်း သင်းမူရာမာယာများနေတာကို ငြိမ်ခံမနေကြနဲ့တော့ကွ။ မင်းတို့အိမ် တော့ မကောင်းဆိုးရွားတစ်ကောင်ဝင် နေပြီ"

"ခင်ဗျာ"

"မဗျာနဲ့၊ ရှင်းရှင်းပြောမယ်။ အခု ဟာက မင်းတို့က သူ့အလိုအတိုင်းလိုက် ပြီး သူစားဖို့ ထမင်းပိုပိုချက်ပြီး ချန်ချန် ထားလို့စားနေရသေးတဲ့အတွက် အပျော့ ဆွဲ မာယာကလေးနဲ့ အလိုက်သင့်ငြိမ်နေ သေးတာ။ မယုံရင် လေး၊ ငါး၊ ဆယ်ည လောက် ဆက်တိုက်ဘာမှမချန်ဘဲထား ကြည့်လိုက်။ ဒါမှမဟုတ် ထမင်းအိုး ဟင်းအိုးတွေယူလို့မရအောင် ကြောင် အိမ်ထဲထည့် သော့ခတ်သိမ်းတာမျိုးလုပ် ကြည့်လိုက်"

"အဲလိုလုပ်ကြည့်လိုက်ရင် ဘာ ဖြစ်လာနိုင်သလဲ ဘကြီးဩ"

ကိုမြတ်ဦး အလန့်တကြား မေး သည်။

"ဘာဖြစ်ရမလဲကွ။ သူက မင်းတို့ မိသားစုကို ပတ်ရမ်းလာမှာပေါ့။ အန္တ ရာယ်ပဲ မောင်မြတ်ဦးရေ"

ဘကြီးဩက သူ့စကားကိုသူ သဘောပေါက်သလိုပုံစံဖြင့် ခေါင်းက ညိတ်ညိတ်လုပ်နေသော်လည်း ကိုမြတ် ဦးကတော့ မည်သို့အဓိပ္ပာယ်ကောက် ယူရမှန်း မတွေးတတ်အောင်ရှိ၏။ တအံ့ တဩဖြင့် မေးမိရပြန်၏။

"ဗျာ- ကြီးကြီးမြက ကျွန်တော်တို့ ကြီးကြီးမြမဟုတ်တော့ဘူးဆိုတော့ သူ က ဘယ်သူလဲ"

"ဒါတော့ ငါလည်း မသိတာအမှန် ပဲ မောင်မြတ်ဦး။ ထားပါတော့ကွာ ကံကောင်းရင် မင်းတို့သိခွင့်ရကောင်း လိမ့်မပေါ့။ အရေးမကြီးပါဘူး။ တကယ် အရေးတကြီးလုပ်ရမှာက မင်းတို့အိမ်ထဲ ကိုရောက်နေတဲ့ အဲဒီမလိုလားအပ်တဲ့ မကောင်းဆိုးရွားကို အမြန်နှင်ထုတ်နိုင် ဖို့ပဲ။ အဲဒီကိစ္စတော့ လက်နှေးမနေနဲ့ အမြန်လုပ်"

"အမြန်လုပ်ဆိုတာကဟုတ်တယ် ဘယ်လိုလုပ်ရမှန်းမသိတာက ခက်တာ ဘကြီးဩ"

သည်တော့ ဘကြီးဩက မြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"အင်း - နည်းမသိရင်တော့ ငါးပိဖုတ်တာတောင် ခက်တတ်သေးတာပဲကွာ။ ဒီမှာ မောင်မြတ်ဦး"

"ခင်ဗျာ"

"ငါပြောမယ်၊ မင်းတစ်ညတော့ အိပ်ရေးပျက်ခံလိုက်ပေါ့ကွာ။ ဒီလိုကွ၊ မင်းလုပ်ရမယ့်နည်းက"

ဘကြီးဩက နည်းလမ်းတစ်ခုကို အသေးစိတ်ပြောပြ၏။ ကိုမြတ်ဦး သေသေချာချာမှတ်သား၍ အိမ်သို့ပြန်ခဲ့၏။ အပြန်လမ်းတစ်လျှောက်လုံးတွင်လည်း ဘကြီးဩ ပြောပြလိုက်သည့် နောက်တစ်နေ့မနက်မှာပဲ ထူးခြားလာပါလိမ့်မယ်ကွာဆိုသည့်စကားသံက နားထဲမှ မထွက်။ ကိုမြတ်ဦးအတွက်တော့ ထိုစကားသည်ပင် အားဆေးတစ်ခွက်ဟု ဆိုရမည် ဖြစ်တော့လေသည်။

*

တစ်မိသားစုလုံးတွင် ကိုမြတ်ဦးနှင့် သမီးကြီး ခင်မြတ်ငွေတို့နှစ်ဦးသာလျှင် သိခဲ့ကြသော ထိုဖြစ်ရပ်ဆန်းသည့် ပြဿနာသည် နောက်တစ်နေ့မှာပင် တစ်အိမ်သားလုံးရှေ့၌ အဖြေမှန်ပေါ်လာခဲ့ပါလေသည်။ မနက်စောစော (၅) နာရီခွဲလောက်မှာပင် မအေးဝင်းက နိုးထဖြင့် အိပ်ရာမှလူးလဲထရသည်။ လူးလဲထဆို မနေ့ညက ကိုမြတ်ဦး အိပ်ရေးပျက်ခဲ့သည်မဟုတ်ပါလား။ ထို့ကြောင့် အိပ်ရာမှမနိုးခြင်း ဖြစ်သည်။

ကိုမြတ်ဦး မျက်နှာသစ်၊ သွားတိုက်၊ တပိုတပါးသွားပြီးချိန်တွင် ဈေးဆိုင်ထွက်သွားကြရမည့်အဖွဲ့အတွက် မနက်စောစောစားသွားကြရန် ထမင်းကြော် ပြင်ဆင်ပြီး ဖြစ်လေသည်။ ထမင်းကြမ်းကြော်မဟုတ်။ ဈေးထွက်ရမည့်အဖွဲ့က စားသောက်ပြီးသည်နှင့် အိမ်မှ ထွက်ကြ၏။ သည်မှာပင် နောက်ပိုင်းက ပြဿနာပေါ်လာခဲ့တော့သည်။

"အဖေတို့၊ အမေတို့ - နေကြပါဦး၊ နေကြပါဦး"

အိမ်တံခါးဝမှထွက်လိုက်ရုံရှိသေး သမီးကြီး ခင်မြတ်ငွေက အလန့်တကြား အော်ဟစ်သံနှင့်အတူ နောက်ကထွက်လာသည်။ လှည့်ကြည့်လိုက်တော့ မျက်လုံးပြူးမျက်ဆံပြူးနှင့် အထိတ်တလန့်ဖြစ်နေပုံကို မြင်ကြရသည်။ မအေးဝင်းက မေးသည်။

"ဘာလဲ မငွေးရဲ့၊ ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲမသိဘူး၊ ကြီးကြီးမြလေ၊ ကြီးကြီးမြ"

ကိုမြတ်ဦးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ နောက်တစ်နေ့မနက်မှာပဲ ထူးခြားလာပါလိမ့်မယ်ကွာ ဆိုသော ဘကြီးဩ၏စကားက မှန်ကန်နေခဲ့ပြီလောဟု တွေးလိုက်မိ၍ ဖြစ်သည်။

"ဘာလဲ၊ ညည်းတို့အဘွားမြ အမောဖောက်ပြန်ပြီလား"

"မ. . . မဟုတ်ဘူး အမေရဲ့။ လိုက်ခဲ့ကြပါဦး။ သမီးတစ်ယောက်တည်း သူ့အိပ်ခန်းထဲ ပြန်မဝင်ရဲဘူး"

ခင်မြတ်ငွေ၏လေသံတွေ တုန်ယင်နေသည်။

"ဟင် - ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းမသိဘူး။ သမီးက သူ့အတွက် ကြက်သားဆန်ပြုတ်ကလေး သွားပို့ပေးတာ။ သူက အိပ်ရာပေါ်မှာ တောင့်တောင့်ကြီးထိုင်နေနှင့်တယ်။ သမီးဝင်လာတော့ သမီးကို စူးစူးစိန်းစိန်းကြီး စိုက်ကြည့်နေလိုက်တာ ကြောက်စရာကြီး။ ဆန်ပြုတ်တိုက်ဖို့ သူ့ဆီကပ်သွားတော့ ဘာမပြောညာမပြောနဲ့ ဆန်ပြုတ်ပန်းကန်ကို သူ့လက်နဲ့ပုတ်ချလိုက်တယ်။ အဲဒီပန်းကန်လည်း လွတ်ကျပြီးကွဲသွားပြီ။ ဘာဖြစ်တယ်မသိဘူး လိုက်ကြည့်ကြပါဦး"

အခြေအနေကတော့ ထူးခြားလာပြီ ဖြစ်သည်။ ထို့ကြောင့် ကိုမြတ်ဦး ခေါင်းဆောင်လျက် တစ်မိသားစုလုံး ကြီးကြီးမြအိပ်ခန်းထဲသို့ ဝင်ခဲ့ကြ၏။ အားလုံးအံ့အားသင့်သွားကြရသော မြင်ကွင်းမှာ အိပ်ရာခုတင်ပေါ်တွင် ခါးမတ်ရင်ကော့လျက် သန်သန်မာမာပုံစံကြီးဖြင့် ထိုင်နေသော ကြီးကြီးမြ၏ ပုံစံပင်ဖြစ်သည်။ မိုးကြိုးပစ်ရပါစေရဲ့၊ အိပ်ရာကျောက်ပ်နေခဲ့ရတဲ့ နာတာရှည်လူမမာကြီးပါဟု ကျိန်တွယ်၍ပြောရမလို ဖြစ်နေသည်။ ကြီးကြီးမြ၏ မျက်နှာထားက တင်းမာနေသလောက် မျက်လုံးအကြည့်တွေက စူးစူးရဲရဲရှိလှသည်ကိုလည်း ရင်ဆိုင်လိုက်ကြရလေတော့၏။

ကြီးကြီးမြသည် ကိုမြတ်ဦးတို့ မိသားစုဝင်များ၏ မျက်နှာများကို လွန်စွာ ဒေါသအမျက်ထွက်နေသော အကြည့်မျိုးဖြင့် တစ်ဦးချင်းစီကို တန်းစီ၍ကြည့်ရင်း အံတကြိတ်ကြိတ်ဖြစ်နေလေသည်။ ကိုမြတ်ဦးပင် အတော်လန့်သွားမိသည်ဖြစ်ရာ မိန်းမသားတွေဖြစ်သော ဇနီးနှင့် သမီးများကတော့ ဒူးတွေပင် တုန်နေကြပေချော့မည်ဟု ထင်မိ၏။

"ကြီးကြီးမြ ဘာဖြစ်လို့လဲ၊ မငွေးက မနက်စာဆန်ပြုတ်လာတိုက်တာကို ပုတ်ချတယ်ဆို"

ကိုမြတ်ဦး စကားသံကို ထိန်း၍ မေးလိုက်သည်။ ကြီးကြီးမြသည် မျက်လုံးပြူးကြီးများဖြင့် ကိုမြတ်ဦးကို ဆက်ခနဲကြည့်လိုက်ကာ လွန်စွာမာကျောသောလေသံဖြင့် ပြောလေသည်။

"ပုတ်ချမှာပေါ့၊ နင်တို့ ငါ့ကို မသဒ္ဓါတော့ဘူးမဟုတ်လား။ ဒါကြောင့် ငါ့ကို လက်ဦးအောင်လုပ်လိုက်ကြတာ မဟုတ်လား"

"အို-ကြီးကြီးမြဘာတွေလျှောက်ပြောနေတာတုံး။ မသဒ္ဓါဘဲရှိပ့ါမလား။ ကောင်းနိုးရာရာ ချက်ပြုတ်ကျွေးမွေးနေတာပဲမဟုတ်လား"

မအေးဝင်းက ဘုမသိဘမသိဖြင့် ဝင်လျှောက်လဲချက်ပေး၏။

"တော်စမ်းပါ မိဝင်းရယ်၊ နင်တို့ ငါ့ကို မသဒ္ဓါတော့လို့ သားအမိသားအဖတွေပေါင်းပြီး ခုလို တိတ်တိတ်ကြံစည်ကြတာပေါ့ဟဲ့"

ကြီးကြီးမြ လေသံက မာထန်လှသည်။ ဒေါသကြီးနေ၍ အသက်ရှူသံကြီးက တရှူးရှူးဖြစ်နေသည်။

"ကြီးကြီးမြဘာဖြစ်နေတာလဲ"

ခင်မြတ်ငွေက ထိတ်ထိတ်လန့်လန့်ဖြင့် ဝင်မေး၏။

"တော်စမ်း၊ ငါက မယ်မြမှမဟုတ်ဘဲ။ မယ်မြကသေပြီဟဲ့။ ငါက သူ့သူငယ်ချင်း သေးသေး။ မယ်မြထက် တစ်ရက်စောပြီး သင်္ချိုင်းကုန်းအပို့ခံခဲ့ရတဲ့ သေးသေးဟဲ့"

"အမလေး"

မအေးဝင်းနှင့် သမီးသုံးယောက် ပြိုင်တူအော်ပြီး နောက်သို့ခြေလှမ်းဆုတ်သွားကြသည်မှာ ယိမ်းတိုက်ထားကြသလိုညီလှ၏။ ကြီးကြီးမြကိုသာ မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေမိကြတော့၏။ သတ္တိကောင်းလှ၍မဟုတ်။ အကြောက်ကြီးကြောက်၍ ကြက်သေသေပြီး ငေးကြည့်နေမိကြခြင်းမျိုးပင် ဖြစ်၏။ ကိုမြတ်ဦးပင် ရင်တွေတဒိန်းဒိန်း ခုန်နေသည်မဟုတ်လော။

ထိုအခိုက်မှာပင် ကြီးကြီးမြထံမှ စကားသံထွက်လာပြန်၏။ ခါတိုင်းပြောနေကျ ညောင်နာနာပျော့ချွဲချွဲလေသံမျိုးနှင့် လုံးဝဆန့်ကျင်ဘက် ဒေါသသံမျိုး ဖြစ်သည်။

"တစ်ရက်မှာ ငါက ရောဂါဖိစီးလို့ မေ့ခနဲဖြစ်သွားတယ်။ နောက်တော့ အဝေးရွာတွေမှာရှိတဲ့ ငါ့ဆွေမျိုးတွေ၊ သားသမီးမြေးမြစ်တွေဆီကို လျှောက်သွားတယ်။ ပြန်လာတော့ ငါ့အိမ်မှာ ငါ



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်က မရှိတော့ဘူး။ သင်္ချိုင်းကုန်းကိုလိုက်တော့ လူတွေက မြေမြှုပ်နေကြပြီ။ အဲဒီတုန်းက နင်လည်းပါတယ်။ ငါ့ကိုယ်ကြီးကို မြေမြှုပ်တဲ့အထဲမှာ နင်လည်းပါတယ်"

ကိုမြတ်ဦးကို လက်ညှိုးငေါက်ငေါက်ထိုး၍ပြောလိုက်ခြင်းဖြစ်သဖြင့် ကိုမြတ်ဦးရင်ထဲ အေးခနဲဖြစ်သွားသည်။

"အဲဒီတုန်းက မယ်မြအမောဖောက်လို့ဆိုပြီး နင့်သမီးက လာခေါ်တော့ နင်က ခေါ်တယ်။ ခင်ဗျားသူငယ်ချင်းကို အားပေးဖို့ လိုက်ချင်လိုက်ခဲ့ဦးတဲ့။ ဒါနဲ့ ငါက တကယ်လိုက်လာတော့ နင်တို့အိမ်ဝိုင်းထဲ ဝင်လို့မရဘူး။ ငါ့ကို အစောင့်နတ်တစ်ပါးက တားထားတာနဲ့ အပြင်ကနေ ရပ်ကြည့်နေရတယ်။ အဲဒီတုန်းက နင်တို့ မယ်မြကို အိမ်ထဲက ပွေ့ထုတ်လာပြီး ကားနောက်ခန်းထဲ အိပ်ရာပေါ်တင်ကြတယ်။ နင်တို့ကားနောက်က ငါကပ်လိုက်လာပြီး ကြည့်လိုက်တော့ မယ်မြရဲ့ခန္ဓာကိုယ်အခွံပဲရှိတော့တယ်။ သူ့အသက်ဇီဝိန်က လုံးဝမရှိတော့ဘူး။ ဒါနဲ့ မထူးတော့ပါဘူးဆိုပြီး ပူပူနွေးနွေးပဲရှိနေသေးတဲ့ သူငယ်ချင်း မယ်မြရဲ့ ခန္ဓာကိုယ်အခွံကြီးထဲကိုပဲ လမ်းတစ်ဝက်မှာတင် ငါခိုဝင်လိုက်ခဲ့ရတာပဲ"

ကိုမြတ်ဦးအဖို့တော့ ဇာတ်ရည်လည်သွားခဲ့ပြီ ဖြစ်သည်။

မအေးဝင်းက တုန်တုန်ယင်ယင်ဖြင့်မေးသည်။

"ဘုရား၊ ဘုရား- ဒါဖြင့် ကြီးကြီးမြက"

"ဟဲ့-ငါ့သူငယ်ချင်း မယ်မြကသေခဲ့ပါပြီဆို၊ သူဘယ်ဘုံဘယ်ဘဝရောက်သွားသလဲဆိုတာ ငါလည်း ဘယ်သိပ့ါမလဲ။ ငါကသာ တကယ်မသေခဲ့သေးလို့ မယ်မြရဲ့ခန္ဓာကိုယ်ထဲကို ဝင်ခိုနေနိုင်ခဲ့လိုက်တာ။ ငါသိပ်ပြီးစားချင်သောက်ချင်တာပဲ။ ဒါပေမယ့် နင်တို့ မသထာမှာစိုးလို့ နင်တို့လာကျွေးရင် နည်းနည်းပဲစားပြီး ညညနင်တို့အိပ်မှ မီးဖိုချောင်ထဲ ဝင်ခိုးစားရတယ်။ အခုတော့ ဒါတွေကို မကျေနပ်လို့ နင်တို့က ပူပေါင်းကြံစည်လိုက်ကြတာပေါ့လေ"

ကြီးကြီးမြအသွင်ဖြင့် မြင်နေရသော ဒေါ်သေးသေးသည် အကြီးအကျယ် ဒေါသထွက်လျက်ရှိ၏။ သူ့ဖြစ်စဉ်ကို သူရှင်းပြရင်း တက်တခေါက်ခေါက်နှင့် အံတကြိတ်ကြိတ်ရှိနေ၏။ သို့သော် အံ့သြဖွယ်ကောင်းသည်မှာ ကြီးကြီးမြသည် ထိုအိပ်ရာထက်မှ လုံးဝထမလာနိုင်ဘဲ နှုတ်အားဖြင့်သာ ပြောဆိုကြိမ်းမောင်းနေနိုင်ရုံမျှပင် ထတ်နိုင်တော့ခြင်းဖြစ်သည်။ သူသည် သူ့ထိုင်နေရာမှလုံးဝထမလာနိုင်ခဲ့ပေ။ ကိုမြတ်ဦးက သွေးတိုးစမ်း၍ မေးလိုက်သည်။

"ဘာမှလဲ မကြံစည်မိပါလား ကြီးကြီးမြရဲ့"

"ကြံတယ်ဟဲ့၊ ကြံတယ်။ ငါက နင်တို့အကြံကိုမသိလို့ ညက ထမင်းစားပြီးတော့ ဒီအိပ်ရာမှာပဲ ဝင်အိပ်လိုက်မိတယ်။ နင်တို့အစီအရင်နဲ့ခင်းထားတဲ့ အိပ်ရာပေါ်မှာ ငါကျောချပြီး အိပ်လိုက်မိမှတော့ နင်တို့က လက်ဦးသွားပြီပေါ့။ ငါဘာမှလုပ်လို့မရတော့ဘူး။ ဒီနေရာ ဒီအိပ်ရာပေါ်ကလည်း ဒီရုပ်ခန္ဓာကိုယ်ကောင်ကြီး ကြွလာအောင်ထဖို့ မထူနိုင်တော့ဘူး။ ငါသွားရတော့မှာပေါ့။ ဟင်း ဟင်းဟင်းဟင်း နင်တို့လက်ဦးသွားလို့ပေါ့ကွယ်။ နို့မို့ရင် ငါက နင်တို့အိမ်မှာ တစ်သက်လုံး ငါမသေမချင်းဆက်ခိုနေမလို့။ ခုတော့ ငါဆက်ခိုစရာခန္ဓာကိုယ်ကောင်ကြီး ငါ့အတွက် မရှိတော့ဘူးလေ"

ထို့နောက် ကြီးကြီးမြ (ခေါ်) ဒေါ်သေးသေးသည် တဟင်းဟင်းညည်းညူလိုက်၊ တက်ခေါက်လိုက်၊ အံကြိတ်လိုက် ရှိနေရာမှ တစ်စတစ်စ အင်အားဖျော့တော့လာလေသည်။ ကိုမြတ်ဦးတို့တစ်မိသားစုလုံး ထိတ်လန့်စွာကြက်သေသေပြီး ငေးကြည့်မိနေကြဆဲမှာပင် ကြီးကြီးမြ၏ ခန္ဓာကိုယ်သည် နောက်ဘက်အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ်ချလိုက်သလို ဝုန်းခနဲ ပက်လက်လန်လဲကျသွားတော့ သည်။

"အမလေး"

မအေးဝင်းနှင့် သမီးသုံးယောက်က ပြိုင်တူထအော်ကြသည်။ အိပ်ရာပေါ်က ကြီးကြီးမြကား လုံးဝလှုပ်ရှားမှုမရှိတော့။ နှစ်မိနစ်၊ သုံးမိနစ်စောင့်ကြည့်ကြသေးသော်လည်း ထူးခြားမလာတော့။ အဲဒီတော့မှ ကိုမြတ်ဦး ပြောလိုက်၏။

"ကဲ - ငိုချင်လည်းငိုကြပေတော့။ နင်တို့ကြီးကြီးမြရော ဒေါ်သေးသေးပါ ဘယ်သူမှမရှိတော့ဘူး။ အခုမှ အဲဒီအိပ်ရာပေါ်က ခန္ဓာကိုယ်ဟာ သက်မဲ့ရုပ်အလောင်းကောင်စစ်စစ်ဖြစ်သွားတာ"

ကိုမြတ်ဦး ပြောလိုက်တော့မှ မအေးဝင်းနှင့် သမီးများလည်း ငိုဖို့ပြန်သတိရကြလေသည်။

*

"ဘကြီးသြရဲ့နည်းက တကယ်လက်တွေ့ပဲဗျ။ တော်တော်အံ့အားသင့်ဖို့ကောင်းတယ်နော်"

အကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်းကို ငှဲ့ထည့်ရင်း ကိုမြတ်ဦးပြောလိုက်တော့ ဘကြီးသြက ရေနွေးပူခွက်ကို တဖူးဖူးမှုတ်ရင်းမှ ပြုံးနေ၏။ ယနေ့ညနေတွင် ကိုမြတ်ဦးနှင့် ဘကြီးသြတို့ စကားလက်ဆုံကျဖြစ်ကြပြန်၏။ မနက်ဖြန်တွင် ကိုမြတ်ဦး၏အိမ်၌ ကြီးကြီးမြ ကွယ်လွန်ခြင်းခုနစ်ရက်ပြည့်ရက်လည် ဆွမ်းသွတ်တရားနာကြမည်ဖြစ်၍ ကြ ရောက် တရားနာပါရန် လာရောက်ဖိတ် ကြားရင်းမှ စကားကြောရှည်မိကြပြန် ခြင်း ဖြစ်သည်။

"ငါကတော့ ထူးပြီးအံ့အားမသင့်ဘူးကွ။ မယ်မြကိစ္စကို မင်းလာပြော တည်းက စဉ်းစားကြည့်တယ်။ ဘယ် ပစ္စည်းမှမပျောက်တော့ သူခိုးဝင်တာ မဟုတ်မှန်းလည်း သေချာတယ်။ နောက် ညဘက်ကျမှ ထမင်း၊ ဟင်းတွေ ပျောက်ပျောက်သွားတယ်ဆိုကတည်း က မယ်မြကို ငါမသင်္ကာတာဘဲ။ သူ လည်း နာတာရှည်ရောဂါသည်ဆိုတော့ အချိန်မရွေး နေ့လား၊ ညလား ကွယ်လွ နိုင်တဲ့သူပဲလေ။ ငါတို့ သူ့ကို ဆေး ကြတော့ လမ်းတစ်ဝက်မှာတင်သတိ ရလာပြီး ရေပေးပါလို့ တောင်း တော်တော်ကို အံ့သြခဲ့မိတယ်။ အိမ် မှာတုန်းက အသက်ထွက်ခါနီးလု သလိပ်လျှောက်သလို လျှောက်နေခဲ့ က ငါ့မျက်စိအောက်မှာတင်တိုး။ ကြောင့် အဲဒီတုန်းက မင်းမိန်းမကို အငှားခိုင်းလိုက်ခဲ့တာပဲ မဟုတ် မင်းတို့ အားရှိအောင် အားပေး ပြောနေခဲ့ရပေမယ့် ငါ့စိတ်ထဲမှာ လောက်တော့ဘူးလို့ တွက်ထားခဲ့ အဲဒါကို သူက ဆေးရုံမရောက်ခင် တစ်ဝက်သာသာမှာတင် သတိ လာပြီး ရေတောင်းတော့ အံ့ရော ကိန်းဆိုက်သွားတာပဲ။ လက်စ တော့ ဒေါ်သေးသေးရဲ့မြော ဝိညာဉ်က မင်းကြီးတော်ရဲ့ ပူပူနွေး သေပြီး ခန္ဓာကိုယ်ထဲဖြတ်ဝင်လို ပဲကိုးကွ၊ အဖြေက အဲဒါပါပဲ"

"ဟုတ်ပါတယ်လေ၊ ဒေါ် သေးကိုယ်တိုင်က ဒေါသတကြီး သွားလို့ သိခွင့်ရခဲ့ကြတာပဲ။ ဘယ်လိုခေါ်မလဲ မပြောတတ်ဘူး"

"ဟ - ငါတို့တောရွာတွေ တော့ ဒါမျိုးကို ဖုတ်ဝင်တယ် ကြတာပဲ မောင်မြတ်ဦးရဲ့။

www.burmeseclassic.com

ကျွေးရယ်၊ သရဲရယ်၊ ပြိတ္တာရယ်လို့ တော့ မဟုတ်သေးဘူးပေါ့။ ဒါပေမယ့် ညာဉ်ကတစ်ယောက်၊ ခန္ဓာကိုယ်အစစ် နှစ်ပိုင်ရှင်တစ်ယောက်ပဲ။ အိမ်ခံလူ တွေ မရိပ်မိမသိရှိကြမချင်း ပူးဝင်နေတဲ့ ဝိညာဉ်ဟာ မှုရာမာယာများနေတော့ တာပဲ၊ လူရှေ့မှာကျတော့တစ်မျိုး၊ ငြိမ် ငြိမ်လေးနေတယ်၊ လူမမာဟန်ဆောင် နေတယ်။ လူတွေအိပ်ပျော်ပြီဆိုတဲ့ည အချိန်ကျမှ ထမင်းဟင်းတွေကို အဝခိုး စားတော့တာပဲ။ နောက်တော့ အိမ်ရှင် က ရိပ်မိလာလို့ ထမင်းတွေ၊ ဟင်းတွေ ကြောင်အိမ်ထဲထည့်သိမ်းသော့ခတ်တာ လုပ်လာရင် သူမစားရဘဲငတ်လာ ကြာရင် ဝုန်းဒိုင်းကြထကြမ်းတော့ တာပဲ၊ ဒါကြောင့် မင်းကို ငါက လက်ဦး အောင်ယူလို့ပြောခဲ့တာ။ ငါတို့တော တွေမှာကတော့ အဲ့လိုဖြစ်ရပ်မျိုးကြုံ ရင် ဖုတ်ဝင်နေတဲ့သူပဲလို့ ထင်မြင် ရင် ငါပြောတဲ့နည်းအတိုင်းလုပ်ကြ ထုံးစံပဲ။ ဘယ်လိုသဘောရယ်တော့ ပြောတတ်ဘူး။ တကယ်နိုင်နင်းတာ တော့အမှန်ပဲ။ ဖုတ်ဝင်ကောင်ဟာ အဲဒီ အစ်အရင်နဲ့ အိပ်ရာပေါ် ကျောခင်းအိပ်မိ ပြီဆိုတာနဲ့ ပြေးရတော့တာပဲ။ အဲဒါ ကြောင့် ငါအဲဒီနည်းကို ပေးလိုက်တာ"

"တကယ့်လက်တွေ့မှန်တဲ့နည်း ပါပဲ ဘကြီးသြရာ"

ကိုမြတ်ဦး အားပါးတရ ထောက် ခံပေးမိ၏။ ဘကြီးသြပေးသော နည်းက ခဲခဲယဉ်းယဉ်းကြီး လုပ်ကိုင် ဆောင်ရွက်နေရသည်မဟုတ်။ မသိသူ တော့သွား၊ သိသူဖော်စားဆိုသလိုပင်။ ဘကြီးသြက ကြီးကြီးမြ၏ ရောက်ဆဲ အသက်ကို မေးသည်။ (၆၈) နှစ်ဟုဖြေ တော့ ဘကြီးသြက -

"ဒါဖြင့်ဒီလိုလုပ်။ မယ်မြအသက် က (၆၈) နှစ်ဆိုတော့ (၁) တိုးပြီး (၆၉) လုပ်လိုက်။ အပေါက်အပြဲအနာအဆာ အပွဲအရွဲမပါတဲ့ သြဇာရွက် (၆၉) ရွက် သန့်သန့်ခူး၊ ရေစင်စင်ဆေးပြီး ထုပ်ထား လိုက်၊ ညကျ မင်းက မအိပ်ဘဲစောင့်။ ထမင်းဖိုးချောင်ထဲ ထမင်း၊ ဟင်းတွေသွား စားနေတဲ့အချိန်မှာ အခန်းထဲအမြန်ဝင် ပြီး သူ့အိပ်ရာအောက်အနှံ့ အဲဒီသြဇာ ရွက် (၆၉) ရွက်ကို ဖြန့်ခင်းထားလိုက်။ ပြီးသေချာအောင် ခုတင်ကြမ်းခင်း ခင်ဖြူးအောက်မှာဖြန့်ခင်းကွာ အဲဒါပဲ။ အဲ သြဇာရွက်တွေခင်းတာကို သူမသိ စေနဲ့ သူပြန်လာပြီး အဲဒီအိပ်ရာပေါ် ကျောခင်းအိပ်လိုက်မိပြီဆိုတာနဲ့ ဖုတ် ဝင်နေတဲ့ ဝိညာဉ်မှန်ရင်တော့ သေချာ ပေါက်ပြေးပြီသာ အောက်မေ့ပေတော့။ အဲဒီအိပ်ရာပေါ် ကျောချပြီးသား ရုပ်ခန္ဓာ ကိုယ်ကောင်ကြီး ထလျှောက်နိုင်သွား နိုင်အောင် အဲဒီအစားဝင်နေတဲ့ဝိညာဉ် က ဘယ်လိုမှ မ,မနိုင်၊ မကြွနိုင်တော့ဘူး။ နဂိုကတည်းက အသက်မဲ့ဖြစ်တဲ့ ခန္ဓာ ကိုယ်အခွံကြီးထဲမှာလည်း အဲဒီဝိညာဉ် ဘယ်လိုမှပူးကပ်ခိုအောင်းပြီး ဆက်မနေ နိုင်တော့ဘူး"

ဟု နည်းလမ်းပေးခဲ့သည် မဟုတ် ပါလား။

ကိုမြတ်ဦးက ထိုနည်းလမ်းအ တိုင်း ဆောင်ရွက်ခဲ့လိုက်သဖြင့် ကြီးကြီး မြ၏ဇာတ်ထုပ်က နိဂုံးချုပ်သွားခဲ့ခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် မည်မျှအထိ ကြာအောင် ဝိညာဉ်ကောင်က မှုရာ မာယာများကာ ဆက်ကပ်နေခိုနေဦး မည် မသိ။

"ဘကြီးသြ အဲဒီနည်းကို ဘယ်လို လုပ်သိသလဲဗျ"

"ဟ-မင်းတို့မြို့တွေမှာသာ ဆန်း ကြယ်နေတာကွ၊ ငါတို့တောရပ်တော ရွာတွေမှာ ဒါမျိုးဖုတ်ဝင်တယ်၊ ဝိညာဉ် ခိုနေတယ်ဆိုတာမျိုးကရိုးနေပြီ။ သြဇာ ရွက်ခင်းပြီးသိပ်ရမယ်။ ဖုတ်ဝင်နေတဲ့ သူမသိအောင်လုပ်ရမယ်ဆိုတာတို့ ဘိုး ဘွားဘီဘင်တွေ အဆက်ဆက်ကတည်း က သက်ကြီးစကားသက်ငယ်ကြားဆို သလို လက်ဆင့်ကမ်းသယ်ဆောင်သိရှိ လာခဲ့ကြတာပဲ။ မြန်မာ့ရှေးရိုးနည်းလမ်း တစ်ခုလို့သာ မှတ်ထားလိုက်ပေတော့ ကွာ။ ဒီနည်းက ငွေကုန်ကြေးကျလည်း မရှိဘူး။ အစွမ်းထက် ထိရောက်တာ လည်း အမှန်ပဲ။ အဲ - နည်းနည်းဒုက္ခခံရ တာကတော့ ညဘက်မှာ ဖုတ်ဝင်နေတဲ့ သူ ထမင်းခိုးစားတဲ့အချိန်အထိ စောင့် ပြီး သူ့အလစ်မှာ သူ့အိပ်ရာအောက် သြဇာရွက်ဖြန့်ခင်းရတဲ့အချက်တော့ရှိ သပေါ့။ အောင်မာ - တချို့ကလုပ်တာ ကိုင်တာမပိရိတော့ ဖုတ်ဝင်ကောင်က ရိပ်မိသွားပြီး ငါ့ကို အိပ်ရာပြောင်းသိပ် ပေး၊ အဲဒီအိပ်ရာမှာ မအိပ်ချင်ဘူး။ ဘာ ညာနဲ့ မှုရာမာယာများ၊ စောဒကတက် ငြင်းဆန်လို့ အခက်တွေ့ကြရတာမျိုး လည်း ကြားဖူးသေးသကွ။ သူ့အိပ်ရာကို မသက်ာကိုလုပ်ကြည့်ပြီး သြဇာရွက်တွေ ခင်းထားတာကို သိသွားတာမျိုးနေမှာ ပေါ့ကွာ"

နှစ်ယောက်သား ပြိုင်တူရယ်မိ ကြလေသည်။

"အေး - မောင်မြတ်ဦးကတော့ လုပ်ပုံကိုင်ပုံပိရိသွားတော့ နေရာကျ သွားတာပေါ့ကွာ။ ဒါနဲ့ နေပါဦး၊ မနက် ဖြန် ဆွမ်းသွတ်တရားနာချိန်က ဘယ် အချိန်တုံး"

"မနက် (၁၀) နာရီရေစက်ချမှာပဲ ဘကြီးသြရာ။ အန္တရာယ်ကင်းပရိတ် လည်းရွတ်မယ်။ ဘုန်းတော်ကြီးတွေကို နေ့ဆွမ်းကပ်မယ်၊ သံဃာတွေပြီးရင် ဖိတ်ထားတဲ့သူတွေကို ထမင်းဆက်ကျွေး မယ်။ လာဖြစ်အောင်လာခဲ့နော် ဘကြီး။ အဲ - နေဦးဗျ။ မသွားခင်မေးခွန်းတစ်ခု မေးချင်သေးတယ်"

"ဘာများလဲ မောင်မြတ်ဦးရေ"

"ဒီလိုဗျ၊ ကြီးကြီးမြရဲ့ခန္ဓာကိုယ်ထဲ ကို ပူးဝင်ခိုအောင်းနေခဲ့တဲ့ ဒေါ်သေး သေးရဲ့ဝိညာဉ်ဟာ ဆက်ခိုကပ်မရတော့ လို့ တခြားကို စွန့်ခွာထွက်သွားခဲ့ခြင်း သက်သက်လား၊ ဒါမှမဟုတ် ဒေါ်သေး သေးကိုယ်တိုင်က အခုကျမှ တကယ် ဇီဝိန်ချုပ်သေဆုံးသွားခဲ့ခြင်းလားဆိုတာ ကျွန်တော်စဉ်းစားမရဖြစ်နေလို့ ခွဲခွဲခြား ခြားသိနိုင်ပါ့မလား ဘကြီးသြ"

သည်တော့ ဘကြီးသြက မျက် လုံးပြူးကြီးတွေနှင့် မော့ကြည့်ကာ ပွဲ သိမ်းစကားပြောချလိုက်သဖြင့် ကိုမြတ် ဦးတစ်ယောက် ကိုယ့်နဖူးကိုယ်လက် ဝါးနှင့်ပြန်ရိုက်ကာ နှုတ်ဆက်ထွက်ခွာခဲ့ ရလေတော့သည်။ ဘကြီးသြ၏စကား က ရှင်းလှပေသည်။

"ဟ - ငါ့လူရ ဒီဝိညာဉ်ဟာ တခြားကို ရွှေ့ပြောင်းသွားတာလား၊ အခုမှတကယ်သေသွားတာလားဆိုတာ ကို ခွဲခြားသိနိုင်လောက်အောင် ငါ့လို သာမန်လူက ဘယ်စွမ်းနိုင်မှာတုံးကွ၊ အဲဒါကိုမှ နိုက်နိုက်ချွတ်ချွတ်သိချင်သေး တယ်ဆိုရင်တော့ အဲဒီကာယကံရှင် ဝိညာဉ်ကိုသာ ပြန်လာဖို့ တပြီးမေးပေ တော့။ ငါတို့လုပ်ပေးဖို့က တရားနာ ရေ စက်ချပြီးတာနဲ့ ကိုယ်လုပ်တဲ့ကုသိုလ် ကောင်းမှုရဲ့အဖို့ဘာဂကို အဲဒီကြီးကြီးမြ ခေါ် မယ်မြကိုရော ဒေါ်သေးသေးကို ပါ နာမည်ခေါ်ပြီး အမျှဝေပေးကြရုံပဲ ကျန်တော့တာ။ နောက်ထပ် ငါ့ကို ဦးနှောက်ခြောက်အောင်မလုပ်ပါနဲ့တော့ မောင်မင်းကြီးသားရယ်"

ဟူပေတော့သတည်း။

*(ဝန်ခံချက် - မြန်မာ့မီးရထားရုံး ချုပ် (ရန်ကုန်ဘူတာကြီး) လျှပ်စစ်ဌာန ရုံးအုပ်ကြီး ဦးမြင့်သန်း (ငြိမ်း) ၏ ကိုယ် တွေ့ဖြစ်ရပ်မှန်ကို ရေးဖွဲ့ပါသည်။)*

နန္ဒာစိုး (ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

ကုန်းမှာ မြွေပွေး၊ ရေမှာ ငရွှေး ဟု ဆိုရသည့် ငါးရွှေးကြီးများမှာ ကုန်းတွင် အဆိပ်ပြင်းသည့် မြွေပွေးကဲ့သို့ပင် ရေတွင် ကြောက်စရာကောင်းသည့် ငါးကြီးတစ်မျိုးပင် ဖြစ်သည်။ ငါးရွှေးကြီးတို့မှာ လူနှင့်အခြား တိရစ္ဆာန်တို့အား အကြောင်းမဲ့ အန္တရာယ်ပြုလေ့မရှိတာ တွေ့ရသည်။ ငါးရွှေးကြီးများအား နတ်ငါးကြီးများဟု သတ်မှတ်ကာ ငါးရွှေးကြီးများဆိုလျှင် ဘုရားငါးသတ်မှတ်လေ့ရှိကြသည်။ ငါးရွှေးကြီးများ၊ ငါးထွေကြီးများအား ဧရာဝတီမြစ်အတွင်း အကြီးဆုံး ငါးဖမ်းသည့် ဝမ်းပူပိုက်ကြီးများ၊ ရကွင်းပိုက်ကြီးများတွင် အလွန်ကြီးမားသည့် ငါးရွှေး၊ ငါးထွေကြီးတို့အား ဖမ်းဆီးရမိလျှင် ငါးကြီးများအား မသတ်ဘဲ မြစ်အတွင်း ပြန်လွှတ်လေ့ရှိကြသည်။

ပိုက်သူကြီးလုပ်သူ၏ အသက်၊ ပိုက်သူကြီးလုပ်သူဖခင်၏အသက်ထက် အလေးချိန်ပိသာစီးသော ငါးရွှေးကြီးတို့အား ရွှေရေ၊ ငွေရေလောင်း၍သော်လည်းကောင်း၊ ဦးခေါင်းအား ရွှေချ၍သော် လည်းကောင်း မြစ်တွင် ပြန်လွှတ်လေ့ရှိသည်။ အသက်အရွယ်ကြီးသည့် ငါးကြီးတို့အား သတ်ဖြတ်မိပါက ထိုရေလုပ်သားတို့၏မိသားစုဘဝမှာ တစ်သက်လုံးပင် နာလန်မထူနိုင်တော့ဘဲ ဆင်းရဲမွဲတေကာ ပိုက်ပြုတ်၊ လှေပြုတ်၊ သားကွဲမယားကွဲ စသည့် အတိဒုက္ခတို့ပင် ရောက်ရလေ့ရှိသည်။ ထူးထူးခြားခြား ဂမ္ဘီရဆန်သည့်ဖြစ်ရပ်တို့လည်း ကြုံတွေ့ရသည့်ငါးကြီးများလည်း ဖြစ်သည်။

**မာန်ပြေကျွန်း ရေအင်းထဲက ထူးဆန်းသည့် ငါးရွှေးကြီး**


ပြီးခဲ့သည့်နှစ်က မာန်ပြေကျွန်းရွာ အရှေ့မြောက်ဘက် အင်းကြီးအတွင်း တစ်ဆောင်း၊တစ်နွေလုံးရေတင်ကျန်ရစ်ခဲ့သည့်အင်းထဲ ငါးရွှေးကြီးတစ်ကောင် တင်ကျန်နေရစ်ခဲ့သည်။ ကိုတင်မိုး၏ ပြောပြချက်အရဆိုလျှင် သူ၏လက်တစ်ဖက်သာသာ ခြင်းကြားတောင်းလုံးပတ်နီးပါးရှိမည်ဟု ဆိုသည်။ ငါးကြီးမှာ အင်းရေထဲ တစ်ဆောင်း၊ တစ်နွေလုံး မြစ်ရေကျချိန်မှစ၍ တင်ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ အင်းထဲ ငါးရွှေးကြီးတင်ကျန်နေရစ်သည့်အဖြစ်အား ရေလုပ်သားများလည်းသိသည်။ အင်းအနီး ကိုင်းတောင်သူလုပ်ကိုင်နေကြသူတို့လည်းသိသည်။ အနီးနားကျေးရွာလူအများကလည်း သိရှိကြသည်။ အများသိရှိကြခြင်းကလည်း ငါးကြီးမှာ အင်းအတွင်း ငုပ်ချည်ပေါ်ချည်တွေ့ရသောကြောင့် ဖြစ်သည်။

ရေလုပ်သားအချို့က ငါးရွှေးကြီးအား ပိုက်များတန်း၊ ကြိုးများနှင့် အမျိုးမျိုးထောင်ဖမ်းဖို့ ကြံစည်ကြိုးပမ်းကြရာ ပိုက်များပေါက်ပြဲကာ လွတ်ထွက်သွား

(စလေ)

# နေအောင်လင်း

## ငါးရွှေးနှင့်ဂမ္ဘီရဆန်ဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com

ည်၊ ငါးရွှေကြီးမှာ လူတို့၏ စိတ်ကြံအား ကြိုတင်သိရှိနေခြင်းပင် ဖြစ်ည်၊ တစ်နေ့တွင် ရေလုပ်သားတစ် ငါးကြီးအား ဒီတစ်ခါပေါ်ဝှဲလျှင် ကြည့်စမ်း၊ ဖမ်းမည်ဆီးမည်ဟု ကြုံးကာ လှေတစ်စင်းနှင့်အတူ တွယ်ချိတ်သင့်ပြင်ကာ စောင့်နေခဲ့သည်။ သို့ ထိုနေ့က ငါးကြီးလုံးဝပေါ်မပြ၊ နောက်ရက်လည်း လုံးဝပေါ်၍တော့ပေ။ လုံးဝမပေါ်ဘဲနေသည်မှာအတော်ကြာလာခဲ့သည်။

ထိုသို့ကြာလာသည်နှင့် ငါးကြီးအား သတ်မည်ဖြတ်မည်ဟု ကြုံးဝါးသူကိုယ်တိုင်ပင် ငါးရွှေကြီး အသင့်အား မသတ်ပါ။ မဖမ်းဆီးပါ။ ပေါ်၍ပြပါဟု ပြောသောအခါ ငါးကြီးမှာ အင်းလယ်ကောင်တွင် ကိုယ်လုံးရေပေါ်ဖော့၍ကူးပြရာ ဘေးက လှေငယ်နှစ်စင်းနှင့်အတူ တွဲယူကာ ကမ်းပေါ်မှေးပေါ်ကပြခဲ့သည်။ ငါးရွှေကြီးတစ်ခါပေါ်၍ပြသည်ဆိုသည့်သတင်းကြောင့် လူအများ လာရောက် ကြည့်ရှုကြသည်။ သို့သော် လူလာတိုင်း ပေါ်၍မပြတော့ပေ။ ထိုသို့ ငါးကြီးပေါ်၍မပြလျှင် ငါးကြီးအားသတ်မည်ဟု ကြိမ်းဝါးသူကိုယ်တိုင် အင်းရေထဲငုပ်ကာ ငါးကြီးအား ပါးဟပ်နားဆီက ပွေ့ကာ ရေပေါ်ဖော်ပြပေးရသည်။ လူအားလည်း လုံးဝအန္တရာယ်ပြုတာမတွေ့ရပေ။ လာရောက် ကြည့်ရှုသူတို့အားလည်း လုံးဝအန္တရာယ်ပေးတာမရှိခဲ့ပါ။

ငါးကြီးမှာ တကယ့်သူတော်ကောင်းငါးကြီးပင် ဖြစ်သည်။ အညှီအဟောက် စသည့် အမဲသား၊ ငါးတို့အား ပစ်ပေါက်ကျွေးလျှင် လုံးဝမစားဘဲ ထမင်းကလွဲလျှင် မည်သည့်အစားကိုမျှ မစားသည့်ငါးကြီး ဖြစ်သည်။ လူတို့၏ စိတ်သဘောကိုလည်း သိနေသလိုပင် ဖြစ်သည်။ ငါးရွှေကြီးမှာ ထိုသို့ ပေါ်လိုက်၊ မပေါ်လိုက်ရှိရာ အချိန်အားဖြင့်လည်း ရက်၊ လတို့ ကြာမြင့်လာသည်နှင့် ရပ်ရွာတွင် ရှေးမီနောက်မီ လူကြီးသူမများကနေ၍-

"အသင်ငါးရွှေကြီး၊ ပေါ်၍ ပြပါ။ ထိုသို့ပေါ်၍ ပြလျှင် အသင်ငါးရွှေကြီး





www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်ုပ်တို့ရပ်ရွာနယ်သူနယ်သား အပေါင်းတို့က အသင့်အတွက် ကုသိုလ်ကောင်းမှုဖြစ်စိမ့်သောငှာ ဆွမ်းချပွဲပြုလုပ်ပေးပါမည်"

ဟု နှုတ်ကတိထားကာ ပြောဆိုသည့်အခါတွင်လည်း ငါးကြီးက ပေါ်၍ ပြလာပြန်သည်။

ရွာသူရွာသားများနှင့် နယ်သူနယ်သား အနီးနားနေထိုင်ကြသူတို့လည်း ငါးကြီးအား ကတိအတိုင်းပင် သံဃာတော်များပင့်ဖိတ်ကာ ဆွမ်းချ၊ အမျှအတမ်းများပေးဝေခဲ့သည့် ဒါနပွဲအားပြုလုပ်ပေးခဲ့ကြသည်။ ငါးကြီးအား ရည်စူးကာ အမျှအတန်းပေးဝေကြသည်။ ထူးခြားတိုက်ဆိုင်သည့်ဖြစ်ရပ်တစ်ခုမှာ ဆွမ်းချ၊ အမျှပေးဝေသည့်နေ့မှာပင် ငါးရွှေကြီးသေဆုံးသွားခဲ့ခြင်းပင် ဖြစ်သည်။ သေဆုံးသွားသည့်ငါးကြီးကို မြေတွင်မြှုပ်လိုက်ကြသည်။

ထိုထူးဆန်းသည့်ငါးရွှေကြီးအား ထိုရွာကလူများနှင့် အတိတ်ဘဝက ရေစက်၊ ပဋ္ဌာန်းစက်တို့ပါလာခဲ့သည်တော့ မည်သူမျှ ဂဏသေချာမသိနိုင်သော်လည်း ရပ်သူရွာသားအများက ဆွမ်းချပွဲပြုလုပ်ကာ အမျှအတန်းပေးဝေလိုက်သည်နှင့်တစ်ပြိုင်နက် နေ့ချင်းမကူးဘဲ သေဆုံးကာ ဘဝပြောင်းခဲ့ရသည့်အဖြစ်ကိုကား အလွန်ကြုံတောင့်ကြုံခဲ ထူးခြားစွာကြုံတွေ့ရသည့်ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

**ငါးရွှေနှင့်ဖြစ်ရပ်ဆန်း**

ကဆုန်၊ နယုန်လ ရေဦးပေါက်ကာလ ဧရာဝတီမြစ်ရေသည်လည်း အနည်းငယ် အရောင်ပြောင်းလာကာ ရေလုပ်သားကြီးများအခေါ် အရ ရေပြာထချိန်ပင် ဖြစ်သည်။ ရေဦးပေါက်ကာလ အချိန်ဖြစ်၍ ဧရာဝတီမြစ်အတွင်းရှိ သားကြီးငါးကြီးများ ဥချအသိုက်ဝင်သည့်၊ ဝပ်ကျင်းဝင်သည့်အချိန်လည်း ဖြစ်သည်။ ငါးရွှေကြီးများ လူတို့အား အန္တရာယ်ပေးသည် ဆိုသော်လည်း မိကျောင်းများကဲ့သို့ အချိန်ကာလ ရာသီမရွေး လူကိုကိုက်ဆွဲဒုက္ခပေးတတ်တာမျိုး မတွေ့ရှိရပေ။ ယခုကဲ့သို့ ကဆုန်၊ နယုန် ရေဦးပေါက်ကာလအချိန်တွင်သာ အန္တရာယ်ကြုံတွေ့ရတတ်သည်။ ရေဦးပေါက်ကာလအတွင်း ထိုကဲ့သို့ ငါးရွှေကြီးများသာမဟုတ်။ အခြားငါးငယ်များဖြစ်သည့် ငါးကျောင်း၊ ငါးဖယ်ခေါ် ငါးတက်ပြား စသည့် ငါးငယ်တို့မှာလည်း သူတို့၏ အသိုက်ဥကျင်းနေရာရှိသည်။ နေရာအနီးတင့်ကိုတွင် လူနှင့်အခြား သားစားငါးသတ္တဝါတို့ လာရောက်လျှင်လည်း ရန်ပြုတိုက်ခိုက်လေ့ရှိသည်။ ၎င်းတို့၏သားဥကျင်းများအားကာကွယ်သည့်အနေနှင့် စောင့်ရှောက်နေခြင်းပင် ဖြစ်သည်။

ငါးဥကျင်းတွင် အဓိကရန်သူများမှာ ပုစွန်နှင့် အခြား အသားစားသည့် ငါးအမျိုးအနွယ်တို့ပင် ဖြစ်သည်။ ငါးဥကျင်းများတွင် ငါးမက ဥချရုံသာဥချပြီးသား မပေါက်မချင်း ငါးထီးများက ကျင်းအား စောင့်ရှောက်ကြရသည်။

လွန်ခဲ့သည်နှင့် ရေဦးပေါက်ရေပြာထချိန်တွင် ထူးထူးခြားခြား သတင်းတစ်ခု ကြားခဲ့ရသည်။

မြစ်ရေချိုးဆိပ်အနီး ငါးရွှေဆွဲအကိုက်ခံရသည့်အဖြစ်အပျက်ပင် ဖြစ်သည်။ ရေဦးပေါက် ရေပြာထချိန် ထိုကဲ့သို့ ငါးရွှေဆွဲကိုက်ခြင်းတို့ကြုံတွေ့ရတတ်သည်။ ငါးရွှေများ လူတို့အားဆွဲသည်၊ ကိုက်သည်ဆိုသော်လည်း အချိန်ရာသီမရွေး ကိုက်ခြင်း၊ ဆွဲခြင်းမရှိပေ။ သို့သော် ထိုနေ့က ငါးရွှေကြီးအသိုက်အနီး ပုစွန်သွား၍နှိုက်ရာ သူ၏ သားကျင်းအား လာ၍ဖျက်ဆီးသည်အထင်နှင့် အကိုက်ခံရခြင်း ဖြစ်သည်။

မြစ်ကမ်းနားနေထိုင်ကြသူတိုင်းလို မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါအလုပ်မျိုးအား ဒုံးပွားဖြစ်မဟုတ်သည့်တိုင် ဟင်းစားတစ်အိုးချက်တစ်ခါချက်တော့ လုပ်ကိုင်တတ်သည်။ ဝမ်းပူပိုက်ကြီး၊ ပိုက်ကလေးဘွဲ့ထောင်ပြီး စီးပွားမရှာကြသော်လည်း ပုစွန်ငုပ်၊ ငါးမျှား၊ ငါးနှိုက်အလုပ်အား မြစ်ကမ်းနားနေထိုင်သူတိုင်း ထမင်းစားရေသောက်လုပ်တတ်သည်။

ကဆုန်လ၊ နယုန်လတွင် ကျလေ၊ အနောက်တောင်လေရမ်းတို့ ရံဖန်ရံခါတိုက်ခတ်သည့်အခါ ဧရာဝတီမြစ်အတွင်း လှိုင်းတို့အသင့်အသင့်ကြီးတတ်သည်။ ထိုကာလ ပုစွန်တို့လှိုင်းခိုရင်း ကျောက်ခေါင်းကျောက်ကမ်းပါးဟက်တို့ရှိသည့်နေရာတွင်အောင်းလေ့ရှိသည်။ ဤအချက်ကိုပင် မြစ်ကမ်းနားနေထိုင်သူတို့ အထာပေါက်နောကျေနေပြီးဖြစ်သည်။ ညဘက်၊ နေ့ခင်းဘက် ရေချိုးဆင်းရင်း ဟင်းစား ငါး၊ ပုစွန်နှိုက်ကြ၊ ငုပ်တတ်ကြသည်။ သို့သော် မည်သည့်နေရာမှ ငါးရွှေဆွဲတာ၊ ကိုက်တာမကြုံခဲ့ရပေ။

ဖြစ်ပျက်ကြုံတွေ့ရပုံက ခပ်ဆန်း ဆန်းဟုပင်ဆိုရမည်၊ လွန်ခဲ့သည့် နေ့ ရက်တွေကလည်း ရွာရေချိုးဆိပ်အနီး အောင်ကြည်စိန်တို့ ကျော်ထူးတို့ လူငယ် တစ်သိုက် ပုစွန်ဆင်းငုပ်နှိုက်နေကျပင် ဖြစ်သည်။ ငါးရွှေဆွဲတယ်၊ ငါးရွှေကိုက် တယ်ဆိုတာ မကြာမိ။ ရွာရေချိုးဆိပ်မှာ ကလေးလူကြီး တစ်နေ့ တစ်နေ့ (၅၀) (၆၀) ရေချိုးနေကြသူတို့အား တစ်ခါမှ ပင် ငါးဆွဲတာ၊ ကိုက်တာ မကြုံခဲ့ရ သော်လည်း ထိုနေ့ကအဖြစ်က အတော် ထူးဆန်း၍နေသည်။

ကိုအောင်ကြည်စိန်အား ငါးရွှေ ကြီးကိုက်ဆွဲလိုက်သည့် မနက်စော တွင် လွန်ခဲ့သည့်နေ့မှက ရွာမြောက် ပိုင်းမှ ပိုးတောက်၍ နွားငယ်တစ်ကော သေဆုံးခဲ့ရာ မနက်စောစောမြစ်ဆိပ်တွ နွားသေအား ရွာကလူတွေ ပိုင်းဖျက်ကြ သည်။ နွားသေအား ချေးခါးအူမမကျ ရေတွင် သုတ်သင်ဆေးကြောကြသည် နွားသေဖျက်ထားသည့်နွားသေ၏ သွေး ညှီနံ့တို့က ရွာမြောက်ပိုင်းက ဆေးကြော ခဲ့ရာ ရွာတောင်ပိုင်းရေဆိပ်တိုင် ဝဲလှ ကာနေသဖြင့် မနက်ရေချိုးချိန်တိုင် သွေး ညှီနံ့တို့က မပြယ်သေး။ ညှီစို့စို့အနံ့ ဝဲပြန့်လျက်ရှိသည်။

ဒေသခံတို့၏ အတွေ့အကြုံ လျှင် ပင်လယ်ပြင်၌ လှေ၊ သင်္ဘော နှင့် သွားလာကြသူတို့အနေနှင့် သား ငါးစိမ်းများ၊ သွေးညှီအနံ့များရရှိလျှ ပင်လယ်အတွင်းမှ လူသားစား ငါး ကြီးတို့မှာ နီးစပ်ရာ လှေ၊ သင်္ဘော အား အတင်းတိုက်ခိုက်လေ့ရှိကြော သွေးညှီနံ့ရလျှင် ငါးမန်းတို့မှာ သွေ ဆာလာကာ လူနှင့် အခြားသတ္တဝါ အား ရန်မူလေ့ရှိကြောင်း မှတ်သား ရသည်။ထိုနေ့ကလည်း နွားသေကော အညှီနံ့ကြောင့်ပင်ထင်ရသည်။ အခြား နေ့ရက်တို့တွင် ပုစွန်နှိုက်၊ မြစ်ဆိပ် ချိုးနေကြသူတို့ မည်သူ့ကိုမျှ ငါးရွှေ ဆွဲတာ၊ ကိုက်တာ မကြုံခဲ့ရ။

ထိုနေ့မနက် ရေချိုးဆိပ် အောင်ကြည်စိန်နှင့် ကျော်ထူးတို့ ယောက် ရွာတောင်ပိုင်း ရေချိုးဆိပ် ပုစွန်နှိုက်ခဲ့ကြသည်။ တစ်ယောက် တစ်ယောက် မလှမ်းမကမ်းနေရာ ပုစွန်ငုပ်နှိုက်ကြခြင်း ဖြစ်သည်။ ပ တစ်ဖိုငုပ်ပြီး နောက်တစ်ဖိုပြန်ငုပ်လို ချိန်တွင် ကိုအောင်ကြည်စိန်၏ ဘက်ခြေသလုံးအား နောက် ယောက် လှမ်းဆွဲလိုက်သလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com

...ခြေတစ်ဖက်ကနေ ကမ်းပါးအား ...တန်ကာ ရေပေါ် တအားပေါက် ...လိုက်ရသည်။ ရေပေါ် ပေါက်လိုက် ...နှင့်တစ်ပြိုင်နက် ကိုအောင်ကြည် ...က -

"ဟေ့-ကျော်ထူး၊ ငါ့ခြေထောက် ...ခင်းများနောက်ကနေ ပြောင်ဆွဲဆွဲ ...က်သလို"

"ဘုရားပေးပေးကျမ်းပေးပေးပါ ...ကိုကြီး အောင်ကြည်စိန်ရာ။ ကျုပ်နဲ့ ... အဝေးကြီးနေရာမှာ ငုပ်တာပါ။ ရေ ...မှာ ပြောင်စရာရှားလို့ ကျုပ်မပြောင် ...။ ခင်ဗျားကို ငါးရွှေးများဆွဲလိုက် ...၊ သေသေချာချာကြည့်ပါဦး"

ကျော်ထူးပြောမှပင် ကိုအောင်ကြည်စိန် သူ၏ခြေထောက်အား အသေ...ပွတ်သပ်ကာ ကြည့်လိုက်သည်။ ...မျက်စိအထက် တစ်မိုက်အကွာနေ ...တွင် ခြေထောက်အား ငါးမန်းလွှသွား ...တဲ့သို့ သွေးစို့ကာ ခြစ်ကြောင်းကိုက် ...တို့အား တွေ့ရှိရသည်။

ကိုအောင်ကြည်စိန်အား ရွာရေ...ဆိပ်က ငါးရွှေးအကိုက်ခံရလို့တဲ့ ဆို...သတင်းက ပျံ့နှံ့သွားတော့သည်။ ရေ...ဆိပ်နေရာကလည်း အလွန်နက်သည့် ...မ်းပါးမြေလိုဏ်ကြီးမှာ လူတစ်ကိုယ် ... နှစ်ကိုယ်စာပင် ဝင်လို့ရသည်။ ငါး...ကြီးများ ဥချအသိုက်ဝင်ရန် အလွန် ...ကောင်းသည့်နေရာလည်း ဖြစ်သည်။ ...နေရာအနီးတစ်ဝိုက်မှာပင် လွန်ခဲ့...သည့် (၁၀)နှစ်၊ (၁၅)နှစ်ဝန်းကျင်ကာလ ...ပင် ဧရာမငါးရွှေးကြီးမှာ ရွာတောင် ...ကနေ မြောက်ပိုင်းအထက်ရေမျော် ...တိုင် ညအခါ လသာသာတွင်မကြာ ...ပေါ် လျက် မြင်တွေ့ရသည်။ ပီပါ ...ရှိပြီး တစ်ခါပေါ် လျှင် တော်တော် ...ပင် ငါးကြီးပြန်၍မငုပ်နိုင်ဘဲရေပေါ် ...မြင်တွေ့ရကြောင်းပြောပြကြသည်။

ရွာတောင်ပိုင်းက အသက် (၆၀) ...ကျော် ဦးဖိုးအေးက -

"အောင်ကြည်စိန်ကိုဆွဲတဲ့ငါးရွှေး... မနေ့ညက နွားဖျက်ထားလို့ နွား...အညှီနံ့နဲ့ ပင်လယ်ထဲက ငါးမန်း...တွေလို ငါးရွှေးကြီးက သူ့ရဲ့ သား...ကို ဝင်ရောက် ဖျက်ဆီးလာလို့သာ ...ညှီနံ့ရတယ်အထင်နဲ့ အဲဒီနေ့က လူ... ကိုက်တာဖြစ်ရမယ်။ ဒီလိုရာသီချိန် ...နိုက်လို့ ငါးရွှေးအဆွဲခံရတာ။ လွန်...တဲ့ (၁၅) နှစ်လောက်က ဝင်းမောင်နဲ့ ...အောင်ကြည်စိန်နှစ်ယောက်ပဲ ကြားဖူး...တယ်။ ဒီငါးရွှေးကြီးတွေက အလွန်သစ္စာရှိတဲ့ နတ်ငါးကြီးမျိုးတွေ။ အကြောင်းမဲ့ဘယ်သူကိုမှအန္တရာယ်ပြုတာ မတွေ့ရဘူး။ သွေးညှီနံ့ရလို့ သူ့သားကျင်းပျက်တယ်အထင်နဲ့ ဒေါသတကြီး ကိုက်ဆွဲတာ ဖြစ်ရမယ်။

လူတွေကို အန္တရာယ်ပေးချင်ရင် အချိန်မရွေးဆွဲကိုက်လို့ရတယ်။ မင်းတို့ရွာ ရေချိုးဆိပ်မှာ ကလေး၊ လူကြီး တစ်နေ့တစ်နေ့ ဥဒဟို ရေချိုး၊ရေခပ်နေကြတာ အရင်ဘယ်သူ့ကိုငါးရွှေးဆွဲတာကြားရသလဲ။ အခုဟာက သူ့ရဲ့သားပေါက်ချိန်ဖြစ်လို့ ဖြစ်ရတာပဲ။ မင်းတို့နောင်လာနောင်သားလူငယ်တွေ ဗဟုသုတဖြစ်စရာပြောရဦးမယ်။ မယုံမရှိနဲ့။ သေသေချာချာမှတ်ထား။ အခုလို ငါးရွှေးကြီးတွေ ဥချအသိုက်ဝင်တဲ့နေရာ တစ်ဝိုက် ဘယ်လောက်ရေနက်နက် မြစ်ရေကြောင်းတွေ ဖြစ်နေပါစေ လာမည့်နှစ်အနည်းငယ်အ တွင်းမှာ သောင်ထွန်း သောင်ထွန်းရာက နေကျွန်းမြေတွေပေါ်ပြီး ကောင်းစားမယ့်နိမိတ်ပဲ။

လွန်ခဲ့တဲ့ (၁၅) နှစ် (၂၀) ဝန်းကျင်ကလည်း ဒီလိုပဲ ငါးရွှေးကြီးတွေ အသိုက်ဝင်ဥချနေရင်းက မကြာပါဘူး။ ငါတို့ရွာ ကျွန်းမြေ ကိုင်းမြေတွေပေါ် ကောင်းစားနေလိုက်တာ။ အခုကျွန်းပျက်တာ ဘာကြာသေးတာမှတ်လို့ဟု ဆိုကာ ဦးဖိုးအေးက စကားအား အဆုံးသတ်လိုက်ပါသည်။

ကိုအောင်ကြည်စိန်အား ငါးရွှေးဆွဲပြီးနောက်ပိုင်း ထိုနေရာတွင် နောက်ထပ် ပုစွန် ငါး နှိုက်ခြင်းမပြုတော့ပါ။ သို့သော် ယနေ့တိုင် မည်သူကိုမျှ ငါးရွှေးဆွဲတာ ကိုက်တာဟာ နေ့တိုင်း တစ်ကြိမ်တစ်ခါမှပင် မရှိခဲ့။ မကြုံခဲ့ရတော့ပါ။

## ငါးရွှေးကြီးများ ဥချအသိုက်ဝင်သည့်နေရာ ကောင်းစားမည့်နိမိတ်

မြစ်ရေကြောင်းများ မြစ်ရေတိုက်စားမှုအပေါ် မူတည်ကာ တစ်နေရာတည်းတွင် နှစ်ရှည်ကာလများစွာ စီးဆင်းနေလေမရှိတတ်ပေ။ အစဉ်ပြောင်းလဲနေတတ်သည်။ မြစ်ကြောင်းရေသွားလမ်းပြောင်းလဲသည်ဆိုရာတွင်လည်း မြစ်အရှေ့ဘက် အနောက်ကမ္ဘာကမ်းပါးနှင့် တောင်များ နှစ်ဖက်ညှပ်ကာ ပိတ်၍ စီးဆင်းနေသည်မြစ်ကျဉ်းနေရာများ မဆိုလိုပါ။

မြစ်အရှေ့ဘက် ကမ္ဘာမြေကမ်းယံနှင့် အနောက်ဘက်မြစ်ရေစပ် မိုးရာသီဧရာဝတီမြစ်ရေ ရေပြည့်ကမ်းလျှံသည်အချိန် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ရေစပ် သုံးမိုင်ခွဲဝေးကွာကျယ်ဝန်းသည့်ဒေသများကို ဆိုလိုခြင်းဖြစ်သည်။

ဝါတွင်းကာလမြစ်ရေပြည့်လျှံချိန် ဟိုဘက်ကမ်းစပ် ဒီဘက်ကမ်းစပ်သုံးမိုင်လေးမိုင်ကျယ်ဝန်းသည့်ဒေသများတွင် ဧရာဝတီမြစ်ရေမှာ ဆောင်းကာလ နွေရာသီအချိန်ကာလတို့တွင် မြစ်ရေပြင်မှာ မြစ်အရှေ့ဘက် ကမ္ဘာမြေကျောက်ကမ်းကပ်လျက်ဖြစ်စေ အနောက်ဘက်တောင်ခြေကမ်းစပ်ကဖြစ်စေ စီးဆင်းတာတွေ့ရပါသည်။

ထိုသို့ တစ်ဖက်ကပ်စီးချိန်တွင် တစ်ဖက်တွင် သောင်တွေထွန်းနေသည့်အခါ ထွန်းသည်၊ ကျွန်းကိုင်းမြေတွေပေါ် သည့်အခါပေါ် လျက်ရှိသည်။ တစ်ခါတစ်ရံတွင် ဟိုဘက်ကမ်းစပ်ဒီဘက်ကမ်းစပ်အခြေအတွင် မြေနုကျွန်းတွေပေါ်ကာ အလယ်ကောင်တွင် မြစ်ရေကြောင်းပေါက်သည့်အခါလည်း ပေါက်သည်ကို တွေ့ရသည်။

မြစ်ရေကြောင်းတို့မှာ ရှေးလူကြီးသူမတို့ပြောစကားအရဆိုလျှင် မြစ်ရေကြောင်းကြီးများ နှစ်ပေါင်း (၁၀၀) ရှိလျှင် ပြောင်းစမြဲပြောဆိုမှတ်သားရဖူးပါသည်။ မြစ်ရေကြောင်းကြီးများပြောင်းလဲတော့မည်ဆိုလျှင် ကြိုတင်ကာ အတိတ်နိမိတ်များ ပြတတ်သည်ဟုဆိုကြသည်။ မြစ်ရေကြောင်းများ ဆယ်စုနှစ်နှစ်ခု၊ သုံးခုအကြားတွင်လည်းကောင်း၊ နှစ်လေးဆယ်၊ ငါးဆယ်တွင် လည်းကောင်း ပြောင်းလဲသည်ကို ကြုံတွေ့ရပါသည်။ လွန်ခဲ့သည့် နှစ် (၅၀)ကျော်ဝန်းကျင်ကာလ မြစ်ရေကြောင်းမှာ စာရေးသူတို့ဒေသတွင် ယခု ဆင်မကျွန်းရွာအနောက်ဘက်က မြစ်ရေကြောင်း သို့မဟုတ် ရွှေသဘော်ကြောင်းပေါက်လျက်ရှိကြောင်း ထိုအချိန်က ပြည်နှင့်မန္တလေး အမြန်ပြေးဆွဲသည့် အမြန်သင်္ဘောလေးအား ကြည့်လိုလျှင် ရွာအနောက်ဘက်ကမ်းပါးထိပ် မန်ကျည်းပင်ပေါ် တက်၍ ကြည့်ခဲ့ရသည်ဆိုသည်။

ထိုကာလ အရှေ့ဘက်ကမ်းယံနှင့် အနောက်ဘက် တောင်ခြေကပ်ဒေသတို့မှာ ကိုင်းမြေကျွန်းမြေတို့ပေါ် သည့်နေရာပေါ်၊ သောင်တွေထွန်း၊ အင်းရေတင်ကျန်သည်နေရာက တင်ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။

www.burmeseclassic.com

ကိုင်းတောင်သူများမှာ ကိုင်းမြေကျွန်းမြေပေါ် ရွာတည်ကာ ကိုင်းတောင်သူအဖြစ် အသက်မွေးသူများဖြစ်ရာ တစ်ခါတစ်ရံ မြစ်ရေကြောင်းတို့ ပြောင်းလဲကာ ကမ်းပါးမြေများပြိုကျသည့်အခါ ရွာတွေနေရာရွှေ့ရသည်တစ်မျိုး၊ ကိုင်းမြေတို့ ကမ်းပါးထဲပါ၍လုပ်စားကိုင်စားမြေမရှိလို့ အ တိဒုက္ခရောက်ကြရသည်တစ်မျိုး စီးပွားပျက်ဘဝပျက်ကြရသည်။

မြစ်ရေကြောင်းများ ပြောင်းလဲခြင်းကြောင့် တစ်ဖက်တွင် စီးပွားပျက်ဒုက္ခရောက်ကြရသလို တခြားတစ်ဖက်ကမ်းတွင် ကိုင်းမြေကျွန်းမြေတို့ပေါ်၍ လုပ်စားကိုင်စားမြေတွေ ပေါ်ပေါက်လာ၍ တစ်မိသားစုချင်း တစ်ရွာချင်း တစ်နေရာဒေသအတွင်းမှာပင် စီးပွားရေးလုပ်ငန်းများတိုးတက်ကာ ပြန်၍ကောင်းစားနေကြပြန်သည်။

ရှေးက မြစ်ရေကြောင်းများပြောင်းလဲကာ ကောင်းစားတော့မည့် အခြေအနေတို့အား အတိတ်နိမိတ်တို့ပြခြင်း စနည်းတဘောင်ပေါ်ခြင်းများရှိသည်ဟု ဆိုသည်။

လွန်ခဲ့သည့် (၅) နှစ်ဝန်းကျင်ကာလ ရွာ၏ အနောက်ဘက် ရေချိုးဆိပ်နေရာတွင် ကဆုန်၊ နယုန်လမြစ်ရေနောက် ရေပြာထချိန်တွင် ပုစွန်နှိုက်သူတစ်ဦး ငါးရွှေအဆွဲခံခဲ့ရပါသည်။ ငါးရွှေကြီးများ အခြားအချိန်ရာသီကာလ လူနှင့် အခြားသတ္တဝါတို့အား ဆွဲခြင်း၊ ကိုက်ခြင်းတို့အား မကြားမကြုံရခဲ့ဘူးပါ။

မြစ်ရေဆိပ်တွင် တစ်နေ့ ကလေး၊ လူကြီး သုံး၊ လေး၊ ငါးဆယ် နေ့စဉ်ရေချိုး၊ ရေခပ်ကာရှိနေခဲ့ပါသည်။ မည်သူ့ကိုမျှ အန္တရာယ်ပေးတာ မကြုံတွေ့ခဲ့ရပါ။ ထိုနေ့က ငါးရွှေအကိုက်ခံရခြင်းမှာလည်း သားဥပေါက်ချိန် ငါးရွှေသားကျင်းနေရာအနီး ပုစွန်ငုပ်သူက သွားငုပ်မိ၍ ငါးရွှေဆွဲခံရခြင်း ဖြစ်ပါသည်။ ဥချအသိုက်ဝင်ချိန်ဖြစ်၍ သားကျင်းစောင့်သည့် ငါးထီးငါးဖိုကိုက်ဆွဲခြင်းဖြစ်ပါသည်။

ငါးရွှေကြီးအဆွဲခံရပြီးနောက် ရွာထဲမှ အသက်အရွယ်အရ အတွေ့အကြုံရှိသူ ဦးဖိုးအေး၏ပြောပြချက်အရ ငါးကြီးသားကြီး ငါးရွှေကြီးတွေ အသိုက်ဝင်ဥချသည့်နေရာသည် နောက် (၁) နှစ်၊ (၂) နှစ်အတွင်း ကိုင်းမြေကျွန်းမြေတွေပေါ်ပြီး ကောင်းစားမည့်နိမိတ်ဟု ပြောခဲ့ပါသည်။

ငါးရွှေကြီး အသိုက်ဝင်ခဲ့သည့်နေရာမှာ နွေကာလ မြစ်ရေနည်းချိန်ပင်။ ရေအနက် (၇) လံ၊ (၈) လံရှိသည့်နေရာ ဖြစ်ပါသည်။

ငါးရွှေကြီးအသိုက်ဝင်ပြီး နောက် (၂) နှစ်ကျော်ကာလမှာ ထိုနေရာတစ်ဝိုက် သောင်ပြင်တွေဖုံးကာ တဖြည်းဖြည်း ကျွန်းမြေနုကိုင်းမြေများပို့ချကာ မြစ်ရေကြောင်းလည်း အနောက်ဘက်ပြောင်းလဲကာ ထိုကျေးရွာတစ်ဝိုက်ဒေသခံများ ကိုင်းမြေကျွန်းမြေတို့နှင့် စည်ပင်ကောင်းစားလျက် နှစ်ပေါင်း (၁၅) နှစ်၊ (၂၀) ဝန်းကျင်ပင် ကြာမြင့်ခဲ့ပါသည်။ ထို့ကြောင့် ရှေးလူကြီးသူမတို့က ငါးရွှေကြီးများ အသိုက်ဝင်ဥချသည့်နေရာကောင်းတို့အား ကောင်းစားမည့်အတိတ်နိမိတ်ဟု ပြောဆိုလျက်ရှိနေခဲ့ပါသည်။

## နတ်ငါးရွှေကိုကြုံးဝါးသူ

ငါးရွှေကြီးများအား ဖမ်းဆီးသတ်ဖြတ်ဖို့နေနေသာသာ ငါးရွှေကြီးအားကြုံးဝါးသူတစ်ဦး၏ ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုအား ရေးသား တင်ပြလိုပါသည်။

မောင်ဘဦးဆိုသူသည် နေ့ဘက်တွင် မည့်သည့်လုပ်ငန်းကိုမျှ မည်မည်ရရ လုပ်ကိုင်လေ့မရှိ။ ယောင်ခြောက်ဆယ်လို ဟိုဟိုဒီဒီသွားလာပြီး အချိန်ကုန်လေ့ရှိသည်။ ညနေပိုင်း ထန်းတောသွား ထန်းရည်သောက်ပြီးမှ ပြန်လာတတ်သည်။

သို့ရာတွင် သူညဘက်တွင်လုပ်သောအလုပ်က သူများထက်ပင် တွက်ခြေကိုက်သည်။ သူ၏ပုစွန်ငုပ်၊ပုစွန်ဖမ်းသည့်နေရာမှာတော့ နှစ်ယောက်မရှိချေ။

ပုစွန်များရနိုင်မည့်အချိန်ရာသီကိုသူအပိုင်သိသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေမှာ ဘဦး ပုစွန်ငုပ်လေ့ မရှိ။ ဒီရာသီမှာ မြင်ရေကလည်းကြည်စိမ်းလို့။ အေးကလည်းအေး၊ လှိုင်းလေကလည်း ငြိမ်သက်နေသည်မဟုတ်လား။ တန်ခူး၊ ကဆုန်၊ နယုန် လေဦးမိုးကျအချိန်များတွင် မြစ်ရေကလည်းတိုး၊ ရေကြည်နေရာမှ ခပ်ပြာပြာခပ်နောက်နောက်ဖြစ်လာ၊ လှိုင်းပုတ်သဖြင့် ငါးပုစွန်တွေ ကုန်းမှန်းကမ်းမှန်းမသိတော့။ ပုစွန်တွေလှိုင်းခိုရင်း ကမ်းပါးမြေကျောက်စောင်းကျပ်တာတွေမှာ ခိုဝင်တော့မှ ဘဦးက အလုပ်စသည်။

ဒီအချိန်မှာ ငါးထွေး၊ ငါးရွှေ၊ ငါးကျောင်း၊ ငါးတက်ပြား စသည့် ငါးတို့ဥဝပ်ကျင်းခတ်လေ့ရှိကြသည်။ ညတိုင်းလိုလို ပုစွန်ငုပ်ဖြစ်သည်။

လမိုက်သည့်ညတစ်ညတွင် ဘဦးသည် ယခင်ညများကဲ့သို့ မြစ်ရိုးတစ်လျှောက် တစ်ယောက်တည်းငုပ်၍ ... သွားသည်မှာ ယခင်မရောက်သည့်နေရာများထိ ရောက်သွားသည်။ တစ်နေရာတွင် သူပုစွန်ငုပ်နေစဉ် သူ့ခြေထောက်အား နောက်မှ လူတစ်ယောက်က ... အားကုန်ဆွဲ၍ယမ်းလိုက်သကဲ့သို့ ခံစားလိုက်ရပြီးတစ်ပြိုင်နက် သူကြောက်စိတ်တွေဝင်လာကာ ကျန်ခြေတစ်ဖက်နှင့် ကမ်းပါးမြေအား ကန်ပြီးကူးပြေးတော့သည်။

ကမ်းပေါ်ရောက်လျှင် ခြေသလုံးအားစမ်းကြည့်လိုက်ရာ ခွေးဆွဲရာကြီး... သို့ ခြစ်ရာကြီးများကို အမှောင်ထဲ... ကာတွေ့လိုက်ရသည့်အပြင် စေးထန်း... ထန်းသွေးစသွေးနများကိုပါ စမ်းမိလိုက်သည်။ ခြေသလုံးအား လုံချည်ကွင်း... ပတ်စည်းလျက် အိမ်သို့ ခပ်သုတ်သုတ်ပြန်ခဲ့သည်။

နံနက်မိုးလင်းသည်အထိ သူ့အား... ဆွဲလိုက်သည်မှာ မည်သည့်ငါးမှန်း... ၍ ရွာထဲက ရေလုပ်ငန်းနှင့်အသက်... ဝမ်းကျောင်းသူ ဘကြီးဦးစံတင်အား... အဖြစ်အပျက်ပြောပြပြီး မေးမြန်းရ... သည်။

"ညက မင်းငုပ်တဲ့နေရာက ... လည်းနက်၊ ကျောက်ကမ်းဇောက်ထိုး... ရာဆိုတော့ ငါးရွှေကျင်းအသိုက်န... ဖြစ်မယ်။ သွားချောင်းရာကြီးတွေ... လည်း လက်သန်းလုံးလောက် သုံး... တောင် တွေ့ရတော့ ဧကန္တ- သေး... တဲ့ ငါးကျောင်းတို့ဘာတို့မဟုတ်... တော့ သေချာတယ်။ မင်းကိုဆွဲတာ ... ရွှေပဲ ဖြစ်ရမယ်။

ဒီအချိန်မှာ ငါးရွှေတို့က ဥ... နားမှာ အမြဲစောင့်ရှောက်နေတာနဲ့ ... ခြားမျိုးတူငါးတွေလာရင် ကိုက်လေ့... မှုလေ့ရှိတာ သူတို့သဘာဝပဲ။ မင်း... ညကဆွဲတာ ငါးရွှေအဖို၊ ငါးဖို... တာ သေချာပေါက်ပဲ"

ဟု ဦးစံတင်မှ ရှင်းပြမှ သူ... တာ ငါးရွှေဖြစ်မှန်း ဘဦးသိတော့သ... ထိုအခါ -

"ကျုပ်ကို ညကကိုက်တဲ့ငါး... ကြီး ဘဦးအကြောင်းကောင်း... ရမှာပေါ့။ ကျုပ်ရအောင်စောင်ဖမ်း...



www.burmeseclassic.com

www.burmeseclassic.com

...သားကို အရက်နဲ့ မြည်းပစ်မယ်"

ဟု ကြုံးဝါးလိုက်တော့သည်။

ထို့နောက် ဘဦးတစ်ယောက် ငါး ...ခြောက်တွေ၊ ငါးကြီးကြိုက်မည့် ပုစွန် ... ငါးရှင်စာတွေနှင့်အတူ သူအဆွဲခံရ ...ည့်နေရာတစ်ဝိုက်တွင် တစ်နေကုန် ...ောင်ဖမ်းသော်လည်း ငါးစာကို တစ် ...ကလေးမှမတွက်၍ မိုးချုပ်မှ ဘဦး ...မနပ်နှင့် အိမ်ပြန်လာခဲ့ရသည်။

ထိုညက ဘဦး အရက်တစ်ခွက်မျှ ... မသောက်ဖြစ်။ ဒေါသစိတ်၊ ခံပြင်း ...နှင့် အိပ်ရာထဲစောစောဝင်ခဲ့သည်။ ...သော် တော်တော်နှင့်အိပ်၍မပျော်။ ...ထောက်ဒဏ်ရာကလည်း စစ်ခနဲ ...က်နေသည်။ ည (၁၂) နာရီကျော် ...သည်နှင့် မှေးခနဲ အိပ်ပျော်သွားရာ ...ကြီးက ဘဦးအား အိပ်မက်ပေးလေ ...တော့သည်။

'ဘဦး ဘဦး၊ ထစမ်း ထစမ်း။ ...င်းက ငါ့ကိုဖမ်းပြီး အရက်နဲ့ မြည်း ...ယ်လေးဘာလေးနဲ့ ငါ့ကိုကြုံးဝါးတဲ့ ...ကောင်။ မင်းကပဲ ငါ့ကိုမိအောင် ဖမ်း ...င်မလား၊ ငါကပဲမင်းကိုဖမ်းနိုင်မလား ...တာသိရအောင် မနက်ဖြန်မိုးလင်း ...နဲ့ ရေထဲကို မင်းဝံ့ရင်ဆင်းခဲ့။ ငါ့အ ...ကြောင်းကို မင်းကောင်းကောင်းသိစေ ...ယ်'

ဟု ဆိုကာ သုံးကြိမ်တိုင်တိုင်အောင် ...ပ်မက်ပေးလေသည်။

ထိုအခါ ဘဦး လန့်နိုးတော့သည်။ ...ကြက်သီးမွေးညင်းထကာ ဇောချွေးများ ...ပြန်ပြီး အိပ်၍လည်း မပျော်တော့ ...။

နောက်တစ်နေ့ မိုးလင်းသည်နှင့် ...ကြီးဦးစံတင်အား ညကအိပ်မက်အ ...ကြောင်းပြောပြ၍ အကြံဉာဏ်တောင်း ...တော့သည်။

"ငါးရွှေကြီး ဆိုတာ တော်တော် ...တ်ကြီးတဲ့ငါးမျိုးကြီးတွေကွ၊ ဝမ်းပူပိုက် ...ကြီးတွေတောင်မှ ငါးရွှေကြီးတွေ ...သတ်လေ့မရှိကြဘူး။ ရွှေရေငွေရေ ...လောင်းပြီး ဘေးမဲ့လွှတ်ကြတာချည်းပဲ။ ...င်းက သူ့ကျင်းနားလည်းသွားသေး ...တယ်။ ကြိမ်းလားမောင်းလားလည်းလုပ် ...သေးတယ်၊ မယုံကြည်ဘူးဆိုပြီး ရေထဲ ...ဆင်းသွားလို့ကတော့ မင်းဒုက္ခကောင်း ...ကောင်းတွေ့ပြီမှတ်"

"ဒါဆို ငါးကြီးကျေနပ်အောင် ...ချုပ်ဘာလုပ်ပေးရမှာတုံး။ ပြောပါဦး ...ကြီးရာ"

"ငါးရွှေကြီးက နတ်ငါးကြီးတွေ ဖြစ်တော့ သူကျေနပ်အောင် မင်းအနေနဲ့ အုန်းပွဲငှက်ပျောပွဲတွေနဲ့သွားပြီး ကမ်းစပ်နေရာကနေ ကျွန်တော် မောင်ဘဦး အမိုက်အမဲမို့ ငါးကြီးအား ကြုံးဝါးပြောဆိုခဲ့မိပါတယ်။ ဒီလို ကြုံးဝါးပြောဆိုမိတာကို ဗွေမယူပါနဲ့။ ကျွန်တော်မျိုးရဲ့ အသက်အန္တရာယ်ကိုလည်း ကင်းလွတ်ချမ်းသာခွင့်ပေးပါ။ အုန်းပွဲငှက်ပျောပွဲနဲ့ ကန်တော့ပြီးတောင်းပန်ပါတယ်လို့ ပြောပြီး ကန်တော့"

ဟု စေခိုင်းလိုက်သည်။

ဘဦးလည်း ဦးစံတင်ပြောသည့်အတိုင်း ကန်တော့ပွဲတစ်ပွဲနှင့်အတူ အထက်ပါအတိုင်း ပြောဆိုကန်တော့ပြီးသည့်နောက်ပိုင်း ထိုအိပ်မက်မျိုးမမက်တော့ပေ။ အနီးအနားတစ်ဝိုက်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ငါးရွှေဆွဲသည်ဆိုသည့်သတင်း မကြားရတော့ပေ။

**ကျောက်ရဲကျောက်ကျွဲရေမှော်နှင့်ငါးရွှေကြီး**

ကျောက်ရဲကျောက်ကျွဲရေမှော်မှာလည်း ဧရာဝတီရိုးတစ်လျှောက် ရေဆိုးရေစီးသန်သည့် ဝဲဂယက်ကြီးများနှင့်အတူရှိကာ ရေမှော်ထိပ် ရေအောက်တည့်တည့်နေရာတွင် ကျောက်ကျွဲရုပ်သဏ္ဌာန် ကျောက်တုံးကြီးရှိခဲ့သည်။ ကျောက်ရဲကျောက်ကျွဲဟု နာမည်ကြီးသည့်နေရာလည်း ဖြစ်သည်။ နယ်မြေဒေသ ဓလေ့ထုံးတမ်းအရ ထိုကျောက်ကျွဲအား သုံးနှစ်လျှင်တစ်ကြိမ် ရေစာကျွေးသည့်အနေနှင့် စတီသဘော ကိုင်းထုံးမြက်ထုံးများချကာ ကျွေးရသည်။ အစဉ်အလာရှိသည့်ရေမှော်လည်း ဖြစ်သည်။ ရေမှော်၏ထူးခြားချက်တို့မှာ ရေမှော်အထက် ကျွဲများ ရေချရေမကူးဝံ့ခြင်းပင် ဖြစ်သည်။ ရေအောက်နေရာ ကျောက်ကျွဲရုပ်ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

ထိုကျောက်ရဲကျောက်ကျွဲရေမှော်ထိပ်တွင် ဧရာမငါးရွှေကြီးတစ်ကောင် နေထိုင်ကျက်စားခဲ့ဖူးသည်။ ငါးရွှေကြီးမှာ ကျောက်ရဲကျောက်ကျွဲရေမှော်ထိပ်မှာ အောက်ဘက်တစ်မိုင်ခရီး ဝေးကွာသည့် ဒေါင်းချောင်းဝဲကြီးအတွင်း စုန်ချည်ဆန်ချည်ကျက်စားကာနေထိုင်ခဲ့သည့် ငါးကြီးလည်း ဖြစ်သည်။ ငါးရွှေကြီးအား ရေမှော်ထိပ်တွင် ငါး၊ ပုစွန်နှိုက်သူတို့က ငါးရွှေကြီး၏ ကိုယ်လုံး၊ ဆူးတောင်၊ အမြီးပိုင်းတို့အား ရေအောက်၌ကိုင်တွယ်ကြည့်သော်လည်း ပုစွန်ငုပ်၊ ငါးနှိုက်သူတို့အား လုံးဝအန္တရာယ်ပေးခြင်းမရှိဟု ဆိုသည်။ ငါးကြီးမှာ ပါးစပ်ကြီးအား အမြဲဟထားကာ ပါးစပ်တွင်းဝင်လာသည့် ငါး၊ ပုစွန်တို့ကိုသာ ဖမ်းယူစားသောက်လေ့ရှိသည်။ လူတို့က ငါးကြီး၏ပါးစပ်ထဲ လက်များနှိုက်၍ကြည့်သော်လည်း စေခြင်း၊ ကိုက်ခြင်းလုံးဝမရှိခဲ့ဟုဆိုသည်။ ငါးရွှေကြီးမှာ မည်သူ့ကိုမှ ဆွဲခြင်း၊ ကိုက်ခြင်းမရှိခဲ့ပေ။

တစ်နေ့ ကျောက်ရဲရွာတွင်းမှ ရေလုပ်သားတစ်ဦး ငါးရွှေကြီးအား ငါးမျှားတန်းတွင်မိကာနေခဲ့သည်။ ငါးရွှေကြီးမှာ ထိုရေလုပ်သားစီးနင်းသည့် လှေငယ်အရွယ်ထက်ပင် ကြီးမားကာ ငါးမျှားတန်းတွင်မိနေစဉ် ငါးကြီးမှာ တန်းကြိုးလှေပါဆွဲကာ အောက်ဘက် ဒေါင်းချောင်းဝဲမှ အထက်ကျောက်ရဲရေမှော်တိုင် အထက်ဆန်ချည်အောက်စုန်ချည်နဲ့ ရုန်းကန်ကာပြ၍နေရာ ထိုရေလုပ်သမားလည်း ငါးကြီးအား မဖမ်းဝံ့ရှိနေသည်။

နောက်ဆုံး ရေလုပ်သားကြီးလည်း -

"ငါးရွှေကြီး၊ အသင့်အား ကျွန်ုပ်မဖမ်းဆီးဝံ့ပါ။ ကျွန်ုပ်အား ကမ်းကိုကပ်၍ပေးပါ။ ငါးကြီးအား ကျွန်ုပ်ကြိုးဖြတ်၍ လွှတ်ပေးပါမည်"

ဟု တောင်းပန်ကာ ပြောဆိုရသည်။

ငါးကြီးကလည်း ထိုအခါမှပင် လှေငယ်နှင့်အတူ ကမ်းကပ်ကာ မှေး၍ပေးခဲ့သည်။ ငါးရွှေကြီးအား ရွှေရေငွေရေလောင်းကာ လွှတ်ပေးလိုက်သည်။ ထိုအချိန် ကျော်ရဲရေမှော်မှာ ရေစီးအလွန်သန်ပြီး လှေ၊ သင်္ဘောတို့မှာ အနီးကပ်ဆန်တက်၍မရဘဲ မြစ်အနောက် ဘက် ကမ်းက လွှဲကာ ဆန်တက်ကြရချိန် လည်း ဖြစ်သည်။

ကျောက်ရဲကျောက်ကျွဲရေမှော်ရှိ ငါးရွှေကြီးမှာလည်း မည်သူတစ်ဦးတစ်ယောက်မျှ အန္တရာယ်မပေးခဲ့ပေ။ ကျောက်ကျွဲရေမှော်မှ ငါးရွှေကြီးအကြောင်း ကျောက်ရဲရွာမှ အသက် (၅၀) ကျော် ဦးလှိုင်စစ်အောင်မှ ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

ငါးရွှေကြီးများနှင့် ဆက်နွှယ်လျက်ဖြစ်ရပ်တို့မှာ လျှို့ဝှက်ဆန်းကြယ်ဆန်နေဆဲပင် ဖြစ်ပါသည်။

နေအောင်လင်း (စလေ)



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးသံအမှတ်တရ

တင်အောင်(ထက်မှုထုတ္တပိုလ်)

၈-၃-၂၀၁၄ နေ့၊ ညနေ(၄)နာရီ။

ကျွန်တော်၏ အိမ်တွင် အဖေဦးရန်အောင်ထားခဲ့သော မဟိန္ဒရာသူတော်စင်ရုပ်တုကိုလာဖူးသူများအထဲတွင် ရဟန်းတစ်ပါးသည် ကျွန်တော့်ကို ဘုရားထီးတင်ပွဲတစ်ခုကိုဖိတ်လေသည်။ ထီးတင်မည့်ဘုရားမှာ အဘဘိုးသံ တည်ထားခဲ့သော 'မဟာသဗ္ဗသိဒ္ဓိအောင်ပြည့်လုံးချမ်းသာ(၁၀၈)တောင်စေတီတော်' ဖြစ်ပါသည်။ ထီးတင်မည့်အချိန်မှာ ၉-၃-၂၀၁၄ နံနက် (၉) နာရီတွင်ဖြစ်ပြီး အဘဘိုးသံ သီတင်းသုံး သာသနာပြုခဲ့ရာ အင်းတကော်မြို့နယ် တောင်သုံးလုံး သာသနာပြုစခန်းတွင် ဖြစ်လေသည်။

ကျွန်တော့်ကိုဖိတ်သောရဟန်းမှာ ဆရာစံရပ်ကွက် ငွေလရောင်လမ်း ဘင်္ဂလားကျောင်းတွင် သီတင်းသုံးသော ဦးဥတ္တမ ဖြစ်ပါသည်။ အဖေဆုံးခဲ့သည့် အင်္ဂလိပ်လဆန်း ၉ ရက်နေ့တိုင်း အလှူတစ်ခုပြုလုပ်နေကျဖြစ်ရာ ထိုနေ့တွင် မြောက်ဒဂုံ (၁၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၉၇၉ - ၉၈၂) ရှိ 'သုခရိပ်မြုံ' ကလေးများပြုစုပျိုးထောင်ရေးဌာန (ဆရာမဒေါ်သန်းမြင့်အောင်ဦးစီး) တွင် ပြုလုပ်မည့်အလှူနှင့်တိုက်ဆိုင်နေသည်။

ထိုအလှူသည် နံနက် (၁၁) နာရီဖြစ်ရာ ဘုရားထီးတင်ပွဲအလှူမှအမီပြန်လာရန် ဆုံးဖြတ်လိုက်သည်။ အလှူအတွက် လိုအပ်သော ငွေကျပ် (၁၂၅,၀၀၀) ကို ကျွန်တော်၏တူ ပြည့်ကျော်အောင် (ဦးတိုးထက်၊ ဒေါ်ချယ်ရီအောင်တို့၏သား)မှတစ်ဆင့် ပေးခိုင်းရသည်။ ညပိုင်းတွင် နောက်နေ့မနက်(၃)နာရီသွားမည့် ဘုရားထီးတင်ပွဲအတွက် ပြင်ဆင်ရသည်။ ညအိပ်ခါနီးတွင် အဘဘိုးသံအကြောင်း တရိပ်ရိပ်ပေါ်လာသည်။

၉-၁-၁၉၉၆ နေ့တွင် ကျွန်တော့်ထံ စာတိုက်မှဖိတ်စာတစ်စောင်ရောက်လာသည်။ ဖိတ်စာထဲ၌ ၉ - ၃ - ၁၉၉၆ တွင် တောင်သုံးလုံးသာသနာပြုစခန်းရှိ အဘဘိုးသံ အသက် (၁၀၀) ပြည့်ပွဲကျင်းပမည်ဖြစ်၍ တက်ရောက်ရန် ဖိတ်ကြားထားသည်။ ကျွန်တော်သည် အဘဘိုးသံကို ထိုစဉ်က လုံးဝမသိခဲ့ပါ။ ရွှေတိဂုံဘုရားတွင် နံနက်တိုင်း တွေ့နေကျ ဘရသေ့ (အဘဘိုးဘိုးအောင် အောင်မြေတွင်ပုတီးစိပ်သူ) သက်တော် (၈၀) အား အဘဘိုးသံဖိတ်စာပြကြည့်သည်။ ဘရသေ့က ဖိတ်စာကိုကြည့်ပြီး -

"အဘဘိုးသံတောင် အသက် (၁၀၀) တောင်ရှိပြီပဲ"

ဟု ဆိုရာ ကျွန်တော့်အား ဘဘိုးသံ၏ သာသနာပြုစခန်းကို သွား သွားနည်းကို ညွှန်ပြသည်။ အဘိုးသံ ရာပြည့်ပွဲရက်နီးလာသောအခါ ဘာသာ ရေးနှင့်နီးနွယ်သူများ အုတ်အော်သောင်း တင်းဖြစ်လာကြသည်။

ထိုစဉ် ရန်ကုန်သို့ ကံ့လုံဆရာ တော်ကြီး ကြွလာရာ ကျွန်တော် ဆရာတော်ကြီးထံသွားပြီး -

"ဆရာတော်ဘုရား၊ အဘဘိုးသံ ရာပြည့်ပွဲကို အရှင်ဘုရားကြွပါမည် လား"

ဟု လျှောက်ထားရာ ဆရာတော် ကြီးက ခပ်မဆိတ်နေလေသည်။ ဆရာ တော်ကြီးများသည် ခပ်မဆိတ်နေလျှင် ထိုအခမ်းအနားသို့ တက်မည်မဟုတ် ကြောင်း ကျွန်တော် ရိပ်မိလေသည်။ ကျွန်တော်လည်း အဘိုးသံ၏ ရာပြည့် သို့ မရောက်ဖြစ်ခဲ့ချေ။ ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားကြောင်း ဆင့်ကြားရသည်။ ကျွန်တော် မရောက် ဖြစ်သော်လည်း ကျွန်တော့်ထံ အဘိုးသံ ပေးလိုက်သော ဓာတ်တော်များကို ကြံ့မှတစ်ဆင့်ရလေသည်။

၉-၅-၁၉၉၉ နေ့တွင် ကျွန်တော် ကို အဘိုးသံထံ ဒေါ်အေးအေး (သီလရှင်ဆရာလေးအဂ္ဂ) မှ ပို့ပေး သည်။

အဘိုးသံသည် ကျွန်တော် တွေ့သောအခါ ဆူလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ငါကတွေ့ချင်လို့ အကြိမ်ကြိမ်ခေါ်တာ အခုမှလာတယ်"

"ဘာကိစ္စရှိလို့ပါလဲ အဘ"

"ငါ့အကြောင်း စာတစ်စောင်ပေါက်စ်ပွဲ့ရေးထားချင်ခဲ့လို့ဟ"

"ဒါဆိုရင် ကျွန်တော့်ထက် စာရေးတော်တဲ့ ဆရာမင်းသိခ်နဲ့ တွေ့ပေးပါ့မယ်"

နောက်တစ်ပတ်တွင် ဘဘိုးသံထံ ဆရာမင်းသိခ်နဲ့ ကျွန်တော် ရောက်နေသည်။

အဘိုးသံက -

"စာရေးဆရာ မင်းသိခ် ဆိုတာ အခုမှမြင်ဖူးတယ်။ ခေါင်းလည်းကြီးတယ်၊ ဗိုက်လည်းပူတယ်၊ ခေါင်းထဲ၊ ဗိုက်ထဲမှာ ဉာဏ်တွေအများကြီးပဲ"

ကျွန်တော်တို့အားလုံး ရယ်မိကြသည်။

ကျွန်တော်တို့ မြန်မာပြည်သည် ဗုဒ္ဓဘာသာထွန်းကားရာ တိုင်းပြည်ဖြစ်သည်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒ ရှိသော ဗုဒ္ဓသာသနာ၏ အဆီအနှစ်များ စုစည်းရာနိုင်ငံ ဖြစ်ပါသည်။ သမထ၊ ဝိပဿနာအပြင် အမြင်အကြားရသူများ အထင်အရှားရှိပါသည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးနောက်ပိုင်း ရဟန်းထူး လူထူး၊ ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်ခဲ့သည်။ လယ်တီဆရာတော်ကြီး၊ အနောက်ဂါမ် ဆရာသက်ကြီး စသူတို့ဖြစ်ပါသည်။ ပုဂ္ဂိုလ်ထူး ဆိုသည်မှာ တရားအထူးကျင့်သောသူများ ဖြစ်ပါသည်။ အဘိုးသံသည်လည်း ပုဂ္ဂိုလ်ထူးထဲတွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ကာယ၊ ဝစီကံ၊ မနောကံကောင်းသောသူများသည် အရိယာသူတော်ကောင်းများ ဖြစ်လာကြပါသည်။ မြန်မာပြည်တွင် ထက်သက်လွှတ်စခန်း (၉) ခုရှိလေရာ အဘိုးသံ၏ တောင်သုံးလုံးသာသနာပြုစခန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

အဘဘိုးသံကို အဘ ဦးရွှေလုံး၊ အမိ ဒေါ်အေးသာတို့မှ မှော်ဘီမြို့နယ် စမ်းချောင်းရွာ (ယခု အ-ထ-က (၂) မှော်ဘီရှိ) တွင် ၁၂၅၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ သောကြာနေ့ ၃-၃-၁၈၉၆၊ နံနက်(၉)နာရီမှာ မွေးဖွားသည်။ မွေးချင်း (၇) ယောက်အနက် ဒုတိယမြောက်သားဖြစ်ပါသည်။ အဘိုးသံမွေးရာ စမ်းချောင်းရွာနှင့် သဲအင်းဂူဆရာတော်မွေးရာ နှောကုန်းရွာတို့မှာ သိပ်မဝေးလှချေ။ အဘိုးသံ ငယ်စဉ်ကပင် သဲအင်းဂူဆရာတော်လောင်း မောင်အောင်ထွန်းနှင့် ရင်းနှီးခဲ့ကြသည်။ မိခင်ဖြစ်သူဒေါ်အေးသာသည် ဘဘိုးသံအား ပဋိသန္ဓေနေစဉ်ကတစ်ကြိမ်နှင့် မွေးဖွားပြီးနောက်တစ်ကြိမ် စုစုပေါင်း (၂) ကြိမ် အိပ်မက်ထူးများ မြင်မက်သည်။ ဖခင်ဦးရွှေလုံးမှာ တိုင်းရင်းသား၊ မိခင် ဒေါ်အေးသာမှာ ကရင်တိုင်းရင်းသားဖြစ်၍ အဘဘိုးသံမှာရှမ်း၊ ကရင် စပ်ဖြစ်ပါသည်။ အဘိုးသံ၏ ငယ်နာမည်မှာ မောင်သံအေးဖြစ်ပြီး မူလနာမည်မှာ မောင်သံချောင်း ဖြစ်ပါသည်။ အဘိုးသံကိုယ်တိုင် ပြောကြားချက်မှာ ငယ်စဉ်က သန်စွမ်းလှ၍ 'မောင်သန်'ဟု အမည်တွင်ခဲ့ကြောင်း သိရပါသည်။ ငယ်စဉ်က ဝါးနက်ကုန်းရွာမူလတန်းကျောင်းတွင် (၄) တန်းအထိ ပညာသင်ခဲ့သည်။

အဘိုးသံ အသက် (၂၅) နှစ်အရွယ်တွင် အင်းတကော်မြို့နယ် သာယာကုန်းရွာသူ မသာယာ (၁၆) နှစ်နှင့် အိမ်ထောင်ကျပါသည်။ ဘဘိုးသံ၏ ဘဝအစမှာ လယ်သမားလုပ်ပါသည်။ အဘိုးသံတွင် သား (၃) ယောက်၊ သမီး (၃) ယောက်ရှိပါသည်။ ဂျပန်ခေတ်တွင် ခေတ်ပျက်ကြီးဖြစ်နေ၍ အလုပ်ကောင်းစွာမလုပ်ရချေ။ မယားကျွေးမှု၊ သားကျွေးမှုကို ရှာဖွေရတော့မည့် အဘိုးသံသည် ငါ့ဝမ်းပူဆာ မနေသာ ဆိုသည့်အတိုင်း အမှောင်လောကအတွင်း အပေါင်းအသင်းများနှင့် ၁၉၄၀ မှ ၁၉၅၉ အထိကျက်စားခဲ့သည်။

သဲအင်းဂူဆရာတော်လောင်း ဦးအော.င်ထွန်းနှင့် အဘိုးသံလောင်း ဦးသံေ ခဲးတို့သည် ၁၉၅၉ ခုနှစ်တွင် လမ်းခွဲ ၊ကြသည်။ ဦးအောင်ထွန်းမှာ ရဟန်း ပတ်သွားပြီး ဦးသံအေးမှာ လယ်ပြန်ထွန်ခလေသည်။ ဦးသံအေးမှာ နွားကျောင်းရင်း၊ လယ်လုပ်ရင်း ဖိုထိုးလေသည်။ ဦးသိန်းနှင့် ဦးဇဝနတို့သည် ဦးသံအေးနှင့် ဖိုထိုးဖက်များ ဖြစ်ကြသည်။ ဦးသံအေးသည် ပိန္နဲကုန်းရွာ၊ ကုန်းသံဒင်းရွာ စသည်တို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ဦးသံအေးကို ဆရာတော် ဦးသောဘိတက တရားပြသည်။ လယ်လုပ်ရင်း တရားဆွေးနွေးသည်။ ဦးသံအေး နှစ် (၂၀) ကြာအောင်ဖိုထိုးခဲ့သော ဖိုစာများမှာ ကုန်းသံဒင်းရွာအစပ်တွင် တောင်ပုံယာပုံပင်။ ကုန်းသံဒင်းရွာသည် ဦးသံအေးအတွက် ဘူမိနက်သန်နေရာ မှန်ပင် ဖြစ်သည်။ ဦးသံအေးသည် အခြားနေရာများသို့ ပြောင်းရွှေ့၍ ဖိုထိုးမည်လုပ်သောအခါ ဦးသံအေး၏ ဆရာ အဘဦးမိုးဟိန်းက -

"မောင်သံအေး မင်းဘယ်နေရာမှမသွားရဘူး။ ဒီရွာဟာ မင်းအတွက် ဘူမိနက်သန်နေရာမှန်ပဲ"

ဟု မိန့်ဆိုခဲ့သည်။

အဘဦးမိုးဟိန်းသည် အိန္ဒိယပြည် ဂယာဇာတိဖြစ်ပြီး ရုပ်ပြောင်း နာမ်ပြောင်းများဖြင့် မြန်မာပြည်သို့ ရောက်လာကာ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်သည်။ အဘဦးမိုးဟိန်းသည် မည်သည့်အခါမျှ ထင်ပေါ်ကျော်ကြားအောင်မနေချေ။ ရန်ကုန်မြို့ ဂွတ္တလစ်ရပ်ကွက်၊ အာဇာနည်လမ်းနှင့် အနောက်မြို့ပတ်လမ်းဆုံတွင် အဘဦးမိုးဟိန်းက စေတီငယ်လေးတစ်ဆူကို ၁၉၅၅ ခုနှစ်တွင် တည်၏။ အဘဦးမိုးဟိန်းကို ဂျူန်ဆရာစံက ပေးလိုက်သော ဘုရားလေးကို ဌာပနာ၍ စေတီတည်ကာ ဆရာစံဘုရားဟု အမည်တွင်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဂွတ္တလစ်ရပ်ကွက်ကို ယခုအခါ ဆရာစံရပ်ကွက်ဟု အမည်တွင်ပြောင်းလဲ ခေါ်ဝေါ်လိုက်လေသည်။

စီးဆင်းနေသောရေကို တားမရသည့်နည်းတူ ၁၉၇၀ ပြည့်နှစ်တွင် ဦးသံအေးသည် မြန်မာပြည်အနှံ့ မဟာဂန္ဓာရီ ခရီး စတင်လေသည်။ ပါရမီလမ်းတစ်လျှောက်တွင် ဦးသံအေးနှင့် ပဋ္ဌာန်းဆက်ရှိသူများ ရောက်လာသည်။ ပြည်မြို့အနီးရှိ ထူးစေတီစခန်းတွင် ပုဂ္ဂိုလ်တစ်ဦးက အဘိုးသံကို သာသနာပြုရန် ကတိတောင်းဆိုသည်။ အဘိုးသံက ပထမအကြိမ် ငြင်းဆိုလိုက်သည်။ ထိုအခါ သွေးဝမ်းများသွားရာ (၁၆) နာရီ ကြာသည်။ ဒုတိယအကြိမ် ထိုပုဂ္ဂိုလ်နှစ်ဦး ပြန်ပေါ်လာပြီး သာသနာပြုရန် ကတိတောင်းသောအခါ အဘိုးသံကတိပေးလိုက်လေသည်။ ထိုအခါကျမှ ဆေးကုမရသည့် သွေးဝမ်းသည် အလိုလိုရပ်သွားလေသည်။ ပါရမီရှင်သန်လာသူသည် သာသနာ့တာဝန်ကို မလွှဲမသွေထမ်းရလေသည်။ အဘိုးသံ မိန့်ကြားခဲ့သမျှကို တင်ပြပါမည်။

ပုဂ္ဂိုလ်တစ်ဦးဦး၌ အစွမ်းထက်မြက်သော ဝိဇ္ဇာပညာရှိသည်ဟု ယူဆမိလျှင် ထိုပုဂ္ဂိုလ်ကိုယ်တိုင်က ကြိုးစား၍သာ အစွမ်းထက်သကဲ့သို့ မိမိသည်လည်း ထိုပုဂ္ဂိုလ်နည်းတူ အစွမ်းထက်မြက်သော ဝိဇ္ဇာပညာရှင်ဖြစ်ရန် ကြိုးစားမည်ဟု စိတ်မကူးကြပေ။ ထိုပုဂ္ဂိုလ်ကို အမှီပြုကာ မိမိတို့၏ ကိုယ်ကျိုးရှိရာရှိကြောင်းအတွက် အမြတ်ထုတ်ရေးကိုသာ လုံးပမ်းတတ်ကြလေသည်။ မြန်မာနိုင်ငံ၌ သူရသတိနတ်သမီးကို မယ်



www.burmeseclassic.com

www.burmeseclassic.com

တော်ဒေဝီဟု လူတိုင်းသိကြသည်။ ဗုဒ္ဓမပွင့်မီ အိန္ဒိယပြည် ဗြဟ္မဏအယူလွှမ်းမိုးစဉ်က သူရဿတီကို ဘုရားမအဖြစ်ကိုးကွယ်ခဲ့ကြ၏။ ဗုဒ္ဓပွင့်သောအခါ ဗုဒ္ဓဝါဒ လွှမ်းမိုးလာ၍ သူရဿတီကို နတ်သမီးအဖြစ် အဆင့်လျှော့ကြသွားလေသည်။

တစ်နေ့တွင် ကျွန်တော်သည် အဖေ့ထံ အင်းပြားတစ်ချပ်ကိုပြရာ အင်းပြားပေါ်ရှိ အက္ခရာများကိုကြည့်ပြီး ပြောကြားခဲ့သည်မှာ မြန်မာစကားကို အက္ခရာဖြင့် စတင်ရေးသားသောကာလ (သက္ကရာဇ် ၄၄၆) က မြန်မာတို့ရေးသားကြသော ဗျည်းအက္ခရာတို့သည် ယခုကဲ့သို့ (၃၃) လုံးမရှိသေးဘဲ က၊ ခ၊ င၊ စ၊ ဆ၊ ည၊ တ၊ ထ၊ န၊ ပ၊ ဖ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ အ ဟူသော ဗျည်း(၁၉) လုံးသာရှိသေးကြောင်း၊ နောက်ကာလမဂဓ၊ သက္ကဋဘာသာရပ်တို့၌သုံးသော ဂ၊ ဃ၊ ဇ၊ ဈ၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဒ၊ ဓ၊ ဗ၊ ဘ၊ ဏ၊ ဠ ဟူသော ဗျည်း (၁၄) လုံးကို ရောနှောအသုံးပြုလာသည်ဟု ဆိုသည်။

အဖေ့ဆရာ စာရေးဆရာကြီး ပီမိုးနင်းက -

ဝိဇ္ဇာပညာနှင့် နက္ခတ်ဗေဒင်ပညာတို့သည် ကွင်းဆက်ပညာများ ဖြစ်ကြပေသည်။ အကျိုးအကြောင်းသည် လောကဓာတ်တစ်ခုလုံးကိုအုပ်စိုးနေရာမည်သည့်အရာမျှ- အကြောင်းမဲ့မဖြစ်နိုင်ပေ။ ထိုနက္ခတ်တို့မှာ တန်ခိုးကြီးသော (အီသာဓာတ်တစ်မျိုး)ရှိ၏။ ထိုဓာတ်၏ အရှိန်အဝါတို့သည် ပေါင်းကူးဆက်စပ်လျက် .လောကဓာတ်ကို မွှေနှောက်နေလေရာ စက္ကန့်နှင့်အမျှ အစွမ်းပြနေကြသည်။ ထိုအရှိန်အဝါကို သိသူသည် ရှောင်နိုင်၊ ဆောင်နိုင်၏။ မသိသူမှာ ဆန်ကောၡ အမွှေခံရသောဆန်စပါးကဲ့သို့ ဖြစ်ချင်သလိုဖြစ်လျက် နောက်ဆုံး၌ ကံကို ယိုးမယ်ဖွဲ့ကာ မိမိတို့၏စိတ်ကို ဖြေတတ်ကြသည်'

ဟု အဖေက ပြန်ပြောပြခဲ့သည်။

အဘိုးသံသည် အင်းပြားပေါ်ရှိ စာလုံးများကိုကြည့်၍ မည်သည့်ခေတ် (ဥပမာ ပုဂံခေတ်၊ အင်းဝခေတ်) က ရေးထိုးခဲ့ကြောင်း ပြောနိုင်သည်။ ပုဂံခေတ်က ရှင်အရဟံ၏ မြန်မာ့ဝိဇ္ဇာပညာသည် ထင်ရှားလှသည်။ ဘားမဲ့ဆရာတော်နှင့် ဘိုးဘိုးအောင် စသော ဝိဇ္ဇာမိုရ်များသည်လည်း ဝိဇ္ဇာပညာကို တစ်ဖက်ကမ်းခပ်တတ်မြောက်ခဲ့သည်။ အဘိုးသံ၏ ကျင့်စဉ်၊ လမ်းစဉ်သည် ဘိုးဘိုးအောင်နှင့် တော်တော်တူသည်။



အဘဦးမိုးဟိန်း

ဝိဇ္ဇာ (၅) ပါးရှိသည်။

၁။ ဝေဒဝိဇ္ဇာ၊
၂။ မန္တဝိဇ္ဇာ၊
၃။ လောကီယဝိဇ္ဇာ၊
၄။ အရိယာဝိဇ္ဇာ၊
၅။ ဂန္ဓာရီဝိဇ္ဇာတို့ ဖြစ်ကြသည်။

၁။ ဝေဒဝိဇ္ဇာ ဟူသည်မှာ သာမ၊ ယဇု၊ ဣရုဗ္ဗေဒ၊ အာတပ္ပဗေဒင်ဟု ဆိုအပ်သော လေးပုံသော ဝေဒလ္လအတတ်ပညာတို့၌ တစ်ဖက်ကမ်းရောက်တတ်မြောက်သော စွမ်းအင်ရှိသည့်သူကို ခေါ်သည်။

၂။ မန္တဝိဇ္ဇာဟူသည်မှာ အမျိုးမျိုးသော လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ အသဝနီ၊ ဘုရဏီ၊ ကြတ္တိကာ အစရှိသော နက္ခတ် (၂၇) လုံးတို့၏ နေထိုင်ပြောင်းရွှေ့ပုံကို ရှုမြင်သဖြင့် ာက်ရှိသက်မဲ့တို့၏ အကျိုးအပြစ်ကို သိနိုင်သော နက္ခတ်ကျမ်း၊ အမျိုးမျိုးသော ဂါထာမန္တရားကျမ်း၊ ဆေးကျမ်း၊ ာတ်ကျမ်း အစရှိသော လောကီပညာ ား ကို တတ်မြောက်သော စွမ်းအင်ရှိသူကိုခေါ် သည်။

၃။ လောကီယဝိဇ္ဇာ ဟူသည်မှာ မြတ်စွာဘုရားရှင်၏ သာသနာကွယ်သည့်အခိုက် သရဘင်၊ နာရဒ အစရှိသော ရသေ့ကြီးတို့သည် အားထုတ်၍ ရသော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ဟူသော လောကီအသိဉာဏ်ပေါက်၍ ဈာနင်ယောဂအတတ်၌ တစ်ဖက်ကမ်းခပ်တတ်မြောက်သောစွမ်းအင်ရှိသူကို ခေါ်သည်။

၄။ အရိယာဝိဇ္ဇာ ဟူသည်မှာ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာသုံးပါးတည်း။ ဝိသေသအားဖြင့် မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာနှစ်ပါးတည်း။ သစ္စာလေးပါးကိုပိုင်ပိုင်သိ၍ မဂ်ဖိုလ်သို့ရောက်သော အရိယာပုဂ္ဂိုလ်အဖြစ် တတ်မြောက်သော စွမ်းအင်ရှိသူကို ခေါ်သည်။

၅။ ဂန္ဓာရီဝိဇ္ဇာ ဟူသည်မှာ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူသော ဝိဇ္ဇာလေးပါးနှင့်တကွ ဝိဇ္ဇာ ကျမ်းများ၌လာသော ဓနသိဒ္ဓိ၊ ပထ သိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိ အာယု သိဒ္ဓိ၊ စိန္တာမယသိဒ္ဓိများ ပေါ ရောက်သဖြင့် နတ်၊ သိကြားတို့၏တန် နှင့်အလားတူ စွမ်းအင်ရှိသောသူများ ခေါ်ပါသည်။

အဘိုးသံသည် သထုံရွှေ တောင်၊ ကေလာသတောင်၊ တောင် လုံးတို့တွင် (၅) နှစ်ကြာအောင် တ ကျင့်ခဲ့သည်။ အဘိုးသံသည် ဇာတိ ရွာ တောင်သုံးလုံးသို့ ပြန်ရောက်သော အခါ မည်သည့်နေရာတွင် သာသနာ ရမည်နည်းဟု စဉ်းစားနေစဉ် ဘား ဆရာတော်ကြီးနှင့် အဘဦးမိုးဟိန်းတို့ တောင်သုံးလုံးတွင် သာသနာပြုရန် ကြားခဲ့သည်။ အဘိုးသံ၏ ဆေးကု များကို ဘားမဲ့ဆရာတော်ကြီးက ကို တိုင်တစ်မျိုး၊ အိပ်မက်ပေး၍တစ်ပုံ သ ကြားပေးခဲ့သည်။

အဘိုးသံ တောင်သုံးလုံး ရောက်စတွင် သမလ၊ ဝိမလစေတီ နှစ်ဆူသာရှိသည်။ ဘားမဲ့ဆရာတော် အဘိုးသံကို စေတီတစ်ဆူ ထပ်တည် မည်။ ဘွဲ့အမည်မှာ အောင်ကြ မြသိန်းတန် ဖြစ်သည်။ (ခုနစ်နေ့နံ အားလုံး ဘွဲ့တော်တွင်ပါသည်။) စေ တည်မည့်ကုန်းအနီးမှ သော့ခတ် သော ငွေသေတ္တာနှင့် ရွှေသားအတ် သော (၉) လက်မဉာဏ်တော်ရှိ ဆင်းတုတော်တစ်ဆူကို အဘိုးသံ သည်။ စေတီတည်နေစဉ် ငွေလာလှ သည့်သူများမှာ အဆက်မပြတ် ယင်းစေတီသည် ဉာဏ်တော် ( တောင်ရှိသည်။ တောင်သုံးလုံးသာသ ပြုစခန်းသည် ရန်ကုန်မြို့မှ (၃၆) မိုင် ဝေးပြီး ရန်ကုန် - မန္တလေးကားလ (ရန်ကုန်မှလာလျှင်) လက်ဝဲဘ အင်းတကော်အနီး (၇) မိုင်အကွာ ရှိသည်။ ယင်းစေတီ တည်ပြီးနော အဘိုးသံ၏နာမည်သည် တစ်ဟုန် ကြီးမားလာလေသည်။

ရှေးအခါက ညောင်ရမ်းမင်းဆ များ နန်းဆိုက်ခဲ့၍ ညောင်ရမ်းကုန် ခေါ်သည်။ အဘိုးသံနှင့် ပဌာန်းဆ သူများဖြစ်ခဲ့ပေလိမ့်မည်။ အဘိုးသံ စကားပြောလျှင် ဇာတိ ဇာတိ အပြည့်ရှိသည်။ အဘိုးသံ၏ မျက်



www.burmeseclassic.com

www.burmeseclassic.com

သည် စကားပြောလျှင်ဖြစ်စေ၊ ဆေးကုပေးလျှင်ဖြစ်စေ ဝင်းဝင်းတောက်လာသည်။

တောင်သုံးလုံးစခန်းတွင် အဘိုးသံ တည်ခဲ့သောစေတီများမှာ ဓာတ်ပေါင်းစေတီ၊ ရန်ပြေမာန်ပြေစေတီ၊ နောင်တော်ကြီးစေတီ၊ ဗားလေးပါးစေတီ၊ အမ္ဘာမင်္ဂလာမဏ္ဍိုင်စေတီ၊ ဗူးဘုရား၊ ထူးဘုရား၊ သာသနာ့မဏ္ဍိုင်စေတီ၊ အကျွတ်အလွတ်စေတီ၊ သစ္စာမဏ္ဍိုင်စေတီ၊ မေတ္တာမဏ္ဍိုင်စေတီ၊ ဗောဓိတစ်ထောင်စေတီ၊ (၁၀၈) တောင်စေတီ၊ မြတ်စွာဘုရားမွေစကြာဟောနေသော ပုံတော်နှင့် တောင်ပိုင်ဘိုးဘိုးကြီး၊ စောနော်ဝါးနတ်နန်းတို့ ဖြစ်ကြသည်။ အဘိုးသံ (၁၀၈) တောင်စေတီအနီးတွင် ထိုင်လျက်ဓာတ်ပုံရိုက်သောအခါ အဘိုး၏တစ်ဖက်တစ်ချက်၌ အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်ပုံတော်၊ အဘိုး၏ဦးခေါင်းအထက်၌ ဘားမဲ့ဆရာတော်ကြီးပုံတော်တို့ ပေါ်လာလေသည်။ ယင်းပုံတော်ကို အဘကိုယ်တိုင် ကျွန်တော်ကိုပေးလိုက်သော်လည်း နာဂစ်မုန်တိုင်းကြောင့် အိမ်ပြောင်းသောအခါ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။

အဘိုးသံ၏ ဘာသာရေးဆိုင်ရာ ဩဝါဒများမှာ -

ဝိဇ္ဇာပညာကို အပြင်မှာမရှာနဲ့၊ မိမိခန္ဓာမှာရှာပါ

မေတ္တာ၊ သစ္စာမရှိလျှင် အဓိဋ္ဌာန်အောင်နိုင်ပါ။

မေတ္တာဘာဝနာပွားများခြင်းသည် အရေးပါသည်။

ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်သည် သစ္စာလေးပါးဖြစ်၏။

သစ္စာလေးပါးကိုသိအောင် ကြိုးစားရမည်။

သိ၊ ပယ်၊ ဆိုက်၊ ပွား' လျှင် နိဗ္ဗာန်ရောက်နိုင်၏။ ဒုက္ခသစ္စာကို ထဲထဲဝင်ဝင်သိလျှင် ကျန်သုံးပါးလည်းသိလာသည်။ ဒုက္ခသစ္စာကို သေသေချာချာသိလျှင် ဗုဒ္ဓသာသနာမှာ အဆင့်အတန်းတစ်ခုသည်။ သာသနာအောင်လက်မှတ်ရခြင်း ဖြစ်သည်။ ထိုအခါ လောကီဥစ္စာကို မလိုလည်းရ၊ လိုလည်းရလာမည်။ သံသရာခရီးလမ်းကောင်းသွားမည်။ ပါရမီဆယ်ပါးကို ကျင့်ကြံအားထုတ်ရမည်။ မေတ္တာနှင့် သစ္စာကို ပဲ့ကိုင်ရမည်။ ထိုအခါ အောင်ခြင်းမင်္ဂလာရသွားလိမ့်မည်။ တရားစောင့်သူကို တရားကပြန်စောင့်ရှောက်သည်။ ကိုယ့်ကျင့်တရားကောင်းမွန်ပြည့်စုံရမည်။ မြတ်ဗုဒ္ဓတရားသည် ဖတ်၊ မှတ်နေရုံနှင့်မပြီးချေ။ ကျင့်မှရမည်။ ဂုဏ်တော်တစ်ပါးပါးကို စွဲမြဲပြီး ပုတီးစိပ်ပါ။ ဂုဏ်တော်မှ ကိုယ်လုံပါမည်။ ပုတီးပတ်ကို ပြီးချင်ဇောနှင့် ကဆုန်ပေါက်စိပ်လျှင် အချည်းနှီးဖြစ်သည်။ စိတ်ကောင်းထားရမည်။ မဟုတ်တာ၊ မမှန်တာမလုပ်နှင့်၊ မသုံးစွဲနှင့်။ဗုဒ္ဓကို ကြည်ညိုမှ ဗုဒ္ဓဘာသာဖြစ်မည်။ ဗုဒ္ဓဖာသာမဖြစ်စေနှင့် ဒုက္ခရောက်မှ ဘုရားမ,တနှင့်တို့ ဖြစ်၏။

အဘိုးသံသည် ပုတီးစိပ်ပြီးတိုင်း ရွတ်ဆိုသော ဆုတောင်းပတ္ထနာမှာ -

၁။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော - မြတ်စွာဘုရားသည် ဤသို့သော အကြောင်းကြောင့်လည်း အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

၂။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတသောဘဂဝါ - မြတ်စွာဘုရားသည် အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံဂစ္ဆာမိ - အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ် ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ - အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ် ဦးခေါင်းဖြင့် ရှိခိုးပါ၏။

၅။ ဝိဇ္ဇာစရဏသမ္ပန္နံ ဝတသောဘဂဝါသောကမဿဇဝရူပဿဒုက္ခဿ မဟာနာယမမ္ဘဒေသေတိ-မြတ်စွာဘုရားသည် အသိဉာဏ်၊ အကျင့်တရားတို့နှင့် ပြည့်စုံတော်မူပေစွတကား။ မြတ်စွာဘုရားသည် ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူပါ၏။

၆။ ဝိဇ္ဇာစရဏသမ္ပန္နော မေသုခံ ဒေတု - အသိဉာဏ်အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား ချမ်းသာကို ပေးတော်မူပါစေသော်။

၇။ ဝိဇ္ဇာစရဏသမ္ပန္နော မေသီသေတိဌတု - အသိဉာဏ်အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူပါစေသော်။

၈။ ဝိဇ္ဇာစရဏသမ္ပန္နံ မေသိဒ္ဓိမင်္ဂလံဒေတု-အသိဉာဏ်အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား ပြီးစီးခြင်းမင်္ဂလာကိုပေးတော်မူစေသော်။

၉။ ဝိဇ္ဇာစရဏသမ္ပန္နံ မေဇယံ ဒေတု - အသိဉာဏ်အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား အောင်မြင်ခြင်းကို ပေးတော်မူပါစေသော်။

အဘိုးသံသည် ပုတီးစိပ်လျှင် လက်ခလယ်နှင့် လက်မဖြင့် စိပ်သဖြင့် မေးကြည့်ရာ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာအတွက်ဟု ဖြေပါသည်။ အဘိုးသံက အိမ်တိုင်းတွင် သာသနာ့ပွဲကပ်သင့်ကြောင်း ပြောခဲ့၏။ ကျွန်တော်၏ ဓမ္မမိတ်ဆွေ ဦးအုန်းသွင် (ဓာတ်ပုံဆရာ ကျောက်မြောင်း) ၏ အိမ်အပေါ်ထပ်တွင် သူနှင့်အသွင်မတူသူများနေရာ ထိုသူများနေရာရွှေ့သွားရန် အဘိုးသံထံလျှောက်ရာ ဖယောင်းတိုင်ကလေး ထွန်းပေးရုံနှင့် နေ့ချင်းပြောင်းသွားသည်။

အဘိုးသံ ဆေးကျိုလျှင် ညတွင် ကျိုလေ့ရှိသည်။ မိုးပြဒယ်ထဲ နှမ်းဆီ (၉) ပိဿာထည့်ပြီး ဒယ်အိုးဘေးတွင် အလင်းတိုင် (၅) တိုင်၊ အမွှေးတိုင် (၅) တိုင် ထွန်းသည်။ ဒယ်အိုးထဲ အင်း(၁၁) ချပ်၊ ဓာတ်လုံး (၁၁) လုံးထည့်ပြီး တစ်ညလုံးကျို၏။ နှမ်းဆီကို မီးပြင်းတိုက်ထားသော်လည်း ဆူခြင်း၊ ဝေခြင်း မရှိချေ။ ကျိုပြီး နံနက်ပိုင်း နှမ်းဆီကို ပြန်ချိန်ကြည့်ရာ (၉) ပိဿာသာလျှင် ရှိလေသည်။

အရိယာဓမ္မဝိဇ္ဇာဖြစ်သော အဘိုးသံသည် ၅-၈-၁၉၉၉၊ နံနက် (၄:၅၅) နာရီတွင် ကွယ်လွန်ခဲ့သည်။ အဘိုးသံ တည်ထားခဲ့သော (၁၀၈) တောင်စေတီကြီး၏ထီးတော်အသစ်တင်လှူပူဇော်ပွဲကို ၉-၃-၂၀၁၄ နံနက် (၉) နာရီတွင် ကျင်းပရာ ဆရာတော် ဘဒ္ဒန္တဝါယာမကြီးမှူး၍ အလှူရှင်များဖြစ်ကြသော ဦးသန်းဦး၊ ဒေါ်နွဲ့နွဲ့ရီ (PNK ဆောက်လုပ်ရေး) နှင့် ပါရမီရှင်များ စုပေါင်း၍ (ရှမ်း၊ မွန်၊ မြန်မာ) ရွှေထီးတော်အသစ်ကြီးကိုတင်လှူကြသည်။ အကျွေးအမွေးကို ဆရာတော်ဦးဥတ္တမမှ တာဝန်ယူပါသည်။ မြစည်သူဆိုင်းအဖွဲ့မှ ကူညီပံ့ပိုးပါသည်။ ထီးတော်အသစ်တင်နေစဉ် ကောင်းကင်ပြင်၌ တိမ်များဖြင့် နဂါးရုပ်ကြီး ပေါ်လာပါသည်။ သာသနာပြုပုဂ္ဂိုလ်ကြီး အဘိုးသံ၏ မေတ္တာကြီးမားလှပေသည်။

ဤဆောင်းပါးဖြင့် အဘိုးသံနှင့် ဖခင်ဦးရန်အောင်ကို ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇွန်လ

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂုဏ္ဍိ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လက်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းသုံး ပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်းတို့အား ပြုလုပ်ပူဇော်ပါလျှင် အထူးသဖြင့် မဟာဝေဒဗွမန္တန်ကြီး အပါအဝင် ဓနံလာဘ်ဆိုင်ရာဂါထာမန္တရားတို့အား ရွတ်ဖတ်ပူဇော်ပါလျှင် ထူးကဲသော အကျိုးကျေးဇူးကောင်း များစွာခံစားရမည် မလွဲမသွေဖြစ်ပါသည်။ ယခုကာလ၌ ၁၇-၆-၂၀၁၄ နေ့၊ နံနက် (၈း၃၇) နာရီမှ ၁၈-၆-၂၀၁၄ နေ့၊ ညဦး (၇း၀၇) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် စန်းယှဉ်နေမည် ဖြစ်ပါသည်။ ပြီး ၁၈-၆-၂၀၁၄ နေ့ ညဦး (၂၂း၀၄း၁၃) နာရီမှ (၂၂း၄၀း၁၈) နာရီထိ ဓနသိဒ္ဓိနက္ခတ်သည် လက်ဖြတ်ကျော်နေမည်ဖြစ်လျက် ၁၈-၆-၂၀၁၄ နေ့ နံနက် (၃း၂၉း၂၉) နာရီမှ (၄း၃၈း၂၉) နာရီထိ ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၂၃း ၁၂း ၀၅ | ၂၃း ၄၈း ၁၀ | ၁ | ၄း ၃၇း ၂၁ | ၅း ၄၆း ၁၉ |
| ၂ | ၂၃း ၀၈း ၀၉ | ၂၃း ၄၄း ၁၄ | ၂ | ၄း ၃၃း ၂၅ | ၅း ၄၂း ၂၃ |
| ၃ | ၂၃း ၀၄း ၁၃ | ၂၃း ၄၀း ၁၈ | ၃ | ၄း ၂၉း ၂၉ | ၅း ၃၈း ၂၇ |
| ၄ | ၂၃း ၀၀း ၁၇ | ၂၃း ၃၆း ၂၂ | ၄ | ၄း ၂၅း ၃၃ | ၅း ၃၄း ၃၁ |
| ၅ | ၂၂း ၅၆း ၂၁ | ၂၃း ၃၂း ၂၆ | ၅ | ၄း ၂၁း ၃၇ | ၅း ၃၀း ၃၅ |
| ၆ | ၂၂း ၅၂း ၂၅ | ၂၃း ၂၈း ၃၀ | ၆ | ၄း ၁၇း ၄၁ | ၅း ၂၆း ၄၁ |
| ၇ | ၂၂း ၄၈း ၂၉ | ၂၃း ၂၄း ၃၄ | ၇ | ၄း ၁၃း ၄၅ | ၅း ၂၂း ၄၅ |
| ၈ | ၂၂း ၄၄း ၃၃ | ၂၃း ၂၀း ၃၈ | ၈ | ၄း ၀၉း ၄၀ | ၅း ၁၈း ၄၉ |
| ၉ | ၂၂း ၄၀း ၃၇ | ၂၃း ၁၆း ၄၂ | ၉ | ၄း ၀၅း ၅၃ | ၅း ၁၄း ၅၃ |
| ၁၀ | ၂၂း ၃၆း ၄၁ | ၂၃း ၁၂း ၄၆ | ၁၀ | ၄း ၀၁း ၅၇ | ၅း ၁၀း ၅၇ |
| ၁၁ | ၂၂း ၃၂း ၄၅ | ၂၃း ၀၈း ၅၀ | ၁၁ | ၃း ၅၇း ၀၁ | ၅း ၀၆း ၀၁ |
| ၁၂ | ၂၂း ၂၈း ၄၉ | ၂၃း ၀၄း ၅၄ | ၁၂ | ၃း ၅၃း ၀၅ | ၅း ၀၂း ၀၅ |
| ၁၃ | ၂၂း ၂၄း ၅၃ | ၂၃း ၀၀း ၅၈ | ၁၃ | ၃း ၄၉း ၀၉ | ၄း ၅၈း ၀၉ |
| ၁၄ | ၂၂း ၂၀း ၅၇ | ၂၂း ၅၆း ၀၂ | ၁၄ | ၃း ၄၅း ၁၃ | ၄း ၅၄း ၁၃ |
| ၁၅ | ၂၂း ၁၆း ၀၁ | ၂၂း ၅၂း ၀၆ | ၁၅ | ၃း ၄၁း ၁၇ | ၄း ၅၀း ၁၇ |
| ၁၆ | ၂၂း ၁၂း ၀၅ | ၂၂း ၄၈း ၁၀ | ၁၆ | ၃း ၃၇း ၂၁ | ၄း ၄၆း ၂၁ |
| ၁၇ | ၂၂း ၀၈း ၀၉ | ၂၂း ၄၄း ၁၄ | ၁၇ | ၃း ၃၃း ၂၅ | ၄း ၄၂း ၂၅ |
| ၁၈ | ၂၂း ၀၄း ၁၃ | ၂၂း ၄၀း ၁၈ | ၁၈ | ၃း ၂၉း ၂၉ | ၄း ၃၈း ၂၉ |
| ၁၉ | ၂၂း ၀၀း ၁၇ | ၂၂း ၃၆း ၂၂ | ၁၉ | ၃း ၂၅း ၃၃ | ၄း ၄၃း ၃၃ |
| ၂၀ | ၂၁း ၅၆း ၂၁ | ၂၂း ၃၂း ၂၆ | ၂၀ | ၃း ၂၁း ၃၇ | ၄း ၃၀း ၃၇ |
| ၂၁ | ၂၁း ၅၂း ၂၅ | ၂၂း ၂၈း ၃၀ | ၂၁ | ၃း ၁၇း ၄၁ | ၄း ၂၆း ၄၁ |
| ၂၂ | ၂၁း ၄၈း ၂၉ | ၂၂း ၂၄း ၃၄ | ၂၂ | ၃း ၁၃း ၄၅ | ၄း ၂၂း ၄၅ |
| ၂၃ | ၂၁း ၄၄း ၃၃ | ၂၂း ၂၀း ၃၈ | ၂၃ | ၃း ၀၉း ၅၁ | ၄း ၁၈း ၄၉ |
| ၂၄ | ၂၁း ၄၀း ၃၇ | ၂၂း ၁၆း ၄၂ | ၂၄ | ၃း ၀၅း ၅၅ | ၄း ၁၄း ၅၃ |
| ၂၅ | ၂၁း ၃၆း ၄၁ | ၂၂း ၁၂း ၄၆ | ၂၅ | ၃း ၀၁း ၅၉ | ၄း ၁၀း ၅၇ |
| ၂၆ | ၂၁း ၃၂း ၄၅ | ၂၂း ၀၈း ၅၀ | ၂၆ | ၂း ၅၈း ၀၃ | ၄း ၀၆း ၀၁ |
| ၂၇ | ၂၁း ၂၈း ၄၉ | ၂၂း ၀၄း ၅၄ | ၂၇ | ၂း ၅၄း ၀၇ | ၄း ၀၂း ၀၅ |
| ၂၈ | ၂၁း ၂၄း ၅၃ | ၂၂း ၀၀း ၅၈ | ၂၈ | ၂း ၅၀း ၁၁ | ၃း ၅၈း ၀၉ |
| ၂၉ | ၂၁း ၂၀း ၅၇ | ၂၁း ၅၇း ၀၂ | ၂၉ | ၂း ၄၆း ၁၅ | ၃း ၅၄း ၅၃ |
| ၃၀ | ၂၁း ၁၆း ၀၁ | ၂၁း ၅၃း ၀၆ | ၃၀ | ၂း ၄၂း ၁၉ | ၃း ၅၀း ၁[illegible] |



www.burmeseclassic.com

နယူတန်ရဲ့ အဆိုတစ်ခုထဲက တုံ့ပြန်မှုတိုင်းမှာ တန်ပြန်အကျိုးသက်ရောက်မှုရှိတယ်လို့ ဆိုထားတယ်။

တုံ့ပြန်မှုဆိုတာကလည်း ကိုယ့်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့လုပ်ခဲ့တဲ့လုပ်ရပ်တွေပါပဲ။ တစ်နည်းဆိုရရင် အကြောင်းအရာတွေပေါ့။ ဒီအကြောင်းအရာတွေရှိနေပြီဆိုရင် သူနဲ့ထိုက်သင့်တဲ့ အကျိုးတရားက တစ်နေ့နေ့တစ်ချိန်ချိန် ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘဲ။ ဒီလိုဆိုရင် အကြောင်းတရားတစ်ခုကြောင့်ဖြစ်လာရတဲ့ အကျိုးတရားတစ်စကို ကျွန်တော် ဆွဲထုတ်ကြည့်လိုက်မိတယ်။

ရပ်ကွက်ထဲ၊ လမ်းထဲကို လူစိမ်းတစ်ယောက်ဝင်လာပြီး -

"ဦးတင်မောင်တို့အိမ် ဘယ်နားလောက်မှာလဲဗျာ"

လို့ မေးလာခဲ့ရင် -

"ဘယ်ဦးတင်မောင်ကိုမေးတာလဲ"



# မြောင်းမြ-မြင့်လှိုင်

## ပြန်တောင်းသွားတဲ့အကြွေး

၁

www.burmeseclassic.com

လို့ စာဒကတက်ဖွယ်ရှိတယ်။

လမ်းထဲမှာက ဦးတင်မောင် နှစ်ယောက်တောင်ရှိတာကိုး။ ဆိုက်ကား ဦးတင်မောင်နဲ့ ကျောက်မျက်လုံးဦးတင်မောင်။ ဆိုက်ကားနင်းတဲ့ ဦးတင်မောင်ကို ဘေးဖယ်ထားပြီး ကျောက်မျက်လုံး ဦးတင်မောင်အကြောင်းဆက်ရအောင်။ ကျွန်တော်ပြောချင်တာလည်း ကျောက်မျက်လုံးဦးတင်မောင်အကြောင်းပါပဲ။

ဒီရပ်ကွက်လေးထဲမှာ ဦးတင်မောင်တို့မိသားစုက မရှိမရှားဆိုတာထက် သောင်သောင်သာသာနေနိုင်တယ်ဆိုတာက ပိုမှန်လိမ့်မယ်ထင်တယ်။

အောက်ခြေလူတန်းစားတွေများတဲ့ ဒီရပ်ကွက်လေးမှာ ဦးတင်မောင်တို့မိသားစုနဲ့ ကင်းနိုင်တဲ့လူကလည်း ရှားတော့ရှားသားကလား။

သာမှု၊ နာမှုနဲ့ ငွေရေးကြေးရေး အခက်အခဲမို့ရှိလာကြရင် သူ့ဆီပဲပြေးကြလွှားကြရတာ။ ဦးတင်မောင်တို့အိမ်ဆိုတာကလည်း အမိန့်ရအပေါင်ဆိုင်ကြီး မဟုတ်ပေမယ့် ရပ်ကွက်ထဲက အောက်ခြေလူတန်းစားတွေရဲ့ တဒင်္ဂအခက်အခဲကို ဖြေရှင်းပေးနိုင်တဲ့ လက်သိပ်ထိုး အပေါင်ဆိုင်လေးကိုး။

တော်ရုံတန်ရုံ ငွေကြေးကိစ္စကို အတိုးလေးဘာလေးနဲ့ဆွဲလို့ရသလိုပဲ ပေါင်စရာနှံ့စရာရှိလည်း ပေါင်လို့နှံ့လို့ရတယ်။ ဦးတင်မောင်ဆိုတာကလည်း တခြားဘာအလုပ်မှမည်မည်ရရမလုပ်လည်း အေးရာအေးကြောင်းတော့ နေနိုင်စားနိုင်တယ်။ သူ့မှာ အလုပ်ကြီးအကိုင်ကြီးဆိုလို့ အခုလိုမိုးလေးတဖျောက်ဖျောက်ကျလာပြီဆို ငါးဖမ်းပိုက်ကလေးတွေကို ဖာတန်ဖာထေးတန်ထေးနဲ့ အလုပ်ကိုရှုပ်နေတော့တာ။

ငါးများတဲ့ သုတ်ကိုင်းကောင်းကောင်းရှာရတာနဲ့၊ ငါးများချိတ်ဆိုက်စုံပြေးဝယ်ရတာနဲ့ တစ်နေ့တစ်နေ့ ယောက်ယက်ခတ်လို့။ ဘေးက အကြောင်းမသိတဲ့လူများမြင်ရင် တစ်အိမ်လုံး ဒီအလုပ်နဲ့ ရှာကျွေးနေသလားမှတ်ရတယ်။ ဒီအလုပ်က သူ့စီးပွားရေးမဟုတ်ပေမယ့် တော်တော်လေးတော့ မက်ရေစက်ရေရှိတာကိုး။

အမှန်အတိုင်းပြောရရင် မွေးရာဇီဇဖျောက်မရ။ ဝါသနာနဲ့ ဇွဲ သေခါမှကွဲဆိုတဲ့စကားလိုပဲ ဦးတင်မောင်ကိုယ်တိုင်က ဒီအလုပ်ကို ဝါသနာကြီးတာ။ တွေ့ဖူးပါတယ်။ တချို့လူတွေ တောမှာနေစဉ်ကတော့ ငါးရှာဖားရှာလုပ်ခဲ့ပေမယ့် မြို့ပေါ်မှာပြောင်းရွှေ့နေထိုင်ကြတဲ့အခါတော့ ဒီလိုအလုပ်မျိုးတွေနဲ့ ကင်းကွာသွားတတ်ကြတယ်။

ဦးတင်မောင်ကျတော့ ဒီလိုမဟုတ်ဘူး။ ငယ်စဉ် တောမှာနေတုန်းကလည်း အပေါင်းအသင်းတွေနဲ့ ငါးရှာ၊ ဖားရှာဆိုသူထိပ်ဆုံးကပဲ။ မျိုးရိုးလိုက်တယ်ပြောရအောင်လည်း သူ့အမျိုးတွေထဲမှာ ငါးရှာ၊ ဖားရှာတဲ့လူ တစ်ယောက်မှမရှိခဲ့ဘူး။ သူ့မိဘတွေဆိုတာကလည်း တောသူတောင်သားတွေ။ ဘာသာတရားလည်း အင်မတန်ကိုင်းရှိုင်းကြတာကလား။

ဦးတင်မောင်အထက်က အကြီးတွေရော သူ့အောက်ကအငယ်တွေပါ မိဘစကားဆို မြေဝယ်မကျတွေချည်းပဲ။ သူတစ်ယောက်ပဲ ဒီတံငါအလုပ်နဲ့ ပတ်သက်လာရင် ဘယ်လိုမှတားမနိုင်ဆီးမနိုင်ဖြစ်နေတာ။ တစ်မိပေါက်တစ်ယောက်ထွန်း ဆိုတာ ဒါမျိုးထင်ပ့ါ။

မိဘလုပ်သူတွေက သူ့ကိုကုသိုလ်ကံရဲ့အကျိုးကဘယ်လို၊ အကုသိုလ်ကံရဲ့အကြောင်းက ဘယ်လိုဆိုတာ သိရအောင် ကျောင်းအားရက်တွေဆိုရင် ရွာကျောင်းက ဆရာတော်ဘုရားထံ တစ်လကိုးသီတင်းပို့ပို့ထားတာ။ ဦးတင်မောင်ကလည်း ဆရာတော်ရှေ့မှာဆို မြက်လျှောလေးအတိုင်း တင်ပ့ါဘုရား၊ တင်ပ့ါဘုရားနဲ့။ အဲ - ဆရာတော်ကွယ်တာနဲ့ ပါးပျဉ်းထထောင်တတ်တာဆိုတော့ ငယ်သန္ဓေသေရင်းစွဲလို့ပဲ ပြောရမလိုဖြစ်နေပြီ။

အခုလည်းကြည့်။ မိုးကလေးတဖျောက်ဖျောက်ရွာတာနဲ့ တိုက်ပွဲဝင်စစ်သူကြီးလို လက်နက်ခဲယမ်းတွေ ပြင်ဆင်စုဆောင်းနေပြီ။ ရပ်ကွက်ထဲမှာ သူလိုလူမျိုးတွေတော့ရှိတာပဲ။ များလို့ရတဲ့၊ ပိုက်တားလို့ရတဲ့ငါးတွေကို နည်းရင်လည်း အိမ်ဟင်းစားပေ့ါ။ များများရရင်လည်း ငွေလေးကြေးလေးနဲ့ ဖလှယ်ကြတယ်။ ဒါက အလုပ်သဘောအရဆိုရင် သဘာဝလည်းကျတယ်။

အဲ - သဘာဝမကျတာက ဦးတင်မောင်။ ဘာလို့ သဘာဝမကျတာလဲဆိုတော့ သူများလို့ရတဲ့ ငါး၊ ပိုက်တားလို့ရတဲ့ငါး သူဘယ်တော့မှမစားဘူး။ မစားတာလည်း အခုမှတော့မဟုတ်ဘူး။ သူခပ်ငယ်ငယ် တောမှာနေစဉ်ကတည်းက မစားတာ။ သူတင်မကဘူး၊ သူ့မိန်းမနဲ့ကလေးတွေလည်း မစားဘူး။ သူကလည်း ချက်စားကြပါလားလို့ တစ်ခါမှ မပြောဘူး။ ကဲ - မစားရင် ရောင်းမှာပဲလို့ ထင်စရာရှိတယ်။ ခက်တာက ဒီငါးတွေ ကို ရောင်းလည်း မရောင်းဘူး။

"မင်းဟာက မဟုတ်သေးပါဘူး ရောင်းလည်းမရောင်း၊ စားလည်းမစား ရင် ဒီငါးတွေဘာလုပ်ပစ်သလဲ"

လို့ မေးလာရင် အလကားပေးပစ် တယ်လို့ပဲ ဖြေရတော့မယ်။

အဟုတ်ပြောတာ။ ဦးတင်မောင် အဲဒီစိတ်ကလေးတစ်ခုတော့ ချီးကျူး စရာပါ။ ရပ်ကွက်ထဲက ဆင်းရဲနွမ်းပါး တွေ ရော့တစ်တွဲ၊ ရော့တစ်တွဲ အကူ ပေးပစ်တာ။

ပြောပါပကော။ ဒီအလုပ်က သူ့ စီးပွားရေးမဟုတ်သလို သူစားဖို့လုပ်တာ လည်းမဟုတ်ပါဘူးလို့။ စွန့်ဖို့ခက် ဝါသနာကြောင့်သာလုပ်နေတာလေ။ အကုသိုလ်အလုပ်ကလည်း ဦးတင်မောင် နဲ့ အကျိုးပေးတယ်လို့ ပြောရမလား သူများပြီဆို၊ ပိုက်တားပြီဆို ငါးမရ နေ့ရယ်လို့ ရှိကိုမရှိတာ။

ဝါဆို၊ ဝါခေါင်ဆို ကျွန်တော် ခမ္ဘာရုံလမ်းဆုံမြေအောင် ကွန်ကရစ် ပိုက်ကရေတွေ ဒလဟောဆင်းနေ ဒီလိုအချိန်ဆို ဦးတင်မောင် လေးပေ သာလောက်နက်တဲ့ ရေမြောင်းထဲဆင်း ပြီး ကွန်ကရစ်ပိုက်ဝတည့်တည့်မှာ ဖမ်းပိုက်ကို ကတော့ချွန်ပုံလုပ်ပြီး ထားတာ။ ဒီကွန်ကရစ်ပိုက်က ရေ နဲ့ပါလာတဲ့ ငါးပေါင်းစုံ သူ့ငါးဖမ်းပိုက် စုပြုံတိုးတော့တာပဲ။ မနက်ပိုင်း ညဦးပိုင်ဖော်။ ညဦးပိုင်းထောင်ရင် ဝေလီဝေလင်းထဖော်။ ဘယ်အ ဖော်ဖော် ငါးတွေအထွေးလိုက်ရ ငါးချည်းပဲလားဆိုတော့ မဟုတ်ဘူး ရှဥ့်တွေရော ရေမြွေတွေပါ လုံးထွေး တာ။ မြွေမကြောက်ကင်းမကြောက် ပဲ ဝါသနာကြီးလွန်းတာ ပြောပါတ

ပြီးတော့ သူ့မှာအကျင့်တ သေးတယ်။ ရလာတဲ့ငါးတွေကို အတွဲလေးသီသီထားတာ။ ဒါမှဖြတ် ဖြတ်လာ သူပေးချင်တဲ့သူတွေ့ရင် ချင်းခေါ် ပေးလို့ရမှာကိုး။ သီထား လည်း ဘယ်လိုသီတယ်မှတ်တုံး၊ အချွန်လေးနဲ့ ငါးမျက်လုံးကနေ ပါးဟက်က ပြန်ဆွဲသီထားတာ။ တစ်တွဲ ဆယ်ကောင်လောက်တွဲ ဘယ်သူရေ ရော့-တစ်တွဲ၊ ဘယ် ရော့-တစ်တွဲနဲ့ ခေါ်ပေးနေတော့

တစ်ခါက သူ အဲဒီလို ဖောက်တွဲနေတာကို သူ့မိန်းမ ခေါ် စန်းက -



www.burmeseclassic.com

www.burmeseclassic.com

"ကိုတင်မောင်ရယ်၊ ရှင့်မလည်း ကိုယ်စားတာလည်းမဟုတ်။ သူများပေးမယ့်ဟာ အကုသိုလ်တစ်ပုံပေါ် နှစ်ပုံဆင့်လို့ သိတွဲနေရသေးတယ်။ အိတ်လေးနဲ့ ထည့်ပေးလိုက်ရင် မပြီးဘူးလား"

လို့ ကရုဏာဒေါသောစိတ်နဲ့ပြောလိုက်မိတယ်။ ဒီတော့ ဦးတင်မောင် ငါးသိနေရင်း မျက်လွှာပင့်ပြီး စူးစူးဝါးဝါးကြီး သူ့မိန်းမကို တစ်ချက်မော့ကြည့်လိုက်တယ်။

ဒေါ်ခင်စန်းကလည်း မခေဘူး။ အနှစ်နှစ်ဆယ်နီးပါး ပေါင်းလာတဲ့ယောက်ျားပဲ။ ဘယ်လိုပုံစံနဲ့ကြည့်ရင် ဘာဆိုတာမသိဘဲနေမလား။ ဒီကတည်း ဒေါ်ခင်စန်း ပတ်တောပိတ်သွားတာနောက်နောင် ဘာမှထပ်ပြောသံမကြားရတော့ဘူး။

ဦးတင်မောင်အနေနဲ့ ဒီအသက်ဒီအရွယ်ပဲရောက်နေပြီ။ ကုသိုလ်၊ အကုသိုလ်မသိဘဲတော့ နေမှာမဟုတ်ဘူး။ သူငယ်ငယ်က ရွာဦးကျောင်းဆရာတော်ထံမှာ ရတနာရွှေချိုင့်တို့ နမက္ကာရတို့ သင်ခဲ့ဖူးပေမယ့် ဇယာသန္တဂထာတွေတွေထဲကအမျှားစုကတော့ ကျောင်းကိုပြန်ကုန်ပြီ။ သရဏဂုံတည်တာတောင် မှတ်မိတယ်ဆိုရုံပဲရှိတော့တယ်။ ထားပါတော့။ မိုးလေးနည်းနည်းပါးလို့ ရပ်ကွက်ထဲ ရေဆင်းလည်း နည်းသွားပြီဆိုရင် ဦးတင်မောင် ငါးမျှားတံသုတ်ကိုင်းကို ပခုံးထမ်းလို့ အိမ်ရာဝင်းတွေဘက် ခြေဦးလှည့်တော့တာပဲ။ ကျွန်တော်တို့ရပ်ကွက်နဲ့ကပ်နေတဲ့ မီးရထားအိမ်ရာဝင်းတို့၊ ကြိမ်စက်ရုံဝင်းတို့ထဲမှာ ရေနက်နက်ချောက်တောတွေရှိနေတာဆိုတော့ ငါးရံ့တို့ ငါးပြေမတို့ဆိုတာ သောက်သောက်လဲများတာပေါ့။ လာမျှားတဲ့လူတွေကလည်း တန်းကိုစီနေတော့တာ။ ဒီအထဲမှာ ဦးတင်မောင်ကတော့ ထိပ်ဆုံးကပေါ့။ ပြန်လာရင်လည်း မရဘူးဆိုရင်တောင် အကောင်သုံး၊ လေးဆယ် ပြေးမလွတ်ဘူး။

တစ်နေ့။

အဲဒီနေ့က မိုးကလည်း တဖျောက်ဖျောက်နဲ့ ဦးတင်မောင် ထမင်းစားပြီး လက်တောင် မခြောက်တတ်သေးဘူး၊ ငါးမျှားသုတ်ကိုင်း ပခုံးပေါ် ထမ်းလို့ အိမ်ရာဝင်းထဲသွားဖို့ဟန်ပြင်နေတယ်။

"ကိုတင်မောင်ရယ်၊ အဲ့ခုမှထမင်းစားပြီးတယ်။ ခဏတစ်ဖြုတ်နေပြီးမှသွားပါလား။ မိုးကလည်း ဒီလောက်ဖွဲနေတာ။ တော်ကြာ ဖျားနာနေမှဖြင့်"

"ငါသိပါတယ်ကွာ။ ဟိုကောင်တွေမရောက်ခင် ကိုယ်ကရောက်မှ နေရာကောင်းရမှာ"

ဒေါ်ခင်စန်း စကားဆုံးအောင် မပြောလိုက်ရဘူး။ ဦးတင်မောင် သူပြောချင်တာပြောပြီး ခပ်သုတ်သုတ်ထွက်သွားတယ်။ ဒေါ်ခင်စန်းခမျာတော့ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ မိသားစုအတွက်လည်း အကျိုးမရှိတဲ့ ဒီအကုသိုလ်အလုပ်ကို ဝါသနာကြီးသက်သက်နဲ့လုပ်နေရှာတဲ့ လင်တော်မောင်ကျောပြင်ကို ခပ်တွေတွေငေးကြည့်နေရုံကလွဲပြီး ဘာမှတော့မပြောဝံ့ရှာဘူး။

ထက်ကောင်းကင်တစ်ခွင်မှာ မိုးသားတိမ်လိပ်တွေက ညိုမည်းပိတ်မှောင်မင်းမှုနေကြတယ်။ ညနေဆည်းဆာအချိန်ခန့်သာရှိသေးပေမယ့် အမှောင်ထုက ဖုံးလွှမ်းချင်နေပြီ။

ဒီအချိန်မှာ-

"ဒေါ်ကြီးခင်စန်း၊ ဒေါ်ကြီးခင်စန်း၊ ဟိုမှာ ဦးကြီးဦးတင်မောင် ဆိုက်ကားပေါ်မှာ ဘာဖြစ်လို့လဲမသိဘူး။ မျက်စိတစ်ဖက်ကိုအကျီနဲ့အုပ်ထားတယ်။ သွားတွေလည်းအကျီမှာပေပွလို့။ ထွက်ကြည့်ဦး"

လမ်းထဲက သံချောင်း ဆိုတဲ့ ချာတိတ်ရဲ့ အော်ဟစ်ပြောသံကြောင့် TV ဇာတ်လမ်းတွဲ ကြည့်နေတဲ့ ဒေါ်ခင်စန်း ရင်ထဲထိတ်ခနဲဖြစ်သွားပြီး အပြင်ပြေးထွက်လာတော့ ဆိုက်ကားကလည်း သူတို့အိမ်ရှေ့ ရောက်လုရောက်ခင်မှာ ဆိုက်ကားပေါ်မှာ ဦးတင်မောင် လူတစ်ယောက်ကိုမှီလိုက်လာရင်း ညည်းညည်းညူညူဖြစ်နေတာ တွေ့လိုက်တော့ -

"အမယ်လေး ကိုတင်မောင်၊ ဘာဖြစ်လာတာလဲ မထိတ်သာမလန့်သာ ရှိလိုက်တာ။ မျက်နှာမှာလည်း သွေးတွေပေလို့။ ကျွန်မကို ပြောစမ်းပါဦး"

ဆိုပြီး ဦးတင်မောင်မျက်လုံးတစ်ဖက်ကို အုပ်ထားတဲ့အကျီကို ဖယ်ကြည့်မယ်အလုပ် ဦးတင်မောင်နဲ့အဖော်အဖြစ်လိုက်လာတဲ့လူက -

"မဖယ်နဲ့ အစ်မကြီး၊ မဖယ်နဲ့။ ကိုတင်မောင်မျက်လုံးထဲမှာငါးမျှားချိတ်စိုက်ဝင်နေတယ်။ နုတ်လို့မရလို့ကြီးဖြစ်လာခဲ့တယ်။ ဆေးရုံသွားဖို့ကားသာငှားတော့" ဆိုတော့ -

"ဟင် - ဘုရား ဘုရား၊ ဖြစ်မှဖြစ်ရလေ ကိုတင်မောင်ရယ်"

လို့ ဒေါ်ခင်စန်း ဘုရားတပြီး ဝမ်းနည်းရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ဘူး။

ဒါနဲ့ ရန်ကုန်ဆေးရုံကြီး မျက်စိနှာခေါင်း၊ နား၊ လည်ချောင်းဌာနမှာ တစ်လခွဲနီးပါးကုသလိုက်ရတယ်။ မျက်စိသူငယ်အိမ်ပါပေါက်သွားတာဆိုတော့ အလုံးလိုက်ထုတ်ပစ်လိုက်ရတယ်။ မျက်တွင်းဟောက်ပက်ကြီးဖြစ်နေတာ ကြည့်မကောင်းတာနဲ့ ကျောက်မျက်လုံးအစားထိုးထားလိုက်ရတယ်။ ဒီကတည်းက လမ်းထဲမှာ ကျောက်မျက်လုံးဦးတင်မောင်ရယ်လို့ ဘာမှမကျွေးမမွေးရဘဲ ကင်ပွန်းတပ်ပြီးသားဖြစ်သွားတယ်။

ဩော်-ကံများပြောပါတယ်။ ဖြစ်ချိန်များတန်ပြီလားဆိုရင် ဘယ်လိုမှရှောင်လို့တိမ်းလို့မရနိုင်ဘူး။ အဲဒီနေ့က ဖြစ်ပုံလည်းကြည့်။ ဦးတင်မောင် ငါးမျှားနေလို့ ခဏနေတော့ သူနဲ့မလှမ်းမကမ်းလောက်မှာ (၁၂) နှစ်၊ (၁၃) နှစ်လောက်ရှိမယ့် ချာတိတ်တစ်ယောက် လာမျှားတယ်။ ဦးတင်မောင် တစ်ချက်လှမ်းကြည့်ပြီး သူ့အာရုံနဲ့သူဆက်မျှားနေတယ်။ ဒီလိုပဲ ကလေး၊ လူကြီးလူပေါင်းစုံလာမျှားနေကျဆိုတော့ ဘာမှထူးဆန်းတဲ့အလုပ် မဟုတ်ဘူးလေ။ ခဏနေတော့ သူနဲ့ခပ်လှမ်းလှမ်းက ချာတိတ်ရဲ့ ငါးမျှားတံလှုပ်ရှားမှုကို ရိပ်ခနဲမြင်လိုက်ရပြီး သူ့ဘယ်ဘက်မျက်လုံးကို တစ်စုံတစ်ခုလာထိသလို စူးအောင့်အောင့်ဝေဒနာကို ခံစားလိုက်ရတယ်။ သူကပျာကယာ လက်နဲ့ပွတ်သပ်လိုက်မိတော့ နာကျင်မှုဝေဒနာက ပိုဆိုးသွားတော့တယ်။

သူနဲ့မလှမ်းမကမ်းက ချာတိတ်သုတ်လိုက်တဲ့ငါးမျှား သူ့မျက်လုံးလာချိတ်မိပြီလို့လည်း သိလိုက်တယ်။ ဒါပေမယ့် အခုချိန်မှာတော့ အားလုံးနောက်ကျသွားခဲ့ပြီ။ ငါးမျှားချိတ်စိုက်နေတဲ့မျက်လုံးက ဘာဆိုဘာမှမြင်နိုင်စွမ်းမရှိသလို တစ်ဖက်မျက်လုံးကလည်း ဝေ့သီနေတဲ့ မျက်ရည်တွေကြောင့် ဝေဝေဝါးဝါးဖြစ်နေတယ်။ တစ်ချိန်က သူငါးလေးတွေရဲ့ မျက်လုံးကိုဖောက်ပြီး အတွဲလေးတွေလုပ်ထားတာကိုပဲ ခဏခဏပြန်ပြန်မြင်ယောင်နေမိတော့တယ်။

ပြောရမယ်ဆို ဦးတင်မောင်ရဲ့ ဘဝတိုတိုမှာ နောင်တသံဝေဂတရားတွေက ရှည်လျားလွန်းလှပါတယ်။ ဒီနောင်တတွေကိုလည်း ကာလအလျားဘယ်လောက်ရှည်ကြာစွာသယ်ပိုးထားရဦးမယ်ဆိုတာကိုတော့. . .။

မြောင်းမြမြင့်ခိုင်

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်စစ်တပ်ဟာ အိမ်နီးချင်းတိုင်းပြည်များ၊ ဥရောပတစ်ခွင်ရှိတိုင်းပြည်များကို သိမ်းပိုက်ခဲ့တယ်။ ဂျာမန်တို့ သိမ်းပိုက်ခြင်းခံရတဲ့တိုင်းပြည်တွေထဲမှာ ပောလန်ပြည်လည်းပါတယ်။

ပောလန်မျိုးချစ်ပုဂ္ဂိုလ်များဟာ သူတို့တိုင်းပြည်ကို မတရားသိမ်းပိုက်ခံရတာကို မခံနိုင်လို့ မြေအောက်တော်လှန်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဂျာမန်တွေကို တော်လှန်ခဲ့ကြတယ်။ ဒီလို ဂျာမန်တော်လှန်ရေးအကြောင်းကို စစ်ပြီးတော့ ရုပ်ရှင်ရိုက်ကြတာ BETRA-YED ဆိုတဲ့ ရုပ်ရှင်ကား မြန်မာပြည်မှာ ပြဖူးတယ်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားတော့ စစ်အတွင်းက ဗုံး၊ အမြောက်တွေဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားတဲ့ တိုက်တာအိမ်ရာတွေကိုပြန်ဆောက်ကြတယ်။ အဆောက်အအုံအဟောင်းတွေကိုဖျက်ပြီး အသစ်တွေကိုဆောက်ကြတယ်။

ပောလန်ပြည် ကရော့တာဒမ်မြို့လည်း ဂျာမန်တွေ ဖျက်ဆီးတာကို အကြီးအကျယ်ခံခဲ့ရတယ်။ ဒီတော့ စစ်အပြီး ၁၉၄၉ ခုနှစ်မှာ ရော့တာဒမ်မြို့က တိုက်ဟောင်းကိုဖျက်ပြီး အသစ်ဆောက်ဖို့ မြေတူးတဲ့အခါမှာ လူအရိုးစုတွေ တွေ့ရတယ်။

ပါမောက္ခ ဒေါက်တာတင်ဟက်ဟာ ရော့တာဒမ်မြို့က ရဲအရာရှိတွေကို ဟောပြောပို့ချဖို့ရောက်လာခိုက်မှာ ရော့တာဒမ်ရဲမှူးကြီးက ပါမောက္ခဒေါက်တာတင်ဟက်ကို အကူအညီတောင်းလိုက်တယ်။

"အခု အသစ်ပြန်တည်ဆောက်နေတဲ့တိုက်မှာ လူအရိုးစုတစ်ခုကို တွေ့ထားပါတယ်။ ဘယ်ကအရိုးစုရောက်လာသလဲဆိုတာတော့မသိဘူး။ ပါမောက္ခကြီးရဲ့ အကြားအမြင်ဆရာတွေက အရိုးစုကိစ္စကို ကြည့်ပေးနိုင်ရင်ကြည့်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

ပါမောက္ခဒေါက်တာတင်ဟက်က ကရာဇက်ကို သတိရပြီး ဖြစ်နိုင်ပါလိမ့်မယ်လို့ ပြန်ဖြေလိုက်တယ်။

နောက် (၂) လလောက်အကြာမှာတော့ ပါမောက္ခကြီး တင်ဟက်ဟာ သူ့ဇနီး ပါမောက္ခကတော်နဲ့အတူ ကရာဇက်ပါ ခေါ်လာပြီး ရော့တာဒမ်ရဲမှူးကြီးဆီ ရောက်လာပါတယ်။



# မနောသုတေသီ

## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်ရဲ
## ဂျာမန်မှဒီမ်းကောင်အရိုးစုကိုစွဲဖော်ထုတ်ခြင်း

တွေ့ထားတဲ့ အရိုးစုဟာ စစ်အတွင်းက အရိုးစုလား၊ နောက်ပိုင်းကမှ လူသတ်မှုဖြစ်သွားတဲ့ အရိုးစုလားဆိုတာကို ရဲတွေလည်း မသိပါဘူး။ ကရာဇက်ရောက်လာတော့ အာရုံ[illegible]မှာ လွယ်ကူအောင်လို့ အရိုးစုတွေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကရာဇက်ဆီကိုပို့ပေးလိုက်တယ်။ ကရာဇက်က အာရုံညွတ်ပြီးကြည့်လိုက်တယ် ဆိုရင်ပဲ အိမ်ဟောင်းကြီးရယ်၊ အရိုးစု အသက်ရှင်စဉ်ကလူရဲ့ပုံနဲ့ သူဘယ်လို အသတ်ခံရတယ်ဆိုတာတွေ တသီကြီး အထင်အရှားပေါ်လာတယ်။

ဂျာမန်စစ်ဗိုလ်တစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကို မြင်လိုက်ရတယ်လို့ ကရာဇက်က တန်းပြောလိုက်တယ်။

ဂျာမန်စစ်ဗိုလ်ရဲ့ ဇက်ပိုးဟာ အရိုက်ခံရတယ်။ လည်ဆစ်ရိုးကျိုးသွားတယ်။

(အရိုးစုကို စတင်တွေ့ရှိခဲ့စဉ်က ဂျာမန်စစ်ဗိုလ်ရဲ့ ဇက်ပိုးကို လူတစ်ယောက်က ပိုက်လုံးနဲ့ရိုက်ပြီး လမ်းပေါ်မှာ ပစ်ထားခဲ့တာကို သူတွေ့မြင်ခဲ့ပါတယ်လို့ ရဲတွေဆီဖြေဖူးတယ်။)

ဒီလိုဇက်ပိုးကို အရိုက်ခံလိုက်ရလို့ ဇက်ကျိုးပြီး ပုံလဲကျသွားတယ်။ သကြားလုံးတွေ၊ ချောကလက်တွေ ရောင်းတဲ့ အဘွားကြီးတစ်ဦးကိုလည်း တွေ့မြင်ရတယ်။

(ဒီအချက်ကို ရဲတွေကငြင်းတယ်။ ကရာဇက်နဲ့ အချီအချငြင်းပြီးတော့ ရဲတွေဟာ အရိုးစုတွေ့တဲ့နေရာကို သွားကြည့်တော့မှ အနီးအနားမှာ သကြားလုံးတွေရောင်းတဲ့ အဘွားကြီးကို တွေ့ရတယ်။)

အရိုးစုတွေ့တဲ့နေရာရဲ့ အနီးအနားမှာ အိတ်တစ်လုံးလည်း တွေ့ရတယ်။

(ရဲတွေက အိတ်တစ်လုံး တွေ့ခဲ့ကြောင်း မှတ်တမ်းတင်ထားတယ်လို့ ဝန်ခံတယ်။)

အရိုးစုတွေ့ရတဲ့ နေရာအနီးမှာ ဘောလုံးကစားနေကြတာတွေ့ရတယ်။

(အရိုးစုတွေ့ရတဲ့နေရာအနီးနားမှာ ကလေးသူငယ်များ ကစားလေ့ရှိတဲ့ ဘောလုံးကစားကွင်းလိုဖြစ်နေတဲ့နေရာ ရှိတယ်လို့ ရဲတွေက ဝန်ခံတယ်။)

ဂိုဒေါင်တစ်လုံးလည်း မြင်တယ်။ ဂိုဒေါင်တံခါးဟာ အစိမ်းရောင်ဖြစ်ပြီး အပြင်ဘက်ကို ဆွဲဖွင့်ရတဲ့တံခါးလည်း ဖြစ်တယ်။

(သက်သေတွေက ဂိုဒေါင်ကို ရဲတွေအား ပြသတယ်။ တံခါးက အစိမ်းရောင်ဖြစ်ပြီး အပြင်ဘက်ကို ဆွဲဖွင့်ရတဲ့ တံခါး ဖြစ်တယ်။ ဂိုဒေါင်ထဲမှာ ပစ္စည်းတွေ သိမ်းဆည်းထားတာ ဖြစ်တယ်။ အဲဒီ ဂိုဒေါင်တံခါးနားမှာ ဂျာမန်စစ်ဗိုလ် အလောင်းကို သယ်ချထားတာဖြစ်တယ်လို့ ထွက်ဆိုတယ်။)

အလောင်းကို ကုန်တင်ကားကြီးနဲ့ သယ်ဆောင်လာတာပါ။ အခုအရိုးစုနေရာမှာ အသတ်ခံရတာ မဟုတ်ဘူး။

(ရဲတွေကလည်း ဒီအလောင်းကို တစ်နေရာက သယ်ဆောင်လာတာဖြစ်မယ်လို့ထင်ကြတယ်။)

ဒီအရိုးစုတွေကိုတွေ့တဲ့နေရာမှာ လူတွေ အများကြီးရှိတာကို မြင်ရတယ်။ ဒီအရိုးစုတွေကို တွေ့တဲ့အချိန်မှာ တိုက်သစ်ဆောက်လို့ ပြီးသွားပါပြီ။

(မှန်ပါတယ်။ တိုက်ပြန်ဆောက်ဖို့ အလုပ်သမားတွေ နေရာကိုရှင်းနေစဉ် လက်ဆစ်ရိုးပြုတ်နေတဲ့အရိုးစုကို အလုပ်သမားများက တွေ့ရှိခဲ့တာ ဖြစ်တယ်။)

ဟော- အခုအလုပ်သမားတွေနေတဲ့ ရပ်ကွက်အနီးနားဝန်းကျင်ကို မြင်ရတယ်။ (အလောင်းကို တွေ့မြင်ခဲ့ရတယ်ဆိုတဲ့နေရာဟာ ဒီနေရာမျိုးဖြစ်တယ်လို့ သက်သေတွေကပြောတယ်။)

ဂျာမန်စစ်ဗိုလ်ဟာ ကိုယ်တုံးလုံး အဝတ်အစားတွေချွတ်ပြီး အရိုက်ခံနေရတာကို မြင်ရတယ်။

(ဂျာမန်စစ်ဗိုလ်ကို အဝတ်အစားအားလုံးချွတ်ပြီးတော့မှ ရိုက်သတ်လိုက်တာဖြစ်တယ်လို့ မျက်မြင်သက်သေတစ်ဦးက ထွက်ဆိုတယ်။ အရိုးစုကို လေ့လာကြည့်တော့ ဒီလိုအရိုက်အနှက်ခံထားရတဲ့ဒဏ်ချက်တွေကိုလည်း တွေ့ရတယ်။)

ကရာဇက်က ဒပ်(ချ်)အမျိုးသမီးတစ်ဦးကို အာရုံထဲမှာ တွေ့ရတယ်။ ဂျာမန်စစ်ဗိုလ်က ဒီအမျိုးသမီးကို မုဒိမ်းကျင့်ခဲ့သလားပဲ။ ဟုတ်တယ်ဗျို့၊ ဒပ်(ချ်) အမျိုးသမီးကို ဂျာမန်စစ်ဗိုလ်က မုဒိမ်းကျင့်ခဲ့တာဗျ။

(မှန်တယ်၊ စစ်အတွင်း ၁၉၄၀ ပြည့်နှစ်က ဂျာမန်စစ်ဗိုလ်ဟာ ဒပ်(ချ်) အမျိုးသမီးကို မုဒိမ်းကျင့်ခဲ့တယ်။ ဒါကြောင့် ဒီမိန်းကလေးရဲ့ အဖေက မုဒိမ်းကောင်ကို လက်စားချေတဲ့အနေနဲ့ သတ်ပစ်တာ။ မြေအောက်တော်လှန်ရေးသမားတွေက သတ်တာမဟုတ်ဘူးလို့ မျက်မြင်သက်သေတစ်ဦးကထွက်ဆိုတယ်)

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်များ သိမ်းပိုက်ထားခဲ့တဲ့ ဥရောပတိုင်းပြည်များမှာ အသိမ်းခံလိုက်ရတဲ့ ပြည်သူတွေက ဂျာမန်တွေကို လျှို့ဝှက်တော်လှန်ကြတယ်။ ဂျာမန်စစ်တပ်ကြီးနဲ့ ရင်ဆိုင်မတိုက်နိုင်သေးတော့ အဖျက်လုပ်ငန်းတွေ၊ ပြောက်ကျားတိုက်ပွဲတွေကို ဆင်နွှဲခဲ့ကြတယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်းတွေ့တဲ့ ဂျာမန်စစ်သားတွေကို သတ်တန်ရင်သတ်၊ ဖျောက်တန်ရင်ဖျောက်နဲ့ တော်လှန်ခဲ့ကြတယ်။

ဒီလို ဂျာမန်တွေကို စစ်အတွင်းက လျှို့ဝှက်တော်လှန်ခဲ့တဲ့ တိုင်းပြည်တွေဟာ ဟော်လန်၊ ပြင်သစ်၊ ယူဂိုဆလပ်၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား စတဲ့ နိုင်ငံတွေဖြစ်တယ်။

ဒီတိုင်းပြည်တွေမှာ ပြည်သူတွေက ဂျာမန်စစ်သားတွေကို ရတဲ့နည်းနဲ့ အခွင့်သာတဲ့နည်းနဲ့ တော်လှန်ရေးလုပ်ကြတာပါ။ မြေအောက်တော်လှန်ရေးဆိုတဲ့ စကားဟာ အတိအကျမှန်တာပါ။ ပိုလန်နဲ့ ပြင်သစ်မှာရှိတဲ့ တော်လှန်ရေးသမားတွေဟာ ရေဆိုးပိုက်ကြီးထဲမှာ တစ်နေကုန် ပုန်းအောင်းနေပြီး ညကျမှ ထွက်တိုက်ကြတာပါ။

ဒီလို မြေအောက်တော်လှန်ရေးသမားတွေဟာ ဟော်လန်မှာ အတော်များပါတယ်။ တိုက်ပွဲတွေ၊ စွန့်စားမှုတွေကလည်း မနည်းလှပါဘူး။ ဂျာမန်တွေကလည်း စစ်နိုင်သူပီပီ လူတွေကို နှိပ်စက်တယ်။ အမျိုးသမီးတွေကို မုဒိမ်းကျင့်တယ်။ ဒီလိုအဖြစ်မျိုးတွေ ဒုနဲ့ဒေးပါ။ ဒီလိုဂျာမန်တွေကို တော်လှန်နေတော့ ရဲမှူးကြီးတွေ့ရတဲ့ အရိုးစုကလည်း မြေအောက်တော်လှန်ရေးသမားတွေက သတ်ခဲ့တဲ့ ဂျာမန်စစ်ဗိုလ်အရိုးစုလားလို့ ထင်စရာဖြစ်နေတယ်။

ပါမောက္ခ ဒေါက်တာ တင်ဟတ်အနေနဲ့တော့ လောလောဆယ် ကရာဇက်ရှာပေးရတဲ့အမှုမျိုးမဟုတ်ဘဲ တိုင်တဲ့သူကာယကံရှင်မရှိဘဲ ရဲတွေရဲ့သေတ္တာမှုကို ဖြေရှင်းရတာမျိုးဖြစ်လို့ သူ့ရဲ့ပရိစိတ်ပညာသုတေသနလုပ်ငန်းတစ်ခုအနေနဲ့ ဆောင်ရွက်တာဖြစ်တယ်။ ရဲတွေအနေနဲ့တော့ ဂျာမန်စစ်ဗိုလ်ရှယ်လို့ မထင်မှတ်ဘဲ သာမန်ရာဇဝင်မှုများဖြစ်နေမလားလို့ သတ်မှတ်ကောင်းဖြစ်နေတာပါ။

အားပဲပြောပြော ကရာဇက်ရဲ့ အမြင်အာရုံတွေဟာ အတိအမှန်နေတယ်ဆိုတာ မျက်မြင်သက်သေတွေက သက်သေခံထားတော့ ရှေ့တာဒမ်ရဲမှူးကြီးရဲ့ ထောက်ခံစာကို ကရာဇက်က ရသွားတာပါပဲ။

မနော်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# တိုးထက်

## လူ့ဝင်စားပြဿနာ



အနိမ့်ဘဝများ တိရစ္ဆာန်ဘုံတွင် ပြန်လည် ဝင်စားခြင်း

*ကျွန်တော်တို့ ဝိညာဉ်အားလုံး လူကင်းပခြင်းဖြင့်သာလျှင် တိရစ္ဆာန်ဘဝသို့ မလွဲမသွေကျရောက်ကိန်းမှ ရှောင်ဖယ်နိုင်မည်။*

*ဆရီသြရိုဘင်ဒို*

*

*ကျောက်တုံးအဖြစ် ငါသေဆုံးပြီး ပန်းတစ်ပင်အဖြစ် ပြန်လည် ရှင်သန်လာသည်။*

*ပန်းတစ်ပင်အဖြစ် ငါသေဆုံးပြီး တိရစ္ဆာန်တစ်ကောင်အဖြစ် ပြန်လည် ရှင်သန်သည်။*

*တိရစ္ဆာန်အဖြစ် ငါသေဆုံးပြီး လူအဖြစ် ပြန်လည်မွေးဖွားလာသည်။*

*ငါဘာအတွက်ကြောက်လန့်ရမည်နည်း။*

*သေဆုံးခြင်းဖြင့် ငါယုတ်လျော့သွားသည်ဟု ဘယ်ခါရှိခဲ့ပါသနည်း။*

*ဂျာလာလူအဒင်ရူမီ*

*

နတ်ဒေဝတာ၏ ဝိညာဉ်သည် အရာရာတွင် ကိန်းအောင်းနေသည်ဟု အရှေ့တိုင်းရှေးဟောင်းပညာရှိများက ဆိုညွှန်းပြခဲ့သည်။ သိစိတ်အစုအစည်းအဖြစ် ပုံသွင်းခံယူထားသော ဤဝိညာဉ်ပိုင်းဆိုင်ရာစွမ်းအားသည် တိုးတက်သော ဝင်စားမှုခရီးစဉ်ကြီးကို စတင်သည်။ သယံဇာတမျိုးစုံအဖြစ်ဝင်စားပြီးနောက်၊ ပန်းပင်များအဖြစ် အကြိမ်ကြိမ်အခါခါ ရှင်သန်ပြီးနောက် တိရစ္ဆာန်များအဖြစ် အစဉ်အဆက်မွေးဖွားမှု၊ သေဆုံးမှုရှိသည်။ နောက်ဆုံး လူအသွင်သဏ္ဌာန်ကိုရရှိသောအခါတွင် အတောမသတ်သောစက်ဝန်း ရပ်တန့်သွားမည်မဟုတ်ချေ။ အချိန်သည် အမြဲတစေရှေ့သို့သာလိမ့်သွားသည်။ ပြန်လည်မွေးဖွားခြင်းမျိုးစေ့ကို အနတ္တတိုင်အောင်ဆက်လက်မျိုးပွားသည်။

အရှေ့တိုင်းပညာရှိများက ဤမဟာနာမ်၏ ကွင်းဆက် သိစိတ်တိုးတက်ဖြစ်ထွန်းမှုအကြောင်း ပြောဆိုခဲ့သမျှပုံတင်သံကို ရှေးဟောင်း ဆဲလ်လူမျိုးတို့၏ Barddes တွင် တွေ့နိုင်သည်။ Barddes သည် ဆင့်ပွားဖြစ်စဉ်သဘောတရားတစ်ခုအကြောင်း ဖော်ပြသောစာတမ်းတစ်ခုဖြစ်ပြီး ယင်းတွင် ဝိညာဉ်၏အဆင့်ဆင့်အခြေအနေများ နောက်ဆုံးလူ့ဘုံသို့ ရောက်ရှိမှုအထိအကြောင်းကို ရေးဖွဲ့ထားသည်။ ရိုစီကရူဂိုဏ်းဝင်တို့ကမူ ဓာတ်သတ္တုတိုင်းတွင် တေဇောမီးဓာတ် သို့မဟုတ် အလင်းရတနာရှိသည်ဟု ဆိုညွှန်းပြုသည်။ ထို့အပြင် ခေတ်သစ် သိပ္ပံပညာတို့ ရှေးဟောင်းယူဆမှုအတိုင်းပင် အရာရာတိုင်းတွင် သိစိတ်ကိန်းအောင်းနေကြောင်း ထောက်ခံသည်။ IBM သိပ္ပံပညာရှင် မာဆဲ(လ်) ဗိုဂဲ(လ်)က သလင်းကျောက်များသည် စွမ်းအင်ကိုသိုလှောင်ထုတ်လွှတ်ကြောင်း အနီအောက်ရောင်ခြည်ဓာတ်ပုံ ရိုက်ကူးပြသခဲ့သည်။ ထို့အပြင် လူ့အတွေးအခေါ်ပုံစံဖြင့် သလင်းကျောက်ကြီးထွားမှုကို ပြုပြင်နိုင်ကြောင်းလည်း ပြသခဲ့သည်။ အပင်များသည် 'ဝိညာဉ်၏ သဘောလက္ခဏာဖြင့် ပြည့်ဝနေသော သက်ရှိ၊ အသက်ရှူ ဆက်သွယ်မှုပြုနိုင်သော သတ္တဝါဖြစ်ကြောင်းလည်း ထွေထွေပြားပြား သုတေသနပြုချက်များက ဖော်ပြခဲ့ပြီး ဖြစ်သည်ဟု The Secret Life of Plants တွင် ပီတာတွန်ကင်း(စ်) နှင့် ခရစ်တိုဖာဘတ်(ဒ်)က ဆိုညွှန်းပြုခဲ့သည်။ တိရစ္ဆာန်များအနေနှင့်မူ ယင်းတို့တွင် စိတ်နှင့် ခံစားမှုရှိကြောင်း အထူးပြောစရာမလို။ လူနှင့် တိရစ္ဆာန်လောကများကြားကွဲပြားမှုကား ဝိညာဉ်ပိုင်းထက် အသိဉာဏ်ပိုင်းဆိုင်ရာ ဖြစ်သည်။

သို့တိုင်အောင် လျှပ်တစ်ပြက်တွင် အရေအတွက်ကိန်းဂဏန်းသက်သက်ဖြင့်ကြည့်လျှင်ပင် လက်ခံရန်ခက်ခဲသော ကိစ္စရှိသည်။ ကုဋေကုဋာပေါင်းများစွာသော သဲပွင့်အရေအတွက်ရှိသောဝိညာဉ်များက တစ်ခုတည်းသော လူသားခန္ဓာကိုယ်တွင် ဝင်စားရန် အသည်းအသန်ကြိုးစားနေသည့်ကိစ္စ ဖြစ်သည်။ သို့တိုင်အောင် များပြားလှသော ဓာတ်သတ္တု၏ ဝိညာဉ်များကို ပန်းပင်များမှသည် မြောက်မြားလှစွာသော တိရစ္ဆာန်များနှင့် လူ၏ ခန္ဓာကိုယ်ထဲသို့ ပို့ဆောင်ရသည့် အနေအထားကို လော့အိန်ဂျလို့(စ်)တွင် အခြေစိုက်သော ဒဿနဗေဒဆိုင်ရာ သုတေသနအဖွဲ့အစည်း၏ဥက္ကဋ္ဌ ဦးဆောင်သူ မန်လီပီဟော(လ်)က အောက်ပါအတိုင်း ရှင်းပြသည်။ ဓာတ်သတ္တုများ၊ သစ်ပင်များနှင့် တိရစ္ဆာန်များ၏ ရုပ်ပိုင်းဆိုင်ရာလက္ခဏာများမှာ ကွဲပြားသည်။ ယင်းတို့၏နာမ်နှင့်စိတ် စုပေါင်းအနေအထားရှိသည်ဟု ဆိုသည်။ လူသားသည် တသီးတခြားကြီးပြင်းရသော်လည်း အနိမ့်ဘုံတွင်ဖွံ့ဖြိုး သောအရာများကား အမျိုးအစား လိုက်၊ အုပ်စုအလိုက် ဆင့်ပွားဖြစ်ထွန်း သဘာဝရှိသည်။

ဆီးပင်နှင့် ဆူးပင်တို့သာ ဖြစ် သော မြေတလင်းတွင် ကြီးမားလှ ပန်းပွင့်များနှင့် ဟင်းသီးဟင်း ပွင့်လန်းအောင် ဆောင်ရွက်နိုင်ခဲ့သော

www.burmeseclassic.com

နှီရစွမ်းရှင်တစ်ဦးဖြစ်သူ ဒေါရသီမက် သင်းလည်း ထိုအုပ်စုဝိညာဉ်သဘော တရားကို လက်ခံသည်။ ဤထူးခြားလှ သော မိန်းမ၏ သစ်ပင်များနှင့် စကား ပြောစွမ်းအကြောင်းကို ရေးသားရာတွင် ပေါ(လ်)ဟောကင်သည် သူ၏ The Magic of Findhorn စာအုပ်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

'ဝင်ရောက်လာနေသောအရာ သည် တစ်ခုသော ပဲတောင့်ပင် သို့မ ဟုတ် ခရမ်းချဉ်သီးချုံပုတ်တစ်ခုနှင့် တွယ်နေသော ဝိညာဉ်တစ်ခုမဟုတ်ဘဲ ကမ္ဘာလောကရှိ ပဲတောင့်အားလုံး၏ အစီအစဉ်၊ ပုံစံနှင့် ဖွဲ့စည်းပုံဖြစ်နေ ကြောင်း ထင်ရှားလာသည်'။

သဘာဝလောကဘုံထွေထွေပြား ပြားတို့သည် မန်လီဟော(လ်)က 'အသွင် ပြောင်းပုံစံ' ဟု ခေါ်ဆိုသောအသွင်ဖြင့် ဆိုတ်ဆက်နေမှုရှိသည်။ ဓာတ်သတ္တုနှင့် အပင်များကြားတွင် ရေညှိပင်နှင့် ရေ မှော်ပင်များရှိသည်။ အပင်နှင့် တိရစ္ဆာန် များကြားတွင် အသားစားပင်များနှင့် အခြေခံ အာရုံကြောစနစ်များရှိသည်။ တိရစ္ဆာန်များနှင့် လူကြားတွင် မျောက် သတ္တဝါများရှိပြီး လူနှင့် မျောက်အဆင့် ကြားတွင်မူ ဦးဆောင်ဦးရွက်ပြုသူများ၊ ဆရာသူခင်များ၊ ရှေးခေတ်ကာလ၏ နတ်ဒေဝတာများရှိသည်။

ကျွန်တော်တို့ တိရစ္ဆာန်မျိုးနွယ်မှ ဆင်းသက်လာကြောင်း အတည်ပြုချက် ကို ချား(လ်)ဒါဝင်၏ Origin of Species တွင်သာမဟုတ် အတိတ်ဘဝသမိုင်း ဘုထုံးဆရာများ၏ လူနာများမှတ်တမ်း တွင်လည်း တွေ့ရသည်။ လူနာများ၏ အသိစိတ်ကို နောက်သို့ အတော်ပေါက် မြောက်အောင်ပြန်ကြောင်းပါလျှင် ယင်း တို့ကို ယင်းတို့ တိရစ္ဆာန်ခန္ဓာကိုယ်တွင် တွေ့ရလေ့ရှိသည်ကို ကြုံရသည်။ လူနာ တစ်ယောက်၏ အတိတ်သမိုင်းကို အတော်နက်နက်ကောက်လျှင် တိရစ္ဆာန် ဇာတ်ရာတစ်ခုခုဖြင့် သေဆုံးရခြင်းကို ဆို ညွှန်းလေ့ရှိကြောင်း တွေ့ရသည်ဟု ဒေါက်တာ မောရစ်နက်သာတွန်က ဆို သည်။ နက်သာတွန်၏ရုံးခန်း ခုတင်ပေါ် တွင် လဲလျောင်းလျက် လူအတော်များ များသည် ကြွက်များ၊ ဖြူများ၊ ပိုးမွှားများ ဝင်မက ကမ္ဘာဦးသတ္တဝါများအဖြစ်ထိ တိုင် ဘဝနောက်ကြောင်းပြန်လေ့ရှိကြ သည်။ ဂျိုးကီတွန်၏အစမ်းသပ်ခံပုဂ္ဂိုလ် များလည်း ထိုသို့ပြုတတ်ကြသည်။ ကီတွန်တွေ့ဖူးသမျှ ဘဝနောက်ကြောင်း

ပြန်ဖြစ်ရပ်များတွင် သူမကိုယ်သူမ နီညို ရောင်အမွေးများ ဖုံးအုပ်လျက် ကျောက် တုံးတစ်တုံးအောက်တွင် ခိုအောင်းနေ သောအသွင်ဖြင့်မြင်ခဲ့သည့်အမျိုးသမီး တစ်ဦး၏အပြုအမူသည် အပီပြင်ဆုံး ဖြစ်ခဲ့သည်။ အခြားတစ်ဦးကမူ သူမ ကိုယ်သူမ သစ်ငုတ်တိုမှ ပိုးကောင်များ ကို ဆိတ်ပေါက်စားနေသူအဖြစ် မြင်ခဲ့ သည်။ ဒေါက်တာ ဟယ်လင်ဝမ်ဘတ် သည် တိရစ္ဆာန်ဘဝများမှ အချက်အ လက်များကောက်ရန် မကြိုးစားခဲ့သည့် တိုင်အောင် သူမ၏ လူနာအချို့သည် သူတို့လိုလားသည်ဖြစ်စေ၊ မလိုလား သည်ဖြစ်စေ လေးဖက်ထောက်အနေအ ထားရောက်နေသည့်အဖြစ် ကြုံသည်။ 'သူတို့ငုံ့ကြည့်လိုက်ရင် သူတို့ရဲ့အမွေးထူ ခြေထောက်တွေ တွေ့တယ်' ဟု သူမက ဆိုသည်။

**မာနုဓမ္မသတ်**

လူဖြစ်ပြီးနောက်တွင် လူထက်နိမ့် လောကတွင် ပြန်လည် မွေးဖွားနိုင်ပါ သလား။ ကိုယ်ကျင့်သီလပျက်သူတို့ သည် တိရစ္ဆာန်များအဖြစ် ပြန်လည် ဝင် စားရမည်ဟု ရှေးခေတ် ဟိန္ဒူလူမျိုးတို့ က ယုံကြည်ခဲ့ကြပြီး ပြင်းထန်လှသော မာနု၏ဓမ္မသတ်သည် ဤဖြစ်စဉ် မည်ကဲ့ သို့ ဖြစ်ပွားနိုင်သည်ကို အတိအကျ ညွှန်း ဆိုထားသည်။ နာမည်ကျော် တရားသူ ကြီးတစ်ဦးနှင့် သူတော်စင်တစ်ပါးဖြစ် သောမာနုသည် လွန်ခဲ့သောနှစ်(၂၀၀၀) ကျော်က ရှင်သန်ခဲ့သူ ဖြစ်သည်။ လူ တိုင်းလူ ်င်း၏ဘဝပေါ် အကြောင်းရပ် သုံးပါး ဘင်းရိုပ်သင့်နေသည်ဟု သူက မိန့်ဆိုခဲ့ ည်။ ယင်းသုံးရပ်ကား ကောင်း မှု၊ လှုပ်ရှားမှု သို့မဟုတ် အမှောင်မိုက် ပင် ဖြစ်သည်။ အမှောင်အမိုက်လော်င်း ရိပ်သင့်နေသူများသည် ကာမဂုဏ်အာရုံ တွင် မွေ့လျော်ကြပြီး တိရစ္ဆာန်၊ ပိုးမွှား သို့မဟုတ် အပင်တစ်ခုခုအဖြစ် ပြန်လည် ဝင်စားရမည့်ကံပါရှိသည်။ 'အာရုံကို တွယ်တာတပ်မက်မှုအကျိုးဆက်၊ တာ ဝန်ပျက်ကွက်မှုများကြောင့် သူရူးများ၊ အနိမ့်ဆုံးသတ္တဝါများ၊ အယုတ်ညံ့ဆုံး မွေးဖွားမှုနေသို့ရောက်ရှိသည်' ဟု မာနု က ဆိုခဲ့သည်။ သူသည် ပြုရပ်တစ်ခုက ခန္ဓာကိုယ်တစ်ခုအား အနိမ့်ဘုံသို့ ကျ ဆင်းစေသည့်သာဓကများကို ထောက် ပြခဲ့သည်။ ဆန်စပါးခိုးသူတို့သည် တုပ် တတ်သော ပိုးမွှားကောင်များ ဖြစ်ကုန် သည်။ နွားနို့ခိုးသူတို့သည် ကျီးကန်းများ

ဖြစ်ကုန်သည်။ အသားခိုးသူတို့သည် လင်းတများ ဖြစ်ကုန်သည်။ 'ပညာရှိ၏ ခုတင်ကို စော်ကားသူ' သည် မြက်ပင် များ၊ ချုံပုတ်ပင်များ၊ တွယ်ကပ်ပင်များ အသွင်ကို အကြိမ်တစ်ရာခံယူရသည်။ ယောကျာ်းကို သစ္စာဖောက်သော မိန်းမ သည် ခွေးအ၏ဝမ်းတွင် ဖွားမြင်ရသည် စသည်ဖြင့် မှုခင်းနှင့် ပြစ်ဒဏ်စာရင်းက ဆုံးမသတ်ချေ။

ရှေးခေတ်ကာလက ပြဟ္မဏဘုန်း ကြီးများသည် ယင်းတို့၏ ဇာတ်ဓလေ့ စည်းကြပ်ရာတွင် ထိုဥပဒေကို လွန်စွာ အသုံးတည့်ကြောင်း တွေ့ခဲ့ကြသည်။ ရိုသေစွာလိုက်နာမှုကို စည်းကြပ်ရန် အတွက် လူထက်နိမ့်သောလောကတွင် မွေးဖွားရမည်ဟု ခြိမ်းခြောက်လုံးက အတော်ပင် အဆင်ပြေခဲ့သည်။သို့သော် ခေတ်သစ်ဟိန္ဒူများသည် မာနုဓမ္မသတ် ကို ထိုမျှအတိအကျကြီးယူမှတ်ခြင်းမရှိ ချေ။ တပ်မက်မှုလွန်ကဲခြင်းက တိရစ္ဆာန် အဖြစ် ပြန်လည်ဝင်စားမှုဖြစ်စေသည် ဟု ခြုံငုံမြင်ကြသည်။ တိရစ္ဆာန်များသော် လည်းကောင်း၊ အပင်များသော် လည်း ကောင်း ဗိုလ်၍နိမ့်ပါးသော အမျိုးအစား သို့သက်ဆင်း၍မရသောကြောင့် လူ သည် ရိုင်းစိုင်းသောအနေသို့ ကျဆင်း ကောင်းကျဆင်းမည် ဖြစ်သော်လည်း လူထက် မည်သို့မျှလျှော့၍မရချေ။

လူ့သားမျိုးနွယ်အဖြစ်သို့ နောက် ဆုံး ဆိုက်ရောက်သည့် အမျိုးမျိုးအထွေ ထွေသော မွေးဖွားမှုပေါင်း (၈၄၀၀၀၀၀) ရှိသည်ဟု ယုံကြည်ခဲ့သော ရှေးဟိန္ဒူတို့ သည်သာလျှင် ဘုံနိမ့်ဘဝတို့ကို ကြိုတင် မြင်ခဲ့သည် မဟုတ်ချေ။ ဗုဒ္ဓဘာသာဝင် တို့သည်လည်း လူထက်နိမ့်သောဘုံတွင် ပြန်လည်ဝင်စားမွေးဖွားမှုသဘောတရား ကို လက်ခံခဲ့ကြသောကြောင့် တိရစ္ဆာန် ပြုစုစောင့်ရှောက်ရေးအတွက် ပထမဦး ဆုံး ဆေးရုံကို တည်စေခဲ့ပုံရသည်။ မည် သို့ပင်ဆိုစေ ဤယုံကြည်ချက်နှင့်ပတ် သက်၍ ပြုပြင်ခံယူပုံတို့က တိုက်ရိုက် ထက် နိမိတ်ပုံအဖြစ်ယူဆချက်ပိုများစေ ခဲ့ဟန် ရှိသည်။ ကံ၏ဒဏ်ကို လူအသွင် ဖြင့် ပို၍ခံစားတွေ့ကြုံနိုင်သည်ဟု မြင်ခဲ့ သည်။

ရှေးအီဂျစ်နိုင်ငံတွင်မူ The Egyption Book of the Dead မှ မှော်ဂါထာ မန္တရားများကို သေသူတို့နှင့်အတူ မြှုပ် နှံလေ့ရှိခဲ့ကြသည်။ ဤသို့ပြုခြင်းမှာ ထို ဂါထာမန္တရားတို့ကို ဆိုရွတ်၍ သေသူ သည် သူတို့နှစ်သက်ရာအသွင်ကို ခံယူ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန် ဖြစ်သည်။ အီဂျစ်လူမျိုးတို့သည် နှစ်ပေါင်း (၃၀၀၀) သံသရာစက်ဝန်း၊ မျိုးစိတ်တစ်မျိုးမှ မျိုးစိတ်တစ်မျိုးသို့ ကျင်လည်ပြီးမှသာလျှင် လူသားအသွင် ဖြင့် ပြန်လည်မွေးဖွားခွင့်ရသည်ဟု ယုံကြည်ခဲ့ကြသည်။ အိုင်နုလူမျိုးတို့၏ သဘောတရားတွင် ဤအမြင်ကို ပြန် တွေ့ရသည်။ ဒေါက်တာဟတ်လီဘီ အဲလက်ဇန္ဒြားသည် သူ၏ North American Mythology of Arctic Tribes စာအုပ်တွင် 'ဝိညာဉ်များသည် လူနှင့် တိရစ္ဆာန်များအဖြစ် မွေးဖွားကြပြီး အချို့ ဝိညာဉ်များသည် တိရစ္ဆာန်ဘုံတွင် သတ္တဝါမျိုးစုံ ကျင်လည်ဖြစ်ထွန်းပြီးခါမှ လူ့အသွင်ကိုရရှိသည်' ဟု ဖော်ပြထားသည်။

ဂျူးလူမျိုးတို့၏ အသွင်ပြောင်းသဘောတရားတွင် အခရာကျသည်က ဘုရင် နီဘူးချဒ်နက်ဇာ၏ ကံတရားပင် ဖြစ်သည်။ 'ဘုရင်သည် လူသားတို့မှ မောင်းထုတ်ခံရပြီး နွား၊ သိုးကဲ့သို့ မြက်ကို စားခဲ့သည်။ သူ၏ခန္ဓာကိုယ်သည် ကောင်းကင်မှ မြူတို့ဖြင့် စိုရွှဲခဲ့ပြီး သူ၏ ဆံပင်များသည် လင်းယုန်တစ်ကောင်၏ အမွေးအတောင်ကဲ့သို့ ပေါက်ရောက်လာပြီး သူ့ လက်သည်းများသည် ငှက်များ၏ လက်သည်းကဲ့သို့ ဖြစ်လာသည်' ဟု ဒန်နရ(လ်)၏စာအုပ် (၄း၃၃) တွင် ဖော်ပြထားခဲ့သည်။ ကာဗာလာတွင်မူ ဆိုးယုတ်သူတို့၏ ဝိညာဉ်များသည် တိရစ္ဆာန်တို့၏ခန္ဓာကိုယ်သို့ အသွင်ပြောင်းရသည်ဟု ဆိုညွှန်းထားသည်။ ဥပမာ သူများသားမယားကို ပြစ်မှားသူသည် ကြိုးကြာ၏ခန္ဓာကိုယ်သို့ ဝင်ရောက်ရသည်ဟု ယူဆသည်။ ကြိုးကြာငှက်သည် ဖောက်ပြန်မှုကို သေဒဏ်ပေးသည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့အပြင် မျိုးစေ့များ၊ မျိုးစပ်ခြင်းနှင့် တိရစ္ဆာန်များ မျိုးစပ်ခြင်းကိုလည်း ဟန့်တားပိတ်ပင်ခဲ့ကြသည်။ ဤသည်မှာ ယင်းတို့တွင်ရှိသော ဝိညာဉ်များ ဝေဒနာခံစားရမည်ကို စိုးရွံ့၍ဖြစ်သည်။

ခေါမအတွေးအခေါ် ပညာရှင်များကမူ ပြန်လည်ဝင်စားမှုကို လူ့ဘဝနိမ့်ပါး ပျက်စီးမှု အနေအထားတစ်ရပ်အဖြစ် မြင်ခဲ့ကြသည်။ ပလေတိုက လူသား၏ ပျက်ပြားသော ဝိညာဉ်မှသည် ငှက်များ၊ တိရစ္ဆာန်များ ဖြစ်ထွန်းသည်ဟု ယင်းတို့ ဆင့်ပွားဖြစ်စဉ်ကို ရှင်းလင်းပြခဲ့ပြီး ပိုက်သိုဂရပ်ကမူ ရိုက်နှက်ခံရသည့် ခွေးတစ်ကောင် အော်ဟစ်သည်ကို ကြားရသော

အခါ 'သူ့ကို မရိုက်ပါနဲ့တော့၊ သူ့ဝိညာဉ်က ငါ့သူငယ်ချင်းရဲ့ဝိညာဉ်။ သူ့အသံကို ငါ မှတ်မိတယ်' ဟု ဆိုခဲ့သည်။ သို့သော် လူတို့ပြုရပ်၊ ဆန္ဒတို့ကြောင့် တိရစ္ဆာန်များ ဖြစ်ကြရမည်ဟု မာနုကဲ့သို့ အတိအကျ ဆိုရဲခဲ့သူမှာ ပလိုတီနပ်(စ်) ဖြစ်သည်။ သူက အောက်ပါအတိုင်း ရေးသားခဲ့သည်။

အလိုလောဘကြီးသူတို့သည် အစားကျူး။ ပက်စက်သော တိရစ္ဆာန်တို့၏ခန္ဓာကိုယ်များအတွင်းသို့ ဝင်စားရပေမည်။ ယင်းတို့၏ အာရုံများကို အသုံးမပြုခြင်းဖြင့် ဖြုန်းတီးခဲ့သူများသည် အပင်များအဖြစ်သို့ မလွဲမသွေ ဝင်စားရပေမည်။ ဂီတကို လွန်စွာ တပ်မက်ခဲ့သော်လည်း သန့်စင်သောဘဝများနေထိုင်ခဲ့သူတို့သည် အသံသာသော ကျေးငှက်များ ဖြစ်ရပေမည်။ အာဏာရှင်ဆန်စွာ အုပ်စိုးခဲ့သူတို့သည် အသံသာငှက်များ ဖြစ်မည်။ ကောင်းကင်ဘုံကို အမြဲရှ



၍ကောင်းကင်ဘုံမှအရာများအ ကြောင်း ခပ်ပေါ့ပေါ့ပြောဆိုခဲ့သူတို့သည် ထက်လေထုဆီသို့ အမြဲပျံသန်းနေသ ငှက်များအသွင်ပြောင်းပေမည်။ လူ့ဝတ်တရားရှိသူတို့သည် လူဖြစ်မည်။ ထိုဂုဏ်သိက္ခာတို့မရှိပါလျှင် သူသည် ပျားကဲ့သို့ မွေးမြူရေးတိရစ္ဆာန် ဖြစ်ပေမည်။

ခရစ်မတိုင်ခင် ပထမရာစုနှစ်တွင် ရောမကဗျာဆရာအိုဗစ်သည် သူ၏ ကဗျာ Metamorphoses ကို ရေးဖွဲ့ရာတွင် ခန္ဓာကိုယ် အသွင်ပြောင်းရသည့် သူ၏ ကိုယ်စား ခံစားရေးဖွဲ့ခဲ့သည်။

*သင့်ကို ကျွန်ုပ် ပြောကြားရမည်ကို ရှက်ပါသော်လည်း သင့်ကို ကျွန်ုပ်ပြောပြပါမည်။*
*ကျွန်တော့်ကိုယ်ပေါ်တွင် အမွေးကြမ်းများပေါက်နေသည်။*
*ကျွန်တော် စကားမဆိုနိုင်၊ အသံအုပ်အုပ်သာစကားလုံးများအစား ထွက်လာသည်။*
*ကျွန်တော့်ပါးစပ် မာကြောလာသည်ကို ခံစားရသည်။*
*နှာခေါင်းအစား နှာသီး ရှိလာသည်။*
*ကျွန်တော့်မျက်နှာက မြေပြင်ကို ကုန်းလျက်*
*ကျွန်တော့်လည်ပင်းက ကြွက်သားကြီးများ ဖုထလျက်။*
*ကျွန်တော့်နှုတ်ခမ်းများသို့ ခွက်မြှောက်ပေးသောလက်သည် မြေကြီးပေါ်တွင် ခြေရာများထင်စေသည်။*

ရှေးခေတ် အင်္ဂလိပ်နှင့် စကော့လူမျိုးတို့၏ ဘောလယ်တေးများသည် တိရစ္ဆာန်၊ ငှက် သို့မဟုတ် အပင်များသို့ အသွင်ပြောင်းနေသော လူသားမိန်းမနှင့် ယောကျ်ားများ၏ ဝိညာဉ်များအကြောင်း ရေးဖွဲ့ခဲ့သည်။ ဘရစ်တွန်၏ ဒဏ္ဍာရီများတွင်မူ အဖြူရောင်ပင်လယ်စင်ရော်အဖြစ် ဝင်စားသော တံငါသည်များ၊ သင်္ဘောသားများ၏ဝိညာဉ်များအကြောင်း ဇာတ်လမ်းများ တွေ့ရသည်။ ပင်လယ်စင်ရော်များနှင့်ပတ်သက်၍ ဝင်စားမှုဘဝများကို တင်စားဆိုညွှန်းမှုများ များပြားဝေဆာလှသည်။ ရစ်ချက်ဘာ၏ နာမည်ကြီးဝတ္ထု Jonathan Livingston Seagull တွင် ထိုအချက်ကိုတွေ့ရသည်။ စင်ရော် ဆော်လီဝမ်က အောက်ပါအတိုင်း ပြောကြားသည်ကို တွေ့ရသည်။

'စားခြင်း၊ ဒါမှမဟုတ် တိုက်ခိုက်ခြင်း၊ ဒါမှမဟုတ် အုပ်စုတွေထဲမှာ ဩဇာအာဏာရှိခြင်းထက် ဘဝမှာ ပိုသာတဲ့ အဓိပ္ပာယ်ရှိတယ် ဆိုတဲ့ အတွေးမပေါ်ခင်မှာ ငါတို့ ဘဝပေါင်း ဘယ်နှဘဝ ဖြတ်သန်းခဲ့ရတယ် ဆိုတာကို မင်းသိရဲ့လား။ ဘဝတစ်ထောင်၊ဘဝတစ်သော ကို ကူးပြောင်းခဲ့ရတယ် ဂျွန်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

ဘာရှိတယ်မှန်းသိတဲ့အဆင့်ရောက်ဖို့ နောက်ထပ် ဘဝတစ်ရာကို ဖြတ်သန်းရ မှာပဲ။ ငါတို့ရှင်သန်ရမယ့်အကြောင်း ကာ အဲဒီဗီပြင်မှုကို ရှာတွေ့ပြီး ထုတ်ဖော် သိဖို့ ဆိုတာကိုသိဖို့ နောက်ထပ်ဘဝ တစ်ရာကို ကျင်လည်ရတယ်။ ခုလည်းပဲ အဲဒီနိယာမရှိတယ်။ ငါတို့ဒီဘဝမှာသိ တာပေါ် မူတည်ပြီး နောက်ဘဝကို ရွေး ချယ်တာပဲ'

ပြန်လည်ဝင်စားမှုသဘောတရား ကို လက်ခံသူတို့အတွက်ပင်လျှင် လူ သားများ၊ သွားများ၊ နှတ်သီးများ၊ မွေး ညှင်း လက်များဖြင့် ပြန်လည် ဖြစ်ထွန်းလာ သည့်အသွင်သည်ကား နောက်ပြောင် ရော ကြောက်စရာ အသွင်သဏ္ဌာန် တစ်ခု ပီပြင်ခဲ့သည်မှာ အမှန်ပင်။ ဝီလျံ ရိုက်စပီးယားသည် Twelfth Night တွင် ဤအချက်ကိုယူ၍ ဇာတ်ကောင် ဖေ (စ်)ဗိုလီဘိုအား ပိုက်သိုဂရပ်(စ်)၏ သဘောတရား 'ငါတို့အဘိုးရဲ့ဝိညာဉ်က ငှက်တစ်ကောင်ကို ဝင်စားသွားနိုင်တယ်' ဟု သရော်စေခဲ့သည်။

သရော်သူများပေါ် လိုက်၊ ပျောက် သိုက်ဖြစ်ခဲ့သော်လည်း ယုံကြည်ချက်က ဆက်လက်ခိုင်မြဲနေခဲ့သည်။ မျက်မှောက် ကာလတွင်မှ လူသားသည် အနိမ့်သတ္တ ဝါအဖြစ် ဝင်စားနိုင်သည်။ ဝင်စားသည် ဟု ယုံကြည်ယူဆသူ သန်းပေါင်းများစွာ ရှိသည်။ မြို့ကြီးပြကြီးများနှင့် ကွာခြား သောဒေသများတွင် နေထိုင်သော ရေပန်သားတို့သည် ထင်းရှူးပိုးကောင်၏ ဆွေးဆွေးမြည့်မြည့် အော်မြည်သံတွင် တောအုပ်ချုံထဲပြန်ဝင်စားသွားသည့် သူ တို့၏ကွယ်လွန်သူ သွေးသား၊ ချစ်သူတို့ အသံကို ကြားမိတတ်ကြသည်။ပိုက်ကရို ဘောရွာဒေသမှ ရက်(ဖ်)ကျွန်းသူကျွန်း သားတို့ကမူ မကြာမတင် သေဆုံးသူတို့ ၏ ဝိညာဉ်တို့သည် ပိုးဟပ်များအဖြစ် ပြန်လာတတ်သည်ဟုယုံကြည်ကြသည်။ ၁၉၇၅ ခုနှစ်၊ မတ်လတွင်မူ သီရိလင်္ကာ ကျွန်းအလယ်ပိုင်းရှိ ရွာသူရွာသားများ သည် ရှေးဟောင်းသုတေသနလုပ်ငန်း ခွင်၊ ရှေးဟောင်းကျောက်တုံးကြီးပတ် လည် အုံထနေသော ပိတုန်းကောင်များ ကို မောင်းထုတ်ရန် ငြင်းဆန်ခဲ့ကြသည်။ ထိုသို့ ငြင်းဆန်ခြင်းမှာ ထိုခံတပ်ကို ငါးရာစုကာလက စောင့်ရှောက်ခဲ့သော ဘုရင်ပထမမြောက် ကပ်စပ္ပ၏စစ်သည် များ ဝင်စားနေသည့် အကောင်များဟု ယူဆခဲ့ကြသည်။

လွန်ခဲ့သော ငါးနှစ်ကာလကမူ စကော့တလန်ပြည်နယ် ဂလပ်(စ်)ကိုမြို့ မှ မစ္စစ်ဂျိုးဇဗင်းရော(လ်)စတုံးသည် သူမသမီး၏မင်္ဂလာဆောင်အခမ်းအနား ကို စတာလင်ငှက်တစ်ကောင်က ဆင်း သက် အားပေးလာသည်ကို တွေ့မြင်ခဲ့ သည်။ နောင်တွင် ထိုအကြောင်းနှင့်ပတ် သက်၍ သူမက အောက်ပါအတိုင်းဆိုခဲ့ သည်။

'ကျွန်မဘဝမှာ ဒါ့ထက်သေချာ တာ မရှိခဲ့ဖူးဘူး။ အဲဒီစတာလင်ငှက်က ကျွန်မရဲ့လင်ယောက်ျားဂျော့(ခ်)ပါပဲ'

ဗြိတိန်နိုင်ငံထုတ် Weekend မဂ္ဂဇင်းအဆိုအရ ထိုနှစ်ထက် (၂) နှစ် ခန့်စောစောက ကွယ်လွန်ခဲ့သော ဂျော့ (ခ်) ရော(လ်)စတန်သည် သူ၏ဇနီးသည် အား -

'ငါ ပြည်လည် ဝင်စားတာကို ယုံ တယ်။ ငါ လောကကို ပြန်လာခဲ့ရင် ငှက် အဖြစ်နဲ့ဖြစ်တယ်'

ဟု ပြောဆိုခဲ့ဖူးသည်။

စတာလင်ငှက်သည် မစ္စစ်ရော (လ်)စတန်၏ဘေးတွင် နားရုံမကသေး ဘုရားဆောင်သို့တက်သွားသော သတို့ သမီးနှင့်သတို့သားနောက်သို့ ပျံသန်း လိုက်သွားသလို လက်ထပ်လက်မှတ်ရေး ထိုးသည့်အခန်းသို့လည်း ပျံသန်းဝင် ရောက်သွားခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသူတို့ လူစုခွဲသောအခါ တွင် ငှက်သည် ဘုရားရှိခိုးကျောင်း အပြင်ဘက်ရှိ သစ်ပင်တစ်ပင်ထက်သို့ ပျံသန်းသွားပြီး ကျယ်လောင်စွာ အော် မြည်လို က်ပြီးနောက် အဝေးသို့ ပျံသန်း သွားခဲ့ ည်။

င်ထောင်ပေါင်းများစွာ ကွာဝေး သော မ္မာခေါင်မိုးအရပ်တွင်မူ တိဗက် လူမျိုး ့သည် လက်ဖက်ရည်ခွက်ထဲသို့ ယင်ကောင်တစ်ကောင် ပြုတ်ကျသွား သည်ကို အခက်အခဲကြီး တစ်ရပ်အဖြစ် မြင်ကြသည်ဟု ဟိန်းရစ်ဟယ်ရာက ဆို သည်။ ယင်ကောင်ကို လက်ဖက်ရည်ထဲ နစ်မသေအောင် အတတ်နိုင်ဆုံး ကယ် ဆယ်ရမည်ဟု Seven Years in Tibet စာအုပ်တွင် ရေးသားခဲ့သည်။ အဘယ် ကြောင့်ဆိုသော် ထိုယင်ကောင်သည် သေဆုံးသွားသော အဘွားတစ်ယောက် ဝင်စားခြင်း ဖြစ်နိုင်သည်။ ပျော်ပွဲစား တစ်ခုတွင် ပုရွက်ဆိတ်တစ်ကောင်က မိမိအဝတ်အစားကိုတွယ်တက်လာခဲ့ပါ လျှင် ယင်းကို နူးညံ့စွာကောက်၍ အောက်သို့ ချလိုက်သည်။ အဆောက် အအုံများ ဆောက်လုပ်ရာတွင် ပိုးမွှား ကောင်များ လွယ်ကူစွာ သေဆုံးနိုင်ပါ သောကြောင့် အဆောက်အအုံများ အ သစ်ဆောက်လုပ်ခြင်းမပြုပါရန် နိုင်ငံ တော်မှ အမိန့်ထုတ်ပြန်သည့်အဖြစ်ကို ဟယ်ရာသည် တိဗက်တွင် နေထိုင်သည့် ကာလတွင် ကြုံတွေ့ခဲ့ရသည်။

တစ်ဖန် ၁၉၇၆ ခုနှစ်တွင် လန်ဒန် မြို့ လက်(ခ်)ဝေ့မြို့ရှိ သူ၏မွေးရပ်အိမ် ၏ နှစ်ထပ်ကားရုံအထက် ပေ (၅၀)မှ ပြုတ်ကျသွားခဲ့သည့် အသက် (၁၅) နှစ် အရွယ်ရှိ စတီဗင်ရှိုင်း၏ ကြေကွဲစရာ အဖြစ်လည်း ရှိသေးသည်။ ရဲများသည် သူ၏ နေ့စဉ်မှတ်တမ်းတွင် ချောက်ချား ဖွယ် သေဆုံးရသည့် အကြောင်းရင်း သဲလွန်စကို တွေ့ရှိခဲ့သည်။ ယင်းသည် ရစ်ချတ်အာဒမ်၏အရောင်းရအကောင်း ဆုံးဝတ္ထုဖြစ်သည့် 'ယုန်တစ်ကောင်၏ ဘဝအကြောင်း' ဖော်ပြသည့် စာအုပ် Watership Down စာအုပ်မှ စာပိုဒ်တစ် ပိုဒ်နှင့် အောက်ပါအတိုင်းရေးထားသော စာတိုတစ်စောင်ကို တွေ့ရသည်။

'ကျွန်တော် ယုန်တစ်ကောင်ဖြစ် အောင် ကိုယ့်ကိုယ်ကိုယ်သတ်သေတော့ မယ်'

စတီဗင်၏ တိရစ္ဆာန်တွင် ဝင်စား လိုသောဥပါဒါန်အစွဲကို ဗြိတိသျှသတင်း စာများက Tragedy of The Rabbit Fantasy Boy ဟု ခေါင်းစီးပြောင်းခဲ့ သည်။

လူတို့သည် သန်းပေါင်းများစွာ သော မြေ၊ ရေ၊ အပင်၊ မီး၊ လေ၊ မိုး၊ တိရစ္ဆာန်နှင့် လူဝင်စားမှုကို ဖြတ်သန်း ကြောင်း အိန္ဒိယနိုင်ငံမှ ဂျိမ်းဘာသာဝင် တို့လောက် လူဝင်စားကိစ္စကို ကျယ် ကျယ်ပြန့်ပြန့် ယုံကြည်သော အခြားအ ရှေ့တိုင်းဘာသာတစ်ခုမျှမရှိချေ။ ရေ သတ္တဝါဝင်စားဘဝသည်ပင်လျှင် တစ် စက္ကန့်မှသည် နှစ်ပေါင်း (၇၀၀) ကာလ ကြာမျှ သက်တမ်းရှည်နိုင်သော သတ္တဝါ အဖြစ် ပင်လယ်၊ ရေကန်၊ မြစ်၊ မိုးရေ မြူနှင်း၊ မိုးသီး၊ တိမ်တို့တွင် ဖြစ်ထွန်း သည်။ အရာရာတိုင်းတွင် ဝိညာဉ်တို့ ကိန်းအောင်းနေသည်ဟု ယူဆသော ဂျိမ်းတို့သည် သက်ရှိသတ္တဝါတစ်ကောင် တစ်မြီးမှ မထိခိုက်စေအောင် ဂရုစိုက် နေထိုင်သည်။ ယင်းတို့အစားအသောက် ထဲတွင် တွေ့သည့် ပိုးမွှားကိုပင် သူတို့ မသတ်သည့်အနေအထိ သက်သတ် လွတ်တရားကျင့်ကြသည်။

အိန္ဒိယနိုင်ငံရောက် ကမ္ဘာလှည့် ခရီးသည်တို့သည် အဖြူရောင်ဝတ် ဂျိမ်း



www.burmeseclassic.com


www.burmeseclassic.com

ဘာသာဝင်များက ယင်းတို့၏အာပုပ်နံ့များ တစ်ပါးသူကို မထိခိုက်စေရန် ပါးစပ်ကို မျက်နှာဖုံးဖုံးလျက် သွားလာလှုပ်ရှားရာတွင် သူတို့ လမ်းခရီးမှ ပိုးမွှားတစ်ကောင်တလေမျှထိခိုက်မှုမရှိလေအောင် ဖယ်ရှားကြပုံကို အတော် တအံ့တဩဖြစ်မိကြရသည်။ ဘုရား၊တရားအကြည်ညိုဆုံးဂျိမ်းတို့သည် ပိုးမွှားဘဝကို ထိခိုက်မှုကင်းစေရန်အတွက် မော်တော်ယာဉ်ဖြင့် ခရီးသွားလာရန်ကိုပင် ငြင်းဆန်လေ့ရှိပြီး အထွတ်အမြတ်ထားသည့် ဝတ်ကျောင်းတော်များသို့ သွားရောက်ပူဇော်သောအခါတွင် သူတို့လောက်ပိုးမွှားသတ္တဝါတို့ပေါ် ဂရုတစိုက်မရှိလှသော ဟိန္ဒူဘာသာဝင်တို့ ထမ်းသောဝေါများဖြင့် စီးနင်းသွားလေ့ရှိကြသည်။

လတ်တလောတွင် ဝိညာဉ်ကြုံတွေ့ခဲ့သောဘဝများသည်ကို လူသားနှင့် တိရစ္ဆာန်တွင် အသွင်တူရောင်ပြန်ဟပ်အရိပ်လက္ခဏာများတွေ့ရသည်ဟု ဆိုသည်။ ဤသဘောတရားကို အလေးထားလျက် ဟိမဝန္တာယောဂီတစ်ဦးဖြစ်သူ ဆရီဆွာမိသီဝနန္ဒာ (၁၈၇၇- ၁၉၆၃) က အင်မတန်မှ ပစားပေးခံရသော အိမ်မွေးတိရစ္ဆာန်များသည် လူသားအဖြစ်မှ ဆင်းသက်လာသူများ ဖြစ်သည်ဟု ဆိုညွှန်းခဲ့သည်။ ထိုအချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သူရေးသားခဲ့သည်။

အချို့ခွေးများသည် ဘုရင့်နန်းတော်များနှင့် ပဒေသရာဇ်လူတန်းစားတို့၏ အိမ်များတွင် တော်ဝင်များကဲ့သို့ ဆက်ဆံခံရသည်။ သူတို့သည် ကားများဖြင့်သွားလာပြီး အကောင်းစားအစားအသောက်များစားသည်။ ကူရှင်များပေါ်တွင် အိပ်ရသည်။ သူတို့အားလုံးသည် လူအရာကျလာသူများပင် ဖြစ်သည်။

ဆွာမိသီဝနန္ဒာကဲ့သို့ အမြင်ရှိသူများကား လူနည်းစုသာ ဖြစ်သည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ပါမောက္ခအများစုကမူ စိတ်နှင့် ရုပ်ပိုင်းဆိုင်ရာဆင့်ပွားဖြစ်ထွန်းမှုသည် အထက်သို့သာတက်ရိုးရှိသည်ဟု ယုံကြည်လက်ခံကြလေသည်။ သံယောဇဉ်၊ သစ္စာရှိမှုနှင့် အသိပညာစသော လက္ခဏာများပြခဲ့သော ထိုတိရစ္ဆာန်များသည် လူအဆင့်သို့ ရောက်ရပြီး စရိုက်ကြမ်းသောလူများသည်ကားသားရဲကောင်ဘဝများမှနေ၍ လူအဖြစ်သို့ရခါစလူဝင်စားများဖြစ်သည်ဟု ယူဆကြသည်။ ၁၉၈၂ ခုနှစ်တွင် ဖလော်ရီ



ဒါပြည်နယ်တွင် သေဆုံးသွားခဲ့သော ဗြိတိသျှနိုင်ငံဖွား စုန်းမ ဆစ်ဘီ(လ်)လိ(ခ်)ကမူ ရှိုင်းစိုင်းသူများ၊ ရာဇဝတ်ကောင်များနှင့် ရွံရှာဖွယ်ကောင်းသောသူများနှင့်ပတ်သက်၍ ဤသို့ ခြုံငုံပြောကြားခဲ့သည်။

တိရစ္ဆာန်ကဲ့သို့ ပြုမူသူများကို ကျွန်တော်တို့ တွေ့ဆုံသောအခါတွင် ယင်းတို့ကို ယခုမှ လူ့လောကသို့ရောက်ခါစ ဆင့်ပွားဖြစ်ထွန်းလာသည့်နာမ်များဟု မြင်တတ်ပါလျှင် ယင်းတို့ကို ပို၍နားလည်နိုင်ကောင်းပေမည်။ သူတို့သည် ဆင့်ပွားဖြစ်ထွန်းလာသော လူတတ်စွမ်းသမျှ စည်းမျဉ်းများကို လိုက်နာရန်နေနေသာသာ ဟုတ်တိပတ်တိပင် နားလည်မှုမရှိတတ်နိုင်သေးသော သူငယ်တန်းကျောင်းသားလေးများနှင့် တူသည်။

အသိပညာကင်းမဲ့မှုနှင့် နားမလည်မှုတို့ ဖြေဖျောက်ရန် ပြန်လည်မွေးဖွားစေသည်ဟု ဆိုရမည်။ တစ်ခါမွေးဖွားခြင်းကား မိမိစာအုပ်ကို ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။ အကြိမ်ကြိမ်မွေးဖွားခြင်းကား သင်တန်းင စ်ခုကို တက်ရောက်ခြင်း ဖြစ်သည်။ အခါခါမွေးဖွားမှသာလျှင် ကြီးထွားမှုနှ ့ ကျစ်လျစ်မှုရှိနိုင်သည်။ ဖြစ်စဉ်ပြည့်င ့ရှိနိုင်သည်။ သို့မဟုတ်ပါက အဓိပ္ပာယ်မဲ့သော အတတ်ဆန်းမှုတစ်ရပ်သာ ဖြစ်မည်။ ပြန်လည်ဝင်စားမှုအကြိမ်များသည်နှင့်အမျှ ဖြစ်စဉ်၏နောက်ကွယ်မှ အစီအစဉ်ကိုနားလည်ရန် အနေအထားပို၍ကောင်းပေသည်။ မွေးခြင်းက သေခြင်းနောက်မှ ထက်ကြပ်မလွဲမသွေလိုက်သည်ကဲ့သို့ပင် ကျွန်တော်တို့၏ အလုံးစုံ ဘဝအစပျိုးမှုကို သိနားလည်စိတ်ဖွံ့ဖြိုးလာမှုနှင့်အတူ လူသား၏ဘဝအဖုံဖုံကို အလေးထားမှု တိုးတက်လာသည်။

**ထိပ်တန်းအသိသို့တက်ရောက်ခြင်း**

သို့သော် ဤဆင့်ပွားဖြစ်စဉ်များက မည်သို့ဦးတည်နေပါသနည်း။ သတ္တဝါများမှသည် အပင်များသို့၊ တိရစ္ဆာန်များမှသည် လူသားများသို့၊ နောက် မည်သို့နည်း။ ကျောက်တုံးတစ်တုံးကို ယိမ်းနွဲ့နေသောသစ်ခက်က ပွတ်တိုက်ပါသော် ယင်း၏ခံစားချက်ကို မသိနိုင်သည်ကဲ့သို့ပင် ကျွန်တော်တို့သည် ကျွန်တော်တို့ အနာဂတ်နှင့် ပခုံးချင်းတိုက်နေကြပါ သော်လည်း သိနိုင်မှုကင်းသည်။ ထို အနာဂတ်သည် အထွတ်အမြတ်သိစိတ် ဖွံ့ဖြိုးမှုပေါ် တည်မိသည်။ သာမန်ရုပ် ခန္ဓာဝင်စားမှုထက်လွန်သော အနေအ ထားဉာဏ်အဆင့် ဖြစ်သည်။ ဤသစ် ဆန်းသော မနက်ဖြန်၏စိတ်သည် လူ သားကို တိရစ္ဆာန်ကို လူတို့သဘောထား သည်ထက် ပို၍စေတနာထားသောအ နေဖြင့် ရှုကြည့်ပေမည်။ ထိုကဲ့သို့သော အခြားအဆင့်မြင့်အာရုံဘုံတွင် လူသား မျိုးနွယ်ဖြင့် မနက်ဖြန်သည် ယခုပင် ရောက်နေနိုင်ကောင်းသည်။ ဤအဆင့် မြင့်ဘဝနှင့်ပတ်သက်၍ ဆာရီဩရိုဘင် ဒိုက အောက်ပါအတိုင်း ရေးသားခဲ့ သည်။

ဝိညာဉ်ကို လူ့မနောက နှောင်ဖွဲ့ ထားသည် မဟုတ်ချေ။ ယင်းသည် လူ့ မနောတွင် အစပြုခဲ့သည် မဟုတ်။ ယင်း တွင်လည်း အဆုံးသတ်မည် မဟုတ်ချေ။ ယင်းတွင် မနုဿအကြိုကာလ အတိတ် ရှိပြီး လူလွန်သား အနာဂတ်ရှိသည်။

ဒေါက်တာဘရုစ်ဂို(လ်)ဘတ် ၂၆ ရာစုနှစ်တွင် ရေအောက်မြို့တော် များနှင့် သတင်းအချက်အလက်ဆော လုံးများကို သိမြင်သော ရှေ့ဘဝကို ပြ တင်မြင်မှုများ ကြုံရသည်။

မြောက်အတ္တလန္တိတ်သမုဒ္ဒရာ ဖာရိုကျွန်းများပေါ်သို့ တက်ရောက်လာ သော ပင်လယ်ဖျံများကို လွန်ခဲ့သော ရာစုနှစ်အကုန်ကာလအထိ တစ်နှစ်လျှင် တစ်ကြိမ် လူသားအသွင် ခံယူသည်ဟု ယူဆမှုရှိခဲ့သည်။

ဇမ်ဘီစီဒေသမှ တိုင်းရင်းသား လူမျိုးစုကမူ လူတစ်ဦးသည် သူနောက် ဘဝတွင်ဖြစ်ချင်သည့် တိရစ္ဆာန်ဘဝ ထိုတိရစ္ဆာန်အကောင်မျိုး၏ပုပ်နေသော အလောင်းကောင်မှ လောက်ကောင် များကို စားခြင်းဖြင့် ရရှိနိုင်သည်ဟု ယူဆခဲ့ကြသည်။

မိုက(ဗ်)တိုင်းရင်းသားများ မှသားသုံးသူတို့သည် တိရစ္ဆာန်အသွင် အမျိုးမျိုးဖြင့် ဝင်စားပြီးနောက် ပျောက်ကွယ်သွားသည်ဟု ယူဆ သည်။



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံတွင် ငန်းသည် လွတ်မြောက်သွားသော ဝိညာဉ်၏ နိမိတ်ဆောင်သည်။ ဇာတ်များတွင် ကိုးကွယ်မှုနှင့်ဆိုင်ရာ အထွတ်အမြတ်ဇာတ်ကို Paramahemie ဟု ခေါ်ဆိုသည်။ အဓိပ္ပာယ်မှာ အထွတ်အမြတ်ငန်းပင်ဖြစ်သည်။ အော်ပီအပ်သည် စီကိုနီယန်းအမျိုးသမီးများ၏ အစိတ်စိတ်အပိုင်းပိုင်းဆွဲထုတ်ခံရပြီးနောက်တွင် အမျိုးသမီးတစ်ဦးထံမှ မွေးဖွားရန် ငြင်းဆန်ပြီး ငန်းတစ်ကောင်အဖြစ်ဝင်စားခဲ့သည်ဟု ပလေတိုက ရေးသားခဲ့သည်။ ဂီတစာဆိုချင်းဆီဘီလီအပ်(စ်)ကမူ 'လွန်ခဲ့သောနှစ်သန်းပေါင်းများစွာကာလ ကျွန်တော့်ယခင်ဘဝများက ကျွန်တော်သည် ငန်းသို့မဟုတ် တောငန်းများနှင့် ဆွေမျိုးတော်စပ်ခဲ့ဟန်ရှိသည်။ ယခုတိုင်အောင်ပင် ထိုနီးစပ်မှုကို ခံစားနေရပါသည်' ဟု ရေးသားခဲ့သည်။

*ဝင်စားမှုသဘောတရားနှင့် ကံသည် သက်ရှိအရာအားလုံး အစဉ်တစိုက်တိုးတက်သာစေသည်။ လူသာလျှင်ကြီးထွားသည်မဟုတ်။ တုတ်ချောင်း၊ ကျောက်တုံးနှင့် ကြယ်တာရာများလည်းကြီးထွားသည်။ အားလုံးအတူတူပွင့်လန်းနေသည်။ ဘဝအားလုံး အာကာသတွင်းနှင့် အာကာသဆီသို့ ကြီးထွားနေသည်။*

*မန်လီပီဟော(လ်)*

*ယခု ဤမှာ ကျွန်ုပ်သည် လူငယ်တစ်ဦး ဖြစ်သည်။ အပျိုမတစ်ဦး ဖြစ်သည်။ ချုံပုတ်ပင်တစ်ပင်နှင့် ပင်လယ်ပြင်ထဲမှ ထုံအနေသောငါးလည်းဖြစ်ဖူးသည်။ သဘာဝက ပြောင်းလဲသမျှ အရာအားလုံး မရင်းနှီးသော အသွေးအသားဖြင့် ဆင်ရင်ပေးထားသော ဝိညာဉ်များပင်တည်း။*

*အမ်ဝီဒိုကလီ*
*ဘီစီ (၄၉၀-၄၃၀)*

ပိုက်သာဂိုရပ်(စ်)၊ ခေါမဒဿနပညာရှင်နှင့် သိပ္ပံပညာရှင် - သူသည် ရိုက်နှက်ခံနေရသော ခွေး၏ အော်သံတွင် သူ့မိတ်ဆွေ၏အသံကို ကြားမိခဲ့သည်။ အာဏာရှင်ဆန်ဆန် အုပ်ချုပ်သူတို့သည် လင်းယုန်ငှက်များဖြစ်လာကြသည်ဟု ပလိုတီနပ်(စ်)က ရေးသားခဲ့သည်။

ကမ္ဘာတွင် အပြေးသန်သော မြင်းတို့တွင် အသန်ဆုံးဟု ဆိုညွှန်းကြသော ပြိုင်မြင်းတီတပ်(ခ်)သည် ယခင်ကလည်း ရှင်သန်ခဲ့ဖူးသည်ဟု ဂျော့ကီစတီဒိုနက်(ခ်)က ယုံကြည်ခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ဒိုနက်(ခ်)က အောက်ပါအတိုင်း ဆိုခဲ့သည်။

'မြင်းဇက်ကြိုးတင်ခံလိုက်ရတဲ့နေ့ကတည်းက၊ သူ့ကို မြင်းပြိုင်ကွင်းခေါ်ချသွားတဲ့ပထမအကြိမ်ကတည်းက မြင်းပြိုင်ပွဲနှင့် ပတ်သက်သမျှအားလုံး သူသိနေတယ်'

*လောကကြီးမှာ မချိတင်ကဲဖြစ်စရာ အကောင်းဆုံး မြင်ကွင်းကတော့ လူတစ်ယောက်နောက်ကို သူ့ဖခင်ရဲ့ဝိညာဉ်ကိန်းအောင်းနေတဲ့ခွေး တကောက်ကောက်လိုက်နေတာကို မြင်ရတာပဲ။ မိန်းမတစ်ဦးက သူ့မိခင်ရဲ့ ဝိညာဉ်ဝင်စားနေတဲ့ မြင်းကို မောင်းနေတာ၊ ကလေးတွေက သူတို့ရဲ့ ဆွေမျိုးသားချင်း၊ အစ်ကိုကြီး၊ အစ်မကြီးတွေရဲ့ ဝိညာဉ်တွင် ဝင်စားနေတဲ့ အိမ်မွေးတိရစ္ဆာန်တွေကို ညှဉ်းပန်းနှိပ်စက်နေတာတွေ မြင်ရတာဟာ အတော် ယူကျုံးမရစရာဘဲ။*

*မေရီအောလင်းအေသာ*

၁၈၆၀ ပြည့်နှစ်တွင် လစ်ဘာနွန်နိုင်ငံတွင် ခြေချခဲ့သော ပြင်သစ်စစ်သည်များသည် တိုက်ပွဲတွင် သူရဲဘောကြောင်သူ၊ အမိန့်ကိုဖီဆန်သူနှင့် လူမျိုးစုပေါ် သစ္စာဖောက်သူတို့သည် ဝက်သို့မဟုတ် မြည်းတစ်ကောင်အဖြစ် ပြန်လည်မွေးဖွားရသည့်အပြစ်ဒဏ်ခံစားရမည်ဟု ဒရူး(စ်)ပြည်သူလူထုအားလုံးကို အသိပေးသည့် စာရွက်စာတမ်းတစ်စောင်အား ဒရူး(စ်)စော်ဘွားကြီးတစ်ဦး၏အိမ်မှ ရရှိခဲ့သည်ဟု ဆိုသည်။

ဖူးဖူးမှုတ်ခံထားရသမျှ ခွေးတို့သည် ဝင်စားမှုအဆင့်ကျဆင်းလာသည့် လူသားများပင် ဖြစ်သည်ဟု ဆရီဆွာမိသီဗာနန္ဒာက ဆိုသည်။

၁၈၇၀ ပြည့်နှစ်ကာလအထိပင် ကွန်ဝေါ(လ်)မြို့ စိန့်ကလယ်ကျောင်းတော်မှ အမှုထမ်းအမျိုးသမီးများသည် ယင်းတို့၏ သင်းအုပ်ဆရာ ဂျ(ခ်)က ပင့်ကူတစ်ကောင်အဖြစ်ဝင်စားနေသည်ဟု ယုံကြည်သောကြောင့် ပင့်ကူများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ကြသည်။

Rocky ရုပ်ရှင်ဇာတ်ကား၏ဇာတ်လိုက် ဆီ(လ်)ဗက်စတား စတားလုံးသည် လူဝင်စားသဘောတရားကို လေးလေးနက်နက် ယုံကြည်သည်။ သူသည် ပြင်သစ်တော်လှန်ရေးကာလတွင် လည်ဖြတ်ကွပ်မျက်ခံခဲ့ရသည်ဟု အတော်အခိုင်အမာ ယူဆကြောင်းနှင့် အမေရိကတိုက် အလယ်ပိုင်းဒေသတွင် ဂွာတီမာလာမျောက်တစ်ကောင်ဖြစ်ခဲ့ဖူးသည်ဟု ခံစားမိကြောင်း People မဂ္ဂဇင်းကို ပြောကြားခဲ့ဖူးသည်။ စတားလုံးသည် နောင် ဖြစ်လိုသည့်ဘဝနှင့်ပတ်သက်၍ အတိအကျ ခံယူချက်ရှိသည်။

"ကျွန်တော့်မှာ စွမ်းရည်တွေ အားလုံးပါမယ်ဆိုရင်ပေါ့။ ကမ္ဘာ့ဟိုဗီးဝိတ်ချန်ပီယံဖြစ်ချင်တယ်"

ဟု ဆိုခဲ့သည်။

ဟန်ဂေရီပန်းချီဆရာ ဒီဆီဒါမော့ကရိမစ်ဇာရို(စ်)သည် ပဝေသဏီကာလသူ လူဝင်စားစဉ်က မှတ်မိခဲ့သည့် ကမ္ဘာဦးရှုခင်းပုံများကို ရေးဆွဲခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၉ ရက်နေ့ထုတ် NewYorkTimeသတင်းစာတွင် အောက်ပါအတိုင်း သူဆိုခဲ့သည်။

"အဲဒီတုန်းက ကျွန်တော်ကြောက်လန့်ခဲ့တဲ့ မွေးပွဆင်ကြီးရဲ့အသွင်ကို ကျွန်တော်ပီပီပြင်ပြင်ပြန်မှတ်မိတယ်။ အေးခဲစ မီးတောင်ခေတ်က ကမ္ဘာ့မြေမျက်နှာပြင်အနေအထားကို ကျွန်တော်သိခဲ့တယ်။ နောက်ပြီး အဲဒါထက်စောတဲ့ကာလ တခြားဂြိုဟ်ကမ္ဘာမြေအောက်မှာနေထိုင်တဲ့သူအဖြစ်ဝင်စားခဲ့တဲ့ ကာလက အမှတ်ရချက်တွေက ကျွန်တော့်စုတ်တံနဲ့ ခဲတံအတွက် သရုပ်ဖော်စရာပုံတွေပဲ။

တိရစ္ဆာန်ကဲ့သို့ ပြုမူသောသူတွေကို ကျွန်တော်တို့ တွေ့ဆုံသောအခါ ယင်းတို့ကို ယခုမှ လူ့လောကသို့ဆင့်ပွားဝင်စား ရောက်ရှိလာသည့် နာမ်များအဖြစ်မြင်တတ်လျှင် သူတို့ကိုပို၍နားလည်ရလွယ်ပေမည်"

ဟု ဆစ်ဇီ(လ်) လီ(ခ်)က ရေးသားခဲ့သည်။

"ကျွန်တော်တို့နိုးထပြီး ကိုယ့်ကိုယ်ကိုယ်လှေကားထစ်တစ်ခုပေါ်မှာရောက်နေတဲ့အဖြစ် ကြုံတယ်။ အောက်မှာကျတော့ ကျွန်တော်တို့တက်လာခဲ့ဟန်ရှိတဲ့ လှေကားတွေရှိသေးတယ်။ ကျွန်တော်တို့ အထက်မှာလည်း လှေကားတွေ အများအပြားရှိတယ်။ မျက်စိတစ်ဆုံးမြင်ကွင်းက ပျောက်သွားတဲ့အထိ တက်သွားတယ်။

Ref:

*The Case for Reincernation by JOE FISHER* ကို ပြန်ဆိုသည်၊

တိုးသင်း



www.burmeseclassic.com

www.burmeseclassic.com

တားရော့သုတေသီ
ဆရာစိုး-ရွှေအာရုဏ်ဦး

# တားရော့ကားချပ်များအတွက် မိတ်ဆက်၊ နိဒါန်းနှင့်ကားချပ်

တားရော့ကို ကျွန်တော် စတင်မြင်ဖူး၊ ကြားဖူးတဲ့နေရာကစပြီး တားရော့ကို ကျွန်တော် ရှူးသွပ်ခဲ့ပုံ၊ မလေးမစားရှိခဲ့ပုံ၊ ပရမ်းပတာလေ့လာခဲ့ပုံ၊ ဆရာရဲ့လမ်းညွှန်မှုခံယူခဲ့ရပုံ၊ သဘောပေါက်နားလည်ပုံတွေနဲ့ လက်တွေ့မြင်ကွင်းတွေကို အရှိအတိုင်း ခြုံငုံတင်ပြခဲ့ပါတယ်။ ပြောချင်တာတွေများနေတဲ့အတွက် အစီအစဉ်တကျ ဖြစ်ချင်မှဖြစ်မယ်။ အဓိပ္ပာယ်နဲ့ အချက်အလက်တွေ ပြည့်စုံချင်မှပြည့်စုံပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်စေတနာနဲ့ ရည်ရွယ်ချက်ကိုတော့ သဘောပေါက်လိမ့်မယ် ထင်ပါတယ်။ အစကနေ အခုချိန်ထိ ကျွန်တော် ဘာကိုပြောနေတာမှန်းမသိသေးဘူးဆိုရင်တော့ ကျွန်တော်တင်ပြပုံညံ့လို့ပါ။

ရှေ့ဆက်ပြီး Major-22 ကတ်ကို တစ်ကဒ်ချင်းစီ ရှင်းလင်းတင်ပြပါမယ်။ ပြီးတော့မှ တားရော့ရဲ့နောက်ခံသမိုင်းကြောင်းမှုကွဲတွေကို အကျဉ်းချုပ်တင်ပြပါမယ်။ အဲဒါပြီးရင် Minor ကားချပ်တွေကို ဆက်သွားသင့်ပေမယ့် လက်တွေ့ဟောပြောမှုကို ဆန္ဒစောနေသူအတွက် တားရော့ကားချပ်များကို ဟောပြောရန် ပြင်ဆင်ပုံနဲ့ ဖြန့်ကြက်ပုံ (Spread) ကို တင်ပြပါမယ်။

ပြီးတော့မှ Minor (56) ကတ်ကို ဆက်လက်တင်ပြမယ်။ အဲဒီနောက် Numerology လို့ လူသိများတဲ့ဂဏန်းသင်္ချာဝေဒနဲ့ တားရော့ကတ်တွေရဲ့ဆက်စပ်ပုံ၊ နောက်တစ်ဆင့်အနေနဲ့ ဂြိုဟ်၊ နက္ခတ်၊ ရာသီခွင်များနဲ့ တားရော့ကတ်တွေနဲ့ ဆက်စပ်ပုံတွေကို ကျွန်တော်လေ့လာမိသမျှ တင်ပြဆွေးနွေးသွားပါမယ်။

အဲဒီလို ကဏ္ဍအသီးသီး စုံလင်သွားတော့မှ Major+ Minor= 78 ကတ်ကိုသုံးပြီး မေးခွန်းပေါင်းစုံကို သင့်တော်ရာ Spread မျိုးစုံနဲ့ ခင်းကျင်းပြီး အဖြေ






www.burmeseclassic.com

www.burmeseclassic.com

...ယူပုံတွေကို ကျွန်တော်ရဲ့လက်တွေ့ ...တွေ့အကြုံတွေထဲက ထုတ်နုတ်ဆွေး ...သွားပါမယ်။

တားချပ်အကြောင်းတွေ ဆက်မ ...ခင်မှာ ကြိုတင်သိထားသင့်တယ်လို့ ...တော်ယူဆတဲ့ အချက် (၂) ချက် ...တင်ပြချင်ပါတယ်။

ပထမအချက်ကတော့ ဒီစာစုကို ...သားတဲ့ မူလရည်ရွယ်ချက်က ကျွန် ...တော်တဲ့သို့သော တားရော့ကို ဝါသနာ ... ဘယ်ကစကိုင်ရမှန်းမသိဖြစ်နေတဲ့ ...အောင်၊ နောင်တော်တွေအတွက်နဲ့ ... (or) No လောက်နဲ့ တစ်ချပ်မှောက် ...ခင်အဖြစ်နဲ့ လမ်းပျောက်နေကြတဲ့ ...သနာရှင်များအတွက် ထွက်ပေါက် ...အဖြစ် Hints ပေးချင်ရုံသက်သက်ပါ။ ...မဂ္ဂဇင်းကိုပေးဖို့ရည်ရွယ်ပါတယ်။ ...တည်းချုပ်ထံ ဖုန်းဆက်ပြီး အခြေ ...နေပြောထားပြီးသားပါ။ တားချပ်တွေ ...ဆိုချက်တွေကို လက်စမသတ်နိုင် ... စိတ်တိုင်းမကျတာနဲ့ မပို့ဖြစ်သေး ...ပါ။ ပြောချင်တာက တတ်ကျွမ်းပြီး ...ဆရာကြီးများကို မရည်ရွယ်ပါ။ ...တစ်စောင်ပေတစ်ဖွဲ့အနေနဲ့ ပြုစု ...လည်း မဟုတ်ပါ။ ကိုယ့်အတွေ့အ ...နဲ့ အတွေးအမြင်ကလေးများကို ချပြ ...ရုံမျှပါ။

ဒုတိယအချက်ကတော့ တား ...ပညာဟာ သမိုင်းမတင်နိုင်မီခေတ် ...တည်းကရှိခဲ့တာပါ။သူတော်စင်ပညာ ...တွေ ပြုစုတီထွင်ခဲ့တာပါ။ ကမ္ဘာ့ ...နက္ခာရီဆရာသခင်များ အစဉ်အဆက် အသုံးပြုခဲ့တဲ့ပညာ ဖြစ်ပါတယ်။ အီဂျစ် ...ဂန္ဓာရီပညာမှာ အဆင့် (၇) ဆင့် ...တဲ့အနက် ဒုတိယအဆင့်မှာ သင်ယူ ...ကျင့်ရတဲ့ပညာထဲမှာ ပါဝင်ပါတယ်။ ...ဒီဒုတိယအဆင့်မှာ ဂဲဩမေထရီ ...ကေ်တ၊ အဓိပ္ပာယ်နဲ့ အသုံးပြုနည်း ...တွေပါဝင်ပါတယ်။ နောက် ဟီဗရူးအက္ခ ...ရာ (၂၂) လုံးနဲ့ အသွင်တူတဲ့ အက္ခရာ ...တွေ၊ ပန်းချီပုံတွေကို သင်ယူလေ့လာရ ...ပါတယ်။ နောက်တားရော့ (၂၂) ကတ် ...မှာပါဝင်တဲ့ အရုပ်တွေကို အဓိပ္ပာယ်ဖွင့် ...ဆိုနည်း၊ စိတ်စွမ်းအင်နဲ့ အဓိပ္ပာယ်ဖွင့် ...ဆိုနည်းအပြင် လက်တွေ့လေ့ကျင့်တဲ့ အခါ တားရော့ (၂၂) ကတ်ဟာ ဂန္ဓာရီ ...ညာသင်သာဝကရဲ့တက်စဉ် (ကျင့်စဉ်) (၂၂) ပါး ဖြစ်လာပါတော့တယ်။

ယနေ့ ကျွန်တော်တို့သုံးနေတဲ့ တားရော့ကားချပ်တွေရဲ့ Generation ကို ပြောရရင် အတ္တလန္တစ်တိုက်က စရပါမယ်။ ယနေ့ မြေထဲပင်လယ်ပတ်ဝန်းကျင်မှာတည်ရှိခဲ့ပြီး ရေနက်ပျောက်ကွယ်ခဲ့ရတဲ့ ကျွန်းမြေကြီးတစ်ခုပါ။ အဲဒီအတ္တလန္တစ်တိုက်မှာနေခဲ့တဲ့ (လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်က) လူသားမျိုးနွယ်စုဟာ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ အနုပညာအားလုံး အဆင့်မြင့်မားခဲ့ကြတယ်။ အတ္တလန္တစ်တိုက်ကြီး ပျောက်ပျက်သွားတော့မယ်လို့ သိထားခဲ့တဲ့ ပညာရှင်သူတော်စင်တွေဟာ သူတို့တတ်ထားတဲ့ လောကီဆိုင်ရာပညာရပ်တွေကို သင်္ကေတအသွင်ဖန်တီးပြီး ရုပ်ပုံကားချပ်လေးတွေ ရေးဆွဲပြုစုထားခဲ့ကြတယ်။ ယဉ်ကျေးမှု ကူးလူးဆက်ဆံမှုသဘောအရ အတ္တလန္တစ်တိုက်ရဲ့ပတ်ဝန်းကျင်၊ ယခုမြေထဲပင်လယ်ဒေသပတ်ဝန်းကျင်မှာရှိတဲ့ စပိန်၊ ပြင်သစ်၊ အင်္ဂလန်၊ အီတလီ၊ ရောမ၊ ဂရိနဲ့ အီဂျစ်နိုင်ငံတွေဆီကို ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။

အဲဒီ အတ္တလန်တစ်တိုက်ကြီးရှိခဲ့ဖူးတယ်ဆိုတာ တစ်ချိန်က ပလေတိုပြောပြဖူးခဲ့တဲ့ ဒဏ္ဍာရီတစ်ခုအဖြစ်ပဲရှိနေခဲ့ပေမယ့် ယနေ့တော့ သိပ္ပံပညာရှင်တွေရဲ့ လေ့လာဖော်ထုတ်ချက်အရ မြေအောက်မှာ နစ်မြုပ်နေတဲ့ အတ္တလန္တစ်မြို့တော်ကြီးကို ရှာဖွေတူးဖော်ရရှိခဲ့ပါပြီ။ ပုံပြင်ဒဏ္ဍာရီမဟုတ်တော့ပါဘူး။ အတိအကျပြောရရင် မြောက်လတ္တီကျူ (၃၆) ဒီဂရီ၊ (၅၇) မိနစ်၊ (၂၅) စက္ကန့်နဲ့ အနောက်လောင်ဂျီကျူ (၆) ဒီဂရီ (၂၂) မိနစ်၊ (၅၈) စက္ကန့် စပိန်နိုင်ငံရဲ့တောင်ဘက် ပင်လယ်ကမ်းစပ်မှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။

ဒါကြောင့် ယနေ့ ကျွန်တော်တို့လက်ထဲရောက်နေတဲ့ တားရော့ကားချပ်တွေရဲ့ စတင်မြစ်ဖျားခံရာ ဒေသတွေဟာ အထက်မှာတင်ပြခဲ့တဲ့ အင်္ဂလန်၊ စပိန်၊ ပြင်သစ်၊ အီတလီ၊ ရောမတို့နဲ့ အီဂျစ်နိုင်ငံတွေ ဖြစ်ခဲ့ရပါတယ်။ အဲဒီလို ဒုတိယမျိုးဆက်အဖြစ် ကမ္ဘာအနှံ့ပြန့်ပြီး ရာစုနှစ်ပေါင်းများစွာ နိုင်ငံပေါင်းစုံကို ဖြတ်ကျော်စီးဆင်းပြီးမှ မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံကို ရောက်နေခဲ့တာ နှစ်ပေါင်း (၇၀)၊ (၈၀) ခန့်ရှိခဲ့ပါပြီ။ ဝါသနာရှင်၊ ပညာရှင်တွေက ထုတ်ဖော်ဟောပြောမှုမပြုဘဲ တရိတသေ တန်ဖိုးထားသုံးစွဲခဲ့လို့ လူအများမသိရှိခဲ့ရတာ ဖြစ်ပါတယ်။ ရေအောက်ကို ရောက်သွားပြီထင်ထားတဲ့ Atlanties မြို့ဟာ ရေအောက်မရောက်ဘဲ စပိန်နိုင်ငံတောင်ဘက်ကမ်းရိုးတန်းရှိ ဗီဒိုဂျိုဇ်ရွံ့နွံပြင် (Hinojions Marsh) အောက်၌ ရှိနေပါတယ်။

ဒါတွေကို ဘာကြောင့် ဒီလောက်ငြိကာချဲ့နေရသလဲလို့ မေးချင်လာလိမ့်မယ်။ တားရော့ကတ်တွေဟာ ဗေဒင်ဟောဖို့ရာ တီထွင်ခဲ့တဲ့ ကားချပ်တွေမဟုတ်ဘူး။ ဂန္ဓာရီပညာရှင်တွေအတွက် ကျင့်စဉ်တွေဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း လေးလေးနက်နက် သိထားစေချင်လို့ပါ။ ဒီလိုလာရင်းဇာစ်မြစ်ကို ခိုင်ခိုင်လုံလုံသိထားမှ တားရော့ကျမ်းစာအုပ်တွေကဖွင့်ဆိုတဲ့ အဓိပ္ပာယ်တွေမှာ လူ့ဘဝရဲ့ လေးနက်တဲ့အကျင့်စရိုက်၊ အတွေးအမြင်၊ အယူအဆတွေကို တွေ့လာရတဲ့အခါ ဆက်စပ်နားလည်လက်ခံနိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့ တစ်ဆက်တည်းပြောရရင် ကျွန်တော်တို့လေ့လာနေတဲ့ တားရော့ပညာဟာ လောကီရေးရာကိစ္စသာဖြစ်တဲ့အတွက် သမုတိသစ္စာနယ်ပယ်အတွင်းမှာ ပဲရှိနေပါသေးတယ်။ သမုတိသစ္စာသဘောအရ အချိန်အခါ၊ နေရာဒေသနဲ့ ပုဂ္ဂိုလ်ကအဓိဋ္ဌာန်တွေအပေါ် မှာ မူတည်ပြီး ကောင်း၊ ဆိုး၊ မှား၊ မှန်ကွဲပြားနိုင်ပါတယ်။ ပြောင်းလဲသွားနိုင်ပါတယ်။

လောကရဲ့ဖြစ်စဉ်တစ်ခုကို လောကအမြင်နဲ့ သုံးသပ်ရှုမြင်တဲ့အခါ မှား+မှန်၊ ကောင်း + ဆိုးတွေဟာ ရောထွေးယှက်တင်ဖြစ်နေတတ်ပါတယ်။ ဒါဟာလည်း လူ့လောကရဲ့သဘာဝအရှိတရားပါပဲ။ (တစ်ဖက်ကြည့်တော့ သူ့ရဲ့ကောင်းအခြားတစ်ဖက်က ကြည့်တော့ သစ္စာဖောက်) ဆိုတဲ့ စကားပမာပေါ့။

လူ့လောကရဲ့ ဖြစ်စဉ်တွေကို နိမိတ်ပုံပြုထားတဲ့ တားရော့ကားချပ်တွေကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုရမှာပဲ ဖြစ်ဖြစ်၊ ဟောချက်ထုတ်ရမှာပဲဖြစ်ဖြစ်၊ ကောင်း + ဆိုး နှစ်ထွေရောနေတတ်ပါတယ်။ ဒါကြောင့် အကောင်းကတ်၊ အဆိုးကတ်လို့ သတ်မှတ်ချက်မရှိပါဘူး။ ထို့အတူ အတည့်၊ ပြောင်းပြန်ဆိုတဲ့ အယူအဆလည်းမရှိပါဘူး။ မေးခွန်း၊ အကြောင်းအရာအပေါ် မှာ မူတည်ပြီး ကောင်း၊ ဆိုး ကွဲပြားသွားပါတယ်။ မူသေအယူအဆမရှိပါဘူး။ ရှင်သန်ပြောင်းလဲနေပါတယ်။ ဒီမျှ သိထားပြီးပြီဆိုတော့ တားရော့ကတ်တွေကိုကိုင်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com

## အဓိကတားရော့ကားချပ်များ

## Major Arcana

### The Fool (အရူး)




The Seeker - ရှာဖွေသူ
Innocence - သန့်စင်သူ၊ အပြစ်မဲ့သူ
The Journeyman - ခရီးသည်

အရူးကတ်လို့ အသိများတဲ့ Fool ကားချပ်ပါ။ အထက်မှာဖော်ပြခဲ့သလို အမည်ကွဲတွေလည်းရှိပါတယ်။ အဲဒီမူကွဲအမည်များရဲ့ အဓိပ္ပာယ်တွေလည်း အားလုံးအကျုံးဝင်ပါတယ်။ ကျွန်တော်ကတော့ အရူးလို့ အဓိပ္ပာယ်ထွက်တဲ့ The Fool ဆိုတဲ့အမည်ကို မကြိုက်ဘူး။ မကောင်းတဲ့ဘက်ကိုသက်ဝင်နေတယ်။ ပေါ့ပြက်တဲ့သဘောရှိတယ်လို့ထင်တယ်။

တကယ်တော့ Tarot ကတ်ထုပ်ရဲ့ အဓိကဇာတ်ဆောင်က ဒီကားချပ်ဖြစ်ပါတယ်။ သူနေရာက 'O' ဆိုတဲ့ အစဦးဆုံး ကားချပ်ဖြစ်သလို နောက်ဆုံးကားချပ် နံပါတ် (၂၂) လည်း ဖြစ်ပါတယ်။ တချို့ကားထုပ်တွေမှာ နံပါတ် (၀)၊ တချို့မှာ (၂၂) အချို့သော တားရော့ကတ်ထုပ်တွေမှာ ဘာနံပါတ်မှတပ်မထားပါဘူး။ အစမှာပဲထားထား၊ အဆုံးမှာပဲနေနေ၊ သူနေလို့ရပါတယ်။ (ကစားတဲ့ ဖဲထုပ်ထဲက Joke ကားချပ်ဟာ The Fool ကားချပ်ကနေ ပြောင်းလဲ ဆင်းသက်ခဲ့တာ ဖြစ်ပါတယ်။)

လောကရဲ့သစ္စာတရား၊ အမှန်တရား၊ လူ့ဘဝရဲ့ အနှစ်သာရဆိုတာတွေဟာ ဘာလဲဆိုတာကို ဘဝအဆက်ဆက် သံသရာတစ်လျှောက် ရှာဖွေလာခဲ့တဲ့လူသားငွေ့အားလုံးကို ရည်ညွှန်းပါတယ်။

လူတစ်ယောက် မိခင်ဝမ်းမှ ကျွတ်လွတ်ဖွားမြင်ခါစမှာ သူ့ရဲ့စိတ်ဟာ ဖြူစင်သန့်ရှင်းနေပါတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေစွန်းထင်းမှုမရှိသေးဘူး။ ပကတိသန့်စင်ကြည်လင်နေတဲ့မိုးပေါ်ကကျလာတဲ့ ရေစက်ကလေးတစ်စက်လိုပါပဲ။ ဒါပေမယ့် သူကိုယ်တိုင် မသိမမြင်နိုင်တဲ့ သံသရာခရီးတစ်လျှောက်လုံး ပခုံးပေါ်ကမချတမ်းသယ်ပိုးလာခဲ့တဲ့ အထုပ်တစ်ထုပ်တော့ သူ့ပခုံးထက်မှာပါလာခဲ့တယ်။ သူလုပ်ခဲ့တဲ့ အကုသိုလ်၊ ကုသိုလ်ဆိုတဲ့အထုပ်ပါပဲ။

တားရော့ကားချပ်တွေကို ပညာရပ်တစ်ခုအနေနဲ့ လေ့လာလိုက်စားရာမှာ အခြေခံသိသင့်တဲ့အချက်များအနက် ကျယ်ပြန့်ရှုပ်ထွေးတဲ့ သမိုင်းကြောင်းနောက်ခံဇာတ်လမ်းတွေကို ဒီနေရာမှာ ချန်ထားခဲ့ပါမယ်။ ဘာကြောင့်လဲဆိုတော့ အီဂျစ်နတ်ဘုရားပုံပြင်နဲ့ ဂရိနတ်ဘုရား၊ အင်္ဂလိပ်သူ့ရဲကောင်းတို့ရဲ့ပုံပြင်တွေဟာ သီးခြားစီကွဲလွဲနေခြင်းကြောင့်ပါပဲ။ နောက်ခံဇာတ်လမ်းတွေကို သီးခြားခေါင်းစဉ်နဲ့ တင်ပြဆွေးနွေးပါမယ်။

နောက်တစ်ဖန် တားရော့ကတ်များ ဖြန့်ခင်းပြီး ဆက်စပ်တွေးခေါ်ခံစားရတဲ့အပိုင်းကိုလည်း Spread= ဖြန့်ကြက်ခြင်းခေါင်းစဉ်ရောက်မှ ထည့်သွင်းဆွေးနွေးပါမယ်။

အခုတော့ ကားချပ်မှာပါတဲ့ ရုပ်ပုံသင်္ကေတတွေ၊ အရောင်တွေနဲ့ ကားချပ်ရဲ့ Title= ခေါင်းစဉ်-အမည်တွေကို အခြေပြုတင်ပါမယ်။

အသုံးများတဲ့အတိုင်း The Fool= အရူးလို့ပဲ ခေါ်ကြပါစို့။ အရူးကို လူတိုင်းသိတယ်၊ မြင်ဖူးတယ်။ ဒါပေမယ့် အဓိပ္ပာယ်ဖော်ဖူးကြပါသလား။ အခုဖော်ကြည့်လိုက်ရအောင်။ နိဒါန်းပိုင်းမှာလည်း ဥပမာအနေနဲ့ ဖော်ပြခဲ့ပါတယ်။

အရူးကားချပ်မှာ အရူးဟာ အထုပ်ထမ်းထားတယ်။ လက်ထဲမှာ တုတ်တစ်ချောင်းကိုင်ထားတယ်။ ခွေးတစ်ကောင်ပါတယ်။ ခွေးက မတ်တတ်ရပ်ပြီး အရူးရဲ့ဘောင်းဘီကို ဆွဲတယ်။ ဘောင်းဘီပြဲနေတယ်။ အရူးက သူ့ရှေ့ကိုပဲ ဆက်လှမ်းမယ့်ဟန်ပြင်နေတယ်။ ရှေ့မှာဘာရှိနေတယ်ဆိုတာကို သတိပြုမိပုံမပေါ်ဘူး။ (သို့) ဂရုစိုက်ဟန်ပုံ ဘူး။ မူလလက်ပေါင်းကားချပ်ထဲမှာ အရူးရဲ့ရှေ့မှာ ချောက်ကမ်းပါးမပါ ဒီကားချပ်ထဲမှာပါဝင်တဲ့အစိတ်အပိုင်း တွေကို အထက်ကဖော်ပြခဲ့သလို ခွဲ ပြီး တစ်ခုချင်းအဓိပ္ပာယ်ပြန်ကြည့် အရူး= အကောင်း၊ အဆိုး၊ အကြော အကျိုးမခွဲခြားတတ်သူ၊ နေရာအတ တကျမရှိသူ၊အစွဲအလမ်း၊အနှောင်အ အတွယ်အတာကင်းမဲ့သူ၊ ဦးတည်ချ ရည်ရွယ်ချက်ကင်းမဲ့သူ၊ ခံစားလွယ် စသည်ဖြင့် ပကတိအရူးတစ်ယော အဓိပ္ပာယ်တွေ ပေါ်ပေါက်လာပါတ တုတ် - ဘဝရှင်သန်ခြင်းကို ကိုယ်စား တဲ့ သင်္ကေတ ဖြစ်ပါတယ်။ ဗိုက်ဆာ ကြုံတဲ့နေရာမှာ တွေ့တဲ့သူထံမှ တော စားမယ်။ အိပ်ချင်ရင် ကြုံရာမှာ လှဲ မယ်။ ဘဝရှင်သန်ဖို့အတွက် ခန္ဓာ ရဲ့ တောင်းဆိုချက်တွေကို ကြုံသ ဆောင်ရွက်သွားမယ်။ ခွေး - ခွေးဆို သခင်ကို စောင့်ရှောက်ကာကွယ် သက်တော်စောင့်ဖြစ်တယ်။ မသိစိ ကို ကိုယ်စားပြုတယ်။ သိစိတ်မှာ ဉာ နဲ့ယှဉ်တဲ့ ဆင်ခြင်မှုကင်းမဲ့နေပေမ သူ့ရဲ့မသိစိတ်က နောက်ကွယ်က ကြ ကိုင်ထားတယ်။ သို့ပေမယ့် အ တော့ ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင် မရှိဘူး။ ပုံရဲ့လက်ဝဲ၊ ကြည့်သူရဲ့ ယာဘက်ကို ဦးတည်ရှေးရှုနေတ အနာဂတ်ကိုပေါ့။ အတိတ်ကို ပြန် စား၊ လက်ရှိပစ္စုပ္ပန်ကိုလည်း ဆင် သုံးသပ်ခြင်းမရှိဘဲ ရှေးရှုရာ အနာ ဆီကိုပဲ ရည်ရွယ်ချက်မဲ့လျှောက် တော့မယ့်ဟန်ပန်အဖြစ် တွေ့မြင် တယ်။

အရူးရဲ့ အဝတ်အစားတွေ အပြာရောင်၊ လိမ္မော်ရောင်၊ အဝါ နီညိုရောင်နဲ့ လူပုံကို လိမ္မော်ရောင် နဲ့ ဝိုင်းရံထားပါတယ်။

အဲဒီအရောင်ရဲ့အဓိပ္ပာယ်တွေ အရူးကားချပ်ကို ကြည့်ရှုသုံးသပ် ရင် ပုံပန်းမကျတဲ့ အဝတ်တွေမှာ ဖက်ဟပ်စပ်မှုမရှိတဲ့ အရောင်တွေ ရောနှောအသုံးပြုထားပြီး၊ (ဉာဏ် ဆင်ခြင်မှု၊ တည်ငြိမ်) ကို ဖော် ထားတဲ့ ဘောင်းဘီအပြာရောင်ကို ကိုက်ဆွဲလို့ပေါက်ပြဲနေပုံ ဖော်ပြ တယ်။ အသိဉာဏ်ပညာ မပြည့် လစ်ဟာနေမှုတို့ကို ညွှန်းတယ် လှုပ်ရှားမှု၊ ပျံ့လွင့်မှုကိုပုံဖော် လိ ရောင်က ဖုံးလွှမ်းထားတ ။ ကဲ-



www.burmeseclassic.com

www.burmeseclassic.com

The Fool=အရူးကားချပ်ကို အမြင် တော်တ + အရောင်တွေအပေါ်မှာ သုံးသပ်လို့ပြီးပါပြီ။ အရူးရဲ့ မူလ ဘာဝ အဓိပ္ပာယ်ကွင်းကွင်းကွက်ကွက် သာပြီ မဟုတ်ပါလား။

အဲဒီလို အရူးကားချပ်ထဲမှာပါတဲ့ တစ်ယောက်ရဲ့ သဘာဝကို ပီပီပြင် ရှင်းရှင်းလင်းလင်း ခေါင်းထဲမှာ ဘာပေါက် နားလည်ထားပြီးရင် ဓိပ္ပာယ်တွေထဲကပဲ ဟောပြောမှုပြုရ ယ်။

ပုထုဇ္ဇနော ဥမ္မတကော = ပုထုဇဉ် သမျှ လူသားအားလုံးဟာ အရူးချည်း ပါတယ်တဲ့။ ဗုဒ္ဓဟောခဲ့တာ ဥစ္စာရူး၊ ဏာရူး၊ တဏှာရူး၊ အလှအပရူး၊ ဘရူး၊ ဒေါသရူး၊ အရူးမျိုးစုံနဲ့ ရူးခဲ့ တယ်။ ရူးကောင်းနေဆဲ ဖြစ်တယ်။ ဆက်ပြီး ရူးနေကြဦးမယ် မဟုတ်ပါ ။ ရှားရှားပါးပါးအဲဒီလိုအရူးမျိုးတွေ မူတဲ့အရူးအစစ်မဟုတ်တဲ့ အရူး တုအကြောင်းကိုလည်း ထည့်တွေးဖို့ ပါနဲ့။ အရူးများအတုရယ်ရှိသေး လို့ မတွေးပါနဲ့။ ထွက်ရပ်ပေါက် ရိပညာရှင်သူတော်စင်တွေရဲ့ ကျင့် လမ်းမှာ အရူးစခန်းရယ်လို့ရှိပါတယ်။ နာအားဖြင့် ကျွန်တော်တို့ မြန်မာ အားလုံး သိပြီး ကြားပြီး ရင်းနှီးပြီး ဖြစ်တဲ့ အဘအောင်မင်းခေါင် ပုပ္ပား နေပြီး ထွက်ရပ်လမ်းမကြွမီ၊ အထက် ဝတီတစ်ကြောမှာ အရူးစခန်းဝင် အရူးကြီးအဖြစ်နဲ့ ကယ်သင့်၊ ကယ် တဲ့သူတွေ လမ်းမှားရောက်နေသူ တန်ခိုးသိဒ္ဓိပညာမျိုးစုံပြပြီး ကယ်ခဲ့ တွေ၊ ဆုံးမခဲ့တာတွေဟာ လွန်ခဲ့တဲ့ နှစ်(၇၀)နဲ့ (၈၀)အတွင်းက တကယ် ခဲ့တဲ့ ဖြစ်ရပ်တွေပါ။ သူနဲ့ ကြုံတွေ့ခဲ့ သူ တပည့်သားမြေးတွေ ယခုထိရှိနေ ပါ။ ပုံပြင်မဟုတ်၊ ဒဏ္ဍာရီမဟုတ် သေးပါ။ အဲဒီလို အရူးအတုတွေကျတော့ သည်း လောကမှ လွန်မြောက်လွတ် မြောက်ကြောင်း အကြောင်းတရားတွေ ကိုယ်တွေ့ သိရှိနားလည် ကျင့်ကြံ နေကြပြီး သံသရာမှ လွတ်လမ်းအမှန် TAROT= ROYAL WAY= မြင့်မြတ်သော လမ်းစဉ်ပေါ်သို့ ရောက်ရှိသွားခဲ့ပြီး ချုပ် နှောင်ထားတဲ့သံယောဇဉ်၊ အစွဲအလမ်း၊ အနှောင်အဖွဲ့တွေကို စွန့်လွှတ်ဖြတ် တောက်ခဲ့ပြီးဖြစ်တဲ့ The Seeker/ Innocence/ Journeyman အစစ်တွေ ဖြစ်ကြ




ပါတယ်။ အဲဒီလို The Fool တွေလည်း ရှိတတ်ကြသေးတယ်ဆိုတာ မမေ့ဖို့ပါ။ မြင်နိုင်အောင်ကြည့်ဖို့နဲ့ သိနိုင်အောင် စဉ်းစားဖို့ပဲ လိုပါတယ်။

အပြစ်ကင်းစင်တဲ့ဘဝနဲ့ သံသ ရာကပါလာခဲ့တဲ့ အထုပ်ကြီးကိုထမ်းလို့ လူ့ဘဝမှာ မွေးဖွားလာခဲ့ပြီး ဘဝတစ် လျှောက်လုံးမှာလည်း ရူးနည်းပေါင်းစုံနဲ့ ရူးခဲ့ကြပြီးပြီ ဆိုတော့ 'အထုပ်ကလေး တွေ ကိုယ်စီထမ်းပါလို့ လာလမ်းကိုတဲ့ ပြန်တော့မယ်' ဆိုတဲ့ တေးကဗျာထဲက လို သေဖို့ ဘဝနိဂုံးချုပ်ဖို့ပဲရှိတော့တာ ပေါ့။

သံသရာကပါလာခဲ့တဲ့ ပခုံးပေါ် က အထုပ်ကြီးထဲက အကုသိုလ်ကံတွေ နဲ့ ဒီဘဝမှာ ရူးချင်တိုင်းရူးပြီး၊ လုပ်ချင် တိုင်းလုပ်ခဲ့တဲ့ အကုသိုလ်ကံတွေနဲ့ပေါင်း ပြီး ဒုက္ခသုက္ခပေါင်းစုံလည်းခံခဲ့ပြီးပြီ။ အထုပ်ကြီးထဲမှာပါလာတဲ့ ကုသိုလ်ကံ တွေနဲ့ ဒီဘဝမှာ ရှားရှားပါးပါးလုပ်ခဲ့မိတဲ့ ကုသိုလ်အလုပ်တွေနဲ့ပေါင်းပြီး ဘဝအ မောပြေ စိတ်ချမ်းသာမှုတွေကိုလည်း တရှိုက်တနမ်းခံစားခဲ့ပြီး ပခုံးပေါ်ကအ ထုပ်ကြီးကလည်း ဖောင်းသထက်ဖောင်း လာပြီး ဘာတွေကများနေသလဲ။ ကိုယ့် ဟာကိုယ်တော့ မသိဘူးပေါ့။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆို သလို လူ ရယ်လို့ဖြစ်လာပြီးတာနဲ့ စက္ကန့် တိုင်း၊ မိနစ်တိုင်းမှာ ဇရာဆိုတဲ့ အိုမင်း ရင့်ရော်ခြင်းက တဖြည်းဖြည်းဝါးမျိုလာ လိုက်တာကို သတိမထားမိဘူး။ ဆံပြု သွားကျိုး၊ ခါးကိုင်းပြီး ဗျာဓိ၊ မရဏက နာကျင်ခံစားမှု ဝေဒနာတွေပြပြီး တံခါး လာခေါက်တော့မှ ငါတော့ ဘဝတူး ကောင်းအောင် ကုသိုလ်တွေလုပ်ဦးမှလို့ သတိသံဝေဂရတဲ့အချိန်မှာ ခန္ဓာကိုယ် က မလုပ်နိုင်တော့ဘူး။

တဖက်မှာလည်း -

မိန်းမကို စိတ်မချ၊ ယောကျ်ားကို တစ်ယောက်တည်းမထားခဲ့နိုင်။ သား သမီးကို စိတ်ပူ၊ မြေးကလေးတွေက လူ လားမမြောက်သေး။ ငါ့စီးပွားရေးကို စိတ်ချစွာဆက်လုပ်နိုင်မယ့်သူကို မမြင်နဲ့ ကာမတဏှာ၊ ဘဝတဏှာတွေနဲ့ အရူး ကြီးရူးပြီး ဇရာ+ မရဏရဲ့ မီးတောက် အောက်မှာ ပြားပြားမှောက်ဝပ်စင်းလဲ လျောင်းခဲ့ရပါတော့တယ်။

တရားဟောနေခြင်း မဟုတ်ပါ။ The Fool ကားချပ်ဟာ နံပါတ် (၀) လည်း ဖြစ်တယ်။ (၂၂) လည်း ဖြစ် တယ်။ လူ့ဘဝမှာ သူနဲ့စပြီး လူ့ဘဝကို လည်း သူနဲ့ပဲဆုံးရပါတယ်။ သူဟာ ကျွန် တော်တို့ ပုထုဇဉ်လူသားအားလုံးကို ကိုယ်စားပြုပါတယ်။ Tarot Pack ရဲ့ ဇာတ်လိုက်ဖြစ်ပါတယ်။ ကျန်တဲ့ (၂၁) ကတ်ဟာ မွေးဖွားသည်မှ သေသည်ထိ လူ့ဘဝတစ်လျှောက် ကြုံတွေ့ဖြတ်သန်း ရမယ့် ပုံစံတူဖြစ်စဉ်ဖြစ်ရပ်တွေကို ညွှန်း ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော် တို့ တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့ရ မယ့်ဖြစ်စဉ်တွေရဲ့ နိမိတ်ပုံတွေပဲ ဖြစ်ပါ တယ်။ ဒီပုံရဲ့နောက်ကွယ်မှာ မည်သည့် သင်္ကေတမျှမပါ။ မည်သည့်ဂြိုဟ်၊ မည် သည့်ရာသီခွင်နှင့်မျှ ဆက်စပ်မှုမရှိပါ။

စိတ်ခံစားမှု၊ စိတ်လွင့်ပါးမှု၊ အစီ အစဉ်၊ အနှောင်အဖွဲ့မှ ကင်းလွတ်မှုဟာ ဒီကားချပ်ရဲ့ အဓိက Key ဖြစ်ပါတယ်။

ဟောကွက် နမူနာလေးတွေနဲ့ လေ့လာကြည့်ရအောင်။ (အင်္ဂါရပ်ပြည့် စုံအောင်နဲ့ တားရော့နဲ့စိမ်းနေတဲ့သူတွေ အတွက် စဉ်းစားဖွယ်ရာလမ်းကြောင်း အဖြစ်မျှသာဖော်ပြရခြင်း ဖြစ်ပါတယ်။ တစ်ချပ်တည်းဟောရတာ အင်မတန် အန္တရာယ်ကြီးပါတယ်။ရှေ့နောက်ကတ် တွေနဲ့ ဆက်စပ်ပြီး Spread တစ်ခုနဲ့ ဟောမှသာ လုံခြုံမှုရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**နမူနာ (၁)**

တစ်နေ့မှာ စက်မှုတက္ကသိုလ်က လာနေကျကျောင်းသူ သုံးလေးယောက် ဟောခန်းကို ရောက်လာတယ်။ အကြောင်းထူးရှိသူ (၂) ဦးက မေးစရာရှိတာတွေကိုမေးပြီးတဲ့အခါ ကျန်တစ်ဦး သောမိန်းကလေးက -

"ဆရာ ကျွန်မှာချစ်သူမရှိသေးပါဘူး။ ဘယ်လိုလူမျိုးနဲ့ ဖူးစာဆုံရမလဲ သိချင်ပါတယ်"

ကျွန်တော်က တားရော့မဟောမီ ပြုလုပ်ရမယ့်လုပ်ငန်းစဉ်တွေဆောင်ရွက်ပြီး သူ့ကိုတားရော့ကတ်ထုပ်တွေကို ချိုးစေလိုက်တယ်။ ကျန်တဲ့အပုံပေါ်က ထိပ်ဆုံးကတ်ကို ဆွဲယူပြီး လှန်ကြည့်လိုက်တယ်။ ပြီးတော့မှ သူတို့ဘက်ကို လှည့်ပြလိုက်တယ်။ အားလုံးက ဝိုင်းရယ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်ပေါ်လာတဲ့ကတ်က The Fool ကတ်ဖြစ်နေလို့ပါပဲ။ မေးသူမိန်းကလေးကလည်း မျက်နှာတစ်ချက်ရဲခနဲဖြစ်သွားတယ်။ သူတို့ရဲ့မျက်နှာတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ကြည့်ပြီးမှ -

"သမီးတို့မြင်တဲ့တွေးတဲ့ အဓိပ္ပာယ်မျိုးမဟုတ်ပါဘူး။ အခုမေးတဲ့ကာယကံရှင်နဲ့ ဖူးစာဆုံမယ့်ချစ်သူဟာ ပျော်ပျော်ရွှင်ရွှင်ပေါ့ပေါ့ပါးပါးနေတတ်တဲ့သူ၊ လွတ်လွတ်လပ်လပ်နေတတ်သူ၊ အချုပ်အချယ်ကိုမကြိုက်သူ။ အဲဒီလိုသူမျိုးနဲ့ သမီးဖူးစာဆုံရမှာပါ"

လို့ ပြောလိုက်တယ်။

ဒီတော့မှ မေးတဲ့ကလေးမက -

"ဟုတ်တယ် ဆရာ၊ သမီးက ဒီလိုမျိုးကိုပဲကြိုက်တာ။ အရာရာမှာ သိပ်လေးနက်စုံညားနေတာမျိုးမကြိုက်ဘူး။ ပျော်ပျော်ရွှင်ရွှင်လွတ်လွတ်လပ်လပ်နေသူမျိုး Free Style ကိုပဲကြိုက်တယ်"တဲ့။

**နမူနာ (၂)**

"ဆရာစိုး၊ ကျွန်တော်အုပ်ချုပ်မှုနဲ့ဆိုင်တဲ့ရာထူးတစ်ခုကို လျှောက်ချင်တယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် တားရော့နဲ့ ဟောပေးပါ"

နက္ခတ်လေ့လာဆဲ မိတ်ဆွေတစ်ယောက်က တောင်းဆိုလာပါတယ်။

ထုံးစံအတိုင်း ပြုဖွယ်ရှိတာတွေ ဆောင်ရွက်ပြီး သူချိုးထားတဲ့ တားရော့ အပုံထဲက ထိပ်ဆုံးတစ်ချပ်ကို ဆွဲလှန်လိုက်တယ်။ ဇာတ်လိုက်ကြီး The Fool ဖြစ်နေပါတယ်။

"ခင်ဗျားစိတ်ကူးယဉ်ရုံအဆင့်ပဲ ဖြစ်မယ်။ အဲဒီအလုပ်မှာ ဘာတွေလုပ်ရမလဲ၊ ဘာအရည်အသွေးတွေရှိထားဖို့လိုလဲ၊ ဘာတွေကြိုတင်ပြင်ဆင်ထားရမလဲဆိုတာတွေ ခင်ဗျားခေါင်းထဲမှာဘာမှမရှိသေးဘူး။ လက်ရှိအနေအထားနဲ့ ဝေးနေသေးတယ်။ လေ့လာပြင်ဆင်ပြီးမှ နောက်တစ်ခေါက်လာကြည့်ပါ"

"ဟုတ်တော့ ဟုတ်တယ် ဆရာ၊ ကျွန်တော်ဘာမှအသေးစိတ်မလေ့လာ မပြင်ဆင်ရသေးဘူး"

ဦးတည်ချက်မခိုင်မာ အစီအစဉ်မရှိသူ။

**နမူနာ (၃)**

"ဆရာ ကျွန်တော် အခုလောလောဆယ် ကိစ္စတစ်ခုစဉ်းစားနေတာရှိတယ်။ လုပ်ဖြစ်၊ မဖြစ်သိချင်ပါတယ်။ Unseen Question ဘာကိစ္စလဲမပါဘူး ဖျောက်ထားတယ်။

Tarot ကလည်း Everybody's any question! Come on ပါပဲ။ ချိုးလိုက်တော့ ထွက်လာတဲ့ကတ်က The Fool။

"အဖော်ကအဆွယ်ကောင်းတာနဲ့ ရုတ်တရက် ခရီးထွက်ဖို့ကိစ္စမဟုတ်လား။ ထွက်ဖြစ်မှာပါ။ ညီလေးက ဘာအလုပ်ကိစ္စမှမပါဘဲ အပျော်သဘောမျိုး အဖော်လိုက်မှာမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ သူငယ်ချင်းတစ်ယောက်ရောက်လာပြီး သူပြန်ရင် အလည်လိုက်ဖို့ခေါ်လို့ မြစ်ကြီးနားလိုက် သွားမလို့။ ကျွန်တော်လည်း အ ပြတ်နေတာနဲ့ အပျင်းပြေပေါ့။ ပျော်သလောက်နေဖို့ စိတ်ကူး တယ်"




ဆွဲဆောင်ရာပါတတ်သူ၊ ဦး ရာမဲ့လုပ်တတ်သူ ရှေ့ကိုလှမ်းဖို့ စားနေတဲ့သူ၊ ဒီအဓိပ္ပာယ်ဘောင်အ က ဘယ်လိုလုပ်လွဲထွက်သွားပါမလဲ

**နမူနာ (၄)**

"ဆရာ၊ သမီးရဲ့ချစ်သူက သ ဘာသာမတူဘူး။ လက်ထပ်ဖို့ အဲဒီအချက်က အဓိကပြဿနာဖြစ် တယ်။ သူကတော့ သမီးတို့ဘာသာ ဝင်ပါ့မယ်လို့ ပြောပါတယ်။ အဲဒီ ရင်တော့ သမီးရဲ့မိဘတွေက သ တူမှာပါ။ ဒါကြောင့် သူတကယ် သာပြောင်း၊ မပြောင်းကို တား မေးပေးပါ"

ချိုးလိုက်၊ လှန်လိုက်တယ်။ The Fool။ ဘာအဖြေထုတ်မလဲ။ ကြည့်ပါ။ ဘာကိုမှအလေးအနက်မ သူ၊ အစွဲအလမ်းမထားသူ၊ ဆွဲဆော ပါတတ်သူပါလို့ အဓိပ္ပာယ်ဖွင့်ဆို တယ်မဟုတ်လား။

"သမီးတို့နှစ်ဦးပေါင်းစပ်နိုင် နှစ်ဦးစလုံး တစ်သက်တာစိတ်ချ ရေးကို အလေးထားပြီး အပြော ကောင်းနဲ့သာ စည်းရုံးပေတော့။ လူ ဘာသာပြောင်းလာမှာ သေ တယ်။ ဒါပေမယ့် လက်ထပ်ပြီး လည်း ပြီးပြီဆိုပြီးလွှတ်မထားနဲ့၊ တမ်း အသိပေးနေမှ တော်ရုံကျ မယ်"

ကဲ - ဒီလောက်ဆို ယူဆပုံ ကွက်ထုတ်ဖော်ပုံကလေးတွေ နမူ တော်လောက်ပါပြီ။ စာလုံးတွေ၊ ရတွေနဲ့ သတ်မှတ်ချက်မရှိတဲ့ The Fo အရူးဆိုတဲ့ ခေါင်းစဉ်ရဲ့ အဓိပ္ပာ သဘောသဘာဝ၊ အနှစ်သာရ ဘောင်အတွင်းကပဲ ဆီလျော်တဲ့ ပ္ပာယ်ဟောချက်တွေ ထွက်ပေါ်လာ မဟုတ်ပါလား။ ပါးပါးလေးပါ။

စေတနာရိုးသားစွာ

ဆရာစိုး-ရွှေအာ

(တားရော့-သုတေ

မိုးကောင်းစေ



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ဒသာ အဟောပညာ(၂)

ဦးကြည်ဝင်း(ရွှေခင်)ချောက်

မဟာဘုတ်ဒသာအဟောပညာသည် တစ်နှစ်အတွင်း ဂြိုဟ် (၈) လုံးမှ ၎င်းတို့ပိုင်ရက်များဖြင့် အလှည့်ကျ အကျိုးအဖြစ်ပေးသွားသည်ကို ဟောကြားခြင်းဖြစ်သည့်အတွက် ရက်ပိုင်းဖြင့် အကျိုးအပြစ်ကို ဟောကြားနိုင်သော ပညာရပ် ဖြစ်ပါသည်။ ဒသာစားနေသောဂြိုဟ်သည် အားကောင်းသောဂြိုဟ်ဖြစ်သည့်အတွက် အခြားဂြိုဟ်များနှင့် မည်သည့်အကြောင်းအရာကမှ ဒသာဂြိုဟ်၏ ကောင်းအား၊ ဆိုးအားကို သုံးပုံတစ်ပုံသာပျက်အောင် ဖျက်နိုင်ပါသည်။

ယခု မရဏဂြိုဟ်ဒသာစားနေစဉ် ဘုမ္မိကြီး၊ ဘုမ္မိလေး၊ အတွင်းရန်၊ အပြင်ရန် စသည့်အကြောင်းအရာများနှင့် ညှိနှိုင်း၍ နေ့သားတစ်ဦးချင်းစီအတွက် ဟောချက်ထုတ်ပြသွားပါမည်။ မရဏဂြိုဟ် ဆိုသည်မှာ မိမိ၏မူလမဟာဘုတ်တွင် မရဏအိမ်၌ကျရောက်သောဂြိုဟ်ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

မရဏအိမ်တွင်ကျရောက်နေသောဂြိုဟ်မှပေးသောအကျိုးဆက်များကို ရေးသား၍ ဟောချက်ထုတ်သွားပါမည်။

**(၁) တနင်္ဂနွေဂြိုဟ်မှ ပေးနိုင်သော အကျိုးဆက်များ**

ဂြိုဟ်ကောင်းတစ်လုံးဖြစ်ပါသည်။ ပါပဂြိုဟ်ဖြစ်၍ အကျိုးပေးလျှင် မြန်ပါသည်။

(က) အိုးအိမ်ပိုင်ဆိုင်ခွင့်ရခြင်း၊ ပြောင်းရွှေ့ရခြင်း၊

(ခ) ရာထူးတက်ခြင်း၊

(ဂ) ဩဇာအာဏာရှိခြင်း၊

(ဃ) မင်္ဂလာကိစ္စများ ဆောင်ရွက်ရခြင်း၊

(င) စီးပွားရေးလုပ်ငန်းများ တိုးချဲ့လျှင် အောင်မြင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် တနင်္ဂနွေဂြိုဟ် ဒသာစားစဉ် ဒသာဂြိုဟ်သက် (၂၀) ရက်အတွင်း အထက်ပါ ကောင်းကျိုးများပေးမည် ဖြစ်ပါသည်။ သို့သော် တနင်္ဂနွေဂြိုဟ်သည် မိမိ၏မဟာဘုတ်ဇာတာခွင်၌ မရဏဂြိုဟ်ဖြစ်နေပါက အထက်ပါအကျိုးသွားများကို မရရှိနိုင်တော့ဘဲ ဆိုးကျိုးများကိုသာ ရရှိမည် ဖြစ်ပါသည်။

**(၅) ကြွင်းမဟာဘုတ်ခွင် (တနင်္ဂနွေ မရဏဒသာ)**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

မရဏ

(၅) ကြွင်း မဟာဘုတ်ခွင်တွင် တနင်္ဂနွေသည် မရဏဂြိုဟ်ဖြစ်နေပါ၍ တနင်္ဂနွေဂြိုဟ်၏ ကောင်းကျိုးများကို မရရှိတော့ဘဲ မကောင်းကျိုးများ ဖြစ်သော (က) အုပ်စုကွဲခြင်း၊ အိမ်ထောင်ကွဲခြင်း၊ (ခ) ဦးခေါင်း၊ ဆီး၊ ဝမ်း စသည့်ရောဂါဖြစ်ပွားနိုင်ခြင်း၊ (ဂ) လူလိမ်ခံရခြင်း၊ သူခိုးခိုးခံရခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ (၅) ကြွင်းမဟာဘုတ်ခွင်မှ (၇) နေ့သားသမီးများအတွက် တနင်္ဂနွေဒသာ ရက် (၂၀) အတွင်း အကောင်းမဟောကြားနိုင်တော့ပါ။

နေ့သားတစ်ဦးချင်းစီ အဟောထုတ်ပြပါမည်။ တနင်္ဂနွေသားသမီးများသည် မိမိ၏ မွေးနံမရဏဒသာကြုံနေပါ၍ အသက်ဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ အိမ်မီးလောင်ခံရခြင်း စသည်တို့ကြုံတွေ့နိုင်သည်ဟု ထပ်မံအဟောထုတ်ရပါမည်။

တနင်္လာသားသမီးများတို့သည် အထက်ပါဆိုးကျိုးများကိုသာ ခံစားရပါမည်။

အင်္ဂါသားသမီးတို့မှာ ဒသာတနင်္ဂနွေဂြိုဟ်နှင့် (ဦးညီ) အပြင်ရန်ကျနေပါသည်။ အင်္ဂါသားသမီးအတွက် တနင်္ဂနွေသည် ဘုမ္မိလေးကျနေပါသည်။ သို့ပါ၍ အင်္ဂါသားသမီးများအတွက် အသက်အန္တရာယ်များ ကျရောက်နိုင်ခြင်း၊ အမှုအခင်းများ ရုတ်တရက်ကြုံတွေ့နိုင်ခြင်း၊ ထောင်ဒဏ်ကျနိုင်ခြင်း စသည်တို့ကို ထပ်မံအဟောထုတ်ရပါမည်။

ဗုဒ္ဓဟူးသားသမီးများသည် ဒသာတနင်္ဂနွေဂြိုဟ်နှင့် (အင်း-ဝ) အတွင်းရန်ကြုံနေသဖြင့် ထပ်မံအဟောထုတ်ရမည်မှာ -

(က) အိမ်ထောင်ရေး အဆင်မပြေခြင်း၊

(ခ) ကိုယ်တွင်း အနာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

ကြာသပတေးသားသမီးတို့သည် ဒသာတနင်္ဂနွေဂြိုဟ်နှင့် (အောင်-ပ) အပြင်မိတ် ကြုံနေသော်လည်း ကြာသပတေးသားသမီးတို့အတွက် တနင်္ဂနွေဂြိုဟ်သည် ဘုမ္မိဖြစ်နေပါ၍ အသက်အန္တရာယ်ကျရောက်နိုင်ခြင်း၊ အမှုအခင်းများကြုံတွေ့နိုင်ခြင်း၊ ထောင်တန်းကျနိုင်ခြင်း စသည်တို့ကိုပါထပ်မံအဟောထုတ်ရပါမည်။

သောကြာသားသမီးများတို့သည် ဒသာ တနင်္ဂနွေဂြိုဟ်နှင့် (ဦး-သာ) အတွင်းမိတ်ကြုံနေပါ၍ ဆိုးကျိုးအနည်းငယ် သက်သာစေနိုင်ပါသည်။

စနေသားသမီးတို့သည် ဒသာ တနင်္ဂနွေဂြိုဟ်နှင့် (အ-ဋ္ဌော) ဓာတ်မိတ် ကြုံနေပါ၍ ဆိုးကျိုးများအနည်းငယ် သက်သာစေနိုင်ပါသည်။

သို့သော် မရဏဒသာဂြိုဟ်သည် အလွန်အားကောင်းသော သဘာဝရှိသည့်အတွက် အခြားအဟန့်အတားများမှ လုံးဝအပြည့်တားမြစ်နိုင်မည်မဟုတ်ကြောင်းကိုလည်း သတိထားဟောကြားရပါမည်။

**(၂) တနင်္လာဂြိုဟ်မှပေးနိုင်သော အကျိုးဆက်များ**

ဂြိုဟ်ကောင်းတစ်လုံးဖြစ်ပါသည်။ ဖြူစင်သောဂြိုဟ်ဖြစ်ပါသည်။

(က) ငွေကြေးရုတ်တရက်ရလွယ်ခြင်း၊

(ခ) ထီပေါက်ခြင်း၊

(ဂ) ငွေကြေးစုဆောင်းနိုင်ခြင်း၊

(ဃ) ရိုးသားဖြူစင်မှုရှိခြင်း။

**(၆)ကြွင်းမဟာဘုတ်ခွင် (တနင်္လာဂြိုဟ် မရဏဒသာ)**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

မရဏ



www.burmeseclassic.com

www.burmeseclassic.com

(၆) ကြွင်း မဟာဘုတ်ခွင်တွင် တနင်္လာသည် မရဏဂြိုဟ်ဖြစ်၍ ၎င်းဂြိုဟ်ဒသာစားနေပါလျှင် အထက်ပါ တနင်္လာဂြိုဟ်၏ ကောင်းကျိုးများကို မရနိုင်တော့ဘဲ ငွေကြေးများပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ အလျှော်ပေးရခြင်းများကြုံရခြင်း၊ စီးပွားရေးလုပ်ငန်းများ အဆင်မပြေခြင်း၊ အမှုအခင်းများဖြစ်ရခြင်း ကြုံတွေ့ရမည်ဟုသာ ဟောကြားရပါမည်။ တနင်္လာဂြိုဟ် မရဏဒသာအတွက် နေ့သားတစ်ဦးချင်းစီကို အဟောထုတ်ပြပါမည်။

တနင်္ဂနွေ၊ အင်္ဂါသားသမီးတို့သည် အထက်ပါဆိုးကျိုးကိုသာခံစားရပါမည်။

တနင်္လာသားသမီးတို့သည် မိမိ၏ မွေးနံဂြိုဟ် မရဏဒသာကြုံနေပါ၍ ကြောက်စရာဘေးဆိုးများနှင့်ကြုံရခြင်း၊ အသက်အန္တရာယ်များထိခိုက်နိုင်ခြင်း၊ ထောင်တန်းကျနိုင်ခြင်း စသည်တို့ကို ထည့်သွင်းဟောကြားရပါမည်။

ဗုဒ္ဓဟူးသားသမီးတို့သည် ဒသာတနင်္လာဂြိုဟ်နှင့် (ကို-ရှာ) အတွင်းမိတ်ဖြစ်နေသော်လည်း ဗုဒ္ဓဟူးသားသမီးအတွက် ဒသာတနင်္လာဂြိုဟ်သည် ဘုမ္မိလေးကျရောက်နေပါသည်။ သို့ပါ၍ အသက်အန္တရာယ် ကျရောက်နိုင်ခြင်း၊ အမှုအခင်းကြုံတွေ့ရခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကို ထည့်သွင်းဟောကြားရပါသည်။

ကြာသပတေးသားသမီးတို့သည် ဒသာစားနေသော တနင်္လာဂြိုဟ်နှင့် (ခေ-မာ) အပြင်ရန်ကျနေပါ၍ (က) အမှုခင်းကြုံရခြင်း၊ (ခ) သူခိုးဓားပြဘေးကြုံရခြင်း၊ (ဂ) ထိခိုက်ဒဏ်ရာရလွယ်ခြင်း၊ (ဃ) လူလိမ်လူကောက်များနှင့်တွေ့ကြုံ၍ ဆုံးရှုံးပျက်စီးမှုများ ရှိနိုင်ကြောင်း ထည့်သွင်းဟောကြားရပါမည်။

သောကြာသားသမီးတို့သည် ဒသာ တနင်္လာဂြိုဟ်နှင့် (သော-က) အတွင်းရန်ကြုံနေပါ၍ (က) အိမ်ထောင်ရေးများအဆင်မပြေခြင်း၊ (ခ) အိမ်တွင်းရေးမသာယာခြင်း၊ (ဂ) အိမ်ထောင်ကွဲခြင်း၊ (ဃ) ကိုယ်တွင်အနာရောဂါများဖြစ်ပွားလွယ်ခြင်းတို့ကို ထပ်မံဟောကြားရပါမည်။

**(၃) အင်္ဂါဂြိုဟ်မှပေးသော အကျိုးဆက်များ**

ဂြိုဟ်ဆိုးတစ်လုံး ဖြစ်ပါသည်။ ပါပဂြိုဟ်ဖြစ်၍ အကျိုးပေးလျှင် မြန်ပါသည်။

(က) စိတ်ပိုင်းဆင်းရဲမှုကြုံရခြင်း၊
(ခ) အောက်လက်ငယ်သားတော်လှန်ခြင်း၊
(ဂ) စီးပွားရေးလုပ်ငန်း ကြံစည်မှုများ လွဲခြင်း၊
(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်နိုင်ခြင်း၊
(င) အမျိုးသားများ စိတ်လေလွင့်ခြင်း၊
(စ) အမျိုးသမီးများ အားကိုးအားထားမဲ့ခြင်း။

**(၀) ကြွင်း မဟာဘုတ်ခွင် (အင်္ဂါဂြိုဟ် မရဏဒသာ)**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၀) ကြွင်း မဟာဘုတ်ခွင်တွင် အင်္ဂါဂြိုဟ် မရဏဒသာစားနေပါလျှင် အထက်ပါဆိုးကျိုးများကိုခံစားရပါမည်။

အင်္ဂါဂြိုဟ် မရဏဒသာအတွက် နေ့သားတစ်ဦးချင်းစီကို ဟောချက်ထုတ်ရပါမည်။

တနင်္ဂနွေသားသမီးများတို့သည် ဒသာဂြိုဟ် အင်္ဂါနှင့် (ဦး-ညို) အပြင်ရန်ကျနေပါ၍ အထက်ပါဆိုးကျိုးများအပြင် (က) အမှုအခင်းကြုံရခြင်း၊ (ခ) သူခိုးဓားပြဘေးကြုံရခြင်း၊ (ဂ) ထိခိုက်ဒဏ်ရာရလွယ်ခြင်း၊ (ဃ) လူလိမ်လူကောက်များနှင့်တွေ့ဆုံ၍ ဆုံးရှုံးပျက်စီးနိုင်သည်ဟု ထပ်မံဟောကြားရပါမည်။

တနင်္လာသားသမီးနှင့် ဗုဒ္ဓဟူးသားသမီးတို့သည် အထက်ပါမူလဆိုးကျိုးများကိုသာ ခံစားရပါမည်။

အင်္ဂါသားသမီးတို့သည် မိမိတို့မွေးနံမရဏဒသာကြုံနေပါ၍ ကြောက်စရာဘေးဆိုးများနှင့်ကြုံရခြင်း၊ အသက်အန္တရာယ်စိုးရိမ်ရခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကို ထည့်သွင်းဟောကြားရပါမည်။

ကြာသပတေးသားသမီးတို့သည် ဒသာဂြိုဟ်အင်္ဂါနှင့် (စိန်-ပန်း) အတွင်းမိတ်ဖြစ်နေ၍ မူလဆိုးကျိုးများမှ အနည်းငယ်လျော့နည်းနိုင်ပါသည်။

သောကြာသားသမီးများတို့သည် မရဏဂြိုဟ်ဒသာ အင်္ဂါနှင့် (ဆွေ-သား) အပြင်မိတ်ကြုံနေသော်လည်း သောကြာသားသမီးများအတွက် မရဏဂြိုဟ်ဒသာအင်္ဂါသည် ဘုမ္မိဖြစ်နေပါ၍ အသက်အန္တရာယ် ထိခိုက်နိုင်ခြင်း၊ ကြောက်စရာဘေးဆိုးများနှင့်ကြုံရခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကိုပါ ထည့်သွင်း ဟောကြားရပါသည်။

စနေသားသမီးတို့သည် ဒသာအင်္ဂါဂြိုဟ်သည် ဘုမ္မိလေးကျနေပါ၍ အသက်အန္တရာယ် ထိခိုက်နိုင်ခြင်း၊ ကြောက်စရာဘေးဆိုးများကြုံတွေ့နိုင်ခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကို ထည့်သွင်း ဟောကြားရပါမည်။

**(၄) ဗုဒ္ဓဟူးဂြိုဟ်ကပေးနိုင်သောအကျိုးဆက်များ**

(က) စိတ်ပိုင်း/ရုပ်ပိုင်းများ ကျဆင်းပျက်စီးခြင်း၊ ရောဂါထူပြောခြင်း၊
(ခ) လုပ်ငန်းကိုးချဲ့လျှင် အရင်းပါပြုတ်နိုင်ခြင်း။
(ဂ) ဂုဏ်သိက္ခာကျဆင်းခြင်း၊
(ဃ) အဖွဲ့အစည်း၊ အလုပ်မှ ထုတ်ပယ်ခံရခြင်း၊
(င) မိမိ၏အသင်းအဖွဲ့ကွဲခြင်း။

**(၁) ကြွင်းမဟာဘုတ်ခွင် (ဗုဒ္ဓဟူးမရဏဒသာ)**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁) ခုကြွင်း မဟာဘုတ်ခွင်တွင် ဗုဒ္ဓဟူးဂြိုဟ်ဒသာစားနေပါလျှင် မရဏဂြိုဟ်ဒသာစားနေသည်ဖြစ်၍ အထက်ပါ ဆိုးကျိုးများကို ခံစားရမည် ဖြစ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်မရဏဒသာအတွက် နေ့သားတစ်ဦးချင်းကို ဟောထုတ်ပြပါမည်။

တနင်္ဂနွေသားသမီးများသည် မရဏဂြိုဟ် ဗုဒ္ဓဟူးဒသာစားနေပါလျှင် တနင်္ဂနွေနှင့် မရဏဂြိုဟ် ဗုဒ္ဓဟူးအိမ်သည် တနင်္ဂနွေသားသမီးအတွက် ဘုမ္မိကျနေပါ၍ အထက်ပါ ဆိုးကျိုးများအပြင် အသက်အန္တရာယ်စိုးရိမ်ရခြင်း၊ ဘေးဆိုးများကြုံရခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကိုပါ ထပ်မံဟောကြားရပါမည်။

တနင်္လာသားသမီးတို့သည် မရဏဂြိုဟ်ဗုဒ္ဓဟူးနှင့်(ကို-ရှာ) အတွင်းမိတ်



www.burmeseclassic.com

www.burmeseclassic.com

ကျနေပါ၍ အထက်ပါ ဆိုးကျိုးများ အနည်းငယ်လျော့နည်းနိုင်ပါသည်။

အင်္ဂါသားသမီးတို့သည် ဒသာဂြိုဟ် ဗုဒ္ဓဟူးနှင့် (ရာ-ဇာ) အတွင်းရန်ကြုံနေပါ၍ အိမ်ထောင်ရေးအဆင်မပြေခြင်း၊ အိမ်တွင်းရေးမသာယာခြင်း၊ အိမ်ထောင်ကွဲခြင်း၊ ကိုယ်တွင်အနာရောဂါဖြစ်ပွားလွယ်ခြင်းတို့ကို ထပ်မံဟောကြားရပါမည်။

ဗုဒ္ဓဟူးသားသမီးတို့သည် မိမိ၏မွေးနံမရဏဒသာကြုံနေပါ၍ အသက်ဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ နေအိမ်မီးလောင်ခံရခြင်းစသည်တို့ကို ထပ်မံဟောကြားရပါမည်။

သောကြာသားသမီးများအတွက် ဗုဒ္ဓဟူးဂြိုဟ် မရဏဒသာတွင် (ဝံ-သေ) ဓာတ်မိတ်ကျနေ၍ မူလဆိုးကျိုးများ အနည်းငယ် လျော့နည်းစေပါသည်။

စနေသားသမီးများသည် မရဏဂြိုဟ် ဗုဒ္ဓဟူးဒသာတွင် အထက်ပါ ဆိုးကျိုးကိုသာ ခံစားရပါမည်။

**(၅) ကြာသပတေးဂြိုဟ်ကပေးနိုင်သော အကျိုးဆက်များ**

(က) အုပ်စုအရေးအခင်း၊ အိမ်မြေကိစ္စ၊ အမွေကိစ္စအရှုပ်အထွေးများကြုံတွေ့ရခြင်း၊
(ခ) ယောင်လည်လည်ဖြင့် အချိန်ကုန်ခြင်း၊
(ဂ) လောဘကြီး၍လုပ်လေမြုပ်လေဖြစ်ခြင်း၊
(ဃ) လုပ်ငန်းများတစ်ပိုင်းတစ်စဖြင့် မပြီးပြတ်ခြင်း။

**(၂) ကြွင်း မဟာဘုတ်ခွင် (ကြာသပတေး မရဏဒသာ)**

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

မရဏ

(၂) ကြွင်းမဟာဘုတ်ခွင် (၇) နေ့သားသမီးတို့သည် ကြာသပတေးဒသာစားနေလျှင် ကြာသပတေး မရဏဒသာစားနေခြင်းဖြစ်၍ အထက်ပါဆိုးကျိုးများကို ခံစားရမည် ဖြစ်ပါသည်။

ကြာသပတေးမရဏဒသာအတွက် နေ့သားတစ်ဦးချင်းစီ အဟောထုတ်ရပါမည်။

တနင်္ဂနွေသားသမီးတို့သည် မရဏဂြိုဟ် ကြာသပတေးနှင့် (အောင်-ပ) အပြင်မိတ်ဖြစ်၍ ဆိုးကျိုးကို အနည်းငယ် သက်သာစေပါမည်။

တနင်္လာသားသမီးတို့သည် မရဏဂြိုဟ် ကြာသပတေးနှင့် (ခေ-မာ) အပြင်ရန်ကျနေ၏။ , မူလဆိုးကျိုးများအပြင် အမှုအခင်းကြုံခြင်း၊ သူခိုးဓားပြဘေးကြုံခြင်း၊ ထိခိုက်ဒဏ်ရာရလွယ်ခြင်း၊ လူလိမ်လူကောက်များကြောင့် ဆုံးရှုံးပျက်စီးနိုင်ကြောင်း ထပ်မံဟောကြားရပါမည်။

အင်္ဂါသားသမီးတို့သည် မရဏဂြိုဟ်ဒသာ ကြာသပတေးနှင့် (စိန်-ပန်း) အတွင်းမိတ်ကျနေသော်လည်း ကြာသပတေးသည် အင်္ဂါသားသမီးအတွက် ဘုမ္မိဖြစ်နေပါ၍ မူလဆိုးကျိုးများအပြင် အသက်ဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ဘေးဆိုးများကျရောက်ခြင်း၊ ထောင်တန်းကျနိုင်ခြင်းတို့ကိုပါ ထပ်မံ ဟောကြားရပါမည်။

ဗုဒ္ဓဟူးသားသမီးများတို့သည် အထက်ပါဆိုးကျိုးကိုသာ ခံစားရပါမည်။

ကြာသပတေးသားသမီးတို့သည် မိမိတို့မွေးနံ မရဏဒသာကြုံနေပါ၍ အသက်အန္တရာယ်စိုးရိမ်ရခြင်း၊ နေအိမ်မီးလောင်ခြင်း စသည်တို့ကို ထပ်မံအဟောထုတ်ရပါမည်။

စနေသားသမီးတို့သည် အထက်ပါဆိုးကျိုးကိုသာ ခံစားရပါမည်။

**(၆) သောကြာဂြိုဟ်မှ ပေးနိုင်သော အကျိုးဆက်များ**

သောမဂြိုဟ်ဖြစ်၍ ဂြိုဟ်ကောင်းတစ်လုံး ဖြစ်ပါသည်။

(က) ခရီးလမ်းနှင့် အဆက်အသွယ်များ ပွင့်လန်းကောင်းမွန်ခြင်း၊
(ခ) ပြည်တွင်း၊ ပြည်ပခရီးသွားလာရနိုင်ခြင်း၊
(ဂ) ရာထူးလုပ်ငန်းများတိုးတက်နိုင်ခြင်း၊
(ဃ) မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆက်ဆံရခြင်း၊
(င) ဆုံးရှုံးပြီထင်ရသော အကြွေးဟောင်းများ ပြန်လည်ရရှိခြင်း၊
(စ) မျက်နှာပွင့်လန်းခြင်း။

**(၃) ကြွင်း မဟာဘုတ်ခွင်နှင့် (သောကြာ မရဏဒသာ)**

(၃) ကြွင်းမဟာဘုတ်ခွင် (၇) နေ့သားသမီးတို့သည် သောကြာဒသာစားနေပါလျှင် မရဏဒသာဖြစ်၍ မူလပါကောင်းကျိုးများ မရရှိနိုင်တော့ဘဲ အစီအစဉ်ပျက်၍ ပဋိပက္ခဖြစ်ရခြင်း၊ တရား

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

မရဏ

တဘောင်ပြင်ရခြင်းတို့ကိုသာ ကြုံတွေ့ရမည်ဟု ဟောကြားရပါမည်။

သောကြာမရဏ ဒသာအတွက် နေ့သားတစ်ဦးချင်းစီကို အဟောထုတ်ပြပါမည်။

တနင်္ဂနွေသားသမီးများတို့သည် သောကြာမရဏ ဒသာနှင့် (ဦး-သာ) အတွင်းမိတ်ကျနေပါ၍ မူလဆိုးကျိုးများ အနည်းငယ်သက်သာနိုင်ပါသည်။

တနင်္လာသားသမီးများတို့သည် သောကြာ မရဏဒသာနှင့် (သော-က) အတွင်းရန်ကျနေသည့်အပြင် ဘုမ္မိလေးပါကျနေပါ၍ ကျန်းမာရေးဆိုးဝါးနိုင်ပါသည်။ ကိုယ်တွင်းကိုယ်ပရောဂါများရရှိနိုင်ပါသည်။

အင်္ဂါသားသမီးများသည် သောကြာမရဏဒသာနှင့် (ဆွေ-သား) အပြင်မိတ်ကျနေပါ၍ မူလဆိုးကျိုးများအနည်းငယ်လျော့နည်းနိုင်ပါသည်။

ဗုဒ္ဓဟူးသားသမီးများသည် မရဏဒသာ သောကြာဂြိုဟ်နှင့် (ဝံ-သေ) ဓာတ်မိတ်ကျနေပါ၍ မူလဆိုးကျိုးများ လျော့နည်းနိုင်ပါသည်။

ကြာသပတေးသမီးများတို့သည် မရဏဒသာသောကြာဂြိုဟ်နှင့် ဥဒါသိန်ဖြစ်၍ မူလဆိုးကျိုးကိုသာ ခံစားရပါမည်။

သောကြာသားသမီးများတို့သည် မိမိ၏မွေးနံ မရဏဒသာကျနေပါ၍ အသက်အန္တရာယ်များထိခိုက်နိုင်ခြင်း၊ ရောဂါဆိုးများကျရောက်ခြင်း၊ ထောင်တန်းကျနိုင်သည်တို့ကို ထပ်မံဟောချက်ပေးရပါမည်။

စနေသားသမီးများသည် မရဏဒသာ သောကြာဂြိုဟ်နှင့်(သု-တ)အပြင်ရန်ကျနေသည့်အပြင် သောကြာဂြိုဟ်သည် ဘုမ္မိအိမ်ဖြစ်နေပါ၍ အမှုအခင်းကြုံခြင်း၊ သူခိုးဓားပြဘေးကြုံခြင်း၊ ထိခိုက်ဒဏ်ရာရလွယ်ခြင်း၊ လူလိမ်လူကောက်များနှင့်တွေ့ခြင်း၊ အသက်အန္တရာယ်ကျရောက်နိုင်ခြင်းတို့ကို ထပ်မံဟောပြရပါမည်။

**(၇) စနေဂြိုဟ်မှပေးသော အကျိုးဆက်**



www.burmeseclassic.com

www.burmeseclassic.com

## (၇)ရက်သားသမီးများအတွက် ဣတိပိသောဘဂဝါအရဟံ

# ဂုဏ်တော်ကိုးပါးအဓိဋ္ဌာန်ပုတီးစိပ်

ကိုလင်း (T.M.E)

* အဆင်မပြေမှုတွေ၊

* ဒုက္ခဆင်းရဲခြင်းတွေနဲ့ကြုံရပြီ၊

* သောကတွေပင်လယ်ဝေနေပြီ၊

* စကားလုံးပေါင်းမြောက်မြားစွာရဲ့ထိုးနှက်တိုက်ခိုက်ခြင်းတွေကိုခံလာရပြီ။

အဲဒီလိုတွေ ကြုံလာရပြီဆိုရင် ဘုရားတ,တတ်လာပြီ။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့တရားတော်တွေကို စောင့်ရှောက်ရကောင်းမှန်းသိလာပြီ။ အဲဒီလို သိနားလည်လာပြီဆိုတော့ ဂုဏ်တော်တွေ စုံနေအောင် ရွတ်ဖတ်ပြီး မြတ်စွာဘုရားရှင်ကို ပူဇော်တော့တာပါပဲ။ အဓိဋ္ဌာန်တွေကိုလည်း ဘုရားစေတီပုထိုးတွေစုံနေအောင် လှည့်လည်ဝင်တော့တာပဲ။

ကျွန်တော် တော်တော်လေး အဆင်မပြေမှုတွေနဲ့ကြုံခဲ့ရတဲ့ အချိန်တုန်းက အတတ်နိုင်ဆုံး ကောင်းအောင်ကြိုးစားပြီး နေထိုင်၊ သွားလာ၊ ပြောဆိုထိန်းချုပ်၊ ကျင့်ကြံအားထုတ်မှုတွေ ကောင်းမှုကုသိုလ်ပြုခြင်းတွေနဲ့ အချိန်မီ ဆင်ဆင်ခြင်ခြင်နေထိုင်ဖြစ်ခဲ့ပါတယ်။ အဲဒီလို ဆင်ဆင်ခြင်ခြင်နေထိုင်ခဲ့ခြင်း ကုသိုလ်ပေါင်းများစွာပြုခြင်းတို့ကြောင့် ကောင်းကျိုး ချမ်းသာများစွာတို့အား ခံစားခဲ့ရပါတယ်။

ပုတီးစိပ်ရမယ့် ဂုဏ်တော်က တော့ -

ဂုဏ်တော်ကိုးပါးပဲ ဖြစ်ပါတယ်။ ထူးခြားတာကတော့ ဂုဏ်တော်တစ်ပါးချင်းစီရဲ့ အရှေ့ကနေ ဣတိပိသောဘဂဝါကိုထားဆိုပြီး ဂုဏ်တော်တစ်ပါးချင်းစီကပ်၍ ပုတီးတစ်လုံးစီချစိပ်ရမှာ

---

များ

ဂြိုဟ်ဆိုးတစ်လုံး ဖြစ်ပါသည်။ ပါပဂြိုဟ်ဖြစ်၍ အကျိုးပေးလျှင် မြန်ပါသည်။

(က) ရုပ်ပိုင်းတွင် ကြောက်စရာဝေဒနာများ ဖြစ်ပေါ်နိုင်ခြင်း၊

(ခ) မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးနှင့်ရုတ်တရက်အသက်ဘေးနီးကပ်ခြင်း၊

(ဂ) သွေးထွက်သံယိုမြင်ရခြင်း၊

(ဃ) အမျိုးသမီးများ သွေးသွန်၊ သားပျက်ဝေဒနာများဖြစ်ပေါ်နိုင်ခြင်း၊

(င) စီးပွားရေးလုပ်ငန်းများရုတ်တရက်ပျက်စီးခြင်း၊

(စ) အမှုအခင်းများဖြစ်တတ်ခြင်း၊ ထောင်တန်းကျနိုင်ခြင်း။

**(၄) ကြွင်း မဟာဘုတ်ခွင် (စနေမရဏဒသာ)**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄) ကြွင်း မဟာဘုတ်ခွင် (၇)နေ့သားသမီးတို့သည် စနေဒသာစားနေပါလျှင် မရဏဒသာဖြစ်၍ အထက်ပါဆိုးကျိုးများကို ခံစားရပါမည်။

စနေမရဏဒသာအတွက် နေ့သားတစ်ဦးချင်းစီအား ဟောချက်ထုတ်ပြပါမည်။

တနင်္ဂနွေသားသမီးများတို့သည် မရဏ ဒသာ စနေနှင့် (အ-ဋ္ဌော) ဓာတ်မိတ်ကျနေပါ၍ မူလဆိုးကျိုးမှ အနည်းငယ် လျော့နည်းနိုင်ပါသည်။

တနလ်ာသားသမီးတို့မှာ မရဏဒသာ စနေသည် ဘုမ္မိဖြစ်နေပါ၍ မူလဆိုးကျိုးများအပြင် အသက်အန္တရာယ်ဖြစ်နိုင်ခြင်း၊ ရောဂါဆိုးများ ကပ်ရောက်ခြင်း၊ ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း ထပ်မံဟောချက်ပေးရပါမည်။

အင်္ဂါနှင့် ဗုဒ္ဓဟူးသားသမီးတို့မှာ မရဏဒသာဂြိုဟ် စနေနှင့်ဥဒါသိန်ဖြစ်၍ မူလဆိုးကျိုးကိုသာ ခံစားရပါမည်။

ကြာသပတေးသားသမီးတို့မှာ မရဏဒသာစနေဂြိုဟ်နှင့် (ဓ-မှာ) အတွင်းရန်ကျနေပါ၍ မူလဆိုးကျိုးများအပြင် အိမ်ထောင်ရေးများ အဆင်မပြေခြင်း၊ အိမ်ထောင်ရေးမသာယာခြင်း၊ အိမ်ထောင်ကွဲတတ်ခြင်း၊ ကိုယ်တွင်းအနာရောဂါများ ဖြစ်ပွားလွယ်ခြင်း စသည်တို့ကို ထပ်မံဟောချက်ပေးရပါမည်။

သောကြာသားသမီးများတို့သည် မရဏဒသာစနေဂြိုဟ်နှင့် (သု-တ) အပြင်ရန်ကျနေပါ၍ မူလဆိုးကျိုးများအပြင် အမှုအခင်းဖြစ်ခြင်း၊ (ခ) သူခိုးဓားပြဘေးကြုံခြင်း၊ ထိခိုက်ဒဏ်ရာရလွယ်ခြင်း၊ (ဃ) လူလိမ်လူကောက်များတွေ့၍ ဥစ္စာပစ္စည်းဆုံးရှုံးနိုင်ခြင်း စသည်တို့ကို ဟောချက်ထပ်မံပေးရပါမည်။

စနေသားသမီးတို့သည် မိမိတို့၏ မွေးနံ မရဏဒသာကြုံနေပါ၍ မူလဆိုးကျိုးများအပြင် အသက်အန္တရာယ် ထိခိုက်နိုင်ခြင်း၊ ရောဂါဆိုးများကပ်ရောက်နိုင်ခြင်း၊ ထောင်တန်းကျနိုင်သည်တို့ကို ထပ်မံဟောချက်ပေးရပါမည်။

စာရေးသူ ယခုကဲ့သို့ မရဏဒသာ၏ ဆိုးကျိုးများကို ရေးသားနေသည်မှာ ကြောက်အောင်ခြောက်နေခြင်း မဟုတ်ပါ။ ကျရောက်လာမည့် အဆိုးအန္တရာယ်များကို ကြိုတင်သိရှိထားပြီး ယတြာများပြုလုပ်ကာကွယ်နိုင်ရန်နှင့် ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကျင့်သုံးနေထိုင်ပြီး အဆိုးများကို ရှောင်ရှားနိုင်ရန် စေတနာထားရေးသားခြင်း ဖြစ်ပါသည်။

ကံဟူသောစကားရပ်ကို မြန်မာအဘိဓာန်ကျမ်း၌ အလုပ်ဟု ဖွင့်ဆိုပါသည်။ ထိုအလုပ်ဟူသောကံသည် ရှေးဘဝကပြုလုပ်ခဲ့သောအလုပ်ကံနှင့် ယခုဘဝတွင်ပြုလုပ်နေသောအလုပ်ကံဟူ၍ နှစ်မျိုးရှိပါသည်။ ရှေးဘဝအလုပ်ကံသည် ဝေးသောအကြောင်း၊ ယခုဘဝအလုပ်ကံ ဝီရိယသည် လက်တွေ့ကျင့်သုံးနိုင်သည့် နီးသောအကြောင်း ဖြစ်ပါသည်။ သို့ပါ၍ ယခုဘဝတွင် သမ္မာ - မှန်ကန်သော၊ ပယောဂ - ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်၊ သမ္ပတ္တိ - ပြည့်စုံစွာနေထိုင်ခြင်းဖြင့် မကောင်းကံများကို ဖယ်ရှားနိုင်ပါသည်။

မကောင်းသော မရဏဒသာဂြိုဟ်များမှပေးသောအဆိုးများကို ယတြာပြုလုပ်၍ တားမြစ်နိုင်ရန်နှင့် ဂြိုဟ်ဆိုးဒသာအတွင်း စားမှု၊ နေမှု၊ တရား[illegible] အညီ ကျင့်သုံးနေထိုင်ခြင်းဖြင့် နေ[illegible] သွားတတ်ရန်တို့ကို ဆက်လက်ရေးသား ပါမည်။

အကြောင်းအမျိုးမျိုးကြောင့် စာ[illegible] ရေးသူ၏ ဆောင်းပါးများပေးပို့[illegible] နည်းပါးသည်ကို စာဖတ်ပရိသတ်[illegible] သူရဿစာတည်းအဖွဲ့မှ ခွင့်လွှတ်ပါ[illegible] လည်း တောင်းပန်အပ်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်[illegible])



www.burmeseclassic.com

www.burmeseclassic.com

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | အ | ရ | ဟံ |

| | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | သ | မ္မာ | သ | မ္ဗု | ဒ္ဓေါ |

| | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | ဝိ | ဇ္ဇာ | စ | ရ | ဏ | သ | မ္ပ | န္နော |

| | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ |
|---|---|---|---|---|---|---|---|---|---|---|
| ၄ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | သု | ဂ | တော |

| | ၄၈ | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | ၅၈ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၅ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | လော | က | ဝိ | ဒူ |

| | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | အ | နု | တ္တ | ရော | ပု | ရိ | သ | ဒ | မ္မ | သာ | ရ | ထိ |

| | ၇၈ | ၇၉ | ၈၀ | ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ | ၈၉ | ၉၀ | ၉၁ | ၉၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၇ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | သ | တ္ထာ | ဒေ | ဝ | မ | နု | ဿာ | နံ |

| | ၉၃ | ၉၄ | ၉၅ | ၉၆ | ၉၇ | ၉၈ | ၉၉ | ၁၀၀ | ၁၀၁ |
|---|---|---|---|---|---|---|---|---|---|
| ၈ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ | ဗု | ဒ္ဓေါ |

| | ၁၀၂ | ၁၀၃ | ၁၀၄ | ၁၀၅ | ၁၀၆ | ၁၀၇ | ၁၀၈ |
|---|---|---|---|---|---|---|---|
| ၉ | ကြ | တိ | ပိ | သော | ဘ | ဂ | ဝါ |

ပြီးသော် ဘဂဝါထပ်၍မရွတ်ဆိုရပါ။ ပုတီး(၁၀၈)လုံးအတိအကျပင် ဖြစ်ပါသည်။

ဖြစ်ပါတယ်။

ဥပမာ -

ဟူ၍ ပုတီးတစ်လုံးချင်းစီချ၍ ဖြည်းဖြည်းမှန်မှန်စိပ်ရခြင်းပဲ ဖြစ်ပါတယ်။ ပုတီးတစ်ပတ်ပြည့်သည်နှင့် ဂုဏ်တော်ကိုးပါးတစ်ပုဒ်ပြီးဆုံးပါလိမ့်မည်။ ပုတီးစိပ်ရတာ အလွန်ပဲပေ့ါပါးပါသည်။ သို့သော်မယ့် အဲဒီဂုဏ်တော်ပုတီးစိပ်နည်းက အလွန်ပေ့ါပါးသလောက် စိတ်ပျံ့လွင့်မှုမရှိအောင် ဂုဏ်တော်နှင့် ပုတီးအပေါ်မှာ အာရုံအထူးစိုက်ထားရမှာ ဖြစ်ပါသည်။

အထူးသတိပြုရမှာက အဓိဋ္ဌာန်ဝင်နေတဲ့ကာလမှာ အဓိဋ္ဌာန်ပုတီးစိပ်နေစဉ် ပုတီးတစ်ပတ်ပြီးဆုံးလို့ ပုတီးအလုံးရေနှင့် ဂုဏ်တော်အတိအကျမဖြစ်ဘဲ လိုနေသည်ဖြစ်စေ၊ ပိုသွားသည်ဖြစ်စေ ပုတီးအလုံးရေလွဲချော်မှု၊ မကိုက်ညီမှုများ ဖြစ်သွားပါက အဓိဋ္ဌာန်ပျက်မည် ဖြစ်ပါသည်။

ဥပမာ အဓိဋ္ဌာန်(၉)ရက်ဝင်သည် ဆိုပါစို့။ (၈) ရက်မြောက်နေ့ အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ ပုတီးအလုံးရေနှင့် ဂုဏ်တော်ကိုက်ညီမှုမရှိပါက အဓိဋ္ဌာန်ပျက်ခြင်းကို ဆိုလိုပါသည်။ တတ်နိုင်လျှင် အဓိဋ္ဌာန်ဝင်သောကာလ၌ အသားစားရှောင်ကြဉ်ခြင်းဖြင့် ကျင့်ကြံအားထုတ်ပါ။ အလွန်ထူးခြားအစွမ်းထက်မြက်ပါသောကြောင့် ခုနစ်ရက်သားသမီးအပေါင်းတို့အား တိတိကျကျဖော်ပြ၍ ဓမ္မဒါနပြုလိုက်ရပါသည်။

ကျွန်တော် အဆင်မပြေမှုပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာ ကြုံတွေ့နေခဲ့ရတဲ့ အချိန်ကာလတုန်းက အထက်ဖော်ပြပါ အရဟံဂုဏ်တော် (၉)ပါး ပုတီးစိပ်ဖြင့် အခက်ခံအကျပ်တည်းပေါင်းများစွာအား အောင်မြင်ကျော်လွှားနိုင်ခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

များစွာတို့အား ကျွန်တော်ကိုယ်တိုင်ခံစားခဲ့ရသလို ခုနစ်ရက်သားသမီးအပေါင်းတို့အား ဆင့်ကဲတိုးတက်ကြီးပွားချမ်းသာစေလိုခြင်းအခက်အခဲများအကျပ်အတည်းများအား အဆင်ပြေစေလိုခြင်းအလို့ငှာ -

ကျွန်ုပ်အား ဤအရဟံဂုဏ်တော်(၉)ပါး အဓိဋ္ဌာန်ပုတီးစိပ်ကျင့်စဉ်အား ဓမ္မဒါနအဖြစ် ချီးမြှင့်ပေးခဲ့ပါသော ကျွန်ုပ်၏ ဓမ္မမိတ်ဆွေ (ညီအစ်ကိုမောင်နှမကဲ့သို့ ချစ်ခင် လေးစားရပါသော) ကိုရှိုင်း၊ မကြယ်စင်စုတို့ ဇနီးမောင်နှံအား ဤသူရဋ္ဌမဂ္ဂဇင်းစာမျက်နှာပေါ်မှ တစ်ဆင့်ဂါဝရပြုကျေးဇူးဆပ်လိုက်ရပါသည်။

ခုနစ်ရက်သားသမီးအပေါင်းကိုယ်တွင်း စိတ်ဝမ်းအေးချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ကိုသင်း (T.M.E)



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲမွဲတေသော ဇနီးမောင်နှံ အကုသိုလ်ကြိုက်ဆိုးမွေ့လာသောအခါမှာ တစ်သက်တာမှ တစ်ယောက်တည်းသာ ရရှိထားတဲ့ အသက်တမျှ ချစ်လှစွာသော သားလေးမှာ ကျောက်ကြီးရောဂါဖြစ်လာ၍ ဆုံးပါးသွားခဲ့လေ၏။

ဇနီးမောင်နှံတို့မှာ ဆင်းရဲမွဲတေရတဲ့အထဲ သားကလေး ဆုံးသွားသဖြင့် ခိုကိုးရာမရ အပူလုံးကြွလျက်ရှိကြ၏။ လက်ရှိနေထိုင်သောကျေးရွာတွင် နေထိုင်လို့မပျော်တော့။ ဤရပ်ရွာနှင့် ဝေးကွာသောအရပ်ဒေသတစ်ခုကို သွားလိုသောဆန္ဒသည် ဇနီးမောင်နှံတို့၏ နှလုံးသားထဲမှာ ကိန်းအောင်းစပြုလာလေ၏။

သူတို့မှာ လက်ရှိ ကျေးရွာတွင် အိမ်ပိုင်၊ လယ်ပိုင်၊ ယာပိုင်မရှိ။ တစ်နေ့တာ စားသောက်ရန်အတွက် ကိုယ်ခန္ဓာကို အရင်းအနှီးပြုပြီး စားသောက်လာကြရ၏။ ထမ်းစရာရှိတာထမ်း၊ ပိုးစရာရှိတာကိုပိုး၊ ရွက်စရာရှိတာကိုရွက်ပြီး လုပ်အားခကလေးဖြင့် ဝမ်းရေးကို ဖြေရှင်းလာခဲ့သည်မှာ နှစ်အတော်ကြာလာခဲ့လေပြီ။

မိဘများရှိစဉ်က မိဘ၏ဘုန်းရိပ်၊ ကံရိပ်ကိုခိုပြီး လုပ်ကိုင်စားသောက်ခဲ့ရပါ၏။ မိဘတို့ ကွယ်လွန်သွားသည့် အချိန်ကပင် ဆင်းဆင်းရဲရဲနှင့်သာ နေထိုင်လာခဲ့ရ၏။ လူပင်ဖြစ်သော်လည်း လူရာမဝင်။ ဆင်းရဲသဖြင့် အဖက်မလုပ်ကြ။ သူတို့ဇနီးမောင်နှံသည် မိမိတို့ဘဝကိုမိမိစိတ်နာကြည်းစပြုလာ၏။ အသက်ရှင်နေတာထက် အသက်သေတာက ကောင်းပါ၏ဟု ခံယူထားကြ၏။

သူတို့သည် မိမိလက်ရှိနေထိုင်သောကျေးရွာမှ နှစ်ဦးသားခြေဦးတည့်ရာသို့ လှမ်းလာခဲ့ကြ၏။ ညနေပိုင်းတွင် ရွာတစ်ရွာသို့ ရောက်ရှိကြ၏။ ရွာကို ရောက်လျှင်ရောက်ချင်းပင် ကျေးရွာသူကြီးထံသို့ သွားရောက်ကာ တိုင်ကြားကြရ၏။ ညနေစာထမင်းကိုလည်း ရွာသူကြီး၏ နေအိမ်၌ပင် စားသောက်ကြ၏။

ညနေစာ ထမင်းစားပြီးသောအခါ ကျေးရွာသူကြီးက -

"မောင်တို့က ဘယ်ကိုသွားကြမှာလဲ"

မေးလာ၏။

ထိုအခါ ယောက်ျားဖြစ်သူက-

"ဘယ်ရွာကိုသွားတယ်လို့မဟုတ်ပါ။ ဘယ်ရွာမှာမဆို အလုပ်လုပ်စရာရှိပါက ဝင်လုပ်ပါမယ် သူကြီး။ အလုပ်ရှာဖို့ ထွက်ခွာလာခဲ့ကြတာပါ"

ဟု ပြောကြားလေ၏။

"သူကြီးမင်း၊ တစ်ခုတော့ရှိပါတယ်။ လူတွေ လယ်မလုပ်ဘဲပစ်ထားတဲ့ လယ်ယာမြေကွက်များရှိခဲ့ပါရင် ကျွန်တော်တို့ အဲဒီလယ်ယာမြေကို လုပ်ကိုင်စားသောက်ခွင့်ပြုပါ"

တောင်းပန်ရှာလေ၏။

သူကြီးက ထိုဇနီးမောင်နှံနှစ်ဦးအား အကဲခတ်ကာ ကြည့်ရှုနေ၏။ သူကြီး၏ စိတ်ထဲတွင် 'ဆင်းရဲမွဲတေကြသဖြင့် ရတဲ့လယ်ယာမြေကို လုပ်ကိုင်ကြ... မှာ သေချာနေတယ်' ယူဆထား၏။

ဤသို့ဖြင့် သူကြီးက -

"မင်းတို့ ရတဲ့လယ်ယာမြေ... တကယ်လုပ်စားမှာလား"

မေးပြန်၏။

"ရတဲ့လယ်ယာမြေကိုစနစ်တ... ထွန်ယက်စိုက်ပျိုးပါ့မယ် သူကြီး"

ပြောလာ၏။

"ကဲ- ကောင်းပြီ၊ မင်းတို့ကြော... တတ်သလား"

"အလုပ်သာ လုပ်ရမယ်ဆို... ကြောက်တတ်တဲ့စိတ်ကို ဖယ်ထား... သားပါ။ မကြောက်တတ်ပါ သူကြီး"

ရဲဝံ့စွာ ပြောကြားလာ၏။

"မင်းသဘောထားကို ငါသဘောကျတယ်။ တစ်ခုတော့ရှိတယ်။ အခု မ... ကိုအပ်မယ့် လယ်မြေက လယ်လုပ်... အသီးအနှံပေါ်လာပြီဆိုရင် အသီးအ... တွေကို ဝက်တွေလာပြီး စားသောက်... ဖျက်ဆီးပစ်တတ်ကြတယ်။ ပြီးတော့ စပါးဝင်းမှည့်လာတာနဲ့ တစ်ပြိုင်နက် လယ်လုပ်ကိုင်သူဟာ မရဏသဘော... ဖြင့် ကိစ္စချောတာပါပဲ မောင်ရာ"

ရှင်းပြလေ၏။

"ကျုပ်တို့ရဲ့ဘဝဟာ သေတစ်နေ့ မွေးတစ်နေ့ပါ။ သေရင်လည်း အေး... ပါပဲ။ သေပျော်ပါတယ် သူကြီးမင်း"

ရှင်းလင်း ပြောကြားလာ၏။

(မှန်းတက္ကသိုလ်)

# မဟာနွယ်

## ရဲသော်မသေ၊ သေသော်အပါယ်မလား



"ကဲ - မင်းတို့လုပ်ငန်းအဆ... ပါစေရယ်လို့ပဲ ဆုတောင်းရမှာပဲ...

*

www.burmeseclassic.com

နံနက်မိုးသောက် အလင်းသို့ ရောက်လာ၏။ သူကြီးသည် ရပ်ရွာလူကြီးများကိုစုဆောင်းပြီး စမ်းမြိုင်စိမ့်တောလယ်ကွင်းပြင်ဆီသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ကြ၏။မောင်ထွန်းအောင်၊ မမေနှင်း ဆင်းရဲသားဇနီးမောင်နှံတို့သည်း သူကြီးတို့နှင့်အတူ ပါလာကြ၏။ နံနက် (၁၀) နာရီခန့်တွင် ရောက်ရှိလာကြ၏။

သူကြီးနှင့် ရွာလူကြီးတို့က လယ်မြေဧကအခြေအနေ၊ လုပ်ကွက်များနှင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးတွင် စိုက်ပျိုးနိုင်သည့် စိုက်ခင်းများ၊ မြေဧရိယာ အကျယ်အဝန်းတို့ကို လိုက်လံပြသကြ၏၊ လယ်ယာမြေအခြေအနေတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော ဇနီးမောင်နှံတို့မှာ ပို၍ပင်ဝမ်းသာကြ၏။ ဝမ်းမြောက်ကြ၏။

"အသီးအနှံဝင်းမှည့်လာရင် လယ်လုပ်ကိုင်တဲ့သူဟာ သေသတဲ့"

မောင်ထွန်းအောင်၏ နှလုံးသားထဲ၌ နက်ရှိုင်းစွာ အတွေးတစ်ခုဝင်ရောက်လာ၏။

'ဒီကိစ္စမှာ ဗုဒ္ဓဘုရားမှတစ်ပါး အခြားကိုးကွယ်ရာမရှိပြီ'

ဟု စိတ်ကိုတင်းကာ ဆုံးဖြတ်ချက်ချလေ၏။

'ဒီလယ်ကို ငါလုပ်ကိုလုပ်ရမယ်'

ဟု အဓိဋ္ဌာန်ပြုလေ၏။

ရေငတ်နေတဲ့သူ ရေတွင်းထဲပြုတ်ကျသည့်အလား ဝမ်းသာကြည်နူးစွာ ခံစားမိကြ၏။ ကျေးရွာလူကြီးများကလည်း အားပေးကြ၏။

သူကြီးနှင့် ကျေးရွာလူကြီးများသည် ထိုဇနီးမောင်နှံတို့ကို မြင်လျှင်မြင်ချင်း သနားကြ၏။ ခင်မင်ကြ၏။

"အခုလောလောဆယ် နေအိမ်ဆောက်ရမယ်။ ပြီးတော့ စားသောက်ရန် ဆန်၊ ဆီ၊ ဆား၊ ငရုတ်တို့ကို ငါတို့က ထောက်ပံ့ပေးမယ်။ မင်းတို့ဘာမှမပူနဲ့"

ရွာလူကြီးများက အားပေးစကားပြောဆိုလာကြ၏။

"မနက်ဖြန် အားအားလပ်လပ်ရှိတဲ့ပုဂ္ဂိုလ်တို့က နေအိမ်ဆောက်လုပ်တဲ့ အခါမှာ အကူအညီပေးကြပါလို့တောင်းပန်ချင်ပါတယ်"

"ရပါတယ်၊ မောင်ထွန်းအောင်။ ငါတို့အားလုံးက ဝိုင်းဝန်းပြီးတော့ ဆောက်လုပ်ပေးကြမှာပါ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးလေး"

သူတို့သည် စမ်းမြိုင်စိမ့်တောမှ ပြန်လာကြ၏။

*

နောက်တစ်နေ့နံနက်တွင် ရွာသားများသည် ညီညီညာညာနှင့် ဓားကိုယ်စီကိုင်ဆောင်ကာ စမ်းမြိုင်စိမ့်တောကြီးကို ရောက်လာကြပြီး တစ်ယောက်တစ်ချက် တိုင်ကိုခုတ်သူကခုတ်၊ ဝါးကိုခုတ်သူကခုတ်နှင့် နေအိမ်ကို ဆောက်လုပ်လိုက်ကြ၏။ ထိုနေရာတွင် သစ်ပင်၊ ဝါးပင်၊ သိုင်းပင်များက ပေါလှ၏။

နေအိမ်၏ အမိုးအကာမှာ သိုင်းခက်များကို အသုံးပြုကြ၏။ ရွာသားများ လုပ်ငန်းဖြစ်သဖြင့် နေအိမ်မှာ တစ်နေ့တည်းနှင့် ပြီးစီးသွားလေ၏။ နေအိမ်ကား နေချင့်စဖွယ်ပင်။

မောင်ထွန်းအောင်နှင့် မမေနှင်း





www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲသားဇနီးမောင်နှံသည် ညနေ (၃) နာရီအချိန်ခန့်တွင် ရွာသူကြီး၏နေအိမ်မှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တို့ကို ယူဆောင်ကာ စမ်းမြိုင်စိမ့်တောကြီးဆီသို့ ထွက်ခွာလာခဲ့ကြ၏။ အချိန် (၂) နာရီပိုပိုကြာမြင့်တဲ့အခါ စမ်းမြိုင်စိမ့်တောကြီးနေအိမ်သို့ ရောက်ရှိလာကြ၏။

ယောက်ျားဖြစ်သူက -

"အို - ဤ တောဤတောင်တွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လာကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ် စသည့် နတ်ကောင်းနတ်မြတ်အပေါင်း သူတော်ကောင်းတို့။ ကျွန်ုပ်တို့သည် ဆင်းရဲနွမ်းပါးသော ဇနီးမောင်နှံတို့ ဖြစ်ကြပါတယ်။ ဤလယ်ယာမြေကိုလည်း အခွန်အခပေးပြီး လုပ်ကိုင်ပါမယ်။ လုပ်ကိုင်ခွင့်ပြုပါခင်ဗျာ။ ကျွန်ုပ်တို့သည် မလိမ်မိုးမလိမ္မာကြသောသူတို့ ဖြစ်ကြပါတယ်။ ဤတောဤတောင်ကို တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးသူများလည်း မဟုတ်ကြပါ။ နတ်ကောင်းနတ်မြတ်အပေါင်းတို့က မနှစ်မြို့သော အကြောင်းအရာတို့ကို ကျွန်ုပ်တို့က အကယ်၍ပြုလုပ်မိခဲ့ပါက သနားသည်းခံခွင့်ပြုကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါတယ် ခင်ဗျာ။

ဤတောဤတောင်တွင် အမြဲထာဝရ ပျော်ရွှင်စွာနေထိုင်လာကြကုန်သော တစ္ဆေ၊ မြေဖုတ်၊ ပြိတ္တာ၊ ကျတ်၊ သဘက်၊ သူယောင်၊ ဘီလူး၊ မိစ္ဆာသရဲအပေါင်းတို့။ ကျွန်ုပ်တို့သည် ဆင်းရဲလွန်းသဖြင့် ဤနေရာသို့ လာရောက်ကာ လယ်ယာမြေတို့ကို ထွန်ယက်စိုက်ပျိုးပါမယ်။ ကူညီပံ့ပိုးကြပါခင်ဗျာ။ အသင်တို့မနှစ်သက်အပ်သောအရာတို့ကိုလည်း ငါတို့က မပြုမလုပ်လိုပါ။ အကယ်၍ အမှတ်မထင်ပြုလုပ်မိခဲ့ပါကလည်း မသိမလိမ္မာလို့သာ ပြုလုပ်မိခဲ့ကြတာပါ။ ကရုဏာရှေ့ထား မေတ္တာပွားလို့ သနားသည်းခံခွင့်ပြုကြပါ။ အနူးအညွတ်ပန်ကြားအပ်ပါတယ် ခင်ဗျာ"

ပန်ကြားထားကြလေ၏။

ဇနီးမောင်နှံတို့သည် နေအိမ်ထက်သို့ တက်ရောက်ကြ၏။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်၊ အိုးခွက်ပန်းကန်၊ ပန်းကန်ပြားတို့ကို နေရာတကျထားလိုက်ကြ၏။

နေအိမ်ပတ်ဝန်းကျင်၌ အလင်းရောင်ရရှိရန်အလို့ငှာ မီးဖိုကြီးတစ်ခုကို မီးမွှေးကာ အလင်းရောင်ကိုရစေ၏။ မီးအလင်းရောင်ကြောင့်လည်း အမှောင်ထုကြီးက ရှောင်ခွာထွက်ပြေးသွားခဲ့လေ၏။

တောတောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါ၏။ ပိုးပုရစ်နှံကောင်များ၏တွန်သံတို့ကို မကြားရပါချေ။ လဆန်းငါးရက်လသည် အနောက်ဂေါယာကျွန်းသို့လှည့်လည်ကာဝင်သွားခဲ့လေပြီ။ တောတောင်ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ဖုံးလွှမ်းစပြုလာ၏။ အိမ်ရှင်မသည် ညဦးနက်လာသည်နှင့်အမျှ အိပ်ချင်လာသဖြင့် သမ်းဝေလာ၏။

"ကဲ - အိပ်ချင်ရင် အိမ်ပေါ်တက်ပြီး အိပ်ကြစို့လား"

နှစ်ဦးသား အိမ်ပေါ်သို့ တက်ရောက်လာကြ၏။

ပါလာသောဖျာကြမ်းကိုခင်းလိုက်၏။ အရှေ့ဘက်ကို ခေါင်းရင်းထားကြ၏။ နှစ်ဦးသား ဗုဒ္ဓဘာသာပီပီ ညအိပ်ခါနီးမှာ ဘုရားဝတ်ပြုကြ၏။

ဘုရားဝတ်ပြုပြီး အိပ်မည်ဟု ခေါင်းချသည်နှင့် တစ်ပြိုင်နက် နေအိမ်တစ်ခုလုံး လျှောင်လှုပ်ဘိသကဲ့သို့ သိမ့်သိမ့်တုန်ခါလာ၏။ အသံပြင်းတစ်ခုလည်း ထွက်ပေါ်လာ၏။

"ဒီအသံကို ငါမကြားချင်ဘူး။ နောက်ထပ်မကြားရစေနဲ့"

ဟု တားဆီးပိတ်ပင်လာ၏။

ထိုအသံပိုင်ရှင်သည် သံခမောက်ကြီးကိုဆောင်းကာ ငှက်ပျောရွက်ခန့်မျှရှိသောဓားကြီးကို ပခုံးပေါ်၌ထမ်း၍ နေအိမ်အနီးမှ ဖနောင့်ဆောင့်ကာထွက်ခွာသွားလေ၏။

"နောက်ထပ် ကျွန်တော်တို့ မဆိုတော့ပါဘူး။ တောင်းပန်ပါတယ်ဗျာ"

ဟု ယောက်ျားဖြစ်သူက ဆိုလေ၏။

ဇနီးသည်မှာ အလွန်ကြောက်လန့်သွားခဲ့လေ၏။ သူတို့နှစ်ဦးသည် တစ်ညလုံး အိပ်စက်လို့မပျော်နိုင်။ ဒီနေရာသို့ လာခြင်းဟာ မှားလေစွတကားဟုလည်း ဇနီးသည်၏စိတ်ထဲ၌ ထင်မှတ်လာ၏။

ယောက်ျားဖြစ်သူကတော့ 'ဖြစ်သည့် အကြောင်းအရာများဟာ အကောင်းဆုံးသာဖြစ်တယ်' ဟု ခံယူထား၏။ ကြောက်စိတ်ကား လုံးဝမရှိ။ 'ပေါက်တဲ့နဖူးကတော့မထူးတော့ပြီ' ဟုလည်း မိမိ၏စိတ်ကို စွဲမြဲယုံကြည်စွာ ဆုံးဖြတ်ချက်ချထား၏။

ဤသို့ဖြင့် သူတို့သည် တစ်ညတာလွန်သွားခဲ့လေ၏။

'အင်း - သူတို့ကတော့ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်နဲ့ သံဃာ့ဂုဏ်တို့ကို မကြိုက်ကြ၊ မနှစ်သက်ကြ။ နောင်ရက်များတွင် စိတ်က သာရွတ်ဆိုပြီး အိပ်ရတော့မည်' ဟု စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ကြ၏။

ဒုတိယညတွင် နေအိမ်ပတ်ဝန်းကျင်၌ အမှိုက်သရိုက်များကိုစုပုံပြီး မီးရှို့ပစ်ကြ၏။ ညအိပ်ခါနီးတွင် မည်သို့မျှ အသံကိုမပြုဘဲ စိတ်ထဲ၌သာ ကျိတ်၍ ရွတ်ဆိုကာ မိမိတို့အိပ်သောနေရာ၌ပင် အိပ်ကြလေ၏။

ထိုညကား တိတ်ဆိတ်ငြိမ်သက် နေပါ၏။ ယင်းသို့ဖြင့် နေထိုင်လာကြ ရာ မိုးဦးကျရာသီသို့ ရောက်ရှိလာ၏။ မိုးဦးကျရာသီသို့ ရောက်ရှိလာသဖြင့် လယ်လုပ်ရန်အတွက် နွား၊ ထယ်၊ ထွန်၊ မျိုးစပါး စသည်တို့ကို ရွာသူကြီးထံတွင် အကူအညီတောင်းခံကြလေ၏။ ရွာသူကြီးနှင့် ရွာလူကြီးများက လိုအပ်သော ပစ္စည်းများကိုထောက်ပံ့ ကူညီပံ့ပိုးပေး ကြလေ၏။

သူတို့စိုက်ပျိုးသော လယ်ယာမြေ သည် မြေရိုင်း ပလွတ်မြေဖြစ်သဖြင့် ... ခင်းမှအစ အလွန်ကောင်းသော လယ် ယာမြေ ဖြစ်၏။ ရွာသူကြီးနှင့် အချို့ရွာ သားများသည် လယ်မြေသို့လာရောက် ကာ လေ့လာကြည့်ရှုကြလေ၏။ အ... ကောင်းဘဏ်ကောင်းများကိုလည်း ... လာကြ၏။

စပါးပင်တို့သည် အခြားသော လယ်တို့နှင့်မတူ။ တစ်မူထူးခြားကာ ... ထွားနေကြ၏။ လယ်ကွက်များ ပတ်ဝန်း ကျင်တွင် သခွား၊ ချဉ်ပေါင်၊ ငရုတ်၊ ... ပတီ၊ ခရမ်း၊ ပဲအမျိုးမျိုး၊ ကြက်ဟင်း... သီး၊ ခရမ်းချဉ်ပင်များ၊ ပြောင်း၊ ဆ... ကန်စွန်း စသည့်ခြံထွက်သီးနှံပင်များ... လည်း စိုက်ပျိုးထားကြ၏။

မြေဆီမြေလွှာမြေဩဇာကောင်း မွန်ပါသဖြင့် စိုက်ပျိုးထားသော အ... များမှာလည်း အသီးအနှံများ ဖွံ့ဖြိုး... သီးလာကြ၏။

ဆင်းရဲသား ဇနီးမောင်နှံတို့... အလွန်ဝမ်းသာကြည်နူးနေကြ၏။ ရွာ... ရွာသားများက ဟင်းသီးဟင်းရွက်... ကို လာရောက်ဝယ်ယူကြ၏။ သူတို့... မယားမှာ အနည်းငယ် အဆင်ပြေ... လာလေ၏။

ဒီနေရာသို့ ရောက်... နောက်ကျလေခြင်းဟု သူတို့နှစ်ဦး...

www.burmeseclassic.com

ထွက်ဆထား၏။

တစ်စတစ်စနှင့် စပါးပင်များသည်း ဖူးပွင့်သီးလာကြပါပြီ။ တချို့စပါးကွက်များမှာ စပါးသီးနှံများဝင်းသည့်လာကြ၏။ ယင်းသို့ အခြေအနေဖြစ်နေစဉ်တွင် တချို့စပါးကွက်တို့ကို တောဝက်များက အုပ်ဖွဲ့နှင့် ဝင်ရောက်ကာ စားသောက်နေကြ၏။

ပထမတွင် တောဝက်များ ဝင်ရောက်ကာ စားသောက်နေခြင်းကို သတိမထားမိ။ လယ်ကွက်တို့ကို လှည့်သည်ပြီး လိုက်လံကြည့်ရှုကြသောအခါ လယ်စိုက်ကွက်များတွင် ဝင်းမှည့်နေသော စပါးခင်းတို့ကို တောဝက်များက ဝင်ရောက်ပြီး စားသောက်နေကြသည်ကို တွေ့ကြရ၏။ တောဝက်တို့သည် စပါးများကို အေးဆေးငြိမ်သက်စွာစားသောက်နေကြ၏။ ပတ်ဝန်းကျင်လောကတစ်ခုလုံးကို ဂရုမစိုက်ကြ။ အလေးမထားကြ။ စားချင်တိုင်းစားနေကြ၏။

လယ်သမားသည် စပါးခင်းများကို စားသောက်နေကြသော တောဝက်တို့ရှိရာသို့ အသာအယာသွားရောက်ခဲ့၏။ စပါးပင်များမှာ အားကောင်းလွန်းသဖြင့် လူတစ်ရပ်ကျော်သာသာ မြင့်မားကြ၏။ စပါးများကို စားသောက်နေကြသော တောဝက်ကြီးတစ်ကောင်ကို မိမိရရ သက်၍ပါလာသောဓားနှင့် တအားကုန် ခုတ်ပိုင်းလိုက်ရာ တောဝက်ကြီးမှာ ကျောကုန်းပေါ်၌ ဓားဒဏ်ရာရရှိသွား၏၊ လယ်သမားကား မကျေနပ်။

တောဝက်ကြီး ထွက်ပြေးရာလမ်းအတိုင်း လိုက်ပါသွားရာ ချောင်းတစ်ဖက်သောင်ပြင်ပေါ်မှာ အမျိုးသမီးတစ်ဦးကို တွေ့မြင်ရ၏။ ထိုအမျိုးသမီးသည် ဓားဒဏ်ရာရရှိလာသော တောဝက်ကြီးတို -

"ငါမပြောလား၊ နေ့စဉ်သွားပြီး မစားကြနဲ့။ တစ်နေ့မဟုတ်တစ်နေ့ လယ်သမားနဲ့တိုးလိမ့်မယ်။ အခု ဓားဒဏ်ရာရလာခဲ့ပြီ ဟုတ်လား"

ပြော၏။

ထိုအမျိုးသမီးသည် ဆေးတစ်ပင်ကို နုတ်ယူပြီး သောင်ပြင်ပေါ်ရှိကျောက်တုံးပေါ်၌ ဆေးကိုကြိတ်ကာ တောဝက်ကြီး၏အနာကို ဆေးထည့်ပေးလေ၏။

ထိုအကြောင်းအရာတို့ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ရသော လယ်သမားသည် နေအိမ်သို့ပြန်လာ၏။

တောင်းမျိုးစုံကို ရက်လုပ်ရာ၌ နှီးများဖြာရ၏။ နှီးများသပ်ရ၏။ နှီးများသပ်ရာမှရသော (လမိုက်ထွေး) အမှိုက်သရိုက်များကို မိန်းကလေးအရုပ်တစ်ခု ပြုလုပ်လိုက်၏။ သူ့ဇနီး၏အင်္ကျီ ထဘီတို့ကို အရုပ်မအား ဝတ်ဆင်ပေးလိုက်၏။

"ကဲ - ငါလုပ်ထားတဲ့ စပါးခင်းထဲ ဝက်များကိုလွှတ်ပေးတဲ့အကောင်မ၊ အခုရောက်စမ်း"

ဟု အမိန့်ပေးလေ၏။

အမိန့်ပေးပြီးနောက် -

"နင်ဟာ ငါ့ရဲ့စပါးခင်းထဲမှာ ဝက်များကိုသွင်းပြီး စားစေတယ်၊ ဖျက်ဆီးစေတယ်ဟုတ်လား၊ နင်သေပေတော့"

ဟု ဆိုကာ ထိုအရုပ်ကို လက်သီးနှင့်ပစ်ထိုး၊ ပါးကိုရိုက်၊ ခြေထောက်နှင့်ကန်ကျောက် အမျိုးမျိုးနှိပ်စက်မှုကို ပြုလုပ်လေ၏။ ထိုဝက်ရှင်မသည် မနေသာတော့ဘဲ ထိုအရုပ်မထဲမှာ ဝင်ရောက်၍ အနှိပ်အစက်ခံနေရရှာလေ၏။

လယ်သမား၏ ဇနီးသည် အိပ်ရာပေါ်၌ အနည်းငယ်မျှ မေ့မျော်သွားခဲ့၏။ မေ့မျော်စဉ်ခဏဝယ် ဝက်ရှင်မသည်လာ၍လတ်၍-

"မမ၊ မမယောက်ျားကိုပြောပေးပါ။ ကျွန်မကိုမရိုက်ပါနဲ့တော့။ ဝက်များဖျက်ဆီးပစ်တဲ့ စပါးအစား တစ်နေ့ရင် ဝက်တစ်ကောင်စီပေးပါ့မယ်။ ကိုင်းသာထောင်ထားပါ"

ဟု ငိုယိုကာ မျက်ရည်စက်လက်နှင့် တောင်းပန်စကားကို ဆိုလာလေ၏။ ဇနီးသည် အိပ်ရာမှနိုးလာ၏။ သူမက-

"အစ်ကို ခုနက မိန်းကလေးတစ်ယောက် ကျွန်မကို လာပြောတယ်။ မရိုက်ပါနဲ့တော့တဲ့။ ဝက်များကြောင့် ပျက်စီးသွားတဲ့ စပါးအစား တစ်နေ့ကို ဝက်တစ်ကောင်စီ လျော်ကြေးပေးပါမယ်။ ကိုင်းသာထောင်ထားပါတဲ့။ ငိုယိုကာ ပြောပြလာပါတယ် အစ်ကို"

ပြောပြလေ၏။

ထိုအခါ လယ်သမားက -

"ဟယ်- ဟုတ်လား၊ စကားတည်ပါစေနော်။ မဟုတ်ရင်တော့ ဒုက္ခရောက်သွားအောင် ရိုက်သတ်ပစ်လိုက်မယ်နော်။ ကဲ - နင်သွားတော့"

ဟု အာဏာထားကာ လွှတ်လိုက်လေ၏။

နံနက်မိုးသောက် အလင်းသို့ရောက်လာသောအခါ လယ်သမားသည် ဝက်ကိုင်းထောင်ရန် ကြိုးတစ်ချောင်းကို ကျစ်လိုက်၏။ ဝက်ကိုထိန်းနိုင်သော ဝါးတစ်လုံးကိုရှာကာ ခုတ်ယူလိုက်၏။ ဝါးကိုင်း၌ကျစ်ထားသောကြိုးကို တပ်ဆင်လိုက်၏။ ဝက်ထောင်ရန်ကိုင်းတစ်ခု ဖြစ်လာ၏။

လယ်သမားသည် ဝက်များဝင်ရာအပေါက်ကို လေ့လာပြီး ဝက်ကိုင်းကိုထောင်ထား၏။ နောက်တစ်နေ့ နံနက်စောစော ဝက်ကိုင်းကို သွားကြည့်ရာ ဝက်တစ်ကောင် ကိုင်း၌ မိနေကြောင်း တွေ့ရ၏။ လယ်သမားသည် အသင့်ပါလာသောတုတ်နှင့် ရိုက်သတ်လိုက်ရာ ဝက်မှာ မလှုပ်မရှားဘဲ သေပွဲဝင်ရလေ၏။

လယ်သမားသည် ဝက်ကိုမီးဖုတ်လိုက်၏။ မီးဖုတ်ပြီးသောအခါ လေးပေါင်းလေးလက် ချလိုက်၏။ အသားများကို ခုတ်ပိုင်း၏။ တစ်ပိဿာအလေးချိန်ရှိသော ဝက်သားတွဲများကို ပြုလုပ်လေ၏။

ဝက်သားတွဲများ ပြီးစီးသောအခါ လယ်သမားဇနီးမောင်နှံသည် မောင်တစ်ထမ်းမယ်တစ်ရွက် ထမ်းရွက်ကာ ကျေးရွာသူကြီးဆီသို့ သွားရောက်ကြ၏။ ကျေးရွာသူကြီးနှင့် ရပ်ရွာသူကြီးအချို့တို့ကိုလည်း ဝက်သားလက်ဆောင်ပေးကြ၏။

ကျန်ဝက်သားများကို ဆန်နှင့်လဲလှယ်ကြ၏။ ငွေဖြင့်လည်း ရောင်းချကြ၏။ ရွာသူရွာသားများလည်း ထိုဇနီးမောင်နှံတို့အား သနားသဖြင့် ကူညီကြ၏။ ပံ့ပိုးကြ၏။

လယ်သမား ဇနီးမောင်နှံတို့မှာ ဆန်နှင့် ငွေများ ရရှိကြ၍ မိမိတို့နေရာ လယ်ကွင်းထဲသို့ ပြန်လာကြလေ၏။ ဤသို့ဖြင့် နေ့စဉ်နေ့တိုင်း ဝက်ကိုင်းထောင်ထားလေရာ ဝက်မှာ နေ့စဉ်တစ်ကောင်ကျစီ ရရှိကြ၏။

သူတို့သည် ဝက်သားတို့ကို ဆန်၊ စပါးနှင့် ရောင်းချကြ၏။ စပါးတို့ကို စပါးသိမ်းပြီးသောအချိန်တွင် လိုက်လံကောက်ယူကြလေ၏။ ဤသို့ဖြင့် လယ်သမားဇနီးမောင်နှံတို့မှာ စားဝတ်နေရေးအဆင်ပြေစပြုလာ၏။ ချောင်ချောင်လည်လည် ဖြစ်လာကြ၏။

သူတို့ ဇနီးမောင်နှံတို့ကို ကျေးရွာသူကျေးရွာသားများက မေတ္တာထားကြ၏။ ခင်မင်ရင်းနှီးလာကြ၏။ သူတို့အကူအညီတောင်းလာပါကလည်း လိုလိုချင်ချင်နှင့် လိုအပ်သော အကူအညီများကို ပေးခဲ့ကြ၏။

သို့ဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေထိုင်လာကြ၏။ နှစ်ပေါင်းအတော်



www.burmeseclassic.com

www.burmeseclassic.com


**ဝင်းဆေးတိုက်** မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိ



**အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်**

**အင်ကြင်းပန်း**
အမှတ်တံဆိပ်
လေသက်ဆေး

မှတ်ပုံတင်-1911 YR 006354

**ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်သူများအတွက်** မှတ်ပုံတင်-0613 Y 010361



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေး

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊
အသံဝင်ခြင်း၊ မောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

**မွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှ**
**အရေပြားရောဂါ အမျိုးမျိုးအတွက်**

မှတ်ပုံတင်-0813 Y 010535



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
အနာကျက်ဆေးမှုန့်

ပင်ရင်း - **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
အမှတ် - ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်
ဖုန်း - ၀၁-၅၉၀၅၇၈ ၊ ၀၉ ၅၁၁၃၃၄၀၀


ကြာညောင်းလာခဲ့လေပြီ။ နှစ်စဉ်နှစ်တိုင်း လယ်ယာမြေခ စပါးတင်းတစ်ရာစီကို ပေးဆောင်ရလေ၏။ တောရှင်၊ တောင်ရှင်၊ လယ်ကွင်းပိုင်ရှင်တို့ကား ကျေနပ်လျက်ရှိကြ၏။ ထူးခြားမှုကား မရှိပါ။

**လပြည့်သောနေ့တစ်နေ့**

သူတို့ ဇနီးမောင်နှံသည် လရောင်သန်းသော ကွပ်ပျစ်သာပေါ်မှာထိုင်ပြီး စကားပြောနေကြ၏။ ထိုစဉ် ထူးခြားစူးရှသောအသံတစ်ခု ထွက်ပေါ်လာ၏။ သူတို့သည် အသံလာရာသို့ အာရုံစူးစိုက်ပြီး နားစွင့်နေကြ၏။ အသံကား ပြင်းပြင်းထန်ထန်။

"အို - ဒီနေရာမှာနေထိုင်ပြီး ဒီလယ်ယာမြေကို လုပ်ကိုင်စားသောက်နေကြသောလူရို့။ ငါရို့ဟာ ဒီနေရာကနေ ထာဝရ အပြီးအပိုင် ထွက်ခွာရတော့မယ်။ အေးအေးဆေးဆေးနဲ့ နေလိုက်ကြ၊ ငါရို့လားပြီ"

ဟု အော်ဟစ်ကာ ပြောဆိုလာလေ၏။

သူတို့သည် အသံကြားရာသို့ လှမ်းကြည့်လိုက်ကြရာ ရှေးဆုံးမှလူမှာ သံခမောက်ကြီးကိုဆောင်းထား၏။ ငှက်ပျောရွက်ခန့်မျှကြီးသော မားကြီးကိုလည်း ပခုံးပေါ်၌ ထမ်းယားကာ ရှေ့ဦးစွာ ထွက်ခွာသွားလေ၏။

ထို့နောက် သံခမောက်ဆောင်း (၄) ယောက်က ထိုသူ၏နောက်မှလိုက်လာကြ၏။ တစ်ဖန် ထိုသူတို့နောက်မှ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များမှာလည်း တစ်ရာကျော်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရပါ၏။

ကလေးသူငယ်များမှာ ငိုသူကငိုလာကြ၏။ အော်သူကအော်လာကြ၏။ ညည်းညူသူတို့က ညည်းညူလာကြ၏။ အော်ဟစ်ဆဲဆိုသူတို့ကလည်း ဆဲဆိုလာကြ၏။ သံခမောက်ဆောင်းအကြီးအကဲ သွားရာနောက်သို့ ထက်ကြပ်မကွာလိုက်ပါသွားကြလေ၏။

သူတို့ထွက်ခွာသွားပြီးသည့်နောက် တောတောင်ပတ်ဝန်းကျင်တစ်ခုလုံးမှာ ငြိမ်ကျသွားလေ၏။ တိတ်ဆိတ်ငြိမ်သက်လာ၏။ မည်သည့်အသံကိုမျှ မကြားရတော့ချေ။

ထိုသူတို့ ထွက်ခွာသွားသည့်နှစ်ကစ၍ တောရှင်၊ တောင်ရှင်၊ ကွင်းပိုင်ရှင်၊ လယ်မြေပိုင်ရှင်တို့အား စပါးအ အခွန်ပေးဆောင်ခြင်းမှ လွတ်ငြိမ်း သာခွင့် ရရှိကြလေ၏။

သူတို့ ဇနီးမောင်နှံတို့သည် အ ပါလယ်မြေများကို အပြီးအပိုင်ရ လေပြီ။ အထက်ဖော်ပြပါ အကြော အရာများကို ရွာသူကြီးနှင့် ရပ်ရွာသူ များအား သွားရောက်ကာ ပြော လေ၏။ ရွာသူကြီးနှင့် ရပ်ရွာလူကြီး လည်း ဝမ်းသာကြည်နူးနေကြ၏။ မြောက်ကြ၏။

ဤလောက၌ ဖြစ်ပျက်နေသော အကြောင်းအရာတို့သည် ပြောပြ ယုံကြည်နိုင်ဖွယ်ရာ မရှိပါ။ ထိုထ သာလွန်သော အကြောင်းအရာ အ အပျက်တို့သည်ကား ဤလောက ထာဝတည်ရှိနေဆဲပါ။

ထို့ကြောင့် 'ရဲသော်မသေ၊ သေ သော်အပါယ်မလား' ဟူသော စကား သည် ဖြစ်ပေါ်လာရသည်တကား။

*ကျန်းမာချမ်းသာကြပါ*

မဟာနွယ် (မန်းတက္ကသို



www.burmeseclassic.com

www.burmeseclassic.com

မျိုးတင့်(ညောင်လေးပင်)

# သိဒ္ဓိဝင်ဆေးမြင်းခွာ နှင့် ကိုယ်တွေ့အကျိုးများ

'သိဒ္ဓိဝင်ဆေးမြင်းခွာပင်' ဆောင်းပါးကို ၂၀၁၃ ခုနှစ်၊ ဇွန်လထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် ရေးသားခဲ့ပြီးသည့်နောက် စာရေးသူ၏ပတ်ဝန်းကျင်တွင် ဆေးမြင်းခွာပင် အတော်ကလေး ရိုက်ခတ်သွားသည်။ ဆေးမြင်းခွာပင်ကို မသိသူများက လေ့လာစူးစမ်းမှုပြုလာကြသည်။ ဆေးမြင်းခွာအသုံးဝင်ပုံကို သိထားသူများကလည်း သူတို့သိကျွမ်းထားသော ဗဟုသုတများ ထပ်လောင်းရှင်းပြပြီး သုတဝေငှလာကြပါသည်။ ဝမ်းမြောက်စရာကောင်းပါ၏။ မိမိ၏ ကလောင်တစ်ချောင်းဖြင့် ရောဂါဝေဒနာခံစားနေရသူများကို အသက်ရှည်စွာ အနာမဲ့ကြောင်းကောင်းလှုစေချင်သော စေတနာဆန္ဒနှင့် တင်ပြခွင့်ရခဲ့ခြင်းကြောင့် သုရဋ္ဌမဂ္ဂဇင်းအဖွဲ့သားများကိုလည်း ကျေးဇူးတောအားဆိုရပါသည်။

စာရေးသူ၏မိတ်ဆွေ ဦးတင်အေး (မဒေါက်) သည် ဆေးမြင်းခွာဆောင်းပါးကို မဂ္ဂဇင်းစာမျက်နှာမှ ဖိုတိုစတက်ကူး (မိတ္တူပြု) ၍ သင့်တော်ရာ မိတ်ဆွေများသို့ မေတ္တာနှင့် ဝေငှဖြန့်ချိပေးခဲ့သောကြောင့်လည်း ရပ်ဝေး၊ ရပ်နီးမှ တုံ့ပြန်သက်ရောက်မှုများ ရှိခဲ့ပါသည်။ စာရေးသူထံသို့ ရပ်ဝေး၊ရပ်နီးမှ မိတ်ဆွေများ လူကိုယ်တိုင်လာရောက်ခြင်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ဆွေးနွေးခြင်းများ ပြုကြပါသည်။ သူတို့သိထားသော ဆေးမြင်းခွာအကြောင်းနှင့်အတွေ့အကြုံများကိုလည်း ပြောပြကြပါသည်။ ဤသို့ဖြင့် စာရေးသူသည် ဆေးမြင်းခွာနှင့် ကိုယ်တွေ့အကျိုးများဆောင်းပါးကို ဆက်လက် ရေးသားရန် တာဝန်ရှိလာခဲ့ပြန်ပါသည်။

'သိဒ္ဓိဝင် ဆေးမြင်းခွာ' ဟူသော အမည်ဖြင့် သုရဋ္ဌမဂ္ဂဇင်း ၂၀၁၃ ခု၊ ဇွန်လထုတ်တွင် အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်၍ လေ့လာလိုသူများ ထိုဆောင်းပါးကို ဖတ်ရှုရန် ရည်ညွှန်းပါသည်။ ထိုဆောင်းပါးတွင် စာရေးသူသည် မိတ်ဆွေကြီး ဦးအောင်ထွန်း လက်ဆောင်ပေးသည့် ဆေးမြင်းခွာဆေးတော်ကြီးကို စားသုံးရန်ရှိကြောင်း တင်ပြခဲ့ပါသည်။ ဆေးမြင်းခွာဆေးကို နေ့စဉ် နံနက်တိုင်း မန်ကျည်းစေ့တစ်စေ့ခန့် စားသုံးခဲ့ပါသည်။ စားသုံးပြီးသည်နှင့် ရေကို ဝဝ သောက်ပေးပါသည်။ ထိုသို့ စားသုံးမှုပြုခဲ့သည်မှာ ယနေ့ဆိုလျှင် (၉) လကျော်ခန့်ကြာခဲ့ပါပြီ။

(၉) လ မတိုင်မီကစ၍ စာရေးသူ၏ ကျန်းမာရေးအခြေအနေ တိုးတက်လာခဲ့ပါသည်။ အသက်(၆၉)နှစ်အရွယ်ရှိပြီဖြစ်သော စာရေးသူ၏ ယခင်က ခြောက်ခန်းနေသော အသားအရေမှာ စိုပြည်စပြုလာပါသည်။ ချိုင်းချွေးများထွက်လာသည်။ ခြေဆီ၊ လက်ဆီများ ခန်းခြောက်နေရာမှ ပြန်ထွက်လာသည်။ မျက်နှာပြင်၌ အဆီများ ခန်းခြောက်နေရာမှ အဆီပြန်လာသည်။ ငယ်စဉ်ကကဲ့သို့ လတ်တလောပြောင်းလဲသွားသော မိမိ၏ အနေအထားကို သတိပြုမိသည်။

ထူးခြားစွာ သိသာလာသည်မှာ စာရေးသူ၏ ဦးခေါင်းပေါ်မှ ဖောက်ခေါ် အရေပြားမှိုစွဲရောဂါ ဖြစ်သည်။ ငယ်စဉ်က ဆံပင်ရှည်ထားခဲ့သော်လည်း အသက်(၆၀)အရွယ်မှစ၍ ခေါင်းတုံးနှင့်



ဆေးမြင်းခွာအပင်ကြီးမျိုးမှ ဥတက်အုံတစ်ခု



ရွှေကျင်တောင်ပေါ်ဒေသ၊ ဆိပ်ကလေး၊ မင်းရွာအနီး တောင်ဘေးမြောင်က ဆေးမြင်းခွာပင်များ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့သည်။ ဆံပင်များရှိစဉ်ကလည်း ဖောက်အဖွေးသားနှင့် စိတ်ညစ်၊ ကုတ်ခြစ်နေရသည်။ မည်မျှခေါင်းလျှော်လျှော် ပျောက်ကင်းခြင်းမရှိပါ။ အသက် (၆၀) အရွယ်တွင် ခေါင်းတုံးနှင့်နေသော်လည်း ဖောက်များက မပျောက်သွားပါ။ ခုနစ်ရက်တစ်ခါ ခေါင်းရိတ်ပါသည်။

ခေါင်းရိတ်တိုင်း ဖောက်များက ဘရိတ်ဓားသွားတွင် အလွှားလိုက်ပင်ရှိနေခဲ့သည်။ ဆေးမြင်းခွာကို ပုံမှန်စားပြီး (၃)၊ (၄) လခန့်အကြာတွင် ဖောက်များပျောက်သွားသည်။ ယခုအခါ ဖောက်ပျောက်ကင်းရုံမက ခေါင်းဦးရေသည် အေးမြလာသည်။ စာရေးသူကို ခေါင်းအမြဲရိတ်ပေးတတ်သော မြေးတော်မောင်က -

"ဘိုးဘိုးခေါင်းက ဖောက်တွေပျောက်ကုန်ပြီ။ ခေါင်းဦးရေလည်း အေးနေတာပဲ"

ဟု မှတ်ချက်စကားပြောသည်။ ဆေးမြင်းခွာ၏ အစွမ်းကြောင့်ဟု တွေးမိသည်။

ဆေးမြင်းခွာမှုန့် (၁၀) ကျပ်သားကို ငရုတ်ကောင်း (၂) ကျပ်သား အမှုန့်ပြု ရောစပ်၍ ပျားရည်နှင့်တေထားသော ဤသိဒ္ဓိဝင်ဆေးမြင်းခွာသည် အစွမ်းထက်လှကြောင်း ကိုယ်တွေ့သိရသည်။


ဆေးမြင်းခွာနှင့် ပတ်သက်၍ ထူးခြားသော ဆေးစွမ်းတစ်ခုကိုလည်း ကြုံရပါသေးသည်။ စာရေးသူသည် အသက်ရွယ်ကြီးရင့်လာသူ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်အလျောက် နေ့စဉ်တရားဘာဝနာရှုမှတ်ပွားများခြင်းပြုပါသည်။ သို့သော် ကြာကြာမထိုင်နိုင်ပါ။ နာရီဝက်ခန့်ထိုင်လျှင်ပင် တောင့်တင်းထုံကိုက်၍ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင်ဖြစ်နေတတ်သည်။ ဆေးမြင်းခွာကို မှီဝဲပြီး (၆) လအကြာတွင် တရားဘာဝနာပွားများရာ၌ ကြာမြင့်စွာ ဣရိယာပုထ်မပြောင်းမလဲမချင်း ရွေ့ခြင်းမပြုဘဲထိုင်လာနိုင်သည်ကို တွေ့ရသည်။ အကြောအခြင်များ ပျော့ပျောင်းလာခြင်းကြောင့်ပင် ဖြစ်ပါသည်။ (ထိုအချက်မှာ စာရေးသူအတွက် ဘာနှင့်မှ မလဲနိုင်သော ချမ်းသာမှုကို ရစေခဲ့ပါသည်)

စာရေးသူကို ဆေးမြင်းခွာလက်ဆောင်ပေးခဲ့သော စာရေးသူနှင့် သက်တူရွယ်တူ ဦးအောင်ထွန်းမှာ ငယ်စဉ်ကတည်းက ဆေးမြင်းခွာကို ပုံမှန်မှီဝဲပြီး မည်သည့်ဆေးကိုမျှမသောက်ပါ။ ယနေ့ အသက် (၆၈)၊ (၆၉)အရွယ်တွင် လူငယ်များနှင့်မခြား သွားလာလှုပ်ရှားလျက်ရှိသည်။ နားစေး၊ ချောင်းဆိုး၊ ဇက်ထိုး၊ ဗိုက်နာခြင်းမရှိ။ မျက်မှန်မတပ်ဘဲနေနိုင်သည်။ ဆေးမြင်းခွာတန်ခိုး တန်ဖိုးကြီးလှပါသည်။ မသိသူများကျော်သွား၍ သိသူများဖော်စားနိုင်ကြရန် ဤဆေးမြင်းခွာအကြောင်းကို အများပြည်သူအကျိုးငှာ တင်ပြရေးသားရခြင်း ဖြစ်ပါသည်။

ရသာယနခေါ် အသက်ရှည်ဆေးတို့ မှီဝဲလိုသူတို့သည် အသက်(၄၀)ကျော်မှစ၍ အစဉ်တစိုက် မှီဝဲသင့်ကြောင်း ရှေးဆရာမြတ်များ ပြောကြားကြသည်ကို မှတ်သားဖူးပါသည်။ ဆေးကျမ်းများတွင်လည်း ထိုအချက်ကို တင်ပြလေ့ရှိပါသည်။ ငယ်စဉ်မှစ၍ မှီဝဲထားသော စာရေးသူ၏ မိတ်ဆွေ ဦးအောင်ထွန်းမှာ ထိုသဘောတရားကို လက်တွေ့ပြနိုင်သော အရည်အချင်းရှိသူ ဖြစ်ပါသည်။ ထိုမိတ်ဆွေကြီးသည် မဒေါက်မြို့မဈေးအတွင်း ပရဆေးဆိုင်ဖွင့်လျက် အသက်မွေးဝမ်းကျောင်းပါသည်။

ဤဆောင်းပါးဖြင့် စာရေးသူထံ ဆက်သွယ် မေးမြန်းစုံစမ်းခဲ့သူ မိတ်ဆွေများကို ဆေးမြင်းခွာ၏ လက်တွေ့အသုံးဝင်၊ အကျိုးရှိပုံများကိုသိရ၍ ကျေနပ်ကြမည်ဟု မျှော်လင့်ပါသည်။

ဆေးမြင်းခွာသည် ကျွန်ုပ်တို့ လွဲမှားသိနေကြသော အရွက်စားသည့် ပင်ပျော့မျိုးလုံးဝမဟုတ်ပါ။ ရပ်ထဲရွာထဲ လယ်ထဲယာထဲ၌ ပေါက်ရောက်ခြင်းမရှိ ပါ။ ကျိုက်ထီးရိုးတောင်တော်၊ ဒေးစွန်း နှင့် ရွှေကျင်ဒေသ၊ ရိုးမ စသော တောင်



ဆေးမြင်းခွာအပင်ငယ်မျိုးမှ ဥတက်ဖုံများ



www.burmeseclassic.com

www.burmeseclassic.com

ဒန်းကြီးများပေါ်ရှိ စိမ့်စမ်းလျှိုမြောင်များတွင်သာ ပေါက်ရောက်တတ်ပါသည်။ ဆေးမြင်းခွာပင်မှ သက်ရှိမြင်းတစ်ကောင်၏ ခွာအသွင်ဥတက်များကို ဖွားခြင်း ဖြစ်ပါသည်။ သက်တမ်း (၈) နှစ်၊ (၉)နှစ်ကြာမှ အပင်ကြီးတစ်ပင်မှထွန်းတတ်ပြီး ဥအတက်များကို ရနိုင်ပါသည်။ တစ်ခါတစ်ရံ မြို့ကြီးများတွင် ဆေးမြင်းခွာဥတက်များကို တောင်ပေါ်သားများ တူးယူကာ လာရောက် ရောင်းချခြင်းများရှိပါသည်။ ကျိုက်ထီးရိုးဘုရားများ အလွယ်တကူ ဝယ်ယူလေ့ရှိပါသည်။ ဥတက်တစ်ခုကို ကျပ် (၃၀၀) မှ (၅၀၀) အထိ ရောင်းချလေ့ ရှိပါသည်။ ဥတက်နှစ်မျိုးရှိသည်။ အပင်ကြီးမျိုးတွင် ဥတက်ကြီး၍ လက်သီးဆုပ်တစ်ဝက်ခန့်ရှိသည်။ အပင်သေးမျိုး၏ ဥတက်များမှာ သေးငယ်၍ ဥတက်ကြီး၏ (၄) ပုံ (၁)ပုံခန့်သာရှိသည်။ ဥတက်သေးသော ဆေးမြင်းခွာငယ်များက ပို၍ ဆေးဖက်ဝင်သည်ဟု ပြောကြသည်။ ဥတက်တို့မှာ မြင်းခွာနှင့်တူပြီး အမည်းရောင်ရှိ၍ အမည်းခွံပေါ်၌ အဖြူပြောက်ကလေးများ ပါဝင်ပါသည်။ ဆေးမြင်းခွာကို သိဒ္ဓိဝင်အသက်ရှည်ဆေးအဖြစ် အသုံးပြုရုံမက အခြားသော မှင်ရောဂါ၊ သက်တန့်၊ အဖုအပိမ့်များ၊ အနာကျိတ်များကိုပါ ကျောက်ပျဉ်တွင်သွေး၍ လိမ်းကျံပေးခြင်းဖြင့် ပျောက်ကင်းသက်သာခွင့်ရစေပါသည်။

မိတ်ဆွေကြီး ဦးတင်အေးသည် သူ့တွင်ရှိသော ဆေးမြင်းခွာဥတက်များကို မှင်ရောဂါဖြစ်၍ လက်များရောင်ရမ်းနေသော ဦးအောင်သိန်း (မဒေါက်) ကို လိမ်းကျံစေရာ လက်တွေ့ပျောက်ကင်းခဲ့ပါသည်။ ကိုယ်ခန္ဓာယားယံခြင်း၊ လေဖြတ်ခြင်းတို့အတွက်လည်း သွေးလိမ်းနိုင်ပါသည်။

တစ်နေ့သ၌ စာရေးသူ၏ ဆေးမြင်းခွာဆောင်းပါးကို ဖတ်ရှုထားသော ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အောင်စကြာဘုရားကျောင်းမှ အသက် (၇၅)နှစ်ခန့်ရှိပြီဖြစ်သည့် ရဟန်းတော်ကြီး ဦးသုမင်္ဂလာရက သတင်းစကားတစ်ခု ပြောလာပါသည်။ ဆေးမြင်းခွာသုံးစွဲနည်းနှင့် ပတ်သက်နေ၍ စာရေးသူ စိတ်ဝင်စားမိပါသည်။

"ဆေးမြင်းခွာကို သန့်ရှင်းတဲ့ ကျောက်ပျဉ်ပေါ်မှာ မပျစ်မကျဲသွေးပါ။ သွေးနေတုန်းမှာတော့ ဓမ္မစကြာသည်း ခြေလို့ခေါ်တဲ့ 'စက္ခုဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကောဥဒပါဒိ' ဂါထာမြတ်ကို ရွတ်ဆိုပူဇော်ရတယ်ကွယ့်။ အဲဒီဂါထာဟာ ပဉ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာဖွင့်ပေးတဲ့ ဂါထာလေ။ အဲဒါကြောင့် လူသားတွေရဲ့ သာမန်မျှဖြစ်တဲ့ မျက်စိရောဂါတွေကိုပါ ဓာတ်သဘောသက်ရောက်ပြီး ပျောက်ကင်းစေတာအမှန်ပါပဲလို့ မြပ်ဗုဒ္ဓရဲ့ တရားတော်ကို ယုံကြည်အားထားအာရုံပြုပြီး သွေးလိမ်းရတာပေါ့။

သွေးပြီးရင် မျက်ခွံကို နှာခေါင်းဘက်အတွင်းကစပြီး နားထင်ဘက်ကို လက်ညှိုးကလေးနဲ့ အသာအယာပွတ်သပ်ပြီး ထက်အောက်မျက်စိနှစ်ကွင်းရဲ့ ပတ်လည်ကို လိမ်းရတယ်။ လိမ်းလိုက်တာနဲ့ အေးမြတဲ့အတွေ့တစ်မျိုးကို ခံစားရတယ်။ ဒါဟာ ရွှေကျင်လို ရွှေထွက်တဲ့ မြေဆီလွှာ ကျောက်ကြိုကျောက်ကြားစိမ့်စမ်းတွေမှာပေါက်ပြီး ရေဓာတ်၊ ရွှေဓာတ်ကိန်းနေတဲ့ ဆေးမြင်းခွာရဲ့သဘာဝ သတ္တိထူးပဲပေါ့။ ဒီလို စနစ်တကျ လိမ်းပေးရင် မျက်စိမှုန်တာအပြင် ဝေဝါးတာ၊ မျက်စိနာ၊ တိမ်သလာတွေကို သက်သာပျောက်ကင်းစေပါတယ်။ သေချာတာကတော့ ဘေးထွက်ဆိုးကျိုးမရှိဘဲ မျက်စိအမြင်ကြည်လင်စေတာကတော့ ဧကန်မုချရမယ့်အကျိုးပါပဲဗျာ"

ဟု ရှင်းပြတော်မူခဲ့သည်။

စာရေးသူသည် စာဖတ်၊ စာရေးသူဖြစ်၍ မျက်စိအသုံးချမှုများသူ ဖြစ်သည်။ ဆေးမြင်းခွာကို မျက်စိကွင်းဆေးအဖြစ် အသုံးပြုကြည့်ပါသည်။ မျက်စိအေးပြီး စူးခြင်း၊ အောင့်ခြင်း၊ မျက်ရည်ပူကျခြင်းတို့မှ ကင်းဝေးသည်ကို လက်တွေ့မျက်တွေ့ ကြုံရပါသည်။

ဆေးမြင်းခွာကွင်းထားသော မျက်ခွံများသည် (၁၀) မိနစ်လောက်ကြာလျှင် ဆေးမြင်းခွာ၏ စုပ်ယူမှုစွမ်းအားကြောင့် မျက်ခွံ၊ မျက်ကြောများ အနည်းငယ် တင်းလာသလို ခံစားရပါသည်။ ထိုအခါတွင် သန့်ရှင်းသောရွှမ်းစငယ် သို့မဟုတ် အဝတ်သန့်သန့်ကို ရေနွေး (သို့) ရေနွေးကြမ်းတွင်ဆွတ်၍ ရေညှစ်ပြီး မျက်ခွံများကို အတွင်းပိုင်းမှ အစွန်းပိုင်းသို့ (တစ်နည်း) နှာခေါင်းမှ နားတစ်ဖက်သို့ အသာအယာ ပွတ်သပ်စိုစွတ်စေရပါသည်။ ထိုအခါ မျက်ခွံတင်းခြင်းလျော့ပါးလာ၍ နေသားကျသွားပါသည်။ နေထိုင်ကြည့်ရှု၍ အဆင်ပြေသွားပါသည်။ အမြင်ဝေဝါးနေသူ မျက်စိဝေဒနာရှိသူများအတွက် သက်သာခွင့်ရစေနိုင်ပါသည်။

ဓမ္မစကြာသည်းခြေဂါထာတော်ကို ဆေးမြင်းခွာသွေးရာ၌ မြတ်ဗုဒ္ဓ၏ သစ္စာ(၄)ပါးတရားတော်ကို အာရုံပြု၍ သွေးနိုင်ရန် လိုရင်းအဓိပ္ပာယ်ကို ဆရာတော်ဦးဗုဓ်၏မှ (ဓမ္မစကြာပါဠိနိဿယ) မြန်မာပြန်မှ ကူးယူဖော်ပြပေးလိုက်ပါသည်။

**စက္ခု** - ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်၊ **ဥဒပါဒိ** - ထင်ရှားဖြစ်၏။ **ဉာဏံ** - ဒုက္ခသစ္စာကိုသိခြင်းသည်၊ **ဥဒပါဒိ** - ထင်ရှားဖြစ်၏။ **ပညာ** - ဇာတိဒုက္ခ စသည်ကို အပြားအားဖြင့် သိခြင်းသည်၊ **ဥဒပါဒိ** - ထင်ရှားဖြစ်၏။ **ဝိဇ္ဇာ** - ဒုက္ခသစ္စာကို ထိုးထွင်းသိခြင်းသည်၊ **ဥဒပါဒိ** - ထင်ရှားဖြစ်၏။ **အာလောကော** - ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအလင်းရောင်သည်၊ **ဥဒပါဒိ** - ထင်ရှားဖြစ်၏။

(ဤဆောင်းပါးနှင့် သက်ဆိုင်လှသည် မဟုတ်သော်လည်း မျက်စိအမြင်ချို့ယွင်းလာသူတို့သည် ဖော်ပြပါ ဂါထာမြတ်ကို နေ့စဉ် မျက်နှာသစ်တိုင်း (၇) အုပ် မန်းမှုတ်ရွတ်ဆိုနိုင်လျှင် ကောင်းမြတ်၍ မျက်စိအမြင်ကြည်လင်နိုင်လာကြောင်း ကျေးဇူးရှင် ရွှေပေါ်ကျွန်းစေတော်ဝင်ကျောင်း မလှိုင်မြို့နယ် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မိန့်တော်မူခဲ့ဖူးပါသည်။)

ဆေးမြင်းခွာပင်သည် သိဒ္ဓိဝင်ပင်တစ်မျိုးဟု စာရေးသူဆိုခဲ့ပါပြီ။ လူတိုင်းအတွက် ဆေးမြင်းခွာကို ငွေကုန်ကြေးကျသက်သာစွာဖြင့် သုံးစွဲနိုင်ပါသည်။ နှမြို့ရှင်သန်စွာ အသက်ရှည်ကျန်းမာ၍ လူ့ရွာတောင်းကျိုး သယ်ပိုးနိုင်စေရန် တင်ပြခြင်း ဖြစ်ပါသည်။ ဆေးမြင်းခွာ ဥတက်ကလေးတစ်ခု ဆောင်ထားရုံမျှနှင့်လည်း မိမိ မိသားစု၏ အထွေထွေကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်ပါကြောင်း မြန်မာဆေးစွမ်းကောင်း ဆေးမြင်းခွာပင်ကို ဖော်ညွှန်းတင်ပြလိုက်ပါသည်။ သတိပညာနှင့် ချင့်ချိန် အသုံးပြုတော်မူကြပါကုန်။

ကျန်းမာရေးသုခပြည့်ဝကြပါစေ

မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

နတ်တလင်းမြို့သည် ရန်ကုန်နှင့် ပြည်အကြား ပဲခူးတိုင်းဒေသကြီးအတွင်း ရှိ နယ်မြို့ကလေးတစ်မြို့ ဖြစ်သည်။ နယ်မြို့ကလေးပင်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်အလုပ်ဖြစ်၏။ နတ်တလင်းနယ်ထွက်ကုန်ပစ္စည်းအမျိုးမျိုးကို အခြားမြို့များမှ ကုန်သည်များ၊ သုံးစွဲသူ ပြည်သူများ လာရောက် ဝယ်ယူလေ့ရှိသည်။

နတ်တလင်းမြို့၌ ကျင်းပလေ့ရှိသောပွဲတော်များတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဗုဒ္ဓပူဇနီယပွဲတော်သည် နှစ်စဉ်စည်ကား၏။ ဇောရော မြို့ပါမကျန် တန်ဆောင်တိုင်ပွဲဆင်နွှဲသူများနှင့် အမြဲပြည့်နှက်နေတတ်သည်။ နတ်တလင်းမြို့မှာ ရန်ကုန်-ပြည်ကားလမ်းပေါ်၌ တည်ရှိပေရာ ၄င်းလမ်းမကြီးတစ်





www.burmeseclassic.com

www.burmeseclassic.com

လျှောက် သံဖြူရုံကားဂိတ်မှသည် သကျ ဟောမြတ်မုနိဘုရားကြီးအထိ ရှည်လျားသောပွဲဈေးတန်းကြီးက တစ်မျှော်တစ်ခေါ် ရှုလို့မဆုံး။ ရောင်းချသည့်ဈေးဆိုင်အမျိုးအစားကလည်း များပြားလှသည်။ အကြော်ဆိုင်၊ ဘိန်းမုန့်၊ ရေမုန့်ဆိုင်၊ ကောက်ညှင်းကျည်တောက်ဆိုင်မှသည် အရုပ်ဆိုင်၊ အဝတ်အထည်၊ အိုးခွက်ပန်းကန်၊ အလှကုန်၊ ဖျာ၊ လျှပ်စစ်သုံးပစ္စည်းများအထိ ပေါများစုံလင်လှပေသည်။

ဆိုင်အမျိုးအစားများစွာရှိသည့်အနက် ကောက်ညှင်းကျည်တောက်ဆိုင်များမှာ နေရာအနှံ့တွေ့ရ၏။ ကောက်ညှင်းကျည်တောက်ဆိုသည်မှာ တင်းဝါးအစိုကို တစ်ဖက်အဆစ်ပိတ်ထားဖြတ်၍ အတွင်းသို့ ကောက်ညှင်းဆန်နှင့်ရေသင့်တင့်အောင်ထည့်ပြီး မီးဖုတ်ထားသော စားစရာတစ်မျိုး ဖြစ်သည်။ ဝါးကိုခွဲစိတ်ပြီး လွှာလိုက်လျှင် ဝါးအတွင်းအမြှေးပါးနှင့် ကောက်ညှင်းတို့ တွဲဆက်ကာ ကောက်ညှင်းကျည်တောက်အတောင့်လိုက်ကလေးရရှိသည်။ ကောက်ညှင်းနှင့် ဝါးမွှေးတို့ ပေါင်းစပ်ထွက်ပေါ်လာသည့်သင်းရနံ့ကား စားချင်စိတ်ကို တဖွားဖွားဖြစ်စေသည်။

နတ်တလင်းဘုရားပွဲဈေးတန်းမှ ကောက်ညှင်းကျည်တောက်ရောင်းသူများသည် ဘုရားပွဲဈေးရာသီတွင်သာ ပြုလုပ်ရောင်းလေ့ရှိပြီး ကျန်အချိန်များတွင် အခြားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြ၏။ မြို့ဆင်ခြေဖုံး ဂျင်းယားကုန်းရပ်မှ ကိုမှတ်ဆိုသူသည် ဆိုက်ကားနင်းခြင်းဖြင့် အသက်မွေးသူဖြစ်ပြီး တန်ဆောင်တိုင်ပွဲရာသီတွင် ကောက်ညှင်းကျည်တောက်ဖုတ်ရောင်းတတ်သည်။

နတ်တလင်းတန်ဆောင်တိုင်ပွဲ၏ လပြည့်နေ့ခါသမယတွင် ပွဲဈေးတန်းတစ်လျှောက် ပရိသတ်များအလွန်စည်ကားနေ၏။ အသက် (၅၀) ခန့် ဦးလေးကြီးတစ်ဦးသည် လက်တစ်ဖက်က သားရေအိတ်တစ်လုံးဆွဲလျက် ကိုမှတ်ဆိုင်သို့ ဝင်လာ၏။

"ကောက်ညှင်းကျည်တောက်တစ်ခုဘယ်လောက်လဲ ငါ့တူ"

ခရီးသည်ဦးလေးကြီးက မေး၏။

"တစ်ခု (၅၀၀) ပါ။ နှစ်ခုယူရင် (၈၀၀) ပဲပေးပါ"

ကိုမှတ်က ဦးလေးကြီးအား ကောက်ညှင်းကျည်တောက်များကို ပြရင်းပြော၏။

"နှစ်ခု (၈၀၀) နဲ့ မယူနဲ့ (၇၀၀) ပဲထားပါ ငါ့တူရာ"

ဦးလေးကြီးက ဈေးဆစ်လာတော့ ကိုမှတ်လည်း ခေါင်းငြိမ့်ပြီး ပေးလိုက်သည်။ ဝါးခွံမခွာရသေးသော ကောက်ညှင်းကျည်တောက်နှစ်ခုကို ပွေ့ချည်သယ်ယူလျက် ဦးလေးကြီးထွက်သွားလေသည်။

နာရီဝက်ခန့် ကြာသောအခါတွင် ဦးလေးကြီးက ကိုမှတ်ဆိုင်သို့ ပျာယီးပျာယာနှင့် ပြန်ရောက်လာ၏။

"ဒီမှာ ငါ့တူ၊ စောစောက ဦးလေးအိတ်တစ်လုံးဒီမှာကျန်ခဲ့လို့ အဲဒါ"

"ဟာ - မကျန်ခဲ့ဘူး ဦးလေးရဲ့"

"ငါ ဒီစားပွဲပေါ် ခဏတင်ထားပြီး ဆိုင်ကပြန်ထွက်တော့ မေ့သွားတာ။ ကျန်ခဲ့တာ သေချာပါတယ် ငါ့တူရာ"

ဦးလေးကြီးက အသေအချာစကားဆိုလာ၏။

"ကျွန်တော်တော့ သတိမထားမိဘူး ဦးလေး။ ဦးလေးကျန်ခဲ့ရင်လည်း ဆိုင်လာတဲ့တစ်ယောက်ယောက်များ ယူသွားသလားမသိဘူး။ ကျွန်တော်လည်း ဈေးပဲ မဲရောင်းနေတာ"

ကိုမှတ်၏စကားများက ဦးလေး



# ညွန့်ဝင်း (နတ်တလင်း)

# အကျိုးပေးနှင့်အကြောင်းကံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအတွက် မျှော်လင့်ချက်ကင်းမဲ့သလို ဖြစ်နေချေပြီ။ ပစ္စည်းပျောက်သည့်သော ကဖြင့် ဆောက်တည်ရာမရတော့ပေ။

"အဲဒီအိတ်ကြီးထဲမှာ ဦးလေးကုန် ရောင်းထားတဲ့ငွေတွေအားလုံး ပါသွားတယ်။ ဦးလေးတော့ ဒုက္ခရောက်ပါပြီကွာ"

ဦးလေးကြီးအသံက ကတုန်ကယင်နှင့် ငိုသံပါလာသလို ထင်မိရ၏။ သူ့ခမျာ ငွေထုပ်ပျောက်၍ ဘာလုပ်ရမှန်းမသိ။ ပွဲတော်ရက်ဆိုတော့ လူပေါင်းစုံဝင်ထွက်သွားလာနေသည်မို့ နောက်ဆုံးတွင် လက်လျှော့ကာ စိတ်မကောင်းစွာဖြင့် ပြန်သွားခဲ့ရသည်။

*

အလုပ်ကို ရာသီမရွေး မျိုးစုံလုပ်တတ်သော ကိုမှတ်သည် ကံဇာတာစန်းလဂ်တက်လာသည်ဟု ဆိုရမည်လားမသိ။ ပွဲတော်အပြီး လပိုင်းမျှသာ ကြာသည်။ ကိုမှတ် ဘဝအလှည့်အပြောင်းဖြစ်ခဲ့သည်ဟု ပြောရမည်။ သူထိုးထားခဲ့သော အောင်ဘာလေထီလက်မှတ်မှ ထီဆုကြီးပေါက်သည်ဟု သိရသည်။ နတ်ကလင်းမြို့နှင့်ကပ်လျက် ပေါင်းတည်မြို့ အောင်ဘာလေထီအရောင်းဆိုင်တစ်ဆိုင်မှ အရောင်းစာရေးတစ်ဦး ရောက်လာပြီး ကိုမှတ် သိန်း (၅၀) ဆုကြီး ပေါက်ကြောင်း ပြောခြင်း ဖြစ်သည်။ ထိုအရောင်းစာရေးက ကိုမှတ်တို့တစ်ရွာလုံးသိအောင် ကြေညာ၍ပင်ပေးခဲ့သေးသည်။ မမျှော်လင့်ဘဲ ထီပေါက်ခဲ့သဖြင့် ကိုမှတ်တို့လင်မယားနှစ်ယောက် ဝမ်းသာမဆုံးတပြုံးပြုံး။

"ကိုမှတ်၊ အခု ထီပေါက်တဲ့ငွေနဲ့ ဘာလုပ်မယ်မှန်းသလဲ"

ဇနီးမလုံးစိန်က ကိုမှတ်အား မေးမြန်းနေသည်ကို အိမ်နီးချင်းများကြားကြ၏။

"အိုကွာ၊ ငါပင်ပင်ပန်းပန်း ဆိုက်ကားနင်းရတဲ့အလုပ် မလုပ်တော့ဘူးကွာ၊ ငါတို့ ကားဝယ်ပြီး လိုင်းဆွဲရင် မကောင်းဘူးလား"

ကိုမှတ်က သူ့စီမံကိန်းကို ဇနီးသည်အား ချပြတိုင်ပင်၏။ ဇနီးသည် မလုံးစိန်ကလည်း နှစ်လိုသောအပြုံးနှင့်-

"ကိုမှတ် ကောင်းသလိုစီစဉ်ပေါ့။ ကျွန်မကတော့ သဘောတူပြီးသားပဲ"

ဟု ပြောဆိုထောက်ခံပါလေသည်။

တိုတိုပြောရလျှင် ကိုမှတ်တို့သည် ဆိုက်ကားသမားဆင်းရဲသားလင်မယားဘဝမှ ကားပိုင်သူဌေးလင်မယားဘဝသို့ ကူးပြောင်းရောက်ရှိခဲ့သည်ဟု ဆိုရပေတော့မည်။

*

အချိန်တို့သည် ရက်ကိုလစား နှစ်များပင် ပြောင်းခဲ့လေပြီ။ အချိန်၏ ပြောင်းလဲခြင်းနှင့်အတူ လောကဓံတရား၏အလှည့်အပြောင်းကိုလည်း ကိုမှတ်တို့ ကြုံခဲ့ရသည်။ ဤသို့ကြုံရသည်မှာလည်း ဆန်းတော့မဆန်းလှ။ ကားအကြောင်း ဘာမှမသိဘဲ ကားဝယ်မိခဲ့သော ကိုမှတ်တစ်ယောက် သူဝယ်သည့်ကားက ခဏခဏပျက်လိုက်၊ ပစ္စည်းဝယ်ထည့်ပြင်လိုက်နှင့် ကြာတော့ ရှိစုမဲ့စု အရင်းအနှီးငွေလေးလည်း လုံးပါးပါးလာသည်။ အဆိုးဆုံးကတော့ ကိုမှတ်၏ကားဖြင့် လူတစ်ဦးကို တိုက်မိပြီး သေဆုံးသွားခဲ့သဖြင့် အမှုဖြစ်ရ၊ လျော်ကြေးပေးရနှင့် မလုံးစိန်ဝယ်ထားသည့် လက်ဝတ်လက်စားလေးတွေလည်း အားလုံးထုခွဲရောင်းချလိုက်ရသည်။ နောက်ဆုံးတွင် ကားပါ ရောင်းလိုက်ရသည့်အပြင် နေသည့်အိမ်နှင့် ခြံလေးပါ အဆစ်ပါသွားခဲ့သည်။

ဆိုက်ကားသမားလင်မယားဘဝမှ ကားပိုင်လင်မယားဘဝရောက်ခဲ့သော ကိုမှတ်တို့၏ ချမ်းသာကြွယ်ဝမှုမှာ သိပ်မကြာခဲ့။ အပေါင်းအသင်းမိတ်ဆွေများက အားကျ၍မဆုံးမီမှာပင် နဂိုဘဝထက်ဆိုးသောအခြေသို့ဆိုက်ခဲ့ရသည်ကို အားလုံးစိတ်မကောင်းဖြစ်ရသည်။

ကိုမှတ်တို့၏ ဇာတ်ကြောင်းကလေးကား ပြီးဆုံးသွားပြီဟု ဆိုရမည်ဖြစ်သော်လည်း ပြောမပြဖြစ်ခဲ့သောအကြောင်းလေးအချို့ကို စာကြွင်းအဖြစ် ဖော်ပြရပေဦးမည်။

ကိုမှတ် ထီပေါက်ပြီး ကားဝယ်လိုင်းဆွဲဖြစ်ခဲ့ခြင်းကို အားလုံးကသိကြသော်လည်း အရပ်ကမသိသော ကိုမှတ်၏အကြောင်းအချို့ရှိပါသေးသည်။ ၎င်းမှာ အခြားမဟုတ်။ ကိုမှတ်ထီပေါက်စဉ်က အခြားမြို့မှ လာရောက် ကြေညာအသိပေးခဲ့သော ထီအရောင်းစာရေးသည် ကိုမှတ်၏ကားတွင် စပယ်ယာဖြစ်နေခြင်းနှင့် ထီပေါက်သည်ဆိုသော ကိုမှတ်တွင် ပေါက်မဲထီဆုလက်မှတ်လုံးဝမရှိခဲ့ခြင်းအကြောင်းများပင် ဖြစ်သည်။

ညွှန့်ဝင်း (နတ်တလင်း)

တုတ်

အာဟာတ်ကွာကျရမည်

စုစန္ဒာအောင်(ကျောက်ပုံ)

စာရေးသူငယ်စဉ်က အဘွား ဒေါ်ကျော့နှင့် နှစ်အတော်ကြာအောင် အတူနေခဲ့ရပါသည်။ အဘွားသည် ရှေးဆန်သော မြန်မာလူမျိုးဖြစ်သည် အားလျော်စွာ မြန်မာ့မြေမှရရှိသော မြန်မာ့ဆေးမြီးတိုများကို အထင်ကြီး မြတ်နိုး တန်ဖိုးထားသူတစ်ယောက် ဖြစ် ပါသည်။

အဘွားနှင့်အတူနေရပါများလာ သောအခါ အဘွားထံမှ မှတ်သား ရာများ၊ လက်တွေ့ ပျောက်ကင်းသော ဆေးမြီးတိုများ သိရှိခွင့်ရခဲ့ပါသည်။

အဘွားထံမှ ရရှိခဲ့သော ဆေးမြီး တိုများအနက်မှ ကလေးများ တုတ် ကောင်ထိုးလျှင် ကုသရမည့်နည်း တင်ပြပါမည်။

ကလေးများတွင် တုတ်ကောင် သည် စအိုဝမှထွက်လေ့ရှိသည်။ တုတ်ကောင်များထွက်နေလျှင် စအို ယား၍ မနေနိုင်မထိုင်နိုင်ဖြစ်ကာ နေတတ်ပါသည်။ ထိုသို့ စအိုက တယ်ဟုပြောပြီး ကလေးငိုနေလျှင် စအိုဝကို ကြည့်လိုက်ပါ။ တုတ်ကောင် များ တွေ့ရတတ်ပါသည်။

ဆေးနည်းမှာ -

ဘုမ္ဗရာဇာပင်မှအကိုင်းတစ်ကိုင်း ကိုဖြတ်ယူပြီး ကျောက်ပျဉ်ပေါ်မှာ အေးနှင့် သွေးယူပါ။ ထိုသွေးပြီး အနှစ်များကို ကလေး၏စအိုဝကို လိမ်းပေးလိုက်ပါ။ မကြာမီ တုတ်ကောင် များ ကွာကျသွားပါလိမ့်မည်။

ထိုသို့ သုံးရက်ခန့်ဆက်၍ လိမ်းပေးခြင်းဖြင့် ကျန်းမာဝပြီး တုတ်ကောင်ထိုးခြင်းမှကင်းဝေးမည် ကြောင်း ကိုယ်တွေ့နှင့်ယှဉ်၍ ရေး ရလိုက်ရပါသည်။

*(ဆေးနည်းပြောပြခဲ့သောအဘွား ဒေါ်ကျော့ ကောင်းသောဘုံဘ စံစားရောက်ရှိနိုင်ပါစေလို့ ဆု လျက်)*

စုစန္ဒာအောင် (ကျော



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

နေအိမ်မှ လွဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

**အမှတ်(၈၅၂)၊ ကုန်းဘောင်(၁၀) လမ်း**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။**

www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်၊ မင်းဥစ္စာ မကြားဖူး မနာသာကြီးပါလား။ ဘယ့်နှယ်ကွာ မွေးချင်းအရင်းတွေပါရော"

"မွေးချင်းကမွေးချင်းပဲ။ စီးပွားရေးကစီးပွားရေး၊ ရောလို့မရဘူးလေ။ ဈေးဖိုးမမှုတာ မေတ္တာတခြား ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား။ (၃)ယောက်ဆိုင်အမွေကျတော့ သူက လက်ဝါးကြီးအုပ်ထားတယ်။ ရောင်းပါ၊ ခွဲယူကြရအောင်ဆိုတော့လည်း မရောင်းဘူးတဲ့။ ဒါတရားသလား"

"ရော် - ဒီကောင်တော့ခက်နေပြီ။ မိဘတွေရှိစဉ်ကတည်းက လုပ်ထားခဲ့တာလေကွာ။ စဉ်းစဉ်းစားစား တိုင်တိုင်ပင်ပင်လည်းလုပ်ပါကွာ"

ဘကြီးမောင် စိတ်တိုသွားသည်။ ခွေးပုတစ်ယောက်တော့ လူပေါင်းမှားပြီဟု သိလိုက်သည်။ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်ကတည်းက ဇလန်းများလာသည်။ လူပေါင်းစုံလာသည်။ သူ့မိန်းမဆွေမျိုးဆိုတာတွေကလည်း အလှည့်ကျစနစ်နှင့်လာနေကြသလားမှတ်ရသည်။ ဝင်




www.burmeseclassic.com

www.burmeseclassic.com

…မစဲတသဲသဲ။ အစ်မတွေ သူ့အပေါ် …ခဲ့တာတွေလည်း တစ်ရှာလုံးအသိ။ …ကြီးဆိုသော်လည်း မသိသူနှင့်ယှဉ်ဖြီး …နေလို့ မဖြစ်သေး။ ရသည်၊ မရသည် …သာထား။ ပြောတော့ပြောကြည့်ရဦး …ည်။

"သွားလေသူမိဘတွေ မျက်နှာ …ည်းငဲ့ပါဦးကွာ။ ရပ်ထုံးစံရွာထုံးစံဆို …လည်း ပစ်ထားလို့မရဘူးနော"

"ဘာမှငဲ့စရာမလိုပါဘူး ဘကြီး




www.burmeseclassic.com

www.burmeseclassic.com

ရာ။ ဥပဒေလမ်းကြောင်းအတိုင်း အမှန်တော့ဖြစ်ရမှာပေါ့။ ကျွန်တော်တို့ အမျိုးတွေထဲမှာ ဘကြီးမောင်ရယ်၊ အမေ့ဘက်က ဖွားလေးသန်းတို့တစ်တွေရယ် ပတ်သက်ရာပတ်သက်ကြောင်း အကုန်ပေါ့ဗျာ။ အဲဒါတွေခေါ်ပေးပါ။ မျက်နှာစုံညီ ဖြေရှင်းမယ်။ ဖြေရှင်းမယ်ဆိုတာထက် ဗဟုသုတမရှိတဲ့သူတွေကို ဥပဒေအကြောင်း အသွားအလာ၊ သဘောတရားလေးရှင်းပြချင်လို့ပါ။ နိုင်ထက်စီးနင်း ငါ့စကားနွားရ မခြိမ်းခြောက်ပါဘူး”

‘ဒီကောင်တော့ မန်းလေပြလေပါလား’ ဟု ဘကြီးမောင် သက်ပြင်းချမိသည်။ စကားတတ်လိုက်ချက်၊ ဝေ့လည်ကြောင်ပတ်လုပ်တတ်ချက်ကလည်း ဟိုတုန်းကနှင့်မတူ။ ခွေးပုကိုဒေါသဖြစ်လေလေ သွားလေသူ နောင်တော်နှင့် မရီးတော်တို့ကို သတိရလေလေ။

ဦးရေအေးနှင့် ဒေါ်ပန်းမွှေးတို့သည် လူမသိသူမသိ သူရင်းငှားလယ်ကူညီဘဝမှ ကြိုးစား၊ နိုးကြား၊ ရိုးသားခြင်းများကြောင့် လယ်ပိုင်ယာပိုင်များဖြစ်ခဲ့သည်။ ဘာသာရေးကိုင်းရှိုင်းခြင်း၊ အလှူဒါနရက်ရောခြင်းတို့ကြောင့် လူရိုသေရှင်လေးစားဖြစ်ခဲ့ကြသည်။ ကျတ်တီးကုန်းနှင့် ဖုန်းဆိုးမြေတွေကို ခုတ်ထွင်ပြုပြင်ကာ အထွက်ကောင်းမြေတွေဖြစ်အောင်လုပ်နိုင်ခဲ့ကြသူတွေ၊ ရွာနီးချုပ်စပ် ဘုန်းကြီးကျောင်းတွေ၊ သိမ်တွေ၊ ဇရပ်တွေ လှူခဲ့သည်။ မတတ်နိုင်သူတွေကို ရှင်ပြုပေးခဲ့သည်။ သူတို့ ရဟန်းခံပေးလိုက်သော ရဟန်းပညာတတ်၊ ဝိနည်းလိုက်နာသောရဟန်းတွေလည်း များမှများ။

အကြီးသမီး ထွေးနု၊ အလတ်မထွေးဥနှင့် အငယ်ဆုံးသား မောင်ကျင်မောင်တို့ကို စတုဒိသာမကျွေးပ်တွေထိုးကာ ခမ်းခမ်းနားနားရှင်ပြုပေးခဲ့သည်။ သမီးနှစ်ယောက်က အလယ်တန်းအဆင့်မှထွက်ကာ မိဘနှင့် ဒိုးတူပေါင်ဖက် လယ်ယာထဲမှာ လုပ်ကိုင်ရင်း မောင်အငယ်ဆုံးလေး မောင်ကျင်မောင်၏ ပညာရေးကို အလေးပေးခဲ့ကြသည်။

ကျင်မောင် ဆယ်တန်းအောင်သည့်နှစ်မှာပင် မိခင် ဒေါ်ပန်းမွှေး ကွယ်လွန်ခဲ့သည်။ သမီးနှစ်ယောက်က ဖခင်ကို ကူညီစောင့်ရှောက်ခဲ့ကြသည်။ မောင်လေးကို ကျောင်းဆက်ထားပေးခဲ့ကြသည်။ ဖခင်ဦးရေအေးက မကွယ်လွန်မီကတည်းကပင် သားသမီးတွေကို ညီညီမျှမျှ အမွေခွဲပေးခဲ့သည်။ လူကြီးစုံရာရှေ့မှာ ရွှေအညီအမျှ၊ ငွေအညီအမျှ၊ မြေအညီအမျှ ရစေခဲ့သည်။ အကြီးမ မထွေးနုကို သူရှိစဉ်မှာပင် အိမ်ထောင်ချပေးခဲ့သည်။ သားငယ်အမွေကို အစ်မနှစ်ယောက်က ထိန်းသိမ်းလုပ်ကိုင်ပေးပြီး ပညာရေးကို ထောက်ပံ့ခဲ့ကြသည်။

ဦးရေအေး မကွယ်လွန်မီ တစ်နှစ်အလိုတွင် ကျောင်းပိတ်၍ ပြန်လာသော မောင်ကျင်မောင် မိန်းမပါလာသည်။ တင့်တင့်တယ်တယ်ဖြစ်စေခဲ့သည်။ မြို့သူမျက်နှာကြီးအသိုင်းအဝိုင်းမှ ဖြစ်သည်ဆိုသောအချက်မှလွဲ၍ ဘာမှမစပ်စုခဲ့ကြ။ အစ်မနှစ်ယောက်က သူတို့ ထိန်းထားသော အမွေဝေစုကို မောင်လေးအား လူကြီးစုံရာရှေ့မှာပင် ပြန်ပေးခဲ့ကြသည်။ ရပ်ရွာက ကျောင်းစရိတ်၊ မင်္ဂလာစရိတ်နုတ်ယူထားပါလားဆိုသော အကြံပေးချက်ကိုပင် ညီအစ်မနှစ်ယောက်က လက်မခံခဲ့ကြ။ နောက်တစ်နှစ်တွင် ဦးရေအေး ကွယ်လွန်သည်။ လက်ရှိပျဉ်ထောင်၊ သွပ်မိုးအိမ်ကြီးကို ဘုန်းကြီးကျောင်းကိုလှူဖို့ မှာခဲ့သည်။ သမီးငယ် မထွေးဥကို သပ်ရပ်ခိုင်ခံ့သော အိမ်ကြီးဆောက်ပေးခဲ့သည်။ မောင်ကျင်မောင်တို့ဇနီးမောင်နှံက အိမ်ဆောက်ဖို့ ပစ္စည်းစုပါရစေဦးဟု တောင်းပန်သဖြင့် ခေတ္တနေခွင့်ပေးခဲ့သည်။ နှစ်နှစ်နီးပါးရှိခဲ့ပြီ။ အစ်မကြီး ထွေးနုက သတိပေးတော့ ယောက်မမြို့ကြီးသူက မချေမငံပြောလွှတ်သည်။ အငယ်မ ထွေးဥကတော့ ရှက်လို့ဆိုကာ ဘာမှမပြောတော့။

မကြာသေးမီက အဝေးပြေးလမ်းမကြီးတစ်ခု ရွာတောင်ဘက်ဘေးမှာပေါ်လာသည်။ တချို့ ယာမြေတွေ လမ်းထဲပါသွား၏။ ကားတွေ ဥဒဟိုဖြတ်သွားဖြတ်လာလွန်းထိုးနေသည်။ အကြီးမ မထွေးနုခင်ပွန်းက လမ်းဘေးသူ့ယာခင်းထဲတွင် ခရီးသွားများနားနေရန် ထန်းရွက်တဲကြီးဆောက်သည်။ ရေအိုးစင်ကြီးတည်သည်။ ကွပ်ပျစ်ထိုးသည်။ တပိုတပါးသွားဖို့ လုံခြုံသပ်ရပ်သော အိမ်သာများဆောက်သည်။ကားသမား၊ ခရီးသွားတို့ အကြံပြုချက်အရ လေထိုးကျွတ်ဖာဆိုင်ကလေးဖြစ်လာသည်။ စားစရာသရေစာစုံသောလက်ဖက်ရည်ဆိုင်လေးဖြစ်လာသည်။ နောက်တော့ ပွဲရုံအထိတိုးတက်လာသည်။

အစ်မကြီးထွေးနုတို့ သိသိသာသာတိုးတက်လာသည်ကိုမြင်တော့ မောင်ကျင်မောင်ကလည်း သူပိုင်လမ်းဘေးယာမြေလေးပေါ်မှာ စားသောက်ဆိုင်ထောင်သည်။ မီးစက်လည်းဝယ်သည်။ စလောင်းဆင်ကာ ဘောလုံးပွဲပြသည်။ ဇနီးအဆက်အသွယ်အကူအညီဖြင့် ကုန်စုံဆိုင်ပါတွဲဖွင့်သည်။ စားသူသောက်သူ တရုန်းရုန်း၊ မောင်ကျင်မောင်တို့ တပြုံးပြုံး။

နောက်ပိုင်း လမ်းဘေးယာမြေတွေကို ဝယ်သူတွေပေါ်လာသည်။ ဒေသထွက်ကုန်ကို အခြေခံ၍ ဆီးခွဲစက်၊ ပဲခွဲစက်၊ ကောက်ရိုးစဉ်းစက်၊ ပြောင်းရိုးစဉ်းစက်တွေတည်ရန် မြို့သူဌေးတွေရောက်လာကြသည်။ မြေရောင်း၊ မြေဝယ်၊ မြေပွဲစားငှားတွေ လူချင်းတိုးနေသလို မြေဈေးကတရိပ်ရိပ်တက်လာသည်။ မောင်ကျင်မောင်၏ မိန်းမအသိုင်းအဝိုင်း အကြံပြုချက်အရ တစ်သက်လုံး အေးအေးနေလာခဲ့သူ မောင်ကျင်မောင်တစ်ယောက် ဥပဒေစကားတွေပြောလာခဲ့ပြီ။ ဘကြီးမောင် သက်ပြင်းချရုံမှလွဲ၍ဘာမှမတတ်နိုင်။ သူပြောသလို လူစုပေးရုံပဲပေါ့။

*

ကျင်မောင်က စာရွက်စာတမ်းတွေနှင့် စာချုပ်တွေ၊ မြေပုံတွေကို...
သည်။ အသားဖြူဖြူ၊ ဝဝပုပု့ကိုလ်က ...
နေသောမျက်လုံးကို အစွမ်းကုန်ဖွင့်ပြီး
ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျ...
သည်။

“ကျွန်တော်ကအရှေ့ပိုင်းနဲ့မြောက်...
ပိုင်းကမြေကို ပိုကြိုက်တာဗျ။ အဲဒီမှာ...
သစ်ပင်သစ်တောပေါ်တယ်နော် ကိုကျင်
မောင်”

“ဟုတ်တယ် သူဌေး၊ ဒါပေမဲ့...
အဲဒီနေရာတွေက ရဖို့မလွယ်လော...
ဘူး။ ဈေးကလည်း သိပ်မြင့်လွန်းတ...”

“ဒီလိုလုပ်ဗျာ ကိုကျင်မောင်”

ဦးရှောင်ဆိုသူက သူ့ရှေ့မှာရှိသော...
အသားသုပ်ပန်းကန်ထဲမှ အခေါက်...
တစ်ဖတ်ကို တူဖြင့်ကျွမ်းကျင်စွာညှပ်...
ယူကာ အားရပါးရဝါးသည်။ သူ့အ...
တွေကလည်း ပယင်းရောင်လေးကျ...
လိုက်၊ အသားသုပ်ကလေး မြုံ့လိုက်...
ကျင်မောင်နှင့် သူ့အဖော်တွေက...
ဇွန်းနှင့် ကော်ခပ်စားရ၏။ တူနှင့်...
တတ်အောင်သင်ဦးမှဟု ကျင်မော...
စိတ်ထဲက ကြုံးဝါးမိသည်။ အောက်...
ကျသလိုလိုပင် ခံစားရသည်။ သ...
စီးလာတဲ့ကားတွေကလည်း ကော...
ကောင်း။

“အဲဒီမြေပိုင်ရှင်တွေကို ...
ကြည့်ဗျာ။ တစ်ဧကကို သိန်း...



www.burmeseclassic.com

www.burmeseclassic.com

ောက်ပြော"

"ဟုတ်ကဲ့ - ကျွန်တော် ကြိုးစားကြည့်ပါမယ်။ လူတိုင်းဆီကတော့ ရမယ် မထင်ဘူး"

"ဒီလိုလုပ်ကြည့်မယ်လေ"

ဦးရှောင်နှင့်ပါလာသူ ဖြူဖြူသေးသေးလူက ဆက်ပြောသည်။

"မြေကိုခဏငှားမယ်ဗျာ။အနည်းဆုံး (၃) နှစ်။ (၁) နှစ်ကို ဘယ်လောက်ယူမလဲ၊ တီးခေါက်ကြည့်ပါလား။ မြေငှားစာချုပ်တော့ချုပ်ရမယ်"

"အဲလိုလုပ်တာတွေက ဘာရည်ရွယ်ချက်နဲ့လုပ်သလဲဆိုတာ၊ ပြီးတော့ မြေတွေကိုဘာလုပ်မယ်ဆိုတာ"

"ကိုကျင်မောင်၊ ကျွန်တော်ပြောသလိုသာမေးကြည့်ပါ။ ကျန်တာခင်ဗျားအလုပ်မဟုတ်ဘူး။ ကျွန်တော်တို့ဘက်က ခင်ဗျားအတွက်၊ ခင်ဗျားမိသားစုအတွက် စဉ်းစားပြီးသား။ ရက်ပိုင်းအတွင်း ခင်ဗျားသွားလာဖို့ ဆိုင်ကယ်တစ်စီးလာလိမ့်မယ်။ နောင်ဆို ကားဖြစ်လာမယ်။ ခင်ဗျားဆိုင်ကို နှစ်ထပ်ဖြစ်ရစေမယ်။ ခင်ဗျားကျုပ်တို့အကြောင်းသိပါတယ်လေ။ ခင်ဗျားဘာမှမကြောက်နဲ့၊ မပိုင်ရင်မကိုင်ဘူး။ တစ်ခုတော့ပြောမယ်နော်။ ဒါကလည်း ခင်ဗျားကို ကူညီချင်တဲ့ စေတနာသက်သက်ပါ။ ရွာက မဖွံ့ဖြိုးသေးဘူး။ ရွာသားတွေကလည်း တစ်ဆိတ်ရှိ ပူညံညံလုပ်ဖို့ပဲတတ်တာ။ ရွာကိုတိုးတက်အောင်လုပ်ဖို့စိတ်မရှိကြဘူး။ လိုရင်းပြောရရင် ခင်ဗျားက ရွာကို ကောင်းစားစေချင်တဲ့လူ၊ ကောင်းစားစေချင်သူကို ကျုပ်တို့ကအားပေးရမယ်လေ။ ဒါမှ ရွာက ခင်ဗျားကို အထင်ကြီးလာမယ်၊ လေးစားလာမယ်။ အဓိကပါပဲ"

ကျင်မောင် သဘောကျသွားသည်။ မြေဈေးကို သူ့ဘက်ကတင်ဦးမည်။ ပွဲခလည်းရဦးမည်။ ဆိုင်ကယ်နှင့်ကားနှင့်ဖြစ်ဦးမည်။

"ကျွန်တော်သဘောအကျဆုံးကတော့ ထိန်ပင်ကွင်းမြေပဲဗျာ"

ဦးရှောင်စကားကြောင့် ကျင်မောင်ဆတ်ခနဲတွန့်သွားသည်။ ဖန်ခွက်ကိုလှုပ်လိုက်သောအခါ ရေခဲတုံးချင်းခတ်လိုက်သံပေါ်လာ၏။ တူတွေပလူပျံသွားသလို ကျောက်စိမ်းလက်စွပ်တွေ၊ ပတ္တမြားလက်စွပ်တွေကလည်း ပြိုးပြိုးပြက်ပြက်လက်နေကြသည်။

"ဟုတ်ကဲ့၊ အဲဒါလည်း ဖြစ်နိုင်ခြေရှိပါတယ်"

"ခင်ဗျားယောက်ဖနဲ့လည်း တိုင်ပင်လေ။ သူကလည်း သူ့အထာနဲ့သူ လမ်းပေါက်ပါတယ်"

"ထိန်ပင်ကွင်းမြေက - လမ်းဘေးလည်းကျတယ်။ ရေကန်လည်းပါတယ်။ ဟိုတယ်လုပ်လို့ သိပ်အဆင်ပြေတယ်။ ရှေးဟောင်းမြို့နဲ့လည်းမနီးမဝေးလေးဗျ။ ရလို့ကတော့ (၁) ဧက သိန်းငါးရာဆိုလည်းတန်တာပဲ"

ဦးရှောင်စကားက မက်မောချင်စရာ။ ထို့နောက် ထွေရာလေးပါးဆွေးနွေးသောက်စားကြသည်။ တစ်နှစ်သုံးသိန်းဖြင့်ငှားမည့်ကိစ္စ၊ ကျင်မောင်အတွက် သီးသန့်အပိုကြေး၊ ဆိုင်တိုးချဲ့ရေး အရေးတကြီးညှိသည်တည်းခိုနိုင်အောင် အဆောက်အအုံချဲ့ထွင်ရေး၊ အချက်အပြုတ်အကြော်အလှော်သမားကောင်းငှားရမ်းရေး၊ ဆိုင်သုံးပရိဘောဂ၊ ကားထားဖို့ အဆောက်အအုံ၊ အသေအချာ အကျအန တွက်ချက်ပြသွားပြီး ပစ္စည်းများနှင့် ဆောက်လုပ်ရေးကျွမ်းကျင်သူတွေ လွှတ်လိုက်မည်ဆို၏။ ထို့နောက်အစီအစဉ်များ၊ လုပ်ထုံးလုပ်နည်းများ သင်ကြားသွားသည်။ စားသောက်ခကို ငါးရာတန်တစ်အုပ်စီပေး၍ရှင်းသွားကြ၏။ ကျင်မောင့်ရင်ထဲတွင် ကျောက်ဆည်ဆင်ကတွေဝင်ကနေသလို မြူးကြွသွက်လက်နေသည်။

သူတို့ခိုင်းသလို လက်တွေ့လုပ်ကြည့်တော့ အဆင်ပြေတာလည်းရှိ၊ မပြေတာလည်းရှိသည်။ သူကြီးသစ်၊ သူကြီးဟောင်းတွေ ကာလသားခေါင်း၊ ဝတ်အသင်းဘာညာ ရှိသမျှအသင်းအဖွဲ့တွေ ဆိုင်မှာဖိတ်ပြီး ဧည့်ခံကျွေးမွေးရှင်းလင်းပြရသည်။ သင့်နိုးရာရာ လက်ဆောင်လေးတွေပေးရသည်။ ရွာလယ်မှာ ရေစုပ်စက်နှင့်တွဲထားသောမီးစက်၊ တစ်ရွာလုံးသုံးနိုင်သော အုတ်ရေကန်တည်မည့်အစီအစဉ်ကို ပြောပြရသည်။ ပစ္စည်းတချို့ပင်ရောက်နေပြီဖြစ်ကြောင်း၊ ထိုစက်တည်ပြီးပါက တစ်ရွာလုံးမီးလင်းနိုင်ပြီဖြစ်ကြောင်း၊ ယောက်ဖလုပ်သူကလည်း အပြောကောင်းဆိုတော့ မစားရဝခမန်းပါဘဲ။ ကိုကျင်မောင်မှ ဆရာကျင်မောင်၊ သူဌေးလေးကျင်မောင်ထိ ဖြစ်လာသည်။ ခိုင်းစရာလူတွေများလာသည်။ ဆိုင်ကလည်း တကယ့်ကို ထည်ဝါခမ်းနားလာသည်။ ညအိပ်အဝေးသွားဧည့်သည်တွေ တည်းခိုနားနေသည့်အဆင့်အထိ တိုးတက်လာခဲ့သည်။

*

"မှုံကြီးနဲ့ ပေတေးတော့ အခြေအနေမကောင်းဘူးတဲ့"

"ဟဲ့ - ဘာဖြစ်တာတုံး၊ မထိတ်သာမလန့်သာ"

သတင်းပေးမောင်မွှေး၏ စကားကြောင့် ဖွားလေးသန့် အထိတ်တလန့်ဖြစ်သွားသည်။

"ထိန်ပင်ကွင်းသွားရှင်းတာ ဘာဖြစ်လာလို့ဆိုလား"

"မင်းနှယ်ကွယ်၊ မရေမရာ"

"ရေရာပါသကော။ အဲဒီနှစ်ကောင်သရဲခြောက်လို့တဲ့"

"ဟဲ့ - တို့ရွာမှာ ဒါမျိုးကြားလည်းမကြားဘူး၊ ကြုံလည်းမကြုံဖူးပါဘူး။ ပေါက်ပေါက်ရှာရှာ၊ ကုသိုလ်တောင်ရဦးမှာ"

"ခင်ဗျားကုသိုလ်ရနေ ဟိုမယ်သေလုမြောပါး"

"ဒီလိုဗျ၊ ဖွားလေးသန့်ရေ"

ဟု ဆိုကာ မှုံကြီးနှင့် ပေတေးတို့အဖြစ်ကို မောင်မွှေးက ရှင်းပြသည်။

မှုံကြီးနှင့် ပေတေးတို့မှာ ကိုကျင်မောင်၏ လူများ ဖြစ်၏။ မြေတူး၊ မြေပေါက်၊ ထင်းခွဲ၊ ရေခပ်အလုပ်သမားတွေ အကြောက်အလန့်မရှိ၊ ကြမ်းကြမ်းရမ်းရမ်းတွေ ဖြစ်သည်။ မနေ့က ကိုကျင်မောင်အမိန့်အရ ထိန်ပင်ကွင်းကို ရှင်းလင်းကြသည်။ ချုံနွယ်တွေကို ခုတ်ထွင်မီးရှို့ကြသည်။ ရှားပင်တချို့လှဲပစ်သည်။ ထနောင်းပင်တချို့ချိုင်သည်။ ကိုကျင်မောင်ခိုင်းထားတာ အပြီးမသတ်ခင်နေကဝင်သွား၏။ အပြတ်လုပ်ရမည်ဆိုသောအမိန့်ကြောင့် ညအထိ မီးဖိုကာ လွှဖြင့်ဖြတ်ကြရသည်။ ကျင်မောင်က အရက်နှင့် စားစရာကို စပါယ်ရှယ်လုပ်ပေးထားသည်။ လွှဆွဲနေစဉ် ဆရာတော်ကလာမေးသည်။ ကိုကျင်မောင် အမိန့်ဆိုတော့လည်း ဆရာတော်ဘာမှမပြောတော့။

ခဏအကြာ မီးဖိုက မီးအလိုလိုငြိမ်းသွားသည်။ မှုံကြီးက မီးပြန်ဖို၏။ သစ်ကိုင်းခြောက်တွေ ပုံထည့်လိုက်၏။ ဘာမှမကြာလိုက်၊ ဝုန်းခနဲထတောက်ကာ ဟုပ်ခနဲငြိမ်းသွားပြန်၏။ ထွန်းထားသော အောက်လင်းဓာတ်မီးတွေပင် အလိုလိုငြိမ်းကုန်သည်။ အရက်ရှိန်နှင့် ဒေါသတို့ ရောမွှေနေသော မှုံကြီးနှင့် ပေတေးတို့က အယုတ္တအနတ္တမွှန်နေအောင်ကော်ဆဲရင်း မီးမွှေးကြပြန်သည်။ အလုပ်ပြန်လုပ်ကြပြန်သည်။

ထိုအခိုက် အနောက်ရိုးစပ်



www.burmeseclassic.com

www.burmeseclassic.com

ချောင်းထဲက လူနှစ်ယောက်တက်လာပြီး ဆေးလိပ်မီးတစ်တိုပေးပါဟု တောင်းသည်။ တစ်ယောက်က ရေတောင်းသည်။

စိတ်တိုနေသော ပေတေးက -

မီးဖိုသွားညှိကြဗျာ၊ ထင်းခြောက်ကလေးလည်းထည့်ခဲ့ပါဦး"

ဟု ပြောရင်း တော်တော်အလုပ်ရှုပ်တဲ့လူတွေဟု ကြိမ်းသည်။

"ခင်ဗျားတို့ မီးဖိုကပြာတွေပဲရှိပါလားဗျ"

တစ်ယောက်ကအော်ပြောသည်။

"လူပုံတွေကြည့်တော့ သူဌေးသားလိုလို၊ မင်းသားလိုလိုနဲ့ မရှိလည်း မသိဘူးဗျာ"

ဟု မှုကြီး ဒေါကန်သွားသည်။

နောက်တစ်ယောက်က -

"ဟာ - ဒီမှာ အရက်တွေရော စားစရာတွေပါပွတာပဲဟေ့"

ဟု ဆိုကာ အရက်တွေနှင့် စားစရာတွေကို မီးဖိုထဲလောင်းချပစ်ချသည်။ မှုကြီးနှင့် ပေတေး ဒေါသကို မထိန်းနိုင်တော့။

"ဟေ့လူတွေ စော်ကားလှချေလား။ မင်းတို့ဘာကောင်တွေတုံး"

"တို့အကြောင်း မသိသေးဘူးထင်တယ်"

ဓားကိုယ်စီဆွဲကာ နှစ်ယောက်သားပြေးလာ၏။ ထိုအခိုက် ပြာအတိဖြစ်နေသောမီးပုံကြီးက ဝုန်းခနဲထတောက်၏။ သူတို့အရပ်ထက်ကျော်လာပြီး မီးညွန့်တွေက ယိမ်းထိုးနေ၏။ မှုကြီးနှင့် ပေတေး ဓားကိုင်ကာ ရှေ့မတိုးရဲတော့။ လူနှစ်ယောက် ဆေးလိပ်မီးညှိသည့်ပုံစံဖြင့် သူတို့လက်ကို မီးပုံထဲထိုးထည့်လိုက်သည်။ နောက်တစ်ယောက်က မီးပုံထဲဝင်သွားပြီး စောစောက လွှင့်ပစ်သော စားစရာအထုပ်ကို ရှာယူလာကာ မှုကြီးနှင့် ပေတေးကို မြှောက်ပြသည်။ ကြောက်ဇောဖြင့် ဒွေးရွဲနေသော ပေတေးက -

"ကယ်တော်မူကြပါဗျို့"

ဟု သံကုန်အော်သည်။ သူတို့လက်ထဲကဓားတွေက ပျော့ခွေသွားပြီး မြွေတွေဖြစ်သွားကာ သူတို့လက်ကို ပတ်လာသည်။ လက်ကို ခါလေလေ အကောင်ကရှည်လာလေလေ။ နောက်ဆုံး 'ကယ်တော်မူကြပါဗျို့' ဟု သံကုန်အော်ကာ ရွာဆီသို့ ကြောက်လန့်တကြားပြေးကြတော့သည်။ ရွာတံခါးဝအရောက်တွင် တုံးခနဲလဲကာ မြေမှာလူးနေကြသည်။ လူတွေစုဝေးလာတော့ သူတို့နှစ်ယောက်စလုံး သတိမရတော့။ ပွဲချိကာ ဆေးခန်းကို သွားကြတော့ ဆေးမှုလည်း ရောဂါရှာလို့မရ။ ဆရာတော့်ဆီကိုသွားကြဖို့ တစ်ယောက်က အကြံပေးသဖြင့် စောင်ပုခက်လုပ်ကာ ရွာဦးကျောင်းကို သယ်လာခဲ့ကြသည်။ ကျောင်းတွင် မီးတွေထွန်းညှိကာ ဆရာတော်စောင့်နေသည်ကိုတွေ့ကြရသည်။ အားလုံးအံ့ဩကုန်ကြပြန်သည်။ လူနာနှစ်ယောက်ကို ဘုရားကျောင်းဆောင်ရှေ့မှာ လှဲသိပ်စေသည်။

"ငါသိပြီးသား၊ ဘာမှမပြောနဲ့"

ဟု ဆရာတော် မိန့်သောကြောင့် လိုက်ပို့သူတွေ ငြိမ်နေကြရ၏။

"ငါ့စကားနားမထောင်ကြဘဲကိုး"

ဆရာတော်က ဘုရားရှိခိုးမေတ္တာပို့၊ အမျှဝေသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေမေတ္တာပို့သည်။ မေတ္တာရေပ်ခံသည်။ ပြီးမှ လူနာနှစ်ယောက်ကို ရေမန်းဖြင့် တောက်သည်။ ပါးစပ်ထဲကို ရေမန်းရေအစက်ချသည်။

"ဟဲ့ - လူလှတို့၊ အနားလာကြစမ်း။ သတိရရင်လန့်နေဦးမှာ"

ဆရာတော်ပြောသည့်အတိုင်းပင် မှုကြီးနှင့် ပေတေး သတိရလာသည်။ လူးလဲထပြီး ပြေးရန်ကြိုးစားသည်။ လက်ကိုငုံ့ကြည့်ပြီး မြွေ၊ မြွေဟု အော်သည်။ မီး၊ မီး ဟု အော်သည်။ လူလှတို့အဖွဲ့ မနည်းအားစိုက်ချုပ်ထားရ၏။ ဆရာတော်က ရေမန်းနှစ်ခွက်ထပ်တိုက်ပြီး နာရီဝက်ခန့်ကြာမှ မူလအတိုင်းငြိမ်သွားသည်။

"မနက်လင်းတာနဲ့ ကန်တော့ပွဲနှစ်ပွဲပြင်၊ ထိန်ပင်အောက်သွား တောင်းပန်ကြ။ ဆက်လုပ်ဦးမယ်ဆိုရင် ဘယ်သူမှ မကယ်နိုင်ဘူး"

လူနာနှစ်ယောက်က ကျောင်းမှာ အိပ်ပါရစေ တောင်းပန်သဖြင့် 'မင်းတို့သဘော' ဟု မိန့်ကာ ဆရာတော် သူ့အခန်းထဲဝင်သွား၏။ လူလှတို့အဖွဲ့ စောင့်အိပ်ရသည်။ သွားကြည့်သူတွေ ပြန်လာကြသည်။

"ဘာမှမရှိပါဘူးကွာ။ ဒီကောင်တွေ အရက်ကြောင်ကြောင်တာနေမှာ"

ဟု မေးငေါ့ကြသည်။

လူကြီးသူမတွေကတော့ စိုးရိမ်ပူပန်ကြပြီ။

*

"အမှန်က ကျွန်တော်တို့ မောင်နှမသုံးယောက်ပဲဆိုင်တဲ့ကိစ္စပါ။ ဆွေမျိုးသားချင်းနီးစပ်ရာကို ခေါ်ရတယ်ဆိုတာကလည်း ဥပဒေကို နားမလည်ကြတဲ့သူတွေကို ရှင်းလင်းပြချင်လို့ပါ။ ဥပဒေကို နားမလည်ရင် ကျွန်တော်လုပ်တာကို မတရားဘူးလို့ထင်ကြမှာ။ အဲဒါကို စိုးရိမ်လို့"

"ခွေးပု၊ မင်းဘာလုပ်ချင်တာတုံး။ ပြောင်ပြောင်ပြော"

အစ်မကြီးများဖြစ်ကြသော ထွေးနု၊ ထွေးဥတို့နှင့် အသံကိုက်အောင် ခွေးပုဟု ချစ်စနိုးခေါ်ခံခဲ့ရသော မောင်ခွေးပုက ဥပဒေစကားတွေ လိုင်လိုင်သုံးကာ ရွာကလူတွေကို မထီလေးစားလုပ်နေသည်ဟု လူကြီးအချို့က မြင်လာကြသည်။ 'ခွေးဝဲစား ပတ္တမြားချီလာသလိုပါပဲလား' ဟု တိုးတိုးပြောသူလည်းရှိသည်။ လူပုဇာကျယ်၊ ခွေးပုရွာလယ်ဟုခနဲ့သူကလည်း အများသား။

"ကျွန်တော်လုပ်ချင်တာချည်း မတရားသဖြင့် မဖြစ်စေရဘူး။ ဥပဒေကတော့ ဆန့်ကျင်ကျော်လွှားလို့ မရဘူးနော်"

"ကဲပါ၊ လိုရင်းသာပြောပါ"

ခွေးပုနောက်လိုက်နောက်ပါတွေက လူတွေကို မထီတရီကြည့်နေသည်။ ဝါးပဲစားတော့မယောင်။

"ကျွန်တော်ပြောချင်တာကတော့ ထိန်ပင်ကွင်းမြေကို အမွေခွဲကြဖို့ပါပဲ"

လုံးဝမမျှော်လင့်သော စကားကြောင့် လူကြီးတွေ မျက်လုံးပြူး၊ ပါးစပ်ဟသွားသည်။ တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်မဲ့စွာ ကြည့်မိကြသည်။ မောင်ကျင်မောင်၊ မထွေးနု၊ မထွေးဥတို့မောင်နှမသုံးယောက်၏ အဘိုးဦးရေအေးနှင့် မိခင်ဒေါ်ပန်းမွှေးတို့ကတိုင် တောရှင်းမြေကို ပင်ပန်းခံခုတ်ထွင်ခဲ့သောမြေ။ ဆယ်ဇကကျော်ကျော်ကြာခဲ့သည်။ စနစ်တကျစိုက်ခဲ့သော ရှားထနောင်းပင်၊ ထန်းပင်တွေရှိသည်။ သီဘာသာမေ့မေ့လျော့လျော့နေခဲ့သော ထိန်ပင်ကွင်းမြေကို ခွေးပုခေါ် မောင်က အသက်သွင်းပေးလိုက် ဘကြီးမောင်၏ တုန်ယင်သောအသံ ချည့်ချည့်နဲ့နဲ့ ထွက်ပေါ်လာသည်။

"ဟုတ်ပြီလေ၊ ဒါက မင်း ယောက်တည်းလုပ်လို့ပြီးသွားမှာမ ဘူးနော်။ မင်းထက်အကြီးတွေရှိ တယ်။ မင်းမိဘတွေနဲ့တွဲပြီး လုပ်ခဲ့ကြတဲ့သူတွေရှိနေသေး စလွယ်ဆုံးဖြစ်လို့တော့မဟုတ်ဘူး"

www.burmeseclassic.com

ထွေးနုနှင့်ထွေးဥတို့ ညီအစ်မနှစ်ယောက်ခမျာ အရုပ်ကလေးတွေချထားသလို ဘာမှမပြောနိုင်ကြ။ သူတို့လွယ်ပိုး၊ သယ်ပိုးခဲ့ရသော မောင်လေးခွေးပုကိုသာ တွေတွေကြီးငေးကြည့်နေကြသည်။ အတန်ကြာမှ ဖွားလေးသန့် ဝင်ပြောသည်။

"စဉ်းစဉ်းစားစားတော့ပြောပါ လူလေးရယ်။ လူပုံအလယ်မှာ မင်းဒီလိုပြောနေတာ ကြားရတာကိုက ရှက်စရာကောင်းနေပြီ။ ဖြစ်နိုင်မယ်လည်း မထင်ပါဘူးကွယ်။ အမေသန့်က မင်းတို့အမေပန်းမွှေးဘက်က ဆွေမျိုးဆိုပေမယ့် တို့များ ဝင်စွက်ခွင့်မရှိပါဘူး။ စဉ်းစားပါဦး လူလေးရယ်"

"ဖြစ်ပါတယ် ဖွားလေးသန့်ရယ်။ စဉ်းစားစရာကိုမလိုပါဘူး။ အရောင်းအဝယ်ဖြစ်တဲ့အခါကျတော့လည်း ကိုယ့်အစ်မအရင်းတွေ အချိုးကျအပြည့်အဝပေးမှာပေါ့။ ကုန်ကျစရိတ် ကျွန်တော်က ခံဦးမှာပါ။ ဆွေမျိုးတွေလည်း ထောက်ပံ့မယ်။ ကုသိုလ်လည်းလုပ်မယ်။ လောလောဆယ် ကျွန်တော့်မှာ ဆိုင်ဆောက်လိုက်လို့ ငွေအကုန်အကျများနေတယ်။ လက်ရှိနေတဲ့အိမ်ကလည်း ဖျက်ရမယ်။ မိဘစီစဉ်ခဲ့တာရှိသေးတယ်လေ။ကျောင်းကို လှူရမယ်။ အသစ်ပြန်ဆောက်ရဦးမယ်ဆိုတော့"

"ကျွန်မ လုံးဝ သဘောမတူဘူး။ ဝေစုလည်းမယူဘူး။ ရောင်းခွင့်လည်း မပေးဘူး။ ဒီမြေအကြောင်း တစ်နယ်လုံးသိပြီးသား။ ကျွန်မတို့ ရှင်ပြုတုန်းက စာသင်ကျောင်းနဲ့ဘုန်းကြီးကျောင်းဆောက်ဖို့ ရေစက်ချလှူထားတဲ့မြေ။ ပြန်လည်းမယူချင်ဘူး။ မိဘစကား၊ မိဘရည်ရွယ်ချက်ကို လုံးဝအပျက်မခံနိုင်ပါဘူး"

ကိုကျင်မောင်ခေါ် ခွေးပုစကားမဆုံးခင်မှာပင် အကြီးမ မထွေးနုက ဝုန်းခနဲထ၍ကန့်ကွက်သည်။ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်။ ညီမဖြစ်သူ ထွေးဥက သူ့မမလက်ကိုဆွဲထားသည်။

"မမရယ်၊ သူလိုချင်တာ ပေးလိုက်ပါ"

ဟု မျက်ရည်လည်ရွှဲတောင်းပန်သည်။

"ညည်းကဘာသိလို့တုံး။ တစ်မျိုးလုံးကို ငရဲပို့နေတာ။ သူမိုက်တာနဲ့ သွားနှင့်သူ့မိဘတွေပါ သိက္ခာကျနေပြီ။ ဒီလိုပါရှင်၊ ဒီမြေက ကျောင်းနဲ့လည်းကပ်နေလို့ စာသင်လာကြတဲ့ ဦးပဉ္စင်းတွေ၊ ကိုရင်လေးတွေ၊ ကျောင်းသားလေးတွေအတွက် ကျောင်းဆောက်ဖို့ရည်ရွယ်ပြီး လှူခဲ့တာ တစ်ရွာလုံးအသိပါ။ ကျွန်မတို့က မိဘရည်ရွယ်ချက်ကိုဖြစ်ဖြစ်အောင် လုပ်မယ်လို့ ကြိုးစားစုဆောင်းနေကြတာပါ။ အမှန်က အဖေမဆုံးခင်ကတည်းက ချက်ချင်းလုပ်ကြဖို့ပါ။ သူက ဘွဲ့မရသဲ မိန်းမရလာတယ်လေ။ ကုန်လိုက်တာ နည်းမှတ်လို့။ အဖေက အိမ်ကို ကျောင်းဆောက်ဖို့ ရေစက်ချလှူခဲ့တာ။ သူ့ပဲ ခဏနေပါရစေလို့ဆိုလို့ ထားခဲ့တာ။ အခု ကမ်းတက်လာပြန်ပြီ။ မရဘူး။ ကျွန်မ အကြီးဆုံး၊ ကျွန်မသဘောမတူဘူး"

အစ်မကြီးကတော့ အပြတ်ပြောလိုက်ပြီ။ ဆွေမျိုးတွေနှင့် ရပ်ရွာလူကြီးတွေ ဘာမှမပြောသာတော့။ စကားသံတွေ၊ဝေဖန်သံတွေငြိမ်သွားမှ ကျင်မောင်စကားသံထွက်လာသည်။

"ကျွန်တော်ကတော့ ဥပဒေလမ်းကြောင်းအတိုင်းသွားမှာပဲ။ သူတို့သဘောမတူလည်း ဘာမှမဖြစ်ပါဘူး။ မြေကိုသုံးပိုင်းပိုင်းမယ်။ တစ်ပိုင်းက ကျွန်တော့်ဝေစု။ မမတို့မကြိုက်တာပေးပါ။ နောင်ခါကျမှ တရားတဘောင်တွေဖြစ်ကြရင် ငွေကုန်အမှုရှုံး၊ စိတ်ဝမ်းကွဲတာပဲ အဖတ်တင်မယ်။ ခုကတည်းက တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်နဲ့ခွဲယူလိုက်ရင် ကောင်းမယ်။ ဟောဒီမှာကြည့်ကြ။ မြို့နယ်မြေစာရင်းရုံးက ယူလာတဲ့မြေပုံ။ ခင်ဗျားတို့ကသာ လှူပါတယ်ပြောနေတာ။ ဒီမြေပုံမှာ မြေပိုင်ရှင်က ဦးရေအေးပဲ နာမည်ပေါက်နေတယ်။ မူလတန်းကျောင်းကလည်း ရွာထိပ်လမ်းဘေးမှာဆောက်ပြီးနေပြီ။ ဒီနေရာက ဘယ်သူဘာပြာပြောဖေဖေဦးရေအေးပိုင်ရှင်၊ ကဲ-ရှင်းပြီလား"

ကျင်မောင်က ဒေါ်နှင့်မောနှင့် ရှင်းပြတော့ နောက်ပိုင်းက နှစ်ယောက်၊ သုံးယောက် ထပြန်သွားကြပြီ။ အမေ့ဘက်က ဖွားလေးသန့် တစ်ခေါ်န်းထပြန်သည်။

"ဟဲ့အကောင် ခွေးပု၊ မင်းမိဘတွေနဲ့အလှူမှာ ရေစက်ချ၊ တရားနာသာဓုခေါ်ခဲ့တဲ့ ဆရာတော်ကြီးတွေ ကျန်သေးတယ်။ ရွာကလူတွေ၊ ရပ်ဝေးရပ်နီးအမျိုးတွေရှိသေးတယ်။ အေး - တရားနတ်စောင့်သတဲ့နော်၊ သမ္မာဒေဝတွေရှိသေးတယ်၊ ထင်ရာလျှောက်ရမ်းနေနဲ့"

မောင်ကျင်မောင်ဟု အမြဲခေါ်ခဲ့သော ဖွားလေးသန့်။ အခုတော့ ရှင်နာသွားခဲ့ချေပြီထင့်။ အသံတွေမာတျော ခက်ထန်နေသည်။ ကျင်မောင်ခေါ် ခွေးပုကလည်း လုံးဝမလျှော့။

"ဟုတ်ပါပြီလေ။ ဖွားလေးသန့်ပြောတဲ့ တရားနာ၊ သာဓုခေါ်သူတွေ၊ သမ္မာဒေဝတွေ သက်သေခေါ်ပြပေါ့။ ဥပဒေအချက်အလက်နဲ့ ကိုက်ညီတဲ့ ဒီစာရွက်စာတမ်းတွေထက်များ အရေးပါလို့လား။ တကယ်လှူခဲ့တာမှန်ရင် ဟောဒီမြေစာရင်းမြေပုံမှာ သာသနာ့မြေလို့ ပါရမှာပေါ့"

ခွေးပုက နိုင်ကွက်ကိုကိုင်၍ ပွဲသိမ်းခရာမှုတ်သည်။

"ခွေးပုတော့ အခုမှ ရွာလည်တော့မယ်"

"အလှူရှင်နဲ့အလှူခံပုဂ္ဂိုလ်တွေကို စော်ကားနေတာ"

ပတ်သက်ရာ ဆွေမျိုးတွေထဲမှ တစ်ယောက်ကတော့ -

"မင်းသဘော။ မင်းထင်ရာသာ လုပ်ပေတော့။ တို့ဝင်စွက်စရာဘာမှမလိုတော့ဘူး။ အေး-အစ်မကြီးတွေ ကျေနပ်ဖို့တော့လိုမယ်"

ရှေးလူတွေဆိုတော့ စာရင်းသွင်းတာတွေ၊ မြေစာရင်းဆိုတာတွေ၊ နားလည်သဘောပေါက်သူ နည်းသည်။ အရောင်းအဝယ်လုပ်သည်ဆိုရာမှာလည်း သက်သေလူကြီးစုံရာရှေ့မှာမို့ ဘာပြဿနာမှ မပေါ်ခဲ့။

"ဒီလိုလုပ်ရင် ကောင်းမလား ဘကြီးတို့၊ ဖွားလေးသန့်တို့ရယ်။ ကျွန်မအတွက်ရတဲ့ဝေစုမြေကို ပေးလိုက်မယ်။ မိဘတွေလှူထားခဲ့တဲ့မြေတော့ ဘာမှ မလုပ်စေချင်ဘူး။ ခွဲဝေလည်းမလိုချင်ပါဘူး။ ကျွန်မတို့က ကျောင်းဆောက်ဖို့လည်း ရည်မှန်းပြီးသားမို့ပါ"

ဆွေမျိုးတွေဆီက ဘာသံမှမကြားရတော့ ကိုကျင်မောင်ခေါ် ခွေးပုက လုပ်ထုံးလုပ်နည်းလေး အများသိအောင် ပြောပါရစေဆိုသဖြင့် နားထောင်ကြရပြန်သည်။

"မိဘပိုင်မြေဆိုရင်တော့ သုံးယောက် ခွဲယူရမှာပေါ့နော်။ အခု မမထွေးဥက သူပိုင်မြေကိုပေးတာဆိုတော့ ဘယ်သူမှ ခွဲဝေနေစရာမလိုဘူးပေါ့။ အဖေတို့၊ အမေတို့ လှူခဲ့တဲ့မြေကို သာသနာ့မြေစာရင်းပေါက်အောင် ကျွန်တော်လုပ်ပေးပါ့မယ်။ မမထွေးဥပေးတဲ့မြေကိုလည်း ကျွန်တော့်နာမည်ပြောင်းရမယ်။ မမထွေးဥ မနစ်နာစေရပါဘူး။ ကျွန်တော်က သိတတ်ပါတယ်"

ထွေးနုနှင့် ထွေးဥတို့ မျက်ရည်အရွှဲသားပြန်ခဲ့ကြရသည်။ မမက ညီမ



www.burmeseclassic.com

www.burmeseclassic.com

ကို မာန်မဲအပြစ်တင်၏။ မောင်အငယ်ဆုံးကတော့ ပွဲခံတွေပွဲညွှန့်တွေ၊ အပိုဆုတွေကိုတွေးပြီး ပျော်နေသည်။ ပွဲစားဆိုသောအမည်ကို နားဝင်ချိုနေသည်။

*

"မမနုရေ၊ မမနု"

အပြင်ကခေါ်သံကြောင့် ထမင်းစားနေရာမှထကာ ခြံတံခါးကို သွားဖွင့်သည်။ မနက်စောစောက မောင်လေးခွေးပုနှင့်အတူ မြို့ကိုလိုက်သွားသော ဘကြီးမောင်၏သားငယ် မောင်တစ်ဝမ်းကွဲ မောင်မွေး။

"မောင်လေး၊ အဆင်ပြေခဲ့လား။ လာလေ၊ထမင်းဝင်စားသွား။ အချိန်လင့်နေပြီ"

ချွေးအရွှဲသားနှင့် မောင်မွေးက အပေါ်အင်္ကျီချွတ်သည်။ လက်ဆေး၊ မျက်နှာသစ်ပြီး မီးဖိုဆောင်ထဲဝင်လာသည်။ မထွေးဥစားနေသော ထမင်းပန်းကန်ထဲကို ဇွန်းဖြင့်ခပ်စားသည်။ ထွေးဥက ထမင်းထပ်ထည့်နယ်ဖတ်ပေးတော့ ခေါင်းမဖော် မော့မကြည့်နိုင်။

"တော်တော်ဆိုးတဲ့ကိုပုဗျာ။ မင်းအစ်မတွေ ပိုက်ဆံပေးလိုက်မှာပါဆိုပြီး တစ်မနက်လုံး ရုံးပေါင်းသာစုံရော ဘာမှမကျွေးဘူးဗျာ"

သူ့မောင်ရင်းအကြောင်း သိနေသော ထွေးဥက ပြုံးနေသည်။ မောင်ဝမ်းကွဲဆိုပေမယ့် .မောင်မွေးက အစ်မတွေကို ညာသည်။ ယာထွန်းတာတောင် အစ်မတွေယာကို အရင်ထွန်သည်။ အောက်ခြေသိမ်းအားကိုးရသည်။

"ဘဘဦးရေအေးတို့လှူခဲ့တဲ့ မြေကတော့ သာသနာ့မြေဖြစ်သွားပြီ။ စာရွက်စာတမ်းနဲ့မြေပုံ ဆရာတော့်ဆီကပ်ခဲ့တယ်။ ဆရာတော်ဘာ့မှသိပုံမရဘူး"

"အေး - သိသွားရင်လည်း ဘာမှပြောမှာမဟုတ်ပါဘူး။ မောင်လေးခွေးပုကိစ္စကော အဆင်ပြေရဲ့လား"

"လောလောဆယ် ယာမြေအရောင်းအဝယ်ကိစ္စတွေ ရပ်ဆိုင်းထားတယ်တဲ့။ ဒေသအသီးအနှံအထွက်နှုန်းကျမယ့်ကိစ္စမျိုး မလုပ်ရဘူးတဲ့"

မောင်လေးခွေးပုအတွက် စိတ်ပူရပြန်ပြီ။

"အဲဒီစကားလည်းကြားရော မင်းပြန်နှင့်တော့ဆိုပြီး ရုံးရှေ့မှာလမ်းခွဲခဲ့ကြတာ။ ဒီလမ်းက လွယ်လွယ်လေးပါကွာလို့ ပြောတယ်။ သူ့ယောက္ခမတွေနဲ့ တိုင်ပင်ဦးမယ်ဆိုလား"

မောင်မွေးက စားလို့ဝသွားပြီမို့ အတိုချုပ်ပြောကာ ပြန်သွားသည်။ မမထွေးဥ ပေးလိုက်သောငွေကို ပြန်ပေးခဲ့သည်။ မောင်မွေးပြန်သွားတော့ မောင်ငယ် ခွေးပုအတွက် ရင်လေးရပြန်သည်။ ထိန်ပင်ကွင်းမြေကတော့ သံဃိကပိုင်ဖြစ်သွားလို့ ဝမ်းသာရသည်။ မောင်လေးကိုပေးထားသောမြေကို ရောင်းချခွင့်မပြုလျှင် မောင်လေးကုန်ကျထားတာတွေ ခမျာဘယ်လိုနေရှာပါ့။ မောင်လေး ယောက္ခမနဲ့ ယောက်ဖကတော့ မင်းပေါက်စိုးပေါက် လူရည်လည်တွေဟုတော့ ကြားဖူးသည်။ အိမ်ချင်းကလည်း မနီးတော့ အခေါ်အပြောနည်းသည်။ ပြေလည်ကြပါစေဟုသာ စိတ်ကို ဖြေလိုက်ရသည်။

*

မမထွေးနုနှင့်မောင်မွေးတို့ ဝင်လာမှ တဒိတ်ဒိတ်ခုန်နေသောရင်က အရှိန်ပျော့သွားသည်။ စကားသံလည်းအသားကျသွားသည်။ တစ်ခါမှ မမြင်ဘူးသော ဧည့်သည်ကို မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောရသည်မှာ ပင်ပန်းလွန်းလှသည်။ ပြောနေသည့်ကိစ္စကလည်း မောင်လေးခွေးပုနှင့်ပတ်သက်နေတော့ ဝမ်းနည်းသည်။ မမတို့ဝင်ထိုင်ကြမှ စောစောက ဧည့်သည်ပြောတာတွေ ပြန်ပြောရသည်။ မမထွေးနု ထိတ်လန့်အံ့ဩနေပုံက သိသာလွန်းသည်။ မောင်မွေးလည်း ဣန္ဒြေမဆည်နိုင်။

"ဒီလိုဖြစ်နေပြီဆိုတော့ ရှင်က စရန်ငွေပြန်လိုချင်တာလား၊ မြေကိုပဲယူချင်တာလား။ မြေကတော့ မရတော့ဘူးရှင်။ ငွေဆိုရင်တော့ . . ."

မထွေးနု စကားမဆုံးခင်မှာပင် ဧည့်သည်က ခေါင်းယမ်းသည်။ ဧည့်သည်က တရားတဘောင်များစွဲလျှင် ဒုက္ခ။

"ကျွန်တော် ဘာမှလိုချင်လို့လာတာမဟုတ်ပါဘူးဗျာ။ ဒီမြေသာ ကျွန်တော်နဲ့ အရောင်းအဝယ်ကိစ္စမလုပ်ဖြစ်ခဲ့ရင် ခင်ဗျားတို့ မောင်နှမအရင်းတွေ သွေးကွဲကြမှာမဟုတ်ဘူး။ အခုတော့ ကျွန်တော့်ကြောင့် သွေးကွဲသလိုဖြစ်သွားတာတွေးမိလို့ပါ"

"အို - ကျွန်မတို့သွေးမကွဲပါဘူး။ အငယ်ဆိုတော့ ဂျစ်တာပေါ့လေ။ ငယ်ငယ်ကလိုမျိုးဆိုးချင်တာပါ။ ခုလည်း သူလိုချင်တာလေးပေးလိုက်ပါပြီ"

အငယ်မ ထွေးဥက ပျာပျာသလဲဝင်ရှင်းသည်။

ဧည့်သည်က -

"ကျွန်တော်အကုန်လုံးသိပြီးပါပြီ" ဆိုမှ မျက်လုံးပြူးသွား၏။

"ဒီကမိဘတွေ ဦးရေအေးနဲ့ ဒေါ်ပန်းမွေးတို့အကြောင်း၊ ဒီကမောင်နှမတစ်တွေအကြောင်းလည်းသိရတော့ လေးစားမိပါတယ်။ အစ်မကြီးအမိအရာဆိုတဲ့စကားနဲ့ညီတဲ့ ခင်ဗျားတို့ကိုလည်း လေးစားလို့ပါ။ ကျွန်တော်က တစ်ကောင်ကြွက်၊ တစ်ဦးတည်းသားဆိုတော့ ဒီလိုမျိုးမွေးချင်းမေတ္တာ၊ စေတနာကို မရခဲ့ဖူးပါဘူး။ ကျွန်တော်လည်း မြေကြီးဖက်ပြီးလုပ်စားနေရတဲ့သူပါ"

ဧည့်သည်က မွန်ရည်အေးဆေးသည့်လက္ခဏာရှိသည်။ စကားပြောနေပုံက တည်ကြည်လေးနက်သည်။

"သူပြောတုန်းက ဒီမြေကို မိဘတွေပိုင်တယ်။ သူ့ကိုအမွေပေးခဲ့တယ်။ သူက အငယ်ဆုံးသား။ မမတွေကလည်း သူ့ကိုပေးထားပြီးပြီ။ ဒါပေမယ့် ပေးသင့်ပေးရာ အချိုးကျပေးမှာပါဆိုပြီး စာရွက်စာတမ်းသက်သေ၊ လူသက်သေတွေနဲ့ ကျွန်တော့်ဆီကို ရောက်လာပါတယ်။ သက်သေတွေကလည်း ခိုင်လုံနေတော့ မြေကိုလာပြီးလေ့လာခဲ့ပါတယ်။

ဒီမှာရှိတဲ့ကျွန်တော့်မိတ်ဆွေတွေလာပြီးသတိပေးတော့မှ ကျွန်တော်ဝယ်မယ့်မြေဟာ လှူပြီးသားမြေဆိုတာ သိရတာပါ"

ဧည့်သည် ရှင်းပြလိုက်မှ မောင်လေး၏ အကြံအစည်ကို အစ်မနှစ်ယောက် သဘောပေါက်မိကြသည်။

"အဲဒီသက်သေဆိုတာတွေက သူ့မိန်းမအမျိုးတွေဗျ။ ရွာက သက်သေဆိုတာတွေကလည်း ရွာအကြောင်း၊ မြေအကြောင်း ဘာမှတိတိကျကျသိတဲ့ကောင်တွေမဟုတ်ဘူး။ ပိုက်ဆံရပြီးရောဆိုပြီး ဝိုင်းမြှောက်၊ ဝိုင်းညာနေကြတာ။ မြှောက်လိုက်၊ ခြောက်လိုက်နဲ့ နှစ်ဖက်ခွစားနေကြတာ"

မောင်မွေးက ဝင်ထောက်သည်။ ခွေးပုသည် လှူထားသောမြေကို အကွက်ကိုင်၍ မထွေးဥ၏မြေကိုအရယူသည်။ သူ့ဘက်ကသေချာအောင် အရောင်းအဝယ်စာချုပ်ချုပ်ရန်ကြံခဲ့သည်။ ထိုကိစ္စလည်း မအောင်မြင်ခဲ့။ မိဘတွေ လှူထားသောမြေကလည်း သာသနာ့မြေအဖြစ်တရားဝင်ဖြစ်သွားခဲ့ပြီ။ ဧည့်သည်ကတော့ အေးအေးဆေးဆေး

"ဟုတ်တယ် ငါ့ညီ စိုက်ပျိုးမြေ



www.burmeseclassic.com

www.burmeseclassic.com

ရွာဘိုးဘွားပိုင်မြေ၊ သံဃိကပိုင်မြေတွေကို မတရားလုပ်ရင် လုပ်တဲ့သူတွေ သားစဉ်မြေးဆက်ထိ မရှုမလှဖြစ်ကြတာ အစ်ကိုလက်တွေ့မြင်ဖူးတယ်။ မြေတ်တယ်၊ ကံကြီးထိုက်တယ်ဆိုတာ ကယ်ဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော်ဝယ်မယ်ဆိုတဲ့မြေကို မဝယ်တော့ဘူးလို့ လာပြောတာပါ"

ညီမနှစ်ယောက် မျက်ရည်ဝေ့လာကြသည်။ စိတ်ထိခိုက်လာသောဝေဒနာနှင့် ယှဉ်လာသောဒေါသသည် မထွေးနု ပွင့်အန်လာစေခဲ့သည်။

"ဒီကောင်ခွေးပု၊ မယားခိုင်းတိုင်း လုပ်နေတာ။ ခွေးပုက ခွေးရူးဖြစ်သွား တစ်ရွာလုံးမုန်းနေတာလည်း သူမသိဘူး။ သူ့ကိုယ်သူ အဟုတ်ကြီးထင်ပြီး လျှောက်လုပ်နေတာ"

"မပြောပါနဲ့ ,မမရယ်။ သူလည်း သိလို့ လုပ်မိတာပါ"

အငယ်မ မထွေးဥက ညှော့သည်ကို မဝံ့မရဲကြည့်ရင်း မမကိုတားသည်။

"ဟဲ့-မပြောလို့ဖြစ်မလား။ ညည်းမောင်က သူ့ဆီက စရန်ငွေယူပြီးပြီတဲ့။ စရန်ဆိုတာ ကိုယ့်ဘက်ကပျက်ကွက်ရင် ၂ ဆတောင် လျော်ရတာမျိုး ရှိတယ်။ ညည်းဘာသိလို့တုံး"

အစ်မကြီးငေါက်လိုက်မှ ထွေးဥ မျက်လုံးဝိုင်းပြီး ဘုရားတ,မိသည်။ အထစ်ထစ်အငေါ့ငေါ့မေးလိုက်မိသည်။

"ဒီအတွက်နဲ့တော့ မပူပင်ကြပါနဲ့။ အေးအေးနေကြပါ။ ကျွန်တော့်အပြစ်၊ ကျွန်တော့်သဘောလည်းမကောင်းပါဘူးလေ။ ဘာမှလဲမဖြစ်လောက်ပါဘူး။ သူ့ကိုလည်း ဘာမှပြောဆိုမနေကြပါနဲ့တော့"

ညှော့သည်က ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောပြောကာ သူ့လိပ်စာကတ်ပြားလေးပေးပြီး စိုက်ပျိုးရေးနှင့်ပတ်သက်လို့အကူအညီလိုလျှင် အချိန်မရွေးပေးပါ့မယ်လို့ ဆိုကာ ပြန်သွားသည်။

ညှော့သည်ပြန်မှ မောင်မွှေးက ဘယ်လိုလုပ်ကြမလဲဟု စကားဝိုင်းကို ပြန်ပြီးအသက်သွင်းသည်။

"သူ့ငွေကိုလည်း မပေးလို့မဖြစ်၊ ခွေးပုကိုလည်း မပြောလို့မဖြစ်။ သူ့မယားတော့ပြောရမှာပဲ။ သူ့စကားနဲ့သူလေ။ ဈေးဖိုးမမွှတာ၊ မေတ္တာတခြားတဲ့၊ ဥပဒေက ဥပဒေပဲတဲ့။ သမ္မာဒေဝတောင်စိန်ခေါ်တဲ့ကောင်"

မမထွေးနုစကားကို မောင်တစ်မ်းကွဲ မောင်မွှေးက နောက်ထပ်တန်ဆာဆင်ပေးပြန်သည်။

"မမမောင်က ဥစ္စာရှူးရှူးနေပြီး ဘဝင်မြင့်နေတာ။ ချောက်တီးချောက်ချက်ရေစုပ်စက်ကလေး၊ မီးစက်ကလေးလှူ၊ အုတ်ရေကန်လေးလောက်လုပ်ပေးတဲ့ လူတွေကို ကယ်တင်ရှင်မှတ်ပြီး နဖားကြိုးထိုးခံနေရတာ။ ကြာရင် ယာပြုတ်၊ ရွာပြုတ်၊ ငုတ်တုတ်ငုတ်ကုန်မှာတော့ မမြင်ဘူး။ ရွာထဲကလူတွေကိုများ သူ့လောက် အမြော်အမြင်မရှိတဲ့ ငတုံးငအတွေမှတ်နေသလားမသိဘူး။ မြောက်ထိုးပင့်ကော် ငမူး၊ ငရူးတွေပြောတာယုံ၊ ကြာရင် လူမိုက်မွေးပြီး ဓားပြတိုက်မလားတောင် မပြောတတ်ပါဘူးဗျာ။ မပေါင်းအပ်လို့ ရှောင်တာကိုများ သူ့ကြောက်လို့ထင်တဲ့လူစား"

မောင်မွှေးက သူမြင်တာ၊ သိတာကို ပြောသည်။ ထွေးဥကတော့ ငေးငေးငိုင်ငိုင်။

ပြောလို့ဆိုလို့အားရတော့မှ ထပြန်သွားကြသည်။ ထွေးဥခမျာ ဘာမှလုပ်ချင်စိတ်မရှိတော့။ ထိုင်ရာကထရမှာကိုပင် တော်တော်လေး ပင်ပန်းနေသည်။ ညှော့သည်ထားရစ်ခဲ့သော လိပ်စာကတ်ပြားလေးကိုသာကြည့်နေမိသည်။

*မောင်ရဲဝင်းနိုင်*
*ကုံကော်မြိုင်စိုက်ပျိုးဥယျာဉ်*
*xxxxမြို့၊ ဖုန်းxxxx။*

*

မောင်လေးခွေးပုအဖြစ်က ကြည့်ဝံ့စရာပင်မရှိ။ ခြေတွေ၊ လက်တွေမှာ ပတ်တီးအဖွေးသား။ ခေါင်းမှာလည်း ပတ်တီးနှင့်။ အစ်မတွေမြင်တော့ မျက်ရည်ကတာရိုးကျိုးသလို။ ထွေးနုနှင့်ထွေးဥတို့လည်း မောင်လေးကို ငေးကြည့်ရုံကလွဲလို့ ဘာမှမပြောနိုင်ကြ။ အားမငယ်ဖို့၊ စိတ်ဓာတ်မကျဖို့။

"မောင်လေးကို မမတို့ ပစ်မထားပါဘူးကွယ်။ ပျောက်အောင်ကုမှာပေါ့။ ဒုက္ခတဖြစ်သွားလောက်အောင် ဒဏ်ရာကမများပါဘူး။ အားမငယ်နဲ့နော်"

အစ်မနှစ်ယောက်က ချော့မော့နှစ်သိမ့်လေလေ ခွေးပုက ရှိုက်ကြီးတငင်ငိုလေလေ။ ကျိုးသွားသောညာလက်ကို ကျောက်ပတ်တီးစည်းရမည်။ ခြေထောက်တွေကတော့ သေချာမစစ်ဆေးရသေး။ အတူစီးသူယောက်ဖတော်မှာလည်း ဒဏ်ရာက တော်တော်များသည်။

မောင်လေး မောင်မွှေးနှင့်အတူသွားကတည်းက အိမ်ကိုပြန်မလာသည်မှာ ငါးရက်ရှိသွားပြီ။ အိမ်ပြန်မည့်နေ့က ယောက်ဖလိုက်ပို့သည်။ ထင်တိုင်းမပေါက်သူနှစ်ယောက်စီးလာသော ဆိုင်ကယ်ကလည်း ဆင်ကန်းလမ်းလျှောက်သလို။ အရက်ကထွေထွေ၊ စိတ်ကလေလေ။ ရွာမရောက်ခင် ဈေးတန်းအစတွင် ရှေ့က ကားတစ်စီးခံနေ၍ ကျော်တက်ရန် ဟွန်းတီးသည်။ မိုးလေးဖွဲဖွဲမို့ ဆိုင်ကယ်အရှိန်ကောင်းနေသည်။ ရှေ့ကကားက လမ်းပေးတော့ ကျော်တက်သည်။ အရှိန်များလွန်းတော့ မထိန်းနိုင်ဘဲ လမ်းဘေးစိုက်ဆင်းသွားသည်။ စားသောက်ဆိုင်ရှေ့မှာရပ်ထားသော ဓာတ်ဆီသယ်လာသည့် ဘောက်ဆာကားကြီးကို ဝင်အောင်းပါသတဲ့။

ရှေ့လူလည်း မသက်သာ၊ နောက်လူလည်း မချိမဆံ့။ ဆိုင်ကယ်ကတော့ သုံးမရလောက်အောင် ပျက်စီးသွားသည်။ အနီးအနားရှိ ခွေးပုအပေါင်းအသင်းများက နီးစပ်ရာ ထော်လာဂျီတစ်စီးငှားပြီး ဆေးရုံပို့ရသည်။ ရပ်ရွာလူကြီးတွေ၊ တာဝန်ရှိသူတွေထံ အကြောင်းကြားကြသည်။ မမတို့ဆီ နောက်နေ့မှ သတင်းရောက်လာသည်။ ခွေးပုမိန်းမက လာပြောခြင်း ဖြစ်သည်။ ညီအစ်မနှစ်ယောက် ပျာယာခတ်သွား၏။ ရဲစခန်းမှာ အမှုရင်ဆိုင်ကြရဦးမည်ဆိုတော့ အရှူးမီးဝိုင်းကြတော့သည်။ မောင်မွှေးက ဆေးရုံမှာစောင့်မည်ဆို၍ လိုအပ်တာလေးတွေယူရန် ပြန်ခဲ့ကြသည်။

ဆေးရုံပြင်ဘက်တွင် တစ်ခါက လာဖူးသော ရဲဝင်းနိုင်နှင့် တွေ့ကြသည်။ လက်ဖက်ရည်မှာ ထိုင်ဖြစ်ကြသည်။ တရားရုံးမှာ ရင်ဆိုင်ဖို့ကိစ္စ သူတာဝန်ယူပါမည်ဟု အားပေးသည်။ ခွေးပုကို ဆေးရုံသီးသန့်ခန်းမှာ နေခွင့်ရအောင် လုပ်ပေးမည်ဟုအားပေးသည်။ တစ်ဖက်က ဘောက်ဆာကားမောင်းသူနှင့်လည်း တွေ့ဆုံဆွေးနွေးကျေအေးပြီးပြီဟုသိရ၍ နည်းနည်းတော့ စိတ်အေးရသည်။

ဆေးရုံတက်၍ တစ်ပတ်အကြာတွင် မောင်မွှေးထံမှယောက်မ၏သတင်းကြားရသည်။

"လင်သေရင် လင်စားရတယ်။ မောင်သေရင် မောင်စားမရဘူးလို့ ပြောသွားတယ်"

"ဟုတ်မှာပေါ့ မောင်လေးရယ်။ မမတို့ကိုယ်ချင်းစာပါတယ်"

"ခင်ဗျားတို့ ကိုယ်ချင်းစာနေကြ



www.burmeseclassic.com

www.burmeseclassic.com

မမတို့မောင်ကျတော့ သီးသန့်ခန်းမှာ ထားပြီး သူ့မောင်ကျတော့ ပစ်စလက်ခတ်ထားလို့ မကျေနပ်ဘူးတဲ့ဗျား"

"ဟဲ့ - အဲဒါတော့ တို့လည်းမသိဘူးလေ။ ဟိုကိုရဲဝင်းနိုင်ကူညီတာ။ တို့ဖြင့် ဆေးရုံလာရတာကို အထိတ်ထိတ် အလန့်လန့်ပါတော်"

"အဲဒီ ကိုရဲဝင်းနိုင် ခဏခဏလာပါတယ်။ ခုလိုဖြစ်တာ သူ့အပြစ်လည်း မကင်းပါဘူးတဲ့။ ဆိုင်တော့မဆိုင်ပါဘူးလေ"

ခုတင်ပေါ်မှ ခွေးပုကတော့ မမတွေပြုစုတာခံရင်း၊ အားပေးစကားနားထောင်ရင်း မျက်ရည်ဝဲနေသည်။ ဘကြီးမောင်တို့၊ ဖွားလေးသန့်တို့လာတော့ ခွေးပု ရှိုက်ကြီးငင်ငင်ငိုရပြန်သည်။ သူတို့တူလေးကျန်းမာရေးအတွက် ငွေငါးသိန်းပါလာသည်။ ခွေးပုယောက်ဖထံလည်း သွားကြပါသည်။ ကူညီကြပါသည်။ ခွေးပုမိန်းမက ကိုယ့်ကိစ္စသာအဆင်ပြေအောင်လုပ်ကြပါဟု လက်ခါလွှတ်လိုက်ပါသတဲ့။

သည်ကြားကာလ တစ်နေ့တွင် ကိုရဲဝင်းနိုင်နှင့် ဆုံတွေ့ကြပြန်သည်။ မမထွေးနုတို့လင်မယားနှင့် မထွေးဥတို့ကို သူ့ပိုင်ကားလေးဖြင့် မြို့ပြင်မှာရှိသော စိုက်ပျိုးရေးခြံကြီးသို့ ခေါ်သွားသည်။

"ချောင်းထဲကရေ၊ တွင်းထဲကရေကို စက်နဲ့စုပ်တင်တော့ အချိန်ကုန်သက်သာတယ်။လိုသလောက်ရတယ်။ချောင်းရေနည်းသွားတော့ ကိုယ့်တွင်းထဲက ရေကိုပဲ တင်ရတာပေါ့။ မနှစ်က ပဲနောက်နဲ့ မတ်ပဲတင်းတစ်ရာကျော်ရတယ်။ မြေပဲလည်း စိုက်တယ်။ ဒီနှစ် ပဲစဉ်းငုံပါတိုးပြီး စိုက်ရမလားလို့။ ဟိုဘက်က သီးပင်စားပင်လေးတွေနဲ့၊ ပန်းပင်လေးတွေနဲ့ ရာသီစာပင်လေးတွေက လက်ငင်းငွေပေါ်တော့ စက်မောင်းဆီဖိုးလေး၊ လုပ်အားခလေးရတာပေါ့ဗျာ။ စိုက်ပျိုးရေးဆိုတာကလည်း မျိုး၊ မိုး၊ ပိုး သုံးပါးညီညွတ်မှ ဒါတောင် စနစ်ကျဖို့လိုသေးတယ်။ ပွဲစားတွေရဲ့ရန်ကလည်းရှိသေးတယ်လေ။ ဈေးနှုန်းက သူတို့ပါးစပ်ထဲမှာ။ ကျွန်တော်ကတော့ လှော်င်မယ်၊ ကြိုက်ဈေးရမှရောင်းတယ်"

"ဟို ဆရာ အဲ ကိုရဲဝင်းနိုင် ကိုယ်တိုင်ရောင်းတာလားဟင်"

မထွေးဥအမေးကို မမထွေးနုက ရယ်သည်။ ကိုရဲဝင်းနိုင်က ဖောက်သည်တွေရှိကြောင်း၊ အချို့ပန်းခင်းတွေ၊ ဖရဲခင်းတွေကို အပြတ်ရောင်းထားကြောင်း ရှင်းပြသည်။ ပန်းပင်လေးတွေ ဟင်းသီးဟင်းရွက်ခင်းကို အလုပ်သမားလေးတွေကိုပေးထားကြောင်း ၊ အပိုဝင်ငွေရစေလိုသောစေတနာဖြင့် မိမိတစ်ပြားမှမယူကြောင်းသိရတော့ ညီအစ်မနှစ်ယောက် အံ့ဩသွားသည်။ ထန်းလက်တွေမိုးပြီး ထန်းလက်တွေ ကာရံထားသော ခြံကြီးတွေထဲက ကွမ်းပင်တွေကို ယခုမှအံ့ဩစွာ မြင်ဖူးကြသည်။ မမထွေးနုတို့အပြန်တွင် ခြံထွက်ဖီးကြမ်းငှက်ပျောခိုင်ကြီးတွေ လက်ဆောင်ပေးပြီး ရွာအရောက်ပို့သည်။ မောင်လေးခွေးပုအတွက် စိုးရိမ်စရာမလိုကြောင်း တဖွဖွမှာသွားသည်။

"သည်မြေသည်ရေမှာ စိုက်တာချင်းအတူတူ ပညာတတ်တဲ့သူစိုက်တော့ ဖြစ်လိုက်ချက် အားကျစရာ"

မမထွေးနုတို့လင်မယား ဝမ်းသာအားရ အားကျစွာပြောကြတော့ ကိုယ့်မြေ၊ ကိုယ့်ယာကို ချစ်ရကောင်းမှန်းမသိသောမောင်လေးခွေးပုကိုသနားမိသည်။ မောင်လေး ကျန်းမာ၊ ချမ်းသာပါစေတော်။

*

"သူ့ဆိုင်ထဲသူဝင်တာ ငါတို့ဘာမှ ပြောလို့မရဘူးလေ။ ဘယ်သူနဲ့ဝင်ဝင် ပြောခွင့်မရှိဘူး။ ဘေးကလူတွေပြောတာတော့ ဆိုင်ထဲမှာ စားပွဲ၊ ကုလားထိုင်နဲ့ ဗီရိုအခွံတွေပဲကျန်တော့သတဲ့"

"အင်းလေ၊ လင့်ပစ္စည်းမယားပိုင်တာပဲ။ သူလည်း သူ့အကြောင်းနဲ့သူရှိလို့နေမှာပဲပေါ့။ ဆိုင်မှာလည်း ရောင်းသူမရှိ၊ အလုပ်သမားလည်းမရှိ"

မထွေးဥကတော့ ထုံးစံအတိုင်း သူ့မောင်လေး ခွေးပုကို ခွင့်လွှတ်မြဲ။

"ညည်းအဲဒါကြောင့်ခက်နေတာ။ ညည်းအလျှော့ပေးတိုင်း ငါပါနေရတာ။ ကြာရင်မွဲကုန်ကြလိမ့်မယ်"

"မမရယ် မင်္ဂလာမရှိ မမကုန်တာ ကျွန်မပေးပါတယ်။ ပဲသိမ်းချိန်ကျရပါစေ့မယ် မမရယ်"

"ညည်းပြောလိုက်ရင် ဒါမျိုးပဲ ကောင်မ"

"မမ၊ မောင်လေးဆီသွားရအောင်နော်"

မထွေးနုမျက်စောင်းကို မထွေးဥက ခေါင်းငုံ့ရှောင်သည်။

"မောင်မွှေးက ခုရက်ပိုင်းမလာနဲ့ဦးလို့ မှာထားတယ်လေ"

"မနက်ဖြန်ဆိုရင်ပဲ ငါးရက်ရှိပြီ"

"ကိုင်း - ညည်းသဘော"

*

ခွာမြင့်ဖိနပ်သံပြင်းပြင်းဆောင့်နင်းဝင်လာသူကိုမြင်တော့ မောင်မွှေးအံ့အားသင့်သွားသည်။ ဝတ္တရားအရ 'လာပါမမ ထိုင်ပါ' ဟု လောကဝတ်ပြုလိုက်ရသည်။

"နေကောင်းလား ကိုကျင်မောင်"

ဇနီးဖြစ်သူအမေးကို ခွေးပု ခေါင်းညိတ်ပြသည်။

"ရှင့်မြေဝယ်မယ့်လူက စရန်ပြန်တောင်းနေပြီ။ ကျွန်မမှာလည်းပေးစရာ မရှိဘူး"

ခွေးပုကမဲ့ပြုံးပြုံးသည်။ ကိုရဲဝင်းနိုင် ကူညီတာကို မိန်းမသိပုံမရ ... လိုက်သည်။ မောင်မွှေးက ထသွား ... ဟန်ပြင်သည်။ ခွေးပုက ခေါင်းယမ်း ... သဖြင့် ဖတ်လက်စာအုပ်ကို ဖတ် ... ယောင်ဆောင်နေလိုက်သည်။

"အေး- တောင်းနေရင် ငါ့ဆီလွှတ်လိုက်၊ ငါပေးမယ်"

"ဆိုင်လည်း ပိတ်ထားရတာ ကြာ... ပြီ။ ရောင်းလိုက်ရအောင်လား"

"ရောင်းလိုက်လေ၊ ဒါပေမယ့် အဲဒီမြေပေါ်မှာတော့ နောက်ထပ်... ဆိုင်မှဆောက်လို့မရတော့ဘူး"

"ဆိုင်ဝယ်မယ့်သူက ဆိုင်ဆ... မဖွင့်ရဘူးဆိုရင် ဝယ်ပါ့မလား။ ကျွန်မ... တို့မှာ အကုန်အကျတွေသိပ်များနေ... ရှင်သိတယ်နော် ကိုကျင်မောင်"

"ငါ့အစ်မတွေလည်းကုန်နေ... တဖြောဖြောပဲ။ မြေက သူတို့မြေ... ငါမပိုင်ဘူး"

"ရှင့်ရဲ့ ကျန်းမာရေးကလည်း မကောင်း၊ ကျွန်မတို့ အခုနေတဲ့အိမ်... လည်း ဖျက်ပေးရမှာဆိုတော့ ရှေ့... ရင်လေးတယ်။ မြေလေးအရောင်း... ဝယ်ဖြစ်ရင်လည်း အကောင်း... ကျွန်မဒီလိုလုပ်ရရင်ကောင်းမလား..."

"ပြောပါ၊ ဘယ်လိုလုပ်ရဦးမှာ..."

"မထွေးဥပေးထားတဲ့မြေကွက်... ရောင်းလိုက်ရအောင်လား။ ဒါမှရှင့်... ကျစရိတ်လည်းကာမိသွားတာပေါ့"

"အဲဒါလုပ်လို့မဖြစ်ဘူး။ ... ခွင့်လည်း မရှိဘူး။ နင်တို့အကြံ... အတိုင်း ပိုင်ပါတယ်၊ သေချာပါတယ်... လို့ နင့်မောင်နဲ့ငါလုပ်ခဲ့တာ ကံ... လို့ မသေတယ်"

"ရှင် လင့်ဝတ္တရားမကျေတဲ့..."

"ဒါထက်ကျေရဦးမလား။ ... ကိုလည်း ငါလိမ်ခဲ့တယ်။ ... လည်းလိမ်ခဲ့တယ်။ နင်ခိုင်းသလို အ...

www.burmeseclassic.com

www.burmeseclassic.com

ကို လိမ်ပြီးပြီ။ နင်အသိဆုံးနော်။ ကျန်းမာလို့နေထိုင်ကောင်းရင် တစ်မျိုး ။ တစ်ရွာလုံးကို ဝန်ချကန်တော့ရမယ်။ ရှင်းပြပြီးတောင်းပန်ရမယ်။ ငါ လိမ်ချင်တော့ဘူးကွာ"

"ဒီတိုင်းဆိုရင် ရှင်နဲ့ ကျွန်မ ပြတ်သွားရတော့မယ်"

"နင်ခိုင်းသလိုလုပ်ဖို့ ငါ့ဘက်ကတော့ အဆင်သင့်ပါပဲ"

ဖိနပ်သံကျယ်ကျယ်ပေး၍ ပြန်သွားသည်။ ညနေပိုင်းတွင် လူရည်သန့်သန့်နှစ်ဦး ရောက်လာသည်။ ကွာရှင်းချုပ်တွင်လက်မှတ်ထိုးဖို့ နစ်နာကြေးဆယ်သိန်းပေးရမည် ဆို၏။

"နစ်နာတယ်ဆိုရအောင် ဘယ်သူနစ်နာတယ်ဆိုတာ သူတို့အသိဆုံးပါဗျာ။ ကျောင်းပိတ်လို့ ကျွန်တော်အိမ်ပြန်တယ်။ လမ်းကနေစောင့်ပြီး ကားကိုတားတယ်။ အလည်လိုက်ချင်လို့ပြောတယ်။ ကားပေါ်မှာပါလာတဲ့ ကျွန်တော့်သူငယ်ချင်းတွေသိပါတယ်။ အိမ်ရောက်တော့ အဖေနဲ့မမတို့ကို ချိန်းတွေ့ရာက အချိန်လွန်သွားလို့ပါဆိုပြီး ငိုလိုက်သေးတယ်။ အဖေနဲ့မမတို့က နမချင်းစာနာရမယ်ဆိုပြီး ဝိုင်းပြောလွန်းတော့ ပြဿနာမတက်ချင်တာနဲ့ အဖေတို့စီမံတာ နာခံခဲ့ရတယ်။ သူ့ကို ကျွန်တော့်ရည်းစားနဲ့ပတ်သက်မှ သိရတာ။ ကျောင်းသူလည်း မဟုတ်ပါဘူးဗျာ။ သူ့မောင်နဲ့တွေ့တော့ မြေရောင်းမြေဝယ်ကိစ္စတွေလုပ်ခိုင်းလို့ လုပ်ပေးခဲ့ရတယ်။ အခုမြင်ရတဲ့အခြေအနေပဲကြည့်တော့။ အမွေရတာတွေ လည်းကုန်ပြီ၊ လူလည်း ဒုက္ခိတဖြစ်ပြီ။ ဟဲ - ဘယ်သူနစ်နာသလဲဗျာ"

ခွေးပုကပြောနေရင်း ငိုသံပါလာသည်။ ဆိုင်ကိုလည်း သူ့သဘောနှင့်သူ ရောင်းစားလိုက်ပြီဆိုတော့ ဟိုလူနှစ်ယောက် အံ့ဩသွားသည်။

"ကိုကျင်မောင်တို့မှာ ကလေးရှိတယ်နော်။ ကလေးအတွက် ဘယ်လိုများ စဉ်းစားမလဲ"

"ကြုံကြုံဖန်ဖန်ဗျာ၊ ဘာကလေးမှ မရှိပါဘူး။ ကဲပါလေ၊ မေးမှတော့ ဖြေရမှာပေါ့။ သူ့မှာ အရင်ဖဲသမားနဲ့ရတဲ့ ကလေးတော့ရှိတယ်။ သူ့အတွက် ကျောင်းစရိတ်တောင်ထောက်ခဲ့ပါတယ်။ အဲဒီလူက ရဲဘက်စခန်းမှာ ရန်ဖြစ်လို့ သေသွားတယ်။ ဒီကိစ္စ မိဘတွေရော မမတို့ပါ တစ်ရွာလုံး ဘယ်သူမှမသိအောင် ကျွန်တော်ဖုံးဖိလိမ်ထားခဲ့တယ်။ အခုဒီအပြစ်တွေခံနေရပြီဗျ"

လူနှစ်ယောက်က ခွေးပုကို ကြည့်ပြီး ခေါင်းညိတ်သည်။ သိချင်သောအချက်အလက်များနှင့် သက်သေစာရင်းကိုတော့ ယူသွားသည်တဲ့။

မောင်မွေး ရှင်းပြနေသည်ကို နားထောင်ရင်း ထွေးနုနှင့် ထွေးဥ ဘုရားတ၊ မိကြသည်။

"ဒါကြောင့် မမတို့ အခုရက်ပိုင်းမလာကြနဲ့ဦးလို့တားထားတာ။ မမတို့က သနားမိမှာစိုးလို့။ အစ်ကိုခွေးပုတို့ ဒီတစ်ခါ ပြတ်သားလိုက်ချက်များအံ့ဩြတယ်ဗျား"

ဘကြီးမောင်တို့ လူနာအနီးမှာရှိနေစဉ် မောင်နှမသုံးယောက် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားလက်ဆုံကျနေကြခြင်း ဖြစ်သည်။ 'မောင်လေးရယ် ကံဆိုးလိုက်တာကွယ်' ဟု ဆိုကာ ညီအစ်မနှစ်ယောက် မျက်ရည်ဝဲရပြန်ပြီ။

*

ခြံဝကကားဟွန်းသံကြောင့် အလိုလို ရင်ထဲမှာစိမ့်ခနဲဖြစ်သွားသည်။ တုန်တုန်ယင်ယင်များပင်ဖြစ်သွား၏။ ထင်သည့်အတိုင်းပါပဲ။ သို့သော် သူချည်း မဟုတ်။ ဆရာတော်ကြီးတစ်ပါးပါလာသည်။ မမထွေးနုတို့လင်မယား၊ မောင်မွေးနှင့် ဘကြီးမြ၊ ဖွားလေးသန့်တို့ကိုပါ လှမ်းခေါ်ရသည်။ မနက်စောစောဆိုတော့ ဆွမ်းကိစ္စစီရင်ရဦးမည်။ ထွေးဥ ဘာလုပ်ရမှန်းမသိဖြစ်နေသည်ကို ရဲဝင်းနိုင်ကကြည့်ပြီး ပြုံးနေပြန်သည်။ ရဲဝင်းနိုင်က ဆရာတော်အတွက် နေရာထိုင်ခင်း ပြင်သည်။

"မထွေးဥ၊ ဘာမှစဉ်းစားမနေနဲ့။ ဆရာတော်အတွက် ဆွမ်းအဆင်သင့်ပါတယ်၊ မောင်မွေးရေ့ လာဟေ့၊ ဒါလေးတွေ ကူသယ်ပေးပါဦး"

ချိုင့်ကြီးချိုင့်ငယ်တွေ၊ လိမ္မော်သီး၊ ပန်းသီး၊ ဖရဲသီးတွေက ခြင်းကြီးတွေနှင့် အပြည့်။ မထွေးဥကများလှချည့်လားဟု တအံ့တဩမေးသည်။ လှူသင့်ရာလှူ ပေးသင့်ရာပေးပေါ့ဟု ရဲဝင်းနိုင်က ဆိုသည်။ ရွာကျောင်းသံဃာတော်တွေအတွက်သီးသန့်ဖယ်ကြသည်။ ဆရာတော်က ရဲဝင်းနိုင် ပြင်ဆင်ပေးသောနေရာမှာပင် သီတင်းသုံးသည်။ ဆွေမျိုးတစ်ခုက ဆရာတော်ကိုကြည့်၍ ဆရာတော်က ဘကြီးမောင်ကို လှမ်းခေါ်သည်။

"ကိုဖိုးမောင်၊ ဒကာကြီး"

ဆရာတော်က ကြားရရုံလေသံလေးဖြင့် နှုတ်ဆက်၏။

ဘကြီးမောင်က ဆရာတော်ကို သေချာကြည့်သည်။

"ဟာ - ကိုယ်တော်၊ ကိုယ်တော်"

"အေး-မင်းမှတ်မိသားပဲ၊ ဒီနားတိုးပါဦးကွာ"

ဘကြီးမောင်က အနားကပ်သွားတော့ ဆရာတော်က သူ့လက်ကို ဆုပ်ထားသည်။

ဘကြီးမောင်က -

"ကိုယ်တော်ရယ်"

ဟု ဗလုံးဗထွေးပြောကာ မျက်ရည်ဝဲသည်။

"မဖွားသန့်၊ ဒကာမကြီး"

"ရှင် အဲလေ ဘုရား"

"ကျုပ်ကိုမှတ်မိတယ်နော်"

"မှတ်မိပါသကော ဦးပဥ္စင်းသိန်းရယ်"

ဆရာတော်က ရွာက လူတော်တော်များများကို သိသည်။ ဘယ်သူရှိသေးလား၊ဘယ်ဝါရှိသေးလားမေးသည်။ ကျောင်းကိုလာကြဖို့ မိန့်သည်။ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြသည်။ ဆွမ်းပွဲပြင်နေသော ထွေးနုတို့မောင်နှမတစ်တွေ အထူးအဆန်းတွေကြားနေရသည်။ ကိုရဲဝင်းနိုင်က ကျောင်းကိစ္စ၊ သံဃာတော်များဝေယျာဝစ္စကျွမ်းကျင်သည်ကို တအံ့တဩသိကြရသည်။

နေ့လယ်ပိုင်း ဆရာတော်ကို ဆွမ်းကပ်ကြသည်။ ဆွေမျိုးတွေအားလုံး စုပေါင်း၍ ကောင်းနိုးရာရာများယူလာကြကာကပ်ကြသည်။ ဆွမ်းကပ်ပြီးတော့ ဆွေမျိုးတွေ ထမင်းဝိုင်းဖွဲ့ကြသည်။ ဟင်းအမယ်ကောင်းတွေ အလျှံပယ်။ ကိုရဲဝင်းနိုင်ပါ ရောနှောစားသည်။

"တို့ကိုပုတို့များ ခုမှပဲရွာထဲလည် ရာပြန်လာတယ်၊ လာလာ-ထမင်းစားရအောင်"

မောင်မွေးက လှမ်းခေါ်သည်။ ခွေးပုက ဆရာတော့်အပါးသွားသည်။

"နေသာသလိုနေပါ ဒကာလေး။ ကျန်းမာရေးမကောင်းတာ ဆရာတော် ခွင့်ပြုတယ်။ အဲဒီကုလားထိုင်မှာ ထိုင်ပါ"

"အဲဒါ ဦးရေအေးသားအငယ်ဆုံးပါ ဘုရား"

"အင်းအင်း - သိပြီ၊ မှတ်မိပြီ။ ခွေးပု၊ ခွေးပုခေါ် ကျင်မောင် မဟုတ်လား"

"တင်ပါ၊ မှန်ပါတယ်ဘုရား"

လျှောက်တင်နေရင်း ခွေးပုခေါင်းငုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"လူဆိုတာ အမှားတော့လုပ်မိကြတာချည်းပါ။ သိရက်နဲ့မှားတာဆိုရင်တော့ မတရားတာ၊ မတရားလုပ်တာဖြစ်သွားပြီ။ မတရားတာလုပ်မိပြီဆိုရင်တော့ သံသရာထိ ဒီမကောင်းမှုက ပါသွားပြီကွယ့်။ မတရားမှုကို ဖုံးကွယ်ဖို့ကလည်း မတရားမှု၊ အကုသိုလ်အလုပ်ပဲဖြစ်မှာပေါ့။ ပွင့်ပွင့်လင်းလင်းဝန်ခံမှ လူကောင်းဖြစ်မှာနော။ ကိုယ်ကောင်းစားရေးအတွက် ရွာကို ခုတုံးလုပ်အမြတ်ထုတ်တာမျိုးကတော့ အခုရော သံသရာပါ မကောင်းဘူး"

"တပည့်တော် သိပါပြီ ဘုရား။ တပည့်တော်အပြစ်တွေကို ဝန်ချတောင်းပန်နေပါတယ် ဘုရား"

အမှန်တကယ်လည်း ခွေးပု ရွာထဲမှာ ဆွေမျိုးတွေအစ အပေါင်းအသင်းအဆုံး တောင်းပန်သည်။ ရွာကလည်း သူ့ကိုခွင့်လွှတ်ပါသည်။ အရင်ကလိုပဲ ကြိုဆိုခင်မင်ကြပါသည်။

ဆရာတော်ရွာဦးကျောင်းကြွသွားတော့မှ ပိုပြီးအံ့ဩရပြန်သည်။ ဘကြီးမောင်က ဆရာတော့်အကြောင်း ရှင်းပြသည်။

"တို့ရွာကျောင်းဆရာတော်နဲ့ အခုကြွလာတဲ့ ဆရာတော်ကို ဦးရေအေးနဲ့ ဒေါ်ပန်းမွှေးတို့က ပဥ္စင်းခံပေးခဲ့တာ။ ကျောင်းထိုင်ဆရာတော်ကြီးတွေဖြစ်တဲ့အထိ စာဝါသင်ယူနိုင်အောင် ထောက်ပံ့ခဲ့တယ်။ ဟိုတုန်းက တို့ရွာဘက်က ရေမြေကောင်းတယ်။ အခု ဆရာတော်နဲ့ သူ့အစ်ကိုတို့ တို့ရွာကိုယာလုပ်ဖို့ ရောက်လာကြတယ်။ ဦးရေအေးတို့ လင်မယားက ကူညီခဲ့တယ်။ သုံးယောက်ပေါင်းပြီး တောရိုင်းမြေကြမ်းထိန်ပင်ကွင်းကို မြေယဉ်ဖြစ်အောင်လုပ်ခဲ့ကြတယ်။ ထိန်ပင်ကွင်းက မြေဆီကောင်းတယ်။ သူတို့သုံးယောက်က ဖွဲလည်းကောင်း၊ ကြိုးလည်း ကြိုးစားတော့ စို့စို့မမရကြတယ်။ တစ်ဆုပ်တစ်ပုတ်ပြောပါတော့ကွာ။ ငါးနှစ်၊ ခြောက်နှစ်လောက်လုပ်ပြီးတော့ ဦးရေအေးကို ထိန်ပင်ကွင်းပေးခဲ့ပြီးပြန်သွားကြတယ်။ ဦးရေအေးကသုံးယောက်ကုသိုလ်ရအောင်ဆိုပြီး ဆရာတော်ကို ရေစက်ချလှူခဲ့တာ"

ဘကြီးမောင်ပြောမှ ထိန်ပင်ရာဇဝင်ရှင်းသွားကြသည်။ ဦးရေအေးက လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ကာယကံရှင်ဆန္ဒနှင့်အညီ ပဥ္စင်းခံပေးခဲ့သည်။ ယခုကြွလာသောဆရာတော်ပါတည်း။

"အခု ဆရာတော်ရဲ့ လူနာမည်က မောင်သိန်းတဲ့။ သူ့အစ်ကိုမောင်ငြိမ်းနဲ့ ဒီကိုရောက်လာတော့ ခပ်ငယ်ငယ်ပဲရှိသေးတာ။ မောင်ငြိမ်းက ဝီရိယကောင်းတယ်။ မြေကိုချစ်တယ်။ ငွေစုတယ်။ စားအိုးမကွဲအောင်ဆိုပြီး သားနဲ့ မယားကို ဒီရွာခေါ်ထားတယ်။ သူ့မိန်းမကလည်း အလွန်စည်းကမ်းကြီးတယ်။ ချွေတာတယ်။ သိပ်ကို ကြိုးပွားခဲ့ကြတယ်ပြောပါတော့။ သူတို့သားလေးကို ပညာတတ်လယ်သမားဖြစ်ရမယ်လို့ အမြဲပြောတယ်။ စိတ်ရင်းကောင်းတော့ ရွာကလည်း ခင်ကြပါရဲ့

*

"မထွေးဥ"

"ရှင်"

"ကျွန်တော် မနက်ဖြန် ပြန်တော့မှာ"

"ဟုတ်ကဲ့"

"ကျွန်တော် မထွေးဥကို ပြောစရာတစ်ခုရှိတယ်"

"ဟုတ်၊ ဟုတ်ကဲ့ ပြောပါ"

မထွေးဥ ရင်တွေတုန်လာသည်။ ပန်းကန်ဆေးနေသော လက်တွေပါ တဆတ်ဆတ်တုန်လာသည်။

"ကျွန်တော်ပြောလိုက်ရင် မထွေးဥ စိတ်ဆိုးမှာ၊ စိတ်ထခိုက်သွားမှာ။ ပြီးတော့ စကားတောင်မပြောချင်လောက်အောင်မုန်းသွားမှာလည်းကြောက်တယ်ဗျာ"

ရဲဝင်းနိုင်ရဲ့ အသံကလည်း ကတုန်ကယင် အထစ်ထစ်အငေါ့ငေါ့။ သူစိုက်ထုတ်ထားတဲ့ငွေတောင်းမှာများ ရေးကြီးခွင့်ကျယ်လုပ်နေသည်ဟု မထွေးဥ ထင်သည်။ ကြိုတင်စဉ်းစားပြီးသားမို့ ဘာမှမပြောဝံ့စရာမရှိ။

"ကိုယ့်ကျေးဇူးရှင်ကို စိတ်မဆိုးရဲပါဘူး"

"အဲသလိုကြီးထင်နေရင်လည်း ကျွန်တော်မပြောတော့ပါဘူးဗျာ။ အခွင့်အရေးယူသလိုဖြစ်နေပြီ"

ရဲဝင်းနိုင်က မထွေးဥအပါးမှ ခွာရန်ပြင်သည်။

"အဲလိုလည်းမဟုတ်သေးပါဘူး"

မထွေးဥ၏စကားသံတိုးတိုးလေးကြောင့် ရဲဝင်းနိုင် ခြေလှမ်းတုံ့သွားပြီး ပြန်လှည့်လာသည်။

"ကျွန်တော်၊ ကျွန်တော် ဟိုလေ မထွေးဥစိတ်ဓာတ်ကို လေးစားတယ်။ ဟိုဗျာ ကျွန်တော် မထွေးဥကို မြတ်မြတ်နိုးနိုးချစ်မိပြီ"

"မြတ်စွာဘုရားနဲ့ ဗုဒ္ဓေါ"

လုံးဝ မျှော်လင့်မထားတဲ့စကား။ လက်ထဲက ဆေးလက်စ ဇွန်းလေး လန့်ဖျပ်ခုန်ထွက်သွားသည်။ ရဲဝင်းနိုင်က လိုက်ကောက်သည်။

"ကျွန်တော် အလေးအနက်ပြော နေတာပါ မထွေးဥရယ်။ ကူညီခဲ့တာက ကျွန်တော့်တာဝန်လည်း မကင်းလို့ပါ။ ဒါနဲ့မဆိုင်ပါဘူး။ မပြန်ခင် လူကြီးတွေကို ဖွင့်ပြောမယ်နော်"

ထွေးဥ ထူပူသွားသလား၊ အေး စက်သွားသလား။ သူ့ဘာသာပင် မသိ တော့။ လက်ထဲက ရေစိုအဝတ်ကလေး ခမျာ လိမ်ပတ်တွန့်ကြေသွားတော့မည်။ ရဲဝင်းနိုင်က ဇွန်းကလေးကို ထွေးဥ လက်ထဲ ပြန်ထည့်သည်။ လက်ကို ဖွ လေးဆုပ်ပြီး ဝင်းစက်နေသော အပြုံး မျက်နှာကိုငေးသည်။

"ဘာမှန်းလဲမသိဘူး"

"ဟောဗျာ၊ ခုတင်က ကျသွားတဲ့ ဇွန်းလေ"

အပြုံးက အသံထွက်လာသည်။ ခေါင်းငုံ့သွားတော့ ဖွေးနုနေသော ပ ပြင်လေးကို မြင်ရသည်။ အေးစက်သော အတွေ့လေး ဖိသိပ်လာသည်ကို သိ လိုက်သည်။ ထိတ်ခနဲ။

"အမေ့"

"ကျွန်တော်ပါဗျာ။ အမေ မဟုတ် ပါဘူး"

ပြောရင်း မထွေးဥအနီးသို့ ကပ် သွားသည်။

"ကျွန်တော်ပြောတာ လက်ခံလား ဟင်"

"မမကိုပြော"

"ဟာဗျာ - မသင့်တော်တာကြီး ကျွန်တော်ချစ်တာက မထွေးဥကိုလေ"

"အဲဒါလည်း မမကိုပြော"

"တကယ်နော်၊ စိတ်မဆင်းရဲပါ စေနဲ့ဗျာ"

"အင်းပါဆိုမှ"

*

ရဲဝင်းနိုင်က ပြောသလိုလုပ်တဲ့ လူ စား။ ညဦးပိုင်းတွင် ဆွေမျိုးတွေ အကုန် ခေါ်သည်။ မောင်မွှေးခမျာ ခိုင်းလို့သာ လည်ခေါ်ရသည်။ ဘာမှ ရေရေရာရာ မသိ။ သူစိုက်ထုတ်ထားတဲ့ပိုက်ဆံ ပြန် တောင်းမလို့ထင်ပါရဲ့ဟုသာ ဖြေနိုင် သည်။ ညဥ့်နက်တော့ လူစုံသည်။ လူ စုံတော့ ရဲဝင်းနိုင်က ဇာတ်စုံခင်းသည်။

"ဒီကိုလာကြတဲ့ ဦးငြိမ်းနဲ့ ဦးသိန်း



www.burmeseclassic.com

www.burmeseclassic.com

တို့ ညီအစ်ကိုကို မှတ်မိပါတယ်နော်"

"အေးလေ၊ မှတ်မိပါသကော"

"အခုဆရာတော်က ဦးသိန်းပါ။ ဦးသိန်းရဲ့အစ်ကို ဦးငြိမ်း ဆိုတာက ကျွန်တော့် ဖေဖေပါ"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

ဘကြီးမောင်ကတော့ ဘာမှ မဖြစ်သလို ခေါင်းပဲညိတ်သည်။

"ကျွန်တော် ငယ်ငယ်ကတည်းက ဖေဖေနဲ့ မေမေတို့ ဒီအကြောင်းတွေ ပြောပြခဲ့ကြပါတယ်။ ဦးလေးဘုန်းကြီး ကလည်း စ ကားစပ်မိရင် ပြောပြပါ တယ်။ မိဘနှစ်ပါးက သူတို့ပစ္စည်းတွေ ဦးလေးဘုန်းကြီးဆီမှာအပ်ပြီး ကျွန်တော့် ကို ကျောင်းထားခဲ့ပါတယ်။ ဒီအဆက် အနွယ်လိုက်ရှာဖို့လည်း ခိုင်းပါတယ်။ ကိုက်ဆိုင်ချင်တော့ တစ်နေ့မှာ ကျွန် တော့်ဆီကို မြေပွဲစားတစ်ယောက်ရောက် လာပါတယ်။ မြေပုံနဲ့၊သက်သေနဲ့မြေတစ် ကွက်လာပြပါတယ်။ ဒါနဲ့ မြေစာရင်းရုံး ကို စုံစမ်းတော့ ဦးရေအေး၊ ဒေါ်ပန်း မွှေးတို့မြေဖြစ်နေတော့တာကိုး။ မြေကို သွားကြည့်။ ဦးလေးဘုန်းကြီးကို တိုင်ပင် တော့မှ ဒီအဆက်အသွယ်ကို ပြန်တွေ့ရ တာပါ။ ပြီးတော့ ဒီမြေက ရေစက်ချလှူ ထားတာလို့ သိရပြန်ပါရော။ သူတို့က ရေနံတောင်းသွားပြီးနေပြီလေ"

ပွဲစားက မြေရှင်သားနှင့် ပေါင်း ကာလိမ်သွားသည်ဟုသိသည်နှင့် တရား စွဲရန် ရှေ့နေများနှင့်တိုင်ပင်သည်။ သို့ သော် မြေပိုင်ရှင်သားခများလည်း အလိမ် ခံနေရသည်ကို သိသောအခါ တရားစွဲဖို့ သင့်တော့။ တစ်ပူပေါ် နှစ်ပူဆင့်နေ သော မြေပိုင်ရှင်သားကို အရှုပ်ထဲမှဆွဲ ထုတ်ရန် ကြိုးပမ်းဆဲမှာပင် ယာဉ်တိုက်မှု ဖြစ်ကြသည်။ အမှုပွဲစားလူလိမ်မောင်နှမ အကြောင်း ကျကျနနသိရတော့ စိတ်မ ကောင်းဖြစ်ရပြန်သည်။

"ဟိုမိန်းမက ခွေးပုဆီ လျော်ကြေး ဆယ်သိန်းတောင်းမယ်။ တရားစွဲမယ် ဆိုတာ သူငယ်ချင်းတွေလာပြောတော့ ခွေးပုကို ဒီအရှုပ်ထဲကထုတ်ဖို့အခွင့်အ ရေးရလာပါတယ်။ ရှေ့နေနှစ်ယောက် ခွေးပုဆီလွှတ်၊ ခွေးပုပြောတာ အသံဖမ်း ထား၊ သက်သေတွေကို လိုက်မေးတော့ သေချာနေပြီလေ။ သူတို့ကလည်း ရုံးမှာ သက်သေလိုက်ပေးမယ် ကတိပေးကြပါ တယ်။ ဒါနဲ့ ဟိုမိန်းမကို ရှေ့နေတွေလွှတ် ဖြောင်းဖျရတာပေါ့ဗျာ။ တရားရုံးကျရင် အရှက်ကွဲရုံကလွဲပြီး ဘာမှထူးခြားမှာ မဟုတ်ဘူး။ ဆိုင်ကြီးကို ရောင်းပစ်တာ လည်း လင်ယောကျ်ားမပါဘဲ သဘော မတူဘဲ ကိုယ့်သဘောနဲ့ကိုယ်ရောင်းပစ် တာမို့လို့ ဥပဒေနဲ့မလွတ်တဲ့အကြောင်း ရှင်းပြပြီး ကွာရှင်းစာချုပ်မှာ လက်မှတ် ထိုးခိုင်းခဲ့ရတယ်။ ဒါတောင် မာန်က တော်တော်နဲ့မလျှော့ချင်ဘူး"

ရဲဝင်းနိုင်စကားဆုံးတော့ ထွေးနု တို့ ညီအစ်မနှစ်ဦး အထိတ်တလန့်ဖြစ် သွားကြသည်။ တော်တော်အကြံပက် စက်သလောက် မျက်နှာပြောင်သဗျား ဟု မောင်မွှေးက မှတ်ချက်ချသည်။ ရဲ ဝင်းနိုင်က သူကူညီခဲ့ရသည်မှာ တာဝန် ဝတ္တရားတစ်ခုကို ထမ်းဆောင်နိုင်ခြင်း သာဖြစ်၍ ကျေးဇူးအထူးတင်စရာမလို ပါကြောင်း ထပ်လောင်းသည်။

ထိုအခါ မောင်မွှေးက စကား ဖောက်သည်။

"ခုရှုပ်မှနောင်ရှင်း။ ဈေးဖိုးမမွှတာ မေတ္တာတခြား။ ဥပဒေကဥပဒေပဲတဲ့။ ကိုရဲဝင်းနိုင်ဆေးရုံမှာ ကုန်ကျခဲ့သမျှ တွက်ချက်ပြီး ပြန်ပေးကြရလိမ့်မယ်ဗျား"

ရဲဝင်းနိုင်က ပျာပျာသလဲ လက် ကာသည်။

"အဲဒီကိစ္စ ကျောင်းဆောက်ရင် လှူတဲ့အထဲထည့်ဖို့ ကျွန်တော်ဆုံးဖြတ် ပြီးပါပြီ"

"ဟုတ်ပါပြီလေ။ ဒီကလေးတွေကို သူတို့မိဘတွေရှိစဉ်ကတည်းက ခုချိန်ထိ ဘကြီးစောင့်ရှောက်လာခဲ့တာပါ။ မောင် ရဲဝင်းနိုင်က ဦးငြိမ်းသားဆိုတာ ဘကြီး သိပြီးပါပြီ။ ဒါပေမယ့် သူတို့ကိုတော့ မပြောခဲ့ဘူး။ အကဲခတ်လေ့လာရတာ မျိုးတော့ ဘကြီးလုပ်ခဲ့ပါတယ်။ ဝန်ခံပါ တယ်။ ဒါပေမယ့် မောင်ရဲဝင်းနိုင်မိဘ တွေ မှာခဲ့တာတွေရှိတယ်နော်"

"ဟုတ်ကဲ့၊ ရှိပါတယ်ခင်ဗျ"

"တစ်ခုခုများ မေ့ကျန်နေတာရှိ သလား"

ဘကြီးမောင်၏ အေးစက်စက်အ ကြည့်ကို ရဲဝင်းနိုင်က စူးစူးရဲရဲ ပြန်ကြည့် ရင်း ထစ်ထစ်ငေါ့ငေါ့ဖြေသည်။

"မချန်ပါဘူး။ အဲ-မကျန်စေရပါ ဘူး ခင်ဗျ။ ကျွန်တော် မထွေးဥကို မြတ် မြတ်နိုးနိုးချစ်ပါတယ်။ အဲဒါ မှန်ကန် သော သစ္စာစကားပါ။ ကျွန်တော် လက် ထပ်ချင်ပါတယ်"

"မြတ်စွာဘုရားရေ"

ယခုတစ်ခါ ဇွန်းလွတ်ကျသူမှာ မမထွေးနု ဖြစ်သည်။ ရဲဝင်းနိုင်က ဖျတ် ခနဲ ကောက်ယူပြီး အဝတ်နှင့် အသေ အချာသုတ်သည်။ အရှက်ပြေလက်ဖက် သုပ်ခပ်ယူသည်။ နှစ်ကြိမ်၊ သုံးကြိမ် ကော်ခပ်သော်လည်း လက်ဖက်သုပ်က မပါလာ။

"ဇွန်းက မှောက်ရက်ကြီး"

ထွေးဥက တိုးတိုးပြောမှ-

"ဟီး ဟီး - ဟုတ်သားပဲ"

ဟု ဆိုကာ ဇွန်းကို ပြန်ထားလိုက် ၏။

"ဒါကတော့ တို့လူကြီးတွေ ဆုံး ဖြတ်လို့မရဘူးလေကွာ"

ဘကြီးမောင်က ပြုံး၍ပြောသည်။ ရဲဝင်းနိုင်က စကားပြန်ဆက်သည်။

"ဟုတ်ပါတယ်ခင်ဗျ။ အစ်မကြီး အမိအရာဆိုတဲ့စကားရှိပါတယ်။ မထွေး နုကိုလည်း ကျွန်တော် ခွင့်တောင်းပါ တယ်။ ကျွန်တော်မထွေးဥကို သစ္စာရှိရှိ ရိုးမြေကျပေါင်းသင်းမှာပါ။ ကျွန်တော့် မေတ္တာကို. . ."

"အောင်မယ်လေးတော်"

မထွေးနု၏ အလန့်တကြားအသံ ကြောင့် မိမိဘက်က ရှိင်းပျလွန်းသွားပြီ လားဟု ချွေးစေများပင် ထွက်လာသည်။ လန့်သွားသည်။

"ညည်းက ငါ့ပေါင်ကို ဘာလို့ လိမ်တာတုံးဟဲ့"

မထွေးနု၏နောက်ဆက်တွဲစကား ကြားရမှ ရဲဝင်းနိုင် သက်ပြင်းချနိုင်သည်။

"ဟို သူ သူ မထွေးဥကလည်း မမ ကို ဖွင့်ပြောပါလို့ ပြောပါတယ်"

"အမလေး၊ လိမ်ပြန်ပြီ"

မထွေးနုအသံကြောင့် ရဲဝင်းနိုင် ပျာပျာသလဲ ရှင်းပြ၏။

"ကျွန်တော် မလိမ်ပါဘူး။ ဒီကိစ္စ ဘဝအရေးပါ။ လိမ်စရာမဟုတ်ပါဘူး။ သစ္စာဆိုရဲပါတယ်။ ကျွန်တော့်ကိုသဘော မတူရင်လည်း မိဘမှာခဲ့တဲ့စကားတွေ အရ ဒီမြေကို ကျွန်တော် ကျေးဇူးဆပ် ရမှာပါ။ ရောနှောပြီး မမြင်ကြပါနဲ့ တောင်းပန်ပါတယ်"

ရဲဝင်းနိုင်ကို လူကြီးတွေ သာဓု ကောင်းချီးပေးကြသည်။

"ကိုယ့်မြေကိုချစ်ရင် မြေကလည်း ကိုယ့်ကို ပြန်ချစ်မှာပဲ။ ဘိုးဘွားပိုင်မြေ ယာကို လောဘဇောတက်ပြီး အမြတ် ထုတ်တဲ့လူဟာ မိဘရင်ကိုခွဲ၊ အသည်း ကိုထုတ်၊ နုပ်နုပ်စဉ်းပြီးကြော်လိုက်၊ချက် လိုက်လုပ်စားတဲ့သူနဲ့ အတူတူပဲကွာ။ ပစ္စုပ္ပန်၊ သံသရာ ဘယ်တော့မှမကောင်း စားဘူး။ ခွေးပုပဲကြည့်လေ။ သူတော် ကောင်းနဲ့မတွေ့ရင် ခွေးသေသေတာ




www.burmeseclassic.com

www.burmeseclassic.com

# မမေ့နိုင်သော

# လူဆိုး၊ လူမိုက်၊ လူရမ်းကားသူရဲကောင်းများ

လျှမ်းထက်




ကျွန်တော်သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဋ္ဌမဂ္ဂဇင်းကြီးတွင် 'ရဲဘော်မသေ' အမည်ဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အထက်မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်ခွင်များအတွင်း နှစ်ကြိမ်တိုင်တိုင် ထိုးဖောက်ဝင်ရောက်ခဲ့သည့် ဝင်းဂိတ်၏ ခြင်ဒစ်သို့မဟုတ် ခြသေ့်ပြောက်ကျားတပ်သားများအကြောင်း ရေးသား ဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးရေးသားရခြင်းမှာလည်း အမေရိကန်ပြည်ထောင်စုတွင် နှစ်ပေါင်းများစွာနေထိုင်၍ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဌာန (မြန်မာနိုင်ငံ) အဖွဲ့ခွဲတွင် အမှုထမ်းနေသော ကျောင်းနေဖက်သူငယ်ချင်း ကိုကျော်ဝင်း (အမေရိကန်ပြည်ထောင်စု၌ ကွယ်လွန်ခဲ့ရှာသည်။) နှင့် တွေ့ရာမှ အထက်ဖော်ပြပါ 'ရဲဘော်မသေ'ဆိုသော ဆောင်းပါးရေးသားရခြင်းကို ရှင်းလင်း ဖော်ပြခဲ့ပါသည်။

ထိုစဉ်က ကိုကျော်ဝင်းနှင့်အတူပါလာသော ဥရောပတိုက်သားသုံးဦးတို့မှာ ၁၉၄၃-၄၄ ခုနှစ်အတွင်းက မြစ်ကြီးနားခွင်နှင့် ကချင်ပြည်တောရပ်မြိုင်ခြေတွင် အဆင်းရဲ၊ အငတ်ခံ အသက်စွန့်ခဲ့ကြသော ဝင်းဂိတ်၏ ခြသေ့်တပ်မှ တပ်သားဟောင်း အရာရှိတစ်ဦးနှင့် အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ဗိုလ်ချုပ်မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားသူရဲကောင်း အရာရှိနှစ်ဦးတို့ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ မွေးဖွားလာခဲ့ကြပြီး စစ်ကြီးအတွင်း လူလူသူသူဖြစ်လာခဲ့ကြသူများဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံလူမှုဒုက္ခအပေါင်းကို မျက်ဝါးထင်ထင် မြင်တွေ့ရသူများဖြစ်ပါသည်။ စိတ်မချမ်းမြေ့ဖွယ်ရာများကို ခါးစည်း၍ ခံခဲ့ကြသူများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရင်ဆိုင်တိုက်နေကြသော မဟာမိတ်တပ်များနှင့် ဖက်ဆစ်ဂျပန်တပ်တို့ တိုက်ပွဲဆင်နေကြသည်များကို လက်တွေ့နှင့် သူပြောကိုယ်ပြောပါးစပ်ပြောဂေဇက်များမှတစ်ဆင့် နားမဆံ့အောင်ကြားခဲ့ကြပါသည်။ ထိုစဉ်ကာလက ခြင်ဒစ်ပြောက်ကျားတပ်ဖွဲ့နှင့် ထိုအဖွဲ့ကို ခေါင်းဆောင်သော ဝင်းဂိတ်၏အကြောင်းကို လည်းကောင်း၊ အမေရိကန်ဗိုလ်ချုပ်မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားပြောက်ကျားတပ်သားများအကြောင်းကို ထိုစဉ်က မဟာမိတ်တို့ဘက်မှ ထုတ်ဝေသော 'လေနတ်သား'သတင်းစဉ်များနှင့် ဂျပန်အစိုးရပြန်ကြားရေးဌာနမှ ထုတ်ပြန်သော 'ဒိုမေ' သတင်းစာများတွင် ဖတ်ရှုခဲ့ကြရသည်။

ပါးစပ်ပြောကောလာဟလသတင်းများတွင်မူ ဝင်းဂိတ်၏ ခြင်ဒစ်တပ်များနှင့် မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားများ၏ တပ်သားများ၏ စွန့်စား...

---

ကြာပြီ။ တို့ကတော့ လူလေးကို ယုံပါတယ်။ မကျေနပ်စရာမရှိပါဘူး"

သည်စကားကြားရတော့ ထွေးဥက သူ့မမအနား တိုး၍တိုး၍ကပ်သည်။ မမကလည်း သူ့ညီမလေးကို ဖက်ထားသည်။ မြင်ကွင်းကိုကြည့်ရင်း ရဲဝင်းနိုင် မျက်ရည်စိမ့်လာသည်။ မွေးချင်းတို့၏ မေတ္တာကို နားလည်ခံစားရသည်။ မမ ထွေးနုကို ကြည့်မိတော့ သူ့ကို ပြုံးပြီး ကြည့်နေသည်။ မမမျက်ဝန်းမှာလည်း မျက်ရည်တွေနှင့်လို့ပါလား။ ရင်ထဲမှာ ဆို့နင့်လာသလိုလို၊ မွန်းကျပ်လာသလိုလို မမနားလည်ပါစေဟုသာ မျှော်လင့်ရတော့သည်။

ထွေးနုကလည်း ညီမလေးကို ပွေ့ထားရင်း ရှည်လျားသော ဆံနွယ်လေးတွေကို ပွတ်သပ်နေသည်။ ညီမလေးရင်ခုန်သံကို ကြားနေရသည်။ ကိုယ့်ညီမလေးအကြောင်း မသိဘဲနေပါ့မလား။ အစ်မကြီးအမိအရာတဲ့ ညီမလေးဘာကို စိုးရိမ်တကြီး ကြောက်နေရှာသလဲ။ မမ မသိဘဲနေပါမလားကွယ်။ ညီမငယ်၏ နဖူးပြင်ကို ပါးနှင့်ကပ်ထားရင်း တိုးတိုးမေးသည်။

"ညီမ ထွေးဥ"

"ဟင် - မမ"

"မလိမ်ရဘူးနော်"

"မလိမ်ပါဘူး မမရယ်"

"တကယ်လား"

"တကယ်ပါ"

"လူကြီးတွေ ပြောတာ ကြားတယ်နော်"

"ကြားပါတယ်"

"ကိုရဲဝင်းနိုင် ပြောတာလည်း ကြားတယ်နော်"

"××××"

ထွေးဥမဖြေနိုင်။ ရှက်စိတ်ကြောင့် တုန်နေသည်။ မမပခုံးပြင်မှာ မျက်နှာဝှက်ထားရှာ၏။

"ကဲ-ဒါဆိုပြီးပြီ။ ဘကြီးမောင်တို့ ဖွားလေးသန့်တို့ မိဘအရာထားပြီး စီစဉ်ကြပါ။ ကျွန်မဘက်ကလည်း ကျေကျေနပ်နပ် သဘောတူပါတယ်"

ရဲဝင်းနိုင်တစ်ယောက် ထမခုန်မိအောင် အနည်းထိန်းထားရသည်။

"ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ ဟိုလေ အတု ဒီလိုလုပ်ရင် ကောင်းမလားလို့။ ဒီက မိဘတွေ မျှော်လင့်ခဲ့... စာသင်တိုက်ကြီး ဆောက်လို့ရေစက်... လှူပြီးမှ"

"အေး - ဒါလည်း ကောင်းသ... လူလေးစိတ်ဓာတ်လည်း ရွှာကသိသွားတာပေါ့"

ထွေးဥက သူ့မမကို နောက်မှ သိုင်းဖက်ထားသည်။ မမထံမှ လန့်အော်သံထွက်လာသည်။

"ဟဲ့ - ငါလည်းကုပ်ဘာလုပ်လိုက်... တုံး ထွေးဥရဲ့။ ယားကယားပါဘိသနဲ့"

မြေချစ်သူတိုင်းပျော်ရွှင်ကြပါ...

မောင်အောင်မြင့် (ရွှေပြည်သာ...)

www.burmeseclassic.com

www.burmeseclassic.com

းမှာ အံ့ဖွယ်သရဲဖြစ်ပြီး ပြောမဆုံး အောင် တောသုံးထောင်ဖြစ်ခဲ့ရသည်။ တပ်ဖွဲ့နှစ်ဖွဲ့သည် သမားရိုးကျစစ်ဆင် နည်းကို မသုံးကြ။ ပြောက်ကျားစစ်တွင် ကာရာဇ်တစ်ဆူဟု စစ်ရေးစောင့်ကြည့် အကဲခတ်လေ့လာသူများက တညီတ ညွတ်တည်း ကင်းပွန်းတပ်ခြင်းခံရသော ဂျပန်ဘုရင့်ကြည်းတပ်မတော်ကို တုန် လှုပ်ချောက်ချားသွားအောင် စွမ်းဆောင် ခဲ့သူများဖြစ်သဖြင့် ယနေ့အထိ မမေ့နိုင် သော သူရဲကောင်းများဟု ထိုဆောင်းပါး တွင် ကျွန်တော်ရေးသားခဲ့ပါသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအ တွင်း ထူးထူးခြားခြား ပေါ်ထွန်းသော စစ်ခေါင်းဆောင်များအနက် ဝင်းဂိတ် သည် ရာထူးအငယ်ဆုံး ဖြစ်ပါသည်။ သို့သော် သူ၏ ထူးခြားသော စစ်ဆင် နည်းစနစ်ကို သူတစ်ယောက်သာလျှင် ကြံစည်စိတ်ကူး လက်တွေ့အကောင် အထည်ဖော်ခဲ့သူ ဖြစ်ပါသည်။ စစ် သမိုင်းစာအုပ်ကြီးများအတိုင်းမဟုတ်ဘဲ တစ်မူထူးခြားသော စစ်ဆင်နည်းကို သူ တစ်ယောက်သာ ကြံစည်စိတ်ကူးသူဖြစ် သောကြောင့် သူနှင့်ခေတ်ပြိုင် မဟာမိတ်စစ် အရာရှိကြီးများက တမူထူး၍ စစ်ရူးထ သူဟု ကွယ်ရာတွင် လှောင်ပြောင်ပြော ဆိုခဲ့ပြီးသူ မဟာမိတ်စစ်ဌာနချုပ်အား တင်ပြသည့် စီမံချက်များကို စစ်အရာ ရှိကြီးအချို့က ဖတ်ရှုအကဲခတ်ခြင်းမပြု ဘဲ ချောင်ထိုးထားခဲ့သည်။ သို့သော် ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန် ချာချီ၊ အမေရိကန်ပြည်ထောင်စုသမ္မတ ကြီး ရုစဗဲ့နှင့် အမေရိကန်ပြည်ထောင်စု စစ်အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ ဗိုလ် ချုပ်ကြီး မာရှယ်နှင့် မြန်မာနိုင်ငံ စစ်မျက် နှာတွင် တာဝန်ယူခဲ့ကြရသော ဗိုလ်ချုပ် ကြီး လော့(ဒ်)လူဝီမောင့်ဘက်တန်၊ ဗိုလ် ချုပ်ကြီးဝေဗယ်နှင့် ဗိုလ်ချုပ်ကြီး စလင်း တို့ကမူ ဝင်းဂိတ်၏ရန်သူနယ်မြေအတွင်း အဝေးချီ ထိုးဖောက်၍ ပြောက်ကျား တိုက်ခိုက်မည့် နည်းဗျူဟာကို အလေး အနက်ထားကြသည်။

သို့ဖြစ်၍ ယင်း 'ရဲဘော်မသေ' ဟူသော ဆောင်းပါးတွင် 'ဝင်းဂိတ်' အကြောင်းကို အသေးစိတ် ရေးသား ဖော်ပြပေးခဲ့ပါသည်။ ဤဆောင်းပါးကို ဖတ်ရှုခဲ့သော ကျွန်တော့်ကျောင်းသား ဟောင်းများနှင့် ကျွန်တော်၏ကျောင်း နေဖက် တရားရေးဌာနမှ အငြိမ်းစား အရာရှိကြီးတစ်ယောက်က ထိုဆောင်း ပါးတွင် ကျွန်တော် တစေ့တစောင်း ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ဗိုလ်ချုပ်မာရီးလ် အကြောင်းကိုလည်း ရေးသားဖော်ပြ









www.burmeseclassic.com

www.burmeseclassic.com

သင့်သည်ဟု ထောက်ပြခဲ့သည်သာမက သူကျောင်းသားဘဝက ဝယ်ယူထားခဲ့သည့် ချာ(လ်)တန်အော့(ဂ်)ဘန်း ရေးသော The Marauders 'လူဆိုး၊ လူမိုက်၊ လူရမ်းကားများ' ဟူသော စာအုပ်နှင့် ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ တင်ဆက်ပြသသော ဖြစ်ရပ်မှန်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တိုက်ပွဲမှတ်တမ်းတင် ဗီဒီယိုအခွေများကိုပေးခဲ့ပါသည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့သည် ဝင်းဂိတ်နှင့် သူ့ခြင်္သေ့တပ်အကြောင်းများကိုသာ ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ကြရသည်။ ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်ကြီးသည်လည်း ဝင်းဂိတ်၏ စစ်ကြောင်းမှူး ဖာဂူဆန် ရေးသားခဲ့သော တိုက်ပွဲစဉ်များ (ထိုစာအုပ်များကို တက္ကသိုလ် နန္ဒမိတ်က 'ချင်းတွင်းကိုကျော်လျှင်'ဟူ၍ မြန်မာဘာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ သို့သော် မာရီးလ်၏ 'လူဆိုး၊ လူမိုက်၊ လူရမ်းကားများနှင့် ပတ်သက်သော စာအုပ်စာတမ်း၊ မြန်မာဘာသာပြန်များကို ကျွန်တော်လက်လှမ်းမီသလောက် ရှာဖွေ စုံစမ်းသော်လည်းမတွေ့ခဲ့ရ။မာရီးလ်၏ ရဲဘော်များမှာ မြန်မာနိုင်ငံတိုက်ပွဲစဉ်များအကြောင်း ရေးသား ဖော်ပြခဲ့သော စာအုပ်များတွင် အောက်ခြေစုအမှတ်အသား Foot-Note အဖြစ်သာ တွေ့ခဲ့ကြရသည်။

အမှန်အားဖြင့် ဗိုလ်ချုပ်မာရီးလ်မှာလည်း နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှတို့ မြန်မာနိုင်ငံမှ အောင်မြင်စွာ ဆုတ်ခွာခဲ့ရစဉ်ကပင် တရုတ်တပ်များ၏ အကြီးအကဲ အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ကိုယ်ရေးအရာရှိတစ်ဦးအဖြစ် အမှုထမ်းခဲ့ပြီး ဗြိတိသျှဗိုလ်ချုပ်ကြီးစလင်းနှင့်လည်း လက်တွဲခဲ့သူတစ်ဦး ဖြစ်ပါသည်။ သူ၏ 'လူဆိုး၊လူမိုက်၊လူရမ်းကားများ' တပ်ဖွဲ့သည်လည်း ကချင်ပြည်နယ်တိုက်ပွဲစဉ်များတွင် ခြင်္သေ့တပ်များကဲ့သို့ အသက်စွန့်၍ တိုက်ခဲ့ရသူများ ဖြစ်ပါသည်။

'လူဆိုး၊ လူမိုက်၊ လူရမ်းကားများ' (The Marauders) ဟူသော အမည်များမှာ မဟာမိတ်စစ်အာဏာပိုင်များကပေးသောအမည် မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုတွင် ဩဇာတိက္ကမ အကြီးမားဆုံးသတင်းစာကြီးဖြစ်သော နယူးယောက်တိုင်း(မ်) သတင်းစာကြီးက




ကင်ပွန်းတပ်ခဲ့သောအမည် ဖြစ်ပါသည်။ မဟာမိတ်စစ်အာဏာပိုင်များက ထိုရန်သူ့နယ်မြေ ထိုးဖောက်ချီ ပြောက်ကျားတပ်ဖွဲ့အား 'ဂါလဟက်' ဟု လျှို့ဝှက်အမည်ပေးခဲ့ကြသည်။ ကျွန်တော်မှတ်မိသလောက် ထိုတပ်ဖွဲ့များအကြောင်း ရုပ်ရှင်ကားကို The Marauders အမည်ဖြင့်ပင် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ ရုပ်ရှင်ရိုက်ကူးပြသခဲ့သည်ကို ကြည့်ရှုခဲ့ဖူးသည်။ သို့သော် ထိုရုပ်ရှင်ကား၏ ဇာတ်ဆောင်ကိုမူ မမှတ်မိတော့။ 'လူမိုက် လူရမ်းကား တပ်ဖွဲ့ဝင်များသည်လည်း ဝင်းဂိတ်၏ ခြင်္သေ့တပ်သားများနည်းတူ အသက် (၁၉) နှစ်မျှရှိသည်။ ထို့အတူ တပ်မှာ ကချင်ပြည်နယ်အတွင်းတိုက်ပွဲများ အများဆုံးဆင်နွှဲခဲ့ကြရသည်။ ရိက္ခာပစ္စည်းများမှာ လေတပ်ကိုသာ အားကိုးရပြီး ထိုတပ်ဖွဲ့ဝင်များသည် များသောအားဖြင့် ရှိပြီးသားလမ်းများကို ရှောင်ပြီး ကိုယ်လမ်းကိုယ်ထွင်၍သွားရသူများ ဖြစ်သည်။

ထို့ကြောင့်လည်း သူတို့သည် ထူပေ့ပိန်းပေ့ဆိုသော ကချင်ပြည်နယ်မှ တောကြီးများ ထူးထူးခြားခြား မြင့်ပေ့၊ ဇောက်ပေ့ဆိုသော တောင်များ၊ အသူတစ်ရာနက်သော ချောက်ကမ်းပါးများဘေးရှိ လူတစ်ယောက်သာ လျှောက်လှမ်းနိုင်သော လမ်းကလေးများကိုသာ လျှောက်ကြရသည်။ ထိုလမ်းများမှာ ဒေသခံတိုင်းရင်းသားများ သွားလေ့သွားထမရှိသောလမ်းသာသာ ဖြစ်သည်။ တစ်ခါတစ်ရံ တစ်နေ့လုံး ချီတက်သွားနိုင်ပါမှ လေးမိုင်၊ ငါးမိုင်မျှကိုပင် အနိုင်နိုင်ပေါက်သည်ဟု မှတ်တမ်းများအရ

သိရသည်။ တစ်ခါတစ်ရံ စိမ့်မြေများ
နွံအိုင်များ၊ သစ်ရွက်ဆွေးများ စုပုံနေ
သဖြင့် သစ်ပုပ်နံ့၊ ဖွက်ပုပ်နံ့တို့ကလည်း
လှိုင်နေသည်ဟုလည်း သိရ၏။

အလွန်မတ်စောက်သော တောင်
ကမ်းပါးများကို တက်ကြသောအခါ
မတ်မတ်ရပ်၍ မတက်နိုင်။ လေး
ထောက်၍ တက်ကြရသည်။ တောင်
များပေါ်မှအဆင်းတွင်လည်း အ
သတိထား၍ ဆင်းကြရသည်။ အ
တောင်ထိပ်များမှာ ဆီးနှင်းများကြော
ချောကျိုနေသဖြင့် လူဆိုး၊ လူမိုက်၊ လူ
ရမ်းကားတပ်ဖွဲ့ဝင်များမှာ မကြာ
လဲကျကြသည်။ ၎င်းတို့တပ်ဖွဲ့ဝင်များ
အတူပါလာသော မြည်းများမှာလည်း
တလိမ့်ခေါက်ကွေးကျသွားလေ့ရှိ၏။
အကြောင်းမလှသူများအဖို့ ဤ
မတော်တဆခြေချော်လက်ချော်
လျှင် တောင်အောက်ခြေရှိ စိမ့်မြေ
အိုင်များအတွင်း အစပျောက်သွား
သည်။

သူတို့တပ်ဖွဲ့ချီတက်ရသည့်
တစ်လျှောက် ကိုက်အနည်းငယ်
သွားရသည်ဟု မရှိကြ။ ထာဝစဉ်
အေးထိုင်းမှိုင်းနေသည်။ အလွ
သော မျှော့များ၊ ကင်းခြေများ
မှက်၊ ခြင်တို့က သူတို့အား စောင့်
ကြသည်။ ဤမျှအန္တရာယ်များသည်
ရှည် ထိုးဖောက်ရာတွင် တစ်ခါ
ဖက်ဆစ်ဂျပန်စစ်ကြောင်းများနှင့်
ကြရာမှ တိုက်ပွဲများဖြစ်ပွားခဲ့သည်
ပေါင်းများစွာချီတက်ရာတွင် တ
ရံ လူသူဘယ်နေရာမှမ
ရောက်ဖူးဟန်မရှိသောနေရာများ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြရသည်ဟု သိရ၏။ ရာသီဥတုမှာလည်း ထာဝစဉ် စိမ့်အေးစွတ်စိုထိုင်းမှိုင်းလျက်ရှိသည်။

တစ်ခါတစ်ရံ ဆင်ပြင်လာခြင်းမရှိဘဲ မိုးရွာချလာပြီး တစ်ခါတစ်ရံတွင်မူ ဆင်ပြင်လာသည့် မိုးတိမ်တောင်များနှင့်အတူ သဲသဲမဲမဲရွာချလာသည်။ ကင်းထောက်ဂျပန်လေယာဉ်ပျံများနှင့် တွေ့ကြရလျှင် ဗျိုက်တောများ၊ ဆူးချုံများ၊ ပိန်းပင်တောများအတွင်း ဝပ်နေကြရသည်။ ထိုစဉ်က မှတ်တမ်းများအရ မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားများ၏ အဝေးချီတက်တပ်မကြီးတွင် သက်နက်ကြီးတပ်၊ စက်သေနတ်တပ်၊ အင်ဂျင်နီယာတပ်၊ အချက်ပြဆက်သွယ်ရေးတပ်၊ ဆေးတပ်များပါဝင်ရာ အားလုံး တပ်ရင်းကြီး (၃) ရင်းစားမျှ ပါဝင်သည်။ မြည်း သို့မဟုတ် လားအကောင်ရေပေါင်း (၇၀၀)ပါဝင်သည်ဟုဆိုသည်။

ယင်းတပ်များမှာ ဖက်ဆစ်ဂျပန်တပ်တို့အား လှည့်ပတ်တိုက်ရသော တပ်များသာဖြစ်၏။ လူဆိုး၊ လူမိုက်၊ လူရမ်းကားအဝေးချီထိုးဖောက်တိုက်ခိုက်သည့် တပ်များသည် မြစ်ကြီးနားမြို့တွင် ကျားကုတ်ကျားခဲခုခံကာကွယ်နေသော ဂျပန်တပ်များအား ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများ အကူတပ်များပေးပို့နိုင်ခြင်းမရှိအောင် ကြားဖြတ်၍ တိုက်ကြရသည် ဖြစ်သည်။

ဤလူဆိုး၊ လူမိုက်၊ လူရမ်းကားတပ်များအတွက် နေ့စဉ် လိုအပ်သောရိက္ခာမှာ (၁၅)တန်မျှရှိ၏။ ထိုရိက္ခာများကို နေ့စဉ်လိုလိုပင် လေကြောင်းမှ လေထီးများဖြင့်ချပေးရသည်။ တစ်ခါတစ်ရံ ဂျပန်တို့၏ တောတွင်းကင်းစခန်းနှင့် တွေ့ကြပြီး တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။ ဝေဟင်မှ လေယာဉ်ပျံများက ရိက္ခာချပေးရမည့်နေရာတောင်းသောအခါ တောတောင်စိမ့်မြေထူထပ်သော နေရာတွင် ရိက္ခာချပေးရမည့် နေရာကောင်းမရှိ။ ဖြစ်သလိုချပေးရသည်။ ရိက္ခာချပေးသော လေထီးအချို့မှာ သစ်ပင်များပေါ်တွင် ငြိနေကြပြီး အချို့မှာ ရွှံ့တော၊ ဗွက်တောများတွင်း ကျသွားတော့၏။

ဗိုလ်ချုပ်မာရီးလ်၏တပ်များသည် တစ်ခါတစ်ရံ တစ်နေ့ တစ်မိုင်သာသာလောက်သာလျှင် ချီတက်နိုင်ကြသည်။ ကချင်ပြည်နယ် ဝါလောဘမ်မှ စတင်ထွက်လာခဲ့သော မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကား ပြောက်ကျားတပ်ဖွဲ့



သည် ကချင်ပြည်နယ် မိုးကောင်းဘက်သို့ နီလာလေလေ ဂျပန်တို့နှင့် မကြာခဏ တောတွင်းတိုက်ပွဲများ ဆင်နွှဲခဲ့ကြရသည်။ တပ်သားများအားလုံးမှာ မုတ်ဆိတ်မွေးဗရပျစ်နှင့်တကယ့်တောတွင်းသားများ ဖြစ်ကြတော့သည်။ အချို့တပ်သားများမှာ မျက်တွင်းဟောက်ပက် ပိန်ရှည်ရှည် အရိုးပေါ်အရေတင်များ ဖြစ်လာကြသည်။ ဤသို့သော အခြေအနေရောက်ရှိလာချိန်တွင် ဗိုလ်ချုပ်မာရီးလ်မှ ပြင်းထန်သော နှလုံးရောဂါဝေဒနာခံစားလာရ၏။ သို့ဖြစ်၍ လေယာဉ်ငယ်တစ်စင်းဖြင့် အိန္ဒိယသို့ပို့လိုက်ရသည်။

မာရီးလ်၏တပ်သားများကို တောတွင်းဒေသခံ မြန်မာနိုင်ငံသားလူမျိုးစုများကလည်း တပ်နိုင်သလောက် အကူအညီပေးခဲ့သဖြင့် သတ်မှတ်ထားသည့်ရက်မတိုင်မီ လူဆိုး၊ လူမိုက်များ၊ လူရမ်းကားများတပ်ဖွဲ့သည် စတီးဝဲလ်၏ တပ်များနှင့်ပေါင်းမိပြီး မြစ်ကြီးနားလေယာဉ်ကွင်းအား သိမ်းပိုက်မိခဲ့သည်။

မာရီးလ်၏ တပ်သားများမှာ လူမျိုးစုံလှသည်။ အမေရိကန်ပြည်ထောင်စုသား၊ ဖိလစ်ပိုင်နိုင်ငံသား၊ တရုတ်၊ မလေး၊ ကနေဒါနိုင်ငံသား စသည်တို့ပါဝင်ပြီး ဘဝမျိုးစုံကျင်လည်ခဲ့ဖူးသူများ ဖြစ်သည်။ သူတို့ကို ခေါင်းဆောင်သည့် ဗိုလ်ချုပ်မာရီးလ်မှာလည်း အတွေ့အကြုံမျိုးစုံတွေ့ခဲ့ရသူ ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက ဂျပန်ဘာသာလေ့လာသင်ယူခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်တွင် ဂျပန်ဘာသာသင်ပြသည့် ဗိုလ်မှူးတာဝန်ယူခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ မြန်မာနိုင်ငံစစ်မျက်နှာတွင် အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ လက်အောက်တွင် ဌာနချုပ်တာဝန်ခံ ဗိုလ်မှူးတာဝန်ကိုယူခဲ့ရသည်။ တရုတ်တပ်များနှင့်တွဲ၍ မြန်မာနိုင်ငံ တောင်ငူစစ်မျက်နှာတွင် တိုက်ပွဲဝင်ခဲ့ရသည်။ ပျော်ဘွယ်မြို့အား ဂျပန်ဘုရင်လေတပ်မတော်မှ တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်စဉ် တစ်ဦးတည်း စက်သေနတ်ဖြင့် ခုခံပစ်ခဲ့သူဖြစ်သည်ဟု ဆိုသည်။ ဗြိတိသျှတို့၏အမှတ်တရ အိန္ဒိယတပ်မတော် ဗိုလ်ချုပ်ကြီးစလင်းနှင့်လည်း အတူလက်တွဲခဲ့ဖူးသော အရာရှိဖြစ်၏။

၁၉၄၃ ခုနှစ် မေလတွင် ကနေဒါနိုင်ငံ ကွိဘက်မြို့တွင် ကျင်းပသည့် ညီလာခံဆုံးဖြတ်ချက်အရ မာရီးလ်မှာ ဝင်းဂိတ်၏ ခြသေ့်တပ်များနည်းတူ အမေရိကန်ပြည်ထောင်စု အဝေးချီထိုးဖောက်တပ်မတော် (American Long Range Penerration Brigade) အား လေ့ကျင့်တည်ထောင်ရန် တာဝန်ပေးခြင်းခံရသည်။

ထိုစဉ်က အထက်မြန်မာနိုင်ငံစစ်မျက်နှာနှင့် လီဒိုလမ်းမကြီးဖောက်လုပ်ရေးကို တာဝန်ယူထားရသော တရုတ်တပ်များ၏ သေနာပတိအဖြစ်တာဝန်ယူထားရသူ ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် ခြသေ့်တပ်ဖွဲ့တို့၏ ခေါင်းဆောင် ဗိုလ်ချုပ်ဝင်းဂိတ်တို့၏ဆက်ဆံရေးမှာ အဆင်မပြေ။ စတီးဝဲလ်ကလည်း ဝင်းဂိတ်ကိုကြည့်မရသူ ဖြစ်၏။ သို့ဖြစ်၍ လီဒိုလမ်းအောင်မြင်စွာ ဖောက်လုပ်နိုင်ရေးနှင့် ဟူးကောင်းချိုင့်ဝှမ်း၊ ကချင်ပြည်နယ်မှ ဂျပန်တပ်တို့အား မောင်းနှင်တိုက်ထုတ်ပေးတွင် အမေရိကန်ပြည်ထောင်စုသားတစ်ဦးခေါင်းဆောင်သည့် အဝေးချီ ထိုးဖောက် ပြောက်ကျားတပ်ဖွဲ့လိုအပ်သည်ဟု ယူဆလာရာနမှ မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားတပ်ဖွဲ့ ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်သည်ဟုလည်းဆိုကြ၏။

မာရီးလ်မှာမူ ဝင်းဂိတ်နှင့် ရင်းရင်းနှီးနှီးဆက်ဆံခဲ့သည်။ သူ့တပ်ဖွဲ့ဝင်များအား အာသံပြည်နယ်တောင်တန်းဒေသ၌ တောတွင်း၌ လေ့ကျင့်ရာတွင် ခြသေ့်တပ်မှအတွေ့အကြုံရင့်သောစစ်ကြောင်းမှူး ဗိုလ်မှူးဘာဂူဆန်ထံမှ အကြံဉာဏ်လည်းယူခဲ့သည်သာမက အချို့လေ့ကျင့်မှုများကို ခြသေ့်တပ်မှ တာဝန်ရှိသူများက လေ့ကျင့်ပေးခဲ့သည်ဟု သိရ၏။

မည်သို့ပင်ဆိုစေကာမူ မာရီးလ်၏ လူဆိုး၊ လူမိုက်၊ လူရမ်းကားများသည် ခြသေ့်တပ်များနည်းတူ အသက်စွန့်၍ တိုက်ပွဲဝင်ခဲ့ရသူများ ဖြစ်သော်လည်း သူတို့မှာ ခြသေ့်တပ်များကဲ့သို့ လူသိမများခဲ့။ အသေခံတပ်သားများဖြစ်ခဲ့ရသည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

The Marauders

By - C. Ogburn



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ ကြိုရတနာ-အရာဓေယျာလင်း

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့ကို ကျွန်ုပ်သည် ငယ်စဉ်ကတည်းကပင် အလွန်စိတ်ဝင်စားခဲ့ပေသည်။ ထိုပညာရပ်တို့၏ အကြောင်းကို ကျွန်ုပ်သိချင်သည်။ ထိုပညာရပ်တို့၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်လိုသည်။ ထိုပညာရပ်တို့၏ အနှစ်သာရများကို နားလည်ခံစားလိုသည်။ ထိုပညာရပ်တို့၏ အကျိုးတန်ဖိုးသိဒ္ဓိများသည် မည်မျှအတိုင်းအတာအထိ အစွမ်းသတ္တိရှိသည် စသည်တို့ကို သိရှိပါရခြင်းအလို့ငှာ ကျွန်ုပ်လက်လှမ်းမှီသမျှ လေ့လာသည်။ စူးစမ်းသည်။ သုတေသနများပြုလုပ်ကြည့်သည်။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့အား ထိုသို့လေ့လာခဲ့သောအခါ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့တွင် ပြဒါးသေ၊ သံသေလုပ်ရတ်ပညာဖြစ်သော အဂ္ဂိရတ်ပညာ၊ အင်းအတတ်ပညာ၊ ရုက္ခမူသစ်ရွက်၊ သစ်မြစ်၊ သစ်ခေါက် စသော အပင်ပစ္စည်းများ၊ အခြား သတ္တု၊ အရာဝတ္ထုများတို့ကို စုဆောင်းထောင်းကြိတ်၍ ဂါထာမန္တန်၊ အင်းအိုင်တို့ဖြင့် ပေါင်းစုစီရင်ရသော ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာ၊ ဂါထာမန္တန်အတတ်ပညာဟူ၍ အဓိကဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်ကြီးလေးခုကို တွေ့ရှိခဲ့ရပါသည်။

ထိုပညာရပ်များထဲမှ ကျွန်ုပ်စိတ်အဝင်စားဆုံးပညာရပ်မှာ ဂါထာမန္တန်အတတ်ပညာနှင့် အင်းအတတ်ပညာတို့ပင်ဖြစ်ပါသည်။စင်စစ်သော်ကား ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့သည် တစ်ခုနှင့်တစ်ခု ကင်းကွာ၍ မရပါ။ တစ်မျိုးနှင့်တစ်မျိုး၊ တစ်ခုနှင့်တစ်ခု၊ တစ်နည်းနည်းဖြင့် ဆက်စပ်ကူးပေါင်းစီရင်လုပ်ဆောင်ကြရသည်သာ ဖြစ်ပါသည်။

ဤသို့ ပညာရပ်များကို လေ့လာကြည့်ခဲ့ရာတွင် ပညာရပ်ဆိုင်ရာအသုံးအနှုန်းအခေါ်အဝေါ် (Terms) များမှာ တစ်ကျမ်းနှင့်တစ်ကျမ်း၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တူညီမှုမရှိ၊ တိကျသေချာ သတ်မှတ်သုံးစွဲခြင်းမရှိသည်က များသည်ကို တွေ့ရပါသည်။ အထူးသဖြင့် အဂ္ဂိရတ်ပညာတွင် မူလကပင် ပညာရပ်များကို လင်္ကာ၊ စကားဝှက်များဖြင့် ရေးသားထားခဲ့ကြသည့်အပြင် အခေါ်အဝေါ် အသုံးအနှုန်းများကလည်း မတူညီပြန်ပါချေ။ ကျန်ပညာရပ်များကိုလည်း ထိုနည်းလည်းကောင်းသာဖြစ်သည်ကများပါသည်။ ထို့ကြောင့်လည်း ရှေးပညာရှင်ကြီးများ၏ ပညာရပ်များကို နှောင်းလူတို့ နားလည်ရန်ခက်ခဲကြပြီး ပညာရပ်များသည် ကြာလျှင် တိမ်မြုပ်ပျောက်ကွယ်သွားလေမည်လားဟုပင် စိုးရိမ်ရဖွယ်ရှိလေသည်။

ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းအချက်များမှာ ရှေးပညာရှင်ကြီးများက ဤပညာရပ်ကို လျှို့ဝှက်မှုများလွန်းခြင်း၊ အခေါ်အဝေါ်အသုံးအနှုန်းများညီညွတ်မှု (conform) မဖြစ်ခြင်း၊ စနစ်တကျ မှတ်တမ်းတင်မှု အားနည်းခြင်းများကြောင့် ဖြစ်ကြောင်း တွေ့ရပါသည်။ (ဤနေရာ၌ ကျွန်ုပ်သည် ရှေးပညာရှိကဝိကြီးများ ပညာရပ်တို့ကို ထားရစ်ခဲ့ရာ သူတို့အကြောင်းနှင့်သူတို့၊ သူတို့နည်းသူတို့ဟန်ဖြင့် အဘယ်ကြောင့် ထိုသို့ထားရစ်ခဲ့ကြသည်ကို မသိရှိသည့်အပြင် အကြောင်းရင်းကို အကုန်အစင် မသိခြင်းကိုသာ တင်ပြနေခြင်းဖြစ်ပြီး ပြစ်တင်ဝေဖန်နေခြင်း မဟုတ်ကြောင်း စကားချပ်အနေဖြင့် ပြောလိုပါသည်။)

ဤပညာရပ်များသာမက အခြားသော မြန်မာ့ရှေးရာဇဝင်၊ သမိုင်းဆိုင်ရာ မှတ်တမ်းများ၌လည်း မှတ်တမ်းတင်စနစ်အားနည်းခြင်းကြောင့် သမိုင်းဆိုင်ရာကိစ္စများ၌ အငြင်းပွားဖွယ်ရာများ မကြာခဏ တွေ့မြင်နေကြောင်း သိရပေသည်။ သို့ဖြစ်ရာ ယခုလက်ရှိကာလ၌ ရှိနေသော ကျွန်ုပ်တို့ခေတ် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာကို လေ့လာလိုက်စားသူများအနေဖြင့် နှောင်းခေတ်မျိုးဆက်သစ်များအတွက် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာများကို မိမိတို့အထူးပြုဘာသာရပ်၊ ပညာရပ်အလိုက် စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထားရစ်ခဲ့ကြရန် တာဝန်ရှိသည်။ ဆောင်ရွက်သင့်သည်ဟု ယူဆမိပါသည်။ ထိုသို့ယုံကြည်ယူဆသည့်အားလျော်စွာ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်စိတ်ဝင်စားလေ့လာသုတေသနပြုနေသော ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းပညာရပ်နှင့် ပတ်သက်သည့် အခန်းကဏ္ဍ၌ စနစ်တကျ မှတ်တမ်းတင်သင့်သည့်အရာများကို ရေးသား ပြုစုမှတ်တမ်းတင်မည်ဟု စဉ်စားဆုံးဖြတ်မိသည်အလျောက် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

သိပ္ပံပညာနှင့်ဝိဇ္ဇာပညာရပ်တို့၏ အခြေခံကွဲလွဲချက်တစ်ခုမှာ သိပ္ပံပညာရပ်တို့သည် အလွန်စနစ်ကျတိကျမှန်





www.burmeseclassic.com

www.burmeseclassic.com

ကန်စွာ ပိုင်းခြားစိတ်ဖြာ မှတ်တမ်းထားခြင်းပင် ဖြစ်သည်။ သိပ္ပံပညာရပ်တို့တွင် အခေါ်အဝေါ် အသုံးအနှုန်းများသည် လည်းကောင်း၊ အမျိုးအစားခွဲခြားခြင်း (classification) သည် လည်းကောင်း၊ လွန်စွာစနစ်ကျသေချာပြီး တညီတညွတ်တည်းဖြစ်ရကား သိပ္ပံပညာကို နားလည်တတ်ကျွမ်းပါက မည်သည့်လူမျိုးမဆို ထိုသက်ဆိုင်ရာ သိပ္ပံပညာရပ်နှင့် ပတ်သက်သည်များကို ဖြန့်လိုက်သည်နှင့် နားလည်သဘောပေါက်သိနိုင်ကြလေသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ထင်ရှားသော ဥပမာသာဓကတစ်ခုအဖြစ် သိပ္ပံပညာရပ်တစ်ခုဖြစ်သော ရုက္ခဗေဒပညာနှင့် ပတ်သက်သည့် အကြောင်းကိစ္စတစ်ခုကို ဖော်ပြလိုပါသည်။ ထိုရုက္ခဗေဒပညာတွင် အပင်များကို အမည်ပေး အမျိုးအစားခွဲခြားခြင်း ပညာ (Taxonomy) ဟူသော ဘာသာရပ်တစ်ခုရှိပါသည်။ ထိုဘာသာရပ်မှာ သီးနှံသစ်ပင်တစ်ခုကို သိပ္ပံနည်းကျ အမျိုးအစားခွဲခြားအမည်ပေးသတ်မှတ်သည့်ဘာသာရပ်ဖြစ်သည်ဟု အကြမ်းအားဖြင့် ပြောရပါမည်။ ဤအကြောင်းကို ဥပမာတချို့ဖြင့်တင်ပြရသော် -

ဥပမာ (၁) -

ကျွန်ုပ်တို့ စားသုံးလေ့ရှိကြသော ဟင်းသီးဟင်းရွက်အမျိုးအစား သီးနှံတစ်ခုဖြစ်သည့် ရုံးပတီသီးကို မြန်မာလို ရုံးပတီသီး၊ အင်္ဂလိပ်လို Okra သို့မဟုတ် Lady Finger ဟု ခေါ်ပါသည်။ ယင်းကို ရုက္ခဗေဒအမည် (Botanical Name) သို့မဟုတ် သိပ္ပံအမည် (Science Name) ဖြင့် အောက်ပါအတိုင်း ခေါ်ဆိုကြောင်း တွေ့ရပါမည်။

သီးနှံအမည် - မြန်မာအမည် ရုံးပတီသီး၊

(၁) အင်္ဂလိပ်အမည် - Okra or Lady's Finger.

(၂) မျိုးရင်း (Family) - Malvaceae.

(၃)ရုက္ခဗေဒအမည် - Hibiscus esculentus.

ထို့အတူ အခြားသီးနှံအချို့ကို လေ့လာကြည့်သော် -

သီးနှံ - ခရမ်းသီး။

(၁) မြန်မာအမည် - ခရမ်းသီး

(၂) အင်္ဂလိပ်အမည် - Brimjal or Egg Plant.

(၃) မျိုးရင်း (Family) - Solanaceae.

(၄) ရုက္ခဗေဒအမည် - Solanum melongema.

သီးနှံ - ကန်စွန်းရွက်

(၁) မြန်မာအမည် - ကန်စွန်းရွက်

(၂) အင်္ဂလိပ်အမည် - water cress or Rabbitgreen.

(၃) မျိုးရင်း(Family) - Convolvaulaceae.

အထက်ပါ ဥပမာတို့ကိုကြည့်ခြင်းဖြင့် မြန်မာတို့ကရုံးပတီသီးဟုခေါ်သော သီးနှံတစ်ခုကို အင်္ဂလိပ်တို့က Lady's finger သို့မဟုတ် Okra ဟုသာ ခေါ်ဝေါ်သိထားကြမည်ဖြစ်ပြီး ထိုရုံးပတီကို အိန္ဒိယ၊ ထိုင်း၊ တရုတ်တို့ကလည်း သူတို့အခေါ်အဝေါ်နှင့်သူတို့ သိရှိ မှတ်သားထားကြမည်သာ ဖြစ်ပါသည်။ သို့ရာတွင် ထိုရုံးပတီကိုပင် ရုက္ခဗေဒအမည်ဖြစ်သော Hibiscus esculentus ဟု ဖော်ပြထားပါက မြန်မာရုက္ခဗေဒပညာရှင်ဖြစ်စေ၊ အင်္ဂလိပ်၊ တရုတ်၊ ယိုးဒယား၊ အိန္ဒိယ၊ ပြင်သစ် စသည်ဖြင့် တစ်ကမ္ဘာလုံးမှ ရုက္ခဗေဒပညာရှိများသည် သူတို့ထိုသီးနှံကို ကောင်းစွာမသိသည့်တိုင် ထိုသီးနှံကား ရုံးပတီသီးပါတကားဟု သိပ္ပံနည်းအရ သိကြပေမည်သာ ဖြစ်ပေသည်။ ထိုနည်းအတူ ခရမ်းသီး၊ ကန်စွန်းရွက်နှင့် အခြားသော သီးနှံသစ်ပင်တို့ မှိုလည်း မိမိတို့ သက်ဆိုင်ရာ လူမျိုးဘာသာစကားဖြင့် မဖော်ပြထားသည့်တိုင် ရုက္ခဗေဒအမည်ကိုသာ ဖော်ပြလိုက်ပါက မည်သည့် တိုင်းနိုင်ငံသားလူမျိုးခြား ရုက္ခဗေဒပညာရှင်မဟူ ထိုသက်ဆိုင်ရာ သီးနှံသစ်ပင်သည် မည်သို့သော သီးနှံသစ်ပင်မျိုး ဖြစ်သည်ကို ကောင်းစွာ ဖော်ထုတ် သိရှိနိုင်ကြပါသည်။ ဤကား ပညာရပ်တို့နယ်ပယ်တွင် သိပ္ပံပညာရပ်တစ်ခုသည် အမည်အမျိုးအစားများအား မှတ်တမ်းတင်ရာတွင် အလွန်စနစ်ကျသေချာလှပြီး တစ်ကမ္ဘာလုံးအတိုင်းအတာထိတိုင် ညီညွတ်မှုရှိကြောင်းကို ပြောပြလိုခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း လူအများသည် အကြောင်းအရာတစ်ခုခုကို ပြောလိုက်သည့်အခါ 'သိပ္ပံနည်းကျရင် လက်ခံမယ်။ သိပ္ပံနည်းမကျရင်တော့ လက်မခံဘူး' ဟု စသည်ဖြင့် သိပ္ပံပညာကို အလွန်အထင်ကြီးလေးစား အားထားယုံကြည်လက်ခံလေ့ရှိကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယခုကျွန်ုပ်ဥပမာများဖြင့် တင်ပြခဲ့သကဲ့သို့ သိပ္ပံပညာရပ်သည် စနစ်တကျ ပိုင်းခြားသေချာ မှတ်တမ်းပြုထားသဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ ညီညွတ်မှုရှိအောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်းသည်လည်း သိပ္ပံပညာကို လူအပေါင်းတို့ လေးစားအားထားကြခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။

သိပ္ပံပညာ၌သာမဟုတ်ပါ။ သမိုင်းဆိုင်ရာမှတ်တမ်းများနှင့် ပတ်သက်လျှင်လည်း အနောက်နိုင်ငံသားတို့သည် အလွန်မှတ်မှတ်သားသားလည်းရှိ စနစ်တကျလည်း မှတ်တမ်းတင်လေ့ရှိကြရကား အချို့သော ကျွန်ုပ်တို့၏ မြန်မာရာဇဝင်၊ သမိုင်းဆိုင်ရာတို့ကို လေ့လာကြရာတွင် ကိုယ့်မြန်မာရာဇဝင်သမိုင်းအကြောင်းကို ထိုသို့သောနိုင်ငံခြားသားများ၏ မှတ်စုမှတ်တမ်းများကို ကြည့်၍ မှန်းဆကြည့်ရသောသာဓကများ များစွာ ရှိခဲ့လေသည်။ ဥပမာ ပဲခူး ဟံသာဝတီတွင် ဘုရင့်နောင်မင်းကြီး တည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော်ကြီး အကြောင်းအရာမျိုး။ ဤသို့ပြော၍ရခြင်းမှာ ကျွန်ုပ်သည် အနောက်မျှော်ဝါဒရှိ၍ ပြောရခြင်း မဟုတ်ပါ။ ပညာရပ်တို့၊ သမိုင်းရာဇဝင်အကြောင်းတို့ကို မှတ်တမ်းတင်ရာ၌ သူတို့၏ စနစ်ကျသေချာမှုကို အတုယူဖွယ်သင့်ကြောင်း ပြောဆိုနေခြင်း ဖြစ်ပါသည်။

သို့သော် အထက်တွင် ပဏာမကျွန်ုပ်ဆိုခဲ့ပြီးသကဲ့သို့ ကျွန်ုပ်တို့ မြန်မာ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့ကို လေ့လာကြည့်သော် ၎င်းနည်းပညာ လုပ်ထုံးလုပ်နည်းများမှာ အလွန်အဆင့်မြင့် လက်လှမ်းမမီလောက်အောင် ဂမ္ဘီရဆန်၍ နက်နဲလှသော်လည်း ထိုပညာရပ်တို့ကို မှတ်တမ်းတင်ကြရာ၌မူ လျှို့ဝှက်လွန်းခြင်း၊ အခေါ်အဝေါ်အသုံးအနှုန်းများ ကွဲလွဲ၍ ညီညွတ်မှုမရှိခြင်း၊ မှတ်တမ်းတင်သည့်စနစ်အားနည်းခြင်း၊ ပညာရပ်တစ်ခုလုံးကို ရုပ်လုံးပေါ်အောင် မှတ်တမ်းတင်မှုမရှိဘဲ အပိုင်းပိုင်းအပြတ်ပြတ် အဆက်အစပ်မရှိလေသကဲ့သို့ဖြစ်နေခြင်းများကို ခြုံငုံလေ့လာတွေ့ရှိရပါလေသည်။

ကျွန်ုပ်သည် ဝိဇ္ဇာမယသုတေသီဟု ခံယူထားသည့်အားလျော်စွာ မိမိလက်လှမ်းမီသလောက် ဂန္ဓာရီဝိဇ္ဇာမယ ပညာရပ်များကို လေ့လာဆန်းစစ်သုံးသပ်လေ့ရှိပြီး ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များလက်ထက်ကတည်းကရှိနေခဲ့



www.burmeseclassic.com

www.burmeseclassic.com

သော မြန်မာ့ရိုးရာ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့ကို မကွယ်မပျောက်စေရန်နှင့် စနစ်တကျ ဖော်ထုတ်မှတ်တမ်းတင်၍ နှောင်းလူငယ်မျိုးဆက်သစ်ပါရမီရှင်များ အမွေဆက်ခံလေ့လာလိုက်စားနိုင်စေရန် ကြိုးစားနေသူတစ်ဦး ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်ုပ်လွန်စွာစိတ်ဝင်စား လေ့လာ ဆည်းပူး သုတေသနပြုနေသော မြန်မာ့ဂမ္ဘီရဝိဇ္ဇာမယသိဒ္ဓိအင်းအတတ်ပညာကို အထူးအလေးပေး အနေထား ရေးသား ဖော်ထုတ်ရန် ကြိုးစားနေပါသည်။

သို့အားလျော်စွာ ကျွန်ုပ်ဦးစားတွေးတောစဉ်းစားနေမိသည်မှာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းအတတ်ပညာဆိုသည်မှာ ဘာလဲ။ ကျွန်ုပ် လေ့လာတွေ့ရှိရသလောက် မည်သည့်ဂန္ဓာရီဝိဇ္ဇာမယလောကီပညာကျမ်းများမှာမှ အင်းပညာ ဆိုသည်မှာ ဘာလဲဟု အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) သို့မဟုတ် အရိပ်အမြွက်မျှ ရှင်းလင်းဖွင့်ဆိုထားသည်ကို မတွေ့ရချေ။ အနောက်တိုင်းသားတို့ကမူ အင်းကို Magic Square ဟု ခေါ်ကြလေသည်။ Magic သည် တန်ခိုးပါဝါ၊ တန်ခိုးသိဒ္ဓိ သို့မဟုတ် သဘာဝလွန်တန်ခိုးသိဒ္ဓိ (Supermatural Power) ဟူသော အဓိပ္ပာယ်ရှိပြီး Square မှာ လေးထောင့်ကွက်ကိုခေါ်ခြင်းဖြစ်ပေရာ Magic Square ဆိုသည်မှာ တန်ခိုးသိဒ္ဓိရှိသောလေးထောင့်ကွက်ငယ်ဟု ဆိုလိုရာရောက်ပေသည်။ သို့ဆိုလျှင် မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းအတတ်ပညာ ဟူသည် တန်ခိုးသိဒ္ဓိရှိသော လေးထောင့်ကွက်အင်းကလေးများ ပြုလုပ်သောအတတ်ပညာဟု ဆိုမည်လောဟု တွေးထင်ယူဆစရာ ဖြစ်နေပေသည်။

သို့သော် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာတွင် အင်း ဟူသော အစီအရင်တို့သည် လေးထောင့်ကွက်ပုံစံတစ်မျိုးတည်းသာရှိသည် မဟုတ်ချေ။ စင်စစ်မြန်မာ့အင်းတို့သည် ပုံစံ (Designs)၊ ပုံရိပ်အမျိုးမျိုး (Various forms and shapes)၊ ရုပ်ပုံအမျိုးမျိုး (Different Images) ရှိကြကြောင်း တွေ့ရှိရပေသည်။ အင်းကွက်၌လည်း လေးထောင့်ကွက်အင်းပုံစံသာမက သုံးထောင့်ကွက်ပုံ၊ စက်ဝိုင်းပုံများလည်းရှိသေး၏။ သို့ဖြစ်ပေရာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအစီအရင်များကို အနောက်တိုင်းသားများ ခေါ်ဝေါ်သလို 'လေးထောင့်ကွက်အင်းများ (Magic Squares) ဟု ခေါ်ဝေါ်၍ မရသလို မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာ ဟူသည် တန်ခိုးသိဒ္ဓိရှိသော လေးထောင့်ကွက်အင်းလေးများ ပြုလုပ်စီရင်ရသောပညာဟု အဓိပ္ပာယ်ဖွင့်ဆို၍ မရနိုင်ချေ။ ယခုထိ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာ ဟူသည် အသို့နည်း ဆိုသည်ကို ရှာဖွေလေ့လာကြည့်ရာ အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို တွေ့ရှိရပါလေသည်။

* *မြန်မာ့အင်းပညာ ဆိုသည်မှာ ဗျည်း၊ သရ စသော အက္ခရာစမများ၊ ဂါထာမန္တန်များနှင့် ကိန်းဂဏန်းများအားလုံးကို ရုပ်သွင်ပြင်အမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးအဖြစ် သတ်မှတ်ထားသော ဝိဇ္ဇာမယနည်းပညာ လုပ်ထုံးလုပ်နည်း ဥပဒေသများနှင့်အညီ လိုအပ်သော အကျိုးတရား၊ တန်ခိုးသိဒ္ဓိများရရှိစေရန် စနစ်တကျ စီမံပြုလုပ်ရသော အတတ်ပညာတစ်မျိုး ဖြစ်သည်။*

*(Myanmar Traditional Magic Square Art is an art that makes various magic images, shapes or forms by arranging all sorts of Myanmar consonents, vowels, spells and numbers systematically in accordance with the specific occult primciples, proceolwers and magical practices to attain the required benefits and magic powers.)*

*(တြိရတနာဆရာဇေယျာလင်း၏ သုရဋ္ဌမဂ္ဂဇင်း အတွဲ (၁၁)၊ ဇန်နဝါရီလထုတ်ပါ 'မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်းလေ့လာခြင်း' ဆောင်းပါးမှ)*

မြန်မာ့အင်းပညာ၏ သဘောအဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ် ပထမဆုံးတွေ့ရသော မြန်မာ့အင်းပညာ၏ အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်သည် မြန်မာ့ရိုးရာဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာ၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ အပြည့်စုံဆုံး ဖြစ်ချင်မှဖြစ်သော်လည်း လက်ရှိအနေအထားအရ မြန်မာ့အင်းပညာ၏ပုံရိပ် (Image of Myanmar Traditional Magic Square Art) ကို အနီးစပ်ဆုံး၊ အပေါ်လွင်ဆုံး၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟု ဆိုနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုဆောင်းပါးပါ အင်းပညာ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးသည် မြန်မာ့ရှေးဟောင်းအမွေအနှစ် ဝိဇ္ဇာမယအင်းပညာကို စနစ်တကျ မှတ်တမ်းတင်ရေးတွင် ရှေ့ပြေးခြေလှမ်းသစ်များဖြစ်သည်ဟု ဆိုရပါချိမ့်မည်။ ဤသို့ မြန်မာ့ရှေးဟောင်းအမွေအနှစ်ပညာရပ်တစ်ခုဖြစ်သော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်တို့မှ တစ်ဆင့်တင်ရာတွင် အုတ်တစ်ချပ်၊ သဲ တစ်ပွင့်အဖြစ် ပါဝင်လိုသောကြောင့် လည်းကောင်း၊ ယခုကတည်းကပင် မြန်မာ့ဝိဇ္ဇာမယအင်းများနှင့် ပတ်သက်၍ ခေါ်ဝေါ်ယူဆချက်များ မှားယွင်းနေသည်ကို တညီတညွတ်တည်း ခေါ်ဝေါ် သုံးစွဲနိုင်ခြင်းဖြင့် နှောင်းခေတ် မျိုးဆက်သစ်တို့လက်ထက်၌ စနစ်တကျ မှန်ကန်စွာ လေ့လာ သုံးစွဲနိုင်စေရန်အလို့ငှာ လည်းကောင်း မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းတို့၏ အမျိုးအစားခွဲခြားခြင်းအကြောင်းကို ဤဆောင်းပါးဖြင့် ရေးသားတင်ပြ ဆွေးနွေးလိုပါသည်။

ယခုအခါ ဂမ္ဘီရဝိဇ္ဇာမယလောကီပညာရပ်ဆိုင်ရာ အင်္ဂုလိတ်ပညာများအကြောင်း၊ ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာများအကြောင်း၊ ဂါထာမန္တန်များအကြောင်း၊ အင်းပညာများအကြောင်းတို့ကို ဂန္ဓာရီဝိဇ္ဇာမယလောကီပညာများကို အလေးပေး ဖော်ထုတ်နေသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် စာရေးဆရာများစွာ၊ ပညာရှင်များစွာတို့ ပါဝင်ရေးသားနေကြပါသည်။ ထိုဂန္ဓာ ဂန္ဓာရီဝိဇ္ဇာမယပညာများအပေါ် စာ ဖတ်ပရိသတ်တို့၏ စိတ်ဝင်စားမှု၊ တုံ့ပြန် မှုအားတို့ကလည်းကောင်းလှပါသည်။ ကျွန်ုပ်ထံ၌သို့ဆိုလျှင် ကျွန်ုပ် ရေးသား သော ဂန္ဓာရီဝိဇ္ဇာမယပညာရပ်ဆိုင်ရာ ဆောင်းပါးများကို ဖတ်ရှုရသူ စာဖတ် ပရိသတ်တော်တော်များများက ဖုန်းနှင့် တစ်မျိုး၊ စာနှင့်တစ်ဖုံ၊ လူကိုယ်တိုင်လာ တွေ့ဆုံခြင်း စသည်ဖြင့် သူတို့၏ စိတ် ဝင်စားမှုများ ဖော်ပြလေ့ရှိကြပါသည်။ အခြားပညာရှိကြီးများထံသို့လည်း ထို နည်းအတူ လာရောက်ချဉ်းကပ်ဆ သွယ်နေကြလိမ့်မည်မှာ ယုံမှားစရာမရှိ ပါ။

ဤသို့ စာဖတ်သူများ၊ စိတ်ဝင်စား သူများက ဤသို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်များကို စိတ်ဝင်စား နေချိန်တွင် ကျွန်ုပ်တို့ စာရေးဆရာများ ဝိဇ္ဇာမယပညာရှင်များဘက်ကလည်း ပညာရပ်များနှင့်ပတ်သက်လျှင် အ အဝေါ် အသုံးအနှုန်းများမှစ၍ လျော် မှန်ကန် ညီညွတ်စွာ ခေါ်ဆို သား ဖော်ပြဖို့လိုပါသည်။ သို့မှ



www.burmeseclassic.com

www.burmeseclassic.com

နောင်လာနောက်သားတို့နှင့် ယခုပစ္စုပ္ပန်ကာလရှိ စိတ်ဝင်စားသူများ၊ ဝါသနာရှိသူများ၊ လူငယ်သုတေသီများအတွက် ထွေးရောယှက်တင်မဖြစ်တော့သည့်အပြင် ပညာရပ်တို့မှာလည်း စနစ်ကျသောမှတ်တမ်းများဖြင့် ကျန်ရစ်ခဲ့ကြမည်သာဖြစ်ပေသည်။

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များနှင့် ပတ်သက်၍ ဖော်ထုတ်ရေးသားတင်ပြနေကြရာတွင် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာနှင့် ပတ်သက်၍ စာရေးသူအချို့တို့သည် အင်းအမျိုးအစားများနှင့် ပတ်သက်၍ မှားယွင်းစွာ ခေါ်ဝေါ် သုံးစွဲနေတတ်ကြကြောင်းကို မကြာခဏတွေ့နေရပါသည်။ စာဖတ်သူတို့ဆိုသည်မှာ စာရေးဆရာများကို အထင်ကြီးလေးစားကြ၍သာ ထိုစာရေးဆရာတို့၏စာများကို အားပေး ဖတ်ရှု လေ့လာနေကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ စာရေးဆရာတို့၏ အာဘော်၊ အသုံးအနှုန်း အခေါ်အဝေါ်၊ ရေးသားဖော်ပြချက်များသည် စာဖတ်သူများအပေါ် တစ်ခဲနက် တစ်ခုသောအတိုင်းအတာအထိ အကျိုးသက်ရောက်မှုအမျိုးမျိုးရှိနေတတ်ပါသည်။ သို့ဖြစ်ပါသောကြောင့် စာရေးသူတို့က ပညာရပ်ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းများကို လွဲမှားစွာသုံးနှုန်းရေးသားမိပါက စာဖတ်သူများ အထူးသဖြင့် လူငယ်စာဖတ်သူများ၌ မှားယွင်းစွာ မှတ်သားမိကြမည်သာ ဖြစ်ပါသည်။ အထူးသဖြင့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်တို့နှင့် ပတ်သက်၍ ရေးသား ဖော်ထုတ်ကြသော ဝိဇ္ဇာမယလောကီပညာရပ်ဆိုင်ရာ စာရေးဆရာများ၌ နှစ်မျိုးနှစ်စား ရှိကြပါသည်။

ယင်းတို့မှာ-

(၁) ကိုယ်တိုင်လည်း ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များကို ကျွမ်းကျင် နားလည်ပြီး ပညာရပ်များကို ဝေမျှထုတ်ဖော်ရေးသားသူ ပညာရှိစာရေးဆရာ၊

(၂) ကိုယ်တိုင် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များကို ကျွမ်းကျင်နားလည်ခြင်းမရှိသော်လည်း တစ်ဆင့်ခံ ဖော်ထုတ်တင်ပြလေ့ရှိသူ စာရေးဆရာ ဟူ၍ ဖြစ်ပါသည်။

အထက်ပါ စာရေးဆရာ အမျိုးအစားတို့တွင် အမှတ်(၁)အမျိုးအစား စာရေးဆရာတို့မှာမူ ကိုယ်တိုင်လည်း ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာများကို လေ့လာလိုက်စား ကျွမ်းကျင်နားလည်မှုရှိသောကြောင့် သက်ဆိုင်ရာပညာရပ်တို့ကို ဖော်ပြရာ၌ တည့်မတ်မှန်ကန်စွာ ဖော်ပြနိုင်ကြသည်သာ များပါသည်။ အမှားအယွင်းအတိမ်းအစောင်းရှိလျှင်လည်း နည်းပါးလှပါသည်။ (ကျွန်ုပ်ကိုယ်တိုင်လည်း ရံခါ အမှားအယွင်း အတိမ်းအစောင်းရှိတတ်ကြောင်း ဝန်ခံပါသည်။)

အမှတ် (၂) အမျိုးအစား စာရေးဆရာတို့မှာကား ကိုယ်တိုင်တော့ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရပ်တို့အား နားလည်တတ်ကျွမ်းခြင်းမရှိ။ သို့သော် မိမိတို့၏ အမိ၊ အဘ၊ အဘိုး၊ အဘွားတို့၏ မှတ်စုမှတ်တမ်းများမှ ရရှိသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာအစီအရင်များ သို့မဟုတ် မိမိတို့ ဖတ်ရှုလေ့လာမိသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်ဆိုင်ရာ ကျမ်းစာ၊ စာပေတို့ထဲမှ အကျိုးရှိမည် ထင်ရသော အစီအရင်များ စသည်ဖြင့် မိမိတို့အကြောင်းအမျိုးမျိုးဖြင့်ရရှိသော ပညာရပ်၊ အစီအရင်တို့ကို တစ်ဆင့်ဖောက်သည်ချ ဖော်ထုတ် တင်ပြလေ့ရှိကြပါသည်။ အချို့ဆိုလျှင် သက်ဆိုင်ရာကျမ်းစာအုပ်ထဲကအတိုင်း သည်၊ ၏ မရွေး အတိအကျ ကူးယူရေးသား၍ တင်ပြလေ့ရှိသည်ကိုလည်း တွေ့ရပါသည်။ အချို့ကလည်း မိမိတို့ဘိုးဘွားတို့မှတ်စု၊ မှတ်တမ်းများမှတစ်ဆင့် ပြန်လည် ရေးသားကြရသဖြင့် များသောအားဖြင့် မှတ်စုဆိုသည့်အတိုင်း အသေးစိတ် ခြယ်မှုန်းရေးသားထားခြင်းမရှိဘဲ နားလည်တတ်ကျွမ်းသူတို့သာ တစ်ထွာပြ တစ်တောင်မြင်၊ ချက်ဆို နားခွက်ကမ်းတောက်သော ပညာအခံရှိသူများသာ သိနားလည်နိုင်သော အစီအရင်ပညာမျိုး၏ အကျဉ်းချုပ်များသာဖြစ်သဖြင့် ထိုသို့သောစာများကို အများနားမလည်နိုင်ဘဲ အကျိုးမရှိ အရာမထင် ဖြစ်တတ်ကြပါသည်။ ပေးကားပေး၏ မရ ဆိုသကဲ့သို့ပင်။ ကျွန်ုပ်အနေဖြင့်မူ မည်သည့်နည်းနှင့်ပဲရရ၊ မည်သူကပဲရေးရေး အားပေးပါ၏။ ရေးသူများ၍ အကြောင်းအရာများလျှင် ပညာများများရ၏။ အချို့စာရေးဆရာများ၊ ပညာရှင်များ ရေးသား ဖော်ထုတ်လိုက်သော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ အစီအရင်တို့မှာ အလွန်ရှားပါး၍ တန်ဖိုးရှိလှကြောင်း တွေ့ရပါသည်။ ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့၏ နယ်ပယ်သည် ကျယ်ဝန်း နက်နဲလွန်းလှလေတကား။ လိုက်၍မဆုံး၊ လေ့လာ၍မကုန်နိုင်ပါ။ ထို့ကြောင့် ဤပညာရပ်များ စတင်လေ့လာပြီး အတန်အသင့်သိရှိလာခါစက ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ်ဟုတ်လှပြီ၊ ငါသိလှပြီ၊ ငါတတ်လှပြီဟု ဘဝင်စိတ်ဝင်ခဲ့ဖူးပါသည်။ ထို့နောက် လေ့လာလိုက်စားလေ မဆုံးနိုင်၊ မကုန်နိုင်ဖြစ်ရသည့်အပြင် မိမိ မသိတာ၊ မတတ်တာ၊ ဉာဏ်မမီတာတွေ အတော်များများလာကြောင်း တွေ့ရသောအခါ လွန်စွာ အားငယ်သွားခဲ့ရပါသည်။ စိတ်ဓာတ်လည်း ကျသွားခဲ့ပါသည်။ ထို့ကြောင့် ယနေ့အထိ အပတ်တကုတ် ကြိုးစားလေ့လာနေဆဲ၊ ကျင့်ကြံအားထုတ်နေဆဲ ဖြစ်ပါသည်။ သို့ဖြစ်၍ မပြည့်သေးသော မိမိ၏အိုးကိုဖြည့်နိုင်ရန် အခြားသော စာရေးဆရာကြီး-ငယ်၊ ပညာရှင်ကြီး-ငယ်တို့ ရေးသားဖော်ထုတ်ထားသည်တို့ကိုလည်း လက်လှမ်းမီသမျှ မလွတ်တမ်း လေ့လာ ဆည်းပူးနေဆဲ ဖြစ်ပါသည်။

ဤတွင် သတိထားမိလာသည်ကား မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရပ်တို့တွင် အင်္ဂရတ်ပညာ၌သာမက အင်းပညာရပ်တွင်လည်း အခေါ်အဝေါ်အယူအဆများ များစွာကွဲလွဲနေ၊ လွဲမှားနေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် မြန်မာ့အင်းပညာနှင့် ပတ်သက်၍ အထက်ပါ အမှတ် (၂) အမျိုးအစား စာရေးဆရာများသည် အခေါ်အဝေါ် အသုံးအနှုန်းများ လွဲမှားစွာ သုံးစွဲနေကြသည်ကို တွေ့ရပါသည်။ အများဆုံး လွဲမှားနေသည်မှာ အင်းအမျိုးအစားများနှင့်ပတ်သက်၍ ဖြစ်ပါသည်။ ယခုလေ့လာ သတိထားမိသလောက် အင်းအမျိုးအစားများကို မှန်ကန်အောင် ရေးသားဖော်ပြခြင်းပြုနိုင်သူ အလွန်နည်းပါးလှပါသည်။ အချို့က အင်းစီရင်ရသည့် အောက်ခံပစ္စည်းများ (Medicam or Hostmaterials) ကိုအခြေခံ၍ အမျိုးအစားအဖြစ် ဖော်ပြလေ့ ရှိကြပါသည်။ ဥပမာအားဖြင့်-

၁။ ရွှေပြားအင်း၊
၂။ ငွေပြားအင်း၊
၃။ ကြေးပြားအင်း၊
၄။ မိုင်းကိုင်စက္ကူပေါ်မှာ ရေးသည့်အင်း၊
၅။ ကျောက်ပျဉ်မှာ ရေးသည့်အင်း

စသည်ဖြင့် ဖော်ပြသည်ကို တွေ့ရဖူးပါသည်။

*(ဆက်ရန်)*

တိပိဋကဓရ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com

နဂါးတို့၏ လည်ရွဲတန်ဆာ အကြောင်းကို ကြားဖူးကြပေမည်။ နဂါးလည်ရွဲ ဟူသည် နဂါးတို့၏လည်၌ဆွဲရသော တန်ခိုးကုဒ္ဒိပါဒ်နှင့် ပြည့်စုံသော ရတနာအဆင်တန်ဆာ ဖြစ်သည်။ နဂါးလည်ရွဲ၏ အစွမ်းသတ္တိကြောင့် နဂါးတို့သည် မြေသို့လျှိုးဝင်၍ မိုးပေါ်သို့ပျံတက်နိုင်သည်ဟု ဆိုပါသည်။ ထိုနဂါးလည်ရွဲ အဆင်တန်ဆာကို ကျွန်ုပ်ကိုယ်တိုင် ကိုင်ဆောင်ခဲ့ဖူးပါသည်ဟုဆိုသော် ယုံတမ်းစကားလားဟု ကြားရသူများက ဝိုင်း၍ဟားတိုက် ရယ်မောကြပေမည်။ ကျွန်ုပ်သည် နဂါးလည်ရွဲတန်ဆာကို ကိုင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် ဘုရားငုတ္တိုကျေးရွာ (ယခု အောင်ချမ်းသာရွာ) ဘုန်းတော်ကြီးကျောင်းမှ သွားရောက်ခဲ့ရသောခရီးစဉ်တစ်ခုရှိခဲ့ဖူးပါသည်။ ထိုခရီးစဉ်တစ်လျှောက်လုံး နဂါးလည်ရွဲဟူ၍ မသိပါဘဲ နဂါးလည်ရွဲရတနာကြီးကိုကိုင်ဆောင်ကာ ခရီးထွက်ခဲ့ခြင်းဖြစ်ပါသည်။ မိမိကိုင်ဆောင်သွားသောပစ္စည်းမှာ အဖိုးထိုက်တန်သောပစ္စည်းတစ်ခုဟူ၍တော့ သိနေခဲ့ပါသည်။ ဘယ်သို့ အဖိုးတန်၍ ဘယ်လိုအသုံးပြုရသည်ကိုတော့ မသိခဲ့ပါ။

ကျွန်ုပ်သည် ဘုမသိဘမသိနှင့် နဂါးလည်ရွဲတမန်တော်ဖြစ်ခဲ့ဖူးပါသည်။ ထိုဇာတ်လမ်းမှာ ဂမ္ဘီရဆန်းကြယ်ဖြစ်၍ ဇာတ်လမ်းပြီးဆုံးမှသာ ကျွန်ုပ် သယ်ဆောင်သွားခဲ့သောပစ္စည်းသည် အရေးပါ အဖိုးထိုက်တန်သော လူသားတို့နှင့် ထိုက်တန်ငုံးစွဲရန် မဆီလျော်သော 'နဂါးလည်ရွဲရတနာ' ဟူ၍ အမည်သတ်မှတ်ပေးလိုက်ခြင်းကို အံ့ဩထိတ်လန့်စွာသိခဲ့ရခြင်း ဖြစ်ပါသည်။

*

မြတ်ဗုဒ္ဓဖြစ်တော်စဉ် (၅၅၀) ဇာတ်တော်၌ နဂါးလည်ရွဲတန်ဆာနှင့် ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ရှိပါ၏။ တစ်ရံရောအခါက ဘုရားအလောင်းနှင့်ညီတော်အာနန္ဒာအလောင်းတို့သည်

(စာစောင်ဝင်)

# သာဝက
## နဂါးလည်ရွဲ တမန်တော်



www.burmeseclassic.com

ညီတော်၊ နောင်တော်ဖြစ်ကြပြီး မြစ်ကြီးတစ်ခု၏ အနီးအပါး၌ ရသေ့ရဟန်းပြုကာ တရားဘာဝနာနှင့် မွေ့လျော်တော်မူခဲ့ကြပါသည်။ မြစ်၏အထက်ပိုင်းတွင် နောင်တော်ရသေ့ကျောင်းသခ်မ်းရှိပြီး မြစ်အောက်ပိုင်း၌ ညီတော်ရသေ့ကျောင်းသခ်မ်း ရှိခဲ့၏။

ညီတော်ရသေ့ကို နဂါးတစ်ကောင်သည် အလွန်မြတ်နိုးကြည်ညို၍ လာရောက်ဖူးမြော်လေ့ရှိ၏။ ပူဇော်ရာမှ ပြန်သောအခါတိုင်း မိမိ၏ နဂါးအသွင်ကို ပြကာ ရသေ့လေး၏ ကိုယ်ခန္ဓာကို ရစ်ပတ်ပူဇော်ခြင်းကိုပြုခဲ့သည်။ ညီတော်မှာ နဂါးကြီးကို ထိတ်လန့်ကြောက်ရွံ့ပါ၏။ စိုးရိမ်စိတ်ကြောင့် ရသေ့လေးသည် ကြုံလှီဖျော့တော့ကာ မရွှင်မလန်းဖြစ်နေ၏။ နောင်တော် အလောင်းတော်ရသေ့ကြီးကို ထိုအကြောင်းအား လျှောက်ထားခဲ့၏။ နောင်တော်ရသေ့က နဂါးလာသောအခါ နဂါးလည်ရွဲကို တောင်းခံရန် အကြံပြု၏။ နဂါးလည်ရွဲသည် နဂါးတို့အတွက် မရှိမဖြစ်သော ရတနာအဆင်တန်ဆာဖြစ်၍ တောင်းလျှင် နဂါးမပေးနိုင်သဖြင့် လာတော့မည် မဟုတ်ကြောင်း မိန့်ဆို၏။

နောင်တော်၏ အကြံပြုတိုင်း ညီတော်ရသေ့လေးသည် နဂါးထံမှ နဂါးလည်ရွဲကို အလှူခံခဲ့၏။ နဂါးသည် ရသေ့လေးထံ လာရောက်ရန် (၃) ကြိမ်မျှ ကြိုးစားပါသေးသည်။ တွေ့တိုင်း နဂါးလည်ရွဲကို အလိုမရှိဘဲ အလှူခံနေခဲ့သော ရသေ့လေး၏စကားကြောင့် နဂါးသည်း နောက်ထပ် ရောက်လာခြင်းမရှိတော့ပါလေ။

(၂၅၀) ဇာတ်တော်ကြီးတွင် နဂါးလည်ရွဲအကြောင်း အထင်အရှားပါခဲ့ပါ၏။ နဂါးလည်ရွဲသည် ဧကန်အမှန်ရှိသော၊ နဂါးတို့၏ တန်ခိုးစွမ်းအင်ကိုဖြစ်စေသော ရတနာဆိုသည်မှာ ငြင်းဆိုရန်မရှိနိုင်သော အထောက်အထား ဖြစ်ပါ၏။ နဂါးတို့၏စွမ်းအင်သိဒ္ဓိကို ပေးစွမ်းနိုင်သော နဂါးလည်ရွဲကို လူသားတို့က မည်သို့ ပိုင်ဆိုင်ခွင့်ရခဲ့ပါသနည်း။ ထိုအကြောင်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

*

ကျွန်ုပ်တို့နေထိုင်သော မြို့လေးတွင် ကျွန်ုပ်အိမ်နှင့်မနီးမဝေး၌ ကရင်မိသားစု နေထိုင်ကြ၏။ ထိုအချိန်ကာလမှာ ၁၉၈၈ ခုနှစ်အရေးအခင်းကြီး ဖြစ်ပြီးစကာလ ဖြစ်၏။ ကျွန်ုပ်တို့မိသားစုနှင့် ထိုတိုင်းရင်းသား ကရင်မိသားစုမှာ ခင်မင်ရင်းနှီးကြ၏။ သူတို့သည် တိုင်းရင်းသားတို့ သဘာဝအတိုင်း ရိုးသားကြ၏။ တစ်နေ့သောအခါတွင် ကျွန်ုပ်တို့နေထိုင်ရာ ရပ်ကွက်ကို မီးသင့်လောင်ခဲ့သည်။ မီးလောင်မှုမှာ ဆန်းကြယ်လှသည်။ ကျွန်ုပ်တို့နေထိုင်ရာရပ်ကွက်သို့ ကားလမ်းမကြီးနှင့် အိမ်စဉ်အိမ်တန်းများကို ကျော်လွှန်ခုန်ကူး၍လောင်ခဲ့ခြင်း ဖြစ်သည်။ မီးလောင်ခြင်းခံရသောအိမ်မှာ တိုင်းရင်းသား ကရင်မိသားစုတို့၏အိမ် ဖြစ်သည်။ ခမ်းနားထည်ဝါစွာ ဆောက်လုပ်ထားသော သစ်သားနှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ မီးဝါးမျိုသဖြင့် နှစ်ထပ်အိမ်ကြီးသည် ခဏအတွင်း ဘာပစ္စည်းမှ မယူမသယ်နိုင်ဘဲ ပျောက်ကွယ် ဆုံးရှုံးသွားခဲ့သည်။

ထိုအချိန်က ကျွန်ုပ်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ဘာသာတရား၌ စိတ်အားထက်သန်စွာ ဆောင်ရွက်နေချိန် အသက် (၄၅) နှစ်ခန့်အရွယ် ဖြစ်သည်။ ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ တပည့်ဝေနေယျတစ်ဦးအဖြစ် စရဏကျင့်စဉ်တော်များကို ပုံမှန်ကျင့်ကြံအားထုတ်နေချိန် ဖြစ်သည်။ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ဩဝါဒတော်အရ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဘုရားငုတ်တိုရွာလေးတွင် ရစ်မြောင့်အုတ်ခုံကြီးသာ ကျန်ရှိတော့သည့် ရှေးဟောင်းစေတီတော်ကြီးကို အသစ်ပြုပြင်တည်ထားနေချိန် ဖြစ်သည်။ ဘုရားငုတ်တိုရွာမှ ဦးပညာဝံသဆရာတော်ကြီးက ဘုရားတည်ခြင်းကို အနီးကပ်ဦးဆောင်တော်မူနေပါသည်။

တစ်နေ့သ၌ ကျွန်ုပ်တို့အိမ်သို့ မီးသင့်လောင်ခြင်းခံခဲ့ရသောမိသားစုမှ ကရင်အမျိုးသမီးကြီးနော်မူအေး ရောက်လာသည်။ ကျွန်ုပ်ဇနီးသည်နှင့် ရင်းနှီးကြသောကြောင့် စကားတွတ်ထိုးပြောဆိုနေသည်ကို ကျွန်ုပ်လည်း မသိယောင်ပြု၍ စာအုပ်တစ်အုပ်ကို ဖတ်ရှုနေခဲ့သည်။ အတန်ကြာသော် ကျွန်ုပ်ဇနီးသည်က ကျွန်ုပ်အား -

"ဒီမှာ ကိုရေ၊ နော်မူအေးက ပစ္စည်းတစ်ခုပြစရာရှိလို့တဲ့။ အဲဒါလေး ကြည့်ပေးပါဦး"

ဟု ပြောလာ၏။ ကျွန်ုပ်လည်း နော်မူအေးပြသော ပစ္စည်းကို ကြည့်ခဲ့ပါသည်။

ထိုပစ္စည်းမှာ ကျွန်ုပ်တစ်သက်တာတွင် မမြင်စဖူး ထူးကဲလှသော ပစ္စည်းဖြစ်သည်။ ကတ္တီပါအိတ်ရှုံ့လေးအတွင်းမှ ပစ္စည်းများကို နော်မူအေးက တုန်ယင်နေသော လက်ချောင်းကလေးများနှင့် ထုတ်ယူ၍ ကျွန်ုပ်လက်တွင်းသို့ ထည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်း (၂)ခု။ တစ်ခုမှာ ဒိုးလုံးခန့်ရှိ၏။ ထိုပစ္စည်းမှာ ရုတ်တရက်ကြည့်လိုက်လျှင် စာရွက်စာတမ်းများဖိသော ရုံးသုံးဖန်တုံးနှင့်တူပါသည်။ ကျွန်ုပ်သည် ထိုပစ္စည်းကို သေသေချာချာကိုင်တွယ်ကြည့်ရှုသည်။ လက်တွင်းသို့ ပစ္စည်းကို ကိုင်လိုက်သည်နှင့် ပူနွေးသောအတွေ့အထိတစ်မျိုးကို ခံစားလိုက်ရသည်။ ကျွန်ုပ်၏ လက်ချောင်းများသည် လျှပ်စစ်ဓာတ်လိုက်သကဲ့သို့တုန်ခါသွားသည်။ ရင်ထဲ၌ အမည်မသိသော ဝေဒနာတစ်မျိုးဖြစ်လာပြီး တုန်ယင်ဖိုလှိုက်သလိုခံစားရသည်။ ကျွန်ုပ်သည် ထိုပစ္စည်း၌ ထူးခြားသော စွမ်းအင်ထူးတစ်ခုရှိနေသည့် ဂမ္ဘီရပစ္စည်းဟူ၍တော့ နားလည်လိုက်ပါသည်။ မိမိ၏စိတ်ကို တည်ငြိမ်သွားအောင် မြတ်ဗုဒ္ဓကို အာရုံပြု၍ ပွားထုံထားသော အရဟံဂုဏ်တော်မြတ်ကြီးကို နှလုံးသားနှင့် ထိကပ်မိစေရန် အာရုံပြုလိုက်သည်။ ပြီးလျှင် နံနက်ခင်းဝင်းလက်ရွှန်းတောက်နေသော နေမင်းကြီး၏ ရောင်ခြည်တွင် ထောင်၍ကြည့်ရှုခဲ့သည်။

အလိုလေးလေး- ဖန်သားသဖွယ် ထုတ်ချင်းခတ် မြင်နေရသော ရတနာကြီးအတွင်း၌ ထူးခြားဆန်းကြယ်လှစွာသော နဂါးနှစ်ကောင်ကို တွေ့ရသည်။ နဂါးနှစ်ကောင်တို့သည် တစ်ကောင်၏ အမြီးများကို တစ်ကောင်က မျိုခဲ့ထားရာ ဝလုံးလိုလုံးဝန်းနေသည်။ လှုပ်ရှားလူးလွန့်နေဟန်ရှိသည်။ အတော်ကြာအောင် အဘက်ဘက်မှ ကြည့်နေမိသည်။ ကိုင်ထားသောလက်တွင် အပူငွေ့များ ပျံ့နှံ့စီးဝင်နေသကဲ့သို့ ခံစားရသည်။ ကျွန်ုပ်သည် ထိုပစ္စည်းပေါ်၌ လောဘမဖက် နှစ်သက်သိမ်းပိုက်လိုခြင်းမရှိဘဲ မေတ္တာပို့သလျက်ရှိသော ကြောင့်သာ ကြာမြင့်စွာ ကြည့်ရှုနိုင်ခြင်းဖြစ်ကြောင်း သဘောပေါက်မိသည်။

ဤသို့ ထူးခြားဆန်းပြားသော သိဒ္ဓိဝင်ရုပ်ဝတ္ထုပစ္စည်းကို ကျွန်ုပ်မမြင်ဖူးခဲ့ပါ။ အားရအောင်ကြည့်ပြီးမှ ကျွန်ုပ်သည် ဒုတိယပစ္စည်းတစ်ခုကို ကောက်ကိုင်လိုက်ပါသည်။ ထိုပစ္စည်းမှာ ကွမ်းသီးလုံးသာသာရှိသည်။ ရှည်မျောမျောပုံသဏ္ဌာန် ဖြစ်သည်။ ပစ္စည်း (၂) ခုမှာ တစ်ခုနှင့်တစ်ခုဆက်သွယ်နေပုံရသည်။ ဒုတိယကိုင်လိုက်သော ကျောက်မျက်တုံးကလေးတွင် နဂါးတစ်ကောင်ခွေလျက်ပါးပျဉ်းထောင်နေဟန် တွေ့ရသည်။ မဟူရာကဲ့သို့ မည်းနက်သော ကျောက်သားကို ဖြူဖျော့ပြီး အဝါရောင်သန်းနေသည့် ကျောက်သားတစ်ခုက အရစ်အရစ်ပတ်ခွေ၍ နဂါးပုံဟန် ဖြစ်နေသည်။ ထိုကျောက်အရစ်နဂါးအမောက်သဏ္ဌာန်ပေါ်တွင် ရဟန်းတော်တစ်ပါး မတ်တတ်ရပ်နေဟန်ပါသည်။ အမြီးဖျား၌ ဘိုးတော်တစ်ပါး တောင်ဝှေးထောက်ရပ်နေဟန်ပုံရှိသည်။ လူသားတို့ တမင်ထုဆစ်ဖန်တီးရန်ပင်မဖြစ်နိုင်သော သဘာဝကျောက်မျက်တုံးမှာ အံ့မခန်းရှိနေသည်။ (ဤတင်ပြချက်များကို ကျွန်ုပ်သည် စိတ်ကူးယဉ်ရေးသား၍ ပုံဖော်နေခြင်း မဟုတ်ကြောင်း သစ္စာစကားဆိုဝံ့ပါသည်။)

ကျွန်ုပ်သည် ထူးဆန်းသော သိဒ္ဓိဝင်ပစ္စည်းများကို အကြိမ်ကြိမ်လေ့လာပြီးသော် နော်မူအေးကို မေးခွန်းတစ်ခုထုတ်ခဲ့ပါသည်။

"နော်မူအေး၊ ဒီပစ္စည်းတွေက ဘယ်သူ့ရဲ့ပစ္စည်းတွေလဲ။ ဘာလို့ခေါ်သလဲ။ ဘယ်လိုအသုံးဝင်သလဲဆိုတာ ပြောပြပေးပါလား"

"အေး- ဒီပစ္စည်းတွေကို ငါလည်း မသိဘူးဝေ့။ ဘာလို့ခေါ်သလဲ။ ဘာ အသုံးဝင်သလဲဆိုတာ ငါမပြောတတ်ဘူးဝေ့။ ဒါပေမယ့် ဒီပစ္စည်းတွေကိုတော့ ငါ့ယောက်ျားရဲ့အဖေပိုင်ခဲ့တယ်လေ"

နော်မူအေးပြောပြသော စကားကို ကျွန်ုပ်သဘောပေါက်ပါ၏။ နော်မူအေး၏ အမျိုးသားမှာ ကရင်အမျိုးသားကြီး စောတကဲဟု ခေါ်သည်။ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသူများ ဖြစ်သည်။ ဆင်များကို အုပ်နှင့်ချီ၍ ပိုင်ဆိုင်ခဲ့သည်။ စောတကဲတို့အဖေ ကရင်ကြီးမှာ ကရင်အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးဟု ကျွန်ုပ်သိထားခဲ့သည်။ ထိုပစ္စည်းများသည် သူတို့မိသားစုဝင် ဆွေစဉ်မျိုးဆက် ပိုင်ဆိုင်သောပစ္စည်းများသာ ဖြစ်နိုင်လေသည်။

သူတို့က အပါးကြီးဟု ခေါ်သော ကရင်အမျိုးသားခေါင်းဆောင်ကြီး ကွယ်လွန်ခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ စောတကဲသည် ပဲခူးရိုးမတောင်ကြီးများ အတွင်းပိုင်း၌သာ အနေများသည်။ ထိုနေရာတွင် သစ်ကွင်းသစ်ကွက်များရှိသည်။ ဆင်များနှင့် သစ်ခုတ်လှဲခြင်း၊ သစ်ထုတ်ခြင်းများနှင့် အချိန်ကုန်သည်။ သူတို့ပိုင်ဆိုင်သော သစ်သားနှစ်ဆောင်ပြိုင်အိမ်ကြီး မီးမလောင်ခင်က သူတို့အားထားရသော အောင်ဗလဆိုသော ဆင်ကြီးသည် သူ၏သခင် စောတကဲကို ဘာအလိုမကျသည်မသိ။ ရုတ်တရက် နှာမောင်းနှင့်ဆွဲယူ၍ အဝေးသို့လွှင့်ပစ်လိုက်သည်။ သစ်ပင်ကြီးတစ်ပင်နှင့် ထိမိပြီး ကိုင်ရိုက်လိုက်သကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံး စိစိညက်ညက်ကြေပျက်ကာ သေပွဲဝင်ခဲ့ရရှာသည်။ ထိုဆင်ဆိုးကြီးသည် အရင်ကလည်း သူ၏ ဆင်ဦးစီး (၃) ယောက်ကို အစွယ်နှင့်ထိုးကာ ခြေဖြင့် နင်းခြေ၍သတ်ခဲ့ဖူးသည်။ နော်မူအေးတို့၏ မိသားစုဒုက္ခများသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းလှသည်။ ကျွန်ုပ်သည် ထိုအကြောင်းအရာများကို ယခင်ကပင် သိထားခဲ့ပြီး ဖြစ်သည်။ ယခုတော့ ထိုပစ္စည်းများကြောင့်ဟူ၍ နော်မူအေးစိတ်တွင် မလုံမလဲ ဥပါဒါန် စွဲနေခဲ့သည်။ လင်သားသေပြီး စီးပွားရေး ပျက်သုဉ်းသွားခဲ့သည်။ ဆင်အုပ်ကြီးကို လူမမည်ကလေးတစ်အုပ်နှင့် အစီအစဉ်တကျ မအုပ်ချုပ်နိုင်ခဲ့။ နော်မူအေးသည် ဗေဒင်မေး၊ နတ်မေးနှင့် လုံးပါးပါးခဲ့သည်။ နောက်ဆုံး အိမ်ကြီးမီး သင့်လောင်၍ ဆောက်တည်ရာမဲ့ ဖြစ်သွားရှာသည်။

နော်မူအေးသည် ပစ္စည်းများကို ကြည့်ရှုနေသော ကျွန်ုပ်အား ဤသို့ပြော လေသည်။

"ဟေ့ - တရာဖိုး (ဆရာ)၊ နင် ဗဟုသုတရှိတယ်လေ။ အဲဒါ ငါဘယ် လုပ်ရမလဲ ငါ့ကို ပြောပြပါဦး"

နော်မူအေးသည် ယခင်ကပစ္စည်း ဥစ္စာချမ်းသာ၍ ရုပ်ရည်လှပတင့်တယ် ချောမောသူ ဖြစ်သည်။ ယခုတွင်မူ စိတ် နှလုံးညှိုးနွမ်းနေရုံမက ထိတ်လန့်တုန်လှုပ် မှုတို့ကြောင့် အရိုးပေါ်အရေတင် လျက် ပိန်ချုံးအိုစာနေသည်။ နော်မူ အေးသည် သူ့တွင်ရှိနေသော ပစ္စည်း နှစ်မျိုးကို မထိရဲမကိုင်ရဲအောင်ဖြစ် သည်။ သူတို့အိမ်ရှေ့ရှိ ပန်းအိုးထဲ ပလတ်စတစ်နှင့် အထပ်ထပ်ထုပ်၍ မြှုပ် နှံသိမ်းဆည်းထားခဲ့သည်။ ထိုပန်းအိုး မှ ထုတ်ယူကာ ကျွန်ုပ်ကို ပြသ အ ဉာဏ်တောင်းခံခဲ့ခြင်း ဖြစ်သည်။ ကျွ လည်း အတန်ကြာစဉ်းစားပြီးသော်

"နော်မူအေး၊ ငါပြောတာကို သေသေချာချာနားထောင်ပါ။ ငါလ နင့်ပစ္စည်းတွေကို ဘာတွေလို့မ တတ်ပါဘူး။ ဒါပေမယ့် ဒီပစ္စည်း ဟာ ပုဂ္ဂိုလ်အစောင့်အရှောက် တယ်လို့ ငါယူဆတယ်။ အဲ ဘုရားတည်နေတဲ့ ငါတို့ဆရာတော် ဆီကိုယူသွားပြီး ပြကြည့်ရင် မ



www.burmeseclassic.com

www.burmeseclassic.com

ဘူးလား"

နော်မူအေးက အတန်ကြာစဉ်းစားသည်။ ပြီးမှ -

"ငါဒီပစ္စည်းတွေကို ကြောက်နေတာ ကြာပါပြီ။ အဲဒီတော့ နင်တို့ ဘုန်းကြီးဆီကို လှူလိုက်ရင် မကောင်းဘူးလားဝေ့"

ဟု ပြောသည်။

"အေး - ဒါတော့နင့်သဘောပါပဲ။ ငါက ဘာမှမပြောလိုဘူး။ လိုက်ပို့ပေးရမှတော့ ငါတာဝန်ယူတယ်လေ"

*

ကျွန်ုပ်သည် ဘုရားငုတ္တိုရွာ (ယခု အောင်ချမ်းသာရွာ) ဆရာတော်ကြီးနှင့် ရင်းနှီးခင်မင်ပါသည်။ ဆရာတော်ဘုရားကြီးကို ရဟန်းမြတ်တစ်ပါးအဖြစ် ကြည်ညိုပြီး ဖခင်တစ်ဦးသဖွယ် အားကိုးယုံကြည်ပါသည်။ ဆရာတော်ဘုရားကြီးကလည်း တပည့်ရင်းတစ်ဦးအဖြစ် ဘုရားငုတ္တိုစေတီတော်ကြီးကို တည်ထားတော်မူရာတွင် ကျွန်ုပ်ကို အားကိုးယုံကြည်စွာ အကျိုးတော်ဆောင်စေခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်သည့်အလျောက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ဘုရားငုတ္တိုရွာကလေးသို့ ရောက်ရှိနေတတ်ပါသည်။

ဘုရားငုတ္တိုစေတီတော်မြတ်ကြီးသည် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ ညွှန်းဆိုချက်များအရ -

*'ဘုရားငုတ္တို၊ ရောင်ခြည်လွှတ်ခါမှ ပုံတော်ဆင်ဝတ်ပြုပါစို့'*

ဆိုသော ရှေးသမိုင်းသိုက်စာများအရ တည်ထားခဲ့ခြင်း ဖြစ်သည်။ ဘုရားငုတ္တိုစေတီကြီး ပွင့်ထွန်းပေါ်ပေါက်လာလျှင် နိုင်ငံတော် ငြိမ်းချမ်းသာယာဝပြောမည့် နိမိတ်ဆောင်စေတီမြတ်ကြီး ဖြစ်သည်။

ဤစေတီတော်ကြီးသည် သထုံဘုရင်မင်းမြတ် မနူဟာ၏ ကောင်းမှုတော်စေတီကြီးဟု ဆိုသည်။ သုဝဏ္ဏဘူမိ သထုံနေပြည်တော်မှ ပိဋကတ် (၃) ပုံတို့ကို ပုဂံပြည်သို့ပင့်ဆောင်ကြရာ၌ စစ်ရှုံးမနူဟာမင်းကြီးသည် သုံ့ပန်းအဖြစ်လိုက်ပါခဲ့ရသည်။ သူ၏ သထုံပြည်ကြီးသည် ယခု ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အင်းသဖင်ဒိုင်နယ်အထိ အာဏာသက်ရောက်ခဲ့သည်။ အင်းသဖင်ဒိုင်နယ်အတွင်း စေတီတော်ကြီးတစ်ဆူကို သုံ့ပန်းဘဝနှင့် မိမိ၏ပိုင်နက်၌ နောက်ဆုံးကောင်းမှုတော်အဖြစ် တည်ထားကိုးကွယ်သည်။ ဘုရားငုတ္တို (အောင်ချမ်းသာရွာ) တစ်ဝိုက်၌ ယနေ့ခေတ် ရွာကလေးများ၏အမည်ကို လေ့လာကြည့်လျှင် သမိုင်းခြေရာများကို ကောက်ယူနိုင်ပါသေးသည်။ ပွဲတားမော့ရွာ၊ ရာဇကွင်း၊ ပွဲလေးရွာ၊ ပုဂံတောင်ရွာ စသော အမည်များနှင့် လေ့တော်ဆွဲရိုးဆိုသော အမည်များကို လေ့လာတွေ့ရှိရသည်။ ထိုဒေသတွင် ပုဂံခေတ် စစ်သည်တော်များ စစ်စခန်းချခဲ့ကြသည်။ ပိဋကတ်တော်များကို ရေလမ်းသင့်က ကရဝိက်ဖောင်တော်ကြီးများနှင့် စီရင်ပင့်ဆောင်ကြသည်။ ကုန်းလမ်းတွင် မင်းစီးဆင်တော်ကြီးများ အသုံးပြုပင့်ဆောင်ခဲ့ကြဟန်တူသည်။ ဒိုက်ဦးမြို့နယ်တစ်ဝိုက်၌ ယခင်က မြစ်ချောင်းများရှိခဲ့ဟန် တူပါသည်။ မင်းစီးလှေတော်များကို ဆွဲယူသော လှေတော်ဆွဲရိုးဟူ၍ ယနေ့တိုင်ရှိနေသည်။ ထိုဒေသမှာ ရှေးဟောင်းလက်ရာ ဘုရင်ပုံသဏ္ဌာန် ကြေးသွန်းရုပ်တုများ၊ အသုံးအဆောင်များကိုလည်း တွေ့ရှိခဲ့ရသည်။ ပုဂံမင်းတို့၏ နယ်စပ်အမှတ်အသားဖြစ်လာသော ပုဂံတောင်ဟူသောတောင်ကုန်းကိုလည်း ယနေ့တိုင် တွေ့မြင်နိုင်ပါ သေးသည်။

အောင်ချမ်းသာစေတီတော်ကြီးကို နတ်နဂါးများ စောင့်ရှောက်ကြသည်။ ဘုရားထောင့်တစ်နေရာရှိ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းအရင်း၌ နဂါးတို့ ပျော်မြူးရာ အထိမ်းအမှတ် နဂါးကန်ကို တွေ့ရသည်။ ပိဋကတ်တော်ပင့်ဆောင်စဉ်က ပိဋကတ်တော်တို့ကို လိုက်ပါ ပို့ဆောင် စောင့်ရှောက်ခဲ့သော နဂါးမောင်နှမကို အစွဲပြု၍ နဂါးမောင်နှမရုပ်တုများကိုလည်း စေတီတော်မြတ်ကြီး၏ စနေထောင့်တွင် ထုလုပ်ထားသည်။

ဘုရားငုတ္တိုကြီးကို အောင်ချမ်းသာ စေတီတော်ကြီးအဖြစ် တည်တော်မူရာ၌ ဂမ္ဘီရဆန်သော မှတ်တမ်းများများစွာရှိခဲ့သည်။ (အခြေအနေပေးပါက ရေးသားတင်ပြရန် ကြံရွယ်ထားပါသည်။) အောင်ချမ်းသာစေတီတော်ကြီးကို ဒေသခံပြည်သူများနှင့် နယ်ပယ်အသီးသီးမှ စိတ်ဝင်စားသူ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များ ရောက်ရှိလာကြပြီး ဝိုင်းဝန်းတည်ထား ကုသိုလ်ပွားကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဘုရားငုတ္တိုကြီးသည် စေတီတော်တစ်ဆူအသွင် ပွင့်ထွန်းတော်မူခဲ့သည်။

ဒေသခံ အရပ်သား ပန်းရန်ဆရာများနှင့် တည်ထားခဲ့ရာ ရှစ်မြောင့်အုတ်ခုံကြီးပေါ်မှ စေတီတော်သည် ရှည်သွယ်၍ ခန့်ညားကြံ့ခိုင်မှုမရှိဖြစ်နေသည်။

ထိုအချိန်တွင် ကျွန်ုပ်ဦးဆောင်သော နော်မူအေးတို့ မိသားစုသည် အောင်ချမ်းသာစေတီတော်ကြီးကို ဖူးမြော်ရင်း ဆရာတော်ကြီးဦးပညာဝံသသီတင်းသုံးရာ (ဘုရားငုတ္တိုရွာ) သို့ ရောက်ရှိခဲ့ကြသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း နော်မူအေးသည် ထူးခြားသော ပစ္စည်း (၂) ခုကို ဆရာတော်ကြီးကို လှူဒါန်းခဲ့ပါသည်။

*

အောင်ချမ်းသာဆရာတော်ဘုရားကြီးသည် ဗဟုသုတပြည့်စုံတော်မူ၍ လောကီ၊ လောကုတ္တရာ နှံ့စပ်သိမြင်တော်မူပါသည်။ ဆရာတော်ဘုရားကြီး ဦးဆောင် တည်ထား ကိုးကွယ်တော်မူသော အောင်ချမ်းသာစေတီတော်ကြီးမှာ အပြီးမသတ်နိုင်သေးပါ။ စေတီတော်ကြီး၏ လက်ရှိအနေအထားကိုလည်း ကျေနပ်တော်မူခြင်းမရှိပါ။ ထပ်မံပြုပြင်ရန် အလှူငွေ(နဝကမ္မ)များ လိုအပ်နေပေသည်။ အိမ်ခြေ (၇၀) လောက်သာရှိသော ဘုရားငုတ္တိုရွာကလေးသည် လုပ်အားဒါနသာပြုနိုင်ကြသည့် ဆင်းရဲနွမ်းပါးသောဒေသဖြစ်၍ သိန်းပေါင်းများစွာကုန်ကျမည့် စေတီတော်ကြီးကို ပြုပြင်ရန် မစွမ်းသာကြရှာပါ။

အောင်ချမ်းသာ ဆရာတော်ကြီးသည် ရန်ကုန်မြို့ရှိ ဒါယကာ၊ ဒါယိကာမများထံသို့ ကိုယ်တော်တိုင် ကြွတော်မူပြီး နော်မူအေး လှူဒါန်းထားသည့် ပစ္စည်းများကို ထုခွဲရောင်းချရန် ရတနာဈေးကွက်များသို့ လိုက်လံပြသတော်မူခဲ့သည်။ ထူးဆန်းသည်မှာ ထိုပစ္စည်းများကို မည်သူမှ ရဲရဲဝံ့ဝံ့ကိုင်တွယ်ခြင်းပင်မရှိကြဘဲ ဈေးကွက်မဝင်သော ဂမ္ဘီရပစ္စည်းများဟုသာ ပြောဆိုခဲ့ကြသည်။

အကြံကုန်သဖြင့် ဆရာတော်ကြီးလည်း လက်လျှော့ကာ ပြန်ကြွတော်မူခဲ့သည်။ ထိုနှစ်တွင်ပင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးမှ သာသနာအောက်ကိုစုန်တော့မည်ဟု ထူးခြားသော နိမိတ်စကားပြောကြား၍ ချီးမြှင့်တော်မူခဲ့သော ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားဆင်းတုတော်မျိုးစုံတို့ကို ဌာပနာထည့်သွင်းပူဇော်သည့် ပွဲတော်ကြီးကို ကျင်းပခဲ့ကြသည်။ ကျွန်ုပ်သည် ထိုအချိန်က ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုအတိုင်း ကမ္ဘောဇဌာနီမှ ဆွေ



www.burmeseclassic.com

www.burmeseclassic.com

တော်မျိုးတော်၊ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များကို စေတီတော်ကြီး ထီးတော်တင်ပွဲကြီးအမီ ဝင်ရောက် ကုသိုလ်ပြုကြရန် နှိုးဆော်ဖို့ ရှမ်းပြည်နယ်သို့ တာဝန်ထမ်းဆောင်ရင်း ရောက်ရှိနေခဲ့သည်။ အစိုးရဝန်ထမ်းတစ်ဦးဖြစ်၍ နိုင်ငံတာဝန်ထမ်းဆောင်ရင်း အမိဋ္ဌာန်ခရီးထွက်ရခြင်းဖြစ်သည်။ ဌာပနာထည့်သွင်းပူဇော်ပွဲကြီးရှိ၍ ခွင့်ရက်ရှည်ယူကာ ဘုရားငုတ္တိုရွာ(အောင်ချမ်းသာ)သို့ ကုသိုလ်ပြုအကျိုးဆောင်ရန် ပြန်လည်ရောက်ရှိနေခဲ့သည်။

ဌာပနာသွင်းပူဇော်ပွဲသို့ ထူးဆန်းသော လူသူတော်ကြီးတစ်ပါး ကြွရောက်လာသည်။ ထိုသူမှာ ပိတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးသိန်းဖြစ်သည်။ ရွှေပေါ်ကျွန်းဆရာတော်ကြီးမှ တာဝန်ပေးစေခိုင်း၍ ရောက်လာခြင်းဖြစ်သည်။ ကျွန်ုပ်နှင့် အဘိုးသိန်းမှာ ရှေးအခါကတည်းက ရင်းနှီးခင်မင်ခဲ့ပါသည်။ ရွှေပေါ်ကျွန်းသို့ ရောက်ရှိသောအခါတိုင်းတွင် အဘိုးသိန်း သီတင်းသုံးတော်မူရာ မဟာအင်းဝဆောင်ခေါ် စ-ဓ-ဗ-ဝ အက္ခရာများနှင့်စီမံထားသောအဆောင်တော်၌ ကျွန်ုပ် တည်းခိုမြဲ ဖြစ်သည်။ အဘိုးသိန်းက ကျွန်ုပ်ကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး အမှာတော်ပါးလိုက်သော လျှို့ဝှက်စကားကို မိန့်ကြားခဲ့ပါသည်။

"ဒီမှာကွ မောင်မျိုးရဲ၊ ရွှေပေါ်ကျွန်းဆရာတော်ကြီးက ငါ့ကို လွှတ်လိုက်တာ အကြောင်းရှိသကွယ့်။ သူ့ကို ကရင်နတ်ကြီးတစ်ပါးကလာပြီးလျှောက်ထားခဲ့သတဲ့။ အောင်ချမ်းသာဆရာတော်ဘုရားကြီး ဒုက္ခတွေ့တော့မယ်။ သူ့လက်ထဲရောက်နေတဲ့ ပစ္စည်းတွေကို ရောင်းဖို့ ကြံစည်နေတယ်။ အဲဒါကို အရှင်ဘုရားသိမ်းလိုက်ပါ။ ဒါမှမဟုတ်ရင် အောင်ချမ်းသာဆရာတော်ကြီးရဲ့ အသက်အန္တရာယ်ရှိနိုင်တယ်တဲ့။ ဒါနဲ့ ငါ့ကိုလွှတ်ခဲ့တာပဲကွယ့်။ ခက်တာက မင်းတို့ အောင်ချမ်းသာဆရာတော်ကြီးကို ငါဒီကိစ္စလျှောက်ထားရမှာခက်နေတယ်။ အဲဒါ မင်းအဆင်ပြေအောင် ဆောင်ရွက်ပေတော့"

ကျွန်ုပ်သည် ဌာပနာထည့်သွင်းပူဇော်ပွဲကြီးပြီးလေသော် အောင်ချမ်းသာဆရာတော်ကြီးအား ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ စကားကို မူရင်းအတိုင်း လျှောက်ထားခြင်းမပြုပါဘဲ သံတမန်သဘောအရ နားတော်ဝင်အောင် လျှောက်တင်ခဲ့ရပါသည်။

"ဆရာတော်ဘုရား၊ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက အဘိုးသိန်းကို ဆရာတော်မှာရှိနေတဲ့ ပစ္စည်း (၂)မျိုးကို အလှူခံခိုင်းလိုက်ပါတယ်ဘုရား။ အဲဒါကို လှူလိုက်ဖို့ တပည့်တော် အကြံပြုလိုပါတယ်။ ဆရာတော်လှူလိုက်ရင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက ဘုရားကြီးဆက်လက်ပြီးစီးအောင်တည်ထားဖို့ စီစဉ်ပေးမှာ သေချာတယ်လို့ တပည့်တော်ထင်ပါတယ်ဘုရား"

"အိမ်း - မင်းပြောတာ မဆိုးဘူးကွယ့်။ ငါလည်းထုခွဲရောင်းချကြည့်တာ အဆင်မပြေခဲ့ဘူး။ ဒီတော့ ဒီပစ္စည်းတွေကို ယူပြီး ဘိုးတော်သိန်းနဲ့ ရွှေပေါ်ကျွန်းကို လိုက်သွားပေတော့"

ဆရာတော်ကြီး၏ အမိန့်စကားကြောင့် ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ ရွှေပေါ်ကျွန်းသို့ ခရီးထွက်ခဲ့ပါသည်။

*

အဘိုးသိန်းနှင့်အတူ ကျွန်ုပ် ကျောက်တံခါးမြို့မှ ဦးငွေ၊ ကျွန်ုပ်၏ တပည့်ကလေး ဖြစ်သော ညောင်လေးပင်မြို့မှ မောင်စိုးလှင်းတို့ ရွှေပေါ်ကျွန်းသို့ ထွက်ခဲ့ကြသည်။ ကျွန်ုပ်သည် ရွှေပေါ်ကျွန်းသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ဖူးပါသည်။ ယခုသွားရသောခရီးစဉ်မှာ အလွန် ထိတ်လန့်ချောက်ချားဖွယ် ခရီးတစ်ခုဖြစ်ခဲ့သည်။ ရထား၊ ကား စသည်တို့ကို စီးနင်းလိုက်တိုင်း အဆင်ပြေခြင်းမရှိပါ။ လက်မှတ်ယူရာ၌ အဆင်ပြေခြင်းမရှိသောကြောင့် ခြေတစ်ပေါင်ကျိုးရပ်ရင်း မိုးစင်စင်လင်းသည်အထိ ရထားတွဲအတွင်း ကျပ်တည်းကျဉ်းမြောင်းစွာပင် လိုက်ပါခဲ့ရသည်။ မိတ္ထီလာဘူတာသို့ ရောက်ပြီးသော် မိတ္ထီလာ - မလှိုင်ကားများ မရသောကြောင့် ကန်ပတ်လည်လမ်းဘက်မှ ခရီးဆက်ခဲ့ရသည်။ ခရီးကကြမ်းလှသည်။ ခရီးသည်များက ကျပ်ညပ်နေပြီး တစ်ညလုံးမအိပ်ထားရသောကြောင့် လူမှာ နုံးချည့်နေတော့သည်။ မောင်ရိပိုးတဝါးတွင် ကျွန်ုပ်တို့ စီးနင်းလိုက်ပါခဲ့သော ကားကလေးသည် ရွာကလေးတစ်ရွာတွင် ရပ်နားလိုက်သည်။ ဖြစ်သလို ခရီးဆက်ဖို့ စီစဉ်ရာ လှည်းတစ်စီးကို ခက်ခဲစွာ ငှားရမ်းရရှိခဲ့သည်။ ကျွန်ုပ်တို့မှာ နဝင်္ဂသီလထိန်းထားသူများဖြစ်၍ ညနေစာအတွက် အထူးမစီစဉ်ကြရပါ။ မောင်းနေသော လှည်းဆရာမှာ ထန်းရည်သမားဖြစ်နေသည်။ ရွှေပေါ်ကျွန်းစခန်းကြီးကို မီးချောင်းများထိန်ထိန်ညီးနေသည့်ကြားတွင် တွေ့မြင်ရ... လျက် ဝင်၍မရဘဲဖြစ်နေသည်။ တော... မှောက်ညည်ဆိုပြီး လှည်းဆရာသည် လှည်းပေါ်မှ ခဏခဏခုန်ဆင်း... တောပိုင်၊ တောင်ပိုင်တို့ကို လက်အုပ်... တချီချီနှင့် တောင်းပန်စကားဆို... တော့သည်။ အဘိုးသိန်းက ထန်းရည်... သမား လှည်းဆရာကို စိတ်တိုလာပြီး ... ၏ ငါးတောင့်ထိုးဓာတ်မီးကြီးနှင့် ရိုက်... မည်လုပ်ပါတော့သည်။ လှည်းဆရာမှာ... ထန်းရည်ခါးတို့ကို သူ၏ ဂျပန်ရေ... ကလေးတွင် ထည့်လာ၍ မော့သော... နေလေရာ အဘိုးသိန်းက ထန်းရည်... တွင်းမှ ထန်းရည်တို့ကို သွန်ချလိုက်... ကိစ္စပြီးတော့သည်။ ကျွန်ုပ်မှာ စိတ်... လည်းညစ်၊ ရယ်လည်းရယ်မောမိ... သည်။

ကျွန်ုပ်သည် မိမိတို့နှင့် ပါလာ... သော ထူးဆန်းသည့် ဂမ္ဘီရပစ္စည်းများ... အကြောင်းကို ခြေခြေမြစ်မြစ် သိထား... ဖြစ်ရာ စိတ်မအေးနိုင်ဘဲ မေတ္တာပွား... ခြင်း၊ ဂုဏ်တော်များကို မမေ့မလျော့... နှလုံးသွင်းခြင်းပြုနေခဲ့သည်။ နောက်... ညဦးနက်ပိုင်းကာလရောက်လေမှ ရွှေ... ပေါ်ကျွန်း စေတော်ဝင်ကျောင်းတော်... ကြီးသို့ ဝင်နိုင်ခဲ့ပါတော့သည်။

*

နံနက်မိုးသောက်သည်နှင့် ရွှေ... ပေါ်ကျွန်းဆရာတော်ကြီး၏ တပည့်... သော ကပ္ပိယဘိုးသူတော်ကြီးအဘိုးသိန်း... သည် ထိုပစ္စည်းများ ထည့်ထားသော... ကတ္တီပါအိတ်ကလေးကိုပိုက်၍ ရွှေ... ပေါ်ကျွန်းဆရာတော်ဘုရားကြီးထံ... ဝင်ခဲ့လေသည်။

သူ့ကို ရွှေပေါ်ကျွန်းဆရာတော်... ဘုရားကြီးက အကျိုးဆောင်အော... သောကြောင့် လိုက်လိုက်လှဲလှဲ ကြို... မည်ဟု ထင်ထားသော်လည်း ... အောင်လွဲခဲ့သည်။

"ဦးပဥ္စင်းသိန်း (အဘိုးသိန်းသ... ဦးပဥ္စင်းဘဝနှင့် ဆရာတော်ဘုရား... ကို ကြာမြင့်စွာ ပါရမီဖြည့်ခဲ့သူဖြစ်... ဤသို့ ခေါ်ခြင်း ဖြစ်သည်။) ခင်ဗျား... အောင်ချမ်းသာ ဆရာတော်ကြီး... လောဘနဲ့ ကျုပ်ကို ဒီပစ္စည်းလှူလိုက်... တာကိုးဗျ။ ဒီပစ္စည်းဟာ ဘယ်လော... အရေးကြီးမှန်း အောင်ချမ်းသာဆရာ... တော် မသိရှာဘူး။ ကျုပ်အ... တော့ပါဘူးဗျာ။ ပြန်ယူသွားပေတော့...



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုတော်မူသည်။

ရွှေပေါ်ကျွန်းဆရာတော်ကြီးသည် ပစ္စည်းများကို ထိကိုင်ခြင်းပင်မပြုဘဲ တော်သိန်းကို ပြန်ပို့စေဟု ဆိုတော် ခဲ့သည်။

ကျွန်ုပ်သည် အဘိုးသိန်း ပြောပြ သော စကားများကို ကြားရသောအခါ အလွန်ပင် ထိတ်လန့်တုန်လှုပ်မှုဖြစ်ခဲ့ သည်။ အိပ်၍မပျော်အောင်ပင် စိတ် ချောက်ချားနေမိသည်။ ထိုပစ္စည်းများကို ကျွန်ုပ်ပြန်လည်သယ်ဆောင်သွားလိုစိတ် ပါ။ ဘယ်နည်းနှင့်မဆို ထိုပစ္စည်းများ ကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး လက်ခံတော်မူအောင် ဆောင်ရွက်မည် ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ပါသည်။

ကျွန်ုပ်တို့ (၃) ဦးသား အခြေ အနေကိုစောင့်ရင်း ရွှေပေါ်ကျွန်း၌ သီတင်းတစ်ပတ်မျှ ကြာနေခဲ့ပါသည်။ ဂေါပကလူကြီး ဦးသန်းအောင်သည် ထို အချိန်က ဆရာတော်ဘုရားကြီး၏ အနီး ကပ်အကျိုးဆောင် ဖြစ်သည်။ သူ့ထံသို့ ဦးငွေနှင့် ကျွန်ုပ်တို့ ချဉ်းကပ်တောင်းပန် ကာ ဆရာတော်ဘုရားကြီးထံသို့ လျှောက်ကြားစေခဲ့ပါသည်။ အဘိုးသိန်း မှာမူ မည်သို့မျှမစွမ်းနိုင်ဘဲ လက်မှိုင်ချ လျက် ရှိပါသည်။

ကျွန်ုပ်က ဦးသန်းအောင်ကို ပြော ပြပါသည်။

"ဒီပစ္စည်းတွေကို ကျွန်တော်တို့ အောင်ချမ်းသာကို ဘယ်လိုမှ ပြန်မယူ သွားရဲပါဘူး။ ဆရာတော်ဘုရားကြီးကို ယခု ပစ္စည်းယူဆောင်လာတဲ့ ဒကာများ ဟာ ဆရာတော်ဘုရားကြီးကို မည်သည့် မျှော်လင့်ချက်၊ မည်သည့်နှောင့်ဖွဲ့မှု မရှိ ပါဘဲ လွတ်လွတ်စွန့်လှူပူဇော်ခြင်းသာ ဖြစ်ပါတယ်လို့ လျှောက်ထားပေးပါ။ အခုအချိန်မှာ ဒီပစ္စည်းများကို ကျွန် တော်တို့ကို တာဝန်အပြီးအပိုင်လွှဲပြောင်း ထားပြီးဖြစ်လို့ အောင်ချမ်းသာဆရာ တော်ဘုရားကြီးနဲ့ လုံးဝမသက်ဆိုင်ပါ ဘူး။ ကျွန်တော်တို့နဲ့သာ ဆိုင်တာမို့ အလှူကို စိတ်သန့်ရှင်းစွာ ခံယူတော်မူ ပါလို့ လျှောက်ထားပေးပါဗျာ"

စီစဉ်ပြောဆိုခဲ့ပါသည်။

ကျွန်ုပ်၏ လျှောက်ထားမှုမှာ သဘာဝကျသည်ဟု ထင်ပါသည်။ နှစ် ဖက်အကျိုးများရန် လျှောက်ထားခြင်း ဖြစ်၍ ရွှေပေါ်ကျွန်းဆရာတော်ဘုရား ကြီးသည် ထိုလျှောက်တင်မှုကို လက် သင့်ခံတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့လည်း လာရင်းကိစ္စပြီး မြောက်အောင်မြင်ပြီဖြစ်၍ ဝမ်းသာပေါ့ ပါးသွားခဲ့သည်။

ထိုနေ့က ဆရာတော်ဘုရားကြီး သည် ထိုပစ္စည်း (၂) မျိုးကို အတွင်း ဆောင်တော်၌ ဂေါပကလူကြီးများ (အတွင်းနေ) တို့ရှေ့၌ အဘိုးသိန်းထံမှ တစ်ဆင့်လက်ခံတော်မူခဲ့သည်။ ဒိုးလုံး ပမာဏရှိသော ဖန်ကျောက်လုံးကြီးကို ဆရာတော်ဘုရားကြီး လက်ခံထိန်းသိမ်း ပြီး အဘိုးသိန်းကို အရန်ကျောက်ကို ထိန်းသိမ်းစေခဲ့ပါသည်။

"အေးဗျ ဦးပဥ္စင်းသိန်း၊ ဒီပစ္စည်း ကို ကျုပ်တောင်ဘယ်မှာဘယ်လိုထား ရမယ်ဆိုတာတောင် စဉ်းစားရဦးမယ်ဗျ။ အသုံးမတည့် အထားမတတ်ရင် အန္တ ရာယ်ကြီးတယ်။ ခင်ဗျားက အရန်နဂါး ပတ်ကျောက်ကို ယူထားပါ။ ခင်ဗျားနေ တဲ့ စနေထောင့်နဲ့ ကျုပ်နေတဲ့ တနင်္ဂနွေ ထောင့်က သမသတ်ထောင့်တွေဗျ။ အဲဒီလိုထားမှတာတ်သဘောမိပြီး အဆင် ပြေနိုင်တယ်"

ဟု မိန့်တော်မူသည်ကို အဘိုး သိန်းက ပြန်ပြောပြပါသည်။

ဂေါပက လူကြီးများကိုလည်း ဆရာတော်ဘုရားကြီးက ဒိုးလုံးပမာဏ ရှိသော ဖန်ကျောက်တုံးကို ပြသတော် မူပြီး -

"အိမ်း - ခင်ဗျားတို့တွေ့ဖူးအောင် ကြည့်ထားကြဗျ။ ဒီပစ္စည်းမျိုး ခင်ဗျားတို့ တစ်သက်တာမှာ ဒီတစ်ခါသာ မြင်ခွင့်ရ နိုင်တယ်ဗျ။ ဒါဟာ နဂါးလည်ရွဲတန်ဆာ လို့ခေါ်တဲ့ ရတနာအစစ်ပေပဲ။ စီမံတတ် ရင် မြေလျှိုးမိုးပျံနိုင်တဲ့ ရတနာမျိုးဗျ။ အစောင့်အရှောက်အင်မတန်ကြီးတယ်"

ဟု မိန့်တော်မူခဲ့သည်။

ထိုဖြစ်စဉ်များနောက်တွင် ကျွန်ုပ် တို့အဖွဲ့လည်း ရွှေပေါ်ကျွန်းခေန်းကြီးမှ ပေါ့ပါးစွာ အောင်ချမ်းသာရွာ ဆရာ တော်ဘုရားကြီးထံသို့ ပြန်ခဲ့ကြပါသည်။

ဘုရားတည်ရန်အတွက် ငွေထုပ် ပိုက်၍ ပြန်လာလိမ့်မည်ဟု မျှော်လင့် တော်မူနေမည့် အောင်ချမ်းသာဆရာ တော်ဘုရားကြီးကို ပြန်လည်လျှောက် ထားရန် ကျွန်ုပ်သည် အပြန်ခရီးစဉ်၌ စဉ်းစားတွေးတောနေမိသည်။

အောင်ချမ်းသာရွာသို့ ရောက်ပြီး အောင်ချမ်းသာစေတီတော်မြတ်ကြီးကို ဦးစွာ ကြည်ညိုဖူးမြော်ပြီးမှ အောင်ချမ်း သာဆရာတော်ကြီးကို ရှိသေစွာ ကန် တော့ပြုပါသည်။ ကျွန်ုပ်သည် ကြိုတင် စိတ်ကူးထားသည့်အတိုင်း ဆရာတော် ကြီး နားဝင်အောင် အကျိုးအကြောင်း လျှောက်ထားခဲ့ပါသည်။ ယခုအခါ တစ် ပါတည်း ငွေထုပ်ကြီးကို ပိုက်၍ ပြန်လာ ရသည်မဟုတ်သော်လည်း ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးသည် မပြီးပြတ် သေးသော အောင်ချမ်းသာစေတီတော် ကြီးကို ခမ်းနားထည်ဝါစွာ ပွင့်ထွန်းတော် မူရန် ပြုပြင်မွမ်းမံဖို့ အစီအစဉ်ရှိနိုင် ကြောင်းကို မိမိယုံကြည်သည့်အလျောက် လျှောက်ထားရှင်းပြခဲ့ပါသည်။ ဦးပညာ ဝံသ ဆရာတော်ဘုရားကြီးလည်း ကျေ နပ်တော်မူပါသည်။

(ကျွန်ုပ် လျှောက်ထားတင်ပြထား သကဲ့သို့ ရွှေပေါ်ကျွန်းဆရာတော်ဘုရား ကြီးသည် အောင်ချမ်းသာစေတီမြတ် ကြီးကို ရွှေပေါ်ကျွန်းမှ ဗိသုကာအ ကျော်အမော် ပန်းရန်ပညာရှင်ကြီး ဦးချစ်တိုးကို စေလွှတ်ရန် ဆက်လက် တည်ထားခဲ့ရာ အလွန်သပ္ပယ်သော 'လေးကျွန်းစကြာအောင်ချမ်းသာ' ဘွဲ့ချီ သော စေတီတော်မြတ်ကြီး ငွားငွားစွင့် စွင့်ပွင့်တော်မူခဲ့ပါသည်။)

*

လွန်ခဲ့သော (၁၇) နှစ်ခန့်က ဖြစ် သည်။

ကျွန်ုပ်သည် မြန်မာ့အသံမှ လွှင့် ထုတ်လိုက်သော သတင်းတစ်ပုဒ် ကြောင့် ကမ္ဘာကြီးသွက်သွက်လည်သွား သကဲ့သို့ ခံစားလိုက်ရသည်။ မမျှော်လင့် သော သတင်းစကားကြောင့် ဖြစ်သည်။ ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော် ဘုရားကြီးသည် ၁၃၅၈ ခုနှစ်၊ ပြာသိုလ ပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ခန္ဓာ ဝန်ချတော်မူခဲ့သည်။ ထိုသတင်းစကား ကြောင့် ကျွန်ုပ်တို့မိသားစုသည် မိမိတို့ လုပ်ငန်းများကို ရပ်ဆိုင်း၍ ရွှေပေါ်ကျွန်း သို့ အမြန်ဆုံးရောက်ရန် ခရီးထွက်ခဲ့ကြ သည်။ ရပ်ဝေး၊ ရပ်နီးမှ တပည့်ဝေနေ ယျများစွာတို့ ပူဆွေးကြေကွဲစွာ ဆရာ တော်ဘုရားကြီး၏ ရုပ်အလောင်းတော် ကို ဖူးမြော်ပူဇော်ကြသည်။

(၇)ရက်လည်သောနေ့တွင် ဆရာ တော်ဘုရားကြီးရှိစဉ်က ကြိုတင်စီစဉ် ထားချက်အတိုင်း မြစ်သားမြို့နယ်၌ ဆရာတော်ဘုရားကြီး၏ နောက်ဆုံး ကုသိုလ်တော်အဖြစ် တည်ထားခဲ့သော ရွှေဟောင်း မြသိန်းတန်စေတီတော်ကြီး ရွှေထီးတော်တင်လှူရန် တပည့်ဝေနေ ယျများ ဟီးနိုးကားကြီးများနှင့် ထွက်ခွာ ခဲ့ကြသည်။ ထိုခရီးစဉ်တွင် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

မိသားစုလည်း လိုက်ပါခဲ့သည်။

ဒေသခံပြည်သူများနှင့် မြန်မာပြည်အရပ်ရပ်မှ ရွှေပေါ်ကျွန်းဝေနေယျများစွာတို့သည် မြသိန်းတန်စေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်တွင် ကြက်ပျံမကျ တိတ်ဆိတ်ငြိမ်သက်စွာ စုဝေးရောက်ရှိနေကြသည်။ မိမိတို့နေ့နံသင့်ရာ အရပ်မျက်နှာများ၌ အခမ်းအနားမှူး ရွှေပေါ်ကျွန်းသာဝက ဦးစိုးမောင်၏ ကြေညာချက်အတိုင်း နေရာယူကြပါသည်။ နံနက် (၉း၄၅) နာရီတွင် ထီးတော်မြတ်တင်လှူပွဲကို စတင်သည်။ ထိုကုသိုလ်ပွဲမှာ မျက်ရည်နှင့်ရင်းရသော ကုသိုလ်ပွဲဟု' ဆိုရပါမည်။ ဆရာတော်ဘုရားကြီး မရှိတော့ပြီဖြစ်သော်လည်း ဆရာတော်ကြီး၏ တပည့်များသည် ဆရာတော်ကြီး၏ လမ်းညွှန်စကားကို တစ်သဝေမတိမ်း နာခံခဲ့ကြသည်။ ဝေနေယျများစွာတို့သည် အောင်သပြေပန်းကလေးများကို ကိုယ်စီကိုင်ဆောင်လျက် မြတ်ဗုဒ္ဓရှင်တော်ကို သဒ္ဓါညွတ်နူးစွာ အာရုံပြုနေကြသည်။

အသံချဲ့စက်မှ ဦးစိုးမောင်က အစီအစဉ်များကို ကြေညာပြောဆိုနေသည်။

"ဒီကနေ့ ကုသိုလ်တော်ကောင်းမှုပွဲကြီးဟာ ကျေးဇူးတော်ရှင်ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးရဲ့ နောက်ဆုံးပြုတဲ့ ကုသိုလ်တော် ရွှေထီးတော်တင်ပွဲကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဝေနေယျ သာဝကများက ဆရာတော်ဘုရားကြီး မိန့်မှာတော်မူတဲ့အတိုင်း ကျွန်တော်ဒီနေရာက တိုင်ပေးမယ့် 'ဓမ္မစကြာသည်းခြေ' လို့ ခေါ်ရမယ့် ဂါထာမြတ်ကို ညီညီညာညာ သံပြိုင်ရွတ်ဆိုပူဇော်တော်မူကြဖို့ ပန်ကြားပါတယ် ခင်ဗျား"

ဟု ဝမ်းနည်းသံရောနှောနေသော်လည်း တည်ကြည်ငြိမ်သက်စွာပြောခဲ့သည်။ ပြီးသော် ဤသို့ တိုင်ပေးသည်။

"စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ"

ကျွန်ုပ်တို့ ဝေနေယျများသည် တိုင်ပေးသည့်အတိုင်း ညီညာဖြိုဖြိုအကြိမ်များစွာ ရွတ်ဆိုပူဇော်ခဲ့ကြသည်။ ထီးတော်မြတ်ကြီး တင်လှူရာတွင် ဗုံ၊ ဆိုင်း၊ စည်တော်တို့ မပါဝင်ဘဲ ဓမ္မစကြာတရားတော်သံများသာ လွှမ်းမိုးနေ၍ ကြက်သီးထဖွယ် ကြည်ညိုစရာကောင်းလှသည်။ထီးတော်မြတ်ကို ရွှေပေါ်ကျွန်း ထီးတော်တင်အဖွဲ့မှ နတ်မြင်းပျံကသော ပန်းရထားကြီးနှင့် အဆင့်ဆင့်တင်လှူပါသည်။ ပုဂံခေတ်လက်ရာရှေးဟောင်း မြသိန်းတန်စေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲကား အောင်မြင်ပြီးစီးခဲ့ပြီ။ ဇိတံမေ - အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ ဆိုသော အောင်သံများကို (၃) ကြိမ် (၃) ခါ ကြွေးကြော်ကြသည်။ ထိုအသံတို့သည် အထက်ဘဝဂ်တိုင်လျှံတက်နေခဲ့သည်။ ကျွန်ုပ်သည် ထီးတော်တင်ပွဲကြီးပြီးသည်နှင့် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်ပတ်၍ နောက်ဆုံးအကြိမ် ပူဇော်ပါသည်။

မုခ်ပေါက်တစ်ခုအနီးသို့ ရောက်လေသော် ကျွန်ုပ်၏ ခြေလှမ်းများသည် ဂန္ဓကုဋိတိုက်တစ်ခုအတွင်းသို့ အမှတ်မဲ့ လှမ်းလျှောက်နေမိသည်ကို သတိပြုမိသည်။ ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ ဂန္ဓာကုဋိတိုက်အတွင်းရှိ ကျောက်သားရုပ်တု မြတ်စွာဘုရားရှင်ကြီးကို ပူဇော်ရန် ဖြစ်ပါသည်။ ကျွန်ုပ်၏ ကိုယ်ခန္ဓာသည် တစ်စုံတစ်ရာသော အကြောင်းကြောင့် ပေါ့ပါးနေသလို ခံစားရသည်။ ဂန္ဓာကုဋိတိုက်တွင်းသို့ ဝင်လိုက်သည်နှင့် ယောဂီဝတ်ပုဂ္ဂိုလ်ကြီး (၄) ဦးတို့သည် ကျွန်ုပ်ကို ထူးဆန်းစွာ ကြိုဆိုကြတော့သည်။

"အကြည်တော် ဗိုလ်မင်း ရောက်တော်မူလာပြီကိုး။ ကျွန်ုပ်တို့ ပုဂံသားများက ကောင်းစွာ ကြိုဆိုပါတယ်"

ရှေးခေတ်နန်းသုံးဟန်ပန်စကားသံတို့နှင့် ကျွန်ုပ်ကို လက်အုပ်ချီ၍ ကြိုဆိုခဲ့ကြသည်။ ကျွန်ုပ်သည် ထိုစဉ်ကာလက အသက် (၅၀) နှစ်ကျော်သာရှိသေးသည်။ ယောဂီကြီးများက အသက်(၆၀) ကျော်၊ (၇၀)ခန့်ရှိမည်ထင်သည်။ ကျွန်ုပ်သည် သူ၏ အပြုအမူများကြောင့် တအံ့တသြ ဖြစ်သွားသည်။

"သြ - အဘဆရာကြီးတို့ကိုး။ ကျွန်တော့်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဦးချကြည်ညိုခွင့်ပြုပါ ခင်ဗျာ"

ဟု ခွင့်တောင်းလိုက်သည်။

"ရပါတယ် အကြည်တော်ဗိုလ်မင်း၊ ကျွန်ုပ်တို့ အကြည်တော်ကို စောင့်နေခဲ့ကြတာပါ ခင်ဗျား။ ကြည်ညိုပါ၊ ကြည်ညိုပါ"

ကျွန်ုပ်လည်း ကျောက်သားဆင်းတုတော်မြတ်ကြီးကို လေးစားရိုသေစွာ ထိုခြင်းငါးပါးနှင့် ဦးချပူဇော်ပြီး မြတ်စွာဘုရားရှင်နှင့် ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ သံယာ့ဂုဏ်တော်တို့ကို ဆင်ခြင်ပွားများနေမိသည်။ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် ကျွန်ုပ်တို့မိသားစုကို သရဏဂုံ ယုံကြည် ပွားထုံ၍ မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီးကို သဒ္ဓါစိတ်နှင့် ပူဇော်ဆည်းကပ် တတ်အောင်ညွှန်ပြတော်မူခဲ့သော လမ်းပြပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သည်။ ကျွန်ုပ်၏ ခန္ဓာ နာမ်အစဉ်၌ မြတ်စွာဗုဒ္ဓ၏ ဂုဏ်တော်မြတ်ကို အာရုံပြု နှလုံးသွင်းနေမိသည်။ ထိုစဉ်တွင် -

မှိတ်ထားသော မျက်လုံးအစုံ၌ မြသိန်းတန်စေတီတော်မြတ်ကြီး ဘွား ပေါ်လာသည်။ စေတီတော်၏ပန်းတ ခုံထက်တွင် ညို့သန်းသောအစိမ်းရော အကြေးခွံတို့နှင့် နဂါးကြီးတစ်ကော ပေါ်လာသည်။ နဂါးကြီးသည် ပါး ထောင်လျက် မြသိန်းတန်စေတီမြတ် ကြည်ညိုနေဟန်ရှိသည်။ ကျွန်ုပ်သ ထိုအာရုံမြင်ကွင်းကြောင့် ရုတ်တ မှင်တက်မိသလို ဖြစ်သွားသည်။ န ကြီး၏ ဦးခေါင်းထိပ်တွင် ရုပ်တော် သော ရဟန်းတော်တစ်ပါးကို ဖူးတွေ့ ပြန်သည်။ ထိုရဟန်းတော်မြတ်မှာ သ တော်ထင်ရှား ကျေးဇူးရှင် ရွှေပေါ်က ဆရာတော်ဘုရားကြီး ဖြစ်နေသည် မိမိကောင်းမှုတော်ဖြစ်သော စေတီ မြတ်ကြီးကို လက်အုပ်ကြာငုံပြု၍ ပူ နေသည်။ နဂါးကြီး၏ အမြီးပိုင်း ကရင်သင်တိုင်းအဖြူကို ဝတ်ထား ဘိုးတော်ကြီးတစ်ပါးကို တွေ့ရသ ဘိုးတော်ကြီး၏ ခါးဝတ်ပုဆိုးမှာ ရောင်ဖြစ်ပြီး တောင်ဝှေးထောက် စေတီတော်ကို ငေးမျှော်ဖူးနေသ ဘိုးတော်ကြီး၏ မုတ်ဆိတ်တို့မှာ အ ရှည်လျားတွဲခိုလှုပ်ရှားနေကြသည်

ကျွန်ုပ်သည် ထိုမြင်ကွင်း ရုပ်ရှင်ပိတ်ကားကြည့်ရသကဲ့သို့ ရှားစွာ မြင်ရခြင်း ဖြစ်သည်။ ပြ လှသော မြင်ကွင်းကြောင့် ကြက်သီး တဖြန်းဖြန်းထလျက်ရှိနေသည်။ ထို တွင် တည်ငြိမ်အေးဆေးသော အ တစ်ခုကို ကျွန်ုပ်ကြားလိုက်ရသည်။

"အကြည်တော် ဗိုလ်မင်း၊ အချိန်ဟာ ကျွန်ုပ်တို့ အမျှပေးဝေ ခေါ်ခြင်း ကောင်းမှုပြုရမယ့် အချိန် သမယဖြစ်ပေတယ်။ အမျှဝေကြ

ကျွန်ုပ် ထိုအသံကို ကြား သည်နှင့် -

"အမျှ၊ အမျှ၊ အမျှ ယူတော် ပါကုန်လော့"

ဆိုသော ယောဂီပုဂ္ဂိုလ် တို့၏အသံများ ထွက်ပေါ်လ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း ယောဂီကြီးများနှင့်အတူ အားပါးတရ စိတ်ပါလက်ပါ အမျှဝေ၊ သာဓုခေါ်ခြင်းပြုခဲ့သည်။

ကျယ်လောင်စွာသော အမျှပေးဝေသံ၊ သာဓုခေါ်သံတို့သည် မြသိန်းတန်စေတီတော်မှ အထက်ဘဝဂ်တိုင် ဖြန့်ကြက်လွှမ်းမိုးသွားပါသည်။

ကျွန်ုပ်တို့တစ်စု၏ ကောင်းမှုအမျှဝေသံကြောင့် ထီးတော်တင်ပွဲလာသောင်းချီသော ပရိသတ်ကြီးသည် ညီညီညာညာ အတူလိုက်၍ အမျှဝေခြင်း၊ သာဓုခေါ်ခြင်းတို့ကို ပြုကြလေသည်။ ထိုအသံကြီးသည် အလွန်ကျယ်လောင်မြည်ဟည်းသွားရာ စကြဝဠာတစ်ခွင်လုံးသို့ လွှမ်းမိုးသွားလေပြီဟု ခံစားမိတော့သည်။

ကျွန်ုပ်မြင်ကွင်းတွင် တွေ့နေရသော ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် သာဓုခေါ်သံပြီးဆုံးသွားသည်နှင့် အလျှံညီးညီးထွန်းပသော ရောင်စဉ်တန်းတို့ဖြင့် ထက်ကောင်းကင်ယံသို့ ကြွပျံပျောက်ကွယ်သွားပါလေသည်။ နတ်ဝိဇ္ဇာအဘိုးကရင်ကြီး တစ်ခါကပိုင်ဆိုင်ခဲ့သော နဂါးလည်ရွဲရတနာသည် ဤမြသိန်းတန်စေတီ၌ ဌာပနာထိုက်သောပစ္စည်းဖြစ်ဟန် တူပါသည်။ ဥပါဒါန်အစွဲကြီးသော အဘိုးကရင်ကြီးသည် သူ၏ပိုင်ဆိုင်မှု ဖြစ်သော နဂါးလည်ရွဲကို မသူတော်တို့လက်မရောက်ရန် ကာကွယ်စောင့်ရှောက်ခဲ့သည်။ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ မေတ္တာတော်ကို ခံယူ၍ နောက်ဆုံး ကုသိုလ်တော်မြသိန်းတန်စေတီတော်ကြီး၌ ဌာပနာသွင်း ပူဇော်ပြီး ကျွတ်တမ်းဝင်ခဲ့မည်ဟု ခန့်မှန်းတွေးဆမိပါသည်။

ကျွန်ုပ်သည် အတွေးတွင် လွင့်မျောနေသည်။ ကျွန်ုပ်အား အကြည်တော်ဟု ခေါ်ခဲ့ကြသော ယောဂီကြီး (၄) ဦးတို့အကြောင်းကို ဆက်တွေးမိသည်။ သူတို့ကို ရှေးမဆွကပင် ကောင်းစွာသိခဲ့ဖူးပါသည်။ သူတို့သည် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ ခေတ်ပန္နက်ချရာ သာသနာပြုလုပ်ငန်းများတွင် ဦးဆောင်ပါဝင်ခဲ့သူများ ဖြစ်သည်။ ၎င်းတို့အနက် ရင်းနှီးသော ပုဂ္ဂိုလ်ကြီး (၃) ပါးရှိသည်။ မြင်းခြံမှ ရသေ့ယောဂီကြီးဦးသန်း (ဘျှောင်ထုံးကလေးထားသူ)၊ ယောဂီကြီး ဦးတင်မောင်ညို (မြင်းခြံ)နှင့် ယောဂီကြီး ဦးအောင်ခန့် (မြင်းခြံ) တို့ဖြစ်သည်။ ယောဂီကြီးဦးအောင်ခန့်မှာ ကျွန်ုပ် ပဲခူးတိုင်းဒေသကြီးတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ပဲခူးတိုင်းပညာရေးမှူးအဖြစ် တာဝန်ထမ်းခဲ့ဖူးသည်။ သူတို့ကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် မြသိန်းတန်စေတီတော်ကြီး ပြုပြင်တည်ထားရာ၌ တာဝန်ပေးခဲ့သည်။ အဓိဋ္ဌာန် (၄၅)ရက်ယူ၍ နဝင်္ဂသီလဆောက်တည်ပြီး ဘဝပဋ္ဌာန်းဆက်တို့ကို မေတ္တာများဖြန့်ကြက်စေခဲ့သည်။ ကျွန်ုပ်ရောက်ရှိနေရာ ဂန္ဓကုဋိတိုက်ကြီးအတွင်း နေထိုင်ခဲ့သည်။ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသည်အထိ အဓိဋ္ဌာန်မပြီးမြောက်သေး၍ ရွှေပေါ်ကျွန်းသာသနာပြုစခန်းကြီးသို့ဝင်ခွင့်မရကြဘဲ ထီးတော်တင်ပွဲပြီးသည်အထိ မြသိန်းတန်စေတီတော် ပရဝဏ်မှမထွက်ရဘဲ နေခဲ့ကြသည်။ ယခုမူ သူတို့၏ အဓိဋ္ဌာန်အောင်ခဲ့လေပြီ။

ကျွန်ုပ်သည် အဘယောဂီကြီးများထက် အသက်များစွာငယ်သူဖြစ်သော တပည့်သားမြေးတစ်ဦးမျှ ဖြစ်သည်။ ရွှေပေါ်ကျွန်းသို့ရောက်တိုင်း မြင်းခြံဆောင်တွင် တွေ့ရတတ်သော ဘိုးတော်ယောဂီကြီးများကို ဂါရဝပြု ရှိခိုးကန်တော့မြဲဖြစ်ပါသည်။ ယခုတော့ ကျွန်ုပ်ကို သူတို့က ဘဝပဋ္ဌာန်းဆက်ကို သိမြင်ကြပြီး လေးစားစွာဆက်ဆံ၍ လက်အုပ်ချီမိုး နှုတ်ဆက်ခဲ့ကြသည်။ ဘဝသံသရာက မဖြစ်နိုင်သောပုံရိပ်များ၏ အကျိုးဆက်ဟုသာ ရှိပါမည်။

ကျွန်ုပ်တို့မိသားစု အောက်ပြည်အောက်ရွာ ပဲခူးတိုင်းဒေသကြီးမှ ရွှေပေါ်ကျွန်းသို့ဝင်ခါစက 'သထုံဆက်တွေ ရွှေပေါ်ကျွန်းသာသနာဝင်လာကြပြီ' ဆိုသော စကားသံကိုလည်း ကျွန်ုပ် သတိရမိသည်။ ဒီအတိုင်းဆိုလျှင် ကျွန်ုပ်သည် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ နောက်ဆုံးကုသိုလ်တော်ပြုရန် နဂါးလည်ရွဲတန်ဆာကြီးကို ပို့ဆောင်ပေးခဲ့ရသော သထုံဆက် (နဂါးလည်ရွဲတမန်တော်) လောဟု ဝိုးတဝါး တွေးတောမိသည်။ ကျွန်ုပ် အတွေးပုံရိပ်တို့နှင့်လွင့်မျောနေစဉ် -

"ဗိုလ်မင်း"

ဆိုသော အသံကို ကြားရသည်။ ကျွန်ုပ်သည် ဖျတ်ခနဲ သတိဝင်ပြီး အသံကို စူးစိုက်နားထောင်လိုက်ရာ -

"ဗိုလ်မင်း၊ ကျွန်ုပ်တို့ ဗိုလ်မင်းအလာကိုစောင့်နေခဲ့တာပါ။ အခုတော့ ဗိုလ်မင်းရောက်လာပြီမို့ အဓိဋ္ဌာန်လည်း ပြီးစီးအောင်မြင်ခဲ့ပါပြီ။ ဘာပဲပြောပြော နဂါးလည်ရွဲတမန်တော်ရဲ့တာဝန် ကောင်းစွာ ကျေပွန်ပါပြီ။ သာဓု၊ သာဓု၊ သာဓု"

ဟူသော ယောဂီအကြီးအမှူး အဘိုးရသေ့ကြီး ဦးသန်းက ပြောဆိုသည်။ ကျွန်ုပ်လည်း ယောဂီကြီးများကို ဂါရဝပြု လက်အုပ်ချီမိုး ရှိခိုးနှုတ်ဆက်လတ် ဂန္ဓကုဋိတိုက်အတွင်းမှ ထွက်ခဲ့ပါတော့သည်။

*

"ဟာ - ဒေဒေး ဟိုမှာ"

ကျွန်ုပ်၏ သားတော်မောင်အသံကို ကြားရသည်။

"အဒေကြီးရယ်၊ ဘယ်များပျောက်နေလဲလို့ ရှာလိုက်ရတာ။ ကားထွက်တော့မယ်၊ မြန်မြန်တက်ကြရအောင်"

ဟု ဇနီးသည်က ရေကြီးသုတ်ပျာ ပြောဆိုလေသည်။

ကျွန်ုပ်တို့လည်း လူအပြည့်နှင့် စက်နိုးနေပြီဖြစ်သော မန္တလေးသို့ ထွက်ခွာမည့် ဟီးနိုးကားကြီးပေါ်သို့ တက်လိုက်ရပါသည်။

ထူးဆန်းသောနဂါးလည်ရွဲရတနာကြီးနှင့် ကျွန်ုပ်၏ဘဝတစ်စိတ်တစ်ပိုင်းသည် အမှန်တကယ်ပင် ပတ်သက်နေခဲ့သည်ကို မြင်သိခဲ့ရသည်။ ကျွန်ုပ် ဝမ်းနည်း၊ ဝမ်းသာ မဝေခွဲနိုင်သော ခံစားမှုတစ်ခု ဖြစ်ခဲ့ရသည်။ သံသရာ ဟူသည် အဆုံးစမထင်နိုင်အောင်ရှည်ကြာလှပေသည်။ ဘယ်ဘဝတွေဖြစ်၍ ဘာတွေလုပ်ဆောင်ခဲ့ကြသည်ကို မမြင်နိုင်စွမ်းသော ပုထုဇဉ်တို့၏သဘာဝမှာ အကန်းလမ်းလျှောက်သည့်ပမာသာ ဖြစ်သည်။ နစ်တုံပေါ်တုံ တမှုန်မွှားမွှား ရဟတ်ချားပမာ တချာချာလည်နေရသော ဘဝသံသရာခရီးကား ငြီးငွေ့ကောင်းလှပေ၏ဟု တွေးနေမိသည်။

မြသိန်းတန်စေတီတော်မြတ်ကြီးနှင့် နဂါးလည်ရွဲတန်ဆာရတနာကြီးတို့၏ ပုံရိပ်များသည် အတိတ်လွင်ပြင်၌ ကျန်ရစ်ခဲ့ကြပြီ။

ဟီးနိုးကားကြီးသည် တရိပ်ရိပ် ပြေးနေ၏။

အညာဒေသ၏မြင်ကွင်းများသည် ပျောက်ကွယ်ကျန်ရစ်ခဲ့ကြသည်။ အရာအားလုံးတို့သည်လည်း ရွှေ့လျားပျောက်ကွယ်ပြီးဆုံးခဲ့ပြီကော။

မေတ္တာရည်လျက်

သာဓက (စေတော်ဝင်)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ကိန်းဂဏန်းများနှင့်သင်

### အပိုင်း (၁)

**ဂဏန်းဗေဒင်စနစ် (Numerology Systems)**

သင်္ချာပညာရပ်တွင်ပါဝင်နေသော စနစ်များစွာအနက် လျှို့ဝှက်နက်နဲသော ကိန်းဂဏန်းများအား လေ့လာသည့် ဂဏန်းဗေဒင်စနစ်သည် လွယ်ကူစွာ လေ့လာသင်ယူနိုင်ပြီး ကျယ်ပြန့်စွာ အသုံးချနိုင်သော ပညာရပ်တစ်ခု ဖြစ်ပါသည်။

သင်္ချာပညာရပ်၏ စနစ်ခွဲအမျိုးမျိုးတွင် ကိန်းဂဏန်းများအား နုတ်ခြင်း၊ ပေါင်းခြင်း၊ မြှောက်ခြင်းတို့ ပါဝင်သော်လည်း ဂဏန်းဗေဒင်စနစ်တစ်ခုတည်း၌ ကိန်းဂဏန်းများအား ရိုးရှင်းစွာ ပေါင်းခြင်းဖြင့် အဖြေထုတ်ပေးနိုင်ပါသည်။

ဂဏန်းဗေဒင်စနစ်အရ ကိန်းဂဏန်းများအား ပေါင်းစပ်ရာတွင် ဥပမာအားဖြင့် (၇၈) ဟူသော ဂဏန်းအားပေါင်းရာ၌ ၇+၈ = ၁၅ ဟူ၍ မှန်ကန်သောအဖြေရရှိသော်လည်း ဂဏန်းဗေဒင်စနစ်အရ ပေါင်းခြင်းဖြင့်ရရှိသော ဂဏန်း (၂) လုံးဖြစ်နေပါက ဂဏန်းတစ်လုံးတည်းရရှိသည်အထိ ဆက်ပေါင်းပေးရသည်။ ထို့ကြောင့် (၇၈) ဟူသော နှစ်လုံးတွဲဂဏန်းအား နောက်ဆုံးအဆင့် ဂဏန်းတစ်လုံးတည်းရသည်အထိပေါင်းပါက ၇၈၊ ၇+၈ = ၁၅၊ ၁+၅ = ၆ ဟူ၍ ရရှိပါမည်။ ထို့ကြောင့် ဂဏန်းဗေဒင်စနစ်အရ (၇၈) ဟူသော ဂဏန်းအားပေါင်းခြင်းသည် (၁၅) ဟူသော နှစ်လုံးတွဲဂဏန်းများကို ရစေသည်။

ဂဏန်းဗေဒင်စနစ်အရ ကိန်းဂဏန်းများအား ပေါင်းစပ်ဂဏန်း (သို့) (၂) လုံးတွဲဂဏန်းအဖြစ် ယှဉ်တွဲသိရှိထားရန် လိုအပ်သည်။ ထို့ကြောင့် (၇၈) သည် နှစ်လုံးတွဲဂဏန်းဖြစ်ပြီး ၎င်းအားပေါင်းပါက (၁၅) ဟူသော နှစ်လုံးတွဲဂဏန်းကိုပင်ထပ်မံရရှိသည်။ ထို့ကြောင့် နှစ်လုံးတွဲဂဏန်း (၁၅) အား ဂဏန်းတစ်လုံးတည်းရသည်အထိပေါင်းပါက ရရှိသော(၆)သည် တစ်လုံးတည်းဂဏန်း (Single Number) ပင် ဖြစ်သည်။

ဂဏန်းဗေဒင်စနစ်အရ (၇၈) ဂဏန်း၏ အတွင်းအနှစ်သာရ (သို့) အသက်ဝိညာဉ်သဖွယ် ကိုယ်စားပြုသောဂဏန်းမှာ (၆) ဖြစ်သည်။

အောက်ပါတစ်လုံးတည်းရှိသော ဂဏန်း (သို့) ပေါင်းစပ်ဂဏန်းများ (သို့) နှစ်လုံးတွဲဂဏန်းများအား ခွဲခြားလေ့လာပါ။

**(A) တစ်လုံးတည်းသော ဂဏန်းအား ရှာဖွေရန်**

| | | | |
|---|---|---|---|
| 1. 059 | 2. 1 | 3. 23 | 4. 99763 |
| 5. 2984 | 6. 284 | 7. 28475 | 8. 28857 |
| 9. 003 | 10. 473 | 11. 6628 | 12. 37914 |

**(B) နှစ်လုံးတွဲဂဏန်းများအား ရှာဖွေရန်**

| | | |
|---|---|---|
| 1. 92 | 2. 815 | 3. 3266 |
| 4. 1289 | 5. 973 | 6. 408 |
| 7. 75873 | 8. 0258 | 9. 52825 |

သင်၏ နေရပ်လိပ်စာ၊ အသက်၊ တယ်လီဖုန်းနံပါတ်၊ မွေးသက္ကရာဇ်တို့တွင် တစ်လုံးတည်းသောဂဏန်းနှင့် နှစ်လုံးတွဲဂဏန်းများပါဝင်နေသည်ကို တွေ့ရမည်။

ထို့အတူ အက္ခရာစဉ်စာလုံးတစ်ခုချင်းစီအား ကိန်းဂဏန်းအသီးသီးက ကိုယ်စားပြုထားသောကြောင့် သင့်အမည်ပါ ကိန်းဂဏန်းများအား ပေါင်းပေးခြင်းဖြင့် အမည်အားကိုယ်စားပြုသော ကိန်းဂဏန်းကို ရရှိပါမည်။

အက္ခရာစဉ်စာလုံးများအား ကိန်းဂဏန်းများဖြစ်အောင် ပြောင်းလဲပေးရာ၌ စနစ်များစွာရှိနေသည်။ ပိုက်သာဂိုရီယမ်စနစ် (Pythagorean System) ပင် ဖြစ်သည်။ ၎င်းစနစ်ကို ခေတ်သစ်ဂဏန်းဗေဒင်စနစ် (Modern Numerology) ဟုလည်း ခေါ်ဆိုကြသည်။

ပိုက်သာဂိုရီယမ်စနစ်တွင် (၁) မှ (၉) အထိရှိသော ကိန်းဂဏန်းများအား အဓိက အသုံးပြုထားသည်။

ပိုက်သာဂိုရီယမ်စနစ်အရ အက္ခရာစဉ်စာလုံးများအား ကိန်းဂဏန်းများက အသီးသီးကိုယ်စားပြုထားပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်။

**ပိုက်သာဂိုရီယမ်ကိန်းဂဏန်းတန်ဖိုးများ**

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| J | K | L | M | N | O | P | Q | R |
| S | T | U | V | W | X | Y | Z | |

ပိုက်သာဂိုရီယမ်စနစ်အား သေချာစွာလေ့လာပါက နားလည်ရ လွယ်ကူသောကြောင့် အနောက်နိုင်ငံများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

အင်္ဂလိပ်အက္ခရာစဉ်စာလုံးများမှာ စုစုပေါင်း (၂၆) လုံးအထိရှိသည်။ အက္ခရာစဉ်စာလုံးများ၏ ကိုယ်စားပြုကိန်းဂဏန်းများကို လေ့လာပါက အက္ခရာ (L) သည် (၁၂) လုံးမြောက် စာလုံးဖြစ်ပြီး ၎င်း၏ ကိုယ်စားပြုကိန်းဂဏန်းမှာ (၃) ဖြစ်သည်။ ထို့ကြောင့် (၁၂) လုံးမြောက် (L) ၏ တန်ဖိုး ၁၂၊ ၁+၂ = (၃) နှင့် (L) ၏ ကိုယ်စားပြုကိန်းဂဏန်း (၃) တို့ အတူတူဖြစ်နေသည်ကို တွေ့ရသည်။

ထို့အတူ (Z) အက္ခရာသည် (၂၆) လုံးမြောက် (Z) ၏တန်ဖိုး- ၂၆၊ (၂+၆ = ၈) နှင့် (Z) ၏ကိုယ်စားပြုကိန်းဂဏန်းများအား ပေါင်းပေးခြင်းဖြင့် အမည်၏ တန်ဖိုးဖြစ်သော ကိန်းဂဏန်းတစ်ခုကို ရရှိမည်။

ဥပမာ -



www.burmeseclassic.com

www.burmeseclassic.com

W I L L I A M
5 9 3 3 9 1 4 = 34
34, 3+4 = 7

ထို့ကြောင့် William ဟူသော အမည်၏ ကိုယ်စားပြုဂဏန်း (သို့) တန်ဖိုးဂဏန်းမှာ (7) ဖြစ်ပြီး ၎င်းအမည်၏ နှစ်လုံးတွဲဂဏန်းမှာ (၃၄) ဖြစ်သည်။

ပိုက်သာဂိုရီယမ်စနစ်အရ အသုံးပြုသောအမည်မှာ မွေးဖွားပြီးချိန်၌ပေးသောအမည်သာ ဖြစ်သည်။

ယခုတစ်ဖန် အမည်ရင်း (first nams) နှင့် မျိုးရိုးဇာတိအမည် (Last name) တို့အား ကိုယ်စားပြုထားသည့် ကိန်းဂဏန်းတန်ဖိုးများအား ဆက်လက်လေ့လာပါမည်။

* သင့်အမည်ရင်းအားချရေးပါ။ (၎င်းအမည်သည် မွေးစာရင်းပါ အမည်အတိုင်းဖြစ်ရန်လိုသည်။)
* အမည်ကိုချရေးရာ၌ အက္ခရာစာလုံးများအား တစ်ခုနှင့်တစ်ခု အနည်းငယ်စီခြား၍ရေးပါ။
* အမည်ပါ အက္ခရာစာလုံးများအောက်မှကိုယ်စားပြုကိန်းဂဏန်းအသီးသီးကို ထည့်ပေးပါ။
* ကိန်းဂဏန်းများအား ပေါင်းခြင်းဖြင့် နှစ်လုံးတွဲဂဏန်းများနှင့်ပေါင်းစပ်ဂဏန်းတို့အား သီးခြားသိရှိအောင် လေ့လာပါ။
* ပေါင်းစပ်ပြီးဂဏန်း (တစ်လုံးတည်းသောဂဏန်းသည် အမည် ပိုင်ဒင်၏ပင်ကိုစရိုက်လက္ခဏာနှင့်အခြားသော အရည်အသွေးများအား ကိုယ်စားပြုသည်။)

အောက်ပါတို့တွင်ပါရှိသော (သို့) ကိုယ်စားပြုထားသည့် ကိန်းဂဏန်းများအား တစ်လုံးတည်းသောဂဏန်းများနှင့် နှစ်လုံးတွဲဂဏန်းများအဖြစ် ခွဲခြားပေးပါ။

ချယ်လ်ဒင်းနစ်နစ် (chaldean system) အရ ကိန်းဂဏန်းတန်ဖိုးများ (အက္ခရာစဉ်စာလုံးများအား ကိန်းဂဏန်းများဖြစ်အောင် ပြောင်းလဲပေးသည်။)

အမည်ပိုင်ရှင်၏ မွေးလ၊ မွေးရက်၊ မွေးနှစ်သည် အမည်ပိုင်ရှင်၏ ကံဇာတာ အခြေအနေအရပ်ရပ်အား ဖော်ပြသည်။

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
|---|---|---|---|---|---|---|---|
| A | B | C | D | E | U | O | F |
| I | K | G | M | H | V | Z | P |
| J | R | L | T | N | W | | |
| Q | | S | | X | | | |
| Y | | | | | | | |

ချယ်လ်ဒင်းနစ်စနစ်ကို လေ့လာပါက ပိုက်သာဂိုရီယမ်စနစ်ကဲ့သို့ ကိန်းဂဏန်းများ သတ်မှတ်ရာ၌ (၁) မှ (၉) အထိမရှိဘဲ (၁) မှ (၈) အထိသာရှိကြောင်း တွေ့ရသည်။ ၎င်းစနစ်အရ (၉) ဂဏန်းသည် မြင့်မြတ်သောအဓိပ္ပာယ်ကို ကိုယ်စားပြုဂဏန်း (သို့) ထူးခြားရှားပါးသောဂဏန်းအဖြစ် သတ်မှတ်ထားသည်။

၎င်းပြင် ချယ်လ်ဒင်းနစ်စနစ်သည် ကိန်းဂဏန်း (၁) မှ (၈) အထိ အက္ခရာစဉ်များအား ကိုယ်စားပြုရာ၌ အက္ခရာစာလုံးများအားလုံး စီစဉ်တကျမရှိသည်ကို တွေ့ရှိရသည်။

ပိုက်သာဂိုရီယမ်စနစ်သည် မွေးစာရင်းပါ အမည်အပြည့်အစုံအတိုင်း အမည်တွင်ပါရှိသော အက္ခရာစဉ်စာလုံးများအား ကိန်းဂဏန်းများအစားထိုး၍ ပေါင်းပေးသည်။ ချယ်လ်ဒင်းနစ်စနစ်ကမူ အမည်ရင်း First name အား မဖော်ပြဘဲ အလယ်နှင့် နောက်ဆုံးအမည်ပါ အက္ခရာစာလုံးများ၌ ကိန်းဂဏန်းများအစားထိုးကာပေါင်းရသည့်စနစ် ဖြစ်သည်။

ပိုက်သာဂိုရီယမ်စနစ်နှင့် ချယ်လ်ဒင်းနစ်စနစ်တို့အရ အက္ခရာများအား အစားထိုး (ကိုယ်စားပြုစေပြီး) ပေါင်းခြင်းကြောင့် အမည်အား ကိုယ်စားပြုသည့်တန်ဖိုးဂဏန်းများ အသီးသီးရရှိသည်။ နောက်ဆုံးအဆင့်ပေါင်းခြင်းဖြင့်ရရှိသော တစ်လုံးတည်းသောဂဏန်းသည် အမည် ပိုင်ဒင်၏ ပင်ကိုစရိုက်လက္ခဏာနှင့် အခြားသော အရည်အသွေးများအား ဖော်ပြသည်။ ထို့အတူ အမည်အား ကိုယ်စားပြုသည့် ကိန်းဂဏန်းတန်ဖိုးနှင့် ကံဇာတာ အခြေအနေအား ကိုယ်စားပြုသည့်ကိန်း

**ပိုက်သာဂိုရီယမ်စနစ် (မွေးစာရင်းပါ အမည်အတိုင်း အရှေ့၊ အလယ်၊ နောက်ဆုံး (၃) ပိုင်းပါဝင်)**

V A N C E
4 + 1 + 5 + 3 + 5 = 18
1 + 8 = 9

L O U I S
3 + 6 + 3 + 9 + 1 = 22
2 + 2 = 4

W H E E L E R
5 + 8 + 5 + 5+ 3+ 5 + 9 = 40
4 + 0 = 4
စုစုပေါင်း 9 + 4 + 4 = 17
1 + 7 = 8
(အမည်၏အရှေ့၊ အလယ်၊ အနောက်ဆုံး ဂဏန်းများအားပေါင်းခြင်း)

**ချယ်လ်ဒင်းနစ်စနစ် (အမည်ရင်း First name မပါ အလယ်နှင့် နောက်ဆုံးအမည်သာ ဖော်ပြသည်)**

L O U I S
3 + 7 + 6 + 1 + 3 = 20
2 + 0 = 2

W H E E L E R
6 + 5 + 5 + 5 + 3 + 5 + 2 = 31
3 + 1 = 4
စုစုပေါင်း 2 + 4 = 6
(အမည်၏အလယ်နှင့် နောက်ဆုံးဂဏန်းများအား ပေါင်းခြင်း)

| | | |
|---|---|---|
| ၁။နေရပ်လိပ်စာ | ၂။မွေးနေ့ | ၃။အသက် |
| ၄။လုပ်ငန်းလိပ်စာ | ၅။ဘဏ်စာရင်းနံပါတ် | ၆။ကိုယ်အလေးချိန် |
| ၇။လုံခြုံရေး | ၈။ဖုန်းနံပါတ် | ၉။လစာဝင်ငွေ |

အနောက်တိုင်း ဂဏန်းဗေဒင်ပညာအရ ပိုက်သာဂိုရီယမ်စနစ်ကဲ့သို့ပင် ချယ်လ်ဒင်းနစ်စနစ်ကိုလည်း အသုံးပြုကြသည်။ သို့သော်လည်း ချယ်လ်ဒင်းနစ်စနစ်သည် ပိုက်သာဂိုရီယမ်စနစ်ကဲ့သို့ တွင်တွင်ကျယ်ကျယ်မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းတန်ဖိုးများအား အောက်ပါအတိုင်း စနစ်(၂)ခုဖြင့် ဖော်ပြနိုင်သည်။

**ပိုက်သာဂိုရီယမ်စနစ်အရ**

အမည်၏ ကိန်းဂဏန်းတန်ဖိုးသည် '၈'။

**ချယ်လ်ဒင်းနီစနစ်အရ**

အမည်၏ ကိန်းဂဏန်းတန်ဖိုးသည် '၆' ဟူ၍ အသီးသီးရရှိသည်။

ယခုတစ်ဖန် ကံဇာတာအခြေအနေအား ကိုယ်စားပြုသည့် ကိန်းဂဏန်းကို တွက်ချက်ပါမည်။ ယင်းအတွက် အမည်ပိုင်ရှင်၏ မွေးလ၊ မွေးရက်၊ မွေးနှစ်များလိုအပ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် Vance Louis Wheelet ဟူသော အမည်ပိုင်ရှင်သည် ဩဂုတ်လ၊ ၃ ရက်၊ ၁၉၄၄ တွင် မွေးဖွားသူဖြစ်ပါက အောက်ပါအတိုင်း ကံဇာတာကိုယ်စားပြုကိန်းဂဏန်းတန်ဖိုးကို ရရှိသည်။

ဩဂုတ်လဖြစ်ခြင်းကြောင့် -
၈ (မွေးဖွားသည့်လ)
၃ (မွေးသည့်ရက်)
၁၉၄၄ (မွေးဖွားသည့်နှစ်)
၁၉၅၅ = ၂၀၊ ၂+၀ = ၂

(ကံဇာတာကိုယ်စားပြုဂဏန်းတန်ဖိုး)

ပိုက်သာဂိုရီယမ်စနစ်နှင့် ချယ်လ်ဒင်းစနစ်အရ အမည်ကိုယ်စားပြုကိန်းဂဏန်းတန်ဖိုးများသည်အမည်ပိုင်ရှင်၏ ပင်ကိုယ်စရိုက်လက္ခဏာအား ရည်ညွှန်းပြီး မွေးနေ့သက္ကရာဇ် (မွေးလ၊ မွေးရက်၊ မွေးနှစ်) အား ကိုယ်စားပြု ကိန်းဂဏန်းတန်ဖိုးသည် အမည်ပိုင်ရှင်၏ကံဇာတာအခြေအနေအရပ်ရပ်အား ကိုယ်စားပြုထားသည်။

***အမည်ပါကိန်းဂဏန်းများအား ပိုက်သာဂိုရီယမ်စနစ်ဖြင့် ခွဲခြမ်းစိတ်ဖြာ ခြင်း**

အမည်တစ်ခုအား ခွဲခြမ်းစိတ်ဖြာရာ၌ မျက်နှာပေးအမူအရာ စိတ်ခံစားမှုနှင့် အထုံပါရမီများအား ဖော်ပြခြင်း (Expression)၊ စိတ်ပါဝင်စားသော အလုပ်များ၊ (Motivation)၊ ထူးခြားသော ပင်ကိုယ်အရည်အသွေး (Personality) ဟူ၍ ခွဲခြားအဖြေထုတ်ပေးနိုင်သည်။

မျက်နှာပေးအမူအရာနှင့် စိတ်ခံစားချက်နှင့် အထုံပါရမီ (Expression) သည် အမည်ရင်းခေါ် Frist name နှင့် မျိုးရိုးအမည် (Last name) ပေါင်းခြင်းကို ရည်ညွှန်းသည်။ Motivation ခေါ် စိတ်ပါဝင်စားသောအလုပ်များသည် အမည်တွင်ပါသည့် AELOUY (သရ) များ ပေါင်းခြင်းရည်ညွှန်းသည်။ အမည်၏ နောက်ဆုံးပိုင်း (ဗျည်းများပေါင်းခြင်း) သည် အမည်ပိုင်ရှင်၏ထူးခြားသောအရည်အသွေးများအား ရည်ညွှန်းသည်။

အမည်တစ်ခုအား ခွဲခြားသည့် အစိတ်အပိုင်း (၃) ရပ်တွင် အမည်ရင်း (First name) နှင့် မျိုးရိုးဇာတ်အမည် (Last name) တို့ပေါင်းခြင်းကိန်းဂဏန်းက အရေးကြီးဆုံး ဖြစ်သည်။ (First name + Last name = Expression) သည် သင်၏အထုံပါရမီနှင့် ပင်ကိုယ်ကျွမ်းကျင်တတ်မြောက်သော အရည်အသွေးများစွမ်း ဆောင်ရည်ကောင်းများ၊ ပညာရည်တိုးတက်ထူးချွန်မှုများအား ဖော်ပြသည်။

အောက်ဖော်ပြပါအမည်၏ အမည်ရင်း (First name) နှင့် မျိုးရိုးအမည် (Last name) အား ပေါင်းပါက အထုံပါရမီကျွမ်းကျင်မှု၊ မျက်နှာပေးအမူအရာနှင့် စိတ်ခံစားမှုကို ရည်ညွှန်းသည်။ (Expression) ဂဏန်းအား ရရှိပါမည်။

D A V I D
4 + 1 + 4 + 9 + 4 = 22
2 + 2 = 4

P A T E R S O N
7 + 1 + 2 + 5 + 9 + 1 + 6 + 5 = 36
3 + 6 = 9
စုစုပေါင်း 4 + 9 = 13
1 + 3 = (4)

(4) ဂဏန်း (အမည်ရင်း + မိဘမျိုးရိုးအမည်) သည် (Expression) ကို ရည်ညွှန်းသည်။

သရနှင့် ဗျည်းများအား အောက်ပါအမည်ဖြင့် ခွဲခြားနိုင်သည်။

နောက်ထပ်အဆင့်တွင် (Louis Wheeler ၏အမည်တွင်ပါရှိသော သရသံကိုယ်စားပြုကိန်းဂဏန်းနှင့် ဗျည်းသံကို ကိုယ်စားပြုကိန်းဂဏန်းတို့အား ပေါင်းပေးပါ။ ထိုအခါ Louis Wheeler ၏ သရသံကိုယ်စားပြုဂဏန်း (၆) နှင့် ဗျည်းသံကိုယ်စားပြုဂဏန်း (၂) တို့အား ပေါင်းပါက (၆+၂ = ၈) ရပါမည်။

နောက်ဆုံးအဆင့်တွင် ဗျည်းသံကိုယ်စားပြုဂဏန်း (Personality) နှင့် သရသံကိုယ်စားပြုဂဏန်း (Motivation) တို့အား ပေါင်းပေးခြင်းကြောင့် အမည်တစ်ခု၏ (First name + Last name) = Expression ကို ပြန်လည်ရရှိပါမည်။

အမည်တစ်ခု၏အစိတ်အပိုင်းသုံးခုပါ ကိုယ်စားပြုဂဏန်းအသီးသီးသည် (၁) မှ (၉) အထိရှိသော ဂဏန်းတစ်ခုခုဖြစ်နေပြီး ကိန်းဂဏန်းတစ်ခုချင်းအလိုက် ကောင်းခြင်း၊ ဆိုးခြင်း၊ ဆန့်ကျင်ဘက်အခြေအနေနှစ်ရပ်အား ကိုယ်စားပြုထားကြောင်း တွေ့ရှိရသည်။ အဆိုပါ ကောင်းခြင်း၊ ဆိုးခြင်း ယှဉ်တွဲနေသည့် ကိန်းဂဏန်းအဓိပ္ပာယ်များသည် အမည်တစ်ခုတွင်ပါ (Expression Motivation Personality) ကိုယ်စားပြုထားသည့်ကိန်းဂဏန်းတစ်ခုစီအား ရည်ညွှန်းသည်။

**ကောင်းခြင်း ဆိုးခြင်း အဓိပ္ပာယ်နှစ်မျိုးပါ ကိန်းဂဏန်းများ**

**(၁) ဂဏန်း**

**ကောင်းခြင်း** - မူလပထမဖြစ်ခြင်း ဖန်တီးနိုင်စွမ်းရှိခြင်း၊ ဦးဆောင်နိုင်စွမ်းရှိခြင်း၊ တီထွင်တတ်ခြင်း၊ ရည်မှန်းချက်ကြီးမားခြင်း၊ အတင့်ရဲခြင်း၊ တက်ကြွခြင်း၊ ခေတ်မီသောအမြင်ရှိခြင်း၊ လွတ်လပ်မှုကို ခုံမင်ခြင်းကို ဖော်ပြသည်။

**ဆိုးခြင်း** - မောက်မာခြင်း၊ ခေါင်းမာခြင်း၊ ကြောက်ရွံ့ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်း အတ္တကြီးခြင်း၊ တစ်ဖက်သားအပေါ် လွှမ်းမိုးလိုခြင်း၊ မင်းမဲ့စရိုက်ဆန်ခြင်း အာဏာပြခြင်း၊ စိတ်ရှည်သည်းခံနိုင်စွမ်း မရှိခြင်းကို ရည်ညွှန်းသည်။

**(၂) ဂဏန်း**

**ကောင်းခြင်း** - နူးညံ့သိမ်မွေ့ခြင်း နားလည်မှုရှိခြင်း၊ အနုပညာခံစားတတ်

6 3 9 5 5 5 အပေါ်ဂဏန်း = သရ
L O U I S W H E E L E R
3 1 5 8 3 9 အောက်ဂဏန်း = ဗျည်း
စာလုံးများ၏အပေါ် ဂဏန်းသရများပေါင်းခြင်း 6+3+9+5+5+5 = 33
3+3 = 6
အောက်ဂဏန်းဗျည်းပေါင်းခြင်း 3+1+5+8+3+9+ = 29
2+9 = 11, 1+1 = 2



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ပရိယာယ်များခြင်း၊ ဆတ်ဆတ်ထိမခံတတ်ခြင်း၊ စိတ်ခံစားမှုလွယ်ခြင်း၊ နှစ်လိုဖွယ် ပြောဆိုဆက်ဆံတတ်ခြင်း၊ နားထောင်နိုင်စွမ်းရှိခြင်း။

**ဆိုးခြင်း** - အရှက်အကြောက်ကြီးခြင်း၊ ပြစ်တင်ဝေဖန်တတ်ခြင်း၊ လိမ်ညာလှည့်စားတတ်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ ရိုးသားမှုမရှိခြင်း၊ စိတ်ထားယုတ်ညံ့ခြင်းတို့ကို ရည်ညွှန်းသည်။

**(၃) ဂဏန်း**

**ကောင်းခြင်း** - မာနကြီးသော်လည်း ကောင်းကျိုးပြုတတ်ခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ ဖန်တီးနိုင်စွမ်းရှိခြင်း၊ ရည်မှန်းချက်ကြီး၊ အကောင်းဖြစ်တတ်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ လူမှုအသိုင်းအဝိုင်းထဲဝင်ဆံ့ခြင်း၊ ငယ်ရွယ်နုပျိုခြင်းတို့ကို ဖော်ပြသည်။

**ဆိုးခြင်း** - ကြွားဝါတတ်ခြင်း၊ အလေအလွင့်များအောင် ဖြုန်းတီးတတ်ခြင်း၊ အပေါ်ယံကြောဆန်ခြင်း၊ အတင်းအဖျင်းပြောခြင်း၊ မိမိအကျိုးကိုသာကြည့်တတ်ခြင်းတို့ကို ကိုယ်စားပြုသည်။

**(၄) ဂဏန်း**

**ကောင်းခြင်း** - လက်တွေ့ကျကျလုပ်ကိုင်ခြင်း၊ စည်းစနစ်ကျနခြင်း၊ ကြိုးစားအားထုတ်မှုကောင်းခြင်း၊ ဆုံးဖြတ်ချက်ခိုင်မာခြင်း၊ တိကျခြင်း၊ စည်းရုံးနိုင်စွမ်းရှိခြင်း၊ အမြင်ကျယ်ခြင်း၊ အစဉ်အတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို ဖော်ပြသည်။

**ဆိုးခြင်း** - စိတ်သဘောထားကျဉ်းမြောင်းခြင်း၊ နှေးကွေးခြင်း၊ ခေါင်းမာတတ်ခြင်း၊ လျစ်လျူရှုတတ်ခြင်း၊ ဘာသိဘာသာနေတတ်ခြင်း၊ ရန်ငြိုးအာဃာတထားတတ်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်းတို့ကို ရည်ညွှန်းသည်။

**(၅) ဂဏန်း**

**ကောင်းခြင်း** - ခရီးသွားတတ်သူ၊ လိမ္မာပါးနပ်သူ၊ လိုက်လျောညီထွေနေထိုင်တတ်သူ၊ လွတ်လပ်မှုကိုနှစ်သက်သူ၊ ဉာဏ်ရည်ထက်မြက်သူ၊ သင်ယူရာ၌ တတ်မြောက်လွယ်သူ၊ အကျပ်အတည်းများကိုရင်ဆိုင်တတ်သူ၊ ပြောင်းလွယ်ပြင်လွယ်သောစိတ်ထားရှိသူ၊ မျှတမှုကိုလိုလားသူဖြစ်ကြောင်းရည်ညွှန်းသည်။

**ဆိုးခြင်း** - ရှုန့်ရင်းကြမ်းတမ်းစွာပြောဆိုတတ်သူ၊ ရောက်တတ်ရာရာတွေးတတ်သူ၊ ခြေဦးတည့်ရာသွားလာတတ်သူ၊ ပေါ့ပျက်ပျက်နေတတ်သူ၊ ငွေကြေးနှင့် အချိန်အား အကျိုးမဲ့စွာ ဖြုန်းတီးတတ်သူ၊ မူးယစ်ဆေးစွဲနိုင်သည့် အခြေအနေရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**(၆) ဂဏန်း**

**ကောင်းခြင်း** - သနားကြင်နာစိတ်ရှိသူ၊ စွဲဆောင်တတ်သူ၊ မှီခိုအားထားလောက်သူ၊ စိုးရိမ်ကြီးတတ်သူ၊ အနုပညာစိတ်ဝင်စားသူ၊ အရာရာတာဝန်ယူတတ်သူ၊ ချစ်ခင်ယုယတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဆိုးခြင်း**-ခေါင်းမာတတ်သူ၊ လှေနံဓားထစ်ယူဆတတ်သူ၊ အလွယ်တကူအလျှော့မပေးတတ်သူ၊ သံသယများသူ၊ တာဝန်မယူတတ်သူ၊ ဂရုမစိုက်တတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**(၇) ဂဏန်း**

**ကောင်းခြင်း** - အရာရာခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ နှုတ်ဆိတ်စွာနေခြင်း၊ ထိုးထွင်းဉာဏ်အားကောင်းခြင်း၊ လွတ်လပ်မှုကိုနှစ်သက်ခြင်း၊ အမှန်တရားကိုရှာဖွေတတ်ခြင်း၊ အကြားအမြင်ဗဟုသုတရှိခြင်း၊ ဩဇာအာဏာရှိခြင်းတို့ကို ဖော်ပြသည်။

**ဆိုးခြင်း** - အရာရာအယုံအကြည်မရှိသူ၊ အလွယ်တကူလက်မခံတတ်သူ၊ မခံချင်စိတ်ဖြစ်အောင် တစ်ဖက်သားအားထေ့ငေါ့တတ်သူ၊ အရာရာအပြစ်သဘော၊ အပျက်သဘောမြင်တတ်သူ၊ လိမ်ညာလှည့်ဖြားတတ်သူ၊ စိတ်ဓာတ်ကျလွယ်သူ၊ မိမိကိုယ်မိမိ သံသယဖြစ်သူ၊ ကြောက်ရွံ့တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**(၈) ဂဏန်း**

**ကောင်းခြင်း** - စွမ်းအားကြီးသူ၊ စိတ်ဆုံးဖြတ်ချက်ခိုင်မာသူ၊ ယုံကြည်တတ်သူ၊ လက်တွေ့ကျသူ၊ ငွေကြေးဥစ္စာစီးပွားရှာဖွေစုဆောင်းတတ်သူ၊ ဩဇာအာဏာရှိသူ၊ အလိုဆန္ဒအတိုင်း လက်တွေ့ အကောင်အထည်ဖော်တတ်သူ၊ သစ္စာစောင့်သိတတ်သူ ဖြစ်ကြောင်း ကိုယ်စားပြုသည်။

**ဆိုးခြင်း** - နားလည်မှုလွဲတတ်သူ၊ ရက်စက်တတ်သူ၊ လောဘကြီးသူ၊ အဖျက်အဆီးလုပ်တတ်သူ၊ လက်စားချေတတ်သူ၊ အမုန်းတရားကြီးသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**(၉) ဂဏန်း**

**ကောင်းခြင်း**-စည်းရုံးနိုင်စွမ်းရှိသူ၊ စိတ်အားထက်သန်တတ်သူ၊ ကောင်းသောထင်မြင်ချက်များပေးနိုင်သူ၊ ခေါင်းဆောင်နိုင်စွမ်းရှိသူ၊ ရဲရင့်စွာလုပ်ကိုင်တတ်သူ၊ အရာရာကျယ်ပြန့်စွာ လူသားချင်းစာနာစိတ်ရှိသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဆိုးခြင်း** - စိတ်တိုလွယ်သူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူ၊ စိတ်တူးယဉ်တတ်သူ၊ သဘောထားကျဉ်းမြောင်းသူ၊ ရန်လိုတိုက်ခိုက်တတ်သူ၊ ဦးတည်ချက်မဲ့သူဖြစ်ကြောင်း ဖော်ပြသည်။

**သင့်အမည်ရင်း (Your First Name)**

အမည်ရင်း (First Name) ဆိုသည်မှာ ခရစ်ယာန်ဘာသာအရ မျိုးရိုးအမည် (သို့) မိသားစုအမည် (Last Name) ၏ရှေ့မှအရင်လာသော ခရစ်ယာန်အမည် ဖြစ်သည်။

ထို့ကြောင့် -

First Name= Christian Name (အမည်ရင်း)

Last Name= Surname (မိဘမျိုးရိုး၊ မိသားစုအမည်)

ဟူ၍ မှတ်သားထားနိုင်သည်။

သင့်အမည်ရင်း (First Name) အား ကိုယ်စားပြုသော ကိန်းဂဏန်းသည် အရေးပါသော သတင်းအချက်အလက်များအား ဖော်ထုတ်ပေးသည်။ ၎င်းကို (Key) နံပါတ်အဖြစ် သတ်မှတ်သည်။

ဥပမာ -

P A U L

7+ 1+ 3 + 3 = 14

1+4 = 5

ထို့ကြောင့် (Paul) ဆိုသော အမည်၏ (Key) နံပါတ်မှာ (၅) ဖြစ်သည်။

Key နံပါတ်များသည် သက်ဆိုင်ရာအမည်ပိုင်ရှင်၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များနှင့် အမည်ပိုင်ရှင်၏ ကိုယ်ရေးကိုယ်တာကိစ္စများအား ဖော်ထုတ်ပေးနိုင်သည်။

တစ်ဖန် အမည်ရင်း (FirstName) ကပင် အမည်၏မူလအစပထမဖြစ်သော အခြေခံအုတ်မြစ်ဂဏန်းကို ရရှိသည်။

အမည်ရင်း၏အစအတွေ့ရာစာလုံးသည် အမည်၏ကျန်ရှိသောစာလုံးများ ဆက်လက်စုပေါင်းတည်ဆောက်နိုင်ရန် အစပျိုးပေးသည့် အခြေခံအုတ်မြစ် (Cornerstone) ဝင် ဖြစ်သည်။

(ဆက်ရန်)

ဦးအောင်သိုင်း(သုဝဏ္ဏ)

www.burmeseclassic.com

(ရွှေမိုးညို)

# မောင်စိန်ဝင်း

## ကျွတ်ကုန်းမှအပြန် | ဝိညာဉ်ခေါ်သံ

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အရှေ့ခြမ်းမှာတည်ရှိသော အိမ်ခြေ (၁၀၀) ကျော်ရှိသည့် ဘင်ဟုန်ရွာက လေး ဆိတ်ငြိမ်အေးချမ်းသည်။ ရွာသူ ရွာသားအများစုက ရိုးသားကြသည်။ ပဲခူးရိုးမတောင်ပေါ်သို့ သွားရောက် ထင်းခုတ်၊ ဝါးခုတ်၊ မျှောခုတ်၊ မီးသွေး ဖုတ်လုပ်ငန်းများလုပ်ကိုင်ကြသည်။ ရရှိ လာသည်များကို မင်းလှမြို့ပေါ်ရှိ လက် ကားဒိုင်ကြီးများသို့ သွားရောက် ရောင်း ချခြင်းဖြင့် အသက်မွေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘင်ဟုန်ရွာကလေးကနေ နံနက်စောစောထပြီး တစ်နေကုန် လှည်းလမ်းခရီးခပ်ပြင်းပြင်းလေးမောင်းလိုက်လျှင် ညနေစောင်းဆို ရိုးမတောင်ခြေကို ရောက်ပြီ။ ဆိတ်ငြိမ်အေးချမ်းလှသော ဘင်ဟုန်ရွာကလေးရဲ့ ညနေခင်းမှာ ရုတ်တရက်ဆိုသလို ဆူညံအော်ဟစ်ဆဲဆိုသံများ ထွက်ပေါ်လာသည်။

"ဟော့ - ဘယ်ကောင်မိုက်သလဲ၊ မိုက်ရင်ထွက်ခဲ့။ ဘယ်ကောင်မှ ဂရုမစိုက်ဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်သောက်တာ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

အော်ဟစ်ဆဲဆိုလာသူကဆိုးပေ။ အသက် (၄၀) ခန့် အသားညိုညို၊ အရပ်ပုပု၊ ကျစ်ကျစ်လျစ်လျစ်၊ နာမည်နှင့်လိုက်အောင်ကို ဆိုးလည်းဆိုး၊ ပေလည်းပေသည်။ မူးလာလျှင် ထင်ရာလုပ်တတ်သည်။ တစ်ရွာလုံးလိုလို အမျိုးတော်စပ်ပြီး ဓာတ်သိတွေမို့ ဘာမှမပြော ခွင့်လွှတ်ကြသည်။ ဆိုးပေကလည်း ဒါကို အခွင့်ကောင်းယူပြီး မူးလာလျှင် ရမ်းတော့သည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးလို့ မူးပြီး ဆိုးပေပါးစပ်ကပြောနေပေမယ့် ဆိုးပေဘယ်လောက်မူးမူး ဂရုစိုက်ရသူ၊ ကြောက်ရသူတစ်ဦးရှိသည်။ သူကတော့ ဆိုးပေမိန်းမ မကျည်းတန်။ ဆိုးပေနှင့် မတိမ်းမယိမ်းအရွယ်၊ အာကြမ်းလျှာကြမ်း။ ဆိုးပေက မကျည်းတန်ကို လူထက် ပါးစပ်ကို ပို၍ကြောက်သည်။ မကျည်းတန်က မထင်လျှင်မထင်သလို လူကြားသူကြားမရှောင် ကြမ်းကြမ်းတမ်းတမ်း ပြောတတ်ဆဲတတ်သည်။

ဆိုးပေ သိုင်းကွက်နင်းပြီးလာခဲ့ပေမယ့် ကိုယ့်အိမ်ရှေ့ပြန်ရောက်နေတာကို တော့သိသည်။ အိမ်ထဲမှာ မကျည်းတန်ရှိ၊ မရှိ တစ်ချက်လှမ်းကြည့်လိုက်သည်။ မကျည်းတန်ကို မမြင်ရပေမယ့် ပြုလုပ်နေကျထုံးစံအတိုင်း ယိမ်းယိုင်နေတဲ့ ကိုယ်လုံးနှင့် သိုင်းကွက်နင်းလာတဲ့ ခြေထောက်တွေကို ကြိုးစားတည့်မတ်လျှောက်လိုက်သည်။ အပေါင်းအသင်းနှင့်သောက်စားလာတာများသွားလို့ ဘာမှစားချင်စိတ် မရှိတော့။

အိပ်မယ်လို့ အိပ်ခန်းထဲ လှမ်းအဝင် ရုတ်တရက် မကျေနပ်တဲ့မျက်နှာနှင့် ခါးထောက်ပြီး မီးဖိုထဲက ထွက်လာတဲ့ မကျည်းတန်မျက်လုံးတွေကို တွေ့လိုက်ရသည်။ ရင်မဆိုင်ဝံ့တော့လို့ အိပ်ခန်းထဲ တန်းဝင်သွားသည်။ အပြင်ဘက်မှာ တဖျစ်တောက်တောက်ပြောနေတဲ့ မကျည်းတန်ရဲ့စကားကို ကြားတစ်ချက် မကြားတစ်ချက်နှင့် တခေါခေါအိပ်ပျော်သွားတော့သည်။ ညအမှောင်တို့ လွှမ်းခြုံလာပြီး ဘင်ဟန်ရွာကလေး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားသည်။

*

အချိန်ကျလာပြီ။ ဒီနေ့နံနက် ရွာမြောက်ဖျားက ထန်းတောမှာ အပေါင်းအသင်းတွေနှင့်ချိန်းထားတဲ့ ပွဲကြီးပွဲကောင်းတစ်ခုရှိသည်။ အပေါင်းအသင်းမိုးသီးက ချက်အရက်ကောင်းကောင်းတစ်လုံးနှင့် အမဲခေါင်းချက်ယူလာခဲ့



www.burmeseclassic.com

မယ်တဲ့။ ဆိုးပေကတော့ ကိုကြီးဘရင် ထန်းပင်က လတ်လတ်ဆတ်ဆတ်ထွက်မယ့် ထန်းရည်ငှက်ခါးတောင် များများ ချန်ထားရန် မနေ့ကတည်းက ကြိုပြီး စရန်ငွေပေးခဲ့သည်။ အမြည်းအတွက် ပူစရာမလို။ မကျည်းတန်ရဲ့ မီးဖိုထဲမှာ ဘယ်ကရလာတယ်မသိ အမဲခြောက် တွေတွေ့ထားသည်။ မကျည်းတန်မသိအောင် အမဲခြောက်တွေယူပြီးထွက်ခဲ့သည်။ ထန်းတဲပိုင်ရှင် ကိုဘရင် မီးဖုတ်ပေးတဲ့ အမဲခြောက်ဖုတ်၊ ငှက်ခါးတောင် ထန်းရည်၊ မိုးသီးယူလာတဲ့ ချက်အရက်၊ အမဲခေါင်းချက်နှင့် ဝိုင်းက အတော်လေး စိုပြည်သွားသည်။ ဆိုးပေနှင့် သောက်ဖော်စားဖက် မိုးသီး၊ သာဒင်တို့လည်း အတော်လေးအရှိန်ရနေကြပြီ။ ဝါးနှင့် လုပ်ထားတဲ့ ဝါးတန်းကုလားထိုင်ပေါ်မှာထိုင်ကြရင်း စားပွဲပေါ် ရောက်လာတဲ့ ထန်းရည်မြူအိုးတွေ တစ်အိုးပြီးတစ်အိုး ကုန်သွားသည်။ ချက်အရက်နှင့် ထန်းရည်ရောသောက်မိလို့ မူးတဲ့အမူးကတော့ ဘယ်လိုမူးမှန်းမသိ အခံရခက်သည်။ ဆူဆူညံညံ ဆက်ရက်မင်းစည်းစိမ်၊ အတော်လေးမူးလာတဲ့ မိုးသီး။

"ဟေ့ကောင် ဆိုးပေ၊ ငါ့အမဲခေါင်းချက်ထက် မင်းအမဲခြောက်ဖုတ်က ပိုကောင်းတယ်ကွ။ မင်းအမဲခြောက်တွေ ဘယ်ကယူလာတာလဲ"

"ငါ့အိမ်မီးဖိုချောင်ထဲက ကျည်းတန်သိမ်းထားတာတွေယူခဲ့တာကွ"

"မင်းတော့ကွာ၊ ကျည်းတန်သိရင် ပြဿနာတက်လိမ့်မယ်"

"မပူပါနဲ့၊ စားမှာစားစမ်းပါကွာ ကျည်းတန်ကို ငါပိုင်ပါတယ်ကွာ။ ဘာ ဂရုစိုက်ရမှာလဲ"

"ဟေ့ကောင် တကယ်ပြောတာလား၊ အချင်းချင်းမာတ်သိတွေနော်"

"ဝါး ဟား ဟား ဟား"

သာဒင်ဝင်ပြောလိုက်တဲ့ စကားကြောင့် ပွဲကျသွားကြသည်။ ရယ်မောသံများမဆုံးမီ ခပ်လှမ်းလှမ်းမှ အမျိုးသမီးတစ်ဦး ဒေါနှင့်မောနှင့် လျှောက်လှမ်းလာတာတွေ့ကြရသည်။ မိုးသီး မူးမူးနှင့် မျက်စိပွတ်သပ်ကြည့်ရင်း -

"ဟာ - ဟိတ်ကောင်ဆိုးပေ၊ ပြောရင်းဆိုရင်း ဟိုမှာ မင်းမိန်းမ ကျည်းတန်လားမသိဘူး လိုက်လာတယ်"

နီးလာလို့သေချာကြည့်လိုက်တော့ မကျည်းတန်မှမကျည်းတန်အစစ်။ မိုးသီး ဝါးစားပွဲအောက်က ဆိုးပေရဲ့ ခြေမကို သူ့ခြေထောက်နှင့်လှမ်းကုတ်လိုက်ပြီး -

"ဟိတ်ကောင် ဆိုးပေ၊ ကိုယ့်အကြောင်းကိုယ်သိရင် စောစောထွက်ထား၊ ရုပ်ပျက်လိမ့်မယ်"

ဆိုးပေအပေါင်းအသင်းအားလုံးက မကျည်းတန်ဒေါသကို သိကြသည်။ ကြုံလည်းကြုံဖူးသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဆိုတဲ့ ဆိုးပေ မကျည်းတန်ကိုမြင်တော့ အမူးပြေသလိုလို ဖြစ်သွားသည်။ ရုပ်မပျက်စေရန် စားပွဲဝိုင်းမှလှမ်းအထွက် တစ်လှမ်းနှစ်လှမ်းလှမ်းရုံရှိသေး မကျည်းတန် ဒေါသနှင့်အနားရောက်လာပြီး ဘာမပြောညာမပြော ဆိုးပေနားရွက်တစ်ဖက်ဆွဲလိမ်၊ နားရင်းကို နှစ်ချက်လောက်အုပ်ထည့်လိုက်သည်။

"ဖြောင်း၊ ဖြောင်း"

နှုတ်မှလည်း -

"နင်ဒီအရည်တွေသောက်လို့မဝနိုင်သေးဘူးလား၊ မီးဖိုထဲက နေ့ဖို့ညစာထားတဲ့ အမဲခြောက်တွေလည်းယူသွားတယ်။ အလုပ်လုပ်မယ့်စိတ်ကူးကောရှိသေးရဲ့လား။ နက်ဖြန် ရွာထဲက ကိုကြီးထွန်းမောင်တို့ တောင်ပေါ် ဝါးခုတ်တက်ကြမယ် ကြားတယ်။ သတင်းဘာလေး သွားမေးပါဦးလား"

"အေးပါကွာ အေးပါ၊ ငါသွားလိုက်ပါ့မယ်"

ဆိုးပေ ဘာမှပြန်မလုပ်။ မကျည်းတန်ကိုပိုင်ပါတယ်ဆိုတဲ့ဆိုးပေ မကျည်းတန် နားရွက်အတင်းဆွဲသွားတဲ့နောက် ကန့်လန့်ကန့်လန့်နှင့်လိုက်ပါသွားရတဲ့ အဖြစ်ကိုကြည့်ရင်း -

"ပိုင်လိုက်တဲ့ ဆိုးပေ ဝါးဟားဟား"

ဆိုးပေရဲ့ အပေါင်းအသင်းတွေ အားလုံး ရယ်မောပွဲကျကျန်ခဲ့ကြသည်။

မကျည်းတန်ပါးစပ်ကို ကြောက်တဲ့ဆိုးပေ ညနေပိုင်း ကိုကြီးထွန်းမောင် နေအိမ်ရှေ့ရောက်လာပြီး -

"ဗျို့ - ကိုကြီးထွန်း၊ ကိုကြီးထွန်း"

"ဟေ့-ဘယ်သူလဲကွ"

"ကျွန်တော် ဆိုးပေပါ ကိုကြီးထွန်း"

"ဘာကိစ္စလဲ ဆိုးပေ"

"ကိုကြီးထွန်းတို့ မနက်ဖြန် တောင်ပေါ် ဝါးခုတ်သွားကြမယ် ကြားတယ်။ အဲဒါ ကျွန်တော်လည်း လိုက်ပါရစေ"

မူးလာလျှင် ထင်ရာလုပ်တတ်တဲ့ ဆိုးပေအကြောင်းသိထားသူ ကိုထွန်းမောင် ခေတ္တတွေပြီး စဉ်းစားနေရာက-

"မင်းလိုက်လို့မဖြစ်ဘူးထင်တယ် ဆိုးပေ။ တို့အခုသွားမယ့်နေရာက ရိုးမအရှေ့ခြမ်း။ တောကြမ်းတယ်၊ အပြောအဆိုအနေအထိုင် အစစဆင်ခြင်ရ တယ်"

"လုပ်ပါ ကိုကြီးထွန်းရာ။ ကျွန် တော်ဝါးခုတ်မသွားတာကြာလို့ အိမ်မှာ ဆန်၊ ဆီပြတ်နေပြီ။ ကျွန်တော် ကိုကြီး ထွန်းစကား နားထောင်ပါ့မယ်"

တောင်းတောင်းပန်ပန် မျက်နှာ ငယ်လေးနှင့်ပြောလာတဲ့ဆိုးပေကိုကြည့် ပြီး ကိုထွန်းမောင် သနားသလိုရှိသွား သည်။

"အေး - ဒီလိုဆိုရင် မင်းသေသေ ချာချာနားထောင်။ ရိုးမတောင်ခြေ ရောက်ရင် ရိုးမအရှေ့ခြမ်းမှာ လှမ်းမြင် နေရတဲ့ ကုန်းမြင့်မြင့်တစ်ခုတွေ့လိမ့် မယ်။ အဲဒီကုန်းမြင့်ကို တို့ဝါးခုတ်သမား အားလုံးက ကျတ်ကုန်းလို့ခေါ်ကြတယ်။ ထူးခြားတာက ကုန်းပေါ်မှာ ဖြောင့်တန်း လှပတဲ့ဝါးတွေ ထူထပ်စွာ ပေါက်နေ တယ်လို့အယူရှိတယ်။ အဲဒီဝါးတွေသွား ခုတ်မိတဲ့လူ ဘေးဒုက္ခကျရောက်တတ် တယ်။

နောက်ပြီးတော့ တို့အချင်းအချင်း နာမည်အရင်းကိုမခေါ်ကြရဘူး။ တစ်ဦး နဲ့ တစ်ဦး ငဘလို့ပဲခေါ်ကြရမယ်။ တော ပိုင်တောင်ပိုင်တွေကို မလေးမစားမလုပ် ရဘူး။ အရက်ကတော့ တောပိုင်တောင် ပိုင်တွေကို ပူဇော်ပ, သပြီးရင် သောက် ခွင့်ရှိတယ်။ ဆဲလားဆိုလားမလုပ်ရဘူး"

"ဟုတ်ကဲ့ပါ ကိုကြီးထွန်းရာ၊ ကျွန် တော်လိုက်နာပါ့မယ်"

သေသေချာချာ မှာကြားနေသော ကိုထွန်းမောင်စကားကို နားထောင်ပြီး ဆိုးပေ ကိုထွန်းမောင်ကို နှုတ်ဆက် အိမ်တန်းပြန်လာခဲ့သည်။ ဒီညနေတော့ မကျည်းတန် ခပ်ပြုံးပြုံးနှင့် အကျေနပ် ကြီး ကျေနပ်နေသည်။ ဆိုးပေက ပြော စကားနားထောင်ခဲ့လို့လေ။

*

၂၀၁၀ ကို ကူးလာတဲ့ နှစ်တစ်နှ ရဲ့ပထမဆုံး ဇန်နဝါရီလ။ ဘင်ဟုန်ရွာ လေးက ရိုးမနှင့်နီးတာကြောင့် ဆော ရာသီ အအေးဓာတ်က ပိုကဲနေသည်။ ဒီနေ့ ရိုးမကို အရောက်သွားရမှာ ကိုထွန်းမောင် ဦးစီးသော လှည်း (၁ စီး နံနက် (၄) နာရီခန့် ဘင်ဟုန်ရွာ မှ စတင်ထွက်ခွာခဲ့ကြသည်။ ချက်ပြု စားသောက်ရန် ဆန်၊ ဆီ၊ ဆား၊ င ကြက်သွန်၊ တောပိုင်တောင်ပိုင်မျ ကို ပူဇော်ပ,သရန် ရိက္ခာအပြည့်အစုံ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လမ်းခရီးမှာ တစ်ထောက်နားနေ့လယ်စာစားသောက်ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေ (၅) ခန့် ရိုးမတောင်ခြေသို့ ရောက်ရှိလာကြသည်။

လှည်းသမားဝိုင်းဖွဲ့ မီးဖိုတွေဖို၊ ညနေစာ ထမင်းဟင်းများချက်ပြုတ်ကြသည်။ ထမင်း၊ ဟင်းများကျက်တော့ ကိုထွန်းမောင် အရက်ပုလင်း၊ ထမင်း၊ ကြက်သားဟင်းများကို ဖက်ကတော့ထဲထည့် လင့်တိုင်စင်လေးပေါ် တရိုတသေတင်လိုက်ပြီး လက်အုပ်ကလေးချီလျက်-

"တောပိုင်တောင်ပိုင်ကြီးများခင်ဗျား။ ကျွန်တော်မျိုးတို့ဟာ တောသူတောင်သား မရှိဆင်းရဲသားများ ဖြစ်ကြပါတယ်။ တောပိုင်တောင်ပိုင်ကြီးများပိုင်ဆိုင်တဲ့ဒီနယ်မြေမှာ တစ်ဝမ်းတစ်ခါးအတွက် ဝါးများခုတ်ခွင့်ပြုပါ။ အရှင်ကြီးများကို ပူဇော်ပ, သပါတယ်။ ကျွန်တော်မျိုးတို့ကိုစောင့်ရှောက်တော်မူပါ"

'ရိုးမတောင်တန်းကြီးကဖြင့် မြူခိုးတွေနှင့် အုပ်ဆိုင်းပြီး လွမ်းမောဖွယ်ရာအတိ။ သားရဲတိရစ္ဆာန်တွေရဲ့ ဟိန်းဟောက်သံ၊ ကျေးငှက်သာရကာတွေရဲ့ တွန်မြည်သံ၊ တောင်ကျရေစီးသံ၊ တောဝန်းရန့်တွေက ကမ္ဘာမြေပြင်ကြီးရဲ့ သဘာဝအလှတရားများပေပဲ။ ဒီတောဒီတောင်ဒီမြေဒီရေတွေက တို့ကိုအသက်ရှင်ခွင့်ရအောင် သယံဇာတမျိုးစုံတွေပေးနေသည်။ တို့များရဲ့ကျေးဇူးရှင်တွေပဲ။ ဒီလို သဘာဝပတ်ဝန်းကျင် အလှတရားတွေ ပျောက်ကွယ်မသွားရအောင် တို့များအားလုံး ကာကွယ်စောင့်ရှောက်ကြရမည်။ သစ်တောသစ်ပင်ချစ်ခင်တက်တဲ့လူမျိုး ဘယ်တော့မှမဆင်းရဲဘူးဟု ရှေးလူကြီးသူမပြောစကား ကြားဖူးလို့ ဒီတောတောင်ရေမြေတွေရှိနေသမျှဆင်းရဲတွင်းမနက်နိုင်ဘူး'

လှည်းသမားခေါင်းဆောင် ကိုထွန်းမောင် ရိုးမတောင်တန်းကြီးကို လွမ်းမောစွာ ငေးမောကြည့်ရင်း အတွေးနယ်ချဲ့နေမိသည်။

နံနက်စောစော ရိုးမအရှေ့ကျောကိုဖြတ်ပြီး ဝါးခုတ်တက်ရမှာမို့ လှည်းသမားအားလုံး စောစောအိပ်စက်အနားယူကြသည်။ မအိပ်နိုင်သူက ဆိုးပေ။ တောပိုင်တောင်ပိုင်ကြီးတွေ ပူဇော်ပ, သပြီးမှ အရက်သောက်ခွင့်ရမယ်ဆိုလို့ မနည်းချုပ်တည်းထားရသည်။ ပူဇော်ပ,သမှုများအပြီး ပါလာတဲ့အရက်ပုလင်းကို နွားငတ်ရေကျသောက်တော့သည်။ မနည်းတောင်းပန်လိုက်လာရတာ။ စရိုက်မတူ သူ့အကြောင်းသိနေတဲ့ အဖော်လှည်းသမားတွေက ခပ်ရှောင်ရှောင်။ ရာသီဥတုက အေးလွန်းတော့ အရက်တစ်လုံး တစ်ယောက်တည်းသောက်လိုက်တာ လက်ကျန်အနည်းငယ်သာရှိတော့သည်။ အတော်လေးမူးနေပြီ။ ခံတွင်းချဉ်လာပြီး ဆေးလိပ်သောက်ချင်လာသည်။ အလာတုန်းက လမ်းမှာသောက်ခဲ့သေးသည်။ ဟိုရှာဒီရှာ ဘယ်မှမတွေ့၊ ဆေးလိပ်ထုပ် လမ်းမှာကျကျန်ခဲ့လေသလား၊ အဖော်ရွာသားတွေ အိပ်နေကြပြီမို့ သွားနှိုးပြီး မတောင်းချင်။

ဆိုးပေ ဟိုဟိုဒီဒီလှမ်းကြည့်လိုက်သည်။ မဝေးလှတဲ့ အရှေ့ဘက်တောင်ကျောတစ်နေရာမှာ မီးရောင်တွေမြင်နေရပြီး လူသံများကြားနေရသည်၊ တောင်ခြေက ရွာကလေးတစ်ရွာထင်ပါရဲ့။ ဆိုးပေ မူးမူးနှင့်ထွက်လာခဲ့သည်။ ညအချိန် (၉) နာရီခန့်ရှိပြီ။ အိမ်တိုင်းလိုလိုထွန်းညှိထားတဲ့မီးရောင်များမှာ ရွာသားများ သွားလာနေကြသည်။ အမျိုးသားများထက် အမျိုးသမီးတွေ ကလေးများချီပိုးလျက် သွားလာလှုပ်ရှားနေကြတာ အများဆုံးတွေ့နေရသည်။ ထူးခြားတာက တစ်ဦးနှင့်တစ်ဦး စကားမပြော။ စက်ရုပ်တွေလို။ ဆိုးပေဈေးဆိုင်လိုက်ရှာရင်း ယောင်လည်လည်နှင့် မျက်စိလည် လမ်းတွေမှားပြီး စခန်းချရာနေရာသို့ မူးမူးနှင့် ပြန်ရောက်လာသည်။

*



နေရောင်ခြည်မလာခင် ကိုထွန်းမောင်ဦးစီးတဲ့ လှည်းအဖွဲ့ ရိုးမအရှေ့ကျောကိုကျော်ပြီး ဝါးခုတ်ထွက်သွားကြသည်။ အကြံသမား ဆိုးပေ လှည်းတန်းနောက်ဆုံးကလိုက်ခဲ့သလိုနှင့် မသိမသာချန်နေခဲ့သည်။ ညကများသွားလို့ ဖြေဆေးအဖြစ် မနက်မိုးမလင်းသေးဘူး၊ အရက်တစ်စိတ်လောက် ထပ်ချလိုက်တော့ နေသာသလိုရှိသွားသည်။ မူးတာတော့ မူးတာပဲ။ အရက်မူးလာတော့ ထင်ရာလုပ်ချင်တဲ့အကျင့်စရိုက်အတိုင်း ဖွဲဖောက်လာသည်။ ကိုထွန်းမောင်ကို မကျေနပ်၊ အလကားအယူသီးတဲ့လူကြီးလို့ ထင်လာသည်၊ ရိုးမအရှေ့ကြောကုန်းမြင့်မြင့်ပေါ် တက်ခဲ့သည်၊ ကိုထွန်းမောင်စကားကို ကြားယောင်လာပြီး ပေါက်နေတဲ့ဝါးတွေကို မူးမူးနှင့်ခုတ်တော့သည်။

"ဟေ့ - ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ ငဘေတဲ့ကွ။ ခုတ်တယ်ကွာ၊ ခုတ်တယ်ကွာ"

"ဒုတ်၊ ဒုတ်"

"အောင်မလေး-ကျွန်မတို့ကလေးတွေ ခြေထောက်တွေပြတ်ပါပြီ။ မခုတ်ပါနဲ့၊ မခုတ်ပါနဲ့ ဟီး ဟီး ဟီး"

ဝါးခုတ်သံနှင့် တစ်ပြိုင်နက်ဆိုသလို မိန်းမနှင့် ကလေးတွေရဲ့ အော်ဟစ်ငိုယိုတောင်းပန်သံတွေ နားထဲကြားနေရသည်။ ဆိုးပေမူးနေလို့ ဘာမှဆင်ခြင်နိုင်စွမ်းမရှိ ထပ်မံခုတ်ပြန်သည်။

"ဒုတ်၊ ဒုတ်"

"အောင်မလေး - ခေါင်းတွေ၊ လက်တွေပြတ်ပါပြီ။ မခုတ်ပါနဲ့၊ မခုတ်ပါနဲ့ တောင်းပန်ပါတယ် ဟီး ဟီး ဟီး"

လောဘတိုက်ပြီးမူးနေတဲ့ ဆိုးပေ ချောပေ့လှပေ့ဆိုတဲ့ဝါးလုံးတွေ တစ်လုံးပြီးတစ်လုံး ဆက်ခုတ်ပြီး လှည်းအပြည့်အမောက်တင်လိုက်သည်။ ကိုထွန်းမောင်လှည်းအဖွဲ့ ဝါးခုတ်ပြီးပြန်လာလောက်တဲ့အချိန်မှန်းပြီး တောတွင်းတစ်နေရာက စောင့်ကြည့်နေလိုက်သည်။ ညနေ (၄) နာရီလောက် ကိုထွန်းမောင်တို့ ဝါးခုတ်တဲ့အဖွဲ့ပြန်လာချိန် မယောင်မလည်နှင့်လှည်းတန်းနောက်ဆုံးကပ်၍ လိုက်လာခဲ့သည်။ ရိုးမတောင်ခြေ မူလစခန်းချရာသို့ ရောက်ရှိလာချိန် ကိုထွန်းမောင် လှည်းအားလုံး စုံညီနေကြောင်းတွေ့ရ၍ -

"ဟေ့ - ညတွင်းချင်း ဆက်ထွက်ကြမယ်။ အားလုံးထူးခြားမှုရှိရင် တစ်ဦးနဲ့တစ်ဦး အချက်ပေးကြ၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com

ရိုးမတောင်ခြေက လှည်းတန်းကြီး စတင်ပြန်လည်ထွက်ခွာခဲ့ပါပြီ။ လဆန်း ရက်မို့ လမင်းကြီးက ထိန်ထိန်သာရန် အားယူနေဆဲ။ မှိန်ဖျော့သော လရောင် အောက်မှာ ကြယ်လေးတွေကို အားကိုး ပြီး လှည်းများကို ဂရုစိုက်မောင်းနေရ သည်။ ဒီနေ့ညမှ ရိုးမအရှေ့ခြမ်းမှာ လေ ပြင်းတွေတဟူးဟူးတိုက်နေသည်။ လှည်း သမားတွေ အေးလွန်းလို့ ခြုံစောင်တွေ ကိုယ်စီပတ်ပြီး အအေးဒဏ်ကာကွယ် နေရသည်။

"ဂီး ဂီး ဂီး အူး အူး အူး"

ထူးထူးခြားခြား ညဉ့်ငှက်နှင့်တော ခွေးတွေအူသံ ခါးတိုင်းထက် ကြားနေ ရသည်။ လှည်းတွေ စထွက်ပြီး နာရီဝက် ခန့်ပင် မကြာလိုက်။

"ဘုတ် ဘုတ် ဘုတ်၊ ဟေ့-ငဘတို့ အဖွဲ့နေဦး။ ကျွန်မတို့ပစ္စည်းတွေပြန်ပေး ခဲ့ဦးလေ။ မသွားကြနဲ့၊ မသွားကြပါနဲ့ တောင်းပန်ပါတယ် ဟီး ဟီး ဟီး"

လူတစ်စု လှည်းတန်းနောက်က အတင်းပြေးလိုက်လာပြီး လှည်းများကို မသွားရန် တားမြစ်သံ ကိုထွန်းမောင် နားထဲကြားလိုက်ရသည်။ မလှမ်းမကမ်း ရောက်လာလို့ ကြည့်လိုက်တော့ ပြေး လိုက်လာသူတွေက ကလေးငယ်များကို ချီပိုးထားတဲ့ ရှည်မျောမျော မည်းမည်း သဏ္ဍာန်မိန်းမတစ်စု ဆံပင်တွေဖြန့်ချ ထားပြီး ငိုကြွေးနေကြသည်။ လှည်းတွေ နားရောက်တော့ ပျောက်သွားကြပြန် သည်။ အမျိုးအမည်မသိရသော ညှီစို့စို့ အနံ့တွေ လေပြင်းနှင့်အတူ ရောပါလာ သည်။ ကိုထွန်းမောင် သက်ပြင်းမကင်းစွာ ဖြင့် -

"ဟေ့-.လှည်းသမားတွေအားလုံး ရပ်လိုက်။ တို့ကို နောက်ကအမျိုးသမီး တစ်စုအော်ငိုပြီးတားနေတယ်။ မင်းတို့ ဘာအမှားတွေလုပ်ခဲ့ကြသလဲ။ မကြား ကြဘူးလား"

"ကျွန်တော်တို့တော့ ကောင်း ကောင်းမကြားဘူး။ အစ်ကိုကြီးထွန်း မောင် စိတ်ထင်လို့များလား"

"ဘယ်ဟုတ်ရမှာလဲ။ ငါသေသေ ချာချာကြားလိုက်၊တွေ့လိုက်ရတယ်ကွ"

လှည်းသမားအားလုံး ဘာမှပြန် မပြော။ အပြစ်လုပ်ထားတဲ့ ဆိုးပေက တော့ ငြိမ်ကုပ်နေသည်။ ကိုထွန်းမောင် ခရီးဖင့်နေမည်စိုး၍ ဆက်မမေးတော့။

"ကဲ- ဒါဆိုတို့အားလုံးဆက်ထွက် ကြမယ်ဟေ့"

လှည်းများဆက်လက်ထွက်ခွာခဲ့ ကြသည်။ ဆိုးပေ လှည်းအားလုံးရဲ့ နောက်ဆုံးကလိုက်ပါလာခဲ့သည်။ နံနက် အရုဏ်ဦးလင်းခရောင်ခြည်တို့သန်းလာ ပြီ။

"အောက်အီးအီးအွတ်၊ တုံ တုံ တုံ"

ဘင်ဟုန်ရွာလေးနှင့် နီးလာလို့ ရွာ ဦးဘုန်းတော်ကြီးကျောင်းက ကလတက် ခေါက်သံနှင့် ရွာထဲကကြက်တွန်သံတွေ ကြားလာရသည်။ နံနက်ခင်း ဝေလီဝေ လင်းအချိန်မှာ ဘင်ဟုန်ရွာလေးရဲ့ ရွာဦး ထိပ်မှာ လှည်းများပြန်ရောက်လာကြ သည်။

ကိုထွန်းမောင်က -

"ကဲ - တို့အားလုံး လူစုံရဲ့လား ဟေ့၊ ဘာထူးကြသေးလဲ"

လှည်းတွေ စုံ၊ မစုံစစ်လိုက်တော့ လှည်း (၁၀) စီးစုံသည်။ လှည်းစုံပေမယ့် လူမစုံ။ (၁၀) စီးမြောက်နောက်ဆုံးက လိုက်ပါလာတဲ့ဆိုးပေရဲ့လှည်းကို တွေ့ရ ပေမယ့် ဆိုးပေ လှည်းပေါ် ပါမလာ၊ ပျောက်ချက်သားကောင်းနေသည်။ မူး ပြီး တစ်နေရာကျန်ခဲ့လေသလား၊ လှည်း နားပတ်ဝန်းကျင်ရှာသော်လည်းမတွေ့။

ကိုထွန်းမောင်က -

"ကဲ - ငါနဲ့အတူ လှည်းသမား အချို့လိုက်ခဲ့ကြ။ တို့နောက်ကြောင်းပြန် ရှာကြည့်ကြမယ်"

ကိုထွန်းမောင်ဦးဆောင်ပြီး လှည်း (၅) စီး နောက်ကြောင်းပြန် ရှာဖွေကြ သည်။ ဘင်ဟုန်ရွာကလေးက နောက် ကြောင်းပြန်လာလိုက်တာ (၂) မိုင်ခန့် ရှိသေး ဆိုးပေကို လှည်းလမ်းကြောင်း ပေါ် တောစပ်တစ်နေရာမှာ တွေ့ရပါပြီ။ ဒါပေမယ့် ဆိုးပေကို အသက်ရှင်လျက် အနေအထား မဟုတ်။ ဆိုးပေလှည်း တက်ကြိတ်ထားတဲ့ဒဏ်ရာသွေးတွေနှင့် သေဆုံးနေတာ တွေ့ကြရသည်။ ထူး ဆန်းတာက ဆိုးပေ ဘယ်လက်တစ်ဖက် နှင့် ခြေတစ်ဖက် လုံးဝပြတ်နေသည်။ လည်ပင်းဒဏ်ရာကလည်း ပြတ်လုပြတ် ခင်ဖြစ်နေသည်။ လှည်းသမားအားလုံး စိတ်မကောင်းကြ။ ဆိုးပေအလောင်းကို ရွာပြန်သယ်ခဲ့ကြသည်။အကြောင်းကြား လိုက်လို့ ဆိုးပေမိန်းမ မကျည်းတန် ရောက်လာသည်။ ဆိုးပေအလောင်း ကိုကြည့်ပြီး -

"ဆိုးပေ၊ ငါ့စကားနားမထောင်လို့ ဒီလိုဖြစ်ရတာ။ နင်အခုတော့ဆိုးနိုင်ပေ နိုင်သေးရဲ့လားဟဲ့ ဟီး ဟီး ဟီး"

မကျည်းတန် အော်ငိုလိုက်သံက ဘင်ဟုန်ရွာကလေးကို လွှမ်းသွားခဲ့ သည်။ ကိုထွန်းမောင် ဒီမြင်ကွင်းကြည့် ပြီး တွေးနေမိသည်။ ဗုဒ္ဓဘာသာဝင်များ အနေနှင့် တရားတော်အရ (၃၁) ဘုံရှိ တယ်ဆိုတာ ယုံကြည်ကြသည်။ ကံနှင့် ကံရဲ့အကျိုးကိုလည်း ယုံကြည်ကြသည်။ ပရိယတ်၊ ပဋိပတ် သာသနာ၌ ထင်ရှား ကျော်ကြားလှသော ဆရာတော်ကြီးများ က မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ရှည်-တို-အလတ်သုံးရပ်ခန္ဓာ ချမ်းသာကိုယ်စိတ်မြဲကြပါစေလို့ မေတ္တာ ပို့သံများနာကြားနေရသည်။ ကိုယ်မမြင် ရတာနှင့် မယုံကြည်ဆိုပြီး ပရလောက သားများ မထီမဲ့မြင်မပြုသင့်။ မေတ္တာ ထားကြရမည်။ မေတ္တာပွားကြရမည်။ ဩော် - ဆိုးပေ ကိုယ်ပြုလုပ်တဲ့ ကံ အကျိုးပေးအတိုင်း ခံသွားရတာပါလား။ ဆိုးပေက သင်ခန်းစာကောင်းကောင်း ပေးသွားခဲ့သည်။

ကိုထွန်းမောင် သတ္တဝါအားလုံး အား မေတ္တာထားသင့်ပုံကို လက်အုပ် လေးချီလျက် ရွတ်ဆိုလိုက်သည်။

"မြင်အပ်၊ မမြင်အပ် နှစ်ရပ်များ စွာသတ္တဝါ မေတ္တာပို့ကြပါ။

မထီမဲ့ကင်း ပြုလုပ်ခြင်း ရှောင် ကွင်းကြလေရာ။

ပြုလုပ်ပါက ဘေးဒုက္ခ မုချတွေ့ ရမှာ။

ထို့ကြောင့်သာပဲ မေတ္တာမြဲ ရှောင် လွဲ ဘေးဘယာ။

ဘဝခန္ဓာတွေ မချုပ်သမျှ (၃၁) ဘုံထဲမှာ ခန္ဓာဖွဲ့စည်းမှု ပုံသဏ္ဍာန်မျိုး နဲ့ ဘဝတွေ ကျင်လည်နေကြရဦးမယ်။ အနန္တစကြဝဠာအနန္တသတ္တဝါတို့ ဘေး ရန်ခပ်သိမ်းငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ကျွန်ုပ်ပြုခဲ့ ကုသိုလ်ကောင်းမှုများကို အမျှပေးဝေ တယ်။ အမျှ၊ အမျှ၊ အမျှ"

အမျှပေးဝေသံအဆုံးမှာ ကိုထွန်း မောင်ရဲ့စိတ်တွေ ပေါ့ပါးလန်းဆန်းသွား သည်။ မေတ္တာပို့ အမျှပေးဝေသံလေး ဘင်ဟုန်ရွာကလေးသာမက စကြဝဠာ အနှံ့ ပြန့်လွင့်လျက်။

*ချမ်းသာကိုယ်စိတ်မြဲကြပါစေ*

မောင်စိန်ဝင်း (ရွှေမိုးညို)

မှတ်ချက် -

*ယခုဖြစ်ရပ်မှန်ဇာတ်လမ်းပါ ဇာတ်ကောင်များ အား အမည်၊ နေရပ်၊ အားလုံးပြောင်း ပြောင်းလွဲ ရေးဖွဲ့ထားပါသည်။*


www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်ထွန်းလင်း

# အဂ္ဂိရတ်ပညာရပ်၏ (အပိုင်း ၄၄) ကျဆုံးခြင်းနှင့် ပြန်လည်ပေါ်ပေါက်ခြင်း



(၁၇) ရာစု၏ ဒုတိယနှစ်ဝက်သို့ ရောက်သောအခါ ထုံးတမ်းစဉ်လာအရ ဖြစ်သော သဘောတရား၊ လက်တွေ့နှင့် စည်းမျဉ်းစည်းကမ်းတို့သည် တစ်ဆစ်ချိုးအပြောင်းအလဲသို့ ရောက်ရှိရ၏။ တစ်ဖက်တွင်မူ ရိုစီကရူစီယန်တို့က ကြွေးကြော်သည့်မှော်ဝင်သဘောတရားနှင့် ဂမ္ဘီရပေါင်းစပ်ထားသည့် အဂ္ဂိရတ်ပညာသည် လက်တွေ့ဘဝ၏ မှေးမှိန်သောအခန်းကဏ္ဍကို တွေ့မြင်ခဲ့ရ၏။ အခြားတစ်ဖက်တွင်မူ ဒဿန၊ ဘာသာရေးတို့နှင့်မသက်ဆိုင်သူများက အဂ္ဂိရတ်ပညာ၏ လက်တွေ့ပိုင်းကို ဟောပြောသိမ်းသွင်းကြ၏။ ၎င်းတို့သည် အမျိုးအစားနှစ်မျိုးကွဲပြားသွား၏။

တစ်ခုမှာ အဂ္ဂိရတ်ဆိုင်ရာစွန့်စားခန်းကိုရှာဖွေသူနှင့် သိပ္ပံနည်းကျဓာတုဗေဒ၏ရှေ့ပြေးပညာရှင်များဟူ၍ ဖြစ်၏။ အီတာလျံလူမျိုး ဖရန်စွက်ဘွန်နီသည် စွန့်စားသူအဖြစ် နာမည်ကျော်လာ၏။ သူ့ကို ၁၆၂၇ခုနှစ်တွင် အီတလီနိုင်ငံ မီလန်၌ မွေးဖွားခဲ့၏။ ရောမမြို့ရှိ ဘုန်းတော်ကြီးသာသနာပြုကျောင်းတွင် ပညာသင်ခဲ့၏။ သူသည် လွတ်လွတ်လပ်လပ်နေတတ်သောသဘာဝရှိသော်လည်း တစ်ဖက်တွင်မူ တက်ကြွ၍ဉာဏ်ကောင်းသူတစ်ဦး ဖြစ်၏။ ထို့ကြောင့်လည်း အုပ်ချုပ်သူများနှင့် အဆင်မပြေဖြစ်ပြီး အမိန့်မနာခံမှုကြောင့် ကျောင်းထုတ်ခံခဲ့ရ၏။ ထို့နောက် သူသည် ဗာတီကန်မြို့၌ အဂ္ဂိရတ်နှင့် ဆေးပညာကို သင်ယူလိုက်၏။

ထို့နောက် သူသည် မီလန်သို့ ပြောင်းရွှေ့လာပြီး ရိုစီကရူစီယန်အတွေးအခေါ်ရှိကာ နိုင်ငံရေးရည်ရွယ်ချက်ရှိသည့် လျှို့ဝှက်အသင်းအဖွဲ့တစ်ခုကို တည်ထောင်ခဲ့၏။ ၁၆၅၉ ခုနှစ်တွင် သူ၏တပည့်တစ်စုမှာ ဖမ်းဆီးခံရသဖြင့် သူသည် ဆွစ်ဇာလန်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့၏။ ထိုအမှုကို အာဏာပိုင်တို့က စစ်ဆေးလိုက်သောအခါ သူ၌ အမိက အပြစ်ရှိကြောင်းတွေ့သဖြင့် သေဒဏ်အမိန့်ချမှတ်ခြင်းခံရ၏။ သူ၏မျက်ကွယ်တွင် စီရင်ချက်ချခြင်း ဖြစ်၏။ ထို့နောက် သူ၏ရုပ်ပုံများ၊ သူရေးသားသည့်စာများကိုမီးရှို့ခဲ့၏။ ဤသို့သော ခြိမ်းခြောက်မှုနှင့်အန္တရာယ်များကို သူသည် ဂရုမပြုဘဲ ဥရောပရှိ နေရာဒေသအနှံ့အပြားသို့ ခရီးရှည်ထွက်ခွာသွားခဲ့၏။ စတောဘွန်း၊ ဖရန့်ဖွတ်၊ ဒါစတန်၊ လိုက်ပဇစ်မြို့များသို့ သွားရောက်ကာ ဓာတုဗေဒနှင့် ဆေးပညာသုတတို့သည် ပို၍ကြွယ်ဝစေနိုင်ခဲ့၏။

သူသည် အမ်စတာဒမ်သို့ သွားရောက်နေထိုင်ပြီး မကြာမီပင် ပျော်ကစေဆရာတစ်ဦးအဖြစ် ကျော်ကြားလာခဲ့၏။ အများကပြောကြသည်မှာ သူသည် ဂမ္ဘီရအတတ်ပညာဖြင့် ရောဂါအားလုံးကို ပျောက်ကင်းစေနိုင်စွမ်းရှိ သည်ဟုဆိုကြ၏။ သို့ရာတွင် မကြာမီ သူ၏ စရိုက်ဟောင်းက ပြန်ပေါ်လာခဲ့၏။ ၎င်းမှာ စိတ်အလိုလိုက်မှု၊ ထင်ပေါ်ကျော်ကြားမှုအား မက်မောမှုတို့ကြောင့် ကြွေးမြီများ တင်ရှိလာတော့၏။

၁၆၆၄ ခုနှစ်တွင် သူသည် ဟော်လန်မှထွက်၍ ချက်နိုင်ငံ ကိုဗင်ဟောဂင်မြို့သို့ သွားခဲ့၏။ ထွက်ခွာရသည့်အကြောင်းအရင်းမှာ တတိယဖရက်ဒရစ်ဘုရင်က သူ၏အဂ္ဂိရတ်လုပ်ငန်းကို ငွေကြေးထောက်ပံ့မည်ဟု ဆိုခြင်းကြောင့်ဖြစ်၏။ ဤသို့မဖြစ်မီလေးတွင်ပင် သူ၏ ဟန်ဆောင်ကောင်းမှုကြောင့် ဘုရင်မခရစ္စတီနားထံမှ ငွေကြေးများလည်း ရရှိခဲ့ပြီးဖြစ်၏။ ထိုကာလမှာ ၁၆၅၄ ခုနှစ် သူ့အဖမ်းဆီးမခံရမီကာလက ဖြစ်၏။ ၁၆၇၀ ပြည့်နှစ် ဒိန်းမတ်ဘုရင် နတ်ရွာစံပြီးနောက် သူ့ဝန်းကျင်တွင် မလိုလားမှုများကို ရိပ်စားမိ၍ ဘွန်နီသည် တူရကီနိုင်ငံသို့ ထွက်ခွာသွားတော့၏။

ဤသို့ထွက်ပြေးမှုမှာ ကြာရှည်မခံပေ။ အဘယ်ကြောင့်ဆိုသော် သူ့အား မိုးရေးဗီးယားတွင်ဖမ်းဆီးမိပြီး သာသနာရေးဆိုင်ရာအာဏာပိုင်များ ရှေ့မှောက်သို့ ခေါ်ဆောင်သွားခြင်းခံရတော့၏။ ထိုအခါ သူသည် ယခင်ထွက်ဆိုချက်များကို ပြုပြင်ပြောင်းလဲလိုက်သည်နှင့် သူ၏အပြစ်ဒဏ်ကို ယခင် သေဒဏ်မှ ရာသက်ပန် ထောင်ဒဏ်အဖြစ် ပြောင်းလဲကျခံစေလိုက်၏။

ဤကား ဤဇာတ်လမ်း၏ အဆုံးသတ်မဟုတ်သေးပေ။ ဗာတီကန်မြို့အနီးရှိ စိန့်အင်ဂျလိုရဲတိုက်ကြီးတွင် သူ့အားအကျဉ်းချထားစဉ် ထိုနေရာ၌ သူသည် ခေတ္တခဏသော လွတ်လပ်မှုကို ခံစားခဲ့ရ၏။ ရဲတိုက်၏မြေအောက်ခန်း၌ပင် အဂ္ဂိရတ်ဖိုခန်းတစ်ခုကိုပင်ဖွင့်လှစ်ရန် ခွင့်ပြုပေးခဲ့၏။

သူ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန်အတွက် ထောင်သို့ပြန်လိုသည့်အချိန် ပြန်နိုင်ခွင့်ကိုလည်းပြုထား၏။ ဆွီဒင်ဘုရင်မ ခရစ္စတီနား၏ နန်းတော်သို့ပင် သွားရောက်ခဲ့၏။ ထိုအချိန်က ခရစ္စတီနားသည် ရောမမြို့သို့ ရောက်ရှိနေခဲ့၏။ ၁၆၈၉ ခုနှစ်တွင် ခရစ္စတီနား ကွယ်လွန်ပြီး နောက် (၂) နှစ်အကြာ ပုပ်ရဟန်းမင်းအင်နိုဆန်ကို ရွေးချယ်တင်မြှောက်ပြီးချိန်၌ ဘွန်နီ၏လုပ်ငန်းများ ပြီးဆုံးသွားလေတော့၏။

သူသည် ၁၆၉၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး သူ့အလောင်းကို ထောင်ဝင်းထဲ၌ပင် မြှုပ်နှံခဲ့ရ၏။ အကြောင်းမှာမူ အခြားနေရာတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် ပုပ်ရဟန်းမင်းကြီးက ခွင့်မပြုသောကြောင့် ဖြစ်၏။ ဘွန်နီသည် အငြင်းအခုံကိုဖြစ်စေသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ အချို့သော ဝေဖန်သူများက သူ့ကို ပြင်းထန်သောစွန့်စားသူဟု ဝေဖန်ကြ၏။

သူသည် စည်းစိမ်ချမ်းသာနှင့် ကျော်ကြားမှုကို မက်မောသူ၊ ချမ်းသာ၊ ဆင်းရဲမရွေး ထိုသူများထံမှ ငွေကိုရအောင်ညှစ်တတ်သူ၊ ထူးဆန်းအံ့ဩဖွယ် ပျောက်စေတန်ခိုးပြတတ်သူ၊ ဓာတ်လုံးကိုပင်ပြ၍ လိမ်ညာကတိပေးတတ်သူမျိုး ဖြစ်၏။ အခြားသူများကမူ သူသည် ဂုဏ်သရေရှိ အဂ္ဂိရတ်ပညာရှင်ဖြစ်ပြီး ထူးဆန်းသည့် သမားတော်ကြီးဟုလည်း ဆိုကြ၏။ ကက်သလစ်အာဏာပိုင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကိုလည်းခံရသူဟု ဆို၏။ သို့ရာတွင် သူ၏ အကြွေးများကြောင့် နေရာပေါင်းများစွာမှ ကမန်းကတန်း ထွက်ခွာရခြင်းသည်ကား သူ၏ ယေဘုယျဘဝနေနည်းသည် ဟာမစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်အစဉ်အလာနှင့်မတူဘဲ စွန့်စားမှုပုံသဏ္ဍာန်မျိုးပေါ် နေလေ၏။

ရှေးပိုင်းတွင် ဖော်ပြခဲ့သော လေဒင်နှင့် စတော့ဟုမ်းပေစာများအရ အီဂျစ်နိုင်ငံသည် ဓာတုအကြံနည်းလမ်းများ ဖွံ့ဖြိုးမှုအတွက် ခေတ်ပြိုင်ကာလတွင် အီဂျစ်နိုင်ငံသည် ထိန်းသိမ်းစောင့်ရှောက်ပေးသူ ဖြစ်၏။ ၎င်းတွင် ဂမ္ဘီရပညာအတွက် နေရာမရှိဖြစ်ရ၏။ ထို့အတူ ဇိုစီမော့နှင့် ကလီယိုပါထရာတို့၏ အဂ္ဂိရတ်ပညာလည်း နေရာမရှိဖြစ်ရ၏။ အလယ်ခေတ်နှင့် ရီနေးဆန့်ခေတ်အဖွဲ့အစည်းများတွင် ဖန်၊ သတ္တုများဖြင့်လုပ်ငန်းများလုပ်၏။

ဓာတ်များကို အသေသတ်ခြင်း ဆေးဝါးများဖော်စပ်ခြင်းတို့သည် အဂ္ဂိရတ်နှင့်မဆိုင်ဘဲ သီးခြားပေါ် ထွန်းခဲ့ကြ၏။ ပုံနှိပ်ခြင်းအတတ်ပညာဖွံ့ဖြိုးလာခြင်းနှင့်အမျှ အဂ္ဂိရတ်ပညာသာမက ဓာတုဗေဒပညာရပ်ဆိုင်ရာကျမ်းများလည်း အများအပြားပေါ် ထွက်လာလေသည်။ ၎င်းတို့သည် လက်တွေ့ဓာတ်ခွဲခန်းနှင့်သာသက်ဆိုင်ပြီး အဂ္ဂိရတ်ပညာရှင်များ၏ သင်္ကေတစနစ်များနှင့်လည်း မဆိုင်ပေ။

၁၅၀၀ ပြည့်နှစ်တွင် ဟီရိုနီဆင်က THE ART OF DISTLLING SIMPLES ကျမ်းကို စတန်းဖို့ဒ်၌ ထုတ်ဝေခဲ့၏။ ထိုကျမ်းတွင် အပင်များမှ ဆေးဖက်ဝင်ဓာတ်တို့ကို ပေါင်းတိုက်ခြင်းဖြင့် ထုတ်ယူပုံကို ပြသထား၏။ ၁၅၄၀ ပြည့်နှစ်၌ ဗန်နို (၁၄၈၀-၁၅၃၉) ရေးသည့် THE ART OF FIRE ကျမ်းသည် ဗင်းနစ်မြို့၌ ထွက်လာခဲ့၏။ ထိုကျမ်းတွင် သတ္တုကိုတူးဖော်ခြင်း၊ ဓာတ်ခွဲခြား၊ အရည်ကျိုချက်လုပ်ခြင်းတို့ကို ဖော်ပြထား၏။ ၁၅၅၆ ခုနှစ်၌ ဂျော့ဘာနာ (၁၄၉၄-၁၅၅၅)ရေးသည့် သတ္တုဗေဒ THE ART OF METALS ကျမ်း ထွက်ပေါ် လာ၏။ ၎င်းကျမ်းကို လက်တင်အမည်ဖြင့် ပို၍ လူသိများ၏။ ၎င်း၏လက်တင်အမည်မှာ Geur gius Agricola ဖြစ်၏။ ထိုစာအုပ်မှာ ဘေဆယ်မြို့တွင် စာရေးသူကွယ်လွန်ပြီးမှ ထွက်ပေါ် လာခဲ့ခြင်း ဖြစ်၏။

၎င်းသည် အင်္ဂလိပ်ကိုလာအား အောင်မြင်မှုကိုရစေ၏။ ထိုကျမ်း၌ ဖော်ပြထားသည်မှာ သတ္တုဘူမိဗေဒနှင့် သတ္တုအင်ဂျင်နီယာဘာသာရပ်များကို အကြီးအကျယ် အနုစိတ်၍ ဖော်ပြထား၏။ သရုပ်ဖော်ပုံများမှာလည်း သစ်သားတွင် ထွင်းထုထားသော သတ္တုတွင်းပုံနှင့် စက်ကရိယာပုံများ ဖြစ်လေသည်။

ထို့အပြင် ဤကျမ်း၌ အဂ္ဂိရတ်ပညာဆိုင်ရာ ဖိုနှင့်ဖိုဆိုင်ရာကိရိယာများ၊ ပြုလုပ်နည်း၊ သတ္တုနှင့်အောက်ဇိုဂျင်... [sic] သတ္တုနှင့်အောက်ဂဲနစ်ပစ္စည်းများချက်လုပ်နည်း၊ ဓာတ်ပစ္စည်းများ ထုတ်လုပ်နည်းတို့ကိုလည်း ဖော်ပြထားလေ၏။ တစ်ချိန်တည်းမှာပင် အဂ္ဂိရတ်ပညာသည် ဘာသာရပ်တစ်မျိုးတည်းနှင့် ဆက်ဆံနေသော်လည်း ၎င်း၏စစ်မှန်သော ရည်ရွယ်ချက်များကို လျှို့ဝှက်မှု၏ နောက်ကွယ်တွင်ထား၍ ဓာတုစမ်းသပ်မှုကို ဒဿန၊ ဘာသာရေး၊ သဘာဝတရားတို့ဖြင့် ပေါင်းစပ်ထားလေသည်။ ဖော်ပြသည့် အစဉ်အလာဖြစ်ရန် ရည်ရွယ်၍ ၎င်း၏ရလဒ်များသည် ချီးကျူးဖွယ်ကောင်းသော်လည်း လက်ရွေးစင်အနည်းငယ်မျှကိုသာ ထိန်းသိမ်းထားရှိလေသည်။

သို့ရာတွင် သိပ္ပံနည်းကျ အဂ္ဂိရတ်ပညာမွေးဖွားခြင်းကို အဂ္ဂိရတ်ပညာ၏ သဘာဝကျသော တရွေ့ရွေ့ပြောင်းလဲတိုးတက်မှုအဖြစ် ဖော်ပြရန်မှာ အပေါ်ယံကျလွန်းလှလေသည်။ ၁၇ ရာစု၊ ၁၈ ရာစုနှစ်တွင် ဓာတုဗေဒသည် အမှန်အားဖြင့် မြောက်မြားစွာသော အချက်အလက်များ၏ ဆက်စပ်ပေါင်းဆုံရာ ဖြစ်ပေသည်။ ရှေးဦးသတ္တုဗေဒဆိုင်ရာနည်းစနစ်များ၊ အလွယ်တကူချမ်းသာလိုသောလမ်းစဉ်ကို ရှူးမိုက်စွာလိုက်ပါသူများမှာ ဇိုကီမော့၊ဂျဗီးရေမွန်လားအမည်ခံကာ ၎င်းတို့၏လုပ်နည်းလုပ်ဟန်များ၊ ပါရာဆဲလ်ဆပ်၏တပည့်ဖြစ်သူတို့ ပြုလုပ်သောစမ်းသပ်မှုများနှင့် ဆေးဝါးတစ်ရပ်ဖြစ်ပေါ် ရန်အတွက် ဓာတ်တို့ကိုဖြိုခွဲခြင်း၊ ပေါင်းစပ်ခြင်းတို့ ဖြစ်လေ၏။

သို့တည်းမဟုတ် အဂ္ဂိရတ်ပညာကို ဓာတုဗေဒပညာရပ်၏ ဘိုးဘေးဘီဘင်အဖြစ် သတ်မှတ်ရန်လည်း မဖြစ်နိုင်ပေ။ အကြောင်းမှာမူ အဂ္ဂိရတ်ပညာ၏ ပင်မရေစီးကြောင်းသည်လည်း အမြင့်ဆုံးသော လေးစားမှုကို ခံယူထိုက်သော ကြောင့် ဖြစ်၏။

သိက္ခာရှိသော သတ်မှတ်မှုနှင့် ဒဿနဆိုင်ရာတို့ကား အဂ္ဂိရတ်ပညာရှင်က စကြဝဠာဆိုင်ရာဖြစ်ရပ်များနှင့် ဟန်ချက်ညီမှုကို လိုလားပေသည်။ သဘာဝ၏ မြင့်မြတ်သော လျှို့ဝှက်မှုကို ဂမ္ဘီရပညာဖြင့် ထိုးထွင်းသိမြင်ရန်လည်း လိုအပ်ပေသည်။ လက်ရှိ လူ့အဖွဲ့အစည်းတွင် ပတ်ဝန်းကျင်နှင့်ဆက်ဆံမှုကို ကြိုတင်ပူပန်မှု များပြားသဖြင့် ဓာတုဗေဒသည် သိပ္ပံကိုပြန်လည် ဖော်ကျူးရန် ကြိုးပမ်းနေရသည့် အတိတ်၏ အဂ္ဂိရတ်အစဉ်အလာတွင် ထို့အပြင် ထိုလှုပ်ရှားမှုမျိုးဖြင့် မတိုးတက် မလှုပ်ရှားနိုင်ပေ။

ကာလကြာမြင့်စွာသောရှေးအခါကတည်းက အလေးထားခဲ့ကြသော သီအိုရီ(၃)ခုဖြစ်သည့် The pri ma materia the tria prima (ကန့်၊ ဆား၊ ပြဒါး) နှင့် ဓာတ်ကြီးလေးပါး (ရေ၊ မြေ၊ လေ၊ မီး) စသည့် သဘောတရား (၃) ရပ်... မည်သည့်အခါကမျှ အဂ္ဂိရတ်ပညာရှင်တို့က မငြင်းဆိုခဲ့ကြပေ။ ယနေ့ထက်တိုင်ပင် ၎င်းကို သင်္ကေတသဘောချက်အဖြစ် လက်ခံထားဆဲ ဖြစ်၏။ ကာယ... ကံရှင်၏ ရုပ်ဓာတ်အနှစ်သာရကို ထိန်း... ချုပ်သောစွမ်းအင်နှင့် ပြုပြင်သောစွမ်း... အားကို ဆိုလိုပါသည်။

၁၇ ရာစုနှစ် ဓာတုပညာရှင်၏ လိုက်ပါပုံကား တစ်မျိုးကွဲပြား၏။ ပို၍... ခိုင်မာပြီး ရည်ရွယ်ချက်လည်းပြည့်... ထိုအချက်များကိုရရှိရန် ၎င်းတို့သည် ရှေးဦးစွာ သူတို့၏စမ်းသပ်မှုအတွက် အခြေခံတည်ဆောက်ကြရ၏။ တဖြည်းဖြည်းနှင့် ရရှိလာသော ကောက်ချက်... ထုံးတမ်းစဉ်လာအဂ္ဂိရတ်ပညာသည် ... တို့၏သိပ္ပံပညာတွင် နေရာမရှိကြောင်း တွေ့မြင်လာခဲ့၏။

အဂ္ဂိရတ်ပညာ၏အရင်းအမြစ်... ပထမဆုံးတီးခေါက်သူမှာ ရောဘတ် ဘွိုင် (၁၆၂၇-၁၆၉၁) ဖြစ်၏။ ၎င်းသည် သိပ္ပံသမားတစ်ဦးဖြစ်ပြီး သတ္တုပြောင်း... မှုသည် သဘောတရားအရဖြစ်နိုင်သည် ဟုယုံကြည်ထားသူလည်းဖြစ်၏။ အ... ဆန္ဒမှာ ခေတ်သစ်နည်းကိုအခြေခံသော ဓာတုဗေဒပညာရပ်ကို တည်ထောင်... ဖြစ်၏။ ၁၆၆၁ ခုနှစ်တွင် တစ်ခေတ်... နာမည်ကြီးခဲ့သော THE SCEPTICAL CHYMIS ကျမ်းကို ပုံနှိပ်ခဲ့၏။ ထိုကျမ်း... သည် အရစ္စတိုတယ်၏ ဓာတ်(၄)ပါး... ပါရာဆဲ(လ်)ဆပ်၏ မူလဓာတ်(၃)ပါး... ကို အကြီးအကျယ် ဝေဖန်ထား၏။

ဘွိုင်က ဓာတ်နှင့်ပတ်သက်၍... ခေတ်သစ်အယူအဆကို တည်ဆောက်... ခဲ့၏။ ဓာတ်တို့နှင့် ပတ်သက်၍ သူ... ဆိုသည်မှာ ၎င်းဓာတ်တို့သည် အ... ခံကျပြီး မူလဖြစ်၍ မည်သည့်ဓာတ်... နှင့်မျှ မရောနှောသောဒြပ်စင်များ ဖြစ်... သည်ဟုဆို၏။ ထိုဒြပ်စင်များသည်... တစ်ခုနှင့်တစ်ခု ပါဝင်ပတ်သက်ခြင်း... ရောစပ်ခြင်းမရှိပေ။ သီးခြားစီဖြစ်... ၎င်းတို့ကို ရောစပ်လိုက်လျှင်... သီးခြားဓာတ်တစ်မျိုးဖြစ်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com


ကြောင့် လုံးဝဥသုံ စိတ်ချယုံကြည်၍ မရသောဓာတုပညာရှိ၏။ THE SCEPTICAL CHYMIST သည်အဂ္ဂိရတ်ပညာအတွက် အသုံးချ၍မရသောကျမ်း ဖြစ်၏။ အမှန်အားဖြင့် ဘွိုင်၏လေ့လာမှုများသည် ဆေးဖက်ဝင်ဓာတုဗေဒပညာကို လျှော့တွက်ခဲ့ခြင်း ဖြစ်၏။

၂၇ ရာစု ဓာတုဗေဒကို ခေတ်မီအချက်အလက်များပေါ် တည်ဆောက်ရာ၌ မပြည့်မစုံဖြစ်ရ၏။ သို့ရာတွင် အဂ္ဂိရတ်ပညာသည်ကား နောင်အနှစ်(၁၀၀)အထိ သက်လုံအားရှိနေပေသေးသည်။ လဗွိုက်စီးယားက လေနှင့်ရေတို့၏ဓာတ်ဖွဲ့စည်းမှုကို ဖော်ထုတ်နိုင်သောအချိန်ကာလအထိ အဂ္ဂိရတ်ပညာသည် လုံးဝပျောက်မသွားဘဲရှိနေပေသေးသည်။ ဂျိုဟန် (၁၆၃၅-၁၆၃၈) THE SCEPTICAL CHYMIST ကျမ်းကို ထုတ်ဝေခဲ့၏။

ပါရာဆဲ(လ်)ဆပ်၏ မူလဓာတ်(၃)ပါး သဘောတရားက အဂ္ဂိရတ်ပညာကို သက်တမ်းရှည်စေ၏။ ၁၆၆၉ ခုနှစ်တွင် SUBTERRANEN PHYSYCS ကျမ်းကို ထုတ်ဝေခဲ့ရာ ၎င်းကျမ်းသည် ရူပဗေဒနှင့် ဓာတုဗေဒကို ဆက်စပ်ပေးသောကျမ်း ဖြစ်၏။ ၎င်းက အရာဝတ္ထုတိုင်းတွင် မြေ(၃)မျိုး ပါဝင်သည်ဟုဆို၏။ ဘာချာ၏အဆိုအရ သတ္တုတစ်ခုကို ပြာချခြင်း သို့မဟုတ် အသွင်ပြောင်းခြင်းပြုလုပ်ပါက ၎င်းတွင်ပါဝင်သောတာရာပင်ဂပ်သည် လေထဲသို့ လွတ်ထွက်သွား၏။

ထို့အတူ တာရာလာပီဒါနှင့် တာရာမာကူလာလစ်တို့လည်း ထွက်သွား၏။ တာရာလာပီဒါသည် မီးအပူကိုခံနိုင်ရည်ရှိ၏။ တာရာလာပီဒါနှင့် တာရာပင်ဂပ်တို့သည် ရုပ်နှင့်နာမ်ကဲ့သို့ပင် အမြဲတမ်းတွဲနေ၏။ တာရာမာရီလပ်သည် လိုသလိုပုံသွင်း၍ရ၏။ အငွေ့ပြန်နိုင်၏။ အရည်ဖြစ်လွယ်၏။ မြေ(၃)မျိုးဆိုသည်ကား ဆား၊ကန့်နှင့်ပြဒါးတို့ ဖြစ်၏။ ၎င်းကိုပင် ဂျဖီးတို့ခေတ်ကတည်းက ကမ္ဘာမြေ၏ မျိုးပွားဓာတ်များဟု အသိအမှတ်ပြုခဲ့၏။

ဘတ်ချာသဘောတရားကို ဂျော့အားနက် (၁၆၆၀-၁၇၃၄) က အားပေးခဲ့၏။ Phlogiston ဆိုသည်မှာ မီးလောင်နိုင်သောအရာအားလုံးကို ဆိုလို၏။ သတ္တုတစ်ကိုပြာချနေချိန်တွင် ထိုသတ္တုသည်လေထဲသို့ ဖလိုဂျင်စတန်ဓာတ်ကို ထုတ်လွှတ်၏။ ထို့နောက် အဆီရည်၊ အဆီခဲများ၊ ကန့်နှင့် မီးသွေးဓာတ်များ


THEATRUM CHEMICUM
BRITANNICUM.
CONTAINING
Severall Poeticall Pieces of our Famous
English Philosophers, who have written
the Hermetique Mysteries in their owne
Ancient Language.
Faithfully Collected into one Volume,
with Annotations thereon,
By ELIAS ASHMOLE, Esq.
Qui est Mercuriophilus Anglicus.

SEATTLE
Published by OUROBOROS PRESS, MMXI,
after the ancient editions of
NATH: BROOKE.

သည် အသီးသီးထွက်သွားပြီးနောက် ပြန်ပေါင်းကာ မူလဓာတ်ပြန်ဖြစ်၏။

သတ္တုတစ်ခုကို ပြာမချမီနှင့် ပြာချပြီးနောက်တွင် အလေးချိန်ချိန်ကြည့်ပါက စဉ်းစားစရာအချက်ကိုတွေ့လိမ့်မည်ဖြစ်၏။ အမှန်အားဖြင့် သတ္တုသည် ပြာချလိုက်သောအခါ အလေးချိန်မလျော့ဘဲ တိုးလာသည်ကို တွေ့ရ၏။ အကြောင်းမှာမူ ဖလောဂျစ်စတင်နှင့် အောက်ဆီဂျင်တို့ ပေါင်းစပ်ခြင်းကြောင့် ဖြစ်၏။

ရှေးခေတ်က အဂ္ဂိရတ်ပညာတွင် ဖလောဂျစ်စတင်ဓာတ်ကို ထည့်၍မစဉ်းစားကြပေ။ နောက်ပိုင်းခေတ်သို့ရောက်မှ ထည့်သွင်းစဉ်းစားကြခြင်း ဖြစ်၏။ ဓာတ်တို့၏ပြောင်းလဲမှု ဆိုသည်မှာ ၎င်းဓာတ်တွင်ပါဝင်သော ဓာတ်ပစ္စည်းများ၏ပြောင်းလဲမှု အကြိမ်အရေအတွက်နှင့် ပြောင်းလဲမှုအခြေအနေတို့ကို ဆိုလိုခြင်း ဖြစ်၏။

ဤကိစ္စနှင့် ပတ်သက်၍ အချို့သော ဝေဖန်ချက်များရှိသော်လည်း ဖလောဂျစ်စတင်သဘောတရားကို ဆေးလောကမှ ဆေးပညာရှင်များ၊ ဓာတုပညာရှင်များအားလုံးလိုလိုကပင် လက်ခံလေးစားကြလေသည်။ ထို့အပြင် ဒဿနပညာရှင်များနှင့် သဘာဝဗေဒပညာရှင်များကလည်း လက်ခံလေးစားရ၏။ ၁၈ရာစု၏ ဒုတိယနှစ်အထိ ဤသဘောတရားကို လက်ခံကာကွယ်ခဲ့ကြ၏။ ဖလောဂျစ်စတင်သဘောတရားသည် ပါရာဆဲ(လ်)ဆပ်ဆေးဘက်ဆိုင်ရာ ဓာတုဗေဒ၏ ပြင်းထန်သော တုံ့ပြန်ချက်ဖြစ်၏။ အဂ္ဂိရတ်ထုံးတမ်းစဉ်လာတွင်းသို့ စိမ့်ဝင်နေပြီး သဘာဝအပြင် လှုပ်ရှားမှုနှင့် အလိုလျောက်ဖြစ်တည်မှုတို့ကို တွေ့ရလေသည်။

ထို့နောက် စက်မှုသဘောပါဝင်သောအခြေခံဖြင့် တည်ဆောက်ပြီး တည်ငြိမ်သော သိပ္ပံနည်းကျ ဓာတုဗေဒပညာရပ်ကို ဖြစ်ပေါ်စေ၏။ (၁၇) ရာစု၊ (၁၈) ရာစုများတွင် အဂ္ဂိရတ်ပညာသည် ဆက်လက်၍ ဖြစ်တန်နေလေသည်။ လက်တွေ့သိပ္ပံ၏ ရှေ့ပြေးလှိုင်းအတော်များများသည် အဂ္ဂိရတ်ပညာကို လက်တွေ့ လုပ်ကိုင်ခဲ့ကြ၏။ ဓာတ်ပြောင်းလဲမှုကိုလည်း သဘောတရားအရ လက်ခံခဲ့ကြ၏။

အိုက်ဇက်နယူတန် (၁၆၄၂-၁၇၂၇) ကပင်လျှင် အဂ္ဂိရတ်ပညာတွင် များစွာ စိတ်ဝင်စားခဲ့၏။ သူကိုယ်တိုင် အဂ္ဂိရတ်ကျမ်းများကူးယူခြင်း၊ စမ်းသပ်ခြင်းများပြုလုပ်ပြီး သူ၏စာကြည့်တိုက်တွင် အဂ္ဂိရတ်ကျမ်းမျိုးစုံကို တွေ့ရှိရပေသည်။

သူသည် အဲလီယပ်အက်(ရှ်)မိုး၏ THEATRUM CHEMICUM BRITANNICUM ကျမ်းကို ဖတ်ရှုပြီးရင်း ထပ်ပြန်တလဲလဲဖတ်နေခဲ့၏။ မိုက်ကယ်မေယာ၏ စာသားများကိုလည်း ကူးယူထားခဲ့၏။ ထို့အပြင် အချို့သော အဂ္ဂိရတ်ကျမ်းများကို ငှါးကာဖွင့်ခဲ့လေ၏။ သူထံတွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ရိုဇီကရူစီယန်၏ ကြေညာစာတမ်းရှိထားသဖြင့် ၎င်းကိုလည်း သူကလေ့လာခဲ့၏။ ထို့အပြင် နယူတန်သည် သတ္တုတို့၏ အခြေခံသဘော ပြောင်းလဲမှုဖြစ်နိုင်ကြောင်းကို ယုံကြည်သူဖြစ်၏။ သို့သော် ရွှေနှင့် ငွေကိုရရှိရန် အလွန်စရိတ်စကကြီးသောပညာရပ်တစ်ခုအဖြစ် သတ်မှတ်ထားသူ ဖြစ်၏။

သို့ရာတွင် ဆက်လက် စောင့်ကြည့်ရန်မှာ နယူတန်သည် အဂ္ဂိရတ်ပညာ၏ သဘာဝလွန်ရှုထောင့်ကို တကယ်တမ်း သိ၊ မသိကိုကား စူးစမ်းရန်လို၏။ ၎င်းသည် ဂမ္ဘီရဆိုင်ရာ ယုံကြည်မှုဖြစ်စဉ်အား ဖန်ဆင်းရှင်ဘုရားသခင်က လူသားအား ထိုအသိဉာဏ်၊ ထိုယုံကြည်ချက်များဖြင့်ဖန်ဆင်းခဲ့သောကြောင့်သာ ဤသို့ တွေးခေါ်ယုံကြည်ကြောင်း ထင်ရှားလေသည်။

ဂျိုဟန်ဘက်ချာသည် ဓာတ် (၃) မျိုးသဘောတရားကို တွေ့ရှိခဲ့သူဖြစ်ပြီး အဂ္ဂိရတ်ပညာကိုလည်း ခိုင်မာစွာ ယုံကြည်ထားသူ ဖြစ်၏။ ၁၆၇၃ ခုနှစ်တွင် သူသည် ဒပ်ချ်အစိုးရကို တောင်းဆိုမှုတစ်ခုပြုခဲ့၏။ တစ်နှစ်လျှင် ရွှေသာလာတစ်သန်းထုတ်လုပ်ခွင့်ပြုရန်တောင်းဆိုခဲ့၏။ သူသည် ပင်လယ်ထဲမှ သဲများကိုသယ်၍ ရွှေထုတ်လုပ်မည်ဟု ဆိုခြင်းဖြစ်၏။

သူက ထိုသဲထဲတွင် ငွေသားတစ်မတ်သားထည့်၍ ကျိုချက်ပါက ရွှေသား



www.burmeseclassic.com

www.burmeseclassic.com

(၁) သာလာ ရရှိမည်ဟု အခိုင်အမာပင် ဆိုလေ၏။ ထို့ကြောင့် အဆိုပါကိစ္စကို အစိုးရမှ သဘောတူပြီး ရှေ့ဦးစွာ ပါလီမန်က အသေးစားစီမံချက်ဖြင့် လုပ်ပြခိုင်း၏။ ထိုစမ်းသပ်မှုကား အောင်မြင်ခဲ့၏။ သို့သော် မကြာမီပင် ဘတ်ချာသည် ထိုနိုင်ငံကို စွန့်ခွာသွားတော့၏။ စီမံချက်ကိုလည်း နောက်ထပ်မလုပ်တော့ပေ။ ဘက်ချာသည် အဂ္ဂိရတ်ပညာရှင်ပီသကြောင်း ငွေတံဆိပ်တစ်ခု၏ နောက်ကျောတွင် ပြသခဲ့လေ၏။ ထိုတံဆိပ်နောက်ကျောတွင် လက်တင်ဘာသာဖြင့် ထွင်းထုရေးသားသည့် စာလုံးများမှာ -

"In the month of July 1675, Dodor JJ Becher, transumited by Hermatic art this Ounce of punest Silver from lead"

ဟုပင် ဖြစ်၏။

အဂ္ဂိရတ်ဇာတ်လမ်းသည် ရွှေ ငွေနှင့် ပြည့်စုံနေပေသည်။ များသောအားဖြင့် ၎င်းတို့သည် (၁၈)ရာစုနှင့်သက်ဆိုင်နေပေသည်။ ထိုထူးဆန်းသောပစ္စည်းများ၏ အစအနများသည် ကျန်ရှိနေ၏။ ကော်စမိုလိုက်၏ ခြေရာကိုနင်း၍လိုက်ခြင်းလည်း ဖြစ်၏။

၎င်းတို့သည် ဥရောပ တစ်နံတစ်လျားသွားလာပြီး အဂ္ဂိရတ်ပညာ၏ ကြောင်းရင်းကို ရှာဖွေလေ့လာနေကြ၏။ ဗန်ဟဲလမိုနှင့် ဟဲဗင်းရှပ်တို့နှစ်ဦးသည် ယနေ့အချိန်ထိ လျှို့ဝှက်နေသော နည်းစနစ်များဖြင့် ကျော်ကြားနေသူများ ဖြစ်၏။

၁၈ ရာစုအတွင်းတွင် အဂ္ဂိရတ်နှင့် ပတ်သက်သည့် စွန်းစားမှုအများအပြားတွင် အထူးကျော်ကြားသူမှာ ဂူစီပက်ဗလာစမို ဖြစ်၏။ ၎င်းက သူ့ကိုယ်သူ ပြို့စားကောလှဲဂိုစတိုဟု ခေါ်လေ့ရှိ၏။ ထို့အပြင် သူ့ကို မြို့စားစိန့်ဂျာမိန်းဟုလည်း ခေါ်၏။ အဂ္ဂိရတ်ပညာရှင်အတော်များများမှာ ဟန်ဆောင်သူများဖြစ်ကြပြီး မိမိကျော်ကြားမှု ကျယ်ပြန့်ရန် ကြိုးစားနေကြသူများလည်းဖြစ်၏။ ၎င်းတို့၏ စွန့်စားမှုများမှာ တစ်ဦးနှင့်တစ်ဦး အတော်တူပေသည်။ ပြင်သစ်တော်လှန်ရေးကြီးမပေါ်မီအချိန်ကလေးအထိ ၎င်းတို့၏ စွန့်စားမှုများက မှတ်တမ်းဝင်ဖြစ်နေခဲ့၏။

အဆိုပါ မြို့စားစိန့်ဂျာမိန်းဟု မိမိကိုယ်ကို အမည်တပ်၍ စခန်းသွားနေသူမှာ မသေချာသောဘဝ ဖြစ်၏။ သူကား ၁၇၀၀ ပြည့်နောက်ပိုင်းတွင် မွေးဖွားသူဖြစ်ကောင်းဖြစ်ပေမည်။ အချို့က သူသည် ပေါ်တူဂီ-ဂျူးလူမျိုးတစ်ယောက်ဟုဆိုကြ၏။ သူ့မိခင်မှာ စပိန်နိုင်ငံမှ ဒုတိယချား (လ်) ၏ ဇနီးဖြစ်ပြီး သူသည် မုဆိုးမ၏ တရားမဝင်သောသားဟုလည်း ဆို၏။ အချို့ကလည်း သူ့ကို ဟာမစ်တစ်ဒဿနပညာရှင်တစ်ဦး၏သားဟု ဆိုကြ၏။ ထိုပုဂ္ဂိုလ်ကြီးသည် သူ့ကိုယ်သူ ကောင့်ကာဗာလစ်ဟု ဆို၏။ ၁၇၄၃ ဝန်းကျင်၌ သူသည် လန်ဒန်မြို့သို့ ရောက်သွားပြီး ဒေသခံမင်းမျိုးမင်းနွယ်များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့၏။ ၁၇၄၆ခုနှစ်တွင် ဂျာမနီနှင့် ၁၇၅၈တွင် ပဲရစ်မြို့သို့ ရောက်ရှိပြီး ထူးဆန်းသော ဇာတ်လမ်းဖြင့် မဒမ်ဒီမွန်ပါဒါအား ဩဇာညောင်းခဲ့၏။

သူက သူသည် အမတပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ၁၅၁၅ မှ ၁၅၄၇ ခုနှစ်အထိ ပြင်သစ်ဘုရင်ဖြစ်ခဲ့သော ပထမဖရန့်စစ်သည် သူနှင့်ရင်းနှီးသူဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုခဲ့၏။ သူသည် အသုံးအစွဲကြီးသူ ဖြစ်၏။ သူသည် သူ၏ ဓာတ်လုံးဖြင့် ပြုလုပ်ထားသောရွှေများကို သူသုံးစွဲနေသည်ဟု ဆို၏။ ၁၇၇၆ ခုနှစ်တွင် နောက်ထပ်စွန့်စားခန်းများ ပြုလုပ်ပြီးနောက် သူ့အား စောင့်ကြည့်ခြင်းခံခဲ့ရ၏။ ဤတွင် သူသည် လိုက်ပဇစ်မြို့တွင် အခြေချနေထိုင်ပြီး သူ့နာမည်ကိုလည်း ကောင်းဝယ်ဒန်ဟုခံယူလိုက်လေ၏။

ဂျာမနီတွင်လည်း သူသည် ဘုရင်နှင့်တကွ အာဏာရှိသူတို့နှင့် ဆက်လက်၍ အဆင်ပြေပြီး အခွင့်အရေးရနေ၏။ သူက ဩစတြီးယား၏ မြို့စားချုပ် ဂျိုးဇက်မက်စီမီလန့်အား ပြောပြသည်မှာ သူ့အသက်သည် (၂၀၀) ကျော်ပြီ ဖြစ်ကြောင်း သူ၏ ထူးခြားသော ကျန်းမာရေးမှာလည်း သူကိုယ်တိုင်ဖော်စပ်ထားသော အသက်ရှည်ဆေးကြောင့် ဖြစ်ကြောင်း ပြောပြလေ၏။

ပတ်ဝန်းကျင်၏အမြင်တွင် သူ့ကို ပိုမို၍ ယုံကြည်စေရန် သူတို့အား ထိုအသက်ရှည်ဆေးတစ်ခွက်စာစီတိုက်ခဲ့လေ၏။ထိုဆေးသည် ထိုသူများအတွက် နူးညံ့သော ဝမ်းပျော့ဆေး ဖြစ်နေ၏။ ဓာတ်ခွဲကြည့်သောအခါ ထိုဆေးသည် နံ့သာဖြူ ပွေးကိုင်းရွက်နှင့် ပွေးကိုင်းစေ့များပါဝင်ကြောင်း တွေ့ရှိရ၏။ ထို့အပြင် ဒုတိယဖရက်ဒရစ်၏ သံအမတ်ကြီးအား သူကိုယ်တိုင်တီထွင်ထားသည့် တီထွင်မှု (၂၉) မျိုး၏ အစီအစဉ်များကို ပေးလိုက်၏။ ၎င်းအနက်မှ အချို့မှာ လက်တွေ့သုံးစွဲကြည့်ရာတွင် စက္ကူလုပ်ငန်း၊ ပိုးထည်လုပ်ငန်းနှင့် ဝိုင်အရက်လုပ်ငန်းတို့တွင် များစွာအထောက်အကူပြုကြောင်း တွေ့ရ၏။ ဆေးပညာနှင့်ပတ်သက်၍ နှစ်ခုသာပါ၏။ တစ်ခုမှာ (၉၆) ပါးရောဂါပျောက်ဆေးဖော်စပ်နည်းဖြစ်ပြီး နောက်တစ်ခုမှာ ထူးခြားသော ဝမ်းပျော့ဆေးဖော်စပ်နည်း ဖြစ်၏။ ၁၇၇၈ ခုနှစ်တွင် စိန့်ဂျာမိန့်အား လန်ဂရေ့ဟက်စ်က ဧည့်ဝန်ကျေစွာ ကြိုဆိုခဲ့၏။ ထို့အပြင် သူ့အား အက်ကာမိုဒီဒေသတွင် ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ပေးခြင်းဖြင့် သူသည် သူ၏လုပ်ငန်းများကို ဆက်လုပ်နိုင်ခဲ့၏။ ဤဒေသတွင် ၁၇၈၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် သူကွယ်လွန်ခဲ့ပြီး ထိုနေရာတွင်ပင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့၏။ ထိုနှစ်ကုန်ဆုံးချိန်မှာပင် အဲလစ်တီအမည်ရှိ ပါရီမြို့သားဆံပင်ညှပ်သမားတစ်ဦးက ပြောဆိုသည်မှာ -

သူသည် စိန့်ဂျာမိန်း၏ တပည့်တစ်ဦးဖြစ်ကြောင်း၊ အက်တီလာဟု သောအမည်ရှိ ကတ်ပြားများကိုသုံး၍ ဗေဒင်ဟောပြောနေခဲ့ကြောင်း၊ စိန့်ဂျာမိန်းသည် တကယ်မသေကြောင်း၊ ယခုထက်တိုင် အသက်ရှင်လျက် ရှိနေသေးကြောင်း၊ သူတို့နှစ်ဦး အတူတကွပင် စားစားခဲ့သေးကြောင်း၊ ယခုအခါတွင် စိန့်ဂျာမိန်းသည် အသက် (၃၂၅) နှစ်ရှိပြီဖြစ်၍ အိုမင်းနေပြီဖြစ်ကြောင်း ကောလာဟလများထွက်ပေါ်ခဲ့၏။ ထိုနှစ်နှင့် နောက်လာမည့်နှစ်များတွင် တော့ လူးဝစ်ခေါ် ကောင့်စိန့်ဂျာမိန်းသည် ဂမ္ဘီရသိပ္ပံပညာကို ကိုယ်တိုင်လေ့လာပြီး ရှိစီကရူစီယန်ကို မမြင်ရသူများ၏ ထိုက်တန်သော ထုံးတမ်းစဉ်လာနှင့် ညီညွတ်စေလေသည်။ တစ်ခါတွင် စိန့်ဂျာမိန်းသည် THE HOLY TRINITY ကျမ်းများကို ရေးသားခဲ့သည်ဟု ထင်ရ၏။ ၎င်းကျမ်းသည် ထပ်ဆင့်ရေးသားချက်ဖြစ်ပြီး ယေဘုယျအားဖြင့် အဂ္ဂိရတ်ပညာဖြင့် မကိုက်ညီပေ။ စိန့်ဂျာမိန်း၏ တပည့်တစ်ဦးမှာ စစ္စလီကျွန်းသားတစ်ဦးဖြစ်ပြီး ၎င်း၏ အမည်မှာ ဂူးစပက်ဗလာစမို့ ဖြစ်ပြီး ၁၇၄၃ ခုနှစ်တွင် ပလာ... ဒေသ၌ မွေးဖွားခဲ့သူ ဖြစ်၏။ ရှေ့ပိုင်းတွင် သူသည် ဂမ္ဘီရသိပ္ပံနှင့် animal magnetism ကို စိတ်ပါဝင်စားခဲ့၏။ ၁၇၇၆ ခုနှစ်တွင် သူသည် ဖရီးမေဆင် ဂိုဏ်းဝင်တစ်ဦး ဖြစ်လာခဲ့၏။ ထို့နောက် ကောင့်ကာဂီလိုစတိုဟူသော အမည်ကို အသုံးပြု၍ သူသည် ဥရောပတစ်ခွင်



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားလာကာ ထူးဆန်းအံ့ဖွယ်ကုထုံးများနှင့် ကောင်းကင်ဘုံဆိုင်ရာ တန်ခိုးသိဒ္ဓိများကို ပိုင်ဆိုင်သည်ဟု ကြွားဝါလျက်ရှိခဲ့၏။

သူသည် အာဏာရှိသူများနှင့် မိတ်ဆွေဖွဲ့၏။ သို့ရာတွင် ၎င်းသည် စိန့်ဂျာမိန်းနှင့်မတူသည့်အချက်မှာ သူသည် တိန်းကြီးခန်းကြီးမနေဘဲ ဆင်းရဲသားများကို အကျိုးမမျှော်ဘဲ ကူညီခဲ့၏။ ယခုအခါတွင်သိရသည်မှာ သူ၏ဆေးဝါးများ၌ တစ်စုံတစ်ရာ ထူးခြားသည့်အရာ မပါရှိဘဲ ထိုခေတ်ထိုအခါက အသုံးပြုခဲ့သော ဘယဆေးဝါးများအတိုင်းသာ ဖြစ်၏။ ကက်ဂီလိုစတို၏ ကုသရေး အောင်မြင်မှုသည် သူပေးသော ဆေးအာနိသင်အပြင် သူ့ဥပဓိရုပ်၏ စွမ်းဆောင်ချက်ကြောင့် ဖြစ်၏။ ၁၇၈၄ခုနှစ်တွင် အီဂျစ်ဖရီးမေဆင်အဖွဲ့ကို ဖွဲ့စည်း၍ အီဂျစ်ဓလေ့ထုံးစံများကို ပြုမူဆောင်ရွက်ရန်နှင့် ကျင့်သုံးရန် ဖြစ်လေသည်။

ရှေးခေတ်အီဂျစ်အယူအဆများမှ နိုးကြားလာသောအချိန်၌ ၎င်းအဖွဲ့ပေါ်ပေါက်လာခြင်း ဖြစ်၏။ ထိုဝါဒသည် ပြင်သစ်နိုင်ငံ၌ (၁၇) ရာစု၊ (၁၈) ရာစု အတွင်း လွှမ်းမိုးကြီးစိုးခဲ့၏။ ရှေးခေတ် အီဂျစ်ဒဿနက လှုံ့ဆော်ခြင်းကို ခံယူရသော ဂမ္ဘီရဥပဒေသများကို ကျင့်သုံးစေရန် ဖြစ်၏။

ဖရီးမေဆင်းအဖွဲ့ကို ဖွဲ့စည်းပြီးနောက် သူ့ကိုယ်သူ ဂရန်းကပ္ပတိန်ဟု ခေါ်တွင်စေကာ သူ့ကိုယ်သူ ဂိုဏ်းချုပ်ကြီးဟု ပြောဆိုခဲ့၏။ ၎င်း၏ ချောမောလှပသော ဇနီးဖြစ်သူ ရှိရန်ဇာဖက်ဇီနီကိုလည်း ရှီဇာဘုရင်မဘွဲ့ပေးအပ်ခဲ့၏။ အခြားသော အမျိုးသမီးအဖွဲ့ဝင်များကိုလည်း သူမက စတင်၍ တာဝန်ယူဖွဲ့စည်းခဲ့၏။ အမျိုးသမီးများကိုမူ မေဆင်အသင်းကြီးမှ ဝင်ခွင့်မပြုပေ။ သူက သူ့ကိုယ်သူ အသက်ပို၍ရှည်ရမည်၊ ရုပ်ရည်ပို၍ နုပျိုရမည်ဟု ကတိပြုထား၏။ ဤလုပ်ရပ်အားလုံးနှင့် သူဖော်စပ်သည့် ဆေးဝါးများသည် သူ့အား အဂ္ဂိရတ်ပညာရှင်အဖြစ် ကျော်ကြားစေ၏။ ပါရီမြို့တွင် သူတို့ဇနီးမောင်နှံသည် စိန်လည်တုံအတုပြုလုပ်မှုတွင် ပါဝင်ကြသဖြင့် ဘုရင်မမာရီအန်တိုနက်က ၎င်းတို့ဇနီးခင်ပွန်းနှစ်ဦးအား ဘတ်စတီးထောင်ကြီးတွင် အကျဉ်းချထားလိုက်လေ၏။

ထို့နောက် အကျဉ်းခံဘဝမှ လွတ်မြောက်ပြီးနောက် ပြင်သစ်နိုင်ငံမှ ထွက်၍ ဥရောပတွင် ခရီးသွားပြန်၏။ ၁၇၈၉ ခုနှစ်တွင် သူရောမသို့ရောက်ခိုက် သူ့ကို စုံစမ်းစစ်ဆေးရန် ဖမ်းလိုက်၏။ ဖမ်းဆီးရခြင်းအကြောင်းမှာ ဖရီးမေဆင်ဂိုဏ်းနှင့် ပတ်သက်၍ ဖမ်းဆီးခြင်း ဖြစ်၏။ သူ့ကို အာဘီနီမြို့အနီးရှိ ဆန့်လီမိုထောင်၌ ရာသက်ပန်ထောင်တစ်သက် အကျဉ်းသားအဖြစ် ချထားခြင်းခံရလေ၏။ ထိုထောင်ထဲ၌ပင် သူသည် ၁၇၉၅ ခုနှစ်၌ ကွယ်လွန်ခဲ့၏။

တစ်ခါတစ်ရံတွင် အဂ္ဂိရတ်ပညာရှင်တို့၏ ဘဝသည် ကြေကွဲဖွယ်ရာဖြင့် အဆုံးသတ်ရ၏။ ဂျိမ်းဟင်ဂန်ဘိုသန် (၁၇၅၂-၁၇၈၃) သည် အသက် (၃၀) အရွယ်ခန့်တွင် သူ၏အမည်ကို ဂျိမ်းပရိုက်ဟု ပြောင်းလဲခဲ့၏။ သူ၏ ရည်ရွယ်ချက်မှာ ဆွေမျိုးတစ်ဦး၏ဆန္ဒနှင့် ကိုက်ညီစေရန် ဖြစ်ပြီး ထိုဆွေမျိုးက သူ့အား ငွေကြေးအမြောက်အမြားပေးခဲ့သူ ဖြစ်၏။ ထို့အပြင် ထိုပုဂ္ဂိုလ်သည် လန်ဒန်မြို့တွင် အဆင့်မြင့်ကျော်ကြားသည့် သမားတော်ကြီးတစ်ဦးဖြစ်သလို တော်ဝင်အသင်းကြီး၏ အဖွဲ့ဝင်လည်း ဖြစ်၏။ ထို့အပြင် ဓာတုပညာရှင်ကြီးလည်း ဖြစ်၏။ သူသည် လန်ဒန်ဆင်ခြေဖုံး၌ ပရိဘောဂအပြည့်အစုံပါဝင်သော အိမ်တစ်လုံးနှင့် ဓာတ်ခွဲခန်းတစ်ခုဆောက်ပြီး သူ၏ ကြိုးပမ်းမှုများကို ဓာတုဗေဒသုတေသနအတွက်သာ သုံးခဲ့ကြ၏။ များမကြာမီပင် သူသည် ပြဒါးကို ရွှေဖြစ်အောင် ပြောင်းလဲနိုင်ကြောင်း ကြေညာလိုက်ပြီး ကျော်ကြားသူအချို့အား သူ၏ လက်တွေ့လုပ်ရပ်ကို လာရောက်ကြည့်ရှုပါရန် ဖိတ်ကြားခဲ့၏။

သိပ္ပံနည်းပညာများတွင် အတွေ့အကြုံရှိပြီးဖြစ်၍ ပရိုက်က အဖြူရောင်အမှုန့်တစ်မျိုးကို ၎င်းထက် အဆ (၁၀၀၀) မျှရှိသော ပြဒါးပေါ်သို့ ထည့်လိုက်ခြင်းအား လူအများက အံ့တသြကြည့်နေကြ၏။ထို့နောက် ၎င်းကို လက်ချား၊ ယမ်းစိမ်း တို့ဖြင့်ရော၍လုံထဲတွင် ထည့်ပြီး အပူပေးလိုက်၏။ ထို့နောက် လုံကို အအေးခံပြီး နောက်ဖွင့်၍ကြည့်သောအခါ စောစောကထည့်ထားသည့် ပြဒါးနှင့် အလေးချိန်ပမာဏတူမျှသည့် ငွေသားအတုံးအခဲကို တွေ့ရလေ၏။ အလားတူ လုပ်ရပ်ကိုပင် အနီရောင် အမှုန့်ဖြင့် ပြုလုပ်သောအခါ ရွှေဖြစ်သွားသည်ကို တွေ့ရ၏။

ထိုအခါ ပရိုက်က ဖြစ်ပေါ်လာသည့် ရွှေနှင့်ငွေကို ဓာတ်ခွဲစစ်ဆေးခံရန် သဘောတူသော်လည်း လုပ်နည်းအပြည့်အစုံကိုကား မပြောနိုင်ကြောင်း ငြင်းဆိုခဲ့၏။ ဤစမ်းသပ်မှုများသည် စိတ်ကိုများစွာလှုပ်ရှားစေ၏။ ပရိုက်က ဆိုသည်မှာ သူ၏ စမ်းသပ်မှုများသည် ငြင်းဆိုဖွယ်မရှိအောင် မှန်ကန်အောင်မြင်သော်လည်း ဓာတ်လုံးတို့မှ သုံးအယ်အကြည်မရှိဟု ဆို၏။ ပရိုက်က ပြောပြသည်မှာ ထိုအဖြူမှုန့်၊ အနီမှုန့်တို့ ပြုလုပ်ရခြင်းသည် လွန်စွာငွေကုန်ကြေးကျများ၍ လုလည်းအလွန်ပင်ပန်းကြောင်း ထို့ကြောင့် နောက်ထပ်မဖော်နိုင်တော့ကြောင်းပြောလေ၏။ သို့သော် သူ့စကားကို ကြားရသူတိုင်းက မယုံကြည်ကြချေ။ သူ့အား လိမ်ညာသည်ဟု စွပ်စွဲကြ၏။ ဤမျှ အချေအတင်ဖြစ်နေသည့်ကြားမှပင် တော်ဝင်အဖွဲ့ကြီးက ၎င်းတို့ သီးသန့်ခန့်အပ် စေလွှတ်လိုက်သော ဓာတုဗေဒကျွမ်းကျင်သူ ပညာရှင် (၃) ဦး၏ ရှေ့၌ဤစမ်းသပ်မှုများကို ထပ်မံပြုလုပ်ရမည်ဟု ညွှန်ကြားလိုက်၏။ ပထမတွင် ပရိုက်သည် ပြုလုပ်ရန် ငြင်းဆိုခဲ့သော်လည်း ဖိအားပေးမှု များပြားလွန်းသဖြင့် နောက်ဆုံးတွင် မလွှဲသာမရှောင်သာတော့ဘဲ သဘောတူလိုက်ရတော့၏။

လာမည့် ရက်သတ္တ (၆) ပတ်အတွင်း ရွှေဖြစ်၊ ငွေဖြစ်အမှုန့်များကို အပြီးဖော်စပ်ထားပါမည်ဟုလည်း ကတိပေးလိုက်ရ၏။ ထိုရက်ပြည့်သောအခါ စေလွှတ်လိုက်သည့်ပုဂ္ဂိုလ် (၃)ဦးရောက်လာပြီး သူက ထို (၃) ဦးအား ဓာတ်ခွဲခန်းသို့ ခေါ်ဆောင်သွားခဲ့၏။ ထိုနောက် ထို (၃) ဦးထံမှ ခေတ္တခွင့်တောင်းပြီး သူ့အခန်းသို့ ခေတ္တပြန်သွားခဲ့၏။ ထို့နောက် သူသည် ဟိုက်ဒရိုဆိုင်ယာနိုက်အက်စစ်ကို သောက်ချလိုက်၏။ ထို့နောက် ၎င်းတို့ထံပြန်လာပြီး သူတို့ရှေ့မှောက်၌ပင် လဲကျသေဆုံးသွားတော့၏။

၁၈ ရာစု အဂ္ဂိရတ်ပညာသည် လက်တစ်ဆုပ်စာမျှရှိသော အဂ္ဂိရတ်ပညာရှင်များကိုသာ ပေါ်ထွန်းစေခဲ့၏။ ၎င်းတို့အနက် အထင်ရှားဆုံးမှာ အန့်တီးနစ်ဂျိုးဇက်ပါနတီ ဖြစ်၏။ သူ့ကို အဂ္ဂိရတ်ပညာရှင်အဖြစ်ထက် ဟာမစ်တစ်ဒဿနပညာရှင်အဖြစ် ပို၍လူသိများ၏။ သူ့အား မိရက်ဒေသ ရှိန်း၌ ၁၇၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၌ မွေးဖွားခဲ့၏။ သူသည် ပညာတတ်မိသားစုမှ ပေါက်ဖွားလာသူ ဖြစ်၏။ သူ၏ဦးလေးတော်သူသည် ဂျက်တီပါနတီ ဖြစ်၏။ သူသည် ကျော်ကြားသည့်သမိုင်းပညာရှင် ဖြစ်၏။ သူရေးသားသည့် PHILOSOPHICAL



www.burmeseclassic.com

www.burmeseclassic.com

LETTERS ON PHYSIONOMY ကျမ်းမှာလည်း ဥရောပတွင် ကျော်ကြား၏။ ထိုစာအုပ်ကို ၁၇၄၆ ၌ ထုတ်ဝေခဲ့၏။ သူ၏ ရှေးဦးကြိုးပမ်းချက်မှာ ဘာသာရေးဆိုင်ရာလုပ်ငန်း ဖြစ်၏။ ၁၇၃၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် စိန့်ဘီနီဒစ် ဝိနည်းကို လိုက်နာပါမည်ဟု ကတိခံ၍ စိန့်ကလာဒီကလာမောင့်ကျောင်းတွင် ကျင်းပသော စိန့်မောရပ်၏ တရားပွဲ၌ ဝင်ရောက်လာခဲ့၏။

မကြာမီ သူကိုယ်သူ ခွဲခွဲခြားခြား သိလာ၏။ သူ့ညာဏ်ကိုသူသိ၍ သူ့အား ပါရီမြို့ရှိ စိန့်ဂျာမိန်းတောရကျောင်းသို့ စေလွှတ်ခဲ့၏။ ထိုကျောင်းတွင် သူ၏ လေ့လာမှုအများအပြားကို ဆက်လက်ပြုလုပ်နိုင်ခဲ့၏။ ဤကာလအတွင်းမှာပင် သူသည် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားမှုရှိကြောင်း ထင်ရှားစွာ ပြသနိုင်ခဲ့ကြောင်း ယုံကြည်ရ၏။ အတိတ်၏ အဂ္ဂိရတ်ပညာရပ်နှင့် ပတ်သက်သော ကျမ်းကြီးအားလုံးကို သူလေ့လာခွင့်ရခဲ့၏။ ထိုအချိန် ပြင်သစ်နိုင်ငံ၌ အဂ္ဂိရတ်ပညာ ပြန်လည်ပေါ်ထွန်းနေပြီ ဖြစ်၏။ ၁၇၄၂ ခုနှစ်တွင် HISTORY OF HERMETIC PHIPLOSOPHY ကျမ်း ပေါ်ပေါက်ခဲ့၏။ ရေးသူမှာ ကျောင်းထိုင်ဘုန်းတော်ကြီး နီကိုလတ်လန်ဂလက်ဒူဖရန်နီ (၁၆၇၄-၁၇၅၅) ဖြစ်၏။ ဤ (၃) အုပ်တွဲကျမ်းကြီးမှာ အဂ္ဂိရတ်ပညာရှင်ထောင်သောင်းကို ဖော်ပြ၍ ၎င်းတို့၏ ဘဝများနှင့် ၎င်းတို့၏ကျမ်းများကိုလည်း ဖော်ပြထား၏။

ပါနတီ၏ ပထမဦးဆုံးစာအုပ်မှာ MANUELBENE DILTIN ဖြစ်ပြီး ပဲရစ်၌ ၁၇၅၄ ခုနှစ်တွင် ထုတ်ဝေခဲ့၏။ ထိုကျမ်းသည် စိန့်ဘင်နီဒစ်၏ ဝိနည်းစည်းကမ်းသတ်မှတ်ချက်များကို ပြန်လည်စစ်ဆေးပြုပြင်ထားသောကျမ်း ဖြစ်၏။ ထိုကျမ်းတွင် ပါနတီက ဘာသာရေးဆက်နွယ်မှုများအပေါ် မကျေမနပ်ဖြင့် ထိုစည်းမျဉ်းစည်းကမ်းများ၌ အချို့အပိုဒ်များကို ထည့်သွင်း ဖြည့်စွက်လိုက်၏။ နောက် (၃) နှစ်အကြာ ပါနတီက နောက်ထပ် သူ့စွမ်းရည်တစ်ရပ်ကို ပြပြန်၏။ အိတ်ဆောင်အဘိဓာန်ပန်းချီ၊ ပန်းပုထွင်းထုမှု ပညာရပ်ဆိုင်ရာကျမ်းကို ရေးသားထုတ်ဝေခဲ့၏။ ၁၇၅၈ ခုနှစ်တွင် အီဂျစ်ဂရိဆိုင်ရာဒဏ္ဍာရီကျမ်းကိုလည်း ရေးသားခဲ့၏။ နောက်တစ်ဖန် ဟာမစ်တစ်ဒဏ္ဍာရီဆိုင်ရာ အဘိဓာန်တစ်စောင်ကိုလည်း ပြုစုထုတ်ဝေခဲ့၏။ ထိုနှစ်အုပ်မှာ အကြိမ်ပေါင်းများစွာ ဘာသာစကားများစွာဖြင့် ပြန်လည်ပုံနှိပ်ရသော စာအုပ်များ ဖြစ်ခဲ့၏။ ပါရီမြို့တွင် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားမှုမှာ မပျောက်ပျက်သေးပေ။ နောက်(၃)နှစ်ကြာသောအခါ နီကိုလပ်ဖလာမေ့၏အတ္ထုပ္ပတ္တိအပေါ်၌ ငြင်းခုံမှုများ ပေါ်ပေါက်လာခဲ့၏။ ၁၇၆၀ ပြည့်နှစ်တွင် ဘုန်းတော်ကြီးဗီလင်က စိန့်ဂျက်ကွစ်လားဘိုချာဒေသဝန်းကျင်တွင် ဖလာမေး နေထိုင်လုပ်ကိုင်ခဲ့သည်ဟု ယူဆရ၏။

ထိုကျမ်းသည် ဖလာမေးနှင့် သူ၏ ဇနီးကြောင့် ဖြစ်၏။ CRITICAL HISTORY OF NICOLAS FLAMELAND HIS WIFE PERNELLE ကျမ်း၌ ဖော်ပြခဲ့၏။ စာရွက်စာတမ်းအတော်များများကို ဝေဖန်ပြီးနောက် ၎င်းတို့ကို ပါရီမြို့ရှိ မော်ကွန်းတိုက်များ၌ တွေ့ရှိရ၏။ ထိုကျမ်းသည် အဆိုပါခေတ်က ကျော်ကြားခဲ့သည်ဟူသောအချက်မှာ ထင်ရှားပေ၏။ ထို့ကြောင့်လည်း LE LIVRE DES FIGURES HIEROGL YPHIQUES ကျမ်းသည် ကျမ်းဟောင်းကို ပြန်လည်ရေးထားသည့် ကျမ်းသစ်သာ ဖြစ်၏။ ပါနတီက ဘုန်းတော်ကြီးဗီလင်ကို စာဖြင့် ရေးသား၍ စိန်ခေါ်ခဲ့၏။ လေး၊ ငါးနှစ်မတိုင်မီက ဖလာမေးရေးခဲ့သည့် အဂ္ဂိရတ်လုပ်ငန်းနှင့်ပတ်သက်၍ အန်နေးစာကြောင့် စာရေးသူ မသိရသောစာများ ပေါ်လာပြီး နောက်ထပ် ဖလာမေး၏ ကျမ်းစာတစ်အုပ်ထွက်လာခဲ့၏။ THE BREVIARYကျမ်း၌ အချို့သော စရိုက်များကို တွေ့ရပြီး ၎င်းတို့ကို ဆက်လက်ဖော်ပြထားလေသည်။ ၁၇၅၈ ခုနှစ်တွင် ရေးသားသည့်စာကို ကြည့်ခြင်းအားဖြင့် ရေးသားသူသည် ပါနတီကို ဆန့်ကျင်ကြောင်း လုံးဝသေချာနေ၏။ ထိုထဲ၌ အဂ္ဂိရတ်အလုပ်လုပ်ရာတွင် ခဲယဉ်းပင်ပန်းလှကြောင်းကိုလည်း ဖော်ပြထားပေသည်။

ပါနတီသည် ပညာရပ်များစွာကို စိတ်ဝင်စားပြီး မနေမနား ကြိုးပမ်းသူတစ်ဦးလည်း ဖြစ်၏။ ၁၇၆၃ ခုနှစ်၌ ကောင့်လူးဝစ်အန်တိုနစ်သည် အိုက်စလန်ကျွန်း (ယခု မောက်ကလန်ကျွန်း) တွင် စီးပွားရေးနှင့် သိပ္ပံသုတေသနဌာနတစ်ခုဖွင့်မည့်အကြောင်း ကြားသိခဲ့၏။ သူသည် အဂ္ဂိရတ်နှင့်ပတ်သက်၍ အားလုံးကိုမေ့ပျောက်သွားပုံရ၏။

သို့သော် ရုတ်တရက် သတိရမိသည်ကား သူ၏ ငယ်ရွယ်စဉ်ဘဝက စိတ်ဝင်စားမှုနှင့် စွမ်းရည်များဖြစ်ပြီး ထိုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဘုရင်ထံခွင့်ပြုချက်ကို တောင်းခံလေသည်။ သူသည် ဘောဂင်ဂီလီနှင့်အတူ နန်းရင်းဝန်ထံ သွားရောက်ခွင့် တောင်းခံခဲ့၏။

၁၇၆၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက် (၅) နာရီတွင် စွန့်စားရှာဖွေရေးအဖွဲ့သည် သင်္ဘောနှစ်စီးဖြင့် ခရီးထွက်ခွာခဲ့၏။ ပထမသင်္ဘော၏ အမည်မှာ ဖရိဂိတ် (L'Aigle) ဖြစ်ပြီး အမှုထမ်း (၁၀၀) ပါ၏။ အမြောက်အလက်(၅၀) တပ်ဆင်ထား၏။ ဒုတိယသင်္ဘောအမည်မှာ Le Sphinx ဖြစ်ပြီး အမှုထမ်း (၄၆) နှင့် အမြောက် (၈) လက်ပါရှိ၏။ ပထမသင်္ဘော၏အုပ်ချုပ်ရေးအဖွဲ့တွင် ပါနတီ၊ ရှိနီ၊ ဖရော၊ စိန့်မောရစ်တို့နှင့် အဖွဲ့ဝင်များအား လိုက်ပါစောင့်ရှောက်သည့် တပ်များ ပါရှိ၏။ ကောင့်မော်ဂင်နီဗလီက ၎င်းနန်းရင်းဝန်၏ ဓာတုဗေဒပညာနောက်ကြောင်း... ကို သိပြီးဖြစ်ရမည်။ အကြောင်းမှာ... ထွက်ခွာပြီး မကြာမီ၌ ပါနတီက သူ့ဒိုင်ယာရီတွင် ဤသို့ရေးခဲ့၏။ သင်္ဘောထွက်ပြီး (၃) ရက်အကြာတွင် ပင်လယ်... လှိုင်းထန်လာ၏။ မိုးနှင့်မိုးသီးမိုးပေါက်များက ပြင်းထန်စွာ ကျလာ၏။ သို့ရာ... တွင် မုန်တိုင်းအစစ်ကား မဟုတ်သေ... ကျွန်ုပ်တို့၏ခရီးစဉ်ကိုလည်း မထိခိုက်စေပါ။ ကျွန်ုပ်သည် အားလပ်ချိန်များ... အခွင့်ကောင်းယူပြီး ကျွန်ုပ်လုပ်ငန်းများကို လုပ်ကိုင်ခဲ့၏။ အမ်စီကွင်းဆေး... ဖော်စပ်နည်းကို စမ်းသပ်လုပ်ကိုင်ခဲ့၏။

ရှည်လျားသော ရေကြောင်းခရီး... တွင် ကျွန်ုပ်တို့၏သောက်ရေများ မပျက်... စီးအောင် ကာကွယ်ရမည် ဖြစ်၏။ ဓာတု... ပညာရှင်တစ်ဦးသည် ထိုရည်ရွယ်ချက်... ဖြင့်ပင် နောက် M. de Bourgainville... ဓာတုပစ္စည်းကို စမ်းသပ်ပြန်၏။ ၎င်း... သည် မီးခိုးရောင်ကြိတ်ဆေးဖြစ်ပြီး ... စေး (မြေစေး) နှင့် ခနောက်စိမ်းအ... ကြမ်းတို့ ပါဝင်လေ၏။ အချို့ကလည်း ၎င်းတွင် ပြဒါးပါသည်ဟု ဆိုကြ... ဗီလီသည် ဤဆေးထဲတွင် မည်သည့်... ဓာတ်များပါရှိသည်ကို ဖရိဂိတ် သင်္ဘော... ပေါ်ရောက်သည်အထိမသိဘဲ ကျွန်ုပ်... လည်း ၎င်းကို ဓာတ်ခွဲရန် မကြိုးစား... ပေ။

အမ်စီကွင်းဆေးနည်းနှင့်ပတ်သက်၍ ၎င်းတွင်ပါသည့် အဓိကဓာတ်... "Sprit of Salt" ဖြစ်၏။ ၎င်းဆေး... သည် ရေကိုသောက်သုံးရန် သင့်တော်... စေ၏။ ထို့အပြင် ၎င်းသည် ... ရောဂါ (အရေပြားအောက်... ခြင်း) ကို ကာကွယ်ပေး၏။ ကျွန်ုပ်သည်...



www.burmeseclassic.com

www.burmeseclassic.com

၎င်းကို စမ်းသပ်ရန် ဝန်မလေးပေ။

ရေကြောင်းပညာရပ်မဟုတ်သော်လည်း ပါနတီသည် ဤရေကြောင်းခရီးတွင် ရောက်ရှိခဲ့သမျှသော ဒေသများ၏ သမိုင်းနှင့် ဓလေ့ထုံးတမ်းများကို မှတ်တမ်း ပြုထား၏။

၁၇၆၄ ခုနှစ်၊ ဇွန် ၂၆ ရက်နေ့တွင် သင်္ဘောနှစ်စီးစလုံးသည် ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြ၏။ စိန့်မာလိုဆိပ်ကမ်း၌ ဆိုက်ကပ်ကြ၏။ ပါနတီသည် သူ၏ရေကြောင်းခရီးရှည်အကြောင်း ရေးသားခဲ့ပြီး ၁၇၆၅ ခုနှစ်တွင် ရှေးဦးစွာပုံနှိပ်ထုတ်ဝေခဲ့၏။ နောက်နှစ်များတွင်လည်း ထပ်မံပုံနှိပ်ခဲ့၏။

ဤကဲ့သို့လွတ်လပ်သောဘဝနေနည်းကို လေး၊ ငါးလခန့် ခံစားလိုက်ရခြင်းဖြင့် ပါနတီသည် နန်းတွင်းနှင့်ပတ်သက်သောဘဝကို ပို၍စိတ်ပျက်လာခဲ့၏။ ၁၇၆၅ ခုနှစ်၊ ဇွန် ၁၅ ရက်နေ့တွင် ဝိနည်းစည်းကမ်းများမှ လွတ်ငြိမ်းခွင့်တောင်းဆိုသော ဘန်နီဒစ်ဂိုဏ်းဝင် ဘုန်းတော်ကြီး (၂၈)ပါး၌ သူသည် တစ်ပါးအပါအဝင် ဖြစ်လာခဲ့၏။ ၎င်းတို့၏ စာရွက်စာတမ်းများကို ဇူလိုင် ၁၁ ရက်နေ့တွင် ပြန်စစ်ဆေးရ၏။ သို့သော် စိတ်ပါဝင်စားမှုမရှိဘဲ စစ်ဆေးခဲ့ရခြင်း ဖြစ်၏။

၁၇၆၆ ခုနှစ်တွင် စိန့်မောရပ်၏ အထွေထွေညီလာခံကြီး ကျင်းပပြုလုပ်ရာ ၎င်း၌ မူလအခြေခံဥပဒေအစားအနည်းငယ် ပျော့ပျောင်းသည့် အခြေခံဥပဒေကို ရေးဆွဲခဲ့၏။ အကြောင်းမှာမူ အဖြစ်အပျက်များက နှေးကွေးပြီး ပြုပြင်ရေးကလည်း သူမျှော်လင့်ထားသလိုဖြစ်မလာသောကြောင့် ဖြစ်၏။ သူ၏စိတ်ဝင်စားမှု ပြောင်းလဲသွားသောကြောင့် ပါနတီသည် ခရစ်ယာန်ဘုန်းတော်ကြီးဘဝကိုစွန့်၍ ဖရီးမေဆင်အဖွဲ့သို့ဝင်သွားတော့၏။ ထို့အပြင် ဒုတိယဖရက်ဒရစ်၏ ဖိတ်ကြားချက်ကို လက်ခံသည့်အနေဖြင့် သူသည် ပရပ်ရှား၌ သွားရောက်နေထိုင်ခဲ့၏။

အမှန်တကယ် ဤသို့ ဖိတ်ကြားခြင်းမှာ နားလည်မှုလွဲမှားခြင်း၏ ရလဒ်ဖြစ်ပေသည်။ ဖရက်ဒရစ်ဘုရင်က သူသည် LETTERS PHILOSOPH IQUES SURLA PHYSNNOMIE ကျမ်းကို ပြုစုသူ ပါနတီကို ဖိတ်ကြားလိုက်ကြောင်း ဘုရင်က သိရှိနားလည်သွား၏။ အမှားကို တွေ့ရှိသောအချိန်တွင် ပါနတီက ဘုရင်၏ယုံကြည်မှုကိုရယူကာ ဘာလင်စာကြည့်တိုက်မှူးကို ပေးအပ်ပြီး တော်ဝင်သိပ္ပံအကယ်ဒမီမှ ဘွဲ့ကို ရရှိခဲ့၏။ လစာအနေဖြင့်မူကား ပြောစရာမရှိပေ။၁၇၇၀ ပြည့်နှစ်တွင် ဘာဂျဲမြို့ရှိ ကျောင်း၌ ကျောင်းထိုင်ဖြစ်ခဲ့၏။ ပရပ်ရှားနိုင်ငံတွင် ပါနတီရောက်စကာလသည် ပညာရှင်အနည်းငယ်တို့နှင့် ဝိရောဓိဖြစ်ခြင်းမှ တစ်ပါး အားလုံး ကောင်းမွန်ပေသည်။

ဂျာမနီသို့ သူလာရောက်ရခြင်းအပေါ် အထင်လွဲမှားမှုသည် ဤအချိန်ကာလအဖို့ သိပ္ပံသို့ ဦးစားပေးရန် သူ့အား လှုံ့ဆော်ခဲ့၏။ သိပ္ပံပညာဖြင့်ပင် သူ၏ ဦးလေးဖြစ်သူသည် ကျော်ကြားလာခဲ့သူ ဖြစ်၏။ ၁၇၇၆ ခုနှစ်၌ ဘာလင်တွင် KNOWLEDGE OF THE MORAL MAN BY MEANS OF THAT OF THE PHYSICAL MAN စာအုပ်ကို ထုတ်ဝေခဲ့၏။ ထိုစာအုပ်သည် ထုတ်ဝေပြီး မကြာမီချက်ချင်းပင် အောင်မြင်မှုရသဖြင့် နောက်နှစ်တွင် ထပ်မံထုတ်ဝေသော နောက်ဆက်တွဲထည့်၍ ထုတ်ဝေခဲ့၏။ စာအုပ်အမည်မှာ OBSERVATIONS ON THE DNEASES OF THE SOUL ဖြစ်သွားခဲ့၏။ ထိုကာလတွင် အင်္ဂါရုပ်ပညာသည် အလွန်လူကြိုက်များလျက်ရှိ၏။

နာမည်ကျော် ဆွစ်လူမျိုး ဂျိုဟန်ကက်စပါ (၁၇၄၁-၁၈၀၁) က သူ၏ အကျော်ကြားဆုံးစာအုပ် ESSAY ON PHYSIOGNOMY DESIGNED TO PROMOTE THE KNOWLEDGE AND LOVE OF MAN KING ကျမ်းကို မထုတ်ဝေမီ လေး၊ ငါးနှစ် ကြို၍ ဤပညာရပ်သည် လူဘဝ၏ အကောင်း၊ အဆိုးကို ရုပ်ဖြင့်အဆုံးအဖြတ်ပေးသည့် ပညာရပ်အဖြစ် ယုံကြည်သတ်မှတ်ထားကြ၏။

အချို့သောပုဂ္ဂိုလ်တို့၏အဆိုအရ သူ့စာအုပ်ထွက်ပြီးနောက် ပါနတီသည် သူ၏ အဂ္ဂိရတ်ဆိုင်ရာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လေသည်။ ထိုအချိန်တွင် သူသည် ပိုလန်လူမျိုး အက်စတိုတာနှင့် တွေ့ခဲ့၏။ ထိုသူ မိတ်ဆက်ပေးမှုကြောင့် ကျောင်းထိုင်ဘုန်းတော်ကြီး ဂိုန်းလူးဝစ်နှင့် သိကျွမ်းခဲ့၏။ ထိုဘုန်းတော်ကြီးကို ဘရှူးမိုးဟူ၍ လူသိများကြ၏။ ထိုပုဂ္ဂိုလ်မှာ အဲလီယာအက်စတိတာ ဖြစ်၏။ ၎င်းသည် ဘုန်းတော်ကြီး၏ဘဝကို ပြောင်းလဲစေခဲ့၏။

ဘရှုမိုးသည် လူးဝစ်ဘားနဒ် (၁၇၁၇-၁၈၁၆) နှင့် ညီအစ်ကို တော်စပ်သော်လည်း အဂ္ဂိရတ်ပညာ၊ ဟာမစ်တစ်ပညာ၊ သိဒ္ဓိဝင်မှော်ပညာနှင့်သီအိုဆိုမီဘာသာရပ်တို့ကို နက်ရှိုင်းစွာ စိတ်ဝင်စားသူ ဖြစ်၏။ အဲလီယပ်အဲစတိတာအမည်မှာ ရှေးဟောင်းအဂ္ဂိရတ်စာပေများမှ ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ ၁၇ ရာစုအစ၌ ရိုစီကရူစီယန်လှုပ်ရှားမှုတိုင်မီ အဂ္ဂိရတ်ပညာရှင်သည် အဲလီယာအက်တီတာ၏ ဖြစ်လာနိုင်သောအခြေအနေများကို စစ်ဆေးပြီး ကျမ်းဟောင်းများတွင် ပါရှိသည့်အတိုင်း ဖြစ်စေ၏။

DE MNERAUBUS ကျမ်း၏ အခန်း(၈)၌ ပါရာဆဲ(လ်)ဆပ်က အဲလီယာအက်စတီတာသည် အဂ္ဂိရတ်လုပ်ငန်းစဉ်၌ သူပေါ်လာလျှင်မဖြစ်နိုင်ဟု ပြောခဲ့၏။ ပါရာဆဲ(လ်)ဆပ်၏ အဆိုအမိန့်များကို နံရံပေါ်ရှိ ကျမ်းစာတောက်နုတ်ချက်များက လှုံ့ဆော်ပေး၏။မလက်ကျမ်း၌မူ ဤသို့ရေးသားထား၏။

"ကြည့်လော့။ ဘုရားသခင်၏ တရားစီရင်တော်မူသောနေ့မတိုင်မီ ငါသည် သင်ထံသို့ တမန်တော် အဲလီဇာကို ပို့လွှတ်မည်"

ဟု ရေးထား၏။

ကျမ်းစာများတွင် စိန့်မက်သရူးက အောက်ပါအတိုင်း ရေးသားထား၏။ သခင်ယေရှုအား ၎င်း၏ တပည့်များက သခင်ယေရှုလာရောက်ကြောင်း သင်္ကေတနှင့် ကမ္ဘာကြီးချုပ်ငြိမ်းမည့်နေ့ သင်္ကေတသည် အဘယ်နည်းဟု မေးမြန်းကြရာ သခင်ယေရှုက -

"ဤနိုင်ငံတော်၏ ကျမ်းစာကို ကမ္ဘာတစ်ဝန်းလုံးတွင် သင်ကြားပေးရမည်။ လူမျိုးပေါင်းစုံတို့အတွက် သက်သေခံဖြစ်စေရန် သင်ကြားပေးရမည်။ ထို့နောက်တွင် ကမ္ဘာဆုံးသည့်နေ့ ရောက်လာလိမ့်မည်"

ကျမ်းစာ၌ 'ဘုရားသခင် ပထမဆုံးလာရောက်သည့်နေ့သည် ကောင်းကင်ဘုံဆိုင်ရာ လျှို့ဝှက်ကျမ်းကို ဖွင့်၍ ဘုရားသခင် ကမ္ဘာလောကကို စတင်ဖန်ဆင်းခဲ့၏။ အဂ္ဂိရတ်ဝေါဟာရတွင် အရှိစာပိုဗီများမှာ အဲလီယပ်လာရောက်ကြောင်းကို ဖော်ပြခြင်း ဖြစ်၏။ အဲလီယပ်အက်တီတာသည် ဓာတုအတတ်ပညာ၏ တမန်တော်ဖြစ်ပြီး သူက အဂ္ဂိရတ်ပညာကို တစ်ကမ္ဘာလုံးသိအောင် ပြောကြားလိမ့်မည်။ ကောင်းကင်ဘုံ၏ လျှို့ဝှက်မှုတည်းဟူသော ပင်လယ်ပြင်ကို ချိုးဖြတ်၍ ပြသမည်'

ဟု ဖော်ပြထား၏။

(ရွှေလဆက်စက်ဝါရန်)

ဆရာဦးဆက်ထွန်းတင်း

(အာယုဗေဒ)

www.burmeseclassic.com

ကျွန်မဟာ အိပ်မက်မမက်သည် မှာ ကြာပါပြီ။ ကောင်းစွာအိပ်မပျော်၍ လည်း ဖြစ်နိုင်သည်။ သို့သော် ယခု ဒီဇင်ဘာလထဲရောက်တော့ အိပ်မက် ရှည်ကြီးများမက်လာသည်။ ချမ်းအေး လွန်း၍ အိပ်လို့လည်းပျော်သည်၊ စားလို့ လည်းဝင်သည်။ လမ်းလျှောက်ခြင်း ကြောင့်လည်းဖြစ်လိမ့်မည်။ အိပ်မက် ရှည်ကြီးများမှာ ဝတ္ထုတစ်ပုဒ်လို အစအ ဆုံး သည်းထိတ်ရင်ဖိုဇာတ်လမ်းများဖြစ် သည်။ စာရေးဆရာပီပီ အတွေးလွန်၍ အိပ်မက်ထဲ၌ပင် ဇာတ်လမ်းဆင်သည် ဟု စာဖတ်ပရိသတ်က ဝေဖန်ကြပေလိမ့် မည်။

မဟုတ်ရပါ။ နိုဝင်ဘာလတစ်လ လုံး ကျွန်တော် 'နန်းကြာညို' လုံးချင်း ဝတ္ထုအားရေးပြီးသည်နှင့် ဇီးသီးနီး၊ ပြည် တောင်တွင်းကြီး၊ ပုပ္ပား၊ ပုဂံ၊ နေပြည် တော်သို့အလည်အပတ်သွားရင်း ဘုရား ဖူးထွက်နေသည်။ နိုဝင်ဘာလကုန်တွင် ပြန်ရောက်ပြီး အိမ်ရောက်မှ အိပ်မက် ရှည်ကြီးများမက်ခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့ ညကမက်သောအိပ်မက်မှာ အလွန်ထူး ဆန်းသည်။ အိပ်မက် ဟူသည် မက်ပြီး မေ့တတ်သော်လည်း ထိုအိပ်မက်ကို ကျွန်တော် လုံးစေ့ပတ်စေ့ ပြန်လည် သတိရနေသည်မှာလည်း အလွန်ထူး ဆန်းသည်။ ထိုအိပ်မက်ထဲ၌ ကျွန်တော် က ရန်ကုန်-ပြည်ကားလမ်းနံဘေး အင်း ကုန်း ဆိုသော ရွာကလေးက ရွာခံမုဆိုး ပဲခူးရိုးမတောက နက်ရှိုင်းစွာတည်ရှိနေ သည်။ လယ်သမားသားသမီးဖြစ်၍ လယ်ယာနားချိန် ဆောင်းဦးပေါက်၌ ရိုးမတောစပ်သွား၍ ကြက်ထောင်၊ ငှက် ထောင်ကြသည်မှာ ကျွန်တော်တို့ မိရိုး ဖလာရွာသားများ၏အကျင့်။ သစ်ဝါး နှင့် ဟင်းသီးဟင်းရွက်ကိုလည်း ဤရိုးမ ကြီးကိုပင် မှီခိုနေရပါသည်။

တစ်နေ့မနက်ခင်း ရွှေရောင်ဝင်း နေသော စပါးခင်းကို ကျွန်တော် လှည့် လည်စစ်ဆေးရင်း၊ တောစပ်တွင် ပေါက် ကိုင်း၊ သုတ်ကိုင်းထောင်ထားသောနေ ရာသို့အသွား စပါးခင်းအစပ်တွင် ဝက် ခြေရာများတွေ့ပြီး နှိုရည်တည်နေသော စပါးခင်းအား တောဝက်အုပ်ဝင်စားထား သည်ကို တွေ့ရသည်။ ထို့ကြောင့် လယ်

# ထောင်မှူးကြီးသိန်းဝင်း

## ကျွန်တော်နှင့်ရှာတော်ရှင်မ





www.burmeseclassic.com

www.burmeseclassic.com

တွင်းနှင့် တောစပ်တွင် ကျွန်တော် နင်းကိုင်းများကို ကြိုတင်ထောင်ထားခြင်း ဖြစ်သည်။ ကျွန်တော်တို့တွင် အမဲပစ်ရန် သေနတ်မရှိ။ ဒူးလေးနှင့် လေးခွလောက်သာရှိသည်။ ကျွန်တော်က အပျော်တမ်းဆို၊ အကောင်ငယ်လောက်သာ ပစ်ခတ်နိုင်ပါသည်။

ကျွန်တော်တို့ ရွာတောစပ်တွင် သေနတ်သာရှိပါက တောဝက်၊ ချေ၊ ဆတ်တို့ကို အလွယ်တကူ ပစ်ခတ်နိုင်ပါသည်။ ယခုတော့ ကျွန်တော့်မှာ ပေါက်ကိုင်း၊ နင်းကိုင်းများကိုသာ အားကိုးနေရသည်။ ပေါက်ကိုင်း ဆိုသည်မှာ အသေးစားထောင်ကိုင်း။ ခရမ်းချဉ်သီး (သို့) မှည့်နီရဲနေသော သဖန်းသီးအား ပေါက်ကိုင်းခလုတ်ထိပ်တွင်တပ်ဆင်ပြီး ကွင်းလျှောကြိုးအား ပေါက်ခလုတ်တွင် ကွင်းစွပ်၍ ချထားရသည့် ဝါးကိုင်းကို သုတ်ကိုင်းအဖြစ်သုံးထား၍ ကြက်နှင့် ရစ်ကအသီးနီနီအား ဖောက်လိုက်သည်နှင့် ခလုတ်ပြုတ်၍ ကြက်နှင့်ရစ်လည်ပင်းကို သုတ်ကိုင်းက ဆွဲသုတ်တော့သည်။

နင်းကိုင်းကလည်း အလားတူပါပင်၊ ချိုင့်တလေးတူး၍ သုတ်ကိုင်းထိပ်ခလုတ်တလေးအား တုတ်တလေးဖြင့် ကန့်လန့်ပြီး ထိန်းထားခြင်း ဖြစ်သည်၊ သားကောင်က ခလုတ်ပတ်ဝန်းကျင်ကို နင်းလိုက်သည်နှင့် ကွင်းလျှောကြိုးက ဆွဲသုတ်ပြီး ခြေတစ်ဖက် သို့မဟုတ်



www.burmeseclassic.com

လက်တစ်ဖက်ကိုမိ၍ သုတ်ကိုင်းက မြှောက်တင်ထားသည်။ ထိုအခြေအနေကို မုဆိုးကသိ၍ အဝေးမှ လှံဖြင့်ပစ်ထိုးရသဖြင့် အလွန်အန္တရာယ်များသည်။ ချက်ကောင်းကို တစ်ချက်တည်းထိုးမိမှ သားကောင်ကို ရနိုင်သည်။ မသေချာပါက သားကောင်က အသေအလဲရုန်းသောကြောင့် ကြိုးပြတ်၊ သုတ်ကိုင်းကျိုးပြီး တောဝက်ကောင်ကြီးဖြစ်ပါက ရန်ရှာတတ်သေးသည်။

ထိုနေ့မနက်က သုတ်ကိုင်းများတွင် တောဝက်ပေါက်ငယ်တစ်ကောင်သာမိနေသဖြင့် ကျွန်တော် ဝါးစိမ်းတုတ်ဖြင့် ရိုက်၍ယူခဲ့သည်။ ပေါက်ကိုင်းများတွင်တော့ ရစ်ကြက်နှင့် တောကြက်ဖကြီးတစ်ကောင် အသေမိ၍ အသင့်ပါလာသော မုဆိုးလွယ်အိတ်ထဲထည့်ကာ ပေါက်ကိုင်းအား ပြန်ထောင်ပြီး ရွာသို့ပြန်ခဲ့သည်။

ဤလိုပင် စပါးခင်းအား စစ်ဆေးရင်း ညနေတစ်ကြိမ်၊ မနက်တစ်ကြိမ် ကိုင်းလည်ရသည်မှာ ကျွန်တော်၏ နေ့စဉ်အလုပ်တစ်ခုပင်။ ထို့ကြောင့်လည်း ကျွန်တော်တို့အိမ်တွင် ဟင်းစားက မပြတ်ပါ။

ကျွန်တော် အိမ်ပြန်ရောက်တော့ ဧည့်သည်များရောက်နေသည်။ ဂျစ်ကားတစ်စင်းကလည်း ရွာလယ်ကျွန်တော်တို့ အိမ်ရှေ့ပြေးလမ်းပေါ်၌ ရပ်ထားသည်။ ဂျစ်ကားကို မြင်သည်နှင့် ဤရာသီတွင် လာနေကျ ရန်ကုန်မှ မုဆိုးကြီး ဦးလေးမောင်တို့အဖွဲ့မှန်း သိသာပါသည်။ တပည့်လက်သားအစုံအလင်၊ သေနတ်မျိုးစုံဖြင့် သူတို့ကလာနေကျ ဖြစ်သည်။ ကျွန်တော် ဝက်ပေါက်ကလေးအား ခြံဝိုင်းထဲထမ်းဝင်လာသည်ကိုမြင်သည်နှင့် ကျွန်တော့်ကို တွေ့တွေ့ချင်း ဦးလေးမောင်က -

"ဟ - ငါ့တူကြီး တယ်ဟုတ်ပါလား။ မွန်နဲ့ ကုလားတို့ ဝိုင်းကြိုကြစမ်း၊ ငါ့တူကြီးပင်ပန်းလာတယ်။ မုဆိုးလွယ်အိတ်ကြီးကလည်း ဖောင်းကားလို့ပါလား၊ ဘာကောင်တွေလဲ"

"ကြက်နဲ့ရစ်ကြက်ဖကြီး ဦးလေး။ ဦးလေးတို့လာတာနဲ့ အတော်ပဲ။ နေ့လယ်စာရော ညစာပါ ဖူလုံသွားပြီပေါ့။ ဝမ်းသာလိုက်တာဗျာ၊ ဦးလေးတို့ဘယ်တုံးကရောက်ကြတာလဲ"

"အခုပဲရောက်တာ ငါ့တူရေ။ မော်ဘီမြို့ထဲမှာ BREAKFAST စားနေတာနဲ့ ကြာသွားတာ။ အခုဘာကောင်တွေစဆင်းပြီလဲ"

"တောဝက်တွေတော့ စဆင်းပြီ ဦးလေးရေ။ တခြားတောကောင်တွေလည်း ဆင်းတော့မှာပါ"

"ကောင်းတာပေါ့၊ ဦးလေးတို့လည်း တောဝက်သားမှ ခံတွင်းတွေ့တာ။ ဆတ်နဲ့ ချေကတော့ စပါးမှည့်မှ ဆင်းကြမှာ"

ကျွန်တော်က မုဆိုးခေါင်းဆောင် အဘဦးသိန်းလွင်နှင့် ဦးလေးမောင်တို့အား နှုတ်ဆက်ရသေးသည်။

"အဘတို့ဘယ်အချိန်တောဆင်းကြမှာလဲ၊ ဒီညလား။ မနက်ဖြန်မနက်လား"

"ဒီညနေပဲ၊ ပစ်ကွင်းပစ်ကွက်ခြေရာလက်ရာပြည့်ပြီး လင့်စင်အောက်ပစ်ကြတာပေါ့"

"ကောင်းပါတယ် အဘ။ သားကောင်တွေက ညဘက်ဆင်းတာများတယ်"

ကျွန်တော်နှင့် မွန်၊ အာလူး၊ ကုလားတို့ တောဝက်ပေါက်အားဖျက်၍ ကြက်နှင့် ရစ်အား ကိုင်ကာ နေ့လယ်စာအတွက် ပြင်ဆင်ရသည်။ ထမင်းအိုးတည်သူ၊ ဟင်းချက်သူများဖြင့် ကျွန်တော်တို့အိမ်ဝိုင်းကလေးမှာ အလှူအိမ်ကလေးသဖွယ် မီးခိုးတလူလူဖြင့် စည်ကားနေပါသည်။ နေ့လယ်စာသုံးဆောင်ပြီးတော့ ဧည့်သည်များ ထမင်းလုံးစီရင်း အိမ်ဦးခန်းတွင်အိပ်ကြသည်။ ကျွန်တော်နှင့် မွန်၊ အာလူး၊ ကိုကုလားတို့က တောအတွေ့အကြုံများပြောရင်း ရေနွေးကြမ်းတစ်အိုးဖြင့် စကားဝိုင်းဖွဲ့ကြသည်။

ညနေစောင်းစောင်းတွင် လယ်ကွင်းများအားဖြတ်၍ တောစပ်သို့သွားပြီး ကျွန်တော်က တောကောင်များ၊ ခြေရာခြေကြောင်းကိုပြရသည်။ မုဆိုးကြီး ဦးလေးမောင်တို့က ဝင်လမ်း၊ထွက်လမ်းကို လေ့လာပြီး လယ်ကွင်းနှင့် တောစပ်အနီး ပစ်ကွင်းကောင်းသောနေရာနှစ်နေရာခွဲ၍ လင့်စင်ဆောက်ရန် နေရာရွေးချယ်သည်။



တစ်နေရာက တောကောင်များဝင်လမ်းအနီး မအူပင်ကြီးပေါ်၌ ဖြစ်သည်။ တစ်နေရာက တောကောင်များထွက်လမ်းအနီး နှစ်ပင်ပူး၍ပေါက်နေသော တောင်ပိန္နဲပင်များအပေါ်တွင်ဖြစ်သည်။ တောမှာရွာနှင့်နီးသဖြင့် အောက်ခြေရှင်းသည်၊ မြင်ကွင်းကောင်းသည်။ ရွက်ကြွေတောဖြစ်သဖြင့် အပင်ကြီးများသာ ပေါက်ရောက်နေသော ကြိုးဝိုင်းတောလည်း ဖြစ်သည်။ သစ်ဝါးလည်းပေါသဖြင့် အဝင်လမ်းအနီးက လင့်စင်ကို အာလူးနှင့် မွန်တို့က သစ်ဝါးခုတ်၍ ဆောက်သလို ကျွန်တော်နှင့် ကုလားက အထွက်လမ်းအနီးက တောင်ပိန္နဲပင်ပေါ်တွင် လင့်စင်ဆောက်ကြသည်။ ကျွမ်းကျင်သူများဖြစ်ကြသဖြင့် အချိန် (၂) နာရီခန့်နှင့် ပြီးစီးပါသည်။ အန္တရာယ်ပေးမည့်တောကောင်ကြီးများမရှိသဖြင့် လင့်စင်များမှာ (၁၅) ပေခန့်သာ မြင့် လိမ့်မည်။မအူပင်များက အခက်အလက်ဝေဆာသဖြင့် အပင်ပေါ်တက်ရန် လွယ်ကူသောကြောင့် လှေကားမလိုပါ။ ကျွန်တော်နှင့် ကုလား တာဝန်ယူရသော တောင်ပိန္နဲပင်က (၁၂) ပေခန့် အမြင့်အထိ ပင်စည်လုံးချောဖြစ်သဖြင့် ဝါးလှေကားလုပ်ပေးရသည်။ ထိုအနီးအနားတွင် ဝါးနက်ဝါးရုံများပေါသဖြင့် တောင့်တောင့်ဖြောင့်ဖြောင့်နှစ်လုံးရွေး၍ ဝါးလှေကားလုပ်လိုက်သည်။ တောကောင်များ၏ သဘာဝမှာ သူတို့ဝင် ထွက်နေကျလမ်းကို ရွေးချယ်ထား ဖြစ်သဖြင့် လမ်းသစ်ကို အသုံးပြု အလေ့အထမရှိပါ။ ဝင်လမ်း၊ ထွက်လမ်း ပတ်လည်တွင် ကျွန်တော်ထောင်ထား သော နင်းကိုင်းများကရှိနေပါသည်။

ကျွန်တော်တို့လင့်စင်များဆော လုပ်ပြီးတော့ အဘဦးသိန်းလွင်နှင့် မု ကြီး ဦးလေးမောင်တို့က လင့်စင် တက်၍လေ့လာသည်။ လိုသည်များ ပြင်ခိုင်းသည်။ နွားရိုင်းသွင်းချိန်၌ ရွာ ခဲ့ကြပြီး စားသောက်ကြသည်။ ည နာရီခန့်မှ အဖွဲ့နှစ်ဖွဲ့ခွဲ၍ လင့်စင် တက်ကြသည်။ ကျွန်တော်က ဦးလေးမောင်၊ ကုလားနှင့် ၍ အ



www.burmeseclassic.com

www.burmeseclassic.com

သမ်းလင့်စင်၊ အဘဦးသိန်းလွင်နှင့် မွန်၊ အာလူးတို့က အဝင်လမ်းလင့်စင်။ တော ဓာသဘာဝအရ ည (၉) နာရီခန့်တွင် ယုံးဝတိတ်ဆိတ်သွား၍ တောကောင် များဝင်ချိန်ကိုခန့်မှန်းပြီး လင့်စင်ပေါ်သို့ တက်ကြခြင်း ဖြစ်ပါသည်။

*

ညက အလွန်တိတ်တဆိတ်နေ သည်။ ပုရစ်သံနှင့် အဝေးမှ ချေဟောက် သံနှင့် တောကြက်တွန်သံလောက်သာ ကြားရသည်။ လကွယ်ညဖြစ်သဖြင့် ပတ် ဝန်းကျင်က ပိန်းပိတ်အောင် မှောင်မည်း နေသည်။ တောနှင့်လွတ်ကင်းသော လယ်ကွင်းပြင်ကိုပင် သဲကွဲစွာမမြင်ရပါ။ ထို့ကြောင့် ကျွန်တော်က အဘတို့ယူ လာသော EVEREADY ငါးခဲထိုးလက် နှိပ်ဓာတ်မီးကို အသင့်ကိုင်ထားပြီး မုဆိုး ကြီး ဦးလေးမောင်က ဒသမ (၅၀၀) ဝင်ချက်စတာနှစ်လုံးပြူးရိုင်ဖယ်၊ ကုလား က ဒသမ (၃၀၃) အင်္ဂလိပ်ရိုင်ဖယ်ကို ကိုယ်စီကိုင်ထားသည်။ အဘဦးသိန်းလွင် တို့ဘက်ကတော့ ဘာကိုင်ထားသည် မသိပါ။

ည (၉) နာရီခန့်၌ တောတိုးသံသဲ့ သဲ့ကို ကားရသည်။ တဂတ်ဂတ်မေးရိုက် သံလည်းကြားရသဖြင့် ဝက်သိုးကြီးခေါင်း ဆောင်သော တောဝက်အုပ်အသံမှန်း မှန်းဆနိုင်ပါသည်။ ထို့နောက် အနီးကပ် ၌ ဟောက်လိုက်သော ချေသံတဝေါင်း ဝေါင်း၊ ဆတ်တစ်သံကိုလည်း ခပ်လှမ်း လှမ်းမှ ကြားနေရသည်။ ယနေ့ညတော့ တောကောင်ပေါင်းစုံဆင်းချေပြီ။ မုဆိုး အဖွဲ့သာမလာပါက ကျွန်တော်တို့လယ် ကွင်း တက်တက်ပြောင်မည်မှာ အသေ အချာပင်။ ယခုနှစ်မှ သက်ကြီးစပါးများ က အလွန်အောင်မြင်လှသည်။ လယ် ကွင်းများအလယ်ရှိ လယ်စောင့်တဲအနီး ၌လည်း ပီလောနှင့် ပြောင်းဖူးခင်းက လည်း ဖြစ်ထွန်းလှသည်။

ပထမဝက်အုပ်ဝင်သည်။ အဘ ဦးသိန်းလွင်တို့အဖွဲ့က မပစ်သေး။ ဒုတိယချေအုပ်မပစ်သေးပါ။ တတိယ ဆတ်အုပ်ဝင်တော့ အဘတို့အဖွဲ့ကစပစ် ပြီး တစ်အုပ်နှင့်တစ်အုပ် ဆက်တိုက်ဝင် သဖြင့် ရှေ့ဆုံးတောဝက်အုပ်က ပီလော ခင်းအစပ်ရောက်ရုံရှိသေး၍ အပင်များ အား မဖျက်ဆီးရသေးမီ နောက်ဆုံးမှ ဝင်သောဆတ်အုပ်အား ပစ်ခြင်းဖြစ် သဖြင့် တောကောင်များ အထွက်လမ်း မှာ စုပြုံတိုးထွက်လာကြရာ မုဆိုးကြီး ဦးလေးမောင်နှင့် ကုလားတို့က ဝိုင်းပစ် ကြသည်။ မုဆိုးကြီးဦးလေးမောင်၏ သေနတ်မှ (၉) လုံးကျည်များက အနီး ကပ် အပေါ်စီးတွင် အလွန်အသုံးတည့် သည်။ကျွန်တော်ထိုးပြထားသော မီးခွက် အောက်၌ တောဝက်များ အတုံးအရုံး။ ကုလားကတော့ ကျွံထွက်လာသော ချေ များနှင့် ဆတ်များကို တစ်ကောင်ချင်း ပစ်နေသည်။ ရိုင်ဖယ်ရိုးရိုးသေနတ်ဖြစ် သော်လည်း ကျွမ်းကျင်သဖြင့် အဆက် မပြတ် သေနတ်လိုအသံက ဟိန်းထွက် နေသည်။

"ဒိန်း ဒိန်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်သံများ သောသောညံ အပြီး ကျွန်တော့်လယ်ကွင်းထဲသို့ မီးကို ဝှေ့၍ထိုးကြည့်ရာ ကျွန်တော်တို့ဘက်မှ တောဝက်သိုးကြီးအပါအဝင် ဝက်မများ (၆) ကောင်၊ ဆတ်ဖားကြီး (၂) ကောင် နှင့် ချေ (၂) ကောင်၊ စုစုပေါင်း (၁၀) ကောင်၊ အဘဦးသိန်းလွင်တို့ဘက်က လည်း (၁၀) ကောင်ခန့်ရှိမည်ထင်သည်။ အတန်ငယ်လှမ်းသဖြင့် အကောင်ရေ တွက်၍မသဲကွဲပါ။ သွေးသံရဲရဲမည်းမည်း များကိုသာ မြင်နေရသည်။ အားလုံးငြိမ် သက်သွားမှ -

"ဝေး. . . ဝေး"

ဟု တောသံပေး၍ လင့်စင် အောက်သို့ဆင်းကြသည်။

"ကျွန်တော်တို့နှစ်ဖွဲ့ပေါင်း၍ လယ် ကွင်းအလယ် လယ်စောင့်တဲ၌ဆုံကြပြီး အလျှင်ဆုံး မီးဖိုသည်။ ပြီးနောက် နှစ် ဆိုင်းခွဲကာ ကျွန်တော်တို့ တောကောင် သေများအား သယ်ကြသည်။ ဝက်သိုး ကြီးနှင့် ဆတ်ဖားကြီးများကိုတော့ နှစ် ယောက်သယ်ရသည်။ စုစုပေါင်းတော့ တောကောင်ပေါင်းစုံ အကောင် (၂၀)။ အလွန်လက်ညီသောအဖွဲ့ ဖြစ်သည်၊ ကျွန်တော်တို့ ညလယ်စာစား၍ အောင် ပွဲခံရန် ဝက်ပေါက်တစ်ကောင်အား ဖုတ် နေစဉ် တဟေးဟေးအသံများ ကြားရ သည်။ ကျွန်တော် မှာထားသဖြင့် ရွာ သားများ တောကောင်သယ်ရန် လိုက် လာကြခြင်း ဖြစ်ပါလိမ့်မည်။ မီးတုတ် အလင်းရောင်များကိုလည်း မြင်နေရ သည်၊ သို့သော် တစ်စု၊ နှစ်စုမဟုတ်၊ လေး၊ ငါး၊ ဆယ်စုမှ မီးတုတ် (၁၀၀)ခန့် ဖြစ်လာသည်။

ကျွန်တော် မသင်္ကာတော့။ ထို့ ကြောင့် -

"အဘ၊ ဟုတ်ကောဟုတ်သေးရဲ့ လား။ ကျွန်တော်မှာထားတာ ကာလ သားအဖွဲ့ (၁၀)ယောက်တည်း။ ကွင်း ခြောက်ပြီထင်တယ်"

"အေး - ဟုတ်သကွ။ မင်းတို့ခြေ ဖျား၊ နားရွက်ဖျား၊ အမြီးဖျား လမိုင်း မတင်ကြဘူးလား။ ရိုးရာအတိုင်းလုပ်ကြ လေကွာ"

"တုတ်တဲ့ပါ အဘ၊ ကျွန်တော် မေ့သွားလို့ပါ။ အခုပဲတင်လိုက်ပါ့မယ်"

"အေးအေး - တောထဲမဟုတ်ဘဲ ကွင်းထဲဆိုပေမယ့်လည်း သူဟာနဲ့သူရှိ သကွယ့်။ မင်းတို့ တောင်းပန်ပြီး တင် လိုက်ကြ။ ဒီနယ်က ဘယ်သူ့အပိုင်လဲ ကောင်ကလေး"

"အဘိုးနဲ့ ရွာတော်ရှင်မအပိုင်ပါ အဘ။ ကျွန်တော်တင်လိုက်ပါ့မယ်"

"အေးအေး"

ကျွန်တော်တို့ မုဆိုးထုံးစံ တော ဝက်သားအား ဆား၊ နနွင်းလူး၍ တုတ် ထိုးမီးကင်ပြီး အရက်နှင့်မြည်းနေကြစဉ် ရွာမှကာလသားအဖွဲ့ တဝူးဝူးတောသံ ပေး၍ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် စုဝေးလာနေကြသည်။

အဘဦးသိန်းလွင်က -

"အေး - ဒါမှလူအမှန်ကွ။ အသံ ပြုလိုက်ကြဦး"

ကျွန်တော်တို့က တဝူးဝူးအော် တော့ ကာလသားများအဖွဲ့ဘက်က လည်း ပြန်အော်သည်။ သူတို့ကိုလည်း အကင်များကျွေး၍ ဧည့်ခံနေစဉ် ကျွန် တော်က ကာလသားခေါင်းအဖွဲ့အား -

"သာချို၊ မင်းတို့အဖွဲ့ ဘာကြောင့် နောက်ကျနေတာလဲ"

"သူကြီးကတော် ဒေါ်စိန်ရွှေကို ဝင်ပူးလို့ဟေ့၊ ရွာတော်ရှင်မတဲ့။ အဲ့ဒါ သူကြီးကခေါ်လို့ သူကြီးအိမ်ကိုပြေးရ သေးတယ်"

"ဘယ်လိုဖြစ်တာလဲ"

"မင်းတို့အဖွဲ့ကိစ္စပေါ့။ သူ့နယ်ထဲ လာပြီး သူ့ကို ဂါရဝမပြုဘူးတဲ့၊ နောက် ပြီး လယ်ကွင်းထဲမှာ မတ်ရပ်အပေါ်သွား တယ်ဆို"

ထိုစဉ် အဘဦးသိန်းလွင်က -

"ဘယ်လိုဂါရဝမပြုတာလဲ။ အခုပဲ ခြေဖျား၊ နားရွက်ဖျားတွေနဲ့ ပူဇော်တင် မြှောက်ပြီးပြီလေ"

ကိုသာချို့က -

"အဲဒါက ကွင်းပိုင်ကို ပ,သတာပါ အဘရဲ့။ ရွာတော်ရှင်မကျတော့ လက် ဖက်နဲ့ ကြက်ဥပြုတ်ကို တင်မြှောက်ရ တာပါ။ အဲ့ဒါက အမဲမလိုက်ခင် အရင် ဆုံးလုပ်ရပါတယ်"

www.burmeseclassic.com

"နို့ - သိမှမသိဘဲ၊ ဘွားတေးပေါ့ ကွာ"

ကျွန်တော်က -

"အဘ၊ အခုသိပြီပဲ။ ရွာပြန် ရောက်တော့ လုပ်ကြတာပေါ့။ ကျွန် တော်ကလည်း အပျော်တမ်းမုဆိုးဆို တော့မေ့သွားတယ်။ ဒါနဲ့ ကွင်းထဲမှာ မတ်ရပ်အပေါ့သွားတယ်ဆို၊ ဘယ်သူလဲ"

ထိုစဉ် ကုလားကထ၍ -

"ကျွန်တော်ပါဗျာ၊ မအောင့်နိုင် တာနဲ့သွားမိတယ်။ ထိုင်သွားတော့ မြွေ ပါးကင်းပါးနဲ့ မလွယ်ဘူးလေ"

"ကျွန်တော်တို့ဆီမှာ လယ်ကွင်း ထဲတောထဲ အပေါ့ထိုင်စွန့်ရင်တောင် သက်ဆိုင်ရာကို တောင်းပန်တိုးလျှိုးပြီး မှ စွန့်ရပါတယ်။ အဘတို့က မသိနားမ လည်တဲ့ဧည့်သည်တွေဆိုတော့ တောင်း ပန်လိုက်ရင် ရွာတော်ရှင်မ ကျေနပ်မှာ ပါ"

ကျွန်တော်တို့ ဝက်၊ ချေ၊ ဆတ် သေကောင်များအား ရွာသို့ပြန်သယ်၍ တစ်အိမ်တစ်ပိဿာနှုန်း တစ်ရွာလုံးသို့ ဝေသည်။ ရွာကာလသားများနှင့်တွဲ၍ ညလယ်စာလည်း ချက်စားကြသည်။ ကာလသားခေါင်း ကိုသာချို၏ အစီအ စဉ်ဖြင့် ရွာမှတစ်မိုင်ခန့်ဝေးသော လမ်း ဆုံကားဂိတ်သို့လည်း ဝက်၊ ဆတ်၊ ချေ အကောင်လိုက်အား ရောင်းချရန် စပ် ဟပ်ကြသည်။ လမ်းဆုံကားဂိတ်မှာ စား သောက်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက် ရည်ဆိုင်များရှိပြီး အလွန်စည်ကားသည်။ ပြည်သို့လည်းကောင်း၊ မှော်ဘီ-ရန်ကုန် သို့လည်းကောင်း ပြေးဆွဲသောယာဉ်ငယ် လိုင်းကားဂိတ်လည်းရှိသည်။ ပတ်ဝန်း ကျင်ကျေးရွာများထွက် ပန်းအမျိုးမျိုး၊ သစ်သီးသစ်ဥနှင့် တောထွက်ပစ္စည်းများ လည်း ရောင်းဝယ်ကြသည်။ တစ်နေ့ လုံး လူစည်သော်လည်း မနက်စောစော (၅) နာရီခန့် ဈေးမှာ အလွန်စည်ကား သည်။ ထို့ကြောင့် မုဆိုးကြီး ဦးလေး မောင်က ကာလသားခေါင်းနှင့် ပေါင်း ၍ မနက်ဈေးအမီ ရောင်းချရန် အသား များပေါ်၍တွဲပြီး လက်လီလက်ကား ရောင်းချရန် စီစဉ်နေသည်။

ကျွန်တော်တို့ ညလယ်စာ စား သောက်ပြီး အိပ်ရာဝင်ကြသည်။ ကာလသားခေါင်း ကိုသာချိုတို့အဖွဲ့နှင့် မုဆိုးကြီးဦးလေးမောင်၊ ကုလား၊ မွန်နှင့် အာလူးတို့ကတော့ သားကောင်များ အား ဖျက်၍လည်းကောင်း၊ အကောင် လိုက်ပြင်ဆင်၍လည်းကောင်း မနက် ဈေးအမီပို့ရန် ပြင်ဆင်နေရင်း စား သောက်နေကြတုန်းပင် ဖြစ်သည်။

ကျွန်တော်တို့မနက် (၆) နာရီခန့် အိပ်ရာကနိုးတော့ ကုလားမောင်းသော ဂျစ်ကား ပြန်ရောက်လာသည်။

"အဘဦးသိန်းလွင်တို့ မနက်စာ လမ်းဆုံကားဂိတ်မှာ စားကြဖို့ ဦးလေး မောင် ခေါ်ခိုင်းလိုက်ပါတယ်။ အသား တွေလည်းကုန်တော့မယ်။ မြို့က အဝယ် တော်တွေက ကားတွေနဲ့ အကောင် လိုက်လာဝယ်ကြတာမို့ အားရစရာကြီး။ ငွေတွေလည်း သောက်သောက်လဲရ တယ်။ အမှာတွေလည်း အများကြီး။ ကျွန်တော်တို့ ဒီရွာမှာ တစ်ညထပ်အိပ် ရဦးမယ်ထင်ပါရဲ့"

"အခြေအနေကောင်းရင် (၃)၊ (၄) ရက်နေကြတာပေါ့ကွာ။ တို့မှာ အချိန် တွေရှိပါသေးတယ်၊ အေးအေးဆေးဆေး ပေါ့။ ကဲ - မုဆိုးလေး၊ မနက်စာလမ်းဆုံ မှာသွားစားကြမယ်။ ဒီမှာဘာမှမစီစဉ်နဲ့ တော့"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ မျက်နှာသစ်ကြပြီး လာခေါ်သောဂျစ်ကားဖြင့် ရွာမှတစ်မိုင် ခန့်ဝေးသော လမ်းဆုံကားဂိတ်သို့လိုက် ခဲ့ကြပါသည်။

လမ်းဆုံကားဂိတ် ရောက်တော့ မနက် (၇) နာရီခန့်ရှိချေပြီ။ ဈေးကမကွဲ သေးပါ။ လူကစည်ကားဆဲ။ ကျွန်တော် တို့အဖွဲ့ မုဆိုးကြီးဦးလေးမောင် ထိုင် စောင့်နေသော လက်ဖက်ရည်ဆိုင်ကြီး ရှေ့ရောက်တော့ ဦးလေးမောင်က ထွက် ကြိုသည်။

"လာကြ၊ အစ်ကိုကြီးဦးသိန်းလွင် နဲ့မုဆိုးလေး။ စားချင်တာမှာစားကြ။ တောကောင်အသားကတော့ ရောင်း ကောင်းတယ်ဗျို့၊ အကောင်လိုက်ဝယ်



ကြတာများတယ်။ အသားတွဲတွေတော့ ကျန်သေးလို့ ကာလသားခေါင်းနဲ့ အာ လူးနဲ့ မွန်တို့ရောင်းနေကြဆဲပဲ။ (၅) သိန်း ကျော်တော့ ရပြီ။ ဖောက်သည်တွေက မနက်ဖြန်မနက် ချေရော ဝက်ပါမှာထား တာ။ အော်ဒါငါးကောင်ရနေပြီ။ နှစ် ရက်၊ သုံးရက် ဒီရွာမှာဆက်နေရင်တော့ အတော်တွက်ခြေကိုက်မှာပဲ အစ်ကိုကြီး ရေ"

"ကြည့်လုပ်ကြတာပေါ့ ကိုလေး မောင်ရယ်။ ဆတ်နဲ့ချေတော့ တာဝန်မခံ နိုင်ပေမယ့် တောဝက်ကတော့ မှာသ လောက်ရနိုင်ပါတယ်"

"မုဆိုးသက်တမ်းမှာ တစ်ခါမှ ဒီ လောက်မရဖူးပါဘူးဗျာ၊ ငွေလည်းများ များစားစားမရဖူးပါဘူး။ အရင်တုန်းက စားသောက်စရိတ်နဲ့ ဓာတ်ဆီဖိုး၊ ကျည် ဆန်ဖိုးလေးကျေအောင်တောင် မနည်း လုပ်ရတာပါ"

ကျွန်တော်တို့ မနက်စာ ကြက်ဥ ထမင်းကြော်မှာစားသည်။ လက်ဖက် ရည်ချိုလည်း သောက်ကြသည်။ ထိုစဉ် မွန်နှင့် အာလူးတို့အဖွဲ့ ပျော်ပျော်ပါးပါး ပြန်လာကြသည်။

"အဘနဲ့ ဦးလေးမောင်ရေ၊ မနက် က (၅) သိန်းကျော်၊ အခု (၃) သိန်း ကျော်၊ (၈) သိန်းကျော် ရတယ်ဗျို့ တထောကြီးပဲ။ မနက်ဖြန်မနက်အတွက် မှာကြတာတွေလည်း အများကြီးပဲ။ ကြိုးစားလိုက်ကြဦးဗျို့"

"ကဲ - စားလိုရာ စိတ်ကြိုက်မှာ စားကြ။ ကာလသားခေါင်းအဖွဲ့လည်း အားမနာနဲ့၊ သဘောရှိပဲ"

"ဟုတ်ကဲ့ ဦးလေးမောင်"

ကျွန်တော်တို့ စားသောက်နေကြ စဉ် အစိမ်းရောင်ဖက်ရှင်ဝတ်အမျိုးသမီး တစ်ဦး ဆိုင်ရှေ့တွင်ရပ်ထားသော ဂျစ် ကားပေါ်သို့ ဈေ့ခနဲတက်သွားသည်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ခေါင်း ၌လည်း စံပယ်ပန်းများ ပန်ထားသည်။ မျက်နှာကိုတော့ သဲကွဲစွာမမြင်လိုက်ရ မကြာပါ၊ ဂျစ်ကားကို ဝူးခနဲမောင်း၍ ထွက်သွားသည်။

"ဟာ၊ ဟာ - ဟိုမှာမောင်းပြေးပြီ"

ကျွန်တော်ထအော်မှ အားလုံး သတိထားမိကြသည်။ ဂျစ်ကားကို ခေါ ဝေးမောင်းပြေးသည်တော့မဟုတ်။ ကျ ရာလမ်းမကြီးတစ်ဖက်ကမ်းကိုကူး၍ ရပ် ထားသော ခရီးသည်တင် DYNA ကား ခေါင်းကို အရှိန်ပြင်းစွာ တိုက်လိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝှန်း၊ အုန်း"

"ဟာ ဟာ - သွားပါပြီကွာ၊ ဒုက္ခတော့ရောက်ကုန်ပြီ"

"ဘယ်သူခိုးပြေးတာပါလိမ့်။ အမြန်လာကြဖော့၊ သူခိုးလည်း ထွက်ပြေးတာ မတွေ့ဘူး။ ဒဏ်ရာနဲ့မေ့နေလောက်ပြီ"

လူများလည်း ဝိုင်းလာကြသည်။ ကျွန်တော်တို့အပြေးရောက်တော့ ကားခေါင်းထဲ၌ မည်သူမျှမရှိ။ ဂျစ်ကားက ရှေ့မှန် (၂) ချပ်လုံးကွဲသွားပြီး ရှေ့ဘန်ဘာ ကောက်ကွေးသွားရုံသာ။ DYNA ကားပိုင်ရှင် ရောက်လာတော့ စကားပြောကြရတော့သည်။

"ဘယ်သူမောင်းတာလဲ၊ ဂျစ်ကားက ဘယ်သူ့ကားလဲ"

ဦးလေးမောင်က -

"ဂျစ်ကားက ကျွန်တော့်ကားပါ။ ကားသူခိုးကခိုးပြေးတာပါ"

"ဘယ်မှာလဲတဲ့ အဲဒီသူခိုး"

"မတွေ့တော့ဘူးဗျာ၊ ထွက်ပြေးတာလည်းမမြင်မိဘူး"

ထိုအခါမှ ကျွန်တော်က -

"ကားမောင်းပြေးတာ မိန်းမတစ်ယောက်ပဲဗျ၊ အစိမ်းရောင်ဝမ်းဆက်နဲ့။ ခေါင်းမှာလည်း စံပယ်ပန်းကုံးတွေ ပန်ထားတယ်။ ဟော၊ ဟော - ဟိုမှာ စံပယ်ပန်းကုံးတစ်ခု"

ကျွန်တော်က ဒရိုင်ဘာစီယာတိုင်အောက်တွင် ပြုတ်ကျနေသော စံပယ်ပန်းကုံးအား ကောက်ပြတော့ အားလုံးအံ့သြနေကြသည်။

DYNA ယာဉ်ပိုင်ရှင်က -

"ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့်ကားထိသွားပြီ။ ပိုက်ဆံကုန်တော့မယ်။ ကားပြင်တာနဲ့ လိုင်းမဆွဲရတာနဲ့ ဝင်ငွေထိပြီ။ လျော်ပေးပါ"

ဦးလေးမောင်က -

"ဒီမှာကားအုံနာရယ်၊ ကျွန်တော်တို့ဂျစ်ကားလည်းထိတာပါပဲ။ ညှိနှိုင်းပြီးလုပ်ကြတာပေါ့"

"ခင်ဗျားတို့ ပေါ့ပေါ့ဆဆ ကားကို သော့တန်းလန်းထားခဲ့လို့နေမှာ။ ဒီဂိတ်မှာလုပ်စားလာတာ (၁၀) နှစ် (၁၀) မိုးရှိပြီ၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ ကားခိုးမောင်းပြေးတယ်ဆိုတာ ကြားတောင်မကြားဖူးဘူး"

ထိုအခါမှ နောက်ဆုံး ဂျစ်ကားမောင်းခဲ့သော ကုလားက -

"ဒီမှာနောင်ကြီး၊ ကျွန်တော် ဒီကားမောင်းလာတာလည်း (၁၀) နှစ် (၁၀)မိုးတောင်ကျော်ပါပြီ။ ပေါ့ပေါ့ဆဆ ဘယ်တုံးကမှ မလုပ်ခဲ့ဘူး။ ဘာမှလဲမဖြစ်ခဲ့ဖူးဘူး။ ဟောသည်မှာ ဂျစ်ကားသော့။ ကျွန်တော် အဘတို့ကို ကြိုပြီး ဆိုင်ရှေ့မှာ ဂီယာထိုး၊ သော့ပိတ်ပြီး အသေအချာရပ်ထားတာ။ ဂီယာပြုတ်ပြီးလိမ့်သွားစရာအကြောင်းမရှိဘူး။ အခုဟာက စက်နှိုးပြီးထွက်သွားတာ"

"အေးဗျာ - ကားသူခိုးလည်း မမိတော့ အခက်သားပေါ့။ ဒါပေမယ့် ကားပိုင်ရှင်ရှိနေတော့ တာဝန်ယူရမှာပေါ့။ DYNAကားမှန်က ရှားတယ်။ ဒရိုင်ဘာခန်းတံခါးကလည်း အချပ်လိုက်အသစ်လဲရတော့မယ်။ ဆေးလည်းပြန်မှုတ်ရမယ်။ တခြားဘာတွေချွတ်ယွင်းသွားသေးသလဲ မသိသေးဘူး။ အဲဒီတော့ လက်ခ၊ ပစ္စည်းဖိုးနဲ့ (၈) သိန်းလောက်တော့ လျော်ပါဗျာ"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ တောကောင်ရောင်း၍ရငွေ (၈) သိန်း၊ အခုအလျော်တောင်းသည်မှာ (၈) သိန်း။ ထို့ကြောင့် ကျွန်တော် ကြားဝင်ရတော့သည်။

"ကားပိုင်ရှင်နောင်ကြီးခင်ဗျား၊ နောင်ကြီးတို့ကားပျက်စီးသလို ကျွန်တော်တို့ကားလည်း ပျက်စီးတာပါပဲ။ ဒီကအဖွဲ့တွေက ရန်ကုန်က မုဆိုးကြီးတွေပါ။ ကျွန်တော့်ဧည့်သည်တွေပါ။ ကျွန်တော်က ဒီရွာကရွာခံမုဆိုးပါ။ ဒါကြောင့် (၅) သိန်းလောက်ပဲယူပါဗျာ။ အဲဒါမှ နောင်ကြီး မကျေနပ်ရင်လည်း ကြိုက်သလို အမှုလုပ်နိုင်ပါတယ်"

ထိုအခါမှ DYNA ကားပိုင်ရှင်မှာ လေသံပျော့ကလေးဖြင့် -

"အေးဗျာ၊ ဒါဆိုရင်လည်း (၅) သိန်းနဲ့ ကျေနပ်ရမှာပေါ့၊ အမှုလည်း မလုပ်တော့ပါဘူး။ ခင်ဗျားတို့လည်း နစ်နာတာပါပဲ"

ထို့ကြောင့် ငါးသိန်းဖြင့်ကျေအေးသွားသည်။ ကားများပေါ်တက်၍ စက်နှိုးကြည့်တော့ စက်များကကောင်း။ ကျွန်တော်သိနေပါသည်။ မတင်မြှောက်မိသဖြင့် ရွာတော်ရှင်မ ပညာပေးခြင်းဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ သူမအား မေ့လျော့ပြီး လက်ဖက်၊ ကွမ်းယာဖြင့်တောင် မတင်မြှောက်မိဘဲဖြစ်ခဲ့မိပါသည်။

အတဦးသိန်းလွင်ကတော့ သားကောင်ရောင်းရငွေ (၈) သိန်းကျော်အထဲမှာ (၅) သိန်း အလျော်ပေးလိုက်ရသဖြင့် မကျေမနပ် တဖျစ်တောက်တောက်။

"ငါ့ကွာ-ဝမ်းသာမယ်မကြံရသေးဘူး၊ အခုတော့ ပါသွားပြီ တောက်"

"အဘရယ် ကျွန်တော်ရွာခံမုဆိုးအပြစ်ပါ။ တောထုံးစံကိုမေ့နေမိတာပါ။ အခုတော့ လက်ဖက်တစ်ပွဲ၊ ကွမ်းတစ်ရာနဲ့ ပြီးမယ့်အစား ငွေလည်းကုန်သေး၊ အုန်း၊ ငှက်ပျောကန်တော့ပွဲကြီးပေးပြီး တောင်းပန်ရတော့မယ်"

"အေးအေး-မုဆိုးလေး ရွာတော်ရှင်မကျေနပ်အောင်သာ တောင်းပန်လိုက်ပေတော့။ အဘတို့လည်း လက်တွေ့မျက်မြင်မို့ယုံပါပြီ။ နောက်နေ့တွေမှာ တောကောင်များများရအောင်သာ တောင်းပေရော့"

"ဟုတ်ကဲ့ အဘ"

ထိုနေ့ကအပြန်တွင် ကျွန်တော် ဦးဆောင်၍ အုန်း၊ ငှက်ပျော၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် လက်ဖက်စုံဝယ်၍ ရွာသို့ရောက်ရောက်ချင်း ကာလသားအဖွဲ့အကူအညီဖြင့် ပြင်ဆင်ပြီး ရွာအစွန်ရှိ ရွာတော်ရှင်နတ်ကွန်းသို့သွား၍ အကျအနပူဇော်ကန်တော့ပြီး တောင်းပန်ပါသည်။ နတ်ကွန်းမှအပြန် ညနေစောင်းတွင် လင့်စင်ဆောက်ရန်နေရာရှာအသွား ယမန်နေ့ညက ပစ်ခတ်ခဲ့သော လယ်ကွင်းအပြင်ဘက် တောစပ်၌ ကျွန်တော်ထောင်ထားသော သုတ်ကိုင်းနှင့် နင်းကိုင်းများတွင် မိနေသော တောကြက်ဖနှစ်ကောင်၊ ချေတစ်ကောင်နှင့် တောဝက်မတစ်ကောင်တို့အား ရခဲ့သည်။ ညလင့်စီးမည့်နေရာကိုတော့ အနောက်ဘက်တောစပ်လယ်ကွင်းအစွန်ကို နေရာရွှေ့ပြောင်းခဲ့ပါသည်။

ထိုညကစ၍ (၃) ည ဆက်တိုက် နေရာရွှေ့ပြောင်း၍ လင့်စီးရာ ဆတ် (၃) ကောင်၊ ချေ (၃) ကောင်နှင့် တောဝက်မျိုးစုံအကောင် (၅၀) ခန့်ရရာ ကျွန်တော်တို့အချိုးကျ ရှယ်ယာခွဲတော့ ကျွန်တော် ငွေကျပ် (၃) သိန်းခန့်ရသည်။ လယ်ရှင်များလည်း ရိတ်သိမ်းခါနီး လယ်ယာများ မပျက်စီး၍ ကျွန်တော်တို့မုဆိုးအဖွဲ့အား လွန်စွာကျေးဇူးတင်နေကြသည်။ ကျွန်တော်ကတော့ မရဘူးသော ငွေကြေးကိုရရှိသဖြင့် ရွာတော်ရှင်မအား အလွန်ကျေးဇူးတင်မိပါသည်။

ဤသည်မှာ ကျွန်တော်၏ ပထမဆုံး မြင်မက်သော ထူးဆန်းသော အိပ်မက် ဖြစ်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

ဘဦး(ရွှေတောင်)

## ပြည်မြို့ ရတနာမာရ်အောင်တောရ ကျေးဇူးတော်ရှင် ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီး၏

# သတ္တဌာနအစိဌာန်ပုတီးစိပ်နည်း



နိဒါနမင်္ဂလာ၊
ဇိနေ့ာမယှံဇယံဒေတု။

ဤသတ္တဌာနအစိဌာန်ပုတီးစိပ်နည်း ထွက်ပေါ်လာရခြင်းအကြောင်းမှာ ပြည်မြို့ ရတနာမာရ်အောင်တောရ ကျေးဇူးတော်ရှင်ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီးသည် -


အတ္တာန မေဝ ပဌမံ၊
ပဋိရူပေ၊ နိဝေသယေ၊
အထည မနုသာသေယျ၊
နိကိလိသေယျ၊ ပဏ္ဍိတော။

ပထမရှေးဦးစွာ မိမိကိုယ်ကို သင့်တော်သောအကျင့်၌ သွင်းထားရမည်။ ထို့နောက်မှ သူတစ်ပါးကို မိမိကဲ့သို့ဖြစ်အောင် သွင်သင်ဆုံးမနည်းလမ်းညွှန်ပြရမည်ဟူသော ဓမ္မပဒတ္ထဝဂ်ဥပနန္ဒဝတ္ထုကို နည်းယူလျက်။

ရှင်သာမဏေဘဝမှ အစပြု၍ ရဟန်းသိက္ခာ (၁၅) ဝါရသည့်တိုင်အောင် တောတောင်အထပ်ထပ် အမျိုးမျိုးသော ထိုထိုအရပ်တို့၌ သမထ၊ ဝိပဿနာတရားတော်များကို ကိုယ်တော်တိုင် ကျင့်ကြံပွားများ အားထုတ်တော်မူခဲ့သော ကျင့်စဉ်များထဲမှ ဤကျင့်စဉ်အား သားတပည့်ဖြစ်သူ ဦးသန်းလွင် (ရွှေတောင်) အား မေတ္တာကရုဏာရှေ့ထား၍ (၇) ရက်သားသီးများအား လောကီ၊ လောကုတ္တရာအထူးများကို ထူးထူးခြားခြား မုချစံစားရမည် ဖြစ်ကြောင်း ညွှန်ကြားခဲ့၍ စာရေးသူမှ တစ်ဆင့် ကုသိုလ်ပြု ရေးသားအပ်ပါသည်။

မိမိတို့အဆင်ပြေရာ၊ နှစ်သက်ရာ၊ ဘုရား၊ စေတီပုထိုး စသည်တို့တွင် (၉)

သတ္တဌာန
အစိဌာန်ပုတီးစိပ်နည်းအထိုင်အညွှန်း




မှတ်ချက် - မြားအတိုင်သည် ဗုဒ္ဓမျက်နှာမူရာကို ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရက်တိတိအဓိဋ္ဌာန်ပြု၍ အချိန်မှန်မှန် အားထုတ်ရမည်။

ပထမဦးစွာ အဓိဋ္ဌာန်ဝင်မည့် နေရာတွင် သီလဆောက်တည် ပရိတ်ပြု ပြီး 'အနေကဇာတိ သံသာရန်' ဥဒါန်း ဂါထာကို ရွတ်ပါ။ ပြီးလျှင် ပဋိစ္စသမုပ္ပါဒ် အနုလောမ၊ ပဋိလောမကို ရွတ်ဖတ် ပူဇော်ပါ။

ပြီးလျှင် မေတ္တာပို့ အမျှဝေပါ။ မိမိလိုသောဆုကိုတောင်း၍ သစ္စာ အဓိဋ္ဌာန်ပြုလိုက်ပါ။

(၉) ရက်တိတိ မပျက်မကွက် အချိန်မှန်မှန် ဂရုစိုက်၍ စိပ်ပါ။

ဤနည်းနာနိဿယအတိုင်း မှန်ကန်သောသစ္စာပြုခြင်း၊ ထက်သန်သော သဒ္ဓါတရား လက်ကိုင်ထားလျက် ယုံကြည်လေးနက်စွာ အားထုတ်ပါက ဤသတ္တဌာနပုတီးစိပ်နည်းသည် လောကီ၊ လောကီအကျိုးသွားကို ထူးထူးခြားခြား မုချစံစားရမည် ဖြစ်ကြောင်းကို ကိုယ်တိုင်တွေ့ရမည် ဖြစ်သည်။


ပုံ / ဆရာတော်

### သတ္တာဟ (၇) မျိုး


၁။ ပလ္လင်ဂသတ္တာဟ၊
၂။ အနိမိသသတ္တာဟ၊
၃။ စင်္ကမသတ္တာဟ၊
၄။ ရတနာဃရသတ္တာဟ၊
၅။ အဇပါလသတ္တာဟ၊
၆။ မုစ္စလိန္ဒသတ္တာဟ၊
၇။ ရာဇာယတနသတ္တာဟ။

### ၁။ ပလ္လင်ဂသတ္တာဟ

၁။ ဘုရားစေတီ၏ တနင်္ဂနွေထောင့်တွင် နေရာယူပြီး တနင်္ဂနွေထောင့်ကို မျက်နှာပြု၍ ထိုင်လိုက်ပါ။ (ဘုရားကို ကျောပေးသလို ဖြစ်နေပါမည်) အရဟံဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ ပုတီးစိပ်စဉ် ဂုဏ်တော်အနက်ဖြစ်သော လူ၊ နတ်၊ ဗြဟ္မာတို့ ပူဇော်နေပုံကို အာရုံယူလျက် မြတ်စွာဘုရားရှင်သည် (ဗောဓိပင်နှင့် ရွှေပလ္လင်တော်တွင် စံနေတော်မူပုံကို တစ်လှည့် အာရုံပြုပါ။) ပုတီးပတ်စေ့လျှင် မိမိလည်း ဤကဲ့သို့ အပူဇော်ခံရသောသူ ဖြစ်ရပါလို၏ဟု ဆုတောင်းပါ။ ပြီးလျှင် မိမိလိုသောဆုကိုတောင်းပါ။





ပုံစံ (၁) မြတ်ဗုဒ္ဓသည် ဗောဓိပင်နှင့် ပလ္လင်ပေါ်တွင်စံနေတော်မူပုံကိုရှုစားနေပုံ




ပုံစံ (၂) မြတ်ဗုဒ္ဓသည် ဗောဓိပင်နှင့် ရွှေပလ္လင်အား မမှိတ်သောမျက်စိဖြင့် ကြည့်ရှုနေပုံ

### ၂။ အနိမိသသတ္တာဟ

၂။ တနင်္လာထောင့်မှာပင် စနေထောင့်ကို မျက်နှာမူ၍ (ဘုရားစေတီကို မျက်နှာပြုလျက်) မတ်တတ်ရပ်ကာ မျက်စိမမှိတ်ဘဲ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ ပုတီးစိပ်စဉ် ဂုဏ်တော်အနက်ဖြစ်သော 'တရားအပေါင်းကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူခြင်း' ကို အာရုံပြုပါ။ ပုတီးပတ်စေ့လျှင် (ဘုရားရှင်သည် အနိမိသသတ္တာဟ) ဒုတိယသတ္တာဟ ဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်စိဖြင့် ကြည့်ရှုနေတော်မူပုံကိုအာရုံပြုပါ။ ပုတီး (၉) ပတ်စေ့လျှင် မိမိသည် ဤကဲ့သို့ တရားအပေါင်းကို ထိုးထွင်းသိမြင်ရပါလို၏ဟု ဆုတောင်းလိုက်ပါ။ ဆက်လက်၍ မိမိလိုသောဆုကိုတောင်းပါ။




ပုံစံ (၃) မြတ်ဗုဒ္ဓသည် ဗောဓိပင်နှင့် ရွှေပလ္လင်နှင့် အနိမိသဌာနအကြား အရှေ့ အနောက်သွယ်တန်း၍ ရတနာစင်္ကြံတွင်းကြွချီနေပုံ

### ၃။ စင်္ကမသတ္တာဟ

၃။ စေတီရင်ပြင်ပေါ်တွင် အရှေ့မှ အနောက်သို့ စင်္ကြံလျှောက်၍ ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ ပုတီးစိပ်စဉ် ဂုဏ်တော်အနက်ဖြစ်သော 'ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏဆယ့်ငါးပါးနှင့် ပြည့်စုံခြင်း' ကို အာရုံပြု၍ ဘုရားရှင်သည် ဗောဓိပင်အောက် မြောက်ဘက်ရွှေပလ္လင်နှင့် အနိမိသဌာနအကြား အရှေ့၊ အနောက်သွယ်တန်း၍ အတောင်ခြောက်ဆယ်ရှိသော နတ်တို့ဖန်ဆင်းသည့် ရတနာစင်္ကြံတော်တွင် လူးလာတုံ့ခေါက် စင်္ကြံကြွသည့်စင်္ကမသတ္တာဟ တတိယသတ္တာဟကို အာရုံပြုပါ။ ပုတီးစိပ်ရန် စင်္ကြံစလျှောက်လျှင် ညာခြေထောက်ဖြင့် စလှမ်းပါ။ နောက်ပြန်လှည့်သည့်အခါတွင် လက်ယာဘက်သို့လှည့်၍ ပုတီး (၉) ပတ်ပြည့်လျှင် ဝိဇ္ဇာဉာဏ်အပေါင်းနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းလိုက်ပါသည်။ ပြီးလျှင် ဆက်လက်၍ မိမိလိုသောဆုကိုတောင်းပါ။


### ၄။ ရတနာဃရသတ္တာဟ

ရာဟုထောင့်တွင် ဘုရားစေတီရှိရာ အင်္ဂါထောင့်ကို မျက်နှာပြုပြီး သုဂတောဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ သုဂတောဂုဏ်တော်အနက် 'ကောင်းသောစကားကိုဆိုတော်မူတတ်ခြင်း' တစ်လှည့်အာရုံပြုပါ။ ဘုရားရှင်သည် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင် (၄၀) အကွာတွင် နတ်တို့ဖန်ဆင်းသော ရတနာဃရရွှေအိမ်တွင် စံနေတော်မူသော ရတနာဃရ




www.burmeseclassic.com

www.burmeseclassic.com




**ပုံစံ (၄) မြတ်ဗုဒ္ဓသည် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင် (၄၀) အကွာတွင် နတ်တို့ဖန်ဆင်းသော ရတနာဃရရွှေစံအိမ်တွင် စံတော်နေတော်မူပုံ**


သတ္တာဟခေါ် စတုတ္ထသတ္တာဟစံနေတော်မူပုံကို တစ်လှည့်အာရုံပြုပါ။ ပုတီး (၉) ပတ်ပြည့်လျှင် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိ (၉) ခေါက် ရွတ်ဖတ် ပူဇော်ပါ။ 'စတုတ္ထသတ္တာဟတွင် အဘိဓမ္မာ (၇) ကျမ်းကို ဆင်ခြင်တော်မူရာ နောက်ဆုံး ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူသည်နှင့် ကိုယ်တော်မှ ရောင်ခြည်တော်(၆)သွယ် အနန္တစကြဝဠာသို့ ပျံ့နှံ့ထွန်းလင်းလျက် လွှမ်းမိုးသည်' ရွတ်ပြီးလျှင် ကောင်းသော စကားကိုပြောဆိုရပါလို၏ဟု ဆုတောင်းပါပြီးမှ မိမိလိုသောဆုကိုတောင်းပါ။




**ပုံစံ (၅) မြတ်ဗုဒ္ဓသည် ဗောဓိပင်၏ အရှေ့မျက်နှာ(၄၀) အကွာ အဇပါလမည်သော ဆိတ်ကျောင်းပင်ရင်း၌စံနေတော်မူပုံ**

**၅။ အဇပါလသတ္တာဟ**


၅။ တနင်္လာထောင့်တွင် ထိုင်၍ ဘုရားစေတီရှိရာကြာသပတေးအရပ်ကို မျက်နှာမူပြီး လောကဝိဒူဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ ဂုဏ်တော်အနက်ဖြစ်သော 'လောကသုံးပါးကို အကြွင်းမရှိ သိမြင်တော်မူခြင်း' တစ်လှည့်အာရုံပြုပါ။ ဘုရားရှင်သည် ဗောဓိပင်၏အရှေ့မျက်နှာ အတောင် (၄၀) အကွာ အဇပါလမည်သောဆိတ်ကျောင်းညောင်ပင်ရင်း၌ အဇပါလသတ္တာဟခေါ် ပဥ္စမသတ္တာဟစံနေတော်မူပုံကို အာရုံပြု၍ ပုတီး (၉) ပတ်စိပ်ပါ။ ပြီးလျှင် လောကသုံးပါးကိုသိမြင်ရပါလို၏ဟု ဆုတောင်းလိုက်ပါ။ ပြီးမှ မိမိလိုရာဆုကိုတောင်းပါ။




**ပုံစံ (၆) မြတ်ဗုဒ္ဓသည် ဗောဓိပင်၏ အရှေ့(၂၀၄) တောင်အကွာရှိ မုစလိန္ဒရေအိုင်အနီး ကျည်းပင်ရင်း၌ စံနေတော်မူပုံ**

**၆။ မုစလိန္ဒသတ္တာဟ**

အင်္ဂါထောင့်တွင်ထိုင်၍ စေတီရှိရာ ရာဟုထောင့်ကိုမျက်နှာမူပြီး အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ကို ပုတီး (၉) ပတ်စိပ်ပါ။ ဂုဏ်တော်အနက် 'မလိမ္မာမယဉ်ကျေးသူတို့အား လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူခြင်း' ကို အာရုံပြုပါ။ ဘုရားရှင်သည် ဗောဓိပင်၏ အရှေ့တောင် (၂၀၄) တောင်အကွာရှိ မုစလိန္ဒရေအိုင်အနီး ကျည်းပင်ရင်း၌ စံတော်မူစဉ် စကြဝဠာအနှံ့ အခါမဲ့မိုးကြီးစွေနေ၍ မုစလိန္ဒနဂါးမင်းက ကိုယ်တစ်ပိုင်းကိုပလ္လင်ပြုပြီး ဦးခေါင်းတော်ကို ပါးပျဉ်းဖြန့်မိုးကာထားသည့် မုစလိန္ဒသတ္တာဟခေါ် ဆဋ္ဌမသတ္တာဟစံတော်မူပုံကို အာရုံပြုပါ။ ပုတီး (၉) ပတ် ပြည့်ပြီးသည်နှင့် မလိမ္မာမယဉ်ကျေးသူတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်ရပါလို၏ဟု ဆုတောင်းပါ။ ပြီးမှ မိမိလိုရာဆုတောင်းလိုက်ပါ။




**ပုံစံ (၇) မြတ်ဗုဒ္ဓသည် ဗောဓိပင်မှ အတောင် (၁၆၀) ကွာ လင်းလွန်းပင်ရင်း၌ ရာဇာယတနသတ္တာဟစံနေတော်မူပုံ**

**၇။ ရာဇာယတနသတ္တာဟ**

ဗုဒ္ဓဟူးထောင့်မှာထိုင်၍ ဘုရားစေတီရှိရာသောကြာထောင့်ကို မျက်နှာမူပြီး သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ ဂုဏ်တော် (၃) ပါးစလုံးကို ပုတီးတစ်လုံးချ၍စိပ်ပါ။ ဂုဏ်တော်သုံးပါးအနက် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ဆရာကြီးတစ်ဆူ သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်သိမြင်ပုံ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံခြင်းတို့ကို တစ်လှည့်အာရုံပြုပါ။ မဟာဗောဓိပင်မှ အတောင် (၁၆၀) အကွာ လင်းလွန်းပင်ရင်း၌ ရာဇာယတနသတ္တာဟခေါ် သတ္တမမြောက်သတ္တာဟစံနေတော်မူပုံကို အာရုံပြုပါ။ ပုတီး (၉) ပတ်ပြည့်လျှင် ဆရာတစ်ဆူဖြစ်၍ သစ္စာလေးပါးကို သိမြင်နားလည်ပြီး ဘုန်းကံအပေါင်းနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းပါ။ ပြီးလျှင် မိမိလိုရာဆုကိုတောင်းပါ။

ဆရာတော်ကြီး၏ ကျင့်စဉ်များအနက် တစ်စိတ်တစ်ဒေသဖြစ်သော ဤကျင့်စဉ်အား (၇) ရက်သားသမီးများ ကျင့်ကြံပွားများနိုင်ရန်ရည်ရွယ်၍ ဆရာတော်ကြီး၏ လက်ရေးမူအား ကူးယူပြီး ဆရာတော်ကြီးအား ပူဇော်သည့်အနေနှင့် ထပ်ဆင့် ကုသိုလ်ပြု ရေးသားထားပါကြောင်း တင်ပြအပ်ပါသည်။

ဘဦး (ရွှေဘောင်)



www.burmeseclassic.com

www.burmeseclassic.com

# မင်းတုန်းမင်းလက်ထက် ဆောက်လုပ်ရေးဥပဒေ

**ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)**

မျက်မှောက်ခေတ်ကာလတွင် အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီးအဆောက်အအုံများပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို လုပ်ဆောင်လိုပါက ဥပဒေနှင့်အညီ လုပ်ဆောင်ရပေသည်။ ရတနာပုံခေတ်တွင်လည်း ရွှေနန်းတော်၊ လွှတ်တော်၊ ရှေ့ရုံး၊ တရားရုံး၊ နောက်ရုံး၊ ရွှေမြို့တော်မြို့ရိုး တံခါး (၁၂) ရပ်၊ ထောင့်ပြကြီး၊ ပြငယ် ပြာသာဒ်မှစ၍ အရပ်ရပ်တိုက်တန်းတင်းကုပ်၊ တန်ဆောင်း၊ လမ်းမ၊ လမ်းသေးလုပ်ဆောင် ပြီးပြေသည့်အလုပ်တော်များကို ထပ်မံကြည့်ရှုပြင်ဆင်ရန် ဥပဒေထုတ်ပြန်ထားကြောင်း သိရှိရသည်။ အလုပ်အဆောင်တော်ဥပဒေဟုခေါ်ဆိုသည့် ဥပဒေပါ အချက်ပေါင်း (၁၅) ချက်ရှိကြောင်း သိရှိရသည်။

၁။ တံခါးနီတော်ပြင် ရွှေတော်ယူတံခါးအတွင်း၊ လွှတ်တော်၊ စွယ်တော်စင်၊ ပဟိုရ်စင်၊ လက်နတ်တိုက်၊ ဒင်္ဂါးတိုက်မှစ၍ တိုက်တန်းတင်းကုပ်များမှာ ပျက်စီးယိုယွင်း၊ ပြင်ဆင်လုပ်ဆောင်ရန်ရှိ၊ မရှိများကို သင့်ရာအသုံးစာရေး (၁) (၁၀) ရက်တစ်ကြိမ် လှည့်ပတ်ကြည့်ရှုစေ၍ ပျက်စီးယိုယွင်းရှိသည်ကို ကုန်ဝင်ရန်စာရင်းနှင့် လျှောက်ထားစေမည်။

၂။ နန်းမြို့တော်အုတ်ရိုး၊ သစ်တပ်တံခါး၊ ဝင်းလေးမျက်နှာရုံး၊ အိပ်ဖန်တဲ၊ ဂျွမ်းတဲ၊ မြင်းတန်း၊ လွှတ်စေလေးတန်း၊ လက်ရသုံးတန်းများကိုလည်း သင့်ရာအသုံးစာရေး (၁) (၁၀) ရက်တစ်ကြိမ် ကြည့်ရှုစေ၍ ပျက်စီးယိုယွင်းရှိသည်များကို ကုန်ဝင်ရန်စာရင်းနှင့် လျှောက်ထားစေမည်။

၃။ အသုံးစာရင်းတင်စာရင်းကို အတွင်းတော်သို့သွင်း၍ ငွေတော်ထုတ်ယူပြီးလျှင် သင့်ရန်စာရေးကြီးကို လုပ်ငန်းအလျောက် ပြီးထောက်တန်အောင် ခံဝန်လုပ်ဆောင်စေမည်။

၄။ တံခါးနီတော်အတွင်း ရွှေနန်းတော်ကြီး၊ ဥယျာဉ်တော်၊ စံနန်းတော်၊ ရွှေတိုက်၊ စာရင်းတိုက်၊ အချုပ်တိုက်၊ ဝေါတိုက်မှစ၍ အရပ်ရပ်တိုက်တန်းတင်းကုပ်များမှာ ပျက်စီးယိုယွင်းပြင်ဆင်လုပ်ဆောင်ရန်ရှိ မရှိများကို သင့်ရာပြတိုက်သံဆင့် (၁) (၁၀) ရက်တစ်ကြိမ် လှည့်ပတ်ကြည့်ရှုစေ၍ ပျက်စီးယိုယွင်းရှိသည်များကို အတွင်းတော်က မှာတမ်းထုတ်စေမည်။

၅။ မှာတမ်းအရ သင့်ရာစာရေးကြီးအသုံးစာရေးတို့ကို ကုန်ဝင်ရန် စာရင်းတွက်ချက် လျှောက်ထားငွေတော်ထုတ်ယူပြီးလျှင် လုပ်ငန်းအလျောက် ပြီးထောက်တန်အောင် ခံဝန်လုပ်ဆောင်စေမည်။

၆။ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံး၊ ထောင်လက်မထောက်အာဏာစိုးတန်းများကို ဆိုင်ရာအသီးသီး ကြည့်ရှုစေပြီးလျှင် ပျက်စီးယိုယွင်း ပြင်ဆင်လုပ်ဆောင်ရန်ရှိသည်များကို လွှတ်တော်မှာ လျှောက်ထားစေမည်။

၇။ ပြင်ဆင် လုပ်ဆောင်ရန်ရှိကြောင်း လျှောက်ချက်အရ စာရေးကြီးအသုံးစာရေးတို့ကို ကြည့်ရှုတိုင်းတာတွက်ချက်စေ၍ စာရင်းဆက်သွင်းပြီးလျှင် ငွေတော်ထုတ်ယူ ဆိုင်ရာသို့ပေးအပ်ခံဝန်ချက်နှင့် လုပ်ဆောင်စေမည်။

၈။ ရွှေမြို့တော်ကြီး တံခါး (၁၂) ရပ်၊ ပြ (၃၂) ရပ်၊ ထောင့်ပြကြီး (၄)ရပ်များမှာ ပြင်ဆင်လုပ်ဆောင်ရန်ရှိသည်များကို စာရင်းရန်ထားရန်ပါ ခံဝန်လုပ်



www.burmeseclassic.com

ဆောင်သူတို့သို့ ငွေတော်ပေးအပ်ရှိသည့် အတိုင်း ပြီးပြေအောင် မပြတ်နိုးဆော် လုပ်ဆောင်စေပြီးလျှင် စာရင်းကျ လူတို့က မပြတ်ကြည့်ရှုစေ၍ ပျက်စီးယိုယွင်း ရှိ၊ မရှိများကို (၁၀) ရက်တစ်ကြိမ် လျှောက်ထားစေမည်။

၉။ ရွှေမြို့တော် မြို့တွင်း၊ မြို့ပြင် လမ်းများမှာ တံခါးလမ်း (၇) တာ၊ ပြ လမ်း (၅) တာ သတ်မှတ် ပိုင်းခြားထားသည့်အတိုင်း လမ်းပြင်စာရင်းပါ အရာရှိတို့က ပုံစံတော်ကျအောင် တိုင်းတာစေမည်။

၁၀။ စာရင်းပါအရာရှိတို့က တိုင်းတာရာ လမ်းစဉ်မဖြောင့်၍ဖြစ်စေ၊ ပိုမိုကာရံ၍ဖြစ်စေ ပုံတော်နှင့် မညီရှိသည်များကို ပုံစံရေးသားလျှောက်ထားစေ၍ ပုံစံတော်နှင့်ညီအောင် ဖျက်သိမ်းစေမည်။

၁၁။ ရွှေမြို့တော် မြို့တွင်း၊ မြို့ပြင် လမ်းမ၊ လမ်းသေး၊ ရေမြောင်းနင်းကြမ်းများမှာ စာရင်းပါအရာရှိတို့က ကောက်ခံရငွေတော်များနှင့် ပြင်ဆင်လုပ်ဆောင်စေမည်။

၁၂။ ရတနာပုံ ရွှေမြို့တော်ကြီး မြေမြို့အတွင်း ဘုရား၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ တံတားများကို တည်ထားလုပ်ဆောင် ကိုးကွယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထား၍ လွှတ်တော်ကချထားရာ အရပ်အကွက်များမှာသာ ဆောက်လုပ်တည်ထားကိုးကွယ်စေမည်။

၁၃။ တရုတ်၊ ကုလား၊ ပုဏ္ဏားကသည်လူမျိုးတို့ အမျိုးဘာသာကျောင်း ဇလီတိုက် ဆောက်လုပ်လိုလျှင်လည်း အလိုအလျောက် အဆောက်အလုပ်မရှိစေရ။ လွှတ်တော်မှာ လျှောက်ထား၍ ချထားရာအရပ်အကွက်မှာသာဆောက်လုပ်စေမည်။

၁၄။ ရွှေမြို့တော်ကြီးအတွင်း ရပ်စုကွက်စုများမှာ အမျိုးဘာသာဆောက်လုပ်ကိုးကွယ်ကြသည့် ကျောင်း၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ဇလီတိုက်၊ ရေတွင်း၊ ရေကန်၊ တံတားများကိုလည်း ရှေ့ရုံးအရာရှိတို့က ကြည့်ရှုမှတ်သား၍ ဦးရေ နေရပ်ပုံစံစာရင်းနှင့် လျှောက်ထားစေမည်။

၁၅။ ကျောင်း၊ ဘုရား၊ ဇလီတိုက် ရာမြေ၊ တိုက်အိမ်၊ ဝင်းအိမ်၊ တန်းအိမ်များနှင့် တိုက်ရာဝင်းရာအိမ်ရာမြေ၊ ခြံ ဥယျာဉ်လယ်ယာမြေများကိုလည်း အလိုအလျောက် အရောင်းအဝယ်မရှိစေရ။ ရောင်းဝယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထား ရောင်းဝယ်စေမည်။

အလုပ်တော်၊ အဆောင်တော် ဥပဒေကို လေ့လာကြည့်သောအခါ ရတနာပုံခေတ်သည် ပဒေသရာဇ်ခေတ်ဖြစ်သော်လည်း ရွှေနန်းတော်၊ လွှတ်တော်၊ ရှေ့ရုံး၊ တရားရုံး၊ နောက်ရုံး၊ ရွှေမြို့တော်မြို့ရိုးတံခါး (၁၂) ရပ်၊ ထောင့်ပြကြီး၊ ပြငယ်၊ ပြဿဒ်မှစ၍ အရပ်ရပ် တိုက်တန်းတင်းကုပ်၊ တန်ဆောင်းစသည့် အဆောက်အအုံများနှင့် လမ်းများပျက်စီးမှုရှိမရှိ၊ ပြင်ဆင်လုပ်ဆောင်ရန်ရှိ၊ မရှိကို အမြဲကြည့်ရှုစစ်ဆေးလေ့ရှိကြောင်း သိရှိရသည်။ ယင်းတာဝန်ကို အသုံးစာရေးက တာဝန်ယူရသည်။ အသုံးစာရေးဆိုသည်မှာ ရွှေနန်း၊ ရွှေအိမ်အဆောက်အလုပ်နှင့်တကွ ကျောင်း ဘုရားစေတီစသော အလုပ်တော်၊ တစ်ဆယ့်သုံးရာသီမင်းပွဲသဘင်နှင့် စပ်ဆိုင်သော လောကုတ်၊ လောကီနှစ်ဖြာသော အလုပ်အဆောင်တော်များကို တည်ထားလုပ်ဆောင်ရသူဖြစ်ကြောင်း သိရှိရသည်။ 'အသုံးစာရေး' ကို ညောင်ရမ်းခေတ်က 'အသုံးစာရေးကြီး' ဟူ၍ အမိန့်တော်မှတ်သည်။

အသုံးစာရေးသည် (၁၀) ရက်တစ်ကြိမ် လှည့်လည်ကြည့်ရှုရ၍ ပျက်စီးယိုယွင်းမှုရှိခဲ့သော် ကုန်ကျမည့်စာရင်းကို သက်ဆိုင်ရာသို့ တင်ရသည်။ ထို့နောက် အတွင်းတော်က ငွေတော်ထုတ်ယူပြီးလျှင် စာရေးကြီးဟာ လုပ်ငန်းပြီးစီးသည့်အထိ တာဝန်ယူစေသည်။

တံခါးနီတော်ကြီးအတွင်း ရွှေနန်းတော်ကြီး၊ ဥယျာဉ်တော်၊ စံနန်းတော်၊ ရွှေတိုက်၊ စာရင်းတိုက်၊ အချုပ်တိုက်၊ ဝေါတိုက်မှစ၍ အရပ်ရပ်တင်းကုပ်များ ပြင်ဆင်လုပ်ဆောင်ရန် ရှိ မရှိကို တာဝန်ယူရသူမှာ ဖြတိုက်သံဆင့် ဖြစ်သည်။ ဖြတိုက်သံဆင့်သည် (၁၀) ရက်တစ်ကြိမ် လှည့်ပတ်ကြည့်ရှု၍ ပျက်စီးယိုယွင်းရှိသည်များကို အတွင်းတော်က မှာတမ်းထုတ်ရသည်။

ရွှေမြို့တော်ကြီး တံခါး (၁၂) ရပ်၊ ပြ (၃၂) ရပ်၊ ထောင့်ပြကြီး (၄) ရပ်များ ပြင်ဆင်လုပ်ဆောင်ရန်ရှိပါက စာရင်းကျလူတို့က မပြတ်ကြည့်ရှုစစ်ဆေး၍ (၁၀) ရက်တစ်ကြိမ် လျှောက်ထားရသည်။

မင်းတုန်းမင်းလက်ထက်တွင် မြို့တွင်း၊ မြို့ပြင် အဆောက်အအုံများသာမက ရွှေမြို့တော်မြို့ပြင်လမ်းများကိုလည်း တံခါးလမ်း (၇) တာ၊ ပြလမ်း (၅) တာ သတ်မှတ် ပိုင်းခြားထားသည့်အတိုင်း လမ်းပြင်စာရင်းပါ အရာရှိတို့က ပုံစံတော်ကျအောင် တိုင်းတာရသည်ဟု သိရှိရသည်။ စာရင်းပါအရာရှိတို့က တိုင်းတာသည့်အခါ လမ်းစဉ်မဖြောင့်၍ဖြစ်စေ၊ ပိုမိုရံတာသည်ဖြစ်စေ သတ်မှတ်ထားသော ပုံစံတော်နှင့် မညီညွတ်ပါက ပုံစံရေးသား လျှောက်ထားစေသည်။ ပုံစံတော်နှင့်ညီအောင် ဖျက်သိမ်းစေသည်ဟု သိရှိရသည်။

ရွှေမြို့တော် မြို့တွင်း၊ မြို့ပြင်ရှိ လမ်းမ၊ လမ်းဘေး၊ ရေမြောင်းများ ပြင်ဆင်ရန်ရှိပါက ကောက်ခံရသည့် ငွေတော်များနှင့် ပြင်ဆင်လုပ်ဆောင်ရသည်။

ရတနာပုံရွှေမြို့တော်ကြီး မြေမြို့အတွင်း သာသနိကအဆောက်အအုံများဖြစ်ကြသော ဘုရား၊ကျောင်း၊ဇရပ်၊ တန်ဆောင်များနှင့် ရေတွင်းရေကန်များ၊ တံတားများကို တည်ထား လုပ်ဆောင် ကိုးကွယ်လိုလျှင် လွှတ်တော်မှာ လျှောက်ထားရသည်။ ထို့နောက် လွှတ်တော်က ချမှတ်ပေးသည့် ရပ်ကွက်များတွင်သာ ဆောက်လုပ် တည်ထား ကိုးကွယ်ရသည်ဟု သိရှိရသည်။

မင်းတုန်းမင်းလက်ထက် ရတနာပုံရွှေမြို့တော်ကြီးအတွင်း မြန်မာတိုင်းရင်းသားများသာမက လူမျိုးခြားများဖြစ်ကြသော တရုတ်၊ ကုလား၊ ပုဏ္ဏားကသည်းလူမျိုးတို့လည်း နေထိုင်ကြသည်။ သို့ဖြစ်၍ ယင်းတို့ကိုးကွယ်သည့် ဘာသာ ယုံကြည်မှုလိုက် ကျောင်း ဘုရား၊ ဇလီတိုက် ဆောက်လုပ်လိုပါက လွှတ်တော်မှ လျှောက်ထားစေသည်။ လွှတ်တော်ကချထားသည့် ရပ်ကွက်မှာသာ ဆောက်လုပ်ရသည်။ သို့ဖြစ်၍ မင်းတုန်းမင်းလက်ထက်တွင် ဘာသာရေး လွတ်လပ်ခွင့်ရှိသည်ဟု ဆိုနိုင်သည်။

(ဆက်လက်ဖော်ပြမည်)

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး** -

ရတနာပုံခေတ် တရားဥပဒေများ (ဒုတိယတွဲ)

စုဆောင်းတည်းဖြတ်သူ - တင် (ရှေးဟောင်းစာပေသုတေသီ ဦး)



www.burmeseclassic.com

www.burmeseclassic.com

# ရုရှားပြန်လှိုင်ထိပ်ခေါင်တင်၏သားတော်

တင်နိုင်တိုး



၃ - ၆ - ၁၉၄၈ ရက်စွဲပါ ဟံသာဝတီသတင်းစာတွင် ထူးထူးခြားခြား သတင်းတစ်ပုဒ်ပါရှိပါသည်။ သတင်းခေါင်းစဉ်က 'ရုရှားပြန်လှိုင်ထိပ်ခေါင်တင်၏ သား' ဟူ၍ ဖြစ်ပါသည်။ သတင်းခေါင်းစဉ်က ထူးခြားလှသကဲ့သို့ အကြောင်းအရာကလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

သတင်းပါ ဖော်ပြချက်အရ မေလ ၃၁ ရက်နေ့က မြိတ်မြို့သို့ ကော့သောင်းမြို့မှ ဖမ်းဆီးရမိသည်ဆိုသော မင်းသားတစ်ပါးကို ရဲဗမာများက ခေါ်ဆောင်လာပါသည်။ ယင်းမင်းသားဆိုသူကို မြို့မဌာနာ၌ ဖမ်းဆီးချုပ်နှောင်ထားလိုက်သည်။ ထို့နောက် မေးမြန်းစစ်ဆေးပြီး ရန်ကုန်သို့ ဆက်လက်ပေးပို့ရန် စီစဉ်ကြသည်။ ရန်ကုန်သို့မပို့မီ မြိတ်မြို့ မြို့မဌာနာ၌ အင်စပက်တော် မစ္စတာဟာဒင်နှင့် ရဲအရာရှိများက စစ်ဆေးမေးမြန်းကြသည်။

မင်းသားဆိုသူမှာ ယိုးဒယားနိုင်ငံ ရနောင်းဘက်မှတစ်ဆင့် ကော့သောင်းသို့ကူးလာစဉ် ခွင့်ပြုလက်မှတ်မပြနိုင်သဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသူအား မေးမြန်းစစ်ဆေးကြည့်တော့ စိတ်ဝင်စားဖွယ်ကောင်းသော သူ၏ဘဝဇာတ်ကြောင်း ပေါ်လာပါသည်။ သူက ရွှေကူမင်းသားနှင့် ကြင်ရာတော် လှိုင်ထိပ်ခေါင်တင်ခေါ် ခေါင်ဖုရားတို့က ရွှေဘိုခရိုင် စမုံကျေးရွာတွင် ဖွားမြင်ခဲ့သူဖြစ်ကြောင်း ဆိုသည်။ သူ၏ဆွေမျိုးသားချင်းများ ရွှေဘိုမင်္ဂလာဈေးရပ်ကွက်တွင် နေထိုင်ကြကြောင်း ပြောပြသည်။

အင်စပက်တော်ကမေးမြန်းသောအခါ သူ၏အဆက်အနွယ်အကြောင်း၊ ဆွေမျိုးသားချင်းများအကြောင်းကို လုံးစေ့ပတ်စေ့ ပြောပြသည် ဆိုသည်။ သူက ဂျာမနီတွင် ဦးရွှေဇ ဆိုသူ နောင်တော်တစ်ပါးရှိသေးကြောင်း ပြောပြပါသည်။ သူလိုအဖြစ်အပျက်အတွေ့အကြုံများက ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖတ်ရှုရသည့်နှယ်ဖြစ်ပါသည်။ ထိုသူ နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားပုံကလည်း စိတ်ဝင်စားစရာပင်။

၁၃၀၀ပြည့်အရေးတော်ပုံအတွင်း ဗိုလ်အောင်ကျော် ကျဆုံးသွားပြီးနောက် နောင်တော်ဘုန်းတော်ကြီးတစ်ပါးနှင့် အတူ မဲဆောက်မှတစ်ဆင့် ယိုးဒယားသို့ ရောက်ရှိလာခဲ့သည်။ ထိုမှတစ်ဆင့် တရုတ်ပြည်၊ အင်ဒိုချိုင်းနား၊ ဂျပန်ပြည်၊ ရုရှားပြည် မော်စကိုမြို့တော်တို့သို့ လှည့်လည်ခဲ့ကြသည်။ အပြန်တွင် ဘန်ကောက်သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ရနောင်းသို့ လာသည်။ ထို့နောက် ကော့သောင်းဘက်သို့ကူးလာစဉ် အဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

သူ၏အမည်ကို မေးမြန်းကြည့်တော့ စောလူးခေါ် နရသူရိန်ဟု ခေါ်ကြောင်း ဆိုသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားစဉ်က နရသူရိန်မင်းသားသည် ဂျပန်ပြည် ယိုကိုဟားမားမြို့တွင်ရှိနေသည်ဆို၏။ မြန်မာပြည်ကို ဗုံးကြဲစဉ်က သူလိုက်ပါလာခဲ့သေးကြောင်းလည်း ပြောပြသည်။ နရသူရိန်၏ ဇာတ်လမ်းက နားလည်ရခက်လှသည်။ ပုလိပ်အင်စပက်တော် မစ္စတာဟာဒင်သည် နရသူရိန်ခေါ် စောလူး ဆိုသူအား စစ်ဆေးမေးမြန်းပြီး သူ၏ ပြောဆိုချက်များကို မှတ်တမ်းတင်ထားလိုက်သည်။

စစ်ဆေးမေးမြန်းချက်များ ပြီးစီးသွားသောအခါ နရသူရိန်က ရန်ကုန်မြို့ရှိ သူရိယသတင်းစာတိုက်သို့ ကြေးနန်းရိုက်လိုကြောင်း ခွင့်ပန်ခဲ့သည်။ သို့သော် နောက်ပိုင်းအခြေအနေများကိုမူ မသိရတော့ပေ။ ဤသတင်းကို ဖတ်ရှုရပြီးနောက် စဉ်းစားစရာများရှိလာပါသည်။ အခြေအနေအရပ်ရပ်ကို တွက်ဆကြည့်တော့ ရွှေကူမင်းသား ဆိုသည်မှာ မင်းတုန်းမင်း၏သားတော်ကို ဆိုလိုခြင်း ဖြစ်မည် ထင်ပါသည်။ ဘိုးတော်ဘုရား၏ သားတော်များထဲတွင် ရွှေကူမင်းသား ဟူ၍ရှိသော်လည်း အလှမ်းကွာဝေးလှပါသည်။

မင်းတုန်းမင်း၏ သားတော်များထဲတွင် သက်ပန်းမိဖုရား သီရိသုမဟာဒေဝီမှ ဖွားမြင်သော သတိုးဗညားလောဘွဲ့ခံ ရွှေကူမင်းသားတစ်ပါးရှိပါသည်။ ယင်းရွှေကူမင်းသားသည် ဆင်ရှင်မင်းသမီး သီရိမင်္ဂလာဒေဝီနှင့် လက်ဆက်ခဲ့သူ ဖြစ်ပါသည်။ ရွှေကူမင်းသား၏ ဇနီးကြင်ရာက ယခုသတင်းပါ လှိုင်ထိပ်တင်ခေါ် ခေါင်ဖုရားလည်း မဟုတ်ပါ။ မင်းတုန်းမင်းလက်ထက်က လှိုင်ထိပ်ခေါင်တင်ဆိုလျှင် အိမ်ရှေ့စံကနောင်မင်းသားကြီး၏ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်ကိုသာ ပြေး၍မြင်ယောင်မိပါသည်။ ယင်းလှိုင်ထိပ်ခေါင်တင်၏သားတော်က ထန်းတပင်မင်းသား ဖြစ်သည်။

နရသူရိန်မင်းသားဆိုသူ၏အပြောကို ပြန်လည်ဆန်းစစ်ကြည့်တော့ အကဲဖြတ်ရ ခက်ခဲနေပါသည်။ ကုန်းဘောင်ခေတ်နှောင်းကာလတွင် အခြားရွှေကူမင်းသားတစ်ပါးပါးရှိနေသေးသလော။ သို့မဟုတ် ဘိုးတော်ဘုရားလက်ထက် ရွှေကူမင်းသားမှ ဆင်းသက်လာသူတစ်ဦးလော။ သို့မဟုတ် ရွှေကူမင်းသား သတိုးဗညား၏ ကြင်ရာတော်တစ်ပါးပါးမှ ဖွားမြင်သူတစ်ဦးဖြစ်သလော သေချာစွာမသိရပေ။

သတင်းစာတွင် ယင်းသတင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲသတင်းအချက်အလက်များကို ဆက်လက် ရှာဖွေကြည့်တော့လည်း ထပ်မံမတွေ့ရတော့ပေ။ နရသူရိန်ခေါ် စောလူးသည် အမှန်တကယ်ပင် မင်းမျိုးမင်းနွယ်တစ်ဦးဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် သတင်းအချက်အလက် စုံလင်စွာ မသိရှိရသဖြင့် မည်သူမည်ဝါဖြစ်သည်ကို သေချာစွာမသိရပါ။ သတင်းစာပါ ဖော်ပြချက်အရ နရသူရိန်ခေါ် စောလူးကို မြိတ်မြို့ဌာနတွင် လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ကာ ရန်ကုန်မြို့သို့ လွှဲပြောင်းပေးလိုက်သည်ဟု မှတ်ယူရပါသည်။

မည်သို့ဆိုစေကာမူ ရုရှားပြန်လှိုင်ထိပ်ခေါင်တင်၏သားတော်သတင်းက ထိုခေတ်ကာလက နန်းတွင်းအဆက်အနွယ်များအကြား စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ်ဖြစ်ခဲ့မည်မှာတော့ အမှန်ပင် ဖြစ်ပါသည်။

တင်နိုင်တိုး

**ကျမ်းကိုး -**


၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(တတိယအုပ်) (ဦးမောင်မောင်တင် KSM, ATM)

၂။ ၃-၆-၁၉၄၈ ရက်စွဲပါ ဟံသာဝတီသတင်းစာ




www.burmeseclassic.com

www.burmeseclassic.com

## မင်းပြည့်

# မြင်ပုံဆန်းသည့် တန်းကပ်

တစ်ခါက သူငယ်ချင်းတစ်ယောက်ကို -

"မင်းဘာ[illegible] မင်းအမေနာမည်က [illegible] ကျောက်တစ်ခုမှားဝင်လိုက်ရင် [illegible] အမြီးကိုသွားထိလိမ့်မယ်"

ဆိုပြီး ပြောခဲ့တာလေးနဲ့ပတ်သက်ပြီး သတိတရရှိလာလို့ ဒီပညာခန်းကို တင်ပြလိုက်ရပြန်ပါတယ်။

မနှစ်ကပါ။

သူငယ်ချင်းဝင်းအောင်တစ်ယောက် အိမ်လာလည်တော့ သူ့ကျန်းမာရေး မကောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စကားစပ်မိရာက သူ့ရဲ့သက်ရောက်တိုင်ကိုချိန်ကြည့်လိုက်တော့ -

၃ ၃
* ၄ ၄
၃ ၃
( ၂ ၂ )
၁ ၁
၀ ၀
၆ ၆

ဓသာကြာသက်ရောက်ရောက်နေပါတယ်။ ဘာပဲပြောပြော ဒီလိုသက်ရောက်မျိုးတွေဆိုတာ အဖေးမိတာတို့ ရင်ပြည့်တာတို့မဖြစ်အောင် အတော်သတိထားရတဲ့ သက်ရောက်တွေပါပဲ။

သူငယ်ချင်းကိုလည်း အဲဒီလိုလေးတွေသတိပေးရင်း သူကလည်း ခဏခဏ နှာခေါင်းတစ်ခွီးခွီးဖြစ်နေတာကိုပြောရင်း ခုနပြောတဲ့ တန်းကပ်က တနင်္လာအကြောင်းကိုရောက်သွားပါတယ်။ သူကလည်း အယုံရှေ့ရနှာဆောင်ပေမယ့် မေ့သွားတာလား၊ အမှတ်တမဲ့ဖြစ်သွားတာလားတော့ မသိပါဘူး။

တစ်နေ့ မွန်းမလွဲတလွဲအချိန်လေးမှာ ကျွန်တော့်ဆီကို သူငယ်ချင်းပြန်ရောက်လာပါတယ်၊ မျက်နှာမကောင်းဘူး။

ကျွန်တော်က -

"သူငယ်ချင်းဘာဖြစ်တာလဲ၊ မင်းမျက်နှာက"

လို့ ပြောလိုက်တော့ -

"သူငယ်ချင်းရာ မင်းပြောရင်လည်းခံရမှာပဲ။ ငါ့အမေချော်လဲလို့ကွ၊ ခါးတော်တော်နာသွားတယ်။ သနားပါတယ်ကွာ၊ ရေတောင်မချိုးနိုင်ရှာဘူး။ အဲဒီလိုလည်းဖြစ်ကရော ငါ့အမေချော်မလဲခင် (၂) ရက်က ငါဝယ်ထားလိုက်မိတဲ့ ကျောက်စိမ်းဟန်းချိန်းလေးကိုပြေးသတိရလိုက်တယ်ကွာ။ အဲဒီကျောက်စိမ်းဟန်းချိန်းဝင်တုန်းက မင်းသတိပေးထားတာကို တကယ်ကိုမေ့သွားတာပဲ။ သူငယ်ချင်းရာ မင်းအပြစ်တင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

[illegible] အဲဒီကျောက်လက် [illegible] (၂) ရက်အကြာမှာ ငါ [illegible]ပေးသာတာပဲ။ အဲဒါ ငါ့အမေ [illegible] ငါ့ဘာပြန်လုပ်ပေးရင် ကောင်း [illegible]

ဆိုလို့ -

"ကဲ - မင်းတို့နဲ့နီးတဲ့ဈေးကိုသွား၊ လက်မယှ်ဆဲဆဲ ကြက်တစ်ကောင်ကို ဈေးမဆစ်နဲ့ဝယ်။ ပြီးရင် ဘုရားတစ်ဆူ ဆီမှာ [illegible] လိုက်၊ မင်း [illegible]"

[illegible]

[illegible] ဆရာ [illegible]ရင်းမှာ [illegible] တာပေါ့၊ သူလည်း [illegible] လုပ်လိုက်ခဲ့တော့မကဘူး၊ သူ [illegible] လက်ကောက်ကိုပါ သူမှာ [illegible] လိုက်ပါတော့တယ်။

သူငယ်ချင်းလိုပဲ [illegible] နောက်တစ်ယောက်ကတော့ -

သူကတစ်မျိုး။

သူကတော့ သူဖြစ်ပြီးမှရောက်လာတာ။

သူနဲ့စကားပြောရင်း သူ့လက်ရောက်ကို တွက်ကြည့်လိုက်တော့ -



www.burmeseclassic.com

www.burmeseclassic.com

၂ ၂
* ၁ ၁
၀ ၀
( ၆ ၆ )
၅ ၅
၄ ၄
၃ ၃

တနင်္လာသက်ရောက်ကိုရောက်နေတဲ့ 'တနင်္ဂနွေသမီး' ဖြစ်နေလို့။

"သော့ချိတ်ကလေးတွေ လက်ဆောင်ရရင်တောင်မယူနဲ့"

လို့ ပထမဦးဆုံး စကားကိုစလိုက်ပါတယ်။ အဲ့ဒီမှာတင် သူဟာ အံ့အားသင့်တဲ့မျက်လုံးနဲ့ အကြာကြီးကြည့်နေပြီး -

"အဲဒီလို သော့ချိတ်ဝင်ရင် ဘာဖြစ်တတ်လဲ အစ်ကို"

လို့ ပြန်မေးပါတယ်။

"သော့ချိတ်ဝင်ရင် စကားပြောမှားတာတွေဖြစ်တတ်တယ်။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်အောက်ပိုင်း ကျန်းမာရေးမကောင်းတာတွေလည်း ဖြစ်နိုင်တယ်လို့"

ပြောတုန်းရှိပါသေးတယ်။

"အဲ့ဒါဆိုရင် စိတ်တွေရှုပ်ထွေးတာနဲ့ စကားပြောတွေမှားကုန်တာရောဆိုင်လား"

လို့ မေးပါတယ်။

"ဆိုင်တာပေါ့"

ဆိုတော့မှ စားပွဲပေါ်မှာ တင်ထားတဲ့ သူ့ပိုက်ဆံအိတ်လေးကို ဖွင့်လိုက်ပြီး အထဲကလက်ကိုင်ဖုန်းလေးမှာ ချိတ်ထားတဲ့ ရွှေရောင်သော့ချိတ်လေးတစ်ခုကို မြှောက်ပြပါတယ်။ ရွှေရောင်ကြီးလှလှလေးနဲ့ ရွှေရောင်ဆင်ရုပ်ပုံလှလှလေးပါပဲ။

ကျွန်တော်က သူပြတဲ့ ရွှေဆင်ရုပ်ကလေးကိုကြည့်ပြီး လန့်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကလေးဘဝထဲက အဖေသင်သင်ပေးလေ့ရှိတဲ့ အင်္ဂဝိဇ္ဇာပညာမှ နာမည်ကျော် 'စောလှလှေဆန်' ကိန်းမိသွားလို့ပါပဲ။

၅
၂
၆
၁ ←— တနင်္ဂနွေသမီး
ရွှေ ၄
၀
ဆင် → ၃

ဒီစောလှလှေဆန်ကိန်းဟာ မူလအလယ်အချာကိန်းဖြစ်တဲ့ တနင်္ဂနွေပရိယာယ်မှန်သမျှကို ပျက်ပြားသွားစေတယ်လို့ ကျွန်တော်တို့ သင်ကြားထားရပါတယ်။

ဒီလို ပရိယာယ်ကို စဉ်းစားလိုက်ရင် ဒီတနင်္ဂနွေသမီးဟာ ဦးခေါင်းမကောင်းနိုင်တော့ပါဘူး။

ဦးခေါင်းမကောင်းဘူးဆိုတာ သူ့ရဲ့အတွေးအခေါ် အယူအဆတွေလွဲမှားတာကို ဆိုလိုတာပါ။ ဒါဖြင့် သူဟာ စဉ်းစားမှုတွေဆက်တိုက်မှားလာရင် မကြာခဏမှားတော့မယ်ဆိုတဲ့ သဘောအရ သော့ချိတ်ဝင်လာလို့ စကားအရာအတိမ်းအစောင်း အမှားအယွင်းတွေဖြစ်တာ မထူးဆန်းပါဘူး။

သူ့စိတ်တွေ ရှုပ်ထွေးသွားရတာအဲ့ဒါ အဖြေပါပဲ။ စကားပြောတွေမှားကုန်ရတဲ့ အကြောင်းအရင်းပါပဲ။

၂ ၂
၁ ၁
၀ ၀
* ၆ ၆
၅ ၅
၄ ၄
၃ ၃

*(သော့ချိတ်ဝင်၍ စကားအရာနှင့်ဆိုင်သောအကြောင်းကို ထိခိုက်ခဲ့ရသည်။)*

ဒီလိုမျိုးတွေ တစ်ချက်တစ်ချက်တွေ့လာတော့ တန်းကပ်မှာရှိတဲ့ ဂြိုဟ်တွေရဲ့သတ္တိတွေကို သတိထားမိတုန်းဖြုန်းဆို သူငယ်ချင်းတစ်ယောက်ရဲ့ အမေ။ အဲ့ဒီအဒေါ်တစ်ယောက်နဲ့ ဆောင်ဖို့၊ ရှောင်ဖို့လေးတွေ ပြောခဲ့ရတုန်းက ပညာတော်တော်ရခဲ့တာလေးကို ထပ်ပြီးတင်ပြချင်ပါသေးတယ်။

အဲ့ဒီအဒေါ်များဆို ဘယ်လိုမှ မထင်ရတဲ့ကိစ္စ ဖြစ်သွားတာမျိုး။

သူက ဗုဒ္ဓဟူး။

၃ ၀
၂ ၆
၁ ၅
၀ ၄ *
၆ ၃
၅ ၂
* ၄ ၁

ရောက်နေတဲ့ သင်္ဂြိုဟ်ရောက်ကကြာသပတေးမှာ။ သူကတော့ သူများဆီက နာရီလက်ဆောင်ရတာ။ ဘာဖြစ်သွားလဲဆိုတော့ နာရီဝင်ပြီး မကြာခင်မှာ ရေချိုးတာကြာလို့ အအေးမိသွားတာရယ်၊ အဲဒီနေ့က အုန်းနို့ခေါက်ဆွဲတွေ စားထားတာရယ်ကြောင့် လေဖြတ်သွားရတယ်။

သူဟာ သူ့ကိုယ်သူအမြဲဂရုစိုက်တဲ့သူ။ သူ့ယောက်ျားရော သူရောဟာ ကျန်းမာရေးနဲ့ပတ်သက်လာရင် ဘာမှ ကြီးကြီးကျယ်ကျယ်သိပ်မဖြစ်ကြဘူး။

ဖြစ်မယ့်ဖြစ်တော့ လေကိုဖြတ်ရော။ ဒီလိုမဖြစ်ခင်က သိတဲ့သူတစ်ယောက်က သူ့ကို သတိလည်းပေးထားတယ်။ အိပ်ရာလည်းရွှေ့အိပ်ခိုင်းထားတယ်။ မေ့သွားတယ်နဲ့တူပါရဲ့။

ဒါကြောင့်မို့ မဝင်သင့်တာတွေအဝင်ရှိရင် အတော်ကို သတိထားရလေ့ရှိပါတယ်။ ဒါလေးများကွာ၊ ဒါလေးဝင်တာများဘာဖြစ်တာလိုက်လို့ဆိုပြီး ပေါ့ပေါ့လျော့လျော့နေလို့မရပါဘူး။ ထိတာက ထိတာပါပဲ။ မီးခဲကိုသိသိနဲ့တက်နင်းရင် ပူသလို မသိလို့တက်နင်းရင်လည်း ပူတတ်တဲ့သဘောလိုပါပဲ။

ဒီလိုတွေ ကံနဲ့ပတ်သက်ပြီး မဝင်သင့်ဘူးလို့ သတ်မှတ်ထားတဲ့ပစ္စည်းတွေအကြောင်း စကားစပ်ရာက သူငယ်ချင်းတစ်ယောက်နဲ့ပြောဖြစ်ပါသေးတယ်။

သူကတော့ အင်္ဂါသားပါ။ အသက် က (၃၃) နှစ်ဆိုတော့ -

၀ ၁
၆ ၀
၅ ၆
* ၄ ၅
၃ ၄ *
၂ ၃
၁ ၂

ဒီလို အင်္ဂါသက်ရောက်မှာပါ သူ့ကံမှာ ဗုဒ္ဓဟူးဝင်လို့မရပါဘူး။ သူ့ ပြောပြထားပါတယ်။

"သူငယ်ချင်း၊ မင်းရွှေရောင် ပစ္စည်းမဝင်စေနဲ့"

ဆိုတော့ -

"ဝင်ရင်ဘာဖြစ်တတ်လဲ" တဲ့။

"ဝင်ရင် မင်းရည်းစားနဲ့ အ မပြေဖြစ်တတ်တယ်"

လို့ ပြောလိုက်တယ်။

သူ့ရည်းစားက ကြာသ နာမည်ရှိတဲ့ မြင့်မြင့်ပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရိရိရွှေး

# အပျိုဖော်ဝင်ချိန် အဆင့်ဆင့်ပြောင်းလဲခြင်းများ

**အပျိုဖော်ဝင်ချိန်ဆိုတာဘာလဲ**

အပျိုဖော်ဝင်ချိန် ဆိုတာ မိန်းကလေးများအတွက် အရေးကြီးတဲ့ အချိန်တစ်ချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ မိန်းကလေးများအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အမှတ်တရနေ့စွဲဆိုလည်း မှားမယ်မထင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အပျိုဖော်ဝင်ချိန်ဆိုတာ အရွယ်ရောက်ပြီးတဲ့အမျိုးသမီးတိုင်း မလွဲမသွေဖြတ်ကျော်ကြရတဲ့ ကာလတစ်ခုပါပဲ။ အပျိုဖော်ဝင်ချိန်နဲ့ ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးက ပညာရှင်တွေဟာ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပေမယ့် အပျိုဖော်ဝင်ချိန်ဆိုတဲ့ အမှတ်အသားဖြစ်တဲ့ ဓမ္မတာသွေးစတင်ပေါ်ခြင်းဆိုတဲ့အကြောင်းကတော့ မပြောင်းလဲတဲ့ သင်္ကေတတစ်ရပ်ပါပဲ။

အဲဒီနောက်တော့ အပျိုစင်ဘဝသို့ ကူးပြောင်းရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွေ၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုတွေအပြင် လိင်ပိုင်းဆိုင်ရာရင့်ကျက်မှုတွေပါ စတင်ဖြစ်ပေါ်လာပါတယ်။ ဒါတွေဟာ အရွယ်ရောက်သူတစ်ယောက်အတွက် မျိုးပွားမှု၊ ခန္ဓာကိုယ်ကြီးထွားရင့်ကျက်မှု စတဲ့ လူ့ဘဝရပ်တည်မှုပြည့်ဝစေရန် သဘာဝတရားရဲ့ လက်ဆောင်လို့ဆိုကြရမှာ ဖြစ်ပါတယ်။ အပျိုဖော်ဝင်ချိန်ကို သတ်မှတ်ရာမှာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး မတူညီကြသလို လူမျိုးတူတဲ့အမျိုးသမီးမှာလည်း တစ်ဦးနဲ့တစ်ဦး မတူညီကြပါ။ တချို့က အသက် (၁၂) နှစ်၊ (၁၃) နှစ်အတွင်းမှာ အပျိုဖော်ဝင်ပြီး တချို့ကတော့ (၁၇) နှစ်၊ (၁၈) နှစ်အတွင်းမှာ အပျိုဖော်ဝင်တာ တွေ့ရှိရပါ

ပြောရတာက သူက အင်္ဂလိပ်သား။ သူ့ရဲ့ အတွင်းမိတ် စိန်ပန်း (၃-၅) ဆိုတော့ အင်္ဂလိပ်ရဲ့မိတ်က ကြာသပတေးလေ။

ဒီလောက်ပြောထားတဲ့ကြားတဲ့က ဖြစ်တာပါပဲ။

ဒါကြောင့်မို့ အဖေခဏခဏပြောတဲ့စကားလိုပေ့ါ။ လူတိုင်းကို ကယ်မရနိုင်ဘူးဆိုတာ။

ရှောင်ပါဆိုရင် တည့်တည့်ဝယ်ချင်တယ်၊ တည့်တည့်တိုးချင်တယ်။

ဒါလေးဝင်တာများ ဘာဖြစ်တာလိုက်လို့ဆိုပြီး ခပ်ပေ့ါပေ့ါစိတ်ထားရှိသူတွေလည်းရှိပ့ါ။

တချို့ကျတော့လည်း -

ဒီနေရာမသွားနဲ့၊ ဒါမလုပ်နဲ့လို့ ပြောပေမယ့် သတိပေးပေမယ့် -

မသွားမဖြစ်လို့၊ မလုပ်မဖြစ်လို့ သွားလိုက်ရတာ လုပ်လိုက်ရတာ ဆိုတဲ့ လူမျိုးတွေလည်း ရှိတယ်။

အဲ့ဒီတော့ နောက်ဆက်တွဲပြဿနာတွေဖြစ်လာတော့တာပေ့ါ။ သိတဲ့၊ ဘတ်တဲ့သူက ဆောင်ရန်၊ ရှောင်ရန်ဆိုတာကို သတိပေးပေမယ့် -

လိုက်နာရမှာက ကာယကံရှင်ရဲ့ အပိုင်းလေ။

ဖြစ်စရာရှိရင် ဘယ်သူဖြစ်မလဲ၊ ထိစရာရှိရင်ရောဘယ်သူ့ကိုထိမလဲ။

ပညာကို လက်တည့်မစမ်းနဲ့။ မယုံမကြည်မလုပ်နဲ့လို့ပဲ ပြောချင်ပါတယ်။ လူတိုင်းကိုတော့ မဟုတ်ပါဘူး။ တချို့ပေ့ါ။

အခု ဒီသူငယ်ချင်းဆိုရင် ခါးပတ်တစ်ခုဝယ်လိုက်တယ်။ ရွှေရောင်။ ပုံစံက ဝက်ဝံခေါင်းနဲ့။ ဗုဒ္ဓဟူးမှ တစ်ထပ်တည်းတောင်မဟုတ်ဘူး၊ နှစ်ထပ်ဝင်သွားတာ။ ဖြစ်တာပါပဲ၊ မြင့်မြင့်နဲ့ အလကားနေရင်း ပြဿနာတက်တာ။ မြင့်မြင့်ကဆိုရင် သူဘယ်လိုပြန်ပြီး အောက်ကျခံပြောတာတောင် လက်မခံတော့ဘူး၊ သိပ်ထူးဆန်းတာပဲ။ ဗုဒ္ဓဟူးဝင်တာနဲ့ ကြာသပတေးကို တန်းထိတာပဲ။

ဒီတော့မှ ပြေးလာတယ်လေ။

"သူငယ်ချင်း၊ ငါဘာလုပ်ရမလဲ။ ဒါကြီးဝင်လာလည်းပြီးရော မင်းပြောတဲ့အတိုင်းဖြစ်ပြီ"

ဆိုပြီး သူ့ခါးက ခါးပတ်ကို လက်ညှိုးထိုးပြတယ်။

ပြသာပြတာ၊ သူ့ခါးမှာတော့ဝတ်ထားတုန်းပဲ။

ဒါကြောင့် နည်းနည်းစဉ်းစားလိုက်ပြီး -

"မင်း အဲ့ဒီခါးပတ်ကို ဗုဒ္ဓဟူးနာမည်ရှိတဲ့မင်းသူငယ်ချင်းတစ်ယောက်ကို လက်ဆောင်ပေးလိုက်ပေတော့"

ဆိုပြီး ပြောလိုက်ရတယ်။

ခုတော့ အဲ့ဒီခါးပတ် သူများဆီရောက်သွားလောက်ပြီ။ ဘယ်လိုနေမလဲဆိုတာတော့ သူနဲ့တွေ့မှမေးရဦးမယ်။

အဲဆင်ကတော့ပြန်ပြေသွားမှာပါ။ အနေးနဲ့ အမြန်ပေ့ါ။ သူငယ်ချင်းနဲ့တွေ့လို့ စကားလက်ဆုံကျပြီးရင် တန်းကပ်ကပစ္စည်း ပြန်ထုတ်လိုက်တာနဲ့ ဘယ်နှရက်၊ ဘယ်နှလအတွင်း ဘယ်လိုအဆင်ပြေသွားတယ်ဆိုတာကို တင်ပြပါဦးမယ်။

တန်းကပ်ရဲ့သဘောဟာ ဘာမဟုတ်တဲ့ သော့ချိတ်လေးတစ်ခုဝင်တာတောင် မွှေထွက်သွားတာသာကြည့်။

ဒီနေရာလေးဟာ အဝင်မတော်လိုက်တာနဲ့ ဘယ်လောက်ထိ ဖြစ်သွားနိုင်တယ်ဆိုတာကို ဟိုးခပ်ငယ်ငယ်လေးထဲက ခုချိန်ထိအဖေခဏခဏပြောပြောနေတာကိုးလို့ တွေးရင်း . . .။

တန်းကပ်က ပစ္စည်းလေးတွေဝင်တာနဲ့ ဖြစ်တတ်ပုံလေးတွေကို နေ့စဉ်ဟောနေတဲ့ အတွေ့အကြုံတွေထဲက တင်ပြရင်း -

ထပ်ပြီးတော့လည်း တွေးရင်း၊ ကြိုးစားရင်း။

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တချို့မှာတော့ (၁၀) နှစ်၊ (၁၁) နှစ်မှာ အပျိုဖော်ဝင်ချိန်ဖြစ်ပြီး အပျိုဖြစ်မှုစောသလို အချို့အမျိုးသမီးလေးများမှာ (၁၈) နှစ်၊ (၂၀) နှစ်မှ အပျိုဖော်ဝင်ပါတယ်။ သူတို့ဟာ အပျိုဖော်ဝင်ချိန်နောက်ကျသူများ ဖြစ်ပါတယ်။

အပျိုဖော်ဝင်ချိန် စောခြင်း၊ နောက်ကျခြင်းဟာ မျိုးရိုးဗီဇ၊ လူမျိုး၊ ဒေသ၊ ရာသီဥတု ကွာဟမှုအပြင် သူမတို့ရဲ့ စားသောက်မှုပုံစံနဲ့လည်း သက်ဆိုင်ပါတယ်။ မျိုးရိုးဗီဇအရ ပြောရမယ်ဆိုရင် သမီးမိန်းကလေးဟာ မိခင်ရဲ့ ဓမ္မတာသွေး စပေါ်တဲ့အချိန်လောက်မှာ သွေးပေါ်တတ်ပါတယ်။

ဥပမာ မိခင်ဖြစ်သူရဲ့အပျိုဖော်ဝင်ချိန်ဟာ (၁၂) နှစ်၊ (၁၃) နှစ်ဖြစ်ရင် သမီးဖြစ်သူရဲ့ အပျိုဖော်ဝင်ချိန်ဟာလည်း (၁၂) နှစ်၊ (၁၃) နှစ်မှာ အဖြစ်များပါတယ်။ မိခင်ရဲ့ ဓမ္မတာစတင်ဖြစ်ပေါ်မှုစောရင် သမီးဖြစ်သူမှာလည်း စောတတ်ပြီး မိခင်ရဲ့ ဓမ္မတာစတင်မှုနောက်ကျရင် သမီးဖြစ်သူရဲ့ အပျိုဖော်ဝင်ချိန်ဟာ နောက်ကျတတ်ပါတယ်။ ဒါဟာ မျိုးရိုးဗီဇနဲ့ သက်ဆိုင်ပါတယ်။ လူမျိုးအနေနဲ့ပြောရရင် တချို့လူမျိုးများဟာ အပျိုဖော်ဝင်ချိန်စောပြီး တချို့လူမျိုးများဟာ အပျိုဖော်ဝင်ချိန် နောက်ကျတတ်ပါတယ်။ ဒါဟာ နေရာဒေသနဲ့ ရာသီဥတုကွာဟမှုကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အစားအသောက်နဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် အာဟာရကောင်းစွာ စားသောက်ပြီး ကျန်းမာရေးကောင်းသူများဟာ အပျိုဖော်ဝင်ချိန်စောမယ်။ ဒါမှမဟုတ် ပုံမှန်ဖြစ်တတ်ပါတယ်။ အာဟာရချို့တဲ့သူများဟာ ပုံမှန်ဖြစ်မယ် ဒါမှမဟုတ် နောက်ကျတတ်ကြောင်း သုတေသီများရဲ့ လေ့လာမှုအရ သိရှိရပါတယ်။

အမျိုးသမီးကလေးများမှာ အပျိုဖော်ဝင်ချိန်စောခြင်း၊ နောက်ကျခြင်းရှိသလို ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ ပြည့်စုံမှု၊ လိင်အင်္ဂါကြီးထွားမှုမှာလည်း မြန်နိုင်သလို ကြန့်ကြာတာတွေလည်းရှိပါတယ်။ မိန်းကလေးတစ်ဦးနဲ့တစ်ဦး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေချင်းမတူကြဘူး။ ယေဘုယျအားဖြင့် အပျိုဖော်ဝင်စ မိန်းကလေးများဟာ မိန်းမပုံသဏ္ဌာန်ဖြစ်ပေါ်လာအောင် တစ်စတစ်စ ပြောင်းလဲလာကြပါတယ်။ ကလေးပုံသဏ္ဌာန်ကနေ မိန်းမတစ်ယောက်ရဲ့ပုံသဏ္ဌာန်အဖြစ် စတင်ပြောင်းလဲခြင်းမှာ မြန်တာရှိသလို နှေးကွေးတာလည်းရှိကြပါတယ်။



ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးက အမျိုးသမီးလေးများရဲ့အပျိုဖော်ဝင်ချိန်ကို အဓိပ္ပာယ်ဖော်ညွှန်းချက်အသီးသီးဖွင့်ဆိုကြပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာထဲက တူညီတဲ့အချက်တစ်ချက်ကို ဖော်ထုတ်ရမယ်ဆိုရင် -

အပျိုဖော်ဝင်ချိန်ဆိုတာ ကလေးဘဝကို ဖြတ်ကျော်နေဆဲကာလနဲ့ လူကြီးဘဝမရောက်သေးမီ ကြားကာလကလေးတစ်ခုဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။

လူကြီးဘဝကို ရောက်ဖို့ဆိုတာ ကလေးဘဝမှတစ်ဆင့် ဖြတ်ကျော်ရတာချည်းပါပဲ။ အရွယ်ရောက်တယ်ဆိုတာ ချက်ချင်းရောက်လာတာမဟုတ်ပါဘူး။ ပြောင်းလဲမှုတွေ၊ ဖွံ့ဖြိုးမှုတွေနဲ့ တစ်စတစ်စ ကူးပြောင်းလာခြင်း ဖြစ်ပါတယ်။ အဲဒီကူးပြောင်းချိန်ကလေးဟာ အပျိုဖော်ဝင်ချိန်ပဲ ဖြစ်ပါတယ်။ အဲဒါကို Puberty လို့ ခေါ်ပါတယ်။

**အပျိုဖော်ဝင်ချိန်မှာ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ**

အပျိုဖော်ဝင်ချိန်မှာ ဘာကြောင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်ရသလဲတော့ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အင်ဒိုကရိုင်းဂလင်းကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီလိုပြောင်းလဲခြင်းကို ထင်ရှားတဲ့သာဓကပြရရင် အပျံသင်စငှက်လေးများနဲ့ အလားသဏ္ဌာန်တူပါတယ်။ ငှက်ကလေးတွေဟာ ဥမှ အကောင်ပေါက်လာပြီး များမကြာမီမှာ အတောင်အလက်ကလေးတွေ ပေါက်လာပါတယ်။ ဒါပေမယ့် မပျံနိုင်သေးပါ။ အမွေးအတောင်စုံခါနီးအချိန်ကျမှ ငှက်မကြီးက ငှက်လေးတွေကို အပျံသင်ပေးပါတယ်။ အပျံသင်ခါစဖြစ်လို့ ကောင်းကောင်းမပျံနိုင်သေးပါဘူး။ တစ်စတစ်စလေ့ကျင့်ပျံသန်းနေတဲ့အချိန်ဟာ အပျိုဖော်ဝင်ချိန်ပဲဖြစ်ပါတယ်။

အပျိုဖော်ဝင်စအရွယ် မိန်းကလေးတွေရဲ့ဘဝကို ပန်းကလေးများနဲ့လည်း ခိုင်းနှိုင်းကျပါတယ်။ အပျိုဖော်ဝင်စအရွယ် မိန်းကလေးများဟာ ပန်းကလေးများလို ဖြူစင်သန့်ရှင်းပြီး ပွင့်လန်းလာတာဖြစ်ပါတယ်။ အဲဒီပန်းအဖူးအငုံလေးဘဝမှာ ကြွေကျပျက်စီးမှုမရှိအောင် ဥယျာဉ်မှူးဟာ ဂရုစိုက်ရသလိုပဲ မိမိမှာ သမီးမိန်းကလေးရှိပြီး အပျိုဖော်ဝင်စအရွယ်ရှိရင် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ပြီး လိုအပ်တာများကို သွန်သင်ညွှန်ပြပေးရပါတယ်။

အပျိုဖော်ဝင်စအရွယ်မှာ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုတွေ အများကြီးဖြစ်ပေါ်လာပါတယ်။ ဒါ့အပြင် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုတွေ၊ လိင်ပိုင်းဆိုင်ရာပြောင်းလဲမှုတွေဖြစ်လာတဲ့အတွက် မသိနားမလည်သေးတဲ့ အပျိုဖော်ဝင်စကလေးဟာ ရှောင်ကြဉ်ရမှာတွေကို သိထားဖို့ လိုအပ်ပါတယ်။

**အပျိုဖော်ဝင်ချိန်မှာ ယေဘုယျပြောင်းလဲခြင်းများ**

* အရပ်အမောင်းနဲ့ ခန္ဓာကိုယ်အလေးချိန်တိုးလာမယ်။
* ရင်သားပြောင်းလဲဖွံ့ဖြိုးလာမယ်။
* ဆားဝက်ခြံတွေ၊ တင်းတိပ်တွေ ပေါက်လာမယ်။
* ချိုင်းကချွေးထွက်ပြီး အနံ့ဆိုးတွေ ထွက်လာမယ်။
* အမွေးအမှင်များ ထူထပ်စွာ ပေါက်လာမယ်။
  (ချိုင်း၊ ဆီးစပ်၊ ခြေ၊ လက်တို့မှာ သိသိသာသာပေါက်လာမယ်)
* တင်သားများ ကြီးထွားလာမယ်။
* အသံပြောင်းလာမယ်။
* မိန်းမကိုယ် (ယောနိ) မှာ အကျိအချွဲများထွက်ပြီး အနံ့အနည်းငယ်ထွက်လာမယ်။ ယောနိအင်္ဂါကြီးထွားလာမယ်။
* မမျိုးဥအိမ်ကြီးထွားလာမယ်။
* ပထမဦးဆုံး ဓမ္မတာသွေးပေါ်စမှာကိုယ်လက်မအီမသာဖြစ်မယ်။
* လိင်စိတ်များ ဖြစ်ပေါ်လာမယ်။
* စိတ်မတည်မငြိမ်ကယောက်ကယက်ဖြစ်မယ်။
* စိုးရိမ်စိတ်များ ဖြစ်ပေါ်လာမယ်။
* ပင်ပန်းနွမ်းနယ်ခြင်းခံစားရမယ်။

အထက်ပါ အချက်များကတော့ အပျိုဖော်ဝင်စအချိန်မှာ ရုပ်ပြောင်းလဲမှုများနဲ့အတူ ဖြစ်ပေါ်လာတဲ့ ယေဘုယျလက္ခဏာများပဲ ဖြစ်ပါတယ်။ အပြင်ပိုင်းဆိုင်ရာ ရုပ်ပြောင်းလဲခြင်းများဖြစ်သလို ခန္ဓာကိုယ်အတွင်းပိုင်းဆိုင်ရာအင်္ဂါများလည်း ပြောင်းလဲဖွံ့ဖြိုးလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ပိုင်းဆိုင်ရာ ရုပ်ပြောင်းလဲမှုဟာ သိသာစေမယ့် အတွင်းပိုင်းဆိုင်ရာအင်္ဂါများရဲ့ ပြောင်းလဲခြင်းကို သေချာစွာ မသိနိုင်ပါဘူး။ ဆေးပညာအသိနဲ့ ယှဉ်ကြည့်မှ သိနိုင်မှာ ဖြစ်ပါတယ်။ အပျိုဖော်ဝင်ချိန် ခန္ဓာကိုယ်မှာ ပြောင်းလဲမှုနှုန်းဟာ လွန်စွာမြန်ဆန်ပါတယ်။ ဒီလိုပြောင်းလဲခြင်းကို ဆေးပညာရှင်များက သုံးမျိုးခွဲခြားထားပါတယ်။

၁။ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း -
ခန္ဓာကိုယ်အပြင်ပိုင်းအင်္ဂါများ ပြောင်းလဲခြင်း၊
ခန္ဓာကိုယ်အတွင်းပိုင်းအင်္ဂါများ ပြောင်းလဲခြင်းဆိုပြီး နှစ်မျိုးခွဲခြားထားပါတယ်။
၂။ ဇီဝကမ္မပြောင်းလဲခြင်း၊
၃။ စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊

**ခန္ဓာကိုယ်အတွင်းပိုင်းအင်္ဂါများပြောင်းလဲခြင်း**

ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးလာတာနဲ့အမျှ ခန္ဓာကိုယ်အတွင်းပိုင်းရှိ အင်္ဂါရပ်များဖြစ်တဲ့ အသည်း၊ နှလုံး၊ အဆုတ်၊




အစာလမ်းကြောင်း၊ အူမ၊ အူသိမ်၊ ကျောက်ကပ် စတဲ့ အင်္ဂါများအားလုံး စတင်ကြီးထွားလာပါတယ်။ ဒါဟာ ဇီဝကမ္မဖြစ်စဉ်အရ တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ ဖွံ့ဖြိုးလာခြင်းပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မျိုးပွားခြင်းဆိုင်ရာအင်္ဂါများဖြစ်တဲ့ မမျိုးဥအိမ် သို့မဟုတ် မမျိုးဥအင်္ဂါ၊ သားဥပြွန်၊ သားအိမ်၊ သားအိမ်ခေါင်းအစ ယောနိအတွင်းပိုင်းအင်္ဂါများလည်း ဖွံ့ဖြိုးကြီးထွားလာပါတယ်။ အင်္ဂါများကြီးထွားဖွံ့ဖြိုးခြင်းဟာ အပျိုဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းတဲ့အခါ မျိုးပွားရန် အဆင်သင့်ဖြစ်အောင် သဘာဝတရားက ပြုပြင်ပြောင်းလဲပေးခြင်း ဖြစ်ပါတယ်။

**ဇီဝကမ္မဗေဒဆိုင်ရာပြောင်းလဲခြင်း**

ဇီဝကမ္မဗေဒဆိုင်ရာ လုပ်ဆောင်ချက်ဆိုတာ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အင်္ဂါရပ်များရဲ့ သူတို့ရဲ့ဆိုင်ရာလုပ်ဆောင်မှုယန္တရားလည်ပတ်ခြင်းပဲ ဖြစ်ပါတယ်။

မျိုးပွားအင်္ဂါများ ဖွံ့ဖြိုးလာတဲ့အတွက် ဓမ္မတာလာခြင်းနဲ့ မမျိုးဥကြွေခြင်းတို့ဟာ ဇီဝကမ္မယန္တရားလည်ပတ်ခြင်းကြောင့် ဖြစ်ပါတယ်။

**ဟော်မုန်းများထွက်လာခြင်း**

အပျိုဖော်ဝင်စအချိန်မှာ ဟော်မုန်းတွေ အများကြီးထွက်လာပါတယ်။ ဒီလိုဖြစ်ခြင်းဟာ ခန္ဓာကိုယ်ပြောင်းလဲရန်အတွက် ဖြစ်ပါတယ်။

**အဲဒီဟော်မုန်းတွေကတော့ -**

* ကြီးထွားဟော်မုန်း၊
* ရင်သားလှုံ့ဆော်ဟော်မုန်း၊
* သိုင်းရွိုက်လှုံ့ဆော်ဟော်မုန်း၊
* ကျောက်ကပ်အထက် အကျိတ်လှုံ့ဆော်ဟော်မုန်း၊
* လိင်လှုံ့ဆော်ဟော်မုန်း၊

၎င်းဟာ အရွယ်ရောက်ခြင်းကို ဖြစ်စေပါတယ်။ အပျိုဖော်ဝင်ပြီးနောက် လိင်လှုံ့ဆော်ဟော်မုန်း (၂) မျိုး ထွက်လာပါတယ်။ အဲဒါတွေကတော့ မမျိုးဥအင်္ဂါမှ မဟော်မုန်းနဲ့ သန္ဓေတည်ဟော်မုန်းတို့ပဲ ဖြစ်ပါတယ်။

**အခြားပြောင်းလဲမှုများ**

အပျိုဖော်ဝင်ပြီးနောက် သိုင်းရွက်အကျိတ်မှာ သိုင်းရွိုက်ဟော်မုန်းများထွက်လာတဲ့အတွက် မိန်းကလေးတွေဟာ ယောကျ်ားလေးများထက် သွက်လက်လာပါတယ်။ အထူးသဖြင့် တင်ပါး၊ ရင်သားနဲ့ ခြေ၊ လက်တွေမှာ အသားနဲ့ အဆီတွေ စုလာပါတယ်။

**စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း**

သူတို့မှာ လူကြီးတွေလုပ်တဲ့ကိစ္စရပ်များကို စူးစမ်းလိုတဲ့စိတ်တွေဖြစ်လာပါတယ်။

ဒါ့အပြင် နာမည်ကြီးချင်စိတ်၊ နေရာတကာ လူတတ်ကြီးလုပ်ချင်တဲ့စိတ်တွေ ဖြစ်လာပါတယ်။

မိဘအပေါ် ထော်လော်ကန့်လန့်လုပ်ချင်တဲ့စိတ်တွေ ဖြစ်လာပါတယ်။

စိတ်ပိုင်းဆိုင်ရာမှာ အထူးခြားဆုံးစိတ်ကတော့ လိင်စိတ်ကြွလာခြင်းပဲ ဖြစ်ပါတယ်။

လိင်စိတ်ကြွတယ်ဆိုတာ မျိုးဆက်ပြန့်ပွားခြင်းအတွက် လှုံ့ဆော်တဲ့အာရုံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် အရွယ်ရောက်လာသူတွေဟာ မျိုးဆက်ပြန့်ပွားရေးတာဝန်ကို ထမ်းဆောင်ရန်အတွက် လှုံ့ဆော်တဲ့အာရုံဖြစ်ပေါ်လာခြင်းကို လိင်စိတ်ကြွတယ်လို့ ဆိုပါတယ်။

**လိင်စိတ်အကြွဆုံးအချိန်**

မိန်းကလေးများဟာ အသက် (၁၅) နှစ်မှ (၂၀) နှစ်အကြားအရွယ်ဟာ လိင်စိတ်အကြွဆုံးအချိန် ဖြစ်ပါတယ်။ အပျိုပေါက်အရွယ် မိန်းကလေးများဟာ ဒီအချိန်မှာ လိင်နဲ့ပတ်သက်တဲ့ပညာပေးစာပေများကို ဖတ်သင့်ပါတယ်။ လိင်အကြောင်း၊ လိင်စိတ်အကြောင်းမသိတဲ့ အပျိုပေါက်ကလေးတွေဟာ အခွင့်အရေးယူတတ်တဲ့လူမျိုးနဲ့ တွေ့တဲ့အခါမှာ ဘာမှနားမလည်ဘဲ သာယာမိရင် ဘဝပျက်သွားပါလိမ့်မယ်။ အဲဒီအရွယ်မှာ လိင်ကိစ္စအမှားအယွင်းမရှိအောင် အုပ်ထိန်းသူ လူကြီးမိဘများက စောင့်ရှောက်ဖို့ လိုအပ်ပါတယ်။

အပျံသင်စငှက်ကလေးများဟာ တစ်စတစ်စလေ့ကျင့်ပျံသန်းရင်း အရွယ်ရောက်တဲ့ငှက်ဘဝကို ရောက်ရှိကာ အပြာရောင်မိုးကောင်းကင်ကြီးရဲ့အောက်မှာ လိုရာခရီးကို ပျော်ရွှင်လွတ်လပ်စွာ ပျံသန်းနိုင်သကဲ့သို့ အပျိုဖော်ဝင်စ မိန်းကလေးငယ်များဟာ ဖြူစင်သန့်ရှင်းစွာဖြင့် ဘဝခရီးကို ကောင်းမွန်စွာ ဖြတ်ကျော်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မိမိကိုယ်တိုင်ကလည်း ပြောင်းလဲလာတဲ့ အပျိုဖော်ဝင်စအခြေအနေကို လေ့လာသိရှိဖို့လိုအပ်သလို အုပ်ထိန်းသူ မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်း ဒီအချိန်မှာ မမှားသင့်တာ မမှားရအောင် ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်ကြောင်း ကျန်းမာရေးအသိဖြင့် ရေးသား တင်ပြလိုက်ရပါတယ်။

ခိုခိုဒွေး

Ref:
*Female Puberty From Internet.*



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇွန်လ

# ကောင်းကျိုးဝေပြော တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)



**ဇွန်လ ၁ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂ ရက်၊ တနင်္လာနေ့-**လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၃ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အစိမ်း၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၅ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း(၁၊၃၊၀)။ လာဘ်နေအရပ်က မြောက်၊ လာဘ်အရောင်က အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၆ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၅)။ လာဘ်နေအရပ်က အရှေ့၊ လာဘ်အရောင် အပြာ၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၇ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်၊ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၈ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က အရှေ့၊ လာဘ်အရောင် အညို၊ နုံ့သာရောင်။ အကျိုးပေးနေ့သား အင်္ဂါနှင့် တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၉ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ အရဟံ သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၀ ရက်၊ အင်္ဂါနေ့-**လာ[ဘ်] ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာ[ဘ်] အရောင်က အညို၊ မီးခိုးရောင်။ အကျိုး ပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ် ရာထ အနောက်တောင်လှည့်၍ နမော တဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့-**လာ[ဘ်] ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် တောင်၊ လာဘ်အရောင် က အဖြူ၊ အပြာ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံ အစည်အောင်မြင်ရန် နံနက်အိပ်ရာ[ထ] အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၂ ရက်၊ ကြာသပတေး နေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၄)။ လာဘ်နေအရပ်က မြောက်[…] လာဘ်အရောင်က အစိမ်း၊ အန[…] အကျိုးပေးနေ့သား တနင်္လာ၊ စ[နေ…] တစ်နေ့တာ အကြံအစည်အောင်မြင်[ရန်] နံနက်အိပ်ရာထ အရှေ့ဘက်လှည့်[၍]

www.burmeseclassic.com

www.burmeseclassic.com

သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၀၊ ၂၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်၊ လာဘ်အရောင်က အညို၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်၊ လာဘ်အရောင်က အဖြူ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၆ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံယံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဇွန်လ ၁၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါ၊ အညို။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အညို၊ အနီ။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၁ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ(၉)ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၂ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်၊ အစိမ်း။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၄ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဖြူ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၅ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ် အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ် ဆိုပါ။

**ဇွန်လ ၂၆ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၄၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၇ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါ၊ အညို။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၈ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၉ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က မီးခိုးရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထတွင် အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၃၀ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်။လာဘ် အရောင် အဝါ၊ လိမ္မော်ရောင်၊ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

"ဘကျော်ကြီး"

"ဟေး - လူလေး ဖိုးကျော်၊ ဘယ်တုံးဒါ"

"အမယ် - ကျွန်တော်ကမေးမလို့၊ ဘကျော်ကြီးဘယ်လဲလို့"

"ထုံးစံအတိုင်း လမ်းလျှောက်ပေါ့ကွာ"

"ဒါဆိုလာ၊ ဘကျော်ကြီးကို ဧည့်ခံဦးမယ်။ ဟိုရှေ့နားလေးမှာ လက်ဖက်ရည်ဆိုင်လေးရှိတယ်။ ဆိုင်ရှင်ကိုယ်တိုင်ဖျော်တာ"

စကားဆုံးတာနဲ့ ကျွန်တော့်ပခုံးလေးကို လှမ်းဖက်လိုက်ပါတယ်။ ကွမ်းလေးတမြုံ့မြုံ့နဲ့ပြုံးနေတဲ့ မျက်နှာလေးနဲ့ သူက ဘေးကလျှောက်လို့။ ကျွန်တော့်ပခုံးကိုဖက်ထားတာမို့ လမ်းလျှောက်တဲ့အခါ ဘကျော်ကြီးရဲ့ ခြေထောက်ကို ကျွန်တော့်ခြေထောက်တွေနဲ့ မထိမိအောင် သတိထားပြီး ထိန်းလျှောက်နေရပါတယ်။

"လာ - ထိုင်ကွာ"

လေးထဲထည့်ပြီးကိုင်လိုက်ရင်း ပလုတ်ကျင်းလိုက်ထွေးလိုက်နဲ့။ စိတ်ထဲကတော့ 'အင်း - ဘကျော်ကြီး၊ ကွမ်းစားလို့ အလုပ်ရှုပ်နေပြီ' လို့ တွေးနေလိုက်ပါသေးတယ်။ တွေးတုန်းမှာပဲ ဆိုင်ရှင်က ရေနွေးကရားအိုးလာလဲသွားပါတယ်။ နောက်ချပေးတဲ့အိုးက ဆူပြီးခါစ ရေနွေးထည့်ထားတဲ့အိုး။

"ကော်ဖီနှစ်ခွက်။ နို့ဆီလျှော့၊ သကြားသိပ်မပါနဲ့။ ပြီးတော့ ပေါင်မုန့်ချပ်လေးတွေချပေး"

ဆိုင်ရှင်ကို မှာလိုက်ပြီးတာနဲ့ ဘကျော်ကြီးနဲ့ အာလာပသလ္လာပပြောနေလိုက်ပါတယ်။ သူနဲ့က အမြဲဆုံတယ်လေ။ တစ်ခါတစ်ခါ မဆုံကြတာ တစ်လကြာလောက်တယ်။ ဆုံပြန်ရင် ခဏခဏ။ ဆုံတိုင်း သူ့ကို လက်ဖက်ရည်နဲ့ ဧည့်ခံခဲ့တာကတော့ ဒီဆိုင်လေး မဟုတ်ဘူး။ ဟိုဆိုင်က စျေးနားက။

"လူလေး၊ မင့်စာရေးတစ်ချက် မရေးတစ်ချက်နဲ့လား"

ဘကျော်ကြီးဆီကို ဦးဆုံးလက်ကမ်းလိုက်ပါတယ်။

"ဘကျော်ကြီး၊ သုံးဆောင်ပါ"

ပေါင်မုန့်ချပ်လေးတစ်ချပ်ကို ယူပြီး ခေါက်ချိုးခေါက်လိုက်ရင်း ကော်ဖီနဲ့တို့လိုက်၊စားလိုက် နှစ်ခါလောက်ပြီးတာနဲ့ -

"မင်း အတိတ်ဘဝတို့၊ ဟိုဘဝတို့၊ ဒီဘဝတို့ အယုံအကြည်ရှိလား"



## ပြည်သိန်းကျော်

### အကယ်ဒမီများ

ဆိုင်ရှေ့ရောက်တာနဲ့ သူက အရင်ဝင်ထိုင်လိုက်ပြီး ကျွန်တော်ထိုင်ဖို့ သူ့မျက်နှာချင်းဆိုင်က ခွေခြေပုလေးကို လက်လှမ်းပြလိုက်ပါတယ်။

"ဘကျော်ကြီး မှာလေ။ ဘာသုံးဆောင်မလဲ၊ မှာ"

"လူလေးကော၊ လူလေးစားချင်တာမှာလေ။ အတူတူပဲပေါ့ကွာ"

"မှာဆို ဒီဆိုင်လေးမှာက လူခွဲကလည်းမရှိတော့ ရှိတဲ့ပေါင်မုန့်လေးတွေနဲ့ပဲကော်ဖီသောက်ကြတာပေါ့ ဘကျော်ကြီးရာ"

"အေးပါ၊ ငါကဖြစ်ပါတယ်ကွ လူလေးရ။ လက်ဖက်ရည်သောက်ရမှ မဟုတ်ပါဘူး။ ကော်ဖီလည်း သောက်တာပါပဲ"

ပြောပြောဆိုဆို သူ့ပါးစပ်ထဲက ကွမ်းလေးတွေကို ညာဘက်လက်ဝါးထဲထည့်ပြီး ခပ်လှမ်းလှမ်းရေမြောင်းလေးထဲကို လှမ်းပစ်လိုက်ပါတယ်။ ပြီးမှ ရေနွေးကရားအိုးလေးထဲက အေးစက်လောက်ပြီဖြစ်တဲ့ ရေနွေးကို အကြမ်းပန်းကန်လုံး

"ရေးပါတယ် ဘကျော်ကြီးရဲ့။ တစ်ခါတစ်ခါ နှစ်လလောက်အဆက်ပြတ်သွားတာပါ"

"မင်းနှစ်လလောက်အဆက်ပြတ်တဲ့လတွေကျမှ ငါကစာအုပ်လှန်မိတယ်နဲ့ တူပါရဲ့ကွာ"

"အဲလိုဖြစ်ပါလိမ့်မယ် ဘကျော်ကြီးရဲ့"

"အေး. . . ငါ. . . လူလေးကို ပြောရဦးမယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့်နော် ဒီဒင်းက နာမည်ရင်းတွေနဲ့ မင်းသွားရေးလို့မရလောက်ဘူး။ သူတို့က သက်ရှိထင်ရှားဖွေရှိနေကြတယ်"

"မရေးဘူးပေါ့ ဘကျော်ကြီးရဲ့"

"အေး-ဒါဆိုရင်တော့ဟုတ်သား"

ဆိုင်ရှင် လာချပေးတဲ့ ကော်ဖီနှစ်ခွက်ကို ဘကျော်ကြီးနဲ့ ကျွန်တော် ရှေ့ဆင့်နောက်ဆင့် ဆွဲယူလိုက်တုန်း နောက်ထပ်ပေါင်မုန့်ချပ်လေးတွေလာချပေးတာနဲ့ ပေါင်မုန့်နဲ့ ကော်ဖီ တို့စားဖို့



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဘကျော်ကြီးကလည်း ကျွန်တော် ယုံပါတယ်၊ ဘယ်တုံးကမယုံဘူးပြောဖူးလို့လဲ။ ပူးတာ၊ ခွာတာတွေသာ မယုံတာပါ"

"အေးလေ၊ မင်းအကြောင်း ငါသိပါတယ်။ ဒါပေသိ သေချာအောင်ပေါ့ အပုရယ်"

သူက ကျွန်တော့်ကိုတွေ့ရင် ချစ်စနိုးနဲ့ အပု၊ အပုလို့လည်း ခေါ်တတ်ပါတယ်။ တစ်ခါတလေ လူလေး၊အပုလေးလို့လည်း ခေါ်တတ်ပါတယ်။

"အဖြစ်လေးတွေက လူလေးကို ပြောပြရင် ဟုတ်ပါ့မလား ဘကျော်ကြီးလို့ မင်းပြောမှာပဲ။ ဟုတ်တယ် လူလေး၊ သိပ်ဟုတ်တာပဲ။ ဟုတ်လွန်းလို့ ဟိုဘက်ကမ်းတောင်လွန်တယ်။ ငါပြောပြမယ့် အကြောင်းလေးတွေထဲက ကာယကံရှင်တွေဆို ခုချိန်ထိ သက်ရှိထင်ရှားရှိနေကြတယ်။ ငါလည်း အစကတော့ သိပ်စိတ်မဝင်စားမိဘူးပေါ့ကွာ။ သေချာဂရုစိုက်ကြည့်တော့ အမယ်လေးလေ -





www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါ့ကွာ ကတဲ"

ဘကျော်ကြီး အားရပါးရပြောလိုက်၊ ပေါင်မုန့်ချပ်လေးနဲ့ ကော်ဖီနဲ့တို့စားလိုက်လုပ်နေတော့ ကျွန်တော်လည်း ပေါင်မုန့်တစ်ချပ် ယူစားလိုက်ပါတယ်။ ကော်ဖီနဲ့တော့မတို့ဖြစ်ပါဘူး။

"ကောင်လေးက အင်း - ခုဆိုရင် မရှိဘူးဆို (၃၅)၊ (၃၆)လောက်ရှိမလားဘဲ၊ လူပုံချောလေးကွ"

"ဘယ်သူလဲ ဘကျော်ကြီး"

"ဩော် - ဟိုဒင်းလကွာ၊ မင့်ကိုငါပြောပြမယ့်အကြောင်းထဲက ကာယကံရှင်တွေပါ"

"ဩော်"

"သူငယ်မလေးက. . . အင်း . . အစိတ်ကျော်ကျော်လောက်ရှိပြီ။ သူတို့ချင်း သိပ်မေတ္တာမျှကြတာပဲ။ ဘယ်မျက်စိအောက်ကအပျောက်မခံကြဘူး"

"ဘကျော်ကြီး"

"ဟေ"

"သူများချစ်ကြတဲ့ အကြောင်းက ဘာထူးလို့လဲ ဘကျော်ကြီးရဲ့။ အခုဘယ်လိုဖြစ်ကြလို့လဲ။ ကွဲကုန်လို့လားသူတို့"

"မင်း အဲဒါတွေကြောင့် ခက်တာပေါ့ လူလေး။ နည်းနည်းလေးလည်းနားစိုက်ပါဦးလား"

"ဩော် - ဟုတ်ကဲ့ပါ"

ဘကျော်ကြီးက ဖျတ်ခနဲ စိတ်တိုသွားလားမသိပါဘူး။ ချက်ချင်းပြန်မပြောသေးဘဲ ပေါင်မုန့်ချပ်နဲ့ ကော်ဖီနဲ့ တို့စားနေလေရဲ့။ မျက်ခုံးကြီးကပင့်လို့။

"ကောင်မလေးက ခါးဘုကြီးနဲ့ကွ။ ခါးဘုကြီးနဲ့ဆိုတော့ ကျောပေါ်မှာအထုပ်ကြီးတစ်ထုပ်ပိုးထားသလိုကြီးဖြစ်နေတာပေါ့ကွာ။ အရပ်က သဘာဝအတိုင်းမထွက်တော့ဘူး။ ခါးကုန်းသလိုကြီးဖြစ်နေတော့ ရှိလှ (၄) ပေပေါ့"

"ဟာ"

"အေး-မျက်လုံးလေးတွေကတော့ ကောင်းပါတယ်။ မှုန်တာပြူတာမရှိဘူး။ အကြည့်လည်းစူးတယ်။ သူနဲ့ မျက်လုံးချင်းဆုံကြည့်ရင် ကြည့်ရတဲ့သူကတစ်မျိုးပဲ ခံစားရတယ်။ ဆိုးတာက သွားတွေမကောင်းရှာတာ။ တကယ့်အဘွားကြီးအိုသွားတွေလိုပဲ။ ရှိစုမဲ့စုဆံပင်လေးကိုထုံးထားလိုက်ရင် ကွမ်းသီးလုံးလောက်လေး"

"ဟင် - ဘကျော်ကြီးပြောတာနဲ့ကျွန်တော် ပုံဖော်ကြည့်တယ်။ အတော်လေး အရုပ်ဆိုးနေပါရောလား"

"အေး - အဲဒါပြောတာပေါ့။ စောစောက နားစိုက်ဦးဆိုတာ"

"ဟုတ်ကဲ့"

"ဘယ်သူကပိုမေတ္တာရှိတယ်ထင်လဲ။ ကောင်လေးက ပိုတယ်ဟေ့"

"ဗျာ"

"အေး - ကလေးမကို မျက်စိအောက်ကတောင်အပျောက်မခံဘူး လူလေး။ ပျောက်တာနဲ့ မျက်စိမျက်နှာပျက်ပြီးလိုက်ရှာတော့တာပဲ။ဘယ်သူ့မှစကားမပြောတော့ဘူး။ တွေ့ရင် တွေ့တာနဲ့လက်ကို အတင်းဆွဲထားတာ မလွှတ်တော့ဘူး"

"ဟာ - တစ်မျိုးပါလား"

"ဒီဒင်းကိုငါပြောချင်တာပဲ"

"ဟုတ်ကဲ့ - နားထောင်ပါ့မယ် ဘကျော်ကြီး"

"သူတို့နှစ်ယောက်ကိုတွေ့ရင် တွေ့တဲ့လူက စိတ်ဝင်စားကြတယ်၊ ငါရောပေါ့ကွာ။ စိတ်မဝင်စားဘဲမနေနိုင်ဘူး။ ဒါနဲ့ သူ့မိသားစုနဲ့ ရင်းနှီးကျွမ်းဝင်လှတဲ့လူနဲ့ စကားပြောဖြစ်တာပေါ့။ ဒီကနေကောင်လေးမိဘတွေနဲ့ဆက်ပြီးပြောဖြစ်ပြန်တယ်။ အဲဒီတော့မှ ငါမကြားဘူးတာမျိုးတွေ ကြားလာရတော့တာပဲ အပုရဲ့"

ပေါင်မုန့်ချပ် ကုန်သွားပေမယ့်နောက်တစ်ချပ် ဆက်မစားဖြစ်သေးဘဲ ဘကျော်ကြီးစကားနဲ့အတူ စိတ်ကလိုက်မျောသွားသလိုပါပဲ။ ဆိုင်ရှင်တောင်မှဘေးနားမှာချထားတဲ့ ရေနွေးကရားကိုလက်နဲ့လာထိကြည့်ပြီး နောက်တစ်အိုးလာလဲပေးသွားပါပြီ။ ဆိုင်လေးထဲကိုဝင်လာပြီး လက်ဖက်ရည်၊ ကော်ဖီချိုင့်ဆွဲကြသူ တစ်ယောက်တလေပဲရှိတာမို့သူလည်း နားနားနေနေပေါ့။

"သူတို့နှစ်ယောက်ဟာ ပြီးခဲ့တဲ့ဘဝကပေါ့ကွာ"

"ဗျာ"

"အေး - မင်းနားစိမ်းရင်စိမ်းနေမယ်။ ငါပြောပြီးပြီပဲ၊ မင်းအတိတ်ဘဝတို့ ဟိုဘဝတို့ဒီဘဝတို့အယုံအကြည်ရှိလားလို့"

"ရှိတယ် ဘကျော်ကြီး၊ ကျွန်တော်စိတ်ဝင်စားလို့ပါ"

"အေး - ပြီးခဲ့တဲ့ဘဝက သိပ်ချစ်ကြတဲ့ချစ်သူတွေပေါ့ကွာ။ ချစ်လိုက်ကြတာမှ မျက်စိအောက်က အပျောက်ကိုမခံကြဘူး။ ပြီးတော့ ရွယ်တူလေးတွေ။ သူတို့နှစ်ယောက်ဟာ ဟိုးပဲခူးဘက်ကတဲ့။ အဲဒီလိုချစ်ကြလွန်းပြီး မခွဲနိုင်မခွာရက်ပေါ့နေနေကြရင်း သူတို့တွေ နှစ်ယောက်ပေါင်းတစ်ဘဝလေးဖြစ်အောင် ဘဝတစ်ခု ထူထောင်ကြမယ်ပေါ့၊ ကြိုးစားကြတာပေါ့။ ဒီလိုနဲ့ ငွေ၊ မိုး၊ ဆောင်းပြောင်းပြီးရင်းပြောင်းပေါ့ကွာ"

"ဟင် - ဘကျော်ကြီး၊ ဒါလောက်မေတ္တာရှိနေကြတာ မယူကြဘူးလား"

"အေး - မင်းတို့ အဲဒါတွေကြောင့် ခက်တာပေါ့။ ရှေးတုန်းက တစ်ယောက်နဲ့တစ်ယောက် အိမ်ထောင်ရက်သားပြုကြတော့မယ်ဆိုရင် သုံးနှစ်သုံးမိုးစောင့်ကြတာ အနည်းဆုံးပဲ။ တစ်ယောက်နဲ့တစ်ယောက် သစ္စာတရားတွေထားပြီးစောင့်ကြည့်ကြပြီးမှပြုကြတာများတယ်။ သစ္စာထားကြတာပေါ့ကွယ်။ သိပ်တန်ဖိုးထားကြတာပဲ"

"ဟုတ်ကဲ့"

"အဲသလိုနေနေကြရင်း တစ်နေ့တော့ ချစ်သူတို့ဘာသာဘာဝစကားစမြည်ပြောကြရင်း ရွှေမော်ဓောစေတီတော်မြတ်ကြီးကို သွားဖူးကြတာပေါ့ကွာ။ အဲဒီမှာ ချစ်ကြတဲ့အကြောင်းတွေကို သစ္စာပြုကြတာပေါ့။ ကောင်မလေးက သိပ်ချောတာပဲတဲ့။ ဆံပင်ဆို ခြေဖနောင့်ထိရောက်လုနီးပါးတဲ့။ ထုံးလိုက်ရင် သူ့ခေါင်းငယ်ထိပ်မကျတကျမှာထုံးတတ်တယ်တဲ့။ ကောင်လေးကဆို မျက်စိအောက်ကကို အပျောက်မခံဘူး။ ဒါနဲ့ကောင်မလေးက မေးတယ်တဲ့။ မောင်ကြီး၊ နှမလေးကို ရုပ်အဆင်းတင့်တယ်လို့ မေတ္တာတွေ အဲသလောက်ရှိတာလားဆိုပြီး မေးပါလေရော။ အဲဒီမှာ ဟိုသူငယ်က စိတ်ဆိုးသွားပုံရပါတယ်။ စိတ်ခုသွားတယ်နဲ့ တူပါရဲ့။ အမှန်က သူမေတ္တာရှိတာ ရုပ်ချောတာတစ်ခုတည်းကြောင့်မဟုတ်ဘူးဆိုတာ ကောင်လေးက သူ့ကိုယ်သူပဲသိတယ်။ သူ့ရင်ထဲကမေတ္တာကို သူပဲသိတယ်။ ဒီတော့ပြန်ပြောလိုက်တာပေါ့။ နှမလေး၊ နှမလေးဟာ ဒီလိုရုပ်သွင်မျိုးမဟုတ်ဘဲ သွားတွေခေါနေပါစေ၊ မျက်လုံးတွေရွဲ့စောင်းနေပါစေ၊ ပြီးတော့ နှမလေး အမြတ်တန်ဖိုးထားတဲ့ ဒီပိတုန်းရောင်ကေသာဆံပင်ကြီးဟာ လုံးဝမရှိတော့ဘဲ ကထုံးကြီးပြောင်နေပါစေ၊ ဒီလိုလှပကြော့ရှင်းတဲ့ ဆင်မယဉ်သာလမ်းလျှောက်ပုံနေဟန်ကိုယ်မျိုးမဟုတ်ဘဲ ခန္ဓာကိုယ်ကြီးမပြည့်မပဖြစ်နေပါစေ ဟောဒီက မောင်ကြီးက ဘယ်တော့မှ နောက်မဆုတ်ဘဲ မေတ္တာထားမှာဗျဆိုပြီး ပြန်ပြောလိုက်တာ ပြောပြီးရင် ပြီးပြီပေါ့ မဟုတ်ဘူး အပုရေ



www.burmeseclassic.com

www.burmeseclassic.com

နှမလေးယုံကြည်အောင် သစ္စာဆိုပြမယ် ဆိုပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးမှာ ခုနအတိုင်း သစ္စာဆိုပြလိုက်တော့တယ်။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကလည်း သစ္စာဆိုရင် အင်မတန်မှဖြစ်တာကိုး"

ပြောရင်းနဲ့ ကော်ဖီသောက်နေပြန်ပါတယ်။ ဘကျော်ကြီးကို ကြည့်ရတာ အဲဒီချစ်သူနှစ်ဦးကို သတိရသွားလား မသိပါဘူး၊ မျက်နှာကအိုအိုနဲ့။

"အဲ - သုံးနှစ်မပြည့်တပြည့်လေးမှာ ကောင်လေးက ရောဂါဝေဒနာတစ်ခု ခံစားရပြီး အရင်ဆုံး ကွယ်လွန်သွားတယ်ပေါ့"

"သူတို့ညားပြီမှပေါ့"

"ဘယ် - မညားလိုက်ဘူး"

"ဟာ"

"အေး - အဲဒီလို ကွယ်လွန်သွားတော့ ကောင်မလေးမှာ တငိုငိုတရီရီပေါ့ကွယ်။မစားနိုင်မအိပ်နိုင်ပေါ့။ ကတဲ- ကောင်လေးနောက်ကို လိုက်မယ်လုပ်တော့တာပဲ။ အဲဒီမှာဘာဖြစ်လာလဲဆိုတော့ ကောင်မလေးရဲ့ ဇာတ်ကြောင်း။ ကလေးမလေးဟာ သူရဲ့ အတိတ်ဘဝဟောင်းက အဖေတွေ၊ အစ်ကိုတွေရှိတယ်လေ"

"ဟာ - နောက်ထပ်အတိတ်ဘဝ"

"အေး - ဒီဘဝမရောက်ခင်က သူရဲ့ အတိတ်ဘဝပေါ့"

"ဩော် - ရှိသေးတာကိုး"

"ရှိတာပေါ့ လူလေး။ သံသရာကြီးဟာလည်နေတာကွယ်။ အဲဒီအတိတ်ဘဝကအစ်ကိုတွေက သူ့ကို လူ့ပြည်လွှတ်တာ ရတနာမြတ်သုံးပါး ဦးထိပ်ထားပြီး သာသနာပြုနိုင်အောင်၊ လှူနိုင်တန်းနိုင်အောင်၊ သူတို့ကို အမျှတွေဝေနိုင်အောင် လွှတ်လိုက်တာ။ ဟော-ဒီကျတော့ ကောင်မလေးက အဲဒီကိစ္စတွေထက်စာရင် နှလုံးသားကိစ္စကပိုနေလေရဲ့။ ဒီတော့ ဒီဒင်းကိုလက်သင့်မခံချင်ကြဘူးနဲ့တူပါရဲ့။ သူတို့ချင်းမဆုံကြတော့ဘူးလေ။ အဲဒီမှာ ကလေးမလေးက မစားနိုင်မသောက်နိုင်ဖြစ်ပြီး တဖြည်းဖြည်းနဲ့ ဟိုသူငယ်လေးနောက်ကို ကောက်ကောက်ပါသွားတော့တယ်"

"ဟာ - သေလား"

"အေးပေါ့၊ သေတာပေါ့"

"ဩော် - ဒါဆိုသူတို့နောက်ဘဝမှာ ဆုံကြပြီပေါ့"

"နေဦး၊ ဒီကလေးမလေးဟာ သူလာရတဲ့ဘဝကို သူပြန်သွားရတယ်ပေါ့ကွာ။ သူ့အဖေနဲ့သူ့အစ်ကိုတွေဆီပေါ့"

"ဩော်"

"မပျော်ရှာဘူး၊ မှိုင်တွေပြီးအမြဲဖြစ်နေတော့ သူ့အဖေနဲ့သူ့အစ်ကိုတွေကလည်း တိုင်ပင်ကြတာပေါ့။ ဒီလိုနဲ့ (၁)နှစ်လောက်အကြာမှာ ဟိုကောင်လေးကမြို့လေးတစ်မြို့မှာ သွားဝင်စားတယ်။ ဒါကို ကလေးမလေးကသိတယ်။ သိတော့ကောင်လေးကို မကြာမကြာလှမ်းခေါ်တယ်။ ကောင်လေးက ဘာဖြစ်လဲဆိုတော့ ခဏခဏတက်ပြီးပစ်ပစ်လဲသွားတယ်။ လူတွေပြုစုလို့ သတိရရင် နှမလေး၊ နှမလေးနဲ့ အော်ခေါ်ပြီး ဟိုရှာဒီရှာနဲ့ငိုရော။ ဒါကို ပယောဂဆရာတွေနဲ့ ကုလည်းမရဘူး။ သူတို့သစ္စာကခိုင်မြဲလာတာကလား။ ကောင်လေး အရွယ်လေး (၉)နှစ်၊ (၁၀)နှစ် ဖြစ်လာတဲ့အထိ သူ့အိပ်မက်ထဲမှာ ကလေးမလေးနဲ့ သွားအတူလာအတူ ဆော့ကစားနေကြတာတွေ၊ သူသတိလစ်သွားချိန်မှာ ကလေးမလေး သူနဲ့အတူရှိနေတာတွေ သူပြန်ပြန်ပြောပြီးငိုတယ်။ အထူးသဖြင့် လပြည့်ညတွေဆို ကောင်လေးဟာ ရူးမတတ်ဘဲ။ ဘာကိုမှ စိတ်မဝင်စားဘဲ ကလေးမလေးကိုသာ လွမ်းစိတ်တွေနဲ့ပေါ့။မိုးလေးများညို့လာရင် သူ့မှာငိုရပြီ။ ကလေးမလေးကလည်း ကောင်လေးရှိရာကို လိုက်တော့မယ်လို့ ဆုံးဖြတ်ပြီး သူ့အစ်ကိုတွေကို ခွင့်တောင်းတယ်။ ဘယ်လိုမှခွင့်မပြုကြဘူး"

"ဟာ - ဘာဖြစ်လို့"

"သူတို့က ဘဝမေ့သွားမှာ မလိုလားဘူးနဲ့တူပါရဲ့။ သူတို့က ရတနာ (၃) ပါးကြည်ညိုမှု၊ သာသနာပြုမှု လွှတ်ချင်ကြတာလေ"

"ဩော်"

"အဲဒီလိုနဲ့ နှစ်တွေကြာလာတော့ကဲ နင်ဒါလောက်သွားချင်လည်းသွားရမယ်။ ဒါပေမယ့် နင်ဟာ အလှအပကိုမက်နေရင် နင့်ဘဝနင်မေ့ပြီး နင်အပျော်တွေများမယ်။ တို့ကို သတိရမှာမဟုတ်ဘူး။ ဒါကြောင့် နင့်ရဲ့မူလရုပ်ဖျက်ပစ်ပြီးမှ သွားခွင့်ပြုမယ်လို့ ပြောလိုက်တယ်။ ဒါကို ကောင်မလေးက ကောင်လေးကို အိပ်မက်ပေးတယ်လေ။ မောင်ကြီး၊ နှမလေး လိုက်လာခဲ့မယ်။ ဒါပေမယ့် နှမလေးဟာ ကြောက်စရာကောင်းတဲ့ ရုပ်ဆင်းအင်္ဂါနဲ့များလာခဲ့ရင် မောင်ကြီးလက်ခံမှာလားပေါ့။ ခုခေတ်လိုပြောရရင် အရင်လိုချစ်ဦးမှာလားပေါ့။ ဟိုကောင်လေးကလည်း အို - လာသာလာခဲ့၊ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မောင်ကြီးက နှမလေးရဲ့မောင်ကြီးပဲဆိုပြီး ပြန်ပြောတယ်။ အဲဒီတော့မှ ကောင်မလေးလူ့ပြည်ကိုလိုက်လာတယ်။ သူလူ့ပြည်ကိုရောက်နေပြီဆိုတဲ့အကြောင်း၊ ဘယ်နေရာမှာဝင်စားနေပြီဆိုတဲ့အကြောင်း အိပ်မက်ပေးတယ်လေ။ ကောင်လေးကပျော်သွားတာပေါ့။ ဒီနောက်မှာ အိပ်မက်ထဲမှာ သိပ်မတွေ့တော့ဘူး။ ကောင်လေးကလည်း သူ့နှမလေး လူ့ပြည်ရောက်လာပြီဆိုတော့ ပျော်လို့ရွှင်လို့ပေါ့။

ဒီလိုနဲ့ နေလာလိုက်တာ ကောင်လေးအသက် (၂၀) လောက်မှာ အိပ်မက်တစ်ခု မက်တယ်။ ကောင်မလေးသူ့ရှိရာကိုလိုက်လာတော့မယ့်အကြောင်းမက်တာ။ ဒါပေမယ့် မက်လိုက်၊မလာဖြစ်လိုက်နဲ့ နောက်ထပ် ငါးနှစ်လောက်ထပ်ကြာသွားသေးသတဲ့။ တစ်နေ့တော့ကောင်လေးဟာ သူတို့မြို့နဲ့နီးတဲ့မြို့လေးတစ်မြို့ကို အလည်သွားရင်း ရပ်ကွက်လေးတစ်ခုရဲ့ လမ်းလေးတစ်ခုထဲကိုသွားချင်စိတ်တွေ တားမရဆီးမရဖြစ်လာတယ်တဲ့။ သူလည်း သူ့စိတ်တွေအတိုင်းလျှောက်သွားလိုက်တာ ခြေတံရှည်အိမ်ရှေ့တစ်ခုရှေ့လည်းရောက်ရော သူ့ခြေတွေ အလိုလိုတွဲခနဲဖြစ်သွားပြီး အိမ်ဘက်ကိုလှည့်အကြည့် အထဲကနေ မောင်ကြီးရေ၊ မောင်ကြီး ဆိုပြီး လှမ်းခေါ်သံကြားလိုက်တယ်။ ကြက်သေသေပြီးကြည့်နေတုန်း ဖြန်းဆို (၁၅)နှစ်၊ (၁၆) နှစ်သာသာအရွယ် ကလေးမလေးတစ်ယောက် အတင်းပြေးထွက်လာတော့တာပေါ့။ ထွက်တော့လာပါရဲ့၊ ကလေးမလေးရဲ့ပုံက ခုနကအစပိုင်းက ငါပြောခဲ့သလိုကြီးနဲ့ပေါ့ကွာ"

"ဩော်-စိတ်မကောင်းလိုက်တာ"

"ကောင်လေးက အဲဒီကလေးမလေးကိုလည်းမြင်ရော နှမလေးဆိုပြီး ဆီးကြိုသတဲ့"

"ဟာ"

"နှစ်ယောက်သား လက်ကလေးတွေ လှမ်းဆွဲပြီးငိုကြတာပေါ့ကွာ။ နှမလေး မောင်ကြီးကို လွမ်းခဲ့ရတာ ဘယ်နှနှစ်ရှိပြီပေါ့။ ကောင်လေးကလည်း မောင်ကြီးလည်း နှမလေးကို စောင့်ခဲ့ရတာ ကြာပေါ့ဆိုပြီး သူတို့သတိရတာလေးတွေကိုပြောပြီးငိုကြသတဲ့။ ကလေးမလေးရဲ့ ကြောက်စရာကောင်းတဲ့ပုံစံကိုကောင်လေးက ချစ်လိုက်တာမှ၊ တယုတယလေးနဲ့ စကားပြောရှာတယ်။ ကလေးမလေးက တွတ်တီးတွတ်တာ

www.burmeseclassic.com

လေးတွေပြောလို့ပေါ့ကွာ။ အဲဒီအိမ်က ကလေးမလေးရဲ့ မိဘတွေဟာ ပထမတော့ ကြက်သေသေပြီး ဘာမှန်းမသိရာက သူတို့နှစ်ယောက်အဖြစ်ကိုကြည့်ပြီး စိတ်မကောင်းကြဘူးပေါ့။ သူတို့လည်း မျက်ရည်တွေနဲ့ပေါ့။ အင်း - စပြီး စကားပြောတတ်ခါစကတည်းက မောင်ကြီးနောက်ကိုလိုက်လာတာ၊ မောင်ကြီးနောက်ကိုလိုက်လာတာဆိုပြီးပဲ ပြောနေတာ ခုတွေ့သွားကြပြီကိုးဆိုပြီး ဝမ်းနည်း၊ ဝမ်းသာပေါ့။ သူတို့က ဟိုအရင်ကတည်းက ကလေးမလေးပြောနေကျစကားဆိုတာ မဆန်းဘူးလေ။ ခုတွေ့ပြန်တော့ ရုပ်ရည်သနားကမားလေးနဲ့ လူပုံချောလေးက အင်မတန် ရုပ်ဆိုးနေတဲ့ သူတို့သမီးလေးကို တယုတယမြတ်မြတ်နိုးနိုးဖြစ်နေတော့ သူတို့မှာ ဝမ်းနည်း၊ ဝမ်းသာပေါ့။ ဩော် - သူတို့ပြန်ဆုံသွားကြတာပဲဆိုပြီး ဝမ်းသာကြတာပေါ့"

"အေးဗျာ-ဘကျော်ကြီး၊ ဝမ်းသာစရာပေါ့"

"ကောင်လေးက သူ့မြို့လေးကိုသူပြန်ပြီး သူ့မိဘတွေနဲ့တိုင်ပင်ပြီး နောက်နှစ်မှာ ကလေးမလေးကို မိသားဖသားပီပီ လာပြီးတောင်းရမ်းယူလိုက်တာ ခုဒီကနေ့ထိ ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ ပေါင်းနေကြလေရဲ့။ ခုဆို သူတို့အိမ်ထောင်သက် (၁၀) နှစ်ကျော်နီးပါးပဲ"

ဘကျော်ကြီး ပြောနေတာကို နားထောင်ရင်း၊ စားရင်း ဘယ်အချိန်ကကုန်သွားမှန်းတောင် သတိမထားလိုက်မိဘဲ ပေါင်မုန့်ချပ်ပန်းကန်လေးကို ကြည့်နေလိုက်မိပါတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်လေးရဲ့ ဟိုဘက်လမ်းမကြီးမှာ သွားလာနေကြတဲ့သူတွေကို အဓိပ္ပာယ်မရှိငေးကြည့်နေမိပြန်ပါတယ်။ ဘကျော်ကြီးပြောတဲ့ဇနီးမောင်နှံများတွေ့မလားပေါ့၊ ဟိုကြည့်ဒီကြည့်ပါ။ စိတ်ထဲကတော့ ဘကျော်ကြီးပြောတဲ့ ဇနီးမောင်နှံနှစ်ယောက်ကို ပြေးတွေ့ချင်လှပါပြီ။ သူတို့ရဲ့ချစ်ခြင်းမေတ္တာကို သဘောကျလွန်းလို့ပါ။

"ကောင်လေးမိဘတွေက ပထမတော့ ဘာမှမသိဘူး။ ကောင်လေးဟာ ငယ်ငယ်လေးကတည်းက ခဏခဏတက်တာတွေ၊ တစ်ယောက်တည်းငေးပြီးမှိုင်ပြီး မျက်ရည်ကျနေတာတွေ၊ တစ်ခါတစ်ခါ စိတ်လိုရင် နှမလေးကိုလွမ်းတယ်လို့ပြောပြီး ငိုတာတွေ သူတို့အဲဒါလောက်တော့ သတိထားမိတယ်ပေါ့။ နောက်တော့ ကောင်လေးက အမေ၊ သူလိုက်လာပြီ။ သူက သားထက်နောက်ကျတယ်။ (၁၀) နှစ်ကျော်ကျော်ကွာလိမ့်မယ်။ ပြန်ဝင်စားနေပြီဆိုပြီး ပြောတယ်တဲ့။ ပြောပါများတော့ တောကျင့်တောင်ကျင့်ကျင့်တဲ့ ဘရသေ့တစ်ပါးဆီသွားပြီး မေးကြည့်ကြတော့ ခုနဇာတ်ကြောင်းတွေ ကြားလာရတာပေါ့။ ကျင့်ကြံအားထုတ်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ သိတာပေါ့။ မြန်မာပြည်အနှံ့ တန်ခိုးကြီးတဲ့ဘုရားတွေကို ခြေကျင်ကြွပြီး သွားဖူးနေတဲ့ပုဂ္ဂိုလ်ပဲ သိတာပေါ့။ ယာဉ်မစီးဘူးကွ"

"ဩော် - မကြားဖူးဘူး"

"အေး - အဲဒီဘရသေ့ကကြိုပြောခဲ့တယ်။ ကောင်လေးအသက် (၂၀) ကျော်ရင် သူတို့ချင်းပြန်ဆုံကြလိမ့်မယ်။ သူတို့ဆုတောင်းနဲ့သူတို့လာတာ၊ နင့်တို့သွားမခွဲနဲ့။ အသက်သာအသေခံသွားမယ်၊ သူတို့ခွဲမှာမဟုတ်ဘူး။ သူတို့နှစ်ယောက်ပေါင်းပြီးမှ သာသနာပြုကြရလိမ့်လို့ ပြောသွားတယ်တဲ့"

"ဩော်"

"သူတို့နှစ်ယောက်ဟာ ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီးကို ခဏခဏသွားဖူးကြတယ်။ ပြီးတော့မှ မဟာစေတီ၊ ပြီးတော့မှ ကိုးသိန်းကိုးသန်းဘုရားကို သွားဖူးကြတယ်၊ အမြဲလိုလိုပါပဲ"

"အင်း - ကြားရတာ တစ်မျိုးပဲ ဘကျော်ကြီးရယ်"

"အေး- အဲဒါ မင်းများစာရေးလို့ရမလားလို့ ငါပြောပြတာပါ။ ငါပြောပြချင်နေတာကြာပြီ။ မင့်က စာရေးတစ်ချက်မရေးတစ်ချက်နဲ့ ခုမှပဲ တို့နှစ်ယောက်ဆုံကြတာကိုး။ ငါလည်း ခုမှပဲ ပြောပြဖြစ်တော့တာပေါ့ အပုရဲ့။ ဟော့ကောင် လူလေး"

"ဗျာ"

"ဘာတွေငေးပြီးငိုင်နေတာတုံး"

"ဩော်- ဘကျော်ကြီးပြောတဲ့ သူတို့နှစ်ယောက်အကြောင်း ကြားရတာရင်ထဲမှာတစ်မျိုးကြီးပဲ။ ပါးစပ်နဲ့လည်း မပြောတတ်ဘူး။ ပြီးတော့ ရွှေမော်ဓောဘုရားကြီးမှာ သွားထိုင်စောင့်ပြီး သူတို့နှစ်ယောက်နဲ့ မိတ်ဆက်ချင်တယ်။ စကားတွေပြောချင်တယ်။ အဲဒါတွေးနေလို့ပါ"

ဟိုငေးဒီငိုင်လုပ်နေတုန်း ခပ်လှမ်းလှမ်းဘေးနားလေးက စားပွဲနောက်တစ်လုံးမှာ လူနှစ်ယောက်လာထိုင်ပါတယ်။ သူတို့ကတော့ ဆိုင်ရှင်ကို မှာနေကျလူတွေလား မသိဘူး။ သူတို့လည်း ထိုင်လိုက်ရော ဆိုင်ရှင်လည်း ကပျာကယာနဲ့ လက်ဖက်ရည်နှစ်ခွက်ဖျော်လိုက်ပြီး သွားချပေးလိုက်ပါတယ်။ တစ်ယောက်က ဘကျော်ကြီးနဲ့ ကျွန်တော့်ဘက်ကို နောက်ပြန်တစ်ချက်လှည့်ကြည့်ပြီး သူ့ဟာသူ အေးအေးဆေးဆေး လက်ဖက်ရည်သောက်နေပါတော့တယ်။ သူတို့ဝိုင်းမှာ ပေါင်မုန့်ချပ်တော့မတွေ့ဘူး။

"ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ ဘကျော်ကြီး"

"အေး - ငါလည်း ဒီလိုပေါ့ကွာ။ ဘယ်. . . သူတို့အကြောင်းစကြားတော့ သိပ်စိတ်မဝင်စားသေးဘူး။ သူတို့ကိုမြင်လိုက်တော့ ဟား - ကတဲ၊ ငါတောင်ဘာတွေဘယ်လိုဖြစ်ကုန်မှန်းမသိတော့ပါဘူး အပုရယ်။ ခံစားရပုံများ ရင်တွေတုန်သလိုလိုလှုပ်လှုပ်လှုပ်လှုပ်နဲ့"

"ဒီလိုမေတ္တာရှင်တွေရှိနေကြမှာပဲနော်။ ကျွန်တော်တို့ မသိနိုင်တာရှိနေကြဦးမှာ"

"ရှိတာပေါ့ လူလေးရယ်။ ငါနဲ့သိတဲ့တစ်ယောက်ဆိုရင်လည်း သူတို့အတိတ်ကြောင်းတွေနဲ့ရှိနေတော့ ငါနဲ့ဆုံတိုင်းပြောဖြစ်ကြတယ်၊ သူတို့အတိတ်ဘဝလေးတွေကို"

"အတိတ်ဘဝကလည်း. . . ခက်တာပဲနော်"

"အဲဒါတွေကြောင့် ခက်နေတာပေါ့။ တကယ် ဘာမှန်းကိုမသိနိုင်ဘူး၊ သာမန်လူတွေအမြင်ပေါ့ကွာ၊ သာမန်အမြင်နဲ့ကြည့်ရင်တော့ သူတို့တွေဟာ အဖြစ်သည်းကိုသည်းလွန်းတယ်လို့မြင်ကြမှာပဲ"

"ဟုတ်တယ်နော် ဘကျော်ကြီး"

ဘကျော်ကြီးက ဘာမှမပြောသေးဘဲ ရေနွေးကရားအိုးလေးကို ယူလိုက်ပြီး ရေနွေးကြမ်းပန်းကန်လေးထဲကို ငှဲ့ထည့်လိုက်ပါတယ်။ အေးလောက်ပြီဖြစ်နေတဲ့ရေနွေးကို နှစ်ကျိုက်လောက်သောက်လိုက်ပြီး ဘေးနားက စားပွဲဘက်ကဲကြည့်လိုက်ပါတယ်။

"ငါမြင်ဖူးတဲ့နှစ်ယောက်က အဲ - ခုနပြောတဲ့ ငါနဲ့သိတဲ့တစ်ယောက်က အဲဒီလိုပဲ။ သူတို့နှစ်ယောက်ကလည်း ဟိုးဘက်ဘဝမှာတုန်းက သိပ်ချစ်ကြတာပဲတဲ့။ ဒါ ငါနဲ့သိနေတဲ့ ကောင်လေးက အိပ်မက်လည်းမက်ထားတယ်။ ပြီးတော့ သူ့ဆရာတွေ၊ သူနဲ့ရင်းနှီးတဲ့သူတွေကို မေးကြည့်လို့ သူသိထားတာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

လည်းပါတယ်။ သူပြောပြတာ"

"သြော် - သူက သိပြီးသားပေါ့"

"အေး - သိပြီးသား၊ သူတို့နှစ်ယောက်ဟာ ဟိုဘဝတွေတုန်းက အကြင်လင်မယားဖြစ်ခဲ့ကြတယ်။ သူတို့မှာသားလေးတစ်ယောက်ထွန်းကားကြတယ်။ ဒီသားလေးကို သူတို့သိပ်ချစ်ကြတာပဲ။ ဒါနဲ့ သူတို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် စိတ်မချကြလို့ စောစောက ကောင်လေးတွေလိုပဲ သစ္စာတွေပြုကြတယ်။

တစ်နေ့ ကောင်မလေးက ကောင်လေးကို မေးတယ်တဲ့။ သူဟာ သားတစ်ယောက်မိခင်ဖြစ်နေသေးလို့သာ၊ သူ့ရုပ်သွင်အလှအပရှိနေသေးလို့ မောင်ကြီးမေတ္တာရှိနေသေးတာမို့လားပေါ့။

အဲဒီမှာ ကောင်လေးကဘာပြောလဲဆိုတော့ အမလေး - သားတစ်ယောက်မိခင်မကလို့ ကလေးတွေတစ်ပြုံတစ်ခေါင်းကြီးနဲ့မိခင် ဖြစ်နေပါစေ မေတ္တာရှိမှာက မေတ္တာရှိမှာပဲ။ သားတစ်ယောက်တည်းမိခင်ဖြစ်နေသေးလို့ မေတ္တာရှိနေတယ်မထင်လိုက်ပါနဲ့ဆိုပြီး ပြောသတဲ့"

"အဲဒီတော့ ကောင်မလေးက ဘာပြန်ပြောလဲဆိုတော့ နောက်ဘဝဆိုတာများရှိခဲ့ရင် မောင်ကြီးနဲ့ပြန်ဆုံရတဲ့အခါ ကံအလှည့်မသင့်လို့ မောင်ကြီးပြောသလိုမျိုး ကလေးတွေ တစ်ပြုံတစ်ခေါင်းကြီးနဲ့ဖြစ်နေရင်ကောတဲ့။ စကားဆိုတာ အနိုင်အထက်လုပြောတတ်ကြတဲ့သဘောရှိတော့ ကောင်လေးကလည်း မလျှော့ဘူး။ မေတ္တာရှိမှာပဲတဲ့။ ကြည့်စမ်းအာဂမေတ္တာရှင်တွေကွယ်"

ဘကျော်ကြီး ရေနွေးထပ်ငှဲ့ပြီး သောက်လိုက်ပြန်ပါတယ်။ ဒီတစ်ခါ သူရေနွေးသောက်တုန်း ဟိုဘက်ဝိုင်းကို ခေါင်းငဲ့ကြည့်လိုက်တော့ ခုနလူနှစ်ယောက်တောင် ဘယ်အချိန်က စားသောက်ပြီး ထပြန်သွားကြတယ်မသိပါဘူး။ တစ်ဆိုင်လုံးမှာ ဆိုင်ရှင်ရယ်၊ ကျွန်တော်ရယ်၊ ဘကျော်ကြီးရယ်။

"ဟော - ဖြစ်လာတာပဲဟေ့"

"ဘာကိုလဲ ဘကျော်ကြီး"

"ကောင်လေးက ခုလူဖြစ်လာတော့ ကောင်မလေးနဲ့က ချက်ချင်းမတွေ့သေးဘူး။ နှစ်ပေါင်း (၁၉) နှစ်လောက်ကွာပြီးမှ ရှေ့ဆင့်နောက်ဆက် လူပြည်ရောက်လာကြတော့ အခု ဒီဘဝမှာ (၁၉) နှစ်ကွာကြတယ်"

"သြော် - ဆုံပြီပေါ့"

"ဆုံပြီလေ၊ ဆုံကြပြီ။ ကောင်လေးက ငါးဆယ်ကျော်သလို ကောင်မလေးကလည်း သုံးဆယ်ကျော်မှ သူတို့ချင်းပြန်ဆုံကြတယ်"

"သြော်"

"အေး - ဝစီဘေဒများကြောက်စရာ ဘယ်လောက်ကောင်းလဲဆိုတော့ ကောင်လေးနဲ့ ကောင်မလေး ထူးထူးဆန်းဆန်းပြန်ဆုံကြတဲ့အခါမှာ ကောင်မလေးမှာ ကလေးတွေတစ်ပြုံတစ်ခေါင်းကြီးဖြစ်နေပြီကွာ"

"ဟာ"

"ဒါပေမယ့် လူလေး၊ အတိတ်က ရေစက်များ ဘယ်လောက်လဲဆိုတော့ သူတို့နှစ်ယောက်ဟာ ဘာသာတရားကို ကိုင်းရှိုင်းကြပုံလည်းတူ၊ နူးညံ့သိမ်မွေ့ကြပုံလည်းတူ၊ စိတ်ထားတွေလည်း ထူးထူးဆန်းဆန်းတူနေကြတယ်။ ကောင်လေးကလည်း သူပြောခဲ့သလိုပဲ ကလေးတွေ တစ်ပြုံတစ်ခေါင်းကြီးနဲ့ ပြန်ဆုံရပေမယ့် မေတ္တာရှိလိုက်တာမှကွယ် မျက်စိအောက်ကတောင် အပျောက်မခံဘူး"

"ဟင် - ဟိုကောင်မလေးက အိမ်ထောင်. . . ."

"ဒီဒင်းတွေကဒီလိုပဲ။ သူ့အကြောင်းနဲ့သူ ဖြစ်လာကြတာကလား။ ကောင်မလေးမှာ အိမ်ထောင်မရှိတော့ဘူး၊ ကွဲသွားပြီ။ အဲဒီလိုကွဲပြီးမှ ပြန်ဆုံကြတာ။ သူတို့ချင်းပြန်ဆုံဖို့အကြောင်းတွေများဖန်သွားသလားပဲ"

"ဟာ-ထူးတယ်နော်။ သူတို့စကားအတိုင်းပဲ ကလေးတွေတစ်ပြုံတစ်ခေါင်းကြီးနဲ့ဆိုတာ"

"အေးပေါ့ အပုရဲ့။ ဒါကြောင့် စကားဆိုတာ ပြောတိုင်းကောင်းမှတ်လို့၊ ဝစီဆိုတာအရမ်းထိတတ်တယ်။ ခုကြည့်လေ၊ ပြန်ဆုံကြတော့ ကောင်လေးစကားအတိုင်းဖြစ်နေပြီ"

"သူတို့တွေအသက်ကွာပြန်တာပဲနော်"

"ကွာပြန်တာပဲ၊ ခုန ကောင်လေးတွေလိုပဲ"

"ဘကျော်ကြီး ပြောသလိုဆိုရင် ဒီလိုပြန်ဆုံကြသူတိုင်းဟာ သူများနဲ့မတူတဲ့မေတ္တာတွေ ရှိကြတယ်နော်"

"ဟုတ်ပါ့၊ တစ်ယောက်နဲ့တစ်ယောက်သိပ်ကြင်နာကြတာပဲ။ သူတို့နှစ်ယောက်ဟာ မြစ်ကမ်းနဖူးနားက ဆုတောင်းပြည့် စေတီလေးတစ်ဆူဆီကို အမြဲပဲသွားပြီးပူဇော်ကြလေ့ရှိတယ်။ သူတို့ရဲ့ မေတ္တာကို သူတို့ယုံကြတယ်ပေါ့ကွာ။ ဒီစေတီလေးကိုလာပြီး ဘုရားဖူးကြသူတော်တော်များများဟာ သူတို့နှစ်ယောက်ကို တစ်ခါတလေတွေ့ရတတ်တယ်။ သူတို့ဘုရားကြည်ညိုကြတာဟာ ဒီပြင်လူတွေနဲ့ မတူကြဘူးကွယ့်။ သိပ်ကြည်ညိုကြတာပဲ"

"ခုကော ဘကျော်ကြီး"

"ခုလည်းရှိတယ်လေ။ ခုငါပြောတဲ့သူတွေအကုန်ရှိနေတယ်လေ။ ဒါ ဟိုးရှေးရှေးတုန်းကမှမဟုတ်တာ။ အကုန်လုံး သက်ရှိထင်ရှားရှိကြသူတွေချည်းပဲ။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာတွေပါပဲ"

"သြော် - ဝမ်းသာစရာပဲ"

"အေး - တစ်ခါတစ်ခါ တကယ့်အဖြစ်အပျက်များဟာ စိတ်ကူးယဉ်ဝတ္ထုတွေထက် ပိုပြီးဆန်းကြယ်တတ်တယ်ကွ အပုရဲ့။ မင်းစဉ်းစားကြည့်လေ"

"ဟုတ်တယ်နော်"

"ဒါတောင် တချို့လင်မယားတွေရဲ့ ဖြစ်စဉ်တွေဆိုရင် ငါတောင်မယုံနိုင်လောက်အောင် ဆန်းကြယ်တာတွေ အများကြီးနဲ့ပြည့်နေတာတွေ ရှိသေးတယ်"

"ဒါလည်း ဟိုဘဝတွေဒီဘဝတွေနဲ့ ဆက်စပ်နေတာတွေပဲပေါ့"

"ဒီဒင်းတွေက ကြုံလိုက်ရင်ဒါမျိုးတွေများတယ်။ သူတို့မှာတူနေကြတာတွေက အကုသိုလ်ကင်းကြတယ်။ ရတနာမြတ်သုံးပါးကို အင်မတန်မှကြည်ညိုကြတယ်။ အလှူအတန်းရက်ရောကြတယ်။ အဲဒါတွေတော့ အင်မတန်မှတူကြတယ်။ ပြီးတော့ သားကြီးငါးကြီးစားလေ့မရှိကြဘူး။ သူတို့ကိုကြည့်လိုက်ရင် သူတို့ရုပ်သွင်တွေဟာ သူများထက်ကို ပိုထူးနေတယ်။ ဟိုဒင်းကွယ် အများနဲ့ကိုမတူကြတဲ့ရုပ်ရည်တို့၊ အသားအရေတို့ရှိကြတယ်။ သူတို့မှာ နောက်ထပ်တူညီတာတစ်ခုက သူတို့နဲ့ နီးစပ်တဲ့သူတွေဟာ သူတို့ကို စိတ်ချမ်းသာအောင် မထားနိုင်ကြတာတူတယ်"

"သြော် - ကြုံတတ်ကြပါလဲ"

"အနေအထိုင်လည်း အင်မတန်မှ သန့်ပြန့်ကြတယ်ကွယ့်"

"အင်းပေါ့လေ၊ ရတနာသုံးပါး ကိုင်းရှိုင်းလွန်းမှတော့"

"ကိုင်း- ငါတော့ ငါတွေ့တာလေးတွေပြောပြပြီးပြီ။ မင်းရေးဖို့သာပြင်တော့ ဖြစ်လား"

"ဖြစ်ပါတယ် ဘကျော်ကြီးကလည်း"

www.burmeseclassic.com

"အေးလေ - မင်းအပိုင်းပဲ၊ ငါ့အပိုင်းကတော့ ပြီးပြီ"

"ဘကျော်ကြီးပြောတာနဲ့ ကျွန်တော်တော့ မြစ်ကမ်းနဖူးနားက ဆုတောင်းပြည့်စေတီလေးကို သွားချင်နေပြီ"

"ဘာလဲ၊ဟိုလင်မယားနှစ်ယောက်နဲ့ ဆုံချင်ပြန်ပြီ၊ စကားပြောကြည့်ချင်ပြန်ပြီ"

"ဟုတ်တယ် ဘကျော်ကြီး၊ သူတို့နှစ်ယောက်နဲ့ စကားပြောကြည့်ရင် တော်တော်လေးနားထောင်ကောင်းမှာပဲ"

"မင်း အဲဒါတွေခက်တာပေါ့"

"ဘာကိုလဲ ဘကျော်ကြီး"

"ငါပြောပြလို့ပဲ ခုမင်းနားထောင်ကောင်းပြီး သူတို့တွေကို တွေ့ချင်ပြီမို့လား"

"ဟုတ်ပါတယ်၊ ဘကျော်ကြီးပြောလို့ပါ"

"အေး - ဒီဒင်းကိုထည့်ပြော"

ဘကျော်ကြီးနဲ့ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်လေးက ပြန်ထွက်လာခဲ့ကြပါပြီ။ ဘကျော်ကြီးကတော့ အလာတုန်းကအတိုင်း ကျွန်တော့်ပခုံးလေးကို ဖက်လို့၊ စကားလေးတပြောပြောနဲ့ မျက်လုံးတွေက ကွမ်းယာဆိုင်ရှာလို့။

ကျွန်တော်ကတော့ ခါးဘုကြီးနဲ့ ဆံပင်ကျိုးတိုးကျဲတဲ၊သွားတွေမကောင်းတော့တဲ့ မိန်းကလေးကို တယုတယ လက်ဆွဲထားတဲ့သူကို တွေ့ချင်လွန်းလို့ ပဲခူးရွှေမော်ဓောစေတီတော်ကြီးရယ်၊ မဟာစေတီရယ်၊ ကိုးသိန်းကိုးသန်းရယ်ကို ဘုရားဖူးသွားချင်နေပါပြီ။ ပြီးတော့ ကလေးတွေ တစ်ပြုံတစ်ခေါင်းကြီးရတော့မှ သူ့စကားနဲ့သူပြန်ဆုံရတဲ့ ဘဝဟောင်းက ဇနီးကို တယုတယ လက်ဆွဲပြီး မြစ်ကမ်းနဖူးနားက ဆုတောင်းပြည့်စေတီလေးဆီ ခဏခဏသွားတတ်တဲ့သူကိုလည်း စိတ်ထဲကနေခင်နေမိပါတယ်။ ဆုံတော့ဆုံဦးမှာပါ။

ဆုံများဆုံခဲ့ရင်-

သူတို့ရဲ့လက်ကလေးတွေကို သူတို့ တယုတယနဲ့ မဖြုတ်စတမ်းတွဲရင်း-

သူတို့ရင်ထဲက မေတ္တာတရားတွေကို သူတို့ ပြောတတ်သလိုပြောပြကြပါလိမ့်ဦးမယ်။

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*
ပြည်သိန်းကျော်

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြဲစေသား)

(၃၀၅) ကြိမ်မြောက် -

ထီဖွင့်ပွဲကြီးလာပါတော့မည်။

သိန်းကြွယ်၊ သန်းကြွယ်၊ ကုဋေကြွယ်သူဌေးကြီးများ ဖြစ်လာစေတော့မည့် ကိန်းဂဏန်းပေါင်းများစွာထဲမှ အကောင်းဆုံး အကျိုးပေးတော့မည့် ဂဏန်းလုံးများစွာနှင့် ပါရမီဖြည့်လိုက်ပါဦးမည်။

**တနင်္ဂနွေသားသမီးများ**

မေလ ၈၊ ၁၃၊ ၁၇၊ ၂၁ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်(၇)ဆူအား ရည်မှန်းရည်မှတ်၍ ဖယောင်းတိုင် (၇)တိုင် ထွန်းညှိပြီးပူဇော်ပါ။ အပြန်တွင် ကြာသပတေးနံထီဆိုင်မှာ ထီထိုးလိုက်ပါ။

ဇွန်လမှာ ၁၊ ၇၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

မေလ ၈၊ ၁၄၊ ၂၂၊ ၂၈ ရက်များမှာ ထီထိုးပါ။

စနေနံဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွား၍ (သို့) နဂါးရုံဘုရားတစ်ဆူဆူရှေ့တွင် ဖယောင်းတိုင်(၇)တိုင် ထွန်းညှိပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဇွန်လမှာ ၁၊ ၆၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

မေလမှာ ၅၊ ၉၊ ၁၅၊ ၂၃ ရက်များမှာ ထီထိုးပါ။

'အောင်'ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပါ။ အပြန်တွင် မင်္ဂလာ (သို့) အလှူတစ်ခုခုနှင့်ဆိုင်သောနိမိတ်မြင်ပြီဆိုလျှင် နီးရာဆိုင်မှာ ထီထိုးပါ။

ဇွန်လတွင် ၇၊ ၆၊ ၄၊ ၈၊ ၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မေလ ၆၊ ၁၅၊ ၂၄၊ ၃၀ ရက်များမှာ ထီထိုးပါ။

အားရက်တစ်ရက်ကိုယူပါ။ ထိုနေ့တွင် မနက်စောစောမှစ၍ ဘုရား (၇) ဆူပြည့်အောင် သွားရောက် ဖူးမြော်ပါ။ ဘုရားတိုင်းတွင် ဖယောင်းတိုင်(၇)တိုင်စီ ထွန်း၍ပူဇော်ပါ။ အပြန်မှာထီထိုးပါ။ ပေါက်ပြီဆိုသည်နှင့် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကိုယ်ပူဇော်ခဲ့သောဘုရား (၇) ဆူဆီမှာ တစ်နိုင်သွားလှူပါ။ ဥပမာ- လျှပ်စစ်မီး၊ ကျောက်ပြား။

ဇွန်လမှာ ၁၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

မေလ ၇၊ ၁၀၊ ၁၇၊ ၂၅ ရက်များမှာ ထီထိုးပါ။

ကျောင်းစာမေးပွဲဖြစ်စေ၊ လုပ်ငန်းခွင်စာမေးပွဲဖြစ်စေ အောင်မြင်သည့် စကားနိမိတ်သံတစ်ခုခုကြားလိုက်သည်နှင့် နီးရာဆိုင်တွင် ထီထိုးလိုက်ပါ။

ဇွန်လမှာ ၇၊ ၆၊ ၂၊ ၅၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

မေလ ၅၊ ၁၁၊ ၁၈၊ ၁၉၊ ၂၉ ရက်များမှာ ထီထိုးပါ။

အိမ်နှင့်နီးသော ဘုရားတစ်ဆူဆူသို့ ခြေကျင်သွားပါ။ ဘုရားသို့ရောက်ပြီဆိုလျှင် ဂြိုဟ် (၈)ခွင်လုံးတွင် ဖယောင်းတိုင်(၇)တိုင်စီထွန်းညှိပြီးမှ ဘုရားပူဇော်ပါ။ အပြန်မှာ သောကြာနံ၊ အင်္ဂါနံထီဆိုင်များမှာ ထီထိုးပါ။

ဇွန်လမှာ ၁၊ ၄၊ ၈၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**စနေသားသမီးများ**

မေလ ၆၊ ၉၊ ၁၂၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

အိမ်မှာ ပုတီးစိပ်ပါ။ ဒိဝါတပေဒီဂါထာတော်ကို နေ့စဉ် ပုတီးတစ်ပတ်စိပ်ပါ။ အချိန်ကိုမရွေးပါနှင့်။ (၇)ရက်ပြည့်ပြီးမှထီထိုးပါ။ ပုတီးစိပ်နေသော(၇)ရက်အတွင်း အနိဋ္ဌာရုံစကားများမပြောမိအောင်ရှောင်ပါ။

ဇွန်လမှာ ၆၊ ၁၊ ၂၊ ၉၊ ၃ ဂဏန်းများနှင့် ကံစပ်နေပါသည်။

မည်သည့် (၇) ရက်သားသမီးမဆို ၂၀-၅-၂၀၁၄၊ အင်္ဂါနေ့တွင် မြန်မာ [illegible] မနေ ထီထိုးပါ။ ၃၊ ၇၊ ၂ ဂဏန်းများနှင့်စ၍ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြဲစေသား)



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

## အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ယေပုံမယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောတိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆောင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ." **ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုခမ္မာလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၂၂၂၅၄၁

www.burmeseclassic.com



ရှင်အဇ္ဇဂေါဏဘုရားတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်များ

ကံဝင်း

အမှတ်(၄)

ကမ္ဘာ့အံ့ဖွယ်ရာ ဖြစ်ရှိသည့်ပုဂံမြို့တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အဂ္ဂိရတ်တန်ခိုးတော်ဖြင့် ပုဂံခေတ်အခါက ရတနာငွေမိုး ငွေမိုးရွာသွန်းခဲ့သည့်

# ရှင်အဇ္ဇဂေါဏဘုရား

မြန်မာမှန်လျှင် ပုဂံအကြောင်း အနည်းနှင့်အများသိကြ၏။ မြန်မာနိုင်ငံသား မြန်မာလူမျိုးများ ပုဂံသို့ရောက်ဖူးကြ၏။ မရောက်ဘူးသေးသူများ ရောက်အောင်သွားသင့်၏။ ပုဂံ ဆိုသည်က မြန်မာတို့၏ အသည်းနှလုံး။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ပုဂံကြောင့် ရှင်သန်ခဲ့ရ၏။ မြန်မာတို့၏ ဆရာသခင် ကျေးဇူးရှင် ရှင်အရဟံ ရဟန္တာမထေရ်မြတ်နှင့် သာသနာပြု မင်းနော်ရထာတို့၏ ကျေးဇူးတရားက လွန်စွာကြီးမားလှ၏။ အရည်းကြီးတို့အား သုတ်သင်ရှင်းလင်း သာသနာသန့်ရှင်းအောင် ဆောင်ရွက်ခဲ့တော်မူသော ကျေးဇူးတော်ရှင် ရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီးနှင့် မင်းကြီးအနော်ရထာတို့အား ဦးစွာပထမ ဤစာစုဖြင့် ခြေတော်ဦးခိုက် ဦးတိုက်ပူဇော်ပါသည် ဘုရား။

ပုဂံမြို့ ရှေးဟောင်းနယ်မြေသို့ ကျောက်ပန်းတောင်းမှလာလာ၊ ပုပ္ပားဗျတ္တပန်းဆက်လမ်းမှဆင်းဆင်း ဦးစွာပထမ ပုဂံမြေနင်းပြီဆိုလျှင်ဖြင့် မြို့အဝင်မုခ်ဦးနားမှာ လက်ဝဲဘက်ခြမ်း ပုဂံမြို့သစ်မြို့ဟောင်းသို့သွားနိုင်သော လမ်းမကြီးကို တွေ့ကြရမှာ ဖြစ်ပါသည်။ မိမိစီးလာတဲ့ကား၊ မိမိမောင်းလာတဲ့ကား မုခ်ဦးလမ်းအတိုင်း တည့်တည့်ဆက်မောင်းသွားလျှင်တော့ ညောင်ဦးသို့ ရောက်မည် ဖြစ်ပါသည်။ လက်ဝဲဘက် လမ်းအတိုင်း ဆက်မောင်းသွားလျှ[…] တော့ ပုဂံမြို့သစ်သို့ရောက်မည် ဖြစ်[…] သည်။ လက်ဝဲဘက် လမ်းကျယ်ကြီး[…] ချိုးလိုက်လျှင်ဖြင့် ဦးစွာပထမ ဖူး[…] ရမှာက ရှင်အဇ္ဇဂေါဏဘုရားကျော[…] ရှင်အဇ္ဇဂေါဏ ဟူသည်ကား ပုဂံမှ[…]



ရှင်အဇ္ဇဂေါဏမြတ်စွာဘုရား အနီးကပ်ဖူးရစဉ်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းအတွင်းမှ မတ်ရပ်တော်






မှုဆိုးမပင် ဘုရားတည်နိုင်အောင် ဝိဇ္ဇာ ဓရ အဂ္ဂိရတ်အတတ်ဖြင့် သာသနာပြုခဲ့သော ကျေးဇူးကြီးမား ထွက်ရပ်ပေါက် ဆရာတော်တစ်ပါး ဖြစ်လေ၏။

ပုဂံရှင်အဇ္ဇဂေါဏဘုရားကျောင်းသို့ စာရေးသူ နှစ်ခေါက်ရောက်ဖူး၏။ ယခု ရှင်အဇ္ဇဂေါဏဘုရားအကြောင်း စာရေးရန် စဉ်းစားတော့ ထိုစဉ်က ပုဂံရှင်အဇ္ဇဂေါဏဘုရားကျောင်းမှာ ဆုံတွေ့ခဲ့ရသည့် ဦးပဉ္စင်းတစ်ပါးကို သတိရမိ၏။ ထိုဦးပဉ္စင်းက ပုဂံမြို့သစ် တာမဏိဘက်ကနေ အဓိဋ္ဌာန်ဖြင့်ပွဲလာကပ်ရင်း မထင်မှတ်ဘဲ စာရေးသူနှင့် ဆုံတွေ့ခဲ့ရခြင်းဖြစ်၏။ ပုဂံရာဇဝင်မှာ ထင်ရှားကျော်ကြားခဲ့သော ရှင်အဇ္ဇဂေါဏမထေရ်အကြောင်းကို သူသိခဲ့သမျှ စာရေးသူအား ပြောပြခဲ့၏။ ထိုအကြောင်းအရာသည် ထူးဆန်းနေခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုရသော် စာရေးသူ ကြားဖူး၊ မှတ်ဖူးသော ရှင်အဇ္ဇဂေါဏမထေရ်၏ အကြောင်း ဖြစ်နေ၏။ ထိုအကြောင်းအရာကို စာရေးသူအပြင် ဝိဇ္ဇာဓရပညာရပ်များလိုက်စား တော်တော်များများ လူပုဂ္ဂိုလ်များသိနေကြလေ၏။ သို့သော် ဤစာစုတွင် ထိုအကြောင်းအရာပါမှ ပြီးပြည့်စုံပါလိမ့်မည်။ ထိုဦးပဉ္စင်းပြောကြား ပုဂံခေတ် ရှင်အဇ္ဇဂေါဏမထေရ်၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောရမည်ဆိုလျှင် -

ပုဂံခေတ်အခါက ပုဂံမြို့စွန်မှာ သီတင်းသုံးတဲ့ မထင်မရှား ရဟန်းတစ်ပါး ရှိတော်မူခဲ့၏။ ဝိဇ္ဇာဓရ အဂ္ဂိရတ်



ရှင်အဇ္ဇဂေါဏမြတ်စွာဘုရားအား ညအခါဖူးရပုံ



www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်ကို အထူးလေ့လာလိုက်စား၏။ ရှေးဟောင်းကျမ်းများ ရှာဖွေစု၏။ ဝိဇ္ဇာ ဓရအင်္ဂရတ်ကျမ်းတော်လာ နည်းအဖြာ ဖြာလေ့လာ အင်္ဂရတ်ဖိုထိုး၏။ အကျင့် စရဏ သီလသမာဓိနှင့် အထူးပြည့်စုံ၏။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပညာရပ်စခန်းခရီးအတော်တန် ရောက်နေ၏။ ရှေးဟောင်းကျမ်းနှင့်အညီ ကျင့်ကြံပွားများအားထုတ် (ဖို) အလုပ်လုပ်လာသောအခါ နောက်ဆုံး အဆင့်သို့ ရောက်လာ၏။ မမျှော်လင့်သောဖြစ်ရပ်က ဘဝ၏ ဝိပါက်ကြမ္မာကြောင့်ပင်လော ဖိုထိုးရင်း မျက်စိနှစ်ကွင်းအလင်းမရ၊ မျက်စိနှစ်ကွင်း ပျက်စီးခြင်းကို ဆိုက်ရောက်လေ၏။ ဖိုထိုး၍ အောင်မြင်လာသော ဓာတ်လုံးသည် ကျမ်းဂန်အလိုအရ ချေးရည်စိမ်ရန် ဖြစ်၏။ ကျမ်းဂန်လာ ချေးရည် ဟူသည်ကို မထေရ်က ချဥ်ရည်ဟု သုံးသပ်၍ ချဥ်ရည်စိမ်ပါသည်။ ချဥ်ရည်စိမ်၍ မဖြစ်လာသောအခါ အပင်ပန်းခံကြိုးစားရင်းကံမကောင်းအကြောင်းမလှ၍ မျက်စိလည်း ကွယ်ခဲ့ရ။ စိတ်ပန်းလူပန်းနှင့် အောင်မြင်မှုမဖြစ်လာသောအခါ စိတ်ပေါက်ပေါက်နှင့် သူ့တပည့်အား-

"ဒီလောက်တောင်ဖြစ်လှတာ အိမ်သာကန်ထဲပစ်လိုက်တော့ကွာ"

ဟု ဆိုလိုက်၍ သူ၏တပည့်သည်လည်း ဆရာမထေရ်ပြောသည့်အတိုင်း မိလ္လာကန်ထဲပစ်ထည့်လိုက်၏။ မိလ္လာကန်ထဲရောက်သည်နှင့် မစင် (ချေး) နှင့် တွေ့ထိသော ဓာတ်လုံးသည် အရောင်မျိုးစုံ အစွမ်းကုန်လင်းလက်နေတော့၏။ ထိုအကြောင်းကို သူ့တပည့်မှ ဆရာ မထေရ်အား လျှောက်ထားသောအခါ ချက်ချင်းအမြန် ပြန်ဆယ်၍ ရေဆေးကြော တရော်ကင်ပွန်းတို့ဖြင့် သန့်စင်၊ အမွှေးရည်များ ပက်ဖျန်းစေပြီးနောက် ရှင်အဇ္ဇဂေါဏမထေရ်သည် 'ဇိတံ မေ အောင်ပြီ'ဟု သုံးကြိမ်သုံးခါ ဟစ်ကြွေးတော်မူပါသည်။ ၎င်းနောက် မထေရ်ရှင်သည် သူ၏ တပည့်အား ကျောင်းနှင့် အနီးဆုံး ပုဂံ မင်းနန်းသူဈေးကိုလွှတ်၍ ရသည့်မျက်လုံးနှစ်လုံး ဝယ်ခဲ့ရန် မှာကြားလွှတ်လိုက်၏။ တပည့်ဖြစ်သူလည်း မင်းနန်းသူဈေးသို့ပြေး၍ မျက်လုံးရှာပုံတော်ဖွင့်ခဲ့ရာ တစ်ဝန်းလုံးမှာ ဂေါဏ-နွားမျက်လုံးတစ်လုံး၊ အဇ္ဇ-ဆိတ်မျက်လုံး တစ်လုံးသာရှာရ၏။ ရသည့်မျက်လုံးများယူ၍ ကျောင်းသင်္ခမ်းသို့ ပြန်လာ၏။ ကျောင်းသို့ရောက်သောအခါ သူ့တပည့် ယူဆောင်လာသော ဆိတ်မျက်လုံးနှင့် နွားမျက်လုံးကို မျက်လုံးနှစ်ဖက်ပေါ်တင်၍ အဓိဋ္ဌာန်ပြုကာ ဓာတ်လုံးတော်ဖြင့် တို့လိုက်သည်နှင့် မျက်လုံးအိမ်ထဲ မျက်စိများဝင်ရောက်ပြီးနောက် ချက်ချင်းလက်ငင်း အမှောင်ခွင်း၍ အလင်းသို့ရောက်လာပါတော့၏။

ပုဂံမင်းနန်းသူဈေးမှ ဈေးသူဈေးသားများသည် မထေရ်ရှင်၏တပည့်ဖြစ်သူ ဆိတ်နှင့် နွားမျက်လုံးနှစ်လုံး အပြေးအလွှား ကသောကမျောလာဝယ်စဥ်က စပ်စုမိကြ၏။ တပည့်ဖြစ်သူကလည်း တိုတိုလိုရင်း သူ့မထေရ် တန်ခိုးရှင်ဖြစ်ပြီ။ ယခု မထေရ်၌ မရှိတော့ပြီဖြစ်သောဆုံးရှုံးသွားသည့်မျက်လုံးနှစ်လုံး တန်ခိုးဖြင့် မျက်စိပေါက်အတွင်း ထည့်သွင်းတော့မည်။ ဒါကြောင့် မျက်လုံးအမြန်လာရှာရပါကြောင်းပြောကြားသွားစကားသည် ဈေးတွင်းသာမက ဈေးပြင်ရပ်ထဲရွာထဲထိ တောမီးပမာပျံ့နှံ့သွားတော့၏။

ဈေးသူဈေးသား၊ ရွာသူရွာသားများလည်း အထူးအဆန်းစကားကြောင့် မထေရ်နေရာ အုတ်ကျောင်းသို့ လိုက်လာကြ၍ စောင့်ကြည့်ကြသောအခါ အံ့သြစွာဖြင့် ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်နှင့် မထေရ်ရှင်ကို တွေ့ကြရလျက် မထေရ်၏လက်ထဲမှ ဓာတ်လုံးတော်သည် အရောင်မျိုးစုံလင်းလက် ထူးဆန်းစွာ အံ့မခန်းဖူးတွေ့ကြရလေ၏။


မထေရ်ရှင်မြတ်က ဈေးသူဈေးသား ရွာသူရွာသားများရှေ့မှောက်၌ စိတ်ကြံသမှုအဓိဋ္ဌာန်ပြု၍ ကြေးရေခွက်အား ဓာတ်လုံးဖြင့်တို့လိုက်ရာ ချက်ချင်းရွှေခွက်ဖြစ်သွားသည်ကို တအံ့တသြမြင်ကြရပြန်လေ၏။ မထေရ်ရှင်မြတ်က သံ၊ ကြေး၊ ဒန် မိမိတို့အိမ်မှာ ပြန်ရှာယူကြရန် မိန့်တော်မူသဖြင့် ပုဂံသူပုဂံသားများ



ရှင်အဇ္ဇဂေါဏတန်ဆောင်း



ရှင်အဇ္ဇဂေါဏဘုရားရှေ့မှ သူတော်စင်



ရှင်အဇ္ဇဂေါဏဘုရားဖူးသူများ



www.burmeseclassic.com

www.burmeseclassic.com

သည် အိမ်ပြန်၍ ဒန်အိုးဒန်ခွက်၊ ကြေး သံတို့ရရာရှာဖွေယူဆောင်လျက် မထေရ်ထံ လာရောက်အပ်နှံသောအခါ ကြေးတို့သည် ရွှေချက်ချင်း၊ ခဲ၊ ဒန်၊ သံတို့သည် ငွေဖြစ်ကုန်ကြ၏။ ရရှိလာသော ရွှေထည်များ၊ ငွေထည်များထုခွဲ၍ လေးပုံတစ်ပုံလှူရန် ကတိသစ္စာခံယူစေ၏။ ပုဂံနေပြည်တော်နှင့် အနီးအပါး ဇနပုဒ်ဒေသများပါမကျန် ပုဂံသူပုဂံသားများသည် ဘုရားတည်ကြ၏။ ကျောင်းဆောက်ကြ၏။ မုဆိုးမပင် ဘုရားတည်နိုင်ခဲ့ပါကြောင်း ပုဂံ တာမဏီအရပ်မှ ဦးပဉ္စင်းမှ စာရေးသူအား စိတ်ပါလက်ပါ ရှင်းလင်းပြောကြားခဲ့ပါသည်။

**ရှင်မထီးဆရာတော်နှင့်ပြဒါးရှင်လုံး**

အထက်ပါ ပုဂံဇာတ်လမ်းက တာမဏီဦးပဉ္စင်းပြောကြား ရှင်အဇ္ဇဂေါဏမထေရ်၏ အဖြစ်အပျက်များ ဖြစ်ပါ၏။ စာရေးသူ ဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူးသည်နှင့် ကွဲလွဲမှုတွေ့ရှိသဖြင့် အတည်ယူ၍မရ။ သို့သော်လည်း ထိုအရှင်သိသလို၊ ကြားသလို ပြောဆိုနိုင်သည့်အခွင့်အရေးရှိ၏။ ထို့အပြင် မှားခြင်း၊ မှန်ခြင်းကို ကြားသိသူများက ခွဲခြားပိုင်ခြားနိုင်ကြ၏။ စာရေးသူ ဖတ်ဖူးသော ရှေးဟောင်းကျမ်းစာအုပ်၌ ရှင်အဇ္ဇဂေါဏဘွဲ့အမည် ထင်မပေါ်မီက ရှင်မထီးမထေရ်ဟု ဖတ်ဖူး၊ မှတ်ဖူးပါ၏။ ဝိဇ္ဇာလိုင်းလိုက်စား အဂ္ဂိရတ်ပညာရှင်များအားလုံးကလည်း ရှင်မထီးဘွဲ့ ဆိုကြ၏။ အများက ရည်ညွှန်း ပြောဆိုမှုများ အကြောင်းပြု၍ ရှင်မထီးဆရာတော်ဟုဆိုကြပါစို့။

ရှင်မထီးဆရာတော်သည် ရှေးမူပုရပိုက်တစ်စုံရရှိလာချိန်မှစ၍ ပုရပိုက်တွင် ညွှန်ကြား ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ရင်း အဂ္ဂိရတ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်လုပ်ကိုင်လာ၏။ ဆရာတော်၏ရည်ရွယ်ချက်မှာ ဆင်းရဲနေသော မင်းနှင့်တကွ ပုဂံပြည်သူပြည်သားများချမ်းသာကြွယ်ဝရန် ရည်သန်၍ 'ပြဒါးသေ တစ်ပြည်ဝ' ဆိုသည့်အတိုင်း တစ်ပြည်လုံး ချမ်းသာကြွယ်ဝရန် ပြဒါးရှင်လုံးရရှိရေး အဂ္ဂိရတ်ပညာဖြင့် ကြိုးစားနေချိန်ဖြစ်၏။ ရှေးမူပုရပိုက်ထဲကအတိုင်း မနေမနားစမ်းသပ်နေသည်ဖြစ်ရာ ထိုလုပ်ငန်းအောင်မြင်ရေးအတွက် ဘုရင်မင်းမြတ်၏အထောက်အပံ့ကိုခံယူရင်း ဆောင်ရွက်နေလေ၏။ အချိန်ကြာလာသည်နှင့်အမျှ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ အောင်မြင်မှုမရလာသောအခါ တိုင်းသူပြည်သားလူအများကလည်း ယုံကြည်အားကိုးမှုမရှိကြတော့ပါဘဲ တိုင်းပြည်ဘဏ္ဍာငွေများကို ဖြုန်းတီးနေသူဟု မြင်လာကြ၏။ ဘုရင်မင်းမြတ်ကြီးပင်လျှင် ထိုဘုန်းကြီး၏ လှည့်ဖြားမှုခံနေရသည်ဟု ဆိုကြ၏။ ထိုအဂ္ဂိရတ်ဘုန်းကြီးအား အလိုမရှိဟု ကြွေးကြော်၍ တိုင်းပြည်ကနှင်ထုတ်ရန် ဘုရင်မင်းအား တောင်းဆိုလာသည်အထိ အခြေအနေက အထူးတင်းမာနေချိန် ဖြစ်၏။

ထိုအချိန်၌ ရှင်မထီးဆရာတော်၏ ခတ်လုံးအခြေအနေသည် နောက်ဆုံးအဆင့်ရောက်လာချိန်နှင့် တိုက်ဆိုင်နေ၏။ ဤသို့ဖြင့် ရှင်မထီးဆရာတော်သည် တိုင်းသူပြည်သား ပုဂံသားများ၏ အမျက်ဒေါသပြေစေခြင်းငှာ အများရှေ့၌ ကတိကဝတ်တစ်ခုပြုလေ၏။ (၇) ရက်အချိန်ပေးပါရန်နှင့် (၇) ရက်ပြည့်အချိန်ထိ သူ၏ အဂ္ဂိရတ်လုပ်ငန်း မအောင်မြင်ပါက တိုင်းသူပြည်သားလူအများ ကျေနပ်သည်အထိ အပြစ်ဒဏ်ခံယူ၍ ပုဂံပြည်မှထွက်ခွာပေးမည်ဟု ကြေညာလိုက်လေ၏။

ရှင်မထီးဆရာတော်၏ အဂ္ဂိရတ်ပညာရပ်စခန်းသည် နောက်ဆုံးအဆင့်သို့ အချိန်မီ ပြီးမြောက် တစ်ပြည်လုံးချမ်းသာမည့် ပြဒါးရှင်လုံးဖြစ်ရန်အဆင့်သို့ ရောက်လာခဲ့လေ၏။ နောက်ဆုံးအဆင့် ကျမ်းစာရှေးပုရပိုက်အလိုအရ ချေးရည်စိမ်ရန် ညွှန်ကြားထားသော်လည်း ရှင်မထီးဆရာတော်က မသန့်သော ချေးရည်မဖြစ်နိုင်၊ ချဉ်ရည်သာစိမ်ရန်ဟု တထစ်ချဆုံးဖြတ်ပြီး ချဉ်ရည်စိမ်ထားလေ၏။ ချဉ်ရည်စိမ်၍ ပြဒါးရှင်လုံးဖြစ်မလာသောအခါ ရှင်မထီးဆရာတော်သည် ဘုရင်နန်းတော်ရှေ့ ရင်ပြင်တော်သို့ စုရုံးရောက်ရှိလာကြကုန်သော ပုဂံသူပုဂံသားပြည်သူများနှင့် ဘုရင်မင်းမြတ်ရှေ့၌ မိမိ၏ မျက်လုံးနှစ်လုံးကို လက်ဖြင့်ကော်ထုတ်လျက် မိမိကတိပြုထားသည့်အတိုင်း မိမိကိုယ်မိမိ အပြစ်ပေးပြလိုက်လေတော့၏။ ထို့ပြင် နောက်တစ်နေ့၌ ပုဂံမှ အပြီးအပိုင် ထွက်ခွာပါမည်ဖြစ်ကြောင်း ကြေညာပြီးနောက် အဖော်ကိုရင်လေးနှင့် ကျောင်းသို့ ပြန်လာခဲ့လေ၏။

ကျောင်းသို့ပြန်ရောက်သောအခါ စိတ်မကောင်းခြင်းများစွာနှင့်အတူ အဂ္ဂိရတ်ဆိုင်ရာလုပ်ငန်းပိုင်းနှင့် သက်ဆိုင်သမျှ ရိုက်ခွဲချိုးဖျက်ပြီး ချဉ်ရည်စိမ်ထားခတ်လုံးကို အိမ်သာတွင်းသို့ လွှင့်ပစ်ရန် စေခိုင်းလိုက်၏။

ထိုနေ့ည ဆရာတော်သည် ဝမ်းနည်းစိတ်ပျက်ခြင်းများစွာဖြင့် တော်တော်နှင့်အိပ်၍မရ။ နံနက်လင်းအားကြီးမှ အိပ်ပျော်သွားရာ နေအတော်မြင့်မှ နိုးလေ၏။ အိပ်ရာကနိုးနိုးချင်း အခန်းတံခါးဖွင့်ရာ အခန်းအပေါက်ဝ၌ ကိုရင်ကလေးစောင့်နေသည်ကိုတွေ့ရ၏။

ကိုရင်ကလေးက-

"ညကဘုရား အိမ်သာထဲမှာ လင်းလင်းလက်လက်အရောင်တွေထွက်နေပါတယ်ဘုရား။ တပည့်တော်လည်း လာပြီး မနိုးရဲပါ၍ အခန်းတံခါးဝမှာ စောင့်အိပ်နေခဲ့ပါတယ်ဘုရား"

ဟု လျှောက်ထားသောအခါ ရှင်မထီးဆရာတော်က-

"ဟေ့ - အဲဒါ ခတ်လုံးအောင်ပြီ ပြဒါးရှင်လုံးပွင့်ပြီ"

ဟု ဝမ်းမြောက်ဝမ်းသာ စကားဆိုလျက် လက်သီးလက်မောင်းတန်းကာ 'ဇိတ် မေ အောင်ပြီ' ဟု (၃)ကြိမ် ဟစ်ကြွေးပြီးနောက် ကိုရင်ကလေးအား အိမ်သာတွင်းမှ လင်းလက်နေသော ပြဒါးရှင်လုံးကို အမြန်ဆယ်စေပါသည်။ ပြဒါးရှင်လုံးရလာသောအခါ ရေဆေးကြောသန့်စင်စေပြီး ဈေးကို အမြန်လွှတ်၍ ရရာမျက်လုံးနှစ်လုံးဝယ်ခဲ့ရန် ညွှန်ကြားလိုက်လေ၏။ ကိုရင်လေးလည်း ဆရာတော်ပေးလိုက်သောအသပြာကို လက်က အသေအချာဆုပ်ပြီး ပုဂံဈေးသို့ အပြေးအလွှားရောက်လာ၏။ ထိုအချိန်၌ ဈေးကွဲစဖြစ်နေ၍ မျက်လုံးတစ်စုံမရရှိပါဘဲ ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတို့သာ ရှာဖွေရလာ၏။ ရရှိလာသော မျက်လုံး(၂)လုံး ဆိတ်မျက်လုံးနှင့် နွားမျက်လုံးအား ရှင်မထီးဆရာတော်သည် မျက်ကွင်းသို့ထည့်၍ ပြဒါးရှင်လုံးနှင့်တို့လိုက်ရာ ချက်ချင်း စက္ခုနှစ်ကွင်း အလင်းရရှိသွားတော့၏။ မျက်စိမြင်ပြီဆိုသည်နှင့် ရှင်မထီးဆရာတော်သည် ဘုရင့်နန်းတော်သို့ ဒုန်းစိုင်းအရောက်သွား၍ ဘုရင်မင်းကြီးအား ရှိသမျှ ကြေးဝါ အကုန်စုပုံ အရည်ကျိုစေ၍ ပြဒါးရှင်လုံးထည့်လိုက်သောအခါ အားလုံးရွှေဖြစ်သွားတော့၏။ ဘုရင်မင်းမြတ်သည်လည်း လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းနှင့်အတူ တိုင်းသူပြည်သားတို့အား ကြေညာမောင်းခတ်စေ၏။ မိမိတို့အိမ်မှာရှိသမျှ ခဲ၊ ဒန်၊ ကြေးများကို မိမိတို့အိမ်ရှေ့မှာ စုပုံအရည်ကျို စောင့်နေကြရန်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရှင်မထီးဆရာတော်ကိုယ်တိုင် ရွှေဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့စား၊ နယ်စား၊ ရွာစားတို့အား အကြောင်းကြားခိုင်းလိုက်၏။

ပြဒါးရှင်လုံးနှင့် တန်ခိုးရှင် ဖြစ်တော်မူသော ရှင်မထီးဆရာတော်မှ ပုဂံတစ်နယ်လုံး တစ်ပြည်လုံး ရွှေဖြစ်အောင် ဆောင်ရွက်ပေးခဲ့လေ၏။ ပုဂံပြည်၌ မုဆိုးမပင် ဘုရားတည်နိုင်အောင် ပြဒါးရှင်တန်ခိုးနှင့် သာသနာပြုနိုင်ခဲ့၏။ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်နှင့် ရှင်မထီးဆရာတော်သည် ရှင်အဋ္ဌဂေါဏမထေရ်အဖြစ် ပုဂံခေတ်အခါက ကျော်ကြားထင်ရှားတော်မူခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

မှတ်ချက် - နိုင်ငံတိုင်း၏ ရှေးဟောင်းသမိုင်းသည် ဒဏ္ဍာရီနှင့် မကင်းပေ။ လူတို့၏ သဘောသဘာဝသည် အထူးအဆန်းသိချင်ကြ၏။ အံ့ဖွယ်သရဲကို နားထောင်လိုကြ၏။ လူ့သဘောသဘာဝနားလည်ကြသော သမိုင်းပညာရှင်များသည် သမိုင်းစာအုပ်ထဲတွင် ဒဏ္ဍာရီသွင်းကြ၏။ ပါးစပ်စကား၊ အရပ်စကားထည့်ကြသည်ဟု နိုင်ငံကျော် စာရေးဆရာကြီးပါရဂူမှ မှတ်ချက်ပြုခဲ့သည် ကို စာရေးသူ ပြန်သတိရနေ၏။ ပုဂံခေတ်သမိုင်းရာဇဝင်များတွင် ကျောက်စာ၊ ပေစာ အထောက်အထားအမိကထား၍ သမိုင်းသုတေသီများ ရေးသားထား သမိုင်းစာများ၌ ဒဏ္ဍာရီပါးစပ်စကား၊ အရပ်စကား၊ ရှေးဟောင်းစဉ်လာထုံးတမ်းများ ပါဝင်နေပါလိမ့်မည်။

ယခုဆောင်းပါးတွင် ပါဝင်သော ပုဂံမြို့သစ် တာမဏိဘက်မှ ဦးပဉ္စင်းတစ်ပါးပြောကြား ရှင်အဋ္ဌဂေါဏမထေရ်၏ ဘဝဇာတ်ကြောင်းတစ်စေ့တစောင်းသည် စာရေးသူ ဖတ်ဖူး၊ မှတ်ဖူး၊ ကြားခဲ့ဖူးသော အကြောင်းအရာတို့နှင့် တစ်ထပ်တည်းနီးပါး တူညီနေပါသည်။ ကွဲလွဲမှုတော့ရှိကောင်းရှိနိုင်ပါသည်။ နှစ်ပေါင်း (၁၀၀၀) ဟူသောကာလတွင် ကွဲလွဲမှုများဖြစ်နိုင်သည့်သဘောကို လက်ခံရပါမည်။ စာရေးသူ ကြားသိဖူးသော ရှင်အဋ္ဌဂေါဏမထေရ်သည် အဂ္ဂိရတ်အတတ်ဖြင့် ဖိုအောင်မြင်ပြီးနောက် ပုဂံတွင် ရတနာရွှေမိုး၊ ငွေမိုးများ ဝိဇ္ဇာဓရအတတ်ပညာဖြင့် ရွာသွန်းဖြိုးစေလျက် ပုဂံသူပုဂံသားများ မုဆိုးမပင်မကျန် ဘုရားတည် ကျောင်းဆောက်နိုင်အောင် စောင်မခဲ့သည်ဟု သိရှိရပါသည်။

ပုဂံမြို့သစ် တာမဏိဘက်မှ ဦးပဉ္စင်း ပြောကြားမှုများနှင့် စာရေးသူ ဖတ်ဖူး၊ မှတ်ဖူး သမိုင်းစာထဲက ကြေးဒန်၊ သတ္တုများရွှေဖြစ်အောင်လုပ်ဆောင်ခဲ့သည်ဆိုစကားထက် ဝိဇ္ဇာဓရအတတ်ပညာဖြင့် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခဲ့သည်ဆိုသည်က ပိုမိုမှန်ကန်မည်ဟု ယူဆပါသည် - စာရေးသူ။

**ရွှေတိဂုံရင်ပြင်တော်မှ**
**ရှင်အဋ္ဌဂေါဏဘုရား**

ရှင်အဋ္ဌဂေါဏမြတ်စွာဘုရားတည်တော်မူရာဌာနသည်ကား ရွှေတိဂုံဘုရားရင်ပြင်တော် တနင်္ဂနွေထောင့်ရှိ နောင်တော်ကြီးဘုရား၏ တောင်ဘက်ခြမ်း အာရုံခံတန်ဆောင်းအတွင်း သီတင်းသုံးတော်မူပါသည်။ ထိုရုပ်ပွားမြတ်ဘုရားကို ရှင်အဋ္ဌဂေါဏမထေရ်မှ တည်တော်မူခဲ့ပါသည်။ ရှင်အဋ္ဌဂေါဏမထေရ်သည် မိမိတည်ထားတော်မူခဲ့သည်ကို အများသိသာစေရန် မျက်လုံးတော်တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် ထုလုပ်ပူဇော်ထားရှိပါသည်။ ရှင်အဋ္ဌဂေါဏ ဟူသည်ကား ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်ရှိသောကိုယ်တော်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ထိုတန်ဆောင်တွင်းရှိ ရုပ်ပွားတော်မြတ်ကြီး၏ လက်ယာဘက်တွင်ရှိ ရုပ်ပွားတော်တစ်ဆူတွင် မျက်လုံးတော်တစ်ဖက်ကျဉ်းတစ်ဖက်ကျယ် အရွယ်ချင်းမတူအောင် တည်တော်မူထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

**ထူးထူးခြားခြားအကျိုးများ**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘုန်းရိပ်ကံရိပ်တွင် ခိုလှုံသီတင်းသုံးတည်နေတော်မူသော ဘုရားရုပ်ပွားစေတီပုထိုးများသည် ဘုန်းတန်ခိုးကြီးမား ဆုတောင်းပြည့်ဝကြသော ဘုရားရုပ်ပွားစေတီပုထိုးများဖြစ်ပါသည်။ ဘုရားတစ်ဆူချင်း၏ ထူးခြားအကျိုးများကြသူများ မရေမတွက်နိုင်အောင် လွန်စွာများပြားစွာရှိကြပါသည်။ လူတိုင်း လိုချင်သူတိုင်း အလိုပြည့်ဝကြသည်တော့ မဟုတ်။ သို့သော် မိမိ၏သဒ္ဓါတရား စရဏပွား၍ သီလဝိသုဒ္ဓိနှင့်ပြည့်စုံသူများ အမ်ဋ္ဌာန်ပြီးမြောက် ခရီးရောက်ကြ၏။ ဆုတောင်းပြည့်ကြ၏။အထူးသဖြင့် အဂ္ဂိရတ်ပညာရပ်များ လေ့လာလိုက်စားကြိုးစားနေသူများ ရှင်အဋ္ဌဂေါဏ ဘုရားတန်ဆောင်းသွား၍ အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုတောင်းသစ္စာပြုခြင်း၊ ဓာတ်ဆောင်ခြင်းများပြုကြပါသည်။ ဓာတ်ဆောင်ခြင်း ဆိုသည်ကား မိမိ၏သီလ၊ သမာဓိ၊ ပညာ ထို (၃)ဖြာကို ညီညာပေါင်းစု အဓိဋ္ဌာန်ပြု၍ ဝိဇ္ဇာဓရ ရှင်အဋ္ဌဂေါဏမထေရ်ထံပါးမှ ညွှန်ကြားပေးသနားလာမည့် နိမိတ်ဖြင့်လည်းကောင်း၊ အိပ်မက်ဖြင့် လည်းကောင်း၊ မိမိတို့အလိုရှိအပ် ပညာရပ်ကို ခံယူဆောက်တည် တောင်းခံယူခြင်း ဖြစ်ပါသည်။ အကြောင်းတိုက်ဆိုင်၍ ချီးမြှင့်အပ်သော သိဒ္ဓိတို့သည် မိမိတို့၏ထွက်ရပ်လမ်း အဓိဋ္ဌာန်စခန်းမှာဖြင့် အောင်ပန်းပွင့်ကြလေ၏။

ရှင်အဋ္ဌဂေါဏတန်ဆောင်းတွင် သီတင်းသုံးတော်မူသော မျက်စိတစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်ရုပ်ပွားတော်သည် ရှင်အဋ္ဌဂေါဏမထေရ်ကိုယ်တော်တိုင် ဝိဇ္ဇာဓရအဂ္ဂိရတ်ပညာရပ်များနှင့် အသုံးပြုခဲ့သော၊ အောင်မြင်ခဲ့သော ပစ္စည်းတချို့ ဌာပနာထား တည်တော်မူထားခဲ့ခြင်းကြောင့် ဝိဇ္ဇာလိုင်းလိုက်စားသူ၊ အထက်လိုင်း ကြိုးစားနေသူများနှင့် အဂ္ဂိရတ်ဖြင့် ထွက်လမ်းလျှောက်လမ်း ကြိုးပမ်းသူများသည် ရှင်အဋ္ဌဂေါဏမထေရ် ရုပ်ပွားတော်ထံပါး အရောက်သွား၍ ဓာတ်ဆောင်ခြင်း၊ အဓိဋ္ဌာန်ပြုခြင်း၊ ဆုတောင်းသစ္စာဆိုခြင်းများ ပြုလုပ်ကြကြောင်း သိရပါသည်။

လွန်ခဲ့သော နှစ်(၅၀)ခန့်က ရန်ကုန်မြို့ စွယ်စုံရပ် (ယခု နဝဒေးလမ်း... အနီး ဇွဲဖုံ) ရှိ စွယ်စုံကျောင်း အဘိုး... ဆရာတော်သည် အဂ္ဂိရတ်စခန်း အောင်ပန်းပွင့်ခဲ့သည်ဟု ရှေးမီနောက်မီ လူကြီး... မိဘများပြောကြားစကားအရ သိရ... သည်။ စွယ်စုံအဘိုးဆရာတော်သည် သူ၏အရင်းအချာ ဒကာ၊ ဒါယိကာ... များ ငွေကြေးပြတ်လပ် အခက်အခဲ... ရပ် ကြုံတွေ့လာပါက ကြေးနီ၊ ကြေး... များ ယူလာစေလျက် အောင်မြင်သော ဓာတ်လုံးတန်ခိုးဖြင့် ရွှေတစ်မတ်... ထက်မပိုသော အဂ္ဂိရတ်ရွှေချီးမြှင့်... ခဲ့ကြောင်း သိရ၏။ (တချို့ သွပ်ပြား... သွပ်စများကိုပင် ရွှေဖြစ်အောင်လုပ်... သည်ဟု သိရပါ၏။) ထိုစွယ်စုံအဘိုး... သည် သက်တော် (၁၀၀) နီးပါး... ပျံလွန်တော်မူပါသည်။

ထွက်ရပ်ပေါက် ခရီးလမ်း... မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာများပေါ် ထွန်းသ... အဂ္ဂိရတ်ဝိဇ္ဇာဓရပညာရပ်ဖြင့် ပြဒါး... များ ပေါ်ထွန်းခဲ့ကြောင်း ရှေးဟော... ကျမ်းအဆူဆူ၌ အတိအလင်း ... ထားသည်ကို ဖတ်ဖူး၊ မှတ်ဖူးပါ... ဝိဇ္ဇာဓရအဂ္ဂိရတ်ပညာရပ်ဖြင့် ... ရပ်ပေါက်ခရီးလမ်းလျှောက်လှမ်း...



www.burmeseclassic.com

www.burmeseclassic.com

သောသူတော်ကောင်းများသည် ရှင်အဇ္ဇဂေါဏမထေရ်ကိုယ်တော်တိုင် တည်ထား ရွှေတိဂုံ ရှင်အဇ္ဇဂေါဏဘုရားတန်ဆောင်းသွား၍ စိတ်ကြည်သမှု အမိဌာန်ပြုကာ ခါတ်ဆောင်မှုပြုကြပြီးသကာလ ထူးထူးခြားခြား အကျိုးများခဲ့ကြကြောင်း ကြားသိရပါသည်။

**ရှင်အဇ္ဇဂေါဏဘုရားဖူး ထူးတဲ့သူ**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အရှေ့ဘက်ကမ်းမှာနေသူ ဦးရွှေငို၏ ရှင်အဇ္ဇဂေါဏဘုရားဖူး အတွေ့အကြုံက ထူးဆန်းလှပါသည်။ ကျွန်းကြီးဆရာတော်ပူဇော်ပွဲသို့ ကျင်းပရေးလူကြီးများ၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ စာရေးသူနှင့်အတူ ပူဇော်ပွဲရတုပိုဒ်စုံသီဆိုမည့် သရုပ်ဆောင် အဆိုတော် ရန်ပိုင်စိုး (တာတူးလေး)၊ တက္ကသိုလ်လဲ့လဲ့၊ တေးသံရှင် မောင်ထွန်းမင်း ပါဝင်လျက် ဇလွန်မြို့အရှေ့ဘက်ကမ်းသို့လာစဉ်က ဦးရွှေငို ဆိုသူနှင့် မော်တော်စီးရင်း သိကျွမ်းခဲ့ရပါသည်။ စက်လှေမော်တော်ပေါ်မှ ကက်ဆက်က· နဂါးနီသီချင်းသံ ပေါ်ထွက်လာသောအခါ ဦးရွှေငိုက -

"အဲဒီသီချင်းကြောင့် အဘဒုက္ခမရောက်ဘဲ ရွာပြန်ရောက်ခဲ့ရတာဗျို့"

ဟု ဆိုကာ အစချီလျက် ပြောပါသည်။

"အဘတို့ အရှေ့ဘက်ကမ်းရွာတော်တော်များများက ကိုင်းလုပ်ငန်းလုပ်ကြတာ၊ ကိုင်းစိုက်တာပေါ့နော်။ ငရုတ်၊ ပဲ၊ ပြောင်း စသဖြင့်ပေါ့။ ကိုင်းသိမ်းချိန်ဆို အနည်းနဲ့အများ ငွေရှင်ကြတယ်။ မိုးမကျမီ ကိုင်းသိမ်းပြီဆိုတာနဲ့ ဘုရားဖူးထွက်ကြတယ်။ ဇလွန်ပြည်တော်ပြန်ဘုရားသွားဖူးကြတာ။ အဲဒီနှစ်မှာတော့ ရွာက မောင်ဝင်းမြင့်တို့က ပြည်တော်ပြန်ဘုရားပင်မက ရန်ကုန်က ဘုရားတွေသွားဖူးမယ်လုပ်တော့ အဘလည်း ရွှေတိဂုံဘုရားဖူးချင်ဇောနဲ့ လိုက်လာခဲ့တယ်။ ဟိုရောက်တော့ ကြည့်မြင်တိုင်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းကြတယ်။ ဗိုလ်တထောင်ဘုရားဖူးပြီးတော့ ဆူးလေဘုရားဝင်ဖူးကြတယ်။ဆူးလေမှာ အဲဒီနေ့က လပြည့်နေ့ပွဲတော်တစ်ခု ကျင်းပနေတာ။ လူတွေက ကြိတ်ကြိတ်တိုး စည်းကားနေတယ်။ အဲဒီမှာ လူစုကွဲသွားတယ်။ စုပေါင်းငှားစီးတဲ့ကားကလည်း ဘယ်မှာရပ်မှန်းမသိဘူး။ ဦးနှောက်ထဲစွဲနေတာက ဆူးလေပြီးရင် ရွှေတိဂုံတက်မယ်လို့ ပြောတာ မှတ်မိနေတယ်။ အဲဒါနဲ့ ဆူးလေကနေ ရွှေတိဂုံမှာ ပြန်ဆုံမယ်ဆိုပြီး ဟိုမေးဒီမေးနဲ့ လမ်းလျှောက်လာတာ ရွှေတိဂုံရောက်တယ်။ ရွှေတိဂုံမှာလည်း လူတွေက ကြိတ်ကြိတ်တိုးစည်ကားတာ အဘတစ်သက် တစ်ခါဖူးမျှအဲဒီလောက်များတဲ့လူ မတွေ့ဖူးဘူး။ ဟိုတိုးဒီခွေ့နဲ့ ရွာသားတွေလိုက်ရှာတာ လုံးဝမတွေ့ရဘူး။ လူက ထမင်းကလည်း မစားရ၊ ညနေပိုင်းလည်းရောက်လာ၊ ခေါင်းလည်း မူးနောက်နောက်ရှိတာနဲ့ ခေတ္တခဏနားမယ့်နေရာရှာတော့ ရင်ပြင်တော်နဲ့ မနီးမဝေး တန်ဆောင်းတစ်ခုမှာ ခေတ္တဝင်ပြီးနားတယ်။ အဲဒီတန်ဆောင်းထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ်တဲ့သူတွေ၊ ယောဂီဝတ်တဲ့လူတွေ၊ ဘုရားရုပ်ပွားတော်ရှေ့မှာ ပုတီးစိပ်၊တရားထိုင်နေကြတာ တွေ့ရတယ်။ အဲဒီကျမှ အဘလည်း ဘုရားမရှိခိုးရသေးတာ သတိရပြီး ဘုရားရှိခိုးဖြစ်တယ်။ ရှိခိုးရင်းနဲ့ ဆုတောင်းတယ်။ 'အတူလာ ရွာသားများနဲ့ တွေ့ရပါစေ။ တပည့်တော်အိတ်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှမရှိ၊ မနက်စာထမင်းလည်းမစားရဖြစ်နေပါ၍ ကယ်မပါဘုရား' အဲဒီလို ဆုတောင်းပြီး ပုတီးကလည်းမပါတော့ ရွာဦးဆရာတော် စိပ်ခိုင်းတဲ့ ပုတီးစိပ် အရဟံ အရဟံ အရဟံ ဆိုပြီး နှုတ်ကရွတ်နေတာ မေ့းခနဲ အိပ်ပျော်သလိုဖြစ်သွားတယ်။ အိပ်မက်ထဲမှာ ထမင်းနဲ့ ပိုက်ဆံ လာပေးတယ်လို့ မြင်မက်တယ်။ အဲဒါနဲ့ ထမင်းဆာနေတဲ့ ဇောကြောင့်လား မသိဘူး၊ ချက်ချင်း မျက်စိဖွင့်ကြည့်တာ တန်ဆောင်းထဲမှာ လူငယ်တစ်စု ထမင်းထုပ်လိုက်ဝေနေတာ တွေ့ရတယ်။ အဘကိုလည်း လာဝေတယ်။

'မွေးနေ့အလှူအဖြစ် အာဟာရဒါနပြုပါတယ်ခင်ဗျာ' လို့ပြောပြီး ထမင်းထုပ်ဝေသွားတယ်။ ဘာပြောကောင်းမလဲ၊ ဆာဆာနဲ့ အထုပ်ဖွင့်လိုက်တော့ မွှေးကြိုင်တဲ့ ထောပတ်ထမင်း၊ ကြက်သားဟင်းနဲ့ စားရတယ်။ စားရင်း ထမင်းထဲက ကံအားလျော်စွာ ငွေ (၁၀၀၀) တန်တစ်ရွက် ပါလာတယ်။ ဝမ်းသာလိုက်တာဗျာ။ ဘုရားတန်ခိုးလို့ဆိုရမှာပဲ။ ထမင်းဆာနေတာ စားရတယ်၊ ပြန်စရာ လမ်းစရိတ် အလုံလောက်ရတယ်။ အဲဒါနဲ့ တန်ခိုးကြီးတဲ့ ရုပ်ပွားတော်ကြီးကို ဘယ်လိုခေါ်ပါသလဲ၊ အနီးအနားမှာရှိ ယောဂီတစ်ဦး မေးကြည့်တော့ 'ရှင်အဇ္ဇဂေါဏမြတ်စွာဘုရား' လို့ ပြောတယ်။ အဲဒါနဲ့ ရလာတဲ့ ငွေ (၁၀၀၀) တန်ကို လက်မှာ အသေအချာဆုပ်ပြီး စဉ်းစားတယ်။ ပြန်လို့ရပြီ။ ရွာပြန်မယ်။ သင်္ဘောဆိပ်ဆင်းမယ်။ ရွာသူရွာသားများတည်းတဲ့ ကြည့်မြင်တိုင်ကို စုံစမ်း၊ ကျောင်းလိုက်ရှာလို့ အချိန်လင့်သွားရင် ဒုက္ခရောက်နိုင်တယ်ဆိုပြီး ကမ်းနားဆိပ်ဘယ်နားလဲ ဘုရားဖူးတွေ မေးတော့ တောင်ဘက်မုခ်ကနေ တည့်တည့်ဆင်း၊ ဘယ်မှမကွေ့နဲ့၊ ကမ်းနားရောက်မယ် ဆိုတော့ ဟန်ကျလိုက်တာ ကမ်းနားဆိပ်ကို (၄) နာရီလောက်ရောက်သွားတယ်။ သင်္ဘောက (၅) နာရီထွက်မှာ။ ဇလွန်-ဟင်္သာတသွား ဗမာကြယ်သင်္ဘောကြီးနဲ့ ရွာပြန်လာခဲ့တယ်။ အဘရဲ့ဒုက္ခကို ကယ်မစောင့်ရှောက်ခဲ့တဲ့ ရွှေတိဂုံဘုရား ရှင်အဇ္ဇဂေါဏဘုရားကို အမြဲတမ်းတကန်တော့နေမိတယ်။ အထူးသဖြင့် နဂါးနီသီချင်းကြားရရင် ပိုပြီးသတိတရကန်တော့မိတယ်။ အဲဒီသီချင်းမှာ အဘဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏ မ,မယ် ကိန်းဆိုက်ပြီ ဆိုတာ ပါတယ်လေကွယ်"

စာတည်းချုပ်က တာဝန်ပေးလို့ ရှင်အဇ္ဇဂေါဏဘုရားသမိုင်းအကြောင်း လေ့လာရေးသားဖို့ ရွှေတိဂုံစေတီတော် ရင်ပြင် ရှင်အဇ္ဇဂေါဏတန်ဆောင်း ရောက်တော့ ဇလွန်မြို့နယ်အရှေ့ဘက်ကမ်းက အဘဦးရွှေငိုပြောကြား ရှင်အဇ္ဇဂေါဏဘုရား၏ ထူးထူးခြားခြား ဖြစ်စဉ်များကို ပြန်လည် သတိရလာသည်နှင့် ဤဆောင်းပါးတွင် ထည့်သွင်းရေးသား တင်ပြအပ်ပါသည်။ စာရှုသူမွေမိတ်ဆွေများအနေဖြင့် မိမိတို့၏ စီးပွားရေး လူမှုရေး ကျန်းမာရေး ပညာရေးများ အခက်အခဲတစ်စုံတစ်ရာနှင့် ကြုံတွေ့နေရသောအခါမျိုးတွင်ဖြစ်စေ ဘဝခရီး တက်လမ်း အောင်မြင်စေလိုသော် တလှလှ ဖွင့်လန်းသိုလှောင်ဖြစ်စေ ရွှေတိဂုံရင်ပြင်တော်တနေရာရှိဆောင်မှာ ပုံမှာ ရှေးခေတ် ရွှေမြို့ ငွေမြို့ ရွာသူမိဖုရားတော်ဖူးခဲ့သည့် ရှင်အဇ္ဇဂေါဏမထေရ်ကိုယ်တော်တိုင် တည်ထား ရှင်အဇ္ဇဂေါဏမြတ်ဘုရား ထံပါး အရောက်သွား၍ စိတ်ကြည်သမှု အမိဌာန်ပြုကြပါ။ သို့ရာရောက် ပြီး မြောက် ခရီးရောက်ကြပါမည် ဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည် ခင်ဗျား။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

တဟိ‌ံ တဟိ‌ံ ပါရမီ သဥ္စယံ စယံ
ဂတံ ဂတံ သတ္တိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုလတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ‌ံတဟိ‌ံ'ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ မကြာမကြာဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော မိတ်ဟောင်းဆွေဟောင်းများနှင့်ဆုံပါက ကျန်းမာရေးကိစ္စများ မေးမြန်းကူညီပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင် (၂) ဆိုင်ပြည့်အောင် ထိုးပါ။ (၇) ဂဏန်းများစွာပါပါစေ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းများဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင်လေးများ မဝတ်ပါနှင့်။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း 'ဖုဋ္ဌဿ'ဂါထာရွတ်ရင်း (၁၅)မိနစ် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ထိုးဖြစ်အောင်ထိုးလိုက်ပါ။ (၂၊ ၅၊ ၆၊ ၉) ဂဏန်းများနှင့်စသော ထီလက်မှတ်များကို ရွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကြွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး ဖိနပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီးမှ စနေသားတစ်ဦးနှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံအဟောင်းများကို ရှင်းလင်းသိမ်းဆည်း၍ အသုံးမဝင်သည်များကို စွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောင်ခြင်းများကို ဘုရားစေတီရောက်တိုင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - လှည်း၊ စက်ဘီးတို့နှင့်ရောင်းသောထီသည်နှင့် ကံစပ်နေပါသည်။ (၄၊ ၃၊ ၇၊ ၆) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချေးကျွေးပြီးမှ ကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့ တံမြက်စည်းလှူပေးပါ။ သန့်ရှင်းရေးများ ပြုလုပ်ပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများ မပြောပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း 'ဖုဋ္ဌဿ'ဂါထာ(၇)ခေါက်ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ခရီးတစ်ခုထွက်ဖြစ်ပါက လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ကံကောင်းတတ်ပါသည်။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟိ တဟိ'ဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေနံ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ မေတ္တာပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် ပိုက်ဆံအိတ်အဟောင်း အပေါက်များ မီးလုံးအကျွမ်း၊ မီးချောင်းအကျွမ်းများ ရှင်းလင်းစွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ(၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုစာကျွေးပါ။

www.burmeseclassic.com

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် စနေသားသမီးတစ်ဦးနှင့် စပ်တူထိုးထားပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်တာရွေးပါစေ။ ထီကံကောင်းပါလိမ့်မည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈)ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း 'ဖုဋ္ဌဿ'ဂါထာ ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်ထံမှ (၄) ဂဏန်းများစွာပါအောင် ထိုးထားပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး 'ဒိဝါတပတိ'ဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟီတဟီ'ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ'ဘွဲ့အမည်ပါရှိသောဘုရားစေတီ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာပြုလုပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားတစ်ဆူဆူသို့သွား၍ ဂြိုလ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ ပြီးလျှင် မွေးနံထောင့်တွင် မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာထီဆိုင်ရှေ့ရပ်ဖြစ်ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ နှစ်စောင်တွဲ၊ သုံးစောင်တွဲလေးများနှင့် ကံစပ်ပါသည်။

ယခုလတွင် -

စနေ၊ သောကြာပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ပြီး အောင်မြင်မှုများစွာ ရယူပါလေ။

ထက်ဟန်၊ တင်သု၊ နွဲ့ဟိန်း၊ ထွန်းဟိန်

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းဒေသ



www.burmeseclassic.com

www.burmeseclassic.com



# ခုနှစ်ရက်သားသမီး၄ ဟောစာတမ်း

## ဆရာဦးမောင်မောင်သိန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးသည့် တနင်္ဂနွေနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မျှော်လင့်သည် ထိပေါက်တတ်ပါသည်။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေထားသူများ ရွေးချယ်ခံရပါလိမ့်မည်။ မိဘ၊ ဆွေမျိုး အကြီးအကဲများ၏ အထောက်အပံ့အကူအညီများ ရပါလိမ့်မည်။ အိုးအိမ်၊ အဆောက်အအုံဆိုင်ရာကိစ္စများ အောင်မြင်မှု ရရှိမည်။ ခရီးယာယီပေါ်မည်။ လက်ဝတ်ရတနာဝင်မည်။ စက်ပစ္စည်းများ အကျိုးပေးလိုက်၊ မပေးလိုက်ဖြစ်နေမည်။ လာဘ် လာဘအတွက် ဒိဝါတပတိ အစရှိသော ငွေဝင်စေသည့်ဂါထာများ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မိတ်ဆွေကြောင့် ဂုဏ်တက်သလို မိတ်ဆွေကြောင့်ပင် ဂုဏ်ပျက်တတ်သည့်သဘော အမြဲသတိရှိပါ။ သည်းခံစိတ်မွေးပါ။ မခံချင်စိတ်တွေဖြစ်လာလျှင် ဖျောက်ပစ် လိုက်ပါ။ လုပ်ငန်းခွင်တွင်းမှာရှိသူများ ရာထူးတိုးဖို့ကိစ္စကြားရမည်။ ကျန်းမာရေးကောင်းနေပါသည်။ သို့သော် တစ်ခါတစ်ရံ အစားမှားတတ်၍ မတည့်သောအစာများရှောင်လိုက်ပါ။ ပညာရေးအတွက် ဖွဲ၊ လှံ့လ၊ ဝီရိယစိုက်လိုက်ပါ။ အောင်မြင်သွားပါလိမ့် မည်။။ ချစ်ရသူနှင့် ခဏခဏစကားနိုင်မလုပ်ပါနှင့်။ လှည်းနှင့်ရောင်းသော ထီသည်လေးများ အိမ်ရှေ့နားရပ်ပြီး လာရောင်းပါက (၆၊ ၄၊ ၁၊ ၇) ဂဏန်းများ ဝေဆာနေအောင် ရွေးချယ်ကံစမ်းထားပါ။

*ယတြာ ။ ။ ယခုလအတွက် အကောင်းဆုံးယတြာမှာ ဂုဏ်တော်ကိုးပါးကို အချိန်ရှိသရွေ့ ရွတ်ဖတ်နေပြီး အကြောင်းရှိမှသာ စကားပြောခြင်းကိုပြုပါ။*





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ သောကြာသားသမီးများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းကိစ္စအတွက် အရှုပ်အရှင်းသတိထားပါ။ ရန်များတတ်သောသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ အားနာတတ်ခြင်းကြောင့် ကိုယ့်အတွက် နစ်နာမှုများရှိလာတတ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများပေါ်မည်။ မမျှော်လင့်ဘဲငွေဝင်လာကိန်းရှိသည်။ ခရီးတစ်ခုထွက်ဖြစ်မည်။ မျှော်လင့်နေသော သတင်းကောင်းများကြားရမည်။ ကျန်းမာရေး-စိုးရိမ်စရာမရှိပါ။ ပညာရေးကံများကောင်းမည်။ ပညာတော်သင်ခရီးများ ရွေးချယ်ခံရမည်။ သင်တန်းတက်ရန်အတွက် ရွေးချယ်ခံရတတ်ပါသည်။ နှလုံးသားရေးရာကိစ္စများအဆင်ပြေမည်။ မင်္ဂလာကိစ္စများ စီစဉ်ဆောင်ရွက်ရတတ်သည်။ အကြောင်းကိစ္စရှိ၍ သွားလာရပါက အနက်ရောင်၊ အရောင်ရင့်ရင့်များ ဝတ်ဆင်မသွားပါနှင့်။ အဖြူရောင်၊ ပုလဲပေါက်အဆင်ဒီဇိုင်းများ၊ အရောင်နုနုများ ရွေးချယ်ဝတ်ဆင်အကြံပြုနိုင်ပါသည်။ အိမ်မှ စောစောထွက်လာပြီး အနီးဆုံးဘုရားစေတီတစ်ဆူဆူသို့ အရင်သွား၍ ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ကာ သရဏဂုံကို သက်စေ့ရွတ်ပြီးမှသွားပါ။ ထီထိုးရန်အတွက် အဓိဋ္ဌာန်တစ်ခုခုဝင်ပြီးမှထိုးပါ။ (၂၊ ၆၊ ၅၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *အကောင်းဆုံးယတြာမှာ အကြောင်းမရှိလျှင် လုံးဝစကားမပြောပါနှင့်။ လိုအပ်မှပြောပါ။ စိတ်မတိုပါနှင့်။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များတောင်းပါ။ အကြံဉာဏ်များရယူပါ။ အောင်မြင်ပါလိမ့်မည်။ မလိုအပ်ဘဲ ကုန်ကျမှုမရှိစေရန် 'ဒိဝါတပတိ'ဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ လာဘ်လာဘအတွက် 'ရှင်သီဝလိ'ဂါထာ၊ 'မဟာဝေဒဗ္ဗ'မန္တန်များ ရွတ်ဖတ်ပူဇော်ပါ။ မေတ္တာသုတ်ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ကျန်းမာရေးကောင်းပါမည်။ ပညာသင်နေသူများ စိတ်ပါလျှင်ထကျက်လိုက်၊ စိတ်မပါလျှင် ပစ်ထားလိုက်မလုပ်ပါနှင့်။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ ပန်းတိုင်သို့ရောက်ပါမည်။ ငယ်ရွယ်သူတို့ နှလုံးသားရေးရာကိစ္စများတွင် ခဏခဏစိတ်ဆိုးရလွန်း၍ စိတ်နာမှုလေးများဖြစ်တတ်ပါသည်။ သတိထားဆင်ခြင်လိုက်ပါ။ စက်ပစ္စည်းဝင်မည်။ လက်ဝတ်ရတနာအဟောင်းပြန်ဝင်လာမည်။ လုပ်ငန်းခွင်အတွင်း အတိုက်အခံပြောရမည့်ကိစ္စမျိုးကြုံမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းမှုများရှိတတ်သည်။ ကြိုးစားသမျှလည်း အောင်မြင်မှုအပြည့်အဝမခံစားရဘဲရှိနေမည်။ လူမျိုးကွဲအကျိုးပေးသောကာလ ဖြစ်ပါသည်။ ထီကံကောင်းနေ၍ ထီထိုးဖြစ်အောင် ထိုးထားလိုက်ပါ။ လှည်း၊ စက်ဘီးစသည်တို့နှင့်ရောင်းသော ထီသည်လေးများ အိမ်ရှေ့လာရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ထီပေါက်မည့်ကာလ ဖြစ်ပါသည်။

ယတြာ ။ ။ *ငှက်လေးများကို ကြုံသည့်နေရာတိုင်းမှာ အစာကျွေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များ၊ အကူအညီများတောင်းပါ။ အကောင်းဆုံးအောင်မြင်သွားမည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးမပေးသောကာလဖြစ်ပါသည်။ သူတစ်ပါးအမှုကိစ္စများတွင် ကြားဝင်ပါခြင်း၊ အာမခံခြင်းလည်းရှောင်ရပါမည်။ စက်ပစ္စည်းများ ပျက်တတ်၊ ပျောက်တတ်၍လက်မများပါစေနှင့်။ ဝင်ငွေကောင်းမည့်ကာလဖြစ်ပါသည်။ အလုပ်အကိုင်၊ အခွင့်အရေး အခွင့်အလမ်းများကောင်းလာပါမည်။ ရာထူးတိုးစာမေးပွဲဖြေထားသူများအောင်မည်။ .ပညာရေးနှင့်ဆိုင်သောကံများလည်း ကောင်းမည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်၊ အနေအထိုင်များ ဆင်ခြင်လိုက်ပါ။ လေရောဂါရှင်၊ နှလုံးရောဂါရှင်များကို ကြုံတိုင်း၊ ဆေး၊ အာဟာရများ လှူဒါန်းပါ။ ငွေကြေးတတ်အားသရွေ့ထောက်ပံ့ပေးပါ။ ငယ်ရွယ်သူများ အချစ်ရေးကောင်းနေပါသည်။ ချစ်သူနှစ်ဦး သစ္စာရှိပါ။ စိတ်ကစားခြင်းမျိုးရှောင်ပါ။ သွားလေရာ မျက်နှာပွင့်နေတတ်သူဖြစ်ပါက ကိုယ့်စိတ်ကိုယ်ထိန်းပါ။ ကိုယ့်ချစ်သူကို အခြားသူတစ်ယောက်နှင့် ဥပမာပေးပြီးမပြောမိပါစေနှင့်။ ထီထိုးမည်ဆိုပါက ခရီးသွားမည့်သူနှင့်မှာ၍ထိုးပါ။ ကိုယ်က ဂဏန်းရွေးမပေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *ဆေးလိုအပ်သူများကို ဆေးတစ်နိုင်လှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နံသင့်ပုဂ္ဂိုလ်မှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်၊ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးပေးမည်။ ခရီးယာယီကိန်းရှိသည်။ လုပ်ငန်းခွင်အတွင်း အခက်အခဲများရင်ဆိုင်ရသော်လည်း အောင်မြင်မှုရရှိသွားမည်။ စက်ပစ္စည်းကောင်းဝင်မည်။ မိတ်ဆွေကောင်းများနှင့် မမျှော်လင့်ဘဲ ဆုံတွေ့မည်။ မျှော်လင့်နေသောသတင်းကောင်းများကြားရမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိ။ လွန်စွာအဆာခံခြင်း၊ အိပ်ရေးပျက်ခံခြင်းများ ရှောင်ပါ။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ ပညာရေးကံများ ကောင်းနေသော်လည်း စိတ်လေပြီး အချိန်ဖြုန်းသလိုဖြစ်နေတတ်၍ စာထဲတွင် အာရုံနှစ်ထားပါ။ အောင်မြင်လာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်နေမည်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အနီရောင်အကျီလေးများဝတ်မသွားပါနှင့်။ မွေးနေ့တွင် ကောင်းမှုကုသိုလ်များ တတ်အားသရွေ့ပြုလုပ်ပါ။ အသားစားရှောင်ပါ။ လာဘ်လာဘအတွက် ဆောင်ရမည့်ဂါထာများ နေ့စဉ်ဝတ္တရားမပျက်ရွတ်ဖတ်ပူဇော်ပါ။ ထီထိုးရန်အတွက်သတိရပါ။ ထီပေါက်ကိန်းရှိနေပါသည်။ သောကြာနံ ထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရထောက်ပံ့ပေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နံသင့်ပုဂ္ဂိုလ်မှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကုန်ကြေးကျများတတ်သောကာလဖြစ်နေ၍ မလိုအပ်ဘဲကုန်ကျမှုမျိုးမရှိစေရန် 'ဒိဝါတပတိ'ဂါထာကို နေ့စဉ် ပုတီး(၃)ပတ်စိပ်ပါ။ အလုပ်အကိုင်ကောင်းနေပြီး ထင်သလောက် အကျိုးအမြတ်မရဘဲ ဖြစ်နေ၍ ဟိုအလုပ်ကောင်းနိုးနိုး၊ ဒီအလုပ်ပိုကောင်းနိုးနိုးနှင့် ဆုံးဖြတ်ရခက်နေတတ်သည်။ စိတ်ရှည်ရှည်ထားပြီးလုပ်ကိုင်ပါ။ အပင်ပန်းခံရကျိုးနပ်ပါလိမ့်မည်။ စက်ပစ္စည်းဝင်လာလျှင် စိတ်တိုင်းမကျဖြစ်နေတတ်ပြီး ပြင်လိုက်၊ ပျက်လိုက်ဖြစ်မည်။ နားလည်တတ်ကျွမ်းသောသူများနှင့် စုံစမ်းမေးမြန်းပြီးမှဝယ်ပါ။ ပညာရေးကောင်းမည်။ ကျန်းမာရေးကောင်းနေပါမည်။ လွန်ကဲစွာအဆာမခံပါနှင့်။ လွန်ကဲစွာအိပ်ရေးပျက်မခံပါနှင့်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခိုစာမကြာမကြာကျွေးပါ။ ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ မွေးနေ့တွင် သီလဆောက်တည်နေထိုင်ပြီး ကျင့်ကြံအားထုတ်မှုများ ဝတ္တရားမပျက်ဆောင်ရွက်ပါ။ ဆန္ဒများပြည့်လာပါလိမ့်မည်။ အဓိဋ္ဌာန်တစ်ခုခုဝင်ပြီးမှ ထီထိုးပါ။ (၄၊ ၁၊ ၈၊ ၅) ဂဏန်းများပါအောင်ရွေးပါ။

ယတြာ ။ ။ *နေ့စဉ် တစ်နာရီ (တစ်ကြိမ်)ရအောင် 'အာနာပါန'ရှုမှတ်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် အကျိုးပေးသောနံသင့်ပုဂ္ဂိုလ်များမှာ သောကြာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သရဏဂုံ - ၃၀ ကို အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။ ခရီးယာယီမကြာမကြာပေါ်လာတတ်သည်။ တရားဥပဒေနှင့် ဆန့်ကျင်သောလုပ်ငန်းများလုံးဝရှောင်ပါ။ ရန်များတတ်သည့် မိတ်ဆွေအချို့နှင့် တပူးတွဲတွဲမနေပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ လေရောဂါဝေဒနာရှင်များကို ဆေးလှူပါ။ ပညာရေးကံများကောင်းနေသော်လည်း ပို၍ပို၍ကျက်မှတ်လေ့လာပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ မျက်နှာပွင့်လန်းလျက်ရှိပြီး ရွေးချယ်ရခက်နေတတ်ပါသည်။ ချစ်သူရှိပြီးသူများ အပြန်အလှန်သစ္စာရှိပါ။ မျက်နှာများသူမဖြစ်ပါစေနှင့်။ ကိစ္စကြီးငယ်ရှိတိုင်း အိမ်မှစောစောထွက်ခွာပြီး ဘုရားစေတီတစ်ဆူဆူတွင် အရင်ဝင်၍ ရုပ်ပွားတော်မြတ်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅)တိုင် ထွန်းညှိပူဇော်ကာ သရဏဂုံကို သက်စေ့ရွတ်ပြီးမှ သွားပါ။ ထီထိုးမည်ဆိုပါက ခရီးတစ်ခုထွက်တိုင်း ရောက်သည့်နေရာတွင် ထီဆိုင်ရှာပြီး ထိုးပါ။ နှစ်စောင်တွဲ၊ သုံးစောင်တွဲလေးများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *ဘုရားစေတီများသို့ အချိန်ယူပြီးသွားပါ။ ရင်ပြင်တော်မှာ တံမြက်စည်းလှည်း၊ အမှိုက်ရှင်းပါ။*

ရ င် ကို အေ း မြ စေ သ ာ း

# ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - အစ်ကိုကြီး"

"အေး-မင်းအားလောက်တဲ့အချိန်လေးကိုမှန်းပြီးထွက်လာတာပဲ။ဒါတောင်မှ ဧည့်သည်ကမပြတ်သေးတော့ ငါဟိုဘက်ဘေးကခုံမှာထိုင်စောင့်နေတာ"

"ဟာ - အားနာလိုက်တာ၊ အစ်ကိုကြီးကလည်း လှမ်းအသံပြုရောပေါ့"

"ဟုတ်ဖူးလေ၊ အေးအေးဆေးဆေးတိုင်ပင်စရာရှိတာလေးတွေလည်း တိုင်ပင်ရင်း မရောက်တာလည်းကြာလို့။ ငါနေကောင်းတယ်ကွ၊ မင်းမမေးခင်ကြိုပြောထားတာ"

"သိသားပဲ၊ အသက်ကသာ ခုဆိုရှစ်ဆယ်နဲ့"

"လေးလေကွာ၊ လာမယ့် တော်သလင်းလပြည့်ကျော် ၁၂ ရက်ဆိုရင် (၈၄) ပြည့်ပြီ"

"အဲဒါပြောတာပေါ့။ အသက်ကသာ (၈၄)။ လူက နုဖတ်နေတာပဲ။ အသားအရေများဝင်းအိလို့။ ကြည့်စမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး ခုထိချောနေမှန်းကို မသိဘူး"

ကျွန်ုပ်ကိုကြည့်နေရင်းမှ မေးလေးနောက်တစ်ချက်ဆွဲကပ်လိုက်ပြီး အားရပါးရရယ်ရင်း နေရာပြောင်းထိုင်လိုက်၏။ ကျွန်ုပ်ကလည်း အလိုက်သိစွာဖြင့် သူ၏ဘေးတွင် ဝင်ထိုင်လိုက်၏။ ဆံပင်ဖြူများသော်လည်း သပ်ရပ်စွာဖြီးထားသဖြင့် အစ်ကိုကြီးမျက်နှာမှာ အလွန်ကြည့်ကောင်းလှ၏။ ပြုံးနေလေ့ရှိသောကြောင့်လားမသိ အတော့်ကိုနုလွန်းလှ၏။

"လောလောဆယ်ဘာမှမပြောနဲ့ဦး။ ဘယ်ကလှည့်လာလှည့်လာ ဘယ်ကယောလဲတို့ဘာတို့လည်း မမေးသေးဘူး။ အဲဒီလို နုလွန်းတဲ့ နုဆေးပြောပြပြီးချီးမြှင့်ဦးလေ"

"တစ်နေ့နှစ်ကြိမ်လေ။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တရားပဲရှုမှတ်တာ။

# အိမ်ပြင်-အိမ်အောက်
# သုရဋ္ဌလက်ဆောင်
(ရှင်ကိုအေး-မြဲဝေသား)
## ဆရာဦးမောင်မောင်သန်း





www.burmeseclassic.com

www.burmeseclassic.com

အဲဒီဆေးပဲ၊ ဘုရားဆေးပဲ။ မေတ္တာများ များပို့တယ်။ အလုပ်ကဒါပဲရှိတယ်လေ"

"ဩော် - လက်စသတ်တော့ အစ်ကိုကြီး ဒါကြောင့် နုဖတ်လွှန်းနေတာကိုး"

တောင်ပြောမြောက်ပြောနှင့်စကားတွေ အားရပါးရပြောဖြစ်၏။ အစ်ကိုကြီး ရောက်လာပြီးမှ ဧည့်သည်နှစ်ယောက် ထပ်ရောက်လာပြန်ရာ စကားပြေးပြော နေရသေး၏။ အစ်ကိုကြီးကပြုံးလျက်-

"အေး-အိမ်ပြင်ဆောက်မလို့"

"ဟုတ်ကဲ့"

"တစ်လုံးလုံးလား"

"တစ်လုံးလုံးကို ဖျက်ပြီးရောင်း



www.burmeseclassic.com

လိုက်မှာ။ ဖျက်ချေးပေါ့။ ပြီးမှ ပြန်ဆောက်မှာ"

"ဒါလည်းကောင်းတာပဲ။ ရှင်းရှင်းလင်းလင်းပေါ့"

"အေးလေ၊ ဟို အကြီးကောင် သူပဲ တာဝန်ယူမှာ၊ အစစပေါ့ကွာ။ ဒါဆိုတော့ အစ်ကိုကြီးနဲ့တွက်ရမလား၊ သူနဲ့တွက်ရမလား။ အစ်ကိုကြီးကတော့ အဲဒီမှာပဲနေမှာ"

"အစ်ကိုကြီးရော သူရောတွက်ရမှာ။ အစ်ကိုကြီးက ဖခင် ဆိုတော့ အိမ်သစ်ပြန်တက်ရင် အစ်ကိုကြီးက အရေးကြီးတယ်။ အစ်ကိုကြီးသားကျတော့ သူက အိမ်ကိုတာဝန်ယူမယ်ဆိုတော့ သူနဲ့ ကံစပ်တဲ့ ပန်းရန်ခေါင်းဆောင်၊ လက်သမားခေါင်းဆောင်လိုတယ်လေ"

"အေး - ဟိုး တောင်ဒဂုံက တူမတွေလေ။ မင်းပဲလုပ်ပေးလိုက်ရတာ နှစ်ဆိုင်းပြောင်းတယ်လေ"

ပြောရင်း လက်လေးနှစ်ချောင်းထောင်ပြပြီး မျက်လုံးကအိမ်ကိုဝေ့ကြည့်၏။

"ကျွန်တော်ပြောသားပဲ။ သူ ပထမခေါ်တဲ့သူတွေနဲ့ လုံးဝကံမစပ်ပါဘူးလို့။ သူက မောင်လိုနေတာတို့ဘာတို့ ရောထွေးလာတာကိုး"

"ဘယ်လိုရောတာ"

"ကျွန်တော်တို့ ပညာတွေမှာ ရှိတယ် အစ်ကိုကြီးရဲ့။ ကံမစပ်ရင် ဘယ်လိုပဲ ဘယ်လောက်ကြီးပဲ ခင်နေခင်နေ မရဘူး။ ထိတာကထိတာပဲ။ သူတို့တုန်းက အစ်ကိုကြီးသိတဲ့အတိုင်းပဲ။ အမိုးတွေပါ အကုန်ပြန်ခွာချပစ်ရတာ"

"အေး - ဟုတ်တယ်၊ ဟုတ်တယ်။ အိမ်းကြီကတန်းလန်းကြီးဖြစ်နေလို့ မင်းပဲ ဟိုနိုင်ငံခြားကကွာ"

"ဟုတ်တယ်၊ နိုင်ငံခြားက တိုက်လှလှလေးပုံတစ်ခုကို သူတို့အိမ်မှာ မြင်သာတဲ့နေရာမှာ ချိတ်ထားခိုင်းလိုက်ရတာ"

"အေးအေး-အိမ်ပုံချိတ်ခိုင်းတာ။ ဟား-ဟုတ်ပ့ါကွာ၊ ဒီနောက်ဟုတ်သွားတာပဲ။ ဆက်လည်းဆောက်ဖြစ်တယ်။ အိမ်လည်းပြီးသွားတယ်"

"ကျွန်တော်က အဲဒီအိမ်လှလှပုံလေးကိုကြည့်ပြီး 'ဒီလိုအိမ်လေး ငါဆောက်နေပြီ။ ငါ ဒီလို အိမ်လေးနဲ့ နေမယ်' ဆိုတာကို စိတ်ထဲက အတပ်ထပ်ပြောခိုင်းခဲ့တာ"

"အေးဟေး - ဟုတ်တယ်၊ ဟုတ်တယ်။ သူ့ယောကျ်ားကတောင် နောက်ချင်သေးတယ်။ အိမ်ပုံကပ်တိုင်း အိမ်ဆောက်လို့ရမယ်ဆိုရင် အိမ်ဆယ်လုံးလောက် လိုချင်လိုက်တာဆိုပြီး"

"ကျွန်တော်ကြားပါတယ်။ ဒီလိုရှိတယ် အစ်ကိုကြီး။ လူတိုင်းမှာ မမြင်နိုင်တဲ့ စွမ်းအားတွေဆိုတာ ရှိတယ်။ ဒါ အစ်ကိုကြီးလည်း သိမှာပါ"

"သိတယ်၊ သိတယ်"

"သူ့အလုပ်ကိုမှ သူမယုံရင် ဘယ်သူကလာယုံတော့မှာလဲ။ သူ့အိမ်ပြီးနိုင်တဲ့အရည်အချင်း သူ့မှာရှိနေတယ်ဆိုတာကို သူ့ကိုယ်သူမှမယုံရင် ဘယ်သူကလာယုံတော့မှာလဲ ကဲ"

"အေး - မင်းပြောတာဟုတ်တယ်လေ။ ဒါမှန်တယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် မယုံရင်တော့ ဟုတ်တယ်လေ"

"ဒါပါ၊ ယုံကြည်ချက်ကို လက်ဆောင်ပေးလိုက်တာပါ။ ပြီးမှာ မဟုတ်ပါဘူးဆိုရင် ခုထိ အိမ်တန်းလန်းကြီးဖြစ်နေမှာ။ တစ်ခုတော့ရှိတာပေါ့။ သူ့လက်ထဲမှာ သိန်းတစ်ရာရှိပြီး သိန်းတစ်ရာတန် အိမ်ဆောက်နေရာကနေ ကဲကွာ မင်းပြောသလို ငါ ဒီအိမ်လှလှလေးကို နေ့တိုင်းကြည့်မယ်၊ စိတ်နဲ့ပြောမယ်။ သိန်းပေါင်းတစ်သောင်းလောက်တန်တဲ့တိုက်ကြီး တကယ်ရလာမလားဆိုရင်တော့ မရနိုင်ဘူးလို့ ကျွန်တော်ပြန်ပြောမှာပဲ။ ဘာလို့လဲ၊ ဒါက ယုံကြည်ချက်နဲ့မဆိုင်တော့ဘူး။ မယုံလို့ အလောင်းအစားလုပ်တဲ့ပုံစံဖြစ်သွားပြီ။ ဒါမျိုးက အောင်မြင်မှုနဲ့ မဆိုင်တော့ဘူး"

"အေးပေါ့၊ ဒါမှန်တာပေါ့။ မင်းဟိုဝဲ့တ္တလစ်က ငါ့တူမလေးတွေတုန်းကလည်း တစ်ထပ်အိမ်သေးသေးလေးက



နေ သုံးထပ်ဆောက်မယ်လို့ မင်းဆီလာတိုင်ပင်တုန်းက မင်းခြောက်လလောက်ကြိုပြီး သုံးထပ်တိုက်အိမ်ခတ်ပုံလှလှလေးတစ်ပုံကို သူတို့အိမ်အဝင်ဝမှာ ချိတ်ထားခိုင်းခဲ့တာ ငါသိတယ်လေ။ ခုသုံးထပ်တိုက်နဲ့"

"ဟုတ်တယ်လေ။ သုံးထပ်တိုက်ဖြစ်နေပြီ။ ဒါကလည်း သူတို့ဆောက်ဖို့ ပြင်လိုက်၊ ပျက်လိုက်၊ ပြန်ပြင်လိုက်၊ ညီအစ်ကိုမောင်နှမတွေ မသင့်လိုက်နဲ့ လုံးလည်ချာလည်လိုက်နေပြီး မဆောက်ဖြစ်တော့မှာစိုးလို့ ကျွန်တော့်ဆီလာတာနဲ့ ကျွန်တော် ဒီနည်းပေးလိုက်တာပါ"

"သိပ်ကောင်းတယ်ကွာ"

ပြောရင်းနှင့် သပ်ရပ်စွာ ဖြီးထားသော ဘိုကေလေးအား မသိမသာ လက်နှင့်သပ်နေ၏။ ခေါင်းကလည်း တညိတ်ညိတ်။ အသက်သာ ရှစ်ဆယ့်လေးနှစ်။ ချောင်းတစ်ချက်ပင်လျှင် မဆိုး။

"ရှိတယ်လေ အစ်ကိုကြီး။ တချို့အိမ်ဆောက်ရင်းတန်းလန်း အိမ်တောင်ပြီးမသွားဘူး၊ ဘဝတစ်ပါးကို ခရီးထွက်သွားကြရတာတွေ"

"အေးဟေးဟေး-ဘဝတစ်ပါး"

အစ်ကိုကြီး သဘောကျနေပြန်၏။

"တချို့အိမ်ဆောက်ပြီးတာနဲ့ ညီအစ်ကိုမောင်နှမတွေ စိတ်ဝမ်းတွေကွဲကုန်တယ်။ တချို့ မိဘနဲ့ သားသမီးတွေ တကွဲစီဖြစ်ပြီးအမုန်းကြီးမုန်းကုန်တယ်။

တချို့ဆို အိမ်လည်း စဆောက်ရော အိမ်ထောင်ဦးစီး ဒါမှမဟုတ် အိမ်ရဲ့ အကြီးအကဲတွေထဲက တစ်ယောက်က ဗိုင်းခနဲပစ်လဲတာတို့၊ ခြေချော်လက်ချော်ပြုတ်ကျတာတို့၊ ခြေကျိုးလက်ကျိုးတာတို့၊ သွေးထွက်သံယိုဖြစ်တာတို့ရှိတယ် အများကြီးပဲ"

"အိမ်ဟောင်းပြင်ရင်ကော ဖြစ်တတ်တာပဲလား"

"ဖြစ်တာပဲလေ အစ်ကိုကြီး။ အိမ်ဟောင်းက အရောင်အဆင်းရှိတယ် အရောင်အဆင်း လှပတယ်ဆိုပါတော့ နောက်ထပ်ပြင်လိုက်တဲ့အိမ်က ပထမအိမ်ဟောင်းလောက်မှ အရောင်မထွက်တော့ရင် တစ်ခုခုတော့ခိုက်ပြီပဲ"

"ဩော် - ဒီလိုလည်းရှိသေးတာကိုး။ ဆေးသုတ်တဲ့ ဆေးရောင်ကအစနေ၁် သတိထားရတာ"

"ဟုတ်ကဲ့၊ ခုခေတ်အလိုက်အသွ



www.burmeseclassic.com

www.burmeseclassic.com

ကပ်တဲ့ ကျောက်ပြားတွေကအစ သတိထားရတယ်။ မကောင်းတဲ့အရောင်၊ မှိုင်းတဲ့အရောင် ပြောင်းလဲသွားပြီဆိုတာနဲ့ အလင်းဓာတ်တွေမှိုင်းသွားပြီ၊ ပျောက်သွားပြီဆိုတာနဲ့"

"မင်းပြောတာ ငါမရှင်းဘူး"

"အစ်ကိုကြီးရာ၊ ပထမအိမ်ဟောင်းတုန်းက ကျောက်ပြားအလှကပ်ထားတာ လင်းလက်ပြီး အိမ်ဟာ တောက်ပနေမယ်"

"အေး"

"အဲဒီအိမ်ကိုပဲပြန်ပြင်လို့ နောက်ထပ်အလှကပ်တဲ့ ကျောက်ပြားတွေက မှိုင်းနေပြီ၊ အရောင်အဆင်းမရှိဘူး ဖြစ်သွားပြီဆိုရင်"

"ဩော် - ဆိုပါတော့၊ နက်ပြာရောင်တို့၊ အမှိုင်းကြီးတို့"

"ဟုတ်ကဲ့ - မှိုင်းတဲ့အရောင်ဖြစ်သွားပြီဆိုရင် အိမ်ထောင်ဦးစီးခိုက်ပြီ။ အဲဒီအိမ်မှာ ဘယ်သူဟာ အဓိကလဲ။ အဓိကလူကိုတန်းခိုက်တာပဲ။ စိတ်ဝမ်းတွေကွဲ၊ ကျန်းမာရေးတွေထိ ဖြစ်ကုန်တော့တာပဲ။ ဒါကြောင့် အိမ်ဆောက်တဲ့သူတွေကို ကျွန်တော်အမြဲပြောတယ်။ ပထမအိမ်ထက် နောက်ထပ်ပြင်ဆောက်တဲ့အိမ်က အရောင်အဝါလင်းပစေလို့"

"အေးအေး - သဘောပေါက်ပြီကွာ။ မင်းပြောတာတွေဟုတ်တယ်။ ငါသတိထားမိပြီ။ တို့ရက်ကွက်ထဲမှာ အဲလိုတွေရှိတယ်ကွ။ အိမ်လည်း အရောင်ပြောင်းပြီးရော လူတွေလည်း ဟုတ်တယ်ကွ"

"ဒါကတော့ ရှင်းပါတယ်။ အရောင်အဆင်း တင့်တယ်ခြင်း၊ လှပခြင်းဆိုတာ ကြွေပဲလေအစ်ကိုကြီး။ အရောင်မပြောင်းခြင်း၊ အရောင်မထွက်ခြင်းဆိုတာက ကြွေမှမဟုတ်ဘဲ"

"အေး - အေးလေ"

"အဲဒါကြောင့် အိမ်ကို ဖြိုဖျက်ပစ်ပြီး ပြင်ဆောက်တာဆိုရင် အတော်လေးသတိထားရတယ်။ အိမ်ကိစ္စစတည်ပြီဆိုကတည်းက ရှောရှောရှုရှုနဲ့စပြီဆိုလို့ကတော့ အဆင်ကပြေပြီ။ အထစ်အငေါ့တွေ များလာပြီဆိုရင် တောင်ဒဂုံက အစ်ကိုကြီးတူမတွေလိုပဲ တစ်ဆိုင်းကနေ နှစ်ဆိုင်း။ တချို့ဆို သုံးဆိုင်းထိတောင် ပြောင်းရတဲ့ဘဝရောက်တယ်။ တချို့များ ဆောက်နေရင်းတန်းလန်းနဲ့ ဘာဆက်လုပ်ရမှန်းမသိဘဲ ရပ်နေတာတွေ အများကြီး"

"ရှိတယ်လေ၊ တို့ဟိုဘက်လမ်းထဲမှာကိုရှိတယ်။ ဘာဆက်လုပ်ကြမယ်မသိဘူး။ အိမ်ကဟောင်းလောင်းကြီး"

"အဲဒီလိုလူမျိုးတွေကျရင် ခုနကျွန်တော်ပြောတဲ့ အိမ်လှလှပုံချိတ်ခိုင်းလိုက်တော့တာပဲ"

"အေး - ခုနမင်းပြောတဲ့အတိုင်း သူတို့ဆီသွားပြီး အဲဒီလိုချိတ်ခိုင်းလိုက်ဦးမှနဲ့တူတယ်။ ငါနဲ့ကလည်း အတော်လေးခင်သားကွ"

"ရတယ်လေ အစ်ကိုကြီး၊ ပြောလိုက်။ မြို့ထဲမှာရောင်းနေတဲ့ အိမ်လှလှပုံတစ်ပုံချိတ်ခိုင်းထားလိုက်။ ဒါပေမယ့် နေဦး"

ကျွန်ုပ်မပြောခင် ခေါင်းကို အားရပါးရမြှင့်လိုက်ပြီးမှ ခေါင်းပြန်ညိတ်လိုက်ပြီး-

"ငါသိတယ်၊ မင်းဘာပြောတော့မယ်ဆိုတာ ငါသိတယ်။ ယုံတယ်၊ ယုံတယ်။ သူတို့က အဲဒီလိုလူတွေ မဟုတ်ဘူး။ သူတို့အိမ်အတွက်လုပ်ပေးတဲ့ဥစ္စာပဲ ယုံတယ်။ လူအေးတွေ။ ဟိုခုနပြောသလိုမျိုး လောင်းကြေးစားကြေးပုံစံမျိုး လုပ်ကြမယ်လူတွေ မဟုတ်ဘူး"

"ဒါဆို ရပါတယ်"

*(အစ်ကိုကြီးပြောသော ထိုအိမ်သည် တိုက်လှလှပုံဆွဲချိတ်ပြီးသည်နှင့် ထိုအိမ်ရှင်မှ ဟယ်-ဒီလိုအိမ်လှလှလေး ငါတို့ဆောက်ကြမယ်ဟု အားရဝမ်းသာ ပြောကြကြောင်း၊ အိမ်ပုံချိတ်ပြီး နှစ်လပင်မပြည့်ခင် ယခုဆောက်နေကြပြီ ဖြစ်ကြောင်း၊ ပြီးတော့မည်ဖြစ်ကြောင်း၊ ပုံထဲမှအိမ်နှင့်မတူသော်လည်း သူတို့အိမ်မှာ ပုံစံတစ်မျိုးနှင့် အတော်လှကြောင်း ယခုဆောင်းပါးရေးနေစဉ်ပင် လာပြောပြသွားပါပြီ။)*



"ဆောက်ကြတဲ့ ပညာရှင်တော်တော်များများကတော့ ကောင်းကြပါတယ်။ အိမ်တွေလည်း ကောင်းလိုက်ကြတာမှ ဒါပေမယ့် တချို့ စုန်းပြူးတွေရှိတယ်၊ လူနည်းစုပါ"

"ဘယ်လိုတုံး"

"ဥပမာ အစ်ကိုကြီးရာ၊ အလုပ်စအပ်တုန်းကတော့ မစားရဝခန်း ရွှန်းရွှန်းဝေနေတာပဲ။ တကယ့်ကို လှပပြီးတော်တော်ကို နေချင့်စဖွယ် မြစ်ပြစ်အောင်ကို အသက်မရှူတမ်းပြောတော့တာဘဲ။တကယ်လည်းဆောက်ရပြီလည်းဆိုရော အချိုးတွေကပြောင်းကုန်ပြီသာမှတ်တော့။ မနက်ကို အလုပ်သမားကလာချင်တဲ့အချိန်မှလာတယ်။ လာရင်လက်ဖက်ရည်ဆိုင်က ထိုင်လိုက်သေးတယ်။ သူတို့ခေါင်းဆောင်က နေမြင့်မှလာတယ်။ လာရင် ဖုန်းတကားကားနဲ့။ လူတွေမကြားကြားအောင်အော်ပြီးဆက်နေတော့တာပဲ။ အေး - ငါလာခဲ့မယ်။ မင်းတို့ အဲဒီမှာကြည့်လုပ်ထားလိုက်။ အားလုံးအဆင်သင့်လုပ်ထား။ ငါဒီမှာ (၁)နာရီ၊ (၂)နာရီလောက် လိုဟာတွေပြောလိုက်ဦးမယ်။ပြီးရင် ဆိုက်တစ်ဆိုက်က ငါမရှိရင်မဖြစ်ပြန်ဘူး။ အဲဒါလည်း အဲဒီကပြီးရင်တန်းပြေးရမှာ။ ပိုပြီး ဟဲဗီးကြီးဆိုတဲ့ စကားတွေရွှန်းရွှန်းဝေအောင် အချိန်ပြည့်ဖုန်းဆက်ပြနေတော့တာပဲ။ အိမ်ရှင်ကပြောမယ်၊ မေးမယ်ကြံရင် ကျွန်တော်က အားတာမဟုတ်ဘူး။ ဟိုဘက်မှာလည်း အိမ်တွေက နှစ်လုံး၊ သုံးလုံးတောင် အပ်ထားတာ။ အဲဒီလည်း ပြေးရဦးမယ်။ ဒီကို တမင်ဦးစားပေးပြီး လာပေးတာဘာညာနဲ့ ပြောလိုက်တာနဲ့ အိမ်ရှင်ခမျာ ဘာလုပ်ရမှန်းမသိတော့ဘူးလေ။ ထိုင်ပဲရှိခိုးတောင်းပန်ရတော့မလိုလိုဖြစ်ကရော။ အဲဒီမှာတင် ဟိုဟာလုပ်ရမယ်၊ ဒီဟာဝယ်ရမယ်ဆိုပြီး လောလောဖြစ်လည်း အိမ်ရှင်က မပြောရဲတော့ဘူး။ ပြီးတော့ သူ့လူတွေကို အိမ်ရှင့်ရှေ့မှာ ကဲ- ဟေ့ကောင်တွေ မြန်မြန်လေးလုပ်စမ်းကွာ။ ငါက ဒီအလုပ်တစ်ခုတည်းမဟုတ်ဘူးဘာညာနဲ့ ဆဲဆိုပြီး ဒရောသောပါးခိုင်းပြန်ရင်လည်း သေသပ်မှုတို့ဘာတို့ဆိုတာ သိတဲ့အတိုင်းပဲ အစ်ကိုကြီး"

"အေးကွာ၊ ဒါတွေ ဟုတ်တယ်"

"ဒီလိုလူမျိုးတွေ တွေ့တွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com

တယ် အစ်ကိုကြီးရယ်။ ရိုးသားဖြူစင်တဲ့ အိမ်ရှင်တွေခမျာ အားကိုးရာမဲ့သလိုဖြစ်။ ဘယ်သူ့ကိုသွားတိုင်ပင်လို့တိုင်ပင်ရမှန်း မသိ။ ခေါင်းငုံ့ခံနေရတာတို့၊ မျက်နှာချို သွေးပြီး ပြောသမျှကို ခေါင်းညိတ်ပြနေရတာတို့ ဖြစ်ရတော့တာပေါ့။ မပြီးဘဲ တန်းလန်းထားပြီး ဟိုဘက်မှာ၊ ဒီဘက်မှာဆိုတဲ့ အလုပ်တွေဆီ ရောက်သွားမှာစိုးလို့ပေါ့"

"ဟုတ်တယ်လေ"

"ဒီလိုစိတ်ဓာတ်ရှိတဲ့လူမျိုးတွေကျ အိမ်စဆောက်ပြီဆိုတာနဲ့ တတ်ကျွမ်းနားလည်တဲ့ ဥပဒေပညာရှင်တွေနဲ့တိုင်ပင်ပြီး စာချုပ်အခိုင်အမာချုပ်ထားတာတို့ ဘာတို့လုပ်ထားတဲ့သူတွေနဲ့မှကိုက်တယ်။ အဲဒီလို စာချုပ်စာတမ်းအခိုင်အမာနဲ့ကျ ဘာမှမလုပ်ရဲတော့ဘူး။ ခုနပြောသလို အိမ်လေးကိုအောက်ကမြှင့်ချင်တယ်တို့၊ အုတ်ပတ်ကာလေးတက်ချင်တာတို့၊ ရှေ့ပိုင်း ဒီတိုင်းလေးထားပြီး နောက်ပိုင်းလေးကို ပြင်လိုက်ချင်တယ်တို့ ဆိုလို့ကတော့ စာချုပ်စာတမ်းကလည်းမရှိ၊ သူတို့ကလည်း မအားတာက စ,ညည်းပြ။ အိမ်အလုံးနှစ်ဆယ်လောက်၊ စက်ရုံငါးလုံးလောက်လက်ခံထားတာမျိုးပြောနေဆိုတော့ ဈေးအတိုင်းပေးရ၊ မျက်နှာချိုသွေးရတွေဖြစ်ကုန်တော့တာပဲ"

နားထောင်နေရင်းမှ သပ်ရပ်စွာဖြီးထားသော ဘိုကေလေးကို လက်နှင့်သပ်နေပြန်၏။ မျက်နှာမှာ ပြုံးနေရင်းမှ တည်သွားလိုက်၊ ခေါင်းညိတ်လိုက်၊ ပြန်ပြုံးလိုက်နှင့် သူတစ်ယောက်တည်း အလုပ်ရှုပ်နေ၏။

"လက်ရှိ လက်တွေ့ကြုံနေရတဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက်ဆို အင်မတန်ရိုးတာ၊ အင်မတန်အေးတာ။ သူဆိုအတော့်ကိုထိသွားတာ။ အိမ်လေးကိုပြင်ဆောက်ချင်တယ်ဆိုပြီး ကျွန်တော့်ကို လာတိုင်ပင်တော့ ခဏစောင့်ဦး၊ ဒီနှစ်ဆောက်ရင် အကြွေးတင်သွားလိမ့်မယ်လို့ ကျွန်တော် ပြောပြတယ်။ သူကလည်း သူ့အိမ်က မြေကြီးနဲ့တောင်ထိနေပြီ။ မိုးရွာရင် အိမ်ပေါ်ရေတွေတက်ပြီးနေစရာမရှိဘူး။ မြွေတွေ၊ ကင်းတွေ တက်လာလိုတက်လာဆိုတော့ မပြင်လို့ကလည်းမဖြစ်။ခမျာမှာ အကြွေးတင်လည်းတင်ပါစေတော့ ဆရာရယ်၊ မဆောက်လို့ မဖြစ်တော့လို့ပါဆိုပြီး သူစဆောက်တော့တာပါ။ သူ့အားကိုးတကြီး အထင်တကြီးနဲ့အပ်လိုက်တာက



ကန်ထရိုက်တစ်ယောက်။ အဲဒီလူက ခုန ပြောသလို အိမ်အလုံးနှစ်ဆယ်လောက်ကို လက်ခံထားရသလို လေသံအမြင့်ကြီးပြောပြီး လက်ခံပြီးကာမှ နောက်တစ်ယောက်ကို ထပ်လွှဲလိုက်တယ်ဗျာ"

"ဪ-သူ့လိုကန်ထရိုက်ပဲပေါ့"

"မဟုတ်ဘူး၊ သူထပ်လွှဲလိုက်တဲ့လူက ဂိုဒေါင်လောက်ဆောက်တတ်တဲ့လူဖြစ်နေတယ်။ အိမ်ဆောက်တတ်ဘူး"

"ဟာ"

"အဲဒါနဲ့ အစ်ကိုကြီးရယ်။ အိမ်ရှင်ခမျာလည်း အဟုတ်မှတ်ပြီးလုပ်ရတော့တာပေါ့။ ပေကြိုးတစ်ချောင်းနဲ့ ဟိုတိုင်း ဒီတိုင်းလုပ်။စကားတွေက မစားရဝခမန်းတွေပြောတော့ . အိမ်ရှင်ခမျာလည်း အဟုတ်အထင်တွေကြီးလို့ပေါ့။ အိမ်ရှင်က အရမ်းအားနာတတ်ပြီး အရမ်းရိုးတာ။ သူ့ဘဝမှာ အိမ်မဆောက်ဖူးဘူးလေ။ ဒီတစ်ခါပဲ အိမ်ဆောက်ဖူးတာဆိုတော့ ဘာအတွေ့အကြုံမှမရှိရှာတော့ သူများပြောရင် ဟုတ်နိုးနိုးထင်ပြီး ခုန ဂိုဒေါင်လောက်သာဆောက်တတ်တဲ့လူကို တကယ့်ကန်ထရိုက်ကြီးမှတ်ပြီး မျက်နှာချိုသွေးအပ်လိုက်ရတော့တာပေါ့။ ဟိုက ဂိုက်နဲ့ဆိုက်နဲ့ကိုး။ ယုံလွယ်ရှာတာပေါ့"

"ဘာစာချုပ်မှလဲမချုပ်ဘူး"

"အဲဒါလေ အိမ်ရှင်က ဒီအတွေ့အကြုံတွေမှမရှိတာကိုး။ ဘယ်သူကမှလည်း အကြံမပေးဘူးလေ။ အားကနာတတ်၊ ရိုးကလည်းရိုးဆိုတော့ မျက်နှာချိုပဲသွေးပြီး ဆောက်ဖြစ်တော့တာပေါ့"

"ဟိုလူကရော ပထမသူစအပ်တဲ့ သူနဲ့ခင်တဲ့ကန်ထရိုက်က အကြံဉာဏ်လေးဘာလေးလာမပေးဘူးလား"

"ဝေးသေး၊ အစ်ကိုကြီးနှယ်။ မြင်တောင်မမြင်ရဘူး။ ပထမဆုံးစတဲ့နေ့ပဲ ဟိုလိုလိုဒီလိုလိုလာသွားပြီး ပိုက်ဆံအိတ်ထဲထည့်ပြီးပြန်သွားလိုက်တာ။ အိမ်သာပြီးသွားရော အဲဒီလူမမြင်ရတော့ဘူး"

"ဪ - တော်တော်ရက်စက်တဲ့လူ။ အကြံဉာဏ်လေးတောင်လာမပေးဘူး"

"ဟုတ်တယ်၊ လိုအပ်တာက အကြံဉာဏ်။အဲဒီအကြံဉာဏ်တောင်လာမပေးတော့ အတွေ့အကြုံမရှိဘဲ အိမ်ဆောက်ရတဲ့ ကျွန်တော့်မိတ်ဆွေခမျာ စင်းခံရတော့တာပေါ့"

"ဘယ်လိုတွေဖြစ်ကုန်လဲ"

"အစ်ကိုကြီးရယ်၊ သူတို့ဟာသူတို့ ကျွန်တော့်မိတ်ဆွေကို မမေးမစမ်းဘဲ လုပ်တာတွေအများကြီး။ စပြောတော့ ငါးပေ၊ ခြောက်ပေဖောင်ဒေးရှင်းတူးမယ် ဘာမယ်နဲ့ တကယ်တူးတော့ တစ်ပေသာသာလေးပဲတူးတယ်"

"ဟာ - ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူးလေ။ အဲဒီအိမ်ကို လက်ခံလိုက်တဲ့လူက ခုနပြောသလိုမျိုး ကဲ- ဟော့ကောင်တွေ ရပြီ၊ လုပ်လုပ် မြန်မြန်လုပ်။ အချိန်တွေဆွဲမနေနဲ့ဆိုပြီး ဝုန်းဒိုင်းကြဲခိုင်းနေတော့ ဖောင်ဒေးရှင်းဟာ ဒါနဲ့ပြီးသွားတာပေါ့။ အိမ်ရှင်က မသိရှာဘူးလေ။ ဒါလည်းရတယ်ဆိုတာနဲ့ပဲ သူကသဘောကောင်းတဲ့သူဆိုတော့ ဟုတ်ကဲ့၊ ဟုတ်ကဲ့ပေါ့။ ပြီးတော့ သူတို့ဟာသူတို့ ဟိုထောင့်ကအကွက်ချ၊ ဒီနားကအကွက်ချိုးပြီး အုတ်စီ။ တက်လာတော့ ဒါက နဂိုပြောထားတဲ့အထဲမှာ မပါတဲ့အတွက် ခင်ဗျားထပ်ပေးရမယ်၊ လေဘာခထပ်ပေးပါဆိုပြီး ငွေတွေတောင်းပြန်ရော။ ဟိုလူခမျာလိမ့်ခံနေရတာ။ ပြီးတော့ဗျာ၊ အိမ်အောက်မှာ တန်းပြေးတဲ့ (၆) လက်မ၊ (၂) လက်မ အပြားကြီးတွေကို ဘာမပြောညာမပြောလွှနဲ့ တဖြတ်တည်းဖြတ်ချပစ်နေတာ နည်းမှတ်လို့"

"ဟာ - ဘာဖြစ်လို့"

"ဥပမာ အစ်ကိုကြီးဟာ တန်း အုတ်ထရံကိုထိနေပြီး တန်းပြေးရတာ အဲဒီအုတ်ကို ထွင်းထည့်ရမှာ။ အုတ် မထွင်းချင်တော့၊ ပျင်းတော့ ခပ်လွ လွယ်နဲ့ ဖြတ်ချပလိုက်တာ"

"ဟာ - ခိုင်ခံ့မှုက ဘယ်တူ မလဲ။ အုတ်ထွင်းထည့်တာနဲ့ မ

www.burmeseclassic.com

www.burmeseclassic.com

လေ"

"ခမျာမှာ ရှိုးလည်းရှိုး၊ အ,က လည်း အ,ဆိုတော့ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ပိုက်ဆံတောင်းတိုင်းပေးပေးနေတော့ သူတို့ပြောထားတဲ့ အိမ်ပုံစံထွက်မလာခင် ဂိုဒေါင်သာသာတောင် မပြီးတပြီးမှာ ပိုက်ဆံက ကျေလုနီးပါး ဖြစ်သွားပြီ"

"ဟာ - တော်တော်ဆိုးတဲ့လူတွေပဲ။ ဟိုလူကလည်းကွာ နုံလွန်းပါတယ်"

"သူများပြောရင် အဟုတ်ထင်တာလေ၊ ထိတာပေါ့။ နောက်ဆုံး ပိုက်ဆံအကျေမပေးဖို့ ကျွန်တော့်လိုပဲ ခင်တဲ့သူတွေက ဝိုင်းသတိပေးတော့မှ (၂)သိန်းလောက် ချန်ထားတော့တယ်။ အဲဒီလိုလည်း ချန်ထားရော ဟိုလူတွေ တစ်ယောက်တည်းလာလုပ်လိုက်၊ အဲဒီတစ်ယောက်တောင်မမှန်လိုက်၊ နှစ်ယောက်လောက်လာလိုက်၊ အချိန်တွေဆွဲလိုက် ဖြစ်ကုန်ရော။ မတက်ကြွတော့ဘူး။ ကန်ထရိုက်ဆိုတဲ့လူလည်း လာလိုက်၊ မလာလိုက်ဖြစ်ကရော"

"ဩော် - ဒုက္ခပဲ"

"နောက်ဆုံး လိုရင်းပြောရရင်တော့ အစ်ကိုကြီးရာ။ သူတို့လုပ်သွားတဲ့ ခေါင်မိုးကြီးဟာ ပုံမကျပန်းမကျ ထော်လော်ကန့်လန့်ကြီးဖြစ်နေတာကို ရပ်ကွက်ထဲက မိတ်ဆွေတွေက မခံမရပ်နိုင်ဖြစ်ပြီး အိမ်ရှင်ကိုဝိုင်းပြကြလို့ ပြန်လုပ်ရတယ်။ သူတို့က လုပ်မပေးတော့ဘူးနော်။ ကျုပ်တို့က ကျုပ်တို့အပိုင်းပြီးပြီ။ ပြန်မပြင်ပေးနိုင်ဘူးလို့ ခါးခါးသီးသီးငြင်းတာ။ ဒါနဲ့ သဘောကောင်းတဲ့လူဟာ နောက်ဆုံးပေါက်ကွဲပြီး နောက်ထပ် ငါးယောက်အဖွဲ့တစ်ဖွဲ့ ထပ်ငှားရတော့တဲ့ ဘဝရောက်ရော။အပေါ်ပိုင်းတွေအကုန်ပြန်ဖြိုချရတော့တာပေါ့"

"ဟာကွာ၊ လုပ်ပုံတွေကလည်း"

"ဒါတင်မကသေးဘူး။ တံခါးတွေတပ်ဖို့လူတွေလာတော့ ကျည်းဘောင်ခွေလို့မရဘူး။ပြတင်းပေါက်တွေက တရွှဲတစောင်းတွေနဲ့ နှစ်လက်မကွာ၊ သုံးလက်မကွာတွေနဲ့"

"အားအား - တော်တော်ဆိုးတဲ့လူတွေပဲ"

"ကျွန်တော့်မိတ်ဆွေခမျာ ဖြီးဖြီးဖြံဖြံလေးလုပ်ရရှာတဲ့ကြားထဲ နှစ်ဆပိုကုန်သွားတော့တာပေါ့ အစ်ကိုကြီးရယ်"

"အေးလေ"

"ကြာတော့ ခုနပြောတဲ့ အိမ်လှလှလေးကို မြင်သာထင်သာနဲ့ နေရာမှာကပ်ထားပြီး ဒီပေါ်မှာပဲ အာရုံစူးစိုက်ထားဖို့ ကျွန်တော်ပြောရတော့တာပေါ့။ သူကလည်းလိုက်လုပ်ပါတယ်။ ဒီတော့မှပဲ အလုပ်သမားအဆိုင်းလေးဆိုင်းလောက်ပြောင်းသွားတော့မှပဲ သူ့အိမ်လေးဟာ (၇၅) ရာခိုင်နှုန်းပြီးသွားတော့တယ် အစ်ကိုကြီးရေ"

"ဟာ - ဒါတောင် ရာနှုန်းမပြည့်သေးဘူးလား"

"မပြည့်သေးဘူး အစ်ကိုကြီး"

"ဟာဗျာ"

"အဲဒါ ခုန ကျွန်တော်ပြောတဲ့ အားနာနာနဲ့ ရိုးသားမှုတွေကို ရှေ့တန်းတင်ဆက်ဆံတော့ ခံလိုက်ရတဲ့ မိတ်ဆွေအကြောင်းပဲ။ ခုထိ သူ့ခမျာအိမ်မပြီးရှာဘူး။ လက်တွေ့တွေထဲက တစ်ယောက်ပါဗျာ"

"အေးလေ"

"ဒါကြောင့် သိပ်လုပ်ချင်လွန်းတဲ့ ပုံစံတွေနဲ့ အရမ်းအာနာ၊ အရမ်းရိုးသားတဲ့ အပြုအမူတွေကို ရှေ့တန်းတင်ဆက်ဆံမယ့်အစား အခြေအနေကိုကြည့်ပြီး တတ်ကျွမ်းနားလည်သူတွေနဲ့ တိုင်ပင်၊ အင်ဂျင်နီယာတွေနဲ့တိုင်ပင်၊ ဉပဒေပညာရှင်တွေနဲ့တိုင်ပင် ခိုင်ခိုင်မာမာပြုလုပ်ပြီးမှ အလုပ်အပ်သင့်တယ်လို့ ကျွန်တော်စဉ်းစားမိတယ် အစ်ကိုကြီး။ ဒီလိုစဉ်းစားမိပြီးမှ ကျွန်တော့်မိတ်ဆွေရဲ့ အတွေ့အကြုံနဲ့နှိုင်းတွေးပြီး ခိုင်ခိုင်မာမာဖြစ်စေမယ့် အကြံတွေပေးတော့မှ အိမ်တွေ ရှောရှောရှုရှုပြီးတယ်။ သပ်ရပ်တယ်။ အိမ်ရှင်ငွေ စိတ်ချမ်းသာကြတယ်။ အထစ်အ ;ငေါ့တွေဝေးသွားတယ်။ အိမ်ရှင်ကိုယ်တိုင် လိုက်မကြည့်နိုင်ဘဲ ဒီတိုင်းပစ်ထားရရင်လည်း ကိုယ်စိတ်ချယုံကြည်ရသူရှိနေမှ။ ဒီလိုမှမဟုတ်ရင် အတွေ့အကြုံတွေအရ မီးတွေဘာတွေတောင် သတိထားရလိမ့်မယ်။ အစစအရာရာပေါ့။ ကြည့်ပြောနေနိုင်ရင်တော့ မဆိုးဘူးပေါ့။ တချို့ အိမ်ပြီးမှ ကြည့်စမ်းပါဦး၊ ဖြစ်သလိုကြီးလုပ်သွားတယ်ဆိုပြီး ဒေါသတွေထွက်နေရပေမယ့် ပြန်လုပ်လို့မရတော့ဘူးလေ။ ဒါဟာ အိမ်ဆောက်ခြင်း၊ အိမ်ပြင်ခြင်းဆိုတဲ့ နောက်ကွယ်က အကြောင်းတရားတွေပဲ အစ်ကိုကြီး။ အဲဒါတွေကို ခုအစ်ကိုကြီးသိသလို အစ်ကိုကြီးရဲ့သား အကြီးကောင်ကိုလည်း ပြောပြလိုက်"

"အေး - ပြောမှာ"

"အိမ်ကို မြန်မြန်ထက်ထက် ဆောက်ဖြစ်ချင်ရင်တော့ ခုနပြောသလို မျိုး အိမ်လှလှပုံလေး ခုတည်းကချိတ်ထားခိုင်းလိုက်တော့"

"နေ့တွေ၊ အချိန်တွေ"

"မလိုဘူးအစ်ကိုကြီး။ အဲဒီအပေါ်မှာ အာရုံရှိနေဖို့ပဲ။ ငါ ဒီလိုလှပတဲ့ အိမ်ဆောက်မယ်၊ ဒီလိုလှပတဲ့အိမ်နဲ့နေမယ်ဆိုတဲ့အာရုံဟာ အချိန်ပြည့်စူးစိုက်ထားဖို့ပဲ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ဖို့ အဓိကပဲ။ ခုနပြောသလို ဟုတ်ပါ့မလားဆိုရင်တော့ အစတည်းကမလုပ်တာအကောင်းဆုံးပဲ။ ဖြစ်လာမှာလည်း မဟုတ်ဘူး။ ဒီလိုလုပ်ထားတဲ့ကြားက နည်းနည်းလေးဆိုင်းနေသေးရင် ပဋ္ဌာန်းဗမန္တန်ကို နေ့တိုင်း (၂၇) ခေါက်ရအောင် ရွတ်ခိုင်း။ တစ်ခါရွတ်ရင် (၉) ရက် အဓိဋ္ဌာန်နဲ့ ရွတ်ခိုင်း။ ပြည့်ရင် တစ်ရက်၊ နှစ်ရက် နားလို့ရတယ်။ ပြီးရင် နောက်(၉)ရက်အဓိဋ္ဌာန်ဝင်၊ ရွတ်ခိုင်း"

"ဘုရားကျောင်းဆောင်ရှေ့မှာပေါ့"

"ဘုရားကျောင်းဆောင်ရှေ့ပဲထိုင်ရွတ်ရမှာ။ မနက်ရွတ်ရွတ်၊ ညရွတ်ရွတ် အားတဲ့အချိန်ရွတ်။ နေ့တိုင်းရွတ်ဖြစ်ရင်ရပြီ။ အဲဒီလို အဓိဋ္ဌာန်နဲ့ရွတ်နေတုန်း ကျက်သရေကင်းမဲ့တဲ့ အနိဋ္ဌစကားတွေ မပြောဖို့၊ အနိဋ္ဌသီချင်းတွေ၊ ဇာတ်ကားတွေမကြည့်ဖို့၊ နားမထောင်ဖို့တော့ လိုလိမ့်မယ်"

"ငါ့ အဲဒါလေးတွေ နည်းနည်းရေးပေးလိုက်ဦးကွာ။ များတော့မေ့ကုန်မှာစိုးလို့"

✱

ယခုတစ်ပတ်အတွက် သုရဋ္ဌလက်ဆောင် ဖြစ်ပါသည်။

အိမ်နှင့်ပတ်သက်ပြီး စိတ်သောကများစွာ ကြုံနေရသူများအတွက်ကိုသာ အဓိကညွှန်းဆိုပါသည်။

အိမ်နှင့်ပတ်သက်၍ စိတ်ချမ်းသာသွားစေရန်ဆောင်ရွက်ရမည့်အကြောင်းတရားများကိုလည်း ဤသုရဋ္ဌလက်ဆောင်တွင် ပြဆိုထားပြီး ဖြစ်ပါသည်။ ယုံကြည်စွာပြုလုပ်ပါလေ။

အောင်မြင်မှုများစွာကို ဖြစ်လာစေနိုင်သော အိမ်ကောင်းအိမ်မြတ်များကို ရရှိပိုင်ဆိုင်ကြပါလိမ့်မည်ဟု -

အိမ်ဆောက်မည့်သူများ၊ အိမ်မပြီးနိုင်ဖြစ်နေသူများအား မေတ္တာများစွာဖြင့်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com